
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ






(၁) ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။


မဂ္ဂဇင်း

အတွဲ (၁၅) အမှတ် (၅)
၂၀၁၅ ခုနှစ် မေလ

www.burmeseclassic.com

www.burmeseclassic.com









## ဘာသာရေးဆောင်းပါးများ


၅ သူနှင့်ဖက်ကိုယ့်တွက်ကျန်ပစေ
(ကဗျာ)
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
၆ ရေစုတိုးနောက်ဆုတ်(၂)
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
၁၅ ဝေပုလ္လာရာမဆရာတော်ဘုရားကြီး
ညွှန်ပြသော
ဂုဏ်တော်-သရဏဂုံအကျင့်
မြဝင်း(ဒဿန)
၁၇ ကမ္ဘာ့အံ့ချီးမကုန်
မြတ်ရွှေတိဂုံရင်ပြင်တော်မှ
ထင်ရှားကျော်ကြားစေတီဘုရားများ
ကံဝင်း
၂၃ မိုးညှင်းဆရာတော်ဘုရားကြီး၏
ကိုယ်တွေ့ဖြစ်ရပ်ဆန်းများနှင့်
အန္တရာယ်ကင်းအနှစ်ချုပ်ဂါထာတော်
ကိုရွှေမြသန်း(သမိုင်း)
၂၅ လယ်တီပဏ္ဍိတဦးမောင်ကြီးနှင့်
ပဋ္ဌာန်းတရားတော်
လှမြင့်(ရန်ကုန်တက္ကသိုလ်)
၂၇ ပြည်လုံးချမ်းသာ
ဆုတောင်းပြည့်ဘုရားကြီး
ရှေးဟောင်းသမိုင်းဝင်
ဇလွန်းစေတီတော်
မောင်စိမ်းထွေး(ထားဝယ်)
၃၅ သဘာဝဓမ္မ
ချောင်းဆုံအုန်းသွင်
၃၇ ကေန်ကျော်ကြား
အတုလမာရဇိန်ရွှေနတ်ကူဘုရား
မင်းနန္ဒရှိန်
၄၃ ရွှေကျွန်းပင်အရိပ်အောက်
တစ်ထောက်ခိုနားခြင်း
ဦးချစ်ဖို
၄၇ မူလမင်းကွန်း
ဇေတဝန်ဆရာတော်ကြီးအမှတ်တရ
တင်အောင်(စက်မှုတက္ကသိုလ်)
၅၃ အနှိုင်းမဲ့နိဗ္ဗာန်တံခါး
ဖျာပုံတင်နိုင်ဝင်း
၅၆ အဖအာကျိတ်ကင်ဆာရောဂါများ
အတွက် နွားလားဥသဘဆေးမြစ်ဥ
နေဝင်းဝင်း(လွန်ဆေး)
၅၇ မကွေးမြို့နယ် ဘုရားပြိုကျေးရွာ
မူလမြသလွန်စေတီမှ
ထူးဆန်းသောဌာပနာတိုက်
မကွေးလှမြင့်
၆၇ မိုးညှင်းသမ္ဗုဒ္ဓေ
ကပ်ကျော်စေတီတော်ကြီး
စိန်ရတုအထိမ်းအမှတ်
ဗုဒ္ဓါဘိသေက
အနေကဇာတင်မင်္ဂလာနှင့်
ကြုံတောင့်ကြုံခဲကုသိုလ်ပွဲ
မောင်မောင်ချစ်ဦး(မုံရွာ)
၇၄ ဘုန်းကံကြီးမား မင်းဧကရာဇ်များနှင့်
အစီအရင်အဆောင်ဂါထာများ(၅)
သမ္ဘာဝါဒီ-ဦးမြင့်အောင်
၈၀ မဟာဗောဓိပင်နှင့်
သတ္တဌာနစေတီတော်များ၏
တည်နေရာအကွာအဝေးများ
ဉာဏ်မြင့်
၈၆ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
ဝဏ္ဏသီရိ
၉၇ သာယာဝတီခရိုင် သုံးဆယ်မြို့မှ
မေတ္တာစွမ်းအားကြီးမားသော
ကိုယ်ခန္ဓာမပုပ် မပျက်မယွင်းသည့်
ဆရာတော်ကြီး ဘဒ္ဒန္တအရှင်ဉာဏ
ရပ်ကလာပ်တော်
ရွှေချိုအောင်(ပေဖြူ)
၁၁၀ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
အား ဘိုင်ဖိုကယ်မျက်မှန်အတွင်းမှ
ဖူးမြော်ကြည်ညို ပူဇော်ကန်တော့ခြင်း
သုမန(ခေါင်နန်းပလ္လင်)
၁၁၈ ထူးဆန်းသောဘုရားသုံးဆူ
မောင်မိုးဟန်(ရွှေကျင်)
၁၃၇ ရွှေကံကူလေပျံသစ်တော်ရပ်ရှင်တော်
မြတ်၏ ထူးဆန်းသောကျောက်ဆည်
ခရီးစဉ်
ဘိုဘို(ရွှေကံကူ)


## [illegible]


၆၁ ပဟေဠိဝေဆာနေသော
ဗားမဲ့ဆရာတော်
မင်းရှိန်အောင်
၈၄ စာပေဟူသမျှဖတ်လေမှ
လောကီကိစ္စအဝဝ
ဗဟုသုတရလေကြ
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)
၉၂ ရတ်တရက်နဲ့နောက်ဘဝ
စိုင်းခမ်းနောင်
၁၀၈ ဒုတိယအကြိမ် ပြန်လည်၍
တည်ဆောက်ခဲ့သော
စစ်တောင်းတံတားသစ်ကြီး
တင်ထွန်း(စက်မှု-[illegible]ငြိမ်း)


www.burmeseclassic.com

www.burmeseclassic.com


အဝေးဆုံးမှအနီးဆုံးသို့
**တက္ကသိုလ်-ကြည်သင်း**

ဆောင်းတွင်းအခါနဲ့ထိပ်ကပ်နာ
**ရီရီဌေး**

ခြင်ဒစ်နှင့်မြန်မာ့သတ္တိ
**လှမိုး(ပညာရေး)**

ဗိဇ္ဇာဆေးများချပေးနိုင်သော
ဆရာစုအကြောင်း
**အဏ္ဏဝါလှိုင်း**

ဘပ်ထောင်တာဗိုလ်ထုနဲ့
မြေအောက်ကသင်္ချိုင်းဂူလိုဏ်
**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)**

တစ်ယူသန်အယူမှန်ပြီး
**နေဦး(အ·စ အောင်ဆန်း)**

လင်းပိုင်နှင့်ဂမ္ဘီရဖြစ်ရပ်များ
**နေအောင်လင်း(စလေ)**

ကျေးဇူးရှင်
စစ်ကွင်းဆရာတော်ကြီး၏တပည့်၊
မဟာပထမံပညာ၏မြေပြင်ဂိုဏ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၂)
**ပထမံဆရာဦးအေးရွှေ**

ပိတောက်ကုန်း
**ပန်းချီထူးလှ**
**(ရှေးဟောင်းသုတေသန)**

သိုး၊ ဆိတ်၊ ကျွဲ၊ နွား
အရိုးကျိုး၊ အရိုးအက်
ဆက်စေ-ပျောက်စေနည်း
**နေမဝင်(နတ်မောက်)**

ဇာတ်ရာဇဝင်မှတ်ရာပင်
လူ့ခွင်တစ်လွှား မြိုင်ယံတွား သို့မဟုတ်
ပထမမြန်မာတာဇံဇာတ်ကားကြီး
**ကိုတိုး(ရန်ကင်း)**

မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့(၇၀)
**မောင်သန်းဆွေ(ထားဝယ်)**

မဆိုသင့်သောလွမ်းတေး၊
မပေးသင့်သောလက်ဆောင်
**ထင်ကျော်စွာ(ဂမ္ဘီရစာစု)**

ညှော်
**မကွေးဝင်းမြင့်**

လုပ်ငန်းခွင်ပတ်ဝန်းကျင်အတွင်း
ဖြစ်ပေါ်တတ်သောဆူညံသံများ
**နွမ်းထက်နောင်**

ကိုလိုနီခေတ်
မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း
**အနောက်တံခါးမှူးမောင်မှူး**

ဆင်ဝီလီယံသခင်နှင့်
မြန်မာဆင်လုပ်သားများ
**သွန်းထက်**

## သုရဿဝတ္ထုတို

၁၃၆ ခြံကြီးအတွင်းမှနာနာဘာဝများ
**ကိုဆောင်းဦး**
**(အလိန်လည်ကျေးရွာ)**

၁၄၂ သူ့အရပ်နဲ့သူ့နတ်
**သထုံ-ငယ်ငယ်**

၁၅၀ ဝေခွဲမရသောဇာတ်လမ်းတစ်ပုဒ်
**မောင်မြင့်မား(ဘိုကလေး)**

၁၆၆ မေတ္တာဟူသည်
**စိန်ဝင်းမော်**

၁၇၀ တမလွန်မှဘဝချင်းဆုံတွေ့သူ
**တက္ကသိုလ်ဝင်းမြင့်**

၁၉၈ ဝဋ်ပဲ
**ကိုလှိုင်(မြန်မာစာ)**

၂၁၈ ကံကြွေးတဲ့တင်ဆုံးစေချင်
**မဟာသျှံ**

၂၃၀ ဇာတ်သိမ်းမကောင်းသော
ရာဂမှဆိုးလူ့မည်းကြီး
**သန့်ဇင်**

၂၄၂ ဂမ္ဘီရမဟာဂနိုင်
**ခင်မောင်အေး(မန္တလေး)**

၂၅၀ ကျွန်တော်နှင့်ဝလုံးဆရာဦးမောင်ကြီး
**ထောင်မှူးကြီးသိန်းဝင်း**

၂၅၄ ကားစင်မှာကျားတင်ကြစဉ်က
**ဖိုးကျော့**

၂၅၈ လူ့ဝင်စား
**စိုးထွန်း(ဥပဒေ)**

၂၆၆ သရဲစီးတဲ့လက်နက်
**မဟာနွယ်(မန်းတက္ကသိုလ်)**

၂၇၄ ဝိပါက်လေလား၊ ကြမ္မာလေလား
**နေဝန်းနီ**

၂၇၈ ကလေးအငိုတိတ်အောင်
**ကျွန်းစဉ်မြေ-စောခက်**

၂၈၄ လူထူးဆန်းဂျာအေးနှင့်
ကြုံဖူးမှယုံခဲ့ကြသူများ
**မြောင်းမြ-မြင့်လှိုင်**

၂၉၄ တမလွန်မှပေးသောအမွေ
**နန္ဒာစိုး(ဆင်ဖြူကျွန်း)**

၃၀၀ လူကြမ်းသော်နတ်ကြမ်းမနိုင်
**ရှစ်ခွင်ကျော်-ဖောင်တော်သီ**

၃၅၂ နေဦး‥ကြယ်သီးတွေဖွင့်ပြတော့ကော
ရင်ဘတ်ထဲကအဖြစ်တွေ
မြင်နိုင်မှာလား
**မောင်သင်းထုံ(ကျောက်မဲ)**

၃၇၀ လူမစွမ်းသော်လည်း
**ရွှေပြည်စိုး(မိုးကုတ်)**

၃၈၂ တစ်ပွဲစားအဘိုး
**မောင်စိန်ဝင်း(ရွှေမိုးညို)**





## သုရဿအခန်းဆက်ဝတ္ထုရှည်

၃၀၆ ပညာရှင်(၇)
**ဆရာဦးမောင်မောင်သန်း**
**(ရှင်ကိုအေးမြစေသား)**

## သုရဿတိုင်းရင်းဆေး

၆၅ လက်ပံခါးပင်နှင့်ကင်ဆာ
**ချစ်မှန်းခင်**
**(ကြို့ပင်ကောက်-လယ်တီ)**

၉၀ အစာလည်းဆေး ဆေးလည်းအစာ
ရောဂါလည်းပျောက် လျှာလည်း
လောက်သည့် ရသာစုံလင် ဆေးဖက်
ဝင်ဟင်းလျာများ(၅)
**ရွှေနဝင်း(ပုသိမ်)**

၉၅ ကြိတ်မှန်ပင်ရဲ့အစွမ်း
**နေပြည်တော်ကျော်ကျော်စိုး**

၁၁၇ မျက်မှန်လွတ်စေတဲ့
မျက်ကြည်စားဆေး
**နတ်မောက်မှတ်ကျောက်**

၁၃၅ နို့တိုက်မိခင်များ နို့ကြောင်းပိတ်ဆို့လျှင်
**စိုးမင်း(မြောက်စည်း)**

၁၄၀ ဝမ်းလျှောဝမ်းပျက်ဆေးတစ်လက်
**နတ်မောက်မင်းသန့်နိုင်**

၁၄၁ ဇော်စိမ်းအစွမ်း
**ဦးကိုကိုကြီး(စစ်ဆေးဖေး)**
**ကစစ(၁၂)ထုံးဘို**

၁၆၉ ကလေးငယ်အပူဖုများပေါက်ခဲ့ပါက
**နေပြည်တော်ကျော်ကျော်စိုး**


၂၀၃ ပင်လယ်အူနာ (သို့) အထက်လှန်
အောက်လျှောရောဂါပျောက်သော
ဆေးစွမ်းတစ်လက်
**မင်းဘုန်းလွင်**

၃၁၀ ဆင်တုံးမနွယ်
**ချောင်းဆုံအုန်းသွင်**

၃၆၄ မီးယပ်သွေးချုပ် ရောဂါခံစားနေရပါက
**အေးရွှေ(ဗီးကုန်း)**
၃၇၉ မိန်းမတို့အသက်ကရမက်
**ဦးမင်းဇင်(ရွှေနဝင်း)**


www.burmeseclassic.com

www.burmeseclassic.com



## သုရဿ ပညာရပ်


၁၃၂ တားရော့ထဲမှ "ရွှေအချိုး"၏ လျှပ်တစ်ပြက်မြင်ကွင်း
**ဆရာစိုး-ရွှေအာရဏ်ဦး (တားရော့-သုတေသီ) မိုးကောင်း**

၁၆၂ ဖုန်းရွှေပညာသိကောင်းစရာ
**ဦးအောင်လှိုင် (သုဝဏ္ဏ)**

၁၇၈ ကံမြင့်ခြင်းဖြင့်ကံမြင့်ခြင်း
**မင်းပြည့်**

၁၉၁ အင်္ဂဝိဇ္ဇာ ပစ္စည်းပျောက်ဓာတ်ရိုက်ပညာ
**ဆရာဦးစိန်လှိုင် (ကျိုက်လတ်)**

၂၀၂ ဂန္ဓာရီဝိဇ္ဇာမဟ လောကီပညာနယ်အတွင်းမှ စမ္မာနဝင်းအင်းများ
**ဘြိုရတနာ-ဆရာဇေယျာလင်း (ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း)**

၂၂၃ ဝိဇ္ဇာရေမြန်မာ့အင်္ဂရတ်ပညာ
**ဆရာဦးဆက်ထွန်းလင်း (အာယုဗ္ဗေဒ)**

၃၂၂ အလွယ်လေ့လာလက္ခဏာပညာ
**ဆရာမော်**

၃၂၆ လာဘ်ခေါ်
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**

၃၃၄ မြန်မာတို့နှင့် အတိတ်နိမိတ်များ
**ဆရာဦးစိန်လှိုင် (ကျိုက်လတ်)**






## သုရဿလက်တွေ့အသုံးချ


၁၇၇ ၂၀၁၅ ခုနှစ်၊ မေလအတွက် စီးပွားရေးဗေဒင်ဟောကိန်း
**မင်းရှိန်အောင်**

၂၄၉ ထီ
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**

၂၇၇ မန်ကျည်းသားကျိုးပေါင်း အဆောင်ကောင်း
**နတ်မောက်မင်းချစ်နော်**

၃၃၆ ၂၀၁၅ ခုနှစ်၊ မေလ အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား
**ဦးအောင်စောလှိုင်(ပုသိမ်)**

၃၅၆ ဣန္ဒြေဂြိုဟ်ထာနှင့် သတ္တနဝင်းဖျည်းစမ အဖိုအမဆောင်ကြလျှင်
**ဘုန်းခေါင်**

၃၆၉ ၂၀၁၅ ခုနှစ်၊ မေလ နေ့သိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂန္ဓီရ)**

၃၇၇ ပြည်မြန်မာ၏ ၂၀၁၅ ခုနှစ် ပြိဿရာသီပြောင်း မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**

၃၈၈ ၂၀၁၅ ခုနှစ်၊ မေလ ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ (B.Sc)**

၃၉၀ ၂၀၁၅ ခုနှစ်၊ မေလ ကံမြင့်ကံပွင့်အစီအရင်
**ပြည့်သိန်းကျော်**

၃၉၄ အမုန်ကိုဆိုခြင်းအတွက် သုရဿလက်ဆောင်
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**

၃၉၈ ၂၀၁၅ ခုနှစ်၊ မေလအတွက် ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**


BURMESE CLASSIC


**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွင့်
ဝေလဲ့လဲ့ထွဏ်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှေ့နေ
**ထုတ်ဝေသူ**
ဦးအောင်မြတ်
(မြ-၀၄၃၂၉)

**မျက်နှာဖုံးနှင့် အတွင်းပန်းချီ**
စိုးအောင်
**သုရဿစာလုံးဒီဇိုင်း**
ကိုကျော်မင်းမောင်
**အတွင်းအသင်**
color king
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၈၆၇၄

**ဖြန့်ချိရေးမှူး**
အောင်မြင့်သန်း

**ကွန်ပြူတာစာစီ**
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊ အိမွန်ထွန်း
နင်းသန္တာကျော်

**ရုံးအဖွဲ့**
တင်မိုးခိုင်၊ အေးအေးစန်း၊ စုမွန်၊
စုစုစံ၊ နနွ၊ ဖြိုးရတနာ၊ စန်းမြင့်ထွန်း
**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁- ၂၄၀၆၉၀
**မန္တလေး**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ဖျံ့ဖြူးမှုနေရာ-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကြီး**-ဂါနဒီ၊ မီလျံမှာ
**ပဲခူး**- သဇင်စာပေ
**ပုသိမ်**-တာလေးမောင်၊ ရွှေမောင်း
**မကွေး**-ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀
**လက်ကားဖြန့်ဈေး** ( ၂၇၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

## သူနှင့်မတူ ကိုယ်တွက်ကျန်ပစေ

- လူ့ပြည်တစ်ခေါက်
ဆုရည်ပြီး ရောက်ရှိလာကြလေရာ။
လူချင်း တူပေါင်းတော့လည်း
သူကောင်းဖို့ချည်းသာ။
ပစ္စည်းခင်း စုဆောင်းတော့လည်း
နောက်ကြောင်းတွက်တာ မလာ။
အိမ်ထောင်တွင်း ခိုအောင်းမြိန်တော့လည်း
သူထောင်းကိုယ်ထောင်း ခံရမှာသေချာ။

- လူ့ဘဝ လူအကျင့်
လူခရီးစဉ် ဖွင့်နိုင်ကြစေရန်
  - ဒါနဖြင့် အပြင်မီးဖို့သိပ်မှ
    ကိုယ့်ကိစ္စက ရေရာ။
  - သီလဖြင့် အတွင်းမီးဆို့ပိတ်တတ်မှ
    ကိုယ့်ကိစ္စက ကိုယ်နှင့်မကွာ။
  - ဘာဝနာဖြင့် ကိုယ့်စိတ်ကိုယ်ဆွဲ
    အစွဲခွဲပစ်နိုင်မှ ကိုယ့်ကိစ္စကကိုယ့်ဘက်ပါ။

BURMESE CLASSIC

- လူ့ဘဝရောက်ဆဲကာလ
တွဲသင့်ရာတွဲ ခွာသင့်ရာခွာ ပါသင့်ရာပါ
လက်မဲ့ဗလာချည်း မပြန်ကြရပါစေနှင့်။

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
(၁၃၆၃ ခုနှစ်၊ တပို့တွဲလပြည့်နေ့၊ ပဋ္ဌိပတ်တောကျောင်း)



www.burmeseclassic.com

www.burmeseclassic.com

၂

## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

# ရှေ့တိုး၊ နောက်ဆုတ်

### အရှေ့လျှောက်နောက်ပြန်ဆင်း

မန္တလေးမှ ထွက်ပြီးနောက် မတ္တရာအထိ ခရီးပေါက်လာ၏။ သည်နောက် မတ္တရာမှထွက်၍ (မိုးကုတ်မှနေ မိုးမိတ်သို့မဆင်းမိစေရန်) စဥ့်ကူးဘက် ခရီးလှည့်ထွက်ရန် စုံစမ်း၏။ သို့-စုံစမ်းလိုက်တိုင်း စဥ့်ကူးမှ တွင်းငယ်၊ တစ်ဖန် တွင်းငယ်မှ မိုးမိတ်အထိ မြေပြန့်လမ်းများတွင် လမ်းပေါ်နေတံတားများ လုံးဝမကောင်းတော့ကြောင်းသာ အဖြေထွက်လာတော့၏။

သို့ဖြင့် မိုးကုတ်သို့ မသွားချင့်သွားချင့်ဖြင့် ခရီးဆက်လက် ထွက်ခဲ့ကြရပြီ။ မိုးကုတ်မှ မိုးမိတ်သို့လည်း မဆင်းချင့် ဆင်းချင့်နှင့် ဆင်းသက်ခဲ့ကြရပြီ။

ည ၇း၀၀ နာရီမထိုးမီ ၅ မိနစ်အလို မိုးမိတ်ရောက်၏။ ထိုမှနေ လမ်းအတိုင်း ဆက်မောင်းခိုင်းသောအခါ မြို့၏ အရှေ့ပေါက်ထွက်ကို ရောက်၏။ သို့ဖြင့် မြို့ထွက်၏ အရှေ့ပေါက်မှာပင် ကားအရပ်ခိုင်းကာ အရှေ့သို့ ထွက်ခွာခဲ့ပါသည်။ အတော်အတန် ခရီးပေါက်လာသောအခါ လမ်းနှစ်ခွ တွေ့ရ၏။ တစ်ခွကား လမ်းရင်းအတိုင်း၊ တစ်ခွက လမ်းခွဲ။

ထိုစဥ် လမ်းရင်းဘက် အနီးမှ ရွာတစ်ရွာရှိသည်ထင်၏။ ကလေးငိုသံ၊ အမေချော့သံ၊ ခွေးသံ၊ လူသံများကြားနေရ၍။ သို့ကြောင့် ထိုလမ်း မလိုက်တော့။

BURMESE CLASSIC

တစ်ဖန် တစ်ခွဖြစ်သော လမ်းခွဲထဲ တိုးဝင်လိုက်၏။ မကြာမီ ဆိုင်းဘုတ်တွေ့ရ၏။ မိုးဘုံ တဲ့။ ထို မိုးဘုံ အမည်ပေါက် တိုင်ထောင်ဆိုင်းဘုတ်ကိုကျော်၍ ရှေ့ဆက်သွားခဲ့ရာ . . . လမ်းဘေးဝယ် အင်ပင်များ ပေါက်နေသော အကွက်ငယ်တစ်ခု တွေ့ရရာ ယင်း၌ပင် အနားယူအုံ (ညအိပ်အုံ) ဖြင့် စခန်းချလိုက်သည်။


သို့စခန်းချလိုက်စဥ် မြို့နှင့် မလှမ်းမကမ်းကတည်းက တွေ့ခဲ့ရသည့် မော်တော်ဆိုင်ကယ်သည် ငါတို့အားလွန်၍ ငါတို့သွားရာ လမ်းအတိုင်း ကျော်တက်သွားရာမှ ယခုတစ်ဖန် ငါတို့စခန်းချနေရာသို့ လိုက်လာနေပြီ။ သူတွင်မဟုတ်။ နောက်ကလည်း မော်တော်ဆိုင်ကယ် ခပ်များများပါလာနေ၏။

အားလုံး ငါတို့နောက်ကျောမှ ဝိုင်းထိုင်လိုက်ကြ၏။ ငါတို့က မီးထိုးပြလိုက်သောအခါ အားလုံးတက်လာကြပြီး စစ်ကြ၏။ သပိတ်ရော အိတ်ပါ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

တစ်ခုမကျန် ဖြလှန်ရှာဖွေကြ၏။

"ဘယ်ကလာသလဲ" အမေး။ ငါတို့ "တောကြီးထဲက" ဖြေ၏။ မကျေနပ်ကြ။

"ဘယ်သွားမလို့လဲ" အမေး။ "တောထဲကို" ဖြေ၏။ မကျေနပ်ကြ။ ကြာသော် "မ-ဝ-တ သွားခေါ်ကွာ" ပြောသူကပြောသေး၏။ သည်ကြားထဲ "နှစ်လုံးဂဏန်းပေးတတ်သလား" မေးသူကမေးသေး၏။

"ကဲ-ဒကာကြီးများ၊ သည်လောက် သိချင်နေလျှင် ဆိုင်ကယ်ဖြင့် မိုးမိတ်သွားမေးကြပါ။ သွားပြီး မေးမြန်း စုံစမ်းနိုင်ပါသည်။ ငါတို့လိုက်ပို့တဲ့ဒကာများ တည်းခိုခန်းများမှာ တည်းကြပါမည်။ ကားနံပါတ်က ၁/ယ-၈၇၁၇၊ ကားပိုင်ရှင်က ဒေါက်တာလှထွန်းဝင်း၊ သူ့အဖော်က ဦးဝင်းဆွေ။ အဲဒီသွားမေးလျှင် ဒကာကြီးများသိချင်တာ အကုန်သိပါလိမ့်မည်။ သွားမေးကြပါ. . ."

သို့ပြောမှ ပြန်သွားကြတော့၏။ သို့ဖြင့် တစ်ညလုံးလုံး ကုန်းစောင်းနေသစ်ပင်ကြီးအမှီပြုကာ အချိန်ကုန်ပေးရ၏။

နံနက်ရောက်သော်. . . ရှေ့ဆက်ရမည့်ခရီးအတွက် ထမျှော်ကြည့်ရ၏။ ထိုစဉ် အရှေ့တည့်တည့်မှ လှမ်းမျှော်ကြည့်လည်း တောမတွေ့။ တောင်မတွေ့။ ပြောင်ပါပေ့။ မြောက်လှမ်းကြည့်လည်း တောမတွေ့။ တောင်မတွေ့။ ပြောင်ပါပေ့။ လာရာလမ်း မိုးကုတ်ဘက် မျှော်မှသာ တောတောင်များ တွေ့ခွင့်ရ၏။ ရှေ့တိုးရန် ခဲယဉ်းလာ၏။ သို့ဖြင့် "ရှေ့တိုးမကောင်း နောက်ကြောင်းပြန်လှည့်အံ့" ကြံစည်ကာ မိုးမိတ်ဘက် ပြန်လှည့်ထွက်ခဲ့ရ၏။

သို့တိုင်လည်း မိုးမိတ်ကို လာရာလမ်းအတိုင်းပြန်က ကားလမ်းကြီးဖြစ်နေသောကြောင့် တစ်လမ်းလုံး အမေးခံရ၊ အပင့်ခံရ၊ သည်ကြားထဲ ငါမှန်းသိသွားကဒုက္ခ။ သည်သို့ အတွေးပေါက်လာသောကြောင့် ကားလမ်းမှ ဖွဲ၍ လယ်ကွင်းထဲသို့ထိုးဆင်းခဲ့ပြီး မြို့ကို ခါးလယ်မှ ဖြတ်ဝင်ရန် ချိန်လိုက်၏။ သည်သို့ သွားရင်းသွားရင်းက ပုဗ္ဗာရုံကျောင်းတိုက်ကြီး၏ အနီးသို့ ဆိုက်လာ၏။ ထိုမှနေ ကျောင်းတိုက်ကြီးအတွင်း ဝင်ကာ မဘိန်းကို ဘယ်ကသွားရပါသလဲ. . . မေးရာ. . . မဘိန်းသားရဟန်းတော်တစ်ပါး လမ်းလိုက်ပြခဲ့၏။

ရဟန်းပြ လမ်းအတိုင်း မဘိန်းဦးတည်၍ ဆက်လျှောက်လိုက်လေရာ . . . ငါတို့ကို လိုက်ပို့သော ဒေါက်တာလှထွန်းဝင်းတို့တည်းခိုခန်း တန်းရောက်တော့သည်။ ငါတို့ကား မဘိန်းလမ်းတန်းသွားနေ၏။ သူတို့က ငါတို့ဆွမ်းခံဝင်သည်အထင်ဖြင့် ဆွမ်းလိုက်လောင်းကြ၏။ မဘိန်း ခရီးသွားက မိုးမိတ်ဆွမ်းခံစားရဦးတော့မှာပါတကား. . .။

သို့ဖြင့် မိုးမိတ်မှထွက်၍ တံတားကျော်ဖြတ်ကာ မဘိန်းဘက် ခရီးဆက်ခဲ့၏။ အုန်းချောရွာဟောင်းနှင့် ရွှေဇာလီရွာများအထိ ကျော်ဖြတ်တက် ထွက်လာခဲ့ပြီ။ ရွှေဇာလီအရောက်တွင် ငါတို့ကို စိတ်မချ၍ လိုက်လာသည့် ဒေါက်တာများ၏ကားက မီလာ၏။ ငါတို့မှာ စီးဖိနပ်မနိုင်တော့၍ ပြန်စွန့်လိုက်၏။ ညာခြေမနှင့် ခြေညှိုးများက သွေးရဲရဲသံရဲရဲဖြင့်။ တစ်ဖန် အတော်အတန် ခရီးပေါက်စဉ် ကားလိုက်လာပြီး ရောက်သောနေရာတွင် အနာဖန်ဆေးရန်၊ ဆေးထည့်ရန် ပစ္စည်းများလှူကြပြန်၏။ ထည့်ယူသွားစရာ အိတ်လည်းမပါ။ ဝန်ကလည်း လေးနေပြီဖြစ်၍ လက်မခံလိုက်။

လမ်းနှစ်ဖက်နေ အိမ်များကား လှမ်းကြည့်၊ လှမ်းကြည့်နှင့်။ ထိုမှနေ အုန်းချောရွာသစ်ထဲသို့ အရောက်တွင် ကား ကားလမ်းပေါ်ဝယ်. . . နတ်ပွဲပြင်ရန် အုန်း၊ ငှက်ပျောများကို ခြင်းတောင်းကြီးထဲ ထည့်ရွက်လာသည့် ဒကာမတစ်ဦးနှင့် ပက်ပင်းတိုး တိုးမိတော့ရာ . . .

"အရှင်ဘုရား. . . တပည့်တော်မအိမ် ဝင်ပြီး ဆွမ်းဘုဉ်းပေးပါဦး။ ဆွမ်းဘုဉ်းပေးပြီးမှ အရှင်ဘုရားကြွလိုရာကြွပါ" ဖြင့် ပင့်တော့သည်။ ငါတို့မှာလည်း ပါလာသည့်ဆွမ်းထုပ် လမ်းဘေးဝင်စားရန် နေရာမတွေ့၍ အခက်တွေ့နေချိန်၊ အချိန်ကလည်း ၁၁-နာရီ ဆွမ်းစားချိန်ဖြစ်နေ၍ ထိုအပင့် လက်ခံကာ ထိုဒကာမအိမ် ဝင်နားမိတော့သည်။

ထိုဒကာမကား ငါန်းဇွန်သူ (ရေအားလျှပ်စစ်က အလုပ်သမ)၊ သူ့ဒကာကား ကျော်တန်းသား (ရေအားလျှပ်စစ်က အလုပ်သမား)။ ထိုသည့်အိမ် ငါတို့ စခန်းချလိုက်သည်နှင့် လာခဲ့ရာလမ်းမကြီးဘေးရှိ နေအိမ်များမှ စိတ်ဝင်တစား လေ့လာလိုသူများလည်း ရောက်လာကြပြီ။

ဆွမ်းစားပြီးသည်နှင့် ဆွမ်းအမ၏ အစစ်အဆေးခံယူရ၏။ ထိုစဉ် မဘိန်းဘက်သို့ ခရီးထွက်လာသည့်အကြောင်း ပြောပြရာ. . . "မဘိန်းသစ်တောက သစ်ခုတ်သမားများရှိုင်းစိုင်းပါသည်ဘုရား။ တောတွင်းသစ်သယ်ကားများကလည်း ဘယ်တော့မှမဆိတ်ပါဘုရား။ သို့ကြောင့် အရှင်ဘုရား အေးအေးလူလူ တရားအားထုတ်လိုပါမူ ရွှေမြင်တင်တောင်ကြွရောက်သီတင်းသုံးပါဘုရား။ ရွှေမြင်တင်မှာ လူရှုပ်တယ်ဆိုရင်လည်း ရွှေမြင်တင်ရဲ့ဘေးများမှာ လူသူကင်းဆိတ်ပါသည်ဘုရား. . ." ထိုးလျှောက်ရာ. . . မကောင်းပြောထားသော မဘိန်းဘက် ထွက်ရန် ခက်သွားပြီ။ သို့ဖြင့် . . .

"ဒကာမကြီးများ နေလို့တဲ့နေရာ ခေတ္တ အစမ်းနေကြည့်ကြတာပေါ့" ဖြေလိုက်ရသည်။

သည့်နောက် ဒကာတစ်ယောက် (ရွှေဇာလီက မောင်မောင်ဦး) ထည့်ပေးလိုက်ရာ . . . သူနှင့်အတူ နေ့လယ် ၁၂း၀၀ နာရီတိတိတွင် ရွှေမြင်တင်သို့ ရောက်ခဲ့ပြီ။

မိုးမိတ်တွင် ရှေ့ကိုတိုးပြီးမှ အနောက်သို့ ပြန်ဆုတ်ခဲ့ရသည်။ တစ်ဖန် မဘိန်း ဆိုသည့် ရှေ့သို့တိုးမည်ကြံကာမှ မိုးမိတ်မှ ပြန်ဆုတ်မိရသည်။

**ဓားမြှောင်စိုက်သည်ကို မမီလို့ခေါ်ပါသည်**

မိုးမိတ်ကနေ ကျောက်မဲဘက် တိုးပြီးမှ မဘိန်းဘက်ဆုတ်ခဲ့ရ၊ တစ်ဖန် မဘိန်းဘက် တိုးနေရင်းက မိုးမိတ်ဘက် ပြန်ဆုတ်ခဲ့ရ။

သည်သို့ နှစ်ခါတိုး နှစ်ခါစလုံးပင် ပြန်ဆုတ်ခဲ့ရသည်။ ထိုနေရာသည် ရာဇဝင်ကပင် စိတ်ဝင်စားစရာ ကောင်းနေ၏။ တရုတ်ရာဇဝင် ဆို၏။ တစ်ခါက တရုတ်ဘုရင်ကြီးတွင် သားတော်သုံးပါးထွန်းကားလေရာ မင်းသားများ အရွယ်ရောက်ကြသည်နှင့် နန်းစံကြရန် နေရာရှာစေလေရာ. . . တစ်ပါးကို ဓားမြှောင်တစ်လက်ပေးကာ ခရီးထွက်မိန့် ချမှတ်လိုက်သည်။

"ရော့ကွာ. . . ငါ့သား၊ သည်ဓားမြှောင်နဲ့ မြေကိုပစ်ပေါက်ကြည့်လိုက်။ အဲ . . . သည် ဓားမြှောင် စိုက်သည့်နေရာ မြို့တည်နန်းစံပေတော့"

သည်သို့ အမိန့်ရှိကာ ပေးအပ်လိုက်သည် ဆို၏။ ထိုသားတော်လည်း ဖခမည်းတော် အမိန့်တော်အတိုင်း နောက်ပါ လူသူရိက္ခာများဖြင့် ထွက်ခွာလာရင်း . . . မြေပြန့်တွေ့တိုင်း ဓားမြှောင်ဖြင့် ပစ်ပေါက်ကြည့်၏။ ပစ်ပေါက်လိုက်တိုင်း ဓားမြှောင်က လိမ့်ပြေးနေ၏။

www.burmeseclassic.com

သို့ဖြင့် သည်မြေနေရာသို့ ရောက်လာကြ၏။ မြေအနေအထားက ပြန့်ပြူး၏။ ဝန်းကျင်က တောင်များ ဝိုင်းပတ်နေ၏။ နေချင့်စရာ . . . ။

တစ်ဖန် တောင်များမှ စိမ့်ဆင်းလာသော စမ်းရေများကလည်း မြေပြန့်လွင်ပြင်၏တစ်ဖက်တစ်ချက်တွင် ရစ်ခွေစီးဆင်းနေပြန်သေး၏။ ထိုစီးဆင်းမှုကလည်း တစ်နေရာအရောက်တွင် ပြန်ဆုံသွားကြရာ သန်လျက်ဦးစွန်းနှင့် တူနေပြန်၏။ သို့ဖြင့် ထိုနေရာ ပါလာသည့် ခါးမြှောင်ဖြင့် ပစ်ပေါက်ကြည့်လိုက်သည်။ ခါးမြှောင်ကား မြေတွင် စူးနစ်မြုပ်ဝင် ပြနေပြီ။ အောင်ပြီ။ အောင်ပြီ။

ထို ခါးမြှောင် မြေစိုက်နေရာကို ဗဟိုပြု၍ နန်းတည်လိုက်ရာ . . . သည်နေရာ သည်နန်းရပ်ကား မံမိမြို့ မံမိနန်းတော် အမည်ရလာပြီ။ မံက မြို့ ဟူ၏။ မိကား ခါးမြှောင် ဟူ၏။ ထိုမံမိက ကာလကြာလာသော် မိုးမိတ် အမည် ပေါက်သွားသော ဟူ၏။

သည့်အတူ ကျန်သားတော်နှစ်ပါးတွင် တစ်ပါးကို စည်တော်ပေး၍လည်းကောင်း၊ နောက်တစ်ပါးကို ဆင်တော်ပေး၍ လည်းကောင်း မြို့တည်နန်းစံကြရန် လွှတ်လိုက်ရာ ထိုနှစ်ပါးတို့ မြို့များက မိုးညှင်း၊ မိုးကောင်း အမည်တွင်လာသော ဟူ၏။

"အင်း . . . ငါတို့ ယခု နောက်ဆုတ်ထိုင် ထိုင်ခွင့်ရမြို့ကဲ့ ခါးမြှောင်စိုက်မြို့ ဆိုပါကလား"

သို့ တွေးမိတိုင်း ပြုံးမိရသေး၏။ ထိုမင်းသား၏ဘုန်းကံက ခါးဦးထိပ်၌ရှိသည် ထင်၏။ ထိုမင်းသား၏ ရှေးပြုကံက သည်နေရာ၌ရှိသည် ထင်၏။ တို့များလည်းပဲ ပါလာသည့် ကံခါးက သည်နေရာ စိုက်ကျသွားပြီကော။

မဟာမြိုင်က ထွက်ခွာမည်ပြုစဉ်က နေရာရွေးချယ်ရ၏။ တစ်ခုက ဟိမဝန္တာ၊ တစ်ခုက မဘိန်း၊ သို့ နေရာနှစ်မျိုးရှိချေရာ. . . ငါတို့၏ကိုယ်ခန္ဓာအနေအထားက ဟိမဝန္တာ၏ အအေးဒဏ် ခံနိုင်ရည် မရှိတော့ရာ ဟိမဝန္တာသွားရေးကို ပယ်လိုက်ရတော့သည်။

တစ်ဖန် မဘိန်းသို့ စိတ်မကျေပွဲနွဲ့လိုသေး၏။ လွန်ခဲ့သော ၁၃၅၅ ခုနှစ်တုန်းက ပျဉ်းမနား လက်လုပ်တောင်မှ ပြောင်းရွှေ့ရန် ကြံရွယ်စဉ် မဘိန်းကို ရွေးချယ်မိခဲ့၏။ သည်မဘိန်းက . . . မဘိန်းနှင့် မိုင် (၃၀) လောက် ဝေးကွာလှသော တောကြီးမျက်မည်းထဲဝယ် သဘာဝဂူကြီးများ အတန်းလိုက် အစီအရီ ပေါက်နေကြသည်။ ထိုဂူများက နတ်ကြီးသည်။ တံတွေးထွေးချသည်ကိုပင် မကြိုက်ချင်တတ်။ ထိုဂူများက အစောင့်အရှောက်ကြီးသည်။ ဘေးအန္တရာယ်တစ်စုံတစ်ရာမကြုံတတ်။ ဤသတင်းများကို စာပေများမှတစ်ဆင့် ကြားဖူးခဲ့သောကြောင့်။

တစ်ဖန် သည်မဘိန်းက . . . ထို ၅၅ ခုနှစ်ကာလတုန်းက သာစည် အ-ထ-က ကျောင်းအုပ်ကြီး ဆရာကြီး ဦးချစ်မောင် မြို့နယ်ပညာရေးမှူး တာဝန်ဖြင့် မဘိန်းရုံးစိုက်ထားချိန်ဖြစ်၏။ ဆရာကြီး ဦးချစ်မောင်နှင့် ငါတို့က သာစည် ရွှေကျောင်းကုန်းရှိစဉ်တုန်းကပင် သိကျွမ်းခင်မင်ပြီးဖြစ်နေကြ၏။ ထိုဒကာကြီး အကူအညီဖြင့် ထိုဂူများ ရှာဖွေနေထိုင်ရ အကောင်းသား ကြံရွယ်ကာ မန္တလေး နေမင်းဆေးလိပ်လုပ်ငန်းပိုင်ရှင် ဒကာကြီး ဦးသောင်းစိန်အား အကူအညီတောင်းမိ၏။ ၎င်းက. . .

"အရှင်ဘုရားသွားမည့် ကလောဘက်ကိုသာ ကြွပါဘုရား"

သို့ လျှောက်ထားရာမှ မဘိန်းအစား ရှမ်းတောင်ပိုင်း သုဝဏ္ဏသို့ ပါသွားခြင်း ဖြစ်ခဲ့၏။ သို့ဖြင့် ထိုမဘိန်း ထိုစဉ်က လက်လွှတ်ခဲ့ရသည်ကို ယခု တစ်ဖန် ပြန်လည်အသက်သွင်းလိုက်မဟဲ့ ဆုံးဖြတ်ချက်ချလိုက်မိခဲ့သည်။

တစ်ဖန် သည်မဘိန်း. . . မဘိန်း ရာသီဥတုနှင့် အညာရာသီဥတု သိပ်မကွာလှဟုကြားမိဖူး၏။ မဘိန်းဆိုသော် ချောင်ကျရာဒေသဖြစ်နေ၍ လူသူများနှင့် အဆက်ပြတ်ဖို့ များ၏။ သို့ အတွေးပေါက်လျက်က သည်မဘိန်း ရွေးချယ်မိခဲ့၏။ သို့သော် . . .

မဘိန်းကား စိမ်းလွန်းလှချေသည်။

မဘိန်းကား တိမ်းလွန်းလှချေသည်။

မဘိန်းနှင့်လွဲချင်တော့ တော့လျက်ကလွဲခဲ့ရ၏။ ငါတို့ ၇၄ ခုနှစ်၏ တန်ခူးလပြည့်နေ့ နေ့ ၁၂:၀၀ နာရီအချိန်တွင် ရွှေမြင်တင်သို့ ရောက်၏။ ထို ည ၇:၀၀ နာရီခန့်တွင် မဘိန်းနေ ဒကာကြီး ဦးအေးလာရောက် ဖူးတွေ့၏။ ထိုစဉ် . . . တို့များ မဘိန်းနှင့်လှမ်းလှမ်းရှိ ဂူများ သွားချင်လို့ ထွက်လာခဲ့တာဗျ ပြောမိရာ . . .

"မဘိန်းကြွချင် အခု တပည့်တော်မှာ ကား အဆင်သင့် ပါပါတယ်။ ဟိုရောက်တော့ ရိပ်သာပို့ပေးပါ့မယ်။ ရိပ်သာဆရာတော်ကလည်း သဘောကောင်းပါတယ်"

ပြန်လည် လျှောက်ထား၏။ အင်း . . . ကြေးနီပြားက ခေါင်းနှင့် ပန်း လွဲနေပါပကောဖြင့် ပွဲရပ်ခဲ့ရပြီ. . . ။

သည့်နောက်တန်ခူးလပြည့်ကျော် ၃ ရက်နေ့လောက်တွင် ရွှေမြင်တင်မှ ဓမ္မရတနာဆရာတော် ဦးဆောင်ကာ မပဒံဂူ သွားကြည့်ကြ၏။ ကျောင်းဒကာဖြစ်မည့် ဦးစိုင်းမိုးလည်း ပါ၏။ ကျောင်းအမဖြစ်မည့် ဒေါ်လှရီ၏ ဦးလေးလည်း ပါ၏။

သို့နှင့် မပဒံဂူ ရောက်သွားသောအခါ ဂူတွင်းဝယ် ခြောက်သွေ့နေသည်ကို တွေ့ရ၏။ လေဝင်လေထွက်ကောင်းသည်ကိုလည်း တွေ့ရ၏။ ဆွမ်းခံရွာနှင့် ဝေးသည်မှလွဲ၍ အားလုံးကောင်းနေသည်ကို တွေ့ရ၏။ နေမည် ဆုံးဖြတ်လိုက်၏။

သည့်နောက် လပြည့်ကျော် ၅ရက်လောက်အရောက်တွင် မဘိန်းနယ် ရမ်းဘိုကြီးရွာမှဆိုသူ မိန်းကလေး မိုးဆန်းလာရောက်ကာ ဂူကြီးများအကြောင်း ဂယနဏလျှောက်ထားတော့၏။ နာမည်များပါ ပါ၏။ နဂါးဂူ၊ သိကြားဂူ၊ နတ်သမီးဂူ စသည်များ. . . ။ ထိုနေရာဝယ် ဂူပေါင်း ၉၉ - လုံးတိတိရှိသည် ဆို၏။ လူအစိတ် (၂၅-ယောက်) လောက် သွားရောက်ပုန်းသည်ကိုပင် လုံးဝ ရှာမတွေ့ဟူ၍လည်း လျှောက်၏။ အရှင်ဘုရားကြွလိုပါက သူ့အစ်ကိုဖြစ်သူ ဆရာတော်တစ်ပါး လိုက်ပို့မည်ဖြစ်ကြောင်းလည်း လျှောက်ထားသေး၏။

ကောင်းလိုက်တာ မိုးဆန်းရယ်။ လွဲလိုက်တာ မိုးဆန်းရယ်. . . ။ သည်သို့ပင် စိတ်ထဲက ထအော်မိခဲ့သည်။ သည်တွင် ကောင်းလိုက်တာကား ငါတို့ကြားချင်သောစကားဖြစ်နေ၍။ လွဲလိုက်တာကား. . . မပဒံဂူ ရွေးပြီးပြီ၊ ပြင်ဆင်နေပြီ ဖြစ်နေ၍။

ထိုဂူများက မြို့နှင့် ၂၈ - မိုင်မျှကွာဝေးသော ဟူ၏။ ငါတို့လိုချင်သောအနေအထားများနှင့် တစ်သားတည်းကိုက် လိုက်ဖက်သောဂူများ၊ ထိုဂူများ အသက်ဝင်လာကြပြီ ထင်၏။ သိကြားများ၊ နတ်သမီးများလှုပ်၍ နဂါးကြီးလွန့်လာပြီ ထင်၏။

ငါတို့ မိုးမိတ်မှ ပြန်ခါနီးကာလအရောက်တွင်ပင် . . . ယခင် တန်ခူးလပြည့်နေ့ညက တွေ့ခဲ့သော ဒကာကြီး

www.burmeseclassic.com

ဦးအေးကလည်း ဂူများတွေ့ရှိ၍ လာပင့်ပြန်၏။ တစ်ဖန် မဘိန်းမြို့နယ် ပြန်ကြားရေးမှူးကလည်း ဂူကြီးများအားလုံးလည်း သန့်ရှင်းထားပါကြောင်း၊ ဂူတစ်ဂူထဲက သောက်ရေတွင်းကိုလည်း သန့်ရှင်းထားပါကြောင်း၊ သို့ကြောင့် ထိုဂူများသို့ကြွပါရန် လာပင့်ပြန်၏။

ကောင်းလိုက်တာ ဒကာကြီးများရယ်။ လွဲလိုက်တာ ဒကာကြီးများရယ်။ သည်သို့ပင် စိတ်ထဲက ထအော်မိရပြန်ပါ၏။ ဘာကြောင့် . . .။ မိုးမိတ်မှ မဘိန်းပြောင်းသော် ကားများ တစ်သီတစ်တန်းကြီးလာနေကြတော့မည်ဖြစ်၍။ သို့ဖြင့် မဘိန်းကား လွဲပြီးရင်း ပြန်လွဲရင်း ဖြစ်ခဲ့ရပြီ။

ငါတို့သည်ကား ဓားမြှောင်မြေ၌ စိုက်ကျသွားခဲ့ပြီ။ ငါတို့ခြေထောက်များကပင် ဓားမြှောင်နှစ်လက် ဖြစ်နေရော့သလားပဲ. . .။

မိုးမိတ်၏ ညောင်နီရွာကို ဂေါ်စဂါမ်ပြု၍ မပဒံဂူနေထိုင်ရန်. . . ငါတို့သည် တန်ခူးလပြည့်ကျော် ၇ ရက် (သင်္ကြန်အကျနေ့) ရွှေမြင်တင်က ပြောင်းခဲ့ပြီ။ လိုက်ပို့သူများကား. . . တစ်သီတစ်တန်းကြီးဖြစ်သွားသည်။

**ဓားမြှောင်ရိုးက သူထိုး ကိုယ်ထိုး**

မိုးမိတ်သည် ရှမ်းတို့အခြေချရာမြို့ဖြစ်၏။ သို့သော် ကချင်လည်း နေ၏။ တရုတ်လည်း နေ၏။ ပလောင်များလည်း နေသည် ဆို၏။ ဗမာများလည်း ပါသေး၏။ အမှုထမ်းများကား လူမျိုးစုံ ဖြစ်၏။

ထိုမိုးမိတ်ဓားမြှောင်က ဆွမ်းခံစကတည်းက ထိုးမွှေတော့၏။ ၁၃၇၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်နေ့မှ စ၍ မပဒံမှ ဆွမ်းခံထွက်၏။ အဓိဋ္ဌာန်ကား အထက်ညောင်နီ၇-ရက်၊ အောက်ညောင်နီ ၇-ရက် ဟူ၍။ သို့သော်. . . ညောင်နီက နောက်က မိုးမိတ်က ရွှေ့ထွက်လာကြပြီ. . .။ တစ်ရက်ထက်တစ်ရက် မိုးမိတ်ပရိသတ်က များ၍ ပြားလာ၏။ ဆုတ်သွားသည်မရှိ။ နောက်သော် မိုးကုတ်က ပြုဆင်းလာ၏။ ဂေါ်ရခါးက အများဆုံး။

ထိုမိုးမိတ်က သဒ္ဓါမိုး ဖြိုးလွန်လွန်းလှ၏။ သို့ကြောင့် သူတို့၌ရှိသော ဆင်ခြင်ဉာဏ် (ပညာ) ကား သဒ္ဓါရိုးကို မချိုးနိုင်။

ပညာမပါသောသဒ္ဓါသည် တဏှာသို့ စုန်ဆင်းသွားတတ်၏။

သဒ္ဓါမပါသော ပညာသည် မာနသို့ ဆန်တက်သွားတတ်၏။

သို့ဖြင့် သဒ္ဓါရိုးက သူထိုးကိုယ်ထိုး ထိုးမိကြသောအခါ. . . ကုသိုလ်ရှင်များသည်လည်း သူတိုး၊ ကိုယ်တိုး ပြုံတိုးတိုး ကြတော့ရာ . . .

ပစ္စည်းလှူ အလောဘကို နေရာလု လောဘက ထိုးချလိုက်ပြီ။

သံဃာ့ဂုဏ် ပွားထုံမှုသဒ္ဓါကို ပုဂ္ဂိုလ်ခင် တဏှာက ထိုးချပစ်လိုက်ပြီ။ ယင်းမြင်ကွင်းကို နေရာစနစ်တကျ တန်းစဉ်ပေးသူများလည်း မရှိကြ။ စိတ်အေးချမ်းသာစွာ ပေးလှူတတ်ကြရန် သင်ကြားပေးသူများလည်း မရှိကြ။ ဤမရှိကြ နှစ်ခုထပ်၏ ရလဒ်ကား . . .

အလှူခံသည်လည်း ပင်ပန်းလွန်းလှ၏။

လှူသူများသည်လည်း ပင်ပန်းလွန်းလှ၏။

လိုက်ပါ ဝေယျာဝစ္စလုပ်သူများလည်း ပင်ပန်းလွန်းလှ၏။ နောက်ဆုံး . . .

မှတ်တမ်းတင် ဗွီဒီယိုရိုက်ကူးရေးများပါ ပင်ပန်းလွန်းလှ၏။ တစ်ရက်မဟုတ်၊ နေ့စဉ်ရက်ဆက်။

ငါတို့ ဆွမ်းခံခဲ့သောရက်များက ၇၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈-ရက်မှ နယုန်လဆန်း ၁၃-ရက်နေ့အထိဖြစ်ပြီး ထိုအတွင်း ဖျား၍နားသည်က ၄-ရက် . . . သို့ဆိုသော် ရက်ပေါင်း ၄၆ - ရက်မျှရှိ၏။ ထိုရက်များအတွင်း ဂူမှရွာသို့ အဆင်း၊ အတက်ကလည်း မိုင်ရှည် ခရီးရှည်ကြီး ခြေလျင်သွားလာနေရ၏။ ရွာတွင်း ဆွမ်းခံလမ်းကလည်း မိုင်ရှည် ခရီးရှည်ကြီး ခံယူပေးနေရ၏။ သည်အထဲ ဂူသို့ လာရောက်ဖူးသူများကလည်း ဒုန်းဒေး။

ငါတို့ကား မောလှပြီ။ ဂူရောက်ရောက်ချင်း ရုတ်တရက် စကားမပြောနိုင်သေးပါ။

ငါတို့ကား ပန်းလှပြီ။ နေ့ရောညပါ ကိုယ်ခန္ဓာ နုံးချည့်နေချေပြီ။ သို့ဖြင့် ဂူမှ အဖူးတွေ့ခံခြင်းကို ကဆုန်လကွယ်နေ့ နောက်ဆုံး ကြေညာရတော့သည်။

ထိုရက်များအတွင်း လှူကြသည့် သဒ္ဓါဝင်ပစ္စည်းများကလည်း တောင်ပုံရာပုံ။ အထက်ရွာ၊ အောက်ရွာ နေရာစုံ စုပုံထားနေကြရ၏။ ထိုစဉ် မြို့ပေါ်နေ ကျောင်းတိုက်ကြီး လေးတိုက်သို့လည်း အခါခါ ပို့လှူကြရ၏။ မြို့ပေါ်နေ သီလရှင်စာသင်တိုက်သို့လည်း ပို့လှူကြရ၏။ တစ်ဖန် မြို့နီးနေ ရွာကျောင်းများသို့လည်း အကြိမ်ကြိမ် ပို့လှူကြရ၏။ မြို့မနီးမဝေး ကျောင်းများသို့လည်း ပို့လှူခွင့်ရကြသေး၏။ ထိုမျှဖြင့် မကုန်တော့သောအခါ . . . ငါတို့ စဉ်းစားကြရပြန်၏။

ယင်းမှာ သံဃာများ၍ ရှားပါးလှသော မြို့စာသင်တိုက်များသို့ ပေးပို့လှူဒါန်းရန် အကြံပင်။ သို့ဖြင့်. . . ပထမ တွင်းငယ်သို့ ပို့၏။ တစ်ကျောင်းတည်းရှိ၏။ သည့်နောက် စာသင်တိုက်များ၍ စာသင်သားအားကြီးသည့် ရွှေဘိုသို့ ပို့စေ၏။ သက်နှမ်းမှအစ အားလုံးစုံအကုန်ဖြစ်၏။

ထိုစဉ် မုဒိတာရှားပါးသဖြင့် ကြဲ့သာမစ္ဆေများ အမွှေခံနေရသော (လုပ်အားပေးအဖွဲ့တစ်ခုမှ) ခေါင်းဆောင်သည်. . . ရွှေဘိုသို့ပို့မည့် နောက်တစ်ခေါက် ဒိုင်နာကားကြီးပေါ် သို့တက်၍ မိုးကာများကိုလှန်ကာကြည့်သည် ဆို၏။ သည်မျှနှင့်မပြီးသေး. . . ကျောင်းဒကာ၊ ကျောင်းအမအိမ်သို့လည်း နောက်ဖေးမီးဖိုချောင်ပါမကျန်တက်ရှာသည် ဆို၏။ သည်မျှနှင့်လည်းမပြီးသေး. . . ကျောင်းအမ၏မိခင်ကြီးအိမ်ပေါ် သို့လည်း တက်၍ နောကဖေးမီးဖိုချောင်ပါမကျန် ရှာဖွေကြည့်သေး ဆို၏။

ထိုလုပ်ရပ်ကား လူတစ်ဦးစီ၌ရှိရမည့်လူကျင့်ဝတ်နှင့်ပင် မကိုက်ညီတော့။ သူ့ဂုဏ် ကိုယ့်ဂုဏ် ငဲ့တတ်သော လူသာမန်တို့ လုပ်ရိုး မဟုတ်လေဘဲ. . .။ လူ့တဇောက်ကန်းများသာ ထိုအကျင့်မျိုးကျင့်လေ့ရှိကြသည်။ ဤကား တစ်ပြည်လုံးတွင် မိုးမိတ်ကျမှ ကြုံခဲ့ရသောဓလေ့များ. . .။ မိုးမိတ်၏ ဓားမြှောင်ရိုးက အထိုးကြမ်းတမ်းလှချေလား. . .။

တစ်ဖန် ထိုခေါင်းဆောင်သည်ပင် မပဒံဂူ၌ ငါတို့အား ဝေယျာဝစ္စ လိုက်လံပြုလုပ်ပေးနေကြသော နတ်တလူမှ ဒကာများကို လာရောက် အော်ငေါက်သည် ဆို၏။ ငါတို့သို့လည်း မပဒံဂူ ကပ္ပိယဆောင်သို့ သူ့တပည့်များထားရန် လျှောက်သေး၏။ ငါတို့ကလည်း သည်နေ့ ငါတို့ရော နောက်ပါများပါ ပြန်ကြတော့မှာ . . . ခင်ဗျားပရိသတ် ကြိုက်သလောက်လာထား. . . ခွင့်ပြုပေးလိုက်သည်။

ထိုစကားအတိုင်း . . . ထိုဒကာနှင့်ပြောသောညမှာပင် ငါတို့ ဂူမှထွက်ခွာ လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ဘုရားနှင့်ကြုံ အုတ်ပုံနှင့်ပြီးစီး

ဤ၌ သဒ္ဓါသာရှိ၍ ပညာမဲ့သောသူ။ ပညာသာရှိ၍ သဒ္ဓါမဲ့လေသူ။ ထိုသူနှစ်ဦးတို့၏ စေတီပုထိုး ဖူးမြော်ကြရာ၌ တွေ့ရှိရပုံ ဖော်ပြပါဦးအံ့။

ထိုစဉ်. . . သဒ္ဓါသာရှိပြီး ပညာမဲ့သူက စေတီတစ်ဆူတွေ့မိလျှင် ထိုစေတီကိုပင် ဘုရားအဖြစ်ဖြင့်ကြည်ညိုဝပ်တွားဒါနများပြုမိရာ ခမျာ . . . ဘုရားအစစ်ထိ စိတ်မရောက် အုတ်ပုံလောက်ဖြင့်ပြီးစီးသည်။ အကြောင်းမှာ. . . ထိုသူ၏ သန္တာန်၌ (စိတ်၌) ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်လည်း ဓာတ်မဝင်။ ဘုရားရှင် အမွေတော်အဖြစ် ထားခဲ့သည်ကို ဌာပနာထားသည့် ဓာတ်တော်၊ အမွေတော်များအထိလည်း စိတ်မရောက်။ မိမိရှေ့ တွေ့နေသော အုတ်ပုံစေတီလောက်သာ ခရီးထောက်နေတော့၍။

တစ်ဖန် . . . ပညာသာရှိနေ၍ သဒ္ဓါမဲ့သူကလည်း ထိုအုတ်ပုံစေတီကိုပင် ခါးထောက်ကြည့်ကာ အိတ်ဆောက်အုတ်နှင့်သည်အုတ်ဘာကွာသလဲ. . . နှိုင်းယှဉ်ပြ၏။ သို့ဖြင့်ပင် ထိုသည့် ပညာရှင်လည်း ဘုရားအမွေ ဌာပနာထားသော မူလဂုဏ်တော်နှင့် အမွေမှဖြစ်သော ဂုဏ်တော်များအထိ စိတ်မသွင်းမျက်မြင်အုတ်ပုံမြင်ကွင်း၌သာ စိတ်မွေးတင်နေရှာတော့သည်ပမာ . . .

သဒ္ဓါအား ကောင်းသော မိုးမိတ်၊ မိုးကုတ် ဒကာ၊ ဒကာမများစွာတို့သည် သံဃာ့ဂုဏ်အထိ အာရုံမမိကြရာမှ သဒ္ဓါလွန်ကြရ၏။ လွန်ရာမှ ကျွံလာသောအခါ သဒ္ဓါလျှံ သဒ္ဓါပေတာလံ အဆင့်အထိ ရွက်လွှင့်လာကြပြီ. . .။ သည်အထဲ သဒ္ဓါရိုးချင်း သူထိုး ကိုယ်ထိုး ထိုးမိနေကြထင်၏။

ယင်းမှာ ငါတို့ဘက်ကလည်း သူတို့၏သဒ္ဓါအင်အားနှင့် ညီမျှအောင်ဟဲ့ဆိုကာ မေတ္တာဓာတ်များကို. . . ဂူမှနေ၍လည်း ပို့လွှတ်နေ၏။ ဆွမ်းခံသွားရာ တောလမ်းမှလည်း ပို့လွှတ်နေ၏။ ဆွမ်းလှူဆွမ်းခံ ပက်ပင်းဆုံရာမှလည်း ပို့လွှတ်နေ၏။

တစ်ဖန် အများဘက်ကလည်း. . . သည်ကိုယ်တော်ကြီး သည်ခရီး ဆွမ်းခံကြွရတာ ပင်ပန်းမှာပဲ ဆိုကာ ရက်မပျက်လည်း လာရောက် လောင်းလှူကြ၏။ မိသားစုံလည်း စုပြုံကာ လောင်းလှူကြ၏။ ပစ္စည်းစုံလည်း တစ်နေ့တစ်မူ ယူလာခဲ့ကြ၏။

ဤသည့်ဤပုံ သူက ကိုယ့်အာရုံပြု၊ ကိုယ်က သူ့အာရုံပြု၊ ပြုမိနေကြသည့် သဒ္ဓါရိုးများက သူ့ကိုယ်ထိုး ကိုယ့်သူပြန်ထိုး ထိုးမိနေကြထင်၏။

သဒ္ဓါကြီးနေလျှင် ပညာမစီးနိုင်တော့သည်မှာ ဓမ္မတာပင်။ သို့ဖြင့်ပင် တစ်နေ့တစ်နေ့ ဆွမ်းခံသွား ဆွမ်းခံပြန်ဖြင့်ပင် မိုးမိတ်၌ အချိန်ကုန်ခဲ့ရပြီ။ တစ်နေ့တစ်နေ့ ပရိသတ်အဖူးခံ၊ အလှူခံဖြင့်ပင် အချိန်ကုန်ခဲ့ရပြီ။

သည်အကြား ပွဲစားဝင်လာသောအခါ ရှုပ်သွားပြီ။ ယင်းမှာ ရန်ကုန်နေ ငါတို့၏ အရင်းအချာ ဒကာများ၏ ပွဲစားအလုပ်ပင်။

ထိုဒကာများသည် (ဒကာမလည်းပါ၏) မဟာမြိုင်တုန်းကလည်း . . . အပြိုင်အဆိုင် မှန်လုံကားကြီးများ ငှားရမ်းကြ၏။ အပြိုင်အဆိုင် ခရီးသည်များ လိုက်လံ စည်းရုံးကြ၏။ အပြိုင်အဆိုင် အခွင့်အရေးများ ပေးကြ၏။

သည့်အတူ ဤမိုးမိတ် မပဒံဂူတွင်လည်း ထိုဒကာများပင် . . . ဇောမိမြိုင်ဖူး ကြွေးကြော်ကာ စည်းရုံးကြ၊ ဆွဲဆောင်ကြ၏။ သို့ဖြင့် ကဆုန်လကုန်ခါနီး မိုးမိတ်သို့ ဆိုက်ရောက်လာကြ၏။ ထိုစဉ် ထိုဒကာများ ကံဆိုးချင်တော့ ငါတို့က ကဆုန်လဆုတ် ၁၃-ရက်နေ့ နေ့လယ်ကပင် စတင်ဖျားနေနှင့်ပြီ။ သည့်နောက် လဆုတ် ၁၄-ရက်နေ့ ဖျားလျက်နှင့် ဆွမ်းခံထွက်ပေးနိုင်သေးသည်။ သို့သော် အဖျားရှိန်က (နံနက်၊ နေ့ ည တိုင်းကြည့်) ကျမသွား။ သို့ကြောင့် လကွယ်နေ့ ဆွမ်းခံရပ်နားရန် ဒေါက်တာကြီးက အတင်းအကျပ် လျှောက်သဖြင့် အနားပေးလိုက်ရရာ . . . ဆရာတော်ဖူးခွင့်၊ လောင်းလှူခွင့်ရစေရမည် အာမခံဖြင့် ခေါ်လာကြသူများ အခက်ကြုံသွားပြီ . . .။

သို့နှင့် မပဒံဂူသို့ ရန်ကုန်များ အလုံးအရင်းဖြင့် တက်လာကြရာ. . . ဂူကလည်း နှစ်ဖက်စလုံး ကျောက်များဖြင့် ပိတ်ကာလိုက်ရာမှ မှောင်ကျသွားတော့ရာ ပရိသတ်ဧည့်မခံနိုင်တော့ပါ။ကျောင်းလေးကလည်း ၁၀ - ပေ၊ ၁၈ - ပေမျှသာ ကျယ်ဝန်းသဖြင့် ပရိသတ် ၂၅ - ယောက်ထက် ပိုဧည့်မခံနိုင်ပါ။

ပရိသတ်ကား ရာနှင့်ထောင်နှင့်ချီ ဝိုင်းအုံစောင့်ဆိုင်းနေကြသည်။ သို့. . . ကျပ်တည်းနေချိန် မည်သူမျှ အဖူးမခံတော့ ကြေညာလိုက်ရပြီ။ ထိုစဉ်. . . ကျပ်နှင့်ရင်းနှီးတယ်၊ အနီးကပ်ဖူးတွေ့ဖို့ကျပ်တာဝန်ယူတယ် သည်သို့ အာမခံခေါ်လာကြသော ကားပွဲစားကြီးများ ဒုက္ခကြီးမားစွာရောက်ကြပြီ။ တစ်နေကုန် သောင်းကျန်းကြတော့သည်။ ပါလာသော ပရိသတ်များကလည်း ညာသံပေးနေကြသည်။ ရှုပ်ရှင်ရုံရှေ့ ပြုံတိုးဝှေ့နေကြသူများပမာ . . . ။

ရင်းနှီးသူ ရန်ကုန်ဒကာများ၏ သည်သို့ မဖွယ်ရာသော အမူအကျင့်များကြောင့် နောက်ရက်များတွင် မိုးမိတ်၌ရှိကြသော. . .

၁။ အုပ်ချုပ်ရေးမှူးနှင့် အုပ်ချုပ်ရေးမှူးရုံးနေ အမှုထမ်းအားလုံးတို့ကလည်း ဝတ်စုံပြည့်ဖြင့်လာရောက် ထိန်းသိမ်းပေးကြရပါသည်။ သည့်အတူ -

၂။ မြို့နယ်ရဲမှူးကြီးနှင့် ရဲအားလုံးလည်း ဝတ်စုံပြည့်ဖြင့်၊

၃။ မြို့နယ်မီးသတ်ဦးစီးနှင့် အဖွဲ့ဝင်အားလုံးလည်း ဝတ်စုံပြည့်ဖြင့်၊

၄။ မြို့နယ်ကြက်ခြေနီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အားလုံးလည်း ဝတ်စုံပြည့်ဖြင့် . . .၊

မပဒံ သာသနာကား သူမနေရ ငါမနေရ ဖြစ်ခဲ့ရပြီ။ အခြားဒေသများစွာတို့မှ လာသမျှ ပရိသတ်များပါ ရွံ့သွားကုန်ကြပြီ။ မပဒံကိုယ်တော်ကြီးလည်း စိတ်မကောင်းခြင်းကြီးစွာဖြစ်ခဲ့ရပြီ။ သဒ္ဓါနောက် ပညာမထောက်သူတို့ကြောင့်ဖြစ်ရသောဒုက္ခတည်း။ သဒ္ဓါတွင် တဏှာအဝင်ခံသူတို့ကြောင့် ဖြစ်ရသောဒုက္ခတည်း။

ထိုစဉ် . . . ငါ့ကြောင့် မြို့နယ်အုပ်ချုပ်ရေးဌာနအားလုံး အလုပ်ပို (တာဝန်ပို) လုပ်နေကြရသည်ကို မြင်လာသည်။ ငါ့ကြောင့် မူရင်းထမ်းရမည့် တာဝန်များလစ်ဟင်းနေကြသည်ကို မြင်လာ၏။ ထိုနှင့်အတူ သည်နေရာ ငါမနေသင့်သောနေရာအဖြစ် အသိအမှတ်ပြုလိုက်သည်။ တစ်ဖန် အထက်အစဉ်၌ ဖော်ပြခဲ့ဖူးသော . . . မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲမှူးကြီး၊ မြို့နယ်လဝကမှူး ထိုသုံးဦးပေါင်း၍ ငါတို့နေရာ မပဒံဂူသို့ တစ်လတစ်ကြိမ်တက်စစ်ရမည်ဆိုသော အထက်အမိန့် ကြားရစဉ်ကပင် သည်နေရာ ငါမနေသင့် ဆုံးဖြတ်ပြီးရှိခဲ့ရာ ယခုသော် နှစ်ဆင့်ပြန် ဆုံးဖြတ်ချက်ဖြစ်သွားပြီ။

တစ်ဖန် ဆွမ်းလောင်းပရိသတ်က တစ်ရက်ထက်တစ်ရက် ပို၍ပို၍များလာနေ၏။ သည်အတိုင်းဆို သည်မှာနေ



www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းခံဖြင့် အချိန်ကုန်လွန်ရတော့အံ့။ သို့ကြောင့် သည်နေရာ ငါမနေ။ ဦးဆုံးသောဆုံးဖြတ်ချက်ကလည်း ရှိနေပြန်ရာ . . . ယခုသော် သုံးထပ်ဆင့် ဆုံးဖြတ်ချက် ဖြစ်သွားပြီ။

အထက်ပါသုံးချက်တို့သည် မိုးမိတ်မနေခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်။ ကျန်ပုဂ္ဂိုလ်ရေးကိစ္စများက ဇာတ်ရံမျှသာရှိချေသည်။

ငါတို့၏ (ပန်းဖျားငန်းဖျား)အဖျားက ၄-ရက်မျှမွေ့အပြီး ပျောက်ကင်းသွားရာ နယုန်လဆန်း ၄-ရက်နေ့မှစတင်၍ ဆွမ်းခံပြန်ထွက်ပေးသည်။ ထိုစဉ် ၁၀-ရက်တိတိ ဆွမ်းခံပေးမည်ဟု အတွင်းစကားပေးထားခဲ့၏။ သို့ဖြင့် လဆန်း ၁၃-ရက်စနေနေ့တွင် ၁၀-ရက်ပြည့်၏။ သို့ကြောင့်ပင် ထိုနေ့ည၏ ၁၂း၁၅ နာရီတိတိအချိန် မပဒ်ဂူမှထွက်ခဲ့ပြီ။

ဤတွင် တန်ခူးလပြည့်ကျော် ၈-ရက်မှ နယုန်လဆန်း ၁၃-ရက်နေ့အတွင်း မိုးမိတ်နှင့် အနီးဝန်းကျင်ဒေသများအား မမြင်ဘူးသည်များ မြင်ဖူးအောင် ပြသထားခဲ့ပြီးပြီ။ မကြားဘူးသည်များ ကြားဖူးအောင် ပြသထားခဲ့ပြီးပြီ။

ဤမြင်ကွင်း၊ ဤသတင်းမျိုးများကို မိုးမိတ်ခရာထား အခြားမြို့များပင် မမြင်ဘူး၊ မကြားဘူးခဲ့သေးချေ။

**ရှေ့တစ်လှမ်းတိုး၍ နောက်နှစ်လှမ်းဆုတ်ခဲ့ရပြီ**

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁၃-ရက်နေ့ည (၁၄-ရက် တနင်္ဂနွေအဝင် ဖြစ်သည့်) ၁၂း၁၅ နာရီတွင် မပဒ်ဂူမှ ထွက်ခွာခဲ့ပြီ။

မိုးမိတ် မပဒ်မှ မလည် ဥေ ယျာမ်သို့။

တစ်ညလုံး ကားဖြင့်ပြန်လာခဲ့၏။ နံနက် ၆း၀၀ နာရီလောက်မှ တွင်းငယ်အနီးရောက်၏။ နံနက် ၇း၀၀ နာရီကျော်မှ မလည်မြစ်ဆိပ် စမ္မာနဂိုရ်သို့ ရောက်၏။ ထိုမှ နံနက် ၇း၂၀ နာရီတွင် စက်တပ်ရေယာဉ်ဖြင့် ရွာသာယာသို့ ဖြတ်ကူးခဲ့ကြရာ နံနက် ၈း၀၅ နာရီတွင်မှ ရွာသာယာသို့ ရောက်၏။

ထိုမှနေ ဦးလှထွန်းဝင်းကားဖြင့် မလည်တိုက်နယ်အတွင်းရှိ ဥေ ယျာမ်တောရသို့ သွားကြရာ နေ့ ၁၀း၁၅ နာရီတွင် ချောမောစွာရောက်ကြသည်။

မိုးမိတ်သို့ တိုး၍ ဇာတိမြေသို့ ပြန်ဆုတ်ခဲ့ရခြင်းများပင်။

ထိုဖြစ်အင်ကို စေ့စေ့တွေး၍ ရှုက်မိ၏။

ထိုစဉ် . . . တစ်ရှက်က မဟာမြိုင်အမြဲနေမည် ကြွေးကြော်ပြီးကာမှ ဆုတ်ပေးခဲ့ရခြင်း။တစ်ရှက်က နောက်ကြောင်းအပြီးဖြတ် ဇာတ်မြှုပ်ရန် ကြံရွယ်ခဲ့ရာမှ ဆုတ်ရခြင်း။

ဤသို့ တိုင်းပြည်များတွင် အစိုးရအား တော်လှန်ပုန်ကန်ပြီး အာဏာသိမ်းရန် ကြိုးစားစဉ် အရေးနိမ့်သွားရာ ယင်းကို 'မအောင်မြင်သော တော်လှန်ရေး' ဟူ၍သို့ ကင်ပွန်းတပ်လေ့ရှိကြ၏။ ယခုလည်း ငါတို့၏ တစ်နေရာရာ လူမမြင်သူမသိဖြင့် ဇာတ်မြှုပ်ပစ်ရန် ကြံစည်မှုက မအောင်မြင်ခဲ့ချေ။

မဘိန်းနယ်တွင်းရှိ ဂူကြီးများသည် တောကြမ်းတော ဖုံးထား၏။ လူအများမသွားရဲ၊ မလာရဲသောနေရာ ဖြစ်၏။ ဤသတင်း အတည်ယူကာ ထိုဂူကြီးများ၏အတွင်း ငါသွားရောက်နေရသော် . . . ငါ့အား မည်သူမျှ မသိတန်၊ မမြင်တန်ရာ . . . သို့ဖြင့် ငါ့တရား ငါဖြောင့်စွာကျင့်နိုင်ရာ၏။ အများသို့ ဓမ္မဓာတ်၊ မေတ္တာဓာတ်များ လွှတ်လပ်ပေါ့ပါးစွာ ဖြန့်ဝေပို့လွှတ်နိုင်ရာ၏။

တစ်ဖန် အစားလေး တစ်လုတ်တစ်ဆုပ်ဖြင့် လူတွေ့ခံနေရသောငါ . . . ထိုဂူကြီးများတွင် နီးရာအသီးအရွက်များဖြင့် မျှတစေရပါမူ . . . ငါသည်လည်း လွတ်လပ်စွာ နေရရာ၏။ အများလည်း ငါ့ကြောင့် ဝန်ထုပ်ဝန်ပိုးမတက်စေတော့။ သို့စဉ်းစားကာ မဘိန်းရှိ ဂူကြီးများအထိ တက်မည်ပြုရာမှ ယခုသော် . . . မိုးမိတ်မက မလည်အထိပါ နောက်ဆုတ်ခဲ့ရရာ ထိုသည့်ငါသည်လည်း . . . 'မအောင်မြင်သော တောထုတ်ပွဲ' ဆိုရပါမည်။ ရှေ့တစ်လှမ်းတက်မိခဲ့၍ နောက်နှစ်လှမ်း ဆုတ်ခဲ့ရသူ ဆိုရပါမည်။

သို့ ရှေ့တိုးနောက်ဆုတ် ဤနှစ်ခန်းခပ်ကြမ်းကြမ်းလုပ်ခဲ့ရရာတွင် မဟာမြိုင်မှ မိုးမိတ်သို့ တိုးစဉ်တုန်းက ညလယ်ခေါင်တိုးခဲ့ရပြီး မဘိန်းမှ မိုးမိတ်ဆုတ်ခဲ့ရာတွင်ကား နေ့ခင်းကြောင်တောင်၌ပင်။

တစ်ဖန် မိုးမိတ်မြို့ပတ်လည်၌ပင် ရောက်စ၏ညကာလတွင် မိုးမိတ်အရှေ့မျက်နှာဆီသို့ တိုးသွားမိခဲ့ပြီး နံနက်အနောက်ပြန်ဆုတ်ရသောအခါ နေ့ခင်းကြောင်တောင်၌ပင်။

ဤ၌လည်း အတိုးထက် အဆုတ်က ရှုက်စရာ။ ထို့ထက် ရှုက်စရာကောင်းလိုက်ပုံက ရောက်စည မိုးမိတ်အရှေ့ပေါက်ဝ(ကျောက်မဲသွားကားလမ်း)မှပင်

လိုက်ပို့သူ ဒေါက်တာလှထွန်းဝင်းနှင့် အဖော်ဖြစ်သူ ဦးဝင်းဆွေတို့နှစ်ဦးအား ပြန်ကြတော့ နှင်လွှတ်၍ အပြီးလမ်းခွဲပြီးခါမှ နောက်နေ့နံနက် မိုးမိတ်မှ မဘိန်းမြို့ဘက် ခရီးဆက်ရန် မိုးမိတ်ကိုဖြတ်ကျော်ရာတွင် . . . ၎င်းတို့တည်းခိုသော မြနှင်းဝေတည်းခိုခန်းရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားတော့သည်။

ထိုစဉ် . . . ငါတို့ကလည်း မဘိန်းလမ်းညွှန်အတိုင်း တည်းခိုခန်းရှေ့ရှိ သူတို့ကားဘေးမှ ဖြတ်အသွား သူတို့ကလည်း ဆွမ်းခံဝင်သည်အထင်ဖြင့် ဆွမ်းလိုက်အလောင်း သည်သို့ နေ့ခင်းကြောင်တောင် မြို့လယ်ကောင် ပက်ပင်းတိုးရာ ရှုက်စရာ . . .။

နောက်တစ်ဖန် ၁၃၆၁ ခုနှစ်ကပင် ဇာတိမြေ ကန့်ဘလူကျောခိုင်းကာ . . . ဇာတိမြေ ကျေးဇူးဆပ်ခန်းကား သည်မျှပင် တော်ပြီ။ ဇာတိမြေထောက်ပံ့ခန်းကား သည်လောက်ဆို တာဝန်ကျေပြီ။ သို့ ဆုံးဖြတ်၍ ပုံတောင်ပုံညာမှသည် မဟာမြိုင်သို့ ခရီးဆက်ခဲ့ပြီး ယခုသော် မဟာမြိုင် ပိုင်ရှင်ပေါ်လာသောကြောင့် ဧည့်သည်ကြီး ငါတို့က မိုးမိတ်သို့ ရွှေ့ပြောင်းပေးလိုက်ရ၏။ မဘိန်း၌ ဘဝမြှုပ်နှံလိုက်မဟဲ့ ကြိုးစားလိုက်၏။ သို့ကြိုးစားရင်းက ပြန်လည် ဆုတ်ခွာပေးလိုက်ရသောအခါ . . .

ကိုယ့်ဇာတိမြေ ကန့်ဘလူနယ်တွင်းရှိ မလည်တိုက်နယ်အတွင်း (နတ်တလူနှင့် သိပ်မဝေးတော့သောနေရာအတွင်း) ချင်းနင်း ဝင်ရောက်ရရာကား . . . ရှုက်တကာ့ အရှက် . . . ငါ့အတွက် တစ်သက်မမေ့စရာ။

နဖူးစာ ရွာလည်ပဲ ဆိုရမလား။ ကြိုးတန်းလန်းနှင့်ရုန်း ကြိုးတစ်ဆုံးပဲ ပြောရမလား . . .။

တောထွက်အစ လွန်ခဲ့သော (၃၂) နှစ် အစကနေပြန်ပြောသော် . . . ဇာတိ နယ် ပစ်ခွာ၍ ရန်ကုန်၊ သာစည်၊ ဇင်းကျိုက်၊ စစ်ကိုင်း၊ သုဝဏ္ဏသျှံ စသည့် ဝေးလံသီခေါင် နေရာများအထိ ခရီးလွန်ပြီးခါမှ ယခု မိမိ၏ဇာတိမြေသို့ မျက်နှာညှိုးညှိုးဖြင့် ပြန်တိုးရသည်ကား ပို၍ ပို၍ပင် ရှုက်စရာ . . .။

သို့သော် ရှုက်မနေအားပါ။ လုပ်စရာ (ကျင့်စရာ) များကား သေခါနီးလေ အကြွေးများလေ ဖြစ်၍နေရာ ရောက်သည်နှင့် အလုပ်ဝင်ရပါတော့၏။

သည်နေရာ တရားအားထုတ်သောနေရာ အဖူးတွေ့ လုံးဝမေ့။



www.burmeseclassic.com

www.burmeseclassic.com

သို့ ကြေညာ၍ အလုပ်ဝင်နေရ၏။ အားလုံးက ငါတို့မှန်း (မဟာဗောဓိမြိုင်ကြီးမှန်း) အသိရှိနေကြ၍ တလှုပ်လှုပ်။

**ခင်တန်းတော မောမောနှင့်အနားယူ**

မလည်တိုက်နယ်အတွင်းရှိ ဤဥဒေ ယျာဓမ်တောရတည်ရှိရာ တောလေးကား ကြီးကြီးမားမား သစ်ပင်များမရှိကြ။ ခင်တန်းလေးမျှသာ။

ထို တောစဉ်ခင်တန်းလေး၏ အလယ်တွင် ဝါများဖြင့် ခြံကာထား၏။ အဝင်ဝဝယ် ဝင်းတံခါးကြီးတပ်ဆင်ထားပြီး. . . 'ဥဒေ ယျာဓမ်တောရ' ဆိုင်းဘုတ်တင်ထား၏။ ထိုမှနေ ဝင်လိုက်မိသည်နှင့် အလယ်တွင် နားခိုမဏ္ဍပ်ကြီးရှိပြီး ဝဲဘက်တွင် မီးဖိုခန်းနှင့်တွဲလျက် ကပ္ပိယဆောင်ရှိ၏။ ယာဘက်တွင် ဧည့်သည်များအတွက် တည်းခိုခန်းရှိ၏။ ထိုမှနေ ရှေ့ဆက်သွားမိသော် သဘာဝစိမ့်ထွက်စမ်းချောင်းလေးက ပတ်ဝန်းကျင်ခြောက်သွေ့နေရာအကြားမှ ထူးဆန်းစွာထွက်ရှိနေချေရာ. . . ယင်းကိုလျှင် တွင်းတူး၍ ကျောက်များစီကာ ရေတွင်းလုပ်ထား၏။

ထို ကျောက်ရေတွင်းမှ ရေကို အဝင်ဝတံခါးကြီး၏အနီးရှိ ကုန်းမြင့်ပေါ်တွင် ရေစင်ဆောက်ကာ စက်ဖြင့်တင်ပေးလိုက်ရာ . . . တစ်ဖက်ကုန်းမြင့်ရှိ ငါတို့နေထိုင်ရာ ဥဒေ ယျာဓမ်ကျောင်းအထိ ပို့နိုင်၏။ အနီးရှိ ဧည့်ဆောင်၊ ကပ္ပိယဆောင်များလည်း အဆင်သင့်သုံးနိုင်၏။

တစ်ဖန် ထိုကျောက်ရေတွင်း၏ အနီးတွင် ရေကန်တစ်ခုတည်ထားပြီး ထိုရေကန်ထဲသို့ ရေတွင်းထဲမှရေကို ခြေနင်းတုံကင်ဖြင့် စုပ်ထည့်လိုက်သောအခါ အဆင်သင့် ခပ်ယူနိုင်၏။ အဆင်သင့် ချိုးနိုင်၏။

ထိုမှနေ လမ်းအတိုင်း ရှေ့သို့ဆက်လက်တက်လိုက်သောအခါ သီးသန့်ခြံဝင်းကာထားသော ဥဒေ ယျာဓမ်ကျောင်းသို့ရောက်တော့သည်။ ကျောင်းက စကြံလျှောက်နိုင်အောင် ဆောက်လုပ်ထား၏။ ဦးခန်းတွင် ကြီးမားခံ့ထည်သော ဘုရားကျောင်းဆောင်ရှိ၏။ ပစ္စည်းထားသိုခန်းနှင့် ဗီရိုများလည်း ရှိ၏။ ဗီရိုထဲတွင်လည်း အသုံးအဆောင်ပစ္စည်းများက အဆင်သင့်ရှိနေ၏။ ခြုံကြည့် . . . အားလုံး စုံစုံစိစိ။

ဤအခင်းအကျင်း အသွင်အပြင်များကို . . .

တောတွင်းရှိ ခင်တန်းလမ်းလေး အတိုင်း ကားဝင်လာချိန် ကားပေါ်မှပင် လှမ်းကြည့်ကာ ပထမ ကုန်းထိပ်တန်းလျားကျောင်းလေးကို လှမ်းမြင်လိုက်ရ၏။တံခါးအနီးရောက်သောအခါ ကပ္ပိယဆောင်၊ ဧည့်ဆောင်များ ဘွားခနဲ တွေ့ရ၏။

ဝင်းတံခါးကြီးပွင့်သွားချိန်. . .

ကားဖြင့်ပင် တောင်ကုန်းလေးထိပ်ရှိ စကြံကျောင်း (တန်းလျားကျောင်း) လေးအထိ တက်သွားရာမှ ကျောင်းထဲသို့ ဆိုက်မြိုက်စွာ ရောက်သွား၏။ ထိုစဉ်ဥဒေ ယျာဓမ်ကျောင်းလေး၏ အတွင်းနေအပြင်အဆင်များ ကြည့်ခွင့်ရ၏။ မြို့သည်နှင့် နောက်၌ ကျန်ရစ်ခဲ့သော ကပ္ပိယဆောင်၊ ဧည့်ဆောင်များနှင့်၊ ရေတွင်း၊ ရေကန်၊ ရေစင်ကြီးများကို ဆင်း၍ လေ့လာရ၏။

သည်သို့ လေ့လာပြီးစီးပြီးနောက် တောရနှင့် ထိုက်တန်သော အဆောက်အအုံများကြောင့် တစ်ကြောင်း၊ မပင်မပန်းနေနိုင်ကြရန် စီမံထားသည်က တစ်ကြောင်းတို့ကြောင့် ငါတို့ များစွာမုဒိတာပွားရ၏။

ယင်းကို ငါတို့နှင့် အတူပါလာသည့် ဆရာဝန်ကြီး ဦးအိုကေက ဒေါက်တာလှထွန်းဝင်း စီမံထားပုံက ရာနှုန်းပြည့်ကောင်းပါသည်ဘုရား လျှောက်၏။ တစ်ဖန် နောက်တစ်နေ့ (နယုန်လပြည့်နေ့) ရောက်သောအခါတွင်ကား . . . ထိုဆရာဝန်ကြီးသည် ကျောင်းများနှင့် ရေတွင်း၊ ရေကန်၊ မီးစက်၊ ရေစက်စသည်များကိုကြည့် ပီတိအလွန်ဖြစ်သွားမိ ထင်၏။ ဒေါက်တာလှထွန်းဝင်း၏ အစီအမံကတော့ တစ်ရာရာခိုင်နှုန်းပြည့်တင်မကဘူး၊ နှစ်ရာရာခိုင်နှုန်းအထိ အပြည့်ရှိပါသည်ဘုရား လျှောက်ထားပြန်၏။

သို့ဖြင့် ကျောင်းဒကာကြီး ဒေါက်တာလှထွန်းဝင်း၊ ကျောင်းအမကြီး ဒေါ်ရီရီဝင်းနှင့် မိတ်ဆွေများ စုစည်းဆောက်လှူထားသော ဥဒေ ယျာဓမ်တောရကဖြင့် နှစ်ထပ်ရာခိုင်နှုန်းပြည့်ကောင်းဆိုသော သတင်း လေစုန်၊ လေဆန် လေဝဲပျံ့ရာအထိ သင်းသွားခဲ့ချေပြီ။

မလည်တိုက်နယ်အတွင်းတည် ဥဒေ ယျာဓမ်တောရ ဟူသည့် သည်နေရာ ငါတို့ ဦးခေါင်း မြေမကျမီ အမြဲနေခွင့်ရတန်ကောင်း၏။ ထင်ရပါ၏။

ပြောင်းခဲ့ရသော တောများကလည်း အသက်နှင့်ထပ်တူနီးပါးကျခဲ့ပြီ။ ရှေ့တိုး၍ နောက်ဆုတ်ခဲ့ရပေါင်းကလည်း များခဲ့ပြီ။

ဤ၌ ဒေသ ရှေ့တိုးနောက်ဆုတ်ခဲ့ရသည်များကိုသာ ဖော်ပြခဲ့ပါ၏။ ဓမ္မရှေ့တိုး နောက်ဆုတ်ကား ရဟန်းစစ်တမ်း၌ ဖော်ပြခဲ့ပြီးပြီ။

**ကေစာရီနှင့် သဏ္ဍာသုက**

တောဝင်၍ တစ်ပါးတည်းနေကာ ကျင့်ကြံခြင်းသည် ငြိမ်သက်မှုကို အလိုရှိသောကြောင့် ဖြစ်၏။ ကြောင့်ကြအားလုံး ဆိတ်သုဉ်းလို၍ ဖြစ်၏။ တစ်ဖန် တောဝင်၍ တစ်ပါးတည်းနေခြင်းသည် ဓမ္မ၊ ဥတု နှစ်ဌာနစလုံးကို ကျင့်သုံးခွင့် ရလို၍ ဖြစ်၏။

ထိုစဉ် ဓမ္မကား ကိုယ်တွင်ပါဖြစ်နေ၍ ဘယ်မှာနေနေ ရ၏။

ဥတု ကား တစ်ပါးရော အများပါ ရောနှော၍ တောနေမှသာ ပြည့်ဝ၏။ ဆွမ်းနှင့် ပတ်သက်လျှင် အများနှင့် ပတ်သက်ရ၏။ ပတ်သက်လာသော် ဥတုတင်၌ အမြင့်ဆုံးအထိ ဆောင်ခွင့်မရတော့ပါ။

ဧကသနိတ်ဥတုတင်က တစ်ထိုင်တည်း၊ တစ်ထပ်တည်း။

လူတို့အကြားသွားနေက ဟိုကပင့်၊ သည်ကပင့် အပင့်များလှ၏။

တစ်ဖန် . . . ပိဏ္ဍပါတ်ဥတုတင်က ကိုယ်တိုင်ဆွမ်းခံထွက်၊ လူတို့အကြားသွားနေက ဒုမင်္ဂလာ၊ သုမင်္ဂလာ ဆွမ်းပင့်လှူပွဲကား များလှချည့်။ သို့ကြောင့်-

ဓုတင်အကျင့်
မြင့်မြင့်ဆောင်လို
တောမှီခို
ဖြစ်ရပြီ။

ငါတို့ကား . . . ခွကြားမွေးသားဖြစ်နေသဖြင့် ခွသမား ဖြစ်နေသလားမသိ။ထိုစဉ် ငါတို့မွေးနေ့က ဝါဆိုလပြည့်ဖြစ်သော်မှလည်း ထိုည၏ သန်းခေါင်ကျော်ပြီးနောက် ၁-ချက်တီးမှ မွေးဖွားလာသဖြင့် နေ့ကလည်း တနင်္လာနှင့် အင်္ဂါတို့၏ ခွကြားထဲမှာ။ ရက်ကလည်း လပြည့်နှင့်ကျော်တစ်ရက်တို့၏ခွကြားထဲမှာ။ သို့ကြောင့် ထိုသည့်ငါ တောဟဲ့ဆိုဝင် မြို့အသွင်ချည်း စည်ကားလာ၏။

ပထမ လူစည်ကား၏။ သူ့နောက်အဆောက်အအုံများ လိုက်ပါစည်ကားပေးကြရ၏။ပထမ စကား (တရား) စည်ကား၏။ သူ့နောက် ပစ္စည်းလာဘ်သပ္ပကာများ လိုက်လာကြ၏။ ထိုမှနေ လူရှုပ်၊ လာဘ်ရှုပ်ကြောင့် ဓမ္မဥတုများ နောက်

www.burmeseclassic.com

www.burmeseclassic.com

ဆုတ်သွားသောအခါ . . . ထိုသည့်ငါ တစ်ရွာမပြောင်း သူကောင်းမဖြစ် စနစ်ဖြင့် ပြောင်းခဲ့ရချေပြီ။

အချို့နေရာ ငါ့ကြောင့် ဌာနေသံဃာများ စိတ်မငြိုငြင်စေရန် ပြောင်းပေးခဲ့၏။ သို့ဖြင့် မြန်မာပြည်တွင်း၌ ငါပြောင်းပေးခဲ့ရသော ဌာနပေါင်းကားတောလည်းစုံ၊ တောင်လည်း ကုန် သလောက်နီးပါး ဖြစ်ခဲ့ရပြီ။

ကြောင့်ကြမဖက် ငြိမ်သက်လို၍ တောခို၏။ သို့သော် တောကိုဝင်မှ အထူးထင်ကာ ဝိုင်းအုံပြုတိုး စိတ်ပါလှုပ်နှိုးကြ၏။ တစ်ဖန် မြို့နီး၊ ရွာနီးကပ် ပရိသတ်နှင့်နေလိုက်မဟဲ့ ကြံစည်ကာ မြို့နီးနီးကပ်၍လည်း တရားစခန်းများ ဖွင့်လှစ်ပေး သင်ပြပေး၏။ ရွာနီးနီးကပ်၍လည်း တရားစခန်းများဖွင့်လှစ်ပေး၊ ပြသပေး၏။ ဖွင့်ခဲ့သမျှ တရားစခန်းများတွင် လူများ၏။ အစားပေါ၏။ တရားကား ပေါမလာခဲ့။ တစ်ဖန် အပြင်လူများ၏။ လာဘ်လည်းပေါ၏။ လက်တွဲဆောင်ရွက်ရန် အတူနေကား ရှင်လည်းမပြုလူလည်းမထောက်၊ ငါ့တစ်ယောက်ထီးတည်းသာ။

ဧကစာရီသည် တစ်ပါးတည်းနေ၊ တစ်ပါးတည်းစား၊ တစ်ပါးတည်း ကျိန်းစက်၏။ တစ်ဖန် . . .

ဧကစာရီသည် တစ်ပါးတည်း ကျင့်၊ တစ်ပါးတည်းပွင့်၍ အများသို့ တစ်ပါးတည်းပင် အငြိမ်းဓာတ်ထုတ်လွှင့်ပေး၏။

သည်သို့ မည်သူနှင့်မျှမရော၊ မည်သူနှင့်မျှ စကားတသောသောမပြောသောအခါ မည်သူမျှ နေချင်စရာမဖြစ်တော့ပါ။ မည်သူမျှလည်း လာမနေတော့ပါ။ သို့ကြောင့် ရွာနေ ဧကစာ ထိုသည့်ငါ ဖျာထိုင်များ၍ ဖျာခင်းရှားပါးနှင့်ကြုံသည့်ပမာ . . . အပြင်လူများ၍ အတွင်းလူ ရှားပါးနေတော့ရာ မြို့နေရာနှင့် တောကျင့်အကြား ခွသမားဖြစ်လာရချေပြီ။ ဒေသနှင့် အကျင့်တို့အကြား ငါကား ခွထိုင်သမား။

အပြောအဟောသည် လူ၊ သူ စည်းရုံးရာ၏ ကိရိယာ။

အရောအနှောသည် လူငြီးငွေ့ရာ၏ တန်ဆာပလာ။

သို့ကြောင့် . . .
ဧကစာရီဝင် ငါအရှင်၌
ခိုဝင်လာသည့် ပရိသတ်များ၊
ရှားမှရှား။

အပူများ၍ သွေးသားဆူနေသူများကို ဆာခြင်း၊ လောင်ခြင်းများက မင်းမူနေကြရာ ရေအစား လောင်စာကိုသာ တပ်မက်ကြပါသည်။ ယင်းကား . . . နားမှုနေ စကားပြောပေးနေခြင်းကို အမြဲစောင့်ကြိုနေခြင်းပင်။ မျက်လုံးမှုနေ ရုပ်ပြပေးပို့ခြင်းကို အမြဲ ငံ့လင့်နေခြင်းပင်။ ထိုသူများသို့ ဓမ္မဖြင့် မနသို့ ပို့လွှတ်သောအခါတွင်ကား . . . သတိရှိသူများ၌ မနောလှုပ်ခတ်သွားရုံမှတစ်ပါး ဘာမှ မထူးခြား။ သတိမဲ့သူများ၌ကား မနောသို့ပင်မကျရောက်၊ ပို့သမျှ ပြီးပြီးပျောက်ပျောက်။

ညှို့ဓာတ်ပါသောအာရုံ၏အတိုက်အဆွဲ အမြဲခံနေကြရသော ထိုသူများ . . .၊ ဥတုပူ၊ အစာပူများကမြှူ၍ အမြဲတမ်း သွေးဆူနေသော ထိုသူများ. . .၊ ခန္ဓာတွင်းဓာတ် အပူဟပ်ရာမှ ရုပ်ဓာတ်နာမ်ဓာတ်များ အပူကပ်နေသော ထိုသူများ. . . တစ်နေ့တခြား များပြားလာကြရာ ထိုသူများ၏သဏ္ဌာန်သည် မီးလင်းဖိုကြီးပမာ . . . အမြဲလျှင် လောင်စာငံ့လင့်နေကြရရာ . . . တရားအတိုးမခံ၊ စကားသာ အတိုးခံကြမည်။ တစ်ဖန် ဓမ္မအာရုံ အပိုးမခံ၊ ကာမအာရုံသာ အပိုးခံကြမည်။

သို့ကြောင့် ဧကစာရီသမား လူကြားသွား ခွသမားဧကန်ဖြစ်တော့မည်။

ဧကစာရီနေရာ လူအများလာဧကန် ခွစာ ဖြစ်ရော့မည်။

အများတို့၏အကြား ခွသမားဖြစ်နေသော ထိုသည့်ငါ . . . တောတကာစုံ၊ ချုံတကာအောင်း၊ တောင်တကာပြောင်းချည်းလာခဲ့ရာ . . . ယခု ဤမလည်အနီးရှိ ဥေ ယျာမ်တောရ အရောက် တွင်ကား မလည်၏ ပညတ်စကားအတိုင်း မလည်ရအောင် ရည်ရွယ်ကာ တောကို မြို့အလုပ်မခံတော့ပါ။ (တောကို ရွာအလုပ်မခံတော့ပါ။)

ယင်းမှာ ပရိသတ် လုံးဝ အဖူးတွေ့မခံတော့ခြင်းပါ။

ပရိသတ်နှင့် အပြောအဟော အရောအနှော မလုပ်တော့ပါ။

ချောက်ချပုဏ္ဏားအား ကယ်တင်သော အလောင်းတော်မျောက်မင်းသည် ပုဏ္ဏားအား အကပ်မခံတော့ဘဲ တောတွင်းသစ်ပင်များပေါ်မှနေ တစ်ပင်မှ တစ်ပင်သို့ ကူးခပ်၍ လည်းကောင်း၊ တစ်ကိုင်းမှတစ်ကိုင်းသို့ ကူးခပ်၍သော်လည်းကောင်း . . . ထိုပုဏ္ဏား ကျောက်ခဲဖြင့် ထုနှက်ထားသည့် (ဒဏ်ရာရဦးခေါင်းမှ ထွက်ကျသည့်) သွေးစက်များဖြင့်သာ လမ်းပြတော့၏ပမာ. . .

သူတို့ ရိက္ခာစား၍ သူတို့အတွက် ရေးသားပေးထားသော ကျမ်းစာအသီးသီးများဖြင့် သွေးအစက်ချ လမ်းညွှန်ပေးထားရာ. . . ထိုကျမ်းစာပါအတိုင်း-

ကြည့်လည်းကြည့်ပါ။ စဉ်းစားပါ။ ကြည့်ပြီးလည်းကျင့်ပါ။ ဆွေးနွေးပါ။

ကျင့်သလောက်လည်း ပွင့်လာပါစေ. . . ။

ဤဆိုခဲ့ပြီး လေ့ကားသုံးထစ်တို့ဖြင့် ကိုယ့်ကို ကိုယ်မြှင့် အဆင့်တက်ကြဖို့သာ။

ဤဥေ ယျာမ် ဆိတ်ငြိမ်တောရကား. . .

တို့များအတွက် ခွကြားမှဆင်းမြေသလင်း နင်းလိုကနင်း။ တစ်ဖန် ခွကြားမှထ အထက်ကိုင်းဖျား ကိုင်းနားဘက် တက်လိုကတက်။ ခရီးဆက်ရန် နေရာအဖြစ် သတ်မှတ်လိုက်ပြီ။

ကျမ်းပြီးနိဂုံး

**ပုဗ္ဗမေ အာရုယှန္တောတိ၊**
**နိဝတ္တတိ ပန္ထကံဝ၊**
**ကတပုည အနောကာသော၊**
**စာဂ ဘာဂေါ် အသုဒ္ဓတ္တာ။ ။**

**မေမယာ** - ငါသည်. . .၊ **ပုဗ္ဗ** - ရှေ့သို့၊ **အာရုယှန္တော** - တက်မိတိုင်း၊ **ပန္ထကံဝ** - နောက်သို့ အောက်သို့သာ၊ **နိဝတ္တတိ** - ပြန်လှည့်ခဲ့ရသည်ချည်းတည်း။

**ဣတိ** - ဤသို့၊ **မေ** - ငါ့အား၊ **ကတပုည အနောကာသော**- ပြုခဲ့ပြီးသည့် အတိတ်ထောက်ကံက တက်ခွင့်မပေးခြင်းသည်၊ **မေ** - ငါ၏၊ **စာဂဘာဂေါ** - အတိတ်ကာလ ဒါနစွန့်လွှတ်စဉ်တုန်းက၊ **အသုဒ္ဓတ္တာ** - စေတနာကလည်းမတက်၊ ဝတ္ထုဘက်ကလည်းမစင်၊ ပုဂ္ဂိုလ်၌လည်း ခင်တွယ်၊မစင်ကြယ်ခဲ့လေသောကြောင့်၊ **ဣတိတသ္မာ** - ထို့ကြောင့်၊ **ပုဗ္ဗံ မေ အာရုယှန္တော** - ငါရှေ့တက်လိုက်တိုင်း၊ **ပန္ထကံ ဝနိဝတ္တတော** - နောက်သို့ချည်း ပြန်ဆုတ်ခဲ့ရချေပြီတကား။

*၁၃၇၄ ခုနှစ်၊*
*ဒုတိယဝါဆိုလဆန်း ၁၁ ရက်*
*(တနင်္ဂနွေနေ့)*
*ဥေ ယျာမ်တောရ၊ မလည်*

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

www.burmeseclassic.com



# မြဝင်း(အသံယန)

## ဝေပုလ္လာရာမဆရာတော်ဘုရားကြီးညွှန်ပြသော ဂုဏ်တော်-သရဏဂုံအကျင့်

ဝါတွင်းတစ်မနက်ခင်းတွင် ဓမ္မမိတ်ဆွေတစ်ဦး ရောက်လာပါသည်။ သူ့လက်ထဲတွင် ပြည်မြို့ ဝေပုလ္လာရာမ ဆရာတော်ဘုရားကြီး ရေးသားသော 'မဟာသရဏဂုံအဖွင့်နှင့်ပုတီးစိပ်နည်းအမျိုးမျိုး' စာအုပ် ပါလာပါသည်။

ကျွန်တော်က ဦးစွာ စကားစလိုက်ပါသည်။

"လက်ထဲမှာ သရဏဂုံအဖွင့်နဲ့ ပုတီးစိပ်နည်းအမျိုးမျိုးစာအုပ်နဲ့ဆိုတော့ သရဏဂုံအကျင့်တွေ ကျင့်နေပြီထင်တယ်"

"စွမ်းနိုင်သလောက်တော့ကျင့်နေပါပြီ။ ဝေပုလ္လာရာမဆရာတော်ဘုရားကြီးရဲ့ 'သရဏဂုံအဖွင့်နှင့်ပုတီးစိပ်နည်းအမျိုးမျိုး'စာအုပ်မှာပါတဲ့ ကျင့်စဉ်တွေအတိုင်း ကျင့်နေပါတယ်"

"ကောင်းတာပေါ့ဗျာ။ အဲဒီစာအုပ်ထဲမှာ ဆရာတော်ဘုရားကြီးက သရဏဂုံပုတီးစိပ်နည်းအမျိုးမျိုးကိုပြထားပါတယ်။ နှစ်သက်ရာတစ်ခုခုကိုရွေးပြီး သန့်သန့်နဲ့ မှန်မှန်လုပ်ဖို့ပါပဲ"

"ကျွန်တော်က အဲဒီစာအုပ်ထဲမှာပါတဲ့ အဂ္ဂအတုလဂုဏသရဏဂုံတော်ကြီးကို ပုတီးစိပ်နေပါတယ်။ ဂုဏ်တော်နဲ့ သရဏဂုံတွဲထားတဲ့ ပုတီးစိပ်နည်းပါ။ အဲဒီပုတီးစိပ်နည်းနဲ့ ပတ်သက်လို့ မေးစရာရှိလို့ ဆရာ့ဆီလာခဲ့တာပါ။ ဆရာမှတ်မိမှာပါ။ တစ်ခါတုန်းက ဆရာနဲ့ ကျွန်တော် ဝေပုလ္လာရာမကျောင်းတိုက်ကို ရောက်သွားတယ်။ ကျွန်တော်တို့ရောက်သွားတော့ ဆရာတော်ကြီးက သူ့တပည့်၊ ဒကာတွေကို စာရွက်တွေဝေနေတယ်။ ကျွန်တော်တို့ကိုလည်း ဝေပါတယ်။ အဲဒီစာရွက်ထဲမှာပါတဲ့အတိုင်းကျင့်ကြ။ ဘေးဆိုး၊ ဒဏ်ဆိုး၊ အန္တရာယ်ဆိုးတွေကင်းပြီး လိုအင်ဆန္ဒတွေပြည့်လိမ့်မယ်လို့လည်း မိန့်ပါသေးတယ်"

"ဆက်ပြောပါဗျာ၊ ကျွန်တော်မှတ်မိပါတယ်"

"စာရွက်ထဲမှာပါတာက ဂုဏ်တော်သရဏဂုံအကျင့်တဲ့။ ကျွန်တော်စောစောကပြောခဲ့သလို ဂုဏ်တော်နဲ့ သရဏဂုံတွဲထားတာဗျ။ အဲဒါ အခု ကျွန်တော်ယူလာတဲ့ 'သရဏဂုံအဖွင့်နှင့် ပုတီးစိပ်နည်းအမျိုးမျိုး' စာအုပ်ထဲမှာလည်းပါတယ်။ စာအုပ်ထဲမှာကျတော့ အဂ္ဂအတုလဂုဏသရဏဂုံတော်ကြီးလို့ ဖြစ်နေတယ်။ အဲဒါဆရာ့မေးမလို့လာခဲ့တာပါ။ နောက်ပြီးတော့ ကျွန်တော်တို့ ဝေပုလ္လာရာမကျောင်းတိုက်ကိုရောက်ခဲ့စဉ်က ဆရာတော်ကြီးဝေလိုက်တဲ့စာရွက်ရှိသေးရင် ခဏငှားဖို့လာခဲ့တာပါ"

"ရှိပါတယ်ဗျ။ ကျွန်တော်က ဆရာတော်ရေးတဲ့စာတွေကို မပျောက်မပျက်အောင် ထိန်းသိမ်းထားပါတယ်။ ဆရာတော်ကလည်း သူရေးသမျှစာတွေကို ကျွန်တော့်ဆီပို့ပါတယ်။ ကျွန်တော်ကွန်ပျူတာရိုက်ပြီး သင့်ရာမဂ္ဂဇင်းတိုက်ကို ပို့ပေးရပါတယ်။ ကျွန်တော့်ဆီမှာ ပုံမနှိပ်ရသေးတဲ့ ဆရာတော်ရဲ့ လက်ရေးမူတွေတောင်ရှိနေပါသေးတယ်"

"ဂုဏ်တော်သရဏဂုံလည်း စာရွက်ထဲမှာ အညွှန်းပါတယ်လို့ မှတ်မိနေတယ်။ အဲဒီအညွှန်းထဲမှာ ကျင့်စဉ်နဲ့ အကျိုးတရားတွေကို ပြည့်ပြည့်စုံစုံရေးထားပါတယ်"

"ရပါတယ်ဗျာ၊ ကျွန်တော်ရှာလိုက်ပါဦးမယ်"

(ကျွန်တော်သည် စာအုပ်ဗီရိုသို့သွား၍ ဝေပုလ္လာရာမစာစုများဖိုင်တွဲထုတ်ယူပါသည်။ ထို့နောက် ဂုဏ်တော်သရဏဂုံအကျင့်စာရွက်ကိုရှာပါသည်။ အလွယ်တကူပင် တွေ့ပါသည်။ ကျွန်တော်သည် ထိုစာရွက်ကို ဖိုင်တွဲမှ ထုတ်ယူ၍ မိတ်ဆွေကိုပေးလိုက်ပါသည်။)

မိတ်ဆွေသည် စာရွက်ရသောအခါ စာရွက်ကို အသေအချာကြည့်၍ ဤသို့ စကားဆက်ပါသည်။

"ဒီစာရွက်က ၂၀၀၂ ခုနှစ်၊ ဇူလိုင်လက ဖြန့်ဝေခဲ့တဲ့စာရွက်။ စာအုပ်က ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလထုတ်ဝေခဲ့တာ။ ဆရာတော်က စာအုပ်ရေးတော့ ဂုဏ်တော်သရဏဂုံအကျင့် ဆိုတာကို အမည်တိတိကျကျပေးလိုက်ပုံပေါ်ပါတယ်"

"ဆရာတော်က စာရေးတဲ့အခါ သူထိုင်နေကျကုလားထိုင်ကြီးပေါ်မှာထိုင်ပြီး ရေးတော့တာပဲ။ စာအုပ်တစ်အုပ်ဟာ ဘယ်လောက်မှမကြာလိုက်ဘူး၊ ပြီးသွားတော့တာပဲ။ 'ဆရာ့ခြေရာ' ဆိုတဲ့စာအုပ်ဆိုရင် တစ်ထိုင်တည်းရေးတာ။ ဆရာတော်က မိန့်ဖူးတယ်။ 'စာရေးတော့မယ်ဆိုပြီး ဘောလ်ပင်ကိုင်လိုက်တာနဲ့ ရေးစရာတွေက အစီအရီပေါ်လာပြီး ဘောလ်ပင်ကဆွဲခေါ်သွားတော့တာပဲ' တဲ့။ ပြောလက်စနဲ့ ပြောပါဦးမယ်။ ဆရာတော်ဘုရားကြီးဟာ စာရေးတဲ့အခါ အကိုးအကား အထောက်အထားတွေကို ပြန်မကြည့်ဘဲ ရေးတယ်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒါကြောင့်မို့ 'သရဏဂုံအဖွင့်နှင့် ပုတီးစိပ်နည်းအမျိုးမျိုး' စာအုပ်ကို ရေးတဲ့အခါ တစ်ချိန်က ဖြန့်ဝေထားတဲ့ 'ဂုဏ်တော်သရဏဂုံအကျင့်' စာရွက်ကို ကြည့်ကြည့်နေမှာမဟုတ်ပါဘူး"

"ဒါကြောင့်ထင်ပါတယ်။ အဲဒီ ပုတီးစိပ်နည်းရဲ့ အကျိုးပေးကိုပြတဲ့အခါမှာ မထူးတော့ပါဘူး။ ကြုံတုန်းဆုံတုန်း ဂုဏ်တော်သရဏဂုံအကျင့်ကို ပူဇော်ရအောင်ဗျာ"

"ကောင်းတောပေါ့ဗျာ။ မိတ်ဆွေကပဲဖတ်ပါ"

**ဂုဏ်တော်သရဏဂုံအကျင့်**

၁။ အရဟံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
အရဟံ ဓမ္မံ သရဏံ ဂစ္ဆာမိ
အရဟံ သံဃံ သရဏံ ဂစ္ဆာမိ။

၂။ သမ္မာသမ္ဗုဒ္ဓေါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
သမ္မာသမ္ဗုဒ္ဓေါ ဓမ္မံ သရဏံ ဂစ္ဆာမိ
သမ္မာသမ္ဗုဒ္ဓေါ သံဃံ သရဏံ ဂစ္ဆာမိ။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဝိဇ္ဇာစရဏသမ္ပန္နော ဓမ္မံ သရဏံ ဂစ္ဆာမိ
ဝိဇ္ဇာစရဏသမ္ပန္နော သံဃံ သရဏံ ဂစ္ဆာမိ။

၄။ သုဂတော ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
သုဂတော ဓမ္မံ သရဏံ ဂစ္ဆာမိ
သုဂတော သံဃံ သရဏံ ဂစ္ဆာမိ။

၅။ လောကဝိဒူ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
လောကဝိဒူ ဓမ္မံ သရဏံ ဂစ္ဆာမိ
လောကဝိဒူ သံဃံ သရဏံ ဂစ္ဆာမိ။

၆။ အနုတ္တရောပုရိသဒမ္မသာရထိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
အနုတ္တရောပုရိသဒမ္မသာရထိ ဓမ္မံ သရဏံ ဂစ္ဆာမိ
အနုတ္တရောပုရိသဒမ္မသာရထိ သံဃံ သရဏံ ဂစ္ဆာမိ။

၇။ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
သတ္ထာဒေဝမနုဿာနံ ဓမ္မံ သရဏံ ဂစ္ဆာမိ
သတ္ထာဒေဝမနုဿာနံ သံဃံ သရဏံ ဂစ္ဆာမိ။

၈။ ဗုဒ္ဓေါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဗုဒ္ဓေါ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဗုဒ္ဓေါ သံဃံ သရဏံ ဂစ္ဆာမိ။

၉။ ဘဂဝါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဘဂဝါ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဘဂဝါ သံဃံ သရဏံ ဂစ္ဆာမိ။

**ဂုဏ်တော်သရဏဂုံ (အညွှန်း)**

ဤဂုဏ်တော်သရဏဂုံအကျင့်မြတ်ကို (၉) ရက် အဓိဋ္ဌာန်ဝင်၍လည်းကောင်း၊ (၁၈) ရက် အဓိဋ္ဌာန်ဝင်၍လည်းကောင်း၊ (၂၇) ရက်အဓိဋ္ဌာန်ဝင်၍လည်းကောင်း၊ ဝါတွင်း(၃)လအဓိဋ္ဌာန်ဝင်၍လည်းကောင်း မိမိစိတ်တိုင်းကျ စိတ်ကြိုက်အဓိဋ္ဌာန်ရက်အကန့်အသတ်ဖြင့် ကျင့်ဆောင်ပွားများ အားထုတ်နိုင်ပါသည်။ ၎င်းအားဖြင့် မိမိဆန္ဒရှိသလို နေ့စဉ်လည်း ပွားများအားထုတ်နိုင်ပါသေးသည်။ နေ့စဉ် ပုတီး (၃) ပတ်ရအောင်ရွတ်စိပ်ခြင်း၊ နေ့စဉ် စိပ်ပုတီး (၉) ပတ်ရအောင် ရွတ်စိပ်ခြင်း၊ နေ့စဉ် ပုတီး (၁၈) ပတ်ရအောင် ရွတ်စိပ်ခြင်း၊ နေ့စဉ် ပုတီး(၂၇)ပတ်ရအောင် ရွတ်စိပ်ခြင်းကိုလည်း မိမိကြိုက်သလို အဓိဋ္ဌာန်ပြု၍ ပွားများအားထုတ်နိုင်ပါသေးသည်။ ထို့ထက်လွန်၍ သူတစ်ပါး၏ အသက်၊ အသား၊ အသွေး၊ အရိုး၊ အဆီတို့ကို ရှောင်ကြဉ်၍ အသက်လွတ် - အသက်သတ်လွတ်အစားအစာကိုသာ အဓိဋ္ဌာန်ပြု၍စားသုံးပြီး ဤဂုဏ်တော်သရဏဂုံတော်အကျင့်လမ်းကို ကျင့်ဆောင်ပွားများပါက သိဒ္ဓိအမျိုးမျိုး၊ တန်ခိုးအမျိုးမျိုး၊ အဘိညာဉ်၊ ဝိဇ္ဇာဉာဏ်မျိုးကို အစိုးရအောင်မြင်ပြီးစီးရ၏ဟု မှတ်ယူရပါမည်။

၁။ သီလခံယူ၍ မိမိခံယူထားသော သီလကို လုံခြုံအောင် စောင့်ထိန်းခြင်း။
၂။ အသက်သတ်လွတ် စားသုံး၍ ခန္ဓာကိုယ်သွေးသားစင်ကြယ်စေခြင်း။
၃။ အဓိဋ္ဌာန်ပြု၍ ဂုဏ်တော်သရဏဂုံ အကျင့်ကို ကြိုးစားကျင့်ဆောင်ခြင်း။

ဤအချက် (၃) ချက်ကို အထူးသတိပြုကြပါလေ။ ဤအချက်(၃)ချက်နှင့်အညီ ကျင့်ဆောင်ပွားများအားထုတ်ပါက အန္တရာယ်ကင်းဝေးခြင်း၊ ရန်(၅)ပါးကင်းဝေးခြင်း၊ ရောဂါအနာဝေဒနာများကင်းဝေးခြင်း၊ ရောဂါဝေဒနာများ စွဲကပ်နေပါကလည်း လျင်မြန်စွာပျောက်ကင်းချမ်းသာရခြင်း၊ ရန်သူမျိုးများကို အောင်မြင်နိုင်ခြင်း၊ အမှုကိစ္စမျိုးကို အနိုင်ရခြင်း၊ ရန်ပြေပျောက်ခြင်း၊ မာန်ပြေပျောက်ခြင်း၊ အပူသောကကင်းဝေးရခြင်း၊ အမြဲတမ်းကိုယ်စိတ်ချမ်းသာရခြင်း၊ အမြဲတမ်းကိုယ်စိတ်ငြိမ်းချမ်းရခြင်း၊ ကောင်းစွာအိပ်စက်ရခြင်း၊ ကောင်းသောအိပ်မက်များကိုသာမက်စေရခြင်း၊ အိပ်ရာမှ ကောင်းစွာနိုးထရခြင်း မကောင်းကျိုးမှန်သမျှသည် မိမိတွင် ကောင်းကျိုးပြန်ဖြစ်ပေါ်ပေးရခြင်း၊ လူ, နတ်, တိရစ္ဆာန်များ ချစ်ခင်မြတ်နိုးကြခြင်း၊ စုန်းကဝေ, တစ္ဆေ, မြေဖုတ်ဘီလူး, သရဲသဘက်များပင် ချစ်ခင်မြတ်နိုးကြခြင်း၊ သမ္မာဒေဝနတ်များ၊ သာသနာတော်စောင့်နတ်ကြီးများ ချစ်မြတ်နိုးကြခြင်း၊ မိမိသည် စိတ်ထဲမှ တောင့်တသမျှ ဆန္ဒရှိသမျှ သမ္မာဒေဝနတ်မင်းများက ကူညီစောင့်ရှောက်ပေးရခြင်း၊ ပြောဆိုတောင့်တသရွေ့ ပြည့်စုံစွာဖြစ်ပေးရခြင်း၊ စည်းစိမ်ဥစ္စာ ရတနာရွှေငွေများ တိုးတက်စေခြင်း၊ စီးပွားဥစ္စာအရောင်းအဝယ်များတိုးတက်စည်ကားလာစေခြင်း၊ ရာထူးအဆင့်မြင့်တက်ပေးရခြင်း၊ မိမိ၏ အသက်ဥစ္စာ စည်းစိမ် အိမ်ခြံမြေပစ္စည်းတို့အား သူတစ်ပါး မဖျက်ဆီးနိုင်ခြင်း၊ မိမိ၏ အသက်အိုးအိမ်စည်းစိမ်ရာထူးအဆင့်ဂုဏ်ဓနတို့အား သူတစ်ပါး မကောင်းကြံစည်၍ မရနိုင်တော့ခြင်း စသောအကျိုးထူးများကို ခံစားရရှိနိုင်ပါသည်။ ထို့ပြင် ဝိဇ္ဇာဉာဏ်အမျိုးမျိုးပေါက်မြောက်ခြင်း၊ သိဒ္ဓိအမျိုးမျိုးကို ပေါက်မြောက်ခြင်း၊ မနောမဟိဒ္ဓိ၊ မနောမယိဒ္ဓိမျိုးတို့ အစိုးရခြင်း၊ အောင်မြင်ပြီးစီးခြင်းရှိလာရတော့၏။ အထူးကြိုးစား၍ အားထုတ်ကြပါကုန်လော့"

"သာဓု၊ သာဓု၊ သာဓု"

"ဆရာကြားရတဲ့အတိုင်း ကျင့်စဉ်ကျင့်လို့ ရလာနိုင်တဲ့ အကျိုးတရားတွေကို ဆရာတော်ကြီးက ပြည့်ပြည့်စုံစုံရေးထားတယ်။ ဒါ့ထက် ဆရာ၊ ဆရာ့ဆီမှာ အခု ကျွန်တော်ဖတ်သွားတဲ့ ဂုဏ်တော်သရဏဂုံအကျင့်စာရွက်လို တခြားစာရွက်တွေရှိဦးမှာပေါ့"

"ရှိတာပေါ့ဗျာ။ ဆရာတော်ဘုရားကြီးက အခြေအနေအချိန်အခါအလိုက် သူ့တပည့်ဒကာတွေ ကျင့်ကြံဖို့ ဖြန့်ဝေထားတဲ့ ကျင့်စဉ်စာရွက်တွေကို ကျွန်တော်ရှာဖွေ စုဆောင်းထားပါတယ်။ အဲဒီစာရွက်တွေကိုစုပေါင်းပြီး စာအုပ်ထုတ်ဖို့လည်း စီစဉ်ထားပါတယ်"

"ထုတ်မှာဆိုလည်း မြန်မြန်ထုတ်ပါ ဆရာ။ အကျင့်တရားလိုလားသူတွေက စောင့်မျှော်နေကြတာပါ"

ဓမ္မမိတ်ဆွေသည် ထိုသို့ပြောပြီးနောက် ဂုဏ်တော်သရဏဂုံအကျင့်စာရွက်ကလေးကို စာအုပ်ကြားမှာ ညှပ်လျက် ဝမ်းမြောက်ဝမ်းသာပြန်သွားပါသည်။

မြဝင်း (ဓနသန)



www.burmeseclassic.com

www.burmeseclassic.com

□ ငါသည် လောက(၃)ပါးထက် အမြတ်ဆုံးဖြစ်၏။

ဤလောကသို့ ဦးစွာပထမ ခြေချစဉ်က ဦးစွာပထမမိန့်ကြားခဲ့သောဘုရားလောင်းတော်၏ ရဲရဲတောက်မိန့်ကြားစကား။

ဗုဒ္ဓခြေတော်ရာ စက်လက္ခဏာ မင်္ဂလာအမှတ်အသား (၁၀၈) ပါးကို ဖူးမြင်ရာတွင် တိလောကဂူ - လောက (၃) ပါးထက် မြင့်မြတ်သောဂုဏ်၊ လောကဝိဒူ - လောက (၃) ပါးကို အကြွင်းမရှိသိမြင်တော်မူသော လောကဝိဒူဂုဏ်တော် လောကနာထ - လောက (၃)ပါး၏ကိုးကွယ်အားထားရာဖြစ်တော်မူသော လောကနာထဂုဏ်တော်တို့ကို ဆင်ခြင်နှလုံးသွင်း၍ ဖူးမြော်ကြည်ညိုကြပါကုန်လော့။

□ **မြတ်ဗုဒ္ဓခြေတော်ရာဘုရားရှိခိုး**


သူချမ်းသာအောင် မကြောက်အောင်
ရွယ် စောင့်ရှောက်ကယ်၍၊ ဖွယ်ရာ
ခြံရံ လျှုဒါန်ကြောင့်. . . ။
ဝန်းရံပတ်လျက် ရာရှစ်ကွက်ဖြင့်
မြချက်ပုံတောင်း။
အကွပ်ဆောင်း၍ ထောင်ပေါင်း
အကန့်
ရှင်းသန့်ပြတ်သား၊ ခြေတော်ဖဝါး၌
ကြီးမားတေဇော် စက်တော်ရတနာ
လက္ခဏာဖြင့်. . . ၊
မကွာခစား စံတော်ပါးဝယ် များသော
အခြံအရံ ရှိတော်မူသော မြတ်စွာ
ဘုရား မြတ်စွာဘုရား။
ထိုမြတ်စွာဘုရားအား ရှိသေမြတ်
နိုးရှိခိုးပါ၏။

## ကံ့ဝင်း

## ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ

အမှတ်(၁၅)

# ထူးထူးခြားခြား ခြေတော်ရာဘုရား



ခြေတော်ရာတန်ဆောင်းရှေ့မှဖူးမြော် ရွှေတိဂုံစေတီတော်






ခြေတော်ရာတန်ဆောင်းတွင်းမှ
ကဗ္ဗီပါရွှေချည်ထိုး ခြေတော်ရာပုံတော်




www.burmeseclassic.com

www.burmeseclassic.com



ထူးထူးခြားခြား ခြေတော်ရာဘုရား



ခြေတော်ရာဘုရားလက်ဝဲဘက်အခြမ်းမှ ဗုဒ္ဓရုပ်ပွားတော်ကြီး



ခြေတော်ရာတန်ဆောင်းတွင်းမှ ရွှေယောင်းရုပ်ပွားတော်



ဦးတိုက်ဦးခိုက်ပါများ၍ ရွှေတွေပျောက်သွားပြီဖြစ်သော ခြေတော်ရာဘုရားမှ ဗုဒ္ဓရွှေသက်တော်



ရှေးနှစ်ပေါင်းများစွာမှ ရွှေယောင်းရုပ်တု

(ဒေါင်းကျောင်းဆရာတော်)
(အနန္တဇိနိဗုဒ္ဓခြေတော်ရာ
ပါဒစေတီတော်မှ)

စာရေးသူ ယခုရောက်နေသည့် နေရာဌာနကား ရွှေတိဂုံစေတီတော် မြောက်ဘက် ဝိဇ္ဇာတန်ဆောင်းရှေ့ရှိ ခြေတော်ရာတန်ဆောင်းတွင်းမှာဖြစ်၏။ ခြေတော်ရာဘုရားတန်ဆောင်းထဲတွင် နိုင်ငံခြားသားများစွာ တွေ့လိုက်ရ၏။ ခြေတော်ရာဘုရားရှေ့မှာတည်ရှိ နဂါးကြီးပတ်ခွေထား ခြေတော်ရာကို စိတ်ဝင်စားစွာ လေ့လာ ကြည့်ရှုနေလေ၏။ မြန်မာဘုရားဖူးတစ်ချို့ကိုလည်း တွေ့ရ၏။ မြန်မာဘုရားဖူးများက ဦးစွာပထမ ခြေတော်ရာဘုရားကို ဦးခိုက်ဦးတိုက် ကန်တော့ကြလေ၏။ ခြေတော်ရာတန်ဆောင်းတွင်းမှာတည်ရှိ ခြေတော်ရာဘုရားကြီးသည် မဟာမြတ်မုနိနှင့် မခြား ပုံတော်ပွားဟု ထင်မှားအောင်ပင် ကြည်ညိုဖွယ်ရာ ဖူးမြင်ရ၏။ ခြေတော်ရာဘုရားဖူးမြင်ပြီးသော မြန်မာဘုရားဖူးများက နဂါးမင်းကြီးရစ်ခွေပူဇော်ထား ခြေတော်ရာအတွင်းမှရေတို့ကို ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာစေရန် သောက်ကြ၏။ တချို့က ဦးခေါင်းကို ရေဆွတ်၍ တချို့က မိမိတို့မျက်နှာ၊ နှုတ်ခမ်းတို့ကို ပွတ်သပ်သုတ်လိမ်းကြသည်ကို တွေ့ရ၏။ နိုင်ငံခြားသား လေ့လာသူများကတော့ ခြေတော်ရာမှ ရေကို သောက်သူနည်းပါးကြ၏။ တချို့ နိုင်ငံခြားသားများက စတိသဘောမျိုး အနည်းအကျဉ်းသောက်သည်ကို တွေ့ရ၏။ ရေသန့်များသာထည့်ထားသည် မှန်သော်လည်း နိုင်ငံခြားသားများက ထိုရေကို စိတ်ချပုံမပေါ်ပါ။ အရှေ့တိုင်းသားနိုင်ငံခြားသားများကတော့ ထိုရေကို စိတ်ချစွာသောက်သုံးကြ၏။ အထူးသဖြင့် ထိုင်းဘုရားဖူးများက ယုံကြည်စွာ သောက်သုံးကြ၏။ အန္တရာယ်ကင်းဘေးရှင်းသည်ဟုလည်း ယုံကြည်ကြလေ၏။ ယုံကြည်သည့်အလျောက် အမှန်တကယ် အန္တရာယ်ကင်း ဘေးရှင်းကြောင်းကို မြန်မာဘုရားဖူးတချို့ထံမှ သိခဲ့ရပါ၏။

ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူခဲ့ပြီးသော ဘုရားလေးဆူမြတ်၊ ကကုသန်၊ ကောဏာဂုဏ်၊ ကဿပ၊ ဂေါတမ မြတ်စွာဘုရားရှင်တို့၏ ခြေတော်ရာများကို ရည်စူးဦးထိပ်ပန်ဆင် စက်တော်ရာ ပါဒစေတီတော်အဖြစ် ဖူးမြော်ကန်တော့ကြလေ၏။ ဆုတောင်းကြ၏။ ပါဒ စက်တော်ရာဘုရား ပုံတော်များကို



www.burmeseclassic.com

www.burmeseclassic.com




ခြေတော်ရာဘုရားရှေ့တော်ပါးမှ အဓိဋ္ဌာန်ပြုနေကြသူများ

လည်း ပူဇော်ကန်တော့ကြလေ၏။

## ။ ထူးထူးခြားခြား ခြေတော်ရာဘုရား

ခြေတော်ရာဘုရားကို လွန်ခဲ့သောနှစ်ပေါင်း ၁၃၀၊ ၁၂၅၀ ပြည့်နှစ်ဝန်းကျင်ခန့်က တည်ထားသည်ဟုကြားသိရပါ၏။ စတင်တည်တော်မူပုံအလုံးစုံကို ဂဃဏန အတိအကျ မသိရပါသော်လည်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ရှေ့မီနောက်မီလူကြီးများပြောစကားအရ ရှေးရှေးက အိန္ဒိယကုန်ရောင်းကုန်ဝယ်ကုန်သည်နှစ်ဦးက စတင်တည်သည်ဟုပြောကြ၏။ ထိုကုန်သည်နှစ်ဦးသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အားလျော်စွာ ကုန်သွယ်ကုန်သည်အလုပ်ဖြင့် ခရီးသွားခါနီးတိုင်း ဗုဒ္ဓမြတ်၏ခြေတော်ကို ဦးနှိမ်ရိုကျိုးရှိခိုးကန်တော့ပြီးမှ ခရီးထွက်လေ့ရှိကြောင်းဆိုကြ၏။ ထိုသို့ ဗုဒ္ဓခြေတော် ဦးခိုက်ဦးတိုက်ပြီးသွားသော ခရီးတိုင်း အောင်မြင်လေ၏။ စီးပွားဥစ္စာတို့သည်လည်း တစ်နေ့တခြား ဒီရေအလားကဲ့သို့ စီးပွားတက်လာ၏။ ထိုသို့ ကြီးပွားချမ်းသာလာခြင်းနှင့်အတူ သဒ္ဓါတရားတို့သည်လည်း ပေါက်ဖွားလာလေ၏။ ခြေတော်ရာဘုရားပါဒစေတီတော်တည်ထားတော်မူလိုသောဆန္ဒတို့သည်လည်း အာသီသကြီးစွာ ဖြစ်ပေါ်လာလေ၏။ ဘဏ္ဍာတော်ထိန်းဂေါပကလူကြီးများထံ တင်ပြသောအခါ ရွှေတိဂုံစေတီတော်မြောက်ဘက် ထန်းပင်ကြီးနှစ်ပင်ကြားတွင် နေရာဌာနသတ်မှတ်ထားပေးလျက် ခြေတော်ရာဘုရားပါဒစေတီတော်တည်တော်မူခဲ့ကြ၏။ ထိုသို့ တည်တော်မူရာတွင် မြတ်စွာဘုရား၏ ခြေတော်ရာခြေဖဝါးတော်၌ (၁၀၈) ကွက်သော စက်လက္ခဏာအမှတ်အသားများထည့်သွင်း၍ ပါဒစေတီတည်တော်မူကြကုန်၏။

## ။ ခြေတော်ရာစက်လက္ခဏာများ



ခြေတော်ရာမုခ်ဝမှသိကြားမင်းပုံ
(လက်ယာဘက်ခြမ်း)



ခြေတော်ရာမုခ်ဝမှသိကြားမင်းပုံ
(လက်ဝဲဘက်ခြမ်း)



ခြေတော်ရာနဂါးဦးခေါင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားသားကမာလှည့်များ၊ အလာများသည့် ခြေတော်ရာတန်ဆောင်း



ခြေတော်ရာမှရေစင်များမသောက်သုံးမီ ဆုတောင်းကြစဉ်



ခြေတော်ရာထဲမှ ရေစင်အား ဆုတောင်း၊ပြီးသောက်သောခွက်



ခြေတော်ရာဖူး ထူးခဲ့တဲ့သူ ဒေါ်ရင်ရင်မြတ်မိသားစု



ပန်း၊ကပ်ပန်းလှူ၊ဆုတောင်း၊နေသူတစ်ဦး၊

၁။ (၁၀၈) ကွက်စက်လက္ခဏာမင်္ဂလာ အမှတ်အသား၊
၂။ ဩကာသလောကကို ပေါ်လွင်ထင်ရှားစေသော မင်္ဂလာအမှတ်အသား (၅၈) ကွက်၊
၃။ သတ္တလောကကို ပေါ်လွင်ထင်ရှားစေသော စက်လက္ခဏာမင်္ဂလာအမှတ် (၂၂) ကွက်၊ သင်္ခါရလောကကို ပေါ်လွင်ထင်ရှားစေသော စက်လက္ခဏာမင်္ဂလာအမှတ်အသား (၂၈) ကွက်၊
၅။ လူနှင့် တိရစ္ဆာန်လောကကို ပေါ်လွင်စေသော မင်္ဂလာအမှတ်အသား (၈၁) ကွက်၊
၆။ ဗြဟ္မာလောကကို ပေါ်လွင်ထင်ရှားစေသော မင်္ဂလာအမှတ်အသား (၁၇) ကွက် စသည်ဖြင့် မင်္ဂလာအမှတ်အသားများပါဝင်ပါသည်။

ဒမြတ်စွာဘုရားဖဝါးခြေတော်ရာတွင် ပေါ်လွင်သော (၁၀၈) ကွက် စက်လက္ခဏာများ


(၁) သတ္တိ = လှံမပုံ။ (၂) သီရိဝစ္ဆ= ကျက်သရေတိုက်ပုံ။ (၃) နန္ဒိယာဝဋ္ဋ = ဇလပ်ပွင့်ပုံ။ (၄) သောဝတ္တိက=လည်ရေး သုံးဆင့်ပုံ။ (၅) ဝဋံသက= ဦးဆောက်ပန်းပုံ။ (၆) ဝဍ္ဍမာန=ထမင်းပွဲပုံ။ (၇) ဘဒ္ဒပီဌ = ရွှေအင်းပျဉ်ပုံ။ (၈) အင်္ကုသ = ရွှေချွန်းတောင်းပုံ။ (၉) ပါသာဒ= ရွှေပြာသာဒ်ပုံ။ (၁၀) တောရဏ = ရွှေတုရိုဏ်တိုင်ပုံ။ (၁၁) သေတစ္ဆတ္တ = ထီးဖြူပုံ၊ (၁၂) ခဂ္ဂ = သန်လျက်ပုံ။ (၁၃) တာရဝဏ္ဍ = ထန်းရွက်ယပ်ဝန်းပုံ။ (၁၄) မယုရဟတ္ထ = ဥဒေါင်းမြီးစည်းယပ်ပုံ။ (၁၅) စမရီဟတ္ထ = စာမရီသားမြီးယပ်ပုံ။ (၁၆) ဥဏှိသ = ရွှေသင်းကျစ်ပုံ။ (၁၇) ပတ္တ = မြသပိတ်ပုံ။ (၁၈) မဏိ = ပတ္တမြားရတနာပုံ။ (၁၉) သုမနဒါမ = မုလေးပန်းကုံးပုံ။ (၂၀) နီလုပ္ပလ = ကြာညိုပန်းပုံ။ (၂၁) ရတ္တုပ္ပလ = ကြာနီပန်းပုံ။ (၂၂) သေတုပ္ပလ = ကြာဖြူပန်းပုံ။ (၂၃) ပဒုမ=ပဒုမ္မာကြာပန်းပုံ။ (၂၄) ပုဏ္ဍရိက= ပုဏ္ဍရိက်ကြာပန်းပုံ။ (၂၅) ပုဏ္ဏဃဋ= ရေပြည့်အိုးပုံ။ (၂၆) ပုဏ္ဏပါတိ=ရေပြည့်ဖလားပုံ။ (၂၇) သမုဒ္ဒ = သမုဒ္ဒရာလေးစင်းပုံ။ (၂၈) စက္ကဝါဠ=စကြဝဠာတောင်ပုံ။ (၂၉) မေရု = မြင်းမိုရ်တောင်ပုံ။ (၃၀) သူရိယမဏ္ဍလ = နေစက်ဝန်းပုံ။ (၃၁) စန္ဒမဏ္ဍလ= လစက်ဝန်းပုံ။ (၃၂) နက္ခတ္တ = နက္ခတ်(၂၇)လုံးပုံ။ (၃၃) စတုမဟာဒီပ = အရှေ့ကျွန်းပုံ။ (၃၄) စတုမဟာဒီပ = အနောက်ကျွန်းပုံ။ (၃၅) စတုမဟာဒီပ = တောင်ကျွန်းပုံ။ (၃၆) စတု မဟာဒီပ = မြောက်ကျွန်းပုံ။ (၃၇) စက္ကဝတ္တိ = ရတနာ (၇) ပါးနှင့်တကွ စကြာမင်းရုပ်ပုံ။ (၃၈) ဒက္ခိဏာဝဋ္ဋသင်္ခ= လက်ယာရစ် ခရုသင်းပုံ။ (၃၉) သုဝဏ္ဏမစ္ဆယုဂလ=ရွှေငါးကြင်းအစုံပုံ။ (၄၀) စက္ကာဝုဓ= လက်နက်စကြာပုံ။



www.burmeseclassic.com

www.burmeseclassic.com

(၄၁) သတ္တမဟာဂင်္ဂါ။ (၄၂)သတ္တမဟာဂင်္ဂါ။ (၄၃) သတ္တမဟာဂင်္ဂါ။ (၄၄) သတ္တမဟာဂင်္ဂါ။ (၄၅) သတ္တမဟာဂင်္ဂါ။ (၄၆) သတ္တမဟာဂင်္ဂါ။ (၄၇) သတ္တမဟာဂင်္ဂါ။ (၄၈) သတ္တကူဋပဗ္ဗတာ=ယုဂန္ဓိုရ်တောင်ပုံ။ (၄၉) သတ္တကူဋသဗ္ဗတာ= ဣသန္ဓိုရ်တောင်ပုံ။ (၅၀) သတ္တကူဋပဗ္ဗတာ= ကရဝိကတောင်ပုံ။ (၅၁) သတ္တကူဋပဗ္ဗတာ= သုဒဿနတောင်ပုံ။ (၅၂) သတ္တကူဋပဗ္ဗတာ=နေမိန္ဓရတောင်ပုံ။ (၅၃) သတ္တကူဋပဗ္ဗတာ = ဝိနတ္တကတောင်ပုံ။ (၅၄) သတ္တကူဋပဗ္ဗတာ=အဿကဏ်တောင်ပုံ။ (၅၅) သတ္တမဟာသရ = သီဟပ္ပပါတအိုင်။ (၅၆) သတ္တမဟာသရ = မန္ဒာကိဏီအိုင်။ (၅၇) သတ္တမဟာသရ = ကဏ္ဏမုဏ္ဍအိုင်။ (၅၈) သတ္တမဟာသရ = ရထကာရအိုင်။ (၅၉) သတ္တမဟာသရ = အနောတတ်အိုင်။ (၆၀) သတ္တမဟာသရ=ဆဒ္ဒန်အိုင်။ (၆၁) သတ္တမဟာသရ= ကုဏာလအိုင်။ (၆၂) သုပဏ္ဏရာဇာ= ဂဠုန်ငှက်မင်းပုံ။ (၆၃) သံသုမာရရာဇာ= မိကျောင်းမင်းပုံ။ (၆၄) ဓဇပဋ္ဌာက= တံခွန်ကုက္ကားမုလေးပွားပုံ။ (၆၅) သုဝဏ္ဏသိဝိကာ=ရွှေသန်လျှင်းပုံ။ (၆၆) သုဝဏ္ဏဝါဠဗီဇနိ = ရွှေဖြင့်ပြီးသောသားမြီးယပ်ပုံ။ (၆၇) ကေလာသပဗ္ဗတ= ကေလာသငွေတောင်ကြီးပုံ။ (၆၈) သီဟရာဇာ = ကေသရာခြင်္သေ့မင်းပုံ။ (၆၉) ဗျဂ္ဃရာဇာ= ကျားမင်းပုံ။ (၇၀) ဝဠာဟကအဿရာဇာ= ဝဠာဟကမြင်းပျံပုံ။ (၇၁) ဥပေါသထဆန္ဒန္တနာဂရာဇာ= ဥပေါသထဆဒ္ဒန်ဆင်မင်းပုံ။ (၇၂) ဗာသုကီနာဂရာဇာ= ဗာသုကီနဂါးမင်းပုံ။ (၇၃) ဟံသရာဇာ= ရွှေဟင်္သာမင်းပုံ။ (၇၄) ဥသဘရာဇာ= နွားလားဥသဘပုံ။ (၇၅) ဧရာဝဏ= ဦးခေါင်း (၃၃) လုံးရှိ ဧရာဝဏ်ဆင်မင်းပုံ။ (၇၆) သုဝဏ္ဏမကရ= ရွှေမကန်းရုပ်ပုံ။ (၇၇) စတုမုခ= မျက်နှာလေးမျိုးပုံ။ (လေးကျွန်းသားမျက်နှာများဆိုလိုသည်)။ (၇၈) သုဝဏ္ဏနာဝါ = ရွှေလှေယာဉ်ပုံ။ (၇၉) သဝစ္ဆဓေနု= သားငယ်နှင့်တကွနွားမပုံ။ (၈၀) ကိံပုရိသ= ကိန္နရာဖိုရုပ်ပုံ။ (၈၁) ကိံပုရိသီ= ကိန္နရာမရုပ်ပုံ။ (၈၂) ကရဝိက = ကရဝိက်ငှက်မင်းပုံ။ (၈၃) မယူရရာဇာ= ရွှေဥဒေါင်းမင်းပုံ။ (၈၄) ကောဉ္စရာဇာ= ကြိုးကြာငှက်မင်းပုံ။ (၈၅) စက္ကဝါကရာဇာ= စက္ကဝက်ငှက်မင်းပုံ။ (၈၆) ဇီဝဇီဝကရာဇာ= ဇီဝစိုးငှက်မင်းပုံ။ (၈၇) ဆဒေဝလောကာ= စတုမဟာရာဇ်နတ်ပြည်ပုံ။ (၈၈) ဆဒေဝလောက = တာဝတိံသာနတ်ပြည်ပုံ။



**နဂါးမင်းရစ်ခွေပူဇော်**
**ခြေတော်ရာပါဒစေတီတော်**

(၈၉) ဆဒေဝလောက= ယာမာနတ်ပြည်ပုံ။ (၉၀) ဆဒေဝလောက = တုသိတာနတ်ပြည်ပုံ။ (၉၁) ဆဒေဝလောက= နိမ္မာနရတိနတ်ပြည်ပုံ။ (၉၂) ဆဒေဝလောက= ပရနိမ္မိတဝသဝတ္တီနတ်ပြည်ပုံ။ (၉၃) ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာပြည်ပုံ။ (၉၄) ဗြဟ္မပုရောဟိတာ ဗြဟ္မာပြည်ပုံ။ (၉၅) မဟာဗြဟ္မာပြည်ပုံ။ (၉၆) ပရိတ္တာဘာ ဗြဟ္မာပြည်ပုံ။ (၉၇) အပ္ပမာဏာဘာ ဗြဟ္မာပြည်ပုံ။ (၉၈) အာဘဿရာ ဗြဟ္မာပြည်ပုံ။ (၉၉) ပရိတ္တသုဘာ ဗြဟ္မာပြည်ပုံ။ (၁၀၀) အပ္ပမာဏသုဘာဗြဟ္မာပြည်ပုံ။ (၁၀၁) သုဘကိဏှာ ဗြဟ္မာပြည်ပုံ။ (၁၀၂) ဝေဟပ္ဖိုလ် ဗြဟ္မာပြည်ပုံ။ (၁၀၃) အသညသတ် ဗြဟ္မာပြည်ပုံ။ (၁၀၄) အဝိဟာဗြဟ္မာပြည်ပုံ။ (၁၀၅) အာတပ္ပာ ဗြဟ္မာပြည်ပုံ။ (၁၀၆) သုဒဿာ ဗြဟ္မာပြည်ပုံ။ (၁၀၇) သုဒဿီ ဗြဟ္မာပြည်ပုံ။ (၁၀၈) အကနိဋ္ဌ ဗြဟ္မာပြည်ပုံ။

**။ မြတ်စွာဘုရားဖဝါးခြေတော်ရာတွင် ပေါ်လွင်သော (၁၀၈) ကွက် စက်လက္ခဏာများ ခြေတော်ရာဘုရား ပူဇော်သူများ အကျိုးများ**

ခြေတော်ရာဘုရားဖူး ထူးတဲ့သူများ အလွန်များကြလေ၏။ ခြေတော်ရာဘုရား လာရောက်ဖူးသူများတွင် နိုင်ငံခြားသွား ပညာသင်ကျောင်းသားများ လာရောက်ဖူးမြော် ဆုတောင်းတော်မူရာတွင် သွားလမ်းသာ၍ ပြန်လမ်းဖြောင့်ကြ၏။ အန္တရာယ်တွေကင်းကင်းကျန်းမာရွှင်လန်းခြင်းဖြင့် လိုရာခရီးသို့ရောက်ရ၏။ ဝေးလံခေါင်ဖျား နယ်တစ်လွှားသို့ တာပန်အရ ထမ်းရွက်ရသောဝန်ထမ်းများ ခြေတော်ရာဘုရားဦးထိပ်ထား၍သွားပါက အဆင်ပြေ ချောမွေ့အောင်ဆုနှင့်ပြည့်ဝကြ၏။ ပညာသင်ကျောင်းသားများ ဘေးကျပ်နံကျပ်နှင့် အကျပ်အတည်းဆိုက်နေပါက ခြေတော်ရာဘုရားထံပါး အရောက်သွား၍ စိတ်ကြံသမျှ အဓိဋ္ဌာန်ပြုပါက လိုရာပညာရေးပန်းတိုင်ခရီး အောင်မြင်ပြီးစီးစေ၏။ အထူးသဖြင့် ကုန်ရောင်းကုန်ဝယ် ကုန်သည်များ ခြေတော်ရာဘုရားဆီသို့ အရောက် များကြလေ၏။ ခရီးလမ်းပန်းဘေးမသန်းဘဲ အေးချမ်းစွာခရီးပေါက် ခရီးရောက်စေကြ၏။

ယခုလ တင်ပြမည့် ခြေတော်ရာဘုရားနှင့် ဆက်နွှယ် အကြောင်းအချက်အလက်များ စုဆောင်းရန် နေ့စဉ်နီးပါး ခြေတော်ရာတန်ဆောင်းကို ရောက်ရသည်ဖြစ်ရာ စာရေးသူသည် ခြေတော်ရာ ဘုရားရှေ့တွင် ဆီမီး၊ အမွှေးတိုင်ထွန်း၍ မိမိနှစ်သက်ရာ ဂါထာတော်များရွတ်ဖတ် ပူဇော်နေမိ၏။ တစ်နေ့သ၌ ခြေတော်ရာ ဘုရားတန်ဆောင်းသို့ ကလေးငယ် (၃) ဦးနှင့်အတူ အသက် (၅၀) ခန့်ရှိ ခပ်ဝဝအမျိုးသမီးတစ်ယောက်သည် ခြေတော်ရာဘုရားအနီးသို့ ရောက်လာလေ၏။ သူမ၏ အမည်မှာ ဒေါ်ရင်ရင်မြတ်ဟု သိရ၏။ မြေနီကုန်းမှာနေ၍ မကြာခဏ ရွှေတိဂုံဘုရားသို့ရောက်၍ ခြေတော်ရာဘုရားတန်ဆောင်းမှာ ဘုရားရှိခိုး၊ ဆီ၊ မီး၊ ပန်း၊ ရေချမ်းကပ်လှူ မေတ္တာပို့သမျှတပေးဝေကောင်းမှုအထွေထွေပြုပြီးလေမှ အိမ်ပြန်လေ့ရှိ၏။

ဒေါ်ရင်ရင်မြတ် ယခင်နေသည့်နေရာက မှော်ဘီမြို့နယ် အလိန်အလယ်ရွာမှ ဖြစ်လေ၏။ သူ့တွင် မိဘများလက်ငုတ်လယ်ဧကများစွာရှိလေ၏။ လယ်စိုက်ပျိုးခြင်းဖြင့် ဘဝရပ်တည်နေသူတစ်ဦးဖြစ်၏။ လွန်ခဲ့သော နှစ် (၂၀) ခန့်က ရွှေတိဂုံဘုရားသို့လာရောက်ဖူးမြော်ရင်း ခြေတော်ရာဘုရား တန်ဆောင်းသို့ ရောက်ရှိဖူးမြော်ချိန်မှစ၍ ဘောဂဝတီတိုင်းဌာနီက နဂါးမင်းနှင့် ဘဝသံသရာအဆက်ဆက်မှာ ဆွေမျိုးတော်စပ်ခဲ့သလောမသိ။ နဂါးမင်း ရစ်ခွေပူဇော်ထား ပါဒစေတီအပါးမှ မခွာနိုင်အောင်ဖြစ်ခဲ့ရ၏။ နဂါးမင်းဦးခေါင်း ရေများများလောင်းခြင်း၊ ပါဒခြေတော်ရာအတွင်းမှရေတို့ကို သောက်သုံးခြင်းများအစဉ်ပြုလုပ်လာလျှက် ရွာပြန်ရောက်တော့ နွားနို့ ပေါက်ပေါက်များ နဂါးမင်းအား အာဟာရဒါနလှူဒါန်းခြင်း များပြုလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားသည်ကတော့ တစ်ဧကေလျှင် စပါးတင်း (၂၀)၊ (၂၅) သာထွက်သော သူ၏လယ်သည် နဂါးမင်းအား ပူဇော်ပသအချိန်မှစ၍ အံ့သြစွာဖြင့် စပါးတင်း(၈၀)စီထွက်လေ၏။ ထူးထူးခြားခြားဖြစ်ရပ်များနှင့်အတူ ဒေါ်ရင်ရင်မြတ်တစ်ယောက် ပြည့်ပြည့်စုံစုံဖြစ်လာ၏။ ငွေစငွေနတွေ စုမိဆောင်းမိလာ၏။ မွေးဖွားလာသော သားသမီးများ ပညာတတ်တွေဖြစ်စေလိုလှ၏။ မြို့မှာ အခြေချ သားသမီးများ ပညာတတ်ရေး ဦးစားပေးသောအားဖြင့် လည်းကောင်း ရွှေတိဂုံစေတီတော်သို့ သွားရောက် ဖူးမြော်ရာတွင် . လွယ်ကူစေခြင်းငှာ လည်းကောင်း ရန်ကုန်မြို့တွင် အိမ်ရှာဖွေသော အခါ မြေနီကုန်းတွင် အိမ်ဝယ်ယူနိုင်ခဲ့လေ၏။ ရွှေတိဂုံဘုရားနှင့် မဝေးလှသော မြေနီကုန်းတွင် အိမ်ဝယ်ပြီးချိန်မှစ၍ နေ့စဉ်နီးပါး ရွှေတိဂုံဘုရားသို့ သွားရောက် ဖူးမြော် ခြေတော်ရာစေတီတော်တွင် ကုသိုလ်ယူနေသူ ဖြစ်ပါကြောင်း ဤခြေတော်ရာဆောင်းပါးတွင် ထည့်သွင်း ဂုဏ်ပြု ဖော်ပြအပ်ပါသည်။

**လာဘ်ရွှင်လိုသော် ရွှေလက်တော်ဦးခိုက်ပူဇော်**

မည်သည့်အချိန်အခါကာလ မည်သူကစခဲ့သော ဓာတ်လမ်းမသိပါ။ လူတချို့က ခြေတော်ရာဘုရားမုနိဘုရားလက်ဝဲဘက်အခြမ်းမှ ရွှေအဆင်းဝင်းဝါ (ဘွဲ့မသိပါ) ရုပ်ပွားတော်မြတ်ကြီး ညာဘက်လက်တော်ကို ဦးခိုက်ဦးတိုက် ပူဇော်ပြီး ဆုတောင်းကြ၏။ တချို့က ဦးတိုက်ရုံနှင့်အားမရ ဗုဒ္ဓမြတ်လက်ဖမိုးကို လက်ဖြင့်ပွတ်ပြီး ဆုတောင်းကြလေ၏။ အမှန်တကယ် လာဘ်ရွှင်ငွေဝင်သည်ကိုတော့ အတိအကျမသိရပါ။ ဗုဒ္ဓမြတ်၏ လက်ယာဘက် (ညာလက်ဖမိုး) နေရာ ဓါတ်ပုံမှာရှုပါ။ မြင်ကြသည့်အတိုင်း ဦးတိုက်ဦးခိုက်ပူဇော်ပါများ၍ ရွှေတွေမရှိတော့ပါ။ အောက်ခံစစ်စီးဆေးမည်းများပေါ်နေ၏။

စာရေးသူ တန်ဆောင်းထဲမှာရှိနေစဉ် ရွှေပြည်သာမှ လူတစ်ယောက် ရောက်လာပြီး ဗုဒ္ဓမြတ်၏ ညာလက်ဖမိုးကို ဦးခိုက်ဦးတိုက် ပူဇော်နေသည်ကိုတွေ့ရ၏။ ပြီးတော့ သူ၏လက်နှစ်ဖက်ဖြင့်ပွတ်ပြီး သူ့ဦးခေါင်းကိုတင် ဆုတောင်းနေပုံတွေ့ရ၏။ (ဓါတ်ပုံရိုက်ခွင့်မရခဲ့ပါ။) စာရေးသူမေးကြည့်တော့ အမှန်တကယ် လာဘ်ရွှင်ငွေဝင်ပါကြောင်း ဆုတောင်းကြည့်ပါ။ ထူးပါသည်ဟု ဆိုသွားလေ၏။

ငယ်ရွယ်စဉ်ကာလက စာရေးသူ ဖတ်ဖူးပါ၏။ ဆရာအောင်ဝင်းရေးသည့် စိတ်ပညာစာအုပ်တွင် ထင်ပါသည်။ ကောင်းစွာတော့ မမှတ်မိပါ။ သို့သော် ထိုစာအုပ်တွင် မိမိစိတ်တန်ခိုးယုံကြည်မှုဖြင့်ပြုသောလုပ်ငန်းသည် ယုံကြည်ချက်ကြောင့် အောင်မြင်မှုတစ်ဝက်ကို ပိုင်ဆိုင်ပြီးဖြစ်လေ၏ဟု ညွှန်းဆိုထားပါသည်။ ဟုတ်ပါသည်။ ထိုယုံကြည်ချက်ကြောင့် ဆန္ဒပြည့်ဝနိုင်ပါသည်။ မည်သို့ပင်ဆိုပါစေမူ ခြေတော်ရာဘုရားတန်ဆောင်းတွင်းမှအတွေ့အကြုံများကို စာရှုသူဓမ္မမိတ်ဆွေများသို့ ဗဟုသုတဖြစ်စေခြင်းငှာ မှတ်တမ်းတင် ရေးသားလိုက်ပါသည်။ စာရှုသူအသင်လည်း အမှန်တကယ် လာဘ်ရွှင်ငွေဝင်လိုသော် ဗုဒ္ဓမြတ်၏ ရွှေလက်တော်သို့ ဦးခိုက်ဦးတိုက်ပူဇော်ဆုတောင်းတော်မူနိုင်ကြပါသည်။ စာရေးသူအကြံပြုလိုသည်ကတော့ ဦးခေါင်းဖြင့် ဦးတိုက်၊ လက်ဖြင့်ပွတ်သပ် ပူဇော်ဆုတောင်းမည့်အစား ရွှေမရှိတော့ပြီဖြစ်သော ထိုလက်တော်ကို ရွှေသင်္ကန်းကပ်ပူဇော်ဆုတောင်းမည်ဆိုပါက ဧကန်မုချ အကျိုးထူးကို ရမည်ဖြစ်ကြောင်း အကြံပေးလိုပါသည်။

ဗုဒ္ဓမြတ်၏ခြေတော်ရာကို ကြည်ညိုပူဇော်လျှုဒါန်းရသော အကျိုးများစွာ ရရှိပုံတို့ကို ဒေါက်တာ နေဇင်လတ်၊ ဒေါ်ခင်စန်း သားသမီးမြေးမိသားစုမှ ဓမ္မဒါန ဖြန့်ဝေလျှုဒါန်းသော 'အနန္တဇိန ဗုဒ္ဓခြေတော်ရာပါဒစေတီတော်'စာစောင်မှ ကူးယူတင်ပြအပ်ပါသည်။

**မြတ်ဗုဒ္ဓခြေတော်ရာ ကြည်ညိုပူဇော်ရကျိုးများ**

ပါဒနက်သန် စုံနှစ်ရန် ဗိတာန်လုပ်၍ကာ. . .

ဟူသော စိန္တကျော်သူ ဦးပြ၏ ကဝိလက္ခဏာသတ်ပုံကျမ်းလာ စကားနှင့်အညီ ဗုဒ္ဓ၏ခြေတော်ရာကို အိမ်၊ ကျောင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်ခန်း စသည်တို့၏ မျက်နှာကြက်အမြင့်၊ နံရံ စသည်တို့၌ ချိပ်ဆွဲတပ်ဆင်၍ ဗုဒ္ဓခြေတော်ရာဂုဏ်တော်တို့ဖြင့် ရွတ်ဖတ်ပူဇော်ပါလျှင် ထိုနေရာဌာန အားလုံးတို့သည် မြတ်ဗုဒ္ဓ၏ခြေတော်ရာအောက်၌တည်ရှိနေသဖြင့် ဘေးရန်အပေါင်းမှ ကင်းဝေးနိုင်ပေသည်။

ထို့အပြင် 'အောင်(၁၀၈)ကွက် ဗုဒ္ဓစက်' ဟူသည်နှင့်အညီ မြတ်ဗုဒ္ဓ၏ ခြေတော်ရာတွင် စက်လက္ခဏာမင်္ဂလာအမှတ်အသား (၁၀၈)ကွက်ပါဝင်နေသည်ဖြစ်၍ ထိုမင်္ဂလာအမှတ်အသားတို့အရ ဗုဒ္ဓခြေတော်ရာတည်ရှိရာနေရာ အရပ်တို့သည် ကျက်သရေမင်္ဂလာ အပေါင်းနှင့်လည်း ခညောင်း ပြည့်စုံနိုင်ခြင်းအကျိုးတို့ကို ရရှိနိုင်ပါသည်။ မြတ်ဗုဒ္ဓ၏ ခြေတော်ရာတို့ကို ပူဇော်ပြီးမှ ပကတိခရီး၊ ဘဝခရီး၊ သံသရာခရီးတို့သို့သွားလာရာ၌လည်း ဘေးအန္တရာယ်တို့မကြုံတွေ့ရဘဲ ခရီးစဉ်ကိစ္စများ အဆင်ပြေချောမွေ့စွာ ပြီးစီးအောင်မြင်နိုင်၍ ကောရဏ္ဍပုပ္ဖိယမထေရ်ကဲ့သို့ နိဗ္ဗာန်ကိုပင် မျက်မှောက်ပြုနိုင်သည် အထိ အကျိုးကြီးမားလှပါသည်။

ဗုဒ္ဓမြတ်၏ခြေတော်ရာကို ပူဇော်ရခြင်းကြောင့် မိမိတို့၏ဘဝခရီးလမ်းမှာ မပင်မပန်း အေးချမ်းသာယာစွာဖြင့် ပန်းခင်းလမ်းကို လျှောက်လှမ်း ဖြောင့်တန်းစွာဖြင့် အောင်ပန်းတွေ ပွင့်လန်းကြပါလိမ့်မည်။ ခြေတော်ရာပုံတော်များကို ဓမ္မဒါနဝေငှသူများထံမှလည်းကောင်း၊ ရွှေတိဂုံနှင့် ဘုရားဈေးများတွင် လည်းကောင်း ဝယ်ယူပူဇော်နိုင်ကြပါသည်။ အထက်စက်တော်ရာ၊အောက်စက်တော်ရာ ပါဒစေတီ စသည့် ခြေတော်ရာပုံတော်များ မိမိတို့အိမ်ဦးခန်းမှာထား၍ ပန်း၊ ရေချမ်းကပ်လျှုပါက မိမိတို့၏ ဘဝခရီးလမ်းမှာ အောင်ပန်းပွင့်ကြပါလိမ့်မည်။ ပုံတော်သေးသေးများလည်းပွား၍ သွားလေရာလာလေရာမှာ ဆောင်ယူသွားပါက အန္တရာယ်ကင်း ဘေးရှင်းစွာဖြင့် လိုရာခရီးရောက် ပြီးမြောက်မှာ အမှန်ဖြစ်သည်မို့ ဓမ္မမိတ်ဆွေ စာရှုသူများ ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံ ရင်ပြင်တော်မှ ခြေတော်ရာဘုရား အရောက်သွား၍ စိတ်ကြဲသမှု အမိဌာန်ပြုလိုက်ကြပါ။ ထူးထူးခြားခြား အကျိုးများမည်ဖြစ်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်အပ်ပါသည်။

*မေတ္တာများစွာဖြင့်*
*ကံဝင်း*

**ကျမ်းကိုး -**

၁။ ဒေါက်တာနေဇင်လတ်-ဒေါ်ခင်စန်းမိသားစု၏ ဓမ္မဒါနလက်ကမ်းစာစောင်
၂။ ဒဂုန်ဦးထွန်းမြင့်ရေး - 'သုခမှတ်စု' စာအုပ်
၃။ ရွှေတိဂုံဘုရား သိမှတ်ဖွယ်ရာများ



www.burmeseclassic.com

www.burmeseclassic.com



ဝါတွင်းကာလသို့ ရောက်လေပြီ။ သောက်စားတတ်သော မိတ်ဆွေအပေါင်းအသင်းများနှင့်ရောနှော၍ မိမိပါသောက်မိစားမိဖြစ်ချေမည်။ ဝါတွင်းကာလပင်ဖြစ်စေ သောက်စားပြီးပါက အမှားစွက်စရာများဖြစ်လာနိုင်သည်။ အနိမ့်ဆုံးအဆင့် အစ်ကိုနှင့် အစ်မ (အစ်ကို၏ဇနီး) တို့၏ ဆိုဆုံးမသံနှင့်အတူ မိမိချစ်သောတူမများဖြစ်သည့် မြတ်နိုးအိန္ဒြေ၊ မြတ်နိုးတွယ်တာ အမြွာညီအစ်မတို့၏ စိတ်မချမ်းမြေ့ဖွယ်ရာ မျက်ဝန်းတို့ကို ကျိန်းသေ မြင်ရတွေ့မည်မှာ မြေကြီးလက်ခတ်မလွဲပင်။

သို့နှင့် မိတ်ရင်းဆွေရင်းဖြစ်သူ

# (သမိုင်း) ကိုရွှေမြသန်း

## မိုးညှင်းဆရာတော်ဘုရားကြီး၏ကိုယ်တွေ့ဖြစ်ရပ်ဆန်းများနှင့် အန္တရာယ်ကင်းအနှစ်ချုပ်ဂါထာတော်

များရှိရာ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အဗျားငှက်ဈေးဝင်းကျေးရွာသို့ သွားရောက် လည်ပတ်၍ ဝါဆိုကာလကို ခိုလှုံနေလိုက်၏။

ဤတွင် ဝါတွင်းကာလ ဥပုသ်နေ့တိုင်း မိတ်ရင်းဆွေရင်းမိသားစုများနှင့်အတူ ရွာကျောင်းဆရာတော်ထံတွင် ဥပုလ်သီလ ခံယူဆောက်တည် သီလစောင့်ထိန်းရင်း ရန်ကုန်မှလာရောက်၍ ထိုရွာကျောင်း၌ (အဗျားကျောင်းကြီး၌) သီတင်းသုံးနေထိုင်လျက်ရှိသော စာဆိုအရှင်ပညာနန္ဒ(ငြိမ်းဆုသျှင်)နှင့် ခင်မင်ရင်းနှီးခွင့်ရရှိခဲ့ကာ ဗဟုသုတရှိဖွယ်စကားတို့ကို နာကြားမှတ်သားခဲ့ရပါသည်။

ထို့ပြင် ဝါတွင်းကာလ စာဆိုအရှင်ထံမှ အရှင်သုမန၏ သမ္ဗုဒ္ဓစေတီယကထာ၌ ဖော်ပြထားသည့် မိုးညှင်းဆရာတော်ဘုရားကြီး၏ကိုယ်တွေ့ဖြစ်ရပ်ဆန်းများနှင့် အန္တရာယ်ကင်းအနှစ်ချုပ်ဂါထာတော်ကြီးအကြောင်းတို့ကို သိရှိမှတ်သားခဲ့ရပါသဖြင့် မိမိမှတ်သားသိရှိခဲ့သမျှ ပြန်လည် ရေးသား တင်ပြလိုက်ပါသည်။

မိုးညှင်းဆရာတော်ဘုရားကြီး၏ ကိုယ်တွေ့ဖြစ်ရပ်မှန် ဖြစ်ရပ်ဆန်းများသည်ကား -

□ ကြောက်လန့်ဖွယ်ရာအဖြာဖြာ

မိုးညှင်းတောရဋ္ဌာနသည် မိုးညှင်းအရှင်မြတ် သီတင်းမသုံးမီ မြေနဲတောရအဖြစ်တည်ရှိစဉ်အခါက နာနာဘာဝတို့ အလွန်ဆိုးဝါးစွာ ခြောက်လှန့်တတ်ကြောင်း နယ်သိပယ်သိ နာမည်ကြီးခဲ့၏။

ထို့ကြောင့်လည်း မိုးညှင်းအရှင်မြတ် စတင်သီထင်းသုံးစ တစ်နှစ်ခန့်ကာလတွင် ညဥ့်အတော်လေးနက်ချိန်၌ အုတ်အုတ်အုတ်အုတ်ဖြင့် အော်ဟစ်ဆူညံသောလူသံလိုလိုအသံများကိုကြားနေရသည်။ တစ်ခါတစ်ရံ ဆိုင်းတီးသံ၊ ဗုံမောင်းတီးသံတွေနှင့် သီချင်းဆိုမြူးသံတို့ကိုလည်း ကြားနေရသည်။ တစ်ခါတစ်ရံ အရှင်မြတ် လွင်တီးခေါင်၌နေ၍ တရားအားထုတ်စဉ် အရုပ်ဆိုးလှစွာသောလူပုံအဆင်းတို့ကိုလည်း ရိုးတိုးရွတမြင်နေရသည်။

တစ်ခါတစ်ရံ ချောမောလှပသောအမျိုးသမီးငယ်လေးများ ဆံပင်ဖားလျားချကာ ရန့်တသင်းသင်းဖြင့် အနီးအပါး၌ လှုပ်ရှားနေသည်တို့ကိုလည်းမြင်ရသည်။ တစ်ခါတစ်ရံ ဘာအရာဝတ္ထုမှမမြင်ရဘဲ -

"ကိုယ်တော် ဒီမှာမနေပါနဲ့၊ ပြန်ပါ"

ဟူသော အသံဆိုးကြီးများကို ကြားရလေသည်။

မိုးညှင်းအရှင်မြတ်မှာ နာနာဘာဝတို့ ထိုသို့ခြောက်လှန့်၍ ဆုတ်နစ်အောင်ပြုလုပ်သော်လည်း ကြောက်လန့်တုန်လှုပ်ခြင်းမရှိဘဲ ထိုသို့ မြင်ရ၊ ကြားရတိုင်း ကမ္မဋ္ဌာန်းအာရုံမှုဖယ်၍ မြင်ရာ၊ ကြားရာဆီသို့ အာရုံလွှတ်ကာ မေတ္တာကိုသာ များစွာပို့၍နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ နာနာဘာဝတို့မှာ ရှေ့သို့ တိုးတက်၍ ခြောက်လှန့်နိုင်စွမ်းမရှိတော့ဘဲ အလိုလိုပျောက်ကွယ်၍သွားကြလေသည်။ ထိုသို့ နာနာဘာဝတို့ ခြောက်လှန့်တိုင်း ဤနည်းဖြင့် မေတ္တာဓာတ်ကိုသာ တအားပို့လွှတ်နေသဖြင့် နောင်အခါ၌ ထိုနာနာဘာဝခြောက်လှန့်ခြင်းတို့မှာ လုံးဝပင် ပျောက်ကွယ်၍သွားလေတော့သည်။

**❑ ထူးဆန်းသောမြွေတစ်ကောင်**

တစ်ညနေတွင် မိုးညှင်းအရှင်မြတ်သည် စေတီငုတ်တိုများရှေ့၌ စေတီယင်္ဂဏဝတ်ပြု၍အပြီး ဆောင့်ကြောင့်ထိုင်လျက်ဝတ်ပြု၍နေလေ၏။ ထိုစဉ် မြွေတစ်ကောင်သည် အနီးအပါး၌ ရှော့ခနဲရောက်လာကာ တရှုးရှုးအသံပေး၍နေ၏။

ဤတွင် မိုးညှင်းအရှင်မြတ်သည် ဣန္ဒြေကိုဖျက်ခြင်းမရှိ။ ပကတိတည်ငြိမ်စွာဖြင့် ဘုရားဝတ်ပြုရင်း 'ဘုရားအာရုံနှင့်သေရလျှင် သာ၍ပင်မြတ်သေး၏' ဟု သဘောပိုက်ကာ ဘုရားဝတ်ပြုမြဲဝတ်ပြုနေလေ၏။

ယင်းအခိုက် ထိုမြွေသည် အရှင်မြတ် ဆောင့်ကြောင့်ထိုင်နေသော ခြေနှစ်ခုအကြားမှ ရှေ့သို့တိုးထွက်လာကာ ရှေ့တည့်တည့်မှ ပါးပျဉ်းထောင်၍နေပြန်သည်။

ထိုအခါ မိုးညှင်းအရှင်မြတ်သည် 'ထူးခြားသော မြွေတစ်ကောင်ပဲ' ဟု ရိပ်စားမိကာ ထိုမြွေအား အာရုံပြု၍ မေတ္တာဓာတ်ကိုသာ တအားလွှတ်၍ပို့လိုက်ပါသည်။ ခဏအကြာ၌ ထိုမြွေသည် ဘယ်နေရာသို့ဝင်ရောက်သွားမှန်း မပြောနိုင်အောင်ပင်ပျောက်ကွယ်၍သွားလေတော့သည်။

**နွားရိုင်းကြီး**

တစ်ရက်သောနံနက်ခင်း၌ မိုးညှင်းအရှင်မြတ်သည် ဂတပစ္စာဂတဝတ် (အသွား၊ အပြန်ကမ္မဋ္ဌာန်းအာရုံဆောင်သောဝတ်) ဖြင့် ဆွမ်းခံကြွစဉ် နွားမနောက်သို့ တရှုးရှုးမာန်ဖီ၍ ဒေါကြီးမောကြီးလိုက်လာသော နွားရိုင်းကြီးတစ်ကောင်သည် အရှင်မြတ် ဆွမ်းခံကြွရာလမ်းနှင့် တည့်တည့်ရင်ဆိုင်တိုး၍နေ၏။ နွားရိုင်းကြီးသည် အရှင်မြတ်ဆီသို့ ပြေးလာရာ တအားကျုံး၍ဝှေ့လိုက်မည့်အသွင်လည်း ပေါ်ပေါက်နေ၏။

သို့ဖြစ်၍ နောက်မှလိုက်လာသောသူတို့က -

"တောရကိုယ်တော်လေး၊ ဘေးဖယ် ဘေးဖယ်။ ဟာ-ဒုက္ခရောက်တော့မှာပဲ ဘေးဖယ်ပေးပါ ဘုရား"

ဟု စိုးရိမ်တကြီးဖြင့်အော်ဟစ်၍ လျှောက်ထားကြသည်။

သို့သော်လည်း မိုးညှင်းအရှင်မြတ်သည် ကမ္မဋ္ဌာန်းအာရုံကိုမလွှတ်ဘဲ -

"ငါဒီဝတ်အပျက်ခံပြီးထွက်ပြေးရင် သေရခြင်းနှင့်မထူးတော့ပြီ။ အသက်ကိုသာစွန့်တော့မည်၊ ကမ္မဋ္ဌာန်းဝတ်ကို ဘယ်သောအခါမှ မစွန့်တော့ပြီ"

ဟု ရဲဝံ့စွာဆုံးဖြတ်လျက် မူမပျက်ပင် ဆွမ်းခံကြွမြဲတိုင်းကြွနေ၏။

ထိုအချိန်တွင် နွားရိုင်းကြီးသည် မိုးညှင်းအရှင်မြတ်နှင့် လေးတောင်ခန့်အနီးသို့ရောက်သောအခါ တစ်စုံတစ်ဦးက နဖားကိုဆောင့်၍ဆွဲလိုက်သကဲ့သို့ ချာခနဲလှည့်ကာ ဘေးသို့ထွက်ပြေးသွားလေတော့သည်။

**❑ မြွေဟောက်ကြီး**

တစ်နေ့သောနံနက်ခင်း၌ ထိုနည်းတူ ဂတပစ္စာဂတဝတ်ကို ဆောင်တည်လျက် ဆွမ်းခံကြွလာစဉ် လမ်းဘေးအနီး၌ မြွေဟောက်ကြီးတစ်ကောင်သည် ခေါင်းတထောင်ထောင်ဖြင့် မာန်စောင်၍နေလေ၏။

ထိုအခါ မြင်ရသူယာသမားတို့က အရှင်မြတ်အား အန္တရာယ်ပြုမည်စိုးသဖြင့် တုတ်၊ ခဲများဖြင့်ပစ်ပေါက်ခြောက်လှန့်လေလျှင် မြွေဟောက်ကြီးသည် အဝေးသို့ ဆုတ်မပြေးသည့်အပြင် ပါးပျဉ်းကြီးမိုးကာ အရှင်မြတ်လာရာလမ်းဆီသို့ တိုးတိုးလာလေသည်။

မြင်ရသူများက -

"မြွေဆိုးကြီးပါဘုရား၊ နောက်သို့ ပြန်ကြွတော်မူပါ ဘုရား"

ဟု လျှောက်ကြသော်လည်း အရှင်မြတ်ကမူ ရှေးနည်းတူ နှလုံးသွင်းကာ ကမ္မဋ္ဌာန်းဝတ်ကိုအပျက်မခံဘဲ ကြွမြဲသာကြွလေသည်။ မြွေဟောက်ကြီးမှာ မိုးညှင်းအရှင်သူမြတ်နှင့် နီးကပ်ရာသို့ ရောက်လာသောအခါ အလိုလိုငြိမ်ကျလျက် ဘေးသို့သာရှောင်တိမ်းသွားလေတော့သည်။

❑

ဤသည်တို့မှာကား မိုးညှင်းအရှင်မြတ် ဆယ်နှစ်တာကာလအတွင်း အဓိဋ္ဌာန်ဝတ်ဖြင့် ကမ္မဋ္ဌာန်းအလုပ်အားထုတ်နေစဉ် တွေ့ကြုံရသော ထူးခြားသည့် အတွေ့အကြုံများပင် ဖြစ်ပေသည်။

အဓိပတိတပ်၍ စိတ်ဓာတ်ရင့်ကျက်ခိုင်မာသူတို့သာ ထိန်းသိမ်းကျော်လွှားနိုင်သော အတွေ့အကြုံတို့ဖြစ်သဖြင့် အလွန်လေးမြတ်ကြည်ညိုထိုက်ကြောင်းနှင့် မိမိတို့သည်လည်း မိုးညှင်းအရှင်မြတ်၏ စိတ်ဓာတ်ရင့်ကျက်ခိုင်မာပုံတို့ကို နည်းနာယူ လေ့ကျင့်သင့်ကြောင်းကို ခမ္မစကားမျှဝေရင်းဖြင့်။

မိုးညှင်းဆရာတော်ဘုရားကြီး ကိုယ်တိုင်လည်း အသုံးပြုတော်မူသော တပည့် ဒါယကာ၊ ဒါယိကာမများကိုလည်း အမြဲအသုံးပြု၍ ညွှန်ပြတော်မူခဲ့သော အန္တရာယ်ကင်းအနှစ်ချုပ်ဂါထာတော်ကြီးကို ဆရာတော်ကြီး၏ ညွှန်ပြချက်မူရင်းအတိုင်း ရေးသား ဖော်ပြလိုက်ပါသည်။

**❑ အန္တရာယ်ကင်း**
**အနှစ်ချုပ်ဂါထာတော်ကြီး**

ရှေးအထက်ဆရာကြီးတို့ အစဉ်အလာမှစ၍ ငါတို့လက်ထက်ကျအောင် ဒိဋ္ဌအဟုတ် အားထားရသော အန္တရာယ်ကင်းဂါထာတော်ကြီးသည်ကား -

❑ ဗုဒ္ဓဂုဏောအနန္တော ဓမ္မဂုဏော အနန္တော သံဃဂုဏောအနန္တော မာတာပိတုဂုဏောအနန္တော အာစရိယဂုဏော အနန္တော။

❑ ဗုဒ္ဓါ မေ သရဏံ အညံနတ္ထိ၊ ဓမ္မော မေ သရဏံ အညံနတ္ထိ၊ သံဃော မေ သရဏံ အညံနတ္ထိ။

❑ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

❑ ဧသော ဥတ္တိ သဗ္ဗအန္တရာယော ဂစ္ဆ အမုမှိ ဩကာသ တိဋ္ဌာတိ။ ။

ဤ အန္တရာယ်ကင်း အနှစ်ချုပ်ဂါထာတော်ကြီးကို အနည်းဆုံး တစ်နေ့ဆယ်ခေါက်ထက်မနည်း ရအောင်ပြန်အံ့။ နှလုံးသွင်းကြအံ့။ ကပ်ဥပဒ်နှင့် ကြောင့်ကြမကင်းရှိမူ ဤဂါထာတော်ကြီးကို (၇၃) ခေါက်၊ (၁၀၈) ခေါက် စသည်ရွတ်၍ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ခဲ၊ ပရိတ်ဆေး စသည်ပြု၍သုံးနိုင်၏။ အလိုရှိသလိုလည်း မိမိပညာဖြင့် အသုံးပြုနိုင်လေ၏။

*အန္တရာယ်ကင်း၍*
*ကျန်းမာချမ်းသာပါစေ*

ကိုရွှေမြသန်း (သာပိုင်း)



www.burmeseclassic.com

www.burmeseclassic.com

ဂေါတမမြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် နေရာတော် (၇) မျိုးတွင် ပြောင်းလဲ စံမြန်းတော်မူခဲ့သည်ကို သတ္တဌာနဟူ၍ လူသိများခဲ့ကြသည်။ ထိုသတ္တဌာနစံတော်မူစဉ် ရတနာဃရစံအိမ်တော်အတွင်း၌ အလွန်ခက်ခဲနက်နဲလှသောပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်သုံးသပ်တော်မူရာမှ ကိုယ်တော်တွင် ခြောက်သွယ်သောရောင်ခြည်တော်များ တစ်ပြိုင်တည်း ထွက်ပေါ် ကွန့်မြူးလာခဲ့သည်။ ထိုအချိန်မှစတင်၍ ပဋ္ဌာန်းတရားတော် စတင်ဖြစ်ပေါ် ရွတ်ဆိုပွားများခဲ့ကြသည်။

မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သော အနန္တနယသမန္တပဋ္ဌာန်းကျမ်းတော်ကြီးသည် ဓမ္မဂမ္ဘီရ ဟူသော ဝေါဟာရစကားလုံး ပုဒ်ဝါကျတို့ နက်နဲခြင်း၊ အတ္တဂမ္ဘီရ ဟူသော အနက်အဓိပ္ပာယ်သဘောက၏ နက်နဲခြင်း၊ ဒေသနာဂမ္ဘီရ ဟူသော ဟောပုံဟောနည်း အစီအစဉ်နက်နဲခြင်း၊ ပဋိဝေဓဂမ္ဘီရ ဟူသော ထိုးထွင်းသိမြင် ဉာဏ်ပညာနက်နဲခြင်းဟူသည့် နက်နဲခြင်းလေးပါးနှင့် ပြည့်စုံညီညွတ်တော်မူသည်။

ယင်းသို့သော အနှစ်သာရ ဝိသေသနှင့် ကုံလုံပြည့်စုံသော ပဋ္ဌာန်းတရားတော်ကြီးကို ပဋ္ဌာန်းအရာ ဉာဏ်ပညာကြီးမားတော်မူခဲ့ကြသော ပုဂ္ဂိုလ်ကျော်ကြီးများသည် ပဋ္ဌာန်းအဋ္ဌကထာ၊ မူလပဋ္ဌာန်း၊ အနုဋီကာလပဋ္ဌာန်းစဉ်ဆိုင်ရာ နိဿယများ၊ အရကောက်များ၊ အဖွင့်

# လှမြင့် (ရန်ကုန်တက္ကသိုလ်)

## လယ်တီပဏ္ဍိတဦးမောင်ကြီးနှင့် ပဋ္ဌာန်းတရားတော်





www.burmeseclassic.com

www.burmeseclassic.com

ကျမ်းများ၊ အဖွင့်ကျမ်းများ အခြေခံကျမ်းများ၊ အမွှမ်းများသည်တို့ကို ရေးသားစီရင်၍ ပဋ္ဌာန်းတရားတော်မြတ်ရှင်သန်ပြန့်ပွားစေရေးအတွက် ကြိုးပမ်းရွက်ဆောင်တော်မူခဲ့ကြသည်။

ထေရဝါဒဗုဒ္ဓသာသနာတော်ဖွံ့ဖြိုးစည်ပင်နေသောမြန်မာနိုင်ငံတွင် ပဋ္ဌာန်းတရားတော်ကြီးကို စည်ပင် ပြန့်ပွားတိုးတက်ထွန်းကားအောင် ကြိုးပမ်းရွက်ဆောင်တော်မူခဲ့ကြသော ရဟန်းရှင်လူပုဂ္ဂိုလ်ကြီးများတွင် ကိုလိုနီခေတ်၏ စာရေးဆရာကြီး လယ်တီပဏ္ဍိတဦးမောင်ကြီးသည် တစ်ဦးအပါအဝင်ဖြစ်သည်။ လယ်တီပဏ္ဍိတဦးမောင်ကြီး (ခရစ်နှစ် ၁၈၇၈-၁၉၃၉) သည် ပဋ္ဌာန်းတရားတော်ကြီးနှင့် ပတ်သက်သော ရောင်ခြည်တော်ဘွဲ့ဂါထာများ၊ ရောင်ခြည်တော်ဘွဲ့ကဗျာများ၊ ပဋ္ဌာန်းဝတ္ထုနှင့် ပဋ္ဌာန်းအမေးအဖြေ စသည့် စာပေများကို သီကုံး ရေးသား ပူဇော်ခဲ့ပါသည်။ လယ်တီပဏ္ဍိတဦးမောင်ကြီးသည် ပါဠိကဗျာနှင့် မြန်မာကဗျာကို ကျွမ်းကျင်နိုင်နင်းသူပီပီ ပါဠိကဗျာအသွားကိုမှီ၍ ပဋ္ဌာန်းပါဠိတော်ဆိုင်ရာ မြန်မာရှစ်လုံးဖွဲ့ကဗျာပုံစံသစ်ကို တီထွင်ရေးဖွဲ့ခဲ့သည်။ လယ်တီပဏ္ဍိတဦးမောင်ကြီး၏ ပဋ္ဌာန်းဒေသနာဆိုင်ရာရှစ်လုံးဖွဲ့ကဗျာများသည် အမြို့မြို့နယ်နယ်အရွာရွာတို့တွင် အသံမစဲ ပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲများနှင့် ဗုဒ္ဓဘာသာဝတ်အသင်းများ၌ ရွတ်ဆိုပူဇော်ခဲ့ကြပြီး ပဋ္ဌာန်းတရားတော် ပြန့်ပွားထွန်းကားရေးအတွက် အထူးအထောက်အပံ့ပြုနေလျက်ရှိသည်။

လယ်တီပဏ္ဍိတဦးမောင်ကြီးရေးဖွဲ့ခဲ့သော 'နီလာ နီလာ နိစ္ဆရန္တိ၊ ပီတာ ပီတာစရံသိယော' အစချီသည့် ရောင်ခြည်တော်ပင့်၊ ဘုရားပင့် ရှစ်လုံးဖွဲ့ဂါထာတော်ကြီးသည် မြန်မာနိုင်ငံပဋ္ဌာန်းတရားတော်ပြန့်ပွားထွန်းကားရေးတွင် မြို့ပြမှ ကျေးရွာအဆုံး ကျယ်ပြန့်စွာဆောင်ရွက်မှုပြုခဲ့သည်။

လယ်တီပဏ္ဍိတဦးမောင်ကြီး ရေးသားခဲ့သော ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ရန် တိုက်တွန်းနှိုးဆော်လွှာ ပဋ္ဌာန်းအမွှမ်းဖြစ်သော -

ш *ဘဂဝါဘုန်းလိှုင်၊ နှန်းပြိုင်တုကင်း၊ အဖက်ကွာ စကြာမင်းအစစ်ဖြစ်တော်မူ သောတိဘပါရဂူ၊ သဗ္ဗညူရှင်တော်မြတ်ဘုရားသည် ငါးပါးမာရ်နှင့် ပလ္လင်ဗွေထွတ်၊ မြေတမွတ်ဝယ်၊ ရွှေဝတ်လွှာမှုန် ကြာပဒုံသို့ အဖုံလေးလီ ခိုင်နှင်းဆီကို လှမ်းမီချွတ်ခြွေ၍ ကရွတ်ခွေဝင့်စက်မှလွတ်ထွက်တော်မူပြီးနောက် သတ္တာသတ္တာဟနဝတာလီကိန်းယာယီဖြင့်၊ ခိုမှီပြောင်းစံတော်မူဆဲအခါ၊ ရတနာကရသတ္တာဟဝယ်၊ မွမ်နက်ကျယ်၊ သမုဒ်နယ်သို့၊ ဆန်းကြယ်နက်ဝှမ်း ပဋ္ဌာန်းကျမ်းကို ထောက်လှမ်းမြူးကွန့် ရွှေဉာဏ်တော်လွန့်လေသော်၊ ရောင်ညွန့်ရောင်စွယ်၊ ရွှေဘုန်းတော်ခြယ်သောကြောင့်သပ္ပာယ်လို့ ရှုမဆုံး . . .*



အစရှိသည့် ပဋ္ဌာန်းအမွှမ်းတော်သည်လည်း မျက်မှောက်ခေတ် ထေရဝါဒဗုဒ္ဓသာသနာတော် ပြန့်ပွားစည်ပင်ထွန်းကားရေးအတွက် မွမ်အကျိုးတော်ဆောင်ကြီးဖြစ်နေသည်။

လယ်တီပဏ္ဍိတဦးမောင်ကြီး ရေးဖွဲ့ခဲ့သော မြတ်စွာဘုရားရှင်၏ ရောင်ခြည်တော်ခြောက်သွယ်ဘွဲ့ကဗျာများသည် ဗုဒ္ဓဘာသာအသင်းအဖွဲ့များ၏ အမြဲမပြတ် ရွတ်ဆိုပူဇော်လျက်ရှိသော ပဋ္ဌာန်းတို့ကဗျာများအဖြစ် -

ш *ဘုန်းတော်အောင်ပန်း၊ ညောင်*
*နန်းမဏ္ဍိုင်၊*
*ပလ္လင်ဘူမိ၊ ဗောဓိခရိုင်၊*
*ပြိုင်ဆိုင်ရန်လေး၊ မာန်ဘေးခုတ်ချိုင်၊*
*သစ္စာပန်းဆင်မြန်း ရွှေလက်ကိုင်း*
*ဟူ၍ နိဒါန်းချီလျက် -*
*ခြောက်ဖြာလူးလွန့်၊ မြူးကွန့်*
*ရောင်ဝေ၊*
*ကျောက်မျိုး၊ စိန်မျိုး၊ မှိန်ညှိုးသလေ၊*
*ဘုံဗြဟ္မာနတ်၊ ပြာသာဒ်ဆောင်တွေ၊*
*ထွန့်နိုင်ပဲ၊ ပြာမွဲမှောင်ရချေ။*
*မြရောစိန်ရော၊ မှိန်သောရောင်*
*ခြည်၊ နေဝန်းလဝန်း၊ မထွန်းမကြည်၊*
*ဗြဟ္မာရုံဝမ်းနှင့်၊ နတ်တိုင်းရွှေပြည်၊*
*နေရောင်ဖုံး၊ ပိုးစုန်းတူကြသည်။*
*လောကဓာတ်လုံး၊ မဆုံးနိုင်ပေါင်း၊*
*ဒိသာဆယ်ခန်း၊ ကြွမြန်းအရောင်၊*
*မြေထု၊ ရေထု၊ လေထုကုန်အောင်၊*
*ဆင့်ဆင့်စွဲ တင့်ကဲထိန်တောက်*
*လောင်။*
*ပဋ္ဌာန်းသိမ်မွေ့၊ ရှိန်ငွေ့တော်ပင်၊*
*ခြောက်ဆူရောင်ဖြိုး၊ တန်ခိုးအရှင်၊*
*ဆဗ္ဗတ္တာဟု၊ မည်ရကျော်ထင်၊*
*ဦးညွှတ်တရား ဘုရားမြတ်သခင်၊*
*ကဝိကဝိန်၊ သဒ္ဒါပွားလို့၊ နာကြား*
*မြိန်မြိန်၊ ရွတ်ဆိုရေး၊ လျှပေးဉာဏ်*
*စက်ရှိန် . . .*

ဟူ၍ အဆုံးသတ်ရေးဖွဲ့ကာ ဗုဒ္ဓဝတ်အသင်းအဖွဲ့အသီးသီး၏သီဆိုပူဇော်ဦးခိုက်မှုဖြင့် ပဋ္ဌာန်းတရားစည်ကြီးကို ရိုက်ဟည်းစေခဲ့သည်။

နိုင်ငံတော်သံဃာ့မဟာနာယကစာကြည့်တိုက်မှူး ဆရာတော် ဦးပညောသာမိ (မာဂဓီ-သာစည်) ကြီး၏ အသံမစဲ ပဋ္ဌာန်းပူဇော်မှု စာအုပ်တွင်လည်း ဗုဒ္ဓသာသနာတော် ထွန်းကားသော မြန်မာနိုင်ငံတွင် ပဋ္ဌာန်းသာသနာတော်ကြီးကို စည်ပင်ပြန့်ပွားအောင် ဆောင်ရွက် လုံးပမ်းခဲ့ကြသော ရဟန်းရှင်လူပုဂ္ဂိုလ်ကြီးများအသီးသီးတွင် လယ်တီပဏ္ဍိတဦးမောင်ကြီးသည်လည်း ပဋ္ဌာန်းကျေးဇူးရှင်ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ကြောင်းကို ဤသို့ ဖော်ထုတ်မှတ်တမ်းတင်ခဲ့သည်။

လယ်တီပဏ္ဍိတဦးမောင်ကြီးကား ပဋ္ဌာန်းတရားကို ပြန့်ပွားအောင် ဆောင်ရွက်ရာ၌ ရှေ့တန်းမှ ကလောင်ကိုင်၍ ချီတက်ခဲ့သော ကျေးဇူးရှင်ကြီးတစ်ဦးဖြစ်ပါသည်။ ရောင်ခြည်တော်ဘွဲ့ဂါထာများ၊ ရောင်ခြည်တော်ဘွဲ့ကဗျာများ၊ ပဋ္ဌာန်းဝတ္ထုနှင့် ပဋ္ဌာန်းအမေး၊ အဖြေ စသော စာပေများကိုလည်း တွင်ကျယ်စွာ ရေးသားထားခဲ့ပေသည်။

ယနေ့အမြို့မြို့အရွာရွာတွင် အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများနှင့် ဝတ်အသင်းများသည် လယ်တီပဏ္ဍိတဦးမောင်ကြီး၏ရောင်ခြည်တော်ဘွဲ့များနှင့် မကင်းနိုင်သည်အထိ အသုံးများခဲ့ကြသည်။ ထို့ကြောင့် လယ်တီပဏ္ဍိတဦးမောင်ကြီးသည် ပဋ္ဌာန်းကျေးဇူးရှင်ကြီးတစ်ဦးဖြစ်ပေသည်ဟု မှတ်ချက်ပြုလိုက်ရပေသည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com

# ပြည်လုံးချမ်းသာဆုတောင်းပြည့်ဘုရားကြီး ရှေးဟောင်းသမိုင်းဝင်ဇလွန်းစေတီတော်

မောင်စိမ်းတွေး(ထားဝယ်)

မြူနှင်းပျပျ ဒီဇင်ဘာဆောင်း နံနက်ခင်းတွင် စာရေးသူနှင့် ကိုမိုးမင်းဦး တို့နှစ်ယောက် အာဇာနည်လမ်း တစ်လျှောက် ဆိုင်ကယ်ကို ဖြည်းဖြည်း မှန်မှန်မောင်းလာသည်။ အာဇာနည် လမ်းမကြီးကို ကျွန်တော်တို့ငယ်စဉ်က ယိုးဒယားလမ်းဟု ခေါ်၏။ ရှေးရှေး ခေတ်ကပင် ယိုးဒယား (ထိုင်း) သို့ပေါက် သောလမ်းဖြစ်သည်။ ဗမာ့လွတ်လပ်ရေး တပ်မတော် (BIA) စစ်ကြောင်းကြီး ထားဝယ်သို့ ဤလမ်းအတိုင်း ချီတက် ဝင်ရောက်လာခဲ့ပေသည်။ ထားဝယ်မြို့ အရှေ့ထွက်ပေါက် ဗျောတောဝဂိတ်ကို ဂငယ်ကွေ့ချိုးလိုက်သည်နှင့် ဝင်းမှည့်နေ သောစပါးခင်းလယ်ကွင်းပြင်၊ စိမ်းမှောင် မှောင်ထန်းပင်ပျိုတန်း၊ ခနော်နီခနော်နဲ့ တစ်ဖက်ယပ်ထန်းတဲလေးတို့ကို ဘွားခနဲ မြင်တွေ့ရသည်။ ဟွန်းတတီတီပေး၍ ထားဝယ် - ထီးခီး ပြေးဆွဲသော ကား တစ်စီး ကျွန်တော်တို့အားဖြတ်တက်သွား သည်။ နယ်စပ်ကုန်သွယ်ရေးစခန်း ထီးခီး မှ ထိုင်းသို့ နေ့ချင်းပေါက်သွားလာနေ ပေပြီ။

ဇလွန်းရွာလယ် ဘူတာရုံလမ်းခွဲ ကျော်သည်နှင့် ကုန်းတော်ပေါ် စံပယ် တော်မူလျက်ရှိသော ပြည်လုံးချမ်းသာ ဘွဲ့တော်ခံ ဇလွန်းစေတီတော်မြတ်ကြီး အား နေခြည်အောက်တွင် ရွှေသင်္ကန်း တော်တဝင်းဝင်းနှင့် ရွှေတောင်ကြီးပမာ သပ္ပာယ်တင့်တယ်လှစွာ ဖူးမြော်ကြည် ညိုရပေတော့သည်။


**၁ စေတီရင်ပြင်တော်သို့**

ကုန်းတော်ပေါ်သို့ တက်သော စောင်းတန်းရှည်မျောမျောအဝ၌ ခြင်္သေ့ နှစ်ကောင်က တစ်ဖက်တစ်ချက် ဆီးကြို နေသည်။ စောင်းတန်းတစ်လျှောက် ထားဝယ်ရာဇဝင်ပန်းချီကားများကိုချိတ် ဆွဲထားလျက် အောက်ခြေစာနှင့်ရှင်းလင်း ထားသဖြင့် ဘုရားဖူးများဗဟုသုတတိုးရ သည့်အပြင် နားနားနေနေ ကုန်းအတက် ကို အမောပြေစေပါသည်။ စာရေးသူ ဓာတ်ပုံမှတ်တမ်းများ ရိုက်ယူနေစဉ် တက္ကသိုလ်ကျောင်းသူတစ်စုရောက်လာ သည်နှင့် ကြုံကြိုက်နေသေးတော့၏။

ကျွန်တော်တို့က စောင်းတန်းမှမတက်။ ကုန်းစောင်းအတိုင်း ဖောက်ထားသော တောင်ပတ်လမ်းမှ ဆိုင်ကယ်ဂီယာ နံပါတ်တစ်ထိုး၍ တဝေါဝေါအသံပေး တက်သည်။ကွေ့ကာဝိုက်ကာစောင်းတန်း ထိပ်ရှိ ဓမ္မာရုံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသည်။ ကုန်းတော်မတ်မတ်မှ တောင်ခြေအထိ သံဃာတော်အရှင်မြတ် များ စီတန်းကြွမြန်းနေသည်ကို ဖူးမြင်ရ သည်။ ဟိုးအဝေး ရှေ့တည့်တည့်၌ ပြာမှိုင်းမှိုင်း အောက်ပုပွားခေါ် စပါး တောင်ကြီးကို လွမ်းဆွတ်စဖွယ်လှမ်းမြင် ရပါ၏။

ဓမ္မာရုံဦးတွင် လိုဏ်ဂူဘုရားသိမ် နှင့် ကိုးနဝင်းဆုတောင်းပြည့်ဘုရား





စေတီတော်မြတ်ကြီးအား သပ္ပာယ်စွာ အနီးကပ်ကြည်ညိုဖူးမြော်ရပုံ



www.burmeseclassic.com

www.burmeseclassic.com



ငါးရုံမှင်းဓရကန်အနီး၊ စေတီညီနောင်



ဘုရားကိုးဆူသိမ်အလယ်ထိုင်ရှေးဟောင်းရုပ်ပွားတော်မြတ်ကြီး
(ဝဲဘက်သို့အနည်းငယ်တိမ်းစောင်းလျက်ရှိသည်)

(ဘုရားကိုးဆူသိမ်) ရုပ်ပွားတော်များကို ဖူးမြော်ရသည်။ ရှေးမြန်မာကြီးတို့၏ ပန်းရန်၊ ပန်းတော့ဗိသုကာအနုပညာ လက်ရာအဆင့်မြင့်မြင့်ကို တွေ့မြင်ရသကဲ့သို့ နှစ်ပရိစ္ဆေဒကြာသဖြင့် သိမ် (၂) သိမ်တို့၏ အုတ်နံရံ၌ သရိုးကိုင် အာနိသကုန်၍ အဖတ်လိုက်ကွာသော နေရာကို အင်တေနှင့်ကွက်ကျားဖာထေးထားသည်ကိုပါ စိတ်မကောင်းစွာ သတိပြုမိသည်။ ဤဘုရားသိမ်တို့၏ အမိုးခုံးတို့မှာ စေတီတောင်ဘက် ပလ္လင်တော်နှင့်တစ်တန်းတည်းဖြစ်ပြီး အမြင့် (၇) ပေ အသီးသီးရှိသည်။ ဂူသိမ်အတွင်း ထိုင်တော်မူဂူနံရံကပ်ဘူမိဖဿမုဒြာရုပ်ပွားတော်မြတ်ကြီးတွင် အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့မှအစ ဆေးဝါးဂါထာမန္တန်အဆုံး သိဒ္ဓိတင်ခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်းဖြင့် တန်ခိုးရှိန်စော်ပေါက်အောင်မြင်သည်ဟု ဆိုပါသည်။ တပေါင်းလပြည့်နေ့ရွာတွင်း၊ ရွာပ လှည့်လည်အဖူးမြော်ခံသော ဉာဏ်တော်မတူညီသည့် မတ်ရပ်ဆင်းတုငါးဆူကို သိမ်အတွင်းပူဇော်ထားသည်။

ကိုးနဝင်းဘုရားကိုးဆူသိမ်တော်၌ အလယ်ထိုင်ရုပ်ပွားတော်မြတ်နှင့် သိမ်နံရံမှီပ် ထိုင်တော်မူ လက်ဝဲလေးဆူ၊ လယ်ယာလေးဆူဖူးရသည်။ မင်းပြစ်မင်းဒဏ်ကင်းလွတ်ခြင်း၊ ဘေးဥပဒ်ကင်းခြင်း ဆုတောင်းပြည့်ကြောင်း ယုံကြည်ကြသည်။ အလယ်ထိုင်တော်မူရုပ်ပွားတော်မှာ လက်ဝဲဘက်သို့ အနည်းငယ်တိမ်းစောင်းနေကြောင်း၊ ဂျပန်စစ်တပ်က



ဇလွန်းအရှေ့ကျောင်းသိမ် ရှေးဘုရားရုပ်ပွားတော်မြတ်များ ဖူးမြင်ရစဉ်



www.burmeseclassic.com

www.burmeseclassic.com

စေတီတော်အောက် ဥမင်လိုဏ်ခေါင်း တူးဖော်ခဲ့သည်ကိုမြေဖို့ထားရာမှ မြေနိမ့်ဆင်းခြင်းကြောင့်ဖြစ်ကြောင်း ဂေါပက လူကြီးက ရှင်းပြပြီး လိုဏ်ခေါင်းထွက်ပေါက်နေရာကို လိုက်လံ ပြသပါသည်။ အမှန်ပင် လိုဏ်ထွက်ပေါက်ကိုပိတ်ထားသော မြေထိန်းနံရံအုတ်တချို့ ယိုင်ယဲ့ထွန့်ခေါက်လျက်ရှိနေသည်။ သိမ်ဘုရားထောင့်ချိုးတွင်မူ ပြည်လုံးချမ်းသာဆုတောင်းပြည့် ရွှေဟောင်းဘုရားကြီးသမိုင်းဝင် ဇလွန်းစေတီတော်ထီးရိပ်တည်း။

၁ ဘုရားကြီးသမိုင်း

ဇလွန်းစေတီဘုရားကြီး၏ သမိုင်းအချက်အလက်ကို ဂူဘုရားသိမ်အတွင်း နံရံတွင် ဖတ်ရှုရပါသည်။ ထားဝယ်သုံးရွှေသက္ကရာဇ် ၁၉၅ ခုနှစ် ဇေတဝန်ဆရာတော် ထပ်မံတည်သော စေတီတော်အတွင်းမှ အထူတစ်မတ်သားရှိ ရွှေပြားပေါ် ခတ်နှိပ်ထားသောမူအတိုင်းမှာ -

သိဂ်ုတ္တရကုန်းတော်ကဲ့သို့ ဘုရားပုထိုးတည်ဖို့မှတစ်ပါး မည်သည့်ကိစ္စအတွက်မျှ မလျော်ကန်တော့သည့် ထားဝယ်မြို့မှ အရှေ့ဘက် တစ်မိုင်အကွာ ဇလွန်းရွာရှိ တောင်ကုန်းသည် ကောက္ကသံဘုရားလက်ထက်တော်တွင် အလောင်းတော်သည် တောင်အနောက်မြောက်ရှိ အိုင်သာယာ၌ ငါးရံ့မင်းဘဝဖြင့် လည်းကောင်း၊ ကောဏဂုံဘုရားလက်ထက်တွင် ဥဒေါင်းမင်းဘဝဖြင့် လည်းကောင်း၊ ကဿပဘုရားလက်ထက်၌ ဥဇ္ဇေနီပြည်မှ ဗန္ဓုသေနမင်း၏ သားတော် ရသေ့မြတ်ဘဝဖြင့် လည်းကောင်း ကျက်စားရာဌာနဖြစ်ခဲ့၏။

စေတီအနောက်တောင်ထောင့် ပလ္လင်တွင် အထင်ကရရေးထိုးထားသောကမ္ပည်းတွင် -

ဘုရားအလောင်းတော်သည် ငါးရံ့မင်းဘဝ၊ ဥဒေါင်းမင်းဘဝ၊ ရသေ့မြတ်ဘဝအားဖြင့် သုံးဘဝ ဤတောင်တန်းမြတ်တွင် ကျင်လည် ကျက်စားခဲ့ဖူးရာ ကောဇာ ၁၉၂ ခုနှစ်တွင် နန်းစံသော ဇလွန်မင်းတရားက ဇလွန်းတောင်ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီးကို တည်ထား ကိုးကွယ်ခဲ့သည်။ တစ်ဖန် ကောဇာ ၂၉၅ ခုနှစ်တွင် ဇေတဝန်ဆရာတော်၊ ၎င်းနောက် ကောဇာ ၈၈၉ ခုနှစ်တွင် နှမတော် မယ်ဇော်အား လွမ်းအားပိုလှသဖြင့် ရှင်ဖံမင်းတရားက စေတီ



ဘုရားကိုးဆူသိမ် နံရံမြှုပ် ရွှေဘုရားထိုင်တော်မူရုပ်ပွားများ



ရွှေလက်ရာ ဂူနံရံကပ်ဘုမိဖသသရုပ်ပွားတော်




ဂူဘုရားသိမ်အတွင်း မတ်ရပ်ဆင်းတု (၅) ဆူ




www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာရုံရှိ ခေါင်းလောင်းကြီး



စေတီတော်အနောက်ဘက်လှေကားမှဖူးတွေ့ရပုံ



ပြည်လုံးချမ်းသာဆုတောင်းပြည့် ဇလွန်းစေတီတော်ကြီးအား ကုန်းစောင်းတစ်နေရာမှ ဖူးတွေ့ရစဉ်



စေတီရင်ပြင်ဓမ္မာရုံကြီး



ခြင်္သေ့ကြီးနှစ်ကောင်နှင့် ဇလွန်းတောင်စေတီမုခ်ဦး

တော်ကို ထပ်မံ ပြုပြင် တည်ထားခဲ့ကြောင်း အဆိုရှိသည်။ ကောဇာ ၁၂၃၄ ခုနှစ် ဘုန်းမြတ်ကြီး ဦးထူးက ထပ်မံတည်ထား ပြုပြင်ခဲ့သည်။ စေတီတော်ကို မိုးကြိုးခသဖြင့် ကောဇာ ၁၂၄၆ ခုနှစ်တွင် ဇလွန်းရွာအရှေ့ကျောင်းဘုန်းမြတ်ကြီးဦးဖဲက ဂန္ဓကုဋိအထက်ပိုင်းကို ပြုပြင်ခဲ့သည်။

သက္ကရာဇ် ကောဇာ ၁၃၀၃ ခုနှစ်မှ ၁၃၀၇ ထိ ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်ကြီးအတွင်း မြန်မာပြည်ကို အင်္ဂလိပ်လက်မှ သိမ်းယူလိုက်သော ဂျပန်လူမျိုးစစ်တပ်များက စေတီတော်အောက်တွင် ခံတပ်ဥမင်လိုဏ်ခေါင်းများ တူးဖော်ကြသဖြင့် ပြိုကျပျက်စီးခဲ့ရာ ကောဇာ ၁၃၁၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ဂဏိဝိမုတ်စာချွန်တော်အရ ကူးတို့ဂိုဏ်ဝင် ဆဋ္ဌဂိုဏ်းချုပ်ဇလွန်းအရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တသုမနမဟာထေရ်က အုတ်မြစ်တော်စီ၍ ဗုဒ္ဓဝေယျာဝစ္စသမ္မာဝါယာမအသင်း၊ ဗုဒ္ဓဝေယျာဝစ္စဲ့ယုဝတီအသင်းတို့က ကမကထပြုကာ စေတီတော်ကို အသစ်တည်ထား ကိုးကွယ်ခဲ့ကြသည်။

စေတီတော်ကို တည်ထားရာတွင် ဆရာတော် ဘဒ္ဒန္တသုမနမဟာထေရ်၏ တပည့်အရင်း အရှင်နာဂသေနနှင့် မဟာဗောဓိဉာဏရသေ့ကြီးတို့က ကြီးကြပ်အုပ်ချုပ်စီမံခဲ့ကြ၍ အသင်းလူကြီးများမှာ ဦးဖထွန်း၊ ဦးပါပု၊ ဦးဘခင်၊ ဦးညိုနီ၊ ဦးထွန်းဇံ၊ ဦးပွ၊ ဦးဘဆွေတို့ဖြစ်ကြပြီး




www.burmeseclassic.com

www.burmeseclassic.com



ဇလွန်းတောင်စောင့်ဘိုးဘိုးကြီး




မြတ်ဗုဒ္ဓ မေတ္တာတော်ဖြင့် နာဠာဂီရိဆင်ကို အောင်နိုင်တော်မူပုံ



ရှင်ဇောနတ်စခန်း

ပန်းရန်ဆရာမှာ အသက် (၇၀) ရှိသော ဦးစိန်ပြေဖြစ်ကြောင်း၊ ဤဇလွန်းတောင်တော်တွင် ကောဇာနှစ် ၈၈၅ ခုနှစ် (မူကွဲ ၁၅၀) ၌ နန်းတက်တော်မူသော ရှင်ဇံ(ခေါ်)သမွန်မင်း(ခေါ်)နန္ဒိယမင်းသည် လောကသာရမထေရ် သနားတော်မူသော ဓာတ်တော်မွေတော်စစ်များကို ဌာပနာ၍ သီဟိုဠ်ဘုရင်နှင့် သင့်မြတ်သဖြင့် သီဟိုဠ်ကျွန်းသို့ လိုက်ပါသွားရသူ အစ်မတော် ရှင်ဇောအား အောက်မေ့တမ်းတလျက် လွမ်းစေတီတည်သော ကြောင့် ဇောလွမ်းမှ ဇောလွန်း၊ ယခု ဇလွန်းဟု အမည်အဆင့်ဆင့် ပြောင်းလဲ၍ မင်းနှင့်ပြည်သူ ကြည်ဖြူစွာ အခါခါ ထပ်မံတည်ဆောက်ခဲ့ကြောင်း၊ ဇလွန်း အရှေ့ကျောင်းစတုတ္ထဆရာတော်အရှင် နာဂသေန၏စာမူတွင် လေ့လာဖတ်ရှုရသည်။ (စကားချပ်-အရှင်နာဂသေန၏



ဓမ္မာရုံအတွင်းဝယ်




ထားဝယ်ရာဇဝင်ပန်းချီကားများ စောင်းတန်းတစ်လျှောက် ချိတ်ဆွဲထားသည်




www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ပလ္လင်၌ ရေးထိုးကမ္ပည်း (ဘုရားသမိုင်းအကျဉ်း)



ဥမင်လိုဏ်ခေါင်းထွက်ပေါက် (အုတ်စီနံရံတွန့်ခေါက်နေရာ)



ဂူဘုရားသိမ်အတွင်းနံရံဘုရားကြီးသမိုင်းအချက်အလက်

စာမူကို ဂေါပကရုံးတွင် သိမ်းဆည်းထား ပါသည်။)

၂ ဘုရားရေသွန်းခြင်းအစ

ထားဝယ်ရာဇဝင်တွင် သာဂရ ထီးနန်းကို စိုးစံအုပ်ချုပ်သော ရှင်ဇံမင်း လက်ထက် သက္ကရာဇ် ၈၈၉တွင် မိုးခေါင် သဖြင့် ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့အားမေး ၍ ဝေဿဝဏ္ဏနတ်မင်းကြီးက မယ် တော် ကျေးဇူးရှင် ငါးခုံးမကို မေ့လျော့ လျက် အမြဲမပသ၍ မိုးခေါင်ခြင်း ဖြစ် သည်။ မယ်တော်ကို လည်းကောင်း၊ ဝေဿဏ္ဏနတ်မင်းကြီးကိုလည်းကောင်း၊ မိုးနတ်သားကိုလည်းကောင်း ပသရမည်။ ဇောလွှမ်းဘုရား၌ ငါးရံ့မင်းကျင်လည်ရာ နဒီအိုင်သာရေကို ကြခတ်ဝါးဆစ်ပြန် ကျည်တောက်ဖြင့်ယူ၍ ရေသပ္ပာယ်ရ မည်။ မြို့အနောက်မှ ဖားဖို၊ မြို့အရှေ့မှ ဖားမတို့အား ဖားအိုင်၌မြူးထူးစေရမည်။ ရှေးထုံးနည်း အိုးစည်၊ ဂျင်းရန်း၊ ခွက်ခွင်း၊ ပုလွေ၊ ကချေသည်လေးယောက်ကခုန် သီဆိုတီးမှုတ်ကြရမည်ဟုသတိပေးသည်။

၃ ဖားထီး၊ ဖားမပွဲ

ထားဝယ်တွင် မိုးခေါင်လျှင် ဖားထီး၊ ဖားမပွဲ ကျင်းပသော ရှေးအစဉ် အလာရှိသည်။ မြို့အနောက် ဆန်းချိရပ် မှ ရိုးရာ ဆွေစဉ်မျိုးဆက်ရှိသူ ဦးကြီး တစ်ယောက်က ဖားထီး၊ မြို့အရှေ့ ကျောက်မော်ရပ်မှ ရိုးရာရှိသူ အဒေါ်ကြီး တစ်ယောက်က ဖားမတာဝန်ယူရသည်။

ရေမသွန်းမီ အကြိုနေ့ညနေတွင် အလောင်းတောင်ငါးရံ့မင်း ကျက်စားဖူး ရာ ရေအိုင်တွင် သံဃာတော်မြတ်တို့က ငါးရံ့မင်းပရိတ်ရွတ်ဖတ်သည်။ ရေသွန်း မည့်နေ့ မွန်းလွဲတစ်နာရီအချိန်တွင် ဖားထီး၊ ဖားမအဖြစ် တာဝန်ယူသူနှစ်ဦး ကို အဓိကပြု၍ ပရိသတ်အား ဆရာ တော် အရှင်သူမြတ်များက ငါးပါးသီလ ပေး၍ ငါးရံ့မင်းပရိတ်ရွတ်ဖတ်သရဇ္ဈာယ် သည်။ ထိုနောက် ငါးရံ့မင်းရေကန်သို့ သွားပြီး ရေကန်အနီး ယာယီတူးဖော် ထားသော စတုရန်း (၄) တောင်ပတ် လည်ခန့်ရှိ ရေအိုင်ငယ်နံဘေးတွင် ဖားမ လုပ်သူကရှေ့၊ ဖားထီးလုပ်သူက နောက် ဖားသဏ္ဍာန် လေးဖက်ထောက်ထိုင်နေ ကြရသည်။ ထိုအချိန်တွင် သက်ဆိုင်ရာ နတ်တို့အား နတ်ကန်တော့ပွဲပေး ပူဇော် ပသကြရသည်။ နတ်ပသပြီးသောအခါ ဖားထီး၊ ဖားမတို့က အုမ်အင်အုမ်အင် အော်မြည်လျက် ခုန်ဆွခုန်ဆွဖြင့်ရေအိုင် ငယ်ကို လက်ယာရစ်သုံးပတ်မျှည့်သွား



www.burmeseclassic.com

www.burmeseclassic.com

သည်။ ယင်းနောက် ရေအိုင်ငယ်အတွင်း ဆင်းကြပြီး မိတ်လိုက်ဟန်ဖြင့် ဖားမပခုံးကို ဖားထီးက နောက်မှ လက်နှစ်ဖက်နှင့် ခဏတင်ကိုင်ထားရသည်။ ထိုအခါ သက်ဆိုင်သူတို့က တင်ကူးရေစိမ်ထားသော ပင်စိမ်းစေ့ (ထားဝယ်အခေါ် လျှော်င်းစေ့) များကို ဖားဥတွေအုပြီဟု ကြပက်ပေးကြသည်။


ဖားထီး၊ ဖားမတို့က ငါးရံ့မင်းရေကန်သို့ဝင်၍ ကန်ပေါင်ကို ရှေးနည်းတူ အုမ်အင်အုမ်အင်မြည်ကာ လက်ယာရစ် သုံးပတ်ခုန်ဆွခုန်ဆွလှည့်သွားပြန်သည်။ ဖားထီးက ရေကန်ထဲခုန်ဆင်းလျက် ရေမြုးကစားရသည်။ထိုအခိုက် လူကြီးသူမတို့ကအသင့်ယူဆောင်လာသော အဆစ်ပြန်ကြခတ်ဝါးကျည်တောက်များဖြင့် ကန်ရေကိုခပ်ပြီး မိုးရွာဟန် ရေဖျန်းကြလေသည်။ ဖားထီးကလည်း ရေကန်မှရေကို လက်ဖြင့်ခပ်၍ခပ်၍ပက်တင်ပေးသည်။ ထိုသို့ ဖားပွဲကျင်းပနေစဉ် အိုးစည်ဝိုင်းအဖွဲ့များက တစ်ချိန်လုံး မိုးခေါ်သီချင်းကို တစ်ခဲနက် ဟိန်းဟိန်းထမျှ သီဆိုတီးမှုတ်ပေးနေရသည်။ နောက်ဆုံး၌ ဖားပွဲကျင်းပသူတို့သည် အဆစ်ပြန်ဝါးကျည်တောက်နှင့် ကန်ရေကို ခပ်ယူကြပြီး ဇလွန်းတောင်စေတီအား လက်ယာရစ် သုံးပတ်လှည့်ပူဇော်ကာ ရေသွန်းလောင်းသည်။ ဆင်ဆိပ်ရပ် သြရဂဋ္ဌန်စေတီတော်ကိုလည်း သွားရောက် ရေသွန်းကြသည်။

ထူးခြားချက်မှာ ဖားထီး၊ ဖားမပွဲသို့ လာရောက် ကြည့်ရှုကြသည့် ရဟန်းရှင်လူ မင်းစိုးရာဇာများပါမကျန် မည်သူတစ်ဦးတစ်ယောက်မျှ ထီး၊ ဦးထုပ် မဆောင်းကြရပေ။ ထားဝယ်ဒေသ အစဉ်အလာအရ မိုးခေါင်သည့်အခါ ဖားထီး၊ ဖားမပွဲကို ကျင်းပလာရာ ကောဇာနှစ် ၁၃၂၂ (၁၉၆၀ ပြည့်နှစ်) တွင် နောက်ဆုံး ပြုလုပ်ခဲ့ကြောင်းနှင့် ယင်းသို့ ဖားထီး၊ ဖားမပွဲကျင်းပနေဆဲ အမှန်ပင်မိုးရွာသွန်းကြောင်း မှတ်တမ်းတင် တိတိပပ ဖော်ပြထားသည်ကို ဖတ်ရှု လေ့လာ မှတ်သားရပါသည်။

❑ မိုးခေါ်သီချင်း

*- မိုး မိုး ဝါလိုက်ပမိုး၊ မိုးမဝါဘဲ ကြာလေဘီ၊ (သံပြိုင်) မိုးကီးလေကီးလာလေဘီ၊ ဝွဲ့ ဝွဲ့ ငွဲ့။*

*- မိုး မိုး ဝါလိုက်ပမိုး၊ အီမိုးခေါန် ဖြောင်းထောန်ရအောန်၊ (သံပြိုင်) နောန် နောန် မိုး ဝါလိုက်ပမိုး၊ ဝွဲ့*




ဖားထီးဖားမပွဲကျင်းပရာ ငါးရံ့မင်းရေကန်



ကုန်းတော်ပေါ်မှစီးမြင်ရသောမြင်ကွင်း၊ (ယိုးဒယား(ထိုင်း)လမ်းကို မြင်တွေ့နိုင်သည်)



ကုန်းတော်အောက်ခြေသို့ကြွချီနေသော သံဃာတော်အရှင်သူမြတ်များ



လွှမ်းဆွတ်စဖွယ် စပါးတောင်အား မြင်တွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com

ဝေ့ ဝေ့။
- ဒေါက်ပန်ထပ်မှာ မီးတကွယ်၊ သတ်ပါလေ မိုးမန်းကီး၊ (သံပြိုင်) ဖျောန်း ခွေ့ာင်း မလွှ်ရေစီး၊ ဝေ့ ဝေ့ ဝေ့။
- မိုးထိအောန်လှေကားထောန်၊ မိုး မှောန်တွဲလွဲ တောန်ကမဲ၊ (သံပြိုင်) ဝါ ပါလေ မိုးရွဲရွဲ၊ ဝေ့ ဝေ့ ဝေ့။
- အာလောဝ့ကွီး မိုးနာ့းနီး၊ မိုး မိုးကြိုး ပါလေ (သံပြိုင်) ရွှေခဲမိုးကြိုးပါလေ၊ ဝေ့ ဝေ့ ဝေ့။
- ကျွဲလူးအိုင်ဖား မိုးမန်းခေါ်၊ အုမ် အန်းအုမ်အန်းအော်၊ (သံပြိုင်)ကျေး သန်းရေကျော် ဝါလိုက်ပမိုး၊ ဝေ့ ဝေ့ ဝေ့။
- မိုး မိုး မိုးရိုထန်၊ သယ်မွေ့ပွန်မှာ ဝါလှဲမိုး၊ မိုးမဝါဘဲကြာလေဘီ၊ (သံပြိုင်) မိုးကီး လေကီးလှာလေဘီ၊ ဝေ့ ဝေ့ ဝေ့။
- လေကီးလာ့လာ မိုးကီးဝါဝါ၊ ဆန် ဘားပေါလှျု စားဒီမကူ၊ (သံပြိုင်) တိုင်းသားပြည်သူအေးဘီလေး ဝေ့ ဝေ့ ဝေ့။
- (သံပြိုင်) မိုး မိုး ဝါပါလှေမယ်-ဝါလှေမယ် (ဝါပါလေတော့ ဝါလေ တော့) ၂
ဝါလာဘီလေး ဝါလာဘီလေး ဝေ့ ဝေ့ ဝေ့။

ဝါလိုက်ပမိုး = ရွာလိုက်ပါမိုး၊
မိုးကီးလေကီး = မိုးကြီးလေကြီး၊
ဝေ့ ဝေ့ ဝေ့ = မိုးသံလေသံ၊
အီမိုးခေါန်ဖြောင်းထောန်ရအောန် = အိမ်မိုးခေါင်မြှုးထောင်ရအောင်၊
ဒေါက်ပန်ထပ်မှာ မီးတကွယ် = ပိတောက်ပင်ထက်မှာ မီးတကျည်၊
မိုးမန်းကီး = မိုးမင်းကြီး၊
အာလောဝ့ကွီး = အာလောကျီး၊
မိုးထိအောန် လှေကားထောန် = မိုးထိအောင် လှေကားထောင်၊
ကျွဲလူးအိုင်ဖား = ကျွဲလူးအိုင်ဖား၊
သယ်မွေ့ပွန်မှာ = သည်မြေပြင် မှာ၊
မိုးရိုထန် = မိုးရိပ်ထင်၊
စားဒီမကူ = စားလို့မကုန်၊
ဆန်ဘား = ဆန်စပါး။

## ❑ စေတီတော်အတိုင်းအထွာ

စေတီရင်ပြင်တော်ကို အင်္ဂတေ တံတိုင်း (၃)ဆင့် တစ်ဆင့်ပေါ် တစ်ဆင့် ခြေလှေျာထောက်ကန်ထားသည်။ ပလ္လင်တော်မှာ လေးထောင့်ဖြစ်ပြီး ပတ်လည် (၅၅) ပေ အမြင့် (၇) ပေရှိသည်။ ပလ္လင်ပေါ် ဂန္ဓကုဋိသည်လည်း စတုရန်းပုံ(၁၂) ပေမြင့်၏။ စွန်တော် (၃) ထပ် တွေ့ရသည်။ ဂန္ဓကုဋိမှ ပလ္လင်သို့ မိုးရေအတားအဆီးမဲ့ လေးဖက်လေးတန်လျှံကျသဖြင့် မတင့်တယ်။ စွန်တော်ခံပြီး ရေပိုက်ချသောအခါမှ အဆင်ပြေသည်ဟု ဆိုပါသည်။ ပထမစွန်တော် (၄) ပေ၊ (၇) လက်မ၊ ဒုတိယစွန်တော်(၄)ပေ၊ တတိယစွန်တော် (၃) ပေ၊ (၅) လက်မရှိသဖြင့် စွန်တော် (၃) ထပ် (၁၂) ပေအမြင့်ရှိ၏။

ပလ္လင်အောက်ခြေမှ ငှက်ပျောဖူးထိပ် (၅၆) ပေ၊ ဂန္ဓကုဋိအောက်ခြေမှ ငှက်ပျောဖူးထိပ် (၄၉) ပေ၊ ခေါင်းလောင်းတော်လုံးပတ် (၂၉)ပေရှိသည်။ အောက်အရံစေတီလေးဆူ ဉာဏ်တော် (၁၈)ပေ စီနှင့် ခေါင်းလောင်းတော်လုံးပတ်(၁၁½) ပေ၊ အထက်အရံစေတီလေးဆူ ဉာဏ်တော်(၈½)ပေစီနှင့် ခေါင်းလောင်းတော် လုံးပတ် (၇) ပေ၊ (၇) လက်မ အသီးသီးဖြစ်၏။ ဤအတိုင်းအထွာများကို ဂေါပက ဉက္ကဋ္ဌ ဦးစိုးတင်ကိုယ်တိုင် တိုင်းထွာယူထားကြော င်း သိရှိရပါသည်။

## ❑ စေတီတော်တည်မှုကွဲ

ဇလွန်းအရှေ့ကျောင်းစတုတ္ထဆရာတော် အရှင်နာဂသေန၏ ဇလွန်းစေတီဘုရားသမိုင်းစာမူတွင် မောင်တော်ဖြစ်သူ ရှင်ဇံမင်းက အစ်မတော် ရှင်ဇောအား လွမ်းသောကြောင့် လွမ်းစေတီတည်၍ ဇောလွမ်းစေတီမှ ဇောလွန်းစေတီ၊ တစ်ဖန် ကာလရွှေ့လျား၍ ဇလွန်းစေတီဟု အဆင့်ဆင့်ပြောင်းလာကြောင်းသိရသည်။

စာရေးဆရာကြီး ရွှေဝယ်ဇေ၏ ထားဝယ်ရာဇဝင်သမိုင်းတွင်မူ ကောက္ကသန်မင်းက သီဟိုဠ်သို့ဆောင်သွားစဉ် ရှင်ဇောသည် မောင်တော် ရှင်ဇံမင်းကို လွမ်းသောကြောင့် တစ်ခုသော တောင်ခြေသို့ သင်္ဘောဆိုက်ပြီးလျှင် ယင်းတောင်ပေါ်၌ ဇောလွမ်း (လွန်း) ဘုရားစေတီတစ်ဆူတည်ခဲ့သဖြင့် ယခုအခါ ဇလွန်းစေတီဟုခေါ် ဆိုကြောင်း ဖော်ပြထားသည်။

သို့ဖြစ်၍ မောင်တော်တည်သော စေတီနှင့် အစ်မတော်တည်သောစေတီဟု နှစ်မူကွဲနေသည်ကို တွေ့ရှိရပါသည်။ ထို့အတူပင် ရှင်ဇံမင်းနန်းတက်နှစ်ကို ကောဇာ စဈဉဟုဖော်ပြထားပြီး အခြားမူကွဲအဖြစ် ကောဇာ ၁၅ဝ ဟု တွေ့ရှိရပြန်ပါသည်။

## ❑ ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်

ဇလွန်းအရှေ့ကျောင်း တတိယဆရာတော်ဘုရားကြီးလက်ထက် မြန်မာ ၁၃၁၅ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ထားဝယ်မြို့ ဇရစ်ရပ် ဒေါ်အင်ကြူက ထီးတော်သစ် တင်လှူသည်။ တစ်ဖန် ထားဝယ်မြို့ ခုံဝင်းဒပ်ရပ် အငြိမ်းစား ရဲဝန်ကြီး ဦးစူ ဒေါ်ရွှေရွှေ ညီမ ဆရာမကြီး ဒေါ်အေးမေတို့က ရွှေသားအစစ် ငါးဆယ်သားဖြင့် ရတနာစလင်းစိန်ဖူးတော်ကြီးနှင့် ငှက်မြတ်နားတော်ကြီးကို တင်လှူခဲ့ပေသည်။ ၁၃၇၁ ခုနှစ်တွင် စေတီတော်မြတ်ကြီး၏ ငှက်ပျောဖူးကို (၆) လက်မခန့် မြှင့်တင်ပြုပြင်ခဲ့ကြောင်း သိရသည်။

ဇလွန်းဘုရားဗုဒ္ဓပူဇနီယတပေါင်းပွဲတော်ကို အစဉ်အလာမပျက် ကျင်းပခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် (၃)နှစ်ခန့် ပြတ်တောက်သွားပြီး ၁၃၇၄ ခုနှစ်တွင် ပွဲတော်ပြန်လည်ကျင်းပသည်။ တပေါင်းလပြည့်နေ့တွင် ဂူဘုရားသိမ်အတွင်း စံပယ်တော်မူသော မတ်ရပ်ဘုရား (၅) ဆူ ရွာတွင်း၊ ရွာပဘေးကင်း ရန်ကင်း ဒေသစာရီ ကြွချီလှည့်လည်ပူဇော်ခံပွဲကိုမူ နှစ်စဉ်ကျင်းပသည်။ တစ်ပတ်ခန့်တင်ကြိုပင့်ဆောင်၍ ရပ်ရွာအတွင်း ပူဇော်ခံပြီးမှ ရွာနီးချုပ်စပ်ပါမကျန်လှည့်သည်။ ဘုရားလှည့်ပြီးပါက စေတီရင်ပြင် ဓမ္မာရုံတွင် ဆရာတော်သံဃာတော်များထံမှ ရေစက်ချအနုမောဒနာတရား နာယူကြပြီး တစ်နှစ်ပတ်လုံး ပြုပြုသမျှ ကုသိုလ်ဒါနအစုစုတို့အတွက် ရွာလုံးကျွတ် ရေစက်သွန်းချ အမျှပေးဝေကြကာ တစ်ရွာလုံး မီးခိုးတိတ်ကျွေးမွေးညှော်ခံလေသည်။

## ❑ စေတီတော်၏အံ့ဖွယ်ဂုဏ်တော်

ဘုရားကြီး၏တန်ခိုးတော်ကြောင့် မည်သည့်ခေတ်ဆိုးကပ်ဆိုးမျိုးကြုံကြိုက်ရစေကာမူ ဘုရားကြီး၏အရိပ်၊ ဘုရားကြီး၏ရင်ငွေ့ခိုလှုံပြီး ဆည်းကပ်ကိုးကွယ်သော ပတ်ဝန်းကျင်ရပ်ရွာပေါင်းများစွာမှ ဝေနေယျသတ္တဝါတို့အား ကပ်ရောဂါနှင့် ဘေးအန္တရာယ်အသွယ်သွယ်ဟူသမျှတို့ အေးချမ်းစွာလွတ်ကင်းအောင်ကယ်တင်နိုင်ခြင်း။

ထားဝယ်ဒေသတွင် မိုးခေါင်လျှင် ထားဝယ်ဝေလေ့မိုးခေါ် ဖားထီး၊ ဖားမပွဲကျင်းပကာ ဘုရားရေသွန်း၍ မိုးရွာစေနိုင်ခြင်း။

ဘုရားဖူးများ ဖူးမဝဖြစ်၍ နောက်ထပ်ဖူးခွင့်ရပါစေဟု ဆုတောင်းသည်အထိ ကြည်နူးချမ်းသာစေခြင်းတို့ ဖြစ်သည်။

မောင်စိမ်းထွေး (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအုန်းသွင်

## (သဘာဝဓမ္မ)

## တရားအပေါင်းကိုသိတော်မူသော မြတ်စွာဘုရား



"မနေ့ကပညတ်အကြောင်းစပြောခဲ့တယ်နော်။ ပညတ်ဆိုတာ ပုဆိန်ရိုးလိုပဲ။ ပုဆိန်ကို အရိုးမပါဘဲသုံးလို့မရဘူး။ ဖြီးတော့ အရိုးနဲ့လည်းသုံးလို့မရဘူး။ တကယ်အသုံးပြုရတာ၊ ပေါက်ရခုတ်ရတာက ပုဆိန်အရွက်။ ဒါပေမယ့် ပေါက်ရာ၊ ခုတ်ရာမှာ မပါမဖြစ် အရေးပါတာကတော့ ပုဆိန်ရိုးပဲ"

စကားဝိုင်းစလျှင်စချင်း ကိုအုန်းစိန်က အထက်ပါအတိုင်းပြောပါသည်။ ဆက်လက်ပြီး-

"ပညတ်ကပုဆိန်အရိုးနဲ့တူတယ်။ ပရမတ်က ပုဆိန်အရွက်သို့မဟုတ်ပုဆိန်သွားနဲ့တူတယ်။ အဲဒီတော့ ပညတ်အကြောင်းပြောရင် ပရမတ်အကြောင်းလည်း နည်းနည်းပြောဖို့လိုမယ်။လောကမှာ သစ္စာသုံးပါးရှိတယ်"

**ရွှေ**။ ။ သစ္စာလေးပါးမဟုတ်ဘူးလားကွ။

**စိန်**။ ။ အဲဒီသစ္စာလေးပါးကတစ်မျိုး၊ အခု သစ္စာသုံးပါးက တစ်မျိုး။

**ရွှေ**။ ။ ဘာတွေလဲ။

**စိန်**။ ။ သမုတိသစ္စာ၊ပရမတ္ထသစ္စာ၊ အရိယာသစ္စာဆိုတာပဲ။

သမုတိဆိုတာ ပညတ်နဲ့သဘောချင်းဆင်တယ်။ ဒါကိုဒီလိုခေါ်တယ်လို့ သတ်မှတ်လိုက်တာ၊ သမုတိစကားလုံးကိုပဲယူပြီး 'သမုတ်တယ်' လို့လည်း ခေါ်တယ်။ လူနေတဲ့ အဆောက်အအုံကို အိမ်လို့သမုတ်တယ်။ သတ်မှတ်ခေါ်ဆိုကြတယ်။ ရဟန်း၊ သံဃာတော်တွေနေတဲ့ အဆောက်အအုံကို ကျောင်း (ဘုန်းတော်ကြီးကျောင်း)လို့ သတ်မှတ်ခေါ်ဆိုကြတယ်။ ဒါပေမယ့် မနေ့ကပြောခဲ့သလို အသွင်သဏ္ဌာန်ပြောင်းရင်အခေါ်အဝေါ်ပြောင်းတယ်။ ပညာနဲ့သုံးသပ်လိုက်ရင် ပျောက်သွားတယ်။

**ရွှေ**။ ။ အေး - အဲဒီပညာနဲ့သုံးသပ်လိုက်ရင် ပျောက်သွားတယ်ဆိုတာ ဘယ်လိုပျောက်တာလဲ ပြောစမ်းပါဦး။

**စိန်**။ ။ အခေါ်အဝေါ်တည့်တာတွေ၊ အမည်မှည့်ထားတွေအားလုံးကိုပေါင်းလိုက်ရင် မသိတဲ့၊ အသိမရှိတဲ့ အရာဝတ္ထုနဲ့၊ သိတတ်တဲ့စိတ်လို့ နှစ်မျိုးပဲရတယ်။ သိတတ်တဲ့စိတ်က သီးခြားမရှိတာမို့ အရာဝတ္ထုနဲ့တွဲရတယ်။ စိတ်နဲ့မတွဲတဲ့အရာဝတ္ထုသက်သက်ကို သက်မဲ့လို့ခေါ်ပြီး စိတ်နဲ့တွဲတာကို သက်ရှိလို့ခေါ်တယ်။ တစ်နည်းပြောရရင် အရာဝတ္ထု(မြင်ရ၊ကိုင်ရတဲ့အရာ)ကို ရုပ်လို့ခေါ်ပြီး စိတ်ကို နာမ်လို့ခေါ်တယ်။ ဒီတော့ လူ၊ တိရစ္ဆာန်၊ အိမ်၊ ကျောင်း စတာတွေကို ပညာနဲ့သုံးသပ်လိုက်ရင် ရုပ်နဲ့ နာမ်ပဲရတယ်။ ပညတ်တွေအကုန်ပျောက်ကုန်တယ်။ ဒီတော့ သမုတ်ထားလို့၊ အညီအညွတ်သတ်မှတ်ထားလို့ မှန်နေတဲ့ ပညတ်တွေကို သမုတ်ထားလို့ မှန်တဲ့အတွက် သမုတိသစ္စာလို့ ခေါ်တယ်။ သူက စောစောကပြောသလို ဖောက်ပြန်ပြောင်းလဲတတ်တယ်။ သစ်ပင်က သစ်သား၊ သစ်သားက စားပွဲ ဆိုတာမျိုးပေါ့။ ပရမတ္ထသစ္စာဆိုတာက မဖောက်ပြန်ဘူး။ အဲဒီမဖောက်ပြန်တတ်တဲ့ ပရမတ္ထသစ္စာတရား လေးပါးရှိတယ်။

**ရွှေ**။ ။ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂလား။

**စိန်**။ ။ မဟုတ်သေးဘူး။ အဲဒီလေးမျိုးက တခြား၊ အခုလေးမျိုးက တခြား။

**ရွှေ**။ ။ မျက်စိလည်စရာပဲ။

**စိန်**။ ။ နောက်တော့ သူ့ကဏ္ဍနဲ့သူရှင်းသွားပါလိမ့်မယ်။

**ရွှေ**။ ။ ပြောပါဦး၊ ဘာတွေလဲ။

**စိန်**။ ။ (၁) စိတ်၊ (၂) စေတသိက်၊ (၃) ရုပ်၊ (၄) နိဗ္ဗာန်တဲ့။ စိတ်နဲ့စေတသိက်ကိုပေါင်းပြီး နာမ်လို့ခေါ်တယ်။ ရုပ်ကရုပ်ပဲ။ အဲဒီရုပ်နဲ့နာမ်က သင်္ခါရဖြစ်တဲ့အတွက် ပျက်တယ်။ နိဗ္ဗာန်က သင်္ခါရမဟုတ်၊ အသင်္ခတဖြစ်တဲ့အတွက် မပျက်ဘူး။ ရုပ်နဲ့ နာမ်မှာ အစုအပေါင်းတွေရှိတယ်။ ဒါကြောင့် ခန္ဓာလို့ခေါ်တာ၊ ရုပ်မှာ ဓာတ်ကြီးလေးပါးနဲ့ မှီငြမ်းဓာတ်လေးပါး၊ ပေါင်း (၈) ပါး စုပေါင်းထားတယ်။ ဓာတ်ကြီးလေးပါးက ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောတဲ့၊ မြေ၊ ရေ၊ လေ၊ မီးပေါ့။ မှီငြမ်းဓာတ်လေးပါးက ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇတဲ့။ အဆင်း၊ အနံ့၊ အရသာ၊ အဆီအနှစ်ပေါ့။

အလွန်အားကောင်းတဲ့ မှန်ဘီလူးနဲ့ကြည့်တောင် မမြင်နိုင်လောက်အောင်သေးငယ်တဲ့၊ မြတ်စွာဘုရားရဲ့အဘိညာဉ်တန်ခိုးနဲ့သာမြင်ရတဲ့ ပရမာဏုမြူဆိုတဲ့ အမှုန်လေးတစ်မှုန်မှာ အဲဒီဓာတ်(၈)ပါး ရှိတယ်။ အဲဒီဓာတ်(၈)ပါးဟာ ခွဲလို့မရဘူး။ တစ်ပါးမရှိရင် ကျန်(၇)ပါးလည်း မရှိတော့ဘူး။ ရုပ်ဖြစ်တဲ့သစ်ပင်မှာ အဲဒီဓာတ်(၈)ပါးရှိတယ်။ သစ်သားအဖြစ်ပြောင်းသွားလည်း (၈)ပါးမပျောက်ဘူး။ စားပွဲ၊ ကုလားထိုင်၊ ဖင်ထိုင်ခုံအဆင့်ပြောင်း ဓာတ်(၈)ပါးပါလျက်ပဲ။ နောက်ဆုံး မရလို့ ထင်း၊ မီးသွေး၊ ပြာဖြစ်သွားလည်း ဒီအတိုင်းပဲ။ ဒါကြောင့် ဒီဓာတ်(၈) ပါးကို ပရမတ်၊ မဖောက်ပြန်တဲ့ သဘောလို့ခေါ်တယ်။

နာမ်မှာလည်း စိတ်အကျဉ်း (၈၉) နဲ့ စေတသိတ် (၅၂) ပါးမှာ လောဘစိတ်ဆိုရင် ဘယ်သတ္တဝါဆီမှာဖြစ်ဖြစ် မပြောင်းဘူး။ ကျန်စိတ်တွေလည်း ဒီအတိုင်းပဲ။ နိဗ္ဗာန်လည်းမပြောင်းဘူး။ အဲဒီလို မဖောက်မပြန်မှန်နေတဲ့အတွက် ပရမတ္ထသစ္စာလို့ ခေါ်တယ်။ နိဗ္ဗာန်မှ တစ်ပါး ကျန်တာကို အရိယာသစ္စာနဲ့ ကြည့်ရင် အနိစ္စ (မမြဲ)၊ ဒုက္ခ (ဆင်းရဲ)၊ အနိတ္တ (အစိုးမရ သဘာဝတရားသက်သက်)ပဲ။ အချုပ်ပြောရရင်တော့ ပညတ်က ဖောက်ပြန်တယ်။ ပရမတ်က မဖောက်ပြန်ဘူး။ နိဗ္ဗာန်မှတစ်ပါး နှစ်မျိုးစလုံးမမြဲဘူး၊ ဆင်းရဲတယ်။ အစိုးမရဘူးပေါ့။ အဲဒါအရိယာသစ္စာပဲ။ စောစောကပြောခဲ့သလို ပညတ်ဟာ လောကနယ်ပယ်ဆက်ဆံရေးမှာ မရှိမဖြစ်အရေးပါတဲ့ တရားပဲ။ လူတွေက သူတို့နဲ့ ထိတွေ့



www.burmeseclassic.com

www.burmeseclassic.com

ဆက်ဆံ သိရှိရတာမှန်သမျှကို သူတို့ပြောဆိုတဲ့ ဘာသာစကားအရ ပညတ်လိုက်ကြတာပဲ။ အမည်တပ်လိုက်ကြတာပဲ။ မတွေ့မသိသေးလို့ အမည်မတပ်ရသေးတာတွေလည်း ရှိနေသေးတယ်။ အသစ်ပေါ်မလာသေးလို့ အမည်မတပ်ရသေးတာတွေလည်းရှိတယ်။

အသစ်အသစ်တွေက အမြဲတမ်းစဉ်ဆက်မပြတ်ပေါ်နေတယ်။ ပေါ်လာသမျှ တစ်ခုမှအမည်မတပ်တာမရှိဘူး။ စားတဲ့အစားအစာ၊ ဝတ်တဲ့အဝတ်အစား၊ သုံးတဲ့အသုံးအဆောင်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အနုပညာနယ်ပယ်အသီးသီးမှာ ပေါ်လာတဲ့ အသစ်အဆန်းတွေ နေ့စဉ်နဲ့အမျှပဲ။ နောက်ထပ်လည်း ပေါ်လာဦးမှာပဲ။ အဲဒီတော့ ပညတ်နယ်ပယ်က အကန့်အသတ်မရှိဘူး။ အဲဒီလိုပေါ်နေတာကိုက သဘာဝတရားပဲ။ သက်ရှိသဘာဝ၊ သက်မဲ့သဘာဝပေါ့။

စကြဝဠာလောကဓာတ်ကြီးပေါ်လာတယ်။ သဘာဝတရားက ဖန်တီးလိုက်တာ နေ၊ လ၊ ကမ္ဘာ၊ ဂြိုဟ်၊ နက္ခတ်၊ တာရာတွေအပြည့်အစုံနဲ့ အပူလိုတဲ့အခါ အပူရဖို့၊ အအေးလိုတဲ့အခါ အအေးရဖို့ မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးဖြစ်ပေါ်နေတယ်။ ဒါဘောဝတရားရဲ့ ဆန်းကြယ်မှုပဲ။ လူကိုကြည့်။ ခေါင်း၊ ကိုယ်၊ လက်၊ ခြေ အကြမ်းအားဖြင့် ငါးမျိုး ဖွဲ့စည်းထားတယ်။ ခေါင်းမှာ မြင်ဖို့၊ ကြားဖို့၊ အနံ့ရဖို့၊ အရသာသိဖို့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ စတာတွေ ပါတယ်။ လက်ကလည်း ကွေးဖို့၊ ဆန့်ဖို့၊ ကိုင်တွယ်ဖို့၊ လက်ဆစ်တွေ၊ လက်ချောင်းတွေရှိတယ်။ ခြေထောက်ကလည်း တစ်ကိုယ်လုံးကို တောင့်ထား၊ ထမ်းထားနိုင်ဖို့၊ လျှောက်ဖို့၊ လှမ်းဖို့၊ ကွေးဖို့၊ ဆန့်ဖို့ ဖန်တီးထားတယ်။ ကိုယ်ထည်မှာက ခါးပဲ။ တိရစ္ဆာန်နဲ့ လူခါးနဲ့ ခွဲတာပဲ။ လူနဲ့အတူဆုံးဖြစ်တဲ့မျောက်တောင် လူပိုင်တဲ့ ခါးမျိုးမပိုင်ဘူး။ ခါးမမတ်ဘူး၊ ကုန်းကွကွပဲ။

လူကြီးတွေက လူငယ်တွေကို 'ကောင်းကောင်းမနေရင် ငါးပါးမှောက်သွားမယ်' လို့ သတိပေးလေ့ရှိတယ်။ ငါးပါးဆိုတာက (၁) ခေါင်း၊ (၂) လက်နှစ်ဖက်၊ (၃) ခြေနှစ်ဖက်ကိုပြောတာ။ ခွေးတို့၊ ကျွဲ၊ နွားတို့ကိုကြည့်။ အဲဒီ ငါးပါးစလုံး အောက်ကိုမှောက်နေတာပဲ မဟုတ်လား။ အကုသိုလ်များနဲ့ နောက်ဘဝ အပါယ်ကျမယ်၊ ဒီဘဝမှာ မိမိကိုယ်မိမိ မထိန်းသိမ်းတတ်ရင် ခွေးဖြစ်မယ်။ ကျွဲ၊ နွားလို ရုန်းကန်ရမယ်လို့ပြောတာ။

မြင်ရတဲ့သတ္တဝါတွေထဲမှာကြည့်စမ်း။ ခန္ဓာကိုယ်ဖွဲ့စည်းပုံမှာ လူက အဆင့်အမြင့်ဆုံး၊ သဘာဝတရားက ဆန်းကြယ်စွာ ဖွဲ့စည်းထားတာ။ အခြားသတ္တဝါတွေကိုကြည့်စမ်း၊ ပုံစံအမျိုးမျိုးပဲ မဟုတ်လား။ အင်္ဂါမပြည့်စုံတဲ့ သတ္တဝါအမျိုးမျိုးပဲ။

သက်ရှိသတ္တဝါများပြုကြတဲ့ ကံအလျောက် ရရှိရမယ့်ဘဝအဆင့်အတန်းအမျိုးမျိုးအတွက် သဘာဝတရားက လိုလေသေးမရှိအောင် ဖန်တီးပေးထားတာ။ လူထက်မြင့်တဲ့ နတ်၊ ဗြဟ္မာတွေကျတော့ ခန္ဓာကိုယ်ဖွဲ့စည်းပုံရော၊ ဉာဏ်ရည်ဉာဏ်သွေးရောအဆင်မြင့်တာပေ့ါ။ ဒါပေမယ့် ဒါတွေက မြင်ရတာမဟုတ်လို့ ထားခဲ့ရအောင်။ လူတွေက ပဋိသန္ဓေတည်နေစကဆိုရင် ကလလရည်ကြည်ကစတယ်။ အဲဒီကလလရည်ကြည်ရဲ့ ပမာဏကို ငါကြားဖူးတာ (၁၆) နှစ်သမီးရဲ့ဆံပင်အဖျားကိုယူ. . .။

**ရွှေ ။ ။** ဆံပင်ပဲကွာ၊ (၁၆) နှစ်သမီးဆံပင်ရယ်လို့လိုသေးလား။

**စိန် ။ ။** အေး-ဆံပင်ချင်းတူပေမယ့် အသက်အရွယ်လိုက်ပြီး ခြားနားတယ်။ အသက်ကြီးလာတော့ ဆံပင်ဟာ အလုံးလည်းကြီးပြီးကြမ်းလည်းကြမ်းလာတယ်။ အသေးဆုံး၊ အနူးညံ့ဆုံးက (၁၆)နှစ်သမီးပဲတဲ့။

**ရွှေ ။ ။** (၁၆) နှစ်သားဆိုရင်ကော။

**စိန် ။ ။** ယောကျ်ားလေးဆံပင်က မိန်းကလေးဆံပင်ထက် ပိုကြီး၊ ပိုကြမ်းတယ်။ ဒါကြောင့် (၁၆) နှစ်သမီးဆံပင်လို့ပြောတာ။ အဲဒီဆံပင်အဖျားလေးကို အလွန်ကြည်နေတဲ့ ဆီကြည်မှာနှစ်ပြီးရင် အကြိမ်တစ်ထောင်ခါထုတ်၊ ပြီးမှ ဆံပင်မှာကပ်ကျန်နေသေးတဲ့ ဆီစက်ပမာဏလောက်ရှိတယ်တဲ့။

**ရွှေ ။ ။** အံ့သြစရာပဲနော်။

**စိန် ။ ။** အားလုံး သက်ရှိ၊ သက်မဲ့၊ ရုပ်၊ နာမ်မှန်သမျှ သဘာဝတရားလို့ ပြောတဲ့အတွက် ဒါဟာ သဘာဝတရားရဲ့ ဆန်းကြယ်မှုပဲ။ အဲဒီပဋိသန္ဓေရုပ်ကလေးမှာ ရုပ်ရောနာမ်ပါ အတူပူးတွဲပါတယ်နော်။ နာမ်အကြောင်းကိုထားခဲ့တာ။ သက်ရှိ၊ သက်မဲ့ ရုပ်အားလုံးမှာပါတဲ့ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော ဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့ မှီငြမ်းဓာတ်ဖြစ်တဲ့ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇ ဆိုတဲ့ ဓာတ်လေးပါး၊ ပေါင်း (၈) ပါး ပါတယ်။

**ရွှေ ။ ။** မြန်မာလိုပြောကွာ။

**စိန် ။ ။** မြေဓာတ်၊ ရေဓာတ်၊ လေဓာတ်၊ မီးဓာတ်နဲ့ အဆင်း၊ အနံ့၊ အရသာ၊ အဆီဩဇာတို့ပဲ။

နောက် သက်ရှိဖြစ်လို့ ဇီဝိတရုပ်ဆိုတာပါတယ်။ ပြီးတော့ ကျား၊ မကွဲမှာမို့လို့ ဘာဝရုပ်ဆိုတာပါတယ်။ ပြီးတော့ စိတ်တည်မှီဖြစ်ပေါ်ဖို့ မာဒယဝတ္ထုရုပ်ဆိုတာပါတယ်။

**ရွှေ ။ ။** မယုံနိုင်စရာပါဘဲ။

**စိန် ။ ။** ကဲ - အဲဒါလောက်ပဲ သိထားဦး၊ သဘာဝတရားရဲ့ ဆန်းကြယ်ပုံကိုသိဖို့ပြောတာ။ နောက်သူ့အခန်းကျမှဆက်ပြောမယ်။

**ရွှေ ။ ။** အဲဒီရုပ်မှာ ဓာတ်ကြီးလေးပါး၊ ဓာတ်ရှစ်ပါး ဆိုတာတွေက ဘယ်ပုံစံလဲ၊ ဘယ်လိုပါနေကြတာလဲ။ သူ့အခန်းကျမှပြောမယ်လို့မပြောနဲ့။ သူ့အခန်းမရောက်ခင် မင်းသေသွားတော့ ဘယ့်နှယ်လုပ်မလဲ။

**စိန် ။ ။** မင်းကကော။

**ရွှေ ။ ။** အေးလေ၊ ငါလည်းသေသွားနိုင်တာပေ့ါ။ ဒါပေမယ့် သေဖို့ဆိုတာ နင့်ကို ဦးစားပေးလိုက်တာ။ ငါက အခုမှ ဒါတွေလေ့လာရတာဆိုတော့ ဘာမှလဲမသိသေးဘူး။ အားလုံးကိုလည်း သိချင်နေတယ်။ ဒီတော့ အကုန်မဟုတ်တောင် သိသာရုံအသင့်အတင့်ပြော၊ ပြီးမှ မသေကြသေးရင်ထပ်ပြော။ ထပ်နားထောင်ကြတာပေ့ါ။ ဟော့ - အုန်းသွင်၊ မင်းကဒါတွေအားလုံးကိုသိနေလို့လား။ ပါးစပ်ကိုမဟဘူး"

**သွင် ။ ။** ဘယ်သိမလဲကွ၊ ငါမေးချင်တာတွေကို မင်းမေးနေတော့ ငါအချောင်ခိုလို့ရနေတာပေ့ါ။

**ရွှေ ။ ။** အင်း - အချောင်သမားပဲ။

**စိန် ။ ။** ရုပ်မှာရှိတဲ့ဓာတ်ကြီးလေးပါးအကြောင်းကိုပြောမယ်ဆိုရင် ရုပ်ရဲ့အစကိုပြောရလိမ့်မယ်။ ရုပ်ရဲ့အစက မြူမှုန်ကပဲ။ လှည်းလမ်းကြောင်းမှာထတဲ့ ဖုန်ကို ရထရေမြူလို့ခေါ်တယ်။ မျက်စိကောင်းရင် တစ်မှုန်ချင်းနီးပါးမြင်ရတယ်။ အဲဒီမြူမှုန်ရဲ့ (၃၆) စိတ် (၁) စိတ်စာကို တဇ္ဇာရီမြူလို့ခေါ်တယ်။ သူက ဒီအတိုင်းမမြင်ရဘူး။ မနက် နေတက်ချိန် ပြတင်းပေါက်ဖွင့်လိုက်တော့ တိုးဝင်လာတဲ့ နေရောင်ခြည်မှာ လက်လက်လက်လက်နဲ့ မြင်ရတဲ့မြူမှုန်ပဲ။ လေထဲမှာ အမြဲရှိနေတယ်။ အဲဒီမြူမှုန်ရဲ့ (၃၆) စိတ် (၁)စိတ်စာကို အဏုမြူလို့ခေါ်တယ်။ အင်အားအလွန်ကောင်းတဲ့မှန်ဘီလူး၊ မှန်ပြောင်းနဲ့ကြည့်မှမြင်ရတယ်။

**သွင် ။ ။** ကဲ-ထမင်းစားချိန်ရောက်ပြီ၊ ပြန်ကြတော့။ မနက်ဖြန်မှဆက်ကြရအောင်။

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

ကောန်ကျော်ကြား

# အတုလမာရဇိန် ရွှေနတ်ကူဘုရား

မင်းနန္ဒိရှိန်



ရွှေနတ်ကူဘုရားကြီးအာရုံခံရာမဗိမာန်

ဖျာပုံမြို့သည် ဧရာဝတီတိုင်းဒေသကြီးတွင် ပါရှိသော ခရိုင်ရုံးစိုက်ရာ မြို့ကြီးတစ်မြို့ဖြစ်ပြီး ဘုရားကျောင်းကန်များနှင့် စည်ကားတိုးတက်သာယာသော မြို့တစ်မြို့လည်း ဖြစ်ပါသည်။

သို့သော် ဖျာပုံ ဟူသော ပညတ်သည် မြန်မာဘာသာဖြင့်ခေါ်ထားခြင်း မဟုတ်။ မွန်ဘာသာ ဖျာပုံ၊င်၊မှတစ်ဆင့် ဖျာ-ဈေး၊ ပုင်-ထမင်း၊ မြန်မာအမည်ဖြင့် ဖျာပုံ(င်) = ထမင်းဈေး ဟု အဓိပ္ပာယ်ရသည်။



(ဖျာပုံမြို့
မြန်မာစာကြီးပွားရေးအသင်း၊
မွန်ပညာရှိ ဦးဘိုးအိမ်၊
အမှတ် (၅၂) ပထမလမ်း၊
မြောက်ပိုင်းရပ် ရေးခဲ့သည့်
'ဖျာပုံရာဇဝင်မှတ်တမ်း'၊
၁၃၀၈ ခု၊ ကဆုန်လ ၈ ရက်၊
၁၉၄၆ ခုနှစ် မေလ ၂၃ ရက်)

ထမင်းဈေး ဟူသော ပညတ်မှာ ကျိုးကြောင်းဆင်ခြင်ပြီး ခေါ်ဝေါ်ခဲ့သည့် သဘောအနက်အဓိပ္ပာယ်သက်ရောက်နေပါသည်။ သို့သော် ထမင်းဈေး ဆိုသည်မှာ ထမင်းရောင်းသည့် ထမင်းဆိုင် ဟု ယေဘုယျ လက်ခံထားပါက မသင့်တော်ချေ။

ဖျာပုံ၊ င် ဆိုသော ပညတ်ဆိုသည်မှာ ဟံသာဝတီပြည်ကို အစိုးရသော တပင်ရွှေထီးမင်းလက်ထက်ကပင် ခေါ်ဆိုခဲ့ကြပြီး မွန်တိုင်းရင်းသား၊ မွန်စာပေနှင့် ယဉ်ကျေးမှုများရှိခဲ့သည်ဟု သိရသည်။ ထမင်းဈေးနှင့်ပတ်သက်၍ မွန်တိုင်းရင်းသားတို့သည် မိမိတို့ရိုးရာ ထုံးစံအရ ထမင်းမရောင်းကြပါ။ အကယ်၍ ရောင်းပါက ငတ်မွတ်ခြင်းဘေးဆိုက်တတ်ပါသည်။ မျိုးစပါးကိုလည်းမရောင်းရပါ။ မျိုးစပါးကို အကယ်၍ အလိုရှိကြပါက လာတောင်းလျှင် လက်ဆောင်အဖြစ်ပေးရပါသည်။ အဖိုးသားနားကို ဈေးမပြောရပါ။ မျိုးရသောသူက စပါးပေါ်လျှင် ကန်တော့ကြေး ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com

ဖျာပုံမြို့ မန်ကျည်းတန်းရပ် (ရွှေဒါနီးရပ်) ဂန္ဓကုဋိတိုက်တွင် စံပယ်တော်မူသော
ကေန်ကျော်ကြား အတုလမာရဇိန် ရွှေနတ်ကူဘုရားကြီး





www.burmeseclassic.com

www.burmeseclassic.com

တတ်သည့်အနေနှင့် စပါး သို့မဟုတ် ဆန်ကိုပေးရသည့်အလေ့အထရှိသည်။ မျိုးစပါးကိုရောင်းစားလျှင် ဆင်းရဲခြင်း မွဲတေတတ်ပါသည်။ ဤသည်မှာ မွန်တိုင်းရင်းသားတို့နေထိုင်စဉ်ကာလ ဓလေ့ထုံးစံကို တစေ့တစောင်း ဖော်ပြခြင်းဖြစ်ပါသည်။

အခြားဓလေ့တစ်ခုမှာ ဧည့်သည် အိမ်သို့လာလျှင် အရင်ကျွေးမွေးဧည့်ခံရပါသည်။ ထမင်းကို အရင်ကျွေးရ၏။ ဧည့်သည်က အိမ်ရှင်၏ အလုပ်များ ဘာဟီရကိစ္စရပ်များကို အိမ်ရှင်မှ ခွင့်ပြုချက်ပြုမှ ဝင်ရောက် ကူညီလုပ်ဆောင်ခွင့်ရှိပါသည်။ ဤသို့မဟုတ်ပါက အိမ်ရှင်မှာ အမင်္ဂလာကျက်သရေကို ထိခိုက်တတ်သည်ဟု ယုံကြည်ကြပါသည်။ ဆိုလိုသည်က ဧည့်သည်ကိုဦးစားပေးနေရာပေးရမည်ကို ရည်ရွယ်ပါသည်။

ဖျာပုံ (ထမင်းဈေး) ဆိုသည်မှာ မွန်တိုင်းရင်းသားများနှင့်ဆက်စပ်လျက်ရှိပါသည်။ယခင်က ဖျာပုံချောင်းအတွင်းသို့ သွားလိုကြသော ခရီးသွားများသည် ရေကျစဉ်အခါတွင် ချောင်းဝသို့ရောက်၍ ရေတက်ချိန်တွင် ချောင်းအတွင်းသို့ဝင်ရန် ရေစောင့်နေရလေသည်။ မြစ်ရိုးအထက်ပိုင်းသို့ သွားလိုသော ချောင်းအတွင်း ရွာများမှ ခရီးသွားများတို့သည် ရေကျချိန်တွင် ချောင်းဝသို့ရောက်လျှင် ရေတက်မှအထက်သို့သွားရန် ရေစောင့်နေရ၏။

ထိုအခါ ရေတက်၊ရေကျစောင့်ကြရသောခရီးသည်များသည် ရေစောင့်နေရသည့် ချွန်းထိပ်အငူတွင် ထမင်းများကို စုဆုံစားကြရာ သူအစုနှင့်သူစခန်းသဖွယ်ဖြစ်နေပြီး လာရောက် တွေ့ဆုံကြသော နေရာဌာနတစ်ခုမှာ ပွဲဈေးတန်းသဖွယ်ဖြစ်နေကြသောကြောင့် ထိုနေရာကိုအစွဲပြု၍ မွန်ဘာသာဖြင့် ဖျာပုံ၊င် (ထမင်းဈေး) ခေါ်ဝေါ်တင်စားကြရာမှ ဖျာပုံဟုဖြစ်လာခဲ့သည်။ ဖျာပုံမြို့ရာဇဝင်ဓလေ့ကို သက်ကြီးစကား သက်ငယ်ကြားအရနှင့် စာရေးသူ မိမိဇာတိအား လေ့လာမိသမျှ လက်လှမ်းမီသလောက် တင်ပြထားခြင်းလည်း ဖြစ်ပါသည်။



ဖျာပုံမြို့မြန်မာရာမရထတောင်ကြီး ကပြအသုံးတော်ခံရာတွင် ရာမမင်းသားဦးခေါင်းတော်၊ ညီတော်လက္ခဏမင်းသားနှင့် မယ်သီတာတို့၏ခေါင်းတော်များအား တွေ့ရစဉ်

ဤသည့်အတွက် ဖျာပုံ ဟူသော ပညတ်နှင့် မွန်တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံများသာမက ကျေးရွာအမည်များပင် မွန်အမည်များရှိခဲ့ပါသည်။ 'ပဲခူးဟံသာဝတီ' မွန်မင်း သူရှင်တကာရွှတ်ပိ၏ သတ္တိထူးခြား မိဖုရားတစ်ပါးသည် တပင်ရွှေထီးနှင့် ယောက်ဖတော် ဘုရင့်နောင်၏ ထိုးစစ်ကို ရှောင်တိမ်းရင်းက


ရွှေနတ်ကူဘုရားကြီးမုခ်ဦး၊



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေါ်လာသော တဒင်္ဂကုသိုလ်စိတ်ကလေးနှင့် တည်ထားတော်မူခဲ့သော မြေစိုက်စေတီများအောက်ဆုံးတွင် မွန်မိဖုရားကြီး၏ညာလက်ရုံး သမိန်ဗြောရာမမင်းသားကျဆုံးပြီးနောက် မိဖုရားကြီးသည် ဖျာပုံမြို့အောက်ပိုင်း (ပင်လယ်ပိုင်း) မြို့ကုန်းအရပ်၌ ခပ်ကုပ်ကုပ်နှင့် ဇာတ်မြုပ်ရင်း ကံတော်ကုန်ခဲ့သည်။ မိဖုရားတစ်ပါးမို့ သူနှင့်အတူ အဆောင်အယောင်များရှိခဲ့မည်မလွဲပေ။ အရှင်မဲ့သောအခြွေအရံတို့သည် တချို့ ဖျာပုံ၊င်၊နယ်တွင်းရှိ သမိန်ဗြောကုန်းတန်း၊ ရွှေထီးချောင်း၊ ကမာပုံ၊င်၊အောက်ပိုင်း ချောင်းရိုးတစ်လျှောက်တွင် လယ်သမားများအသွင်ရုပ်ဖျက်နေထိုင်ခဲ့ကြသည့်အတွက် မွန်တို့ဓလေ့ထုံးစံများရှိခဲ့သည်ဟု သုတေသီများက ယုံကြည်ကြပါသည်။

ယခု စာရေးသူ တင်ပြလိုသည်မှာ ဖျာပုံ၊င်၊ထမင်းဈေးမှာ ထူးခြားသော ဘုရားကြီးလည်းဖြစ် ဖျာပုံ၊င်၊ပညတ်ကို မြန်မာပြည် တစ်နံတစ်လျားမှ ဝေနေယျများက ဖျာပုံဟု အသံကြားလျှင် 'ဖျာပုံရာမနှင့် ခရေပင်ဇောက်ထိုး'ဟုတွဲလျက်သိနေကြပါသည်။ ဥပမာပေးရလျှင် ပုဂံညောင်ဦးဟု သိနေကြသလို တကယ်က ပုဂံက ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ ညောင်ဦးဆိုသည်မှာ ဧရာဝတီမြစ်ကမ်းပါးမှာရှိပါသည်။

ထိုသို့ပါပဲ ဖျာပုံ၊င်၊နှင့် ရာမ တစ်ဆက်တည်း ခရေပင်ဇောက်ထိုးဟု လူသိများခဲ့ကြသော်လည်း ဖျာပုံရာမသည် ယခု စာရေးသူတင်ပြမည့် ဧကန်ကျော်ကြား ရွှေနတ်ကူဘုရား၏ပရိဝုဏ်အတွင်း၌ရှိပြီး ခရေပင်ဇောက်ထိုးမှာ မင်းကျောင်းပရိဝုဏ် ပိတောက်ချောင်းတွင်ရှိပါသည်။

ထို့ပြင် အတုလ မာရဇိန် ဧကန်ကျော်ကြား ရွှေနတ်ကူဘုရားကြီးသည် စာရေးသူငယ်စဉ်က ရွှေနတ်ကူဘုရားဟုသာ ပေ့ါပေ့ါဆဆတွေးမိပါသည်။ ဘုရားကြီးပရိဝုဏ်ဝန်းကျင်၌ ကျင်လည်ခဲ့ရပေမယ့်၊ ရွှေနတ်ကူဘုရားကြီးဟု အများခေါ်ဆိုသလို ခေါ်ခဲ့ရပေမယ့် တဖြည်းဖြည်း ဝန်ထမ်းဘဝနှင့် မြန်မာပြည်တစ်နံတစ်လျားဒေသများသို့ရောက်သည့်အခါတွင် ကိုယ့်မြို့ကိုယ့်ရွာသမိုင်းကို လေ့လာလိုသည့်ဆန္ဒများစွာဖြစ်ပေါ်ခဲ့ရသည်။ ဦးစွာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင်း ရွှေစည်းခုံဘုရားတွင် အနီးအပါးမှ မြန်မာကလေးသူငယ်များက နိုင်ငံခြားသားများကို အင်္ဂလိပ်လိုရှင်းပြနေသည်ကို တွေ့သောအခါ စာရေးသူ ပါးစပ်ဟောင်းလောင်းဖြစ်နေရပါသည်။ လေ့လာမှုအားနည်းသည့် မိမိအဖြစ်ကိုတွေး၍ သူတို့လိုလေ့လာမှ ပဲဟု ကိုယ့်ဇာတိမြေကို ရှေးဦးစွာ သမိုင်းမတွင်ပေမယ့် သမိုင်းဝင်စေချင်သည့် ဆန္ဒနှင့် တင်ပြခွင့်ရတုန်း မေတ္တာနှင့် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ သမိုင်း ဆိုသည်မှာ ကြာလျှင် ပျောက်ကွယ်တတ်ပါသည်။ ယခုလို ဆရာတော်ကြီးများနှင့် မြို့မိမြို့ဖ လူကြီးလူကောင်းများ၊ ဂေါပကအစဉ်အဆက် ကျေးဇူးတရားကြောင့် သိရှိခဲ့ရသည်မှာလည်း အဖိုးမဖြတ်နိုင်သည့် အကြောင်းအရာများကို မှတ်တမ်းတင်သိရှိနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ရှေးဦးစွာ သက်ကြီးစကား သက်ငယ်ကြားအရ အတုလ မာရဇိန် ဧကန်ကျော်ကြား ရွှေနတ်ကူဘုရားကြီးသည် ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးဖြစ်၍ မျက်နှာတော်မှာ ထူးခြားစွာ ကြည်ညိုဖွယ်အဆင်းကိုဆောင်တော်မူပါသည်။

ရွှေနတ်ကူဘုရားကြီးသည် ဖျာပုံမြို့ ဒုတိယလမ်း ရွှေဒါန်းရပ်ခေါ် မန်ကျည်းတန်းရပ်တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိပါသည်။ ဘုရားကြီး၏ ဘွဲ့တော်ပညတ်ဖြစ်စဉ်မှာ ဖျာပုံထမင်းဈေး၏သာသနာသမိုင်းတွင် ထင်ရှားလှပါသည်။

ဖျာပုံမြို့ မန်ကျည်းတန်းရပ် မင်္ဂလာကန်ဦးကျောင်းဆရာတော် ဦးနရိန္ဒမဟာထေရ်အရှင်မြတ်ကြီးသည် တစ်နေ့တွင် မိမိအာရုံတွင် ကြေးသွန်းရုပ်ပွားတော်ကြီးတစ်ဆူကို သွန်းလောင်းလိုသော ဆန္ဒဖြစ်ပေါ်လာသဖြင့် တပည့်ဒါယိကာဒါယိကာမနှင့် တိုင်ပင်လျက် နှစ်ဦးနှစ်ဖက် အကြောင်းအကျိုး ညီညွတ်သောအခါတွင် မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးရွှေမြို့နေပြည်တော်မှ ကြေးသွန်းဆရာပညာရှင်ကြီးများကို ငှားရမ်းခေါ်ယူစေပြီးလျှင် လက်ရှိဂန္ဓကုဋိတိုက်ကြီး၏အနီးဘုရားပရိဝုဏ်တွင် မင်္ဂလာကြေးသွန်းဖိုကြီးနှစ်ဖိုကို ရာဇမတ်ကာ၊ သဲဖြူခင်း အထူးစီမံမင်္ဂလာဝင်းအခင်းအကျင်းများနှင့်နေ့ကောင်းရက်သာသောအချိန်အခါ နေ့ရက်ကိုယူလျက် တည်ဆောက်တော်မူခဲ့လေသည်။

စေတနာရှင်များ၊ မြို့သူမြို့သားရပ်နီး၊ ရပ်ဝေးစေတနာများ တပည့်ဒါယိကာများတို့သည် ဆရာတော်ကြီး၏ သီလ၊ သမာဓိဂုဏ်နှင့် ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးတစ်ဆူကို သွန်းလောင်းမည့်သတင်းကြောင့် မြန်မာလူမျိုးများပီပီ သဒ္ဓါတရားထက်သန်စွာနှင့် မိမိတို့စုဆောင်းထားသော ချွေးနဲ့စာဖြင့် ရယူစုဆောင်းထားသော ရွှေငွေလက်ဝတ်ရတနာများ၊ စိန်၊ ကြောင်၊ နီလာ၊ ဥဿဖရား၊ ပုလဲ၊ မြ စသော ရတနာများကို ကြေးသွန်းလောင်းတော်မူမည့် ရုပ်ပွားတော်မြတ်ကြီးအတွက် စေတနာဗရပွဖြင့် ရက်ရောစွာ လှူဒါန်းပါဝင်ခဲ့ကြလေတော့သည်။

ဆရာတော်ကြီး ဦးနရိန္ဒမဟာမထေရ်မြတ်ကြီး ဦးဆောင် ကြီးကြပ်ကွပ်ကဲလျက် တတ်ကျွမ်းသော မန္တလေးရွှေမြို့တော်မှ ကြေးသွန်းပညာရှင်ကြီးများတို့သည် တစ်ခုသော ကဆုန်လဆန်းပိုင်း၌ မင်္ဂလာကြေးသွန်းဖိုကြီးနှစ်ဖိုကိုဖို၍ ကြေးရည်များကို အရည်ကျိုတော်မူလျက် ဘုရားကြီးပုံကို ကြေးသွန်းလောင်းတော်မူခဲ့ကြသောအခါ ရှေးဦးပထမအကြိမ်သွန်းလောင်းရာ ဘုရားရှင်ကိုယ်တော်ရုပ်လုံးကြီးသည် တစ်နည်းမဟုတ်တစ်နည်း အက်ကွဲလာ၍ ဒုတိယတတိယအကြိမ် နေ့စဉ်ရက်ဆက် သွန်းလောင်းသော်လည်း မအောင်မြင်ဘဲရှိတော်မူ၍ ဆရာတော်ကြီးမှာ ဘုရားရှင်တော်မှ မာရ်နတ်၏ အဖျက်အဆီး အနှောင့်အယှက် အံ့ဟန့်အတားရှိသည်ဟူသောသဘောကို တရားနှလုံးသွင်း၍ စိတ်နှလုံးမသာမယာဖြစ်ပြီး မြို့သူမြို့သားများနှင့် ဝေနေယျအပေါင်း စေတနာရှင်များတို့ကအစ ဘုရားကြီးကြေးသွန်းမှုအထမမြောက်၍ စိတ်မချမ်းမြေ့ကြချေ။

ထိုအချိန် ဖျာပုံမြို့၌ စိတ်မကျန်းမာသော လူပုဂ္ဂိုလ်တစ်ဦးက အရပ်ထဲတွင် 'တို့ဘုရားက နတ်သားကူမှ' ဟူသော တဘောင်လိုလို၊ နိမိတ်လိုလို ရောက်တတ်ရာရာပြောဆိုသည့်စကားက ထွက်ပေါ်လာသည်ဟုလည်း ကောလာဟလလိုလိုကြားရပါသည်။ ရှေးမီနောက်မီလူကြီးများထံ ဆည်းကပ်ရာမှလည်း သိရှိရခြင်းလည်းဖြစ်ပါသည်။ ထို့ကြောင့် ခေါင်းသုံးလုံးရှိသူကို ဆည်းကပ်ပါဆိုသည်မှာ သက်ကြီးရွယ်အိုများ ဆည်းကပ် စောင့်ရှောက်ခြင်းဖြင့်လည်း မိမိအကျိုးစီးပွားကိုဖြစ်ထွန်းစေသည်ဟု ဆိုခြင်းဖြစ်မည် ထင်ပါသည်။

ထိုအခါ ဆရာတော်ကြီးသည် ဘုရားကြီးကြေးသွန်းမှုမအောင်မြင်ခြင်းကို ခေတ္တရပ်ဆိုင်းထားစဉ်ကာလအတွင်း၌ မိမိသီလ၊ သမာဓိကို ယုံကြည်တော်မူ

www.burmeseclassic.com

www.burmeseclassic.com

သည့်အလျောက် ဘုရားကြီးကြေးသွန်းမှု အထမြောက်အောင်မြင်ရန် အဓိဋ္ဌာန်နှင့် ကျင့်စဉ်စခန်းများဝင်နေစဉ်ကာလ ဖြစ်သော ကဆုန်လဆန်း ၁၄ ရက်နေ့နံနက် လင်းအားကြီးချိန်၌ အိပ်မက်လိုလို၊ တကယ်လိုလို ထူးဆန်းသော ဖြစ်ရပ်တစ်ခုကို တွေ့ကြုံခဲ့ရသည်။ ဆရာတော်ကြီးကြုံခဲ့ရသည့်ဖြစ်ရပ်မှာ ကမ္မဋ္ဌာန်းစီးဖြန်းလျက် ကျင့်စဉ်ပြီး၍ ကျိန်းစက်တော်မူစဉ် မင်္ဂလာကြေးသွန်းဖိုကြီးအနီးရှိနေသောဆရာတော်ကြီးနှင့် ကြေးသွန်းပညာရှင်ကြီးများရှိရာသို့ လူအုပ်ထဲမှ ကိုယ်ရောင်ကိုယ်ဝါတောက်ပနေသည့် နတ်ပုဂ္ဂိုလ်နှစ်ပါး ပါဝင်ကြေးသွန်းလောင်းရာမှ ဘုရားကြီးကြေးသွန်းမှုကိစ္စသည် အလုံးစုံ ပြည့်ဝအောင်မြင်တော်မူလေသည်။

ထူးခြားသည်ကတော့ အမှန်ပင်။ အိပ်မက်လေလား၊ တကယ်ဖြစ်စဉ်လား လူဘုန်းကြီး နတ်မင်းမနေသာသည့် အဖြစ်၊ ဆရာတော်ကြီး၏သီလသိက္ခာ အကျင့်စရဏကို လေးစားအရေးထားသည့်အခြေသို့ရောက်ရှိ၍လာပေသည်။

ဆရာတော်ကြီးလည်း အံ့သြဘနန်းအဖြစ်ဆန်းကြောင့် ကျိန်းစက်ရာမှ ထလတ်တော်မူ၍ မိမိယုံကြည်စိတ်ချရသော တပည့်ဒါယကာ၊ ဒါယိကာမများကိုခေါ်ယူ၍ နက်ဖြန်ကဆုန်လပြည့်နေ့(ဗုဒ္ဓဟူး)တွင် ဘုရားကြီးကိုကြေးသွန်းလောင်းကြ၊ မုချအောင်မြင်မည်ဟု မိန့်၏။ ဆရာတော်ကြီး၏မိန့်မှာချက်ဩဝါဒစကားကြောင့် ထူးတော့ထူးခြားပြီ။ ဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိကိုယုံကြည်ကြသူများဖြစ်သည့်အလျောက် စိတ်ထွေနွမ်းလျအခြေအနေမှ ဝမ်းသာအားတက်ကြည်နူးမှုနှင့်လိုအပ်သည်များကို ခဏမဆိုင်းစီစဉ်တော့မည်။

ကဆုန်လပြည့်. ဗုဒ္ဓနေ့နှင့် တိုက်တိုက်ဆိုင်ဆိုင် ဘုရားကြီးကြေးသွန်းလောင်းမှုအောင်မြင်မည့်သတင်းသည် ဖျာပုံမြို့သူမြို့သားများအတွက် အတိတ်ကောင်းနိမိတ်ကောင်းနှင့် ပန်းသတင်း လေညင်းဆောင်ခဲ့လေပြီ ဖြစ်သည်။

ကောဇာနှစ် ၁၂၂၂ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့နံနက်ပိုင်းမှစ၍ ဂန္ဓကုဋိတိုက်အနီး မင်္ဂလာကြေးသွန်းဖိုအနီးတွင် ဘုရားကြီးကြေးသွန်းမည်ဆိုသဖြင့် လာရောက်ကြသော ပရိသတ်တို့သည် တစ်သက်တစ်ခါသာကြုံရသည့်မြင်ကွင်းမှ ကြက်ပျံမကျ တိုးမပေါက်အောင်ပင် စည်ကားလှပေသည်။ထိုအထဲ သက်ကြီးရွယ်အိုဘိုးဘွားမိဘများက ဘုရားဂုဏ်တော်များ၊ ပရိတ်တော်များကို ထုံမွမ်းလျက် ကြေးသွန်းမှုအောင်မြင်စေရန် ဆုတောင်းသူကဆုတောင်းကြနှင့် တချို့က ဆရာတော်ကြီး၏ အိပ်မက်ဖြစ်စဉ်အရနှင့် လူတို့၏နှုတ်ဖျားမှပြောနေကြသော 'တို့ဘုရားက နတ်သားကူမှ' တဲ့ ဆိုပြီး ကောင်းကင်ကပဲ နတ်သားနှစ်ပါး ထွက်ပေါ်လာမလားဆိုပြီး ကြည့်သူကကြည့်နှင့် ရင်တမမရှိနေကြ၏။ မင်္ဂလာကြေးသွန်းဖိုအနီးကပဲ ပေါ်မလား အာရုံစူးစိုက်လျက်ရှိကြပါသည်။

ဤသို့ဖြင့် သတ်မှတ်ထားသော မင်္ဂလာအချိန်ကျရောက်သော် ခရုသင်းမှုတ်လျက် ကြေးသွန်းအရည်ကျိုမှုကို စတင်လေပြီ။ ထိုအချိန်တွင် လူထုပရိသတ်ကြီးအတွင်းမှ နုပျိုသော အသွင်ပြင်နှင့် သျှောင်တစောင်းထုံး၊ ပန်းနုရောင်ခေါင်းပေါင်းနှင့် လုလင်ပျိုနှစ်ဦး တစ်လှမ်းချင်းလှမ်း၍ မင်္ဂလာကြေးသွန်းဖိုကြီးအနီးသို့ လျှောက်လာနေသည်ကို ပရိသတ်က သတိမထားမိဘဲရှိစဉ် ကြေးသွန်းဖိုအနီးရှိ စီမံကွပ်ကဲနေသော ဆရာတော်ကြီးထံ ရောက်ရှိသွား၏။ ရုပ်သွင်ပြင်မှာ မျက်လုံး၊ မျက်ခုံး၊ နှာတံတို့ထက် အစစအရာရာထူးခြားသည်က လူတစ်ဖက်သာသာရှိ လုလင်ပျိုတို့လက်မှာပိုက်ထားသည့် ငွေဖလားကြီး(၂)လုံး။ ရာဇမတ်ကာထားသော ကြေးသွန်းဖိုအနီး ဆရာတော်ကြီးကို လုလင်ပျိုနှစ်ဦးက ဦးချပြီးနောက် -

"ဆရာတော်ဘုရား၊ ဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိဂုဏ်ဖြင့် ကြေးသွန်းလောင်းနေသောရုပ်ပွားတော်မြတ်ကြီးအတွက် တပည့်တော်တို့တွင် ပါလာသည့် ငွေဖလားကြီးနှစ်လုံးကိုလည်း မင်္ဂလာဖိုကြီးနှစ်ဖိုတွင် တစ်လုံးစီလောင်းလှူ၍ ကုသိုလ်ပါဝင်ခွင့်ပြုပါရန် လူနတ်ကုသိုလ်အလှူဒါနအတွက် သာဓုခေါ်ပါဘုရား"

ရိုးမလိုနှင့်ဆန်းလှသည့်စကားမို့ ဆရာတော်ကြီးဝမ်းသာကြည်နူးလိုက်လှုံ့မှုနှင့်တကွ ခွင့်ပြုတော်မူလေ၏။ လုလင်ပျိုတို့သည် ငွေဖလားတစ်လုံးစီကို ရွှေ၊ ငွေ၊ ကြေး၊ ဘော်များအရည်ကျိုနေသည့် ကြေးသွန်းဖိုထဲသို့ထည့်၍ အရည်ကျိုပြီး ပုံတော်သွန်းလောင်းပြီး မကြာမီအချိန်တွင် ကြေးသွန်းဘုရားရုပ်ပွားတော်ကြီးပုံ ပေါ်လွင်လာပါတော့သည်။

"အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ"

ဆရာတော်ကြီး၏နှုတ်မှ မြွက်ဟလိုက်သည်နှင့် လူထုပရိသတ်မှာ ပျော်ရွှင်ကြည်နူးသွားလျက် ဝမ်းမြောက်ဝမ်းသာ 'သာဓု သာဓု သာဓု' ခေါ်သံများက နတ်စည်ရွမ်းသံအလား ထွက်ပေါ်လာလေတော့သည်။

ထိုအချိန်တွင် လုလင်ပျိုနှစ်ဦးသည် အောင်မြင်စွာ သွန်းလောင်းပြီးစီးသွားသဖြင့် ကြေးသွန်းရုပ်ပွားတော်ကြီးနှင့်ဆရာတော်ကြီးကိုဦးချလျက် လူအုပ်အတွင်း တရွေ့ရွေ့ဝင်ရောက်ပျောက်ကွယ်သွားသည်ကို သတိမထားခဲ့ကြချေ။

သို့သော် ဆရာတော်ကြီးနှင့်လူထုပရိသတ်ကြီးအာရုံသည် ကြေးသွန်းဗုဒ္ဓရုပ်ပွားမြတ်ထံ သဒ္ဓါကြည်ညိုလွှမ်းကဲနေစဉ်ခိုက် သတိရ၍ ကြည့်လေသော် လုလင်ပျိုတို့ကို မတွေ့ရလေပြီ။ ဆရာတော်ဘုရားကြီး ဦးနရိန္ဒမဟာထေရ်မှ လူအများသွန်းလောင်းသော်မျှမရသော ကြေးသွန်းရုပ်ပွားမြတ်တော်ကြီးကို လာရောက် သွန်းလောင်း ပါဝင်ကုသိုလ်ယူတော်မူသည့် လုလင်ပျိုနှစ်ဦးတို့မှာ ဘယ်နည်းနှင့်မျှ သာမန်အရပ်သားလူပုဂ္ဂိုလ် မဖြစ်နိုင်။ သာသနာအစွန့်ရှည်ကြာဖို့အတွက် အထက်နတ်ဘုံနတ်နန်းမှ သူတော်စင်နတ်သားများကူညီစွမ်းဆောင်နိုင်လေသည့် အစွမ်းသိဒ္ဓိရှိပေသည်ဟု မိမိ၏ သီလ၊ သမာဓိအာရုံတွင် လာရောက်ထင်လေရာ ဆရာတော်ကြီးသည် ပြုံးရွှင်ကြည်နူးသောမျက်နှာနှင့် ဘုရားကြီး၏ ဘွဲ့တော်ကို နတ်သားများ ကူညီသွန်းလောင်းပေးသည့် အသွင်ဆောင်သဖြင့် အတုလမာရဇိန်ဘွဲ့တော်တပ်၍ ကြေးသွန်းလောင်း တည်ထားသည့် ခုနှစ် ၁၂၂၂ ကိုလည်း ပါရှိစေရန် 'ဧ-ကန်-ကျော်-ကြား (၁၂၂၂) အတုလမာရဇိန် ရွှေနတ်ကူဘုရား' ဟု ဘွဲ့တော်ဆက်ကပ် ကြည်ညိုရမည် မိန့်မြွက်ချက်အရ ရုပ်ပွားမြတ်ကြီးကို 'ရွှေနတ်ကူဘုရား' ထင်ရှားသောပညတ်နှင့် ဘွဲ့တော်တပ်ခဲ့ရာ ယနေ့အချိန်အထိ 'ရွှေနတ်ကူဘုရား' ဟု ခေါ်ဝေါ်ခဲ့ကြလေသည်။

(မူကွဲ - နတ်နှင့် လူပုဂ္ဂိုလ်များ ပူးပေါင်းတည်သည်ဟူသော ယူဆချက်နှင့် ရွှေနတ်လူဘုရားဟုလည်း ခေါ်ဆိုကြသည်ဟု သိရပါသည်။)

ရွှေနတ်ကူဘုရားကြီးသည် ကဆုန်လပြည့်နေ့တွင် အောင်မြင်စွာဖြင့် သွန်းလောင်းနိုင်ခြင်းက ထူးခြားမှုတစ်ခုအဖြစ် ဗုဒ္ဓဖွားမြင်သောနေ့၊ ဘုရား



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်သို့ရောက်သောနေ့၊ ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်သောနေ့ နေ့ထူးနေ့မြတ်များနှင့် ထူးခြားစွာတိုက်ဆိုင်နေခြင်းဟု စာရေးသူ ယူဆမိသည်။ နတ်သားဟုယူဆရသော လုလင်ပျိုနှစ်ဦး၏ ငွေဖလားထဲတွင် မြတ်စွာဘုရား၏အမွေတော်မာတ်တော်များမပါရှိဟုပြောမရချေ။ ထိုငွေဖလားကို ကြေးသွန်းကျိုနေသော ဖိုထဲထည့်မှ ရုပ်ပွားတော်ကြီးအဖြစ် သွန်းလောင်းနိုင်ခဲ့လေသည်။

ယခုဆိုလျှင် ရွှေနတ်ကူဘုရားကြီးသည် တည်ထားခဲ့သည့်နှစ်ပေါင်း(၁၃၄) နှစ်ရှိခဲ့ပါပြီ။ ဂန္ဓကုဋိတိုက်၊ နတ်လမ်း၊ ဘုရားပရိဝုဏ်တို့နေရာတွင် အသစ်တိုးချဲ့ပြုပြင်မွမ်းမံထား၍ သာသနိကအဆောက်အအုံများတိုးချဲ့လာပါသည်။ ယခင် ရာမပွဲပြသောနေရာတွင် ဖျာပုံမြို့ ရာမယဏာဇိမာန်ကြီးကို အခိုင်အမာ တည်ဆောက်ခဲ့သလို မန်ကျည်းတန်းကန်နှင့်၊ သိမ်အရှေ့တွင်ဂြိုဟ်တိုင်ဘုရားများနှင့် ဘုရားဖူးဝေနေယျများ အမိဌာန်ပုတီးစိပ်နိုင်ရန် ရင်ပြင်ကိုပြုလုပ်ထား၏။

ကေန်ကျော်ကြား အတုလမာရဇိန် ဘုရားကြီး၏ ထူးခြားချက်များမှာ -

ဘုရားကြီးသည် ရောင်တော်ဖွင့်သည်ဖြစ်စေ၊ မဖွင့်သည်ဖြစ်စေ မျက်နှာတော်သည် ဝင်းလက်ရွှင်ပျကြည်လင်နေပါသည်။

ဖူးမြင်ရသူအပေါင်းဖူး၍မဝခြင်း။

ဘုရားကြီး၏ မျက်နှာတော်အား ရှေ့တည့်တည့်မှကြည့်လျှင် မျက်လွှာတော်ချသကဲ့သို့ရှိနေခြင်း၊

မျက်နှာတော်အား လက်ယာဘက်မှကြည့်လျှင် မျက်လုံးတော်ဖွင့်အပူဇော်ခံသကဲ့သို့ရှိ၍နေခြင်း။

လက်ဝဲဘက်မှကြည့်လျှင် ဈာန်သမာပတ်ဝင်စားဟန်ရှိနေခြင်း။

နာမည်မဖော်လိုသောအရပ်မှနေ၍ ပုဂ္ဂိုလ်ထူးများမကြာခဏလာရောက်ဖူးမြော်ကြည်ညိုခြင်းနှင့် အမိဌာန်ဆုတောင်းပြည့်ခြင်း။

သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားကြီး၏ ဆွမ်းသိမ်းပွဲတော်ရက် ဘုရားဖူးဝေနေယျများနှင့်စည်ကားခြင်း၊ လူပရိသတ်နှင့် ဘုရားပရိဝုဏ်မမျှတသော်လည်းဝင်ဆံ့ခြင်းက ထူးခြားလှ၏။

ဖျာပုံမြို့ကို ရေလမ်းဖြင့်ပဲလာလာ၊ ကားလမ်းခရီးဖြင့်ပဲလာလာ ဘုရားကြီးစံပယ်သီတင်းသုံးသော ဂန္ဓကုဋိတိုက်နှင့် ပြသာဒ်စုလစ်မွမ်းချွန်ကို အဝေးကပင် လှမ်းမြင်နေရပါသည်။ ဖျာပုံမြို့ ဒုတိယလမ်း ရွှေဒါန်းရပ်ခေါ် မန်ကျည်းတန်းရပ်တွင် အဝင်မုခ်ဦးတည့်တည့် ဂန္ဓကုဋိတိုက်အတွင်း သီတင်းသုံးစံပယ်နေသည်ကို ဖူးတွေ့ရသည်။

ဘုရားကြီး၏ ဂေါပကမှတ်တမ်းများအရ -

ဉာဏ်တော်အမြင့် (၅) ပေ (၃) လက်မ၊ မကိုဋ်တော်အမြင့် (၂) ပေ (၆) လက်မ၊ ပလ္လင်တော်အမြင့် (၅) ပေ (၆) လက်မရှိသည်။

ဘုရားကြီး၏ပွဲတော်များနှင့် နန်းတွင်းမြန်မာရာမယဏာဇာတ်တော်များက အထင်ကရရှိလှပါသည်။ ယခင်က ရာမဇာတ်တော်ကြီးသည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ (၄၉) ရက်ထိ ကြာမြင့်ခဲ့သော်လည်း နောက်ပိုင်း ဆွမ်းသိမ်းပွဲတော်ကို ရာမဇာတ်ဖြင့် (၉)ရက်မှ (၁၁) ရက်ထိ ကပြကြသည်။ ထို့နောက် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ရာမဇာတ်တော်ကြီး တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်မှ စ၍ကပြသည်။ ယခုနှစ်ဆိုလျှင် တန်ဆောင်မုန်းလတွင် (၃၈) ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲကိုကျင်းပခဲ့ပြီဖြစ်သည်။ ရာမဇာတ်ကိုလည်း ကပြခဲ့သည်။ နှစ်ပေါင်း (၁၀၀) ကျော်ရှိခဲ့ပါပြီ။ သို့သော် ရာမဇာတ်ကပြရာတွင် အသုံးတော်ခံသော ဘိုးတော်၊ ရာမ၊ လက္ခဏ၊ ဒသဂီရိ၊ မယ်သီတာ၊ သုဂြိတ်၊ ဘာလီ စသော ခေါင်းတော်များသည် ထိုင်းနိုင်ငံ အယုဒ္ဓယမြို့ရှိ ရှေးဟောင်းယိုးဒယားပညာရှင်များ၏ လက်ရာများဖြစ်ပြီး ယနေ့တိုင် ဘုရားကြီး၏ ဂန္ဓကုဋိတိုက်အတွင်း စနစ်တကျထိန်းသိမ်းထားရှိပါသည်။ နှစ်စဉ်မပျက်ကပြနိုင်သည်မှာ မန်ကျည်းတန်းရပ် ရွှေဒါန်းရပ်သူရပ်သားများ၏ စုစည်းညီညာမှု ချစ်ကြည်ရင်းနှီးမှုကို အရင်းခံထား၍ဖြစ်သလို မန်ကျည်းတန်းရပ်သူရပ်သားများကိုယ်တိုင် ကပြအသုံးတော်ခံခြင်းပင် ဖြစ်သည်။ သို့သော် သီတာမင်းသမီးနေရာတွင်တော့ ရှေးယခင်က နန်းတွင်းမင်းသမီးများဖြစ်ကြသော ယင်းတော်မလေး၊ မကွမ်းငုံ၊ မင်းသမီး မထွေးလေး၊ မဆင်ခိုးက မယ်သီတာအဖြစ် သရုပ်ဆောင် ကပြကြသလို ပြည်တော်သာခေတ်တွင် ရုပ်ရှင်မင်းသမီးကြီး မခင်ထွေးသည် မယ်သီတာနေရာတွင် ကပြအသုံးတော်ခံရာ၌ လွန်စွာမှ သရုပ်ဖော်ဟန်ပန်အလှသဘာဝကျလှသောကြောင့် မင်းသမီးကြီး ဒေါ်သီတာခင်ထွေးဟု နာမည်ကြီးခဲ့ပါသည်။ တန်ဆောင်မုန်းလတွင် ယခင်က ရာမ မကပါ။မသိုးသင်္ကန်းရက်ပြိုင်ပွဲသာကျင်းပပါသည်။ ယခုအခါမှာ တန်ဆောင်မုန်းလပြည့်ပြီးမှ ရာမကတာ တွေ့ရပါသည်။

တပို့တွဲလတွင် ရွှေနတ်ကူဘုရားကြီးဂေါပကအဆက်ဆက်မှကြီးမှူးလျက် ထမနဲအိုးပေါင်း (၃၀) ကျော်ထိုး၍ မြို့ပေါ်ရှိသံဃာများကို စုပေါင်းလောင်းလှူတော်မူကြပါသည်။

(မန်ကျည်းတန်းရပ်နှင့်ပတ်သက်၍ ရေးသားရလျှင် ၁၂၄၀ ပြည့်နှစ်က ပထမလမ်းတစ်လျှောက်တွင် မန်ကျည်းပင်များ အိမ်တိုင်းကျစိုက်ပျိုးကြသည်ကို အခြေပြုလျက် ကံဦးကျောင်းနှင့်ဘုရားကြီးတန်ဆောင်းကိုခွဲကြလေသည်။ လူတို့သည် မိမိနှစ်သက်ရာဘုရား၊ ကျောင်းသို့သွား၍ ကြည်ညိုကြလေသည်။ ထိုအခါ မန်ကျည်းတန်းဟုပေါ်ထွက်၍လာပါသည်။ မြန်မာနိုင်ငံသည် ထိုအချိန်ကတိုင်းရေးပြည်ရေးရှုပ်ထွေးနေစဉ်ကာလ မြင်းခြံမြို့မှ ပြောင်းလာသူများသည် မန်ကျည်းတန်းအရပ်သူအရပ်သားများနှင့် ပေါင်းသင်းပြီး မန်ကျည်းတန်းရပ်ဟုတွင်ပြီး မြင်းခြံလမ်းလည်းရှိပါသည်။

အထက်မင်းလှဘက်မှပြောင်းရွှေ့လာကြသူများက မြောက်ပိုင်းရပ်တွင် အခြေချနေထိုင်ပြီး မြောက်ပိုင်းရပ်ဟုဖြစ်လာခဲ့ပါသည်။)

ယခုအခါ နိုင်ငံတော်မှသာမက ယူနက်စကိုကပင် မြန်မာနိုင်ငံအား ရှေးဟောင်းအမွေအနှစ်ယဉ်ကျေးမှုများကို နယ်မြေဒေသများအလိုက် အသိအမှတ်ပြုခဲ့ရသည် ဖြစ်ပါသည်။ ဆရာတော်အစဉ်အဆက်နှင့် ဂေါပကအစဉ်အဆက်၏ကြိုးစားစီမံမှုကလည်း ကျေးဇူးကြီးမားလှသည်။

သို့ပါ၍ ကေန်ကျော်ကြား အတုလမာရဇိန် ရွှေနတ်ကူဘုရားကြီးနှင့် နှစ်ပေါင်း (၁၃၀) ကျော်လာပြီဖြစ်သော မြန်မာနန်းတွင်းရာမယဏာဇာတ်တော်ကြီးကို ထိန်းသိမ်းထားနိုင်ခဲ့သည့် ဖျာပုံမြို့ ရွှေဒါန်းရပ်ခေါ် မန်ကျည်းတန်းရပ်၏ ထူးခြားဂုဏ်တစ်ခုအဖြစ် ရေးသား တင်ပြလိုက်ရပါသည်။

မင်းနန္ဒရိန်

**စာကိုး -**

ရွှေနတ်ကူဘုရားသမိုင်းအကျဉ်း ဦးဖိုးအိမ်၊ မွန်ပညာရှိ၏ ဖျာပုံ ရာဇဝင်

ဖျာပုံခရီးစဉ်တစ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



ရွှေပေါင်းစေတီတော်မြတ်ကြီး




ဉာဏ်တော်(၂၇)ပေ
အရှင်ဂေါတမဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး



ရုပ်တော်မှုရုပ်ပွားတော်မြတ်ကြီး





ဓာတ်တော်တိုက်ကြီး



ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး

ဦးချစ်ဖို

# ရွှေကျွန်းပင်အရိပ်အောက် တစ်ထောက်ခိုနားခြင်း

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ရွှေကျွန်းကုန်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီးအကြောင်းကို မိုးကုတ်ဓမ္မကထိက ဆရာကြီးဦးတင့်ဝေထံမှ ၁၉၉၇ ခုနှစ်ကတည်းက သတင်းစကားကြားသိခဲ့ရ၏။ လွန်စွာ ကြီးကျယ် ခမ်းနားပြီး ရာသက်ပန် အမြဲတမ်း ယောဂီများကို လက်ခံကြောင်း ကြားသိရသဖြင့် များစွာ စိတ်ဝင်စားမိ၏။ ရိပ်သာကို စတင်တည်ထောင်သူ ဦးမြင့်ဆွေသည် ထိုအချိန်က အသက်အားဖြင့် (၄၀) ကျော်အရွယ် ခေတ်ပညာတတ်တစ်ဦး ဖြစ်၏။ မိမိ၏ ကြွယ်ဝချမ်းသာသော စည်းစိမ်ဥစ္စာများကို မိုးကုတ်ဆရာတော်ဘုရားကြီး၏ အဆုံးအမဒေသနာတော်များ ပြန့်ပွားရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းအားဖြင့် ထင်ရှားစွာ ရေးသားထားသည့် မုခ်ဦးသို့ ဆိုက်ရောက်ခဲ့ပေပြီ။ မုခ်ဦးကြီးက ထည်ဝါခဲ့ညားသလို သစ်ပင်ကြီးငယ်တို့ဖြင့် အရိပ်အာဝါသကောင်းပြီး တိတ်ဆိတ်အေးချမ်းလှပေ၏။ ဤရိပ်သာကြီးကား တစ်ဆယ့်တစ်ပါးသော ကိလေသာအပူမီးတောက်နေသည့် ပုထုဇဉ်အမိုက်များကို တစ်ထောက်နားခိုစေပြီး ကိလေသာအပူမီးတို့ချုပ်ငြိမ်းရာ နိဗ္ဗာန်ရွှေပြည်မြတ်သို့ ပို့ဆောင်ပေးမည့် နိဗ္ဗာန်ဆိပ်ဦးသဖွယ် ဖြစ်ပါပေသည်။


ရွှေကျွန်းကုန်း ဓမ္မရိပ်သာကြီး၏ ပကတိအသွင်အပြင်ကိုမျက်ဝါးထင်ထင် တွေ့မြင်ရသည်မှာ ရင်သပ်ရှုမောဖွယ် ရှိချေ၏။ အုတ်ရိုးတံတိုင်းပတ်လည်ဝိုင်းထားသည့် (၄၅) ဧကခန့်ကျယ်ဝန်းသော ထူးတူးမှုများကို ကြားသိရ၍ ဦးမြင့်ဆွေအား မမြင်တွေ့ဘူးသော်လည်း ယင်းပုဂ္ဂိုလ်၏ သဒ္ဓါစွမ်းအား၊ ဆောင်ရွက်နိုင်စွမ်းအားများကို လေးစားမိ၏။ အားကျမိ၏။ ကြည်ညိုသဒ္ဓါပွားမိ၏။ တစ်နေ့နေ့ တစ်ချိန်ချိန် အရောက်သွားပြီး လေ့လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်ခဲ့သော်လည်း စားဝတ်နေရေးနှင့် မိသားစုအခက်အခဲများကြောင့်အလုပ်မ်းဝေးနေခဲ့ရ၏။ အခွင့်မသာ၍ မသွားနိုင်သေးသော်လည်း ရွှေကျွန်းကုန်းနှင့်ပတ်သက်သည့်သတင်းစကားများကို နားစွင့်နေမိ၏။ ကျွန်ုပ်၏ ဆန္ဒများပြည့်ဝလိမ့်မည်ဟုလည်းယုံကြည်နေမိ၏။

ကျွန်ုပ်၏ ပြင်းပြသောဆန္ဒနှင့် ယုံကြည်ချက်များ၊ မျှော်မှန်းတောင့်တခဲ့သော ရည်မှန်းချက်များသည် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်တွင် ပြည့်ဝခဲ့ပေပြီ။ မော်လမြိုင်ကျွန်းမြို့မှ ရန်ကုန်မြို့သို့ သင်္ဘောဖြင့် လည်းကောင်း၊ ရန်ကုန်မြို့မှ ရွှေကျွန်းကုန်းသို့ ကားဖြင့်လည်းကောင်း ခရီးဆက်ခဲ့ရာ ယင်းနေ့ နံနက်(၉း၃၀)အချိန်တွင် 'ရွှေကျွန်းကုန်း မိုးကုတ်ဝိပဿနာအမြဲတမ်းဓမ္မရိပ်သာကြီး' ဟူသော အနီရောင်စာလုံးကြီးများ


www.burmeseclassic.com

www.burmeseclassic.com


အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီး


ရွှေကျွန်းကုန်းဆရာတော် အရှင်ပညိန္ဒာဓိဝံသ


တံခွန်တိုင်တော်ကြီး


ယောဂီ(၁၀၀၀)ဆံ့ ဆွမ်းစားဆောင်


ဧည့်ဆောင်


မော်ကွန်းကမ္ပည်းကျောက်စာတိုင်


စာပေတိုက်


အကျိုးဆောင်အဖွဲ့ရုံးခန်း

မြေပြင်ဝယ် စိုက်ပျိုးထားသည့် အရိပ်ရသစ်ပင်ကြီးငယ်တို့ကား 'တောနှင့်ဂနိုင်၊ မြို့င်နှင့်ရဂုံ၊ စုံနှင့်ဟောဝန်ဟောမာ၊ ရိပ်သာဆိုင်ဆိုင်း၊ အင်တိုင်းစေးပျစ် တောချည်းဖြစ်၏' ဟူသော တောဘွဲ့အလား အေးချမ်းလှပေ၏။ သူတော်ကောင်းတို့ပျော်စံမွေ့ရာ တောတောင်အလား သာယာလှပေ၏။ သာသနာပြုရာ နယ်မြေအထိမ်းအမှတ်လက္ခဏာများဖြစ်သည့် ဘုရား၊ စေတီ၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ပြာသာဒ်တို့ကို ရိပ်သာအဝင်မှာပင် ဖူးမြင်နေရပေပြီ။ ကျွန်းကုန်းဘုရားကြီးကျောင်းတိုက်နှင့် စီမံခန့်ခွဲမှုကိစ္စအဝဝကို မူလတိုက်ပိုင်ဆရာတော်ကြီးများက သာသနာတော်အကျိုး မျှော်ကိုးပြီး ဆရာကြီးဦးမြင့်ဆွေအား အပြီးအပိုင်လွှဲအပ်လှူဒါန်းသည့် မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကြီးကလည်း ခံ့ညားလှပေ၏။ 'ယောဂီသူတော်စင်များအား လှိုက်လှဲ ပျူငှာစွာ ကြိုဆိုပါ၏' ဟူသော စာတန်းကို မြင်လိုက်ရသည်နှင့် အားရှိလန်းဆန်း ပီတိလွှမ်းရပါ၏။ ဘုရား၊ တရား၊ သံဃာ ဟူသော သရဏဂုံသုံးပါး၏ အဓိပ္ပာယ်ကို ဖော်ကျူးထုလုပ်ထားသည့် အထိမ်းအမှတ်ပုံတော်များ၊ ဉာဏ်တော် (၁၀၈) တောင် ပြည်လုံးချမ်းသာ စိန္တာမုနိစေတီတော်ကြီး၊ ရပ်တော်မူရုပ်ပွားတော်ကြီး၊ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီးနှင့် ဉာဏ်တော် (၂၇) ပေရှိ ရုပ်ပွားတော်မြတ်ကြီးတို့ကို မြတ်ဗုဒ္ဓ၏ဂုဏ်တော်အား ရည်မှန်းလျက် ပူဇော်ထားရှိသည်ကို ကြည်ညိုဖွယ်ရာ ဖူးမြင်ခဲ့ရပေသည်။

တရားအလုပ်အားထုတ်ကြသည့် ယောဂီသူတော်စင်များ ကြောင့်ကြကင်းစွာ အားထုတ်နိုင်ရန် (၁၆၅ပေ×၆၅ပေ) ရှိ ယောဂီ (၁၀၀၀) ဆံ့ ဓမ္မာရုံကြီးတစ်ဆောင်နှင့် အလားတူ အကျယ်အဝန်းရှိသော ဘောဇနဆောင်ကြီးတစ်ဆောင်ရှိ ရေ၊ မီးအစုံ၊ ပန်ကာ၊ လေအေးပေးစက်များဖြင့် လည်းကောင်း၊ ဧည့်ခန်းဆောင်၊ အကျိုးဆောင်အဖွဲ့ရုံး၊ စာပေတိုက်၊ ပြတိုက်၊ ဓာတ်တော်တိုက်စသဖြင့် ရိပ်သာကြီးဟူသောဂုဏ်ဒြပ်နှင့် ညီညွတ်ခံ့ထည်စွာ တည်ဆောက်ထားပေသည်။ ယောဂီတစ်ဦးလျှင် ရေချိုးခန်း၊ အိမ်သာ၊ ခုတင်၊ စားပွဲအစုံပါဝင်သောတစ်ယောက်ခန်းတစ်ခန်းစီဖြင့်လည်းကောင်း၊ တစ်ပါးနေ လုံးချင်း ကျောင်းဆောင်ငယ်များဖြင့် လည်းကောင်း၊ အများနှင့်ပေါင်းစု၍ နေလိုက နေနိုင်ရန် တန်းလျားအသွင်ခန်းမရှည်များဖြင့်လည်းကောင်း အာဝါသ သပ္ပာယမျှတစွာဖြင့် သီတင်းသုံးနိုင်ရန် ပြည့်စုံစွာ စီမံထားပေသည်။

ယောဂီသူတော်စင်များ၏ စားသောက်ရေးတွင်လည်း ဒေသထွက်ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ သားငါးတို့ဖြင့် ဘောဇနသပ္ပာယမျှတစေရန် ကျွေးမွေး စောင့်ရှောက်လျက်ရှိပေ၏။ သန့်ရှင်းသောသောက်ရေအတွက် ရေသန့်စက်ရုံမှထွက်ရှိသော သောက်ရေများကို ရေသန့်ဘူးကြီးများဖြင့် မပြတ်မလပ် စီစဉ်ထားရှိပေး၏။ ကျန်းမာရေးအတွက် နေ့စဉ် အချိန်ပိုင်းပို့ဆောင်ပေး



www.burmeseclassic.com

www.burmeseclassic.com

သည့် ဆေးပေးခန်းသာမက (၂၄) နာရီ အရေးပေါ် ကျန်းမာရေးပြဿနာများအတွက် စောင့်ရှောက်ပေးလျက်ရှိပေ၏။ ဤကဲ့သို့ အဘက်ဘက်မှ ပြည့်စုံစေရေးအတွက် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်၊ သဒ္ဓါရှင်များကလည်း နေ့စဉ်နှင့်အမျှ လိုအပ်ဖွယ်ရာများကို လာရောက် လှူဒါန်းနေကြသည်မှာ အားရဖွယ် မြင်တွေ့ရပေသည်။

ယောဂီအသစ်များအတွက် ရည်ရွယ်ပြီး အထူး (၇) ရက်တရားစခန်းပွဲများကိုလည်း လစဉ် လဆန်း ၁ ရက်မှ (၇) ရက်အထိ ဖွင့်လှစ်ခဲ့သည်မှာ ၂၀၁၄၊ ဒီဇင်ဘာလအထိ (၁၂၆) ကြိမ်တိုင်ခဲ့ပေပြီ။ ဦးစီးပဓာနနာယကဆရာတော်၏ မေတ္တာ၊ စေတနာ၊ အလှူရှင်များ၏ သဒ္ဓါတရားသည် ဤမျှဖြင့် ရပ်တန့်မနေဘဲ ရန်ကုန်မြို့ သာစုကန်အရပ်တွင် ရွှေကျွန်းကုန်းဓမ္မရိပ်သာခွဲကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်မှ ၂၂ ရက်အထိ စတင်ဖွင့်လှစ်နိုင်ခဲ့ပါပြီ။ နောင်တွင်လည်း လစဉ်လတိုင်း စဉ်ဆက်မပြတ် ပုံမှန်ဖွင့်လှစ်ပြီး သစ္စာရေအေးအမြိုက်ဆေးများကိုတိုက်ကျွေးသွားမည်ဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်ရာကြားသိခဲ့ရပေသည်။

အမြတ်တမ်းတရားအားထုတ်နေကြသော ယောဂီ (၂၀၀) ကျော်ရှိနေသည့် ရာသက်ပန်အမြဲတမ်းရိပ်သာကြီးအတွင်းရှိ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကို ရင်သပ်ရှုမောဖွယ်ရာ မြင်တွေ့နေရပေ၏။ ပကတိမျက်စိဖြင့် လွယ်ကူစွာမတွေ့နိုင်သည်မှာ ဆရာတော်ဘုရားမှ အစထား၍ ဝေယျာဝစ္စဆောင်ရွက်နေကြသော ပုဂ္ဂိုလ်များနှင့် ယောဂီသူတော်စင်များ၏ နှလုံးသားတွင်ကိန်းနေသော တရားဓမ္မများ တစ်နည်းအားဖြင့် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အဆုံးအမ ဒေသနာများပင် ဖြစ်ပေ၏။ ပကတိမျက်စိဖြင့် တရားဓမ္မကို မမြင်တွေ့နိုင်သော်လည်း အကဲခတ်တတ်သည့် ဉာဏ်မျက်စိဖြင့်ကြည့်တတ်လျှင် မြင်တွေ့နိုင်ပေသည်။ တရားကိန်းသည့် သူတော်စင်များဖြစ်ကြသည်နှင့်အညီ ပြောဆိုဆက်ဆံဆောင်ရွက်ကြရာတွင် နူးညံ့၏။ ညင်သာ၏။ ပျော့ပျောင်း၏။ ဝတ္တရားကျေရုံ ဆောင်ရွက်ကြခြင်း မဟုတ်ဘဲ တရားအလုပ် အားထုတ်ကြကုန်သော ရည်ရွယ်ချက်တူ၊ ဘဝတူယောဂီများ တရားသိမြင်ကြပါစေ၊ သိတဲ့အတိုင်း ကျင့်နိုင်ကြပါစေဟူသော အကျိုးကိုလိုလားသည့် နှလုံးသားထဲမှလာသော မေတ္တာတရားကို အခြေခံပေါက်ဖွားလာသည့် စေတနာသဒ္ဓါတရားများဖြင့် ပြောဆိုပြုမူ ဆောင်ရွက်နေကြသည်ကို ထင်ရှားစွာ တွေ့မြင်နိုင်ပေသည်။ ယခုတစ်ဘဝစာအတွက် အစားကျွေးသကဲ့သို့ သံသရာခရီးလမ်းလျှောက်လှမ်းကြရာတွင် မြုပ်မသွားကြစေဘဲ ပေါ်၍မျောပြီး သံသရာတစ်ဖက်ကမ်းသို့ တက်လှမ်းနိုင်စေဖို့ မြင့်မြတ်လှသည့် စေတနာများဖြင့် အစားကျွေး တရားပေးပြီး သာသနာပြုနေကြခြင်း ဖြစ်ပါပေ၏။

ရိပ်သာအဝင်ရုံးခန်းမှ အစပြု၍ ဆေးခန်း၊ စာပေတိုက်၊ ပြတိုက်တာဝန်များ၊ ဓာတ်ပုံမှတ်တမ်း၊ ရုပ်သံမှတ်တမ်း၊ အခမ်းအနားအစီအစဉ်တာဝန်များနှင့် အတူ တရားခန်းမကြီးကြပ်စောင့်ရှောက်ရေးတာဝန်နှင့် ဘောဇနဆောင်တာဝန်များတွင်လည်း သီလရှင်ဆရာကြီး၊ဆရာလေးများ၏ စီမံခန့်ခွဲမှုများက ထောက်ပံ့ထားသည်ကို တွေ့မြင်နေရ၏။ ယောဂီများ၏ ကျန်းမာရေးအတွက် တာဝန်ယူထားရသော ဆေးပေးခန်းမှ ဆရာလေးများဆိုလျှင် ယောဂီများအပေါ် လိုက်လှဲပျူငှာဖော်ရွေစွာဖြင့် နွေးနွေးထွေးထွေး စောင့်ရှောက် ကူညီပေးကြသည်ကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရပေသည်။ သစ္စာတရားတော်များကို ဟောပြောပို့ချရာတွင်လည်း ရဟန်းပုဂ္ဂိုလ်များနည်းတူ ရှင်းလင်းပီပြင်စွာ ဟောပြောနိုင်သည့် ဆရာလေး ဒေါ်ဇေယျဝတီသည်လည်း ဆရာကောင်း တပည့်ပီသပါပေ၏။ အသက်ငယ်သော်လည်း အသိကြွယ်ပါပေ၏။ ရွှေကျွန်းကုန်း၏ ထူးခြားသော မြင်ကွင်းများပင်ဖြစ်၏။ ဤမျှစွမ်းဆောင်နိုင်သော သီလရှင်များလည်းရှိပေသည်ဟု စိတ်ထဲမှ ချီးမွမ်းမိ၏။ ရွှေကျွန်းကုန်းသို့ရောက်ရှိပြီးမှ သီလရှင်များကိုလေးစားကြည်ညိုတတ်သောစိတ်များပိုမိုဖြစ်လာရပါသည်ဟု ရိုးသားစွာ ဝန်ခံလိုပါ၏။

မြန်မာပြည်၏ တစ်ခုတည်းသော စံနမူနာပြ ရိပ်သာကြီးဖြစ်သည်နှင့်အညီ ဆရာတော်ဘုရားမှ အစထား၍ သံဃာတော်များ၊ သီလရှင် ဆရာကြီး၊ ဆရာလေးများ၊ အမျိုးသား၊ အမျိုးသမီး ဝေယျာဝစ္စ ဆောင်ရွက်ကြသော ပုဂ္ဂိုလ်များတို့သည် ထိုက်သည့်အားလျော်စွာ စေတနာအရင်းခံကြောင့်သာ ဤကဲ့သို့ ဆောင်ရွက်နိုင်ကြခြင်း ဖြစ်ပေလိမ့်မည်။ ယောဂီအသစ်တစ်ဦး ရောက်လာလျှင် ကွဲကွာနေသော ဆွေမျိုးကိုပြန်တွေ့ရသကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြသည်ကို တွေ့မြင်ခံစားရသဖြင့် ရွှေကျွန်းကုန်းသို့ လာရောက်ရကျိုးနပ်လှပေသည်။ အကြောင်းအကျိုးညီညွတ်ပါက နောက်ထပ်လာရောက်ပြီး ရက်ရှည်အားထုတ်လိုပါ၏။ အသေမဦးခင် ဉာဏ်ဦးလိုပါ၏။ အနိမ့်ဆုံးအားဖြင့် ဝိပဿနာမဂ်နှင့်ယှဉ်၍ ခန္ဓာက သက်သေပြသည့် သေခြင်းမျိုးဖြင့် သေလိုပါ၏။

ကျွန်ုပ်သည် ဆရာတော်ကြီး၏ ခြေတော်ရင်းကို ဦးခိုက်၍ ရွှေကျွန်းပင်အရိပ်အောက်တွင် (၉) ရက်တာမျှ ခိုလှုံခွင့်ရနိုင်စေဖို့ အချိန်အား၊ ငွေအား၊ လူအားပြည့်စုံရန် အထူးကြိုးစားခဲ့ရ၏။ အတိတ်ကံနှင့် လက်ရှိကံအကြောင်းအထောက်အပံ့တို့ကြောင့်လည်းကောင်း၊ မိသားစုနှင့်တကွ ပတ်ဝန်းကျင် မိတ်ဆွေသင်္ဂဟများက ပါရမီကူညီဖြည့်ဆည်းပေးမှုတို့ကြောင့်လည်း ဓမ္မလမ်းကြောင်း ဖြောင့်ဖြူးခဲ့ရခြင်း ဖြစ်ပေ၏။ ဤကဲ့သို့ စနစ်တကျ သင်ကြား ပြသပေးသည့် ဆရာသမားများနှင့် ကင်းဝေးခဲ့သည်မှာ (၁၀) နှစ်ကျော် ကြာခဲ့ပါပြီ။ စာပေဗဟုသုတများကို ဆရာတင်ပြီး ရမ်းရှူးမှန်းရှူဖြင့် အချိန်များကုန်ခဲ့ရ၏။ အကျိုးမယုတ်သော်လည်း အကျိုးများသင့်သလောက်မများခဲ့။ ခရီးပေါက်သင့်သလောက်မပေါက်ခဲ့ပေ။

ရွှေကျွန်းကုန်းသို့ ရောက်တော့မှ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို ခန္ဓာသိ- ဉာဏ်သိ သိအောင် ကြိုးစားရာတွင် ခန္ဓာဖွဲ့နည်း၊ ဒိဋ္ဌိဖြုတ်နည်း၊ သစ္စာဖွဲ့နည်းတို့ကို အခြေခံမှုစ၍ သင်ယူခွင့်ရခဲ့ပါ၏။ ဝိပဿနာမရှုခင် သမာဓိထူထောင်ခြင်းကို (၃)ရက်တာမျှ လေ့ကျင့်ခဲ့ရ၏။ အရှုဉာဏ်တရား (၅) ပါးနှင့် အရှုခံခန္ဓာတို့၏ သဘောသရုပ်ကိုလည်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်စေဖို့ ဆရာတော်၏ ကိုယ်တွေ့ဉာဏ်မြင်တရားများကို ကြားနာမှတ်သားခဲ့ရပေသည်။

ဆရာတော်သည် လောကီနယ်ပယ်တွင် လောကဓမ္မအရ အောင်မြင်ခဲ့သူ၊ ဘဝအခြေမှ လောကုတ္တရာနယ်ပယ်သို့ ကူးပြောင်းလာသူဖြစ်၍ လောကအကြောင်း၊ ဓမ္မအကြောင်းကို ကျွမ်းဝင်ခဲ့သလို သင်ကြားပြသရာတွင်လည်း ခေတ်အမြင်၊ ခေတ်အတွေးဖြင့် ရှင်းလင်းအောင် ဟောပြောနိုင်ပါပေ၏။ ရွှေကျွန်းကုန်း အထူး (၇) ရက်တရားစခန်းပွဲ ဝင်ရောက်ခြင်းသည် အထူးမွမ်းမံသင်တန်း တက်ရောက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com

အလားတူပေ၏။ သင်တန်းတက်စဉ် စည်းကမ်းအတိုင်း လိုက်နာခဲ့သဖြင့်လည်း တရားအသိဉာဏ်များ တိုးတက်ခဲ့ပေသည်။ ရရှိလာသော တရားအသိဉာဏ်များ ပိုမိုတိုးတက်ပြီး ရင်မှာစွဲမြဲစေဖို့ တစိုက်မတ်မတ် အားထုတ်ဖို့တာဝန်သာ ကျန်ရှိပါတော့သည်။

ဆရာသမားအနေဖြင့် တရားစဉ်နှင့် လုပ်ငန်းစဉ်အပိုင်းဖြစ်သည့် ရှုမှတ်ပွားများအားထုတ်နည်းများကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယကို ခံယူ၍ ဉာတပရိညာအားဖြင့် ရှင်းလင်း ဟောပြပြီးဖြစ်၍ ဆရာတာဝန်ကျေခဲ့ပါပြီ။ ကျွန်ုပ်တို့တာဝန် (ဝါ) ဒကာတာဝန်ဖြစ်သည့် လုပ်ငန်းခွင်တွင် လက်တွေ့ပွားများအားထုတ်ခြင်း ဟူသော တီရဏပရိညာအဆင့်ကို ကျင့်သုံးခြင်းဖြင့် တာဝန်ကျေကြရပေမည်။

ရွှေကျွန်းကုန်း ဓမ္မရိပ်သာကြီးကို စတင်တည်ထောင်ခဲ့သည့် ဆရာတော်အရှင်ပညိန္ဒာဘိဝံသ (ဝါ) ဆရာကြီးဦးမြင့်ဆွေသည် မိမိ၏ ဆရာသခင်ဖြစ်သည့် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း လိုက်နာ ကျင့်ကြံအားထုတ်ခဲ့သဖြင့် သစ္စာဉာဏ်များ ရင်မှာကိန်းခဲ့ခြင်း ဖြစ်၏။ ဤကဲ့သို့ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် ဟူသော သစ္စာတရားများ ရင်မှာကိန်းစေရန် ကံကြမ္မာဖန်လာပုံမှာလည်း ဆရာသခင်နှင့် အလားတူခဲ့သည်ကို တစ်စွန်းတစ်စသိခဲ့ရပေသည်။ အများနှင့်မတူ ထူးခြားတိုက်ဆိုင်သော ဖြစ်ရပ်တစ်ရပ်အဖြစ် အမှတ်ထင်ထင်ရှိခဲ့ပေ၏။

ဒုတိယကမ္ဘာစစ်ကြီးက မိုးကုတ်ဆရာတော် အရှင်ဦးဝိမလအား ပုထုဇဉ်အနွယ်ကိုဖြတ်၍ ရဟန္တာပုဂ္ဂိုလ်မြတ်ကြီးအဖြစ်သို့ ပို့ဆောင်ပေးခဲ့သည့် အကြောင်းအထောက်အပံ့တစ်ရပ်ဖြစ်ခဲ့သည့်အလားတူစွာ ၁၉၈၈ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော အုပ်ချုပ်သူ အစိုးရမင်းမဲ့သည့် တိုင်းပြည်ပျက် အရေးအခင်းကာလကြီးက ခေတ်ပညာတတ်ပြီး လောကီချမ်းသာတို့ဖြင့် ပြည့်စုံနေသော မိစ္ဆာဒိဋ္ဌိအယူများကြီးကို ရင်မှာစွဲပိုက်ထားသူ ဆရာကြီးဦးမြင့်ဆွေအား သမ္မာဒိဋ္ဌိဉာဏ် ရင်မှာကိန်းစေခဲ့ပြီး၊ မိုးကုတ်ဆရာတော်ဘုရားကြီး၏ အဆုံးအမဒေသနာများကို သူမတူအောင် ကျင့်ကြံပွားများအားထုတ်စေခြင်းငှာအကြောင်းအထောက်ပံ့ကောင်းတစ်ရပ်ဖြစ်ခဲ့ပါပေ၏။ မိမိကိုယ်တိုင် ခန္ဓာဉာဏ်ရောက် သစ္စာတရားများကို ရင်မှာကိန်းရုံဖြင့်အားရကျေနပ်ခြင်းမရှိဘဲ အများသူငါတို့သည်လည်း သစ္စာတရားများ နာကြားနိုင်ကြပါစေ။ နာတဲ့အတိုင်းသိနိုင်ကြပါစေ။ သိတဲ့အတိုင်း ကျင့်ကြံပွားများအားထုတ်နိုင်ကြပါစေဟူသော ကြီးမားလှသည့် မေတ္တာ၊ စေတနာတို့ကြောင့် မြန်မာပြည်တွင် မရှိဘူးသေးသော ရာသက်ပန် အမြဲတမ်း ဓမ္မရိပ်သာကြီးကို တည်ထောင်ပြီး ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟ (၂) ပါးဖြင့် ထောက်ပံ့ချီးမြှောက်လျက်ရှိပေသည်။ ရပ်ဝေး၊ ရပ်နီးအသီးသီးမှ လာရောက် အားထုတ်ကြသော အမြဲတမ်း ယောဂီများသည် အာဝါသသပ္ပာယ၊ ဥတုသပ္ပာယ၊ ပုဂ္ဂလသပ္ပာယ၊ ဘောဇနသပ္ပာယတို့နှင့် ညီညွတ်မျှတကြသဖြင့် သစ္စာတရားများ ရင်မှာကိန်းကြပြီး ယခုဘဝတွင်မနေ စုတိကွယ်လွန်ကြသည့်အခါတွင် ကျန်ရှိသော ဥတုဇရုပ်ကလာပ်က သက်သေပြခဲ့ကြသည့် ယောဂီအပေါင်းမှာ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအထိ ရိပ်သာသက်တမ်း (၂၂)နှစ်တာကာလအတွင်း (၄၁) ဦးရှိခဲ့ပေပြီ။

ထူးခြားပေစွ၊ ဆန်းပြားပေစွတကား။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ဥပနိဿယမှန်ကန်ကြောင်း၊ ဗုဒ္ဓဘုရားရှင်၏ အဆုံးအမဒေသနာတော်အတိုင်း လွဲချော်မှုမရှိကြောင်း သမိုင်းမှတ်တိုင်များ စိုက်ထူခဲ့ကြပေသည်။

ဆရာတော်ဘုရားကြီး၏ အဆုံးအမတစ်ခုဖြစ်သည့် -

> ▫ *ညည်းညူမရှိ၊ မြဂတိနှင့်၊ သတိမမေ့၊ ချိန်နေ့သိပြန်၊ မျက်လှန်ကြောဆွဲ၊ မရှိဘဲလျက်၊ သေလည်းမတောင့်တင်း၊ ပုပ်နံ့ကင်းသည်၊ ကျိုးရင်း ဝိပဿနာတန်ခိုးတည်း ။*

ဟု လည်းကောင်း -

'သေမှအရှက်တကွဲ အကျိုးနည်း' မဖြစ်ကြစေနဲ့' ဟု လည်းကောင်း ဆုံးမတော်မူခဲ့ပေသည်။ နေယျပုဂ္ဂိုလ်များဖြစ်သည့်အတွက် လုပ်ငန်းခွင်ဝင်ရာတွင် အခက်အခဲမရှိစေရန် မြန်မာစကားပြေသက်သက်ဖြင့်လိုရင်းတိုရှင်းညွှန်ပြတော်မူခဲ့ပေသည်။

မြတ်စွာဘုရားသာ သက်တော်ထင်ရှားရှိနေပါက -

'ငါဘုရား၏ သစ္စာတရားတော်များကို မြန်မာစကားပြေသက်သက်ဖြင့် ဟောပြောသည့်နေရာတွင် အသာဆုံး အမြတ်ဆုံးဖြစ်သောဟူသည့် ဧတဒဂ်ဘွဲ့ထူး ပေးတော်မူပေလိမ့်မည်'

ဟု မင်းကွန်းဆရာတော်ဘုရားကြီးက ထောက်ခံတော်မူခဲ့ကြောင်း ကြားနာမှတ်သားခဲ့ရပေသည်။

သို့အတွက် ဆရာသခင်ညွှန်ကြားပြသသည့်အတိုင်း တိကျစွာလိုက်နာကျင့်သုံးကြသည့် ယောဂီများသည် ရှေးပုဂ္ဂိုလ်များနည်းတူ ခန္ဓာက သက်သေပြကြဦးမည် ဖြစ်ပေသည်။ အဓိဋ္ဌာန်ထားသည့် ပုဂ္ဂိုလ်ထူးများရှိပါက ဓာတ်တော်များအဖြစ်သို့ပင်ပြောင်းသွားနိုင်ပေ၏။ ဤကဲ့သို့ တစ်နေရာတည်း၊ တစ်စုတဝေးတည်း သက်သေပြခဲ့ကြသည့် ရွှေကျွန်းကုန်းရိပ်သာကြီးသာမက မြန်မာပြည်တစ်လွှားတွင်လည်း အလားတူ ခန္ဓာက သက်သေပြခဲ့ကြသည့် အသွေးအသားများကဓာတ်တော်ဖြစ်ခဲ့ကြသည့် ပုဂ္ဂိုလ်များစွာရှိခဲ့ကြပေသည်။

နိဂုံးချုပ်အားဖြင့် ဆိုရပါဘျင်သာသနာတော်နှစ်အားဖြင့် ၂၅၀၀ကျော်လွန်ခဲ့သောဝိမုတ္တိယုဂခေတ်ကာလတွင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ သစ္စာဒေသနာများ ပေါ်ထွန်းခဲ့ပေသည်။ ဗုဒ္ဓသာဝက သံဃာတော်အစစ် ဧကန်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံလှသည့်အတွက် နောက်ထပ် ဆရာရှာနေလျှင် ဉာဏ်မဦးခင် အသေကဦးပြီး အပါယ်လေးဘုံတွင် အရိုးတွေတောင်လိုပုံသွားနိုင်ပေသည်။

ဤနေရာတွင် ဆိုရိုးစကားတစ်ရပ်ကို အမှတ်ရမိပါ၏။

> ▫ *အင်းခန်းတော့ ငှက်ကျ*
> *ငှက်ကျတော့ လယ်တီ*
> *လယ်တီတော့ ထွန်ဆင်း*
> *ထွန်ဆင်းတော့ မိုးရွာ*
> *ဒီတစ်ခါရွာတဲ့မိုး*
> *ချိုးဖြစ်အောင်ချိုး*
> *ဒီမိုးမှမချိုးလျှင်ဖြင့်*
> *ဒယ်အိုးနှင့်·တိုးလိမ့်မည်ပ*

ဟု ဆိုထားသည့်အတွက် ဗုဒ္ဓဘုရား၏ သစ္စာတရားတော်များကို ကောင်းစွာ ဟောကြားနိုင်သော ဆရာကောင်းဆရာမှန်ကို တွေ့လည်းတွေ့၊ကြုံလည်းကြုံနေပြီဖြစ်ရာ ကြိုက်ပြီးလိုက်ဖို့သာရှိပေတော့၏။ ကြိုက်ပြီးမလိုက်လိုလျှင်ဖြင့် အမိုက်နင့်ပြင် ရှိဦးမလားဟုဆိုရမည်သာ ဖြစ်ပေတော့သတည်း။

(၁၂၆) ကြိမ်မြောက် အထူး (၇) ရက်တရားစခန်းပွဲကြီးအား ဤစာစုဖြင့် အမှတ်တရ ဂုဏ်ပြုအပ်ပါသည်။

ဦးချစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com

တင်အောင်(စက်မှုတက္ကသိုလ်)

# မူလမင်းကွန်းဇေတဝန်ဆရာတော်ကြီး


## ဘဝမှတ်တမ်း

လွန်ခဲ့သော နှစ်ပေါင်း (၆၀) ခန့် လောက်က ဘာသာရေးလောကတွင် အလွန် ထူးခြားသော အံ့ဖွယ်ဖြစ်ရပ်တစ်ခုဖြစ်ခဲ့ဖူးလေသည်။ ထိုဖြစ်ရပ်မှာ ယခုတိုင် ပြောမဆုံးပေါင်ဖြစ်ရသည်။

ဖြစ်ပုံမှာ ၁၃၁၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့၊ မွန်းတည့် (၁၂) နာရီ (၁၈၊ မတ်လ ၁၉၅၅) တွင် ပျံလွန်တော်မူသော မူလမင်းကွန်းဆရာတော် အရှင်နာရဒ (သထုံဇေတဝန်ဆရာတော်ကြီး) သက်တော် (၈၆) နှစ်၊ (ဝါတော် (၆၀) ခန့် (လူဝတ်လဲခဲ့မှုများရှိ၍) ကို မီးသဂြိုဟ်ရာ ခန္ဓာတော် အရပ်ရပ်မှကြွင်းကျန်ခဲ့သော ဓာတ်တော်များပါ ဆန် (၈) ဘူး၊ ပြည်တောင်းဖြင့် (၃) ပြည်စာမှ ပမာဏရှိမည်ဟု ခန့်မှန်းကြသည်။ ထို့ကြောင့်ပင်လျှင် အရှင်မြတ်ကြီး၏ ဂုဏ်သတင်းသည် မြန်မာပြည်နယ်နိမိတ်ကိုကျော်၍ သာသနာ့ဂုဏ်ရောင်ထွန်းပြောင်ခဲ့ပေသည်။ မီးသဂြိုဟ်ရာ ရုပ်ကလာပ်မှ ကြွင်းခဲ့သော သရီယဓာတ်တော်များကို အသီးသီးပင့်ယူပူဇော်ကြသည်တွင် သထုံမြို့ ဇေတဝန်ကျောင်းတိုက် မီးသဂြိုဟ်ရာဌာန၌ ဓာတ်တော်ဆုရေပေါင်း (၁၀၀၀) ကျော်နှင့်တကွ သက်နီး၊ သပိတ်စသောအသုံးအဆောင်များကိုပါ ဌာပနာထည့်သွင်း၍ မင်းကွန်းဓာတုစေတီတော် တည်ထား ကိုးကွယ်ပြီးဖြစ်လေသည်။

ဓမ္မတာလမ်းစဉ်ကို ကျော်လွန်သော ရုပ်ကလာပ်တော်ကို ခိုင်မြဲရန် အနေနှင့် ဆေးထိုးခြင်း၊ ဝမ်းခွဲ၍ထုတ်ယူခြင်း၊ ပြဒါးသွင်းခြင်း အလျှင်းပင်မပြုလုပ်ကြပါ။ ပကတိအတိုင်းသာထားရှိသည်ကို ဤစာရေးသူမှ အမြဲကပ်ကာ အလောင်းတော်ကို တာဝန်ယူ၍စောင့်ခဲ့သူဖြစ်၍ ရဲရဲကြီးဝန်ခံပါသည်ဟု မူလမင်းကွန်းထေရုပ္ပတ္တိပြုစုသူ (တောင်တွင်းဘိက္ခုအရှင်တိက္ခာစာရ) က ရေးသားထားလေသည်။

ခွေရာသီဖြစ်၍ ရာသီဥတုပူပြင်းသော်လည်း ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်သည် (၂၁) ရက်တိုင်တိုင် မပုပ်မသိုးဘဲ ပကတိသော အသွေးတော်၊ အသားတော်တို့ဖြင့် ကျိန်းစက်နေဟန် ဖူးမြင်ခဲ့ကြရသည်။ ခန္ဓာဝန်စွန့်ပြီး (၃) ရက်အကြာ နေ့လယ် (၁) နာရီ၊ (၂၅) မိနစ်အချိန်၌ အလောင်းတော် ရုပ်ကလာပ်ထားရှိရာ သလွန်တော်၏ ဝဲယာ၌ လူအများဖူးမြင်လျက်ရှိနေစဉ် (၅) ပေခန့် ရှည်လျားသော မြွေတစ်ကောင်သည် တောင်အရပ်မှတက်ရောက်လာကာ လူအများ၏အကြား၌ တိုးဝင်လျက် အလောင်းတော်ရှိရာ စင်မြင့်သလွန်ထက်ဆီသို့ တက်ရောက်ကာ အလောင်းတော်၏ခြေရင်းမှာ ရပ်တည်လျက် အလောင်းတော်ရှိရာဘက်ဆီ ဦးတည်လှည့်ပြီး ခေါင်းတညိတ်ညိတ်နှင့် ဦးနှိမ်ချလေသည်။ အလောင်းတော်ကို ဖူးမြော်သောမြွေသည် တစ်နာရီကျော်ကြာအောင် အားပါးတရ ဖူးမြော်သွားခဲ့သည်။ ၎င်းမြွေသည် အလွန်ထူးဆန်း၏။ နံဘေးနှစ်ဖက်၌ အကွက်ကွက်ဆက်စပ်သော အပြောက်ငယ်များနှင့် ငွေရောင်၊ ရွှေရောင်၊ မြရောင်ရောလျက် ပြောင်လက်သောအကွက်များဖြင့် နှစ်သက်ဖွယ်အဆင်းများနှင့် အလွန်လှပတင့်တယ်လှပေသည်။ မြွေသည် ထိုနေ့ (၂) နာရီ (၄၅) မိနစ်၌ အလောင်းတော် ရုပ်ကလာပ်တပ်ဆင်ထားအပ်သော ကြာကလပ်ပေါ်မှဆင်းပြီး လှည်းဘီးများတပ်ထားသောတလားယာဉ်ပေါ်သို့ကူးတက်သွားသည်ကိုတွေ့လိုက်ကြရသည်။အချို့လူများမှာ မြွေတက်ရာ တလားပေါ်သို့ တက်၍ ရှာသော်လည်း မြွေကို မတွေ့ရတော့ချေ။




နောက်တစ်နေ့ညနေ (၄) နာရီ၌ ရုပ်အလောင်းတော်စံကျောင်းပေါ်မှ ပင့်ယူကာ လှည်းဘီးတပ်တလားပေါ်သို့တင်ကြသည်။ နေရာတကျတင်၍ပြီးသော် လူအများ တလားပေါ်မှအားလုံးဆင်း၍ ပြီးသောအချိန်၌ မျက်နှာအနီးသို့ ချဉ်းကပ်၍ အလောင်းတော်၏ဘေးမှနေပြီး ကိုယ်အထက်ပိုင်းတစ်ဝက်ခန့် ထောင်လျက် မျက်နှာတော်ကို ရှုကြည့်ကာ ခေါင်းတညိတ်ညိတ်နှင့် ဦးတင်ကာ ဖူးမြော်ပြန်သည်။

ဆရာတော်၏ အလောင်းတော်မှာ ဖူးရောင်၊ ပုပ်ပွ၊ အရည်ထွက်ခြင်းမရှိ ပကတိသွေးသားတော်များအတိုင်းသာ အဖူးခံလျက်ရှိပေသည်။ တန်ခူးလပြည့်နေ့၌ မီးသဂြိုဟ်ရန် ပြင်ဆင်ပြီးသော်လည်း လူထုပရိသတ်ကြီး၏တောင်းပန်ချက်အရ အထမမြောက်ခဲ့ပေ။ ကဆုန်လဆန်း ၈ ရက် (၁၉၅၅ ခု၊ ဧပြီလ ၂၉ ရက်၊ သောကြာ) နေ့သို့ရောက်မှသာ မိတ္ထီလာ တောင်ပုလုဆရာတော်ကြီးနှင့် နောက်ပါသံဃာတော်များ ကြွရောက်လာပြီး စည်းဝေးတိုင်ပင် မဲခွဲဆုံးဖြတ်ချက်အရ ထိုနေ့နံနက် (၇) နာရီအချိန်၌ မီးသဂြိုဟ်ခွင့်ရလေသည်။ (ထိုအချိန်၌ သောင်းကျန်းသူများ သထုံခရိုင်တွင် အတော်ပင် လှုပ်ရှားလျက်ရှိရာ ဈာပနပွဲ၌ စစ်တပ်ကတာဝန်ယူ၍စောင့်ရှောက်နေရပေသည်။) ကြိုတင်စီမံထားသော နံ့သာထင်းပုံထက်သို့ ရုပ်ကလာပ်အလောင်းတော်ကို ရဟန်းရှော လူပါ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

များစွာသောပရိသတ်ဖြင့် ပင့်ဆောင်တင်ရှိကာ မီးသဂြိုဟ်ကြလေသည်။

ထူးခြားသော လက္ခဏာကား လူထုများစွာ ဝိုင်းရံလျက်ရှိသောအလောင်းတော်ကို မီးသဂြိုဟ်သော မီးပုံကြီးသည် အညှော်အသင်းနံ့ခြင်းမရှိ ခိုင်ခိုင်တောင့်တင်း အလျှင်းပင် မရွေ့လျားဘဲ မီးစွဲ၍ လောင်ကျွမ်းလေသည်။ မီးပုံကြီးအတွင်းမှ ထွင်းဖောက်၍ တက်လာသော တပြောင်ပြောင်တံဝင်းဝင်းနှင့်အရောင်အဆင်းတို့က ထူးထူးဆန်းဆန်း အံ့မ…န်းဘဲ လှပသော ဖြူရောင်၊ ပြာရောင်၊ ဝါရောင်၊ ညိုရောင်၊ ခိုရောင်၊ စိမ်းရောင်၊ နီမြန်းသောအရောင်တွေရောယှက်လျက် ထွက်လာလေရာ ကြည်နူးကြေကွဲဝမ်းနည်းဖွယ်ရာအဖြာဖြာတို့ဖြင့်။

**၁ မူလမင်းကွန်းဆရာတော်ဘုရားကြီး၏ မဟာထေရုပ္ပတ္တိ**

ဆရာတော်ကြီးသည် သထုံဇေတဝန်ဆရာတော်ဟု လူသိများသော်လည်း ဇာတိမှာ စစ်ကိုင်းခရိုင်၊ ကန်ကြီးကုန်းရွာဇာတိ ဖြစ်သည်။ အဘမှာ ဦးညို ဖြစ်ပြီး၊ အမိမှာ ဒေါ်ဝိုင်း ဖြစ်ပါသည်။ အေဒီ ၁၈၆၈ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ စနေနေ့ (၁၂၃၀ ပြည့်၊ တပိုတွဲလဆန်း ၅ ရက်) ညနေ (၆) နာရီတွင် ဖွားမြင်တော်မူသည်။ ငယ်နာမည် မောင်သာဗျော ဖြစ်သည်။မောင်သာဗျောသည် အသက် (၈) နှစ်သားတွင် စာပေစတင်သင်ကြားခဲ့သည်။ (၁၄) နှစ်သားရောက်သောအခါ ရှင်သာမဏေဝတ်ပြီး ဘွဲ့တော်မှာ ရှင်နာရဒဖြစ်ပါသည်။ သက်တော် (၁၈) နှစ်သို့ရောက်သောအခါတွင် မိဘနှစ်ပါးကွယ်လွန်သွားကြသဖြင့် လူဝတ်လဲခဲ့ပါသည်။ တစ်ဖန် အသက် (၂၀) အရွယ်တွင် ရှင်သာမဏေပြန်လည်ဝတ်ခဲ့ပြန်သည်။ ထိုအချိန်က မန်ကြီးစုတောရကျောင်းဆရာတော် ဦးလက္ခဏထံတွင် ရှင်သာမဏေပြန်ဝတ်ခဲ့သည်။ (ဘွဲ့တော်မှာ ရှင်နာရဒပင်ဖြစ်ပါသည်။)

သီပေါမင်း ပါတော်မူပြီးနောက် (၂) နှစ်အကြာ ခရစ်နှစ် ၁၈၈၇ ခုနှစ် (မြန်မာနှစ် ၁၂၄၉) တွင် ထိုဆရာတော် ဦးလက္ခဏကိုပင် ဥပဇ္ဈာယ်ပြု၍ ကျောက်ပန်းရွာ ဦးပေါ်စ၊ ဒေါ်တံဇာတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ရောက်တော်မူလေသည်။ ဘွဲ့တော်မှာ ရှင်နာရဒပင်ဖြစ်လေသည်။ ရဟန်းဖြစ်ပြီးနောက် မင်းကွန်းတောင်ပေါ် ကျောင်းတိုက်ဆရာတော် ဦးရာဇိန္ဒထံရောက်ရှိ၍ ပညာများဆက်လက်သင်ကြားသည်။ ထို့နောက် မန္တလေးမြို့ အနောက်ပြင် မိုးကောင်းတိုက်၊ ဒက္ခိဏာဝန်တိုက်၊ မြတောင်တိုက်၊ ရွှေတောင်မြို့ ဝေဠုဝန်ကျောင်းတိုက်တို့၌လည်း ပညာဆည်းပူးခဲ့သေးသည်။ ၎င်းနောက် မင်းကွန်းတောင်ပေါ်ကြီးကျောင်းဆရာတော် ဦးရာဇိန္ဒထံသို့ ပြန်လည်ရောက်ရှိခဲ့ပြန်သည်။ ထို့နောက် စာပေများပို့ချကာ သာသနာပြုခဲ့ပါသည်။ ထိုစဉ်က ရဟန်းသိက္ခာ (၆) ဝါ ရှိပြီဖြစ်သည်။

ထူးခြားသည်မှာ ထိုသို့ရဟန်းဘဝနှင့် စာပေများသင်ကြားပို့ချပေးနေစဉ်ကာလအတွင်းမှာပင် ရဟန်းဘဝကို မပျော်မွေ့ပြန်သဖြင့် လူထွက်ခဲ့ပြန်သည်။ ထိုသို့ လူထွက်ခြင်းသည် ဒုတိယအကြိမ်ဖြစ်ပါသည်။ ပထမအကြိမ် လူထွက်စဉ်က (၁၈) နှစ်သားလောက်က ဖြစ်ပါသည်။ ပို၍ ထူးဆန်းသည်မှာ လူ့ဘဝသို့ရောက်ခဲ့ပြန်သော်လည်း လူ့ဘောင်လောကတွင် မပျော်မွေ့ပြန်၍ တစ်ဖန်ရှင်သာမဏေဘဝမှ ရဟန်းဘဝသို့ နောက်တစ်ကြိမ် ပြန်လည်ရောက်ရှိခဲ့ပြန်သည်။ ဤသည်မှာ ရဟန္တာဟုကျော်ကြားတော်မူသော မူလမင်းကွန်းဆရာတော်ကြီး၏ ထူးခြားဖြစ်စဉ်ဘဝအဆစ်အကွေ့များပင် ဖြစ်လေသည်။

အေဒီ ၁၉၀၅ ခုနှစ် (၁၂၆၇ ခုနှစ်) သက်တော် (၃၇) နှစ်သို့ရောက်သောအခါမှစ၍ အရှင်နာရဒမထေရ်သည် မင်းကွန်းတောင်ရိုးရှိ လူသူမနီးသောနေရာများတွင် (ဧကစာရ)တစ်ပါးတည်းနေပြီးလျှင် သတိပဋ္ဌာန်တရားတော်မြတ်အလုပ်ကို အားထုတ်ကျင့်ကြံခဲ့သည်။ အရှင်နာရဒမထေရ်သည် မိမိ၏ ဇာတိချက်မြှုပ်ဖြစ်သော ကန်ကြီးကုန်းရွာနှင့် တကွ ကညွတ်ကုန်း၊ မြို့လှ၊ သထုံမြို့၊ မေဃဝန်ကျောင်းတိုက်၊ သာသနာပဋ္ဌောတိကကျောင်းတိုက်တို့တွင် သီတင်းသုံးတော်မူ၍ သတိပဋ္ဌာန်တရားတော်မြတ်ကို ပြန်လည် ဟောကြားတော်မူခဲ့သည်။ ထို့နောက် သထုံဇေတဝန်ကျောင်းတိုက်ကြီးကို အလှူခံတော်မူ၍ တရားဟောပြတော်မူခဲ့လေသည်။ ထိုကျောင်းတိုက်ကြီးမှာ (၅) ဧကခန့် ကျယ်ဝန်းလေသည်။

၉-၄-၁၉၆၆ ခုနှစ်၊ တနင်္ဂနွေနေ့။

ကျွန်တော်၏ဖခင် စာရေးဆရာကြီး ဦးရန်အောင်သည် မြဝတီမဂ္ဂဇင်းတိုက်အယ်ဒီတာအဖြစ်မှ ပင်စင်ယူကာ အဖေနှင့် ကျွန်တော်သည် သထုံမြို့သို့ရောက်ရှိနေသည်။ အဖေ၏ စာပေမိတ်ဆွေ (သုဝဏ္ဏဒေါ်ကေသီ) အိမ်တွင် တည်းခိုသည်။ ထိုအချိန်၌ သထုံမြို့အနီးတွင် အလံတစ်ရာဆရာတော်ကြီးတည်နေသော စေတီတော်ကြီးရှိနေရာ ကျွန်တော်တို့သားအဖသည် စေတီတော်ကြီးတည်ဆောက်ရေးလုပ်ငန်းခွင်၌ အုတ်သယ်၍လုပ်အားပေးခဲ့သည်။ ထို့နောက် သထုံမြို့ လေယာဉ်ကွင်းနားရှိ မူလမင်းကွန်းဇေတဝန်ကျောင်းတိုက်ကြီးသို့ ရောက်ရှိခဲ့ကြသေးသည်။

သစ်လွင်ခံ့ညားသောတံတားကြီးပေါ်ဖြတ်လျှောက်ရတာလွယ်သလောက် ထိုတံတားကြီးဆောက်လုပ်ရသောအခက်အခဲများကား ကြီးမားပြင်းထန်လှသည်။ ထိုသို့သော ပကတိတံတားကြီးများကို ဆောက်လုပ်ပေးရသည်ထက် သံသရာမြစ်ကူးတံတားကို ဆောက်လုပ်ပေးရသည်က ပို၍ခက်ခဲလှပါတော့သည်။ မြတ်စွာဘုရားသော်မှ လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းလုံး ဒုက္ခခံစားတံတားဆောက်တော်မူခဲ့ရသည်။ ဘုရားရှင်တော်၏ သာဝကအရှင်မြတ်ကြီးများကလည်း တံတားပေါင်းများစွာ ဆောက်လုပ်ပေးတော်မူခဲ့ကြသည်။ ဘေးအန္တရာယ်နှင့် ဒုက္ခအသွယ်သွယ် ပြွမ်းတီးသောသံသရာမြစ်ကြီးပေါ် ဖြတ်ကျော်ကြပါကုန်လော့။ လျှောက်လှမ်းကြပါကုန်လော့။

မြစ်တစ်မြစ်မှာ ရေနှစ်ခါမချိုးနိုင်ဆိုသော်လည်း ကျွန်တော်တို့က သံသရာမြစ်ကြီးထဲ လျှောဆင်းကာ အကြိမ်ကြိမ်အခါခါ ရေချိုးနေကြသည်။ ရေသဘင်ဆင်နွဲနေခဲ့ကြသည်။

ကျေးဇူးတော်ရှင် မူလ မင်းကွန်းဇေတဝန်ဆရာတော်ကြီးသည် မဟာသတိပဋ္ဌာန်တံတားကြီးတည်ဆောက်ရန်အတွက် အကြိမ်ကြိမ် ကြံဆလေ့ကျင့်ခဲ့ရသည်။ ကိုယ်တော်တိုင်က ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ စသည့် ပရိယတ္တိအရာတွင် တစ်ဖက်ကမ်းခပ် ထူးချွန်တော်မူခဲ့ပြီး ဖြစ်သည်။ …ရှင့်မျက်နှာမခွာသလောက်ရှိခဲ့သည်။ မင်းကွန်းတောင်ပေါ်ကြီးကျောင်းမှာ စာသင်စာချတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည်။ လက်ပံတန်းမြို့ ဆရာတော် ဦးဂန္ဓမာ၏ကျောင်းမှာလည်း ပရိယတ္တိသာသနာကို တစ်ဝါမျှ ပို့ချချီးမြှောက်တော်မူခဲ့သည်။လက်ပံတန်းမှာ သပ္ပာယမမျှသဖြင့် အထက်အညာသို့ပြန်လာပြီး မင်းကွန်းအလယ်တောရဆရာတော်ထံ



www.burmeseclassic.com

www.burmeseclassic.com

ခွင့်ပန်နေထိုင်ခဲ့ပြန်သည်။ အလယ်တောရမှာလည်း တိုက်တာဝန်များ၊ စာပေပရိယတ္တိတာဝန်များကို ကြိုးစားထမ်းဆောင်တော်မူခဲ့သည်။ သို့ပါသော်လည်း ထိုများပြားလှသော တာဝန်တွေကြားကပင် ပဋိပတ်အကျင့်မြတ်လမ်းစဉ်ဆီသို့ မျှော်ရည်တမ်းတစိတ်ကသွားနေသည်။ စာသင်စာချရုံမျှဖြင့် ရဟန်းကိစ္စပြီးမည်မဟုတ်၊ နိဗ္ဗာန်ရောက်မှ ရဟန်းကိစ္စပြီးမည်ဟု တွေးမြင်လာ၏။

ဤတွင် အလယ်တောရဆရာမတော် ဦးမဠုထံ ချဉ်းကပ်လျက် နိဗ္ဗာန်ရောက်ရန်အ ကျင့်မှန်ကိုနာခံလိုပါကြောင်း တောင်းပန် လျှောက်ထားလေသည်။ ထိုအခါ အလယ်တောရကျောင်းဆရာတော်မှ ဝဋ်ဆင်းရဲဒုက္ခမှမုချလွတ်မြောက်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သောတရားမှာကား သတိပဋ္ဌာန်အကျင့်သာဖြစ်ပေသည်။ဤသတိပဋ္ဌာန်အကျင့်တရားကိုသာ မပြတ်ပွားများပါလေဟု မိန့်မှာတော်မူသည်။

အလယ်တောရဆရာတော်ဖြစ်တော်မူသော ဦးမဠုမှာလည်း ရဟန္တာဟု ကျော်ကြားသော ကင်းဆရာတော်၊ သီးလုံးဆရာတော်ကြီးများ၏ တပည့်ဖြစ် ကာ အပ္ပမာဒတရားလက်ကိုင်ထားကာ ကျင့်အားသန်လှသောကြောင့် အနာဂါမ်ဆရာတော်ကြီးဟု ယုံကြည်ကိုးစားခြင်းခံရသော ဆရာတော်ကြီးဖြစ်ပေသည်။ ထို့ကြောင့်ပင် မင်းကွန်းဇေတဝန်ဆရာတော်ကြီးအား နိဗ္ဗာန်လိုချင်လျှင် 'ဘူတံဘူတတောပဿတိနှင့်ပင် ရနိုင်ကြောင်း' ပြတ်ပြတ်သားသားမိန့်ကြားခဲ့သည်။ ရုတ်တရက်သော် ဤမိန့်ကြားချက်မှာ လက်ခံနိုင်ဖွယ်မရှိ။ လက်တွေ့လည်း မကျင့်ကြည့်ရသေးသောကြောင့် ဇေတဝန်ဆရာတော်သည် ပရိယတ်ကို လေ့လာသင်ကြားတော်မူလျက်ရှိသည်။ နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံကို ချောက်ချား(နှံ့စပ်စွာ)အောင် တတ်မြောက်ခဲ့ပြီးနောက် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ စသည်တို့ကို အပြန်ပြန်အလှန်လှန် အဖန်ဖန်ရှေ့နောက်ညှိနှိုင်း၍ မွှေနှောက် ရှာဖွေခဲ့ရာတွင် ပဋိပတ်အရာ၌ ဘူတံဘူတတောပဿတိ ဟူသောမိန့်ခွန်းနှင့် လွတ်ကင်းသောတရားကို လုံးဝမတွေ့ရသောကြောင့် ပဋိပတ်အရာ၌ ဘူတံဘူတတောပဿတိဟူသော မိန့်ခွန်းနှင့် လွတ်ကင်းသောတရားကို လုံးဝမတွေ့ရသောကြောင့် အလယ်တောရကျောင်းဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်ကို အတိုင်းမသိချီးကျူးသတိရမိလေသည်။

ထို့ကြောင့် သက်တော် (၃၇) နှစ်မှစ၍ လူသူပရိသတ်တို့ကိုရှောင်ကာ အလယ်တောရမှ လေးဖာလုံအကွာတွင် တစ်ပါးစံကျောင်းဖြင့် သတိပဋ္ဌာန်တရားတော်ကိုအားထုတ်လေသည်။ ထိုနေရာတွင် စိတ်ငြိမ်ခြင်းကိုမရရှိသဖြင့် သမုံးချပ်ချောင်သို့ပြောင်းကာ တစ်ပါးစံကျောင်းတွင် ဧကစာရီသီတင်းသုံးလျက် သုံးနှစ်လုံးလုံး မဆုတ်မနစ် မဖြစ်မနေသေချင်သေဟူသောစိတ်ဖြင့် အားထုတ်လေရာ သဘာဝဓမ္မတို့ကို ထိုးထွင်းသိမြင် မဂ်ရောက်ဖိုလ်ဝင် သတိပဋ္ဌာန်အပ္ပမာဒအကျင့်သောစိတ်ဖြင့် အားထုတ်လေရာ သဘာဝဓမ္မတို့ကို ထိုးထွင်းသိမြင် မဂ်ရောက်ဖိုလ်ဝင် သတိပဋ္ဌာန်အပ္ပမာဒအကျင့်လမ်းစဉ်ကို မိမိဆန္ဒစိတ်တိုင်းကျဖြစ်ခဲ့ရသည်ဟု ကိုယ်တော်တိုင်မိန့်မြွက်တော်မူဖူးလေသည်။

မင်းကွန်း ဇေတဝန် ဆရာတော်ကြီးသည် ကျင့်ကြံအားထုတ်ခြင်းနှင့်ပတ်သက်၍ လိုအင်ဆန္ဒပြည့်ဝခဲ့ပြီဖြစ်၍ ဝေနေယျများအတွက် တရားခွင်မှထွက်ခဲ့ပြီး သတိပဋ္ဌာန်လေးပါးအကျင့်တရားကို စတင်ဟောကြားတရားပြလေတော့သည်။

'မြင်ရင်မြင်တယ်မှတ်၊ ကြားရင်ကြားတယ်မှတ်' စသည်ဖြင့် သတိပဋ္ဌာန်အကျင့်တရားကို မြန်မာစကားဖြင့် အများနားလည်အောင် ဟောပြလေရာ အများပရိသတ်အဖို့ ငါးစိမ်းမီးတွေ့ဖြစ်ခဲ့ရသည်။ (တပည့်ရင်းချာမှစ၍ ထိုအခါက နာလိုသူ၊ ကျင့်လိုသူကို မဆိုထားဘိ အမြင်မျိုးမျိုးနှင့် သူခိုးက လူဟစ်သလိုမရိုးသောတရားဟု အမှားကို ဝေဖန်ကာ ရယ်ဖွယ်ရာအနေနှင့် အထွေထွေပြောင်လှောင်ပြောဆိုကြသည်။)

သို့သော် ဆရာတော်သည် ဖွဲမလျော့၊ သတ္တဝါဝေနေယျတို့၏အပါယ်လေးပါးဘေးကြီးကို ရှုမြင်၍ သနားသောစိတ်ဖြင့် အပါယ်ပိတ်၊ သတိပဋ္ဌာန်တရားတော်ကြီးကို ဆက်၍ ဟောပြနေသည်။ ဤသို့ဖြင့် တစ်နှစ်မျှကြာညောင်းခဲ့သော်လည်း တရားဦးနာသူများမှာ ပြုတ်မနူးသော အရွတ်တုံးကြီးများပမာသာရှိလေသည်။ ဆရာတော်၏တရားကို ဟားတိုက်ပြောင်လှောင်မြဲရှိကြ၏။ ဆရာတော်ကား စိတ်ရှည်သည်းခံ၊ ဖွဲသန်သန်ဖြင့် ဆက်ကာတရားပြပါသော်လည်း စိုးစဉ်းမျှအရာမထင်သောကြောင့် အလယ်တောရမှ ဆုတ်ခွာပြီး မွေးဇာတိရွာဘက်ဆီဦးတည်လိုက်သည်။ ဆွေမျိုးတို့ကို တရားဖြင့် ကယ်တင်ရသော်ကောင်းလေစွ။

ထိုအချိန်၌ မင်းကွန်းဇေတဝန်ဆရာတော်၏ ဥပဇ္ဈာယ်ဖြစ်သော မန်ကျည်းစုတောရကျောင်းဆရာတော်ဦးလက္ခဏသည် မိမိထံ ဆင်ဖြူတော်တစ်စီး ဆိုက်ရောက်လာသည်ဟူ၍ အိပ်မက်မြင်မက်လေသည်။ မင်းကွန်းဇေတဝန်ဆရာတော်သည် ဇာတိရွာကန်ကြီးကုန်းသို့ ပြန်ကြွလာ၍ သတိပဋ္ဌာန်တရားများဟောရာ 'သွား သွားတယ်၊ ဝါး ဝါးတယ်၊ စား စားတယ်' ဟုပင်သောင်တင်ရေမရပြောဆိုလှောင်ပြောင်ကြ၏။ ဆရာတော်ကမူ သည်းခံလျက် သူများမဟောဘူးတဲ့တရားဟောတော့ မနာဘူးတဲ့တရားနာရတာပေါ့ကွယ်ဟု သာ နှစ်သိမ့်လျက် သူတစ်ပါးမကျင့်သေးတဲ့တရားကိုကျင့်မှ သူတစ်ပါးမသိမမြင်သေးတဲ့တရားကိုသိမြင်ရပြီး အကျိုးထူးခံစားရတာပေါ့ကွယ်ဟု တည့်တည့်ကြီး မိန့်တော်မူလိုက်သည်။ ထိုစဉ်က ဆရာတော်၏တရားလမ်းသစ်ကို ဘယ်သူကမှ လက်မခံသော်လည်း မင်းကွန်းတစ်ကုန်းလုံးနှင့်ချောင်အရပ်ရပ်သို့ကား ဆရာတော်၏တရားလမ်းစဉ်သည် ပျံ့နှံ့ကျော်ကြားလျက်ရှိလေသည်။

နောက်ပိုင်းတွင် ဆရာတော်ကြီး၏တရားတော်များကို ဘုန်းကြီးများ၊ လူများကပါ လက်ခံလာကြသည်။

**□ အီတလီဘုန်းတော်ကြီးဦးလောကနာထလာရောက်ဖူးမြော်ခြင်း**

မင်းကွန်းဆရာတော်ကြီးမှာ ဟိုမှဒီမှ လာဖူးကြသူများ အလွန်များပြားလာပြီး ရဟန္တာဟု ကျော်ကြားလာလေသည်။ အီတလီဘုန်းတော်ကြီးဦးလောကနာထသည်လည်း အများနည်းတူ ရဟန္တာအရှင်ဟု သက်ဝင်ယုံကြည်ကာ လာရောက်၍ သပိတ်တစ်လုံး၊ သုံးထည်သောသင်္ကန်း၊ လျှုဒါန်းဖွယ်ဝတ္ထုများဖြင့် လှူဒါန်း၏။

**□ တောင်ပုလုဆရာတော်နှင့် မဟာစည်ဆရာတော်တို့ တပည့်လာခံခြင်း**

သထုံမြို့ ဇေတဝန်ကျောင်းတိုက်ကြီးတွင် ဆရာတော်ကြီး သီတင်းသုံးတော်မူနေစဉ် နောင်သောအခါ ရဟန္တာမြတ်အဖြစ် ကျော်ကြားတော်မူသောမိတ္ထီလာတောင်ပုလုဆရာတော်သည်လည်းကောင်း၊ နောင်သောအခါ မဟာ

www.burmeseclassic.com

ည်ဆရာတော်ကြီးအဖြစ် ဟိုးဟိုးကျော်တော်မူသော အရှင်သောဘနဆရာတော်သည် လည်းကောင်း ရောက်ရှိလာပြီးလျှင် သတိပဋ္ဌာန်တရားကျင့်ကြံနည်းများကို နည်းယူကျင့်ကြံခဲ့ကြသည်။

ဆရာတော်ကြီးထံတွင် တရားအားထုတ်ကြသူများမှာ လနှင့်ချီ၍ကြာသော်လည်း နှာစေး၊ ခေါင်းကိုက်မျှပင်မဖြစ်သည်ကို အံ့သြသောကြောင့် လျှောက်ထားကြည့်ရာ မင်းကွန်းဇေတဝန်ဆရာတော်ကြီးက တရားအားထုတ်သူမှာ ဗောဇ္ဈင်တရားတွေ ဖြစ်ပွားနေကြောင်း၊ ထိုဗောဇ္ဈင်တရား၏ အစွမ်းကြောင့် ရောဂါကင်းနေသည်ဟု မှတ်ယူအပ်ကြောင်း မိန့်ကြားတော်မူလေသည်။

မင်းကွန်းဇေတဝန်ဆရာတော်ကြီးသည် သထုံ၌ (၁၀) နှစ်နီးပါး တရားဟော၊ တရားပြအလုပ်ကို အားပါးတရဆောင်ရွက်တော်မူပြီးသောအခါ ငယ်စဉ်ရဟန်း (၆) ဝါဘဝက ဖြစ်ပေါ်ခဲ့သည့်ဆန္ဒသည် ပြန်လည်နိုးကြားလာပြန်၏။ ထိုဆန္ဒကား အခြားမဟုတ်၊ ပေဋကောပဒေသပါဠိတော်ကို အဖွင့်ကျမ်းရေးလိုခြင်းပင်တည်း။ ထိုပါဠိတော်ကြီးကို အဖွင့်ရေးရန်အတွက် မင်းကွန်းသို့ ပြန်ကြွတော်မူသည်။ သထုံမှာ ပရိသတ်လူသူများပြားလှသဖြင့် စာရေးရန်အခြေအနေမပေးခဲ့ပေ။ ထို့ကြောင့် မင်းကွန်းသို့ တိတ်တဆိတ်ကြွတော်မူသည်။ ပွဲစားကြီးဦးသစ်-ဒေါ်ကျော့တို့ လှူဒါန်းသော ဆိတ်ငြိမ်ကျောင်းကလေး၌ တစ်ပါးတည်း သီတင်းသုံးလျက် အဋ္ဌကထာကျမ်း၏ ပေဋကောပဒေသပါဠိတော်ကျမ်းရင်းကိုရေးတော်မူလေသည်။

ဆရာတော်ကြီးသည် ပေဋကောပဒေသအဋ္ဌကထာကျမ်းကို ရေးသားစီရင်ရာ၌ နူတ်ထဲတွင် အာဂုံဆောင်၍ရေးသားစီရင်ခဲ့ရာ (၄) နှစ်ခန့်ကာလတိုင်ပင် မနှစ်သက်ရာ ပုဒ်၊ ပါဠိအက္ခရာ၊ ဝါကျများကိုပါ ပြုပြင်ရှင်းလင်းစင်ကြယ်စေရန် အဖန်ဖန်စိစစ်တော်မူခဲ့ပြီး စိတ်တိုင်းကျအလိုပြည့်ဝမှ စာရွက်ပေါ်တင်၍ စီရင်ရေးသားခဲ့သည်ဟု ကျေးဇူးရှင်အဋ္ဌကထာဆရာမြတ်ကြီးကိုယ်တိုင် မိန့်ကြားတော်မူခဲ့လေသည်။ ပြိုင်ဘက်၊ တုဘက်၊ နှိုင်းဘက်ကား ရှာမှရှားဖြစ်တော်မူသော ကျေးဇူးရှင် ဆရာတော်ကြီး၏ ဝီရိယနှင့် ဉာဏ်စွမ်းတော်ကို ထုတ်ဖော်ပြောပြမဆုံးနိုင်အောင် အနန္တဂုဏ်တော်ရှင်ကြီး ဖြစ်ပါသည်။ ဤအဋ္ဌကထာကျမ်းကြီးပြီးစီးသောနှစ်မှာ ၁၉၂၄ (ကောဇာနှစ် ၁၂၈၆) ခုနှစ် ဖြစ်၏။ ပုံနှိပ်ပြီးစီးသောနှစ်မှာ ၁၂၈၈ ခုနှစ်ဖြစ်၍ ရေးသားသောကာလနှင့် ပြီးစီးသောကာလမှာ (၄) နှစ်ခန့်ကြာ၍ သက်တော် (၅၂) နှစ်လောက်မှစ၍ ရေးသား စီရင်သည်ဟု တွက်ချက်ရပါသည်။

**၂ ရသေ့ကြီးဦးခန္တီကျောက်ထက်အက္ခရာတင်ခဲ့ခြင်း**

ဤသို့ ပေဋကောပဒေသအဋ္ဌကထာပါဠိကျမ်းကြီးသည် စာမျက်နှာ (၄၁၇) မျက်နှာရှိပြီး (၄) နှစ်ကြာမျှ စိတ်တိုင်းကျ စိစစ်ဝေဖန် အပေါန်တန်သုတ်သင်ပြင်ဆင်၍ စက်တင်ပုံနှိပ်ပြီး အသီးသီးသော တိုင်းပြည်မြို့ရွာများသို့ အုပ်ရေ တစ်သောင်းဝေငှရာ မန္တလေးတောင် ရသေ့ကြီး ဦးခန္တီ ကြားသိတွေ့ရှိသောကြောင့် ကျမ်းဆရာတော်ကြီးထံ ကျောက်စာထွင်းလုပ် ကျောက်ထက်အက္ခရာတင်ထားရန် လျှောက်ထားတောင်းပန်သည်။ ဆရာတော်ကြီး၏ ခွင့်ပြုချက်အရ သာသနာတော် ၅၀၀၀ တည်တံ့ခိုင်မြဲအောင် စန္ဒာမုနိဘုရား၌ (၂၈) ချပ်သော ကျောက်ချပ်များပေါ်ဝယ် ကျောက်ထက်အက္ခရာတင်၍ ဤကျမ်းကြီးကို စိုက်ထူလှူဒါန်းတော်မူပါသည်။

မင်းကွန်းဇေတဝန်ဆရာတော်ကြီး၏ တစ်ဘဝသာသနာတွင် ကျမ်းကြီးကျမ်းငယ်ပေါင်း (၂၅) အုပ် ရေးသားခဲ့ရာ သက်တော် (၇၀) ပြည့်ချိန်တွင် မိလိန္ဒပဥှာအဋ္ဌကထာကို လည်းကောင်း၊ သက်တော် (၈၄) တွင် နောက်ဆုံးနိဂုံးကျမ်းစာအုပ်အဖြစ် ဖလသမာပတ်စာတမ်းကို လည်းကောင်း ရေးသားပြုစုတော်မူခဲ့ရသည်။ တရားပြရာတွင်လည်းကောင်း၊ စာပေရေးသားရာတွင်လည်းကောင်း အတိုက်အခံမကင်းခဲ့ပေ။ မည်သို့ပင်ဖြစ်စေ၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ၊ သာသနာတော်ကြီးသုံးသွယ်သည် မူလမင်းကွန်းဇေတဝန်ဆရာတော်ကြီးမှာ စုဝေးပေါင်းဆုံလျက်ရှိသည်ကို ကြည်ညိုမဝနိုင်ဖူးတွေ့ရပါသည်။

**၃ ပြုစုခဲ့သောကျမ်းများ**

ရဟန္တာအရှင်မြတ်ကြီး ဟူ၍ ထင်ပေါ် ကျော်ကြားခဲ့သော မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး ရေးသားစီရင်ခဲ့သော ကျမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ပေဋကောပဒေသအဋ္ဌကထာပါဠိ
၂။ ၎င်းအဋ္ဌကထာ၏နိဿယပထမတွဲ
၃။ ၎င်းအဋ္ဌအထာ၏နိဿယဒုတိယတွဲ
၄။ ၎င်းအဋ္ဌကထာ၏ နိဿယတတိယတွဲ
၅။ သဒ္ဓေတာဝိမိဝိသဇ္ဇနာ
၆။ အာရမ္ဘာဝိမိဝိသဇ္ဇနာ
၇။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနိဿယသစ်
၈။ တောလေးဆယ်ဖွင့်
၉။ မိလိန္ဒပဥှာအဋ္ဌကထာပါဠိ
၁၀။ နိဗ္ဗနကထာ (စကားပြေ)
၁၁။ နိဗ္ဗာန်လမ်းညွှန်ဒေသနာ
၁၂။ နိဗ္ဗာနစာတမ်း
၁၃။ သတိပဋ္ဌာနစာတမ်း
၁၄။ သတိပစ္စယေခေါ်ဝိနိစ္ဆယသမူဟ
၁၅။ ကထိနဝိနိစ္ဆယ (စကားပြေ)
၁၆။ ကထိန်နိဿ
၁၇။ မဟာသဋ္ဌာယတနသုတ်နိဿ
၁၈။ မူလပရိယာယသုတ်နိဿ
၁၉။ ပါဒါပါဒရဟာဝိနိစ္ဆယ
၂၀။ ပဋိညာတကရဏဝိနိစ္ဆယ
၂၁။ သိမ်ခဏ်း
၂၂။ ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး
၂၃။ အနုသယဆိုင်ရာ
၂၄။ အတိရိတ်ပြုပုံအဆုံးအဖြတ်
၂၅။ ဖလသမာပတ်

မင်းကွန်းဇေတဝန်ဆရာတော်ကြီး၏ ထင်ရှားသောနိဿယည်းခံတပည့်ခံသံဃာတော်များမှာ -

၁။ ဆရာတော်ဦးကေလာသ၊ ဆံတော်တွင်းကျောင်းတိုက်၊ ပဲခူး။
၂။ ဆရာတော်ဦးဝိသုဒ္ဓ၊ ရန်ကုန်မင်းကွန်းဌာနနှင့် အင်းစိန်မင်းကွန်းဌာန။
၃။ တောင်ပုလုဆရာတော်ဦးနန္ဒိယ၊ မိတ္ထီလာ။
၄။ ရွှေဂူဆရာတော်ဦးဝဏ္ဏ၊ သထုံသာသနာ့ရိပ်သာ။
၅။ မဟာစည်ဆရာတော် ဦးသောဘန၊ ရန်ကုန်သာသနာ့ရိပ်သာ။
၆။ ဆရာတော် ဦးနရိန္ဒ၊ ခံတော၊ ချောင်းဦး။
၇။ ဆရာတော်ဦးပဏ္ဍိဟ၊ ကမ်းရင်တောရ၊ မကွေး။
၈။ ဆရာတော် ဦးဇောတိက၊ ကျီးတော၊ တောင်ငူ။
၉။ ဆရာတော်ဦးသုန္ဒရ၊ ရွှေပြေသာရိပ်သာ၊ ပျော်ဘွယ်။
၁၀။ ဆရာတော် ဦးပဏ္ဍဝ၊ မြို့ပေါက်သတိပဋ္ဌာန်တိုက်၊ မော်လမြိုင်။

အထက်ပါဆရာတော်ကြီးများမှာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆင့် ပဋိပတ္တိသာသနာတော်ကြီး သည် တစ်ပြည်လုံးသို့ထွန်းလင်းတောက် ပစေခဲ့ပါသည်။ ဆရာတော်ကြီး၏ ထေရုပတ္တိကို ပြုစုခဲ့သော တောင်တွင်း ဘိက္ခုအရှင်တိက္ခာစာရ (ဒုတိယမင်း ကွန်း ဇေတဝန်ဆရာတော်) မှလည်း ဆရာတော်ကြီး မြင်တွေ့လိုသည့်အတိုင်း အပ္ပမာဒတရားလမ်းစဉ်ကို မြှင့်တင်ပြုစု တော်မူသွားခဲ့ပါသည်။

ဆရာတော်ဦးနာရဒသည် တပည့် ကြီး ဦးမေဓာဘိ လျှောက်ထားသဖြင့် 'မိမိ နောက်ဘဝ ဆက်ရန်မရှိတော့' ဟု ဖြေ ကြားတော်မူး သည်။

ဆရာတော်ကြီးသည် သက်တော် (၈၆) နှစ်သို့ရောက်ချိန် ၁၃၁၆ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်နေ့ (၁၀) နာရီ ရှင်လူအများအားရပါးရဖူးကြ စေရန် ခါတ်ပုံအရိုက်ခံတော်မူသည်။ နာမကျန်းဖြစ်တော်မူခဲ့သည်မှာလည်း ခြောက်လခန့်ရှိခဲ့ပြီ။

"တို့သေခါနီးပြီ"

၁၃၁၆ ခုနှစ်၊ သီတင်းကျွတ်လ တွင် တို့ဒီနှစ်မလွန်တော့ဘူးဟု မိန့်တော် မူပြီး ထိုနှစ် တပေါင်းလပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့ မွန်းတည့် (၁၂) နာရီတွင် ကျေးဇူးရှင်ဆရာတော်ဘုရား ကြီး ခန္ဓာဝန်စွန့်တော်မူလေသည်။ဆရာ တော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ် တော်သည် (၂၁) ရက်တိုင်တိုင် မပုပ် မသိုးဘဲ ပကတိသော အသွေးတော်၊ အသားတော်တို့ဖြင့် ကျိန်းစက်နေဟန် ဖူးမြင်ခဲ့ကြရသည်။

တန်ခူးလဆန်း ၇ ရက်နေ့တွင် သာသနာရေးဝန်ကြီးဦးဝင်း၊ ဗမာ့ခေတ် ဦးအုန်းခင်နှင့်အဖွဲ့ဝင်များ ရောက်ရှိလာ ကြပြီး ခေါင်းတော်ကိုဖွင့်စေရာ ရုပ် ကလာပ်တော်သည် ဖောက်ပြန်ခြင်းမရှိ ဘဲ ထားမြဲတိုင်းတည်နေသည်ကို အံ့သြ စဖွယ် ဖူးမြင်ကြရလေသည်။ ထိုအခါ အလောင်းတော်ကို သလွန်ညောင်စောင်း ထက်သို့ ပြောင်းရွှေ့ကာ ပရိသတ်တို့ အား ဖူးမြော်ခွင့်ပြုသည်။

၂၄-၁-၂၀၁၅နေ့၊ နံနက်(၇)နာရီ။

ကျွန်တော်သည် သထုံမြို့ မူလ မင်းကွန်း ဇေတဝန် ကျောင်းတိုက်ကြီး တည်ထောင်သည့်နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ပူဇော်ပွဲသို့ ရောက်နေ သည်။ ရှေးဦးစွာ ပူဇော်ပွဲကို ကျောင်း ဝင်းအတွင်းရှိ ဓမ္မဗိမာန်တော်တွင် ကျင်းပရာ ကြွရောက်လာသူများက နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ပိဋကတ္တရပါရဂူ၊ သထုံမြို့လယ်ဝန် ကျောင်းတိုက်ဆရာတော်ထံမှ ရှစ်ပါး သီလ ခံယူဆောက်တည်ကြပြီး သံဃာ တော်များအား လှူဖွယ်ဝတ္ထုများကပ်လှူ ကြသည်။ ယင်းနောက် ဆရာတော်များ ထံမှသြဝါဒတရားများနာယူကြပြီး သထုံ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖများ က သာသနာရေးဆိုင်ရာများကိုလျှောက် ထားကြကာ လှူဒါန်းမှုများအတွက် ရေစက်ချ အနုမောဒနာတရားနာယူကြ သည်။ အဆိုပါ ပူဇော်ပွဲတွင် သထုံမြို့နှင့် ရပ်ဝေး၊ ရပ်နီးမှ အလှူရှင်များက သံဃာ တော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ် ဝတ္ထုတို့ကို လောင်းလှူကြသည်။ ယင်း ပူဇော်ပွဲ၊ နိဗ္ဗာန်ဈေးပွဲတော်နှင့် ဆွမ်း ဆန်စိမ်းလောင်းလှူပွဲများကို သထုံမြို့ လေယာဉ်ကွင်းဟောင်းရှိ အဆိုပါ ကျောင်းတိုက်တွင် ကျင်းပခဲ့သည်။ ယင်း ပူဇော်ပွဲသို့ရောက်နေရင်း ကျွန်တော် သည် ၁၉၆၆ခုနှစ်က အဖေဦးရန်အောင် နှင့်အတူရောက်ခဲ့သည်များကို ပြန်လည် သတိရမိသည်။ ကျောင်းတွင်းရေးထား သောစာမှာ မှတ်လောက်သားလောက် ပင်။

*၁ အသစ်ကို မကြံလင့်၊ အဟောင်း ကိုမပြန်လင့်၊ ဖြစ်အောင်မပြုလင့်၊ ပျက်အောင်မပြုလင့်၊ ဖြစ်တိုင်း၊ ပျက် တိုင်း၊ ထင်အောင်ရှု၊ ဖြစ်အောင်ပြု လောဘ၊ ပျက်အောင်ပြု ဒေါသ၊ ဖြစ်တိုင်းပျက် တိုင်းမသိတာမောဟ။*

ကျွန်တော်တို့ ကျောင်းပေါ်သို့ တက်လိုက်စဉ်-

"အဲဒါ ဆရာတော်ဘုရားကြီးရဲ့ ဓာတ်တော်တွေပဲ။ ဖူးကြ၊ ဖူးကြ"

ဆရာတော်ဦးတိလောကက ညွှန် ပြသောဓာတ်တော်များကို ကျွန်တော်တို့ ရိုသေ လွမ်းဆွတ်လှစွာ ဖူးမြော်ကြပါ သည်။ ဆရာတော်ဘုရားကြီး၏ပုံတော် ပန်းချီကားမှာလည်း ပကတိအသက်ဝင် နေဆဲ၊ အမြဲရှင်သန်နေသော တရား တော်တို့ဖြင့် ကျွန်တော်တို့ကို ဆုံးမနေ သကဲ့သို့ပါပေ။ မှန်ဗီရိုထဲမှ ဆရာတော် ကြီး၏ လက်ရေးမူများ၊ မင်းကွန်းဇေတ ဝန်သာသနာနှင့် ပတ်သက်သမျှအရာ အားလုံးသည် နိုးထရှင်သန်လာသည်ဟု ခံစားရသည်။ ထို့နောက် မူလမင်းကွန်း ဇေတဝန်ဆရာတော်ကြီး၏ ပြတိုက်၊ ဒုတိယဆရာတော်ကြီးအရှင်တိက္ခာစာရ အမှတ်တရပြခန်း၊ ထို့နောက် ဆရာတော် ကြီးနှစ်ပါး၏ဓာတ်တော်များဖြင့်တည် ထားသော ဘုရားစေတီနှစ်ဆူကို ကျွန် တော်တို့ကန်တော့လိုက်စဉ်မှာပင် ဆည်း လည်းသံလေးတွေ တလွင်လွင်မြည်ကျူး လျက် ကျန်ခဲ့သူများကို နှုတ်ဆက်တရား ဟောနေသယောင်ယောင်။

*ဘိက္ခဝေ ရဟန်းတို့ - အဘယ်သို့လျှင် အချို့သောနတ်၊လူ တို့သည် နေရစ်ကုန်သနည်း။ နတ်၊ လူတို့သည် ဘဝ၌ မွေ့လျော်ကြ ကုန်၏။ ဘဝ၌ မွေ့လျော် ရွှင်လန်း ဝမ်းမြောက်ခြင်းသို့ ရောက်ကြကုန် ၏။ ထိုနတ်၊ လူတို့အား ဘဝချုပ် ခြင်းငှာ အကျင့်တရားကို ဟောအပ် သည်ရှိသော် စိတ်သည် အကျင့်၌ မသက်ဝင်၊ အကျင့်၌ မယုံ၊ ကျင့် မည်ဟုမဆောက်တည်၊ ကျင့်မည်ဟု နှလုံးမသွင်း။*

(မင်းကွန်းဝိပဿနာဉာဏသူဒနီ စာ-၃၇၄)

နေရစ်ခဲ့ရာမှ လိုက်ပါနိုင်အောင် ကြိုးစားခြင်းဖြင့် သထုံမြို့ မူလမင်းကွန်း ဇေတဝန်ကျောင်းတော်ကြီးဆီမှ ပြန်ခဲ့ပါ ပြီ။ ဇေတဝန်ကျောင်းတော်ကြီးသည် ဣန္ဒြေကြီးမားစွာ ငြိမ်သက်တိတ်ဆိတ် နေသည်။ တိတ်ဆိတ်ခြင်း၏အတွင်းနက် နက်မှာ လင်းလက်ဆဲ ဓမ္မရောင်ခြည်က ကျွန်တော်တို့ဘယ်ကိုသွားရမယ်ဆိုတာ ကို ညွှန်ပြလိုက်တော့သည်။

တင်အောင်(စက်မှုတက္ကသိုလ်)

*(ဤဆောင်းပါးဖြင့် မူလမင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီးနှင့်အဖေ ဦးရန်အောင်တို့ကို ဦးခိုက်လျက်)*

ကျမ်းကိုး -

၁။ တောင်တွင်းဘိက္ခုအရှင်တိက္ခာစာရ ၏ မူလ မင်းကွန်း ဇေတဝန်ဆရာ တော်ဘုရားကြီး၏ ထေရုပတ္တိ၊ ပထမအကြိမ်ပုံနှိပ်ခြင်း၊ ၁၉၅၆ ခုနှစ်၊ ဗမာ့ခေတ်ပုံနှိပ်တိုက်။

၂။ ဆရာမောင်ပန်းမွှေး၏ မြန်မာနိုင်ငံ ရဟန္တာနှင့် ရဟန်းထူးများ (စာ-၃၇၃ မှ ၃၈၀ ထိ) တော်ဝင်မြို့စာအုပ် တိုက်။

၃။ ဆရာမောင်သွေးချွန်၏ ကျေးဇူးရှင် ဆရာတော်ကြီးများ၏အံ့ဖွယ်ဖြစ်စဉ် နှင့် ဓမ္မကျင့်စဉ်များ၊ မဟာစာပေ။



www.burmeseclassic.com

www.burmeseclassic.com

လောကတွင် စန္ဒကူးရနံ့၊ တောင်ဇလပ်ပန်းရနံ့၊ ကြာညိုပန်းရနံ့၊ မြတ်လေးပန်းရနံ့တို့သည် အလွန်တရာ မွှေးကြိုင်လှပါပေသည်။ သို့သော် ထိုပန်းတို့ မွှေးကြိုင်သည်မှာ အနီးအနား တစ်ဝိုက်လျှင်ဖြစ်ပြီး လေစုန်သို့ အစဉ်လိုက်၍သာမွှေးကြိုင်ကြပါသည်။ ၎င်းရနံ့

# ဖျာပုံတင်နိုင်ဝင်း

## အနှိုင်းမဲ့နှိုက်နှုန်းတော်ခါး



တို့ထက် များစွာသာလွန်၍ လူပြည်အကျယ်အဝန်းလွန်ကာ နတ်ပြည်၊ ဗြဟ္မာပြည်တိုင်အောင် မွှေးကြိုင်လျက် လေစုန်မက လေဆန်၍ပါတက်နိုင်သော မွှေးရနံ့တစ်ခုလည်းရှိပါသေးကြောင်းကို ဘုရားရှင် ဟောကြားတော်မူခဲ့သည်။ ထိုမွှေးရနံ့ကား သီလဟူသော ကိုယ်ကျင့်တရား၏ ဂုဏ်သတင်းပြန့်လွှင့်မှုတည်း။

ဒွါရ (၉) ပေါက်မှ အညစ်အကြေးများ ယိုစီးထွက်ကျနေသော လူ၏ခန္ဓာကိုယ်သည် အလွန်တရာ နံစော်လှပါသည်။ ထို့အပြင် အတွင်းစိတ်ကလည်း တဏှာ၊ ရာဂကိလေသာအညစ်အကြေးများဖြင့်သာလူပ်ခါနေသဖြင့် စိတ်မှထွက်သောအနံ့အစော်တို့ကလည်း မွှန်သွန်နေပါသည်။ သာမန်လူတစ်ယောက်သည် မိမိ၏ခန္ဓာကိုယ်မှထွက်သော ကျင်ကြီး၊ ကျင်ငယ်၊ ချွေးခြေး၊ အာပုပ်ရေ စသည်တို့မှဖြစ်ပေါ်သည့် ကိုယ်အနံ့ ကို ်ပင်မခံနိုင်လောက်အောင် ရုပ်ခန္ဓာက နံစော်နေသလို မကောင်းမှု၌သာ မွေ့လျော်တက်သော စိတ်၏ လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာ အညစ်အခိုးများကလည်း နာမ်ခန္ဓာတွင် ညစ်ကျုနံစော်နေ၏။ ထိုသို့သော နံစော်မှုမျိုးကြောင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့က လူတို့၏ အနီးအပါးသို့ပင် မကပ်ရောက်ချင်ကြ။ ဘုရားရှင်၏တရားတော်ကို နာယူလိုသော်မှ လူတို့အိပ်မောကျ၍ တိတ်ဆိတ်သော သန်းခေါင်ယံအချိန်ကျမှ နတ်တို့သည် ဘုရားရှင်ထံ ရောက်လာကာ တရားကို နာယူကြရ၏။ ထိုသို့ဖြစ်ရခြင်းမှာ လူတို့၏ အနံ့ဆိုးများကို ရွံရှာသဖြင့် ရှောင်ကွင်းကြသည့် သဘောဖြစ်သည်။

သို့သော် သီလလုံခြုံသော ပုဂ္ဂိုလ်တို့၏အနံ့ကား ဤသို့မဟုတ်ချေ။ အနှိုင်းမဲ့မွှေးကြိုင်သော သီလရနံ့၏ လွှမ်းခြုံထားမှုကြောင့် ခန္ဓာကိုယ်မှထွက်သော အနံ့မျိုးစုံတို့ ဆိတ်သုဉ်းကာ အနံ့ဆိုးတို့ ထွက်ပေါ်မလာနိုင်ဘဲမွှေးကြိုင်နေတော့၏။ ထို့အပြင် သီလစောင့်ထိန်းခြင်း၏ အရှိန်အဝါကြောင့် ကိလေသာအနံ့အစော်များ ငုပ်လျှိုးသွားသောကြောင့် စိတ်၏ အနံ့ဆိုးများ ကင်းပျောက်ကာ မွှေးကြိုင်ပြန်လေသည်။ ထို့ပြင်တဝ သီလ၏ ရနံ့သည် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ကို လွှမ်းခြုံထားရုံသာမက လေစုန်၊ လေဆန် အရပ်မျက်နှာအထက်၊ အောက်တို့သို့လည်း ပျံ့နှံ့မွှေးကြိုင်ပါသေးသည်။ သီလရနံ့သည် နတ်ပြည် (၆) ထပ်သို့ နှံ့စပ်အောင်ရောက်၏။

တစ်နေ့သ၌ စတုမဟာရာဇ်နှင့် တာဝတိံသာနတ်ပြည်(၂)ပြည်ကို အစိုးရသော ဣန္ဒာသက္ကသိကြား ( ်သည် ( လူ ပြည်ကို ဦးတည်လျက် အကြ ်ကြိမ်ရှိခိုး ပူဇော်နေလေ၏။ ဤအခြင်းအရာကို မာတလိန ်ကသားမြင်၍

"အဘယ်ကြောင့် လူတွေကို ရှိခိုးသနည်း"

ဟု သိကြားမင်းအားမေးရာ -

"လူတိုင်းကို ငါရှိမခိုး။ သီလရှိ



www.burmeseclassic.com

www.burmeseclassic.com

သောသူတို့ကိုသာ ငါရှိခိုး၏"

ဟု ဖွဲဆိုလေသည်။

သီလရှိသော လူတို့အကြောင်းကို ယူဇနာပေါင်းထောင်သောင်းဝေးသော တာဝတိံသာနတ်ပြည်ကပင် သိရှိ၍ သိကြားမင်းကိုယ်တိုင် ပူဇော်သောအားဖြင့် ရှိခိုးရလေသည်။

ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်ဖြင့် အမြဲတစေဆောက်တည်ထားသော လူပုဂ္ဂိုလ်တို့အား သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့သည် ပူဇော်ကြကုန်၏။ စောင့်ရှောက်ကြကုန်၏ဟု ကျမ်းဂန်တို့၌ ပြဆိုထားရာ တန်ခိုးကြီးသော နတ်ကောင်းနတ်မြတ်တို့၏ ကူညီမ,စမှုကို ခံယူလိုသူတို့အတွက် သီလသည် မရှိမဖြစ်သောမွေးရနံ့တည်း။ သီလမရှိ၍ နံစော်နေသောလူတို့အား နတ်သူတော်စင်တို့သည် အလွန်ပင် ရွံရှာမုန်းတီးကြပေလိမ့်မည်။ ထို့ကြောင့် မ,စရန်လည်း အကြောင်းမရှိတော့ချေ။ ကိလေသာ စိတ်ညစ်ညမ်းနေသော လူတို့အား သိကြားမင်းကဲ့သို့ ကိလေသာနည်းပါးသောနတ်များက ပို၍ပင်မုန်းတီးတတ်ကြ၏။ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ အစရှိသော ကိလေသာများကို လျော့ပါးအောင် သီလဖြင့်ဆေးကြောနေသူများကို နတ်များက ချီးကျူးကြ၏။

သီလတွင် စာရိတ္တသီလနှင့်ဝါရိတ္တသီလဟူ၍ (၂) မျိုးရှိ၏။ စာရိတ္တသီလဆိုသည်မှာ ဘုရားရှင်က ပြုလုပ်ရမည်ဟု ပညတ်ထားသော မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ် စသည့် လုပ်ဆောင်ရမည့် ကျင့်ဝတ်များ ဖြစ်သည်။ လူကြီးသူမတို့ကို ရိုသေလေးစားခြင်း၊ လိမ္မာယဉ်ကျေးစွာပြောဆိုခြင်း၊ နူးညံ့သိမ်မွေ့စွာသွားလာနေထိုင်ခြင်း၊ ရဟန်းသံဃာ၊ ဆရာမိဘ၊ အကြီးအကဲတို့ရှေ့၌ကိုယ်ကို ကိုင်းညွတ်၍သွားလာခြင်း၊ ရပ်ရေးရွာရေးနှင့် လူမှုကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ခြင်း စသည့် လုပ်ဆောင်ရမည့် တာဝန် ဝတ္တရားများကို မပျက်မကွက် ထမ်းဆောင်ခြင်းကို စာရိတ္တသီလဟု ခေါ်၏။ ရှင်းရှင်းဆိုရသော် ကောင်းမြတ်သောလုပ်ငန်းကိစ္စမှန်သမျှတို့ကို ကြိုးစားဆောင်ရွက်ခြင်းသည် စာရိတ္တသီလဖြစ်၏။

ဝါရိတ္တသီလမှာမူ ရှောင်ကြဉ်အပ်သော သိက္ခာပုဒ်တို့ကို ရှောင်ကြဉ်ခြင်းဖြစ်သည်။ ဘုရားရှင်က မပြုလုပ်ရဟု ပညတ်ထားသော သိက္ခာပုဒ်များ ဖြစ်သည်။ သူ့အသက်သတ်ခြင်း၊ သူတစ်ပါးဥစ္စာကိုခိုးယူခြင်း၊ သူတစ်ပါးသားမယားကိုစော်ကားခြင်း၊ လိမ်ညာပြောဆိုခြင်း၊ အရက်သေစာသောက်စားမူးယစ်ခြင်း စသော အကျိုးယုတ်စေမည့် လုပ်ရပ်များမှ ဝေးစွာ ရှောင်ကြဉ် ဆောက်တည်ရသော ကိုယ်ကျင့်တရား ဖြစ်သည်။ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ စသည်တို့ ဖြစ်သည်။

ရှောင်ကြဉ်၍ ဆောက်တည်သောသီလ၌ အဆင့် (၃) ဆင့်ရှိသည်။

၁။ စားဝတ်နေရေး၊ အသက်မွေးမှုနှင့်မပတ်သက်ဘဲ ကာယဒုစရိုက် (၃) ပါးမှ ရှောင်ကြဉ်လျှင် သမ္မာကမ္မန္တဝိရတီ မည်၏။

၂။ စားဝတ်နေရေး၊ အသက်မွေးမှုနှင့် မပတ်သက်ဘဲ ဝစီဒုစရိုက် (၄) ပါးမှ ရှောင်ကြဉ်လျှင် သမ္မာဝါစာဝိရတီ မည်၏။

၃။ အသက်မွေးဝမ်းကျောင်းမှုနှင့် ပတ်သက်၍ ကာယဒုစရိုက် (၃) ပါး၊ ဝစီဒုစရိုက် (၄) ပါးတို့မှ ရှောင်ကြဉ်လျှင် သမ္မာအာဇီဝဝိရတီဟု ခေါ်ဆို၏။

ကာယဒုစရိုက်သုံးပါးဖြစ်သော-

က။ **ပါဏာတိပါတ** - သတ္တဝါတို့ကို သေစေလိုသော စိတ်စေတနာဖြင့် သတ်ဖြတ်မှု။

ခ။ **အဒိန္နာဒါန** - သူတစ်ပါး၏ဥစ္စာကို ခိုးဝှက်လုယက် လှည့်ပတ်ယူငင်မှု။

ဂ။ **ကာမေသုမိစ္ဆာစာရ** - ကာမဂုဏ်တို့၌ မှားယွင်း ဖောက်ပြန်စွာ ကျင့်ကြံမှုတို့ကို စားဝတ်နေရေး၊ အသက်မွေးမှုနှင့် မသက်ဆိုင်လျှင် ကောင်းစွာရှောင်ကြဉ်နိုင်သော ဆောက်တည်မှုမျိုးကို သမ္မာကမ္မန္တဝိရတီသီလ (ကာယကံသုံးပါး၊ ဒုစရိုက်တရားတို့ကို သာမန်သာ ရှောင်ကြဉ်ဆောက်တည်သောသီလ)ဟု ခေါ်ဆို၏။

ဝစီဒုစရိုက်လေးပါးဖြစ်သော -

က။ **မုသာဝါဒ** - မဟုတ်မမှန်လိမ်ညာပြောဆိုမှု။

ခ။ **ပိသုဏာဝါစာ**- ချောပစ်ကုန်းတိုက်သောစကားကိုပြောဆိုမှု။

ဂ။ **ဖရုသဝါစာ**- ကြမ်းတမ်းယုတ်မာသောစကားကိုပြောဆိုမှု။

ဃ။ **သမ္ဖပ္ပလာပဝါစာ**- အကျိုးမရှိသော အတင်းအဖျင်းစကားကို ပြောဆိုမှုတို့အား စားဝတ်နေရေး၊ အသက်မွေးမှုနှင့် မသက်ဆိုင်လျှင် ကောင်းစွာ ဆောက်တည်နိုင်၍ အသက်မွေးမှုနှင့် ပတ်သက်နေလျှင် မဆောက်တည်နိုင်သောသီလမျိုးကို သမ္မာဝါစာဝိရတီ (ဝစီကံလေးပါးဒုစရိုက်တရားတို့ကို သာမန်သာ ရှောင်ကြဉ်ဆောက်တည်နိုင်သောသီလ) ဟု ခေါ်၏။

စားဝတ်နေရေး အသက်မွေးဝမ်းကျောင်းမှုကို ထိခိုက်စေသော်လည်း ကာယဒုစရိုက်(၃)ပါး၊ ဝစီဒုစရိုက်(၄)ပါးတို့ကို ကောင်းစွာ ရှောင်ကြဉ်ဆောက်တည်နိုင်လျှင် ၎င်းသီလကို သမ္မာအာဇီဝဝိရတီ (အသက်မွေးမှုကိုပင်မငဲ့ကွက်ဘဲ ကောင်းစွာရှောင်ကြဉ်ဆောက်တည်နိုင်သောသီလ) ဟု ခေါ်၏။ စားဝတ်နေရေးနှင့် ပတ်သက်နေသော်မှ သူ့အသက်သတ်ခြင်း စသည်တို့ကို ရှောင်ကြဉ်ခြင်း၊ အသက်မွေးဝမ်းကျောင်းမှုနှင့်ပတ်သက်နေသော်လည်း လိမ်ညာ၍မပြောဆိုခြင်း စသည်တို့ကို ဆောက်တည်နိုင်လျှင် ၎င်းသီလမျိုးကို သမ္မာအာဇီဝဝိရတီသီလဟု ခေါ်၏။

၎င်းရှောင်ကြဉ်၍ ဆောက်တည်သော သီလအဆင့် (၃) ဆင့်အား ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်တို့ကိုဆောက်တည်ရာ၌ မိမိတို့ ကြိုက်နှစ်သက်ရာအဆင့်၌ထား၍ဆောက်တည်နိုင်သည်။ မိမိရှောင်ကြဉ်နိုင်သလောက်သော သိက္ခာပုဒ်တို့ကို ရွေးချယ်ရှောင်ကြဉ်နိုင်၏။ ကာယဒုစရိုက် (၃) ပါးထဲမှ သူ့အသက်သတ်ခြင်း၊ သူများသားမယားအား စော်ကားခြင်း စသည်ဖြင့် နှစ်သက်ရာကို ရွေးချယ် ရှောင်ကြဉ်၍ သီလကို ဆောက်တည်နိုင်သည်။ သို့သော် ငါးပါးသီလကို ငါးပါးစလုံး၊ ရှစ်ပါးသီလကို ရှစ်ပါးစလုံး၊ ဒုစရိုက်ဆယ်ပါးကို ဆယ်ပါးစလုံး ရှောင်ကြဉ်ဆောက်တည်နိုင်လျှင်ကား အကောင်းဆုံးဖြစ်သည်။ ဤသည်ကား ရှောင်ကြဉ်၍ ဆောက်တည်အပ်သောဝါရိတ္တသီလ၏သဘော ဖြစ်သည်။

ဆောင်ရွက်၍ ပြုလုပ်ရသော စာရိတ္တသီလ၏ သဘောမှာကား မိမိပြုသင့်သည့်ကိစ္စဖြစ်သော ကောင်းမြတ်သည့် လုပ်ငန်းကိစ္စများကို အမြဲမပြတ်ဆောင်ရွက်ပေးရမည့် ကိုယ်ကျင့်တရားများကို ဆိုလိုသည်။ ဥပမာ သိင်္ဂါလောဝါဒသုတ်လာ သားသမီးဝတ်ဖြစ်သော 'ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှမ့်မျှဝေ၍၊ စောင့်လေမျိုးနွယ်' ဟူသော သားသမီးတို့က မိဘတို့အပေါ် ကျွေးမွေးစောင့်ရှောက်ရမည့် အချက် (၅) ချက် စသည်တို့သည် စာရိတ္တသီလဖြစ်သည်။ မင်္ဂလသုတ်လာ ဂုဏ်ပိုက်နှင့်


www.burmeseclassic.com

www.burmeseclassic.com

ပေါင်းသင်းခြင်း၊ လူလိမ္မာပညာရှိနှင့် ပေါင်းသင်းခြင်း၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်း စသည့် (၃၈) ဖြာမင်္ဂလာ တရားတော်တို့ကို လိုက်နာဆောင်ရွက်ခြင်း စသည်တို့သည် စာရိတ္တသီလ ဖြစ်သည်။

မည်သည့်သီလမျိုးကိုမဆို လုံခြုံစွာ ထာဝစဉ်ဆောက်တည်ထားသူများအဖို့ အကျိုးတရားငါးပါးကို ရရှိနိုင်ပါသည်။ ၎င်းအကျိုးတရားငါးပါးမှာ-

၁။ မမေ့မလျော့သောကြောင့် များစွာသောဥစ္စာတို့ကိုရရှိခြင်း။
၂။ ကောင်းသော ဂုဏ်သတင်း ပျံ့နှံ့ကျော်ကြားခြင်း။
၃။ ပရိသတ်အလယ်၌ ရဲရဲဝံ့ဝံ့ ကြည်ကြည်လင်လင်ရှိခြင်း။
၄။ စိတ်မတွေမဝေဘဲသေရခြင်း။
၅။ သေလွန်သော် နတ်ပြည်သို့ ရောက်ရှိခြင်း ဟူ၍ ဖြစ်သည်။

သီလဆောက်တည် ကျင့်သုံးခြင်းသည် ယခုဘဝရော နောင်ဘဝများအတွက်ပါ အကျိုးကြီးလှပေ၏။

ထို့အပြင် သီလသည် နိဗ္ဗာန်သို့ ဝင်ရာ အတုမရှိသောတံခါးဟု မြတ်စွာဘုရားဟောကြားတော်မူခဲ့ပါသည်။

**ဘိက္ခဝေ** - သံသရာဘေးလာမည့် အရေးကို မျှော်တွေးကြောက်ကြွား အိုချစ်သားတို့၊ **အညံ** - သီလမှတစ်ပါး အခြားသော၊ **သီလသမံ** - သီလနှင့်တူသော၊ **သဂ္ဂါရောဟဏသောပါနံ** - နတ်ပြည်ရောက်ကြောင်း စောင်းတန်းလှေကားသည်၊ **ကုတော နတ္ထိ** - ဘယ်မှာရှိအံ့နည်း၊ **နိဗ္ဗာန နာဂရဿ** - မီး (၁၁) မီး ငြိမ်းငြိမ်းရာအမှန် ပြည်နိဗ္ဗာန်သို့၊ **ပဝေသနေ** - ဝင်ရောက်ခြင်း၌၊ **သီလသမံ** - သီလနှင့်တူသော၊ **ဒွါရံဝါပန** - တံခါးဟူသည်ကား၊ **ကုတော နတ္ထိ** - အဘယ်မှာရှိပါအံ့နည်း။

လောကတွင် သီလနှင့်တူသော နတ်ပြည်သို့ အလွယ်တကူ ရောက်ရှိနိုင်မည့် စောင်းတန်းလှေကားမျိုး မရှိနိုင်။ ထို့အတူ ပြည်နိဗ္ဗာန်သို့ ဝင်စံနိုင်ရန်အတွက် သီလနှင့်တူသော တံခါးမျိုး လောကတစ်ခွင်မှာ ရှာချင်သလိုသာရှာ တွေ့ဖို့ရာ အကြောင်းမရှိကြောင်း ဘုရားရှင်သည် သုတ္တန်တစ်ခုတွင် အထင်အရှား ဟောကြားတော်မူခဲ့ပါသည်။

သီလ၏ သဘောမှာ ကိုယ်နှင့် နှုတ်ကို စောင့်စည်းထိန်းသိမ်းခြင်း ဖြစ်သည်။ ထို့ကြောင့် သီလရှိသူသည် စောင့်ထိန်းနိုင်မှုစွမ်းအားကောင်းလျက် စိတ်၏ တည်ကြည်မှုကိုဖြစ်စေ၏။ ၎င်းတည်ကြည်သောစိတ်ဖြင့် ခန္ဓာအား အဖြစ်အပျက်ရှုလျှင် အားကောင်းသော သမာဓိကြောင့် မဂ်ရဖိုလ်ပေါက် ထိရောက်အောင်မြင်နိုင်၏။ ထို့ကြောင့် သီလကို အတုမရှိသော နိဗ္ဗာန်ဝင်တံခါးဟု ဘုရားရှင် ဟောကြားခြင်း ဖြစ်သည်။

တရားအားထုတ်သူ ယောဂီများ စိတ်တည်ကြည်မှု (အားကောင်းသော သမာဓိ) မရနိုင်ဖြစ်နေခြင်းမှာ စောင့်ထိန်းအားနည်းသောကြောင့်ဟု ဆိုအပ်၏။ စိတ်တည်ကြည်မှုသမာဓိဆိုသည်မှာ စိတ်ကိုစောင့်ထိန်းခြင်း ဖြစ်သည်။ ၎င်းစိတ်ကို စောင့်ထိန်းရသည်မှာ အလွန်ခက်လှ၏။ယခင်က လွယ်ကူသောကိုယ်နှင့် နှုတ်ကို စောင့်ထိန်းမှုမျိုး မလေ့ကျင့်ခဲ့လျှင် တစ်နည်းအားဖြင့် သီလကို မကျင့်သုံးခဲ့လျှင် ပို၍ခက်ခဲသောစိတ်ကို စောင့်ထိန်းရာတွင် အခက်အခဲတွေ့ရတော့၏။ ရှင်းရှင်းဆိုရသော် သီလ မကျင့်သုံးခဲ့သဖြင့် သမာဓိ၌ အခက်တွေ့တော့၏။ ထို့ကြောင့် လွယ်ကူသော ကိုယ်ကိုစောင့်ထိန်းမှု၊ နှုတ်ကိုစောင့်ထိန်းမှု တည်းဟူသော သီလ (ခေါ်) ကိုယ်ကျင့်တရားကို ကျင့်သုံးခဲ့မှသာလျှင် ခက်ခဲသောစိတ်ကို စောင့်ထိန်းမှု (သမာဓိ) အတွက် လွယ်ကူသွားမည်ဖြစ်သည်။

၎င်းသမာဓိတွင် အပိုင်း (၂) ပိုင်း ရှိသည်။

၁။ စိတ်တည်ငြိမ်ခြင်းနှင့်
၂။ စိတ်ကြည်လင်ခြင်းတို့ ဖြစ်သည်။

အတင်းဖျစ်ညှစ်ကာ စိတ်ကို စောင့်ထိန်း၍ တည်ငြိမ်အောင်လုပ်လျှင် စိတ်သည် တည်ငြိမ်ရုံသာတည်ငြိမ်ပြီး ကြည်လင်နိုင်လိမ့်မည် မဟုတ်ပေ။ တည်ငြိမ်ရုံသာ တည်ငြိမ်၍ ကြည်လင်မှုမရှိသော သမာဓိသည် သမာဓိအစစ် မဟုတ်သေးချေ။ စိတ်သည်တည်လည်း တည်ငြိမ်၍ ကြည်လည်းကြည်လင်မှသာ သမာဓိအစစ်ဖြစ်သည်။ သီလကျင့်သုံးပြီးသော တစ်နည်းအားဖြင့် စောင့်ထိန်းအား ပြီးပြည့်စုံသော ကျင့်ကြံသူ ယောဂီအတွက် ကိုယ်နှုတ်စောင့်ထိန်းနည်းပညာ တတ်မြောက်ထားပြီးဖြစ်ရာ စိတ်ကို တည်ငြိမ်ခြင်းနှင့် ကြည်လင်ခြင်း ရအောင် စောင့်ထိန်းဖို့ရာမှာ မခဲယဉ်းလှတော့ချေ။ သီလ၏စွမ်းရည်ကြောင့် သမာဓိရလွယ်၏။

ထို့အတူ စိတ်တည်ငြိမ်ကြည်လင်မှု၊ သမာဓိအားကောင်းသူယောဂီအဖို့လည်း ၎င်းသမာဓိ၏ စူးစိုက်စွာရှုနိုင်အားကြောင့် ခန္ဓာ၏ အဖြစ်အပျက်ကို ရှုရာတွင် (သမာဓိအားနည်းသူတို့ထက်) များစွာ လွယ်ကူသွားတော့၏။ ခန္ဓာ၏ အဖြစ်အပျက်သည် အလွန်မြန်လွန်းလှ၏။ အဖြစ်အပျက်နှေးသော ရုပ်ခန္ဓာ၏ အဖြစ်အပျက်သည်ပင် မျက်တောင်တစ်ခတ်အတွင်း၌ ဥပါဒ်၊ ဌီ၊ ဘင် ဟူသော ဖြစ်၊ တည်၊ ပျက် အကြိမ်ပေါင်း ကုဋေငါးထောင်မက ဖြစ်ပျက်သွားကြ၏။ ဤမျှ မြန်ဆန်လှသော ရုပ်ခန္ဓာ၏ အဖြစ်အပျက်ကို သာမန်စိတ်ဖြင့် မိအောင်ရှုမရ။ သာမန်စိတ်တည်ငြိမ်မှုမျိုးဖြင့်လည်း ရှုမရချေ။ အားကောင်းမှုပြည့်ဝသော သမာဓိဖြင့်သာ ရှုပွားနိုင်၏။ တစ်နည်းဆိုရသော် စောင့်ထိန်းပြီးသောစိတ်၏ တည်ငြိမ်ကြည်လင်မှု(စိတ်အမြင်စွမ်းအား)ဖြင့် ရှုမှသာလျှင် မြန်ဆန်လွန်းလှသော ခန္ဓာ၏ဖြစ်ပုံပျက်ပုံကို အမှန်အတိုင်း မြင်ရမည်ဖြစ်သည်။

ခန္ဓာ၏ ဖြစ်ပုံပျက်ပုံကို အမှန်အတိုင်း မြင်လာသည်ရှိသော် ခန္ဓာအား ငြီးငွေ့လျက် နိဗ္ဗိန္ဒာဉာဏ် စသည်ဖြင့် ဉာဏ်စဉ်အဆင့်ဆင့်တက်ကာ နောက်ဆုံး၌ ပထမဂ်ဖြစ်သော သောတာပတ္တိမဂ်ကိုရကာ နိဗ္ဗာန်တံခါးပွင့်သွားမည်ဖြစ်သည်။ ထိုသို့ နိဗ္ဗာန်တံခါးပွင့်ရေးအတွက် စိတ်တည်ကြည်မှု သမာဓိလို၏။ ထိုသမာဓိရရှိရန်အတွက်ကား သီလသည် မရှိမဖြစ်သော ကျင့်သုံးစရာတစ်ခုဖြစ်သည်။ ထို့ကြောင့် လောကီအကျိုးသယ်ပိုးလိုလျှင်သော် လည်းကောင်း၊ လောကုတ္တရာအကျိုးပွားတိုးစေလိုလျှင်သော် လည်းကောင်း ကောင်းမြတ်ခြင်း၏ အစအဦးဖြစ်သော (ဝါ) နိဗ္ဗာန်၏ အတုမဲ့သောတံခါးဖြစ်သည့် ကိုယ့်ကျင့်တရားသီလကို စောင့်ထိန်းသင့်ကြပေသည်။

ဖျာပုံတင်မိုင်ဝင်း

**မှီငြမ်းကိုးကား -**

၁။ နမ္မားဆရာတော်၏ ဒေသနာပန်းခိုင်
၂။ ဗုဒ္ဓဘာသာတရားတော် (အထက်တန်းအဆင့်)
၃။ ဒေါက်တာမင်းတင်မွန်၏ ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com

# အဖုအကျိတ်ကင်ဆာရောဂါများအတွက် နွားလားဥသဘာဆေးမြစ်ဥ

၂၀၁၃ ခုနှစ် ဒီဇင်ဘာလ၊ ၂၀၁၄ ခုနှစ် ဧပြီလနှင့်နိုဝင်ဘာလထုတ် သူရဋ္ဌမဂ္ဂဇင်းတို့တွင် ခင်ပုပ်မြစ်ဆေးအစွမ်းကို ရေးသားတင်ပြခဲ့ပြီးဖြစ်ပါသည်။ ခင်ပုပ်မြစ်ဆေးအစွမ်းထက်မြက်မှုကို ယုံကြည်အားထားမှုဖြင့် မြန်မာနိုင်ငံတစ်နံတစ်လျား ဒေသအသီးသီးမှ တကူးတကလာရောက် ယူဆောင်ကြသည်။ လူကြုံဖြင့် လည်းကောင်း၊ ဖုန်းဆက်မှာကြား၍လည်းကောင်းယူကြသည်လည်းရှိသည်။ လက်တွေ့သုံးစွဲမှုကြောင့် အဖုအကျိတ်အနာအမျိုးမျိုး၊ ရင်သားကင်ဆာနှင့် ကင်ဆာရောဂါမျိုးစုံအတွက် အကျိုးထူးရလဒ်များ ခံစားခဲ့ရသည်များရှိပါသည်။ အချို့သူများ ထူးခြားသိသာမှုမရှိတာမျိုးလည်းရှိကြောင်း သိရသည်။ သို့သော်လည်း ယနေ့ကာလအထိ ခင်ပုပ်ဆေးမြစ်များလာရောက်ယူနေကြဆဲ၊မှာကြားသုံးစွဲနေကြဆဲပါ။

ယခုတစ်ခါ ရေးသား တင်ပြလိုသည်မှာ နွားလားဥသဘာဆေးမြစ်ဥဖြစ်ပါသည်။ နွားလားဥသဘာဆေးမြစ်ဥများသည် လည်ပင်းကြီးရောဂါ၊ ရင်သားကင်ဆာရောဂါနှင့် အဖုအကျိတ်တို့ကို သက်သာ ပျောက်ကင်းကြောင်း လက်တွေ့မြင်သိရပါသည်။

မြန်အောင်မြို့ အမှတ် (၆) ရပ်ကွက် ဘဒလင်ကျောင်းကြီးလမ်းရှိ မင်းကန်ကြီး မဟာစည်ကျောင်းတိုက်အနီးတွင်နေထိုင်လျက်ရှိသူ ဒေါ်ခင်ဝင်းသည် လည်ပင်းကြီးဝေဒနာရှင် ဖြစ်ပါသည်။ ဒေါ်ခင်ဝင်း၏ လည်ပင်းညာဘက်တွင် လက်ဖက်ရည်အကြမ်းပန်းကန်လုံးစာမျှ အဖုကြီးတစ်ဖုထွက်လာပါသည်။ စထွက်စဉ်က သေးသေးမျှဖြစ်သော်လည်း တဖြည်းဖြည်းကြီးထွားလာသည်မှာ အသက်ရှူမဝ၊ ထမင်းလုတ်မျိုချဖို့ခက်ခဲခြင်းများအထိ ခံစားလာရသည်။ ဒေါ်ခင်ဝင်းမှာ အသက်(၅၈)နှစ်မျှရှိပြီး ငွေကြေးအခက်အခဲကြောင့် ခွဲစိတ်ကုသမှုမပြုနိုင်ပါ။ မြို့မှာရှိသည့် ဆေးခန်းများတွင် ပြသကုသသော်လည်း သက်သာမှုကားမရရှိခဲ့။

ကံကောင်းအကြောင်းလှချင်တော့လည်း ဆရာသမားကောင်းကို ဝေးဝေးသွား၍မရှာရပါ။ ဒေါ်ခင်ဝင်းအိမ်မှ ငါးအိမ်ခြားတွင်နေထိုင်သည့် THE BEST-NANO အော်ဂဲနစ်စိုက်ပျိုးရေးသုံးဆေးများ အရောင်းကိုယ်စားလှယ်ဖြစ်သူ ကိုဝင်းဗိုနှင့် တွေ့ဆုံစကားစပ်မိခဲ့ကြသည်၊ ဒေါ်ခင်ဝင်း၏ လည်ပင်းကြီးရောဂါကို ကြည့်ရှုမေးမြန်းပြီးနောက် ကိုဝင်းဗိုက ဆေးမြစ်ဥများတူးယူလာပေးပါသည်။ ဆေးမြစ်ဥများကို ဒေါ်ခင်ဝင်းက ရေစင်စင်ဆေးသည်။ ထို့နောက် ကျောက်ပျဉ်ပေါ်တွင် ရေနှင့်စပ်ကာ ခပ်ပျစ်ပျစ်သွေး၍ နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညဦးပိုင်းတစ်ကြိမ်စီလိမ်းသည်။ လည်ပင်းတစ်ဝိုက်၊ လည်ပင်းအဖုပေါ်ပါမကျန်လိမ်းပေးသည်။ လေးရက်ခန့်အကြာတွင် လည်ပင်းအဖုကြီးတဖြည်းဖြည်းေ းငယ်သွားကာ နောက်တော့ လုံးဝကင်းရှင်းပျောက်သွားခဲ့သည်။

❑

မြန်အောင်မြို့ အမှတ်(၄)ရပ်ကွက် နန္ဒဝန်ကျောင်းတိုက်မှ သက်တော် (၄၉) နှစ်ခန့်ရှိ ဒေါ်တေဇသီဂီဆိုသော ဆရာလေးသည် ၂၀၀၈ ခုနှစ်ခန့်က သားအိမ်အထက်တွင် ရေအိတ်တည်ကာ ပေါင်၊ ခြေသလုံးများတစ်လျှောက် မခံမရပ်နိုင်အောင် ကိုက်ခဲဒဏ်ကို ခံစားရရှာသည်။ ဦးပြည်းခေါင်းတုံးတွင် အဖုအကျိတ်များထွက်လာသည်။ ရောဂါကြောင့် အအိပ်ပျက်၊ အစားပျက်ရသည်။ အခြားမသိရသေးသည့်ရောဂါများလည်းရှိသည်။ ဆေးရုံ၊ ဆေးခန်း၊ နိုင်ငံခြားဆေး၊ မြန်မာဆေးအကုန်စုံသည်။ မသက်သာသည့်အဆုံး ပြည်မြို့အထူးကုဆေးခန်းမှသည် ရန်ကုန်မြို့ ဗဟန်း ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ဇီဝိတဒါနသီလရှင်ဆေးရုံသို့ ရက်သတ္တတစ်ပတ်ကြာမျှ ဆေးရုံတက်ခဲ့ရသည်။ ဆေးရုံကလည်း ဆရာလေး၏ ကိုယ်တွင်းကလီစာများ၏ အခြေအနေအရ ခွဲစိတ်မှုမပြုနိုင်သေး။ ထို့ကြောင့် စားဆေးတစ်လစာယူကာ ပြန်လာခဲ့ရသည်။ ဆရာလေး၏ ဆေးစစ်ချက်၊ ဓာတ်မှန်တို့ကိုကြည့်၍ နားလည်သူအချို့က ကင်ဆာအဆင့် (၁)ဟုပြောကြသည်။

ထိုဆရာလေးသည် ဆွမ်းဆန်အလှူခံရင်း ကိုဝင်းဗိုနှင့်အဆက်အစပ်ရကာ ကိုဝင်းဗိုပေးလာသော ဆေးမြစ်ဆေးဥများကို အချိန်ရှိသမျှ သွေးလိမ်းသည်။ ရောဂါပြင်းထန်၍ မတတ်နိုင်သည့်အခါမျိုးတွင် မသွေးနိုင်တော့ဘဲ ဆေးမြစ်ဆေးဥများကို ထုထောင်းကြိတ်ခြေလိမ်းသည်။ သည့်အတိုင်း အစိမ်းလိုက်ဝါးစားသည်၊ သရက်ကင်းအရသာကဲ့သို့ စပ်ရှားရှားရှိသည်ဟုပြောပါသည်။ သည်ကြားထဲ ဆရာဝန်ပေးလိုက်သောဆေးများကိုလည်း ပုံမှန်သောက်သည်။ ၂၀၀၈ ခုနှစ်က စတင်ဖြစ်ပွားသော ရောဂါမှာ အသက်မသေဘဲ ယနေ့တိုင် ဆေးမြစ်ဆေးဥများ စားသုံး၊ လိမ်းကျံလျက်ပင်ရှိသည်။ စာရေးသူတွေ့မြင်ရသည်မှာ ဆရာလေး၏ ဦးခေါင်းတွင် မည်သည့်အဖုအကျိတ်မှမရှိတော့ချေ။ ရောဂါအခြေအနေသည်လည်း သိသာထူးခြားစွာ သက်သာမှုရှိနေတာတွေ့ရပါသည်။

ဆရာလေး၏ လက်ဆင့်ကမ်းသတင်းပေးမှုကြောင့် မိုးညိုမြို့နယ် ကျွန်းကြီးကျေးရွာနေ တူမဖြစ်သူ၏ ရင်သားကင်ဆာလည်း ပျောက်ကင်းခဲ့ကြောင်း ကြားသိရပြန်ပါသည်။

အထက်ဖော်ပြပါအတိုင်း သွေးလိမ်း၊ တို့စား၊ ဝါးစားရသည်ကြောင့် အဖုအကျိတ်၊ လည်ပင်းကြီး၊ ရင်သားကင်ဆာ စသော ရောဂါများ သက်သာပျောက်ကင်းမှုပေးစွမ်းနိုင်သည်မှာ နွားလားဥသဘာဆေးမြစ်ဥများဖြစ်ပါသည်။ ထိုဆေးမြစ်ဥများသည် အပြုံအခဲလိုက်ဥတတ်ပြီး အတွင်းသားအရောင်မှာ အဖြူရောင်ရှိပါသည်။ အရသာမှာ တို့စားရသော သရက်ကင်းတက်အရသာကဲ့သို့ အနည်းငယ်မျှ စပ်ရှရှရှိသည်။

လည်ပင်းကြီးရောဂါခံစားရသော ဒေါ်ခင်ဝင်းသည် ငွေကြေးတစ်ပြားတစ်ချပ်မျှ ကုန်ကျမှုမရှိဘဲ ရောဂါပျောက်ကင်းခဲ့ရသော်လည်း အသိမိတ်ဆွေအစ်မတစ်ဦးမှာ လည်ပင်းကြီးရောဂါကို ရန်ကုန်မြို့ အထူးကုဆေးခန်းတစ်ခုတွင် ခွဲစိတ်ကုသခံယူခဲ့ရာ ငွေကျပ်ဆယ်သိန်းခန့်ကုန်ကျခဲ့ပါသည်။ မသိသူများကျော်သွားကြသော်လည်း သူရဋ္ဌမဂ္ဂဇင်းပါ ယခုဆေးမြီးတိုကို ဖတ်ရှုလေ့လာသိရှိပြီး သုံးစွဲဖော်စားလိုပါလျှင်၊ ဆေးမြစ်ဆေးဥရရှိရန် အခက်အခဲရှိပါလျှင် ဆက်သွယ်ရယူနိုင်ပါကြောင်း စာနာမေတ္တာဖြင့် ရေးသား တင်ပြအပ်ပါသည်။

၁။ ဦးဝင်းဗို - ၀၉၄၂၂၄၇၇၇၇၀

၂။ ဦးနေဝင်း - ၀၉၂၅၀၁၁၉၉၅၅

နေဝင်းဝင်း(လှိုင်ဆေး)



www.burmeseclassic.com


www.burmeseclassic.com

နေပြည်တော်-ကန်ပြား-မကွေး သွားသော ကားလမ်းဘေး ဘုရားဖြူ ကျေးရွာရှိပြီး ကားလမ်းအနောက်ဘက် တွင် မူလမြသလွန်စေတီဟူသော မုခ်ဦး ကို တွေ့ရပါသည်။ တာလမ်းပေါ်မှ အနောက်သို့ မျှော်ကြည့်လေလျှင် မူလ မြသလွန်စေတီအား မှုန်ဝါးဝါးလှမ်းမြင် ရသည်။ စေတီတော်ကြီးအား ဘေးပတ် ပတ်လည်၌ စိမ်းစိုသော ယာခင်းများနှင့် ပြိုးပြိုးညို့ညို့ထန်းတောအုပ်များကို မြင်ရ သည်။


ထိုယာပြင်ကျယ်ကြီးသည် လွန်ခဲ့ သော နှစ်ပေါင်း (၂၅၀၀) ခန့်ဆီက လူသူမနေသော ကြစုဖန်ခါးတောအုပ် ကြီးဖြစ်ခဲ့၏။ထိုတောအုပ်မှာ နတ်ဘီလူး မောင်နှမ(၆)ဦးအပိုင်စားရသော နေရာ တစ်ခု ဖြစ်ခဲ့၏။ နတ်ဘီလူးမောင်နှမ (၆) ဦးမှာ ဘောကျော်၊ ဘောသော၊ ဘောသူရ၊ ဘောရသ၊ ညီအစ်ကို(၄)ဦး နှင့် ယက္ခသာကီ၊ ယက္ခဒါလီ ဟူသော ညီအစ်မ (၂) ဦးတို့ ဖြစ်သည်။ ဘီလူး မောင်နှမ (၆) ဦးသည် ကြစုဖန်ခါးတော အုပ်၌ရှိသော ကြစု၊ ဖန်ခါး၊ ဆီးဖြူ အစရှိသော သစ်ဥသစ်ဖုများကို စားသုံး စံပျော်လျက်ရှိကြသည်။

မြတ်စွာဘုရားရှင်သည် မင်းဘူး စက္ကိန်းတဲတောင်ပေါ်၌ သိကြားမင်း လျှုဒါန်းသော မြသားသလွန်၌ သီတင်း သုံးတော်မူနေကြောင်း သိရှိကြသော ဘီလူးညီနောင် (၄) ဦးသည် ဧရာဝတီ

## မကွေးမြို့နယ် ဘုရားဖြူကျေးရွာ
# မူလမြသလွန်စေတီမှ ထူးဆန်းသော ဌာပနာတိုက်
### မကွေးလှမြင့်



မူလမြသလွန်စေတီ



ဆရာတော်ဦးဝိရိယ



မူလမြသလွန်စေတီမှ သိကြားမင်းနှင့်ဗြဟ္မာမင်း



www.burmeseclassic.com

www.burmeseclassic.com



အောင်ချမ်းသာစမ္မာရုံတွင်းမှ လျောင်းတော်မူရုပ်ပွားတော် (အလှူရှင် ဦးဘိုအောင် + ဒေါ်တင်ရွှေ မိသားစု)



မဟာဗောဓိပင်



အောင်ချမ်းသာစမ္မာရုံကြီး


မြစ်ကိုဖြတ်၊ ကြစုဖန်းခါးသစ်သီးဝလံများဖြင့် မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်းကြပြီး ကိုးကွယ်ရာကို လျှောက်ထား တောင်းပန်ကြကုန်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် သိကြားမင်းလှူဒါန်းသော မြသားသလွန်တော်အား ဘီလူးညီနောင်များထံ ပေးသနားတော်မူခဲ့၏။ ဘီလူးညီနောင်တို့သည် မြသားသလွန်တော်ကို မကွေးဘက်ကမ်းသို့ ပင့်ဆောင်တော်မူခဲ့ပြီး မိမိတို့နေရင်း တောအုပ်အတွင်း မြေခင်းသာ၍ မြသားသလွန်အား ဌာပနာ၍ စေတီတစ်ဆူတည်ထား ကိုးကွယ်ကြလေသည်။ သို့သော် မြသားသလွန်တော်၏ မူလဒါယကာဖြစ်တော်မူခဲ့သော သိကြားမင်းသည်၊ စေတီတော်တည်ထားရာ ဒေသရင်းအမှန် မဟုတ်သဖြင့် ဖြိုဖျက်၍ မြသားသလွန်တော်ကို ပင့်ဆောင်လျက် မဟာနှစ် ၁၅၀ ခုနှစ် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီး (၂) နှစ်ကျော်အကြာ၌ မကွေးမြို့မြောက်ဘက်အရပ်အစွန် နဂုဏ္ဍမတောင်တွင် လူဝင်စားဖြစ်ခဲ့သော ဘောကျော်၊ ဘောသောဘီလူးညီနောင်နှင့် သုဘောဂသူဌေးကြီး၏သမီး ပုဏ္ဏဝတီမင်းသမီး၊ သိကြားမင်း၊ ဝိဿ၊ ဇော်ဂျီ၊ တပသီအပေါင်းနှင့် မဟာဂါမရွာသူရွာသားတို့ စုပေါင်းကာ မကွေးမြသလွန်စေတီအား တည်ထားတော်မူခဲ့ကြသည်။

နောင်အခါ သိကြားမင်းဖြိုဖျက်ခဲ့သောနေရာ ကြစုဖန်ခါးတောအုပ်၌

www.burmeseclassic.com



မူလမြသလွန်စေတီမှ ကြံစုဖန်ခါးပင်



အောင်ချမ်းသာဓမ္မာရုံတွင်းမှ သိကြားမင်းနှင့် ဘီလူးညီနောင်မောင်နှမ
(အလှူရှင် ဦးဘိုအောင် + ဒေါ်တင်ရွှေ မိသားစု)







ကြံစုဖန်ခါးပင်၏ ပင်စည်အကိုင်းအခက်များ
အပေါ်သို့ဖြောင့်တန်းစွာတက်နေပုံ

ရှာတည်ကြသောအခါ ဘုရားပြိုရွာဟု သမိုင်းဝင် အမည်ပေါက်ခဲ့ကြောင်းကို လေ့လာသိရှိရ၏။ သိကြားမင်းဖြိုဖျက်၍ ပျက်ပြိုခဲ့သောနေရာတွင် မြန်မာနှစ် ၁၂၈၄ ခုနှစ်က ဘုရားပြိုရွာနေ ဦးလူတုတ်က ဦးစီးပြီး ရပ်ရွာမှ ရပ်မိရပ်ဖများ စုစည်းပြီး ပြန်လည် တည်ထားခဲ့ကြသည်။ ထိုမှနှစ်ပေါင်း (၃၈) နှစ်အကြာတွင် တစ်ဖန် ပြိုပျက်သွားပြန်ရာ မြန်မာနှစ် ၁၃၂၂ ခုနှစ်တွင် ရန်ကုန်မြို့မှ ဘုရားဒကာ ဦးရှိန်နှင့် ဦးဘအောင်တို့ ဦးစီး၍ စေတီတော်အား ပြန်လည်ပြုပြင်ရန် ကြိုးစားခဲ့ပြန်သည်။ သို့သော် မအောင်မြင်ခဲ့ပေ။ နောက်(၁၀)နှစ်ကြာအထိ စေတီတော်မှာ ပြိုပျက်လျက်ရှိသည်။

ဤသို့ဖြင့် မြန်မာနှစ် ၁၃၃၂ ခုနှစ် တပေါင်းလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဘုရားပြိုရွာ ရွာလယ်ကျောင်းမှ ဆရာတော် ဦးဝိရိယမှ ဦးဆောင်၍ ဘုရားပြိုမြောက်ရွာ၊ တောင်ရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများစုပေါင်းလျက် စေတီတော်ကို အသစ်တစ်ဖန် ပြန်လည် ပြုပြင်တည်ထားကြရာ မြန်မာနှစ် ၁၃၃၃၊ ကဆုန်လဆုတ် ၃ ရက်၊ ဗုဒ္ဓဟူး နေ့တွင် ပြီးစီးအောင်မြင်တော်မူခဲ့သည်။

ထို့ကြောင့် 'မြသလွန်စေတီသမိုင်းအစ ဘုရားပြိုရွာ' ဟု မှတ်တမ်းပြုကမ္ပည်းထိုးခဲ့ကြသည်။ မြသလွန်စေတီ၏ မူလဒါယကာရင်းတို့မှာ ဘီလူးညီနောင်များဖြစ်ပြီး ၎င်းတို့ ဇာတိရင်းဒေသဖြစ်သော ကြံစုဖန်ခါးတောအုပ်သည် ယခုအခါ ဘုရားပြိုကျေးရွာဟု အမည်တွင်လျက်ရှိသည်။ ဘီလူးဘဝက တည်းထားခဲ့သောစေတီတော်မှာ မူလမြသလွန်စေတီဟု အမည်တွင်ခဲ့သည်။

မူလမြသလွန်စေတီ၏ရင်ပြင်တော် အကျယ် အရှေ့၊ အနောက် ပေ (၂၀၀)၊ တောင်၊ မြောက် ပေ (၁၅၀)၊ စေတီ၏ ဖိနပ်တော်အလျား (၃၅) ပေ၊ အမြင့် (၉) လက်မ ပစ္စယံသုံးဆင့်ရှိပြီး ပထမပစ္စယံ အလျား (၃) ပေ၊ (၈) လက်မ၊ အမြင့် (၅) ပေ၊ (၃) လက်မရှိသည်။ ဒုတိယပစ္စယံအလျား (၂၅) ပေ၊ (၉) လက်မ၊ အမြင့် (၄) ပေ၊ (၈) လက်မ၊



www.burmeseclassic.com

www.burmeseclassic.com

တတိယအဆင့် ပစ္စယံအလျား(၂၀)ပေ (၁၀) လက်မ၊ အမြင့်(၄)ပေ၊(၄)လက်မ၊ ပစ္စယံသုံးဆင့်တွင် စေတီရံလေးဆူတည်ထားသည်။ တတိယပစ္စယံ၏အထက်တွင် စေတီတော် (၈) ထောင့်အောက်ခံ အလျား(၁၆)ပေနှင့် (၄)လက်မ၊ အမြင့် (၃) ပေ၊ (၉) လက်မရှိသည်။ ကြာလှန်ကြာအုံ ပန်းကနုတ်များစီထားသည်။ အထက်စေတီတော်သည် (၂၃) ပေထိ အမြင့်ရှိပြီး ဖိနပ်တော်မှစ၍ စေတီ၏ ညဏ်တော်မှာ (၄၁) ပေရှိသည်။ လုံးပတ်တော်မှာ (၄၂) လက်မရှိသည်။ အချင်း (၁၄) လက်မရှိပါသည်။

"ယခင်ကတော့ မူလမြသလွန်စေတီဆိုတာ ဒီနေရာမှာတည်ထားတယ်ဆိုတာ လူသိနည်းလှတယ်။ မကွေး-ကန်ပြား-နေပြည်တော်လမ်းဖောက်ပြီးမှ အနည်းအကျဉ်းသိလာကြတယ်။ အခုတော့ နေပြည်တော်လမ်းကနေပြီးဘုရားအထိပေါ့။ မြေသားလမ်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖောက်လုပ်ပေးခဲ့တယ်။ အရှည် (၃) မိုင်ခန့်ရှိတယ်။ ဆက်ပြီးတော့ ကတ္တရာလမ်းဖောက်မယ်၊ သွားလမ်းလာလမ်း ဖြောင့်ဖြူးသွားပြီ ခုဆိုရင် ဘုရားပရိဝုဏ်အတွင်းမှာ သာသနိကအဆောက်အအုံတွေ အလှူရှင်များရဲ့ကောင်းမှုကြောင့် အတော်လေးစည်ပင်နေပြီ။ အထူးခြားဆုံးအချက်က မကွေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌဦးဘိုအောင်၊ ဒေါ်တင်ရွှေ မိသားစုများရဲ့ အောင်ချမ်းသာဓမ္မာရုံကြီးပေါ့။ အလျား ပေ (၁၀၀)၊ အနံပေ (၇၀)၊ အမြင့် ပေ(၄၀)ရှိတယ်။ အားလုံးသံဖိနပ်နဲ့ ဆောက်လုပ်တာ။ ပရိသတ် (၃၀၀၀) လောက်ဆံ့တယ်။ သိန်း (၈၀၀) လောက် ရေစက်ချနိုင်တယ်"

ဟု ဘုရားဂေါပကအဖွဲ့ ဦးခင်က ရှင်းပြသည်။

အောင်ချမ်းသာဓမ္မာရုံအတွင်း၌ ဘုရားသခင်လျောင်းတော်မူပုံ၊ သိကြားမင်းနှင့် ဘီလူးညီနောင်မောင်နှမများ ဘုရားသခင်အား တောင်းပန်လျှောက်ထားနေသော ရုပ်လုံးရုပ်တုများကို တွေ့ရသည်။ အောင်ချမ်းသာဓမ္မာရုံအနီးတွင် ဒေါက်တာရှင်မုနိက၊ မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှ ပင့်ဆောင်လာသော မဟာဗောဓိပင်ပွားကိုစိုက်ပျိုးထားသည်။ ဂေါပကအဖွဲ့ဝင် နောက်တစ်ဦးဖြစ်သူ ဦးအောင်ခင်က မူလမြသလွန်စေတီ ပြန်လည်တည်ခဲ့စဉ်က ကိုယ်တွေ့မျက်မြင်တွေ့ကြုံခဲ့ရပုံကို ပြောပြခဲ့သည်။

"နောက်ဆုံး ၁၃၃၂ ခုနှစ် တပေါင်းလဆန်း ၇ ရက်မှာ -ဘုရားပြို့ရွာလယ်ကျောင်းဆရာတော်ကြီး ဦးဝိရိယ ဦးစီးပြီး ရွာသား (၁၀၀) ခန့်ဟာ စေတီတော်ကို အသစ်ပြန်တည်ကြတယ်။ မူလရှိတဲ့ ကျောက်စေတီလေး ပြိုကျပျက်စီးနေတဲ့ နေရာဟောင်းမှာအသစ်တည်ဖို့ မြေသန့်မင်္ဂလာပြု ကမ္ဗဝါတွေဖတ်ကြပြီး ချုံနွယ်ပိတ်ပေါင်းတွေ ခုတ်ထွင်ရှင်းလင်းကြတယ်။ အဲဒီအချိန်မှာ ဘုရားထဲကနေ စပါးကြီးမြွေတစ်ကောင်ထွက်လာတယ်။ ဆရာတော်ကြီးက မေတ္တာပို့တယ်။ မြွေကတော်တော်ကြီးတယ်။ နောက် သူ့အလိုလို တောထဲဝင်ပြီးပျောက်သွားတယ်။ ရွာသားတွေဆက်ရှင်းကြတယ်။ ကျောက်တုံးကျောက်ခဲအကျိုးအပဲ့တွေ ရှင်းတော့ မြေအောက်ဌာပနာတိုက်ကို သွားတွေ့တယ်။ အသံတွေကြားနေရတယ်။ အော်သံဟစ်သံတွေလိုလို၊ ကြိမ်းမောင်းပြောဆိုသံလိုလိုမသဲကွဲဘူး၊ အသံကမျိုးစုံပဲ။ ဆရာတော်ဦးဝိရိယက မင်းတို့ဌာပနာတိုက်မြေအောက်မှာရှိတယ်။ မတူးမဆွကြနဲ့လို့ မိန့်တယ်။ ရွာသားတွေလည်း ဆရာတော်ကြီးအမိန့်အတိုင်း ဆိုင်ရာပိုင်ရာတွေ ပွဲတွေပေးတယ်။ နောက်တော့ စေတီပျက်ပေါ်မှာငုံပြီး ဒီစေတီတော်ကြီးကို အောင်မြင်စွာတည်ထားနိုင်ခဲ့တယ်။ ဘုရားအနီးတစ်ဝိုက်မှာ ရှင်းလင်းစဉ်တုန်းကလည်း မြေအိုး၊ မြေခွက်၊ မြေဆေးတံအကျိုးအပဲ့တွေ၊ ကြေးလင်ပန်း၊ ကြေးအိုးအကျိုးအပဲ့တွေတွေ့တယ်"

ထို့နောက် ဂေါပကအဖွဲ့ဝင် ဦးအောင်ခင်က ကြစုဖန်ခါးပင်ပေါက်လာပုံကို ဆက်ပြောသည်။

"ဘုရားတည်ပြီးတော့ ဆရာတော်ကြီး ဦးဝိရိယက အိပ်မက်အရ မိန့်တော်မူတယ်။ ကျွန်တော်တို့သွားကြည့်တော့ တစ်တောင်နီးပါးရှိနေပြီ။ ဆရာတော် အမိန့်အတိုင်း ခြံခတ်ပြီးစောင့်ရှောက်ထားကြတယ်။ ဒီဖန်ခါးပင်ပေါက်ပုံက ထူးဆန်းတယ်။ သူ့ဘေးမှာ ကပ်လျက်အဆောက်အအုံတွေရှိတယ်။ သူ့အကိုင်းအခက်တွေဟာ အဆောက်အအုံမထိခိုက်ဘဲနဲ့ အထက်ထိထောင်တက်သွားပြီး အပေါ်ရောက်မှ ဖြာထွက်ပြီး အသီးသီးတယ်။ သူ့ကြောင့် အပျက်အစီးမရှိဘူး။ ကြစုဖန်ခါး အခွံပါးပြီး အသားထူတယ်။ အစေ့သေးတယ်။ သူ့ကိုစားသုံးပြီးရင် ရင်တွင်းအေးတယ်။ ဦးနှောက်ကြည်တယ်။ ခံတွင်းရှင်းတယ်။ နှစ်ပတ်လည်အသီးသီးတယ်။ ဘုရားဖူးတွေ နှစ်နှစ်ခြိုက်ခြိုက်စားကြတယ်"

ဟု ပြောပြသည်။

"ဒီနေရာက ယခင်က တောအုပ်ကြီးတစ်ခုဖြစ်ခဲ့ပြီး ဘီလူးညီနောင်မောင်နှမခြောက်ယောက် နေထိုင်ကျက်စားခဲ့တဲ့နေရာဖြစ်တယ်လို့ ရှေးက လူကြီးတွေကပြောကြတယ်။ ရွာမြောက်ဘက်ရွာမှာ ရေတွင်းသုံးတွင်းရှိတယ်။ ရေကလည်း ရေကြည်ရေသန့်ရေချို၊ နွေရောက်တော့လည်း ရေမခန်းဘူး၊ အေးစိမ့်နေတာပဲ"

ဟု ဆိုသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ဝင်နှစ်ဦးသည် မိမိအား ဘုရားရင်ပြင်ပေါ်ရှိ တန်ဆောင်းထဲတွင်ရှိသော မြသလွန်စေတီဘုရားသမိုင်းနှင့် ပတ်သက်သော ပန်းချီကားများကိုလိုက်လံပြသကြသည်။ ပန်းချီကားများမှာ (၁၅) ကား တွေ့ရသည်။ ပန်းချီကားများမှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် ရေးဆွဲခဲ့သောပန်းချီဆရာ၏အမည်နှင့်လက်မှတ်မှာ မှုန်ဝါးပျက်ပြယ်လျက်ရှိသည်။

"တန်ဆောင်းမုန်းလမှာတော့ ဒီဘုရားမှာ ဆီမီး (၉၀၀၀)၊ ပန်း (၉၀၀၀) ပူဇော်ပွဲရှိတယ်။ အဲဒီကျရင် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်တို့က ဘုရားဖူးတွေလာကြတယ်။ အဓိဋ္ဌာန်ပုတီးစိပ်ကြပြီး သက်သတ်လွတ်ထမင်းစားကြတယ်။ သူတို့အခြေအနေက ဒီလိုအဓိဋ္ဌာန်ပုတီးစိပ်ပြီးသက်သတ်လွတ်စားကြတဲ့အတွက် တစ်နှစ်ပြီးတစ်နှစ် စီးပွားရေးလုပ်ငန်းတွေ တိုးတက်၊ ကျန်းမာရေး၊ လူမှုရေးလည်း သိသိသာသာကောင်းမွန်လာကြတယ်လို့ ဆိုတယ်။ နောက်ပြီးတော့ နှစ်စဉ် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်က ဗိုလ်လောင်းတွေ လာပြီးလေ့လာရင်း ဘုရားဖူးကြတယ်"

ဟု ဦးအောင်ခင်ကဆိုသည်။

ယခင် တိမ်မြုပ်နေသော မူလမြသလွန်စေတီမှာ သမိုင်းကြောင်းအရ အထင်အရှားရှိခဲ့သော်လည်း သစ်တောတစ်ခုထဲ၌ တိမ်မြုပ်၍လူသိနည်းခဲ့သော စေတီတစ်ဆူဖြစ်ခဲ့ပြီး ယခုအခါ သစ်ပင်သစ်တောများမှာ ခုတ်ထွင်ရှင်းလင်း၍ မူလ မြသလွန်ကျောက်စေတီပျက်ပေါ် မှငုံ၍ စေတီတစ်ဆူတည်နိုင်ခဲ့သည်။ နေပြည်တော် - ကံပြားလမ်းပေါ်မှနေ အတွင်းသို့ (၃) မိုင်ခန့်ဝင်ရုံဖြင့် မူလ မြသလွန်စေတီတော် ရောက်ရှိနိုင်ပါကြောင်း လမ်းညွှန်ရေးသားရပါသည်။

မကွေးလှမြင့်



www.burmeseclassic.com

www.burmeseclassic.com



# မင်းရှိန်အောင်

## ပဟေဠိဝေသာနေသောဘားမဲ့ဆရာတော်

မောင်သစ္စာမှ ဒုတိယအင်းဝပြည့်ရှင် ညောင်ရမ်းမင်းကြီး မင်းရဲနန္ဒမိတ်အဖြစ်သို့ ရောက်ရှိသွားသောအခါတွင် ဘားမဲ့ဆရာတော်သည် အင်းဝနေပြည်တော်ကို ပြန်လည် တည်ဆောက်ရာ၌ လည်းကောင်း၊ အင်းဝရွှေနန်းတော်ကို ပြန်လည် တည်ဆောက်ရာ၌ လည်းကောင်း၊ ပြိုင်ဘက်မင်းများနှင့် စစ်ရေးယှဉ်ပြိုင်ရာ၌ လည်းကောင်း၊ သူ၏ ဂန္ဓာရီပညာအတတ်များဖြင့် တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးခဲ့သည်ဆို၏။

ဘားမဲ့ဆရာတော်ဟုဆိုလိုက်လျှင် မြန်မာဂန္ဓာရီပညာလောက (မြန်မာလောကီပညာလောက) ထဲ၌ ကုဋေကုဋာများစွာထဲမှာ တစ်ယောက်ရဲရဲဖြစ်နိုင်ခဲ့သော နေတစ်ဆူ၊ လတစ်ပါး အကျော်ဇေယျ ဂန္ဓာရီပညာရှင် ပုဂ္ဂိုလ်ထူးတစ်ပါးဟု ပြေးမြင်ကြမည်မှာ ဧကန်ဖြစ်သည်။ တကယ့်တကယ်လည်း ဘားမဲ့ဆရာတော်သည် ဟံသာဝတီပြည့်ရှင် ငါးဆူဒါယကာ နန္ဒဘုရင်နှင့် ဒုတိယအင်းဝမြို့တည်နန်းတည် ညောင်ရမ်းမင်းကြီးလက်ထက်များတွင် တရှိန်ရှိန်တပြောင်ပြောင် ထွန်းတောက်ခဲ့သော ဂန္ဓာရီပညာရှင် (လောကီပညာရှင်) အကျော်အမော်တစ်ဦး ဖြစ်ပါသည်။

အထူးသဖြင့် ဘားမဲ့ဆရာတော်သည် ဒုတိယအင်းဝပြည့်ရှင် ညောင်ရမ်းမင်းကြီး မင်းရဲနန္ဒမိတ်၏ ဆရာအရှင်အဖြစ် တင်မြှောက် ချဉ်းကပ်ခံထားရသူဖြစ်သည်။ ညောင်ရမ်းမင်းကြီး မင်းရဲနန္ဒမိတ်၏ ငယ်မည်မှာ မောင်သစ္စာဖြစ်သည်။ မောင်သစ္စာ ညောင်ရမ်းမြို့စား ဘဝကပင် ဘားမဲ့ဆရာတော်နှင့် တွေ့ဆုံရင်းနှီးခဲ့ပြီး ဆရာသခင်အဖြစ်ဆည်းကပ်ခယခဲ့သည်။ ဘားမဲ့ဆရာတော်ကလည်း ညောင်ရမ်းမြို့စား မောင်သစ္စာအား သူ၏အတတ်ပညာဖြင့် အနီးကပ်စောင့်ရှောက်ခဲ့သည်။

ဟံသာဝတီပြည့်ရှင် နန္ဒဘုရင် နတ်ရွာစံသွားပြီးနောက် ညောင်ရမ်းမြို့စား မောင်သစ္စာ ရှင်ဘုရင်ဖြစ်ခွင့်ရရှိသွားသောအခါတွင် ညောင်ရမ်းမြို့စား အလေးဂရုပြုဖွယ်ရာတစ်ခုမှာ ညောင်ရမ်းမင်းကြီးသည် ရန်သူမင်းတို့နှင့် စစ်ရေးယှဉ်ပြိုင်ရန်အတွက် စစ်ထွက်သောအခါမှာ ဘားမဲ့ဆရာတော်သည် တပ်ဦးမှ လိုက်ပါလေ့ရှိသည် ဟူ၏။

ဘားမဲ့ဆရာတော်သည် ညောင်ရမ်းမင်းကြီး နတ်ရွာစံပြီးနောက်ပိုင်းတွင် အင်းဝနေပြည်တော်မှာ ဆက်လက်သီတင်းနေထိုင်ခြင်းမပြုတော့ဘဲ ရှမ်းတောင်တန်းတစ်နေရာသို့ လျှို့ဝှက်စွာ ကြွရောက်သွားလျက် သူ၏ ဂန္ဓာရီပညာကို ဆက်လက် ကျင့်ကြံ ပွားများခြင်းဖြင့် အင်းဝိဇ္ဇာအဖြစ်သို့ ပေါက်မြောက်ရောက်ရှိသွားသည်ဟု ဆို၏။ မြန်မာ့ဂန္ဓာရီပညာလောက၌ ဘားမဲ့ဆရာတော်နှင့် နှီးနွယ်သော ဂန္ဓာရီပညာဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း မြောက်မြားစွာ ကျန်ရစ်လျက်ရှိနေခဲ့သည် ဆို၏။

ဗားမဲ့ဆရာတော်လောင်းလျာကို သက္ကရာဇ် ၉၃၃ ခုနှစ်တွင် မီးရှူးသန့်စင်ခဲ့ကာ စာသင်အရွယ်အရောက်ဝယ် ရှင်သာမဏေပြုခဲ့ပြီး ဘွဲ့အမည်တော်မှာ ရှင်နန္ဒသာရဟု ဆို၏။ စာပေပရိယတ္တိသင်ကြားရန်အလို့ငှာ ဟံသာဝတီနေပြည်တော်သို့ရောက်ရှိခဲ့သည်။ ဗားမဲ့မဟာသိဒ္ဓိကျမ်းရင်းထဲတွင် ဗားမဲ့ဆရာတော်လောင်းလျာ ရှင်နန္ဒသာရ ဂန္ဓာရီပညာ စတင်ရရှိခဲ့ပုံဖော်ပြထားသည်ကို ဤသို့တွေ့ရှိရသည်။

တစ်နေ့သ၌ ရှင်နန္ဒသာရသာမဏေလေးသည် ဟံသာဝတီပဲခူးမြစ်ကမ်းပါးတစ်နေရာမှာ လမ်းလျှောက်နေစဉ် မြစ်ထဲ၌ မိကျောင်းတစ်ကောင်သည် ကြေးပုရပိုက်တစ်ခုကို ကိုက်ခဲလျက် ကူးခပ်နေသည်ကို တွေ့မြင်သဖြင့် အနီးရှိ စိတ်ဝေဒနာသည်တစ်ယောက်ကို ထိုမိကျောင်းပါးစပ်မှ ကြေးပုရပိုက်အား ယူပေးနိုင်မလားဟုမေးပြီး ယူစေခိုင်းရာ ထိုစိတ်ဝေဒနာသည်သည် မြစ်ထဲကိုခုန်ဆင်းပြီး မိကျောင်းအနီးသို့ ကူးခပ်ကာ ထိုမိကျောင်းပါးစပ်မှ ကြေးပုရပိုက်ကို မရမက လုယူပြီး မြစ်ကမ်းပါးဆီသို့ ဘေးမသီရန်မခ ပြန်လည်ကူးခပ်လာနိုင်ပြီးလျှင် ရှင်နန္ဒသာရသာမဏေလေးကို ထိုကြေးပုရပိုက်အား ပေးအပ်လိုက်သည်ဆို၏။ ရှင်နန္ဒသာရသည် ထိုကြေးပုရပိုက်ကို အသေအချာလေ့လာစစ်ကြောလိုက်သောအခါဝယ် ယင်းတို့သည် ဂန္ဓာရီပညာ(လောကီပညာ)ဆိုင်ရာ နည်းနာနိဿရည်းများဖြစ်နေသည်ကို တွေ့ရှိသည်ဖြစ်၏။

ထို့ကြောင့် ရှင်နန္ဒသာရသည် ထိုကြေးပုရပိုက်ကို ဘယ်သူ့ကိုမျှ မပြသဘဲ မိမိတစ်ဦးတည်းကျိတ်လေ့လာကာ နားမလည်သည့်အရာများကို ရှင်းပြနိုင်မည်ဟုထင်သည့်ပုဂ္ဂိုလ်များထံ ချဉ်းကပ်ပြီး ပရိယာယ်သုံး၍ မေးမြန်းလေ့ရှိသည်ဆို၏။သို့သော် လိုချင်သောအဖြေမရနိုင်သဖြင့် ပေါက်မြောက်မှုမရှိသည်ကများသည်။

သို့တစေ သိပ်မကြာမီကာလတွင် တောကျောင်းတစ်ခု၌ တစ်ပါးတည်းသီတင်းသုံးနေသော ရှင်နန္ဒသာရထံသို့ ဟိမဝန္တာတောင်တန်း သီရိရုက္ခတောင်ထိပ်တွင် နေထိုင်သည်ဆိုသော မဟာသိဒ္ဓိက အမည်ရှိသည့် ဝိဇ္ဇာမိုရ်ရတစ်ပါး ရုတ်တရက်ရောက်ရှိလာပြီး ဂန္ဓာရီပညာရပ်များပါသော ရွှေပေလွှာတစ်စုံကို ဆက်သပြီး နည်းပေးလမ်းညွှန်မှုများ ပြုလုပ်ပေးသည်ဖြစ်၏။ ရှင်နန္ဒသာရကလည်း ကြုံကြိုက်တုန်းတွင် မိကျောင်းပါးစပ်မှရသောကြေးပုရပိုက်မှနားမလည်သောအရာများကို မေးမြန်းလေသော် မဟာသိဒ္ဓိကဝိဇ္ဇာမိုရ်ရက သူသည် အချိန်သိပ်မရတော့သဖြင့် ရှင်းပြနိုင်တော့မည်မဟုတ်ကြောင်း နောင်လည်းလာခွင့်မရှိတော့သဖြင့် ပုပ္ပားတောင်အရှေ့ဘက်ကျောက်ဂူကြီးတွင်နေထိုင်သော အင်းဘီလူးကြီးထံ သွားရောက် မေးမြန်းပါလေဟု နည်းပေးလမ်းညွှန်များပြုပေးခဲ့လေသည်။

လိုရင်းကိုပြောရလျှင် ရှင်နန္ဒသာရသည် မိကျောင်းပါးစပ်မှရသော ကြေးပုရပိုက်ထဲမှ လောကီပညာနည်းနာနိဿယများကို အင်းဘီလူးကြီးထံမှ သိရှိခွင့်ရသွားသဖြင့် ထိုအတတ်ပညာများကို 'ကြောင်ပုစွန်စား ကျွတ်ကျွတ်ဝါး' သို့ တတ်မြောက်သွားခဲ့လေသည်။ နောက်ပိုင်းတွင် ရှင်နန္ဒသာရမထေရ်လေးသည် ဂန္ဓာရီပညာ (လောကီပညာ) အရာ၌ ဟံသာဝတီပြည်တွင် တစ်ဖက်ကမ်းခပ်ကျွမ်းကျင်သူ အကျော်တစောအရှိဆုံး ပုဂ္ဂိုလ်အဖြစ် နေလို၊လလိုတထင်တရှားဖြစ်ပြီး လူအများက ဝိုင်းအုံချီးမြှောက်အားပေးမှုပြုခဲ့ကြလေသည်။

ထိုအဖြစ်ကို ဟံသာဝတီနန္ဒဘုရင်က သဘောမတွေ့ မနှစ်ခြိုက်ဖြစ်ပြီး သူ၏ အသက်အိုးအိမ်ထီးနန်းစည်းစိမ်အတွက် ပူပင်သောကဖြစ်ကာ နိဗ္ဗာန်မဂ်ဖိုလ်သွားရာလမ်းကို ဖျက်ဆီးသော ရဟန်းဆိုးအဖြစ်၊ ဗုဒ္ဓဘုရားရှင်၏ဆိုဆုံးမစကားတို့ကို ဖီလာကန့်လန့်ပြုသောရဟန်းဆိုးအဖြစ် ကင်ပွန်းတပ်ကာ ဟံသာဝတီနေပြည်တော်မှ နှင်ထုတ်လိုက်သည်။

ဤသို့ဖြင့် ရှင်နန္ဒသာရသည် နောင် ညောင်ရမ်းမင်းကြီးဖြစ်လာမည့် မောင်သစ္စာ ပိုင်စိုးသော ညောင်ရမ်းမြို့သို့ ရောက်ရှိသွားလေသည်။ ညောင်ရမ်းမြို့စား မောင်သစ္စာက ရှင်နန္ဒသာရအား နွေးထွေးစွာ လက်ကမ်းကြိုဆိုပြီး သူ၏ ဆရာသခင်အဖြစ် ချီးမြှင့်ပူဇော်လေသည်။ နောင်တွင် ရှင်နန္ဒသာရသည် ဗားမဲ့ဆရာတော်ဖြင့် ထင်ပေါ်လာသလို ညောင်ရမ်းမြို့စားမောင်သစ္စာသည်လည်း ဒုတိယအင်းဝမြို့တည်နန်းတည် ညောင်ရမ်းမင်းကြီး မင်းရဲနန္ဒာမိတ်အဖြစ် ထင်ရှားလာခဲ့သည်။

စိတ်ဝင်စားစရာတစ်ခုက ဗားမဲ့ဆရာတော်၏ မွေးရာဇာတိမြေနှင့်ပတ်သက်၍ဖြစ်သည်။ မောင်မောင်မြင့်အေး ရေးသည်ဟုထင်သော ဗားမဲ့ဆရာတော်ဆိုင်ရာ စာအုပ်တစ်အုပ်ထဲတွင် ဗားမဲ့ဆရာတော်လောင်းလျာကို ဟံသာဝတီပြည်ပိုင်နက်နယ်မြေ ပဲခူးရိုးမတောင်တန်းတစ်နေရာ ဓညဝတီအမည်ရှိသော ကျေးရွာမှာ မွေးဖွားသည်ဟု ဆိုထားသည်။ မဟာမြိုင်ဆရာတော် ဦးဝဏ္ဏဓဇ ရေးသားသော ဗားမဲ့ဝိဇ္ဇာမဟာသိဒ္ဓိကျမ်းထဲတွင် ဗားမဲ့ဆရာတော်လောင်းလျာကို ရခိုင်ရိုးမတောင်တန်းတစ်နေရာ ဗားမဲ့တောင်ခြေရွာတွင် မွေးဖွားသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိနိုင်နေပေသည်။ ထို့သို့ပင် ရခိုင်ရာဇဝင်သမိုင်းမှတ်တမ်းတချို့တွင်လည်း မဟာမုနိဆင်းတုတော်ဘုရားသီတင်းသုံးရာ မဟာမုနိဘုရားကုန်းတော် (ယခု ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင်း) ၏ အရှေ့မြောက်ဘက် ရခိုင်ရိုးမတောင်တန်းကြီး၏ အဆွယ်အပွားတစ်ခုဖြစ်သော (၉၉) တောင်တောင်တန်းရှိ ဗားမဲ့တောင်ခြေရွာတွင် ဗားမဲ့ဆရာတော်လောင်းလျာကို မွေးဖွားသန့်စင်တော်မူသည်ဟု ဆိုထားပြန်သည်။

တစ်ခါ ရှိသေလေးစားအပ်သော သမိုင်းသုတေသီ ဆရာကြီး သိန်းသန်းထွန်းက မွန်သမိုင်းရာဇဝင်အစောင်စောင်၊ မြန်မာသမိုင်းရာဇဝင်အစောင်စောင်ကို ကိုးကားလျက် ဗားမဲ့ဆရာတော် ရှင်နန္ဒသာရမထေရ်သည် မွန်ဇာတိဒေသသား၊ မွန်ဇာတိမျိုးနွယ်ဖြစ်ကြောင်းကို အချက်အလက် ပြည့်စုံစွာဖြင့် ငြင်းကွယ်စရာမရှိအောင် သုရဿမဂ္ဂဇင်းတွင် ဆောင်းပါးတစ်ပုဒ်ဖြင့် ဖော်ပြထားသည်ကို လေ့လာခဲ့ရဖူးပါသည်။ ဤနေရာတွင် ပိုမိုပြည့်စုံသွားစေရန်အလို့ငှာ ရခိုင်ရာဇဝင်သမိုင်းမှတ်တမ်းတချို့တွင် ဖော်ပြထားသော ဗားမဲ့ဆရာတော်နှင့် နီးနွယ်နေသော အချက်အလက်အချို့ကို ဖြည့်စွက်တင်ပြချင်ပါသည်။

ဆိုခဲ့သလိုပင် ယခု ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် ကျရောက်သော မဟာမုနိဘုရားကုန်းတော်အရှေ့မြောက်ဘက် ရခိုင်ရိုးမတောင်တန်းကြီး၏ အဆွယ်အပွားဖြစ်သော တောလယ်အောင်စင်တောင်တန်း၏ အနောက်ဘက်အစပ်မှာ (၉၉) တောင် ဟူသော တောင်တန်းငယ်တစ်ခုရှိသည်။ တောင်ပို့ကြီး (၉၉) လုံး ဆက်နွယ်နေသော



www.burmeseclassic.com

www.burmeseclassic.com

တောင်တန်းဖြစ်သဖြင့် ယင်းကို (၉၉) တောင်ဟု ခေါ်ဆိုခြင်း ဖြစ်သည်။ ထိုတောင်ပို့ကြီး (၉၉) လုံးထဲတွင် ဗားမဲ့တောင် ဆိုသော တောင်ပို့ကြီးတစ်လုံး ပါဝင်သည်။ ထိုဗားမဲ့တောင်ခြေ၌ရှိသောရွာကို ဗားမဲ့ရွာဟု ခေါ်ဆိုသည်။

စိတ်ဝင်စားစရာတစ်ခုက ဗားမဲ့တောင်ပါဝင်သော (၉၉)လုံးတောင်တန်း၏ အနောက်တောင်ဘက် မနီးမဝေးရှိ မဟာမုနိဘုရားကုန်းတော်သည် ဓညဝတီရှေးဟောင်းမြို့တော်၏အဝန်းအဝိုက်တွင် ကျရောက်နေခြင်းပင် ဖြစ်သည်။ ဓညဝတီပြည့်ရှင် စန္ဒသူရိယမင်းကြီးသည် ဂေါတမဗုဒ္ဓဘုရားရှင်၏ ရှေ့တော်မှောက်တွင် မဟာမုနိဘုရားသွန်းစက်တော်မူခြင်းနှင့် မဟာမုနိဘုရားဆင်းတုသီတင်းသုံးတော်မူရာ မဟာကုဋ်တိုက်တော်ရှိခြင်းကြောင့် အဆိုပါ ကုန်းတော်ကို မဟာမုနိကုန်းတော်ဟု ခေါ်ဆိုခြင်းဖြစ်သည်ဟူ၏။


သက္ကရာဇ် ၉၃၃ ခုနှစ်တွင် ရခိုင်ရိုးမတောင်တန်းကြီး၏ အဆွယ်အပွားတစ်ခုဖြစ်သော(၉၉)တောင်တောင်တန်းအဝင်အပါ ဗားမဲ့တောင်ခြေရွာမှာ ဗားမဲ့ဆရာတော်လောင်းလျာကို မွေးဖွားသန့်စင်တော်မူခဲ့သည်ဟု ရခိုင်ရာဇဝင်မှတ်တမ်းတချို့၌ ဖော်ပြထားပါသည်။ တိုက်ဆိုင်မှုတစ်ခုက ထိုသက္ကရာဇ် ၉၃၃ ခုနှစ်တွင် မင်းဗာကြီးမင်း၏ သားတော်တစ်ပါးဖြစ်သော မင်းဖလောင်းမင်းက မြောက်ဦးရွှေပြည်ရွှေနန်းကို ဆက်ခံအုပ်စိုးခဲ့သည်။ ထိုမြောက်ဦးပြည့်ရှင် မင်းဖလောင်းမင်း၏ ထီးပြိုင်နန်းပြိုင်မှာ ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်း၏ သားတော်ဖြစ်သည်။ ထိုစဉ်အခါက မြောက်ဦးရွှေပြည်နှင့် ဟံသာဝတီရွှေပြည်တို့သည် အပြန်အလှန် ကူးလူးဆက်ဆံမှု အထူးများပြားခဲ့သည် ဆို၏။

ဗားမဲ့ဆရာတော်လောင်းလျာသည် စာသင်အရွယ်ရောက်သောအခါတွင် ဗားမဲ့ရွာကျောင်းတွင် ကျောင်းထားပေးခဲ့ရာ ပညာထူးချွန်သဖြင့် မြောက်ဦးနေပြည်တော်ရှိ ဗားမဲ့ကျောင်းတိုက်သို့ ပညာသင်ကြားရန် ပို့ဆောင်ခြင်းခံခဲ့ရသည်။

မှတ်သားစရာတစ်ခုမှာ ထိုခေတ်ကာလမှာ မြောက်ဦးနေပြည်တော်တစ်ခွင်တစ်ပြင်တွင် စန္ဒရာမ၊ ပရက္ကမ၊ ရတနာဗိမာန်၊ ဂုဏမဥ္ဇူ နှစ်ကျိပ်ရှစ်ဆူ အစရှိသောဗုဒ္ဓဘာသာဘုန်းကြီးကျောင်းကျောင်းတိုက်ပေါင်း (၃၀) ထွန်းကားခဲ့သည်ဟူ၏။ ထိုကျောင်းတိုက်ကြီးပေါင်း (၃၀) ထဲတွင် ဗားမဲ့ကျောင်းတိုက်ကြီးသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ထိုဘုန်းကြီးကျောင်းတိုက်များထဲတွင် ဗုဒ္ဓပရိယတ္တိလောကုတ္တရာစာပေသက်သက်ကို သင်ကြားပို့ချမှုရှိသလို တချို့က လောကုတ္တရာစာပေနှင့်လောကီပညာစာပေကို ရောယှက်ပို့ချသင်ကြားပေးကြပြီး တခြားတချို့မှာဆိုလျှင် လောကီပညာစာပေသက်သက်ကို သင်ကြားပို့ချပေးသည်ဟူ၏။ ဆိုနေသော ဗားမဲ့ကျောင်းတိုက်မှာဆိုလျှင် လောကီပညာသက်သက်ကို သင်ကြားပေးသည် ဆို၏။

အထူးသဖြင့် ဂါထာမန္တရား၊ အင်းအိုင်၊ ခါးလှုတ်၊ ဆေးဝါး၊ ဗေဒင်၊ နက္ခတ်၊ ယတြာ၊ မကြာပညာများကို ဦးစားပေးသင်ကြားပေးရကား ပညာသင်ကြားရန် ရောက်ရှိလာသော ဗားမဲ့ဆရာတော်လောင်းလျာ ရှင်နန္ဒသာရသည် တစ်ထွာပြလျှင် တစ်လံမက တတ်မြောက်စွာ ထိုလောကီပညာ၌ ထူးချွန်နေခဲ့သည် ဆို၏။ အများအားဖြင့် အင်းပညာ၊ ဆေးပညာ၌ တစ်ဖက်ကမ်းခပ်ဟု ဆို၏။

ဗားမဲ့လောင်းလျာ ရှင်နန္ဒသာရသည် ဆယ်ကျော်သက် လူငယ်ပီပီ သူတတ်မြောက်သော လောကီပညာကို လက်တည့်စမ်းသပ်သောအားဖြင့် ကိုယ်ပျောက်ဆေးလိမ်း၍ မြောက်ဦးပြည့်ရှင်မင်း စားတော်ခေါ်ရာတွင် ဝင်ရောက်စားသုံးခြင်း၊ ကောက်ရိုးရုပ်များကို မန္တရားစုတ်၍ ရဲမက်အဖြစ် ပြောင်းလဲကာ မြောက်ဦးရွှေပြည် စစ်သည်ရဲမက်များ၏ တပ်စခန်းများကို ဝင်ရောက်နှောင့်ယှက်စေခြင်း၊ တစ်နေရာမှပစ္စည်းကို တစ်နေရာသို့ရောက်စေခြင်း (ဥပမာ မှူးမတ်တစ်ဦးအိမ်ကပစ္စည်းကို ရွှေနန်း



တော်သို့ရောက်ရှိသွားစေခြင်း) စသဖြင့် ရယ်မောရွှင်မြူးလို၍ပြုလုပ်ခဲ့ရာ ပြည့်ရှင်မင်း၏ မျက်စိစပါးမွေးစူးခြင်းကိုခံခဲ့ရသည်။

ထိုအထဲတွင် ရှင်သူငယ်နန္ဒသာရနှင့် ပြည့်ရှင်မင်းတို့ ထိပ်တိုက်တွေ့ဆုံစရာတစ်ခု ဖြစ်ပေါ်လာခဲ့ပြန်သည်။ နှစ်စဉ် တော်သလင်းလရောက်တိုင်း မြောက်ဦးရွှေပြည်၏ တော်ဝင်မိသားစုတို့ လှေပြိုင်ပွဲပြုလုပ်ကျင်းပလေ့ရှိကြသည်။ ပြည့်ရှင်မင်းကြီးက လှေတစ်စီး၊ မိဖုရားတိုင်းက လှေတစ်စင်းကျစီး၊ မင်းသားမင်းသမီးတိုင်းက လှေတစ်စင်းကျစီး၊ မင်းညီမင်းသားတို့က လှေတစ်စင်းကျစီ စသဖြင့် ပြိုင်ပွဲမဝင်မနေရ ဝင်ကရမြဲ ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ပြည့်ရှင်မင်းကြီး၏ လှေကသာ ပထမဆုရလေ့ရှိသည်။

ဤသည်ကို မခံမရနိုင်သော မိဖုရားကြီးက သည်တစ်ခါ မင်းကြီး၏ လှေကို အနိုင်ရလိုသဖြင့် ဗားမဲ့ဆရာတော်လောင်းလျာ ရှင်သူငယ်နန္ဒသာရကို သူ၏ လောကီပညာဖြင့် အကူအညီပေးမည့်အကြောင်း မေတ္တာရပ်ခံလေသည်။ ရှင်နန္ဒသာရက အင်းတစ်ချပ်စီရင်ပေးလိုက်လေရာ မိဖုရားကြီးက သူမ၏ လှေတော်ဦးတွင် ထိုအင်းချပ်အားကပ်ပြီး ပြိုင်ပွဲဝင်လေရာ မိဖုရားကြီး၏လှေက မင်းကြီးလှေကို အကြောကြီးဖြင့် အနိုင်ရသွားသည်ဟူ၏။

မင်းကြီးက ဤကိစ္စနှင့်ပတ်သက်ပြီး မကျေနပ်နိုင်သဖြင့် လျှို့ဝှက်ထောက်လှမ်းစေရာ ရှင်သူငယ်နန္ဒသာရ၏ လက်ချက်မှန်းသိသွားလေသည်။ မင်းကြီးသည် တစိမ့်စိမ့်အတွေးနယ်ချဲ့ရင်းဖြင့် ရှင်သူငယ်နန္ဒသာရသည် တစ်ကြိမ်ကြိမ်တွင် သူ၏ အသက်အိုးအိမ်ထီးနန်းစည်းစိမ်ကို အန္တရာယ်ပေးနိုင်လောက်သည်ဟု စိုးရိမ်ခံစားမိလာခဲ့သည်။

သို့အတွက်ကြောင့် ပြည့်ရှင်မင်းကြီးသည် ရှင်သူငယ်နန္ဒသာရအား ရာဇပရိယာယ်ဆင်လျက် အချိုသတ်ချဉ်းကပ်ကာ ကျောင်းတစ်ကျောင်းဆောက်လုပ်လှူဒါန်းမည်ဖြစ်ကြောင်း လျှောက်ထားစေခဲ့သည်။ ရှင်သူငယ်နန္ဒသာရက လက်ခံတော်မူခဲ့သဖြင့် မြောက်ဦးနေပြည်တော်နှင့် မနီးမဝေးကျောက်ဂူတစ်ခုအနီးတွင် ကျောင်းတစ်ဆောင်အား အချိန်ဆွဲ ဆောက်လုပ်နေစေခဲ့သည်။ ဝါဆိုသွားသော်လည်း ကျောင်းကမပြီးသဖြင့် အနီးရှိ ကျောက်ဂူအတွင်းတွင်



www.burmeseclassic.com

www.burmeseclassic.com

ဝါဆိုသီတင်းသုံးရန် အကြံသမားမင်းကြီးက လျှောက်ထားစေခဲ့သည်။ ရှင်သူငယ်နန္ဒသာရသည် ဘာဘာညာညာ ဆက်မတွေးတော့ဘဲ ထိုကျောက်ဂူထဲ၌ ဝါဆိုသီတင်းသုံးရန်လက်ခံခဲ့ပြီး ထိုကျောက်ဂူတွင်း၌ နေထိုင်သီတင်းသုံးလေသည်။ အကြံသမားအစီအစဉ်အတိုင်း ရှင်နန္ဒသာရ ရှင်သူငယ် ဂူတွင်းတွင် တစ်ပါးတည်းရှိနေစဉ်အတွင်း အငိုက်ဖမ်း၍ ဂူဝအား ပိတ်ဆို့ထားလိုက်လေသည်။ ပတ်ဝန်းကျင်ကိုလည်း ရှင်သူငယ်နန္ဒသာရ ဝါတွင်းသုံးလပတ်လုံး ဂူအောင်းကျင့်ကြံနေသည်ဟု သတင်းလွှင့်ထားလေသည်။ သို့သော် မြောက်ဦးနေပြည်တော်နှင့် မနီးမဝေး ကျေးရွာများတွင် ရှင်သူငယ် နန္ဒသာရကို ဆွမ်းခံထွက်နေသည်ကို မကြာခဏ တွေ့ရကြောင်း ကောလာဟလသတင်းများကို မကြာမကြာကြားနေရသည် ဟူ၏။

သီတင်းဝါလကျွတ်ပြီးနောက်တွင် မင်းကြီးက ထိုဂူပေါက်အား ဖွင့်လှစ်ကြည့်စေရာ ရှင်သူငယ်နန္ဒသာရသည် လန်းဆန်းရွှင်လန်းစွာဖြင့် ထိုဂူထဲမှ ထွက်လာပြီး ယခုကဲ့သို့ ဝါတွင်းသုံးလ၌ ဂူအောင်းကျင့်ကြံနိုင်အောင် ကူညီပံ့ပိုးခဲ့သော မင်းကြီးအား အထူးတလည် ကျေးဇူးတင်ကြောင်း ကျေးဇူးတင်စကားဆိုလေသည်။

မင်းကြီးသည် အလွန် ထိတ်လန့်ချောက်ချားသွားသည်ဟူ၏။ ထိုအခါ မင်းကြီးသည် ဆောက်လုပ်စကျောင်းကို အလျင်အမြန်ဆောက်လုပ်စေပြီး ထိုကျောင်းအား ရှင်သူငယ်နန္ဒသာရအား လှူဒါန်းလိုက်လေသည်။

သို့သော် အကြံသမားမင်းကြီးသည် အမြဲတစေ စောင့်ကြည့်အလစ်ချောင်းနေစေရာ တစ်နေ့၌ ထိုကျောင်းဂူတွင်းသို့ ရှင်သူငယ်နန္ဒသာရတစ်ပါးတည်း ဝင်ရောက်နေစဉ်အတွင်းမှာ ဂူဝကို အလျင်အမြန်ပိတ်ဆို့ပြီး အဆိပ်ငွေ့လွှတ်သွင်း သတ်ဖြတ်ရန် စေခိုင်းလေသော် ရှင်သူငယ်နန္ဒသာရသည် မန္တရားအစွမ်းဖြင့် ဂူအမိုးကို ဖောက်ထွင်းလွတ်မြောက် ထွက်ပြေးသွားလေသည်။

ရှင်သူငယ်နန္ဒသာရသည် မြောက်ဦးပြည့်ရှင်၏ ပိုင်နက်နယ်မြေအတွင်းတွင် ဘယ်နည်းနှင့်မှ နေထိုင်ရန်မဖြစ်နိုင်တော့ကြောင်း သဘောပေါက်သွားသဖြင့် ကစ္ဆပနဒီမြစ် (ကုလားတန်မြစ်) လှေဆိပ်သို့ သွားရောက်ပြီး လှေမြန်တစ်စီးကိုယူကာ မြစ်ကြောင်းအတိုင်း စုန်ဆင်းထွက်ပြေးလေသည်။ မင်းကြီး၏ ရဲမက်များကလည်း လှေမြန်များဖြင့် ဖမ်းဆီးရန် ထက်ကြပ်မကွာ လိုက်လံကြလေသည်။

ကစ္ဆပနဒီမြစ် (ကုလားတန်မြစ်)၏ မြစ်ဝအရောက်တွင် ကျောက်ဆောင်ကျောက်တန်းတစ်ခု ပိတ်ဆို့နေရာ ရဲမက်လှေမြန်တို့ကလည်း မြားတစ်ပစ်အကွာနီးပါးအထိ လိုက်ပါလာသဖြင့် ထိုကျောက်ဆောင်ကျောက်တန်းတို့အား ရှောင်ကွင်းရန် အချိန်မရတော့သဖြင့် စီးရင်ထားသော အင်းတစ်ချပ်ဖြင့် ပစ်ပေါက်လိုက်ရာ ထိုကျောက်ဆောင်ကျောက်တန်းတို့လည်း ကြေမွပျက်စီးသွားရာ ဧရာမအပေါက်ကြီး ဖြစ်သွားသဖြင့် ရှင်သူငယ်နန္ဒသာရ၏ လှေမြန်သည် လွယ်လင့်တကူ ပင်လယ်သမုဒ္ဒရာထဲ အလျင်အမြန်ရောက်ရှိသွားခဲ့သည်ဟူ၏။

ရှင်သူငယ်နန္ဒသာရက ထိုသို့ ကျောက်ဆောင်ကျောက်တန်းကို အင်းဖြင့် ပစ်ပေါက်၍ အပေါက်ဝဖြစ်သွားသောနေရာကို အင်းပေါက်ဝဟု ယခုထက်တိုင် ခေါ်ဆိုကြလေသည်။ ထိုအင်းပေါက်ဝကား ယခုအခါ၌ ရခိုင်ပြည်နယ် စစ်တွေမြို့အနီးရှိ ထင်ရှားသောနေရာတစ်ခုဖြစ်နေပေပြီ။ ဤနေရာ၌ လိုရင်းကိုဆိုရလျှင် ဗားမဲ့ဆရာတော်လောင်းလျာ ရှင်သူနန္ဒသာရသည် ရက္ခပူရ ရခိုင်ပြည်ဆိုသော မြောက်ဦးရွှေပြည်၏ ပိုင်နက်နယ်မြေမှ ထွက်ပြေးလွတ်မြောက်သွားပြီး ဟံသာဝတီ နေပြည်တော်၌ ခိုလှုံနေထိုင်သွားခဲ့သည်ဟု ရခိုင်ရာဇဝင်သမိုင်းမှတ်တမ်းတချို့၌ ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပေသည်။

ဤတွင် မေးစရာ၊ တွေးစရာဖြစ်လာသည်က ညောင်ရမ်းမင်းကြီး မင်းရဲနန္ဒမိတ်၏ ဆရာသခင် ဗားမဲ့ဆရာတော် ရှင်နန္ဒသာရနှင့် ရခိုင်ပြည် မြောက်ဦးနေပြည်တော်က ထွက်ပြေးလာသော ရှင်သူငယ်နန္ဒသာရတို့သည် တစ်ဦးတည်း တစ်ပါးတည်းပဲလား။

ယခုအခါ၌ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် ဗားမဲ့ (ဘားမိ) တောင် ဟူ၍ ရှိသည်။ ထိုကျောက်တော်မြို့တွင် လမ္ဘတော်ရပ်ကွက်ဟု ရှိသည်။ ရှေ့တုန်းက ထိုရပ်ကွက်ကို ဘားမိရပ်ကွက်ဟု ခေါ်သည်။ ဗားမဲ့ရွာ (ဘားမိရွာ) ပျက်၍ ပြောင်းရွှေ့လာရောက်နေထိုင်သူ အများစုဖြစ်သောကြောင့် ထိုရပ်ကွက်ကို ဘားမိရပ်ကွက်ဟု ခေါ်တွင်ခဲ့သည်ဟု ဆို၏။ ထို့ပြင် ထိုကျောက်တော်မြို့၌ ဗားမဲ့ (ဘားမိ) ဘုရား၊ ဗားကရားဘုရားဟူ၍ ရှိသည်။ ထို့ပြင် မြောက်ဦးမြို့နယ်ထဲ၌ အမိုးပွင့်ပေါက်နေသော ဗားမဲ့ဂူနှင့် ဗားမဲ့ကျောင်းတော်ရာရှိသည်။

တစ်ဖန် ရခိုင်ရာဇဝင်သမိုင်းမှတ်တမ်းတချို့အရ ဗားမဲ့ဆရာတော်လောင်းလျာ ရှင်နန္ဒသာရပညာသင်ကြားခဲ့သော မြောက်ဦးနေပြည်တော်မှ ဗားမဲ့ကျောင်းတိုက်သည် ကျောင်းတိုက်အသက်ရောဆရာစဉ်သမားဆက်ပါ ရှည်လျားထွေပြားခဲ့ဟန်တူသည်။ ရခိုင် ဝေသာလီပြည့်ရှင် သီရိဓမ္မာစန္ဒြားမင်း (အေဒီ ၅၉၅ - ၆၆၇) လက်ထက်၌ ဗားမဲ့ဆရာတော် အဂ္ဂမဟာသမာဓိနှင့် ဗားကရားဆရာတော် အဂ္ဂမဟာသမာဓိနှင့် ဗားကရားဆရာတော် အဂ္ဂမဟာသာမိကတို့သည် လောကီပညာအရာ၌ အလွန်ပေါက်မြောက်အောင်မြင်ခဲ့သည်ဆို၏။ ဤရခိုင်ဝေသာလီပြည့်ရှင် သီရိဓမ္မာစန္ဒြားမင်းသည် ပုဂံပြည့်ရှင် ထွန်ပစ်မင်း၊ ထွန်ချစ်မင်း၊ ပုပ္ပားစောရဟန်းမင်း၊ ရွှေအုန်းသီးမင်း၊ ပိတ်သုံမင်း၊ ပိတ်တောင်မင်းတို့နှင့် ခေတ်ပြိုင်ဖြစ်သည် ဆို၏။

တစ်ဖန် အလွန်တရာစိတ်ဝင်စားစရာတစ်ခုက မဟာရာဇဝင်တော်ကြီး၊ မှန်နန်းရာဇဝင်တို့၌ ဖော်ပြချက်တစ်ခုပင် ဖြစ်၏။ ယင်းမှာ ညောင်ရမ်းမင်းကြီးသည် ကေတုမတီ တောင်ငူမြို့ကို တိုက်ခိုက်စဉ် အလွယ်တကူ မသိမ်းပိုက်နိုင်သဖြင့် မြင်းသည်တော်တစ်ဦး စေလွှတ်၍ အင်းဝရှိ ဗားမဲ့ဆရာတော်ကို မေးလျှောက်စေရာ ထိုင်နေသော ဗားမဲ့ဆရာတော်က ဘာမှမမိန့်ကြားဘဲ အနီးရှိ ဦးထုပ်ကိုကောက်ဆောင်းပြီး အတန်ငယ်နေလျှင် ဆောင်းထားသော ဦးထုပ်ကို အသာအယာပြန်ချလျက် ဘာမှမမိန့်ကြားဘဲ သူ၏ ကျက်သရေတိုက်ခန်းထဲကို ဝင်သွားလေသည်။

မြင်းသည်တော်သည် သူတွေ့ခဲ့သမျှ၊ မြင်ခဲ့သမျှ မင်းကြီးကို ပြန်လျှောက်ကြားလေသော် မင်းကြီးသည် အတန်ငယ်စဉ်းစားပြီးနောက် ကေတုမတီ တောင်ငူမြို့အနီးရှိ မြစောညီနောင်စေတီတော်မှ ထီးတော်ကိုချပြီး စစ်တိုက်လေသော် ထိုမြို့ကို အလွယ်တကူ သိမ်းပိုက်နိုင်သည်ဟူ၏။ ဤနေရာမှာ မေးစရာ တွေးစရာတစ်ခု ဖြစ်လာသည်က ဗားမဲ့ဆရာတော်သည် ဦးထုပ်ဆောင်းသောဘုန်းကြီးမျိုးများဖြစ်နေလေသလား။



www.burmeseclassic.com

www.burmeseclassic.com

## ချစ်မုန်းခင် (ကြို့ပင်ကောက်-လယ်တီ)

# လက်ပံခါးပင်နှင့်ကင်းဆာ

စာရေးသူသည် နတ်တလင်းမြို့ အနောက်ဘက် (၁၀) မိုင်ခန့် ကွာဝေးသော တာပွန်မြို့ ဦးနေဝင်း၏အိမ်တွင် ရှုထောင့်မှုခင်းသတင်းမီဒီယာရုံးခွဲဖွင့်ပွဲ အခမ်းအနားသို့ ဦးမောင်မောင်သိန်း (မောင်မောင်သိန်း သတင်းထောက် - ဇီးကုန်း) ဦးသန်းဌေးအောင် (ရွှေကော်မြေကိုစိမ်းလန်း) ဦးကြည်သိန်း (မှုခင်းသတင်းထောက်-ရေတာရှည်) တို့နှင့် အတူသွားရောက်ကြသည်။

ရှုထောင့်သတင်းမီဒီယာဥက္ကဋ္ဌ ဦးနေဝင်း၏ အိမ်ခြံဝင်းအတွင်း စိုက်ပျိုးထားသော ရှင်သန်ဖြစ်ထွန်းနေသည့် လက်ပံခါးပင်အား မမျှော်လင့်ဘဲ တွေ့ရှိရသဖြင့် ဦးနေဝင်းအား မေးမြန်းကြည့်သောအခါ သတင်းမီဒီယာဥက္ကဋ္ဌဦးနေဝင်း (မှုခင်းသတင်းထောက်) မှ ပြောပြသည်မှာ -

လွန်ခဲ့သောသုံးနှစ်ခန့်က ဦးနေဝင်းနှင့် ကရင်အမျိုးသားကြီး သွေးသောက်စောဖားစေးတို့သည် ရခိုင်ရိုးမတောအတွင်း မန်းမြဆည်အနီး ဝါးမျှင်တောင်ကြောတွင် မြိုင်စိန်ကျောက်များအား ရှာဖွေနေလျက်ရှိရာ ဝါးမျှင်တောင်ကြောတစ်နေရာတွင် အရွက်များမှာ ငွေးချိုရွက်ပုံသဏ္ဌာန်၊ ဆူးများမှာလက်ပံဆူးများနှင့် ကြီးမားသော အပင်ကြီးတစ်ပင်အားတွေ့ရှိရ၍ ကရင်အမျိုးသား စောဖားစေးကိုမေးကြည့်ရာ စောဖားစေးမှ ၎င်းအပင်မှာ လက်ပံခါးပင်ဖြစ်ကြောင်း ရခိုင်ရိုးမတောထဲတွင် လက်ပံခါး ဟူ၍ ဤတစ်ပင်သာရှိကြောင်းပြောပြသည်။

ဤလက်ပံခါးပင်နှင့်ပတ်သက်၍ စောဖားစေး၏ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုအား ပြောပြသည်မှာ စောဖားစေးနှင့်အတူ ကရင်အမျိုးသား စောဂင်တိုတို့ တောထဲမှအပြန် ရေဆာသဖြင့် အိမ်တစ်အိမ်သို့ ဝင်ရောက်၍ ရေတောင်းသောက်ရာ အိမ်ရှင်မှ မျက်နှာသုန်မှုန်

ဆက်နွယ်တွေးတောစရာတစ်ခုက အလောင်းဘုရားအရေးတော်ပုံကျမ်းထဲဝယ် -

□ ရဟန်းတော်များ ဝါဒအလျောက် ဦးထုပ်လုံး၊ ဦးထုပ်ပြား၊ မိုးကြိုးသွား၊ တလပတ်နီဖြူဆောင်းရွက်သည်ကို. . .

ဟု ဖော်ပြထားချက်ကိုပင် ဖြစ်၏။

နှိုင်းယှဉ် ဝေဖန် စောကြောစရာတစ်ခုက တိဗက်ဒေသတွင် ဦးထုပ်နီလားမားရဟန်းဂိုဏ်း၊ ဦးထုပ်ဝါလားမားရဟန်းဂိုဏ်း ဟူ၍ရှိသည်။ ဦးထုပ်နီဂိုဏ်းဝင်များသည် လက်ဝဲလောကီပညာရှင်များဖြစ်ကြပြီး ဦးထုပ်ဝါဂိုဏ်းများသည် လက်ယာလောကီပညာရှင်များ ဖြစ်ကြသည် ဆိုခြင်းကိုပင် ဖြစ်၏။ သို့ဆိုလျှင် ကုန်းဘောင်ခေတ်မတိုင်မီ၌ ဦးထုပ်ဆောင်းရဟန်းများရှိနေခဲ့သလား။

တစ်ခါ -

□ . လူလည်းမမည်၊ ရှင်လည်းမဟုတ်၊ ဦးထုပ်သရပတ်၊ ဒေါက်ခြာစွပ်၍၊ ကိုယ်ဝတ်သင်းပိုင်၊ ပုတီးကိုင်လျက်၊ ဖိနပ်ခိုင်ဘဏ၊ ပညာအစွမ်း၊ လွှမ်းထက်လွှမ်း၍၊ ရဟန်းအသွင်၊ ကြည့်ပြန်လျှင်ကား၊ ဖားလျားဆံကျစ်၊ သာရစ်ထိပ်တင်၊ လည်တွင်ပုတီး၊ မည်းနက်ဖိတ်ဖိတ်၊ မုတ်ဆိတ်ဗရမ်း၊ သွယ်သွယ်ပြွမ်းလျက်၊ တစ်ခန်းတစ်ဖုံ၊ မြင်ရတုံချင့်၊ ခြေစုံစီးထ၊ ဖိနပ်ရှုပ်ထရပ်၊ အထပ်ခုနစ်လွှာ၊ ပိုးပြာပိုးမည်း၊ ချည်စရွဲဖြင့်၊ ရစ်မြဲသုံးခေါက်၊ ဝတ်တုံမြောက်၏၊ ကိုယ်ယောက်ပုဆိုး၊ သင်္ကန်းမျိုးမှာ၊ နက်ပြာတိမ်ရောင်၊ လွှမ်းလျက်သည်ပေ၊ မထေရ်မြတ်လှ၊ တပသသည်၊ နန်းမလယ်ဖွားဖြစ်၏တည်း. . .

ဟူသော လင်္ကာတို့ ဖော်ပြချင်ပါသည်။

ဤလင်္ကာသည် ဟံသာဝတီပြည့်ရှင်များဖြစ်ကြသော တပင်ရွှေထီးမင်း၊ ဘုရင့်နောင်မင်းများနှင့် ခေတ်ပြိုင်ဖြစ်သည့် ဒုတိယမြောက်ဦးမြို့တည်နန်းတည် မင်းဗာကြီးမင်းလက်ထက်တွင် ထင်ပေါ်ကျော်စောခဲ့သော ရခိုင်ဂန္ဓာရီပညာရှင် ရှင်မြဝါကို ရည်ညွှန်းခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ထိုရှင်မြဝါ၏ ဝတ်စားဆင်ယင်မှု ဖြစ်သည်။ ရှင်မြဝါသည် မဇ္ဈိမဒေသအရပ်မှ သိဝဂိုဏ်းသား သီရိဝိသနိုး၏ တပည့်သာဝကဟုဆို၏။ဆိုချင်သည်က ဤရှင်မြဝါနှင့် ဗားမဲ့ဆရာတော်တို့ ဆက်နွယ်မှုရှိသလား။

တစ်ဖန် ဦးဘသန်း၏ ကျောင်းသုံးမြန်မာ့ရာဇဝင်စာအုပ်ထဲတွင် အရည်းကြီးရဟန်းတို့သည်ကား ဆံပင်လက်လေးသစ်၊ မုတ်ဆိတ်မွေးအရှည်ထား၍ မည်းညစ်သောသင်္ကန်းကို ဝတ်ဆင်ကာလက်ဝှေ့သတ်၊ မြင်းစီး၊ စစ်တိုက်၊ ယမကာသေစာသောက်စားကြပြီး အင်းအိုင်ခလုတ်၊ လက်ဖွဲ့၊ မှော်အဂ္ဂိရတ်ပညာများစသော လောကီပညာများကို လေ့လာလိုက်စားသည်ဟု ဆိုထားသည် နောက်ပါတီစာနယ်ဇင်းထုတ် သမိုင်းမှတ်တမ်းတချို့တွင် ပုဂံခေတ်နောက်ပိုင်း၌ အရည်းကြီးအဆက်အနွယ်ဘုန်းကြီးများ၊ တန္တရဗုဒ္ဓဘာသာအဆက်အနွယ်ဘုန်းကြီးများ ထွန်းကားခဲ့သည်ဟု ဆိုထားပေသည်။

ဆိုခဲ့သမျှကို ခြုံငုံသုံးသပ်လျှင် စစ်ကိုင်း၊ ပင်းယ၊ အင်းဝခေတ်၊ ဟံသာဝတီခေတ်၊ ညောင်ရမ်း၊ အင်းဝခေတ်များတွင် ဒေါက်ခြာ၊ ဦးထုပ်လုံး၊ ဦးထုပ်ပြား၊ မိုးကြိုးသွား၊ တလပတ်နီဖြူဆောင်းသောဘုန်းကြီးများ၊ မည်းညစ်သောသင်္ကန်းဝတ်သည့်ဘုန်းကြီးများ၊ သင်ပိုင်းလိုလို၊ ပုဆိုးလိုလို၊ ဘောင်းဘီလိုလိုဝတ်ဆင်သော ဘုန်းကြီးများရှိနေခဲ့သလော။

အားလုံးကို အနှစ်ချုပ်၍လိုရင်းကို ဆိုရလျှင် မြန်မာ့ဂန္ဓာရီပညာလောကမှာ နေလို၊ လလို ထွန်းတောက်ခဲ့၊ ထွန်းတောက်ဆဲဖြစ်သော ဗားမဲ့ဆရာတော်ရှင်နန္ဒသာရမထေရ်နှင့် ပတ်သက်လေ့လာ သုတေသနပြုစရာ များစွာရှိနေပေသေးသည်။ မြန်မာရာဇဝင်သမိုင်းမှတ်တမ်းများ၊ မွန်ရာဇဝင်သမိုင်းမှတ်တမ်းများသာမကသေး ရခိုင်ရာဇဝင်သမိုင်းမှတ်တမ်းများနှင့် တခြားခေတ်ပြိုင်သမိုင်းမှတ်တမ်းများကိုပါ လေ့လာသုတေသနပြုဖို့ လိုပါလိမ့်မည်။ မြန်မာဂန္ဓာရီဆိုင်ရာမှတ်တမ်းမှတ်ရာများကိုပါ လေ့လာစစ်ကြောရပါလိမ့်မည်။

သို့မှသာ ပဟေဠိဝေဆာနေသော မြန်မာ့ဂန္ဓာရီပညာရှင် ဗားမဲ့ဆရာတော်ကြီးနှင့် နီးနွယ်နေသမျှ၏ တိကျသော အဖြေမှန်များ၊ တိကျသော ဖြစ်ရပ်မှန်များ ထွက်ပေါ်လာနိုင်လိမ့်မည်ဟု ထင်ပါသည်။

မင်းရှိန်အောင်

www.burmeseclassic.com

စွာဖြင့် သောက်ရေအိုးအားလက်ညှိုးထိုးပြပြီး 'သောက်' ဟု တစ်ခွန်းတည်းသာ တိုတိုတုတ်တုတ်ပြောလေသည်။

ဆေးဖားစေးတို့လည်း ကရင်အမျိုးသားပီပီ ရိုးသားပွင့်လင်းစွာဖြင့် အိမ်ရှင်အား -

"ငါတို့ရေသောက်တာမကြိုက်လို့လား"

ဟု မေးသောအခါ အိမ်ရှင်မှ -

"ရေသောက်တာကို မကြိုက်လို့ မဟုတ်ပါဘူး။ ငါစိတ်ညစ်နေလို့"

"ဘာဖြစ်လို့စိတ်ညစ်တာလဲ"

ဟု မေးသောအခါ အိမ်ရှင်မှ -

"ငါ့သမီးလေး ရင်သားမှာ အနာပေါက်နေလို့။ ကုတာလည်း ရှိတဲ့ဥစ္စာပစ္စည်းတွေလည်းကုန်ပြီ။ အခုတစ်ခါ ဆေးရုံသွားဖို့ ငါတို့မှာ နွားတစ်ရှဉ်းပဲကျန်တော့တယ်။ အဲဒါ နွားရောင်းပြီး ဆေးကုရမှာ။ မိုးဦးကလည်းကျခါနီးနေပြီ"

ဟု အိမ်ရှင်မှ ပြောပြသောအခါ စောဖားစေးမှ-

"အဲဒီလိုဆို အဲဒီအနာကို ငါကြည့်ချင်တယ်"

ဟု ပြောသောအခါ အိမ်ရှင်မှ အိမ်ထဲခန်းတွင်ရှိနေသော သမီးဖြစ်သူအား လှမ်းခေါ်ပြီး အနာအား ကရင်အမျိုးသားကြီးအား ပြခိုင်းလေသည်။ ကလေးမလေးသည် အသက်ဘေးနှင့်နီးလာသည့်အတွက် အရှက်အား မငဲ့ကွက်နိုင်တော့ဘဲပြသလေ၏။ ကလေးမလေးသည် အသက် (၁၈) နှစ်ခန့်သာရှိပြီး အနာမှာ ဒိုးသီးလုံးခန့်ရှိလျက် နီရဲပြီး ကိုက်ခဲနာကျင်လျက်ရှိသည်။

ကရင်အမျိုးသားကြီး စောဖားစေးသည် အိမ်ရှင်အား နှစ်ရက်သာစောင့်သူ ဆေးလာပေးမည်ဖြစ်ကြောင်း ပြောပြပြီး ပြန်သွားလေသည်။ စောဖားစေးပြန်သွားပြီး သုံးရက်မြောက်သောနေ့တွင် စောဖားစေးသည် လူနာအမျိုးသမီးလေး၏အိမ်သို့ ပြန်လာပြီး လွယ်အိတ်ကြီးထဲမှ လက်ဝါးခန့် အခေါက်တစ်ခေါက်အားပေးပြီး -

"ဒီအခေါက်ကို သွေးလိမ်းပါ။ ခြောက်သွားရင် ထပ်ထပ်ပြီးလိမ်းပေးပါ။ ပျောက်ပါလိမ့်မယ်"

ဟု ပြောဆိုပြီး ခေတ္တခဏအပန်းဖြေ ရေနွေးကြမ်းသောက်ပြီး ပြန်သွားလေသည်။

(၁၀) ရက်ခန့် ကြာသောအခါ စောဖားစေးနှင့် စောဂင်တိုတို့သည် လူနာအမျိုးသမီးလေး၏အိမ်သို့ အခြေအနေကိုသိရှိနိုင်ရန် တစ်ဖန်ပြန်သွားကြလေသည်။ စောဖားစေးလည်း မိမိပေးထားသော ဆေးခေါက်၏ အစွမ်းအားသိရှိရန် လူနာရှင်ဖခင်ကြီးအား မေးမြန်းကြည့်သောအခါ ဖခင်ကြီးမှ သမီးအားလှမ်းခေါ်ပြီး အနာအားပြခိုင်းရာ အနာမှာ အမြစ်များကြွတက်၍နေလေသည်။





စောဖားစေးလည်း ဆေးခေါက်အား ထပ်မံပေးပြီး ပြန်ခဲ့လေသည်။ တစ်လခန့်ကြာသောအခါ လူနာရှင်အမျိုးသမီးလေး၏အိမ်သို့ ထပ်မံသွားကြည့်ရာ အနာမှအမြစ်များကျွတ်ထွက်ကုန်ပြီး အနာမှာပျောက်ကင်းစပြုနေပြီဖြစ်သည်။

စောဖားစေးသည် မိမိ၏အတွေ့အကြုံအားပြောပြသောအခါ ကိုနေဝင်းသည် လက်ပံခါးစေ့နို့ဆီဘူးတစ်လုံးခန့်အားယူလာပြီး အိမ်ရောက်သောအခါ လက်ပံခါးစေ့အား ပန်းအိုးများဖြင့်ပျိုးထားလေရာ တစ်ပင်မှမပေါက်ပေ။

နောက်တစ်နှစ်တစ်ခါသွားပြီး ၎င်းလက်ပံခါးပင်မှ လက်ပံစေ့နို့ဆီဘူးတစ်လုံးခန့်ယူပြီး ပျိုးပြန့်သောအခါ မပေါက်ပေ။ ထို့ကြောင့် ကရင်အမျိုးသားကြီးစောဖားစေးအား ပျိုးစေ့များမရှင်ကြောင်း ပြောပြသောအခါ စောဖားစေးမှ စိုက်ချင်လျှင် ယူပေးမည်ဟုဆိုပြီး ပြန်ခါနီးတွင် လက်ပံခါးစေ့ကို ပေးလိုက်သည်။

စောဖားစေးက ပြောပြသည်မှာ လက်ပံခါးစေ့ယူသောအခါ လက်ပံခါးပင်အောက်တွင် နံ့သာတိုင် (၉) တိုင်၊ အလင်းတိုင် (၉) တိုင်၊ ကွမ်းယာ(၉)ယာနှင့် ကန်တော့ပွဲထိုးပြီးတောင်းယူရသည်ဟု ပြောပြလေသည်။ မတောင်းဆိုဘဲ၊ ကန်တော့ပွဲမထိုးဘဲယူပါက ဘယ်လောက်ပင်စိုက်စိုက် အပင်မပေါက်ဟုပြောပြသည်။ လက်ပံခါးပင်အောက်တွင် အပေါ့အလေးများမသွားရဟု ပြောပြပါသည်။ အပေါ့အလေးသွားလျှင် ချက်ချင်းဆီးအောင့်ဝမ်းသွားဖြစ်သည်ဟုပြောပြသည်။ လက်ပံခါးရွက်အား အင်္ဂရတ်သမားများသည် အင်္ဂရတ်ထိုးရာတွင် ထည့်ပြီးထိုးကြသည်ဟုပြောပြသည်။

လက်ပံခါးပင်၏ အပင်သဏ္ဌာန်မှာ -

လက်ပံခါးပင်သည် အပင်ကြီးမျိုးဖြစ်၍ အရွက်မှာ ငွေးချီရွက်များနှင့်တူပြီး အရွက်တွင်ဆူးများရှိသည်။ အပင်ကြီးလာလျှင် ကြောင်တစ်ခုန်လောက်တွင်မှဆူးများရှိသည်ဟု ပြောပြသည်။

လက်ပံခါးစေ့သည် ငရုတ်ကောင်းစေ့ခန့်သာရှိပြီး အရသာမှာ ပူစပ်ဖြစ်ပြီး အတန်ကြာသည်အထိပူ၍စပ်နေသည်။ လက်ပံခါးအခေါက်မှာ ပူ၊ စပ်၊ ခါးရှိသည်ဟု ပြောပြသည်။ လက်ပံခါးဆူးမှာ အဖြောင့်တစ်လှည့်၊ အကောက်တစ်လှည့်ရှိသည်ဟု ပြောပြပါသည်။


သို့ပါသောကြောင့် ရှားပါးစွာတွေ့မြင်ရခဲ့သော လက်ပံခါးပင်အား စာရှုသူသုတေသီတို့ ဗဟုသုတတိုးပွားစေရန် လက်ပံခါးပင်အရွက်နှင့်ပင်စည်တို့အား ဓာတ်ပုံနှင့်တကွ ရေးသားတင်ပြလိုက်ရပါသည်။

ချစ်မုန်းခင်
(ကြို့ပင်ကောက်-လသပတိ)



www.burmeseclassic.com

www.burmeseclassic.com



သမ္ဗုဒ္ဓေကပ်ကျော်စေတီတော်

(ရှုခ)
မောင်မောင်ချစ်ဦး

# မိုးညှင်းသမ္ဗုဒ္ဓေကပ်ကျော်စေတီတော်ကြီး

မိန့်ရစဉ်အခေါ်မိမ်းအမှတ်ဗုဒ္ဓါဒိသေသကအနေကဓေဓေမ်မဂ်လေနှင့်
ကြည့်ကောင်းကြည်ခဲ့ကုလိုင်ရွှဲ

**□ မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်**

မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အတွင်း၌ တည်ရှိသည်။ မုံရွာမြို့မှ တောင်ဘက် (၇) မိုင်ခန့် အကွာဝေးပြီး အချိန်အခါရာသီမရွေးသွားလာဖူးမြော်နိုင်ပါသည်။ မိုးညှင်းသမ္ဗုဒ္ဓေဘုရားကြီးကို တည်ဆောက် ကိုးကွယ်ခဲ့သူမှာ ပထမ မိုးညှင်းဆရာတော်ဘုရားကြီး အရှင်သုမနပင် ဖြစ်သည်။

မုံရွာမြို့နယ် ညောင်ပင်ရွာရှိ ဆရာကြီးဦးကျောက်လုံးက စစ်ဘေးကြီးများဖြစ်ပွားရန်ထင်မြင်၍ ကပ်သုံးပါးမှ ကျော်လွှန်နိုင်ရန် ငွေဒင်္ဂါး (၁၀၀) ကို အရင်းခံပြီး သမ္ဗုဒ္ဓေကပ်ကျော်စေတီတော်မြတ်ကြီးအား တည်ထားတော်မူရန် တောင်းပန် လျှောက်ထားချက်အရ ပထမမိုးညှင်းဆရာတော်ကြီးက ကြီးမှူး၍ ရှေးအဖို့က မမြင်ဘူး၊ မကြားဘူးသော အထူးထူး ဆန်းကြယ်သော သမ္ဗုဒ္ဓေဘုရားကြီးပုံကို ကိုယ်တိုင်ပုံစံ ရေးဆွဲ၍ ထူးခြားစွာ တည်ဆောက်နိုင်ခြင်းမှာ အံ့သြစရာပင်ဖြစ်ပါသည်။

မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်ကြီးကို သာသနာနှစ် ၂၄၈၃ ခုနှစ်၊ မြန်မာနှစ် ၁၃၁၁ ခု၊ ဒုတိယဝါဆိုလဆုတ် ၅ ရက် သောကြာနေ့နံနက် (၆)နာရီ (၃၀) မိနစ် အချိန်တွင် မိုးညှင်းတောရဆရာတော် အရှင်သုမနအမှူးပြုသော သံဃာတော်အပါး (၄၀) တို့သည် အန္တရာယ်ကင်း ပရိတ်များ ရွတ်ဖတ်ကြပြီးနောက် ဘုရားဂေါပကလူကြီးများနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များက မဏ္ဍိုင်ပန္နက်ရိုက်လျက် အမြောက် (၄) ချက် ပစ်ဖောက်ပြီး အုတ်မြစ်ချခဲ့ကြပါသည်။

စေတီတော်ကြီးမှာ ကံ့ကူးဆံတုံးမဏ္ဍပ်ပေါ်တွင် စေတီပေါက်လျက် အရပ် (၄) မျက်နှာအမိုးမဏ္ဍပ်ဖြန့်သည့်ပုံစံ ဖြစ်သည်။ တရားကျင့်ကြံရန် ကမ္မဋ္ဌာန်းကျောင်းငယ်များ၊ ဖူးမြော်ရန် အာရုံခံမဏ္ဍပ်နှင့် စင်္ကြံလမ်းတို့အဖြစ် အသုံးပြုနိုင်သော စေတီတော်ကြီးဖြစ်ပါသည်။

စေတီတော်ကြီး၏ ထူးခြားချက်မှာ ရာသီဥတုပူပြင်းမှုဒဏ်ကိုခံနိုင်ခြင်းနှင့် အမြဲတစေ အလင်းရောင်လုံလောက်မှုရရှိခြင်းပင် ဖြစ်သည်။

စေတီတော်ရှိ ရုပ်ပွားတော်ပေါင်းမှာ 'မြ-ရွှေ-ငွေ-စိန်-သီးဆောင်း သမ္ဗုဒ္ဓေဘုရားပေါင်း' ဟူသော အလင်္ကာအရ ရုပ်ပွားတော် စုစုပေါင်း (၅၈၂၃၆၃) ဆူ ရှိလေသည်။ သမ္ဗုဒ္ဓေဘုရားကြီးအတွင်းတွင် အခန်းပေါင်း အကျဉ်းအားဖြင့် အခန်း (၈၀)၊ အကျယ်အားဖြင့် (၁၂၄) ခန်းရှိလေသည်။ စေတီတော်ကြီးမှာ အရံစေတီပေါင်း (၈၄၅) ဆူ၊ ဖိနပ်တော် (၁၁၁) တောင်၊ အမြင့်ဉာဏ်တော် စိန်ဖူးတော်အထိ (၈၈) တောင်ရှိလေသည်။ အမြင့် (၄၇) ပေ၊ (၆) လက်မရှိ တံခွန်တိုင်ကြီး (၂၀) မှာလည်း ဘုရားနှင့် ရဟန္တာဓာတ်တော်များ၊ ဓမ္မစေတီများ၊ သာဝကများနှင့် ဗုဒ္ဓရုပ်ပွားတော် (၃၂၄၄) ဆူ ထည့်သွင်းပူဇော်ထားရှိပါသည်။ မနုဿီဟ (၄) စီး၊ ကေသရာဇာခြင်္သေ့ရုပ် (၁၄) စီးကိုလည်း ဘုရားကြီးပတ်ပတ်လည်တွင် ထုလုပ်ထားရှိပါသည်။

**□ မိုးညှင်းဆရာတော်**

ဤကဲ့သို့ ထူးခြားဆန်းပြား



မိုးညှင်းသမ္ဗုဒ္ဓေကပ်ကျော်စေတီတော်မြတ်ကြီးအဝင်ဝ ဆင်ကြီး (၂) ကောင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးများမှ မေတ္တသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူနေပုံ



မူလ မိုးညှင်းတောရဆရာတော် အရှင်သုမန



မိန်ရတုမဏ္ဍပ်အတွင်းမှ ပင့်သံဃာ (၁၇၁) ပါးတို့မှ
အနေကဇာတင်အစီအစဉ်ကို ရွတ်ဖတ်ပူဇော်ကြခြင်း



ယခု
မိုးညှင်းသမ္ဗုဒ္ဓေကပ်ကျော်စေတီတော်မြတ်ကြီး၏
ပဓာန နာယကဆရာတော် အရှင်သုမန



မိန်ရတုအထိမ်းအမှတ်အခမ်းအနားပွဲ ကျင်းပပြုလုပ်သည့်မဏ္ဍပ်

အံ့မခန်းဖွယ်ရာဖြစ်နေသော မိုးညှင်းသမ္ဗုဒ္ဓေ ကပ်ကျော်စေတီတော်ကြီးကို ကိုယ်တိုင်ပုံစံရေးဆွဲ၊ ကိုယ်တိုင်ကြီးကြပ်၍ ပန်းရန်၊ ပန်းပဲပညာရှင် (၁၀၀) ကျော်တို့ဖြင့် တည်တော်မူသည့် ပုဂ္ဂိုလ်မှာ ပထမ မိုးညှင်းဆရာတော် ရှင်သုမနပင် ဖြစ်ပါသည်။

ပထမမိုးညှင်းဆရာတော်ဘုရားကြီး ရှင်သုမနကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဂုံညှင်းဆိပ်ရွာ ခမည်းတော် ဦးမိုး၊ မယ်တော် ဒေါ်ဘော်တို့၏ အထွေးဆုံးသား ဖြစ်သည်။ ထူးခြားချက်မှာ မိခင်ဒေါ်ဘော် အသက်(၅၆)အရွယ်ရောက်မှ မထေရ်မြတ်လောင်းလျာကို ဖွားမြင်ခြင်းပင် ဖြစ်သည်။

ငယ်နာမည်မှာ မောင်ဖိုးစဖြစ်ပြီး အသက်(၁၄)နှစ်အရွယ်တွင် သာသနာ့ဘောင်သို့ဝင်ရောက်သည်။ ရှင်မည်မှာ ရှင်သုမနဖြစ်သည်။

၁၂၅၂ ခုနှစ် ဝါဆိုလဆန်း ၈ ရက်နေ့တွင် ရဟန်းဘောင်ဝင်ပြီး မန္တလေးမြို့သို့ တက်ရောက် ပညာသင်ယူသည်။ အဲဗျမဂ္ဂရာတောရ၊ ဂူဖြူတောရတို့၌ တရားဘာဝနာရှာမှီးပြီး မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီးထံ ဆည်းကပ်နည်းနာခံယူသည်။

www.burmeseclassic.com

၁၂၇၃ ခုနှစ်၊ ဝါဆိုလတွင် လယ်တီဆရာတော်ကြီးကိုယ်တိုင် လိုက်လံပို့ဆောင်မှုဖြင့် မုံရွာမြို့ အရှေ့တောင် မြေနဲ - အောင်သာရွာနှစ်ရွာအကြားရှိ မြေနဲတောရ (ယခု မိုးညှင်းသမ္ဗုဒ္ဓေ) သို့ ကြွရောက် သီတင်းသုံးသည်။ ၁၃၂၆ ခု၊ တော်သလင်းလပြည့်ကျော် ၈ ရက်နေ့၌ ဘဝနတ်ထံပျံလွန်တော်မူသည်။

## စိန်ရတုသို့တိုင်ခဲ့ပြီ

မိုးညှင်းသမ္ဗုဒ္ဓေကပ်ကျော်စေတီတော်ကြီးကို သာသနာနှစ် ၂၄၈၃ ခု၊ မြန်မာနှစ် ၁၃၀၁ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ ရက်၊ ၂၀-၇-၁၉၃၉၊ ကြာသပတေးနေ့တွင် စတင်ပန္နက်ချတည်ထားခဲ့ရာ ယခု ၁၃၇၆ ခုနှစ် တန်ဆောင်တိုင်ကာလတွင် သက်တမ်း (၇၅) နှစ်ပြည့်မြောက်ခဲ့ပြီး စိန်ရတုသို့ရောက်ခဲ့ပြီဖြစ်ပါသည်။

ဤကဲ့သို့ ကြံတောင့်ကြံခဲ ထူးထူးခြားခြား စေတီတော်မြတ်ကြီးတည်ထားတော်မူသည့် သက်တမ်း (၇၅) နှစ်ပြည့်မြောက်သည့် စိန်ရတုကို စည်စည်ကားကား သိုက်သိုက်ဝန်းဝန်း ပြုလုပ်သွားရန် ကြံစည်၍ အကောင်အထည်ဖော်သည်က မိုးညှင်းသမ္ဗုဒ္ဓေကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမန (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ပင် ဖြစ်ပါသည်။

ဆရာတော်သည် လွန်စွာမှပင် ကြံဆုံခဲ့သည့် ဤမိုးညှင်းသမ္ဗုဒ္ဓေကပ်ကျော်စေတီတော်ကြီး (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အဖြစ် အနေကဇာတင်ပွဲပြုလုပ်ပြီး ပွဲတော်သို့ ဖိတ်ကြား ကြွရောက်လာကြမည့် သံဃာတော်များကို လှူဒါန်းရန် ကန်တော့ပွဲကုသိုလ်ရှင်များ ဖိတ်ခေါ်ခဲ့ပါသည်။

## အနေကဇာတင်ကန်တော့ပွဲကုသိုလ်ရှင်များ လိုက်နာရန်

သမ္ဗုဒ္ဓေကပ်ကျော်စေတီတော်မြတ်ကြီး စိန်ရတုအထိမ်းအမှတ် အနေကဇာတင်ပွဲ၌ သံဃာတော်များအား လှူဒါန်းရန် ကန်တော့ပွဲတာဝန်ယူကြမည့် သဒ္ဓါကြည်လင် ပါရမီရှင်တို့သည် ကြံတောင့်ကြံခဲကုသိုလ်ပွဲကြီးကို ဆင်နွှဲရသည်အားလျော်စွာ စေတနာစွမ်းအားမြင့်မားစွာထားလျက် ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် အသိပေးခဲ့ပါသည်။

၁။ ကန်တော့ပွဲတစ်ပွဲလျှင် ငါးသောင်းကျော်တန်အထက်ရှိစေချင်သည်။

၂။ ငွေသား ကျပ်သုံးသောင်း အမိကပါရှိစေချင်သည်။



စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေးနှင့်ဇနီးဒေါ်ဝေဝေခိုင်တို့မှ ဆရာတော်အရှင်သုမြတ်ထံ နဝကမ္မလှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းနေစဉ်



စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေးနှင့်ဇနီးဒေါ်ဝေဝေခိုင်၊ တိုင်းအဆင့်ဌာနဆိုင်ရာပုဂ္ဂိုလ်များမှ ပရိတ်တရားတော်များကို ရိုသေစွာ နာယူကြည်ညိုနေကြပုံ



ကန်တော့ပွဲကုသိုလ်ရှင်အဖြစ် ပါဝင်ခွင့်ရသော စာရေးသူနှင့်ဇနီးဒေါ်ခင်မြင့်မေ (သားဖွား/ငြိမ်း) တို့မှ သံဃာတော်အား ကန်တော့ပွဲကို ဆက်ကပ်လှူဒါန်းနေပုံ



www.burmeseclassic.com


www.burmeseclassic.com



ကန်တော့ပွဲကုသိုလ်ရှင် သီလရှင်ဆရာလေးများ သမ္ဗုဒ္ဓေကပ်ကျော်စေတီတော်မြတ်ကြီးကို လက်ယာရစ်တစ်ပတ်လှည့်၍ ပူဇော်ကြစဉ်



စိန်ရတုမဏ္ဍပ်အတွင်း၌ မြင်တွေ့ရသော ကန်တော့ပွဲကုသိုလ်ရှင် သီလရှင်ဆရာလေးများနှင့် လှူပုဂ္ဂိုလ်များ



ကုသိုလ်ရှင်များ၏ကန်တော့ပွဲများကို ကြည့်ရှုနေကြသော သီလရှင်ဆရာလေးများ

၃။ သက်န်း၊ ထီး၊ ဖိနပ်၊ ဓာတ်ဘူး၊ တဘက်၊ ခြင်ထောင် အစရှိသော ရဟန်းသုံးပစ္စည်းများ တွဲဖက်ထည့်စေချင်သည်။

၄။ ငှက်ပျောသီး၊ အုန်းသီး စသော ယူဆောင်မှုခက်ခဲသောပစ္စည်းများ မထည့်စေချင်ပါ။

၅။ ပလတ်စတစ်လေးထောင့်ခြင်းဖြင့် ကန်တော့ပွဲပြင်စေချင်ပါသည်။

၆။ သံဃာများအား စာရေးတံမဲချ လှူဒါန်းသောအခါ မိမိကိုယ်တိုင် ကပ်လှူစေချင်သည်။

၇။ ကန်တော့ပွဲကို တန်ဆောင်မုန်း လဆန်း ၈ ရက်နေ့တွင် နာယက ဆရာတော်ကျောင်းသို့ အရောက်ပို့စေချင်သည်။

၈။ နံနက် (၇) နာရီအချိန် သမ္ဗုဒ္ဓေဘုရားအား လှည့်လည်ပူဇော်ရာတွင် ကိုယ်တိုင် ကိုယ့်ကန်တော့ပွဲ ရွက်၍ လိုက်ပါစေချင်သည်။

ဤကဲ့သို့ ကန်တော့ပွဲကုသိုလ်ရှင်များလိုက်နာရန် အချိန်မီ အသိပေးခဲ့သလို ကြံ့ုတောင့်ကြံ့ခဲ စိန်ရတုပွဲတွင် ကုသိုလ်ယူပါဝင်လိုကြသော ကန်တော့ပွဲကုသိုလ်ရှင်များကလည်း တိကျစွာ လိုက်နာခဲ့ကြသဖြင့် အဆင်ပြေပြေ ချောချောမောမောဖြစ်ခဲ့ရပါသည်။

**■ စိန်ရတုပွဲတော်**

မိုးညှင်းသမ္ဗုဒ္ဓေကပ်ကျော်စေတီတော် စိန်ရတုအထိမ်းအမှတ်ပွဲတော်ကြီးကို ဤသို့ စည်စည်ကားကားသိုက်သိုက်ဝန်းဝန်းဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

■ ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် (၃၀ - ၁၀ - ၂၀၁၄)၊ ကြာသပတေးနေ့မှစတင်၍ ၎င်းလဆန်း ၁၁ ရက် (၂-၁၁-၂၀၁၄) တနင်္ဂနွေနေ့အထိ (၄) ရက်တိုင်တိုင် နိုင်ငံကျော် ဓမ္မကထိက ဆရာတော်ကြီးများ ဖြစ်ကြသည့် -

ဒေါက်တာအရှင်ဉာဏိဿရ
(သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)
ဇော်ဂျီပန်းတစ်ပွင့်ဆရာတော်
အရှင်သိရိန္ဒ
(ဝိနယဆေက၊ ဝိနယကောသလ္လ၊ ဓမ္မာစရိယ ဓမ္မကထိက)ကျောက်ဆည်မြို့
ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တပညာဝံသ (ရန်ကင်းတိုက်၊ မုံရွာမြို့)
နဝမမြောက် ရွှေစင်တိပိဋကဓရ
ဓမ္မဘဏ္ဍာဂါရိက
ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ
(မင်းကွန်းဆရာတော်)

များက တရားပွဲများဖြင့် ဓမ္မပူဇာ ပူဇော်ခဲ့ကြပါသည်။

၁၃၇၆ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက် (၃-၁၁-၂၀၁၄) တနင်္လာနေ့တွင် ဝတ်အသင်းအဖွဲ့အသီးသီးမှ ပဌာန်း၊ ဓမ္မစကြာ အစရှိသော မြတ်ဗုဒ္ဓ၏ ဓမ္မက္ခန္ဓာတော်အစဉ်တို့ကို ညီညာစွာ ရွတ်ဖတ်ပူဇော်ကြကာ ညဦးပိုင်းတွင် ဆီမီး၊ ရောင်ဝါ၊ ပန်းနံ့သာတို့ဖြင့် မြိုင်ဆိုင်စွာ ကပ်လှူပူဇော်ကြပြီး စေတီတော်မြတ်



www.burmeseclassic.com

www.burmeseclassic.com

ကြီး၏ ဝုဏ္ဏပသံသမမွဂီတတို့ဖြင့် ဆိုတီးသူတောရှင်များက သီဆိုပူဇော်ခဲ့ကြသည်။

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် (၄-၁၁-၂၀၁၄) အင်္ဂါနေ့ နံနက် (၇) နာရီတွင် အနေကဇာတင်ပွဲ၌ သံဃာများအား ကန်တော့ပွဲလှူဒါန်းပွဲကို စတင်ခဲ့ပါသည်။ ကန်တော့ပွဲအလှူရှင်များသည် ကန်တော့ပွဲများထားရှိသည့် မိုးညှင်းသမ္ဗုဒ္ဓေကျောင်းတိုက်ဓာနနာယကဆရာတော် ဘဒ္ဒန္တသုမန၏ကျောင်းသို့ နံနက် (၆) နာရီအချိန်ကပင် ရောက်ရှိခဲ့ကြပြီး မိမိတို့၏ကန်တော့ပွဲနှင့် အခြားကုသိုလ်ရှင်များ၏ကန်တော့ပွဲများကို ပီတိအဟုန်ပြင်းပြစွာဖြင့် သဒ္ဓါတရားများလျက်ရှိနေကြပါသည်။

သို့သော် ယခုကုသိုလ်ရှင်များ၏ကန်တော့ပွဲစုစုပေါင်းမှာ (၂၅၉) ပွဲဖြစ်ပြီးပင့်သံဃာအပါးမှာ (၁၇၁) ပါး ဖြစ်ရာ ကန်တော့ပွဲ (၈၈) ပွဲ ပို၍နေပါသည်။ သို့ဖြစ်ရာ အင်မတန် ကြုံဆုံခဲလှသော ဤစိန်ရတုပွဲတော်တွင် ပါဝင်လှူဒါန်းကုသိုလ်ပါဝင်လိုကြသော ကန်တော့ပွဲကုသိုလ်ရှင်များမှာ ယခု စိန်ရတုပွဲတွင် သံဃာတော်အရှင်သူမြတ်များအား လှူဒါန်းနိုင်ပါစေကြောင်း ဆုတောင်းလျက်ရှိနေကြပါသည်။ ကြုံတောင့်ကြုံခဲပွဲတော်၌ အမှတ်တရအဖြစ် ပါဝင်လှူဒါန်းလိုကြခြင်းပင် ဖြစ်ပါသည်။

အကယ်၍ သံဃာတော် (၁၇၁) ပါးကိုလှူဒါန်း၍ ပိုနေသောကန်တော့ပွဲ (၈၈) ပွဲမှာလည်း အချည်းနှီးတော့မဖြစ်ပါ။ ဤစိန်ရတုပွဲတော်တွင် မလှူဖြစ်လိုက်သော်လည်း တန်ဆောင်မုန်းလပြည့်နေ့ ၆-၁၁-၂၀၁၄ တွင် ကျင်းပပြုလုပ်မည့် မိုးညှင်းသမ္ဗုဒ္ဓေဘုရားပွဲတော်သို့ ကြွရောက်လာကြမည့် ပင့်သံဃာ (၁၃၅) ပါးကို မဲချလှူဒါန်းမည်ဟူ၍လည်း သိရှိရပါသည်။

နံနက်(၇)နာရီအချိန်သို့ကျရောက်သည်နှင့် အနေကဇာတင်သံဃာလှူကန်တော့ပွဲကုသိုလ်ရှင်များ မိမိတို့၏ကန်တော့ပွဲကို ကိုယ်တိုင်ကိုယ်ကျ ရွက်ကာ ဆရာတော်၏ ကျောင်းတိုက်မှ စနစ်တကျစီတန်း၍ထွက်ခဲ့ကြပါသည်။

ကန်တော့ပွဲကုသိုလ်ရှင်များသည် မိမိတို့၏ ကန်တော့ပွဲများကိုရွက်ကာ သမ္ဗုဒ္ဓေစေတီတော်မြတ်ကြီးအား ဒေဝါဝင်း၊ ရာဇာဝင်းများနှင့်အတူ လက်ယာရစ် တစ်ပတ်လှည့်၍ ပူဇော်ခဲ့ကြပါသည်။


ထို့နောက် စိန်ရတုအထိမ်းအမှတ် အနေကဇာတင်မင်္ဂလာမဏ္ဍပ်သို့ ဝင်ရောက်ခဲ့ကြပြီး မိမိတို့၏ကန်တော့ပွဲများကို စင်မြင့်များပေါ်တွင် အစီအရီတင်ကြသည်။ ကန်တော့ပွဲများမှာ (၂၅၉) ပွဲဖြစ်သည့်အပြင် လှလှပပ သေသေသပ်သပ် ထုပ်ပိုးထားသဖြင့် မဏ္ဍပ်နှင့်ကန်တော့ပွဲမှာ များစွာမှပင် ပန်းရတင့်တယ်လှပ၍ နေပါတော့သည်။

### ❑ အနေကဇာတင်မင်္ဂလာပွဲ

နံနက်(၈)နာရီမင်္ဂလာအချိန်တော်တွင် မိုးညှင်းသမ္ဗုဒ္ဓေကပ်ကျော်စေတီ



ကန်တော့ပွဲကုသိုလ်ရှင်လူပုဂ္ဂိုလ်များ သမ္ဗုဒ္ဓေကပ်ကျော်စေတီတော်မြတ်ကြီးကို
လက်ယာရစ်တစ်ပတ်လှည့်၍ ပူဇော်ကြစဉ်



ကန်တော့ပွဲကုသိုလ်ရှင်များ၏ရှေ့ဆုံးမှမိုးညှင်းသမ္ဗုဒ္ဓေစေတီတော်မြတ်ကြီး၏ဂေါပကအဖွဲ့ဝင်များ



ကန်တော့ပွဲကုသိုလ်ရှင်များနှင့်အတူ စီတန်းပါဝင်ခဲ့ကြသော ဒေဝါဝင်း-ရာဇာဝင်း



www.burmeseclassic.com

www.burmeseclassic.com

တော်မြတ်ကြီး၏ စိန်ရတုအထိမ်းအမှတ်အဖြစ် (ဗုဒ္ဓါဘိသေက) အနေကဇာတင်မင်္ဂလာပွဲအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်ပါသည်။

ထို့နောက် သမ္ဗုဒ္ဓေကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုမနထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပါသည်။

ဆက်လက်၍ ဆရာတော်သံဃာအရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော မေတ္တာသုတ်ပရိတ်တော်များကို ရိုသေစွာ နာယူကြည်ညိုကြသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးသာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်၊ တိုင်းအဆင့်တာဝန်ရှိသူများမှ ဆရာတော်သံဃာတော် အရှင်သူမြတ်များထံသို့ နဝကမ္မစသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြပါသည်။

ဆက်၍ မုံရွာမြို့ ရန်ကင်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဒ္ဒိပိဋကဓရ ဒ္ဒိပိဋကကောဝိဒ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဘဒ္ဒန္တပညာဝံသ အရှင်သူမြတ်ထံမှ အနုမောဒနာတရား နာယူကြည်ညို၍ ရေစက်သွန်းချ အမျှပေးဝေပြီး သမ္ဗုဒ္ဓေကပ်ကျော်စေတီတော်မြတ်ကြီး၏ စိန်ရတုအထိမ်းအမှတ်အဖြစ် (ဗုဒ္ဓါဘိသေက)အနေကဇာတင်မင်္ဂလာပွဲကြီး အောင်မြင်စွာ ပြီးမြောက်ပြီးဖြစ်ပါ၍ 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု' သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။

၎င်းအပိုင်းမှာ အနေကဇာတင်မင်္ဂလာပွဲဖြစ်ပြီး အခမ်းအနားမှူးမှာ ဦးမြင့်စိန်(စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းသာသနာရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူး)ပင်ဖြစ်ပါသည်။



စိန်ရတုပွဲတော်တွင် မြဝတီရုပ်သံအဖွဲ့မှ သတင်းရယူနေပုံ



စိန်ရတုမဏ္ဍပ်အတွင်း၌ထိုင်ကာ လေ့လာကြည့်ရှုနေကြသော နိုင်ငံခြားသားများ

**သံဃာတော်များအား ကန်တော့ပွဲကပ်လှူခြင်း**

မိုးညှင်းသမ္ဗုဒ္ဓေကပ်ကျော်စေတီတော်မြတ်ကြီး၏ (၇၅)နှစ်ပြည့် စိန်ရတုပွဲတော်အထိမ်းအမှတ် (ဗုဒ္ဓါဘိသေက) အနေကဇာတင် မင်္ဂလာပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးသည်နှင့် ဆက်လက်၍ ကန်တော့ပွဲကုသိုလ်ရှင်များမှ စိန်ရတုအထိမ်းအမှတ်ပွဲ ပင့်သံဃာ (၁၇၁) ပါးကို ကိုယ်တိုင်ကိုယ်ကျ ဆက်ကပ် လှူဒါန်းပွဲကို ကျင်းပပြုလုပ်ပါသည်။

သို့သော် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကန်တော့ပွဲစုစုပေါင်းမှာ (၂၅၉) ပွဲ ဖြစ်ပြီး ပင့်သံဃာတော်မှာ (၁၇၁)ပါးဖြစ်ပေရာ မဲဖောက်၍လှူဒါန်းရမည် ဖြစ်သည်။ မဲမပေါက်၍ ကျန်ရှိမည့်ကန်တော့ပွဲမှာ (၈၈) ပွဲ ဖြစ်သည်။

ကန်တော့ပွဲကုသိုလ်ရှင်များအနေဖြင့်လည်း တစ်သက်တွင် တစ်ခါသာကြုံရနိုင်မည့် ကြုံတောင့်ကြုံခဲ စိန်ရတုအထိမ်းအမှတ်ပွဲတွင် အမှတ်တရပါဝင်လှူဒါန်းနိုင်ရေးအတွက် မိမိတို့၏ချွေးနှဲစာထဲမှ လှူဒါန်းကြခြင်းဖြစ်သဖြင့် မဲပေါက်၍ လှူဒါန်းခွင့်ရရှိကြရေးမှာ ပြင်းပြလှသော အာသီသပင်ဖြစ်သည်။ မိမိတို့မဲပေါက်၍ လှူဒါန်းခွင့်ရရှိရေးကို ဆုတောင်း၍ နေကြပါ သည်။

မကြာမီမှာပင် စတင်၍မဲဖောက်ပါသည်။

မဲပေါက်၍ ပင့်သံဃာတော်များအား ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းခွင့်ရကြသည့် ကန်တော့ပွဲကုသိုလ်ရှင်များမှာ ပီတိအပြုံးများ ဝေဝေဆာဆာဖြစ်၍နေကြပါသည်။ ပြုံး၍မော်၍နေကြပါသည်။ ကန်တော့ပွဲကုသိုလ်ရှင်များ၏ ပြင်းပြလှသောအာသီသအရ ယခု စိန်ရတုပွဲတော်အထိမ်းအမှတ်ပွဲတွင် ပါဝင်လှူဒါန်းခွင့်ရသွားကြပြီ ဖြစ်ပါသည်။

သို့သော် မဲအရေအတွက်(၁၇၁)မဲပြည့်၍သွားပြီ။ ကန်တော့ပွဲကုသိုလ်ရှင်(၁၇၁)ယောက်တို့၏ ကန်တော့ပွဲ(၁၇၁)ပွဲကို ပင့်သံဃာတော် (၁၇၁) ပါးကို လှူဒါန်းခွင့်ရသွားကြပြီဖြစ်သော်လည်း မဲမပေါက်၍ ကန်တော့ပွဲ (၈၈) ပွဲကျန်၍နေပါသည်။

ကျန်ရှိနေသော ကုသိုလ်ရှင် (၈၈) ဦးတို့၏ ကန်တော့ပွဲ (၈၈) ပွဲကို ယခု စိန်ရတုပွဲတော်အထိမ်းအမှတ်တွင် ပါဝင်



www.burmeseclassic.com

www.burmeseclassic.com

လှူဒါန်းခွင့်မရကြသော်လည်း ဝမ်းနည်းကြေကွဲမှုတော့မဖြစ်ကြပါ။ ယခု မလှူဒါန်းရသော်လည်း ၆ - ၁၁ - ၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် မိုးညှင်းသမ္ဗုဒ္ဓေဘုရားပွဲတော်သို့ ကြွရောက်လာကြမည့် ပင့်သံဃာတော်(၁၃၅)ပါးအား မဲဖောက်၍ လှူဒါန်းခွင့်ရကြရမည်ဖြစ်ပါသည်။ ဘုရားပွဲတော်နှင့်ပျော်ရင်း လှူဒါန်းခွင့်ရကြမည်မို့ပျော်၍မော်၍နေပါသည်။ ထို့ကြောင့်လည်း ယခု စိန်ရတုပွဲတော်တွင် မဲမပေါက်၍ ကန်တော့ပွဲလှူဒါန်းခွင့်မရရှာကြသူများမှာ ဝမ်းမနည်းကြသည့်အပြင် ကန်တော့ပွဲလှူဒါန်းခွင့်ရရှိသွားကြသူများအတွက်ပင် ဝမ်းသာပီတိဖြစ်လျက်ရှိနေကြပါသည်။ လှူဒါန်းခွင့်ရရှိသွားကြသူများနည်းတူ အပြုံးကိုယ်စီနှင့်ဖြစ်၍နေကြသည်။

အာဂကုသိုလ်ရှင်များပါပေ။

**ဆွမ်းခဲဖွယ်ဘောဇဉ်နှင့် အာဟာရဒါနပြုကြ**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် (၄-၁၁-၂၀၁၄) အင်္ဂါနေ့၊ နံနက် (၆) နာရီတွင် မုံရွာမြို့နယ်မင်းရွာ-မိုးညှင်း ဦးစိုးဝင်း၊ ဒေါ်မာမာဦး မိသားစုမှ စိန်ရတုပွဲတော်သို့ ကြွရောက်လာကြသည့် ပင့်သံဃာများအား ဆွမ်းခဲဖွယ်ဘောဇဉ်များ ဆက်ကပ် လှူဒါန်းခဲ့ကြပါသည်။

ထိုနည်းတူစွာပင် ထိုရက်နံနက်ပိုင်းတွင် စိန်ရတုပွဲတော်သို့ ကြွရောက်လာကြသောလူပရိသတ်တို့အား မိုးညှင်းတိုက် ဆရာလေး ဒေါ်သန္တာနှင့် မုံရွာမြို့ဘုရားကြီးအရပ် သိမ်တော်လမ်းနေ ဒေါ်ကြည်မြင့်၊ သားကိုသက်ဦး - မဝင်းနွယ်မိသားစု၊ မုံရွာမြို့ စက်မှုဇုန်နေ ဦးမြတ်ထွန်း-ဒေါ်နှင်းနှင်း (ပြုံးပန်းတစ်ရာ) မိသားစုတို့မှ အာဟာရဒါနကုသိုလ်ပြုခဲ့ကြပါသည်။

**ကြုံတောင့်ကြုံခဲစိန်ရတုပွဲ**

တစ်သက်မှာ တစ်ခါဆိုသလို လွန်စွာမှပင် ကြုံတောင့်ကြုံခဲလှစွာသော မိုးညှင်းသမ္ဗုဒ္ဓေကပ်ကျော်စေတီတော်မြတ်ကြီး တည်ထား ကိုးကွယ်သည့် (၇၅) နှစ်ပြည့် စိန်ရတုပွဲတော်တွင် ကုသိုလ်ကံထူးကဲလှစွာဖြင့် ပါဝင်ဆင်နွှဲကုသိုလ်ယူကြသည့် စေတနာကုသိုလ်ရှင် အလှူရှင်များသည် လွန်စွာမှပင် ကံကောင်းခဲ့ကြသည်ဟု ဆိုချင်ပါသည်။

ဤစိန်ရတုပွဲတော်သို့ ပင့်သံဃာတော်အဖြစ် ကြွရောက်လာခဲ့ကြသည့် သံဃာတော်အရှင်သူမြတ်များ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီးဒေါ်ဝေဝေခိုင်၊ တိုင်းအဆင့်ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ ကုသိုလ်ရှင်၊ အလှူရှင်များ၊ ဧည့်ပရိသတ်များဖြင့် သိုက်သိုက်ဝန်းဝန်း စည်စည်ကားကား အောင်အောင်မြင်မြင်နှင့် ပြီးစီးခဲ့သည်မို့ စိန်ရတုပွဲတော်ကို ပို၍ပို၍ဂုဏ်ရှိန်မြင့်မားစေခဲ့ပါသည်။

ယခုကဲ့သို့ မိုးညှင်းသမ္ဗုဒ္ဓေကပ်ကျော်စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်သည့် (၇၅)နှစ်ပြည့်စိန်ရတုပွဲတော် အခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာ အောင်အောင်မြင်မြင် ပြီးစီးခဲ့သည်မှာ မိုးညှင်းသမ္ဗုဒ္ဓေကပ်ကျော် စေတီတော်မြတ်ကြီး၏ ကြီးမားလှစွာသော တန်ခိုးတော်ကြောင့်ပင် ဖြစ်ကြောင်း ငြင်း၍ရနိုင်မည်မထင်ပါ။

ထို့ပြင် သမ္ဗုဒ္ဓေစေတီတော်မြတ်ကြီးကို ကိုယ်တိုင်ကိုယ်ကျ ပုံစံရေးဆွဲ ကိုယ်တိုင်ကြပ်မတ်၍ တည်ထားတော်မူခဲ့သည့် မိုးညှင်းတောရ မူလဆရာတော် အရှင်သုမန၏ ကြီးမားသော ဘုန်းတန်ခိုးတော်ကြောင့်လည်းကောင်း၊

ယခုလက်ရှိ မိုးညှင်းသမ္ဗုဒ္ဓေကပ်ကျော်စေတီတော်မြတ်ကြီး၏ ပဓာနနယကဆရာတော် အရှင်သုမန၏ ထင်ရှားကျော်ကြားသော ပညာ၊ ဉာဏ်၊ ဘုန်းတန်ခိုးများကြောင့်လည်းကောင်း၊

(မိုးညှင်းတောရ မူလဆရာတော်၏ဘွဲ့အမည်နှင့် ယခုလက်ရှိ ပဓာနနာယကဆရာတော်၏ဘွဲ့အမည်တူနေသည်ကလည်း ထူးခြားချက်ပင်။)

စိန်ရတုပွဲတော်တွင် မျှော်မှန်းထားသည်ထက် မထင်မှတ်ဘဲ စေတနာ၊ သဒ္ဓါတရား ပြည့်ဝစွာဖြင့် ပါဝင်ဆင်နွှဲကုသိုလ်ပါဝင်ခဲ့ကြသည့် သီလရှင်ဆရာလေးများ၊ လူပုဂ္ဂိုလ်များ ပို၍လျှံ၍နေသည်ကလည်း များစွာမှပင် ထူးခြားလှပါသည်။ ထိုကုသိုလ်ရှင်များ၏ ထူးကဲလှစွာသော စေတနာ၊ သဒ္ဓါတရားများကြောင့် လည်းကောင်း၊

ထိုသို့သောအကြောင်းများကြောင့် စိန်ရတုပွဲတော်ကြီး ထူးထူးကဲကဲ အောင်အောင်မြင်မြင် ပြီးစီးခဲ့ခြင်းပင် ဖြစ်ပေသည်။

သို့ဖြစ်ရာ ဤမိုးညှင်းသမ္ဗုဒ္ဓေကပ်ကျော်စေတီတော်မြတ်ကြီး၏ (၇၅)နှစ်ပြည့် စိန်ရတုပွဲတော်သို့ ကြွရောက်လာကြသည့် ဆရာတော်သံဃာတော်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုသိုလ်ရှင်များ၊ ကြွရောက်လာကြသည့် ဧည့်ပရိသတ်များနှင့် အဘက်ဘက်မှ ပါဝင်ကူညီခဲ့ကြပါသည့် ပုဂ္ဂိုလ်အပေါင်းတို့ ကျန်းမာချမ်းသာ၍ နောင်လာမည့် ရာပြည့်ပွဲတော်တိုင် သက်ရှည်ကျန်းမာ ချမ်းသာစွာရှိကြပါစေကြောင်း ဆုတောင်းရင်း အောက်ပါ 'သမ္ဗုဒ္ဓေဘုရားစိန်ရတုမင်္ဂလာ' သီချင်းလေးဖြင့် နိဂုံးချုပ်လိုက်ရပါသည်။

*'စိန္တိတံ သတ္တသချေ်ယျံ၊ နဝသချေ်ယျဝါစကံ၊*
*ကာယဝါစံ စတုချာတံ၊ ဗုဒ္ဓတ္တံ သမုဂါဂမီ . . .'*
*ဗုဒ္ဓဝင်ကျမ်းတော် ထွက်အလာ ဖူးမြင်ဦးတင်လျက်သာ*
*သမ္ဗုဒ္ဓေအမည်ထူး ကျူးဖွဲ့ခဲ့ ဂါထာတော်လာ. . . ရည်စူး. . .*
*ဖူးမြော်. . . အထူးနော်အံ့စရာ. . .*
*ပုံတော်နေတည်ပြုထား. . .*
*မြတ်ဘုရားတည့် . . . သမ္ဗုဒ္ဓေ. . .*
*ကပ်ကျော် စေတီတော်မဟာ . . .*
*(အာရုံခံစောင်းတန်းကြီးအပြီးယှဉ်တွဲပါ. . .*
*သဇင်ခွေ ပန်းတော်တို့ လွှမ်းယှက်လို့ဖြာ)၊*
*အဘယစေတီအစဉ်တွေပါ . . .*
*ပန်းစေတီတော်တွေယှဉ်ကာ . . .*
*တံခွန်တိုင်ပြာသာဒ်အဖြာဖြာ . . .*
*ဇာတ်စုံစုံအခန်းတွေနဲ့ အံ့မခန်းစုံလင်တာ. . .*
*သမ္ဗုဒ္ဓေမြတ် စေတီတော် မဟာ. . .*
*မြ, ရွှေ, ငွေ, စိန်, သီးဆောင်းတဲ့ရုပ်ပွားပေါင်းတို့ အရေအတွက်တော်လာ*
*(ငါးသိန်း ရှစ်သောင်း နှစ်ထောင်သုံးရာ ခြောက်ဆယ့်သုံးဆူ)၊*
*စံတော်မူ တည်နေပြား ထင်ရှားသည့် ပရမေမြတ်အရှင်ပါ . . .*
*(ထောင့်သုံးရာတစ်ခု ဒုတိယဝါပါ လဆန်းငါးရက်မှာ*
*ကြက်မင်းဂြိုဟ်နေ့ ချမ်းမြေ့သာယာ ပန္နက်ခန်းဖွင့်ခဲ့မဟာ)၊*
*ယခုအခါ အပြီးပါ ရှစရာမငြီးတာ ခံရီးဖြတ်ကျော်လာ စိန်ရတု ဤချိန်ခါ . . .။*

မောင်မောင်ချစ်ဦး (မုံရွာ)

**ကျမ်းကိုး -**

သမ္ဗုဒ္ဓေဘုရားစိန်ရတုမင်္ဂလာသီချင်း
ရေး - သလ္လာပြေအေး၊ သမ္ဗုဒ္ဓေမည်မြတ်စေတီ
စိန်ရတုအထိမ်းအမှတ်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းကံကြီးမားမင်းဧကရာဇ်များနှင့်အစီအရင်အဆောင်ဂါထာများ(၅)

# အနော်ရထာမင်းကြီးနှင့်အဆောင်ဂါထာအကျော်

သဘက္ကဝိဒူဦးမြင့်အောင်



ရှေးအခါက ပုဂံရာမဟုခေါ်တွင်ခဲ့သော ပုဂံပြည်ကြီးတွင် သက္ကရာဇ်သုံးရာ့ခုနစ်ဆယ့်ကိုးခု၊ သရဝဏ်နှစ်၊ ပြာသိုလပြည့်ကျော်ရှစ်ရက်၊ တနင်္လာနေ့တွင် မြန်မာနိုင်ငံတော်ကြီးကို ပထမအကြိမ် စည်ပင်စည်းလုံးအောင် ရွက်ဆောင်တော်မူ၍ အမျိုးဘာသာ သာသနာ ထွန်းကားစေရန် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို ထွန်းကားအောင် ပျိုးထောင်ခဲ့သော ဘုန်းကံကြီးမား မင်းဧကရာဇ်တစ်ပါးဖြစ်သော အနော်ရထာမင်းကြီး နန်းတက်၍ ရာဇဘိသေက ခံတော်မူခဲ့ပါသည်။

**၂ အနော်ရထာမင်းကြီး မင်းအဖြစ်ရောက်တော်မူပုံ**

အနော်ရထာမင်းသည် သက္ကရာဇ် ၃၂၆ ခုတွင် နန်းတက်ခဲ့သော ကွမ်းဆော်ကြောင်းဖြူမင်းကြီး၏ သားတော်ငယ် ဖြစ်ပါသည်။ ကွမ်းဆော်မင်းကြီးသည် မင်းဖြစ်ပြီး မိဖုရားသုံးပါး မြှောက်ခဲ့ရာတွင် ရှေ့မင်းဖြစ်သော တောင်သူကြီးမင်းခေါ် ညောင်ဦးစောရဟန်းမင်းသည် မင်းသမီးညီအစ်မတော်သုံးပါးကို မိဖုရားမြှောက်ရာ အကြီးကို တောင်ပြင်၊ အလတ်ကို အလယ်ပြင်၊ အငယ်ကို မြောက်ပြင်ဟု တွင်၍ တောင်ပြင်မှ ကျည်စိုးကို ပဋိသန္ဓေကိုးလ၊ အလတ်ပြင်တွင် စုက္ကတေးကို ပဋိသန္ဓေ ခြောက်လရှိသောအခါ ညောင်ဦးရဟန်းမင်း အနိစ္စရောက်ခဲ့ပြီး ကွမ်းဆော်မင်းဖြစ်တော်မူရာတွင် ထိုမိဖုရားသုံးပါးကို ဆက်၍မိဖုရားမြှောက်ခဲ့ပါသည်။ ကွမ်းဆော်မင်းကြီးနှင့်မိဖုရားမြောက်ပြင်သည်တွင် အနော်ရထာမင်းစောကို ဖွားမြင်တော်မူခဲ့ပါသည်။

တောင်သူကြီးမင်း၏သန္တေပါသားများဖြစ်သော ကျည်စိုးနှင့် စုက္ကတေးတို့ အရွယ်ရောက်သောလေလျှင် ကျောင်းဆောက်၍ အလှူရေစက်ချသာဓုခေါ်ပါရန် ကွမ်းဆော်မင်းကြီးကို ပန်ကြားကြလေသည်။ မင်းကြီးယုံကြည်၍သွားမိလေသော် မင်းကြီးကိုဖမ်းဆီးခြိမ်းခြောက်ပြီး အတင်းအကျပ်ရဟန်းပြုစေခဲ့ကြပြီးလျှင် မင်းကြီးကား နန်းစည်းစိမ်ကိုငြီးငွေ့၍ ရဟန်းပြုလေပြီဟု သတင်းစကားဖြစ်စေကာ ကျည်စိုးမင်းပြုခဲ့သည်။

သက္ကရာဇ်သုံးရာလေးဆယ့်ရှစ်ခုတွင် နန်းတက်စိုးစံခဲ့သော ကျည်စိုးမင်းသည် ချင်းတွင်းညွန့်အရပ်တွင် မင်းတဲဆောက်၍ ပန်နှိုက်ဆယ်ရွာတိုက်သို့အစဉ်သွားကာ တောကစားရာမှ တစ်ခါတွင် မုဆိုးတစ်ယောက် သမင်ရေသောက်ကိုစောင့်၍ မြားနှင့်ပစ်ရန် ချိန်ရွယ်နေခိုက် မင်းလာရောက်ရာ သမင်ပြေး၍ မုဆိုး လေးနှင့်ပစ်ရာ မင်းကိုထိမှန်၍ ကျည်စိုးမင်း အနိစ္စရောက်ခဲ့ရလေသည်။

ထိုမင်းလွန်၍ ညီတော်စုက္ကတေးမင်းသည် သက္ကရာဇ်သုံးရာငါးဆယ်လေးခုတွင် နန်းတက်ခဲ့သည်။ ထိုအခါတွင် အနော်ရထာမင်းစောသည် နန်းကျဘုရင်ဖခင် ကြောင်းဖြူမင်းကြီးနှင့် မယ်တော်တို့အား လုပ်ကျွေးရင်း ထိုမင်းထံ၌ ခစားနေခဲ့ရသည်။

တစ်နေ့တွင် စုက္ကတေးမင်းက မိမိထံတွင်ခစားနေရသော အနော်ရထာစောအား 'ညီသားနောင်မယ်'ဟု ပြက်ရယ်ခေါ်လိုက်သည်။ ဤအကြောင်းကို အနော်ရထာစောက ခမည်းတော်ကြောင်းဖြူမင်းအား လျှောက်ထားလေရာ အမောင့်မယ်တော်ကို သိမ်းပိုက်လို၍ဆိုသောစကားဖြစ်သည်ဟုမိန့်ဆိုသည်တွင် အနော်ရထာစောသည် ပြင်းစွာအမျက်ထွက်၍ စုက္ကတေးမင်းကို တိုက်ခိုက်ရန် ခမည်းတော် ကြောင်းဖြူမင်းကြီးက အနော်ရထာစောအား သိကြားနှင်းအပ်ခဲ့သော အရိန္ဒမာလှံ၊ သီလဝံသမား၊ ပတ္တမြားလက်စွပ်၊ ပတ္တမြားဥသျှောင်ကျင်တို့ကို ပေးအပ်၍ -

"ငါ့မြင်းမူကား ငါနန်းကျသောအခါတည်းကလွတ်၍နေခဲ့သည်။ ငါဝတ်ခဲ့သည့်လက်စွပ်ကို မြင်းမြင်အောင်ပြလျှင် အဖမ်းခံလိမ့်မည်။ သည်မြင်းကိုယူ၍ ပုပ္ပားအရပ်သို့သွားကာ လူသူအင်းအရင်းရအောင်စုဆောင်းလေ။ ထိုအား နှင့်ပြည့်စုံလေမှ ရင်ဆိုင်လေ"



www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ မိန့်မှာတော်မူလိုက်လေသည်။

အနော်ရထာစောသည် ခမည်းတော် မိန့်မှာသည့်အတိုင်း မြင်းကိုလက်စွဲပ်ပြ၍ ခေါ်ဆောင်စီးနင်းပြီးလျှင် ပုပ္ပားအရပ်သို့သွားကာ လူသူနောက်လိုက်နောက်ပါတို့စုဆောင်းကာ အလုံးအရင်းနှင့်ပြည့်စုံပြီးသော် ပုဂံသို့ ချီတက်လာ၍ နောင်တော် စုက္ကတေးမင်းအား ထီးနန်းကို ပေးမည်လော၊ စစ်ပြုတိုက်ခိုက်မည်လောဟုစာချွန်စေရာ စုက္ကတေးမင်းသည် ပြင်းစွာအမျက်ထွက်လျှင် -

"သင်းကဲ့သို့ နို့နံ့မစင်သေးသူက ငါ့ကိုတိုက်မည်ဆိုသည်၊ မျှုးမတ်ဗိုလ်ပါတို့ကြည့်၍သာနေစေ၊ ငါနှင့်မြင်းတစ်စီးချင်းတိုက်မည်"

ဟု မိန့်ဆိုလိုက်လေသည်။

ညီနောင်နှစ်ဦး မျက်နှာချင်းဆိုင်မိသည့်အခါ နော်ရထာစောက -

"နောင်တော်၊ ငါ့ထက်ကြီးသူဖြစ်၍ အရင်ထိုးလေ"

ဟု ရဲရင့်စွာဆိုလိုက်သည်။

နောင်တော်စုက္ကတေးလည်း မချိမခံသာဒေါသခြောင်းခြောင်းထွက်လျက် နော်ရထာစောအား သူ၏လက်စွဲတော်လှံဖြင့် အားသွန်ထိုးစိုက်လိုက်လေရာ နော်ရထာစောသည် လျှင်မြန်ဖျတ်လတ်စွာဖြင့် အရိန္ဒမာလှံပျံဖြင့်ဆီးကာလိုက်ရာ ကိုယ်သို့မထိပါးဘဲ စုက္ကတေး၏လှံသည် လွဲချော်သွားကာ မြင်းကဦးကိုသာထိုးမိခဲ့လေသည်ဖြစ်၍ စုက္ကတေးအံ့သြထိတ်လန့်ခြင်းဖြစ်ကာ တုန်လှုပ်နေစဉ် ညီတော် နော်ရထာစောက -

"နောင်တော့်အလှည့်ပြီး၍ ညီတော့်အလှည့်ရောက်လေပြီ။ ခံနိုင်လျှင်ခံလေတော့"

ဆိုကာ အရိန္ဒမာလှံဖြင့်လျှပ်ပြက်သည့်နှယ်ထိုးလိုက်လေရာ စုက္ကတေး၏ကိုယ်ကို ရှေ့နောက်ထုတ်ချင်းဖောက်၍ မြင်းနှင့်တကွ မြစ်နားရွှေ့ပါသွားကာ အနိစ္စရောက်ခဲ့ရလေ၍ ထိုအရပ်ကို မြင်းကပါဟု ယခုတိုင် ခေါ်တွင်ခဲ့ပါသည်။

### ◻ ခမည်းတော်ကိုကျေးဇူးဆပ်သော အနော်ရထာစော

အနော်ရထာစောသည် နောင်တော်စုက္ကတေးမင်းကို တိုက်ခိုက်အနိုင်ရပြီးသော် ဖခမည်းတော်ထံသွားကာ မင်းပြုပါရန် ရှိသေစွာတောင်းပန်သည်။ ခမည်းတော်ကြောင်းဖြူမင်းကြီးက သားတော်အား နှစ်သက်စွာကြည့်လျက် -

"ငါကား အသက်အရွယ်ကြီးလေပြီ။ သားတော်မောင်သာ မင်းပြုတော့လေ"

ဟုမိန့်တော်မူသဖြင့် အနော်ရထာစော မင်းပြုကာ မင်းသား၊ မိဖုရား၊ မျှုးမတ်၊ ကလန်၊ သံပျင်တို့နှင့် ပြည်သူပြည်သားတို့ကို တရားနှင့်အညီ စိုးအုပ်တော်မူခဲ့ပါသည်။ ခမည်းတော်ကိုလည်း မင်းမြောက်တန်ဆာငါးပါးနှင့်တကွ မင်းတို့၏အဆောင်အရွက်နှင့် သာသနာပိုင်ပြုစေလေသည်။

### ◻ အနော်ရထာမင်းကြီးအိပ်မက်မြင်ခြင်း

အနော်ရထာမင်းသည် နောင်တော် စုက္ကတေးမင်းကို တိုက်ခိုက်သုတ်သင်မိသည်ကို စိတ်မချမ်းမြေ့ဖြစ်ကာ ခြောက်လတိုင် စက်တော်ကောင်းစွာမခေါ်နိုင်ဖြစ်ခဲ့ရသည်။ တစ်ညဉ့်တွင် မင်းကြီးသည် နောင်တော်စုက္ကတေးအားသတ်မိသည့်အကုသိုလ်ကံမှ လျော့ပါးစေလိုသော် ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များကို တည်ဆောက်ခြင်း၊ ရေတွင်း၊ ရေကန်၊ ဆည်မြောင်း စသည်တို့ကို တည်ခြင်း စသော ကောင်းမှုကုသိုလ်တို့ကိုပြု၍ နောင်တော်အား ရည်စူး အမျှပေးဝေရာသည်ဟု အိပ်မက်မြင်မက်တော်မူခဲ့ရာ မင်းကြီးသည် ထိုသို့သော ကုသိုလ်ကောင်းမှုတို့ကို များစွာပြုကာ နောင်တော်အား အမျှဝေခဲ့ပါသည်။

### ◻ အနော်ရထာမင်းနှင့်ဝေသာလီမင်းသမီး

အနော်ရထာမင်းကြီးသည် နန်းမတက်မီ အိမ်မိန့်စံတော်မူစဉ်က မိဖုရားငယ်တစ်ယောက်ရှိခဲ့ရာ သားတော်စောလူးမင်းကို မွေးဖွားခဲ့သည်။ အနော်ရထာမင်းကြီး နန်းတက်ပြီး ထိုက်တန်သောမင်းသမီးကို မိဖုရားမြှောက်ရန်ရှာလေဟု ရာဇတမန်အမတ်ကို လက်ဆောင်ဘဏ္ဍာများနှင့် စေလိုက်သည်။ ထိုအမတ်သည် မဇ္ဈိမတိုင်း ဝေသာလီပြည်မင်း၏ သမီးတော် ပဉ္စကလျာဏီမင်းသမီးကို ဖခင်မင်းကြီး၏သဘောတူမှုဖြင့် ဆောင်ယူလာခဲ့သည်။ လမ်းခရီးတွင် ရာဇတမန်အမတ်သည် အဆင်းအင်္ဂါလွန်စွာတင့်တယ်လှပသော ပဉ္စကလျာဏီမင်းသမီးနှင့်ရောနှောမိခဲ့ကြသည်။ ထိုအကြောင်းကို အနော်ရထာမင်းကြီးသိလေက ကြီးစွာသောဘေးသင့်မည်စိုးရွံ့၍ အမတ်သည် မင်းသမီးနှင့် အတူပါခဲ့သော အခြွေအရံတို့ကို လမ်းခရီးတစ်ထောက် တစ်မြို့တစ်ယောက် အစဉ်အတိုင်းထားခဲ့ပြီးနောက် ညောင်ဦး မည်သော ရခိုင်ပြည်သို့ရောက်လာသည်တွင် အနော်ရထာမင်းကြီးသည် စစ်အင်္ဂါလေးပါးနှင့် ကြိုစေ၍ မင်းသမီးကို အဆက်အသခံပြီးလျှင် ပုဂံနေပြည်တော်သို့ပြန်ခဲ့လေသည်။

နေပြည်တော်ရောက်၍ မင်းသမီးကို ရွှေနန်းတော်သွင်းမည်ပြုရာတွင် ရာဇတမန်အမတ်က ဝေသာလီပြည်မှာ တိုင်းကြီးပြည်ကြီးဖြစ်၍ ဇကရာဇ်၏သမီးတော်အစစ်မှန်ပါက မျှုးမတ်ခြွေရံတို့နှင့် မင်းသမီးကိုဆက်သသင့်ပါသည်။ ယခု ဆက်သသည့် မင်းသမီးမှာ အခြွေအရံမဲ့၍ ဝေသာလီမင်း၏ သမီးတော်အစစ်ဟုတ်ဟန်မတူဆိုကာ မိမိအပြစ်ပေါ်မည်စိုး၍ လှည့်ဖြားလျှောက်တင်သည်ကို မင်းကြီးယုံတော်မူ၍ အမျက်ထွက်ကာ ပဉ္စကလျာဏီမင်းသမီးကို ပရိမ္မအရပ်သို့ ပို့၍ထားခဲ့လေသည်။ မင်းသမီးတွင် အနော်ရထာမင်းကြီးနှင့်သန္ဓေရခဲ့၍ သားတော် ကျန်စစ်သားကို ဖွားတော်မူခဲ့ပါသည်။နောင်တွင် မင်းကြီးသိ၍ သားတော်ကို မိမိထံပါးခစားစေ၍ ကျန်စစ်သား ဟူသောအမည်ကိုပေးတော်မူခဲ့ပါသည်။

### ◻ အနော်ရထာမင်းကြီးနှင့် လှူစွမ်းကောင်းများ

အနော်ရထာမင်းကြီးလက်ထက်တော်တွင် လှူစွမ်းကောင်းများပေါ်ပေါက်ခဲ့သည်။ မြင်းမူအရပ်မှ ထန်းပင်တစ်ထောင်ကို တက်တုံသက်တုံ မရပ်မဆိုင်းလှီးနိုင်စွမ်းရှိသော လှူစွမ်းကောင်း ငထွေရူး၊ ပုပ္ပားအရပ်မှ နွားအရှဉ်းသုံးဆယ်ကို တက်တုံသက်တုံ မရပ်မဆိုင်း ထွန်ရေးမှန်အောင်ထွန်နိုင်သော လှူစွမ်းကောင်း ငလုံးလက်ဖယ်၊ ညောင်ဦးအရပ်မှမြစ်ပြင်ကျယ်ကို တစ်ဖက်တစ်ချက် ကမ်းပါးဆီသို့ မရပ်မဆိုင်း လူးလာခေါက်ပြန်ရေကူးသန်သည့် လှူစွမ်းကောင်းညောင်ဦးဖီး၊ ထိုလှူစွမ်းကောင်းတို့ထက် သာလွန်၍ လက်ရုံးရည်၊ နှလုံးရည်အစွမ်းသတ္တိနှင့် ပြည့်စုံသော သားတော် ကျန်စစ်သားဟူသော လူမက နတ်စစ်သည်တမျှအစွမ်းသတ္တိနှင့် ပြည့်စုံသော လှူစွမ်းကောင်းများပေါ်ထွန်းခဲ့သည့်ပြင် သထုံပြည်မှရောက်လာသော ဗျတ္တနှင့် သားရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းလေး ဟူသော သူရဲကောင်းများ ပေါ်ပေါက်ခစားခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**၂ အနော်ရထာမင်းကြီးနှင့်အရည်းကြီးများ**

ရှေးအခါက ပုဂံပြည်ကို စိုးစံခဲ့သောမင်းတို့သည် သမထီးအရပ်ရှိ အရည်းကြီးရဟန်းသုံးကျိပ်နှင့် တပည့်ခြောက်သောင်းတို့၏အဆုံးအမကို ခံယူ၍ မှားသောအယူ၌တည်ခဲ့ကြသည်။ ထိုအရည်းကြီးရဟန်းတို့သည် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်အတိုင်းမဟုတ်ဘဲ သွေဖည်၍ မိမိတို့အယူဝါဒဖြင့် ကျမ်းဂန်ပြုကာ လူတို့အား လှည့်ပတ်ဖြားယောင်းလေသည်။ အရည်းကြီးတို့ဟောသော တရားကား သူ့အသက်ကိုသတ်မိလျှင် ဤပရိတ်ကိုရွတ်လျှင် ဤ၍ဤမျှလျှုဒါန်းပူဇော်လျှင် ထိုမကောင်းမှုပပျောက်မည်စသည်ဖြင့် မဟုတ်မမှန်တရားနှင့်မလျော်ပြောဟော၍ နက်ပြာရောင်သင်္ကန်းများဝတ်ရုံကာ ဆံပင်လက်လေးသစ်တစ်ဝါးအရှည်ထားကြသည်။ ဗုဒ္ဓဘာသာပျက် ရှင်ယောင်များဖြစ်ကြ၍ နတ်၊ နဂါး၊ အင်းအိုင်၊ မန္တရား၊ ဆေးဝါး၊ အင်္ဂရတ်လိုက်စားကြသည်။

ထို့ထက်ဆိုးယုတ်သည်ကား မင်း၊ မှူးမတ်၊ သူဌေး၊ သူကြွယ်၊ ပြည်သူသားသမီးတို့ ထိမ်းမြားမင်္ဂလာပြုကြရာတွင် ထိုအရည်းတို့ထံ ညဦးဦး၌ ပန်းဦးလွှတ်ရန် သတို့သမီးတို့ ပို့ဆောင်ပြီးခါမှ မိုးသောက်၍ ပြန်လွှတ်လိုက်သည့်အခါမှ ထိမ်းမြားရသည်။ အရည်းကြီးတို့ထံ ပန်းဦးလွှတ်မပို့ဘဲ ထိမ်းမြားက ထုံးစံဖျက်သည်ဟူ၍ ကြီးစွာသော မင်းပြစ်ကို ခံရလေသည်။

ပညာဉာဏ် ဆင်ခြင်တုံတရားကြီးမားသော အနော်ရထာမင်းမြတ်သည် ထိုအရည်းကြီးတို့၏ ဆိုးယုတ်လွဲမှားသော အကျင့်အကြံတို့ကို လွန်စွာမနှစ်မြို့လျက် ရင့်သောပါရမီရှိသောမင်းဖြစ်၍ တရားမှန်ကို တွေ့မြင်ရပါလို၏ဟု မျှော်လင့်ဘောင့်တမိလေသည်။

**၃ အနော်ရထာမင်းကြီးနှင့် ရှင်အရဟံမထေရ်**

ထိုအခါတွင် သုဓမ္မဝတီမည်သော သထုံပြည်မှ ဓမ္မဒဿီမထေရ်မည်သော ရှင်အရဟံသည် ပေါက္ကာရာမခေါ် ပုဂံပြည်သို့ သာသနာပြုရန် ကြွတော်မူလာကာ ပြည်နှင့်မနီးမဝေး တောအုပ်တစ်ခု၌ သီတင်းသုံးနေစဉ် မုဆိုးတစ်ယောက်မြင်၍ ဤသူကား လူမဟုတ်၊ ဘီလူးဖြစ်တန်ရာသည်၊ လူဖြစ်လျှင်လည်း သူရိုင်းပင်ဖြစ်ပေလိမ့်မည်၊ ဤသူကိုခေါ် ဆောင်၍ မင်းကြီးအားဆက်သမည်ဟု ကြံစည်ကာဆောင်လေသော် ရှင်အရဟံမထေရ်သည် ပရိက္ခရာရှစ်ပါးကို ယူဆောင်၍ လိုက်တော်မူလေသည်။

မင်းကြီးအား မုဆိုးက -

"တောအုပ်တစ်ခုတွင် ဤသူရိုင်းကိုတွေ့၍ဆောင်ခဲ့ပါသည်"

ဟု လျှောက်ရာ ရှင်အရဟံ၏ မြတ်သောကြက္ကန္ဒြေကိုမြင်ရသော မင်းကြီးသည် -

"ဤပုဂ္ဂိုလ်ကား သူရိုင်းမဟုတ်၊ မြတ်သောတရားနှင့်ပြည့်စုံသူတည်း"

ဟု နေရောင်ထိသော ကြာမုံနှယ် ရွှင်လန်းသောစိတ်ဖြစ်လျက် မြတ်သောဖြစ်အံ့၊ မြတ်သောနေရာ၌နေလိမ့်မည်။ ယုတ်သောသူဖြစ်အံ့၊ ယုတ်သောနေရာ၌နေလိမ့်မည်ဟုကြံလျက် လျောက်ပတ်သောနေရာ၌နေလေဟုဆိုရာ ရှင်အရဟံမထေရ်မြတ်သည် မင်းကြီး၏ မြတ်သောရာဇပလ္လင်ထက်သို့ ရင့်ကျက်တည်ငြိမ်သောကြက္ကန္ဒြေဖြင့် သီတင်းသုံးနေတော်မူလေသည်။

ထိုအခြင်းအရာကို အနော်ရထာမင်းကြီး မြင်တော်မူ၍ ဤသူကားကြီးမြင့်လှပေသည်၊ မည်သို့သောအမျိုးအနွယ်ဖြစ်သည်ကိုမေးအံ့ဟုကြံ၍ -

"ငါ့ရှင်ကား အဘယ်သူ၏အမျိုးအနွယ်နည်း၊ အဘယ်အရပ်မှလာခဲ့လေသနည်း၊ အဘယ်သူ၏ အဆုံးအမကို ခံယူလေသနည်း"

ဟု မေးတော်မူလိုက်လေသည်။

ထိုအခါ မထေရ်မြတ်က -

"ငါ၏ အမျိုးအနွယ်ကား ဂုဏ်တော်ကိုးပါး၊ ဘုန်းတော်ခြောက်ပါး၊ အစိန္တေယျလေးပါးနှင့် ပြည့်စုံတော်မူသော သမ္မာသမ္ဗုဒ္ဓ၏ အမျိုးအနွယ်တည်း။ ငါသည် သမ္မာသမ္ဗုဒ္ဓ ဘုရားသခင် ဟောကြားတော်မူအပ်သော နူးညံ့သိမ်မွေ့နက်နဲလှသည့် အဆုံးအမတော်ကို ခံယူ ၏"

ဟု မိန့်ဆိုလိုက်လေရာ မင်းကြီးလွန်စွာ နှစ်သက်ကြည်နူးလှစွာဖြင့် -

"ငါ့ရှင်ဆရာ ဘုရားသခင်ဟောကြားအပ်သောတရားတော်ကို တစ်စိတ်တစ်ဒေသမျှဟောကြားတော်မူပါလော့"

ဟု နူးညွတ်စွာ ဆိုလေရာ ရှင်အရဟံမထေရ်မြတ်သည် သိရိဓမ္မာသောကမင်းကြီးအား နိဂြောဓသာမဏေ ဟောကြားတော်မူအပ်သော အပ္ပမာဒ မမေ့မလျော့ မပေါ့မဆ သတိတရားဖြင့် စောင့်ရှောက်နေအပ်သည် အစရှိသော တရားခမ္ဘကို ဟောကြားတော်မူရာ ပညာဉာဏ်ကြီးသော မင်းကြီးသည် တရားတော်၌ သက်ဝင်ယုံကြည်လျက် အရှင်မြတ်အား မိမိကိုယ်ကို နှင်းအပ်လျက် အဆုံးအမကို ခံယူလေသည်။

ရှင်အရဟံမထေရ်မြတ် သီတင်းသုံးတော်မူရန်အတွက်လည်း တောရလောက်သောအရပ်၌ သာယာလှစွာသော ကျောင်းသင်္ခမ်းကိုဆောက်၍လှူတော်မူခဲ့လေသည်။ လွဲမှားဖောက်ပြန်ဆိုးညစ်သော အရည်းကြီးတို့၏အယူကိုလည်းပယ်တော်မူ၍ မိမိမှစ၍ ပြည်သူအပေါင်းတို့အား ကောင်းမြတ်သောသာသနာ၌တည်စေလေရာ အရည်းကြီးတို့သည် လာဘ်လာဘဆုတ်ယုတ်ကြသည်ဖြစ်၍ ရှင်အရဟံမထေရ်မြတ်အားရန်ငြိုးဖွဲ့ကြလေရာ မင်းကြီးသည် အရည်းတို့နှင့် တပည့်တို့အား လူဝတ်လဲစေ၍ အဲမောင်း၊ လှံကိုင်၊ ဆင်ချေးကျုံး၊ မြင်းချေးကျုံးအရာ၌ထားခဲ့လေသည်။

**၄ သထုံပြည်မှ ပိဋကတ်တော်ကိုပင့်ဆောင်ခြင်း**

အခါတစ်ပါး၌ ရှင်အရဟံမထေရ်မြတ်က အနော်ရထာမင်းကြီးအား ပုဂံပြည်တွင် ပရိယတ္တိသာသနာ တည်းဟူသော ပိဋကတ်သုံးပုံမရှိသေးသောကြောင့် သာသနာတော်ဖွံ့ဖြိုးတိုးတက်စေရန် သထုံပြည်၌ရှိသည့် ပိဋကတ်တော်နှင့်တကွ ဓာတ်တော်မွေတော်များကို ပင့်ဆောင်ရန် လက်ဆောင်ပဏ္ဏာနှင့်စေ၍တောင်းခံရန် မိန့်တော်မူလေရာ အနော်ရထာမင်းကြီးသည် လိမ္မာသော အမတ်တစ်ယောက်ကို သာယာချေငံစွာ တောင်းခံစေလိုက်လေသည်။

သထုံဘုရင် မနူဟာသည် ပိဋကတ်တော်တို့သည် အရိုင်းအစိုင်းတို့နှင့် တန်သလောဟု မချေမငံသောစကားဆို၍ ငြင်းပယ်လိုက်လေသည်။

ထိုအခါ အနော်ရထာမင်းကြီးသည် ထိုစကားကို ကြားသိရလေလျှင် လူစွမ်းကောင်းလေးယောက်တို့နှင့်တကွ သူရဲကောင်းစစ်သည်ဗိုလ်ပါတို့နှင့် သထုံပြည်သို့ ကြည်းကြောင်း၊ ရေကြောင်းချီတော်မူခဲ့လေသည်။

ထိုအခါတွင် သထုံဘုရင် မနူဟာမင်းသည် မြို့တံခါးကိုပိတ်၍ ခိုင်လုံအောင်ခံနှင့်လေသည်။ သို့သော် ပုဂံသူရဲကောင်းစစ်သည်တို့၏ ပြင်းထန်ရဲရင့်စွန့်စားတိုက်ခိုက်မှုကိုမခံနိုင်သောကြောင့် ရှုံးနိမ့်ကာ အနော်ရထာမင်းကြီးသည်



www.burmeseclassic.com

www.burmeseclassic.com

...ဘုရင် မနူဟာမင်းနှင့်တကွ သထုံ ...ရှင်မင်းအဆက်ဆက်တို့ ကိုးကွယ်ခဲ့ ...သော ဓာတ်တော်မွေတော်များနှင့် ...သုံးဆယ်သောပိဋကတ်တော်တို့ကို ...ကောင်း၊ မင်းစီးဆင်ဖြူတော်သုံး ...နှစ်စီးတို့ကို လည်းကောင်း၊ သံဃာ တော်အရှင်မြတ်တို့နှင့် ပြည်သူပြည်သား ...မှုပညာသည်များကို ဆောင်ယူ၍ ...ပြည်တော် ပုဂံသို့ ပြန်တော်မူခဲ့လေ သည်။

**□ အနော်ရထာမင်းကြီးနှင့် သထုံနန်းကျဘုရင်မနူဟာ**

အနော်ရထာမင်းကြီးသည် ပုဂံ နေပြည်တော်သို့ရောက်လေလျှင် သထုံ ဘုရင် မနူဟာမင်းကို မြင်းကပါအရပ်၌ အလုပ်အကျွေး အစောင့်အရှောက်နှင့် ထားလေသည်။ နန်းကျဘုရင်မနူဟာမင်း သည် သံဝေဂရလျက် သံသရာဝယ် ကျင်လည်သရွေ့ သူတစ်ပါးနိုင်သည့် ကိုယ်မဖြစ်ရလိုဟု ဆုတောင်းကာ ဘုရားတစ်ဆူ တည်ထားခဲ့လေရာ ယောင်းတော်မူဘုရားကြီးဖြစ်ပြီး မနူဟာ ဘုရားဟု တွင်ပါသည်။ ပုဂံမြို့နှင့် နှစ်မိုင် ခန့်ကွာသည့် မြင်းကပါအရပ်၌ရှိပြီး ထိုဘုရားအနီး၌ပင် မနူဟာမင်းတည် ခဲ့သော နန်းဘုရားတစ်ဆူလည်းရှိခဲ့ပါ သည်။

**□ သထုံကိုအောင်နိုင်ခြင်းနှင့် အကျိုးကျေးဇူးများ**

အနော်ရထာမင်းကြီးသည် သထုံ ပြည်ကို အောင်နိုင်ခဲ့ခြင်းကြောင့်၊ ပိဋ ကတ်တော်အစုံသုံးဆယ်ကို ပင့်ဆောင် ခဲ့သောကြောင့်၊ ပိဋကတ်တော်၏အကျိုး ကျေးဇူးကြောင့် အထက်မြန်မာနိုင်ငံတွင် ရှေးအစဉ်ကာလရှည်စွာလွှမ်းမိုးခဲ့သော ဗုဒ္ဓသာသနာအတုအယောင်ဖြစ်သည့် အရည်းကြီးတို့၏ အယူဝါဒကို ဖယ်ရှား ၍ သန့်ရှင်းစင်ကြယ်သော ဗုဒ္ဓသာသနာ တော် ထွန်းကားလာခဲ့လေသည်။ မဟာ ယာနဂိုဏ်းအယူကို ဟိနယာနဂိုဏ်း အယူဖြင့် လွှမ်းမိုးနိုင်ကာ ထေရဝါဒ သာသနာတော်ထွန်းကားခဲ့ပြီး သထုံမှ ပင့်ဆောင်ခဲ့သော သံဃာတော်မြတ်များ သည် ရှင်အရဟံမထေရ်မြတ်၏သာသ နာပြုမှုကို ကူညီသာသနာပြုနိုင်ခဲ့ကြလေ သည်။

ပိဋကတ်သုံးပုံကို ပိဋကတ်တိုက် ဆောက်လုပ်ပူဇော်၍ သံဃာတော်များ ဆည်းပူး သင်အံ လေ့ကျက်ခဲ့ကြသဖြင့် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာတော်တို့ ယခုထက် တိုင် ရောင်ဝါနေသို့ထွန်းပခဲ့ခြင်းသည် ပုဂံပြည့်ရှင် ဘုန်းကံကြီးမားမင်းဇကရာဇ် တစ်ပါးဖြစ်သော အနော်ရထာမင်းကြီး နှင့် ထေရဝါဒသာသနာတော်ကို ပုဂံ ပြည်၌ အုတ်မြစ်ချ သာသနာပြုတော်မူ ခဲ့သော ရှင်အရဟံမထေရ်မြတ်ကြီး၏ ကျေးဇူးတော်တို့ပင် ဖြစ်ပါသည်။

**□ အနော်ရထာမင်းကြီး ရခိုင်ပြည်နယ်နှင့် တရုတ်ပြည်သို့ချီတက်ခြင်း**

သာသနာပြုမင်းမြတ်အနော်ရထာ သည် ဗုဒ္ဓသာသနာတော် စည်ပင်ထွန်း ကားရေးအတွက် အလွန်စိတ်အားထက် သန်စွာဖြင့် ရခိုင်ပြည်နယ်ရှိ မဟာမုနိ ရုပ်ပွားတော်မြတ်ကို ပုဂံသို့ ပင့်ဆောင် ရန် ဆောင်ရွက်တော်မူခဲ့ရာတွင် ရခိုင် မင်းက သမီးတော် ထီးလှိုင်ဖြူကို ဆက်သ ကာ အထူးထူးသောလက်ဆောင်ပဏ္ဏာ တို့ကို ဆက် သတောင်းပန်လေ၍ ရခိုင် တို့ ကိုးကွယ်ပူဇော်ရန် မဟာမုနိရုပ်ပွား တော်မြတ်ကြီးကို ပင့်ဆောင်တော်မမူ တော့ဘဲ ပြန်ခဲ့လေသည်။

အနော်ရထာမင်းသည် တရုတ် ပြည် (ယူနန် - နန်ချိုပြည်) ၌ မြတ်စွာ ဘုရားသခင်၏ စွယ်တော်မြတ် တည်ရှိ ကိန်းဝပ်တော်မူသည်ကို ကြားသိရ၍ စွယ်တော်မြတ်ကို ပင့်ဆောင်ရန် လူစွမ်း ကောင်းစစ်သည်ရဲမက်တို့နှင့်ချီတော်မူ ခဲ့ရာ ကျန်စစ်သားစသောလူစွမ်းကောင်း လေးယောက်တို့နှင့် ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်း ငယ်တို့လည်း ပါဝင်ခဲ့လေသည်။ တရုတ် ပြည်သို့ရောက်သောအခါ ဥတည်ဘွား မင်းက မြို့တံခါးကိုပိတ်၍ အခိုင်အမာ ခုခံနေလေသည်။ ထိုအခါ ရွှေဖျဉ်းညီ နောင်တို့သည် မင်းကြီးအမိန့်တော်နှင့် မြို့အတွင်းသို့ လျှို့ဝှက်ဝင်ရောက်ကာ ဥတည်ဘွား ရေစက်နှင့်အိပ်နေသည်ကို ရေကို ပြွန်နှင့်စုပ်ပြီးဝင်ရောက်၍ ဥတည် ဘွားကိုယ်ကို ထုံးသုံးတန့်ကားပြီးလျှင် အနော်ရထာမင်းကြီးအား နံနက်အခါ ထွက်၍ မဖူးတွေ့က ထိုထုံးတားရာ အတိုင်းပိုင်းဖြတ်အံ့ဟု နံရံတွင် စာရေး ခဲ့သည် ဆိုလေသည်။ ထို့ပြင် လူစွမ်း ကောင်း ကျန်စစ်သားက ဥတည်ဘွား ကိုးကွယ်သော ကြေးစဉ့်နတ်ရုပ်ကြီးကို ကြိုးနှင့်တုပ်၍ ကြိမ်စကြာနှင့်ရိုက်နှက် ရာ နတ်ကြီးနာကျင်လှသဖြင့် ပြင်းစွာ အော်သည်ဆိုသည်။

ဥတည်ဘွားမင်းလည်း နံနက် မိုးသောက်အိပ်ရာထစဉ် ထုံးသုံးတန့် တားခံထားရသည်နှင့် စာကို တွေ့ရှိရ လေရာ လွန်စွာထိတ်လန့်နေစဉ် နတ် ကြီးအော်သံကြားရလေ၍ မနေဝံ့တော့ ဘဲ ဥတည်ဘွားသည် မှူးမတ်တို့နှင့်ထွက် ကာ အနော်ရထာမင်းကြီးအား ဖူးမြော် ရကာ မင်းနှစ်ပါးတို့ အကြည်အသာ တွေ့ဆုံ၍ အနော်ရထာမင်းကြီးက စွယ်တော်မြတ်ကို ပင့်ဆောင်ပူဇော်လို ကြောင်း မိန့်ကြားလေသည်။

အနော်ရထာမင်းကြီးသည် ဗုဒ္ဓ စွယ်တော်မြတ်ကို ကြီးစွာပူဇော်၍ အဓိ ဋ္ဌာန်ဖင့်ဆောင်သော်လည်း စွယ်တော် မြတ်ကြွတော်မမူသဖြင့် ပင့်ဆောင့်မရ သောကြောင့် သိကြားမင်းပေးဆက် သည်ဆိုသည့် မြဆင်းတုတော်တစ်ဆူကို ပင့်ဆောင်၍ ပြန်တော်မူခဲ့ရလေသည်။

**□ အနော်ရထာမင်းကြီး၏မိဖုရား စောမွန်လှနှင့်ရွှေစာရံစေတီ**

အနော်ရထာမင်းကြီး တရုတ်ပြည် မှအပြန်တွင် ရှမ်းပြည်သို့ရောက်လေရာ မောကိုးပြည်ထောင်ကို အစိုးရသော စော်ဘွားက လွန်စွာအဆင်းအင်္ဂါလှပ သည့် သမီးတော်စောမွန်လှကို မင်းကြီး အား ဆက်သလိုက်လေသည်။ ပုဂံသို့ ရောက်သောအခါတွင် စောမွန်လှကို လွန်စွာချစ်မြတ်နိုး၍ အပါးတော်၌ထား တော်မူခဲ့လေသည်။ ထိုမိဖုရားစောမွန်လှ နားတွင် ပန်ဆင်ထားသည့် နားတောင်း ၌ ဓာတ်တော်ကိန်းဝပ်၍ အရောင်ကွန့် မြူးသည်ကို မလိုသူမိဖုရားမောင်းမတို့ က စောမွန်လှသည် စုန်းမဖြစ်ကြောင်း မင်းကြီးအားလျှောက်ထားကြရာ မင်းကြီး သည် စောမွန်လှနားမှ အရောင်ကွန့်မြူး နေသည်ကို တွေ့မြင်ရကာ သံသယဖြစ် ၍ ရှမ်းပြည်သို့ပြန်စေလိုက်လေသည်။

စောမွန်လှသည် အပြန်လမ်းခရီး တွင် အခြွေအရံအနည်းငယ်နှင့်ညှိုးငယ် စွာပြန်ခဲ့ရာမှ ရှမ်းပြည်သို့မရောက်မီ မန္တလေးအရှေ့တောင်ဘက်သို့အရောက် မိမိနားတောင်းတွင် ပူဇော်ထားသော ဓာတ်တော်တို့ကို ဌာပနာ၍ ငါးတောင် အမြင့်ရှိသော စေတီငယ်တစ်ဆူကို တည်ခဲ့ရာ ဘုရားမုခ်ဝကို အရှေ့မောရှမ်း အရပ်သို့ လှည့်ထားခဲ့သည်။ စောမွန်လှ ဘုရားတည်ကြောင်း အနော်ရထာမင်း ကြားသိရ၍ မင်းချင်းတို့ကို မည်သည့် အရပ်ဘက်သို့ မုခ်ဝကိုမျက်နှာလှည့်ထား ကြောင်းကြည့်စေရာ စောမွန်လှသိရ၍ ညတွင်းချင်းမှာပင် မိမိကုသိုလ်တို့ကို အောက်မေ့လျက် နတ်ကောင်းနတ်မြတ်

www.burmeseclassic.com

တို့ကို တိုင်တည်အဓိဋ္ဌာန်ပြု၍ ရွှေဖျဉ်တဘက်ဖြင့် စေတီကိုပတ်၍လှည့်လေရာ မုခ်ဝသည် အနောက်ဘက် ပုဂံဘက်သို့တည်နေလေတော့သည်။

မင်းချင်းတို့ ထူးဆန်းအံ့ဩဖွယ်ကောင်းသောအဖြစ်ကို အနော်ရထာမင်းကြီးအား ပြန်လည်လျှောက်ထားသည့်အခါ ထိုဘုရားပတ်လည်တွင် မြေတာတစ်ထောင်လှူဒါန်းတော်မူခဲ့ပြီး ရွှေစာရံဘုရားဟု ထင်ရှားခဲ့ပါသည်။

**▫ အနော်ရထာမင်းကြီးကုသိုလ်တော် ရွှေစည်းခုံစေတီတော်**

အနော်ရထာမင်းသည် သာသနာပြုကုသိုလ်တော်များစွာပြုခဲ့ရာ ရှေးဦးစွာ ရွှေစည်းခုံစေတီတော်ကြီးကို သက္ကရာဇ် ၄၂၁ ခုတွင် တည်ထားတော်မူခဲ့ရာတွင် သရေခေတ္တရာရှိ ဒွတ္တဘောင်မင်းကြီး တည်ထားခဲ့သော စေတီတော်မှ မြတ်စွာဘုရားရှင်၏နဖူးသင်းကျစ်တော်ဓာတ်တို့ကို ပင့်ဆောင်ပြီး ရွှေစည်းခုံစေတီတော်တွင် ဌာပနာပူဇော်ခဲ့လေသည်။ စေတီတော်ငယ် တည်ထားပြီးနောက် အပြင်မှငုံကာ ပစ္စယံသုံးဆင့်တည်ထားပြီး သီဟိုဠ်(သီရိလင်္ကာ)မှ စွယ်တော်ပွားကို ပင့်ဆောင် ဌာပနာခဲ့ပြီး စေတီတော်လက်စမသတ်သည်ကို သားတော်ကျန်စစ်သား တည်ထားပြီးစီးခဲ့ပါသည်။

**▫ အနော်ရထာမင်းကြီး ဥဿာပဲခူးသို့ စစ်ကူလွှတ်ခြင်း**

တစ်ရံရောအခါတွင် ဇင်းမယ်ဘက်ဆီမှ ဂွ္မန်းစစ်သည်တို့သည် ဥဿာပဲခူးကို လာရောက် ကျူးကျော်တိုက်ခိုက်ရာ အနော်ရထာမင်းကြီးထံ ဥဿာပဲခူးမင်းက စစ်ကူတောင်းခံရာ မင်းကြီးသည် ကျန်စစ်သား အမှူးရှိသော လူစွမ်းကောင်းလေးယောက်တို့နှင့် အလုပ်အကျွေး နောက်လိုက် ရှစ်ကျိပ်တို့ကို စေလွှတ်လိုက်သည်။

ရန်သူတို့ကို အောင်နိုင်၍ ဥဿာမင်းက လွန်စွာ ကျေးဇူးတင်ဝမ်းမြောက်လှစွာဖြင့် ဓာတ်တော်များကို လည်းကောင်း၊ မိမိ၏ ရူပဗြိုးစဖွယ် တင့်တယ်လှပသော သမီးတော် မဏိစန္ဒာကို ရွှေခြင်္သေ့ရုပ်ကိုယ်လေးချိန်နှင့် ဆက်သလိုက်လေရာ မင်းကြီးသည် ဥဿာမင်းသမီးတော်အား ခင်ဦး ဟူသော အမည်ဖြင့် ဦးဆောက်ပန်းမိဖုရားအဖြစ်မြှောက်ခဲ့ပါသည်။

**▫ အနော်ရထာမင်းကြီး တိုင်းခန်းလှည့်လည်ခြင်းနှင့် နိုင်ငံတော်ပြုစုပျိုးထောင်ခြင်း**

ဘုန်းကံကြီးမားလှသော အနော်ရထာမင်းကြီးသည် တိုင်းခန်းလှည့်လည်ကြည့်ရှုတော်မူခဲ့ရာ အိန္ဒိယပြည်ဘက် ဘင်္ဂလားသို့ရောက်ခဲ့ပြီး နောင်ဘုန်းကြီးသော သား၊ မြေး၊ မြစ်တော်တို့ရောက်လာလျှင် တီးမှုတ်ကြစေဟူ၍ ကျောက်သူရုပ်တို့ကို စည်၊ စောင်း၊ ညှင်း စသောအတီးအမှုတ်မျိုးတို့ တီးမှုတ်နေဟန် စီမံထုလုပ်၍ အထိမ်းအမှတ်ပြုကာထားတော်မူခဲ့ပါသည်။

မင်းကြီးသည် မြန်မာပြည်တစ်လွှားတွင် ဘုရား၊ ဂူ၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်တို့ကို အနှံ့တည်ထားတော်မူခဲ့သည့်အပြင် ပုဂံနေပြည်တော်သို့ ပြန်လည်ရောက်တော်မူလျှင် ဗုဒ္ဓမြတ်စွာသာသနာတော်၌ အလွန်သဒ္ဓါယုံကြည်လှ၍ စည်ပင်တိုးတက်စေရန် သထုံပြည်မှ ပင့်ဆောင်ခဲ့သော ပိဋကတ်အစုံသုံးဆယ်ကိုလည်း မွန်အက္ခရာမှ မြန်မာအက္ခရာဖြင့် အသစ်ရေးကူးစေကာ ရဟန္တာအရှင်မြတ်တို့အား အကြိမ်ကြိမ်တည်းမစေလျက် ရတနာပြသာဒ်တွင်ထား၍ အရိယာသံဃာတော်တို့အား ပို့ချသင်ကြားကြရပါသည်။

ထို့ပြင် မြန်မာပြည်အလုံး၌ ဆည်၊ မြောင်း၊ ကန်၊ ချောင်းဖြစ်ကောင်းသည့် နေရာဒေသတို့တွင် ဆည်၊ မြောင်း၊ ကန်၊ ချောင်းတို့ဖြစ်စေကာ သာသနာတော် ငါးထောင်ပတ်လုံး ခပ်သိမ်းကုန်သော သတ္တဝါတို့ အကျိုးစီးပွားဖြစ်စေရန် ပန်းယောင်မြစ်နား၌ ကင်းတားတစ်ဆည်၊ ငနိုင်သေဉ်တစ်ဆည်၊ ပြောင်းပြာတစ်ဆည်၊ ဂူမင်းတစ်ဆည် သည်လေးဆည်ကိုဆည်တော်မူခဲ့ပါသည်။ မက္ခရာမြစ်မှာ နွားတက်တစ်ဆည်၊ ကွမ်းဆေးတစ်ဆည်၊ ဂူတော်တစ်ဆည်နှင့် မင်းပယ်ရှစ်သိန်းတို့ပြုတော်မူခဲ့ပါသည်။

အနုရုဒ္ဓဒေဝဘွဲ့ခံ အနော်ရထာမင်းကြီးသည် နန်းတက်တော်မူပြီး တစ်ဆယ့်ခြောက်နှစ်မြောက်တွင် ကမ္ဘောဇတိုင်းနှင့် မြန်မာပြည် တမ္ပဒီပတိုင်း အကြား မြို့များတည်ထားခဲ့လေရာ ကောင်းစင်၊ ကောင်းတုံ၊ ငရုန်း၊ ငရင်း၊ ရွှေဂူ၊ ယင်းခဲ၊ မိုးတား၊ ကထာ၊ ထီးကျိုင်း၊ မြတောင်၊ တကောင်း၊ ဟင်းမဟော်၊ ကြံညှပ်၊ စမှာယ်နဂို၊ ငစဉ့်ကူး၊ ကုန်းသာယာ၊ မကွေးတရာအောင်၊ အုတ်၊ ရေနံ့သာ၊ နဂါးမောက်၊ ယင်းမာတဲ၊ စုန်းမြို့၊ တုံပုံ၊ မတ္တရာ၊ သက်ကယ်ကျင်း၊ ဝါးရင်းတုတ်၊ တောင်ပြုံးကြီး၊ မြို့တင်၊ လဖေား၊ ရှဥ့်မတက်၊ မက္ခရာ၊ တအုံ၊ မြင်းစိုင်း၊ မြစ်သား၊ ဟိုင်းတက်၊ သာဂရ၊ ညောင်ရမ်း၊ ရွှေမြို့၊ ပက်ပါ၊ မြို့လှ၊ ကဲလင်း၊ ဆွာ၊ ဗာရာဏသီ ဟူသော မြို့ပေါင်းလေးဆယ့်သုံးမြို့ကို တစ်ပြိုင်နက်တည်တော်မူခဲ့ပါသည်။

ထို့ပြင် နယ်တွင်းဝင် ရွာပေါင်းနှစ်ဆယ်နှင့် မြေတိုင်နှစ်ကျိပ်လည်းထားတော်မူခဲ့ပြီး လယ်ထွန်တစ်ဆယ့်တစ်ရွာတို့ကိုလည်း တည်တော်မူခဲ့ရာ ပင်လယ်၊ မြစ်မနား၊ မြစ်သား၊ မြင်းခုံတိုင်၊ ယမုံး၊ ပန်း၊ မက္ခရာ၊ တပြက်သား၊ သင်းတောင်း၊ တမုတ်ဆိုး၊ ခံလူး စသောရွာတို့ကိုလည်း တည်ထားတော်မူခဲ့ပါသည်။

ဤသို့ ဘုန်းကံကြီးမား လက်ရုံးအာဏာနှင့်ပြည့်စုံတော်မူသော အနော်ရထာမင်းကြီးလက်ထက် နိုင်ငံတော်အပိုင်းအခြားမှာ အနောက်သို့လားကားပဋိက္ကရားကုလားပြည်လျှင် တခြားတည်း။ အနောက်မြောက်ထောင့်သို့အလားကား ကထူးငနားကြီး ရေတွင်မီးလျှင်အခြားတည်း။ မြောက်သို့လားသော် ဂန္ဓာလရာဇ်လည်းမည် တရုတ်ပြည်လျှင်အခြားတည်း။ အရှေ့မြောက်သို့အလားကား ကဝန္တိမည် ပန်းသေးပြည်လျှင် အခြားတည်း။ အရှေ့အလားကား စတိဿမည်ပင်ကာပြည်လျှင် အခြားတည်း၊ အရှေ့တောင်ထောင့်သို့ အလားကား အယောစလည်းမည် ဂွ္မန်းတို့ပြည်လျှင်အခြားတည်း။

ဤသို့ အမျိုးဘာသာသာသနာ အကျိုး စွမ်းစွမ်းတမံရွက်ဆောင်ခဲ့သော အနော်ရထာမင်းကြီးသည် မင်းစည်းစိမ်သုံးဆယ့်သုံးနှစ်ပတ်လုံး သာသနာတော်၏ အကျိုးစီးပွား၊ ပြည်သူတကာတို့၏ အကျိုးစီးပွားကို ရွက်ဆောင်တော်မူခဲ့ပြီး အိမ်နိမ့်စံ သုံးဆယ့်သုံးနှစ်၊ မင်းစည်းစိမ်လေးဆယ့်နှစ်နှစ်၊ သက်တော် ခုနှစ်ဆယ့်ငါးနှစ်တွင် နတ်ရွာစံတော်မူခဲ့ပါသည်။

ဤကား ရာဇဝင်တွင်စာတင်ခဲ့သော ပထမမြန်မာနိုင်ငံတော်ကြီးကို စည်းရုံး တည်ထောင်တော်မူခဲ့သော အနော်ရထာမင်းကြီးအကြောင်း ဖြစ်ပါသည်။

ဤသို့သော ဘုန်းကံကြီးမားမင်းဧကရာဇ်တစ်ပါးဖြစ်သည့် အနော်ရထာမင်းကြီး ရွတ်ပွားသရဇ္ဈာယ်ခဲ့သော အစွမ်းထက်မြက်သည့် ဂါထာတော်တို့ကို ဖော်ထုတ် တင်ပြလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### ◻ အနော်ရထာမင်းစော အဆောင်ဂါထာကျော်

ဗုဒ္ဓေါ အနန္တောဒိဂုဏော၊
သဗ္ဗညုတညာဏလောကုတ္တမော၊
ဝရမေနာထောဘဂဝါ၊
ဥတ္တမံစတုသစ္စာနံ၊
အနန္တဒိဂုဏာသမ္ဗန္ဓံ၊
ဗုဒ္ဓံသစ္စာမိသဗ္ဗဒါ။ ။

ဤဂါထာတော်သည်ကား အနော်ရထာမင်းကြီး ရွတ်ပွားသရဇ္ဈာယ်တော်မူလေ့ရှိသည့် အဆောင်ဂါထာကျော်ဖြစ်ကြောင်း လောကီအင်္ဂုတ္တိုရ်မန္တန်ကျမ်း၌ လာရှိပါသည်။

ထို့ပြင် မင်းကြီး၏ အဆောင်အန္တ ရာယ်ကင်းဂါထာတော်နှင့် အကျိုးတရားကို့ကို ဖော်ထုတ် တင်ပြလိုက်ပါသည်။

### ◻ အန္တရာယ်ကင်းအဆောင်လက်ဖွဲ့စီရင်နည်း

◻ အဌမဂ္ဂဂ်ါနိက္ကတိပိဋကတ္တယံ၊
သုညာနံနိဗ္ဗာနံဘဝတိ။ ။

၎င်းအက္ခရာကို ရွှေပြား၊ ငွေပြား၊ ကြေးပြား စသည်၌ ရေးသား၍ လက်ဖွဲ့အဆောင်ပြု။ ဗုဒ္ဓကာအရင်းတည်၊ ဓမ္မအလယ်ထား၊ သံဃာနောက်ဆုံးထား၍ ရှိသေစွာဆောင်။ အကျိုးကား မင်းအိမ်တက်သော် ရှေ့ကထား၊ ဆင်းသော် နောက်၌ထား၊ သစ်ပင်အောက်ဝင်သော် နတ်ပြေး၏။ ဘုန်းကျက်သရေတိုးတက်၏။ အသက်ရှည်၏။ စည်းစိမ်တည်၏။ သူတစ်ထူးပယောဂမကြံနိုင်။ဘုန်းတန်ခိုးအာဏာကြီး၏။ ကြံတိုင်းအောင်၏။ သွားလေရာ ဘေးအပေါင်းကင်း၏။ လက်နက်အန္တရာယ်တို့ မထိပါးနိုင်။ သူတစ်ထူးတို့ချစ်ခင်၏။ အနော်ရထာမင်းစောဆောင်သောဂါထာတော်အကျိုးကြီး၏ဟု လောကီအင်္ဂုတ္တိုရ်မန္တန်ကျမ်း၌ လာရှိပါသည်။

### ◻ အနော်ရထာမင်းကြီး၏ကုသိုလ်တော် လောကနန္ဒာဘုရားလှိုဏ်အတွင်း ရှင်အရဟံမထေရ်မြတ်ရေးထားသည့် ဂါထာတော်

ဘဝသံသာသစ္စေဗုဒ္ဓေါ၊
တိဏ္ဏောလောကန္တပါရဂူ၊
ဇတေန သစ္စ ဝစ္စေန၊
ဟောတုမေဇယျမင်္ဂလံ။ ။

**မြန်မာပြန်**။ ။ လောက၏ အဆုံးဖြစ်သော တစ်ဖက်ကမ်းသို့ရောက်တော်မူပြီးသော မြတ်စွာဘုရားသည် သံသရာ၌ ဖြစ်ပေါ်သော အမှန်တရားတို့ကိုသိတော်မူပြီးသည်ဖြစ်၍ ကူးမြောက်တော်မူလေပြီ။ ဤမှန်ကန်သော သစ္စာစကားကြောင့် ကျွန်ုပ်အား အောင်ခြင်းမင်္ဂလာအဖြာဖြာသည် စင်စစ်မသွေဖြစ်ပါစေသတည်း။

(အခါခပ်သိမ်းရွတ်။ ရန်အပေါင်းအောင်နိုင်၏။)

ယောဒေတိဒေဝဒေဝေါဂ္ဂံ၊
မဂ္ဂဓမ္မမမလံဒဒေါ၊
နမာမိတံအရဟံမဂ္ဂံ၊
နောသောပါလေတုပါတုယဟော။

**မြန်မာပြန်**။ ။ အညစ်အကြေးကင်းသောမင်္ဂလာတရားကိုပေးတော်မူတတ်သော၊ နတ်တကာတို့ထက်နတ်ဖြစ်တော်မူတတ်ထသော မြတ်စွာဘုရားသည် အမြတ်ဆုံးမင်္ဂလာကိုပေးတတ်၏။ ထိုအရဟတ္တမဂ်ကို ကျွန်ုပ်သည် ရှိခိုးပါ၏။ စောင့်ရှောက်ခြင်းငှာထိုက်ကုန်သော ကျွန်ုပ်တို့အား ထိုမြတ်စွာဘုရားသည် စောင့်ရှောက်တော်မူပါစေသတည်း။

(အခါခပ်သိမ်းရွတ်။မိုးကြိုးလောင်မီးမှုစ၍ ခပ်သိမ်းသေ ၁လက်နက်အပေါင်းကို အောင်နိုင်သည်။)

အနော်ရထာမင်းကြီးသည် ဤအဆောင်ဂါထာတော်တို့အပြင် စိန္တာမဏိအထဲအဖုံးဂါထာတော်ကိုလည်း ဝင်ထွက်သွားလာတော်မူတိုင်း ဝေါတော်၊ ဆင်တော်၊ ပေါင်းတော်၊ လှေခင်ဒရင်တို့တွင် ဆေးပေါင်းစုံစွာ ဟသ်ပဒါးနှင့် ပိတ်သားပုဆိုးဖြူတွင် ဂဏန်းဖြင့်အင်းချ၍ မျက်နှာကြက်သည် သကြံန်ခေါ်တော်မူလျှင်လည်း တလျှော်ရမည်ကို (၈) ကြိမ် သဂ္ဈာယ်၍ ခေါင်းကိုလျှော်တော်မူသည်။ နံနက်၊ညလည်း သရဇ္ဈာယ်တော်မူကြောင်း ထိုလောကီအင်္ဂုတ္တိုရ်မန္တန်ကျမ်း၌လာရှိပါသည်။

### ◻ အနော်ရထာမင်းကြီးအား ရှင်အရဟံမထေရ်မြတ် ချီးမြှင့်သောဂါထာတော်

အနန္တဂုဏာသမ္ပန္နံ၊
နဝဂုဏေဟိဥက္ကဋ္ဌံ၊
သဗ္ဗညုဗုဒ္ဓ၊စေတီယံ၊
အဟံနမာမိသဗ္ဗဒါ။ ။

**ပါဠိအနက်မြန်မာပြန်** - **အနန္တဂုဏာသမ္ပန္နံ** - အဆုံးမရှိသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော၊ **နဝဂုဏေဟိ** - အရဟံ အစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ **ဥက္ကဋ္ဌံ** - ထူးမြတ်သော၊ **သဗ္ဗညုဉာဏ်ချမ်း**တရားအပေါင်းဖြင့် ပြည့်စုံတော်မူသော၊ **ဗုဒ္ဓ** - သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား၍သိတော်မူသော မြတ်စွာဘုရားသခင်၏၊ **စေတီယံ၊ ဓာတုပရိဘောဂဥဒ္ဒိဿဓမ္မ** ဟုဆိုအပ်သော စေတီတော်တို့ကို၊ **အဟံ** - အကျွန်ုပ်သည်၊ **သဗ္ဗဒါ** - အခါခပ်သိမ်း၊ **နမာမိ** - ရှိခိုးပါ၏။

ဤဂါထာတော်ကို ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးကား ရှင်အရဟံမထေရ်မြတ်ကြီးမှ ချီးမြှင့်အပ်သော ဂါထာတော်ဖြစ်ပါသည်။ နေ့၊ ညမပြတ် ရွတ်ပွားသရဇ္ဈာယ်ပူဇော်က ဘေးဥပဒ်ရန်ဆူးရန်ငြောင့်အနှောင့်အယှက်ကင်းပ၍ ချမ်းသာသုခစည်းစိမ်ဥစ္စာတိုးတက်ရာ၏ဟူ၍ လောကီသုတလင်္ကာရကျမ်း၌လာရှိပါသည်။

စာရှုသူအပေါင်း ဘုန်းကံကြီးမားမင်းဧကရာဇ်တစ်ပါးဖြစ်သော ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး ရွတ်ပွားသရဇ္ဈာယ်သော အဆောင်ဂါထာတော်တို့ကို ယုံကြည်အားထား ရွတ်ပွားသရဇ္ဈာယ်ခြင်းဖြင့် ဘေးရန်ကင်းပကောင်းကျိုးရလျက် ဘုန်းကံကြီးမားအောင်မြင် ကြီးပွားနိုင်ကြပါစေ။

*သဒ္ဓိသံပါကံဇနေတိ*

သစ္စာဝါဒီ-ဦးမြင့်အောင်

**ကျမ်းကိုး** -

၁။ မှန်နန်းရာဇဝင်တော်ကြီး စတုတ္ထတွဲ
၂။ ဦးကုလားမဟာရာဇဝင်ကြီး ပဌမအုပ်
၃။ ခေတ်မီမြန်မာရာဇဝင်အကျဉ်း (အမျိုးသားပညာဝန်ဦးဖိုးကျား)
၄။ ကျောင်းသုံးမြန်မာရာဇဝင်သစ် (ဦးအုန်းမောင်၊ ပန်းတနော်မြို့)
၅။ လောကီအင်္ဂုတ္တိုရ်မန္တန်ကျမ်း ဦးနိကြောအေသျှင်ပြုပြင်စီမံသည်
၆။ တို့မြန်မာဝတ်ရွတ်စဉ် (ဆရာကြီးသခင်ကိုယ်တော်မှိုင်း)
၇။ ဘုရားရှိခိုးအမျိုးမျိုးနှင့် အန္တရာယ်ကင်း လာဘ်ပွင့်ဂါထာတော်များ (သုသုက)




www.burmeseclassic.com

www.burmeseclassic.com

ဤစာရေးသူသည် မဟာဗောဓိပင်နှင့် သတ္တဌာနစေတီတော်များ၏ တည်နေရာနှင့် အကွာအဝေးများကို လေ့လာဆည်းပူးလျက်ရှိရာ မိမိလေ့လာဆည်းပူးခဲ့သည့် စာပေကျမ်းဂန်များတွင် တွေ့ရသည့် မဟာဗောဓိပင်နှင့်သတ္တဌာနစေတီများ၏ အကွာအဝေး ဖော်ပြချက်များသည် တစ်ကျမ်းနှင့်တစ်ကျမ်း တူညီမှုမရှိဘဲ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဖြစ်နေသည်ကို တွေ့ရှိရပါသည်။ ပုံ(၁)၌ ဖော်ပြရန် နေရာမရှိသဖြင့် အစက်အမှတ်အသားသင်္ကေတဖြင့် ပြသထားပါသည်။

ဒုတိယလေ့လာမိသည်ကား စိတ္တသုခမ္မာရုံဝတ်ရွတ်စဉ်ကျမ်းဖြစ်ပါသည်။ ဤကျမ်းမှာ လွန်ခဲ့သည့်နှစ်(၁၀၀)ကျော်ခန့်ကရှိနေသည့်ကျမ်းဖြစ်ပါသည်။ ဤဝတ်ရွတ်စဉ်၌ မဟာဗောဓိပင်နှင့် သတ္တဌာနတို့၏ တည်နေရာ၊ အကွာအဝေးများကို အောက်ပါပုံ(၂)အတိုင်း တွေ့ရှိရပါသည်။ ထိုတွေ့ရှိချက်ကိုလည်း ဤမဂ္ဂဇင်း ၂၀၁၃ ခု၊ အောက်တိုဘာလထုတ်၌ တင်ပြခဲ့ပြီး ဖြစ်ပါသည်။




ပုံ(၂)

ဉာဏ်မြင့်


# မဟာဗောဓိပင်နှင့်သတ္တဌာနစေတီတော်များ၏ တည်နေရာအကွာအဝေးများ

ရှေးဦးစွာ လေ့လာ ဆည်းပူးမိသည့်ကျမ်းကား မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မှန်တန်းရပ်ကွက်ရှိ ဘကြီးတော် (စစ်ကိုင်း) မင်း၏ 'မဟာဝိဇယရံသီပုထိုးတော်ကြီးဘုရား' သမိုင်းဖြစ်ပါသည်။ ထိုဘုရားသမိုင်း၌ ဌာပနာပုံစာတမ်းတွင် သတ္တဌာနစေတီတော်များ၏ တည်နေရာနှင့် အကွာအဝေးများကို အောက်ဖော်ပြပါ ပုံ(၁)အတိုင်း လေ့လာ ဆည်းပူးမိပါသည်။ ထိုတွေ့ရှိချက်ကို သုရဿတီမဂ္ဂဇင်း၊ အတွဲ (၁၃)၊ အမှတ် (၁၀)၊ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလထုတ်တွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။




ပုံ (၁)

ဤပုံ(၁)၌ စင်္ကြံမသတ္တဌာနအရှေ့၊ အနောက်အလျား မည်မျှရှိကြောင်း မတွေ့ရ။ ရတနာဃရသတ္တဌာန၏ အကွာအဝေးလည်း မည်မျှရှိကြောင်း မတွေ့ရ။ မဟာဗောဓိပင်နှင့် ပလ္လင်တော်ကား (၄)တောင်ကွာဝေးကြောင်းတွေ့ရှိ



စာရေးသူတို့အဖွဲ့ ဥပ္ပါတသန္တိစေတီတော်သို့ ရောက်ရှိစဉ်




www.burmeseclassic.com

www.burmeseclassic.com

ဤပုံ(၂)၌ ပါရှိသော အဇပါလ ညောင်ပင်အကွာအဝေးမှာ ပုံ (၁) ၌ပါသော အဇပါလညောင်ပင်အကွာအဝေး (၃၂) လံနှင့် တူညီလျက်ရှိသည်ကို သတိပြုမိပါသည်။ မဟာဗောဓိပင်နှင့် ပလ္လင်တော်အကွာအဝေး (၄)တောင်ဝေးတာချင်းလည်း တူညီလျက်ရှိသည်ကို တွေ့ရပါသည်။ သို့ရာတွင် ရတနာဃနစေတီတော်၏ အကွာအဝေးကိုကား ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရပါသည်။


တတိယမြောက် လေ့လာမိသည့်ကျမ်းမှာ မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီး၏ 'သမန္တစက္ခုဒီပနီ'ကျမ်း ဖြစ်ပါသည်။ ထိုကျမ်း၌တွေ့ရှိရသည့် တည်နေရာနှင့်အကွာအဝေးများမှာ ပုံ(၃)ပါအတိုင်းဖြစ်ပါသည်။ ထိုတွေ့ရှိချက်ကိုလည်း ဤမဂ္ဂဇင်း ၂၀၁၃ ခု၊ အောက်တိုဘာလထုတ်၌ တင်ပြခဲ့ပြီးဖြစ်ပါသည်။




ပုံ(၃)

ဤပုံ (၃) ၌ အနိမိသဌာနနှင့် မဟာဗောဓိပင် မည်မျှဝေးကြောင်း မတွေ့ရ။ ပလ္လင်နှင့်မည်မျှဝေးကြောင်း မတွေ့ရပါ။ ထို့အတူပင် စင်္ကြမသတ္တဌာနနှင့် မည်မျှဝေးကြောင်း မတွေ့ရ။ အရှေ့၊ အနောက် အလျား ပေ(၆၀)ရှိကြောင်းကိုသာ တွေ့ရှိရသည်။ ထူးခြားနေသည်ကား အကွာအဝေးများကို ပေဖြင့်ထားသည်ကို သတိပြုမိခြင်း ဖြစ်ပါသည်။

စတုတ္ထမြောက် လေ့လာမိသည်ကား ၂၀၁၄ ခု၊ ဇွန်လထုတ် သုရဿတီ မဂ္ဂဇင်း အတွဲ (၁၄)၊ အမှတ်(၆)၌ပါရှိသည့် ဆရာ ဘဦး-ရွှေတောင် ရေးသားသည့် ပြည်မြို့ ရတနာမာရ်အောင်တောရ ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီး၏'သတ္တဌာနအဓိဋ္ဌာန်ပုတီးစိပ်'ဆောင်းပါး ဖြစ်ပါသည်။ ထိုဆောင်းပါး၌ ဗောဓိပင် နှင့် သတ္တဌာနများ၏ တည်နေရာ အကွာအဝေးများကို အောက်ပါ ပုံ(၄)အတိုင်း တွေ့ရှိရပါသည်။ ဤတွေ့ရှိရချက်ကို ယခု ဤဆောင်းပါးဖြင့်ဆက်လက်တင်ပြမည် ဖြစ်ပါသည်။




ပုံ(၄)

ဤပုံ (၄) ၌ စင်္ကြမသတ္တဌာနနှင့် အနိမိသသတ္တဌာနတို့၏ အကွာအဝေးကို ဖော်ပြထားခြင်းမရှိဘဲ ကျန်သတ္တဌာနတို့၏ အကွာအဝေးများကို အခြားကျမ်းများကဲ့သို့ အလံဖြင့် လည်းကောင်း၊ ပေဖြင့် လည်းကောင်းမဟုတ်ဘဲ အတောင်ဖြင့်ပြသထားသည်ကို တွေ့ရှိရခြင်းဖြစ်




စင်္ကြမသတ္တဌာဟ
အရှေ့-အနောက် အတောင် ၆၀ ကွာပြီး
မဟာဗောဓိပင်နှင့်ကပ်လျက်ရှိပုံ

ပါသည်။


ပဉ္စမမြောက်လေ့လာမိသည့်ကျမ်းမှာ မကာရလောပအကျော် မန်လည်ဆရာတော်ဘုရားကြီး၏ မဟာသုတကာရီမဃဒေဝလင်္ကာသစ်ကျမ်းကြီး ဖြစ်ပါသည်။ ဆရာတော်ကြီးသည် မဟာဗောဓိပင်နှင့် သတ္တဌာနစေတီတော်များ၏ တည်နေရာ အရပ်အကွာအဝေးများကို ဖော်ပြရာ၌ ရတနာဃရသတ္တဌာနစေတီ၏ တည်ရာအရပ်ကို အခြားကျမ်းများကဲ့သို့ ရာဟုထောင့်မပြဘဲ အနောက်အရပ်ကို ပြသထားသည်ကို ထူးခြားစွာတွေ့ရခြင်းဖြစ်ပါသည်။ သတ္တဌာန စေတီတော်များ၏ အကွာအဝေးများကိုလည်း အခြားကျမ်းများနှင့်မတူဘဲ ဆရာတော်ကြီးက (တာ) ဖြင့် ပြသထားသည်ကို တွေ့ရပါသည်။ သို့ဖြစ်၍ မဃဒေဝလင်္ကာသစ်အပိုဒ်ရေ (၅၉၂) ကို စာပေပညာရှင်များ၊ သုတေသီများ လေ့လာနိုင်ရန် လင်္ကာတစ်လုံး အစအဆုံး ကူးယူဖော်ပြလိုက်ပါသည်။

*၅ ဘုရားဖြစ်စ၊ ကဆုန်လ၏၊ ပုဏ္ဏ ရက်ဝါ၊ နေ့ဘာသာလျှင်၊ နှယ်တာ ခေါ်လှည့်၊ ဝါဆိုပြည့်အောင်၊ ရက်ရှည်ခြောက်ဆယ်၊ နှစ်လဝယ်ကား၊ ဘယ်ဘယ်လူနတ်၊ မခြေချွတ်ဘဲ၊ သတ္တရက်လုံး၊ ဆုံးပစေလျက်၊ ပလ္လင်ထက်၌၊ ဖွဲ့ယှက်သပ္ပာယ် စံတင့်တယ်ရှင့်။ နောက်ဝယ်ထိုမှ၊ ဒေဝများစွာ၊ နတ်တကာ၏၊ မိစ္ဆာ ဝိတက်၊ တွေးကြံချက်ကို၊ ပယ်ဖျက် ကင်းစေ၊ သင်္ကာပြေအောင်၊ မီးရေ နှစ်ပုံ၊ ယမိုက်စုံဖြင့်၊ ပြတုံ့ခဲ့ပြီး၊ ပင်ဗောဓိမှ၊ အနိမိသ၊ ဌာန တထောက်၊ တာဆဲ့ခြောက်ဝယ်၊ ရှေ့မြောက်ဒိသာ၊ ရပ်မျက်နှာက၊ ရတနာစိန်ပြင်၊ ရွှေပလ္လင်ကို မြတ်ရှင် ဇိနော်၊ ရည်ကာမျှော်၍၊ မျက်တော် မညိတ်၊ မမှိတ်ရှုကာ၊ ရက်လည် ကြာ၏။ ဆယ်တာကျော်ငြား၊ ထိုအကြားတွင်၊ နတ်များဖန်လာ၊ ရှေ့ဒိသာ၌၊ ရတနာဝင်းလျှံ၊ ရွှေစင်္ကြံထက်၊ ကြွစံပယ်လစ်၊ ခုနစ် ရက်စင်၊ လွန်ပြီးကျင်သော်၊ နောက် ခွင့်ရပ်သာ၊ ဆဲ့သုံးတာဝယ်၊ ရတနာ ဃရ၊ ရွှေအိမ်လှထက်၊ သတ္တရက် ကြာ၊ ဘိဓမ္မာ ကို၊ မြတ်စွာထင်မြင်၊ ဉာဏ်တော်တင်လျက်၊ ကောင်းကင် စကြဝဠာ၊ ဖီလာထက်အောက်၊ ထွင်းဖောက်နှံ့အောင်၊ တပြောင် ပြောင်လျှင်၊ ခြောက်ရောင်တော် လွှတ်၊ စံနေလတ်၏။ တာခတ် ပြုဗ္ဗာ၊ ငါးရာကျတွင်၊ အဇပါလ၊ နိဂြောဓ၌၊ အလှတုမဲ့၊ စံမဟဲ့သား တဆဲ့နှစ်နှစ်၊ ဆဲ့သုံးနှစ်က၊ ပျို့စစ် ရွယ်စင်၊ ယကင်စုလည်း၊ ကြက် တောင်စည်းလျက်၊ မျက်မည်းနု ထွား၊ လျှလျှခါးဖြင့်၊ တသားမမြင်၊ တသားမြင်တိ၊ ရွှေရင်ညှံ့စိ၊ နှစ် သားမိနှင့်၊ ယဉ်အိရုပ်ရည်၊ တည် ကြည်ငြိမ်မြတ်၊ ရွယ်လတ်ရွယ်ကြီး၊ မာရ်ရှုသမီးတို့၊ ခြောက်သီးခြောက် ပုံ၊ လိုတော်ကုံအောင်၊ အာရုံတော် နှိုး၊ နတ်တန်ခိုးဖြင့်၊ ကြိုး၍အားသွန်၊ ကြိမ်ဖန်ဖန်လျှင်၊ သဏ္ဌာန်ရုပ် ပြောင်း၊ ရာစီလောင်းလျက်*


www.burmeseclassic.com



စာရေးသူ၊ ပလ္လင်္ကသတ္တာဟနှင့် ဗောဓိပင်





မဟာဗောဓိပင်နှင့် အနိမိသစေတီတော် (၈၄) လံ ကွာသည်




ဗောဓိပင်နှင့် အဇပါလညောင်ပင် (၃၂ သံကွာကြောင်း ကမ္ပည်းကျောက်စာ)

ဖြားယောင်းလို့လာ၊ ပြုသမျှကို 'ယဿဖိတ်၊ နာဝဇီယတိ' အစရှိ သား၊ ပါဠိဒေသနာ၊ ဂါထာသုံးပိုဒ်၊ မိန့်တော်ရိုက်၍၊ ဖိုလ်မြိုက်သုခ၊ စံချမ်းမြလျက်၊ သတ္တဂုဏ်၊ ရက် ပေါင်းတွက်ဘွဲ့၊ လွန်ပြီးခဲ့ရှင့်။ နှစ်ဆယ့်ရှစ်တာ၊ ရှေ့တောင်မှာ လျှင်၊ မုစလိန္ဒာအိုင်နား၊ နဂါးပူဇော်၊ စံပျော်ခုနစ်၊ တွက်စစ်ရက်ပေါင်း၊ လွန်တုံရှောင်းပြီး၊ ငုဝ်းတောင်ရပ်၊ နီးကပ်မဝေး၊ တာလေးဆယ်ကွာ၊ ရာဇယတန၊ သာလှရိပ်လွန်း၊ မြထီး ဝန်းသို့၊ လင်းလွန်းပင်ရင်း၊ စံခြင်း ငြိမ်သက်၊ ခုနစ်ရက်ဖြင့်၊ လွန်ထွက် တုံမြောက်၊ ထိုပြီးနောက်၌၊ ပြန် ခေါက်လှည့်ကာ၊ အဇပါလယ်၊ ဖြပ္ပွာသဟံ၊ တောင်းခွင့်ခံသည်၊ ထုံးစံရှေးကပေဝေတည်း။ ။

ယခုဖော်ပြခဲ့သည့် မယဒေဝ လင်္ကာသစ်ပိုဒ်ရေ (၅၇၂) ပါအရ မဟာ ဗောဓိပင်နှင့် သတ္တဌာနစေတီတော်တို့ ၏ တည်နေရာနှင့် အကွာအဝေးများမှာ ပုံ (၅) ပါအတိုင်း တွေ့ရပါသည်။




ပုံ(၅)

၎င်းပုံ(၅)၌ သတ္တဌာနစေတီတော်များ၏တည်နေရာနှင့်အကွာအဝေးများကို တာဖြင့်ပြသထားပြီး ရတနာဃရ သတ္တဌာနစေတီတော်မှာ 'နောက်ခွင်ရပ်သာ၊ ဆဲ့သုံးတာဝယ်၊ ရတနာဃရ'ဟူ၍ ဆိုသဖြင့် အနောက်ရပ်၌ တည်ရှိပြီး (၁၃) တာဝေးကြောင်း တွေ့ရပါသည်။ 'နောက်ခွင်ရပ်သာ'မဟုတ်ဘဲ 'နောက်ခွင်မြောက်သာ' ဟူ၍ ဖြစ်ပါလျှင်ကား အနောက်မြောက်အရပ် (ရာဟုထောင့်) ဖြစ်နိုင်စရာရှိပါသည်။ ယခုမူ 'နောက်ခွင် ရပ်သာ'ဖြစ်နေသဖြင့် အခြားကျမ်းများ နှင့်မတူဘဲ ကွဲလွဲနေသည်ကို ထူးခြားစွာ တွေ့ရပါသည်။ ထို့ပြင်လည်း အခြား ကျမ်းများက အကွာအဝေးများကို အလံ၊ ပေ၊ တောင်တို့ဖြင့်ပြသထားပြီး ၎င်းကျမ်း က တာဖြင့်ပြထားသည်မှာလည်း ထူးခြား နေသည်ဟုဆိုရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုတစ်ဖန် နေပြည်တော်ရှိ သတ္တဋ္ဌာနစေတီတော်များကို ကိုယ်တိုင်သွားရောက် ဖူးမြင်ခဲ့ရာ၌ တွေ့ရှိရသည့် မဟာဗောဓိပင်နှင့်သတ္တဋ္ဌာနစေတီတို့၏ တည်နေရာအကွာအဝေးကို ဆက်လက်တင်ပြလိုပါသည်။

နေပြည်တော်ရှိ အဆိုပါ စေတီတော်များသည် မဇ္ဈိမဒေသ ဗုဒ္ဓဂယာ၌ရှိသည့် မဟာဗောဓိပင်နှင့် သတ္တဋ္ဌာနစေတီတော်များ၏ပုံစံအတိုင်းတည်ထားခြင်းဖြစ်၍ တည်နေရာနှင့် အကွာအဝေးများလည်း တူလိမ့်မည်ယူဆပြီး နေပြည်တော်သို့ ဘုရားဖူးခြင်းကိစ္စကို တကူးတကန့် သွားရောက်ခဲ့ခြင်း ဖြစ်သည်။ ဆိုလိုသည်ကား ဗုဒ္ဓဂယာမှာရှိသည့် သတ္တဋ္ဌာနစေတီများနှင့် ပုံစံတူအကွာအဝေးတူတည်ထားလျှင် တိကျသည့် အတိုင်းအထွာများ ရတန်ကောင်းရဲ့ဟူသော စိတ်ကူးဖြင့် နေပြည်တော်သို့ နေ့ချင်းပြန် ဘုရားဖူးသွားရောက်လေ့လာခဲ့ခြင်း ဖြစ်ပါသည်။

သို့ရာတွင် မှန်းချက်နှင့်နှမ်းထွက် မကိုက်ခဲ့ဟု ဆိုချင်၏။ မျှော်မှန်းထားသည့်အတိုင်း မတွေ့ရ၍ဖြစ်ပါသည်။ သို့သော် ကြီးကျယ်ခမ်းနားစွာ အံ့မခန်းတည်ဆောက်ထားသည့် နေပြည်တော်မြို့ကြီးကိုရောက်ဖူးရခြင်းနှင့် ဥပ္ပါတသန္တိစေတီတော်ကြီးကို ဖူးမြော်ကြည်ညိုခွင့်ရခဲ့သည်ကား မိမိအတွက် အမြတ်ထွက်ခဲ့သည်ဟု ဆိုရပါမည်။

ပထမဦးစွာ သတ္တဋ္ဌာနစေတီတော်များတည်ရှိသည့် နေပြည်တော်တပ်ကုန်းမြို့နယ်သို့ သွားရောက်ရသည်။ မဟာဗောဓိစေတီတော်ကြီးကို ဖူးတွေ့ရ၏။ ဗုဒ္ဓဂယာမှာရှိသည့် မဟာဗောဓိစေတီကြီး၏ ပုံစံအတိုင်းပင် ဖူးတွေ့ရပါသည်။ သို့ရာတွင် မဇ္ဈိမဒေသ ဗုဒ္ဓဂယာရှိသည့် မဟာဗောဓိစေတီကြီးလောက်ကား ကြီးသည်မထင်မိ။ စေတီတော်ကြီး၏ လိုဏ်အတွင်း ဝင်ရောက်ဖူးရာ ကန်တော့ခံရုပ်ပွားတော်ကြီးမှာ ဗုဒ္ဓဂယာမှာရှိသည့် ရုပ်ပွားတော်ကြီးကဲ့သို့ပင် ကြည်ညိုဖွယ်ရာ ဖူးတွေ့ခဲ့ရပါသည်။

ထိုမဟာဗောဓိစေတီတော်ကြီးနှင့် ကပ်လျက် အနောက်ဘက်တွင် အပရာဇိတပလ္လင်တော်ကို ဖူးတွေ့ရ၏။ ပလ္လင်တော်၏အနောက်ဘက် (၄) တောင်ခန့်ကွာ၌ မဟာဗောဓိပင်ကြီးကို ဖူးတွေ့ရပါသည်။ ထိုဗောဓိပင်ပျိုစိုက်ပျိုးစဉ်က အပင်၏အမြင့်မှာ (၁)ပေနှင့် (၉)လက်မ၊ ကိုင်းအရေအတွက်က (၂)ကိုင်း၊ အရွက် (၂၉)ရွက်၊ အညွန့် (၂) ညွန့်ဖြစ်ကြောင်း ကမ္ပည်းထိုးမှတ်တမ်းတင်ထားသည်ကို တွေ့ရ၏။ ယခုအခါ၌ကား မဟာဗောဓိပင်အမြင့်မှာ (၁၅) ပေခန့်ရှိနေသည်ကို တွေ့ရပါသည်။ (ဓာတ်ပုံတင်ပြထားပါသည်။)


ထိုမှတစ်ဖန် မဟာဗောဓိပင်၏ အရှေ့မြောက်ထောင့်အရပ် တနင်္ဂနွေထောင့်ရှိ အနိမိသစေတီတော်ရှိရာသို့ သွားရောက် ဖူးမြော်ကြသည်။ မဟာဗောဓိပင်နှင့် (၈၄) လံ ကွာဝေးကြောင်း ကမ္ပည်းရေးထိုးမှတ်တမ်းတင်ထားခဲ့၏။ (၈၄) လံသည် အတောင်အားဖြင့် (၈၄× ၄လံ) = (၃၃၆) တောင်ဖြစ်ပါသည်။ မိမိတို့အထင်ဖြင့် ထိုမျှဝေးသည်မထင်မိ။ (ဓာတ်ပုံတင်ပြထားပါသည်။)

တစ်ဖန် အနိမိသစေတီတော်မှ အနောက်အရပ်ရှိ နတ်တို့ဖန်ဆင်းသော ရတနာဃရစေတီတော်တို့အကြား အရှေ့၊ အနောက် အတောင် (၆၀) ရှည်လျားသည့် ရတနာစင်္ကြံမစေတီကို ဖူးတွေ့ရပါသည်။ သို့ရာတွင် မဟာဗောဓိပင်နှင့် မည်မျှကွာဝေးကြောင်း ကမ္ပည်းကျောက်စာရေးထိုးထားသည်ကို မတွေ့ရ။ မဟာဗောဓိပင်၏ မြောက်ဘက်ကပ်လျက်ရှိသည်ကို ဖူးတွေ့ရပါသည်။

ရတနာစင်္ကြံမသတ္တဋ္ဌာနမှ တစ်ဖန် စတုတ္ထသတ္တဋ္ဌာနရတနာဃရစေတီတော်ရှိရာ ရာဟုထောင့်သို့ သွားရောက်ဖူးမြော်ကြရာ မဟာဗောဓိပင်နှင့်မည်မျှကွာဝေးကြောင်းမတွေ့ရ။ထိုစေတီတော်တွင် အဘိဓမ္မာ (၇) ကျမ်းတွင် ပဋ္ဌာန်းဒေသနာတော်ကို ဆင်ခြင်သုံးသပ်တော်မူရာ ရောင်ခြည်တော်များထွက်ပေါ်လာကြောင်းကိုသာ ကမ္ပည်းကျောက်စာရေးထိုးမှတ်တမ်းတင်ထားသည်ကို မှတ်သားခဲ့ရပါသည်။ ထိုမှတစ်ဖန် အဇပါလသတ္တဋ္ဌာနစေတီတော်(ဆိတ်ကျောင်း)ညောင်ပင်ရှိရာ မဟာဗောဓိပင်၏ အရှေ့စူးစူး အရပ်သို့ သွားရောက် ဖူးမြော်ကြသည်။ မဟာဗောဓိပင်နှင့် အဇပါလညောင်ပင်တို့သည် (၂၁) လံ ကွာဝေးကြောင်း မှတ်တမ်းတင်ကမ္ပည်းကျောက်စာကို တွေ့ရပါသည်။ (ဓာတ်ပုံတင်ပြထားပါသည်။)

ထိုမှတစ်ဆင့် မဟာဗောဓိပင်၏ အရှေ့ထောင့်(အင်္ဂါထောင့်)တွင်ရှိသည့် မုစလိန္ဒသတ္တဋ္ဌာနစေတီတော်ကို သွားရောက် ဖူးမြော်ကြ၏။ မဟာဗောဓိပင်နှင့် မည်မျှကွာဝေးကြောင်းရေးထိုးထားသည့် ကျောက်စာမတွေ့ရ။ တွေ့ရသည့် ကျောက်စာတိုင်မှာလည်း နေဒဏ်၊ မိုးဒဏ်၊ သဘာဝဒဏ်တို့ကြောင့် ပျက်စီးနေပြီဖြစ်၍ ဖတ်၍မရတော့ပေ။

ထိုမှတစ်ဖန် မဟာဗောဓိပင်၏ တောင်ဘက်အရပ်၌ရှိ ရာဇာယတန (လင်းလွန်းပင်) စေတီတော်သို့ သွားရောက် ဖူးမြော်ကြပါသည်။ ထိုစေတီတော်၌ လင်းလွန်းပင်စိုက်ပျိုးထားသည်ကို တွေ့ရသည်။သို့ဖြစ်ရာ နေပြည်တော်ရှိ မဟာဗောဓိနှင့် သတ္တဋ္ဌာနစေတီတော်များ၏တည်နေရာအကွာအဝေးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။




ပုံ(၆)

အထက်ပါ ပုံ (၆) ၌ သတ္တဋ္ဌာနစေတီတော်များ၏ တည်နေရာ အကွာအဝေးများကိုတွေ့ရသော်လည်း ရတနာဃရနှင့် မုစလိန္ဒသတ္တဋ္ဌာနစေတီတော်များ၏အကွာအဝေးကို မသိရပေ။ တွေ့ရသည့် အကွာအဝေးများကလည်း လံဖြင့် လည်းကောင်း၊ ပေဖြင့် လည်းကောင်း၊ တောင်ဖြင့်လည်းကောင်း ပြသထားသည်ကို တွေ့ရ၏။ ဤကား နေပြည်တော်တွင် တည်ထားသည့် သတ္တဋ္ဌာနစေတီတို့၏ တည်နေရာနှင့် အကွာအဝေးများဖြစ်ပါသည်။

တစ်ဖန် ကျောက်ဆည်မြို့ မဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တကုသလာဘိဝံသဆရာတော်၏ မဂ္ဂရဝံသ (မဂ္ဂရာသမိုင်း) ကို လေ့လာမိပါသည်။ ထိုသမိုင်းစာအုပ်၌ ဆရာတော်က ဗုဒ္ဓပိဋကတော်၌လာရှိသည့်အတိုင်း ဗုဒ္ဓရှင်တော်မြတ်ပွင့်ထွန်းပေါ်ပေါက်လာပုံကို မဟာဗောဓိပင်အနီး ပလ္လင်ထက်၌ သဗ္ဗညုတရွှေဉာဏ်တော် ရရှိသည်ကစ၍ သတ္တဋ္ဌာန၌ (၄၉) ရက်တိုင် ဝိမုတ္တိရသ (ဖိုလ်ချမ်းသာ) ဖြင့် သီတင်းသုံးစံနေတော်မူခဲ့ပုံကို ရေးသား ဖော်ပြထားသည်ကို ဖတ်ရှုရပါသည်။

ဆရာတော်၏ ဗုဒ္ဓပိဋကတ်စာပေမှာလာရှိသည့်အတိုင်း ရေးသားချက်များသည် ဤစာရေးသူ လိုချင်နေသည့် သတ္တဋ္ဌာနစေတီတော်များ၏ တည်နေရာနှင့် အကွာအဝေးများပင် ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com

## စာပေဟူသမျှ ဖတ်လေမှ
## လောကီကိစ္စအဝဝ ဗဟုသုတရလေကြ


ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

ဝါရမိတ္တုရက်

| လဆန်း၊ လဆုတ်ရက် | ကြုံသောနေ့ | ဝါရမိတ္တု |
|---|---|---|
| လဆန်း၊ လဆုတ် (၆) ရက် | စနေနေ့ | ဝါရမိတ္တု |
| လဆန်း၊ လဆုတ် (၇) ရက် | သောကြာနေ့ | ဝါရမိတ္တု |
| လဆန်း၊ လဆုတ် (၈) ရက် | ကြာသပတေးနေ့ | ဝါရမိတ္တု |
| လဆန်း၊ လဆုတ် (၉) ရက် | ဗုဒ္ဓဟူးနေ့ | ဝါရမိတ္တု |
| လဆန်း၊ လဆုတ် (၁၀) ရက် | အင်္ဂါနေ့ | ဝါရမိတ္တု |
| လဆန်း၊ လဆုတ် (၁၁) ရက် | တနင်္လာနေ့ | ဝါရမိတ္တု |
| လဆန်း၊ လဆုတ် (၁၂) ရက် | တနင်္ဂနွေနေ့ | ဝါရမိတ္တု |

သည်။ ယခုတွေ့ရှိရသည့် ဆရာတော်၏ ရေးသားချက်များသည် ခိုင်လုံသောအထောက်အထားများဖြစ်သည်ဟုယူဆမိပါသည်။ ဤဖော်ပြချက်များထက်တိကျခိုင်လုံသော အခြားအထောက်အထားမျိုးမရမီကြားကာလ၌ ယခုနောက်ဆုံးတွေ့ရသည့် မက္ခရဝံသ (မက္ခရာသမိုင်း)မှာပါရှိသည့် မဟာဗောဓိပင်နှင့် သတ္တဌာနတို့၏ တည်နေရာနှင့် အကွာအဝေးများကို အခိုက်အတန့်အားဖြင့် လက်ခံထားရှိကြပါရန် တင်ပြလိုပါသည်။ မက္ခရဝံသပါ တည်နေရာအကွာအဝေးများမှာ အောက်ပါပုံ(၇)အတိုင်းဖြစ်ပါသည်။

မက္ခရဝံသအရ




ပုံ(၇)

၁။ ပထမပလ္လင်္ကသတ္တဌာနသည် မဟာဗောဓိပင်နှင့် မည်မျှဝေးကြောင်း ဆရာတော် ဖော်ပြထားခြင်း မတွေ့ရပေ။
၂။ အနိမိဿသတ္တဌာနသည် မဟာဗောဓိပင်နှင့် (၁၄) လံ ကွာဝေးကြောင်း ဖော်ပြထားပါသည်။
၃။ စင်္ကမသတ္တဌာနသည် မဟာဗောဓိပင်နှင့် မည်မျှကွာဝေးကြောင်း မတွေ့ရ။ မဟာဗောဓိပင်မြောက်ဘက် အရှေ့၊ အနောက် အတောင် (၆၀) ရှည်လျား ကြောင်း ဖော်ပြပါရှိပါသည်။
၄။ ရတနာဃရသတ္တဌာနသည် ရာဟုထောင့်၌တည်ရှိပြီး မဟာဗောဓိပင်နှင့် အတောင် (၄၀) ဝေးကြောင်း ဖော်ပြပါရှိပါသည်။
၅။ အဇပါလသတ္တဌာနသည် မဟာဗောဓိပင်၏ အရှေ့စူးစူးအရပ်၌ တည်ရှိပြီး မဟာဗောဓိပင်နှင့် (၃၂) လံ ကွာဝေးကြောင်း တွေ့ရပါသည်။
၆။ မုစလိန္ဒသတ္တဌာနသည် မဟာဗောဓိ အရှေ့တောင်ထောင့်၌ တည်ရှိပြီး မဟာဗောဓိပင်နှင့် (၂၉) လံ ကွာဝေးကြောင်း ဖော်ပြပါရှိပါသည်။
၇။ ရာဇာယတနသတ္တဌာနသည် မဟာဗောဓိပင်၏ တောင်အရပ်၌ တည်ရှိပြီး (၄၀) လံ ကွာဝေးကြောင်း ပုံ(၇)ဖြင့် တင်ပြအပ်ပါသည်။

ဉာဏ်မြင့်

ရည်ညွှန်း -


၁။ ၂၀၁၄ ခု၊ ဇွန်လထုတ် သူရဇ္ဇမဂ္ဂဇင်းပါ ဘဦး (ရွှေတောင်) ဆောင်းပါး။
၂။ မန်လည်ဆရာတော်ကြီး၏ မဃဒေဝလင်္ကာသစ်အပိုင်ဒ် (၅၇၂)။
၃။ နေပြည်တော်ရှိ သတ္တဌာနစေတီတော်များကို ကိုယ်တိုင် သွားရောက် လေ့လာခြင်း။
၄။ မက္ခရဝံသမိုင်း၊ ကျောက်ဆည်မြို့ မဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တကုသလာဘိဝံသ။




www.burmeseclassic.com

www.burmeseclassic.com

### ဝါရမိတ္တုကြီးရက်

| လဆန်း၊ လဆုတ်ရက် | ကြုံသောနေ့ | ဝါရမိတ္တုကြီး |
|---|---|---|
| လဆန်း၊ လဆုတ် (၁) ရက် | တနင်္ဂနွေနေ့ | ဝါရမိတ္တုကြီး |
| လဆန်း၊ လဆုတ် (၄) ရက် | တနင်္လာနေ့ | ဝါရမိတ္တုကြီး |
| လဆန်း၊ လဆုတ် (၈) ရက် | အင်္ဂါနေ့ | ဝါရမိတ္တုကြီး |
| လဆန်း၊ လဆုတ် (၉) ရက် | ဗုဒ္ဓဟူးနေ့ | ဝါရမိတ္တုကြီး |
| လဆန်း၊ လဆုတ် (၆) ရက် | ကြာသပတေးနေ့ | ဝါရမိတ္တုကြီး |
| လဆန်း၊ လဆုတ် (၃) ရက် | သောကြာနေ့ | ဝါရမိတ္တုကြီး |
| လဆန်း၊ လဆုတ် (၇) ရက် | စနေနေ့ | ဝါရမိတ္တုကြီး |

နတ်နေအရပ်၊ စက်နေအရပ်များကို ရှောင်၍သွားရသည်။

မရှောင်လျှင် ဥပဒ်အန္တရာယ်ရှိတတ်သည်ဟု လောကီကျမ်းများတွင် အဆိုရှိ၏။

ရှေးလူကြီးသူမများ၏ အတွေ့အကြုံများအရ နှောင်းလူများအတွက် အကျိုးတရားများ ရရှိကြစေရန်နှင့် ဘေးဥပဒ်ကင်းဝေးကြစေရန် ရည်သန်၍ ရေးသားခဲ့ခြင်း ဖြစ်ပေသည်။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

### နဂါးလှည့်ရွေးနည်း

(တတန်က **နောက်**၊ နဝါဝါ **မြောက်**၊ တော်ကျွတ်မုန်း **ရှေ့**၊ နတ်ပြာတွဲ **တောင်**)

| | |
|---|---|
| တပေါင်း၊ တန်ခူး၊ ကဆုန် | အနောက်သို့ လှည့်၏ |
| နယုန်၊ ဝါဆို၊ ဝါခေါင် | မြောက်သို့ လှည့်၏ |
| တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း | အရှေ့သို့ လှည့်၏ |
| နတ်တော်၊ ပြာသို၊ တပို့တွဲ | တောင်သို့လှည့်၏ |

### နဂါးလှည့်အကျယ်ရွေးနည်း

| လအမည် | ဦးခေါင်းလှည့်ရာ | အမြီးရောက်ရာ | ဝမ်းရှိရာ | ကျောရှိရာ | မသွားအပ်သောအရပ် |
|---|---|---|---|---|---|
| တပေါင်း၊ တန်ခူး၊ ကဆုန် | အနောက်အရပ် | အရှေ့အရပ် | တောင် | မြောက် | (မှတ်ရန်) နဂါးခံတွင်းရှိရာ မဝင်ကောင်းပါ။ |
| နယုန်၊ ဝါဆို၊ ဝါခေါင် | မြောက်အရပ် | တောင်အရပ် | အနောက် | အရှေ့ | မမြီးမှခေါင်းသို့ အကြောခွဲလှန်၍ မသွားအပ်။ |
| တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း | အရှေ့အရပ် | အနောက်အရပ် | မြောက် | တောင် | ၎ ကျောကဖောက်၍ လည်းကောင်း၊ ဝမ်းကဖောက်၍ |
| နတ်တော်၊ ပြာသို၊ တပို့တွဲ | တောင်အရပ် | မြောက်အရပ် | အရှေ့ | အနောက် | လည်းကောင်း သွားအပ်၏။ |

### နတ်နေအရပ်ရွေးနည်း

| နေ့များ | နတ်နေအရပ် |
|---|---|
| တနင်္ဂနွေနေ့ | အနောက်တောင် |
| တနင်္လာနေ့ | အရှေ့ |
| အင်္ဂါနေ့ | အနောက်မြောက် |
| ဗုဒ္ဓဟူးနေ့ | မြောက် |
| ကြာသပတေးနေ့ | တောင် |
| သောကြာနေ့ | အနောက် |
| စနေနေ့ | အရှေ့မြောက် |
| ရာဟု (ဗုဒ္ဓဟူးနေ့မွန်းလွဲပိုင်း) | အရှေ့တောင် |

### စက်နေအရပ်ရွေးနည်း

| နေ့များ | စက်နေအရပ် |
|---|---|
| တနင်္ဂနွေ | အရှေ့အရပ် |
| တနင်္လာ | အနောက်တောင် |
| အင်္ဂါ | အရှေ့မြောက် |
| ဗုဒ္ဓဟူး | မြောက်အရပ် |
| ကြာသပတေး | အနောက်မြောက် |
| သောကြာ | အနောက်အရပ် |
| စနေ | တောင်အရပ် |
| ရာဟု (ဗုဒ္ဓဟူးနေ့မွန်းလွဲ) | အရှေ့တောင် |



www.burmeseclassic.com

www.burmeseclassic.com



ညီတော်အာနန္ဒာ၏ပါရမီတော်ခန်းများ

# ဝဏ္ဏာသီရိ

ဥဒ္ဒါလကဟန်ရေးပြသော်

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ်၊ ပကိဏ္ဏကနိပါတ်၊ ဥဒ္ဒါလကဇာတ်တော်၌ ပြဟ္မဒတ်မင်းအဖြစ်ဖြင့် ဘုရားအလောင်း ပညာရှိပုရောဟိတ်၏ ရှင်းလင်းတင်ပြချက်ကြောင့် ဟန်ရေးပြနေသော ရသေ့တစ်ပါးကို အားထား ကိုးကွယ်ရမည့်ဘေးမှ လွတ်မြောက်ခဲ့ဖူးပေသည်။

ထိုဇာတ်တော်၌ ညီတော်အာနန္ဒာ၏ အလောင်းလျာသည် ဗာရာဏသီမြို့တော်၌ ထီးနန်းစိုးစံရသော ပြဟ္မဒတ်ဘွဲ့မည်ခံ မင်းတစ်ပါးဖြစ်ခဲ့၏။ ဘုရားအလောင်းတော်သည်ကား သောတ္ထိယမျိုးနွယ်ဝင် ပြဟ္မဏအမျိုးသားတစ်ဦးဖြစ်၍ ထိုပြဟ္မဒတ်မင်းအား လောက၊ ဓမ္မနှစ်ဌာနစလုံးအတွက် အဆုံးအမစကားပြောကြားပေးရသည့်ပုရောဟိတ်တာဝန်ထမ်းဆောင်ခဲ့ရလေသည်။

တစ်နေ့သောအခါ ပုရောဟိတ်သည် ရွှေနန်းတော်သို့ အခစားသွားရန်တာဝန်မရှိသောရက်ပိုင်းဖြစ်၍ အပန်းဖြေသည့်သဘောဖြင့် မင်း၏ ဥယျာဉ်တော်သို့သွားရောက်၍ ရေတွင်းရေကန်များနှင့်တကွ သစ်ပင်ပန်းမန်တို့ကို လှည့်လည်ကြည့်ရှုနေ၏။ ထိုအချိန်မှာပင် ဗာရာဏသီမြို့တော်မှ လှပတင့်တယ်ရှုချင့်စဖွယ်ရှိနေသော မိန်းမပျိုတစ်ဦးကလည်း ဥယျာဉ်တော်ထဲသို့ ဝင်ရောက်လာ၏။ ဥယျာဉ်တော်ထဲ လူသူလေးပါးကင်းပြတ်သောနေရာ၌ သူတို့နှစ်ဦးသားမျက်နှာချင်းဆိုင်ဆုံမိကြလေရာ မိန်းမပျို၏ အလှအပအာရုံတို့က ပုရောဟိတ်တစ်ကိုယ်လုံးကိုလွှမ်းခြုံလိုက်ကြပါတော့သည်။

မိန်းမပျိုသည်ကား မိမိ၏ အဆင်းရုပ်ဝါ လှပတင့်တယ်ခြင်းကို ငွေအသပြာနှင့်လဲလှယ်၍ အသက်မွေးနေသူ ဖြစ်၏။ ထို့ကြောင့် ပုရောဟိတ်၏ မျက်လုံးအကြည့်ကိုအကဲခတ်လိုက်ရုံနှင့် အတွင်းမှစိတ်သဘောကို အထင်းသား၊ အရှင်းသား သိနိုင်မြင်နိုင်၏။ ထို့ပြင် ရွှေနန်းတော်ကြီးမှ ထိပ်တန်းရာထူးရှင်ကြီးတစ်ယောက်ဖြစ်နေ၍ မိမိဘက်က ငြင်းဆန်စရာမရှိပါ။ ထို့ကြောင့် သူတို့နှစ်ဦးသားတို့သည် ငုပင်တစ်ပင်အောက်၌ အပေးအယူတည့်သွားခဲ့ကြပေသည်။

ထိုကဲ့သို့သော အမျိုးသမီးများသည် မိမိ၏ ရုပ်ရည်လှပတင့်တယ်မှုကို အရင်းပြု၍ အသက်မွေးကြရသဖြင့် သားသမီးတွယ်ကပ်လာမည့်အရေးကို ရှောင်ရှားလေ့ရှိကြ၏။ သားတွဲလွဲသမီးတွဲလွဲဖြစ်နေလျှင် အမောင်ယောကျ်ားတို့ဘက်က စိတ်ဝင်စားမှုနည်းသွားတတ်၏။ ထို့ကြောင့် ကိုယ်ဝန်ရလာမည့်အရေးကို ရှောင်ကွင်းလေ့ရှိကြသော်ငြားလည်း မိမိတို့ကိုယ်တိုင်က ချစ်ခင်နှစ်သက်၍ လက်ခံလာခဲ့သော အမျိုးသားတို့၏ မျိုးဆက်ကိုတော့ လိုလိုလားလားလက်ခံထားလေ့ရှိကြပေသည်။

သို့ဖြင့် ထိုမိန်းမပျိုက ကိုယ်ဝန်ရှိလာကြောင်း အသိပေးလာသောအခါ ပုရောဟိတ်ပညာရှိကလည်း မငြင်းမဆန် လက်ခံ၏။ သို့ရာတွင် တရားဝင်မယားတစ်ယောက်အဖြစ် လက်ခံသိမ်း



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ရန်ကား မဖြစ်နိုင်သဖြင့် မိမိဝတ်ဆင်မြဲ ရတနာလက်စွပ်ကို ချွတ်၍ပေးပြီးလျှင် -

"အို - ရှင်မ၊ အချိန်တန်လို့ သမီးကလေးမွေးလာခဲ့သော် ဒီလက်စွပ်ကို ထုခွဲရောင်းချပြီး သမီးလေးကို ကျွေးမွေးပြုစုပါ။ တကယ်လို့ သားယောကျ်ားလေးမွေးလာရင်တော့ လက်စွပ်နှင့်တကွ ငါ့ဆီပို့လိုက်ပါ"

ဟု မှာကြား၏။

အချိန်တန်သောအခါ ထိုအမျိုးသမီးမှ သားယောကျ်ားလေး ဖွားမြင်လာ၏။ ကလေးအမေသည် ကလေးဖခင်နှင့် နောက်ဆုံးတွေ့ဆုံစဉ်တုန်းက ဖွားမြင်လာမည့် သားကလေးအတွက် အမည်မှည့်ပေးရန်ကိစ္စကို မေးမြန်းပြောဆိုခဲ့၏။ ထုံးတမ်းစဉ်လာအတိုင်းဆိုပါက ဖွားမြင်လာသော သားငယ်လေးအတွက် အမည်ပေးရန်ရှိလာသောအခါ ဖခင်ဖြစ်သူ၏ အမျိုးအနွယ်ကို အမည်ရှေ့ဆုံးကထားပြီးမှ နှစ်သက်ရာအမည်ကို မေးရမည်ဖြစ်၏။ ပုရောဟိတ်မှာ ဤအမျိုးသမီးကို တရားဝင်မယားဟူ၍ မသိမ်းပိုက်နိုင်သဖြင့် သူ၏ သားကလေးကိုလည်း မိမိအမျိုးအနွယ်ကိုပေးဖို့ အခက်ကြုံသွားရ၏။

သို့ဖြစ်၍ -

"အို - ရှင်မ၊ ငါတို့နှစ်ယောက် ဒီငုပင်ကြီးအောက်မှာ မကြာခဏတွေ့ဆုံခဲ့ကြတယ်။ ဒီငုပင်ကြီးအောက်မှာပဲ ဒီသားကလေးကို ရလာခဲ့ကြတယ်။ ဒါကြောင့် ငါတို့သားကလေးကိုလည်း ဥဒ္ဒါလကလို့ပဲ အမည်ပေးကြပါစို့"

ဤသို့ ဖျောင်းဖျပြောဆိုခဲ့၏။

ထိုအဆိုကို အမျိုးသမီးကလည်း သဘောတူသဖြင့် ဥဒ္ဒါလက ဟူသော သားငယ်လေးတစ်ယောက် ပေါ်ပေါက်လာပေသည်။ ဥဒ္ဒါလက ဟူသည်မှာ အနောက်မဇ္ဈိမဒေသ၌ ငုပင်ကိုခေါ်ဆိုသော ဝေါဟာရဖြစ်ပေသည်။

ကလေးအဖေဘက်က လိုလိုလားလားမရှိကြသော်လည်း ကလေးအမေဘက်မှာတော့ ဥဒ္ဒါလက သူငယ်ကလေးက အသည်းကျော်ဖြစ်နေလေသည်။ ထို့ကြောင့် ကလေးအမေသည် ကလေးအဖေပြောထားခဲ့သည့်အတိုင်း သားကလေးကိုလက်ဆွဲ၍ သူ့ဖခင်ထံပို့မနေတော့ဘဲ သူ့ဘာသာကျွေးမွေးပြုစုလာခဲ့၏။ သားကလေးဥဒ္ဒါလက သူ့ဖခင်ဘက်မှာ အလေးသာသွားမည်စိုး၍ ဖခင်၏အမည်ကို ဖုံးဖိထားခဲ့၏။ သား



www.burmeseclassic.com

www.burmeseclassic.com

ကလေး အရွယ်မရောက်ခင်က အောင်မြင်စွာဖုံး၍ဖိ၍ထားနိုင်ခဲ့သော်လည်း သူကလေးအရွယ်ရောက်လာချိန်မှာတော့ ဖုံးဖိထား၍မရတော့ပါ။ သားဖြစ်သူက နည်းလမ်းမျိုးစုံနှင့်လှည့်ပတ်အစ်အောက်၍ မေးမြန်းနေသဖြင့် အဖြစ်မှန်ကို ပြောပြလိုက်ရပါတော့ သည်။

သည်လိုဆိုတော့လည်း သားကလေး ဥဒ္ဒါလကက မိခင်ကြောင့်ကြထားခဲ့သည့်အတိုင်း ဖြစ်မလာခဲ့ပါ။ ဖခင်၏အမည်ကို သိလိုက်ရသော်ငြားလည်း သူ့ဆီသွားဖို့ စိတ်ညွတ်မလာခဲ့ပါ။ သူ့အဖို့ဆိုပါက ဖခင်ဖြစ်သူမှာ သောတ္ထိယဟူသော ဗြာဟ္မဏမျိုးနွယ်ဝင်တစ်ဦးဖြစ်ကြောင်း သိရရုံနှင့် လုံလောက်နေပါပြီ။

ထို့ကြောင့် -

"မေမေ၊ ကျွန်တော်က ဗြာဟ္မဏအမျိုးအနွယ်ဆိုတော့ ဝေဒကျမ်းကြီးတွေ တတ်မြောက်ဖို့ လိုတာပေါ့။ ဒီတော့ မေမေ့သားလည်း တခြားက ဗြာဟ္မဏမျိုးနွယ်ဝင် လူငယ်တွေနည်းတူ တက္ကသိုလ်မြို့တော်ကြီးကို သွားချင်တယ်။ ပညာသင်ကြေး ကျသင့်ငွေကို ပေးပြီး သင်ချင်တယ်။ အကြောင်းတစ်စုံတစ်ခု ရှိလာလျှင် မျိုးရိုးအမည်ကို ထုတ်ဖော်နိုင်အောင် ဖခင်ကပေးထားခဲ့တဲ့ ရတနာလက်စွပ်ကိုလည်း ယူသွားချင်ပါတယ်"

ဤသို့ ပူဆာသောစကားတို့မှာ နည်းလမ်းတကျဖြစ်နေ၍ မိခင်ဖြစ်သူကလည်း လိုက်လျောရပါ၏။ ဒိသာပါမောက္ခဆရာကြီးအိမ်မှာ ထင်းခွေ ရေခပ် အိမ်စေအလုပ်တွေ လုပ်မနေရဘဲ လွတ်လွတ်ကျွတ်ကျွတ် ပညာသင်နိုင်ရန် ပညာသင်ကြေးအပြည့်အစုံနှင့်တကွ ဖခင်ဖြစ်သူ၏ ရတနာလက်စွပ်ကိုပါ ပေးလိုက်လေသည်။

ဒိသာပါမောက္ခဆရာကြီးအထံမှ ဝေဒကျမ်းဂန်များကို ကျေကျေပွန်ပွန် သင်ယူတတ်မြောက်ပြီးသောအခါ ဥဒ္ဒါလကသည် ရသေ့အုပ်စုတစ်ခုနှင့် အသိအကျွမ်းဖြစ်လာ၏။ ရသေ့တို့ထံ အဝင်အထွက်များလာရာမှ ရသေ့တို့ တတ်မြောက်ထားသော အတတ်ပညာတို့ကိုလည်း သင်ယူတတ်မြောက်လိုသဖြင့် ထိုရသေ့တို့ထံမှာ ရသေ့အဖြစ်ကို ခံယူလေသည်။

ပညာသင်ယူလိုသော စိတ်ဆန္ဒဖြင့် ရသေ့တို့ထံ တပည့်ခံခဲ့သော ဥဒ္ဒါလကရသေ့သည် ပညာအခြေခံကောင်းမွန်ခံသူဖြစ်၍ ရသေ့တို့၏ အတတ်ပညာမျိုးစုံကို တတ်မြောက်ရုံမက ပြိုင်ဘက်ကင်းသည့်အဆင့်သို့ ရောက်လာ၏။

ဤတွင် ရသေ့အပေါင်းက သဘောတူစိတ်တူညီနိုင်းတိုင်ပင်ကြပြီးလျှင် ဥဒ္ဒါလကရသေ့အား သူတို့အားလုံး၏ ခေါင်းဆောင်အဖြစ် တင်မြှောက်လိုက်ကြလေသည်။

ထိုအခါ ဥဒ္ဒါလကရသေ့က -

"ဆရာတို့၊ ဆရာတို့ဟာ တောကြီးမျက်မည်းထဲမှာပဲနေခဲ့ကြတယ်။ တောထဲက ရနိုင်သမျှ သစ်ဥသစ်ဖုတွေ၊ သစ်သီးဝလံတွေသာစားလာခဲ့ကြတယ်။ လူတွေနေတဲ့ရပ်ရွာမှာဆိုရင် ထမင်းကောင်းဟင်းကောင်းတွေစားရမယ်။ စားဖွယ်သောက်ဖွယ်မျိုးစုံတွေရနိုင်တယ်။ ဘာဖြစ်လို့များ လူတို့ရပ်ရွာကိုရှောင်နေကြရတာပါလဲ"

ဟု မေးမြန်း၏။

ဤတွင် ရသေ့တို့က -

"ဆရာအရှင်၊ ကျွန်ုပ်တို့က လူတွေကိုကြောက်လို့ ရှောင်နေခဲ့ကြတာပါ။ လူတွေရှိတဲ့ ရပ်ရွာတွေရောက်ရင် သူတို့က အလှူကြီးတွေပေးကြမှာ သေချာပါတယ်။ အလှူကြီးပေးတာက ကိစ္စမရှိပါဘူး။ အဲဒီအလှူကြီးတွေအတွက် အနုမောဒနာပြုပေးဖို့ကျတော့ ခက်နေတယ်။ အလှူကြီးတွေ ကြီးကျယ်သလောက် အနုမောဒနာတရားကလည်း ကြားလောက်နာလောက်အားရလောက်အောင် ဝေဝေဆာဆာရှိဦးမှကိုး။ ပုံဝတ္ထုတွေ၊ ဥပမာတွေနဲ့ အဆန်းတကြယ်ဖြစ်အောင် ချဲ့နိုင်ထွင်နိုင်ဦးမှကိုး။ အဆိုးဆုံးကတော့ ပြဿနာမေးတတ်တဲ့လူတွေပေါ့။ လူတို့ရပ်ရွာမှာဆိုတော့ အယူအဆမျိုးစုံ၊ ကျင့်သုံးပုံမျိုးစုံတဲ့ ရသေ့တွေနဲ့ မကြာခဏကြုံနေကြရတယ်။ ဒီတော့ သူတို့စိတ်ထဲမှာ ဝေခွဲမရဖြစ်လာတာတွေကို ကျွန်ုပ်တို့ရှေ့ သယ်လာပြီးတော့ မေးခွန်းထုတ်ကြတော့တယ်။ သူတို့က အတွေ့အကြုံမျိုးစုံ၊ ကျွန်ုပ်တို့က တောကြက်တောင့်က်ဖြစ်နေတော့ သူတို့မေးလေသမျှ ပါးစပ်ဟောင်းလောင်းနဲ့သာ နေလာခဲ့ကြရတယ်။ ဒါကြောင့် လူတို့ဘောင်ကို ရှောင်နေခဲ့ကြရတာပါ"

ဤသို့ ရသေ့များကဖြစ်ကြောင်းကုန်စင်ပြောပြကြသောအခါ ဥဒ္ဒါလကရသေ့က -

"ဒီလိုဆိုကောင်းပြီ ဆရာတို့။ အဲဒီကိစ္စတွေအတွက်တော့ ကျွန်ုပ်တာဝန်သာထားကြပေတော့။ တကယ်လို့ ကျွန်းကြီးလေးကျွန်းလုံးကိုပိုင်စိုးတဲ့စကြာဝတေးမင်းကြီးဖြစ်နေစေဦးတော့ သူ့စိတ်ကို ကျေနပ်သွားလောက်အောင် ကျွန်ုပ်ဟောပြနိုင်ပါတယ်။ ဒီတော့ မကြောက်ကြပါနဲ့။ နောက်ကသာ ရဲရဲကြီးလိုက်ခဲ့ကြစမ်းပါ"

ဤသို့ ဥဒ္ဒါလကရသေ့က တိုက်တွန်းသဖြင့် ရသေ့အပေါင်းကလည်း သူနှင့်အတူ လိုက်ပါလာခဲ့ကြလေသည်။

လူတို့ရပ်ရွာသို့ရောက်သောအခါ ရသေ့တို့၏ တည်ကြည်ငြိမ်သက်သောကန္ဒြေကို နှစ်သက်ကြည်ညိုကြသဖြင့် မိမိတို့စွမ်းနိုင်သမျှ အလှူပေးကြ၏။ ဥဒ္ဒါလကရသေ့၏ အနုမောဒနာတရားကို အားပါးတရ ကြားနာကြ၏။ သူတို့ ဝေခွဲမရဒွိဟဖြစ်နေရသော အယူအဆရေးရာပြဿနာတို့ကိုလည်း ဥဒ္ဒါလကရသေ့က ရှင်းခနဲလင်းခနဲနေအောင် ရှင်းလင်းဖြေဆိုနိုင်သဖြင့် ရောက်လေရာရပ်ရွာများက ကောင်းချီးပေးကြရပေသည်။

နယ်တကာ ရပ်တကာ၌ နာမည်ကျော်ကြား လူကြိုက်များခဲ့သော ဥဒ္ဒါလကရသေ့သည် ဗာရာဏသီမြို့တော်ကြီးသို့ရောက်လာတော့လည်း သတင်းကြီးမြဲကြီးလျက်သာရှိ၏။ ဗာရာဏသီမြို့တော်သားတို့က -

"နာမည်ကြီးတဲ့ဂိုဏ်းခေါင်းဆောင်ရသေ့တစ်ပါး ငါတို့မြို့ကို ရောက်လာပါပေါ့လား"

ဟု အားပါးတရ ကြိုဆိုကြ၏။

ကြိုဆိုသူအပေါင်း၏ ကောင်းချီးပေးသံများကို နာခံရင်း ဥဒ္ဒါလကရသေ့နှင့်တကွ ရသေ့အားလုံးသည် ဗြဟ္မဒတ်မင်း၏ ဥယျာဉ်တော်သို့ ဝင်လာခဲ့ကြလေသည်။

ဗာရဏသီမြို့တော်ထဲမှကောင်းချီးပေးသံတို့သည် ရွှေနန်းတော်ကြီးပေါ်သို့ရောက်အောင် ပဲ့တင်ထပ်လာသဖြင့် ဗြဟ္မဒတ်မင်းကိုယ်တိုင် ဥယျာဉ်တော်သို့ သွားရောက်ဖူးမြော်ရန် အစီအစဉ်ပြုလာရ၏။ ထိုသတင်းစကားကို ဦးဦးဖျားဖျားကြားခွင့်ရလိုက်သော မင်းမှုထမ်းတစ်ယောက်က ဥဒ္ဒါလကရသေ့ထံ အလျင်အမြန်သွား၍ သတင်းပေးလိုက်လေသည်။

ထိုအခါ ဥဒ္ဒါလကရသေ့က -

"ဆရာတို့၊ အကွက်ကောင်းတော့ ဆိုက်လာပြီ။ ငါတို့တစ်တွေ တစ်သက်လုံး ကောင်းစားကြတော့မယ်။ ပြည့်ရှင်မင်းဆိုတာက သူတို့ကြည်ညိုလေအောင်



www.burmeseclassic.com

www.burmeseclassic.com

နေတ်စာ လုပ်ပေးနိုင်မယ်ဆိုရင် တ်တာလုံး အားကိုးရတော့တာ။ ဆရာရသေ့တို့က မင်းကြီးရဲ့ စိတ်တွေပေါ်ပေါက်လာအောင် ပြောတဲ့အတိုင်းလုပ်ပေးကြပါတော့"

ဤသို့ ဆရာရသေ့ တိုက်တွန်း အတိုင်းပင် တပည့်ရသေ့တို့က အတိအကျ လိုက်နာကြ၏။ ဗြဟ္မ မင်းမရောက်ခင်ကပင် ကြိုတင်၍ အချို့က လင်းနို့များကဲ့သို့သစ်ကိုင်း ဇောက်ထိုးမိုးမျှော်တွဲလောင်းဆွဲ နေကြ၏။ တချို့က ဆောင့်ကြောင့် ာမလှုပ်မယှက်နေပြကြ၏။ တချို့ ဆူးခက်များပေါ်မှာ စွန့်စွန့်စားစား ၍ပြနေကြသည်။တချို့က လေးဖက် တန်တွင် မီးပုံကြီးများထားကာ င်းထက်က မွန်းတည့်နေပူအားဖြင့် ကောင်းမျိုးကို ကြိုးကြိုးစားစားခံစား နေကြ၏။ တချို့က ရေထဲမှာ အကြာ ပ်ပြနေကြ၏။ တချို့တော့ ဝေဒ စာများကို ရွတ်ဖတ်ရင်း ဟိုဟိုသည် လမ်းလျှောက်နေကြ၏။ သူတို့ ပြစ်သော ဥဒ္ဒါလကရသေ့ကမူ တော်ဆုံး၊ အတတ်ဆုံး တပည့်ရသေ့ ကိုယ်တို့ကို အနားမှာထားလျက် လှပ တယ်စွာ ပြုပြင်ထားသော သပိတ် ပေါ်၌ ဝေဒကျမ်းစာပေထုပ်ကြီးတင် အခန့်သားထိုင်နေလေသည်။

ဗြဟ္မဒတ်မင်းသည် ပုရောဟိတ် အတူ ဥယျာဉ်တော်သို့ ဝင်လာခဲ့၍ သေ့တို့၏အပြုအမူတို့ကို ကြည့်ရှုကာ ညိုစိတ်များ ပွားစီးလာကြ၍ -

"အို - ဆရာပုရောဟိတ်၊ ဒီရသေ့ ဟာ ကြမ်းတမ်းတဲ့သစ်နက်ကိုကိုယ် မှာ လွှမ်းခြုံထားကြတယ်။ ဆံပင် ရတဲ့အလုပ်၊ ဖီးသင်ရတဲ့အလုပ်တွေ ရအောင် ဆံပင်များကို ဆံကျစ်နဲ့ ထိန်းထားကြတယ်။ သွားတွေမှာ မှိနေကြတဲ့ သက်ရှိသတ္တဝါပိုးမွှား လေးတွေကိုသနားလို့ သွားတွေကို က်မချွတ်ဘဲ သွားချေး(ကြေး)တွေ ပိန်းနေအောင်ထားကြတယ်။ သူတို့ တ်နှာမှာလည်း မြူသူမြူသားများကို တ်ရေးကွင်းမထားဘဲ ပြောင်တင်းတင်း ရှိနေကြတယ်။ ဘယ့်နှယ်လဲ ပုရော တ်ကြီး။ ဒီလိုအကျင့်မျိုးတွေနဲ့အပါယ် ပါးက သူတို့လွတ်နိုင်ကြပြီ မဟုတ် လား"

ဤသို့ စိတ်အားထက်သန်စွာ မေး လိုက်၏။

အလောင်းတော်ပုရောဟိတ်သည် မိမိ၏အရှင်သခင် လမ်းမှားသို့ ရောက် သွားတော့သည့်အရေးကိုမြင်လိုက်မိ၏။ ဖောက်လွဲဖောက်ပြန်ကျင့်ကြံနေလျက် မင်း၏အကြည်ညိုအကိုးကွယ်ခံရအောင် ဉာဏ်ဆင်၍ ဟန်ရေးပြနေကြသော ရသေ့တို့ကို ကိုးကွယ်သွားမှာစိုးလာရ ၏။

ထို့ကြောင့် -

"အရှင်မင်းမြတ်၊ အကြားအမြင် တွေ မြောက်မြားစွာရှိနေပါလျက်နဲ့ မကောင်းမှုတွေပြုနေမယ်ဆိုရင်၊ သုစရိုက် (၁၀) ပါးတို့ကို လိုက်စားမှုမပြုဘဲနေရင်၊ သမာပတ် (၈) ပါးကို မပွားများနိုင်ဘူး ဆိုရင် ဝေဒကျမ်းပေါင်းတစ်ထောင် လောက် တတ်မြောက်ထားသော်လည်း အပါယ်ဒုက္ခကမလွတ်နိုင်ပါ ဘုရား"

ဟု တားမြစ်စကားလျှောက်တင် ၏။

ဤတွင် ဥဒ္ဒါလကရသေ့သည် တော်တော်ကြီး အခံရခက်သွား၏။ ဗြဟ္မ ဒတ်မင်းကတော့ မိမိတို့ဆင်ထားသည့် အကွက်ထဲသို့ဝင်နေပြီး သူ၏ပုရောဟိတ် ကတော့ စားချင့်စဖွယ် တည်ခင်းထား သည့် ထမင်းပွဲပေါ်မှာ အမှိုက်တွေသွန် ချလိုက်သကဲ့သို့ပြုလိုက်ချေပြီ။ ဒီတော့ သူ့ကိုသိမ်းသွင်းနိုင်အောင် သူ့ဘက်လှည့် ၍ စကားပြောမှ အဆင်ပြေပေတော့ သည်။ ဤသို့သော အတွေးအကြံဖြင့် ဥဒ္ဒါလကရသေ့က -

"အို - ပုရောဟိတ်ကြီး၊ ဒီမဇ္ဈိမ ဒေသကြီးတစ်ခုလုံးမှာ ဝေဒကျမ်းတွေ ကို အမှန်အမြတ်ထားကြရပါတယ်။ အခု တော့ ပုရောဟိတ်ကြီးက ဝေဒကျမ်းတွေ တစ်ထောင်လောက် တတ်မြောက်ထား သော်လည်း အကျိုးမရှိဘူးဆိုလိုက်လေ တော့ ဝေဒကျမ်းတွေကို ပစ်ပယ်ရာမကျ ပေဘူးလား"

ဤသို့ ပညာသားပါပါ မေးခွန်း ထုတ်လိုက်၏။

ကိုယ့်မေးခွန်းကို ကိုယ်ဘာသာ အားရကျေနပ်၍ မိန့်မိန့်ကြီးပြုံးနေသော ဥဒ္ဒါလကရသေ့ကို ပုရောဟိတ်ကလည်း အပြုံးဖြင့်တုံ့ပြန်လျက် -

"အိုရှင်ရသေ့၊ တပည့်တော်တို့က ဝေဒကျမ်းတွေကို မပစ်ပယ်ပါဘူး။ ဝေဒ ကျမ်းများကို တတ်မြောက်ထားရင် ပညာရှိတစ်ဦးအဖြစ်နဲ့ ကျော်စောထင် ရှားနိုင်ပါတယ်။ ဒါပေမယ့် အဲဒီဝေဒ ပညာရှင်ဟာ သီလနဲ့လည်း ပြည့်စုံသင့် ပါတယ်။ သမာပတ် (၈) ပါးကို ပွားများ နိုင်သူဖြစ်သင့်ပါတယ်။ ကိုယ်နှုတ်နှလုံး (၃) ပါးစလုံးကို စောင့်စည်းပြီးတော့ သမာဓိတရားလက်ကိုင်ထားပါမှ အေးရာ ငြိမ်းရာသို့ရောက်နိုင်ပါလိမ့်မယ်"

ဤသို့ အချက်ကျကျ ချေပလိုက် သောစကားကြောင့် ဥဒ္ဒါလကရသေ့မှာ တုန့်လှုပ်သွားရ၏။ ပုရောဟိတ်နှင့် ဆန့်ကျင်ဘက်စကားဆိုရန် မဝံ့မရဲဖြစ် လာရ၏။ ပုရောဟိတ်ထံမှ သည့်ထက် ပြင်းထန်၍စူးရှသောစကားသံများထွက် ပေါ်လာမည့်အရေးကို တွေး၍ကြောက် လာမိ၏။ ထို့ကြောင့် ထိုဘေးအန္တရာယ် တို့ကို သားအဖတည်းဟူသော သံယော ဇဉ်ဖြင့် တားဆီးရန်စိတ်ကူးထုတ်၍ -

"အို - ပုရောဟိတ်၊ ကျွန်ုပ်ဟာ သောတ္တိယဖွား အသင်ပုရောဟိတ်ရဲ့ သား ဖြစ်ပါတယ်"

ဟု ထုတ်ဖော် ပြောပြလိုက်ရာ အလောင်းတော် ပုရောဟိတ်က -

"တပည့်တော်ရဲ့သား ဖြစ်တယ် ဆိုရင် ယုံနိုင်လောက်တဲ့ သက်သေခံကို ပြဖို့လိုပါတယ်။ အဲဒီသက်သေခံပစ္စည်း ကို ပြနိုင်ပါ့မလား"

ဟု ဆိုသဖြင့်-

"ဟောဒီမှာ သက်သေခံပစ္စည်း ပါလာခဲ့ပါတယ်"

ဥဒ္ဒါလကရသေ့က ပြောပြောဆို ဆို ကိုယ်နှင့်မကွာသွားလေရာယူဆောင် လာခဲ့သော ရတနာလက်စွပ်ကိုယူ၍ ခမည်းတော်ပုရောဟိတ်၏ လက်ထဲသို့ ထည့်လိုက်လေသည်။

ပုရောဟိတ်သည် သူ၏မိခင်အား မိမိပေးထားခဲ့သည့် ရတနာလက်စွပ်ဖြစ် နေကြောင်း ကောင်းကောင်းသိလိုက်၏။ သို့ဖြစ်၍ ဤရသေ့မျို၏ စကားကို ငြင်း ပယ်ရန်မရှိပါ။ သို့ရာတွင် ပုရောဟိတ်က မိမိနှင့် သွေးသားတော်စပ်ရုံမျှဖြင့် မိမိ တို့၏ သောတ္တိယဗြာဟ္မဏအနွယ်ထဲသို့ မသွတ်သွင်းနိုင်သေးပါ။ သားအဖြစ်ကို လက်ခံနိုင်ရေးထက် ဗြာဟ္မဏမျိုးနွယ် ပီသရေးကို အလေးထားရပါလိမ့်မည်။

သို့ဖြစ်၍ -

"အို- ရှင်ရသေ့၊ ရှင်ရသေ့ဟာ တပည့်တော်ရဲ့သားအရင်းဖြစ်တယ်ဆို တာ လက်ခံပါတယ်။ ဒါပေမယ့် တပည့် တော်ရဲ့သားဖြစ်ဖို့ထက် ဗြာဟ္မဏအနွယ် ဝင်ဖြစ်ဖို့က ပိုပြီးတော့ အရေးကြီးနေပါ တယ်။ ဒါကြောင့် ရှင်ရသေ့ စင်ကြယ်တဲ့ ဗြာဟ္မဏအနွယ်ဝင်တစ်ယောက်ဖြစ်နိုင် တဲ့ကျင့်ဝတ်တွေကို ပြောပြပါဦး"

"အဲဒါကိုတော့ ပိုင်ပိုင်ကြီးပြော ပြနိုင်ပါတယ်။ ဗြာဟ္မဏအနွယ်ဝင်ထဲက



www.burmeseclassic.com

www.burmeseclassic.com

(အစာလည်းဆေး ဆေးလည်းအစာ)

## ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

# ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ (၅)

ရွှေနဝင်း(ပုသိမ်)



စာဖတ်ပရိသတ်ကြီးအတွက် လက်တွေ့အကျိုးပြုပြီး မိမိတို့ကိုယ်တိုင် မိသားစုများကျန်းမာရေးအတွက် ဖန်တီး စီမံချက်ပြုတ်ပေးနိုင်သည့် လူတိုင်းနှင့် သင့်တော်သည့် -

ဆိတ်သားကို ယခင်(၂)လဆက် တိုက် ဆေးဖက်ဝင် ဟင်းလျာပြုလုပ်စီမံ နည်းများကို တင်ပြခဲ့ပြီး ယခုတစ်ဖန် ထိုဆိတ်သားကိုပင် မိမိတို့ရင်သွေးငယ် လေးများအတွက် အာဟာရဓာတ်ပြည့်ဝ စွာရရှိပြီး သားသားမီးမီးလေးများခံတွင်း

သားကလေးတစ်ယောက် ဖွားမြောက် လာပြီဆိုရင် အဲဒီသားကလေးမွေးဖွား တဲ့နေ့က မီးကျီးခဲရဲရဲကိုယူထားရပါ တယ်။အဲဒီမီးငြိမ်းမသွားရအောင် မပြတ် တမ်း မီးစာတွေထည့်ပေးနေရပါတယ်။ ဒါက ရာသက်ပန်တာဝန်ဖြစ်ပါတယ်။ နောက်ပြီးတော့ ယဇ်တိုင်ကိုထူပြီးတော့ ပူဇော်ရပါသေးတယ်။ ယဇ်ပူဇော်တဲ့ နေရာကို ရေဖျန်းပေးရပါသေးတယ်။ ဒီကျင့်ဝတ်တွေနဲ့ ပြည့်စုံပါမှ သန့်ရှင်း စင်ကြယ်တဲ့ ဗြာဟ္မဏတစ်ယောက်ဖြစ် လာနိုင်ပါတယ်"

"မဟုတ်သေးဘူး ရှင်ရသေ့။ အဲဒီ လိုမဟုတ်နိုင်သေးပါဘူး။ ရေတွေနဲ့ လောင်းချရုံနဲ့ စင်ကြယ်နိုင်သေးပါဘူး"

"ဒါဖြင့် သန့်ရှင်းစင်ကြယ်တဲ့ ဗြာဟ္မဏတစ်ယောက်ဖြစ်ဖို့ ဘယ်လို သွားကျင့်သုံးရမှာလဲ ဒကာကြီး"

"အရှင်ရသေ့၊ တကယ့်တကယ်ကို သူတော်သူမြတ်စိတ်ထားရှိဖို့ လိုအပ်ပါ တယ်၊ လယ်ယာမြေတွေသိမ်းပိုက်မှုမပြု ရပါဘူး။ နွားဝင်ဖွဲ့မှုမျိုးစုံကိုမပြုရပါဘူး။ ဘယ်သူ့ကိုမှ သံယောဇဉ်တွယ်မထားရ ပါဘူး။ သက်ရှိ၊ သက်မဲ့အရာဝတ္ထုမှန် သမျှကို မမက်မောရပါဘူး။ အဲဒီလို အလိုလောဘကင်းစင်တဲ့သူကိုမှသန့်ရှင်း စင်ကြယ်တဲ့ဗြာဟ္မဏလို့ ဆိုနိုင်ပါတယ်။

"ဒီနေရာမှာ မေးပါရစေဦး ဒကာ ကြီး။ အဲဒီလို ကျင့်သုံးနိုင်တဲ့သူတွေထဲ မှာ မင်းမျိုးမင်းနွယ်များလည်း ပါနိုင် တယ်။ ဗြာဟ္မဏအမျိုးအနွယ်တွေ၊ ကုန်သည်အမျိုးအနွယ်တွေ၊ သုဒ္ဒခေါ်တဲ့ အလုပ်သမားအမျိုးအနွယ်တွေလည်း ပါ နိုင်တယ်။ သူတို့ထက် အောက်တန်းကျ တဲ့ အလုပ်ကြမ်းသမားတွေလည်း ပါနိုင် တယ်။ ဒီအမျိုးအနွယ်ဝင်အားလုံးဟာ စင်ကြယ်ကောင်းမြတ်တဲ့အကျင့်ကိုကျင့် ပြီးတော့ အေးရာငြိမ်းရာ ရောက်သွား ကြတဲ့အခါ ဘယ်လိုများ ထူးခြားချက် ရှိနေမလဲ"

"အေးရာ၊ ငြိမ်းရာရောက်လာမှ တော့ ဘယ်လိုထူးခြားချက်မှ မရှိတော့ ပါဘူး။ အားလုံးအတူတူသာဖြစ်နေပါ တော့တယ်"

"ဖြစ်နိုင်ပါ့မလား ဒကာကြီးရယ်။ နဂိုမူလကတည်းက အမျိုးအစားကွဲပြား နေကြတာ မဟုတ်ပါလား"

"ကဲ - အရှင်ရသေ့ လက်မခံနိုင် သေးဘူးဆိုရင်တော့ တပည့်တော်က ဥပမာလေးနဲ့ ရှင်းပြရသေးတာပေါ့။ ဆိုကြပါစို့၊ အိမ်တစ်ဆောင်ကို အဝတ် အထည်တွေနဲ့ မိုးထားတဲ့အခါ အဲဒီ အဝတ်မှာ ဖြူ၊ နီ၊ ပြာ၊ ဝါရောင်စုံဖြာနေ သော်လည်း သူ့အောက်ကအရိပ်က တော့ တစ်ရောင်တည်းသာဖြစ်လာရပါ တယ်။ အဲဒီသဘောမျိုးနဲ့သာ ချိန်ထိုး ကြည့်ပါတော့ ဘုရား"

ခမည်းတော်ဖြစ်သူ ပုရောဟိတ် ပညာရှိအား စွမ်းနိုင်သမျှ အကဲစမ်းလာ ခဲ့သော ဥဒ္ဒါလကရသေ့သည် ထိုစကား အဆုံးတွင်ကား ပညာပြစရာ ရှာမတွေ့ တော့သဖြင့် မတုန်မလှုပ် ငုတ်တုတ်ထိုင် ၍သာနေရပါတော့သည်။

ဤတွင် အလောင်းတော် ပုရော ဟိတ်က -

"အရှင်မင်းမြတ်၊ ဒီရသေ့တွေ အားလုံးဟာ သူတော်သူမြတ်တို့အကျင့် ကို ကျင့်ချင်လို့မဟုတ်ဘူး။ အရှင်မင်း မြတ်ရဲ့အကြည်ညိုအကိုးကွယ်ခံရအောင် ဉာဏ်ဆင်ပြီး ဟန်ရေးပြနေကြတာသာ ဖြစ်တယ်။ ဒါကြောင့် သူတို့အားလုံးကို လူထွက်ပါစေ။ သူတို့ ခေါင်းဆောင် ဥဒ္ဒါလကက တက္ကသိုလ်မြို့တော်မှာ ဝေဒ ကျမ်းစာတွေသင်လာခဲ့ရလို့ သူ့ကိုဘုရား ကျွန်တော်မျိုးနဲ့ တွဲဖက်ပြီးတော့ ပုရော ဟိတ်လက်ထောက်လုပ်ပါစေ။ကျန်ကျန် သမျှ ရသေ့လူထွက်များကိုတော့ စစ် အင်္ဂါလေးပါးထဲက လူအင်အားလိုအပ် တဲ့တပ်မှာ တပ်သားအဖြစ် ထမ်းဆောင် ကြပါစေ"

ပုရောဟိတ်ပညာရှိ လျှောက်တင် သည့်အတိုင်း ဗြဟ္မဒတ်မင်းကလည်း အမိန့်တော်ထုတ်ပြန်လိုက်သဖြင့် ဗာရာ ဏသီမြို့တော်က စစ်တပ်များတွင် တပ် သားသစ်များ တိုးပွားလာကြပါတော့ သည်။

ဝဏ္ဏသီရိ



www.burmeseclassic.com

www.burmeseclassic.com

စားသမျှအားဖြစ်ပြီး ကျန်းမာ ဉာဏ်ရည်မြင့်မားလာစေမည့်-

ကလေးသူငယ် စားဖွယ်ရာ ခဲ့တွင်းလိုက်စေမည့် 'ဆိတ်ပေါင်သားခြောက်မှ ဆေးဖက်ဝင် အားဖြည့်ဟင်းလျာ' ပြုလုပ်နည်းကို တင်ပြပေးပါမည်။

ရင်သွေးငယ်လေးများ မိခင်နို့ချိုကို တင်၍ဖြတ်သည့် (၁) နှစ်၊ (၁) နှစ်ခွဲ အရွယ်မှစပြီး သဘာဝအစားအစာကိုသာ အားပြုပြီး ကလေးများ ကိုယ်ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည် စေရန်အတွက် သား၊ ငါး၊ သီးနှံ အစားအစာအစုံအလင်ကို မျှတစွာကျွေးမွေးပြုစုရန်မှာ လွန်စွာ အရေးပါလှပါသည်။

ဤနေရာတွင် တချို့ ရွှေမြန်မာ အယူအဆလွဲမှားမှုများကို သတိ လိုအပ်ပါသည်။ အသားများများ ကျွေးလျှင် ကလေးငယ်မှာ သန်ကောင် တတ်သည်ဆိုသည့် 'ပုတီးပြဒါး'အယူအဆကို လုံးဝစွန့်လွှတ်ရန် ဖြစ်ပါသည်။

ကလေးငယ် သန်ထ၊ တုတ်ထ သည် အသား၊ ငါးကျွေး၍ဖြစ်ခြင်း တ်ဘဲ မသန့်ရှင်းသောလက်ဖြင့် အစားအသောက်စားခြင်း၊ ကျွေးခြင်း၊ ပေါ်ကျနေသည့်အစားအစာများ ကလေးငယ်မှ စားသောက်စေခြင်း ကြောင့် သန်ဥသားလောင်းများက မှတစ်ဆင့် ကလေးငယ်ဝမ်းတွင်းသို့ ောက်သွားပြီး သန်ထ၊ တုတ်ထခြင်း ဖြစ်ပါသည်ဟု တိကျစွာ သိထားရန်ဖြစ်ပါသည်။

သို့ဖြစ်၍ ရင်သွေးငယ်များ ကျန်းမာသန်စွမ်းဖွံ့ဖြိုးရန်အတွက် မရှိမဖြစ် အရေးကြီးတဲ့ ပရိုတင်း (Essential Amino Acid) ဓာတ်များအစုံအလင် ပါရှိသည့် အသားဓာတ်ကို နေ့စဉ်ပါဝင်အောင်ကျွေးပေးရန်လိုအပ်ပါသည်။

သို့သော် ခေတ်ကာလအနေအားဖြင့် ရင်သွေးငယ်တို့၏ မိဘများသည် စားဝတ်နေရေး အရေး(၃)ပါးအတွက် အလုပ်ကိုယ်စက်ယန္တရားကြီးကို အချိန်နှင့်အမျှ အခါမလပ် လည်ပတ်လှုပ်ရှားနေကြရပါသောကြောင့် ရင်သွေးငယ်လေးများကိုစေတနာအရင်းခံရှိပါသော်လည်း စားရေး၊ သောက်ရေးအတွက်ဖြစ်သလို ကြုံသလို သူ့သူကိုယ်ကိုယ် ပြီးလွယ်စီးလွယ်ကျွေးမွေးကြရပေသည်။

ထိုသို့သောမိဘများအတွက် ယခု စာရေးသူတင်ပြမည့် 'ဆိတ်ပေါင်ခြောက်မှ ဆေးဖက်ဝင် ကလေးနှုတ်မြိန် ဟင်းလျာ' ကို တစ်ခါချက်ပြုတ်စီမံပြီးထားလျှင် တစ်ပတ်၊ ဆယ့်ငါးရက်ခန့် အထားသိုခံပြီး ကလေးသူငယ်များလည်း နှစ်သက်ခုံမင်စွာစားသောက်ကြသဖြင့် မိဘနှင့် ရင်သွေးငယ်တို့ ဘဝင်အေးစရာပီတိကို ခံစားရစေပါမည်ဟု အာမခံပါသည်။

■ ဆိတ်ပေါင်သားခြောက်မှ နှုတ်မြိန်ဟင်းလျာ

၎င်းကို စီမံတော့မည်ဆိုလျှင် ဆိတ်ပေါင်သား (သို့) မိုးခိုသားကောင်းကောင်းကို မိမိတို့အလိုရှိသလောက် ဝယ်ယူပြီး ဦးစွာပထမ ဆိတ်သားအရွတ်အရိအရွဲများကို သေချာစွာ ဖယ်ရှားပြီး အနေတော်တုံးတစ်ပြီး ရေစင်ကြယ်စွာ ဆေး၊ ဆား၊ နနွင်း ဟင်းခတ်မှုန့် သင့်ရုံဖြင့်နယ်၍နှပ်ထားပါ။

ပြီးလျှင် ဆိတ်သား(၁)ပိဿာဆိုလျှင် ချင်း(၃)ကျပ်သားခန့်ကိုထောင်းပြီး အရည်ညှစ်ယူ၍ ယခင်နှပ်ထားသော ဆိတ်သားတုံးများတွင် ၎င်းချင်းရည်ကို သေချာစွာနယ်ပေးပြီး နောက်ထပ် နာရီဝက်ခန့်ထပ်နှပ်ထားပါ။

ပြီးလျှင် ဒယ်အိုးကိုမီးအပူပေးပြီး ၎င်းနှပ်ထားသည့် ဆိတ်သားများကို ဒယ်အိုးပူပေါ်မှာတင်ပြီး သေချာစွာမွှေပေးပါ။ ဤသို့ ဆိတ်သားကိုနှပ်ထားသည့် အရည်များ အသားထဲသို့ဝင်ပြီး လုံးရည်ခန်းခါစအချိန်မှာ ဆူပြီးစသား ရေနွေးပူပူကို ၎င်းဆိတ်သားဒန်အိုးထဲသို့ ရေနွေးများများလောင်းထည့်ပြီး အဖုံးပိတ်၍မီးမျှင်းမျှင်းနှင့်ပြုတ်ပေးပါ။

ပထမတစ်ရေခန်းသွားလျှင် ဒုတိယတစ်ရေ ရေနွေးပူပူထပ်ထည့်ပြီး ၎င်းအတိုင်းပြုတ်ပါ။

တတိယတစ်ရေကိုလည်း အထက်ပါအတိုင်းပြုတ်ပါ။

(၃)ရေခန်းပြုတ်ပြီးသည့်ဆိတ်သားများကို မီးဖိုပေါ်မှချပြီး ခေတ္တအအေးခံပါ။ ဤနေရာတွင် ဆိတ်သားတုံးများ လုံးဝအေးစက်သွားအောင်မထားရဘဲ လက်ဖြင့်ကိုင်နိုင်ရုံ အပူဓာတ်ရှိသည့် အနေမှာ ၎င်းဆိတ်သားပြုတ်များကို



ငရုတ်ဆုံဖြင့် ခပ်ဖွဖွလေးထောင်းပြီး လက်ဖြင့် ဆိတ်သားအမျှင်များဖြစ်သွားအောင်မွပေးပါ။

ဆိတ်သားပြုတ်အားလုံးမွ၍ ပြီးသွားပြီဆိုလျှင် ဆိတ်သား(၁)ပိဿာချက်ဆိုလျှင် ကြက်သွန်ဖြူ(၁၀)ကျပ်သားကို အကွင်းပါးပါးလှီးပြီး အကြွပ်ကြော်၍ ဆီစစ်ထားပါ။ ၎င်းနောက် စလုံးစခုအနေ ငရုတ်ဆုံဖြင့် ကြိတ်ထားပါ။

ပြီးလျှင် နှမ်းအဖြူနှင့် အနက် (၂) မျိုးရောပြီး (၃)ကျပ်သားခန့် မီးဖြင့်နှမ်းလှော်အနံ့မွှေးလာသည်အထိ လှော်ပြီး ထောင်းထားပါ။

ကြက်သွန်ဖြူကြော်နှင့်နှမ်းလှော် အဆင်သင့်ဖြစ်ပြီးပြီဆိုလျှင် ယခင်မွထားသောဆိတ်သားပြုတ်များကို ဆီလုံးဝမထည့်ဘဲ ဒယ်အိုးသန့်သန့်တွင် မီးအနေတော်ပေး၍မပြတ်မွှေ့မွှေ့ပေးပါ။

ထိုသို့မွှေပေးနေရင်း ဆိတ်သားပြုတ်များသည် တဖြည်းဖြည်းမွ၍မွ၍ လာပြီး အသားမျှင်လေးများကြွပ်ရွ၍ လာပြီဆိုလျှင် (ဆိတ်သားပြုတ်ထဲမှ ရေဓာတ်လုံးဝကုန်ခန်းသွားပြီး အသားမှုန့်ဖြစ်လာသည့်အနေ) တွင် ကြက်သွန်ကြော်အမှုန့်နှင့် နှမ်းလှော်တို့ ကို ၎င်းဆိတ်သားမှုန့်ထဲသို့ရော၍ သမအောင် မွှေပေးပြီး မီးဖိုပေါ်မှချ၍အအေးခံပြီး လေလုံသည့်ဖန်ပုလင်းတွင် ထည့်ထားပါက လနှင့်ချီပြီးအထားခံသည်။

ဆိတ်ပေါင်ခြောက်မှ နှုတ်မြိန်ဟင်းလျာကို အလိုရှိသလိုသုံးဆောင်နိုင်ပါပြီ။ အလုပ်များ၍ မအားလပ်နိုင်ကြသော ရင်သွေးငယ်မိဘများ မိမိတို့ရင်သွေးရတနာလေးများကို ဟင်းချို၊ ချဉ်ရည်ဟင်း၊ ပဲနီလေးဟင်း စသည့် ကြုံကြိုက်သည့် အရည်ဟင်းတစ်မျိုးမျိုးနှင့် ၎င်းဆိတ်သားခြောက်မွကြော်ကို တွဲဖက်၍ကျွေးမွေးမည်ဆိုလျှင် ရင်သွေးရတနာလေးများ ခေါင်းမဖော်တမ်း မြိန်ရေရှက်ရေစားသောက်နေကြမည်ကို မြင်ရရုံဖြင့် မိဘတို့ရင်တွင် ပီတိမြစ်ကြီးတသွင်သွင် စီးဆင်းနေကြပေလိမ့်မည်ဟု ရည်ညွှန်း၍

■ သားသမီးဖြစ်ခဲ့ကြဖူးသော မိဘတိုင်းအတွက်၊ မိဘတိုင်းရဲ့ ရင်သွေးရတနာလေးများအတွက် ရေးသားတင်ဆက်လိုက်ပါသည်။

*သတ္တဝါအများ*
*စားသမျှအားဖြစ်၍ ကျန်းမာကြပါစေ*

ရွှေနဝင်း (ပုသိမ်)

www.burmeseclassic.com

www.burmeseclassic.com

# စိုင်းထွန်းနောင်

## ရုတ်တရက်နဲ့နောက်ဘဝ



ရုတ်တရက် · သေဆုံးသွားပြီး နောက် -

နောက်ဘဝမှာဘာဖြစ်မလဲ။
ဘာဖြစ်မယ်လို့ကောထင်ပါသလဲ။
ဘယ်ဘဝကိုရောက်ချင်ပါသလဲ။

❑

ဒီနေ့ ကျွန်တော့်မိတ်ဆွေတစ်ဦး၏နာရေးရှိသည်။ ဒီနေ့ နေ့မွန်းလွဲတစ်နာရီတွင် နေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်သည်။ သို့မို့ကြောင့် မိတ်ဆွေ၏နောက်ဆုံးခရီးကို ပို့ဆောင်ရန် ရုံးမှ နေ့တစ်ဝက်ခွင့်ယူပြီး ကျွန်တော်နာရေးအိမ်သို့ သွားရောက်ခဲ့သည်။

နာရေးအိမ်တွင် လူများစည်းကားလှ၏။ ခြံကျယ်ကြီးထဲမှာလည်း လူတွေအပြည့်။ အိမ်ကြီး၏ အောက်ထပ်တွင်လည်း လူတွေအပြည့်။ အလောင်းထားရှိရာ အိမ်အပေါ်ထပ်တွင်လည်း လူတွေပြည့်နေတာတွေ့ရသည်။ ကွယ်လွန်သူမိတ်ဆွေသည် လွန်ခဲ့သော သုံးရက်က ဆိုင်ကယ်စီး၍ လုပ်ငန်းခွင်မှ ပြန်လာစဉ် အခြားဆိုင်ကယ်စီးမှ အရှိန်ပြင်းစွာလာတိုက်မိသဖြင့် နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားခြင်း ဖြစ်၏။ ဒုတိယအရွယ် ခပ်ငယ်ငယ်သာရှိသေးသဖြင့် နေမယ်ဆိုအများကြီးနေနိုင်သေးသည်မို့ နှမြောစရာကောင်းလှသည်။

အလောင်း၏ဘေးပတ်ပတ်လည်တွင် ကွယ်လွန်သူ၏မိသားစုနှင့် ဆွေမျိုးသားချင်းများက တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်သွယ် ငိုကြွေးနေကြသည်။ ဆိုင်းမဆင့်ဗုံမဆင့် ကြွေလွင့်သွားရှာသူ မိတ်ဆွေ၏ရုပ်အလောင်းကိုကြည့်ရင်း စိုတဲ့လက်မခြောက်မီ၊ ခြောက်တဲ့လက်မစိုမီ ဖျတ်ခနဲ လက်ခနဲ ရောက်လာတတ်သောသေခြင်းတရားအကြောင်းကို စဉ်းစားမိသည်။

ထိုစဉ် စီခနဲ ငိုသံတွေ ထွက်လာသဖြင့် အလောင်းစင်ရှိရာကြည့်လိုက်ရာ သုသာန်သို့ပို့ဆောင်ရန် အလောင်းအားအခေါင်းထဲထည့်နေကြတာတွေ့ရသည်။ ထို့ကြောင့် ကျွန်တော်လည်း အိမ်အောက်သို့ဆင်းပြီး လိုက်ပါပို့ဆောင်သူများအတွက် စီစဉ်ထားသော ကားတန်းရှိရာသို့ထွက်လာခဲ့သည်။ ဤတွင် ကွယ်လွန်သူ၏ မိသားစုမှ ကျွန်တော့်အား နိဗ္ဗာန်ယာဉ်နှင့် လိုက်ပါပို့ဆောင်ပေးရန် ပြောလာသဖြင့် ကျွန်တော်လည်း နိဗ္ဗာန်ယာဉ်ဘက်သို့ သွားလိုက်သည်။

အလောင်းကို နိဗ္ဗာန်ယာဉ်ပေါ် တင်ပြီးသောအခါ လူအများအားလုံးသည် ကိုယ်စီကိုယ်င ကားများပေါ် တက်ကြပြီ။ ကားများစက်နှိုးကြပြီ။

ရှေ့ဆုံးမှ ကားငယ်လေးမှာ ကြီးမားသော ကြေးစည်ကြီးတီးသောကားဖြစ်သည်။ ဒုတိယကားက နိဗ္ဗာန်ယာဉ်ဖြစ်သည်။ နိဗ္ဗာန်ယာဉ်ပေါ်ရှိအလောင်းစင်၏ဘေးတစ်ဖက်တစ်ချက်တွင် ကွယ်လွန်သူ၏ ညီအစ်ကိုနှစ်ယောက်နှင့် ကျွန်တော့်လိုပဲ မိတ်ဆွေတချို့ လိုက်ပါပို့ဆောင်ကြသည်။ နိဗ္ဗာန်ယာဉ်၏အနောက်ကပ်ရပ်တွင်မတော့ သံဃဝဂ လက်ာရွတ်ဆိုမည့် ဝတ်ရွတ်အသင်းကားဖြစ်သည်။ တောင်ကြီးမြို့တွင် နာမည်ကြီးသည့် ရွှေရွက်ဝါမေ့စကြာ ဝတ်အသင်း ဖြစ်၏။

အဖွဲ့ခေါင်းဆောင် ဒေါ်ခင်သန်းမြင့်ခေါ် အန်တီငဲ အပါအဝင် အသင်းဝင် အမျိုးသား၊ အမျိုးသမီး သုံးဆယ်ယောက်ခန့်လာရောက်လိုက်ပါပို့ဆောင်ရွတ်ဖတ်ကြသည်။ နိဗ္ဗာန်ယာဉ်စထွက်သည်နှင့် မေ့စကြာကားခေါင်းမိုးပေါ်ရှိ အသံချဲ့စက်မှ မေ့စကြာခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်သန်းမြင့်ဒေါ် အန်တီငဲ၏ သံဝေဂလင်္ကာခြေဆင်းပထမပိုဒ်အား သံဝေဂသံဖြင့် ရွတ်ဆိုသည်ကို ကြည်လင် ပီသစွာ ကြားရလေသည်။

"ဤသခါရသဘာဝကား နိစ္စမုဝသာခကေဖြင့် ထာဝရမြဲစွာ မရှိကြဘူး။ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီနှင့် လောကီ ဣဒ္ဓိပါဒ်လွန်ကြီးမြတ်သည့် မိုးနတ်ပြဟ္မာ ဖြစ်စေကလည်း ပညာ၊ ဆေးဝါး၊ မန္တရားဖြင့် ကုစားရိုး တန်ခိုးဖန်ဆင်း အိုသေခြင်းမှ ရှောင်ကွင်း ဘယ်ခါလွတ်နိုင်ရလိမ့်"

ဒေါ်ခင်သန်းမြင့်ဒေါ် အန်တီငဲ၏ သံဝေဂခြေဆင်းပိုဒ်ဆိုသံအဆုံးတွင် ကျန်ဝတ်အသင်းအဖွဲ့မှ ဤကိုယ်ခန္ဓာသတ္တဝါ၊ တဏှာကျေးကျွန်မည် အစချီသည့် သံဝေဂဝတ်ရွတ်စဉ်ကို သံပြိုင်ရွတ်ဆိုပို့ဆောင်ကြသည်။ အသုဘယာဉ်တန်းသည် တရွေ့ရွေ့နှင့် စတင်ထွက်ခွာနေလေပြီ။

ကျွန်တော် ဓမ္မစကြာအဖွဲ့ဝတ်ရွတ်သံကို နားထောင်လိုက်၊ သေခြင်းတရားအကြောင်းကို ဉာဏ်မီသလောက်တွေးလိုက်၊ ကွယ်လွန်သူမိတ်ဆွေအသက်ရှင်စဉ်က သူ၏စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည်များကို ပြန်တွေးမိလိုက်နှင့် ရောက်တတ်ရာရာတွေးနေမိသည်။ နိဗ္ဗာန်ယာဉ်သည် အနောက်မြို့ပတ်လမ်းအတိုင်း မောင်းနှင်နေရာမှ ဝါးပြားလမ်းဆုံမှ အနောက်ဘက်လမ်းဘက်သို့ ကွေ့တတ်လိုက်သည်။ တိုင်းရင်းသားပေါင်းစုံသုသာန်သည် တောင်ကြီးမြို့၏အနောက်တောင်ထောင့်ဘက်တွင် တည်ရှိ၏။

ကျွန်တော် ဟိုတွေးသည်တွေးနှင့် လိုက်ပါပို့ဆောင်လာတာ တိုင်းရင်းသားပေါင်းစုံသုသာန်ဝင်းအဝင်ဝရောက်မှ အတွေးပြတ်သတိကပ်တော့သည်။

ရှေ့ဆင့်နောက်ဆင့်ဆိုသလို ပင့်ထားသော သံဃာတော်များ ကြွရောက်လာကာ ဇရပ်ထိပ်သံဃာစင်နေရာတွင် သီတင်းသုံးတော်မူကြသည်။ ဓမ္မစကြာဝတ်အဖွဲ့ကားသည် မီးသင်္ဂြိုဟ်စက်ရုံအနီးတွင် ကားရပ်ထားပြီး ကားပေါ်တွင် သံဝေဂလင်္ကာ ရွတ်ဖတ်နေကြသည်။ သုသာန်ဝင်းထဲသို့ တစ်စီးပြီးတစ်စီး အဆက်မပြတ်ဝင်လာသော အသုဘပို့ယာဉ်များကို လှမ်းမျှော်ကြည့်မိတော့ ကွယ်လွန်သူမိတ်ဆွေ၏အသိုင်းအဝိုင်း အရှိန်အဝါမည်မျှကြီးမားကျယ်ပြန့်သည်ကို ခန့်မှန်းလို့ရသည်။

တဖြည်းဖြည်းနှင့် သချိုင်းဝင်းထဲ ကားကြီး၊ကားငယ်တွေပြည့်သွားသည်။ အခေါင်းတင်နိဗ္ဗာန်ယာဉ်ကားသချိုင်းမှ ပြန်ထွက်သွားတာတွေ့ရစဉ် ဓမ္မစကြာဝတ်အဖွဲ့၏ ရွတ်ဖတ်မှုအနားသတ်သံကို ဤသို့ကြားလိုက်ရသည်။

"နာမ်ရုပ်နှစ်မျိုး ဖြစ်တိုင်းညှိုးသည် အရိုးအနိစ္စပါတကား၊ အရိုးဒုက္ခပါတကား၊ အရိုးအနတ္တပါတကား . . ."

ဇရပ်ထဲတွင် တရားနာပရိသတ်များ စုံလင်ပြီဖြစ်၍ သံဃာတော်များက သရဏဂုံတရားစတင်ဟောကြားသည်။ တရားဟောပြီးနောက် ရုပ်အလောင်းအား မိသားစုမှ နောက်ဆုံးကန်တော့ကြပြီး မီးသင်္ဂြိုဟ်စက်ထဲထည့်ဖို့ ပြင်ကြသည်။

မိသားစုများက စီခနဲ ငိုလိုက်ကြပြန်သည်။ မီးသင်္ဂြိုဟ်စက်ရုံ၏ အဝင်အထွက်သံတံခါးကြီးကို သုသာန်ဝန်ထမ်းများက ဂျိန်းခနဲပိတ်လိုက်သောအခါ ကျွန်တော်ပင် ငိုချင်သလိုလိုဖြစ်သွားသည်။ ဂျိန်းခနဲပိတ်လိုက်သော သံတံခါးကြီးအပေါ်နားတွင် သံဝေဂစာပိုဒ်တစ်ပိုဒ်ကို ချိတ်ဆွဲထားသည်။

ပဖြစ်ခြင်းအမွေ မွေးသန္ဓေတွင်
ပျက်ကြွေမျိုးစေ့ ပါမြဲတည်း။

နှစ်ကြောင်းတည်းသောထိုစာတန်းကို ကျွန်တော်ခဏခဏဖတ်နေမိသည်။ ထိုစဉ် အသုဘပို့ယာဉ်များ ပြန်လည်ထွက်ခွာကြရန် စက်နှိုးလိုက်ကြသံကြောင့် ကျွန်တော်လည်း သတိဝင်လာပြီး နီးစပ်ရာ ဟိုင်းလတ်ကားတစ်စီးပေါ်သို့ ခပ်သုတ်သုတ်တက်လိုက်ရတော့သည်။

ကျွန်တော်လိုက်ပါလာသောကားပေါ်တွင် လူချောင်သောကြောင့် ထိုင်ခုံတွင် ထိုင်လိုက်သည်။ ကားပေါ်တွင် ကျွန်တော်မသိသော အမျိုးသမီးတွေချည်း ဖြစ်၏။

ကျွန်တော်စီးလာသောဟိုင်းလတ်ကားကလေး ချိုင်းမြေမှ မကြာမီ ကားပေါ်မှ အမျိုးသမီးများ၏ စကားသံတွေ တစ်စတစ်စထွက်ပေါ်လာသည်။ သူတို့သည် ပထမတွင် ရောက်တတ်ရာရာ ပြောနေရာမှယခုကွယ်လွန်သူအကြောင်း ရောက်သွားကြသည်။ ကျွန်တော်လည်း မိတ်ဆွေအကြောင်းဖြစ်၍ နားစွင့်ထားမိသည်။

အမျိုးသမီးအချို့က သွားလေသူသည် သဘောကောင်းကြောင်းပြောကြသည်။ တချို့ အမျိုးသမီးများကမူ ကွယ်လွန်သူသည် ယာဉ်တိုက်မှုပယောဂနှင့် ရုတ်တရက်သေဆုံးသွားခြင်း ဖြစ်သောကြောင့် ကျွတ်လွတ်ဖို့မလွယ်ဘူးထင်ကြောင်း မှတ်ချက်ပြုကြသည်။

ဤသည်တို့ကို ကြားရသောအခါ ကျွန်တော်လည်း သိချင်စိတ်ပြင်းပြသွားသည်။ ယခု ကွယ်လွန်သူ ကျွန်တော့်မိတ်ဆွေသည် ဘယ်ဘဝကို ရောက်နေပြီလဲ။ မိတ်ဆွေ၏လားရာသည် ဘယ်ကိုလဲ၊ ကျွန်တော်ကော သေပြီးရင် ဘယ်ဘဝရောက်မလဲ။

ကျွန်တော် စိုးရိမ်သွားသည်။

ကိုယ်သေဆုံးသွားလျှင် ဘယ်ဘဝရောက်သွားမလဲ။ ကောင်းရာသုဂတိလား။ မကောင်းရာ ဒုဂ္ဂတိလား။ ယခုအထိ ကျွန်တော် မခန့်မှန်းတတ်၊ မသိတတ်သေး။ မရှိတာထက် မသိတာ ခက်နေပြီလားဟု တွေးမိပြီး ကျွန်တော် ထိတ်လန့်သွားသည်။ အိမ်ပြန်ရောက်လျှင်တော့ ချက်ချင်းသိနိုင်အောင် အဖြေရှာဖို့ ကျွန်တော့်စိတ်ကို လောဆော်ထားလိုက်သည်။

❑

ကျွန်တော်အိမ်ပြန်ရောက်တော့ ကျွန်တော့် အိပ်ခန်းထဲမှ ဘာသာရေးသီးသန့်စုစည်းထားသည့်စာအုပ်သေတ္တာကို အရင်ဖွင့်သည်. မဖတ်ရသေးသည့် ဘာသာရေးစာအုပ်ပေါင်း လေးဆယ်ကျော် ငါးဆယ်ခန့် ထုတ်ယူပြီးနောက် အခန်းထဲတွင်ပင် တစ်အုပ်ပြီးတစ်အုပ် စာမြည်းရင်း ကျွန်တော်သိချင်သော အဖြေနှင့် ပတ်သက်ရာအကြောင်းများကို ရှာဖွေနေမိသည်။ အတော်ကြာရှာဖတ်လိုက်တော့ 'ဗုဒ္ဓမြတ်စွာဘာပြောခဲ့သလဲ' ဆိုသည့် စာအုပ်အမှတ်တစ်နှင့်နှစ် နှစ်အုပ်တွေ့သည်။

ကျွန်တော်တို့ တောင်ကြီးမြို့၏ အစိုးရဌာနပေါင်းစုံအဌမအကြိမ်မြောက် ကထိန်ပွဲကျင်းပစဉ်က ကထိန်ပွဲအထိမ်းအမှတ်အဖြစ် ထုတ်ဝေခဲ့သော ကထိကဒါနစာအုပ်။ တစ်နည်းအားဖြင့် ၁၃၂၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နှင့် ၁၅ ရက်တွင် ထုတ်ဝေ၍ ဓမ္မဒါနပြုသောစာအုပ်ဖြစ်သည်။ မြတ်စွာဘုရား၏ ဒေသနာတော်များကို ပါဠိဘာသာမှ မြန်မာဘာသာပြန်ဆိုပေးသူမှာ စာရေးဆရာကြီး ဒဂုန်-ဦးထွန်းမြင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစာအုပ်နှစ်အုပ်အနက် အမှတ်နှစ်စာအုပ်မှ ကျွန်တော်သိချင်သည်များကို ဖြေရှင်းပေးသော အကြောင်းအရာ မြတ်ဘုရား၏ ဒေသနာနှစ်ရပ်ကို ကိုးကား ထုတ်နုတ် တင်ပြပါမည်။

၁ အခါတစ်ပါး၌ မြတ်စွာဘုရားသည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မဟာနာမ် အမည်ရှိ သာကီဝင်မင်းသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ဤသို့ လျှောက်လေ၏။

"ဘုန်းတော်ကြီးမားလှသော မြတ်စွာဘုရား။ ကပိလဝတ်ပြည်သည် အလွန်စည်ကားလျက် လူဦးရေများပြားလှပါသည်။ တပည့်တော်သည် မြတ်စွာဘုရားကို ဆည်းကပ်ရာမှဖြစ်စေ၊ သံဃာတော်များကို ဆည်းကပ်ရာမှဖြစ်စေ ကပိလဝတ်မြို့ထဲသို့ ပြန်သွားသောအခါ ဟိုဟိုသည်သည် လှည့်လည်ပြေးလွှားနေသောဆင်နှင့်လည်း ရင်ဆိုင်တွေ့ဆုံရပါသည်။ ဟိုဟိုသည်သည် လှည့်လည်ပြေးလွှားနေသော မြင်းနှင့်လည်း ရင်ဆိုင်တွေ့ကြုံရပါသည်။ ဟိုဟိုသည်သည်ပြေးလွှားနေသော ရထားနှင့်လည်း ရင်ဆိုင်တွေ့ဆုံရပါသည်။

ထိုအချိန်မျိုး၌ တပည့်တော်သည် ဘုရား၊ တရား၊ သံဃာရတနာသုံးပါးကို သတိမရနိုင်ပါ။ ထိုအခါမျိုး၌ အခုနေများ ရုတ်တရက် ဆင်တိုက်၍၊ မြင်းတိုက်၍၊ ရထားတိုက်၍ သေသွားလျှင် ဘယ်ဘဝကိုလားမည်နည်း၊ ဘယ်ဘဝကို ရောက်မည်နည်းဟု တပည့်တော် တွေးတောမိပါသည် မြတ်စွာဘုရား"

ဤသို့ မဟာနာမ်က လျှောက်သောအခါ မြတ်စွာဘုရားက -

"မဟာနာမ်၊ မကြောက်လင့်။ အကယ်၍ (ထိုအခါမျိုး၌ သေလျှင်လည်း) သင့်အား မယုတ်ညံ့သော သေခြင်းဖြစ်လတ္တံ့။ မယုတ်ညံ့သော ကွယ်လွန်ခြင်းဖြစ်လတ္တံ့။ မဟာနမ်၊ အကြင်သူအား နှစ်ပေါင်းများစွာ သဒ္ဓါဖြင့် ထုံအပ်သော စိတ်၊ သီလဖြင့် ထုံအပ်သောစိတ်၊ အကြားအမြင်ဗဟုသုတဖြင့် ထုံအပ်သောစိတ်၊ စွန့်ကြဲခြင်းစာဂဖြင့် ထုံအပ်သောစိတ်၊ ပညာဖြင့်ထုံအပ်သောစိတ်ရှိ၏။ ထိုပုဂ္ဂိုလ်၏ကိုယ်သည်ကား ရုပ်သက်သက်ဖြစ်၏။ မဟာဘုတ်လေးပါးစုဝေးရာဖြစ်၏။

အမိ၊ အဖတို့၏သုက်သွေးကြောင့် ဖြစ်ပွားလာရ၏။ ထမင်း၊ မုန့်တို့ဖြင့် ကြီးထွားလာရ၏။ မမြဲခြင်း၊ ပွတ်သပ်ဆုပ်နယ်ပေးရခြင်း၊ ပြိုကွဲပျက်စီးခြင်း သဘောရှိ၏။ (ထိုအခါမျိုး၌ သေလျှင်) ရုပ်အကောင်ကြီးကို ဤအရပ်၌ပင် ကျီး၊ လင်းတတို့သော်လည်း ထိုးဆိတ်စားသောက်ကြသည်။ ခွေး၊ မြေခွေးတို့သော်လည်း စားကြသည်။ ပိုးလောက်တို့သော်လည်း စားကြသည်။

သို့သော် ထိုသူ၏ နှစ်ပေါင်းများစွာ သဒ္ဓါဖြင့်ထုံအပ်သော၊ သီလဖြင့်ထုံအပ်သော၊ အကြားအမြင်ဗဟုသုတဖြင့်ထုံအပ်သော၊ စွန့်ကြဲခြင်းစာဂဖြင့် ထုံအပ်သော၊ ပညာဖြင့် ထုံအပ်သော စိတ်(နာမ်)သည်ကား အထက်သို့သာ တက်လေ့ရှိ၏။ ထူးခြားစွာသွားလေ့ရှိ၏။

ဥပမာအားဖြင့် ထောပတ်အိုးကိုဖြစ်စေ၊ ဆီအိုးကိုဖြစ်စေ ရေနက်သော ရေအိုင်ထဲသို့ နှစ်၍ခွဲလိုက်လျှင် အိုးခြမ်းကွဲများကအောက်သို့အောက်သို့ကျသွားလျက် ထောပတ်တို့၊ ဆီတို့က အပေါ်သို့ တက်လာသကဲ့သို့ ရုပ်ကောင်ကြီးကို ဤအရပ်၌ပင် ကျီးတို့၊ လင်းတတို့၊ ခွေးတို့၊ မြေခွေးတို့၊ ပိုးလောက်တို့သော်လည်း စားကြသည်။ သို့သော် ထိုသူ၏ နှစ်ပေါင်းများစွာ သဒ္ဓါဖြင့်ထုံအပ်သော သီလဖြင့် ထုံအပ်သော အကြားအမြင်ဗဟုသုတဖြင့် ထုံအပ်သော၊ ပညာဖြင့် ထုံအပ်သောစိတ်သည်ကား အထက်သို့သာ တက်လေ့ရှိသည်။ ထူးခြားစွာသွားလေ့ရှိ၏။

မဟာနာမ်၊ သင်သည် နှစ်ပေါင်းများစွာ သဒ္ဓါဖြင့်ထုံအပ်သော အကြားအမြင်ဗဟုသုတဖြင့် ထုံအပ်သော၊ စွန့်ကြဲခြင်းစာဂဖြင့်ထုံအပ်သော၊ ပညာဖြင့် ထုံအပ်သောစိတ်ရှိသူဖြစ်သည်။ မဟာနာမ် မကြောက်လင့်။ မကြောက်ပါလင့်။ သင့်အား မယုတ်ညံ့သော သေခြင်းသည်ဖြစ်လတ္တံ့။

*သံယုတ္တနိကာယ်၊*
*မဟာဝဂ္ဂသံယုတ်*
*၁၁-သောတာပတ္တိသံယုတ်၊*
*၃-သရဏာနိဝဂ်-၁။*

၁ အခါတစ်ပါး၌ ရှင်အာနန္ဒာသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ဤသို့မေးလျှောက်လေသည်။

"မြတ်စွာဘုရား၊ ဘဝဘဝဟုဆိုကြပါသည်။ အဘယ်မျှလောက်အတိုင်းအရှည်ဖြင့် ဘဝသည်ဖြစ်ပါသနည်း ဘုရား"

"အာနန္ဒာ၊ ကာမဘုံ၌အကျိုးပေးသည့်ကံမဖြစ်လျှင် ကာမဘဝသည် ထင်ရှားဖြစ်ပေါ်နိုင်မည်လော"

"ကာမဘုံ၌ အကျိုးပေးသည့်ကံမဖြစ်လျှင် ကာမဘဝသည် ထင်ရှားမဖြစ်ပေါ်နိုင်ပါဘုရား"

"အာနန္ဒာ၊ ဤသို့လျှင် ကံသည် လယ်ယာမြေနှင့် တူ၏။ ဝိညာဉ်သည် မျိုးစေ့နှင့်တူ၏။ တဏှာသည် ရေနှင့်တူ၏။ အဝိဇ္ဇာဖုံးလွှမ်းလျက် တဏှာအနှောင်အဖွဲ့ရှိနေကြသော သတ္တဝါတို့အား ယုတ်နိမ့်သောကာမဘုံ၌ ပဋိသန္ဓေဝိညာဉ်တည်လေ၏။ ဤသို့လျှင် ဤဘဝနောက်၌ တစ်ဖန်ဖြစ်ပေါ်မှုဟူသော ဘဝသစ်သည်ဖြစ်လာလေ၏။ အာနန္ဒာ၊ ရူပဘုံ၍ အကျိုးပေးသည့်ကံမဖြစ်လျှင် ရူပဘဝသည် ထင်ရှားဖြစ်ပေါ်နိုင်မည်လော"

"မဖြစ်ပေါ်နိုင်ပါဘုရား"

"အရူပဘုံ၌ အကျိုးပေးသည့်ကံမဖြစ်လျှင် အရူပဘဝသည် ထင်ရှားဖြစ်ပေါ်လာနိုင်မည်လော"

"မဖြစ်ပေါ်နိုင်ပါဘုရား"

"အာနန္ဒာ၊ ဤသို့လျှင် ကံသည် လယ်ယာမြေနှင့်တူ၏။ ဝိညာဉ်သည် မျိုးစေ့နှင့်တူ၏။ တဏှာသည် ရေနှင့်တူ၏။ အဝိဇ္ဇာဖုံးလွှမ်းလျက် တဏှာအနှောင်အဖွဲ့ရှိနေကြသော သတ္တဝါတို့အား အလယ်အလတ်ဖြစ်သော ရူပဘုံ၊ မြတ်သော အရူပဘုံတို့၌ ပဋိသန္ဓေဝိညာဉ်သည် တည်ပေ၏။ ဤသို့လျှင် ဤနောက်ဘဝ၌ တစ်ဖန်ဖြစ်ပေါ်မှုဟူသော ဘဝသစ်သည် ဖြစ်လာလေ၏"

*တိကအင်္ဂုတ္တိုရ်၊*
*ဒုတိယပဏ္ဏာသက၊*
*၃-အာနန္ဒဝဂ်၊ ၆-ပဌမဘဝသုတ်၊*

အထက်ပါ တရားဒေသနာနှစ်ရပ်သည် ရုတ်တရက် သေဆုံးလျှင်ဖြစ်ဖြစ်၊ သာမန်သေဆုံးရင်ဖြစ်ဖြစ် နောက်ဘဝမှာဘာဖြစ်မလဲဆိုတာ ခွဲခြားသိမြင်နိုင်ရန် အခြေခံတရားအမှန်ကိုညွှန်ပြလိုက်ခြင်း ဖြစ်သည်။ သို့မို့ကြောင့် စာဖတ်သူများလည်း နောက်ဘဝအတွက် ကြိုတင်သိမြင်ကြိုးစား၍ ကောင်းကျိုးပွားများနိုင်ကြပါရန် ဆန္ဒပြုလိုက်ရတော့၏။

မေတ္တာဖြင့်
စိုင်းထွန်းနောင်



www.burmeseclassic.com

www.burmeseclassic.com

# ကြိတ်မှန်ပင်ရဲ့အစွမ်း

နေပြည်တော်ကျော်ကျော်စိုး

ကြိတ်မှန်ရွက်ဆိုတာကို ကျွန်တော်တို့ငယ်ရွယ်စဉ် ကလေးဘဝကတည်းက ရင်းနှီးနေပါတယ်။ ဆေးသုံးဖို့ရင်းနှီးတာ မဟုတ်ဘူး။ ကျောက်သင်ပုန်းပေါ်က ကျောက်တံရာတွေကို ဖျက်တဲ့အခါမှာ အလွန်အသုံးဝင်တာမို့ ကြိတ်မှန်ရွက်ကလေးတွေခူးပြီးအသင့်ဆောင်ထားကြတာပါ။ အဲဒါကြောင့် ရင်းနှီးနေခြင်းပါ။

စာရေးပြီးရင်၊ ဂဏန်းတွက်ပြီးရင် ကျောက်သင်ပုန်းကိုဖျက်ရပါတယ်။ဖျက်တဲ့အခါ အချို့ဘုန်းကြီးကျောင်းသားတွေက ရေနဲ့ဖျက်တယ်။ အချို့တံတွေးနဲ့ဖျက်တယ်၊ အချို့ကနတ်သမီးကွမ်းရွက်နဲ့ဖျက်တယ်။ ကျွန်တော်တို့ကျတော့ ကြိတ်မှန်ရွက်လေးနဲ့ဖျက်တယ်။

ရေနဲ့ဖျက်ရင် စာလုံးမှိန်မှိန်တွေ ကျန်နေတတ်တယ်။ တံတွေးနဲ့ဖျက်ရင် မိုးအုံ့တာနဲ့ ကျောက်သင်ပုန်းပိုပြီးစိုလာလို့ ရေးမရဘဲချော်ထွက်နေတတ်တယ်။ နတ်သမီးကွမ်းရွက်လို့ခေါ်ကြတဲ့ ရေညှိပင်ဆန်ဆန် အရွက်ကြည်ကြည်လေးတွေကျတော့ ရေဓာတ်များတဲ့အပင်မို့ အဆင်ပြေတယ်။ ဒါပေမယ့် ကြိတ်မှန်လောက်မကောင်းပါဘူး။ ကြိတ်မှန်ရွက်ကျတော့ သူ့ရဲ့အရည်ကိုကခပ်မည်းမည်းဆိုတော့ရေးထားတဲ့ စာလုံးပေါင်းပျောက်တဲ့အပြင် ကျောက်သင်ပုန်းမျက်နှာပြင်နက်မှောင်ပြီး ချောနေပါတယ်။ စာရေးလို့အလွန်ကောင်းတာပေါ့။

အဆိုးဆုံးက ဖျင်းတဲ့အခါ၊ အလွယ်တကူ တံတွေးထွေးပြီးဖျက်ကြတဲ့အခါ ကျောက်သင်ပုန်းက အာပုပ်စော်နံတာရယ်၊ မိုးအုံ့တာနဲ့ ကျောက်သင်ပုန်းအစိုပြန်ကာ ရေးတဲ့အခါ ချော်နေပြီး စာလုံးမထင်တာရယ်က အဆိုးဆုံးပါ။ ဒါဆို မှန်ကျောင်းဘုန်းတော်ကြီးကို စာပြရတဲ့အခါ စာမထင်တာမို့ အဲဒီကျောင်းသားကျောပြင်ပြောတင်ခံရတာပါ။ ဒါဆိုအဲဒီကောင် မပျင်းရဲတော့ပါဘူး။

အခုလိုတိုးတက်လာတဲ့ခေတ်ကြီးမှာ ကျောက်သင်ပုန်းပျောက်ကွယ်ခဲ့တာ အတန်ကြာပါပြီ။ ခုခေတ်ကလေးတွေ အလွန်ကံကောင်းကြပါတယ်။ မူကြိုကစပြီး ဗလာစာအုပ်နဲ့ ခဲတံ စကိုင်ရတာပါ။ ကျွန်တော်တို့ဆိုရင် သစ်သားနဲ့လုပ်တဲ့သင်ပုန်းကို စကိုင်ရတာပါ။ အဲဒီ သစ်သားသင်ပုန်းကို ကံ့ကူဆံနဲ့ရေးရပါတယ်။ နောက်တော့မှ ကျောက်နဲ့လုပ်တဲ့ ကျောက်သင်ပုန်းပေါ်ပါတယ်။ အဲဒီ ကျောက်သင်ပုန်းကို ကျောက်တံနဲ့ရေးရပါတယ်။ ခုခေတ်ကလေးတွေကျတော့ မူကြိုအဆင့်ကစပြီး ဗလာစာအုပ်နဲ့ ခဲတံစကိုင်ရတော့ကာ သင်ပုန်းချေတဲ့ ကြိတ်မှန်ပင်မဆိုထားနဲ့ ကျောက်သင်ပုန်းတောင် မြင်ဖူးဖို့ခဲယဉ်းသွားပါပြီ။ ခုခေတ်လူငယ်အချို့က ကြိတ်မှန်ပင်မသိကြတာများတယ်။

ကြိတ်မှန်ပင်ဟာ နေရာဒေသအနှံ့ စွတ်စိုတဲ့ ရေမြောင်းဘေးစတဲ့နေရာတွေမှာပေါက်တယ်။ မြန်မာ့ဆေးနည်းတွေမှာ ကြိတ်မှန်ပင်ကို အတော်များများ သုံးလေ့ရှိကြသလို ကြိတ်မှန်ရွက်ဟာ ဟင်းခါးချက်သောက်ရင် မိန်းကလေးတွေ သွေးလေမှန်စေတဲ့ဆေးပါ။ ဟင်းရည်အဖြစ် ချက်သောက်ရင်ကောင်းပါတယ်။ ရေမြေကောင်းရင် အလွန်သန်စွမ်းဖြစ်ထွန်းပါတယ်။ ကျွန်တော်တို့ နေပြည်တော်မှာကျတော့ အိမ်ဝိုင်းတွေ၊ လယ်ကန်သင်းတွေ၊ လမ်းဘေးတွေမှာ ပေါက်ပါတယ်။မြက်ခင်းတွေထဲမှာလည်း ပေါများစွာပေါက်ရောက်လေ့ရှိပါတယ်။

အရွယ်နည်းနည်းရလို့ ဆေးကုချင်တဲ့ဝါသနာပါတဲ့အခါ စာတွေဖတ်ပြီးမှတ်တယ်။ လူကြီးတွေကိုမေးပြီးမှတ်တယ်။ ဆေးဆရာတွေမေးပြီးမှတ်ရတယ်။ အဲဒီမှာ ကြိတ်မှန်ရွက်ရဲ့ အားအသာဆုံးအချက်ဟာ မီးလောင်တာတို့၊ ရေနွေးလောင်တာ၊ ဒဏ်ရာရတာတို့မှာ ပကတိအသားအရေကိုပြန်မရရင် ကြိတ်မှန်ရွက်ရည်နဲ့ပွတ်ပေးခြင်းဟာ ပကတိအသားအရေကိုပြန်ရစေတယ်ဆိုတာပါပဲ။ ခဏနဲ့တော့မရပါဘူး။ ဇွဲရှိရှိနဲ့ ရက်အတန်ကြာ ပကတိအသားအရေမရမချင်းပွတ်ပေးရမှာပါ။ စိတ်ရှည်မှ ပြည်စိုး ဆိုတဲ့စကားလို စိတ်ရှည်ရှည်နဲ့လုပ်ရမှာပါ။ အပန်းကြီးတဲ့အလုပ်တော့ မဟုတ်ပါဘူး။

ကျွန်တော် အသက် (၃၀) ကျော်ကျော်မှာ လူတွေရဲ့ ကျန်းမာရေးကိစ္စ အဝဝ မိမိလက်လှမ်းမီရင် ကုပေးတတ်တာကြောင့် ကျွန်တော်နေတဲ့ မိုးကုတ်အနောက်ပိုင်း ကျောက်ဖျာရွာက ဦးကန်၊ ဒေါ်ကြာတို့ရဲ့သမီး မသန်းဌေးက ကျွန်တော့်ကို အကူအညီတောင်းပါတယ်။ ပထမတစ်ခါ သူ့ရဲ့ရင်သားမှာ အနာဖြစ်တော့ ကျွန်တော့်ဆီအကူအညီတောင်းတဲ့အခါ တစ်ပင်တိုင်မြနန်းတစ်ဥပေးပြီး သွေးလိမ်း၊ သွေးသောက်ခိုင်းတဲ့အခါ အနာဟာ ရက်တိုအတွင်း အရှင်းပျောက်ဖူးပါတယ်။ ဒါက ဒုတိယအကြိမ်ပါ။

ဒီတစ်ခါလာတာက သူ့လက်က အပူလောင်နာအရေကွာသွားတဲ့အခါ အသားမှာအဖြူကွက်ကြီးဖြစ်နေတာပါ။ ကြည့်ရင် သမင်ဖြူတို့၊ ခရုသင်းနဲ့ဆင်ဆင်တူပါတယ်။ ဒါပေမယ့် ကွာခြားမှုရှိပါတယ်။ ဒါနဲ့ ကျွန်တော်က သူတို့အိမ်



www.burmeseclassic.com

www.burmeseclassic.com

ရှေ့မြောင်းထဲက ကြိတ်မှန်ရွက်ကိုပြပြီး ပင်ကိုအသားအရေပြန်ရအောင် ကြိတ်မှန်ရွက်မှန်မှန်တိုက်ပေးဖို့ညွှန်ပါတယ်။

တစ်ရက်၊ နှစ်ရက်တိုက်ကြည့်တဲ့အခါ မထူးတာနဲ့ ကျောက်ပြဿဒ်က ဒေါက်တာစန်းနိုင်ဆီပြေးတယ်လို့ ဆိုပါတယ်။ ဒေါက်တာစန်းနိုင်ကလည်း ကြိတ်မှန်ရွက်ပဲပြန်ညွှန်ပါတယ်။ ဒီအခါ ကျွန်တော့်ဆီရောက်လာပြန်တယ်။ အဲဒီကျမှ ကြိတ်မှန်ရွက်ထက်ကောင်းတဲ့ဆေး မရှိကြောင်း ထပ်မံရှင်းပြပြီး အားပေးရပြန်တာပါ။ အဲဒီကျမှယုံယုံကြည်ကြည် ကြိတ်မှန်ရွက်နဲ့ကုပါတယ်။

သူ့အနေနဲ့က မျက်စိအောက်မှာ အလွန်ပေါ်နေတဲ့ ဆေးပင်နဲ့ကုတဲ့အခါ တန်ဖိုးမရှိဘူးလို့ထင်တာပါ။ ဒါကြောင့် အမြန်ပျောက်ချင်လို့ လိမ်းဆေးရလိုရငြား ဆရာဝန်ဆီပြေးတာပါ။ ဆရာဝန်ကိုယ်တိုင်ပြန်ညွှန်လိုက်ပါမှ ကြိတ်မှန်ရွက်ကို အလေးထားပါတော့တယ်။ တော်သေးတယ်၊ ဒေါက်တာစန်းနိုင်သာ မထောက်ခံရင်၊ မပြောပြရင်၊ မညွှန်ရင် မသန်းငွေးရဲ့အရေပြားဝေဒနာပျောက်ကင်းမှာမဟုတ်ပါဘူး။

အရေပြားကိစ္စတွေနဲ့ကြုံလာတိုင်း ကျွန်တော်ဟာ အလွတ်သိနေတဲ့ ကြိတ်မှန်ရွက်ကိုပဲ ဒိုင်ခံညွှန်ပါတယ်။ ကြိတ်မှန်ဆိုတာ မိုးကောင်းတဲ့ မိုးကုတ်မှာ နေရာအနှံ့သန်စွမ်းစွာဖြစ်ထွန်းတာပါ။ အများအားဖြင့်လည်း ကြိတ်မှန်ရွက်ကိုသိကြတာကိုး။ ကလေးချောင်းဆိုးရင် ကြိတ်မှန်ရွက်ခူးပြီး ရေစင်စင်ဆေးကာ အရည်ညှစ်၊ ဆားအနည်းငယ်ခတ်ပြီး တစ်ဇွန်းစာလောက်ကို တိုက်လိုက်ရင် သက်သာပျောက်ကင်းစေပါတယ်။ အဲဒါကြောင့် အသိများပါတယ်။

ကျွန်တော့်အသက် (၆၄) နှစ်မှာ နေပြည်တော်မှာ ပြောင်းရွှေ့နေထိုင်ပါတယ်။ အဲဒီမှာ မန္တလေးရှိမိသားစုများထံ မကြာမကြာရောက်တယ်။ လမ်းလျှောက်အကျင့်ရှိတဲ့ ကျွန်တော်ဟာ မန္တလေးမှာလည်း နံနက်စောစောလမ်းထလျှောက်ပါတယ်။ သမီးတို့နေတာက အောင်မြေသာစံမြို့နယ်ထဲမှာဆိုတော့ (၃၅) လမ်းကနေ (၂၆) လမ်းအထိ မီးရထားလမ်းအတိုင်းလျှောက်ပါတယ်။ ရထားလမ်းက မတ္တရာလမ်းပါ။ ရထားလမ်းဘေးမှာ ကတ္တရာလမ်းပူးတွဲရှိနေတာပါ။ တောင်၊ မြောက်လမ်းက လမ်း (၆၀) ပါ။

ယာဉ်ပျံရပ်ထဲက အုတ်တံတားအနောက်ဘက်မှာ မုန့်တီလက်သုပ်ဆိုင်လေးရှိတယ်။ ခေါက်ဆွဲ၊ ဆန်ကြာဆံ၊ မုန့်တီသုပ်လေး၊ ငါးမျှင်လောက်ရတယ်။ မုန့်တီသုပ်ခံတွင်းတွေ့တာနဲ့ နေ့စဉ်ဝင်စားတာ မန္တလေးရောက်တိုင်းပါ ။ အိမ်မှာ နံနက်အစောစာမစားဖြစ်တာများတယ်။ အိမ်မှာက ရှမ်းဆန်ခေါက်ဆွဲနဲ့ ဂျုံခေါက်ဆွဲလုပ်စားတာများတယ်။ ကျွန်တော်က ဂျုံတော့ကြိုက်ပါတယ်။ ဆန်ခေါက်ဆွဲမကြိုက်တော့ကာ အာရုံမထားဘဲ အဲဒီဆိုင်လေးမှာစားတာများတယ်။ အိမ်မှာ အစားများတာက ဆန်စေးဆန်ဖွယ်ကိုးဗျ။

၂၀၁၄ ခုနှစ်၊ ဇူလိုင်လထဲမှာ ကျွန်တော် မုန့်တီသုပ်စားနေတုန်း ဘေးကို ကောင်လေးတစ်ယောက်လာထိုင်တယ်။ ပြီးတော့ ဆိုင်ရှင်ကောင်မလေးကို မေးပါတယ်။

"အစ်မ၊ အစ်မဆိုင်ကယ်မှောက်တုန်းက မျက်နှာတွေ၊ လက်မောင်းတွေမှာ ဒဏ်ရာတွေအများကြီးပဲ။ အခု တစ်ခုမှမတွေ့ရတော့ဘူး။ အဲဒါပကတိအသားအရေရအောင်ဘာနဲ့ကုတာလဲ"

"ကြိတ်မှန်ရွက်နဲ့ပွတ်ပေးရတာပေါ့။ နေ့မှာတော့မပွတ်ဘူးပေါ့ဟာ။ နေ့မှာ ဒဏ်ရာတွေကို သနပ်ခါးနဲ့ဖုံးပြီး ဆိုင်ထွက်တာပေါ့။ ညအိပ်ရာဝင်ခါနီးမှ အထပ်ထပ်ပွတ်ပြီးအိပ်တာ။ အတော်ကြာတော့ နင်မြင်တဲ့အတိုင်း ဘာဒဏ်ရာမှမရှိတော့ဘဲ ပင်ကိုအသားအရေပြန်ဖြစ်သွားတယ်လေ"

"ကြိတ်မှန်ရွက်နဲ့ပွတ်ရင် မည်းမည်းကြီးဖြစ်နေတာဆို အစ်မ"

"အေးလေ၊ ကြိတ်မှန်ရွက်ရည်က မည်းတာကိုး။ မျက်နှာသစ်ရင်တော့ ပျောက်တာပေါ့ဟာ။ မည်းတာက ခဏပါ"

လို့ ပြောနေကြတော့ ဒီကောင်လေးဆိုင်ကယ်မှောက်ထားတာနေမှာဆိုပြီးကြည့်လိုက်တော့ မျက်နှာမှာ ဒဏ်ရာတွေဗရပွနဲ့ ကောင်းကောင်းမခြောက်သေးပါဘူး။ အဲဒီကျမှ ဘာလို့မေးသလဲဆိုတာ သိရပါတယ်။ သူက ဆိုင်ကယ်မှောက်ထားတာကိုး။ အခုခေတ်မှာ ဆိုင်ကယ်မှောက်တာ အဆန်းမဟုတ်တော့ပါဘူး။

ဆိုင်ရှင်ကောင်မလေးက ၂၀၁၃ခုထဲမှာမှောက်တာပါ။သူ့ဆိုင်ကယ်မှောက်တော့ သူ့အဒေါ်က သူ့အစားဆိုင်ထွက်ပေးပါတယ်။ မျက်နှာတွေ၊ လက်တွေ၊ ခြေထောက်တွေ ဆိုင်ကယ်အရှိန်နဲ့ကတ္တရာလမ်းပွတ်မိတဲ့အခါ အရေပြားတွေ စုတ်ထွက်ကုန်ပါတယ်။ ဆေးရုံမှာ အတန်ကြာကုလိုက်ရတာပါ။ ဆေးရုံကဆင်းတော့ ဒဏ်ရာတွေက ညိုမည်းနေပြီး လှတဲ့ကောင်မလေး မလှမပဖြစ်နေပါတယ်။ ဒဏ်ရာတွေကို သနပ်ခါးနဲ့ ဘယ်လိုဖုံးပေမယ့် မလုံပါဘူး။ အဲဒီမှာ စားတဲ့ ဦးကြီးတစ်ဦးက -

"လှချင်ပါတယ်ဆိုတဲ့ အလှကြိုက်တဲ့နင့်ကျမှ ဆိုင်ကယ်မှောက်ရတယ်လို့ဟာ ဖြစ်ရဖြစ်ရလေတယ်။ ငါဖြင့် နင့်ကိုကြည့်ပြီးစိတ်မကောင်းလိုက်တာဟာ"

လို့ ပြောပါတယ်။ အဲဒီမှာ ကျွန်တော်ကလည်းမနေသာတာနဲ့ ကြိတ်မှန်ရွက်ရည်နဲ့နေ့စဉ်ပွတ်ပေးလို့ပြောတဲ့အခါ ကောင်မလေးက -

"ဟုတ်တယ် ဦးလေးရဲ့၊ သူများတွေညွှန်လို့ သမီးကြိတ်မှန်ရွက်မှန်မှန်ပွတ်ပေးနေပါတယ်"

လို့ ပြောပြပါတယ်။ ခုများဖြင့် အဲဒီကောင်မလေးဟာ ပင်ကိုအလှပြန်ရသွားခဲ့ပါပြီ။ သူတို့က စစ်ကိုင်း ရွာသစ်ကြီးဘက်ကလာပြီး မန္တလေးမှာမောင်နှမတစ်တွေ အခြေချနေထိုင်ကြတာပါ။ အလုပ်တွေကိုယ်စီရှိတာမို့ အိမ်ပိုင်နဲ့တောင်ဖြစ်နေကြပါပြီ။ အမြဲစားနေကျမို့ ရင်းနှီးနေတာပါ။

အဲဒီကောင်လေးနဲ့ကောင်မလေးတို့ဆိုင်ကယ်မှောက်တဲ့အဖြစ်တူညီနေလို့ စကားပြောနေတာ ကြားရတဲ့အခါ ကြိတ်မှန်ရွက်အစွမ်းကို အများသိနေကြပေမယ့် အရေးကြုံရင် လူဟာပျာနေတတ်တာမို့ မေ့နေတတ်ပါတယ်။ အဲဒီလိုများမေ့နေမယ်ဆိုရင် ဒီစာစုလေးဟာ အထောက်အကူဖြစ်နိုင်တယ်ဆိုပြီး ရေးသား တင်ပြလိုက်ခြင်း ဖြစ်ပါတယ်။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com



ဆင်တော်မှန်ဦးအတွင်းမှပတ္တမြားမျက်ရှင်ရုပ်တု



စေတီတော်မြတ်အား အနီးကပ် ဖူးမြင်ရစဉ်

သာယာဝတီခရိုင် သုံးဆယ်မြို့မှ မေတ္တာစွမ်းအားကြီးမားသော
ကိုယ်ခန္ဓာမပုပ်မပျက်မပျွမ်းသည့်

# ဆရာတော်ကြီးဘဒ္ဒန္တအရှင်ဉာဏရုပ်ကလာပ်တော်

ရွှေချီအောင်(ပေလီ)

စာရေးသူ၏ ဘဝတစ်သက်တာ ၁ယ် သာယာဝတီခရိုင် သုံးဆယ်မြို့မှ ခမ္မသုခကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တအရှင်ဉာဏအား ကိုယ်တွေ့ဖူးမြင်ရသည့် ရဟန္တာသူတော်စင်အဖြစ်၊ ပဌမမြောက် အရိယာပုဂ္ဂိုလ်ထူးအဖြစ် ရေးသားပူဇော်ရန် အခါအခွင့်ကြုံလာပြန်လေသည်။ လွန်ခဲ့သည့် ၂၀၁၀ ပြည့်နှစ်က ပေလီ (အ-ထ-က) မှ အလယ်တန်းပြဆရာမဖြစ်သူဒေါ်တင်ရီ (ယခုအငြိမ်းစား) က စာရေးသူအား စာအုပ်သုံးအုပ် လာရောင်းပါသည်။ စာအုပ်ဆိုလျှင် အလွန်တရာ မက်မောလေးစားမြတ်နိုးသူဖြစ်သည့်အလျောက် လေ့လာကြည့်လိုက်သည့်အခါ သာယာဝတီ သုံးဆယ်မြို့မှ သုခမ္မာမဏိဇောတခရ စံချိန်မီ ဦးလှထွန်း (လူမှုထူးချွန်) ဆုတံဆိပ်ရ ရေးသားသည့် 'ခုတဂီစာရ ဘဒ္ဒန္တ အရှင်ဉာဏ၏ ခုတင်အကျင့်မြတ်လမ်းမှ ကိုယ်တွေ့မေတ္တာစွမ်းအားဖြစ်ရပ်ဆန်းများ' စာအုပ်နှစ်အုပ်နှင့် ဆရာမြေလတ်-မြတ်သူ ရေးသားပူဇော်ထားသည့် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကျင့်စဉ်နှင့် ဩဝါဒမော်ကွန်းဖြစ်လေသည်။

ဆရာမ ဒေါ်တင်ရီကို ဤစာအုပ်များကို ဘယ်သူရောင်းရန်တာဝန်ပေးပါလဲဟု မေးသည့်အခါ ရန်ကုန်မြို့နေသူ၏ညီမဖြစ်သူ၏ ပို့ဆောင်ပေးမှုဖြင့် သုံးဆယ်မြို့ ခမ္မသုခကျောင်းတိုက်သို့ ဆရာတော်ကြီးအား ဖူးမြော်ရန်ရောက်



မှန်ဦးအတွင်းမှရုပ်တုတော်များ




ပြည်လုံးချမ်းသာစေတီတော်ကြီးနှင့်မုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ကြီးအား ဗုဒ္ဓမြင်ရစဉ်



ရုပ်တော်မှုရုပ်ပွားတော်မြတ်



ဆရာတော်ကြီး၏ရုပ်တုတော်



ဆရာတော်ကြီး အရှင်ဉာဏ



ဗုဒ္ဓဂယာမှ ဗောဓိညောင်ပင်

ရှိခဲ့ကြောင်း၊ ဆရာတော်ကြီးကိုကိုယ်တိုင် ကိုယ်ကျ ဖူးမြော်ခွင့်ရရှိခဲ့ကြောင်း၊ ဆရာတော်ကြီး၏ မေတ္တာဆွမ်းနှင့် မေတ္တာရေစင်မှာ အလွန်ထူးခြားပါကြောင်းကို စာရေးသူအား စိကာပတ်ကုံးပြောပြပါသည်။ စာအုပ်များကို ဖတ်ရှုရသည့်အခါ ဆရာတော်ကြီး၏ ဓုတင်္ဂစာရကျင့်စဉ်များနှင့် ကြည်ညိုဖွယ်ရာဝိသေသများ၊ မေတ္တာဆွမ်း၊ မေတ္တာရေစင်တို့ကြောင့် ရောဂါအမျိုးမျိုးပျောက်ကင်းသွားသူများနှင့် နိုင်ငံခြားသို့ သွားရောက် ဆေးကုသသူများမှာ ရောဂါအလျှင်းမပပျောက်ဘဲ ဆရာတော်ကြီးနှင့် မေတ္တာဆွမ်းတန်ခိုးတော်ကြောင့် ပျောက်ကင်းချမ်းသာသွားကြောင်း၊ နိုင်ငံခြားသားများပင် ဆရာတော်ကြီး၏ မေတ္တာကိုခံယူ၍ မေတ္တာဆွမ်းကို စားသုံးကြရာ အမှန်တကယ် လက်တွေ့ ပျောက်ကင်းကြကြောင်း ထူးခြားအံ့ဩဖွယ်ရာတွေ့ရှိရလေသည်။

ထိုအခါ စာရေးသူ၏ ပြုလုပ်နေကျဝသီအတိုင်း ရောဂါဆေးမတွေ့သူများကို သာယာဝတီ၊ သုံးဆယ်ဆရာတော်ကြီးထံနတ်လမ်းညွှန်ပေးခဲ့ပါသည်။ စာရေးသူ၏မိတ်ဆွေ ကိုနိုင် (ဒေါ်ရောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြည်လုံးချမ်းသာစေတီတော်မြတ်



မွေသုခကျောင်းတိုက်အဝင်မုခ်ဦး



ရေစင်ကန်နှင့် ရှင်ဥပဂုတ္တကျောင်းဆောင်

ဝယ်ရေး) အား စာအုပ်ကို ပေးဖတ်ခဲ့ပါသည်။ ထို့ပြင် ဆရာတော်ကြီးကိုသွားဖူးမည်ဆိုပါက စာရေးသူအား ဓမ္မဒါနအဖြစ် စရိတ်စကခံပေး၍ခေါ်ယူပါရန် ပန်ကြားခဲ့ပါသည်။ သို့သော် သူအမှန်တကယ်သွားရောက်ခဲ့သည့်အခါ စာရေးသူကိုပင် အသိမပေးဘဲ သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာမှသာ ဆရာတော်ကြီးကို ဖူးတွေ့ခဲ့ကြောင်း စာရေးသူကို ပြောပြခဲ့ပါသည်။ စာရေးသူမှာ ဝန်ထမ်းဖြစ်၍မအားမလပ်ခြင်း အခါအခွင့်မကြုံခြင်းတို့ကြောင့် သုံးဆယ်မြို့သို့မရောက်ရှိခဲ့ပါ။ ပဋ္ဌာန်းဆက်ကြုံပါက တစ်နေ့နေ့တွင် ဖူးမြော်ခွင့်ကြုံလိမ့်မည်ဟု မှတ်ယူထားလိုက်ပါသည်။

သို့ဖြင့် စာရေးသူ၏ဆန္ဒအတိုင်း ဆရာတော်ကြီးကို ဖူးမြော်ခွင့်ကြုံလာခဲ့ပါသည်။ ၂၀၁၂ ခုနှစ်၊ ဇွန်လ၁၆ရက်နေ့က ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်တွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ စာရေးဆရာအသင်းအဖွဲ့ ပထမအကြိမ် စာပေညီလာခံကြီးသို့ တက်ရောက်ခဲ့ရပါသည်။ ထိုအခါ မမျှော်လင့်ဘဲ ဆရာတော်ကြီးအား အနီးကပ်ကြီးကြပ်စောင့်ရှောက်ပေးနေသည့် ဆရာဦးလှထွန်း (စံချိန်မီ) နှင့် တွေ့ဆုံခဲ့ရပါသည်။ သူနှင့်ကျွန်တော် မိတ်ဆွေဖြစ်သွားကြပြီး ခင်မင်သွားကြပါသည်။ ဆရာကြီးဦးလှထွန်းက ဆရာတော်ကြီးမှာ ရန်ကုန်မြို့သို့ရောက်ရှိနေကြောင်း၊ အာရှတော်ဝင်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေပါကြောင်း ပြောပြပါသည်။ ဆရာတော်ကြီးကို ဖူးမြော်လိုပါက အာရှတော်ဝင်တွင် လာရောက်ဖူးမြော်နိုင်ကြောင်းနှင့် မနက်ဖြန်နံနက်တွင် သူနာပြုအထူးယာဉ်ဖြင့် ဆရာတော်ကြီးအား သုံးဆယ်မြို့သို့ ပြန်လည် ပင့်ဆောင်သွားမည်ဖြစ်ကြောင်း ပြောပြပါသည်။

ထိုအခါ စာရေးသူက အတူပါလာသည့် သားကြီး မောင်ချမ်းမြေ့သူနှင့် တိုင်ပင်ကြပါသည်။ ယခင်က အစီအစဉ်မှာ ညီလာခံပြီးစီးပါက White Rice Hotel တွင် တည်ခင်းကျင်းပမည့် ညီလာခံကိုယ်စားလှယ်တော်ကြီးများညစာစားပွဲသို့ တက်ရောက်ရန်ဖြစ်ပါသည်။ ယခင် အစီအစဉ်ကိုဖျက်၍ ဆရာတော်ကြီးကို အာရှတော်ဝင်တွင် သွားရောက်ဖူးမြော်ကန်တော့ကြပြီး ညစာစားပွဲသို့ မတက်ရောက်တော့ဘဲ ယုဇနဥယျာဉ်မြို့တော်သို့ပြန်ရန်ပင် ဖြစ်လေသည်။ သားအဖနှစ်ဦး အာရှတော်ဝင်သို့သွားရောက်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး၏ပုံတော်



မျက်နှာတော်အား အနီးကပ် ဖူးတွေ့ရစဉ်



ဗိမာန်တော်ခြေရင်းမှ ကမ္ပည်းစာ



စေတီတော်ပေါ်မှ ကျောင်းဝင်းမြင်ကွင်း



ကျောင်းတိုက်အဝေးမြင်ကွင်း

ကာ ဆရာတော်ကြီး၏ ဆေးကုသဆောင်ကို စုံစမ်းမေးမြန်းကြပါသည်။ နှလုံးအထူးကုဆေးကုသအထူးခန်းတွင် ရှိနေကြောင်း ပြောပြကာ အစောင့်တာဝန်ခံက လိုက်ပို့ပါသည်။

ဆရာတော်ကြီးမှာ အထူးခန်းခုတင်ပေါ်တွင် အသက်ရှူကိရိယာပိုက်များတပ်ဆင်ထားပြီး မျက်စိမှိတ်လျက်လဲလျောင်းနေတော်မူပါသည်။ စာရေးသူတို့သားအဖ ဝင်ရောက် ဖူးမြော်ကာ စာရေးသူကိုလက်ညှိုးထိုး၍ စာရေးသကဲ့သို့လုပ်ပြကာ လက်ကိုဖြည်းဖြည်းချင်းမြှောက်ပြပါသည်။ ထိုအခါ အနီးရှိသူနာပြုဆရာမက စာရေးလိုသည်အထင်ဖြင့် ဆရာတော်အား ဘောလ်ပင်တစ်ချောင်းနှင့် စာအုပ်ယူပေးပါသည်။

ထိုအခါ ဆရာတော်က လက်ကာပြပါသည်။ စာရေးသူ နားလည်လိုက်သည်မှာ ဆရာတော်ကြီးက မျက်စိမဖွင့်သော်လည်း မနေ့အသိဖြင့် စာရေးဆရာ လာကန်တော့ဖူးမြော်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးက ဦးဣန္ဒာစရိယအား တာဝန်ပေးနေစဉ်



ဆရာတော်ရှေ့မှောက်တွင် ဦးဣန္ဒာစရိယ ဆောင်ရွက်နေစဉ်



ရောဂါပျောက်ကင်းသည့် နိုင်ငံခြားသူ

ထို့ကြောင့် စာပေရေးသားခြင်းလုပ်ငန်း အောင်မြင်တိုးတက်လာမည်ဟု လက်ဟန်ဖြင့် အရိပ်အမြွက်ပြကြောင်းကိုနားလည်လိုက်ပါသည်။

ထို့နောက် ၂၃-၃-၂၀၁၁ နေ့က မြေသန့်စင်ပန္နက်တော်ရိုက်၍စတင်တည်ထားကိုးကွယ်ခဲ့သည်။ 'ကမ္ဘာအေးပြည်လုံးချမ်းသာစေတီမြတ်ကြီး' ရွှေထီးတော်တင်၍ (၁၅-၁၂-၁၂)နေ့တွင် ပြီးစီးတော်မူကြောင်း ကြားသိရပါသည်။ တစ်ဖန် သုံးဆယ်မြို့ ဓမ္မသုခကျောင်းတိုက်ဆရာတော်ကြီးသည် ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ (၁၅-၆-၂၀၁၃) စနေနေ့ နံနက် (၇) နာရီ၊ (၅) မိနစ်တွင် တစ်ဘဝခန္ဓာရုပ်သိမ်း၍ ချုပ်ငြိမ်းတော်မူကြောင်း ကြားသိခဲ့ရပါသည်။ ဆရာကြီးဦးလှထွန်းက ဆရာတော်ကြီးမပျံလွန်မီ ဆရာတော်ကြီး၏ကျောင်းတိုက်သို့ လာရောက်ဖို့ ဖိတ်ခေါ်ခဲ့ပါသည်။ သို့သော် စာရေးသူမှာ ဆရာတော်ကြီးသာ ပျံလွန်တော်မူသွားခဲ့သည်၊ တစ်ကြိမ်တစ်ခါမျှ မရောက်ဖြစ်ခဲ့ပါ။ ဤအတွက် မိမိမှာ များစွာစိတ်မကောင်းဖြစ်မိပါသည်။

သို့ရာတွင် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် သူနာပြုတက္ကသိုလ်တွင် ကျင်းပသည့် မြန်မာနိုင်ငံ စာရေးဆရာအသင်း ပထမအကြိမ် ဗဟိုညီလာခံ၌ ဆရာကြီးဦးလှထွန်းနှင့်ထပ်မံတွေ့ဆုံဖြစ်ပါသည်။ ဆရာတော်ကြီးပျံလွန်တော်မူပြီးနောက် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ ကျောက်ဂူတောရဆရာတော်ဘုရားကြီး၏တပည့်ဖြစ်သူ ဆရာတော် အရှင်ဝီရိယက ဒါယကာ၊ ဒါယိကာမများ၏ တောင်းပန်လျှောက်ထားချက်အရ ဓမ္မသုခကျောင်းတိုက် သာသနာ့တာဝန်ကို ဆက်လက်ထမ်းရွက်တော်မူခဲ့ကြောင်း၊ ဂန့်ဂေါမြို့ ကျောက်ဂူတောရဆရာတော်ကြီးမှာလည်း ဝါတွင်း (၃) လ ရောက်ရှိသီတင်းသုံးနေထိုင်ကြောင်း၊ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်မှာလည်း ခန္ဓာတော်မယိုမယွင်းမပျက်မစီးကြောင်း၊ ဓမ္မသုခကျောင်းတိုက်ခေါင်းရင်း ဓမ္မသုခ ဗိမာန်တော်တွင် ပူဇော်ထားရှိရာမှ ဆရာတော်ကြီး၏ အိပ်မက်ပေးချက်အရ ဓမ္မသုခသာသနာ့နယ်မြေထောင့်အစွန်ဆုံးရှိ 'ကမ္ဘာအေးပြည်လုံးချမ်းသာစေတီတော်ကြီး' ၏ မြောက်ဘက်တွင် ဗိမာန်တော်အသစ်ဆောက်လုပ်၍ အုတ်ဂူဖြင့်ယာယီပူဇော်ထားရှိကြောင်း ပြောပြပါသည်။ စာရေးသူအား မဖြစ်မနေ တစ်ခေါက်လာရောက်ရေးသားပူဇော်စေလိုကြောင်း



www.burmeseclassic.com


www.burmeseclassic.com



ဆရာတော်အား ဆွမ်းဆက်ကပ်လှူဒါန်းနေစဉ်



ဆရာတော်ကြီးအား ဦးဗျာရွှာစရိယာ ပူဇော်နေစဉ်




ဖိတ်ခေါ်ခဲ့ပါသည်။

ဤသို့ဖြင့် ၂၀၁၄ ခုနှစ်အတွင်း စာရေးသူသည် ဩဂုတ်လလယ်တွင် ကျောင်းပြင်ပပညာရေးသင်တန်းတက်ရောက်ရန် မရမ်းကုန်း အ-ထ-က(၁)သို့ ရောက်ရှိကာ သင်တန်းသုံးရက်တက်ခဲ့ပါသည်။ သားကြီးမောင်ချမ်းမြေ့သူ၏ဆန္ဒပြုချက်အရ သင်တန်းပြီးပြီးချင်း နောက်တစ်ရက်တွင် သုံးဆယ်မြို့သို့တစ်နေ့တာအသွား၊ အပြန်ခရီးသွားရောက်၍ ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်လေ့လာ ရေးသားတင်ဆက်လိုက်ရပါသည်။ ဤအတွက် များစွာဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။

**❏ ဆရာတော်လောင်းလျာ မွေးဖွားသန့်စင်ရာ**


ဆရာတော် ဘဒ္ဒန္တ အရှင်ဉာဏအလောင်းအလျာကို ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သုံးဆယ်မြို့ရှိ အနောက်သပြေကုန်းရပ်ကွက် အမှတ် (၂၆) မန်ကျည်းကုန်းလမ်းထိပ်တွင် ဖခမည်းတော် ဦးဘိုးသန်းနှင့် မယ်တော်ကြီး ဒေါ်သိန်းတို့မှ ၁၂၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ (၁၀-၂-၁၉၂၅) ခုနှစ်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့သောသားရတနာဖြစ်လေသည်။ ငယ်နာမည် မောင်တင်ငွေဟု မှည့်ခေါ်ကြလေ့သည်။ မွေးချင်း (၇) ဦးအနက် ဒုတိယမြောက်သားရတနာဖြစ်လေသည်။ မွေးချင်းညီအစ်ကိုမောင်နှမများမှာ အစ်ကိုကြီး ဦးတင်ရွှေ (ဦးမြိုင်ကြီး)နှင့် ဒေါ်အုံးကြည်၊ ဒေါ်အုံးရီ၊ ဦးခင်အုံး၊ ဦးတင်စိန်နှင့် ဒေါ်ကြင်ဥတို့ဖြစ်လေသည်။

**❏ ငယ်စဉ်ကာလ ဦးတင်ငွေဘဝ**

ကလေးဘဝကပင် မောင်တင်ငွေကလေးသည် စကားပြောလျှင် လိုရင်းတိုရင်းပြောတတ်လေ့ရှိသည်။ သူငယ်ချင်းများနှင့် ကစားရာတွင် မတရားပြောဆိုခြင်း၊ တစ်ဖက်သတ်အနိုင်ကျင့်ခြင်းမရှိဘဲ မဟုတ်မခံ ထက်မြက်သည့်စိတ်ထားရှိခဲ့လေသည်။ အသက် (၁၂) နှစ်အရွယ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၂၉၈ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်နေ့တွင် သုံးဆယ်မြို့ မောင်းထောင်ကျောင်း ဆရာတော် ဦးဣန္ဒကအား ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရှင်ဉာဏဘွဲ့မည်ဖြင့် သာသနာ့ဘောင်သို့ရောက်ရှိခဲ့သည်။ မောင်းထောင်ကျောင်းတိုက် ဆရာတော်ကြီးထံတွင် ပရိတ်ကြီးမှအစ ဗုဒ္ဓစာပေကျမ်းဂန်များကို လေ့လာသင်ကြားခွင့်ရရှိခဲ့လေသည်။ ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



သည် အသက် (၂၈) နှစ်အရွယ်အထိ မိဘနှစ်ပါးကို ယာဉ်နောက်လိုက်၊ ယာဉ်မောင်း၊ စက်ပြင်ဘဝဖြင့် ရှာဖွေကျွေးမွေးလုပ်ကိုင်ကျွေးမွေးခဲ့သည်။

ထို့နောက် တစ်မြို့တည်းနေ မန်ကျည်းကုန်းရပ်ရှိ ဒေါ်အေးနှင့် အိမ်ထောင်ကျခဲ့သော်လည်း သားသမီးတစ်ဦးတစ်ယောက်မျှ ထွန်းကားခြင်း မရှိခဲ့ချေ။ ဇနီးသည်ကိုလည်း သစ်ကားယာဉ်မောင်းဘဝဖြင့် ရိုးသားစွာလုပ်ကိုင်ကျွေးမွေးခဲ့လေသည်။ ဦးတင်ရွှေသည် ယာဉ်နောက်လိုက်၊ယာဉ်မောင်း၊စက်ပြင်ဘဝတွင် လူချစ်လူခင်ပေါ်များသလို အလုပ်ကို တန်ဖိုးထားလေးစားတတ်သူလည်း ဖြစ်လေသည်။ မိဘနှစ်ပါးကို လုပ်အားခရငွေအား အလုံးစုံပေးအပ်၍ လိမ္မာယဉ်ကျေးသည့်သားကောင်းတစ်ယောက်လည်းဖြစ်လေသည်။ တစ်ရပ်တည်းနေ ဒေါ်အေးတစ်ယောက် လူမှုဒုက္ခအပေါင်းနှင့်ကြုံကြိုက်နေခိုက် ဘဝကြင်ဖော်အဖြစ် လက်တွဲခဲ့လေသည်။ လင်စုံမယားဖက် ဘုရားသွားကျောင်းတက်အစဉ်အမြဲရှိရာမှ ဘာသာရေးဘက်သို့ စိတ်ပါဝင်စားလာခဲ့သည်။ ထို့ကြောင့် အိမ်ထောင်သက် (၁၈) နှစ်အရောက်တွင် ရဟန်းဘဝဖြင့် တရားအားထုတ်နိုင်ရန် ဇနီးထံတွင်ခွင့်ပန်ခဲ့လေသည်။ ဇနီးသည် ဒေါ်အေးကလည်း ဝမ်းသာအားရစွာဖြင့် ပစ္စည်းလေးပါးရဟန်းဒါယိကာမအဖြစ် လက်ခံခဲ့လေသည်။

၁ ရဟန်းအစ သာသနာတစ်ဘဝ


ဦးတင်ရွှေသည် သာယာဝတီမြို့နယ် သုံးဆယ်မြို့အရှေ့ဘက်ရှိ မြစိမ်းတောင်ညီကျောင်းတိုက် ခဏ္ဍသိမ်တော်တွင် ၁၃၃၂ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်တွင် သုံးဆယ်မြို့ မောင်းထောင်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍကဆရာတော်ကြီးအားဥပဇ္ဈာယ်











ပြု၍ ဇနီးသည် ဒေါ်အေး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းဦးဉာဏအဖြစ်သို့ရောက်ရှိတော်မူခဲ့လေသည်။ ရဟန်းဦးဉာဏသည် ဆရာတော်ကြီး၏ လမ်းညွှန်မှုကိုခံယူ၍ ဝါတွင်း (၃) လပတ်လုံး သုံးဝါတိုင်တိုင် တရားအားထုတ်တော်မူခဲ့သည်။ သုံးဆယ်မြို့ မဟာထူပါရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယဆရာတော် ဦးစန္ဒိမာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ထံတွင် သြဝါဒခံယူတော်မူခဲ့ပါသည်။ ထို့ပြင် ရွာမရွာနေ မြန်မာတိုင်းရင်းဆေးဆရာကြီးဦးတင်အေး (မြေလတ်မြတ်သူ၏ဖခင်) ထံတွင် အင်္ဂါရတ် ဝိဇ္ဇာပညာရပ်ကို လည်းကောင်း၊ ဝိပဿနာကျင့်ကြံအားထုတ်မှုကို လည်းကောင်း နည်းနာနိဿယခံယူခဲ့လေသည်။ ထို့နောက် ရဟန်းတရားစဉ်ဆက်မပြတ် အားထုတ်တော်မူခဲ့သည်။

၂ ဓုတင်ရဟန်းအကျင့်မြတ်လမ်း

ဆရာတော်သည် တောရဓုတင်ဆောက်တည်၍ တရားကျင့်ကြံကြိုးကုတ်အားထုတ်သည့်အခါ မြန်မာတိုင်းရင်းဆေးဆရာကြီး ဦးတင်အေးနှင့် ဆရာစံမြို့သစ်နေ ဦးလှဘော်တို့သည် ဆရာတော်ဓုတင်စခန်းပြီးမြောက်အောင်မြင်အောင် ကိုယ်တိုင်ကိုယ်ကျပါဝင်ကုသိုလ်ယူခဲ့သူများ ဖြစ်ကြသည်။ ဆရာတော်ကြီးသည် သုံးဆယ်မြို့ အရှေ့ဘက် (၄)မိုင်ခန့်အကွာ ကွင်းကြီးသစ်ရာကုန်းရွာတွင် တစ်ဝါသီတင်းသုံးတော်မူခဲ့သည်။ ထို့နောက် ထိုရွာနှင့်မဝေးလှသော ရေတွင်းကုန်းရွာတွင် ကိုးနှစ်ကိုးဝါတိတိ ကျောင်းတိုက်ဆောက်လုပ်ခြင်း၊ သိမ်ဆောက်လုပ်ခြင်း၊ စေတီတော်တည်ထားခြင်းနှင့် ရပ်ရေးရွာရေးသာသနာရေးအကျိုးကို ဆောင်ရွက်တော်မူခဲ့ပြန်သည်။ ထို့အပြင် မဟာထူပါရုံပရိယတ္တိစာသင်တိုက်မှ ဆရာတော်ထံ အကူအညီတောင်းကာ မဟာစည် (၇) ရက်တရားစခန်းကို လည်းကောင်း၊ (၉) ရက်တရားစခန်းကို လည်းကောင်း ဖွင့်လှစ်၍ အစားကျွေးတရားပေးအဖြစ်ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်ကြီးသည် ဘုရားရှင်ထံတွင် အသက်နှင့် ခန္ဓာအား လှူဒါန်းလျက် မိမိအသက်ခန္ဓာအား လုံးဝငဲ့ကွက်ခြင်းမရှိဘဲ အကျင့်သီလ၊ စရဏအားကိုးတို၍ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူခဲ့သည်။ ဆရာတော်သည် စတုရာရက္ခတရားတော်ဖြစ်သည့် ဗုဒ္ဓါနုဿတိ

www.burmeseclassic.com

မေတ္တာဘာဝနာ၊ မရဏာဿတိဘာဝနာ၊ အသုဘဘာဝနာ ထိုမှတစ်ဆင့် ဓူတင် (၁၃)ပါးအား ဆက်လက်ကျင့်ကြံတော်မူခဲ့ပါသည်။

## ❑ (၉၉)သင်္ချိုင်းသုသာန်ဓုတင်

ဆရာတော်ကြီးသည် ပထမအစ သုသာန်ဓုတင်ကို သုံးဆယ်မြို့ အရှေ့ငါးမိုင်ကွာ သစ်ရာကုန်းရွာမှအစပြု၍ ကြို့ကုန်း၊ ဘုတရာ၊ ညောင်လေးပင်၊ ကန်သုံးဆင့်၊ ကညင်တပင်၊ တောင်ပို့ရှည်၊ ဘိုသိုး၊ ဘွက်ကုန်း၊ ဖြေကလေး၊ ကမ်းမြောင်၊ ဆင်စခန်း၊ ပိန္နဲကုန်း၊ သံပရာခုံ၊ သရက်ပင်အိုင်၊ မီးလောင်စခန်း၊ သက်ကယ်ကျင်း၊ ရေအိုးစဉ်၊ စပါးကြီးအိုင်၊ ကြို့ချောင်း၊ ဓားပြီး၊ သစ်ခေါင်းကြီး၊ ပိုးတီကုန်း၊ ဘုရားပြို၊ လက်ပံခုန်၊ စမ်းရွာ၊ သံပရာကန်ဥယျာဉ်ကြီး၊ ပန်းပင်တန်း၊ သင်အင်း၊ စလူဝိုင်း၊ သံဖြူ မရမ်းအင်း၊ ဘုတစ်ရာ၊ ဝက်ဖြူကျွန်း၊ ကုက္ကိုင်း၊ ကွင်းကြီး၊ ဇီးကုန်း၊ ပုတီးကွင်း၊ ကန်လေးဝ၊ ဗန့်ပွေးကုန်း၊ စာဖြူစု၊ ကုန်းမီးနင်း၊ သဇင်အိုင်၊ တောခွေ၊ ပေါက်တန်းကုန်း၊ ညောင်ကောက်၊ ဇရပ်ကြီး စသည်ဖြင့် ရွာပေါင်း (၁၀၈) ရွာရှိ သုသာန်များတွင် သုသာန်ဓုတင် ဆောက်တည်ခဲ့သည်။ အချို့ရွာများတွင် ပထမအကြိမ် စိတ်တိုင်းမကျသဖြင့် ဒုတိယအကြိမ်အဖြစ် ထပ်မံဓုတင်ဆောင်ခဲ့သည်။

## ❑ တောင်ကြီးကိုးတောင် အဓိဋ္ဌာန်ဆောင်

ဆရာတော်ကြီးသည် တိုက်ကြီး အရှေ့ဗိုလ်လိပ်တောင်မှစတင်၍ ကျောက်ပါးစပ်တောင်၊ လဂျီးတောင်၊ သစ်စိမ်းတောင်၊ မှန်ပြတောင်၊ ဘုရားတောင်၊ တောင်ပြောင်၊ စိန်တောင်၊ ရွှေနန်းတောင် စသည့် တောင်ကြီး (၉) တောင်တွင် အဓိဋ္ဌာန်ဝင်ဓုတင်ဆောက်တည်ခဲ့သည်။ အလံတောင်၊ ဆရာစံတောင်၊ သာယာဝတီအရှေ့ဘက်တောတောင်အသီးသီးတွင်လည်း တောရဆောက်တည်၍ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အရှေ့တောတောင်တစ်ခွင်လည်းကောင်း၊ ပြည်လမ်းအတိုင်း လက်ပံတန်း၊ အံရှေ့တောတောင်တစ်ခွင်အားလုံးနီးပါး တောရဆောက်တည်ခဲ့လေသည်။ ထို့ပြင် သာယာဝတီမြို့ အရှေ့ အလံတောင်တောမှ တိုက်ကြီးမြို့အရှေ့ ဂျိုးဖြူအထိ ရိုးမစဉ်တစ်လျှောက် တောကြီး (၉) တောအဓိဋ္ဌာန်နှင့် ဂူကြီး(၉)ဂူအဖြစ် ဆေးရိုးဂူ (မှန်ပြတောင်) တွင် သုံးနှစ် တရားကျင့်ခဲ့သည်။ သစ်စိမ်းတောင်ဂူ (ဂျိုးဖြူတောင်မှလကြီးတောင်အသွား) လကြီးတောင်ဂူတွင် (၃)လ(ရက်ပေါင်း၉၀)အထိ လည်းကောင်း တရားကျင့်ကြံခဲ့သည်။ ထို့နောက် အလံတောင်ဂူ(အရှေ့မျက်နှာဂူ)၊ တောပြောင်ဂူ၊ မှန်ပြတောင်ဂူ၊ စိန်တောင်ဂူ၊ ရွှေနန်းတော်ဂူ စသည် ဂူကြီး(၉)ဂူတွင်လည်း အဓိဋ္ဌာန်ဝင်ကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့လေသည်။

## ❑ ဆိပ်ကိုးဆိပ်နှင့် သစ်ကြီးကိုးပင်အဓိဋ္ဌာန်ဝင်

ဆရာတော်ကြီးသည် မြစ်ချောင်းရေစီးရာအရပ်ဖြစ်သည့် ရေရှင်ဆိပ်ကြီးကိုးဆိပ်တွင်အဓိဋ္ဌာန်ဝင်ခဲ့သည်။ မြစ်မခမြစ်ရှိ ကုန်းကြီးဆိပ်၊ ရင်းတိုက်ကုန်းဆိပ်၊ ရှမ်းစုသရက်ချောင်းအနီး ဧရာဝတီမြစ်မှ ဗူးခုံဆိပ်၊ အလယ်သောင်ကျွန်းဆိပ်၊ တမတ်ကျွန်းဆိပ်၊ ဧရာဝတီမြစ်အနောက်ဘက်ရှိ အေးရွာဆိပ်၊ ဇလွန်မြို့နန်းတော်ကျွန်းဆိပ်၊ အိမ်လဟာရေဆိပ်၊ ကျွန်းကလေးဆိပ်၊ အသရော်မြစ်ဆိပ်၊ စံရွှေမြစ်ဆိပ်၊ ပျဉ်းမတောရွာရေဆိပ်၊ မာလကာကုန်းမြစ်ဆိပ်၊ ယွန်းသွယ်ရေဆိပ် အပါအဝင် အထူးသဖြင့် လှိုင်မြစ်ရိုးတစ်လျှောက်နှင့် ဧရာဝတီမြစ် အပါအဝင် မြစ်ဆိပ်များသာမက မွန်ပြည်နယ် မော်လမြိုင်မြို့ ညောင်ပင်ဆိပ်နှင့်အနီး ဝန်းကျင်မြစ်ဆိပ်တို့တွင် အဓိဋ္ဌာန်ဝင်ဆောက်တည်ခဲ့သည်။

ဆရာတော်ကြီးသည် ရုက္ခမူဓုတင်အရ ဧရာမသစ်ပင်ကြီးများအောက်တွင် သီတင်းသုံးနေထိုင်တော်မူခဲ့သည်။ ကုန်းကြီးရွာရှိ ညောင်ကြတ်ပင်၊ အမနေ့ရွာမှ ညောင်ကြတ်ပင်၊ ရင်းတိုက်ကျွန်းရွာမှ ကုက္ကိုပင်၊ ဝါးနက်ကုန်းရွာမှ ပေါက်ပင်၊ ညောင်ကုန်းရွာမှ ထိမ်ပင်၊ ကံကုန်းရွာမှ ညောင်ကြတ်ပင်၊ အင်းပုည(အောင်စု)မှ ကျည်းပင်၊ ဖြေကလေးအရှေ့ဘက်ရှိ သခွတ်ပင်၊ မာလကာကုန်းကျွန်းကလေးမှကုက္ကိုပင်၊ ဖြေလေးရွာအရှေ့ မီးနင်းချောင်းမရောက်မီ ကြို့ပင်ကြီးတွင် (၉) ရက်အဓိဋ္ဌာန် စသည်ဖြင့် သစ်ရိုးပင်ကြီးများအောက်တွင် ရုက္ခမူဓုတင်အဖြစ် (၁) ရက်မှ (၃) ရက်၊ (၅) ရက်၊ (၉)ရက်ထိ အဓိဋ္ဌာန်ဝင်ခဲ့လေသည်။

ဆရာတော်ကြီးသည် ဓုတင်အဖြစ် သပိတ်ဖြင့် ပတ္တပိဏ်ဆွမ်းဘုဉ်းပေးရာတွင် တစ်နေ့ ဆွမ်းတစ်လုတ်နှုန်းနှင့် (၉) ရက်၊ တစ်နေ့ဆွမ်းနှစ်လုတ်နှင့် (၉) ရက်၊ တစ်နေ့ ဆွမ်း (၉) လုတ်ဖြင့် (၉) ရက်ထိတိုင် (၉) ရက်၊ ဆွမ်း(၉)လုတ်ဖြင့် ပေါင်း (၈၁) ရက် ကျင့်ကြံတော်မူခဲ့သေးသည်။

## ❑ မြစိမ်းတောင်ညီမှ ညီအစ်မငါးဖော်

ဆရာတော်ကြီးသည် ဥက္ကံမြို့ အရှေ့ဘက်ရှိ မြစိမ်းတောင်ပေါ်တွင် ဝါးကျောင်းလေးဖြင့် သီတင်းသုံးနေထိုင်ကာ ဓူတင်အကျင့်မြတ်ကို ဆောက်တည်လျက်ရှိလေသည်။ မြစိမ်းတောင်ပေါ်တွင် ကိုးတောင်တစ်မိုက်ဉာဏ်တော်အမြင့် ရုပ်တော်မူ ရုပ်ပွားတော်တစ်ဆူကို ဆရာတော်ကြီးမှအမိန့်ရှိသဖြင့် ဆေးဆရာကြီး ဦးလှအောင်၊ ဦးမောင်ရှင်၊ ရှမ်းရွာမှ ကိုသောင်း၊ သုံးဆယ်မြို့မှ ဦးမောင်စံ စသည့် တပည့်ဒကာများက ဆရာတော်ကြီးထံ ဩဝါဒခံယူကာနေလျက်ရှိသည်။ ဆရာတော်ကြီးက ဘုရားတည်မည့်နေရာတွင် ဖယောင်းတိုင်ငါးတိုင်းကို အဓိဋ္ဌာန်ပြုကာ မီးထွန်းညှိပူဇော်လိုက်ပါသည်။ ဆရာတော်ကြီးက 'ဤနေရာတွင် ဘုရားတည်ထားကိုးကွယ်ရန် အဓိဋ္ဌာန်ပြည့်အောင်မြင်ပါက ဤအလင်းတိုင်ငါးတိုင်စလုံး မီးမငြိမ်းဘဲ တောက်လျှောက်လင်းလက်ဖြစ်ပါစေ'ဟု တောစောင့်နတ်၊ တောင်စောင့်နတ်များ အပါအဝင် သမ္မာဒေဝနတ်မြတ်များအား တိုင်တည်၍အဓိဋ္ဌာန်ပြုမီးပူဇော်ခြင်းဖြစ်လေသည်။


တောင်ပေါ်တွင် လေအေးအေးတိုက်နေသည့်ကြားမှပင် ဖယောင်းတိုင်ငါးတိုင်စလုံး ဖယောင်းကုန်သည်အထိ မီးမငြိမ်းဘဲ လောင်ကျွမ်းကုန်ပါသည်။ ဆရာတော်ကြီးက 'အောင်ပြီ'ဟုသုံးကြိမ်ဥဒါန်းကျူးရင့်လိုက်ပါသည်။ ထို့နောက် ဘုရားတည်မည့်နေရာတွင် ပန္နက်စိုက်ထူပူဇော်ကာ ပန္နက်တိုင်ဘေးတွင် အလင်းတိုင်ငါးတိုင်ထပ်မံပူဇော်ပါသည်။ ပန္နက်မရိုက်မီက နေအလင်းရောင်ရှိနေသော်လည်း ပန္နက်ရိုက်ပြီးနောက်တွင် ကောင်းကင်၌ မိုးသားများအုံ့ဆိုင်း၍ မိုးရွာမည့်သဏ္ဌာန်ဖြစ်ပေါ်လာပါသည်။ ဆရာတော်ကြီးက ထပ်မံအဓိဋ္ဌာန်ဆိုမီးပူဇော်ပါမှ မိုးသားတိမ်လိပ်များ ကင်းစင်သွားပါသည်။ ဤသို့ဖြင့် ပန္နက်တင်မင်္ဂလာကိစ္စ ပြီးမြောက်ခဲ့ပါသည်။

ညအခါ လသာသာတွင် ဆရာတော်ကြီးဝေယျာဝစ္စဆောင်ရွက်ပေးသူ မောင်ဇော်ဦးသည် ညဉ့်သန်းခေါင်ယံအချိန်ရောက်ရှိလာသည့် မိန်းကလေးငါးဦးတို့ကို မြင်တွေ့လိုက်ရသေးသည်။




www.burmeseclassic.com


www.burmeseclassic.com



ဆရာတော်ရှင်ကလာပ် ယခုထားရှိရာ ဓိမာန်သစ်



ခေါင်းလောင်းထမ်းသူငယ်တော်ရုပ်တုများ



သခင်မြပန်းခြံ စံချိန်မီကားဂိတ်မှ စာရေးသူ

ဆရာတော်ကြီးက စိပ်ပုတီးကို မှန်မှန်စိပ်ရင်း အမျိုးသမီးများရှိရာသို့ လှည့်မကြည့်ဘဲ -

"ညအချိန်မတော်ဘာကိစ္စတုံး"

ဟု အမေးရှိလိုက်ပါသည်။

မိန်းမပျိုတစ်ဦးက -

"တပည့်တော်မက ဒီတောင်က မစိမ်းညိုပါဘုရား။ ယခုဘုရားတည်မည့်နေရာသည် တပည့်တော်မတို့၏သိုက်မြေနေရာဖြစ်ပါသည်ဘုရား။ ဒီနေရာမှာ ဘုရားတည်လျှင် တပည့်တော်မတို့နေစရာမရှိတော့ပါဘုရား။ တပည့်တော်မတို့ငါးဦးအား သီးခြားမြေနေရာနှင့် အဆောက်အအုံကလေး ဆောက်လုပ်ချီးမြှင့်ပေးသနားပါဘုရား။ ဆရာတော်၏ မေတ္တာရိပ်၊ သာသနာအရိပ်မှာ ခိုလှုံခွင့်ပေးသနားတော်မူပါဘုရား"

ဟု လျှောက်ထား တောင်းပန်ကြသည်။

ဆရာတော်ကြီးက ဘုရားတည်မည့်နေရာတောင်ဘက်ရှိ ခပ်လှမ်းလှမ်းနေရာသို့ညွှန်ပြလျက် -

"အဲဒီနေရာမှာနေကြ၊ အဆောက်အအုံလည်းဆောက်ပေးပါ့မယ်"

ဟု အမိန့်တော်ရှိလိုက်ရာ မိန်းမပျိုငါးဦးသည် ဆရာတော်ကို ကန်တော့လျက် ညအမှောင်တွင် တောင်ပေါ်မှ ပျောက်ကွယ်သွားကြလေသည်။

**၂ ယက္ခဘူတသန်လျက်နှင့် ကျောက်ဖို ကျောက်မ**

ဘုရားတည်ရန်အတွက် ပန်းရန်ဆရာသားအဖသုံးဦးသည် ရုပ်တော်မှုရုပ်ပွားတော်အတွက် အောက်ခြေပလ္လင်ခုံတည်ရန် ကျောက်မြေသားများကို အကွက်ချတူးဖော်ကြသည်။

ဆရာတော်ကြီးက -

"ဘာပစ္စည်းပဲတွေ့တွေ့ စိတ်နဲ့တောင်မပြစ်မှားကြနဲ့ကြားလား။ ပြစ်မှားမိရင် ဒုက္ခရောက်လိမ့်မယ်"

ဟု မိန့်မှာတော်မူပါသည်။

မြေသားကိုတူး၍ အနက်နှစ်ပေခန့်အရောက်၌ ကျောက်သန်လျက်တစ်လက်ကို တွေ့ပါသည်။ သန်လျက်ပေါ်တွင် 'ယက္ခဘူတ'ဆိုသည့်စာတန်းပါရှိသည်။ ပန်းရန်ဆရာသားနှစ်ယောက်က လုယူကြရင်း သန်လျက်ကျိုးသွားပါသည်။ ဆရာတော်ကြီးက သန်လျက်ကို ခတင်ဝါးကျောင်းပေါ်တွင်ထားရန်အမိန့်ရှိပါသည်။ သို့ရာတွင် တိုပန်းရန်သားနှစ်ဦးက ဆရာတော်စကားကို နားမထောင်



www.burmeseclassic.com

www.burmeseclassic.com

ဘဲ သန်လျက်အပိုင်းများကို တောင်အောက်သို့ ပစ်ချလိုက်ကြသည်။ ပန်းရန်ဆရာမှာလည်း သားနှစ်ဦးအတွက် ဆုံးမရခက်နေလေသည်။

ခဏအကြာတွင် ပန်းရန်ဆရာသားနှစ်ယောက်စလုံး ဝမ်းများသွား၍ အဖျားချက်ချင်းတုန်တက်ကြပါသည်။ ပန်းရန်ဆရာက သားနှစ်ဦးကို ထမ်းစင်ဖြင့် အိမ်သို့သယ်သွားခဲ့ပါသည်။ အိမ်ရောက်သည့်အခါ ဆေးတိုက်ရန် ရေနွေးကျိုပါသည်။ ကျိုပြီးသားရေနွေးကို သယ်ယူရာတွင် ခြေချော်လဲ၍ ပန်းရန်ဆရာကိုယ်အောက်ပိုင်းရေနွေးပူလောင်လေသည်။ ဆရာတော်ကြီး၏မိန့်မှာစကားကို နားမထောင်သောသားတို့၏အမှားပင်ဖြစ်ပါသည်။ ထိုနေ့ည သန်းခေါင်ယံအချိန်တွင် ယက္ခဘူတနတ်ဘီလူးသည် ဆရာတော်ကြီးအား လာရောက်ဖူးမြော်ကန်တော့ပြီးနောက် -

"တပည့်တော်အား တောင်အောက်ခြေတွင် နေရာတစ်ခုချီးမြှင့်ပေးပါဘုရား။ ထိုနေရာတွင် ယက္ခဘူတ ဆိုသည့်ကျောက်ဖို၊ ကျောက်မကျောက်တုံးများရှိပါသည်ဘုရား။ ထိုနေရာတွင် ယက္ခဘူတ ဟူသော ကျောက်ဖို၊ ကျောက်မကျောက်တုံးများကို ချုံနွယ်များဖုံးအုပ်နေပါသည်။၎င်းနေရာတွင် တပည့်တော်အားနေခွင့်ပြုပါဘုရား။ ဆရာတော်ကြီး၏ ခုတင်စခန်းနှင့် သာသနာပြုလုပ်ငန်းအား တပည့်တော်တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီခွင့်ပြုပါဘုရား"

ဟု လျှောက်ထားလေသည်။

ဆရာတော်၏ညွှန်ကြားချက်အရ ရွာသားများသည် တောင်ခြေရှိ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းလိုက်သည့်အခါ ယက္ခဘူတစာတန်းပါကျောက်ဖို၊ ကျောက်မနှစ်တုံးကို အံ့ဩဖွယ်ရာတွေ့ရှိကြရလေသည်။

## □ ထူးခြားသည့် လပြည့်နေ့အရဟတ်ဆွမ်းအလှူရှင်

ဆရာတော်ကြီးသည် နေ့စဉ်နံနက်ကိုးနာရီခန့်တွင် တောင်ခြေရှိ ပတ်ဝန်းကျင်ရွာများသို့ ဆွမ်းအလှူခံကြွလေ့ရှိပါသည်။ အမှန်မှာမူ တောင်ခြေသို့ ခြေလျင်ခရီးသွားပါက ခရီးပြင်းခြောက်နာရီခန့်လျှောက်ရလေ့ရှိပါသည်။ သို့ရာတွင် ဆရာတော်ကြီးဆွမ်းခံကြွရာတွင် နံနက်(၉)နာရီတွင်ထွက်ကြွပြီး နေ့လယ်(၁၁)နာရီတွင် အမြဲပြန်ရောက်လေ့ရှိသည်မှာ ထူးဆန်းပါသည်။ ဆရာတော်ကြီးဆွမ်းခံကြွချိန်မှာ အသွားအပြန် (၂) နာရီသာကြာသည်က ဆရာတော်ကြီး၏ ထူးခြားမှုပင်ဖြစ်ပါသည်။ အမြဲတမ်းသပိတ်အပြည့်ခံဆွမ်းရရှိတော်မူလေ့ရှိပြီး ဘုရားရှင်အား ဝတ်ဖြည့်ဆွမ်းတော်ကပ်လှူကာ သတ္တဝါများကို အမျှပေးဝေပါသည်။ ဆရာတော်သည် ပတ္တပိုဏ်ဆွမ်းငါးလုတ်သာ ဘုဉ်းပေးတော်မူပါသည်။ ထို့နောက် တောင်ပေါ်ရှိတပည့်များအား စွန့်လှူပေးပါသည်။ သပိတ်တွင်းမှ ဆွမ်းများသည် ကုန်သည်ဟူ၍မရှိဘဲ လူများသရွေ့ စေ့စေ့ငငစားသုံးကြရသည်မှာဆရာတော်၏မေတ္တာစွမ်းအင်ကြောင့်ဖြစ်ပါသည်။

ဆရာတော်ကြီးသည် လပြည့်နေ့နံနက်တွင် ဦးလောစံအား -

"လပြည့်နေ့မှာ အရဟတ်ဆွမ်းအလှူရှင်ရှိတယ်။ မင်းတို့အရဟတ်ဆွမ်းကပ်စရာမလိုတော့ဘူး"

ဟု မိန့်မှာထားပါသည်။

ဆရာတော်ကြီးမိန့်မှာသည့်အတိုင်းပင် နံနက်စောစော အရဟတ်တက်ခါနီးတွင် အမျိုးသမီးငယ်သုံးဦးသည် ဆွမ်းအုပ်ကိုယ်စီနှင့်ရောက်ရှိလာကြပါသည်။ ဆွမ်းအုပ်များကို ဝါးကျောင်းပေါ်တင်ပြီးနောက် ဘုရားရှင်နှင့် ဆရာတော်ကြီးအား ဝတ်ဖြည့်ပူဇော်ကြပါသည်။ ဆရာတော်ကြီးထံ ဆွမ်းဆက်ကပ်လှူဒါန်းခွင့်တောင်းခံကြရာ ဆရာတော်ကြီးက သပိတ်ကိုဖွင့်ပေးရာ တစ်ဦးပြီးတစ်ဦးဆရာတော် သပိတ်ထဲသို့ ဆွမ်းလောင်းလှူကြပါသည်။

ဆရာတော်ကြီးက မျက်နှာသစ်တစ်ကိုယ်ရေသန့်ရှင်းပြီးနောက် ဘုရားကိုဆွမ်းတင်ပါသည်။ ကောင်းမှုအစုစုကိုလည်း သာဓုခေါ်ဆို၍ အမျှပေးဝေစေပါသည်။ ဆရာတော်က သပိတ်အတွင်းမှ ဆွမ်းငါးလုတ်ကိုဘုဉ်းပေးတော်မူပြီးနောက် အလှူရှင်အမျိုးသမီးသုံးဦးအား တစ်ဦးလျှင် ဆွမ်းငါးလုတ်စာပြန်စွန့်ပါသည်။ အမျိုးသမီးသုံးဦးက မိမိဆွမ်းအုပ်ကိုယ်စီနှင့် ခံယူ၍ အရဟတ်တက်စအမှောင်ထဲတွင် ပျောက်ကွယ်သွားကြလေသည်။ ဦးလောစံ၊ မောင်ဇော်မင်းနှင့်ရှိနေသူများသည် အလွန်ပင် အံ့ဩမိလေသည်။

## □ မှန်တိုင်းတားသည့် ဆရာတော်မေတ္တာတရား

၂၀၀၆ ခုနှစ် ဇွန်လဦး မိုးဦးကျစတွင် စံပြကျေးရွာမှ ကိုစိုးနှင့်ဇနီးဖြစ်သူတို့သည် ကလေးများကို အိမ်မှာထား၍ လယ်စိုက်ပျိုးနေချိန်ဖြစ်ပါသည်။ကောက်စိုက်နေကြစဉ် ညနေ (၃) နာရီခန့်တွင် မိုးများ တရစပ်ရွာသွန်းပြီး အနောက်ဘက်မှ လေဆင်နှာမောင်းမွှေထိုက်ခတ်လာနေပါသည်။ ကိုစိုးသည် ချက်ချင်း ဆရာတော်ကြီးအား သတိရတမ်းတပြီး-

"ဆရာတော်ကြီးဘုရား၊ တပည့်တော်တို့ရွာသူရွာသားနယ်သူနယ်သားအပေါင်းတို့အား လေဆင်နှာမောင်းဘေးအန္တရာယ်မှ လွတ်ကင်းရလိုပါ၏ဘုရား"

ဟု ရေရွတ်ကာ လက်အုပ်ချီလျှောက်ထားလိုက်လေသည်။

ထိုအခါ မမျှော်လင့်ဘဲနှင့်တည့်တည့်လာနေသော လေဆင်နှာမောင်းမှာ ကွေ့ပတ်သွားပြီး ရွာနှင့်မလှမ်းမကမ်းရှိသစ်ပင်ကြီးများကို ကျွတ်ပါသွားသည်အထိ မွှေနှောက် တိုက်ခတ်သွားလေသည်။ ကိုစိုးတို့က ဆရာတော်ထံသွားလျှောက်သည့်အခါ -

"အဲဒါဘုရားမမေ့လို့ပေါ့ကွ၊ ဘုရားဂုဏ်ကျေးဇူးလို့မှတ်ပါ"

ဟု မိန့်ကြားလိုက်လေသည်။

၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် မြန်မာအသံမှ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးများတွင် လေမုန်တိုင်းတိုက်ခတ်နိုင်သည့်အကြောင်းကြိုတင်သတင်းပေး ကြေညာပါသည်။ ဦးလှထွန်းက လျှောက်ထားသံဖြင့် ဆရာတော်ကြီးက-

"သာယာဝတီမပါဘူးကွ၊ ဘုရားသာမြဲကြ။ ရာသီဥတုကဖောက်ပြန်နေတယ်ကွ။ လေပြောင်းပြန်ကွ၊ မေတ္တာပို့ကြ"

ဟုသာ မိန့်ကြားခဲ့ပါသည်။

မေလ ၂ ရက်နေ့တွင် ကျိုးဖြူမှ ကိုစိုးလည်း ဘုရားရှင်အား အမှူးထား၍ ရှင်ဥပဂုတ္တမထေရ်နှင့် ဆရာတော်ဘုရားကြီးပုံတော်ရှေ့တွင် အလင်းတိုင်၊ နံ့သာတိုင် အမြဲမပြတ်ပူဇော်၍ 'လေဘေးအန္တရာယ်မှ ကင်းဝေးကြရလိုပါ၏' ဟု ဆုတောင်းနေလိုက်ပါသည်။ 'ဆရာတော်ဘုရား ကယ်တော်မူပါ' ဟုလည်း အကြိမ်ကြိမ်ဆုတောင်းနေမိသည်။ ညဘက်တွင် လေရောမိုးပါရွာချလာပါသည်။ တိုက်ကြီးမြို့ပျက်စီးသော်လည်း ကျိုးဖြူမှာ အပျက်အစီးမရှိပါကြောင်း သိရှိရပါသည်။

သုံးဆယ်မြို့ ဖားကူးလမ်းနေ ဦးသန်းထွေးသည် ဆရာတော်ကြီး၏ ပစ္စည်းလေးပါးဒါယိကာတစ်ဦး ဖြစ်ပါသည်။ လွန်ခဲ့သောဆယ်နှစ်ခန့်လောက်



www.burmeseclassic.com

www.burmeseclassic.com

တာ စက်လှေဖြင့် သံထည်ပစ္စည်းများ တင်ဆောင်၍ ပြည်ဆိပ်ကမ်းမှ စက်လှေ မောင်းနှင်လာရာ မိုးရွာလေပြင်းတိုက်နှင့် လှိုင်းထန်ကာ ဒုက္ခတွေ့ရပါသည်။ ရှေ့ဘက်တွင် ရေဝဲကဖော့ကြီးထိုးနေရာ ဦးသန်းထွေးမှ ဆရာတော်ကြီးကို သတိရကာ ဆရာတော်ကြီး ကယ်တော်မူပါဘုရားဟု တမ်းတလိုက်ရာ ဆရာတော်ကြီးသည် မြစ်တစ်ဖက်ကမ်းမှ သပိတ်တစ်လုံးဖြင့် ဆွမ်းခံကြွလာသည်ကို ထင်ထင်ရှားရှား ဖူးတွေ့လိုက်ရပါသည်။ ထိုအခါ လေရောမိုးပါ တဖြည်းဖြည်းချင်း ငြိမ်သက်ပျောက်ကွယ်သွားကြောင်းကို အံ့ဩဖွယ်ရာတွေ့ရှိခဲ့ရသည်ဟု သိရှိရပါသည်။ ဆရာတော်၏ မေတ္တာတန်ခိုးကဲကျော်မှုကြီးမားတော်မူလေသည်။

စာရေးသူသည် သုံးဆယ်မြို့သို့ ၁၂-၈-၂၀၁၄ နေ့က စံချိန်မီလိုင်းကားဖြင့်သွားရောက်ခဲ့ရာ လမ်းတွင်မိုးရွာပါသည်။ စာရေးသူက ဩဂုတ်လ မိုးများချိန်ဖြစ်၍ နေမပွင့်ဘဲမိုးများရွာသွန်းက ဓာတ်ပုံမှတ်တမ်းတင်ရန် အခက်အခဲရှိမည်ဟုတွေးမိသဖြင့် ဆရာတော်ကြီးအား စိတ်ထဲတွင် တမ်းတလျှောက်ထားမိပါသည်။ အမှန်တကယ်ပင် သုံးဆယ်မြို့သို့ရောက်သည့်အခါ နေသာနေသဖြင့် ဆရာတော်ကျောင်းဝင်းအတွင်း ဓာတ်ပုံမှတ်တမ်းတင်ခွင့်ကို ကောင်းကောင်းမွန်မွန်ရရှိခဲ့ပါသည်။

ဦးလှထွန်းက -

"ဆရာတို့ရောက်တာ ဒီနေ့ထူးခြားတယ်။ မိုးရွာတာဆက်တိုက်သုံးရက်ရှိနေပြီ။ ဒီတစ်နေ့ပဲနေထွက်တာ"

ဟု ပြောပါသည်။

ဆရာတော်၏တန်ခိုးတော်ကြောင့် ထိုနေ့က သုံးဆယ်မြို့တွင် မိုးလုံးဝမရွာပါ။ ရန်ကုန်အဝင် မင်္ဂလာဒုံမြို့နယ်တွင်သာ မိုးအကြီးအကျယ်ရွာသွန်းထားသည်ကို တွေ့ရပါသည်။ စာရေးသူ၏ ကိုယ်တွေ့ဖြစ်ပါသည်။

**၁ ဆရာတော်၏မေတ္တာဆွမ်းနှင့်မေတ္တာရေ**

ဆရာတော်၏ မေတ္တာဆွမ်းနှင့် မေတ္တာရေကိုစားသုံးသောက်ခွင့်ရသဖြင့် ရောဂါအမျိုးမျိုး ပျောက်ကင်း ချမ်းသာကြသည်ကို ရေးသား တင်ပြရန်မှာ များပြားလှသဖြင့် အလွန်ပင်ခက်ခဲလှပေသည်။ သာယာဝတီတစ်ခရိုင်လုံး၊ သုံးဆယ်တစ်မြို့လုံး၊ အနယ်နယ်အရပ်ရပ်မှရောက်ရှိလာကြသူများမှာ ဆရာတော် မေတ္တာဆွမ်း၊ မေတ္တာရေကိုစားသုံးသောက်ခွင့်ကြရလျှင် အထွေထွေရောဂါများပျောက်ကင်းကြသည်ချည်းဖြစ်ပါသည်။ နိုင်ငံခြားတွင် ဆေးသွားရောက်ကုသခဲ့သော်လည်း ဆေးမတိုးသူများ၊ မပျောက်ကင်းသူများသည် ဆရာတော်ထံမှောက်သို့ ရောက်ရှိလာခဲ့လျှင် ဆရာတော်၏ မေတ္တာတန်ခိုးတော်ကြောင့် ပျောက်ကင်း ချမ်းသာကြသည်မှာ အမှန်ပင်ဖြစ်လေသည်။ မြန်မာများသာမက နိုင်ငံရပ်ခြားသားများပင် လာရောက်ကြ၍ဘေးကင်းအန္တရာယ်ပျောက်ကွယ်ရကြောင်း ဆရာကြီး ဦးလှထွန်း (စံချိန်မီ) ၏ 'ဘဒ္ဒန္တ အရှင်ဉာဏ၏ ဓုတင်အကျင့်မြတ်လမ်းမှ ကိုယ်တွေ့မေတ္တာစွမ်းအားဖြစ်ရပ်ဆန်းများ' စာအုပ်တွင် လေ့လာ ဖတ်ရှုနိုင်ပါသည်။ ဆရာကြီးဦးလှထွန်းက ၂၀၁၆ ဒုတိယအကြိမ် ညီလာခံတွင် ညီလာခံကိုယ်စားလှယ်များကို လှူဒါန်းမည်ဟုပြောပြပါသည်။

ဆရာတော်ကြီးမှာ ကျန်းမာရေးမကောင်းသဖြင့် ဦးလှထွန်းနေအိမ်သို့ နောက်ဆုံးအနေဖြင့် ဆွမ်းခံကြွတော်မူရာ ဦးလှထွန်းက ဆရာတော်ကြီးအား-

"ဆရာတော်ဓုတင်စခန်းကြွသွားပြီး ဆရာတော်မရှိခိုက် ရပ်ဝေးဒါယကာ၊ ဒါယိကာမများ ဆရာတော်ထံလာခဲ့သော် တပည့်တော်ဘယ်လိုလုပ်ရပါ့မလဲဘုရား"

ဟု လျှောက်ထားရာ ဆရာတော်ကြီးက -

"ငါကျောင်းမှာမရှိလည်း ငါရှိသလိုပဲသဘောထားလိုက်ပါ"

မှာကြားတော်မူလေသည်။

ထို့ကြောင့် ဆရာတော်ကြီးမရှိခိုက်နှင့် ဆရာတော်ပျံလွန်တော်မူပြီးနောက် ကြည်ညိုဖူးမြော်ရန် ရောက်ရှိသူတို့မှာ ဆရာတော်ကြီးရုပ်တုတော်အား ဆရာတော်ကြီးရှိသကဲ့သို့ အမှတ်ထား ဖူးမြော်ကန်တော့ပြီး မိမိ၏ ကျန်းမာရေးကို လျှောက်ထားကာ သောက်တော်ရေကပ်ပါ၊ ဆီမီးပူဇော်ပါ။ မေတ္တာဆွမ်းနှင့် မေတ္တာရေစင်အား ပြန်လည် စွန့်လှူဖို့လျှောက်ထားပါ။ ဆရာတော်ကြီးထံမှပြန်လည်စွန့်ယူသည့်မေတ္တာဆွမ်းနှင့် ရေကိုစားသုံးပါ၊ သောက်ပါ။ ကျန်ရှိသောရေကို ရေထပ်ဖြည့်၍ပွားပါ။ ဘုရားကျောင်းဆောင်တွင်ထားပါ။ နေ့စဉ်ဆက်သောက်ပါဟု ဆရာကြီး ဦးလှထွန်းက စာရေးသူကို ရှင်းပြခဲ့ပါသည်။ ဆရာတော်၏ ပုံတော်ရှေ့တွင် သက်သတ်လွတ်ဆွမ်းနှင့်သောက်တော်ရေကပ်လှူပြီး ဆေးအာဟာရအဖြစ် အမြဲဌာန်ပြု စားသောက်နိုင်ကြောင်း အသေးစိတ်ရှင်းပြပါသည်။

**၂ ခန္ဓာတော်မပျက်မယွင်းသည့် ရုပ်ကလာပ်တော်**

ဆရာတော်ကြီးသည် ၁၃၇၅ခုနှစ်၊ နယုန်လဆန်း ၇ ရက် (၁၅-၆-၂၀၁၃) စနေနေ့ နံနက် (၇) နာရီ (၅)မိနစ်အချိန် သက်တော်(၈၉)နှစ်၊ သိက္ခာတော် (၄၅) ဝါအရတွင် တစ်ဘဝခန္ဓာရုပ်သိမ်း၍ ချုပ်ငြိမ်းတော်မူခဲ့ပါသည်။ ဆရာတော်ကြီး ပျံလွန်တော်မူသည်မှ အန္တိမဈာပန ပြီးဆုံးသည်အထိ ခန္ဓာတော်ပုပ်ပျက် ချို့ယွင်းခြင်းတစ်စုံတရာမရှိခဲ့ပါ။ ဆရာတော်အမှာရှိသည့်အတိုင်း တပည့်ဒါယကာများက ဆရာတော်ကြီး၏ -

'ငါသေလျှင်ရင်မခွဲ၊ မြေမမြှုပ်၊ မီးမသင်္ဂြိုဟ်၊ ရေမမျှော၊ ဂူမသွင်းရ' မိန့်မှာချက်အတိုင်း ကျောင်းခေါင်းရင်းတွင်ရှိ ဓုတင်္ဂါယဓမ္မသုခဗိမာန်တော်ကြီးတွင် မှန်ခေါင်းဖြင့် ထားရှိပူဇော်ခဲ့ကြသည်။ (၁၅-၆-၂၀၁၄) နေ့က ဆရာတော်ကြီး တစ်နှစ်ပြည့်အလှူပြီးမြောက်ပြီးနောက် ဆရာတော်ကြီး၏ အိပ်မက်ပေးချက်အရ 'ကမ္ဘာအေးပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး'၏ မြောက်ဘက် ဓမ္မသုခကျောင်းခြံနယ်မြေထောင့်စွန်းတွင် ဗိမာန်တော်ယာယီဆောက်လုပ်၍ ပြောင်းရွှေ့ပူဇော်ထားရှိခဲ့ပါသည်။ ယခုအခါ အနယ်နယ်အရပ်ရပ်မှ ဖူးမြော်လာသူများ အချိန်မရွေး ဖူးမြော်နိုင်ရန် ဗိမာန်တော်သစ်ကို စတင်တည်ဆောက်နေပြီဖြစ်ပါသည်။ ဗိမာန်တော်သစ်ကို မှန်များဖြင့် ကာရံတည်ဆောက်မည်ဟု သိရှိရပါသည်။


ဆရာကြီးဦးလှထွန်းနှင့် ဂေါပကအဖွဲ့ဝင် ဦးအောင်သန်း၏ခွင့်ပြုချက်ဖြင့် ယာယီဗိမာန်တော်အတွင်းဝယ် သီတင်းသုံးစံပယ်တော်မူသည့် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား စာရေးသူဝင်ရောက်ဖူးမြော်၍ ဓာတ်ပုံမှတ်တမ်းတင်ခဲ့ပါသည်။ ဆရာတော်၏မိန့်မှာချက်မှာ သံတွဲမြို့ ဇလွန်ဆရာတော်၏မိန့်မှာချက်နှင့်တူညီနေကြောင်း စာရေးသူ သတိထားမိပါသည်။ ထို့ကြောင့် စာရှုသူအပေါင်းတို့သည် သုံးဆယ်မြို့ ဓမ္မသုခကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော်ရုပ်ကလာပ်ကို ဖူးမြော်ကြည်ညိုနိုင်ကြပါကြောင်း ကောင်းမှုစိတ်စေတနာသဒ္ဓါတရားဖြင့် ရေးသား ပူဇော်လိုက်ရပေတော့သည်။

ရွှေချိုအောင် ([illegible])



www.burmeseclassic.com

www.burmeseclassic.com



၁၉၅၇ ခုနှစ်က အသစ်ပြန်လည်တည်ဆောက်ခဲ့သည့် စစ်တောင်းတံတားကြီး၏ မှတ်တမ်းဓာတ်ပုံ

## တင်ထွန်း(စက်မှု-၂ ငြိမ်း)


# ဒုတိယအကြိမ်ပြန်လည်၍တည်ဆောက်ခဲ့သော စစ်တောင်းတံတားသစ်ကြီး

ယခင်က တည်ရှိခဲ့သော စစ်တောင်းတံတားကြီးသည် ပဲခူး-မုတ္တမ မီးရထားလမ်းပိုင်း မိုင်တိုင် (၇၈) တွင် တည်ရှိခဲ့ပြီး စစ်တောင်းမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် မီးရထား လမ်းတစ်ခုတည်းသာပါရှိသော တံတား ကြီးတစ်စင်း ဖြစ်ပါသည်။


ထိုစစ်တောင်းတံတားဟောင်းကြီး သည် ပဲခူး-မုတ္တမရထားလမ်းမိုင်တိုင် (၇၈) ၌ တည်ရှိပြီး တံတားအမှတ် (၃၃) အဖြစ် သတ်မှတ်ခဲ့ပါသည်။ ခရစ်နှစ် ၁၉၀၇ ခုနှစ်တွင် ရထားများ ဖြတ်ကျော် ခုတ်မောင်းနိုင်ရေးအတွက် ဖွင့်လှစ်ပေး ခဲ့ပါသည်။ ထိုစစ်တောင်းဟောင်းကြီး သည် မီးရထားလမ်းတစ်လမ်းတည်းသာ ပါရှိ၍ မော်တော်ယာဉ်လမ်းများမပါရှိ ခဲ့ပါ။ တံတားကြီး၏အရှည်မှာ (၁၇၂၇) ပေရှိပြီး (၉) ပေ အချင်းရှိသော သံမဏိ ရေလယ်တိုင်နှစ်တိုင်ကို ပူးတွဲ၍ ထောက် ခံထားသည့် အောက်ခံတိုင်ကြီးများ အပေါ်တွင် ပေ(၁၅၀)အရှည်ရှိတံတား သံပေါင်ကြီး (၁၁) ခုဖြင့် တပ်ဆင်တည် ဆောက်ထားသောတံတားကြီး ဖြစ်ပါ သည်။

စစ်တောင်းမြစ်၏ကြမ်းတမ်းသော ဒီရေတိုက်စားခြင်းကို ကာကွယ်နိုင်ရန် အတွက် ၁၉၂၄ ခုနှစ်တွင် ရေအောက် မြေပြင်တစ်လျှောက် အခြေခံ ရေလယ် တိုင်မကြီးများနှင့် စစ်တောင်းမြစ်၏ အထက်နှင့် အောက်ကမ်းခြေများမှ ရေ တားဆီးသည့် တာတမံများကို ကျောက် တုံးကြီးများဖြင့် အကြီးအကျယ်ပြုပြင်ခဲ့ရ ပါသည်။

ဒီရေတိုက်စားမှုဒဏ်ကို နှစ်စဉ် အကုန်အကျများစွာဖြင့် ပြုပြင်နေမည့် အစား စစ်တောင်းတံတားဟောင်းမှ စစ်တောင်းတံတားဟောင်းမှ စစ်တောင်း မြစ်အထက် ပေ (၃၀၀) အကွာအဝေး တွင် စစ်တောင်းတံတားတစ်ခုတွင် ဆောက်လုပ်ရန်အတွက် ဆောက်လုပ် ရန်အတွက် ၁၉၃၉ ခုနှစ်ဘွင် စီမံချက် ရေးဆွဲခဲ့ပါသည်။ စစ်တောင်းတံတား သစ်ကြီးဆောက်လုပ်နိုင်ရန်အတွက်စီစဉ် နေဆဲကာလမှာ ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံအတွင်းသို့ကူးဆက်လာခဲ့ရာ ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ တွင် တပ်ဆုတ်သွားခဲ့ကြသည့် ဗြိတိသျှ တို့က စစ်တောင်းတံတားဟောင်းကြီးကို မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီးလိုက်ကြသဖြင့်



စစ်ကြိုခေတ်ကတည်ရှိခဲ့သည့် စစ်တောင်းတံတားဟောင်းကြီး၏မှတ်တမ်းဓာတ်ပုံ



၁၉၄၂ ခုနှစ်က ဗြိတိသျှတပ်များ၏ဖျက်ဆီးခြင်းခံရသည့် စစ်တောင်းတံတားဟောင်းကြီး၏မှတ်တမ်းဓာတ်ပုံ




www.burmeseclassic.com


www.burmeseclassic.com

တံတားဟောင်းကြီးမှာ စစ်တောင်းမြစ်အတွင်းသို့ကျိုးကျပျက်စီးသွားခဲ့ပါသည်။


ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီးနောက် ၁၉၄၆ ခုနှစ်တွင် စစ်တောင်းတံတားသစ်ကြီးကို တည်ဆောက်နိုင်ရန်အတွက် စစ်တောင်းတံတားဟောင်းမှ အထက် (၇) မိုင် ကွာဝေးသည့် ခရွဲရွာတွင် နေရာရွေးချယ်သတ်မှတ်ပြီး တံတားသို့ ချဉ်းကပ်ရေးလမ်းကြောင်းကို မြေဖို့ခြင်း၊ ရထားသံလမ်းခင်းကျင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။ သို့သော်လည်း ၁၉၄၉ ခုနှစ် ပြည်တွင်းသောင်းကျန်းမှုများ ပေါ်ပေါက်လာခဲ့သဖြင့် တံတားတည်ဆောက်ရေးလုပ်ငန်းများကို ခေတ္တရပ်ဆိုင်းထားခဲ့ရပါသည်။ ၁၉၅၄ ခုနှစ်သို့ ရောက်ရှိလာခဲ့သည့်ကာလ၌ စစ်တောင်းတံတားသစ်တည်ဆောက်ရေးလုပ်ငန်းကို ပြန်လည်၍ အကောင်အထည်ဖော်ခဲ့ရာ ယခင် သစ်ဆောက်လုပ်နိုင်ရန်နေရာအသစ်ကို စစ်တောင်းတံတားဟောင်းကြီးအထက် (၄) မိုင်ခန့်အကွာအဝေးမှာရှိသည့် နေရာသစ်ကို ရွေးချယ်လိုက်ကြပါသည်။



တံတားသံပေါင်ကြီးများတပ်ဆင်နေသည့် စစ်တောင်းတံတားသစ်ကြီး၏မှတ်တမ်းဓာတ်ပုံ



ကျောက်ခွေများ၊ ရေအောက်သို့ချ၍ ပြန်လည်တည်ဆောက်နေသည့် စစ်တောင်းတံတားသစ်ကြီး



ဒီဒီ အမျိုးအစား တောင်တက်ဒီဇယ်ရထားစက်ခေါင်း၏မှတ်တမ်းဓာတ်ပုံ

စစ်တောင်းတံတားအသစ်ကြီးကို အိမ်စောင့်အစိုးရလက်ထက်၌ ဆောက်လုပ်ရန်အတွက် အင်တိုက်အားတိုက်ဖြင့် စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ စစ်တောင်းတံတားအသစ်ကြီးကို ပေ (၆၀) တစ်ဝက်ဖြတ် ခုံးကျော်အမျိုးအစား သံမဏိသံပေါင်နှစ်ခုနှင့် ပေ (၃၅၀) တောက်လျှောက် ခုံးတံတားသံပေါင် (၆) ခုတို့ဖြင့် ဆက်သွယ်ထားပါသည်။ ပေ (၃၅၀) သံပေါင်များမှာ ဆွဲဆန့်အားပိုမိုသည့်သံမဏိတို့ဖြင့်ပြုလုပ်ထားရုံမက ကြိုတင်အားသွင်းသံပေါင်များလည်း ဖြစ်ပါသည်။ ထိုကြိုတင်အားသွင်းသံပေါင်များကို မြန်မာနိုင်ငံမီးရထားဌာန၏ အတိုင်ပင်ခံကုမ္ပဏီ အင်ဂျင်နီယာများဖြစ်ကြသည့် ရင်ဒယ်လ်ပါးမားအန်ထရစ်တန်ကုမ္ပဏီမှတွက်ချက်၍ တံတားပုံစံအသစ်များ ရေးဆွဲပြီး သံမဏိသံထည်များကို ယူဂိုစလပ်နိုင်ငံ အင်ဗက်စ်အင်ပို့ကုမ္ပဏီမှပြုလုပ်၍ ပေးသွင်းခဲ့ပါသည်။

စစ်တောင်းတံတားသစ်ကြီးတွင် သံမဏိသံပေါင်ကြီးပေါင်း (၆) ခုရှိရာ တံတားသံပေါင် အမှတ် (၁) ကို ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် လည်းကောင်း၊ သံပေါင်အမှတ် (၂) ကို ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် လည်းကောင်း၊ သံပေါင်အမှတ် (၃) ကို ၁၉၆၂ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် လည်းကောင်း၊ သံပေါင်အမှတ် (၆) ကို ၁၉၆၂ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် လည်းကောင်း၊ သံပေါင်အမှတ် (၅) ကို ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင်လည်းကောင်း၊ သံပေါင်အမှတ်(၄)ကို ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် လည်းကောင်း အသီးသီးတပ်ဆင်ခဲ့ကြပါသည်။ စစ်တောင်းတံတားသစ်ကြီး၏အလျားမှာ (၂၃၁၁) ပေရှိ၍ မီးရထားလမ်းနှင့် မော်တော်ယာဉ်လမ်းများပါရှိကြပြီး ထိုအချိန်ကာလ တံတားတည်ဆောက်သည့် စုစုပေါင်းကုန်ကျငွေမှာ ကျပ် (၅၇၂၊ ၄၁၈၉၀) ဖြစ်ပါသည်။

တင်ထွန်း (စက်မှု-၂) ဦး

www.burmeseclassic.com

(၀)

မောင်သုမနတစ်ယောက် အသက် ငါးဆယ်ကျော်အရွယ်မှာ မျက်စိက အဝေးရောအနီးပါမှုန်လိုက်လာပါတယ်။ ဇရာရဲ့သင်္ကေတဆိုပါတော့။ စာရေး၊ စာဖတ်လုပ်မယ်ဆိုရင် မျက်မှန်မပါဘဲ ရေးလို့ဖတ်လို့မရတော့ပါ။ နောက်တော့ အဝေးပါမှုန်လာပါတယ်။

မျက်မှန်ဆိုင်မှာ မျက်မှန်သွားလုပ်တဲ့အခါ ဘိုင်ဖိုကယ်ခေါ်တဲ့ အဝေးကြည့်ရော အနီးကြည့်ပါ မျက်မှန်တစ်လက်ထဲမှာ မှန်ဘီလူးနှစ်မျိုးပါတဲ့ မျက်မှန်လုပ်ပေးပါတယ်။ အဝေးကြည့်ချင်ရင် ပါဝါနည်းတဲ့အပေါ်ပိုင်းမှန်ထဲက

# သုမန (ခေါင်နန်းပလ္လင်)

## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးအား ဘိုင်ဖိုကယ်မျက်မှန်အတွင်းမှ ဖူးမြော်ကြည်ညိုပူဇော်ကန်တော့ခြင်း




မှန်ဘီလူးကိုသုံးရသလို အနီးကပ်စာကြည့်ချင်ရင် အောက်ခြေထောင့်စွန်းမှာရှိတဲ့အကွက်ထဲက ပါဝါများတဲ့ မှန်ဘီလူးကိုသုံးရပြီး မျက်မှန်တစ်လက်တည်းနဲ့ အဝေးကြည့်ရော အနီးကြည့်ပါ သုံးလို့လွယ်သွားပါတယ်။

အခု ဒီစာစုဟာ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးကို မောင်သုမန မြင်သလောက်သိသလောက် အဝေးမြင်၊ အနီးကြည့် သုံးသပ်တင်ပြထားတာဖြစ်ပါတယ်။ သာမန်ပုထုဇဉ်ချွတ်ကလေးရဲ့မျက်မှန်ဖြစ်လို့ ပါဝါအားမကောင်းဘဲ ပုံရိပ်မပီမပြင် ရေးတေးတေး မှုန်ဝါးဝါး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရင်လည်း ခွင့်လွှတ်ကြစေလိုပါတယ်။

(၁)

၁၉၉၈ ခု၊ မတ်လ ၇ ရက်နေ့ ရွှေဘိုမြို့တောင်ဘက် လှတောရွာအနီးက ဥယျာဉ်မရွာမှာ မဟာဗောဓိမြိုင်



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ဘုရားကြီးကို ပထမဆုံး စတင် ဖူးတွေ့ခွင့်ရပါတယ်။ အစ်ကို အရင်းတစ်ဦးထက် လေးစားအားကိုးရတဲ့ မိတ်ဆွေကြီး ဆရာဦးအိုကေရဲ့ (ဆပ်မကုန်နိုင်တဲ့) ကျေးဇူးတရားကြောင့် ဖြစ်ပါတယ်။

အဲဒီတုန်းက နတ်တလူဆရာတော်လို့ပဲ သိခွင့်ရပါသေးတယ်။ ဆရာတော်ကြီး ဒီးဒုတ်ဂူဝေဒလ္လစခန်းမှ နတ်တလူသို့ပြန်အကြွမှာ ဆရာဦးအိုကေညီအစ်ကို မောင်နှမတစ်စုနဲ့ မိခင်ကြီး ဒေါ်သောင်းတို့က လှတောဉယျာဉ်မရွာမှ စောင့်ကြိုပြီး နေ့ဆွမ်း ဆက်ကပ် လှူဒါန်းတာကို ကြည်ညိုသာခုခေါ် နိုင်ဖို့လိုက်သွားခဲ့ခြင်းပါ။

နတ်တလူသာသနာပြုအသင်း ဥက္ကဋ္ဌကြီး (ဦးခင်မောင်သန်း) ကိုယ်တိုင်မောင်းနှင် ပင့်ဆောင်လာတဲ့ ကားပေါ်က ဆရာတော်ကြီးဆင်းကြွတော်မူတာ ဖူးတွေ့လိုက်ရချိန်ကတည်းက မောင်သုမနရဲ့ရင်ထဲမှာ အခြားသံဃာတော်များနဲ့ မတူကွဲပြား ခြားနားနေတာ ဂရုပြုမိပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ရင့်ကျက်တည်ငြိမ်တဲ့ ဣန္ဒြေတော်နဲ့ အပြောအဆို အပြုအမူတိုင်းဟာ အမှုမဲ့အမှတ်မဲ့ မဟုတ်တာကို သတိထားမိပါတယ်။

ဉယျာဉ်မရွာမှာ ပထမဆုံးနာကြားခဲ့ရတဲ့တရားကလည်း အခုခေတ်စကားနဲ့ပြောရရင် ဟတ်ထိသွားပါတယ်။ ဉယျာဉ်မရွာကျောင်းဆရာတော်ဦးဝါသဝမှ မေတ္တာရပ်ခံတော်မူလို့ ဉယျာဉ်မရွာသူရွာသားများ၊ ရွှေဘိုဒကာ၊ဒကာမများနဲ့ ခရီးစဉ်လိုက်ပါလာသူများကို ဟောကြားတဲ့တရားပါ။

ပ လူ့ဘဝအတွက် အသက်မွေးဝမ်းကျောင်းပြုကြရာမှာ ယုန်ဖြစ်ပါစေ။ မြွေမဖြစ်ပါစေနဲ့။ ယုန်ရဲ့ထမင်းလုတ်က ကန်စွန်းရွက်တို့၊ မြက်တို့ဖြစ်လို့ နောင်အကြွေးဆပ်စရာမလိုပါ။ မြွေကတော့ ကြွက်တို့၊ ဖားတို့ကို လိုက်ရှာသတ်စားတဲ့အတွက် နောင်ဘဝမှာ အကြွေးပြန်ဆပ်ရမယ့်အကြောင်း ဟောပြောတော်မူသွားပါတယ်။ ဒါက ဗုဒ္ဓဘာသာဝင်တိုင်း ပြုကျင့်ရမယ့် သမ္မာအာဇီဝအကြောင်း ဥပမာပေးဟောသွားတာပါ။

နောက်တစ်ခုက -

ပ ဒုလ္လဘတရားငါးပါး။ လူ့အဖြစ်ရခဲတာ၊ ဘုရားသာသနာနဲ့ကြုံခဲတာ၊ ဘုရားသာသနာကို ယုံကြည်ဖို့ ခဲယဉ်းတာ၊ ရဟန်းအဖြစ် အလွတ်အကျွတ်ကျင့်ဖို့ ခဲယဉ်းတာနဲ့ သူတော်ကောင်းတရား နာကြားရဖို့ ခဲယဉ်းတာ စတဲ့ လူ့ဘဝမှာရနိုင်ခဲတဲ့ အခွင့်အရေးကြီး ငါးမျိုးကို အခုကြုံနေကြောင်းနဲ့ ယူမယ်ဆိုရင် ငါးခုစလုံးရနိုင်ကြောင်း မိန့်တော်မူသွားပါတယ်။

အဲဒီငါးခုထဲမှာ သူတော်ကောင်းတရားနာကြားရဖို့ ခဲယဉ်းတာကို ထပ်ပြီးရှင်းပြပါတယ်။ တကယ်ကိုယ်တိုင်လက်တွေ့ကျင့်ကြံပြီး ပေါက်မြောက်အောင်အားထုတ်ထားသူဟောကြားတဲ့တရားလို့ အဓိပ္ပာယ်ဖွင့်ပါတယ်။

❑ နွားကျောင်းသားတစ်ယောက်က စာမသင်ဘူး၊ ပထဝီမသင်ဘူးဘဲနဲ့ နယူးယောက်မြို့ကြီးကိုကိုယ်တိုင်ရောက်ခဲ့တယ်။ စာထဲမှာ၊ ပထဝီဘာသာရပ်ထဲမှာရေးထားတဲ့ နယူးယောက်မြို့ကြီးအကြောင်းနဲ့ နွားကျောင်းသား (ကိုယ်တိုင်ရောက်ခဲ့သူ)ပြောပြတဲ့နယူးယောက်မြို့ကြီးအကြောင်းမှာ ဘယ်ဟာက ပိုမှန်ပိုတိကျမလဲဗျဆိုပြီး မေးခွန်းထုတ်တော်မူပါတယ်။

မောင်သုမနရဲ့ရင်ထဲမှာ ဖျတ်ခနဲ အသိတစ်ခု လင်းလက်သွားပါတယ်။ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရား၊ ဝိပဿနာတရားကျင့်စဉ်တွေကို စာဖတ်လို့ရတဲ့အသိနဲ့ ဟောပြောပြသသူ၊ ကိုယ်တိုင်ကျင့်ကြံပေါက်မြောက်ပြီးမှ ဟောပြောပြသသူနှစ်မျိုးကို နှိုင်းယှဉ်ခိုင်းနှိုင်းလိုက်တာပါလားလို့ အတွေးရလိုက်ပါတယ်။ အဲဒီလိုကိုယ်တိုင်ကျင့်ကြံပြီးမြောက်ထားတဲ့ ပုဂ္ဂိုလ်မျိုးကို ဆည်းကပ်ကိုးကွယ်ရဖို့ အခွင့်အရေးဟာလည်း ဆဋ္ဌမမြောက် ဒုလ္လဘတရားပဲလို့ မောင်သုမနစိတ်ထဲမှာ မှတ်ချက်ချလိုက်မိပါတော့တယ်။

မူလစိတ်ကူးက ဆရာတော်ကြီးနဲ့အတူလိုက်ပါလာပြီး ရွှေဘိုကိုရောက်ရင် နေခဲ့ဖို့ပါ။ ဒါပေမယ့် ဆရာတော်ဘုရားကြီးရဲ့ မွေ့သံလိုက်ဆွဲအားကြောင့် ဆက်လက်လိုက်ပါခဲ့ပြီး လေ့ကျင့်ရေး (၈) နဲ့ ထောက်/ပို့တပ်များမှာလည်း တရားတစ်ကြိမ်စီနာခဲ့ရပါတယ်။ ဆရာတော်ဘုရားကြီးကို လိုက်ပါ ပို့ဆောင်ရင်း နတ်တလူကိုလည်း ပထမဆုံးအကြိမ်ရောက်သွားခဲ့တယ် ဆိုပါတော့။

နောက်ပိုင်းမှာ ဆရာဦးအိုကေတို့ နတ်တလူသွားတိုင်း လိုက်ပါခဲ့ပြီး မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးဟောကြားတော်မူတဲ့ တရားတော်များကို နာကြားမဝဖြစ်ခဲ့ပါတယ်။ အမှတ်စဉ်(၃) တရားစခန်းဖွင့်ချိန်မှာ ဥပုသ်နေ့များအတွက် ရွှေဘိုအဖွဲ့က ဆွမ်းကုသိုလ်တာဝန်ယူထားလို့ အဲဒီရက်များမှာလည်း လိုက်ပါခဲ့ပါတယ်။ နံနက် (၉) နာရီမှာ ဆွမ်းအနုမောဒနာတရားဟောကြားပေးပြီး နေ့လယ် (၂) နာရီမှာ သဒ္ဓါနှိုးသောတရားဟောကြားပေးတော်မူပါတယ်။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးဟာ ပါဠိစာများနည်းနိုင်သမျှနည်းနည်းနဲ့ လူတိုင်းနားရည်ဝနေတဲ့ စကားဥပမာများနဲ့ ဟောကြားတော်မူလေ့ရှိပါတယ်။ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ စကားလုံးများကို 'ကြိုက်စိတ်၊ မကြိုက်စိတ်၊ မသိစိတ်' လို့ ဖလှယ်ပြီး အသုံးပြုတော်မူပါတယ်။

ဆရာတော်ဘုရားကြီးရဲ့ တရားတော်တစ်ပုဒ်ကို နာကြားလိုက်ပြီဆိုတာနဲ့ အသိထူးတစ်ခုခုရလိုက်ပါတယ်။ကိုယ်မသိသေးတာ သိလာရသလို ကိုယ့်စိတ်ထဲမှာ မရှင်းလင်းလို့ သိချင်နေတာတွေဟာ ဆရာတော်ကြီးဟောတော်မူလိုက်တဲ့တရားတော်ထဲမှာ ပါပါလာပြီး သိခွင့်ရသွားတာမျိုး ကြုံရပါတယ်။ (သာမန်တိုက်ဆိုင်မှုတော့ မဖြစ်နိုင်လို့ ယူဆမိပါတယ်။)

နတ်တလူသာသနာပြုစခန်းကနေ ဒီးဒုတ်ဝေဒလ္လစခန်းမှာ ဝါဆိုဖို့ ကြွချီတော်မူရာမှာ ဆရာတော်ဘုရားကြီးဟာ ရွှေဘိုမြို့ ဝေဠုဝန်ပါဠိတက္ကသိုလ်မှာ တစ်ညသီတင်းသုံးတော်မူပြီး စာသင်သားကိုရင်ဘဝမှာနေခဲ့ဖူးတဲ့ကျေးဇူးကို ပြန်လည်ဆပ်တော်မူပါတယ်။ ဝေဠုဝန်ပါဠိတက္ကသိုလ်ဆရာတော် ဦးလာဘနဲ့ ရွှေခြင်္သေ့ဆရာတော် ဦးသာသနတို့ကို လှူဖွယ်ပစ္စည်းမျိုးစုံနဲ့ ပူဇော်ကန်တော့ပြီး စာသင်သားသံဃာတော်များကို သံဃာအသုံးအဆောင်ပစ္စည်းများလှူဒါန်းတော်မူပါတယ်။ အဲဒီညက ဝေဠုဝန်ကျောင်းတိုက်မှာ သာမာဝတီနဲ့ မာဂဏ္ဍီဇာတ်ကို ဟောကြားတော်မူပါတယ်။

နောက်နေ့မနက် အရုဏ်ဆွမ်းကို ဆရာဦးအိုကေတို့အိမ်သို့ ကြွရောက်ဘုဉ်းပေးတော်မူရာမှာလည်း သွားရောက် ဖူးမြော်ခွင့်ရခဲ့ပါတယ်။ အရုဏ်ဆွမ်းဘုဉ်းပေးအပြီး ကားတန်းအရှည်ကြီးနဲ့ ဝေဒလ္လသို့ ခရီးဆက်တော်မူရာမှာ လိုက်ပါပို့ဆောင်လိုတဲ့ဆန္ဒရှိပေမယ့် အခြေအနေမပေးလို့ ရွှေဘိုမှနေ ရှိခိုးဖူးမြော် နှုတ်ဆက် ကန်တော့လိုက်ရပါတော့တယ်။ ဆရာတော်ကြီးသီတင်းသုံးတော်မူရာဝေဒလ္လနဲ့ ကျောက်ထီးလေးရများကို ရောက်ခွင့်မကြုံဘဲ အဝေးကနေ



www.burmeseclassic.com

www.burmeseclassic.com

မှန်းဆကြည်ညိုကန်တော့ရင်းနဲ့ ကျေနပ်ရပါတော့တယ်။

တပို့တွဲလမှာ ဆရာတော်ဘုရားကြီး ကျောက်ထီးတောရမှ နတ်တလူသို့ ပြန်လည် ကြွချီလာပြီလို့ သိရပါတယ်။ ဆရာဦးအိုကေနဲ့ နှစ်ဦးသား နတ်တလူကို ညအိပ်ရောက်ခဲ့ရပြန်ပါတယ်။ ဆရာဦးသွေးချွန်နဲ့ ကိုမြတ်သူတို့လည်းရောက်နေပါတယ်။ ဆရာတော်ကြီးကို ဖူးတွေ့ရတဲ့ အဲဒီအချိန်က မောင်သုမနက လူစိမ်းဖြစ်ပါတယ်။ ဦးသွေးချွန်တို့က သာစည် ရွှေကျောင်းကုန်းတောင်နဲ့ ရှမ်းပြည် သုဝဏ္ဏသျှမ်တောင်များမှာက တည်းက ဆရာတော်ကြီးရဲ့ဒကာအရင်းအချာများဖြစ်ကြပါတယ်။ ဆရာတော်ကြီးရဲ့ သဘောထား ခံယူချက်ကို မသိရလေတော့ ဆရာတော်ကြီးနဲ့ တရင်းတနှီး (သူငယ်ချင်းလို) ပြောဆိုဆက်ဆံနေတာ တွေ့ရတဲ့အခါ ဒီလူတွေ ကိုယ့်ဆရာသမားအပေါ် ရိုသေလေးစားမှု ဂါရဝတရားမရှိပါလားလို့ စိတ်ထဲက မှတ်ချက်ချမိပါတယ်။ (နောက်ပိုင်း ဆရာတော်ကြီးရဲ့ အနီးနေ ကပ္ပိယဘဝရောက်မှ ဆရာတော်ကြီးကိုယ်တိုင် တပည့်များ ကြောက်ရွံ့မနေအောင်၊ ပြောရဲဆိုရဲအောင် တမင်ခွင့်ပြုထားတာပါလားလို့ သိခွင့်ရပါတယ်။)

နောက်တစ်နေ့မနက် ဆရာတော်ဘုရားကြီးအနီးရှိ ဂေါစရဂမ်ရွာများသို့ ဆွမ်းခံကြွတော်မူရာမှာ 'ရသားကျေးရွာ' အလှည့်ဖြစ်ပါတယ်။ ဆွမ်းတောင်းများ ထမ်းသူထမ်း၊ ပွေ့သူပွေ့နဲ့ ကပ္ပိယအဖြစ်လိုက်ကြရာမှာ မောင်သုမနတို့လည်း ရတဲ့အခွင့်အရေး လက်လွှတ်မခံခဲ့ပါ။ ဆွမ်းခံအသွားရောအပြန်ပါ လမ်းတစ်လျှောက်လုံး ဆရာတော်ကြီးထံမှ ကိုယ်သိလိုတာများကို မေးမြန်းလျှောက်ထားခွင့်ရခဲ့ပါတယ်။

ဆရာတော်ဘုရားကြီး အရဏ်ဆွမ်းဘုဉ်းပေးအပြီး ပြန်စွန့်တဲ့ဘောဇဉ်များထဲမှာ ထမနဲများကို လောက်စာလုံးလိုအလုံးလေးများပါပါတယ်။ အဲဒီအချိန်က အနီးနေကပ္ပိယကြီး ဦးခင်မောင်ရဲ့ ကျေးဇူးကြောင့် ဆရာတော်ကြီးရဲ့ပွဲကျစားသုံးခဲ့ရဖူးပါတယ်။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးကို အဝေးနေဒကာတစ်ယောက်အနေနဲ့ တရားနာကြားခွင့်ရတဲ့အခါ တစ်ခါတလေ ရှေ့ပိုင်းက နေရာရလေ့ရှိပြီး တစ်ခါတစ်ရံမှာ ပရိသတ်နောက်နားက နေရာရတတ်ပါတယ်။ အနီးကပ်ဖူးရရင် ရုပ်တော်ရော အသံတော်ပါနာကြားဖူးမြော်ခွင့်ရပြီး အဝေးကဆိုရင်တော့ အသံတော်ကိုသာ စူးစိုက်နာကြားခွင့်ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နတ်တလူကို တစ်ခေါက်ရောက်ခဲ့ရင် ကိုယ့်ရဲ့ရင်ထဲနှလုံးထဲမှာ ဘာသာရေးအသိတစ်မျိုးမျိုး ထူးထူးခြားခြား ခံယူလာခဲ့ရတာချည်းဖြစ်ပါတယ်။

နတ်တလူသာသနာပြုစခန်းမှာ ဆရာတော်ဘုရားကြီး ဦးစီးဆောင်ရွက်တော်မူတဲ့ မင်းဘိဘိက်ခံဘုရားထီးတင်ပွဲနဲ့အနေကဇာတင်ပွဲကို အဝေးကြည့်သာ ပါဝင်နွှဲခဲ့ရပါတယ်။

အုတ်မြစ်စီမင်္ဂလာကျင်းပတုန်းက မြင်ခဲ့၊ ကြုံခဲ့တာလေးကို ဖောက်သည်ချပါဦးမယ်။ သက်တော်ဝါတော်ကြီးမြင့်တော်မူတဲ့ ဆရာတော်သံဃာတော်များ ဆင်းရတက်ရမပင်ပန်းမဆင်းရဲရအောင် မြေတိုက်ထဲကိုဆင်းမယ့် လှေကားကို ယာယီတစ်ခဏသာ သုံးမှာဖြစ်ပေမယ့် ပွတ်လုံးလက်ရန်းများနဲ့ အခိုင်အခံ့ ကျကျနနလုပ်ထားတာတွေ့ခဲ့ရပါတယ်။ အုတ်မြစ်စီမင်္ဂလာကျင်းပမယ့်အချိန်က နေ့မွန်းလွဲတစ်နာရီတိတိအချိန် နေပူကျဲကျဲကြီးပါ။ ထေရ်ကြီးဝါကြီးသံဃာတော်ကြီးများကို ဆလွန်းကားအသီးသီးနဲ့ ဓမ္မဝိဟာရကျောင်းတော်မှ မင်းဘိသိက်ခံဘုရားကုန်းတော်အထိ ပင့်ဆောင်စေပါတယ်။ ဆရာတော်ဘုရားကြီးကိုယ်တော်တိုင်ကတော့ နေပူကျဲကျဲ ဖုန်ပူပူသဲပူပူအပေါ်မှာ ဖိနပ်မပါခြေဗလာနဲ့ခြေကျင်ကြွတော်မူတာကို ဖူးတွေ့လိုက်ရတော့ ဆရာတော်ဘုရားကြီးကို ပိုပြီးကြည်ညိုလေးစားသွားမိပါတယ်။

မင်းဘိသိက်ခံဘုရား တည်ထားကိုးကွယ်ရာမှာ အတွင်းကျကျ မပါဝင်ခဲ့ရပေမယ့် မင်းဘိသိက်ခံဂါထာတော်ကိုတော့ ရတာနဲ့ အလွတ်ကျက်ပြီး အမြဲမပြတ် ပူဇော်ပါတယ်။ အမှတ်စဉ် (၄) တရားစခန်းမှာတော့ ဖင်ပေါက်ယောဂီအဖြစ် မှတ်တမ်းဝင်နိုင်ခဲ့ပါတယ်။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးဟာ ၁၃၆၁ ခုနှစ်၊ နယုန်လမှာ နတ်တလူစခန်းမှ မုံရွာအနောက်ဘက် ပုလဲမြို့နယ် ဝါးသုံးရုံစခန်းကို ကြွမြန်းတော်မူပါတယ်။ ဝါဆိုမတိုင်ခင် ပရိသတ်အဖူးတွေ့ခံတာမို့ မောင်သုမနတို့လည်း မရောက်ရောက်အောင်သွားပြီး ဖူးမြော်ခဲ့ကြပါတယ်။

အဲဒီမှာ ရွာခံပရိသတ်ရော အနီး၊ အဝေးကလာကြသူများပါ ဆွမ်းလောင်းလှူကြတာ ကြိတ်ကြိတ်တိုးစည်စည်ကားကားမြင်ခဲ့ရပါတယ်။ အနီးနေပရိသတ်အတွက် ဒါနစစ်တမ်း၊ သီလစစ်တမ်း၊ ဘာဝနာစစ်တမ်းတရားတော်များကို တစ်နေ့စီဟောကြားတော်မူခဲ့ပြီး မောင်သုမနတို့ရောက်တဲ့နေ့က 'အကျွပ်တရား' ဆိုပြီး အဆုံးသတ်ဟောကြားတော်မူပါတယ်။ စွန်းလွန်းဆရာတော် ဦးကဝိလို တရားစကားတစ်ခွန်းရတာနဲ့ အမြဲမပြတ်ကျင့်တော်မူလို့ ပေါက်မြောက်သွားတဲ့အကြောင်းပါပါတယ်။ မင်းကွန်း သထုံ ဇေတဝန်ဆရာတော်ဘုရားကြီးကိုလည်း သူ့ဆရာက 'ဘူတံ ဘူတတောပဿတိ' တစ်ခွန်းနဲ့တင် ဟောကြားပြီး တကယ်ကျင့်တော့ တကယ် ပေါက်မြောက်သွားကြောင်း မိန့်ကြားသွားတာ မှတ်မိနေပါတယ်။

ဝါးသုံးရုံစခန်းမှ တစ်နေရာပြီး တစ်နေရာ ပြောင်းရွှေ့ရသောဒုက္ခများကို ဆရာတော်ဘုရားကြီး အပြုံးမပျက်ရင်ဆိုင်တော်မူတာ အံ့ဩကြည်ညိုလို့ မဝတော့ပါ။ မဒ္ဒီမဓမ္မမောနိဂူမှ နောက်တစ်နေရာသို့အပြောင်းမှာ ဒကာ၊ဒကာမများအတွက် အသံသွင်းတိပ်ခွေ (ကက်ဆက်ခွေ) မှတစ်ဆင့် ဩဝါဒစကားချီးမြှင့်ထားခဲ့ပါတယ်။

ကဿပဘုရားရှင်နောက်ပိုင်း သာသနာမှာ ရဟန်းတော် (၇) ပါး တောင်ထိပ်ပေါ်တက်ပြီး အသေခံ တရားကျင့်သွားပုံနဲ့ မာတိကာမာတာဆိုတဲ့ ရွာသူမကြီး လူ့လောကမှာနေပြီး တရားကျင့်ရာက တရားထူးရပုံတို့ကို ဟောကြားတော်မူထားတာပါ။

ဆိုလိုရင်းက ဆရာတော်ဘုရားကြီးနောက် (ဆရာတော်ဘုရားကြီး အလုပ်ပျက်အောင်)တကောက်ကောက်လိုက်နေမယ့်အစား ဆရာတော်ဘုရားကြီးနည်းလမ်းပေးထားခဲ့တဲ့အတိုင်း ကျင့်ကြံပွားများပြီးပေါက်မြောက်မှသာ သူ့နောက်က သူ့ခြေရာအတိုင်းလိုက်တယ်လို့ မှတ်ယူနိုင်မယ့်အကြောင်း ဟောတော်မူထားတာပါ။ ဆရာတော်ကြီးရဲ့ တပည့်ဒကာ၊ ဒကာမများအပေါ် ထားရှိတဲ့ မေတ္တာ၊ စေတနာ၊ ကရုဏာတော်ကို ကြည်ညိုပြီးရင်း ကြည်ညိုရပါတော့တယ်။

အဲဒီအချိန်ထိ မောင်သုမနဟာ ဆရာတော်ဘုရားကြီးရဲ့ ဟောကြားထားတဲ့တရားတိပ်ခွေ (ယနေ့ခေတ်လို စီဒီ ဒီဗွီဒီချပ်များမပေါ်သေးပါ) များ၊ ကျမ်းစာအုပ်များမှတစ်ဆင့် ဖူးမြော်ကြည်ညို

www.burmeseclassic.com

မဝဖြစ်ခဲ့ရပါတယ်။ မဟာဇောမိမြိုင်ဆရာတော်ဘုရားကြီးကို အဝေးကြည့်မျက်မှန်နဲ့ ဖူးမြော်ကြည်ညိုခြင်းလို့ ဆိုရပါမယ်။

(၂)

မဟာဇောမိမြိုင်ဆရာတော်ဘုရားကြီး ပုံတောင်၊ ပုံညာဒေသမှ မဟာမြိုင်တောသို့ကြွတော်မူရာ ခရီးစဉ်အတွင်း မုံရွာကနေ ဆရာတော်ကြီးကို ဖူးမြော်ခွင့်ရခဲ့ပါတယ်။ အဲဒီနောက် မဟာမြိုင်နဲ့ အကျွတ်အလွတ်ကျောင်းတော်များ တည်ဆောက်ရေးမှာ လုပ်အားကုသိုလ်ရှင်များ၊ သက်သမားပညာရှင်များကို စေတနာ့ဝန်ထမ်း ကျန်းမာရေးစောင့်ရှောက်ပေးဖို့တာဝန်နဲ့ မဟာမြိုင်ဝင်ခွင့်ဗီဇာကျလာပါတယ်။ ကျောင်းတည်ဆောက်ရေးကာလနောက်ပိုင်း ဆရာတော်ဘုရားကြီးအနား နီးနီးကပ်ကပ်နေခွင့်ရတဲ့အတွက် ဆရာတော်ဘုရားကြီးရဲ့ စိတ်နေသဘောထား၊ ဂုဏ်တော်ကျေးဇူးတော်များကို အနီးကြည့်မျက်မှန်တစ်လက်နဲ့ ဖူးတွေ့ကြည်ညိုပူဇော်ခွင့်ရခဲ့တယ်ဆိုပါတော့။

ဆရာတော်ဘုရားကြီး မဟာမြိုင်မရောက်ခင် ကြိုတင်ဆောက်ထားသော ခေါင်နန်းပလ္လင် (မူလတစ်ထပ်ကျောင်း) နဲ့ ကပ္ပိယဆောင် (ယခု မေတ္တာမြိုင်နေရာ) ဟာ လှမ်းမြင်နေရပြီး အသံဗလံများကလည်း ဟိုက်ပြောဒီကကြားဖြစ်နေပါတယ်။ ဆရာတော်ဘုရားကြီးအတွက် စိတ္တဝိဝေကမဖြစ်ပါ။ အဲဒါကြောင့်မို့ အပေါ်ခပ်လှမ်းလှမ်းတစ်နေရာ (ဆရာတော်ဘုရားကြီးကိုယ်တိုင် နေရာရွေးထား) မှာ အကျွတ်အလွတ်ကျောင်းတော်နဲ့ ခေါင်နန်းပလ္လင်ဆောင်ရဲ့ စနေထောင့်လောက်မှ မဟာမြိုင် (နှစ်ထပ်) ကျောင်းတော်ဆောက်လုပ်ဖို့ စီစဉ်ရခြင်းဖြစ်ပါတယ်။ အခုဒေသဟာ မိုးများပြီး ရေရှားတဲ့အတွက် တစ်နှစ်တာအသုံးပြုနိုင်ဖို့ မိုးရေလှောင်ကန်တစ်လုံးစီကို ကျောင်းနဲ့တွဲပြီးစီစဉ်ရပါတယ်။ အလျား (၁၂) တောင်၊ အနံ (၈) တောင်၊ အမြင့် (၅) တောင်ဖြစ်ပြီး ရေဒဏ်ခံနိုင်အောင် အလယ်က အုတ်အတားတစ်ခု ပါပါတယ်။

ဒီနေရာမှာ ဆရာတော်ကြီးရဲ့ အလှူရှင်များအပေါ် ဝန်မပိစေလိုတဲ့ စေတနာကို ပြောပြပါဦးမယ်။ တကယ်လို့ အလှူငွေနည်းနေလို့ မလောက်ငရင် အပေါ်ရှိ အကျွတ်အလွတ်ကျောင်းကို သေးနိုင်ပြီး ရေကန်ကိုတော့ ဒီအတိုင်း အတာအတိုင်းတည်ဖို့ မိန့်ပါတယ်။ အောက်ကျောင်း မဟာမြိုင်ကျောင်းဆောင်ကို ဒီအတိုင်းဖြစ်အောင်ဆောက်ပြီး ငွေမလောက်ရင် ရေကန်ကိုသေးနိုင်တယ်လို့မိန့်ပါတယ်။ အပေါ်ကျောင်းက ရေအလှမ်းဝေးတဲ့နေရာဖြစ်ပြီး အောက်ကျောင်းက သရင်းချောင်းနဲ့ နီးတော့ အဲဒီကရေကိုသုံးလို့ရတဲ့အတွက် ဖြစ်ပါတယ်။

မူလပထမ ခေါင်နန်းပလ္လင်တစ်ထပ်ကျောင်းနဲ့ကပ္ပိယဆောင်ဧည့်ဆောင် (ကပ်ဆောင်) နှစ်ဆောင် ဆောက်လုပ်တုန်းကကြုံရတဲ့ အခက်အခဲများကို မောင်သုမနမသိမီလိုက်ပါ။ အခုအကျွတ်အလွတ်နဲ့ မဟာမြိုင်ကျောင်းဆောင်များ ဆောက်လုပ်ရာမှာ အခက်အခဲမျိုးစုံ ကြုံတွေ့ရင်ဆိုင်ရပါတယ်။

တောကြီးမျက်မည်းဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲတာကတစ်ကြောင်း၊ ရွာနဲ့အလှမ်းဝေးပြီး လူသူအဆက်ပြတ်တာကတစ်ကြောင်းကြောင့် တည်ဆောက်ရေး လုပ်သားများဟာ တစ်လလောက်ကြာရင် အာရုံညောင်းငြီးငွေ့လာပြီး ပြန်ပြေးကြပါတယ်။ သစ်ခွဲဖို့ လွှဝိုင်းဆရာသုံးဦး ပြောင်းရသလို လက်သမားအဖွဲ့လည်း သုံးဖွဲ့ပြောင်းရပါတယ်။

မဟာမြိုင်တောထဲမှာ သစ်ကအထူးမရှားရပေမယ့် လှဲထားတဲ့သစ်လုံးကို လွှစင်ရောက်ဖို့ ဆွဲရတာ ခက်ခဲပါတယ်။ ဆယ်ပတ်လည်တိုင် (၃၂)လုံးရဖို့ လုံးပတ်ကြီးမားတဲ့ သစ်များကို ခွဲရတာမို့ မလွယ်လှပါ။ တိုင်ထူရာမှာ ချိန်းဘလောက်များ လူအင်အားများများနဲ့ ခက်ခက်ခဲခဲထူရပါတယ်။ လူသူပရိသတ် အစုအဝေးရော၊ လွှစက်သံ၊ မီးစက်သံ၊ ရွှေပေါ်စက်သံ ဆူဆူညံညံကြားထဲမှာ ဆရာတော်ဘုရားကြီးဟာ သူရဲ့စရဏအကျင့်ကို မပျက်ကျင့်တော်မူခဲ့ပါတယ်။

ကျောင်းတည်ဆောက်ရေးမှာ နှစ်ကီလိုဓာတ်ဆီမီးစက်ကလေးပါလာတာမို့ ညရောက်ရင် ကပ္ပိယဆောင်နဲ့ လုပ်သားများတဲနေရာမှာ လျှပ်စစ်မီးများ လင်းထိန်နေပါတယ်။ မီးစက်သံဆူဆူကြားက ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ ခေါင်နန်းပလ္လင်ကျောင်းမှာတော့ ဖယောင်းတိုင်မီးလေး ခပ်မှိန်မှိန်မျှသာ။ အင်ဂျင်နီယာ ကိုမြတ်သူက ကပ္ပိယတဲကနေ ခေါင်နန်းပလ္လင်ကို မီးကြိုးသွယ်ပြီး မီးဆင်ပေးဖို့ ကြိုးစားပါတယ်။ အဲဒါကို ဆရာတော်ကြီးသိတော်မူတဲ့အခါ အစီအစဉ်ကိုပယ်ချပါတယ်။ သူ့အတွက် အလုပ်ပိုမှာဝန်ပိုမှာ လိုလားတော်မမူဘူးဆိုတာ သိရတော့ ဆရာတော်ဘုရားကြီးအပေါ် ပိုပြီးကြည်ညိုရပါတယ်။

ဆရာတော်ဘုရားကြီး အကျွတ်အလွတ်ကျောင်းတော်ပေါ်မှာ သီတင်းသုံးစဉ်မှာလည်း အောက်ကျောင်းကနေ ရေပိုက်သွယ်ဖို့ ဒါမှမဟုတ် အကျွတ်အလွတ်ကျောင်းပရိဝုဏ်မှာ ရေတွင်းတူးဖို့ အလှူရှင်များက လျှောက်ထားတာကိုလည်း လက်ခံတော်မမူပါ။

ဆရာတော်ဘုရားကြီး မဟာမြိုင်ရောက်စက ကပ္ပိယအဖြစ် ဦးကျော်စိန်က တာဝန်ယူပါတယ်။ ဆွမ်းချက်တာ၊ သပိတ်ပြင်တာ၊ သပိတ်သွားပို့ရတာတွေပါ။ ဦးကျော်စိန်ပြန်သွားတဲ့အခါမှာ ဦးခင်မောင်သန်းမှ ဆွမ်းချက်၊ သပိတ်ပို့တာဝန်ယူပါတယ်။ မောင်သုမနကတော့ ဘေးက အရန်ကစားသမားပါ။ ဦးခင်မောင်သန်းပါ ပြန်ဖို့ဖြစ်လာတော့ မပြန်ခင်မှာ မီးမွှေးနည်း၊ ထမင်းချက်နည်းများကို ON JOB TRAINING (လက်တွေ့အလုပ်ခွင်သင်တန်း) ယူရပါတယ်။ ဦးခင်မောင်သန်း ပြန်သွားတဲ့အခါ မောင်သုမနတစ်ယောက် JUMP PROMOTION နဲ့ကပ္ပိယရာထူးရသွားပါတော့တယ်။ ဟင်းချက်ရာမှာ ပြဿနာမရှိပေမယ့် ဆွမ်းချက်တဲ့အခါ နပ်မှနပ်ပါ့မလား၊ ပျော့များသွားလေမလား စိုးရိမ်ကြီးရပါတယ်။

ဆရာတော်ဘုရားကြီးထံတော်ကို သပိတ်ပို့တာဝန်ယူရပေမယ့် နေ့တိုင်းမဖူးမြော်ရပါ။ ခေါင်နန်းပလ္လင်အပြင်ဘက်တံခါးကို သော့ဖွင့်ဝင်ပြီး ကျောင်းထဲရောက်တော့ အတွင်းခန်းတံခါးအပြင်ကနေ ဆရာတော်ကြီးကို အာရုံပြုပြီး ကပ်လှူရပါတယ်။ ပြီးတော့ သတ်မှတ်ထားတဲ့နေရာမှာ သပိတ်ကိုတင်ထားခဲ့ရုံပါပဲ။ အထူးမိန့်ကြားစရာရှိမှသာ အများနဲ့တန်းတူ ဖူးမြော်ခွင့်ရတာဖြစ်ပါတယ်။

တပို့တွဲလပြည့်နေ့က ပန္နက်တင်မင်္ဂလာလုပ်ခဲ့တဲ့ ကျောင်းနှစ်ဆောင်ဟာ သကြံန်အပြီး မိုးဦးကျလာတဲ့အထိ အကြမ်းထည်သာ ရှိပါသေးတယ်။ ဘူးကုန်းရွာက လုပ်အားကုသိုလ်ရှင်များကို မိုးကျရင် တောင်သူခွင်ဝင်ရတော့မှာဖြစ်လို့ ဆရာတော်ကြီးက ပြန်လွှတ်ပါတယ်။ ဒီဘက်က ကျောင်းပြီးရေးကိုသာမကြည့်ဘဲ အခြားတစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com

ငှဲညှာသော ဆရာတော်ဘုရားကြီးရဲ့ မဟာကရုဏာတော်ဖြစ်ပါတယ်။

နောက်ပိုင်းမှာ မုံရွာနဲ့ဇီးကုန်းမှ လက်သမားအဖွဲ့များကိုလည်း အလုပ်ပြီးသလောက်နဲ့ လက်စသတ်ပြီး မိုးကြီးလာရင် လမ်းပိတ်တော့မှာမို့ ပြန်စေပါတယ်။ ဇီးကုန်းက ဆရာလှထွန်းဝင်းနဲ့ မောင်သုမန၊ ကိုမြတ်သူနဲ့ သူ့တပည့် အောင်နိုင်ထွန်း၊ လုပ်အားကုသိုလ်ပေးတဲ့ လူငယ်နှစ်ဦးဖြစ်တဲ့ မင်းသန့်နဲ့ ကျော်ခိုင်အားလုံးမှ (၆)ဦးသာ ကျန်တဲ့အလုပ်များ အောက်ခြေသိမ်းလုပ်ဖို့ ကျန်ခဲ့ပါတော့တယ်။

မေါင်နန်းပလ္လင်ကျောင်းတော်မှ ဗုဒ္ဓရုပ်ပွားတော်ကို အကျွတ်အလွတ်ကျောင်းတော်ဆီသို့ ပင့်ဆောင် ပူဇော်ပွဲကို အဲဒီ (၆)ဦးနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ကျင်းပပေးခဲ့ပါတယ်။ အကျွတ်အလွတ်ကျောင်းတော်ပေါ် ရောက်မှ ဆရာတော်ဘုရားကြီးနဲ့တကွ ဧည့်ပရိသတ်ကို အစားအသောက်နဲ့ဧည့်ခံဖို့ မောင်သုမနမှ စီစဉ်ပေးရပါတယ်။

အဲဒီနောက် အကျွတ်အလွတ်ကျောင်းတော်ပေါ် မှာ စတင်သီတင်းသုံးတော်မူခဲ့ပြီး မောင်သုမနတို့ရှိတဲ့ မဟာမြိုင်ကျောင်းဆီကို ဆွမ်းခံကြွတော်မူပါတယ်။ မောင်သုမနတို့(၆)ဦးဟာ မဟာမြိုင်မှ ဆရာတော်ဘုရားကြီးကို ပထမဦးဆုံး ဆွမ်းလောင်းလှူခွင့်ရတဲ့ မဟာကံထူးရှင်များဖြစ်ကြပါတယ်။ မှန်တာကိုဝန်ခံရရင် အဲဒီအချိန်တုန်းက အခုတွေ့သလို ဝမ်းသာပီတိမဖြစ်ခဲ့ပါ။ အခုမှသာ ပြန်တွေးမိပြီး ဝမ်းသာပီတိ ဂွမ်းဆီထိဖြစ်ရတာဖြစ်ပါတယ်။ မဟာမြိုင်တောထဲမှာ နှံ့နပဲကြီးစွာ ပင်ပင်ပန်ပန်းဆောင်ရွက်ခဲ့သမျှဟာ အဲဒီစံကျောင်းတော်ပြောင်းရွှေ့ပွဲနဲ့ ဆွမ်းလောင်းလှူပွဲနဲ့တင် ပင်ပန်းရကျိုးနပ်သွားပါတော့တယ်။ တည်ဆောက်ရေးစခန်းသိမ်းပြီး မောင်သုမနတို့ (၆) ဦး ဆိုင်ကယ်(၃)စီးနဲ့ မဟာမြိုင်တောကြီးကို နှုတ်ဆက်ထွက်ခွာခဲ့ကြပါတော့တယ်။

ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ အကျွတ်အလွတ်ကျောင်းတော်ကို ဦးခင်မောင်သန်း၊ ဆရာလှထွန်းဝင်းနဲ့ မောင်သုမနတို့သုံးဦးသားဝါဆိုလပြည့်အမီ ချီတက်ခဲ့ကြပြန်ပါတယ်။ မြို့ပေါ်က ကတ္တရာလမ်းပေါ်မှာသာ ဆိုင်ကယ်စီးဖူးတာမို့ မဟာမြိုင်တောလမ်းခရီးမှာ ဆိုင်ကယ်ခဏခဏလဲပါတယ်။ အဲဒီဝါဆိုလပြည့်နေ့မှာ မောင်သုမနတို့သုံးဦးတည်းနဲ့ ကျောင်းရေစက်ချပွဲ အကျဉ်းရုံးကျင်းပပေးတော်မူပါတယ်။

မောင်သုမနလည်း ဦးခင်မောင်သန်းတို့ရဲ့ ကပ္ပိယအဖွဲ့ထဲ အရန်ပါတီဝင်သာမကဘဲ တင်းပြည့်ပါတီဝင်ဖြစ်သွားပါတော့တယ်။ ရွှေဘို၊ ဇီးကုန်းနဲ့ မဟာမြိုင်ကို ကူးချည်သန်းချည် ဆိုင်ကယ်နဲ့ လုပ်ခဲ့ကြပါတယ်။

ဆရာတော်ဘုရားကြီးရဲ့ အကြီးအကဲဂုဏ်ကို တင်ပြပါဦးမယ်။ သူ့တပည့်ဒကာတွေ ဆိုင်ကယ်လေးဖွတ်ချက်ဖွတ်ချက်နဲ့ ပင်ပင်ပန်းပန်းသွားလာရတာကို မကြည့်ရက်တော့လို့ နတ်တလူသာသနာပြုအသင်းစာပေရန်ပုံငွေထဲမှ သိန်းအစိတ်မ,တည်ပြီး ဂျစ်ကားတစ်စီး ထူထောင်ခိုင်းပါတယ်။ ဘေးက ဟိုကလှူဒီကလှူနဲ့ သိန်းလေးဆယ်ကျော် ဂျစ်ကားတစ်စီး မဟာမြိုင်သာသနာအမည်နဲ့ ပေါ်ပေါက်လာပါတယ်။ ဒီနေရာမှာ သူတော်ကောင်းကြီးများရဲ့ ကရုဏာစိတ်ထားဟာ ပေါ်လွင်လှပါတယ်။ သူစီးဖို့၊ သူသွားလာဖို့မဟုတ်ဘဲ တပည့်များ ပင်ပန်းဆင်းရဲတာ မကြည့်ရက်လို့ စီမံပေးတော်မူတာဖြစ်ပါတယ်။ (နောက်ပိုင်းမှာ နတ်တလူစာပေရန်ပုံငွေကိုလည်း မေတ္တာမြိုင်ဧည့်ဆောင်တည်ဆောက်ရေးအလှူငွေထဲမှ ပြန်လည်ဆပ်ခဲ့ပြီး ဂျစ်ကားကိုလည်း နောင်မှာ အရှုပ်အရှင်းမဖြစ်စေလိုသောစေတနာနဲ့ ပြန်လည် ရောင်းချစေကာ မီးဖိုဘေးက မေတ္တာမြိုင် ထမင်းစားဆောင်အဖြစ် ဖန်တီးစေခဲ့ပါတယ်။)

အကျွတ်အလွတ်ကျောင်းတော်နဲ့ မဟာမြိုင်တည်ဆောက်ရေးတုန်းက အသုံးပြုခဲ့တဲ့ ဓာတ်ဆီမီးစက်နှစ်လုံးကို မောင်သုမနတို့ မဟာမြိုင်လာတဲ့အခါ သုံးရအောင် အောက်ကျောင်းမှာထားစေခဲ့ပါတယ်။ ဆရာတော်ကြီး သီတင်းသုံးတော်မူရာ အကျွတ်အလွတ်ကျောင်းတော်ပေါ် မှာ ဆိုလာဘက်ထရီမီးနဲ့ ဖယောင်းတိုင်ကိုသာ အသုံးပြုတော်မူပါတယ်။

ကပ္ပိယဦးကျော်စိန်ကို ပြန်လွှတ်ပြီးတဲ့နောက် အကျွတ်အလွတ်ကျောင်းတော်ပေါ် မှာ တစ်ပါးတည်း ဧကစာရီနေတော်မူခဲ့ပါသေးတယ်။ ဆွမ်းကွမ်းအတွက် ဘယ်လိုစီမံတော်မူတယ်မသိရပေမယ့် မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်များက ချက်ကပ်လောင်းလှူတာလည်းဖြစ်နိုင်ပါတယ်။

ဝေဘူဆရာတော်ဘုရားကြီးကိုယ်တိုင် -

"သစ်ပင်ရှိရင် ဆွမ်းရှိတာပဲဗျ"

လို့ မိန့်ကြားတော်မူဖူးကြောင်း တစ်ဆင့် ပြန်လည်ကြားခဲ့ရဖူးပါတယ်။ ကိုယ်မသိနိုင်တဲ့ကိစ္စမို့ မစဉ်းစားတာအပြစ်ကင်းမယ်ထင်ပါတယ်။

ရေအတွက်မပူပင်ရအောင် မဟာမြိုင်အဆောင်ရှေ့မှာ အခုမြင်နေရတဲ့ အုတ်ရေကန်ကြီးနှစ်လုံးစီမံပေးတော်မူပါတယ်။ အလှူရှင်က ရွှေဘိုဒကာ၊ ဒကာမများဖြစ်ပြီး ဦးလှသိန်း၊ ဦးသံဒိုင်နဲ့ မောင်သုမနတို့ လာရောက်စီစဉ်ကြတာပါ။ ပန်းရန်ပညာရှင်များကို ကျွေးမွေးဖို့ ချက်ပြုတ်ရင်းက မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးအတွက် ဆွမ်းကပ်လှူခွင့်ရပြန်ပါတယ်။ ဆွမ်းချက်တာဝန်ကို ဦးလှသိန်း၊ ဦးသံဒိုင်တို့ကယူပြီးတော့ မောင်သုမနက ဆွမ်းပို့တာဝန်ယူရပါတယ်။ ရေကန်တည်ဆောက်ရေးကာလမှာ ဆရာတော်ဘုရားကြီးဟာ ညလူသူအိပ်ချိန်ရောက်မှ တိတ်တဆိတ်ကြွတော်မူလာပြီး လုပ်ငန်းခွင်ကို ကျင်းကြီး... ဆေးပါတယ်။ လိုအပ်တာ၊ ပြင်သင့်တာများကို ညွှန်ကြားလေ့ရှိပါတယ်။ ပန်းရန်အဖွဲ့တည်ဆောက်ထားတဲ့ ရေကန်ဟာ ဆရာတော်ဘုရားကြီးမိန့်ကြားထားတာထက်တစ်တောင်လောက်နိမ့်နေတာတွေ့ရလို့ ပန်းရန်အဖွဲ့တွေရော မောင်သုမနတို့ကိုပါနိုးပြီး နောက်ထပ် ကံဆင့်ကံမြင့်စေတော်မူပါတယ်။ ဒါဟာ အဓိပ္ပာယ်နှစ်မျိုးဆောင်လိမ့်မယ်လို့ ယူဆမိပါတယ်။

(၃)

၁၃၆၉ ခု၊ ကဆုန်လပြည့်နေ့မှာ အလှူရှင်များကိုသီးသန့်ဖိတ်ပြီး အကျွတ်အလွတ်ကျောင်းတော်၊ မဟာမြိုင်ကျောင်းတော်၊ မိုးရေလှောင်ကန်များ စုပေါင်းရေစက်ချပွဲကျင်းပပေးတော်မူပါတယ်။

ရန်ကုန်အလှူရှင်များက ရွှေဘိုမှာ လာစုပြီး ရွှေဘို-ရန်ကုန်အဖွဲ့လိုက်ချီတက်ခဲ့ပြီး တန့်ဆည်လမ်းဆုံမှာ ဇီးကုန်းအဖွဲ့နဲ့ထပ်ပေါင်းပါတယ်။ ကလေးမြို့မှ အလှူရှင်များကို သက္ကယ်ကျင်းမှာ အဆုံခိုင်းပါတယ်။ ပရိသတ်ကများများ နေရာထိုင်ခင်းက မလုံလောက်တော့ ငါးပိသိပ်ငါးချဉ်သိပ်ကျပ်ကျပ်တည်းတည်း နေကြရပါတယ်။ အမာခံရွှေဘိုအဖွဲ့မှာ အောက်က ဦးကူးမားဇရပ်မှာ နေရာယူ

www.burmeseclassic.com

ရသလို မောင်သုမနလည်း မဟာမြိုင် မီးဖိုဆောင်ထဲမှာ ဦးသံဒိုင်နဲ့ မီးဖိုစောင့်နတ်ဖြစ်ခဲ့ရပါတယ်။

အဲဒီပွဲမှာ လုံးဝမျှော်လင့်မထားတဲ့ အနီးကပ် ကပ္ပိယတာဝန်ကို မောင်သုမနယူရပါတော့တယ်။ လူတောသူတောပွဲမတိုးဘူးတဲ့ မောင်သုမနခမျာ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုထမ်းရသလိုပါ။ ဆရာတော်ဘုရားကြီးအဖို့ ကိုယ့်တပည့်ကို ပွဲထုတ်တာဖြစ်ပေမယ့် မောင်သုမနအဖို့ ကသိုဏ်ရမှာထက် အပြစ်ဖြစ်မှာကြောက်မိပါတယ်။

ရန်ကုန်အဖွဲ့က ဆရာတော်ဘုရားကြီးအတွက် ဘာလှူရမှန်းမသိကြ၊ တစ်စုံတစ်ယောက်က အကြံပေးလိုက်တာနဲ့ ငွေသားများလှူကြပါတော့တယ်။ ရေစက်ချပွဲလာရောက်တဲ့ ပရိသတ်များ တည်းခိုရေးကျမ်တည်းတာကို စိတ်မကောင်းဖြစ်တော်မူပြီး ရလာတဲ့ အလှူငွေ(သိန်းလေးဆယ်ခန့်)ကိုမ,တည်ပြီး မေတ္တာမြိုင်တည်းခိုဆောင်ဆောက်လုပ်ဖို့ စီမံတော်မူပါတယ်။

ဒီနေရာမှာလည်း သူတော်ကောင်းကြီးများရဲ့စိတ်ထားကို ကြည်ညိုရပါတယ်။ သူ့အတွက် ဘာဆိုဘာမှ စဉ်းစားတော်မမူဘဲ အများအတွက်ကို ဦးစားပေးတာတွေ့နိုင်ပါတယ်။ လာသမျှပရိသတ် စိတ်ချမ်းသာကိုယ်ချမ်းသာ တည်းခိုနိုင်ဖို့ မီးဖိုဆောင်၊ ရေချိုးခန်း၊ အိမ်သာ၊ ရေကန် ပြည့်စုံအောင် စီစဉ်ပေးတော်မူပါတယ်။ မဟာမြိုင်တည်ဆောက်ရေးမှန်သမျှ ဘူးကုန်းရွာ စေတနာရှင်များရဲ့လုပ်အားကုသိုလ်မပါတာမရှိပါ။ အလုပ်မရွေးဘဲ ကျရာနေရာက ဝင်ရောက်ကုသိုလ်ယူကြတာချီးကျူးစရာအလွန်ကောင်းပါတယ်။

ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တော်ကျေးဇူးတော်များကတော့ ပြောပြလို့ မကုန်နိုင်တော့ပါ။ မဟာမြိုင်ရှိ အဆောက်အအုံအားလုံးဟာ ဆရာတော်ကြီးကိုယ်တော်တိုင် အကွက်ကျကျ စီမံဆောက်လုပ်စေတာ ဖြစ်ပါတယ်။ လုပ်ငန်းတစ်ခုခိုင်းစေရာမှာ သူ့ထိုက်တန်တဲ့ အခကြေးငွေကိုသာ ပေးစေလိုပြီး သာသနာအတွက် လှူဒါန်းထားတဲ့ငွေများကို အလေအလွင့်မဖြစ်ရအောင် စိစစ်သုံးစွဲစေတာ သတိပြုမိပါတယ်။ အခကြေးငွေမယူဘဲ စေတနာနဲ့ ဆောင်ရွက်ပေးတဲ့သူများကိုလည်း သူ့စေတနာနဲ့ ထိုက်တန်အောင် ပစ္စည်းနဲ့ပြန်တုံ့ပြန်စေပါတယ်။ သူတော်ကောင်းကြီးများရဲ့ အတုယူစရာစိတ်ထားဖြစ်ပါတယ်။ လုပ်အားကုသိုလ်ရှင်များက အကြောင်းတစ်ခုခုကြောင့် ပြန်မယ်ဆိုရင်လည်း ဆက်နေဖို့အမိန့်ပေးတာ၊ တိုက်တွန်းတာမရှိပါ။ 'သူ့စေတနာကို ဓားပြမတိုက်ကောင်းဘူးဗျ' လို့ ရယ်စရာသဘောမျိုး မိန့်တော်မူဖူးပါတယ်။

မောင်သုမနအဖို့မှာ ဆရာတော်ကြီးရဲ့သာသနာအတွက် ကိုယ်တတ်နိုင်တဲ့ဘက်က ဝေယျာဝစ္စလုပ်ရတာ ဘာကိုမှမမျှော်ကိုးဘဲ တကယ့်စေတနာသက်သက်ဖြစ်ပါတယ်။ ဒါကို ဆရာတော်ဘုရားကြီးက သူ့ဒုက္ခကိုတစ်ဝက်မျှခံသူအဖြစ်မြင်ပြီး ချီးမြှင့်စရာရှိရင်မဆိုင်းမတွ ချီးမြှင့်လေ့ရှိပါတယ်။

(၄)

လူဝတ်ကြောင်ဘဝနဲ့ မဟာမြိုင်ကျောင်းမှာ ဝါဆိုခဲ့ပုံကိုလည်း ပြောပြလိုပါသေးတယ်။ ၁၃၆၉ ခုနှစ်မှာ ဘူးကုန်းက ကိုသန်းထွေးနဲ့ နှစ်ဦးသားဝေယျာဝစ္စလုပ်ကြရင်း တရားထိုင်ကြပါတယ်။ ၁၃၇၀ ပြည့်နှစ်မှာ အမြဲနေမယ်ဆိုတဲ့ကို ဗိုဟိန်းပြန်သွားတော့ တစ်ဝါတွင်းလုံး ONE MAN SHOW ကပ္ပိယလုပ်ရပါတယ်။ အဲဒီမှာ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ သူတော်ကောင်းပီသမှုကို မျက်ဝါးထင်ထင်သိမြင်ကြည်ညိုခွင့်ရပါတော့တယ်။

မောင်သုမနတစ်ယောက်တည်း ဆွမ်းချက်ရ၊ အပေါ်အကျွတ်အလွတ်ကျောင်းတော်ပေါ်ကို ဆွမ်းပို့ရ တာဝန်နှစ်ခုမပိစေလိုတဲ့အတွက် မဟာမြိုင်အောက်ကျောင်းကို နေ့စဉ်ဆွမ်းခံကြွတော်မူပါတယ်။ ဒီတစ်ကြိမ်မှာလည်း မောင်သုမနဟာ မဟာမြိုင်မှာ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးကို တစ်ကိုယ်တော်ဆွမ်းလောင်းလှူခွင့်ရသော မဟာကံထူးရှင်ဖြစ်ရပြန်ပါတယ်။ မိန့်ကြားစရာအထူးရှိရင်သာ ဆွမ်းခံကြွရင်း ဆွမ်းလောင်းတဲ့မှာ ခေတ္တထိုင်တော်မူလေ့ရှိပြီး ကျန်အချိန်များမှာ အမှတ်သတိမလွတ်ဆွမ်းခံရုံသက်သက်ဖြစ်ပါတယ်။

ဆရာတော်ဘုရားကြီးအဖို့ အပေါ်ကျောင်းမှာ တစ်ပါးတည်းသီတင်းသုံးတော်မူတာ ဘာမှအထူးအဆန်းမဟုတ်တော့ပေမယ့် အောက်ကျောင်းနေ သူ့တပည့်ကြီး (ဒါးမဲ့လို့အသံထွက်ရင်ပိုမှန်ပါမယ်) ခမျာ တစ်ကောင်တည်းပဲ ဒါပေမယ့် ကြွက်စုတ်ဖြစ်နေတဲ့အတွက် အထူးတလည် ဩဝါဒပေးတော်မူပါတယ်။

"ခင်ဗျားတစ်ယောက်တည်းဆိုတော့ ဝေယျာဝစ္စလုပ်ချိန်လုပ်၊ တရားထိုင်ချိန်ထိုင်၊ ကျန်တဲ့အချိန်တွေမှာ စိတ်ကို အအားမထားနဲ့ဗျ။ ဂုဏ်တော်ဖြစ်ဖြစ်၊ မေတ္တာဖြစ်ဖြစ် တစ်ခုခုပွားနေပါ"

လို့ ဆုံးမတော်မူပါတယ်။

"ဂုဏ်တော်ပွားရာမှာလည်း အရဟံ အရဟံဆိုပြီးပွားနိုင်သလို မေတ္တာပွားရာမှာ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေဆိုရပါတယ်ဗျ"

လို့ မိန့်တော်မူပါတယ်။

တစ်ယောက်တည်း စိတ်ကို ဒီအတိုင်း လွှတ်ထားရင် စိတ်ချောက်ချားမှာ၊ ဟိုတွေးဒီတွေးတွေးမှာစိုးလို့ သတိပေးတော်မူတာ ဖြစ်ပါတယ်။

တစ်ရက်မှာ ညကြီး (၁၁) နာရီလောက်မှာ မဟာမြိုင်ကျောင်းအနားထိ တောဆင်ရိုင်းဝင်လာပါတယ်။မဟာမြိုင်ရဲ့ ရာဟုထောင့်က နှင်းဆီချုံဘေးမှာရှိတဲ့ ထန်းပလပ်ကုလားထိုင်ကလေးကို တဖြောင်းဖြောင်းနဲ့ရိုက်ချိုးနင်းချိုးနေပါတယ်။ မောင်သုမနလည်း အသံကြားလို့ နိုးလာပြီး အင်ဗာတာမီးဖွင့်လိုက်တဲ့အခါ တောဆင်ရိုင်းက မီးရောင်ကိုကြောက်တော့ ဂိတ်တံခါးကိုတိုးထွက်ပြီး အောက်ကို တစ်ဟုန်ထိုးဆင်းသွားပါတယ်။ အောက်မှာရှိတဲ့ တင်ဝင်းထွန်းကုမ္ပဏီကျောင်းဆောင်ရဲ့အကာတွေ ချိုးဖွဲ့သွားတာ နောက်ရက်မှသိရပါတယ်။

မောင်သုမနအဖို့ သတ္တိကောင်းတာမဟုတ်ရပါ။ အပေါ်ကျောင်းမှာ ဆရာတော်ဘုရားကြီးရှိတယ်ဆိုတဲ့အသိ၊ ဆရာတော်ဘုရားကြီးအားကိုးနဲ့နေတာမို့ စိတ်ထဲမှာ ကြောက်ပြီး ပြန်ပြေးချင်စိတ်တော့မဖြစ်ခဲ့ပါ။ နောက်ရက်များမှာ တောဆင်လာသွားကြောင်း ဆရာတော်ကြီးသိသွားတော့ အိမ်သာအဆင်း (ရေချိုးခန်းဘေး) မှာ ဆိုလာမီးပွင့်တစ်လုံး လာရောက်တပ်ဆင်ပေးတော်မူပါတယ်။ 'ကပ္ပိယဖျင်းတော့ ဆရာတော်မနေနိုင်' ဖြစ်ရတာပေါ့ခင်ဗျာ။

ဒီနေရာမှာ ကြုံကြိုက်လို့ အဖြစ်အပျက်တစ်ခုကိုပြောပြချင်ပါသေးတယ်။ မဟာမြိုင်နဲ့ အကျွတ်အလွတ်ကျောင်း ရေစက်ချပွဲအပြီးမှာ ဥက္ကဋ္ဌကြီး ဦးခင်မောင်သန်း၊ ဦးကျော်ငွေးနဲ့ ကိုကြည်သိန်း (လက်ဆည်ရွာ)တို့ သုံးဦးသားကျန်ခဲ့ပါတယ်။ မောင်သုမနက ဝါဆိုခါနီးမှ ပြန်လာတာပါ။ သူတို့သုံးဦးပဲရှိခိုက်မှာ ဦးခင်မောင်သန်းနဲ့ ကိုကြည်သိန်းက



www.burmeseclassic.com

www.burmeseclassic.com

ခြုံထောက်နာခနေ၊ ဦးကျော်ငွေး ဖျားနေပါတယ်။ အဲဒါကို တော်ကြီးသိသွားတော့ အကျွတ် ကျောင်းတော်ပေါ်ကဆင်းလာ ကျော်ငွေးကို ဆရာတော်ကြီးကိုယ် တော်ဖိဖျော်တိုက်ပေးသွားကြောင်း ရပါတယ်။ ဆရာသမားကောင်း ယောက်ရဲ့ကျင့်စဉ်ကို မီးမောင်းထိုး တာပဲလို့ မောင်သုမန နားလည် ပါတယ်။

မောမြှိုင်သံဃာပူဇော်ပွဲတုန်းက သံဃာ(၁၀)ပါးအတွက် ရွှေဘိုဒကာ၊ များက လှူဖွယ်ပစ္စည်းများပါလာ တယ်။ ပွဲနေ့မှာ အခြားကြွလာသော (၆) ပါးကိုပါ အလှူခံကြွစေချင် ပါတယ်။ တကယ်လို့ (၁၆) ပါးစလုံး ခံကြွတော်မူရင် လောင်းလှူ ဒကာ၊ ဒကာမများဘက်ကလည်း တက်လို့ စိတ်မကောင်းမှာဖြစ် လှူဖွယ်ပစ္စည်းမရတဲ့ သံဃာတော် လည်း စိတ်မကောင်းမှာသေချာ တယ်၊ အဲဒီအတွက် ဆရာတော်ကြီး ချက်တရက်ဖြတ်ထိုးဉာဏ်နဲ့အကျွတ် တ်ကျောင်းပေါ်က သက်နိုး စတဲ့ သာတော်နဲ့အပ်စပ်သောပစ္စည်းများ သံဃာတော်(၆)ပါးအတွက် သီးသန့် ကောင်းလှူစေပါတယ်။ အားလုံးအဆင် သွားတော့ စေတနာသဒ္ဓါတရားမပျက် ဘူးပေါ့ခင်ဗျာ။

'ထကြွနိုးကြား၊ သနားသည်းခံ၊ ထောက်ရှု၊ ဤခြောက်ခု၊ ကြီးသူ တာ' ဆိုပြီး နာယကဂုဏ် (၆) ပါး တယ်။ မဟာဗောဓိမြိုင်ဆရာတော် ကြီးဟာ အဲဒီနာယကဂုဏ် (၆)ပါး ပြည့်စုံရုံမက ပိုနေလျှံနေတာတောင် ပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးတော်အပေါင်းက အခု ခဲ့ပြောသမျှမက အများကြီးကျန်ရှိ နေပါသေးတယ်။

မဟာဗောဓိမြိုင်ဆရာတော်ဘုရား ကြီးက မောင်သုမနကို အခုလိုအမေးရှိ ပါတယ်။

"ခင်ဗျား၊ ဘုရားနဲ့ ရဟန္တာအရှင် မြတ်များကို မဖူးတွေ့ပါရစေနဲ့လို့ ဆု တောင်းရဲလားဗျ" တဲ့။

မောင်သုမနခမျာ ဘာကိုဆိုလို မှန်း ရုတ်တရက်နားမလည်ပါ။ ဆရာ တော်ကြီးက ပြန်ရှင်းပြတော်မူပါတယ်။

"ဘုရားနဲ့ ရဟန္တာအရှင်မြတ်များ ကို မဖူးတွေ့ရရင် ကုသိုလ်မရရုံဘဲရှိ မယ်ဗျ။ တကယ်လို့ ပက်ပင်းကြုံဖူးတွေ့ ရပြီး ဘုရားကို ဘုရားမှန်းမသိ၊ ရဟန္တာ ကို ရဟန္တာမှန်းမသိဘဲ ကာယကံ၊ ဝစီကံ၊ မနောကံတို့နဲ့ ပြစ်မှားမိရင် အပြစ်ကြီး ဘယ်ဗျ။ အဲဒီတော့ မဖူးတွေ့ရတာကမှ ခပ်ကောင်းကောင်းမဟုတ်ဘူးလား"

လို့ မိန့်တော်မူပါတယ်။

ဆရာတော်ဘုရားကြီး အခုလို မိန့်တော်မူတာဟာ အကြောင်းမဲ့တော့ မဟုတ်တန်ရာလို့ တွေးမိပါတယ်။ရဟန္တာ ဆိုတဲ့ပုဂ္ဂိုလ်ဟာလည်း နဖူးမှာ ရဟန္တာ လို့ တာကပ်ထားမှာမဟုတ်။ သံဃာ တစ်ပါးပါးကို ဖူးတွေ့ရချိန်မှာ ကိုယ့်စိတ် ကိုယ့်အလိုနဲ့မကိုက်ခဲ့ရင် အဲဒီသံဃာ တော်အပေါ် တစ်နည်းမဟုတ်တစ်နည်း ပြစ်မှားမိမှာ ဧကန်ဖြစ်ပါတယ်။

အမြင်သာဆုံးဥပမာတစ်ခုပြောပြ ပါရစေ။ မဟာဗောဓိမြိုင်ဆရာတော် ဘုရားကြီးဟာ တစ်နိုင်ငံလုံးဟိုးဟိုးကျော် နေတာမို့ ဟိုကဒီကလာသမျှပရိသတ် တိုင်း သူတို့တွေ့လို၊ ဖူးလိုတဲ့အချိန်တိုင်း လက်ခံဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါ။ အဲဒီအတွက် ရက်အကန့်အသတ်၊အချိန် အကန့်အသတ်နဲ့ စည်းကမ်းတကျ ခွင့်ပြု ထားတော်မူပါတယ်။ လာသူတွေဘက် က ကိုယ်ကဘယ်လောက်အဝေးကြီးက ဘယ်လိုခက်ရာခဲ့ဆစ်လာခဲ့ရတာဆိုပြီး ကိုယ်လာချိန်မှာ မဖူးမြော်ရဘူးဆိုရင် 'စိတ်ထဲမှာ အဖုအထစ်ဖြစ်တတ်ပါတယ်။ တွေ့ခွင့်မပေးတဲ့ကပ္ပိယအပေါ်မှာ ကိုယ့် ဒေါသကိုပုံချရင် ကိစ္စမရှိပါ။ တစ်ခါ တလေ 'မင်းတို့ဘုန်းကြီးက ဘာဘုန်းကြီး မို့လဲ' စသဖြင့် ပြစ်မှားမိရင် ကုသိုလ် အစား အကုသိုလ်ရသွားမှာဧကန်ဖြစ် ပါတယ်။

ဘာပဲပြောပြော မောင်သုမနအဖို့ မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး အပေါ် ကိုယ့်ရဲ့ဉာဏ်တစ်ထွာတစ်မိုက် ကလေးနဲ့ အဝေးမြင်၊ အနီးကြည့် ပူဇော် ရေးသားခဲ့ပြီးပါပြီ။

မောင်သုမနဟာလည်း အန္တဗာလ ပုထုဇဉ်အကန်းအမိုက်တစ်ယောက်သာ ဖြစ်လို့ ဆရာတော်ဘုရားကြီးရဲ့အနီးနေ ကပ္ပိယဘဝမှာ ကံသုံးပါးတို့နဲ့ မသိနိုးနား ပြစ်မှားမိခဲ့တဲ့အပြစ်များကို ကျေအေး ခွင့်လွှတ် သနားတော်မူပါရန် ဒီစာစုနဲ့ ရှိရှိသေသေ အလေးအနက် ဝန်ချ တောင်းပန် ကန်တော့အပ်ပါတယ် ဆရာ တော်သခင် အရှင်မြတ်ကြီးဘုရား။ ။

သုမန (ခေါင်နန်းပလ္လင်)

နတ်မောက်မှတ်ကျောက်

# မျက်မှန်လွှတ်ခဲ့တဲ့ မျက်ကြည်စားဖွေး

ကျွန်ုပ်မိတ်ဆွေ ကိုဝင်းဆင့်ဟာ စာဖတ်၊ စာရေးများပြီး အညောင်းထိုင် သူ ဖြစ်ပါတယ်။ ဒါကြောင့်ထင်ပါတယ်။ အသက်(၃၀)ကျော်မှာပဲ မျက်စိမကြည်၊ မှုန်ဝါးလာလို့ ဆရာဝန်ထံပြတော့ အနီး ကြည့်ပါဝါ (+၁၅၀ ဒီဂရီ) မျက်မှန်တပ် ခဲ့ရပါတယ်။

ဟော အခု အသက် (၄၀) ကျော် ပေမယ့် လုံးဝမျက်မှန်လွှတ်ခဲ့ပါသည်။ မျက်စိကြည့် ကျန်းမာနေလို့ သူမှာပျော် နေရပါတယ်။ သူ့ကို မေးကြည့်တဲ့အခါ တိုင်းရင်းဆေးဆရာကြီး ဦးနိုင်တိုးရဲ့ ကျေးဇူးလို့ ပြောပြပါတယ်။

ဦးနိုင်တိုးက ပြည်မြို့မှာပါ။ အငြိမ်းစားပါ။ ကိုဝင်းဆင့်ကို ဦးနိုင်တိုး က ဒီဆေးဖော်စားပေါ့။ အညောင်း အညာပြေ၊ မျက်မှန်လွှတ်၊ မျက်စိကြည် လင်လာမယ်ဆိုပြီး ဆေးနည်းအချိုး အဆပါ ရေးပေးလိုက်တာပါ။ အဲဒီ အတိုင်း သူဖော်စားခဲ့တာပါပဲ။

**ဆေးနည်းက -**

ဆီးဖြူသီးကို ထုထောင်းပြီး အစေ့တွေ ဖယ်ပစ်ရပါတယ်။ ဆီးဖြူသီး အသားချည်း အခြောက်လှန်းပြီး ၁မှုန့် ပြုထားရပါတယ်။

ကြိတ်မှန်ရွက်များခူးယူပြီး နေ ရိပ်မှာ သူ့သဘာဝအတိုင်း အလိုလို ခြောက်သွေ့စေပြီး အမှုန့်ထောင်းထားရ ပါတယ်။

ညအိပ်ရာဝင်တော့မယ်ဆိုရင် ဆီး ဖြူသီးမှုန့်လက်ဖက်စားဇွန်းဝက်၊ ကြိတ် မှန်ရွက်မှုန့်လက်ဖက်စားဇွန်းဝက်ကို ပျား ရည်စစ်စစ် လက်ဖက်စားနှစ်ဇွန်းနဲ့ ရော မွှေစားပေးရပါတယ်။ သုံးလခန့်ပုံမှန်စား ပြီး မျက်စိကြည်လင်လာပြီး မျက်မှန် လွှတ်ခဲ့ပါတယ်တဲ့။ မျက်စိအတွက် မျက် မှန်တဝင်းဝင်းတပ်နေရသူတွေ ကိုယ်တိုင် ဖော်စားနိုင်တဲ့ဆေးမို့ ရေးသားတင်ပြ လက်ဆင့်ကမ်းပါတယ်။

နတ်မောက်မှတ်ကျောက်



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူသည် ညောင်လေးပင်မြို့နယ်ထဲရှိ စံပြပုဇွန်မြောင်းရွာကြီးတွင် မွေးဖွားခဲ့၏။ စာရေးသူ၏ ဇာတိချက်ကြွေမွေးရပ်မြေဖြစ်၏။

ပုဇွန်မြောင်းစံပြကျေးရွာကြီးသည် အိမ်ခြေတစ်ထောင်ကျော်ခန့်ရှိလေ၏။ စစ်တောင်းမြစ်ကြီး၏ ကမ်းနဖူးပေါ်တွင် တည်ထားသော ရွာကြီးတစ်ရွာဖြစ်ပါသဖြင့် စစ်တောင်းမြစ်ကြီး၏ ရေကြီးရေလျှံခြင်းကိုကာကွယ်ရန် မြေတာရိုးကြီးတစ်ခု တည်ဆောက်ထားရ၏။ စစ်တောင်းမြစ်ရေကာတာဟု အများသိကြ၏။

စစ်တောင်းမြစ်ကြီးသည် ပုဇွန်မြောင်းရွာကြီးအနီးတွင် မြောက်ဘက်မှ တောင်ဘက်သို့ ပစောက်ပုံသဏ္ဌာန်စီးဆင်းနေပါသဖြင့် မြေတာရိုးရေကာတာကြီးကလည်း ပစောက်ပုံသဏ္ဌာန်ဖြစ်နေ၏။

ထိုရေကာတာကြီး၏ ဝဲ၊ ယာတစ်ဖက်တစ်ချက်တွင် လူနေအိမ်ရာများကို တည်ဆောက်ထားပါသဖြင့် ရွာကြီး၏ ပုံသဏ္ဌာန်မှာလည်း ပစောက်ပုံဖြစ်နေရ၏။

ရွာကြီး၏အရှေ့ပိုင်းဘက် ရွာဦးရွာဖျားထိပ်တွင် ဘုရားစေတီ (၃) ဆူရှိ၏။

ဤဘုရား (၃) ဆူကား သီပေါမင်းပါတော်မူပြီးနောက် မန္တလေးမြို့နေပြည်တော်ကြီးမှ တပ်ဖျောက်၍ရောက်လာသော တပ်မှူးလေးတစ်ဦးက ဘုရားနှစ်ဆူကိုတည်၏။ တပ်မှူးလေးသည် ပုဇွန်မြောင်းမှ အလွန်ချောမောလှပသော မခင်ဝိုင်းဆိုသည့် အမျိုးသမီးလေးနှင့် အကြောင်းပါခဲ့၏။

နောက်မှအလယ်ကောင်မှစေတီကို (ဖွားဝိုင်းမှ) တည်သည်ဟု ရှေးလူကြီးများက ပြောပြကြ၏။

စာရေးသူကို ၁၉၄၀ ပြည့်နှစ်မှာ မွေးဖွားခဲ့ပါသဖြင့် ဒုတိယကမ္ဘာစစ်ကြီးဖြစ်နေချိန်ဖြစ်၏။ ထိုစဉ်ကဘုရား(၃)ဆူသည် ပျက်စီးယိုယွင်းနေ၏။ အုတ်ပုံများပြိုကျနေလေ၏။ ထီးတော်ဆိုသည်မှာ မတွေ့ရတော့ပါ။

ထိုဘုရား (၃) ဆူတွင် တောအုပ်ကြီးများဖြစ်လျက် ထိုဘုရား(၃)ဆူအနီးတွင် အလွန်ကြီးမားလှသော ငန်းမြွေကြီးတစ်ကောင်ရှိ၏။တောအုပ်ထဲတွင် ထင်းခွေသွားကြသူများတွေ့ကြရ၏။ ရှေးရှေးလူကြီးများအဆက်ဆက်တို့၏ ပြောပြချက်အရ လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ခန့်လောက်ကတည်းက ဤဘုရား(၃)ဆူစေတီသည် တည်ထောင်ပြီးဖြစ်၏။

ထိုလွန်ခဲ့သော အနှစ် (၁၀၀) ခန့်လောက်က ဘယ်အရပ်ဘယ်ဒေသက မှန်းမသိရသည့် ရသေ့ကြီးတစ်ဦး ဤဘုရား(၃)ဆူမှာ ဝါးတဲလေးတစ်လုံးထိုးပြီးနေထိုင်သွားခဲ့ဖူး၏။ ရသေ့ကြီးသည် အဘိညာဉ်တန်ခိုးရ၍ ဈာန်ပျံနိုင်သည်ဟု ပြောကြသည်ကို ကြားခဲ့ဖူး၏။

စာရေးသူ၏ ဖခင်ကြီးသည် အသက် (၁၀၀) ခန့်မှာ ကွယ်လွန်ခဲ့၏။ စာရေးသူ၏ ဖခင်အမည်မှာ ဦးညိုကြီးဖြစ်၏။ ဦးညိုကြီး၏ ဖခင်ကြီးမှာ ဦးမဲကြီးဖြစ်၏။

ဦးမဲကြီး၊ ဒေါ်အာဝါးသည် ပုဇွန်မြောင်းကြီးတွင် လယ်ဧကရာကျော်ပိုင်ဆိုင်သော ဗြိတိသျှအင်္ဂလိပ်ခေတ်က လယ်သမားကြီးဖြစ်၏။

စာရေးသူ၏ ဖခင်ကြီး (၁၆) နှစ်အရွယ်လောက်တွင် ပုဇွန်မြောင်းရွာကြီး၌ ထူးဆန်းမှုတစ်ခုဖြစ်လာ၏။ တပေါင်းလပြည့်နေ့ညသည် ကောင်းကင်တွင် တိမ်များမြူများကင်းစင်လျက်၊ လစန္ဒာကြီးက ဝင်းဝင်းထိန်လျက် သာသာယာယာ။

တပေါင်းလပြည့်နေ့နံနက်(၄)နာရီခန့်တွင် ရွာဦးညောင်လွန့်တောရကျောင်းတိုက်ကြီးမှအုန်းမောင်းခေါက်၏။

ထိုအချိန်တွင် စာရေးသူ၏အဘိုးဦးမဲကြီးသည် သူ၏ခြံဝင်းကြီးထဲမှာ တံမြက်လှည်း၏။

ထိုအချိန်တွင် အဘိုးဦးမဲကြီး၏ အိမ်ရှေ့ရှိ လှည်းလမ်းမှနွားလှည်းတစ်စီးခြူသံတွေဝေဝေဖြင့်မောင်းလာသည်ကို ကြားရ၏။ တွေ့လည်းတွေ့ရ၏။

မကြာမီ နွားလှည်းသံပျောက်သွား၏။ အဘိုးအိမ်ရှေ့လှည်းလမ်းပေါ်တွင် ညည်းညူနေသောအသံတစ်သံကို ကြားလိုက်ရသဖြင့် သားမောင်ညိုကြီးကို သွားကြည့်ခိုင်း၏။



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရပါပြီ။ အောက်ပိုင်းမသန်စွမ်းသောလူကြီးတစ်ဦး လှည်းလမ်းပေါ်မှာ လဲကျနေ၏။ ယင်းကြောင့် အဘိုးနှင့်အဖေတို့သည် ထိုအောက်ပိုင်းမသန်သောလူကြီးကို ဆွဲထူ၍ သူတို့၏ခြံကြီးထဲသို့ သယ်ဆောင်လာကြ၏။ အဘိုး၏အိမ်ရှေ့မှာ ကွပ်ပျစ်တစ်လုံးရှိ၏။ ထိုကွပ်ပျစ်ပေါ်တွင် အောက်ပိုင်းမသန်သောလူကြီးကိုချထားကြ၏။ လူကြီးကသျှောင်ထုံးနှင့် မျက်နှာကဝိုင်းဝိုင်း၊ ဥပဓိရုပ်က ခံ့ခံ့ညားညား၊ အသံက သာသာယာယာ။ အသားက ဖြူဖြူဝင်းဝင်း။ အလွန်ကြည်ညိုဖွယ်ရာကောင်းသောလူကြီးတစ်ယောက်ဟု ဖခင်က စာရေးသူအား ပြောပြဖူး၏။

ထိုလူကြီးအား အဘိုးက မေးကြည့်ရာ မြန်မာပြည်အထက်ပိုင်းကျောက်ဆည်မြို့မှ လာရောက်ကြောင်း ပြောပြ၏။

အဘိုးဦးမဲကြီးဇနီးမောင်နှံတို့က လူကြီးအား နံနက်စာထမင်းကို ကျွေးကြရာ ဆန်ပြုတ်ယာဂုသာ သုံးဆောင်ကြောင်းပြောပြ၍ ကျွဲဆန် (ကောက်ကြီးဆန်) ကောင်းကောင်းဖြင့် ယာဂုတိုက်ကျွေး၏။

ထိုလူကြီးက ပြောပြသည်မှာ ဤရွာကြီးတွင် စေတီ(၃)ဆူရှိ၏။ ထိုစေတီတွင် သူနေထိုင်ရန်လာရောက်ကြောင်း ပြောပြ၏။ ယင်းကြောင့် အဘိုးလုပ်သူဦးမဲကြီးက သူ့စာရင်းငှားများဖြင့် စေတီ(၃) ဆူနားရှိ ညောင်ပင်ကြီးအောက်တွင် အဆောက်အအုံတစ်ခုကို နေ့ချင်းဆောက်ပေးရ၏။

ညနေပိုင်းကျတော့ လူကြီးကို အဆိုပါ အဆောက်အအုံဆီသို့ ပွေ့ချီသွားကြ၏။ အဘိုး၏အလုပ်သမားများက သောက်ရေအိုး၊ မျက်နှာသစ်အိုးတို့ကို စီစဉ်ပေးထားရ၏။

လူကြီးသည် တစ်နေ့လျှင်တစ်နပ်သာစားပါ၏။ ထမင်းမဟုတ်ပါ။ ယာဂုဆန်ပြုတ်ကိုသာ သုံးဆောင်ပါ၏။

လပြည့်နေ့၊ လကွယ်နေ့ရောက်တိုင်း ဘုရား(၃)ဆူမှာ ကောင်းကင်ထက်တွင် အလင်းတန်းကြီးများလင်းလျက်ပေါ်လာ၏။ ရွာသူရွာသားများ ထူးဆန်းစွာ ထွက်ကြည့်ကြ၏။

မကြာမီ ထိုလူကြီးသည် ကောင်းကင်ထက်တွင် ဈာန်ပျံနေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ကြရ၏။ အဘိုးတို့တစ်အိမ်သားလုံး ထိုလူကြီးကို ယုံယုံကြည်ကြည်ဖြင့် ကိုးကွယ်ကြ၏။အခြားအပိုင်းတွင် နေထိုင်ကြသော ရွာသူရွာသားတချို့က အဘိုးတို့အိမ်သားများကို ကဲ့ရဲ့ကြတော့၏။

"ရသေ့ပျောက်လို့ သူတော်ပေါ်တယ်တော်တဲ့အရှေ့ပိုင်းသား"

ဟု သံချပ်များထိုးကြ၏။

မည်မျှပင်ကဲ့ရဲ့ကဲ့ရဲ့၊ မည်မျှပင်သံချပ်ထိုးထိုး အဘိုးတို့အိမ်သားများကတော့ ထိုလူသူတော်ကြီးကိုပဲ ကိုးကွယ်ကြ၏။

လူသူတော်ကြီးက ပြောပြသည်မှာ ကောင်းကင်တွင် ပျံသန်းသောအကောင်များ တစ်နေ့ကျရင် တွေ့ရမည်။ ငွေစက္ကူတွေကို အိတ်နှင့်ထုပ်ပြီး ရကြမည်။ လယ်မြေများကို မလိုချင်သလောက်ရကြဦးမည်ဟု စာရေးသူအား ဖခင်ဦးညိုကြီးကပြောပြသည့်စကား ဖြစ်၏။



## မောင်မိုးဟန်

## ထူးဆန်းသောဘုရားသုံးဆူ

(၁) နှစ်ခန့်ကြာတော့ ဤဘုရား(၃) ဆူမှာပင် လူသူတော်ကြီးဆုံးပါးသွားပါ၏။ သူမသေခင် အဘိုးဦးမဲကြီးကိုခေါ်ယူပြီး သူ့ခေါင်းမှဆံပင်များအားဖြတ်ခိုင်းပါ၏။ထိုဆံပင်များကို ဖန်ပုလင်းနှင့်ထည့်ပြီး ဘုရားကျောင်းဆောင်မှာတင်၍ ဆောင်ထားခိုင်းပါ၏။



www.burmeseclassic.com

www.burmeseclassic.com

*

ဦးမဲကြီး၊ ဒေါ်အာဝါးတို့လည်း အသက်အရွယ်ကြီးရင့်ကြ၍ အဘွားဒေါ်အာဝါးက နံနက်(၉)နာရီမှာ ကွယ်လွန်၏။ အဘိုးဦးမဲကြီးက ထိုနေ့မှာပင် ညနေ (၃) နာရီခန့်မှာ ကွယ်လွန်ပါ၏။

သားဦးညိုကြီးက အချိန်အရွယ်ရောက်နေပါ၍ အထက်မြန်မာပြည် ရွာကြီးတစ်ရွာမှ ပြောင်းရွှေ့လာသော ဒေါ်စောခင်ဆိုသည့် ပျိုဖြူချောနှင့် အိမ်ထောင်ကျ၏။ မိခင်ကြီး ဒေါ်စောခင်၏ဇာတိကား မလှိုင်၊ ပန်းအိုင်ဖြစ်ပါ၏။

ဖခင်ကြီးနှင့်မိခင်ကြီးတို့ တစ်အိုးတစ်အိမ်ထူထောင်ပြီး နေထိုင်ကြရာ ပထမဦးဆုံး အမွှာသမီးလေး (၂) ဦးကို မွေးဖွား၏။ အမည်ကား မကြီး၊ မငယ်ဟု ပထမမှည့်ပေးလိုက်၏။

နောက်မှမွေးဖွားသည့် မငယ်က နည်းနည်း ကိုယ်ခန္ဓာကျစ်ပါသဖြင့် မကျစ်၊ မကျစ်ဟု ခေါ်ကြ၏။

စာရေးသူသည် ထိုမိသားစုတွင် အငယ်ဆုံးသားဖြစ်၏။ စာရေးသူမွေးဖွားစဉ်က မျက်နှာဝိုင်းဝိုင်းကြီးဖြစ်နေ၍ မောင်ဝိုင်းကြီး၊ မောင်ဝိုင်းကြီးဟု ငယ်စဉ်က ခေါ်ဆိုကြပါ၏။ ရှေးလူကြီးများ၏ထုံးစံအတိုင်း စာရေးသူလည်း သျှောင်ထုံးကြီးနှင့်နေရ၏။ ရှင်သာမဏေပြုမှသာ သျှောင်ပယ်ရတော့၏။

*

အမွှာညီအစ်မ မကြီး၊ မငယ်မှာ ရုပ်ချင်းအလွန်တူလှပါသဖြင့် ရွာသူရွာသားများ ခဏခဏမှားမှားခေါ်ကြ ၏။

မကြီးသည် အချိန်တန်အရွယ်ရောက်သောအခါ တစ်အိုးတစ်အိမ်ထောင်ဖြင့်နေထိုင်၏။ မငယ်က သနပ္ပင်မြို့မှ ဦးကျော်ဝင်းနှင့်အကြောင်းပါပြီး သနပ္ပင်မြို့သို့ ပြောင်းသွားပါ၏။

မမကြီးသည် အဆုတ်ကင်ဆာရောဂါဖြင့် အသက် (၆၀) အရွယ်လောက်မှာ ကွယ်လွန်ရ၏။ မမကြီးသည် အသံအလွန်ကောင်း၏။ အသားညိုညိုဖြစ်၏။ မမကြီးသည် ပုဇွန်မြောင်းရွာအရှေ့ပိုင်းတွင် ဓမ္မစကြာဝတ်အသင်းခေါင်းဆောင်လည်းဖြစ်၏။ ညောင်လေးပင်မြို့ တောရကြီးကျောင်းတိုက်ကြီး အဂ္ဂမဟာပဏ္ဍိတ ဦးအရိယဆရာတော်ကြီးစျာပနတွင် ရတုတစ်ပိုဒ်သွားဆိုရာ လာသမျှပရိသတ်များ မျက်ရည်ဖြိုင်ဖြိုင်ကျကြရ၏။ အဆိုကောင်းမွန်၏။ အဆိုလည်းပိုင်၏။

သူသေရမည်ကိုသိထားသော မမကြီးက စာရေးသူ၏အစ်ကိုနှင့် သူ့သားကြီး မောင်တင်မြင့်တို့ကိုပြောပြသည်မှာ သူ၏ ညာဘက်ပေါင်တွင် ငုံးရုပ်လေးတစ်ရုပ် ငွေ မွေးတည်းကပါလာ၏။ သူသေလျှင် ထိုငုံးရုပ်ပါသောပေါင်ကိုဖြတ်၍ သဂြိုဟ်ရန် မှာကြား၏။)

သို့သော် သားကြီးကိုတင်မြင့်က မိခင်ကြီး၏ပေါင်ကို မဖြတ်ပါ၊ မဖြတ်ချင်ပါ။

*

ပုဇွန်မြောင်း စံပြကျေးရွာကြီးတွင် ရှေးအစဉ်အလာအတိုင်း တန်ဆောင်မုန်းလပြည့်နေ့ ညကျဆိုလျှင် တစ်ရွာလုံး တာရိုးကြီးပေါ်မှာ ဘုရားလှည့်ကြ၏။

အပိုင်း(၇)ပိုင်းရှိပါ၍ အပိုင်းတိုင်းက ဓမ္မစကြာအဖွဲ့ဝင်များရွတ်ဖတ်ပူဇော်၍ လှည့်လည်ကြပါ၏။

ထိုဘုရားလှည့်လည်ပွဲတွင် ဆုံးသွားရသော မမကြီးတစ်ယောက် ပါဝင်နေသည်ကို တွေ့မြင်သူများက ထင်ထင်ရှားရှားတွေ့ကြရ၏ဟု ဆိုပါ၏။

ယခု စာရေးသူ၏ မမကြီးကား ထိုဘုရား (၃) ဆူတွင် ဘုရားသိုက်ကို စောင့်နေရသောဥစ္စာစောင့်ဖြစ်နေသည်ဟု ပြောပြကြပြန်၏။ တချို့ကလည်း ယုံကြ၏။ တချို့ကလည်း မယုံကြည်ကြပါ။

တစ်ခုထူးဆန်းသည်မှာကား မမကြီးမိသားစုသည် မမကြီးရှိစဉ်က အလွန်ဆင်းရဲကြ၏။ ယခုတော့ သားသမီးများအား ချောင်ချောင်လည်လည်ဖြစ်နေကြပါ၏။

*

စာရေးသူသည် အသက်အရွယ်ရလာသောအခါ ကျန်းမာရေးမှူး (H.A) ဖြစ်လာ၏။

စာရေးသူ လူနာလာပင့်၍ ဆေးကုထွက်ရာတွင် ဘုရား (၃) ဆူသို့ဝင်၍ အရင်ကန်တော့၏။ ပြီးမှ မမကြီး အမှန်တကယ် ဤဘုရား(၃)ဆူမှာ ဥစ္စာစောင့်ဖြစ်နေပါလျှင် အငယ်ဆုံးမောင်လေးကို စောင့်ရှောက်ပေးပါ။

မောင်လေးဆေးသွားကုသရသောလူများအား မဖိတ်မစဉ်ရပါစေနှင့်ဟူ၍ ပြောဆိုသွားပါ၏။

ဘာကြောင့်မှန်းတော့ မသိပါ။ စာရေးသူ ကုသသော လူနာတိုင်း လွယ်လွယ်ကူကူပင် ပျောက်ကင်းကြပါ၏။ အဖိတ်အစဉ်မရှိပါ။

*

စာရေးသူ (၁၀) နှစ်အရွယ်ခန့်က စာရေးသူတို့ ပုဇွန်မြောင်းရွာကြီးသို့ ကရင်သူပုန်များဝင်တိုက်ကြ၏။ ရွာထဲမှ ကွန်မြူနစ်များထွက်ပြေးကြရ၏။ ကရင်သူပုန်များက ရွာကို မီးတင်ရှို့ပါ၏။

ထူးဆန်းမှုကား ဘုရား(၃)ဆူတွင် ဆုံးပါးသွားရသော လူသူတော်ကြီး၏ ဆံပင်ကို ဦးမဲကြီး၏ သမီးအငယ်ဆုံး စာရေးသူအဒေါ် (ဒေါ်စိန်အေး) က ရထားပြီး ဘုရားကျောင်းဆောင်ပေါ်မှာ တင်ထား၏။

တစ်ဖက်အိမ်က နွားတင်းကုပ်နှင့် အဒေါ်ဒေါ်စိန်အေးအိမ်မှ နွားတင်းကုပ်သည် ထိနေပါ၏။ တစ်ဖက်အိမ်က နွားတင်းကုပ်သာ မီးလောင်၏။ အဒေါ်၏ နွားတင်းကုပ်ကား မီးမလောင်ပါ။

နောက်တစ်ခုထူးသည်မှာ တစ်ဖက်အိမ်သည် ကရင်သူပုန်များ မီးရှို့ခံရသဖြင့် မီးသင့်ရ၏။ ထိုအိမ်မှ လောင်နေသောတိုင်ကြီးတစ်လုံးသည် အဒေါ်အိမ်ပေါ် သို့ကျလာ၏။

သို့သော် အဒေါ်အိမ်က မီးမလောင်ပါ။ အဆိုပါ ဘုရား (၃) ဆူတွင် နေထိုင်သွားသော လူသူတော်ကြီး၏ ဆံပင်ကြောင့်ဟူ၍ ပြောကြ၏။ယုံကြည်ကြ၏။

ယခု အဒေါ်အပျိုကြီးလည်း ဆုံးပါးသွားရပါပြီ။ ထိုလူသူတော်ကြီး၏ ဆံပင်ကို ဒေါ်စိန်၏မြေး အတိုးလေးက ရရှိထားပါ၏။

အတိုးလေးသည် စာရေးသူ၏တူအရင်းဖြစ်ပါ၏။ ပုဇွန်မြောင်းရွာကြီးတွင် လယ်ဧကမြောက်မြားစွာကိုပိုင်ဆိုင်ထားသော လယ်သမားအတိုးလေး ဖြစ်လာ၏။

ရှေးလူကြီးများဆိုစကားရှိ၏။ ရွာဦးရွာဖျားထိပ်က ဘုရား(၃)ဆူကို စောင့်ရှောက်ကြ၊ ထိန်းသိမ်းကြ။ ဘုရား(၃)ဆူ ပျက်လျှင် ပုဇွန်မြောင်းစံပြရွာကြီးလည်း ဖျက်ရမည်တဲ့။

ယင်းကြောင့် နှစ်စဉ်နှစ်တိုင်း တပေါင်းလရောက်လျှင် ကျေးရွာလူကြီးများက ဘုရား(၃)ဆူတွင် ငါးရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကြီးကို ကျင်းပလျက်ရှိပါကြောင်း။

မောင်မိုးဟန် (ရွှေကျင်)



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက် ကောင်းတယ်၊ မကောင်းဘူးဆိုသည်မှာ သေခါမှအဆုံးအဖြတ်ပေးရသည်ဟု လူကြီးများပြောစကားရှိပါသည်။

ထိုစကားမှန်သည်ဟုထားကြပါစို့။ လူ့ဘဝတွင် ကလေးဘဝ၊ လူလတ်ပိုင်းဘဝ၊ လူကြီးပိုင်းဘဝ ဟူ၍ အကြမ်းဖျင်းခွဲလိုက်ကြပါစို့။ ကလေးဘဝတွင် ဆိုးသွမ်းကောင်းဆိုးသွမ်းပေမည်။ လူလတ်ဘဝတွင်မဆိုးဖို့၊ လူကြီးဘဝတွင် မဆိုးရန်သာ အဓိကဖြစ်သည်မဟုတ်ပါလား။

ကျွန်တော်သည် စာရေးဆရာတည်ကြည်ဘဝနှင့် အရှင်နေမိန္ဒဓမ္မဝိဇ္ဇာဘဝတို့ကို ယှဉ်တွဲ၍ ပြောလိုပါသည်။ ရေးသားလိုပါသည်။

**၁ ဆရာတည်ကြည်ဘဝ**


ဆရာတည်ကြည်ကို ကျွန်တော်သိသမျှ၊ မှတ်မိသမျှရေးပါမည်။ ဆရာတည်ကြည်မှာ စာစရေးခါစက သထုံစုတည်ကြည်ဖြစ်သည်။ ထို့နောက် သထုံစုကို ဖယ်လိုက်သဖြင့် သထုံတည်ကြည်၊ တစ်ခါ သထုံကိုထပ်၍ဖယ်လိုက်ပြန်သောအခါ ဆရာတည်ကြည်ဖြစ်လာပါတော့သည်။

ဆရာတည်ကြည်၏အကြောင်းကို အရှည်ကြီးမရေးလိုပါ။ သူ့ဘဝအတွက် ဒေါသစိတ်လွှမ်းမိုးမှုနှင့် တရားဓမ္မမေ့လျော့ကာ ရဟန်းအဖြစ် ရောက်ရှိသည့် ကာလအပိုင်းအခြားကလေးများကိုသာ ဖြတ်၍ဖြတ်၍ ရေးသားလိုပါသည်။

ဆရာတည်ကြည်နှင့် ကျွန်တော် ၁၉၆၅ ခုနှစ်လောက်က စတင်သိကျွမ်းခဲ့ကြပါသည်။ ဆရာတည်ကြည်သည် ထိုစဉ်အချိန်တုန်းက ကျောက်ကုန်း

# တက္ကသိုလ်-ကြည်သင်း

# အဝေးဆုံးမှအနီးဆုံးသို့





ကျေးဇူးတော်ရှင် အရှင်နေမိန္ဒဓမ္မဝိဇ္ဇာ





www.burmeseclassic.com

www.burmeseclassic.com

ဘောက်ထော်တွင်နေသည်ဟု ကျွန်တော်သိခဲ့ပါသည်။ ထို့နောက် ကျောက်ကုန်းမှ သယ်န်းကျွန်း(၁၆)ရပ်ကွက်ထဲသို့ ပြောင်းရွှေ့လာပါသည်။ ကျွန်တော်လည်း (၁၆) ရပ်ကွက်တွင် ထိုစဉ်က အိမ်ငှားနေရသဖြင့် တစ်ရပ်ကွက်တည်းဖြစ်နေပါသည်။

ဆရာတည်ကြည်တို့အိမ်မှာ ယခုတယ်လီဖုန်းရုံးဟုခေါ်သော နေရာ၏ အနောက်ဘက်ဖြစ်ပါသည်။ ကျွန်တော်လည်း အားသည့်အချိန်တွင် ဆရာတည်ကြည်တို့အိမ်တွင်သာ အချိန်ကုန်ပါတော့သည်။ ထိုစဉ်က ဆရာတည်ကြည်အိမ်ကို မှန်မှန်လာသူတစ်ယောက်လည်း ရှိပါသေးသည်။ သူက ကိုအောင်မိုးရယ်ပါ။ ယခင် စာပေလုပ်သားအတွင်းရေးမှူးပင် ဖြစ်ပါသည်။ ထိုအချိန်က စာပေလုပ်သားမပေါ်သေးဟု ကျွန်တော်ထင်ပါသည်။

ဆရာတည်ကြည်တို့ မိသားစုမှာ နှစ်ယောက်တည်းဖြစ်သည်။ သက်သက်နှင့် ဖုံးသက်ပိုင်တို့ မမွေးကြသေးပါ။ ဆရာတည်ကြည်က ကျွန်တော့်ထက် (၆) လလောက် ကြီးမည်ထင်ပါသည်။ ကျွန်တော်က အိမ်ထောင်မရှိသေးပါ။ ဆရာတည်ကြည်ကို ကျွန်တော့်အစ်ကိုအရင်းတစ်ယောက်ပမာ ချစ်ခင်တွယ်တာမိပါသည်။

တစ်နေ့တွင် ဆရာမက (ကိုတည်ကြည်) အခေါ်ဆိုရင် ကုလားမပေ့ါလေ။ ကျွန်တော်နှင့် ကိုအောင်မိုးတို့လည်း ဒေါ်ကုလားမဟုသာ ခေါ်ကြပေတော့သည်။ ဆရာမနာမည်ကိုပင် မမှတ်မိတော့ပါ။ တစ်နေ့ ဒေါ်ကုလားမကရော ဆရာတည်ကြည်ကပါ အထူးအဆန်း စကားတစ်ခွန်းပြောလာပါသည်။

"ဖိုးချစ်နဲ့ကိုအောင်မိုး ဒီညဒီအိမ်မှာအိပ်ရမယ်"

"ဘာဖြစ်လို့လဲ ကိုတည်ကြည်"

"ဟာ-ဘာဖြစ်ရမလဲ၊ ညဘက်ဆိုရင် သူခိုးကပ်တယ်။ ဒါကြောင့် ဒီည သူခိုးဖမ်းဖို့အတွက် ကိုချစ်တို့နှစ်ယောက်ကို အိပ်ဖို့ပြောတာ"

"သူခိုးဖမ်းရမယ်ဆိုရင်တော့ ဘာကြာသလဲမမေးနဲ့၊ ဒီညအိပ်ကိုအိပ်မှာ"

"ဖိုးချစ်ကကော"

"ကျွန်တော် အဖေနဲ့ အမေကို မပြောရသေးဘူး၊ ဒါပေမယ့် အိပ်ဖြစ်မှာပါ၊ သေချာပါတယ်"

သို့ဖြင့် ညဘက်သို့ရောက်သွားပါသည်။ ဆရာတည်ကြည်တို့အိမ်မှာ မီးမရှိပါ။ မီးတိုင်ခွက်ထွန်းပြီး ကျွန်တော်တို့စကားပြောကြရပါသည်။ ညဘက်ရောက်လာပါသည်။ တစ်ရပ်ကွက်လုံး အမှောင်မည်းမည်းဟုသာ ဆိုချင်ပါသည်။

ဆရာတည်ကြည်တို့နောက်ဘက်က ယခု တယ်လီဖုန်းရုံး၊ ဟိုစဉ်အခါက မည်သည့်အဆောက်အအုံမျှမရှိ။ ယခု တယ်လီဖုန်းရုံးနှင့်မျက်နှာချင်းဆိုင်တွင် ယခုဘဏ်အဆောက်အအုံရှိသော်လည်း ထိုစဉ်က အဆောက်အအုံမရှိသေးပေ။ ဘဏ်နှင့် သယ်န်းကျွန်းဘက် ကိုက်တစ်ရာလောက်အကွာတွင် ရေတွင်းပျက်ကြီးရှိသည်။ ရေတွင်းပျက်ကြီးမှာ လေ့ကားအထစ်နှင့်ဆင်းရသည်ဟု ဆိုသည်။ မည်သူမျှဆင်းကြည့်သည်ဟု မကြားဘူးပေ။

ဒေါ်ခင်နှင်းမြင့်ခေါ် ဒေါ်ကုလားမသည် တစ်ဖက်အိမ်သို့သွားအိပ်ပါတော့သည်။အိမ်တွင် ကိုအောင်မိုး၊ ကျွန်တော်နှင့် ဆရာတည်ကြည်တို့သာ ကျန်ခဲ့ပါသည်။

ဆရာတည်ကြည်က ဓားသုံးချောင်းယူလာပြီး ကျွန်တော်တို့ကိုပေးပါတော့သည်။

"ရော့ - တစ်ယောက်တစ်ချောင်းစီပေ့ါ"

ကိုအောင်မိုးက လှမ်းယူပြီး ဓားသွားကို ကိုင်ကြည့်နေသည်။ကျွန်တော်က ဓားကိုမယူ။

"ဟင့်အင်း - ကျွန်တော်မယူချင်ဘူး"

"ဘာဖြစ်လို့လဲ၊ သူခိုးက ဖိုးချစ်ကို ဝင်လုပ်သွားရင် ဘယ့်နှယ်လုပ်မလဲ"

"ကျွန်တော်ဓားကိုတော့မကိုင်ချင်ဘူးဗျာ။ ဟောဟိုကတုတ်ဆိုရင် တော်လောက်ပါပြီ"

"ဟော့ - ကိုချစ်ဆွေ၊ ဘာဖြစ်လို့ မကိုင်ချင်ရတာလဲ"

ကျွန်တော်သည် ခေတ္တငြိမ်နေလိုက်သည်။ အနားရှိ တုတ်ကိုကိုင်လိုက်ပြီးမှ -

"ကျွန်တော်ဓားနဲ့လူတစ်ယောက်ကို မခုတ်ရဲဘူးဗျာ"

"သေပါတော့ အာဂသူရဲကောင်းကြီးရယ်"

ကိုအောင်မိုးက နဖူးကိုလက်နှင့်ရိုက်ရင်းပြောလိုက်သည်။

ဆရာတည်ကြည်က ဘာစကားမှမပြောဘဲ ခေတ္တငိုင်နေပါတော့သည်။

"ကဲ-ဒီလိုဆိုလည်းတုတ်ကိုပဲကိုင်ပေ့ါဗျာ"

သည်လိုနှင့် ဆရာတည်ကြည်၊ ကိုအောင်မိုးနှင့် ကျွန်တော်တို့ လူစုခွဲကြသည်။ မီးကလည်းမှောင်၊ လက်နှိပ်ဓာတ်မီးကလည်းမရှိသောကြောင့် ကျွန်တော်တို့က ကိုယ်တာဝန်ကျသောနေရာတွင်သာ အသာထိုင်နေရပါသည်။

အချိန်ကလည်း တဖြည်းဖြည်းလင့်လာပါသည်။ ည (၁၂) နာရီပင်ထိုးသွားသည်ကို သံချောင်းခေါက်သံက သတိပေးနေသည်။ မည်သည့်သူခိုးမျှ မလာပါ။ မလာတာပဲလား၊ ကျွန်တော်တို့ ကင်းစောင့်သည်ကိုသိ၍လားမသိ။

ည (၁၂း၃၀) ခန့်ရှိပြီ။ ကျွန်တော်သည် တုတ်ကိုကိုင်ပြီး ငိုက်နေစဉ်မှာပင် ဆရာတည်ကြည်ဘက်မှအသံကြားလိုက်ရသည်။

"ဟော့ - သူခိုး၊ သူခိုး"

ကျွန်တော်လည်းဆတ်ခနဲထလိုက်ပြီး လက်ထဲမှတုတ်ကို မြဲမြဲကိုင်ကာ ဆရာတည်ကြည်ဆီသို့ အတင်းပြေးလာသည်။

"ကိုအောင်မိုး ပြေးပြီ ပြေးပြီ၊ ဟိုရေတွင်းပျက်ဆီကိုပြေးပြီနဲ့တူတယ်"

ကိုအောင်မိုးက ရေတွင်းပျက်ဆီသို့ အရှိန်နှင့်ပြေးလိုက်လေသည်။ ဘေးအိမ်က ကောင်လေးနှစ်ယောက်၊ သုံးယောက်ပါ ရေတွင်းပျက်ဆီသို့ အတင်းပြေးသွားကြသည်။ ကျွန်တော်လည်း ရေတွင်းပျက်ဆီသို့လိုက်မည်ပြုစဉ် -

"ဟော့ - ဖိုးချစ်၊ နေဦး"

ကျွန်တော် ဆရာတည်ကြည်ကို ကြည့်ရင်း မေးလိုက်သည်။

"ဘာဖြစ်လို့လဲ ဆရာတည်ကြည်"

ဆရာတည်ကြည်သည် ကိုအောင်မိုးကို လည်းကောင်း၊ သူ့နောက်မှလိုက်သွားသော လူငယ်များကို လည်းကောင်း လှမ်းကြည့်ရင်းပြောလိုက်ပုံက -

"ကျွန်တော်သူခိုးတွေ့လို့မဟုတ်ဘူး၊ သက်သက်လှန့်လိုက်တာ"

"အမလေး - သေပါတော့ ဆရာတည်ကြည်ရယ်"

"တိတ်တိတ်နေ၊ ကိုအောင်မိုးမသိစေနဲ့။ သိရင် ကျွန်တော့်ကိုပြောတော့မှာ"

ဤကား ဆရာတည်ကြည်နှင့် အနောက်သန်ပုံဟု ပြောရလေမလား၊ ခပ်တည်တည်နှင့် အဖြီးသန်ပုံဟု ပြောရလေမလား မသိတော့ပေ။

နောက်လေး၊ ငါးရက်အကြာတွင် ဆရာတည်ကြည် ကျွန်တော့်အိမ်သို့



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာပါသည်။ ကျွန်တော်လည်း ထမင်းစားနေတုန်း ဖြစ်သည်။

"လာ-ဆရာတည်ကြည်၊ ထမင်းဝင်စားဦး"

"နေပါစေ၊ ကျွန်တော်ကိစ္စလေးတစ်ခုပြောစရာရှိလို့ ဖိုးချစ်ဆီကိုဝင်လာတာ"

"ဘာကိစ္စလဲပြောလေ"

"ကျွန်တော့်အိမ်က ခဲစာလုံးတွေရောင်းချင်တယ်။ ဝယ်မယ့်လူလည်း ကျွန်တော်ပြောထားပြီးသား၊ အဲဒါဖိုးချစ် ထမင်းစားပြီးရင် အိမ်ကိုလာခဲ့ပါ။ ကျွန်တော်တို့နှစ်ယောက် သွားရောင်းကြတာပေါ့"

"ဟုတ်ပြီလေ၊ လာပါ့မယ်"

"ကဲ - ဒီလိုဆိုရင် ကျွန်တော်သွားမယ်"

ဆရာတည်ကြည်သည် နေရာမှ ခပ်သွက်သွက်ထသွားသည်။ ကျွန်တော်လည်း ထမင်းစားပြီးသည်နှင့် ဆရာတည်ကြည် အိမ်သို့လိုက်သွားပါသည်။ ဆရာတည်ကြည်အိမ်တွင် ခဲစာလုံးများကိုထည့်ထားသော ဂုန်နီအိတ်တစ်လုံးကိုတွေ့ပါသည်။

"လာ - သွားကြမယ် ဖိုးချစ်"

ပြောပြောဆိုဆို ဆရာတည်ကြည်ကတစ်ဖက်၊ ကျွန်တော်ကတစ်ဖက် ဂုန်နီအိတ်ကိုဆွဲကြပါသည်။ ယောကျ်ားနှစ်ယောက်အားနှင့် ဂုန်နီအိတ်ကို ဒရွတ်တိုက်၍ လမ်းမသို့ဆွဲရပါသည်။ လမ်းမသို့ရောက်မှပင် ကားကိုလှမ်းခေါ်ပြီး ကားဆရာပါ သုံးယောက်မ,၍တင်ရပါသည်။

ထိုစဉ်က အငှားကားမှာ သုံးဘီးကားဖြစ်ပါသည်။ ခဲစာလုံးများ ကားပေါ်တင်ပြီးသည်နှင့် ကားမောင်းထွက်ပါတော့သည်။ကားသည် တရွေ့ရွေ့မောင်းလာရာ ကြည့်မြင်တိုင်ဘူတာအနီးတွင် ကားရပ်လိုက်သည်။

ကျွန်တော်နှင့်ဆရာတည်ကြည်တို့သည် ခဲစာလုံးများကို နှစ်ယောက်ဆွဲ၍ ကားပေါ်မှချသည်။ ထို့နောက် ပုံနှိပ်စက်က လူငယ်နှစ်ယောက် အကူအညီဖြင့် ခဲစာလုံးများကို ဆိုင်ထဲသွင်း၍ချိန်နေပါသည်။ မည်သည့်ဈေးနှင့်အချိန်မည်မျှရှိသည်ကို ကျွန်တော် မသိပါ။ ပိုက်ဆံရှင်းခါနီးကျမှ ပြဿနာစပါတော့သည်။

"အဲ-ငါးကျပ်တော့လျှော့ပေါ့ဗျာ"

"ဗျာ - ငါးကျပ်လျှော့ရမယ်ဟုတ်လား၊ တစ်ပြားမှမလျှော့နိုင်ဘူး။ ခင်ဗျားနဲ့ကျွန်တော်ပြောပြီးသားပဲဟာ"

စာရှုသူများအနေဖြင့် ငါးကျပ်လျှော့ပြီး ငွေချေမှုကို အံ့ဩစရာတစ်ခုဟု ယူဆကောင်းယူဆပါလိမ့်မည်။ သို့သော် သူ့ခေတ်သူ့အခါနှင့် ငါးကျပ်မှာ မနည်းလှပါ။ ရန်ကုန်သဘော်ဆိပ်မှနေ မြောက်ဥက္ကလာကို ငါးကျပ်ပေးရသောခေတ်ဖြစ်ပါသည်။ လက်ဖက်ရည်တစ်ခွက် (၂၅) ပြားခေတ်ဖြစ်ပါသည်။

ဆရာတည်ကြည်က ပြေလည်ရာပြေလည်ကြောင်းပြောမည့်သူမဟုတ်ပါ။ မှန်တယ်ထင်သည်ကိုသာ တစိုက်မတ်မတ်ဆက်ပြောပေတော့မည်။

"ကဲ-နောင်ကြီးရယ်၊ ကျွန်တော်တို့လာရတာက သယ်နိုးကျွန်းကပါ။ နောင်ကြီးတို့ဈေးစကားလည်းပြောပြီးပြီဆိုတော့ လျှော့ဖို့တော့မဖြစ်နိုင်လို့ပါ"

ကျွန်တော်က သူတို့နှစ်ယောက်ကြားတွင် ဝင်၍လေအေးအေးဖြင့်ပြောလိုက်ရသည်။ ဝယ်သူမှာလည်း မည်သို့သဘောပေါက်သွားသည်မသိ။

"ကဲ - မဆစ်တော့ပါဘူး"

ဟု ဆိုကာ ငွေကိုအပြေအလည်ပေးလိုက်သည်။ ဆရာတည်ကြည်သည် ငွေယူပြီးပြန်ထွက်လာရာ ကျွန်တော့်ကို လှမ်း၍ ပြောလိုက်ပါသေးသည်။

"ကျုပ်က တံစ်ပြားမှမလျှော့ဘူး၊ မလိုချင်ရင် ဟောဒီလမ်းဘေးမှာသွန်ပစ်ခဲ့မယ်"

ဩော် - တော်တော်လည်း ဒေါသကြီးသူပါကလားဟု စိတ်ထဲတွင် မှတ်ချက်ချလိုက်မိပါတော့သည်။

နောက်နှစ်လခန့်အကြာတွင် ဆရာတည်ကြည် အိမ်ပြောင်းသွားပြန်သည်။ တောင်ဥက္ကလာပ(၉)ရပ်ကွက်ဖြစ်သည်။ ဗိုလ်အုန်းသီးကွေ့ဟူ၍ လွယ်လွယ်ပင်မှတ်မိနေပါသည်။ ကျွန်တော်လည်း အိမ်ထောင်ပြုရန် စိတ်ဝင်စားသောအချိန်လည်း ဖြစ်ပါသည်။ တစ်နေ့တွင် ဆရာတည်ကြည်နှင့် ကျွန်တော် မြို့ထဲသို့သွားပါသည်။ မြို့ထဲကအပြန်တွင် -

"ဆရာတည်ကြည်၊ ကျွန်တော် အိမ်ထောင်ပြုတော့မယ်"

"ဟာ - ဟုတ်လား။ ဘယ်သူလဲ၊ ဘယ်မှာနေသလဲ၊ ဖိုးချစ်တို့အိမ်က သဘောတူရဲ့လား"

"ဟော့လူ၊ ခင်ဗျားမေးတာကလည်း များလိုက်တာဗျာ။ ကဲ-အခုရထားနဲ့သူတို့အိမ်ကိုသွားမယ်။ ဆရာတည်ကြည်လည်းလိုက်ကြည့်ပေါ့"

သို့နှင့် ဆရာတည်ကြည်နှင့် ကျွန်တော် မီးရထားဘူတာကြီးဆီသို့ ရောက်သွားသည်။ မီးရထားစကြီလမ်းတွင် ကျွန်တော်တို့ မီးရထားစောင့်နေရသည်။

"ဆရာတည်ကြည်၊ ကျွန်တော် ဆေးလိပ်ဝယ်လိုက်ဦးမယ်"

ဟု ဆိုကာ ကျွန်တော် ဆေးလိပ်ဝင်ဝယ်ပါသည်။ ပိုက်ဆံအမ်းနေသဖြင့် အချိန်အနည်းငယ်စောင့်နေရသည်။ ဆိုင်မှပြန်ထွက်လာသောအခါ ဆရာတည်ကြည်ကို ကျွန်တော် မတွေ့ရတော့ပေ။

ခဏမျှကြာသောအခါ ဆရာတည်ကြည်သည် ဒေါ်နှင့်မော့နှင့်ထွက်လာပါသည်။ ထွက်လာသည့်နေရာက အမျိုးသမီးအိမ်သာထဲကထွက်လာခြင်းဖြစ်ပါသည်။ မှတ်မှတ်ရရ စကြီ (၇) ကဖြစ်သည်။ ထွက်လာသည်က ကြည့်ဦးလေ။ တစ်ယောက်တည်းထွက်လာသည်မဟုတ်။ ရဲဝတ်စုံဝတ်ထားသူက သူ့ကလက်တစ်ဖက်ဆွဲ၍ ထွက်လာခြင်း ဖြစ်သည်။

"ဟော့ - ဖိုးချစ်၊ ဒီမှာ သူ့ကိုကျွန်တော်ဖမ်းလာတယ်"

ကျွန်တော် မျက်စိလည်သွားပါတော့သည်။ ဖမ်းခြင်းဖမ်းလျှင် ရဲကသာ ဆရာတည်ကြည်ကိုဖမ်းရမည်။ အခုဟာက ပြောင်းပြန်ဖြစ်နေပါသည်။

"ဘယ်ကိုဖြစ်တာလဲ ဆရာတည်ကြည်"

"ဘယ်လိုဖြစ်ရမလဲဗျ၊ ကျွန်တော် အိမ်သာတက်နေတာကို သူက အတင်းဝင်ဖမ်းတယ်။ အိမ်သာကလည်း တံခါးချက်မရှိဘူးလေ"

"ဒါနဲ့"

"ဒါနဲ့ သူ့ကို ကျွန်တော်ဖမ်းလိုက်တာပဲ။ ဘယ့်နှယ်ဗျာ၊ ယူနီဖောင်းနဲ့ဒီလိုလုပ်ရတယ်လို့"

"ကဲ - ဆရာတည်ကြည်၊ ခဏနေပါဦး။ ရဲသားကိုလည်းပြောပါစေဦး။ သူပြောတာ ဟုတ်သလား"

"ကျွန်တော် တံခါးတွန်းဖွင့်ပြီး အထဲကိုဝင်တယ်ဆိုတာ ဟုတ်ပါတယ်။ ကျွန်တော်ဘာကြောင့်လုပ်ရသလဲဆိုရင် မသူတော်တွေက အိမ်သာထဲဝင်ပြီး မူးယစ်ဆေးဝါးချတာတို့၊ မတော်တရော် လုပ်တာတို့ကိုစောင့်ပြီးဖမ်းတာပါ။ ကျွန်တော့်မှာ ကလေးနှစ်ယောက်ရှိပါတယ်။ ကျွန်တော် တောင်းပန်ပါတယ်"

"ကြာတယ်ဗျာ၊ ဖိုးချစ်သူ့ကိုလက်ကိုင်မထားနဲ့ လွှတ်လိုက်၊ ဟောဟိုမှာ ရဲရုံးခန်းပဲ သွားကြမယ်"

"ဆရာတည်ကြည် သူက တာဝန်



www.burmeseclassic.com

www.burmeseclassic.com

ထမ်းဆောင်ရင်း မတော်တဆပါလို့ပြော ပြီးတောင်းပန်နေတယ်လေဗျာ။ ကလေး နှစ်ယောက်လည်းရှိတယ်လို့ပြောတယ်။ ဒီတော့ ဒီမှာတင် ကိစ္စဖြတ်လိုက်ပါဗျာ။ ကဲ - ခင်ဗျားလည်းသွားတော့"

ထိုအချိန် ရထားလာနေပြီဖြစ် သည်။ ကျွန်တော်လည်း စကားဖြတ်ချင် သည်နှင့် အတော်ကျသွားပါတော့သည်။

"ဆရာတည်ကြည်၊ ရထားလာနေ ပြီ တက်တော့"

ကျွန်တော် သူ့ကို အရှေ့မှတင် လိုက်ပြီး ကျွန်တော် နောက်ကတက်ပါ သည်။ ကံအားလျော်စွာ ရထားမှာ ထိုင်ခုံ များလွတ်နေသောကြောင့် ကျွန်တော်တို့ နှစ်ယောက်ထိုင်ကြပါသည်။ ဆရာ တည်ကြည်က သိပ်ကျေနပ်ပုံမပေါ်။ သို့သော် မည်သို့မျှမပြော။

ရထားကြီးသည် မလွကုန်းဘူတာ မှစ၍ထွက်လာခဲ့ရာ ဆရာတည်ကြည် သည် တစ်စုံတစ်ရာကိုတွေးနေပုံရသည်။ ရထားမှာလည်း တဖြည်းဖြည်းနှင့် သဃ်န်းကျွန်းဘူတာရုံသို့ ရောက်နေပြီ ဖြစ် သည်။

ရုတ်တရက် ဆရာတည်ကြည် ထိုင်နေရာမှ ထရပ်လိုက်လေသည်။ ကျွန်တော်လည်း သူထရပ်လိုက်သည်မှာ အကြောင်းတစ်ခုရှိမည်ဟုထင်ကာ -

"ဆရာတည်ကြည် ဘာလဲ၊ ဘာ ဖြစ်တာလဲ"

ကျွန်တော့်အမေးကို ပြန်မဖြေ။ ပြုံးပြီး ကျွန်တော့်ကိုကြည့်နေသည်။

"ဆရာဘာဖြစ်လို့လဲ"

ထိုအခါ သူက ပြုံးပြီး တိုးတိုးလေး ပြောလိုက်သည်။

"ရဲနဲ့ပြဿနာဖြစ်လို့ထလိုက်တာ အိမ်သာကိစ္စမရှင်းရသေးဘူး။ အဲဒါ ဘယ်လိုလုပ်မလဲ"

"အမလေးဟဲ့-သေပါတော့ဆရာ ရယ်။ ဘယ့်နှယ်မလုပ်လို့မရတော့ဘူး။ ဟော-ငမိုးရိပ်ဘူတာရောက်ပြီ။ ဆင်းပြီး အေးတို့အိမ်ကိုသွားမှ ဒီပြဿနာရှင်းမှာ ပေါ့ ဟား ဟား ဟား"

ရထားဘူတာရုံရပ်လိုက်သည်နှင့် ကျွန်တော်တို့နှစ်ယောက် ရထားပေါ်မှ ဆင်းကာ လမ်းလျှောက်ရပါတော့သည်။ သိပ်မလျှောက်ရပါ၊ ငါးမိနစ်၊ (၆) မိနစ် အတွင်း အေးတို့အိမ်ကိုရောက်သွားပါ သည်။

"လာ-အစ်ကို၊ ဧည့်သည်လည်းပါ လာတာကိုး"

အေးက ဖော်ဖော်ရွေရွေ ဧည့်ခံပါ သည်။ သို့သော် ကျွန်တော်လိုချင်တာက ဖော်ရွေခြင်းမဟုတ်၊ ပျူငှာခြင်းလည်း မဟုတ်။ ဆရာတည်ကြည်အတွက် အိမ်သာကိုသာ အရေးတကြီးလိုအပ်နေ ပါသည်။

"အေး၊ အားတော့နာပါတယ်၊ ဒါ ပေမယ့် ကိုယ့်ကို အိမ်သာတစ်ချက် လောက်ပြပေးပါလား"

"ဩော် - ရပါတယ်၊ နောက်ဖေး သာဝင်သွား"

ကျွန်တော် ဆရာတည်ကြည်ကို လှမ်း၍ အချက်ပြလိုက်ရပါတော့သည်။ ဤအဖြစ်ကို ထိုစဉ်က အေးသာသိလျှင် မပြုံးဘဲ ဝါးလုံးကွဲအောင်ရယ်မောမည် သာဖြစ်ပေသည်။

နောက်တစ်ခါ ဆရာတည်ကြည် ၏အပြုံးကို ကျွန်တော်မြင်ရပုံကလေး အနည်းငယ်ပြောပြချင်ပါသည်။ ဆရာ တည်ကြည်သည် ကျွန်တော် လက်ထပ် တော့မည်ဟုပြောစဉ်က အပြုံးမျိုးကို ကျွန်တော်မမေ့နိုင်အောင်ဖြစ်ရပါသည်။

ဆရာတည်ကြည်တို့သည် အိမ် ပြောင်းသာသွားသည်။ ကျွန်တော်နှင့် လုံးဝအဆက်အသွယ်မပြတ်ပါ။ တစ်နေ့ ဆရာတည်ကြည်၏အိမ်သို့ ကျွန်တော် ရောက်သွားသည်။ ကျွန်တော်လက်ထပ် တော့မည့်အကြောင်း ပြောပြပါသည်။

"ဖိုးချစ်၊လက်ထပ်တာတော့ဟုတ် ပါပြီ။ ဖိုးချစ်မိဘတွေက သဘောတူကြ ရဲ့လား"

ကျွန်တော် လက်ထပ်မည်ဖြစ်၍ ကျွန်တော့်မိဘများ သဘောမတူကြပါ။ သဘောမတူစရာအကြောင်းကလည်းရှိ ပါသည်။ ကျွန်တော်တို့အိမ်တွင် အလုပ် လုပ်သူသုံးဦးရှိပါသည်။ ကျွန်တော်ရယ်၊ ကျွန်တော့်ညီရယ်၊ ကျွန်တော့်ခယ်မ (ညီ မိန်းမ) ရယ်ပါ။ သို့သော် ကျွန်တော့် ဝင်ငွေက အိမ်မှာအဓိကဖြစ်နေပါသည်။

ကျွန်တော်လက်ထပ်မည်ဆိုခြင်း ကို ကျွန်တော့်အဖေက အကြီးအကျယ် ကန့်ကွက်ပါသည်။ ညီနှင့်ခယ်မတို့က လည်း ကန့်ကွက်ပါသည်။ တစ်စုံတစ်ရာ မပြောဘဲ ငြိမ်နေသူက ကျွန်တော့်အမေ ပင် ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်လက်ထပ် မည်ဆိုလျှင် လက်ခံမည့်သူများ သုံး၊လေး ယောက်ရှိမည်ထင်ပါသည်။ ပစ္စည်းဥစ္စာ လည်း အသင့်အတင့် ကြွယ်ဝချမ်းသာ ကြပါသည်။ကျွန်တော်သည် ပစ္စည်းဥစ္စာ ကြွယ်ဝသူကိုမယူဘဲ ငမိုးရိပ်သူကိုယူခြင်း ဖြစ်၍လည်း သဘောမတူကြခြင်းဖြစ်ပါ သည်။

ထိုတိုက်ပွဲမည်မျှပြင်းထန်လည်းဆို လျှင် ကျွန်တော် အိမ်မှထွက်သွားတော့ မည်အထိ ပြင်းထန်လှသည်။ ကျွန်တော် သည် ပဲခူးဘက်သို့ထွက်သွားမည်ဟု စိတ်ကူးလိုက်သည်။ ပဲခူးတွင် ကျွန်တော့် ဆရာကြီး ဦးမောင်တင်ရှိနေသည်။ ဦးမောင်တင်ထံ ကျွန်တော်သွားမည်။ ဟိုမှာအလုပ်လုပ်မည်ဟုစိတ်ကူးပါတော့ သည်။ သို့သော် စိတ်ကူးအကောင် အထည်မပေါ်တော့ပါ။ တစ်နေ့တွင် အမေက ကျွန်တော်၊ သူ့သားငယ်၊ ချွေးမ နှင့်အဖေ့ကိုပါခေါ်လိုက်သည်။ အားလုံး လူစုံသောအခါ အမေကမေးပါတော့ သည်။

"ကိုလှစိန်၊ ရှင်နဲ့ကျွန်မအိမ်ထောင် ကျတာဘယ်သူပေးစားတာလဲ"

"ဟယ်-ဒီမိန်းမဘာတွေလာပြော နေတာလဲ၊ ကိုယ့်ဘာသာကိုယ်ကြိုက်လို့ ယူတာပေါ့"

ထို့နောက် အမေက ကျွန်တော့် ညီငယ်နှင့်ညီမတို့ဘက်သို့လှည့်ကာမေး လိုက်ပြန်သည်။

"ဝင်းမောင်၊ မင်းတို့လင်မယားကို ဘယ်သူပေးစားတာလဲ"

"ကျွန်တော်တို့ကြိုက်လို့ယူခဲ့တာ ပါ။ ဘယ်သူမှမပေးစားပါဘူး"

"ကောင်းပြီ-ငါပြောမယ်။ ငါတို့ တုန်းကလည်း ကြိုက်လို့ယူခဲ့တယ်။ မင်း တို့နှစ်ယောက်လည်းကိုယ်ကြိုက်လို့ကိုယ် ယူခဲ့ကြတယ်။ ဘယ့်နှယ်-မင်းတို့အစ်ကို ကျမှ မယူရဘူး၊ မင်းတို့ကြိုက်တာမှယူရ မယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး။ ကဲ-သား ချစ်ဆွေ၊ မနက်ဖြန်ကိုလာပြီးစေ့စပ်မယ် လို့ပြောလိုက်ပေတော့ ဒါ ငါ့အမိန့်ပဲ"

"ဟာ - ခင်ဗျားအမေက တော် တော်သဘောထားပြည့်ဝတာပဲ"

ဆရာတည်ကြည်က ပြောလိုက် သည်။ သူ့မျက်နှာမှာလည်း တကယ် ဝမ်းသာနေသည်ကို ဖော်ပြနေသည်။

"ဒါတင်မကသေးဘူး ဆရာတည် ကြည်၊ အေးက နောက်ထပ်ဆက်ပြော သေးတယ်၊ ဘာလဲသိသလား"

"အင်း-ပြောစမ်းပါဦး"

"အမေနဲ့အဖေဟာ ဒီသားကြီး ပေါ်မှာမှီခိုနေတယ်လို့ သူထင်တယ်တဲ့။ မင်္ဂလာဆောင်ပြီးရင် ကျွန်တော့်လခ ဘယ်လောက်ရမှန်း သူမသိဘူးတဲ့။ ဒါပေမယ့် လခအကုန်လုံးကို အဖေ့ကို ကန်တော့တယ်လို့သာပြောလိုက်ပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com

ဆရာတည်ကြည်သည် အံ့သြ၍ မဆုံးနိုင်ဘဲ မျက်လုံးများက မျက်ရည်များ ကျလာပါတော့သည်။

"ကျွန်တော် ဒီမိန်းကလေးမျိုး ဒီ တစ်ခါပဲကြုံဖူးသေးတယ်ဗျာ သာဓု၊ သာဓုလို့ခေါ်ပါတယ်ဗျာ"

ဤသို့ဖြင့် ကျွန်တော် မင်္ဂလာ ဆောင်ကိစ္စများနှင့် လုံးပန်းနေရသည်။ မင်္ဂလာဆောင်ဖိတ်စာကို အတင်း ဆရာ တည်ကြည်ဆီသို့ အပြေးအလွှားပို့လိုက် ရသည်။

မင်္ဂလာဆောင်သောနေ့ ဆွေမျိုး များမရောက်ခင်မှာပင် ဆရာတည်ကြည် နှင့် ဒေါ်ခင်နှင်းမြင့် (ဒေါ်ကုလားမ) တို့ ရောက်လာကြသည်။ ဖြစ်ပုံက ရေခဲမုန့် မှာထားပြီး မုန့်ခပ်မည့်သူမှာမထားမိပါ။ ကျွန်တော် တော်တော်အကျပ်ရိုက်နေ ပါသည်။

"ကဲ - ဒီလိုလုပ်"

ဟု ဆိုကာ ဆရာတည်ကြည်သည် သူဝတ်ထားသော တိုက်ပုံအင်္ကျီကို ချွတ် လိုက်သည်။

"ဟော့ဆရာ၊ ဘာလုပ်မလို့လဲ"

"ရေခဲမုန့်ခပ်ပေးမယ်လေ၊ ခင်ဗျား တို့မင်္ဂလာဆောင်မှာ ကျွန်တော် လက်ဖွဲ့ တယ်လို့ သဘောထား။ ခင်ဗျား နောက် ထပ်မပြောနဲ့တော့"

ဆရာတည်ကြည်သည် နံငယ် ပိုင်းကိုပတ်ကာ ရေခဲမုန့်များထားသည့် ပုံးနေရာသို့ သွားလေတော့သည်။ ကျွန် တော် အားနာလှသဖြင့် ဒေါ်ခင်နှင်းမြင့် ကို အကူလှမ်း၍ကြည့်လိုက်၏။ ဆရာမ ဒေါ်ခင်နှင်းမြင့်ကလည်း လုပ်ပစေ ဟူသော သဘောမျိုးနှင့် ကျွန်တော့်ကို လက်ကာပြလေသည်။

ထိုအချိန်တွင် ဧည့်သည်များ ရောက်လာကြပြီ။ ကျွန်တော်လည်း ဧည့်သည်များကြားတွင် ဟိုသွားလိုက် ဒီလာလိုက်နှင့် အလုပ်ရှုပ်နေတော့သည်။ တဖြည်းဖြည်းနှင့် ဧည့်သည်မှာစိစပြုပေ ပြီ။ နေ့လယ် (၁၂) နာရီလည်းထိုးပေ တော့မည်။ ကျွန်တော် သတိရသဖြင့် ဆရာတည်ကြည်ကို လှမ်းကြည့်လိုက် သည်။

တိုက်ပုံချွတ်ထားသောကြောင့် အပေါ်ပိုင်းက ရှပ်အင်္ကျီလက်ရှည်နှင့် အောက်ပိုင်းတွင် နံငယ်ပိုင်းပတ်ထားပြီး ဆေးလိပ်ကို ဖွာရှိုက်နေသော ဆရာ တည်ကြည်ကို တွေ့ရပေတော့သည်။

"ကဲ-လူလည်းကုန်သလောက်ရှိပြီ ကျွန်တော်တို့လည်း ပြန်ကြမယ်ဟေ့။ ကုလားမရေ ပြန်ကြမယ်ဟေ့"

ထိုအချိန်မှာ ဆရာမဒေါ်ခင်နှင်း မြင့်တွင် ကိုယ်ဝန်ရှိနေပြီဖြစ်သည်။ဆရာ တည်ကြည်၏ သမီးအကြီးမသက်သက် မှာ ဆရာတည်ကြည် ရေခဲမုန့်ခပ်သည့် အချိန်က ဆရာမဝမ်းဗိုက်ထဲမှာပဲရှိနေပါ သေးသည်။ ဆရာတည်ကြည်တို့ပြန်မည် ဟု ပြုလုပ်နေစဉ် ဆရာတည်ကြည်ဖိနပ် ပျောက်သွားပါတော့သည်။ မည်သူမှား စီးသွားမှန်းမသိ။

"ဒီမှာဖိုးချစ်၊ ဘာမှစိတ်မကောင်း မဖြစ်နဲ့။ ခင်ဗျားဖိနပ်တစ်ရန်ပေးလည်း ကျွန်တော်မစီးဘူး။ဘာဖြစ်လို့လဲသိလား။ ကျွန်တော်အချစ်ဆုံးဖြစ်တဲ့ ဖိုးချစ်နဲ့ ဇနီး အေးတို့ကို ကျွန်တော် အမှတ်တရဖြစ် အောင်ကိုမစီးတာ။ ရေခဲမုန့်လည်းခပ်ပြီး ပြီ၊ အခုဖိနပ်လည်းပျောက်တယ်၊ ဒါဟာ ကျွန်တော့်အထိမ်းအမှတ်ပဲ။ ကဲ-သွားပြီ"

ဆရာမက ရှေ့မှထွက်သွားပြီး ဆရာတည်ကြည်က နောက်မှဖိနပ်မပါ ဘဲလိုက်သွားလေသည်။

ကျွန်တော် ဆရာတည်ကြည် ဘုကျပုံ၊ ကန့်လန့်ကျပုံကိုသာရေးနေ သည်ဟု မထင်မှတ်ပါနှင့်။ ဆရာတည် ကြည်ကောင်းကြောင်းလည်း ရေးရပါဦး မည်။ သို့သော် ဆရာတည်ကြည်ဒေါသ ကြီးပုံလေးကိုဖြည့်၍ရေးလိုက်ပါသည်။

ကျွန်တော် အိမ်ထောင်ကျပြီး သားဦးလေး မောင်မျိုးမြင့်ဆွေကို မွေး ပါသည်။ ထိုအချိန်တုန်းက ကျွန်တော့် ယောက္ခမများ ဘိုကလေးသွားနေချိန် ဖြစ်ပါသည်။ ဘိုကလေးမှပြန်လာသော အခါ သူတို့မင်္ဂလာဆောင်အတွက် မုန့် မှာထားပါသည်။ အဲဒီမုန့်ကို ကျွန်တော် သင်္ဘောဆိပ်သို့သွားပို့ရမည်ဖြစ်သည်။

ထိုနေ့က အမှတ်မထင် ဆရာ တည်ကြည်အိမ်သို့ ရောက်လာပါသည်။

"ကဲ-မင်းတို့နှစ်ယောက် မုန့်ထည့် တဲ့ခြင်းတောင်းကိုကားပေါ်တင်ပြီးသွား ကြပေတော့"

ကျွန်တော်နှင့် ဆရာတည်ကြည် သည် သုံးဘီးကားတစ်စီးငှားကာ ကား ပေါ်တွင် မင်္ဂလာဆောင်ကျွေးမည့် ခြင်းတောင်းကြီးကိုတင်ပြီး ထွက်လာခဲ့ လေသည်။ ဆရာတည်ကြည်မှာ သူ့ အိတ်ထဲမှ စီးကရက်ကိုထုတ်သောက်ပြီး ကားပေါ်တွင် ကြွခြေရရထိုင်လိုက်လာပါ သည်။ ကားလေးသည် တဖြည်းဖြည်း မြို့ထဲသို့ရောက်လာပါသည်။ယင်းအချိန် အထိ ဘာပြဿနာမှမပေါ်သေးပါ။ကား မှာ ဆိပ်ကမ်းထဲသို့ကွေ့ဝင်လိုက်သည်။

ဆိပ်ကမ်းထဲတွင် လူများဟိုမှဒီမှ သွားလာလှုပ်ရှားနေကြသည်။ ထိုအခါ ကားဆရာက-

"ဆရာတို့ လူသိပ်များတယ်ဗျာ၊ ကျွန်တော် ဒီနေရာမှာပဲ ရပ်ပေးတော့ မယ်။ ဆရာတို့ဆင်းပြီးသာလျှောက်ကြ ပေတော့"

"ဟာ - ဘယ်ဖြစ်မလဲ၊ ခင်ဗျားကို ကမ်းနားရောက်အောင်ပို့ဖို့ ကျွန်တော် ငှားလာတာပဲ။ သိပ်မဝေးတော့ပါဘူး၊ ရောက်အောင်သာပို့ပေးပါ"

"ကျွန်တော်ဒီနားမှာတင်ရပ်တော့ မယ်"

"ဟေ့လူ၊ ဒါဘာလုပ်တာလဲ။ ခင်ဗျားဆက်မပို့ဘူးလား၊ ပို့မှာလား တစ်ခွန်းတည်းပြောဗျာ။ ခင်ဗျားက လူကိုဘာကောင်တွေများမှတ်နေသလဲ။ ကျုပ်က စာရေးဆရာဗျ၊ ခင်ဗျားစာလုံး မည်းကြီးနဲ့ သတင်းစာထဲမှာပါသွားချင် လို့လား"

ဆရာကည်ကြည် ဒေါနှင့်မောနှင့် ပြောလိုက်သည်။ သူ့အိတ်ထဲမှ စာပေ လုပ်သားကတ်ပြားကိုလည်း ကားအဖုံး ပေါ်သို့ ပစ်တင်လိုက်သည်။

"ကဲ-မလိုတော့ပါဘူးဗျာ၊ ဟိုရှေ့ က လူတွေစုနေတဲ့နေရာလေးကိုသာပို့ ပေးပါ။ ကျွန်တော်တို့မှာ ပစ္စည်းသယ်ရ မှာဆိုတော့ မလွယ်လို့ပါ"

ကျွန်တော်သည် ကားဆရာကို ဖျောင်းဖျလိုက်ပြီး ကားစက်ဖုံးပေါ်တွင် တင်ထားသော ဆရာတည်ကြည်၏ စာပေလုပ်သားကတ်ကို ပြန်ယူလိုက် သည်။ ကားဆရာသည် မအီမသာနှင့် ကျွန်တော်ပြောသည့်နေရာကို လိုက်ပို့ ပေးရတော့သည်။ ဆရာတည်ကြည်က တော့ ကားဆရာကို ပေစောင်းစောင်း ကြည့်ရင်း မြေပေါ်သို့ပစ္စည်းများချနေပါ တော့သည်။

**▫ ဆရာတည်ကြည်၏ကောင်းပုံများ**

အချိန်တွေကြာခဲ့ပါသည်။ ဆရာ တည်ကြည်လည်း အိမ်ထပ်ပြောင်းဖြစ် သည်။ ဆရာတည်ကြည်နောက်ပြောင်း သောအိမ်မှာ အရင်က တက္ကသိုလ် တင်မြင့်ပြောင်းခဲ့သောအိမ်ဟု တစ်ဆင့် သိရပါသည်။ ကျွန်တော်သည် ဆရာ တည်ကြည်အိမ်သို့ တစ်ခါတစ်ရံသာ ရောက်ပါတော့သည်။ ဆရာတည်ကြည် ၏ အိမ်သည် ဘောက်ထော်မှာဖြစ်ပြီး ကျွန်တော့်အိမ်မှာ ငမိုးရိပ်တွင်ဖြစ်သော ကြောင့် သွားရေးလာရေးမှာသိပ်အဆင်

www.burmeseclassic.com

www.burmeseclassic.com

မပြောတော့ပေ။

တစ်ခါ ဆရာတည်ကြည်၏ 'သိန်းနက်' မှာ ဈေးကွက်ထဲတွင် ရောင်းကောင်းနေပြန်သည်။ ပထမဆုံး သိန်းနက်ဝတ္ထုမှအမှာစာကို ကျွန်တော်ရေးပေးရသော်လည်း နောက်ထပ်ထွက်သော သိန်းနက်တို့မှာ အမှာစာကို မည်သူရေးသည်မသိတော့ပါ။

ဆရာတည်ကြည်မှာ အခြေအနေကောင်းနေပြီဖြစ်၍လည်း ကျွန်တော် အသင့်အတင့် မေ့ထားလိုက်ပါသည်။ ဆရာတည်ကြည်သည် ကျွန်တော့်အိမ်သို့ တစ်ခါတစ်ရံလာပြီး ကျွန်တော်ကလည်း တစ်ခါတစ်ရံသွားပါသည်။ ဟိုတုန်းကလို ပူးတွဲပူးတွဲမလုပ်တော့ပါ။ လုပ်ရန်လည်း အခြေအနေကမပေးပါ။ သူ့အလုပ်နှင့်သူဖြစ်နေသောကြောင့် ပူးတွဲပူးတွဲမလုပ်ခြင်းလည်းဖြစ်ပါသည်။

ကျွန်တော်သည် ဆရာတည်ကြည်အိမ်သို့ရောက်လျှင် တစ်ခါတစ်ရံ ထမင်းစားပြီးမှ ပြန်လေ့ရှိပါသည်။ ကျွန်တော်ကျောင်းမှထွက်၍ အလွတ်ပညာသင်ကျောင်းထောင်ထားပါသည်။ကျွန်တော့်တွင် စာတိုင်းသင်နေကျ ဆရာဦးလှဝင်းထွက်သွားသဖြင့် ဆရာဦးခင်မောင်တိုးကို ဆရာတည်ကြည်က အစားထိုးခန့်ပေးလိုက်သည်။ ဦးခင်မောင်တိုးသည် လူတော်လူကောင်းတစ်ယောက်ဖြစ်ရုံမျှမက ကျောင်းသားကျောင်းသူများကိုပါ သံယောဇဉ်ရှိသူတစ်ဦးဖြစ်သည်။

တစ်ခါ ၁၉၉၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲလုပ်ကြပါသည်။ ဆရာတည်ကြည်က ရွေးကောက်ပွဲတွင် အမတ်လောင်းတစ်နေရာပါလာပါသည်။ ရွှေကျွန်းဦးစိန်ဝင်းက အမတ်လောင်းတစ်နေရာ။ သူတို့နှစ်ဦးစလုံးမှာ ကျွန်တော့်မိတ်ဆွေများဖြစ်နေပါသည်။ သို့သော် ရွေးကောက်ပွဲတွင် ဆရာတည်ကြည် အရွေးမခံရသလို ရွှေကျွန်းဦးစိန်ဝင်းလည်း အရွေးမခံရပါ။

မိတ်ဆွေတစ်ဦးက -

"ခင်ဗျားဆရာကားတောင်စီးနေပါကလား"

ဟုပြောသဖြင့် ကျွန်တော် ဆရာတည်ကြည်အိမ်သို့ရောက်သွားပါသည်။ ဟုတ်ပါသည်။ ဆရာတည်ကြည် ကားစီးနိုင်သည့်အခြေအနေသို့ ရောက်သွားပါသည်။ ကျွန်တော် အတော်ပင်ဝမ်းသာမိပါသည်။ ထို့နောက် 'ဆရာတည်ကြည်နှင့် အခြား' ဆိုသော ဝတ္ထုစာအုပ်တွင် ကျွန်တော်ရေးသောဝတ္ထုရှည်တစ်ပုဒ်ပါထည့်ထားသည်ကိုတွေ့ရသဖြင့် ဆရာတည်ကြည်ကောင်းစားသွားသော်လည်း ဘဝမမေ့ဟု ကျွန်တော် ယူဆလိုက်ပါသည်။

ကျွန်တော်လည်း ထိုအချိန်က တောင်ဒဂုံသို့ ပြောင်းရွှေ့နေထိုင်ရပါသည်။ ၁၉၈၈ အရေးအခင်းဖြစ်ပြီး ကျွန်တော် အိမ်ရောင်းရပါသည်။ သားကြီးက တတိယနှစ် သချာတက်နေပြီး သားငယ်က ပထမနှစ် ဓာတုဗေဒတွင် တက်ရောက်နေပါသည်။

တောင်ဒဂုံတွင်ကျွန်တော်ကျောင်းထောင်ပါသည်။ ယခင်ကလို ဘာသာစုံကျောင်းမျိုး မဟုတ်တော့ပါ။ ကျွန်တော်က အင်္ဂလိပ်စာ၊ သားကြီးက သချာ၊ သားငယ်က ဓာတုဗေဒ ဟူ၍ (၃)ဘာသာ သင်ကြားပါသည်။

ကျွန်တော်လည်း စားဝတ်နေရေးကျပ်တည်းသဖြင့် ဆရာတည်ကြည်ဆီသို့ မရောက်နိုင်တော့ပါ။ တစ်ခါတစ်ရံ မြို့ထဲတွင်တွေ့ကြပါသည်။

"အခြေအနေကတော့ သိပ်မကောင်းဘူး ဖိုးချစ်"

"ဘာအခြေအနေကိုပြောတာလဲ။ စီးပွားရေးအခြေအနေလား၊ နိုင်ငံရေးအခြေအနေလား"

"နှစ်ခုစလုံးပဲ ဖိုးချစ်ရာ၊ နောက်မှ အေးအေးဆေးဆေးတွေ့ကြသေးတာပေါ့။ အခုတော့ ကိစ္စရှိတယ် သွားမယ်"

ထိုစကားပြောပြီးနောက် ဆရာတည်ကြည် ပျောက်သွားပါတော့သည်။ ကျွန်တော်လည်း ဆရာတည်ကြည်အကြောင်း မေ့သလောက်ပင်ဖြစ်နေပါသည်။

ကျွန်တော်လေဖြတ်သဖြင့် အိမ်ရောင်းကာ ငှားနေရသည့်အဖြစ်ဆိုးနှင့် ကြုံတွေ့ရပါသည်။ နှစ်ပေါင်းကလည်း ကြာမြင့်လှပေပြီ။ ဆရာတည်ကြည်အကြောင်း ပြောမည့်သူလည်းမရှိ၊ မေးမည့်သူလည်းမရှိ။ ကျွန်တော်လည်း ဆရာတည်ကြည်ကိုလိုက်မရှာနိုင်၊ လိုက်ရှာရန်မှာလည်း သူ့လိပ်စာကို ကျွန်တော်မသိ။

ကျွန်တော့်စိတ်ထဲ တစ်စုံတစ်ခုလိုနေသလို ခံစားရပါသည်။ မည်သည့်ကိစ္စလိုနေသည်ကို ကျွန်တော့်ကိုယ်ကျွန်တော်ပြန်စဉ်းစားသော်လည်း အဖြေကားမထွက်။ လိုနေသည်ကတော့ အမှန်ဟုသာထင်မိပါသည်။

နောက် (၂) နှစ်လောက်ကြာသောအခါ ကျွန်တော် တောင်ဥက္ကလာပ(၇)ဆူဘုရားသို့ အမှတ်မထင်ရောက်လာပါသည်။ ဘုရားကို လှည့်ပတ်ဖူးရင်း မမျှော်လင့်ဘဲ ဆရာတည်ကြည်ကို ချာခနဲတွေ့လိုက်ပါသည်။ သူတစ်ဦးတည်းမဟုတ်။ အဖော်လေး၊ငါး၊ခြောက်ယောက်လောက်ကိုလည်း တွေ့လိုက်ပါသည်။ ဘုရားပေါ်ရှိ သစ်ပင်တစ်ပင်တွင် စာတန်းတစ်ခုလည်း ရေးဆွဲထားပါသည်။ ဝင္ကသုတ်ပူဇော်ပွဲဟူ၍ဖြစ်သည်။ ဆရာတည်ကြည်မှာ အညိုရောင်အကျီ အညိုရောင်လုံချည်နှင့်ဖြစ်ပါသည်။

"ကဲ - ဖိုးချစ်၊ ကြုံကြိုက်တုန်း ဘုရားကန်တော့ပြီးရင် ဝင္ကသုတ်ပူဇော်ပွဲကိုလည်း ဝတ်ပြုဆုတောင်းပေါ့"

ကျွန်တော် အပိုစကားမပြောနိုင်တော့ပါ။ ဆရာတည်ကြည်ကိုယ်တိုင်ယောဂီရောင်ဝတ်စုံဝတ်ထားသည်ဆိုကတည်းက သူတို့ဘာလုပ်တော့မည်ကို ကျွန်တော်သိနေပါသည်။ ကျွန်တော် သေသေချာချာထိုင်ပြီး ဘုရားကို ကန်တော့ပါသည်။ ပြီးတော့မှ ဆရာတည်ကြည်ဘက်သို့လှည့်လိုက်ပြီး -

"ဆရာတည်ကြည် အခုဘယ်မှာနေလဲ၊ ဘာလုပ်နေသလဲ"

ဆရာတည်ကြည်သည် အမျိုးအမည်မခွဲခြားတတ်သော အပြုံးဖြင့် ကျွန်တော့်ကို တစ်ချက်ကြည့်လိုက်သည်။ ပြီးမှ -

"ဖိုးချစ်၊ ကျွန်တော် ခင်ဗျားကို ဟိုတုန်းကတည်းက ချစ်လာတာပါ၊ အခုလည်း ချစ်တုန်းပါပဲ။ ဒါပေမယ့် ဘုရားလာပြီး အိမ်အကြောင်းတွေ မမေးပါနဲ့တော့ ဟုတ်လား။ ကျွန်တော်လည်း ခင်ဗျားအကြောင်းကို သိချင်ပါတယ်။ ဒါပေမယ့် မမေးတော့ပါဘူး"

ထိုမျှဖြင့် စကားပြတ်သွားပါသည်။

ကျွန်တော်လည်း မနက်စာမနက်၊ ညစာညရှာစားနေသည့်ဘဝသို့ရောက်သွားပါသည်။ ကျွန်တော် သည်နည်းဖြင့် ထမင်းစားဖို့ ရှာရဖွေရပါသည်။ ကျွန်တော့်သားနှစ်ယောက်က သူ့အဘိုးနှင့်နေထိုင်နေပါသည်။

ကာအားလျော့စွာ ကျောင်းမှာတုန်းက တပည့်ဖြစ်သူနှင့်တွေ့ပါသည်။ သူက စည်ပင်သာယာရုံးတွင် အရေးပါသောပုဂ္ဂိုလ်ဖြစ်နေသည်။ ကျွန်တော့်ကိုတွေ့သောအခါ သူကအံ့သြဟန်ဖြင့် -

"ဆရာ၊ ဆရာဘာလာလုပ်တာလဲ။ ကျွန်တော်ဘာကူညီရမလဲပြော"

"ငါမင်းတွေ့လို့ဝင်လာတာပဲ၊ ငါ



www.burmeseclassic.com

www.burmeseclassic.com

အလုပ်တစ်ခုလိုချင်တယ်"

"ဆရာမလုပ်ပါနဲ့၊ ဆရာကလေး တစ်ယောက်ကိုလုပ်ခိုင်းပါ။ အလုပ်တစ်ခုကတော့ရပါတယ်"

"ဟော့ကောင် ငါပဲလုပ်ချင်တယ်ကွာ။ မင်းအလုပ်ဆိုတာသာပြောပေတော့"

"ဒီလိုဆိုလည်း မနက်ဖြန်ကို ဆရာလာခဲ့ပါ။ ကျွန်တော်စီစဉ်ထားပါ့မယ်"

သူချိန်းထားသောနောက်တစ်နေ့တွင် သူနှင့်သွားတွေ့ပါသည်။

"ရော့ - ဆရာ၊ အဲဒီမှာ ခန့်စာ။ ဆရာဘာမှလုပ်စရာမလိုဘူး။ ဒီစာရွက်ကိုပြရုံပဲ"

ခပ်တိုတိုပြောရလျှင် ကျွန်တော့်တပည့်ကောင်းမှုကြောင့် အလုပ်ရလေတော့သည်။ ဘာမှလဲမလုပ်ရ လက်မှတ်ထိုးပြီး ခဏကြာပြန်၊ ဒီအလုပ်ပဲလုပ်နေရသည်။ ထို့ကြောင့် ကျွန်တော် ဆရာတည်ကြည်အကြောင်းကို ထောက်လှမ်းပါတော့သည်။

ဆရာတည်ကြည် ဘုန်းကြီးဝတ်နေသည်ဟု သတင်းကြားပြန်သည်။ ထပ်၍ထပ်၍စုံစမ်းသောအခါ မင်္ဂလာဒုံမြို့နယ် မှော်ဘီတွင်ရှိကြောင်း သတင်းရပါတော့သည်။ ကျွန်တော် ချက်ချင်းထ၍လိုက်သွားပါသည်။ မှော်ဘီကိုလည်း ရောက်ပါသည်။ မည်သည့်နေရာ၊ မည်သည့်ကျောင်းကိုရှာရမှန်းမသိပေ။ သို့နှင့် မှော်ဘီမှတပ်ခေါက်ပြန်ခဲ့ရသည်။

ဒုတိယအကြိမ် ထပ်၍သွားပြန်သည်။ ဒီတစ်ခါတော့ ဆင်းရမည့်မှတ်တိုင်၊ ကျောင်းအမည်နှင့် ပတ်ဝန်းကျင်ကိုပါမေးလာပါသည်။ ထောက်ကြန့်သို့ရောက်ပြီဆိုလျှင် နွယ်ခွေရွာကိုမေးရသည်။ အဲဒီမှာ ကားပေါ်ကဆင်းပြီး လာလမ်းအတိုင်းပြန်လျှောက်လျှင် တိုးဂိတ်ကိုတွေ့ရမည်။ တိုးဂိတ်မှရှေ့ကို တည့်တည့်ဆက်သွားလျှင် တစ်မှတ်တိုင်ကျော်ကျော်လောက်၌ ဘယ်ဘက်ကိုကြည့်လိုက်လျှင် ဘုရားတစ်ဆူကိုတွေ့ရမည်။ထိုဘုရား၏ဘွဲ့တော်မှာ မိုးကောင်းစေတီဖြစ်သည်။ မိုးကောင်းစေတီဘေးတွင် ဆရာတော်ကျောင်းရှိသည်ဟု အသေးစိပ်မှတ်ကာလာပြန်ပါသည်။

ဒီတစ်ခါ ဆရာတော်ဆွမ်းစားနေသည်ကို တွေ့ရပါတော့သည်။ လူအမည်က ဆရာတည်ကြည်ဖြစ်သော်လည်း ဘုန်းတော်ကြီးဘွဲ့မှာ ရှင်နေမိန္ဒမဟာဝိဇ္ဇာဖြစ်ပါတော့သည်။ ဆရာတော်ကိုဝင်၍ ဦးခိုက်လိုက်သည်။ ဆရာတော်က ဘာမှမပြော၊ လှည့်၍ပင်မကြည့်။ ဆွမ်းစားမြဲသာစားနေရသည်။

ကျွန်တော့်စိတ်ထဲတွင် အနည်းငယ်တုန်လှုပ်သွားပါတော့သည်။ ဆရာတော်များ မမှတ်မိ၍လား၊ မည်သည့်အကြောင်းများရှိနေသနည်း။ ကျွန်တော်သည် ဖွဲကောင်းကောင်းဖြင့်စောင့်နေသည်။ အနီးတွင်လည်း ဆွမ်းကပ်သော ဒါယကာနှစ်ယောက်။ သူတို့ကလည်း ကျွန်တော်ရောက်၍ ဖူးမြော်သည်ကို မသိသလိုနေကြသည်။ ဆွမ်းပွဲများကိုသာ ယင်ကောင်လာမည်စိုး၍ ယပ်ခတ်နေကြသည်။

နာရီဝက်ခန့်ကြာသောအခါ ဆရာတော် ဆွမ်းစားပြီးသွားသည်။ သို့သော် သူလက်ထဲမှသပိတ်ဖြင့် ကျေးငှက်များကို အစာကျွေးနေပြန်သည်။ ကျွန်တော်လည်း စိတ်ထဲတွင် မချင့်မရဲဖြစ်နေပါသည်။ ငါဒီကိုလာမိတာမှားများမှားရှေ့သလားဟုပင် စိုးရိမ်စိတ်က ဖုံးလွှမ်းလာသည်။

ဆရာတော်သည် ငှက်များကို အစာကျွေးပြီးမှ ပြန်ထိုင်လိုက်သည်။

"ဖိုးချစ်၊ ခင်ဗျား အခုမှလာသလား"

ဆရာတော်က နှုတ်ဆက်တော့မှပင် ကျွန်တော်ဝမ်းသာလွန်း၍ မျက်ရည်များပင်လည်လာပါတော့သည်။

"ဖိုးချစ်"

ကျွန်တော် ဆရာတော့်စကားကို ချက်ချင်းမတုံ့ပြန်နိုင်ပေ။ ခဏကြာသောအခါမှ 'ဘုရား' ဟု တစ်ခွန်းတည်းသာ တုံ့ပြန်နိုင်ပါသည်။

"ဖိုးချစ်၊ ဝမ်းနည်းနေတယ်နဲ့တူတယ်၊ ဘာဝမ်းနည်းစရာရှိသလဲ။ ဖိုးချစ်တို့၊ ဆရာတော်တို့ဆိုတာ ဘဝပေါင်းများစွာဆုံခဲ့ရပြီးပြီ။ အတက်၊ အကျ၊ အနိမ့်၊ အမြင့်တွေလည်း စုံခဲ့ပြီးပြီ။ နောက်ဆုံးမှာ ကိုယ်သွားရမယ့်လမ်းက တစ်လမ်းပဲရှိတယ်။ အဲဒါက သေရွာလမ်းပဲလေ။ ကိုယ်သေလို့လည်း ချစ်ပါတယ်၊ ခင်ပါတယ်ဆိုတဲ့လူတွေ လိုက်သေနိုင်ကြသလား"

"မှန်ပါ့ဘုရား၊ လိုက်မသေနိုင်ကြပါဘူး"

"အဲဒီတော့ ကိုယ့်လမ်းကို ကိုယ်သွားရမှာပဲ မဟုတ်လား။ ကိုယ့်လမ်းကို ကိုယ်သွားရရင် ဘယ်လိုသွားကြမှာလဲ၊ ဘယ်သူ့အဆုံးအမနဲ့သွားကြမှာလဲ"

"မှန်ပါတယ် ဘုရား"

"အေး-ဗုဒ္ဓအဆုံးအမနဲ့သာသွားကြရမှာ၊ ဗုဒ္ဓရဲ့အဆုံးအမနဲ့သွားကြရင် ဗုဒ္ဓအလိုကျဖြစ်အောင်နေဖို့တော့လိုမှာပေါ့ ဖိုးချစ်"

"မှန်လှပါ ဘုရား"

"ကဲ-ရောက်တုန်းစကားကောင်းမနေနဲ့၊ ဟဲ့-ဒကာ၊ ဒါဘုန်းကြီးရဲ့သူငယ်ချင်း။ သူ့ကိုခေါ်သွားပြီး ထမင်းကျွေးလိုက်ဟုတ်လား။ ထမင်းစားပြီးမှ ဘုန်းကြီးဆီကို ဖိုးချစ်လာခဲ့ပေါ့"

ကျွန်တော်သည် ဆရာတော်၏ တပည့်ဒကာတစ်ဦးနှင့်အတူ လမ်းမဘက်ဆီသို့ထွက်ခဲ့သည်။

"ဟာ - ကိုချစ်ဆွေ၊ ခင်ဗျားကိုချစ်ဆွေမဟုတ်လား"

"ဟာ - ကိုကျော်သူရ၊ တွေ့ရတာဝမ်းသာတယ်ဗျာ။ ခင်ဗျားလည်း အခုဒီမှာပဲလား"

"အစ်ကိုချစ်တဲ့ညီဆိုတော့ အစ်ကိုက ဘုန်းကြီးဝတ်တယ်၊ ညီက ဘုန်းကြီးနောက်က ရေပူရေချမ်းကမ်းပေါ့လေ ဟဲ ဟဲ ဟဲ"

"လာ-ထမင်းစားကြရအောင်"

"ကျွန်တော်မစားတော့ဘူး၊ ကဲ - သူ့ကိုသာခေါ်သွားလိုက်ပါ"

ဒီလိုနှင့် ကျွန်တော် ဆရာတော်ဆီသို့ ရောက်ခဲ့ပါသည်။ ထမင်းစားပြီးအပြန်တွင် ဆရာတော်အား ဖူးမြော်ပြီး ပြန်ရန်ပြင်ဆင်ပါတော့သည်။

"အေးကော နေကောင်းတယ်မဟုတ်လား"

"အေးနေကောင်းပါတယ်၊ ဒါနဲ့ ဒေါ်ခင်နှင်းမြင့်ကောဘုရား"

"အင်း - သူကတော့ သူ့သားထောင်ကျနေတာကို သွားတွေ့နေရတယ်လေ"

"ဗျာ - ဘုန်းသက်ပိုင်ကိုပြောတာလား၊ ဘာဖြစ်လို့လဲ"

"နိုင်ငံရေးကိစ္စလို့ထင်တာပဲ၊ အင်း ဒုက္ခတွေပေါ့လေ ဒုက္ခ၊ ဒုက္ခ"

"အရှင်ဘုရား ဘာမှမလုပ်ဘူးလား"

"သူ့ဟာသူ လွတ်ချိန်တန်တော့ လွတ်လိမ့်မပေါ့လေ"

ကျွန်တော်သည် ရှေးဖြစ်နောက်ဟောင်းများပြောဆိုနေသည်မှာ နေ့လယ် (၂)နာရီလောက်ရှိသွားပြီဖြစ်သည်။ ပြန်ရန်အချိန်တန်ပြီဟုထင်သဖြင့် ဆရာတော်ကို ဦးချလိုက်ကာ-

"တပည့်တော်ပြန်ပါဦးမယ်ဘုရား"

ဟု လျှောက်ထားလိုက်သည်။

"အင်း-ပြန်ဦးပေါ့လေ၊ ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com

ဆီကို မကြာမကြာလာပါ ဟုတ်လား"

"တပည့်တော် မြောက်ဥက္ကလာပ စိုက်ပျိုးရေးခြံမှာအလုပ်လုပ်နေပါတယ် ဘုရား။ နေ့တိုင်းမဟုတ်တောင် ရက်ခြား ဆိုသလို အရှင်ဘုရားဆီကို ရောက်မှာပါ ဘုရား"

ကျွန်တော်လည်း ခြံနောက်ပေါက်ကထွက်ခဲ့သည်။ ခြံနောက်ကထွက်ပြီး (ဘာလား)ချောင်းစပ်သို့ရောက်သော အခါ နောက်မှ ကိုကျော်သူရပြေးလိုက်လာသည်ကို တွေ့ရသည်။ ကျွန်တော် ကိုကျော်သူရကို စောင့်လိုက်ပါသည်။ ကိုကျော်သူရလက်ထဲတွင် စာအိတ်တစ်လုံးကိုတွေ့ရသည်။ နှုတ်မှလည်းပြောလိုက်သည်။

"ရော့-ကိုချစ်ဆွေ၊ ဒါဘုန်းကြီးက စွန့်ခိုင်းတာ"

"အိုဗျာ၊ ကျွန်တော်ကသာ ဘုန်းကြီးကိုလှူရမှာ၊ မယူချင်ဘူးဗျာ"

"မယူချင်လို့မရဘူး ဆရာ၊ ဆရာတော်က မင်းလိုက်ပေးဆိုလို့ ကျွန်တော် လာပေးရတာ။ တော်တော်ကြာ ဆရာတော်က ကျွန်တော့်ကိုပြဿနာလုပ်နေဦးမယ်"

ကျွန်တော်သည် ကိုကျော်သူရ လက်ထဲမှ စာအိတ်ကိုလှမ်းယူလိုက်ပါတော့သည်။ ကိုကျော်သူရလည်း ချက်ချင်းလှည့်ပြန်သွားပါသည်။ ကျွန်တော်စာအိတ်ကိုဖြေကြည့်လိုက်ပါသည်။ ငွေငါးထောင်ဖြစ်သည်။ ထိုအချိန်က ငွေငါးထောင်ဆိုသည်မှာ ကျွန်တော့်အတွက် မနည်းလှပါ။ ကျွန်တော်သည် ဆရာတော်ကို စိတ်ထဲမှ ဦးညွတ်ကန်တော့လိုက်ပါသည်။

နောက်တစ်လလောက်ကြာသော အခါ ကျွန်တော် ဆရာတော်ကျောင်းသို့ ရောက်သွားပါသည်။ ရောက်သွားပုံကလည်း ကျွန်တော့်အမျိုးသမီးနှင့် စကားပြောအဆင်မပြေသောကြောင့် ရောက်သွားခြင်း ဖြစ်ပါသည်။

ဆရာတော်သည် ကျွန်တော့်ကို ယခင်ကအတိုင်းပင် ထွေးထွေးနွေးနွေး ဆက်ဆံပါသည်။ ကျွန်တော့်ဝွင်ပါလာသော လက်ဆွဲအိတ်ကိုကြည့်ပြီး -

"ဖိုးချစ်၊ ကျောင်းမှာအိပ်မလို့လား"

"မှန်ပါ၊ မှန်ပါဘုရား"

"အေး - အိပ်မယ်ဆိုရင် ဟိုဘက်ကျောင်းဆောင်ကိုသွား၊ တံခါးဖွင့်ထားတယ်။ နောက်ပြီး လူတစ်ယောက်လည်း အဖော်ရအောင် လွှတ်ပေးလိုက်မယ်။ ဘာမှအားနာစရာမရှိဘူး။ မျက်နှာသုတ်ပဝါ၊ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာအားလုံး ဘုန်းကြီးစီစဉ်ပေးမယ် ဟုတ်လား။ တရားထိုင်ချိန်ကျရင် တရားထိုင်ပေါ့။ မထိုင်နိုင်ရင်လည်း ကိုယ့်ဘာသာကိုယ်နေပါ။ ဘုန်းကြီးဆီကိုလာတာ၊ တရားမမွှအရိပ်ကိုဝင်တာကိုပဲ ဘုန်းကြီးဝမ်းသာလှပါပြီ"

ထိုအချိန်တွင် လူတစ်ယောက်ဝင်လာပါသည်။ ဝင်လာသူက ဆရာတော်ကို ဝတ်ပြုပြီး ခေါင်းမော့လိုက်သည်နှင့် ဆရာတော်ကမိန့်ပါတော့သည်။

"ဒကာဝင်းတင့်အောင်၊ သူ့ကိုမှတ်ထား။ ဘုန်းကြီးနဲ့သေဖော်ရှင်ဖက်။ ဒကာဝင်းတင့်အောင်က သူနဲ့အတူတူသွားနေ၊ ကိစ္စရှိတာကို အကုန်လုပ်ပေးလိုက်၊ သူလည်း စာရေးဆရာပဲ။ တက္ကသိုလ်ကြည်သင်းတဲ့။ ကဲ-ဖိုးချစ်၊ နားနားနေနေ အဆောင်ကိုသွားတော့"

ကျွန်တော်နှင့် ကိုဝင်းတင့်အောင်တို့ ဆရာတော်ညွှန်ပြသောအဆောင်သို့ သွားကြပါသည်။ အဆောင်မှာ ခပ်ကျယ်ကျယ်ဆိုလျှင် နှစ်ယောက်အိပ်ရမည်။ ထိုကဲ့သို့ အခန်းလေးခန်းရှိပါသည်။ တချို့ကလည်း သော့ခတ်ထားသည်ကိုတွေ့ရသည်။ ကိုဝင်းတင့်အောင်က ခြင်ထောင်၊ ခေါင်းအုံး၊ စောင်များယူလာသဖြင့် ကျွန်တော် နေသားတကျလုပ်ကာ နဖူးပေါ်တွင် လက်တင်ရင်း စဉ်းစားနေပါသည်။

ဟိုတုန်းက ဆရာတည်ကြည်သည် ဘုကျကျခွတိုက်တိုက်နှင့်နေထိုင်ခဲ့သူဖြစ်ပါသည်။ ယခုမူ ဟိုတုန်းကနှင့် များစွာကွဲလွဲနေတော့သည်။ အချိန်က စကားပြောနေပါကလားဟုသာ မှတ်ချက်ပေးမိပါသည်။

ညတွင် ကိုဝင်းတင့်အောင်က အဖော်အဖြစ် အိပ်ပေးပါသည်။ နံနက်လင်း သည်နှင့် ကျောင်းဝေယျာဝစ္စများကို ဆောင်ရွက်ပါသည်။ ကျွန်တော်လည်း ဆရာတော်နှင့် သွားစကားပြောလိုက်၊ တရားထိုင်လိုက်၊ နားနေလိုက်နှင့် တော်တော်အဆင်ပြေပါသည်။ အလုပ်ကလည်းထွက်လိုက်ပါသည်။

တစ်ပတ်လောက်ကြာသောအခါ သားငယ် မိုးအောင်ဆွေ မေးစမ်း၍ ကျောင်းသို့ရောက်လာပါသည်။ ကျွန်တော် တရားထိုင်နေသဖြင့် အပြင်မှစောင့်နေပါသည်။ ပြီးတော့မှ ကျွန်တော့်ထံလာပါသည်။

"ဖေဖေ၊ အိမ်ရောင်းတော့မယ်၊ အဲဒါ မေမေက အခေါ်ခိုင်းလိုက်လို့"

"မင်းအစ်ကိုနဲ့မင်းမမတို့ကလေး တွေကော မနေကောင်းကြရဲ့လား"

"အားလုံးနေကောင်းကြပါတယ်၊ ဖေဖေကိုမျှော်နေကြတယ်။ အခု တစ်ခါတည်း သားနဲ့လိုက်ခဲ့ပေတော့"

"နေပါဦး၊ ဆရာတော်ကိုလျှောက်ရဦးမယ်"

ကျွန်တော်နှင့် သားငယ်တို့ ဆရာတော်ကျောင်းသို့ လျှောက်သွားသည်။ ဆရာတော်က မိုးအောင်ဆွေကိုကြည့်ကာ-

"မင်းဖိုးချစ်သား မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား၊ သားငယ်ပါ"

"မင်းအဖေကိုလိုက်ခေါ်တာလား၊ အေး - ပြန်ရမပေါ့လေ။ ဒါပေမယ့် ဘုန်းကြီးဆီကိုတော့ မကြာမကြာလာနော်"

"မှန်ပါ့ဘုရား၊ လာပါ့မယ်ဘုရား"

"အေး - သွားကြ၊ သွားကြ။ ဟဲ့-ကျော်သူရ၊ ဒီမှာဖိုးချစ်ပြန်တော့မလို့တဲ့။ ထုံးစံအတိုင်း လမ်းစရိတ်ပေးလိုက်ဦး"

"မပေးပါနဲ့ဘုရား၊ သားတို့ဆီမှာ ပြည့်စုံပါတယ်"

"အင်း - မင်းကပြည့်စုံပါတယ်လို့ ပြောလည်း ဘုန်းကြီးကတော့ ပေးရမှာပဲလေ။ ကဲ - ကျော်သူရပေးလိုက်"

ကျော်သူရလှမ်းပေးသောငွေကို ကျွန်တော်ယူလိုက်ရပါသည်။ တကယ်ဆိုလျှင် ဒကာတွေကသာ ဘုန်းဘုရားတို့ကို ပံ့ပိုးရမည်မဟုတ်ပါလား။ သို့သော် ဘုန်းကြီးက လမ်းစရိတ်ထုတ်ပေးနေပြန်သည်။ ဘုန်းဘုရားသည် လူ့ဘဝတွင်သာမက ဘုန်းကြီးဘဝမှာပင် ကျွန်တော့်အပေါ် သိတတ်ပါကလား၊ ဝတ္တရားကျေပွန်ပါကလားဟု စိတ်ထဲတွင် စိတ်မကောင်းဖြစ်မိသည်။

နောက်နှစ်လလောက်အကြာတွင် ဆရာတော်၏ကျောင်းကို တစ်ခေါက်ရောက်ပြန်ပါသည်။ သည်တစ်ခါရောက်ပုံက အရင်တစ်ခေါက်ကနှင့်မတူတော့ပေ။ ကျွန်တော့်ဇနီး၊ သားနှစ်ယောက်အပြင် ကျွန်တော့်ချွေးမနှင့် မတော်ရသေးသော ချွေးမအငယ်တို့ ပါလာကြပါသည်။ ကလေးနှစ်ယောက်က ကားအံဖုံးထဲတွင်ထိုင်လိုက်ကြပါသည်။ သူတို့လေးတွေကတော့ ပျော်လို့ရွှင်လို့ပေါ့လေ။

ဆရာတော်သည် ကျွန်တော်တို့ ကျောင်းပေါ်တက်လိုက်သည်နှင့် ဆီး၍ မေးပါတော့သည်။

"ဟေ့-ဖိုးချစ်၊ အဆင်ပြေကြတယ်



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား"

"မှန်လှပါ၊ အဆင်ပြေပါတယ် ဘုရား။ သားနှစ်ယောက်ပါလာတဲ့အပြင် သူ့အမျိုးသမီး၊ တပည့်တော်ဇနီးအပြင် နောက်ကိုတော်ရမယ့်ချွေးမလောင်းပါ ပါပါတယ်ဘုရား"

"အေး - ကောင်းတယ် ကောင်းတယ်။ အေးကော နေကောင်းတယ် မဟုတ်လား"

"နေကောင်းပါတယ် ဘုရား၊ အရှင်ဘုရားဆီကို လူမရောက်ပေမယ့် စိတ်ကတော့ အမြဲရောက်နေပါတယ် ဘုရား။ ဒါနဲ့ ဆရာမကော"

"ရှိပါတယ်၊နောက်တော့သွားတွေ့ ကြပေါ့လေ"

ကျွန်တော်သည် ဖိနပ်တစ်ရန် အပြင် ဘောဇဉ်များနှင့် ငွေကျပ်တစ်သိန်း ကို ဆရာတော့်ရှေ့တွင် ချထားလိုက်သည်။

"ဆရာတော်ဘုရား၊ လေ့ကား အတက်အဆင်းကနည်းနည်းကွဲနေတယ် လို့ထင်ပါတယ်။ တပည့်တော်ကို ပြင်ခွင့် ပေးတော်မူပါဘုရား"

"အေး - ပြင်မယ့်လူရှိပေမယ့် ဘုန်းကြီးအပြင်အခံဘူး။ ဒါပေမယ့် ဖိုးချစ်ကိုတော့ အပြင်ခံရမှာပေါ့။ ဟဲ့ - ကျော်သူရ ခေါ်စမ်း"

ထိုအချိန်တွင် ကျောင်းပေါ်၌ လူဆယ်ယောက်ခန့်ထိုင်နေကြသည်ကို တွေ့ရသည်။ ကျွန်တော်မှတ်မိသည်က ဆရာဝန်မ ဒေါ်မြင့်စိန်၊ မမီးမီးနှင့် သူ့ယောကျ်ားတို့သာသိပါသည်။ ကျန်လူ များကို ကျွန်တော်မသိပါ။

"ဟဲ့ - ကျော်သူရ၊ ဖိုးချစ်က လေ့ကားအတက်၊ အဆင်းကို နည်းနည်း ပြင်ချင်တယ်ပြောတယ်။ အဲဒါဘယ် လောက်ကုန်မယ်မှန်းသလဲ"

"သုံးသောင်းလောက်ဆိုလောက် ပါတယ် ဘုရား"

"ကဲ - ဖိုးချစ်၊ သုံးသောင်းတဲ့"

ကျွန်တော်သည် ထုတ်ထားသော ငွေတစ်သိန်းကို ဆရာတော်ရှေ့တွင်ချ လိုက်သည်။

"ဟဲ့ - ကျော်သူရ၊ ပန်းကန်လေး တော့ပေးလိုက်ပါဦး"

ကျော်သူရက ပန်းကန်ပေးလိုက် ပြီး ကျွန်တော်က ဖိနပ်၊ ဘောဇဉ်များ ကိုထည့်ကာ -

"ဒီမှာ ငွေတစ်သိန်းလှူပါတယ် ဘုရား"

"ဟဲ့-တစ်သိန်းတောင်များလှချေ လား"

"မှန်လှပါ၊ ကျောင်းပြင်ဆင်ပြီးရင် ပိုတာကို အရှင်ဘုရား စီမံခန့်ခွဲတော်မူ ပါဘုရား။ တပည့်တော်တို့စိတ်ဆုံးဖြတ် ချက်နဲ့လာတာပါ ဘုရား"

"အေး - ကောင်းပါတယ်၊ သာဓု ဗျာ။ ဒါနဲ့နေပါဦး၊ ဖိနပ်တစ်ရန်က ဘာအတွက်လဲ။ ကေန္တတော့ ဖိုးချစ် မင်္ဂလာဆောင်တုန်းက ဖိနပ်ပျောက် သွားတာကို ပြန်ပြီးအစားပေးတာထင် တယ်"

ပြောပြီး ဆရာတော်က ရယ်မော နေပါတော့သည်။ ဆရာတော်၏မှတ် ဉာဏ်ကို ကျွန်တော်မချီးမွမ်းဘဲမနေနိုင် တော့ပါ။ ဟိုလွန်ခဲ့သည့်အနှစ်လေးဆယ် ကျော် ငါးဆယ်လောက်က ကျွန်တော့် မင်္ဂလာဆောင်တွင် ဆရာတော် ဖိနပ် ပျောက်ခဲ့ကြောင်း ယခုဆရာတော့်စကား ကြားမှပင် ကျွန်တော် လွန်ခဲ့သောအနှစ် လေးဆယ်၊ ငါးဆယ်ကအကြောင်းကို ပြန်ပြောင်းတွေးမိပါသည်။ သြော်-မှတ် ဉာဏ်ကောင်းလှသည်ဟုသာ ဆိုချင်ပါ တော့သည်။

ဆရာတော်နှင့် ပြောကြဆိုကြပြီး အပြန်တွင် ဆရာမဒေါ်ခင်နှင်းမြင့်ကို ဝင်ရှာပါသည်။ ညှိသည်တွေ့ချင်သည် ဆိုသဖြင့် ဒေါ်ခင်နှင်းမြင့် ထွက်လာပါ သည်။

"သြော်-ဘယ်သူလဲမှတ်တယ်၊ ဖိုး ချစ်တို့ကိုး။ အေးလည်းပါတယ်ဆိုတော့ အေးနေကောင်းသလားလို့ မမေးတော့ ပါဘူး ဟဲဟဲ"

ဆရာမဒေါ်ခင်နှင်းမြင့်(ဒေါ်ကုလား မ) မှာ ပိန်လွန်းသော်လည်း သူ့ကျန်းမာ ရေးကို ကျွန်တော် ကျေနပ်ပါသည်။

ဒီလိုနှင့် ဆရာတော်ကျောင်းမှ ပြန်ကြပါတော့သည်။ ဝဋ္ဋသုတ်ပူဇော်ပွဲ ကလည်း နီးကပ်နေပြီ ဖြစ်ပါသည်။ ကျွန်တော်သည် ဝဋ္ဋသုတ်ပူဇော်ပွဲသို့ မဖြစ်မနေသွားရဦးမည်မဟုတ်ပါလား။

ဝဋ္ဋသုတ်ပူဇော်ပွဲကာလသည် ဧပြီ လ၊ မြန်မာလိုပြောရလျှင် တန်ခူးလဆန်း ၉ ရက်နေ့ဖြစ်ပါသည်။ ဝဋ္ဋသုတ်ပူဇော်ပွဲ ကို လူပေါင်းစုံလာကြပါသည်။

ဆရာဆွေမြင့်၊ ဆရာမရွှေကူမေ နှင်း၊ ယောနကဖိုးထောင် သူတို့ရောက်ရှိ နေပါသည်။ (၁၁) ရက်လုံးလုံး အားလုံး ချောမွေ့စွာ ပြီးစီးသွားသည်။ နောက်ဆုံး ရက်တစ်ရက်တွင်မူ အမည်မဖော်လိုသူ တစ်ဦးထ၍ ပူးပူးဝါးဝါးလုပ်ပါတော့၏။ ဆရာတော်ထံခေါ်သွားသောအခါ ဆရာ တော်က -

"ဖိုးချစ်၊ အိမ်ပြန်ပို့လိုက်ပါ"

ဟု အမိန့်ပေးပါတော့သည်။

ကျွန်တော်လည်း ပြန်တော့မည့် ဆဲဆဲဖြစ်နေသည်။ အိမ်မှကားလည်း ရောက်နေပါသည်။ ထို့ကြောင့် ဆရာ တော်ကို အကျိုးအကြောင်းပြောပြပြီး ကျွန်တော်လိုက်မပို့နိုင်တော့ပါ။ နောက် တော့ ဆရာမရွှေကူမေနှင်းလိုက်ပို့သည် ဟု ကြားရပါသည်။

ဝဋ္ဋသုတ်ပူဇော်ပွဲတွင် အဖျက်ခေါ် မလားမပြောတတ်ပေ။ ထိုနည်းဖြင့် ကျွန်တော်ကျင်လည်ခဲ့ရပါသည်။ ဆရာ တည်ကြည်နှင့် ဆရာရှင်နေမိန္ဒြမ္မဝိဇ္ဇာ အကြောင်းရေးသားမည်ဆိုက စာအုပ် တစ်အုပ်စာရှိမည်ထင်ပါသည်။ အဘယ် ကြောင့်ဆိုသော် ကျွန်တော်နှင့် ဆရာ တော်တွဲလာသည်မှာ နှစ်ပေါင်း(၅၀)ခန့် ရှိမည်ဖြစ်သည်။ တချို့အရေးကြီးသည့် အကြောင်းများကို ချန်လှပ်ခဲ့ရပါသည်။ ဆရာတော်အကြောင်းရေးသားရာတွင် ကျွန်တော့်အကြောင်းကပါနေတတ်ပြန် သည်။ မပါ၍လည်းမဖြစ်ပေ။

ကျွန်တော် ဒီမှာပင်ဤဆောင်းပါး ကို နိဂုံးချုပ်ပါမည်။ လူ့ဘဝဆိုသည် မှာ လောဘ၊ ဒေါသ၊ မောဟများဖြင့် ပြည့်လျှမ်းနေသည်။ ကျွန်တော်တို့သည် တစ်နည်းမဟုတ် တစ်နည်းဆိုသလို လောဘနောက်ကို လိုက်နေကြသည်။ ဒေါသစေခိုင်းရာကို လုပ်နေကြသည်။ မောဟဖုံးလွှမ်းနေကြသည်။ ဆရာ တည်ကြည်လည်း လောဘ၊ ဒေါသ၊ မောဟဖုံးလွှမ်းခဲ့ပါသည်။ စိတ်တိုခဲ့ဖူး သည်။ ဘု၊ ခွ၊ ကန့်လန့်လုပ်သူဟူ၍ နာမည်ကြီးနေပါသည်။

မည်မျှပင် အဆိုးဘက်ကိုဦးတည် စေခဲ့ပါမူ အဆုံးတွင် အို-နာ-သေကိုသိ လာသည်။ အို-နာ-သေကိုကြောက်လာ သည်။ ရွံလာသည်။ အို-နာ-သေမှ လွတ် မြောက်ရန် လမ်းစရှာကြသည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု မြင်လာ သည်။ ထိုအနိစ္စ၊ ဒုက္ခ၊ အနတ္တမှ လွတ် မြောက်ရန် တစ်လမ်းသာရှိသည်။ ထို တစ်လမ်းကပင် ဆရာတည်ကြည်ဘဝမှ ရှင်နေမိန္ဒြမ္မဝိဇ္ဇာဘဝသို့ပြောင်းသွားခြင်း ဖြစ်သည်။ ခရီးသည် အဝေးကြီးမဟုတ် ပါ။ နီးနီးကလေးသာဖြစ်သည်။ မိမိအသိ ဖြင့်သာ ဆင်ခြင်တော်မူကြပါဟုသာ တိုက်တွန်း ရေးသားလိုက်ရပါတော့ သည်။

တက္ကသိုလ်ကြည်သင်း



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းတွင်းအခါနဲ့

# ထိပ်ကပ်နှာ

ရိုရိုမြေး



ရာသီအေးမြခြင်းကို ကောင်းစွာအကာအကွယ်မယူပါက အအေးမိပြီး နှာစေး၊ ချောင်းဆိုးခြင်းဖြစ်ကြပါတယ်။ ရိုးရိုးအအေးမိခြင်း၊ ချောင်းဆိုးခြင်းကို ဂရုမပြုဘဲထားပါက အခြေအနေပိုဆိုးလာတတ်ပါတယ်။ ဒါ့အပြင် တုပ်ကွေးဖျားနာခြင်းကြောင့် နှာရည်ကျခြင်းများဖြစ်တတ်ပါတယ်။ ထိုအခါ နှာခေါင်းအတွင်းရှိအမွေးများလှုပ်ရှားမှုနည်းသွားခြင်းကြောင့် နှာခေါင်းအတွင်းမှာ နှပ်ရည်များပြားလာပါတယ်။ သာမန်အားဖြင့် အအေးမိနှာစေးခြင်းဟာ သုံး၊ လေးရက်အတွင်း ပျောက်ကင်းနိုင်ပါတယ်။ နှပ်ရည်ကျခြင်းဟာ အကြည်ရောင်မဟုတ်ဘဲ ဝါနေခြင်း၊ စိမ်းနေခြင်း စတဲ့ အရောင်ပြောင်းလဲမှုဖြစ်ပြီး ရက်ကြာပါက နှာခေါင်းမြွေးရောင်ခြင်းဖြစ်တတ်ပါတယ်။ အဲဒီ နှာခေါင်းမြွေးရောင်ခြင်းကို မကုသဘဲထားပါက ထိပ်ကပ်နှာဖြစ်သွားနိုင်ပါတယ်။

**။ ရောဂါဖြစ်ပွားရခြင်းအကြောင်းရင်း**

လူရဲ့နှာခေါင်းရိုးလိုဏ်ခေါင်းတွေမှာ လေပြည့်နေတဲ့အခန်းငယ်လေးတွေရှိပြီး ပါးရိုးအတွင်းဘက်မှာရှိပါတယ်။ သူတို့ဟာ ချွဲကျိမြေးတွေနဲ့ထိတွေ့နေပါတယ်။ အချွဲအကျိတွေဟာ အလွန်သေးငယ်တဲ့ လေပြွန်တွေကိုဖြတ်ပြီး နှာခေါင်းထဲသို့ရောက်ရှိလာပါတယ်။ နှာခေါင်းပေါက်မှ အသက်ရှူသွင်းလိုက်တဲ့လေများဟာ အဆုတ်ဆီမရောက်မီ နွေးထွေးမှုရှိစေရန်နဲ့ သန့်စင်စေရန် လိုဏ်ခေါင်းအမြေးပါးက ဆောင်ရွက်ပေးပါတယ်။ ဒါ့အပြင် အသက်ရှူလမ်းကြောင်းကဝင်ရောက်လာတဲ့ ဗက်တီးရီးယားပိုးမွှားများကိုဖမ်းထားပြီး လိုဏ်ခေါင်းအမြေးပါးတစ်လျှောက်မှ သေးငယ်သောအမွေးများနဲ့ ချွဲများက စစ်ထုတ်ပေးပါတယ်။

အအေးမိခြင်းကြောင့်လိုဏ်ခေါင်းပေါက်ပိတ်ဆို့ခြင်း၊ ပန်းဝတ်မှုန်ဓာတ်မတည့်ခြင်း၊ အခြားဓာတ်မတည့်ခြင်းတို့ဖြစ်ပါက လိုဏ်ခေါင်းအမြေးပါးရောင်ရမ်းခြင်းတို့ဖြစ်စေနိုင်ပါတယ်။ ထိုသို့ဖြစ်ခြင်းကြောင့် လိုဏ်ခေါင်းအတွင်း၌ လေများလှည့်ပတ်မှုမရှိတော့ဘဲ ပိတ်ဆို့မှုများဖြစ်ကာ အတွင်းဖိအားများပြားလာပါတယ်။ထိုချွဲပိတ်မှုကြောင့် ဗက်တီးရီးယားများ ပိုမိုပေါက်ဖွားလာကာ အပေါ် မေးရိုးမှာပြည်တည်ခြင်း၊ နှာခေါင်းချွဲကျိမြေးကြီးထွားလာခြင်းတို့ကြောင့် ထိပ်ကပ်နှာဖြစ်ပွားလာပါတယ်။

**။ ရောဂါလက္ခဏာများ**

ထိပ်ကပ်နှာဖြစ်လာတာနဲ့အမျှ နှာကျင်မှုဝေဒနာများပါ တွဲဖက်ခံစားရပြီး -

- အဖျားတက်ခြင်း။
- အမြင်အာရုံမှုန်ဝါးခြင်း။
- မျက်နှာအမ်းလာခြင်း။
- နှာချေခြင်း။
- နှာရည်ကျခြင်း။
- နှာရည်ကျပါက နှာရည်ရဲ့အရောင်ကိုသိရှိရန် တစ်သျှူးနဲ့သုတ်ကြည့်ပါ။
- နှာရည်ရဲ့အရောင်ဟာ အရည်ကြည်မဟုတ်ဘဲ အဝါရောင်၊ အစိမ်းရောင်ဖြစ်ပါက ထိပ်ကပ်နှာလက္ခဏာဖြစ်ခြင်း။
- ပါးရိုးနဲ့ နဖူးရိုးတွေဟာ ကလိုဏ်ပေါက်တွေဖြစ်နေတဲ့အတွက် ထိုနေရာများ၌ပြည်တည်နေခြင်း။

**။ ပန်းဝတ်မှုန်ဓာတ်မတည့်ခြင်းဖြစ်လျှင်**

- နှာရည်အမြဲယိုနေခြင်း။
- မျက်လုံးများဖောင်းပြီး ရောင်ရမ်းလာခြင်း။
- နှာခေါင်းမှမည်သည့်အနံ့မျှမရခြင်း။
- ခေါင်းကိုက်ခြင်း။
- မျက်လုံးတစ်ဝိုက်၌ နာကျင်ကိုက်ခဲလာခြင်း။

**။ ထိပ်ကပ်နှာဖြစ်ပြီဆိုလျှင်**

- ထိပ်ကပ်နှာဖြစ်ပြီဆိုပါက တစ်ပတ်ထက်မက ပိုကြာခြင်းကြောင့် နှာစေး၊ နှာပိတ်၊ ချောင်းဆိုးခြင်းဝေဒနာသုံး၊ လေးခုနဲ့ ခံစားရပြီဆိုပါက ဆေးခန်းသို့ သွားရောက်ပြသသင့်ပါတယ်။

**။ ကုသခြင်း**

- နှာစေး၊ ချောင်းဆိုးခြင်းဝေဒနာဟာ သုံး၊ လေးရက်နေလို့မှ မသက်သာရင် ဆေးခန်း၌ပြသပြီး နှာစေးပျောက်ဆေး၊ ပဋိဇီဝဆေးများ စနစ်တကျကုသမှုခံယူပါ။
- ပဋိဇီဝဆေးသောက်ရာတွင် ရောဂါပျောက်ပြီဆိုပြီး ရပ်မပစ်ရပါ။ ဆရာဝန်ညွှန်ကြားချက်အတိုင်း ဆေးပတ်လည်အောင် သောက်ရပါမယ်။ အကယ်၍ ဆေးပတ်လည်အောင်မသောက်ပါက ဆေးနဲ့ ရောဂါပိုးယဉ်ပါးပြီး ဆေးမထိုးတော့တဲ့အဖြစ်မျိုးရောက်သွားနိုင်ပါတယ်။
- ထိပ်ကပ်နှာဖြစ်ခြင်းကို သက်သာစေတဲ့ စပရေးကို အသုံးပြုနိုင်ပါတယ်။
- အက်(စ်)ပရင်၊ ပါရစီတမော စတဲ့ ဆေးများကို ဆရာဝန်ရဲ့ ညွှန်ကြားချက်နဲ့အညီသောက်သုံးနိုင်ပါတယ်။
- Vaporizer အသုံးပြုခြင်း။
- ရေနွေးငွေ့ရှူသွင်းခြင်းနည်းနှင့်ကုသပါက နှာရည်နည်းပါးသွားပြီး သက်သာစေနိုင်ပါတယ်။
- ဝတ်မှုန်ကြောင့်ဖြစ်စေ၊ အခြားဓာတ်များကြောင့်ဖြစ်စေ ဓာတ်မတည့်ခြင်းဖြစ်ပါက Antihistamine ဆေးကို အသုံးပြုနိုင်ပါတယ်။
- ဗက်တီးရီးယားပိုးကြောင့်ဖြစ်ပါက



www.burmeseclassic.com

www.burmeseclassic.com

ပဋိဇီဝဆေးဝါးများနဲ့ ကုသရပါမယ်။

❑ **နှာခေါင်းအတွင်းသို့ မှန်ပြောင်းနှင့် ကြည့်ရှုစစ်ဆေးခြင်း**

- နှာခေါင်းအတွင်းသို့ မှန်ပြောင်းနှင့် ကြည့်ရှုစစ်ဆေးခြင်း။
- ဓာတ်မှန်ရိုက်၍စစ်ဆေးခြင်း။

ထိုသို့ စနစ်တကျ စစ်ဆေးခြင်းကြောင့် ရောဂါ၏ အတိမ်အနက်ကို သိရှိနိုင်ပါတယ်။ တချို့မှာ နှာခေါင်းသိဏ်အတွင်းမှိုပေါက်တဲ့လက္ခဏာများကို တွေ့ရှိရခြင်း၊ နှာခေါင်းနံရံကောက်၍ ဖြစ်နေသော ရောဂါအဆင့်ဆင့်ကို သိရှိနိုင်ပါတယ်။

❑ **နှာခေါင်းရိုးဆေးကြောခြင်း**

- ထိပ်ကပ်နာရောဂါ ပြင်းထန်လာရင် နှာခေါင်းရိုးလိုဏ်ခေါင်းကို ဆေးကြောပစ်ရပါတယ်။
- ဒီကုသမှုကို ထုံဆေးပေးပြီး ပြုလုပ်ရပါတယ်။
- ကြီးထွားနေတဲ့ ချွဲကျိမြေးများကို အတွင်းကြည့်မှန်ပြောင်းနဲ့ကြည့်ရှုပြီး ဖယ်ထုတ်ပေးရပါတယ်။

❑ **ခွဲစိတ်ကုသခြင်း**

- ထိပ်ကပ်နာရောဂါ အတိမ်အနက်ပေါ်မူတည်ပြီး ခွဲစိတ်သင့်တဲ့အခြေအနေဆိုရင်ခွဲစိတ်ကုသပေးပါတယ်။
- အနုစားထိပ်ကပ်နာဟာ သုံးရက်လောက် ဆေးသောက်ရုံနဲ့သက်သာပျောက်ကင်းနိုင်ပေမယ့် အပြင်းစားထိပ်ကပ်နာရောဂါကိုတော့ ခွဲစိတ်ကုသရပါမယ်။
- ခွဲစိတ်ကုသရာမှာ နှာရိုးလိုဏ်အတွင်း ကြီးထွားနေတဲ့ ချွဲကျိမြေးများကိုဖယ်ထုတ်ပေးခြင်းဖြင့် ရောဂါသက်သာပျောက်ကင်းစေပါတယ်။
- ထိပ်ကပ်နာရောဂါကို မကုသဘဲ တာရှည်ထားပါက နာတာရှည်ရောဂါအသွင်သို့ ပြောင်းသွားကာ ကုသရန် ခက်ခဲပါတယ်။
- ရောဂါရှင်ဟာလည်း ထိပ်ကပ်နာရဲ့ ဆိုးကျိုးများကို တာရှည်စွာ ခံစားသွားရမှာ ဖြစ်ပါတယ်။

❑ **ထိပ်ကပ်နာရောဂါရှင်များ ဘယ်လိုအစားအစာကိုစားသုံးသင့်သလဲ**

ဒီရောဂါဟာ နေရထိုင်ရခက်ခဲတဲ့ ဝေဒနာတစ်ရပ်ဖြစ်ပါတယ်။ ဒီရောဂါဟာ ရောဂါပိုးဝင်ရောက်ခြင်းကြောင့် ဖြစ်ပွားတာဖြစ်လို့ ခံနိုင်ရည်ရှိအောင် ကိုယ်ခံစားစနစ်မြှင့်တင်ပေးနိုင်တဲ့ အစား



အသောက်များကို ရွေးချယ် စားသုံးရန် လိုအပ်ပါတယ်။

ဒုတိယအချက်ကတော့ ပန်းဝတ်မှုန်နဲ့ အခြားဓာတ်မတည့်တာကြောင့် ဖြစ်တာမို့ ဓာတ်မတည့်တဲ့ အစားအစာများကို ရှောင်ကြဉ်ရပါမယ်။

❑ **ရောဂါပိုးကိုတိုက်ဖျက်ပြီး ကိုယ်ခံအားမြှင့်တင်ပေးတဲ့စားသုံးသင့်တဲ့အစားအစာ**

- ဇင့်(သွပ်)ဓာတ်ကြွယ်ဝတဲ့ အစားအစာဟာ ရောဂါပိုးများကို တိုက်ဖျက်နိုင်ပါတယ်။

သွပ်ဓာတ်ကြွယ်ဝတဲ့ အစားအစာ (သို့) စားသုံးသင့်တဲ့အစားအစာများကတော့ -

- အခွံမာငါး။
- အသား (ကြက်သား၊ အမဲသား၊ ဆိတ်သား)
- ဥအမျိုးမျိုး (ကြက်ဥ၊ ဘဲဥ၊ ငုံးဥ)
- သစ်စေ့ (ဗာဒံစေ့၊ ဖရုံစေ့ စတဲ့ အစေ့အမျိုးမျိုး)
- အခွံမာသီး (သစ်ကြားသီး)
- မုန်လာဥဝါ၊ မုန်လာဥနီ။
- တရုတ်မုန်လာ စတဲ့ အစားအစာများ ဖြစ်ပါတယ်။

❑ **ခန္ဓာကိုယ်ရဲ့ ခုခံအားကို မြှင့်တင်ပေးတဲ့ အစားအစာများ**

- ရွှေဖရုံသီး။
- ကန်စွန်းဥ။
- သရက်သီး။
- အနီရောင်၊ အဝါရောင်၊ လိမ္မော်ရောင်ရှိတဲ့သစ်သီးများ။
- အစိမ်းရောင်ဟင်းသီးဟင်းရွက်။

❑ **အအေးမိခြင်းကို ကာကွယ်ပေးနိုင်သော အစားအစာများ**

ဗီတာမင်စီဓာတ် ကြွယ်ဝစွာပါဝင်တဲ့ အသီးများကို စားသုံးရပါမယ်။

ဗီတာမင်စီဟာ ထိပ်ကပ်နာရောဂါလက္ခဏာကို လျော့ပါးစေနိုင်ပါတယ်။

- စတော်ဘယ်ရီ၊ လိမ္မော်သီး။
- ရှောက်သီး၊ သံပရာသီး၊ ကီဝီသီး။

❑ **ဓာတ်မတည့်ခြင်းကြောင့် ထိပ်ကပ်နာဖြစ်လျှင် ရှောင်ရန်အစားအစာ**

- ဂျုံနဲ့ပြုလုပ်တဲ့မုန့်အမျိုးမျိုး။
- နွားနို့နဲ့နို့ထွက်ပစ္စည်းအမျိုးမျိုး။
- ဝတ်မှုန်ပါဝင်တဲ့အစားအစာ(ဥပမာ ပျားရည်) ကို မစားသင့်ပါ။

❑ **သတိပြုရန်အချက်များ**

ထိပ်ကပ်နာရောဂါရှိသူတွေဟာ စားသင့်တဲ့အစားအစာနဲ့ ရှောင်သင့်တဲ့ အစားအစာကို ခွဲခြားသိဖို့ လိုအပ်ပါတယ်။

ထိုရောဂါရှင်တွေဟာ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးရန် လိုအပ်တဲ့အတွက် အာဟာရဓာတ်ပြည့်ဝအစားအစာကို စားသုံးရန် လိုအပ်ပါတယ်။

ဒါကြောင့် အာဟာရပြည့်ဝမှုရရှိစေရန် ဆရာဝန်ရဲ့ညွှန်ကြားချက်ကို ရယူပါ။

ဒီရောဂါဟာ အအေးမိ၊ နှာစေး၊ ချောင်းဆိုးခြင်းမှ အစပြုပြီး ဂရုမစိုက် ကုသမှု မခံယူပါက ထိပ်ကပ်နာဖြစ်တဲ့ အထိဖြစ်စေနိုင်တာကြောင့် ရောဂါအစဖြစ်တဲ့ အအေးမိ၊ နှာစေးခြင်း မဖြစ်ပွားစေရန် ဂရုစိုက်ရပါတယ်။

အထူးသဖြင့် ယခုလို အေးမြတဲ့ ဆောင်းရာသီမှာ မိမိကိုယ်မိမိ ဂရုမစိုက်ဘဲ ရေချိုးခြင်း၊ အထက်ပိုင်းဗလာနဲ့နေခြင်း၊ သင့်တင့်မှုတတဲ့ အအေးဒဏ်ခံနိုင်တဲ့ အဝတ်အစားမဝတ်ခြင်း၊ စောင်မခြုံဘဲအိပ်ခြင်း စတဲ့ ဂရုမပြုမှုတွေကြောင့် အအေးမိခြင်းဖြစ်တတ်ပါတယ်။

အအေးမိခြင်းနှင့်အတူ နှာစေးခြင်း၊ ချောင်းဆိုးခြင်းပါ ပူးတွဲပါလာတတ်တာမို့ အအေးမိခြင်းမဖြစ်အောင် ခန္ဓာကိုယ်ကို နွေးထွေးစွာနေဖို့ လိုအပ်ပါတယ်။ ဆောင်းရာသီဟာ အေးမြတဲ့အတွက် နေထိုင်ရတာအထူးကောင်းမွန်ပါတယ်။ ဒါပေမယ့် ဆောင်းရာသီနဲ့ အတူပါလာတဲ့ ရောဂါများမဖြစ်စေဖို့ ကာကွယ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဆောင်းရဲ့အအေးဒဏ်ကို ကာကွယ်ရန် လုံခြုံတဲ့အခန်း၊ အနွေးထည်၊ စောင် အစရှိတဲ့ ပစ္စည်းများကို လိုအပ်သလို အသုံးပြုခြင်းဖြင့် ထိပ်ကပ်နာရောဂါမှ ကင်းဝေးမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။


ခိုင်ခိုင်ငြေး

*From- Internet.*




www.burmeseclassic.com

www.burmeseclassic.com


နေကြာပွင့်ပုံ


ထင်းရှူးသီးပုံ


ဘူးမှာမောင်း၊


အညှာနှင့်အခွေ

# ဆရာစိုး-ရွှေအာရုဏ်ဦး
## ([illegible]) [illegible]
# တားရော့ထဲမှ ရွှေအချိုး * ၏ လျှပ်တစ်ပြက်မြင်ကွင်း





ကျွန်တော်တို့ရဲ့ ကမ္ဘာကြီး အပါအဝင် စကြဝဠာကြီးထဲမှာ လေ့လာဖော်ထုတ်ဖို့ရာမဆုံးနိုင်လောက်အောင် နေရာတကာမှာ ထူးဆန်းနက်နဲတဲ့ ဖွဲ့စည်းတည်ဆောက်ပုံတွေ၊ အရောင်အသွေးတွေကို သဘာဝတရားကြီးက ဖန်တီးထားပါတယ်။


သက်ရှိ သက်မဲ့တွေရဲ့ဘဝဖြစ်စဉ်များစွာကို အစီအစဉ်တကျ/စနစ်တကျ လေ့လာ မှတ်တမ်းတင်ဖို့ သိပ္ပံပညာရှင်တွေက ကြိုးစားခဲ့ကြပါတယ်။ ဓာတုဗေဒပညာရှင်တွေကလည်း ဘဝတွေရဲ့ ဖြစ်စဉ်တွေကို အချိန်အလိုက်ဖြစ်တည်/ပြောင်းလဲ/တည်ဆောက်မှုတွေကို စနစ်တကျ ခွဲခြားစိတ်ဖြာ လေ့လာခဲ့ကြပါတယ်။ အဲဒီကျေးဇူးတွေကြောင့် ရှင်သန်ဖြစ်တည်မှုဘဝဖြစ်စဉ်တွေကို ကျွန်တော်တို့ စုစုစည်းစည်း ဆက်စပ်သိမြင်လေ့လာနိုင်ခဲ့ရပါတယ်။


လူသားတွေ နေထိုင်ကြတဲ့ ကမ္ဘာဂြိုဟ်ကြီးပေါ်က ဘဝပုံစံတွေကို မျိုးတူရာတွေ စုစည်းပြီး အစီအစဉ်တကျ မှတ်တမ်းပြုစုဖို့ လူသားတွေဆန္ဒရှိခဲ့ကြတယ်။

အဲဒီလိုလူသားတွေက သဘာဝတရားကြီးရဲ့ လုပ်ဆောင်မှုတွေကို ဖော်ထုတ်မှတ်တမ်းတင်ဖို့ရာ ကြိုးပမ်းနေစဉ်မှာ သဘာဝတရားကြီးကလည်း ဘဝပုံစံတွေကို ဘယ်လိုတည်ဆောက်မယ်၊ ဘယ်လိုအစီအစဉ်နဲ့လုပ်မယ်ဆို



ပန်းချီ


ပန်းပု


1: .618



အဆောက်အအုံ


ပိရမစ်



www.burmeseclassic.com

www.burmeseclassic.com

တဲ့ သူရဲ့ ကိုယ်ပိုင်စီမံချက်အတိုင်း ဆက်ဆက် လုပ်ဆောင်နေဆဲ ဖြစ်ပါတယ်။

သဘာဝရဲ့ထူးဆန်းအံ့ဩဖွယ်တွေထဲက အသေးဆုံးလေးဖြစ်တဲ့ ခရုအခွံလေးတစ်ခု သို့မဟုတ် ထင်းရှူးသီးကလေးတစ်ခုကို ကြည့်မယ်ဆိုရင်တောင် သူတို့ကို ဖွဲ့စည်းတည်ဆောက်ထားတဲ့ အရေးအကြောင်းနဲ့ ဖွဲ့စည်းမှုတွေဟာ Golden Raio = ရွှေအချိုးလို့ လူသိများတဲ့ အခြေခံစနစ်အရ ဖွဲ့စည်းတည်ဆောက်ထားတာဖြစ်တဲ့အတွက် အလွန်ကြည့်လို့ကောင်းတဲ့ အဆင်ပြေညီညွတ်မှုဖြစ်စေတဲ့/ ပြီးပြည့်စုံတဲ့ ကောက်ကြောင်း(ပုံရိပ်)တစ်ခု ဖြစ်ပေါ်လာတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

အဲဒီရွှေအချိုးနည်းစနစ်အတိုင်း တန်းစီထားတယ်လို့သိရတဲ့အပြင် အမှန်တကယ်တော့ သစ်ပင်ငယ်အများစုဟာ ရွှေအချိုးစနစ်နဲ့ တစ်နည်းမဟုတ်တစ်နည်း၊ တစ်နေရာမဟုတ် တစ်နေရာမှာ ပတ်သက် ဆက်နွှယ်မှုရှိနေကြပါတယ်။ အထူးသဖြင့် ရစ်ပတ်ပြီး အပေါ်ကိုနွယ်တတ်တဲ့ မျိုးနွယ်စုတွေမှာ ဒီလွှမ်းမိုးမှုကို တွေ့ရပါတယ်။

ဒါတင်မကပါဘူး။ပန်းချီဆရာတွေ ပန်းချီရေးဆွဲတဲ့အခါမှာဖြစ်စေ၊ ပန်းပုထုလုပ်တဲ့အခါမှာဖြစ်စေ၊ အင်ဂျင်နီယာတွေ အဆောက်အအုံဆောက်ရမှာပဲဖြစ်စေ အမြင်အာရုံကို ညှို့ယူဖမ်းစားစေနိုင်မယ့် လက်ရာတွေဖြစ်ပေါ်လာစေဖို့ ရွှေအချိုးစနစ်အရေးပါခဲ့ပြီဖြစ်သလို အရေးပါနေဆဲပဲဖြစ်ပါတယ်။


အဲဒီရွှေအချိုးသီဝရီနဲ့အညီ လက်တွေ့အသုံးပြုနေတာတွေကို ခေတ်သစ်အနုပညာလုပ်ငန်းတွေမှာတင်မကပါဘူး။ ခေတ်သစ်ဆောက်လုပ်ရေးလုပ်ငန်းတွေမှာပါ မကြာခဏတွေ့နေရပါတယ်။


တားရော့ကားချပ်များဟာလည်း ရှေးဟောင်းဂမ္ဘီရပညာဆိုင်ရာ အသုံးအဆောင်ပစ္စည်းဖြစ်တဲ့ အားလျော်စွာ တားရော့ရုပ်ပုံတွေထဲမှာရော တားရော့ကားချပ်ရဲ့ အရွယ်အစားတည်ဆောက်မှုမှာပါ ရွှေအချိုးရဲ့နည်းစနစ်တွေ အပြည့်အဝ ပါဝင်နေပါတယ်။

အဲဒီရွှေအချိုးနည်းစနစ်ပါဝင်တာကို စူးစမ်းလေ့လာခြင်းအားဖြင့် တားရော့ပညာရပ်ကို လေ့လာရမှု ပိုမိုနားလည်သဘောပေါက်စေတဲ့အပြင် အကယ်၍သင်ကိုယ်တိုင် 'တားရော့ကားချပ်များ' တီထွင်ပြုလုပ်မယ်ဆိုရင်တောင် အထောက်အကူဖြစ်နိုင်ပါတယ်။

တားရော့ကားချပ်များရဲ့ ဖွဲ့စည်းတည်ဆောက်ဆက်စပ်ထားပုံကို အထူးပြု ခွဲခြမ်းစိတ်ဖြာလေ့လာလိုပါက Tarot-de Merseille ကဲ့သို့ စံထားလောက်သော အရည်အသွေးများနဲ့ပြည့်စုံတဲ့ တားရော့ကတ်ထုပ်ကို ကြည့်ရှုလေ့လာသင့်ပါတယ်။

Merseilleကတ်ထုပ်ထဲက အဓိက Majar ကားချပ်တွေဟာ အသုံးပြုခဲ့သူ အစဉ်အဆက်ကို နည်းကောင်းလမ်းပြ ပြုနိုင်ခဲ့ပါတယ်။






ရွှေအချိုးပုံ

ပုံမှာမြင်တွေ့ရတဲ့အတိုင်း (Fibonacci Sequence) ကိန်းဂဏန်းစဉ်ဟာ Golden Ratio နဲ့ အနီးစပ်ဆုံး ဆက်စပ်မှုရှိနေပါတယ်။

Fibonacci - ကိန်းဂဏန်းစဉ်ဆိုတာက အောက်မှာ ဖော်ပြထားတဲ့ အတိုင်း ကိန်းဂဏန်းတွေတန်းစီပြီး ပြီးခဲ့တဲ့ဂဏန်းထဲကို ယခုရေးတဲ့ဂဏန်းထည့်ပေါင်းရင် နောက်ဂဏန်းတစ်လုံး ရလာပါတယ်။ အဲဒီပုံစံအတိုင်း ကိန်းဂဏန်းတွေဟာ စနစ်တကျ တိုးတက်ဖြစ်ပေါ်လာခြင်းကို ခေါ်ခြင်း ဖြစ်ပါတယ်။

0.1.1.2.3.5.8.13.21 ........

အထက်ပါပုံကို ကြည့်မယ်ဆိုရင် Golden Ratio နဲ့ Fibonacci Sequence (၂) ခုစလုံးရဲ့ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်တွေဟာ ပုံစံတူတိုးတက်ပြောင်းလဲနေတာကို တွေ့မြင်နိုင်ပါတယ်။

တားရော့ကားချပ်တွေကို အဲဒီဂဏန်းစဉ်အတိုင်း လက်တွေ့ဖြန့်ခင်းလိုက်တဲ့အခါ အင်မတန်စိတ်ဝင်စားစရာအတွေးအခေါ်မြောက်မြားစွာကိုမွေးဖွားပေးတဲ့ Spresd = ဖြန့်ခင်းပုံတစ်ခုကို ရရှိပါတယ်။

ရွှေအချိုးနဲ့ပတ်သက်ပြီး အတော်ကလေး ဖော်ပြပြီးတဲ့နောက် အခြေခံစွမ်းအားတွေ အဆင့်ဆင့် တိုးတက်ကြီးပွားရင့်သန် ဖွံ့ဖြိုးလာပုံကို စတင်ဆွေးနွေး တင်ပြလိုပါတယ်။

**O -The-Fool =** ပုံသဏ္ဌာန်မဲ့အဖြစ်သာတည်ရှိနေသေးသောသဘာဝ၏မူလအစ စွမ်းအား။

**I - Magician =** သဘာဝ၏စွမ်းအားတွေကို စုဆောင်းသူ/ စုစည်းထားသူအနေနဲ့လည်း နိမိတ်ဆောင်သလို အဲဒီစုဆောင်းရရှိတဲ့စွမ်းအားတွေကို ကျွန်တော်တို့ရဲ့ကမ္ဘာလောကကြီးသို့ ရောက်အောင်ပို့ဆောင်ပေးသူ/ ဆောင်ရွက်ပေးသူ/ညွှန်ကြားပေးနိုင်သူအနေနဲ့လည်း ပုံဖော်ပါတယ်။

**II - Hight Priestest =** သဘာဝစွမ်းအားတွေကို လက်ခံပေးသူ မူလအစဖြစ်ပါတယ်။

**III - Empress =** သဘာဝတရားတွေကို ပေါင်းစပ်ဖန်တီးမှု၊ စောင့်ရှောက်မှု၊ ပျိုးထောင်မှု၊ အသစ်မွေးဖွားစေမှု၊ ပွားစီးမှုတွေကို ဆောင်ရွက်ပေးပါတယ်။

**IV - Hierophant =** အဆင့်မြင့်ပုဂ္ဂိုလ်၊ အဆင့်မြင့်စွမ်းရည်တွေနဲ့ ဆက်သွယ်ပေါင်းကူးသူအဖြစ် ဆောင်ရွက်ပါတယ်။

**VIII - Justie =** လောက၏ နိယာမ (၃) ရပ်၏ နောက်ဆုံးဥပဒေသ ဖြစ်ပါတယ်။

**XXI - Death**
Rebirth (သံသရာ)
**XXI - Word**


ဒီအပြင် အခြားစိတ်ဝင်စားစရာကောင်းတဲ့အချက်တစ်ခုရှိပါသေးတယ်။ ဘာလဲဆိုတော့ ဟီဘရူးအက္ခရာ (၂၂) လုံးနဲ့ တားရော့ကားချပ် (၂၂) ကပ်နဲ့ အပြန်အလှန် ဆက်နွယ်မှုများစွာရှိတဲ့အထဲက တစ်ခုသောဆက်နွယ်မှုကတော့ ဟီဘရူးအက္ခရာတွေထဲက အဓိကမိခင်-စာလုံး (Mother Letter) (၃) လုံးဟာ ရွှေအချိုးအရ စီစဉ်ထားတယ် ဆိုတာပါပဲ။ Fibonacci ကိန်းစဉ်နဲ့လည်း ကိုက်ညီနေတယ်ဆိုတာကို အောက်ပါအတိုင်း တွေ့မြင်နိုင်ပါတယ်။

ရွှေအချိုးစနစ်ဟာ တားရော့အဓိကကားချပ်တွေထဲမှာ အမှန်တကယ်



www.burmeseclassic.com

www.burmeseclassic.com



Merseille ကားချပ် (၃) ချပ်

ပါဝင်ပတ်သက်မှုရှိနေသလား။

ဒီအချက်ဟာ တားရော့ဝါသနာရှင်တွေအတွက် သတိပြုသင့်တဲ့အချက်တစ်ခုဖြစ်သလို ရှုပ်ထွေးစေနိုင်တဲ့အချက်လည်းဖြစ်နေပါတယ်။ ဒါကြောင့် ဒီရွှေအချိုးစနစ်ဟာ တားရော့ကားချပ်တွေနဲ့ ဘယ်လိုဆက်နွယ်မှုရှိနေတယ်ဆိုတာကို မတူကွဲပြားသောအခြားနည်းစနစ်တစ်ခုနဲ့ သုတေသနပြုထောက်ခံပြီး မှန်ကန်ကြောင်း အဖြေထုတ်ပေးနိုင်မယ့်သူ မပေါ်မချင်း ဆန့်ကျင်ဘက်အမြင်ရှိသူတွေကလည်း ဒုန့်ဒေးပါပဲ။

အဲဒီအခြေအနေကြောင့် ထွက်ပေါ်လာတဲ့ မေးခွန်းကတော့ Golden Ratio - ရွှေအချိုးနဲ့ Tarot - တားရော့နဲ့ ဆက်နွယ်နေတဲ့ အကြောင်းရင်းက ဘာလဲ။

တားရော့ကားချပ်တွေကို အစီအစဉ်တကျဖြစ်အောင် အမိပ္ပာယ်သတ်မှတ်ခြင်း၊ နယ်နိမိတ်သတ်မှတ်ခြင်းတွေကို စတင်တဲ့အခါ (အထူးသဖြင့် Fool ကားချပ်ကို ဘယ်လိုတွေးမြင်ရမလဲ၊ ဘယ်လိုသဘောထားရမလဲ) ဆိုတာက စတင်ရပါလိမ့်မယ်။

အမှန်အတိုင်း ပြောရမယ်ဆိုရင် အမိကတားရော့ကားချပ်တွေကို နယ်နိမိတ်အပိုင်းအခြား (၂၁) ခုအဖြစ် မြင်သင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ Fool ကားချပ်ဟာ နံပါတ် 0 ဖြစ်ပြီး နံပါတ်သတ်မှတ်လို့မရ/တိုင်းတာလို့မရလို့ပါ။

အကယ်၍ ဥပမာအနေနဲ့ အလျားတိုင်းတာဖို့ ပေတံတစ်ချောင်းရှိပြီဆိုကြပါစို့။ ဘယ်ဂဏန်းကစပြီးရေတွက်ရမလဲ။ One = 1 ကနေစပြီး မရေတွက်နိုင်ပါဘူး။ Zero = 0 ဘာမှမရှိသေးတဲ့/နံပါတ်မသတ်မှတ်ရသေးတဲ့အမှတ်တစ်ခုကို အခြေခံပြီးတော့မှ One = 1 ဆိုတာဖြစ်ပေါ်လာခဲ့ရတာပါ။

| ဟီဘရူး အက္ခရာ (မိခင်စာလုံး) | တားရော့ကားချပ် | ရွှေအချိုး (Fabonacci) |
|---|---|---|
| Aleph | Magician | 1 |
| Mem | Death | 13 |
| Tav | World | 21 |



www.burmeseclassic.com

www.burmeseclassic.com

# နို့တိုက်မိခင်များ နို့ကြောင်းပိတ်ဆို့လျှင်

ကလေးမွေးခါစ မိခင်များတွင် တချို့သောမိခင်များသည် နို့ကြောင်းမပွင့်ဘဲ နို့ကြောင်းပိတ်ဆို့နေသူများရှိကြပါသည်။ ထိုသို့ နို့ကြောင်းမပွင့်လျှင် မိခင်နှင့် ကလေး နှစ်ဦးစလုံးဒုက္ခရောက်ကြပါသည်။

တချို့မိခင်များတွင် နို့တစ်လုံးသာ ပွင့်၍ ကျန်နို့တစ်လုံးမှာ ပိတ်ဆို့နေ၏။ တချို့မိခင်များတွင် နို့နှစ်လုံးစလုံးမပွင့်ဘဲ ပိတ်ဆို့တတ်ကြပါသည်။ ဤသို့နို့တစ်လုံးဖြစ်စေ၊ နှစ်လုံးဖြစ်စေ ပိတ်ဆို့မှုဖြစ်နေလျှင် မိခင်၏နို့သည် ပျော့ပျော့ပျောင်းပျောင်းမရှိ အကျိတ်အခဲပုံစံ တောင့်တောင့်တင်းတင်းဖြစ်နေပါမည်။

ထိုတောင့်တောင့်တင်းတင်းဖြစ်နေသောနို့အား ပျော့ပျောင်းသွားရန် သို့မဟုတ် သက်သွားရန် ပြုလုပ်ပေးမှသာ နို့ကြောင်းများ ပြန်လည်ပွင့်မည်ဖြစ်ပါသည်။

နို့ကြောင်းပိတ်နေသောမိခင်သည် နို့အလုံးများရောင်၍နီရဲနေခြင်း၊ ကိုက်ခဲခြင်းအပြင် အပြင်းဖျားသည့်ဝေဒနာများလည်း ခံစားရရှာပါသည်။ တချို့သောမိခင်များတွင် နို့ကြောင်းသည် ပွင့်၏။ သို့သော် ပွင့်ရမည့်နို့ကြောင်းများအကုန်မပွင့်လျှင် နို့မပေါ်၍ ကလေးသည် နို့မဝ။ နို့မဝသည့်အတွက် နေ့၊ ည အငိုဖြင့်သာ အချိန်ကုန်၍ ကလေးရောမိခင်ပါ စိတ်ဆင်းရဲဒုက္ခခံစားရပြန်ပါသည်။

ခေါင်းဘီးတစ်ချောင်းနှင့် မုန့်ညှင်းဆီ (သို့) နှမ်းဆီအနည်းငယ်သာလိုပါသည်။ ခေါင်းဘီးဆိုရာတွင် အသစ်စက်စက်ဘီးမဟုတ်ပါ။ သုံးနေကျသုံးပြီးသားဘီးကို ဆိုလိုပါသည်။ အသစ်စက်စက်ဘီးဖြင့်ပြုလုပ်လျှင် အသွားများချွန်နေသည့်အတွက် စူး၍နာကျင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အသွားတုံးသောပလတ်စတစ်ဘီးကို အသုံးပြုရပါမည်။

ကုသပုံမှာ နို့ကြောင်းပိတ်နေသောမိခင်အား တခြားမိတ်ဆွေအမျိုးသမီးတစ်ဦးဖြစ်စေ၊ ဆွေမျိုးများထဲမှ အမျိုးသမီးတစ်ဦးဖြစ်စေ၊ ဆွေမျိုးကိုယ်ခွဲမရှိမှ လင်ယောကျ်ားအားခိုင်းစေရပါမည်။

ပိတ်ဆို့နေသောနို့တစ်လုံးဖြစ်စေ၊ နှစ်လုံးဖြစ်စေ မာ၍ခဲနေသော နို့အလုံးပတ်ပတ်လည်တွင် မုန့်ညှင်းဆီအနည်းငယ်ဖြင့်အနှံ့ပွတ်ပါ။ ပြီးလျှင် ပလတ်စတစ်ဘီးနှင့် အရင်းမှအဖျားသို့ (နို့သီးခေါင်းဘက်သို့) ဖြည်းညင်းစွာဆွဲချရပါမည်။ နို့အုံအလုံးအား သေချာစွာကိုင်ထိန်း၍ ဖြည်းဖြည်းနှင့်ပျော့ပျောင်းလာစေရန် ဆွဲချပေးပါ။ စလုပ်ခါစတွင် မိခင်ဖြစ်သူနာရှာပါမည်။ ခဏမျှသာသည်းခံခိုင်းပါ။

ဤသို့ လုပ်ပေးရင်းဖြင့် နာရီဝက်၊ တစ်နေ့ထက်တစ်နေ့ ကြာလာသော မိခင်၏နို့သည် တဖြည်းဖြည်းနှင့်ပျော့၍လာပါမည်။ ဆီပွတ်လိုက်၊ ဘီးဖြင့်ဆွဲလိုက်ဖြင့် စိတ်ရှည်စွာပြုလုပ်ပေးရပါသည်။

ထိုအခါ နို့အုံသည် မူလထက် တစ်ဝက်ခန့် ပျော့ပျောင်းလာလျှင် ကလေးအား နို့တိုက်ကြည့်ပါ။ နို့စထွက်လာပါမည်။ အကယ်၍ ဤအချိန် နို့လုံးဝမထွက်သေးလျှင် လူကြီးမှ နို့ချူပေးပါ။ နို့ကြောင်းပွင့်လာပါမည်။

နို့ကြောင်းစပွင့်လျှင် ဤနေ့အဖို့ ဤမျှနှင့်ရပ်ထားရပါသည်။ နို့ကြောင်းများ အကုန်အစင်မပွင့်သေး၍ ဒုတိယနေ့တွင် ပထမနေ့ကဲ့သို့ ထပ်၍လုပ်ပေးရပါမည်။

ထိုအခါမှ မိခင်၏ နို့အုံတစ်ခုလုံးသည် နို့ကြောင်းအားလုံးပွင့်ပါမည်။ တစ်ရက်တည်းအပြီးလုပ်လျှင် မိခင်မခံနိုင်ရှာပါ။ ဘီးအဆိပ်တက်၍ ဖျားသွားနိုင်ပါသည်။

ဤနည်းကလေးသည် ဇနီးသည်သုံးနေကျနည်း ဖြစ်ပါသည်။ ရပ်ထဲရွာထဲက နို့စို့မိခင်များနို့ကြောင်းပိတ်သူတွေ့လျှင် သူကိုယ်တိုင်ကုသပေးနေကျဖြစ်ပါသည်။ မပျောက်သောသူ မတွေ့မိသေးပါ။

ထို့နောက် ဒန့်သလွန်ရွက်ဟင်းချို၊ မိုးနံ့ညှုနှံ့ဟင်းချိုအား နေ့စဉ်ချက်သောက်ပါက နို့များပန်ထွက်သည်အထိ ပေါ်များပါလိမ့်မည်။

စိုးမင်း (မြောက်စည်း)

---

ဒီဆက်နွယ်မှုကို လေ့လာဖို့ရာ ချဉ်းကပ်သင့်တဲ့ လမ်းကြောင်း (၂) ခုအနေနဲ့ ခွဲခြားစဉ်းစားကြည့်ရအောင်။ တားရော့ ၂၀/၂၂ ကတ်ရဲ့ရွှေအချိုးဆိုတာဟာ ကားချပ်တွေရဲ့အမည်တွေနဲ့ မပတ်သက်တဲ့ ကတ်အသီးသီးရဲ့ အဓိပ္ပာယ်သက်ရောက်ရာ ပိုင်ရာဆိုင်ရာ နယ်နိမိတ်အကျယ်အဝန်းတွေကိုရည်ရွယ်တာလား။

ဒါဆိုရင် Death ကားချပ်ဟာ ကျွန်တော်တို့ဘဝရဲ့ အသင့်တော်ဆုံးသော အလယ်ဗဟိုလား၊ အကယ်၍ သေခြင်းတရားဆိုတာ ပြန်လည်မွေးဖွားခြင်းနဲ့ ခွဲခြားလို့မရတဲ့ ဒင်္ဂါးပြားတစ်ခုရဲ့ ခေါင်းဘက်ခြမ်းနဲ့ ပန်းဘက်ခြမ်းနှစ်ခုလို တစ်ဆက်တည်း၊ တစ်သားတည်းရှိနေတယ်လို့ တွေးမြင်ထားခဲ့ရင် အထက်ပါအဆိုကို ယုံကြည်လက်ခံနိုင်မယ်ထင်ပါတယ်။

အခြားနည်းလမ်းတစ်ခုအနေနဲ့ Golden Ratio ရဲ့ အပြန်အလှန်ဆက်နွယ်မှုကို ကိန်းဂဏန်းရဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှုတွေအဖြစ် လေ့လာကြည့်တဲ့ တားရော့ပညာနဲ့ မူလလမ်းကြောင်းဖြစ်တဲ့ ဂမ္ဘီရဆိုင်ရာအတွေးအမြင်တွေ ပျောက်ကွယ်သွားပြီး သင်္ချာဘာသာရပ်တစ်ခုတည်းရဲ့ အတွေးအမြင်တွေသာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

တားရော့ပညာရပ်ကို လေ့လာရာမှာ ကျွန်တော်တို့ နည်းမျိုးစုံနဲ့ခွဲခြမ်းစိတ်ဖြာနိုင်တယ်။ ပေါင်းစပ်တွေးခေါ်နိုင်တယ်။ ဂရိအက္ခရာ (၂၀) လုံးနဲ့လည်း နှိုင်းယှဉ် လေ့လာနိုင်တယ်။ ပြီးတော့ Golden Ratio နဲ့လည်း စိစဉ်ထုတ်ဖော်နိုင်တယ်။ ဒါပေမယ့် တားရော့နဲ့အလုပ်လုပ်နေစဉ်အခါမှာတော့ တားရော့ကားချပ်ပေါ်မှာပါရှိတဲ့ ရုပ်ပုံ (နိမိတ်) အပေါ်မှာထားရှိတဲ့ အာရုံစူးစိုက်မှု၊ စိတ်ဝင်စားမှုကိုတော့ ပျောက်ကွယ်၊ လျော့နည်းမသွားပါစေနဲ့။

Numerolog ဆိုတဲ့ ကိန်းဂဏန်းတွေရဲ့တန်ခိုးသတ္တိစွမ်းအင်တွေကို ထုတ်ဖော်တဲ့ပညာရပ်ဟာ Tarot နဲ့အများကြီးဆက်နွယ်မှုရှိပါတယ်။ ဒါပေမယ့် တားရော့နဲ့ မူလသဘောတရားကို ကျွန်တော်တို့ရဲ့သိစိတ်ကနေတစ်ဆင့် မသိစိတ်ထဲကို စိမ့်ဝင်သွားအောင် ဆက်သွယ်ပေးခဲ့တဲ့ တားရော့ကားချပ်တွေထဲက ရုပ်ပုံ/နိမိတ်ပုံတွေကသာ ကျွန်တော်တို့ကို တားရော့ရဲ့ အနှစ်သာရကို နားလည်စေနိုင်တာ ဖြစ်ပါတယ်။

ဒါကြောင့် Golen Ratio ဆိုတဲ့ ရွှေအချိုးသီဝရီကို -

- အရာရာမှာ ပတ်ဝန်းကျင်နဲ့ အဆင်ပြေညီညွတ်စေဖို့၊
- ပွားစီးဖြစ်ထွန်းမှုကိုပေါ်ပေါက်စေဖို့၊
- ပိုမိုလှပစေဖို့၊
- လေးနက်သိမ်မွေ့စေဖို့ရာအတွက် -

သဘာဝရဲ့ လက်ဆောင်တစ်ခုအနေနဲ့ အမှန်တကယ် တည်ရှိဖြစ်ပေါ်နေတဲ့ သဘောတရားတစ်ခုအဖြစ်သာ နားလည်လက်ခံကြပါစို့။

ဆရာစိုး-ရွှေအာရုဏ်ဦး

(တားရော့သုတေသီ)[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကိုအောင်လှ၊ မဝင်းမြင့်တို့ မိသားစုသည် ကုန်စုံဆိုင်ဖွင့်ပြီး ဝါး၊ဓနိနှင့် သစ်ဆိုင်ပါဖွင့်သဖြင့် စီးပွားရေးတရိပ်ရိပ် တိုးတက်လာသည်။ အစွဲရှိသောဂျီအမ်စီ ကားကြီးကလည်း ဆိုင်တွင်သစ်လာ ဝယ်ယူသော ဆရာတော်ကြီးတစ်ပါးမှ ရှင်းလင်းဖေးသဖြင့် ကားကြီးလည်းအစွဲ ရှင်းသွားပြီး ဆိုင်နှစ်ဆိုင်အတွက် အလုပ် များလုပ်ပေးနေသည်။

တနင်္ဂနွေနေ့နေ့လယ်တွင် သစ်ဆိုင်မှာ အလုပ်ရှုပ်နေသော ကိုအောင်လှထံသို့ တည်းကုန်းဘက်မှ ထင်းပေါက်ခြမ်းများ လာရောက် ရောင်းချသော ကိုမြင့်မောင် ကားကြီးတစ်စီးနှင့် ရောက်လာသည်။

"လာဗျို့ - ကိုမြင့်မောင်၊ ခင်ဗျား မလာတာတောင်ကြာလှပြီဘဲ"

"ဟုတ်တယ် ကိုအောင်လှရေ၊ ကျွန်တော့်မိန်းမရွာမှာ သားတွေရှင်သွားပြုနေလို့ ဒီကိုမလာဖြစ်တာပါ"

"ကိုအောင်လှကို ပြောရဦးမယ်။ ကျွန်တော်တို့နားမှာ ခြံရောင်းဖို့ရှိတယ်ဗျ။ ဈေးကလည်းတော်မှတော်ဗျာ။ သီးပင်စားပင်တွေ . ည်းပါတယ်။ ခြံက (၂) ဧကလောက်ရှိတယ်။ ခြံထဲမှာ အိမ်ဟောင်းကြီးတစ်လုံးလည်းပါသေးတယ်။ (၁၅၀၀၀)ကျပ်လောက်နဲ့ရောင်းမယ်လို့ ကြားတယ်ဗျာ။ ကျွန်တော်မနိုင်လို့ နိုင်ရင်ဝယ်ထားလိုက်တယ်"

"အင်း - စိတ်ဝင်စားစရာတော့ ကောင်းသား။ ဒီလိုလုပ်ပါလား၊ နောက်အပတ်တနင်္ဂနွေနေ့မနက်(၉)နာရီလောက် ကျွန်တော် ခင်ဗျားဆီလာခဲ့မယ်လေ"

"အင်း- အဲဒီနေ့ကျရင် ကျွန်တော် ဖော့ကန်ဈေးကိုလာရဦးမယ်။ကျွန်တော် ဈေးကအပြန်မှာ ကိုအောင်လှဆီဝင်လာခဲ့မယ်လေ"

"ဒါဆိုလည်း ဆိုင်မှာ မနက် (၉) နာရီလောက်စောင့်နေမယ်ဗျာ"

နောက်အပတ်တနင်္ဂနွေနေ့ရောက်လာတော့ ကိုအောင်လှ သစ်နှင့်ဝါး၊ ဓနိရောင်းသောဆိုင်ကို ဆန်နီပစ်ကပ်ကားလေးနှင့်ရောက်နေသည်။ (၉)နာရီထိုးတော့ ကိုမြင့်မောင် ဆိုင်သို့ရောက်လာသည်။

"လာဗျို့ ကိုမြင့်မောင်၊ ခင်ဗျားကို ကျွန်တော်စောင့်နေတာ"

ကိုအောင်လှ၊ ကိုမြင့်မောင်၊ ကိုအောင်လှအစ်ကို လူပျိုကြီး ကိုသိန်းအောင်တို့လည်း သူတို့ဆိုင်၏ သုံးဆိုင်



## (အလေးထိန်လည်ကျေးဇူး)

# ကိုအောင်ဦး

## ခြံကြီးအတွင်းမှနာနာဘာဝများ



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်တွင်ရှိသော လက်ဖက်ရည်ဆိုင် င်း ထမင်းကြော်နှင့်လက်ဖက်ရည်များ စားသောက်ကြသည်။

စားသောက်ပြီးတော့ ကိုအောင် ကိုမြင့်မောင်တို့နှစ်ယောက် ဆန်နီ ယ်ကားလေးနှင့် တည်းကုန်းဘက် သို့ဆင်းလာခဲ့သည်။ ကိုသိန်းအောင်က ဆိုင်တွင်ကျန်ရစ်ခဲ့သည်။ ခြံရှေ့ တားဝင်ရသဖြင့် ကားလေးကို ခြံရှေ့တွင်ရပ်ထားပြီး ခြံကြီးကိုလှည့်ပတ်ကြည့်ကြသည်။ ခြံထဲတွင် သရက်ပင်၊ ပိန္နဲပင်၊ မရန်းပင်၊ ကွဲကော၊ သံပရာပင်များ၊ ဒူးရင်း၊ အုန်း၊ ထန်းပင်များနှင့်ပြည့်နေပြီး နောက်ဖေးဘက်တွင် ငှက်ပျောတောကြီးနှင့်ဝါးတောကြီးပင်ပေါက်နေကြသည်။ ခြံနောက်ဘက်အစပ်၌ လက်ပံပင်အကြီးကြီးနှင့်ကုက္ကိုပင်အကြီးကြီးရှိသည်။ ဒီအပင်ကြီးတွေသည် နှစ်ပေါင်း (၁၀၀) ကျော်လောက်ပြီ ဖြစ်သည်။

ခြံထဲရှိအိမ်ကြီးမှာ နှစ်ထပ်အိမ်ကြီးဖြစ်ပြီး အကာများကဆွေးနေပြီဖြစ်သည်။ အိမ်ကြီးကို အစိမ်း၊ အဝါ၊ အနီ၊ လိမ္မော်ရောင်များရောင်စုံဆေးသုတ်ထားသည်။ နှစ်ပေါင်းကြာလှသဖြင့် ဆေးများလည်းပျက်စပြုနေကြပြီဖြစ်သည်။

"ကိုမြင့်မောင်၊ အရင်က အိန္ဒိယလူမျိုးတွေနေခဲ့မယ်နဲ့တူတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ကိုအောင်လှ၊ အင်္ဂလိပ်လက်ထက်က နွားမွေးတဲ့ ဟိန္ဒူလူမျိုးတွေနေခဲ့တယ်လို့တော့ ပြောကြတာပဲ။ ကျွန်တော်တော့ မမီပါဘူးဗျာ။ ကျွန်တော်သိရသလောက်တော့ မြို့ထဲက သူဌေးတစ်ယောက်နေဖူးသေးတယ်။ (၆) လလောက်နေပြီး မြို့ထဲပြန်ပြောင်းသွားတယ်။ နောက်တော့ မင်္ဂလာဒုံက မီးသွေးရောင်းတဲ့ ဦးတင်အေးကဝယ်လိုက်တာ။ သူ့အလုပ်နဲ့သူရှုပ်နေတော့ ဒီမှာလာမနေနိုင်ဘူး။ ဒါကြောင့် ဒီခြံကြီးကိုပြန်ရောင်း တာ"

ကိုအောင်လှ အိမ်ကြီးကိုကြည့်ပြီး စဉ်းစားနေသည်။

'အိမ်ကြီးရဲ့တိုင်တွေက ပျဉ်းကတိုးတိုင်ကြီးတွေ၊ ထုပ်၊ လျှောက်၊ ဒိုင်း၊ မြားတွေ၊ ရက်မတွေက ကျွန်းတွေ၊ အကာလေးသာဆွေးနေတာ။ ပြန်ပြင်လိုက်ရင် အကောင်းကြီးရှိသေးတယ်။ ဒီခြံကြီးထဲမှာ ထင်းရယ်၊အုတ်ရယ်လျှောင်ရင်တော့ နေရာကောင်းပဲ'

ဟုတွေးနေသည်။ သီးပင်စားပင်တွေကလည်းအစုံရှိနေသည်။ သရက်ပင်တစ်မျိုးတည်းပင် အပင်သုံးဆယ်လောက်ရှိသည်။ နောက်နေ့မှ မိန်းမခေါ်လာပြလျှင်ကောင်းမှာပဲဟု စဉ်းစားမိသည်။

ကိုအောင်လှလည်း သူ့မိန်းမ မဝင်းမြင့်နှင့် နောက်နေ့သွားထပ်ကြည့်တော့ မဝင်းမြင့်က ခြံကြီးကိုကြည့်ပြီး အလွန်လိုချင်နေသည်။

"ကိုအောင်လှ၊ဘာတွေဝေနေတာလဲ။ ကျွန်မတော့လိုချင်တယ်ရှင်။ ခြံကြီးကလည်း အကျယ်ကြီးပဲ။ အိမ်ကြီးကလည်း (၂)ထပ်အိမ်ကြီး။ ပြုပြင်လိုက်ရင်ကောင်းသွားမှာ"

"ဘာလဲ၊ မင်းကလာနေချင်လို့လား"

"ဒီမှာပြောင်းလာနေလို့ကတော့ ဘယ်ဖြစ်မလဲတော်။ ကျွန်မဆိုင်ကလည်းရှိသေးတယ်။ အားတဲ့ရက်မှာ ဒီမှာကလေးတွေနဲ့လာနားလို့ရတာပေါ့။ ပြီးတော့ နို့စားနွားတွေမွေးရင်ကောင်းမယ်လို့ထင်တယ်။ ရှင်ကောဘယ်လိုသဘောရသလဲ"

"အင်း - ငါလည်းစဉ်းစားနေတာ။ အုတ်နဲ့ထင်းလှောင်ရင် ကောင်းမလားလို့။ မိုးကျရင် ထင်းနဲ့အုတ်ကဈေးတက်မှာ။ ပေါတုန်းလှောင်ထားရင်မြတ်မှာလို့ တွေးမိတယ်။ မင်းနို့စားနွားမွေးရင်လူငှားရလိမ့်မယ်"

"ကျွန်မမောင်ဝမ်းကွဲတွေတောမှာရှိတယ်လေ။ သူတို့လည်းအားနေတာပဲ၊ မှာလိုက်ရင်ရတယ်လေ။အောင်ဝင်းရယ်၊ စိုးဝင်းရယ်၊ မောင်အေးရယ် ခေါ်လိုက်မယ်"

"သူတို့ကလယ်မလုပ်ကြတော့ဘူးလား"

"ဟင့်အင်း - သူတို့ကမလုပ်ဘူး။ အစ်ကိုကြီး လှမောင်နဲ့ မြင့်ဆောင်ရယ်၊ လှခိုင်တို့သုံးယောက်လုပ်ကြတယ်။ လယ်လေးကလည်း (၇) ဧကဆိုတော့ လူသိပ်မလိုဘူးလေ။ သူတို့လည်းအားနေမယ့်အတူတူ ဒီမှာခေါ်ခိုင်းထားမယ်"

"အင်းလေ၊ မင်းသဘောပဲ။ လုပ်ကြတာပေါ့"

နေ့ကောင်းရက်သာရွေးပြီး ခြံကြီးကို ကိုလှအောင်တို့ပြောတဲ့ဈေး (၁၂၀၀၀) ကျပ်နှင့်ရောင်းသဖြင့် ဝယ်ယူလိုက်သည်။ ဝယ်ယူပြီးတစ်လလောက်အကြာတွင် အိမ်အိုကြီးကို ပြုပြင်ကြသည်။ အိမ်ကြီးမှဆွေးမြည့်နေသော ဘေးကာသစ်ဟောင်းများကို ခွာချပြီး ကိုအောင်လှဆိုင်မှ ပျဉ်းကတိုး (၆×၁) ပျဉ်ချပ်များဖြင့်ကာလိုက်ပြီး အဖြူရောင်ဆေးသုတ်လိုက်သဖြင့် အလွန်လှပသော အိမ်ကြီးဖြစ်သွားသည်။

နောက်(၃)လလောက်အကြာတွင် ကိုအောင်လှ နိုင်ငံခြားမျိုးနို့စားနွားမ(၅) ကောင်ဝယ်မွေးတော့သည်။ အိမ်နောက်ဘက်ခြံထောင့်တွင် နွားတင်းကုပ်တစ်ခုကိုဆောက်လုပ်ထားပြီး သေသေချာချာမွေးမြူတော့သည်။ ကံကောင်းချင်တော့ ဝယ်လာသောနွားမတစ်ကောင်တွင် ဗိုက်ပါလာပြီး မကြာမီမှာပဲ နွားမလေးတစ်ကောင်ထပ်ပေါက်ဖွားလာသည်။

"စိုးဝင်းရေ၊ နွားတွေကို ဂရုစိုက်နော်။ အထူးသဖြင့် သားပေါက်ထားတဲ့နွားသားအမိကို ဂရုစိုက်ပေးပါ"

"အောင်ဝင်းရေ မနက်ဖြန်သရက်သီးတွေခူးဖို့ သရက်ပင်တက်တဲ့သူတွေမှာထားသေးလား"

"ဟုတ်ကဲ့ အစ်ကို၊ မနက် (၈)နာရီမှာထားပါတယ်"

"ထင်းကိုဒေါင်တော့ ဂရုစိုက်သိလား၊ မီးလည်းသတိထား၊ အထဲဝင်ရင်မြွေပါးကင်းပါးလည်း ဂရုစိုက်သွား"

"ဟုတ်ကဲ့ အစ်ကို၊ ဒီနေ့ အုတ် (၁)သောင်းလာပို့တယ်။ မြေရင်းဘက်ကကွက်လပ်မှာပုံထားလိုက်တယ်။ ကားခတော့ (၁၅၀)ကျပ်ရှင်းပေးလိုက်တယ်"

ကိုအောင်လှ ခြံကြီးဝယ်ပြီး (၆)လအတွင်းမှာပင် ခြံကြီးနှင့်အိမ်ကြီးကိုပြုပြင်ပြီး လုပ်ငန်းများလုပ်ကိုင်၍ ခြံဝင်းကြီးထဲတွင် လုပ်ငန်းများနှင့်စည်ကားနေသည်။ ခြံမှထွက်သောနွားနို့များကို မိမိကားလေးဖြင့် ဖော့ကန်ဈေး၊ အောင်ဆန်းဈေး၊ အင်းစိန်ဈေးမြို့ထဲတွင်ရှိသောနို့ဈေးသို့ပို့ဆောင်၍ရောင်းချသည်။

အိမ်ကြီးတွင် ကိုအောင်လှ၏ယောက်ဖများဖြစ်သော စိုးဝင်း၊ အောင်ဝင်း၊ အေးမောင်တို့နေပြီး ခြံဝင်းထဲမှာအလုပ်များကိုလုပ်ကိုင်ကြသည်။ ထမင်းဟင်းနှင့် အိမ်သန့်ရှင်းရေးအတွက် ဒေါ်အေးရီကို လခပေး၍ နေ့ဘက်တွင် ခေါ်ထားသည်။ ဒေါ်အေးရီက အသက် (၄၀)ကျော် အမျိုးသမီးကြီးတစ်ယောက်ဖြစ်သည်။ ချက်ပြုတ်၊ လျှော်ဖွပ်ခြင်းကို နံနက် (၆) နာရီမှ စတင်လုပ်ကာ ညနေ (၆) နာရီတွင် ၎င်းနေထိုင်ရာ တညင်းကုန်းရွာထဲသို့ပြန်သွားသည်။

တစ်နေ့ ညနေ(၃)နာရီလောက်တွင် ဒေါ်အေးရီတစ်ယောက် ရေချိုးခန်းထဲတွင် အဝတ်လျှော်နေသည်။ အိမ်ထဲတွင် မည်သူမျှရှိမနေပါ။ အားလုံး ခြံထဲတွင် အလုပ်ကိုယ်စီရှုပ်နေကြသည်။ ထိုအချိန် ပြင်းပြင်းထန်ထန် တောက်ခေါက်သံကြီးကိုကြားလိုက်ရပြီး အပေါ်ထပ်မှ အီးဟီးဟီးဟီးဆိုသောအသံကြီးပါ ကြားလိုက်ရသဖြင့် အဝတ်လျှော်နေသော ဒေါ်အေးရီလည်း လန့်သွားပြီး ကြက်သီးမွေးညင်းတွေထောင်လာသည်။ အောင်ဝင်းတို့ညီအစ်ကိုတွေများစနောက်တာလားလို့ အိမ်ရှေ့ထွက်ကြည့်သော်လည်း မည်သူမျှမတွေ့ရပါ။တစ်အိမ်လုံးလူတစ်ယောက်မျှရှိမနေပါ။ စိုးဝင်းတို့ညီအစ်ကိုတွေအားလုံး ခြံဝင်းထဲတွင်အလုပ်ကိုယ်စီဖြင့် အလုပ်လုပ်နေကြသည်။ ထိုအချိန်တွင် မိမိ၏ နောက်ဘက်မှ တောက်ခေါက်သံပြင်းပြင်းကိုထပ်မံကြားလိုက်ရသဖြင့် ဒေါ်အေးရီလည်း အရမ်းထိတ်လန့်သွားပြီး လျှော်လက်စ အဝတ်တွေမြန်မြန်လျှော်ပြီး ခေါင်းမူးသည်ဟုဆိုကာ စိုးဝင်းကိုပြောပြီးပြန်သွားသည်။

နောက်နေ့တွင် ဒေါ်အေးရီကောင်မလေးတစ်ယောက်ကို အဖော်ခေါ်လာသည်။ ကောင်မလေးအဖော်ပါလာသောနေ့တွင် မည်သည့်အသံမျှမကြားရပါ။ မနေ့က မိမိစိတ်ထင်လို့ဟု ထင်မိသွားသည်။ နောက်တစ်နေ့တွင်တော့ အဖော်လိုက်လာသောကောင်မလေးလိုက်မလာတော့ပါ။ ဒေါ်အေးရီတစ်ယောက် ချက်ပြုတ်လျှော်ဖွပ်နေသည်။ နံနက်မှ နေ့လယ်အထိ အိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ထဲတွင် ဒေါ်အေးရီတစ်ယောက်တည်းရှိသော်လည်း ဘာမှမဖြစ်ပါ။ ညနေ(၃)နာရီခွဲ၊ (၄) နာရီလောက်တွင် ညစာအတွက်ချက်ပြုတ်နေတုန်း တောက်ခေါက်သံပြင်းပြင်းကြီးနှင့် အီးဟီးဟီးဟီးဆိုသောအသံကြီးကို ကြားလိုက်ရသဖြင့် ဒေါ်အေးရီ ထခုန်မတတ်လန့်သွားတော့သည်။ချက်ပြုတ်နေသော်လည်း နောက်ဖော့မလုံဖြစ်နေသည်။ အပေါ်ထပ်တွင်လည်း လူတစ်ယောက်လမ်းလျှောက်သံကြားနေရသည်။ အပေါ်ထပ်တွင် မည်သူမျှမနေပါ။

"ဒေါ်အေးရီ၊ဘာဟင်းချက်လဲဗျ"

"အာ - ဒီကောင်လေး လန့်ရတဲ့အထဲ၊ ဒါနဲ့ ခုနက တောက်ခတ်တာနင်ခေါက်တာလား"

"အာ - ဒေါ်အေးရီကလည်း ကျွန်တော်က ဘာလို့တောက်ခေါက်ရမှာလဲ။ ကျွန်တော်အခုမှရောက်လာတာ"

"နင်အိမ်ရှေ့ကဝင်လာတာမဟုတ်ဘူးနော်"

"အာ-မဟုတ်ပါဘူး ဒေါ်အေးရီရယ်၊ ဒေါ်အေးရီရှေ့တင် ကျွန်တော်နောက်ဖေးဘက်ကဝင်လာတာ"

ပြောနေရင်း တောက်ခေါက်သံပြင်းပြင်းကြီးကိုကြားရပြီး ခေါင်မိုးပေါ်သို့ ခဲလုံးသေးသေးလေးတွေ ဒေါက်ခနဲဒေါက်ခနဲကျသံကြားရပြီး အပေါ်ထပ်မှ အီးဟီးဟီးဟီးဆိုသော အသံကြီးကိုကြားရကာ ခြေသံပြင်းပြင်းနှင့် လမ်းလျှောက်သံလည်းကြားရသည်။

"ဒေါ်အေးရီ ဘာဖြစ်တာလဲ။ ဘယ်သူတောက်ခေါက်တာလဲ။ အပေါ်ထပ်က အသံကြီးလည်းကြားတယ်။ အပေါ်ထပ်မှာ လူတစ်ယောက်လမ်းလျှောက်နေသလိုပဲ။ ခဲတွေနဲ့လည်းပစ်သေးတယ်။ ဘာတွေဖြစ်နေတာလဲဟင်"

ဒေါ်အေးရီလည်း ထိတ်လန့်နေသည်။ မောင်အေး အော်ခေါ်သဖြင့် သူအစ်ကိုနှစ်ယောက်လည်း အပြေးအလွှားရောက်လာသည်။

"မောင်အေးဘာမြင်လို့လဲ"

"ကိုအောင်ဝင်း၊ ခုနကတုန်းက တောက်ခေါက်သံကြီးကြားပြီး ခေါင်မိုးပေါ်ကို ခဲလုံးတွေကျလာတယ်။ အပေါ်ထပ်က အသံကြီးလည်းကြားရတယ်။ နောက်ပြီး လူတစ်ယောက်လမ်းလျှောက်နေသလိုမျိုးပဲ။ သရဲခြောက်တယ်နဲ့တူတယ်"

"ဟာ-နေ့ခင်းကြောင်တောင်ကြီးကွာ၊ ဘယ်ကသရဲခြောက်ရမှာလဲ။ ဒါငါတို့ကို တမင်လာနှောင့်ယှက်တာ။ တောက် - သိကြရောပေါ့ကွာ"

အောင်ဝင်းနှင့် စိုးဝင်းက ရွာမှာလည်းမဟုတ်မခံတွေ။ ကြောက်စိတ်ရှိသူတွေမဟုတ်။ ထစ်ခနဲဆို ရိုက်မယ်နှက်မယ်ဆိုတဲ့သူတွေဖြစ်သည်။ မောင်အေးကတော့ အခုမှ အသက် (၁၈) နှစ်ပဲရှိသေးတာ။ ကြောက်လည်းကြောက်တတ်သည်။ အောင်ဝင်းနှင့်စိုးဝင်းတို့ တုတ်တွေ၊ လေးခွတွေနှင့် ခြံဝင်းထဲရော အိမ်ကြီးထဲပါရှာသော်လည်း ဘာမှမတွေ့ပါ။

"မောင်အေးရာ၊ မင်းတို့စိတ်ထင်လို့နေမှာပါကွာ၊ ဘာမှလဲမတွေ့ဘူး။ သရဲခြောက်ရအောင်ကလည်း နေ့ခင်းကြောင်တောင်ကြီးပဲကွာ"

နှစ်ရက်လောက်ကြာသွားပြီးတော့ ည(၇)နာရီလောက်တွင် ထမင်းစားပြီးသဖြင့် ဆေးလိပ်ကိုယ်စီနှင့်ထမင်းလုံးစီပြီး အနားယူနေကြသည်။ ထိုအချိန်တွင် အိမ်အပေါ်ထပ်မှ တောက်ခေါက်သံကြီးကြားရပြီးနောက် ခေါင်မိုးပေါ်တို့ခဲများကျလာသည်။ အပေါ်ထပ်မှ အီးဟီးဟီးဟီးဆိုသောအသံကြီးကြားရပြီး ခြေသံပြင်းပြင်းလမ်းလျှောက်သံပါကြားလာရသည်။ အောင်ဝင်းတို့ညီအစ်ကိုသုံးဦးလည်း ငါးထောင့်ထိုးဓာတ်မီးကိုယ်စီဖြင့် တုတ်တွေ၊ လေးခွတွေယူပြီး တစ်အိမ်လုံးရှာသော်လည်း ဘာမှမတွေ့သဖြင့် ခြံကြီးထဲထွက်ရှာကြသည်။ ဘာမှမတွေ့တော့ အောင်ဝင်းနှင့် စိုးဝင်းလည်း ဒေါသတွေထွက်လာပြီး -

"ဘယ်ကောင်တွေလာနှောင့်ယှက်နေတာလဲကွ။ သတ္တိရှိရင်ထွက်ခဲ့၊ တစ်ယောက်ချင်းချမယ်"

စိုးဝင်းအော်လိုက်တော့ ခေတ္တငြိမ်သွားသည်။ခဏကြာတော့ ခဲများ၊သဲများထပ်ကျလာပြန်သည်။ (၉)နာရီထိုးတော့အားလုံးတိတ်သွားသည်။ ည (၁၂) နာရီထိုးတော့ နွားခြံမှ နွားများ လန့်အော်သဖြင့် တောခွေးအများလာသည်အထင်ဖြင့် လောက်လေးများ၊ ဓားရှည်များနှင့် နွားခြံသို့သွားကြသည်။ နွားခြံရောက်တော့ ဓာတ်မီးနှင့်ပတ်ဝန်းကျင်ကိုရှာကြည့်သော်လည်း ဘာကောင်မှမတွေ့ပါ။ နွားတွေလန့်နေသဖြင့် စိုးဝင်းက ပတ်ဝန်းကျင်တွင်ရှိသော ငှက်ပျောတောနှင့် ဝါးတောတွေကို လောက်လေးနှင့်ပစ်တော့သည်။ ဝါးရုံပင်ကြီးဆီမှ ကြီးမားသော ညငှက်ကြီးတစ်ကောင်အဝေးသို့ပျံသွားတော့မှ နွားများလည်း ငြိမ်သွားတော့သည်။

မနက်ကျတော့ ဆန်နီပစ်ကတ်ကားလေးဖြင့် ကိုအောင်လှရောက်လာသည်။ ညကအဖြစ်အပျက်တွေကိုပြောပြသဖြင့် ဒီည ကိုအောင်လှ ဒီမှာအိပ်မည်ဖြစ်သည်။ ည (၇) နာရီထိုးတော့ အိမ်ပေါ်ထပ်မှ တောက်ခေါက်သံကြီးကြားရပြီး အီးဟီးဟီးဟီးဆိုသော အသံကြီးနှင့်အတူ လူတစ်ယောက် အပေါ်ထပ်တွင် ပြေးလွှားနေသံကြားရသည်။ ခေါင်မိုးပေါ်ကိုလည်း ခဲလုံးတွေ၊သဲတွေကျလာသည်။ ကိုအောင်လှနှင့်အောင်ဝင်းတို့လည်း ဓာတ်မီးတွေ၊ တုတ်တွေ၊ ဓားတွေနှင့် အိမ်အပေါ်ထပ်တက်ကြည့်သော်လည်း ဘာမှမတွေ့ရပါ။ ထိုအချိန်တွင် တောက်ခေါက်သံကြီးကို ထပ်ပြီးကြားရပြန်သည်။ ဒီတစ်ခါ အောက်ထပ်မှကြားရခြင်း ဖြစ်သည်။ ကိုအောင်လှတို့အောက်ဆင်းပြီး ကြည့်ကြသော်လည်း ဘာမှမတွေ့သဖြင့် ဒီအတိုင်းလက်ပိုက်ကြည့်နေရသည်။ စိုးဝင်းနှင့်မောင်အေးကလည်း ခြံဝင်းထဲကို လက်နှိပ်ဓာတ်မီးတွေဖြင့်ထိုးကြည့်နေကြသည်။ ည (၉) နာရီထိုးတော့ အားလုံးရပ်သွားသည်။

ကိုအောင်လှ အသံတွေ၊ ခဲတွေ၊ သဲတွေရပ်သွားလို့နားနေတုန်း ည (၁၂) နာရီထိုးတော့ နွားခြံဘက်က နွားတွေလန့်အော်သံကြားရသည်။ ကိုအောင်လှ၊ အောင်ဝင်းတို့ ညီအစ်ကို (၃) ယောက်နှင့်အတူ အလုပ်သမားကောင်လေးနှစ်ယောက်ပါ တုတ်၊ ဓားတွေ၊ လေးခွတွေ၊ ဓာတ်မီးတွေကိုယ်စီဖြင့် နွားခြံဘက်သို့ထွက်လာကြသည်။ နွားခြံအနားတွင်ရှိသော ဆေးရိုးပင်ခေါ် ဥနဲ့ပင်ကြီးပေါ်မှ လူလောက်နီးနီးရှိသော ညငှက်ကောင်မည်းမည်းကြီးက ဓာတ်မီးရောင်ထဲတွင် ကိုအောင်လှတို့လူစုကို နီရဲသောမျက်လုံးအစုံဖြင့်ကြည့်နေသည်။ အောင်ဝင်းတို့၊ စိုးဝင်းတို့က လေးခွဖြင့်ပစ်သဖြင့် အဝေးသို့ပျံထွက်သွားပြီး အစ်အစ်အီးဟီးဟီးဟီးဆိုသောအသံကြီးအော်မြည်သွားသည်။ ငှက်ကြီးထွက်သွားမှ နွားတွေလည်း ထိတ်လန့်နေတာတွေပျောက်သွားတော့သည်။ ကိုအောင်လှလည်း ဒီအဖြစ်အပျက်တွေဟာ သွေးရိုးသားရိုးဖြစ်နေတာမဟုတ်မှန်း သိသွားသည်။

နောက်နေ့တွင် ဒေါ်အေးရီခေါ်မေးသော ရွာထဲမှ နတ်ကတော်တစ်ယောက်ခေါ်လာပြီးပြကြည့်သည်။ ပွဲပေးရမည်ပြောသဖြင့် ပွဲပေးလိုက်သည်။ ခြံထောင့်နားတွင်လည်း ဆန်ပန်း

www.burmeseclassic.com

ပေါက်ပေါက်နှင့် သဲဖြူတွေပျက်ဖျန်းသွားသည်။ တစ်ပတ်လောက်တော့ငြိမ်သွားပြီး နောက်ထပ်ပြန်လည်းဖြစ်ရောပိုကြမ်းလာတော့သည်။ ကိုအောင်လှလည်း ဂျီအမ်စီကားကြီးဖြစ်တုန်းက ရှင်းလင်းပေးခဲ့သော ဆရာတော်ကြီးကို သတိရသဖြင့် ထောက်ကြန့် သံပင်တောတောင်ထဲတွင် သီတင်းသုံးနေသော ဆရာတော်ကြီးကို မိမိကားလေးဖြင့်သွားပင့်လာတော့သည်။ ဆရာတော်ကြီးလည်း အိမ်ဝင်းတွင်းဝင်ရောက်ကာ ဘုရားကျောင်းဆောင်ရှေ့တွင်ဝတ်ပြုပြီး ပရိတ်များရွတ်ဆို ဘုရားရှင်အား ပူဇော်နေပါသည်။ ပရိတ်ရွတ်ပြီးတော့ ခေတ္တငြိမ်သက်စွာ တရားထိုင်နေပါသည်။ နာရီဝက်လောက်ကြာပြီးတော့မှ -

"ဒကာကြီး မောင်အောင်လှ၊ ဒကာကြီးခြံထဲမှာမကျွတ်မလွတ်တဲ့သူရှိတယ်။ အိမ်ကြီးထဲမှာကတော့ မကျွတ်မလွတ်တဲ့သူကြောင့်မဟုတ်ပါဘူး။ သစ်ဘီလူးရှိနေလို့ပါ။ ဒါတွေကရှင်းလို့ရပါတယ်။ သစ်ဘီလူးရှိနေတော့ မကျွတ်မလွတ်သူကပိုဆိုးလ ာတာပေါ့။ ကဲကဲ - လာ၊ အပေါ်ထပ်တက်ကြမယ်။ ဒီသစ်ဘီလူးက အပေါ်ထပ်မှာရှိတယ်"

အပေါ်ထပ်အိမ်ခြေရင်းအခန်းထောင့်တိုင်တွင် ပုဏ္ဏားကွယ်ခံနေသဖြင့် လျှာထိုးပြားများကို ခွာဖြစ်ရသည်။ ထိုအခါမှ တိုင်တွင် ဘီလူးပုံပါသောသစ်မြစ်ဆုံကို တွေ့ရသည်။

"အင်း - ဒီသစ်ဘီလူးရှိနေတာမကောင်းဘူး။ ကြာရင် အိမ်သားတွေခိုက်တတ်တယ်။ ဒီသစ်ဘီလူးကလည်း နာနာဘာဝတစ်မျိုးပဲ။ တောထဲတောင်ထဲကနေ သစ်ပင်မှာကပ်ပြီးပါလာတာ။ ကဲ - မောင်အောင်လှ ဒကာကြီး၊ ဒီသစ်ဘီလူးရုပ်ကိုခွာထုတ်ပစ်လိုက်"

အောင်ဝင်းလည်း အိမ်ကြီး၏အောက်ထပ်မှ လက်သမားပစ္စည်းဆောက်ယူလာပြီး သစ်ဘီလူးရုပ်ကိုခွာထုတ်လိုက်သည်။ သစ်မင်းနှင့်သစ်ဘီလူးရုပ်နေရာတွင် အစားရိုက်ခိုင်းပြီး သစ်ဘီလူးရုပ်ကို ရေတွင်မျှောခိုင်းလိုက်သည်။

"အင်း - ခြံထဲကမကျွတ်မလွတ်သေးတဲ့သူတွေကိုတော့ သံဃာငါးပါးပင့်ပြီး ပရိတ်ရွတ်၊ အမျှအတန်းပေးလိုက်ရင်ရပါပြီ ဒကာကြီး"

ကိုအောင်လှလည်း နောက်နေ့တွင် ဆရာတော်ကြီး အပါအဝင် သံဃာငါးပါးပင့်ဆွမ်းကပ်ပြီး ခြံဝင်းကြီးထဲတွင်ရှိသော မကျွတ်မလွတ်သူတွေကို ပရိတ်ရွတ်ပဋ္ဌာန်းရွတ်ပြီး အမျှအတန်းပေးဝေလိုက်သည်။ ထိုအချိန်တွင် အလွန်မွှေးကြိုင်သောအိန္ဒိယရေမွှေးရနံ့များ မွှေးကြိုင်လာသည်။

လှူဖွယ်ဝတ္ထုများ လှူဒါန်းပြီး ဆရာတော်ကြီးကို ကားလေးဖြင့်ကျောင်းသို့ပြန်ပို့ပါသည်။ ထိုညသို့ကိုအောင်လှခြံထဲတွင်ပင် အိပ်သည်။ ည (၇) နာရီထိုးသော်လည်း မည်သည့်အသံမျှ မကြားရတော့ပါ။ အေးချမ်းတိတ်ဆိတ်နေသည်။ ည(၁၂)နာရီထိုးတွင်လည်း နွားခြံမှ နွားများလန့်ခြင်းမရှိတော့ပါ။ သေချာအောင် ဓာတ်မီးတွေနှင့် နွားခြံသို့သွားကြသေးသည်။ မည်သည့်အကောင်မျှ မတွေ့ရတော့ပါ။ နွားတွေလည်း နွားခြင်ထောင်ထဲတွင်အိပ်နေကြသည်။

ကိုအောင်လှတစ်ယောက် မိုးလင်းခါနီးမှအိပ်ပျော်သွားသည်။ အိပ်မက်ထဲတွင် အိန္ဒိယလူမျိုး အသက်(၇၀)ခန့်ရှိ အဘိုးကြီးတစ်ယောက် အပေါ်အဖြူ အောက်က ဒိုတီအဖြူလေးဝတ်ထားပြီး ခေါင်းပေါင်းအဖြူပါပေါင်းထားသေးသည်။

"ကောင်လေး ကောင်လေး၊ နင်နော် ငါတို့ကိုကောင်းမှုကုသိုလ်ပြုလုပ်ပေးတယ်နော် ကောင်းတယ် ကောင်လေး။ ငါတို့နော် အခုဝဋ်ကျွတ်သွားပြီ။ ကျေးဇူးတင်တယ် ကောင်လေး"

ပြောပြောဆိုဆိုပင် အိန္ဒိယလူမျိုးအဘိုးကြီးနှင့် သူ့နောက်မှလူများလည်း ခန္ဓာကိုယ်များ လင်းထိန်လာပြီး ပျောက်ကွယ်သွားတော့သည်။ ကိုအောင်လှနိုးတော့ နံနက်(၇)နာရီထိုးပြီဖြစ်သည်။ ဒေါ်အေးရီကြော်ထားသောထမင်းကြော်နှင့် ခြံထွက်နွားနို့ပူလေးစားသောက်နေရင်း ညကအိပ်မက်အကြောင်းစဉ်းစားနေမိသည်။ ဘယ်အရာမဆို သိပ်စွဲလမ်းတာဟာမကောင်း။ ခြံကိုစွဲလျှင် ခြံစောင့်ဖြစ်မည်၊ အိမ်ကိုစွဲလျှင် အိမ်စောင့်ဖြစ်မည်၊ ဥစ္စာကိုစွဲလျှင် ဥစ္စာစောင့်ဖြစ်မည်။ ဒါကြောင့် စွဲလမ်းမှုသည် မကောင်းပါလားလို့ ကိုအောင်လှ တွေးတောနေမိတော့သည်။

*သတ္တဝါများ*
*ကျွန်းမာချမ်းသာကြပါစေ*

ကိုခေတ်ဦး
(အလိန်လည်ကျေးရွာ)

## ဝမ်းလျှော၊ ဝမ်းပျက် ဆေးတစ်လက်

ဝမ်းလျှော၊ ဝမ်းပျက်ခြင်းသည် အခါမရွေး၊ ရာသီမရွေးဖြစ်တတ်သော ရောဂါတစ်မျိုး ဖြစ်ပါသည်။

အထူးသဖြင့် ယင်နားစာများစားမိခြင်း၊ အမှည့်လွန်၊ မသန့်သော အသီး-အရွက်များစားမိခြင်း၊ သရက်သီးမှည့်၊ ဝက်သားအစားများခြင်းတို့ကြောင့်လည်း ဝမ်းလျှော၊ဝမ်းပျက်အဖြစ်များပါသည်။ ၎င်းအပြင် အချိန်လွန် အချဉ်ပေါက်နေသော ပဲဟင်း၊ လက်တည်ချဉ်များစားမိလျှင် ဝမ်းပျက်၊ ဝမ်းလျှောပိုမိုဖြစ်တတ်ပါသည်။

ယင်မှတစ်ဆင့် ဝမ်းလျှော၊ ဝမ်းပျက်ရောဂါ ကူးစက်တတ်သောကြောင့် ယင်မနားအောင် အစားအစာများကို လုံခြုံစွာဖုံးအုပ်ထားခြင်း၊ ယင်လုံအိမ်သာများအသုံးပြုပြီး အိမ်သာမှဆင်းလျှင် လက်ကို သေချာဆပ်ပြာနှင့်ဆေးခြင်း၊ အစာစားပြီးတိုင်းနှင့် အစာမစားမီတို့တွင် လက်နှစ်ဖက်ကို သေချာဆပ်ပြာနှင့် ဆေးကြောခြင်းတို့ ပြုလုပ်ပေးလျှင် ဝမ်းလျှော၊ ဝမ်းပျက်မဖြစ်နိုင်ပါ။

ဝမ်းလျှော၊ ဝမ်းပျက်ဖြစ်လာလျှင် အမြန်ဆုံးသက်သာပျောက်ကင်းစေရန်အတွက် အောက်ပါဆေးမှုန့်များဆောင်ထား၊ သောက်သုံးသင့်သဖြင့် ရေးသား တင်ပြပါသည်။

□ နနွင်းခါးအမှုန့် (၁) ပုလင်း။
□ နွယ်ချိုမှုန့် (၁) ပုလင်း။

သီးခြားစီ ပုလင်းနှင့်ဆောင်ထားပါ။

အစားမှားသည်၊ ဝမ်းလျှော၊ ဝမ်းပျက်ဖြစ်လာသည်ဟု ရိပ်မိသိရှိလျှင် ချက်ချင်း နနွင်းခါးမှုန့် လက်ဖက်စားတစ်ဇွန်း၊ နွယ်ချိုမှုန့်လက်ဖက်စားတစ်ဇွန်းရောပြီး ရေကျက်အေးနှင့် ဖျော်၍ သောက်ပေးပါ။ ဝမ်းမရပ်လျှင် နာရီခြားပြီး နောက်ထပ်တစ်ခွက်သောက်လိုက်ပါ။ မုချအမြန်ဝမ်းပျက်၊ ဝမ်းလျှောရပ်တန့်သွားပြီး လက်တွေ့ ပျောက်ကင်းသွားပါမည်။ ကျေးလက်သုံး မြန်မာ့ရိုးရာလက်စွဲဆေးနည်းဖြစ်၍ တိမ်ကောပပျောက်မှုမဖြစ်စေရန် ရေးသား တင်ပြအပ်ပါသည်။

နတ်မောက်မင်းသန့်ဇိုင်



www.burmeseclassic.com

www.burmeseclassic.com

# ဇော်စိမ်းအလွမ်း (၂)

ဦးကိုကိုကြီး(စစ်ဆေးရေး)
ကစစ(၁၂)ထုံးဘို

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ၊ အတွဲ (၁၄)၊ အမှတ် (၁)၊ သူရဇ္ဇမဂ္ဂဇင်းတွင် သမီး-စောငုဝါ ရေးသားသည့် 'ထူးထူးဆန်းဆန်း ဇော်စိမ်းပင်' ဆောင်းပါးအား ဖတ်ရှုရာတွင် သမီး-စောငုဝါမှ 'ထူးခြားချက်များရှိသည်ကို သိရှိပါက စေတနာရှေ့ထား၍ ရေးသားဖော်ပြပေးပါရန်' ဟု ရေးသားတောင်းဆိုထားသည်ကို ဖတ်ရှုရပါသည်။

ဇော်စိမ်းပင်နှင့် ပတ်သက်၍ စာရေးသူ လေ့လာ သိရှိသမျှသော အကြောင်းအရာများကို အခြားသော စာရှုသူများလည်းသိစေရန် ဗဟုသုတ အဖြစ်ဖြင့် ဝေမျှလိုက်ရပါသည်။

ဇော်စိမ်းပင်သည် အများသိကြသည့်အတိုင်း ဘုရားပန်းအဖြစ် တင်လှူကြရာတွင် အပွင့်မပွင့်သောပန်းအဖြစ်သာ လူသိများကြပြီး အပွင့်ပွင့်သည်ကို မသိကြသူကများပြားပါသည်။

စာရေးသူ၏ လေ့လာချက်အရ ဇော်စိမ်းပင်သည် နှစ်ပေါင်း (၅၀) ရှိမှသာ အပွင့်ပွင့်တတ်ကြပါသည်။

ဇော်စိမ်းပင်သည် စွတ်စိုသော မြေနေရာကို နှစ်သက်ပြီး သူ၏အကိုင်းအားချိုးစိုက်ပါက အပင်ရှင်လွယ်ပါသည်။

တော်တော်တန်တန် အပူဒဏ်ကိုလည်း ခံနိုင်ရည်စွမ်းရှိပါသည်။

စွတ်စိုသောမြေကြီးတွင်စိုက်ထားခြင်းအားဖြင့် အပင်သည် သေသွားခြင်းမရှိ။ အမြဲတမ်း လန်းဆန်းကာ အညွန့်အတက်များဝေဖြာနေသည်ကို တွေ့ရှိနိုင်ပါသည်။

နှစ်ဘယ်လောက်ကြာကြာ သေသွားခြင်းမျိုးမရှိပါ။

သမီး-စောငုဝါ တင်ပြထားသော ဇော်စိမ်းပန်းပွင့်ခြင်းမှာ စိုက်ပျိုးသူသည် နှစ် (၅၀) ပြည့်ခါနီးအပင်မှ ကိုင်းချိုး၍ စိုက်ခြင်းကြောင့်သာ နှစ်ပြည့်လာ၍ပွင့်ခြင်းသာ ဖြစ်ပါသည်။

စတင်စိုက်ပျိုးချိန်မှစ၍ ထိုအပင်အား ကြီးလာပါက ဆိုကြပါစို့ တစ်နှစ်သားအပင်ရှိပါက ထိုတစ်နှစ်သားအပင်အား ကိုင်းချိုး၍ အခြားတစ်နေရာတွင် စိုက်ပါက စိုက်သောအပင်ကို တစ်နှစ်သားအပင်ဟုပဲခေါ်ရပါသည်။

ထိုကဲ့သို့ တစ်နှစ်ထက်တစ်နှစ် ကြာလာပြီး နှစ် (၅၀) ရှိအပင်မျိုး ဖြစ်လာခြင်းမျိုးသာ ဖြစ်ပါသည်။

အတွေ့အကြုံရှိသည့် အသက် (၈၀) ကျော် အဘဦးဘိုးပြုတ်မှ အနှစ် (၅၀) မပြည့်မချင်းမပွင့်ဘဲ နှစ် (၅၀) တင်းတင်းပြည့်မှပွင့်တဲ့ပန်းမို့ ရှေးအခါက သစ္စာရှိပန်းဟုခေါ်သည်ဟု ပြောပါသည်။

ဘုရားအား ကပ်လှူထားပါက တော်တော်နှင့်မညှိုးဘဲ ပန်းထိုးထားသောညောင်ရေအိုးအား ရေဖြည့်ဖြည့်ပေးရုံမျှဖြင့် တာရှည်စွာခံသောကြောင့် ဘုရားပန်း ခဏခဏမလဲရ၍ မိန်းမပျင်းပန်းဟုလည်း ရှေးအခါက ခေါ်ကြောင်း ပြောပြပါသည်။

အချို့သောနတ်များကို ပန်းဆက်ရာတွင် ဇော်စိမ်းဟုဆိုထားသဖြင့် အစိမ်းရောင်ဖြစ်နေတာကတစ်ကြောင်း၊ စိမ်းစိုသည့်စကားပါသည်ကတစ်ကြောင်းတို့ကြောင့် နတ်တို့သည် အစိမ်းသေသေ၍ နတ်ဖြစ်သဖြင့် ဇော်စိမ်းပန်းဆက်သည်ကို မကြိုက်သဖြင့် နတ်မကြိုက်ပန်းဟုလည်း ခေါ်ကာ အဘတို့ဒေသတွင် နတ်ကို မဆက်ကြောင်းပြောပြပါသည်။

(မှတ်ချက်။ ။ နတ်စိမ်းများကိုသာ ဆိုလိုပါသည်။)

ယခုအခါ ဇော်စိမ်းသာမက ဇော်ကျားပင်ပေါ်နေပါပြီ။

'ဇော်' ဆိုသော စကားသည် 'ဒီလူကတော့ တကယ့်ဇော်ပဲဟေ့' ဆိုသည့်စကားလို အထွတ်၊ အထိပ်၊ အမြင့်၊ အမြတ်ကို ညွှန်းဆိုသဖြင့် ဘယ်လိုစိုက်စိုက်ရတဲ့ဇော်စိမ်းပဲကွာဟု ပေါ့တန်တန်မထားရဘဲ ဧမြပန်းအိုးကြီးနှင့် ဂရုတစိုက်စိုက်ပြီး နေ့စဉ် နံနက်အိပ်ရာထတိုင်း ဇော်စိမ်းပင်ကို ရေတစ်ဖလားလောင်းပေးပါက ရှိနေသော စီးပွားလုံးဝကျဆင်းမသွားနိုင်ကြောင်းနှင့် စီးပွားကိုထိန်းထားနိုင်ကြောင်း ရဲရဲကြီး ပြောရဲပါသည်။

စာရေးသူကိုယ်တိုင်လည်း စိုက်ပျိုးထားသည်မို့ဖြစ်သည်။

ဇော်စိမ်းပင်မှပွင့်လာခြင်းရှိသော အိမ်ထောင်စု၌ စိုက်ပျိုးထားသူအိမ်ထောင်စု၏အိမ်သည် အဖြစ်သဘောနှင့် စိုက်ပျိုးထားခြင်းမျိုးမဟုတ်ဘဲ ဂရုတစိုက်ရှိပါက စီးပွားဥစ္စာလာဘ်လာဘများ တိုးတက်ကောင်းမွန်လာမှာ အမှန်ဖြစ်ပါသည်။

မြေအိုးနှင့် ဂရုတစိုက်စိုက်ပျိုးပြီး ဇော်စိမ်းပင်ဖူးလာပြီဆိုပါက ပရိတ်ရေ၊ ကရမက်၊ နံ့သာဖြူရည်များ ပက်ဖျန်းပေးရန် အထူးလိုပါသည်။

ပက်ဖျန်းပေးလိုက်ပါက မိမိတို့ဆန္ဒပြုထားသည့် လာဘ်လာဘတို့ မကြာမီဝင်လာမည်ဟုဆိုပါသည်။ အပွင့်များ ခြောက်သွားသည့်အထိ လုပ်ဆောင်ရပါမည်။

ခြောက်သွားပါက အသာအယာ ခူးယူ၍ အမှုန့်ကြိတ်ကာ ပုလင်းထဲထည့်ထားပြီး ပန်းခြောက်မှုန့်ပေါ်မှာ နံ့သာဖြူရည်လောင်းထည့်ကာ ဘုရားကျောင်းဆောင်တွင် ဘုရားအား ကပ်လှူပူဇော်၍ သိမ်းဆည်းထားပါ။

ပြောရေးဆိုရေး၊ အရေးကြီးကိစ္စများပေါ်ပေါက်ပါက ပုလင်းကိုလှုပ်ကာ လက်ညှိုးလေးနှင့် အရည်ကိုယူပြီး နှုတ်ခမ်းတွင်ဆွတ်ကာ ဘုရားဦးချဆုတောင်းသွားပြီး ပြောဆိုပါက မိမိ၏ စကားအောင်မြင်ပါ၏။

အနာစိမ်းနှင့် ယားနာဖြစ်သူအားလည်း ဘုရားအား ကပ်လှူထားသော အမွှေးတိုင်ပြာနှင့်ရောစပ်ကာလိမ်းပါက ပျောက်ကင်းပါသည်။

ဇော်စိမ်းပင်ကို များသောအားဖြင့် မြေကြီးတွင်သာစိုက်ကြသည်ကို တွေ့ရပါသည်။

အကြံအစဉ်အောင်၍စီးပွားတက်လိုလျှင်တော့ မြေပန်းအိုးကြီးထဲထည့်၍ အိမ်ရှေ့မျက်နှာစာတွင် ထားရှိပါက အင်မတန်မှ ကောင်းမွန်ပါကြောင်း စာရေးသူ ဉာဏ်မီသရွေ့ အကြံပြုရေးသား တင်ပြလိုက်ရပါသည်။

*(သူရဇ္ဇမဂ္ဂဇင်းကြီးနှင့် စာဖတ်ပရိသတ်များအား အစဉ်လေးစားလျက် အဘဦးဘိုးပြုတ်အား ကျေးဇူးတင်စွာဖြင့်)*

ဦးကိုကိုကြီး (စစ်ဆေးရေး)
ကစစ (၁၂)၊ ထုံးဘို



www.burmeseclassic.com

www.burmeseclassic.com



"ရွာဟောင်းကုန်းရောက်ပြီဟေ့၊ ခဏနားကြမယ်။ ပြီးရင်တော့ မင်းတို့ နှာခေါင်းတွေ ထယ်တိုးဖို့သာပြင်ထား"

ရှေ့ဆုံးမှသွားနေသော ကျော်ဝင်းစိန်၏အသံကြောင့် မော့ကြည့်မိတော့ မြင့်မား မတ်စောက်လွန်းသော တောင်ကြီးကို မြင်ရသည်။ ဒီလိုမတ်စောက်မြင့်မားပြီး တောခေါင်လှသောနေရာမှာ အရင်က လူတွေရွာတည်ပြီး နေထိုင်ခဲ့ကြသည်ကို အောင်မိုး အံ့ဩမိသည်။ လက်ရှိအခြေအနေနှင့် ယုံစရာမရှိသော်လည်း တောင်ကြောပေါ်တွင် အဆောက်အအုံအပိုင်းအစကြွင်းအကျန်များကြောင့် ငြင်းစရာရှာမရဖြစ်ရသည်။

မြင့်မားလွန်းသော ရွာဟောင်းကုန်းတောင်ကို တအိအိတက်ရင်း နှာခေါင်းက တောင်၏ မြေပြင်နှင့်ထိမတတ်ဖြစ်လာတတ်သောကြောင့် နှာခေါင်းထယ်ထိုးတောင်ဟု အမည်ပြောင်ပေးထားကြခြင်းဖြစ်သည်။ ရွာဟောင်းကုန်းတောင်ကြီးကို မော့ကြည့်နေသော အောင်မိုးအား -

"အိုးမောင် - ကျောပိုးအိတ်ချပြီး နားကွ။ တော်ကြာ တောင်တစ်ဝက်မှာ လျှာထွက်ပြီး နတ်ဖြစ်လို့ ငါတို့ပူဇော်ပသနေရဦးမယ် မောင်"

"ဟား ဟား ဟား"

ကျော်ဝင်းစိန်၏ စကားကြောင့် အောင်မိုးတို့ သူငယ်ချင်းတစ်သိုက်လုံး ရယ်မောလိုက်မိသည်။ သူငယ်ချင်းအားလုံးက အောင်မိုးကို အိုးမောင်ဟု အမည်ပြောင်ခေါ်ကြသည်။ အောင်မိုးတို့အဖွဲ့လေးယောက်တွင် သုံးယောက်မှာ ကိုးတန်းကျောင်းသားများ ဖြစ်ကြသည်။ ကျော်ဝင်းစိန်ကတော့ ငါးတန်းနှစ်တွင် ကျောင်းထွက်သွားပြီး ရွှေကျင်သောအလုပ်ကို နေရာအနှံ့ လိုက်လံလုပ်ကိုင်နေသူဖြစ်သည်။

အောင်မိုးတို့သူငယ်ချင်းအားလုံး ပင်းဘောရွာမှ တစ်ရွာတည်းသားများ ဖြစ်ကြသည်။ ပင်းဘောရွာကလေးသည် မန္တလေး - မြစ်ကြီးနား ရထားလမ်းဘေးတွင်ရှိပြီး ရှမ်းနီတိုင်းရင်းသားများ အများစုနေထိုင်ကြသော ရွာကလေးဖြစ်သည်။ ဒီဇင်ဘာကျောင်းဆယ်ရက်ပိတ်ချိန်တွင် အပိုမုန့်ဖိုးရှာရန် အနောက်တောရှိ ရွှေမှော်များသို့ ရွှေတူးရန်ထွက်လာကြခြင်း ဖြစ်သည်။

အောင်မိုးတို့အဖွဲ့တွင် ကျော်ဝင်းစိန်က ခေါင်းဆောင်ဖြစ်သည်။ အောင်မိုးနှင့် ကျန်လူများက ရွာဟောင်းကုန်းတောင်အထိသာ ရောက်ဖူးကြသည်။ ရွှေမှော်က ရွာဟောင်းကုန်းတောင်ကြီး၏ အနောက်ဘက် နန့်ပွန်းချောင်းလက်တက်များတွင်ရှိသည်။

"ကဲကဲ-သွားမယ်ဟေ့၊ တဲထိုးချိန် မီအောင် မိုးမချုပ်ခင် ရွှေမှော်ထဲရောက်မှဖြစ်မယ်ပညယ်"

ကျော်ဝင်းစိန်၏ ဆော်ဩသံကြောင့် အနားတွင်ချထားသော ကျောပိုးအိတ်ကို ကောက်လွယ်လိုက်သည်။ အောင်မိုးက လေးနစ်နေသော ကျောပိုးအိတ်ကြောင့် မျက်နှာကိုရှုံ့မဲ့ရင်း -

"ဒီနွားပေါက်ကြီးကို ဆရာတင်မိတာတော့ မှားပြီထင်တယ်။ အမောပြေမယ်မကြံသေးဘူး၊ သေဖို့ရှိတယ်မောင်"

"သေရင်လည်း မှော်ထဲရောက်မှ သေပညယ်။ ကျောပိုးအိတ်က လေးတာနဲ့ အလောင်းတော့ ထပ်မထမ်းနိုင်တော့ဘူး"

ရုတ်တရက် ဝင်ပြောလိုက်သော မောင်မှိုင်း၏ စကားကြောင့် ကျော်ဝင်းစိန်က နွားပေါက်ကြီးလိုသန်မာလှသော ကိုယ်လုံးကြီးလှုပ်ခါသွားသည့်အထိ အားပါးတရရယ်မောလိုက်သည်။

"ဟား ဟား ဟား- ချီးအိုးမောင်ဆိုတော့ နန့်ပွန်းချောင်းထဲမျှောလည်း ချောင်းညစ်ပတ်မယ်။ လင့်စင်ထိုးပြီး ထားခဲ့ကြတာပ ဟား ဟား ဟား"

"ဟေ့ကောင် မောင်မှိုင်း၊ မင်းအမေကိုလည်းပြော၊ နာမည်ပေးရင်တန်ရာတန်ရာပေးလို့။ မတန်မရာကွာ၊ စာမေးရင် အိမ်ခေါင်မိုးထိုးပြတဲ့ကောင်မျိုးကများ မှည့်စရာနာမည်ရှားလို့ . . ."

အောင်မိုးက ကျော်ဝင်းစိန်နှင့် မောင်မှိုင်းကို အားရပါးရဆဲလိုက်ပြီး ရွာဟောင်းကုန်း တောင်တက်လမ်းဆီသို့ ဦးတည်လိုက်၏။ သူငယ်ချင်းတစ်သိုက် ရယ်မောသံက ရွာဟောင်းကုန်းတောင်တစ်ခုလုံး ဖုံးလွှမ်းသွားတော့၏။

❑



www.burmeseclassic.com

www.burmeseclassic.com



# သတုံ-ငယ်ငယ်

သူ့အရပ်နဲ့သူ့နတ်

ပတ်ဝန်းကျင်တစ်ခုလုံး စိမ်းစိမ်းစို နေ၏။ ဆောင်းနှင်းစက်တို့ ရွက်စိမ်းစို တွင် သီးဖွဲ့ခိုတွဲနေကြပုံက မှောင်ပျပျ ညနေခင်းနေရောင်အောက်တွင် စိန်ကျောက်ရတနာများ စီခြယ်ထားသလား ထင်ရသည်။

အောင်မိုးတို့ရောက်နေသောနေရာ၏ တောင်ကြောငယ်တစ်ဖက်တွင် ကွေ့ဝိုက်စီးဆင်းနေသော နန့်ပွန်ချောင်း၏ ရေစီးသံသဲ့သဲ့ကြားရသည်။ အဝေးဆီမှ လူသံ၊ ကက်ဆက်သံများကလည်း တစ်ချက်တစ်ချက်ကြားရသည်။ နန့်ပွန်ချောင်းရွှေမှော်က ရွှေမှော်ကြီးတွေလို စျေးဆိုင်ကနားနှင့်စည်ကားရာ ရွှေမှော်မဟုတ်၊ နန့်ပွန်းချောင်းလက်တက်မြောင်ပေါက်များတွင် ကိုယ့်အစုနှင့်ကိုယ် ရွှေမျောတိုက်၊ ရွှေကျင်ကြခြင်းသာ ဖြစ်သည်။

"နန့်ပွန်ချောင်းကြီးလှလိုက်ပုံက အရမ်းလှတဲ့မိန်းမပျိုလေးတစ်ယောက် အနားကိုချဉ်းကပ်ရင် ခံစားရသလိုမျိုးကွနော်။ ရင်ထဲကို နူးနူးညံ့ညံ့အေးမြသွားတာပဲကွာ"

"ဟော့ကောင် ချီးအိုးမောင်၊ တောထဲမှာ ကဗျာလာစပ်မနေနဲ့။ တဲပေါ်ကို ကျောပိုးအိတ်တွေတဲပေါ်တင်၊ ပြီးရင် ထမင်းတစ်အိုးချက်ထား၊ ငါတို့ ဆောင်းကျော် ယက်ဖို့ ကြိမ်သွားရှာလိုက်ဦးမယ်"

ဆောင်းကျော်ဆိုသည်က မြေစာသယ်ရာတွင်သုံးသော ခြင်းတစ်မျိုးဖြစ်သည်။ တောတောင်သဘာဝရှုခင်းများတွင် နစ်မျောနေသော အောင်မိုးတစ်ယောက် တိုးတိုး၏စကားကြောင့်-

"ဟော့ကောင် ငတိုး၊ ငါ့အလုပ်ငါ သိတယ်။ မင်းသာ တောထဲမှာတွေ့တဲ့ ချုံလိုက်တိုးမနေနဲ့ မောင်"

www.burmeseclassic.com

"အေးပါကွာ၊ ကဗျာစပ်ချင်ရင် ရွာရောက်မှစပ်ပ။ အခုတော့ ထမင်းအိုးမတူးစေနဲ့ညယ်"

ပြောပြောဆိုဆို ရယ်မောရင်း ထွက်သွားသော တိုးတိုးတို့ကျောပြင်ကို ကြည့်ရင်း အောင်မိုးက ပါးစပ်လှုပ်ရုံတိုးတိုးတိတ်တိတ် ဆဲလိုက်သည်။ သူငယ်ချင်းတွေအားကိုးနှင့် ရွှေတူးရန်လိုက်လာသော်လည်း အောင်မိုးက အလုပ်ကြမ်းလုပ်နိုင်သူမဟုတ်၊ ကဗျာရူးစာရူးလူဖလံလေးသာဖြစ်သည်။ အောင်မိုး၏တာဝန်က ထမင်းချက်၊ ထမင်းချက်ပြီးချိန်တွင် ရွှေမျောလောင်းတာလောက်တော့ ဝိုင်းကူရသည်။ မြေစာသယ်တာ၊ သံတိုင်ကိုင်ပြီး တူးရတာမျိုးတော့ အောင်မိုးကို သူငယ်ချင်းများက မခိုင်းကြ။

"လူလေး၊ တစ်ယောက်တည်းလား၊ အဘက တောင်ဘက်မြောင်ကပါ"

အသံကြောင့် လှည့်ကြည့်လိုက်သော အောင်မိုးတို့၏ ယိုင်နဲ့နဲ့အသစ်စက်စက်တဲပေါ် တက်လာသောအသက် (၅၀) အရွယ် လူကြီးတစ်ဦးကို တွေ့ရသည်။

"ဩော်- ဟုတ်ကဲ့ အဘ၊ ကျန်တဲ့လူတွေကကြိမ်သွားရှာကြတယ်"

"အေးအေး-နေပါစေ၊ အဘလာတာ ပြောစရာရှိလို့"

"ဟုတ်၊ ပြောပါ အဘ"

"ဒီလို လူလေးရဲ့။ ဒီတောထဲမှာ ရွှေဟွင်းတူးရင် တောပိုင်တောင်ပိုင်ကြီးကို ပွဲတင်ပြီး ပူဇော်ပသရတယ်။ ဒါမှ အန္တရာယ်ကင်းကင်းအလုပ်လုပ်နိုင်မှာ"

လူကြီး၏စကားကြောင့် အောင်မိုးက စိတ်ပျက်လက်ပျက်ဖြင့်-

"အဲဒါမှဒုက္ခ။ ကျွန်တော်တို့မှာ ပွဲပေးဖို့ ဘာမှမပါဘူးဗျ။ ဟိုနွားကြီးကလည်း ကျွန်တော်တို့ကို အဲဒါတွေဘာမှ မပြောဘူး"

အောင်မိုး လူကြီးကိုပြောရင်း ကျော်ဝင်းစိန်ကိုကျိန်ဆဲလိုက်၏။

"ပွဲဆိုတာ အုန်းပွဲငှက်ပျောပွဲ မဟုတ်ဘူး၊ ကြက်သားဟင်းချက်ပြီး ထမင်းနဲ့တင်ရတာကွ"

"အဲဒါလည်း ဒုက္ခပဲအဘ။ ကြက်လည်းမပါဘူး။ ငါးခြောက်နဲ့ ငါးသေတ္တာပဲပါတယ်"

အောင်မိုးစကားကြောင့် လူကြီးက သူ၏ဖွတ်ဖွားဖွားခေါင်းကိုကုတ်ရင်း-

"မင်းတို့ထင်တိုင်းလျှောက်လုပ်နေလို့မရဘူးကွ။ တောပိုင်တောင်ပိုင်ကြီးတွေစိတ်ဆိုးရင် ဒီမှာရွှေတူးနေတဲ့လူတွေအားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်။ မနက်ကျရင် တောင်ဘက်မြောင်ကိုလာခဲ့။ မင်းတို့ပွဲတင်ဖို့ ငါကြက်တစ်ကောင်ရောင်းပေးမယ် ကြားလား"

ပြောပြောဆိုဆို တဲပေါ်မှဆင်းသွားသောလူကြီး၏ နောက်ကျောကို ကြည့်ပြီး သက်ပြင်းချလိုက်မိသည်။

ဟိုကောင် နွားကြီးပြောတော့ တစ်နယ်လုံးပတ်ပြီး ရွှေလိုက်တူးလာတာဆိုပြီး ဒါလေးတောင် နားမလည်ဘူးလားဟုတွေးနေတုန်း ကြိမ်စည်းတွေ တဝုန်းဝုန်းပစ်ချသံနှင့်အတူ ကျော်ဝင်းစိန်တို့ ရောက်လာတာ တွေ့ရသည်။

အောင်မိုး၏ စကားအဆုံး အားလုံးက ဝိုင်းရယ်ကြသည်။ ပြီးတော့ တိုးတိုးက -

"ဟေ့ကောင် အောင်မိုး၊ အဲဒါကြောင့် မင်းကို ချီးအိုးမောင်လို့ခေါ်တာ၊ မင်းဦးနှောက်က ချီးကြီးပဲ။ အဲဒီ လူကြီးက သူ့ကြက်ရောင်းချင်လို့ မင်းကိုခွင်လာဖန်တာကွ"

ကျော်ဝင်းစိန်ကတော့ အတွေ့အကြုံရှိသူပီပီ တွေးတွေးဆဆဖြင့်-

"သူ့အရပ်နဲ့သူ့ဓလေ့လုပ်တော့ လုပ်သင့်တယ်ကွ။ ဒါပေမယ့် သူ့ဆီက ကြက်ဝယ်ရမယ်ဆိုတာကြီးကတော့သိပ်မမိုက်ဘူး"

"အောင်မလေး၊ အောင်မလေး လွယ်လွယ်လေး ဒီလိုပြဿနာတွေအတွက် မစ္စတာမောင်မှိုင်းရှိတယ်။ မောင်မှိုင်းကိုမေး၊ အားလုံးအဆင်ပြေသွားမယ်ပ။ နတ်ဆိုတာ တကယ်စားတာမဟုတ်ဘူး။ စတီစားတာ၊ ကြက်မရှိပေမယ့် ကြက်သွန်နီရှိတာပဲ။ ကြက်ဆိုတဲ့စကားလုံးပါဖို့ အရေးကြီးတာ၊ အဲတော့ ကြက်သွန်နီနဲ့ထမင်းနဲ့တင်တာပညယ်၊အလွယ်လေး"

မောင်မှိုင်း၏စကားကို တိုးတိုးက ထောက်ခံ၏။

"ဟုတ်တယ်၊ မနက်ဖြန်မစောင့်ဘဲ ဒီညနေပဲ နတ်တင်မယ်။ ဟေ့ကောင် ချီးအိုးမောင် ထမင်းခူးခဲ့၊ မောင်မှိုင်းမင်းက ကြက်သွန်နီဥကြီးကြီးတစ်လုံး ယူခဲ့"

နေဝင်မှောင်ဖျအချိန်တွင် အောင်မိုးတို့သူငယ်ချင်းတစ်သိုက်၏ နတ်တင်ခြင်းအမှုကိစ္စက အဆင်ပြေစွာပြီးဆုံးခဲ့၏။ အဆင်မပြေတာကတော့ တစ်ညလုံး အိပ်၍မရခြင်းပင်ဖြစ်သည်။

အိပ်၍ရပါရိုးလား၊ တစ်ညလုံးလဲလိုက်တဲ့သစ်ပင်တွေ တဝုန်းဝုန်း၊ တဒိုင်းဒိုင်း တစ်တောလုံးကိုညံလို့။ တဝေါဝေါ တော်လည်းသံကြီးတွေကလည်း အောင်မိုးတို့ ယိုင်နဲ့နဲ့တဲလေးကို တိုက်ချသွားမလားပင်ထင်ရသည်။ အောင်မိုးတို့သာမက နန့်ပွန်းချောင်းတစ်လျှောက်ရှိ ရွှေလုပ်သားတွေပါ ငုတ်တုတ်မိုးလင်းရတော့သည်။ ညဏ်ကြီးရှင် မစ္စတာမောင်မှိုင်းကတော့ စောင်ခြုံထဲကမထွက်နိုင်တော့။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေရှာ၏။

နံနက်လင်းတော့လည်း တစ်တောလုံးတစ်တောင်လုံးကပုံမှန်ပင်။ သစ်ပင်ကြီးတွေလဲဖို့မပြောနဲ့၊ သစ်ကိုင်းသစ်ခက်လေးပင် ကျိုးကျထားသည်ကို မတွေ့ရ။ တောခြောက်တာတဲ့။ တောင်ဘက်မြောင်မှလူကြီးက ကြက်တစ်ကောင်ယူလာပြီး အောင်မိုးတို့အဖွဲ့အတွက် ပွဲတင်ပေးသည်။ပူဇော်ပသသည်။ တောင်းပန်သည်။

နောက်နေ့ညတွေမှာ အခြေအနေက အေးဆေးသွားသည်။ မအေးဆေးတာက မောင်မှိုင်းနှင့် တိုးတိုး။ မျက်နှာတွေက ဘဝင်ကျပုံမရ၊ လူကြီးကိုပေးရမည့် ကြက်ဖိုးအတွက် အစာမကြေဖြစ်နေပုံရ၏။

❑

"ဒီညနေ ကျင်းသိမ်းမယ်ဟေ့၊ တိုင်ကျန်တွေဖြုတ်တော့"

တိုင်ကျန်ဆိုသည်က ကျင်းတူးရာတွင် ကျင်းနှုတ်ခမ်းသားပြိုမကျစေရန် ချန်ထားရသောမြေသားဖြစ်သည်။ တိုင်ကျန်မြေသားထဲတွင် ရွှေရနိုင်သော မြေစာများပါဝင်သောကြောင့် နောက်ဆုံးကျင်းသိမ်းချိန်မှသာ မြေစာထုတ်၍ မျောလောင်းရသည်။ ကျောင်းပိတ်ရက်ကုန်တော့မှာမို့သာ ကျင်းသိမ်းရသည်။ ရွှေကဟုတ်တိပတ်တိမရသေး။ နောက်ဆုံးကျန်သော မြေစာပုံနှင့် တိုင်ကျန်များကိုသာ အားကိုးရတော့မည့်အခြေအနေဖြစ်သည်။

"တောက်"

တောက်ခတ်သံကြောင့် တိုးတိုးဆီသို့ အားလုံးဝိုင်းကြည့်လိုက်တော့ တိုးတိုးက-

"ရွှေက စားစရိတ်ဖိုးတောင်မရသေးဘူး။ ကျင်းသိမ်းရင် ပွဲကတင်ရဦးမယ်။ ပွဲတင်ရင် ဟိုလူကြီးဆီက ကြက်ဝယ်ရဦးမယ်။ ပိုက်ဆံမပါလို့တော့ ကြက်ဖိုးက တစ်ရွှေးပဲပေးရမလား၊ တစ်

www.burmeseclassic.com

ခြင်းပဲပေးရမလား မသိသေးဘူး"

"ဒီမယ် တိုးတိုး၊ ကြက်ဖိုးလည်း ပေးနိုင်ဘူး၊ ပွဲလည်းမတင်ဘူးကွ။ ငါတို့က ကျင်းသိမ်းပြီး ရွာပြန်ကြမှာပဲ။ ဒီမှာ တောခြောက်တဲ့အချိန် ငါတို့ကရွာမှာ အိပ်နေပြီးပေါ့ညယ် ဟား ဟား"

"အေးကွ ဟုတ်တယ်၊ ဒီတိုင်းပြန်မယ်"

ဒီတစ်ခါတော့ မောင်မှိုင်းစကားကို အောင်မိုး ကျေကျေနပ်နပ်ကြီး ထောက်ခံလိုက်၏။ ကျော်ဝင်းစိန်ကလည်း-

"ကဲ-ဒါဆိုလည်းလုပ်ကွာ၊ မင်းတို့နှစ်ယောက် မြေစာထမ်းတော့။ အောင်မိုးက တဲမှာသိမ်းစရာရှိတာ သိမ်းထား၊ ငါက်ဖြန်မိုးလင်းတာနဲ့ ထပြန်မယ်"

အောင်မိုးက တဲရောက်သည်နှင့် ညနေစာထမင်းကို မနက်ထမင်းကြမ်းအဖြစ်အောင် ပိုပိုလေးချက်လိုက်သည်။ ကျော်ဝင်းစိန်တို့ ကျင်းသိမ်းပြီးပြန်လာသည်နှင့် ရေချိုးစေပြီး ထမင်းကျွေးလိုက်သည်။ ကျန်ထမင်းများကို တောင့်ကပေ်ာရွက်များခတ်ပြီး မနက်အပြန်လမ်းခရီးတွင်စားရန် ထုပ်လိုက်သည်။

"ကဲ-ကိုယ့်ထမင်းထုပ်ကိုယ့်ကျော ပိုးအိတ်ထဲထည့်ကြ၊ အလင်းရောင်လာတာနဲ့ထွက်မယ်ဟေ့"

နောက်ဆုံး ကျင်းသိမ်းချိန်၌ ရွှေလေးနည်းနည်းထပ်ရလိုက်သဖြင့် မောင်မှိုင်းတစ်ယောက် အပြန်ခရီးတစ်လျှောက် သီချင်းလေးတကြော်ကြော်နှင့် ရွှင်မြူးနေ၏။ မျက်နှာကပြုံးစိစိနှင့်။

"ဒီည နန့်ပွန်ချောင်းမှာ တောခြောက်မှာမြင်ယောင်မိသေးတယ်။ ဟိုလူကြီးတော့ ငါတို့ကို စောင်ခြုံထဲကနေ ဘယ်လောက် ကျိန်ဆဲနေမလဲမသိဘူး ဟီ ဟီ"

မောင်မှိုင်းစကားကြောင့် သူငယ်ချင်းတစ်သိုက် တိုင်ပင်ထားသလို အားရပါးရရယ်လိုက်ကြ၏။ နေမွန်းတည့်ချေတော့မည်။ ဒီတောင်ကြောကိုကျော်ပြီး နောက်နှစ်နာရီလောက် ဆက်လျှောက်လျှင် သဲဖြူချောင်း၊ ကမ်းပါးပြိုကြီးသို့ရောက်လိမ့်မည်။ ကမ်းပါးပြိုကြီးက ရွာအနောက်ကွင်းစပ်မှာရှိခြင်းကြောင့် ကမ်းပါးပြိုရောက်လျှင် ရွာကိုမြင်ရပေတော့မည်။

"ဟော့ကောင်တွေ ကက်ဆက်သံကြားတယ်ကွ"

"ချီးအိုးဦးနှောက်ကတော့ လုပ်တော့မယ်၊ ရွာရောက်ဖို့လိုသေးတယ်ကွ။ ဒီနေရာမှာ ဘယ်သူက ကက်ဆက်လာဖွင့်မှာလဲညယ်"

မောင်မှိုင်းစကားကြောင့် ကျော်ဝင်းစိန်က နားစွင့်လိုက်ရင်း -

"ဟုတ်တယ် မောင်၊ ကတ်ဆက်သံပဲ။ သိန်းတန်သီချင်း၊ ဒီတောင်ကြောဟိုဘက်ကကြားရတာ"

သူငယ်ချင်းလေးယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး တောင်ကြောပေါ် ပြေးတက်ကာ အောက်သို့ကြည့်လိုက်သည်။ တောင်ကြောအောက်တွင် နန့်ပွန်ချောင်းကြီး၏ ရေပြင်ဖွေးဖွေးကိုမြင်ရ၏။ နန့်ပွန်ချောင်း၏ တောင်ဘက်မြောင်ထဲမှာ အောင်မိုးတို့ စွန့်ခွာခဲ့သော တဲလေးက အတိုင်းသား။ ကတ်ဆက်သံက နန့်ပွန်ချောင်း ရွှေမှော်ထဲကလာခြင်းဖြစ်သည်။

"လမ်းမှားပြီကွ၊ ငါတို့ နန့်ပွန်းချောင်း တောင်ကြောပေါ်ရောက်နေတာ"

"ဟော့ကောင် ကျော်ဝင်းစိန် ဟုတ်ရဲ့လားကွာ၊ ငါတို့ရွာပေါင်းကုန်းတောင်ကိုတောင်ဆင်းခဲ့ပြီးပြီလေကွာ"

မျက်နှာငယ်လေးနှင့် ပြောလာသော မောင်မှိုင်းစကားကြောင့် ကျော်ဝင်းစိန်က-

"ငါလည်း မှစဉ်းစားတတ်တော့ပါဘူးညယ်"

"ကဲ - ငါတို့ နန့်ပွန်ချောင်းကြီးကို ကျော်ပေးပြီး အရှေ့ဘက်ကိုသွားမယ်။ ဘယ်လိုပဲဖြစ်ဖြစ် သဲဖြူချောင်းဆီတော့ ရောက်မှာပဲ။ သဲဖြူချောင်းတွေ့ရင် ငါတို့ရွာပြန်လို့ရပြီပေါ့ မောင်"

တိုးတိုး၏အကြံပေးချက်အတိုင်း အောင်မိုးတို့ နန့်ပွန်ချောင်းတောင်ကြောကိုဖြတ်ဆင်းကာ အရှေ့ဘက်သို့ ဦးတည်လိုက်ကြသည်။ နေရောင်က မှုန်ဝါးလာပြီ။ မကြာခင် မိုးချုပ်ပေးတော့မည်။

"ဟီး ဟီ အင့်"

ရှုတ်တရက်ငိုချလိုက်သော မောင်မှိုင်းကြောင့် ကျန်သူငယ်ချင်းအားလုံးက စိုးရိမ်တကြီးဖြင့် -

"ဟော့ကောင် မောင်မှိုင်းဘာဖြစ်တာလဲ"

"မင်းတို့မကြားဘူးလားကွ ကက်ဆက်သံ၊ ငါတို့လမ်းမှားပြန်ပြီထင်တယ်။ ဟီး ဒါလမ်းမှားတာမဟုတ်ဘူး၊ တောမှောက်တာနေမှာ"

မောင်မှိုင်း ပြောစကားကြောင့် အနီးရှိ ကုန်းမြင့်လေးပေါ်တက်ပြီး ကက်ဆက်သံကြားရာသို့ လှမ်းကြည့်တော့ နန့်ပွန်ချောင်းကြီးကိုတွေ့ရပြန်သည်။ ဒီတစ်ခါ နန့်ပွန်ချောင်းရေက ဖွေးမနေတော့။ မှုန်ပျပျအလင်းရောင်ကြောင့် ပြာညို့နေ၏။ နေဝင်ပြီ။ အချို့နေရာများတွင် မီးရောင်သဲ့သဲ့ကို တွေ့ရသည်။ ရွှေတူးအဖွဲ့တဲများဖြစ်မည်။

ဒီတစ်ခါတော့ ကျော်ဝင်းစိန်က ဆုံးဖြတ်ချက်တုံးတုံးချလိုက်ဟန်ဖြင့်-

"ကဲ-အခုငါတို့မီးရောင်တွေ့ရတဲ့နေရာကိုသွားမယ်။ မှောင်လာပြီဆိုတော့ လူချင်းမကွဲစေနဲ့"

အောင်မိုးတို့အုပ်စု မီးရောင်ရှိရာ မှောင်ဝါးဝါးအလင်းရောင်အောက်မှာ လျှောက်လာခဲ့ကြရာ တဲတစ်လုံးသို့ ရောက်လာခဲ့၏။ တိုက်ဆိုင်လွန်းလှသည်ဟုပင်ပြောရမလား။ အောင်မိုးတို့အဖွဲ့ ရောက်လာသော တဲသည် နန့်ပွန်ချောင်းတောင်ဘက်မြောင်ရှိ လူကြီး၏ တဲပင်ဖြစ်တော့သည်။

❑

နံနက်မိုးလင်းတော့ တောင်ဘက်မြောင် တဲပိုင်ရှင်လူကြီးက ကြက်တစ်ကောင်ချက်ပြီး ပွဲတင်သောအမှုကိုပြုလေ၏။ ညက အောင်မိုးတို့အဖွဲ့ သူ့တဲရောက်လာကတည်းက တောပိုင်တောင်ပိုင်ကြီးကို အကြိမ်ကြိမ်တောင်းပန်နေခဲ့သောလူကြီးက ပွဲတင်ချိန်မှာလည်း တတွတ်တွတ် တောင်းပန်ရှာပြန်သည်။

ကိစ္စအဝဝ ပြီးတော့ အောင်မိုးတို့အဖွဲ့ထံမှ ကြက်ဖိုးမတောင်းသည့်အပြင် နတ်တင်ပြီး မိုလျှံသောကြက်သားဟင်းဖြင့် ထမင်းတဝကျွေးလိုက်သေးသည်။

မောင်မှိုင်းမျက်နှာက ချိုပြုံးနေ၏။ လူကြီးကျွေးသော ကြက်သားဟင်းနှင့် ထမင်းကို တဝစားပြီး လူကြီးကို ဦးသုံးကြိမ်ချကာ ရွာသို့ပြန်လာကြ၏။

အပြန်လမ်းက ဖြောင့်ဖြူးနေ၏။ တောလည်း မမှောက်၊ တောလည်း မခြောက်၊ နေမဝင်ခင် ရွာသို့ရောက်ကြတော့သည်။

အောင်မိုးကတော့ -

"သူ့အရပ်နဲ့သူ့ဇာတ်၊ နေတတ်အောင် နေရတယ်"


ဟူသောစကားကို သတိရမိသည်။ ‌ေ အောင်မိုးတို့ဖြစ်ကတော့ 'သူ့အရပ်နဲ့သူနတ် မနေတတ်ခဲ့လို့' ဟုသာ ပြောလိုက်ချင်ပါတော့သည်။

သထုံ-ငယ်ငယ်



www.burmeseclassic.com

'ခြင်ဒစ်' ဟူသော ဆောင်းပါး အမည်ကို ဖတ်ရှုကြသော စာဖတ်ပရိသတ်သည် 'မဲပြာပုဆိုးတစ်ကွင်းလာပြန်ပြီ' ဟု ထင်မှတ်ကြမည် ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မြန်မာနိုင်ငံတိုက်ပွဲစဉ်များသတင်းတွင် ဗြိတိသျှ ဗိုလ်ချုပ် ဝင်းဂိတ်နှင့် သူ့ခြင်ဒစ်တို့၏ သတင်းဟိတ်သည် ကျွန်တော်တို့မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးသို့ ရိုက်ခတ်ခဲ့သည်။ ဤသို့ ဟိတ်ကြီးပြီးသားဖြစ်၍လည်း ကျွန်တော်တို့ စာဖတ်ပရိသတ်အား ထွေထွေထူးထူးမိတ်ဆက်ပေးနေစရာမလိုတော့ဟု ဆိုရခြင်း ဖြစ်သည်။



ခြင်းဒင်ဗိုလ်စတေလာစါမိသားစု (၁၉၆၀)

## လှမိုး(ပညာရေး)

# ခြင်ဒစ်နှင့်မြန်မာ့သတ္တိ


မှန်ပါသည်။ ကျွန်တော်ကိုယ်တိုင်ပင် ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသော သိဒ္ဓိမိုးမဂ္ဂဇင်းကြီးတွင် 'ဝင်းဂိတ်၏ ပျောက်ဆုံးနေသော ရတနာသိုက်' အမည်ဖြင့် ဆောင်းပါးတစ်စောင်ကို လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလထုတ် သူရဇ္ဇမဂ္ဂဇင်းတွင်လည်း 'ဝင်းဂိတ်ခြေရာ' အမည်ဖြင့် ဆောင်းပါးများ ရေးသားခဲ့ပြီး ဖြစ်ပါသည်။ ကွယ်လွန်သူ စာရေးဆရာကြီး တက္ကသိုလ်နန္ဒမိတ်ကလည်း ခြင်ဒစ်တပ်ဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဖာဂပ်ဆန် (နောင်အခါ ဗိုလ်မှူးချုပ်ဖြစ်လာသူ) ရေးသားသော Beyond The Chindwin ကို 'ချင်းတွင်းကိုကျော်လျှင်' အမည်ဖြင့် တိုက်ရိုက်မြန်မာဘာသာပြန်ဆိုထုတ်ဝေခဲ့ပြီး ကွယ်လွန်သူ ဒုတိယဗိုလ်မှူးကြီး မောင်ဘိုကလည်း Gideon Goes To War or Wingate ဟူသော စာအုပ်ကို 'ဂစ်ဒီယွန်၏ စစ်ထွက်ခန်း' အမည်ဖြင့် လုံးစေ့ပတ်စေ့ မြန်မာဘာသာ ပြန်ဆိုထုတ်ဝေပြီး ဖြစ်ပါသည်။ တက္ကသိုလ်နန္ဒမိတ်ကပင် အထက်ဖော်ပြပါ ဗိုလ်မှူးချုပ် ဖာဂပ်ဆန် ရေးသော The Wild Green Earth အား 'အသက်ကိုဖက်ရွက်ပမာ' ဟု မြန်မာဘာသာပြန်ဆိုရေးသား ထုတ်ဝေခဲ့ပါသည်။ ထို့အတူ ခြင်ဒစ်တပ်ဖွဲ့ဝင်များအကြောင်းနှင့် တိုက်ပွဲစဉ်များအကြောင်း ဖော်ပြသော ဂျွန်မာစတား ရေးသား ထုတ်ဝေသည့် The Road Past Mandalay အား ဆရာ တက္ကသိုလ်နန္ဒမိတ်ကပင် 'မန္တလေးတို[illegible] ဖြတ်၍' အမည်ဖြင့် လွန်ခဲ့သောနှစ်ပေါင်း [illegible] (၄၀) ကျော်ခန့်က မြန်မာဘာသာပြန်[illegible] ထုတ်ဝေခဲ့ရာ အကြိမ်ကြိမ်ပုံနှိပ်[illegible] ခဲ့ရသော စာအုပ်တစ်အုပ် [illegible]ပါသည်။ သို့ဖြစ်၍ ခြင်ဒစ်တပ်[illegible]နှင့် ဝင်းဂိတ်[illegible]





www.burmeseclassic.com

www.burmeseclassic.com





အကြောင်းအား ကျွန်တော်တို့ စာဖတ်ပရိသတ်နှင့် မိတ်ဖွဲ့ပေးရန်မလိုဟု ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ဤသို့ ရှည်လျားစွာ စကားပလ္လင်ခံရခြင်းမှာ အကြောင်းရှိပါသည်။ ယခုရေးသားမည့်ဆောင်းပါးမှာ ထိုကာလက မြန်မာအမျိုးသား အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအချို့သည် ဗိုလ်ချုပ်ဝင်းဂိတ် ဦးဆောင်သော ခြင်ဒစ်တပ်ဖွဲ့၏ စစ်ကြောင်းများတွင် ပါဝင်ခဲ့ကြပြီး မြန်မာလူမျိုးတို့၏ သတ္တိရှိမှု၊ ရဲဘော်ရဲဘက်စိတ်ရှိမှု၊ စည်းကမ်းလိုက်နာမှု၊ ဒုက္ခဆင်းရဲခံနိုင်မှု၊ အသက်ကိုစွန့်ရန်ဝန်မလေးမှု၊ အမိန့်နာခံမှု စသည်တို့ကို ယနေ့မျိုးဆက်သစ်လူငယ်များ သိရှိစေလိုသည့်အတွက် ကျွန်တော် လက်လှမ်းမီသလောက် စုဆောင်းထားသော စာအုပ်စာတမ်းများ၊ ကျွန်တော့်ကျောင်းသားဟောင်းများ ရှာဖွေပေးသော မှတ်တမ်းများမှ ထုတ်နုတ်ရေးသားခြင်း ဖြစ်ပါသည်။

ဤနေရာတွင် အကြောင်းသင့်၍ ဖော်ပြရမည်ဆိုလျှင် ကျွန်တော်သည် ဂျပန်တို့ ဖားမိုးအုပ်စိုးခဲ့သည့် (၃) နှစ်ကျော်ကာလတွင် လူလူသူသူစာဖတ်နိုင်သော အလယ်တန်းကျောင်းသားတစ်ဦး ဖြစ်ပါသည်။ သို့ဖြစ်၍ ထိုကာလက ထုတ်ဝေသောသတင်းစာများ၊ ဂျပန်ဒိုမေသတင်းဖြန့်ချိရေးမှ ထုတ်ဝေသော သတင်းလွှာများ၊ စာစောင်များတွင် ဗိုလ်ချုပ်ဝင်းဂိတ်၏ ပြောက်ကျား ခြင်ဒစ်တပ်များ မြန်မာနိုင်ငံမြောက်ပိုင်းသို့ ချင်းနင်းဝင်ရောက်လာကြောင်း၊ ဂျပန်ဘုရင့်တပ်မတော်၏ စစ်ကြောင်းများနှင့် ကျားကုတ်ကျားခဲ တိုက်ခိုက်ကြသည့် တိုက်ပွဲများနှင့် တောတောင်စိမ့်မြေအတွင်း ခြင်ဒစ်တို့ ငှက်ဖျားမိ၍ လည်းကောင်း၊ လမ်းမှား၍ လည်းကောင်း၊ အငတ်ငတ်အပြတ်ပြတ်ဖြစ်ကာ သေဆုံးကြရပုံအချို့အား ဖမ်းဆီးရမိခဲ့ပုံနှင့် ဗိုလ်ချုပ်ဝင်းဂိတ်လည်း လေယာဉ်ပျက်ကျ၍ ကွယ်လွန်ခဲ့ရပုံများကို ဖန်တစ်ရာတေအောင်ဖတ်ရှုခဲ့ရသည်။ ဤအချိန်ကပင် ဗိုလ်ချုပ်ဝင်းဂိတ်၏ ခြင်ဒစ်တပ်မတော်အပေါ် ကျောင်းသားလူငယ်တစ်ယောက်ပီပီ စိတ်ဝင်စားခဲ့သည်။

မှတ်မှတ်ရရ ထိုစဉ်က တိုကျိုမှ ထုတ်လွှင့်သော ဂျပန်အသံလွှင့်ဌာန (နောင်အခါ ယိုးဒယား-ထိုင်း) မှ ထုတ်လွှင့်သောအစီအစဉ်တွင် ဝင်းဂိတ်နှင့် ဝင်းဂိတ်၏ ညာလက်ရုံး ဒုတိယဗိုလ်မှူးကြီးဖာဂပ်ဆင်တို့အား ပြင်းပြင်းထန်ထန် ဝေဖန်သည်ကို နားထောင်ခဲ့ရ၏။ ထို့အတူ မြန်မာနိုင်ငံမှ ထုတ်ဝေသော သတင်းစာတစ်စောင်တွင် ခြင်ဒစ်တပ်ဖွဲ့မှ ဒဏ်ရာရရှိခဲ့သော လက်ဖတင်နင်ဗိုလ် စတစ်ဘိဖိလစ်အား ဖမ်းဆီးရမိသဖြင့် ရန်ကုန်ထောင်ကြီးအတွင်း ဆေးကုသပေးခဲ့သည့်သတင်းများလည်း ဖတ်ရှုခဲ့ရသည်။

အမှန်အားဖြင့် ဗိုလ်ချုပ်ဝင်းဂိတ်သည် ကျွန်တော့်အတွက် ဒဏ္ဍာရီတစ်ပုဒ်ဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ် ကျွန်တော်တို့မြန်မာနိုင်ငံသို့ ကူးစက်မလာခင်ကပင် သူ့အကြောင်းကိုအကျွမ်းတဝင်ဖြစ်နေသည်။ ထိုကာလက ကျွန်တော်တို့မြန်မာနိုင်ငံရှိ ဗြိတိသျှအစိုးရ ဝါဒဖြန့်ချိရေးဌာန (ပြန်ကြားရေးဌာန) မှ ထုတ်ဝေသော 'ကမ္ဘာ့ရုပ်စုံဂျာနယ်' ကြီးတွင် သူ့ဓာတ်ပုံနှင့်တကွ သူ့ပြောက်ကျားတပ်ဖွဲ့အကြောင်း သတင်းဆောင်းပါးများ ဖော်ပြလေ့ရှိသည်။ ထိုစဉ်က သူသည် အာဖရိကတိုက် အဘီဆီးနီးယားနိုင်ငံ (ယခု အီသီယိုပီးယား) တွင် အဘီဆီနီယားပြောက်ကျားတပ်များကို ခေါင်းဆောင်၍ သူ့တပ်ထက်များစွာ အင်အားကြီးမားသော ဖက်ဆစ်အီတလီတပ်များကို အထိနာစေ၍ အဘီဆီးနီးယားနိုင်ငံ အဒစ်(စ်) အဘာဘာမြို့တော်ကြီးအား



www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်သိမ်းပိုက်ကာ ဖက်ဆစ်အီတလီတို့ဘေးမှ ထွက်ပြေး တိမ်းရှောင်နေခဲ့သော ဘုရင်ဟေးစလက်ဆီကို ထီးနန်းပြန်တင်ပေးခဲ့သည်။

ထိုစဉ်က အထက်ဖော်ပြ 'ကမ္ဘာ့ရုပ်စုံ' ဂျာနယ်တွင် ဖော်ပြထားသော သူ့ဓာတ်ပုံကလည်း ခပ်ဆန်းဆန်းဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဟိုးဟိုးကျော်ခဲ့သော အထင်ကရစစ်ဗိုလ်များသည် တစ်ဦးနှင့်တစ်ဦး မတူကြ။ အမေရိကန်ပြည်ထောင်စုသား ဗိုလ်ချုပ်ကြီးမက်အာသာသည် စစ်မြေပြင်တိုက်ပွဲများတွင် ပီးကက်ဦးထုပ်နှင့် ကြိမ်တုတ်ကိုသာကိုင်သည်။ ဂျာမန်ဗိုလ်ချုပ်ကြီးရွမ်းမဲလ်ကမူ နှင်းဦးထုပ်နှင့် သဲကာမျက်မှန်ကို တပ်လေ့ရှိ၏။ အမေရိကန်ပြည်ထောင်စုမှ ဗိုလ်ချုပ်ကြီးပက်တန်သည် သံခမောက်ဆောင်းထား၍ ပစ္စတို (၂) လက် ခါးတွင်ချိတ်ထားလေ့ရှိသည်။ ဗြိတိသျှဘုရင့်တပ်မတော်မှ သေနာပတိဗိုလ်ချုပ်ကြီး မောင်ဂိုမာရီကမူ ဘဲရ်ဦးထုပ်ပြားတွင် တံဆိပ် (၂) ခုတပ်ထား၍ ထိုဦးထုပ်ကို ဆောင်းထားလေ့ရှိ၏။ မြန်မာနိုင်ငံအား ဖက်ဆစ်ဂျပန်တို့လက်အောက်မှတိုက်ယူခဲ့သော ဗြိတိသျှဘုရင့်တပ်မတော် မြန်မာနိုင်ငံတပ်မကြီး၏ သေနာပတိ ဗိုလ်ချုပ်ကြီးဆလင်းကမူ ဂေါ်ရခါးတပ်သားများ ဆောင်းသည့် ဂေါ်ရခါးဦးထုပ်ကို ဆောင်းသည်။ ခြင်ဒစ်တပ်မမှူး ဗိုလ်ချုပ်ဝင်းဂိတ်ကမူ သူမတူအောင်ဆန်းသူဖြစ်၏။ သူသည် ရှေးကျသော တိုပီဖော့ဦးထုပ်ကိုဆောင်း၍ စပရင်ဖီ(လ်)ရိုင်ဖယ်သေနတ်ကိုလွယ်ထားသည်။ မှန်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း အထက်ဖော်ပြပါ လူထူးလူဆန်း အထင်ကရဗိုလ်ချုပ်ကြီးများသည် သူတို့သမိုင်းကိုသူတို့ ရေးသွားသူများဖြစ်ကြသည်။

ရှေးဦးကာလက ဗြိတိသျှတပ်မတော်မှတာဝန်ရှိသူအများသည် ဝင်းဂိတ်၏ ထူးဆန်းသော သေနင်္ဂဗျူဟာကို သံသယရှိကြသည်။ သူကလည်း လူထူးလူဆန်း၊ လူ့ခွစာ။ တော်ရုံအရာရှိများကို ဆရာမတင်လို။ ရာထူးကြီးတိုင်း မလေးစား။ ရာထူးမရှိစေကာမူ အရည်အချင်းပြည့်ဝသူကို လေးစားသည်။ ဝင်းဂိတ်သည် ထူးထူးခြားခြား ရဲရင့်သူဖြစ်သည်။ စွန့်စားရန်အသင့်ရှိသူ၊ သူ၏ အကြံသစ်ဉာဏ်သစ်များကို ထုတ်ဖော်ရန်သတ္တိရှိသူ ဖြစ်၏။ စစ်အောင်နိုင်ရေးအတွက် သမားရိုးကျမဟုတ်သောနည်းလမ်းများကို ထာဝစဉ်ရှာကြံနေသူ ဖြစ်၏။ သူ့ကို စိတ်ဝင်စားသူမှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဟိုးဟိုးကျော်နေသော ဗြိတိသျှဝန်ကြီးချုပ်ချာချီနှင့် ဒုတိယကမ္ဘာစစ်မီးကြီး မြန်မာနိုင်ငံသို့ ကူးစက်လာခဲ့ပြီး ဗြိတိသျှတို့ ဂျပန်တို့အား ကျားကုတ်ကျားခဲ ခုခံတားဆီးနေရချိန် စစ်သေနာပတိနှင့် အိန္ဒိယနိုင်ငံဘုရင်ခံချုပ်အဖြစ် တာဝန်ယူခဲ့သော ဗိုလ်ချုပ်ကြီးဝေဗဲ(လ်) ဖြစ်၏။

ဝင်းဂိတ်ရောက်လာသောအချိန်တွင် အခါနှောင်းခဲ့ပြီ ဖြစ်၏။ ဗြိတိသျှတပ်များ မြန်မာနိုင်ငံမှနောက်ဆုံးဆုတ်ခွာခဲ့ရပြီ ဖြစ်သည်။ သို့သော် ဝင်းဂိတ်သည် လွယ်လွယ်ကူကူနှင့် စိတ်အားလျှော့သူ မဟုတ်ပေ။ တောတောင်၊ စိမ့်စမ်း၊ ဂနိုင်ထူသော မြန်မာနိုင်ငံအား ပြန်လည်သိမ်းပိုက်ရာတွင် ဂျပန်တို့အား တိုက်ရမည့်နည်းသစ်တစ်ခုကို စဉ်းစားမိသည်။

ဂျပန်တို့ မြန်မာနိုင်ငံကိုဝင်ရောက်တိုက်ခိုက်စဉ်က သူတို့အား ရင်ဆိုင်ရသော ဗြိတိသျှတို့၏ အမှတ် (၁၇) တပ်မကြီးမှာ အာဖရိကသဲကန္တာရများတွင်သာ တိုက်ပွဲအမျိုးမျိုးဆင်နွှဲခဲ့ရသူများဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ တောင်စောင်း၊ တောင်ကမ်းပါး၊ လမ်းကျဉ်း၊ စိမ့်မြေများ၊ ဗျိုက်တောများ၊ တောအုပ်များတွင် ချီတက်တိုက်ခိုက်ကြရသောအခါ အခက်အခဲတွေ့ရတော့၏။

ဂျပန်တပ်သားတို့၏ တောတွင်းတိုက်ပွဲပြောက်ကျားတိုက်ပွဲများကို တွေ့ရသော ဗြိတိသျှအမှတ်(၁၇)တပ်မကြီးမှာ ကစဉ့်ကလျားဖြစ်ခဲ့ရပြီး မြန်မာနိုင်ငံမှ ဆုတ်ခွာခဲ့ကြရသည်။ ဗြိတိသျှနှင့် မဟာမိတ်တပ်သားအများမှာ စိတ်ဓာတ်ကျဆင်းခဲ့ရပြီး ဂျပန်တို့အား တိုက်ခိုက်နိုင်ပါ့မလားဟု သံသယရှိလာသည်။ ယင်းစိတ်ဓာတ်ကိုလည်း မြှင့်တင်ပေးရန်လိုအပ်သဖြင့် ဝန်ကြီးချုပ်ချာချီနှင့် ထိုစဉ်က အရှေ့တောင်အာရှ စစ်သေနာပတိချုပ်နှင့် အိန္ဒိယနိုင်ငံဘုရင်ခံချုပ်ဖြစ်သူ ဝေဗဲ(လ်)တို့က ဝင်းဂိတ်အား ခေါ်ယူခဲ့ကြခြင်း ဖြစ်သည်။ သူတို့နှစ်ယောက် (နောင်အခါတွင် အရှေ့တောင်အာရှ စစ်သေနာပတိချုပ်ဖြစ်လာသူမောင့်ဘက်တန်) တို့က စိတ်ဝင်စားသည်။ ဝင်းဂိတ်၏ ခရီးရှည်ထိုးဖောက်တိုက်ခိုက်နည်း၊ ပြောက်ကျားစစ်ဆင်နည်း၊ တောတွင်းစီးနင်းတိုက်ခိုက်နည်းမှာ သမားရိုးကျနည်းများမဟုတ် ခေတ်တစ်ခေတ်ကျော်နေသည်။ သို့သော် အထက်တွင်ဖော်ပြခဲ့သော ဗြိတိသျှအာဏာပိုင်များက ဝင်းဂိတ်၏ ဂျပန်စစ်ကြောင်းများနောက်သို့ ထိုးဖောက် ဝင်ရောက်၍ ဂျပန်တို့၏ ရိက္ခာပို့သည့်လမ်းကြောင်းများ၊ စစ်အကူပို့မည့်လမ်းများ၊ ရိက္ခာသိုလှောင်ရုံများ၊ ဆက်သွယ်ရေးစခန်းများ၊ မီးရထားလမ်းများ၊ တံတားများကို ဖျက်ဆီး ဝင်ရောက် တိုက်ခိုက်ရေးစီမံချက်ကို လက်ခံခဲ့ကြသည်။

ဤတွင် ဝင်းဂိတ်အဖို့ သူမျှော်လင့်ထားသော သမားရိုးကျမဟုတ်သည့် စစ်ရေးသေနင်္ဂဗျူဟာကို အကောင်အထည်ဖော်နိုင်သည်။ သူဖွဲ့စည်းသည့် တပ်မတော်သစ်တွင် ဂေါ်ရခါးလူမျိုးများ၊ မြန်မာလူမျိုးများ၊ ဗြိတိသျှလူမျိုးများ၊ အာဖရိကတိုင်းရင်းသားများပါဝင်ခဲ့သည်။ ဝင်းဂိတ်သည် သူ့တပ်သားများကို ပြောက်ကျားတိုက်နည်း၊ မြေပုံဖတ်နည်း၊ သံလိုက်အိမ်မြှောင်သုံးနည်း၊ တောတွင်းရှင်းလင်းသွားနည်း၊ လမ်း, တံတားဖောက်နည်း၊ ရန်သူကို ရုတ်တရက်ဝင်ရောက် ပူးကပ်တိုက်ခိုက်နည်း စသည်တို့ကို သင်စေသည်သာမက ပိုးမွှားအကိုက်ခံခြင်း၊ ကျွတ်တွယ်ခြင်း၊ ရေငတ်ခံနိုင်ခြင်း စသည်တို့ခံနိုင်အောင်လည်း လေ့ကျင့်ခဲ့ရသည်။ သူ၏ ထူးဆန်းသော တပ်မတော်အမည်ကို 'ခြင်ဒစ်' ဟု ပေးထားသည်။ ခြင်ဒစ်မှာ မြန်မာအခေါ် 'ခြင်္သေ့' ဖြစ်သည်။

လူထူးလူဆန်း ဝင်းဂိတ်၏ ခြင်ဒစ်တပ်တွင် တာဝန်ထမ်းဆောင်သော အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအားလုံးမှာ အသက် (၃၅) နှစ်အောက်ရှိသူများ ဖြစ်၏။ အချို့သောအရာရှိများမှာ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီကနာမည်ကျော် စာရေးဆရာများ၊ ဥပဒေအကျိုးဆောင်များ၊ ဘုံဘေဘားမားသစ်ထုတ်လုပ်ရေးကုမ္ပဏီ၊ စတီးဘရားသားသစ်ထုတ်လုပ်ရေးကုမ္ပဏီမှအရာရှိများ၊ အောက်(စ်)ဖို့(ဒ်)၊ ကင်းဘရစ်(ချ်) တက္ကသိုလ်ကျောင်းတိုက်ကြီးများမှ ကျောင်းသားဟောင်းများ ပါဝင်သည်။ သူတို့အား အိန္ဒိယနိုင်ငံ တောတောင်ထူ၍ ရာသီဥတုပူပြင်းသောပြည်နယ်တွင် လေ့ကျင့်စေသည်။

တပ်သားအားလုံးအား နေပူဒဏ်ခံခြင်း၊ ရေရွှံ့ရွှံ့စိုသည့်ဒဏ်ခံခြင်း၊ ပြေးခြင်း၊ ခုန်ခြင်း၊ ထမင်းစားသောအလေ့အကျင့်မရှိသော ဗြိတိသျှတပ်သားများအား ထမင်းစားစေခြင်း၊ ငါးမိန်းပြခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

ဆက်သွယ်ခြင်း၊ ရေကူးခြင်း၊ အသံမြည်အောင် လမ်းလျှောက်နည်း၊ မြင်းလားများအား အသံမမြည်စေအောင် လမ်းလျှောက်သည့်နည်းသင်ကြားခြင်း၊ မြေပုံရှာဖျောက်၍ လမ်းလျှောက်နည်းကို ကောင်းကောင်း၊ ဝန်ထုပ်ဝန်ပိုးဖြင့် ပြေးလွှားနည်းများကိုလည်း လေ့ကျင့်စေသည်သာမက ဝင်းဂိတ်သည် သူ့အရာရှိ အရာခံများနှင့် ရင်းရင်းနှီးနှီး တိုင်ပင်၍ အကြံစည်သစ်နည်းသစ်များကိုရှာသည်။ စစ်သားတိုင်း သူနာပြုစုနည်းများကိုပါ သင်ကြားကြရသည်။

ဝင်းဂိတ်၏ တပ်မကြီးတွင် တပ်ခွဲ (၈) ခု ခွဲထားရ၏။ သူ၏ အတိုင်ပင်ခံ သက်ရုံးအရာရှိမှာ မြန်မာအမျိုးသား ဗိုလ်ကြီးအောင်သင်း ဖြစ်သည်။ ဤနေရာတွင် ဗိုလ်ကြီးအောင်သင်း၏ အကြောင်းကို အနည်းငယ် ရေးသားဖော်ပြရမည်ဖြစ်၏။ မြန်မာ့သတ္တိကိုပြခဲ့သော ဗိုလ်ကြီးအောင်သင်းမှာ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ ဗြိတိသျှမြန်မာနိုင်ငံအစိုးရတွင် ပစ္စည်းထိန်းမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးသင်း၏သား ဖြစ်သည်။ ငယ်စဉ်က စိန့်ဂျွန်းဒိုင်အိုအမျိုးသားအထက်တန်းကျောင်း (ယခု လမ်းမတော် အမှတ် (၁) အထက်တန်းကျောင်း) တွင် ပညာသင်ကြားခဲ့ပြီး အင်္ဂလန်နိုင်ငံ ဒါဘီရှိုင်းယားပြည်နယ် ထရင်းကောလိပ်၊ ဒေါင်နင်းကောလိပ်နှင့် ကင်းဘရစ်(ချ်) တက္ကသိုလ်တို့တွင် ပညာဆည်းပူးခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာသောအခါ ဗြိတိသျှတပ်မတော်တွင်း ဝင်ရောက်အမှုထမ်းခဲ့သည်။

သူ့အား သူ့မိတ်ဆွေအများကမူ 'ကြက်တော' ဟု ချစ်စနိုးခေါ်ကြသည်။ ဝင်းဂိတ်၏လက်ရုံးဖြစ်ခဲ့သည်။ မြန်မာနိုင်ငံအတွင်းခရီးဝေးထိုးဖောက်ချီတက်သည့် ခြင်ဒစ်တိုက်စစ်ဆင်ရေးတွင် ထူးထူးခြားခြား မြန်မာ့သတ္တိကို ပြခဲ့သဖြင့် ဗိုလ်ကြီးအောင်သင်းမှာ မြန်မာအမျိုးသားထဲမှ ပထမဆုံး D.S.O သူရဲကောင်းဆုရရှိခဲ့သူ ဖြစ်လေ၏။ (မြန်မာနိုင်ငံလွတ်လပ်ရေးရသောအခါ ဗိုလ်မှူးချုပ်ဖြစ်လာခဲ့သည်။ တောင်ပိုင်းတိုင်းစစ်တိုင်းမှူးကြီး ဖြစ်လာခဲ့ရသော်လည်း အကြောင်းကြောင်းကြောင့် အငြိုးအတေးများထားကာ အငြိမ်းစားယူခဲ့ရသည်။)

ဝင်းဂိတ်၏ ခြင်ဒစ်တပ်ဖွဲ့ဝင်များအားလုံးသည် လူမျိုးခွဲခြားခြင်းမရှိ။ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအားလုံး အချင်းချင်းလေးစားကြသည်။ သို့ဖြစ်၍ ခြင်ဒစ်တို့၏ အဝေးချီထိုးဖောက်စစ်ဆင်ရေး (၂) ကြိမ်စလုံးမှာ ထူးထူးခြားခြား ပေါက်ရောက်မှုရရှိခဲ့သည်သာမက ဗြိတိသျှတပ်ဖွဲ့ဝင်အားလုံးအား စိတ်ဓာတ်တက်ကြွစေခဲ့သည်။ နိုင်ငံတကာမှ စစ်ရေးအကဲခတ်စောင့်ကြည့်သူများအားလုံးကလည်း ခြင်ဒစ်တို့၏ စစ်ဆင်ရေးကို တအံ့တသြ ချီးကျူးခဲ့ကြရ၏။

ဤစစ်ဆင်ရေးတွင် ကျွန်တော်တို့ မြန်မာအမျိုးသား အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများသည် ဗိုလ်ကြီးအောင်သင်းကဲ့သို့ ကိုယ်ကျိုးမပါ ရဲရင့်စွာဖြင့် မြန်မာ့သတ္တိကိုပြသခဲ့ကြသည်။ ခြင်ဒစ်တပ်ဖွဲ့တွင် အထက်ဖော်ပြပါ ဗိုလ်ကြီးအောင်သင်း (နောင်အခါ ဗိုလ်မှူးချုပ်အောင်သင်း) ကဲ့သို့ မြန်မာ့သတ္တိကို ကမ္ဘာကသိအောင်ပြကြသူ ခြင်ဒစ်တပ်ဖွဲ့ဝင်များမှာ ဂျမဒါ (ဗိုလ်အောင်ဖေ) လည်း ပါဝင်ပါသည်။ ထိုစဉ်က ဗြိတိသျှဘုရင်တပ်မတော်စစ်ကျောင်းဆင်းအရာရှိများကို လက်(ဖ်)တင်နယ်၊ ကပ္ပတိန်၊ မေဂျာ စသော ရာထူးများခန့်အပ်လေ့ရှိ၏။ အိန္ဒိယနိုင်ငံ ဒါရာဒွန်ရှိ အိန္ဒိယဘုရင်ခံချုပ်၏ စစ်တက္ကသိုလ်ကျောင်းအရာရှိများကိုမူ ဆူပဒါ၊ ဂျမဒါ စသည် ရာထူးအခေါ်အဝေါ်များဖြင့် ခန့်ထားသည်။ အထက်ဖော်ပြပါ ခြင်ဒစ်တပ်ဖွဲ့ဝင် ဂျမဒါဗိုလ်အောင်ဖေ (နောင်အခါ ဗိုလ်မှူးကြီးသူရအောင်ဖေ၊ နိုင်ငံတော်ကောင်စီဝင်နှင့် မြန်မာနိုင်ငံ တရားလွှတ်တော် တရားသူကြီးချုပ်ဖြစ်လာသူ)နှင့် ဆူဗေဒါဗိုလ်ဘသန်းတို့မှာလည်း သတ္တိအရာတွင် နာမည်ကျော်ခဲ့သည်။ သူတို့သည် ရွှေလီမြစ်ဝှမ်းတိုက်ပွဲများတွင် အခြားခြင်ဒစ်တပ်ဖွဲ့ဝင်များနှင့်အတူ ဒုက္ခအမျိုးမျိုးကြုံတွေ့နေရသည့်ကြားမှ ကျားကုတ်ကျားခဲခုခံ၍ဝိုင်းထားသည့်ဂျပန်တပ်များကို ဖောက်ထွက်ခဲ့ပြီး သစ္စာရှိရှိဖြင့် အိန္ဒိယအရောက်ပြန်ခဲ့သည်။

စစ်ကြောင်းမှူး ဒုတိယဗိုလ်မှူးကြီး ဖာဂပ်ဆင် (နောင်အခါ ဗိုလ်မှူးချုပ်ဖြစ်လာသူ) ကိုယ်တိုင် ထပ်တလဲလဲ နှုတ်မှထုတ်ဖော်၍ ချီးကျူးခံရသူတစ်ဦးမှာ ဗိုလ်နေဒွန်းဖြစ်သည်။ ဗိုလ်နေဒွန်းသည် ဧရာဝတီမြစ်အရှေ့ဘက် ဟဲထင်ရွာတိုက်ပွဲတွင် သူခေါင်းဆောင်သော ခြင်ဒစ်တပ်စိတ်သည် အဆမတန်အင်အားကြီးမားသော ဂျပန်တပ်များကို ကစဉ့်ကလျားဖြစ်အောင် တိုက်ခိုက်၍ ပေးအပ်ထားသည့် တာဝန်အတိုင်း အိန္ဒိယပြန်နိုင်ခဲ့သည်။ ထို့အတူ ဆီးဖြူခင်ရွာတိုက်ပွဲတွင်လည်း မြန်မာတပ်သားရဲဘော် မောင်ကျန်သည် ထူးထူးခြားခြား မြန်မာ့သတ္တိကိုပြခဲ့သည်။ မိုးညှင်းဘူတာအနီးရှိ ဆိပ်သာ၊ သပြေလှ၊ ကုန်းသာ စသော ရွာများတိုက်ပွဲတွင် ဒေသခံ မြန်မာအမျိုးသားလူငယ်များ၏ အကူအညီနှင့် ဂျပန်တို့အား မောင်းထုတ်နိုင်ခဲ့ကြသည်။

မြန်မာ့သတ္တိကိုပြခဲ့သူတစ်ဦးမှာ လက်ဖတင်နင်ဗိုလ်စောချစ်ခင်ဖြစ်သည်။ သူသည် ရန်ကုန်တိုင်း အင်းစိန်မြို့မှ ဆရာဦးဘကျင်၏သား ဖြစ်သည်။ ဗိုလ်ချုပ်ဝင်းဂိတ်၏ ပထမအကြိမ် မြန်မာနိုင်ငံအတွင်း ဝင်ရောက်သည့် တိုက်ပွဲစဉ်နှင့် ဒုတိယအကြိမ် ထိုးဖောက်ဝင်ရောက်သည့် တိုက်ပွဲစဉ်များတွင် မြန်မာ့သတ္တိကိုပြခဲ့သဖြင့် M.C သူရဲကောင်းမှတ်တမ်းဝင်ဆုရခဲ့၏။

ကပ္ပတိန်စောလာဒါးမှာ ခြင်ဒစ်တိုက်ပွဲစဉ်များတွင် လက်ဖျားခါရလောက်အောင် ရန်သူများကို ရဲရဲဝံ့ဝံ့တိုက်ခိုက်ခဲ့သူဖြစ်၏။ မိုးကုတ်နယ်တောကြီးအတွင်း အဖော်ကွဲ၍ တစ်ဦးတည်းကျန်ရစ်ခဲ့စဉ် ဂျပန်စစ်ကြောင်းများကို ထိုးဖောက်၍ အိန္ဒိယသို့ အရောက်ပြန်နိုင်ခဲ့ရာ နေ့အခါ B.G.M ခေါ် မြန်မာ့စစ်မျက်နှာသူရဲတောင်းမှတ်တမ်းဝင်ဆုရခဲ့သည်။

ဤအရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများမှာ ကျွန်တော်လက်လှမ်းမီသလောက် မှတ်တမ်းမှတ်ရာများမှ တွေ့ရှိသမျှကိုသာ တင်ပြနိုင်ခြင်း ဖြစ်ပါသည်။ အခြားအရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများလည်းရှိမည်က သေချာပါသည်။မည်သို့ပင်ဆိုစေကာမူ ကျွန်တော်တို့ မြန်မာအမျိုးသား တိုင်းရင်းသားအများသည် ခြင်ဒစ်တပ်ဖွဲ့ကြီးတွင် လူအများ တအံ့တသြဖြစ်ရန် မြန်မာ့သတ္တိကို ပြခဲ့ကြပါကြောင်း။

လှမိုး (ပညာရေး)

ကျမ်းကိုး -


၁။ *Wingate Raiders.*

၂။ *The Chindits (1944)*

၃။ *Return to Burma.*


www.burmeseclassic.com

www.burmeseclassic.com

မုဆိုးကြီးစောဂျိန်းသည် ချေတစ်ကောင်ကို လက်နှစ်ချောင်း၊ ခြေနှစ်ချောင်း လည်ပင်းတစ်ဖက်စီတွင်ချကာ ထမ်းလာခဲ့သည်မှာ (၁) နာရီကျော်ပြီ။ အေးအေးဆေးဆေးပင် မောပုံပင်မပြ။ ညနေအိမ်ပြန်ရောက်လျှင် သူမျှော်လင့်ထားသော ချေချေးခါးဟင်းနှင့်စားရမည်ကိုတွေးကာ ခြေလှမ်းကသွက်နေသည်။

ဟင်းစားအတွက် အမဲလိုက်ရ

# မောင်မြင့်မား

(ဆိုတာလေး)

## ဝေခွဲမရသောဇာတ်လမ်းတစ်ပုဒ်



သော်လည်း တစ်ခါတစ်ရံတွင် သက်စွန့်ဆံဖျားကြုံခဲ့ဖူးပေါင်းလည်းမနည်းတော့။ အခုလည်း ကံကောင်းလို့ပင်ပြောရမည်။ ကြုံလိုက်ရတာကလည်း သက်စွန့်ဆံဖျား။စောဂျိမ်းစိတ်ကူးက ချေချေးခါးဟင်းမစားရသည်ကြာပြီဖြစ်တာရယ်၊ မရမ်းပင်မြောင်ထဲတွင်လည်း အမဲမပစ်ရတာကြာသောကြောင့် နေ့လယ်ဘက် ရေသောက်ဆင်းတတ်ကြသော တောကောင်များကိုပစ်ရန် စိတ်ကူးနှင့်ထွက်လာခဲ့ခြင်း ဖြစ်သည်။

မရမ်းပင်မြောင်ကိုရောက်ရန် ရွာကနေ (၂) နာရီခန့် တောလမ်းအတိုင်းလျှောက်ရသည်။ မြောင်ကိုမရောက်မီ မိုင်ဝက်ခန့်အရောက်တွင် (၅) ပေခန့်ကျယ်သော တောင်ကြောတစ်ခုရှိသည်။ တောင်ကြောအလယ်တွင် ဆီးဖြူပင်တစ်ပင်ရှိသည်။ ထိုဆီးဖြူပင်မှ ဆီးဖြူသီးများကို ဒရယ်၊ ဆတ်၊ မျောက်၊ ချေ စသည့် တောကောင်များက လာစားကြသည်။ စားပြီး ရေငတ်လာသောအခါ မရမ်းပင်မြောင်မှစမ်းချောင်းကလေးတွင် ရေလာသောက်သည်။ထိုရေလာသောက်သော တောကောင်များကို ပုန်းအိမ်လုပ်၍ ချောင်းပစ်ရန် ရည်ရွယ်ခြင်း ဖြစ်သည်။

အကွာအဝေးက ကိုက် (၅၀) လောက်ပင်ရှိမည်။ စမ်းချောင်းကလေးဘေးရှိ ပိစပ်ချုံထဲတွင် စောဂျိမ်းထိုင်စောင့်နေသည်မှာ နာရီဝက်လောက်ပင်ရှိပြီ။ စမ်းချောင်းကလေးဆီသို့ သားကောင်တစ်ကောင်မျှပင်မလာသေး။ စောဂျိမ်းက ပိစပ်ချုံထဲတွင် ဝင်မထိုင်မီကတည်းက လေညာလား၊ လေအောက်လားလေ့လာပြီးမှ ဝင်ထိုင်နေခြင်း ဖြစ်သည်။ ယုန်ကလေးများ၊ ရှဉ့်ကလေးများကတော့ လာကြသည်။ သူ့လက်စွဲတော် (၁၂) ဘို့ နှစ်လုံးပြူးကြီးနှင့်ကတော့ ဒင်နှင့်အင်မမျှသောကြောင့် အသာပင်ထိုင်ကြည့်နေလိုက်သည်။

"ဝေါင်၊ ဝေါင်"

စောဂျိမ်းခေါင်းထောင်လာသည်။ ချေဟောက်သံ ဖြစ်သည်။ အကောင်တော့မမြင်ရသေး။ စောဂျိမ်း ပုန်းအိမ်ထဲရှိ သစ်ရွက်အကြိုအကြားမှ မျက်တောင်မခတ်ဘဲကြည့်နေမိသည်။ လေတစ်ချက်အဝှေ့တွင် သစ်ရွက်များလှုပ်ခါသွားသည်။ ထို့အတူ ပိစပ်ပင်ကို ပုန်းအိမ်လုပ်ထားသော ပုန်းအိမ်ကလေးသည်လည်း သိမ့်ခနဲလှုပ်သွားသည်။

လာပါပြီ။ စောစောကကြားခဲ့ရသည့်အတိုင်း ချေဟောက်သံနှင့်အတူ ချေနှစ်ကောင်သည် တစ်ကောင်နှင့်တစ်ကောင် ကိုယ်လုံးချင်းတိုက်လျက် ကြော့ကြော့မော့မော့လေးလျှောက်လာနေသည်။ ရေငတ်သောနွားများကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ကြန္ဒြမရဆင်းလာခြင်းမျိုးမဟုတ်ပါဘဲ အေးအေးလူလူဆင်းလာခြင်းဖြစ်သည်။

"ကွိ ကွိ ကွိ ကွိ ခွီး ခွီး"

ဟူသော အသံများနှင့်အတူ သစ်ရွက်သစ်ကိုင်းလှုပ်သံများပါကြားရပြီးနောက် ချေနှစ်ကောင်သည် တုံ့ခနဲရပ်သွားကာ နောက်သို့လှည့်ပြေးသွားတော့သည်။ သစ်ပင်ပေါ်မှမျောက်များတစ်ကောင်နှင့်တစ်ကောင်အော်သံများဖြစ်သည်။ချေသတ္တဝါကား နားပါးသည်၊ ဖျတ်လတ်သည်၊ သတိကြီးသည်၊ မည်မျှ



www.burmeseclassic.com

www.burmeseclassic.com

သတိကြီးသနည်းဆိုသော် လမ်းလျှောက်လာရင်း သစ်ကိုင်းခြောက်နင်းမိ၍ ချွတ်ခနဲမြည်သံကြားလျှင်ပင် လန့်ခုန်တတ်သည်။ ချေအီးချေလန့်သောသတ္တဝါဖြစ်သည်။

စောဂျိမ်း စိတ်ညစ်သွားသည်။ သွားပြီ။ လန့်ပြေးသွားသော ချေများပြန်လာတော့မည်မဟုတ်။ စိတ်မောသွားသည်။ မောမောနှင့် ရေဘူးကိုဖွင့်ကာမော့လိုက်သည်။ပြီးမှ ဆတ်သားခြောက်မီးဖုတ်နှစ်ချောင်းကို ဝါးလိုက်သည်။ ပိစပ်ပင်များက အောက်ခြေတွင်ရှင်းနေသောကြောင့် စောဂျိမ်းက တိုလီမိုလီများထည့်ထားသောအိတ်ကြီးကို ခေါင်းအောက်တွင်ထားကာ ကျောဆန့်လိုက်သည်။

နေအတော်စောင်းပြီ။ ဒီအတိုင်းဆိုလျှင် တောကောင်ရရန်စောင့်ရဦးမည်။ ပိစပ်ချုံက သစ်ရွက်သစ်ခက်များစိပ်၍ အပေါ်တွင်အကိုင်းအခက်များရှုပ်သောကြောင့် လူတစ်ယောက်အတွက် အေးအေးဆေးဆေး လုံခြုံနေသည်။ ကျောဆန့်ရင်း မီးတောက်ကောက်ညှင်းအရက်လေးကို တစ်ငုံမော့လိုက်သည်။ ရင်ထဲကိုပူဆင်းသွားသည်။

"ဝေါင်"

ခပ်အုပ်အုပ်အသံဖြစ်သည်။ စောဂျိမ်းခေါင်းထောင်ထလိုက်သည်။ ပိစပ်ရွက်များအကြားမှ စမ်းချောင်းကလေးဆီသို့ ချောင်းကြည့်လိုက်သည်။ ချေပေါက်တစ်ကောင်ဖြစ်သည်။ ခေါင်းကိုလှည့်ပြီး နားရွက်ထောင်ကာနှင့် အခြေအနေကိုကြည့်ကာ တစ်လှမ်းချင်းဆင်းလာနေသည်။ စောဂျိမ်း ဝမ်းသာသွားသည်။ (၁၂) ဘို့နှစ်လုံးပြူးကြီးကို ကျိတ်၍မောင်းတင်လိုက်သည်။ တောသရက်၊ ပျဉ်းကတိုး၊ ကျွန်းသစ်တို၊ အင်၊ ကညင်စသည်ဖြင့် အပင်ကြီးများ ထူထပ်စွာပေါက်နေသည့်တော ဖြစ်သော်လည်း လေငြိမ်နေသောကြောင့် သစ်ရွက်လှုပ်သံပင်မကြားရ။

ချေက စောဂျိမ်းပုန်းနေသောနေရာနှင့်ဘေးတိုက်အနေအထားဖြစ်သည်။ အေးအေးဆေးဆေးအနေအထားဖြင့် စမ်းချောင်းကလေးထဲမှရေကိုငုံ့သောက်နေသည်။ စောဂျိမ်းက ပိစပ်အရွက်များအကြားမှ သေနတ်ပြောင်းကို ထုတ်ကာ ထိုးချိန်လိုက်သည်။ ပစ်ကွင်းက ကောင်းသည်။ အနှောင့်အယှက်လည်းမရှိ။ ထိုအခွင့်အရေးမျိုးကရခဲသည်။

"ဒိန်း"

တောသံနှင့်အတူ သေနတ်သံကဟိန်းထွက်သွားသည်။ စောဂျိမ်းလက်ထဲတွင်လည်း စီးနင့်နေသလို ခံစားလိုက်ရသည်။ သေနတ်သံကြောင့် တောပြိုသံနှင့်အတူ မျောက်များ၊ ရှဉ့်များ၊ ကြက်တူရွေးများအော်သံက ဆူညံသွားသည်။ ကျည်က လက်ပြင်နောက်တွင်ထိသွားသောကြောင့် ချေကရှေ့လက်နှစ်ချောင်းညွတ်ကျသွားကာ စမ်းချောင်းအစပ်တွင် ခေါင်းစိုက်ကာခွေကျသွားသည်။

စောဂျိမ်း ပုန်းနေရာမှပြေးထွက်လာခဲ့သည်။ တချို့တောကောင်များကမှန်သွားသော်လည်း သွေးရူးသွေးတန်းဖြင့်ထပြေးတတ်သောကြောင့်ဖြစ်သည်။ စောဂျိမ်း ပြေးထွက်လာပြီး (၁၄)၊ (၁၅) ကိုက်လောက်အရောက်တွင် -

"ဟဲ. . . ဝေါ. . . ဝရော"

"ဟာ"

စောဂျိမ်း လန့်သွားကာ ရပ်ပြီးကြက်သေသေနေမိသည်။ ဟဲဝေါဝရောဆိုသောအသံနှင့်အတူ ကုန်းမြင့်တောင်စောင်းတစ်ခု၏ မြက်ရိုင်းတောထဲမှ ဟင်းမျိုး(ကျား)ကြီးတစ်ကောင်ပြေးဆင်းလာသောကြောင့် ဖြစ်သည်။ ဟင်းမျိုးကြီးက ချေရှိရာသို့ပြေးဆင်းသွားပြီး ယာဘက်သို့ခေါင်းအလှည့်တွင် စောဂျိမ်းကိုတွေ့လိုက်ရသောကြောင့် တုံ့ခနဲရပ်သွားသည်။

ဟင်းမျိုးကြီးက စောဂျိမ်းကိုရပ်၍ ပေပြီးကြည့်နေစဉ်တွင် စောဂျိမ်းက သတိဝင်လာကာ ပြောင်းထဲတွင်ရှိသော လက်ကျန်တစ်တောင့်ကို ဟင်းမျိုးကြီးရှိရာသို့ ချိန်လည်းချိန်၊ ပစ်လည်းပစ် တစ်ဆက်တည်းလုပ်လိုက်တော့သည်။

ဒိန်းခနဲမြည်သွားသော သေနတ်သံနှင့်အတူ ဟင်းမျိုးကြီးက (၅) ပေခန့်မြောက်တက်သွားကာ လက်ဝဲဘက်သို့ချာခနဲလှည့်ပြီး လာရာလမ်းအတိုင်း မြက်ရိုင်းတောထဲသို့ တဝေါဝေါမြည်အောင် တိုးဝှေ့ပျောက်ကွယ်သွားတော့သည်။ ထိုအချိန် စောဂျိမ်းက (၁၂)ဘို့ကျည်နှစ်တောင့်သွင်းလိုက်ပြီး ဖြစ်သည်။ဟင်းမျိုးလိုအကောင်မျိုးက မတွေ့တာလည်းကြာ၊ ပစ်ရန်လည်း ရည်ရွယ်မထားသောကြောင့် ယခုလိုမမျှော်လင့်ဘဲတွေ့လိုက်ရချိန်ဝယ် ကြောက်စိတ်ကြောင့် ကိုယ်နေဟန်ထားပျက်၍ ဟင်းမျိုးကြီးကို ကျည်မထိနိုင်ကြောင်း စောဂျိမ်းသဘောပေါက်လိုက်သည်။

စောဂျိမ်းသည် ဟင်းမျိုးကြီးဝင်သွားသော မြက်ရိုင်းတောထဲသို့ အခြေအနေအကဲခတ်လိုက်သည်။ ထူးခြားမှုမရှိ ငြိမ်သက်နေလေသည်။ အမှန်က စောဂျိမ်းက ပုန်းအိမ်လုပ်ကာ သားကောင်ကို ချောင်းသည်။ ဟင်းမျိုးက မြက်ရိုင်းတောထဲကနေ ချောင်းသည်။ ပစ်မှတ်ကတူနေသောကြောင့် စောဂျိမ်းပစ်လိုက်သော ချေကို အစာမာန်ရစ်ကာ ဟင်းမျိုးက သေနတ်သံကိုဂရုမထားဘဲ ဝင်ဆွဲရန်ပြေးလာခြင်းဖြစ်သည်။

အခြေအနေအေးအေးဆေးဆေးရှိသောကြောင့် စောဂျိမ်း ချေကိုထမ်းကာထွက်လာခဲ့သည်။ ဒါပေမယ့် နောက်ကြောင်းကိုတော့ သိပ်မလုံသောကြောင့် မျက်စိနှင့်နားကို အစွမ်းကုန် ဂရုစိုက်ရသည်။ ရင်ကတော့ခုန်ဆဲ။

စောဂျိမ်း ရွာထိပ်ကိုရောက်တော့ အတော်မှောင်နေပြီ။ ရွာထိပ်က ကညင်ပင်ကြီးနားအရောက်တွင် လူ သုံး၊ လေးယောက် ရုံးစုရုံးစုနှင့်တွေ့သောကြောင့် ချေအသေကောင်ကို လမ်းဘေးတွင်ချကာ အနားသို့တိုးကြည့်လိုက်သည်။ ရွာထဲမှ အေးမောင်၊ တင်ဝင်းစိန်နှင့် ဉာဏ်ဝင်းတို့ဖြစ်ကြသည်။ ရှေ့တွင် လူတစ်ယောက် ခွေခွေကလေးလဲနေသည်။

စောဂျိမ်းက -

"ဟေ့ကောင်တွေ၊ ဘာဖြစ်နေကြတာလဲ"

"ဟာ-ဆရာစောဂျိမ်း၊ ကျွန်တော်တို့သုံးယောက်နဲ့ ဒီသောင်းအေးနဲ့ညနေကိုကြက်တောဆိုင်မှာ အတူတူအရက်ထိုင်သောက်နေကြတာ။ နောက် ဒီကောင်က ကိစ္စရှိလို့ဆိုပြီးထပြန်သွားတယ်။ ကျွန်တော်တို့ကတော့ ဆက်သောက်နေကြတာပေါ့ဗျာ။ နောက် ထင်းခုတ်တဲ့လူတွေ ဆိုင်နားရောက်လာတော့ သောင်းအေးတစ်ယောက် ဒီကညင်ပင်နားမှာလဲနေတယ်။ အနားမှာလည်း သွေးကွက်ကြီးတွေ့တယ်ဆိုလို့ လာကြည့်ကြတာ။ အသက်မှရှိသေးရဲ့လားမသိဘူး။ ဒီကောင်က အရင်ကလည်း သွေးအန်ဖူးတယ်။ ဆက်မသောက်နဲ့လို့ပြောတာ နားမထောင်ဘူး။ ဆရာစောဂျိမ်းကြည့်ပါဦး"

"ဟာ - အဲဒီလိုဆိုရင် ငါလည်းမကိုင်ရဲဘူး။မတော်တဆ သေနေရင် ငါတို့အားလုံးအမှုပတ်နေမယ်။ အကောင်းဆုံးက ရွာလူကြီးကို အရင်ပြောပြထားလိုက်"

စောဂျိမ်းက ချေချထားခဲ့သော နေရာသို့လျှောက်လာခဲ့သည်။ စောဂျိမ်း တွေသွားသည်။ ချေအသေကောင်ကိုချ

www.burmeseclassic.com

www.burmeseclassic.com

ာတ မြေလမ်းကလေးဘေးအစပ် သေသေချာချာချထားခဲ့ခြင်း ဖြစ် သခု ချေအသေကောင်က (၁၀) ကွာလောက်ရှိ မြက်တောထဲကို ာက်နေသည်။ သတ္တဝါတစ်ကောင် င်ဆွဲရအောင်လည်း ကိုက်ရာဖွဲ့ရာ ၊ ချထားတုန်းက ခေါင်းက ဘက်မှာ အခုတွေ့ရတာက ခေါင်း ောင်ဘက်ကိုရောက်နေသည်။

စောဂျိမ်း စိတ်ရှုပ်ရှုပ်နှင့်ခေါင်း ကာ ချေအသေကောင်ကိုထမ်း၍ လာခဲ့သည်။ ရွာထဲကတဲကိုရောက် အတော်မှောင်နေပြီ။ စောဂျိမ်းက င့်စောင့်နေသော ဇနီးသည်နော်ချား သို့ ချေကောင်ကိုအပ်လိုက်သည်။ ဂျိမ်းက ရေချိုး၊ နော်ချားအတွက် လုပ်ကိုင်ပေးစရာများလုပ်ပေးပြီး တွင်းသားနှင့် အသားတစ်ဝက်စီ သော အတွဲနှစ်တွဲကိုယူကာ ရွာ ထွက်လာခဲ့သည်။ တစ်တွဲက ရွာ အတွက်၊ တစ်တွဲက သူငယ်ချင်း တ်ထိန်အတွက်။

စောဂျိမ်း ရွာထဲကပြန်အရောက် နော်ချားက ထမင်းပွဲပြင်ထားပြီဖြစ် ၊ စောဂျိမ်းက ဆာဆာနှင့်ထမင်း ကြည့်လိုက်သည်။ ချေ ချေးခါး နှင့်ဝမ်းတွင်းသားဆီပြန်၊ ဆတ်သား တ်ဖုတ်၊ဖန်ခါးသီးတို့စရာ။ စောဂျိမ်း က်သော ချေချေးခါးဟင်းကို အဖတ် ိုက်၊ အရည်သောက်လိုက်နှင့် သာတွေ့နေသည်။

"ဖလပ် ဖလပ် ဖလပ်"

ထမင်းစားနေရင်း အိမ်ရှေ့ဆီမှ သံကြားသောကြောင့် စောဂျိမ်း င်းထောင်ကြည့်လိုက်သည်။ ရေနံဆီ က်အရောင်နှင့် တွေ့လိုက်ရသော င်မပေါ်သောအင်္ကျီနှင့်ဖုန်အလူးလူး လူတစ်ယောက်။ စောဂျိမ်းကောင်း ာင်းမှတ်မိသည်။စောစောက ကညင် င်အောက်တွင်လဲနေသော သောင်း ဖြစ်သည်။ မျက်နှာမှာလည်း ဖုန် လူးလူး။

"သောင်းအေး၊ မင်းဘာမှမဖြစ်ဘူး ော်၊ အရက်ကိုလျှော့သောက်ကွ။ မင်း သွေးအန်ဖူးတော့ မသောက်တာပို ာင်းတယ်။ လာ၊ ထိုင် ထမင်းစား လား"

စကားလည်းမပြော၊ ထိုင်လည်း ထိုင် တွေတွေကြီးရပ်ကာ ရေကပြင် က်သို့ကြည့်နေသည်။

"သောင်းအေး၊ ထမင်းစားချင်လို့ လား"

စကားပြန်မပြောသောကြောင့် စောဂျိမ်းက သူကြည့်နေသောနေရာ ရေ ကပြင်ဘက်ကို ကြည့်လိုက်တော့ နော်ချားခုတ်ထစ်ကာ မနက်ရောင်းဖို့ အတွက် အတွဲလိုက်ချိတ်ဆွဲထားသော ချေသားအတွဲများ။ စောဂျိမ်းသဘော ပေါက်သွားသည်။ သောင်းအေး မူးနေ သောကြောင့် စကားမပြောနိုင်ဘဲ သူစား ချင်သော ချေသားများကို စိုက်ကြည့် နေမှန်း သဘောပေါက်သွားသည်။ ထို့ ကြောင့် နော်ချားအား-

"မနော်ရေ၊ တစ်တွဲလောက်ပေး လိုက်ပါကွာ။ သူစားချင်လို့နဲ့တူပါတယ်"

"ပိုက်ဆံကော"

"ဟာ - မနော်ရာ၊ ပေးသာပေး လိုက်စမ်းပါကွာ"

သောင်းအေးက ချေသားတွဲကို ယူကာ ချာခနဲ လှည့်ထွက်သွားသည်။ စောဂျိမ်းက ထမင်းစားနေရင်း မီးရောင် ဖျော့ဖျော့မှာ သောင်းအေးကျောပြင်ကို မြင်နေရသည်။ ဒယီးဒယိုင်နှင့်လျှောက် နေရာမှ ခြံဝအရောက်တွင် ချေသား အတွဲကို အားရပါးရဝါးစားနေသည်။ စောဂျိမ်း ထမင်းစားနေရာမှ -

"ဟာ - ဒီငမူး၊ မတောတရော်တွေ လုပ်နေပါလား"

နောက်တစ်နေ့တွင် နော်ချားက နံနက်စောစောထ၍ ချေသားများ ကျပ်တင်နေသောကြောင့် စောဂျိမ်းက တစ်ပိဿာစီတွဲထားသော ချေသား အတွဲများထည့်ထားသည့် တောင်းကို ထမ်းကာ ရွာလမ်းအတိုင်းလျှောက်လာ သည်။ ချေသားများရောင်းရန်အတွက် ဖြစ်သည်။ ရွာလယ်တွင် အေးမောင်နှင့် တွေ့တော့ -

"ဆရာစောဂျိမ်းရယ်၊ သောင်း အေးတော့ မနေ့ကဆုံးသွားပြီ။ သွေး အန်ရင်း အသက်ပါ,ပါသွားတယ်ထင် တာပဲ"

"ဟေ - သွေးအန်တာက နောက် တစ်ခါထပ်အန်သေးလို့လား"

"မဟုတ်ဘူးလေ ဆရာစောဂျိမ်း၊ မနေ့က ညနေ ဆရာစောဂျိမ်းနဲ့ ကျွန် တော်တို့သုံးယောက်တွေ့တော့ သောင်း အေးက ကညင်ပင်အောက်မှာသွေးအန် ပြီးလဲနေတယ်လေ။ ဆရာစောဂျိမ်းကို တောင် အသက်မှရှိသေးရဲ့လားလို့ ကျွန် တော်တို့မေးသေးတယ် မဟုတ်လား။ တင်ဝင်းစိန်ကိုလွှတ်ပြီး ရွာလူကြီးရောက် လာတဲ့အထိ ကျွန်တော်နဲ့ဉာဏ်ဝင်းတို့ နှစ်ယောက် အဲဒီနားမှာမီးခွက်ထွန်းပြီး ထိုင်စောင့်နေကြတာပဲ။ ရွာလူကြီးနဲ့ရွာ သားတွေရောက်လာတော့မှ ကျွန်တော် တို့လည်း သောင်းအေးသေနေပြီဆိုတာ သိတာ။ သွေးအန်တာက အဲဒီနားမှာ တစ်ခါပဲအန်ထားတာပါ"

"ဒါဆို သောင်းအေးအလောင်းကို ယူသွားတော့ ဘယ်အချိန်လောက်ရှိပြီ လဲ"

"ဆရာစောဂျိမ်းထွက်သွားပြီး (၁) နာရီကြာလောက်မှ လာယူသွားတာပဲ"

စောဂျိမ်းဇဝေဇဝါဖြစ်သွားသည်။ ညတုန်းက အိမ်ကိုလာသွားတာလည်း သောင်းအေးမှ သောင်းအေးအစစ်။ ဖုန်တွေက မျက်နှာတွေရော တစ်ကိုယ် လုံး ပေလူးနေခြင်းဖြစ်သည်။ လာတဲ့ အချိန်က စောဂျိမ်း ထမင်းစားနေချိန် ည(၁၀)နာရီလောက်။ အလောင်းယူ သွားတာက မိုးချုပ်ခါစ။ တောင်းကြီး ထမ်း၍ စဉ်းစားနေသော စောဂျိမ်းအား အေးမောင်က -

"ဆရာစောဂျိမ်း၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး။ ကဲ၊ ကဲ - ငါ လည်း ချေသားတွေမှာထားတဲ့သူတွေ ရှိလို့ သွားပို့လိုက်ဦးမယ်"

စောဂျိမ်း သောင်းအေးတို့အိမ်ရှေ့ ကိုရောက်တော့ သူ့မိန်းမငိုသံနှင့်အတူ ဝိုင်းဝန်းလုပ်ကိုင်ပေးနေကြသော ရွာ သားများကိုတွေ့ရသည်။ စောဂျိမ်းက တောင်းကိုချကာ ရွာသားများနှင့်အတူ စကားထိုင်ပြော၊ ရေနွေးကြမ်းသောက် ကာ ဘုရားကျောင်းဆောင်ရှေ့တွင် ပြင် ထားသော သောင်းအေးအလောင်းဆီ လျှောက်လာခဲ့သည်။

အလောင်း၏မျက်နှာကို လုံချည် ပါးကလေးတစ်ထည်နှင့်အုပ်ထားသည်။ စောဂျိမ်းက လုံချည်ပါးကလေးကို တဖြည်းဖြည်း ဆွဲလှန်လိုက်သည်။ စောဂျိမ်း မျက်လုံးများပြူးကျယ်သွား သည်။ ညကတွေ့ခဲ့ရသောအဝတ်အစား များအတိုင်း ဖြစ်သည်။ မျက်နှာမှာလည်း ဖုန်များပေကျံနေဆဲ။ ပါးစပ်မှာလည်း သွေးစသွေးနများနှင့်။

စောဂျိမ်း အလောင်းနားကထွက် လာခဲ့သည်။ စောဂျိမ်းအတွေးမှာ ဆုံး ဖြတ်ချက်တစ်ခုကို သေချာစွာချလိုက် သည်။ ဒါပေမယ့် ဘာကြောင့်ဆိုသည် ကို သူဝေခွဲမရ။

မောင်မြင့်မား (ဘိုကလေး)



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆရာစ [illegible] ကိုသိန်းမြ တိုးနိုင်အတွ ဒါးကမြို့မှ ပုသိမ်သို့လိုင်း ကား[illegible]ပြန်လာကြသည်။ [illegible]သည့်ရေး ထိုင်[illegible]နေရာယူပြီး [illegible]ခရီးသည် များနှင့်အတူ ပုသိမ်သို့ပြန်လာကြသည် လိုင်းကား[illegible]ဖြင့် ဒါး[illegible] [illegible] ဓေါင်ရွာလ[illegible]၊ ဒကု[illegible] [illegible] နေ[illegible]ရှာ[illegible] အစဉ်အ[illegible] ရပ်[illegible] [illegible]သည်။ ဆင်[illegible]ခရီးသည်များ[illegible] ပုသိမ်သို့[illegible]မည့် ခရီးသည်များကို တင်ဆောင်[illegible]သည်။ လူရော[illegible]



www.burmeseclassic.com

www.burmeseclassic.com

…ောင်မှသာ ကားသမားများ တွက်ခြေ …ကိုက်မည် ဖြစ်ပါသည်။

ကျွန်ုပ်တို့ စီးလာသော ပုသိမ်- …သာ လိုင်းကားကြီးသည် ဒါးကမှတွက် … တန်ကြီးဒေါင့်လမ်းဆုံတွင် ရပ် … ဆင်းမည့်ခရီးသည်များဆင်းကြ … ပါလာသောပစ္စည်းများချပေး … လူ၊ ပစ္စည်းများကို စပယ်ယာ …တောင်းခံသည်။ ပုသိမ်လိုက်မည့် …သည်များ တင်ဆောင်သည်။ ကုန်ပါ သောခရီးသည်များ ကုန်အပြည့်စောင့် ၍ တင်ရသည်။ လူနှင့်ကုန်တင်ပြီးမှ ပုသိမ်သို့ ဆက်လက်ထွက်ခွာလာသည်။ ရှေ့တွင် ဒကုန်းကြီးနှင့် အပင်နှစ်ဆယ် တွင် ရပ်နားရဦးမည်။ ဆင်းမည့်ခရီးသည် များ အဆင်သင့်ဖြစ်နေကြသည်။

ထိုအချိန်တွင် ဆရာစုမှ ကျွန်ုပ် တော့်အား တိုးတိုးလေးပြောသည်။ ထူး ထူးခြားခြားအခြေအနေတစ်ခုခုဖြစ်နိုင် ကြောင်း သုံးသပ်ရပါသည်။

"တပည့်မောင်စိုင်း၊ ကားကိုမြဲမြဲ ကိုင်ထား"


"ဟုတ်ကဲ့ ဆရာ"

ကိုသိန်းရွှေက မျက်…တ်ပြသည်။ ဆရာစု ဘာကြောင့် …ကိုမြဲမြဲကိုင် ခိုင်းတာလဲဆိုတာ ကျွန်ုပ် ဘာသာမပြန် တတ်။ ကိုသိန်းရွှေကတော့ ဆရာစု နောက်က အမြဲလိုက်နေကျဖြစ်သဖြင့် ဆရာစုပြောတာကို နားလည်လေသည်။ ဒါကြောင့် ကျွန်ုပ်အား ဘာမှမစိုးရိမ်နဲ့ ဟု အချက်ပြလိုက်သဖြင့် စိုးရိမ်စိတ်တွေ ခဏတော့ အက်သာသွားပါသည်။

ဟော- ဇာတ်လမ်းကစပြီ။ စီးလာ သော ဒါးက-ပုသိမ်လိုင်းကားကြီးသည် အမြန်ဆုံးအရှိန်ဖြင့်မောင်းနှင်လေသည်။ လေယာဉ်ပျံစီးရသလို ဇွတ်မောင်းနေသ ဖြင့် ကားမှောက်တော့မည့်အရှိန်နီးပါး ရောက်လာလေသည်။ ဒါကြောင့် ဆရာ စုက ကျွန်ုပ်ကို မြဲမြဲကိုင်ထား သတိပေး ခြင်း ဖြစ်ပါသည်။

အရှိန်ပြင်းစွာမောင်းနှင်နေသော ကားကြီးသည် ဒကုန်းကြီးသို့ ဝင်ရောက် ခဲ့သော်လည်း ရပ်လို့မရ၊ ဘရိတ်အုပ်လို့ မရ၊ သွားသဘောအတိုင်း အရှိန်သတ်၍ မရတော့ချေ။

"ဒကုန်းကြီးပါတယ်၊ ဒကုန်းကြီး ပါတယ်"



# အဏ္ဏဝါလှိုင်း

## ဝိဇ္ဇာဆေးများချပေးနိုင်သော ဆရာစုအကြောင်း

www.burmeseclassic.com

"ကားဆရာရေ မှတ်တိုင်ပါတယ်။ မှတ်တိုင်ပါတယ်"

ခရီးသည်များအော်သံ၊ စပယ်ယာအော်သံများသည် ကားနောက်ခန်းတွင် အော်ဟစ်ဆူညံနေလေတော့သည်။ကားနောက်ခန်း၌ မည်သို့အော်အော် ကားမောင်းသမားသည် မျက်လုံးကြီးပြူး၍ ကားမမှောက်ရေးဘဲ အာရုံစိုက်မောင်းနေရလေသည်။

"အပင်နှစ်ဆယ်ပါတယ်။ အပင်နှစ်ဆယ်ပါတယ်"

"ကားဆရာရေ့မှတ်တိုင်ပါတယ်။ မှတ်တိုင်ပါတယ်"

မည်သို့ပင် အော်ဟစ်သတိပေးသော်လည်း ကားမောင်းသမားမှာ မကြားပါ။ သူမောင်းနေကျ ဒီကား ဒီနေ့ဘာဖြစ်တာလဲမသိ။ ကလပ်လည်းနင်းလို့မရ၊ ဘရိတ်လည်းနင်းလို့မရ၊ လီဗာမနင်းဘဲ သွှသဘောအတိုင်း ဇွတ်ပြေးနေလေ၏။ ကားမမှောက်ရေး၊ လမ်းမှာ လူတွေမတိုက်မိဖို့ အထူးသတိထားရလေသည်။ ဟော - ရှေ့မှာလူတစ်ယောက်ဖြတ်နေတယ်။ ဒီအရှိန်နဲ့ဆိုရင် တိုက်မိမှာပဲ။ ဘရိတ်နင်းလိုက်တော့ ဟော - နင်းလို့ရပြန်ရော။ ကလပ်က ရတစ်ခါ၊ မရတစ်ခါ။ ဘရိတ်ကလည်း ရတစ်ခါ၊ မရတစ်ခါ။ ကံကောင်းပါစေလို့ ဘုရားတ,ရ၊ မောင်းနေရသည်။ ကား၏နောက်ခန်းမှာတော့ -

"ဟေ့ကောင်- စပယ်ယာ၊ ငါပြောတာ မကြားဘူးလား။ ငါအပင်နှစ်ဆယ်မှာဆင်းမယ်။ ဘာလို့မရပ်ပေးတာလဲ"

"မင်းတို့ကားကဘယ်မှာမှမရပ်ဘဲ ဇွတ်မောင်းနေတာ။ ငါတို့ငွေတွေပြန်ပေး"

"ပုသိမ်ရောက်ရင် ပြန်စရိတ်မရှိဘူး။ မင်းကြီးတော်ကားက ရပ်မပေးဘူး။ ပြန်စရိတ်လျော်ရမယ်"

ကားစပယ်ယာကို ခရီးသည်များ ရန်လုပ်နေကြသည်။ ကားစပယ်ယာမှာလည်း မျက်နှာငယ်ငယ်နှင့် ရန်လုပ်သမျှခံနေရလေသည်။ ကားမောင်းသမားကို အမိန့်ပေးလို့မရ၊ စေခိုင်းလို့မရ၊ ကားအပြေးသန်မှုကြောင့် လက်နှစ်ဖက်က မြဲမြဲကိုင်ပြီး ဘာမှပြန်မပြောနိုင်ချေ။ ဤသို့နောက်ခန်းတွင် ပူညံပူညံ၊ ရန်ဖြစ်သံတို့နှင့် ပွက်လောရိုက်နေသလို ကားမောင်းသမားလည်း မျက်လုံးကြီးပြူးပြီး ကားကိုမောင်းနေရင်း ပုသိမ်မြို့သို့ ရောက်လာလေသည်။ ပုသိမ်မြို့ထဲတွင်လည်း ပြဿနာမရှိ။ ရှောရှောရှူရှူ မောင်းနှင်လို့ရသည်။ ကားဂိတ်ရှိရာ ဗိုလ်ချုပ်ပန်းခြံလမ်းရောက်မှ ကားကြီးရပ်သွားလေတော့သည်။

ဆရာစုနှင့် ကျွန်တော်တို့အဖွဲ့လည်း ကားပေါ်မှဆင်းပြီး ဆရာစုအိမ်ရှိရာ ရာမညရပ်ကွက်သို့ ထွက်လာခဲ့ကြသည်။ ကားပေါ်တွင် ကျန်ရစ်သော ခရီးသည်နှင့် ကားသမားများ၏စစ်ပွဲကား မည်သို့အဆုံးသတ်သွားသည်ကို မသိ။

ရာမညရပ်ကွက်သို့ ဆိုက်ကားဖြင့်ထွက်လာရာ မကြာမီ ဆရာစုအိမ်သို့ ရောက်လေသည်။ ဆရာစုမှာ ဇနီးသည်နှင့် သားတစ်ယောက်သာရှိသည်။ သူ့သားကလေးက ရဲထဲတွင်တာဝန်ထမ်းဆောင်သည်။ ကျွန်ုပ်တို့သည် ဆရာစုအိမ်တွင် ခဏနားကြသည်။ ကျွန်ုပ်ရင်ထဲတွင် မရှင်းလင်းသော ပုသိမ်-ဒါးက ကားကိစ္စကိုသိချင်သည်။

"ဆရာစု၊ ခုနကားက ဘယ်မှရပ်လို့မရဘူး။ ပုသိမ်ကျမှရပ်လို့ရတာ အဲဒါသားစိတ်ထဲမှာမရှင်းဘူး"

"ငါက ဆရာအဆင့်ပဲရှိတာ။ ငါ့ကို ဝိဇ္ဇာတွေခိုင်းတဲ့အတိုင်း လုပ်နေရတာ။ သူတို့သွားဆို ထသွားရတာ။ သူတို့ကျွေးတာနဲ့စားရတာ။ ကိုယ့်ခန္ဓာနဲ့သူ့စိတ်နေရတာ"

"ဟုတ်ကဲ့၊ ဆရာစုစရဏကိုသိပါတယ်"

"အေး- ခုလည်း ပုသိမ်ကို အမြန်ရောက်အောင် သူတို့ပို့လိုက်တာ။ ဘာအကြောင်းပေါ်မလဲမသိသေးဘူး။ သူတို့ခိုင်းစရာရှိရင် ဒီလိုဖြစ်တတ်တယ်"

"ဩော် - ဒီလိုကိုး"

ကျွန်ုပ်သဘောပေါက်သွားသည်။ ကားရပ်လို့မရတာ ဆရာစုကြောင့်ပဲ။ ဆရာစုကို ပုသိမ်အမြန်ပြန်ပို့တာ ဝိဇ္ဇာတွေပဲ။ ဝိဇ္ဇာတွေများ သူတို့ခိုင်းစရာရှိရင် သူတို့သွားရာလမ်းကြောင်း ဖြောင့်အောင်လုပ်တော့တာပဲ။ ဝိဇ္ဇာလမ်းစဉ်ရောက်စ ကျွန်ုပ်သည် မျက်စိလေးစဖွင့်ခါစ ကလေးငယ်ပမာ အားလုံးအထူးအဆန်းများနှင့်သာ ကြုံတွေ့ရပါတော့သည်။

ဆရာစုအိမ်တွင် ခဏနားနေစဉ် ပုသိမ်တစ်ဖက်ကမ်းရှိ သံပတ်ကွင်းရွာမှ ဆရာတော်ကြွလာသည်။ ဆရာစုနှင့် အတော်ရင်းနှီးဟန်ရှိသည်။ ဆရာစုမှ ဆရာတော်ကို အိမ်ထဲသို့ပင့်ပြီး စောင့်ဖြင့် နေရာခင်းပေးပြီး ဦးတိုက်ကန်တော့ကြသည်။

"ဆရာတော်၊ နေကောင်းလား။ ဘာကိစ္စရှိသလဲ ဘုရား"

"ဆရာစု၊ ကိစ္စရှိလို့ကြွလာတာ"

"အမိန့်ရှိပါဘုရား"

"ကျောင်းဝိုင်းထဲကစေတီ မနေ့ကလေတိုက်လို့ ထီးကြီးမြေခသွားပြီ"

"ဒါဆိုရင် ထီးပြန်တင်ရမယ့်ကိစ္စပေါ်လာပြီပေါ့"

"ဟုတ်တယ် ဒကာကြီး၊ ဘုရားကတန်ခိုးကြီးတော့ ဘယ်သူမှ ထီးမတင်ရဲဘူး။ ဘယ်သူမှ ဘုရားမပြင်ရဲကြဘူး။ ဒကာကြီး ခဏတော့လိုက်ခဲ့ပါဦး"

"တင်ပါ့ဘုရား၊ တပည့်တော် ဒီနေ့အကြောင်းထူးရှိမယ်ဆိုတာ ကြိုသိနေတယ် ဘုရား။ ဘာကိစ္စလဲဆိုတာ မသိတာ"

"ဟုတ်ပြီ ဒကာကြီး၊ ဆရာတော်နဲ့တစ်ပါတည်းသာလိုက်ခဲ့ပါတော့"

"တင်ပါ့ဘုရား"

ကျွန်ုပ်တို့နှစ်ယောက်သည် ဆရာတော်နှင့် ဆရာစုကို ကန်တော့ပြီး ပြန်လာခဲ့ကြသည်။ ဆရာစုလည်း သံပတ်ကွင်းမှဆရာတော်နောက်သို့လိုက်သွားလေသည်။ ကျွန်ုပ်တို့လည်း လုပ်ငန်းတာဝန်ထမ်းဆောင်ရင်း တစ်ဖက်က သာသနာပြုလုပ်ငန်းများကို ဆရာစုနှင့်လက်တွဲ၍ ဆောင်ရွက်ခဲ့ပါသည်။

❑

တစ်နေ့သ၌ ကိုသိန်းရွှေတစ်ယောက် ရေးကြီးသုတ်ပျာဖြင့် ရောက်လာပြန်သည်။ ဆရာစုတစ်ယောက် ငွေးချိုရွာသို့ရောက်နေကြောင်း၊ ဒီည ဆေးပွဲလည်းရှိသည်၊ မနောပွဲကျင်းပမည်ဟု ပြောလေသည်။ ကျွန်ုပ်သည် ဆေးပွဲကျင်းပတာကို သိချင်၊ မြင်ချင်သည်။ ခုတော့ စောင့်ရကျိုးနပ်လေပြီ။ ဆေးပွဲအပြင် ကျွန်တော်မကြားဘူးသောမနောပွဲကို ကျင်းပမည်ဟု ကြားရသဖြင့် မေးမြန်းစူးစမ်းရလေသည်။

"ကိုသိန်းရွှေ၊ ဆေးပွဲကဘယ်မှာကျင်းပမှာလဲ"

"ငွေးချိုရွာမှာကျင်းပမှာ"

"ကျွန်တော် တွေ့ချင်၊ မြင်ချင်တဲ့ ဆေးပွဲကိုခုတော့ကြုံရပြီပေါ့။ ဒါနဲ့ မနောပွဲ ဆိုတာတော့ မကြားဖူးဘူးဗျ"

"မနောပွဲ ဆိုတာ ဝိဇ္ဇာတွေကိုပင့်ပြီး နံနက်စောစောမှာ ဆွမ်းကပ်လှူတာ"

"ဘယ်အချိန်မှာ ဆွမ်းကပ်တာ

www.burmeseclassic.com

"မနက် (၁) နာရီမှ (၄) နာရီထိ ...ကာလမှာ ဆွမ်းကပ်ကြတယ်"

"ဒါဆို ဘာတွေနဲ့ကပ်ကြရတာ ..."

"အဖူးတို့၊ အညွန့်တို့၊ အတက်တို့ ...အရွက်ကြော်တွေ၊ ထမင်းနုနုကိုချက် ...အရက်ဆွမ်းကပ်သလို ဝိဇ္ဇာတွေကို ...တိတ်ပြီး ဆွမ်းကျွေးတာပဲ"

"လူတွေစားသလို ဝိဇ္ဇာတွေက ...လားဗျ"

"ဝိဇ္ဇာတွေက နာမ်လောကသား ...လေ။ လူတွေလိုတော့ ထမင်းဟင်း ... တုန်အောင်မစားနိုင်ဘူး"

"ဒါဆိုရင် သူတို့လာတာ၊ မလာ ... ဘယ်လိုလုပ်သိရမလဲ"

"ဝိဇ္ဇာတွေကိုပင့်တယ်။ အသီးတို့၊ ...တက်တို့၊ အညွန့်တို့နဲ့ ပူဇော်တယ်၊ ...ခံတယ်ပေါ့ကွာ။ ဝိဇ္ဇာတွေကြွလာပြီး ...တွေရဲ့ပူဇော်မှုကို ခံယူတယ်။ သူတို့ ...သွားပြီဆိုရင် ဆွမ်းတွေ၊ ဟင်းတွေ ...မှာ ဆေးတွေဖြူးပေးသွားတယ်။ ...တဲ့ဆွမ်းတွေ၊ဟင်းတွေကို စုပေါင်း ...ပြီး တပည့်တွေခွဲဝေစားကြတယ်"

"ဒါဆိုရင် စားတဲ့သူတွေတော့ ...တွေရကြမှာပေါ့"

"ဟုတ်တယ်။ ဒါကြောင့် မနေ့ပွဲ ...ကြတာပေါ့။ ဆေးပွဲရယ်၊ မနော ...ယ် ဒီည ငွေးချို့ရွာမှာ လုပ်ကြမှာ။ ...ကိုလာခေါ်တာ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

❑

ကျွန်တော်နှင့်ကိုသိန်းရွှေတို့သည် ...ရာစုရှိရာ ငွေးချို့ရွာသို့ ထွက်ခွာလာ ...သည်။ ဇရပ်တစ်ခုဖြစ်သည်။ ဇရပ် ...ဘက်တွင် ဘုရားတစ်ဆူရှိသည်။ ...မှာ သစ်သားတိုင်များဖြင့် ခိုင်ခိုင်ခံ့ခံ့ ...ဆောက်လုပ်ထားသည်။ အကာမှာ ...တ်များဖြင့် ကာရံထားသည်။ မီးဖိုခန်း၊ ...သာများဖြင့် ပြည့်ပြည့်စုံစုံရှိလေ ...သည်။

ကျွန်တော်နှင့် ကိုသိန်းရွှေတို့ ...ရောက်ရှိသောအခါတွင် ငွေးချို့ရွာမှ ...ကိုသောင်းက နှုတ်ဆက်ကြိုဆိုသည်။

"ကိုသိန်းရွှေတို့၊ ကိုစိုင်းတို့ လာ ...တယ်"

"ကိုသောင်း၊ နေကောင်းလား"

"အေးအေး- ကောင်းတယ်"

"ဒီည ဆရာကန်တော့ပွဲရှိလို့၊ ဘယ်သူတွေဖိတ်ထားသေးလဲ"

"ဆင်ခေါင်းက ဆရာစုတပည့်တွေ ရောက်တယ်။ မြို့ထဲက ဒေါ်အေးချစ်တို့၊ တင်တင်ဝေတို့၊ အပျိုကြီးဒေါ်ကျင်သန်းတို့လည်း ရောက်ပြီ"

"တောင်ပေါ်က ကိုသောင်းကြီးကော"

"သူတို့သားအဖလည်း ရောက်ပါပြီဗျာ"

"ဒါဆိုရင် ဆရာစုသားသမီးတွေ တော်တော်စုံတာပဲ"

ကျွန်တော်တို့ ဇရပ်ထဲကိုဝင်လိုက်သည်။ ဆရာစုကို ကန်တော့ပြီး ဒီညဆေးပွဲကျင်းပနိုင်ရေး၊ မိမိတို့ ကိုယ်စီဆောင်ရမည့်တာဝန်များကို ထမ်းဆောင်ကြလေသည်။ မိသားစုများ ပြန်လည်ဆုံတွေ့ကြသဖြင့် နှုတ်ဆက်ကြ၊ ရှေးဟောင်းနှောင်းဖြစ်များပြောကြနှင့် ဆူညံနေလေသည်။ ဆရာစုကလည်း သားသမီးများအခုလိုစုံစုံလင်လင်နှင့်စုပေါင်းရောက်ရှိလာလို့ ဝမ်းမြောက်ဝမ်းသာရှိနေသည်။ မိဘတို့သည် သားသမီးလာလို့ ဝမ်းသာသလို ဆရာသမားသည် တပည့်များလာ၍ ဝမ်းသာမှု (၂) ခုဖြင့် ဝမ်းသာနေလေတော့သည်။

"သိန်းရွှေ လာဦး"

"ဟုတ်ကဲ့ - ဆရာစု"

"မင်းက အရေးအကြောင်းဆိုရင် ပွဲဖျက်တတ်တယ်။ မင်းမီးဖိုချောင်ကိုဝင်။ ည မနောပွဲကပ်ဖို့ ချက်ပြုတ်ရေးကို တာဝန်ယူ"

"ဟုတ်ကဲ့။ မောင်စိုးရေ၊ ငါ့ကိုတော့ မီးဖိုချောင်ကိုပို့နေပြီ။ ငါသွားပြီဟေ့"

ကိုသိန်းရွှေ ကျွန်ုပ်အား နှုတ်ဆက်၍ မီးဖိုချောင်ဘက်သို့ဝင်သွားလေ



သည်။ မီးဖိုချောင်ဘက်တွင် ဒေါ်အေးချစ်၊ ဒေါ်ကျင်သန်းတို့က ဟင်းရွက်ဟင်းသီးများ ရေဆေးနေသည်။ အညွန့်အဖူးများကို အစိမ်းရောင်မပျက် ကြော်ကြလှော်ကြမည်။ ဦးဒိုပေါ်ဆန်းမွှေးကို ဒေါ်အေးချစ် ယူလာသည်။ (၄) ပြည်ဒီညချက်မည်။ ဒေါ်ကျင်သန်းက အုန်းသီးများယူလာသဖြင့် အုန်းနို့ညှစ်သူညှစ်သည်။ အုန်းနို့ဖြင့်ထမင်းချက်လို့ရသည်၊ ဟင်းချက်လို့ရသည်။ အမျိုးသမီးအုပ်စုကြားတွင် ကိုသိန်းရွှေရောက်သွားသဖြင့် တပါးဝါးပွဲကျနေလေသည်။

"ကိုသိန်းရွှေကြီး၊ ဘာလို့ မီးဖိုချောင်ကို အပို့ခံရတာလဲ"

"ငါကနင်တို့ဆရာလေ။ ငါ့တပည့်တွေရှိတဲ့နေရာကို ဆရာဘာလို့ရောက်လာရတာလဲဆိုတာ တပည့်တွေကိုဆုံးမဖို့ပေါ့"

"ဟား ဟား ဟား. . ."

အားလုံးပွဲကျသွားပေသည်။အားလုံးသိထားတာက ဒီလိုပွဲကြီးလမ်းကြီးလုပ်ရင် ကိုသိန်းရွှေကို မလာစေချင်။ သူက မရှိမကောင်း၊ ရှိမကောင်း။ သူရှိလျှင် တစ်ခုခုထဖောက်တတ်ပြီး ထိန်းသိမ်းလို့မနိုင်။ အကောင်းက ဆိုးသွားတာရှိသည်။သူ့ကိုစောင့်ရှောက်တဲ့ပုဂ္ဂိုလ်က အာရုံအစွမ်းကောင်းသည်။ ဖျက်တတ်တဲ့ဗီဇရှိသည်။ ဒါကြောင့် မီးဖိုခန်းထဲကို ပို့လိုက်ခြင်း ဖြစ်သည်။

"ကိုသိန်းရွှေကြီး၊ ပြောပါဦး။ ဟိုတစ်ခါ ဆေးချပွဲတုန်းက ဆရာကဒဏ်ခတ်တာ ဘာလို့လဲ"

"ဝိဇ္ဇာတွေ စုံညီကြွလာတဲ့အချိန် စစ်တမ်းယူပြီးပြီ။ ဆေးချဖို့ ဆေးဝိဇ္ဇာကိုစောင့်နေတာ။အချိန်ကြာတော့ ငါလည်း စိတ်မရှည်ဘူး။ စိတ်တွေဘယ်လိုဖောက်လာတယ် မသိဘူး၊ ငါယောက်မကြီးထမ်းပြီး က,လိုက်တာ။ အဲဒါကြောင့် ဒဏ်ခတ်ခံရတာ"

"ဘာလို့က,ရတာလဲ။ ဒီလောက်အရေးကြီးနေတဲ့ပွဲကို"

"ဆရာစုပြောလည်းပြောစရာပဲ။ ငါ့ပုဂ္ဂိုလ်က တစ်ခါတလေ ထင်ရာလျှောက်လုပ်တတ်တယ်။ ငါလည်း လူစိတ်ပျောက်ပျောက်သွားတယ်"

"ဒီညတော့မလုပ်ရဘူးနော်"

"ဆရာစုကနင်တို့ထက်လျှင်တယ်။ ဒီညပွဲ အရေးကြီးလို့ ငါ့ကို ချောင်ပို့လိုက်တာ ဟဲဟဲ"

"ကိုယ့်အကြောင်းကိုယ်တော့သိ



www.burmeseclassic.com

www.burmeseclassic.com

သားပဲ"

ဆရာစုက ကျွန်ုပ်အားခေါ်၍ ကိုသောင်းကြီးနှင့်တွဲ၍ အင်းများရေးဆွဲရန် တာဝန်ပေးသည်။ ငါးပါးသီလ ခံယူပြီး ဝတ်ဖြူစင်ကြယ်ကို ဝတ်ဆင်၍ အတွင်းသို့ဝင်သွားသည်။ ရာဇမတ်ကာ ရံထားသော အတွင်းစည်းထဲတွင် မိုင်းကိုင်စက္ကူများအား ညီညာစွာဖြတ်၍ ခဲတံဖြင့် အင်းဘောင်ခတ်ရသည်။ အင်းကွက်များအား ဦးခံ၍ ဂါထာရွတ်ပြီးရေးရသည်။ အကွက်များ ဟ,မနေစေရ။ အပေါက်ဖြစ်လျှင် အင်းကျိုးသည်၊ အင်းပေါက်သည်ဟု ခေါ်သည်။ အင်းကွက်များရေးဆွဲပြီး အင်းဆန်သွင်းရသည်။ 'စမ' ဆိုသည်မှာ 'စ-ဓ-ဗ-ဝ' ကို ဆိုလိုပါသည်။ ကြီးလေးကြီးဆိုသည်မှာ 'က-ဃ-ဏ-ဠ' ကို ဆိုလိုပါသည်။ 'ဗုဒ္ဓိ သရဏံ ဂစ္ဆာမိ' ကို (၉) ကွက်အင်းတွင် မြင်းသွားဖြင့် ရေးသွင်းရသည်။ အလယ် တစ်ကွက်လွတ်နေမည်။

| | | |
|---|---|---|
| ဗု | ရ | စ္ဆာ |
| ဂ | | ဒ္ဓိ |
| သ | မိ | ဏံ |

ထိုသို့ လွတ်နေသော အလယ်ကွက်ကို အင်းသောက်မည့်သူ၏နေ့နံကို ရေးထည့်ရမည်။ တနင်္ဂနွေသားဆိုလျှင် (၁)၊ တနင်္လာသားဆိုလျှင် (၂) စသည်ဖြင့် ရေးထည့်ရသည်။ ထိုနည်းတူ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ရတနာသုံးပါးအင်းကိုအောက်ပါအတိုင်း မြင်းသွားဖြင့် ရေးရသည်။

| | | |
|---|---|---|
| ဓ | ရ | စ္ဆာ |
| ဂ | | မ္မံ |
| သ | မိ | ဏံ |

| | | |
|---|---|---|
| သံ | ရ | စ္ဆာ |
| ဂ | | ဃံ |
| သ | မိ | ဏံ |

ထိုသို့ အင်းဆန်သွင်းစဉ် ဦးခံ၍ ဂါထာစုတ်ရသည်။ ရတနာ(၃)ပါးအင်း၊ ဘုရားဂုဏ်တော် (၉) ပါးအင်း၊ တရားဂုဏ်တော် (၆) ပါးအင်း၊ သံဃာ့ဂုဏ်တော် (၉) ပါးအင်းတို့ကို အင်းဆန်သွင်း၍ရပါသည်။ ဘုရားပုံတော်များကို စမများ၊ ကြီးလေးကြီးများ၊ ရိုးရိုးမျဉ်းများဖြင့် ရေးဆွဲကြသည်။ ရှင်ဥပဂုတ္တမထေရ်ပုံများကိုလည်း ရေးဆွဲကြသည်။ ဘုရားအင်းများကိုတော့ သာသနာကျိုးအဆင့်ရောက်မှရောက်ကြရလေသည်။

ဓား၊ တုတ်များ ကိုင်ဆောင်ထားသော သိုင်းရုပ်အင်းများကိုလည်း ရေးဆွဲကြရသည်။ ထိုအင်းများသည် သိုင်းကျိုးအဆင့်ရှိပုဂ္ဂိုလ်များ သောက်ကြရလေသည်။

ဆရာစု၏ ဘုရား (၅) ဆူဂိုဏ်းတွင် အဆင့် (၅) ဆင့် ရှိပါသည်။
(၁) သိုင်းကျိုးအဆင့်၊
(၂) ပြည်ကျိုးအဆင့်၊
(၃) လောကသာရကျိုးအဆင့်၊
(၄) သာသနာကျိုးအဆင့်၊
(၅) ဆရာကြီးအဆင့်တို့ဖြစ်ကြ၏။

ပထမဆုံး စတွေ့ရသော အသင်းဝင်မှာ သိုင်းကျိုးအဆင့် ဖြစ်သည်။ သိုင်းကျိုးနှင့် သင့်တော်ရာအင်းကို သောက်နိုင်သည်။ ဆေးထိုးပြီး အသင်းဝင်အဖြစ် အသိအမှတ်ပြုလျှင် သီလ (၂) ပါးကို လုံခြုံအောင် စောင့်ထိန်းရသည်။ နှစ်ပါးမှာ ကာမေသုမိစ္ဆာစာရကံနှင့် သုရာမေရယကံနှစ်ပါး ဖြစ်သည်။ ကျိုးပေါက်ပါက အသင်းဝင်အဖြစ်မှအလိုလိုပယ်ဖျက်ပြီးဖြစ်ပါသည်။ အသင်းဝင်တိုင်းသည် ကိုယ်စောင့်နတ်ရှိသည်။ ကိုယ်စောင့်နတ်သည် အမြဲစောင့်ကြည့်နေသဖြင့် သီလကျိုးပေါက်သည်၊ မကျိုးပေါက်ဘူးဆိုတာ ဒီလိုဝိဇ္ဇာတွေရှေ့ရောက်လျှင် သူ့ဟာသူထပြောသည်။ ကိုယ့်အကြောင်း ကိုယ်သိတဲ့တပည့် ဒီပွဲကို မတက်ရဲကြ။ ဝိဇ္ဇာတွေရှေ့ရောက်လျှင် လိမ်လို့ညာလို့မရ။

ဒုတိယအဆင့်မှာ ပြည်ကျိုးအဆင့် ဖြစ်သည်။ ပထမအဆင့်အောင်မြင်မှ ဒုတိယအကြိမ် ဆရာကန်တော့ပွဲတွင် အဆင့်တက်ခွင့်ရသည်။ မှတ်တမ်းယူသောဝိဇ္ဇာမှာ မှတ်တမ်းရေးစဉ် အဆင့်တက်၍ရသည်၊ မရသည်ကို မှတ်ချက်ပြုပေးသည်။ မှတ်တမ်းတင်သောပုဂ္ဂိုလ်မှာ ဘာမှမပြောလျှင် အဆင့်တက်၍ရပါသည်။ ဒုတိယအဆင့်နှင့် သင့်တော်သောအင်းကို သောက်ရသည်။ ဆေးထပ်တိုးရသည်။

တတိယအဆင့်မှာ လောကသာရကျိုးအဆင့် ဖြစ်ပါသည်။ ဤအဆင့်ရောက်လျှင် သီလ (၃) ပါး စောင့်ထိန်းရသည်။ ပါဏာတိပါတာဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ - သူ့တစ်ပါးအသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ပါ၏ တစ်ပါးထပ်တိုးသည်။ သူလည်း သူ့အဆင့်နှင့်ညီရာအင်းကို သောက်ရသည်။ ဆေးပေါက်ရသည်။

စတုတ္ထအဆင့်မှာ သာသနာကျိုးအဆင့် ဖြစ်သည်။ (၅)ပါးသီလကို စောင့်ထိန်းရသည်။ သာသနာပြုအဆင့်ဖြစ်၍ ဘုရားအင်းများ၊ နောက်ဆုံးအဆင့်အင်းများ သောက်သုံးနိုင်သည်။ ဆေးထပ်မံပေါက်ရသည်။

ပဉ္စမအဆင့်မှာ ဆရာစုလိုသူတစ်ယောက်သာရှိသည်။ ဆရာစုမရှိမှ တပည့်တစ်ယောက်က ပညာယူရသည်။ ဒီအဆင့်တွင် လူသားထဲမှ တစ်ယောက်သာ ရှိရလေသည်။ ဝိဇ္ဇာနှင့်လူသားများဆက်သွယ်ပေးရသောနောက်ဆုံးအဆင့်ဖြစ်သည်။ ဆရာစုအရင် ဆရာစဉ်ဆက်လည်း ဒီလိုပဲလွှဲခဲ့ကြရသည်။လူ့သဘောဖြင့် ရွေးချယ်ခွင့်မရှိ။ မျက်နှာလိုက်လို့မရ။ လာဘ်ထိုးလို့မရသောအဆင့် ဖြစ်သည်။ ဝိဇ္ဇာစုဝေးရာပွဲတွင် ဝိဇ္ဇာများကိုယ်တိုင် ရွေးချယ်ပေးရလေသည်။

ကျွန်ုပ်သည် ရေးဆွဲပြီးသောအင်းများကို သူ့အဆင့်လိုက်ထပ်ပြီး စားပွဲပေါ်သို့ တင်ထားပါသည်။ ရေးဆွဲပြီးအင်းများကို ဆရာစုမှ သိဒ္ဓိတင်ပေးရပါမည်။ ကျွန်ုပ်သည် အပြင်သို့ထွက်၍ အညောင်းပြေ လမ်းလျှောက်သည်။ အိမ်သာဝင်သည်။ နှုတ်ဝစီချုပ်၍အလုပ်လုပ်ရသဖြင့် အပြင်ရောက်စဉ် စကားပြောချင်၍ ကိုသိန်းရွှေကို ရှာလေသည်။

မီးဖိုခန်းထဲသို့ ဝင်ရောက်ပြီး ကိုသိန်းရွှေကို ရှာသောအခါ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်။ သူ့မျက်နှာတွင် ဒယ်အိုးဖင်မှ အိုးမဲတို့ဖြင့် ပန်းချီရေးဆွဲထားကြသဖြင့် သူ့ကိုမြင်သူတိုင်း ပြုံးစိပြုံးစိဖြစ်သွားကြလေသည်။ အိပ်ပါစေဆိုပြီး ဘုရားခန်းသို့ ပြန်ဝင်လာပြီး ဆရာစုနှင့် စကားပြောကြသည်။

"ဆရာစု၊ အခုလို ဆေးချပွဲလုပ်တာ သားတစ်ခါမှမမြင်ဖူးဘူး။ မသိတာလေးတွေ မေးခွင့်ပြုပါ"

"အေး- ကောင်းတယ်၊ မေးကွာ"

"ဒီဆေးက ဘယ်ကရတာလဲ၊ ဘယ်ပုဂ္ဂိုလ်ကချပေးတာလဲ၊ ဘယ်လိုသုံးရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဒီဆေးက ဆေးဝိဇ္ဇာတွေကချ ...။ ဒီလူ့ပြည်လူ့လောကမှာရှိတဲ့ ...သားသမီးတွေကို သင့်တော်တဲ့ ...တွေချပေးတာပဲ။

ဆေးတွေက ဟိမဝန္တာတောင် ...တ ဆေးမြစ်တွေ၊ သစ်ဉသစ်ဖုတွေ ... ပေါင်းကြိတ်ထားတဲ့ တန်ဖိုးရှိတဲ့ ...တောင့်တွေပဲ။ တစ်ခါတလေ လူ ...တွေမမြင်ဘူးတဲ့ ဟိမဝန္တာက သစ် ...တွေလည်း ချပေးတတ်ကြတယ်"

"ဒါဆိုရင် ဒီနေရာက ဝိဇ္ဇာနဲ့လူ ... ဆက်သွယ်ပေးတဲ့နေရာဖြစ်သွား ...ဘာလို့ ရာဇမတ်ကာရတာလဲ"

"စည်း ဆိုတာ ရှိရတယ်။ စည်း ...ထားရင် ဆေးချလို့မရဘူး။ ဝိဇ္ဇာ ...ပေးတဲ့ဆေးကို မိစ္ဆာတွေ၊ နာနာ ...တွေအားလုံး လိုချင်ကြတာ။ စည်း ...ရင် ချသမျှဆေးတွေ သူတို့ဝိုင်းလု ...ကြလို့ ဘာမှမကျန်ဘူး။ လူသားတွေ ...ထဲ မရောက်နိုင်ဘူး။ ဒီစည်းအ ...မှာ ရာဇမတ်ကို လေးဖက်လေးတန် ...ရတယ်။ ဒီရာဇမတ်ပေါ်မှာ အပ် ...ကြီးကိုမန်းပြီး ကြက်ခြေခတ်သား ...ရသေးတယ်။ ကောင်းကင်က ...တ်မဝင်အောင်လည်း မျက်နှာကြက် ...ကြက်ခြေခတ်သားထားရသေးတယ်"

"ဩော် - ဒါတွေ တစ်ခါမှ မမြင် ...ူး"

"ဒီအတွင်းစည်းမှာ နတ်မင်းကြီး ...ပါး အစောင့်အကြပ်ရှိတယ်"

"ဒါဆိုရင် အပြင်စည်းမှာကော ...ယ်သူစောင့်ကြပ်သလဲ"

"အပြင်စည်းကိုတော့ မီးပန္နက်ပဲ ...တာ။ ဖယောင်းတိုင်အကြီးကို ခဲတံ ...ဒ္ဓဗလို့ ရေးတယ်။ အပေါ်ဘက်ကို ...လေးကြီးရံထားတယ်။ ဒီဖယောင်း ...င် (၄) ချောင်းကို အင်းချထားတဲ့စက္ကူ ...တ်ပြီးချည်ထားတယ်။ ညဆေးမချမီ အတွင်းစည်းကိုနတ်တွေပင့်သလို အပြင် ...ည်းကို ဂန္ဓဗ္ဗနတ်ဘီလူးတွေကို စောင့် ...ရတာ"

"ညဘက် မီးခြစ်ယူသွားရမှာပေါ့"

"ဆရာက ဝိဇ္ဇာတွေပူးနေလို့ လူ ...တ်ပျောက်နေတာ။ ဆရာ့နားမှာ (၂) ...ယောက်ကပ်လိုက်ရတယ်။ သူတို့က ...ယောင်းတိုင် (၅) တိုင်ကို ရိုးရိုးစက္ကူ ...တ်ပြီး မီးထွန်းပြီး လိုက်လာရတယ်။ ...လို ကြိုတင်ပြင်ဆင်မှုလုပ်မထားဘူး။ ...ခြစ်အသစ်(၅)လုံး အိတ်ကပ်ထဲထည့် ... လိုက်လာတယ်။ အပြင်စည်းထောင့် (၄) ထောင့်ကို ပန္နက်ရိုက်ထားတော့ (၃)

ထောင့်ပဲ မီးထွန်းလို့ရတယ်။ နောက်ဆုံးထောင့်ကျတော့ ဘယ်မီးခြစ်မှခြစ်လို့မရဘူး။ အပြင်လောကသားတွေက မီးတောက်လိုက်၊ မှုတ်လိုက် နှောင့်ယှက်နေကြတာ"

"ဒါဆို အပြင်စည်းတစ်ဖက်ပေါက်သွားတာပေါ့"

"ဟုတ်တယ်။ အပြင်ရာဟုထောင့်က စည်းပေါက်တာ။ အတွင်းစည်းထဲရောက်ပြီး ဆေးချလိုက်တာ တစ်ဝက်က ရာဟုထောင့်ဘက်ထွက်ပြေးသွားတယ်။ လူသားတွေအတွက် တစ်ဝက်ပဲရတယ်"

"ဩော်- ဒီလိုလည်း ဖြစ်တတ်တာပဲ။ ဆရာစုက လူတစ်ပိုင်း၊ ဝိဇ္ဇာတစ်ပိုင်း ဖြစ်နေပြီပဲ"

"အင်း- ဘယ်လိုပြောရမလဲ။ တစ်ခါက လက္ခဏာဆရာတစ်ယောက် ငါ့လက္ခဏာကိုကြည့်တယ်။ သေသေချာချာကြည့်တယ်။ ပြီးတော့ ဆရာက လူမဟုတ်ဘူးဆိုပြီး ဦးကုန်းချတယ်"

"ဩော် - ကျွန်တော်က အသစ်ဆိုတော့ မကြားဘူးတာတွေ ကြားရတယ်။ စိတ်ထဲမှာ ကြည်နူးနေမိတယ်။ ဒါနဲ့ မသိလို့မေးပါရစေ။ ဆရာစုတို့ဆရာ အဆက်ဆက်ထွက်သွားကြတာ အားလုံး ဝိဇ္ဇာတွေဖြစ်သွားတာလား"

"သူ့အဆင့်နဲ့သူတော့ ရသွားကြတာပါပဲ။ ပြောနိုင်တာကတော့ သာမန်လူတွေနဲ့တော့ မတူတော့ဘူးပေါ့"

"ဟုတ်ကဲ့"

"ဒီည ဆေးချပွဲမှာ မောင်စိုင်းက ဆရာ့နားမှာနေရမယ်။ ဆရာက မောင်စိုင်းကို အနီးကပ်သင်ပေးမှာ"

"သားကြောက်တယ်"

"ဘာမှကြောက်စရာမရှိဘူး။ဆရာ့တပည့်တွေရဲ့အမည်စာရင်း၊ သူတို့နဲ့ယှဉ်တွဲထားတဲ့အဆင့်တွေ၊ ဝိဇ္ဇာကြွလာပြီး စစ်တမ်းယူမယ်။ သားက တစ်ယောက်ချင်းဖတ်ပြလိုက်။ ဘာနေ့သား၊ ဘယ်သူ၊ ဘယ်အဆင့်၊ ဒီလောက်ပဲဖတ်။ စစ်တမ်းရေးတဲ့ပုဂ္ဂိုလ်က စစ်တမ်းရေးမယ်၊ မှတ်တမ်းတင်မယ်။ သူရေးတဲ့စာရွက်ကုန်ရင် နောက်တစ်ရွက်ချပေးလိုက်။ ဒီစာတွေကိုတော့ သားလေးဖတ်တတ်မှာမဟုတ်ဘူး"

"ဘာလို့လဲ ဆရာ"

"သူက ဝိဇ္ဇာလိုရေးထားတာ။ဝိဇ္ဇာစာပဲ"

"ဝိဇ္ဇာစာကို လူတွေ ဘယ်ဖတ်တတ်မှာလဲ"

"စစ်တမ်းယူပြီးရင် နောက်ကလိုက်ခဲ့။ မီးပန္နက်ရိုက်ဖို့"

"ဟုတ်ကဲ့"

"ငါတို့မီးပန္နက်ရိုက်နေစဉ်မှာ ကျန်တပည့် (၂) ယောက်က အတွင်းစည်းမှာ ပိတ်စကြီးကိုကိုင်ပြီး စောင့်နေလိမ့်မယ်"

"ဆရာတို့ ပြန်ဝင်လာရင် ဆေးဝိဇ္ဇာက ဝင်ပြီး ဆေးချပေးလိမ့်မယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

အခမ်းအနားပြင်ဆင်၍ ပြီးသွားလေသည်။ ဇရပ်ဘေးနားက ဒေါ်အေးကျင်တသည် ဆရာစုကို အလွန်ရိုသေကိုင်းရှိုင်းသည်။ သည်ဇရပ်တွင်နေသမျှ အစားအသောက်တာဝန်ယူသူဖြစ်သည်။ အခုလည်း ဆေးပွဲကို လျှပ်စစ်မီးထွန်းညှိပေးသည်။ (၅/၆) အင်ဂျင်ဖြင့် လည်ပတ်သော ဂျင်နရေတာမှ လျှပ်စစ်မီးဖြင့် မီးပေးထားလေသည်။ ည (၆) နာရီတွင် ညစာစားကြသည်။ တပည့်များလည်း တဖြည်းဖြည်းများလာလေသည်။ ဝွေးချို ရွာထဲမှလေ့လာသူတို့လည်း ရောက်လာကြလေသည်။ အတွင်းစည်းတွင် ဘုရား (၅) ဆူပင့်၍ ပူဇော်ထားသည်။ ရှေ့တွင် အလယ်တည့်တည့်၌ သာသနာပွဲကိုပြင်ဆင်ထားသည်။ ပြီးမှ ရှင်မထီးပွဲ၊ ယက္ကန်းစင်တောင်ပွဲ၊ ဘိုးဘိုးအောင်ပွဲ၊ ဘိုးမင်းခေါင်ပွဲ စသည့် ဝိဇ္ဇာပွဲ (၉) ပွဲ ပြင်ဆင်ရ၏။ ရှေ့ဘက်တွင် ဖယောင်းတိုင်များ ထွန်းညှိပူဇော်ထားသည်။ အမွှေးတိုင်များ ပွဲအလိုက် ကပ်လှူပူဇော်ထားလေသည်။ ရေမွှေးများဖြင့် ပက်ဖျန်းထားသဖြင့် ရေမွှေးနံ့၊ အမွှေးတိုင်နံ့တို့ဖြင့် ပူဇော်ထားသော နေရာသန့်သန့်လေး ဖြစ်နေပါတော့သည်။

ည (၅)နာရီတွင် ဆေးချပွဲအခမ်းအနား စတင်ပါသည်။ ဆရာစုအဝတ်အစားလဲသည်။ အထက်ဖြူ အောက်ဖြူကို ဝတ်ဆင်သည်။ မုတ်ဆိတ်မွေးအရှည်မှာလည်း ဖြူဖွေးနေပြီး ဆံပင်တိုတိုမှာလည်း ဖြူဖွေးနေလေသည်။ ခန္ဓာကိုယ်ကို ရေမွှေးများပက်ဖျန်းပြီး အတွင်းစည်းသို့ ဝင်လာလေသည်။ ဘုရားကန်တော့သည်။ ဝိဇ္ဇာများကိုပင့်သည်။ အတွင်းစည်းကို နတ်မင်းကြီး (၄) ပါးစောင့်ကြပ်ရန် ပင့်ဖိတ်တာဝန်ချထားလေသည်။ ရေးဆွဲထားသောအင်းများကို သိဒ္ဓိတင်ပေးသည်။ ဆရာစုသည် လက်အုပ်ချီပြီး မှတ်တမ်းတင်မည့် ဝိဇ္ဇာပုဂ္ဂိုလ်တို့ကို ပင့်ဖိတ်လေသည်။ ဆံပင်ကို လက်ဖြင့်သပ်ပြီး ရုပ်ပုံသဏ္ဍာန်စတင်ပြောင်းလဲလာသည်။ ဆရာစုထံမှ အသံလည်းပြောင်း



www.burmeseclassic.com

www.burmeseclassic.com

လဲလာသည်။

"ဒီနေ့ ဆရာကန်တော့ပွဲကိုမှတ်တမ်းယူဖို့ 'ငါဗြောချီ' ကြွလာတယ်။

"ဟုတ်ကဲ့ အဘ"

"မင်းတို့ ဆရာစုတပည့်တွေ မှတ်တမ်းစ,ယူမယ်"

"တနင်္ဂနွေသား အောင်စိုးမြင့်ပါ"

"အသင်းသားအသစ်လားဟေ့"

"ဟုတ်ကဲ့ပါ ဆရာ"

ကျွန်ုပ်သည် မိုင်းကိုင်စက္ကူတစ်ရွက်ကို ဆရာစုအားထိုးပေးလိုက်သည်။ ချွန်ထားသောခဲတံများထဲမှ တစ်ချောင်းယူပြီး စစ်တမ်းရေးလေသည်။ ဝိဇ္ဇာစာသည် ရေလှိုင်းတွေလို အရှည်လိုက်ခြစ်သွားလေသည်။ ကြွလာသော ဆရာချီသည် လက်က စစ်တမ်းရေးပြီး နှုတ်မှ အမိန့်များ၊ ညွှန်ကြားချက်များ၊ စည်းကမ်းများကို မပြတ်ပြောလေသည်။

"အေး - ဘုရား (၅) ဆူဂိုဏ်းမှာ မင်းတို့ဆရာစုက အကြီးဆုံးပဲ။ သူ့ကို ငါတို့ခေါ် သွားချင်ပြီ"

"ဆရာစုကိုတော့ မခေါ် သွားပါနဲ့ ဆရာ။ တပည့်တွေမှာ ဘာပညာမှ မတတ်သေးလို့ တောင်းပန်ပါတယ်"

"မင်းတို့က ပညာရဲ့အတိမ်အနက်ကို သိလားဟေ့"

"တပည့်တွေ လေ့လာဆဲပါ။ မသိပါ"

"ငါတို့ပညာက လူတွေချတဲ့အင်းအပြင် ဝိဇ္ဇာတွေချတဲ့အင်းတောင် သောက်လို့ရတယ်"

"ဟုတ်ကဲ့၊ ကြားဖူးပါတယ်ဆရာ။ တပည့်တို့လည်း တစ်ခါလောက်တော့ ဝိဇ္ဇာချတဲ့အင်းပြာတွေ သောက်ချင်ပါတယ်"

ကိုသိန်းရွှေကြီးက ဝင်၍ပြောခြင်းဖြစ်သည်။ အခြားသူများ ဝိဇ္ဇာနှင့်စကားမပြောရဲ၊ မဆိုရဲကြပေ။ အတွေ့အကြုံရှိသောကြောင့်သာပြောနိုင်ခြင်း ဖြစ်သည်။ ကျွန်ုပ်သည်လည်း တစ်ယောက်ပြီးတစ်ယောက် ခေါ်၍ပေးရသည်။ လူတစ်ယောက်ကို မှတ်တမ်း (၂) ခု ရေးသည်။ မှတ်တမ်းခံရသောတပည့်က ကိုယ့်မှတ်တမ်းကိုကိုယ်သောက်ရသည်။ ကျန်မိတ္တူမှတ်တမ်းကို ဝိဇ္ဇာတွေပြန်ကြွသွားသောအခါ တစ်ပါတည်း ယူဆောင်သွားလေသည်။

(၁) သောကြာသား ကိုသိန်းရွှေ - သာသနာ့ကျိုး၊
(၂) သောကြာသား ကိုသောင်း - သာသနာ့ကျိုး၊
(၃) သောကြာသားကိုသောင်း(လေး) - သာသနာ့ကျိုး၊
(၄) တနင်္လာသမီး ဒေါ်ကျင်သန်း - သာသနာ့ကျိုး
(၅) စနေသမီး ဒေါ်တင်တင်ဝေ - ပြည်ကျိုး၊
(၆) တနင်္ဂနွေသမီး ဒေါ်အေးချစ် - ပြည်ကျိုး၊
(၇) ဗုဒ္ဓဟူးသား ကိုလှဝေ - လောကသာရကျိုး၊
(၈) တနင်္လာသား ကိုခင်မောင်ဝင်း - သိုင်းကျိုး၊
(၉) သောကြာသား ကိုသိန်းထွန်း - သိုင်းကျိုး၊
(၁၀) အင်္ဂါသမီး မစုစု - သိုင်းကျိုး၊
(၁၁) - -
(၁၂) - -
(၁၃) - -
(၁၄) - -
(၁၅) - -
(၁၆) - -
(၁၇) - -
(၁၈) - -
(၁၉) - -
(၂၀) - -

ဆိုင်ရာအဆင့်နှင့်နေ့နံတို့ကိုတွဲ၍ခေါ်ပြီး မှတ်တမ်းရေးသောဝိဇ္ဇာလက်က ရေးသည်။ ရေးပြီးမှတ်တမ်းများကို မိမိအား ပေးသည်။ အသစ်ချပေးရသည်။

"မင်းတို့ ဆရာစုကိုခေါ်ဖို့ ကန့်ကွက်ကြတယ်၊ ဟုတ်လား"

"ဟုတ်ပါတယ်"

"သူက မိန်းမနားက မခွာနိုင်ဘူး။ ထီးတင်တဲ့ကိစ္စပြီးပြီလားဟေ့"

"ထီးတင်ပြီးပါပြီ"

"အေးအေး- ကောင်းတယ်။ ဟိုကောင်သိန်းရွှေ စကားကိုဆင်ခြင်ပြော။ ခိုင်းတာတော့မလုပ်ချင်ဘူး။ ပညာတော့ မတတ်ဘဲ ဆရာကြီးတော့လုပ်ချင်တယ်။ နောက်ဆိုရင် နှုတ်ပိတ်ပစ်မယ်"

"ဟုတ်ကဲ့ ဆရာ"

"စနေသမီး ရှိလား"

"စနေသမီး တင်တင်ဝေ ရှိပါတယ်"

"ပုတီးစိပ်တာ မှားနေတယ်။ ရတနာသုံးပါးကိုပြန်စိပ်၊ ကြားလား"

"ဟုတ်ကဲ့ အဘ"

"သောကြာသား သိန်းထွန်း"

"ရှိပါတယ် အဘ"

"မင်းက ကြက်သူခိုး။သူများကြက်ခိုးပြီး သတ်စားသေးတယ်။ ဘယ်လိုလုပ်ဆရာဖြစ်မှာလဲ။ သိုင်းကျိုးက ကံ(၂)ပါးကို အပြည့်စောင့်ထိန်းရမယ်။

သာသနာ့ကျိုးက ကံငါးပါးတို့စောင့်ထိန်းရမယ်။

(၅) ပါးလုံးထိန်းနိုင်ပါ့လား"

"မထိန်းနိုင်ပါဘူး အဘ"

"ဒါဆိုရင် ပါဏာတိပါတာကံကို ဘယ်လိုထိန်းမှာလဲ"

"ငါးပိသာထက်ကြီးတဲ့ သတ္တဝါမသတ်ပါ ခင်ဗျာ"

"ငယ်တဲ့ကောင်တွေတော့ သတ်စားမယ်ပေါ့"

"ဒီလိုလည်းမဟုတ်ပါဘူး အဘကတိပေးတဲ့အတိုင်း မတည်မှာစိုးလို့ပါ"

"သတ်တာ ကြီးတယ်၊ ငယ်တယ်မဟုတ်ဘူး။ လုံးဝ မသတ်ရဘူး၊ ကြားလား"

"ဟုတ်ကဲ့"

"ဒါပေမယ့် မင်းတို့ကတိပေးတဲ့အတိုင်းသတ်ရင်တော့ စည်းပေါက်ပြီးစည်း ကျိုးပြီ။ ဒါဆိုရင် ဘာပြစ်ဒဏ်ပေးရမှာလဲ"

"သွေးအန်ပါစေ"

"ကောင်းပြီ။ အဒိန္နဒါနာကံ"

"ဒီကံကိုလည်း တစ်သိန်းထက်ကျော်၍ မခိုးပါ အဘ"

"ဥပဒေကို လက်တစ်လုံးခြားမရှောင်ရဘူး။ ကြားလား။ မခိုးနဲ့ဆိုမခိုးရဘူး။ ခိုးမိရင်လည်း ဆရာ့ထံလာဝန်ခံရမယ်"

"ဟုတ်ကဲ့"

"ကာမေသုမိစ္ဆာကံနဲ့ သုရာမေရယကံ(၂)ခုကတော့ လုံးဝအတားအဆီးမရှိ၊ အခုအခံမရှိ စင်စင်ကြယ်ကြယ်ဆောက်တည်ရမယ်။ဒီကံတွေကျိုးပေါက်ရင် မင်းတို့ထံ စစ်တမ်းပြန်ကျလာလိမ့်မယ်။ မင်းတို့ပေးတဲ့ကတိအတိုင်း သွေးအန်လိမ့်မယ်"

"ဟုတ်ကဲ့ အဘ"

"အမြန်ဆုံးကံတွေပြန်ထိန်းရမယ်။ (၃) ခါကျူးလွန်ရင် သေဒဏ်ပဲ။ မုသာဝါဒကံကောဟေ့"

"လူလူချင်း သေကျေသည်အထိဆိုးသော မုသားပြောဆိုခြင်းမှ ရှောင်ရှားပါမယ်"

"အေး - မင်းတို့က ကျန်ကံ(၃)ပါးကို အကန့်အသတ်နဲ့ထိန်းတယ်"

"နိုင်သလောက်ထိန်းပါ့မယ် ခင်ဗျား"

ဤသို့ဖြင့် စစ်တမ်းယူသော ဆရာချီသည် လက်က စစ်တမ်းရေးရင်း နှုတ်မှ



www.burmeseclassic.com

www.burmeseclassic.com

ကြာဆိုဆုံးမ၍သွားလေသည်။ အရေး ထဲ ကိုသိန်းရွှေကြီးက ကံကြိုးလျှင် သွေး အန်ပါစေ ဆိုတဲ့အပြစ်ကို ပြောလိုက် ပြီး ဘာလို့များ ဒီလိုပြောလိုက်တာလဲ ထင်ပါ။ စစ်တမ်းယူသည့်ကိစ္စများ ပြီး ဆုံးသောအခါ ဆရာချီသည် ဝုန်းဆို ထတတ်ရပ်ပါသည်။ လက်ထဲတွင် ဆောင်ဝှေးကိုကိုင်ပြီး အပြင်စည်းကို သွားမည်ဟု ဆိုလေသည်။

ကိုသောင်းသည် အသင့်မီးရှို့ထား သော ဖယောင်းတိုင်စည်းကို ကိုင်ပြီး လိုက်သွားသည်။ ဆရာစုသည် လက်ထဲ မှတောင်ဝှေးဖြင့်ယမ်း၍ နှုတ်မှလည်း တိုးတိုးတိုးနှင့်ရေရွတ်နေလေသည်။ မှတ်တမ်းတင်သောဝိဇ္ဇာ ပြန်ကြွသွားပြီး အဆရာစုကိုဝင်စီးသောဝိဇ္ဇာမှာ ပန္နက် ရိုက်သောဝိဇ္ဇာ ဖြစ်လေသည်။ တနင်္ဂနွေ ထောင့်မှစ၍ရိုက်သည်။ တောင်ဝှေးဖြင့် မြေပြင်ကိုခြစ်သည်။ ဆရာစုခြစ်ရာမြေ ပြင်တွင် ကျွန်ုပ်ဖယောင်းတိုင်တစ်တိုင် ကို ထွန်းညှိပြီးစိုက်လိုက်သည်။ အတွင်း မှာနေဟုပြောပြီး ဖယောင်းတိုင်မီးကို ပန္နက်ဘီလူးကြီးစောင့်ရန် အမိန့်ပေး လေသည်။ တနင်္ဂနွေထောင့်မှ အင်္ဂါ ထောင့်သို့သွားသည်။ အင်္ဂါထောင့်မှစနေ ထောင့်၊ ပြီးမှ ရာဟုထောင့်ကို အစဉ် အတိုင်း မီးပန္နက်ရိုက်လေသည်။


အပြင်စည်းသားပြီး အားလုံးပြည့် စုံသောအခါ ဇရပ်သို့ ပြန်ဝင်လာသည်။ ကိုသောင်း လက်ထဲမှ မီးတောက်ကြီး လည်း မီးငြိမ်းသတ်ပြီး နောက်ကလိုက် လာသည်။

အတွင်းစည်းသို့ ဝင်သောအခါ ပန္နက်ရိုက်သောဝိဇ္ဇာ ပြန်ကြွလာသည်။ ဆရာစုသည် ရာဇမတ်ကာထားရာ စည်း ထဲသို့ဝင်ပြီး ပတ်ချာလှည့်ဟန်ရေးပြနေ သည်။ ကိုသိန်းရွှေတို့အဖွဲ့သည် ပိတ်စ ကြီးဖြင့် ဘုရားဆောင်ရှေ့တွင်ခံထားပြီး စောင့်နေလေသည်။

ခဏကြာတော့ ဟန်ရေးပြ၍ လှည့်နေသော ဆရာစုသည် ရှေ့ဘက် သို့မျက်နှာမူပြီး လက်ခြောက်ပစ်ပေါက် လိုက်ရာ ဆေးများ ကောင်းကင်မှ ကျ လာလေသည်။ ပိတ်ဖြူပေါ်တွင် အတိုင်း သား မြင်နေရပါသည်။ ဆရာစုကိုကပ် နေသော ဆေးဝိဇ္ဇာ ပြန်ကြွသွားလေ သည်။ ဆရာစုလည်း ပျော့ခွေကျသွား သဖြင့် ဝိုင်းထူရသည်။ ဆရာစု ဘုရား ကိုကန်တော့ပြီး ထိုင်နေကျနေရာတွင် ထိုင်ရင်း လူစိတ်ဖြင့် ဧည့်ခံစကားပြော လေသည်။

"ဆရာ၊ ဆေး (၂၅) လုံးရတယ် ဆရာ"

ဟု ပန်းကန်ထဲတွင်ထည့်၍ ဆရာ စုကို လာပေးလေသည်။ ဆရာစုဘေး ၌ ကျွန်ုပ်ထိုင်ပြီး သေသေချာချာကြည့် သောအခါ မွှေးနံ့သင်းနေသောဆေးလုံး များကို မျက်ဝါးထင်ထင် တွေ့ရလေ တော့သည်။ လောကတွင် ဝိဇ္ဇာဆေးချ ပေးသောဆေးပွဲကို ဒီတစ်ခါပဲ တွေ့မြင် ရလေသည်။




"မောင်စိုင်းရေ မင်းထံမှာ အသင်း ဝင်တွေရှိတယ်"

"ဟုတ်ကဲ့ ဆရာ။ (၂၀) ယောက် ပါ"

"တစ်ယောက်တစ်လုံးပေးလိုက်"

"ဟုတ်ကဲ့"

ကျွန်ုပ်သည် အသင်းဝင်အမည် စာရင်းခေါ်ပြီး ဝိဇ္ဇာဆေးများကို ဝေငှ ပေးလေသည်။လိုရာသုံးစွဲနိုင်သောဆေး၊ ငွေပေး၍ဝယ်မရသောဆေးဖြစ်ပါသည်။ ရှားပါးသော ဝိဇ္ဇာဆေးများကို ရရှိသူ တပည့်များ ပြုံးပျော်နေကြပါသည်။ ဤ ဆေးပွဲပြီးနောက် ခဏနားရင်း စကား ထိုင်၍ပြောကြသည်။

မနက် (၁) နာရီထိုးသောအခါ မနောပွဲကပ်ကြလေသည်။ ကိုသိန်းရွှေ ဦးဆောင်သော မနောပွဲကျင်းပရေးအဖွဲ့ သည် ဝိဇ္ဇာများသုံးဆောင်ရန် သာမန် ထမင်းဝိုင်းလေးကို တည်ခင်းပြေခံခြင်း ဖြစ်ပါသည်။ စားပွဲဝိုင်းပေါ်တွင် ပိတ်ဖြူ ကိုခင်းသည်။ ထမင်းပန်းကန် (၅) ပန်း ကန် သို့မဟုတ် (၇) ပန်းကန် သို့မဟုတ် (၉) ပန်းကန် ချရသည်။ ထမင်းပန်းကန် ထဲတွင် ဦးဒိုပုသိမ်ပေါ်တွင် ဆန်းမွှေးဖြင့်ချက် ထားသော ထမင်းပေါ်တွင် အုန်းနို့ထည့် ၍ချက်ထားသဖြင့် ပေါ်ဆန်းမွှေးရနံ့၊ အုန်းနို့ရနံ့တို့ဖြင့် အကောင်းပေါ် အကောင်းဆင့်၍ ချက်ထားသော ဆွမ်း ထမင်းဖြစ်သည်။ ဘူးညွှန့်၊ ဖရုံညွှန့်၊ ဟင်းနုနယ်အညွှန့် စသည့် အညွှန့်အဖူး များကို ပဲဆီသန့်သန့်ဖြင့် အရောင် မပျက်၊ အရွက်အညွှန့်မပျက် ကြော်ထား ပြီး အမွှေးနံ့သာစုံလင်စွာဖြင့် ဟင်းတစ် ခွက်လည်း တည်ခင်းထားသည်။ ဘူးသီး၊ ခဝဲသီးများဖြင့် ချက်ပြုတ်ထားသော ပဲ ဟင်းတွင် အုန်းနို့နံ့သင်းပျံ့နေသောဟင်း တစ်ခွက်လည်း ပါသည်။ ကြာဆံကြော် တစ်ခွက်၊ အစိမ်းကြော်တစ်ခွက်လည်း ပါသည်။ ငှက်ပျောသီးတစ်ပွဲ၊ နာနတ်သီး တစ်ပွဲ၊ မာလကာသီး၊ သစ်တော်သီးတစ် ပွဲ စသည့် အသီးများလည်း ပါဝင်သည်။ ရေနွေးပန်းကန်များကို ရေနွေးကြမ်းခွက် များဖြင့် တည်ခင်းပါသည်။ လက်သုတ် ပဝါ၊ ဇွန်းတစ်စုံစီကို ချထားပါသည်။ ဖယောင်းတိုင်ကို ထမင်းပန်းကန်တစ်ချပ် လျှင် တစ်တိုင်နှုန်းထွန်းညှိပူဇော်သည်။

ပြင်ဆင်မှုအားလုံး ပြည့်စုံသော အခါ ဆရာစုကို ပင့်သည်။ ဆရာစုက ဝတ်ဖြူစင်ကြယ်ဖြင့် ကြွလာသည်။ ဝိဇ္ဇာ ရှစ်သောင်းဆရာပေါင်းတို့ကို ပင့်ဖိတ်၍ မနောပွဲအား ဆက်ကပ်လှူဒါန်းလေ၏။ ထူးခြားသည်မှာ အခန်းတစ်ခုလုံး မွှေး ကြိုင်သွားပြီး ဝိဇ္ဇာများကြွလာကြောင်း သိရလေသည်။

ဆရာစုသည် ထမင်းစားပွဲဝိုင်းတွင် ထိုင်၍ ညာဘက်မှ ခေါင်းကိုကုတ်လိုက် သောအခါ လက်ထဲတွင် ဆေးများ ရောက်လာသည်။ ညာလက်ထဲမှ ပါလာ သော ဆေးတောင့်များကို လက်ဖြင့်ညှစ် ခြေပြီး မနောပွဲပေါ်သို့ ဆားဖြူးသလို ဆေးများကိုဖြူးချလေတော့သည်။ ထို့ နောက် ဝိဇ္ဇာများနှင့်အတူ သုံးစွဲမှီဝဲပါ သည်။ (၃၀) မိနစ်ခန့်ကြာသောအခါ ဆရာစု စားသုံးခြင်းပြီးလေသည်။ လက် ဆေး၍ ထမင်းစားပွဲမှထပြီး မူလနေရာ သို့ ပြန်သွားလေတော့သည်။ မနောပွဲ အခမ်းအနားပြီးဆုံးလေပြီ။

ထူးခြားသည်မှာ မနောပွဲ၌ ကျန် ရစ်သော ထမင်းဟင်းလျာများသည် ဝိဇ္ဇာများ သုံးဆောင်မှီဝဲပြီး ဆိုင်ရာဆိုင် ရာ ဝိဇ္ဇာတို့မှ သိဒ္ဓိဝင်ဆေးများ ထားခဲ့ ကြသဖြင့် တန်ဖိုးရှိသော ဆေးထမင်းပွဲ လေးအဖြစ် ကျန်ရစ်ပါသည်။ ကိုသိန်း ရွှေသည် မနောပွဲမှ ထမင်းဟင်းအားလုံး ဇလုံကြီးကြီးထဲတွင် စုပေါင်းထည့်၍မွှေ ပါသည်။ ထို့နောက် လူတိုင်း စားသုံးနိုင် ရန် ခွဲဝေကျွေးပါသည်။

တစ်သက်မှာ တစ်ခါ စားသုံးရန် ခက်ခဲသော ဝိဇ္ဇာတို့၏ မနောပွဲထမင်း ဟင်းများကို အလုအယက် စားသုံးပြီး သိဒ္ဓိ၊ မဟိဒ္ဓိများကို အရယူကြလေတော့ သည်။

အဏ္ဏဝါလှိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်လှိုင်(သုဝဏ္ဏ)

# ဖုန်းရွှေပညာ

## သိကောင်းစရာ

**ကောင်းသောအရာများလွန်ကဲစွာများပြားနေခြင်း**

စာရေးသူ၏ မိတ်ဆွေတစ်ဦးမှာ သားသမီးအမြန်ရရေးအတွက် စိတ်ဇောပြင်းထန်နေသူတစ်ဦး ဖြစ်သည်။ သူသည် မီးယပ်သားဖွားဆရာဝန်များနှင့် မကြာခဏတိုင်ပင်တတ်သည်။ သို့သော်လည်း ဆရာဝန်တို့၏အဆိုအရ သူမမှာ ကိုယ်ဝန်လုံးဝမရနိုင်သည့်အခြေအနေနှင့်ကြုံကြိုက်နေရရှာသည်။ ထို့ကြောင့် ဖုန်းရွှေပညာရပ်လေ့လာလိုက်စားသူပီပီ ဖန်တီးနိုင်စွမ်းရှိခြင်းနှင့် သားသမီးရရှိရေး ကွာနေရာ၌ စွမ်းအင်မြှင့်ပစ္စည်းများစွာထားရှိခဲ့သည်ဟု သိရှိရသည်။ သူ့အခန်းနေဖြင့်လည်း သားသမီးရရှိအတွက် စိတ်ထက်သန်စွာ စွမ်းအင်မြှင့်ပစ္စည်းတစ်ခုပြီးတစ်ခု ထားရှိစီရင်နေခြင်းကြောင့် ၎င်းကွာအတွင်း ကောင်းသောအစီအရင်များ ပြည့်နှက်လွန်ကဲလာခဲ့သည်။

ထိုနောက်ပိုင်း ဖုန်းရွှေပညာရှင်တစ်ဦး သူမအိမ်အလည်လာရောက်ချိန်၌ စွမ်းအင်မြှင့်ပစ္စည်းများလွန်ကဲနေပုံကို ထောက်ပြအသိပေးသွားခဲ့သည်။ ထို့နောက် ဖုန်းရွှေအတိုင်ပင်ခံက သားသမီးရရှိရေးကွာရှိ သားသမီးလိုချင်သူအမျိုးသမီးချထားသော ပန်းအိုးအလွတ်များအတွင်း ကလေးကစားစရာများထည့်ရန် အကြံပြုခဲ့သည်။ ပန်းအိုးများသည် မြေအိုးများဖြစ်ပြီး မြေဓာတ်က သတ္တုဓာတ်အား (မွေးဖွားဖြစ်တည်ဖန်တီးနိုင်စွမ်းရှိခြင်းပြစက်ဝိုင်းအရ) အားဖြည့်ပေးသည်။

အထက်ပါ အစီအရင်လုပ်ပြီးနောက်ပိုင်း မကြာသောအချိန်၌ ကိုယ်ဝန်ရချင်လွန်သော အမျိုးသမီး ဆရာဝန်အကူအညီမပါဘဲ အမှန်တကယ်ကိုယ်ဝန်ရရှိခဲ့သည်။

**ဖုန်းရွှေပညာအရ အသက်အလွန်အိုမင်းရင့်ရော်ခြင်းအား နှေးကွေးစေခြင်း**


အသက်အရွယ်ကြီးရင့်သူများအား အသက်နှစ်ဆယ်အရွယ်တို့ ပေါ့ပါးပျော်ရွှင် တက်ကြွစွာနေသည့် ပတ်ဝန်းကျင်၌ ခေတ္တထားပေးပါ။

သို့သော်လည်း အသက်အရွယ်ကြီးရင့်သူတို့၏ နေရာသည် ဖန်တီးနိုင်စွမ်းရှိခြင်းနှင့် သားသမီးများဆိုင်ရာ ကွာအတွင်းရှိနေရန် လိုအပ်သည်။ အသက်(၂၀) အရွယ်ကာလ သားသမီးတို့အနေဖြင့် မြူးကြွပျောက်ရွှင်သောတေးသံများနားဆင်ခြင်း၊ ကခုန်ခြင်း၊ အပျော်ခရီးထွက်ခြင်း၊ စိတ်ဓာတ်တက်ကြွခြင်းရှိနေသကဲ့သို့ ၎င်းတို့ဝန်းကျင်တွင်လာရောက်နေထိုင်သူများလည်း ပျော်ရွှင်တက်ကြွသည့်စိတ်များကူးစက်ကာ အသက်ကြီးရင့်ခြင်းကိုပင် မေ့လျော့၍ ပြန်လည်နုပျိုသွားမည်သာဖြစ်သည်။ ထိုအခါ အသက်ကြီးရင့်သူတို့၌ အသက်(၂၀)အရွယ်တွင်ရှိသော ဆဲ(လ်)များစတင်ပေါ်ပေါက်လာမည် ဖြစ်သည်။ စိတ်ပျော်ရွှင်စွာနေထိုင်နိုင်ခြင်းဖြင့် ဆဲ(လ်)အသစ်များဆက်၍ ပေါက်ပွားကာ အိုမင်းရင့်ရော်မှုပိုင်း၌ အလွန်နှေးကွေးသွားသည်ကို တွေ့ရှိရသည်။

ပတ်ဝန်းကျင်သည် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာအခြေအနေနှစ်ရပ်စလုံးအား အံ့ဩဖွယ်ကောင်းအောင် ပြန်လည်နုပျိုစေသည်။ စိတ်ပျို၍ကိုယ်နုသည်ဟူသော စကားအဓိပ္ပာယ်၏ လက်တွေ့အခြေအနေမှန်တစ်ရပ်ပင် ဖြစ်သည်။

**ဖန်တီးနိုင်စွမ်းရှိခြင်းနှင့် သားသမီးများဆိုင်ရာကွာပျောက်ဆုံးနေခြင်း**

စာရေးသူထံမှ ဖုန်းရွှေဆိုင်ရာအကြံဉာဏ်များတောင်းခံသူ အလက်






www.burmeseclassic.com

www.burmeseclassic.com

…ဒါးသည် အိမ်အသစ်တစ်လုံးဝယ်ယူရာ၌ ပါကွာဖြင့် ပြန်စစ်ချိန်တွင် ဖန်တီးနိုင်စွမ်းနှင့် သားသမီးများဆိုင်ရာ ကွာပျောက်ဆုံးနေသည်ကို တွေ့လိုက်ရသည်။ အဆိုပါကွာရှိရမည့်နေရာသည် ကလေးကစားကွင်းဖြစ်နေခြင်းကြောင့် အိမ်အတွင်းသို့ ကောင်းသောစွမ်းအင်များ မဝင်ရောက်နိုင်ဘဲတန့်နေခြင်း ဖြစ်သည်။

ဖန်တီးနိုင်စွမ်းရှိခြင်းနှင့်သားသမီးများဆိုင်ရာကွာ ပျောက်ဆုံးနေပါက အောက်ပါ ဖုန်းရွှေဆိုင်ရာ အကြံပြုချက်များအား လိုက်နာ ဆောင်ရွက်သင့်သည်။

၁။ ဖန်တီးနိုင်စွမ်းကွာနေရာပတ်ပတ်လည်တစ်လျှောက် မြေကြီးဖြင့်တိုင်တုး၍ အနီရောင်ကြိုးအား ၎င်းကွာဧရိယာတစ်ခုလုံး၌ပတ်ထားပါ။

၂။ ဖန်တီးနိုင်စွမ်းရှိခြင်း ကွာ၌ အဖြူ အဝါရောင်ပန်းပွင့်သော အပင်များကို စိုက်ပေးပါ။

၃။ ဖန်တီးနိုင်စွမ်းရှိခြင်း ကွာ၌ စိုက်ထားသောအပင်များအား အနံ့သင်းခြင်း ရှိ မရှိ စစ်ဆေးပါ။

၄။ မြေဓာတ်ကိုယ်စားပြုအရောင်တစ်ခုအား ကွန်ကရစ်ကိုင်၍ ခြယ်သပေးပါ။

အဝါရောင်၊ အဖြူရောင်ရှိသော ပန်းများအား မြေဓာတ်ဆိုင်ရာစွမ်းအင်မြင့်စေရန် မြေပန်းအိုးဖြင့်စိုက်ပေးပါ။ သတ္တုဓာတ်ဆိုင်ရာ စွမ်းအင်မြှင့်နည်းများကို လက်တွေ့အသုံးချပါ။

**ဖန်တီးနိုင်စွမ်းရှိခြင်းနှင့် သားသမီးများဆိုင်ရာကွာ၌ အရောင်များဖြင့် စွမ်းအင်မြှင့်တင်ပေးပုံ**

**အမည်းရောင်**

အမည်းရောင်သည် နက်ရှိုင်းခြင်း၊ အဓိပ္ပာယ်လေးနက်ခြင်း၊ နက်သောရေ အဓိပ္ပာယ်တို့အား ရည်ညွှန်းသည်။

ထို့ကြောင့် အရောင်များအား အခြေအနေအချိန်အခါအလိုက် အသုံးချတတ်ရန် လိုအပ်သည်။

အရေးကြီးသော အချက်မှာ အရောင်တစ်ခုချင်းအလိုက် သီးခြားစီပိုင်ဆိုင်ထားသော အရည်အသွေးနှင့် အနက်အဓိပ္ပာယ်ကိုယ်စီရှိနေခြင်းကြောင့် မှားယွင်းစွာ အသုံးမပြုမိစေရန် သတိပြုရမည် ဖြစ်သည်။

အမည်းရောင်သည် လူအချို့အတွက် စိတ်ဓာတ်တက်ကြွရှင်လန်းခြင်း ဖြစ်စေတတ်သလို အချို့အတွက်လည်း စိတ်ဓာတ်ကျ အားငယ်စရာ အမှတ်သင်္ကေတအဖြစ်ကိုယ်စားပြုတတ်သည်။ ဖန်တီးနိုင်စွမ်းနှင့် သားသမီးများဆိုင်ရာကွာ၌ အသုံးပြုနိုင်သည်။

**အပြာရောင်**

စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်ပြီး စိတ်ကူးအတွေးအခေါ်ကောင်းများရှိသူဖြစ်ကြောင်း ကိုယ်စားပြုပေးသည်။ တစ်နည်းအားဖြင့် ကျွမ်းကျင်မှုနှင့် အသိဉာဏ်ပညာတို့အား ကိုယ်စားပြုသော အရောင်လည်း ဖြစ်သည်။ အထူးသဖြင့် တရားထိုင်ချိန်၌ အပြာရောင်ဝတ်ဆင်ပေးပါ။ သားသမီး၊ ဖန်တီးနိုင်စွမ်းကွာ၌ အသုံးပြုနိုင်သည်။

**အစိမ်းရောင်**

မိသားစုအတွင်း တစ်ဦးအပေါ် တစ်ဦး နှစ်သက်ကြည်ဖြူမှုပေးနိုင်ခြင်းကို ရည်ညွှန်းသည်။

အစိမ်းရောင် အဝတ်အစားဝတ်ဆင်ပေးခြင်းဖြင့် မိသားစုကိုသာမက မိမိပတ်ဝန်းကျင်ကိုပါ စည်းလုံးညီညွတ်မှုရှိစေသည်။ ဖန်တီးနိုင်စွမ်းနှင့် သားသမီးများ ကွာ၌ အသုံးပြုနိုင်သည်။

**ခရမ်းရောင်**

မြင့်မြတ်ခြင်းအဓိပ္ပာယ်ကို ရည်ညွှန်းသောအရောင်ဖြစ်သည်။ ချမ်းသာကြွယ်ဝသူများ၊ တော်ဝင်အသိုင်းအဝိုင်း၌ကြီးမြတ်သူများဝတ်ဆင်သောအရောင်လည်း ဖြစ်သည်။ ဖန်တီးနိုင်စွမ်းနှင့် သားသမီးများဆိုင်ရာ ကွာ၌ အသုံးပြုသည်။

**အနီရောင်**

အနီရောင်သည် သွေးအရောင်အား ကိုယ်စားပြုသည်။ ခွန်အားရှိခြင်း၊ စွမ်းအင်ကြီးခြင်း၊ ရဲရဲတောက်စိတ်ဓာတ်ရှိခြင်းသဘောကို ရည်ညွှန်းသည်။ ဩဇာအာဏာနှင့် ပတ်သက်သော အစည်းအဝေး အခမ်းအနားများ၌ အနီရောင်ဝတ်ဆင်သင့်သည်။ ဖန်တီးနိုင်စွမ်းနှင့် သားသမီးဆိုင်ရာကွာ၌ အသုံးပြုသည်။

**ပန်းရောင်**

နူးညံ့သောအရေပြားပေါ်မှ ပန်းရောင်သန်းနေပုံ၊ ပါးပြင်၌ပန်းရောင်ထ၍ နီသွေးနေပုံတို့အား ကိုယ်စားပြုသည်။

ပန်းရောင်သည် ပြောဆိုဆက်ဆံရေးနှင့် အချစ်ရေးဆိုင်ရာကိစ္စများ၌ အောင်မြင်မှုပေးတတ်သော်လည်း ဩဇာအာဏာရရှိရေးကိစ္စများ၌ ပန်းရောင်သုံးခြင်းအား အထူးရှောင်ကြဉ်သင့်သည်။ ဖန်တီးနိုင်စွမ်းနှင့် သားသမီးဆိုင်ရာ ကွာ၌ အသုံးပြုနိုင်သည်။

**အဖြူရောင်**

အရောင်အားလုံးနှင့် အချိန်မရွေး ပေါင်းစပ်နိုင်သည့် ၎င်းအရောင်ပေါ်မှ အခြားသော အရောင်တစ်ခုခုတင်၍ ရေးခြယ်ပေးနိုင်သည်။ အရောင်အားလုံးနှင့် မိတ်ဖက်ဖြစ်သောအရောင်လည်း ဖြစ်သည်။ ၎င်းအပြင် အဖြူရောင်သည် အဆုံးမရှိသော စိတ်ကူးအတွေးအခေါ်များ ဖန်တီးနိုင်စွမ်းများအား ကိုယ်စားပြုသည်။

မြင့်မားသည့်စိတ်ကူးဖြင့်အကောင်အထည်ဖော်ဖန်တီးရမည့်လုပ်ငန်းများအတွက် အဖြူရောင်ဝတ်ဆင်၍ဆောင်ရွက်ပေးပါ။ ဖန်တီးနိုင်စွမ်းနှင့် သားသမီးများဆိုင်ရာကွာ၌ အသုံးပြုနိုင်သည်။

**မီးခိုးရောင်**

အဖြူမကျ၊ အမည်းမကျသော ၎င်းအရောင်နှစ်ရောင်အကြားရှိအရောင်ဖြစ်သည်။ တစ်နည်းအားဖြင့် ဖန်တီးနိုင်စွမ်းရှိခြင်းကွာနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာကွာတို့အကြားရှိ အရောင်လည်းဖြစ်သည်။

ပရောဂျက်တစ်ခု၏ အလယ်ပိုင်းကာလရောက်သည်နှင့် မီးခိုးရောင်ဝတ်ဆင်ပြီး လုပ်ငန်းအောင်မြင်စွာ အဆုံးသတ်ပေးပါ။

ဖန်တီးနိုင်စွမ်းရှိခြင်း ကွာ၌ ၎င်းအရောင်ကို အသုံးပြုနိုင်သည်။

**အဝါရောင်**

ကိစ္စတစ်ခုခုအပေါ် အာရုံစိုက်နိုင်သော အကူအညီပေးသောအရောင်ဖြစ်သည်။ ၎င်းပြင် မြေဓာတ်ကိုယ်စားပြုအရောင်လည်း ဖြစ်သည်။ အုတ်မြစ်ချရသော လုပ်ငန်းစဉ်များအတွက် အဝါရောင်ဝတ်ဆင်ပြီးမှ ဆောင်ရွက်သင့်သည်။

အဝါရောင်အား ဖန်တီးနိုင်စွမ်းရှိကွာ၌ အသုံးပြုနိုင်သည်။

**မိသားစုအတွင်း အကြီးဆုံးအစိတ်အပိုင်းဖြစ်သည့်ကလေးများ**

ဖန်တီးနိုင်စွမ်းရှိခြင်းနှင့် သားသမီးများဆိုင်ရာ ကွာသည် မိသားစုဆိုင်ရာနှင့် မျက်နှာချင်းဆိုင်ကျလျက်ရှိသည်။ ထို့ကြောင့် အဆိုပါ ကွာတစ်ခုအား စွမ်းအင်မြှင့်တင်သည်နှင့် မျက်နှာချင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com

ကွာတစ်ခုကိုပါ စွမ်းအင်မြှင့်ပေးရမည် ဖြစ်သည်။

သားသမီးရရှိခြင်း အဓိပ္ပာယ်သည် မိသားစုအတွင်း ကြီးမားသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သောကြောင့် အထက်ပါကွာနှစ်ခုမှ အားနည်းချက်ရှိသော ကွာအား လိုအပ်သလို စွမ်းအင်မြှင့်တင်ပေးရခြင်း ဖြစ်သည်။

သားသမီးများနှင့် ဖန်တီးနိုင်စွမ်းရှိခြင်းကွာသည် ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုဖြစ်သော ပါးစပ်နှင့်ဆက်၍ ကိုယ်စားပြုလျက်ရှိသည်။ ထို့ကဲ့သို့ ပါးစပ်ပေါက်ကို ရည်ညွှန်းသည့် ဖော်ပြပါကွာ အနေအထား စွမ်းအင်လျော့ကျပါက ပါးစပ်ရောဂါများဖြစ်သည့် သွား၊ သွားဖုံး၊ ပါးစောင်ဆိုင်ရာရောဂါများဖြစ်ခြင်း၊ ခံတွင်းနံ့ဆိုးခြင်းတို့ ဖြစ်ပေါ်သကဲ့သို့ ၎င်းနှင့်ညီမျှသော မကောင်းသော ချီဓာတ်များ အထက်ပါကွာအတွင်း လွှမ်းမိုးနေမည် ဖြစ်သည်။

ထို့ကြောင့် သားသမီးတို့၏ ဓာတ်ပုံအား သတ္တုဖရန် (ဘောင်) (၃) ခုပါ ဓာတ်ပုံဘောင်သွင်း၍ ဖန်တီးနိုင်စွမ်းနှင့် သားသမီးများဆိုင်ရာကွာ၌ ချိတ်ဆွဲထားပေးပါ။

**ဖန်တီးနိုင်စွမ်းနှင့် သားသမီးများဆိုင်ရာကွာအတွက် အလျှင်အမြန်ဆောင်ရွက်ရမည့်ကိစ္စများ**


၁။ မည်သည့်မီးလင်းဖိုပေါ် မှမဆို ကြည့်မှန်တစ်ချပ်ချိတ်ဆွဲထားပေးပါ။

၂။ သတ္တုဓာတ်ကိုယ်စားပြုသော ကွာအား ဖျက်ဆီးပျက်သုဉ်းလောင်မြိုက်စေမည့်(သတ္တု)ဓာတ်အား အရည်ပျော်စေသော မီးဓာတ်ကိုယ်စားပြု ပစ္စည်း (ဖယောင်းတိုင်) များရှိနေပါက နေရာရွှေ့ပြောင်းပေးပါ။

၃။ ဖန်တီးနိုင်စွမ်းနှင့် သားသမီးများဆိုင်ရာ ကွာအား အတားအဆီး အပိတ်အဆို့ဖြစ်စေပြီး စွမ်းအင်လျော့ကျစေသည့် အရာများအား မကြာခဏ ရှင်းလင်းဖယ်ရှားနေရာပြောင်းရွှေ့ပေးပါ။

(ဥပမာ တံခါးများ၊ ဆွဲအံများ၊ ပရိဘောဂများ၊ လူသွားလမ်းများအား ရှင်းလင်းပေးခြင်းကို ဆိုလိုသည်။)

၄။ အဆိုပါ ကွာအား လိုအပ်သလို စွမ်းအင်မြှင့်တင်ပေးပါ။




မိသားစုဆိုင်ရာကွာနှင့် ဖန်တီးနိုင်စွမ်း သားသမီးများ ကွာတို့ ဆန့်ကျင်ဘက် မျက်နှာချင်းဆိုင်ရှိနေပုံ

ဖန်တီးနိုင်စွမ်းနှင့် သားသမီးများ ကွာသည် ကိန်းဂဏန်း (၃) နှင့်ဆက်စပ်ပတ်သက်လျက် ရှိသည်။ ထို့ကြောင့် ဖော်ပြပါကွာအား စွမ်းအင်မြှင့်တင်နိုင်ရန် (၃) ဂဏန်းပါရှိသော အစီအရင် လုပ်ပေးရန် လိုအပ်သည်။

**ဖန်တီးနိုင်စွမ်းနှင့် သားသမီးများ ဆိုင်ရာ ကွာအတွက် အကျဉ်းချုပ်မှတ်စရာ စွမ်းအင်မြှင့်ပစ္စည်း**

သတ္တုဓာတ်ကိုယ်စားပြုပစ္စည်းများ၊ အဖြူရောင်လုံးဝန်းသောပစ္စည်းများ၊ မြေဓာတ်ကိုယ်စားပြုပစ္စည်းများ၊ အဝါရောင်ပြားသော၊ လေးထောင့်ကျသောပစ္စည်းများ၊ သကြားလုံး၊ ဂီတသီချင်းသံ၊ ပန်းချီကား၊ ခေါင်းလောင်း၊ ဖန်တီးနိုင်စွမ်းကို ပြသော အမှတ်သင်္ကေတများ၊ ကလေးများနှင့်ပတ်သက်သောအမှတ်သင်္ကေတများ။

အန္တရာယ်ပေးနိုင်သော ပစ္စည်းများ - မီး၊ အနီရောင်၊ တြိဂံ - ချွန်သော ပုံစံရှိပစ္စည်းများ။

ဆန့်ကျင်ဘက်၊ မျက်နှာချင်းဆိုင် ရှိနေသော ကွာ - မိသားစုဆိုင်ရာကွာ။

ကိုယ်စားပြုနေသော ကိုယ်အင်္ဂါ အစိတ်အပိုင်း - ပါးစပ်။

ဆက်စပ်ပတ်သက်နေသောကိန်း ဂဏန်း - (၃)။

## အပိုင်း (၆)

**ကူညီတတ်သူများ၊ ခရီးသွားခြင်းကွာ**

ကူညီတတ်သူများ၊ ခရီးသွားခြင်း ကွာအား စွမ်းအင်မြှင့်တင်ပေးပါက အောက်ပါအကျိုးရလဒ်ကောင်းများကို ရရှိခံစားနိုင်မည် ဖြစ်သည်။

- မိမိကိုယ်မိမိရိုးသားခြင်း၊တရားမျှတခြင်းများအပေါ် ကျေနပ်နေသူ ဖြစ်သည်။
- မိမိသည် မည်သည့်အပိုင်းကဏ္ဍတွင်မဆို လူမှန်နေရာမှန်သို့ ရောက်ရှိမည့်သူ ဖြစ်သည်။
- သင်သည် လူမှန်ဖြစ်သောကြောင့် သင့်အားကူညီသင်ကြားပေးမည့်သူ သင့်အား ဝိုင်းဝန်းကူညီမည့်သူ ပေါ်များနေပါမည်။
- သင့်အတွက် အရာရာချောမွေ့အောင်မြင်နေစေပါသည်။
- ခရီးသွားလာရာ၌ စိတ်ဖိစီးအနှောင့်အယှက်ဖြစ်စရာ ကင်းရှင်းပြီး အရာရာအဆင်ပြေစေပါမည်။ စိတ်ပျော်ရွှင်မှုရရှိပါမည်။
- ထိုးထွင်းဉာဏ်များအားကောင်းပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုများ အောင်မြင်နေပါမည်။


**ကူညီချင်စိတ်ရှိသူများအား ကူညီခွင့်ရခြင်း**

အချို့သောသူများသည် မိမိအား



www.burmeseclassic.com

www.burmeseclassic.com




THIS SIDE OF THE BAGUA ALWAYS HAS THE MAIN DOOR THE HOME OR ROOM LOCATED ON IT.

ကူညီချင်စိတ်ရှိသူများ ဖြစ်သော်လည်း ခြစ်ပေါ် လာနိုင်မည့်ပြဿနာများအပေါ် သတိမမူတတ်ကြပေ။ သို့သော်လည်း ရင်ဆိုင်ရမည့် ပြဿနာများအပေါ် အကောင်းဆုံး ဖြေရှင်းကျော်လွှားသွားနိုင်ရန် သင့်ဘက်က အရန်သင့်ပြင်ဆင်ထားရမည် ဖြစ်သည်။

ကူညီတတ်သူများ၊ ခရီးသွားခြင်း ကွာသည် အိမ်အဝင်တံခါးပေါက်အနီး ကပ်လျက်တည်ရှိသော ကွာဖြစ်သောကြောင့် မိမိအတွက် မည်မျှပင် ကူညီတတ်သူများရှိနေသည့်တိုင် မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် အကောင်းဆုံးသော စီရင်ဆောင်ရွက်မှုများပြုလုပ်ရမည် ဖြစ်သည်။

အဆိုပါ ကွာသည် အိမ်ရှေ့ အဝင်ဝတံခါးနှင့်အနီးကပ်ဆုံးရှိနေသည့် နေရာလည်း ဖြစ်သည်။

**ကူညီတတ်သူများ၊ ခရီးသွားခြင်း ကွာအတွက် စွမ်းအင်မြှင့်ပေးနိုင်သည့် ပစ္စည်းများ**

**ငွေရောင်ရှိသောပစ္စည်းများ**

ကူညီတတ်သူများ/ ခရီးသွားခြင်း ဆိုင်ရာ ကွာသည် အသက်မွေးဝမ်းကျောင်းအလုပ်ကိုင်ကွာ၊ ဖန်တီးနိုင်စွမ်းနှင့် သားသမီးများဆိုင်ရာ ကွာတို့နှင့် ကပ်လျက်တည်ရှိနေသောကြောင့် ဖန်တီးနိုင်စွမ်းနှင့် သားသမီးများဆိုင်ရာ ကွာအား ကိုယ်စားပြုသည့် သတ္တုဓာတ်နှင့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ဆိုင်ရာ ကွာအား ကိုယ်စားပြုသည့် ကွာတစ်ခု ဖြစ်သည်။ ထို့ကြောင့် ကူညီတတ်သူများ၊ ခရီးသွားခြင်းဆိုင်ရာ ကွာ၌ သတ္တုဓာတ်၊ ရေဓာတ်တို့နှင့် ပတ်သက်သော အစီအရင်များအား အတားအဆီး အနှောင့်အယှက်ကင်းကင်းဖြင့်ပြုလုပ်ပေးနိုင်သည်။ အစီအရင်အား အောက်ပါအတိုင်း ပြုလုပ်ပေးနိုင်သည်။

ကူညီတတ်သူများ၊ ခရီးသွားခြင်းဆိုင်ရာ ကွာအတွက် ငွေရောင် (သို့) အဖြူရောင်ရှိသော ကွန်တိန်နာ (၃) လုံးအား ၎င်းကွာ၌ ထားရှိပေးပါ။ ငွေရောင်ကွန်တိန်နာ (၁) လုံးစီ၌ ငွေသေတ္တာငယ်၌ အဖုံးပါရှိရမည်။

နောက်ထပ်အလတ်စား ကွန်တိန်နာတစ်ခုတွင် စာရွက်စာတမ်းနှင့်စာချုပ်များထည့်နိုင်သည့် စာအိတ်ကြီးတစ်လုံးပါရှိရမည်ဖြစ်သည်။နောက်ဆုံးဖြစ်သော အကြီးဆုံးကွန်တိန်နာအတွင်းပစ္စည်းထည့်သည့်အိတ်(သို့)သေတ္တာ(ငွေရောင်ဆေးဖျန်းပြီးသား) ပါရှိရန် လိုသည်။ ကွန်တိန်နာအတွင်းရှိ သေတ္တာငယ်သည် လက်ရှိ၌ အကူအညီလိုအပ်နေသည့် အဖြစ်အပျက်များအား ကိုယ်စားပြုသည်။

စာရွက်စာတမ်းများသည် လက်ရှိလုပ်ကိုင်နေသော ပရောဂျက်များအား ကိုယ်စားပြုသည်။

အကြီးဆုံးကွန်တိန်နာမှ အိတ် (သေတ္တာ) သည် စီးပွားရေးလုပ်ငန်းနှင့် အကျိုးအမြတ်များအား ကိုယ်စားပြုသည်။

**မီးခိုးရောင်**

ကူညီတတ်သူများ၊ ခရီးသွားခြင်း ကွာအတွက် အလိုက်ဖက်ဆုံးသော အရောင် ဖြစ်သည်။

အဆိုပါ ကွာသည် ဖန်တီးနိုင်စွမ်းရှိခြင်းနှင့် သားသမီးဆိုင်ရာကွာ၏ ကိုယ်စားပြုအရောင်အဖြူ(သတ္တု)နှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာကွာ၏ ကိုယ်စားပြုအရောင် အမည်း (ရေ) တို့ အကြားတည်ရှိသည့် (အမည်းနှင့် အဖြူ ရောစပ်ပါဝင်နေသည့်) မီးခိုးရောင်ကိုယ်စားပြုသောကွာပင် ဖြစ်သည်။ ထို့ကြောင့် မီးခိုးရောင်ရှိပစ္စည်းများဖြင့် စွမ်းအင်မြှင့်ပေးရခြင်း ဖြစ်သည်။ ဥပမာအားဖြင့် ကူညီတတ်သူများ၊ ခရီးသွားခြင်း ကွာတွင်ရှိသော အခန်းနံရံအား မီးခိုးရောင်ဆေးသုတ်ပေးထားသင့်သည်။

**ကူညီတတ်သူများကို ရည်ညွှန်းသော အမှတ်သင်္ကေတ**

**ဘာသာရေးနှင့်ဆိုင်သောပစ္စည်းများ**

ကူညီတတ်သူ၊ လူသားချင်းစာနာထောက်ထားတတ်သူ၊ ဆင်းရဲဒုက္ခများမှ ကယ်တင်ပေးတတ်သူများ ဖြစ်သည့် သခင်ယေရှု၊ မာသာထရီဆာ၊ ဒလိုင်းလာမား၊ မာတင်လူသာကင်းဂျူနီယာ၊ ဂျွန်အက်(ဖ်)ကနေဒီ၊ ကွမ်ရင်မယ်တော်၊ မယ်တော်မာရီတို့၏ ရုပ်ပုံကားချပ်များအား ကူညီတတ်သူများဆိုင်ရာ ကွာရှိအခန်းနံရံ၌ ချိတ်ဆွဲထားပေးပါ။ ထိုအခါ အဆိုပါ စိတ်ထားမြင့်မြတ်သောသူတို့ထံမှ စွမ်းအင်ကောင်းများရရှိပြီး မိမိအပေါ် ကူညီမ,စသူများလာပါမည်။

ဦးအောင်လှိုင် (သုဝဏ္ဏ)

www.burmeseclassic.com

လွန်ခဲ့သောနှစ်များစွာက နွေဦးရာသီတစ်နံနက်တွင် ကျွန်တော်က အမေရိကန်နိုင်ငံ၏ အရှေ့တောင် အလပ်စကာကျွန်းတစ်ကျွန်းတွင် ရှေ့ရှု လျက်ရှိသည်။ ကျွန်တော်က အဖြူ ရောင်အပွင့်ငယ်ကလေးများပွင့်သော ဟန်းလောက်ပင်များနှင့် ထင်းရှူးတော တွင်းမှထွက်လာစဉ် မှင်တက်မိသွားခဲ့ သည်။ ခြေလှမ်းနှစ်ဆယ်မျှပင်မရှိသော ရွှံ့နုံ့မြေတွင် ကြီးမားသည့် အမည်းရောင် အလပ်စကာဝံပုလွေကြီးတစ်ကောင်မှာ ကျော့၏ ထောင်ချောက်တွင်မိနေသည်။

ကျော့ကြီးက နှလုံးရောဂါဖြင့် လွန်ခဲ့သောအပတ်က သေဆုံးခဲ့ပြီ။ သို့ဖြစ်ရာ ဝံပုလွေမှာ ကျွန်တော်ရောက် လာသည့်အတွက် ကံကောင်းသည်။ သို့တိုင် စိတ်ရှုပ်ကြောက်ရွံ့ကာ ဝံပုလွေ က ထောင်ချောက်ကြိုးတန်းလန်းဖြင့် နောက်တွန့်သွားသည်။ ထိုအချိန် ကျွန်တော်က တစ်စုံတစ်ခုကို သတိပြုမိ သည်။ ဝံပုလွေအမကြီးဖြစ်ကာ ၎င်း၏ နို့အုံမှာ နို့များဖြင့် ပြည့်လျှံဖောင်းကား နေသည်။ တစ်နေရာရာတွင် နို့ဆာနေ သောကလေးများရှိသည့် သားအောင်း ဂူရှိရမည်။ ၎င်းတို့က အမေကိုစောင့်မျှော် နေရှာကြလေမည်။


ကြည့်ရသည်မှာ ၎င်းဝံပုလွေအမကြီးသည် ထောင်ချောက်တွင် ရက် အနည်းငယ်အကြာသာ မိနေပုံရသည်။ သို့ဖြစ်ရာ ၎င်း၏ကလေးများအသက်ရှင် လျက်ရှိဦးမည်။ ဘာမှမဝေးသောနေရာ တွင်ရှိမည်။ သို့သော် ကျွန်တော်က ဝံပုလွေအမကြီးကိုလွှတ်ပေးလိုက်လျှင် စိတ်ရိုင်းဝင်ကာ ကျွန်တော့်ကို တစ်စစီဖြဲ မည်ကို သံသယရှိသည်။

သို့ဖြစ်ရာ ကျွန်တော်က ဝံပုလွေ ပေါက်လေးများကိုရှာဖွေရန် ဆုံးဖြတ် လိုက်သည်။ ခြေရာများကိုလိုက်ကြည့် သည်။ ကံကောင်းထောက်မစွာပင် နှင်း များအနည်းငယ်ကျန်နေသေးသည်။မိနစ် အနည်းငယ်အကြာတွင် တိရစ္ဆာန်ခြေ ဖဝါးရာများကိုတွေ့ရသည်။ ခြေရာ စွတ်ကြောင်းများက တောတွင်းတွင် မီတာ (၈၀၀) မျှတောင်စောင်းကို ကျော် သွားသည်။ နောက်ဆုံး၌ သားရဲတွင်းကို ကြီးမားသော ထင်းရှူးပင်ကြီးတစ်ပင် အခြေတွင်တွေ့ရတော့သည်။ အထဲတွင် ဘာသံမှမကြားရ။ ဝံပုလွေပေါက်လေး များမှာ ရွံ့တတ်သတိထားတတ်သည်။ အပြင်သို့မှူးခေါ် ရန် မျှော်လင့်ချက်မရှိ။ သို့သော် ကျွန်တော်ကြိုးစားရပါမည်။ သို့ နှင့် သူတို့အမေကြီးခေါ် သံမျိုးပြုလုပ်၍ မှုံ့ဆွယ်သည်။ တုံ့ပြန်မှုမရှိ။

မိနစ်အနည်းငယ်အကြာတွင် ကျွန်တော်ကထပ်မံအသံပြုပြန်ရာ သား ပေါက်ငယ်လေး လေးကောင်ထွက်လာ သည်။ မွေးခဲ့သည်မှာ ရက်သတ္တပတ် အနည်းငယ်ထက်မပိုတန်ရာ။ကျွန်တော် က လက်ကိုဆန့်တန်းပေးရာ ကျွန်တော့် လက်ချောင်းများကိုမရဲတရဲစုပ်ကြသည်။ ဆာလောင်မွတ်သိပ်မှုက အကြောက် တရားကို ကျော်လွှားစေခဲ့သည် ထင်၏။ ကျွန်တော်က တစ်ကောင်ပြီးတစ်ကောင် ကောက်ယူကာ ဖျင်ကြမ်းအိတ်တွင်ထည့် လျက် ကုန်းဆင်းအတိုင်းပြန်ခဲ့သည်။

ဝံပုလွေအမကြီးက ကျွန်တော့်ကို မြင်သောအခါ ခေါင်းထောင်လာသည်။ သူ့ကလေးများ၏အနံ့ကိုရသဖြင့် စူးရှစွာ အူလိုက်သည်။ ကျွန်တော်က ဝံပုလွေ ငယ်လေးများကိုလွှတ်လိုက်ရာ သူတို့ အမေရှိရာသို့ အပြေးသွားကြတာ စက္ကန့် ပိုင်းအတွင်း အမေကြီး၏နို့ကို တပွတ် ပွတ်စို့နေကြတော့သည်။

နောက် ဘာလုပ်ရမည်နည်းဟု ကျွန်တော် စိတ်ကူးသည်။ ဝံပုလွေမကြီး က ခံစားနေရသည်မှာ သိသာသည်။ သို့ တိုင် ကျွန်တော်ချဉ်းကပ်တိုင်း အန္တရာယ် ပြုမည့်မာန်ဖီသံပြုသည်။ သူ့ကလေးများ ကိုကာကွယ်ရန်အလို့ငှာ ၎င်းက ရန်လို




www.burmeseclassic.com

www.burmeseclassic.com



လာသည်။ သူအာဟာရလိုအပ်သည်ဟု ကျွန်တော်ကတွေးမိသည်။ စားစရာရှာမှ။

ကျွန်တော် ကိုဟိုချောင်းအတိုင်း တက်လာခဲ့သည်။ထိုနေရာတွင် ဆောင်းတွင်းက သေဆုံးနေသော သမင်တစ်ကောင်၏ခြေထောက်က နှင်းထဲမှထိုးထောင်ထွက်ပေါ်နေသည်ကိုမြင်ရသည်။ ကျွန်တော်က ခြေတစ်ဖက်ကို ဖြုတ်ယူကာ ကျန်တာကို သဘာဝရေခဲသေတ္တာတွင်း ပြန်ထားခဲ့သည်။ သမင်၏ပေါင်သားကို ကိုင်ဆောင်ကာ ဝံပုလွေမကြီးကို ချော့မော့သောလေသံဖြင့် -

"အိုကေ - အမေကြီး၊ ခင်ဗျားအတွက်ညစာ။ ရော့လေ၊ ငါ့ကိုမာန်မဖီနဲ့၊ လာ-ဖြည်းဖြည်း"

ဟုပြောကာ သမင်သားတုံးများကို သူ့ထံပစ်ပေးလိုက်သည်။ သူက နမ်းကြည့်ကာ အငမ်းမရမျိုချတော့သည်။

ထင်းရှူးကိုင်းများကို ဖြတ်ကာ ကျွန်တော်က ယာယီကွန်းခိုတဲဆောက်လျက် မကြာမီ အိပ်ပျော်သွားတော့သည်။ နံနက်အရုဏ်ကျင်းချိန်တွင် အမွေးနုအစိုင်အခဲလေးခုတို့က ကျွန်တော်၏

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာနှင့်လက်တို့ကို တိုးဝှေ့ရှုရှိုက်မှုဖြင့်နိုးလာခဲ့သည်။ စိတ်လှုပ်ရှားနေသော ဝံပုလွေမကြီးထံ ငုံ့စောင်းကြည့်လိုက်သည်။

'ငါသူ့ကိုသာယုံကြည်မှုရအောင်လုပ်နိုင်ရင်'

ဟု တွေးမိသည်။ ဤသည်ပင် သူ၏တစ်ခုတည်းသော မျှော်လင့်ချက်ပါ။

နောက်ရက်အနည်းငယ်အတွင်း ကျွန်တော်က အလားအလာကိုတွက်ဆရင်း ဝံပုလွေမကြီး၏ယုံကြည်မှုရအောင်ကြိုးစားခဲ့သည်။ ၎င်း၏ညင်သာစွာစကားပြောရင်း သမင်သားတုံးများကို ပစ်ပေးသည်။ ဝံပုလွေလေးများနှင့်ဆော့ကစားသည်။ တစ်စတစ်စနှင့် သူ့အနီးသို့ကပ်သည်။ သို့သော် ထောင်ချောက်သံကြိုးအရှည်မှာ အလှမ်းမမီရာတွင်ရှိနေကြောင်း သတိပြုသည်။ တိရစ္ဆာန်ကြီးက သူ၏မျက်လုံးမည်းကြီးများကို ကျွန်တော့်ထံမှ ဘယ်တော့မှမခွာ။

"လာပါကွာ အမေကြီး"

ဟု ကျွန်တော်ကချော့သည်။

"မင်းတောင်ပေါ်ကမိတ်ဆွေတွေဆီကိုပြန်ချင်တယ်မဟုတ်လား၊ စိတ်လျှော့လိုက်ပါ"

ပဉ္စမမြောက်နေ့ ညနေတွင် ကျွန်တော်က သူစားရန်အသားတုံးများကို ပေးသည်။

"ဒီမှာ မင်းရဲ့ညစာ"

ဟု ညင်သာစွာပြောရင်း ချဉ်းကပ်သည်။

"လာပါကွာ၊ ကြောက်စရာမရှိပါဘူး"

ရုတ်တရက် ဝံပုလွေငယ်လေးများ ကျွန်တော့်ထံပြေးလာကြသည်။သို့သော် အမေကြီး၏ယုံကြည်မှုကိုရရန်အရေးမှာ မျှော်လင့်ချက်မဲ့လာသည်။ထိုအခိုက်တွင် ၎င်းအမြီးအနည်းငယ်လှုပ်လာသည်ကို မြင်မိသလိုထင်သည်။ ကျွန်ကော်က ရှေ့သို့တိုးလိုက်သည်။

၎င်းကမလှုပ်။ ကျွန်တော်က နှလုံးတုန်ရင်ခုန်စွာဖြင့် ၎င်းနှင့်နှစ်မီတာအကွာတွင်ထိုင်လိုက်သည်။ ၎င်း၏ကြီးမားသောမေးရိုးကြီးများဖြင့် တစ်ချက်ကိုက်လိုက်လျှင် ကျွန်တော့်လက်မောင်းသို့မဟုတ် လည်ပင်းကျိုးသွားနိုင်သည်။ ကျွန်တော်က ခြုံစောင်ကို ကိုယ်တွင်ရစ်ပတ်လျက် အေးစက်နေသောမြေပေါ်တွင် ထိုင်ချလိုက်သည်။ အချိန်အတန်ကြာကြာမှအိပ်ပျော်သွားသည်။

နံနက်အရုဏ်ဦးတွင် ဝံပုလွေငယ်လေးများ၏အသံကြောင့် ကျွန်တော်နိုးလာသည်။ ကျွန်တော်က ၎င်းတို့ကိုလှမ်း၍ပွတ်သပ်လိုက်သည်။ ဝံပုလွေအမေကြီးကတောင့်သွားသည်။

"ကောင်းသောနံနက်ခင်းပါ သူငယ်ချင်းတို့"

ဟု ကျွန်တော်က မရဲတရဲပြောလိုက်သည်။ ထို့နောက် ကျွန်တော်က ဖြည်းညင်းစွာ ဝံပုလွေမကြီး၏ဒဏ်ရာရထားသောခြေထောက်ပေါ်သို့ လက်ကိုတင်လိုက်သည်။ ၎င်းကတွန့်သွားသော်လည်း ခြိမ်းခြောက်သည့်လှုပ်ရှားမှုမပြု။ ဒါမဖြစ်နိုင်ဘူးဟု ကျွန်တော်ထင်သည်။ သို့သော် ဖြစ်နေပါချေပြီ။

ထောင်ချောက်၏သံမဏိပါးစပ်ကြီးက ခြေချောင်းလေးနှစ်ခုကိုသာညှပ်မိထားကြောင်းတွေ့ရသည်။ ခြေချောင်းကလေးများကရောင်နေလျက်ပေါက်ပြဲနေသည်။ သို့သော် သူ၏လက်ဖဝါးမဆုံးရှုံး။ ကျွန်တော်က သူ့ကိုလွတ်အောင်လုပ်ပေးနိုင်လျှင်ပေ့ါ။

"အိုကေ"

ဟု ကျွန်တော်ကပြောသည်။

"မကြာခင် မင်းဒီကနေလွတ်အောင်လုပ်ပေးမယ်"

ကျွန်တော်ကဖိလိုက်ရာ ထောင်ချောက်ကကန်၍ပွင့်လာသည်။ ဝံပုလွေမကြီးက လွတ်အောင်ရုန်းလိုက်သည်။ အသံတအီအီမြည်လျက် ဒဏ်ရာရထားသောဖဝါးကိုညှာကာ ပြေးလွှားသည်။ တောရိုင်းအတွင်း ကျွန်တော်၏ အတွေ့အကြုံအရ ဝံပုလွေမကြီးက သူ့ကလေးများကိုခေါ်ဆောင်ကာ တောတွင်းသို့ဝင်ရောက်ပျောက်ကွယ်သွားမည်ဟုထင်သည်။ သို့သော် သတိဖြင့် ၎င်းက ကျွန်တော်ထံတွား၍လာသည်။

ဝံပုလွေမကြီးက ကျွန်တော့်တံတောင်ဆစ်ဆီသို့လာစဉ် ဝံပုလွေငယ်လေးများက သူတို့အမေကို ကိုက်ဟပ်ဆော့ကစားနေကြသည်။ တဖြည်းဖြည်း ၎င်းက ကျွန်တော့်လက်နှင့်လက်မောင်းများကိုနမ်းသည်။ ထို့နောက် ကျွန်တော့်လက်ချောင်းကလေးများကို လျှာဖြင့်လျက်တော့သည်။ ကျွန်တော်အံ့အားသင့်သွားသည်။ တောတွင်းဝံပုလွေများအကြောင်း ကျွန်တော်ကြားဖူးထားသည်နှင့်ဆန့်ကျင်နေတော့၏။ သို့တိုင် ထူးဆန်းစွာပင် သမားရိုးကျလိုဖြစ်နေသည်။

ခေတ္တအကြာတွင် ကလေးများဝန်းရံလျက် ဝံပုလွေမကြီးက ထွက်ခွာရန်အသင့်ဖြစ်လျက် တောရပ်ဆီသို့ထော့နင်းထွက်ခွာသွားသည်။ ထို့နောက် ၎င်းကလှည့်ကြည့်သည်။

"ငါ့ကိုပါ လိုက်စေချင်လို့လားကလေးမ"

ဟု ကျွန်တော်ကမေးသည်။ စူးစမ်းလိုစိတ်ဖြင့် ကျွန်တော်က ပစ္စည်းများကိုထုပ်ပိုးလျက် ထွက်ခွာလာခဲ့သည်။

ကျွန်တော်တို့ ကီလိုမီတာအနည်းငယ်မျှ ကိုဟိုချောင်းအတိုင်းလိုက်လာကြကာ ကူပရိယာနေ့တောင်ကိုတက်ခဲ့ကြသည်။ ထို့နောက် တောင်ပေါ်မြက်ခင်းပြင်တစ်ခုကိုရောက်ကြသည်။ ဝန်းရံထားသော သစ်တောစပ်တွင် ချောင်းမြောင်းနေကြသည့် ဝံပုလွေတစ်အုပ်ကိုတွေ့ရသည်။ ရေတွက်ကြည့်ရာ အရွယ်ရောက်ပြီး ကိုးကောင်နှင့် ကလေးကြီးလေးကောင်တို့ဖြစ်သည်။ မိနစ်အနည်းငယ်မျှနှုတ်ဆက်ကြပြီး ဝံပုလွေအုပ်ကအူကြတော့၏။ အသံသေးအသံကြောင်ဖြင့် ချောက်ချားဖွယ်ပင်။

မှောင်လာသောအခါ ကျွန်တော်က စခန်းချသည်။ ကျွန်တော့်မီးဖိုမှအလင်းရောင်နှင့်သာနေသောလရောင်ဖြင့် ကျွန်တော်က ခိုးကြောင်ခိုးဝှက်လှုပ်ရှားနေသောမျက်လုံးများတောက်ပနေသည့် ဝံပုလွေပုံရိပ်များကို မြင်တွေ့နိုင်သည်။ ကျွန်တော်ကမကြောက်ပါ။ သူတို့က စူးစမ်းလိုနေကြတာပါ။ကျွန်တော်ကလည်း ထို့အတူပင်။

ပထမအလင်းရောင်လာသည်နှင့် ကျွန်တော်နိုးပါသည်။ ဝံပုလွေမိသားစုကို သူတို့အဖော်များနှင့်ထားခဲ့ရန် အချိန်ကျပါပြီ။ ကျွန်တော်က ပစ္စည်းများစုစည်းပြီး မြက်ခင်းပြင်ကိုဖြတ်လျှောက်စဉ် ဝံပုလွေမကြီးကကြည့်နေသည်။အခြားတစ်ဖက်သို့အရောက် ကျွန်တော်ကလှည့်ကြည့်သည်။

ဝံပုလွေမကြီးနှင့် သူ့ကလေးများက ကျွန်တော်ထားခဲ့သောနေရာမှာပင်ထိုင်နေကြပြီး ကျွန်တော့်ကိုကြည့်နေကြသည်။ ကျွန်တော်က ဘယ့်အတွက်ကြောင့်မှန်းမသိ လက်ဝှေ့ယမ်းနှုတ်ဆက်လိုက်သည်။ တစ်ချိန်တည်းမှာပင် ဝံပုလွေမကြီးက လွမ်းဆွေးဖွယ်အူသံရှည်ကြီးကို အေးစိမ့်စိမ့်လေထုအတွင်း ထုတ်လွှတ်လိုက်သည်။

နောင်လေးနှစ်အကြာတွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်း အမှုထမ်းခဲ့ပြီးသောအခါ ကျွန်တော်က ကိုဟိုချောင်းလေးဆီသို့ ၁၉၄၅ ခုနှစ် ဆောင်းဦးရာသီတွင် ပြန်ရောက်ခဲ့သည်။ စစ်၏အနိဋ္ဌာရုံများကို ကြုံတွေ့ခဲ့ရပြီးနောက် မြင့်မားသောထင်းရှူးပင်များအလယ်တွင် ကိုယ်နှင့်ရင်းနှီးသော အလပ်စကာချိုတောများ၏လတ်ဆတ်သောလေကိုရှူရသည်မှာ ကောင်းလှပါ၏။ ထို့နောက် လွန်ခဲ့သောလေးနှစ်က သစ်ကတိုးပင်တွင် ကျွန်တော်ချိတ်ထားခဲ့သော ဝံပုလွေမကြီးကိုဒုက္ခပေးခဲ့သည့် သံမဏိထောင်ချောက်ကို သံချေးများတက်လျက်တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်စိုး

# ကလေးငယ်အပူဖုများပေါက်ခဲ့ပါက

နေပြည်တော်ရှိ ကျွန်တော့်အိမ်လေးရဲ့ရှေ့မှာ သရက်ပင်ရိပ်ရှိတယ်။ အဲဒီသရက်ပင်ရိပ်ကလေးမှာပဲ နေ့လယ်နေ့ခင်းထိုင်လေ့ရှိတာပါ။ သစ်တစ်ပင်ရဲ့ကျေးဇူးကတော့ တန်ဖိုးမဖြတ်နိုင်အောင်ပါပဲ။သစ်ပင်များစွာဆိုတာတော့ ဆိုဖွယ်ရာတောင်မရှိပါဘူး။

ကျွန်တော်နဲ့ မောင်မြအေးတို့ ထိုင်ပြီးစကားပြောနေချိန်မှာ အရှေ့ဘက်အိမ်က ကိုအေးကျော် ရောက်လာပါတယ်။ ဒါနဲ့ ကျွန်တော်က သမီးတို့ တန်တော့သွားတဲ့ကိတ်မုန့်နဲ့ချပြီး ဧည့်ခံပါတယ်။ အိမ်ပေါ်မှာရှိနေတဲ့ ညီမမညွန့်စိန်ကိုလည်း ခေါ်လိုက်ပါတယ်။ ကျွန်တော်တို့ ရေနွေးကြမ်းဝိုင်းလေးစည်ကားသွားပါတယ်။

သိပ်မကြာလိုက်ပါဘူး။ တောင်ဘက်အိမ်ကညီမ မဌေးညွန့်ရဲ့ ခင်ပွန်း မောင်ကျော်ဆန်းလည်း သူ့ရဲ့မြေးလေး ယွန်းနဒီအောင်ကိုပွေ့ချီပြီး ရောက်လာပါတယ်။ အဘိုးဆိုတော့ မြေးထိန်းရတာပေါ့လေ။ ယွန်းနဒီက သူ့သမီး မိတုတ်နဲ့ မောင်စိုးသူတို့ရဲ့ကလေးပါ။ တစ်နှစ်ကျော်ပါပြီ။

ကလေးကို ခေါင်းတုံးတုံးပေးထားတာပါ။ အပူကြောင့်ထင်ပါရဲ့၊ ခေါင်းမှာ ကုလားပဲစေ့လောက် အနာဖုတွေထွက်နေတာ အတော်များပါတယ်။ အနာဖြစ်ပြီး အချို့က ပြည်တည်နေသလို အချို့က ပြည်ပေါက်ပြီးဖါပြီ။ ဖြစ်တည်စအဖုတွေကတော့ နီရဲရဲတွေပါ။ ကလေးဟာ ခေါင်းမှာ ဘုတွေနဲ့ဆိုတော့ ကြည့်လို့တယ်မကောင်းပါဘူး။

"ကျော်ဆန်း၊ မင်းတို့ကလေးရဲ့ခေါင်းမှာ အနာတွေနဲ့ ကုမပေးကြဘူးလားကွာ"

"မန်းဆေးတော့ အုန်းဆီနဲ့ဖျော်ပြီး လိမ်းပေးတာပဲဗျ။ အပူဖုတွေထင်ပါတယ်ဗျာ။ အဟောင်းပျောက်တော့ အသစ်တွေထပ်ထွက်တယ်ဗျ။ ဘယ်လိုလုပ်ရမယ်တောင် မသိပါဘူး"

အဲဒီမှာ မောင်မြအေးက ထပြောပါတယ်။

"ကလေးတစ်ကိုယ်လုံး ဘယ်မှာ အနာဖုတွေပေါက်ပေါက် ပျောက်တဲ့နည်းရှိတယ်ဗျ။ စတိသဘောနည်းပါပဲ။ အတော်လွယ်ပါတယ်"

"ဟ - မြအေးရ၊ သိရင်ပြောလေကွာ၊ လုပ်ရတာပေါ့"

"ဘာမှမခက်ဘူး၊ ကလေးအတွက် မုန့်လုံးရေပေါ်လုပ်ပြီး ဘုရားကိုလှူ၊ လူတွေကို တတ်အားသမျှကျွေးပြီး ကုသိုလ်သာပြုလိုက်။ ဒီအပူဖုတွေထပ်မပေါက်တော့ဘဲ မကြာခင် ပျောက်စေရမယ်။ လုပ်ကြည့်ပါ။ မကြာဘူး၊ အရှင်းပျောက်စေရမယ်"

"အေးကွာ၊ ဒါဆိုလည်း ငါ့သမီး မိတုတ်တို့ကို ပြောလိုက်မယ်ကွာ။ သူတို့ ဈေးထဲမှာ ကောက်ညှင်းမုန့်ပေါလွန်းလို့"

"မယုံမရှိနဲ့၊ ဒါက ကျွန်တော့်ကိုယ်တွေ့ပါ။ ကျွန်တော်တို့ ရန်ကုန်မှာနေတုန်းက ကျွန်တော့်ကလေးတွေဖြစ်ရင် ဒီလိုပဲ မုန့်လုံးရေပေါ်နဲ့ စတိလုပ်ပြီး ကျွေးတာနဲ့ ပျောက်ကြတယ်။ ဘာဓာတ်လဲဆိုတာတော့ ကျွန်တော် မသိဘူး။ ပျောက်တာကတော့ အမှန်ပဲ"

လို့ အသေအချာ ထပ်ပြောပြပြန်ပါတယ်။ မုန့်လုံးရေပေါ်ဆိုတာ ဘာမှမခက်ပါဘူး။ ကောက်ညှင်းမှုန့်ကို ရေအလောတော်နဲ့နယ်ပြီး ရေနွေးအိုးပွက်ပွက်ဆူထဲကို အလုံးကလေးတွေလုံးပြီး ပစ်ထည့်ရတာပါ။ ကျက်ရင် ရေပေါ်မှာ ပေါ်လာပါတယ်။ အဲဒါကြောင့် မုန့်လုံးရေပေါ်လို့ ခေါ်တာပါ။ ပေါ်လာရင် စကာနဲ့ဆယ်ပြီး ပန်းကန်ထဲထည့်ကာ ထန်းလျက်ရည်လောင်းထည့်ပြီး စားကြတဲ့အမျိုးပါ။ ရန်ကုန်မှာအချို့က အဲဒါကို မုန့်ကြာစေ့လို့လည်း ခေါ်ကြပါတယ်။ အထဲမှာ ထန်းလျက်ခဲ / ပနာထည့်လုံးမှ မုန့်လုံးရေပေါ်လို့ ရန်ကုန်က ခေါ်တာပါ။ ဘာဖြစ်ဖြစ်ရပါတယ်။

မောင်ကျော်ဆန်းရဲ့တိုက်တွန်းမှုကြောင့် မိတုတ်က ဈေးသိမ်းပြီးအပြန်မှာ ကောက်ညှင်းမုန့်ဝယ်လာပြီး မုန့်လုံးရေပေါ် ယွန်းနဒီအတွက် လုပ်ကျွေးပြီး ကုသိုလ်ပြုပါတယ်။

မြန်မာရဲ့ စတိသဘောလေးတွေကလည်း အတော်အံ့သြဖို့ကောင်းပါတယ်။ (၃)ရက်လောက်အကြာမှာ ယွန်းနဒီရဲ့ ဦးခေါင်းပြောင်ပြောင်ပေါ်က အနာတွေမရှိတော့ပါဘူး။ ပကတိချောမွေ့နေပါပြီ။ ကျွန်တော်ကတော့ အမှတ်တမဲ့စကားဝိုင်းထဲက ဆေးနည်းစတိနည်းရလို့ ဝမ်းသာနေတာပါ။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး

---

သည်။ ထိုအရာကိုမြင်ရသောကျွန်တော်က ထူးဆန်းသော ခံစားချက်တစ်ရပ်ဖြစ်ပေါ်မိကာ ကူပရီယာနော့တောင်ကို တက်ခဲ့သည်။ ထိုမှတစ်ဆင့် ဝံပုလွေမကြီးကို နောက်ဆုံးမြင်တွေ့ခဲ့သော မြက်ခင်းပြင် တောင်စွန်းမြင့်ပေါ်တွင်ရပ်ကာ ကျွန်တော် ကြိမ်ဖန်များစွာပြုလုပ်လေ့ရှိခဲ့သည့် ဝံပုလွေအူသံကိုပြုလိုက်သည်။

အဝေးမှ ပဲ့တင်သံပြန်လာသည်။ ကျွန်တော် ထပ်မံ၍အူလိုက်ပြန်သည်။ ပဲ့တင်သံကပြန်လာပြန်သည်။ သည်တစ်ကြိမ်တွင် မီတာ(၈၀၀)မျှဝေးသော ကုန်းခင်းရိုးမှ ဝံပုလွေတစ်ကောင်၏အော်သံပါပါလာသည်။

ထို့နောက် ခပ်ဝေးဝေးတွင် ကျွန်တော့်ထံဖြည်းညင်းစွာလာနေသော ပုံရိပ်မည်းမည်းတစ်ခုကိုတွေ့မြင်ရသည်။ ၎င်းက မြက်ခင်းပြင်ကိုဖြတ်လာစဉ် တောဝံပုလွေအမည်းတစ်ကောင်ဖြစ်ကြောင်းမြင်ရသည်။ ကျွန်တော့်တစ်ကိုယ်လုံးအေးစိမ့်သွားသည်။ ချက်ချင်းပင် ရင်းနှီးသောပုံရိပ်ကို လေးနှစ်ကြာခဲ့သည့်တိုင် ကျွန်တော်ကသိလိုက်သည်။

"ဟဲလို - ကောင်မကြီး"

ဟု ကျွန်တော်က ညင်သာစွာခေါ်လိုက်သည်။ ဝံပုလွေက ရှေ့သို့တိုးလာသည်။ နားရွက်များထောင်လျက်ကိုယ့်ကိုတောင့်ကာ မီတာအနည်းငယ်အလိုတွင် ရပ်လိုက်သည်။ အမြီးက အသာအယာလှုပ်လျက်။

ခေတ္တအကြာတွင် ဝံပုလွေက ထွက်ခွာသွားသည်။ များမကြာမီ ကျွန်တော်က ကူပရီယာနော့ချုန်းမှ ထွက်ခွာလာခဲ့သည်။ ဝံပုလွေမကြီးကို ထပ်မတွေ့ရတော့။ သို့သော် ၎င်းထားရစ်ခဲ့သည့် အမှတ်တရပုံရိပ်က ထင်ရှားချောက်ချားဖွယ် အမြဲရှိနေပါမည်။ သဘာဝတွင် လူများနားလည်သောဥပဒေသများပြင်ပ၌ ကိစ္စရပ်များရှိနေတတ်ကြောင်း သတိပေးသလို။

ထိုတဒင်္ဂအချိန်အတွင်း ဒဏ်ရာရထားသော ဤတိရစ္ဆာန်နှင့်ကျွန်တော်တို့၏ကမ္ဘာများအတွင်း တစ်နည်းအားဖြင့် အပြန်အလှန်ထိုးဖောက်ဝင်ရောက်ခဲ့ကာ ဆက်သွယ်မှုမပြုရမည့်ဆက်သွယ်မှုများဖြစ်ပေါ်ခဲ့သည်။ ဤအတွေ့အကြုံကို ရှင်းပြရန် ဖြေရှင်းချက်မရှိပါ။ လက်ခံရုံသာရှိပါသည်။ ဘယ်အတွက်ကြောင့်ဆိုသော် ဆန်းပြား၍ နားမလည်နိုင်ဖွယ်ထူးဆန်းဖွယ်တို့နှင့် ရောထွေးလျက်ရှိသောကြောင့်ပင်။ သို့တစေ ပို၍ပင်အမြတ်တနိုး ရင်ဝယ်သိမ်းဆည်းထားရပါချေမည်။

(R.D Classie Reads ပါ Morris Homer Erwin ရေး Encounter on Coho Creek ပြန်ဆိုသည်။)

စိန်သင်းမော်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ဗုဒ္ဓဘာသာဝင် ဖြစ်ပါသည်။ ရတနာမြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ်ပါသည်။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာသရဏံဂစ္ဆာမိ ဖြစ်ပါသည်။ ဆည်းကပ်ကိုးကွယ်ခြင်းနှင့် ပူဇော်ကန်တော့ခြင်းသည် အဓိပ္ပာယ်မတူပါ။ ဗုဒ္ဓဘာသာဝင်သည် ရတနာမြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ်သည်မှအပ အခြားမည်သည်ကိုမျှ ဆည်းကပ်ကိုးကွယ်ရန် မဟုတ်ပါ။ သို့သော် ဂါရဝေါစ နိဝါတောစ ဟူသော မင်္ဂလာတရားတော်နှင့်အညီ ဂါရဝပြုထိုက်သူကို ဂါရဝပြုရပေမည်။ ပူဇော်သင့်သူကို ပူဇော်ရပေမည်။ မိမိထက်အသက်ကြီးသူ၊ ဝါကြီးသူ၊ သီလရှိသူ၊ ဂုဏ်ဒြပ်ရှိသူ၊ ဩဇာအာဏာ

နတ်များသည်ပို၍ဘုန်းတန်ခိုးအာနုဘော်ကြီးပြီး သက်တမ်းရှည်သောနတ်များဖြစ်ပါသည်။ ဘုမ္မိမြေလွှာတွင် အသီးသီးအပိုင်စားရသောနတ်တို့သည် အထက်အထက်သောနတ်တို့လောက် ဘုန်းတန်ခိုးအာနုဘော်မကြီးကြသော်လည်း သင့်တင့်လျောက်ပတ်စွာသော တန်ခိုးဣဒ္ဓိပါဒ်မျှတော့ရှိကြပါသည်။ လူတို့ကို ကူညီစောင့်ရှောက်ပေးနိုင်ပါသည်။

ဗုဒ္ဓအဘိဓမ္မာဒေသနာတော်မြတ်၌ မြေပြင်တွင်ရှိကြကုန်သော ရုက္ခစိုး၊

အနှစ် (၉) သန်းကျော်လောက်အထိ ရှည်ကြာနိုင်ကြောင်း တွက်ဆရပါသည်။

ကျွန်တော်၏ အမေက တစ်ချိန်က ကျွန်တော့်ကို ပြောပြခဲ့ဖူးပါသည်။

"မင်းဘယ်မွေးဦးမလဲ။ မင်းက လွတ်လပ်ရေးရပြီးမှ မွေးတာ။ ဂျပန်ခေတ်တုန်းကပေါ့။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာတော့ အဖေရယ်၊ အမေရယ်၊ မင်းရဲ့အစ်ကိုတွေရယ်၊ အင်္ဂလိပ်လေ



တိက္ကမရှိသူ၊ ပညာကြီးသူ၊ ဘုန်းတန်ခိုးအာနုဘော်ရှိသူ စသည် စသည်ဖြင့် ကိုယ့်ထက်တစ်ခုခုသာလွန်သူကို အရိုအသေပြုအပ်သည်သာ ဖြစ်ပါသည်။

တရားအားထုတ်ရာတွင်ဖြစ်စေ၊ လုပ်ငန်းဆောင်တာများဆောင်ရွက်ရာတွင်ဖြစ်စေ နတ်အပေါင်းတို့က စောင့်ရှောက်လျှင် ပို၍အောင်မြင်နိုင်ပါသည်။ အဝေးကနတ်များထက် အနီးကနတ်များက ပို၍စောင့်ရှောက်ပေးလေ့ရှိပါသည်။ အဇ္ဈောကောင်းကင်ကနတ်ထက် ဘုမ္မိမြေလွှာကနတ်က ပို၍အနီးကပ်စောင့်ရှောက်ပေးနိုင်သည်သာ ဖြစ်ပါသည်။ အဇ္ဈောကောင်းကင်တွင်နေသော

ဘုမ္မစိုး စသည်တို့သည် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးက အုပ်ချုပ်သော အောက်စတုမဟာရာဇ်နတ်မျိုးနွယ်များဖြစ်ကြပြီး သက်တမ်းအားဖြင့် နတ်သက်အနှစ် (၅၀၀)။ သူတို့၏တစ်ရက်တာသည် လူတို့နှစ် (၅၀) နှင့်ညီသည်ဟုဆိုသဖြင့် သက်တမ်းပြည့်နေရမည့်ကာ်ပါသော မြေပြင်မှ နတ်တို့သည် လူတို့၏

တပ်က ဂျပန်တွေကို ပုံးကြဲတိုက်ခိုက်တဲ့အချိန်။ အမေတို့အိမ်နီးနားချင်းတွေလည်း တောရွာတွေဘက်ရှောင်ပြေးကုန်ကြပြီ။ အမေတို့က မန္တလေးဘက်က



www.burmeseclassic.com

www.burmeseclassic.com

ရွာတွေမှာရှိတဲ့ဆွေမျိုးတွေအိမ်သွားနေကြမယ်ဆိုပြီး အရေးကြီးတဲ့ အဝတ်အထည်အသုံးအဆောင်ပစ္စည်းလောက်ပဲ သက်ဆွဲအိတ်ထဲထည့်၊ အဲဒီတော့ တောင်ငူဘူတာရုံကြီးထဲမှာ၊ ကားတွေလည်းမထွက်တော့ဘူး။ ဒါပေမယ့် ဂျပန်စစ်သားတွေစီးမယ့်ရထားတော့ရှိတယ်။ ဂျပန်စစ်သားတွေက အင်္ဂလိပ်တွေတက်လာတော့ ဆုတ်ခွာပြီး မန္တလေးဘက်ကို သွားကြမှာ။ ဒါတောင်မှ စစ်ရထားက ညမှာမှထွက်တယ်။ တံတားတွေလည်း ကျိုးကုန်ပြီ။ ဆင်သေချောင်းတံတားဆိုရင် ကျိုးသွားလို့ ဟိုဘက်ရထားကို ပြောင်းစီးရတယ်"

အမေကပြောရင်း ခဏနားပြီး သူသောက်နေကျ ဆေးပေါ့လိပ်အတိုကို မီးညှိဖွာရှိုက်နေပါသည်။ ကျွန်တော်က စိတ်ဝင်စားစွာ နားထောင်နေပါတယ်။

"အေး - ဒါပေမယ့် အမေတို့မှာ သွားစရာ၊ စီးစရာက ဒီရထားတစ်ခုပဲရှိတာ။ ဒီရထားကလည်း ခရီးသည်တင်ရထားမဟုတ်ဘူး။ ဂျပန်စစ်သားတွေကို ပို့ပေးမယ့်စစ်ရထားဖြစ်နေတယ်။ အမေတို့က ခါတိုင်းရထားရပ်နေကျနေရာမှာ ရှိပေမယ့် အမေတို့မိသားစုကွက်ကွက်လေးပဲရှိတာ။ တခြားခရီးသည်တွေလည်းမရှိဘူး။ စစ်ရထားဆိုတော့ ဘူတာစဉ်ရပ်မှာလည်းမဟုတ်ဘူး။ အမေတို့အရပ်သားမိသားစုတွေကိုဘယ်ရပ်ပေးပါ့မလဲ။ အဲဒါတွေတွေးပြီး စိတ်ပျက်သွားတာပေါ့လေ"

"ဒါနဲ့ ဘယ်လိုဖြစ်သွားသလဲ"



# တက္ကသိုလ်ဝင်းမြင့်

## တမလွန်မှဘဝချင်းဆုံတွေ့သူ

အမေက ဆေးပေါ့လိပ်တိုကြီးကို ဖွာရှိုက်ရင်းနှင့် အမေ့မျက်လုံးများ တောက်ပြောင်လင်းလက်သွားပါသည်။

"ပုပ္ပားမယ်တော်ကို သားလေး ကြားဖူးတယ်မဟုတ်လား"

"ကြားဖူးတာပေါ့၊ သားက နတ်သမိုင်းတွေကို လေ့လာထားတာ။ ယုံလည်းယုံကြည်တယ်"

ကျွန်တော်က အားရပါးရပြောလိုက်ပါသည်။

"အေးပေါ့၊ ဒါဆို မင်းညီနောင်နှစ်ပါးကိုကောသိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"သိတာပေါ့၊ မင်းနှစ်ပါးက ပုပ္ပားမယ်တော်ကြီးရဲ့ သားတော်တွေလေ။ ဦးဗျတ္တက သူတို့ရဲ့အဖေပေါ့"

"အေး-ကိုယ်တော်လေးက အမေ့ကိုအမြဲတမ်းစောင့်ရှောက်တယ်။ အမေတို့က နတ်ကိုးကွယ်တဲ့မျိုးရိုးတော့ မဟုတ်ဘူး။ ဒါပေမယ့် နတ်ကို ယုံကြည်တယ်။ နတ်ကလည်း အမေတို့ကို မ,တယ်။ အရင်ဘဝတွေတုန်းကစလို့ ရေစက်တွေဆုံဖူးကြလို့ ကိုယ်တော်လေးက အမေ့ကိုစောင့်ရှောက်တယ်လို့ပြောတယ်။ စောင့်ရှောက်ပုံဆိုတာအမျိုးမျိုးရှိတာပေါ့။ အမေ့ကို နှမလေးတစ်ယောက်လို စောင့်ရှောက်မယ်လို့ပြောဖူးတယ်"

"ဘယ်မှာပြောတာလဲ အမေ"

"ဒီလိုပေါ့ သားရယ်၊ အမေတို့ကိုလာပြီး ကူညီပေးကြတဲ့သူတွေထဲမှာ နတ်ကတော်တွေ၊ နတ်ဝင်သည်တွေလည်းပါတာပေါ့။ တစ်ခါတုန်းက နတ်ဝင်တဲ့မိတ်ဆွေမိန်းမတစ်ဦးက အိမ်လာလည်ရင်း စကားပြောနေရင်း ရုတ်တရက် ကိုယ်တော်လေးကဝင်စီးတယ်။ ပြောတာကတော့ တိုတိုလေးပါပဲ။ ငါ့နှမကြီးသိအောင် ငါလာပြောတာ။ ဘဝအဆက်ဆက် ရေစက်ရှိကြတာမို့ ငါ့ကို တ,လိုက်၊ ဒါပဲဆိုပြီး ထွက်သွားပါလေရော။ အဲဒီကတည်းက အမေ ကိုယ်တော်လေးကို ယုံကြည်ခဲ့တာပဲ"

နတ်တို့၏သဘောမှာ လွန်ခဲ့သည့် နှစ်ငါးဆယ်နှင့် ယနေ့ ဟူသည် နတ်သက်တစ်ရက်သာရရှိသေး၍ မည်သူ့ကိုမဆိုခေါ်ဝေါ်သုံးစွဲမှုမပြောင်းလဲပါ။ ညီတော်ဟု ခေါ်ဝေါ်သုံးစွဲလေ့ရှိသော နတ်သည် အားလုံးကို ညီတော်ဟုသာခေါ်ပါသည်။ နှမတော်ဟုခေါ်ဝေါ်သုံးစွဲလေ့ရှိသောနတ်သည် အားလုံးသော အမျိုးသမီးတို့ကို နှမတော်ဟုသာ ခေါ်ဝေါ်သုံးစွဲလေ့ရှိပါသည်။ သားတော်၊ သားတော်ကြီးဟုဆိုလျှင်လည်း အားလုံးကို သားတော်၊ သားတော်ကြီး ဟူ၍သာခေါ်ပါသည်။

အမေက ပြောလက်စစကားကို ဆက်ပြောပြပြန်ပါသည်။

"ဂျပန်ခေတ်က ဖက်ဆစ်ဂျပန်တွေပဲ ဆိုပေမယ့် ဂျပန်တွေအားလုံး ယုတ်မာရိုင်းစိုင်းကြတာ မဟုတ်ပါဘူး။ စိတ်ကောင်းရှိတဲ့ဂျပန်တွေလည်းရှိကြတာပါပဲ။ သူတို့တိုင်းပြည်မှာကျန်ရစ်ခဲ့တဲ့ ကလေးတွေကို လွမ်းတဲ့အခါ ဒီကလေးတွေကိုတွေ့ရင် မုန့်ကျွေးသွားတဲ့ဂျပန်တွေလည်းရှိတာပေါ့။ အင်္ဂလိပ်တွေလည်း ဒီလိုပါပဲ။ သူတို့တိုင်းပြည်မှာကျန်ရစ်ခဲ့တဲ့ ကလေးတွေကို လွမ်းတဲ့အခါ ဒီက ကလေးတွေကို ချောကလက်တွေ ထုတ်ကျွေးသွားတဲ့သူတွေလည်းရှိတယ်။ ဒါပေမယ့် စိတ်ကောင်းရှိသူကနည်းပြီးယုတ်မာရိုင်းစိုင်းကြသူတွေလည်း အများကြီးပေါ့လေ။ ယုံလို့လည်း မရဘူးပေါ့"

"ဟုတ်တာပေါ့နော်"

"ဒါနဲ့ တောင်ငူဘူတာကို ဘာရထားမှမလာဘူး။ ရုံပိုင်ကြီးနဲ့ အမေတို့က ဆွေမျိုးသားချင်းတွေဆိုတော့ကာ သတင်းတော့သိရတယ်။ လူစီးရထားမရှိ၊ စစ်ရထားကတော့ ညအချိန်လာမယ်။ တောင်ငူမှာမရပ်ဘူး။ ဆင်သေတံတားအထိသွားမယ်။ ဆင်သေတံတားက ပျက်နေတော့ ဟိုဘက်ဆက်ပြီး ရထားပြောင်းစီးရမယ်ပေါ့"

"ဟာ - ဒါဆို အမေတို့လိုက်လို့မရဘူးပေါ့"

"အဲဒါပြောမလို့ ငါ့သားရဲ့။ အမေက ချက်ချင်းပဲ ကိုယ်တော်လေးကို သတိရလိုက်တယ်။ စိတ်ထဲကသာမကပါးစပ်က ခပ်တိုးတိုးလေးတမ်းတလိုက်တာပေါ့"

"ရရောလား အမေ"

"ငါ့သား၊ ဗီရိုထဲက ဆေးလိပ်တစ်လိပ်အသစ်သွားယူလိုက်ဦး။ ဒါက ဖင်စီခံတိုသွားပြီ"

"ဟောဗျာ - အမေကလည်း၊ အရေးကောင်းကာမှ ဖန့်တင့်ငင့်ဖြစ်လိုက်တာ"

သို့နှင့် ကျွန်တော် ကမန်းကတန်း ဆေးလိပ်တစ်လိပ် အလျင်အမြန်ယူ၍ အမေ့ကိုပေးလိုက်ပါသည်။

အမေက ဆေးလိပ်ထိပ်ဖျားကို သွားဖြင့်အသာကိုက်၊ ထိုသွားကိုက်ရာ အပေါက်လေးကိုငုံ၍ လေမှုတ်လိုက်၊ ဖင်စီခံဘက်ကထွက်လာသော ဖုန်မှုန့်စသည်ကို လက်ညှိုးလေးဖြင့် တောက်ချ၊ ပြီးမှ ဖင်စီခံဘက်ကို ပြန်လှည့်သောက်ပြီး မီးညှိပါတော့သည်။

"အမေကဗျာ၊ ကောင်းခန်းရောက်ကာမှ အင်တာဗယ်တွေဘာတွေလုပ်နေလိုက်တာ ကော်ဖီပါဖျော်ပေးရဦးမလား"

အမေက မျက်စိမှိတ်သည်အထိ အားရပါးရရယ်ရင်း -

"အမေပြောတဲ့စကား သားက အလေးအနက် ထား၊ မထားသိချင်လို့ပါကွယ် ဟဲ. . . ဟဲ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ"

အဖေ၊ အမေတို့မိသားစုသည် ရုံပိုင်ကြီးမိသားစုက ကျွေးသောထမင်းနှင့် ရရာဟင်းခပ်ညှံညှံကို အဆာပြေဆိုရုံမျှစားပြီး မီးမရှိသောဘူတာအတွင်း အမှောင်ထဲတွင် ခြင်တရုန်းရုန်းနှင့်ထိုင်နေကြပါသည်။

မကြာမီ အဝေးမှ မီးမောင်းကြီးတစ်ချက်ထိုးလိုက်၊မီးမှိတ်ပြီးတဂျုန်းဂျုန်းခုတ်မောင်းလာလိုက်နှင့် ရထားကြီးကိုတွေ့ရပါသည်။ သို့သော် ဝမ်းမသာနိုင်ကြပါ။ ရထားက ရပ်ဖို့အစီစဉ်မရှိဘူးဟုသိထားသဖြင့် စိတ်အားငယ်နေကြရပါသည်။ အမေကတော့ ကိုယ်တော်လေးကိုသာတဖွဖွတမ်းတနေပါသည်။ ရထားရပ်လျှင်တောင် ရထားပေါ်မှ ဂျပန်စစ်ဗိုလ်က မလိုက်ရဘူးပြောလျှင် မည်သို့လုပ်မည်နည်း။ ပြီးတော့ ခပ်ဆိုးဆိုးဂျပန်မျိုးဆိုလျှင် ကိုယ်ကျိုးမနည်းပေဘူးလားစသည်ဖြင့် ပူရပင်ရဖြစ်နေရပါတော့သည်။

ရထားက အရှိန်လျှော့သည်နှင့် ရုံပိုင်ကြီးက ရထားလမ်းကောင်းမွန်စွာရှိကြောင်း (ပတ်စ်) လက်မှတ်လေးကို ရထားစက်မောင်းအားပေးလိုက်ပါသည်။

သို့သော် ရထားက တကျွိကျွိနှင့် ဘရိတ်အုပ်ကာ ခေတ္တရပ်၍ရေထည့်ရဦးမည်ဟုဆိုပါသည်။ထိုစဉ်က ကျောက်မီးသွေးစက်ခေါင်းကြီးများ ဖြစ်ပါသည်။ ရထားပေါ်တွင် မီးမထွန်းထားပါ။ ဂျပန်စစ်ဗိုလ်က အမေနှင့်အတူရပ်နေသော ကလေးနှစ်ယောက်ကို မြင်သောအခါ လာပြီး အနီးရောက်သော် ပြေးဖက်ပါသည်။ အဖေ၊ အမေတို့က ဂျပန်စကားကို နည်းနည်းတတ်နေပြီဖြစ်၍ ဂျပန်စစ်ဗိုလ်ကို နှုတ်ဆက်ပါသည်။ ဂျပန်စစ်ဗိုလ်က ညကြီးမှာ ဘာလုပ်နေတာလဲ၊ ဘယ်သွားမလို့လဲဟု မေးပါသည်။

ကလေးနှစ်ယောက်က ပို၍သွက်ပါသည်။

"မာစတာ၊ ရထားစီးချင်တယ်"

ဟု ပြောကြရာ ဂျပန်စစ်ဗိုလ်က အမေ့ကို -

"ဘယ်ထိလိုက်မလဲ၊ ရထားတွဲချောင်တယ်။ လိုက်ချင်လိုက်ခဲ့"

ဟု ပြောသဖြင့် မိသားစုအားလုံး ဝမ်းသာအားရ ထိပေါက်သည့်အသွား ဖြစ်သွားကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကလေးနှစ်ယောက်က ပဲလှော်နှင့် ထညက် (ထန်းလျက်) ထုပ်လေးများ ဂျပန်စစ်ဗိုလ်ကို ပေးလိုက်ရာ အလွန် ဝမ်းသာသွားသော ဂျပန်စစ်ဗိုလ်က သူ့လက်အောက်က တပ်ကြပ်ကြီးကို ခေါ်၍ နောက်ဆုံးတွဲ ဂါတ်ဗိုလ်တွဲမှာ ထားပေးလိုက်ရန်၊ ဆင်မ်သမှာ ရထား ပြောင်းစီးလျှင်လည်း နောက်ရထားမှာ နေရာပေးပြီး ခရီးအဆုံးထိလိုက်ပါစေ ဟု မှာကြားကာ ကလေးများကို သူ့အိတ်ထဲမှ ဂျပန်ချောကလက်များ ထုတ်ကျွေး ပါသည်။

သို့နှင့် ရထားကြီးလည်း ရေထည့် ပြီးပြီဖြစ်၍ ခရီးဆက်လက်ထွက်ခွာခဲ့ ပါတော့သည်။ အမေ့ကတော့ ကိုယ် တော်လေးကို ကျေးဇူးတင်လို့မဆုံးတော့ ပါ။

အမေပြောပြသွားသည့်ဖြစ်စဉ်ကို ကျွန်တော့်ရင်ထဲတွင် အမြဲအမှတ်ရနေမိ ပါသည်။

ကိုယ့်အလုပ်နှင့်ကိုယ်၊ ကိုယ့်အိုးနှင့် ကိုယ့်အိမ်ထောင်နှင့်ကိုယ်ဖြစ်လာ သောအခါတွင် အိမ်၏ ဘုရားခန်းကို ကျယ်ကျယ်ဝန်းဝန်းနေရာပေးထားရှိပါ သည်။ ဝန်ထမ်းဖြစ်၍ တစ်ခါတစ်ရံ အိမ်ကျဉ်းကျဉ်းနေရပါသည်။ တစ်ခါ တစ်ရံတော့လည်း ကျယ်ဝန်းသောအိမ် ကိုရပါသည်။ ကျွန်တော့်ဇနီးမှာ ရှမ်းပြည်သူ သီပေါဇာတိဖြစ်၍ ဗမာ-ရှမ်းစပ် ပါသည်။ အဖေ ဗမာ၊ အမေ ရှမ်းဖြစ်ပါ သည်။ ကျွန်တော်က သူ့ကို အေးဟု ခေါ်ပါသည်။ သူက ကျွန်တော့်ကို မောင်ဟု ခေါ်ပါသည်။ ကျွန်တော်နှင့် ဝါသနာတူ၊ စိတ်တူဖြစ်ကြပါသည်။ ကျွန် တော်က ဘာသာရေးကိုအလေးအနက် ထားသလို သူကလည်း ဘာသာရေးကို အလေးအနက်ထားပါသည်။ နတ်ကို ယုံကြည်မှုခြင်းလည်း တူကြပါသည်။

ဘုရားကျောင်းဆောင်အနီး အိမ် ဦးဆောင်တွင် အဘကိုးမြို့ရှင်နှင့် နှမ တော် အမေပုလဲယဉ်တို့၏ ပုံတော်များ နှင့် ဆက်သထားသော အသုံးအဆောင် တော်များရှိပါသည်။ နောက်တစ်နေရာ တွင် ပုပ္ပားမယ်တော်နှင့် မင်းညီနောင် နှစ်ပါးတို့ပုံတော်နှင့် ပန်းအိုး၊ ရေစင် စသည်များရှိပါသည်။

ကျွန်တော်တို့နှစ်ဦးလုံး ခြေလေး ချောင်းသားများကို မစားကြပါ။ အသား ကြီးငါးကြီးများ မစားကြပါ။ တချို့ နောက်ပြောင်တတ်သော မိတ်ဆွေများ



က ခြေလေးချောင်းဆိုတာ တကယ်မှ မဟုတ်တာ၊ လက်နှစ်ဖက်၊ ခြေနှစ်ဖက်ပဲ မဟုတ်ဘူးလားဟု ပြောဆိုလျှောင် ပြောင်တတ်ကြပါသည်။ သို့သော် ကျွန် တော်က ခြေလေးချောင်းသားဆိုတာ မြေကြီးပေါ်မှာသွားရင် လေးဖက် ထောက်ပြီးသွားတဲ့သတ္တဝါကို ပြောတာ ဗျဟု အမိပ္ပာယ်ရှင်းပြရပါသည်။

တစ်နေ့သောအခါ ကျွန်တော်တို့ နှစ်ယောက် တောင်ပြုံးပွဲတော်ကြီးကို ရောက်ဖူးအောင် သွားရောက်လည်ပတ် လိုသောဆန္ဒများ ပေါ်ပေါက်လာကြပါ သည်။ ဝန်ထမ်းဖြစ်၍ နောင်ဝေးလွန်း သောဒေသများသို့ ပြောင်းရွှေ့ရပါက သွားချင်တိုင်းသွားလို့ရမည်မဟုတ်။ ယခု နေထိုင်ရာ သီပေါ ဆိုသည်မှာ မန္တလေး နှင့် တစ်မနက်ခရီးသာဖြစ်သည်။ မန္တ လေးနှင့် တောင်ပြုံးကလည်း ခရီးတို လေးသာဖြစ်သည်။ သို့ဖြစ်၍ ယခုလို အခြေအနေမျိုးသည် တောင်ပြုံးပွဲသွား ရန် အကောင်းဆုံးဖြစ်သည်ဆိုပြီး တောင်ပြုံးပွဲတော်သွားရန် ဆုံးဖြတ်လိုက် ကြပါသည်။ ဝန်ထမ်းဖြစ်၍ ငွေကြေးက တော့ သိပ်ပြီးမပြည့်စုံလှပါ။ စရိတ်ကျဉ်း ကျဉ်းနှင့် ဖြစ်အောင်သွားမည်ဟု တက် ကြွသောစိတ်ဓာတ်နှင့် ဆုံးဖြတ်ကြပါ သည်။ သို့နှင့် အထက်အရာရှိကိုခွင့် တောင်းပြီး နှစ်ဦးသား ရွှေပြုံးဆိုပွဲတော် ကြီးဆီသို့ ခရီးထွက်ခဲ့ကြပါလေတော့ သတည်း။

ကျွန်တော့်တွင် ကိုယ်ကိုယ့်ကိုယ် ယုံကြည်မှုများရှိပါသည်။ ကျွန်တော့် စိတ်ကိုညွှတ်လျက် စူးစိုက်တည်ကြည်စွာ ဖြင့် တိုင်တည်ပါက ဆိုင်ရာနတ်တို့က သိကြမြင်ကြသည်ဟု ယုံကြည်မှုရှိပါ သည်။သို့သော် နေရာတိုင်းတွင် ပေါ်ပေါ် ပဲပဲမလုပ်ပါ။ အလွန်အရေးကြီးလာမှ သာ ထိုယုံကြည်ချက်ကို အသုံးပြုပါ သည်။ ထိုအခါ အောင်မြင်တတ်ပါ သည်။

ထို့ကြောင့် တောင်ပြုံးပွဲသွားကြ ရန် အကြံဖြစ်ပေါ်သည်မှစ၍ ခရီးစဉ် တစ်လျှောက်လုံး ပုပ္ပားမယ်တော်ကြီးနှင့် မင်းနှစ်ပါးကို စိတ်မှလည်းကောင်း၊ နှုတ် ကလည်းကောင်း တ,၍ ခရီးစဉ်တစ် လျှောက်လုံး စိတ်ချမ်းသာပါရစေ၊ အောင်မြင်သော ခရီးစဉ်ဖြစ်ပါစေဟု တိုင်တည်ဆုတောင်းပါသည်။

နတ်ကို ဆက်သသည့်အခါတွင် လည်း ကိုယ်တိုင်ကိုယ်ကျဆက်သရမှ ကျေနပ်ပါသည်။ နတ်ကတော်က တစ်ဆင့် ဆက်သရခြင်းကို အားမရပါ။ လက်ဆောင်ပစ္စည်းဆိုရာတွင်လည်း အနီး ရောက်မှ ဝယ်ယူပေးအပ်သည်ဆိုသည် မှာ ဝတ်ကျေတန်းကျေမျှသာ ဖြစ်သည်။ အဝေးကပင် တယုတယ တမြတ်တနိုး သယ်ဆောင်ပေးအပ်သည်က ပို၍လေး နက်သည်ဟု ယူဆပါသည်။ သို့ဖြစ်၍ မန္တလေးဈေးချိုတော်ကြီးမှဖောင်းတော်စ နှစ်ထည်ကို ဝယ်ယူပါသည်။ အမွှေးတိုင်၊ နံ့သာတိုင်များပါ ဝယ်ယူပါသည်။ ပြီး သောအခါ တောင်ပြုံးသို့ထွက်သော ကားလေးများဖြင့် ကျွန်တော်တို့လိုက်ပါ သွားကြပါတော့သည်။

ပျော်စရာကောင်းပါသည်။ လမ်း တွင်တွေ့ရသောရွာများသည် တစ်ချိန်က သမိုင်းဝင်ရွာများပင် ဖြစ်ပါသည်။ အချို့ က လှည်းများဖြင့်၊ အချို့က ရေကြောင်း မှ လှေလောင်း (လောင်းလှေ) လေးများ ဖြင့် လာကြပါသည်။

ဝန်ထမ်းဖြစ်၍ အရပ်သားများ လောက်တော့ အချိန်မဖြုန်းနိုင်ပါ။ နေ့ တစ်ပိုင်းလောက်သာ အချိန်ရသည်မို့ ဘုရားကို အရင်ဖူးမည်။ ပန်းကပ်မည်။ ဆီမီးပူဇော်မည်။ ပြီးလျှင် မင်းနှစ်ပါး၏ နန်းဆောင်ကြီးထဲဝင်မည်၊ ခစားမည်၊ ထီးရောက်နန်းရောက် ဖောင်းတော်ပဝါ များ ဆက်ကပ်မည် စသည်ဖြင့် ကြံစည် စိတ်ကူးကာ ပျော်နေကြပါတော့သည်။

သို့သော် အထင်နှင့် အမြင် လွဲချော်ကာ စိတ်ညစ်စရာကကြုံရပါ သည်။ ပုပ္ပားမယ်တော်နှင့် မင်းညီနောင် နှစ်ပါးတို့၏ နန်းဆောင်မကြီးရှေ့မှာ လူထုပရိသတ်ကြီးက အုံခဲနေပါတော့ သည်။ တိုးမပေါက်သည့်အပြင် နည်း နည်းမျှပင် ကပ်၍မရပါ။ နန်းဆောင်

www.burmeseclassic.com

တံခါးမကြီးကို ပိတ်ထားပါသည်။ အပြင်တွင် ပရိသတ်ကြီးရှိနေပါသည်။ ရိုးရာအလိုက် ထန်းရည်ခါးနှင့် ကြက်သားကြော်ကပ်ရန် ဗန်းရွက်၍စောင့်နေသော နတ်ကတော်များကလည်း အများအပြားပင်ဖြစ်ပါသည်။ နန်းဆောင်တံခါးမကြီးရှေ့မျက်နှာစာတွင် တိုးဝှေ့ကာ ရပ်စောင့်နေကြပါသည်။

အတွင်းတော်ကလည်း ဆိုင်းတော်ဝိုင်းတော်များက မတီးကြသေးပါ။ အချိန်မတန်သေး၍ဖြစ်ပါသည်။အတွင်း၌ နတ်အထိန်းတော်ကြီးများက အလုပ်များနေကြပါသည်။ ကန်တော့ပွဲများကို ပြင်ဆင်နေကြပါသည်။

ကျွန်တော်၏ ကိုယ်တိုင်ကိုယ်ကျ ဖောင်းတော်စဆက်သရန် အစီအစဉ်ကို လက်လျှော့ရမလိုဖြစ်သွား၏။ သို့နှင့် ကျွန်တော်နှင့်အေးတို့ တစ်ယောက်ကို တစ်ယောက်ကြည့်ကာ စိတ်အားငယ်သွားကြပါတော့သည်။

ကျွန်တော်သည် နန်းဆောင်ကြီးပြင်ပကနေ အတွင်းဘက်သို့ စိတ်ကိုညွတ်ကာ အာရုံပြုလိုက်ပါသည်။ လက်အုပ်ချီ၍-

"အရှင်ကိုယ်တော်ကြီး၊ ကိုယ်တော်လေးတို့။ ညီတော်နှင့် ညီမတော်များ နန်းရှေ့သို့ရောက်ရှိနေပါပြီ။ ထီးရောက်နန်းရောက် ကိုယ်တိုင်ကိုယ်ကျဆက်သပူဇော်လိုပါ၍ ခေါ်စောင့်ရှောက်တော်မူပါ။ မှိုင်းမတော်မူပါ"

ဟု စိတ်အာရုံစူးစိုက်စွာတိုင်တည်လိုက်ပါသည်။

ထို့နောက် မလှမ်းမကမ်းရှိ ပန်းရောင်းသောဆိုင်တွင် ခေတ္တဝင်ပြီး သပြေပန်း၊ နှင်းဆီပန်းများဝယ်ကြရင်း ပန်းဆိုင်ရှင်ကို မေးကြည့်ပါသည်။

"ခုနေတော့ အတွင်းက ပြင်ဆင်ဆောင်ရွက်နေတာတွေမပြီးမချင်း တံခါးပေါက်ကြီးကိုဖွင့်ပေးမှာမဟုတ်ဘူး။ ဖွင့်တဲ့အခါကျတော့လည်း လူများလွန်းလို့ တိုးဝင်နိုင်မှာမဟုတ်ဘူး။ ဟိုနောက်ဘက်နားမှာ သူတို့လုပ်ကိုင်နေကြသူတွေ ဝင်ထွက်ဖို့တံခါးပေါက်လေးရှိတယ်။ အဲဒီသွားပြီးမေတ္တာရပ်ခံကြည့်ပါလား။ ဒါပေမယ့် ကိုယ်တိုင်တော့ ဆက်သခွင့်မရှိဘူး"

ထိုစကားကို ကြားရသည်နှင့် ကျွန်တော်တို့ဝမ်းသာအားရဖြစ်သွားကြပါသည်။ လှူရန်ပစ္စည်းများကို ပွေ့ပိုက်ကာ ထိုတံခါးပေါက်လေးထံအရောက်သွားကြပါတော့သည်။

တံခါးပေါက်ကလေးမှ တာဝန်ရှိသောနတ်ကတော်များ ဝင်လိုက်၊ ထွက်လိုက်နှင့် အလုပ်များနေကြပါသည်။ ကျွန်တော်တို့ကို ဘယ်သူကမှ လှည့်မကြည့်ကြပါ။ အနားမှ ဖြတ်သွားသူများကို ကျွန်တော်က မေးလိုက်၊ ခေါ်လိုက်လုပ်သော်လည်း သူတို့က ကျွန်တော့်ကို အာရုံမစိုက်နိုင်ကြပါ။

သို့ဖြင့် မထူးတော့ပါဘူး၊ မေးမနေတော့ပါဘူးဆိုပြီး ကျွန်တော်နှင့်အေးတို့ နန်းဆောင်ထဲ ဝင်သွားကြပါတော့သည်။ နန်းဆောင်ထဲတွင် နန်းထိန်းကြီးများ အလုပ်များနေကြပါသည်။ ကျွန်တော်တို့လည်း မြန်မြန်ကန်တော့ပြီးပြန်ထွက်ရန် တိုင်ပင်ကြပါသည်။ အေးက မင်းနှစ်ပါးရှေ့တွင်ထိုင်၍ကန်တော့ဆုတောင်းပါသည်။ ကျွန်တော်က အေးအာရုံပြု၍ ထုတ်ပေးလိုက်သော ဖောင်းတော်စများကို ကိုယ်တော်ကြီး၊ ကိုယ်တော်လေးတို့၏ လက်တော်အရောက်ဆက်သလိုက်ပါသည်။ ဦးခေါင်းကိုတော့ မထိမကိုင်ပါ။

နှစ်ဦးစလုံး ဝမ်းသာကျေနပ်စွာနှင့်ပြန်ထွက်ရန်ဟန်ပြင်လိုက်သောအခါမှ နတ်ကတော်အမျိုးသမီးကြီးတစ်ဦးကမြင်သွားပါတော့သည်။

"ဟဲ့ဟဲ့-ဘယ်သူတွေဝင်လာတာလဲ၊ အလို-ဖောင်းတော်တွေလည်းဆက်ထားပါလား၊ ဒီလိုမလုပ်ရဘူးလေ။ ထွက်ကြ၊ ထွက်ကြ"

ကျွန်တော်တို့လည်း တောင်းပန်သည့်မျက်နှာနှင့် ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါဟုဆိုကာ နန်းဆောင်တွင်းမှ အမြန်ထွက်ခွာခဲ့ကြပါတော့သည်။ မည်သို့ဆိုစေ မယ်တော်ကြီးနှင့် မင်းနှစ်ပါးကို ထီးရောက်နန်းရောက် အနီးကပ်ပူဇော်နိုင်ခဲ့ပါသည်။ ကျွန်တော် ရည်မှန်းထားသည့်အတိုင်းလည်း ဖောင်းတော်များ လက်တော်အရောက် ကိုယ်တိုင်ကိုယ်ကျဆက်သနိုင်ခဲ့ပါတော့သည်။

အပြန်လမ်းခရီးတစ်လျှောက်လုံးတွင် ပျော်ရွှင်စွာရှိခဲ့ကြပါသည်။

"ဒါလည်း ကိုယ်တော်ကြီး၊ ကိုယ်တော်လေးတို့က မ,စစောင့်ရှောက်လို့ နန်းဆောင်ထဲကို အခက်အခဲမရှိ ဝင်နိုင်ခဲ့ကြတာပေါ့နော်"

အေးက ဝမ်းမြောက်ကြည်နူးမှုများနှင့် ပြောလိုက်ပါသည်။

"ဟုတ်တာပေါ့ အေးရယ်၊ မှန်တာပေါ့"

အိမ်သို့ပြန်ရောက်သောအခါတွင် တောင်ပြုံးပွဲတော်သွားခဲ့သည့် ခရီးစရိတ်၊ စားစရိတ်၊ ကုန်ကျငွေများကို ကျွန်တော့်ဝါသနာအရ မှတ်တမ်းတင်ရေးမှတ်ရာ ထိုခေတ်ငွေကြေးတန်ဖိုးအရ (၇၀၀)ကျပ်အတိအကျကုန်ကျခဲ့ပါသည်။ အပိုမစွန်းပါ။ ထိုစဉ်က ငွေတစ်ကျပ်မှာ လက်ဖက်ရည်တစ်ခွက်သောက်၍ရပါသည်။

နောက်တစ်နေ့ ရုံးတက်သောအခါ ထူးဆန်းသောဖြစ်ရပ်ကို တွေ့ကြုံရပြန်ပါသည်။

မြို့နယ်သမဝါယမအသင်းမှနေ၍ ဝန်ထမ်းများကို ခွဲတမ်းပေးသည့်ပစ္စည်းများမရသည်မှာ အလွန်ကြာမြင့်နေခဲ့ရာမှ ယခု ထူးထူးဆန်းဆန်း ကျွန်တော့်အတွက် ခွဲတမ်းကျသည့်ပစ္စည်းများ စာရင်းရောက်ရှိနေပါသည်။ သကြား၊ နို့ဆီ၊ အိမ်သုံးဆေးဝါးများနှင့် အဝတ်အထည်အချို့ဖြစ်ပါသည်။ ထိုပစ္စည်းများမှာ ကျွန်တော်တို့နှင့် အသုံးမတည့်သဖြင့် ပြန်ရောင်းလိုက်ရာ အမြတ်ငွေ (၇၀၀) ကွက်တိရရှိခဲ့ပါသည်။ တိုက်တိုက်ဆိုင်ဆိုင် ခရီးစရိတ်ဖိုးငွေ (၇၀၀) အတိအကျပြန်ရရှိခြင်းသည်ကပင် ကိုယ်တော်ကြီး၊ ကိုယ်တော်လေးတို့ မ,စကြောင်း ထင်ရှားအောင်ပြခြင်းပင် ဖြစ်သည်ဟု ကျွန်တော် မှတ်ယူလိုက်ပါသည်။

နှစ်ပရိစ္ဆေဒများစွာကြာခဲ့ပြီ ဖြစ်ပါသည်။

ကျွန်တော်လည်း ရှမ်းပြည်နယ်အတွင်း အခြားမြို့များသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။ထို့နောက် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးမှ မကွေးတိုင်းဒေသကြီး၊ နောက် မကွေးတိုင်းဒေသကြီးမှ စစ်ကိုင်းတိုင်းဒေသကြီး မြို့ရွာနယ်ပယ်များကို နိုင်ငံ့တာဝန်ဖြင့် ရောက်ခဲ့ပါသည်။ ကျွန်တော်ပြောင်းတိုင်း အေးကလည်း လိုက်ပါရစမြဲဖြစ်ပါသည်။

ခေတ်တွေ၊ စနစ်တွေကလည်း ပြောင်းလဲခဲ့ပါသည်။

မြို့ရွာအနှံ့၊ တောင်ပေါ်၊ မြေပြန့်သွားလာ ဆောင်ရွက်ရင်း ဇနီးဖြစ်သူအေးသည် ကျန်းမာရေးချို့တဲ့လာပါသည်။ ဆင်ပြောင်ကြီးသွားရာ ဆင်မယဉ်သာလိုက်ပါရင်း လောကဓံတရားအဆိုး၊ အကောင်းများကို တွေ့ကြုံခံစားကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အေးသည် အိပ်ရာထဲလဲပါတော့သည်။

မြန်မာသမားတော်များနှင့် ကုသပါသည်။ ရေဖျဉ်းစွဲသည်ဟု ဆိုကြပါသည်။ အင်္ဂလိပ်ဆေးပညာသမားတော်များနှင့်လည်း ကုသပါသည်။ အသည်းခြောက်သည်ဟု ဆိုကြပါသည်။

သို့နှင့်ပင် မျှော်လင့်မထားသော ဆောင်းနှင်းဝေသည့်တစ်နေ့တွင် အေးလေး ကျွန်တော့်အနားမှ ထာဝရခွဲခွာသွားခဲ့ပါတော့သည်။

တပည့်တပန်းများနှင့် မြို့ခံလူများ၏ဝိုင်းဝန်းကူညီကြမှုကြောင့် အေး၏ ဈာပနပွဲကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

သေပြီးသူနှင့် ကျန်ရစ်သူ ပြန်လည်း တွေ့ဆုံစကားပြောနိုင်သည်မှာလည်း ရှားပါးလှစွာသော အခွင့်အရေးကြီးတစ်ခုဖြစ်ပါသည်။

ရပ်ရွာတွင် နာမည်ကြီးသော နတ်ကတော်တစ်ဦးရှိပါသည်။ သူ၏အမည်နာမနှင့် နေရပ်လိပ်စာကို သူ့သဘောထားခွင့်ပြုချက်မရဘဲ ဖော်ပြရန် မသင့်သောကြောင့် ကျွန်တော်မဖော်ပြသည်ကို ခွင့်လွှတ်ကြစေလိုပါသည်။

"ဆရာ၊ အဲဒီနတ်ကတော်ကို ကာယကံရှင် ကွယ်လွန်ပြီး တစ်လပြည့်မှ သွားမေးရတယ် ဆရာ၊ တစ်လမပြည့်သေးရင် မဟောဘူးတဲ့"

ကျွန်တော့်ယာဉ်မောင်းဝန်ထမ်းက ဒေသခံဖြစ်၍ ဗဟုသုတကြွယ်ဝပါသည်။ အထီးကျန်အဖော်မဲ့ဖြစ်နေသော ကျွန်တော့်ကိုလည်း အစ်ကိုအရင်းကဲ့သို့ သဘောထားကာ ကျွန်တော်စိတ်ချမ်းသာအောင် ဖြည့်စွမ်းကူညီပါသည်။ သူ့နာမည်မှာ ကိုကျော်ငွေ ဖြစ်ပါသည်။

တစ်လပြည့်သောအခါ ကိုကျော်ငွေက ကျွန်တော့်ကို နတ်ကတော်ကြီးထံ ခေါ်သွားပါသည်။ နတ်ကတော်မှာ ကျွန်တော်တာဝန်ကျသည့်မြို့၌ မရှိပါ။ အခြားမြို့နယ်တစ်ခု၏ကျေးရွာလေးတစ်ရွာမှာနေထိုင်ပါသည်။ နတ်ကတော်၏ ဂုဏ်သတင်းကကြီးလှပါသည်။ အမြို့မြို့အနယ်နယ်မှ ကားကြီး၊ ကားငယ်များဖြင့် လာရောက် မေးမြန်းကြသူများဖြင့် အမြဲတမ်းစည်ကားနေပါသည်။ အလှည့်ကျမေးမြန်းရန် အချိန်ယူစောင့်ရပါသည်။ ဟောပြောခစျေးမများလှပါ။ လွန်ခဲ့သည့် (၁၅) နှစ်လောက်က ဟောပြောခ (၃၀၀) သာယူပါသည်။ ထိုနယ်တစ်ဝိုက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြသူများ၏မိသားစုများ သွားရောက်မေးမြန်းလေ့ရှိကြပါသည်။ အကြောင်းသိထားသော ရပ်ဝေးမှမိသားစုများလည်း လာရောက်မေးကြပါသည်။ သူ၏ဟောပုံမှာ တစ်ဆင့်ပြန်ပြောပြခြင်းမျိုးမဟုတ်ဘဲ ကွယ်လွန်သူကိုယ်တိုင် သူ့ကိုဝင်၍စီးပြီး ကျန်ရစ်သူမိသားစုများနှင့် လွတ်လပ်စွာ စကားပြောနိုင်ခြင်းပင်ဖြစ်ရာ ထိုအခွင့်အရေးသည် အလွန်တန်ဖိုးရှိလှပါသည်။

ကွယ်လွန်သွားသူများနှင့် ကျန်ရစ်သူတို့ကြားတွင် ပြောစရာဆိုစရာမှာတမ်းခြွေစရာစကားများ၊ မေးစရာများရှိပါက လွတ်လပ်စွာ ပြောဆိုဆွေးနွေးနိုင်ပါသည်။

ကျွန်တော်၏အလှည့်မရောက်ခင် မိန်းကလေးတစ်ဦး၏ အလှည့် ဖြစ်ပါသည်။ ထိုမိန်းကလေး၏လင်ယောက်ျားမှာ ယခင်တစ်လကျော်က ရောဂါတစ်ခုနှင့် ကွယ်လွန်သွားခဲ့ခြင်း ဖြစ်ပါသည်။ ယခု နတ်ကတော်ကြီးထံတွင် ထိုသေဆုံးသူက ဝင်ရောက်စီးနေခြင်းပင် ဖြစ်ပါသည်။

"ငါ့ဂစ်တာကြီးကို မရောင်းပစ်နဲ့နော်၊ ငါ့သူငယ်ချင်းတွေကိုလည်း မပေးလိုက်နဲ့၊ ဘယ်သူ့မှမပေးနဲ့၊ ငါချိတ်ထားတဲ့အတိုင်းပဲ ချိတ်ထား၊ မှတ်ထားနော်"

သေဆုံးသူယောက်ျားလေးက သူ့ဇနီးသည်ကို အရေးတကြီးမှာကြားနေပါသည်။ ကောင်းမလေးကတော့ ဝမ်းနည်းပက်လက်မျက်ရည်နှင့်မျက်ခွက်ဖြစ်နေပြီး ခေါင်းတညိတ်ညိတ်သာလုပ်နိုင်ပါသည်။

"အခု ငါစားဖို့ဘာပါသလဲ"

"ဘာမှမပါခဲ့မိဘူး၊ နောက်တစ်ခါမှ ဝယ်လာခဲ့ပါ့မယ်"



"ငါမုန့်ဟင်းခါးကြိုက်တာ နင်မသိဘူးလားကွာ။ ငါ့အပေါ် မင်းတယ်ပေါ့ဆတာပဲ။ ထားပါတော့၊ ငါမှာချင်တာက နင် ဘယ်ကောင့်ကိုမှ လက်မထပ်ရဘူး"

သို့နှင့်ပင် ကျွန်တော်တို့မှာ ရင်ထုမနာဖြစ်ရပါသည်။

ကျွန်တော့်အလှည့်သို့ရောက်လာပါသည်။

ကျွန်တော်လည်း တရားဓမ္မနှင့် မွေ့လျော်သူ ဖြစ်သည်။ အေးလည်း တရားဓမ္မနှင့် မွေ့လျော်သူ ဖြစ်သည်။ အသက်အရွယ်အားဖြင့်လည်း (၄၀) ကျော်၊ (၅၀) အတွင်းရှိနေသူများ ဖြစ်သည်။ အေးလည်း မငို၊ ကျွန်တော်လည်းမငိုပါ။

ပထမဦးစွာ ဘယ်နေ့ဖွားသားသမီး၊ အမည်၊ ဘယ်သူဘယ်ဝါ၊ ဘယ်နေ့က ကွယ်လွန်သည်ကို နတ်ကတော်အား ပြောရပါသည်။ ထို့နောက် နတ်ကနယ်မြေဒေသအသီးသီးရှိ ရုက္ခစိုး၊ ဘုမ္မစိုးနတ်ပေါင်းကို မေးပါသည်။ အဆိုပါ ကွယ်လွန်သူ ဘဝသစ်သို့ ရောက်ရှိသွားပါက တွေ့ဆုံ၍ မရနိုင်တော့ပါ။ မေး၍မရနိုင်တော့ပါ။ မကျွတ်မလွတ်သေးသောဘဝနှင့်ရှိနေသေးပါက ခေါ်၍ရနိုင်သည်။ တွေ့ဆုံ၍ရနိုင်သည်။ အမေး၊ အဖြေပြု၍ရနိုင်ပေသည်။

"အခု လာမေးသူက ဘာတော်သလဲ"

နတ်ကတော်က ကျွန်တော့်ဘက်လှည့်၍မေးပါသည်။

"လင်ယောက်ျားပါ"

ကွယ်လွန်သူနှင့်ဆွေမျိုးသားချင်းတော်စပ်မှသာ မေး၍ရပါသည်။ တော်ရုံတန်ရုံဆိုလျှင် နတ်ကခေါ်မပေးပါ။

"ညီတော်ရဲ့ဇနီးကရန်ကုန်ရောက်နေတယ်။ ခေါ်ပေးမယ်။ နည်းနည်းစောင့်ပေါ့ကွာ"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

မကျွတ်မလွတ်ဘဝရောက်နေသူများသည် တစ်ဦးနှင့်တစ်ဦး မတူညီကြပါ။ အချို့က ရေးဘဝကပြုဖူးသော ကုသိုလ်ကံနည်းပါး၍ စိတ်တိုင်းကျလျှောက်သွား၍ မရပါ။ အဝေးသို့မသွားနိုင်ပါ။ တချို့မှာတော့ ရှေးဘဝက ပြုဖူးသော ကုသိုလ်ကံကြီးမားပါက ဝေးလံသောအရပ်သို့ သွားနိုင်ပါသည်။

နေလိုသည့်နေရာမှာ နေနိုင်ကြပါသည်။

"ဟိုမှာ လမ်းပြလိုက်ပို့တဲ့နတ်တွေ



www.burmeseclassic.com

www.burmeseclassic.com

ကတစ်ဆင့် ငါ့ကိုမေးနေတယ်။ မင်း တစ်ယောက်တည်း လာမေးတာလား၊ တခြားဘယ်သူပါသေးသလဲတဲ့"

"ကိုကျော်ငွေလည်း ပါ, ပါတယ်။ ကားမောင်းတဲ့သူလေ"

"ကိုကျော်ငွေလည်း ပါတယ်တဲ့ ဟေ့။ ကားမောင်းတဲ့သူပဲဟေ့"

နတ်ကတော်ထံစီးနေသောနတ်က သူတို့အချင်းချင်းပြန်ဖြေလိုက်သော အသံဖြစ်ပါသည်။

"ရောက်လာပြီ၊ ရောက်လာပြီ။ ကဲ - မင်းတို့အချင်းချင်း လွတ်လွတ်လပ်လပ်ပြောကြပေတော့"

ထို့နောက် နတ်ကတော်ကြီး ငြိမ်ကျသွားပါသည်။ မကြာမီ လှုပ်လှုပ်ရှားရှားဖြစ်လာပြီး ဝင်လာသူ၏ မူလဇာတိကို မြန်ပြပါသည်။

ပထမဦးစွာ နတ်ကတော်သည် ခန္ဓာကိုယ်ကို ကြမ်းပြင်သို့လှဲချလိုက်ပါသည်။ ကြမ်းပြင်တွင် ဟိုဘက်စောင်းလိုက်၊ ဒီဘက်စောင်းလိုက်ဖြင့် ဝေဒနာခံစားရသည့်ပုံကို ပေါ်လွင်စွာပြသပါသည်။ ထိုပုံစံမှာ အေးလေး မကျန်းမမာဖြစ်ပြီး ကွယ်လွန်တော့မည်အချိန်တွင် တွေ့ရသောပုံစံအတိုင်းပင် ဖြစ်ပါသည်။

ထို့နောက် ထ၍ထိုင်ပြီး ဘုရားကို လက်အုပ်ချီကန်တော့ပါသည်။ ပြီးမှ ကျွန်တော့်ဘက်လှည့်ကာ နှုတ်ဆက်ပြီး စကားစပြောပါတော့သည်။

"မောင်နေကောင်းလား၊ အေးကို သတိရနေမှာပေါ့နော်။ အေးလည်း သတိရပါတယ်။ ဒါပေမယ့် ဘဝကခြားသွားခဲ့ပြီလေ။ မောင်နဲ့ အေးတို့ကံက ဒီလောက်ပဲပါလာကြတာကိုး"

"ဟုတ်ပါတယ် အေး၊ အခု အေးနေရတာ အဆင်ပြေလား။ ဘယ်မှာနေသလဲ"

"အေးက ဘာသာရေးတွေလုပ်၊ အမိဋ္ဌာန်တွေဝင်ခဲ့တာတွေကြောင့် ကံကောင်းပါတယ်။ အသက်ထွက်ပြီး အိမ်ရှေ့က ပိတောက်ပင်မှာခဏနေရတယ်။ နောက်တော့ ရန်ကုန်မြို့က ဘုရားတစ်ဆူရဲ့တံတိုင်းထဲက စိန်ပန်းပင်မှာနေရတယ်"

"အဲဒီမှာ အေးဘာလုပ်နေသလဲ"

"အေးလေ လူ့ဘဝတုန်းက မပြီးသေးတဲ့အမိဋ္ဌာန်ကိုပြီးအောင်ဆက်လုပ်နေတယ်။ ဘုရားလည်းဖူးတယ်၊ တစ်ခါတစ်ရံတော့လည်း လျှောက်လည်တယ်။ ဈေးတွေလည်းသွားကြည့်တာပေါ့လေ"

"ဟား-တယ်ဟုတ်ပါလား၊ အေးက ဘယ်သူ့ဆီမှာဝင်စားမှာလဲ"

"အမိဋ္ဌာန်က သင်္ကြန်တွင်းမှာပြီးမှာဆိုတော့ သင်္ကြန်ပြီးရင် လူပြန်ဝင်စားမယ်လို့ ရည်မှန်းထားတယ်။ ဆွေမျိုးတွေဆီမှာဝင်စားမလားလို့။ ဒါပေမယ့် ဒီတိုင်းဆက်နေရင်လည်းနေလို့ရသေးတယ်"

"ဩော်၊ ဩော်"

"မောင်လည်း ကျန်းမာရေးဂရုစိုက်နော်။ မောင်က အေးကို အမြဲစိတ်ချမ်းသာအောင်ထားခဲ့တယ်။ အေးကို ပြုစုလုပ်ကျွေးခဲ့တယ်။ အေးအတွက် တကယ်ကောင်းတဲ့ ခင်ပွန်းကောင်းတစ်ယောက်ပါပဲ။ ကျေးဇူးရှင်ပါပဲ။ ဒါပေမယ့် ကံက ဒီလောက်ပဲပါကြတာကိုး။ မောင့်အသက်ငယ်ပါသေးတယ်။ မောင်တစ်ယောက်တည်းမနေပါနဲ့။ နောက်အိမ်ထောင်ပြုချင်ပြုပါ။ အေးသဘောတူပါတယ်"

"အိမ်ထောင်မပြုတော့ပါဘူးအေးရယ်။ တစ်ယောက်တည်းဘာသာရေးလုပ်ပြီးနေရတာ ပိုပြီးငြိမ်းအေးပါတယ်။ ကဲ - ဒါနဲ့ အေးကိုတိုက်ဖို့ အချိုရည်ဘူးပါလာတယ်။ အေးအကြိုက်လေ၊ သောက်မယ်မဟုတ်လား"

"သောက်မယ်၊ သောက်မယ်လေ၊ ဟာ - အေးအကြိုက်ပဲ ပေး၊ ပေး"

ကျွန်တော် အေးသောက်ရန် အချိုရည်ဘူးကိုယူ၍ အဖုံးက လက်ကိုင်ကွင်းလေးကိုဖွင့်ပေးရာ အေးက သေချာကြည့်နေပြီး -

"ဖြည်းဖြည်းဖွင့်နော်၊ မောင်က အမြဲကပျာကယာလုပ်လို့ လက်ရှစမြဲမို့ သတိပေးရတာ။ ခုလည်း လက်ရှနေဦးမယ်"

"အေးပါ၊ ကဲ - ရော့၊ ရော့"

အချိုရည်ဘူး သောက်ရင်းက ပတ်ဝန်းကျင်ကို မျက်စိဝေ့ကြည့်လိုက်ပြီး-

"ကိုကျော်ငွေကိုလည်း ကျေးဇူးတင်ပါတယ်နော်၊ ကိုကျော်ငွေရဲ့ဆရာကို ဂရုစိုက်ပေးပါနော်"

"စိတ်ချပါ အစ်မရာ၊ ဆရာစိတ်ချမ်းသာအောင်ထားပါ့မယ်"

"ကျေးဇူးပါ၊ ကျွန်မကိုမကြောက်ကြနဲ့နော်။ ကျွန်မက လူ့ဘဝတုန်းက ကြောက်တတ်တဲ့သူဆိုတော့ ကိုယ်ချင်းစာပါတယ်။ သူများတကာတွေကိုလည်း မကြောက်မလန့်စေချင်ဘူးလေ"

ထို့နောက် အေးသည် အေးနှင့် ကျွန်တော်တို့နှစ်ယောက်တည်းသာ သိကြသော အရေးကြီးသည့်အချက်များကို မှာကြားပြီး ကျွန်တော့်ကို ကန်တော့ကာ နှုတ်ဆက်ပါသည်။ အေးလေး၏အကျင့်ပင် ဖြစ်ပါသည်။ သူခရီးသွားမည်လုပ်တိုင်း ကျွန်တော့်ကို ကန်တော့နေကျ ဖြစ်ပါသည်။ ယခုလည်း ကန်တော့ပြန်ပါသည်။ ဒီတစ်ခါတော့ ပြန်လည်မဆုံဆည်းနိုင်တော့သော သံသရာခရီးရှည်ပင် ဖြစ်ပါတော့သည်။

ထို့နောက် ဘုရားကျောင်းဆောင်ရှိရာဘက်သို့လှည့်ကာ ဘုရားကို ကန်တော့ပါသည်။ အဘကိုးမြို့ရှင်နန်းစင်ဘက်လည်း လှည့်၍ကန်တော့ပါသည်။ ပုပ္ပားမယ်တော်နှင့် မင်းနှစ်ပါးနန်းစင်ဘက်လည်းလှည့်၍ ကန်တော့ပါသည်။ ပြီးမှ -

"အေးသွားတော့မယ် မောင်"

ဟု ဆိုကာ အသံတိမ်ဝင်သွားခဲ့ပါတော့သည်။ ထို့နောက်တွင်ကား သူ၏လာရာလမ်းဆီသို့ ပြန်လည် ထွက်ခွာသွားပြီဟု ယူဆရပါသည်။

ထိုအခါ နတ်ကတော်ထံ စောစောကနတ်က ပြန်လည်ဝင်ရောက်လာပါသည်။

"မင်းတို့ဇာတ်လမ်းလေးတွေကလည်း ဗွီဒီယိုဇာတ်လမ်းလေးတွေလိုပဲနော်။ စောစောက ကောင်လေးကျတော့ သူ့ဂစ်တာကို ဘယ်သူ့မှမပေးနဲ့တဲ့။ သူ့မိန်းမကိုလည်းနောက်ယောက်ျားမယူရဘူးတဲ့။ ညီတော်တို့ကျတော့လည်း တစ်ယောက်ကို တစ်ယောက် စေတနာတွေထားလိုက်ကြတာ။ မောင်ကလည်း ငယ်ပါသေးတယ်တဲ့။ နောက်မိန်းမထပ်ယူပါ၊ ခွင့်လွှတ်ပါတယ်၊ သဘောတူပါတယ်တဲ့လေ။ အချိုရည်ဘူးဖောက်ပေးတော့လည်း လက်ရှမှာစိုးသတဲ့။ ဩော်- ကဲကဲ - အချိန်လည်းစေ့ပြီ၊ ညီတော်တို့လည်း ပြန်ကြတော့နော်"

ဒီလိုနှင့် ဘဝကူးပြောင်းသွားသည့် အေးနှင့် ပြန်လည်တွေ့ဆုံခန်းမှာ ပြီးစီးသွားပါတော့သည်။

ထိုသို့ ဘဝကူးပြောင်းသွားသူနှင့် ကျန်ရစ်သူများ တွေ့ဆုံပြောဆိုခွင့်ရရှိအောင်ဆောင်ရွက်ပေးသူမှာ ကိုယ်တော်လေးပင်ဖြစ်ပါပေတော့သတည်း။

ဘက္ကာသိုလ်ဝင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com




### ၂၀၁၅ ခုနှစ်၊ မေလအတွက်

# စီးပွားရေးဇာဒင်ဟောကိန်း


မင်းရှိန်အောင်




၁-၅-၂၀၁၅ နေ့
သာယနဇာတာခွင်




၁၁-၅-၂၀၁၅ နေ့
သာယနဇာတာခွင်




၂၁-၅-၂၀၁၅ နေ့
သာယနဇာတာခွင်

၂၀၁၅ခုနှစ် မေလ၏ ပထမ(၁၀) ရက်ကာလတွင် ရွှေဈေးကွက်၊ ကျောက်မျက်ဈေးကွက်တို့ ပုံမှန်မဟုတ်ဘဲ ဈေးတက်ဈေးကျမြန်ဆန်နေမည်။ အနုပညာလုပ်ငန်း၊ ပျော်ပွဲရွှင်ပွဲလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ မုန့်ပဲသရေစာလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ မီးဖိုဆောင်သုံးစားကုန်ပစ္စည်းလုပ်ငန်း၊ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းများ ဈေးကွက်တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ စာနယ်ဇင်းလုပ်ငန်း၊ အဝတ်အထည်လုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ မော်တော်ကားနှင့် တခြားယာဉ်ရောင်းဝယ်ရေးလုပ်ငန်းများ ကျဈေးမိဘတ်မည်။ သတ္တုတွင်းလုပ်ငန်းများ၊ ခာတ်ငွေ့နှင့်တခြားလောင်စာဆီလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ရေချိုငါးနှင့် ရေထွက်ပစ္စည်းလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်းများ တက်ဈေး၊ ကျဈေး ချိန်ဆမရဖြစ်နေမည်။ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ သစ်နှင့်သစ်ထွက်ပစ္စည်းများ ဈေးကွက်ငြိမ်နေမည်။

၂၀၁၅ခုနှစ် မေလ၏ ဒုတိယ (၁၀) ရက်ကာလတွင် ဆေးရုံလုပ်ငန်း၊ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်း၊ သစ်နှင့်သစ်အချောထည်လုပ်ငန်း၊ ရွှေနှင့်ရွှေထည်ပစ္စည်းလုပ်ငန်း၊ အနုပညာလုပ်ငန်း၊ ပညာရေးလုပ်ငန်းများ၏ ဈေးကွက်တို့အတက်၊ အကျမမှန်ကန်ဘဲ အကျဘက် ဦးတည်နေတတ်သည်။ ဓာတ်ငွေ့နှင့် တခြားလောင်စာလုပ်ငန်း၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်းတို့ ဈေးကွက်ကမောက်ကမဖြစ်နေမည်။ အစုရှယ်ယာနှင့် ငွေကြေးဈေးကွက်၊ ဆက်သွယ်ရေးပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးပစ္စည်းများ၊ လယ်ယာဥယျာဉ်ထွက်ပစ္စည်းများ၊ ဈေးနှုန်း ရုတ်တရက်ပြုတ်ကျတတ်ပြီး ချက်ချင်း တစ်ရှိန်ထိုးပြန်တက်တတ်မည်။

၂၀၁၅ ခုနှစ် မေလ၏ တတိယ (၁၀) ရက်ကာလတွင် စားသောက်ဆိုင်လုပ်ငန်း၊ အစားအသောက်ပစ္စည်းများ၊ မီးဖိုချောင်သုံးစားကုန်ပစ္စည်းများ၊ ငါးနှင့် ရေထွက်ပစ္စည်းလုပ်ငန်းများ၊ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဆေးရုံလုပ်ငန်းများ၊ လယ်ယာဥယျာဉ်လုပ်ငန်း၊ အလှအပလုပ်ငန်း၊ မော်တော်ကားနှင့်ယာဉ်လုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ မုန့်ပဲသရေစာလုပ်ငန်း၊ ဓာတုပစ္စည်းလုပ်ငန်း၊ ရွှေနှင့်ရွှေထည်ပစ္စည်းများ၊ ဈေးကွက်တက်ရိပ်မြန်ဆန်နေမည်။ ဆက်သွယ်ရေးလုပ်ငန်း၊ အင်တာနက်နှင့် တယ်လီဖုန်းလုပ်ငန်း၊ မီဒီယာနှင့်စာနယ်ဇင်းလုပ်ငန်း၊ အနုပညာလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ပျော်ပွဲရွှင်ပွဲလုပ်ငန်းများ၏ ဈေးကွက်တက်ရိပ်ရှိနေမည်ဖြစ်သော်လည်း ရုတ်တရက်ဈေးပြုတ်ကျတတ်မည်။ ငွေကြေးဈေးကွက်အတက်၊ အကျကြမ်းနေမည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ -

အလုပ်ချိန်စောစောပြီးလို့ နားနားနေနေလေး သီချင်းနားထောင်ဦးမယ်ဆိုပြီး သီချင်းခွေလေးဖွင့်ပြီးထိုင်ရုံရှိသေး- သီချင်းတစ်ပုဒ်တောင် မပြီးသေးဘူး။

"ဆရာမင်းပြည့်၊ ဆရာမင်းပြည့်" ခြံရှေ့ကလာတဲ့အသံတစ်ခု။

ဒီအသံကတော့ ဘယ်သူ့အသံလဲဆိုတာ စဉ်းစားစရာမလိုဘူး သိလိုက်ပြီ။ ထုံးစံအတိုင်း ဟိုကောင့်အသံ၊ ငယ်သူငယ်ချင်း မောင်မိုး၊ မိုးဝေလေ။

အင်း - ဒီကောင်ဘာဖြစ်လာပြန်ပြီလဲ။ ရိုးရိုးပဲလာလည်တာလား ဒါမှမဟုတ် ပြဿနာဖြစ်လာပြန်ပြီလားလို့ ပေးနေရတာ အခုမှမဟုတ်ဘူး၊ ကျောင်းတုန်းကတည်းက ထုံးစံပဲ။

အခုလည်း မိုးဝေ ရောက်လာပြန်ပြီ။

"ဟေ့ကောင်ဘာဖြစ်လာပြန်ပြီလဲ၊ လာ-ထိုင်၊ ဒီတစ်ခါလည်း မင်းမိန်းမနဲ့ ရန်ဖြစ်လာပြန်ပြီလား"

"ဟာ-ကြိုသိနေတယ်ပေါ့။ သူငယ်ချင်း ငါ့ကို ရေအေးအေးလေးတစ်ခွက်လောက်အရင်တိုက်ပါကွာ၊ မောလို့"

"ကဲ - ပြောစမ်းပါဦး၊ မင်းတို့လင်က မင်းတို့နှစ်ယောက်တော်တော်အဆင်ပြေတယ်ဆို။ ရန်မဖြစ်တော့ဘူးလို့ မင်းပဲပြောတာလေ"

"အေး - ဟုတ်တယ်၊ ငါတို့လင် မယား ရန်[illegible] အခုဟာကတော့[illegible] ရန်ဖြစ်တာ ငါအလုပ်သွားနေတဲ့အချိန် ခဏပဲနားအေးတယ်။ ပြန်လာတော့ ဆက်ပြီးပြဿနာရှာတယ်။ အလုပ်ထဲမှာ ပင်ပန်းတာကတစ်မျိုး၊ အိမ်ပြန်လာတော့လည်း အမောမပြေတဲ့အပြင် ထပ်ပြီးနားပူတယ်။ အဲဒါနဲ့ ငါလည်းစိတ်ညစ်ပြီး ဒီနေ့ မင်းဆီထွက်လာခဲ့တာ။ ဘာတွေများဖြစ်ပြန်ပြီလဲ မသိဘူး။ ငါလည်း ဘာအဆောင်မှမဆောင်ထားပါဘူး။ ဟို



တွေးရင်း တံခါးဖွင့်ဖို့အသွား လူကိုတွေ့တာနဲ့ -

"ဟဲ ဟဲ ဟဲ - ဆရာ၊ နေကောင်းလား"

ထုံးစံအတိုင်း မျက်နှာကစပ်ဖြီးဖြီး နှုတ်ခမ်းနှစ်ဖက်က နားရွက်တက်ချိတ်တော့မယ့်မျက်နှာနဲ့။

မိုးဝေ ပြဿနာဖြစ်လာပြီဆိုရင် ကျွန်တော်ပဲ ပြေလည်အောင် ဖြေရှင်း မယားဘယ်လိုတွေဖြစ်ကြပြန်ပြီလဲ။ ဟိုတစ်ခါ မင်းဆောင်ထားတဲ့အဆောင်လေးကို ငါစွန့်ပစ်ခိုင်းလိုက်ပြီးကတည်း တစ်ခါ မင်းပြောပြီးတည်းက အဆောင်ဆိုကြောက်လွန်းလို့"

"ဘယ်လိုကနေဘယ်လိုစဖြစ်တာလဲ။ ဘာကိစ္စနဲ့ပတ်သက်ပြီးရန်ဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com

တာလဲ။ မင်းမိန်းမကြည့်ရတာအေးတဲ့ပုံ ပါပဲ"

"အေး - ဟုတ်တယ်၊ အေးတာ [illegible]တော်တော်အေးတယ်။ ဒါပေမယ့် [illegible] အခုဖြစ်တာလေးနဲ့ [illegible] တော်တော်ဆိုးတယ်

"တဲဟဲ - ငါတို့နှစ်ယောက်က ငယ်သူငယ်ချင်းတွေဆိုတော့ တစ်ယောက် အကြောင်း တစ်ယောက်သိတယ်။ နှစ်ယောက်စလုံးက အေးအေးဆေးဆေး နေတတ်တဲ့ကောင်တွေလေ။ ပြီးတော့ နားပူရင်မရဘူး၊ နားပူမခံနိုင်တဲ့ကောင်တွေ ဟား ဟား ဟား"

"အခုလည်း ဒီနေ့ထပ်ပြီးပြဿနာရှာလာရင်ငါသည်းမခံဘူး။ အဲဒါကြောင့် စိတ်ပြေလက်ပျောက်ဆိုပြီး မင်းဆီလာခဲ့တာ"

"ငါ့ဆီရောက်ရင်တော့ ငါတို့ နှစ်ယောက် ရယ်စရာတွေပြောရင်းနဲ့ တာ"

"ဩော်-တော်တော်ကောင်းတယ်။ မင်းမိန်းမအလစ်မှာ [illegible] ပေါ့။ တဲ-[illegible]

[illegible] မနေ့တမနက်က[illegible] ခွေးကို လေးခွနဲ့ပစ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ရန်ဖြစ်တာပဲပေါ့။ သူနေ့တိုင်းအစာကျွေးကျွေးနေတဲ့ခွေးကို ငါက လေးခွနဲ့ပစ်လို့တဲ့ကွာ"

"မင်းက ဘာလို့လေးခွနဲ့သွားပစ်တာလဲ"

"ငါ့ဆိုင်ကယ်ရပ်ထားတာကို လာပြီးရှူးပန်းသွားတယ်လေ။ ငါက ဟဲ့ခွေး ဟဲ့ခွေးလို့အော်တာတောင် ဂရုမစိုက်ဘူး၊ အေးအေးဆေးဆေးပဲပန်းသွားတယ်။ ငါ့ကိုတောင် တစ်ချက်လှည့်ကြည့်လိုက်သေးတယ်။ ဘာဖြစ်လဲ၊ နင့်ဆိုင်ကယ်ကို ငါရှူးပန်းတယ်ဆိုတဲ့အထာမျိုးနဲ့။ ငါ

(အင်္ဂါနေ့တွင် ခိုက်နေသော [illegible] ခွေးအား [illegible]လိုက်သည့် [illegible]လာသော [illegible])

[illegible]လုပ် [illegible] နဝင်းမှာရှိတဲ့စနေဗြိုဟ် ပရိယာယ်အတိုင်း မိုးဝေဆီကို ပြဿနာ ဝင်လာတော့တာပေါ့။ စနေဆိုတာ အချိန်မသင့်ရင် ပြဿနာ[illegible]ဖြစ်လာလေ့ရှိတယ်။

"ဒီလိုကွ သူငယ်ချင်းရ၊ ငါတို့ ပညာတွေမှာရှိတယ်။ မလုပ်သင့်တဲ့ကိစ္စကို မလုပ်ရမယ့်နေ့တွေမှာ မလုပ်ရဘူးဆိုတာနဲ့ပတ်သက်ပြီး ငါတို့ပညာတွေမှာရှိတယ် သူငယ်ချင်း။ အခု မင်းက နေ့တစ်နေ့ရဲ့ မလုပ်သင့်တဲ့ကိစ္စကိုသွားလုပ်လိုက်တာကိုး၊ ဒါကြောင့်ပါ"

"ငါက နားမလည်ဘူးလေကွာ၊ မသိဘူးလေ။ ဆရာလိုသိမှမသိဘဲဆရာ

# မင်းဖြည့်

## ကံမြှင့်ခြင်းဖြင့် ကံမြှင့်ခြင်း

ရဲ့"

"အေးလေ - အဲဒါကြောင့် အခု မင်းသိအောင် ငါပြောပြတာ။ မင်းသိထားရင် နောက်ဆင်ခြင်လို့ရအောင်ပေါ့ကွာ"

"ဩော် - အေးအေး၊ နောက်ဆို ငါမှတ်ထားလိုက်ပါ့မယ်။ အင်္ဂါနေ့ဆိုရင် ခွေးကိုဘယ်တော့မှပြဿနာမရှာတော့ပါဘူးကွာ"

"အင်္ဂါနေ့မှဘာမှမဟုတ်ဘူး၊ ဘယ်နေ့မှမလုပ်ရင်တော့ကောင်းတာပေါ့ကွာ။ သတ္တဝါပဲ ဘယ်သိပါ့မလဲ။ မင်းကလည်း အဲဒီခွေးရှူးပန်းသွားတဲ့နေရာကို ရေလေးနဲ့ပက်ပြီးပြန်ဆေးလိုက်ရင် ရရဲ့သားနဲ့ သက်သက်သွားနှိပ်စက်တယ်"

"အေးပါကွာ၊ နောက်မလုပ်တော့ပါဘူး။ ငါ့ဆိုင်ကယ်ကို နောက်တစ်ခါရှူးလာပန်းရင် ငါဒီတိုင်းပဲထိုင်ကြည့်နေပါတော့မယ်ကွာ။ ပြီးတော့မှ မင်းပြောသလို ရေပြန်ဆေးလိုက်ပါ့မယ်"

သူငယ်ချင်းနှစ်ယောက် စကား

လည်း ဒေါကန်ပြီး စိတ်တိုတိုနဲ့လေးခွဆွဲပြီးကိုင်ထဲ့လိုက်တယ် ပြီးရော"


"မနေ့ကမနက်က ဟုတ်လား"

"အေး - ဟုတ်တယ်၊ မနက်စောစော"

"မနေ့ကဆိုတော့ အင်္ဂါနေ့ပေါ့"

မိုးဝေကို ဘာမှမပြောဘဲ တစ်ယောက်တည်းစဉ်းစားနေလိုက်ပါတယ်။

သူဖြစ်တာက အင်္ဂါနေ့ဆိုတော့ -




မင်းစိတ်ညစ်နေတာတွေ ပျောက်သွားမှာပါကွာ။

ဟေ့ကောင်၊ ဘာမှစိတ်ညစ်မနေနဲ့။ စိတ်ညစ်နေလို့လည်း အပိုပဲ။ ခေါင်းထဲကထုတ်ထားလိုက်။ အခုမင်းငါ့ဆီကို ထွက်လာတာကော မင်းရဲ့ချစ်ဇနီးလေးသိလား"

"တော်ပါကွာ၊ စိတ်တွေရှုပ်လွန်းလို့၊ မသိဘူး မပြောခဲ့ဘူး"

"ဟင် - မင်းထွက်လာတာကို ဒါကဘယ်လဲ၊ အလုပ်မသွားဘဲနဲ့ ဘယ်ကို သဝေထိုးဦးမလို့လဲလို့မမေးဘူးလား"

"သူဈေးသွားနေတုန်းငါထွက်လာ



www.burmeseclassic.com

www.burmeseclassic.com

ပြောရင်း စရင်းနောက်ရင်း ရယ်စရာလေးများ၊ ကျောင်းတုန်းအကြောင်းလေးများကိုပြန်ပြောရင်း -

ထုံးစံအတိုင်း မိုးဝေတစ်ယောက်-

"သူငယ်ချင်း၊ အဲဒါဆို ငါလစ်လိုက်ဦးမယ်ကွာ"

"မင်းအလုပ်ပြန်ဝင်ရဦးမှာလား"

"ဒီနေ့တစ်ရက်ခွင့်ယူထားတယ်၊ အိမ်ပဲပြန်မှာ။ နောက်မှ အေးအေးဆေးဆေးလာခဲ့မယ် သူငယ်ချင်း"

"အိုကေ၊ အိုကေ"

မိုးဝေဖြစ်သလိုမျိုး မလုပ်သင့်တဲ့ကိစ္စကို -

လုပ်လိုက်မိလို့ ပြဿနာဖြစ်ပြီး ရောက်လာတဲ့နောက်ထပ်တစ်ယောက်ကတော့ -

တစ်နေ့ သားအဖနှစ်ယောက်ထိုင်စကားပြောနေတုန်း အဒေါ်ကြီးတစ်ယောက်ရောက်လာတယ်။

နာရီကိုတစ်ချက်လှမ်းကြည့်လိုက်တော့ သူရောက်လာတဲ့အခါက ဂုရုအခါ။ သူလာတာ ဘေးနားက တစ်ယောက်တွဲလာတယ်။ သူ့သမီးဖြစ်မယ်ထင်တယ်။ ထော့နင်းထော့နင်းနဲ့ တဖြည်းဖြည်းတရွေ့ရွေ့ဝင်လာတာကို သားအဖနှစ်ယောက်ကြည့်နေရင်း အဖေက နွေးနွေးထွေးထွေးနဲ့ကြိုဆိုပြီးထိုင်ခိုင်းပါတယ်။ အဖေက အဒေါ်ကြီးရဲ့နာမည်ကို မေးလိုက်တော့ -

"ဒေါ်မြယဉ်ပါဆရာ" တဲ့။

ကျွန်တော် စဉ်းစားနေတာ၊ တနင်္လာ နဝင်းပေါ်တဲ့အချိန်မှာ ဘာဖြစ်လို့၊ ခြေထောက်ဖြစ်ရတာလဲ စဉ်းစားနေတုန်း -


အဖေကပြုံးပြီး -

"ဘာတွေများစိတ်တိုခဲ့လဲ"

လို့ အဒေါ်ကြီးကိုမေးလိုက်တယ်။

ဒေါ်မြယဉ်က အဖေ့ကို သေချာကြည့်ပြီး -

"ကျွန်မ မနေ့မနက်က အိမ်မှာအဖော်ခေါ်ထားတဲ့ တူမဝမ်းကွဲလေး ဝင်းဝင်းကို ပြောတာမလုပ်လို့၊ ပေကတ်ကတ်လုပ်နေလို့ စိတ်တိုတိုနဲ့လှမ်းရိုက်လိုက်တာ နှာခေါင်းကိုချော်ထိပြီး သွေးထွက်သွားတယ်။ ကျွန်မလည်း စိတ်မကောင်းလို့ ပြန်ပြုစုပေးပြီး ညနေကျတော့ လမ်းထိပ်မှာဈေးထွက်ဝယ်ဖို့ ဝယ်စရာလေးလည်းနည်းနည်းရှိလို့သွားမယ်အလုပ် အိမ်ရှေ့တင်ခြေခေါက်လဲတာပဲဆရာ"




ဂုရုအခါတွင် ကြားလိုက်ရသည်မှာ -

(ဗုဒ္ဓဟူးနာမည်ရှင် ဝင်းဝင်းအား စိတ်သောကရောက်စေခဲ့သည့် ဒေါ်မြယဉ်အတွက် တန်ပြန်အကျိုးဆက်သည်ကား. . . )

ဒီအကြောင်းတွေကိုတွေးရင်းနဲ့ -

နောက်ထပ် သတိရလိုက်မိတဲ့သူကတော့ ဦးချစ်ပါပဲ။

ဦးချစ်ကတော့ အဖေ့ဆီလာတာ။ ပြီးခဲ့တဲ့နှစ်လကျော်က။

သူက -

"ဆရာရယ်၊ သဘော်တက်ဖို့တွေ အားလုံးအဆင်သင့်ဖြစ်နေပြီးမှ ဘယ်လိုဖြစ်ပြီးပျက်သွားရတယ်မသိပါဘူး"

ဆိုတဲ့စကားနဲ့ ရောက်လာသူပါ။

သူလာတဲ့အချိန်က စနေ္ဓြာအခါ။ တနင်္ဂနွေကခိုက်လို့ အဖေကတော့ သူ့စကားတွေကိုနားထောင်ပြီး -

"ခင်ဗျားဦးခေါင်းမကောင်းတဲ့သူကို ငွေလည်းပေး၊ အစားအစာလည်းဝယ်ကျွေးလုပ်ရမယ်"

လို့ ပြောလည်းပြောလိုက်ရော ဦးချစ်မျက်နှာကြီးတစ်မျိုးဖြစ်သွားတယ်။


ကျွန်တော်လည်း ဦးချစ်နဲ့ အဖေ့ကို စိတ်ဝင်စားလို့ကြည့်နေတုန်း -

"ဆရာ၊တခြားယတြာမရှိဘူးလားဟင်။ ကျွန်တော် တစ်နေ့ကပဲ စိတ်မနှံ့တဲ့သူတစ်ယောက်ကို မုန့်ဝယ်ကျွေးတာ၊ သူက တော်တော်ဆိုးနေတယ် ဆရာ။ ကျွန်တော့်ကို မုန့်နဲ့ပြန်ပေါက်ပြီးရန်လုပ်လို့ ကျွန်တော်လည်း ပြန်ခုခံရင်း နည်းနည်းပြန်ထိုးလိုက်မိတာ သူနာပြီးပြန်လှည့်သွားတယ်။ ခေါင်းမူးသွားလားမသိဘူး။ ကျွန်တော်ဒါမျိုးထပ်ကျွေးရဦးမယ်ဆိုရင် နည်းနည်းလန့်နေလားလို့"

"မဟုတ်ဘူး၊ ခင်ဗျားက စိတ်မနှံ့သူကို ပြန်ပြီး အစားအစာပေး၊ ငွေပေးပြန်လုပ်မှပဲ အဆင်ပြေတော့မယ်။ ဒါတောင် တစ်ခါနဲ့မရဘူး၊ နှစ်ခါ၊ သုံးခါလုပ်ရမှာ"

လို့ အဖေက ပြောတယ်။

ဦးချစ်ကလည်း အဖေပြောတော့ ဒါဆိုရင်လည်းလုပ်ပါ့မယ်ဆိုတဲ့ပုံစံမျိုးနဲ့ အဖေ့ကိုကြည့်ပြီး ခေါင်းညိတ်ပါတယ်။




စိတ်မနှံ့သူတစ်ဦးကို မုန့်ဝယ်ကျွေးရာ စိတ်မနှံ့သူက ရန်ပြု၍ပြန်လည်ခုခံရိုက်ပုတ်လိုက်မိသောကြောင့် စိတ်မနှံ့သူအနည်းငယ်နာသွားသည်။ ဦးခေါင်းဝေဒနာရှင်အား(စိတ်မနှံ့သူ)ထိခိုက်သွားစေသောအပြုအမူကြောင့် သောကြာဂြိုဟ်ပရိယာယ်အကျိုးဆက်အရ ခရီးသွားရန်ကိစ္စများပျက်ပြားသွားခဲ့ရတယ်။

ခုဆို -

ဦးချစ်သဘော်တက်သွားပါပြီ။

ဒါတွေဟာ မလုပ်သင့်တဲ့ကိစ္စကို မလုပ်သင့်တဲ့နေ့တွေမှာလုပ်လိုက်မိလို့ ကြုံတွေ့ကြရတဲ့ အကြောင်းလေးတွေပါပဲ။

အမှတ်တမဲ့နေရင် အမှတ်တမဲ့ဖြစ်ပေမယ့် သတိထားကြည့်ရင်အဖြေရှာလို့လွယ်ပါတယ်။

ဒီအကြောင်းလေးတွေကို တင်ပြရင်းနဲ့ -

မလုပ်သင့်တဲ့နေ့မှာ မလုပ်သင့်တဲ့အကြောင်းကိစ္စဆိုတာလေးတွေကို ပြောပြပါဦးမယ်။

ဥပမာ -

- တနင်္ဂနွေနေ့မှာ စနေနံတွေကို နှိပ်စက်သလိုမပြုမိဖို့လိုသလို -
- တနင်္လာနေ့မှာ ဦးခေါင်းမကောင်းသူတွေကို မထိခိုက်စေရပါဘူး။
- အင်္ဂါနေ့မှာ - တနင်္လာ
- ဗုဒ္ဓဟူးနေ့မှာ - အင်္ဂါ
- ကြာသပတေးနေ့မှာ - ဗုဒ္ဓဟူး
- သောကြာနေ့မှာ - ကြာသပတေး
- စနေနေ့မှာ - သောကြာ ဆိုတဲ့ နံတွေ၊ ဂြိုဟ်ပရိယာယ်တွေကိုဖေးမကူညီခြင်း၊ အသက်ကယ်ဆယ်ခြင်း၊ ပေးကမ်း စွန့်ကြဲခြင်းတွေနဲ့သာ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ပါ။

*ကြိုးစားပါဦးမယ်*

မင်းပြည့်



www.burmeseclassic.com

www.burmeseclassic.com



တရုတ်ပြည်၊ ရှီအန်းမြို့အနီးက 'ကွင်'မင်းဆက်ကေရာဇ်ဘုရင်ရဲ့သင်္ချိုင်းဂူမှ
အသာဝင်ကိုအရှယ်အစား၊ တစ်ဝက်တစ်ပျက်မြုပ်နေတဲ့ မြေမီးဖုတ် အစောင့်စစ်သားရုပ်များ




# တပ်ထောင်ကာဗိုလ်ထုနဲ့ မြေအောက်ကာသင်္ချိုင်းဂူလိုဏ်

## ကိုအေးမြင့်(မဟာဝိဇ္ဇာ ရှေး-သု)

၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့ ကြေးမုံသတင်းစာမှာ နိုင်ငံတော်သမ္မတကြီးရဲ့ တရုတ်ပြည်ခရီးစဉ်ကို ဖော်ပြထားတယ်။ ၂၀ ရက်နေ့က ကူမင်းကနေ ရှီအန်းမြို့လေဆိပ်ကို ရောက်သွားသတဲ့။ အဲဒီနောက် ရှီအန်းမြို့ကနေ ကီလိုမီတာ (၃၀) အကွာ သင်ထုံအရပ်အရှေ့ဘက် ကွင့်တောင်ကုန်းရဲ့ မြောက်ဘက်တောင်ဆွယ်က ရှေးဟောင်းစစ်သည်တော်များရဲ့ ရုပ်တုပြတိုက်(Terra-cotta Muscum)ကိုသွားရောက် လေ့လာခဲ့သတဲ့။ အဲဒီစစ်သည်တော်ရုပ်တွေဟာ ချင်မင်းဆက်ရဲ့သင်္ချိုင်းဂူအတွင်းက တူးဖော်ရရှိခဲ့တာပါ။

အဲဒီသတင်းကိုဖတ်ပြီး ကိုယ်အလွန်သွားချင်ခဲ့တဲ့နေရာမို့ သတင်းစာအသာချပြီး ပြန်တွေးကြည့်နေမိရဲ့။





❑ သေခြင်းရဲ့နောက်မှာ

အနိစ္စ၊ဒုက္ခ၊အနတ္တဆိုတဲ့လက္ခဏာကြီးသုံးပါးကို နားလည်သဘောပေါက်တဲ့ ဗုဒ္ဓဘာသာဝင်များအဖို့ သေခြင်းရဲ့နောက်မှာ ဘာမှတပ်မက်တွယ်တာစရာမရှိတော့ဘူး။ ဒါကြောင့် မသေခင်မှာသာ ကုသိုလ်ကောင်းမှုတွေကိုလုပ်ကြရမယ်လို့ အကြမ်းဖျင်းနားလည်ခံယူထားကြပါတယ်။ သို့ပေမယ့် တစ်ချိန်သောအခါက ကမ္ဘာပေါ်မှာရှိတဲ့ တချို့သောဧကရာဇ်ဘုရင်တွေ၊ ကြွယ်ဝချမ်းသာသူတွေဟာ သေခြင်းကို တန်ဆာဆင်ပြီး ကြွင်းကျန်တဲ့ ရုပ်ကလာပ်တွေကို အမျိုးမျိုးသော အထူးတလည်ထားသိုမှုတွေနဲ့ ခမ်းခမ်းနားနားထားခဲ့ကြရဲ့။ တရားမရှိဘူးလို့ပြောနိုင်ပေမယ့် သူ့ခေတ်သူ့အခါ သူတို့လုပ်နိုင်သမျှနဲ့တော့ ကြီးကြီးကျယ်



www.burmeseclassic.com

www.burmeseclassic.com










တရုတ်ပြည်၊ ရှီအန်းမြို့အနီးက 'ကွင်'မင်းဆက်ကေရာဇ်ဘုရင်ရဲ့သချိုင်းဂူမှ သဘာဝပင်ကိုအရွယ်အစား တစ်ဝက်တစ်ပျက်ပြုပ်နေတဲ့ မြေမီးဖုတ် အစောင့်စစ်သားရုပ်များ၊

တရုတ်ပြည်၊ ရှီအန်းမြို့အနီးက 'ကွင်'မင်းဆက်ကေရာဇ်ဘုရင်ရဲ့သချိုင်းဂူမှ သဘာဝပင်ကိုအရွယ်အစား၊ တစ်ဝက်တစ်ပျက်ပြုပ်နေတဲ့ မြေမီးဖုတ် အစောင့်စစ်သားရုပ်များ၊



ကျယ်လုပ်ခဲ့ကြတာပါ။ သူတို့အယူအဆ၊ သူတို့မျှော်လင့်ချက်တွေနဲ့ သူတို့တော့ ဟုတ်လို့ပေါ့။

အဲဒီလို ရုပ်အလောင်းတွေကို ထည်ထည်ဝါဝါထားခဲ့ကြရာမှာ သချိုင်းဂူလိုဏ် (Chamber tomb) တွေဟာ အထင်ရှားဆုံးပါ။ သချိုင်းဂူလိုဏ်တွေကို အများဆုံး တွေ့ကြရတာကတော့ ယဉ်ကျေးမှုတွေအစောဆုံးဖြစ်ထွန်းခဲ့ကြတဲ့ တရုတ်ပြည်ကြီးနဲ့ အီဂျစ်မြစ်ဝှမ်းတွေမှာပေါ့။


**▫ကွင်သချိုင်းဂူ (Qin tomb)**

တရုတ်ပြည်ကြီးက 'ကွင်'မင်းဆက်ကေရာဇ်ဘုရင်တစ်ပါးရဲ့သချိုင်းဂူလိုဏ် (The tomb of the Qin emperor) ထဲမှာဆိုရင် မြေမီးဖုတ်အစောင့်စစ်သားရုပ်

(The army of terra-cotta soldiers) တွေကို ချည်း တပ်နဲ့ချီလို့ကို ယခုအခါမှာ ပြန်လည်တွေ့ရှိပြီး တူးဖော်ပြသထားနိုင်ခဲ့ပါပြီ။ စစ်သည်တွေသာမက မြင်းရုပ်တွေလည်း အများကြီးပါလေရဲ့။ အဲဒီသင်္ချိုင်းဂူလိုဏ်နေရာဟာလည်း တရုတ်ပြည်ကြီးရဲ့ အဓိက ရှေးဟောင်းသုတေသနနယ်မြေဖြစ်နေပါတယ်။ (Shaanxi sheng) ပြည်နယ်က ရှေးဟောင်းမြို့ကြီး (Chang'an) အနီးမှာ ရှိပါတယ်။ ဒီနေ့ခေတ်မြို့ကြီးတစ်မြို့ဖြစ်တဲ့ ရှီအန်း (Xi'an) မြို့နားမှာပါ။ ရှီအန်းမြို့နားက ရှေးဟောင်းစစ်သည်တော်များရဲ့ ရုပ်တုပြတိုက်ဟာ ယခုအခါမှာ ကမ္ဘာလှည့်ခရီးသည်တွေကို အတော်ဆွဲဆောင်နေပါပြီ။

ကွင်မင်းဆက်(The Qin dynasty) (၂၂၁-၂၀၇ဘီစီအီး)က ပထမဆုံးသော အချုပ်အခြာအာဏာရတဲ့ ဧကရာဇ်ဘုရင် (Shihuangdi) ကို မြှုပ်နှံခဲ့တဲ့ သင်္ချိုင်းဂူပေါ့။ အဲဒီမင်းဟာ အင်ပါယာကြီးကို ပေါင်းစည်းခဲ့ပြီး တရုတ်ပြည်ရဲ့ နာမည်ကျော်မဟာတံတိုင်းကြီးကိုလည်း စတင်တည်ဆောက်ခဲ့သူလည်း ဖြစ်ပါတယ်။ ၂၁၀ ဘီစီမှာ သေဆုံးခဲ့တဲ့ အဲဒီဧကရာဇ်ဟာ သူနတ်ရွာစံခဲ့ရင် မြှုပ်နှံဖို့ စတုရန်းမိုင် (၂၀) (စတုရန်းကီလိုမီတာ ၅၀) ကျယ်ဝန်းတဲ့ သင်္ချိုင်းမြေကြီးကိုလည်း ကြိုတင်ပြင်ဆင်ထူထောင်ထားခဲ့တယ်။ မင်းကြီးရဲ့သင်္ချိုင်းတော်ကို (၃၈) နှစ်ကြာမျှ တည်ဆောက်ခဲ့ရသတဲ့။ အဲဒီသင်္ချိုင်းမြေဟာ သူသေလွန်ပြီး နှစ်ပေါင်း (၂၁၀၀) ကြာတဲ့ ယခုအခါမှာတော့ ရှေးဟောင်းအမွေအနှစ်ရတနာတစ်ပါးအဖြစ် ပြန်လည်လို့ ပေါ်ထွက်လာခဲ့ပါပြီ။ ရှေးဟောင်းသုတေသီတွေက ဒီသင်္ချိုင်းမြေမှာ ပင်ကိုအရွယ်အစားအတိုင်းရှိတဲ့ ထောင်ပေါင်းများစွာသော မြေမီးဖုတ်စစ်သားရုပ်တုတွေ၊ မြင်းရုပ်တွေကို တူးဖော်တွေ့ရှိခဲ့လို့ ကမ္ဘာကပင် အံ့ဩသွားရပါတယ်။ ဒါ့အပြင် အလွန်အနုစိတ်ပြီး လှပလွန်းတဲ့ ကြေးလက်မှုပညာအစွမ်းပြကြေးထည်လက်ရာ မြင်းလေးကောင်ကတဲ့ရထား (Bronze quadriga) (Four-horse chariot) တွေလည်း တွေ့ရှိခဲ့တယ်။






ရှီအန်းမြို့အနီး 'ကွင်'မင်းဆက်ဘုရင့်သင်္ချိုင်းဂူတွင်းမှ တူးဖော်တွေ့ရှိရတဲ့ အလွန်အနုစိတ်ပြီး လှပလွန်းတဲ့ ကြေးထည်လက်ရာ သဘာဝအရွယ်ရဲ့တစ်ဝက်နီးပါး မြင်းလေးကောင်ကရထား




တရုတ်ပြည်၊ ရှီအန်းမြို့အနီးက 'ကွင်'မင်းဆက်ဧကရာဇ်ဘုရင်ရဲ့သင်္ချိုင်းဂူမှ သဘာဝပင်ကိုအရွယ်အစား၊ တစ်ဝက်တစ်ပျက်မြုပ်နေတဲ့ မြေမီးဖုတ် အစောင့်စစ်သားရုပ်များ




သမ္မတကြီးဦးသိန်းစိန် ရှီအန်း-မြင်းရထားများပြတိုက်အတွင်း လှည့်လည်ကြည့်ရှုနေစဉ်

www.burmeseclassic.com





ကမ္ဘာတစ်လွှားမှ ရှေးဟောင်းသင်္ချိုင်းဂူလိုဏ်များ





တရုတ်ပြည်၊ ရှီအန်မြို့အနီးက 'ကွင်'မင်းဆက်ကောရာဇ်ဘုရင်ရဲ့သင်္ချိုင်းဂူမှ သဘာဝပင်ကိုအရွယ်အစား တစ်ဝက်တစ်ပျက်ပြုပ်နေတဲ့ မြေမီးဖုတ် အစောင့်စစ်သားရုပ်များ



ကမ္ဘာတစ်လွှားမှ ရှေးဟောင်းသင်္ချိုင်းဂူလိုဏ်များ

သဘာဝအရွယ်အစားရဲ့တစ်ဝက် လောက်တောင်ကြီးတဲ့ မြင်းရထားအရုပ်တွေပါ။

၁၉၇၄ ခုနှစ်၊ မတ်လမှာ လယ်သမားတပ်ဖွဲ့တစ်ဖွဲ့ဟာ ရေတွင်းတူးရင်း မြေအောက်ခန်းတစ်ခန်းကို ရှာဖွေတွေ့ရှိလိုက်ကြတယ်။ အဲဒီနောက်မှာတော့ ရှေးဟောင်းသုတေသီတွေက လူ့အရွယ်အတိုင်းရှိနေတဲ့မြေမီးဖုတ်စစ်သည်တော်ရုပ်ပေါင်း (၈၀၀၀) လောက်ကို ထပ်မံဖော်ထုတ်လိုက်နိုင်တယ်။ သီးခြားအကန့်လိုက် မီးဖုတ်ထားတဲ့ အရုပ်တွေဟာ မျက်နှာတွေကလည်း တစ်ဦးနဲ့တစ်ဦး မတူအောင်ကို အသေးစိတ် ထုလုပ်ပုံဖော်ထားကြတာပါ။ မြင်းရုပ်တွေနဲ့ အဆင်တန်ဆာတွေအများကြီးတပ်ဆင်

www.burmeseclassic.com

ထားတဲ့ (ခုတော့ တစ်စစီဖြစ်သွားတဲ့) သစ်သားရထားတွေလည်း တွေ့ကြရပါတယ်။ ကြေးထည်တွေ၊ လယ်ယာသုံးထည်ကိရိယာတန်ဆာပလာတွေ၊ ကြေးနဲ့ သားရေတွေရောလုပ်ထားတဲ့ မြင်းဇက်ကြိုးတန်ဆာတွေ၊ ပိုးထည်၊ ချည်ထည်၊ ကျောက်စိမ်းနဲ့ အရိုးတွေထည်းတွေ့ရဲ့။ သုံးနေကျမဟုတ်တဲ့သတ္တု (၁၃) မျိုးလောက်ရောစပ်ပြီးလုပ်ထားတဲ့ လေး မြား၊ လှံတံနဲ့ ဓား စတဲ့ လက်နက်တွေလည်းရှိတယ်။ ဒီနေ့ထက်ထိတောင် ပြောင်လက်ချွန်မြနေသေးရဲ့။

ရွှံ့ရုပ်တွေကိုတော့ တစ်ခါက အလွန်တောက်ပတဲ့ သတ္တုရောင်တွေ သုတ်လိမ်းထားပုံပါ။ အရုပ်တွေဟာ နေစ်ကျတဲ့ တပ်မတော်ကြီးတစ်ခုရဲ့ ဖွဲ့စည်းပုံအတိုင်း အုပ်စုလိုက်ရှိနေပါတယ်။ အစီအစဉ်တကျရှိနေတဲ့ ရှေ့ပြေးလေးသမား၊ ဒူးလေးသမားတွေ၊ အပြင်ညေးက လေးသည်တော်အစုတွေ၊ ခြေလျင်တပ်သားအစုအဖွဲ့တွေ၊ လှည်းသမားတွေ၊ သံချပ်ဝတ်နောက်တန်းကအစောင့်အရှောက်တွေ စသဖြင့် အဲဒီခေတ်တပ်တော်ဖွဲ့စည်းပုံအတိုင်း ရှိနေကြပါတယ်။ ပြတိုက်တည်နေရာရဲ့ဝန်းကျင်မှာ စစ်သည်တော်ရုပ်တုတွေကို နေရာ (၃) နေရာကနေ တူးဖော်တွေ့ရှိခဲ့ရပါတယ်။ စစ်သည်တော်ရုပ်တုများ၊ စစ်လှည်းရထားများ၊ သံလက်နက်များ၊ ကွပ်ကဲရေးဌာနများကို တွေ့ရှိကြရတယ်။ စစ်သည်တော်ရုပ်တုတွေရဲ့ အရပ်အမြင့်ဟာ (၁. ၈) မီတာ (ခြောက်ပေခန့်) ရှိပြီး သူတို့ရဲ့ကိုယ်ပေါ်မှာ လေး၊ မြား၊ ပုဆိန်နဲ့ ဓားတွေကို ကိုင်ဆောင်လျက် သံချပ်တာစစ်ဝတ်စုံများလည်း ဝတ်ဆင်ထားကြရဲ့။ ရှေးခေတ်များက စစ်သည်တော်တို့ရဲ့ ဝတ်စားဆင်ယင်မှုဒီဇိုင်းကိုလည်း အဲဒီရုပ်တုတွေကတစ်ဆင့် လေ့လာနိုင်ပါတယ်။

အနီးအပါးမှာရှိနေတဲ့ခန်းမဆောင်ကြီးတွေထဲကတစ်ခုမှာတော့ ပိုသေးငယ်ပြီး ကြေးနဲ့လုပ်ထားတဲ့ ခြေလျင်စစ်သည်တော်၊ ဆင်တပ်သား၊ မြင်းတပ်သားရုပ် (၁၃၀၀) ဟာ ဝတ်စုံပြည့်နဲ့ရှိနေရဲ့။ နောက်တစ်ခန်းမှာတော့ မှူးမတ်တွေလို အဆင့်အတန်းမြင့်မြင့်ကလို့ ယူဆရတဲ့ အုပ်ချုပ်စီမံရေးအဖွဲ့ဝင် (၆၈) ယောက် အရုပ်တွေရှိတယ်။ ၁၉၇၀ ပြည့်နှစ်များအတွင်းမှာပဲ ရှာဖွေတွေ့ရှိခဲ့တဲ့ နောက်ဆုံးလိုဏ်ခန်းကြီးကတော့ ဟောင်းလောင်းပါ။ ကျိုးပဲ့ပျက်စီးနေတဲ့ အရုပ်တွေရဲ့အပေါ်နဲ့ဘေးပတ်လည်က အရာတွေကတော့ သစ်သားအမိုးအစအနတွေဖြစ်ပြီး ဘုရင်ကြီးကွယ်လွန်ပြီးနောက် မကြာခင်လေးမှာတင် မီးကျွမ်းလောင်ပြီး ပြိုကျစုပုံလာဟန်တူရဲ့။ အဲဒီဂူလိုဏ်(၄)ခုကို 'ရှိအန်းကတုတ်ကျင်း' တွေလို့ ခေါ်ကြပြီး အပေါ်ကနေ အမိုးနဲ့အုပ်ပြီး ကာကွယ် စောင့်ရှောက်လိုက်ကြတယ်။ ရှေးဟောင်းသုတေသီတွေကတော့ ဆက်လက် လေ့လာ ထိန်းသိမ်းကြပြီး 'ကွင်စစ်သည်' ရုပ်တွေကိုလည်း ဘေးကပ်လျက်မှာတင် ပြတိုက်လေးဆောက်ပြီး ပြသခဲ့ကြတယ်။ ၁၉၇၉ ခု၊ အောက်တိုဘာလ ၁ ရက်နေ့ကစပြီး ချင်မင်းဆက်ဘုရင့်သချိုင်းဂူ၊ ရှေးဟောင်းစစ်သည်တော်များ၏ ရုပ်တုပြတိုက်ကို ဖွင့်လှစ်ပြသခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာတော့ ကတုတ်ကျင်းတစ်ခုပေါ်မှာ ပြပွဲဆောင်အသစ်တစ်ခု ထပ်မံ တည်ဆောက်ပြသခဲ့ပြန်တယ်။

သချိုင်းဂူလိုဏ်ကြီးထဲမှာ မြှုပ်နှံထားတဲ့ စစ်သည်တော်ရုပ်တွေဟာ အရှေ့အရပ်ဆီကိုမျက်နှာမူပြီး စစ်ပွဲကြီးတစ်ပွဲ ချီတက်ဆင်နွှဲမယ့် အသင့်အနေအထားနဲ့တန်းစီရပ်နေကြတာပါ။သချိုင်းဂူကြီးရဲ့အပြင်နံရံကနေ တစ်မိုင်ရဲ့လေးပုံတစ်ပုံလောက်ရှည်တဲ့ လူတန်းကြီးနဲ့စောင့်ရှောက်နေကြရဲ့။ (Shihuangdi) ဘုရင်ဧကရာဇ်ရဲ့ပြိုင်ဘက်ရန်သူတော်ကြီးက အဲဒီဘက်က ချီတက်လာမှာကိုး။ ကတုတ်ကျင်းတွေရဲ့ အနားမှာလည်း ဧကရာဇ်ရဲ့သားတော်၊ သမီးတော်တွေလို့ ယူဆရတဲ့ လူသားအရိုးစု (၇) စုကို ရှာဖွေတွေ့ရှိရတယ်။ မြင်းရိုးတွေနဲ့ပြည့်နေတဲ့ မြင်းဇောင်းတစ်ခုလည်း မြေအောက်မှာတွေ့ရပြန်တယ်။ ပုံမှန်အရွယ်အစားရဲ့ တစ်ဝက်လောက်ရှိတဲ့ ကြေးနဲ့လုပ်ထားတဲ့ ရထားတွေလည်း အစုအပုံလိုက်ရှိနေတယ်။ သီးခြားသချိုင်းကုန်း (၇၀)၊ တိုင်းတစ်ပါးက တင်သွင်းထားဟန်တူတဲ့ တိရစ္ဆာန်ရုံနဲ့ အခြားသောရှေးဟောင်းပစ္စည်းတွေလည်း များစွာတွေ့ရှိခဲ့ရတယ်။

သချိုင်းဂူလိုဏ်ကြီးသက်သက်ကိုတော့ ခုထိ တူးဖော်မှုမပြုရသေးပါဘူး။ ဒါပေမယ့် အဲဒီသချိုင်းဂူလိုဏ်ကြီးကတည်ဆောက်ပြီး မကြာခင်လောက်ကပဲ ဖောက်ထွင်းခံခဲ့ရပုံပေါ်ပါတယ်။ သချိုင်းဂူလိုဏ်ကြီးဟာ ပိရမစ်ပုံလေးဖက်ချွန်းကြီးရဲ့အောက် အတွင်းဘက်နံရံအထဲမှာရှိနေဆဲပါ။ ပိရမစ်ပုံကုန်းကြီးဟာ သစ်ပင်တွေဖုံးလွှမ်းနေတဲ့တောင်ကုန်းလေးလို သဘာဝမှုရင်းအတိုင်း မြေယာမြေခင်းလှပစွာရှိနေပါတယ်။ အဲဒီကုန်းကြီးရဲ့အတွင်းထဲမှာတော့ ကြီးမားကျယ်ပြောတဲ့ မြေအောက်နန်းတော်ကြီးတစ်ခုရှိနေမယ်လို့ လူအများက လက်ခံယုံကြည်နေကြပါရဲ့။ မြေအောက်နန်းတော်ဆောင်ကြီးကို အလုပ်သမား (၇) သိန်းဟာ မလုပ်မနေရဆိုတဲ့ အတင်းအကျပ်ခိုင်းစေတဲ့ အမိန့်အာဏာနဲ့ လုံးဝဉဿုံ ပြီးစီးတဲ့အထိ (၃၆) နှစ်လောက် တပင်တပန်းဆောက်ခဲ့ကြရသတဲ့။

သမိုင်းပညာရှင်ကြီး (Sima Qian-c.145c.87 BCE) ကတော့ အခုလို မှတ်တမ်းတင်ခဲ့ပါတယ်။

ဆောက်လုပ်ရေးအလုပ်သမားတွေဟာ မြေအောက်လိုဏ်ခေါင်းကြီး (၃) ခုတူးခဲ့ကြရတယ်။ တူးပြီးတဲ့အခါမှာ ကြေးပြားတွေနဲ့ပိတ်ပြီး မြေအောက်သချိုင်းဂူလိုဏ်ကြီးကို ဖန်တီးတည်ဆောက်ကြတယ်။ နန်းတော်ကြီးတွေ၊ နန်းဆောင်တွေ၊ လွှတ်ရုံးတွေကို အဲဒီအတွင်းမှာ ပုံစံတူပြုလုပ်ကြရတယ်။ အဲဆောက်အအုံတွေအတွင်းမှာလည်း အနုစိတ်လက်ရာမြောက် အိုးခွက်ပန်းကန်တွေ၊ အဖိုးတန်ကျောက်တွေ၊ ရှားပါးပစ္စည်းတွေနဲ့ဖြည့်တင်းဆင်ယင်ခဲ့ရတယ်။ ဖောက်ထွင်းဝင်ရောက်လာမယ့်သူတွေကို အလိုအလျောက်ပစ်ခတ်ဖို့ စက်ယန္တရားတပ်ဆင်ထားတဲ့ ဒူးလေးတွေလည်း လက်မှုပညာသည်တွေကို ဖန်တီးပြုလုပ်စေပြီး တပ်ဆင်ထားတယ်။ ဧကရာဇ်ရဲ့ အင်ပါယာအတွင်းက ယန်စီမြစ်၊ မြစ်ဝါမြစ်တွေ အဆုံးစွန်ဆုံး ပင်လယ်သမုဒ္ဒရာအထိ လျှင်မြန်စွာ ရောက်ရှိစီးဆင်းသွားနိုင်တဲ့ ရေကြောတွေကို ယန္တရားတွေနဲ့ လည်ပတ်အောင်လုပ်ခဲ့တယ်။ သချိုင်းဂူလိုဏ်ကြီးရဲ့အမိုးမှာတော့ ကောင်းကင်ယံက နက္ခတ်တာရာတွေရဲ့အသွင်သဏ္ဌာန်လို တလက်လက်တောက်ပနေအောင်လို့ ဝင်းလက်တဲ့ ပုလဲတွေ စီခြယ်ပုံဖော်ယူထားရဲ့။ ရွှေစင်ငွေသားနဲ့ထုလုပ်ထားတဲ့ ငှက်ရုပ်တွေကလည်း မိုးကောင်းကင်ထဲမှာ ပျံသန်းလို့ပေါ့။ ဂူလိုဏ်အောက်ခြေမှာတော့ ကျောက်စိမ်းသားကို ထွင်းထုထားတဲ့ ထင်ရှူးပင်တွေကို စိုက်ထူပြီး ကမ္ဘာမြေပြင်ကို ဖန်တီးထားတယ်။ ဝေလငါးဆီနဲ့ဖြည့်ထားတဲ့မီးအိမ်တွေကတော့ အလိုရှိသလောက်အချိန်များတိုင်အောင် လောင်ကျွမ်းထွန်းတောက်နေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

တရုတ်ပြည် ရှီအန်းမြို့နားက အဲဒီ သချိုင်းဂူလိုဏ်ကြီးရှိရာနယ်မြေအဝန်း အဝိုင်းကြီးကို ကုလသမဂ္ဂယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကြီးဖြစ်တဲ့ ယူနက်စကို (UNESCO) က ကမ္ဘာ့ ယဉ်ကျေးမှုအမွေအနှစ်ဒေသ (World Heritage site) အဖြစ် ၁၉၈၇ ခုနှစ်မှာ သတ်မှတ် ကြေညာပေးလိုက်ပါတယ်။ ကမ္ဘာ့အံ့ဖွယ် (၈) ခုမြောက်အဖြစ်လည်း အသိအမှတ်ပြုခဲ့ကြပါတယ်။ ရှေးဟောင်းသုတေသန လေ့လာရေးတူးဖော်မှုတွေကိုလည်း အဲဒီနယ်မြေမှာ ၂၁ ရာစုနှစ်အတွင်း ဆက်လက် လုပ်ဆောင်ပေးခဲ့ကြတယ်။ သချိုင်းဂူလိုဏ်ကြီးတစ်ခုလုံး ရုပ်လုံးကြွပေါ်ထွက်လာဖို့ကတော့ နှစ်ပေါင်းများစွာကြာတဲ့အထိ ရှေးဟောင်းသုတေသီများစွာက ပူးပေါင်းလုပ်ဆောင်သွားရမှာပါ။ ဒါပေမယ့် အခုလက်ရှိတူးဖော်တွေ့ရှိရသမျှနဲ့ကို ကမ္ဘာ့ကို အံ့ဩတုန်လှုပ်စေပြီး လေ့လာစူးစမ်းချင်သူတွေကိုလည်း ဆွဲဆောင်နေနိုင်လေရဲ့။ ရှေးဟောင်းစစ်သည်တော်များရဲ့ ရုပ်တုပြတိုက်ကို ပြည်တွင်း၊ ပြည်ပကနေ နေ့စဉ်ပဲ လေ့လာသူ နှစ်သောင်းခန့်ပုံမှန်လာရောက်နေကြသတဲ့။ပြတိုက်ဝင်ကြေးကတော့ တစ်ဦးလျှင် ယွမ် (၁၅၀) ဖြစ်ပါတယ်။

အဲဒီကွင်မင်းဆက်သချိုင်းဂူလိုဏ်ကြီးရှိရာနယ်မြေရဲ့ ဝန်းကျင်မှာလည်း အခြားသော ရှေးခေတ် တရုတ်ပြည်ကြီးကို အုပ်ချုပ်ခဲ့သူများရဲ့ ဂူဗိမာန်များစွာပါရှိနေကြတယ်။ သူတို့ထဲမှာ တန်မင်းဆက် (The Tang dynasty) ရဲ့ ဒုတိယ ဧကရာဇ် (Taizong) (၆၂၆-၆၄၉ ဘီစီအီး) နဲ့ ဟန်ဧကရာဇ်-ဝူဒီ(The Han emperor-Wudi) (၁၄၁-၈၇ဘီစီအီး) တို့ရဲ့သချိုင်းဂူလိုဏ်ကြီးတွေလည်းပါကြရဲ့။

**□ အိန္ဒိယပြည်မှသချိုင်းဂူကြီးများ**

အာရှတိုက်မှာတော့ တရုတ်ပြည်က သချိုင်းဂူကြီးတွေလိုပဲ အိန္ဒိယပြည်မှာလည်း သချိုင်းဂူကြီးတွေ တွေ့ရပါတယ်။ အိန္ဒိယကသချိုင်းဂူတွေကတော့ တရုတ်ပြည်ထက် ခေတ်ပိုနောက်ကျပြီး လက်ရာတွေကလည်း ဒီခေတ်နဲ့နီးစပ်ပါတယ်။ သိပ်ရှေးမကျလှသေးတော့ တချို့ဆိုရင် ပြန်လည်မွမ်းမံလိုက်တဲ့အခါ အကောင်းအတိုင်းဖြစ်သွားပြီး ယနေ့အခါမှာတော့ ကမ္ဘာလှည့်ခရီးသည်တွေ တဖွဲဖွဲသွားရောက်လေ့လာစရာတွေတောင်ဖြစ်နေပါတယ်။ အိန္ဒိယနိုင်ငံ ဥတ္တာပရာဒက်(ရှ်) (Uttar Pradesh)ပြည်နယ်၊ အဂ္ဂရာ (Agra) မှ (Tomb of Itimad al-Dawlah) သချိုင်းဂူ၊ (Aurangabad, Maharashtra) က (Bibika Makbara tomb) သချိုင်းဂူနဲ့ တတ်(ချ်)မဟာတို့ဟာ ထင်ရှားလေရဲ့။

**□ ဂရိနိုင်ငံမှသချိုင်းဂူများ**

ဂရိနိုင်ငံ မိုင်ဆီနေး (Mycenae) မှာ ထင်ရှားတဲ့ အစောဆုံးသော တော်ဝင်မြှုပ်နှံမှုတွေကတော့ စက်ဝိုင်းပုံနှစ်ထပ်နဲ့ သချိုင်းဂူတွေပါ။ အဲဒီစက်ဝိုင်းပုံသချိုင်းဂူတွေမှာ ဗိသုကာဝိသေသလက္ခဏာ ဘာတစ်ခုမှမပါဘဲ အောက်ခံကျောက်သားကနေ လိုအပ်လို့ မတ်မတ်ထောင်ထားတဲ့တိုင်သာရှိပါတယ်။

ဗိသုကာပညာအရ ပိုအရေးပါတာကတော့ ပျားအုံပုံသချိုင်းဂူ (Beehive tomb) တွေပါ။ Tholus-Tholi လို့လည်းခေါ်တဲ့ ဒီသချိုင်းဂူတွေဟာ ရှေးဟောင်းဂရိဗိသုကာလက်ရာပါ။ Tholoi တွေကို မိုင်ဆီနေးမှာ ၁၃၅၀-၁၂၅၀ ဘီစီခေတ်က တည်ဆောက်ခဲ့ကြတယ်။ ဒီအဆောက်အအုံတွေဟာ စက်ဝိုင်းပုံ၊ ပျားအုံပုံရှိကြပြီး ထုချွန်ပုံ ဒါမှမဟုတ် အခုံးပုံ တိုးစီပေါင်းခုံးအမိုးနဲ့ ဖုံးအုပ်ထားတတ်ကြပါတယ်။ ဘေးပတ်ပတ်လည်မှာ တိုင်တွေပတ်ပြီးရှိချင်လည်းရှိတတ်ပြီး မရှိတဲ့အခါလည်း မရှိပါဘူး။ မိုင်ဆီးနီးယန်းခေတ်မှာ Tholoi တွေဟာ အခမ်းအနားကျင်းပရာ ကြီးမားတဲ့ဂူတွေပါ။ တစ်ခါတစ်ရံ တောင်ကုန်းတွေရဲ့ ဘေးမှာ တည်ဆောက်ထားတတ်ကြတယ်။ ဂရိနိုင်ငံ(Delphi)က Tholos မှာ ပတ်လည်တိုင်တွေပါတယ်။ အေသင်က အပြင်တိုင်တွေမပါတဲ့ Tholos ကို (The Athenian)ဆီနိတ်လွှတ်တော်စားသောက်ခန်းမအဖြစ်အသုံးခံခဲ့တယ်။ Epidaurus က Tholos ဟာ အပြင်ကတိုင်တွေနဲ့ပတ်ရံထားပြီး အတွင်းမှာ စက်ဝိုင်းပုံခန်းဆောင်ပါတယ်။ အဲဒီမှာအလွန်လက်ရာမြောက်တဲ့ ထုဆစ်မှုတွေလည်းရှိနေရဲ့။ အောက်ခြေပန္နက်မှာတော့ အထပ်ထပ်ရစ်ပတ်နေပြီး တံခါးပေါက်နဲ့အကန့်တွေပါတဲ့ ရစ်ရစ်ခွေခွေနံရံတွေရှိလို့ မြေအောက်ဝင်္ကပါလိုဖြစ်နေတယ်။ အိုလံပီယာက Tholos တွေကို The Philippeum လို့လည်း ခေါ်ကြတယ်။ ဒီအဆောက်အအုံကို Macedonမှ ဒုတိယမြောက် ဖိလစ်ဘုရင်က ၃၃၈ ဘီစီမှာ ဂရိတွေကို အောင်ပွဲခံနိုင်မှု အထိမ်းအမှတ်အဖြစ် ရည်ညွှန်းခဲ့တာပါ။

**အက်ထရီးယပ်ရဲ့ရတနာ (သို့) အဂ္ဂါမယ်နွန်သချိုင်းဂူ (Agamemnon)**

အဲဒီမိသားစုသချိုင်းတွေရဲ့တိုးတက်မှုဖြစ်စဉ်ကို Minoan Crete မှာ စရှာင်တွေ့ရှိရပါတယ်။ ဒါပေမယ့် အထွတ်အထိပ်ကို ရောက်သွားတာကတော့ အက်ထရီးရပ်ရတနာ (Treasury of Atreus) လို့ခေါ်တဲ့ မိုင်ဆီနေးသချိုင်းဂူတွေမှာပါ။ ၁၂၅၀ ဘီစီလောက်က နောက်အကျဆုံး တည်ဆောက်တာလို့ ယုံကြည်ကြတယ်။ ယနေ့တိုင်ရှင်သန်ဆဲ အဲဒီ မိုင်ဆီးနီးယန်းကမ္ဘာက အလွန်အလေးထားလောက်စရာမိုင်ဆီးနီးယမ်းယဉ်ကျေးမှု (The Mycenaean civilization) ဗိသုကာအဆောက်အအုံဟာ အပေါ်ကယှက်မိုးထားတဲ့ တိုးစီပေါင်းခုံး (Corbeled)အမိုးခုံးနဲ့ပါ။ ကျောက်တုံးတွေကိုဖြတ်တိုးစီပေါင်းခုံးလုပ်ပြီး အချောကိုင်ထားတာမို့ တကယ့်အမိုးတစ်ခုလို မြင်ရတယ်။ ဒီသချိုင်းဂူရဲ့အချင်းက ပေ (၅၀) ရှိပြီး အမြင့်ကတော့ အဲဒါထက်အနည်းငယ်တိုပါတယ်။ ဝင်ပေါက်က အလွန်ကြီးမားတဲ့ ကျောက်တစ်လုံးထုပ်တန်းကြီးဟာ တန် (၁၂၀) လောက်လေးပြီး (၂၉. ၅) ပေ ရှည်တယ်။ (၁၆. ၅)ပေ ကျယ်ပြီး (၃)ပေထုတယ်။ အဲဒီအထက်ကမှ ရုပ်ကြွတွေထွင်းထုထားတဲ့သုံးမြှောင့်ပုံကျောက်ပြားနဲ့ တန်ဆာဆင်ထားရဲ့။ ယခု လန်ဒန်က ဗြိတိသျှပြတိုက်ကြီးမှာရှိတဲ့ ဆက်နေတဲ့ မိုင်နိုရန်ပုံတိုင်နှစ်ခုဟာ အစိမ်းရောင်ထုံးကျောက်နဲ့လုပ်ထားပြီး ဇစ်ဇက်ပုံသဏ္ဌာန်အဆင်တွေနဲ့ တန်ဆာဆင်ထားပါတယ်။ ဒါတွေဟာ မျက်နှာစာ မြင်းမိုရ်ပိတ်ကို အကာအကွယ်ပေးခဲ့တယ်။ အဲဒီဂူကို အခမ်းအနားကျင်းပရာလမ်းကြောင်းနဲ့ချဉ်းကပ်သွားနိုင်တယ်။ ပန်းရန်လက်ရာ ကျောက်ဆစ်တုံးတွေနဲ့ အထိန်းလုပ်ထားပြီး ကောင်းကင်ရံကို ပွင့်ထွက်နေသလို စီမံထားလေရဲ့။

**□ အီဂျစ်နိုင်ငံမှသချိုင်းဂူကြီးများ**

အီဂျစ်နိုင်ငံမှာလည်း သချိုင်းဂူကြီးတွေကို ပိရမစ်ကြီးတွေအဖြစ် အများအပြား တွေ့ရှိနိုင်ပါတယ်။ ဥရောပက ရှေးဟောင်းသုတေသီများရဲ့ ဝိုင်းဝန်းကြိုးပမ်းဖော်ထုတ်မှုနဲ့ ကမ္ဘာမှာလည်း ထင်ပေါ်ကျော်ကြားလှပါရဲ့။ အီဂျစ်ရဲ့ သင်္ကေတအဖြစ်ပါ အမှတ်အသားပြုနေရပါပြီ။ အခုအခါမှာ အတော်လေးထိန်းသိမ်းစောင့်ရှောက်မှုတွေပြုလုပ်နိုင်ခဲ့လို့



www.burmeseclassic.com

www.burmeseclassic.com

ရှေးဟောင်းအမွေအနှစ်တွေကို အပျက်အစီးနည်းနည်းနဲ့ပဲ ဆက်လက်တည်တံ့နေစေခဲ့ပါတယ်။

အီဂျစ်နိုင်ငံမှာတော့ ရင်ခွဲတိုက်ဗိသုကာပညာဟာ မြင့်မားစွာ တိုးတက်ဖွံ့ဖြိုးခဲ့တယ်။ ကိန်းကြီးခန်းကြီးလည်းနိုင်တယ်။ သင်္ချိုင်းဂူဆိုတာ မိမိလေးစားရတဲ့အလောင်းတွေကို မလျော့မကန်မလုပ်နိုင်အောင် ကာကွယ်ဖို့ထားတဲ့နေရာတစ်ခုပါ။ သေပြီးတဲ့နောက်ပိုင်း ရုပ်ခန္ဓာဆက်လက်ပြီး တည်မြဲနေဖို့ စိတ်ချရတဲ့ပစ္စည်းတွေနဲ့ ထောက်ကူပြီး ထိန်းသိမ်းထားတာမျိုးလည်းရှိပါတယ်။ သင်္ချိုင်းဂူရဲ့အစိတ်အပိုင်းတွေကိုလည်း သူကို ကမ္ဘာတည်သရွေ့ မပျက်မစီးတည်နေသလိုမျိုးနဲ့ လျော်ကန်တဲ့ နောက်ဘဝတွေမှာဆက်လက်ရှင်သန်နေသလိုမျိုး မြင်ကွင်းတွေလည်း ဂရုစိုက်ဆန်ဆန်ဖန်တီးရေးဆွဲပြီး တန်ဆာဆင်ထားရဲ့။ ဘုရင်တစ်ပါးပါးဆိုရင်တော့ အဲဒီမျှော်လင့်ချက်တွေဟာ အတော်ပဲ ခြားနားပါတယ်။ သူ့အတွက်တော့ ဒီသင်္ချိုင်းဂူဟာ ယာဉ်ကြီးသဖွယ်လည်းဖြစ်ရဲ့။ အဲဒီမှာ သူလည်း တမလွန်ဘဝ ကောင်းကင်ဘုံက နတ်ဘုရားတွေနဲ့အတူ မြင့်မြတ်တဲ့ဘုံဘဝမှာရောက်ရှိနေထိုင်ရမြဲပေါ့။

BURMESE CLASSIC

အီဂျစ်သင်္ချိုင်းဂူအများစုဟာ အခြေခံအစိတ်အပိုင်းနှစ်ခုနဲ့ ဖွဲ့စည်းတည်ဆောက်ထားကြတယ်။ မြှုပ်နှံထားရာ ခန်းမဆောင် (The burial chamber) နဲ့ ဝတ်ပြုဆုတောင်းဖို့ သီးသန့်နေရာ (The chapel) တို့ပဲ ဖြစ်ကြတယ်။ ဝတ်ပြုဆုတောင်းခန်းမှာ သေသူအတွက် ပူဇော်လှူဒါန်းတာတွေလုပ်နိုင်တယ်။နန်းသုံးသင်္ချိုင်းတွေမှာတော့ ဒီဝတ်ပြုခန်းဟာ တိုးတက်ပြောင်းလဲလာပြီး သုသာန်ဘုရားကျောင်း (Mortuary temple) ဖြစ်လာပါတယ်။ နန်းစဉ်သစ်ခေတ်ရောက်တဲ့အခါ အဲဒါကို သီးခြားတည်ဆောက်လာကြပြီး သင်္ချိုင်းနဲ့အတော်အသင့်ဝေးတဲ့နေရာမှာ တည်ထားကြရဲ့။ နောက်တော့ သင်္ချိုင်းအဝန်းအဝိုင်းနဲ့တောင်မဆိုင်တော့အောင်ဖြစ်သွားပါတယ်။

**၁ အီဂျစ်တော်ဝင်သင်္ချိုင်းဂူများ**

ရှေးအကျဆုံး နန်းဆက်တွေမှာ ဘုရင်နဲ့ အဆင့်မြင့် မှူးမတ်ကြီးတွေရဲ့ သင်္ချိုင်းဂူတွေကို ရွှံ့အုတ်တွေနဲ့ ပြုလုပ်ထားကြတယ်။ အဲဒီအုတ်တွေရဲ့အရွယ်အစားတွေကတူနေလို့ ခွဲခြားရခက်ရဲ့။ Abydos မှာရှိတဲ့ ဂူတွေဟာ ဘုရင့်သင်္ချိုင်းဂူတွေဖြစ်ပြီး Saqqarah က ဂူတွေကတော့ ဂုဏ်သရေရှိပုဂ္ဂိုလ်တွေရဲ့ ဂူတွေပါ။ ဂုဏ်သရေရှိပုဂ္ဂိုလ်တွေရဲ့ဂူတွေဟာ ပိုမိုထိန်းသိမ်းထားသလိုရှိပြီး အပေါ်အဆောက်အအုံက လေးထောင့်ပုံပါ။ ဒီဂူတွေရဲ့ဘေးတစ်ဖက်တစ်ချက်ကိုတော့ အစဉ်လိုက်ရှိတဲ့ အဖြူရောင်မှန်ကပ်တွေနဲ့တည်ဆောက်ထားကြရဲ့။ ပြီးတော့ ထူးခြားဆန်းပြားပေမယ့် မတော်က်ပတဲ့ ဒီဇိုင်းတွေနဲ့လည်း တန်ဆာဆင်ထားကြတယ်။ ကြီးမားတဲ့အပေါ်ယံအဆောက်အအုံတွေအောက်က မြေကြီးထဲမှာ သေဆုံးသူအတွက်အစားအစာနဲ့ အသုံးအဆောင်ပစ္စည်းတွေထည့်ထားပေးဖို့လည်း အခန်းခန်းတွေဖွဲ့ထားကြတယ်။

တတိယနန်းဆက်ရဲ့ဒုတိယဘုရင် (Djoser) ရဲ့ အဆင့်ဆင့်ဆောက်လုပ်ထားတဲ့ ပိရမစ်ကြီးကို Saqqarah က (Memphis) မြို့တော်ကို အပေါ်စီးက လှမ်းမြင်နေရတဲ့ ကြီးမား ကျယ်ပြန့်တဲ့အဝန်းအဝိုင်းကြီးထဲမှာ တည်ဆောက်ထားပါတယ်။ ကျောက်တုံးတွေသယ်ယူလာပြီး သုံးစွဲခဲ့တယ်။ ကျောက်တုံးတွေနဲ့ အဆင့်(၆)ဆင့်ရှိ ကြီးမားလွန်းတဲ့အရွယ်အစားအထိ ကြိုးပမ်းတည်ဆောက်မှု၊ (၁၇၈၄)ပေ×(၉၀၉)ပေ အကျယ်အဝန်းကြီးမှာ ထုံးကျောက်တွေသုံးပြီး တစ်နံတစ်လျား ရှည်လျားတဲ့ တံတိုင်းကြီးခတ်နိုင်မှုနဲ့ များစွာသော အစီအရီရှိနေတဲ့ အဆောက်အအုံပုံစံတူတွေက အံ့သြချီးကျူးစရာပါ။ အဲဒီသဏ္ဌာန်တူအဆောက်အအုံတွေဟာ ဝတ်ပြုဆောင်များဖြစ်ပါတယ်။ အဲဒီမှာ အီဂျစ်ကျောက်ဆစ်ပညာရှင်တွေဟာ ကျောက်တွေသုံးပြီး သူတို့ရဲ့ ရှေးကသစ်သားနဲ့ဆောက်လုပ်ခဲ့တဲ့ပုံတွေကို ပြန်လည် ဖော်ထုတ်တည်ဆောက်ခြင်းဖြင့် ဗိသုကာတစ်ခေတ်ကို ထွန်းသစ်စေခဲ့ကြတယ်။ အကောင်းဆုံး ဘုရင့်ရုပ်ကြွတွေနဲ့ တံတိုင်းတစ်လျှောက် ရှည်လျားစွာ လက်ရာမြောက်ပြုလုပ်ထားပြီး ထူးထွေဆန်းပြားတဲ့ စဉ့်သုတ်နံရံရှည်ကြီးတွေဟာလည်း မြေအောက်မှာ မြင်တွေ့ခဲ့ရတဲ့ အံ့ချီးဖွယ်တီထွင်ဖန်တီးမှုများပေပဲပေါ့။

**ဘုရင့်တောင်ကြား-ဘုရင့်ဂူသင်္ချိုင်းတောင်ကြား(Valley of the Tombs of the Kings)**

ဒီရှည်လျားကျဉ်းမြောင်းတဲ့တောင်ကြားလမ်းကျဉ်းလေးဟာ အီဂျစ်ပြည်အထက်ပိုင်း နိုင်း(လ်)မြစ်ရဲ့ အနောက်ဘက်လေးမှာကပ်ပြီးတည်ရှိနေပါတယ်။ ဒါဟာ ရှေးဟောင်းမြို့တော် သဘီး (Thebes) ရဲ့တစ်စိတ်တစ်ပိုင်းလည်းဖြစ်တယ်။ ဒီနေရာမှာ ၁၈၊ ၁၉ နဲ့ ၂၀ နန်းဆက် (၁၅၃၉-၁၀၇၅ ဘီစီ) ခေတ်က ပထမမြောက် (Thutmose I) ဘုရင်ကနေ ဒသမမြောက် (Ramses X) ဘုရင်အထိ ဖာရိုးဘုရင်များကို မြှုပ်နှံထားပါတယ်။ (Dayral-Bahri) နောက်နားက တောင်ကုန်းတွေမှာ သင်္ချိုင်းဂူ (၆၂) ဂူဟာ ကွဲပြားခြားနားတဲ့ ပန္နက်ပုံတွေ၊ အဆင်တန်ဆာတွေနဲ့ တည်ရှိနေတာပါ။

နန်းဆက်သစ် (၁၅၃၇ - ၁၀၇၅ ဘီစီ) ရဲ့ ဘုရင်တွေဟာ သူတို့ရဲ့ ကြွယ်ဝချမ်းသာစွာ မြှုပ်နှံထားတာတွေရဲ့ လုံခြုံမှုကို အတော်လေးစိုးရိမ်နေခဲ့ကြတယ်။ အဲဒါနဲ့ အနောက်ဘက်တောင်ကုန်းတွေကြားက သီးသန့်ဆန်တဲ့တောင်ကြားလေးမှာ သူတို့ရဲ့သင်္ချိုင်းဂူတွေကို တစုတဝေးတည်း လုံလုံခြုံခြုံထားဖို့ စီမံကိန်းအသစ်တွေချမှတ်ခဲ့တယ်။

အဲဒီမှာ တောင်ရဲ့အတွင်းကို နက်နိုင်သမျှနက်အောင်တူးဝင်ရင်း သင်္ချိုင်းဂူထွင်းကာ အလောင်းတွေကိုမြှုပ်နှံခဲ့ကြတယ်။ ဖာရိုးဘုရင်တွေ၊ များစွာသော မိဖုရားတွေ၊ အဆင့်မြင့်မှူးမတ်အချို့နဲ့ ဘုရင်ဒုတိယမြောက် ရမ်ဆီရဲ့ များစွာသော သားတော်တွေကို မြှုပ်ခဲ့ကြတာပါ။ သင်္ချိုင်းဂူတွေရဲ့ပန္နက်တွေက သိသိသာသာ အမျိုးမျိုးခြားနားနေပေမယ့် မဖြစ်မနေလိုအပ်တဲ့ အဆင်းစင်္ကြံလမ်းတွေ၊ သူခိုးဓားပြတွေကို အခက်တွေ့စေမယ့် တွင်းခေါင်းတွေ၊ တိုင်လုံးပါတဲ့ခန်းမဆောင်တွေနဲ့ စမုတ်ဆောင်တွေရှိတာတော့တူကြတယ်။ စင်္ကြံလမ်းရဲ့ဟိုးအဆုံးမှာတော့ ကျောက်တလားတွေနဲ့ မြှုပ်နှံထားတဲ့လိုဏ်ကြီးရှိပါတယ်။ အဲဒီမှာ တော်ဝင်မံမီရုပ်အလောင်းတွေကို မြှုပ်နှံထားတယ်။ သိမ်းဆည်းထားသိုရာလိုဏ်ခေါင်းတွေမှာ နောင်တမလွန်ဘဝကျရင် ဘုရင်မင်းမြတ်တွေ အသုံးပြုနိုင်ဖို့ ပရိဘောဂတွေ၊ လက်နက်အသုံးအဆောင်တွေလည်း တစ်ပုံတစ်ခေါင်းပါ။

နံရံတွေမှာတော့ အများအားဖြင့် ပန်းပုကျောက်ဆစ်ရုပ်တွေ၊ နတ်ဘုံနတ်နန်းမှာ ရောက်ရှိစံမြန်းနေတဲ့ နတ်ရွာစံဘုရင်ကြီးရဲ့ လက်ရှိအနေအထားကို ထင်ဟပ်ရေးဆွဲထားတဲ့ ပန်းချီမြင်ကွင်းတွေ၊ အပလောကရဲ့ နတ်ဘုရားတွေ၊ အသုဘပြန်တမ်းကျူရိုးစာမှာလို ဂမ္ဘီ



www.burmeseclassic.com

www.burmeseclassic.com

အရေးအသားတွေနဲ့သရုပ်ဖော်ပုံတွေနဲ့ မရဏာလောကမှ ဒေသသစ်တွေကိုသွားရမယ့် သေသူရဲ့ခရီးမှာ လမ်းပြကူညီမယ့် လမ်းညွှန်ဒီဇိုင်းပုံတွေရှိနေပါရဲ့။ အဲဒီမှာ ရေးသားချက်တွေအများကြီးရှိနေပေမယ့် တမလွန်ဘဝမြင်ကွင်းများကတော့ သိပ်မခြားနားကြပါဘူး။ အဲဒီမှာ ဘုရင်မင်းမြတ်ဟာ အခက်အခဲတွေကို ကျော်လွှားပြီး အောင်မြင်ရောက်ရှိသွားတာချည်းပါပဲ။ နမူနာအားဖြင့် 'အပလောကမှာ ရှိနေတာတွေအကြောင်း" စာစုမှာ မင်းကြီးဟာ နေဘုရားရဲ့လှေနဲ့ အဲဒီခရီးကိုသွားခဲ့တယ်။ ညပိုင်း (၁၂) နာရီကိုကိုယ်စားပြုတဲ့နယ်မြေကြီး(၁၂)ခုကိုဖြတ်သန်းပြီး'ဂိတ်တံခါးများအကြောင်း' မှာတော့ ဧရာမမြွေနဂါးကြီးဟာ နေမင်းဆီသွားရာ မှုခ်တွေမှာ စောင့်ရှောက်နေရဲ့။ ထူးဆန်းတဲ့ဘီလူးသရဲတွေကကူညီပြီး လှေကို လမ်းခရီးမှာ ကိုယ်ယောင်ဖျောက်ပေးကြတယ်။ အခြားအသုဘလက်ာဖြစ်တဲ့နေ့များရဲ့မှတ်တမ်းနဲ့ညများရဲ့မှတ်တမ်းတို့လည်းရှိတယ်။ အဲဒီမှာ သရုပ်ဖော်ထားတာက မိုးကောင်းကင်နတ်ဘုရားမ-နတ်(Nut)ဟာ ကောင်းကင်ဘုံကို ခရီးဆန့်နေတယ်။ ဒ့ါအပြင် ကောင်းကင်ဘုံကနွားမှတ်တမ်းမှာတော့ နတ်ဟာ နွားအဖြစ်ပုံစံပြောင်းပြီး မင်းကြီးက အဲဒီပေါ်ကနေ အဇ္ဈာတစ်ခွင်ကို တက်ရောက်သွားတာမျိုးတွေပါနေရဲ့။ မြှုပ်နှံသင်္ဂြိုဟ်ရာ လိုဏ်္ဂနန်းတွေရဲ့ မျက်နှာကြက်မှာ အများအားဖြင့် စကြဝဠာရဲ့ နက္ခတ်တာရာဖွဲ့စည်းပုံတွေကိုလည်း ရေးဆွဲတန်ဆာဆင်တတ်ကြရဲ့။

တောင်ကြားထဲက သချႋုင်းဂူအားလုံးနီးပါးဟာ ရှေးဟောင်းပစ္စည်းတွေကုန်သလောက်ရှိနေပါပြီ။အချို့ကတော့ မင်းဆက်သစ်တွေလက်ထက်မှာကတည်းက တချို့ခိုးယူဖောက်ထွင်းခံခဲ့ရပုံပါ။ ဒါပေမယ့် အားလုံးဟာ (၂၁) ဆက်မြောက်နန်းဆက်ထဲက တော်ဝင်မံမီရုပ်အလောင်းတွေကို ကာကွယ်စောင့်ရှောက်ဖို့ကြိုးပမ်းရင်း ပစ္စည်းတွေကို စနစ်တကျအပြောင်ရှင်းခဲ့ကြဟန်ရှိတယ်။ ပြီးတော့ ကြွယ်ဝများပြားတဲ့ အသုဘပစ္စည်းတွေကို တော်ဝင်ရတနာတွေအဖြစ်ပြန်သုံးခဲ့ကြပုံလည်းရတယ်။ ပထမရာစုနှစ် ဘီစီခေတ်မှာ ဂရိခရီးသွားတွေဟာ သချႋုင်းဂူ (၄၀) လောက်ကို သွားရောက် လည်ပတ် လေ့လာနိုင်ခဲ့တယ်။ ဂူသချႋုင်းများစွာကို (Coptic monks) ဘုန်းတော်ကြီး



တွေက ပြန်သုံးခဲ့ကြလို့ သူတို့ရဲ့ အရေးအသားတွေကို တောင်ဂူနံရံတွေမှာ တွေ့ရှိခဲ့ရတယ်။ ၁၃၃၃-၂၃ ဘီစီအီးအတွင်း အုပ်စိုးခဲ့တဲ့ ဘုရင်တူတန်ခမန်ရဲ့ သချႋုင်းဂူလေးတစ်ခုသာ တောင်ကြားမြေပြင်မှာ တည်ရှိနေပါတယ်။ နောက်ပိုင်းကျတဲ့ သချႋုင်းဂူတွေက ကျောက်တုံးအပုံတွေ စုပုံဖုံးလွှမ်းရင်း အကာအကွယ်ပေးထားသလိုဖြစ်သွားလို့ စစ်အတွင်းကာလမှာ စစ်သားတွေဖျက်ဆီးမှုရန်က လွတ်ကင်းသွားတာပါ။ တူတန်ခမန်သချႋုင်းဂူကနေ အံ့သြဖွယ်ကောင်းလှတဲ့ ရတနာတွေကို ၁၉၂၂ ခုနှစ်မှာ အလောင်းဖော်ရင်း ရခဲ့ကြတယ်။ အဲဒါတွေကို ခုကိုင်ရိုမြို့က အီဂျစ်ပြတိုက်ကြီးမှာပြသထားရှိပါတယ်။ ဒီရတနာတွေက အင်ပါယာရဲ့ မဟာဖာရိုးဘုရင်တွေကောင်းစားစဉ်က မြှုပ်နှံတဲ့အခါမှာတောင် ဘယ်လောက်ကြွယ်ဝမှုရှိတယ်ဆိုတာကို အထင်အရှားပြနေရဲ့။ အရှည်ဆုံးသချႋုင်းဂူဖြစ်တဲ့ ဂူအမှတ်-၂၀၊ မိဖုရား (Queen Hatshe-psut) (နန်းစံ၁၄၇၂-၅၈ဘီစီ) ကို မြှုပ်နှံရာ သချႋုင်းဂူလိုဏ်ဟာ အဝင်ပေါက်ကနေ ပေ (၇၀၀) နီးပါးရှည်ပြီး ကျောက်သားထဲကို ပေ (၃၂၀) လောက် ထိုးဝင် စူးနစ်နေရဲ့။

ဘုရင်များတောင်ကြားမှာ အကြီးဆုံးနဲ့ အစုအဝေးအများဆုံးဖြစ်တဲ့အမှတ် (၅) ဟာ (၁၉)ဆက်မြောက် မဟာဘုရင်ကြီး ဒုတိယမြောက်ရမ်ဆီ(နန်းစံ ၁၂၇၉-၁၃) ရဲ့ သားတော်များစွာကို မြှုပ်နှံဖို့ တည်ဆောက်ထားတာပါ။ အဲဒီဂူကို အစောပိုင်းကတည်းက တွေ့ရှိခဲ့ပေမယ် လို့ အရေးမပါလှဘူးထင်ပေမယ့် ၁၉၈၀ ပြည့်နှစ်တွေမှာ တစ်ဖန်ပြန်အာရုံစိုက်ခဲ့ကြပြီး ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှာတော့ တူးဖော် လေ့လာခဲ့ကြတယ်။ သချႋုင်းဂူရဲ့ အပေါ်ဆုံးနှစ်ထပ်မှာတော့ အလယ်မှာ တိုင်ထောက်ထားတဲ့ ခန်းမကြီးနဲ့ ဂူလိုဏ်ဒါဇင်များစွာကိုရောက်တဲ့ စင်္ကြံတွေအများအပြားတွေ့ကြရတယ်။

**မဟေသီတောင်ကြား (Valley of the Queens) သို့မဟုတ် မိဖုရားသချႋုင်းဂူများတောင်ကြား**

ဒီနေရာဟာ အီဂျစ်နိုင်ငံအထက်ပိုင်း နိုင်း(လ်)မြစ်ရဲ့ အနောက်ဘက်ကမ်းပါးတစ်လျှောက်က တောင်တန်းတွေရဲ့လှိုဏ်ဇောက်တွေမှာရှိနေပါတယ်။ ဒါဟာ ရှေးဟောင်းသဘီးမြို့ရဲ့တစ်စိတ်တစ်ပိုင်းလည်းဖြစ်တယ်။ ဒီနေရာဟာ ၁၉-၂၀ နန်းဆက် (၁၂၉၂-၁၀၇၅ ဘီစီ) ခေတ်က မိဖုရားတွေကိုမြှုပ်နှံရာ သချႋုင်းမြေပါ။ တချို့သော တော်ဝင်ကလေးသူငယ်တွေကိုလည်း ဒီမှာပဲမြှုပ်တယ်။ မိဖုရားတွေရဲ့ ရှေးသချႋုင်းဟောင်းကြီးဟာ ဘုရင်တတိယမြောက် ရမ်ဆီ (၁၁၈၇-၅၆ ဘီစီ) ရဲ့ ဂူသချႋုင်းဘုရားကျောင်းအနောက်ဘက် (၁. ၅) မိုင်အကွာမှာရှိပါတယ်။ အဲဒီမှာ ထင်ရှားတဲ့ သချႋုင်းဂူပေါင်း (၉၀) ကျော် ရှိတယ်။ သချႋုင်းဂူတွေမှာ အများအားဖြင့် အဝင်လမ်း၊ ခန်းမတိုလေးအချို့နဲ့ ကျောက်တလားထားတဲ့ အခန်းတွေရှိကြတယ်။ အစောဆုံး သချႋုင်းဂူကတော့ ပထမမြောက် ရမ်ဆီဘုရင်ရဲ့မိဖုရား (Sitre) သချႋုင်းဂူလို့ ယူဆရပါတယ်။ အထင်ရှားဆုံးသချႋုင်းဂူကတော့ (Nefertari)၊ နာမည်ကျော် ဒုတိယမြောက် ရမ်ဆီဘုရင့်မိဖုရား၊ မင်းသမီး (Princes Kha-emwese)၊ (Amonhirkhopscf)နဲ့ (Titi) မိဖုရားဂူတွေပါ။

၁၉၇၉ ခုနှစ်မှာတော့ ကုလသမဂ္ဂယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကြီး ယူနက်စကိုက အဲဒီ မိဖုရားတောင်ကြား၊ ဘုရင့်တောင်ကြား၊ (Kar-nak)၊ (Luxor)နဲ့ အခြားနေရာတွေကို စုပေါင်းပြီး ရှေးမြို့ဟောင်း သဘီးရဲ့ တစ်စိတ်တစ်ပိုင်းအနေနဲ့ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နယ်မြေဒေသစာရင်း (The World Heritage List) မှာ ထည့်သွင်းသတ်မှတ်ခဲ့ပါတယ်။ အဲဒီယဉ်ကျေးမှုအမွေအနှစ်ဒေသစာရင်းမှာ ပါဝင်ဖို့ မြန်မာနိုင်ငံက ပျူမြို့ဟောင်းတွေနဲ့ ပုဂံမြို့ဟောင်းကတော့ ကြိုးပမ်းတင်ပြနေဆဲပါ။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

**စာကိုး -**

*Encyclopædia Britannica;*

www.burmeseclassic.com



စာရေးသူဟာ လူပျိုဘဝတုန်းက ဘာသာရေးနှင့်ပတ်သက်ပြီး အရမ်းကို ခေါင်းမာခဲ့ဖူးပါသည်။ ပုဂ္ဂိုလ်တွေ၊ နတ်တွေ၊ ဘိုးတော်တွေဆိုလျှင် အယုံအကြည်မရှိသဖြင့် လှည့်တောင်မကြည့်ခဲ့ပါ။ တစ်ယူသန်စိတ်ထားခဲ့သူပါ။

ယခုတော့လည်း အဲသည်စိတ်ခာတ်တွေမရှိတော့သည့်အပြင် ရှင်ဥပ္ပ

ပြီး ရေးသား တင်ပြလိုက်ပါသည်။

စာရေးသူဟာ အိမ်ထောင်ကျပြီးနောက် သားဦးလေးတစ်ယောက် စတင်မွေးဖွားပါသည်။ သားလေးဟာ ညဆိုလျှင် အရမ်းငိုလွန်းလို့ လင်မယားနှစ်ယောက်စလုံး ပင်ပန်းခဲ့ရပါသည်။ ဆွေမျိုးအသိုင်းအဝိုင်းတွေက အနီးနားမှာမရှိတော့ ဘယ်သူ့ကို အကူညီတောင်းပြီး ဘာလုပ်ရမှန်းမသိဖြစ်နေတဲ့အချိန်ပေါ့။ အမျိုးသမီးက စည်ပင်သာယာဝန်ထမ်းဆိုတော့ သူနေခွင့်ရသည့်ဝန်ထမ်းလိုင်းခန်းမှာ စာရေးသူလည်း အတူတူလိုက်

# နေဦး
## (အ.ထ.က-၂ ဒေါင်ဆန်း)
# တစ်ယူသန် အယူမှန်ပြီး

ဂုတ္တ၊ ရှင်သီဝလိရဟန္တာမထေရ်မြတ်နှင့် တကွ ခေါင်းရင်းထောင့်ဘက်မှာ ဘုရားကျောင်းဆောင်ထက် နည်းနည်းနိမ့်ပြီး အိမ်တွင်းစင် (အိမ်တွင်းအုန်း) တို့ကိုပါ ယုံယုံကြည်ကြည်နှင့်ကိုးကွယ်နေမိပါပြီ။ နောက်ဆုံး လမ်းကြုံလျှင် ရန်ကုန်မြို့ပန်းဆိုးတန်းလမ်းမှာရှိတဲ့ ကာလီမာမယ်တော်ဆီကိုတောင် ကန်တော့ပွဲသွားပေးဖြစ်ပါသေးသည်။

အဲသည်လို သဘောထားပျောပျောင်းလာရသည့် အကြောင်းရင်းတွေထဲကမှ အိမ်တွင်းနတ် (အိမ်တွင်းအုန်း) ဆွဲဖြစ်ခဲ့ရသည့်အကြောင်းကို ကိုယ်တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်လေးနှင့် ယှဉ်

နေခဲ့ရတာပါ။ စည်ပင်ဝန်ထမ်းလိုင်းခန်းတော်တော်များများဟာဆိုလျှင် သချိုင်းဟောင်းတွေကိုဖျက်ပြီး ဆောက်လုပ်ထားတာပါ။ ယခု စာရေးသူတို့နေတဲ့ နေရာဟာလည်း သချိုင်းမြေနေရာပါပဲ။

သည်လိုနှင့် ထုံးစံအတိုင်း ညညဆိုလျှင် ကလေးငိုသံကြားတော့ ဘေး



www.burmeseclassic.com

www.burmeseclassic.com

ပတ်ဝန်းကျင်အိမ်တွေလည်း ကောင်းကောင်းမအိပ်ကြရဘူး ထင်ပါသည်။ နံနက်လင်းတော့ ဘေးပတ်ဝန်းကျင်အိမ်က လူကြီးပိုင်းတွေ စာရေးသူအိမ်ကို သတင်းလာမေးကြပါသည်။

"ကလေးက ညတိုင်းပဲ ငိုတယ်နော်။ ဘာဖြစ်တာလဲ"

"ဘာဖြစ်မှန်းမသိပါဘူး ဦးလေးတို့ရယ်။ ကျွန်တော်တို့ကလည်း အခုမှကလေးတစ်ယောက် စပြီးမွေးဖူးတာမို့ ဘာလုပ်ရမှန်းမသိဘူးဖြစ်နေတာပါ"

"မင်းတို့ ကလေးကို ဆေးခန်းသွားမပြဘူးလား"

"သွားပြတာပေါ့ဗျာ၊ လေဆန်နာပါလို့ ဗိုက်အောင့်ပြီးငိုတာဆိုပြီး ဆေးတွေလည်းစုံ၊ ဆေးခန်းလည်းစုံလို့ပေါ့။ ဘာမှထူးခြားမလာဘူး"

ထိုအချိန်တွင် အားလုံးထဲက အသက်အကြီးဆုံးဖြစ်တဲ့ ဦးလေးကြီးတစ်ယောက်က -

"ဒါဆိုရင်တော့ မင်းတို့အိမ်မှာ အုန်းဆွဲရမယ်"

"ဟာ - ဦးလေး၊ အဲဒါတော့ မဖြစ်နိုင်ဘူးထင်တယ်"

"ကျွန်တော်တို့မျိုးရိုးမှာ အုန်းဆွဲတဲ့သူတစ်ယောက်မှမရှိဘဲနဲ့ ကျွန်တော်တို့တောင် ဒီအရွယ်ထိရောက်ခဲ့သေးတာပဲ"

"မဟုတ်သေးဘူး ငါ့တူရဲ့"

"မင်းတို့ငါတို့ အခုနေတဲ့နေရာက သချိုင်းဟောင်းမြေနေရာဆိုတော့ မြေကြမ်းတယ်ကွ"

"ကျွန်တော့်ရဲ့သားလေးငိုတာနဲ့ အခု ဦးပြောတာ ဘာများပတ်သက်လို့လဲ"

"ဒီလိုကွ၊ ဦးလေး မင်းကို ရှင်းပြပါ့မယ်"

"ဟုတ်ကဲ့ပါ"

"အိမ်တွင်းအုန်း (အိမ်တွင်းနတ်) ဆိုတာ အိမ်ထဲကို အတိုက်အခိုက်တွေ၊ မကောင်းဆိုးဝါးတွေ ဝင်မလာအောင် တားဆီးပေးတယ်ကွ။ ဦးလေးတို့ ဖြတ်သန်းလာတဲ့အတွေ့အကြုံအရပြောရရင် ကလေးငယ်ရှိတဲ့အိမ်ဆိုရင် အိမ်တွင်းအုန်းဆွဲကိုဆွဲရတယ်။ ဒီမြေနေရာအနေအထားကို ဦးလေးတို့က နေလာတာကြာပြီမို့ သဘောပေါက်နေပါပြီ။ ငါ့တူရဲ့သားလေး ညညမငိုရအောင် ဦးလေးတို့က အတွေ့အကြုံနဲ့ယှဉ်ပြီး ပြောပြတာ"

ဒါနဲ့ စာရေးသူ အိမ်ကအမျိုး



သမီးကို လှမ်းကြည့်တော့ သူ့ပုံစံက သားအပေါ် ကရုဏာစိတ်ကြောင့် ထိုဦးလေးကြီးပြောတာကို လက်ခံချင်ပုံရပါသည်။

"မိန်းမရေ မင်းတို့မိဘအိမ်တွေမှာကော အဲဒီလိုနတ်စင်တွေရှိလား"

"ရှိတာပေါ့။ မိဘအိမ်မှမဟုတ်ဘူး ဆွေမျိုးတွေ၊ အပေါင်းအသင်းတွေ ကြုံကတဲ့အိမ်ပေါ် တက်ကြည့် အဲဒီနတ်စင်ရှိတယ်"

"ဟေ - ဟုတ်လား"

"ဟုတ်တယ်"

ဟု စာရေးသူဇနီးဟာ ကလေးတစ်ဖက်ချီရင်းက စာရေးသူကို စိတ်မရှည်သလိုလေသံနှင့် ပြန်ဖြေလိုက်ပါသည်။

"ကဲ - ဒါဆိုရင်လည်း အိမ်တွင်းဆွဲမယ်ဗျာ။ ဦးလေးတို့ပဲ လိုအပ်တာတွေကို ကြည့်ပြီး ကောင်းသလိုစီစဉ်ပေးပါတော့"

ဟု ပြောပြီး အိမ်တွင်းအုန်းဆွဲရန်အတွက် လိုအပ်တာတွေဝယ်၊ နေအိမ်ခေါင်းရင်းထောင့်မှာစင်တွေရိုက်၊ ပန်း၊ ရေချမ်း၊ လက်ဖက်ပွဲတွေစီစဉ်ပြီး နောက်မှာတော့ စာရေးသူအိမ်ကို အိမ်တွင်းအုန်း (အိမ်တွင်းနတ်) ဆိုတာတော့ နေအိမ်ခေါင်းရင်းထောင့်မှာ စတင်နေရာယူခဲ့ပါပြီ။

အိမ်တွင်းစဆွဲသည့်နေ့မှာတော့ စာရေးသူဟာ မိုးအမြန်ချုပ်ချင်နေပါပြီ။ သားလေးငိုမှာလား၊ မငိုတော့ဘူးလား ဆိုတာကို သိချင်နေပါတော့သည်။ သည်လိုနှင့် ညသန်းခေါင်လည်းရောက်ရော အိမ်တွင်းအုန်း (အိမ်တွင်းနတ်) အစွမ်းပြတာလား မပြောတတ်။ အရင်နေ့တွေထက်ကို ကလေးက ပိုပြီးငိုတော့တာပါပဲ။

နံနက်လင်းတော့ မိန်းမကို -

"မင်းအိမ်တွင်းနတ်ရောက်မှပဲ ငါ့သားလေးကပိုပြီးငိုတော့တာပဲ"

"တစ်ရက်တည်းရှိပါသေးတယ် အစ်ကိုရယ်။ စောင့်ကြည့်ပါဦး"

"အေး - ကြည့်ကြသေးတာပေါ့ကွာ"

လို့ ပြောပြီး စာရေးသူလည်း ညကအိပ်ရေးပျက်လို့ နံနက်လင်းမှ အိပ်ရာတစ်ခါထက်ဝင်မိပါတော့သည်။

ဒုတိယနေ့ညရောက်တော့ သားလေးဟာ အရင်လိုတော့ မငိုတော့ဘဲနဲ့ တစ်ယောက်ယောက်က လှုပ်ပြီးနှိုးသလို ဆတ်ခနဲဆတ်ခနဲလန့်လန့်ပြီးနိုးပါသည်။ တစ်ညလုံးလေးကြိမ်လောက်တော့ရှိမည်ထင်ပါသည်။ စာရေးသူတို့ ဇနီးမောင်နှံလည်း နည်းနည်းတော့စိတ်သက်သာသွားပါသည်။ အမိကကလေးမငိုဖို့ဘဲ မဟုတ်လား။

နံနက်လင်းတော့ ဇနီးသည်ဟာ နတ်စင်ပေါ်က ယပ်တောင်ကိုယူကာ စင်မှာချိတ်ထားတဲ့ နတ်အုန်းသီးကို ယပ်ခတ်ရင်း နှုတ်ကလည်း အရှုံးတစ်ယောက်လို တတွတ်တွတ်နှင့်ရွတ်ဆိုနေတာ တွေ့ရပါသည်။

ဒါနှင့် တတိယမြောက်ညမှာတော့ဖြင့် သားလေးဟာ တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေတာ မိုးလင်းတဲ့အထိပါပဲ။ မှတ်မှတ်ရရ အိမ်တွင်းအုန်း (အိမ်တွင်းနတ်) အိမ်ပေါ်ကို စတင်ရောက်ရှိပြီး တတိယမြောက်နေ့ကစလို့ သားလေးဟာ ညဘက် လုံးဝကို မငိုတော့တာ စာရေးသူကိုယ်တွေ့ပါပဲ။

စာရေးသူလည်း ထိုအကြောင်းအရာတွေ ထောက်ရှုပြီး အရင်တုန်းက တစ်ယူသန်စိတ်နှင့် ဘယ်အရာကိုမှမယုံခဲ့ပေမယ့် ယခုလက်တွေ့ကြုံလာတော့လည်း မယုံပေမယ့် ပုံပြင်လို့တော့ မမှတ်ယူပါ။ သားလေးကိုယ်တိုင် ဝေဒနာမခံစားရတော့လို့ မငိုတော့တာလား၊ အိမ်တွင်းအစွမ်းကြောင့်လား ဆိုတာကိုတော့ စာဖတ်ပရိသတ်များသာ ဆုံးဖြတ်ပေးကြပါတော့။

သည်နေ့သည်အချိန်အထိတော့ စာရေးသူဟာ အိမ်တွင်းအုန်း (အိမ်တွင်းနတ်)ကို ယုံယုံကြည်ကြည်နဲ့ ပူဇော်ပသနေမိပါပြီ။

နေဦး (အ-စ-အောင်ဆန်း)

www.burmeseclassic.com



အင်္ဂဝိဇ္ဇာ

# ပစ္စည်းပျောက်ဓာတ်ရိုက်ပညာ

ဆရာဦးဖိုးလှိုင်(ကျိုက်လတ်)

ရှေးပညာအကျော် အင်္ဂဝိဇ္ဇာ ဆရာတော်ကြီးများသည် တစ်စုံတစ်ရာ ပစ္စည်း ပျောက်ဆုံးခဲ့ပါမူ အင်္ဂဝိဇ္ဇာဓာတ်ရိုက်ပညာဖြင့် 'ဝင်စေလို- မိတ်ဓာတ်နှင့်ရိုက်၊ ထွက်စေလိုရန် ဓာတ်နှင့်ရိုက်' ဟူ၍ ဥဒါန်းအစဉ် စကားထွင်ခဲ့ပေသည်။

ဥစ္စာပျောက်ရာ၌ မိတ်ဓာတ်နှစ်ပါးကို တွဲဖက်လျက် ဓာတ်ရိုက်ခြင်းဟူသည်မှာ မည်သည့်နေ့နံပစ္စည်းမဆို ပျောက်ဆုံးသွားပါလျှင် ၎င်းပစ္စည်း၏ မိတ်ဖက်နံသင့်ဝတ္ထုတစ်ခုခုကို ဓာတ်နံကျသောဘုရားမှာ ထိုပျောက်သော ပစ္စည်းနံ၏ ခရာစောက်တိုင်၌ ပဋ္ဌာပွတ် နေရာထိပ်ဖျားမှာ နဝင်းစီးသောအခါတွင်လျှုဒါန်းလျက် လိုရာဆုများတောင်းပါလေ။

**ဆောင်ပုဒ်လင်္ကာ** - ပစ္စည်းဥစ္စာ ပျောက်သောအခါ၌ ဓာတ်မှာဘုရား နံသင့်ထား၍ မိတ်ကားဝတ္ထု၊ အမှန်ပြု လျက်၊ တောင်းဆုလိုရာ၊ ပျောက်နံဟာကို၊ သေချာနဝင်း၊ ပေါ်လာခြင်းက၊ မယွင်းတစ်ဖန်၊ လှူရပြန်သည်၊ ဧကန်မမှား၊ ရလေငြား။

**လင်္ကာ၏အဓိပ္ပာယ်မှာ** ပျောက်သော ပစ္စည်းနံ၏ ဓာတ်ဖက်ကျသော ဘုရား၌ မိတ်နံသင့်သော ပန်း၊ ပစ္စည်း၊ ဝတ္ထု၊ ခဲဖွယ် ဘောဇဉ်တစ်စုံတစ်ရာကို ထိုပျောက်သောပစ္စည်းနံ နဝင်းစီးသည့်အခါ၌ လှူဒါန်း၍ လိုရာဆုတောင်းပါလေဟု ဆိုလိုပါသည်။

(၁) တနင်္ဂနွေနံပစ္စည်းဖြစ်သော အိတ်တစ်လုံး ပျောက်သွားပါလျှင် တနင်္ဂနွေ၏မိတ်ဖြစ်သော ကြာသပတေးနံ 'မေမြို့ပန်း' ကို ဓာတ်ဖက်မည်သော စနေနံဘုရား 'ဒီပင်္ကရာ၊ နာရဒ၊ ဓမ္မဒဿီ၊ တဏှင်္ကရာ' ဘုရားတစ်ဆူဆူမှာ အနောက်တောင်ဘက် စနေထောင့် အရပ်မှထိုင်ပြီး မည်သည့်နေ့တွင်မဆို 'ဗုဒ္ဓဟူးအခါ' မှာ သေချာစွာလှူဒါန်း၍ ဆုတောင်းကာ နတ်များကို အမျှပေးဝေပါက (၇) ရက်အတွင်း ထိုပစ္စည်းကို ပြန်လည်ရရှိပါလိမ့်မည်။

(၂) တနင်္လာနံပစ္စည်းဖြစ်သော ငွေ၊ ကျောက် တစ်ခုခုပျောက်သွားပါက မည်သည့်နေ့တွင်မဆို ကြာသပတေးအခါမှာ တနင်္လာ၏မိတ်ဖြစ်သော ဗုဒ္ဓဟူးနံ ဝက်သား၊ ရှောက်ယို၊ လမုန့်၊ ရွက်လှည့်မုန့်တို့ကို ဓာတ်ဖက်ဖြစ်သည့် ကြာသပတေးနံဘုရား 'ပဒုမ၊ မင်္ဂလ၊ ပိယဒဿီဘုရား' တစ်ဆူဆူထံတွင် အနောက်ဘက်အရပ်မှနေ၍ သေချာကျနစွာ လှူဒါန်းပြီး ဆုတောင်းကာ နတ်များကို အမျှဝေ၊ မေတ္တာပို့ပါ။

(၃) အင်္ဂါနံပစ္စည်းဖြစ်သော စိန်၊ စက်၊ ဆံထိုး တစ်စုံတစ်ရာပျောက်သွား ပါလျှင် မည်သည့်နေ့မှာမဆို သော[illegible] အခါ၌ အင်္ဂါ၏မိတ်ဖြစ်သော သောကြာနံ သီးသီး၊ သီဟိုဠ်စေ့၊ သီဟိုဠ်ညွန့်၊ သင်ညွန့်၊ သစ်တော်သီး ရရာတို့ကို အင်္ဂါနှင့် ဓာတ်ဖက်ဖြစ်သော ရာဟုနံဘုရား 'ရေဝတ၊ ရွှေတိဂုံ၊ ရွှေဆံတော်ဘုရား' တစ်ဆူဆူထံ၌ အနောက်မြောက်၊ ရာဟုထောင့်မှနေ၍ လိုရာဆုတောင်းပြီး လှူဒါန်းပါ။ နတ်များကို အမျှဝေ၊



www.burmeseclassic.com

www.burmeseclassic.com

## ပျောက်နံ့ပစ္စည်း၏ နဝင်းစီးသော နေ့အလိုက် အခါများ

| တနင်္ဂနွေနံ့ပစ္စည်းပျောက်လျှင် ဘုရားလှူဒါန်းရန် နေ့အလိုက် ဗုဒ္ဓဟူးအခါ အချိန်များ | | | | |
|---|---|---|---|---|
| တနင်္ဂနွေနေ့ | - | နံနက် | (၉) နာရီမှ | (၁၀) နာရီခွဲ။ |
| တနင်္လာနေ့ | - | ညနေ | (၃) နာရီမှ | (၄) နာရီခွဲ။ |
| အင်္ဂါနေ့ | - | နံနက် | (၁၀) နာရီခွဲမှ | (၁၂) နာရီ။ |
| ဗုဒ္ဓဟူးနေ့ | - | နံနက် | (၆) နာရီမှ | (၇) နာရီခွဲ။ |
| | | ညနေ | (၄) နာရီခွဲမှ | (၆) နာရီ။ |
| ကြာသပတေးနေ့ | - | နေ့လယ် | (၁၂) နာရီမှ | (၁) နာရီခွဲ။ |
| သောကြာနေ့ | - | နံနက် | (၇) နာရီမှ | (၉) နာရီ။ |
| စနေနေ့ | - | နေ့လယ် | (၁) နာရီခွဲမှ | (၃) နာရီ။ |

| တနင်္လာနံ့ပစ္စည်းပျောက်လျှင် ဘုရားလှူဒါန်းရန် နေ့အလိုက် ကြာသပတေးအခါ အချိန်များ | | | | |
|---|---|---|---|---|
| တနင်္ဂနွေနေ့ | - | နေ့လယ် | (၁) နာရီခွဲမှ | (၃) နာရီ။ |
| တနင်္လာနေ့ | - | နံနက် | (၉) နာရီမှ | (၁၀) နာရီခွဲ။ |
| အင်္ဂါနေ့ | - | ညနေ | (၃) နာရီမှ | (၄) နာရီခွဲ။ |
| ဗုဒ္ဓဟူးနေ့ | - | နံနက် | (၁၀) နာရီခွဲမှ | (၁၂) နာရီ။ |
| ကြာသပတေးနေ့ | - | နံနက် | (၆) နာရီမှ | (၇) နာရီခွဲ။ |
| | | ညနေ | (၄) နာရီခွဲမှ | (၆) နာရီ။ |
| သောကြာနေ့ | - | နေ့လယ် | (၁၂) နာရီမှ | (၁) နာရီခွဲ။ |
| စနေနေ့ | - | နံနက် | (၇) နာရီခွဲမှ | (၉) နာရီထိ။ |

| အင်္ဂါနံ့ပစ္စည်းပျောက်လျှင် ဘုရားလှူဒါန်းရန် နေ့အလိုက် သောကြာအခါ အချိန်များ | | | | |
|---|---|---|---|---|
| တနင်္ဂနွေနေ့ | - | နံနက် | (၇) နာရီခွဲမှ | (၉) နာရီ။ |
| တနင်္လာနေ့ | - | နေ့လယ် | (၁) နာရီခွဲမှ | (၃) နာရီ။ |
| အင်္ဂါနေ့ | - | နံနက် | (၉) နာရီမှ | (၁၀) နာရီခွဲ။ |
| ဗုဒ္ဓဟူးနေ့ | - | ညနေ | (၃) နာရီမှ | (၄) နာရီခွဲ။ |
| ကြာသပတေးနေ့ | - | နံနက် | (၁၀) နာရီခွဲမှ | (၁၂) နာရီ။ |
| သောကြာနေ့ | - | နံနက် | (၆) နာရီမှ | (၇) နာရီခွဲ။ |
| | | ညနေ | (၄) နာရီခွဲမှ | (၆) နာရီ။ |
| စနေနေ့ | - | နေ့လယ် | (၁၂) နာရီမှ | (၁) နာရီခွဲ။ |

| ဗုဒ္ဓဟူးနံ့ပစ္စည်းပျောက်လျှင် ဘုရားလှူဒါန်းရန် နေ့အလိုက် စနေအခါ အချိန်များ | | | | |
|---|---|---|---|---|
| တနင်္ဂနွေနေ့ | - | နေ့လယ် | (၁၂) နာရီမှ | (၁) နာရီခွဲ။ |
| တနင်္လာနေ့ | - | နံနက် | (၇) နာရီခွဲမှ | (၉) နာရီ။ |
| အင်္ဂါနေ့ | - | နေ့ | (၁) နာရီခွဲမှ | (၃) နာရီ။ |
| ဗုဒ္ဓဟူးနေ့ | - | နံနက် | (၉) နာရီမှ | (၁၀) နာရီခွဲ။ |
| ကြာသပတေးနေ့ | - | ညနေ | (၃) နာရီမှ | (၄) နာရီခွဲ။ |
| သောကြာနေ့ | - | နံနက် | (၁၀) နာရီခွဲမှ | (၁၂) နာရီ။ |
| စနေနေ့ | - | နံနက် | (၆) နာရီမှ | (၇) နာရီခွဲ။ |
| | | ညနေ | (၄) နာရီခွဲမှ | (၆) နာရီ။ |

BURMESE CLASSIC

မေတ္တာပို့ပါ။

(၄) ဗုဒ္ဓဟူးနံ့ပစ္စည်းဖြစ်ကြသည့် ရွှေ၊ ငွေ၊ လှည်း၊ ဝက် စသည်တို့ ပျောက်သွားပါက မည်သည့်နေ့မှာမဆို စနေအခါတွင် ဗုဒ္ဓဟူး၏ မိတ်ဖက်ဖြစ်သော တနင်္လာနံ့ ကြံသကာ၊ ကျောက်ကျော၊ ကျွဲကောသီး၊ ကံ့ကော်ညွန့်တို့ကို ဗုဒ္ဓဟူးနံ့နှင့် ဓာတ်ဖက်ဖြစ်သော သောကြာနံ့ဘုရား 'သုမန၊ သုဇာတာ၊ သိခီဘုရား' တစ်ဆူဆူထံ၌ မြောက်ဘက်အရပ်၊ သောကြာထောင့်မှနေပြီးလှူဒါန်းပူဇော်ကာ လိုရာဆုတောင်းလျက် နတ်များကို မေတ္တာပို့၊ အမျှပေးဝေးပါ။

(၅) ကြာသပတေးနံ့ပစ္စည်း ဖြစ်သော ပတ္တမြား၊ မြ၊ မျက်မှန်၊ မြင်း တစ်စုံတစ်ခုပျောက်သွားပါက မည်သည့်နေ့မှာမဆို တနင်္ဂနွေအခါ၌ ကြာသပတေး၏ မိတ်ဖက်ဖြစ်သော တနင်္ဂနွေနံ့ အုန်းညွန့်၊ အုန်းသီး၊ အုန်းဆွမ်းတို့ကို ကြာသပတေးနံ့နှင့်ဓာတ်ဖက်ဖြစ်သည့်တနင်္လာနံ့ဘုရား 'ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရား' တစ်ဆူဆူထံသွားရောက်၍ အရှေ့အရပ်မှနေပြီး ကျနစွာ လှူဒါန်းပူဇော်လျက် ဆုမွန်များတောင်းကာ နတ်များကို မေတ္တာပို့၊ အမျှဝေပါ။

(၆) သောကြာနံ့ပစ္စည်းဖြစ်သည့် သစ်၊ သေတ္တာ၊ သော့၊ သွပ်၊ သံထည် ပစ္စည်းများ တစ်ခုခုပျောက်သွားပါလျှင် မည်သည့်နေ့မှာမဆို တနင်္လာအခါတွင် သောကြာ၏ မိတ်ဖက်ဖြစ်သော အင်္ဂါနံ့ ဆီးသီး၊ ဆန်ကြာဆံ၊ ဇော်စိမ်းညွန့်၊ ဆီးညွန့်၊ စွံပလွန်သီး၊ စတော်ဘယ်ရီသီးတို့ကို သောကြာနှင့် ဓာတ်ဖက်ဖြစ်သော ဗုဒ္ဓဟူးနံ့ဘုရား 'ဝိပဿီ၊ ဝေဿဘူဘုရား' တစ်ဆူဆူသို့ သွားရောက်ပြီး တောင်ဘက်အရပ်မှနေ၍ ရှိခိုးပူဇော်လှူဒါန်းကာ နတ်များကို မေတ္တာပို့၊ အမျှဝေပေးပါ။

(၇)စနေနံ့ပစ္စည်းများဖြစ်ကြသော နီလာ၊ နားကပ်၊ ထီး၊ နွား၊ ဓား တစ်စုံတစ်ရာ ပျောက်သွားပါက မည်သည့်နေ့မှာမဆို အင်္ဂါအခါ၌ စနေ၏ မိတ်ဖက်ဖြစ်သော ရာဟုနံ့ ရှောက်သီးသုပ်၊ ရှောက်ယို၊ ရဲယိုညွန့်တို့ကို စနေနှင့် ဓာတ်ဖက်ဖြစ်သော တနင်္ဂနွေနံ့ဘုရား 'အနောမဒဿီ၊ အတ္ထဒဿီ' ဘုရား တစ်ဆူဆူအား သွားရောက်ပြီးလျှင် အရှေ့မြောက်အရပ်၊ တနင်္ဂနွေထောင့်မှနေ၍ သေချာစွာ လှူဒါန်းပူဇော်ဆုတောင်းပါ။ နတ်တို့ကို မေတ္တာပို့ အမျှပေးဝေပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဝင်စေလို မိတ်ဓာတ်နှင့်ရိုက်

| ပစ္စည်းပျောက်နံ | ဓာတ်နံကျသောဘုရား | လှူရန်-မိတ်ဖက်ပစ္စည်း | ထိုင်၍လှူရန်-အရပ် |
|---|---|---|---|
| တနင်္ဂနွေနံ | ဒီပင်္ကရာ၊ ဓမ္မဒဿီ၊ တဏှင်္ကရာ၊ နာရဒဘုရား။ | ကြာသပတေးနံ-ဝတ္ထုပစ္စည်းများ။ မေမြို့ပန်း။ | အနောက်တောင်၊ စနေထောင့်အရပ်။ |
| တနင်္လာနံ | ပဒုမ၊ မင်္ဂလ ပိယဒဿီ၊ မဟာမြတ်မုနိ။ | ဗုဒ္ဓဟူးနံ - ဝတ္ထုပစ္စည်း။ ရှောက်ယို၊ ရွက်လှူ။ | အနောက်ဘက်၊ ကြာသပတေးထောင့်။ |
| အင်္ဂါနံ | ရေဝတ၊ ရွှေတိဂုံဘုရား၊ ရွှေဆံတော်။ | သီဟိုဠ်စေ့၊ သီးသီး၊ သီဟိုဠ်ညွန့်၊ သင်ညွန့်။ | အနောက်မြောက်၊ ရာဟုထောင့်အရပ်။ |
| ဗုဒ္ဓဟူးနံ | သိဒ္ဓိ၊ သုမန၊ သုဇာတာ၊ သကျသီဟဘုရားများ။ | ကျောက်ကျော၊ ကြံ၊ ကွဲကောသီး၊ ကံ့ကော်ညွန့်။ | မြောက်ဘက်အရပ်၊ သောကြာထောင့်။ |
| ကြာသပတေးနံ | ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားများ။ | အုန်းသီး၊ အုန်းညွန့်၊ အုန်းဆွမ်း၊ အုန်းယို။ | အရှေ့အရပ်၊ တနင်္လာထောင့်။ |
| သောကြာနံ | ဝိပဿီ၊ ဝေဿဘူ။ | ဆီးသီး၊ ဇော်စိမ်းညွန့်၊ စွံပလွန်သီး၊ ဆီးညွန့်။ | တောင်ဘက်အရပ်၊ ဗုဒ္ဓဟူးထောင့်။ |
| စနေနံ | အနောမဒဿီဘုရား၊ အတ္ထဒဿီဘုရား။ | ရှောက်ယို၊ ရဲယိုညွန့်၊ ရှောက်သီးသုပ်။ | အရှေ့မြောက်အရပ်၊ တနင်္ဂနွေထောင့်။ |

### ကြာသပတေးနံပစ္စည်းပျောက်လျှင် ဘုရားလှူရန် နေ့အလိုက် တနင်္ဂနွေအခါ အချိန်များ

BURMESE CLASSIC

| | | | | |
|---|---|---|---|---|
| တနင်္ဂနွေနေ့ | - | နံနက် | (၆) နာရီမှ | (၇) နာရီခွဲ။ |
| | | ညနေ | (၄) နာရီခွဲမှ | (၆) နာရီ။ |
| တနင်္လာနေ့ | - | နေ့လယ် | (၁၂) နာရီမှ | (၁) နာရီခွဲ။ |
| အင်္ဂါနေ့ | - | နံနက် | (၇) နာရီခွဲမှ | (၉) နာရီ။ |
| ဗုဒ္ဓဟူးနေ့ | - | နေ့လယ် | (၁) နာရီခွဲမှ | (၃) နာရီ။ |
| ကြာသပတေးနေ့ | - | နံနက် | (၉) နာရီမှ | (၁၀) နာရီခွဲ။ |
| သောကြာနေ့ | - | ညနေ | (၃) နာရီမှ | (၄) နာရီခွဲ။ |
| စနေနေ့ | - | နံနက် | (၁၀) နာရီခွဲမှ | နေ့ (၁၂) နာရီ။ |

### သောကြာနံပစ္စည်းပျောက်လျှင် ဘုရားလှူရန် နေ့အလိုက် တနင်္လာအခါ အချိန်များ

| | | | | |
|---|---|---|---|---|
| တနင်္ဂနွေနေ့ | - | နံနက် | (၁၀) နာရီခွဲမှ | နေ့လယ် (၁၂) နာရီ။ |
| တနင်္လာနေ့ | - | နံနက် | (၆) နာရီမှ | (၇) နာရီခွဲ။ |
| | | ညနေ | (၄) နာရီခွဲမှ | (၆) နာရီ။ |
| အင်္ဂါနေ့ | - | နေ့လယ် | (၁၂) နာရီမှ | (၁) နာရီခွဲ။ |
| ဗုဒ္ဓဟူးနေ့ | - | နံနက် | (၇) နာရီခွဲမှ | (၉) နာရီ။ |
| ကြာသပတေးနေ့ | - | နေ့ | (၁) နာရီခွဲမှ | (၃) နာရီ။ |
| သောကြာနေ့ | - | နံနက် | (၉) နာရီမှ | (၁၀) နာရီခွဲထိ။ |
| စနေနေ့ | - | ညနေ | (၃) နာရီမှ | (၄) နာရီခွဲအထိ။ |

### စနေနံပစ္စည်းပျောက်လျှင် ဘုရားလှူဒါန်းရန် နေ့အလိုက် အင်္ဂါအခါ အချိန်များ

| | | | | |
|---|---|---|---|---|
| တနင်္ဂနွေနေ့ | - | ညနေ | (၃) နာရီမှ | (၄) နာရီခွဲ။ |
| တနင်္လာနေ့ | - | နံနက် | (၁၀) နာရီခွဲမှ | နေ့ (၁၂) နာရီ။ |
| အင်္ဂါနေ့ | - | နံနက် | (၆) နာရီမှ | (၇) နာရီခွဲ။ |
| | | ညနေ | (၄) နာရီခွဲမှ | (၆) နာရီ။ |
| ဗုဒ္ဓဟူးနေ့ | - | နေ့လယ် | (၁၂) နာရီမှ | (၁) နာရီခွဲ။ |
| ကြာသပတေးနေ့ | - | နံနက် | (၇) နာရီခွဲမှ | (၉) နာရီ။ |
| သောကြာနေ့ | - | နေ့လယ် | (၁) နာရီခွဲမှ | (၃) နာရီ။ |
| စနေနေ့ | - | နံနက် | (၉) နာရီမှ | (၁၀) နာရီခွဲ။ |

ဤဥစ္စာပျောက် ဓာတ်ရိုက်ပညာနည်း၌ လက္ခဏာအင်္ဂါရပ် (၃) ပါးနှင့် ညီညွတ်မှန်ကန်ဖို့ လို၏။

အင်္ဂါ (၃) ပါးမှာ -

၁။ ပျောက်သောနံ၏ မိတ်ဖက်သင့်သော ဝတ္ထုပစ္စည်းတစ်ခုခုဖြစ်ခြင်း။

၂။ ပျောက်သောနံ၏ ဓာတ်ဖက်ဖြစ်သော နံပေါ်ဘုရား၌ လှူဒါန်းခြင်း။

၃။ ပျောက်သောနံ၏ ခရာစောက်တိုင်မှာ ပျောက်နံသည် တိုင်ဖျား၌ ကျရောက် နဝင်းစီးသောအချိန်အခါမှန်ခြင်း။

အင်္ဂဝိဇ္ဇာဓာတ်ရိုက်ပညာဖြစ်သော 'ဝင်စေလို မိတ်ဓာတ်နှင့်ရိုက်' ဟူသော ရှေးဆရာတော်ကြီးများ၏ပစ္စည်းပျောက်ရှာရန် ဓာတ်ဆင်နည်းကို အင်္ဂါသုံးရပ်နှင့် ကိုက်ညီအောင် ဓာတ်၏ အစီအစဉ်ကို လေ့လာသူတို့၏ စိတ်ဓာတ်၌ မခက်ခဲအောင် မိတ်ဖက်နှင့် ဓာတ်ဖက်များကို လွယ်လင့်တကူသိမှတ်ကြစေရန်ရည်သန်လျက် ဥစ္စာပျောက် ဓာတ်ရိုက်ခြင်းကို အသေးစိတ် ရေးသား ဖော်ပြလိုက်ပါသည်။

(လိုသူများ အသုံးတည့်ကြ၍ ကြီးပွားထွန်းကား ချမ်းသာအောင်မြင်ကြပါစေ)

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

လင်းပိုင်များကို အစဉ်အဆက် မပြတ် သုတေသနပြုလုပ်နေကြရာ ယခင် တွေ့ရှိ သိရှိတွေ့ဖူးခဲ့ကြပြီးဖြစ်သည့် အပြုအမူတို့ထက် လူသားနှင့် ပိုမိုနီးစပ်သည့် အချက်များကို ပိုမိုတွေ့ရှိလာရပါသည်။

ယင်းသို့ တွေ့ရှိလာသော အထောက်အထားများအရ လင်းပိုင်တို့သည် လူတို့၏အပြုအမူများ၊ အမိန့်ပေးစေခိုင်းချက်များကို သဘောပေါက်နားလည်နိုင်စွမ်းရှိကြသလို အုပ်စုဝင်လင်းပိုင်တစ်ကောင်စီတွင်လည်း ကွဲပြားခြားနားသော အမှတ်အသားများရှိကြပြီး ယင်းတို့ကိုယ်တိုင်ပင် အချင်းချင်းနားလည် ဆက်သွယ်နိုင်ကြကြောင်းသိလာရခြင်းပင် ဖြစ်သည်။

"လင်းပိုင်တစ်ကောင်ဖြစ်လာပြီးလအနည်းငယ်ကြာတဲ့အခါ သူတို့ရဲ့လေချွန်သံလိုမြည်သံမျိုးဟာ တစ်ကောင်နဲ့တစ်ကောင်မတူခြားနားလာကြပါတယ်။ ဒါဟာ သူတို့တစ်တွေတစ်ကောင်ချင်းစီမတူကြဘူးဆိုတဲ့အချက်ပါပဲ"

ဟု သုတေသီ ဗင်းဆင့်ဂျနစ်က ဆိုပါသည်။ ဗင်းဆင့်သည် စိန့်အင်ဒရူးတက္ကသိုလ်မှ ပင်လယ်နေနို့တိုက်သတ္တဝါဆိုင်ရာသုတေသီအဖွဲ့မှဖြစ်ပါသည်။

ယင်းအချက်ကိုထောက်၍ပင် လင်းပိုင်တို့တွင် ကိုယ်ပိုင်ဘာသာစကားနှင့်အမည်ကိုသိရှိနိုင်သည်ဟု ခန့်မှန်းရခြင်း ဖြစ်လေသည်။

သို့ရာတွင် ဤအချက်မှာ လင်းပိုင်သုတေသီများအကြားဝယ် အငြင်းပွားနေဆဲဖြစ်ပါသည်။ ဗင်းဆင့်တို့၏သုတေသနပြုချက်အရမူ လင်းပိုင်းအချင်းချင်းသည် မတူခြားနားသော လေချွန်သံကဲ့သို့အသံမျိုးဖြင့် ဆက်သွယ်ကြသည်မှာ သေချာလှသည်ဟု ဆိုသည်။

၂၀၀၆၊ မေလ ၉ ရက်နေ့၊ အင်္ဂါနေ့
(Time Onilime)

လင်းပိုင်များ တစ်ကောင်နှင့်တစ်



(စလေ)
# နေအောင်လင်း
## လင်းပိုင်နှင့် ဂမ္ဘီရဖြစ်ရပ်များ



www.burmeseclassic.com

www.burmeseclassic.com

ကောင် နာမည်ခေါ်ကာ ဆက်သွယ်ကြခြင်း' ခေါင်းစဉ်ဖြင့် တစ်ဆင့်ကြားမဟုတ်သောကိုယ်တွေ့များ၊ ရဲဘုန်းခေါင်၏ ၂၀၀၆၊ စက်တင်ဘာလ၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းပါ လင်းပိုင်များမှာ လူသားများနှင့် ပိုမိုနီးစပ်ကာ အချင်းချင်းလည်း နာမည်ခေါ်ကာ ဆက်သွယ်ကြလေ့ရှိကြောင်း သုတေသနပြုထားသည့် ဆောင်းပါးအား ဖတ်ရှုလိုက်ရသည်။

ယခု ရေးသား ဖော်ပြမည့် အကြောင်းအရာတို့မှာလည်း လင်းပိုင်ငါးကြီးများနှင့်ပတ်သက်၍ စာရေးသူ သိရှိမှတ်သားလေ့လာခဲ့ရသည့် ဖြစ်ရပ်အချို့ပင် ဖြစ်ပါသည်။

လွန်ခဲ့သည့် (၁၅) နှစ်ဝန်းကျင် ဘုရားပွဲတော်ကြီးတစ်ခုတွင် လင်းပိုင်ငါးအသေတစ်ကောင်အား လွင်တီးခေါင် နေပူပူတွင်တန်းထိုးကာ နေရောင်ခြည်ခံလျက် အဆီများထုတ်ယူရောင်းချနေသည်ကို တွေ့ရှိခဲ့ရသည်။ လင်းပိုင်ကြီးအား ကြိုးနှင့်ချည်တန်းလန်းဆွဲထားသည်။ အောက်ကလည်း ပုလင်းကြီး၊ ငယ်တွေ အစီအရီခံ၍ ဈေးနှုန်းသတ်မှတ်ကာ ရောင်းချနေလေသည်။

လင်းပိုင်ဆီစစ်၊ မစစ် လင်းပိုင်တစ်ကောင်အား လူအများရှေ့တွင်ပြသကာ ကျားရေပြေ-ကျားရိုးရောင်း လင်းပိုင်ကိုပြ လင်းပိုင်ဆီရောင်းခြင်း ဖြစ်သည်။ အစစ်နှင့် အတု လူအများမျက်မြင်ယုတ္တိယုတ္တရှိစေရန် လင်းပိုင်အသေအား ယူဆောင်လာခြင်း ဖြစ်သည်။

လင်းပိုင်ငါးကြီးများမှာ ပင်လယ်ကမ်းစပ်နှင့်နီးသည့် မြစ်ဝကျွန်းပေါ်ဒေသများတွင် ပေါပေါများများတွေ့ရှိကောင်းတွေ့ရှိနိုင်မည်။ ထို့နည်းတူ ဧရာဝတီမြစ်ရိုးတစ်လျှောက် မိကျောင်းကြီးများလည်း ထို့နည်းတူ မြစ်ဝကျွန်းပေါ်ဒေသ၊ ဧရာဝတီမြစ်အောက်ပိုင်းဒေသ မြစ်လက်တက်ချောင်းများ၊ မြစ်ကျိုးအင်းများ၊ ကိုင်းတော၊ နုန်းတော၊ ဖျက်တောများသောနေရာများတွင်သာ ကျက်စားနေနိုင်ကြပေလိမ့်မည်။

မိကျောင်းနှင့်လင်းပိုင်ငါးကြီးများ ဧရာဝတီမြစ်ရိုးတစ်လျှောက် အရင်ကလို ပေါပေါများများမတွေ့ရတော့ပေ။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ပင်လယ်နှင့်နီးသည့်ဒေသတို့တွင်သာ အတွေ့ရများနိုင်သော်လည်း ဧရာဝတီမြစ်ရိုးတစ်လျှောက် မြစ်ညာဒေသတို့တွင် တစ်နှစ်ထက်တစ်နှစ် ဦးရေများပြားလာသည့် ရေလုပ်သားတို့နှင့် ခေတ်မီငါးဖမ်းကိရိယာတို့ ပေါများလာခြင်းနှင့်အတူ လင်းပိုင်၊ ငါးရွှေငါးတွေကဲ့သို့ ငါးကြီးများမှနေ အလွန် သေးငယ်သည့် ငါးနုတ်ငါးဖွဲ ရင်ပေါင်စ၊ ငါးဖိုသေးပင် အမိအရဖမ်းနိုင်သည့် ခေတ်မီငါးဖမ်းလက်နက်ပစ္စည်းတို့ကြောင့် မြစ်ညာဒေသသို့ မိကျောင်း၊ လင်းပိုင်ကဲ့သို့ ငါးကြီးများ အရင်ကလို မြစ်ညာဒေသသို့ ဆန်တက်လာနိုင်ဖို့ မလွယ်ကူတော့ပေ။

လင်းပိုင်ငါးကြီးများအား အသားအဖြစ် ဖမ်းဆီးရောင်းချခြင်းမပြုကြသော်လည်း လင်းပိုင်ဆီထုတ်ယူသူများအဖို့ ဖမ်းဆီးကောင်းဖမ်းဆီးကြပေလိမ့်မည်။ လွန်ခဲ့သည့်နှစ်လေးဆယ်ငါးဆယ်ဝန်းကျင် ရေလုပ်သားများခေတ်မီငါးဖမ်းကိရိယာတို့မပေါ်များမီကာလဆိုလျှင် ဧရာဝတီမြစ်ရိုးတစ်လျှောက် လင်းပိုင်ကြီးများ(၃)နှစ်တစ်ကြိမ်၊ (၄)နှစ်တစ်ကြိမ် ပေါ်လာတတ်သလို တစ်ခါတစ်ရံတွင်လည်း(၁၀)နှစ်၊ (၁၅)နှစ်ကြာမှ တစ်ကြိမ်ပေါ်ကာ မြစ်ညာဒေသသို့ဆန်တက်တာ တွေ့ရှိရတတ်သည်။ တက်လာပြန်တော့လည်း တစ်ကောင်၊ နှစ်ကောင်တည်း တက်လာတာမတွေ့ရှိရဘဲ အအုပ်အဖွဲ့လိုက် (၁၀)ကောင်၊ (၁၅)ကောင်တက်လာတာတတ်သည်။

လင်းပိုင်ငါးကြီးများမှာ ဧရာဝတီမြစ်အတွင်း ပင်လယ်မှတက်လာသည့် အချိန်မှသာ တွေ့ရခြင်းမျိုးမဟုတ်ဘဲ ဧရာဝတီမြစ်တွင်း ရေနက်ရေဇောက်သည့် ကျောက်ကမ်းပါးယံနေထိုင်စားကျက်ကောင်းသည့်နေရာတို့တွင်လည်း နေထိုင်ကာ ကျက်စားလေ့ရှိကြသည်။ သို့သော် မြစ်တစ်နေရာတည်းကျက်စားသည့် လင်းပိုင်တို့မှာလည်း အမြဲတမ်း ပေါ်၍ပြကာ မြင်တွေ့ရခြင်းမရှိတတ်ပေ။ မြစ်ရေကြောင်းကြီးများအပြောင်းအလဲဖြစ်ပေါ်မည့် အခြေအနေရှိလျှင်လည်းပေါ်လာတတ်တာ မြစ်ညာသို့ဆန်တက်လာတာ တွေ့ရှိရတတ်သည်။

လင်းပိုင်ငါးကြီးများတက်လာလျှင် မြစ်အောက်ပိုင်းအတော်ခပ်ဝေးဝေးနေရာကပင် ရေပေါ်တွင် တစ်ချက်တစ်ချက် ပေါ်လာတတ်ကာ တဖူးဖူးနှာမှုတ်သံပေးတာကြားနေရသည်။ငါးတက်ပုံကလည်း ငါးဇင်းများတက်သကဲ့သို့ ရေပေါ်ယံရှုပ်၍ကူးကာ ငုပ်လိုက်၊ပေါ်လိုက်တက်လာတတ်သည်။ လင်းပိုင်ငါးအကောင်အရေအတွက်ကလည်း ငါးတွေကဲ့သို့ မည်းမည်းနက်နက်နှင့် ကျွဲများ မြစ်ကိုဖြတ်ကူးနေသလား အောက်မေ့ရသည်။

လင်းပိုင်ငါးကြီးတွေမှာ မြစ်မည်မျှပင်ကျယ်ကာ ရေစီးသန်၍နေပါစေ ရေတိမ်သည့် ကမ်းစပ်နေရာတို့က ရေသာခို၍ ဆန်တက်တာမတွေ့ရဘဲ မြစ်ရေကြောင်း သင်္ဘောကြောင်း သင်္ဘောများမောင်းနှင်သည့် ရေကြောင်းအတိုင်းသာ ဆန်တက်လေ့တွေ့ရသည်။

ဧရာဝတီမြစ်ရိုးတစ်လျှောက် ရေလုပ်သားကြီးများမှာ လင်းပိုင်ငါးကြီးများအား ဖမ်းဆီးတာ သတ်ဖြတ်တာမတွေ့ရချေ။ ဧရာဝတီမြစ်အတွင်းသွားလာကြသည့် လှေ၊ သင်္ဘောတို့၏ရှေ့မှ ရေကြောင်းပြငါးကြီးများသဖွယ် သတ်မှတ်လေ့ရှိကြသည်။ ငါးကြီးများပေါ်လာသည့် လမ်းကြောင်းလမ်းသည် သင်္ဘောကြောင်းပင်ဖြစ်သည်။

ရှေးအခါက လှေကြီးများနှင့်ကုန်စည်ကူးသန်းရောင်းဝယ်ကြသည့် လှေသူကြီးများက လှေကြီးများတွင် လမိုင်းနတ်စောင့်ရှောက်သည်ဟု ယုံကြည်ကြကာ လှေတိုင်းတွင် လမိုင်းပွဲပေးတင်မြှောက်ပသလေ့ရှိသည်။ ကုန်တင်လှေကြီးများသာမဟုတ်၊ ရေလုပ်ငန်းလုပ်ကိုင်သည့် တံငါလှေငယ်တို့မှာလည်း လမိုင်းပွဲပေးမြှောက်ကြသည်။ လမိုင်းပွဲ



www.burmeseclassic.com

www.burmeseclassic.com

အား လှေ၏ငါးပိုင်းနေရာတွင် တင်မြှောက်လှေ့ရှိရာ လှေနှင့်အသက်မွေးဝမ်းကျောင်းပြုသူတိုင်း လှေဝမ်းပိုင်းငါးပိုင်းအား အထွတ်အမြတ်ထားကြသည်။ အချို့သော ရေလုပ်သားများဆိုလျှင် လှေ၏ငါးပိုင်းအား ခြေဖြင့်ကန်၍ပင် လှေပေါ်တွင်အိပ်လေ့မရှိဘဲ လှေငါးပိုင်းဝမ်းပိုင်းအား ဦးခေါင်းထားကာ အိပ်စက်ကြသည်။ ယုတ်စွအဆုံး လှေပေါ်ငါးပိုင်းနေရာမှ ပဲ့အလေးမသွားကြ။ လှေပဲ့ပိုင်းကသာ သွားလေ့ရှိကြသည်။ ငါးပိုင်းနေရာအား စောင့်ရှောက်သည့် လမိုင်းနတ်အား အရိုအသေပေးကြသည်။ ထိုနည်းတူ လင်းပိုင်ကြီးများအားလည်း လှေတွင် စောင့်ရှောက်သည့် လမိုင်းနတ်စောင့်ရှောက်သည်ဟုယုံကြည်ကြသည်။

လင်းပိုင်ငါးကြီးများနှင့်လမိုင်းနတ်တို့ ဆက်နွယ်စောင့်ရှောက်ကြသည်ဟု ယုံကြည်ရဖွယ် အဖြစ်အပျက်တစ်ခုကြုံခဲ့ဖူးသည်။ အဖြစ်အပျက်တို့မှာ ပခန်းငယ်မြို့၏ အနောက်ဘက်တွင် အင်းထောင့်ကြီးပေါ်ထွန်းချိန်က ဖြစ်သည်။ ပခန်းငယ်မြို့အနောက်ဘက် ဧရာဝတီမြစ်ကြောင်း၏အနောက်ဘက်ကမ်းတွင် လွန်ခဲ့သည့်နှစ်ပေါင်း လေးဆယ်ကျော်ကာလ ထိန်ပင်အင်းထောင့်ကြီးကောင်းစဉ်ကဖြစ်သည်။ ထိုအင်းထောင့်ကြီးမှာ မြစ်ရေတက်ချိန် မြစ်ရေနစ်မြှုပ်ကာ မြစ်ရေကျချိန် မြစ်ရေဝင်သည့် အင်းထောင့်တစ်ပိုင်းဖြစ်ကာ ရေစီးရေသာခိုသည့် မြစ်ရေဝင်ထောင့်ကြီးလည်း ဖြစ်သည်။ အင်းမှာ မြစ်မှရေဝင်လာချိန်တွင် ရေတင်ကာ ကျန်ရစ်ခဲ့သည့် နေရာအား အင်းဟုခေါ်ဆိုကာ ထောင့်မှာ မြစ်နှင့်တစ်ဆက်တည်း။ သို့သော် ရေစီးဝင်ခြင်းမရှိဘဲ ရေသာခိုနေသည့်နေရာအား ထောင့်ဟုခေါ်သည်။

အင်းထောင့်ကြီးများ မိုင်ဝက်၊ တစ်မိုင်နီးပါးရှည်မျောကာ ငါးမျိုးစုံ၊ ရေကြက်၊ ရေဘဲ၊ စစ္စလီ၊ ဟသ်ာ၊ ဘဲငန်းအုပ်ကြီးများ သီတင်းကျွတ်၊ တန်ဆောင်မုန်းပွင့်လင်းရာသီချိန်ကတိုင် ဝါဆို၊ ဝါခေါင်လ အင်းထောင့်ကြီးရေနစ်မြှုပ်သည့်တိုင် ကျက်စားပေါက်ပွားနေရာလည်းဖြစ်သည်။

ထိုထောင့်အင်းနေရာတွင် ဧရာမ ထိမ်ပင်ကြီးတစ်ပင်ထီးထီးမားမားတည်ရှိကာနေခဲ့၍ ထိမ်ပင်ကြီးအားအစွဲပြု၍ကာ ထိန်ပင်ထောင့်အင်းဟု နာမည်တွင်နေခြင်းဖြစ်သည်။ ထိုထိမ်ပင်ကြီးအား မြစ်၏အရှေ့ဘက် နှစ်မိုင်၊ သုံးမိုင်ခရီးအကွာကပင် လှမ်း၍မြင်နိုင်သည်။ ထိန်ပင်ထောင့် ထိမ်ပင်ကြီးမှာ သရဲခြောက်သည်ဟုလည်း အလွန်နာမည်ကြီးသည့်နေရာဖြစ်သည်။ မြစ်အတွင်းမျောပါလာသည့်သူကောင်တို့ ထိမ်ပင်အနီးနားတွင် မြစ်ရေကျချိန် ကုန်းပေါ်တင်ကျန်ရစ်ခဲ့လေရာ ရေမျောကမ်းတင်သူကောင်မှာ မကျွတ်မလွတ်ဘဝနှင့်ထိုထိမ်ပင်ကြီးတွင် အစွဲပြုကာ နေထိုင်လျက်ရှိရာ အချိန်အခါမဟုတ် ညဉ့်နက်သန်းခေါင်နေ့လယ်နေ့ခင်း လူသူအဆက်အသွယ်ပြတ်လတ်သောအချိန်တွင် ကံဇာတာနိမ့်သူများ ထိမ်ပင်အောက်အနီးအနား ဖြတ်သန်းသွားလာပြုသူများအား ထိမ်ပင်အောက်မှ ခွေးနက်ကြီးယောင်ဆောင်လိုက်သည့်အခါလိုက်သည်။ တစ်ခါတစ်ရံကျပြန်တော့လည်း ထိမ်ပင်ကြီးအနီးအနားက ခေါင်းပြတ်ကြီးနှင့်တွေ့တဲ့သူတွေတွေ့ကြရသည်။

ထိုကဲ့သို့ အမျိုးမျိုးခြောက်လှန့်နေသည့်အထဲတွင် ထိမ်ပင်ထောင့်တွင်းရေလုပ်ငန်းလုပ်ကိုင်သူ ဦးငြိမ်းတို့လင်မယားနှစ်ယောက်ပိုက်တန်းရင်း လှေအား ကမ်းပေါ်မှေးအိပ်နေစဉ် လှေဦးအား လာ၍မ,တာကိုလည်း ကြုံတွေ့ခဲ့ရသည်။ ထိမ်ပင်နေရာမှာ မြစ်အရှေ့ဘက်ကမ်း ပခန်းငယ်နှင့် မြစ်အနောက်ဘက် ဆင်မကျန်နှင့် နေ့စဉ်ဖြတ်သွားဖြတ်လာကူးသန်းနေသည်။ မြစ်ကူးကူးတို့ဆိပ်နေရာလည်းဖြစ်သည်။ မြစ်ရိုးတစ်လျှောက် ထိမ်ပင်ထောင့်ဆိုလျှင် ထိုအချိန်က ရေလုပ်သားတိုင်းသိရှိကြသည်။

ထိမ်ပင်ထောင့်တွင်း အဓိကငါးဖမ်းကြသည့် ရေလုပ်သမားတို့မှာ တိုင်ပွဲသမားများဖြစ်သည်။ တိုင်ထောင်၍ ငါးဖမ်းခြင်းလုပ်ငန်းအား ရေလုပ်သားတိုင်းမလုပ်ကိုင်တတ်ကြပေ။ နည်းနာနိဿယအလွန်လိုအပ်သည့်လုပ်ငန်းဖြစ်သည်။ မကျွမ်းကျင်ဘဲ တိုင်ထောင်ငါးဖမ်းလုပ်ငန်းအားလုပ်ကိုင်လျှင် ငါးစာဖိုးသာကုန်မည်။ ငါးကတော့ တစ်စီးမှရမည်မဟုတ်ပေ။တိုင်ထောင်ငါးဖမ်းခြင်းအား ငါးသူခိုးဖမ်းသည်ခေါ်ကြသည်။ တိုင်ပွဲကျသည့် ငါးမျိုးမှာ အကြေးခွံပါသည့် ငါးကြင်း၊ ငါးသလိန်၊ ငါးနက်ပြာ၊ ငါးလင်ပန်း၊ ငါးမြစ်ချင်းတို့အကျများကာ အစာအားစုပ်၍စားသည်။ ငါးများအကျများသည်။

တိုင်ပွဲတွင် အကြေးခွံမပါသည့်ငါးကြီးများဖြစ်သည်။ ငါးရွှေ၊ ငါးထွေ၊ ငါးမောင်းမ၊ ငါးရွှယ်၊ ငါးဘတ် စသည့် ငါးအချင်းချင်း ပုစွန်တို့အား စားသောက်တတ်သည်။ အသားစားငါးများ တိုင်ပွဲတွင်ကျလေ့မရှိပေ။

တိုင်ထောင်ရာတွင် ငါးစာအဖြစ် ပြောင်းဖူးစေ့အား အကျွမ်းလှော်ကာ အမှုန့်ပြုလုပ်၍ ရွှံ့နှင့်နယ်ကာ ငါးစာလုံးကလေးများလုံးရသည်။ ငါးစာလုံးအား တစ်ဖက်လှပ်ခြင်းကလေးထည့်ကာ ခြင်းအဝတွင် ငါးမျှားချိတ်ညှပ်ကာထောင်ရသည်။ ငါးစာလာ၍စုပ်ယူစားသောက်စဉ် အစာနှင့်အတူ ငါးမျှားချိတ်ညှိကာ ရုန်းထွက်လိုက်စဉ် ဝါးတိုင်တွင် ဘော့နှင့်နှီးပင် ထန်းရွက်တို့နှင့်ချီထားသော ဘော့လည်းပြုတ်ကျကာ ငါးဆွဲရာနောက်ပါသွားတော့သည်။ ဘော့ကျသည်နှင့် ကမ်းပေါ်သစ်ခက်တဲနှင့်အရိပ်ထိုးစောင့်နေသည့် ရေလုပ်သားလည်း လှေအား ကပျာကယာဖြုတ်ကာ ဘော့အားကောက်၍ တိုင်ငါးအားဖမ်းယူရသည်။

တိုင်ငါးဖမ်းရာတွင်လည်း အခြားငါးများအား ဖမ်းယူသလို တွယ်ချိတ်နှင့်ချိတ်ဆွဲဖမ်းယူလို့မရ။ အကြေးခွံပါသည့်ငါးမျိုးတွေဖြစ်၍ တွယ်မစူး ဂေါ်သဖွယ်ပိုက်အားရက်လုပ်ထားသည့် ဒိုင်းကွင်း(ဂေါ်)နှင့်ကော်၍ ဖမ်းယူရသည်။ တိုင်ပွဲကျသည့် ပထမဦးဆုံးငါးအားဖမ်းယူရာတွင်လည်း ခြေချော်လက်ချော်ဖြစ်ကာ လွတ်ထွက်သွားလျှင် ထိုနှစ်အဖို့ တိုင်ထောင်ငါးဖမ်းခြင်းလုပ်ငန်းအား စောစောစီးစီး လုပ်ငန်းသိမ်းဖို့သာပြင်ပေတော့။ ဆက်ပြီးလုပ်ကိုင်နေလျှင်လည်း ငါးဦးလန်နေပြီးဖြစ်လို့ တစ်နှစ်ပတ်လုံးလုပ်ငန်း အဆင်မပြေဖြစ်တာနှင့် ကြုံတွေ့ရတတ်သည်။ ရှေးလူကြီးသူမများစကားကဲ့သို့ အစကောင်းမှအနှောင်းသေချာတဲ့စကားလို အစဦးသေချာကောင်းမွန်ဖို့ အလွန်လိုအပ်သည့် လုပ်ငန်းတစ်ခုဖြစ်တာကိုလည်းတွေ့ရသည်။

ထိုနှစ်က ထိမ်ပင်ထောင့် တိုင်ပွဲသမားများ ခါတိုင်းနှစ်တွေလိုတိုင်ထောင်နေကြအချိန် အရင်တစ်နှစ်မှ မပေါ်စဖူးထောင့်ကြီးအတွင်း လင်းပိုင်ငါးကြီးများ ဆယ့်ငါးကောင်၊ အကောင်နှစ်ဆယ်အအုပ်အဖွဲ့လိုက် တဖူးဖူးနှာမှုတ်သံပေးကာ နေ့စဉ်ရက်ဆက်ပေါ်နေတော့သည်။

လင်းပိုင်ကြီးတွေ ထိမ်ပင်ထောင့်ထဲပေါ်လို့ပေါ်လို့နှင့် သတင်းကတစ်နယ်လုံး ချက်ချင်းဆိုသလို ပျံ့နှံ့သွားသည်။ မပြန့်နိုင်စရာကလည်းမရှိ။ မြစ်အရှေ့ဘက် အနောက်ဘက်ရှာ ဆင်မကျန်းနဲ့ ပခန်းငယ် ဖြတ်သွားဖြတ်လာကြသည့်



www.burmeseclassic.com

www.burmeseclassic.com

သေ့စီးကူးတို့စီးခရီးသွားတွေက နေ့စဉ်မြစ် အရှေ့ဘက်၊ အနောက်ဘက် ဥဒဟိုသွားချည်ပြန်ချည်ရှိနေသည့်နေရာလည်း ဖြစ်သည်။ ထို့ကြောင့်လည်း တစ်နယ်လုံးအိုးလေးတကျော်ဖြစ်ကာပျံ့နှံ့သွားသည်။

ပခန်းငယ်မြို့တွင် ထိုအချိန်က အာကွယ်ရေးတပ်ကရှိနေသေးသည်။ လက်နက်ကိုင်ကာကွယ်ရေးခေါင်းဆောင် ဦးသိန်းအောင်ဆိုသူက ထိန်ပင်အင်းထောင့်ထဲ လင်းပိုင်ကြီးတွေ အုပ်လိုက်ပေါ်နေသည်ဆိုလျှင် သူနှင့်အတူ အာကွယ်ရေးတပ်ဖွဲ့မှသုံးယောက် လက်နက်ကိုယ်စီယူဆောင်ကာ ထိမ်ပင်ထောင့်ဘက် လက်လှော်လှေငယ်တစ်စင်းနှင့် အတူလှော်ခတ်ကာ လက်နက်တွေကိုလည်း ကျည်ထိုးမောင်းတင်ပြီး အသင့်အနေအထားပြင်ဆင်ကာ အင်းထောင့်တွင်း လှေငယ်နှင့်လှည့်ပတ်ကာ လင်းပိုင်ကြီးတွေပေါ်လျှင် ပစ်မည်ဖြစ်သည်။ သို့သော် ထိုနေ့က တစ်နေ့တာကုန်သွားသည်။ လင်းပိုင်တစ်ကောင်တလေမှ ပေါ်တာမတွေ့ရ။ အစအနမျှပင် မမြင်မတွေ့ခဲ့ကြရပေ။

နောက်ရက် နောက်ရက်တို့တွင်လည်း အရင်နေ့ကနည်းတူ ထောင့်ထဲလှေငယ်နှင့်လှည့်ပတ်ကာရှာဖွေ၍ လင်းပိုင်များပေါ်လျှင် စောင့်ပစ်ဖို့ချောင်းနေကြပေမယ့်လည်း လင်းပိုင်တွေ တစ်ခါတည်း ငုပ်လျှိုးပျောက်ကွယ်သွားခဲ့သည်။

လင်းပိုင်ကြီးများ ထိမ်ပင်ထောင့်တွင် နောက်ထပ်ပေါ်လာခြင်းမတွေ့ရသောအခါ ရေလုပ်သားကြီးများက လင်းပိုင်ကြီးများမှာ လမိုင်းနတ်စောင့်ရှောက်ကြသည့်ငါးကြီးများဖြစ်လို့သာ သူတို့အား ရန်ရှာဖမ်းဆီးမည့်သူများအား ကြိုတင်သိရှိနေခြင်းဖြစ်သည်ဟု ပြောဆိုမှတ်ပြုနေကြတော့သည်။

လင်းပိုင်ကြီးများ ထိမ်ပင်ထောင့်တွင်းပေါ်ပြီး နောက်နှစ်များမကြာမီကာလ ထိမ်ပင်ထောင့်ကြီးလည်း တဖြည်းဖြည်း မြစ်ရေကြောင်းပေါက်လာကာ သရဲခြောက်သည်ဆိုသော ထိမ့်ပင်ကြီးလည်း မြစ်ရေတိုက်စားကမ်းပြိုသည့်အထဲပါသွားသည်။

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကျော်ကလည်း ကျွန်တော်ကိုယ်တိုင် လင်းပိုင်ငါးကြီးများအကြောင်း ကိုယ်တွေ့ကြုံခဲ့ရသည်။ ဧရာဝတီမြစ်ရိုးတစ်လျှောက်ယနေ့ကာလကဲ့သို့ စိန်ပိုက်တွေ၊ သုံးထပ်ပိုက်တွေ၊ ခိုင်သင်းကြည်ပိုက်တွေ၊ ကြာဆံ၊ သုံးထပ်တို့ မပေါ်သေးမီကာလ နိုင်လွန်ချည်နှင့်ထိုးသည့်ပိုက်ကွင်း လူလက်ဆယ်သစ်မျှရှိတဲ့ မျှောပိုက်ကြီးများခေတ်စားချိန်ကာလ ကမ်းနားကျေးရွာတိုင်းလိုလို မျှောပိုက်ကြီးများ ရေလုပ်သားတိုင်းရှိကြသည်။ မျှောပိုက်ကြီးများမှာ ငါးထွေ၊ ငါးတန်၊ ငါးမြင်းရင်း၊ ငါးမောင်းမ၊ ငါးသလိန်း စတဲ့ ငါးကြီးများထောင်မျှောကာဖမ်းလေ့ရှိရာ 'နတ်တော်၊ ပြာသို တံငါငို' စကားလို ဆောင်းရာသီအအေးဓာတ်ကမကုန်သေးမီကာလ ငါးများဆောင်းခိုနေချိန်ကာလဖြစ်သလို ရေကြောင်းကလည်း မြစ်ရေပြင်မှာကြည်လင်နေသည်မှာ မှန်ကြည့်ရသလိုပင်ရသည်။ ထို့ကြောင့် နေ့ခင်းဘက် မျှောပိုက်သမားတို့ ညဘက်ပိုက်မျှောချကာ နေ့ခင်းဘက်တွင် ပိုက်သမားတို့ ရွာပေါ်တက်ကာ တစ်ရေးတစ်မောအိပ်ကာ အနားယူကြသည်။ ပိုက်လှေတို့ နေ့ခင်းဘက် ကမ်းစပ်တွင် အစီအရီကပ်ကာ ချည်ထားကြသည်ကို တွေ့ရသည်။

နေ့ဘက် (၁၁) နာရီထိုးအချိန်လောက်ရှိမည်။ ကျွန်တော်နှင့်ကိုခင်မောင်ဝင်းတို့နှစ်ယောက် မြစ်ဆိပ်သို့ ရေချိုးဆင်းလာကြသည်။ မြစ်ဆိပ်ရေချိုးနေစဉ် မြစ်အောက်ပိုင်း လက်ပံပင်အိုင်ဆီကနေ ရေပေါ်တွင်တဖူးဖူးနှာမှုတ်သံပေးကာ ပေါ်ချည်၊ ငုပ်ချည်ဆန်တက်လာသည်။ လင်းပိုင်ကြီးများအား အဝေးကပင် လှမ်း၍မြင်နေရသည်။ လင်းပိုင်ကြီးများမှာ အားလုံးပေါင်း ခြောက်ကောင်ဖြစ်သည်။

ကျွန်တော်တို့ နှစ်ယောက်လည်း ကမ်းနားတွင်အသင့်ရှိနေသည် မျှောပိုက်လှေတစ်စီးအားဖြုတ်ကာ ဖွတ်အတင်းထိုးကြိတ်လှော်ခတ်၍ မြစ်ကမ်းစပ်အတိုင်း လင်းပိုင်ငါးကြီးတွေရှေ့ကို လှေကြိုတင်ရောက်ရှိစေရန် အတင်းလှော်ခတ်ကြသည်။ မြစ်ရေကြောင်းကလည်း ကွေ့လိမ်ကြောင်းပတ် အနောက်ဘက်မှာတက်ပြီးကာမှ အရှေ့မြောက်သို့ ချိုးကွေ့သွားသည်။ မြစ်ကြောင်းက တံတောင်ဆစ်ချိုးကွေ့လိုဖြစ်သည်။ ငါးကြီးတွေကလည်း မြစ်ရေကြောင်းကွေ့လျှင်လည်း ကွေ့သည့်အလျောက် ဖြတ်လမ်းကရေစီးရေသာခိုကာမတက်ဘဲ မြစ်ရေကြောင်းသဘောကြောင်း ဘော့ပြုထားသည့်ရေကြောင်းအတိုင်း ကွေ့ပတ်ကာဆန်တက်နေကြသည်။ ကျွန်တော်တို့လှေနှင့် ရှေ့မကျနောက်မကျဘေးတိုက်တည့်တည့် အနေအထားဖြစ်နေလို့အထက်ကအတင်စီးပစ်ခွင့်မရဘဲ လင်းပိုင်ငါးကြီးတွေဆန်တက်နေရာနောက်ကိုသာ ကမ်းကနေမြောင်လိုက်နေရသည်။

လင်းပိုင်ကြီးတွေနှင့် ဘေးတိုက်ယှဉ်လိုက်နေရာကနေ အုန်းပွဲတောရွာအနောက်ဘက်တွင် ထိုအချိန်က ရေလက်ကြားတစ်ခုရှိသည်။ ငါးကြီးတွေက ထိုရေလက်ကြားနေရာအရောက် မြစ်ရေကြောင်းအတိုင်း ဆန်တက်မနေတော့ဘဲ အရှေ့မြောက်ဘက်ကလာတဲ့ ရေလက်ကြားထဲတိုးဝင်ကာ ဖြတ်တက်သွားရာ ကျွန်တော်တို့လှေလည်းမမီဘဲ ကျန်ရစ်ခဲ့တော့သည်။

လင်းပိုင်ငါးကြီးများမှာ ပွဲထောင်စက်လှေထက်ပင် မြန်ကြလေသည်။ ကျွန်တော်တို့လှေနှင့်လှော်လိုက်နေချိန်တွင် အောက်ဆိုက်မော်တာမှ စက်လှေမောင်းသည့်ရေစမ်းသူတွေက အဲဒါလင်းပိုင်ကြီးတွေတက်လာတာ။ သူတို့တက်တဲ့လမ်းက မြစ်ရေကြောင်းပဲဟုပြောကာ သူတို့၏ရှပ်ရှည်စက်လှေကလည်း လင်းပိုင်ငါးကြီးများ နောက်မှရေစမ်းကာလိုက်သွားကြသည်။

ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် ပိုက်နှင့်ပစ်ကာ ဖမ်းရန်ကြိုးစားခဲ့သည် လင်းပိုင်ငါးကြီးများအား နောက်တစ်နေ့တွင် ချောက်မြို့ မြောက်ဘက်လမ်းရွာကျောက်တန်းရေလုပ်သားကြီးများ၏ မျှောပိုက်တွင် ဖမ်းဆီးရမိသော်လည်း လင်းပိုင်ကြီးများအား ပြန်လည်လွှတ်ပေးခဲ့သည့်သတင်းကို နောက်တစ်နေ့တွင် ကြားသိခဲ့ရသည်။

ရေလုပ်သားကြီးများကပင် လင်းပိုင်ငါးကြီးတို့အား အသက်မသတ်ဘဲ ပြန်လွှတ်ပေးခဲ့သည့်သတင်းကြားရလျှင် ကျွန်တော်တို့နှစ်ယောက် လင်းပိုင်ငါးကြီးများအား ဖမ်းယူဖို့စိတ်ကူးမိခဲ့တာမှားလေခြင်းဟု နောင်တရမိတော့သည်။ လင်းပိုင်ကြီးတွေဖြတ်ကာတက်သွားသည့်မြစ်ရေလက်ကြားမှာလည်း နောက်တစ်နှစ်တွင် မြစ်ရေကြောင်းသဘောကြောင်း ပေါက်၍သွားခဲ့ပါသည်။

လင်းပိုင်ငါးကြီးများမှာ လူတို့၏စိတ်အကြံအားကြိုတင်ကာသိရှိနေသကဲ့သို့ လင်းပိုင်ငါးကြီးများပေါ်တတ်သည့်နေရာလမ်းကြောင်းတစ်လျှောက်မှာ မြစ်ရေကြောင်းကြီးများ ပြောင်းလဲဖြစ်ပေါ်လာတတ်သည့်အချက်တို့မှာ ပေါ်လွင်ထင်ရှားလျက်ရှိကာ လင်းပိုင်ငါးကြီးတို့နှင့်ကြုံတွေ့ဖြစ်ရပ်အချို့မှာ ဂမ္ဘီရဆန်လျက်ရှိနေပါတော့သည်။

နေအောင်သင်း (စလေ)

www.burmeseclassic.com

# ကိုလှိုင် (မြန်မာစာ)

ဝတ္ထု



ကျုပ်ခါးနာနေတာကြာပြီ။ ဒီကြားထဲ ခြေထောက်တစ်ဖက်ကလည်း သိပ်မကောင်းတော့ဘူး။ မနည်းကြိုးစားပြီးရုန်းကန်နေရတာ။ ဩော် - အသက်လေးကလည်းရလာပြီကိုး။ ကျုပ်ရယ်၊ ကျုပ်သူငယ်ချင်းရယ် ငယ်ငယ်လေးကတည်းက ဒိုးတူပေါင်ဖက်အတူတွဲပြီး လုပ်လာခဲ့ရတာ ဒီနေ့ထိပဲဆိုပါတော့။ ခုလည်း သူနဲ့ ကျုပ် စပါးဆွဲနေရတာ တစ်နေကုန်တစ်နေခန်း ဖတ်ဖတ်မောလို့။ အင်း - မောပေမယ့် နားနေရတာ မဟုတ်ဘူး။ သူတို့ခိုင်းရင်ခိုင်းသလိုလုပ်ရတာပဲဟာ။ ကြည့်လေ - ဒီနေ့လည်း မနက်စောစောကတည်းက အိပ်ရာထရတာ မိုးတောင်မလင်းတတ်သေးဘူး။ သူတို့ကတော့ ဘရိတ်ဖတ်တွေဘာတွေ တဝတပြဲစား။ ကျုပ်တို့ကျတော့ ဘာဘရိတ်ဖတ်မှ စားရတာမဟုတ်ဘူး။ ကျုပ်တို့ဘဝက ခိုင်းတာလုပ်၊ ခေါ်ရင်လိုက်၊ ခံမပြောကြေး ဒါပဲလေ။ ခိုင်းတာမလုပ်ရင် ကြိမ်နဲ့ရိုက်သေးတာ။ ဒါတွင်ဘယ်ဟုတ်မလဲ၊ ကြိမ်လုံးထိပ်မှာ သံချွန်တပ်ပြီး သူတို့က ကျုပ်တို့တင်ပါးကို သံချွန်နဲ့ထိုးသေးတာ။တစ်ခါတော့ တစ်နေကုန်ရုန်းကန်ရတာမောလွန်းလို့ ကျုပ်ဒူးတွေမခိုင်တော့ဘူး။ ထမ်းရပိုးရရုန်းရတာရင်တွေတောင်တလှပ်လှပ်တုန်နေတယ်။ မိုးလင်းကမိုးချုပ် နားရတယ်မှ မရှိတာ။ ကြာလာတော့ ကျုပ်လည်း ဒီငပန်းတဲ့

www.burmeseclassic.com

ဒဏ်တွေမခံနိုင်တော့လို့ မြေကြီးပေါ် လှဲအိပ်ပစ်လိုက်တယ်။ ဘာပြောကောင်းမလဲ။ သူတို့ကရိုက်လိုက်တာ ကြိမ်လုံးနဲ့ရိုက်လိုက်၊ သံချွန်နဲ့ထိုးလိုက်၊ မထမချင်းရိုက်လိုက်တာ ကျုပ်လေ နာလွန်းလို့မျက်ရည်တောင်ကျမိတယ်။

ကျုပ်တို့ဘဝက အစကတည်းက ခိုင်းရင်လုပ်ရတာ။ မလုပ်ရင် နည်းမျိုးစုံနဲ့ အနှိပ်စက်ခံရတာပဲ။ ရိုက်လွန်းမကရိုက်နေနှလတော့ ကျုပ်လည်း အားတင်းပြီး အံကြိတ်လို့ ကုန်းရုန်းထလိုက်ရတယ်။ ဒီတော့မှ သူတို့ရိုက်တာရပ်သွားတယ်။ ကျုပ်ပခုံးပေါ်က မနိုင်ဝန်ထမ်းရင်း ကျုပ်အားတင်းပြီးရုန်းခဲ့ရတယ်။ ကျုပ်ရဲ့ပခုံးတွေကိုလည်းကြည့်ပါဦး။ စုတ်ပြတ်နီရဲပြီးသွေးတွေတောင်ထွက်နေပြီ။ ဒါပေမယ့် သူတို့က ခိုင်းတာလျှော့သလားဆိုတော့ မလျှော့ဘူး။ ကျုပ်တို့ဘဝက နွေ၊ မိုး၊ ဆောင်း အားရတယ်၊ နားရတယ်ကိုမရှိဘူး။ နွေမှာဆိုရင် မြို့ထဲပိုင်း ကားမသွားနိုင်တဲ့နေရာတွေမှာ ကျုပ်တို့ကဆန်အိတ်တွေသယ်ပေးရတယ်။ ဆန်အိတ်တွေကို ဆန်စက်က ဂိုဒေါင်၊ ဂိုဒေါင်က ဆန်စက် အသွားအပြန်သယ်ပေး မိုးလင်းကမိုးချုပ်နေထွက်ကနေဝင် နိစ္စဓူဝလုပ်ပေးရတာ။ အိမ်ပြန်ရောက်တော့လည်း ကျွဲတော့ ကောက်ရိုးအခြောက်ကို အပေါ်ယံက ပွဲနလေးအနံ့လောက်ထည့်၊ ရေများများ ဖြန်းပြီးမဝတဝကျွေး၊ ညအိပ်တော့လည်း ခြင်ကကိုက်၊ ဖြုတ်တွေကကိုက်၊ မှားတွေကတွယ်၊ အိပ်ကောင်းခြင်းမအိပ်ရနဲ့ ဘကယ့်ဒုက္ခမှဒုက္ခပါပဲဗျာ။ အောင်မယ် ဒါတောင် ညကျ မတော်တဲ့နေရာ သေးပေါက်ရမလားဆိုပြီး သူတို့က ထရိုက်သေးတာ။

ခုလည်း ကျုပ်ခါးနာနေပေမယ့် သူတို့ကို ပြောပြလို့လည်းမရ။ ကျုပ်တို့ခါးနာတာက အကြောင်းမဟုတ်ဘူး။ သူတို့အလုပ်ပြီးဖို့၊ သူတို့ငွေရဖို့၊ သူတို့သားသမီးတွေ လှလှပပဝတ်နိုင်စားနိုင်ဖို့၊ သူတို့စီးပွားဖြစ်ဖို့၊ သူတို့ပျော်ဖို့ပါးဖို့အို - အားလုံးအားလုံး ကျုပ်တို့က ပခုံးနဲ့ထမ်းပြီးပေးဆပ်နေရတာကလား။ ဒါပေမယ့် ကျုပ်တို့ကျတော့ ကျေးဇူးမှတင်ဖော်မရကြ။ နည်းနည်းလေးမှကိုယ်ချင်းမစာနာကြ။ သနားဖော်မရကြ။ တကယ့်ဝဋ်ကြွေးတစ်ခုကို ပေးဆပ်နေရတာပါလေ။ပြီးတော့ပြောရဦးမယ်။ ဘယ်မဟာပညာရှိကများပြောခဲ့တဲ့စကားပုံလဲမသိဘူး။ 'မယားနဲ့နွား မသနားနဲ့' တဲ့။ သူတို့သားသမီးတွေကို ဆုံးမရင်တောင် ကျုပ်တို့ကိုထိခိုက်ပြောတတ်သေးတယ်။ 'မင်းဟာ နွားလိုကောင်၊ ဘာအသုံးကျသလဲ၊ အလကားအကောင်' တဲ့လေ။ အဲဒီလို ဆုံးမတတ်သေးတယ်။ တကယ်တော့ ကျုပ်တို့နွားလောက် အသုံးကျတာ အသုံးဝင်တာဘယ်မှာရှိလို့လဲဗျ။ စဉ်းစားကြည့်ကြပါဦး။ ကျုပ်တို့ရဲ့အသားကို မြိန်ရေရှက်ရေစားကြတယ်။ ကျုပ်တို့ အသွေး၊ ကျုပ်တို့အရိုး၊ ကျုပ်တို့ရဲ့သားရေ ကျုပ်တို့ ခန္ဓာကိုယ်ကစွန့်ပစ်လိုက်တဲ့ မစင် အို - အားလုံး ခင်ဗျားတို့လူတွေအတွက် ဘာများအသုံးမဝင်တာရှိသေးလို့လဲ ဖြေစမ်းပါ။ ဩ - မိုးတွင်းရောက်လာပြီလားဆို ကျုပ်တို့လုပ်အားက မပါမဖြစ် မိုးမလင်းခင် အိပ်ရာထ၊ တစ်နေကုန် လယ်ထဲဆင်း၊ ရွှံ့ထဲဗွက်ထဲမှာကုန်းရုန်းပြီးလုပ်၊ လယ်ထိုး၊ လယ်ထွန်နားရတယ်ကိုမရှိဘူး။ ဗွက်ထဲမှာ ခြေထောက်နစ်နေလို့ တော်ဖော်နဲ့ မရုန်းနိုင်ရင် သူတို့က ကြိမ်နဲ့ရိုက်၊ သံချွန်နဲ့ထိုးလုပ်ကြသေးတယ်။ အိမ်ပြန်ရောက်တော့လည်း နှမ်းဖတ်၊ ပဲဖတ်လေးများဖျော်တိုက်မလား အောက်မေ့ပါတယ်။ ရေပဲတဝတိုက်ပြီး သောက်ချင်သောက်၊ မသောက်ချင်နေဒါပဲသောက်။ ကြေးများပိုင်ခွင့်မရှိ။ သောက်ပြီးရင် ခြင်တွေဖြုတ်တွေကြားထဲမှာ အိပ်ပေတော့။ ကျုပ်လူ့ဘဝတုန်းကကြားဖူးတဲ့ ဦးပုညစာထဲကလို 'ဘူမိကဗ္ဗလာမြေမွေ့ရာ' ဆိုတာ ကျုပ်တို့ဘဝရဲ့ အဘိဓမ္မာတစ်ရပ်ပဲလေ။

ဆောင်းဦးပေါက်လာပြီလားဆိုရင် ကျုပ်တို့အလုပ်များရပြီ။ သူတို့ရိတ်သိမ်းထားတဲ့လယ်ထဲက စပါးကောက်လှိုင်းတွေ အိမ်အထိ ရုန်းကန်သယ်ပေးရတယ်။ လယ်ထဲက ကောက်လှိုင်းတွေစုံသွားပြီဆိုရင်တော့ နားရမလားအောက်မေ့ပါတယ်။ မနားရဘူးဗျ။ ကောက်လှိုင်းတွေစုပုံပြီးရင် မြေကြီးကို ကျုပ်တို့လုပ်အားနဲ့ဂျုတ်ဆွဲ၊ အဲ - ဂျုတ်ဆွဲပြီးရင် ကျုပ်တို့ရဲ့မစင်တွေနဲ့ရေဖျော်ပြီး မြေကြီးအပေါ်ယံကို ထူထူလေးသုတ်လိုက်။ ဟော - ခြောက်သွားရင် တလင်းဖြစ်သွားပြီ။ ပြီးရင် အဲဒီအပေါ်မှာ ကောက်လှိုင်းစပါးတွေစီတင်ပြီး စပါးတွေကို ကျုပ်တို့က ခြေထောက်နဲ့ လှည့်ပတ်ပြီးနင်းရတယ်။ စပါးတွေကြွေအောင်ခြွေရတဲ့သဘောပါ။ အဲဒါကို တလင်းနယ်တယ်လို့ ခေါ်တယ်။ အဲဒီလို ကျုပ်တို့က တလင်းနယ်ပေးရပေမယ့် လူတွေများဘယ်လောက်ရက်စက်တယ်မှတ်သလဲ။ သူတို့စပါးကိုစားမှာစိုးလို့ဆိုပြီး ကျုပ်တို့နှာခေါင်းကို ခြင်းကြီးနဲ့စွပ်ထားသေးတယ်။ နှာခေါင်းကိုနဖားကြိုးထိုးထားတဲ့အပြင် ခြင်းပါစွပ်ထားလိုက်သေး။ အဲဒါပဲကြည့်ပါတော့ဗျာ။ လူတွေဟာ ကိုယ်ချင်းစာစိတ်ကိုမရှိကြတာ။ ဒါကြောင့် ကမ္ဘာ့ပညာရှင်တွေကပြောတာ လောကမှာ 'အယဉ်ကျေးဆုံးဟာလည်း လူပဲ၊ အယုတ်မာဆုံးဟာလည်း လူပဲ' တဲ့။ ဩော် - လူတွေလူတွေ တော်တော်တရားကျဖို့ကောင်းတယ်။

ပြီးတော့ပြောရဦးမယ်။ ကျုပ်တို့ရဲ့မစင်တွေဘယ်လောက်အသုံးဝင်နေပြီလဲဆိုတာ ခုခေတ်မှာ ဓာတုဆေးဝါးတွေသုံးပြီး စိုက်ပျိုးထုတ်လုပ်တဲ့ အသီးအနှံတွေကို လူတွေကကျန်းမာရေးထိခိုက်လို့ သိပ်မစားရဲကြတော့ဘူးလေ။ ဒါကြောင့် သဘာဝမြေဩဇာဖြစ်တဲ့ ကျုပ်တို့ရဲ့မစင်တွေနဲ့ မြေဩဇာကျွေးထားတဲ့ အသီးအပင်တွေက ရောင်းပန်းလှတာပေါ့။ ဒီတော့ စိုက်ပျိုးရေးသမားတွေက ကျုပ်တို့ရဲ့မစင်တွေကို အလုအယက်လာဝယ်ကြတယ်။ ဒါတင်မကသေးဘူး။ တချို့ဆို ကျုပ်တို့မစင်တွေကို အခြောက်လှန်းပြီး လောင်စာအဖြစ် ထင်းအဖြစ်နဲ့တောင် သုံးနေကြတယ်။ အဲဒါပြောတာပေါ့ဗျာ၊ ဒါနဲ့များတောင် လူတွေက ကျုပ်တို့ကို အသုံးမကျတဲ့နွားလို့ သူတို့မှို့ ရက်ရက်စက်စက်ပြောထွက်ကြတယ်။

❐

ဩော် - ကျုပ်လား၊ ဒီနွားဘဝကို ဘယ်လိုရောက်လာသလဲ ဟုတ်လား။ အင်း - ပြောရမှာတော့ ရှက်လည်းရှက်စရာပါဗျာ။ ရှက်လည်းရှက်စရာပါဗျာ။ ရှက်ရှက်နဲ့ပဲပြောပါရစေတော့။ နောင်းလူတွေ ကျုပ်လိုမဖြစ်ရအောင်၊ သင်ခန်းစာယူရအောင် ပြန်ပြောပါဆိုရင်လည်း ပြောရတာပေါ့။

လူ့ဘဝတုန်းက ကျုပ်နာမည်က ကျော်ခဲတဲ့။ ကျော်ခဲဆိုတဲ့အတိုင်း ကျုပ်ကလည်း သိပ်ကျန်းမာတာ။ ဖျားတယ်နာတယ်ဆိုတာ ကျုပ်ဘဝမှာဘာလဲမေးရမလောက်ဘဲ။ ခေါင်းတောင် မကိုက်ဖူးပါဘူး။ ကျုပ်အလုပ်လား၊ ပြောမယ်လေ၊ အဲဒါက အဓိကပဲဟာ။ ကျုပ်က တောသားဆိုတော့ လယ်လုပ်ရတာပေါ့။ ဒါပေမယ့် ကျုပ်ဆိုတဲ့ကောင်က သမာရိုးကျလယ်သမားတော့မဟုတ်ဘူးဗျ။ကျုပ်က ဒီလိုသမားရိုးကျလယ်သမားလုပ်ရတာ စိတ်ကုန်တယ်။ သိတယ်မို့လား။ ဟိုခေတ်က တာဝန်မကျေရင်



www.burmeseclassic.com

www.burmeseclassic.com

လယ်သိမ်းတာနဲ့ ပုတ်လှန်ရတာနဲ့ဆိုတော့ လယ်သမားဆိုတာ နာမည်နဲ့လိုက်အောင်လည်နေရတယ်လေ။ ကံကောင်းတာက ကျုပ်လယ်တွေက မြေကောင်းတယ်၊ လယ်ကေများတယ်။ မြေကောင်းပြီး လယ်ကေများတော့ စပါးထွက်လည်းများတာပေါ့။ ဒီတော့ လယ်ကထွက်တဲ့စပါးကိုရောင်းတယ်။ ပြီးရင် ရတဲ့ငွေကိုအလကားမထားဘူး။ ဒီငွေကိုပြန်ပြီးစပါးဖိုးပေးတယ်။ ငွေတိုးချေးတယ်။ ကျုပ်မှာ သားသမီးကလည်းများများစားစားမရှိလေတော့ စပါးကပိုလျှံတယ်လေ။ မိုးဦးကျပြီလားဆို စိုက်စရိတ်၊ ထွန်စရိတ်မရှိတဲ့ လယ်သမားတွေကိုအောက်ဈေးနဲ့ မတန်မဆဈေးနှိမ်ပြီးစပါးဖိုးပေးထား။ ဟော - တလင်းသိမ်းချိန်ရောက်လာပြီဆိုရင် ကျုပ်စပါးဖိုးပေးထားတဲ့ ပတ်ဝန်းကျင်ရွာတွေကို လှည်းတစ်စီးနဲ့ စပါးလိုက်သိမ်းရုံပဲ။ အဲဒီကရတဲ့စပါးနဲ့ ကျုပ်လယ်ကထွက်တဲ့စပါးကိုစပါးဈေးတက်ချိန်ကျ ဝမ်းစာချန်တာဝန်ကျေချပြီး ထုတ်ရောင်းလိုက်ရင် ကျုပ်အတွက် အမြတ်ကတော်တော်လေးကျန်ပါတယ်။ ကျုပ်ရဲ့စပါးတင်းတောင်းကိုလည်းကြည့်ဦး။ စပါးသိမ်းဖို့ကို ကျုပ်က တင်းတောင်းကြီးကြီးစပါယ်ရှယ်လုပ်ထားပြီး အဲဒီတင်းတောင်းနဲ့သိမ်းတယ်။ အဲ - ပြန်ရောင်းရင်တော့ ပုံမှန်တင်းတောင်းနဲ့ရောင်းတော့ ဈေးပေါ်မှာ အမြတ်ကျန်သလို တင်းတောင်းပေါ်မှာလည်း အမြတ်ကျန်တော့ ကျုပ်အတွက်အိုကေမှာ စိုပြည်တာပေါ့ဗျာ။ ပြီးရင်အဲဒီငွေနဲ့ ပတ်ဝန်းကျင်ကရွာတွေကမရှိဆင်းရဲသားတွေကို ငွေတိုးပြန်ချေးတယ်။ ပစ္စည်းပါရင် (ဟိုခေတ်က) (၅)ကျပ်တိုး၊ ပစ္စည်းမပါရင်(၁၀)တိုး ဒါပဲလေ။ ယူချင်ယူ မယူချင်နေ ကျောက်ခဲတို့က နာမည်နဲ့လိုက်ပြီး ခပ်မာမာပဲ။ ညနေစောင်းရင် တဲကြီးကုန်းရွာထဲကထန်းတောမှာ ထန်းရည်ခါးလေးနဲ့ ကျုပ်ဇိမ်ခံရင်း ကျုပ်ဆီက ငွေတိုးချေးထားတဲ့လူတွေဆီ အတိုးလိုက်တောင်း။ ပြီးရင်ထန်းရည်လေးယစ်တစ်တစ်နဲ့ အိမ်ပြန်။ ကျုပ်အလုပ်က တွက်ခြေကိုက်လို့။ ငွေတိုးချေးတော့လည်းကြည့်ဦး။ တချို့ကစာမတတ်ဘူးဗျ။ ကျုပ်အတွက် အဲဒါအခွင့်ကောင်းပဲ။ သူတို့ချေးတဲ့ရက် မသိမသာလေးတိုးမှတ်လိုက်ပြီးရင် အတိုးကိုပိုတွက်တောင်း။ ဘယ်လောက်ဟန်ကျသလဲ။

တစ်ခါသား ၁၉၇၅-၇၆ လောက်က ထင်တယ်။ ကျုပ်သိပ်တောင်မမှတ်မိတော့ဘူး။ ဆန်ဈေးတွေက မတန်တဆတက်လာတာ။ အဲဒီခေတ်က ဆန်တစ်ပြည်မှ ငွေနှစ်ကျပ်ရယ်၊ အဲဒီနှစ်ကျပ်ကနေ ရှစ်ကျပ်အထိ ခုန်တက်သွားတယ်။ ပတ်ဝန်းကျင်က တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ မရှိဆင်းရဲသားတွေအတွက် ကမ္ဘာပျက်ခဲ့ပေမယ့် ကျုပ်အတွက်တော့ မဟာအကွက်ပဲဗျို့။ တချို့က ရွှေတိုရွှေစလေးတွေလာပေါင်ကြတယ်။ တချို့ကတော့ ရွှေနဲ့ဆန်နဲ့လဲတယ်။ အဲဒီတုန်းက ဆန်တစ်ပြည်နဲ့ ဘဝပျက်ခဲ့ရတဲ့ မိန်းကလေးတွေလည်း မနည်းပါဘူးဗျာ။ အဲ - အဲဒီမှာပဲ ကျုပ်တော်တော်လေး ပွပေါက်တိုးခဲ့တယ်။ ပတ်ဝန်းကျင်က ရှိသမျှရွှေတွေလည်း ကျုပ်ပိုင်ခဲ့သလို လယ်တွေလည်း နောက်ထပ် (၁၀) ဧကလောက်တိုးပြီး ဝယ်နိုင်ခဲ့တယ်။ ကျုပ်မှာက သားတစ်ယောက်တည်းရယ်။ သူ့ကို လယ်ထဲဆင်းခိုင်း၊ ကျုပ်ကတော့ ငွေတိုးချေး၊ စပါးဖိုးပေး၊ အပေါင်ခံနဲ့ ဒီအလုပ်ဟာ တော်တော်အရချောင်ခဲ့ပါတယ်။ ဩော် - အလှူအတန်းလား။ အို-ဒါတွေကျုပ်ကသိပ်ဝါသနာမပါဘူး။ လှူတယ်ဆိုတာ ကိုယ်ကပေးရတာ။ ကိုယ်ကပေးရတာဆို ကျုပ်လာမပြောနဲ့ ဆောရီးပဲ။ အဲ - ရဖို့ဆိုရင်တော့လာခဲ့၊ ဘယ်သူ့ဆီမှာ ဘယ်လိုရအောင်လုပ်ရမလဲ မိုးလင်းကမိုးချုပ် ကျုပ်ဒါပဲစဉ်းစားတယ်။ ကျုပ်ရဲ့ဦးနှောက်က ခုခေတ်ကွန်ပျူတာတွေထက်တောင် တွက်ကိန်းကောင်းသေးတယ်။ ရွာထဲမှာ ဘယ်သူစီးပွားပျက်နေသလဲ၊ ဘယ်သူတွေဘာဖြစ်နေပြီလဲ အဲဒါပဲလိုက်ကြည့်တယ်။ ပြီးတော့ ကိုယ့်ခွင်ထဲဝင်အောင်ရိုက်လိုက်၊ အဲဒါကျုပ်အလုပ်ပဲလေ။ ကျုပ်က ကုန်ဖို့ဆို ကျုပ်ကိုယ်ကျုပ်တောင် မသဒ္ဓါဘူး။ ကျုပ်အတွက်တောင် အကျီအဝတ်အ



စားဝယ်မဝတ်ဘူး။ ရွာထဲမှာ အလှူအတန်းရှိရင် အကျီကို ပခုံးပေါ်တင်သွားတယ်။ အလှူအိမ်နားရောက်မှ ပါတဲ့အကျီကိုကောက်ဝတ်လိုက်ရုံပဲ။ အိမ်မှာနေရင်တော့ ကျုပ်ဘယ်တော့မှအကျီဝတ်လေ့မရှိဘူး။ ဒီတော့ ကျုပ်အတွက်အကျီကုန်သက်သာတာပေါ့ဗျာ။

ဒီလိုနဲ့ ,အသက်အရွယ်ကရလာတော့ ကျုပ်မှာသွေးတိုးဆိုလားဗျာ၊ အဲ- အဲဒီရောဂါဖြစ်တယ်။ ဆေးရုံ ဆေးခန်းသွားပြရင် ပိုက်ဆံကုန်မယ်၊ ဒါကြောင့်ဆေးမြီးတိုနဲ့ ကုပါတယ်။ ရောဂါကပျောက်တယ်မရှိဘူး။ သက်သာလိုက်ပြန်ဖြစ်လိုက်နဲ့။ တစ်နေ့မှာ ကျုပ်ခေါင်းတွေတော်တော်မူးနေတယ်။ လူကဘယ်လိုမှနေလို့မရအောင်မူးတာ။ ကျုပ်ပတ်လက်အိပ်နေတာ၊ ကျုပ်အိမ်ကြီးတစ်ခုလုံး ချာချာလည်လို့ရယ်။ ဆေးခန်းမသွားဘူး။ ထုံးစံအတိုင်း သွေးပေါင်ကျဆေးကိုလိုတာထက်ပိုပြီးသောက်ပစ်လိုက်တယ်။ တကယ်တော့ သွေးပေါင်ကတက်တာမဟုတ်ဘူး၊ ကျတာလေ။ သွေးပေါင်ကျတာကို တက်တယ်ထင်ပြီး သွေးပေါင်ကျဆေးသောက်လိုက်တော့ ရောဂါကမသက်သာတဲ့အပြင် ပိုဆိုးသွားတာ။ ကျုပ်အိမ်သားတွေ ဆေးရုံလိုက်ပို့တော့ကျုပ်သတိလစ်သွားပြီ။

သတိလစ်နေတုန်း ကျုပ်ဘယ်ရောက်သွားလဲဆိုတော့ ရွာအနောက်ပိုင်းက နွားမွေးထားတဲ့ ကိုသာမြနွားခြံထဲရောက်သွားတယ်။ အဲ - ပြီးတော့ကျုပ်နောက်က ခါးစောင်းလောက် ရှိတဲ့ခွေးကြီးတစ်ကောင် ကိုက်ဖို့လိုက်လာနေ ပြီ။ ကျုပ်လည်း ကြောက်ကြောက်နဲ့အနားမှာရှိတဲ့ နွားမကြီးရဲ့ဝမ်းထဲပြေးဝင်ပြီးပုန်းလိုက်ရတယ်။ အဲဒီလိုနဲ့ပဲ ကျုပ်ဟာ ဒီနွားဘဝကို အပြီးအပိုင်ရောက်သွားခဲ့ရတာပဲဗျာ။

❐

အင်း - ကျုပ်တွေးနေလိုက်တာ ဘယ်လောက်ကြာသွားပြီလဲ မသိဘူး။ ဟော - ကျုပ်သခင်က ကျုပ်ကိုခိုင်းဖို့ လာခေါ်နေပြီ။ သွားမှ၊ သွားမှ။ တော်တော်ကြာ သံချွန်နဲ့အထိုးခံနေရဦးမယ်။ ဒီနေ့စပါးတွေတလင်းနယ်ပေးရဦးမယ်။ ကျုပ်အသက်အရွယ်ကလည်းရလာလေတော့ အလုပ်ကိုတွင်တွင်ကျယ်ကျယ် သိပ်မလုပ်နိုင်တော့ဘူး။ ခါးကလည်းနာ ခြေထောက်ကလည်း မသန်တော့ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com

အဲ - တစ်နေ့တော့ ကျုပ်သခင်ထံက အမှတ်မထင်ပြောသံကြားလိုက်ရတယ်။

"အင်း - နွားနက်ကြီးက အသက်ကြီးလာတော့ သိပ်လည်းမလုပ်နိုင်တော့ဘူး။ ဒီကောင်ကြီးကို အမဲသတ်ရုံကို စပ်ပြီး ပြန်ထုတ်ပစ်ရမယ်"

ဆိုပါလား။

အို - ဘုရား၊ ဘုရား ကျုပ်တော့ သေရတော့မယ်ထင်တယ်။ဘယ်လိုလုပ်လုပ်ရမလဲ။ ကယ်မယ့်သူတော့ဝေးပြီထင်ပါရဲ့။ ရက်စက်လိုက်ကြတာ။ လုပ်နိုင်ကိုင်နိုင်တုန်းကလည်း အစာရေစာကို မဝတဝကျွေးပြီး အချိန်ပြည့်ခိုင်းခဲ့တာ။ အခုတော့ အလုပ်မလုပ်နိုင်တော့ဘူး၊ အသက်ကြီးလာပြီလည်းဆိုရော ဘေးမဲ့ပေးဖို့မစဉ်းစားဘူး။ ကျုပ်ကို အမဲသတ်ရုံကို ရောင်းပစ်မတဲ့။ ဒါတရားမျှတရဲ့လားဗျာ။ ကျုပ်တို့ အသား၊ ကျုပ်တို့ အသွေးတွေနဲ့ ကျုပ်တို့ဘဝကို စတေးပြီး ပေးဆပ်ခဲ့ရတာ။ သူတို့အိမ်တွေ၊ သူတို့ ရွှေတွေ၊ သူတို့ငွေတွေ၊ သူတို့ရဲ့စီးပွားဥစ္စာရတနာတွေ အို-ဒါတွေအားလုံးဟာ ကျုပ်တို့ဘဝနဲ့ တည်ဆောက်ထားတာပါဗျ။ ဒါတွေကိုတောင် ထောက်ထားဖော်မရဘူး။ အကြင်နာတရားမဲ့လိုက်ကြတာ။

ကျုပ်ဖြင့်ရင်တွေနာလိုက်တာ။ သူတို့ကျတော့ အိပ်တော့ ခြင်ထောင်နဲ့၊ နေမကောင်းရင် ဆေးကုရတာနဲ့၊ ဆေးထိုးရတာနဲ့၊ စားတော့လည်း အဆီနဲ့တဝင်းဝင်း။ ကျုပ်ပခုံးသွေးထွက်အောင် ထမ်းပိုးပြီး လုပ်ကိုင်ပေးရ၊ ရုန်းကန်ကျွေးလို့ရလာတဲ့ငွေတွေနဲ့ အပျော်ကြီးပျော်နေလိုက်ကြတာ။ အောင်မယ် - အလှူအတန်းတွေဘာတွေတောင်လုပ်လိုက်သေး။ သူတို့တစ်တွေ ကျုပ်တို့ကို နှိပ်စက်ညှဉ်းပန်းပြီးမှ ရတဲ့ငွေကြေးနဲ့ လှူတာ။ ဘာကုသိုလ်ရလိမ့်မလဲဗျာ။ ဟိုဆရာတော်ကြီးဟောထားသလို သူတို့ကုသိုလ်က အဖြူ အမည်းရောတဲ့ ကုသိုလ်ပဲရမှာပေါ့မဟုတ်ဘူးလား။ ကျုပ်လူ့ဘဝတုန်းကကြားခဲ့ဖူးတဲ့ လယ်တီဆရာတော်ဘုရားကြီးရဲ့စာလေးကိုပြေးပြီး သတိရမိတယ်။

ဘာတဲ့ -

*တို့တစ်တွေပနံ့မှာ မီးဟုန်းဟုန်းထတောက်၊ တို့လုံ့လတို့အစွမ်းပင်၊ တို့အပင်ပန်းခံနိုင်လို့ ဆန်စပါး၊ ပြောင်း၊ နှမ်း၊ ဘူး၊ ခရမ်း၊ ပဲအမျိုးမျိုး မြေပြင်လုံးမောက် ဖြိုးအောင်တိုးတက်သည့်ဘဏ္ဍာနှင့်ကုံလုံကြအသီးသီး၊ ကျောင်းကြီးဆောက်ဘုရားတည်၊ တစ်တိုင်လုံးကြွယ်သည်မှာ ဘယ်သူတာအရင်းဟုစဉ်းစားဖွယ်မရှိ။ ထင်အလင်းသိပါလျက်နဲ့သတိပင်မပေါ်၊ ကျေးဇူးကိုမမျှော်၊ စိတ်အချော်တိမ်းပါး၊ မိတ်မတော် စိမ်းကားလျက် တို့အသား၊ တို့အသည်း၊ တို့အဆီရွှဲရွှဲကို၊ ထမင်းပွဲအလယ် အနင့်သားတည်ပြီး၊ ရယ်ကာပြုံးကာ၊ အရသာခံစား၍၊ လင်မယားတစ်တွေ၊ မြုံ့ကြသည်အနေမှာ၊ ပြုံးနိုင်ပေ့သူတို့ကို၊ မျိုရက်ပေ့သူခံတွင်း၊ တို့လုပ်သည့်ထမင်းကို၊ တို့ဟင်းလျာ၊ တို့အသားနှင့်၊ စားကြသည့်ဖြစ်နဲ့ကို၊ တို့အသည်းနာလိုက်တဲ့-*

ဆိုတဲ့ လင်္ကာလေးဟာ တကယ်တော့ ကျုပ်တို့ကို ကျေးဇူးသိတတ်ဖို့ ကျုပ်တို့ရဲ့ဘဝကို ပုံဖော်ထားခဲ့တာပါ။ ဒါပေမယ့် လူတွေက ဂရုမထား အရေးမစိုက်ကြပါဘူးဗျာ။

ခုတော့ ကျုပ်လည်း နောင်တတွေရနေပါပြီ။ ကျုပ်လူ့ဘဝတုန်းက လူတွေအပေါ်မှာ မတရားလုပ်ခဲ့တာတွေ နွားဘဝနဲ့ ပေးဆပ်နေရတာလေ။ ကျုပ်ဒီကသေရင် ငရဲကိုဆက်သွားရဦးမှာ သေချာပါတယ်။ ဟော - ပြောရင်းဆိုရင်း ကျုပ်သခင်က အမဲသတ်ရုံကလူတွေကိုခေါ်လာပြီထင်တယ်။ ကျုပ်လှမ်းကြည့်လိုက်တော့ ကျုပ်သခင်ရဲ့နောက်က လူနှစ်ယောက် ပါလာတယ်။ အရပ်ထောင်ထောင်မောင်းမောင်း၊ ဗလကောင်းကောင်းလူက ကျုပ်အနားကိုကပ်လာပြီး နှာခေါင်းကချွန်ချွန်၊ အသားကလည်း မည်းလိုက်တာမှ မီးသွေးခဲက အဘခေါ်ရလောက်တယ်။ သူ့မျက်လုံးတွေက ရက်စက်မှုသရဖူဆောင်းမယ့် မျက်လုံးအရောင်တလက်လက်နဲ့ဒေါသအရောင်တွေ၊ လောဘအရောင်တွေ တောက်ပနေလိုက်တာ နွားမပြောနဲ့ လူတစ်ယောက်ရဲ့အသက်ကိုတောင် ဖက်ရွက်လောက်သဘောထားတဲ့မျက်လုံးမျိုးဗျ။ သူက ကျုပ်ကိုဘေးကကြည့်လိုက်၊ ရှေ့ကကြည့်လိုက်နဲ့ လှည့်ပတ်ကြည့်ပြီး နောက်က သူ့အဖော်ကို လှမ်းခေါ်လိုက်တယ်။ ပြီးတော့ သူကပြောတယ်။

"ဟေ့ကောင်၊ သူပြောတဲ့ဈေးနဲ့ဆိုတွက်ခြေကိုက်လောက်တယ်ကွ။ဒီကောင့်ကြီးက သိပ်မပိန်ဘူး။ အသားထွက်နဲ့ အူ၊ အသည်း၊ သရက်ရွက်၊ ကလီစာတွေ၊ သွေးခဲတွေအားလုံးပေါင်းရင် အနည်းဆုံး တစ်ပုံးလောက်အသာလေးရယ်။ ပြီးတော့ အရိုးတွေ၊ သားရေတွေကလည်း ရောင်းလို့ရသေးတယ်။ ဘယ်လိုလဲ၊ ဆွဲလိုက်ရမလား"

နောက်တစ်ယောက်က -

"ဟာ - ကိုတ်ရင်ဆွဲလိုက်လေကွာ၊ ကြာသလားလို့"

"အေး - ဒါဆို သူပြောတဲ့ဈေးနဲ့ ငွေချေလိုက်မယ်"

"အေးပါကွာ၊ အေး အေး"

သွားပြီ။ ကျုပ်ဘဝတော့ ရေတိမ်နစ်ပါပြီ။ ဟော - သူတို့ကျုပ်သခင်ကို ငွေချေနေကြပြီ။ ကျုပ်သခင်မျက်နှာက ပြုံးလို့။ ငွေရတဲ့မျက်နှာဆိုတာ ဒါမျိုးထင်ပါရဲ့။ သူ့သား၊ သူ့သမီးသာဆို ကျုပ်ကို ဒီလိုရက်စက်မယ်မထင်ဘူး။ ခုတော့ ဟင်း - ဟီး ကျုပ်ရင်ထဲငိုလိုက်မိတယ်။ မျက်ရည်တွေကအလိုလိုကျလာပြီး ခုမှငိုနေတော့လည်းအပိုပဲဆိုပေမယ့် ကျုပ်လည်း ကျုပ်ဘဝကို တွယ်တာမိတာပေါ့။ ကာမတဏှာ၊ဘဝတဏှာဆိုတာ လူတွေတင်ဟုတ်ရိုးလား။ နွားတွေမှာလည်းရှိတာပဲ။ဘယ်သူကသေချင်မှာလဲ။ ဟော- သူတို့ကြိုးတစ်ချောင်းနဲ့ ကျုပ်ဆီကိုပြန်လာနေပြီ။ ကျုပ်ကို သားသတ်ရုံကိုခေါ်သွားကြတော့မယ်။ ကျုပ်ကို သူတို့ ကြိုးနဲ့ချည်နေကြပြီ။ ဟော - ကျုပ်ကိုဆွဲခေါ်နေပြီ။ ကျုပ် အားရှိသမျှ ရုန်းကန်ကြည့်လိုက်တယ်၊ မရဘူး။ သူတို့က အတင်းဆွဲခေါ်နေပြီ။ နောက်ကတစ်ယောက်က သံချွန်နဲ့ တအားထိုးတယ်။ ရှေ့က အသားမည်းမည်းမီးသွေးခဲက ကျုပ်ကို တအားဆွဲနေပြီ။ ကျုပ်ရှေ့လက်နှစ်ဖက်နဲ့ ရုန်းကန်ပြီး ရပ်နေလိုက်တယ်။ ဒါပေမယ့် နဖားကြိုးက ရုန်းလေတင်းလေပဲ။ ကျုပ်နှာခေါင်းတွေပြတ်လုနီးပါးဖြစ်နေပြီ။ နောက်ကလည်း သံချွန်နဲ့ အဆက်မပြတ်ထိုးနေတာ ကျုပ်တင်ပါးတစ်ခုလုံး သွေးတွေက ရဲရဲနီလို့။ အား-နာလိုက်တာ။ မလိုက်လို့မဖြစ်တော့ဘူး။ သူတို့နောက်ကကျုပ်တရွတ်ဆွဲပြီးပါသွားပြီ။ ကျုပ်လေ ဝမ်းနည်းလိုက်တာ ရင်ထဲမှာ ဆို့ကျပ်ပြီးတက်လာတယ်။ "အရပ်ကတို့ရေ - ကျုပ်ကိုကယ်ကြပါဦး၊ ကူကြပါဦးလို့ ရင်ထဲက အကြိမ်ကြိမ်တောင်းပန်ရင်း ကျုပ်အသံထွက်ပြီး အသားကုန်ငိုချလိုက်မိပါတော့တယ်။

ဝင့်ပဲ . . . ဝင့်ပဲ. . . . ဝင့်ပဲ။

ကိုလှိုင် (မြန်မာစာ)

www.burmeseclassic.com

# ဂန္ဓာရီဝိဇ္ဇာမယလောကီပညာနယ်အတွင်းမှ

# စမ္မာနဝင်းအင်းများ

△ ဒေါက်တာရခေနာ - ဒေါက်တာရခေနာ ... (unclear)

(ကဏ္ဍအိုပ်မိန့်ပစ်မီ။ ရှေ့ဆက်ဆောင်း)

**(၃-၃) ဓမ္မစေတီမင်းကြီး၏ စမ္မာနဝင်း အင်းသိုက်**

အထက်တွင်ဆိုခဲ့ပြီးသည့်အတိုင်း စမ္မာနဝင်းဂဏန်းနံပါတ်အင်းတို့ကို ထုံးလိုခြေ၊ ရေလိုနှောက်၍ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချခဲ့သူကား ပထမဟံသာဝတီခေတ်တွင် ထင်ရှားခဲ့သော ဓမ္မစေတီမင်းကြီး ဖြစ်ပေသည်။ ယခုခေတ်အလိုအရ တင်စားပြောရလျှင် ဓမ္မစေတီမင်းကြီးသည် စမ္မာနဝင်းအင်းပါရဂူကြီးဟုဆိုရပေမည်။ ထိုသို့ဆိုရခြင်းမှာ ဓမ္မစေတီမင်းကြီးသည် စမ္မာနဝင်းအင်းပါရဂူကြီးဟု ဆိုရပေမည်။ ထိုသို့ဆိုရခြင်းမှာ ဓမ္မစေတီမင်းကြီး လက်ကိုင်ပြု၍ ကြံစည်စီရင်သုံးစွဲခဲ့သော စမ္မာနဝင်းအင်းများကို စုစည်း၍ ဓမ္မစေတီစမ္မာနဝင်းအင်းသိုက်ဟုခေါ် ဆိုအပ်သော စမ္မာနဝင်းအစုအဖွဲ့တစ်ခုပေါ် ပေါက်လာရခြင်းကြောင့် ဖြစ်ပေသည်။

မြန်မာ့ရာဇဝင်တွင် ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာအင်းအတတ်ကို တတ်မြောက်ကျွမ်းကျင်သော ရှင်ဘုရင်များတွင် ဓမ္မစေတီမင်းကြီးသည် ထင်ရှားလှသော မင်းတစ်ပါးဖြစ်လေသည်။ စင်စစ် ဓမ္မစေတီမင်းကြီးသည် ရဟန်းဘဝမှ လူ့ဘောင်သို့ ကူးပြောင်း၍ မင်းဖြစ်လာသူဖြစ်ပြီး ရဟန်းဘဝ၌လည်း ပိဋကတ်သုံးပုံကို ခြောက်ခြားနှံ့စပ်ကျွမ်းကျင်သကဲ့သို့ လောကီဂန္ဓာရီဝိဇ္ဇာမယ အတတ်ပညာတို့ နှံ့စပ်သိမြင်ကျွမ်းကျင်တတ်မြောက်သူ ဖြစ်ပေသည်။ အထူးသဖြင့် အင်းစမအတတ်ပညာကို အထူးနိုင်နင်းကျွမ်းဝင်တတ်မြောက်ပေသည်။

ကျွန်ုပ်ငယ်စဉ်က ကျွန်ုပ်၏အဘိုး (အဖိုး၏ဖခင်) ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့မှ မြန်မာသမားတော်ကြီး ဦးလွန်းမောင် အပါအဝင် သမားတော်ကြီးအချို့နှင့် လူကြီးသူမများ၏ ပါးစပ်ရာဇဝင်စကားများအရ အထက်တွင်ဆိုခဲ့ပြီးသကဲ့သို့ မြန်မာနှစ် ၈၁၂ခုနှစ်က ဘုရင်မကြီးရှင်စောပုကို မိုးညှင်းမင်းတရားစိုးစံစဉ် အင်းဝနေပြည်တော်မှ ဟံသာဝတီသို့ ခိုးထုတ်ခေါ်ဆောင်လာစဉ်ကလည်း ဓမ္မစေတီမင်းကြီးအလောင်းအလျာဖြစ်သူ ရဟန်းတော်ရှင်ဓမ္မဓရသည် လောကီဝိဇ္ဇာမယအင်းအတတ်ပညာများကို အသုံးချခဲ့သည်ဟု ဆိုပါသည်။

သို့ဖြင့် ဟံသာဝတီသို့ ပြန်ရောက်ပြီး မင်းအဖြစ်ကိုရပြီးနောက် ထီးနန်းဆက်ခံစိုးစံလာရာမှ အသက်အရွယ်ရလာသောအခါ ရှင်စောပုဘုရင်မကြီးသည် မိမိထီးနန်းအရိပ်အရာကို လွှဲအပ်ရန် စဉ်းစားလေသည်။

ထိုအခါ အင်းဝမှ ဟံသာဝတီသို့ ပြန်ရောက်အောင် စွမ်းစွမ်းတမံဆောင်ရွက်ပေးခဲ့သော ရှင်ဓမ္မဓရနှင့် ရှင်ဓမ္မဉာဏခေါ် ရဟန်း (၂) ပါးတို့၏ ကျေးဇူးတုံ့ပြန်ဆပ်သည့်အနေဖြင့် ထိုရဟန်း (၂) ပါးထဲမှ တစ်ပါးပါးကို ထီးနန်းလွှဲအပ်ရန် ကြံရွယ်ခဲ့ပေသည်။ ဤနေရာ၌ ရဟန်း (၂) ပါးစလုံးမှာ လောကီပညာအတတ်များနှင့်လောကုတ္တရာစာပေကျမ်းဂန်များကို ကျွမ်းကျင်သူများချည်းသာဖြစ်နေ၍ အရည်အချင်းတူမျှနေကြရာ မည်သူ့ကို ရွေးရမည်မသိ ဘုရင်မကြီး အခက်တွေ့နေခဲ့ရသည်ဆိုပါသည်။

ဤသို့ဖြင့် တစ်နေ့သောအခါ ထိုရဟန်း (၂) ပါး နန်းတော်သို့ ဆွမ်းခံကြွလာကြသောအခါ ဘုရင်မကြီးရှင်စောပုက အသင့်ပြင်ထားသော ဆွမ်းသပိတ်နှစ်လုံးတို့အား ရဟန်းတို့ကို မိမိနှစ်သက်ရာ ဆွမ်းသပိတ်ကိုရွေး၍အလှူခံကြပါဟု ဆို၏။ ထိုအခါ သဘောထားကြီးသော ရဟန်းရှင်ဓမ္မဓရက ရှင်ဓမ္မဉာဏအား ဦးစားပေးသည့်အနေဖြင့် အရှင်ဓမ္မဉာဏကိုအလျင်ရွေးချယ်စေပြီး ကျန်ဆွမ်းသပိတ်ကိုသာယူဆောင်လေသည်။

ထိုအခါ အရှင်ဓမ္မဉာဏသည် အစားအသောက် ဘောဇဉ်အာဟာရတို့၌ တပ်မက်သည့်သဘောရှိသည့်အားလျော်စွာ သပိတ်နှစ်လုံးအနက် ပို၍လေးသော သပိတ်ကို ရွေးချယ်လိုက်၏။ ရှင်ဓမ္မဓရကမူ ကျန်သပိတ်ကိုသာ လက်ခံယူလိုက်၏။ ထိုသို့ ရဟန်းနှစ်ပါး သပိတ်အသီးသီးကို ရွေးချယ်လက်ခံကြပြီးနောက် ဘုရင်မကြီး ရှင်စောပုက သပိတ်အသီးသီးကို သူမရှေ့မှောက်၌ ပင် ဖွင့်စေလိုက်ရာ ရှင်ဓမ္မဉာဏ၏ သပိတ်ထဲ၌မူ မင်းအသုံးအဆောင်ပစ္စည်း အချို့ကို ထည့်ထားကြောင်း တွေ့ရပေသည်။

(ဤနေရာတွင် အချို့က မင်းမြောက်တန်ဆာငါးပါးကို ရှင်ဓမ္မဓရ၏ သပိတ်ထဲ၌ တွေ့ရသည်ဟု ဆိုသည်။ အမှန်မှာ သပိတ်ထဲ၌ မင်းမြောက်တန်ဆာငါးပါးစလုံးတော့ ထည့်၍ရမည်မထင်ပေ။ သပိတ်ထဲ၌ မင်းမြောက်တန်ဆာငါးပါးစလုံးတော့ မဆံ့နိုင်ရာ။ သို့ဖြစ်၍ အရေးကြီးသော မင်းအသုံးအဆောင်ပစ္စည်းအချို့ကိုသာ ထည့်ထားနိုင်ဖွယ်ရာရှိပါသည်။)

ဤသို့ဖြင့် ဘုရင်မကြီးရှင်စောပုက ရှင်ဓမ္မဓရကို လူထွက်စေလျက် သမီးတော်အကြီး မိပဏ္ဏာထော် (မိပ္ပထဝ်) နှင့်စုံဖက်၍ အိမ်ရှေ့အရာနှင်းအပ်လိုက်၏။ နောင်အခါ ဘုရင်မကြီးရှင်စောပု အနားယူသောကာလ မြန်မာနှစ် ၈၂၁ခု တွင် ထီးနန်းအရိုက်အရာကို လွှဲအပ်လိုက်သောကြောင့် ဓမ္မစေတီမင်းကြီးသည် သုရှင်ရာဇာအဓိပတိဘွဲ့ခံလျက် ဟံသာဝတီထီးနန်းကို စိုးစံခဲ့ပေသည်။ (ဤနေရာ ဓမ္မစေတီမင်းကြီးအား မင်းအဖြစ် အပ်နှင်းတင်မြှောက်ခြင်းမခံရမီ ဓမ္မစေတီမင်း၏ ပညာဉာဏ်တို့ကို အမျိုးမျိုးစမ်းသပ်ခဲ့ကြသေးသည်ဟုဆိုပါသည်။)

ထိုသို့ အရှင်ဓမ္မဓရ ထီးနန်းစံမင်းအဖြစ်ကိုရသောကာလ ပြဿနာရှာသူကား ထီးနန်းနှင့်လွဲခဲ့ရသောရှင်ဓမ္မဉာဏပါတည်း။ ရဟန်းဘဝအတူတူဖြတ်သန်းလာခဲ့ကြရာတွင် တစ်ယောက်က လူ့ဘောင်လောက၌ အမြင့်ဆုံးစည်းစိမ်ရာထူးဌာနန္တရဖြစ်သော ထီးရှင်နန်းရှင် မင်းဘုရင်ဖြစ်သွားလေသောအခါ ပုထုဇဉ်ပီပီ ရှင်ဓမ္မဉာဏ (ပဲခူးနယ်တစ်ဝိုက် ပါးစပ်ရာဇဝင်များ၌မူ ရှင်ဓမ္မဓရကို ဓမ္မပါလဟု ခေါ်ပြီး ဓမ္မစေတီ၊ ဓမ္မပါလဟုတွဲ၍ အသိများခေါ်ဆိုလေ့ရှိကြပါသည်။) သို့နှင့် ဓမ္မဉာဏခေါ် ဓမ္မပါလသည် ဣဿာမစ္ဆရိယတရား နှိပ်စက်သဖြင့် မစားရသည့်အမဲ သဲနှင့်ပက်သည် ဟူသောစကားနှင့်အညီ ဓမ္မပါလသည်

www.burmeseclassic.com

လောကီဝိဇ္ဇာမယအတတ်ပညာဖြင့် ထုံကူးပြီး သိဒ္ဓိပေါက်ပါက ဓမ္မစေတီအား မင်းတွပ်နှောင့်ယှက်ဖျက်ဆီးမည်ဟူသော အကြံဖြင့် ကျင့်ကြံအားထုတ်လေတော့သည်။

ဆိုခဲ့ပြီးသည့်အတိုင်း ဓမ္မစေတီမင်းကြီးကလည်း လောကီပညာအတတ်၌ တစ်ဖက်ကမ်းခပ်လေရကား တစ်နေ့သင်းကစားရင်း အင်းတန်ခိုးဖြင့် ရှင်မွေထွန်း ခေါ် ဓမ္မပါလသည် ထုံကူးနေရာမှ သန်လျက်ထမ်းလျက် သံခမောက်ဆောင်းဝိဇ္ဇာဖြစ်ရန် ငုတ်တုတ်ထိုင်နေသည့်အဆင့်သို့တိုင်အောင် ရောက်နေကြောင်း၊ ထုံကူးပြီးမြောက် သိဒ္ဓိပေါက်၍ ဝိဇ္ဇာဖြစ်ပါက မိမိဦးခေါင်းကိုဖြတ်၍ သတ်ရန်ပင် တာစူနေပြီဖြစ်ကြောင်းကို မြင်တွေ့သိရှိလေတော့သည်။

ထိုအခါ ဓမ္မစေတီမင်းကြီးသည် မိမိ၏အင်းအတတ်ဖြင့် ထုံကူးနေသော ဓမ္မပါလအားထုတ်ဖော်ပြီး ဓမ္မပါလကိုယ်ခန္ဓာကို သုံးပိုင်းပိုင်းလျက် တစ်နေရာစီ၌ မြှုပ်နှံစီရင်လိုက်သည်ဟု ဆိုကြသည်၊ ထိုအခါက ဓမ္မပါလသည် ငါ၏နောက် ဤအရပ်ဒေသ၌ မည်သည့်ပုဂ္ဂိုလ်မျှ ဖိုဝင်၊ ထုံကူး၍မရစေသတည်းဟု ကျိန်ဆိုခဲ့သည် ဆိုပါသည်။ ထိုအခါမှစ၍ ထိုအရပ်ထိုဒေသတွင် ဖိုဝင်၊ ထုံကူး၍မအောင်မြင်နိုင်ကြတော့ဟု ဆိုကြပါသည်။ ထိုနေရာမှာ ပဲခူးမြို့အနောက်ဘက် မဟာစေတီကြီးနှင့် ကိုးသိန်းကိုးသန်းဘုရားများဝန်းကျင်တောအုပ်ထဲ၌ဖြစ်သည်ဟု ဆိုကြပေသည်။ ဤကား ဒဏ္ဍာရီဆန်ဆန် ပါးစပ်ရာဇဝင်တစ်ခုအဖြစ် ပဲခူးနယ်တစ်ဝိုက် ဂန္ဓာရီပညာရှင်များ၊ အဘိုး၊ အဘွား၊ ဆရာသမားများ အဆင့်ဆင့်ပြောဆိုခဲ့ကြသော ဓမ္မစေတီမင်းကြီးနှင့် ပတ်သက်သည့် ဒဏ္ဍာရီဆန်ဆန်ဖြစ်ရပ်များဟုဆိုချင်လည်းဆိုကြပါလေတော့။ ပသို့ဆိုစေ ဓမ္မစေတီမင်းကြီး အထူးစီရင်အသုံးပြုခဲ့သော စမ္ဗာနုဝင်းအင်းများကို စုစည်းလျက် ဓမ္မစေတီမင်းကြီး၏ စမ္ဗာနုဝင်းထောင့်ထုတ် (ဝါ) ထောင့်ကွက်အင်းများကား မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယလောကီပညာနယ်တွင် လက်ဆင့်ကမ်းထားရှိခဲ့ကြ၍ ကျွန်ုပ်တို့မြင်တွေ့ လေ့လာ အသုံးပြုစီရင်ခွင့်ရနေသည်ကတော့အမှန်။

သို့ကြောင့်လည်း ဤဆောင်းပါးတွင် စမ္ဗာနုဝင်းအင်းများကို လေ့လာလိုက်စားလိုသူမှန်က မသိမဖြစ် သိအပ်၊ လေ့လာအပ်သော ထိုဓမ္မစေတီမင်းကြီး၏ စမ္ဗာနုဝင်းအင်းသိုက်ဝင် စမ္ဗာနုဝင်းထောင့်ထုတ် (ဝါ) ထောင့်ကွက်အင်းများကို ယခုစာဖတ်သူများ ရှေ့မှောက်သို့ ဖော်ထုတ် တင်ပြလိုက်ရခြင်းပင် ဖြစ်ပါသည်။

ဓမ္မစေတီမင်းကြီး၏ စမ္ဗာနုဝင်းထောင့်ထုတ် (ဝါ) ထောင့်ကွက်အင်းများဆိုသည်ကား ထိုသက်ဆိုင်ရာစမ္ဗာနုဝင်းအင်းကွက်များ၏ထောင့်လေးထောင့်တို့၌ တူညီသော အင်းဆန်ဂဏန်းတစ်မျိုးတည်းကို တည်နေအောင် ရေးသွင်းစီရင်ထားအပ်သောစမ္ဗာနုဝင်းအင်းမျိုးများပင်ဖြစ်ကြလေသည်။ ဥပမာ အင်းဆန်ဂဏန်း (၂) ဆိုလျှင်လည်း (၂) လေးလုံး၊ အင်းဆန်ဂဏန်း (၃) ဆိုလျှင် (၃) လေးလုံး၊ (၁၅) ဆိုလျှင်လည်း (၁၅) လေးလုံးတို့ကို သက်ဆိုင်ရာအင်းကွက်အသီးသီးတို့၏ထောင့်လေးထောင့်တို့၌ ပိတ်၍ရပ်တည်နေအောင် ထောင့်အသီးသီးတို့၌ ထုတ်၍ထည့်သွင်းထားသော အင်းများပင် ဖြစ်လေသည်။ ဤနေရာ၌ ဓမ္မစေတီမင်းကြီး၏ အင်းသိုက်ဝင် စမ္ဗာနုဝင်းအင်းများနှင့်ပတ်သက်၍ အချို့က 'စတုဝီသံ - ထောင့်လေးထောင့်၌ အင်းဆန်ဂဏန်း (၂၄) အထိ ထောင့်ပိတ်နေသောအင်းများ' ကို ညွှန်းဆိုပြောလေ့ရှိကြပြီး အချို့က ဆဝီသံ - ထောင့်လေးထောင့်၌ အင်းဆန်ဂဏန်း (၂၆) အထိ ထောင့်ပိတ်နေသောအင်းများ (အင်းကွက် အရေအတွက် ၂၅ ကွက်) ကို ညွှန်းဆိုပြောလေ့ရှိကြရာ အင်းသိုက်အုပ်စု (၂) မျိုး ကွဲလွဲနေကြပါသည်။

မည်သို့ဆိုစေ ကျွန်ုပ်အနေဖြင့်ကား ပိုမို ပြည့်စုံစွာ လေ့လာနိုင်ကြ၊ အသုံးချနိုင်ကြစေရန် ရည်သန်လျက် ဓမ္မစေတီမင်းကြီး၏အင်းသိုက်ဝင်အင်းများအဖြစ် ဆဝီသံခေါ် အင်းဆန်ဂဏန်း (၂၆) အထိ ထောင့်ထုတ်၍ ထောင့်ပိတ်နေအောင် စီရင်ထားသော စမ္ဗာနုဝင်းအင်းမျိုးများကို ဖော်ထုတ် တင်ပြလိုက်ပါသည်။

ဤဓမ္မစေတီမင်းကြီး၏ဆဝီသံဝင် စမ္ဗာနုဝင်းအင်းကွက် စုစုပေါင်း (၂၇) ကွက်အား လေ့လာကြည့်သောအခါ အင်းဆန်ကောက်ယူပုံမှာ မူလစမ္ဗာနုဝင်းအင်းဆန်လင်္ကာသွားဖြစ်သော စမ္ဗာနုဝင်းဇာလင်းသတ္တပဥ္စတြိဆဇကအဋ္ဌဟူသော လင်္ကာအတိုင်း ကောက်ယူရပါသည်။

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| အမှတ်(၁)အင်းကွက်အင်းဆန်များ | - | ၂ | ၉၊ | ၄၊ | ၇၊ | ၅၊ | ၃၊ | ၆၊ | ၁၊ | ၈ |
| အမှတ်(၂)အင်းကွက်အင်းဆန်များ | - | ၃၊ | ၁၀၊ | ၅၊ | ၈၊ | ၆၊ | ၄၊ | ၇၊ | ၂ | ၉ |
| အမှတ်(၃)အင်းကွက်အင်းဆန်များ | - | ၄၊ | ၁၁၊ | ၆၊ | ၉၊ | ၇၊ | ၅၊ | ၈၊ | ၃၊ | ၁၀ |
| အမှတ်(၄)အင်းကွက်အင်းဆန်များ | - | ၅၊ | ၁၂၊ | ၇၊ | ၁၀၊ | ၈၊ | ၆၊ | ၉၊ | ၄၊ | ၁၁ |
| အမှတ်(၅)အင်းကွက်အင်းဆန်များ | - | ၆၊ | ၁၃၊ | ၈၊ | ၁၁၊ | ၉၊ | ၇၊ | ၁၀၊ | ၅၊ | ၁၂ |
| အမှတ်(၆)အင်းကွက်အင်းဆန်များ | - | ၇၊ | ၁၄၊ | ၉၊ | ၁၂၊ | ၁၀၊ | ၈၊ | ၁၁၊ | ၆၊ | ၁၃ |
| အမှတ်(၇)အင်းကွက်အင်းဆန်များ | - | ၈၊ | ၁၅၊ | ၁၀၊ | ၁၃၊ | ၁၁၊ | ၉၊ | ၁၂၊ | ၇၊ | ၁၄ |
| အမှတ်(၈)အင်းကွက်အင်းဆန်များ | - | ၉၊ | ၁၆၊ | ၁၁၊ | ၁၄၊ | ၁၂၊ | ၁၀၊ | ၁၃၊ | ၈၊ | ၁၅ |
| အမှတ်(၉)အင်းကွက်အင်းဆန်များ | - | ၁၀၊ | ၁၇၊ | ၁၂၊ | ၁၅၊ | ၁၃၊ | ၁၁၊ | ၁၄၊ | ၉၊ | ၁၆ |
| အမှတ်(၁၀)အင်းကွက်အင်းဆန်များ | - | ၁၁၊ | ၁၈၊ | ၁၃၊ | ၁၆၊ | ၁၄၊ | ၁၂၊ | ၁၅၊ | ၁၀၊ | ၁၇ |
| အမှတ်(၁၁)အင်းကွက်အင်းဆန်များ | - | ၁၂၊ | ၁၉၊ | ၁၄၊ | ၁၇၊ | ၁၅၊ | ၁၃၊ | ၁၆၊ | ၁၁၊ | ၁၈ |
| အမှတ်(၁၂)အင်းကွက်အင်းဆန်များ | - | ၁၃၊ | ၂၀၊ | ၁၅၊ | ၁၈၊ | ၁၆၊ | ၁၄၊ | ၁၇၊ | ၁၂၊ | ၁၉ |
| အမှတ်(၁၃)အင်းကွက်အင်းဆန်များ | - | ၁၄၊ | ၂၁၊ | ၁၆၊ | ၁၉၊ | ၁၇၊ | ၁၅၊ | ၁၈၊ | ၁၃၊ | ၂၀ |
| အမှတ်(၁၄)အင်းကွက်အင်းဆန်များ | - | ၁၅၊ | ၂၂၊ | ၁၇၊ | ၂၀၊ | ၁၈၊ | ၁၆၊ | ၁၉၊ | ၁၄၊ | ၂၁ |
| အမှတ်(၁၅)အင်းကွက်အင်းဆန်များ | - | ၁၆၊ | ၂၃၊ | ၁၈၊ | ၂၁၊ | ၁၉၊ | ၁၇၊ | ၂၀၊ | ၁၅၊ | ၂၂ |
| အမှတ်(၁၆)အင်းကွက်အင်းဆန်များ | - | ၁၇၊ | ၂၄၊ | ၁၉၊ | ၂၂၊ | ၂၀၊ | ၁၈၊ | ၂၁၊ | ၁၆၊ | ၂၃ |
| အမှတ်(၁၇)အင်းကွက်အင်းဆန်များ | - | ၁၈၊ | ၂၅၊ | ၂၀၊ | ၂၃၊ | ၂၁၊ | ၁၉၊ | ၂၂၊ | ၁၇၊ | ၂၄ |
| အမှတ်(၁၈)အင်းကွက်အင်းဆန်များ | - | ၁၉၊ | ၂၆၊ | ၂၁၊ | ၂၄၊ | ၂၂၊ | ၂၀၊ | ၂၃၊ | ၁၈၊ | ၂၅ |
| အမှတ်(၁၉)အင်းကွက်အင်းဆန်များ | - | ၂၀၊ | ၂၇၊ | ၂၂၊ | ၂၅၊ | ၂၃၊ | ၂၁၊ | ၂၄၊ | ၁၉၊ | ၂၆ |
| အမှတ်(၂၀)အင်းကွက်အင်းဆန်များ | - | ၂၁၊ | ၂၈၊ | ၂၃၊ | ၂၆၊ | ၂၄၊ | ၂၂၊ | ၂၅၊ | ၂၀၊ | ၂၇ |
| အမှတ်(၂၁)အင်းကွက်အင်းဆန်များ | - | ၂၂၊ | ၂၉၊ | ၂၄၊ | ၂၇၊ | ၂၅၊ | ၂၃၊ | ၂၆၊ | ၂၁၊ | ၂၈ |
| အမှတ်(၂၂)အင်းကွက်အင်းဆန်များ | - | ၂၃၊ | ၃၀၊ | ၂၅၊ | ၂၈၊ | ၂၆၊ | ၂၄၊ | ၂၇၊ | ၂၂၊ | ၂၉ |
| အမှတ်(၂၃)အင်းကွက်အင်းဆန်များ | - | ၂၄၊ | ၃၁၊ | ၂၆၊ | ၂၉၊ | ၂၇၊ | ၂၅၊ | ၂၈၊ | ၂၃၊ | ၃၀ |
| အမှတ်(၂၄)အင်းကွက်အင်းဆန်များ | - | ၂၅၊ | ၃၂၊ | ၂၇၊ | ၃၀၊ | ၂၈၊ | ၂၆၊ | ၂၉၊ | ၂၄၊ | ၃၁ |
| အမှတ်(၂၅)အင်းကွက်အင်းဆန်များ | - | ၂၆၊ | ၃၃၊ | ၂၈၊ | ၃၁၊ | ၂၉၊ | ၂၇၊ | ၃၀၊ | ၂၅၊ | ၃၂ |



www.burmeseclassic.com

www.burmeseclassic.com

မူလအင်းဆန်များဖြစ်သည့် ၂၊ ၉၊ ၄၊ ၇၊ ၅၊ ၃၊ ၆၊ ၈၊ ၁ အင်းဆန်ဂဏန်းများကို ပင် အခြေခံကောက်ယူရပါသည်။ ထိုမှ တစ်ဆင့်တက်၍ မူလအင်းဆန်ဂဏန်းများ၌ တစ်ခုစီအသီးသီးတိုးသွားရာ မူလပထမအင်းဆန်မှာလည်း အင်းဆန်ဂဏန်း (၂၆) မှစရပေတော့သည်။ ဤနည်းဖြင့် ဆဝီသံခေါ် အင်းကွက် (၂၆) အင်းဆန်ဂဏန်းအစပြုသည့် အင်းထွက်အထိ (၂၅) ကွက်သော အင်းဆန်ဂဏန်းများမှာ အောက်ပါအတိုင်း အသီးသီးရရှိလာပေသည်။

**▫ အင်းဆန်ဂဏန်းရေးသွင်းပုံ**

အကြမ်းအားဖြင့် အင်းဆန်ဂဏန်းများကို ရေးသွင်းရာတွင် သက်ဆိုင်ရာ အင်းကွက်အသီးသီး၏ သတ်မှတ်ထားသော အစပထမအင်းဆန်ဂဏန်းအသီးသီးကို အင်းကွက်တို့၌ ပထမထောင့် (တနင်္ဂနွေထောင့်) မှ အစပြုလျက် ထောင့်လေးထောင့်တို့၌ လက်ယာရစ် အစဉ်အတိုင်း ရေးသွင်းသွားရပြီး ရေးသွင်းရသည့် အင်းဆန်အင်းအသွားမှာ ရထားသွားအတိုင်းဖြစ်ပေသည်။

ဥပမာ ပထမဆုံးအင်းကွက်ဖြစ်သည့် အမှတ် (၁) အင်းကွက်အား အင်းဆန်ရေးသွင်းထားပုံကိုကြည့်ပါက အဦးဆုံးအစပြုအင်းဆန်ဖြစ်သည့် စမ္ဗာ(၂)ကို အင်း၏အထက်လက်ယာဘက်(စာဖတ်သူ၏လက်ဝဲဘက်) ထောင့် (တနင်္ဂနွေထောင့်) မှ အစပြုရေးသွင်းကာ ပုံပါအတိုင်း စမ္ဗာနဝင်းဇာလင်းဆိုသည်နှင့် အညီ ၂၊ ၉၊ ၄ စဉ်လိုက်ရေးသွင်းပြီးနောက် အောက်တစ်တန်းသို့ဆင်းသွားကာ ရထားသွားအတိုင်း သတ္တ၊ ပဥ္စ၊ တြိ ၇၊ ၅၊ ၃ ဟူ၍ ရေးသွင်းပြီးနောက် အောက် အောက်တစ်တန်းသို့ ထပ်ဆင်းကာ ဆ၊ ဧက၊ အဋ္ဌအတိုင်း ၆၊ ၁၊ ၈ ဟူ၍ အစဉ်လိုက် ရေးသွင်းရပေသည်။ ထို့နောက် လက်ယာရစ်အတိုင်း ဆက်လက်ပြီး အင်း၏ အထက်ဘယ်ဘက်ထောင့် (အင်္ဂါထောင့်) မှအစပြု၍ စမ္ဗာ (၂) အင်းဆန်ဂဏန်းကို ထည့်၍ စမ္ဗာနဝင်း (၂-၉)၊ (ဇာလင်း (၄) ရေးသွင်းပြီးဖြစ်၍မလိုတော့။) သတ္တ၊ ပဥ္စ (၇-၅) ကို ထပ်ရေး (၃ တြိမှာ ရေးသွင်းပြီးဖြစ်၍ မလိုတော့။) ပြီးလျှင် ဆ၊ ဧက (၆-၁)ကို ရေးပြဖို့ (အဋ္ဌ (၈) မှာ ရေးသွင်းပြီးဖြစ်၍ မလိုတော့)။ ဤသို့ဖြင့် လက်ယာရစ်အတိုင်း ဆက်ရေးသွားလျှင် အင်း၏ လက်ဝဲအောက်ထောင့် (စနေထောင့်) မှစ၍ ဇာလင်း (၂) ကို ရေးသွင်းပြီး ရထားသွားအတိုင်း အင်းဆန်များကိုရေးသွင်းပါက ထောင့်လေးထောင့်၌ ပထမအဦးအစအင်းဆန်ဂဏန်း(၂)ဖြင့်ထောင့်ပိတ်ထားသော ပထမအမှတ် (၁) စမ္ဗာနဝင်းထောင့်ထုတ်(ဝါ)ထောင့်ကွက်အင်းကို ရရှိပေလိမ့်မည်ဖြစ်သည်။ ဤနည်းဖြင့် ပထမအစပြု အင်းဆန်ဂဏန်း(၂)မှ (၂၆) ထိ အစပြု ပထမအင်းဆန်ဂဏန်းအသီးသီးတို့ကို ထောင့်ထုတ်(ဝါ)ထောင့်ပိတ်နေအောင် ရေးသွင်းစီရင်သွားခြင်းဖြင့် ဓမ္မစေတီမင်းကြီး၏ ဆဝီသံအင်းသိုက်ဝင် အင်းကွက် (၂၅) ကွက်အား စီရင်ရရှိနိုင်ပါပေလိမ့်မည်။


ဤအင်းများ၏အသုံးနှင့်အကျိုးသွားများနှင့်ပတ်သက်၍ အဆိုအမိန့်များ အနည်းငယ်စီ ကွဲလွဲချက်အချို့တို့ရှိနေခဲ့ပါသည်။ သို့ရာတွင် ဤစာရေးသူအနေဖြင့် အများဆုံး အကျုံးဝင်၍ မှန်ကန်မှုအနီးစပ်ဆုံးရှိသော စမ္ဗာနဝင်းအင်းများ၏အသုံးနှင့်အကျိုးများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဓမ္မစေတီအင်းသိုက်ဝင် စမ္ဗာနဝင်းဆဝီသံအင်းများနှင့်အသုံးနှင့်အကျိုးများ**

**၁။ စမ္ဗာနဝင်းဆဝီသံဝင် အမှတ် (၁) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၂ | ၉ | ၄ | ၉ | ၂ |
| ၇ | ၅ | ၃ | ၅ | ၇ |
| ၆ | ၁ | ၈ | ၁ | ၆ |
| ၇ | ၅ | ၃ | ၅ | ၇ |
| ၂ | ၉ | ၄ | ၉ | ၂ |

ရိုးရိုးဂဏန်းအင်းပုံစံ




အင်းသင်္ချာဂဏန်းအင်းပုံစံ

ဆဝီသံအင်း၏အမှတ် (၁) အင်းကွက်ဖြစ်သည်။ စမ္ဗာ (၂) အင်းဆန်ထောင့်ထုတ် အင်း၏အကျိုးကား ရေတွက်စေတတ်သော တန်ခိုးသတ္တိရှိပါသည်။ ရေတွင်းရေကန်များရေမထွက်လျှင် ရေခန်းလျှင် ဤအင်းကိုစီရင်၍သုံးက ရေထွက်စေနိုင်ပေသည်။

**၂။ စမ္ဗာနဝင်းဆဝီသံဝင် အမှတ် (၂) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၃ | ၁၀ | ၅ | ၁၀ | ၃ |
| ၈ | ၆ | ၄ | ၆ | ၈ |
| ၇ | ၂ | ၉ | ၂ | ၇ |
| ၈ | ၆ | ၄ | ၆ | ၈ |
| ၃ | ၁၀ | ၅ | ၁၀ | ၃ |

ရိုးရိုးအင်းပုံစံ



အင်းသင်္ချာဂဏန်းအင်းပုံစံ


ဤစမ္ဗာနဝင်းဆဝီသံဝင် ဒုတိယအင်းကွက်ဖြစ်သော အင်းဆန် (၃) ထောင့်ပိတ်အင်း၏ အကျိုးကား လေးမြား၊ သေနတ်၊ အမြောက်၊ စိန်ပြောင်းလှံ၏။ လှေ၊ သင်္ဘောဦးတို့တွင် ဤအင်းကို ချိတ်ဆွဲထားပါက ထိုလှေ၊ သင်္ဘောတို့ကို လက်နက်မျိုးတို့ မထိမှန်နိုင်။ ဤသို့စီရင်ရာ၌ ဤအင်းဆန် (၃) ထောင့်ထုတ်အင်းအား ပ၊ က၊ ဝ၊ တ အက္ခရာ စမလေးလုံးကို အင်း၌ရံရပေသည်။

**၃။ စမ္ဗာနဝင်းဆဝီသံဝင် အမှတ် (၃) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၄ | ၁၁ | ၆ | ၁၁ | ၄ |
| ၉ | ၇ | ၅ | ၇ | ၉ |
| ၈ | ၃ | ၁၀ | ၃ | ၈ |
| ၉ | ၇ | ၅ | ၇ | ၉ |
| ၄ | ၁၁ | ၆ | ၁၁ | ၄ |

ရိုးရိုးအင်းပုံစံ

www.burmeseclassic.com



အင်းသင်္ချာဂဏန်းအင်းပုံစံ

စမ္မာနဝင်း ဆဝီသံဝင်အင်းဖြစ် ... ဤအမှတ်(၃)အင်း၌ကြည့်လျှင် ...အင်းဆန်ဂဏန်း(၄)အား ထောင့် ...ထောင့်၌ထုတ်၍စီရင်ထားကြောင်း ...ရပါလိမ့်မည်။ ဤ (၄) ထောင့်ထုတ် ...နဝင်းအင်း၏အကျိုးကား အမှတ် (...) အင်းအကျိုးနှင့် အကျိုးသွားပြောင်း ...ဖြစ်၏။ ဤအင်း၏အကျိုးကား ရေ ...စေတတ်သည်။ စီးနေသောရေကို ...ကန့်စေနိုင်သည် ဟူ၏။ ဤအင်းကို ...ရာ၌ အင်းပတ်လည်တွင် အောက် ...ပါ ဥဏ္ဏာလောမာမုနိခေါ် မွေးရှင် ...မန္တန်ကိုရံပေးရမည်။

ဒ ဩောင်းဟေဟေ၊ တိသျှတ္တာ၊ ...သျှတ္တာ၊ ဗန္ဓတ္တာ၊ ဗန္ဓတ္တာ၊ မာရေယျ၊ ...ရေယျ၊ ဝါရေယျ၊ ဝါရေယျ၊ နိဝါရေ ...ယျ၊ နိဝါရေယျ၊ နိရုန္ဓေယျ၊ ဖြဟ္မဒတ္တံ၊ ...ဒတ္တံ၊ ဒေဝဒတ္တံ၊ ဥဏ္ဏာလောမာမုနိ ...ဟုံဟုံ။ ။


ဤမန္တန်ဖြင့်ရံပေးရမည်။ (ဤ ...နန်းတော်၏အကျိုးအကြောင်း ဆောင်း ...၌ ဖတ်ရှုနိုင်ပါသည်။ ဆောင်ယူထား ... မှားသောမန္တန်၊ ထက်မြက်လှသော ...နန်းတော်တစ်ခု ဖြစ်ပါသည်။)

**စမ္မာနဝင်းဆဝီသံဝင်အမှတ်(၄)အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၅ | ၁၂ | ၇ | ၁၂ | ၅ |
| ၁၀ | ၈ | ၆ | ၈ | ၁၀ |
| ၉ | ၄ | ၁၁ | ၄ | ၉ |
| ၁၀ | ၈ | ၆ | ၈ | ၁၀ |
| ၅ | ၁၂ | ၇ | ၁၂ | ၅ |

ရိုးရိုးအင်းပုံစံ

ဤစမ္မာနဝင်းဆဝီသံဝင်အင်းဖြစ်သော ဤအမှတ် (၄) အင်းအား ကြည့်



အင်းသင်္ချာဂဏန်းအင်းပုံစံ


လျှင် အင်းဆန်ဂဏန်း(၅)အား ထောင့်လေးထောင့်၌ထုတ်၍စီရင်ထားကြောင်း တွေ့ရမည်သာ ဖြစ်ပါသည်။

ဤ (၅) ထောင့်ထုတ် စမ္မာနဝင်း အင်းဖြစ်သော ဤအမှတ် (၄) အင်း၏ အကျိုးမှာကား ဤအင်းကိုခံ၍ ဘီလူး ရုပ်ဆွဲပြီးစီရင်လေက ဘီလူး၊ တစ္ဆေတို့ကို ထွက်ပြေးစေ၏ဟု ဆိုထားလေရကား မိစ္ဆာ၊ နာနာဘာဝတို့ကို နှင်ထုတ်နိုင်သောအင်း ဖြစ်ပေသည်။

**စမ္မာနဝင်းဆဝီသံဝင် အမှတ်(၅) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၆ | ၁၃ | ၈ | ၁၃ | ၆ |
| ၁၁ | ၉ | ၇ | ၉ | ၁၁ |
| ၁၀ | ၅ | ၁၂ | ၅ | ၁၀ |
| ၁၁ | ၉ | ၇ | ၉ | ၁၁ |
| ၆ | ၁၃ | ၈ | ၁၃ | ၆ |

ရိုးရိုးအင်းပုံစံ



အင်းသင်္ချာဂဏန်းအင်းပုံစံ


ဤဆဝီသံဝင် စမ္မာနဝင်းအမှတ် အင်းအားကြည့်လျှင် အင်း၏ထောင့်လေးထောင့်တို့၌ အင်းဆန်ဂဏန်း (၆) အား ထောင့်ထုတ်၍ စီရင်ထားသည်ကို တွေ့ရပါမည်။

ဤဆဝီသံဝင်စမ္မာနဝင်းအင်း အမှတ် (၅) ၏ အကျိုးကား ခပ်သိမ်းသောရန်အပေါင်းတို့ မိမိအား ရန်ပြုရန်မဆောင်နိုင်။ ခြသေ့်ပင်လျှင် ဤအင်းအောင်ထားသူအား မဟောက်နိုင်ဟု ဆိုထားပေသည်။ သို့ဖြစ်ရာ ဘေးဆိုးရန်ကာအန္တရာယ်ကင်းသည်ဟု ဆိုရပါမည်။

**စမ္မာနဝင်းဆဝီသံဝင်အမှတ် (၆) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၇ | ၁၄ | ၉ | ၁၄ | ၇ |
| ၁၂ | ၁၀ | ၈ | ၁၀ | ၁၂ |
| ၁၁ | ၆ | ၁၃ | ၆ | ၁၁ |
| ၁၂ | ၁၀ | ၈ | ၁၀ | ၁၂ |
| ၇ | ၁၄ | ၉ | ၁၄ | ၇ |

ရိုးရိုးအင်းပုံစံ



အင်းသင်္ချာဂဏန်းအင်းပုံစံ


စမ္မာနဝင်းဆဝီသံဝင် အင်းကွက်တစ်ကွက်ဖြစ်သော ဤအမှတ်(၆)အင်းကွက်အား လေ့လာကြည့်သော် အင်း၏ထောင့်လေးထောင့်တို့၌ အင်းဆန်ဂဏန်း (၇) ကို ထောင့်လေးထောင့်၌ ထုတ်၍ ထားရှိစီရင်ထားကြောင်း တွေ့ရပါမည်။ ဤအမှတ် (၆) အင်း၏ အကျိုးကား အမှတ် (၂) အင်း၏အကျိုးသွားနှင့် အတူတူပင်ဖြစ်၏။ (သို့သော် အင်းထောင့်လေးထောင်နှင့် မြွေလေးကောင်ရေးပြီး သမ္ဗုဒ္ဓေရံ၊ ဥုံ - အသိပသပ္ပဟာယာသောကို မြွေဝမ်းထဲထည့်ရေး။ (၃) နှစ်ပြည့်လျှင် မြွေဖြစ်၏။ ဥစ္စာကိုစောင့်၏။

ဘိုဘောနာ-ဆရာဖေယျာသင်း
(ကဘ္ဘီပါဝိနပ်စီး၊ ရွှေထင်းဆောင်း)



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင်စစ်ကျွင်းဆရာတော်ကြီး၏တပည့်

# မဟာပထမံပညာ၏မြေပြင်ဝိဇ္ဇာချုပ်

# ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

ပထမံဆရာဦးအေးရွှေ (၂)



*(ယခင်လမှအဆက်)*

**အင်းတိုင်းတောထဲတွင်မွေ့လျော်နေခြင်း**

တစ်နေ့တွင် မောင်ထွန်းမြိုင်သည် အစ်မဖြစ်သူနှင့် မြန်အောင်မြို့ထဲသို့ ဈေးဝယ်လိုက်သွား၏။ ထိုအချိန်က မြန်အောင်မြို့ထဲသို့မရောက်မီ မြို့အဝင်၌ ထူထပ်သော အင်းတိုင်းတောကြီး တစ်ခုရှိ၏။ ထိုတောကြီးထဲတွင် သင်ပေါင်းပင်များအလွန်ပေါများ၏။ ထို့ပြင် ယခုအခါ မြန်အောင်ရေနံမြေဖြစ်နေသောနေရာတို့သည်လည်း အင်းတိုင်းတောကြီးပင် ဖြစ်၏။

ထိုအင်းတိုင်းတောသည် ထူထပ်သိပ်သည်းလွန်းသဖြင့် ဝင်သွားမိလျှင် ဝက်ပါကဲ့သို့ဖြစ်နေသဖြင့် ထိုအထဲဝင်သွားမိသူသည် လမ်းပျောက်ပြီး မျက်စိလည်လမ်းမှားလေ့ရှိတတ်၏။ ထို့ကြောင့် ထိုအထဲသို့ တော်ရုံတန်ရုံ ပုဂ္ဂိုလ်သည် မဝင်ရောက်ဝံ့။

မောင်ထွန်းမြိုင်သည် အစ်မဖြစ်သူနှင့်အတူ ထိုအင်းတိုင်းတောကြီးအနီးသို့ ရောက်ရှိသောအခါ ထိုအထဲသို့ ဝင်ရောက်လိုစိတ်များတဖွားဖွားဖြစ်ပေါ်လာသဖြင့် မြန်အောင်ဈေးသို့ဆက်မလိုက်တော့ဘဲ အင်းတိုင်းတောကြီးထဲသို့ ဝင်ရောက်သွားလေတော့၏။

ထိုအခါ အစ်မဖြစ်သူလည်း အခက်တွေ့လေတော့၏။ ထို့ကြောင့် သူမသည်လည်း ဈေးသို့ဆက်မသွားတော့ဘဲ မောင်ဖြစ်သူအား လိုက်လံရှာဖွေရလေတော့၏။ သူမအနေဖြင့်လည်း ရှာသည်ဆိုရာတွင် အင်းတိုင်းတောထဲသို့ဝင်ရောက်မရှာဝံ့ဘဲ တောစပ်တွင်သာလှည့်ပတ်ပြီး ဟိုကြည့်ဒီကြည့်ရှာဖွေရလေ၏။ သို့သော်လည်း ရှာဖွေ၍မတွေ့သည့်အဆုံးတွင် လက်လျှော့ပြီး မိဘများရှိရာအိမ်သို့ပြန်လာခဲ့ရတော့၏။ မြန်အောင်ဈေး၌ ဈေးဝယ်ရန်ကိစ္စကိုလည်း ဖျက်လိုက်ရတော့၏။

အစ်မဖြစ်သူလည်း အိမ်သို့ပြန်ရောက်သောအခါ အကျိုးအကြောင်းပြောပြသဖြင့် မိဘဖြစ်သူတို့လည်း စိတ်ပူသွားကြပြီး လူစုကာ အင်းတိုင်းတောသို့ ထွက်ခဲ့ကြ၏။ သူတို့သည် အင်းတိုင်း



www.burmeseclassic.com

www.burmeseclassic.com

သို့ရောက်သောအခါ လူစုခွဲပြီးရှာလေ၏။ ထိုနေ့တစ်နေ့လုံး ရှာသော် မတွေ့သဖြင့် ညဘက်ပါဆက်၍ ၏၊ ထိုသို့ရှာဖွေကြပါသော်လည်း သို့မျှ ရှာမတွေ့တော့သဖြင့် လက် ကာ ပြန်ခဲ့ကြရတော့၏။

ထိုသို့ လူကြီးများ အင်တိုင်းတော သွားရှာပြီးနောက် ရက်အနည်းငယ် သောအခါတွင်မှ မောင်ထွန်းမြိုင် သင်ပေါင်းသီးများကိုခူး၍ အိမ်သို့ သည် ရောက်ရှိလာလေတော့၏။

ထိုအခါ မိဘများက မောင်ထွန်း အား -

"မင်း ဒီလောက် ရက်အကြာကြီး သွားနေတာလဲ"

"အင်တိုင်းတောထဲသွားနေတာပါ"

"ငါတို့လိုက်ရှာကြတယ်၊ အင်တိုင်း တစ်ခုလုံးလည်းနှံ့နေပြီ။ မင်းကို ပါဘူး။ အဲဒါနဲ့ လက်လျှော့ပြီးပြန် ကြတာ"

"ဟုတ်ပါတယ် အဖေရဲ့၊ တကယ့် အင်တိုင်းတောထဲမှာပါ။ တောထဲမှာ နေရတာ ပျော်တာနဲ့ လျှောက်သွားနေတာပါ"

"ဒါဆိုမင်းတောထဲမှာတစ်ယောက်တည်း ဘာစားနေလဲ"

"အို-အဖေကလည်း၊ ဘာစားရမှာလဲ။ တောထဲမှာ သင်ပေါင်းသီးတွေဆိုတာပေါလို့။ သင်ပေါင်းသီးတွေစားပြီးနေတာပေါ့။ သင်ပေါင်းသီးတွေစားလိုက်၊ တောထဲလျှောက်သွားလိုက်နဲ့ တောတစ်ခုလုံး ကျွန်တော်မရောက်ဘူးတဲ့နေရာဆိုတာမရှိသလောက်ပါဘဲ"

ဟု ဆိုလိုက်ရာ ဖခင်ဖြစ်သူ ဦးမောင်ဟန်က -

"မင်းက အင်တိုင်းတောထဲသွားတယ်ဆိုလို့သာရယ်၊ ငါတို့ကတော့ ရှာတာလုံးဝမတွေ့ဘူး။ နောက်ပြီး ရှာတာကလည်း ငါတစ်ယောက်တည်းမဟုတ်တခြားလူတွေလည်း အများကြီးပါတယ်။ ဒီကိစ္စက မင်းပြောလို့သာကြားရတယ်၊ စဉ်းစားရခက်ခက်ပဲ။ ဘယ်လိုလက်ခံရမှန်းတောင် မသိဘူး"

ဟု မှတ်ချက်ပြုလိုက်တော့၏၊

အမှန်တကယ်လည်း မောင်ထွန်းမြိုင်သည် အင်တိုင်းတောထဲသို့သွားခဲ့၏။ ထိုရက်များတစ်လျှောက်လုံးလည်း တောထဲတွင်ပင်ရှိခဲ့၏၊ ရှာဖွေ၍မတွေ့ရခြင်းမှာ သက်ဆိုင်ရာတောစောင့်ပုဂ္ဂိုလ်ကမတွေ့အောင်ပြုထားခြင်းကြောင့်လည်းဖြစ်နိုင်ပါသည်။တောစောင့်တောင်စောင့်ပုဂ္ဂိုလ်များအပြင် အခြားသောတောထဲရှိပုဂ္ဂိုလ်များကလည်း မောင်ထွန်းမြိုင်ကိုတောထဲမှ ချက်ချင်းမပြန်စေလိုသောကြောင့်လည်းဖြစ်နိုင်ပါသည်။ အဆိုပါပုဂ္ဂိုလ်များနှင့် မောင်ထွန်းမြိုင်တို့သည် ရှေးရှေးသောဘဝဘဝများက အဆွေအမျိုးတော်စပ်ခဲ့ခြင်း၊ ပဋ္ဌာန်းဆက်ရှိခဲ့ခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။

ထိုမျှ လူသူအရောက်အပေါက်နည်းသောတောထဲတွင် ဤမျှရက်ကြာသည့်တိုင်အောင် မောင်ထွန်းမြိုင်တစ်ယောက်တည်း သွားလာနေသော်လည်း ဘေးအန္တရာယ်တစ်စုံတစ်ရာမျှ





www.burmeseclassic.com

www.burmeseclassic.com

မရှိခြင်းမှာ အဆိုပါပုဂ္ဂိုလ်များက ဝိုင်းဝန်းစောင့်ရှောက်ထားကြသောကြောင့်သာ ဖြစ်နိုင်ပါသည်။ စားသောက်ရာတွင် သင်ပေါင်းသီးတစ်မျိုးတည်းသာစားပြီး နေထိုင်ခဲ့သည်ဟုဆိုသော်လည်း အဆိုပါ သင်ပေါင်းသီးတွင် အခြားသောအာဟာရသဘောဆောင်သည့်အရာများလည်း ပါရှိနေနိုင်ပါသည်။ ထို့အပြင် ညဘက် တောကြီးမျက်မည်းထဲတွင် အိပ်ရသည့်ကိစ္စမျိုးဖြစ်ပါသည်။ ထိုကိစ္စမျိုးကို လူကြီးများပင်လျှင် ရင်ဆိုင်ရန်မလွယ်ကူသောကိစ္စမျိုးဖြစ်နေပါသည်။

မောင်ထွန်းမြိုင်အားစောင့်ရှောက်သည့် ပုဂ္ဂိုလ်များနှင့်ပတ်သက်ပြီး အဖြစ်နိုင်ဆုံးမှာ မောင်ထွန်းမြိုင်သည် အတိတ်ပဋ္ဌာန်းဆက်အားကြီးသော ပါရမီရှင်ပုဂ္ဂိုလ်တစ်ဦးဖြစ်သဖြင့် လည်းကောင်း၊ မဟာ ပထမံ ဝိဇ္ဇာရေ ပညာလမ်းစဉ်၏ ကြီးကျယ်သောတာဝန်များထမ်းဆောင်ရမည့်ပုဂ္ဂိုလ်ဖြစ်သည့်အတွက် လည်းကောင်း၊ အမျိုးဘာသာသာသနာနှင့် ပတ်သက်ပြီး စွမ်းစွမ်းတမံဆောင်ရွက်ရမည့်ပုဂ္ဂိုလ်ဖြစ်သည့်အတွက် လည်းကောင်း စသည့် အချက်များကို ပေါင်းရုံးတွက်ချက်ကြည့်ပါက ထိုအချိန်တွင် မောင်ထွန်းမြိုင်အား စောင့်ရှောက်သည့် ပုဂ္ဂိုလ်များအနက် အဖြစ်နိုင်ဆုံးမှာ မဟာပထမံပညာလမ်းစဉ်မှ ဝိဇ္ဇာရေပညာရှင် ဆရာသခင်များသာ ဖြစ်နိုင်ပါလိမ့်မည်။ ဤကိစ္စနှင့်ပတ်သက်ပြီး မောင်ထွန်းမြိုင်တစ်ယောက် အသက်အန္တရာယ်တစ်စုံတစ်ရာ ဘေးအန္တရာယ်တစ်စုံတစ်ရာမရှိ ပြန်ရောက်လာနိုင်ခြင်း၏ အဓိကကျသောအဖြေမှာ ပါရမီဘုန်းကံကြောင့်ဟုသာ ဆိုရမည်ဖြစ်ပါသည်။

❑ **ပါရမီနှင့်အကာလမရဏ**

ဤနေရာ၌ ပါရမီဆိုသည်မှာ မွေးကတည်းကပါရမီသဘောသက်ဝင်သည့် ထူးခြားသော ဘုန်းကံတစ်မျိုးကို ဆိုလိုပါသည်။ သာဓကေအားဖြင့်ဖော်ပြရပါမူ လူသားတစ်ဦးသည် တစ်ချိန်ချိန်တွင် ဈာန်အဘိညာဉ်ရရှိရန်အကြောင်း တစ်စုံတစ်ရာရှိပါက လည်းကောင်း၊ ဝိဇ္ဇာရေပညာဖြင့် ထွက်ရပ်ပေါက်ဝိဇ္ဇာခိုရ်ဖြစ်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက လည်းကောင်း၊ မဂ်ဖိုလ် စသည့် လောကုတ္တရာပညာဆိုင်ရာရရှိရန် အကြောင်းတစ်စုံတစ်ရာရှိပါက လည်းကောင်း စသည့် အကြောင်းအရင်းများအနက် အကြောင်းတစ်စုံတစ်ရာရှိနေပါက ထိုပုဂ္ဂိုလ်သည် ပဋိသန္ဓေကာလမှစတင်ပြီး ဘဝတစ်လျှောက်လုံးတွင် မည်သည့်အချိန်အခါကာလမျိုးကျရောက်သောကြောင့်သော်လည်းကောင်း မည်သို့သော အကြောင်းတစ်စုံတစ်ရာကြောင့်သော်လည်းကောင်း၊ အချိန်မတိုင်မီ (ဝါ) သေဆုံးချိန်မစေ့မီ မသေဆုံးနိုင်ခြင်းပင် ဖြစ်၏။

ဤနေရာတွင် သေဆုံးရန်ဖြစ်စေနိုင်သောအချိန်ကာလဆိုသည်မှာ သတ္တန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ် စသည့် စစ်မက်အန္တရာယ်ထူပြောကျရောက်ခြင်း၊ ရောဂါဘေးဥပဒ်များကျရောက်ခြင်း၊ အစာရေစာရှားပါးငတ်မွတ်ခေါင်းပါးခြင်းဘေးအန္တရာယ်များ ကျရောက်နေသည့်အချိန်ကာလသည် မရဏကာလပင် ဖြစ်၏။ ထိုကာလမျိုးသည် ဒေသကြီးတစ်ခုလုံးတွင်လည်း ကျရောက်နိုင်၏။ နိုင်ငံတစ်ခုလုံးတွင်လည်း ကျရောက်နိုင်၏။ ကမ္ဘာကြီးတစ်ခုလုံးတွင်လည်း ကျရောက်နိုင်၏။

ထိုသို့ဒေသလုံးဆိုင်ရာ၊ နိုင်ငံလုံးဆိုင်ရာ၊ ကမ္ဘာလုံးဆိုင်ရာတို့နှင့်ပတ်သက်ပြီး လူအများ အစုလိုက်အပြုံလိုက်ဒုက္ခရောက်ကြသော်လည်း မိမိသည် ကြုံဖန်၍ ကင်းလွတ်သည့် အခြေအနေထဲပါသွားမည်ဖြစ်၏။ ထို့အပြင် မိမိတစ်ဦးတည်းနှင့်သက်ဆိုင်သော ရေဘေးအန္တရာယ်ကြုံတွေ့ခြင်း၊ မီးဘေးအန္တရာယ်ကြုံတွေ့ခြင်း၊ ရန်သူမျိုးငါးပါးအန္တရာယ်ကြုံတွေ့ခြင်း၊ ဥပစ္ဆေဒကအန္တရာယ်ကြုံတွေ့ရခြင်း၊ မကောင်းသော နတ်မိစ္ဆာများ ဖမ်းစားခံရသည့်အန္တရာယ်၊ သူတစ်ပါးတို့ မကောင်းကြံစည်သည့်ပယောဂအန္တရာယ် စသည့် ဘေးအန္တရာယ်တို့ကျရောက်ရခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် မရဏဘေးသင့်ခြင်းတို့မှလည်း လွတ်မြောက်စေခြင်းမျိုး ဖြစ်၏။ ထိုသို့ အထက်တွင် ဖော်ပြခဲ့သော အကြောင်းတစ်ခုခုတို့ကြောင့် ပုံမှန်သေဆုံးချိန်မရောက်ဘဲ သေဆုံးရသည့် အကာလမရဏဘေးမှာ အထူးဆိုးဝါးလှပါသည်။ ထို့ကြောင့် လူသားတစ်ဦးသည် ငယ်စဉ်တောင်ကျေးကလေးဘဝအချိန်ကာလက သေဆုံးနိုင်လောက်သော ဘေးအန္တရာယ်မျိုး ကြုံတွေ့ခဲ့ရသော်လည်း မသေဆုံးဘဲ အသက်အန္တရာယ်မှလွတ်မြောက်သွားခဲ့လျှင်သော်လည်းကောင်း၊ ထိုသို့အသက်ဘေးအန္တရာယ်မျိုးအကြိမ်ကြိမ်ကြုံတွေ့ခဲ့ရသော်လည်း မသေဆုံးဘဲ အကြိမ်ကြိမ်လွတ်မြောက်ခဲ့ခြင်းမျိုး ကြုံတွေ့ခဲ့ရသော် လည်းကောင်း ထိုပုဂ္ဂိုလ်သည် နောင်တစ်ချိန်ချိန်တွင် ကြီးကဲသော ရာထူးရာခံကိုသော်လည်းကောင်း၊ ဈာန်အဘိညာဉ်ကိုသော်လည်းကောင်း၊ ဝိဇ္ဇာရေထွက်ရပ်ပေါက်ပုဂ္ဂိုလ်အဖြစ်ကိုသော်လည်းကောင်း၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကိုရရှိစေနိုင်မည့် အရိယာပုဂ္ဂိုလ်အဖြစ်ကိုသော်လည်းကောင်း ရရှိစေနိုင်မည်ဟု ထောက်ဆနိုင်ပါသည်။ ထို့ကြောင့် ကလေးငယ်ဘဝ မရဏဘေးမှလွတ်မြောက်ခြင်းသည် နောင်ရရှိလာမည့် ထူးခြားသောဖြစ်တည်မှုတစ်ခု၏ အရိပ်အဝါကြောင့်ဟုဆိုရမည်ပင် ဖြစ်ပါသည်။

မောင်ထွန်းမြိုင်၏ အသက်အန္တရာယ်ရှိသော မရဏဘေးများမှ လွတ်မြောက်ခြင်းသည်လည်း နောင်တစ်ချိန်ရရှိလာမည်ဖြစ်သော ဝိဇ္ဇာရေပညာ၏ ဘုန်းကံအရှိန်အဝါကြောင့်ပင်ဖြစ်ရသည်ဟု ထောက်ဆနိုင်ပါသည်။

ထိုသို့ မောင်ထွန်းမြိုင်၏ မကြာခဏဖြစ်ပေါ်လာသောပြဿနာများကို စဉ်းစားပြီး ဖခင်ဖြစ်သူ ဦးမောင်ဟန်သည် သားဖြစ်သူ၏ ရှေ့ရေးအတွက် ရင်လေးလာခဲ့၏။ ဦးမောင်ဟန်၏ အတွေးကား -

ဤကလေးသည် ဤပုံစံအတိုင်းသာနေသွားပါက ပညာလည်းတတ်တော့မည်မဟုတ်။ ပြောစကားကိုလည်း နားမထောင်။ လုပ်ချင်ရာလုပ်နေလျှင် ခက်ချေရောမည်။ ငါကိုယ်တိုင်ကလည်း ကုန်ရောင်းကုန်ဝယ်တွေသွားနေရတော့ ကိုယ်ဖိရင်ဖိလည်း မစောင့်ရှောက်နိုင်ပေ။ ဒါကြောင့် ဒီကလေး၏ရှေ့ရေးနှင့် ပတ်သက်ပြီး တစ်ခုခုစီစဉ်မှဖြစ်တော့မည်ဟု အလေးအနက်စဉ်းစားလေ၏။

နောက်ဆုံးတွင် အကြံကောင်းတစ်ခုထွက်လာခဲ့၏။ ထိုအကြံမှာ သားဖြစ်သူ မောင်ထွန်းမြိုင်အား ရပ်ဝေးဘုန်းကြီးကျောင်းတစ်ကျောင်းသို့ပို့ပြီး ပညာသင်စေရန်ပင် ဖြစ်၏။

ပို့ရမည့် ဘုန်းတော်ကြီးကျောင်းကိုစဉ်းစားလိုက်သောအခါ ဦးမောင်ဟန်၏ အစ်ကို၊ မောင်ထွန်းမြိုင်၏ ဘကြီးတော်စပ်သူကျောင်းထိုင်သည့် ဖျာပုံမြို့ရှိကျောင်းသည် အသင့်လျော်ဆုံးဖြစ်မည်ဟု စဉ်းစားမိသဖြင့် ပို့ရန်ဆုံးဖြတ်ခဲ့၏။ ထို့ကြောင့် ဦးမောင်ဟန်သည် သားဖြစ်သူအတွက် လိုအပ်မည့်အရာများကို အစစအရာရာကြိုတင်စီစဉ်ပြီး နောက်တစ်နေ့တွင် မောင်ထွန်းမြိုင်အား ဖျာပုံမြို့ရှိ သူ၏ ဘကြီးဘုန်းကြီးကျောင်းသို့ ပို့ဆောင်လိုက်တော့၏။ ဘကြီးဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com

…လည်း ဖခင်ဖြစ်သူ ဦးမောင်ဟန်က မောင်ထွန်းမြိုင်နှင့် ပတ်သက်သော အခြေအနေအရပ်ရပ်ကို အသေအချာ …ပြထားခဲ့၏။ ထို့နောက် ဦးမောင်ဟန် …သည် မောင်ထွန်းမြိုင်အား ဘကြီးဘုန်း …ထံတွင် လိမ်လိမ်မာမာနေရစ်ရန် …ကြားပြီး မြန်အောင်သို့ပြန်လာခဲ့ …တော့၏။

## …တကာနှင့်မတူသော ဗီဇပိုင်ရှင်

မောင်ထွန်းမြိုင်တစ်ယောက် ဖျာပုံ …ရှိ ဘကြီးဘုန်းကြီးကျောင်းသို့ရောက် …သည်နှင့် ဘကြီးဘုန်းကြီးလည်း မောင်ထွန်းမြိုင်၏ဘဝရှေ့ရေးအတွက် …စားကာ ဖျာပုံမြို့ရှိ အထက်တန်း …ကျောင်းတွင် ကျောင်းအပ်လိုက်ပြီး …ပညာသင်စေခဲ့၏။ ပညာရေးကိုလည်း …သေအချာ အားထုတ်လုပ်ကိုင်ရန် …စား၍ ပညာသင်ယူရန်အကြိမ်ကြိမ် …ထပ်ထပ်ဆုံးမ၍ ကျောင်းသို့လွှတ် …လိုက်၏။

မောင်ထွန်းမြိုင်အနေဖြင့်မူကား …ကြီးဘုန်းကြီးက ကျောင်းထားပေး …ဖြင့်သာ မလွဲသာ၍ကျောင်းနေခဲ့ရ …သည်။ စိတ်ကတော့ လုံးဝမပါပေ။ …ကြောင့် ကြိတ်မှိတ်သည်းခံပြီးကျောင်း …မှန်မှန်တက်ခဲ့၏။ သို့သော်လည်း စာ …သင်ယူခြင်းကိစ္စနှင့်ပတ်သက်ပြီး ကြာ …ကြာများအောင့်အည်းသည်းခံ၍မရ …တော့ပေ။ ထို့ကြောင့်လည်း အချို့သော …များတွင် ကျောင်းမတက်တော့ဘဲ …ကျောင်းပြေးလေတော့၏။ သို့သော် မောင်ထွန်းမြိုင်နှင့်အခြားသောကလေး …များ မတူညီသည့်အချက်ကား အခြား …ကလေးများသည် ကျောင်းပြေးပြီဆို …လျှင် စိတ်လွတ်ကိုယ်လွတ်နှင့် အပျော် …အပါးစသည့်ကိစ္စများကို လုပ်ချင်ရာလုပ် …တတ်ကြ၏။

သို့သော် မောင်ထွန်းမြိုင်ကား …ထိုသို့မဟုတ်ပေ။ အခြားသောကလေး …များနှင့်လုံးဝမတူဘဲ တစ်မျိုးတစ်ဘာသာ …ထူးခြားလေ၏။ ထိုထူးခြားချက်မှာ မောင်ထွန်းမြိုင်သည် ကျောင်းပြေးပြီး …ဘုရားစေတီ၊ ပုထိုးများသို့ သွားရောက် …ကာ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်းအမှု …တို့ကိုသာ မနားတမ်းပြုလေတော့၏။ ထို …အမှုတို့ကိုပြုရင်း ပို၍စိတ်ပါသည်ထက် …ပါလာကာ ပို၍ပို၍ပြုလာတော့၏။ …ထိုအခါ ကျောင်းပျက်ရက်လည်း ပို၍ …စိပ်သည်ထက်စိပ်လာတော့၏။

ထိုသို့ မောင်ထွန်းမြိုင်တစ်ယောက် ကျောင်းပျက်ရက်အလွန်များလာသဖြင့် ကျောင်းဆရာဖြစ်သူတို့လည်း လွှတ်ထား၍မရတော့သဖြင့် သူ၏ဘကြီးဘုန်းကြီးဖြစ်သူအား မောင်ထွန်းမြိုင်တစ်ယောက် ကျောင်းမကြာခဏပျက်ကြောင်း တိုင်ကြားရတော့၏။ ထိုအခါ ဘကြီးဘုန်းကြီးဖြစ်သူလည်း မောင်ထွန်းမြိုင်၏ ရှေ့ရေးကို မျှော်တွေးစဉ်းစားရင်း ခေါင်းခဲရတော့၏။ သို့သော်လည်း ဘုန်းကြီးသည် မည်သို့ပင် စဉ်းစားစဉ်းစား ဘဝရှေ့ရေးအတွက် ပညာမတတ်လျှင် မည်သို့မျှမဖြစ်နိုင်မှန်း အဖြေကိုသာရသဖြင့် မောင်ထွန်းမြိုင်အား ချော့တစ်ခါ ခြောက်တစ်လှည့်ပြုပြီး ပညာဆက်လက်သင်ကြားစေခဲ့၏။

ဤသို့ဖြင့် မောင်ထွန်းမြိုင်သည် တဖြည်းဖြည်းနှင့် ငါးတန်းမှ ခြောက်တန်းသို့ရောက်လာခဲ့၏။ ဘကြီးဘုန်းကြီး၏ လိမ္မာပါးနပ်စွာ ကိုင်တွယ်တတ်မှုကြောင့် ခြောက်တန်းကို အောင်မြင်၍ ခုနစ်တန်းသို့ ရောက်လာခဲ့၏။ ထိုသို့ ခုနစ်တန်း၌ ကျောင်းတက်နေစဉ်ကာလတွင် မောင်ထွန်းမြိုင်သည် ဘုန်းကြီးကျောင်းတွင်နေရသည်ကို စိတ်ထဲကျဉ်းကျပ်သည်ဟုခံစားရသဖြင့် ဖျာပုံမြို့တွင်ရှိသော အခြားသော ဆွေမျိုးများအိမ်တွင်နေလိုက်၊ ဘုန်းကြီးကျောင်းပြန်နေလိုက်ဖြင့် အမျိုးမျိုးနေထိုင်လေ၏။ ထိုသို့နေထိုင်ခြင်းကို ဘကြီးဘုန်းကြီးဖြစ်သူအနေဖြင့် သဘောမကျသော်လည်း အခြေအနေအရ လိုက်လျောညီထွေ ကိုင်တွယ်၍ရစေရန် ရည်ရွယ်၍ ခွင့်ပြုပေးခဲ့၏။ သို့သော်လည်း မောင်ထွန်းမြိုင်က သူ၏ပင်ကိုဗီဇဝါသနာကို မည်သို့မျှ ဖျောက်၍မရနိုင်ဘဲ ကျောင်းတက်လိုက်၊ ဘုရားသွားလိုက်၊ တရားထိုင်လိုက်၊ ပုတီးစိပ်လိုက်ဖြင့်သာ အလုပ်များကိုလုပ်နေလေတော့၏။

ထို့အပြင် မောင်ထွန်းမြိုင်အမို့ ထူးခြားချက်တစ်ခုမှာ မုန့်ဖိုးပိုက်ဆံလိုလာလျှင် မည်သူ့ထံမျှ တောင်းလေ့မရှိပေ။ သူ၏မုန့်ဖိုးရှာနည်းမှာ မုန့်ဖိုးလိုသည်နှင့် ဖျာပုံမြစ်ထဲသို့ ရေငုပ်ဆင်းပြီး မြစ်ကြမ်းပြင်ပေါ်မှ မြေကြီးတို့ကို လက်ဖြင့်ဆုပ်ပြီးယူလာခြင်း ဖြစ်၏။ ရေပေါ်ရောက်ပြီးနောက် လက်ကိုဖြန့်ကြည့်လိုက်လျှင် အဆိုပါမြေကြီးများထဲမှ တစ်မတ်၊ ငါးမူးအမြဲတမ်းရလေ့ရှိသဖြင့် မောင်ထွန်းမြိုင်သည် မုန့်ဖိုးလိုသည်နှင့် မည်သူ့ထံတွင်မျှမတောင်းတော့ဘဲ ဖျာပုံမြစ်ထဲသို့သာ ဆင်းငုပ်လေတော့၏။

ဆင်းငုပ်တိုင်းလည်း ပိုက်ဆံများရနေခြင်းက သူတကာနှင့်မတူ ထူးခြားနေခြင်း ဖြစ်ပါသည်။

အဆိုပါငွေများ ရရှိခြင်းသည် အကြောင်းမဲ့တော့ မဟုတ်ချေ။ မောင်ထွန်းမြိုင်၏ ဘုန်းကံပါရမီကြောင့် မောင်ထွန်းမြိုင်ငွေလိုသည်နှင့် သိုက်မှ ပုဂ္ဂိုလ်များက ငွေများကိုလာထားပေးထားခြင်း ဖြစ်၏။ အဆိုပါ ဖျာပုံမြို့တွင် နာမည်ကြီးသိုက်တစ်ခုရှိ၏။ ထိုသိုက်၏ အမည်မှာ ခရေပင်ဇောက်ထိုးသိုက်ဖြစ်၏။ ထိုနေရာသည် ခရေပင်ဇောက်ထိုးသိုက်ကြီးစိုးရာ ဘုမ္မိဖြစ်သဖြင့် သိုက်မှ ပုဂ္ဂိုလ်များက မောင်ထွန်းမြိုင် မုန့်ဖိုးငွေလိုလျှင် မနေနိုင်ဘဲ ငွေများထုတ်ပြီးလာထားပေးနေရခြင်းပင် ဖြစ်၏။

ထိုကဲ့သို့ မောင်ထွန်းမြိုင် ခုနစ်တန်းတက်နေစဉ်တွင် ကာယကံရှင်၏ စိတ်ကိုယ်၌ကလည်း ပညာရေးထက် တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်းဟူသည့် ဘာသာရေးလုပ်ငန်း၊ ဝိဇ္ဇာခရလုပ်ငန်းများကသာ ပိုပြီးအလေးသာပြင်းထန်နေတော့၏။ ပညာရေးကိုလုံးဝစိတ်မဝင်စားသလောက်နီးနီးပင်ဖြစ်နေတော့၏။

ထိုအခြေအနေကို ဘကြီးဘုန်းကြီးဖြစ်သူလည်း ကောင်းကောင်းရိပ်စားမိသဖြင့် ဒီလိုတော့ မဖြစ်ချေတော့ဘူးဟု စဉ်းစားကာ မောင်ထွန်းမြိုင်အား တစ်နည်းတစ်ဖုံလုပ်ပေးရန်ကြံဆရတော့၏။ ဤပုံအတိုင်းသာဆိုလျှင် မောင်ထွန်းမြိုင်သည် ကျောင်းကိုလည်း ကောင်းကောင်းမတက်၊ ကျောင်းစာတွေကိုလည်း လုံးဝမလုပ်တော့သည့်အခြေအနေမျိုးဖြစ်ပြီး ဘုရားစေတီပုထိုးများထဲသွားပြီး တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်းအလုပ်များကိုသာ တွင်တွင်ကြီးလုပ်နေတော့၏။

ဤပုံအတိုင်းဆိုလျှင် မောင်ထွန်းမြိုင်၏ ဘဝရှေ့ရေးသည် ဟိုမရောက် ဒီမရောက်ဖြစ်ကာ ခက်တော့မည်ဟု စဉ်းစားမိသဖြင့် မောင်ထွန်းမြိုင် ဝါသနာကြီးရာလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုစေခြင်းသာ အကောင်းဆုံးဖြစ်မည်ဟု သုံးသပ်မိသဖြင့် ဘကြီးဘုန်းကြီးလည်း ထိုကိစ္စတို့နှင့်ပတ်သက်ပြီး အလွန်ကျွမ်းကျင်သည့် အထူးပင် ခင်မင်ရင်းနှီးသော ဆရာကြီးတစ်ဦးကို သတိရမိလေ၏။ ထိုဆရာကြီး၏အမည်မှာ ဦးရာမန်းဟူ၍ဖြစ်၏။ ဆရာကြီးဦးရာမန်းသည် ဝိဇ္ဇာခရပညာရပ်များထဲတွင် အင်းပညာကိုကျွမ်းကျင်သူ ဖြစ်၏။ အင်းပညာတွင်လည်း စမ္မာနုဝအင်းပညာရပ်တို့ကို တစ်ဖက်

www.burmeseclassic.com

ကမ်းခပ်ကျွမ်းကျင်တတ်မြောက်သူ ဖြစ်၏။ ထို့အပြင် ဆရာကြီးသည် သီလ၊ သမာဓိ၊ ပညာတို့နှင့်ပြည့်စုံသည့်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။

ထို့ကြောင့် ဘကြီးဘုန်းကြီးလည်း မောင်ထွန်းမြိုင်၏ ဘဝရှေ့ရေးအတွက် ဆရာကြီးဦးရာမန်းထံအပ်ပြီး လောကီပညာများသင်ကြားပေးလျှင် ကောင်းစွာထူးချွန်ပေါက်မြောက် အောင်မြင်နိုင်မည်ဟု သုံးသပ်ကာ ချက်ချင်းပင် ဆရာကြီးဦးရာမန်းအား လူလွှတ်ပြီး အခေါ်ခိုင်းလိုက်တော့၏။

ဆရာကြီးဦးရာမန်းလည်း ရင်းနှီးသောဘုန်းကြီးက အခေါ်လွှတ်လိုက်သဖြင့် အရေးကြီးသော အကြောင်းခြင်းရာတစ်ရပ်ရှိရမည်ဟု သုံးသပ်ကာ ချက်ချင်းပင် လိုက်လာလေတော့၏။ ဆရာကြီးဦးရာမန်း ကျောင်းသို့ရောက်လာသောအခါ ဘုန်းကြီးက ခရီးရောက်မဆိုက်ပင် -

"ကဲ - ဆရာကြီး ဦးရာမန်းရေ။ လိုရင်းကိစ္စကို တိုက်ရိုက်ပဲပြောတော့မယ်။ ဟောဒါက ကျုပ်ရဲ့တူ မောင်ထွန်းမြိုင်လို့ခေါ်တယ်။ သူက လောကီပညာရပ်တွေကို အထူးပဲစိတ်ဝင်စားတယ်။ ဒါကြောင့် မင်းတတ်ထားတဲ့ လောကီပညာတွေကို သင်ကြားပေးစေချင်တယ် ဘယ်လိုလဲ"

ဟု မိန့်လိုက်သောအခါ ဆရာကြီးဦးရာမန်းလည်း အနားတွင်ထိုင်နေသော မောင်ထွန်းမြိုင်အား ရုပ်လက္ခဏာကို အကဲခတ်သည့်အနေဖြင့် ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး -

"အင်း - ဒီဥပမိရုပ်လက္ခဏာနဲ့ဆိုရင်တော့ သင်ပေးလို့ရပါတယ်။ သူသင်ချင်တယ်ဆိုလို့ကတော့ သင်ပေးပါ့မယ်"

ဟု ဆိုလိုက်လေရာ အနားရှိ မောင်ထွန်းမြိုင်က ချက်ချင်းပင် အားတက်သရောဖြင့် -

"ဟုတ်ကဲ့- သင်ချင်ပါတယ် ဆရာကြီး"

ဟု ဆန္ဒပြုသဖြင့် ဆရာကြီးဦးရာမန်းကလည်း သင်ကြားပေးမည်ဖြစ်ကြောင်း ကတိပြုလိုက်လေ၏။ တပည့်အဖြစ်လည်း လက်ခံလိုက်လေတော့၏။ ထိုနေ့မှစ၍ မောင်ထွန်းမြိုင်သည် တစ်ဖက်မှလည်း ကျောင်းစာကို သင်ယူရင်း အခြားတစ်ဖက်မှလည်း ဆရာကြီးဦးရာမန်းထံမှ အင်းပညာရပ်များကို သင်ယူလေတော့၏။

**□ ဝိဇ္ဇာဓရပညာဆိုင်ရာအတွေ့အကြုံအစပိုင်းကာလများ**

ဤသို့ဖြင့် ဆရာကြီး ဦးရာမန်းသည် မောင်ထွန်းမြိုင်၏ အားလပ်ချိန်များတွင်အင်းပညာကိုသင်ကြားပေးလေ၏။ ထို့ပြင် ဆရာကြီးသည် သူခရီးထွက်စရာကိစ္စများရှိလျှင်လည်း မောင်ထွန်းမြိုင်ကိုခေါ်သွားလေ့ရှိ၏။

တစ်နေ့တွင် ဆရာကြီး ဦးရာမန်းသည် မောင်ထွန်းမြိုင်ကိုခေါ်ပြီး ရွာတစ်ရွာသို့သွားခဲ့၏။ သွားရသည့်ရွာမှာ ရေလမ်းခရီးဖြစ်သဖြင့် လှေစီးပြီးသွားရလေ၏။ လှေပေါ်တွင် မောင်ထွန်းမြိုင်သည် လှေဦးတွင်ထိုင်ရပြီး ဆရာကြီးမှာ လှေပဲ့ပိုင်းတွင်ထိုင်လေ၏။ သို့ဖြင့် လှေကို လှော်လာရင်း ချောင်းပေါက်လေးတစ်ခုသို့ရောက်လာခဲ့၏။ ထိုနေရာမှ အခြားရွာတစ်ရွာသို့အသွားလမ်းခုလတ်တစ်နေရာသို့အရောက်တွင် မြွေကြီးတစ်ကောင်သည် အဆိုပါချောင်းကိုဖြတ်၍ တစ်ဖက်ကမ်းသို့ကူးသွားသည်ကို မြင်တွေ့ရ၏။ ဆရာကြီးဦးရာမန်းသည် မြွေကိုကြည့်ပြီး မျက်နှာတစ်ချက်ကွက်ခနဲပျက်သွားလေ၏။ ထို့နောက် ဆရာကြီး ဦးရာမန်းက -

"ဟေ့ - မောင်ထွန်းမြိုင်၊ လှေကိုကမ်းဖက်အမြန်ကပ်လိုက်။ ဟိုမှာမြွေတစ်ကောင်ဖြတ်သွားတာမြင်လိုက်လား"

"ဟုတ်ကဲ့-မြင်ပါတယ် ဆရာကြီး"

"အေး - အဲဒီမြွေက အရေးကြီးတယ်။ သူဟာ အခုမကြာလေးတင်ကပဲ လူတစ်ယောက်ကိုကိုက်ပြီးထွက်လာတဲ့မြွေပဲ။ အသေအချာမှတ်ထား"

"ဟုတ်ကဲ့-ဆရာကြီး၊ မှတ်ထားပါတယ်"

ဟု မောင်ထွန်းမြိုင်က ပြန်ဖြေနေစဉ် ဆရာကြီးဦးရာမန်းသည် အဆိုပါမြွေ ဖြတ်သန်းလာသည့်လမ်းကြောင်းတစ်ဝိုက်ကို ဇဝိုက်အကဲခတ်ကြည့်ရှုလိုက်ပြီးနောက် -

"မောင်ထွန်းမြိုင်၊ ဟိုမှာတဲတစ်လုံးတွေ့လား။ အဲဒီကလူကိုကိုက်ပြီး ဒီမြွေထွက်လာတာဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကမ်းနဲ့မနီးမဝေးဒီတဲတစ်လုံးပဲရှိတယ်။ တို့အဲဒီတဲကိုသွားကြမယ်"

ဟု ပြောလိုက်သဖြင့် မောင်ထွန်းမြိုင် လှေကိုကမ်းလိုက်၏။ ထို့နောက်တွင် ဆရာတပည့်နှစ်ယောက်သားတို့သည် လှေပေါ်မှ ခပ်သုတ်သုတ်ဆင်းကာ တဲဆီသို့သွားခဲ့ကြ၏။

အဆိုပါတဲဆီသို့ရောက်ရှိပြီး တဲအတွင်းသို့ဝင်လိုက်သည်နှင့် လူအများဝိုင်းအုံနေသည်ကို တွေ့လိုက်ရသဖြင့် ဆရာကြီးနှင့် မောင်ထွန်းမြိုင်တို့သည် လူအုပ်အတွင်းဝင်ကာကြည့်လိုက်လေရာ မိန်းကလေးတစ်ဦး အိပ်ရာပေါ်တွင် မလှုပ်မယှက်နိုင်ဘဲ လဲလျောင်းနေသည်ကို တွေ့လိုက်ရ၏။ ဆရာကြီးလည်း လူနာ၏အခြေအနေကို ချက်ချင်းအကဲခတ်လိုက်ရာ အသက်ရှိနေသေးကြောင်း တွေ့လိုက်ရသဖြင့် ဝမ်းသာသွားပြီး ဆရာကြီးက -

"ဒီကလေးမလေးရဲ့ မိဘတွေက ဘယ်သူတွေလဲ"

ဟု မေးလိုက်ရာ မိဘဟုယူဆရ





www.burmeseclassic.com

www.burmeseclassic.com

...ကာ -

"ကျွန်တော်တို့ပါ"

ဟု ဖြေလိုက်၏။

အခြားလူများကလည်း မည်သို့မျှ ...တ်နိုင်ဘဲ လက်မှိုင်ချနေကြသဖြင့် ...ရှင်မိန်းကလေး၏မိဘတို့ကလည်း ...လျှော့ကာ စိတ်ပျက်လက်ပျက်ဖြစ် ...သည့်လေသံဖြင့် ပြောလာပါသည်။

ထိုအခါ ဆရာကြီးက -

"ကဲ - မိဘတွေဘာမှစိတ်မပူနဲ့၊ ...ာက အသက်ရှင်နေသေးတယ်။ ...တ်ရှိသေးတဲ့အတွက် ဘာပဲဖြစ်ဖြစ် ...ာတ်အောင်ကုပေးနိုင်တယ်ဆိုတာ ...ဘောပေါက်ထားကြပါ။ အဲ - ကုသ ...တဲ့နေရာမှာတော့ အားလုံးက ကတိ ...ခတော့ပေးရမယ်။ အဲဒါ သဘော ...ရင် ကုပေးမယ်"

ဟု ပြောလိုက်ရာ မိဘဖြစ်သူများ ...ာ အားလုံးကပါ -

"ဆရာကြီးဘာကတိကိုပဲတောင်း ...ာင်း လူနာအသက်ရှင်မယ်ဆိုရင် ...းလုံးကို ကတိပေးပါတယ်"

ဟု ပြောကြသဖြင့် ဆရာကြီးက-

"ကတိကတော့အခြားမဟုတ်ဘူး၊ ...ကလေးမလေးကို ကိုက်သွားတဲ့မြွေ ...လာလိမ့်မယ်။ ဘယ်သူမှ အဲဒီမြွေကို ...တ်ရဘူး ဒါပဲ။ အဲဒီကတိပေးရင် ...တ်ချင်းစကုတော့မယ်"

ဟု ပြောလိုက်ရာ အနီးရှိလူအား ...က -

"ဟုတ်ကဲ့ - ကတိပေးပါတယ်"

ဟု ပြန်ဖြေလိုက်ကြသဖြင့် ဆရာ ...ကြီးလည်း အလျင်အမြန်ပင် -

"ဒါဆို အခုချက်ချင်း နွားနို့စစ်စစ် ...တစ်ပိဿာလောက်ရနိုင်မလား"

မေးရာ -

"ရနိုင်ပါတယ်"

ဟု ဖြေကြသဖြင့် အမြန်ယူခဲ့ရန် ဆရာကြီးကမှာလိုက်၏။

နွားနို့ရောက်လာသောအခါတွင် ဆရာကြီးသည် အရွယ်တော်ဇလုံ(၃)လုံးကိုတောင်းလိုက်ပြီး နွားနို့များကို အညီအမျှခွဲထည့်လိုက်၏။ ထည့်ပြီးလျှင် ဝိုင်းအုံကြည့်ရှုနေကြသူများအား လူနာနှင့် ခပ်ဝေးဝေးသို့ခွာနေကြရန်နှင့် အိမ်ရှေ့ဝင်ပေါက်အား လမ်းဖွင့်ထားရန် ညွှန်ကြားလိုက်၏။ ပြီးလျှင် ဆရာကြီးသည် သူ့လွယ်အိတ်ထဲမှ ကြေးဖလားခပ်သေးသေးတစ်လုံးကို ထုတ်ယူလိုက်ပြီး သူ့လက်ဖဝါးပေါ်တင်လိုက်ကာ အခြားလက်တစ်ဖက်ဖြင့် တုတ်သေးသေးတစ်ချောင်းကိုယူ၍ကြေးဖလားနှုတ်ခမ်းအား စည်းချက်ဝါးချက်မှန်မှန်ရိုက်လေတော့၏။ ထိုအခါ ကြေးဖလားမှ သာယာညင်းပျောင်းသည့်သံစဉ်တစ်ခုထွက်ပေါ်လာလေသည်။

ထိုသို့ ကြေးဖလားကိုရိုက်တီးနေစဉ် ဆရာကြီး၏နှုတ်မှလည်း ဤကလေးမလေးအားကိုက်သွားသည့် သက်ဆိုင်ရာမြွေသည် ဤနေရာသို့အမြန်လာရောက်ရန်ကို အကြိမ်ကြိမ်အဖန်ဖန်အမိန့်ပေးနေလေ၏။ မြွေအနေဖြင့်ရောက်သည့်အရပ်မှ ဤနေရာဤဌာနသို့ လာရောက်ပါရန် နှုတ်မှလည်း တတွတ်တွတ်ရေရွတ်နေလေ၏။

ထိုသို့ ဆရာကြီးအမိန့်ပေးပြောဆိုပြီး (၁၅) မိနစ်ခန့်ကြာမြင့်သည့်အချိန်တွင် တံအပေါက်ဝ၌မြွေကြီးတစ်ကောင်သည် ပါးပျဉ်းကြီးကိုထောင်၍ တဟဲဟဲအသံပြုကာဝင်ရောက်လာလေတော့၏။ ထိုမြွေကြီးသည် တံအတွင်း ဟိုသည်ကြည့်လိုက်ပြီး ဆရာကြီး ဦးရာမန်းရှေ့သို့ ဦးတည်ပြီးဝင်လာလေ၏။ ဆရာကြီးရှေ့သို့ရောက်သည်နှင့် ရပ်လိုက်ပြီး သူ၏ပါးပျဉ်းကြီးကိုလည်းချလိုက်လေတော့၏။ ထိုအခါ ဆရာကြီးသည် မြွေကို အသေအချာ စူးစိုက်ကြည့်နေပြီး နှုတ်မှလည်း -

"မင်းအခုကိုက်လိုက်တဲ့ကလေးမလေးဟာ မင်းနဲ့ဘာရန်ကြွေးရန်စမှမရှိဘူး။ မင်းရဲ့ရန်သူလည်းမဟုတ်တာကို မင်းက ဘာဖြစ်လို့ကိုက်ရတာလဲ။ အခုဒီကလေးမလေးရဲ့ကိစ္စနဲ့ပတ်သက်ပြီး မင်းမှာတာဝန်ရှိတယ်။ ဒါကြောင့် မင်းကိုက်ခဲ့တဲ့အဆိပ်တွေကို မင်းဘာသာမင်းပဲပြန်စုပ်ယူပေတော့"

ဟု မြွေကြီးအား အမိန့်ပေးလိုက်ရာ မြွေကြီးလည်း ဆရာကြီး၏အမိန့်သံဆုံးသည်နှင့် သူကိုက်ခဲ့သည့်ကလေးမလေး၏ ခြေချင်းဝတ်နေရာကို ပြန်ကိုက်လိုက်ပြီး အဆိပ်များကို ပြန်လည်စုပ်ယူလိုက်တော့၏။ မြွေကြီးအဆိပ်များစုပ်ယူပြီးသောအခါ ဆရာကြီးက မြွေအားအဆိုပါ စုပ်ထားသည့် အဆိပ်များကို ပထမနွားနို့ဇလုံတွင်အန်ထုတ်ခိုင်းလိုက်သဖြင့် မြွေကြီးလည်းအန်ထုတ်လိုက်ရာ အဆိပ်များ နွားနို့ဇလုံအတွင်း ချက်ချင်းပျံ့နှံ့သွားပြီး မူလကအဖြူရောင်ရှိသောနွားနို့မှာ ချက်ချင်းပင် ပြာနောက်နောက်အရောင်သို့ ပြောင်းလဲသွားတော့၏။

ဤသို့ဖြင့် မြွေကြီးသည် သူကိုက်ခဲ့သည့် ကလေးမလေး၏ ခြေချင်းဝတ်နေရာသို့ ဒုတိယအကြိမ်ပြန်ကိုက်ပြီး အဆိပ်များကို စုပ်ယူပြန်၏။ အဆိပ်တို့ကိုစုပ်ယူပြီးသောအခါ ဆရာကြီးက ဒုတိယနွားနို့ဇလုံထဲတွင် ပြန်အန်ခိုင်း၍ မြွေကြီးလည်း သူစုပ်ယူရရှိသမျှသော အဆိပ်တို့ကို ဒုတိယဇလုံထဲအန်ထုတ်လိုက်ရာ သွေးအရောင်နှင့် ပြာနောက်နောက်အရောင်အနည်းငယ်ရောသော အရာများကို အန်ထုတ်သည်ကို တွေ့ရှိရလေ၏။

ဤသို့ဖြင့် မြွေကြီးသည် တတိယအကြိမ် အဆိပ်စုပ်ယူရန် ကလေးမလေး၏ ခြေချင်းဝတ်နေရာသို့ ပြန်ကိုက်ပြီး အဆိပ်များစုပ်ယူပြန်၏။ အဆိပ်စုပ်ယူပြီးသောအခါ ဆရာကြီးက တတိယမြောက်နွားနို့ဇလုံတွင်း အန်ထုတ်ခိုင်းသဖြင့် အန်ထုတ်လိုက်သောအခါ နွားနို့ထဲတွင် ပြာနောက်နောက်အဆိပ်ရောင်ကို လုံးဝမတွေ့တော့ဘဲ သွေးအရောင်များသာဖြစ်နေတော့သဖြင့် ဆရာကြီးက ကလေးမလေး၏မိဘတို့အား -

"ကဲ - စိတ်အေးရပြီ၊ ဘာမှမဖြစ်တော့ဘူး။ အသက်ချမ်းသာရာရသွားပြီ"

ဟုပြောလိုက်ပြီးနောက် မြွေကြီးဘက်သို့လှည့်ကာ -

"ကဲ-မင်းသွားလိုရာကိုသွားခွင့်ပြုပေးမယ်။ နောက်နောင်မင်းရန်သူမဟုတ်ဘဲ လူတွေကို ဘယ်တော့မှမကိုက်လေနဲ့တော့။ လူတွေနဲ့ဝေးတဲ့နေရာမှာသာသွားနေပါ"

ဟုပြောလိုက်သောအခါ မြွေကြီးလည်း ပါးပျဉ်းချထားရာမှ ပါးပျဉ်းကိုပြန်ထောင်ကာ နောက်တံအဝမှနေပြီး အပြင်သို့ ထွက်သွားလေတော့၏။ ကလေးမလေးလည်း သတိပြန်ရလာတော့၏။

မောင်ထွန်းမြိုင်လည်း ဆရာကြီး၏လုပ်ပုံကိုင်ပုံများအား အသေအချာပင် တငေးတမောကြည့်ရှုခဲ့၏။ ရင်သပ်ရှုမောလည်းဖြစ်ခဲ့၏။


ထို့နောက် ဆရာတပည့်နှစ်ယောက်တို့သည် လူနာရှင်နှင့်လူနာတို့အားနှုတ်ဆက်ပြီး မိမိတို့လှေဆိုက်ကပ်ထားရာသို့ ပြန်လာကြကာ ခရီးထွက်လိုသည့်ရွာသို့ ဆက်လက်ထွက်ခွာလာခဲ့ကြလေတော့၏။

(ရှေ့လဆက်ရန်)

ပထမံဆရာဦးအေးမြွေ

www.burmeseclassic.com

ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-8) ပန္နက်ပုံဆွဲ




ပန်းချီထူးလှ( ရှေးဟောင်းသုတေသန )

# ပိတောက်ကုန်း


ရှေးခေတ်ဟောင်းမြို့ပြယဉ်ကျေးမှု ထွန်းကားခဲ့ကြောင်းကို ရှေးမြို့တော်ဟောင်းများ၌ကြွင်းကျန်ခဲ့သော မြေပေါ်၊ မြေအောက် အထောက်အထားများအရ သိရှိနိုင်ပါသည်။ မြန်မာနိုင်ငံ၏ ရှေးမြို့တော်ဟောင်းများမှ ဓညဝတီမြို့ဟောင်းသည် ရှေးကျသော မြို့တော်ဟောင်းတစ်ခုဖြစ်ခဲ့ပြီး ရခိုင်မြို့တော်ဟောင်းများထဲတွင်လည်း ယဉ်ကျေးမှု အထောက်အထားများ အခိုင်မာဆုံးမြို့ဟောင်းတစ်မြို့ဖြစ်ပေသည်။ ဓညဝတီမြို့ဟောင်းခမ်းနားကြီးကျယ်ခဲ့ကြောင်းကို မြေပေါ်၌တွေ့ရှိရသော သာသနိကဆိုင်ရာအဆောက်အအုံများ၊ ရုပ်ဝတ္ထုပစ္စည်းများကို လေ့လာခြင်းဖြင့် သိရှိနိုင်ပေသည်။ ဓညဝတီမြို့ဟောင်း၏ သမိုင်းစဉ်ကို ပိုမိုခိုင်မာစေရန်အတွက် တိမ်မြုပ်လျက်ရှိသော မြေအောက်ရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းနိုင်ရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနလမ်းညွှန်မှု၊ ရခိုင်ပြည်နယ်အစိုးရ၏ ကြီးကြပ်မှုအောက်တွင် ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်း



www.burmeseclassic.com

www.burmeseclassic.com

ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-8) အရှေ့ဘက်မှမြေလွှာဖြတ်ပိုင်းပုံဆွဲ




အညွှန်း

စကေး ၁၀ စင်တီမီတာ = ၅ မီတာ

၁ အပေါ်ယံသစ်မြစ်ဆွေးရောမြေလွှာ
၃ အုတ်ခဲ၊ အုတ်ကျိုးရောမြေလွှာ
၅ သဘာဝမြေလွှာ
၂ ပို့မြေလွှာ
၄ ဖိသိပ်ထားသောမြေလွှာ
အဆောက်အဆုံအုတ်စီတန်းလွှာ

အမှတ် (DNWD.8) ပိတောက်ကုန်းကို (၂၀၁၄ ခုနှစ်၊ မတ်လ) တွင် တူးဖော်သုတေသနပြုလုပ်ခဲ့ပါသည်။

မြေပြင်ပေါ်၌ ကြွင်းကျန်နေသော ယဉ်ကျေးမှုအထောက်အထားသာမက မြေကြီးအောက်တွင် ကြွင်းကျန်နေသော အထောက်အထားများကို တူးဖော်သုတေသနပြုခြင်းအားဖြင့် ဓညဝတီမြို့ဟောင်း၏ ယဉ်ကျေးမှုအထောက်အထားများကို ပိုမိုပြည့်စုံစေမည်ဖြစ်ပါသည်။ ထို့အပြင် တူးဖော်ရမှုတွေ့ရှိရသော ဗိသုကာလက်ရာနှင့် အနုပညာအဆင့်အတန်းတို့ကို ပိုမိုသိရှိနိုင်မည်ဖြစ်ပါသည်။


ယခင်က ဓညဝတီမြို့ဟောင်းကို ၂၀၀၄ ခုနှစ်က ပထမအကြိမ်တူးဖော်သုတေသနပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ် ၂၀၁၄ တွင် ထပ်မံပြုလုပ်ခြင်း ဖြစ်ပါသည်။ ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(DNWD.8)ပိတောက်ကုန်းသည် ဓညဝတီမြို့ဟောင်းအတွင်းရှိ မဟာမြတ်မုနိဘုရားကြီး၏အရှေ့ဘက် (၆၅၅) မီတာ၊ (၂၁၅၁) ပေအကွာတွင် တည်ရှိပါသည်။ G.P.S ညွှန်းမှတ်အရ မြောက်လတ္တီတွဒ် 20° 52' 23.97"၊ အရှေ့လောင်ဂျီတွဒ် 93° 3' 50.99"၊ ပင်လယ်ရေမျက်နှာပြင်အမြင့် (၆၄)ပေတွင် တည်ရှိပါသည်။ အရင်တူးဖော်သုတေသနပြုလုပ်ပြီးဖြစ်သည့် (DNWD.5) ကုန်း၏ အရှေ့တောင်ဘက် (၅၇၁) မီတာ၊ (၁၈၇၆) ပေအကွာတွင် တည်ရှိပါသည်။

ဓညဝတီညမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD.8)၏အရှေ့ဘက်တွင် လယ်ကွင်းများ၊ ဆည်မြောင်းပေါင်များ၊ ဆင်တောင်၊ တောင်တန်းများ၊ တောင်ဘက်တွင် ဆည်မြောင်းမကြီးနှင့် ၎င်း၏မြောင်းလက်တက်ငယ်များ၊မင်းဘူး၊ စစ်တွေမီးရထားလမ်းအနောက်ဘက်တွင် ရေအိုင်ကြီးများနှင့် မဟာမြတ်မုနိဘုရား၊ မြောက်ဘက်တွင် အိမ်များနှင့် ကျောက်တော်-ပလက်ဝကားလမ်း၊ဆည်မြောင်း၊ မြောင်းမကြီး နှင့်၎င်း၏ မြောင်းလက်တက်ငယ်များဖြင့် ဝန်းရံထားပါသည်။

ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.8) သည် အရှေ့-အနောက် (၄၅) ပေ၊ တောင်-မြောက် (ပေ ၄၀) ရှည်ပြီး စက်ဝိုင်းပုံမကျတကျပုံစံရှိ သော ကုန်းတစ်ကုန်းဖြစ်ပါသည်။ မတူးဖော်မီ ကုန်းပေါ်တွင် အုတ်ခဲအပိုင်းအစအချို့နှင့် အိုးခြမ်းကွဲအချို့ကိုတွေ့ရှိရပါသည်။ ကုန်းပေါ်တွင် ပိတောက်ပင်ကြီးတစ်ပင်နှင့် ပေါက်ပင်ငယ်တစ်ပင်ပေါက်ရောက်နေပါသည်။ ထို့ကြောင့် ဤကုန်းကို ပိတောက်ကုန်းဟူ၍လည်း ခေါ်ကြခြင်း ဖြစ်ပါသည်။ ဤတူးဖော်မှုကုန်းကို ပတ်ဝန်းကျင်ရှိ အနိမ့်ဆုံးမြေပြင်မှတိုင်းလျှင် (၃)ပေကျော်ခန့် အမြင့်ရှိပါသည်။

ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(DNWD.8)ပိတောက်ကုန်းသည် ဓညဝတီမြို့ဟောင်း၏အတွင်းဘက်တွင်တည်ရှိသောကုန်းတစ်ကုန်းပင် ဖြစ်ပါသည်။ ဓညဝတီမြို့ဟောင်းအတွင်း၊ အပြင်ရှိ ရှေးဟောင်းကုန်းများသည် သိုက်ဆရာများ၏ သိုက်တူးမှုကြောင့် လည်းကောင်း၊ ရန်ကုန်-စစ်တွေကားလမ်းဖောက်လုပ်သည့်အခါ အလွယ်တကူရရှိသည့် ရှေးဟောင်းကုန်းများမှ သဲကျောက်တုံးများကို တူးဖော်အသုံးပြုခြင်းကြောင့် လည်းကောင်း၊ လယ်သမားများသည်လည်း အလွယ်တကူရရှိသည့် သဲကျောက်တုံးများကို ကန်သင်းပေါင်များပြုလုပ်သည့်အခါ အသုံးပြုခြင်းကြောင့် လည်းကောင်း ရှေးဟောင်းကုန်းများစွာပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ဓညဝတီမြို့ဟောင်းတူးဖော်မှု ကုန်းအမှတ်

ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-8) တောင်ဘက်မှမြေလွှာဖြတ်ပိုင်းပုံဆွဲ




အညွှန်း


စကေး ၅ စင်တီမီတာ = ၅ မီတာ

၁ အပေါ်ယံသစ်မြစ်ဆွေးရောမြေလွှာ
၃ အုတ်ခဲ၊ အုတ်ကျိုးရောမြေလွှာ
၅ သဘာဝမြေလွှာ
၂ ပို့မြေလွှာ
၄ ဖိသိပ်ထားသောမြေလွှာ
အဆောက်အဆုံအုတ်စီတန်းလွှာ



www.burmeseclassic.com

www.burmeseclassic.com




ပုံ(၁)

(DNWD.8) ပိတောက်ကုန်းသည်လည်း အထက်ပါ နည်းလမ်းများဖြင့် နှောင်းခေတ်လူသားတို့၏နှောင့်ယှက်ဖျက်ဆီးမှုကိုများစွာခံခဲ့ရသော ရှေးဟောင်းအဆောက်အအုံကုန်းတစ်ကုန်းပင် ဖြစ်ပါသည်။ ဤကုန်းကိုတူးဖော်ရန် သန့်ရှင်းရေးလုပ်သည့်အခါ နှောင်းခေတ်လူတို့၏ အသုံးအဆောင်ပစ္စည်းများဖြစ်ကြသည့် ပုလင်းနှင့်ပုလင်းကွဲများ၊ ပလတ်စတစ်အိတ်အပိုင်းအစအများအပြားကို ကုန်း၏အလယ်ဗဟိုနေရာတွင် တွေ့ရှိရပါသည်။

ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.8) ကို တူးဖော်သုတေသနပြုလုပ်ရာတွင် တူးဖော်သည့် နည်းစနစ်များစွာရှိသည့်အနက် အဆောက်အအုံ၏ မြေလွှာဖွဲ့စည်းပုံကို ကောင်းစွာ သိရှိနားလည်စေရန်နှင့် တူးဖော်တွေ့ရှိလာသော ယဉ်ကျေးမှုဆိုင်ရာဝတ္ထုပစ္စည်းများကို အလွယ်တကူမှတ်တမ်းတင်နိုင်ရန်အတွက် ကျင်းကွက်ဖွဲ့တူးဖော်သည့်စနစ် (Grid System) ကို အခြေခံပြီး တူးဖော်သည့် နည်းစနစ်ကို အသုံးပြု၍ တူးဖော်သုတေသနပြုလုပ်ထားခြင်း ဖြစ်ပါသည်။

တူးဖော်သုတေသနပြုလုပ်ပြီးထွက်ရှိလာသော အဆောက်အအုံ၏ ပန္နက်ပုံစံမှာ အဝိုင်းပုံစံဖြစ်ပြီး အရှေ့ဘက်တွင် လိုဏ်ပေါက်ပါသည့် စေတီတစ်ဆူ၏ ပန္နက်ပုံစံဖြင့်တွေ့ရှိရပါသည်။ လိုဏ်ပေါက်ဝင်ဝ၏မြောက်ဘက်လက်တံမှာ စက်ဝိုင်းပုံစံရှိသောပင်မအဆောက်အအုံပန္နက်နှင့် ဆက်စပ်မှုရှိသော်လည်း တောင်ဘက်လက်တံသည် ရှေးလူတို့တည်ဆောက်ထားသည့်အတိုင်း မရှိတော့ဘဲ နှောင်းခေတ်လူတို့၏သိုက်တူးမှုကြောင့် စက်ဝိုင်းပုံစံပင်မအဆောက်အအုံ၏အစိတ်အပိုင်းအချို့နှင့် တောက်ဘက်လက်တံ၏ အစိတ်အပိုင်းများစွာပျက်စီးသွားခဲ့သည်ကို တွေ့ရှိရပါသည်။

စက်ဝိုင်းပုံစံပန္နက်ရှိသော ပင်မအုတ်အဆောက်အအုံ၏ အချင်း(၁၆) ပေခန့်ရှိပါသည်။ လိုဏ်ဝင်ပေါက်မြောက်ဘက်လက်တံ၏အရှည် (၆½)ပေခန့်ရှိပြီး တောင်ဘက်လက်တံသည် အကောင်းတိုင်းမကျန်ရှိတော့ဘဲ တစိတ်တစ်ပိုင်းသာ ကျန်ရှိပါတော့သည်။ ပင်မအဆောက်အအုံတွင် အုတ်လွှာ(၁၃)လွှာခန့်ကျန်ရှိသည်ကို တွေ့ရှိရပါသည်။ အရှေ့ဘက်လိုဏ်ဝင်ပေါက်တွင် အုတ်လွှာ(၅)လွှာခန့်ကျန်ရှိသည်ကို တွေ့ရှိရပါသည်။

ဓညဝတီမြို့ဟောင်းအတွင်းတွင်ရှိ ကုန်းအမှတ် (DNWD.9) ၏ အဆောက်အအုံတည်ဆောက်မှုစနစ်မှာ အဝါရောင်ရှိသော ရွှံ့စေးသဘာဝမြေလွှာပေါ်တွင် စက်ဝိုင်းပုံစံရှိသော စေတီတော်၏ မြေတင်ပန္နက်ကို စတင်ပြုလုပ်သည်။ မြေတင်အုတ်ပန္နက်မှ အုတ်လွှာ(၆)လွှာရောက်သည့်အထိတစ်လွှာပေါ် တစ်လွှာထပ်စီတင်ထားသည်။ (၇)လွှာမှ(၉)လွှာမြောက်ရောက်သည်အထိ အတွင်း(၁½)စင်တီမီတာခန့်ဆုတ်ပြီးစီတင်သွားသည်။ အဆောက်အအုံတစ်ခုလုံးကိုတူးဖော်ပြီးလေ့လာသုတေသနပြုကြည့်သည့်အခါ ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(DNWD.7)တို့ကဲ့သို့ သဲကျောက်တုံးများကိုအသုံးပြု၍ ဆောက်လုပ်ထားခြင်းမဟုတ်ဘဲ အရွယ်အစားရှိသော အုတ်ကိုအသုံးပြုဆောက်လုပ်ထားသည့် အတွင်းလိုဏ်ပါစေတီတော်တစ်ဆူပင် ဖြစ်ပါသည်။

ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.8) ကို တူးဖော်သုတေသနပြုလုပ်ရာတွင် မြေလွှာ(၅)လွှာ တွေ့ရှိရပါသည်။ မြေလွှာအမှတ်(၁) သည် အပေါ်ယံမြေလွှာဖြစ်ပြီး ရေ လေ၊ မြေနှင့် သစ်မြစ်၊ သစ်ဆွေးတို့မှပို့ချထားသောမြေလွှာဖြစ်ပါသည်။

မြေလွှာ(၂)သည် သစ်မြစ်ထိုးမြေလွှာအောက်တွင်ရှိသော မြေလွှာဖြစ်ပြီး မူလအဆောက်အအုံပြိုကျပြီးနောက် ပို့ချထားသောမြေလွှာဖြစ်ပါသည်။ ဤမြေလွှာတွင် အိုးခြမ်းကွဲအနည်းငယ်ကို တူးဖော်တွေ့ရှိရပါသည်။

မြေလွှာ(၃)သည် သစ်မြစ်ထိုးမြေလွှာအောက်တွင်ရှိသော အုတ်ကျိုးရောမြေလွှာဖြစ်ပြီး မူလအဆောက်အအုံပြိုကျပြီးနောက် ပြိုကျလာသော အုတ်ကျိုးရောမြေလွှာဖြစ်ပါသည်။ဤမြေလွှာပေါ်တွင် ကြေးဆင်းတုတော်ပေါ် စဉ့်ရည်အုပ်ထားသော အမြင့်(၃½)စင်တီမီတာခန့်ရှိသော ဆင်းတုတော်နှစ်ဆူ၊ သဲကျောက်ဖြင့် ပြုလုပ်ထားသော ဗုဒ္ဓဦးခေါင်းတော်(၁)ခုကို တူးဖော်တွေ့ရှိခဲ့သည့်အပြင် အမြင့်(၅½)စင်တီမီတာခန့်ရှိသောဦးတော်မဲ့ကြေးဆင်းတုတော်တစ်ဆူ၊မဏ္ဍိုင်ကျောက်စေတီငယ်အပိုင်းအစများနှင့် အမြင့်(၂၁)စင်တီမီတာခန့်ရှိသော ဦးတော်မဲ့ပလ္လင်ပါ ကျောက်ဆင်းတုတော်တစ်ဆူကိုလည်း တူးဖော်တွေ့ရှိရပါသည်။

မြေလွှာ (၄) သည် အုတ်ခဲကျိုးသဲကျောက်အပဲ့အစများနှင့်ရောထားသော ဖို့မြေလွှာဖြစ်ပါသည်။ စေတီတော်ပန္နက်မချမီ ကျစ်လျစ်နေအောင် ထုထောင်းထားသော ကြမ်းခင်းမြေလွှာလည်းဖြစ်ပါသည်။ဤမြေလွှာအောက်တွင် သဘာဝမြေလွှာအဝါရောင်ရွှံ့စေးမြေလွှာကိုတွေ့ရှိရပါသည်။ မြေလွှာအမှတ်(၅)သည် အဝါရောင်ရှိသော သဘာဝရွှံ့စေးမြေလွှာပင်ဖြစ်ပါသည်။


ဓညဝတီမြို့ဟောင်းအတွင်းတွင်ရှိ ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(DNWD.8)ကို တူးဖော်သုတေသနပြုလုပ်ရာတွင် အများဆုံးတွေ့ရှိသောယဉ်ကျေးမှုဆိုင်ရာဝတ္ထုပစ္စည်းများမှာ ကိုးကွယ်မှုနှင့်ဆိုင်သည့် ယဉ်ကျေးမှုဆိုင်ရာဝတ္ထုပစ္စည်းများကို အများဆုံးတွေ့ရှိရပါသည်။ တူးဖော်သုတေသနပြုမှုတွင် စဉ့်ရည်သုတ်ကြေးဆင်းတု (၂) ဆူ၊ ရိုးရိုးကြေးဆင်းတုဦးတော်မဲ့ (၁) ဆူ၊ကျောက်ဆင်းတုတော်ဦးခေါင်းတော်တစ်လုံး၊ ဦးခေါင်းတော်မပါ ပလ္လင်ပါကျောက်ဆင်းတုတော်(၁)ဆူ၊ ဆင်းတုတော်လက်မောင်းအပိုင်းအစ(၁)ခု၊ မြေမီးဖုတ်ပုတီးစေ့(၁)လုံးနှင့် ကျောက်စေတီမဏ္ဍိုင်ငယ်အပိုင်းအစများ၊ ကျောက်ပလ္လင်အပဲ့၊ စဉ့်အပိုင်းအစအနည်းငယ် အပြင် မြေအိုးခြမ်းကွဲများကို တူးဖော်တွေ့ရှိရပါသည်။ ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.8) မှတူးဖော်တွေ့ရှိရသောရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာဝတ္ထုပစ္စည်းတချို့ကို ပုံများနှင့် ရေးသား ဖော်ပြပါသည်။



www.burmeseclassic.com

ဤလက်ရာမှာ စဥ့်ရည်သုတ်ကြေးဆင်းတုတော်ဦးတော်မှဲ့ကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ဤစဥ့်ရည်သုတ်ကြေးဆင်းတုတော်လက်ရာကို ($A_1$)ကျင်း မြေအနက်(၇)စင်တီမီတာခန့်တွင် တူးဖော်တွေ့ရှိရပါသည်။ မူရင်းစဥ့်ရည်သုတ်ကြေးဆင်းတုတော်အမြင့် (၃½)စင်တီမီတာခန့်၊ အကျယ်(၄)စင်တီမီတာခန့်နှင့် အထု (၂½)စင်တီမီတာခန့်ရှိပါသည်။ မူရင်းလက်ရာတွင် စဥ့်အစိမ်းရင့်ရောင်ဖုံး ကြေးသားပေါ်၌ တွေ့ရှိရပါသည်။ ဦးတော်ကျိုးအောက်လည်ရစ်တစ်ရစ်ကျန်ရှိပါသေးသည်။ ဘယ်ဘက်လက်တွင် လက်ချောင်းများကျိုးပဲ့သွားပြီး ညာဘက်လက်တွင်လည်း လက်မကိုမတွေ့ရှိရတော့ပေ။ ဆင်းတုတော်၏ မုဒြာအနေအထားမှာ ပဇင်္ဂမုဒြာဆင်းတုတော်အနေအထားမျိုး ဖူးတွေ့ရပါသည်။ ရခိုင်ပြည်နယ်မြို့ဟောင်းများ တူးဖော်သုတေသနပြုလုပ်ရာတွင် စဥ့်ရည်သုတ်ကြေးဆင်းတုများကို ဓညဝတီမြို့ဟောင်းတူးဖော်မှုကွင်းအမှတ်(DNWD.8)ပိတောက်ကုန်းမှ အစောဆုံးတူးဖော်တွေ့ရှိရပါသည်။ အခြားမြို့ဟောင်းများတွင် တူးဖော်တွေ့ရှိခြင်းမရှိသေးပါ။


ပုံ(၂)လက်ရာသည် မြေသပိတ်ခြေထောက်ဟုခန့်မှန်းရသော မြေမီးဖုတ်လက်ရာအပိုင်းအစကို ကူးယူရေးဆွဲထားသောပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ မူရင်းမြေသားမြေမီးဖုတ်လက်ရာအပိုင်းအစအမြင့် (၁½)စင်တီမီတာခန့်၊ အပေါ်အကျယ် (၇½)စင်တီမီတာခန့်၊ အပေါ်အထု (½) စင်တီမီတာခန့်ရှိပြီး အောက်ခြေအကျယ် (၆½)စင်တီမီတာခန့်နှင့်အောက်ခြေအထု (½)စင်တီမီတာခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ မြေမီးဖုတ်လက်ရာအပိုင်းအစ၏အရောင်မှာ မည်းနက်နေသည်ကို တွေ့ရှိရပါသည်။ သာသနာ့အသုံးအဆောင်ပစ္စည်းအပိုင်းအစတစ်ခုဖြစ်သည်ဟု ပြောရမည် ဖြစ်ပါသည်။





ပုံ (၂)




ပုံ (၄)




ပုံ (၅)




ပုံ (၃)

မြေမီးဖုတ်ပုတီးစေ့လက်ရာတစ်ခုကို ကူးယူရေးဆွဲထားသောပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းပုတီးစေ့အမြင့် (၁) စင်တီမီတာခန့်၊ အကျယ် (၁½) စင်တီမီတာခန့်နှင့် အလယ်ကြိုးသီပေါက်အချင်း(½)စင်တီမီတာခန့်၊ အနားအထုလည်း (½)စင်တီမီတာခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ ဤမြေမီးဖုတ်ပုတီးစေ့အရောင်မှာ မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။ ဘာသာရေးအယူအဆ၏ အသုံးအဆောင်ပစ္စည်းတစ်ခုပင် ဖြစ်ပါသည်။

ပုံ(၄)သည် စဥ့်ရည်သုတ်ကြေးဆင်းတုဦးတော်မဲ့လက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ဤစဥ့်သုတ်ကြေးဆင်းတုကို ($A_2$) ကျင်း အနက်(၃၅)စင်တီမီတာခန့်မှ အုတ်ကျိုးရောမြေလွှာတွင် တူးဖော်တွေ့ရှိရပါသည်။ မူရင်းဆင်းတုတော်ဦးတော်မဲ့အမြင့် (၃½)စင်တီမီတာခန့်၊ ပခုံးစွန်းနှစ်ဖက်အကျယ် (၃)စင်တီမီတာခန့်နှင့် ဒူးစွန်းနှစ်ဖက်အကျယ် (၄)စင်တီမီတာခန့်ရှိပါသည်။ တင်ပဆုံပိုင်းအခေါင်း၊ ညာဘက်တင်ပါးပဲ့နေပါသည်။ မုဒြာအနေအထားမှာ ဈာနမုဒြာဆင်းတုတော်အနေအထားမျိုး ဖူးတွေ့ရပြီး လက်နှစ်ဖက်ပေါ်တွင် အလုံးကလေးတစ်လုံးကိုလည်း တွေ့ရှိရပါသည်။ စဥ့်အရောင်မှာ အစိမ်းရင့်ရောင်ဖြစ်ပါသည်။ ပုံ(၁)ဆင်းတုတော်စဥ့်ရောင်နှင့်အတူတူပင်ဖြစ်ပါသည်။ ပုံ(၁)၊ ပုံ(၄)ဆင်းတုတော်များတွင် ဖုံးအုပ်ထားသော စဥ့်ရည်အရောင်ကို ကြည့်ခြင်းအားဖြင့် ရှေးရခိုင်တို့၏စဥ့်အတတ်ပညာကျွမ်းကျင်ပုံကို မြင်တွေ့နိုင်ပါသည်။ အလွန်ရှားပါးလှသော စဥ့်လက်ရာဆင်းတုတော်များပင် ဖြစ်ပါသည်။

ဗုဒ္ဓကျောက်ဆင်းတုဦးတော်ကို ကူးယူရေးဆွဲထားသော ဦးတော်ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ပုံဆွဲ(၅) မူရင်း ကျောက်ဆင်းတုဦးတော်အမြင့် (၁၁)စင်တီမီတာခန့်၊ အကျယ်(၈)စင်တီမီတာခန့်နှင့် အထု (၇)စင်တီမီတာခန့်ရှိပါသည်။ မဏိတော်ထိပ်ဖျားပဲ့နေသည်ကို တွေ့ရှိရပါသည်။ ဤဦးတော်၏

www.burmeseclassic.com

ထူးခြားချက်မှာ နားတော်ကိုသဏ္ဌာန် သာဖော်ပြီးနားဝအရစ်အရေးအကြောင်းများကို ထွင်းထုထားခြင်း မတွေ့ရှိရပါ။ နားရွက်တော်မျက်နှာပြင်ကို ပလိန်းသာ တွေ့ရှိရပါသည်။ ဦးတော်တွင် ပန့်စုများ မပါရှိဘဲ အချောသာတွေ့ရှိရပါသည်။ မျက်ခုံးလည်း ကိုင်းသဏ္ဌာန်တွေ့ရှိရပြီး မျက်လုံးမျက်လွှာချထားသည်ကို ဖူးတွေ့ရပါသည်။ နှာတံခပ်ကုပ်ကုပ်စင်းပြီး နှာသီးဝပြင်ကျယ်ကာ ပါးစပ်ပီပြင်တည်ငြိမ်မှုရှိလှပါသည်။ မျက်နှာတော်လုံးသွယ်စွာထုဆစ်ထားပါသည်။ဤဦးတော် ပုံစံနှင့် ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(DNWD.6)မှ တူးဖော်တွေ့ရှိရသော ဦးတော်နှင့်လည်း ဆင်တူနေသည်ကို ဖူးတွေ့ရပါသည်။ အရွယ်အစားမှာလည်း မတိမ်းမယိမ်းရှိရပါသည်။


ဤဦးတော်များမှ တစ်ခေတ်တည်းလက်ရာများဖြစ်နိုင်ပါသည်။ ဦးတော်နှစ်လုံးစလုံးကို သဲကျောက်ဖြင့်ထုဆစ်ထားခြင်း ဖြစ်ပါသည်။


ကျောက်ပလ္လင်အပဲ့အစတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာ တစ်ခုပင်ဖြစ်ပါသည်။ ပုံ (၆) ၏ မူရင်းကျောက်ဆစ်လက်ရာအမြင့် (၃၀)စင်တီမီတာခန့်၊ အကျယ် (၄၆)စင်တီမီတာခန့်နှင့် အထု(၃၀)စင်တီမီတာခန့်ရှိပါသည်။ တစ်မျက်နှာတွင် ဖောင်းနှစ်ဆင့်ကြား၌ နှစ်ထပ်ပွင့်ဖတ်ခြောက်ဖတ်နှင့် ကြားညှပ်ပွင့်ဖတ်ရှည်များဖြင့် အလှဆင်ထားပါသည်။ ပွင့်ဖတ်ကြီးခြောက်ဖတ်တွင် လက်ဝဲဘက်အဆုံးမှပွင့်ဖတ်မှာ ပဲ့နေပေပြီ၊ သဲကျောက်ပေါ်တွင် ထွင်းထုထားသောလက်ရာဖြစ်၍ အနုစိတ်လက်ရာမြောက်လှပါသည်။ ကျောက်ပလ္လင်အပဲ့အစတစ်ခုဟု ယူဆရပါ၏။


ဦးတော်မှဲ့ကြေးဆင်းတုတော်ကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာ တစ်ခုပင် ဖြစ်ပါသည်။ ပုံ(၇)မူရင်းကြေးဆင်းတုတော်လက်ရာအမြင့် (၅½)စင်တီမီတာခန့်၊ အကျယ် (၄½)စင်တီမီတာခန့်နှင့် အထု(၃)စင်တီမီတာခန့်ရှိပါသည်။ ဤဦးမှဲ့ကြေးဆင်းတုကို မူလကရွှေချခဲ့ဟန်တူပါသည်။ ရွှေချသည့်သစ်စေးများ အနည်းငယ်တပ်ကျန်နေသည်ကို တွေ့ရှိရပါသည်။ ဆင်းတုတော်မှာ ခေါင်းပွမဟုတ်ဘဲ အပိတ်ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ တင်ပဆုံလည်းပဲ့နေသည်ကို တွေ့ရှိရပါသည်။ လက်ဖျားလက်ချောင်းကလေးများလည်း ပီပြင်မှုမရှိတော့ပေ။ ဤဆင်းတုတော်လက်ရာကို ($A_1B_1$) ကျင်းပေါင် အနက် (၄၇) စင်တီမီတာခန့်မှ တူးဖော်တွေ့ရှိရသော ဦးတော်မှဲ့ကြေးဆင်းတုတော်တစ်ဆူပင် ဖြစ်ပါသည်။

ပုံ(၈)သည် ကျောက်စေတီမဏ္ဍိုင်ငယ်အပဲ့အစကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင် ဖြစ်ပါသည်။ ဤပုံ(၈) မူရင်းကျောက်ဆစ်လက်ရာ အမြင့် (၁၀) စင်တီမီတာခန့်၊ အကျယ်(၉)စင်တီမီတာခန့်နှင့် အထု(၉)စင်တီမီတာခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ ကျောက်မဏ္ဍိုင်စေတီငယ်အပဲ့အစအစိတ်အပိုင်းထဲတွင် ဦးတော်များကိုလည်း ထွင်းထုထားသည်ကို တွေ့ရှိရပါသည်။ ဦးတော်များမှာ မဏိတော်ချွန်း၍ မျက်နှာဝန်းသော ဦးတော်များကို တွေ့ရှိရပါသည်။ ဤမဏ္ဍိုင်စေတီငယ် အစိတ်အပိုင်းကို ($B_1$) ကျင်းအနက် (၁၂၅) စင်တီမီတာခန့်မှ တူးဖော်တွေ့ရှိရပါသည်။

သဲကျောက်ဖြင့်ထုဆစ်ထားသော ဆင်းတုတော်ကိုယ်ထည်အပိုင်းအစများကို ကူးယူရေးဆွဲထားသောပုံဆွဲလက်ရာ တစ်ခုပင် ဖြစ်ပါသည်။ ပုံ (၉) ၏ မူရင်းကျောက်ဆစ်လက်ရာမှာ ဆင်းတုတော်ကိုယ်ထည်ပိုင်းလေးခုကို ကျောကပ်ပြီး ထုဆစ်ထားသည့်အနေအထားမျိုးတွေ့ရှိရပါ၏။ ပုံ (၈) လက်ရာနှင့် ဆက်စပ်ကြည့်၍ရနိုင်ပါသည်။ မဏ္ဍိုင်စေတီငယ်လေးမျက်နှာတွင် ထွင်းထုထားသော ဆင်းတုတော်လေးဆူဖြစ်ဟန်ရှိပါသည်။ မူရင်းလက်ရာအမြင့်(၅)စင်တီမီတာခန့်၊ အကျယ်(၇)စင်တီမီတာခန့်နှင့် အထု (၅) စင်တီမီတာခန့်ရှိပါသည်။ ($B_1$) ကျင်းအနက် (၁၂၅) စင်တီမီတာခန့်မှ တူးဖော်တွေ့ရှိရသော မဏ္ဍိုင်ဆင်းတုတော်












www.burmeseclassic.com


www.burmeseclassic.com

ပုံ (၉)




အစိတ်အပိုင်းလက်ရာတစ်ခု ဖြစ်ပါသည်၊ ဆင်းတုတော်ကျိုးများမှရင်အုပ်နှင့် လက်များကို ပီပြင်စွာတွေ့ရှိရပါသေး သည်။

ပုံ (၁၀) လက်ရာသည်လည်း ကြိုင် ကျောက်စေတီငယ်အပေါ်ပိုင်းမှ ထွက်လာသော ကျောက်ဆစ်လက်ရာတစ်ခုကို ကူးယူရေးဆွဲထားသောပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၁၀) မှရင်းကျောက်ဆစ်လက်ရာအမြင့် (၈) စင်တီမီတာခန့်၊ အကျယ်(၈)စင်တီမီတာခန့်နှင့် အထူ (၆) စင်တီမီတာခန့်ရှိပါသည်။ ပုံ(၈)၊ ပုံ(၉)လက်ရာတို့နှင့် ဆက်စပ်၍ရနိုင်သော အစိတ်အပိုင်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ပုံ(၈)၏ အပေါ်ထက်မှ အစိတ်အပိုင်းလက်ရာဖြစ်နိုင်ပါ၏၊ နှစ်ထပ်ပွင့်ဖတ်၊ ထောင့်ချိုးပွင့်ဖတ်များနှင့်အလှဆင်ထားသည်ကိုတွေ့ရှိပါသည်။နှစ်ထပ်ပွင့်ဖတ်သုံးဖတ်နှင့် ထောင့်ချိုးပွင့်ဖတ်ရှည်တစ်ခုကို ဤကျောက်ဆစ်လက်ရာအစိတ်အပိုင်းတွင် ပီပြင်စွာတွေ့ရှိနိုင်ပါသေးသည်။ ဤပုံ(၁၀) မူရင်းကျောက်ဆစ်လက်ရာအစိတ်အပိုင်းကို B ၊ ကျင်းအနက် (၁၂၅) စင်တီမီတာခန့်မှ တူးဖော် တွေ့ရှိရပါသည်။

စဥ့်ပန်းကန်လုံးအပဲ့အစကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ (၁၁) မူရင်း စဥ့်ပန်းကန်လုံးအပဲ့အစအမြင့် (၅) စင်တီမီတာခန့်၊ အချင်း (၁၅) စင်တီမီတာခန့်နှင့် အထူ (၁) စင်တီမီတာခန့်ရှိပါသည်။ ပန်းကန်လုံးအတွင်း၊ အပြင်အရောင်ကို စဥ့်အစိမ်းရောင်ဖြင့်တွေ့ရှိရပြီး ပန်းကန်လုံးအလယ်သား၌ မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။ ဤပန်းကန်လုံးအပဲ့အစကို ($A_2$) ကျင်းအနက် (၈၀) စင်တီမီတာခန့်မှ တူးဖော်တွေ့ရှိရပါသည်။

ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(DNWD.8)မှ တူးဖော်တွေ့ရှိရသော အုတ်စေတီပန္နက်ရာထဲတွင် ဖော်ပြပါအရွယ်အစားရှိသော အုတ်ချပ်များကိုလည်း တူးဖော်တွေ့ရှိရပါသည်။ အလျား (၃၉) စင်တီမီတာ၊ အနံ (၂၃) စင်တီမီတာ၊ အထူ (၈) စင်တီမီတာ၊ အလျား (၃၀) စင်တီမီတာ၊ အနံ (၁၈½) စင်တီမီတာ၊ အထူ (၅) စင်တီမီတာ)၊ အလျား (၂၁) စင်တီမီတာ၊ အနံ (၁၈) စင်တီမီတာ၊ အထူ (၅½)စင်တီမီတာနှင့် အခြားအုတ်ဆိုက်ပုံစံများကိုလည်းတွေ့ရှိရပါသေးသည်။ စေတီတော်အုတ်ပန္နက်ရာ၏ မြောက်ဘက်တွင် ခြောက်ပေကျော်ခန့်အကွာ၌ အုတ်စီတန်းတစ်တန်းကိုလည်း တူးဖော်တွေ့ရှိရပါသည်။ မဟာရံတံတိုင်းအပိုင်းအစများ ဖြစ်နိုင်မည်လားဟု ခန့်မှန်းရပါ၏။

ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(DNWD.8)ပိတောက်ကုန်းမှ တူးဖော်ထွက်ရှိလာသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အထောက်အထားလက်ရာများ မပျက်စီးမဆုံးရှုံးရလေအောင် အုတ်များကို စနစ်တကျစီပြီးကွဲ၊ နွားတိရိစ္ဆာန်များဝင်ထွက်သွားလာခြင်းမရှိရလေအောင် ဝင်းခြံကာရံ၍ သဘာဝဘေးအန္တရာယ်မှကာကွယ်နိုင်စေရန် အမိုးအကာများမိုးထားသင့်သည်ဟု ခြုံငုံသုံးသပ်ရေးသားအပ်ပါသည်။

*အနန္တောအနန္တငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်*
*ကန်တော့လျက်*

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

**ကိုးကားချက် -**

၁။ ကိုယ်တိုင် ကွင်းဆင်း တူးဖော်မှုမှတ်စု
၂။ ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.8) ၏ တူးဖော်မှုအစီရင်ခံစာ
၃။ ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ)၊ ရခိုင်မဟာမြတ်မုနိဘုရားသမိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဦးသည် သွေးလက်စေားကို ပြန်ချလိုက်ရင်း ဒီမိန်းမကြီးတွေကို သတ်မယ်ဆိုရင် ဒီဓားနဲ့မဖြစ်သေးပါဘူးဟု စဉ်းစားမိလိုက်ပြန်သည်။ အဘယ်ကြောင့်ဆိုသော် ဓားဆိုလျှင် ယူသွားကထိုးထိုးထောင်ထောင်နှင့် ဟိုလူဒီလူမြင်နေဦးမည်။ဓားကကြီးသည်။ဘာမှမလုပ်လိုက်ရခင် လူမြင်ခံလို့မဖြစ်ပေ။

သူတို့သည် လူတကာအပေါ်တွင် စိတ်ချယုံကြည်မှု အလွန်နည်းသည်။ ကြည့်လေ၊ အိမ်တံခါးကိုပင် သံဘာဂျာတံခါးတပ်ထားသည့်အပြင် မုန့်ရောင်းသည့်နေရာတွင်လည်း သံပန်းတပ်ကာ လက်လျှိုရုံရုံ အပေါက်ကလေးဖောက်ထားသည်။ ဈေးဝယ်သူများသည် သံပန်းတံခါးမှလက်လျှိုပြီးဝယ်ရသည်။ ပိုက်ဆံကိုလည်း သည်အပေါက်မှပင်ပေးရသည်။ သည်အိမ်တွင် နို့ရောင်းသည်၊ မလိုင်လုံး၊ ခါကျာမုန့်ရောင်းသည်။ ဂျလေဘီရောင်းသည်။ ပစ္စည်းကောင်းမွန်ပြီး နို့စစ်စစ်နှင့် ပြုလုပ်ထားသောကြောင့် ပတ်ဝန်းကျင်က အားပေးသည်။ သို့သော်လည်း အိမ်သို့ လူစိမ်းသူစိမ်းကို အဝင်မခံပေ။ သူတောင်မှအလုပ်မရှိလျှင်လာ၍မရပေ။ အပြင်လူများနှင့်ပတ်သက်လျှင် မည်သူ့ကိုမျှစိတ်ချသည်မဟုတ်ပေ။

# မဟာသျုံ

## ကံကြွေးတုံ့တင်ဆုံးစေချင်





www.burmeseclassic.com

www.burmeseclassic.com

ကျော်ဦး စဉ်းစားနေသည်မှာ သူ့အလုပ်ရှင်ဖြစ်သူ ဒေါ်ဘီလားမိသားစု ဖြစ်သည်။ သည်မိသားစုတွင် မိခင် ဒေါ်ဘီလားနှင့် သမီးသုံးဦးရှိသည်။ သူတို့တွင် ယောကျ်ားမရှိပေ။ ဒေါ်ဘီလား၏ ယောကျ်ားက လွန်ခဲ့သည့် သုံးနှစ်ခန့်တုန်းက ကွယ်လွန်သွားခဲ့သည်။ ယောကျ်ားကွယ်လွန်သွားသောအခါ သူတို့ပိုင်သောနွားခြံနှင့် ခြံလုပ်ငန်းကို ကျော်ဦးကိုလုပ်ခိုင်းခဲ့သည်။ ကျော်ဦးသည် နွားကျောင်းရသည်၊ နွားစာစဉ်းရသည်၊ နွားစာကျွေးရသည်၊ နွားများကို စောင့်ရှောက်ရသည်။ နွားကအကောင် (၂၀) ကျော်ရှိတော့ မူလတုန်းက ခြံရှင်ရှိတုန်းက နှစ်ယောက်ပေါင်းပြီးကြည့်တော့ အဆင်ပြေသည်။ ယခုတော့ သူတစ်ယောက်တည်းကြည့်ရတော့ အဆင်မပြေပေ။ သို့သော် သူတို့မိသားစုကို နွားခြံတွင်ထားသောကြောင့် နေစရာတော့ရသည်။

သူသည် နွားများကို ကျောင်းနေ၊ ကျွေးနေ စောင့်ရှောက်နေရသည့်အပြင် နံနက်စောစောကြီးတွင် နွားနို့ညှစ်ရသေးသည်။ နွားနို့လိုက်ပို့ရသေးသည်။ အကူလုပ်သားနှစ်ယောက်လောက်တော့လိုနေသည်။ သို့သော်လည်း အလုပ်သမားထင်ငှားရန်ပြောတိုင်း နောက်မှနောက်မှဟုချည်းပြောနေသည်။ ဒီကိစ္စကိုလည်း ပြောစရာရှိသည်။ နောက်ပြီး သူ့တွင်လောလောဆယ် ငွေအနည်းငယ်လိုသည်။ မိန်းမကမကြာခဏဗိုက်အောင့်နေသည်။ ကလေးကလည်း မကြာခဏဆိုသလို ကျောပူခေါင်းပူထနေသည်။ နှစ်ယောက်စလုံး ပြိုင်တူဖြစ်လိုက်လျှင် ကျော်ဦးသည် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်တော့သည်။ ဦးလေးရှိတုန်းကတော့ အနည်းငယ်အဆင်ပြေသည်။ ဦးလေးက သူပြောလျှင် ငွေအနည်းငယ်တော့ထုတ်ပေးသည်။ ယခုဦးလေးမရှိတော့တောင်းရခက်နေသည်။ ပိုက်ဆံတောင်းဖို့နေနေသာသာ အိမ်ထဲပင်အဝင်မခံပေ။ ကိစ္စရှိလျှင်အိမ်ရှေ့တံခါးမှာရပ်ပြီးပြောရသည်။ မနက်နွားနို့လာပို့လျှင်လည်း အိမ်ရှေ့မှာချထားခဲ့ရသည်။ သူပြန်သွားပြီးမှထွက်ယူသည်။

ငွေလိုနေ၍ တစ်နေ့က အနည်းငယ်စကားစကြည့်သည်။သူတို့မှာလည်း တစ်နေ့ရောင်းရငွေကို တစ်နေ့ခြိုးခြံစားနေသည်ဟု ဒေါ်ဘီလားကပြောသည်။ ဒီမိန်းမကြီးဆီမှာ ရွှေအတောင့်လိုက် ငွေအတောင့်လိုက်။ ပိုက်ဆံဆိုတာဘယ်ဗီရိုထဲမှန်းနိုက်နှိုက် အထပ်လိုက်ထွက်လာတာမသိတာကျနေတာဘဲဟုလည်းတွေးမိသည်။ ဘုန်းကြီးရဟန်းဆိုလျှင်တော့ အတော်ရက်ရောသည်။ လှူသည်တန်းသည်။ တစ်လောက ကျောင်းမှာ ဦးပဉ္စင်းကလေး စာမေးပွဲအောင်တယ်ဆိုတော့ ဒေါ်ဘီလားကိုယ်တိုင် ကျောင်းသွားပြီးလှူသေးသည်။ ဒီလိုလှူဖို့တော့ ပိုက်ဆံကရှိနေသည်။ သူ့မှာဒုက္ခရှိနေတယ်ဆိုတော့ မရှိဘူးဖြစ်နေပြန်သည်။ စင်စစ်တွင် သူသည် ဒေါ်ဘီလားယောကျ်ားဘက်မှ ဆွေနီးမျိုးစပ်တော်သူဖြစ်သည်။ ဦးလေးရှိလျှင်တော့မနေပေးမှာပဲ။ အခုတော့ ဒေါ်ဘီလားက မသိကျိုးကျွန်ပြုနေသည်။ ဒါကြောင့် ဓားနှင့်စဉ်းမည်ဟု ဆုံးဖြတ်ပြီး တစ်နေ့လုံး ဓားသွေးနေခြင်း ဖြစ်သည်။

ချိုတုံ့ချတုံ့လုပ်နေရင်းမှ နေကမြင့်လာသည်။ သည်ကနေ့ညနေပိုင်း ဆေးခန်းသွားရဦးမည်။ငွေကလိုနေပြန်သည်။ မူလတုန်းကတော့ အိမ်ထဲဝှတ်ဝင်ပြီး မိန်းမကြီးကိုဓားထောက်ပြီးတောင်းမည်ဟု စိတ်ကူးသည်။ သို့သော် သူတို့က





www.burmeseclassic.com

www.burmeseclassic.com

လေးယောက်ရှိနေတာ။ တစ်ယောက်ကို ဓားနှင့်ထောက်ထားလျှင် ကျန်လူများက နေမည်မဟုတ်။အော်လားဟစ်လားလုပ်နေလျှင် လူကြားမည်။ သူတို့နေတာက ရပ်ကွက်ထဲတွင်ဖြစ်ရာ ခဏလေးနှင့် ပြဿနာဖြစ်မည်။ ထို့ကြောင့် လေးယောက်စလုံး ကိစ္စချောရန်လိုသည်ဟု စဉ်းစားမိပြန်သည်။ သူချီတုံချတုံနှင့်စဉ်းစားနေရာမှ အိမ်နံရံကြွက်လျှောက်တန်းတွင်တင်ထားသော ကြွက်သတ်ဆေးကို မြင်သည်။ ဟုတ်ပြီ၊ ဒီမိန်းမတွေကို ကြွက်သတ်ဆေးတိုက်ပြီး သတ်မည်ဟု စဉ်းစားမိသည်။ သို့သော် ကြွက်သတ်ဆေးကို ဘယ်လိုတိုက်မည်နည်း။ နောက်ဆုံးတွင် စိတ်ကူးရသွားသည်။ လမ်းထိပ်မှာ အုန်းနို့ခေါက်ဆွဲရောင်းသောဆိုင်ရှိသည်။ သူတို့ခြံထဲမှာလည်း အုန်းပင်တွေရှိသည်။ ဒီတော့ အိမ်မှာ အုန်းနို့ခေါက်ဆွဲချက်သည်ပြောပြီး ဆိုင်ကဝယ်သည့် ခေါက်ဆွဲမှာ ကြွက်သတ်ဆေးထည့်ပြီး ချိုင့်နှင့်ထည့်ပြီးယူသွားပြီးသွားကျွေးမည်ဟု စဉ်းစားမိသည်။

သို့နှင့် သူတို့လမ်းထိပ်တွင်ရောင်းသော အုန်းနို့ခေါက်ဆွဲသွားဝယ်သည်။ မုန့်ဖတ်များကို လေးဆင့်ချိုင့်တွင်ထည့်ပြီး မုန့်ဟင်းရည်ကို တစ်လုံးချိုင့်နှင့်ဝယ်သည်။ အိမ်ပြန်ရောက်သော် မုန့်ဟင်းရည်ထည့်သောချိုင့်ထဲသို့ ကြွက်သတ်ဆေးထုပ်ကို ဖောက်ထည့်သည်။ ပထမ နှစ်ထုပ်ထည့်သည်။ ပိုပြီးသေချာအောင် နောက်ထပ်တစ်ထုပ်ထည့်လေသည်။ ပြီးသော် တုတ်တစ်ချောင်းဖြင့်မွှေသည်။ ကောင်းစွာမွှေပေးပြီး ဟင်းရည်ကိုနမ်းကြည့်ရာ မည်သည့်အနံ့မျှမရဘဲ အုန်းနို့ခေါက်ဆွဲအနံ့သာရသဖြင့် ကျေနပ်သွားသည်။

ပြီးသော် ချိုင့်နှစ်ချိုင့်ကိုဆွဲပြီး ထွက်လာသည်။ သူနေသောနေရာမှာ မြို့စွန်တွင်ဖြစ်ပြီး ဒေါ်ဘီလားတို့နေသောနေရာမှာ လူနေရပ်ကွက်တွင်ဖြစ်သောကြောင့် စက်ဘီးနှင့်လာလိုက်သည်။ ဒေါ်ဘီလားတို့အိမ်သည် လမ်းမကြီးမှခွဲဝင်ရသော လမ်းကြားတွင်ရှိသည်။ နှစ်ထပ်တိုက်ခံအိမ်ဖြစ်သည်။ သူရောက်သွားသောအခါ အိမ်တံခါးကို ပိတ်ထားသောကြောင့်ခေါ်ရသေးသည်။

"ဟဲ့ - ဘယ်သူတုံး"

"ကျွန်တော်ပါ ကြီးကြီး၊ ကျော်ဦးပါ"

"ဘာကိစ္စတုံး"

"မုန့်လာပို့တာပါ၊ ဒီနေ့အိမ်မှာ အုန်းနို့ခေါက်ဆွဲချက်လို့ လာပို့တာပါ"

"ဩော် - အေး အေး၊ ဒုက္ခရှာလို့ကွယ် ထားခဲ့၊ ထားခဲ့"

"မဟုတ်ဘူး ကြီးကြီး၊ ချိုင့်လှယ်ရဦးမှာ။ ကျွန်တော်အိမ်ထဲဝင်မှဖြစ်မယ်"

ထိုသို့ပြောနေခိုက်တွင် အိမ်ရှင်ဒေါ်ဘီလား၏သမီး ထွက်လာပြီး အိမ်တံခါးဖွင့်ပေးသည်။ ကျော်ဦးသည် စက်ဘီးကိုထောင်ခဲ့ပြီး ချိုင့်ကိုဆွဲကာ အိမ်ထဲသို့ ဝင်လိုက်သည်။ သူပြောသည့်အတိုင်းပင် လက်ထဲတွင် လေးဆင့်ချိုင့်တစ်လုံးနှင့် လက်ဆွဲချိုင့်တစ်လုံးပါသွားသည်ကို လှမ်းမြင်နေရသည်။

အိမ်ထဲတွင်ရှိနေသူများကိုကြည့်လိုက်ရာ အိမ်ရှေ့အိမ်တွင်ထိုင်နေသော ဒေါ်ဦးဆိုသူအမျိုးသမီးကြီးတစ်ယောက်လည်းရောက်နေပြီး တီဗွီထိုင်ကြည့်နေကြသည်ကိုတွေ့ရသည်။ ထိုအမျိုးသမီးကြီးကလှမ်း၍-

"ဟဲ့ - ဘာတွေတုံး ကျော်ဦးရဲ့"

"အိမ်မှာအုန်းနို့ခေါက်ဆွဲချက်လို့ လာပို့တာပါ။ ဒေါ်ကြီးကော စားမလား၊ ကျွန်တော်ပြင်ပေးမယ်"

"ပြစမ်းပါဦး၊ မင်းတို့အိမ်ကချက်တယ်ဆိုတာ ကောင်းရဲ့လား"

ကျော်ဦးက အနားသို့သွားပြီး ချိုင့်ကိုဖွင့်ပြသည်။ ဒေါ်ဦးဆိုသူ အမျိုးသမီးကြီးက ချိုင့်ကိုဖွင့်ပြီးနမ်းကြည့်သည်။

"အေး-ကောင်းသားဟဲ့၊ ထည့်ခဲ့စမ်း တစ်ပွဲလောက် ငါစားကြည့်မယ်"

"ဒေါ်ကြီးရော မမလေးပါစားပါလား။ ကျွန်တော်မုန့်ပွဲပြင်လိုက်မယ်"

ထိုအခါ ဒေါ်ဘီလားက -

"နေပါစေ၊ ဒေါ်ဦးကိုသာထည့်ပေးလိုက်။ ငါတို့မစားသေးပါဘူး"

သူစားစေလိုသူများက မစားဘဲ ဘေးလူတစ်ယောက်က စားမည်ဆိုသောကြောင့် ကျော်ဦးသည် အကြံအိုက်သွားသည်။ သို့သော်လည်း ဟန်မပျက် မီးဖိုထဲဝင်လာပြီး စဉ်းစားနေသည်။

"ဒီမိန်းမကြီးစားရင်သေမှာ၊ ဟိုလူတွေကျန်ခဲ့မယ်။ တစ်ခါတည်း မုန့်ပွဲတွေအကုန်ပြင်ပြီးယူသွားရင်ကောင်းမယ်။ အားလုံးစားအားလုံးသေပေါ့"

ထိုသို့စဉ်းစားပြီး မီးဖိုထဲတွင်ရှိသော ပန်းကန်ငါးချပ်ကိုပြင်ပြီး မုန့်များကိုမှုထည့်နေလိုက်သည်။ ပြီးတော့ အိမ်ရှေ့ကိုယူလာသည်။ ဒေါ်ဘီလားနှင့် သမီးများရှေ့တွင် မုန့်ပွဲများချထားပေးသည်။ ဒေါ်ဦးရှေ့တွင်လည်း တစ်ပွဲချထားပေးလိုက်သည်။သူတို့အားလုံးသည် ကိုရီးယားဇာတ်လမ်းတွဲထိုင်ကြည့်နေကြခြင်းဖြစ်သည်။ သူချပေးသောမုန့်ပွဲကို ဒေါ်ဦးက အရင်ဆုံးစားသည်။ ကျန်လူများက မစားသေးပေ။ ကျော်ဦးသည် မီးဖိုချောင်တွင်းသို့ပြန်ဝင်သွားပြီး ဓားတစ်ချောင်းလိုက်ရှာသည်။ နောက်ဆုံးတွင် ကြက်သွန်လှီးသောဓားချွန်ကလေးတစ်ချောင်းတွေ့ရာ အသာလေးခါးကြားတွင်ညှပ်ပြီး ယူလာလိုက်သည်။ ဒေါ်ဦးဆိုသောမိန်းမကြီး တစ်ခုခုဖြစ်လို့ သူတို့တွေ ရုတ်ရုတ်ရုတ်ရုတ်ထလုပ်လျှင် အကုန်လုံးကို သည်ဓားနှင့်ထိုးပစ်မည်ဟု စဉ်းစားနေသည်။ သူနောက်တစ်ခေါက် မီးဖိုချောင်ထဲမှ ထွက်လာသောအခါ ဒေါ်ဦးသည် ပန်းကန်ကိုကိုင်ထားရင်းမှ ဒယီးဒယိုင်ဖြစ်လာကာ ထိုးအန်တော့သည်။ လည်ချောင်းကို လက်နှင့်ကိုင်ပြီး မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်လာသည်။ ထို့နောက် ရှေ့ကိုမှောက်ပြီးလဲကျသွားသည်။

ထိုအခါ ထိုင်နေသူများသည် မျက်လုံးပြူးသွားပြီး ဒေါ်ဦးကိုထကြည့်သည်။ ဒေါ်ဦးသည် မုန့်ပန်းကန်ကိုကိုင်ရင်း ဆန့်ငင်ဆန့်ငင်ဖြစ်နေသည်။ ကျော်ဦးသည် အသာကလေးနောက်သို့ဆုတ်နေသည်။ ထိုအခါ ဒေါ်ဘီလားက သမီးဖြစ်သူကို လှမ်းပြောသည်။

"ဟဲ့ - အိမ်ရှေ့က ဆရာဝန်သွားခေါ်စမ်း။ ဒီမှာဘာဖြစ်တာလဲမသိဘူး"

ထိုအခါ အနားတွင်ထိုင်နေသော သမီးအလတ်သည် အိမ်ရှေ့သို့ပြေးသွားသည်။အိမ်ရှေ့တွင် တံခါးပိတ်ထားသည်ကိုမြင်သောအခါ အိမ်ဘေးပေါက်ဆီသို့ ပြေးပြန်သည်။ အနီးအနားတွင်ရှိသော ဆရာဝန်ကို ပြေးခေါ်ရန်ထွက်သွားခြင်းဖြစ်သည်။ အားလုံးလည်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေကြသည်။ ကျော်ဦးသည် ထိုင်နေရာမှထခါ အိမ်ဘေးတံခါးမှပြေးထွက်သွားသော သမီးအလတ်နောက်သို့ပြေးလိုက်သွားသည်။ သူမကို အိမ်ဘေးဘက်တွင်မီလာသည်။ထိုနေရာတွင် မိုးတွင်းခေါင်မိုးမှကျသောရေများကိုသိုလှောင်ထားသောစဉ့်အိုးကြီးများရှိသည်။ အတွင်းတွင်ရေရှိသည်။ ကျော်ဦးမလတ်ကိုမီလာသောအခါ နောက်မှလှမ်းဆွဲပြီး ပါလာသောဓားနှင့် ဝမ်းဗိုက်ကိုပွေ့ထိုးလိုက်သည်။ နှစ်ချက်၊ သုံးချက်ထိုးလိုက်သောအခါ မလတ်သည် ပျော့ခွေသွားတော့သည်။ အော်ပင်မအော်နိုင်တော့ပေ။ ထို့နောက် သူမကို အနီးတွင်ရှိသော စဉ့်အိုးကြီးထဲတွင်ခေါင်းစိုက်



www.burmeseclassic.com

www.burmeseclassic.com

…ကာ အိမ်ထဲသို့ပြန်ဝင်လာ… သွေးသံတရဲရဲနှင့်ဝင်လာသော …ဦးတို့ကြည့်ကာ အိမ်ထဲတွင်ရှိနေ …လုံးကြောက်ကုန်သည်။ အားလုံး …တုန်သည်။ ကျော်ဦးသည် …ဘီလားနောက်သို့ ပြေးလိုက်ပြီး …တိုဖမ်းဆွဲလိုက်သည်။ လည်ပင်းကို …နှင့်ထောက်ပြီး အိမ်ထဲသို့ပြန်ခေါ် …သင့် သမီးအကြီးက အိမ်ရှေ့သံပန်း …တို့ဖွင့်ထွက်ပြီး လမ်းပေါ်သို့ပြေး …သွားသည်။ ပါးစပ်ကလည်း ကယ် …ယကြပါဟုအော်သွားသည်။ သမီး …ယောက်က အိမ်ပေါ်ထပ်သို့ ပြေး …သွားပြီး ပြတင်းပေါက်မှအော်နေ …သည်။ ထိုသို့ရုတ်ရုတ်သဲသဲဖြစ်နေ၍ …ရှေ့တွင် လူများဝိုင်းလာကြသည်။ …ထဲမှအော်သံကြား၍ဖြစ်သည်။

ထိုအခိုက်တွင် မဝတအတွင်းရေး …ပ်နေသော လမ်းထိပ်မှ မီးသတ် …ရှိသည် ကားနှင့်အပြင်သွားရာမှ …အလာတွင် လမ်းထဲ၌ လူများဝိုင်းနေ …ည်တို့တွေ့သည်နှင့် ကားနှင့်ရောက် …သည်။ ကားမီးကို အိမ်ထဲသို့ထိုးထား …လူက ကားပေါ်မှခုန်ချပြီး ဖွင့်ထား …ခြံထဲသို့ ပြေးဝင်သွားသည်။ အိမ် …အရောက်တွင် မိန်းမတစ်ယောက် …ခွေ့အိုးတွင်နှစ်ထားသည်ကိုမြင်သော …ခါ ကြောက်ပြီးနောက်ပြန်ဆုတ်လာ …ည်၊ သည်အိမ်ထဲတွင် တစ်ခုခုဖြစ်နေ …ည်ကို သိလိုက်သည်။ ထို့ကြောင့် ခါး …ချိတ်ထားသော စကားပြောစက်နှင့် …ခန်းကိုလှမ်းအကြောင်းကြားပြီး ကား …မားနှင့် သူက အိမ်ရှေ့ဘက်မှပတ်ပြီး …အိမ်ထဲကိုကြည့်သည်။ အိမ်ထဲတွင် …မတစ်ယောက်လဲနေပြီး အဒေါ်ကြီး …တို့ ပါးစပ်ပိတ်ကာ ဓားနှင့်ထောက်ထား …တို့တွေ့ရသည်။ ထိုအခါ အတွင်းသို့ …ပြီးအော်သည်။

"ဟေ့ မလုပ်နဲ့ ရပ်လိုက်၊ မင်းကို …တို့ဝိုင်းထားပြီ။ မင်းဓားချပြီးအဖမ်းခံ …လိုက်"

ထိုသို့ အတွင်းသို့လှမ်းအော်သော အခါ ဒေါ်ဘီလားကို နောက်မှဖက်ပြီး ဓားနှင့်ထောက်ထားသောကျော်ဦးသည် အခြေအနေမဟန်မှန်းသိ၍ အဒေါ်ကြီး …ကိုလွှတ်ကာ နောက်ဖေးဘက်သို့ ပြေးသွားသည်။ ပြီးနောက် မီးဖိုချောင်တံခါး …ဖွင့်ကာ နောက်ဖေးလမ်းကြားမှတစ်ဆင့်အပြင်သို့ပြေးထွက်သွားတော့သည်။

ထိုအချိန် အပြင်ဘက်တွင် လူ …အုပ်ကကြီးလာသည်။ သို့သော်လည်း အိမ်ထဲတွင်ဘာတွေဖြစ်နေသည်ကိုမသိသောကြောင့် ဝိုင်းရုံသာဝိုင်းထားနိုင်ပြီး အိမ်ထဲသို့ မည်သူမျှမဝင်ရဲပေ။ အပြင်ဘက်သို့ပြေးထွက်သွားသော သမီးကြီးကို ဝိုင်းမေးနေကြသည်။ သမီးကြီးလည်း အားရှိလာပြီး အခြေအနေကို ပြောပြသည်။ အတွင်းတွင် လူသတ်သမားတစ်ယောက်သာရှိကြောင်း၊ အမေ့ကို ဓားနှင့်ထောက်ထားကြောင်း၊ တစ်ယောက်တော့ လဲနေကြောင်းပြောသည်။

ထိုအခိုက်တွင် ရဲစခန်းမှ ရဲများရောက်လာသဖြင့် အိမ်ကိုဝိုင်းထားလိုက်ပြီး ရဲအရာရှိတစ်ယောက်က အိမ်ရှေ့တံခါးနားကပ်ပြီးအတွင်းသို့ချောင်းကြည့်သည်။ အိမ်ထဲတွင် မိန်းမနှစ်ယောက်လဲနေသည်ကိုမြင်ရသည်။ တစ်ယောက်က တီဗွီရှေ့၊ တစ်ယောက်က အိမ်ပေါ်တက်သည့် လှေကားအရင်းတွင်လဲနေသည်။ အချိန်အတန်ကြာမျှစောင့်ကြည့်ရာတွင် လှုပ်ရှားမှုမတွေ့ရ၍ ရဲသားနှစ်ယောက်ကို အသင့်ပြင်စေပြီး သုံးယောက်သားပြိုင်တူအတွင်းသို့ဝင်ကြသည်။အိမ်တွင်းတွင် မည်သည့်လှုပ်ရှားမှုကိုမျှ မတွေ့ရသဖြင့် လဲနေသူနှစ်ယောက်ကိုသွားကြည့်ရာ တစ်ယောက်သည် မှန့်ပန်းကန်တစ်ခုကိုကိုင်ပြီးလဲနေခြင်းဖြစ်၍ တစ်ယောက်မှာ ဒဏ်ချက်မရှိဘဲ သတိလစ်နေခြင်းဖြစ်ကြောင်းတွေ့ရသဖြင့် အပြင်တွင်စောင့်နေသော ကြက်ခြေနီတပ်သားများကို လှမ်းခေါ်ရသည်။

ပြီးနောက် အိမ်ပေါ်ထပ်သို့တက်ကြည့်ရာ ခုတင်အောက်တွင်ပုန်းနေသော မငယ်ကိုတွေ့ရသည်နှင့် အပြင်သို့ခေါ်ထုတ်ရသည်။ အိမ်ပေါ်ထပ်တွင် မည်သူမျှမရှိ၍ အိမ်အောက်ထပ်သို့ဆင်းရာပြန်သည်။နောက်ဆုံးကျမှ မီးဖိုချောင်တံခါးကိုဖွင့်ပြီး အပြင်သို့ထွက်ပြေးသွားကြောင်းသိမှ အိမ်တွင်းသို့ပြန်ဝင်လာကြသည်။ သူတို့အဖွဲ့ အိမ်ထဲရောက်တော့ စခန်းမှူးနှင့်တပ်ဖွဲ့ဝင်များရောက်နေပြီး လိုအပ်သည်များကို စစ်ဆေးနေသည်ကိုတွေ့ရသည်။လဲနေသူနှစ်ယောက်အနက် တစ်ယောက်က သေနေပြီဖြစ်သည်။ အိမ်အပြင်ဘက် ရေအိုးထဲတွင် လဲကျနေသူလည်း သေဆုံးသည်။လှေကားရင်းတွင်လဲကျနေသူကတော့ သတိပြန်ရလာပြီဖြစ်သည်။သေသူများကို ဆွဲထုတ်၊ ရှင်ကျန်ရစ်သူများကို မေးမြန်းနှင့် ရဲရေးဆိုင်ရာများ ဆက်လက် ဆောင်ရွက်နေသည်မှာ အချိန်အတန်ကြာသည်။ ထိုနေ့က အိမ်တွင် မအိပ်ရဲတော့သဖြင့် ဒေါ်ဘီလားတို့သည် ဆွေမျိုးများရှိရာ အိမ်တစ်အိမ်တွင်ရွှေ့နေကြသည်။

လူသတ်မှုဖြစ်ပွားရာအိမ်တွင် စစ်ဆေးကြည့်ရှုပြီးသော်လည်း တရားခံဖမ်းဆီးဖို့ရန်ကျန်သေးသည်။ တရားခံထွက်ပြေးသော အိမ်နောက်ဖေးပေါက်သို့ဝင်ကြည့်ရာ ခြေရာလက်ရာမပျက်သော်လည်း ခြံစည်းရိုးကိုကျော်ပြီး ထွက်ပြေးကြောင်းခန့်မှန်းရသည်။ သို့နှင့် စခန်းမှူးက စကားပြောစက်နှင့် မြို့ဝင်မြို့ထွက်ကင်းစခန်းများသို့လှမ်းပြီးဆက်သွယ်ကာ ဝင်ပေါက်ထွက်ပေါက်များကို ပိတ်ဆို့စစ်ဆေးရန် အမိန့်ပေးလိုက်သည်။ စစ်မေးချက်အရ တရားခံမှာ သူတို့၏ နွားခြံတွင် အလုပ်လုပ်နေသူဖြစ်ခြင်းကြောင့် ထိုခြံသို့သွားရန် တစ်ဖွဲ့ကိုလွှတ်ရပြန်သည်။

❑

ထိုသို့ ရဲများအလုပ်များနေစဉ် ကျော်ဦးသည် အိမ်တစ်ခေါက်ပြန်လိုက်သည်။ သူ့မိန်းမထံတွင် ရှိစုမဲ့စုသိမ်းထားသော ငွေနှစ်ထောင်ကို တောင်းယူပြီး မန္တလေးလမ်းဘက်သို့ထွက်လိုက်ပြီး ကားရှာသည်။ ထိုအခိုက်တွင် ရဲများရောက်လာပြီး ပိတ်ဆို့ထားသောကြောင့် ကားနားသို့မကပ်နိုင်ဘဲ နောက်ပြန်ဆုတ်လာသည်။ ပြီးသော် သာစည်ဘက်သို့ထွက်မည့်ကားဂိတ်ကိုလာခဲ့သည်။ ထိုဂိတ်တွင်လည်း ရဲများစုရုံးစုရုံးလုပ်နေသည်ကိုတွေ့ရသဖြင့် မြို့စွန်ဘက်သို့ အပြေးကလေး လျှောက်လာလိုက်သည်။ သူ့အတွက် သည်မြို့က အမြန်ဆုံးထွက်ခွာရန် အရေးကြီးနေသည်မဟုတ်လော။

ထို့ကြောင့် ကားဂိတ်ကိုကျော်ပြီး မြို့ပြင်ဘက်တွင်ရှိသော ကားမှတ်တိုင်ကိုလာလိုက်သည်။ မြို့စွန်ကားမှတ်တိုင်မှာ ရေကန်စပ်တွင်ရှိနေရာ ချောင်ကျသည်။ ထိုနေရာသည် ကောင်းသည်။ သူ့ကိုတွေ့လျှင်လည်း မည်သူမျှရိပ်မိမည်မဟုတ်ပေ။ ဂိတ်မှထွက်လာသောကားက လက်ဖက်ရည်ဆိုင်ရှေ့တွင်ရပ်သောကြောင့် လက်ဖက်ရည်ဆိုင်ထဲဝင်ထိုင်နေလိုက်သည်။သူမျှော်လင့်သည့်အတိုင်း သူ့ကို မည်သူမျှ သက်ာမကင်းမဖြစ်ပေ။ ဆိုင်တွင်း၌လည်း လူရှင်းနေသည်။အချိန်က ည (၁၀) နာရီထိုးခါနီးနေပြီ ဖြစ်သည်။ ကားက မလာသေးပေ။

ထိုအချိန်တွင် သာစည်ကားမရှိတော့ဘူးထင်ပြီး စခန်းသို့ပြန်လာသော ယာဉ်ထိန်းရဲတပ်ကြပ်ကြီး တင်ကို၏



www.burmeseclassic.com

www.burmeseclassic.com

စကားပြောစက်ထဲသို့ မြို့နယ်မှူးအသံ ဝင်လာသည်။

"သာစည်ရှေ့ဂိတ်တာဝန်ကျနေတော ဘယ်သူလဲဟေ့"

"ကျွန်တော် တင်ကိုပါ ဆရာ"

"အေး-တင်ကို၊ အခု မြို့ထဲမှာ လူသတ်မှုဖြစ်နေတယ်။တရားခံထွက်မပြေးနိုင်အောင် ဂိတ်တွေကိုပိတ်ထား ကြားလား။ တရားခံက လူငယ်တစ်ယောက်ပဲ။ ပိန်ပိန်ပါးပါး၊ ဆံပင်ရှည်ရှည်၊ အသားညိုညို၊ အရပ်က မတိုမရှည်ဘဲ ကုလားဆင်။ သူ့နာမည်က ကျော်ဦးလို့ ခေါ်တယ်"

"ကျော်ဦး၊ ဟုတ်ကဲ့ ဆရာ။ ကျွန်တော်ကြည့်ထားပါမယ်"

တပ်ကြပ်ကြီးသည် ပေးအပ်သည့်တာဝန်ကို ထမ်းဆောင်ရန်အတွက် ကားဂိတ်ဘက်သို့ပြန်လျှောက်လာပြန်သည်။ သူ့စိတ်ထဲတွင်တော့ သိပ်မထင်ပေ။ ပြေးမယ့်ပြေးလျှင် မန္တလေးလမ်းက ကားများတော့ ဟိုဘက်ကိုပဲပြေးမည်ထင်သည်။ ဒီဘက်ကတော့ ကားသိပ်မရှိသောကြောင့် ပြေးလမ်းနည်းနေပေသည်။ သို့သော်လည်း တာဝန်ပေးသည်ဆိုတော့ ပြန်လာလိုက်သည်။

လက်ဖက်ရည်ဆိုင်ရောက်တော့ ဆိုင်တွင်းသို့တစ်ချက်ကြည့်လိုက်ရာ လူအတော်ရှင်းနေသည်ကို တွေ့ရသည်။ ဆိုင်ရှေ့တွင် ဝင်ထိုင်လိုက်သည်။ ပြီးတော့ ဆိုင်အတွင်းပိုင်းကို ကြည့်လိုက်ပြန်ရာ မှောင်ရိပ်ကျသောနေရာတွင် လူတစ်ယောက်ထိုင်နေသည်ကိုတွေ့ရသည်။ သေသေချာချာထပ်ကြည့်ပြန်ရာ သူသိနေသူတစ်ဦးဖြစ်သောကြောင့် ထိုသူထိုင်ရာစားပွဲသို့ပြောင်းထိုင်ရန် ထိုင်နေရာမှ ထလာသည်။ ထိုင်နေသူမှာ မြို့စွန်ကုလားခြံက နို့ညှစ်သူကျော်ဦးဖြစ်သည်။ သူနှင့် စကားစမြည်ပြောဆိုရင်းထိုင်စောင့်နေရန်ထလာခြင်းဖြစ်သည်။

သို့သော် ကျော်ဦးကလည်း သူ့အကြောင်းနှင့်သူမို့ ဆိုင်ထဲသို့ ရဲတစ်ယောက်ဝင်လာသည်နှင့်သတိထားကြည့်နေသည်။ ထိုရဲသည် ပထမတွင် ဆိုင်ပေါက်ဝတွင်ထိုင်မည်ပြုပြီးမှ သူ့ကို မြင်သည်နှင့်ထလာသည်။ ထိုစဉ် ရဲကြီးက လှမ်းခေါ်သည်။ သူ့ကိုသိ၍ခေါ်ခြင်းဖြစ်ရာ ထိုင်နေ၍မဖြစ်တော့ပေ။ သို့နှင့် အသာကလေးထပြီး ဆိုင်ဘေးကိုထွက်ရန်ပြင်သည်။

"ကျော်ဦး၊ ဟေ့ ကျော်ဦး ဘယ်လဲ၊ ထိုင်ပါဦးကွ"

ထိုသို့လှမ်းခေါ်လိုက်လျှင် ကျော်ဦးသည် ဆိုင်နောက်ဘက်သို့ကွေ့ပြီး လှစ်ခနဲပြေးတော့သည်။ ထိုအခါကျမှ ရဲကြီးလည်း စခန်းမှူးပြောသည့် ကျော်ဦးဆိုသည့်အမည်ကိုသတိရပြီး ဒီကျော်ဦးပဲနေမှာဟု စဉ်းစားမိပြီး အနောက်မှအတင်းပြေးလိုက်တော့သည်။ ပါးစပ်မှလည်းအော်ပြီးလိုက်သည်။

"ဖမ်းဟေ့ ဖမ်းလိုက်၊ အဲဒီကောင်ကို ဖမ်း၊ ဖမ်း"

ဆိုင်ထဲကလူများ ရုတ်တရက်မို့ ကြောင်နေကြသဖြင့် ကျော်ဦးသည် လမ်းပေါ်သို့ချက်ချင်းရောက်သွားသည်။ သို့ရာတွင် မျက်နှာချင်းဆိုင်ဘက်မှာ လူတစ်သိုက်လျှောက်လာနေရာ ဖမ်းဆိုသည်နှင့် ဘုမသိဘမသိချက်ချင်းဝိုင်းဖမ်းရာ ခဏအတွင်းမိသွားတော့သည်။ ရဲကြီးလည်း လက်ဖက်ရည်ဆိုင်မှ ကြိုးတစ်ချောင်းယူပြီးတုပ်လိုက်သည်။ သို့နှင့်လူသတ်ပြီး နာရီပိုင်းအကြာမှာပင် တရားခံကိုဖမ်းမိတော့သည်။

❑

ဒေါ်ဘီလားသည် ထိုအိမ်တွင် မနေဝံ့တော့ပေ။ အစပိုင်းတွင် သူတို့ကိုးကွယ်ရာ မင်္ဂလာရာမကျောင်းမှ စာသင်သားဦးပဉ္စင်းများအပေါ်ထပ်တွင် လာနေပေးသေးသည်။ သို့သော်လည်း လူလည်းနေ၊ ဘုန်းကြီးလည်းနေသည်မှာ မသင့်တော်သဖြင့် အိမ်ကို မင်္ဂလာရာမကျောင်းသို့ပင် ရေစက်ချပြီး အပြီးတိုင်လှူလိုက်သည်။ သူတို့ကတော့ အခြားရပ်ကွက်တစ်ခုတွင် ပြောင်းနေသည်။ နွားခြံကိုလည်းရောင်းလိုက်သည်။ စိတ်ကောင်းနှလုံးကောင်းရှိသူများဖြစ်ခြင်းကြောင့် ထောင်ကျသွားသော ကျော်ဦး၏မိန်းမနှင့်ကလေးကို ခြံရောင်းရငွေထဲမှ အချို့အဝက်ပေးလိုက်သေးသည်။ သူတို့သားအမိလည်း ထိုငွေဖြင့် တောပြန်သွားသည်။

ဒေါ်ဘီလားတို့တွင် မိသားစုလေးယောက်ရှိရာမှ တစ်ယောက်ဆုံးပါးသွားသဖြင့် သုံးယောက်သာကျန်တော့သည်။ သားအမိသည် ဘယ်မှာနေနေကြောက်နေကြသည်။ နောက်ဆုံးတွင် စိတ်ပြေလက်ပျောက်ဆိုပြီး စစ်ကိုင်းတောင်ရိုးသို့သွားပြီးနေကြသည်။ ထိုသို့နေရင်း တစ်နေ့တွင် ရှေ့ဖြစ်နောက်ဖြစ်ကိုပြောနိုင်သည်ဆိုသော မယ်သီလရှင်ကြီးတစ်ဦးနှင့်တွေ့သည်။ သူတို့လည်း မေးမြန်းကြသည်။ မယ်သီလရှင်ကြီးက အချိန်အတန်ကြာမျှ အာရုံပြုနေသည်။ ပြီးနောက်ပြောသည်။

"ဒကာမကြီးတို့ဟာ အတိတ်ဘဝတုန်းက လယ်သမားတွေဖြစ်ခဲ့တယ်။ အိမ်မွေးနွားကြီးတစ်ယောက်လည်းရှိတယ်။ ဒီနွားကြီးကလိမ္မာတယ်။ သူ့ကိုပဲလှည်းတပ်မောင်းတယ်။ ထင်းတိုက်၊ ဝါးတိုက်၊ သစ်တိုက်နဲ့ လယ်ထွန်တော့လည်း သူနဲ့ပဲထွန်တယ်။ နှစ်တွေကြာလာတော့ ဒီနွားကြီးက အိုမင်းမစွမ်းဖြစ်လာတော့ နွားသတ်သမားကိုခေါ်ပြီး ရောင်းလိုက်တယ်။ နွားသတ်သမားက နွားကိုဝယ်ပြီးတော့ဆွဲတာပေ့ါ။ နွားကြီးက သူ့ကိုသတ်မယ့်လူတွေမှန်းသိတော့ အတင်းခြေကန်ပြီး ရုန်းရှာတယ်။ ဟိုကလည်းဆွဲပေ့ါ။ နောက်ဆုံးတော့ တရွေ့ရွေ့နဲ့ပါသွားရတာပေ့ါ။ အဲဒီမှာ နွားကြီးက 'ငါဟာ ဒီဘဝမှာ သူတို့မိသားစုအပေါ်မှာကောင်းကောင်းကြီးတာဝန်ကျေခဲ့တယ်၊ လုပ်ကျွေးတယ်၊ ငါ့ကို နောက်ဆုံးမှာ ဒီအခြေအနေကိုပို့တယ်။ နောက်ဘဝကျရင် သူတို့ကို လက်စားချေပါရစေဆိုပြီး ကျိန်တယ်။ ဒကာမကြီးတို့မှာ အဲဒီဝဋ်ကြွေးရှိတယ်"

"တပည့်တော်မတို့လည်း အခုဘဝမှာ ကောင်းမှုတွေအများကြီးပြုပါတယ်။ ဒီဝဋ်ကြွေးကမကျေနိုင်တော့ဘူးလား ဘုရား"

ဟု ဒေါ်ဘီလားက လျှောက်သည်။

"ကျေပါပြီ၊ ကျေပါပြီ။ ဒကာမကြီးတို့ ယခုဘဝမှာပြုတဲ့ ကောင်းမှုကံကတော့ နောင်ဘဝမှာအကျိုးပေးမှာပါ။ ကောင်းမှုများများလုပ်၊ ကုသိုလ်များများလုပ်၊ စိတ်ကောင်းနှလုံးကောင်းထားပေ့ါ။ ဒီဘဝဒီသံသရာမှာလည်နေတုန်းတော့ ပြုခဲ့တဲ့ကုသိုလ်က အကျိုးပေးမှာပါ"

ဒေါ်ဘီလားတို့လည်း သီလရှင်အမေကြီးကို ကန်တော့ဝတ်ပြုပြီး ဝတ္ထုငွေများကပ်ကာပြန်ခဲ့သည်။ အသုံးကံကြွေး နှောင့်နှေးဗျာပါမရှိရာ ဆိုသည့်အတိုင်း နှောင်းဘဝကံကြွေးကို ယခုဘဝဆပ်ခဲ့ပြီးပြီ။ ပြုခဲ့သည့်ဘဝကံကြွေးများ ပြေပါစေတော့ဟု ဆုတောင်းရင်း မျက်ရည်လည်ရွဲဖြင့် တရားရှုမှတ်နေပါတော့သည်။

မဟာဆွေ



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးဆက်ထွန်းလင်း

(အတွေ့အကြုံ)

၅၀

## ဝိဇ္ဇာဓရမြန်မာ့အင်္ဂါရိတ်ပညာ

**၁ ဝိဇ္ဇာဓရပညာ၏အခြေခံသဘောတရားနှစ်ရပ်**

လောကရှိ ခိုင်မာသော မည်သည့် ပညာရပ်တွင်မဆို အခြေခံသဘောတရား (ဝါ) အခိုင်အမာပြုရသော သဘောတရားရှိရမြဲ ဖြစ်၏။ အခြေခံသဘောတရားမရှိသော ပညာရပ်အား ခိုင်မာသည်ဟုဆိုရန် မည်သို့မျှဖြစ်နိုင်မည် မဟုတ်ပေ။ မျက်မှန်းရမ်းဆအဆင့်မျိုးသာဖြစ်ပါလိမ့်မည်။

မြန်မာ့ဝိဇ္ဇာဓရပညာရပ်များတွင် -

၁။ အင်္ဂါရိတ်ပညာ
၂။ အင်းပညာ
၃။ မန္တန်ပညာ
၄။ ဆေးပညာ
၅။ ဗေဒင်ပညာ

ဟူ၍ သဘောတရားတူရာများကို စုပေါင်းလိုက်လျှင် အမျိုးအစား (၅) မျိုး တွေ့ရမည် ဖြစ်၏။

ထိုပညာရပ်များသည် ဤကဲ့သို့ အမျိုးအစားများ ကွဲပြားခြားနားကြသော်လည်း အဆိုပါပညာရပ်တို့၏ ပဓာနတည်ရာအားပြုရာသည် အခြေခံသဘောတရားနှစ်ရပ်အပေါ်တွင်သာ မူတည်ပါသည်။ ထိုအခြေခံသဘောတရားနှစ်ရပ်သည် အရေးကြီး၏။ ထိုသဘောတရားတို့ကို နိုင်နင်းစွာ စီရင်အသုံးပြုနိုင်သည့်ပုဂ္ဂိုလ်သည်သာ ပေါက်မြောက် အောင်မြင်နိုင်မည် ဖြစ်၏။

ထိုသဘောတရားနှစ်ရပ်မှာ -

၁။ သီလ၊ သမာဓိ၊ ပညာဆိုင်ရာ သဘောတရားနှင့်
၂။ မဟာဘူတ ဓာတ်ကြီး (၄) ပါး သဘောတရားတို့ ဖြစ်၏။

ဥပမာ အင်္ဂါရိတ်ပညာနှင့် ပတ်သက်သည့် ကြံဆအားထုတ်လုပ်ကိုင်မှုတွင် အဆိုပါပုဂ္ဂိုလ်သည် အင်္ဂါရိတ်ပညာ၊ ဓာတ်ပညာ၊ ဓာတ်ခွဲ၊ ဓာတ်ပေါင်းပညာ၊ မီးပညာ စသည်တို့နှင့်အတူ မဟာဘူတဓာတ်ကြီးလေးပါးတို့ ကောင်းစွာကြံဆနိုင်ခြင်းတို့နှင့်အတူ ရှောင်ကြဉ်ခြင်း၊ စောင့်ထိန်းလိုက်နာခြင်း စသည့် သီလသဘောတရား၊ ကျင့်ကြံအားထုတ်ခြင်းသမာဓိသဘောတရားများကိုပေါင်းစပ်ကျင့်သုံးနိုင်မှသာ ပဋိဘာန်ဉာဏ်အသိမျိုးဖြင့် ပေါက်မြောက်နိုင်မည်ဟုဆိုလိုရင်းဖြစ်ပါသည်။ ပဋိဘာန်ဉာဏ်ဟူသည်မှာ သမာဓိဆိုင်ရာကျင့်ကြံအားထုတ်မှုကြောင့် ရရှိလာသော ပဋိဘာဂနိမိတ်နှင့် မိမိ၏ ကိုယ်ပိုင်အသိဉာဏ်တို့ ပေါင်းစပ်ပြီး ဖြစ်ပေါ်လာသောဉာဏ် ဖြစ်၏။

သို့ဖြစ်ပါသောကြောင့် ထိုသဘော





www.burmeseclassic.com

www.burmeseclassic.com

တရားတို့ကိုသုံးသပ်ပါက ပထမသဘော တရားဖြစ်သည့် သိက္ခာ(၃)ပါးခေါ် သီလ၊ သမာဓိ၊ ပညာ သဘောတရားသည် အရေးကြီး၏။ နောက်ဆုံး ပေါက်မြောက်မှုဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်ကို ဤသဘောတရားဖြင့် အဆုံးအဖြတ်ပြုရ၏။ အချို့က ဤသဘောတရားကို အရေးပါသည်ဟုမထင်ကြပေ။ မိမိခာတ်လုံးနှင့်ပတ်သက်သည့် အင်္ဂရတ်ပညာရပ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းကိုသာ အဓိကထားကြ၏။ အင်္ဂရတ်လုပ်နည်းစနစ် ခာတ်ပစ္စည်းတို့မှန်လျှင် ဖြစ်ကိုဖြစ်ရမည်ဟု ဆိုကြမည် ဖြစ်၏။ မှန်တော့မှန်ပါသည်။ သို့သော် မိမိ၏ခာတ်လုံး အဆင့်မြင့်လာသည်နှင့် ထိုခာတ်လုံး၏ ပိုင်ရှင်ဖြစ်သူကလည်း အဆင့်မြင့်ကာ လိုက်ပါရမည် ဖြစ်၏။ ထိုသို့မဟုတ်ဘဲ ခာတ်လုံးက အဆင့်မြင့်ပြီး ပိုင်ရှင်က အဆင့်လိုက်မမြင့်နိုင်လျှင် ပြဿနာပေါင်းများစွာပေါ်လာတော့မည် ဖြစ်၏။ နောက်ဆုံးတွင် အဆင့်မြင့်သည်ထက် မြင့်လာသော ခာတ်လုံးသည် ထိုပိုင်ရှင်ထံ၌ မနေတော့ဘဲ ထွက်သွားတော့၏။

ထိုသို့ ထွက်သွားပုံသွားနည်းကလည်း အမျိုးမျိုးဖြစ်၏။ အချို့က သိမ်းဆည်းထားသောနေရာမှ ရုတ်တရက် ပျောက်သွားခြင်း ဖြစ်ကြ၏။ အချို့သော ခာတ်လုံးများကိုကား သက်ဆိုင်ရာပုဂ္ဂိုလ်တစ်ပါးပါးကသော် လည်းကောင်း၊ တန်ခိုးကမ္မဇိဒ္ဓိရှိသူ တစ်ဦးဦးကသော်လည်းကောင်း လာသိမ်းသွားခြင်း၊ အပိုင်စီးသွားခြင်းမျိုး ကြုံရတတ်၏။ အချို့ဆိုလျှင် မိမိခာတ်လုံးအား ခာတ်ထိုးနေစဉ် ခာတ်လုံးသည် တဖြည်းဖြည်း အပေါ်တက်လာ၏။ ပထမတွင် လုံ့ပေါ် တက်လာ၏။ နောက်တွင် ဖိုပေါ်တက်လာပြီး အမိုး၊ အကာတို့ကိုပါ ဖောက်သွားကာ ပျောက်သွားသည့်အဖြစ်မျိုးနှင့် ရင်ဆိုင်ကြရ၏။ ထိုအခါ အဆိုပါ ခာတ်လုံးပိုင်ရှင်သည် လုံးဝလက်လွတ်ဆုံးရှုံးမှုကြောင့် ယူကျုံးမရဖြစ်ကြရ၏။ အချို့သူတို့သည် ဆောက်တည်ရာမရတော့ဘဲ ပုံမှန်စိတ်ပါဖောက်ပြန်သွားရသည့်အဖြစ်မျိုးကြုံသွားရသည်ပင်ရှိ၏။ ဤသို့ဖြစ်မည်ဆိုလျှင်လည်းဖြစ်လောက်စရာပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုခာတ်လုံးပိုင်ရှင်သည် သူ့ခာတ်လုံးကို ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းများစွာ ပျိုးထောင်ခဲ့၏။ ငွေကြေးမြောက်များစွာ အကုန်အကျခံခဲ့ရ၏။ အပင်ပန်းအဆင်းရဲဒုက္ခပေါင်းများစွာခံခဲ့ရ၏။ ဝါယမစိုက်ထုတ်မှုကြီးစွာပြုခဲ့ရ၏။ ထို့ပြင်မက အချိန်များစွာလည်း အကုန်ခံခဲ့ရပါသည်။ ထိုခာတ်လုံးတစ်လုံးအတွက် သူသည် အရင်းအနှီးကြီးစွာမြှုပ်နှံထားခဲ့ရသည့်သဘောဆောင်ပါသည်။ တဖြည်းဖြည်းနှင့် အင်္ဂရတ်ပညာရှင်အဖို့ ထိုခာတ်လုံးသည်သာ သူ့ဘဝ၏ မျှော်လင့်ချက်ဖြစ်လာ၏။ ဘဝအလင်းရောင်ဖြစ်လာ၏။ မှီခိုရာ၊ အားထားရာ၊ လဲလျောင်းရာဖြစ်လာ၏။ တစ်စတစ်စဖြင့်ပင် ထိုခာတ်လုံးသည် သူ့ဘဝနေနည်းနှင့်တစ်ထပ်တည်း ကျလာကာ ထိုခာတ်လုံးသည်ပင် သူ့ဘဝဖြစ်လာတော့၏။

ထို့ကြောင့် အဆိုပါ ခာတ်လုံးပျောက်သွားခြင်းသည် ခာတ်ပိုင်ရှင်အဖို့ကား သူ၏ဘဝတစ်ခုလုံးပျောက်သွားသကဲ့သို့ပင် ခံစားရခြင်းဖြစ်ပါလိမ့်မည်။ သို့ဖြစ်ပါသောကြောင့်လည်း စိတ်ပိုင်းဆိုင်ရာအခြေအနေများအထိပါ ထိခိုက်ယိမ်းယိုင်သွားရခြင်း ဖြစ်ပါသည်။ ဤသို့ဖြစ်ပေါ်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ အထက်တွင် ဖော်ပြသကဲ့သို့ ခာတ်လုံး၏ တန်ခိုးသိဒ္ဓိအဆင့်မြင့်လာသော်လည်း ခာတ်လုံးပိုင်ရှင်သည် ခာတ်လုံးနှင့် အနည်းဆုံး အဆင့်တူပင် တစ်ပြေးညီမလိုက်နိုင်သောကြောင့်ပင် ဖြစ်၏။ အဆိုပါ ခာတ်လုံးနှင့်အတူ ခာတ်လုံးပိုင်ရှင်သည် အဆင့်မြင့်လိုက်ပါရမည့်အကြောင်းကား အခြားမဟုတ်ပေ။ သီလ၊ သမာဓိ၊ ပညာတို့ကို ဖြည့်ကျင့်ဆည်းပူးအားထုတ်ရခြင်းပင် ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် သိက္ခာ (၃) ပါးနှင့် ပတ်သက်ပြီး အနည်းငယ် ဖော်ပြလိုပါသည်။

**□ စောင့်ထိန်းခြင်းနှင့်အတူ နေထိုင်ကျင့်ကြံခြင်း**

စောင့်ထိန်းခြင်းတွင် အပိုင်းနှစ်ပိုင်းရှိ၏။ ကောင်းသောအကျင့်ကိုထားရှိခြင်းနှင့် ကောင်းသောအကျင့်ကိုလုပ်ဆောင်ခြင်းပင်ဖြစ်၏။ ကာယကံ၊ ဝစီကံ၊ မနောကံ စသည့် ကံ (၃) ပါးအနက် ကာယကံနှင့် ဝစီကံတို့သည် အထိန်းအကွပ်မရှိပါက ဖရိုဖရဲဖြစ်တတ်၏။ အကယ်၍ ကာယကံနှင့် ဝစီကံတို့သည် လောဘ၊ ဒေါသ၊ မောဟတို့နှင့်ယှဉ်လာသည့်အခါ အထိန်းသာမရှိပါက ကာယကံ၊ ဝစီကံသောင်းကျန်းမှုများ ဖြစ်လာပြီး တုတ်ဆွဲဓားဆွဲဖြစ်လာခြင်း၊ အော်ဟစ်ဆဲဆိုခြင်းများ ဖြစ်လာနိုင်၏။

ဝိဇ္ဇာဓရလုပ်ငန်းစဉ်သည် ကုသိုလ်လုပ်ငန်းဖြစ်၏။ ကုသိုလ်လုပ်ငန်းမှန်သမျှ သီလနှင့်ကင်း၍မရပေ။ သီလ၏ မူရင်းတရားကိုယ်သည် 'သီသ' ဟူသော ဝေါဟာရမှ ဆင်းသက်လာခြင်း ဖြစ်၏။ အဆိုပါ သီသ၏ အနက်အဓိပ္ပာယ်မှာ ဦးခေါင်းဟူ၍ အဓိပ္ပာယ်ရ၏။ သက်ရှိတို့၏ ဘဝအဓိပ္ပာယ်၌ ဦးခေါင်းပြတ်သွားလျှင် ကျန်ခန္ဓာကိုယ်တစ်ခုလုံး ပျက်စီးခြင်းဖြစ်ရသကဲ့သို့ သီလပျက်စီးသည်နှင့် မိမိလုပ်ကိုင်သော ကုသိုလ်တရားအလုံးစုံတို့ ပျက်စီးသွားရသည့် သဘောလည်း ဆောင်ပါတော့သည်။ တစ်ဖန် သီလသည် ငြိမ်းအေးခြင်းဟူသော အဓိပ္ပာယ်ရှိသည့် 'သီတလ' မှ အလယ်ရှိ တဝမ်းပူအက္ခရာပြုတ်ပြီး သီလဖြစ်လာခြင်းဟု ဆိုကြပါသည်။ ထိုအဓိပ္ပာယ်အရလည်း သီလကြောင့် ကိလေသာအပူမီးတို့ကိုငြိမ်းအေးစေခြင်းဟု သဘောဆောင်ပါသည်။ ဝိဇ္ဇာဓရလုပ်ငန်းစဉ်တစ်ခုလုံး၏ အဓိကအဖျက်အဆီး အနှောင့်အယှက် အဟန့်အတားမှာ ကိလေသာပင် ဖြစ်၏။ ထို့ကြောင့် သီလတည်းဟူသောကြိုးဖြင့် ကိလေသာကို တုပ်နှောင်ထားနိုင်မှသာ လိုရာပြီးမြောက် ခရီးရောက်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် သီလသည် အရေးကြီး၏။

သီလ၏ တရားကိုယ်သဘောတရားကို သရုပ်ခွဲပါက ငါးမျိုးခြား၏။ ၎င်းတို့မှာ စေတနာသီလ၊ ဝိရတိသီလ၊ အနဘိဇ္ဈာအဗျာပါဒ သမ္မာဒိဋ္ဌိသီလ၊ သံဝရသီလ၊ အဝီတိက္ကမသီလတို့ ဖြစ်၏။ ၎င်းတို့ကို အဓိပ္ပာယ်အကျဉ်းဖွင့်ဆိုရပါက ကာယဒုစရိုက် (၃) ပါး၊ ဝစီဒုစရိုက် (၄) ပါးတို့မှ ရှောင်ကြဉ်သော စေတနာသည် စေတနာသီလဖြစ်၏။ ထိုရှောင်ကြဉ်ခြင်း(၇)ပါးသည် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့နှင့်ယှဉ်လျှင် ဝိရတိသီလဖြစ်၏။ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ ဟူသော မနောဒုစရိုက်(၃)ပါးကို ရှောင်ကြဉ်သောသီလသည် အနဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာဒိဋ္ဌိသီလ ဖြစ်၏။

သံဝရသီလတွင် ပါတိမောက္ခသံဝရသီလ၊ သတိသံဝရသီလ၊ ဉာဏသံဝရသီလ၊ ခန္တီသံဝရသီလ၊ ဝီရိယသံဝရသီလ ဟူ၍ ငါးပါးရှိသေး၏။ ထိုသံဝရသီလသည် ရဟန်းတော်များ သီလစောင့်ထိန်းမှုနှင့် အထူးသက်ဆိုင်သောသီလများ ဖြစ်၏။

မိမိတို့ ဆောက်တည်ထားသော သိက္ခာပုဒ်တို့ကို ကိုယ်၊နှုတ်တို့ဖြင့် မလွန်



www.burmeseclassic.com

www.burmeseclassic.com

တရားခြင်းသည် အဝီတိက္ကမသီလ ဖြစ်၏။ ဤကား သီလအပေါင်းတို့၏ တရားကိုယ်သဘောတရားပင် ဖြစ်၏။

ထို့အပြင် သီလ၏ သဘောကို အောက်ပါ တရားကိုယ်သဘော(၂)မျိုးဖြင့်လည်း ပိုင်းခြားသိရှိနိုင်၏။ ၎င်းတို့မှာ နေ့စဉ်ပြုလုပ်ဖြည့်ကျင့်ဆောင်ရွက်ရမည့် စာရိတ္တသီလနှင့် မလွဲမသွေ ရှောင်ကြဉ်ရမည့် ဝါရိတ္တသီလတို့ ဖြစ်၏။ စာရိတ္တသီလတွင်ပါဝင်သော ကျင့်ဝတ်များကို အကြောင်းမညီညွတ်၍ မပြုလုပ်ဘဲရှိသော်လည်း အကုသိုလ်အပြစ်မရှိပေ။ ဝါရိတ္တသီလကား အရေးကြီး၏။ မလုပ်ရ မပြုရဟု တားမြစ်ထားသောသီလဖြစ်၍ မဖြစ်မနေ ရှောင်ကြဉ်ရမည် ဖြစ်၏။

ထိုဝါရိတ္တသီလတွင် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ၊ အာဇီဝဋ္ဌမကသီလတို့ ပါဝင်၏။ ထိုတွင် ဝိဇ္ဇာစရဏလမ်းစဉ်သို့ ရှေးရှုသည့် ပုဂ္ဂိုလ်သည် ထိုသီလတို့၏ သဘောတို့ခြုံ၍ ယေဘုယျသဘောလိုက်နာကျင့်ဆောင်ကြရ၏။ ထိုအထဲမှ အရေးပါသည့် ဝါရိတ္တသီလအချို့ကိုရွေးထုတ်၍ ရာသက်ပန်ရှောင်ကြဉ်ခြင်းအမှုကိုပြုကြရ၏။ ထိုသို့ ရာသက်ပန်ရှောင်ကြဉ်ဆောက်တည်သည့် သီလတို့ကိုကား မည်သည့်အခါတွင်မျှ ဖောက်ဖျက်ခြင်း၊ ကျူးလွန်ခြင်း၊ ပြောင်းလဲခြင်း၊ တစ်ဖန် ပြင်ဆင်ခြင်းပြု၍မရတော့ပေ။ ဖောက်ဖျက်သည်နှင့်တစ်ပြိုင်နက် မိမိ၏ကြိုးစားခဲ့သမျှသောဝိဇ္ဇာစရဏ ခရီးလမ်းကြောင်း၏ ရှေ့အလားအလာအားလုံးတို့သည် ဆုံးခန်းတိုင်သွားတော့၏။ ရောက်သည့်နေရာတွင်ပင် ရပ်ဆိုင်းသွားတော့၏။ မည်သည့်အခါတွင်မျှ ပြန်လည်ပြုပြင်၍ မရတော့သော ဒုစရိုက်အမှားကို ကျူးလွန်လိုက်ဘိသကဲ့သို့ဖြစ်၏။ ရဟန်းတော်တို့ ပါရာဇိကသိက္ခာပုဒ် (၄) ပါး ကျူးလွန်ဖောက်ဖျက်ဘိသကဲ့သို့ပင် ဖြစ်၏။ ထိုကို 'ထန်းလည်ဆစ်ကျိုး' ဘိသကဲ့သို့ အခြေအနေမျိုးဟု ခိုင်းနှိုင်းဖော်ပြကြ၏။

ထိုရှောင်ကြဉ်လေ့ရှိကြသည့် အခြေခံကံ (၃) ပါးမှာ -

၁။ နွားသားစားခြင်း၊ နွားအားသတ်ဖြတ်ခြင်းကို ရှောင်ကြဉ်သည့် ကံတစ်ပါး။

၂။ အရက်နှင့် မူးယစ်သေစာတို့ကို သောက်စားရှူမှုကို ရှောင်ကြဉ်သည့် ကံတစ်ပါး စသည်တို့ ဖြစ်၏။

၎င်းတို့ကို အယုတ်ဆုံးအားဖြင့် ရှောင်ကြဉ်ရမည် ဖြစ်၏။ အဆင့်မြင့်လာသည်နှင့် အခြားသောကံ (ဂါ) သီလများကို ထပ်မံတိုးဆင့်၍ဆောက်တည်ရမည် ဖြစ်၏။ ဤကံများကို စောင့်ထိန်းခြင်း၊ ရှောင်ကြဉ်ခြင်းသည် ပုံမှန်သီလ ဆောက်တည်ကျင့်သုံးခြင်းမျိုးနှင့် မတူပေ။ နေ့စဉ်ခံယူဆောက်တည်ရသော သီလမျိုး၊ ဥပုသ်နေ့တွင်မှ ခံယူဆောက်တည်ရသည့်သီလမျိုး၊ ကံထိန်းမှုမျိုးကား မဟုတ်ပေ။

ရာသက်ပန်ရှောင်ကြဉ်ထိန်းသိမ်းရသည့် သီလမျိုး ဖြစ်၏။ တစ်ကြိမ်ဆောက်တည်ပြီးပြီဆိုလျှင် တစ်သက်စာဖြစ်၏။မကြာခဏပြန်လည်ဆောက်တည်ရသည့်သီလမျိုးမဟုတ်ပေ။ ထို့ကြောင့် မည်သည့်နည်းနှင့်မျှ ကျိုးပေါက်၍မရပေ။ ထို့ကြောင့် ၎င်းသည် ရာသက်ပန်ပြုရသည့် ကတိသစ္စာဖြစ်၏။ ထို့ကြောင့် ၎င်းသည် သီလလည်းထိုက်သလို ကတိလည်းထိုက်၏။ သစ္စာလည်းထိုက်၏။ သီလကို ကတိဖြင့်လည်းကောင်း၊ သစ္စာဖြင့်လည်းကောင်း ပိုမိုခိုင်မြဲအောင် ဝန်းရံထိန်းသိမ်းသည့်သဘော ဖြစ်၏။ သာမန်သီလမျိုးမဟုတ်တော့ပေ။ သစ္စာထိုက်သည့် သီလဖြစ်သဖြင့် လုံခြုံနေသမျှ ကြီးကျယ်သော ကာကွယ်စောင့်ရှောက်မှုရှိနေမည်သာဖြစ်၏။ ဤသည် အခြေခံဖြစ်၏။

**၁ငြိမ်သက်တည်ကြည်မှုနှင့်အတူကျင့်သုံးနေထိုင်ခြင်း**

သမာဓိ၏ ပုံမှန်သဘောကို ဖွင့်ဆိုပါက ငြိမ်သက် တည်ကြည်မှု ဖြစ်၏။ ထိုတွင် စူးစိုက်မှု၊ တစ်ကြောင်းတည်း ဧကဂ္ဂတာဖြစ်မှု၊ ကောင်းသည့်တစ်ခုတည်းသောအာရုံတွင်ဝင်စားမှု စသည်တို့သည်လည်း အကျုံးဝင်၏။ အဆိုပါ ငြိမ်သက် တည်ကြည်မှုဆိုင်ရာလုပ်ငန်းသည် စတင်လုပ်ဆောင်စဉ်တွင် အားထည့်ရ၏။ ဝါယမစိုက်ရ၏။ ဤသို့ဖြင့် တဖြည်းဖြည်း ငြိမ်သက် တည်ကြည်မှုရလာကာ စူးစိုက်မှု၊ အာရုံဝင်စားမှုအားကောင်းလာသည်နှင့်အမျှ မငြိမ်မသက် လှုပ်လက်ချောက်ချားမှုမျိုးမရှိတော့ဘဲ မလှုပ်မယှက် ငြိမ်သက်စွာခံစားနိုင်လာတော့၏။

ထိုခံစားမှု၏ သဘောသဘာဝကို သရုပ်ခွဲကြည့်ပါက ချမ်းသာသောခံစားမှုဖြစ်ကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။ ထိုချမ်းသာသည် တစ်စထက်တစ်စ ချမ်းသာလွန်းမက ချမ်းသာသည့် ကြီးကျယ်သောချမ်းသာမှုကိုပေးစွမ်း၏။ ထိုချမ်းသာမှုကို ဈာန်ဟုခေါ်၏။ သို့ဖြစ်ပါသောကြောင့် ချမ်းသာကိုဖြစ်စေ၏။ ထိုချမ်းသာမှုသည်ပင် သာမန်ချမ်းသာမှုမှ ဈာန်ချမ်းသာမှုကိုဖြစ်စေနိုင်၏။

အဆိုပါ ဈာန်ချမ်းသာအဆင့် ရောက်လာသော သမာဓိအဆင့်အတော်ပင် အကျိုးကြီးကြောင်း တွေ့ရပါမည်။ မိမိဖြစ်လိုသည့်ဆန္ဒများကို လွန်စွာခက်ခက်ခဲခဲ အားမထုတ်ရဘဲ ကြီးမားသောအကျိုးများကို ဖြစ်ပေါ်စေနိုင်မည် ဖြစ်၏။ ဝိဇ္ဇာခရထွက်ရပ်ပညာသည်လည်း ချမ်းသာကိုရှာဖွေသောပညာရပ် ဖြစ်၏။

အချို့သော ပုဂ္ဂိုလ်များက အဂ္ဂိရတ်ပညာကို ရွှေ ငွေလုပ်သောအတတ်ပညာဟူ၍ သာမန်သဘောမျှသာတွေးထင်ကြ၏။ အဂ္ဂိရတ်ပညာ၏ လိုရင်းပန်းတိုင်ကား 'ဝိဇ္ဇာခရထွက်ရပ်ချမ်းသာ' ပင် ဖြစ်၏။ သို့ဖြစ်ပါသောကြောင့် ချမ်းသာကို အလိုရှိသော ပုဂ္ဂိုလ်သည် ချမ်းသာမှုကိုသာ အရင်းခံရမည် ဖြစ်၏။ ဝိဇ္ဇာခရထွက်ရပ်လမ်းစဉ် ဟူသည် ကုသိုလ်လမ်းစဉ်ဖြစ်၏။ ကုသိုလ်လမ်းစဉ်ကသာ ချမ်းသာမှုကိုပေးစွမ်းနိုင်မည် ဖြစ်၏။ အပြန်အားဖြင့် အကုသိုလ်လမ်းစဉ်သည် ဆင်းရဲဒုက္ခလမ်းစဉ် ဖြစ်၏။ အကုသိုလ်လမ်းစဉ်ဖြင့် မည်သည့်အခါတွင်မျှ ချမ်းသာစစ်ကို မရနိုင်ပေ။ ရံခါကား အကုသိုလ်လမ်းစဉ်ဖြင့် ချမ်းသာဟုထင်ရသောကိစ္စများကို တွေ့ရတတ်၏။ သို့သော် ထိုချမ်းသာကား တာရှည်မခံ အတုအယောင်ချမ်းသာမျှသာ ဖြစ်၏။

ထိုကိစ္စနှင့်ပတ်သက်၍ ဗုဒ္ဓမြတ်စွာဘုရားရှင်က -

"ချမ်းသာသုခရရှိဖို့ရန် ချမ်းသာသုခကိုပင် အရင်းတည်ရပေမည်။ ဤကဲ့သို့ ချမ်းသာသုခကို အရင်းတည်မှသာလျှင် တစ်ဆင့်ထက်တစ်ဆင့်မြင့်သော ချမ်းသာသုခကို ရရှိခံစားနိုင်မည်"

ဟု မိန့်တော်မူခဲ့ပါသည်။

ပထမဈာန်ချမ်းသာရရှိရန် ဥပစာရသမာဓိနှင့် ယှဉ်တွဲနေသော ချမ်းသာသုခကို အရင်းတည်ရမည်။ တစ်ဖန် ပထမဈာန်ချမ်းသာကို အရင်းခံ၍ ဒုတိယဈာန်ချမ်းသာကို ရယူနိုင်၏။ ဒုတိယဈာန်ချမ်းသာကို အရင်းတည်၍ တတိယဈာန်ချမ်းသာ၊ ၎င်းကို အရင်းတည်၍ စတုတ္ထဈာန်ချမ်းသာကို ရရှိခံစားနိုင်၏။ ဤသို့အဆင့်ဆင့်မြင့်တက်



www.burmeseclassic.com

www.burmeseclassic.com

နိုင်၏။

ထိုချမ်းသာတို့သည် ကာမဂုဏ်ချမ်းသာကဲ့သို့ အချိန်တိုအတွင်း ဖောက်ပြန် ပျက်စီး ပျောက်ကွယ်ခြင်း မရှိပေ။ အချိန်ကာလ အတန်ကြာသော်လည်းကောင်း၊ မကြာခဏသော် လည်းကောင်း ခံစားနိုင်၏။ အဆိုပါ ဈာန်ချမ်းသာမှာမူ ဆံပင်ဖျားမှသည် ခြေဖျားတိုင်အောင် နေရာအနှံ့ စိမ့်ဝင်ပျံ့နှံ့ထိတွေ့ခံစားရ၏။ တစ်ကိုယ်လုံး ဈာန်ချမ်းသာ (ဝါ) ဈာန်ရသ မထိမတွေ့ မနှံ့သော အစိတ်အပိုင်းဟူ၍ မရှိပေ။

အဆိုပါ ဈာန်သမာဓိရရှိရန်အားထုတ်နိုင်သော သမထကမ္မဋ္ဌာန်း (၄၀) ရှိ၏။ ၎င်းတို့မှာ ကသိုဏ်း (၁၀) ပါး၊ အသုဘ (၁၀) ပါး၊ အနုဿတိ (၁၀) ပါး၊ အပ္ပမညာ (၄) ပါး၊ အာဟာရေပဋိကူလသညာ (၁) ပါး၊ စတုဓာတုဝဝတ္ထာန် (၁) ပါး၊ အာရုပ္ပ (၄) ပါး ဟူ၍ စုစုပေါင်း (၄၀) ရှိ၏။ ထိုအထဲမှ သမထယာနိကသမာဓိလမ်းတွင် ကသိုဏ်း (၁၀) ပါးနှင့် အနုဿတိ (၁၀) ပါးတို့ကို အများဆုံး အသုံးပြုကြ၏။ ထိုအထဲတွင်လည်း အနုဿတိထဲမှ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အများဆုံး အသုံးပြုကြ၏။ ဗုဒ္ဓါနုဿတိတွင်လည်း အရဟံဂုဏ်တော်ကို အများဆုံး ကျင့်ကြံအားထုတ်ကြ၏။ သမာဓိရရှိရန် အားထုတ်ခြင်းအမှုပြုခြင်းကို ဘာဝနာဟုခေါ်၏။ ဘာဝနာ၏ အနက်အဓိပ္ပာယ်မှာ ပွားများခြင်း၊ တိုးပွားခြင်းဟူသည့် သဘောကိုဆောင်၏။ အဆိုပါဘာဝနာသည် (၃) မျိုးရှိ၏။

၎င်းတို့မှာ -

၁။ အခြေတည်စအစပိုင်း၌ ပွားများရသော ပရိကမ္မဘာဝနာ၊

၂။ တဖြည်းဖြည်း အရှိန်ရလာပြီး ဈာန်နှင့်နီးကပ်သော ပွားများမှု ဖြစ်သည့် ဥပစာရဘာဝနာ၊

၃။ ဈာန်ရပြီးနောက် ဈာန်စိတ်ကို ပွားများရသည့် အပ္ပနာဘာဝနာ တို့ ဖြစ်၏။

ထိုဘာဝနာ (၃) မျိုးကြောင့် ပရိကမ္မသမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိဟူ၍ သမာဓိ (၃) မျိုး ဖြစ်ရ၏။ အဆိုပါ ဘာဝနာတို့၏ အဆင့်အတန်းကို အာရုံထင်မြင်လာသည့်နိမိတ်ဖြင့် ဆုံးဖြတ်ရ၏။ ထိုနိမိတ်တို့ကလည်း (၃) မျိုး (ဝါ) (၃) ဆင့်ရှိ၏။ ၎င်းတို့မှာ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်တို့ ဖြစ်၏။

ဤတွင် 'နိမိတ်'ဆိုသည်မှာ အာရုံကိုခေါ်ခြင်း ဖြစ်၏။ သမထအားထုတ်ရာ၌ သမာဓိအနု၊ အရင့်ကိုလိုက်၍ အာရုံနိမိတ်ကို ပရိကမ္မနိမိတ်ဟုခေါ်၏။ ပရိကမ္မ၏အဓိပ္ပာယ်မှာ ကြိုတင်ပြင်ဆင်ခြင်း၊ အထောက်အကူ၊ အသိုင်းအဝိုင်းဟူ၍ ဖြစ်၏။ ထိုပရိကမ္မမှ ပရိကံပြုနေခိုက် မျက်ဝါးထင်ထင်တွေ့မြင်နေရသော မြေကသိုဏ်းဝန်းအာရုံနိမိတ်မှစိတ်သည် အခြားတစ်ပါးသောနေရာသို့ ပြေးထွက်မသွားတော့ဘဲ ထိုအာရုံ၌ပင် စွဲကပ်တည်ငြိမ်နေလျှင် ထိုမျက်မြင်ကသိုဏ်းဝန်းအာရုံကို ပရိကမ္မနိမိတ်ဟု ခေါ်၏။ ထိုမှတစ်ဆင့် သမထအားထုတ်သည့် ပုဂ္ဂိုလ်သည် မိမိရှေ့ရှိ မျက်မြင်ကသိုဏ်းဝန်းကိုအာရုံပြုပြီး မျက်စိမှိတ်ထားသော်လည်း ကသိုဏ်းဝန်းအာရုံမပျောက်တော့ဘဲ အာရုံထဲ၌စွဲထင်နေလျှင် ဥဂ္ဂဟနိမိတ်အဆင့်သို့ရောက်ရှိသွားပြီ ဖြစ်၏။ ဥဂ္ဂဟ၏ အဓိပ္ပာယ်မှာ အနီးကပ်စွဲ၍ တည်ခြင်းဟူ၍အဓိပ္ပာယ်ရှိ၏။ ထိုကဲ့သို့ ဥဂ္ဂဟနိမိတ်အဆင့်၌ ကြာရှည်စွာရှုနိုင်လာသောအခါ မူလကသိုဏ်းဝန်းနိမိတ်အာရုံတွင်ဖြစ်ပေါ်နေသော အကြမ်းစားအနာအဆာများ၊ စင်းကြောင်းများပြုတ်ထနေမှုများသည် တဖြည်းဖြည်းကင်းစင်လာပြီး မှန်သားကဲ့သို့ကြည်လင်တောက်ပြောင်လာကာ အရောင်အလင်းများထွက်လာတော့၏။ ထိုအာရုံနိမိတ်ကို ပဋိဘာဂနိမိတ်အဆင့်ဟု သတ်မှတ်နိုင်ပြီ ဖြစ်ပါသည်။

ပဋိဘာဂ၏ အဓိပ္ပာယ်မှာ မူရင်းအာရုံနိမိတ်မဟုတ် မူရင်းနှင့်ဆင်တူသည့် အာရုံအသစ် ပုံတူ၊ ဆင်တူပင်ဖြစ်၏။ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်တို့ဖြစ်ပေါ်ခိုက်၊ ပွားများသော ဘာဝနာသည် ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်တို့ ဖြစ်ပေါ်ခိုက် ပွားများသော ဘာဝနာသည် ပရိကမ္မဘာဝနာဖြစ်၏။ ဈာန်နှင့်နီးကပ်လာပြီး အရှိန်ရလာသော ဘာဝနာသည် ဥပစာရဘာဝနာဖြစ်၏။ ဈာန်ဖြစ်ပြီးနောက် ထိုဈာန်စိတ်ကို ပွားများသော ဘာဝနာသည် အပ္ပနာဘာဝနာ ဖြစ်၏။

အထက်တွင် ဖော်ပြခဲ့သော ပဋိဘာဂနိမိတ်သည် ဈာန်မရသေးသော်လည်း ဈာန်နှင့်နီးကပ်လာသည့် ဥပစာရဘာဝနာ၌ အကျုံးဝင်၏။ သို့အတွက် ဝိဇ္ဇာခရလမ်းစဉ်သို့ လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ်သည် အနည်းဆုံးအားဖြင့် ပဋိဘာဂနိမိတ်အာရုံကို အရယူပြီးမှ ပညာရပ်ပိုင်းဆိုင်ရာလုပ်ငန်းကို လုပ်ဆောင်သင့်၏။ ဆက်လက်ကြံစည်သင့်၏။ ဤအဆင့်သည် သမာဓိအဆင့်မှ ပညာအဆင့်သို့ကူးပြောင်းရမည့်အဆင့်ဖြစ်၏။ ဤသို့ သမာဓိအဆင့်အရ ပဋိဘာဂနိမိတ်ရရှိပြီ ဟူသော အဆင့်သည် အခြေခံစောင့်ထိန်းခြင်းဟူသည့် ဝါရိတ္တသီလများ၊ ကတိများ၊ သစ္စာများကို လုံခြုံခဲ့သောကြောင့်သာ ရရှိခြင်း ဖြစ်ပါသည်။

**▫ ထွင်းဖောက် သိမြင်နိုင်စွမ်းရအောင် ကျင့်ကြံခြင်း**

ဤအဆင့်သည် ပညာအဆင့်ဖြစ်၏။ ပညာအဆင့်နှင့်ပတ်သက်၍ ဖော်ပြရပါမူ လွန်စွာ ကျယ်ပြောလှပါသည်။ ဤနေရာ၌ အဂ္ဂိရတ်ပညာနှင့် ပတ်သက်သောအကြောင်းအရာကို တင်ပြနေခြင်းဖြစ်သဖြင့် ဤအကြောင်းကိုသာ ဖော်ပြပါမည်။ အဂ္ဂိရတ်ဆိုင်ရာ ဝိဇ္ဇာခရလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ဝိဇ္ဇာခိုရ်ထွက်ရပ်ပေါက်အဆင့်သို့ ရောက်ရှိအောင်ကြံမည်ဆိုပါက ဤအဆင့်(ဝါ)ပဋိဘာဂနိမိတ်အာရုံထင်ပြီးချိန်တွင်ကြံရပါမည်။ ထိုအချိန်တွင် မိမိရရှိထားသော ပဋိဘာဂနိမိတ်နှင့် အဂ္ဂိရတ်ပညာရပ်တို့ကို ပေါင်းစပ်မှုအား ကျင့်သုံးဆောင်ရွက်ရပါမည်။ ထိုအခါတွင် အဂ္ဂိရတ်နှင့်ဆိုင်သော ပဋိဘာန်ဉာဏ်ကို ရရှိပါမည်။

ထိုအဂ္ဂိရတ်ပဋိဘာန်ဉာဏ်သည် မိမိဓာတ်လုံးတစ်လုံးကို တည်တော့မည်ဆိုလျှင် မည်သည့်ဓာတ်ပစ္စည်းများကိုစု၍ ဘယ်ပုံဘယ်နည်းတည်ရမည်ကို သိ၏။ ဓာတ်တည်ပြီးလျှင်လည်း ထိုဓာတ်ကို အဘယ်ကဲ့သို့ ဆက်တက်ရမည်၊ ပြဿနာတစ်စုံတစ်ရာတို့ပေါ်လာလျှင်လည်း အဘယ်ကဲ့သို့ပြုရမည်ကို သိနိုင်၏။ ထို့အပြင် မိမိဓာတ်လုံး မည်သည့်အဆင့်ရောက်ပြီဆိုသည်ကိုလည်း သိနိုင်၏။ ဓာတ်မှပြသသော သင်္ကေတများကိုလည်း နားလည်ပြီ ဖြစ်၏။ အဆင့်မြင့်လာသောဓာတ်လုံးတစ်လုံး၏ဖောက်ပြန်လာသော အခြေအနေကိုလည်း သိ၏။ ပုံမှန်အခြေအနေကိုလည်းသိ၏။ တိုးတက်လာသော အခြေအနေကိုလည်း သိ၏။ ဖြစ်ပေါ်လာသောအခြေအနေကိုလိုက်၍ မည်သို့ထိန်းချုပ်ရမည်၊ ကိုင်တွယ်ရမည်ကိုလည်း သိ၏။ ဓာတ်တက်စဉ်အဆင့်ဆင့်ပေါ်တွင် ကောင်းစွာ ပညာဦးစီးသောဉာဏ်ဖြင့် စေစားနိုင်မည် ဖြစ်၏။ ထိုပုဂ္ဂိုလ်မျိုးသာ အဂ္ဂိရတ်ပညာဆိုင်ရာ ဝိဇ္ဇာခရလမ်းစဉ်ဖြင့် ပေါက်မြောက်နိုင်သော အခွင့်အလမ်းရှိမည် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

၎င်းကိစ္စနှင့်ပတ်သက်ပြီး အနောက်တိုင်း အင်္ဂလိပ်ပညာအကြောင်းဖော်ပြစဉ်က အင်္ဂလိပ်ပညာပေါက်မြောက်အောင်မြင်လိုလျှင် 'ဘုရားဖူးသွားရမည်' ဟု ဖော်ပြထားသည်ကို တွေ့ရှိရမည် ဖြစ်၏။ အဆိုပါ ဘုရားဖူးသွားခြင်း ဟူသော သဘောတရားသည် ၎င်းဖော်ပြပါ အကြောင်းခြင်းရာကိုပင် သင်္ကေတ သဘောတရားဖြင့် ဖော်ပြခြင်း ဖြစ်၏။

၎င်းတွင် ပဋိဘာဂနိမိတ်အာရုံရအောင် သမာဓိလုပ်ငန်းလုပ်ပါဟုဆိုသော်လည်း လွယ်ကူသည်တော့မဟုတ်။ အလွန်ပင် ဝါယမစိုက်ရ၏။ ကြိုးစားအားထုတ်ရမည်ဖြစ်၏။ လွယ်မယောင်နှင့် လွန်စွာနက်နဲခက်ခဲသောလုပ်ငန်းဖြစ်၏။ လူအများစုအဖို့ကား မလွယ်ကူသောအလုပ်ဖြစ်၏။ ထို့ကြောင့် သမာဓိတည်လွယ်စေရန်အတွက် အသက်အောင့်ကျင့်စဉ်ကို ရှေ့ဆောင်းပါး၌ ဖော်ပြခဲ့ပါသည်။ ထိုအသက်အောင့်ကျင့်စဉ်နှင့်ပတ်သက်၍ အချို့သော ပုဂ္ဂိုလ်တို့က ဝေဖန်မှုများပြုနိုင်ပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ အနည်းငယ် ဖော်ပြလိုပါသည်။

### ၁လူသာမန်တို့ကျင့်နိုင်ခဲသောအကျင့်မြတ်

၎င်းနေရာ၌ အသက်အောင့်ကျင့်စဉ်ကိုဖော်ပြသည်မှာ လုပ်ငန်းစဉ်တစ်ခုလုံးတွင် အမြဲတစေ ကျင့်သုံးရမည့်ကျင့်စဉ်အဖြစ်ဖော်ပြခြင်းမဟုတ်ပေ။ သမာဓိကျင့်စဉ်များကို စတင်ကျင့်သုံးသော ပုဂ္ဂိုလ်များ၌ အလွန်ပျံ့လွင့်လွယ်သော ပုဂ္ဂိုလ်များ၊ အာရုံမစူးစိုက်နိုင်သည့် ပုဂ္ဂိုလ်များ၊ ငြိမ်သက်တည်ကြည်သော သမာဓိကိုမရနိုင်သည့်ပုဂ္ဂိုလ်များအတွက် သမာဓိတည်လွယ်စေရန် အသက်အောင့်ကျင့်စဉ်ကို အဦးအစပိုင်း၌ ကျင့်သုံးသင့်ကြောင်း ဖော်ပြခြင်း ဖြစ်ပါသည်။ သို့ပါ၍ အသက်အောင့်ကျင့်စဉ်ကို ကျင့်သည်နှင့် ခန္ဓာကိုယ်သည် သက်သောင့်သက်သာမရှိဘဲ ပြင်းထန်လှုပ်ရှားသော ဝေဒနာများကို ခံစားရသဖြင့် ထိုဘာဝနာပွားများနေသည့် လူသား၏စိတ်သည် အခြားတစ်ပါးနေရာများသို့ မသွားနိုင်တော့ဘဲ ဝေဒနာခံစားနေရသော ခန္ဓာကိုယ်ထဲတွင်သာဝဲလှည့်ပြီး တဖြည်းဖြည်းဖြင့် သမာဓိကို ဆင်ရိုင်းကျုံးသွင်းသကဲ့သို့ တည်ဆောက်နိုင်စေရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

အဆိုပါ အသက်အောင့်ကျင့်စဉ်ကို အပ္ပာဏကဈာန်ဟုလည်း ခေါ်၏။ 'ပရာဏာယာမ' ဟုလည်း ခေါ်ကြ၏။ ၎င်းအသက်အောင့်ကျင့်စဉ်ကို ရှုတ်ချကြသည်လည်းရှိ၏။ အသက်အောင့်ကျင့်စဉ်သည် ဗုဒ္ဓဂေါတမဘုရားအလောင်းတော်ဘဝကကျင့်ခဲ့သော ဒုက္ကရစရိယာကျင့်စဉ်၏ အစိတ်အပိုင်းတစ်ခုဟုလည်း ဖော်ပြသည်များရှိပါသည်။ ထိုအကျင့်ကို မြတ်ဗုဒ္ဓသည် (၆)နှစ်ပတ်လုံး ကျင့်သုံးတော်မူခဲ့ပါသည်။

၎င်း၌ ဒုက္ကရစရိယာကျင့်စဉ်နှင့်ပတ်သက်ပြီး အမိပ္ပာယ်ဖွင့်ဆိုမှုကွဲပြားခြားနားမှုရှိသည်ကိုလည်း သတိပြုရမည်ဖြစ်ပါသည်၏။ အချို့သောပုဂ္ဂိုလ်များက ဒုက္ကရစရိယာကို မှားယွင်းသောအကျင့်၊ အချည်းနှီး အကျိုးမဲ့သောအကျင့်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ ၎င်းဖွင့်ဆိုချက်ကို စဉ်းစားကြည့်ရန်လိုပါသည်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီဖြည့်ကျင့်ခဲ့ပြီး ဘုရားဖြစ်မည့် နောက်ဆုံးဘဝသို့ ရောက်ရှိနေပြီဖြစ်သောပုဂ္ဂိုလ်အတွက် အချည်းနှီးအကျိုးမဲ့သောအကျင့်၊ တတ္ထိတို့အကျင့်ကို (၆) နှစ်ကြာအောင် ကျင့်သည်ဆိုသည့်အချက်ကို စဉ်းစားရန်လိုမည်ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် ဒုက္ကရစရိယာကျင့်စဉ်နှင့်ပတ်သက်ပြီး အခြားသောဖွင့်ဆိုချက်များကို လေ့လာကြည့်သောအခါ အချို့သော ဆရာတော်ကြီးများက ဒုက္ကရစရိယာကျင့်စဉ်ကို 'လူသာမန်တို့ ကျင့်နိုင်ခဲသော အကျင့်မြတ်' ဟု ဖွင့်ဆိုထားသည့်အချက်ကိုလည်း သတိပြုကြရမည် ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်ပါစေ ၎င်းသမာဓိလမ်းစဉ်အတွက် အသက်အောင့်ကျင့်စဉ်ကို ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်အာရုံများတည်လွယ်အောင် အသုံးပြုခြင်းသာဖြစ်သဖြင့် ကောင်းကျိုးဖြစ်ထွန်းမှုက ပိုမိုနိုင်ကြောင်း ယူဆရမည်ဖြစ်ပါသည်။ ၎င်းကား အင်္ဂလိပ်ပညာဝိဇ္ဇာဓရလမ်းစဉ်နှင့် သိက္ခာ(၃)ပါးဖြစ်သော သီလ၊ သမာဓိ၊ ပညာတို့နှင့်ပတ်သက်ဆက်စပ်နေသော သဘောတရားပင်ဖြစ်သည်။ ဆက်လက်ပြီး ဝိဇ္ဇာဓရလုပ်ငန်းစဉ်ကြီးတစ်ခုလုံးအတွက် ဒုတိယအရေးပါဆုံးဖြစ်သော မဟာဘူတ(၄)ပါးနှင့်ပတ်သက်ပြီး ဆက်လက် ဖော်ပြမည်ဖြစ်ပါသည်။

### □ ဝိဇ္ဇာဓရလမ်းစဉ်နှင့် မဟာဘူတဓာတ်လေးပါးသဘောတရား

မဟာဘူတဓာတ်လေးပါးဖြစ်သည့် ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်တို့သည် လောကရှိ လူသားများ အပါအဝင် သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက တည်းဟူသော လောကသုံးပါးစလုံးနှင့် အကျုံးဝင် ပတ်သက်နေ၏။ အဆိုပါ လောကသုံးပါးစလုံးတွင် မဟာဘူတဓာတ်လေးပါးနှင့်ကင်းလွတ်သည့်အရာဟူ၍မရှိပေ။ သို့ဖြစ်ပါသောကြောင့် ဝိဇ္ဇာဓရလမ်းစဉ်အားလုံးသည်လည်း မဟာဘူတဓာတ်(၄)ပါးသာပင်မဖြစ်၏။ပဓာနဖြစ်၏၊ အချုပ်ဖြစ်၏။ ဓာတ်လေးပါးကို ပိုင်နိုင်လျှင် ပိုင်နိုင်သလောက်၊ ထွင်းဖောက် ကြံစည်နိုင်လျှင် ကြံစည်နိုင်သလောက် ပေါက်မြောက် အောင်မြင်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် ဆေးဝိဇ္ဇာပညာ၏အချုပ်သည်လည်း မဟာဘူတဓာတ်လေးပါးပင် ဖြစ်ပါသည်။ အင်းစမဝိဇ္ဇာပညာ၏အချုပ်သည်လည်း မဟာဘူတဓာတ်လေးပါးပင်ဖြစ်ပါသည်။ မန္တန်ဝိဇ္ဇာပညာ၏အချုပ်သည်လည်း မဟာဘူတဓာတ်လေးပါးပင် ဖြစ်ပါသည်။ ထို့အတူ အင်္ဂလိပ်ဝိဇ္ဇာပညာ၏အချုပ်သည်လည်း မဟာဘူတဓာတ်လေးပါးပင် ဖြစ်ပါသည်။

အင်္ဂလိပ်ပညာဆိုင်ရာ ဝိဇ္ဇာဓရဓာတ်လုံးတစ်လုံး၏ အစသည်လည်း မဟာဘူတ ဓာတ်လေးပါးဖြစ်သလို အလယ်သည်လည်း မဟာဘူတဓာတ်လေးပါးပင်ဖြစ်သကဲ့သို့ အန္တိမအဆုံးထွက်ရပ်ပိုင်းတွင်လည်း မဟာဘူတဓာတ်လေးပါးပင် အဆုံးအဖြတ်ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အင်္ဂလိပ်ဝိဇ္ဇာဓရပညာရပ်တွင် ဓာတ်လုံးတစ်လုံးအတွက် ဓာတ်စတည်ပြီဆိုကတည်းကပင် မဟာဘူတဓာတ်လေးပါးပြည့်စုံရမည် ဖြစ်၏။ ထိုသို့မဟုတ်မူဘဲ ဓာတ်လေးပါးမပြည့်စုံဘဲတည်ထားသောဓာတ်သည် မည်သည့်အခါတွင်မျှ ဖြစ်ထွန်းပေါက်မြောက်နိုင်မည်ကား မဟုတ်ပေ။ အချိန်ကုန်၊ ငွေကုန်၊ လူပန်းသာဖြစ်ပါလိမ့်မည်။ ထိုအချက်အရေးကြီးပါသည်။ ၎င်းသို့ မဟာဘူတဓာတ်လေးပါးပေါင်းစပ်ပြီးဓာတ်လုံးတည်သည်ဆိုသော်လည်း ဓာတ်လေးပါးစုံလျှင်ပြီးရော စိတ်ထင်ရာဓာတ်များကို ပေါင်းစပ်ချင်သလို ပေါင်းစပ်တိုင်းလည်း ဖြစ်မည်မဟုတ်ပေ။ ရှေးဆရာရှင်တို့ပေါင်းစပ်ခဲ့သော ဓာတ်လေးပါးလမ်းစဉ်အတိုင်း ပေါင်းစပ်နိုင်မှသာ ပေါက်မြောက်နိုင်မည်ဖြစ်ပါသည်။

ထိုလမ်းစဉ်တို့၌ မိမိ၏ဆရာ



www.burmeseclassic.com

www.burmeseclassic.com

သမားအာစရိယဝါဒအတိုင်း လိုက်ပါပြီး အတိအကျဖော်ထုတ်လုပ်ကိုင်နိုင်မှသာ ဖြစ်ပါသည်။ အဆိုပါအာစရိယဝါဒတို့ကလည်း အမျိုးမျိုးပင်ရှိပါသည်။ ဥပမာအားဖြင့်ဆိုရပါမူ ဆရာတော်ရှင်မထီးဝါဒ၊ ဆရာတော်ကုန္တာစရိယဝါဒ၊ လေးထပ်ကျောင်းဆရာတော်ဝါဒ၊ရသေ့ဦးအောင်ဝါဒ၊ သဘော်လမ်းဝါဒစသည့် အာစရိယဝါဒများစွာရှိပါသည်။

အဆိုပါ အာစရိယဝါဒလမ်းစဉ်များကိုလည်း အဖြောင့်အတိုင်း စကားပြေရေးသားမှတ်တမ်းတင်ခဲ့ခြင်းမဟုတ်ပေ။ လျှို့ဝှက်သင်္ကေတများဖြင့် ကဗျာ၊ လင်္ကာဆန်ဆန် ရေးဖွဲ့သီကုံး မှတ်တမ်းတင်ကာ ကျမ်းသဖွယ်ပြုစုပြီး နောင်လာနောင်သားများအတွက် ပညာရပ်များ၊ မပျောက်ကွယ်စေရန် ရည်ရွယ်၍ ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ ရှေးဆရာအရှင်တို့သည် အဂ္ဂိရတ်ဝိဇ္ဇာဓရလမ်းစဉ်များကို လျှို့ဝှက်သင်္ကေတများဖြင့် တန်ဆာဆင်ကာ ရေးသားထားကြသဖြင့် အဓိပ္ပာယ်အမှန်ဖော်ရန် အလွန်ပင် အခက်အခဲကြုံတွေ့ကြရ၏။တော်ရုံအသိပညာ၊အတတ်ပညာဖြင့်ဖော်ထုတ်ရန် မလွယ်ကူကြပေ။ ထိုကိုပင် အချို့သောဝေဖန်သူများက ရှေးဆရာများသည် ပညာရပ်ကို လျှို့ဝှက်လွန်းသည်၊ ပညာလျှို့ကြသည်ဟု ဆိုကြ၏။ အမှန်ကား ရှေးဆရာရှင်များအနေဖြင့် သူတို့၏ ထွက်ရပ်ကိုစွပြီးလျှင် ရှေ့ဆက်သွားရန်သာရှိပါသည်။ သို့သော် နောင်လာနောက်သားများ ဤလမ်းစဉ်တို့ကိုလုပ်မည်ဆိုလျှင်လုပ်နိုင်ရန် လမ်းစများကိုထားပေးခဲ့ခြင်း ဖြစ်၏။ သို့သော် ဤဝိဇ္ဇာဓရပညာရပ်မှာ ထိုက်တန်သူနှင့်သာ သက်ဆိုင်သောပညာရပ်များဖြစ်၏။ လူတိုင်းအတွက် လုပ်ပေးပိုင်ခွင့်မရှိပေ။ ထိုပညာရပ်တို့ကို ခုတုံးလုပ်ပြီး ကိုယ်ကျိုးအတွက်သော်လည်းကောင်း၊ မကောင်းမှုဆိုင်ရာကိစ္စရပ်များအတွက်သော်လည်းကောင်း အသုံးချနိုင်ရန် အခွင့်အလမ်းများရှိသော ပညာရပ်များလည်းဖြစ်ပါသည်။ ထိုသူများသည် ဤပညာရပ်နှင့် မထိုက်တန်သူများဖြစ်၏။ ထိုမထိုက်တန်သူတို့၏လက်သို့ ပညာမရောက်စေရေးသည်လည်း အရေးကြီး၏။ ထိုအတွက် ရှေးဆရာရှင်တို့သည် သူတို့၏ အဖိုးအနဂ္ဃထိုက်တန်သော ပညာရပ်များကို ဖွက်လည်းဖွက်ခဲ့၏။ဖွက်သည်ဆိုခြင်းမှာ အစရှာ၍မရအောင်ဖွက်ခဲ့ခြင်းမဟုတ်။ ထိုက်တန်သူများအတွက် ဖော်လည်းဖော်ပြခဲ့ကြ၏။ ထို့ကြောင့် ၎င်းတို့၏လျှို့ဝှက်ချက်များနှင့်ပတ်သက်ပြီး 'ဉာဏ်ရည်တူသူဖော်၍ယူ' ဟု မိန့်ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ဤလမ်းစကိုရရှိခြင်းသည် အဂ္ဂိရတ်ဓာတ်ပညာဆိုင်ရာဝိဇ္ဇာဓိုရ်ဖြစ်မည့် လမ်းစကိုရရှိခြင်းဟု ဆိုရမည်ပင်ဖြစ်၏။ ထိုဝိဇ္ဇာဓရလမ်းစဉ်တို့ကို မည်သည့်အတွက်ကြောင့် သည်းကြီးမည်းကြီး လိုက်စားကြရပါသနည်းဟူသည့်မေးခွန်းအတွက်လည်း စဉ်းစားသင့်ပါသည်။

**□ ဝိဇ္ဇာဓရလမ်းစဉ်ကို ကျင့်သုံးရသည့် အကြောင်းအရင်းများ**

ပထမဦးဆုံးသော အကြောင်းအရင်းမှာ 'အကာလမရဏ' ခေါ် အချိန်မတိုင်မီ သေဆုံးရသည့်အဖြစ်မျိုး မကြုံတွေ့ရစေရန် ဖြစ်၏။ ဥပမာ လူ့ဘဝ၏သက်တမ်းသည် (၁၀၀) ဖြစ်ဟုဆိုပါမူ အသက်(၃၀)နှင့်သေဆုံးရခြင်း၊ အသက်(၅၀)နှင့်သေဆုံးရခြင်းတို့သည် အကာလမရဏပင် ဖြစ်၏။ ထိုသို့ကြုံတွေ့လာသောအခါ လူ့ဘဝ၏အမှန်တကယ်ရရှိနိုင်သော အနှစ်သာရတို့ကို အပြည့်အဝမရတော့ဘဲ အချို့သည် အတော်အသင့်သာရရှိခြင်း၊ အချို့သည် အနည်းငယ်မျှသာရရှိခြင်း၊ အချို့သည် လုံးဝမရရှိခြင်းစသည့်အဖြစ်မျိုးနှင့်ကြုံတွေ့ရနိုင်ပါသည်။

အမှန်ကား ဤလူ့ဘဝသည် အလွန်ပင် ရတောင့်ရခဲဘဝမျိုးဖြစ်ပါသည်။ လူသေလျှင် လူပြန်ဖြစ်သော အရေအတွက်ကား အလွန်ပင်နည်းပါးလှပါသည်။ ထို့အတူ အထက်နတ်ပြည်စသည်တို့၌ဖြစ်သောအရေအတွက်ကား ပို၍ပင်နည်းပါးလှသည်။ ထို့ကြောင့် လူသားတို့သေဆုံးပြီး အများဆုံးပြန်ဖြစ်ရသော ဘုံဌာနကား အပါယ်လေးပါးသာ ဖြစ်ပါသည်။ အကယ်၍ အပါယ်လေးဘုံသို့ကျရောက်သွားလျှင်ကား လူ့ဘုံ၌ပြန်ဖြစ်ရန် အလွန်ပင်ခဲယဉ်းလှပါတော့၏။ ကုသိုလ်လုပ်ငန်းအားနည်းသူတို့အတွက်လည်းကောင်း၊ မေ့လျော့ပေါ့ဆနေသူတို့အတွက် လည်းကောင်း အပါယ်(၄)ဘုံသည် ချည်တိုင်သဖွယ်ဖြစ်၏။ ကိုယ့်အိမ်ကိုယ်ယာသဖွယ်ဖြစ်၏ဟု ဗုဒ္ဓက ဟောကြားထား၏။ လူ့အဖြစ်ရခဲပုံကိုလည်း 'မနုဿတ္တဘာဝေါ ဒုလ္လဘော'ဟု ဟောကြားခဲ့၏။ ပြဟ္မာပြည်မှအပ်တစ်စင်းနှင့် လူ့ပြည်မှအပ်တစ်စင်း ဆုံချင်ဆုံမည်၊ လူဖြစ်ရန်မလွယ်ဟု လည်းကောင်း၊ ပင်လယ်ထဲမျောနေသောတံပိုးနှင့် အနှစ်တစ်ရာနေမှ တစ်ကြိမ် ရေပေါ် သို့တက်လေ့ရှိသည့် လိပ်ကန်းကြီးတို့ စွပ်မိချင်စွပ်မိမည် လူဖြစ်ရန်မလွယ်ဟု လည်းကောင်း အမျိုးမျိုးခိုင်းနှိုင်းပြောဆိုကြသည့်အဖြစ်ကိုလည်း ထောက်ရှု၍သိနိုင်ပါသည်။

သို့ဖြစ်ပါသောကြောင့် ရခဲလှသောလူ့ဘဝ၏ ကြုံတောင့်ကြုံခဲအခြေအနေလေးတွင် အကာလမရဏသည် အဘယ်မျှ ဆိုးရွားလှသောအဖြစ် ရှုမြင်နိုင်ပါသည်။

ဒုတိယ အကြောင်းအရင်းမှာ အသက်ရှည်ရှည်နေလိုမှုနှင့် အသက်ရှည်သည်နှင့်အမျှ ကျန်းကျန်းမာမာ နေထိုင်လိုသော ဆန္ဒကြောင့်ပင်ဖြစ်၏။ ထိုအတွက် အသက်ရှည်ရေး၊ ကျန်းမာရေးတို့နှင့်သက်ဆိုင်သော ဆေးပညာလိုအပ်လာ၏။ ဆေးပညာတွင်လည်း ဦးစွာ ပုံမှန်သမားရိုးကျဆေးပညာသည်လည်းကောင်း၊ ထိုထက်ပိုလွန်လာသော အခြေအနေတို့အတွက် အဆင့်မြင့်ဆေးပညာသည် လည်းကောင်း (ဝါ) ရသာယနဆေးပညာသည် လည်းကောင်း လိုအပ်လာ၏။ အသက်ရှည်ရေးဆိုရာတွင်လည်းဖြစ်နိုင်လျှင် ရာတန်းထောင်တန်းမကရှည်လိုခြင်းဖြစ်၏။ ထိုအခြေအနေအတွက် သမားရိုးကျဆေးပညာဖြင့်မရတော့ဘဲ ဝိဇ္ဇာဓရဆေးပညာလိုအပ်လာ၏။ ထိုသို့ အသက်ရှည်လိုသည့် အကြောင်းမှာလည်း သူတော်ကောင်းတရား၊ ကုသိုလ်တရားတို့ကို များစွာအားထုတ်လိုသဖြင့် လည်းကောင်း၊ ကျွတ်တမ်းဝင်နိုင်ရေးအတွက် ပါရမီဖြည့်နိုင်သမျှဖြည့်ရေးအတွက်လည်းကောင်း၊ ဘုရားဆုပန်ပုဂ္ဂိုလ်များအတွက် လိုအပ်သောပါရမီအတိုင်းအတာဖြည့်စေရေးအတွက်လည်းကောင်း ကောင်းမွန်သောအခြေအနေရှိသည့်လူ့ဘဝသည် များစွာလိုအပ်လှပါသည်။

ထိုကိစ္စများအတွက် လူ့ဘဝမှတစ်ပါး အခြားသောဘုံဘဝများ၌ ဖြည့်ကျင့်ရန်ကား လွန်စွာပင် ခဲယဉ်းလှပါသည်။

သို့ဖြစ်ပါသောကြောင့် ယခုမျက်မှောက်ဘဝ၌ ရရှိလာသော ဤရုပ်၊ ဤနာမ်၊ ဤခန္ဓာနှင့်တကွ ဖြစ်တည်လာသော လူ့ဘဝကို သက်တမ်းအရှည်ဆုံးဖြစ်စေရန် ပြုနိုင်လျှင်ကား အကောင်းဆုံးလူ့ဘဝကိုရရှိခြင်းဟုခံယူနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ရှေးဦးစွာ လူသားသည် ပထမဆုံး အသက်လေးဆယ်တမ်းပင်



www.burmeseclassic.com

www.burmeseclassic.com

ဆယ်တမ်းရှည်အောင် အားထုတ်ရ၏။ ထိုထက်တတ်နိုင်လျှင် အသက်ခုနစ်ဆယ်တမ်း၊ ရှစ်ဆယ်တမ်းရအောင် အားထုတ်ရ၏။ ထိုထက် တတ်နိုင်လျှင် အသက်တစ်ရာတမ်း၊ တစ်ရာကျော်တမ်းရှည်အောင် အားထုတ်ရ၏။

ဤနေရာ၌ အသက်တစ်ရာတမ်း၊ တစ်ရာကျော်တမ်းအဆင့်အထိရောက်အောင်ကား ပုံမှန်ကျန်းမာရေးပညာ၊ အသိ ဗဟုသုတများဖြင့် လည်းကောင်း၊ သမားရိုးကျ ဆေးပညာရပ်များဖြင့် လည်းကောင်း၊ သဘာဝနေထိုင်နည်းများဖြင့် ကျင့်သုံး၍ လည်းကောင်း၊ ဤရုပ် ဤနာမ်၊ ဤခန္ဓာဖြင့် ရရှိလာသော ဘဝကြီးကို အသက်ရှည်နိုင်သမျှရှည်အောင် ဆွဲဆန့်ရန်ကား လူသားတိုင်း၏ ဆန္ဒပင် ဖြစ်၏။ ဤတွင် ကောင်းမွန်သောဘဝနေနည်းကို လိုက်နာကျင့်သုံးနိုင်သူနှင့် မလိုက်နာနိုင်သူတို့၏ သက်တမ်းကာ ကွာခြားသွားစေနိုင်ပါသည်။ ထို့အထဲတွင် ဆေးပညာတတ်သူနှင့် မတတ်သူတို့၏ သက်တမ်းကလည်း ကွာခြားသွားနိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ ဉာဏသမ္ပယုတ်နည်းဟူသော အင်္ဂါရပ်နှင့်ပြည့်စုံသော လူသားတို့သည် အသက်တစ်ရက်ပို၍ရှည်ရှည်နေခွင့်ရသည်နှင့်အမျှ တစ်ရက် သူတော်ကောင်းတရားအားထုတ်ခွင့်၊ ပါရမီဖြည့်ခွင့်ရသည်ဟု မှတ်ယူပြီး အသက်ရှည်လိုကြခြင်း ဖြစ်၏။ လူသားတစ်ဦး၏ ဖြစ်တည်ရရှိလာသော ဘဝတစ်ခုလုံးကိုအနှစ်ချုပ်လိုက်ပါက အရေးကြီးဆုံးသောအချက်မှာ သူတော်ကောင်းတရားအားထုတ်နိုင်သော ဘဝနေနည်းဖြင့် အသက်ရှည်ရှည်နေရခြင်းပင် ဖြစ်၏၊ ထိုမှ ပိုလွန်သော တစ်ရာကျော်တမ်းသည် အထက်ဖြစ်သော သက်တမ်းများအထိရှည်နိုင်ရန်မှုကား သမားရိုးကျ ဆေးပညာရပ်များ၊ သာမန်ကျန်းမာရေး အသိပညာများဖြင့် တတ်ကောင်းသည့်အရာမဟုတ်တော့ပေ။ ဝိဇ္ဇာဓရပညာရပ်များဆိုင်ရာ ထွက်ရပ်ပေါက်ခြင်းဖြစ်၊ ဖြစ် ဟူသော အခြေအနေ၏ အရာဋ္ဌာနသာဖြစ်၏။ ထိုအတွက် ဝိဇ္ဇာဓရပညာရပ်များအပေါ် သည်းကြီးမည်းကြီး လိုက်စားရခြင်း၏အကြောင်းတစ်ရပ်ပင် ဖြစ်ပါသည်။

တတိယ အကြောင်းအရင်းမှာ 'လားရာဂတိကိစ္စ' ဖြစ်၏။ လူသားသည် ပုံမှန်အတိုင်းအသက်တစ်ရာကျော်တမ်းအထိနေရပါ၏။ သူတော်တရားများကိုလည်း အားထုတ်ခွင့်ရရှိခဲ့သည်။ သို့သော်လည်း မိမိ၏နောက်ဘဝအတွက် လားရာဂတိသည် မည်မျှစိတ်ချရနိုင်ပါမည်နည်း။ အကြမ်းဖျင်းအားဖြင့်ကား သူတော်ကောင်းတရား အားထုတ်ခွင့်များများရရှိခဲ့မည်ဆိုလျှင်ကား ကောင်းမွန်သော လားရာဂတိဖြစ်နိုင်သည်ဟု မှတ်ယူနိုင်ပါသည်။ သို့ပါသော်လည်း ထိုအတိုင်းမဖြစ်ခဲ့သည့် သာဓကပေါင်းများစွာ ဗုဒ္ဓသာသနာတော်သမိုင်းတွင် ရှိခဲ့သည်ကိုလည်း သတိပြုရမည်ဖြစ်ပါသည်။ အချို့သောကိစ္စရပ်များတွင် အခြေအနေကို လိုက်၍လည်းကောင်း၊ ပုဂ္ဂိုလ်ကိုလိုက်၍လည်းကောင်း၊ သူတော်ကောင်းတရားများကို အားထုတ်သော်လည်း လိုရင်းရောက်ချင်မှရောက်ပါမည်။ အားကိုး၍ရနိုင်ကောင်းမှရပါမည်။ ထိုအခါမျိုးတွင် ခြေချော်လက်ချော်ဖြစ်သွားရသော၊ မရေမရာဖြစ်သွားရသော အခြေအနေမျိုးနှင့် ကြုံတွေ့သွားရနိုင်ပါသည်။ ထိုအခါ ဒုလ္လဘဖြစ်သော လူ့ဘဝနှင့်လွဲချော်ခဲ့ရလျှင်သော်လည်းကောင်း လူပင်ဖြစ်ရသော်လည်း ဆွံ့အ၊ နားမကြား စသည့်မပြည့်စုံသောဘဝမျိုး၊ ထိုထက်ဆိုးဝါးသောဘဝမျိုး၌ ကြုံတွေ့ရလျှင် မည်သို့ဖြစ်ပါမည်နည်း။ ထိုကဲ့သို့ မရေရာမသေချာသော ဖြစ်တည်မှုပေါင်းများစွာကိုလည်း ထည့်သွင်းတွက်စဉ်းစားရမည်ဖြစ်ပါသည်။

ထိုအတွက်ကြောင့်လည်း ဝိဇ္ဇာဓရပညာရပ်ဖြင့် မိမိ၏လားရာဂတိကို မိမိဘာသာပြဋ္ဌာန်းနိုင်ခွင့်၊ ဆုံးဖြတ်နိုင်ခွင့် ရရှိအောင် အားထုတ် ကြိုးပမ်းကြခြင်း ဖြစ်၏။ သာဓကအားဖြင့် ထောက်ဆကြည့်မည်ဆိုပါက တိဗက်ဗုဒ္ဓဘာသာမှ ဒလိုင်းလာမား စသည့်ပုဂ္ဂိုလ်များသည်လည်းကောင်း ဤရုပ်၊ ဤနာမ်၊ ဤခန္ဓာ ထွက်ရပ်ပေါက်လမ်းစဉ်အတိုင်းထွက်၍ မရတော့သည့်အခြေအနေမျိုးနှင့် ကြုံတွေ့ရသည့်ပုဂ္ဂိုလ်များသည် လည်းကောင်း ထိုသူတို့သည် နောက်ဘဝတစ်ခုသို့ မဖြစ်မနေရယူရတော့မည်ဖြစ်၏။ ထိုအခါတွင် သူတို့သည် နောက်ဘဝတွင်ဖြစ်တည်ရမည့် မိဘကို လည်းကောင်း၊ မျိုးရိုးဇာတိတို့ကိုလည်းကောင်း၊ ဝန်းကျင်အနေအထားအထောက်အပံ့ကိုလည်းကောင်း ရွေးချယ်ရယူနိုင်ကြ၏။ ထိုကဲ့သို့ဖြစ်စဉ်မျိုးကို ဗုဒ္ဓဝင်တွင်လည်း တွေ့နိုင်မည်ဖြစ်ပါသည်။

အကယ်၍ ဤတစ်ဘဝတည်းနှင့် သံသရာမှလွတ်မြောက်ရန် ကြိုးပမ်းလျှင်ကော မဖြစ်နိုင်ဘူးလားဟု စောကြောရန်ရှိပါသည်။ ဤကိစ္စသည် စကားအရာဖြင့်သာပြော၍ရနိုင်သည့်ပြယုဂ်မျိုးဖြစ်ပါသည်။ လက်တွေ့ဘဝဖြစ်စဉ်များနှင့်ကား ကွာလှမ်းလွန်းလှပါသည်။ တကယ်တမ်း အားထုတ်သောအခါ ပါရမီအနု၊ အရင့်သည် အဓိကပြဋ္ဌာန်းချက်ဖြစ်လာသည်ကို တွေ့ရှိရပါလိမ့်မည်။ ထိုအခြေအနေအဆင့်အတန်းသို့ မည်သို့ပင် အားထုတ်စေကာမူ ပါရမီခံ ဘောင်မဝင်သူမျိုးဖြစ်ပါက နှစ်လမည်မျှကြာညောင်းသည်ဖြစ်စေ ရည်မှန်းချက်နှင့်ဝေးကွာနေကြောင်း ကြာလေသိရှိလေဖြစ်ပါသည်။

အဖန်တလဲလဲဖြစ်နေရသော မွေးသေသံသရာဒုက္ခနှင့် ဤတစ်ဘဝတည်းနှင့် လွတ်မြောက်ရသည့် ဝိမုတ္တိချမ်းသာတို့ကို နှိုင်းယှဉ်ကြည့်ပါက မည်သည့်ပုဂ္ဂိုလ်မျိုးမဆို ဒုတိယအရာကိုသာလိုချင်ကြပါလိမ့်မည်။သို့သော် ဤသဘာဝ၏ နိယာမသဘောတရားများအရဆိုရပါမူ လိုချင်တိုင်းကော အဘယ်မျှရပါမည်နည်း။ အားထုတ်တိုင်းကော အဘယ်မျှတိုးတက်မှုရှိနိုင်ပါမည်နည်း ဟူသောမေးခွန်းနှင့် တစ်ချိန်မဟုတ်တစ်ချိန်တွင် ထိပ်တိုက်တိုးရသည့်အခြေအနေနှင့် ကြုံတွေ့ရနိုင်ပါသည်။ ထို့ကြောင့် သံသရာတိုက်ပွဲဟူသည် ချိန်ချိန်ဆဆတိုက်ရသော တိုက်ပွဲအမျိုးအစား ဖြစ်၏။ တစ်ကြိမ်တည်းနှင့်အနိုင်တိုက်ရန် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်သောတိုက်ပွဲအတွက် ဖောင်ဖျက်တိုက်သည့် နည်းဗျူဟာမျိုးကျင့်သုံးခြင်းသည် မိမိ၏အင်အားကို ဖြုန်းတီးရာရောက်စေသည်ကိုလည်း သတိပြုသင့်ပါသည်။ သို့ဖြစ်ပါသောကြောင့် မိမိအင်အားဖြင့် နိုင်နိုင်မည့် တိုက်ပွဲမျိုးကိုရွေးပြီး အဆင့်ဆင့်တိုက်သော နည်းဗျူဟာမျိုးကို ကျင့်သုံးသည့် ဝိဇ္ဇာဓရလမ်းစဉ်ကိုလည်း နည်းလမ်းတစ်ရပ်အဖြစ် ကျင့်သုံးကြခြင်း ဖြစ်ပါသည်

ဝိဇ္ဇာဓရလမ်းစဉ်ကိုကျင့်သုံးရသည့် အကြောင်းအရင်းများနှင့်ပတ်သက်ပြီး ကျန်ရှိနေသောအကြောင်းအရာများကို နောက်လတွင် ဆက်လက်ဖော်ပြပါမည်။

ဆရာဦးဆက်ထွန်းလင်း

(အာယုဗ္ဗေဒ)



www.burmeseclassic.com

www.burmeseclassic.com



သုသာန်တစ်စသချိုင်းဝသို့ ဆရာတပည့်တွေရောက်လာကြ၏။ လမိုက်ညဖြစ်၍ ကြယ်ရောင်အလင်းဖျော့ဖျော့သည် အုတ်ဂူဖြူဖြူတို့အား မှုန်ဝါးဝါးဖြစ်စေ၏။ ယိုယွင်းနေသောမှတ်တိုင်အချို့ ယိုင်နဲ့နဲ့ဖြစ်နေ၏။ မြေပုံမို့မို့တို့က ဟိုဒီ



www.burmeseclassic.com

www.burmeseclassic.com

တစ်စပြန့်ကျဲနေသည်။ သက်တမ်းရင့်နေသော ကုက္ကိုပင်အိုကြီးများက ကြယ်ရောင်မတိုးနိုင်အောင် အုပ်ဆိုင်းလျက်ရှိသည်။ ထိုအပင်ကြီးများပင်လျှင် ညဦးအမှောင်မည်းမည်းအောက်၌ မကောင်းဆိုးဝါးကောင်ကြီးများအလား တစ်စပြင်အား ကြီးစိုးလျက်ရှိ၏။

သရဖူဂုံတင်သော ဇရပ်အိုတစ်ဆောင်က သင်္ချိုင်းအလယ်တွင်ထီးထီးတည်ရှိနေ၏။ သွပ်မိုးအချို့တို့လန်ထွက်နေကြသည်။ လေတိုးလိုက်တိုင်း တဖြန်းဖြန်းမြည်သံက စိတ်အားငယ်တတ်သူများအဖို့ သွေးပျက်သွားစေသည်။ သင်္ချိုင်းအစတောချုံများမှ တောခွေးတို့၏အူသံက ကြက်သီးမွေးညင်းများထလာလောက်အောင် စိတ်ချောက်ချားစရာကောင်းနေ၏။ ညဦးငှက်တို့၏တဂီးဂီးမြည်သံက သုသာန်ညအား ပို၍အကျည်းတန်လာအောင် ပြုလုပ်ပေးသကဲ့သို့ရှိသည်။

"ဘုတ် ဖျတ် ဖျပ် ဖျပ်"

မောင်နီခေါင်းမွေးတွေထောင်သွားသည်။ ကြက်သီးမွေးညင်းများဖြန်းခနဲထသွား၏။ ခြေလှမ်းများကရုတ်တရက်တန့်သွားသည်။

"မကြောက်နဲ့ မောင်နီ။ တောကြောင်ခုန်ချပြီး ချုံထဲပြေးဝင်သွားတာ။ ကျော်ကြီး၊ ငါပြောတဲ့မြေပုံဘယ်နားမှာလဲ"

"ရှေ့နားမှာပါ ဆရာကြီး။ ဒေါ်ဖွားသင်အုတ်ဂူဘေးမှာပါ"

ထုံးဖြူဖြူသုတ်ထားသော အုတ်ဂူတစ်လုံးတွေ့ရ၏။ ဒေါ်ဖွားသင် အသက် (၇၅) နှစ်ဟု ရေးထိုးထားသည်။ အုတ်ဂူ

# သန့်ဇင်

## ဇာတ်သိမ်းမကောင်းသော ရာဇမှုခိုးလူမည်းကြီး


www.burmeseclassic.com

www.burmeseclassic.com

၏ လက်ယာဘက် မလှမ်းမကမ်းတွင် မင်းဒင် အသက် (၃၀) ဟု ရေးထိုးထားသော မှတ်တိုင်အသစ်နှင့်မြေပုံမို့မို့အား တွေ့ရသည်။ မြေပုံပေါ်တွင် ဆူးခက်၊ ဆီးခက်များ ဖုံးအုပ်ထားသည်ကို တွေ့ရသည်။ တောခွေးများမတူးဆွမယက်နိုင်ရန် ကာကွယ်ထားခြင်းဖြစ်သည်။

"တွေ့ပြီ ဆရာကြီး။ ဒါမင်းဒင်ရဲ့ မြေပုံပဲ"

မင်းဒင်ဆိုသူကား ညောင်ထောက်ရွာမှ လူမိုက်တစ်ဦးဖြစ်၏။ ဖဲဝိုင်း၌ စကားများကြရင်း တစ်ယောက်တစ်ပြန်စီဓားနှင့်ထိုးကြရာမှ တစ်ဖက်လူမှာ ဒဏ်ရာပြင်းထန်စွာရသွားသော်လည်း မင်းဒင်ကတော့ ချက်ကောင်းတစ်ချက်မိပြီး သေသွားခဲ့၏။ လွန်ခဲ့သော တစ်လခန့်ကဖြစ်ပါသည်။

ဆရာကြီးဦးနက်ကျော်က ဒီလိုလူမျိုးသေလျှင် ဆေးစီရင်၍အလွန်ကောင်းသည်ဆိုသဖြင့် ကျော်ကြီးက စုံစမ်းပြီး ဆရာကြီးထံသတင်းပို့ခဲ့သည်။

ပုဆိုးကွက်ကျား၊ အောက်ခံစွပ်ကျယ်မှာ တိုက်ပုံအင်္ကျီအနက်ကိုဝတ်ပြီး ဦးခေါင်းမှာ အဝတ်နက်စည်းထားသော ဆရာကြီးဦးနက်ကျော်သည် မင်းဒင်၏ မြေပုံထိပ်မှာ ဆောင့်ကြောင့်ထိုင်ချလိုက်သည်။ မောင်နီက ပလိုင်းထဲမှာပါလာသောပစ္စည်းများအား တစ်ခုစီချ၍ပြင်နေသည်။ ကျော်ကြီးက ငှက်ကြီးတောင်ဓားကိုင်ပြီး အနီးမှာရပ်စောင့်နေ၏။ မြေပုံထိပ်၌ ကျောက်ခဲတစ်လုံးအပေါ် ဖယောင်းတိုင်တစ်တိုင်ထွန်းလိုက်သည်။ ခေါ်ခွက်(ခေါပတောင်းခွက်)ထဲသို့ အမဲသားအစိမ်းခုနစ်တုံး၊ ထမင်းခုနစ်ဆုပ်၊ ကြက်လျှာတစ်တိုင်၊ ကြက်ဥတစ်လုံး ဆေးလိပ်သုံးလိပ်ထည့်လိုက်၏။

"ပြီးပါပြီ ဆရာကြီး"

ဆရာကြီးဦးနက်ကျော်သည် မြေပုံထိပ်မှာတင်ထားသော ခေါပတောင်းအနီး ဆောင့်ကြောင့်ထိုင်ချလိုက်၏။

"ဂီး ဂီး ဂီး"

အနီးရှိ ကုက္ကိုပင်ကြီးပေါ်မှ ငှက်ဆိုးတစ်ကောင်သည် အဆက်မပြတ်အော်လျက်ရှိသည်။ ဆရာကြီးကား လှည့်၍ပင်မကြည့်ဘဲ သူ့လုပ်ငန်းအား စတင်သည်။

"ဥုံ - သချိုင်းအလယ်ကိုစောင့်တဲ့ နတ်ကြီး ထီးနှင့်ဆောင်းလာ ကိုယ်ရံကာ၍ မကွာစိုက်စိုက် ငမိုက်မှောင်ကြီး ဇဟိဇဟိ လာလော့၊ လာလော့။ ဘုဉ္စဟိ၊ ဘုဉ္စဟိ စားလော့ စားလော့"

ဆရာကြီး ဥုံခံ၍မန်းမှုတ်ရွတ်ဆိုနေသည်ကို မောင်နီနှင့် ကျော်ကြီးပါ အခေါက်ရေရေလိုက်မှတ်ရင်း စိတ်ထဲမှ ရွတ်နေကြသည်။ သူတို့က ပညာသင်တွေမဟုတ်ပါလား။ (၃၇) ခေါက်ပြည့်အောင်မန်းပြီးသောအခါ ဆရာကြီးသည် ခေါပတောင်းထဲမှ ဆေးလိပ်သုံးလိပ်အား ခေါင်းကကိုင်ယူလိုက်ပြီး တစ်ဆက်တည်း -

"ဥုံ - လက်သည်းတော်ကြွကြွ၊ မျက်ဆန်ပြူးပြူး၊ မိန်းမရှုအလားချစ်စေ၊ နှလုံးကြီးသို့ထုံး၊ ချစ်ထုံးမပြယ်။ ဟဲ့ - ဇော်ဂနီမချိန်ချိန်ချ၊ ချဉ်းဆရာချဉ်း ကပ်ဆရာကပ်"

ဆရာကြီးဦးနက်ကျော်သည် ထိုဂါထာအား (၃၇)အုပ်မန်းမှုတ်ပြန်၏။

ဤသို့ဖြင့် (၃၇) အုပ်ရွတ်ဆိုပြီးသွားသည်နှင့် လေပြင်းတစ်ချက်သည် သချိုင်းပြင်သို့ဝေါခနဲတိုက်လာ၏။ ဇရပ်မှသွပ်မိုးတို့သည် တဖြောင်းဖြောင်းလန်ထွက်ကုန်ကြသည်။ နဘူးချုံ၊ စည်းရိုးချုံများထဲမှ တောခွေးတို့ဆူညံစွာအူကြဟောင်ကြတော့သည်။

"ဝူး ဝူး အူး အူး ဝုတ် ဝုတ် ဝူး"

"အ အ အား အား အား ဂစ် ဂစ်"

အနီးရှိ ကုက္ကိုပင်ကြီးပေါ်မှ ကျီးကန်းတစ်အုပ်ပြိုဆင်းပြီး ညဥ့်နက်သန်းခေါင်မှာ လန့်ပျံကြတော့သည်။ ညဥ့်ငှက်များကလည်း တဂစ်ဂစ်ဂစ်အသံပေးရင်း အဝေးသို့မပျံဘဲ ကောင်းကင်၌ဝဲလှည့်နေကြသည်။

"အောင်ပြီ တပည့်တို့။ ဆေးပေါ့လိပ်ကိုပဲယူခဲ့။ ကျန်တာသူတို့စားပါစေ"

မောင်နီက ဆေးပေါ့လိပ်ကိုယူပြီး လွယ်အိတ်ထဲထည့်လိုက်သည်။

ဆရာကြီးဦးနက်ကျော် ဦးဆောင်၍ သချိုင်းကုန်းမှပြန်ထွက်ခဲ့ကြသည်။ မောင်နီက အလယ်မှလိုက်ပြီး ကျော်ကြီးက ငှက်ကြီးတောင်ဓားကိုင်၍နောက်ဆုံးမှလိုက်ရသည်။ ခပ်လှမ်းလှမ်းရောက်၍ ကျော်ကြီးနောက်သို့ လှည့်ကြည့်လိုက်သောအခါ ချုံပုတ်လား၊ သစ်ကိုင်းရိပ်များလားမပြောတတ်ပါ ။ ကြယ်ရောင်မလင်းတလင်း၌ လေတိုက်၍ သစ်ပင်လှုပ်နေသလို အရိပ်မည်းမည်းများအား ဝိုးတဝါးတွေ့လိုက်ရပါတော့သည်။

❑

မန္တလေး-မိုးကုတ်ကားလမ်းအနီး ဝါးဖြူတောင်အလွန်၌ သစ်ပုတ်အမည်ရှိ ရွာလေးတစ်ရွာရှိ၏။ အိမ်ခြေခြောက်ဆယ်ခန့်သာရှိသော ထိုရွာလေးသည် တောတောင်စိမ့်စမ်းတို့ဖြင့် သာယာအေးချမ်းလှ၏။ ပယောဂဆရာကြီး ဦးနက်ကျော်သည် ထိုရွာ၌ နေထိုင်သည်။ ဦးနက်ကျော်၌ အန္တေဝါသိကတပည့်ကြီး နှစ်ဦးရှိသည်။ မောင်နီနှင့် ကျော်ကြီးဖြစ်သည်။ မောင်နီက ရိုးသားပြီး ပညာကို လိုလားသူဖြစ်သည်။ ကျော်ကြီးကတော့ ကြမ်းကြမ်းတမ်းတမ်း။ ပယောဂအစွဲချွတ်လျှင်ပင် ကြိမ်လုံးကိုအရင်စကိုင်သူဖြစ် ၏။

ဦးနက်ကျော်၏တဲအိမ်ရှေ့ ပျဉ်းမပင်ကြီးအောက် ကွပ်ပျစ်၌ ဆရာတပည့်တွေ ရေနွေးကြမ်းဝိုင်းဖွဲ့နေကြသည်။ ဆရာကြီးဦးနက်ကျော်သည် ဤနယ်တစ်ခွင်တွင် ပယောဂအစွဲချွတ်၊ စုန်းတောက်ဖမ်းစား၊ ဇော်ဂနီ၊ ဇော်ဂနက်ကအစ နိုင်နင်းသူဟုကျော်ကြားသည်။ ရွာနီးချုပ်စပ်မှ လူနာတွေများ နှာခေါင်းကိုက်မှအစ သူ့ထံဆေးလာတောင်းကြ၏။ စင်စစ် ဦးနက်ကျော်သည် အောက်လမ်းဆရာကြီးတစ်ဦးဟုဆိုသော်လည်း သစ္စာတရားကို ဦးထိပ်ထားပြီး မေတ္တာတရားလက်ကိုင်ထားသူဖြစ်သည်။

"စုန်း၊ တစ္ဆေ၊ မြေဖုတ်၊ ကဝေ၊ နတ်ယုတ်တွေဟာ တို့ပယောဂဆရာတွေရဲ့ရန်သူတွေပဲဆိုတာ ငါ့တပည့်တွေ နားလည်ကြပြီပေါ့"

"နားလည်ပါတယ် ဆရာကြီး"

"သူတို့ကိုဘယ်လိုအသုံးချရမယ်၊ ပြီးတော့ နှိမ်နင်းချင်ရင် ဘယ်လိုဆေးဝါးနဲ့ကိုင်ရမယ်ဆိုတာ မင်းတို့နားလည်ပြီလား"

"ပြည့်ပြည့်ဝဝ မဟုတ်တောင် တော်တော်လေးနားလည်နေပါပြီ"

"အေး - လူဆိုတာ သမာဓိရှိလာပြီး တန်ခိုးရှိလာရင် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးကိုတောင် လာစေလို့ ခေါ်လိုက်ရင် လာကိုလာရမယ်ကွ။ ဒါပေမယ့် အကျင့်သီလဖြူစင်တဲ့ အထက်ဆရာကြီးများကသာ ခေါ်ပိုင်ခွင့်ရှိတယ်"

"ကျွန်တော်တို့ကကော ခေါ်လို့မရဘူးလား ဆရာကြီး"

"မင်းခေါ်လို့ကတော့၊ ကျော်ကြီးမင်းကို ဖနောင့်နဲ့ပေါက်သွားမှာပေါ့"

"ဘာဖြစ်လို့လဲ ဆရာကြီး"

"မင်းအခုသင်နေတာက အောက်လမ်းပညာ၊ ခုလတ်ပညာ။ ဒီတော့ ဘယ်သူတွေကို အမိန့်နဲ့ခေါ်နိုင်သလဲ



www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ ဆေးများနဲ့တောက်ပြီးခေါ်လိုက်ရင် စုန်း၊ တစ္ဆေ၊ သရဲ၊ သဘက်တွေမနေနိုင်ဘူး၊ ချက်ချင်းကိုလာရလိမ့်မယ်"

"ဒါဆိုရင် ဆရာကြီးဆေးဝါးများအသုံးပြုပြီး ဘယ်နေရာမှာစီရင်ရပါ့မလဲ"

မောင်နီက မရှင်းသဖြင့် ဝင်မေးသည်။

"ဒီလိုရှိတယ်လေ တပည့်ရ။ မင်းတို့ 'မီး၊ တု၊ လင်း၊ ပြာ' ဆိုတာသိလား"

"သိပါတယ် ဆရာကြီး"

"သိရင်ပြောပြစမ်း"

"မီး=မီးနေထဘီ၊ တု=ရာသီသွေး၊ လင်း=လင်းတပြာ၊ ပြာ=သချိုင်းပြာ"

"အေး-အဲဒါတွေကိုပေါင်းစပ်ပြီးပြာချ၊ နောက် တံစူးဝါးခွက်လုပ်၊ တံစူးဝါးကိုပဲ စုတ်တံလုပ်ပြီး အစွဲဟူသမျှအကုန်ထစေလို့ ရွာတော်ရှင်နတ်ကွန်းအောက်မှာရေးလိုက်ရင်ပဲ အစွဲတွေမနေနိုင်ဘူး။ အကုန်ထလာရတယ် သိလား"

"ထလာကြတော့ ဘာလုပ်ရမှာလဲ ဆရာကြီး"

"မင်းကလည်းကွာ တော်တော်နားဝေးတာပဲ။ ကျော်ကြီး၊ မင်းမိုက်ကယ်ဂျက်ဆင်အခွေကြည့်ဖူးတယ် မဟုတ်လား။ သချိုင်းကုန်းမှာ သရဲတွေထလာပြီး မိုက်ကယ်ဂျက်ဆင်နဲ့အတူကကြတာလေ။ မင်းလည်း သရဲတွေနဲ့အတူ ဖင်လိန်ကကပေါ့ကွ"

"မနောက်နဲ့မောင်နီ၊ ငါကမရှင်းလို့မေးနေတာ"

"ကဲပါ တပည့်တို့ရယ်၊ နောက်မနေကြပါနဲ့။ ဒီလိုကွ၊ အစွဲဆိုတာအဲဒီလို ကိုယ်ကခေါ်လို့လာရရင် ကိုယ်ခိုင်းလို့ရပြီ။ ဥပမာကွာ ဒီဆေးနဲ့ပဲ မမြလေးကို ကြိုက်အောင်လုပ် ပေးလို့ရေးလိုက်ရင် မရဘူးမထင်နဲ့၊ အလိုလို မင်းကိုကြိုက်လာစေရမယ်။ ဆေးက အဲဒီလောက်ပြင်းတာ"

ဆရာကြီး၏ ပညာပေးစကားကိုကြားရသောအခါ ကျော်ကြီးသည် မျက်လုံးများ အရောင်တောက်လာ၏။ သူ့အတွေး၌ မခင်နှောင်း၏ဖြူဖွေးသန့်စင်သောအလှပုံရိပ်က အထင်းသားပေါ်လာသည်။ မခင်နှောင်း၏ ချစ်စရာမျက်နှာလေးက တဝဲလည်လည်။ ပြည့်တင်းသောကိုယ်လုံးလေးက ရင်ခုန်ချင်စရာအတိ။ ဟင်း-ဘယ်တော့များမှာပိုင်ရပါ့မလဲနော်။

"ကျော်ကြီး၊ ဘာကိုတွေးပြီးသက်ပြင်းချနေသလဲ"

"ဘာမှမဟုတ်ပါဘူးဆရာကြီး"

"အေး-ဒီလိုဆိုဆက်ပြီးပြောမယ်။ အောက်နတ်တွေကိုခိုင်းတဲ့အခါ အခုသွားလုပ်ပေးဆိုပြီး အာဏာပါဝါတွေသုံးလို့ခိုင်းရင်ဖြစ်ပါ့မလား"

"ဖြစ်နိုင်မယ်မထင်ပါဘူး"

"ဘယ်ဖြစ်မလဲကွ၊ သူတို့ကိုလည်းသူတို့ကြိုက်တာလေးကျွေးပြီးခိုင်းမှပေါ့။ ဒါမှ သူတို့ကလည်း လုပ်ပေးချင်မှာပေါ့၊ ဆေးတန်ခိုးနဲ့ခိုင်းလို့ တစ်ခါပဲရမယ်၊ ကြောက်လို့လုပ်ပေးရပေမယ့် ကိုယ့်ဘက်ကနိမ့်သွားရင် ကိုယ့်ကိုပြန်ဆော်ပြီမှတ် သိလား တပည့်တို့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"အေး - ရွာတော်ရှင်နတ်စင်မှာသွားရေးတော့ နတ်ကဒီစာကိုဘာဖြစ်လို့မဖျက်နိုင်ရသလဲလို့ မေးစရာရှိတယ်။ သူတို့တွေဟာ တကယ်တော့ နတ်သာဆိုတယ်၊ လူတွေအထင်ကြီးသလောက်တန်ခိုးက္ကဒ္ဓိပါဒ်မရှိပါဘူးကွာ။ လူတွေဆောက်ပေးတဲ့နတ်စင်မှာနေ၊ လူတွေကျွေးတာကိုစားနေရတာ၊ ကိုယ်က သူ့ကိုခိုင်းလို့ကိစ္စပြီးရင် သူ့ကျေးဇူးကရှိတော့ သူ့အကြိုက် လက်ဖက်လေး၊ မုန့်ဖြူ မုန့်နီလေးတင်ပြီး နတ်စင်ကို နံ့သာငါးပါးနဲ့ဖျန်းပြီးဆေးလိုက်တော့ စာကပျက်သွားရော။ ဟုတ်လား တပည့်တို့"

"ဒါနဲ့ ဆရာကြီး၊ ဟိုညက ကျွန်တော်တို့အစီရင်လုပ်လာတဲ့ ဆေးလိပ်သုံးလိပ်က ဘာလုပ်မလို့လဲ"

"မောင်နီအတွက် တစ်လိပ်ကွယ့်၊ ကျန်တဲ့နှစ်လိပ်က လိုသူရှိရင်ပေးရအောင်ပေါ့ကွယ်"

ကျော်ကြီးစိတ်ထဲမှာအောင့်သွား၏။ သူ့ကျတော့မပေး။ ဘာဖြစ်လို့ မောင်နီကိုပေးရသနည်း။ စိတ်ထဲမှာထိန်းမထားနိုင်ဘဲမေးမိသည်။

"ဆရာကြီး၊ မောင်နီ့ကိုဘာဖြစ်လို့ပေးရတာလဲ"

"မင်းမောင်နီကိုမေးကြည့်လေ"

"ဒီလိုကွ ကျော်ကြီးရ၊ ငါကြိုက်နေတဲ့ကောင်မလေး နှင်းမြကို မင်းသိတယ်မဟုတ်လား၊ ရွာတောင်ဘက်ကလေ။ တောထဲရွှေသွားသွားကျင်နေတဲ့ ပုပုလုံးလုံးလေး၊ အဲကောင်မလေးကကြိုက်ချင်ချင်ပါကွာ။ သူ့ကြီးတော်ကြီးက ဝင်ဖျက်နေတယ်။ ခြေထိုးနေတာပေါ့။ ရွှေပွဲစားနဲ့သဘောတူလို့ ငါနဲ့မပေးစားနိုင်ဘူးတဲ့။ ကောင်မလေးက ငါ့ကိုကြိုက်ချင်ပေမယ့် ဘာမှမလုပ်ရဲဘူးဖြစ်နေတယ်။ ဒါကြောင့် ငါဒီဆေးလိပ်တန်ခိုးနဲ့ခေါ်မလို့ပါကွာ"

"ကဲပါ-ငါ့တပည့်ကျော်ကြီးရယ်၊ နောက်တစ်ခါ မင်းကိုဒီထက်စွမ်းတဲ့ဆေး ဆရာကြီးစီရင်ပေးပါ့မယ်။ ဟုတ်ပြီလား"

သည့်ထက်စွမ်းတဲ့ဆေးဟုဆိုလိုက်သောကြောင့် ကျော်ကြီးကျေနပ်သွားရပါတော့သည်။ ဆေးစွမ်းကောင်းများရလို့ကတော့ ခင်နှောင်းရယ် နင်ငါ့ရင်ခွင်ထဲရောက်လာရမယ်မှတ်။

❑

ကြီးတော်၏ သွေးထိုးစကားကြောင့်ဝေခွဲမရဖြစ်နေသော နှင်းမြသည် ပီယဆေး၏အစွမ်းကြောင့် မောင်နီ့ဘက်စိတ်လည်လာ၏။ နှင်းမြရေခပ်အသွားမောင်နီစောင့်နေပြီး စကားပြောသည်။

"နှင်းမြရယ်၊ ငါနင့်အပေါ်ကိုဘယ်လောက်ချစ်တယ်ဆိုတာ နင်သိပါတယ်။ ငါ နင့်အတွက် အလုပ်ကြိုးစားလုပ်ပြီး ငွေစုနေတာကိုလည်း နင်သိပါတယ်။ ငါ့အပေါ် စဉ်းစားပေးပါဟာ"

မောင်နီသည် နှင်းမြအား သနားစဖွယ်ပြောနေရင်း အင်္ကျီအိတ်ထဲမှ ဆေးပေါ့လိပ်ကိုထုတ်လိုက်ပြီး မီးညှိလိုက်သည်။

"ကျွန်မလည်း စဉ်းစားပါတယ် ကိုမောင်နီရယ်။ ကြီးတော်ကြီးက ပူညံပူညံလုပ်နေတယ်ရှင့်။ ကျွန်မမှာ သူ့ကိုအားကိုးနေရတာပါ။ အဖေ၊ အမေကလည်းရှိတော့တာမဟုတ်ဘူး"

နှင်းမြသည် မောင်နီ၏ ညှိုးငယ်နေသောမျက်နှာအားကြည့်ပြီး စိတ်မကောင်းဟန်ဖြင့်ပြောသည်။ ဆေးလိပ်မီးခိုးငွေ့တို့သည် တမြွေမြွေလွင့်လျက် နှင်းမြမျက်နှာပြင်အား ဖြတ်သန်းသွားသည်။ ရုတ်တရက် နှင်းမြမျက်ဝန်းအစုံသည် ကြည်လင်လာသည်။ အရောင်တဖျပ်ဖျပ်တောက်ပလာပြီး မောင်နီ့အား မျက်လုံးရွဲကြီးများဖြင့် ဝင့်ဝင့်စားစားကြည့်မိသည်။ သူမ၏ရင်ခုန်သံသည် တဒိတ်ဒိတ်နှင့်ပုံမှန်မဟုတ်တော့။

"ကိုမောင်နီ၊ ကျွန်မကို တကယ်ချစ် တာလားဟင်"

"ချစ်တာပေါ့ နှင်းမြရယ်။ ငါ နင့်ကို တစ်သက်လုံး သားမှတ်မှတ်မယားမှတ်မှတ်ပေါင်းမှာပါ။ သစ္စာဆိုဝံ့ပါတယ်ဟာ"

"ဒါဆိုရင် ညကျအိမ်တောင်ဘက်မန်ကျည်းပင်အောက်ကနေစောင့်နေ။ ကျွန်မအဝတ်အစားတွေယူပြီး ဆင်းလာခဲ့တော့မယ်။ ကြီးတော်ကြီးဆူချင်ဆူ

www.burmeseclassic.com

ပစေတော့။ ညကျဆက်ဆက်လာခဲ့နော်။ ယောကျ်ားတွေ ကတိမတည်ရင် မကြိုက်ဘူး"

မောင်နီ သိန်းထီပေါက်သကဲ့သို့ ဝမ်းသာသွားသည်။ သူသည် ကတုန်ကယင်အသံကြီးဖြင့် -

"ငါဆက်ဆက်လာခဲ့ပါမယ်၊ကတိတည်ပါတယ်ဟာ။ နှင်းမြတကယ်ပြောတာနော်၊ ဒါဖြင့် နင်ငါ့ကိုပြန်ချစ်တယ်ပေါ့"

"ကျားကိုက်ပါတယ်ဆိုမှအပေါက်ကြီးနဲ့လားလို့ မေးနေရသေးတယ်။ တကတဲတော်"

နှင်းမြက ရှက်စနိုးပြောရင်း ပြုံးပြပြီး ရေအိုးလေးပိုက်လို့ထွက်သွား၏။

မောင်နီတစ်ယောက် ငါ့ဟဲ့ယောကျ်ားဟု စိတ်ထဲကကြုံးဝါးမိသည်။ ရေတွင်းသို့ထွက်ခွာသွားသော နှင်းမြ၏ နောက်ပိုင်းအလှအား ငေးကြည့်ရင်း မောင်နီ ရင်ခုန်သံတွေမြန်သထက်မြန်လာသည်။ညမြန်မြန်ရောက်ပါစေတော့။

❑

ဆရာကြီး ဦးနက်ကျော်အား မောင်နီနှင့်နှင်းမြတို့ ကန်တော့ကြသည်။ ဆရာကြီးက သူတို့လင်မယားအား ဆုများပေးနေ၏။

"ဒီလင်မယားအိုအောင်မင်းအောင် ပေါင်းကြရပါစေကွယ်။ တစ်ယောက်နဲ့တစ်ယောက် အပြစ်တွေ့ရင်လည်း သည်းခံခွင့်လွှတ် ကြားလား။ မောင်နီကလည်း နှင်းမြမကြိုက်တာမလုပ်နဲ့။ နှင်းမြကလည်း ကိုယ့်လင်သားအပေါ်ရိုသေပြုစုသစ္စာရှိကြ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဆရာကြီးဦးနက်ကျော်သည် သူ့တပည့်စုံတွဲအား ငွေစက္ကူတစ်ထပ်ချီးမြှင့်သည်။

အိမ်ထောင်တည်ခါစ လိုအပ်တာဝယ်ကြဟုပြော၏။ ထိုမြင်ကွင်းအားကြည့်ပြီး ကြိတ်မနိုင်ခဲမရဖြစ်နေသူက ကျော်ကြီးဖြစ်သည်။ မောင်နီတို့လင်မယား အိမ်ပေါ်မှဆင်းသွားသည်နှင့် ဆရာကြီးအနီး၌ထိုင်လိုက်သည်။

"ဆရာကြီး၊ ကျွန်တော့်အတွက်လည်းလုပ်ပေးပါဦးလေ။ မောင်နီတော့ စွံသွားပြီ"

"ငါ့တပည့်၊ လောကကြီးမှာ သစ္စာတရားက အရေးကြီးတယ်။ မင်းဘယ်လောက်ကတိသစ္စာတည်နိုင်မှာလဲ"

ဆရာကြီး ဦးနက်ကျော်သည် ကျော်ကြီးအားစေ့စေ့ကြည့်ရင်း မျက်စိမှိတ်လိုက်သည်။

သူ၏ဆေးဝါးအစောင့်အရှောက်များက ကျော်ကြီး၏ အနာဂတ်အား တီးတိုးပြောနေသလိုလို။

"စိတ်ချပါ ဆရာကြီး၊ ကျွန်တော် ကတိတည်ပါမယ်။ ကျွန်တော်ချစ်တဲ့ မိန်းကလေးကိုရအောင်စွမ်းဆောင်ပေးပါခင်ဗျာ"

"အေးအေး - အချိန်အခါကျရင် လုပ်ပေးရတာပေါ့ကွာ။ အခါကောင်းကိုစောင့်"

ဦးနက်ကျော် ဒါပဲပြောပြီး သံဆုံထဲသို့ဆေးမှုန့်များထည့်၍ ညက်အောင်ထောင်းနေတော့သည်။ ကျော်ကြီးလည်း ဘာမှဆက်မပြောရဲတော့ဘဲ ဘေးမှနေ၍ကူညီနေရ၏။

ဆေးတစ်ဖုံဖော်၍ပြီးသွားမှ ဆရာကြီးဦးနက်ကျော်စကားပြန်စသည်။

"ဂူဏ္ဏသိုင်္ချိုနဲ့ ပတ်သက်တဲ့ ပညာတွေဟာ အောက်လမ်းနည်းတွေပဲကွယ့်။ ဒီပညာကို အသုံးချတဲ့နေရာမှာ အင်မတန် သစ္စာရှိဖို့လိုတယ်။ ကာမပိုင်လင်ယောကျ်ားရှိတာများကို စိတ်နဲ့တောင် မပြစ်မှားအပ်ဘူးကွယ့်။ လူတွေက အောက်လမ်းဆရာဆိုရင် လူကိုသတ်တယ်၊ သစ္စာမရှိဘူး၊ လူတွေကိုနှိပ်စက်ပြုစားတယ်ထင်ကြတယ်။လုပ်တဲ့လူတွေလည်း ရှိပေမပေါ့။ ဒါပေမယ့် ငါတို့ဆရာစဉ်အဆက်ဆက်က မိန့်ကြားခဲ့တာ ဂန္ဓာရီဝိဇ္ဇာနှစ်မျိုးမှာ ငါတို့စူဠဂန္ဓာရီလိုင်းဟာ ဖုတ်ကြီးလေးဆယ်၊ ကဝေကိုးဆယ့်



ကိုးမျိုး၊ သုံးဆယ့်ခုနစ်မင်း၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗ စတဲ့ အောက်နတ်ပုဂ္ဂိုလ်တို့ကို စွဲပြီးပြုလုပ်စီရင်ကြရတယ်။ အင်း၊ အိုင်၊ မန္တန်၊ ဂါထာ၊ မန္တရား၊ လက်ဖွဲ့၊ ခါးလှည့်၊ မှော် စသည်ဖြင့် အသုံးပြုသူ မှော်ဆရာ၊ပယောဂဆရာ၊အောက်လမ်းဆရာ၊ အကြမ်းဆရာ ဆိုပြီး အမျိုးမျိုးရှိကြတယ်ကွ။ အေး - မဟာဂန္ဓာရီဆရာကြီးများကတော့ သူရဿတီမယ်တော်ကြီးမှစ၍ ဒေဝီနှစ်ဆယ်၊ သာသနာစောင့်နတ်မင်းကြီးငါးပါး၊ စတုလောကပါလနတ်မင်းကြီးလေးပါး၊ ဘိုးတော်သိကြားမင်းမှစ၍ အထက်နတ်၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့ကို တိုင်တည်ပြီး သိဒ္ဓိအကျိုးအတွက် ကြိုးစားလုပ်ဆောင်နေကြတယ်။ သူ့ပညာလိုင်းမှာ သူ့အထိန်းတော့ရှိကြတယ်။ မှားရင်အပြစ်ပေးခံရတယ်။ သမာဓိသစ္စာရှိရတယ်။ ရှင်းလားကွယ့် မောင်ကျော်ကြီး"

"ရှင်းပါတယ် ခင်ဗျာ"

"တို့ပညာမှာ ရုပ်ထား၊ နံ့ထား၊ ခြေရာကောက်၊ မျက်စောင်းထိုးဆိုပြီး အများကြီးပါပဲကွာ။ တောမှာနေတဲ့သူတွေဆိုတော့ တစ်ခါတလေ ဖိနပ်မပါဘဲ ရွာထဲ ရွာပြင်သွားကြတဲ့အခါ မြေပျော့မှာ ခြေရာထင်ကျန်ခဲ့လေ့ရှိတယ်။ အဲဒီခြေရာမြေကိုယူ၊ မသာပတ်စာဆိုတာ မသာချရင် ဆိုင်းလေးခါးပြတ်ဝိုင်းလေးပါတယ်မဟုတ်လား။ အဲဒီဆိုင်းကဗုံမှာ ကပ်ထားတဲ့ပတ်စာကိုခေါ်တာ။ ခြေရာမြေနဲ့မသာပတ်စာရောပြီး အရုပ်လုပ်၊ အရုပ်ဝမ်းထဲမှာ ကိုယ်မလိုတဲ့သူရဲ့နံကိုသွင်း၊ ရင်ဘတ်မှာအမည်ရေး၊ ဘုရားပလ္လင်အောက်မှာ တွင်းဆယ်ချက်ပြည့်အောင်တူးပြီး အရုပ်ကိုထည့်၊ ပြီးရင် ဆီးခက် (၁၀)ခက်ထည့်ထားခဲ့တော့။ တစ်ဖက်မှာ လိမ့်နေအောင်ခံရလိမ့်မယ်သိလား။အဲဒါကခြေရာကောက်ပညာလို့ခေါ်တယ်။

ရုပ်ထားပညာကတော့ မလိုသူရဲ့ ခြေရာမြေကိုယူပြီး မြေဖယောင်းနဲ့ရောလို့ အရုပ်လုပ်၊ ဆူးခုနစ်မျိုးထိုး၊ ကြက်ကြောက်ဆိုတာ ကြက်ပွဲမှာကြောက်ပြီး ပြေးတဲ့ကြက်ကို ရင်ခွဲပြီး အရုပ်ကိုထည့်၊ ပြီးရင် ချည်ခုနစ်ပတ်ရစ်၊ တံစူးဝါးကို တံစို့လုပ်ပြီး ကြက်ကို ထုတ်ချင်းပေါက်ထိုး၊ လမ်းဆုံမှာဖြစ်စေ၊ နတ်ရဲပင်မှာဖြစ်စေ တွင်းတူးမြှုပ်၊ ဖွဲတစ်ဆုပ်၊ ဝါဧတစ်ဆုပ်အောက်မှာခံပြီးရေတစ်ခွက်လောင်းပြီးတာနဲ့ ပြန်လှည့်မကြည့်နဲ့နော်၊ တစ်ခါတည်းပြန်ခဲ့။ တကယ်စွမ်းတဲ့ညာတွေ



www.burmeseclassic.com

www.burmeseclassic.com

ကွယ့်။ ဒါပေမယ့် ဒီပညာတွေကို အသုံးချရာမှာ ဘယ်လိုလူတွေအတွက်လဲဆိုတော့ မကောင်းသောအယူဝါဒအားကြီးသူ၊ ရတနာသုံးပါးကို မရိုသေ စော်ကားသောသူ၊ ပြည်ရွာမချမ်းသာအောင် မွှေနှောက်သောသူ၊ သူတစ်ပါးအသက်ကိုထင်သလိုသတ်ဖြတ်နေသူ၊ သူတစ်ပါးသားမယားအား အကြိမ်ကြိမ်ဖျက်ဆီးသူ၊ ပစ္စည်းဥစ္စာအရှိန်အဝါဖြင့် အနိုင်ကျင့်သူ၊ ကိုယ့်ကိုမျက်ရည်ပေါက်ကြီးငယ်ကျအောင် သုံးကြိမ်သုံးခါပြုခဲ့သောသူကိုဆိုရင် ဆုံးမပိုင်ခွင့်ရှိတယ်။ ဒါကျိန်စာဆိုရတယ်သိလား တပည့်ကြီး"

ကျော်ကြီးသည် ဆရာကြီးဦးနက်ကျော်၏ သင်ပြမှုအား စိတ်ထဲမှာမှတ်လိုက်၊ ခင်နှောင်း၏မျက်နှာလေးကိုမြင်လိုက်ဖြင့် စိတ်များကတောင်ပြေးမြောက်ပြေးဖြစ်နေ၏။

"အေး-မြွေအလမ္ပာယ်ဆရာများဟာ ပြပါများတော့ မြွေနဲ့ပဲသေတတ်သလို တို့ဆရာတွေလည်းသတိကြပ်ကြပ်ထားကြရမယ်။ သစ္စာမဲ့တဲ့ဆရာတွေဟာ သူ့လမ်းသူသွားလိမ့်မယ်။ ဣတ္ထိယသျှိပညာ ဆိုတာဟာ အောက်လမ်းပညာနဲ့ အစိမ်းသရဲတွေကိုခိုင်းတဲ့ပညာပဲ"

မိန်းမတွေနှင့်ပတ်သက်သည့်ပညာဆို၍ ကျော်ကြီးတစ်ယောက် ခေါင်းပြန်ထောင်လာ၏။ ဟိုရောက်သည်ရောက်ဖြစ်နေသောသူ့အတွေးတို့ လွင့်ပျောက်သွားသည်။

"အေး-အစိမ်းသရဲတွေကိုခိုင်းတဲ့နေရာမှာ အမျိုးအစားခွဲပြီးခိုင်းတတ်မှကောင်းတာ။ ဘီလူး၊ သဘက်တို့ကို ဘယ်လိုအမည်ပေးထားလဲ"

"တောသူလို့ ခေါ်ကြပါတယ် ဆရာကြီး"

"ဖုတ်ဆိုတာ ဘယ်လိုသတ္တဝါမျိုးလဲ"

"တစ္ဆေ၊ ပြိတ္တာတွေပါ ဆရာကြီး"

"အစိမ်းအဝါးဆိုတာကကော"

"သရဲတွေကိုခေါ်တာပါ"

"တစ္ဆေ၊ မှင်စာဆိုတဲ့သတ္တဝါမျိုးတွေဟာ စတုမဟာရာဇ်အောက်ဆုံးအဆင့် နတ်ယုတ်၊ နတ်ညံ့မျိုးတွေဟာ လူတွေကိုအကြီးအကျယ်အန္တရာယ်မပြုနိုင်ဘူး။ ခြောက်လှန့်ရုံ၊ ခေါင်းမူးရုံ၊ ကလေးငယ်ငယ်လေးတွေကို ငိုလောက်ရုံသာ တတ်နိုင်ကြပါတယ်။ ထမင်း၊ ဟင်းလေးစက္ကူခင်းပြီးကျွေးလိုက်တာနဲ့ အလှန့်ခံရတဲ့ ကလေးပျောက်သွားလိမ့်မယ်။ ကောင်းပြီ၊ ဣတ္ထိယသျှိပညာကိုအသုံးပြုတော့မယ်ဆိုရင် အစိမ်းသရဲ၊ သဘက်တွေကိုခေါ်ခိုင်းမှ အပ်စပ်တာကလား။ အေး - ဒါပေမယ့် သူတို့လည်းလူလိုပဲ၊ တချို့ကောင်တွေဆို သရဲ သဘက်သာဆိုတယ်။ဘိန်းစားလောက်မှအစွမ်းသတ္တိမရှိဘူး။ အဲဒီလိုကောင်မျိုးတွေကိုကျွေးပြီးခိုင်းလို့အပိုပဲ။ဒီတော့ ဘယ်အကောင်ဟာပိုပြီးကြမ်းသလဲ၊ အဲဒီအကောင်မျိုးကိုရွေးပြီးခိုင်းတတ်ရတယ်။ လူတွေထဲက သတ္တိကောင်းတဲ့သူတစ်ယောက် မိမိကိုယ်ကို ကြိုးဆွဲချသတ်သေခဲ့ရင် အဲလိုအကောင်မျိုးမြေမကျခင် အသာတက်ပြီး ဆံပင်၊ ခြေသည်း၊ လက်သည်းဖြတ်ပြီး အစာကျွေးလို့မွေးထား။ ခိုင်းလို့ကောင်းတယ်။ တစ်ယောက်နဲ့တစ်ယောက် ဓားချင်းယှဉ်ခုတ်လို့သေတဲ့ မသာများရခဲ့ရင်လည်း အဖိုးတန်ပြန်ရောသိလား။

ဒါပေမယ့် သူတောင်းစားကဘုရင့်သမီးတော်ကို ဒီပညာနဲ့ရလိမ့်မယ်ထင်ပြီးသွားမလုပ်နဲ့။ သီလသရဏဂုံလုံခြုံတဲ့မိန်းကလေးမျိုးကို ငါ့ပညာဟုတ်လှပြီဆိုပြီးသွားမစမ်းနဲ့။ ကျွမ်းထိုးမှောက်ခုံဖြစ်ပြီးပြန်လာရလိမ့်မယ်။ မင်းတို့ကအတင်းအကျပ်ခိုင်းလေ ဟိုကောင်ကမလုပ်ရဲလေဖြစ်ပြီး နောက်ဆုံး ကိုယ့်ကိုပြန်စားသွားလိမ့်မယ်။ ကိုယ်နဲ့တန်ရာတန်ရပဲကောင်းတယ်၊ ဖျက်လို့ဖျက်ဆီးအကြံတွေနဲ့လုပ်ခဲ့ရင် ဘေးကြီးကြီးတွေ့တတ်တယ်နော်"

ဆရာကြီး ဦးနက်ကျော်သည် ကျော်ကြီး၏ စိတ်အကြံအား သိနှင့်နေသည့်အလား ဆုံးမနေပါသည်။ ကျော်ကြီးကတော့ ဘယ်နေ့မှာများ ဆရာကြီးက သူ့အတွက်စီရင်ပေးလိမ့်မည်နည်းဟု စဉ်းစားရင် အကြံထုတ်နေပါ၏။

❑

မောင်နီသည် ဆရာကြီးဦးနက်ကျော်အပေါ် ဆရာအနေဖြင့် သံယောဇဉ်ကြီး၏။ အိမ်ထောင်ကျသွားပေမယ့် သူ့လုပ်ငန်းပြီးသည်နှင့် ဆရာကြီးအိမ်သို့ လာရောက်ပြီး ထင်းခွဲ၊ ရေခပ်မှအစ အောက်ခြေသိမ်း လုပ်ကိုင်ပေးသည်။ စားဦးစားဖျား ဟင်းကောင်းရလျှင် တစ်ခွက်အမြဲပို့သည်။ ယခုလည်း ကြက်သားဟင်းချက်သည်မို့ ဆရာကြီးစားဖို့လာပို့သည်။

"ငါ့တပည့်၊ မင်းတို့အဆင်ပြေရဲ့လား"

"ပြေပါတယ်ဆရာကြီး။ နှင်းမြကဟိုတုန်းကနဲ့ မတူပါဘူး၊ ကျွန်တော့်အပေါ် အလွန်ပဲမေတ္တာပိုပါတယ်"

"ကောင်းပါတယ်တပည့်ကြီးရယ်၊ ကိုယ်ကဆေးဝါးနဲ့သိမ်းသွင်းတယ်ဆိုပေမယ့် သူ့အပေါ်ထားတဲ့မေတ္တာကမှန်လေတော့ သူကလည်း မေတ္တာပြန်ထားတာပေါ့။ ကဲကဲ - ရောက်တုန်းပညာခန်းလေးတွေပြောရတာပေါ့ လိုက်မှတ်။

တို့ဆရာတွေဟာ အစီအရင်ကိစ္စတွေကို ဆောင်ရွက်တော့မယ်ဆိုရင် အဝင်၊ အထွက်၊ ခပါဒ်နက္ခတ်တွေကိုသိထားရမယ်။ ပြီးတော့ ဥပါဒ်၊ မိတ္တူ၊ ကာဏရွေးတတ်ရမယ်"

"ကျွန်တော့်ကိုသင်ပြပေးပါ ဆရာကြီး"

"မင်းဟာသစ္စာရှိတဲ့တပည့်ဖြစ်လို့ သင်ပေးရတာပေါ့။ စာအုပ်နဲ့လိုက်မှတ်။

စစ်ချီစစ်သွား၊ ခရီးသွားနှင့်ယတြာဆင်ခြင်း၊ နားထွင်းဆံရိတ်၊ ကောက်ရိတ်ပျိုးကြဲအမြဲဆောင်အပ် ထွက်နက္ခတ်။

သိမှတ်စရာ ရာဇသဗ္ဗ သျှိသုံးဝနှင့် ပိယအရာ မင်္ဂလာနာမ နေဥစ္စာတန်ဆာဝတ်ဆင် နက္ခတ်ဝင်တည်း။

ထို့ပြင်တစ်ဖြာ ကာယသိဒ္ဓိအစရှိသား အန္တိမရှိန်း အဟိန်းမခြား ဆေးဝါးဆေးဖော်တော်လျော်သင့်မြတ် ဝရခပါဒ်ဆောင်ရွက်အပ်သည်၊ သိမှတ်လူတို့ပညာတည်း။

စန်းယှဉ်နက္ခတ်ရွေးပုံကိုသင်ခဲ့ပြီးပြီးနော်။ ဒီတော့ စုတ်၊ ဥပါဒ်ကို ပြောရဦးမယ် မှတ်ထား။

ဥပါဒ်ဘေးပြု မိတ္တူကားသေ၊ ပျက်ရေးကာဏ၊ အမြိတ္တမှာ ကောင်းမြတ်ရာ၏။ လာဘမှာလာဘ်၊ သိဒ္ဓိမြင်ဘိ လိုရာပြီးစီး၊ နတ်ကြီးပြီး၏။ ဝရနတ်ကြီး စည်းစိမ်လာဘ ဟောနည်းပြသည် မုချမှန်၏တည်း။

ပြီးတော့ အမြင်အကန်းနက္ခတ်ကိုလည်း သိထားရမယ်။

တစ်ဖက်ကန်းကား ဘုရား၊ တန်ဆောင်း၊ ဂူကျောင်းဇရပ်တည်ခြင်းပြုအပ်။

နှစ်ဖြာမမြင် အကန်းတွင်ကား ရိပ်ဝင်ဆာယာပဌာနာနှင့် ကာယသိဒ္ဓိပြီးစီးအောင်စွမ်း။

ချမ်းသာကြည်လင် နှစ်ဖက်မြင်ကား ချစ်ခင်ဆပွား သနားကြင်နာ ဣတ္ထိယာနှင့် ရာဇသဗ္ဗဟူသမျှကို လိုရာစီရင်ပြီးအောင်မြင်၏။

ဒီတော့ ဆရာကြီးတို့စီရင်တဲ့ ပီတ



www.burmeseclassic.com

www.burmeseclassic.com

သျှိုပညာဟာ 'အဝင်နက္ခတ်၊ ဥပါဒ်မိတ္တူ၊ နှစ်ဖက်မြင်နက္ခတ်တွေမှာဆောင်ရွက်မှ အောင်မြင်နိုင်မယ်။ အဲဒီလိုနေ့မျိုးကို စောင့်ရတယ်"

"ဆရာကြီး၊ ဆရာကြီး"

"ဟေ့ကောင် ကျော်ကြီး၊ ဘာတွေဖြစ်လာတာလဲ၊ အမောဖြေပါဦး"

"ဟို. . . ဟို ရွာတောင်ဘက်က ဒေါ်ကြီးလှသမီး အေးအေးခင်လေ သေပြီ။ အဆိပ်သောက်သေတာ။ ပိုလီသုံးပုလင်းသောက်လိုက်တာ အမြှုပ်တစီစီထွက်ပြီးဆေးတောင်မမီဘူး"

အေးအေးခင်သည် ရုပ်ရည်သနားကမားရှိသော်လည်း ဆတ်ဆတ်ကြဲမိန်းကလေးတစ်ယောက်ဖြစ်သည်။ မဟုတ်မခံ ကက်ကက်လန်သဖြင့် အေးအေးခင်နှင့်ယှဉ်ပြီး ရန်ဖြစ်ရဲသူမရှိ။ အသက် (၁၉) နှစ်ခန့် အပျိုလေးဖြစ်သည်။ ယခု မအေဖြစ်သူ ဒေါ်ကြီးလှက ဆူသည်ကိုရှက်သည်ဆိုပြီး ပိုးသတ်ဆေးသောက်လိုက်ခြင်းဖြစ်၏။ အစိမ်းသေဖြစ်၍ ရွာလေ့အရ ချက်ချင်းပင် အသုဘကိစ္စအားစီစဉ်ရ၏။

ကျော်ကြီးက ဒီတစ်ကွက်တော့ သာသည်။ ဆေးဝါးဖော်စပ်ဖို့အတွက် သတင်းကိုအမြဲတမ်းစုံစမ်းနေခြင်းဖြစ်၏။

❑

သစ်ပုတ်ရွာသင်္ချိုင်းသည် ရွာ၏ အနောက်ထောင့်၌ တည်ရှိသည်။ တောင်ကုန်းတချို့သည် သင်္ချိုင်းအား ကျော ထောက်နောက်ခံပြုနေကြ၏။ ကုက္ကိုပင်၊ ပျဉ်းမပင်၊ ညောင်ပင်၊ သစ်ရာပင်ကြီးများနှင့် အုပ်ဆိုင်းနေသည်။ ဘာဏုရာဇာနေမင်းကြီးသည် ဧရာဝတီမြစ်အား မေးတင်လျက် အညာသီဟတောဘုရားအား ဦးခိုက်ပူဇော်နေ၏။ တစ်ဖက်ကမ်းမှ ဘိုးတော်၊ ဘွားတော်တောင်သည် နေမင်းကြီးအား မျှော်ကြည့်နေကြသည်။ မြစ်တွေးငှက်တချို့ အစာရှာရာမှ အရှေ့ဘက်ကမ်းသို့ အိပ်တန်းပျံကြပြီ။ သင်္ချိုင်းကုန်းအလယ် ကုက္ကိုပင်ကြီး၌ ကျီးငှက်တို့အိပ်တန်းလု နေကြသည်။

သစ်ပုတ်ရွာသင်္ချိုင်းသို့သွားရာလမ်း၌ တောစိုးကျွန်းပင်ကြီးတစ်ပင်ရှိသည်။ နတ်ရဲသည်ဆိုပြီး ထိုကျွန်းပင်ကြီးအား မည်သူမျှမခုတ်ရဲကြ။ ထိုကျွန်းပင်၌ နတ်စင်ရှိသည်။ နေဝင်ရီတရောအချိန်ကျလာ၏။ လေပြည်သည် ဟိုသည်ဆော့ကစားရင်း နှော့နှော့လေး တိုက်ခတ်နေသည်။

ဆရာကြီးဦးနက်ကျော်နှင့် ကျော်ကြီးတို့နှစ်ယောက် ထိုနတ်စင်၌အလုပ်ရှုပ်နေကြသည်။ ကျော်ကြီးက အုန်းသီးတစ်လုံး၊ ငှက်ပျောသုံးဖီး၊ ကွမ်း၊ လက်ဖက်၊ ဖယောင်းတိုင်၊ အမွှေးတိုင်များပြင်နေသည်။

"ဆရာကြီး၊ ပွဲပြင်ပြီးပါပြီ"

"အေး၊ အေး - ဒါဆို မင်းဖယ်တော့၊ ငါဆက်လုပ်မယ်"

ဦးနက်ကျော် ပွဲကို နတ်စင်ပေါ်တင်လိုက်သည်။ ဖယောင်းတိုင်၊ အမွှေးတိုင်များထွန်းလိုက်၏။

"ဤကျွန်းပင်နတ်နန်းမှာနေထိုင်သောပုဂ္ဂိုလ်ကြီးခင်ဗျာ။ ကျုပ်တို့ ဒီညသင်္ချိုင်းကုန်းမှာ အစီအရင်တစ်ခုပြုလုပ်မှာဖြစ်၍ ကူညီပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အနှောင့်အယှက်များဖြစ်ပေါ်လာခဲ့လျှင်လည်း ကူညီပြီးဖယ်ရှားပေးပါ။ သင့်အား ကျွန်ုပ်တို့က အုန်း၊ ငှက်ပျောပွဲ၊ ကွမ်း၊ ဆေး၊ လက်ဖက်များဖြင့် လျှုဒါန်းပသပါတယ်၊ တောင်းပန်ပါ၏။ ကူညီပေးပါခင်ဗျာ"

ဆရာကြီးဦးနက်ကျော်သည် ထိုနတ်နန်းအား အရှိအသေးပေးလိုက်ပြီး နောက်ဆုတ်၍ထွက်လိုက်သည်။

"ငါတို့ ညဉ့်သန်းခေါင်ရောက်ရင် သင်္ချိုင်းကိုသွားကြမယ်။ ခုတော့ အိမ်ပြန်မယ်"

အိမ်ရောက်သော် ဦးနက်ကျော်သည် သူ၏ပယောဂနိုင်ဆေးကြိမ်လုံးအားယူပြီး ရွာမြောက်ဘက်သို့ထွက်လာခဲ့ကြသည်။ ရွာမြောက်ဘက်၌ မြစ်ကမ်းရွာများသို့သွားသော လှည်းလမ်းနှင့် ဝါးဖြူတောင်ဘက်သို့သွားသောလှည်းလမ်းလေးခွဆုံရှိ၏။ ထိုနေရာသို့ရောက်သောအခါ ဆောင့်ကြောင့်ထိုင်ပြီး ကြိမ်လုံးကို လက်နှစ်ဖက်နှင့်မြှောက်ကိုင်၏။

"ဦး-အရှေ့တစ်ပင်တိုင် ရိပ်မြိုင်စိုးလှ တန်ခိုးကြီးစွ ဟယ်ဒေဝ၊ ငါ၏ရန်သူ ခုမူ မကြာ နှိမ်နင်းပါလော့။ မကြာထောင်းထောင်း မင်းစေကောင်း လျှင်ကြောင်းသိဒ္ဓိတိုက်၊ လျှင်ကြောင်းသိဒ္ဓိတိုက်"

ဆရာကြီးဦးနက်ကျော် လမ်းလေးခွဆုံ၌ ထိုဂါထာအား (၁၀၈)ခေါက်ရွတ်ဆိုပြီး ဆေးကြိမ်လုံးအား သိဒ္ဓိတင်နေ၏။ ပြီးစီးသောအခါ ဆရာတပည့်နှစ်ဦး အိမ်ပြန်ပြီးထမင်းစားကြသည်။ ကျော်ကြီးကတော့ ဒီညဆေးစီရင်သည့်ကိစ္စအဆင်ပြေပါစေဟု ဆုတောင်းနေသည်။ ဒါမှ သူနှင့် ခင်နှောင်း နီးရတော့မည်မဟုတ်လား။ သူကသာ တစ်ဖက်သတ်စိတ်ကူးယဉ်နေသည်။ ခင်နှောင်းကတော့ သူ့အားရှိသည်ဟုတောင်မထင်ပါ။

ကျော်ကြီးကဲ့သို့ လက်ပြင်ကုန်းလူကောင်ကြီးကြီးမည်းမည်းကျုတ်ကျုတ်ကို သူမစိတ်မဝင်စားသည်က အထူးအဆန်းမဟုတ်။ ခင်နှောင်း၏ဖြူဝင်းသောမျက်နှာ၊ ပြည့်တင်းသောကိုယ်ခန္ဓာအားမြင်ရလေ ကျော်ကြီးမှာ ထိန်းမနိုင်သိမ်းမရ စိတ်တွေဖောက်ပြန်လေဖြစ်သည်။

❑

ညဉ့်ငှက်တို့ ဟိုမှသည်ပျံသန်းရင်း တကီးကီးအသံပေးကာ အစာရှာနေကြသည်။ သင်္ချိုင်းကုန်းအနီး ပျဉ်းမပင်ကြီးပေါ်ရှိ ဇီးကွက်ကြီးတစ်ကောင်သည် ဆရာတပည့်နှစ်ယောက်လာနေသည်ကို စူးစိုက်ကြည့်နေ၏။ အနီးရောက်မှ ဝုန်းခနဲထပျံသည်။အနီးရှိချုံပုတ်တို့ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ အောက်လမ်းဆရာများ အကာလညအခါ သွားလာလျှင် အမနုဿ၊ ပရလောကသားများ လှုပ်လှုပ်ရှားရှားဖြစ်တတ်၏။ သူတို့တွင် ပရလောကသားများအားနိုင်သည့် ဆေးဝါးများပါလာ၍ဖြစ်သည်။

မြေပုံသည် လတ်လတ်ဆတ်ဆတ်ဖြစ်သည်။ မှတ်တိုင်မှာ အေးအေးခင် အသက်(၁၉)နှစ်ဟု ဆေးအဖြူနှင့်ရေးထားသည်။ ကျော်ကြီးက ခေါပတောင်းခွက်ကြီးထဲသို့ အမဲသားအတုံးကြီးကြီးခုနစ်တုံး၊ ငါးစိမ်းအတုံးကြီးခုနစ်တုံး၊ထမင်းခုနစ်ဆုပ်၊ ရေတစ်ဖလားအား မြေပုံပေါ်သို့တင်လိုက်သည်။ ပြီးနောက် ဆရာကြီး ဦးနက်ကျော်အား လှည့်ကြည့်လိုက်သည်။ ဆရာကြီးက လက်ပြ၍ နောက်ဆုတ်ခိုင်းလိုက်သည်။ မြေပုံဦးခေါင်းမှာ ဆောင့်ကြောင့်ထိုင်၍ -

"ဦး - သိကြားမင်းလက်ညှိုး၊ ထနောင်းတစ်ပင်၊ အင်ကြင်းပင်နှင့် အင်ပင်လေးထောင့်စောင့်သည့်ဘီလူး၊ စူးစူးလည်းလာ၊ မိစ္ဆာအဖော် ဟဲ့ငကျော် ငနက် တေဇရှိသမျှတို့ နင်တို့ကိုလျှင်စားဦးတင်မယ်၊ စတုဒိသာလေးမျက်နှာက ရှိသမျှနင်တို့အဖော် အကုန်ခေါ်လော့၊ ဇဟိဘတ္တာ၊ ဇဟိမမ္မံ၊ ဇဟိသံဃံ ဘုဥ္စဟိ၊ ဇဟိဇဟိ၊ စားကြသောက်ကြ၊ ငါပြောတိုင်း ငါစေတိုင်း နားထောင်ကြကုန်လော့"

ဆရာကြီး ဦးနက်ကျော်သည်



www.burmeseclassic.com

www.burmeseclassic.com

...တောင်းခွက်အားခေါက်၍ အစာ ...နေပါ၏။ ပြီးသောအခါ နေ့လယ် ...အိပ်မှာစီရင်ထားသော ဖုတ်သွင်း ...ယောင်းတိုင်နှစ်တိုင်အား ခေါင်း ... တစ်တိုင်၊ ခြေရင်းတစ်တိုင်ထွန်း ...၏။ ပြီးနောက် ဖုတ်ခေါ်ဂါထာ ...(၃၇) အုပ်ပြည့်အောင် ရွတ်ဆိုမန်း ...နေပါတော့သည်။ ဖုတ်ခေါ်ဂါထာ ...ပြီးသောအခါ မြေပုံ၏ခေါင်းရင်း ...တင့်ကြောင့်ထိုင်ပြီး ဖုတ်သွင်းဂါထာ ...ပြန်သည်။

"ဥ - ပစ္စသုံ ပစ္စဟံ ပစ္စတာ ဧဟိ ...တန ကမ္ဘ သိဒ္ဓိကိစ္စထနိစအ"

ဆရာကြီးဦးနက်ကျော် ထိုဂါထာ ... အသံပြင်းပြင်းမာန်ဖြင့်ရွတ်ဆိုနေ ...ကျော်ကြီးသည် ငှက်ကြီးတောင်ဓား ...တိုင်ပြီး ဒူးထောက်မုဆိုးထိုင်ထိုင် ... မြေပုံအား မမှိတ်မသုန်ကြည့်နေ ... ဦးနက်ကျော်ရွတ်နေသည့် ဂါထာ ...ခေါက်ကျော်လာသောအခါ မြေပုံ ...တိုင်သည် ရုတ်တရက် ယိမ်းခါသွား ...၊ ကျော်ကြီးက နဂိုကတည်းကမှ ...မိုက်ကန်းကန်းနှင့်ကြောက်တတ်သူ ...တတ်၍ ဓားကိုမြှောက်ပြီးကြည့်နေ၏။ ...မှတ်တိုင်လှုပ်ခါသွားသည်နှင့် ဆရာ ...၏ဂါထာရွတ်ဆိုသံသည်လည်း ပို၍ ...ထန်လာသည်ကိုတွေ့ရသည်။

အေးအေးခင်၏အလောင်းအား ...နှံ့ထားသောမြေပုံသည် ဖြည်းဖြည်း ...အက်ကွဲလာ၏။ လေးဖက်၊ ရှစ်ဖက် ...သည်ဖြင့် အက်ကွဲကြောင်းများပေါ် ...ပြီး မြေပုံကြီးသည် စုန့်စုန့်ထလာ ...သည်။ ပြီးနောက် ပြန်ပြီးငြိမ်သွားပြန်၏။ ...နက်ကျော်၏ ဂါထာသံသည် သချိုင်း ...၌ ပြင်းထန်စွာ ပြန့်လွင့်၍နေပါ သည်။ ဂါထာ(၃၇)ခေါက်ပြီးဆုံးပြီးသော အခါ၌ကား -

"ဝုန်း ဗျစ် ဗျစ် ဖြစ်"

ကျော်ကြီး ဒူးထောက်ထိုင်နေ လျက်က နောက်သို့ခြေတစ်လှမ်းဆုတ် လိုက်သည်။ ဆရာကြီးက ဆေးကြိမ်လုံး ကိုကောက်ကိုင်လိုက်၏။

မြေပုံကြီးအက်ကွဲသွားပြီး ဆံပင် ဖားလျားချထားသော အေးအေးခင်၏ ရုပ်အလောင်းသည် ဖြုန်းခနဲထထိုင်လာ ၏။ ပြူးကြောင်ကြောင်မျက်လုံး၊ ဖိုးရိုးဖားရားဆံပင်နှင့် သာမန်လူများတွေ့သွား လျှင် သွေးပျက်၍စိတ်အားငယ်ကြောက် လန့်ပြီး အသက်ပါသွားနိုင်၏။

ဆရာကြီးက ကျော်ကြီးကိုအချက် ပြလိုက်သောအခါ ကျော်ကြီးက ပလိုင်း ထဲမှ ကျောက်ပျဉ်၊ သနပ်ခါးတုံးနှင့်ရေ ခွက်ကို သူမ၏ရှေ့သို့ချပေးလိုက်၏။ အလောင်းကောင်သည် ဆရာကြီးအား ပြူးတူးကြောင်တောင်ဖြင့်ကြည့်နေသည်။ ဆရာကြီး၏ညာလက်မှ ကြိမ်လုံးမြှောက် လာပြီး အမိန့်ပေးသံမာမာထန်ထန်ဖြင့်-

"သနပ်ခါးသွေး ငါ့အမိန့်"

အလောင်းကောင်သည် မလှုပ် ချင်လှုပ်ချင်နှင့် အင်တင်တင်လုပ်နေ၏။ ဆေးကြိမ်လုံးအား သူမမျက်နှာနားပြ လိုက်သောအခါ အလောင်းကောင်ကြီး သည် လက်နှင့် မျက်နှာကိုကာလိုက် သည်။ သူမသည် ဆေးကြိမ်လုံးကို အလွန်ကြောက်ဟန်ရှိသည်။ ဒီဆေး ကြိမ်လုံးကလည်း နှယ်နှယ်ရရမဟုတ်။ ဝါးပျံကိုသုံးတောင်ခန့်ဖြတ်ပြီး လူသေ အလောင်းအား မီးသင်္ဂြိုဟ်သောအခါ ထိုးရသည့် တံစူးဝါးလုပ်ပြီးထိုးပြီးလျှင် လင်းတပနီအူတစ်ထပ်၊ ခွေးအူတစ်ထပ် စွပ်၊ ပြီးလျှင်ဖယောင်းပုဆိုးပတ်၊ လင်းတ တစ်ကောင်လုံး မီးကျွမ်းအောင်ဖုတ်ပြီး လျှင် သစ်စေးနှင့်နယ် သရိုးလုပ်ပြီး ထို ဝါးပျံကိုမံပြီးမှ တန်ခိုးကြီးဘုရား၊ လမ်း လေးခွ၊ နတ်ကြီးစင်တို့မှာ ဂါထာ (၁၀၈) ခေါက်စီ မန်းမှုတ်ထားသော ဆေးကြိမ် လုံးဖြစ်၏။ ဆေးကြိမ်လုံးကိုမြှောက်၍ မြှောက်၍ပြပါများသောအခါ အလောင်း ကောင်မသည် သနပ်ခါးတုံးကိုင်ပြီး ရေစွတ်၍ ကျောက်ပျဉ်မှာသွေးပါတော့ သည်။

"ရှီး ရှီး ရှစ် ရှစ်"
"ဂီး ဂစ် ဂစ် ဖလပ် ဖလပ်"



သနပ်ခါးသွေးသံနှင့်အတူ အပေါ် မှ တစ်တီတူးငှက်များကလည်း ဝဲပျံ လျက်ရှိသည်။ ညဥ့်ငှက်တချို့ ဟိုအပင် သည်အပင် ကူးလူးပျံသန်းလျက်ရှိကြ သည်။

"အူး အူး ဝူး ဝူး"

တောခွေးတို့၏အသံများကလည်း ဆူညံလွှန်းလှ၏။ ဆရာကြီးဦးနက်ကျော် ၏ဆေးစီရင်ပွဲအား ကြည့်ရှုအားပေးကြ သည့် ပွဲကြည့်ပရိသတ်အလားရှိနေကြ သည်။ကျောက်ပျဉ်မှာ သနပ်ခါးအတော် အသင့်ရသောအခါ -

"သနပ်ခါးလိမ်း လှလှလေးလိမ်း၊ နင်က လူ့ဘဝတုန်းက ရုပ်ချောချော လေး၊ ဒီတော့ လှလှလေးလိမ်းနော်"

ဦးနက်ကျော်က ဖုတ်ဝင်နေသော အလောင်းကောင်မအား ချော့မော့ပြော ပြီးလိမ်းခိုင်းနေပါသည်။

"ဟီး ဟီး ဟီး ဗျပ် ဗျပ် ဗျပ်"

အလောင်းကောင်မသည် ဘာကို သဘောကျသွားသည်မသိ။ လက်ဖြင့် သနပ်ခါးအားယူပြီး မျက်နှာမှာ တဗျပ် ဗျပ်ပွတ်လိမ်းနေပါတော့သည်။ ပါးနှစ် ဖက်အားပွတ်နေပြီး နဖူးမှာကျန်နေ၍ ကျော်ကြီးစိတ်မရှည်တော့ဘဲ ကျောက် ပျဉ်မှသနပ်ခါးကို လက်နှင့်ကော်ယူပြီး အလောင်းကောင်မ၏နဖူးအား ပွတ်ဆွဲ ပေးလိုက်သည်။ နည်းနည်းကျန်သည့် သနပ်ခါးအား နှာခေါင်းနှင့်နှာကြားလေး တင်ပေးလိုက်၏။ သနပ်ခါးကုန်သွားပြီ ဖြစ်သည်။

"ကျော်ကြီး၊ ယပ်တောင်ထုတ်။ ခြောက်အောင်မြန်မြန်လေးယပ်ခတ်"

ကျော်ကြီး ယပ်ခတ်ပေးတော့ အစိမ်းသေမက မျက်နှာလေးမော့ပြီး မျက်လုံးမှိတ်ထား၏။ လုပ်ငန်းက သည်အထိ အဆင်ပြေချောမွေ့နေပါ သည်။ ဒီလုပ်ငန်းအစီအရင်က တစ်ချက် လေးတိမ်းမှားသွားလို့မဖြစ်ပါ။ မှားသွား သည်နှင့် ဘေးပယောဂများဝင်ပါလာပြီး ဆရာတပည့်တွေ ခွေးပြေးဝက်ပြေးပြေး သွားရနိုင်သည်။ အစိမ်းသေမမျက်နှာမှာ သနပ်ခါးခြောက်သွားသည်နှင့် ဆရာ ကြီးသည် လွယ်အိတ်ထဲမှ တံစူးဝါးနီးစ ဖြင့် သနပ်ခါးများအား ခြစ်ချသည်။ ကျော်ကြီးက စက္ကူဖြင့်အောက်မှခံနေ သည်။ တချို့တလေလွင့်ပြီး အောက်သို့ ကျသွားသောအခါ နှမြောစွာဖြင့်လိုက် ကြည့်၏။

"နှမြောမနေနဲ့ အများကြီးပဲ။ ကိစ္စ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com

ပါးနှစ်ဖက် နဖူးနှင့် နှာခေါင်းမှ သနပ်ခါးကုန်သွားသောအခါ -

"ဆရာကြီး ရပြီ၊ လစ်ကြမယ်"

"ဟော့ကောင်မသွားနဲ့ဦး၊ မင်းသေသွားလိမ့်မယ် ဘာမှတ်လဲ နောက်ဆုတ်"

"ကဲ - အစိမ်းသေမအေးအေးခင်၊ ငါတို့ကိစ္စကိုကူညီတဲ့အတွက် ကျေးဇူးတင်တယ်။ နင့်ကို ရက်အပိုင်းအခြားမရှိ တတ်အားသမျှ ငါကျွေးမွေးစောင့်ရှောက်မယ်။ ငါခိုင်းရင်နင်နာခံရမယ်။ ခုတော့ ငါ့မှာကိစ္စလေးရှိသေးလို့ နင့်ကို ခိုင်းစရာမရှိသေးဘူး။ ဒီတော့ နင့်နေရာနင်ပြန်ဝင်တော့ ဝင် ဝင် ပြန်ဝင်"

ဆရာကြီးဦးနက်ကျော်၏ကြိမ်လုံးသည် အစိမ်းသေမ၏မျက်နှာထက် ဝဲကာဝဲကာဖြင့်လှုပ်ရှားရင်း မြေပုံထဲသို့ပြန်ဝင်ခိုင်းသည်။ အစိမ်းသေမသည် သူတို့နောက်သို့ လိုက်ချင်ဟန်တူနေသည်။ အတင်းကုန်းရုန်းပြီးထမည်ပြု၏။

"ဖြန်း"

"အား. . . . အား"

ဆရာကြီး၏ ဆေးကြိမ်လုံးက သူမ၏ပခုံးပေါ်သို့ ခပ်ပြင်းပြင်းတစ်ချက်ကျသွားသည်။ သူမသည် အသံနက်ကြီးဖြင့်အော်လိုက်၏။ အနီးရှိ ကုက္ကိုပင်မှ ကျီးကန်းတို့ ညဥ့်နက်သန်းခေါင်မှာ ပြိုဆင်းပြီး တအားအားအော်နေကြတော့သည်။

"ဝင် ပြန်ဝင် ငါ့အမိန့် ဝင်"

ဆေးကြိမ်လုံး၏ အစွမ်းသတ္တိကို မခံနိုင်တော့၍ အစိမ်းသေမသည် မြေပုံထဲသို့ပြန်တိုးပြီးဝင်သွားပါတော့သည်။

"ဟူး - တော်ပါသေးရဲ့၊ ကြိမ်လုံးတစ်ချက်လောက်နဲ့ကိစ္စပြီးသွားလို့"

ဆရာကြီးဦးနက်ကျော် သက်ပြင်းတစ်ချက်ချပြီး တိုးတိုးလေးညည်းလိုက်ပါတော့သည်။

ကျော်ကြီးကား မျက်နှာခပ်ဖြီးဖြီးဖြင့်မြူးနေပါတော့၏။ သူလိုချင်သည့်ဆေးဝါး ရပြီမဟုတ်လား။ ဆရာတပည့်နှစ်ယောက် သင်္ချိုင်းကုန်းမှ အမြန်လစ်ထွက်လာခဲ့ကြတော့သည်။

❑

ဆရာကြီးဦးနက်ကျော်က ပီယဆေးသနပ်ခါးမှုန့်တစ်ဗူးကို ကျော်ကြီးအားပေးလိုက်သည်။ မည်သူ့ကိုမျှ မပေးရန်နှင့် လုံခြုံစွာ သိမ်းဆည်းထားရန်၊ သစ္စာရှိစွာ အသုံးပြုရန် သေသေချာချာမှာခဲ့သည်။ကတိသစ္စာမတည်ပါက ဘေးအန္တရာယ်ကြီးကြောင်းကိုပါ အထပ်ထပ်ပြောလိုက်သည်။ ကျော်ကြီးသည် ထိုဆေးပုလင်းလေးအား သူ၏သေတ္တာထဲတွင် သေချာစွာ သိမ်းဆည်းထား၏။ သူ တစ်ဖက်သတ်ချစ်နေသော ခင်နှောင်းသည် ရွာမှာ မရှိ။ ဇရပ်ကွင်းရှိ သူ့အဒေါ်ရွှေဆိုင်တွင် သွားရောက်ကူညီလုပ်ကိုင်ပေးနေသည်ဟု သိရသည်။

ဤသို့ဖြင့် လအနည်းငယ်ကြာသောအခါ သူ ခင်နှောင်းအား အလွန်တွေ့ချင်လာသည်။ ထို့ကြောင့် ဇရပ်ကွင်းဘက်သို့ ထွက်လာခဲ့တော့သည်။ သူ့အကျီအိတ်ကပ်ထဲမှာက စက္ကူဖြင့် သနပ်ခါးဆေးမှုန့်ထုပ်လေး အဆင်သင့်ယူလာခဲ့သည်။

မန္တလေး-သပိတ်ကျင်း-မိုးကုတ်လမ်းမကြီးသည် ချိုင့်ဝှမ်းဖုထစ်များဖြင့်၊ မညီမညာသော အသွင်သဏ္ဌာန်ဖြင့် ဒဏ်ရာရနေသော မြွေကြီးတစ်ကောင်ကဲ့သို့ လဲလျောင်းနေသည်။ ဇရပ်ကွင်းရွာကြီးမှ ရွှေတောများရှိရာသို့သွားသောလမ်းဝဆိုင်ကယ်ကယ်ရီဂိတ်နှင့် မလှမ်းမကမ်းတွင် ခင်နှောင်းတို့အဒေါ် ရွှေဆိုင်ရှိသည်။ ရွှေတောများမှ တက်လာပြီးရောင်းသည့် နဝလီရွှေများကို ဝယ်သည့်ဆိုင်ဖြစ်သည်။ ရွှေဆိုင်၏မျက်စောင်းထိုးလက်ဖက်ရည်ဆိုင်မှာထိုင်ပြီး ခင်နှောင်း၏အရိပ်အခြည်ကို စောင့်ကြည့်သည်။ လမ်းမှာကတည်းက ခင်နှောင်းနှင့်တွေ့လျှင်ကြံစည်မည်ဟုစဉ်းစားပြီး ပီယဆေးသနပ်ခါးမှုန့်အနည်းငယ်အား ရင်ဘတ်ကို ခါးလေးနှင့်ခြစ်၍ကျလာသောသွေးစက်တို့ဖြင့် ဖျော်လိုက်ပြီး မိတ်ကပ်ဘူးထဲထည့်လာခဲ့၏။

လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး စောင့်ကြည့်နေသည်မှာ အတန်ငယ်ကြာလာ၏။ ရေနွေးကြမ်းပင်သုံးအိုးခန့်ကုန်နေပြီ။ ခင်နှောင်း၏အရိပ်အယောင်ပင် မမြင်ရသေး။ သူစိတ်ရှည်ရှည်ထားပြီး စောင့်ကြည့်၏။ လက်ဖက်ရည်ဆိုင်မှ လူကပင်. ရွှေဆိုင်အားကြည့်နေသောသူ့အား မသင်္ကာဖြစ်လာသည်။ ကိုယ်ရှိန်သတ်၍ အမှုအရာကိုပြင်လိုက်ရသည်။

တစ်အောင့်နေတော့ ဆိုင်ကယ်တစ်စီး ရွှေဆိုင်ရှေ့မှာရပ်လိုက်သည်ကို တွေ့ရသည်။ စဥ့်ကူး-လက်ပံလှဘက်မှလာခြင်း ဖြစ်သည်။ ပိုက်ဆံရှိဟန်တူသော ယောကျ်ားတစ်ယောက်က ဆိုင်ကယ်ပေါ်မှဆင်းလိုက်သည်။ နောက်မှ ထိုယောကျ်ား၏ခါးကိုဖက်ပြီး လိုက်ပါလာသူက ခင်နှောင်းဖြစ်နေ၏။ ကျော်ကြီး အံ့အားသင့်သွားသည်။ သူ့မျက်လုံးများကိုပွတ်၍ကြည့်သည်။ သေသေချာချာကြည့်သည်။ ခင်နှောင်းမှ ခင်နှောင်းအစစ်။

ဟာ-ဘယ်လိုတွေဖြစ်ကုန်ပြီလဲ။ ခင်နှောင်းယောကျ်ားများရသွားပြီလား။ ငါလည်း ဒီသတင်းကို မကြားမိပါဘူး။ သူ သို့လောသို့လောတွေးနေစဉ် ခင်နှောင်းသည် ရွှေဆိုင်ထဲဝင်သွားပြီး ထိုယောကျ်ားသည် လက်ဖက်ရည်ဆိုင်ဘက်ထွက်လာသည်ကို တွေ့ရသည်။ ထိုသူက လက်ဖက်ရည်ဆိုင်ထဲဝင်လာပြီး စီးကရက်ဝယ်သောက်သည်။

"ကိုစိုးဝင်းတို့စုံတွဲ၊ ဘယ်ကလာကြတာလဲဗျ။ ညားခါစဆိုတော့ လမ်းတွေများနေတယ်နော်"

လက်ဖက်ရည်ဆိုင်ပိုင်ရှင်က လှမ်းနှုတ်ဆက်သည်။

"မန္တလေးက ပြန်လာတာပါဗျား။ ခင်နှောင်းက အဝတ်အစားတွေ မန္တလေးတက်ဝယ်ချင်တယ်ဆိုလို့ လိုက်ပို့ပေးတာ"

"မော်ထဲမှာ ရွှေကောက်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်။ ကောက်ပြီး ခင်နှောင်းတို့အဒေါ် ဆိုင်မှာ ပြန်သွင်းရုံပဲ။ သူတို့မနဲ့လက်ထပ်လိုက်တော့ လူယုံဖြစ်ပြီး ပိုအဆင်ပြေသွားတာပေါ့"

သွားပြီ။ ရွှေပွဲစားနှင့်ခင်နှောင်း ညားသွားကြပြီ။ သူ့မျှော်လင့်ချက်တို့ ပျက်သုဉ်းလေပြီ။ သူဆောက်တည်ရာမရဖြစ်လာ၏။ ကတုန်ကယင်ကြီးဖြစ်လာသည်။ ထိုသူကိုကြည့်ပြီး အမုန်းကြိတ်ချင်စိတ်တွေဖြစ်လာ၏။ ဒေါသတွေက ရင်ထဲမှအလိပ်လိပ်တက်လာ၏။ ဆိုင်မှာဆက်ထိုင်နေလျှင် ဒီလူကို သူ တစ်ခုခုလုပ်မိတော့မည်။ သူအမြန်ထလာခဲ့တော့သည်။ သူ့စိတ်တွေလေးလံနေ၏။ အရက်သောက်ချင်လာသည်။ သူ့ရင်ထဲမှ ခံစားချက်တို့အား အရက်နှင့်ဖြေဖျောက်ချင်သည်။ ကားလမ်းဘေးရှိ အရက်ဆိုင်မှာ အရက်ပြင်းတစ်လုံးမှာပြီး တစ်ခွက်ပြီးတစ်ခွက်ဆင့်သောက်လိုက်၏။ လေး၊ ငါးခွက်လောက်ဆင့်သောက်လိုက်မှ အရက်ပူက ရင်မှအပူအား ဖုံးလွှမ်းသွားသည်။ ရီဝေဝေခံစားချက်က အသည်းကွဲဝေဒနာအား ဖြေသိမ့်ပေး၏။ ချစ်သူနှင့်ကွေးကွင်းရသည်ကြောင့် အရက်သောက်ပြုကြသော ဗွီဒီယိုဇာတ်ကားထဲမှမင်းသားများကို တွေးမြင်မိပြီး



www.burmeseclassic.com

www.burmeseclassic.com

ဟားတိုက်ရယ်လိုက်သည်။ အရက်တစ်ပုလင်းကုန်သောအခါ မူးယစ်နေပြီဖြစ်၏။

ကားလမ်းမကြီးအတိုင်း ဦးတည်ရာမဲ့လျှောက်နေမိသည်။ ရှေ့မှ မိန်းကလေးတစ်ယောက် ဆွဲခြင်းအားရွက်ပြီး လျှောက်နေသည်။ အသက် (၂၀) ခန့်ရှိပြီး နောက်မှကြည့်လျှင်ပင် လှသည်ဟု ကောက်ချက်ချ၍ရသည်။ မိန်းမကိစ္စကြောင့် သူ့စိတ်တွေလေနေပြီဖြစ်သည်။ မိန်းကလေး၏မျက်နှာကို မြင်ချင်လာမိသည်။ အမြန်ကျော်ဖြတ်ပြီး လှည့်ကြည့်လိုက်သည်။ သနားကမားရုပ်ရည်လေးနှင့် အသားခပ်လတ်လတ်ဖြစ်သည်။ သူ့စိတ်တွေဖောက်ပြန်လာသည်။ မိန်းမတွေကို ကလဲ့စားချေချင်လာ၏။ အကျႌအိတ်ထဲမှ ပီယဆေးအား စမ်းသပ်ဖို့အကြံရလိုက်သည်။ မိတ်ကပ်ဘူးလေးအားဖွင့်ပြီး လက်ညှိုးနှင့်တို့လိုက်သည်။ ပြီးတော့ ရုတ်တရက် မိန်းကလေးနှင့်မျက်နှာချင်းဆိုင်လိုက်ပြီး လက်ညှိုးနှင့် သူမမျက်နှာအား တောက်လိုက်တော့သည်။

မိန်းကလေးသည် လမ်းလျှောက်နေရာမှ ရုတ်တရက်မှင်တက်မိသွား၏။ ကျော်ကြီး ဘာမှမပြောဘဲ လမ်းဘေးတောထဲသို့ စွတ်ဝင်သွားသည်။ သူ့နောက်မှ ခြေသံကြားနေရ၏။ ကားလမ်းနှင့်အတော်ဝေးဝေး တောထဲရောက်မှ ရပ်ပြီး လှည့်ကြည့်လိုက်သောအခါ မိန်းကလေးသည် စိုက်လိုက်မတ်တတ် သူ့နောက်ကလိုက်လာသည်ကို တွေ့ရသည်။ သူရပ်ပြီးမိန်းကလေးကိုစောင့်နေသည်။ မိန်းကလေး သူ့ရှေ့ရောက်တော့ ဘာမှမပြောဘဲ သူ့ကိုမော့ကြည့်၏။ မိန်းကလေး၏မျက်လုံးအစုံသည် ဆေးမိထားသောကြောင့် ရီဝေဝေနှင့်ကြောင်တောင်တောင်ဖြစ်နေ၏။ မိန်းကလေး၏လက်ကိုဆွဲပြီး အနီးရှိချုံထဲသို့ ဆွဲခေါ်သွားသည်။ မိန်းကလေးကလည်းမငြင်းပါ။ စက်ရုပ်တစ်ရုပ်အလား ကျော်ကြီး၏သားကောင်ဖြစ်နေတော့သည်။

အနီးရှိ ကျွန်းပင်ကြီးပေါ်မှ စွန်ရဲတစ်ကောင်သည် မြေပြင်သို့ဝဲဆင်းလာပြီး သစ်မြစ်တူးဆွ၍စားနေသော တောကြွက်တစ်ကောင်အား သုတ်ချီသွားတော့သည်။ စွန်ရဲ၏ခြေသည်းများကြားမှကြွက်သည် မလှုပ်မယှက်နိုင်ဖြစ်နေ၏။ စွန်ရဲက နှုတ်သီးဖြင့်ပေါက်၍ တစ်စစီဆုတ်ဖြဲ၍စားသောက်နေသည်။စွန်ရဲနားနေပြီးစားသောက်နေရာ သစ်ကိုင်းပေါ်မှ သွေးစက်တို့က မြေပြင်ပေါ်သို့ တပေါက်ပေါက်ကျလျက်။

❑

ကျော်ကြီး ပီယဆေး၏ အစွမ်းသတ္တိအား သဘောပေါက်သွား၏။ နဂိုဗီဇအခံကမှမကောင်းခဲ့လေသူဖြစ်သောကြောင့် သူချစ်သော ခင်နှောင်းအားလက်လွှတ်ဆုံးရှုံးလိုက်ရသောအခါ မိန်းမယူဖို့စိတ်မကူးတော့။ သွေးသားသောင်းကျန်းလာလျှင် ညဘက်၌ သူ့မျက်နှာအား မမှတ်မိစေရန် အိုးမဲများသုတ်လိမ်း၍ သူပစ်မှတ်ထားသော မိန်းကလေးအိမ်သို့ဝင်သည်။ ဆောင်ထားသောဆေးဝါးများအဟန့်ကြောင့် ခွေးတစ်ကောင်ကြောင်တစ်မြီးမှ ဟောင်မည့်သူမရှိ။ မိန်းကလေးရှိရာ အိပ်ခန်းဆီသို့ဝင်ပြီး မိန်းကလေးအား ဆေးဝါးဖြင့်တစ်ချက်တောက်လိုက်ရုံဖြင့် မိန်းကလေးမှာဘာမှပြန်မပြောနိုင်။ အာစေးထည့်ထားသကဲ့သို့ဖြစ်ကာ သူ့အပေါ် တပ်မက်လာပြီးသူ့ဆန္ဒအား လိုက်လျောရတော့သည်။ ဤသို့ဖြင့် ဇရပ်ကွင်း၊ ချောင်းကြီး၊ ကျည်တောက်ပေါက်၊ နွယ်ရုံ စသောသပိတ်ကျင်းမြို့နယ်အတွင်း ရွာကြီးများ၌ ညအခါ လူမည်းကြီးအိမ်ကပ်သည်ဟူသောသတင်းသည် ပျံ့နှံ့လာတော့သည်။ သည်ရွာမှာ သတင်းကြီး၍ ရွာသားများက ကင်းပုန်းဝပ်ပြီးစောင့်ကြလျှင် ဟိုဘက်ရွာသို့ဝင်သည်။ ရွာသားများက သက်ဆိုင်ရာရဲများနှင့်ပေါင်းပြီး သူ့ခြေရာအား ရအောင်စုံစမ်းကြသည်။ ကျော်ကြီးကား တစ်ကိုယ်လုံးအောက်လမ်းဆေးဝါးအစီအရင်များဖြင့် ကိုယ်ပျောက်သကဲ့သို့ဖြစ်နေလေပြီတည်း။

မိန်းကလေးရှင်မိဘများကလည်း သူတို့၏သမီးပျိုများ အဖျက်ဆီးမခံရအောင်စောင့်ကြပ်နေရသည်။ ဖျက်ဆီးခံလိုက်ရသောမိန်းကလေးများကလည်း ဘယ်သူ့ကိုမှမပြောရဲဘဲ ကျိတ်ပြီးမျက်ရည်ကျရ၏။ တချို့ဆတ်ဆတ်ကြဲမိန်းကလေးတချို့သာ ရဲစခန်းသို့အမှုဖွင့်တိုင်ကြားသည်။ ဒေသအတွင်းသို့ ပျံ့နှံ့လာသော ထိုသတင်းအား ဆရာကြီးဦးနက်ကျော်ကြားသိရသည်နှင့် ကျော်ကြီး လက်ချက်မှန်း အတပ်သိလိုက်သည်။ ဆရာကြီးမှာ စိတ်မကောင်းဖြစ်ရ၏။ တပည့်ရင်းမောင်နီအိမ်သို့ရောက်လာသောအခါ ထိုအကြောင်းအားပြောပြသည်။ မောင်နီတစ်ယောက် ဒေါသဖြစ်ပြီး ဓားဆွဲ၍ ကျော်ကြီးနောက်လိုက်မည်ပြုသည်။

"ငါ့တပည့်၊ စိတ်နောက်ကိုယ်ပါလက်လွန်မဖြစ်စေနဲ့။ ငါ့ပညာမှာအထိန်းအချုပ်ရှိတယ်။ ဒီကောင့်ကိုယ်က ဆေးဝါးတွေကိုနိုင်ဖို့ ဆေးတစ်မျိုးစီရင်ဖို့လိုတယ်။ အဲဒီဆေးစီရင်ပြီးရင် ဒီကောင့်ကိုကြိမ်နဲ့ရိုက်ခေါ်လို့ရတယ်။ အချိန်အခါကိုကြည့်ပြီးစီရင်ကြတာပေါ့။ ဒီကြားထဲသတိဝီရိယနဲ့နေ။ ဒီသတင်းကိုလည်း မပေါက်ကြားစေနဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

❑

ခင်နှောင်းတစ်ယောက် ရွာသို့ခေတ္တပြန်လာသည်။ မိဘများနှင့်တွေ့ချင်၍လာခြင်း ဖြစ်သည်။ မိဘနှစ်ပါးအား ကန်တော့ပြီး ရွာမှာတစ်ပတ်ခန့်နေမည်ဟု သိရသည်။ သူ့ယောကျ်ားက ရွှေမော်ထဲတက်သွား၍ပါမလာခဲ့။ ထိုသတင်းအား ကျော်ကြီးသိသွားသည်။ သူ့ရင်ထဲမှာ ခင်နှောင်းသည် မပျောက်သေး။ သူမပိုင်ဆိုင်လိုက်ရသော မိန်းကလေးအား အမြဲလိုလိုသတိရနေမိသည်။ မိန်းကလေးတော်တော်များများနှင့် ဆက်ဆံဖူး၍ ခင်နှောင်းကိုလည်း သူလွန်ကျူးရန် စိတ်ကူးတော့သည်။ ခင်နှောင်းသည်လည်း အပျိုတုန်းကလိုလှတုန်းပင်တည်း။

သစ်ပုတ်ရွာလေးသည် လဆုတ်ည လတစ်ခြမ်းပဲ့အောက်တွင် ကွေးကွေးလေးအိပ်ပျော်နေသည်။ ရွာတောင်ဘက်မှ ကြက်ဖနီကြီး၏သန်းခေါင်ချိန် ကြက်တွန်သံကိုစကြားရသည်။ အခြားကြက်ဖများကပါ တောင်ပံတဖြောင်းဖြောင်းခတ်ပြီးလိုက်တွန်ကြသည်။ တစ်ခါတစ်ရံခွေးဟောင်သံသဲ့သဲ့ကိုကြားရ၏။ ပိုးမွှားကောင်တို့၏ တကျီကျီမြည်သံသည် တိတ်ဆိတ်သော ညဥ့်အချိန်အခါ၌ ဟိုသည်ပျံ့လွင့်နေ၏။

ခင်နှောင်းတို့နေထိုင်ရာ ခြံဝိုင်းအနီး စည်းရိုးချုံအနား မည်းမည်းအရိပ်တစ်ခုတိုးကပ်လာသည်။ ချုံကိုတိုးဝင်ပြီး ထိုလူရိပ်သည် တဲအိမ်အနားကပ်လာသည်။ တဲနောက်ဖေးတံခါးမှဝင်လာသောထိုသူသည် အတွင်းခန်း၌အိပ်ပျော်နေသော ခင်နှောင်း၏ ခြင်ထောင်အနီးရပ်လိုက်သည်။ မှန်အိမ်အလင်းရောင်ပျပျဝယ် ခင်နှောင်းသည် အဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com

လျှော့တိလျှော့ရဲဖြင့် အိပ်ပျော်နေသည်။ ခင်နှောင်းအမေကြီးကား အိမ်ရှေ့ခန်း၌ အိပ်ပျော်နေသည်မှာဟောက်၍ပင်နေချေသည်။ မှန်အိမ်အလင်းရောင်ကြောင့် ထိုလူရိပ်၏ ပုံသဏ္ဌာန်သည် မကောင်းဆိုးဝါးတစ်ကောင်အလား ထင်ရ၏။ မျက်နှာမှာ အိုးမဲတွေသုတ်လိမ်းထားသော်လည်း သူ့မျက်လုံးများသည် ရာဂနိုးများဖြင့် စူးရှတောက်ပြောင်လျက်။ ထိုလူသည် အဝတ်အစားပြေလျော့နေသော ခင်နှောင်း၏ အလှအား တရှိုက်မက်မက်ကြည့်နေသည်။

"ဟင်း"

ခင်နှောင်းသည် တစောင်းလေး အိပ်ပျော်နေရာမှ ညည်းညူပြီး ကိုယ်ကို လှည့်လိုက်သည်။ လူမည်းကြီးကား အိတ်ထဲမှ မိတ်ကပ်ဘူးလေးထုတ်လိုက်ပြီး လက်ညိုးဖြင့် သနပ်ခါးမှုန့်ဖြင့် စီရင်ထားသော ပီယဆေးကို အနည်းငယ်တို့လိုက်၏။ ပြီးနောက် ခြင်ထောင်ကို အသာမ၍ ခင်နှောင်းကိုပုတ်ပြီးနှိုးလိုက်သည်။

"ဟင် - ရှင်၊ ရှင်"

လက်ညှိုးမှ ပီယဆေးမှုန့်က ခင်နှောင်းမျက်နှာပေါ် လွင့်စဉ်သွား၏။ ခင်နှောင်းသည် စကားဆက်မပြောနိုင်တော့ဘဲ ကြောင်စီစီဖြစ်သွား၏။ အော်ချင်သော်လည်း ပါးစပ်ကအာစေးထည့်ထားသလိုဖြစ်နေ၏။ လူကလှုပ်လို့မရ။ ထိုသူပြုသမျှခံရမည့် အနေအထားဖြစ်နေ၏။ လူမည်းကြီး ခြင်ထောင်,မပြီး အတွင်းသို့ဝင်လာသည်။ ခင်နှောင်းရှန်းကန်ကြည့်မိသည်။ လူတစ်ကိုယ်လုံး တစ်စုံတစ်ဦးက ချုပ်ကိုင်ထားသလို ခံစားနေရသည်။ သမင်၏ကုပ်ကို ပိုင်ပိုင်နိုင်နိုင်ခဲထားသော ကျားတစ်ကောင်၏ မြင်ကွင်းကဲ့သို့ ကြည့်၍မလှတော့ပါ။ မှန်အိမ်မှ အလင်းရောင်သည် ဆီကုန်သွားသဖြင့် တဖြည်းဖြည်းမှိန်၍လာသည်။ မကြာမီ အလင်းရောင် ပျောက်ကွယ်သွားတော့သည်။

❑

ဆရာကြီးဦးနက်ကျော် သူ့အိမ်တွင် အလုပ်ရှုပ်နေ၏။ မောင်နီက ဆရာကြီးအား ကူညီလျက်ရှိသည်။ အိမ်ရှေ့ခန်း၌ ထမင်းစားစားပွဲဝိုင်းကြီးချပြီး အုန်းသီး၊ ငှက်ပျောသီးများဖြင့် ကန်တော့ပွဲပြင်၏။ ပန်းကန်တစ်ချပ်တွင် အမဲသားစိမ်း၊ ငါးသားတစ်ခုနစ်တုံး၊ ထမင်းခုနစ်ဆုပ်၊ ပန်းနီခုနစ်ပွင့် ထည့်ထားသည်။ ဖယောင်းတိုင်တစ်တိုင်ထွန်းပြီး ကန်တော့ပွဲရှေ့အနီး သစ်သားတုံးလေးမှာတင်ထားသော အရုပ်လေးအား ဂါထာမန္တရားများဖြင့် မန်းမှုတ်နေသည်။ မိန်းမအရုပ်လေးမှာ ဆောင့်ကြောင့်ထိုင်နေဟန်ရှိပြီး ကလေးငယ်အား ပိုက်ထားသည်။ ကလေးငယ်အရုပ်လေးကနို့စို့နေဟန်နှင့် ဆံပင်ဖားလျားချထားဟန် ထုလုပ်ထားသည်။ ဂဝံသားပိုက်ကဝေလက်ဖွဲ့ရိုးအစီအရင်ဟု ခေါ်သည်။

"ဥုံ - ဝိုးဝိုးဝါးဝါး ငါ၏ မန္တရားတစ်ခွန်းကြားက နင်ကားတိတ်လေစေ၊ နင့် အိမ်လေးထောင့်ဘီလူးစောင့်၏။ နင့်ခေါင်းကိုမူ ဘီလူးယူ၏။ ဘီလူးရှစ်သောင်း ငါတွင်အောင်း၏၊ ဘီလူးရှစ်ရာ ငါတွင်ပါ၏။ နှီးပုခက်အတူစက်၏။ လူမည်းလူယုတ်အမျိုးယုတ်ကို သုသာန်တစ သချိုင်းဝသို့ မနေ့အမြန် နင်ခေါ်ရန်တွက် ငါ့အာဏာစက်ပြင်းတော့သည်။ အမြန်ခေါ်လေတော့ အမြန်ခေါ်လေတော့။ ဥုံ ရသေ့ရှစ်သောင်း ဆရာကောင်းအကွာ၊ ထဆရာထ၊ ကြွဆရာကြွ"

ဆရာကြီး ဦးနက်ကျော်သည် ထိုဂဝံသားပိုက်ကဝေလက်ဖွဲ့ရိုးရုပ်ထုလေးအား မန္တန်ဖြင့် အတန်ကြာရွတ်ဖတ်ပြီးသောအခါ ထိုအရုပ်လေးမှဆံပင်စများ တလှုပ်လှုပ်ဖြစ်လာ၏။ အရုပ်လေးသည် တဖြည်းဖြည်းလှည့်လာပြီး အိမ်ပေါက်ဝသို့ဦးတည်သွားသည်။

"အစီအရင် အသက်ဝင်လာပြီ မောင်နီ။ အစောင့်က ကျော်ကြီးကို လိုက်ရှာလိမ့်မယ်။ဒီကောင် ဧရာဝတီမြစ်ကိုမကူးသေးရင် ဒီညသစ်ပုတ်ရွာသချိုင်းကိုအရောက်လာလိမ့်မယ်"

"ကျွန်တော် ဒီကောင့်ကိုရှင်းပစ်မယ်ဆရာကြီး။ လူယုတ်မာ၊ သူများသားမယားတောင်မချန်ဘူး ပြစ်မှားတယ်"

"ငါ့တပည့် ရှင်းစရာမလိုပါဘူး။ သနပ်ခါးသွေးပေးတဲ့ အစိမ်းမဦးဆောင်ပြီး မကောင်းဆိုးဝါးတွေ ဒီကောင့်ကို ရှင်းလိမ့်မယ် စိတ်အေးအေးထား"

ညဦးပိုင်းရောက်တော့ ဆရာတပည့်နှစ်ယောက် သစ်ပုတ်ရွာသုသာန်ဇရပ်သို့ရောက်သည်။

"ဆရာ၊ ဒီကဝေလက်ဖွဲ့ရိုးဂဝံသားပိုက်အစီအရင်အရုပ်လေးက တကယ်နိုင်တာလား"

"အောက်လမ်းဆေးအချုပ်ပဲလေ၊ ကျော်ကြီးမှာ ငါပေးထားတဲ့ပီယဆေးနဲ့ အဆောင်တွေကိုနိုင်တာ ဒီဂဝံရုပ်အစီအရင်ပဲ။ အစောင့်က ကျော်ကြီးကို မလှုပ်နိုင်အောင်ချုပ်ပြီး သချိုင်းကိုခေါ်လာလိမ့်မယ်"

နှစ်ယောက်သား ဇရပ်မှာထိုင်နေကြရင်း ဆရာကြီးသည် မျက်လုံးကိုမှိတ်လိုက်ပြီး တစ်စုံတစ်ဦးက စကားပြောသည်ကို နားထောင်နေသည့်အလား ခေါင်းတဆတ်ဆတ်ညိတ်နေ၏။

"လာနေပြီ၊ ကျော်ကြီးပြေးလို့ မလွတ်တော့ဘူး"

ဆူညံလွန်းသော ခွေးဟောင်သံများက တစစနှင့်သချိုင်းအနီးသို့ပျံ့လွင့်လာသည်။ တစ်တီတူး၊ လင်းဝက်အစရှိသောငှက်ဆိုးများကလည်း ကောင်းကင်မှာဝဲပျံရင်း စူးစူးဝါးဝါးဂီးဂီးဂဲဂဲအသံပေးရင်းဖြင့် သုသာန်သို့ဦးတည်နေကြသည်။ တစ်စပြင်သည် ညည်းသံလိုလို၊ လေတိုးသံလိုလိုဖြင့် စိတ်ချောက်ချားစရာကောင်းလှ၏။ ဆန်းစလကွေးကွေးလေးသည် အနောက်မိုးကုပ်အနီးထိစပ်လျက် အလင်းဖျော့ဖျော့အား ပျံ့လွင့်နေပါသည်။ လေအတိုးမှာ ကုက္ကိုပင်အရိပ်မည်းမည်းကြီးသည် ယိမ်းထိုးလျက် မကောင်းဆိုးဝါးအကောင်ကြီးကနေသည့်အလားရှိနေ၏။

ကျော်ကြီးသည် အရက်မူးသမားတစ်ယောက်ကဲ့သို့ယိုင်ထိုးပြီး သချိုင်းဝမှ တစ်လှမ်းချင်းလျှောက်လာနေသည်။ ဇရပ်လေးနှင့်မလှမ်းမကမ်းမြေပုံမို့မို့များအလယ်ရောက်သော် သူရပ်သွားသည်။ သူ့မျက်လုံးအစုံသည် တစ်စုံတစ်ရာထံသူ့ခန္ဓာကိုယ်အားစီးထားသည့်နှယ် နီရဲတောက်ပြောင်နေ၏။ ကုက္ကိုပင်အကိုင်းအခက်များကြားမှ ပျောက်တိပျောက်ကျားတိုးဝင်လာသော အလင်းဖျော့ဖျော့မှာ ကျော်ကြီး၏ပုံသဏ္ဌာန်သည် မျက်နှာမှအစ တစ်ကိုယ်လုံးမည်းမှောင်လျက်။ ဒါကြောင့်လည်း တစ်နယ်လုံးကလူမည်းကြီးဟုပြောနေကြခြင်းဖြစ်သည်။ နဂိုအသားမည်းရသည့်အထဲ အိုးမဲတွေနှင့် ရှပ်ဖျက်လိုက်တော့ လူမည်းကြီးနှင့်ပိုပြီးတူသွားတော့သည်။

ဆရာကြီး ဦးနက်ကျော်သည် ဇရပ်အဝမှာ မတ်တတ်ရပ်လိုက်သည်။

"ကျော်ကြီး၊ မင်းဟာကတိမတည်ဘူး။ မင်းနဲ့တူတဲ့တန်တဲ့မိန်းကလေးတစ်ယောက်က မေတ္တာသက်ဝင်လာအောင် ငါပီယဆေးစီရင်ပေးခဲ့တာ။ မင်းက ဆေးအစွမ်းနဲ့ မိန်းကလေးတွေကိုဖျက်ဆီးတယ်။ နောက်ဆုံး သူတပါးသား



www.burmeseclassic.com

www.burmeseclassic.com

မယားကိုပါ စည်းမစောင့်ဘူး။ မင်းကို ငါ ခွင့်မလွှတ်နိုင်ဘူး။ မင်းလုပ်တာတွေ ငါမသိဘူးများထင်နေသလား"

"ကျူပ်မိန်းမတွေကိုစိတ်နာတယ်"

ကျော်ကြီးက ကွဲရှရှအသံဖြင့် ဆရာကြီးကိုပြန်ပြော၏။

"မိန်းမတွေကိုစိတ်နာရအောင် သူတို့က မင်းကိုဘာများနာကြည်းစရာတွေ လုပ်ခဲ့လို့လဲ"

"ခင်နှောင်းအိမ်ထောင်ပြုသွားလို့ စိတ်နာတာပါ"

"ခင်နှောင်းဟာ မင်းရည်းစားလား ပြောစမ်း။ သူချစ်တဲ့သူကိုယူတာ အပြစ်လား။ ထမင်းရေပူလျှာလွှဲလုပ်မနေနဲ့၊ တဏှာရာဂကောင်လူယုတ်မာ၊ ငါတို့က အောက်လမ်းဆရာဆိုပေမယ့် ဘာသာတရားရှိတယ်၊ ကတိသစ္စာရှိတယ်၊ မယုတ်မာဘူး၊ မင်းက ပညာကိုစည်းမစောင့်ဘူး။ ဒီတော့ ဒီအပြစ်တွေအတွက် မင်းပေးဆပ်ရမယ်။ ငါမင်းကိုပေးထားတဲ့ ပညာတွေ အစီအရင်တွေကို ဒီအချိန်က စပြီးနုတ်သိမ်းတယ်"

ဆရာကြီးဦးနက်ကျော် ပြောပြောဆိုဆို ညာလက်ကို ဝှေ့ယမ်းပြီး လက်ချောင်းများအားဆုပ်ဟန်ပြု၏။ သုံးလေးကြိမ်ပြုပြီးသောအခါ လက်ဝါးနှစ်ဖက်ဖြင့်ပွတ်ခြေသလိုလုပ်လိုက်သည်။

ကျော်ကြီးက နောက်ဆုတ်ပြီး လှည့်ပြေးမည်ပြုသည်။

"မင်းပြေးလို့မရပါဘူး။ သုသာန်တစ်စသချိုင်းဝက စောင့်ထနတ်ကြီး သုသာန်သရဲကြီး မနှေးမကြာ ယခုလာ၍ ဤလူယုတ်မာကို မလှုပ်နိုင်အောင် ချုပ်လော့ ငါဆရာအမိန့် ချဉ်းဆရာချဉ်း၊ ကပ်ဆရာကပ်"

ကျော်ကြီးသည် လှုပ်ရှားရုန်းကန်နေသော်လည်း သူ့အားတစ်စုံတစ်ဦးက ချုပ်ကိုင်ထားသည့်အလား ပြေးမရဖြစ်နေသည်။

"အား အား ငါ့ကိုလွှတ်၊ သွားကြ မလာနဲ့ ငါ့ကိုလွှတ်။ ဆရာကြီးကျွန်တော့်ကိုကယ်ပါဦး"

"ငါမကယ်နိုင်တော့ဘူးကျော်ကြီး၊ မင်းကျူးလွန်ခဲ့တဲ့အပြစ်တွေက ကြီးမားများပြားလွန်းလှတယ်၊ တရားဥပဒေကလည်း မင်းကိုခွင့်လွှတ်မှာမဟုတ်ဘူး။ မင်းကြောင့် မိန်းမပျိုလေးတွေကျိတ်ပြီး မျက်ရည်ကျရတယ်။ ရှက်လို့ဘယ်သူ့ကိုမှဖွင့်မပြောရဲခဲ့ကြဘူး။ မိန်းကလေးတစ်ယောက်တစ်မှုဆိုရင် မင်းအမှုတွေက များနေလို့ မင်းဟာ သေဒဏ်တောင်ကျခံဖို့သင့်နေတယ်။ ဆေးဝါးအစီအရင်နဲ့ မင်းလွန်ကျူးလို့ ဆေးစောင့်ကလက်မခံတော့ဘဲ မင်းကိုပြန်တိုက်တော့မယ်။ မင်းထိုက်နဲ့မင်းကံပဲ"

မောင်နီသည် သူငယ်ချင်းဖြစ်သူအား စိတ်မကောင်းခြင်းကြီးစွာဖြင့်ငေးကြည့်နေသည်။ သူလည်း ဘာမှမတတ်နိုင်ပါ။ ဤပညာရပ်များသည် အံ့ဩထူးဆန်းလွန်းလှသလို အစွမ်းလည်းထက်ပါ၏။ ကတိသစ္စာဖောက်ဖျက်ကျူးလွန်လျှင်လည်း ဖြေဆေးမရှိပါ။

သချိုင်းကုန်းအတွင်းရှိ မြေပုံမို့မို့များ လှုပ်လှုပ်ရွရွဖြစ်လာသည်။ သချိုင်းကုန်းအတွင်းပေါက်နေသော သစ်ပင်ကြီးများမှ အရိပ်မည်းမည်းများဆင်းလာသည်ကိုတွေ့ရသည်။

အစိမ်းသေသေသွားသော အေးအေးခင်၏မြေပုံသည် ပပ်ကြားအက်ကြီးဖြစ်သွားပြီး ဆံပင်ဖားလျားဖြင့် မိန်းမတစ်ယောက် ထထိုင်လိုက်သည်ကိုတွေ့လိုက်ရသည်။

သချိုင်းကုန်းသည် ဟီးဟီးဟဲဟဲ ညည်းသံကြီးများဖြင့် သွေးပျက်ဖွယ်ကောင်းလာ၏။

"အား အား သွားကြ ငါ့အနားကို မလာနဲ့"

ကျော်ကြီးကား အသံနက်ကြီးဖြင့် ကြောက်လန့်တကြား အော်နေသော်လည်း လူကလှုပ်မရရုန်းမရဖြစ်နေသည်။ အရိပ်မည်းကြီးများ၏ရှေ့တွင် ဆံပင်ဖားလျားဖြင့် ပုံဆိုးပန်းဆိုးမိန်းမတစ်ယောက်က ဦးဆောင်ပြီး ကျော်ကြီးအနီးသို့ တရွေ့ရွေ့တိုးလျက်။

ဆရာကြီးဦးနက်ကျော်နှင့်မောင်နီတို့နှစ်ယောက် ကျော်ကြီးအားကျောခိုင်းပြီး သချိုင်းမှထွက်လာခဲ့ကြသည်။

"ဆရာကြီး၊ ကျွန်တော့်ကိုကယ်ပါဦး။ အား အား မလုပ်ကြပါနဲ့။ ကြောက်ပါပြီဗျ အား. . . ."

ကျော်ကြီး၏အော်သံက တဖြည်းဖြည်းတိုး၍သွားသည်။ ကုက္ကိုပင်ကြီးမှာ အိပ်နေကြသောကျီးကန်းတို့ပြိုဆင်းလာပြီး တအားအားအော်နေကြသည်။ ခွေးအူသံများက ဆူညံလွန်းလှ၏။

❑

နောက်တစ်နေ့ရောက်တော့ နွားကျောင်းသားလေးများက ရွာပြင်သုသာန်မှာ လူတစ်ယောက်သေနေကြောင်း ရွာလူကြီးအားသတင်းပို့နေကြ၏။ ရွာသားတွေသွားကြည့်တော့ မျက်နှာမှာ ဆေးအမည်းရောင်ခြယ်ထားသော လူမည်းကြီးတစ်ဖြစ်လဲ ကျော်ကြီးရုပ်အလောင်းအား တွေ့ကြရသည်။ မိန်းကလေးတွေအား ဖျက်ဆီးနေသော လူမည်းကြီးမှာ ကျော်ကြီးဖြစ်ကြောင်း အားလုံးသိသွားကြသည်။ လည်ပင်းမှစ၍ တစ်ကိုယ်လုံး အစွယ်နှစ်ပေါက်အရာများဖြင့် သွေးအလူးလူးနှင့် ကုပ်ကျိုးလျက်သေနေသဖြင့် သချိုင်းမှသရဲတွေ ကုပ်ချိုးသတ်လိုက်သည်ဟု ဆုံးဖြတ်ချက်ချသည်။

ရဲများကတော့ သေမှုသေခင်းဖွင့်သော်လည်း အစွယ်ရာတွေ့၍ ကုပ်ကျိုး၍သေနေသူသည် မုဒိန်းကောင်အမှုများစွာကျူးလွန်ထားသူဖြစ်နေပြီး အောက်လမ်းဆေးဝါးများကြောင့် စည်းပေါက်ပြီး သရဲစားခြင်းခံသွားရပြီဟု တိတ်တဆိတ်လက်ခံသွားကြသည်။

(မှတ်ချက် - မိန်းကလေးတွေအိမ်ပေါ်တက်ပြီးကျူးလွန်သည့် လူမည်းကြီးအဖြစ်အပျက် ရောဝတီတိုင်းဒေသကြီး ညောင်တုန်း၊ဘောလည်၊ဆားမလောက်ရွာများတွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်း၊ ကျည်တောက်ပေါက်၊ ချောင်းကြီးရွာများဘက်တွင် လည်းကောင်း ကြားသိခဲ့ရပါသည်။ ဤအဖြစ်အပျက်နှင့် အလားတူ အောက်လမ်းဆေးကဲ့သို့ မှုးကြောင်ရှူးကြောင်ဖြစ်သွားနိုင်သော ပဒိုင်းစေ့ကဲ့သို့အသီးများဖြင့်လုပ်ထားသောအမွှေးတိုင်များဖြင့် မိန်းကလေးတွေအားစော်ကားကျူးလွန်ခဲ့သောအဖြစ်အပျက်မျိုး ရှေးအခါက ရန်ကုန်မြို့ သမိုင်းဘက်တွင်ဖြစ်ခဲ့ဖူးပါ၏။ ဗဟုသုတအလို့ငှာ စာရေးသူ တင်ပြအပ်ပါသည်။

အောက်လမ်းပညာသည် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော်လည်း တချို့အရပ်ဒေသများ၌ ရှိနေပါသေးသည်။ စာရေးသူသည် နယ်အနှံ့ ခရီးသွားရာမှ ဗဟုသုတကုန်ကြမ်းအလို့ငှာ မေးမြန်းမှတ်သားထားသော မှတ်စုများအား ကိုးကား၍ သပိတ်ကျင်းမြို့ဘက်မှ ဖြစ်ရပ်မှန်အား ပြောပြသူ ဦးကျော်သန်း (သတင်းထောက်-အောင်ဇေယျ-သပိတ်ကျင်း) နှင့် ဤဝတ္ထုရေးရန်တိုက်တွန်းသူ ပန်းချီစိုးအောင်တို့၏ကောင်းမှုကြောင့် ဤဝတ္ထုအား ရေးဖြစ်သွားခြင်းဖြစ်ပါသည်။ ကျွန်ုပ်သည် အောက်လမ်းဆရာကြီးတစ်ဦးမဟုတ်ရပါခင်ဗျား၊

သင်းခိုင်

www.burmeseclassic.com



(ရွှေဥဒေါင်း)

# ခင်မောင်အေး

ဂျိုရှ မဟာဝနိုင်

(၁)

မြောင်းမြမြို့တွင် ဦးဖိုးညွှင်း ဒေါ်ဖွားစုတို့နေထိုင်ပိုင်ဆိုင်သည့်ခြံကြီး ရှိသည်။ ခြံမြောက်ဘက်ထောင့်မှ စိန်ပန်းပင်ကြီးက တော်တော်အိုနေပါပြီ။ ဒါပေမယ်လို့ ရေ မြေ ရာသီဥတုမှန်ကန်ကောင်းမွန်လို့မို့ သက်တမ်းရင့်နေပေမယ့် သဘာဝအတိုင်း ရှင်သန်နေဆဲပါ။ တစ်နေ့ ဖေဖော်ဝါရီလ ၉ ရက်နေ့။ ကျွန်တော့်ရဲ့ မွေးနေ့ပါ။ စိန်ပန်းပင်အောက်မှာ ပင်စည်ကိုပတ်ပြီး ထိုင်နိုင်ဖို့ ခုံတန်းလျားတစ်ခုရိုက်ထားသည်။ ဒီခုံတန်းလျားကလေးက ကျွန်တော်ညနေတိုင်းထိုင်ထိုင်ပြီး စာကျက်နေကျနေရာလေးဖြစ်၏။

'ရွှတ်' ဆိုပြီး တိုးတိုးခေါ်လိုက်သံတစ်ချက် ကြားလိုက်ရသည်။ ဘယ်ကအသံထွက်လာတာပါလိမ့်လို့လိုက်ကြည့်လိုက်တော့ သစ်ပင်ကြီးရဲ့အခေါက်တွေကို သစ်တောက်ငှက်တစ်ကောင်က တဒေါက်ဒေါက်မြည်အောင် နှုတ်သီးချွန်ချွန်နှင့်ထိုးဖောက်နေသည်ကို တွေ့လိုက်ရ၏။ သစ်ပင်ကြီးအတွက် အန္တရာယ်ကောင်ပဲမို့ မိတ်ဆွေစိန်ပန်းပင်ကြီး အန္တရာယ်ကင်းအောင် ငှက်ကို ကျောက်ခဲတစ်လုံးနဲ့လှမ်းပြီးပေါက်ပစ်လိုက်ရ၏။ ကျွန်တော် နောက်တော့ တန်းလျားတွင်ဆက်ထိုင်နေပြီး ဝန်းကျင်ပတ်ချာကို ပြန်ကြည့်နေမိလေသည်။လေအေးလေးတစ်ချက် ဝှေ့ခနဲတိုက်ခတ်သွား၏။ စိန်ပန်းရွက်ဝါတွေ တဖြုတ်ဖြုတ်ကြွေကျသွားသည်။ နောက်လေဝှေ့တဲ့နောက် အပြေးအလွှားလိုက်သွားကြလေရဲ့။

နွေဦးရောက်တော့မှာပါကလား။ ဖေဖော်ဝါရီလကုန်ရင် မတ်လ။ တပေါင်းပေါ့။ နွေဥတုမှာ ပင်ယံဖျားတစ်လျှောက်ကိုင်းခတ်လက်တံတွေမှာ ပုရစ်ဖူးတွေဝေစည်နေပြီ။ နေဝန်းနီနီရဲ့ရောင်ခြည်နွေးနွေးကို စောင့်ကြိုနေကြ၏။ နေတဖြည်းဖြည်းမြင့်လာလေလေ နေမင်းရဲ့အပူဓာတ်ကို လိုအပ်နေတဲ့ သစ်ပင်ပန်းမန်တွေ၊ ခြေလေးချောင်းနဲ့သတ္တဝါတွေ မြူးထူးရွှင်ပျ ဝမ်းသာအားရဖြစ်ကုန်ကြလေလေဖြစ်သည်။ နေ့တာတွေ



www.burmeseclassic.com

www.burmeseclassic.com



…စ်စထစ်စရှည်လျားလာသ…င့်အမျှ …သရုပ်က ပိုမိုပီပြင်လာလေ…ပင်။ …ဦးကို ကြိုဆိုသည့်အထဲ …ဆုံး …က်လာတာကဖြင့် သီချင်းတွေ…တဲ့ …က်ကလေး။ အသံကအလွန်သာ… …လေချွန်သံနှင့်တူသောအသံလေး… …ရှုတိုင်း ပျော်ရွှင်ဖွယ်ရာကော… …ပါသည်။ အဲဒီငှက်ကလေးက သပိ… …ငှက်ကလေးပေါ့။ သိသာချိုအေး… …ငယ်ကလေးရဲ့အသံကို မကြားဘူး… တစ်ယောက်မှရှိမည်မထင်ပါ။ …ကြည်သာငှက်ကလေးရဲ့ တီတီ …ကဗျာဆန်တဲ့အသံလေး။ ကြား …င်မှာစွဲ အမြဲအစဉ်နားဆင်နေ …ကောင်းလှပါပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝန်းကျင်ပတ်ချာတစ်ခွင်မှာလည်း ယခုအချိန်မှာတော့ သစ်ပင်သစ်ကိုင်းတွေထက်မှာ ရော်ရွက်ဝါတွေကပ်ငြိနေပါပြီ။ လေပြင်းတစ်ချက်ဝှေ့လိုက်ပြန်တော့ ရွက်ကြွေတွေ လေအဟုန်မှာ လွင့်မျောသွားကုန်ပြန်ရော။ ရွက်ဖားဝေဝေကောင်းစင်နေတဲ့ သစ်ပင်သစ်ကိုင်းများက အရိုင်းပြိုင်းပြိုင်းနှင့်ကမ္ဘာ့ဦးကောင်တွေအလား လက်ခြေကားရားလှုပ်ရှားပြီး မသတီစရာကောင်းလောက်အောင်ပါ။ စင်စစ် သည်တောသည်တောင်တွေပေါ်မှာ ငှက်မျိုးစုံပျော်ရွှင်မြူးထူးတဲ့ငှက်သဘင်လို့တောင် ခေါ်ဆိုနိုင်ပါသည်။ ဒါပေမယ်လို့ ခုတော့ ရာသီကပူ၊ နေရာအနှံ့ခြောက်သွေ့ငြီးငွေ့စရာဂမ္ဘီရမဟာမြိုင်မြဂနိုင်ကြီးလေ။ အပူတံလျှပ်တွေကလည်း ဖျိုးဖျိုးဖျတ်ဖျတ်လှုပ်ခတ်လျက်။ အခိုးအငွေ့တွေကဟိုးထက်ကောင်းကင်ထက်ဆီ သူ့ထက်ငါဦးတိုးတက်နေကြပြန်ပါတော့သည်။

တောစပ်ကို ကျော်လွန်ပြန်သည့်အခါ သက်ငယ်တောက တစ်မျှော်တစ်ခေါ်ကြီး။ ကိုင်းပင်တွေထိုးထိုးထောင်ထောင် ကျိုးတိုးကျဲတဲ။ လေပြင်းကလည်းမကြာမကြာဝှေ့လာပြန်တာကြောင့် ရှမ်းခနဲရွှဲခနဲအသံတွေကို ကြားနေရပါ၏။ ကိုင်းတောတွင်းမှာမူ တောထဲကသားကောင်ကြီးငယ်တွေ ဖြတ်သွားဖြတ်လာလုပ်ကြလွန်း၍ လမ်းကလေးကဖုန်နေသည်။ တစ်ခါတလေ ရှာနားနီးနီးလာပြီးကျက်စားတတ်တဲ့ ချေတစ်ကောင်၏ ဝေါင်ခနဲဝေါင်ခနဲဟောက်သွားတဲ့အသံကို ကြားရတတ်ပြန်သည်။ ဟိုးမနီးမဝေးမှ ဝါးသုဉ်းတောထဲက တောကြက်ဖတစ်ကောင်တွန်သံကြားနိုင်ပါ၏။ ကြက်မတွေအလယ်တွင် ဗိုလ်လုပ်ချင်ဟန်တူပါသည်။ သည်တော့ တစ်ခါ တခြားကြက်တစ်ကောင်ကလည်း စိန်ပြန်ပြီး အပြိုင်အဆိုင် တွန်သံပြန်ပေးလိုက်သည့်အခါ တောတစ်ခုလုံး ကြက်တွန်သံတွေညံကုန်ပါတော့သည်။ မြောင်းမြမြို့၏မြောက်ဘက်မှကုန်းသာရွာအလွန်သည် တောဖြစ်သည်။ သစ်ပင်ဝါးပင်စုံလင်လှ၏။ နှစ်တွေကတော်တော်ကြာနေခဲ့ပြီမဟုတ်လား။ ယခုအချိန်နှင့်ကဖြင့် အလွန်ပဲကွာခြားသွားပါပြီ။ တောက စိမ်းစိုညိုမှောင်ပြီး စားပင်သီးပင်တွေကလည်း ပေါမှပေါ။ မြောင်းမြမြို့စား လောက်ဖျား တည်ခဲ့သည်ဆိုသော 'ရွှေဘုံသာမုနိဘုရား' ဟိုးတောတွင်းတစ်နေရာမှာ အထီးကျန် တစ်ဆူတည်း စံပယ်တော်မူနေရှာပါသည်။ လူသူကင်းရှင်းအသွားအလာနည်းပါးသည့်အတွက်ကြောင့် ထုံးသက်န်းအရောင်ပင်တော်တော်မှိန်နေပါပြီ။ မြို့စားတည်သွားသည်ဆိုသည်ကတော့ ပါးစပ်ရာဇဝင်ဖြစ်နိုင်ပါ၏။အသေအချာတော့ မပြောနိုင်ပါ။

ရွှေဘုံသာဘုရားအရှေ့ဘက်တွင် အုတ်ရိုးဟောင်းတွေနှင့် အိမ်လိုလို၊ ကျောင်းလိုလို အဆောက်အအုံပျက်များရှိသည်။ ကျောင်းနေဖက်သူငယ်ချင်းကုန်းသာမှ ဒေးဗစ်တို့ညီအစ်ကိုနှင့်သွားခဲ့သောအချိန်က ဖြစ်၏။ ရှမ်းကုန်းပိုင်းထဲက အဝေရာ၊ မြောက်ပိုင်းမှ ဗိုပေါက်၊ ဒေါ်ကုလားမသားပေါက်စတို့ပါလာကြသည်။ အဆောက်အအုံတွေအကြားလျှောက်ဆော့ကြသည်။ လူသူမနီးတဲ့တောကြိုအုံကြား ကျွန်တော်တို့ချည်းသာ။ ချွန်တွန်းတတ်သော ဗိုပေါက်ကစပြီး မကောင်းသောအကြံတစ်ခုပေးသည်။

"ဟေ့သူငယ်ချင်းတို့၊ ဒီနေရာကလူသူကင်းတယ်။ တို့တစ်တွေတူတူပုန်းတမ်းကစားကြရင် မကောင်းဘူးလား။ ပျော်စရာကောင်းမှာ သေချာတယ်"

အဝေရာ ဆိုတဲ့ ငပေါကြီးက ဝမ်းသာအားရ ထောက်ခံသည်။ ဒါနှင့်သူငယ်ချင်းတွေ တူတူပုန်းတမ်းကစားကြမည်ဆိုကာ ကနဦးပုန်းမည့်သူကိုရွေးကြလေသည်။

"မင်းတို့ရွေးမနေနဲ့။ ငါကစပုန်းမယ်။ နောက်ငါ့လေချွန်သံကြားရင်စရှာကြပေတော့။ ငါးမိနစ်တစ်ခါငါလက်ခုပ်တီးမယ်။ လက်ခုပ်နှစ်ခါတီးလို့မှ မင်းတို့ရှာလို့မတွေ့ရင် မင်းတို့တစ်ဖွဲ့လုံး ရှုံးပြီဟုတ်ပြီလား။ ကဲ - စကြစို့"

ရွှေဘုံသာဘုရားပရိဝုဏ်အတွင်း မျောက်(၅)ကောင်လွတ်လာသည့်နှယ် ဆူညံပွက်ရိုက်ပြောင်းဆန်သွားလေသည်။ ဗိုပေါက်သည် ကျွန်တော်တို့ သူငယ်ချင်းတွေအနက် အပါးနပ်ဆုံး၊ အလျင်ဆုံး၊ ဖျံအကျဆုံး ဖြစ်ပါသည်။ နေရာတကာ သူကဦးဆောင်လျက် ဆရာကြီးလုပ်တတ်သည်။ စင်စစ် ကျန်သောသူငယ်ချင်းများက သူ့လောက်မလည်မဝယ်ကြ။ ထို့ကြောင့်ပင် သူဆရာကြီးလုပ်သည်ကိုသိလျက်နှင့် နားထောင်နေရခြင်း ဖြစ်လေ၏။ ပရိဝုဏ်တစ်ခုလုံး ကျွန်တော်တို့မှလွဲ၍ မည်သူမျှမရှိသဖြင့် ငါးယောက်စလုံး လွတ်လွတ်လပ်လပ်ပျော်ပျော်ရွှင်ရွှင် ဆော့ကစားနေကြ၏။ ဗိုပေါက်၏ လေချွန်သံ ရွှီခနဲ တစ်ချက်ကြားရသည်။

"ဟော - ဗိုပေါက်ပုန်းပြီးနေပြီ... ဝိုင်းရှာကြရအောင်။ နှစ်ဖွဲ့ခွဲရှာကြမယ်... အဝေရာက ငါနဲ့လိုက်ခဲ့။ ပေါက်စ... ဒေးဗစ်တို့ညီအစ်ကိုနဲ့လိုက်သွား။ ကိုင်း... ထွက်ကြမယ်"

ပြောပြောထွက်ထွက်လုပ်လိုက်... ဝန်းကျင်တစ်ခွင်လုံး ငြိမ်သက်ခြင်း... ကြီးစိုးထားသည်။ ရှဲခနဲရှမ်းခနဲလေပြင်း... တိုက်ခတ်သဖြင့် သစ်ပင်သစ်ကိုင်းများ... လှုပ်ရှားသွားသံများပေါ်ထွက်လာသည်... တစ်ခါတလေ ဖြန်းခနဲဂျမ်းခနဲအဆောက်... အအုံသွပ်မိုးဟောင်းများလေလှန်သွား... သွပ်ချပ်တွေ ရိုက်ခတ်သံကြားရသည်... ခေါင်မိုးထက်တွင် နားခိုနေကြသော... တချို့ညည်းနေသံသည်ပင် လူမမာ... ဦးနာနာကြည်းကြည်းညည်းညူနေသ... ရှိ၏။

ခဏအကြာမှာ အဝေရာနှင့်... ကျွန်တော် ဘုရားကျောင်းဟောင်း... အရှေ့တံခါးသို့ ရောက်ရှိလာကြသည်... မုခ်ပေါက်ဝမှ အတွင်းသို့ လှမ်းကြည့်... လိုက်ရာတွင်မှောင်နေသည်။

"ဗိုပေါက်၊ ဒီအထဲမှာရှိနိုင်တယ်... ထင်တယ်။ ပုန်းလို့ကောင်းမယ့်နေရာ... တို့နှစ်ယောက်ဝင်ကြည့်ရအောင်။ အဝေ... ရာ၊ မင်းအရှေ့ကဝင်ကွာ"

ကျွန်တော်က ပြောလိုက်... အဝေရာ ခေတ္တခဏမျှ တွံ့ဆိုင်းသွား... သည်။

"ဟေ့ကောင်ကြီးဝင်လေကွာ။... ဖြစ်နေတာလဲ"

ကျွန်တော် ထပ်ပြောလိုက်... အဝေရာက ရှေ့မှဝင်သွားသည်။ သူ့... နောက်မှလိုက်ကာ ကျွန်တော်ဝင်သွား... ၏။ အတွင်းသို့ဝင်မိလေလေ မှောင်... လေလေဖြစ်သည်။ ရုတ်တရက်ဖြစ်... ဘာကိုမှမမြင်ရတတ်သေး။ ကျင့်သား... ရလာတော့မှ ဝိုးတိုးဝါးတားမြင်တွေ့... သည်။ ရှေ့သို့ခြေတစ်လှမ်းနှစ်လှမ်း... လှမ်းလိုက်သည်နှင့် ဖရူး. . . ဖရူး. . . ဖျော. . . ဖျော. . . ဖျောအသံတွေ... ထွက်လာပြီး မည်းမည်းအကောင်များ... ပျံသန်းထွက်ခွာလာကြသည်။

"အမယ်လေး ဗျ၊ လုပ်ကြပါဦး... ဘာကောင်ကြီးတွေလဲ"

အဝေရာ မုခ်အတွင်းမှ ဒရော... သောပါးပြေးထွက်လာသည်။အပေါက်ဝ... တွင် ခလုတ်တိုက်မိပြီး မှောက်လျက်... သွား၏။ မှောင်နေသော လိုဏ်တွင်း... မှာ ခိုအောင်းနေကြသည့် လင်းနို့များ...



www.burmeseclassic.com

...သည်။ အဝေရာအား ပခုံးနှစ်ဖက်မှ ...လိုက်ကာ မတ်တတ်ပြုပေးလိုက်ပြီး ...-

"လင်းနို့တွေပါကွ။ လူတွေဝင်လာ... လန့်ပြီးထပျံလာကြတာ။ မင်းက ... အတော်အသည်းငယ်တဲ့ကောင်"

အဝေရာ သူ့အပြစ်နှင့်သူဖြစ်၍ ...ပြန်မပြောဘဲငြိမ်နေသည်။

"မင်းဒီလောက်သူရဲဘောကြောင် ... ငါရှေ့ကဝင်မယ်ဖယ်ပေး။ ငါ့နောက် ...လိုက်ခဲ့ပေတော့"

သည်တစ်ခါမှာတော့ အဝေရာက ...တော့်နောက်နားမှ ကပ်၍လိုက်ပါ...သည်။ ဒီကောင်တော်တော်ကြီး ...တ်ချားတုန်လှုပ်နေပုံရ၏။ လိုဏ်က ...မရှည်ပါ။ အတွင်းမှာ လင်းနို့ချေးနံ့ ... မွှန်ထူသွားလောက်အောင် နံစော် ...သည်။ နှစ်ပေါင်းမည်မျှကြာမြင့်လှပြီ ... မပြောတတ်နိုင်။ မခံမရပ်နိုင် ...လောက်အောင် နံစော်နေသည်. ...ကား မုခ်ပေါက်သို့အမြန်ပြန်ထွက် ...ကြရ၏။

"ကိုင်း - တို့တစ်နေရာပြောင်းရှာ ...အောင်။ ဟိုရှေ့ဘက်က အုတ် ...တိုင်းတွေဆီသွားကြည့်ကြမယ်။ လာ ... အဝေရာ"

ထိုအခိုက် အုတ်တံတိုင်းအနောက် ...တ်ဆီမှ ဗိုပေါက်၏ လေချွန်သံ ...ချက်ကို ထပ်မံကြားလိုက်ရပြန်လေ ...သည်၊ ကျွန်တော်က အဝေရာအား ...ကြည့်ကာ လက်ကုတ်လိုက်၏။

"ကြားလားဟေ့ အဝေရာ။ ဒီ ...ကောင် တို့နောက်မှာတွင်ရှိနေတယ်။ ...လာ - သွားကြည့်ကြမယ်။ ဖြည်း ...ည်းလိုက်လာ"

အုတ်တံတိုင်းနောက်ဘက်သို့သွား ...မှာ တစ်ပတ်ကြီးပတ်မှရနိုင်မည်ဖြစ် ...အား အုတ်တံတိုင်းကိုပတ်၍သွားကြ ...သည်၊ ဒေးဗစ်တို့ ညီအစ်ကိုနှစ်ယောက် ... ပေါက်စတို့လည်း ဘယ်ဆီရောက် ...ပြီ မသိတတ်နိုင်တော့ပါ။ မွန်းတိမ်း ...တ အတော်အတန်စောင်းလာနေပြီ ...ည်း ဖြစ်ပါသည်။ သို့တစေ အကစား ...ကြသည့် လူငယ်ကလေးတစ်စု ...တို့မှအမှုမထား။ ဗိုပေါက်ကိုရှာတွေ့ ...သာ အာရုံစိုက်နေကြ၏။ အုတ် ...တိုင်းအနောက်သို့ အတော်ကြီး ...အောင်သွားခဲ့ကြပြီးနောက်လည်း ...ပေါက်ကို မတွေ့ကြ။ သည်ကောင် ...တော်အပုန်းကောင်းတဲ့ကောင်လို့ ... စိတ်တွင်းကသဘောထားလိုက်ရသည်။

အုတ်တံတိုင်းအနောက်တွင်လည်း တံစက်မြိတ်စွန်းတစ်ခုက တွဲလောင်းကျလျက် လေဝှေ့လိုက်သည့်အခါ ကျောင်းနံရံကို ဖြန်းခနဲဖြန်းခနဲသွားရောက်ရိုက်ခတ်နေပြန်သည်။ ဗန္ဓုလသွေးပါသော အဝေရာကြောက်ချေးပါလျက် ကျွန်တော့်နောက်သို့တောက်တဲ့တစ်ကောင်လိုကပ်လာပြန်သည်။ သူမည်မျှကြောက်နေသည်လည်း မဆိုနိုင်။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်ကိုကျွန်တော် သိရှိနေရ၏။

"ဟေ့ကောင် အဝေရာ။ မင်း ဣန္ဒြေလေးတော့ဆောင်ပါဦး။ယောကျ်ားမဟုတ်သလိုဘဲ"

သို့တစေ အဝေရာက သူ့ကို မပြောသလို ခပ်မဆိတ်နေနေသည်။ အဝေရာ ကြောက်မည်ဆိုပါကလည်း ကြောက်စရာပါ၊ ဝန်းကျင်တစ်ဝိုက်လုံး တရှဲရှဲတဖြန်းဖြန်းဖြုန်းဖြုန်းဖြင်းဖြင်း အသံများသာ ချောက်ချားဖွယ်ရာကြားနေရ၏။သည်ကြားထဲ ခိုတွေက လူမမာ နှယ် ညည်းနေသံက ပိုမိုတုန်လှုပ်ချောက်ချားသွားစေသည်က အမှန်ပင်။

"ခင်မောင်အေး၊ တို့ဒီကပြန်ထွက်ကြပါစို့။ ငါတော်တော်ကြောက်နေပြီကွာ။ ပြောရင်းတောင် ကြက်သီးတွေထနေပြီ။ဗိုပေါက်ကိုဆက်ရှာမနေပါနဲ့တော့။ ဒေးဗစ်တို့ရှာကြပါစေ။ ဟုတ်လား"

ထိုအခိုက် တိုက်ဆိုင်သည်လား မဆိုနိုင်။ ကျောင်းဆောင်ခေါင်မိုးဆီမှ ဝုန်းခနဲအသံတစ်ခုကိုကြားလိုက်ရလေသည်။ ရုတ်တရက်ချက်ချင်းပင် -

"ဝရော. . . ဝရော၊ ဖျော. . . ဖျော. . . ဖျော"

ဟူသော တစ်စုံတစ်ခုလျှောဆင်းကျလာသည့်အသံကို သူတို့ကြားလိုက်ရ၏။ အဝေရာ ကြောက်အားလန့်အား အော်လိုက်သံကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာလေသည်။

"အမယ်လေးဗျ - ခင်. . . ခင်မောင်. . . အေး. . . အေး ဘာသံတွေတုံး လုပ်ပါဦးကွာ ငါ. . . ငါ. . . ငါ"

အဝေရာ ကြောက်သေးပါနေပါပြီ။ လုံချည်ထဲမှာပင် အပေါ့တွေထွက်ကျလာကုန်သည်အထိ။

"သူငယ်ချင်း၊ မင်းကလည်း ဒီလောက်ကြောက်မနေစမ်းပါနဲ့။ ဟိုပေါ်ကိုလှမ်းကြည့်စမ်း။ အုန်းလက်ကြွေကျတာပါ။ ကြည့်ပဲကြည့်စမ်းပါဦး"

သူတို့တစ်ဖွဲ့လုံး အုတ်တံတိုင်းအရှေ့တွင် ပြန်လည်ဆုံစည်းမိကြသည်။ ဒေးဗစ်တို့ ညီအစ်ကိုကလည်း ဗိုပေါက်ကို ရှာမတွေ့ကြပါ။ သူတို့သည်လည်း နှစ်ကျော့ပြန်၊ သုံးကျော့ပြန်လောက် လိုက်ရှာခဲ့ပြီဟု သိရှိရ၏။ အချင်းချင်း ပြန်လည် မေးမြန်းကြည့်သည့်အခါမှာလည်း ဗိုပေါက်လုံးလုံးပျောက်နေချေပြီ။ အပုန်းကောင်းလို့ မဟုတ်နိုင်တော့၊ တစ်ခုခုတော့မှားနေတာ သေချာသည်၊

"ကိုင်း - တို့တစ်တွေဘာလုပ်ကြမလဲ။ စဉ်းစားကြပါဦး"

ဒေးဗစ်က မေးခွန်းထုတ်သည်။

"နေလည်းတော်တော်စောင်းလာနေပြီ။ မကြာခင် မှောင်လာတော့မယ်။ အချိန်ရှိတုန်း ကုန်းသာကိုပြန်ပြီး ဒေးဗစ်တို့မိဘတွေကိုပြောပြအကူအညီတောင်းရင် မကောင်းဘူးလား"

ကျွန်တော်ပြောသည်ကို အားလုံးက သဘောတူကြသဖြင့် ကုန်းသာသို့ ပြန်လာခဲ့ကြ၏။ ဒေးဗစ်၏ မိဘတွေကလည်း ပျာပျာသလဲပင် ရွာလူကြီးများထံတင်ပြလျက် လမ်းညွှန်ချက်တောင်းခံသည်။ ထို့နောက် ကုန်းသာရွာသား (၂၀) ခန့် မီးတုတ်မီးစည်းများကိုယ်စီထွန်းညှိကိုင်ဆောင်၍ တောတွင်းသို့ လိုက်ပါလာကြ၏။

"ဗိုပေါက်ရေ၊ ဟေး ဗိုပေါက်။ ဗိုပေါက် မင်းဘယ်မှာလဲဟေ့"

"ဗိုပေါက် ကြားရင်ပြန်ထူးကွာ။ ဟေး ဗိုပေါက်"

ဗိုပေါက်ကို ဝိုင်းဝန်းအော်ဟစ်ခေါ်သံတွေညံနေသည်။ရွှေဘုံသာဘုရားပရိဝုဏ်အတွင်း ဗိုပေါက်အား အော်ခေါ်နေကြသည်။ သန်းခေါင်တိုင်သည့်တိုင်အောင် အကြောင်းထူးမလာချေ။

မီးတုတ်မီးစည်းများရေနံချေးကုန်လုပြီဖြစ်သောကြောင့် မေးမှိန်သွားကြသည်။ ရွာသားအချို့ တုတ်မီးများယူဆောင်လာခဲ့ကြသဖြင့် တုတ်မီးရောင်များဖြင့် ဝန်းကျင်မှာ ပြန်လင်းလာသည်။

"သန်းခေါင်ကျော်နေပြီ ဖိုးခွား ရေ၊ မင်းသူငယ်ချင်းကို တို့မနက်ကျမှ ထပ်ပြီးရှာကြတာပေါ့။ ကနေ့ညတော့ ရွာကိုပြန်နားလိုက်ကြအောင်"

ဒေးဗစ်၏ အဖေနှင့်အမေတို့က သူတို့သားကို ဖျောင်းဖျနှစ်သိမ့်၏။ သန်းခေါင်ကြက်တို့ တွန်သံပျောက်ပြီး ရွာသို့အဝင်မှာ လင်းကြက်များပင်တွန်နေလေပြီ ဖြစ်သည်။

www.burmeseclassic.com

(နှစ်)

နောက်တစ်နေ့နံနက် နေကျဲကျဲ ထွက်တော့မှပင် ကျွန်တော်တို့အိပ်ရာမှ ထနိုင်ကြ၏။ တစ်ညလုံး အိပ်ရေးပျက်ခဲ့ကြသည်မဟုတ်လား။ ဒေးဗစ်တို့မိဘတွေကလည်း အင်မတန်သဘောကောင်းသည်။ သူမတို့သား၏သူငယ်ချင်းများမို့ လိုလေသေးမရှိအောင် ဧည့်ဝတ်ပြုကြပါသည်။ နံနက်ဦးစာကောက်ညှင်းငချိပ်ပေါင်း၊ ခြံထွက်နွားနို့ပူပူတို့ဖြင့်ကျွေးမွေးသည်။ ကျွန်တော်တို့ကလည်း အားမနာကြ။ နွားငတ်ရေကျစားကြသောက်ကြသည်။ အဝေရာဆိုသည့်ကောင် နွားနို့ပင်တစ်ခွက်ထပ်တောင်းလိုက်ပါသေး၏။ ဆန်မရှိ အစားကြီးဆိုတဲ့ လူစားမျိုး။

"ဖိုးခွားသူငယ်ချင်းတွေ၊ ဒီနေ့လည်း တို့တစ်တွေ တောထဲဝင်ပြီး လူများများနဲ့ ထပ်ရှာပေးကြမယ်။ မင်းတို့ဘာမှစိတ်မကောင်းမဖြစ်ကြနဲ့။ ဟုတ်ပြီလား။ မင်းတို့ စားလို့ပြီးရင် ထွက်ကြစို့"

ကျွန်တော်တို့အတွက် ဒေးဗစ်၏ မိဘတို့က ရွာသား (၄၀) ကျော် စုစည်းခေါ်ဆောင်လာသည်။ ကုန်းသာရွာသားများကလည်း စိတ်ရောကိုယ်ပါ အားတက်သရော အကူအညီပေးသည်။ နံနက်ခင်း လင်းလင်းချင်းချင်း မြင်မြင်ထင်ထင် တစ်ကုန်းဆင်းတစ်ကုန်းတက် နေရာလပ်မကျန်စေရအောင် ဗိုပေါက်နာမည်ကို တကြော်ကြော်အော်ဟစ်ခေါ်ဆိုလျက် လိုက်လံရှာဖွေကြလေသည်။ ရွာသားများချွေးသီးချွေးပေါက်များကျဆင်းလျက် မောဟိုက်ပင်ပန်းနေကြသည်။ နေ့လယ်စာကိုပင်မောလွန်း၍ မစားနိုင်ရှာကြ။ ဒေးဗစ်တို့မိဘများ၏ မိတ်ဆွေဖြစ်ကြသဖြင့် အားကြိုးမာန်တက် ဝိုင်းဝန်းကြိုးစားရှာဖွေပေးခြင်းဖြစ်သည့်အပြင် မြို့မှလာကြသောဧည့်သည် ပျောက်ဆုံးခြင်းက သူတို့တွင် တာဝန်မကင်းဟု ခံယူထားကြ၍လည်း ဖြစ်ပါသည်။

သည်လိုနှင့် ဒုတိယရက်ရောက်ခဲ့ပြန်ချေပြီ။ ယင်းနေ့မှာလည်း ကုန်းသာအထက်ရွာမှ ရွာသား (၃၀) ခန့် ထပ်မံရောက်ရှိလာကာ နေရာလပ်မကျန်စေရန် အထူးဂရုစိုက်ကာရှာကြပြန်သည်။ နေကုန်နေခန်း ရွာသားတွေ ခွေယိုင်နုံးချည့်သွားသည်အထိ ရွှေဘုံသာဘုရားပရိဝုဏ် ပြုပြစင်မျှလိုက်လံရှာဖွေကြ၏။ ဗိုပေါက်၏ အရိပ်အယောင်ပင် ရှာမတွေ့။

ဒေးဗစ်၏ မိဘတို့က ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသဖြင့် ဘုရားကျောင်းတွင် နံနက်စောစော ဘုရားသခင်ထံတော်သို့ တိုင်တည်ကာ ဝတ်ပြုဆုတောင်းကြသည်။ တတိယနေ့ဖြစ်သွားရပြီ။ ထိုနေ့မှာ ရွာသားအင်အား (၂၀) လောက် ထပ်တိုးရောက်ရှိလာကြသည်။ ကုန်းသာအထက်ရွာ၊ ကုန်းသာအောက်ရွာနှင့် ညောင်နှစ်ပင်ရွာမှပါ ရွာသားအင်အား (၃၀) ပါဝင်လာလေသည်။ စုစုပေါင်း ရွာသားအင်အား (၁၀၀) ကျော်ခန့်ဖြင့် ယမန်နေ့များကထက် ဖိဖိစီးစီး နှံ့နှံ့စပ်စပ်ရှာကြပြန်လေသည်။ ဗိုပေါက်နာမည်ခေါ်သံတွေပွဲတင်ပြန်နေသည်။ ယမန်နေ့တွေကထက် အသံဗလံတွေ ပိုမိုကျယ်လောင်စွာ ဝီစီများမှုတ်သည်။ မောင်းတွေတီးသည်။ ခြောက်အိုးများပါ သီတင်းကျွတ်မှာ ဖောက်သလို အတွဲလိုက်တဒိန်းဒိန်း တဒိုင်းဒိုင်းဖောက်သည်။ တစ်နေသာကုန်သွားပြီး ရွာသားတွေအကုန်လုံး ခြေကုန်လက်ပန်းကျပြီး တုံးလုံးပက်လက်ဖြစ်သွားကြ၏။

ဗိုပေါက်ရှာဖွေခြင်းကို ဒေးဗစ်၏ မိဘများအပါအဝင် အားလုံးလက်လျှော့ကုန်ကြသည်။ (၃) ရက်တိုင်တိုင် ရှာဖွေခဲ့ကြ၏။ ရှာဖွေရာတွင် ပါဝင်သူအားလုံး မခိုမကပ် အားကြိုးမာန်တက် ဝိုင်းဝန်းကြိုးစားကြသည်ကို ယုံမှားသံသယရှိရန်မလိုပါ။ တက်ညီလက်ညီ ပူးပေါင်းပါဝင်ခဲ့ကြသည်။ သို့ပင်ဖြစ်စေကာမူ ဗိုပေါက်ကို မည်သို့မျှရှာဖွေ၍မတွေ့ခဲ့ရပါ။ စုပ်စမြုတ်စပျောက်ကွယ်နေချေပြီလည်း ဖြစ်ပါ၏။ ကျွန်တော်တို့ အိမ်ပြန်မလာကြသဖြင့် မိဘများကပါ ကုန်းသာသို့ စိတ်ပူကာလိုက်လာပြီး ဒေးဗစ်တို့ညီအစ်ကို၏ မိဘနှစ်ဦးအပြင် ကျေးရွာလူကြီးများကိုပါ တွေ့ဆုံမေးမြန်းခဲ့ကြပါသည်။ စိတ်မကောင်းဖွယ်ရာရလဒ်ကိုသာ သယ်ဆောင်လျက် မြောင်းမြသို့ အားလုံးပြန်



လာကြရပါသည်။ ကျွန်တော်တို့က သူငယ်ချင်းတစ်ယောက် ဆုံးရှုံးခဲ့ရပြီး ဗိုပေါက်၏မိဘတို့ကမူ တစ်ဦးတည်းသောသားကို ဆုံးရှုံးခဲ့ရသည်။ ဝမ်းနည်းမဆုံး ကြေကွဲဖွယ်ရာဖြစ်ရပ်ပါ။

(သုံး)

ရွှေဘုံသာဘုရားမြောက်ဘက်တောကြီးအတွင်း ကျွန်တော်တို့ တွေးထင်မထားမိသော ထူးခြားဆန်းကြယ်သော ဖြစ်ရပ်ဖြစ်စဉ်တွေ မည်မျှရှိနေသည်လည်း မပြောတတ်နိုင်။ ရှေးဟောင်းအမွေအနှစ်ဖြစ်သော ဘုရားပရိဝုဏ်အတွင်း မစူးမစမ်း မဆင်မခြင် တောစောင့်နတ်၊ တောင်စောင့်နတ်များကို မထီမဲ့မြင်ပြုလုပ်ခဲ့မိ၍ပဲလား။ ဘုရားစေတီတစ်ဆူကိုတွေ့ရှိပါလျက်နှင့် ရှိခိုးကန်တော့ရမှန်းမသိ မရိုမသေလုပ်မိ၍ပဲလား မဆိုနိုင်။ လောလောဆယ်ဆယ် သူငယ်ချင်းတစ်ဦးပျောက်ဆုံးသွားခဲ့ပါပြီ။ ဘုန်းဘုန်းက အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ကာ အကာအကွယ်ပြုလုပ်ပေးသည်။ ပရိတ်ရေလည်း ခန္ဓာကိုယ်အနှံ့ပက်ဖျန်းပေးသည်။ အဆောင်လက်စွပ်တစ်ခုကိုလည်း လက်မောင်းမှာချည်ပေးလိုက်သည်။

ကျွန်တော်၏မိခင်က နား(၂)ဖက်စလုံးပူနေအောင် ရေရွတ်ဆူပူအပြစ်တင်လိုက်သည်မှာ နေစရာမရှိလောက်အောင်ဖြစ်ပါသည်။ မိမိအပြစ်နှင့်မိမိ ဘာတစ်ခွန်းမှ ပြန်လှန်မပြောဝံ့အောင်ဖြစ်ပါသည်။ အိပ်ရာဝင်ရပြန်တော့လည်း မအိပ်မီဘုရားရှိခိုးရသည်။ အမေသင်ပေးထားသည့် ဂုဏ်တော် (၉) ပါး ပုတီး (၉) ပတ်စိတ်ရသည်။

"ကိုင်း- ဒီနေ့ကစပြီး စာမေးပွဲဖြေပြီးတဲ့အထိ အိမ်ထဲကအိမ်ပြင်ထွက်ဖို့ လုံးဝစိတ်မကူးပါနဲ့၊ ကြားလား"

အမေစိတ်ဆိုးလျှင် နည်းနည်းလေးမျှမလွယ်ကြောင်း ကျွန်တော်သိသည်။ အမေဆုံးမတာ ရေရေလည်လည်ခံရဖူးသဖြင့် အမေစိတ်ဆိုးအောင် ကျွန်တော် မလုပ်ဝံ့သည်က အမှန်ပါ။ ထားဝယ်ကြိမ်ဆိုတာကို ကြားဖူးကြလိမ့်မည် ထင်ပါသည်။ ထားဝယ်ကြိမ်တစ်ချောင်းဖွာထွက်သွားသည့်အထိ ကျွန်တော် အရိုက်ခံခဲ့ရဖူးသည်။

"မှတ်ပြီလားဟင် ခင်မောင်ဒေး

ဟုတ်ကဲ့ - တစ်သက်မမေ့နိုင်အောင် မှတ်မိနေပါတော့သည်။ ယခုအချိန်တွင် ကျွန်တော့်အမေမရှိတော့ပါ

www.burmeseclassic.com

…င်ဖြစ်စေကာမူ အမေ့အဆုံးအမများ … ယခုထက်တိုင် နားတွင်စွဲလျက် …တ်နာနားထောင်နေဆဲပါ။ ကျွန်တော် …သာ ကောင်းကောင်းအိပ်မပျော်နိုင် …အောင်ပင်။ အမေဆူပူကြိမ်းမောင်းတာ …တာထက် ဗိုပေါက်ပျောက်သွားရ …ည်ကို တနုံ့နုံ့တွေးမိပြီး စိတ်မကောင်း …ကြီးစွာဖြစ်ခဲ့ရပါသည်။ ယင်းသို့ …တွေးတောင်တွေးနှင့် မှေးခနဲအိပ် …ပျော်သွားလေသည်။

ရွှေဘုံသာမုနိစေတီတော်ပရိဝုဏ် …တွင်း ကျွန်တော် တစ်ယောက်တည်း …ဝဲလည်လည်ဖြစ်နေသည်။ ကျောင်း …ဆောင်းကြီးတစ်ခု၏ နောက်ဘက်တစ် …နေရာမှာ ဆွမ်းစားကျောင်းနှင့်တူသည့် …အဆောက်အအုံတစ်ခုကို အုတ်၊ အင် …တေများ ကျိုးပျက်လျက်တွေ့မြင်ရ၏။ …တ်တိုင်များ၊ ခေါင်မိုးများပင်မရှိလေ …တော့။ ယိုင်နဲ့ပြိုးပြိုကျလုဆဲဆဲဖြစ်သည်။ …ညောင်ပင်တစ်ပင်က ကပ်လျက်ပေါက် …နေသည်ဖြစ်ရာ ညောင်မြစ်များကပတ် …ထားလည်တွင် မျိုထားသည့်နှယ် ဖုံးအုပ် …မတတ်ရှိ၏။ ညောင်မြစ်များအကြား …မှ ရုတ်တရက် ဆံပင်စုတ်ဖွားနှင့် …ခေါင်းတစ်လုံးပေါ်လာသည်။

"ဟာ - ဗိုပေါက်၊ ဗိုပေါက်။ မင်း …ယ့်နှယ်ဒီကိုရောက်နေတာတုံး။ တို့ဖြင့် …မင်းကိုရှာလိုက်ရတာ သုံးရက်တောင်ရှိ …နေပြီ။ ရှာလို့မတွေ့ကြလို့ လက်လျှော့ …လိုက်ကြတာ။ မင်းဘယ်လိုဖြစ်တယ်ဆို …တာ ငါ့ကိုပြောပြစမ်းပါဦး"

ဗိုပေါက်သည် ဖားလျားကျလျက် …သော ညောင်ပင်၏ ပါးပျဉ်းများ …အကြားမှ ဦးခေါင်းကိုပြူကာ ခေါင်းကို …ခါပြလိုက်၏။ စကားပြောနေသည့်တိုင် …ပေါက်၏အသံကို မကြားရ။ 'အစ်' …'အစ်' နှင့် လည်ပင်းနင်နေသလို …ဖြစ်နေသည်။ ထို့နောက် တစ်ယောက် …တက်က နောက်မှဆွဲလိုက်သည့်နှယ် …နောက်ဘက်သို့ ရုတ်တရက်လျှောကျ …သွားပြီး မြင်ကွင်းမှပျောက်သွားလေ …သည်။

"ဟော့ ဟော့ - ဗိုပေါက် ဗိုပေါက်။ …နေ . . . နေ . . . နေပါဦး"

ကျွန်တော် လှမ်းခေါ်လိုက်သည့် …တိုင် ဗိုပေါက်ဆီမှပြန်ထူးသံကို မကြား …ရတော့။ သည်အခိုက်မှာပင် အမေ့အသံ …ကို ရုတ်တရက်ကြားလိုက်ရသည်။

"ဟဲ့ - ခင်မောင်အေး၊ ဘာလဲ …ဘာဖြစ်နေတာလဲ။ တအင်အင်နဲ့ တစ် …ယောက်တည်းဗလုံးဗထွေးဘာတွေပြော နေတာလဲ။ မထိတ်သာမလန့်သာရှိလိုက် တာသားရယ်"

ကျွန်တော် အိပ်မက်မက်နေတာ ပါကလား။ အိပ်မက်အတိုင်းဆိုလျှင် ဗိုပေါက်မသေသေးဟု ပြောနိုင်သည်။ အိပ်မက်အကြောင်း အမေ့အားပြောပြ လိုက်သည့်အခါ အမေက တစ်ချက်မျှ တွေခနဲဖြစ်သွားသည်။ ပြီးနောက် ဗိုပေါက်၏မိခင်ကို ညတွင်းချင်းဖုန်း ဆက်၍ပြောပြလိုက်၏။ သူမတို့ဘယ်လို စီစဉ်ကြမည် ကျွန်တော်မသိ။ ပြန်လည် အိပ်ပျော်သွားခဲ့လေသည်။

နံနက်တော်တော်ကြီးနေမြင့်တော့ မှ ကျွန်တော်နိုးလာခဲ့ပါသည်။ ရေချိုး ခန်းထဲသို့ဝင်ကာ မျက်နှာသစ်ကိုယ်လက် သုတ်သင်ပြီး နံနက်ဦးစာအမေပြင်ထား ပေးသည်ကိုစား၏။ အမေက ပဲပြုတ်နှင့် ထမင်းကြော်ထားပေးသည်။ လက်ဖက် ရည်ပေါ့ဆိမ့်တစ်ခွက်ဖျော်ထားသည်။ နံနက်စာစား၍သောက်၍ပြီးစီးသည်နှင့် ကျွန်တော် ကျောင်းသွားရန် ပြင်ဆင် လိုက်၏။ ရေချိုး၊ အဝတ်အစားလဲလှယ် ပြီးသဖြင့် ကျောင်းလွယ်အိတ်ကိုမလွယ်ရ သေးမီ -

"သားရေ၊ ဒီနေ့ကျောင်းမသွားနဲ့ တော့။ မင်းခွင့်တိုင်စာကို မင်းဦးလေးက ကျောင်းကိုယူသွားပေးလိမ့်မယ်။ အံမေ တို့ ကုန်းသာကိုလိုက်သွားကြရအောင်"

ကျွန်တော် အမေ့ကို ဘာမှမေး မနေတော့ပါ။ ကုန်းသာရွာသို့သာ အမေ နှင့် အတူလိုက်ဖို့ရန် ပြင်ဆင်ထားလိုက် ၏။ ခဏအကြာတွင် ဗိုပေါက်၏ မိဘ နှစ်ဦးအိမ်သို့ ရောက်ရှိလာကြသည်။ သို့နှင့် ကျွန်တော်တို့အိမ်မှ ထွက်ခွာ လာကြ၏။ မြောင်းမြမှ ကုန်းသာရွာသို့ ပုံမှန်ပြေးဆွဲနေသောကားတွေရှိသဖြင့် နေမမြင့်မီ ထွက်လာနိုင်ကြသည်။ ကုန်းသာသို့ရောက်သည့်အခါ ဒေးဗစ် တို့အိမ်သို့ တစ်ခါတည်းတန်းသွားကြ သည်။ ဒေးဗစ်၏မိဘတို့က သူတို့အိမ် ရှေ့မှာ ထွက်စောင့်နေကြသည်။ နံနက် စောစောထွက်သော ခရီးသည်တင်ကား ယာဉ်မောင်းနှင့် ကြိုတင်အမှာစကား ပါးထားလိုက်၍ပင်။

"အိမ်ထဲဝင်ပြီး ခဏတစ်ဖြုတ် နားလိုက်ပါဦးလားဟင်"

ဒေးဗစ်၏မိခင်က အိမ်ရှင်ပီပီ ဖိတ်မန္တကပြုသည်။

"နားမနေတော့ပါဘူးဒေါ်စတယ် လာရယ်။ ကျွန်မတို့ နေမွန်းမတည့်ခင် ရွှေဘုံသာဘုရားဆီ သွားလိုက်ကြရ အောင်၊ မကောင်းဘူးလား"

"ကောင်းပါတယ် အစ်မရယ်။ စောစောရောက်တော့အချိန်ပိုရတာပေါ့။ ဒေးဗစ်သူငယ်ချင်းတွေလည်း ကုန်းသာ မော်တော်ယာဉ်ဂိတ်မှာ အသင့်စောင့် နေကြပါတယ်။ ဒီလိုဆိုရင်လည်း သွား ကြပါစို့"

ကုန်းသာမော်တော်ယာဉ်ဂိတ်တွင် လူငယ်လူရွယ်(၂၀)လောက် ရောက်နေ ကြပြီ။ ဒေးဗစ်တို့ညီအစ်ကို၏ သူငယ် ချင်းများဖြစ်သည်။ သူတို့တစ်တွေ ယနေ့ (၃) ရက်တိုင်တိုင် ပျောက်ဆုံးနေသော ဗိုပေါက်အား မတွေ့မချင်းရှာကြမည်ဟု ကြုံးဝါးထားကြကြောင်းသိရှိရ၏။ ရွှေဘုံ သာဘုရားသို့ သူတို့ရောက်လာကြသော အချိန်မှာ နေက ဦးခေါင်းပေါ်သို့ မရောက်သေးချေ။ ဒေါ်စတယ်လာအား ကျွန်တော်၏မိခင်ကအိပ်မက်အကြောင်း အပြည့်အစုံ ကြိုတင်ပြောပြထားပြီး ဖြစ် သည်။ ထို့ကြောင့် ဒေးဗစ်တို့ ညီအစ်ကို ဦးဆောင်လျက် ရွှေဘုံသာဘုရားပရိ ဝုဏ်အတွင်းရှိ ကျောင်းပျက်ကြီးရှိရာသို့ ဦးစွာသွားရောက်ကြ၏။ ကျောင်းအိုကြီး အနောက်ဘက်သို့ ရောက်သည့်အခါ ဆွမ်းစားကျောင်းဖြစ်ခဲ့ပုံရသည့် အုတ် ကျိုးအုတ်ပဲ့များဖြစ်နေသော အဆောက် အအုံပျက်တစ်ခုကိုမြင်တွေ့ရလေသည်။

ညောင်ပင်တစ်ပင်က ဆွမ်းစား ကျောင်းပျက်တစ်ခုလုံးကိုမျိုထားသည် ဖြစ်ရာ ဆွမ်းစားကျောင်းတစ်ခုလုံး ညောင်မြစ်များက ဖုံးလွှမ်းထားသည်။ ကျွန်တော်က ဒေးဗစ်ကို အိပ်မက်ထဲ တွင်မြင်ခဲ့ရသည့် ညောင်ပါးပျဉ်းများ ကြားမှ အပေါက်တစ်ခုကို ညွှန်ပြလိုက် ရ၏။ ထိုအပေါက်နေရာကို ဒေးဗစ်၏ သူငယ်ချင်းများက ဓား၊ ပုဆိန်များဖြင့် ခုတ်ထွင်ရှင်းလင်းလိုက်ကြသည်တွင် လူ တစ်ကိုယ်စာ ချောင်ချောင်ဝင်နိုင်သော အပေါက်တစ်ခု ပေါ်လာလေသည်။ ထို အပေါက်ထဲသို့ လူငယ်များ မဝင်သေးမီ ဒေးဗစ်က သူ့သူငယ်ချင်း ဗိုပေါက်၏ နာမည်ကို ခေါ်ကြည့်၏။

"ဗိုပေါက် ဗိုပေါက်၊ မင်းဒီထဲမှာ ရှိနေသလားဟင်။ တို့ခေါ်နေတာ ကြား လား ကြားရင်ပြန်ထူးပါကွာ"

ညောင်ပါးပျဉ်းများအနောက်ရှိ အပေါက်ထဲမှ လိုဏ်ခေါင်းသံလို ပဲ့တင် သံပြန်လာသည်။ ဗိုပေါက်ထံမှ ပြန်ထူး သည့်အသံကို မကြားရချေ။ ဒေးဗစ် စိတ်ရှည်တော့သည့်ပုံမရ။

"တို့တစ်တွေအထဲအထိဝင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com

ရင်ကောင်းမယ်ထင်တယ် သူငယ်ချင်းတို့။ ငါအရင်ဝင်ကြည့်မယ်ကွာ"

ဒေးဗစ်သည် စိတ်မြန်လက်မြန်ပင် ညောင်မြစ်များကို တွန်းဖယ်လျက် အပေါက်တွင်းသို့ တိုးဝင်သွား၏။ သူ၏နောက်မှ သူ့သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက် လိုက်ပါဝင်ရောက်သွားကြလေသည်။

"တုတ်မီးပါတယ် မဟုတ်လား။ မီးထိုးကြည့်ပါဦး"

တစ်ယောက်က ပြောလိုက်သံကို ကြားရသည်။ ဒေးဗစ်၏ မီးပါတယ်၊ ပါတယ်ဟု ပြန်ဖြေသံကိုလည်း ကြားရ၏။ ဝိုးဝိုးဝင်းဝင်း တုတ်မီးရောင်များ ညောင်ပါးပျဉ်းများအကြားမှ လက်ခနဲလက်ခနဲ ထွက်ပေါ်လာသည်။ ခဏမျှ အသံတွေ တိတ်ဆိတ်သွားပြီးနောက်-

"ဟာ - ဒီမှာ၊ ဒီမှာဟေ့။ ဗိုပေါက် ဗိုပေါက်မေ့နေတယ်"

"အသက်ရှိသေးရဲ့လားဟင်၊ စမ်းကြည့်ကြပါဦး။ အသက်ရှူနေသေးသလားလို့"

"ဟာ - အသက်မျှဉ်းမျှဉ်းလေး ရှူနေသေးတယ်ဟေ့။ အပြင်ကိုထုတ်လာခဲ့မယ်။ အပေါက်ဝက ဖယ်ထားကြပါ"

ဒေးဗစ်သူငယ်ချင်းတစ်စု ဆူညံဆူညံပွက်စီပွက်စီစကားများ အလုအယက်ပြောဆိုကာ ခဏအကြာတွင် ဗိုပေါက်၏ ပျော့ခွေလျက်ရှိသော ကိုယ်ခန္ဓာကို လူငယ်နှစ်ဦးက ဒေးဗစ်နှင့်အတူ သယ်ထုတ်လာကြသည်။ ညောင်ပင်ရင်း လွတ်လွတ်ကင်းကင်းနေရာ မြေညီတွင် ဗိုပေါက်၏ ပျော့ခွေလျက်ရှိသော ကိုယ်ခန္ဓာကို အသာအယာချထားလိုက်ကြ၏။ ဗိုပေါက်ကတော့ အသက်မရှိသည့်အလား မလှုပ်မရှားလဲကျနေသည်။ အားလုံးကလဲကျနေသည့်ဗိုပေါက်အား ဝိုင်းဝန်းလျက် စိုးရိမ်တကြီးကြည့်ရှုအကဲခတ်နေကြ၏။

"ဒေးဗစ် ဒေးဗစ်၊ မင်းဖယ်စမ်း။ ငါဗိုပေါက်ကို ကြည့်ပေးမယ်။ အသက်မျှဉ်းမျှဉ်းရှူနေတယ်။ အသက်ရှူနေသေးရင် ဘာမှစိုးရိမ်မနေနဲ့။ အားလုံးနောက်ခဏဆုတ်နေ"

ဒေးဗစ်သူငယ်ချင်း ဒုတိယနှစ်ဆေးတက္ကသိုလ်ကျောင်းသား စောဒဲယ်နီရယ်က ရှေးဦးသူနာပြုနည်းဖြင့် ပြုစုပေးသည်။ နှလုံးကို လက်ဖြင့်ဖိသည်။ သုံး၊ လေးကြိမ်ခန့် ဖိကြည့်၏။ ထို့နောက် ဗိုပေါက်၏နှုတ်ခမ်းနှင့် သူ၏ ပါးစပ်ကို တေ့ပြီးစုပ်သည်။ ခဏမျှကြာသောအခါ ဗိုပေါက်ထံမှ ချောင်းဆိုးလိုက်သံတစ်ချက် ဟက်ခနဲထွက်ပေါ်လာသည်။ လူငယ်များအားလုံး ဟေးခနဲ ဝမ်းသာအားရအော်လိုက်သံညံသွား၏။ ဗိုပေါက်ကို ဒေးဗစ်နှင့် သူ၏သူငယ်ချင်းများက ကုန်းသာရွာဆီသို့ အရေးပေါ်ထမ်းစင်တစ်ခုပြုလုပ်လျက် သယ်ဆောင်သွားကြလေသည်။ ရွာသို့ပြန်လည်ရောက်ရှိသည်တွင် ကျေးရွာဆေးပေးခန်းမှ ကျန်းမာရေးမှူးနှင့် သူနာပြုဆရာမများ ဝိုင်းဝန်းပြုစုလျက် လိုအပ်သော အားဆေးများသွင်းကာ ဆေးထိုး၊ ဆေးတိုက် ပြုလုပ်ပေးကြသည်။

ကုန်းသာကျေးရွာတစ်ရွာလုံးလည်း ပျော်ရွှင်မဆုံး။ ဒေးဗစ်နှင့် သူ၏မိဘနှစ်ဦးလည်း လာသမျှဧည့်သည်တွေအားလို လေသေးမရှိ ဧည့်ခံကျွေးမွေး၏။ ဗိုပေါက် မည်သို့မည်ပုံ သုံးရက်လုံးလုံး ပျောက်ဆုံးနေခဲ့ရသည့် အကြောင်းစုံကို ဗိုပေါက် ကောင်းစွာနေကောင်းကျန်းမာလာသောအခါတွင်မှသာ တိတိကျကျ သေသေချာချာ သိရှိရ၏။ ကျွန်တော်တို့ သူငယ်ချင်း (၅) ယောက်လည်း အိမ်နှင့်ကျောင်း၊ ကျောင်းနှင့်အိမ်မှလွဲ၍ အိမ်တွင်းမှ အိမ်ပြင်သို့ မိဘတွေက ထွက်ခွင့်မပြုကြတော့။ ရွှေဘုံသာဘုရားစေတီတော်ပရိဝုဏ်ပေါ်တွင် ကျွန်တော်တို့ တစ်တွေ ချောက်ချားထိတ်လန့်ဖွယ်ရာ ဖြစ်ရပ်ဖြစ်စဉ်များနှင့် ကြုံတွေ့ခဲ့ရသည်။ တစ်သက်သာ မမေ့နိုင်စရာဖြစ်ပါချေသည်။

(လေး)

ရွှေဘုံသာဘုရားပရိဝုဏ်အတွင်း ဆုံးမမနိုင်ဆိုနိုင်ခက်ခဲ ကဲချင်းတိုင်းကဲနေကြသောလူငယ်(၅)ယောက် ဝုန်းဒိုင်းကြအောင် သောင်းကျန်းနေကြသည်။ လူငယ်တွေကဆယ်ကျော်သက်တွေဖြစ်သည်။ မိဘတို့က မည်သို့ပင်ကွပ်ညှပ်



သွန်သင်ဆုံးမလင့်ကစား လေးစားလိုက်နာခြင်းမရှိကြ။ အထက်တန်းကျောင်းသားများဖြစ်ပြီး ဆရာသမားတို့က လေ့ကျင့်သင်ကြား ညွှန်ပြဩဝါဒများပေးခဲ့ကြသည်။ သို့ပင်ဖြစ်စေကာမူ ခွေးမြီးကောက်ကျည်တောက်စွပ်သည့်နှယ် ပေမြဲဆိုးမြဲတေမြဲပင်။ စိတ်လွတ်ကိုယ်လွတ်နှင့် ထင်ရာမြင်ရာစိုင်းချင်သလို စိုင်းရိုင်းချင်တိုင်းရိုင်းနေကြသော ကလေးများ။

ဘုရားစေတီတစ်ဆူ၏ ပရိဝုဏ်အတွင်းသို့ ရောက်ရှိနေကြသည့်တိုင် ရတနာသုံးပါးလေးစားရိုသေရကောင်းမှန်းမသိ။ အပျော်အပြက် မထီလေးစားဆော့ကစားနေကြခြင်းကား ဗုဒ္ဓဘာသာဝင်တို့အဖို့ ကြီးမားသော အပြစ်တစ်ခု မဟုတ်ပါလား။ ဗိုပေါက်သည် ပုန်းခိုဖို့နေရာရှာရင်း ဆွမ်းစားကျောင်း၏ နောက်ဘက်သို့ မထင်မှတ်ဘဲ ရောက်ရှိလာ၏။ ညောင်ပင်၏ ပါးပျဉ်းများတွဲလောင်းကျဆင်းပြီး ညောင်ပင်က ဆွမ်းစားကျောင်းတစ်ခုလုံးကို ဖုံးလွှမ်းကာ ကွယ်ထားသည်ဖြစ်ရကား ပုန်းခိုစရာ အကောင်းဆုံး နေရာတစ်ခုလိုဖြစ်နေသည်။ သို့ဖြစ်၍ ဗိုပေါက်သည် ခက်ခက်ခဲခဲနှင့် လူတစ်ကိုယ်စာဝင်၍ရအောင် ညောင်ပါးပျဉ်းများကို ဖြဲဟဆွဲမကာ အတွင်းသို့ လျှောဆင်းလိုက်သည်။ ဇောက်နက်သော လိုဏ်လမ်းအတိုင်း ထိုးဆင်းသွားပြီး အဝင်လွယ်သလောက် အထွက်ခက်သွားလေသည်။

အပေါ်သို့ရောက်အောင် ပြန်တက်ရန် မလွယ်ချေ။ ကုပ်ကပ်ကြိုးစားတက်ကြည့်သော်လည်း အရာမရောက်တော့။ သူငယ်ချင်းများ၏ အော်ဟစ်ခေါ်နေကြသံများ ကြားရသော်လည်း မိမိက အသံပြန်ပေးသည်ကို အပြင်မှ မည်သူကမျှ မကြားကြရပေ။ ပထမတစ်ရက်တွင် အားထုတ်ကြိုးစားပြီး အပေါ်တက်ရန်အားထုတ်ရင်း အားအင်ချိနဲ့လာသည်။ ဝမ်းတွင်းမှာအစာမရှိ ရေကလည်း ငတ်လိုက်သည်မှာ ပြောဖွယ်ရာမရှိတော့။ ဒုတိယရက်တွင်လည်း အပြင်သို့ တိုးထွက်နိုင်အောင် ကြိုးစားကြည့်ပြန်သည်။ မအောင်မြင်ခဲ့ပါ။ ရွာသားများ ညောင်ပင်ကြီးအပါးမှ အသွားအပြန်ပါ ဖြတ်သွားဖြတ်လာ ရှာဖွေနေကြစေကာမူ မြေအောက်ကလိုဏ်တစ်ခုအတွင်း မလှုပ်နိုင်မရှားနိုင် ပုတ်လက်လဲနေရှာသော ဗိုပေါက်အား မည်သို့မျှ မတွေ့နိုင်ကြ။ သုံးရက်မြောက်နေ့



www.burmeseclassic.com

ဗိုလ်ဗိုလ်ဆိုးတား ဗိုပေါက်သတိရတစ်ချက်မရ ...ချက်ဖြစ်နေရှာပြီ။ ဗိုပေါက်မြောင်းမြ ...အတွင်း ပြန်လည် ရောက်ရှိသွား ... တနဦး မိမိတို့ အတန်းဖော် ...ယ်ချင်းများနှင့် အတူတကွ စာသင် ...ရသည့် ကျောင်းခန်း။ အတန်းပိုင် ... ဆရာဦးလှမောင်၏ မျက်နှာနှင့် ...လက်တွင်းက ကြိမ်လုံး။ သည့် ... ကျောင်းရှေ့မှ ဘောလုံးကွင်း။

ထို့နောက် မြောက်ပိုင်းမှ ကိန်း ...ထဲသို့ သူဝင်သွားသည်။ ဟင် - ...မေတို့အိမ်ပဲ။ သူအိမ်တွင်းသို့ဝင်လို့ ...အကြိမ်ကြိမ်ကြိုးစားသော်လည်း ...င်မြင်ပါ။ သို့နှင့် သူလွင့်မျောသွား ...လေသည်။ သည်တစ်ခါ သူရောက် ...သောအိမ်က သူငယ်ချင်း ခင်မောင် ...အိမ်ဖြစ်၏။ အလို - ဒီကောင်က ...မှာ အကျအနအိပ်နေပါကလား။ ...ငယ်ချင်းကို သူလှုပ်နှိုးကြည့်၏။ ...ငယ်ချင်းနိုးလာတော့ သူက ရွှေဘုံ ...ဘုရားပရိဝုဏ်အတွင်းမှ ဆွမ်းစား ...ကျောင်းပျက်အတွင်း သူ့ကိုလာရောက် ...ဖို့ ပြောပြသည်။ သူပြောနေသည့် ...စကားတွေ ဒီကောင် နားလည်ပုံမရဘူး ...င်ပါရဲ့။ ထပ်ကာထပ်ကာ သူပြော၏။ ...ငယ်ချင်းက သူ့နာမည်ကိုခေါ်နေတာ ... တစ်ခွန်း၊ နှစ်ခွန်းကြားလိုက်ရပြီး ...လဆွမ်းစားကျောင်းအောက်မှ မြေ ...တွင်းထဲသို့ပြန်ရောက်လာခဲ့၏။ ဒီနောက် ...ဘာကိုမှသတိမရတော့။ သူသတိရ ...လာသောအချိန်က ဒေးဗစ်တို့အိမ်မှာ။

ဤလောကမြေမဟီတွင် လူတို့ မျှော်လင့် မထင်မှတ်ထားသော ထူးဆန်းထွေလာ ဖြစ်ရပ်ဖြစ်စဉ်များ မြောက်မြားလှစွာရှိပါသည်။ ရံဖန်ရံခါ ယုံနိုင်ဖွယ်ရာ ယုတ္တိယုတ္တာမရှိလေသ ယောင် တွေ့ရကြုံရတတ်သည်။ စင်စစ် လောကပါလ သာသနာစောင့်နတ်မင်း များ၏ သတိပေးဆုံးမခြင်းများဟု မှတ် ယူရမည် ဖြစ်ပါသည်။ တိုက်တိုက်ဆိုင် ဆိုင်ဖြစ်ခြင်းပါဟု စောဒကတတ်သူ ရှိကောင်းရှိပါလိမ့်မည်။ မည်သို့ဆိုစေ ရတနာသုံးပါးကြည်ညိုရိုသေဆည်းကပ် သူများအဖို့ ကောင်းသောအကျိုးများ ရရှိကာ ရတနာသုံးပါး အလေးမထား ကြသူများအတွက်ကား သုခချမ်းသာနှင့် ဝေးကွာ မကောင်းကျိုးများ တွေ့ကြုံ ဒုက္ခမျိုးစုံနှင့် ဆုံတွေ့ရမည်မှာ ဧကန် အမှန်ဖြစ်ပါသည်။

ခင်မောင်အေး(မွန္တလေး)



## ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)

(၁၁၆) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပြီဖြစ်၏။

ချမ်းသာခြင်းများစွာ ပြည့်စုံလာ ကြပေဦးတော့မည်။

**တနင်္ဂနွေသားသမီးများ**

ဧပြီလ ၈၊ ၂၂၊ ၂၅၊ ၂၆ ရက်များ မှာ ထီထိုးပါ။

ဆွမ်းတော်ကပ်ရန် အစီအစဉ်ရှိခဲ့ ပါက ဓာတ်ကြီးလေးပါးဆွမ်းတော်ကပ် လှူပါ။ ဓာတ်ကြီးလေးပါးဆွမ်းတော်ကပ် ရန် အစီအစဉ်မရှိပါက ဘုရားရှင်အား သစ်သီး (၆) မျိုးနှင့်ပူဇော်ပါ။

မေလတွင် ၅၊ ၆၊ ၂၊ ၁ ဂဏန်းများ နှင့်ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

ဧပြီလ ၈၊ ၉၊ ၂၂၊ ၂၃၊ ၂၆ ရက် များမှာ ထီထိုးပါ။ ကြီးကျယ်ခမ်းနား သောအလှူကြီးတစ်ခုကို ကိုယ်တိုင်ဝင် ရောက်ကုသိုလ်ယူဖြစ်လျှင် (သို့) မြင် လိုက်ရလျှင် ထီထိုးပါ။

မေလတွင် ၇၊ ၅၊ ၃ ဂဏန်းများ နှင့်ကံစပ်ပါသည်။

**အင်္ဂါသားသမီးများ**

ဧပြီလ ၉၊ ၂၃၊ ၂၄၊ ၂၇ ရက်များ မှာထီထိုးပါ။ အားသောရက်တစ်ရက်ကို ယူပါ။ တစ်နေ့ထဲ ဘုရား (၇) ဆူပြည့် အောင်သွား၍ပူဇော်ပါ။ ဘုရားတိုင်း တွင် ဖယောင်းတိုင် (၇) တိုင် ထွန်းညှိ ပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

မေလတွင် ၇၊ ၅၊ ၂၊ ၁ ဂဏန်း များနှင့် ကံစပ်နေပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဧပြီလ ၂၄၊ ၂၅၊ ၂၈၊ ၂၉တို့တွင် ထီထိုးပါ။

ဘုရားစေတီတစ်ဆူဆူသို့သွား၍ ဖြိုဟ် (၈) ခွင်လုံးပတ်ပြီး ရေသက်စေ့ သပ္ပာယ်ပါ။ ပြီးမှ မွေးနံထောင့်တွင် ရွှက် လှူများစွာလှူလိုက်ပါ။ အပြန်မှာ ထီထိုး ပါ။

မေလတွင် ၇၊ ၆၊ ၃၊ ၅ ဂဏန်း များနှင့်ကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ**

ဧပြီလ ၈၊ ၂၂၊ ၂၃၊ ၂၅၊ ၂၈ ရက် များတွင် ထီထိုးပါ။

ဘုရားရှင်အား မုန့်လုံးရေပေါ် ဆွမ်းတော်ကပ်ပါ။ တစ်ပတ်ပြည့်အောင် ကပ်လှူပူဇော်ပြီးမှ ထီထိုးပါ။

မေလတွင် ၇၊ ၅၊ ၁ ဂဏန်းများ နှင့်ကံစပ်ပါသည်။

**သောကြာသားသမီးများ**

ဧပြီလ ၉၊ ၁၀၊ ၂၃၊ ၂၇ ရက်များ တွင် ထီထိုးပါ။

ရွှေဘွဲ့တော်ရှိသော ဘုရားတစ် ဆူဆူသို့သွား၍ ရွှက်လှေများဝေနေ အောင်လှူပါ။ အပြန်မှာ ထီထိုးပါ။

မေလမှာ ၆၊ ၅၊ ၃၊ ၂ ဂဏန်းများ နှင့်ကံစပ်ပါသည်။

**စနေသားသမီးများ**

ဧပြီလ ၂၄၊ ၂၇၊ ၂၈ ရက်များ တွင် ထီထိုးပါ။

ဝေးလံသောဒေသသို့ ဘုရားဖူး သွားရခြင်း (သို့) ဘုရားဖူးသွားရန် အကူ အညီပေးရခြင်း (သို့) ဘုရားဖူးသွားကြ သည်ကိုမြင်လျှင် ထီထိုးလိုက်ပါ။

မေလမှာ ၇၊ ၅၊ ၃၊ ၁ ဂဏန်းများ နှင့်ကံစပ်ပါသည်။

၂၀ - ၄ - ၂၀၁၅၊ တနင်္လာနေ့ တွင် ထီထိုးရန် အကြောင်းသင့်ပါက (၇) ရက်သားသမီးများ မည်သူမဆို ထီထိုးပါ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

www.burmeseclassic.com

၈-၄-၂၀၁၀ရက်နေ့က ကျွန်တော်တို့အဖွဲ့ ကား(၃)စီးဖြင့် ဇလွန်မြို့သို့သွားကြသည်။ ကျွန်တော်နှင့် စိတ်ကူးသစ်စာပေမှ ဦးတင်ထွန်းမိသားစုက PUBLICA ကားလေးတစ်စီး၊ QUALITY စာအုပ်တိုက်မှ ဦးမြင့်ထွန်းတို့မိသားစုက PUBLICA ကားလေးတစ်စီး၊ သူတို့၏အစ်ကိုကြီး ဦးဉာဏ်ထွန်းမိသားစုကလည်း PUBLICA ကားတစ်စီးဖြစ်ကြသည်။ ကား (၃) စီးစလုံး လိမ္မော်ရောင်ကားကလေးများဖြစ်ကြသည်။

ဇလွန်မြို့သို့ ရောက်လျှင်ရောက်ချင်းပင် မြို့ဦးစေတီဖြစ်သော ဇလွန်ပြည်



တော်ပြန်ဘုရားကြီးကိုဝင်ရောက်ဖူးမြော်ကြပါသည်။ လွန်စွာ သပ္ပာယ်ကြည်ညိုဖွယ်ရာကောင်းသောဘုရားကြီး ဖြစ်ပါသည်။ ကျွန်တော် မြန်မာပြည်တစ်ခွင်နယ်တကာနှံ့သော်လည်း ဇလွန်မြို့ကို မရောက်ဘူးပါ။ မန္တလေးကအပြန် အစုန်ခရီး ဟင်္သာတမြို့ကိုတော့ ဧရာဝတီသင်္ဘောကြီးဖြင့် ဆိုက်ရောက်ဖူးပါသည်။ ယခုခရီးကလည်း ဦးတင်ထွန်း၊ ဦးမြင့်ထွန်းတို့ညီအစ်ကိုမိသားစုကို မိခင်ကြီးဒေါ်ကျင်အေးက ကမကထပြု၍ သင်္ကြန်တွင်း ပဥ္စင်းဝတ်ရန်အတွက် ၎င်းတို့၏ မွေးရပ်မြေ ဇလွန်မြို့သို့ ဘာသာရေးကိစ္စလာကြခြင်းဖြစ်သည်။ဧည့်သည်အိမ်နေဖြင့် ကျွန်တော်နှင့် ဘာသာပြန်စာရေးဆရာ ဆရာမြင့်မိုးတို့ကလည်း ကြုံတုန်းပဥ္စင်းဝတ်ရန်လိုက်ခဲ့ကြခြင်း ဖြစ်ပါသည်။

ဘုရားဖူးနေကြစဉ် ဦးတင်ထွန်းက ပြည်တော်ပြန်ဘုရားသမိုင်းကို ရှင်းပြသည်။

"မုနိလေးဆူရှိတယ် ဆရာ။ မန္တလေးက မဟာမြတ်မုနိ၊ ရှင်ကျော်မုနိနဲ့ ပြည်တစ်ဖက်ကမ်းက ရွှေဘုံသာမုနိ၊ ဇလွန်မြို့က ပြည်တော်ပြန်ဘုရားဖြစ်တဲ့ မာရ်အောင်မြင်မုနိဘုရားတို့ ဖြစ်ကြပါတယ်"

ပြည်တော်ပြန်ဘုရားခေါ် မာရ်အောင်မြင်ဘုရားသမိုင်းအကြောင်းကိုလည်း ကိုတင်ထွန်းက မြို့ခံပီပီရှင်းပြပါသည်။

ထိုစဉ်တွင် ဘုရားဖူးအများစု စုစုရုံးရုံးဖြင့် ဝိုင်းအုံကြည့်ရှုနေကြသော အခြင်းအရာကို သတိပြုမိလိုက်သည်။ ဝိုင်းအုံကြည့်ရှုနေကြသည်က အဘိုးကြီးတစ်ဦးကို ဖြစ်သည်။ ဘိုးသူတော်ကဲ့သို့ အထက်အောက်ဝတ်စုံအဖြူကို သန့်ရှင်းစင်ကြယ်စွာ ဝတ်ဆင်ထားသည်။ ခေါင်းမှသျှောင်ကိုလည်း ပဝါဖြူပတ်ထားပြီး ဘေးတွင်ဖောင်းကားနေသောလွယ်အိတ်ကြီးတစ်လုံးကိုလည်း လွယ်ထားသေးသည်။ အဘိုးကြီးမှာ ဘုရားတန်ဆောင်းအတွင်း၌ တံမြက်လှည်းပြီးနောက် ဘုရားဖူးလာကြသူများအား အကြွေစေ့များဝေပေးနေခြင်းဖြစ်သည်။ ကျွန်တော်တို့ငယ်စဉ်ကအသုံးပြုခဲ့ဖူးသော ငါးပြား၊ ဆယ်ပြား၊ မတ်စေ့၊ ငါးမူးစေ့၊ ကျပ်စေ့၊ အကြွေစေ့များ ဖြစ်ကြပါသည်။ ပိုက်ဆံစေ့ကလေးများအလယ်၌လည်း 'ဝလုံး' ပုံ သံကညစ်ဖြင့်ထွင်းထားပြီး အပေါက်ဖောက်ထားသည်။ ကြိုးတပ်၍လည်တိုင်တွင်ဆွဲရန်ဖြစ်ပုံရပါသည်။

ကျွန်တော်တို့သည် စိတ်ဝင်စားသောကြောင့် အနီးသို့ကပ်၍တိုးကြည့်လိုက်ကြသည်။

"ဝ တစ်လုံးဆောင် အိုတောင်မဆင်းရဲဘူး၊ ဝလုံးဆရာ ငါ ဦးမောင်ကြီးရောက်လာပြီ။ ဇလွန်ပြည်တော်ပြန်ဘုရားဖူးသူတွေ ဘုရားတန်ခိုးတော်ကြောင့် ကျန်းမာချမ်းသာကြပါစေ။

ဝတစ်လုံးကိုဖျက်တော့ နှစ်လုံးပေါ်လာမည်။ ဘိုးဘိုးအောင်၏ညီ မောင်ကြီးရောက်လာပြီ။ ဝအောင်စား၊ ဝေးဝေးနေ၊ ဝင်မရှုပ်နဲ့၊ ပေးတာကိုယူ၊ ကျွေးတာကိုစား၊ (၉၆)ဖြာအန္တရာယ်ကင်းမည်"

သူဆိုနေသည်က တဘောင်လိုလို၊ သီချင်းလိုလို။ သူ့ရှေ့၌လည်း အဖုံးမပါသော သပိတ်မည်းကြီးတစ်လုံးကို ချထားသည်။ ပွဲကြည့်ပရိသတ်ကလည်း သပိတ်မည်းကြီးအထဲသို့ မုန့်ပဲသရေစာနှင့် ပိုက်ဆံများ လောင်းလှူကြသည်။ အဘိုးကြီးက သီချင်းဆိုရင်း ငွေအကြွေစေ့များကို ဝေငှနေခြင်းဖြစ်ပါသည်။

ကျွန်တော့်၌လည်း မုန့်ပဲသရေစာမရှိသဖြင့် အိတ်ထဲ၌ရှိသော တစ်ရာကျပ်တန် ငွေစက္ကူအသစ်တစ်ရွက်ကို သပိတ်မည်းကြီးထဲသို့ထည့်လိုက်သည်နှင့် အဘိုးကြီးက ကျွန်တော့်လက်ကို ဖမ်းဆွဲပြီးကိုင်ထားသည်။

"မင်းက ဧည့်သည်ထင်တယ် အဝေးကလာတာ။ သင်္ကန်းနဲ့ရတယ် သင်္ကြန်တွင်းပဥ္စင်းဝတ်ဖို့လာတာမဟုတ်လား၊ ကောင်းတယ်။ ဂုဏ်တော်(၉)ပါး ပုတီးစိပ်ပါ။ အနန္တောအနန္တငါးပါးကို မမေ့နဲ့၊ ကြီးပွားချမ်းသာဦးမယ်။ ရော့ - ဟော့ဒီမှာ ဝလုံးဆရာပေးတဲ့အဆောင် မင်းဆီကိုငါလာခဲ့ဦးမယ်။ မေးစရာရှိရင် အဲဒီတော့မှမေး။ 'အခုတော့ ဝေးဝေးနေ ဝအောင်စား၊ ဝင်မရှုပ်နဲ့ စာရေးဆရာရေ။

ဝတစ်လုံးဖျက်တော့ နှစ်လုံးပေါ် လာမည်။ ဘိုးဘိုးအောင်ညီ မောင်ကြီး ရောက်လာပြီ။ ဝအောင်စား၊ ဝေးဝေးနေ၊ ဝင်မရှုပ်နဲ့၊ ပေးတာကိုယူ၊ ကျွေးတာ ကိုစား၊ ကိုးဆယ့်ခြောက်ဖြာ အန္တရာယ် ကင်းမည်"

အဘိုးကြီးက သီချင်းဆိုပြီးတော့ မုန့်ပဲသရေစာများအား ကလေးများကို ဝေပေးသည်။ သူလည်းစားသည်။ လူကြီး များကိုတော့ မုန့်မပေးပါ။ အကြွေစေ့ များကိုတော့ပေးသည်။ သူ၏ဘေးလွယ်



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကြီးအတွင်း၌ အကြွေစေ့များ အတော်ရှိဟန်တူသည်။ ထောင်းသမျှ နှိုက်ပေးနေသည်မှာ ကုန်သွားသည်မရှိပါ။ သူက ရက်ရောစွာဝေငှနေသလို ဝိုင်းရံနေသည့် သူပရိသတ်ကလည်း မုန့်ပဲသရေစာနှင့် ငွေစေ့များလောင်း လှူနေကြသည်မှာ မဆုံးတော့။ အလှူရှင်နှင့် အလှူခံပုဂ္ဂိုလ်တို့ သံသရာလည်နေတော့သည်။ ကျွန်တော့်လက်အား ဆွဲ၍ထည့်ပေးသောအကြွေစေ့ကို လက်ဖြန့်၍ ကြည့်ရှုရာ တစ်ကျပ်တန်နှစ်ထပ်အကြွေစေ့ဖြစ်လေသည်။ အလယ်တွင် အပေါက်မပါ။ သို့သော် သံကညစ်ဖြင့်ဝလုံးကွင်းထားသည်။ ဝလုံးအလယ်၌ အစက်တစ်စက် ထွင်းထားပြီး ဝလုံးအပေါ်၌ အစက်နှစ်စက် ထွင်းထားပြန်သည်။ အဓိပ္ပာယ်ကိုတော့ မသိပါ။ မမေးရဲသဖြင့် မမေးခဲ့ရပါ။ စားသောက်ဝေငှပြီးတော့ ဝလုံးဆရာက ဘေးလွယ်အိတ်ကြီးအတွင်းမှ ကြေးဝါရောင်ထုံးဘူးကြီးကို နှိုက်ယူ

# ထောင်မှူးကြီးသိန်းဝင်း

## ကျွန်တော်နှင့်ဝလုံးဆရာဦးမောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပြန်သည်။ ကွမ်းစားရန် ပြင်ဆင်ခြင်းဖြစ်ဟန်တူသည်။ မဟုတ်ပါ၊ သူကွမ်းမစားပါ။ သန်ကောင်ရှိ၍ ဗိုက်ပူနံကားကလေးများကို အဝတ်ကိုလှန်စေ၍ ချက်ကိုဗဟိုပြုကာ ဝိုင်းစက်ညီညာသော ဝလုံးတစ်လုံးစီ ကွင်းပေးသည်။ ကလေးနှင့် ကလေးမိဘများကလည်း ဝလုံးဆရာလုပ်ပေးသမျှ အလုအယက်ခံယူကြသည်။

ကလေးများကိစ္စပြီးတော့ ဝလုံးဆရာ သိချင်းဆိုရင်း ဘေးလွယ်အိတ်ကြီးအား ကောက်လွယ်သည်။ ဘုရားစောင်းတန်းရှိ တိုင်ကြီးများပေါ်တွင် ညီညာလှပစွာ ဝလုံးတစ်လုံးစီ လိုက်ကွင်းတော့သည်။ အသင့်စောင့်ကြည့်နေကြသော ဘုရားဂေါပကအဖွဲ့ဝင်လူကြီးများက မတားဆီးကြပါ။ ဝလုံးဆရာထွက်ခွာသွားမှ အနောက်ကနေ ရေစိုအဝတ်ကိုယ်စီဖြင့် ဝလုံးများအားလိုက်ဖျက်ကြရသည်။ ကျွန်တော်တို့ ဇလွန်ပြည်တော်ပြန်ဘုရားကြီးရင်ပြင်တော်ပေါ်၌ရောက်ရှိသည့်နေ့၌ပင် ကြုံဆုံခဲ့ရသော ထူးဆန်းသည့်မြင်ကွင်းတစ်ခုဖြစ်ပေတော့သည်။

❑

ဝလုံးဆရာ ဦးမောင်ကြီးသည် အရှေ့ဘက်စောင်းတန်းအတိုင်း ထွက်ခွာသွားရာ ဈေးဆိုင်များနှင့် ဘုရားဖူးများက ဝလုံးဆရာ၏ သပိတ်မည်းမည်းကြီးအထဲသို့ ငွေနှင့်မုန့်ပဲသရေစာများ လောင်းလှူကြသည်။ ဝလုံးဆရာကတော့ သီချင်းတအေးအေးသီဆိုရင်း ဆုတောင်းမေတ္တာပို့၍ စောင်းတန်းအပြင်ဘက်သို့ ထွက်ခွာသွားသည်။ ဘုရားပရိဝုဏ်အပြင်ဘက် လမ်းမပေါ်ရောက်မှ အသင့်စောင့်ကြိုနေသော ဆိုက်ကားတစ်စီးပေါ်သို့တက်၍ မြို့အနောက်ဘက်သို့ ထွက်ခွာသွားသည်။

ကျွန်တော်တို့လည်း နောက်ကလိုက်ရင်း တည်းခိုမည့်အိမ်သို့ပြန်ခဲ့ပါသည်။ ကတ္တရာလမ်းဘေးရှိ ကုက္ကိုပင်ကြီးများနှင့် ဓာတ်မီးတိုင်များတွင် ဝလုံးဆရာ ဦးမောင်ကြီး၏ လက်ရာဖြစ်ဟန်တူသော ဝိုင်းစက် ညီညာစွာထွင်းထားသည့် ဝလုံးများကို လမ်းဘေးဝဲ၊ ယာ တစ်လျှောက်လုံး မြင်တွေ့ခဲ့ရသည်။ ထို့ကြောင့် ဇလွန်မြို့နှင့် ဝလုံးဆရာ ဦးမောင်ကြီး၊ ဦးမောင်ကြီးနှင့် ပြည်တော်ပြန်မြတ်စွာဘုရား မည်သို့ပတ်သက်ဆက်စပ်နေသည်ကို ကျွန်တော် အလွန်သိချင်လာမိသည်။

ကျွန်တော်တည်းခိုအိမ်သို့ရောက်ရှိပြီး မြို့ခံစာရေးဆရာမိတ်ဆွေများနှင့် တွေ့ဆုံပြီး လက်ဖက်ရည်ဆိုင်သို့ထွက်ခဲ့ကြပြန်သည်။ ဆန်တန်းရပ်ကွက် သီတာလမ်းထိပ်လက်ဖက်ရည်ဆိုင်တွင် ထိုင်ကြပြီး စာပေအကြောင်းနှင့် ဇလွန်မြို့အကြောင်းကို မြို့ခံစာရေးဆရာ မောင်စိမ်းအောင်ကပြောပြနေပါသည်။ ထိုစဉ် မြန်မာဆေးဆရာ ဦးငွေးနိုင်နှင့် ရပ်ရွာလူကြီးများ ရောက်လာကြပြန်ပြီး နွေနေပူပူ နေ့လယ်ခင်းတွင် လက်ဖက်ရည်ပူပူသောက်ကြရင်း စကားကောင်းကြရာ ချွေးကလေးတစိုစိုဖြင့် နေထိုင်၍ အလွန်ကောင်းပါသည်။

ကျွန်တော်တို့အုပ်စုစကားကောင်းနေကြစဉ် ဆိုင်အရှေ့ဘက်လမ်းတစ်ဖက်ခြမ်းတွင်ရှိသော ဓာတ်မီးတိုင်တွင် ဝလုံးကွင်းထားသည်ကိုမြင်သဖြင့် ကျွန်တော် ဝလုံးဆရာ ဦးမောင်ကြီးကို သတိရပြီး ဆေးဆရာဦးငွေးနိုင်အား မေးမိသည်။

"ဆေးဆရာ၊ ဝလုံးကွင်းတဲ့ဆရာ ဦးမောင်ကြီးအကြောင်း သိသလောက် ပြောပြပါဦး။ ကျွန်တော် စိတ်ဝင်စားလို့ပါ"

"စာရေးဆရာနဲ့ ဆုံခဲ့ဖူးပြီလား။ ဝလုံးဆရာ ဦးမောင်ကြီးကတော့ ဇလွန်မြို့နေရာအနှံ့လျှောက်သွားနေပြီး ဝလုံးတွေကို တစ်မြို့လုံးလိုက်ကွင်းနေတော့တာပဲ"

"သူကဘယ်မှာအခြေချပြီးနေတာလဲ။ ဘိုးတော်လား၊ ပျောက်စေဆရာလား ထူးတော့အတော်ထူးဆန်းတယ်ဗျ နော်"

"ဝလုံးဆရာဦးမောင်ကြီးက ဘိုးတော်လည်းမဟုတ်ဘူး၊ ပျောက်စေဆရာလည်းမဟုတ်ဘူး၊ ဝိဇ္ဇာလိုင်းလိုက်နေတဲ့ တရားသမားပါ။ ပြည်တော်ပြန်ဘုရားနဲ့တော့ မကင်းကွာဘူး။ အမြဲမဟုတ်ပေမယ့် ဘုရားပေါ်မှာ ဦးမောင်ကြီးရှိနေတတ်တယ်။ ကြုံရင်ကြုံသလို ဆေးကုပေးတယ်။ ပိုက်ဆံအကြွေစေ့တွေကို ဝလုံးကွင်းအပေါက်ဖောက်ပြီး လှူတယ်။ သူ့ကိုလှူတဲ့ မုန့်ပဲသရေစာတွေကိုလည်း ဒီအတိုင်းမစားဘူး၊ သပိတ်ပေါင်းကြီးနဲ့ခံပြီး အလှူရှင်ကို မေတ္တာပို့ပြီးမှစားတယ်။ သူနေတာကတော့ ဇလွန်တစ်မြို့လုံး နေရာအနှံ့ပဲ။ ဇလွန်ပြည်တော်ပြန်ဘုရားပေါ်နဲ့ ဗျည်းညာသချိုင်းဇရပ်ပေါ်မှာလည်း နေတတ်တယ်။ မြစ်တစ်ဖက်ကမ်းက ရွှေဟသ်ာကျွန်းမှာလည်းနေတယ်။ ဝိဇ္ဇာဆိုတာ အိပ်ရာနဲ့လိပ်စာမရှိဘူးလေဗျာ"

"သူကဘာဝိဇ္ဇာလဲဗျ ဆေးဆရာ"

"အင်းဝိဇ္ဇာလို့ ပြောရမယ်ထင်တယ်။ သူကွင်းထားခဲ့တဲ့ ဝလုံးတွေကို အသေအချာကြည့်ပါ။ ဟိုးလမ်းတစ်ဖက်ခြမ်းက ဓာတ်မီးတိုင်ကိုကြည့်လိုက်စမ်းပါဆရာ။ ရိုးရိုးဝလုံးမဟုတ်ဘူး။ ဝလုံးအလယ်မှာ အစက်ကလေးတစ်စက်နဲ့ အပေါ်မှာ အစက်နှစ်စက်ပါတယ်။ သူ့ထုံးကလည်း အလွန်ကောင်းတာ မခြောက်ခင်ဖျက်လို့ရပေမယ့် ခြောက်သွားတာနဲ့ လုံးဝဖျက်လို့မရတော့ဘူး။ မိုးရွာရွာ၊ နေပူပူမပျက်တော့ဘဲ နှစ်ရှည်ခံတယ်။ တစ်ခုထူးခြားတာကတော့ ဇလွန်မြို့ အရင်က မကြာခဏမီးလောင်တတ်တယ်။ ဦးမောင်ကြီး ဝလုံးတွေကို တစ်မြို့လုံးလိုက်ကွင်းပြီးကတည်းက မီးကြီးကြီးကျယ်ကျယ်မလောင်တော့ဘူး... ရောဂါဖြစ်လို့ သူနဲ့ဆုံရင်လည်း ကြုံသလိုကုသွားတာ ပျောက်တာချည်းပဲ... နောက်ပြီး သူစိတ်လိုရင် မမေးရဘဲ ဗေဒင်ဟောရင်လည်း အလွန်မှန်တတ်တယ်ဗျ"

"ကျွန်တော်နဲ့ပြည်တော်ပြန်ဘုရားကြီး ရင်ပြင်တော်ပေါ်မှာဆုံခဲ့တာပါဗျာ... ကျွန်တော့်ကို ဦးပဉ္ဇင်းဝတ်ဖို့လာတာ မဟုတ်လား၊သက်န်းနဲ့ရသတဲ့၊ဂုဏ်တော်ကိုးပါးပုတီးစိပ်၊ အနန္တောအနန္တငါးပါး မမေ့နဲ့၊ ကြီးပွားချမ်းသာဦးမယ်၊ သူနဲ့ ထပ်ဆုံဦးမယ်လို့ ပြောဟောသွားသဗျ"

"အင်း - အဲဒါဆိုရင်တော့ ဆ... အတွက် ထူးခြားတာပဲ။ သူဟောသ... ဖြစ်တာချည်းပဲ။ နိမိတ်ဖတ်အလွ... ကောင်းတယ်ဗျ။ သူနဲ့ ဆရာ ထပ်တွေ့... ဦးမှာ အသေအချာပဲ။ တွေ့တော့မှ... ချင်တာ မေးပေတော့။ သူကလည်း... ရှေ့သူ့ရှေ့မှာ သူ့အကြောင်းကိုမေး... မကြိုက်ဘူးဗျ။ ဝေးဝေးနေ၊ဝအောင်... ဝင်မရှုပ်နဲ့လို့ အမြဲပြောတတ်တယ်"

❑

ထိုနေ့က ဇလွန်မြို့မှမိတ်ဆွေ... နှင့်စကားလက်ဆုံကျနေ၍ မိုးချုပ်... ကျွန်တော်တည်းခိုရာအိမ်သို့ ပြန်ရော... သည်။ ရေမိုးချိုး၊ ညစာစားပြီးဘုရား... ပြု၏။ ပြီးနောက် စိပ်နေကျ ရှင်အ... ပုတီးစိပ်နည်းအပြင် ဂုဏ်တော်ကိုး... ပုတီးကိုးပတ်စိပ်သည်။ ပြီးမှ အ... မျက်နှာကို အမျှဝေ၊ ... အိမ်သားများနှင့် စကားမြည်ပြော...



www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာဝင်ခဲ့ပါတော့သည်။ အိပ်ရာဝင်ချိန်မှာ ည (၁၀) နာရီကျော်ချေပြီ။

အိပ်ပျော်တော့လည်း အိပ်မက်မက်သည်။ ဝလုံးဆရာဦးမောင်ကြီးအား ကျွန်တော်မရောက်ဘူးသော သချိုင်းဇရပ်တစ်ခုပေါ်တွင် တွေ့ရခြင်းဖြစ်သည်၊

"စာရေးဆရာ ဂုဏ်တော်ကိုးပါးနဲ့ အနန္တငါးပါးကိုပူဇော်လို့ စိတ်ချမ်းသာရဲ့မဟုတ်လား။ ကြိုးစားပြီး ကျင့်ကြံအားထုတ်ပါ။ စာရေးဆရာအတွက် အကျိုးထူးပေးပါလိမ့်မယ်။ ကဲ-ဘာမေးချင်သေးလဲ၊ မေးချင်ရာမေးပါ။ လူရှေ့သူရှေ့မှာတော့ မမေးနဲ့၊ ကျုပ်မကြိုက်ဘူး"

"ဆရာဦးမောင်ကြီး အသက်ဘယ်လောက်ရှိပြီလဲ၊ ဘယ်လိုင်းကိုလိုက်ပြီး ကျင့်ကြံနေတာပါလဲ၊ အဆင့်ဘယ်လောက်ရှိပါပြီလဲ"

"အသက် (၇၀) ကျော်ပြီ၊ ဝိဇ္ဇာထွက်ရပ်ပေါက်လိုင်းကိုလိုက်ပါတယ်။ အဆင့်ကိုတော့မမေးနဲ့၊ ကျုပ်မပြောနိုင်ဘူး၊ ဝေနေယျသတ္တဝါတွေ ကျန်းမာချမ်းသာအောင် ဆေးကုတယ်၊ ကြုံရင်ကြုံသလိုကျုပ်မြင်သမျှဟောပြောတယ်။ ဒါတွေက ကျင့်ကြံမှုပညာခန်းနဲ့ဆိုင်တယ်။ မမေးကောင်းဘူး။ မစပ်စုနဲ့၊ လောစား၊ ဝေးဝေးနေ၊ ဝင်မရှုပ်နဲ့၊ သူစည်းကိုယ့်စည်းဆင်ခြင်ပြီးသတိထားပါ"

ကျွန်တော်အိပ်ရာကလန့်နိုးတော့ နက်အရုဏ်တက် အုန်းမောင်းခေါက်သံကိုကြားရသဖြင့် မနက်အရုဏ်ဦး (၄)နာရီခန့်ရှိပြီ ဖြစ်သည်။ ထို့ကြောင့် ဆက်မအိပ်တော့ဘဲ အိပ်ရာကထ၊ မျက်နှာသစ်၊ ဘုရားကျောင်းဆောင်ရှေ့တွင် ဘုရားဝတ်ပြုပြီး ဂုဏ်တော်ကိုးပါး ပုတီးစိပ်တော့သည်။ ပုတီးစိပ်၊ တရားထိုင် မေတ္တာပို့၊ အမျှဝေအပြီး၌ မနက် (၆)နာရီထိုးချေပြီ။

အိမ်ရှင်၏ညီ ကိုထွန်းရောက်လာပြီး သမ်းထိပ်ထွက်၍ မနက်စာ မုန့်ဟင်းခါးနှင့် လက်ဖက်ရည် စားသောက်ကြသည်။

"ဆိုင်ကယ်နဲ့ဆိုတော့ နေရာအနှံ့ရောက်တာပေါ့ ညီရာ။ အကောင်းဆုံး အစီအစဉ်ပေါ့။ ကဲ - သွားကြစို့"

ကျွန်တော်တို့နှစ်ဦး မော်တော်ဆိုင်ကယ်ဖြင့် ရေကာတာရိုးကြီးပေါ်သို့ တက်လာကြပြီး တာရိုးမြေလမ်းကြီး အပေါ်မှ ဆိုင်ကယ်စီးခဲ့ကြသည်။ တာရိုးကြီးမှာ အတော်မြင့်သည်။ လူနေအိမ်ခြေရပ်ကွက်များက တာရိုးအောက်ခြေ တစ်ဖက်တစ်ချက်၌ရှိနေကြသည်။မကြာမီ ဇရာဝတီမြစ်ကမ်းစပ်ရှိ ပြုပြင်နေဆဲဖောင်တော်ချိတ်စေတီသို့ရောက်၍ ဝင်ဖူးကြသည်။စေတီတော်မှာ ရှေးဟောင်းစေတီတော်ဖြစ်၍ ပြုပြင်နေဆဲဖြစ်သည်။ ရေကာတာတာပေါင်ရိုးကြီးအောက်ခြေ ဇရာဝတီမြစ်ကမ်းစပ်၌ စေတီတော်တည်ရှိနေသည်။

ကျွန်တော်တို့ ဘုရားဖူးကြပြီး အလှူငွေထည့်ဝင်သည်။ ဂေါပကလူကြီးများက ဘုရားသမိုင်းစာအုပ်ကို ပြန်စွန့်သည်။ ထို့ကြောင့် ကျွန်တော်တို့ တာပေါင်ပေါ်သို့ပြန်တက်ခဲ့ကြပြီး လျှောင်းတော်မူဘုရားကြီးနှင့် မြတ်စောညီနောင်ဘုရားအား ဖူးမြော်ရန် တာဘောင်ပေါ်မှဆင်း၍ ဝါးရုံတောလမ်းကလေးထဲသို့ ဝင်လာကြသည်။ မကြာမီ အုတ်ဂူဖွေးဖွေးနှင့်မည်းမည်းများရှိသော သချိုင်းလမ်းအတွင်းသို့ရောက်ရှိလာကြသည်။

ကျွန်တော် ဇဝေဇဝါဖြစ်နေမိ၏။ ကျွန်တော်မရောက်ဘူးသေးသောအရပ်ဒေသဖြစ်သော်လည်း ပတ်ဝန်းကျင်မြင်ကွင်းမှာ ကျွန်တော်နှင့်ကျွမ်းဝင်ရင်းနှီးနေသလိုပင်။ ထို့ကြောင့် -

"ကိုထွန်း၊ ဒါဘာသချိုင်းလဲ"

"ဗျည်းညာသချိုင်းလို့ ခေါ်တယ်ဆရာရဲ့"

"ခဏရပ်ကွာ၊ သချိုင်းဇရပ်က ဘယ်နားမှာလဲ"

"ဟိုရှေ့က မီးသဂြိုဟ်စက်အနောက်ဘက်ဝါးရုံတောထဲမှာပါဆရာ၊ ဆရာဘာလုပ်မလို့လဲ"

"အဲဒါ သချိုင်းဇရပ်ကိုသွားချင်လို့ပါ"

ကျွန်တော်တို့ ဆိုင်ကယ်ကို မီးသဂြိုဟ်စက်အရှေ့တွင် ရပ်ခဲ့ပြီး အနောက်ဘက်သို့ ပတ်၍လာခဲ့ကြရာ ကြီးမားသောကျွဲတညင်းပင်ကြီး၏ အရိပ်အောက်၌ သချိုင်းဇရပ်ကို တွေ့ရှိရ၏။ သချိုင်းဇရပ်မှာ အေးချမ်းပြီး ဆိတ်ငြိမ်လှသည်။ ပတ်ဝန်းကျင်တွင်တော့ အုတ်ဂူများ၊ မြေပုံများနှင့်ပြည့်နှက်နေသည်။ သချိုင်းခြံစည်းရိုးအား ဝါးနက်ဝါးရုံများဖြင့် စည်းခြားထားသလို ကာရံထားသည်။

သချိုင်းဇရပ်အပေါ်၌ လူတစ်ဦး တရားထိုင်နေသည်။ ရှေ့တွင် သပိတ်မည်းကြီးချထားပြီး နံဘေးတွင် လွယ်အိတ်ဖောင်းဖောင်းကြီးကလည်း လဲလျောင်းနေသည်။ ကျွန်တော်တွေ့ချင်နေမိသော ဝလုံးဆရာဦးမောင်ကြီးပင်ဖြစ်ချေသည်။ တရားထိုင်နေခြင်းကို အနှောင့်အယှက်မဖြစ်စေလို၍ ခြေသံမကြားအောင် ဇရပ်ပေါ်သို့တက်ပြီး ကျွန်တော်တို့ သင့်တင့်ရာတွင်ထိုင်၍ အပန်းဖြေနားနေရင်း စောင့်ဆိုင်းနေရတော့သည်။

ထိုအချိန်တွင် ခြံစည်းရိုးဝါးရုံတောကိုဖြတ်သန်း၍ ဧရာဝတီမြစ်ဘက်မှတိုက်ခတ်လာသော လေနုအေးကလေးသည် အုတ်ဂူများ၊ မြေပုံများကိုဖြတ်သန်း၍ ကျွန်တော်တို့ထံသို့ရောက်တော့ လွန်စွာအေးချမ်းလှသည်၊ (၁၅) မိနစ်ခန့်ကြာမှ ဝလုံးဆရာဦးမောင်ကြီး တရားထိုင်ခြင်းအမှု ပြီးစီးသော်လည်း ကျွန်တော်တို့ဘက်သို့ လှည့်မကြည့်ဘဲနှင့်-

"စာရေးဆရာ၊ ညကအိပ်မက်ထဲမှာတွေ့ပြီးပြီလေ။ ဘာလိုသေးသလဲ၊ ဘာမေးချင်သေးသလဲ၊ ကျုပ်အချိန်မရဘူး။ အာနပါနကမ္မဋ္ဌာန်းရှုရဦးမယ်"

"ဟုတ်ကဲ့ပါ ဆရာဦးမောင်ကြီး၊ ကျွန်တော်မေးစရာမရှိတော့ပါဘူး။ ညကအိပ်မက်ထဲမှာ ရောက်ဖူးတဲ့နေရာနဲ့ တူလို့အံ့သြပြီးဝင်ကြည့်မိတာပါ"

"မအံ့သြနဲ့စာရေးဆရာ၊ အိပ်မက်ဆိုတာဟာ နိမိတ်ပုံရိပ်ပဲ။ လူတစ်ဦးက တစ်ဦးထံကို လေးနက်တဲ့မေတ္တာပို့လွှတ်ရင် ပြောလိုရာကိုပြောလို့ရတယ်။ ဒါကလည်း အလေ့အကျင့်ရှိပြီး စရဏအင်အားကောင်းမှဖြစ်နိုင်တာ။ စာရေးဆရာကြိုးစားပြီးကျင့်ကြံပါ။

စာရေးဆရာက ကျုပ်ပို့လွှတ်လိုက်တဲ့မေတ္တာနဲ့ နိမိတ်ပုံကိုခံယူရရှိနိုင်တယ်ဆိုကတည်းက မကြာခင် အကြားအမြင်ပေါက်တော့မှာပါ။ ကြိုးစားပြီး ကမ္မဋ္ဌာန်းထိုင်ပါ။ လေ့ကျင့်လို့ သမထတရားရပြီး စရဏအင်အားကောင်းလာရင် စိတ်သွားတိုင်းကိုယ်ပါ လိုရာဆန္ဒပြီးပြည့်စုံနိုင်ပါတယ်။ ကဲ - သွားကြတော့၊ လျှောင်းတော်မူဘုရား၊ မြတ်စောညီနောင်ဘုရားနဲ့မီးကွင်းဘုရားကိုဖူးပြီးကြရင် ပြည်တော်ပြန်ဘုရားကိုဝင်ဖူးကြဦး၊ ဒါမှပြီးပြည့်စုံမယ်"

ကျွန်တော် ဤတစ်ကြိမ်တွင်တော့ ရှေ့ရေးကိုညွှန်ပြပြီး ကောင်းမွန်သောခရီးလမ်းကို တည့်မတ်ပေးသော ဝလုံးဆရာဦးမောင်ကြီးအား လေးစားစွာဖြင့် ဦးသုံးကြိမ်ချ၍ ကန်တော့မိပါတော့သတည်း။

သောင်းမြင့်ကြီး (သိမ်ဖြူ)

www.burmeseclassic.com

# ဖိုးကျော့

## ကားစင်မှာ ကျားတင်ကြစဉ်က



"ရွာထိပ်က စမ်းပေါက်မှာ ကျားခြေရာတွေ့ခဲ့တယ်ဗျို့။ ရွာပြင်ထွက်ပြီး ကလေးသူငယ်တွေကို ထင်းခွေ၊ ရေခပ် မလွှတ်ကြနဲ့"

နံနက်စေထန်းတစ်ဖျားခန့်အတွက် ဝါးတစ်စည်းထမ်းပြီး ရွာထဲဝင်လာသော ဦးဘမောင်သည် တွေ့သမျှ လူကြီး၊ လူငယ်များကို 'ဗျို့' ဟစ်သွား၏။

အထူးသဖြင့် ကလေးများကိုတွေ့လျှင် -

"ဟဲ့ကောင်လေးတွေ၊ ရွာပြင်က စမ်းပေါက်နားမသွားကြနဲ့နော်။ စမ်းထဲ ရေလာဆင်းသောက်သွားတဲ့ ကျားခြေရာတွေ အဘတွေ့ခဲ့တယ်။ နည်းနည်းနောနောခြေရာကြီးမဟုတ်ဘူး။ ဆင်ခြေရာနီးနီးရှိတယ်"

ဟု ခြိမ်းခြောက်ပြောထားခဲ့သည်။

"ဒီလူကြီး သိပ်စကားကြီးတာ၊ ကျားခြေရာများ ဘယ်လိုလုပ် ဆင်ခြေရာလောက်ရှိမလဲ။အလကားကြွားပြောသွားတာ"

ကျွန်တော်တို့ကလေးတစ်သိုက်က ဦးဘမောင်၏စကားကို ဝိုင်းပြီး ပြက်ရယ်ပြုခဲ့ကြ၏။

သို့သော် တစ်နေကုန်သွား ထိုည၌ပင် ဦးဘမောင်ပြောသော ကျားကြီးသည် ဘကြီးထွန်းဖြူခြံမှ သုံးနှစ်သားနွားပေါက်တစ်ကောင်ကို ရိုးကျားကြီးကြီးကိုက်သွားကြောင်း မိုးလင်းသည်နှင့်သိကြရတော့သည်။

ဘကြီးဦးထွန်းဖြူ၏နွားပေါက်တစ်ကောင်ကို ညကကျားကိုက်သွားကြောင်း သတင်းမှာ တစ်ရွာလုံးပျံ့နှံ့သွား၏။

ရာသီမှာ ဆောင်းသမယ ပြာသို၊ တပို့တွဲလ။ ဤရာသီကို ကျွန်တော်တို့ အရပ်ကလူများ ကျားကျသောရာသီဟု သတ်မှတ်ထားကြသည်။

အကြောင်းမှာ ဤရာသီ၌ ကျားများ မိတ်လိုက်လေ့ရှိကြရာ ရိုးမကျားများသည် မိတ်လိုက်ရင်း နယ်ကျွံကာ ကျွန်တော်တို့ရွာဘက် နှစ်နှစ်တစ်ခါ၊ သုံးနှစ်တစ်ခါ ရောက်ရောက်လာတတ်ကြသည်။

ကျားမှာတစ်ကောင်တည်းမဟုတ်၊ နှစ်ကောင် သို့မဟုတ် သုံး၊ လေးကောင်ဖြစ်၏။ ကျားမတစ်ကောင်နောက်လိုက်လာသမျှ ကျားထီးများသည် ကျွဲ၊ နွားများကိုတွေ့လျှင် နွေ့ညမရွေးကိုက်သတ်စားသောက်တတ်ကြသည်။

မိတ်လိုက်ရင်းက ကျွဲ၊ နွားများကို တစ်ကောင်ပြီးတစ်ကောင် ကိုက်သတ်စားတတ်သောကျားများကို ကျွန်တော်တို့ဆီက လူများ (အထူးသဖြင့် ရွာမုဆိုးများ) သည် ကျားစားပြီး၍ ကျန်သော ကျွဲ၊ နွားခန္ဓာကိုယ်အသေနှင့် သုတ်ကိုင်းထောင်ဖမ်းသတ်တတ်ကြ၏။

ကျွန်တော်တို့ဆီက ရွာမုဆိုးများမှာ ဓား၊ လှံ၊ လေးခွ၊ ဝါးပြောင်း၊ ဒူးလေး ကလွဲပြီး သေနတ်မရှိကြ။ ထို့ကြောင့် ကျားကိုဖမ်းသတ်ရန်နည်းလမ်းမှာ သုတ်ကိုင်းထောင်သတ်သောနည်းလမ်းတစ်ခုသာရှိသည်။

ထို့ကြောင့် ဘကြီးထွန်းဖြူခြံမှ ကျားဆွဲသွားသောနွားပေါက်ကို လူစုခဲ့၍ လိုက်ရှာကြသည်။ ကျားများသည် ကျွဲ၊ နွားများကိုကိုက်စားရာ၌ လျှိုမြောင်များတွင် စားတတ်သည်။ စား၍မကုန်သော ကျွဲသေ၊ နွားသေများကိုလည်း နောက်တစ်နေ့ နောက်တစ်ညစားရန် ပစ်ထားခဲ့တတ်ကြသည်။

ညက ကျားဆွဲသွားသော ဘကြီး



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဖြူ၏ နွားပေါက်ကို ကင်းပွန်းချိုင်တွင် မုဆိုးများနှင့် ရွာသားများ ရှာတွေ့ကြသည်။ အောက်ပိုင်းတစ်ဝက်နီးပါးမှာ ကျားစားထား၍ လေးပုံသုံးပုံခန့်ကုန်သွားပြီ။ ထို့ကြောင့် အပေါ်တစ်ပိုင်းသာ ကျန်တော့သည်။ ကျား၏သဘောမှာ လူနှင့်တကွ သူကိုက်သတ်၍ရသော တွဲ



www.burmeseclassic.com

နွားတိရစ္ဆာန်များကို အောက်ပိုင်းကစ၍ စားတတ်သည်။ လူဆိုလျှင်မှောက်လျက် အောက်ပိုင်းကစစား၏။ လူကိုမှောက်လျက်စားခြင်းမှာ လူမျက်နှာကိုမကြည့်ဝံ့၍ မကြည့်ရဲ၍ဟုပြောကြသည်။

သည်လိုနှင့် ဘကြီးထွန်းဖြူ၏နွားပေါက်တစ်ပိုင်းကို ကင်ပွန်းချိုင်တွင်တွေ့ကြရသောအခါ ထိုနွားပေါက်တစ်ပိုင်းနှင့် ထိုကျားကို သုတ်ကိုင်းထောင်ဖမ်းကြရသည်။ ထိုကျားသည် ညကျလျှင် ကျန်တစ်ပိုင်းကို မုချလာစားမည်ဖြစ်သည်။

ကျားစား၍ အပေါ်တစ်ပိုင်းကျန်သောနွားသေကို တွေ့ကြရသောအခါ ကျားကိုင်းထောင်ရာတွင် အစဉ်အလာကြီးမားသော ရွာမှဆိုးကြီးဦးဘာဟိုးဆီ ချဉ်းကပ်ကြရသည်။ ဦးဘာဟိုးတို့သားအဖသည် ကျားစား၍ကျန်နေသောနွားသေတစ်ပိုင်းတစ်စရှိရာကို ချက်ချင်းလိုက်ကြည့်ကာ ကျားကိုင်းထောင်ရန်အပူတပြင်းစိုင်းပြင်းကြရလေသည်။

❏

ဦးဘာဟိုးတို့သားအဖသည် နွားသေရှိရာနားတွင် ကိုင်းတံလုပ်ရန် လူကြီးခြေသလုံးခန့်ရှိသော ဖြောင့်ဖြောင့်ဖြူးဖြူးသစ်တစ်ပင်ကို ကျားသေအနားတွင် ပထမဦးဆုံးရှာကြရသည်။ သစ်ပင်ကိုတွေ့ပြီဆိုလျှင် အခက်အလက်များကို ရွက်သင်ကာ သစ်ပင်ဖျားတွင် ကိုင်းကြိုးကိုချည်ရသည်။ ကိုင်းတံ၏ခံနိုင်ရည်ဆွဲအားကိုမှန်းဆ၍ ထုတ်လိုက်၊ ဆန့်လိုက်၊ ကွေးလိုက်၊ ဖြောင့်လိုက်လုပ်ကြည့်ရသည်။ ထိုလုပ်ငန်းသည် ကျားကိုင်းထောင်ရာ၌ ပထမဦးဆုံးလုပ်ငန်းဖြစ်၏။

ကိုင်းတံထိပ်တွင် ကိုင်းကြိုးချည်ပြီးလျှင် ကိုင်းကြိုးထဲကို တောင့်ဟုခေါ်သော လူကြီးလက်မောင်းခန့်ရှိ အလယ်တွင် ကိုင်းကြိုးဝင်ဆန့်ရုံအပေါက်တစ်ပေါက်ပါသော တစ်တောင်ကျော်ရှည်သည့် သစ်သားလုံးတစ်လုံးကို စွပ်ထည့်ထားရသည်။ ဤသို့တောင့်ထည့်ရခြင်းမှာ ကျားသည် ကိုင်း၌မိနေ၍ ကိုင်းကြိုးကို မာန်ဖီပြီးကိုက်ပါက ကျားသွားနှင့်ကိုင်းကြိုးမထိအောင်ဖြစ်လေသည်။ ထို့ကြောင့် ကိုင်းတွင်မိသောကျားက ကိုင်းကြိုးကို မည်မျှကိုက်ကိုက် သစ်သားလုံးတောင့်ကိုသာကိုက်မိပြီး ကိုင်းကြိုးကိုမထိအောင်လုပ်ထားခြင်းဖြစ်သည်။

ကိုင်းတံ၊ကိုင်းကြိုး၊ တောင့်စသည်များအပြင် ကိုင်းသီးခလုတ်တပ်ရန် ကုတ်ဟုခေါ်သော ငုတ်တစ်ငုတ်ရိုက်ရသည်။ ငုတ်ရိုက်ပြီးလျှင် စည်းဝိုင်းဝိုင်းသတ်ရ၏။ စည်းဝင်းထဲတွင် ကျားစား၍ကျန်သော နွားသေကောင်တစ်ပိုင်းကို ထည့်ထားရသည်။

နွားသေကောင်တစ်ပိုင်းတစ်စကို ကိုင်းကွင်းဟုခေါ်သော ကျားလက်တစ်ဖက်ကိုမိနိုင်သည့် သုတ်ကိုင်းကွင်းထဲထားရ၏။ ပြီး မုဆိုးတို့၏ထုံးစံအတိုင်း တောပိုင်တောင်ပိုင်များကို ပသတင်မြှောက်ကာ ခွင့်တောင်းကြရသည်။

ကျားမစားသေးသော နွားမျက်နှာကို သနပ်ခါးလိမ်းပေးရသည်။ခေါင်းတွင် နီးစပ်ရာ တောပန်းတောင်ပန်းများကို ဝေနေအောင်ပန်ပေးထားရသည်။ နွားအမြီးကို ရအောင်ရှာ၍ ပါးစပ်တွင်ကပ်ပေးပြီး မုဆိုးကြီးက -

"ကဲ ကဲ နင့်အမြီးကို နင်တံပူလုပ်စား၊ နင့်ခေါင်းမှာ ပန်လည်းပန်ပေးထားပြီ။ မျက်နှာကိုလည်း သနပ်ခါးလိမ်းပေးထားပြီး ညကျရင် နင့်လူကိုနင်ရအောင်ဖော်ရမည်"

ဟု အစိမ်းတိုက်တော့သည်။

ကိုင်းတံဖျားတွင် နွားခလောက်တစ်လုံးကိုချည်ထားခဲ့ပြီး ရွာမုဆိုးကြီးဦးဘာဟိုးတို့သားအဖ မိုးမချုပ်မီ ရွာအရောက်ပြန်လာကြသည်။

ရွာကိုရောက်လျှင် အားကောင်းမောင်းသန်ရွာသားကြီးများအားလုံး လှံရှည်များ အဆင်သင့်ရှာထားကြရန်၊ ကင်ပွန်းချဉ်ချိုင်မှ နွားခလောက်မြည်သံကို နားစွင့်ထားကြရန် ရွာကိုတပ်လှန့်ထားလိုက်သည်။

❏

"ဂလောင်"

"ဂလောင်"

"ဂလောင်"

သက်ကြီးခေါင်းချချိန်၌ပင် ကင်ပွန်းချိုင်ထဲက နွားခလောက်မြည်သံကို ကြားကြရသည်။ဤမျှဆိုလျှင် ဦးဘာဟိုးကျားကိုင်း၌ ကျားတစ်ကောင်မိနေလေပြီဆိုသည်ကို မေးစရာပင်မလိုတော့။ ကျားကရုန်းလေ ကိုင်းတစ်ဖျားတွင်ချည်ထားသောချည်ထားသောနွားခလောက်က ဂလောင် ဂလောင်မြည်လေပင်။

နွားခလောက်မြည်သံကိုကြားသည်နှင့် တစ်ပြိုင်နက် ဦးဘာဟိုးတို့သားအဖနှင့် အားကောင်းမောင်းသန်ရွာသားကြီးတွေမှာ မီးတုတ်ကိုယ်စီ၊ လှံကိုယ်စီနှင့် ကျားကိုင်းရှိရာ ကင်ပွန်းချိုင်ကိုလိုက်ကြရသည်။

ကိုင်းတွင်မိနေသောကျားနားကို ချက်ချင်းမကပ်ရဲကြသေး။ ကိုင်းတွင်မိနေသောကျား လက်လှမ်းမမီရာက မီးတုတ်နှင့်ကျား၏ အကြီးအသေးအရွယ်အစားကို ပထမလေ့လာကြည့်ကြသည်။

ကျား၏ အကြီး၊ အသေးအရွယ်အစားကိုမြင်ရမှ ကျားထိုးသမားက ထိုးရဲပေမည်။ ဤနေရာတွင် ကျားနှင့်လူတို့ အစွမ်းပြိုင်ကြရသည်။ ကိုင်းတွင် သူ့လက်တစ်ဖက်မိနေသောကျားကြီးသည် လူများကိုမြင်သောအခါ ခြေနှစ်ချောင်း၊ လက်တစ်ဖက်နှင့် မြေပြင်ကိုထောက်ကာ လူများရှိရာသို့ ကိုက်ရန်ပြေးလာသည်။ ကိုင်းတွင်မိနေသော လက်တစ်ဖက်ကိုမြှောက်ကာ ကိုက်ရန်ပြေးလာသောကျားကို လူတွေက လှံရှည်တွေနှင့်ရှေ့က တည့်ခံကြသည်။ ချက်ချင်းဝင်မထိုးရဲကြသေး။

လူများကိုကိုက်ရန် ကိုင်းကြိုးကိုဆွဲ၍ ကျားက ရှေ့တိုးလာစဉ် ကိုင်းတံမှာ ကျားဆွဲအားနှင့်ညွတ်ပါလာပြီး လူများက လှံနှင့်တည့်ရွယ်ကာ နောက်ဆုတ်နောက်ဆုတ်နှင့် ခံနေကြရ၏။ ကျားဆွဲအားကုန်သွားသောအခါ ကိုင်းတံက ကျားကိုတစ်ဖန်ပြန်ဆွဲသွားပြန်၏။

ကိုင်းတံ၏ဆွဲအားကို ကုတ်ခြစ်မခံနိုင်သောကျားကြီးမှာ ခြေနှစ်ချောင်း၊ လက်တစ်ချောင်းထောက်ကာ ကိုင်းတံဆွဲရာကို နောက်ပြန်ပါသွားပြန်သည်။ ကိုင်းကြိုးတွင်မိနေသော လက်တစ်ဖက်ကိုမူ ကိုင်းတံ၏ဆွဲအားကြောင့် မြေပြင်ကို လုံးဝချမရ။ လေထဲ၌သာ ထိုလက်တစ်ဖက်ကိုမြှောက်ထားရသည်။

ထိုအခါ ကိုင်းတံက အားနှင့်ဆွဲသွားသောကျားရှေ့ကို လှံသမားများက လှံတည့်ချိန်ဆ၍ ရှေ့ကိုတိုးလိုက်ကြသည်။ ကိုင်းတံက မတ်သွားပြီး ကိုင်းတံဆွဲအားကုန်သွားသောအခါ ကျားက တစ်ဖန် ကိုင်းတံကိုအားနှင့်ဆွဲပြီး လူတွေကို ကိုက်ရန်၊ ကုတ်ရန် ရှေ့တိုးလာပြန်၏။ လူတွေကိုကိုက်ရန် ကုတ်ရန် လိုက်လာပြန်သည်။

ဤသို့ဖြင့် ကျားတစ်ပြန်၊ ရွာသားကြီးများတစ်ပြန် အားစမ်းနေကြသည်။ ကိုင်းတံဖျားတွင်ချည်ထားသော နွားခလောက်က ဂလောင်ဂလောင်မြည်ပြီး ညကြီးမင်းကြီး သြဘာပေးနေသည်။ နွားခလောက်သံအပြင် လူအော်သံ ကျားဟိန်းသံတို့နှင့် ပတ်ဝန်းကျင်မှာ ဆူ

ရှိနေသည်။

တိုင်းတွင် ကျားမိပြီဟုကြားက ...တ သို့မဟုတ် နွားခလောက် ...ဝင်ရိုင်မြည်သံကြားတကည်းက တစ် ...း လှုပ်လှုပ်ရှားရှားနှင့်နိုးသွားကြရာ ...ပွန်းချိုင်တောင်ခြေရင်းက လူနှင့် ...တို့ အားပြိုင်အော်ဟစ်နေကြသံကို ...ဝင် အတိုင်းသားကြားနေရလေ ...။

မိန်းမသူများနှင့် ကလေးသူငယ် ...ည်-ကျားကြီးမိနေသော ကင်းပွန်း ...ချိုလိုက်ပါကြရသဖြင့် ရွာထဲကနေ ...နားပွဲ အားပေးလျက်ရှိနေကြသည်။

❑

ကိုင်းတွင်မိနေသောကျားက လူ ...ကိုက်ရန် ရှေ့တိုးလာလျှင် လူများ ...နောက်ဆုတ်ပေးကြရ၏။ ရဲရင့်သော ...ထိုးဖူး၍ အတွေ့အကြုံသဘာရှိသူ ...ထိုးသမားကြီးကမူ တခြားလူများလို ...တ်ဆုတ်မခံဘဲ ကျားဟု အသံနက် ...နှင့် အော်ဟစ်ခြိမ်းခြောက်လိုက်ပြီး ...ကိုယ်သူ သူ့အသံနှင့်အားပေးကာ ...၏အာခံတွင်း၊ မျက်လုံး စသည် ...ကောင်းကောင်းကို လှံနှင့်လှမ်းထိုး ...တ်၏။

ထိုအခါမှ ကျန်လူများကလည်း ...ကျားထိုးသမားအားရှိအောင် ကျား ...ဘ့ ယောကျ်ားဘသားဟေ့ဟု ဝိုင်း ...အော်အားပေးကြလေသည်။

ပထမဦးဆုံး ကျားကို စထိုးလိုက် ...ိုင်သောသူမှာ ရွာ၌သူရဲကောင်းပင်။ ဘယ်လူ့နွားကိုကိုက်လို့ကိုင်းမိနေစဉ်က ဘယ်လူသည် ကျား၏ဘယ်နေရာကို ထိုးလိုက်တာ၊ ဘယ်နေရာထိတယ်၊ ဘယ်သူ့နွားကိုကိုက်တုန်းကတော့ ဘယ် ...ပေ့။ ကျားကမာန်ဖီပြီးကိုက်မယ်လို့ ...အလာ လူကပြေးအထိုးနဲ့တည့် ...ိုက်တဲ့လက်ကလည်းမပြောပါနဲ့။ ဟိန်း ...ောက်ပြီး ရှေ့တိုးလာတဲ့ကျားကြီး ရဲ့ အာခေါင်ထဲလှံတန်းဝင်သွားတာ စသည် ...ွင့် ကျွန်တော်တို့ရွာ၌ ကျားတစ်ကောင် ...ပြီဆိုလျှင် ကျားထိုးသူရဲကောင်းတို့၏ ...ခွမ်းသတ္တိမှာ တစ်လကိုးသီတင်းပြော ...ဆုံးပေါင်။ သူရဲကောင်းကြီးကိုချီးကျူး ...ဆုံးအောင်ဖြစ်တတ်ကြသည်။

ယခု ဘကြီးထွန်းဖြူ၏နွားပေါက် ...ကိုက်သောကျားအား မည်သူအလျှင် ...ထိုးမည်နည်းဟု ရွာထဲရှိလူတွေကလည်း တစ်ယောက်တစ်ပေါက် ထင်ကြေးပေး ...ငြင်းခုံရင်း ကျွန်တော်တို့ကလေးများနှင့် အမျိုးသမီးများမှာ တစ်ညလုံးနားစွင့် စောင့်စားနေမိကြသည်။

ကင်ပွန်းချိုင်တောင်ခြေရင်းဘက်မှ ကျားဘသားဟေ့ ဟု အော်လိုက်သံကို ကြားတိုင်း 'ဒါဒါဘယ်သူ့အသံ ဘယ်သူပဲ၊ ကျားကိုထိုသူစထိုးပြီဟု ထင်ကြေးနှင့်မအိပ်နိုင်ဖြစ်နေကြသည်။

ကျားစမိပြီး နှစ်နာရီလောက်အကြာမှာ 'ကျား ကျား ကျား'ဟူသော ယောကျ်ားကြီးများ၏ အဆက်မပြတ်အော်ဟစ်ကျားထိုးသံကို ရွာကအတိုင်းသားကြားနေကြရသည်။

ဤသို့အဆက်မပြတ်အော်သံများမှာ ကျားကိုစထိုးသောသူရဲကောင်းနောက်တွင် နောက်လူများ၏လိုက်ထိုးနေကြသံဖြစ်သည်။

မကြာမီမှာပင် 'ကျား ကျား ကျား' ဟူသော ရွာသားကြီးများ၏ ကျားထိုးနေကြသံတိတ်သွားလေသည်။ ဤမျှဆိုလျှင် ကင်ပွန်းချိုင်၌မိနေသောကျားကြီးသေပြီဟု အားလုံးက အတပ်သိလိုက်ကြသည်။

❑❑

မနက်မိုးလင်းသောအခါ တစ်ရွာလုံးရှိ ကျွန်တော်တို့ကလေးသူငယ်များမှာ ပုဆိုးအင်္ကျီသစ်သစ်လွင်လွင်များကိုဝတ်ပြီး ရွာနှစ်ရွာကြားရှိ ကွင်းပြင်သို့သွားကြရသည်။ ထိုရွာနှစ်ရွာကြားရှိ ကွင်းပြင်တွင် ညကမိ၍ရသော ကျားအသေကောင်ကို လူတစ်ရပ်မြင့်သော သစ်သားတန်းတစ်တန်းနှင့် ကားတင်ထားကြသည်။

ကိုးတောင်နီးပါးရှိသော ရိုးမကျားကြီးအား ညကပထမဆုံး ဦးဆုံးစထိုးသူမှာ အောက်ရွာက ဦးလူအောင်ဖြစ်သည်။ ကျွန်တော်တို့ကလေးသူငယ်များ ကျားရှိရာ ကွင်းပြင်ထဲအရောက်မှာ ဦးလူအောင် ဤကျားကြီးကို ရဲရဲဝံ့ဝံ့မည်သို့စထိုးထည့်လိုက်သည်ကို လူကြီးတွေက စုပြောနေကြတုန်း။

ကျွန်တော်တို့ ကလေးများကိုမူ ကားတင်ထားသော ကျားစင်အောက်ကို တစ်ယောက်ပြီးတစ်ယောက် ဆွဲသွင်းပြီး လူကြီးတွေက ဝင်ခိုင်းသည်။

ဤသည်မှာ အန္တရာယ်ကင်းအောင်ဟု လူကြီးတွေက ပြောပြတတ်ကြသည်။

ဗိုးကျော့

# သိုး၊ ဆိတ်၊ ကျွဲ၊ နွား အရိုးကျိုး၊ အရိုးအက် ဆက်စေ – ပျောက်စေနည်း

နေမဝင်(နတ်မောက်)

သိုး၊ ဆိတ်၊ ကျွဲ၊ နွားများကို တောင်သူဦးကြီးများ အများဆုံးမွေးမြူသကဲ့သို့ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများလည်း မွေးမြူကြပါသည်။

သိုး၊ ဆိတ်၊ ကျွဲ၊ နွားများသည် အစာရေစာ ဝလင်စွာစားသုံးပြီး စားကျက်မြေတွင် မြူးထူးဆော့ကစားရာမှလည်းကောင်း၊ အချင်းချင်း ဗိုလ်လုဝေ့ခတ်ကြရာမှ လည်းကောင်း၊ ကမ်းပါးအစွန်းများ ချောက်များထဲသို့ ချော်ကျရာမှ လည်းကောင်း၊ ခြေ,လက်မတော်တဆကျိုးခြင်း၊ အတွင်းမှအရိုးအက်ခြင်း၊ ခြေနာလက်နာဖြစ်ခြင်း ကြုံရတတ်ပါသည်။ ကောင်းစွာ ဂရုစိုက် မကုသလျှင် ရိုးတွင်းခြင်ဆီပုပ်ပြီး ထိုတိရစ္ဆာန်ပျက်စီးဆုံးရှုံးရတတ်ပါသည်။

ထိုသို့ သိုး၊ ဆိတ်၊ ကျွဲ၊ နွားတို့ ခြေနာ၊ လက်နာ၊ အရိုးအက်၊ အရိုးကျိုး ဖြစ်ခဲ့လျှင် အောက်ပါဆေးနည်းအတိုင်း ကျပ်စည်းပေးရပါမည်။ အရိုးအက်အရိုးကျိုးခြင်း အမြန်ပြန်ဆက်ပျောက်ကင်းသွားပါမည်။

မြင်းခွာရွက်အစို၊
မိဿလင်ဥအစို၊
နနွင်းဥအစို၊

ဆေးအမည် (၃) ပါး ဆတူယူ၍ ညက်စွာရောထောင်းပါ။ မြီးလျှင် အရိုးအက်၊ အရိုးကျိုးသောနေရာကိုကပ်၍အုံပေးပြီး အဝတ်သန့်သန့်ဖြင့် ဝါးခြမ်းပြားခံကာ ကျပ်စည်းပေးထားလိုက်ပါ။ ထိုသို့ (၁) ကြိမ်စည်းပေးထားရုံဖြင့် (၄၅) ရက်အတွင်း အရိုးအက်၊ အရိုးကျိုး ပြန်ဆက်ပျောက်ကင်းသွားပြီး မူလအတိုင်း ပြန်ကောင်းသွားပါမည်။


ဤကျပ်စည်းဆေးသည် လူတို့ အရိုးအက်၊ အရိုးကျိုးခြင်းကို စည်းပေးပါကလည်း ပျောက်ကင်းစေပါသည်။

နေမဝင် (နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com



# (ဥပဒေ) စိုးထွန်း

## လူဝင်စား

ဒေါ်နော်ထွေးက ဗုဒ္ဓဘာသာဝင်မဟုတ်။ သူတို့ဘာသာမှာ လူဝင်စားဆိုတာလည်းမရှိ။ စကားတတ်စကလေးက တခြားလူတစ်ယောက်အကြောင်းပြောဆိုနေရင် သူတို့ဘာသာအရ နတ်ဆိုးတစ်မျိုးက ဝင်နှောင့်တာလို့ ယူဆထားကြတယ်။ ဒါကြောင့် သူတို့ဘာသာဝင်တွေက လူဝင်စားကိုဘယ်သူမှလက်မခံ။ သူတို့လူမျိုးတွေလက်မခံတဲ့ လူဝင်စားကို ဒေါ်နော်ထွေးကတော့ တိတ်တိတ်လေး လက်ခံထားပါတယ်။ သူကကိုယ်တွေ့ကြုံခဲ့တဲ့သူကိုး။

အခုဖော်ပြမယ့် အကြောင်းအရာတွေကလည်း ဒေါ်နော်ထွေးရဲ့ကိုယ်တွေ့တွေကို ဖော်ပြတော့မှာပါ။

ဒေါ်နော်ထွေးက သမင်ခြံရွာသူ။ သားယောကျ်ားလေး (၃) ယောက်မွေးပြီးချိန်မှာ ဒီလူဝင်စားဇာတ်လမ်းက မထင်မှတ်ဘဲ သူ့ဆီရောက်လာတာပါ။

တစ်နေ့ ဒေါ်နော်ထွေး အိပ်ပျော်နေတုန်း လူကြီးတစ်ယောက်က အတင်းနှိုးနေတယ်။ မျက်လုံးဖွင့်ကြည့်တော့ အဘိုးကြီးက အပေါ်ဖြူ၊ အောက်ဖြူဝတ်လို့။ ခေါင်းမှာ သျှောင်ထုံးနဲ့၊ သူ့ဘေးမှာတော့ ကလေး (၃) ယောက်။ အရွယ်တွေက (၁) နှစ်သား၊ (၂) နှစ်သား။ ကလေးအားလုံး ကုလားလေးတွေပါလား။ အသားကလည်း မည်းရိုက်တာပြာတောင်နေတယ်လို့ဒေါ်နော်ထွေးကတွေးနေတယ်။

ဒီအချိန်မှာပဲ အဘိုးကြီးက -

"ဟဲ့-ကလေး၊ ငါလည်း မအားတဲ့ကြားထဲကလာခဲ့တာ။ ဒီကလေး (၃) ယောက်ကိုနင်မွေးပါဟယ်။ ငါ့မှာလည်း ဒီကလေးတွေရှိနေလို့ တရားအလုပ်တောင် စိတ်ဖြောင့်အောင်မလုပ်နိုင်ပါဘူး"

"ဟဲ့ - (၃) ယောက်တော့ ငါမယူချင်ဘူး။ တစ်ယောက်လောက်ဆို တော်သေးတယ်။ အငယ်ဆုံးကောင်လေးထားခဲ့"

"အင်း - ကျန်တဲ့နှစ်ယောက်ကိုလည်း မွေးစားဖို့ဆက်ပြီးရှာရဦးမှာပေါ့။ ကဲကဲ - အငယ်ကောင် မင်းကို ဒီအဒေါ်ကြီးက မွေးစားမယ်တဲ့ သွားတော့"

ဟု တွန်းလွှတ်လိုက်တယ်။

ကုလားလေးက ပျော်ရွှင်တဲ့မျက်နှာနဲ့ ဒေါ်နော်ထွေးဆီကိုတည့်တည့်ကြီးဝင်လိုက်တာ ဝမ်းထဲကိုတိုက်ရိုက်ရောက်ပါလေရော။ ဒီအိပ်မက်မက်ပြီးတာနဲ့ ဒေါ်နော်ထွေး ကိုယ်ဝန်ရှိတော့တာပါပဲ။ အဲဒီအချိန်ကထည်းက ဒေါ်နော်ထွေးရင်ထဲမှာ ငါ့ဗိုက်ထဲကို ကုလားလေးတစ်ယောက် ဝင်စားတာလားမသိဘူးလို့ တိတ်တခိုး လက်ခံထားလိုက်ပါတယ်။

ဒီလို လက်ခံလိုက်တယ်ဆိုတာ အိပ်မက်ထဲက ကလေးဗိုက်ထဲဝင်တဲ့ကိစ္စမှာ တကယ်ဝင်သွားသလို ခံစားလိုက်ရတာကိုး။ သူကြည့်ဖူးတဲ့ရုပ်ရှင်ကားထဲက ဝိညာဉ်တွေဟာ လူကိုဖောက်ပြီးဝင်တာနဲ့ တော်တော်လေးတူပါလားလို့ ဗိုက်ကိုတောင် ဟိုစမ်းဒီစမ်းလုပ်မိပါလေရဲ့။

ဒီလိုနဲ့ မွေးလာတော့ တကယ်ကို မည်းမည်းကျုတ်ကျုတ်။ ငိုကြောကလည်းရှည်ပ့ါ၊ တော်တော်နဲ့မတိတ်ဘူး။ ဒေါ်နော်ထွေးမွေးထားတဲ့အကြီးကောင်က သံဘူးကို ပုံလိုအမှတ်မထင်တီးလိုက်တာ ဒီကောင်လေး တိတ်သွားရောဗျ။ နောက်ဆို ဒီကောင်ငိုတာနဲ့ သံဘူးကို ပုံလိုတီးပေးရတာအခါခါပါပဲ။ အဲဒါကြောင့် ဒီကလေးဟာ ကုလားဗုံသံ... တယ်ကြိုက်ပါလားလို့ ဒေါ်နော်ထွေး... ပထမဆုံးသတိထားမိလိုက်တာပေါ့။

အစားစုံစားတတ်တဲ့အရွယ်... ကုလားလေးက ကုလားလေးဇာတ်... လာတယ်။ ပဲပါတဲ့မုန့်ဆို အကုန်စား... ပွဲဈေးတန်းခေါ်သွားတုန်း ကုလား... တွေ့လို့ကတော့ မရမချင်းပူဆာပါလေ... ရော။ ကစားရင်လည်း ကုလားတွေ... တဲ့ရွှံ့အိမ်ကို ပုံစံအမျိုးမျိုးဆောက်... ဆောက်။ ဒေါ်နော်ထွေးစဉ်းစားမိတာ... မဖြစ်နိုင်ဘူးလို့ တွေးမိတာပါ။ သူ့သား... ရဲ့အတွေ့အကြုံကြောင့် လူဝင်စား... တာ သူကတော့ တကယ်ရှိပါလား... လက်ခံထားလိုက်တယ်လေ။

သုံးနှစ်သားအရွယ်မှာ ဒီကောင်... လေး ဖျားပါလေရော။ မြန်မာဆေး... အနောက်တိုင်းဆေးဝါး ဘယ်ဆေး... ဆေးမတိုး။ က လေးဆိုတာ အရိုး... အရေတင်တဲ့အထိ အဖျား မပျောက်... ရက်ကြာတော့ အစားပါဆုတ်လာတယ်... မျက်မြင်အခြေအနေမှာ ပစ်လိုက်ရမယ့်... အခြေအနေကိုရောက်လာပါပြီ။ မိခင်... ဖခင်က ဘာလုပ်လို့ဘာကိုင်ရမှန်း... အလွန်စိုးရိမ်ရတဲ့အချိန်ရောက်... သူ့... လာပို့တဲ့ အဘိုးကြီး ရောက်လာတယ်...



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးက -

"အင်း - နင့်ကလေးက ဘာဆေး ...တ်တိုက်ပျောက်မှာမဟုတ်ဘူး၊ ခမည်း ...ဖို့နဲ့ ရိုးရာလုပ်ဖို့လိုနေတာ။ ခမည်း ...စ်က နားမှာ နားကွင်းလေးတစ်ခု ...ပေးလိုက်။ ပြီးတော့ နင်တို့ရွာထိပ် ...ကုလားဘုရားကျောင်းကိုသွား။ အဲဒီ ...ကျောင်းမှာ အုန်းခွဲပြီးလျှု နင်တို့မလုပ် ...တ်ရင် ဘုရားကျောင်းက ကုလား ...ကို အကူအညီတောင်း။ အုန်းခွဲလို့ ...က်လာတဲ့အုန်းရည်ကို ခွင့်တောင်းပြီး ...ာခဲ့။ အဲဒီအုန်းရည်ကိုတိုက်လိုက် ...လုပ်"

လိုရင်းညွှန်ကြားချက် ပြောပြီးချိန် ... အိပ်မက်က လန့်ပြီးနိုးသွားတယ်။ ...ချိန်က မနက် (၉) နာရီတီးနေပါပြီ။

အိပ်မက်ရှင်ရဲ့ ပြောကြားချက်ကို ဒေါ်နော်ထွေး ယုံကြည်လိုက်ပါတယ်။ ဗိုက်ထဲစဝင်ပါပြီဆိုတာနဲ့ ဖြူဖြူဖွေးဖွေးမှ မဟုတ်တာ။ မည်းမည်းကျုတ်ကျုတ်မှ တကယ့်ကို မည်းမည်းလေး။ ကုလားလေးဝင်စားတာမှန်နေသလို တစ်ရွာလုံးက မောင်ကုလားလို့ သူတို့ဘာသာခေါ်နေကြတယ်။ စားတော့လည်း ကုလားမုန့်၊ ဆော့တော့လည်း ကုလားရွှံ့အိမ်၊ တီးတဲ့ပုံက ကုလားပုံ။ ဒီလိုအပြုအမူတွေနဲ့ လူလောကထဲရောက်လာသူဆိုတော့ ဒီအဘိုးကြီးပြောတာ ဖြစ်နိုင်တယ်လို့ အကြွင်းမဲ့ ယုံကြည်သွားတာပေါ့။

ဒါကြောင့် ဒေါ်နော်ထွေးက ဘာသာစွဲတွေမထားတော့ပါဘူး။ အဓိက အရေးကြီးတဲ့ ပြဿနာက မွေးထားတဲ့ ကလေးမသေဖို့ပါဘဲ။ ဘယ်လိုဆေးနဲ့မှ မတိုးတဲ့ ဒီကလေးကို ဒီကလေးနဲ့ သက်ဆိုင်တဲ့ ကုလားဘုရားကျောင်းကိုတော့ သွားကိုသွားရမယ်လို့ လင်မယားနှစ်ယောက်စလုံးက ဆုံးဖြတ်လိုက်ကြတယ်။ ဘုရားကျောင်းက ကျောင်းစောင့်ကုလားလေးအကူအညီနဲ့ အုန်းခွဲတဲ့ကိစ္စက အခက်အခဲမရှိပြီးသွားပါပြီ။ ရလာတဲ့အုန်းရည်ကိုယူလာတုန်း နေမကောင်းတဲ့ကုလားလေးက မြင်သွားတယ်။ အိပ်ရာထဲကနေ လူကောင်းတစ်ယောက်လို ထလာပြီး အုန်းရည်ကို တောင်းတော့တာပါပဲ။

အုန်းရည်ကို အားရပါးရသောက်ပြီး သူ့ရဲ့အိပ်ရာလေးမှာ နှစ်နှစ်ခြိုက်ခြိုက်ပြန်ပြီးအိပ်ပါတယ်။ ဘယ်လောက်အိပ်ပျော်သလဲဆိုရင် လူကြီးတွေက နားဖောက်ပြီး နားကွင်းလေးတပ်လိုက်တာတောင် မနိုးပါဘူး။ နိုးလာတော့ ကုလားလေးမျက်လုံးက အရောင်တွေတောက်လို့။ လူကောင်းတစ်ယောက်ရဲ့မျက်စိကိုတော့ ဒေါ်နော်ထွေးက ခွဲခြားသိပါတယ်။ သား (၄) ယောက်မွေးဖူးတဲ့မိခင်ဆိုတော့ မျက်လုံးအိမ်ရိပ်အကဲကို အတွေ့အကြုံအရသိတာပေါ့။

နိုးတာနဲ့ ကုလားမုန့်ကိုတောင်းတော့တာပါပဲ။ ဘုရားကျောင်းစောင့်တဲ့ကုလားလေးက ဒိတ်ပေါက်တယ်။ ဒီကောင်လေးကို အုန်းရည်တိုက်ပြီးချိန်မှာ တအားအိပ်လိမ့်မယ်။ မနှိုးနဲ့၊ အိပ်ပါစေ။ နိုးလာရင်ဒါတွေကျွေးလိုက်ဆိုပြီး အမြော်အမြင်နဲ့ ကုလားမုန့်တွေပေးလိုက်တာပါ။ မောင်ကုလားတစ်ယောက် အုန်းရည်သောက်ပြီးချိန်ကစပြီး ရောဂါတွေဘယ်ရောက်သွားတယ်မသိဘူး။ အခုတော့ လူပျိုပေါက်ဖြစ်ပြီး ကိုကုလားအမည်ကိုပဲလူတွေသိကြတယ်။ ထွန်းနိုင်လို့ပေးတဲ့အမည်က မှတ်ပုံတင်မှာပဲနေရာရပါတယ်။

ဒီလိုကလေးကို မွေးဖူးတဲ့မိခင်ဆိုတော့ နောက်ဆုံးမွေးတဲ့ကလေးကို လူဝင်စားလို့မပြောရင် ဘယ်လိုအမည်တပ်ရမလဲ။ဒီအတွေ့အကြုံကြောင့် ဒေါ်နော်ထွေးကတော့ သူ့ဘာသာနဲ့ဆန့်ကျင်ပြီး လူဝင်စားကို ရင်ထဲကလက်ခံထားလိုက်တာပေါ့။ သူတို့လူမျိုးတွေပြောတဲ့ နတ်ဆိုးက ဦးဆောင်တယ်ဆိုရအောင် နှစ်ချင့်ပြီး ဘာအကျိုးအမြတ်မှမရဘဲ ဝင်နှောင့်တယ်လို့လည်း ပြောလို့မရပါဘူး။ ပိုပြီးထူးခြားတာက ဒီကုလားလေးသေမယ့်ဘေးမှာ ကုလားဘုရားကျောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

အုန်းရည်တိုက်ဖို့ ကျွဲ့စွမ်းဆိုတာ နတ်ဆိုးဆိုရင် ဘာမှကယ်တင်စရာမလိုပါဘူး။ အပျက်ကိုပဲ လမ်းညွှန်ရမှာပေါ့။ အခုလို ကယ်တင်တယ်ဆိုတာ သူတော်စင်တွေ အလုပ်လေ။ ဒီသားကိုမွေးထားတဲ့အမေ ဆိုတော့ လူဝင်စားကုလားလေးဝင်စား တာလို့ မခေါ်ရင် ဒိပြင်ခေါ်စရာလည်း မရှိတော့ပါဘူး။

ဒေါ်နော်ထွေးဘဝနဲ့ အနီးစပ်ဆုံး နောက်တစ်ယောက်လည်း ရှိပါသေးတယ်။ ဒီလူဝင်စားကတော့ တစ်ပင်ကျွန်းရွာက နော်စေးကလေးပါပဲ။ သူက အခုအချိန်မှာ ကျောင်းဆရာမဖြစ်နေပါပြီ။ ဒေါ်နော်ထွေးနဲ့ ညီအစ်မတစ်ဝမ်းကွဲလည်းတော်ပါတယ်။ နော်စေးကလေးရဲ့ ထူးခြားမှုကတော့ စကားပြောတတ်စမှာ နောက်ကြောင်းတွေမပြောပါဘူး။ (၈) နှစ်သမီးလောက်မှ တစ်ပင်ကျွန်းရွာက ဘုန်းတော်ကြီးကျောင်းသွားတာကစပြီး ထူးခြားမှုကစလာပါပြီ။

ဘုန်းတော်ကြီးက ဘုရားသခင်ပုံပါတဲ့လည်ဆွဲလေးကိုဆွဲပြီး ကရင်သင်တိုင်းဝတ်ထားတဲ့ ကလေးသေးသေးလေးက မြန်မာတွေလို ရှိခိုးနေတော့ အံ့ဩသွားတာပေါ့။ နော်စေးကလေးပေါက်စက ရှိခိုးတာကလွဲလို့ ဘာစကားမှမပြောဘူး။ ဘုန်းတော်ကြီးကိုသာ စူးစမ်းသလိုကြည့်နေတယ်။ ဘုန်းတော်ကြီးကတော့ ကလေးဘာကြောင့်ကြည့်မှန်း ဘယ်လာသိပါမလဲ။ ယဉ်ယဉ်ကျေးကျေးရှိခိုးတာကိုပဲ သဘောကျပြီး မုန့်တွေအများကြီးကျွေးလိုက်တယ်။

ဒီလိုနဲ့ နော်စေးကလေးပေါက်စဟာ စနေနေ့မှာ ဘုန်းတော်ကြီးကျောင်းသွားပြီး တနင်္ဂနွေနေ့မှာ ဘုရားကျောင်းတက်တတ်တဲ့ဓလေ့ထူးကို လူကြီးတွေ ရိပ်မိလာတာပေါ့။ သူ့မိဘတွေက ပထမတော့ မသွားဖို့ မာန်လိုက်မဲလိုက် ရိုက်လိုက်တွေလုပ်ကြည့်တယ်။ နော်စေးကလေးက အရိုက်ခံပြီး ကျောင်းကိုရောက်အောင်သွားတဲ့ကလေးပါပဲ။နောက်တော့ မိဘတွေက ဘာဖြစ်လို့ ဘုန်းကြီးကျောင်းသွားတာလဲလို့ တုတ်မိုးပြီးမေးတော့မှ သူ့အရင်ဘဝက အစ်ကိုကြီးကို ပြန်တွေ့လို့သွားတာလို့ ဖြေခဲ့တယ်လေ။

ဒီတော့မှ မိဘတွေကိုယ်တိုင် နော်စေးကလေးကို ဘုန်းကြီးကျောင်းခေါ်သွားတယ်။ အမိကပြဿနာက ဒီလိုလူဝင်စားဆိုတဲ့ကိစ္စကိုမယုံလို့ လက်တွေ့စစ်မယ်ဆိုပြီးလာကြတာပါ။ ရောက်တာနဲ့ -

"ဘုန်းကြီးရေ့ ငါ့သမီးက နင်နဲ့မောင်နှမလို့ပြောတယ်။ ဟုတ်၊ မဟုတ် စစ်ကြည့်ပါဦး"

"အေးအေး - ငါလည်း ဒီကလေးလာလာနေတာထူးတယ်လို့သိနေတယ်။ သူကဘာမှမပြောတော့ ငါလည်း ဘာမှမမေးဖြစ်ဘူး။ အင်း-အခုလိုမိဘတွေပါ ပါလာတော့ မေးရတာပိုကောင်းတာပေါ့'

- "ကဲ - ကလေးကိုမေးမယ်၊ နင်အရင်ဘဝကဘယ်မှာနေလဲ"

"ထိန်ပင်ရွာမှာနေပါတယ်"

"ဟိုအရင်ဘဝက နာမည်ပြောပါဦး"

"မအုန်းမေ"

"မအုန်းမေဘာကြောင့်သေတာလဲ"

"ငှက်ဖျားဖြစ်ပြီး သေတာပါ"

"ဘယ်အရွယ်လောက်မှာ သေသလဲ"

"အသက် (၁၅) နှစ်"

"မိဘတွေအမည်ပြောပါဦး"

"ဦးမောင်လှ၊ ဒေါ်ခင်မေ"

"နင့်အစ်ကိုကြီးကို ဘာကြောင့်သတိရတာလဲ"

ဒီမေးခွန်းအရောက်မှ နော်စေးကလေးက ငိုမဲ့မဲ့ဖြစ်သွားတယ်။ ပြီးတော့ ဘုန်းတော်ကြီးကို စူးစူးရဲရဲကြည့်ပြီး မျက်ရည်ကြားကနေ -

"နင်ကလည်း၊ မမှတ်မိတော့ဘူးလား။ ငါတို့မှာ မောင်နှမဆိုလို့ နှစ်ယောက်တည်းရှိတာ။ ငါ့ကိုကျောင်းလိုက်ပို့လည်းနင်ပဲ။ ထမင်းစားရင်လည်း ငါ့ပန်းကန်ထဲ ဟင်းတွေထည့်ပြီး နင်က ငါးပိရည်နဲ့စားတာကို ငါမှတ်မိနေတယ်ဟဲ့။ အမေပေးတဲ့ မုန့်ဖိုးဆိုလည်း နင်က မစားဘူး။ ငါ့ကိုပဲပေးတယ်။ ငါနေမကောင်းတော့လည်း အနားမှာနင်ပဲရှိတာ။ ငါသေတော့လည်း နင့်ရင်ခွင်ထဲမှာဟဲ့။ ဒါတောင်မမှတ်မိတော့ဘူးလား။ စိမ်းစိမ်းကားကားမေးရက်လိုက်တာ ဟီး ဟီး"

နဲ့ ငိုပါလေရော။

ဘုန်းကြီးတောင် နော်စေးကလေး အပြောကြောင့် စိတ်မကောင်းဖြစ်ပြီး မျက်ရည်တွေဘာတွေဝိုင်းတော့တာပေါ့။ နော်စေးကလေးရဲ့နောက်တစ်မျိုးထူးခြားချက်က အရင်ဘဝကရခဲ့တဲ့ ငါးပါးသီလ ယူတာနဲ့ သမ္ဗုဒ္ဓေဂါထာအပြင် မေတ္တာသုတ်ကိုပါ အခုအချိန်အထိရနေတုန်းပါပဲ။ ဒီလိုဇာတ်ရည်လည်သွားတော့မှ မိဘတွေလည်း ဘုန်းကြီးကျောင်း ဘယ်လောက်သွားသွား မတားတော့ပါဘူး။

နော်စေးကလေးက လက်ရှိဘဝမှာ ဘုရားကျောင်းတက်တာလည်း ပျက်ရက်မရှိသလို စနေနေ့တိုင်းမှာလည်း ဘုန်းကြီးကျောင်းသွားတဲ့ဝတ်မပျက်ပါဘူး။ အပျိုလေးဖြစ်လာတော့ သူက ဘုန်းကြီးကျောင်းကို လက်ချည်းသက်သက်မသွားဘဲ ဆွမ်းချိုင့်အပြည့်နဲ့သွားတာပေါ့။ သူ့မိတ်ဆွေတွေက ဒါဘယ်သူ့အတွက်လဲမေးရင် သူက -

"ငါမသေခင် ငါ့အစ်ကိုကြီးကိုပြန်ပြီးပြုစုရမယ်။ ငါ တစ်ပတ်မှာ တစ်ရက်တော့ ဆွမ်းချက်ပြီးယူသွားတာဟဲ့"

လို့ ပြောင်ကိုပြောတတ်ပါတယ်။

လက်ရှိဘဝမှာ နော်စေးကလေးက ခရစ်ယာန်ဘာသာဝင်၊ ဒါပေမယ့် စနေနေ့မှာ မြန်မာဘုန်းတော်ကြီးကျောင်းသွားပြီး တနင်္ဂနွေနေ့မှာ ဘုရားကျောင်းသွားတတ်တဲ့ဓလေ့ကြောင့် နှစ်ဘာသာကိုးကွယ်တဲ့ ကရင်မလေးတို့ပြပါဆိုရင် သမင်းခြံရွာမှာ နော်စေးကလေးတစ်ယောက်တည်းရှိပါတယ်။

ဒေါ်နော်ထွေးက သူ့ညီမကိုကြည့်ပြီး နတ်ဆိုးဝင်ပြီးနှောင့်တာဆိုရင်လည်း အခုလို ဗုဒ္ဓဘာသာဝင်တွေရဲ့ ဘုရားရှိခိုးနဲ့ သူရတဲ့ဂါထာတွေကို နတ်ဆိုးဆိုရင် ဘယ်လာရွတ်ပါ့မလဲ။ ပြီးတော့လည်း စနေနေ့တိုင်း ဘုန်းကြီးကျောင်းထိ ဆွမ်းချက်ကပ်တယ်ဆိုတာ နတ်ဆိုးရဲ့ အလုပ်မှမဟုတ်တာ။ နတ်ဆိုးဆိုတာ ဒုက္ခရောက်အောင်၊ ပျက်အောင် မကောင်းတဲ့ကိစ္စတွေလုပ်ရမယ်လေ။ ဒါမှ နတ်ဆိုးပီသတော့မှာပေါ့။

အခု ငါ့ညီမတစ်ယောက်ထဲ ကျောင်းဆရာမကြီးဖြစ်တဲ့အထိလည်း ဆွမ်းကပ်တာမပျက်သေးဘူး။ အခုဆို ကျောင်းမှာ အလှူအတန်းရှိရင်လည်း သူက ညအိပ်တောင်သွားပြီးကူလိုက်သေးတယ်။ ငါ့ညီမလိုလူကို လူဝင်စားလို့ မပြောရင် ဘယ်သူ့ကိုပြောရမှာလဲ။ ငါ့လူတွေ ယုံချင်ယုံမယုံချင်နေ၊ ငါ့ဘဝမှာတော့ အနီးကပ်မြင်နေရတဲ့ ငါ့သားကုလားလေးနဲ့ ညီမနော်စေးကလေးတာ လူဝင်စားစစ်စစ်တွေပါလို့ ဒေါ်နော်ထွေးကတော့ သူ့ဘာသာနဲ့ ဆန့်ကျင်ပြီး လက်ခံထားလိုက်ပါတယ်။

စိုးထွန်း (ဥပ...)



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဆရာကြီးဦးဗစွကိုင်၏ 'မြိုင်ယံဘွား' လက်ရာစ်ကြော်ငြာ

[redacted]

ကိုတိုး(ရန်ကင်း)

# ဇာတ်ရာဇဝင်မှတ်ရာပင် လူ့ဥင်ကာစ်လွှား

# မြိုင်ယံဘွား

## ပထမမြန်မာတာင်ဇာတ်ကားကြီး

ဆန်းမှ၊ သစ်မှ၊ ကောင်းမှ ကြိုက်နှစ်လေ့ရှိသော မြန်မာပြည်နှင့် မြန်မာလူမျိုးတို့အတွက် (အေဝမ်း) သည် ဒဂုန်မဂ္ဂဇင်းမှ ဒဂုန်ခင်ခင်လေး. ရေးသော မြိုင်ယံဘွား ဝတ္ထုတော်ကြီးကို အသက်သွင်းပေးရန် ဒါရိုက်တာဦးလွန်းဖေအား တာဝန်လွှဲပေးလိုက်သည့်နေ့မှစ၍ ရုပ်ရှင်ရိုက်ကူးရာ စတူဒီယိုရုံကြီးအတွင်းတွင်

[redacted]

[redacted]

လုပ်သားများစွာတို့မှာ နေ့မအား၊ ညမအား အလုပ်လုပ်နေကြရတော့သည်။ မြန်မာ့ရုပ်ရှင်လောက၌ ဦးစွာစတင်ကြံစည်ရိုက်ကူးသော ဇာတ်ကားကြီးဖြစ်၍ ဒါရိုက်တာလုပ်သူမှာ များစွာ ဦးနှောက်ရှုပ်ရရှာလေသည်။

**ဓာတော်သူ၏သင့်သောနေရာ**

မြိုင်ယံဘွား ဇာတ်လိုက်များကို စစ်ကြည့်လိုက်မည်ဆိုလျှင် ရုပ်ရှင်သရုပ်ဆောင် မောင်ညွန့်မောင်မှာ အမူအရာအခံရှိပြီး၍ လူတော်တစ်ယောက်ဖြစ်နေသည့်အလျောက် သူနှင့်အလွန်သင့်လျော်သောနေရာမှနေ၍အသုံးခံရလေရာ အထူးပြောဖွယ်ရာမလိုတော့ပေ။ မောင်ညွန့်မောင်၏ကိုယ်လုံးကိုယ်ပေါက် ကိုယ်ထည်ခိုင်ခံ့သန်မာခြင်းသည် မြိုင်ယံဘွားအတွက် ဇာတ်လိုက်လုပ်သူ၏ အရည်အချင်းနှင့် ကိုက်ညီနေသည့်အား လျော်စွာ အေဝမ်းမှ ခေါင်းဆောင်ဇာတ်လိုက်အဖြစ် ရွေးချယ်ခြင်းတို့ခံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com










▫ **မြန်မာတာဇံလော**

၁၉၃၈ ခုနှစ် အေဝမ်းဒါရိုက်တာ ဦးလွန်းဖေ၏ မြိုင်ယံဘွားမှာ မြန်မာဇာတ်ကားထဲတွင် တာဇံဇာတ်ကားဖြစ်မည်ဟု ကောလာဟလသတင်းဖြစ်နေ၏။ မြို့တိုင်းအရပ်တိုင်းတွင် လူပြောများလျက်ရှိ၏။ ဆင်ကြီးများသည် လည်းကောင်း၊ မျောက်ကြီးများ၊ မြွေကြီးများ၊ ဝက်ဝံကြီးများသည် လည်းကောင်း မြိုင်ယံဘွားဇာတ်ကားကြီး၏ ဂုဏ်ထူးဆောင်များဖြစ်လျက် လှပသော ရှုမျှော်ခင်းများသည် မြိုင်ယံဘွားဇာတ်ကားကြီး၏ ကျက်သရေဆောင်များ ဖြစ်သည်။

▫ **တောခန်းတောင်ခန်း**

တောခန်းတောင်ခန်းတို့ကိုသေချာကျနစွာ သဘာဝကျအောင် အထူးရိုက်ကူးထားသည်ဖြစ်ရာ မြိုင်ယံဘွားဇာတ်ကားကြီးကို ရှုမြင်ရသူအပေါင်းတို့သည် တကယ်ပင် တောတောင်အတွင်းသို့ ရောက်နေဘိသကဲ့သို့ မိမိကိုယ်ကိုမိမိ ထင်မြင်မိကြမည်မှာ မလွဲပေ။ သာယာကြည်နူးဖွယ်ကောင်းလှသော မြိုင်ယံဘွားတောတောင်ခန်းများနှင့်တောသားရဲတိရစ္ဆာန်များမှာ ကြည့်ရှုသူအပေါင်းတို့၏စိတ်ကို လှုပ်ရှားစေမည်မလွဲပေ။

▫ **ဆင်နှင့်မင်းသား**

မြိုင်ယံဘွားဇာတ်ကားကြီးကိုရိုက်ကူးရာတွင် ရန်ကုန်မှာ ရိုက်ကူးရသည့်ရက်များထက် မန္တလေးသို့ သွားရောက်ရိုက်ကူးရသည့်ရက်ကများ၏။ မန္တလေးမေမြို့ (ပြင်ဦးလွင်)၊ အနီးစခန်း၊ မုံရွာ အစရှိသည်တို့တွင် တစ်လကျော်သွားရောက် ရိုက်ကူးခဲ့ကြရလေသည်။ ထိုသို့သွားရောက် ရိုက်ကူးနေကြသောအခါ ဆင်ကောင်နှင့် မင်းသား မောင်ညွန့်မောင်တို့မှာ (၅)ရက်(၅)ညတိတိ အသိမိတ်ဖွဲ့နေကြရသည်။ ဆင်နှင့်အသိဖွဲ့ရာ မိမိ၏အသံကို ဆင်မှတ်မိမှ ဆင်ခန်းကို ရိုက်ကူးကြရလေသည်။ ဆင်ကြီးမှာ မောင်ညွန့်မောင်၏ ပြောစကားကို တစ်သဝေမတိမ်းနားထောင်၍ မောင်ညွန့်မောင် အလိုရှိတိုင်းရနေလေရာ မြိုင်ယံသွားဇာတ်ကားကြီးအတွက် ဆင်ကြီးနှင့် မင်းသား၊ မင်းသမီးတို့ သနားလောက်အောင် မည်မျှအသုံးတော်ခံမည်ကို ရှုစားကြရပေမည်။

▫ **မြိုင်ယံဘွားသတင်းထောက်၏မှတ်တမ်း**

မြိုင်ယံဘွားဇာတ်ကားရိုက်ကူးစကတည်းက ရုပ်ရှင်ခြံထဲတွင် တောသံများဆူညံနေတော့၏။ ဤဇာတ်ကားတွင် တောတိရစ္ဆာန်ရိုင်းများ အများအပြား ပါဝင်သဖြင့် မြန်မာ့ရုပ်ရှင်နယ်တွင် ဤလိုကားမျိုး ပထမဆုံးအကြိမ်ပင်

www.burmeseclassic.com

ဖြစ်တော့၏။

အလွန် ယဉ်ကျေးနိုင်ခဲသော တိရစ္ဆာန်မျိုးဖြစ်သည့် မြွေကြီးများ ဝက်ဝံကြီးများနှင့်ရိုက်ကူးသည့်အခန်း၌ အသည်းယားစရာ ရင်တထိတ်ထိတ်နှင့် ရှိလှတော့၏။ မင်းသမီး မေမြင့်ကလေးမှာ ဒါရိုက်တာခိုင်းသည့်အတိုင်းကို မကြောက်မရွံ့ အရဲစွန့်ကာ ကြိုးစားရှာသည်ကိုမြင်ရသော ကျွန်တော့်မှာ အလွန်သနားခြင်း၊ ချီးမွမ်းခြင်းများ ပြုမိပါတော့၏။

ဒါရိုက်တာ ဦးလွန်ဖေမှာ ကိုယ်တိုင် ဇာတ်လမ်းကိုလည်း အကြိုက်တွေ့၊ ဇာတ်လမ်းအလိုက် ညီညွတ်သောဇာတ်လိုက်များကိုလည်းခိုင်းရပြန်သဖြင့် ကားရိုက်ဇာတ်ရသည်ကို မပင်ပန်းနိုင်ဘဲ ခွေးတလုံးလုံးနှင့် မြိန်ရေရှက်ရေဖြစ်နေတော့သဖြင့် ဇာတ်ကားအရည်အသွေးကို ကြိုတင်အကဲဖြတ်နိုင်ပါတော့သည်။













**□ အချစ်**

ချစ်ခန်း ကြိုက်ခန်းဆိုကလည်း အားကျချင်စရာဖြစ်လာအောင် ရိုက်ကူးပြသသည်ကို တွေ့ရ၏။ အနည်းငယ်ဖော်ပြထားရသော် မင်းသမီးလေးမှာ မြနန်းဆောင်ဘုံပေါ်က မျှော်မှန်းနေစဉ် မြိုင်ယံဘွားမင်းသားလေးမှာ နွယ်ကြိုးကြီးကိုလွဲကာ ကျွမ်းပစ်၍ဝင်လာပြီး အတင်းချစ်တော့မည်ပြုသဖြင့် မင်းသမီးက အတွင်းဆောင်သလွန်ပေါ် ပြေးအတက်၊ မင်းသားက ထက်ကြပ်မကွာလိုက်ပြီးအဆွဲ၊ မင်းသမီးမှာ ဒါရိုက်တာမင်းများ၊ ကင်မရာမင်းများကို ရှက်လို့ထင်ရဲ့။ ကြာချည်ကြိုးကို အသာဆွဲလိုက်သဖြင့် ဘေးကကြည့်သူများမှာ ဟာခနဲ ဟင်ခနဲ မချင့်မရဲဖြစ်ကျန်နေတော့၏။

**□ ဇာတ်လိုက်စုံ**

အသောခန်းတွင်လည်း ဇာတ်ကောင် ရွှေကြီးက မင်းသားနောက်ပိုး၊ စိုင်တမော့က လူယုံတပည့်ကြီးအဖြစ် ပါဝင်ကြ၍ ဆရာ၊တပည့်နှစ်ယောက်က ကလိန်ကျပုံတွေမှာ ရုပ်ရှင်ကားရိုက်စဉ်မှာပင် အူတက်မတတ်တသောသောနှင့် ရိုက်ကူးသည်ကို မြင်တွေ့ရကြောင်း။

**□ အလွမ်း**

လွမ်းခန်းဆိုပြန်ကလည်း ပင်တိုင်စံမင်းသမီးမှာ ချစ်သူကို ကားစင်တင်၍ သတ်တော့မည့်နေ့တွင် ဘယ်သူမှလဲ အားကိုးစရာမမြင် အဆောင်ပြင်ထွက်လို၍လည်းမထွက်ရဘဲ ကြိတ်မနိုင်ခဲမရနှင့်အဆွေးကြီးဆွေးကာ ဒုက္ခမီးတောက်လောင်လျက် မတ်တတ်မှလဲကျသွားရာ အနားကကြည့်သူတိုင်း တကယ်မှတ်၍ စုတ်သပ်မိကြသည်အထိ အမူအရာကောင်းလှ၏။

မင်းသားကလေးမှာလည်း မယ်တော်မိခင်အား အကျိုးအကြောင်းပြန်လှန်၍ တိုင်ကြားသည်မှာ မယ်မယ့်သား သားတော်ဖြင့် သစ်မာလာမင်းသမီးလေးရှုပါရုံကို မျက်စိထဲမှမထွက်နိုင်ဘဲ သမုဒ္ဒယခင်တွယ်၍ အစွဲကြီးစွဲမိနေပါပြီ။ မယ်မယ့်သား အသက်ကို



www.burmeseclassic.com


www.burmeseclassic.com

မတိုစေချင်ရင်ဖြင့် မယ်မယ်ကြံ၍ပေးပါဦး မယ်မယ်ရဲ့’ လို့ သနားစဖွယ်မျက်နှာငယ်နှင့် အပူကပ်လေတော့ လောကလူ့အရေးကို မုန်းလို့၊ တရားနှလုံးသွင်းနေတဲ့ မိခင်ကြီးက သံယောဇဉ်မီးကို မမွေးရန်၊ အဝိဇ္ဇာ၊ တဏှာအရင်းခံရင် သံသရာမှာ ဘယ်လောက်မျောပါရမည့်အကြောင်း တရားပြသွားသည့်အခန်းမှာလည်း လူအများ သတိသံဝေဂရဖွယ် ကုသိုလ်တရားဖြစ်နိုင်ဖွယ်အခန်း ဖြစ်တော့၏။



□ဓာတ်ပုံ

ဓာတ်ပုံလှည့်စားခန်းဆိုပြန်ကလည်း ဟာင်ခနဲဟာခနဲဖြစ်စေမည့်အခန်းများ ဖြစ်ပေသည်။ ဒါရိုက်တာ ဦးလွန်းဖေမှာ ဓာတ်ပုံလှည့်စားခန်းများရိုက်သည့်အခါ အလွန်စိတ်ရှည်လက်ရှည်နှင့် ရိုက်ကူးလေ့ရှိသူဖြစ်ရာ ပိတ်ကားပေါ်တွင် ဆန်းဆန်းပြားပြားများကို မြင်တွေ့ကြရပေမည်။



□အကြမ်း

ထိုးခန်းသတ်ခန်း၊ စွန့်စားခန်းများမှာလည်း မင်းသားက အသစ်ဖြစ်နေသဖြင့် နာမည်ရဖို့ အထူးကြိုးစား၍ စွန့်စားထားသည်ကို တွေ့ရသော ကျွန်တော့်မှာ ဤလိုကားမျိုး မပြီးခင်ကပင် ကြည့်လိုက်ချင်သေးတော့၏။

□အထွေထွေ

ချစ်ခန်း၊ ကြိုက်ခန်း၊ ထိုးခန်း၊ သတ်ခန်း၊ စွန့်စားခန်း၊ အသည်းယားစရာစခန်း၊ အံ့ဩစရာအခန်း၊ ရယ်ရွှင်စရာအခန်း၊ လွမ်းခန်း၊ ဆွေးခန်း၊ တရားရစရာအခန်း၊ ဗဟုသုတဖြစ်စေဖွယ်အခန်း၊ ဓာတ်ပုံလှည့်စားခန်းများနှင့် ဆယ့်နှစ်မျိုးဟင်းလို အဘက်ဘက်ကစုံနေသော ဤလိုကားမျိုးကို မကြည့်ဘဲ မနေထိုက်ချေ။



□ခေတ်ဟောင်းကိုအောက်မေ့စဖွယ်

နိုင်ငံခြားစားများသာလျှင်မဟုတ်။ မြန်မာလူမျိုးများအတွက်လည်း တောတွင်းဇာတ်လမ်းများ ရှေးကရှိခဲ့ဖူးသည့် အလျောက် ‘မြိုင်ယံဘွား’ ဟူသော ဇာတ်လမ်းကြီး ဖြစ်ပေါ်လာခဲ့ရသည်။ ၎င်းဇာတ်လမ်းဝတ္ထုတော်ကြီးကို ရေးဖွဲ့သူ ကလောင်ရှင်မှာ ဒဂုန်ခင်ခင်လေး ဖြစ်ပြီး ဒဂုန်မဂ္ဂဇင်းတွင် (၂) ကြိမ်တိုင် ထည့်သွင်းဖော်ပြရသည်အထိ လူကြိုက်များလှသည်ဖြစ်ရကား ယင်းသို့ လူ



www.burmeseclassic.com

www.burmeseclassic.com









မြိုင်ယံဘွားနောက်မှပေါ်သော
နိုင်ငံရပ်ခြားတာဇံဇာတ်ကား

ကြိုက်များသော ဝတ္ထုဇာတ်လမ်းကြီးကို အာရုံမျက်မြင်ကိုယ်တွေ့ဒိဋ္ဌကြည့်ရှုတော်မူနိုင်ကြစေရန် ရည်သန်၍ အေဝမ်းရုပ်ရှင်ကုမ္ပဏီမှ အသက်သွင်း ရိုက်ကူးလိုက်ရပါသတည်း။

**□ အလွမ်းလည်းစုံ၊**
**အခုန်အလွှားတွေနဲ့မြိုင်ယံဘွား**
**ကားများ ထိပ်သီးရှုမငြီး**

ဇာတ်လမ်းနှင့် ဇာတ်လိုက်တွေ့သည်၊ အစီအစဉ်တည့်သည်၊ ဆောင်တိုင်းမြောက်သည် ဖြစ်ရကား မြိုင်ယံဘွား ပြသသောအခါ ရှုမငြီးလောက်စရာ အခါခါထပ်၍ ကြည့်ချင်လောက်အောင်ကောင်းလှပါကြောင်း။

**□ မြိုင်ယံဘွားအမျှော်စိုက်**

မြိုင်စံရှားပေလိမ့်၊ မြိုင်ယံဘွားခယ်တဲ့ ဇာတ်တော်မဟာ။ ညွန့်နှင့်မေဘုစုံပေါ့။ မြူပုံမှုပုံက ဆန်းလိမ့်မယ်ဘွယ်၊ နန်းဇာတ်ပါ။ ကြာတော့မယ် မထင်ရက်ပါနဲ့။ သဇင်ခက်ဖူး ဝတ်လွှာငယ်။ လာရန်ဖြင့်အချိန်နီး၊ လှမျက်မှန်၊ ရွှေနန်းသူ ပင်တိုင်စံနှင့်၊ မြိုင်ယံမှာဘယ်လိုဖြစ်တယ်လို့။ သတင်းစုံခင်းပုံကသစ်ပါဘိသနဲ့ကွယ်။ ရှေးခေတ်ဇာတ်ကြီး။ ။

**□ စာကြွင်း**

တာဇံကဲ့သို့သော ဇာတ်ကားကို ဦးစွာ ဗြိတိသျှဘားမားကုမ္ပဏီက စတင်ရိုက်ကူးခဲ့သည်။ မင်းသားမှာ တင်ဖေဖြစ်၍ 'ယဂုန်မြိုင်ဇာတ်ကား' ဖြစ်သည်။ ဒါရိုက်တာမှာ ဦးအောင်မြတ်ဟု ထင်ရသည်။ တောရိုင်းတိရစ္ဆာန်များမပါလှ၍ တာဇံကဲ့သို့ဖြစ်မလာပေ။ တာဇံနှင့်နီးစပ်သော ဇာတ်ကားမှာ ယခုဖော်ပြခဲ့သော မြိုင်ယံဘွားပင်တည်း။ မြိုင်ယံဘွားမှာ တောရိုင်းတိရစ္ဆာန် အကောင်ပလောင်များများပါဝင်သည်။ ဇာတ်လမ်းမှာ ခေတ်ဇာတ်လမ်းမဟုတ်ဘဲ ဒဂုန်ခင်ခင်လေး၏ ရာဇဝင်ထိုးဇာတ်ဖြစ်သည်။ အနောက်နိုင်ငံတွင် တာဇံအဖြစ် တောတွင်းမင်းသားရွေးချယ်ရာ၌ ကာယဗလကြံ့ခိုင်သန်မာသူများကိုသာ ရွေးချယ်ခဲ့သည်။ ရည်ရွယ်ချက်မှာ တောရိုင်းတိရစ္ဆာန်များကို အနိုင်ထိုးသတ်နိုင်သူကိုသာ လိုလားသောကြောင့်ဖြစ်သည်။ မြိုင်ယံဘွားအတွက် အေဝမ်းညွန့်မောင်အား ရွေးချယ်ရာ၌ သူ့ကာယဗလတောင့်တင်းမှုကို ရှေ့တန်းတင်၍ ရွေးချယ်ခဲ့သည်။ သို့ကြောင့်လည်း မြိုင်ယံဘွားအပြီး ပန်းပဲမောင်တင့်တယ်ကိုရိုက်ခြင်း ဖြစ်ပါသည်။

ကိုတိုး(နေ့ကင်း)

**စာညွှန်း -**

မအေဝမ်းရုပ်စုံ အမှတ် (၃၁)



www.burmeseclassic.com

www.burmeseclassic.com

ဤလောကတွင် ဖြစ်ပျက်နေကြသော အကြောင်းအရာတို့သည်ကား ယုံကြည်နိုင်ဖွယ်ရာ ခက်ခဲလှပါ၏။ ထိုကဲ့သို့သောအကြောင်းအရာတို့သည်ကား ရှိကြပါ၏။ သို့သော် ရှားပါးလှပါသည်။

ယင်းအဖြစ်အပျက်မှာ ဤသို့ဖြစ်ပါ၏။ ဗြိတိသျှမျက်နှာဖြူအစိုးရ အုပ်စိုးစဉ်အခါက ဖြစ်ပါ၏။

ခေတ်ပညာတတ် မောင်ထွန်းဝေဆိုသူသည် ဘီအေဘွဲ့ဒီဂရီကိုရရှိပြီး ပြည်သူ့ရဲတပ်ဖွဲ့သို့ ဝင်ရောက်ကာ အမှုထမ်းခဲ့ပါ၏။

ထိုခေတ်ထိုအချိန်အခါတုန်းက မောင်ထွန်းဝေသည် ပြည်သူ့ရဲအုပ်ရာထူးကြီးကို ခန့်အပ်ခြင်းခံခဲ့ရပါ၏။ သူသည် လူပျိုတစ်ယောက်ဖြစ်သည့်အားလျော်စွာ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်လည်း ဖြစ်နေပါ၏။

သူသည် ရန်ကုန်ကောလိပ်ကျောင်းကြီးကို တက်ရောက်ခဲ့စဉ်က သူနှင့်အတန်းတူ ကျောက်နေဖက် အမျိုးသမီးတစ်ဦးလည်းရှိခဲ့ပါ၏။

သူမ၏နာမည်ကတော့ မမြင့်မြင့်ဖြစ်ပါ၏။ သူမသည်လည်း ဝိဇ္ဇာဘွဲ့ဒီဂရီကို ဆွတ်ခူးရရှိလာခဲ့သည့် အမျိုးသမီးတစ်ဦး။

သူမကတော့ အစိုးရအလုပ်ခွင်သို့ မဝင်တော့ပါ။ သူမမိဘများက ငွေရှင်ကြေးရှင်နေရှင်များ ဖြစ်ကြပါ၏။ သူမသည် ခေတ်ပညာကို တတ်မြောက်အောင်သာ သင်ကြားထားခြင်း ဖြစ်ပါ၏။ အလုပ်ခွင်ဝင်ရန် ခေတ်ပညာကို သင်ကြားခြင်းကား မဟုတ်ပါ။

မောင်ထွန်းဝေနှင့် မမြင့်မြင့်တို့သည် ကောလိပ်ကျောင်းကို တက်ရောက်စဉ်ကတည်းကပင် တစ်ဦးနှင့်တစ်ဦး ခင်ခင်မင်မင်ရင်းရင်းနှီးနှီးရှိကြပြီး တစ်ဦး၏နေအိမ်ကို တစ်ဦးကဝင်ထွက်သွားလာနေကျ၏။ သူတို့သည် အချင်းချင်း ချစ်ခင်ရင်းနှီးမြတ်နိုးစွာ နေထိုင်လာခဲ့ကြပါ၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ စားသောက်ချိန်နှင့် ကြုံကြိုက်လာသောအခါများမှာလည်း မောင်ထွန်းဝေက ကြုံသလို မမြင့်မြင့်၏ နေအိမ်၌ စားသောက်ခဲ့ပါ၏။

နှစ်ဖက်သော မိဘများကလည်း သူတို့နှစ်ဦး၏ ချစ်ချစ်ခင်ခင်နေထိုင်လာကြခြင်းကို သဘောတူလက်ခံထားခဲ့ကြပါ၏။

နောက်ဆုံးမှာတော့ သီးချိန်တန် လျှင်သီး၊ ပွင့်ချိန်တန်လျှင်ပွင့်၊ အရွယ်ရောက်လာသူနှစ်ဦး တစ်ဦးနှင့်တစ်ဦး ဘဝကြင်ဖော်အဖြစ် ရွေးချယ်ရန် တစ်ဆင့်တိုးပြီးတော့ စဉ်းစားလာခဲ့ကြပါသည်။


နှစ်ဖက်သော မိဘများတွေကလည်း သဘောတူကြည်ဖြူစွာ လက်ခံလာခဲ့ကြပါ၏။ သို့နှင့်ပင် သူတို့၏ အိမ်ထောင်ရေးမှာ ရှောရှောရှူရှူဖူးပွင့်လာလေ၏။

သူတို့၏ ထိမ်းမြားမင်္ဂလာပွဲကိုလည်း နှစ်ဖက်သောမိဘများနှင့်ဆွေမျိုးမိတ်သင်္ဂဟများ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြပါ၏။ သတို့သားနှင့် သတို့သမီးတို့မှာ ရွှေနှင့်မြ၊ နေနှင့်လ ပုံပမာ အလွန်တင့်တယ်လှပကြပါ၏။ နောက်ပြီးတော့ နှစ်ဖက်သောမိဘများနှင့် ဆွေမျိုးသားချင်း မိတ်သင်္ဂဟများက ဝမ်းမြောက်ဝမ်းသာကြည်နူးစွာဖြင့်

(ပန်းသတ္တုလိုက်)

# မဟာနွယ်

## သရဲစီးတဲ့လက်နက်





www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်ယူကြပါ၏။ ချီးမြှင့်ထောက်ပံ့အားပေးကာ ကူညီလာကြပါ၏။ သူတို့ဇနီးမောင်နှံနှစ်ဦးတို့မှာလည်း ပျော်ရွှင်မဆုံးတပြုံးပြုံးနှင့်။

သူတို့ဇနီးမောင်နှံ၏ အိမ်ထောင်ရေးသက်တမ်းမှာလည်း လေးလသို့ပင် စာရင်းများဝင်ရောက်လာခဲ့လေပြီ။

တစ်နေ့တွင် မောင်ထွန်းဝေသည် မိမိအားပေးအပ်ထားသော ခြောက်လုံးပြူးသေနတ်ကို ကြေးချွတ်၊ ပြောင်းတိုက်၊ ဆီထိုးပြုလုပ်နေ၏။

သေနတ်၏အတွင်းပိုင်းမှာ ကျည်ဆန်တစ်တောင့်မှမရှိပါ။ သေနတ်ကို မိုးပေါ်သို့ထောင်ပြီး အချက်ပေါင်းမြောက်မြားစွာ ပစ်ကစားခဲ့ပါသေး၏။ မည်သည့်ကျည်ဆန်၊ကျည်ကတ်မှလည်း ပေါက်ထွက်မလာပါ။ သေနတ်မောင်းတစ်ခုနှင့်တစ်ခုထိသည့် 'ဒက် ဒက် ဒက်' အသံသာ ထွက်ပေါ်လာပါ၏။

သေနတ်မှာကျည်ဆန်မရှိကြောင်း သေချာသောအခါ ချစ်ဇနီးအား ကျီစယ်သောအားဖြင့် -

"မြင့်မြင့်၊ ပစ်လိုက်ရမလား"

ဟု ဆိုလာ၏။

ကျည်ဆန်မပါသည့် သေနတ်နှင့် ပစ်မည်ဟုဆိုသောအခါ မမြင့်မြင့်မှာလည်း ပြုံးရွှင်သည့် မျက်နှာထားနှင့် ထမင်းအိုးကို ထမင်းရည်ငှဲ့နေရာမှ ချစ်စနိုးနှင့်ခေါင်းကလေးကိုညိတ်ပြလိုက်လေ၏။

မောင်ထွန်းဝေသည် ခြောက်လုံးပြူးသေနတ်ကို မိုးပေါ်သို့ထောင်ပြီး အချက်ပေါင်းမြောက်မြားစွာပစ်ကစားကြည့်ပြန်ပါ၏။

ကျည်ဆန်မပါသော သေနတ်မှာ ပစ်လိုက်သမျှ 'ဒက် ဒက် ဒက်' ဟူသော အသံသာပေါ်ထွက်လာပါ၏။ကျည်ဆန်ပေါက်ကွဲသံကိုလည်း မကြားရပါချေ။ သေနတ်မှကျည်ဆန်လည်းမထွက်ပါ။ သေနတ်မောင်းတစ်ခုနှင့်တစ်ခုရိုက်ခတ်သံကိုသာ ကြားကြရ၏။

သူသည် သေနတ်ထဲ၌ ကျည်ဆန်မပါဟူသော ယုံကြည်မှု စိတ်မှာခိုင်မာသည်ထက် ခိုင်မာလာလေ၏။ ယခင်က ဝင်နေခဲ့သည့် သံသယစိတ်မှာလည်း ကင်းရှင်းသွားခဲ့လေ၏။ ယင်းကြောင့်လည်း ချစ်လှစွာသော ချစ်ဇနီးအား သေနတ်ဖြင့် ကျီစယ်ကာ ပစ်ရန်ပြောဆိုခြင်းသာ ဖြစ်ပါ၏။

သူသည် သေနတ်ထဲ၌ ကျည်ဆန်မပါသည်ကို စိတ်ချလက်ချသိရှိရသဖြင့် ထမင်းရည်ငှဲ့နေသည့်ချစ်ဇနီးအား -

"မြင့်မြင့်၊ ပစ်လိုက်မယ်နော်"

ဟု ဆိုကာ အမှတ်မထင် သေနတ်ကို မချိန်ရွယ်ဘဲပစ်လိုက်၏။

သေနတ်သည် ရဲအုပ်ထွန်းဝေ ပစ်သည်နှင့်တစ်ပြိုင်နက် 'ဒိုင်း' ပေါက်ကွဲသံနှင့်အတူ ချစ်ဇနီးရင်ဝသို့ ကျည်ဆန်မှာ ဖောက်ထွင်းဝင်ရောက်သွားကာ ထိုနေရာ၌ပင်လျှင် ပွဲချင်းပြီးသေဆုံးသွားခဲ့လေ၏။

မမြင့်မြင့် မသေဆုံးမီ ထမင်းရည်ငှဲ့နေသည့်လက်က ထမင်းအိုးကို လွတ်မကျစေရန် ကိုင်တွယ်ထားခဲ့သေး၏။ မျက်နှာမှာ ပြုံးရွှင်စွာဖြင့် ငယ်ချစ်လင်အားကြည့်နေရှာ၏။ နောက်မှလဲကျသွား၏။

မောင်ထွန်းဝေသည် ဇနီးဆီသို့ ပြေးလာပြီး ဇနီးကိုပွေ့ဖက်ကာ ထူမထား၏။ သူမ၏ရင်ဝမှ စီးကျလာသည့် သွေးအိုင်ထဲမှာ ဇနီးမောင်နှံနှစ်ဦးသား နစ်မြုပ်နေကြ၏။

"မြင့်မြင့်၊ မြင့်မြင့် . . . ."

မောင်ထွန်းဝေသည် ယူကျုံးမရသဖြင့် အပူလုံးကြွလာကာ ရင်တွင်ဆို့နင့်လျက် ငိုကြွေးနေလေ၏။

ပြည်သူ့ရဲစခန်းတစ်ခုလုံး သေနတ်သံကိုကြားရသဖြင့် လှုပ်လှုပ်ရွရွဖြစ်လာကြ၏။ မမြင့်မြင့်၏ နေအိမ်သို့ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များက စုဝေးရောက်ရှိလာကြ၏။ အရပ်သူအရပ်သားများကလည်း လိုက်ပါလာကြ၏။

သွေးအိုင်ထဲမှာ ချစ်သူနှစ်ဦး ရုန်းကန်လှုပ်ရှားနေကြ၏။ တာဝန်ရှိသူ ရဲမှူးကြီးသည် မမြင့်မြင့်၏နေအိမ်သို့ ပြေးတက်လာကာ -

"ဘယ်လိုဖြစ်ကြတာလဲ"

"မြင်တဲ့အတိုင်းပါပဲ၊ ကျွန်တော့်ကို ဖမ်းကြပါဗျာ"

မောင်ထွန်းဝေက လက်နှစ်ဖက်ကိုမြှောက်ကာ သူမ၏အနီးတွင် ထိုင်နေ၏။

မောင်ထွန်းဝေက -

"ဒီသေနတ်ကို ကြေးချွတ်၊ ပြောင်းတိုက်၊ ဆီထိုးနေတာ။ သေနတ်ထဲမှာ ကျည်ဆန်တစ်တောင့်မှမရှိပါဘူးဗျာ"

"သေနတ်ထဲမှာ ကျည်ဆန်မရှိဘဲနဲ့ ပစ်လို့ပေါက်ကွဲမှာတဲ့လားဗျာ"

တာဝန်ရှိသူ ရဲမှူးကြီးက ဆိုလာ၏။

"ကျည်ဆန်မရှိဘဲနဲ့ ပေါက်ကွဲသွားတဲ့သေနတ်လည်းရှိတယ်လို့ ကြားဖူးပါတယ်ဗျာ"

အရပ်လူကြီးတစ်ဦးက ဝင်ရောက်ပြောလာ၏။

"တစ်ခါတစ်ရံ သေနတ်ကိုထောင်ထားရာမှ အလိုလိုထပေါက်သွားတဲ့ သေနတ်တွေလည်းရှိပါသေးတယ်လေ"

အရပ်လူကြီးတစ်ဦးက ထပ်မံပြီး ပြောဆိုလာပြန်ပါ၏။

"ကျည်ဆန်မပါတဲ့ သေနတ်က ပေါက်ကွဲတယ်ဆိုတာ ယုံတမ်းစကားပါဗျာ မဖြစ်နိုင်တာ"

အမျိုးမျိုးဝေဖန်ပြောဆိုနေကြပြန်ပါ၏။

မမြင့်မြင့်၏မိဘများ၊ ဆွေမျိုးသားချင်းများ ရောက်ရှိလာကြ၏။ ရောက်လျှင် ရောက်ချင်းပင် မမြင့်မြင့်၏ မိခင် ဒေါ်အေးမြင့်က -

"ဘယ်လိုဖြစ်ကြတာလဲ သမီး အမယ်လေး သမီးရယ်"

သမီးအလောင်းကိုပွေ့ဖက်ပြီး ငိုရှာလေတော့၏။

"ကျွန်တော့်ကို ဖမ်းကြပါဗျာ။ ကျွန်တော့်ရဲ့ဇနီးလေးဆုံးသွားပါပြီ"

ငိုရှာနေတော့၏။

ရောက်ရှိလာကြသည့်သူတွေက အမျိုးမျိုးဝေဖန်ပြောဆိုနေကြလေရဲ့။ မောင်ထွန်းဝေကို ဖမ်းဆီးကာ အချုပ်ခန်းသို့ပို့လိုက်ကြ၏။ မမြင့်မြင့်၏ အလောင်းကိုလည်း ဆေးရုံကြီးသို့ ပို့ဆောင်ကြလေ၏။

မောင်ထွန်းဝေ၏မိဘများ၊ဆွေမျိုးသားချင်းများကလည်း စုံညီစွာရောက်ရှိလာကြ၏။ မမျှော်လင့်သည့်ဖြစ်ရပ်ကြောင့် အားလုံးမှာ ရင်ကျိုးလုမတတ် ခံစားကြရပြန်ပါ၏။

မဖြစ်သင့်သောအရာများဖြစ်တတ်လေခြင်းဟူ၍လည်း ရင်ထုမနာခံစားနေကြရရှာ၏။

"မင်္ဂလာဆောင်တာ လေးလခန့်သာသာရှိပါသေးတယ်လေ။ အခုလိုဖြစ်ပျက်ခဲ့တာဟာ သိပ်ဆန်းကြယ်တာပါပဲ"

မောင်ထွန်းဝေ၏ဆွေမျိုးသားချင်းတစ်ဦးက ဝေဖန်ပြောဆိုလာပြန်ပါ၏။

"သေနတ်ဆိုတာ သရဲစီးနေခဲ့ရင် အလိုလိုသေနတ်ဟာထပေါက်ကွဲထွက်လာတတ်ကြတယ်လေ"

ဝေဖန်ပြောဆိုလာကြပြန်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

မောင်ထွန်းဝေ၏ မိဘများသည် ဖြစ်ပျက်နေသည့်အကြောင်းအရာတို့ကို မျက်ဝါးထင်ထင်ကိုယ်တွေ့မြင်ကြရသည့်အခါ အထူးပင်တုန်လှုပ်ချောက်ချားသွားကြ၏။

မဖြစ်သင့်သည့်အရာတို့ကား ဖြစ်ပျက်ရလေခြင်းဟုလည်း ရင်ထုမနာခံစားကြရပြန်ပါ၏။

မောင်ထွန်းဝေ၏မိသားစုဝင်များသည် သားရှိရာ ပြည်သူ့ရဲအချုပ်ခန်းသို့ ရောက်လာကြ၏။

"သား လူလေး၊ ဘယ်လိုဖြစ်ကြတာလဲကွယ်"

"အမေ၊ သားကကျီစယ်မိတာပါ။ တကယ်ပစ်ချင်လို့မဟုတ်ပါဘူးအမေ"

ပြောဆိုကာ ငိုလာ၏။

"ဒီသေနတ်မှာ ကျည်ဆန်၊ ကျည်ကတ်ရှိ၊ မရှိ သေချာအောင်စစ်ဆေးပြီးတော့ ပြောင်းကိုတိုက်၊ ကြေးတွေကိုချွတ်၊ ဆီထိုးလုပ်နေတာပါ အမေ။ သေနတ်ထဲမှာ ကျည်ဆန်မရှိပါဘူး အမေ"

ငိုယိုပြီးပြောပြလာပါ၏။

"ဖြစ်ရဖြစ်ရလေတယ် သားရယ်"

မိခင်ကြီးမှာ မျက်ရည်စက်လက်ဖြင့် မှတ်ချက်ချလေ၏။

"ဖြစ်ပျက်တဲ့အကြောင်းအရာက သိပ်ဆန်းကြယ်နေတာပဲနော်။ကျည်ဆန်မပါတဲ့သေနတ်က ထပေါက်ကွဲတာဆန်းနေတာပါပဲ သားရယ်"

ပြောလာပြန်ပါ၏။

"ကျည်ဆန်မရှိပါဘူးအဖေ။ သားကိုယ်တိုင်စစ်ဆေးပြီးသားပါ။ ကျည်ဆန်၊ ကျည်ကတ်ရှိ မရှိကို သေသေချာချာစစ်ဆေးပြီးမှ မိုးပေါ်သို့ထောင်ကာ အချက်ပေါင်းမြောက်မြားစွာပစ်ခဲ့ပါသေးတယ်။ ဒီလိုပစ်ခတ်ပါသော်လည်း သေနတ်ကဘာကျည်ဆန်မှမထွက်လာပါဘူးအဖေ။ လူကိုတည့်ပစ်တဲ့အခါမှ သေနတ်ထဲက ကျည်ဆန်ထွက်လာတယ်ဆိုတော့ သားလည်း နားမလည်နိုင်တော့ဘူး အဖေရယ်"

ပြောပြောဆိုဆိုငိုလာလေ၏။

ဤအကြောင်းအရာကို ကြားသိကြသောလူအများမှာ ပဟေဠိဆန်ဆန်ဖြစ်နေပြန်ပါ၏။

ရဲအုပ် မောင်ထွန်းဝေသည်ကား အချုပ်ခန်းထဲသို့ရောက်ရှိသွားခဲ့လေပြီ။ မိဘဆွေမျိုးသားချင်းများ၊ မိတ်ဆွေအပေါင်းအသင်း ရောင်းရင်းများကပါ လာရောက်ပြီးသတင်းမေးကြသည့်အခါသူ့မှာ ချစ်ဇနီးလေးကိုလွမ်းဆွတ်သတိရလာပါသဖြင့် အမြဲတမ်း မျက်ရည်နှင့်မျက်ခွက်ဖြစ်နေလေတော့၏။

သူသည် မိမိကိုယ်ကိုပင် အသေသတ်ချင်သော စိတ်ဆန္ဒများက တဖွားဖွားလွှမ်းမိုးစပြုလာ၏။ နေလို့မပျော်နိုင်ပါ။

သူသည် မြန်မြန်ပင်သေချင်သော စိတ်ကလွှမ်းမိုးစပြုလာပြန်ပါ၏။ မမျှော်လင့်ဘဲ ဖြစ်ပျက်ခဲ့သောအကြောင်းအရာတို့ကိုပြောပြပါက ယုံကြည်လက်ခံနိုင်စရာမရှိပါ။

သရဲစီးနေသော လက်နက်ကိုလည်း လက်ထိတ်ခတ်ထားကာ ချုပ်နှောင်ထားလိုက်၏။ တစ်ခါတစ်ရံမှာ အဆိုပါလက်နက်သည် အမှတ်မထင်ရှန်းကန်နေသည်ဟု ထင်မှတ်ရပါ၏။ တဒေါက်ဒေါက်တဒက်ဒက်အသံထွက်ပေါ်လာတတ်၏။

တိတ်ဆိတ်သည့် ညအချိန်တွင် အဆိုပါလက်နက်သည် တဒေါက်ဒေါက်တဒေါက်ဒေါက်အသံပေါ်ထွက်လာပြန်ပါ၏။ ယင်းလက်နက်ထားရှိသောနေရာတစ်ဝိုက်က ခြေသံလိုလိုတချွတ်ချွတ်မြည်သံကိုလည်း ကြားကြရ၏။ အစတွင် သူတို့ကသတိမထားမိ။ အသံကိုကြားဖန်များလာသောအခါ အစောင့်အကြပ်ပြည်သူ့ရဲသားများက သတိထားမိလာကြ၏။

သေနတ်ထားရှိရာလက်နက်တိုက်မှ ထိုအသံမျိုးသည်ကား ဖြစ်လေ့ဖြစ်ထရှိသည်ဟု မှတ်ချက်ချလာကြ၏။ စောင့်ကြည့်လာကြ၏။ လေ့လာနေကြ၏။ အဖြစ်မှန်ကိုပေါ်လွင်လာအောင်ဆောင်ရွက်လာကြ၏။ သို့သော် အကောင်အထည်ဒြပ်ကိုကား တိတိကျကျ မမြင်ကြရပါချေ။

ညတစ်ညတွင် လက်နက်တိုက်ဘေးက သေနတ်မောင်းထိုးသံလိုလိုကြားကြရပြန်ပါ၏။

"သေနတ်မောင်းထိုးသံလိုလိုကြားလိုက်ရတယ်"

အစောင့်ရဲသားတစ်ဦးက လေသံဖြင့်မေးလာ၏။

"ဒါကတော့ လက်နက်သိုလှောင်ထားတဲ့ တိုက်ခန်းတွေမှန်သမျှ အနည်းနဲ့ အများဆိုသလိုရှိကြပါတယ်လေ။ တချို့လက်နက်တိုက်မှာဆိုရင် လူမပစ်ဘဲနဲ့ သေနတ်တွေဟာ အလိုလိုထပေါက်ကွဲတတ်ကြပါတယ်"

ပြောလေ၏။

"အဲဒီလိုလည်းရှိပါလားဗျာ"

"ရှိတာပေါ့၊ အဲဒီသေနတ်တွေကိုလက်ထိတ်ခတ်၊ထောင်ချထားကြရတယ်လေ"

ရှင်းပြလေ၏။

"ဩော် ဩော် - ဒီလိုလား"

အံ့အားသင့်စွာဖြင့် ပြောဆိုလာလေ၏။

❐

မောင်ထွန်းဝေ အချုပ်ခန်းသို့ ရောက်ရှိလာသည်မှာ လေးလခန့်မျှကြာညောင်းခဲ့ပါပြီ။ ဤလူသတ်မှုရာဇဝတ်ကြီးပုဒ်မ (၃၀၂) ကို ကျူးလွန်ခဲ့သူ မောင်ထွန်းဝေမှာ ထင်ရှားနေပါ၏။

ပထမအကြိမ် ရုံးတင်စစ်ဆေးရန် မောင်ထွန်းဝေအား ရုံးထုတ်လာ၏။ နှစ်ဖက်သောမိဘများ၊ ဆွေမျိုးသားချင်းများမြို့နေလူထုနှင့်စိတ်ပါဝင်စားသူများ စုံညီစွာတက်ရောက်လာကြ၏။

ရာဇဝတ်တရားရုံးတော်တွင် စက်ရှင်တရားသူကြီးက -

"မောင်ထွန်းဝေ၊ ဒီလူသတ်မှုမှာ ဘာများပြောချင်သေးသလဲ၊ ပြောပါ"

ပြောလာ၏။

"ဒီအမှုမှာ ပစ်သတ်သူက ကျွန်တော်ပါ။ ဒါပေမယ့် ကျည်ဆန်မပါတဲ့သေနတ်က ကျည်ဆန်ထွက်သွားတာဟာ ကျွန်တော့်အတွက် အထူးအံ့အားသင့်ရတဲ့အချက်ပါပဲ"

တင်ပြလာ၏။

ထိုအခါ တရားသူကြီးက -

"မောင်ထွန်းဝေ၊ ကျည်ဆန်မရှိတဲ့သေနတ်က ကျည်ဆန်ပေါက်ထွက်မတဲ့လား။ စဉ်းစားပြီးပြောပါလေ"

တရားသူကြီးက ဆိုလာပြန်ပါ၏။

"ကျည်မရှိဘူးဆိုတာ ကျွန်တော်ကိုယ်တွေ့ပါ။ အဲဒီနေ့က ဒီသေနတ်ကို ကြေးချွတ်၊ ပြောင်းတိုက်၊ ဆီထိုးတို့ကို ကျွန်တော်ကိုယ်တိုင် ပြုလုပ်ခဲ့ပါတယ်။ ကျွန်တော်ဟာ ဒီသေနတ်ကို မိုးပေါ်သို့ထောင်ပြီး အချက်ပေါင်းမြောက်မြားစွာ ပစ်ခဲ့ပါသေးတယ်။ကျည်ဆန်တစ်တောင့်မှ ထွက်ပေါ်မလာပါ။ ကျည်ဆန်မရှိဘူးဆိုတာ သေချာတဲ့အခါမှ ကျွန်တော်ဟာ ကျီစယ်တဲ့သဘောနဲ့ ကျွန်တော်ရဲ့ ချစ်ဇနီးကိုကျီစယ်ကာ ပစ်ခဲ့တာပါ"

မောင်ထွန်းဝေက ရှိုက်ကြီးတငင် ငိုယိုပြီးပြောပြလာလေ၏။

www.burmeseclassic.com

ကြားသမျှသောသူတို့သည် သူ့အား အလွန်သနားလာကြ၏။ တချို့မှာ သူ့အား စစ်ဆေးချက်ကြောင့် မျက်ရည်လည်စပြုလာကြ၏။ အချို့ကား ငိုလာကြ၏။

စက်ရှင်တရားသူကြီးသည် ဆက်လက်၍ -

"မောင်ထွန်းဝေရဲ့ သေနတ်မှာ ကျည်ဆန်၊ ကျည်ကတ်ရှိတယ်ဆိုတာကိုကော မောင်ထွန်းဝေ သတိထားခဲ့ပါရဲ့လား"

မေးလာပြန်၏။

ထိုအခါ သူက -

"ကျွန်တော်ဟာ အစစအရာရာကိုသတိပြုမိပါတယ်။ အခုမဖြစ်သင့်တဲ့ အရာတွေဟာ ဖြစ်လာခဲ့ပါတယ်"

တင်ပြလာ၏။ ချေပလာ၏။

စက်ရှင်တရားသူကြီးက -

"သေနတ်မှာ ကျည်ဆန်မရှိဘဲနဲ့ ပေါက်မထွက်ပါဘူးနော်။ ကျည်ကတ်ပါရှိတဲ့အတွက်ကြောင့်သာ ကျည်ဆန်ပေါက်ကွဲတာပါ"

စက်ရှင်တရားသူကြီးက ရှင်းလင်းစွာပြောကြားလေ၏။

တရားစစ်ဆေးရန် နောက်ထပ်သုံးလသို့ပြောင်းရွှေ့ကာ သတ်မှတ်ပေးလိုက်၏။

တရားရုံးချိန်းအမိန့်စာကိုလည်း ထုတ်ပြန်ထား၏။

❐

လူသတ်မှုမှာ ပြစ်မှုထင်ရှားပါက သေဒဏ်အပြစ်ပေးချမှတ်ခြင်းအမိန့်ကို နာခံရမည်သာဖြစ်ပါ၏။

နောက်ရုံးချိန်းရက်သို့ တရွေ့ရွေ့ရောက်ရှိလာလေ၏။ ထို့နေကား ရာဇဝတ်တရားရုံးတော်တွင် လူစည်ကားစပြုလာ၏။

မိမိ၏ချစ်လှစွာသောဇနီးတစ်ဦးကို သေနတ်နှင့်ပစ်သတ်လိုက်သည်ဆိုသောသတင်းမှာ မြန်မာနိုင်ငံအနှံ့အပြားသို့ပျံ့နှံ့သွားလေ၏။ ကြားသိကြသောလူတို့သည် အထူးအံ့အားသင့်သွားခဲ့ကြ၏။ ထိုအမှုနှင့်ပတ်သက်၍ အမျိုးမျိုးဝေဖန်မှုပြုလာကြ၏။ တရားလိုများနှင့်တရားခံတို့သည် တရားရုံးတော်သို့ရောက်ရှိလာကြ၏။

တရားခံဖြစ်သူ မောင်ထွန်းဝေအား ခြေချုပ်၊ သံခြေချင်းခတ်ထား၏။ လက်ကိုလည်း လက်ထိတ်ခတ်ထားကာ တရားရုံးတော်သို့ တရွေ့ရွေ့နှင့်ရောက်ရှိလာ၏။ တရားခံ မောင်ထွန်းဝေအားကြည့်ရှုရန် မြို့နေသူမြို့နေသားများက ရောက်ရှိလာကြ၏။ မောင်ထွန်းဝေမှာကား ချစ်ဇနီးကိုသတိရလွမ်းဆွတ်လျက် မျက်ရည်မိုးတို့ကား ရွာသွန်းဖြိုးစပြုလာ၏။ တရားသူကြီးများနှင့်ရှေ့နေရှေ့ရပ်တို့ကလည်း တရားရုံးတော်တွင် စုံညီစွာတက်ရောက်လာကြ၏။ နှစ်ဖက်သော မိဘများနှင့် ဆွေမျိုးသားချင်းတို့ကလည်း စိတ်ဝင်တစား စုံလင်စွာတက်ရောက်လာကြ၏။ တရားရုံးတော်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ရောက်ရှိလာကြသောလူတို့သည် ဤအဖြစ်အပျက်မျိုးကို စိတ်ဝင်တစားငြိမ်သက်စွာ နားစွင့်လျက်ရှိကြ၏။

တရားရုံးတော်ကို စလျှင်စချင်း လူသတ်မှုတရားခံ မောင်ထွန်းဝေ အမှုမှ စတင်၍ စစ်ဆေးလေ၏။စက်ရှင်တရားသူကြီးသည် မောင်ထွန်းဝေအား အာရုံစူးစိုက်၍ကြည့်ရှုလျက် -

"မမြင့်မြင့်ကို သေနတ်နဲ့ပစ်သတ်သူမှာ အဘယ်သူဖြစ်သနည်း"

ဟု စက်ရှင်တရားသူကြီးကစတင်စစ်ဆေးမေးမြန်းလာ၏။

ထိုအခါ မောင်ထွန်းဝေက -

"မမြင့်မြင့်ကို ကျွန်တော်ကိုယ်တိုင် သေနတ်နဲ့ပစ်သတ်ခဲ့ပါတယ် သခင်"

ဖြောင့်ချက်ပေးလာ၏။

စက်ရှင်တရားသူကြီးက -

"မောင်ထွန်းဝေ၊ဒီအမှုနဲ့ပတ်သက်ပြီးဘာများစောဒကတက်စရာရှိပါသလဲ၊ ဘာများပြောဆိုချင်ပါသလဲပြောပါ"

စက်ရှင်တရားသူကြီးက လမ်းဖွင့်ပေးလာ၏။

တရားခံဖြစ်သူ မောင်ထွန်းဝေက-

"မှန်လှပါ၊ ကျွန်တော်ပစ်လိုက်တဲ့သေနတ်မှာ ကျည်ဆန်တစ်တောင့်မှ မပါပါ။ ကျည်ဆန်မပါတဲ့သေနတ်က ကျည်ဆန်ထွက်လို့ ကျွန်တော်ရဲ့ဇနီးမှာ သေဆုံးခဲ့ရတာပါ"

တင်ပြလာ၏။

ထိုအခါ စက်ရှင်တရားသူကြီးက-

"သေနတ်မှာ ကျည်ဆန်မပါဘဲနဲ့ ကျည်ဆန်ပေါက်ထွက်တယ်လို့ပြောချင်တာလား။ ကျည်ဆန်မရှိတဲ့ သေနတ်ဟာ ဘယ်လိုပေါက်ထွက်တော့မှာတဲ့လဲ မောင်ထွန်းဝေ။ သတိထားကာပြောကြားပါ"

ဆက်လက်၍ တရားခံမောင်ထွန်းဝေက -

"ကျွန်တော် တစ်ခုတောင်းခံပါရစေ၊ ခွင့်ပြုပါ။ ဒီကျည်ဆန်မရှိတဲ့ သေနတ်နဲ့ ဘယ်သူအပစ်ခံရမှာလဲပြောပါ။ ကျွန်တော်ကိုယ်တိုင်ပစ်ခွင့်ပြုပါ"

"ကျည်ဆန်မပါတဲ့သေနတ်နဲ့ပစ်မယ်ဆိုရင် ငါကိုယ်တိုင်အပစ်ခံမယ်"

စက်ရှင်တရားသူကြီးကဆိုလာ၏။

"ကောင်းပါပြီ၊ တစ်ခုတော့ရှိတယ်။ တကယ်လို့ကျည်ဆန်မပါတဲ့ သေနတ်နဲ့ပစ်လို့ ပေါက်ကွဲပြီးအပစ်ခံရသူ သေဆုံးသွားခဲ့ရင် ဘယ်လိုစဉ်းစားမှာလဲ သခင်"

တရားခံ မောင်ထွန်းဝေက တင်ပြလာ၏။

ထိုအခါ တရားခံဘက်မှ လိုက်ပါဆောင်ရွက်နေသော ရှေ့နေကြီးတစ်ဦးက -

"ဒီအမှုအကြောင်းအရာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ကို တင်ပြခွင့်ပြုပါ စက်ရှင်"

တောင်းဆိုလာ၏။

နားထောင်ရန် ရောက်ရှိလာကြသောပရိသတ်တို့မှာ စိတ်ဝင်တစား နားထောင်နေကြ၏။ တရားရုံးတော်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေ၏။

"တင်ပြလိုရာများကို တင်ပြနိုင်ပါတယ်"

စက်ရှင်တရားသူကြီးက လမ်းဖွင့်ပေးလာ၏။

"တင်ပြစရာကတော့ ဒီလိုပါ စက်ရှင်။ အကယ်လို့ ကျည်ဆန်မပါတဲ့ သေနတ်နဲ့ပစ်လို့ ကျည်ဆန်ထွက်ပြီး အပစ်ခံရသူသေဆုံးသွားခဲ့ရင် သေနတ်နဲ့ပစ်တဲ့ မောင်ထွန်းဝေဟာ ဒီလူသတ်မှု ပုဒ်မ(၃၀၂)မှ တရားသေလွတ်သွားရမယ် စက်ရှင်"

လျှောက်လဲတင်ပြလာ၏။

"ကဲ-ကောင်းပြီ၊ ဒီလိုသာပြောဆိုတဲ့အတိုင်းဖြစ်သွားခဲ့ရင်တော့ မောင်ထွန်းဝေဟာ ဒီအမှုမှ တရားသေလွတ်စေရမယ်"

စက်ရှင်တရားသူကြီးမှဆိုလာ၏။

"ဒီကိစ္စကိုစာချုပ်စာတမ်းပြုလုပ်ထားရပါမယ်။ စာချုပ်တွင်လည်း တရားသူကြီး၊ အဖွဲ့ဝင်လူကြီးမင်းများနဲ့ နှစ်ဖက်သော ရှေ့နေကြီးများကပါ စာချုပ်အပေါ်၌ လက်မှတ်စုံညီစွာရေးထိုးထားကြရပါမယ်"

ရှေ့နေကြီးတစ်ဦးက တင်ပြလာ၏။



www.burmeseclassic.com

www.burmeseclassic.com

တရားသူကြီးအဖွဲ့ဝင်လူကြီးမင်းများ ရှေ့နေ၊ ရှေ့ရပ်လူကြီးမင်းတို့ကပါ သဘောတူလက်ခံခဲ့ကြလေ၏။

လူထုပရိသတ်များကလည်း စိတ်ထက်သန်စွာ နားစွင့်နေကြ၏။ စာချုပ်စာတမ်းပြုလုပ်ရန်ကို စက်ရှင်တရားသူကြီး၊ တရားသူကြီးအဖွဲ့ဝင်လူကြီးများနှင့်အစိုးရရှေ့နေကြီးများ၊ တရားခံဘက်မှလိုက်လံဆောင်ရွက်ကြသော ရှေ့နေကြီးများအပါ သဘောတူ လက်ခံဆုံးဖြတ်ချက်များကို ရယူထားကြ၏။

တက်ရောက်လာကြသောတာဝန်ရှိသူ တရားသူကြီးအဖွဲ့ဝင်လူကြီးမင်းတို့က လက်ခံအတည်ပြုချက်များကိုရယူပြီးနောက် ရမန်ဇယ်တစ်ပတ်ရောက်ရှိလာသောအခါ စာချုပ်ချုပ်ဆိုပြီး ယင်းနေ့မှာပင် မောင်ထွန်းဝေအား ရုံးထုတ်ကာအပြေမှန်သိလာအောင် ဆောင်ရွက်ကြရန် သဘောတူညီချက်များကို ရယူထားလိုက်ကြပြန်ပါ၏။

သို့ဖြင့် ရုံးချိန်းရမန်ငယ်ရက်သတ္တပတ်စေ့သောနေ့သို့ရောက်ရှိလာပြန်၏။

မောင်ထွန်းဝေသည် ထိုည၌ အိပ်၍ပင်တားမပျော်ပါ။ သူ၏စိတ်အစဉ်မှာ အမျိုးမျိုးတွေးတောစဉ်းစားနေမိ၏။

အကယ်၍သာ သေနတ်ဖြင့်ပစ်ထိုက်တဲ့အခါ ကျည်ဆန်မပေါက်ခဲ့လျှင်တော့ သူသည် ဆက်လက်၍ မတွေးဝံ့တော့ပါချေ။

အိပ်လို့ကားမရ။ အတွေးများက အုပ်စိုးလွှမ်းမိုးထား၏။အရဟံဂုဏ်တော်များကို နှလုံးသွင်းကာ ပုတီးစိပ်ပြန်ပါ၏။ သူ၏ စိတ်အစဉ်မှာလည်း တည်ငြိမ်မှုအား မရှိတော့။ သူသည် တုန်လှုပ်ချောက်ချားစပြုလာ၏။ သူ၏အတွေးနယ်များမှာလည်း ထွေရာလေးပါးဝင်ရောက်လာတော့၏။

ထိုသို့စဉ်းစားတွေးတောနေစဉ်မှာပင် ထောင်ချုပ်ကြီးမှ နံနက်လေးနာရီသံချောင်းခေါက်သံကိုကြားလိုက်ရ၏။

"အင်း-နံနက်လေးနာရီတောင်ထိုးလေပြီကောနော်။ မိုးလင်းတော့မှာပါတလား"

သူ၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားပြန်ပါ၏။

"အကယ်လို့ သေနတ်က ကျည်ဆန်မထွက်ခဲ့သော် ငါဟာ ပုဒ်မ (၃၀၂) အရ အသေစားသေရတော့မယ်။ အေးလေ - သေတာပဲကောင်းပါတယ်လေ။ တစ်ဘဝမှာ တစ်ခါတော့ သေရစမြဲပဲ။ သေခြင်းသဘောတရားကို ရှောင်ရှားလို့ကားမရ၊ ငြင်းပယ်လို့လည်း မရမလွှတ်နိုင်ပါကလား"

ဤသို့ဖြင့် တစ်စတစ်စနှင့် အချိန်တို့ကား ကုန်လွန်လာခဲ့လေပြီကော။ ထောင်ချုပ်ထဲက သံချောင်းသံကား နံနက် ကိုးနာရီရှိပြီဖြစ်ကြောင်း ထပ်လောင်း ဖော်ပြလာပါ၏။

ပြည်သူ့ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် မောင်ထွန်းဝေအား စားသောက်ရန် ထမင်းဘူးကိုလာရောက်ပေးပို့လာ၏။

ထိုနေ့ကား တနင်္လာနေ့။

တရားရေးရာဝန်ထမ်းများသည် ထိုနေ့ နံနက် (၈) နာရီအချိန်ခန့်ကပင် တရားရုံးတော်သို့ စုံညီစွာတက်ရောက်လာကြ၏။

တရားရုံးတော်တွင် ကျည်ဆန်မပါသည့်သေနတ်နှင့် ပစ်ခတ်ရန်ဖြစ်၏။ ထိုသတင်းကို ကြားသိကြသော ပြည်သူလူထုတို့သည် မဖိတ်မခေါ်ရဘဲနှင့် တရားရုံးတော်သို့တဖွဲဖွဲရောက်ရှိလာကြ၏။

"ဒီနေ့မှာ မောင်ထွန်းဝေက စက်ရှင်တရားသူကြီးကို ကျည်ဆန်မပါတဲ့သေနတ်နဲ့ပစ်မယ်ဆိုပဲ"

အရပ်သားတစ်ဦးက ဝေဖန်ပြောဆိုလာ၏။

"သူ့ရဲ့ဇနီးကိုလည်း ဒီသေနတ်နဲ့ပစ်ခတ်လို့ သူ့ဇနီးမှာပွဲချင်းပြီးသေဆုံးသွားခဲ့ရတယ်လေ"

တရားရုံးတော်တွင် တရားရေးရာဝန်ထမ်းများက စုံညီစွာတက်ရောက်လာကြသဖြင့် စာချုပ်စာတမ်းတစ်ခုပြုလုပ်ရန် ပြင်ဆင်နေကြ၏။

တရားသူကြီးအဖွဲ့ဝင်ဦးဘအောင်က -

"စာချုပ်ချုပ်ဆိုရန် အချိန်ကျရောက်နေပါပြီ"

ဟူ၍ အသိပေးလာ၏။

"ကဲကဲ - ကောင်းပါပြီ၊ စာချုပ်ပါအချက်အလက်တို့ကို စေ့စုံစွာဖတ်ကြားတင်ပြပါမယ်"

တရားသူကြီးအဖွဲ့ဝင် ဦးစံလှက ဆိုလာပါ၏။

ဆက်လက်၍ -

"ဤအမှုမှာ တရားခံမောင်ထွန်းဝေသည် ကျည်ဆန်မပါသောသေနတ်နဲ့ စက်ရှင်တရားသူကြီးကို ပစ်ခတ်ရန်ဖြစ်ပါသည်။ တကယ်လို့ မောင်ထွန်းဝေပစ်ခတ်လိုက်သည့် ကျည်ဆန်မပါသည့်သေနတ်သည် ပေါက်ထွက်သွားခဲ့သော် စက်ရှင်တရားသူကြီးမှာ သေဆုံးသွားရပေလိမ့်မည်။ သို့သော် မောင်ထွန်းဝေမှာ အပြစ်မရှိ၊ သူ၏အမှုလည်း တရားသေလွှတ်ငြိမ်းချမ်းသာခွင့်ရရှိစေရမည်။ တကယ်လို့ ကျည်ဆန်မပေါက်ခဲ့သော် တရားခံမောင်ထွန်းဝေသည် ပုဒ်မ ၃၀၂ က အရ သေစားသေစေရမည်"

ဟု ပါရှိ၏။

အထက်ဖော်ပြပါအချက်အလက်တို့ကို တရားသူကြီးများ၊ ရှေ့နေကြီးများ သဘောတူညီချက်ရရှိပြီး လက်မှတ်အသီးသီးရေးထိုးလိုက်ကြ၏။

အလားတူပင် စက်ရှင်တရားသူကြီးကလည်း သဘောတူညီပါကြောင်း လက်မှတ်ရေးထိုးလာ၏။

တရားခံ မောင်ထွန်းဝေသည် ပြည်သူ့ရဲသားများခြံရံလျက် တရားရုံးတော်သို့ရောက်ရှိလာ၏။

ကြည့်ရှုနားထောင်ရန်ရောက်ရှိလာကြသော မြို့မိမြို့ဖများ၊ လေ့လာကြည့်ရှုရန်ရောက်လာကြသော နှစ်ဖက်သောမိဘဆွေမျိုးသားချင်းများကလည်း စုံညီစွာရောက်ရှိလာကြ၏။

ထိုအချိန်တွင် တရားရုံးတော်တစ်ခုလုံး လူအများပြည့်ကျပ်လျက်ရှိကြ၏။ မောင်ထွန်းဝေ ရောက်ရှိလာသောအခါ ပရိသတ်များက အံ့အားသင့်စွာဖြင့် ကြည့်ရှုနေကြ၏။

အမျိုးမျိုးဝေဖန်ကာပြောဆိုနေကြပြန်၏။ သို့သော် ကျယ်ကျယ်လောင်လောင်ပြောဆိုဝေဖန်ခြင်းမျိုးကားမဟုတ်၊ တီးတိုးစကားမျှသာပြောဆိုကြ၏။

အကျဉ်းချခံထားရသည့်ခြောက်လုံးပြူးသေနတ်ကိုလည်း ပြည်သူ့ရဲတပ်ကြပ်ကြီး မောင်လှအောင်က သယ်ယူလာ၏။

ထိုသေနတ်ကို ကြွေပန်းကန်ပြားပေါ်၌တင်ထားကာ ပဝါတစ်ခုနှင့်အုပ်ထား၏။ သေနတ်ကိုကား ပြတ်ပြတ်သားသား မမြင်ရတော့ပါချေ။ ရောက်ရှိလာကြသော လူထုပရိသတ်တို့က သေနတ်ကို မြင်ချင်ကြ၏။

ရဲတပ်ကြပ်ကြီး မောင်လှအောင်သည် သေနတ်နှင့်အတူ ယူဆောင်လာသောပန်းကန်ပြားကို အသင့်ချထားသည့်စားပွဲပေါ်မှာတင်ထားလိုက်၏။

မကြာမီ အချိန်အတွင်းမှာပင် စာချုပ်ပါအချက်အလက်တို့ကို တရားသူကြီးအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးညီသန့်က



www.burmeseclassic.com

www.burmeseclassic.com

ဖတ်ပြ၏။ရောက်ရှိလာကြသော နှစ်ဖက်သောမိဘများနှင့် ဆွေမျိုးသားချင်းများ၊ မြို့နေလူထုပရိသတ်များက စိတ်ပါဝင်စားဖြင့် နားထောင်နေကြ၏။ တရားရုံးတော်တစ်ခုလုံး ငြိမ်သက်စပြုလာ၏။

စက်ရှင်တရားသူကြီးအား တရားသူကြီးအဖွဲ့ဝင် ဦးဘထွန်းအောင်က စာချုပ်ပါအချက်အလက်တို့ကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုကာတင်ပြလာ၏။

စက်ရှင်တရားသူကြီးကလည်း ကျေနပ်စွာ သဘောတူ လက်ခံလာလေ၏။

တရားသူကြီးအဖွဲ့ဝင် ဦးဘထွန်းအောင်က စားပွဲပေါ်တွင် ပဝါဖြင့်အုပ်ထားသောသေနတ်ကို စက်ရှင်တရားသူကြီးလက်သို့ ပေးအပ်လေ၏။ စက်ရှင်တရားသူကြီးက သေနတ်ကို သေသေချာချာစစ်ဆေး၏။ သေနတ်ထဲ၌ ကျည်ဆန်၊ ကျည်ကတ်ပါ၊မပါတို့ကိုပါ သေချာစွာ စစ်ဆေးခဲ့ပြန်၏။ အပြောင်းအပြန် သေနတ်ကို မိုးပေါ်သို့ထောင်ပြီးအချက်ပေါင်းမြောက်မြားစွာပစ်ကြည့်ပြန်၏။

သေနတ်၏ မောင်းခလုတ်တို့ကို နှိပ်လိုက်တိုင်း ဒက် ဒက် ဒက်အသံသာ ပေါ်ထွက်လာလေ၏။ ကြားကြရလေ၏။

လူထုတို့က အထူးတလည် စိတ်ဝင်စားကြ၏။ ကြည့်ရှုနေကြ၏။ စက်ရှင်တရားသူကြီးသည် သေနတ်ကိုစစ်ဆေးပြီး စမ်းသပ်ပစ်ခတ်နေခြင်းကိုလည်း ပရိသတ်များက စိတ်ဝင်တစားကြည့်ရှုနေကြ၏။

စက်ရှင်တရားသူကြီးက သေနတ်ထဲ၌ ကျည်ဆန်၊ ကျည်ကတ်မရှိကြောင်း သေချာစွာသိရှိရ၍ အထူးကျေနပ်သွားလေ၏။

ရှေးဦးစွာ မောင်ထွန်းဝေအား ရှာဖွေစစ်ဆေးရန်ဖြစ်၏။ မောင်ထွန်းဝေမှာ အချုပ်ခန်းမှထွက်လာသောသူတစ်ဦးဖြစ်သဖြင့် ကျည်ဆန်၊ကျည်ကတ်နှင့် ကင်းရှင်းနေပေ၏။

သို့သော် တာဝန်အရ စက်ရှင်တရားသူကြီးနှင့် တရားသူကြီးအဖွဲ့ဝင်တို့က မောင်ထွန်းဝေ၏ ကိုယ်ခန္ဓာပေါ်၌ ကျည်ဆန်၊ ကျည်ကတ်ပါ၊ မပါကို ရှာဖွေစစ်ဆေးစေ၏။

မောင်ထွန်းဝေ၏ကိုယ်ခန္ဓာပေါ်၌ တစ်စုံတစ်ရာကျည်ဆန်၊ ကျည်ကတ်မပါရှိကြောင်း ကျေနပ်စွာလက်ခံပြောဆိုလာကြလေ၏။ သံသယမှလည်း ကင်းရှင်း



သွားခဲ့ကြလေ၏။ မောင်ထွန်းဝေအား ရှာဖွေစစ်ဆေးခြင်းပြီး၍ သူ၏နေရာကုလားထိုင်သို့ပို့ဆောင်ပေးကြ၏။

"တကယ်လို့ ကျည်ဆန်ထွက်သွားရင် စက်ရှင်တရားသူကြီးဟာ သေဆုံးသွားမယ်ဟုတ်လား"

မောင်ထွန်းဝေ၏ဆွေမျိုးသားချင်းတစ်ဦးက ဘေးချင်းကပ်ထိုင်နေသည့် လူတစ်ယောက်ကိုမေးလာ၏။

"ဟုတ်တာပေါ့"

"ဒီလိုဆိုရင် မောင်ထွန်းဝေကကော ဘယ်လိုနေမှာလဲဟင်"

ထပ်၍မေးလာပြန်၏။

"မောင်ထွန်းဝေဟာ ဒီအမှုမှ တရားသေလွတ်သွားပြီပေါ့ဗျာ"

အားပါးတရပြောချလိုက်လေ၏။

တရားရုံးတော်တွင် လုပ်ဆောင်ချက်တို့ကို လာရောက်ပြီးကြည့်ရှုကြသောပရိသတ်တို့က အထူးစိတ်ဝင်တစားနားစွင့်နေကြ၏။

တရားသူကြီးအဖွဲ့ဝင်တစ်ဦးသည် ရှေးဦးစွာ စက်ရှင်တရားသူကြီးရပ်နေမည့်နေရာကို သတ်မှတ်ပေးထားလိုက်၏။

ထို့နောက် မောင်ထွန်းဝေ ရပ်ပြီးပစ်ရမည့်နေရာကိုပါ တစ်ပါတည်းသတ်မှတ်ပေးထား၏။

နေရာအသီးသီးကိုသတ်မှတ်ပေးထားသဖြင့် ရုံးတော်သို့ရောက်ရှိလာကြသောလူအများမှာ စက်ရှင်တရားသူကြီးရပ်နေမည့်နေရာနှင့် မောင်ထွန်းဝေပစ်ရမည့်နေရာတို့ကို အာရုံပြောင်းလဲသွားကာ မျက်လုံးများကျွတ်ကျလုမတတ် အထူးအာရုံစူးစိုက်ကာ ကြည့်ရှုနေကြ၏။

တရားသူကြီးအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဘသာက အချက်ပေးရန် ဖြစ်ပါ၏။ ဦးဘသာသည် မိမိထိုင်နေရာမှထလာ၏။မိမိအချက်ပေးမည့်နေရာသို့ရောက်ရှိလျှင် ရပ်လိုက်ကာ -

"အားလုံးအဆင်သင့်ဖြစ်ရပါမယ်"

ဟုဆိုလာ၏။

တရားသူကြီးဦးဘသာ၏ပြောဆိုချက်အရ စက်ရှင်တရားသူကြီးသည် မိမိအား သတ်မှတ်ပေးထားသည့်နေရာသို့ လာရောက်ကာ ရပ်နေလေ၏။

သေနတ်ပစ်မည့်အချိန်သည်ကား တစ်စတစ်စဖြင့် နီးကပ်လာပါ၏။ ဦးဘသာသည် မိမိလက်ထဲ၌ရှိသော လက်ပတ်နာရီကို ကြည့်ရှုလိုက်၏။ သတ်မှတ်ပေးထားသည့် အချိန်စေ့လာသဖြင့် အချက်ပေးလိုက်၏။

မောင်ထွန်းဝေသည် စားပွဲပေါ်၌ လက်ကိုင်ပဝါဖြင့်အုပ်ထားသည့်သေနတ်ကိုကောက်ယူကာ စက်ရှင်တရားသူကြီးအား ပစ်ထည့်လိုက်၏။

"ဒိုင်း"

သေနတ်မှ ပေါက်ကွဲသံနှင့်အတူ ကျည်ဆန်ထွက်ကာ စက်ရှင်တရားသူကြီး၏ရင်ဝကို အင်အားပြင်းထန်စွာ ထွင်းဖောက်ဝင်ရောက်သွားလေ၏။

စက်ရှင်တရားသူကြီးသည် ထိုနေရာ၌ပင်လျှင် ခွေခနဲလဲကျသွားပြီး ပွဲချင်းပြီးသေဆုံးသွားခဲ့လေ၏။

မောင်ထွန်းဝေသည် သေနတ်ပစ်သည့်နေရာ၌ပင်လျှင် မှေ့မြောကာရပ်နေလေ၏။ သူကား တုတ်တုတ်မျှမလှုပ်ရှားတော့ပါချေ။

စုဝေးရောက်ရှိလာကြသည့်လူထုပရိသတ်တို့ကား အံ့အားသင့်သောအသံမျိုးစုံထွက်ပေါ်လာလေ၏။

လူထုအချို့မှာကား တရားရုံးတော်မှထွက်ပြေးသွားကြလေ၏။ တချို့မှာကား ကြောက်ကြောက်လန့်လန့်နှင့် မေ့မြောသွားကြ၏။

ယင်းသို့ သေနတ်နှင့်ပစ်သတ်ခြင်းကို တစ်ကြိမ်တစ်ခါမှ မျက်မြင်ကိုယ်တွေ့မမြင်ဘူးကြပါချေ။ ယခုမြင်တွေ့ရသောမြင်ကွင်းမှာ အထူးဆန်းကြယ်နေပါ၏။

တာဝန်ရှိသူတရားသူကြီးအဖွဲ့ဝင်ဦးဘသာသည် မောင်ထွန်းဝေအနီးသို့ရောက်ရှိလာ၏။ သတိမရှိဖြစ်နေသည့် မောင်ထွန်းဝေ၏လက်ထဲမှ ခြောက်လုံး

www.burmeseclassic.com

ပြုသေနတ်ကိုယူလိုက်၏။

တရားသူကြီးများ၊ ရှေ့နေကြီးများ က မောင်ထွန်းဝေ၏အနီးသို့ စုဝေးရောက်ရှိလာကြ၏။

"ဒီသေနတ်ဟာ သရဲစီးနေတဲ့ သေနတ်ဖြစ်ပါတယ်။ ဒီသေနတ်ကို ချိုးဖျက်ဆီးကာ ချောင်းရေထဲသို့ပစ်ချပစ်ရမယ်"

ရှေ့နေတစ်ဦးက ဝေဖန်ပြောဆိုလာ၏။

"ဒီသေနတ်ကို ဒီအတိုင်းသာထားရင် ရှေ့လျှောက်လူတွေကိုဒုက္ခပေးနေဦးမှာပဲလေ"

ရှေ့နေကြီးတစ်ဦးက ဝေဖန်ပြောဆိုလာပြန်ပါ၏။

မောင်ထွန်းဝေသည် သေနတ်ပစ်သည့်နေရာမှာပင် ရပ်နေပါသေး၏။ တရားသူကြီးအဖွဲ့ဝင် ဦးဘစိန်ရောက်ရှိလာ၏။ သူသည် မောင်ထွန်းဝေ၏လက်ကိုဆွဲကိုင်ပြီး သူထိုင်သောနေရာသို့ခေါ်ယူသွား၏။

စက်ရှင်တရားသူကြီးမှာ ပွဲချင်းပြီးသေဆုံးသွားခဲ့သဖြင့် သူ၏ခန္ဓာကိုယ်အလောင်းကောင်ကို ဆရာဝန်၊ ပြည်သူ့ရဲနှင့် တရားသူကြီးများက သေချာစွာစစ်ဆေးနေကြ၏။

သူတို့စစ်ဆေးပြီးသည့်နောက်ပိုင်းမှာ သက်ဆိုင်ရာ တာဝန်ရှိသူများက စက်ရှင်တရားသူကြီး၏ အလောင်းကို ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးကြလေ၏။

တရားခံ မောင်ထွန်းဝေကိုလည်း တာဝန်ရှိသူ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များက ခြံရံပြီး အချုပ်ခန်းထဲသို့ပို့ဆောင်လိုက်ကြလေ၏။

❒

နောက်တစ်နေ့ -

ယင်းနေ့ နံနက်(၉)နာရီအချိန်ခန့်တွင် တရားသူကြီးအဖွဲ့ဝင်များ၊ နှစ်ဖက်သော ရှေ့နေကြီးများသည် တရားရုံးတော်သို့ရောက်ရှိလာကြ၏။

တရားရုံးတော်တွင် -

တရားသူကြီးအဖွဲ့ဝင်ဦးဘသာက စတင်ပြီးဆွေးနွေးလာ၏။

"မနေ့က ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်မြင်ကွင်းတွေဟာ မယုံကြည်နိုင်စရာ။ ကျည်ဆန်မပါတဲ့ သေနတ်က ပေါက်ထွက်ကြောင်းမှန်ကန်နေပါတယ်။

တရားခံဖြစ်သူ မောင်ထွန်းဝေကို သူကျူးလွန်ခဲ့တဲ့ပြစ်မှုပုဒ်မ(၃၀၂-က)မှ တရားသေလွတ်ပေးရမှာဖြစ်ပါတယ်"

တင်ပြလာ၏။

တရားသူကြီးအဖွဲ့ဝင် ဦးဘစိန်က ဆက်လက်ပြီး ဆွေးနွေးတင်ပြလာပြန်ပါ၏။

"မောင်ထွန်းဝေဟာ လူသတ်မှုပြစ်မှုမှာ ထင်ရှားသဖြင့် သူဟာ သေစားသေစေရမည့်တရားခံတစ်ဦးဖြစ်ပါတယ်။ ဒါပေမယ့် ကျည်ဆန်မပါသော သေနတ်က ကျည်ဆန်ပေါက်ထွက်လို့ သူ့ရဲ့ဇနီးဆုံးပါးသွားခဲ့ကြောင်း တရားခွင်မှာ အကြိမ်ကြိမ်တင်ပြခဲ့ပါတယ်။ သို့သော် လက်ခံခြင်းမပြုကြပါ။ နောက်ဆုံးမှာတော့ စက်ရှင်တရားသူကြီးက ကျည်ဆန်မပါတဲ့သေနတ်နဲ့ပစ်လို့ ကျည်ဆန်ထွက်တယ်ဆိုတာကို ယုံလည်းမယုံကြည်ပါ။ လုံးဝလက်ခံခြင်းလည်းမရှိပါ။ ဒီလိုဆိုရင် သူ့ကိုကျည်ဆန်မပါတဲ့သေနတ်နဲ့ပစ်ရန် တောင်းဆိုလာခဲ့ပါတယ်။ သူတောင်းဆိုသည့်အတိုင်း ကျည်ဆန်မပါတဲ့သေနတ်နဲ့ပစ်ခတ်လိုက်ရာ စက်ရှင်တရားသူကြီးမှာလည်း ကျည်ဆန်ပေါက်ထွက်လို့ ပွဲချင်းပြီးသေဆုံးခဲ့ပါပြီ"

တင်ပြလာ၏။

"သေနတ်မပစ်မီ စာချုပ်စာတမ်း၊ စည်းမျဉ်း၊ စည်းကမ်းချက်များအရ တရားခံမောင်ထွန်းဝေဟာ ဤပြစ်မှုမှ တရားသေလွတ်ငြိမ်းချမ်းသာခွင့်ရရှိမယ် ဖြစ်ပါတယ်"

တင်ပြလာ၏။

တရားသူကြီးအဖွဲ့ဝင်များ၊ ရှေ့နေ ရှေ့ရပ်ကြီးများအားလုံးက သဘောတူ လက်ခံအတည်ပြုကြ၏။ ယင်းဆုံးဖြတ်ချက်များကို ချမှတ်အတည်ပြုရန်သာလိုတော့၏။

နံနက် (၁၀) နာရီခန့်အချိန်တွင် မောင်ထွန်းဝေသည် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များခြံရံလျက် တရားရုံးတော်သို့ရောက်ရှိလာ၏။

အလားတူပင် မောင်ထွန်းဝေ၏ မိဘ၊ ဆွေမျိုးသားချင်းများ၊ စိတ်ပါဝင်စားသူ မိတ်သင်္ဂဟများလည်း စုဝေးရောက်ရှိလာကြ၏။

တရားရုံးတော်ကို စလျှင်စချင်း တရားခံ မောင်ထွန်းဝေ၏ အမှုနှင့်ပင် စတင်လေ၏။

တရားသူကြီးက -

"မောင်ထွန်းဝေ၊ ယနေ့စီရင်ချက်ချမှတ်ရန်ဖြစ်တယ်။ မမြင့်မြင့်ကို ဘယ်သူသတ်ခဲ့သလဲ"

မေးလာ၏။

ထိုအခါ မောင်ထွန်းဝေက -

"ကျွန်တော်ကိုယ်တိုင် သတ်ခဲ့ပါတယ် သခင်"

ဖြောင့်ချက်ပေးလာ၏။

"ဘယ်လိုသတ်ခဲ့တာလဲ"

ထပ်ဆင့်မေးပြန်ပါ၏။

"ကျည်ဆန်မပါတဲ့သေနတ်နဲ့ပစ်သတ်ခဲ့ပါတယ်သခင်"

ဖြေဆိုလာ၏။

"စက်ရှင်တရားသူကြီးကို ဘယ်သူက ပစ်သတ်ခဲ့တာလဲ"

မေးပြန်ပါ၏။

"ကျည်ဆန်မပါတဲ့ သေနတ်နဲ့ ကျွန်တော်ကိုယ်တိုင် ပစ်သတ်ခဲ့ပါတယ်သခင်"

အဖြေပေးပြန်ပါ၏။

"ကောင်းပြီ၊ ကျည်ဆန်မပါတဲ့ သေနတ်နဲ့ နှစ်ဦးစလုံးကို ပစ်သတ်လိုက်သဖြင့် သူတို့နှစ်ဦးစလုံးလည်း သေပွဲဝင်ခဲ့ကြရလေပြီ။ သို့သော် မောင်ထွန်းဝေ အသုံးပြုခဲ့တဲ့သေနတ်မှာ ကျည်ဆန်မပါတာကိုမြင်တွေ့ခဲ့ရတယ်။ ကျည်ဆန်မပါတာထင်ရှားပါတယ်။ ကျည်ဆန်မပါတဲ့ သေနတ်က ကျည်ဆန်ထွက်လာတယ်ဆိုတာကတော့ အင်မတန်ဆန်းကြယ်နေပါတယ်။

ယင်းကြောင့် မောင်ထွန်းဝေချေမခဲ့တဲ့ ကျည်ဆန်မပါတဲ့ သေနတ်အစစ်အမှန်ဖြစ်သည့်အတွက် မောင်ထွန်းဝေအား လူသတ်မှုပုဒ်မ (၃၀၂-က) အရ လူသတ်မှုတရားခံအဖြစ်မှ တရားသေလွတ်ငြိမ်းချမ်းသာခွင့်ကိုပေးလိုက်သည်။ လူသတ်မှု တရားခံဘဝမှ တရားသေလွတ်စေ"

တရားသူကြီးက ဆုံးဖြတ်ချက်ချမှတ်လိုက်လေ၏။

မောင်ထွန်းဝေသည် တရားခံဘဝမှလွတ်မြောက်သွားပါသဖြင့် မိသားစုဝင်များနှင့်ဆွေမျိုးသားချင်းတို့က ပျော်ရွှင်ကြ၏။ အားတက်ကြ၏၊ ဝမ်းမြောက်ကြ၏၊ ဝမ်းသာကြ၏။

သို့သော် မောင်ထွန်းဝေကား မပျော်ရွှင်နိုင်ပါ။ သူကား သွားလေသူ ချစ်ဇနီးမမြင့်မြင့်အား အမြဲတမ်း သတိရလွမ်းဆွတ်တမ်းတကာ မျက်ရည်လည်လည်နှင့်ရှိလေတော့သတည်း။

မဟာနွယ်(မန်းတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com

ဝိပါက်နှင့် ပတ်သက်၍ မြန်မာ့ဆိုရိုးစကားများ၌ 'ငရဲအပ ဝိပါက်အပြ' ဟူသော ဆိုရိုးစကားတစ်ခု ရှိပါသည်။ ဝိပါက်သည် မည်သည့်အခါမျှ 'ပ' မသွားဘဲ ပြုလုပ်အားထုတ်သူအပေါ် တန်ပြန်အကျိုးသက်ရောက်မှုတစ်ခု ဖြစ်စေ၏။

မြတ်ဗုဒ္ဓက မကောင်းမှုတစ်ခုခုကို ပြုလုပ်အားထုတ်လျှင် ငရဲသို့လားရတတ်ကြောင်း၊ ငရဲကြီးကြောင်း၊ ငရဲတိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံတို့၌ဖြစ်တတ်ကြောင်းဟောကြားခဲ့သော်လည်း ထိုငရဲသည် ကုသိုလ်အားကြီးပါသော်လည်း ပဋ္ဌာနန္တရိယကံမှလွဲ၍ ပနိုင်ပြေပျောက်နိုင်ကြောင်းလည်း ဟောကြားခဲ့သည်။

ဝိပါက်နှင့်ပတ်သက်၍မူ မည်သို့မျှ ရှောင်လွှဲမရကြောင်း၊ ယခုနှင့် နောက်ဆိုသော အကျိုးပေးချိန်သာကွာကြောင်း၊ အမြဲလိုက်တတ်ကြောင်း၊ သတ္တဝါတို့၏ အသက်အိုးအိမ်စည်းစိမ်ကို•ဖျက်ဆီးသူသည် ယခုဘဝမှစတင်၍ ဘဝတစ်ခုခု၌ မလွှဲမသွေ ပြန်လည် ညှဉ်းပန်းနှိပ်စက်သတ်ဖြတ် ဖျက်ဆီးခံရမည်ဖြစ်ကြောင်း ဟောကြားခဲ့၏။

မြတ်ဗုဒ္ဓ ကိုယ်တော်တိုင်ပင်လျှင် မကောင်းမှု အကုသိုလ်အမှုတို့ကို နှစ်ဉ်ဘဝက အထိုက်အလျောက်ကျူးလွန်မိခဲ့သည်။ သို့ကြောင့်ပင် ထိုကျူးလွန်ခဲ့သောအမှုတို့အလျောက် ပရိနိဗ္ဗာန်စံချိန်အထိ ရှောင်လွှဲမရဘဲခံသွားခဲ့ပေ၏။

သို့ကြောင့်ပင် ဗုဒ္ဓက ဝိပါက်သည် အမြဲလိုက်တတ်ကြောင်း ဇာတ်၊ နိပါတ်၊ ဗုဒ္ဓဝင်၊ မဟာဝင်၊ ဝတ္ထု၊ သာဓကတို့ဖြင့် ဟောကြားခဲ့ခြင်းဖြစ်သည်။

ထိုဝိပါက်နှင့်ပတ်သက်၍မူ -

□

# နေဝင်းစိုး

## ဝိပါက်လေလား၊ ကြမ္မာလား



၁၈-၁၁-၂၀၁၂ ရက်နေ့က စာရေးသူသည် အမျိုးသမီး မိတ်ဆွေတစ်ဦး၏ သား မင်္ဂလာဆွမ်းကျွေးပွဲသို့ မောင်မောင်သိန်း(ကြေးမုံ)သတင်းထောက်၊ ရေတာရှည်-ကြည်သိန်း၊ ကြို့ပင်ကောက်-သိန်းဝင်း(မှုခင်း)တို့နှင့်အတူ ရောက်ဖြစ်ခဲ့၏။

စာရေးသူတို့သွားသော မင်္ဂလာဆွမ်းကျွေးပွဲမှာ မြို့နှင့် (၁၀) မိုင်၊ (၁၆) မိုင်လောက်ဝေးသော တောရွာကြီးတစ်ရွာတွင်ဖြစ်၏။ လမ်းပန်းမကောင်းလှဘဲ မြေလမ်း၊ကန်သင်းလမ်းများကို ဆိုင်ကယ်ပတ်၍ ရွာမရောက်မချင်းစီးခဲ့ကြရသဖြင့် ပင်ပန်းသည့်အတွက် အပြန်၌ မူလလာရာလမ်းသို့မပြန်ဘဲ ကြို့ပင်ကောက်-ပေပင်ခုံလမ်းလှည့်ပြန်ခဲ့ကြ၏။

ပေပင်ခုံရောက်သည်နှင့် တစ်ချိန်က စာရေးသူမိတ်ဆွေတစ်ယောက်ကို သွားသတိရသဖြင့် တာဆုံတွင် လက်ဖက်ရည်နှင့် အကြော်ရောင်းနေသော ဆိုင်တစ်ဆိုင်သို့ဝင်ကာ ထိုမိတ်ဆွေကို စုံစမ်းမိ၏။ မတွေ့ရသည်မှာ ကြာပြီဖြစ်၍ ခေတ္တဝင်ရန်လည်း ဆုံးဖြတ်လိုက်သည်။

"ဒီပေပင်ခုံရွာမှာ ကိုမိုးသီးဆိုတဲ့ လူရှိလားဗျ"

ထိုအခါ ဆိုင်ရှင်က -

"ဘယ်မိုးသီးလဲဆရာ၊ ကျွန်တော်တို့ဆီမှာ မိုးသီးက နှစ်သီးရှိတယ်။ တစ်ယောက်က တပ်ကထွက်လာတဲ့ ဗိုလ်မိုးသီး၊ တစ်ယောက်က မြင်းလှည်းမောင်းတဲ့ မြင်းလှည်းသမား မိုးသီး"

ဟု ပြန်မေးသည်။

စာရေးသူက -

"တပ်ကထွက်တဲ့ကိုမိုးသီးပါ"

ဟု ရှင်းပြလိုက်သည်။

"ဟုတ်ကဲ့ - ရှိပါတယ် ဆရာ။ ဟိုတောင်ပိုင်းကခြံကြီးထဲမှာနေပါတယ်။ ခြံကြီးအကျယ်ကြီးထဲ သူတစ်အိမ်တည်း နေပါတယ်။ သူ့မိသားစုကတော့ များတယ် ဆရာရေ။ ဘာလဲ ဆရာနဲ့သိလို့လား"

"ဟုတ်ကဲ့ - သိတာပေါ့ဗျာ။ လူခင်တွေပါ၊ အတူတူနေခဲ့ကြတာတွေပေါ့"

"ဪ - ဟုတ်လား။ ရှိပါတယ်



www.burmeseclassic.com

www.burmeseclassic.com

အရာ ရှိပါတယ်။ သူခုလေငန်းဖြစ်နေ တို့ ဘယ်မှလဲမသွားနိုင်ပါဘူး"

ဆိုင်ရှင်ပြောလိုက်သော စကားကြောင့် စာရေးသူ အတော်စိတ်ကောင်းဖြစ်သွားသည်။ ကိုမိုးသီးနှင့် စာရေးသူမှာ တပ်မတော်၌ အတူတကွ တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်ပြီး ရင်းနှီးချစ်ခင်ကြသူများ ဖြစ်၏။ နောက်ပြီး ကိုမိုးသီးက ကြို့ပင်ကောက်၊ စာရေးသူက ဇီးကုန်းဆိုတော့ တစ်နယ်တည်းသားများလည်းဖြစ်ကြသဖြင့် ပိုမိုသည်း သံယောဇဉ်ရှိကြသည်။

တပ်ကထွက်ကြပြန်တော့လည်း ရှေ့ဆင့်နောက်ဆင့်ဆိုသလိုထွက်ခဲ့ကြ ပြီး ကိုမိုးသီးက လယ်မြေခြံမြေများဝယ်၍ ပေပင်ခုံတွင်အခြေချခဲ့သလို စာရေးသူတလည်း ဇီးကုန်းသစ်နဖားလမ်းဘေး မိုးသဲရွာလေးတွင် အခြေချခဲ့၏။ အပြန်အလှန်ဆက်ဆံမှုလည်းရှိခဲ့သည်။

လွန်ခဲ့သော သုံးနှစ်လောက်ကတော့ စာရေးသူသားကြီး အောင်အောင် တာဝန်ထမ်းရာ ပြင်ဦးလွင်မြို့ရောက်ခဲ့သည့်အတွက် အဆက်ပြတ်သွားသည်။ အတော် ခင်မင်ကျွမ်းဝင်ကြသူများ ဖြစ်ကြ၍ လမ်းကြုံတုန်းဝင်ဦးမည်ဟု ပိုင်းဖြတ်၍ အကြော်ဆိုင်ကို ကိုမိုးသီးရှိ မရှိ စုံစမ်းခြင်းဖြစ်၏။ ကိုမိုးသီးလေငန်းဖြစ်နေကြောင်းကြားလိုက်ရသဖြင့် အတော်စိတ်မကောင်းဖြစ်သွားသည်။

ကိုမိုးသီးနှင့် စာရေးသူသည် အချိန်အတန်ကြာမျှအတူတကွနေထိုင်ခဲ့ကြဖူးသည်။ ကိုမိုးသီးသည် လုပ်ငန်းလုပ်ရာ၌ တိကျပြတ်သား၍ တာဝန်ကျေပွန်စွာဆောင်ရွက်တတ်သူဖြစ်သလို ရိုးစင်းသူ၊ တည်ငြိမ်အေးဆေးသူလည်း ဖြစ်သည်။ အထက်၊ အောက်ဆက်ဆံရာ၌မျှတပြီး အားလုံး၏ရိုသေလေးအမှုကို ခံရသူဖြစ်၏။

အချိန်ရလျှင် စာဖတ်၊ ပုတီးစိပ်၊ တရားထိုင်ဖြင့် အချိန်ကို တန်ဖိုးရှိရှိကုန်လွန်စေသည်။ အားကစားလေ့ကျင့်ခန်းများကိုလည်း ပုံမှန်ပြုလုပ်၍ ကျန်းမာရေးကို အလေးထားပြုလုပ်တတ်သူ ဖြစ်သည်။ အထူးသဖြင့်မူ ကိုမိုးသီးသည် လမ်းလျှောက်ခြင်း၊ ခြင်းခတ်ခြင်း၊ ဘောလုံးကစားခြင်း၊ သိုင်းလေ့ကျင့်ခြင်းတို့ အမြဲတစ်ခုမဟုတ်တစ်ခုလုပ်သည်။

"အာရောဂျံ ပရမံ လာဘ်တဲ့ဗျ။ ကျန်းမာခြင်းဟာ လာဘ်ကြီးတစ်ပါးပဲ။ ကိုယ့်ကျန်းမာရေးတော့ ကိုယ်ဂရုစိုက်ရမှာပဲ"

ဟုလည်း ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်၍ အမြဲတမ်းပြောကြားလေ့ရှိသည်။ သူကြည့်လျှင် မည်သည့်အခါဖြစ်ဖြစ် လန်းလန်းဆန်းဆန်းနှင့် တက်တက်ကြွကြွဖြစ်နေသည်ကို တွေ့ရတတ်၏။ သူလိုလူက လေငန်းဖြစ်သည်ဆိုတော့ အံ့ဩသွားသည်။ စိတ်မကောင်းလည်း အတော်ဖြစ်သွားသည်။ နောက်တော့ ဪ - ဓာတ်လေးပါး အစုအဝေးပဲလေ။ ဘာတတ်နိုင်မှာလဲ။ ဓာတ်သဘောတွေပဲဟုတွေးမိသည်။ ထိုသို့တွေးရင်း မောင်မောင်သိန်း၊ ကိုကြည်သိန်းတို့နှင့်အတူ ကိုမိုးသီးဆီဝင်ခဲ့ကြ၏။

ကိုမိုးသီးကို အိမ်ရှေ့ မန်ကျည်းပင်အောက်၌ ပက်လက်ကုလားထိုင်ပေါ်ထိုင်လျက်တွေ့ရသည်။

အတော်ချောင်ကျသွားပြီး ဘယ်ဘက်မျက်နှာတစ်ခြမ်း၊ မျက်လုံးပါသီတီတီဖြစ်သွားသည်ကိုမြင်ရ၏။

စာရေးသူတို့ကိုတွေ့သည်နှင့် -



"ကိုနေဝင်းတို့ပါလား။ လာ၊ လာ" ဟု ဝမ်းသာအားရ ခေါ်လိုက်သည်။

သို့သော် သူ့အသံက သိပ်မပီချင်၊ အာလေးလျှာလေးသံနှင့် ဗလုံးဗထွေးဖြစ်၏။ ကိုမိုးသီး၏အမျိုးသမီး မငွေးကြွယ်က ကိုမိုးသီးဘယ်ဘက်တစ်ခြမ်းသေသွားကြောင်းပြောသည်။ ကိုမိုးသီးက စာရေးသူကိုမြင်တော့ မျက်ရည်တွေစီးကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တော့ လူဖြစ်ကျိုးနပ်သွားပြီ ကိုနေဝင်းရာ"

ဟု ဝမ်းနည်းစွာပြော၏။

"အားငယ်စိတ်ဓာတ်တွေကျမနေပါနဲ့ ကိုမိုးသီးရာ။ ဒီရောဂါတွေက ဆေးကုရင် ပျောက်ပါတယ်။ နောက်ပြီး ခင်ဗျားတို့ကျွန်တော်တို့တွေက စစ်သားလုပ်ခဲ့ဖူးတဲ့သူတွေပဲ။ စိတ်ဓာတ်ကိုကြံ့ကြံ့ခိုင်ခိုင်ထားပါဗျာ"

ဟု အားပေးလိုက်သည်။

"ပြည်တို့ ရန်ကုန်တို့တော့ရောက်ပြီးပြီဗျာ။ အခြေအနေကထူးမလာပါဘူး"

"ဘယ်လိုကစဖြစ်သွားတာလဲ"

"သွေးဆောင့်တက်ရင်း လေငန်းဖြစ်သွားတာပေါ့"

"ဆေးတွေ့ရင် ဒီရောဂါလောက်ကတော့ ပျောက်သွားမှာပါ ကိုမိုးသီးရာ။ အားမငယ်ပါနဲ့"

ထိုစဉ် မငွေးကြွယ်နှင့် သူ၏သားနှစ်ယောက်က ပလတ်စတစ်ကုလားထိုင်များနှင့် ရှိုကေ့စားပွဲအသေးစားတစ်လုံးယူလာချပေးသဖြင့် အိမ်ရှေ့မန်ကျည်းပင်ကြီးအောက်မှာပင် ထိုင်လိုက်ကြသည်။

"ခုလို အားပေးတာ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ မပျောက်နိုင်ဘူးလို့ဘဲ ထင်တယ်ဗျာ။ ပြောရရင်တော့ ခုကျွန်တော်ဖြစ်တာ ကျွန်တော့်ကိုယ်ကျွန်တော်ဝဋ်လိုက်တာလို့ထင်လို့ပဲ ကိုနေဝင်းရ"

ကိုမိုးသီးက အားငယ်စိတ်ပျက်စွာပြောလိုက်သည်။

"ဘယ်လို ကိုမိုးသီး၊ ဝဋ်လိုက်တယ်ဟုတ်လား"

စာရေးသူက ကိုမိုးသီး၏ စကားက ထူးဆန်းနေသည့်အတွက် အံ့ဩစွာမေးလိုက်မိ၏။

"ဟုတ်တယ် ကိုနေဝင်း၊ ကျွန်တော် ဝဋ်လိုက်တာပါ"

"ပြောပြပါဦးဗျာ၊ ဘယ်လိုဖြစ်လို့ဝဋ်လိုက်ရတယ်ဆိုတာ"

ထိုအခါ ကိုမိုးသီးက အောက်ပါအတိုင်း ပြောပြ၏။

❐

လွန်ခဲ့သည့် (၂) နှစ်လောက်ကဖြစ်သည်။

ကိုမိုးသီးသည် နံနက်မိုးမလင်းတလင်း ငှက်ကလေးတွေစီးစီစီးစီအော်သည်နှင့် အိပ်ရာမှထ မျက်နှာပါသစ်၍ ကိုယ်လက်သုတ်သင်ပြီး လုပ်နေကျအတိုင်း ချေခြေထောက်ကလေးတပ်ထားသော ရင်းနှီးက်နှစ်တောင်ဒုတ်လေးဆွဲကာ လမ်းလျှောက်ထွက်လာခဲ့သည်။

ကိုမိုးသီးက နံနက်တိုင်း လမ်းလျှောက်နေကျဖြစ်၏။ ကိုမိုးသီး လမ်းလျှောက်ရာနေရာက သူ့ခြံအတွင်း ပထမ တစ်ပတ်လျှောက်လိုက်၏။ တစ်ပတ်ပြည့်သည်နှင့် ခြံထဲမှထွက်ကာ ပေပင်ခုံလမ်းအတိုင်း ကြို့ပင်ကောက်ဘက် တစ်မိုင်လောက်လျှောက်သည်။ တစ်မိုင်လောက်ရောက်သည်နှင့် နောက်ကြောင်းပြန်လျှောက်သည်။ ပေပင်ခုံလမ်းမကြီးက ကိုမိုးသီး၏လမ်းလျှောက် လေ့ကျင့်ခန်းပြုလုပ်ရာဌာန ဖြစ်သည်။

ယခုမနက်လည်း ငှက်ကလေးတွေစအော်သည်နှင့် ကိုမိုးသီး အိပ်ရာမှနိုးလာသည်။ မျက်နှာသစ်ကိုယ်လက်သန့်ရှင်းသည်။ နောက် ချေခြေထောက်လေးတပ်ထားသော ရင်းနှီးက်နှစ်တောင်ဒုတ်ကိုဆွဲသည်။

ထိုအချိန်တွင်ပင် ဇနီးဖြစ်သူမငွေးကြွယ်၏အသံပေါ်လာသည်။

"ကိုယ်ရေ လမ်းလျှောက်တာတော့ဟုတ်တယ်။ ကြည့်လည်းလျှောက်ဦး။ မနေ့က ရွာထဲက မောင်နိုင်တို့ခွေးရူးလွှတ်သွားတယ်လို့ပြောတယ်။ တော်ကြာ ခွေးရူးနဲ့လည်း တွေ့နေဦးမယ်"

ကိုမိုးသီးက ခြေအိတ်စွပ်ရင်း -

"အေး၊ အေး - စိတ်ချပါကွာ"

ဟု အော်လိုက်၏။

မနေ့ညနေကပင် ပေပင်ခုံရွာမှ လူအချို့ ခွေးရူးလိုက်သံသူကြားသည်။ ခွေးရူး သေ၊ မသေတော့ သူမသိ။ ခွေးရူးအန္တရာယ်ကြီးကြောင်းသူနားလည်သည်သည်။ သူဖတ်ခဲ့ဖူးသည့်စာတွေထဲ၌ ခွေးနှင့်ပတ်သက်လာလျှင် အန္တရာယ်ကြီးကြောင်း၊ ခွေးတစ်ကောင် ရူးတော့မည်ဆိုလျှင် ခွေးရူးပိုးက မရူးခင်ခြောက်လလောက်ကတည်းက ထိုခွေး၏ခန္ဓာကိုယ်တွင်းဝင်ရောက်နေကြောင်း၊ ထိုခွေးအကိုက်ခံရလျှင် ခွေးရူးကိုက်ခံရသည်နှင့်အတူတူဖြစ်ကြောင်း၊ ထိုပိုးဝင်ရောက်နေသည့်ခွေးအကိုက်ခံရပါက ခွေးကောင်းကိုက်သည်အထင်နှင့် အရေးမထားဘဲနေလျှင် ခွေးဘာမှမဖြစ်ခင်ပင် ခွေးကိုက်ခံရသူမှာ ဒုက္ခရောက်တတ်ကြောင်း၊ သေဆုံးကြရကြောင်း၊ မည်သည့်နည်းနှင့်မဆို ခွေးကိုက်ခံရပါက မည်သို့သောခွေးပဲကိုက်ကိုက် ကာကွယ်ဆေးထိုးသင့်ကြောင်း၊ ထိုခွေးမျိုးအကိုက်ခံရလျှင် (၇) ရက်မှ (၇) နှစ်၊ (၈) နှစ်အတွင်း ခွေးရူးပိုးကြောင့် သေဆုံးတတ်ကြောင်း၊ ခွေးမွေးသူများအနေနှင့်လည်း ခွေးမွေးပါက မိမိခွေးကို (၆)လ (၁)ကြိမ် ခွေးရူးရောဂါကာကွယ်ဆေးထိုးပေးသင့်ကြောင်း သူတွေ့ရသည်။ သည်တော့ သူက ခွေးနှင့်ပတ်သက်၍ အထူးဂရုထားသည်။

နောက်ဆုံး ထိုသို့သော ခွေးတို့၏ တံတွေး၊ အမြှုပ်၊ သွေး၊ အချည်တို့ကစ ဒုက္ခပေးတတ်ကြောင်း သူနားလည်သည်။ ထိုအရာတို့သည်လည်း မိမိခန္ဓာကိုယ်တွင်းဝင်ရောက်ပါက ခွေးရူးကိုကခံရသည်နှင့် အတူတူပင်ဖြစ်တော့၏။ ဒါတွေသိတော့ သူက ပိုစိုးရိမ်သည်။ သို့ကြောင့်ပင် လမ်းလျှောက်ရင်းတွေးကာ သတိနှင့်လျှောက်ခဲ့သည်။

သို့နှင့် ကြို့ပင်ကောက်အဝင်ဆိုင်ဂေါင်းအစပ်သို့ ရောက်လာ၏။ ထိုနေရာမှာ သူနေသောပေပင်ခုံနှင့် အတော်လေးလှမ်းလာပြီဖြစ်၍ နောက်ကြောင်းပြန်လှည့်ခဲ့၏။

ပေပင်ခုံလမ်းဘေးဆိုင်တန်းတွေကျော်တော့ နောက်မှတရှူးရှူးနှင့်ပြေးလိုက်လာသံ ဖျတ်ခနဲကြားလိုက်ရသည်။ ပြန်လည့်ကြည့်မည်လုပ်သည့်အချိန်တွင်ပင် ခွေးတစ်ကောင်က သူ့အနားရောက်လာသည်။ သူလန့်သွားသည်။ သို့သော် အစဉ်လေ့ကျင့်မှုနှင့် သတိရှိနေသော သိုင်းသမားပီပီ ညာခြေကို ကြက်ခြေခတ်ရှေ့တစ်လှမ်းတက်လိုက်ပြီး ညာလက်မှကိုင်ထားသော ရင်းနှီးက်နှစ်တောင်ဒုတ်ဖြင့် အနားရောက်လာသည့်ခွေးကို ခြေမသိမ်း၍ ကိုယ်ကိုလှည့်ကာ အားကုန်ရိုက်ချလိုက်၏။

"ကိန် . . . ကိန် . . . ကိန်"

အရိုက်ခံလိုက်ရသဖြင့် ခွေးက တကိန်ကိန်အော်ရင်း မြေပေါ်သို့ထိုးကျသွားသည်။ နောက် အမြီးတနှန့်နှန့်လုပ်ရင်း လူးလိမ့်နေ၏။

ကိုမိုးသီး ထိုခွေးကို သေသေချာချာကြည့်လိုက်တော့ သူမွေးထားသော ဘော်ဘီလေးဖြစ်နေသည်။ ဘော်ဘီက သူလမ်းလျှောက်ထွက်တိုင်း လိုက်နေကျဖြစ်၏။ ဒီနေ့လည်း ဘော်ဘီလေးက ထုံးစံအတိုင်း သူ့နောက်လိုက်လာသည်။ သို့သော် သူက ခွေးရူးအကြောင်းတွေးရင်း ဘော်ဘီလေးကို မသိ၊ သတိမထားမိဘဲ သတိလစ်သွားသည်။ ခုတော့ သူရိုက်မိသည်က ခွေးရူးမဟုတ်ဘဲ သူ့ခွေးလေး ဖြစ်သွား၏။

ကိုမိုးသီး ခွေးလေးကို ပြေးထူ



www.burmeseclassic.com

www.burmeseclassic.com

နတ်မောက်မင်းချစ်နော်

# မန်ကျည်းသားကြိုးပေါင်းအဆောင်ကောင်း

ကျွန်တော့်အဘိုး ကွယ်လွန်သွားတာ (၇)နှစ်ပြည့်ခဲ့ပါပြီ။ ပြီးခဲ့တဲ့လထဲကပဲ သံဃာတော် (၉) ပါး ပင့်ဖိတ်ပြီး ဆွမ်းကပ်၊ တရားနာ၊ အမျှဝေ၊ သာခုခေါ်စေခဲ့ပါတယ်။ ဧည့်ပရိသတ်ကိုလည်း ကြက်သားကြာဆံကြော်နဲ့ ကျွေးမွေးဧည့်ခံပြီး အဘိုးအတွက် ကောင်းမှုကုသိုလ်ပြုခဲ့ပါတယ်။ အဘိုးဟာ(၈၇)နှစ်မှာကွယ်လွန်ခဲ့တာဆိုတော့ အခုရှိမယ်ဆိုရင် (၉၄) နှစ်ပေါ့။

'သေသောသူ ကြာရင်မေ့' ဆိုပေမယ့် ကျွန်တော့်အဘိုးကို ကျွန်တော်တို့မိသားစုတစ်စုလုံး ဘယ်လိုမှမေ့နိုင်မှာမဟုတ်ပါဘူး။ ဘာလို့လဲဆိုရင် အဘိုးဟာ ရဟန်းဆယ်ဝါဝတ်ခဲ့ဖူးပြီး ဆေးပညာနဲ့ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့ပညာတွေ၊ ဂါထာမန္တန်နဲ့ အစီအရင်ပြုရပညာတွေမျိုးစုံအောင် တတ်ကျွမ်းသူဖြစ်လို့ပါပဲ။ အဘိုးရဲ့ ဘုရားခန်းမှာ ဘာသနာပွဲ အမြဲတင်ထားပါတယ်။ ငှက်ပျော၊ အုန်း မညှိုးစေရပါဘူး။ အလင်းတိုင်၊ အမွှေးတိုင်၊ ပန်း၊ ရေချမ်း၊ ဆီမီး ဆိုသလို မပြတ်ပူဇော်လေ့ရှိပါတယ်။ အသက်ရှစ်ဆယ်ကျော်အထိ ရှစ်ရက်သီတင်းလပြည့်၊ လကွယ်နေ့တွေမှာ ဘုန်းတော်ကြီးကျောင်းကိုသွားပြီး ရှစ်ပါးသီလ စောင့်ထိန်းယူတာဟာ အံ့သြစဖွယ်ပါ။

အဘိုးကို အထူးမမေ့နိုင်ရတဲ့ အကြောင်းတစ်ခုရှိပါတယ်။ အဲဒါကတော့ ကျွန်တော့်မိသားစုအတွက် ဘဝတစ်သက်တာ အဆောင်ကောင်းတစ်ခု စီရင်ပေးခဲ့ခြင်းပဲဖြစ်ပါတယ်။

ကျွန်တော်နဲ့ ဇနီးသည်ခင်တို့ အိမ်ထောင်ကျပြီး အလုပ်ကလည်းမရှိ၊ သူ့မိဘအိမ်ကပ်စားလိုက်၊ ကျွန်တော့်မိဘအိမ်ကပ်စားလိုက်အဆင့်မျိုးဖြစ်ခဲ့ပါတယ်။

တစ်နေ့မှာ ဇနီးသည်က အောင်မင်္ဂလာဈေးမှာ ဈေးဆိုင်ခန်းအသစ်တွေ တိုးချဲ့လို့ အဲဒါဦးရာစနစ်နဲ့ မဲနှိုက်ရောင်းမှာသတင်းရလို့ လျှောက်လွှာတင်ခဲ့တဲ့အကြောင်းပြောပါတယ်။ ခင်က ဈေးသည်မျိုးရိုးကလာတော့ ဈေးရောင်းဖို့ ဝါသနာပါပါတယ်။

"အလကားလျှောက်နေတယ်ကွာ၊ ဘာရောင်းမှာလဲ"

ဆိုတော့ -

"နေ့စဉ် စားကုန်သောက်ကုန်တွေပေါ့။ လက်ဖက်၊ပဲခြမ်း၊ငါးပိ၊ငါးခြောက်၊ လက်ဖက်ခြောက်အစုံရောင်းမယ်လေ။ တကယ်လို့ မရောင်းဖြစ်ရင်လည်း ဆိုင်ခန်းကို တစ်နှစ်၊နှစ်နှစ်အတွင်းပြန်ရောင်းရင် သုံးလေးဆမြတ်မှာပေါ့"

လို့ အမြော်အမြင်ကြီးစွာနဲ့ ပြောပြရှင်းပြပါတယ်။

ခင်နဲ့ကျွန်တော်တို့ ဆွေးနွေးပြောနေတာကို အဘိုးကကြားသွားပြီး-

"ငါ့မြေးမပြောတာကောင်းတယ်။ ဈေးဆိုင်ဖွင့်ရောင်းဖြစ်အောင်ရောင်းပေါ့၊ အထူးအကျိုးပေးမယ်။ ငါ့မြေးတို့ဈေးဆိုင်အတွင်း အဘိုးအဆောင်ကောင်း ပေးမယ်။ စီစဉ်ပြီးသားရှိတယ်လို့"

ပြောပါတယ်။

ဒီလိုနဲ့ ဈေးရောင်းဖြစ်ခဲ့တာ ငါးနှစ်အတွင်းမှာပဲ ကျွန်တော်တို့ဟာ ဆိုင်ခန်းသုံးခန်းတွဲနဲ့ ဂိုဒေါင်အလတ်စားတစ်ခုပါတိုးချဲ့ခဲ့ရပါတယ်။ အလုပ်သမားသုံးယောက်နဲ့ ခင်က လက်လီ တစ်ဆယ်သားကနေ တစ်ပိဿာ၊ နှစ်ပိဿာအထိ ရောင်းပြီး လက်ကားအဖြစ် ကျွန်တော်နဲ့အလုပ်သမားငါးယောက်က ငါးပိဿာကနေ ပိဿာငါးဆယ်၊ တစ်ရာအထိကို ရောင်းခဲ့ရပါတယ်။ အဘိုးရဲ့ အဆောင်ပစ္စည်းလေးကိုရွှေချမယ်လုပ်တော့ -

"မလုပ်ရဘူး၊ ဒီအတိုင်းပဲ။ ဒီဂါထာနဲ့ပဲတစ်သက်လုံးယုံယုံကြည်ကြည် ဆောင်ပြီးလုပ်ပါ"

လို့ ဆိုပါတယ်။

အဘိုးစီစဉ်ပေးတဲ့ အဆောင်ကတော့ မန်ကျည်းကြိုးပေါင်းကျေးမင်းရုပ်လေးပဲဖြစ်ပါတယ်။

မန်ကျည်း+ကြိုးပေါင်း+ကျေးမင်း

(၅+၂) + (၂+၅) + (၂+၅)

'ကက်ကင်း'ဓာတ်လို့ အဘိုးကဆိုပါတယ်။

ရွတ်ပွားရမယ့် အနှိုးဂါထာကတော့ -

> ၊၊ အာကု အာကု ဗုဒ္ဓဒိယံ၊
> ဓမ္မပိယံ သံဃပိယံ၊
> အာလောက် အာလောက်
> သွားဟာယျကပ်။ ။

အရောင်းထိုင်းနေတဲ့ ကုန်ပစ္စည်းရှိက ကျေးမင်းရုပ်ကို နံ့သာဖြူသွေးရည်မှာစိမ်ပြီး ဝယ်သူများလာစေဖို့ တိုင်တည်ပေးပါ။ (၇) ရက် ဆက်တိုက်ပြုပေးပါ။ ဝယ်သူတွေ ဝင်လာမစဲ တသဲသဲဖြစ်လာပါလိမ့်မည်။

အထူးသတိပြုရမှာက အလေးမှန်၊ ဈေးမှန်၊ ကုန်ပစ္စည်းမှန်ဖို့ လိုပါတယ်ဆိုတာပါပဲ။ မမှန်ခဲ့ရင် တန်ပြန်ဆိုးကျိုးရတတ်ပါတယ်။ လစဉ်တိုက်ဆိုင်ကြုံကြိုက်သလို ကျီး၊ ခို၊ ခွေးများကို အစာကျွေးဒါနပြုပေးရပါတယ်။

(မှတ်ချက် - ဈေးသည်မိတ်ဆွေတစ်ဦး၏ ပြောပြချက်ကို ရေးသားတင်ဆက်ပါသည်။)

နတ်မောက်မင်းချစ်နော်

---

လိုက်သည်။ ဘော်ဘီလေးက မထနိုင်တော့။ ညာခြေ ရှေ့တစ်လှမ်းတက်၍ ကိုယ်ကိုတစ်ပတ်လှည့်ကာ အားကုန်လွှဲရိုက်လိုက်သည့်ရိုက်ချက်က ဘော်ဘီလေး၏ ဘယ်ဘက်ခြေနှင့် လက်ကို ပိုင်းပိုင်းကျိုးသွားစေပြီး ဘယ်ဘက်တစ်ခြမ်းလုံးကို ထိသွားသည်။

❐

"အဖြစ်ကတော့ ဒါပဲ ကိုနေဝင်း။ ကျွန်တော် အဲဒီဝင်္ကပြန်လိုက်တာလို့ ထင်တယ်ဗျာ"

ကိုမိုးသီးက စိတ်မကောင်းစွာ ပြောပြရှာသည်။

ထိုအချိန်တွင်ပင် သူ့ဘေးနား၌ တစ်ချိန်လုံးငြိမ်အိပ်နေသော အမွေးဖွာဖွာခွေးလေးက ဘယ်ဘက်လက်နှင့် ဘယ်ဘက်ခြေတစ်ချောင်းကို တရွတ်တိုက်ဆွဲရင်း ဒယီးဒယိုင်ဖြင့် ထလာသည်။ စာရေးသူလည်း ခွေးလေးကိုကြည့်၍ အတွေးတစ်ခုကို အရှည်ကြီး တွေးနေလိုက်မိပါတော့သည်။

*(ဖြစ်ရပ်မှန်လေးတစ်ခုအား နေရပ်လိပ်စာနှင့် အမည်နာမများလွှဲ၍ ရေးသားအပ်ပါ၏။)*

ခေနာ မြိုင်



www.burmeseclassic.com

www.burmeseclassic.com

မိုးက အဆက်မပြတ်ရွာချနေခဲ့တာ သုံးရက်ရှိပြီ။ သည်ကနေ့ မနက်ခင်းမှာတော့ မောမျှားမောပန်းသွားသလားမသိ၊ နေခြည်လေးတဝင်းဝင်းနဲ့လေပြည်ကလေးကလည်းသင်းနေတယ်။

မညိုနှင်း (ယခု ဒေါ်ညိုနှင်း အသက် (၈၅) နှစ်၊ တောင်ဥက္ကလာပ) တစ်ယောက် ညနေစာထမင်းဝိုင်းအတွက် ချက်ရပြုတ်ရမည့်ဟင်းတွေကမရှိ၊ မနက်စာစားပြီးကျန်နေသေးတဲ့ ငါးခြောက်ခြောက်ဟင်းကရှိနေတာပေါ့။

(ငါးခြောက်ခြောက်ဟင်းဆိုသည်မှာ ကိုင်ပြီးသား ငါးအတုံးလေးများကိုဖြစ်စေ၊ ငါးသေးငါးနုပ်လေးများကိုဖြစ်စေ ငရုတ်၊ နနွင်း၊ ချဉ်သီးရောထောင်းထားသော ငရုတ်သီးထောင်းနဲ့ ရောနယ်ကာ အရည်ခန်းခြောက်အောင်အထိ ချက်ထားသောငါးဟင်းဖြစ်လေသည်။ ဆီလုံးဝမပါပါ။ ရခိုင်းကျွန်းစဉ်ဒေသတွင် ရိုးရာငါးဟင်းအဖြစ် စားသုံးကြသည်။)

ကျွန်းစဉ်ဒေသရဲ့စားရေးသောက်

# ကျွန်းစဉ်မြေ-စောခက်

## ကလေးအငိုတိတ်အောင်





www.burmeseclassic.com

www.burmeseclassic.com

ဈေးပြဿနာတစ်ခုမှာ မိသားစုထမင်းဝိုင်းအတွက် ဟင်းသီးဟင်းရွက်ခက်ခဲခြင်းပါပဲ။ ကျွန်းစဉ်ဒေသမှာ မြေပြန့်လွင်ပြင်ဆိုရင် နွားလှည်းမောင်းစရာတောင် မြေမရှိလို့ ဒီနေ့တိုင် နွားလှည်းတစ်စီးတလေပင်မရှိပါ။ တစ်နေရာနဲ့တစ်နေရာ တစ်ရွာနဲ့တစ်ရွာ လှေကလေးတွေနဲ့ပဲ သွားကြလာကြရပါတယ်။

အဲသလို စိုက်နိုင်ပျိုးနိုင်တဲ့ မြေပြန့်ရယ်လို့မရှိတော့ ဟင်းသီးဟင်းရွက်ဆိုတာလည်းရှားပြီပေါ့။ ဒီတော့ ဒီရေရောက် ရေငန်သစ်တောထွက်သစ်သီးသစ်ရွက်တွေကိုပဲ ဟင်းအဖြစ်ချက်စားကြတာများပါတယ်။

ဒီကနေ့မှာတော့ မညိုနှင်းတစ်ယောက် သူ့ယောကျ်ားလည်းထင်းလှေနဲ့ စစ်တွေဘက်ထွက်သွားချိန်မို့ သားသမီးတွေရဲ့ စားရေးသောက်ရေးတာဝန်က သူ့ခေါင်းပေါ် ရောက်နေခဲ့ပါတော့တယ်။ ခက်တာက ဒေသဖွံ့ဖြိုးရေးကအားနည်းတော့ ဈေးဆိုတာလည်းမရှိခဲ့ဘူးလေ။

'ကျောက်ကပ်ဟင်းကလေးခူးရင်တော့ ချဉ်ရည်ကျိုလို့ရတယ်၊ ငါးခြောက်ခြောက်ဟင်းနဲ့ဆိုအဆင်ပြေနိုင်တယ်'

မညိုနှင်းနှလုံးအိမ်မှာ သားသမီးချစ်ဇောနဲ့ အသိတစ်ခုဝင်သွားတယ်။

မညိုနှင်းဟင်းရွက်ခူးပလိုင်းလေးကိုဆွဲယူပြီး အိမ်ပေါ်ကဆင်းဖို့ပြင်လိုက်တယ်။

"သမီးနှင်းနှင်းရေ၊ အမေကျောက်ကပ်ဟင်းခူးဖို့သွားလိုက်မယ်။ ညီမလေးရောမောင်လေးတွေရောဂရုစိုက်နော်"

"သမီးလေး သိန်းသိန်းက ကိုယ့်အစ်မကြီးကို ဂျီမကျရဘူးနော်။ အမေဟင်းရွက်ခူးသွားလိုက်မယ်သိလား"

နှင်းနှင်းနဲ့ သိန်းသိန်းညီအစ်မနှစ်ယောက်စလုံးခေါင်းညိတ်လိုက်ကြတယ်။

"သားလေးက ကိုယ့်အစ်မတွေပြောစကားကို နားထောင်ရမှာနော်။ ဟိုဟိုဒီဒီလျှောက်သွားမနေရဘူး"

"ဟုတ်ကဲ့"

သားငယ်လေးက မပီကလာ





www.burmeseclassic.com

www.burmeseclassic.com

စကားနဲ့ ဝန်ခံလိုက်တယ်။

"သမီးလေး၊ မောင်လေးနိုးလာလို့ရှိရင် ထမင်းဝါးခွံ့ထားလိုက်နော်"

"ဟုတ်ကဲ့ အမေ"

သမီးကြီးက အမေ့စကားကိုဝန်ခံလိုက်ပြန်တယ်။ နှင်းနှင်းမှာ အစ်မကြီးအမိရာဆိုသလို ညီမလေးနဲ့ မောင်လေးနှစ်ယောက်အတွက် အမေ့ကိုပါဝင်ကူညီပြီး မိသားစုဘဝရဲ့လိုအပ်ချက်ကို ဖြည့်ဆင်းနိုင်တဲ့ သမီးဦးလေးဖြစ်နေပြီ။

"ကဲ - အမေသွားပြီနော်"

"ဟုတ်ကဲ့ အမေ၊ ဟုတ်ကဲ့"

မညိုနှင်း ဟင်းခူးပလိုင်းလေးကိုလွယ်ပြီး ရွာပြင်ကွင်းစပ်သို့ထွက်ခဲ့လေပြီ။ မိုးတွင်းကာလပီပီ ကြည့်လေရာရာ စိမ်းစိမ်းစိုစို မှိုင်းမှိုင်းညို့ညို့။ ရွာပြင်တောင်ဘက်ခြမ်းမှာ သောက်ရေကန်ကြီးနဲ့ မြစိမ်းရောင်လယ်ကွင်းပြင်ကြီး။ မြောက်ဘက်ခြမ်း၌ ဆင်ကြီးတစ်ကောင်ဝပ်တွားနေသည့်ပမာ ရွာတောင်ကြီး။ လယ်ကွင်းပြင်နဲ့ စိမ်းမြမြရွာတောင်ကြီးကြားမှာ နှစ်ရှည်သီးနှံပင်တွေနဲ့ အုပ်ဆိုင်းဝေဆာနေတဲ့ တောင်ခြေကွင်းစပ်။

မညိုနှင်း နှစ်ရှည်ပင်စိုက်ခင်းတွေကိုကျော်ပြီး သဲစေတီမြောင်စပ်ရောက်လာခဲ့တယ်။ သဲစေတီမြောင်မှာ ရေတွေပြည့်လျှံကာ လူသွားလမ်းကို ဖြတ်ကျော်ပြီး ဒီရေရောက်ချောင်းဖျားသို့တိုင်စီးဆင်းနေတယ်။ မညိုနှင်းဟာ စီးဆင်းနေတဲ့ ရေစီးမြောင်းအတိုင်းဆန်တက်ပြီးတောင်ခြေဘက်ကို သွားလိုက်တယ်။ သဲစေတီမြောင်ကို တွေ့နေရပေပြီ။ ပျဉ်းကတိုးပင်ကြီးအောက်ခပ်လှမ်းလှမ်းကမြေကျင်းကြီးကို စေတနာရှင် ဦးမောင်ယဉ်ဖြူဆိုသူက လူအများသုံးလို့ရအောင် ဘိလပ်မြေ၊ အုတ်တို့ဖြင့် လေးထောင့်ကွက်ခပ်ကျယ်ကျယ်ရေကန်လုပ်ထား ခြင်း ဖြစ်ပါတယ်။ အနားမှာတော့စေတီငယ်ကလေးတစ်ဆူတည်ထားတာတွေ့ရပါတယ်။ ဒါကြောင့်လည်း သဲစေတီမြောင်လို့ ခေါ်စမှတ်ပြုကြတယ်လို့ သိရပါတယ်။

ရေကန်အောက်ခြေက ကျောက်ခံမြေဖြစ်တာမို့ ရေမှာညို့ပြာရောင်လေးသန်းကာ သောက်ချင့်စဖွယ်၊ ချိုးချင့်စဖွယ်ရှိလှပေတယ်။ ရွာနဲ့အတော်လှမ်းတာမို့ လူသူအရောက်အပေါက်ကတော့နည်းတယ်။ ထင်းခွေ၊ ဟင်းခူးသွားသူအချို့သာ ကြုံသလို ရေချိုးသွားကြတာတော့ရှိတာပေါ့။

ကျောက်ကပ်ဟင်းမှာ ကျောက်တုံးကြီးတွေပေါ်မှာ ဖြန့်ကြက်နေကြတဲ့ ရေညှိရေမှော်တွေကို ခြေကုပ်ယူပြီးတွယ်ချိတ်ပေါက်ရောက်နေကြတဲ့အပင်သေးအပင်ပျော့လေးတွေပဲဖြစ်ပါတယ်။ နွေရာသီဆိုနွမ်းခြောက်ပြီးသေကျေသွားတတ်ကြပါတယ်။ တစ်ထွာတစ်ညှိုထက်ပိုမရှည်တတ်ကြပါဘူး။ အရွက်မှာ ချဉ်ပေါင်ပင်ပေါက်ရွက်နုလေးများနဲ့တူတယ်။ ချဉ်ရည်ကျိုသောက်လေ့ရှိကြတယ်။ ချဉ်ပေါင်ရွက်အရသာတော့ရှိတယ်။

မညိုနှင်း တောင်ခြေမှတွယ်ချိတ်တက်လိုက်တယ်။ တဖြည်းဖြည်းနဲ့ကျောက်ကပ်ပင်တွေပေါက်ရောက်တတ်ကြတဲ့ ကျောက်တုံးကြီးတွေအနားကိုရောက်ရှိလာတယ်။ ကျောက်လုံးကြီးတွေရဲ့ ညိုညစ်ညစ်အောက်ခံအရောင်ပေါ်မှာ ပန်းရောင်အနားကွပ်ကလေးနဲ့ကြွရွနေတဲ့ ကျောက်ကပ်ပင်လေးတွေကြောင့် သဘာဝကျပြီး လှလည်းလှပေနေပေတယ်။ နေရောင်ခြည်က လေနုအေးကို အဖော်ပြုပြီး ဆွတ်ဖျန်းပေးလိုက်ရာ ပိုလို့ပင်ကြည့်ကောင်းနေပေတော့တယ်။

ကျောက်ကပ်ပင်ခူးရသည်မှာ သိပ်တော့ မခက်ခဲ။ ပင်စည်ကလေးကို ရွရွကလေးကိုင်ပြီး ဆွဲနုတ်လိုက်ရုံမျှသာ ဆွဲနုတ်ပြီး လက်တစ်ဆုပ်စာစီပြည့်လာတိုင်း ပလိုင်းထဲသိပ်ထည့်လိုက်တယ်။ သိပ်တောင်မကြာ မညိုနှင်း ဟင်းခူးပလိုင်းပြည့်သွားပါတော့တယ်။ မညိုနှင်းတောင်ခြေအောက်ဘက်က လယ်ကွင်းပြင်ကြီးကို လှမ်းကြည့်ပြီး ရှင်းသန့်တဲ့လေနုအေးကို အားရပါးရရှူသွင်းလိုက်တယ်။

တောင်ဆင်းလမ်းက အတော်မတ်စောက်နေကြောင်း ခုမှသတိထားမိလိုက်တယ်။ အမျိုးသမီးတစ်ယောက်အနေနဲ့ ဒီလမ်းနဲ့ ဒီစခန်းကို မသွားသင့်ကြောင်းလည်း နားလည်လိုက်တယ်။ အတက်၊ အဆင်းလမ်းက ကြမ်းသမို့အန္တရာယ်က လက်တစ်ကမ်းမှာ။ လူသူမနီးတဲ့ တောလမ်းခရီးမှာ အန္တရာယ်ဆိုတာ အချိန်တိုင်းမှာ ကျရောက်နိုင်တယ်လေ။

မညိုနှင်း သစ်ပင်ချုံနွယ်တွေကိုတွယ်ချိတ်ပြီး ကြိုးစားဆင်းလိုက်တယ်။ တောင်ခြေကိုရောက်လာခဲ့ပေပြီ။ အရိပ်ကောင်းတဲ့ သစ်ချုံလေးတစ်ချုံကိုရှာပြီး ကျောက်တုံးလေးတစ်တုံးပေါ် ထိုင်လိုက်ကာ လေကလေးကို ပုံမှန်ရှူထုတ်ပြီး အမောဖြေနေလိုက်တာပေါ့။ နည်းနည်းအမောပြေသွားတာနဲ့ သစ်ချုံလေးကိုကျော်ပြီး အပေါ်ကို မော့ကြည့်လိုက်တယ်။ လူနှစ်ယောက်ဖက်ခန့်ရှိတဲ့ သပြေပင်ကြီးက ရွက်ညိုဖားဖား ကြွားရရားနဲ့ ရိပ်ထီးချမ်းမြရှိလှပါတယ်။

သပြေသီးတွေကလည်း ရာသီသဘာဝနဲ့ လိုက်လျောညီထွေစွာပဲ လုံးချင်းတစ်မျိုး၊ နှစ်လုံးတစ်ပွတ်၊ သုံးလုံးတစ်ခိုင်တပြိုင်ပြိုင်နဲ့ မြိုင်ဆိုင်စွာပဲ ဟီးလေးခိုလို့သီးနေလိုက်ကြတာ အားရစရာပါပဲ။ လူတွေကြောင့်ပေလော၊ ရှဉ့်ငှက်တွေပေလောမသိ။ သပြေသီးအနည်းအကျဉ်းတွေက အပင်ကြီးအောက်ခြေမှာ ဒီနားတစ်လုံးဟိုနားတစ်လုံး အတုံးအရုံး ကြွေကျနေကြတယ်။ မညိုနှင်းမှာ ရယူလိုမှု လောဘတရားရဲ့ စေ့ဆော်မှုကြောင့် သပြေသီးတွေကို သွားကောက်လိုက်တယ်။ ဟင်းတစ်မယ်တိုးခဲ့ပြီမို့ ရင်ထဲကျေနပ်သွားတယ်။

ကျွန်းစဉ်သားတွေဟာ သပြေသီးရဲ့ အတွင်းပိုင်းအသားလွှာနုနုကလေးတွေကို ရခိုင်ဟင်းလျှော်ချက်စားကြတယ်။ ပိန်းစွယ်မြစ်ရယ်၊ သပြေသီးအသားလွှာနုနုလေးရယ်ရောချက်ရင် ချောချောချောချောနဲ့ ခံတွင်းတွေ့ပြီး ထမင်းမြိန်ထိန်းစေဖို့ရာ မန်ကျည်းသီးစိမ်းကိုဟင်းခတ်သဘောမျိုးထည့်ချက်ကြရပါတယ်။ သပြေသီးရင့်မှည့်သွားရင်တော့အတွင်းသားအလွှာလေးတွေကို ချဉ်ရည်ကျိုသောက်လေ့ရှိကြပါတယ်။ ချဉ်ရည်ကျိုလို့ အပြေသီးအသားလွှာတွေအသားဖတ်တွေ နူးအိလာတဲ့အခါ ကော်ဇွန်းနဲ့ဆယ်ယူပြီး ငရုတ်ဆုံငရုတ်ခွက်မှာ ထည့်ထောင်းရပါတယ်။ အသားလွှာတွေကြေညက်သွားမှသာ အသားလွှာထဲကအချဉ်ရည်တွေထွက်လာမှာမို့ပါ။ ထုထောင်းပြီးတာနဲ့ ပွက်ပွက်ဆူနေတဲ့ ရေနွေးထဲပြန်ထည့်ရပါတယ်။

မညိုနှင်း ထိုင်နေရင်းမှ လေထုတ်သလိုလို၊ လေမှုတ်သလိုလို အသံဗလံတစ်ခုကြားလို့ ထိုနေရာက သစ်ချုံလေးပေါ်သို့ မော့ကြည့်လိုက်တယ်။

"အောင်မယ်လေး - မြွေကြီး၊ မြွေကြီး၊ မြွေကြီး"

မညိုနှင်းမှာ ဟင်းရွက်ပလိုင်းကို ကမန်းကတန်းဆွဲယူပြီး ကြောက်လန့်တကြားထပြေးလိုက်ရာ သစ်ငုတ်တိုတစ်ခုကို ခလုတ်တိုက်ပြီးဟပ်ထိုးလဲကျသွားပါရောလား။ အချိန်မည်မျှကြာသွားသည်မသိ။ သတိရလာတဲ့အချိန်မှာ ကျောက်ကပ်ဟင်းတွေရော သပြေသီးတွေပါ



www.burmeseclassic.com

www.burmeseclassic.com

မြန်ကျဲနေတာ တွေ့လိုက်ရတယ်။ မညိုနှင်း ဟင်းသီးဟင်းရွက်တွေကို အလျင်အမြန် ပြန်ကောက်ထည့်လိုက်တယ်။

ခေါင်းတစ်ခုလုံးကတော့ မူးမိုက်နေသေးနေတယ်။ ပတ်ဝန်းကျင်ကို အထစ်ချက်အကဲခတ်လိုက်တယ်။ လူသူလေးပါး တစ်ယောက်တလေမျှ မတွေ့။ အမှုပင်ကြီးကိုမော့ကြည့်လိုက်ပြန်တယ်။ အမှုပင်ကြီးကတော့ မညိုနှင်းကို စိမ်းစိမ်းကြီး ငုံ့ကြည့်နေတယ်။ မညိုနှင်းမှာ ဆက်လက်ရပ်တည်ခြင်းငှာ မစွမ်းတော့တာနဲ့ တောင်ခြေလမ်းအတိုင်း သုတ်ခြေတင်ခဲ့ပါတော့တယ်။ ရင်ထဲမှာတော့ လှုပ်လှုပ်လှုပ်လှုပ်နဲ့ မောဟိုက်နေတယ်။ ခန္ဓာကိုယ်မှာ တစ်စုံတစ်ခုသောအရာက စီးပိုးလိုက်ပါနေသလို ခံစားနေရတယ်။စိတ်ရင်ပြင်တစ်ခုလုံး နောက်ကျိနေတယ်။ တောင်လေ မုတ်သုံလေလေးအသွေးမှာ မိုးဖွဲကလေးကရွာလိုက်သေးရာ တစ်ကိုယ်လုံး စွတ်စွတ်စိုစိုဖြစ်ကုန်ပါတော့တယ်။

ရွာထဲသို့ လှမ်းဝင်လာပြီး အိမ်ခြံဝင်းကလေးရှေ့သို့အရောက်မှာ အိမ်ပေါ်သို့ လှမ်းကြည့်လိုက်တယ်။ အိမ်တစ်ခုလုံး တိတ်ဆိတ်နေတယ်။

"သမီးရေ သမီး"

"ဟော-အမေလာပြီ၊ အမေလာပြီ"

သမီးကြီးနှင်းနှင်း အိမ်ရှေ့သို့ပြေးပြီး အမေ့ဆီက ဟင်းခူးပလိုင်းကို လှမ်းယူလိုက်တယ်။ ညှော်ခန်းထောင့်စွန်းမှာ သိန်းသိန်းတို့ မောင်နှမနှစ်ယောက်ကတော့ သစ်သားရုပ်ကလေးတွေနဲ့ ကစားနေကြတာမို့ အမေရောက်လာတာကိုတောင် သတိမထားမိလိုက်ကြ။ နို့စို့ကလေးကတော့ သူ့အစ်မကြီး ဝါးခွဲ့ထားတဲ့ ဝါးဖတ်ကစီနှစ်ကြောင့်ပေလော မသိ မိန့်မိန့်ကြီးအိပ်ပျော်နေတယ်။

သားသည်မိခင်ရဲ့အာဟာရဘဏ်တိုက်ကြီးမှာ နို့ရည်တွေသက်ခဲ့ပြီမို့ သားလေးအနီးသို့ နို့ချိုတိုက်ကျွေးပေးရန် ချဉ်းကပ်လိုက်၏။ မညိုနှင်းပုခက်နားသို့အရောက်မှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေတဲ့ကလေးဟာ ဖျတ်ခနဲလန့်နိုးသွားပြီး ကြောက်လန့်တကြားထအော်ပါလေရော့လား။ မညိုနှင်း သားကလေးကို အသာအယာ ကောက်ချီလိုက်တယ်။ ကလေးမှာ ပိုပြီးအသံကျယ်ကျယ်နဲ့ အော်ငိုပါလေရော။ မညိုနှင်း ကလေးအငိုတိတ်အောင်လို့ နို့ချိုတိုက်ကျွေးပေးလိုက်ပါသော်လည်း ကလေးမှာ မျက်နှာလေးကို ဟိုဘက်လှည့်လိုက်ဒီဘက်လှည့်လိုက်နဲ့ နို့ရည်နဲ့လွတ်အောင်ရှောင်ကွင်းနေတယ်။ ခါတိုင်းဆို မိခင်ရဲ့ ရင်နို့ဟာ သူ့ပါးစပ်လေးနဲ့ထိလိုက်တာနဲ့ အငမ်းမရစို့နေတဲ့ကလေးလေ။

"အမေရယ်၊ မောင်လေးအငိုတိတ်အောင် တေးဆိုသိပ်ပေးပါလားဟင်"

"အေး၊ အေး အမေ တေးဆိုသိပ်ပေးမယ်နော် သမီး"

မညိုနှင်းရဲ့ နှုတ်ခမ်းအစုံက သံစုံလေးတွေ ညင်ညင်သာသာထွက်ပေါ်နေလေပြီ။ သို့သော် သမီးနှင်းနှင်းဆိုစေချင်တဲ့ ဂီတသံစဉ်တေးသွားကား မဟုတ်ပါလေခဲ့။ သူမသီဆိုနေခဲ့တာက ဗုဒ္ဓရှင်တော်မြတ်ဘုရားဟောကြားတော်မူခဲ့တဲ့ ပရိတ်ကြီး (၁၁) သုတ်ပဲဖြစ်နေပါတော့တယ်။

"အမေက တေးဆိုတာလည်း မဟုတ်ဘူး၊ ဘုရားစာတွေချည်းရွတ်နေတာ"

နှင်းနှင်းမှာ သူ့အမေရဲ့အပြုအမူကို သိပ်ဘဝင်မကျချင်။ မောင်လေးကို သနားပြီး အငိုတိတ်စေချင်နေပြီလေ။

"သမီးကို အမေပြောပြမယ်။ ရှင်တော်မြတ်ဘုရားဟောကြားခဲ့တဲ့ ပရိတ်ကြီး (၁၁) သုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ရင် အန္တရာယ်ကင်းတယ် သမီး"

သမီးကြီး နှင်းနှင်းက အမေ့ကို စူးစူးစိုက်စိုက်ကြည့်နေပြန်တယ်။

"သမီးတို့ငယ်ငယ်တုန်းကလည်း အမေ ဒီလိုပဲ ပရိတ်ကြီး (၁၁) သုတ်ကို ရွတ်ပြီး အငိုတိတ်စေခဲ့တာပေါ့ကွယ်"

"ဟုတ်ကဲ့ အမေ"

ကလေးကတော့ ငိုမြဲငိုနေတယ်။ မညိုနှင်းမှာ သားလေးကို ကြည့်ပြီး စိတ်တွေ နောက်ကျိနေရုံမက ကိုယ်တိုင်လည်း ငိုချင်စိတ်ပေါက်နေခဲ့ပါတော့တယ်။

မညိုနှင်းမှာ ဗိန္ဒောဆေးဆရာကြီး ဦးစံသာအောင်ရဲ့သမီးထွေး ဖြစ်တယ်။ ကိုယ့်ရွာမှာ အတန်းကုန် (၄) တန်းလောက်အထိ သင်ဖူးတယ်။ အဖေကြီး ဆေးဆရာက သမီးထွေးကို ဘုရားရှိခိုးတို့၊ ငါးရာငါးဆယ်တို့၊ ဇိနတ္ထပကာသနီတို့ကိုဖတ်စေတယ်။ စာပေကျမ်းဂန်လာ ဇာတ်ဝတ္ထုတွေကို ပြောပြတယ်။ အထူးသဖြင့် ပရိတ်ကြီး (၁၁) သုတ်ကို အရကျက်စေခဲ့တယ်။ အဲဒါကြောင့်လည်း မညိုနှင်းဟာ အသက် (၁၆) နှစ်အရွယ်ကတည်းက ဘုရားရှိခိုးတယ်။ ငါးပါးသီလခံယူတယ်။ မင်္ဂလသုတ်၊ မေတ္တသုတ်နဲ့ ရတနသုတ်တို့ကို အမြဲရွတ်ဖတ်လေ့ရှိတယ်။ အိမ်ထောင်ကျပြီးနောက်လည်း ကလေးတွေတငိုငိုနဲ့ချော့မရပြုမရဖြစ်လာရင် ပရိတ်တရားတော်တွေကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး သားချော့တေးလို သီဆိုခဲ့တယ်။

အခု တငိုငိုနဲ့ချော့မရသိပ်မရဖြစ်နေတဲ့ကလေးဟာ သောကြာသားလေး သန်းထွန်းလေးပဲ ဖြစ်ပါတယ်။ (ယခု ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် အလိုတော်ပြည့် ဓမ္မစရိယတက္ကသိုလ် နာယကချုပ်ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ပြည်တွင်း၊ ပြည်ပ သာသနာပြုဆရာတော်ဖြစ်သည်။ ဘဒ္ဒန္တသုစိတ္တာဘိဝံသမှာ တရားပွဲသဘင်ဆင်ယင်ကျင်းပတိုင်းလည်း ဘုန်းကြီးတို့ဘဝက လူမှန်းသိတတ်စအရွယ်ကစပြီး ပရိတ်ကြီး (၁၁) သုတ်ကို အမေ့သားချော့တေးအဖြစ်နဲ့ နားဆင်ယဉ်ပါးခဲ့ရတယ်ဟု ဟောပြောလေ့ရှိသည်။)

"ညိုနှင်းရေ ညိုနှင်း၊ ကလေးငိုလှချေလား၊ ဘယ်လိုဖြစ်တာလဲ"

မျက်နှာချင်းဆိုင်အိမ်က မစိန်ညွန့် အိမ်ပေါ်သို့ ရောက်လာပြီး သတင်းလာမေးခြင်း ဖြစ်တယ်။ မညိုနှင်းက အကျိုးရယ်အကြောင်းရယ်ပြောပြလိုက်တော့-

"နတ်ကောင်းမတွေ့ပင့်ပြီး ဆန်ခွက်ကြည့်တန်ကြည့်ရမယ်လေ"

"မစိန်ညွန့်ရယ် ငါအဲဒါတွေ သိပ်အစွဲအလမ်းမရှိဘူး။ ဗုဒ္ဓဟောကြားခဲ့တဲ့ တရားတော်တွေကိုပဲ ငါယုံကြည်တယ်။ ဗုဒ္ဓဆိုတာ လူနတ်ဗြဟ္မာသတ္တဝါတွေရဲ့အထွတ်အထိပ် ကိုးကွယ်ရာပါကွယ်"

မညိုနှင်းတို့ မျိုးရိုးရဲ့စိတ်ဓာတ်နဲ့ ခံယူချက်ကို သိပြီးသားမို့ မညွန့်စိန် ဘာမှဆက်မပြောတော့ဘူး။ မညွန့်စိန်လည်း အိမ်ပေါ်က ချက်ချင်းပြန်သွားခဲ့ပါတော့တယ်။

ထူးခြားတာတစ်ခုက မစိန်ညွန့် ပြန်သွားတယ်ဆိုရင်ပဲ မညိုနှင်းရဲ့နို့စို့ကလေး သောကြာသား သန်းထွန်းလေးဟာ ချက်ချင်းအငိုတိတ်သွားခြင်းပါပဲ။ တလေးငယ်လေးမှာ အငိုတိတ်သွားမှပဲ မိခင်ရဲ့နို့ရည်တွေကို အားရပါးရစို့ကာ မျှိုချနေပေတော့တယ်။ မိခင်ကြီးရဲ့ အပျော်မျက်ဝန်းနဲ့ထပ်တူ သားလေး၊ သမီးလေးတွေအားလုံး အပြုံးပန်းတွေ ဖြာဝေနိုင်ကြပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ထပ်ပြီး ထူးခြားပြန်တာက အိမ်နီးချင်း မစိန်ညွန့်ရဲ့သားလေးငိုသံက ဘဝင်ညံနေပါတော့တယ်။ မစိန်ညွန့်ခမျာ တအိအိတအေအေနဲ့ တင်ပါးလေးကို ခတ်ပြီး ချော့သိပ်လိုက်တယ်။ သားလေးရဲ့အငိုတိတ်လို့ ခိုဖမ်းလို့ချော့လို့ချော့၊ မိတ္ထီလာကုန်ပေါင်အောက် ဖားကောက်လို့ ပေးလို့ပေး၊ အဆီကိုစားလို့ အသားကိုမျှတဲ့ မြီးတံတိုကြောင်ပါးကြီးလည်းပါလားပါရဲ့။ ဒါပေမယ့် ကလေးက အငိုမတိတ်ရှာပါဘူး။

မညိုနှင်းရဲ့ကလေးအငိုတိတ်သွားတဲ့အချိန်မှာ မစိန်ညွန့်ရဲ့ကလေးကထငိုတာ ဘယ်လိုအကြောင်းကြောင့်တုံး။ လမ်းကြောင်းလွဲနေတဲ့အကြောင်းတရားဟာ ကြာရင်ပွဲဆူတတ်တဲ့သဘောပါပဲ။ တစ်ရပ်ကွက်လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်ကုန်ကြပါရော့လား။

"အဲဒါ ဒီလိုရှိတယ်။ ခေတ်ပျက်ကာလထဲမှာ တို့ရွာမှာ ရွှေမောင်းဆိုတဲ့ ကောင်တစ်ကောင်ရှိခဲ့တယ်။ ဒီကောင်က လူဆိုးလူမိုက်။ ရွာမှာအရမ်းဗိုလ်ကျတာ။ သူတစ်ပါးပိုင်ပစ္စည်းတွေကို မိုက်ကြေးခွဲတယ်။ သူတစ်ပါးကြက်၊ငှက်တွေကိုရိုက်သတ်ပြီး ဟင်းချက်စားတယ်။ လင်ရှိမိန်းမမရှောင် ကာမေသုမိစ္ဆာစာရကံကျူးလွန်တယ်။တစ်နေ့မှာတော့ ရင်ဝကို ဓားထိုးခံရပြီး ရွာပြင်ကုန်းတန်းဘက်သပြုပင်ရင်းမှာသေနေတယ်။ ထူးခြားတာတစ်ခုက ဒီကောင့်ခန္ဓာကိုယ်မှာ ဘာအဝတ်အစားမှမရှိဘူး၊ ဒီကောင့်ရဲ့ ယောက်ျားအင်္ဂါကိုပါလှီးဖြတ်ထားတယ်။ ဘယ်သူလက်ချက်ရယ်လို့လဲ လက်သည်တရားခံရှာမရတာ ဒီနေ့ထိတိုင်ပဲကွယ့်"

ရွာမှာ အသက်အကြီးဆုံးဖြစ်တဲ့ အသက်ရှည် ဦးစံမောင်ရဲ့စကားကို ရွာသားတွေ နားထောင်နေကြတယ်။

"ကောင်းတယ်၊ အဲသလို သူတစ်ပါးသားမယားကို တိရစ္ဆာန်ကျင့်ကျင့်တဲ့အကောင်ကို အဲ့သလိုသတ်တာကောင်းတယ်"

"ဟုတ်တယ်ကွယ့်။ အဲဒီတုန်းကလည်း သူ့ကိုသတ်တဲ့လူကို ဖော်ထုတ်မပေးကြရုံမကဘူး ခုမင်းတို့ပြောခဲ့သလိုပဲ မကျေမချမ်းပြောခဲ့ကြတာလေ"

"အဲဒါ ဒီကောင်ကြီး မကျွတ်သရဲအဖြစ်နဲ့ အဲဒီနားက သပြုပင်ကြီးကိုမှီခိုပြီးနေတယ်လို့ ပြောကြတယ်"

ဦးစံမောင်ရဲ့ပြောစကားတွေဟာ သက်ကြီးစကားသက်ငယ်ကြားစေခြင်းပဲ ဖြစ်ပါတယ်။

မစိန်ညွန့်ရဲ့ သားလေးကတော့ ပါးစပ်နီရဲရဲကလေးကို အားကုန်ဖွင့်ကာ ငိုမြဲငိုနေတယ်။ ကလေးဟာ ပင်ပန်းလွန်းပြီး မျက်လုံးလေးတွေပြူးကာ မျက်ဖြူဆိုက်သလိုမျိုးဖြစ်လာတယ်။ ရပ်ကွက်ကလူတွေလည်း ပိုပြီးရောက်ရှိလာကြတယ်။ ကလေးအတွက် စိုးရိမ်မှုဒီရေကလည်း နှလုံးသားတိုင်းမှာမြင့်တက်နေကြတယ်ပေါ့လေ။

သည်လိုအခြေအနေမှာပဲ အိမ်နီးနားချင်းအမျိုးသမီးတစ်ဦးနဲ့အတူ နတ်ကောင်းမဒေါ်မေလှတို့ အိမ်ပေါ်ရောက်လာခဲ့တယ်။ နတ်ကောင်းမဟာ သူလုပ်ဆောင်ရမယ့်အလုပ်ကို ချက်ချင်းလုပ်လိုက်တယ်။ ကလေးအမေ မညွန့်စိန်ကို သူ့ရှေ့ခေါ်ယူပြီး လက်ဝါးပြင်နှစ်ခုကိုပူးကာ ဘုရားရှိခိုးဟန်အတိုင်း သူ့ရှေ့ကိုရောက်စေခဲ့တယ်။ဒေါ်မေလှဟာ မညွန့်စိန်ရဲ့ ပူးကပ်ထားတဲ့ လက်ဝါးတစ်စုံကို ညာလက်နဲ့ အသာအယာထိထားပြီး နတ်စဉ်လျှောက်ကာ နတ်သီချင်းတွေကို အသံနေအသံထားနဲ့ ခပ်ကျယ်ကျယ် အော်ဟစ်သီဆိုနေပေတော့တယ်။

ဟော - သိပ်မကြာပါဘူး၊ နတ်ကောင်းမကြီးတစ်ကိုယ်လုံးတဖြုန်းဖြုန်းရှန်းကာတုန်နေပါတော့တယ်။တစ်ဆက်တည်းပါပဲ နတ်သွင်းခံရတဲ့ သားသည်မိခင် မစိန်ညွန့်လည်း တုန်ခါလာပါလေရော့။ နတ်ဝင်သည်မဆိုတာမျိုးပေါ့။

"ကဲ - အတွင်း (၃၇) မင်း၊ အပြင် (၃၇) မင်းတို့ရဲ့အကူအညီနဲ့ ဖေးမကူညီမှုတို့ကြောင့် မောင်မင်းရောက်လာပြီပေါ့ ဟုတ်လား"

ဒေါ်မေလှက တဆတ်ဆတ်တုန်ခါနေရင်းပင် နတ်ဝင်သည်မ မစိန်ညွန့်ကိုကြည့်ပြီး ကလေးကို ဒုက္ခပေးနေတဲ့အကောင် ဝင်ရောက်ပူးကပ်နေပြီ ဖြစ်ကြောင်း သက်သေထူလိုက်တယ်။

"ကဲ - မောင်မင်း၊ ဘယ်သူလဲဆိုတာလည်းပြောဦးမှပေါ့လေ"

ဒေါ်မေလှစကားအဆုံးမှာ နတ်ဝင်သည်မ မညွန့်စိန် မျက်ထောင့်နီကြီးနဲ့ နတ်ကောင်းမ ဒေါ်မေလှကို တစ်ချက်ဝင့်ကြည့်လိုက်တယ်။

"အောင်မယ်၊ အောင်မယ်-မောင်ရင်ကမကျေနပ်ဘူးပေါ့ ဟုတ်လား"

မစိန်ညွန့်ဟာ ဦးခေါင်းကို ဆတ်ခနဲဆတ်ခနဲနှစ်ကြိမ်ညိတ်ပြလိုက်တယ်။

"ဩော် - သိပြီ၊ သိပြီ သဲစေတီမြောင်ဘက်ကုန်းအတက်ကိုပေးဆပ်တဲ့အကြောင်းအားဖြည့်ကောင်းတဲ့မောင်ရင်ရွှေမောင်းမဟုတ်ပေလော"

နတ်ဝင်သည်မ မစိန်ညွန့် ခေါင်းကိုဆတ်ခနဲညိတ်လိုက်ပြန်တယ်။သားငယ်လေးကတော့ ငိုရလွန်းလို့အသံလေးများတောင်ပြာဝေနေလေပြီ။

"ဟုတ်ပြီ၊ ဒါဆို မောင်မင်း ဒီသားငယ်လေးကို ဘယ့်အတွက်ကြောင့် အငိုခိုင်းထားရတာလဲ။ ကလေးကို မသနားဘူးလား။ ဘာလို့ရက်စက်ချင်ရတာလဲကွယ်"

နတ်ကောင်းမ ဒေါ်မေလှက ဖြစ်ပျက်မှုအကြောင်းတရားကို တစ်ခုချင်းစစ်လိုက်တယ်။

"အားမနာဘူး၊ ငါ့ပိုင်နက်ကိုကျူးကျော်တယ်"

"ဘာအားမနာတာလဲ။ ဘယ်သူဘာလုပ်ခဲ့လို့လဲ။ ဘယ်လိုတောင်းပန်ရမလဲ။ ဘယ်လိုပ,သရမှာလဲပြောဦးမှပေါ့ မောင်မင်း"

"အရက်ပေးပါ၊ ကြက်ပေးပါ"

လူ့ပါးစပ်က နတ်စကားပြောနေပေပြီ။

"အေး - ဟုတ်ပါပြီ ဟုတ်ပါပြီ၊ အပြစ် (၁၀) ပါး အများမကောက်ပါနဲ့။ အရက်လိုက အရက်ပါ၊ ကြက်လိုက ကြက်ပါ၊ အားလုံးရစေမယ်ကွယ်"

နတ်ကောင်းမကြီးစကားအဆုံးမှာ နတ်ဝင်သည်မမျက်နှာပြူးရောင်သန်းသွားတယ်။

"တစ်ခုတော့ ပြောပြပေးပါဦး ငါ့ရှင်"

နတ်ဝင်သည်မက မျက်ထောင့်နီကြီးနဲ့စိုက်ကြည့်နေပြန်တယ်။

"မောင်မင်းဟာ ကိုယ့်ရှေ့မှောက်ရောက်ပြီး ကျူးလွန်ခဲ့တဲ့ မညိုနှင်းရဲ့သားလေးကို အငိုခိုင်းပြီး နှိပ်စက်ရာကနေ အဘယ်သို့သော အကြောင်းကြောင့် မစိန်ညွန့်ရဲ့ကလေးကို အငိုခိုင်းလိုက်ရပါသလဲ"

"အဲဒီမိန်းမက ဗုဒ္ဓပရိတ်တော်တွေကို ရွတ်ဖတ်တယ်။ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကို ကြည်ညိုတယ်"

နတ်ဝင်သည်မက ခေါင်းငုံ့ပြီး တစ်လုံးချင်းပြောနေတယ်။

"သူ့ရဲ့ သားငယ်လေးကလည်း ဘုန်းရှင်ကံရှင်ပါရမီရှင်ပဲ။ ဗုဒ္ဓအမွေကို ဆက်ခံမယ့်သားဖြစ်နိုင်တယ်။ တို့ထက်ဘုန်းကြီးတယ်။သူတို့သားအမိကိုနှိပ်စက်လို့မရဘူး၊ သူတို့ကိုမမီဘူး"

"ဟုတ်ပါပြီ ဟုတ်ပါပြီ နားလည်

www.burmeseclassic.com

# ပင်လယ်အူနာ (သို့) အထက်လှန်အောက်လျှောရောဂါ ပျောက်သောဆေးစွမ်းတခါလက်

ပင်လယ်အူနာဟု ခေါ်ကြသော အထက်လှန်အောက်လျှောရောဂါမှာ ပင်လယ်ပိုင်းဒေသများ၌ အဖြစ်များကြ၍ ပင်လယ်အူနာဟု ခေါ်ဆိုကြသည်လား မဆိုနိုင်ပါ။ အထက်လှန်အောက်လျှော ဟူ၍ အမည်တပ်သည်ကတော့ အထူးလိုက်ဖက်မှုရှိသည်ဟု ဆိုချင်ပါသည်။ အထက်လှန်၍အန်ပြီး အောက်ကို လျှော၍ဝမ်းသွားလေ၏။ ဖြစ်ပွားပါက အခံရဆိုးလွန်းသည့်ဝေဒနာ ဖြစ်သည်။ အနောက်တိုင်းဆေးပညာအလိုအားဖြင့် Food Poison (အစာအဆိပ်သင့်)ခြင်းဟု ဆိုပါသည်။

မိမိသည် ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာ၌ ဖွင့်လှစ်ခဲ့သည့် ငါးလုပ်ငန်းအတတ်သင်ကျောင်း၌ နည်းပြဆရာအဖြစ် တာဝန်ကျစဥ်ကဖြစ်သည်။ ကဒုံကနီရွာကြီး (ယခု ကဒုံကနီမြို့) သည် ပင်လယ်ပိုင်းဒေသဖြစ်၍ ကဏန်း၊ ကင်းမွန်၊ ပုစွန်၊ လိပ်ကျောက် စသည်ဖြင့် ပင်လယ်စာအမယ်စုံပေါများသည့်နည်းတူ အုန်းပင်၊ အုန်းသီးနှင့် အုန်းခြံနှင့်ဆက်စပ်ပစ္စည်းများလည်း အလျှံပယ်ထွက်သည်။

အခြားတစ်ပါးအရပ်များမှကျောင်းလာတက်သူကျောင်းသားအများစုသည် ပင်လယ်စာမျိုးစုံကို အလွန်အကျွံစားကြ၊ အုန်းစိမ်းရည်များအငမ်းမရသောက်ကြနှင့် နောက်ဆုံးတွင် အစာအဆိပ်သင့်ကာ ပင်လယ်အူနာဟု ခေါ်ဆိုသော အထက်လှန်အောက်လျှော ဒေသရောဂါဖြစ်ပွားကြတော့သည်။ အော့အန်လိုက်၊ ဝမ်းသွားလိုက်နှင့်အကြိမ်ကြိမ်ဆက်တိုက်ဖြစ်သည်။ အရည်ဝမ်းများတရစပ်သွားကာ ဝါဝါစိမ်းစိမ်းအရည်များအဆက်မပြတ်အော့အန်သည်ကြောင့် အဆောင်နှင့် အိမ်သာကူးသည့်လမ်းမှာ အဝတ်စုတ်ဖတ်ရေစိမ်ထားသည့်နှယ် ခွေယိုင်နေကြ၏။ အချို့မှာ အဆောင်နှင့်အိမ်သာကြားမကူးနိုင်တော့၍ငုတ်တုတ်ထိုင်နေကြသည်လည်းရှိ၏။

ကဒုံကနီတိုက်နယ်ဆေးရုံနှင့်မိမိတို့ကျောင်းမှာ (၃) မိုင်ခန့်ဝေးသည်ဖြစ်၍ စောင်ပုခက်ကို ဝါးလုံးလျှိုထမ်းကာ ဆေးရုံသို့ ပို့ရဖန်များ၍ ကျောင်းဝန်ထမ်းများ ညည်းညူလာကြသောကြောင့် ကျောင်းတွင်း လပတ်အစည်းအဝေး၌ တင်ပြကြရာ ဒေသခံကျောင်းကော်မတီဝင်များက အကြံပြုရာမှ ယင်းဆေးနည်းကို ရရှိလာရခြင်း ဖြစ်၏။

ပင်လယ်အူနာ (သို့) အထက်လှန်အောက်လျှောရောဂါ ဒိဋ္ဌပျောက်ဆေးနည်းကား ကြေးဇွန်းတွင်အုန်းဆီထည့်၍ ဆူပွက်အောင် အပူပေးပါ။ ထိုအုန်းဆီကို အအေးခံ၍ နွေးနွေးလေးဖြစ်လာချိန်တွင် လူနာကိုတိုက်ပါ။ သောက်ပြီးမကြာခင်တွင် မည်သည့်မာတ်သဘောဟူ၍ကား မသိပါ။ လူနာအိပ်ပျော်သွားပါလိမ့်မည်။ အိပ်ရာမှနိုးသည်နှင့် အကောင်းပကတိဖြစ်ကာ ထိုရောဂါမှာ ယူပစ်သလို ပျောက်ကင်းသွားသည်ကို တွေ့ရပါလိမ့်မည်။

ထိုအခါမှစ၍ ကျောင်းသုံးဆေးပုံတွင် အုန်းဆီတစ်ပုလင်း၊ ကြေးဇွန်းတစ်ချောင်း (စားပွဲတစ်ဇွန်း)၊ မီးခြစ်တစ်ဖာနှင့် ဖယောင်းတိုင်တစ်ထုပ်တို့ကို အမြဲဆောင်ထားရတော့၏။ ဤဆေးမြီးတိုနည်းကား ဒိဋ္ဌပျောက်သောကိုယ်တွေ့နည်းဖြစ်၍ အများသူငါသို့ လက်ဆင့်ကမ်းစေခြင်းငှာ ရေးသားတင်ပြရခြင်းဖြစ်ပါ၏။ သူရဋ္ဌမဂ္ဂဇင်းပါ သူရဋ္ဌတိုင်းရင်းဆေးကဏ္ဍသည် မိမိနည်းတူ စာဖတ်ပရိသတ်အများစု ကြိုက်နှစ်သက်သည့် ကဏ္ဍဖြစ်၍ ကုသိုလ်ဖြစ်စေခြင်းငှာ မျှဝေခြင်း ဖြစ်ပါသည်။

မင်းဘုန်းလွင်

---

ပါပြီ။ ခုမကြာခင်ပဲ ငါ့ရှင်ကိုအရက်ရယ်၊ ကြက်ရယ်၊ အလိုရှိတာစီစဥ်ပြီးပို့ပေးပါတော့မယ်။ လူသားငယ်လေးကို သနားပေးပါ ညှာတာပေးပါ ငါ့ရှင်"

နတ်ကောင်းမကြီး စကားအဆုံးမှာ နတ်ကောင်းမကြီးရော နတ်ဝင်သည်မပါ နှစ်ယောက်စလုံး လုံးဝမတုန်ခါကြတော့ပါဘူး။ နတ်ဝင်သည်မ မစိန်ညွန့်မှာ လုံးဝလှုပ်ရှားခြင်းမရှိတော့တာမို့ ဆေးဆရာ ဦးမောင်မှုံကိုပင့်ပြီး မန်းမှုတ်ခြင်း၊ ဆေးတိုက်ခြင်းတွေလုပ်လိုက်မှ သတိလည်လာခဲ့ပါတော့တယ်။

လူသားချင်းစာနာမှုအသိနဲ့အတူ ပတ်ဝန်းကျင်ကလည်း လျင်သည်လေ။ အရက်အဆင်သင့်၊ ကြက်အဆင်သင့်။ ခေါ်ပတောင်းက ရက်ပြီးသား။ နတ်ကောင်းမက ခေါ်ပတောင်းမှာ ငှက်ပျောဖက်လေးခင်းလိုက်တယ်။ ခေါ်ပတောင်းထဲမှာတော့ ထမင်းတစ်ဆုပ်၊ ကြက်သားတစ်တုံး၊ အရက်ကလေးတစ်ပုလင်းနဲ့ မစိန်ညွန့်ရဲ့ သားသူငယ်လေးကိုယ်စား မုန့်နှစ်နဲ့လုပ်ထားတဲ့ လူရုပ်ကလေးတစ်ရုပ်။

နတ်ကတော်က ခေါ်ပတောင်းကို မ,ယူပြီး ကလေးကိုယ်ပေါ်ကမ,ကိုင်ကာ နှုတ်ကရွစိရွစိမြည်တွန်တောက်တီးလုပ်နေတယ်။ ပြီးရင် အိမ်ပေါ်ကဆင်းလိုက်ပြီး ခေါ်ပတောင်းကိုကိုင်ကာ ရှေ့ကပြေးလေပြီ။ အိမ်နီးနားချင်းမိန်းမတစ်ဦးက ဓားမတိုကိုကိုင်ပြီးနောက်ကလိုက်တယ်။ သဲစေတီမြောင် သပြုပင်ကြီးခြေရင်းအရောက်မှာတော့ နှစ်ယောက်ပြိုင်တူရပ်လိုက်ကြတယ်။ ခေါ်ပတောင်းကို မြေပြင်ပေါ် ချလိုက်တယ်ဆိုရင်ပဲ နတ်ကောင်းမကြီးက နှုတ်က ပွစိပွစိလုပ်ပြန်တယ်။ နတ်စာကျွေးနေတာပဲဖြစ်မှာပေါ့။ အဖော်မိန်းမက မြေပြင်ကို ဓားနဲ့တူးပြီး မြေလှန်လိုက်တယ်။ မြေကျင်းထဲမှာ လူရုပ်ကလေးကို ထည့်မြှုပ်လိုက်တယ်။

နေဝင်ရီတရောအချိန်မို့ မနေ့းမမြန် အပြေးပြန်လာခဲ့ကြတာပေါ့။ အိမ်ရှေ့သို့ အရောက်မှာ နတ်ကောင်းမကြီး ဒေါ်မေလှက ခြေကိုစုံချပြီး ရပ်လိုက်တယ်။ အိမ်ပေါ်သို့ တစ်ချက်လှမ်းကြည့်လိုက်တယ်။

"ကဲ - အိမ်ရှင်တို့၊ မစိန်ညွန့်သားသူငယ်လေး အငိုရပ်ပြီလော၊ အငိုတိတ်ပြီလော၊ ကျန်းကျန်းမာမာရှိပါပြီလော"

"အငိုလည်းရပ်ပါပြီ၊ အငိုလည်းတိတ်ပါပြီ၊ ကျန်းကျန်းမာမာလည်းရှိပါပြီ"

နတ်ကောင်းမကြီးရဲ့ အမေးကို အိမ်ပေါ်မှာ ကျန်ရစ်ခဲ့သူတွေက ပြန်ဖြေလိုက်ခြင်း ဖြစ်ပါတယ်။

ကလေးငယ်လေးမှာကား အမေ့ရွှေရင်အုံမှ သက်ဆင်းလာတဲ့အာဟာရပြည့်နို့ရည်တွေကို အားရပါးရစို့ယူနေချေလေပြီကော။

ကျွန်းစဉ့်မြေ-စောခတ်



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ - မောင်စိုး၊ မင်းဆရာတော့ ရွှေသာလျောင်းဘုရားထဲမှာ မနက်က တည်းကအိပ်နေတာ အခုထိမထသေးဘူးတဲ့ကွ။ ဂေါပကလူကြီးဦးမြင့်ဆွေက ငါနဲ့လမ်းမှာတွေ့လို့ပြောလိုက်တာ။ မျက်နှာတွေလည်းနီနေတယ်တဲ့။ နေများမကောင်းဘူးလားမသိဘူး။ မင်းအားရင် တစ်ချက်လောက်သွားကြည့်ပါဦးကွာ"

နောက်ဖေးမှာ ဝက်တွေကို အစာကျွေးနေတဲ့ ကိုစိုးထွန်းကို အပြင်က ဝင်လာတဲ့ ဦးတူးလေးက လှမ်းပြောလိုက်တာပါ။

ကိုစိုးထွန်း ဝက်တွေအစာကျွေးတာကိုရပ်ပြီးလက်ဆေးရင်းနဲ့ ဦးတူးလေးပြောလိုက်တဲ့ 'မင်းဆရာ' ဆိုတဲ့စကားကို ဇဝေဇဝါအတွေးနဲ့ ဦးတူးလေးကို လှမ်းကြည့်တယ်။ ပြီးတော့ 'ဘယ်ဆရာလဲ ကိုတူးလေးရဲ့' လို့ လှမ်းမေးတယ်။

"ဟ - ဘယ်ဆရာရှိရမှာတုံး။ ဂျာအေးလေ၊ မင်းဆရာဂျာအေးကိုပြောတာ။ ငါလည်း ရုံးသွားစရာရှိလို့ မအားတာနဲ့ မင်းကိုဝင်ပြောတာ၊ ကဲ - ငါသွားပြီကွာ"

"ဟုတ်ကဲ့-ကိုတူးလေး၊ ကျွန်တော် ခဏနေသွားကြည့်လိုက်ပါ့မယ်"

ဦးတူးလေးဆိုတာက ကျွန်တော်တို့မြို့ရဲ့ မှခင်းသတင်းထောက်တစ်ယောက်ပါ။ ကိုစိုးထွန်းနဲ့ ညီအစ်ကိုလိုခင်နေတဲ့ တစ်မြို့တည်းသားတွေဖြစ်သလို ကိုဂျာအေးနဲ့လည်း ပလဲနံပသင့်တယ်လို့ ပြောလို့ရပါတယ်။ ခုလည်း သူတကယ့်ကိုမအားလို့သာ ကိုစိုးထွန်းကိုသွားကြည့်ခိုင်းတာ။ မဟုတ်ရင် သူကိုယ်တိုင်ပဲသွားကြည့်ပြီး လိုအပ်တာလုပ်မယ့်သူပါ။

ရွှေသာလျောင်းဘုရားထဲကို ကိုစိုးထွန်းရောက်တော့ ကိုဂျာအေးက ရွှေသာလျောင်းဘုရားကြီးရဲ့ ပလ္လင်တော်ကိုမှီပြီးထိုင်နေတာကို တွေ့ရတယ်။

"ဟော့ - ဂျာအေး၊ မင်းမနက်ကတည်း ဒီမှာလာအိပ်နေတယ်ဆို။ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား"

"ဟုတ်ကဲ့ - အစ်ကိုလေး၊ အခုတော်နည်းနည်းသက်သာသွားပါပြီ"



# ပြောင်းမြဲ-မြင့်လှိုင်

လူတူးဆန်းဂျာအေးနှင့် ကြုံဖူးမှုပုံရိပ်ကြသူများ



www.burmeseclassic.com

www.burmeseclassic.com

"မင်းကလည်းကွာ၊ အဲဒါများ ျအိမ်ကိုလာခဲ့ပါလား။ ဆေးခန်းလေး ာလေးသွားသင့်လည်းသွားရအောင်။ နက်ကတည်းက ဒီမှာရောက်နေတယ် ဆိုတော့ ထမင်းလည်း ခုချိန်ထိမစားရ သေးဘူးပေါ့။ လာ၊လာ - အိမ်မှာထမင်း ကိုက်စား။ညနေကျတော့ ဆေးခန်းသွား ပြပေးမယ်။ လာ - လိုက်ခဲ့"

ကိုစိုးထွန်းပြောတာ ကိုဂျာအေး အင်းမလုပ်အဲမလုပ်နဲ့ ဘုရားမျက်နှာ





www.burmeseclassic.com

www.burmeseclassic.com

ကြက်ကို အကြောင်းမဲ့လျှောက်ကြည့်နေတယ်။ ဒီတော့ ကိုစိုးထွန်းက ထပ်ပြောပြန်တယ်။

"ဟေ့ဂျာအေး၊ လာလေကွာ၊ အိမ်မှာထမင်းသွားစားရအောင်"

ဒီတော့မှ ကိုဂျာအေးက လေသံခပ်တိုးတိုးနဲ့ ပြန်ပြောတယ်။

"ကျွန်တော် ဗိုက်မဆာတော့ဘူး အစ်ကိုလေး။ စောစောလေးကပဲ ဒီဘုရားထဲမှာနေတဲ့ပုဂ္ဂိုလ်တစ်ယောက်က ငှက်ပျောသီးတစ်လုံးလုံးလာကျွေးလို့စားလိုက်တာ ဗိုက်တင်းသွားပဲ"

"ဂျာအေးရယ်၊ မင်းခန္ဓာကိုယ်လည်း မင်းပြန်ကြည့်ဦး။ ဒီငှက်ပျောသီးလေးတစ်လုံးနဲ့ ဘယ်ကြားမှုကပ်မှာမဟုတ်ဘူး။ အပိုတွေမပြောနဲ့ လာလိုက်ခဲ့။ ထမင်းမစားလည်းတစ်ခုခုစား။ ညနေလည်း ဆေးခန်းသွားရဦးမယ်"

ဆိုတော့ ကိုဂျာအေးက -

"ဝပါတယ် အစ်ကိုလေးရယ်။ သူလာကျွေးတဲ့ ငှက်ပျောသီးက အကြီးကြီးပဲဗျ။ ဒီမှာကြည့်ဦး၊ လာကျွေးတဲ့ပုဂ္ဂိုလ်က တခြားသူတွေကို မပြနဲ့ဆိုလို့သာ စားပြီးသားအခွံကိုဖွက်ထားတာ"

ကိုဂျာအေးက ပြောပြောဆိုဆိုနဲ့ သူထိုင်နေတဲ့ တင်ပါးအောက်ထိုးထည့်ထားတဲ့ ငှက်ပျောခွံကို ကိုစိုးထွန်းကို ထုတ်ပြလိုက်တယ်။ ကိုစိုးထွန်းအနေနဲ့ အတော်လေးအံ့သြပြီး နားလည်ရလည်းခက်သွားတယ်။ သူ့အနေနဲ့ ငယ်ဘဝတစ်လျှောက်လုံး ငှက်ပျောသီးတွေကြားမှာ ကြီးလာတာလို့ ပြောလို့ရတယ်။ သူ့မိဘတွေက မြောင်းမြမှာ အုန်း၊ ငှက်ပျောပွဲရုံဖွင့်လာခဲ့ကြတားကိုး။ ဆင်စွယ်တို့၊ သီးမွှေးတို့၊ ခွံစိမ်းတို့ အလုံးထွားလှ၊ ရှည်လှရင် (၈) လက်မ၊ (၉) လက်မပေါ့။ သူမြင်ဖူးသမျှထဲမှာလည်း ဒါထန်ကုန်ပဲလေ။ အခု ဂျာအေး သူစားပြီးသား ငှက်ပျောခွံချည်းပဲတောင် တစ်ပေသာသာလောက်ရှိတာဆိုတော့ မအံ့သြဘဲနေမလား။ ဒါတောင် မယုံသင်္ကာစိတ်နဲ့ ငှက်ပျောခွံကို ဖင်ပြန်ခေါင်းပြန်သေသေချာချာကိုင်ကြည့်လိုက်ရသေးတယ်။ ပြီးတော့မှ သိချင်စိတ်နဲ့ ကိုဂျာအေးကိုလှမ်းမေးလိုက်တယ်။

"ဂျာအေး၊ ဒီငှက်ပျောသီးဘယ်သူကျွေးတာလဲကွဟ။ ဂေါပကလူကြီး ဦးမြင့်ဆွေလား ဒါမှမဟုတ် သူတို့အဖွဲ့ထဲက တစ်ယောက်ယောက်များလား"

ကိုစိုးထွန်းအနေနဲ့က ငှက်ပျောသီးဆိုတာ တစ်လုံးချင်းသီးတဲ့အမျိုးမဟုတ်ဘူးလေ။ ဒီတော့ တစ်လုံးရှိရင် အဖီးလိုက်ရှိကိုရှိရမယ်။ ကိုဂျာအေးကိုကျွေးတဲ့လူသိရင် ဒီငှက်ပျောသီးသူမြင်ရမယ်လို့ တထစ်ချတွက်ပြီးမေးလိုက်တာပါ။

"မဟုတ်ဘူး အစ်ကိုလေးရဲ့။ အစ်ကိုလေးထင်သလို ဒီဘုရားထဲက ဂေါပကလူကြီးမဟုတ်ဘူး။ သူကလူတော့လူပဲ၊ ဒါပေမယ့် လူအစစ်မဟုတ်သလို သူ့ကိုမြင်နိုင်ဖို့မလွယ်ဘူး။ အစ်ကိုလေးရဲ့ သူပြောတာတော့ ဒီဘုရားတန်ဆောင်းထဲမှာ သူနေတာ နှစ်လေးငါးဆယ်လောက်ရှိနေပြီတဲ့"

"ဒါဆို ငါ့အတွက် ငှက်ပျောသီးတစ်လုံးလောက်တောင်းပေးလို့မရဘူးလား"

ဆိုတော့ ကိုဂျာအေးက -

"ဟီးဟီး - ဒါတော့မရဘူး အစ်ကိုလေးရဲ့။ ကျွန်တော်စားတဲ့ငှက်ပျောသီးအခွံကိုတောင် ဘယ်သူမှမမြင်စေနဲ့လို့မှာထားတာ။ အစ်ကိုလေးမို့လို့ ကျွန်တော်ပြတာ"

ဒီတော့ ကိုစိုးထွန်းခမျာလည်း ဘာတတ်နိုင်မှာတုံး။ ကိုဂျာအေးကလည်း တကယ်မရနိုင်လို့သာ ငြင်းလိုက်ရတာလေ။ သူလုပ်ပေးလို့ရတဲ့ကိစ္စဆိုရင်တော့ ဘယ်တော့မှ ခေါင်းခါတာမဟုတ်ဘူး။

ထားပါတော့။ အဲဒီနေ့ကလည်း ကိုစိုးထွန်းက ကိုဂျာအေးကိုအိမ်ပြန်ခေါ်တာ ဘယ်လိုမှခေါ်မရတာနဲ့လက်လျှော့ပြီး အိမ်ကိုသာပြန်ခဲ့ရတယ် တစ်ပေလောက် ငှက်ပျောသီးကြီးကို အခွံသာမြင်လိုက်ရလို့ စိတ်ထဲတနုံ့နုံ့နဲ့ ဘယ်လိုပုဂ္ဂိုလ်မျိုးက ကျွေးသွားပါလိမ့် ဆိုတဲ့အတွေးက ကိုစိုးထွန်းကို တစ်ညလုံးတော်တော်နဲ့အိပ်မပျော်စေခဲ့ဘူး။

ကိုစိုးထွန်းကလည်း ဒီလောက်နဲ့ ဘယ်လက်လျှော့လိမ့်မတုံး။ငှက်ပျောသီးတစ်လုံးလောက် တောင်းခိုင်းဖို့ဆိုပြီး နောက်တစ်နေ့ ရွှေသာလျောင်းဘုရားထဲမှာ ကိုဂျာအေးကို ထပ်လာရှာသေးတယ်လေ။ ဒါပေမယ့် ကိုဂျာအေးကတော့ အဲဒီနေ့ကစလို့ပျောက်ချက်သားကောင်းသွားလိုက်တာ တစ်လကိုးသီတင်း ဘယ်လိုမှရှာလို့မတွေ့ခဲ့ဘူး။

ကိုဂျာအေး ဆိုတာ အဲဒီလိုလူပါ။ တွေ့ချင်လို့ ကမ္ဘာပတ်ရှာလည်းတွေ့ရဖို့ခဲယဉ်းသလို မတွေ့ချင်ပေမယ့်လည်း မျက်စိရှေ့ ဘွားခနဲပေါ် လာတတ်တာမျိုးပါ။

ခုလည်းကြည့်လေ။ သူ့ကိုတွေ့ချင်လို့ ကိုစိုးထွန်းခမျာ မြို့ထဲ၊ မြို့ပြင်၊ တစ်ပတ်၊ ဆယ်ရက် ဆိုင်ကယ်နဲ့မွှေနှောက်ရှာနေတုန်းကမတွေ့ဘဲ မထင်မှတ်တဲ့အချိန်၊ မထင်မှတ်တဲ့နေရာမှာ ဖြုန်းခနဲလာတွေ့ပြန်တယ်။

အဲဒီနေ့က မှတ်မှတ်ရရ လွတ်လပ်ရေးနေ့လေ။ မြောင်းမြဘောလုံးကွင်းထဲမှာ ရန်ကုန်ကငှားထားတဲ့စတိတ်ရှိုးပွဲရှိတယ်။ ဘောလုံးပွဲအတွင်းရောအပြင်ပါ ပွဲဈေးလျှောက်သူတွေနဲ့၊ ဈေးသည်တွေဆိုတာ တိုးမပေါက်အောင် ခြေချင်းကိုလိမ်နေကြတယ်။ ဘောလုံးကွင်းအရှေ့ဘက်ထောင့်က အလေးမရုံဘေးမှာ လေးကောင်ဂျင်ဝိုင်းတစ်ဝိုင်းရှိတယ်။

"ကဲ - လာနော်၊ ကိုယ်ထိုးမှကိုယ်ရမှာ။ ရပ်ကြည့်လို့အမြတ်မရှိဘူး ခင်ဗျ။ အခုထိုးအခုပေါက်ပဲ လျှောက်ကာတွေးမနေနဲ့။ ပေါက်တာလေးနဲ့လွဲသွားဦးမယ်။ အကြဲအဖန်မပါဘူးခင်ဗျာ၊ အမှန်အကန်တွေချည်းပဲ"

လေးကောင်ဂျင်ဝိုင်းက ချာတိတ်ရဲ့ဆွယ်တရားဟောသံက လက်စလက်နရှိတဲ့ လမ်းသွားလမ်းလာတွေရဲ့အာရုံကို ညို့ယူဖမ်းစားထားတယ်။

ကိုစိုးထွန်းနဲ့ ဦးတူးလေးတို့နှစ်ယောက် ပွဲဈေးတန်းလျှောက်ကြည့်ကြရင်း လေးကောင်ဂျင်ဝိုင်းကချာတိတ်ရဲ့ ဆွယ်တရားဟောသံကြောင့် ခဏဝင်ကြည့်ဖြစ်ကြတယ်။

"ဒီကနောင်ကြီးက မကစားရင် ဘေးလေးကပ်ပေးပါ။ ဟိုနောင်ကြီးတို့ ကံစမ်းကြည့်မယ်ဆို ဒီရှေ့မှာဝင်ထိုင်လို့ရပါတယ် ခင်ဗျာ"

လေးကောင်ဂျင်ဝိုင်းက ချာတိတ်က ကိုစိုးထွန်းတို့နှစ်ယောက်ကို ကစားဖို့လာတယ်အထင်နဲ့ ရှေ့မှာထိုင်ကြည့်နေတဲ့လူကို နေရာရွှေ့ခိုင်းလိုက်တယ်။

ဒီတော့ ရှေ့မှာထိုင်နေတဲ့သူဆီက တုံ့ပြန်သံထွက်လာတယ်။

"ကျွန်တော် မကစားချင်လို့ပါ အစ်ကိုလေးရယ်။ ကျွန်တော်ထိုးရင် အစ်ကိုလေးတို့အိတ်ထဲကငွေတွေပြောင်သွားမှာဗျ ဟဲ. . . ဟဲ. . . ဟဲ. ."

ဒီလိုပြန်ပြောလိုက်တဲ့အသံကြားတော့ ကိုစိုးထွန်းက ဒါကိုဂျာအေးအသံဆိုတာကိုထန်းသိတယ်။ ဒါနဲ့လှမ်းခေါ်မယ်ကြံတုန်းမှာ ဦးတူးလေးက လက်ကို



www.burmeseclassic.com

www.burmeseclassic.com

အသာတို့ပြီး သူ့ဘာသာဆက်လုပ်မလဲ စောင့်ကြည့်ရအောင်ဆိုတဲ့ အဓိပ္ပာယ်ပါတဲ့အကြည့်နဲ့ကြည့်တယ်။ ဒီတော့ ကိုစိုးထွန်းလည်း အသာငြိမ်ပြီး အခြေအနေကို အကဲခတ်တယ်။

“ဒီကနောင်ကြီးက တယ်လေကြီးတာကိုး။ လေကိုလျှော့ပြီး အလုပ်နဲ့ဆက်သေပြုပါ။ ခင်ဗျားထိုးလို့မှန်ရင် ပျော်လိုက်မယ်၊ မှားရင်စားမယ်။ ငွေပါရင်ထိုး၊ မပါရင်ဘေးရှောင်နေလိုက်ပါ။ ကျုပ်တို့အလုပ်လုပ်နေတာ အသုပ်သုပ်နေတာမဟုတ်ဘူး”

လေးကောင်ဂျင်ဝိုင်းက အန်စာခေါက်တဲ့သူက တင်းမာတဲ့လေသံနဲ့ ကိုဂျာအေးကို လှမ်းပြောတယ်။ အပေါ်အင်္ကျီဗလာနဲ့ တစ်ကိုယ်လုံး ဆေးမှင်ကြောင်ထိုးထားပြီး လူမိုက်ရုပ်ပေါက်နေတာမို့လို့ ကိုဂျာအေးဘက်က ဘယ်သူမှ ဝင်ရောက်ချေပပြောဆိုပေးတာမျိုးမလုပ်ကြဘူး။

ဒီတော့ ကိုဂျာအေးက မျက်နှာ ပြုံးဖြီးဖြီးနဲ့ -

“အင်း - ဒီလိုဆိုလည်း ကောင်းပါလေဗျာ။ အဲ - ဒါပေမယ့် ကျွန်တော့်မှာ ပိုက်ဆံမရှိဘူး။ ဒါလည်း ခဏပါ။ အခုနေ အခုရမှာပေါ့”

ကိုဂျာအေးက လေးကောင်ဂျင်ဝိုင်းမှာ ထိုင်ကစားနေကြတဲ့ လူတွေကို လှည့်ပတ်ကြည့်တယ်။ ပြီးတော့ ထဘီရင်ရှားနဲ့ ကလေးကိုခါးတစ်ခွင်ပြီး ဘေးမှာထိုင်ကြည့်နေတဲ့ ညစ်ထေးထေးအမျိုးသမီးဆီကလှမ်းပြီးပိုက်ဆံတောင်းတယ်။

“အစ်မကြီး၊ တစ်ရာလောက်ခဏပေး၊ ခဏနေ နှစ်ရာပြန်ပေးမယ်”

အမျိုးသမီးခမျာလည်း ကိုဂျာအေးစကားကို မငြင်းဆန်နိုင်တာပဲလား၊ ငြင်းဆန်ဖို့ပဲမေ့လျော့သွားတာလားမသိဘူး။ ချက်ချင်းပဲ ထဘီရင်ရှားထဲမှာ ကျစ်ကျစ်လိပ်ထားတဲ့တစ်ရာတန်အနွမ်းလေးတစ်ရွက်လှမ်းပေးလိုက်တယ်။

ကိုဂျာအေးက တစ်ရာတန်ကို ဘယ်သူမှမထိုးတဲ့ ဆင်ပေါ်ကိုပစ်ချပြီး-

“တစ်ရာလုံးထိုးတယ်ဗျာ”

လို့ ပြောလိုက်တယ်။

“ကဲကဲ - အားလုံးထိုးပြီးရင်လက်ရှောင်ဒီနော်။ ပေါက်ကောင်ဖွင့်မယ်”

“ဟာ - သေစမ်းကွာ၊ ဟိုကြောင်တောင်တောင်ဘဲကြီးနေရာမှာလိုက်ထိုးလိုက်ရင်တောင်ရဦးမယ်ကွာ တောက်”

အံစာခေါက်တဲ့လူကိုယ်တိုင်လည်း အံ့ဩသွားပါတယ်။ သူခေါက်လိုက်တဲ့ သစ်သားအံစာတုံးလေးတုံးစလုံး ဆင်တွေပဲကျနေလို့ပါ။ ကိုဂျာအေး တစ်ရာပဲ ထိုးလိုက်ပေမယ့် လျော်ကြေး လေးရာ ရလိုက်ပါတယ်။ ကြည့်နေတဲ့ ကိုစိုးထွန်း တို့နှ...သာက် အပါအဝင် ဘေးကလူတွေလည်း ပါးစပ်အဟောင်းသားပေါ့။ ကိုဂျာအေးက ဒီငွေလေးရာကို ထဘီရင်ရှားနဲ့အမျိုးသမီးကို လှမ်းပေးလိုက်တယ်။ အမျိုးသမီးခမျာလည်း ဝမ်းတွေသာလို့ ကိုဂျာအေးကို ကျေးဇူးတွေအခါခါတင်ပြီး မပြေးရုံတစ်မယ်ထွက်သွားတယ်။

သိပ်မကြာဘူး၊ အဝတ်အစားညစ်ထေးထေးနဲ့ အမျိုးသမီးတစ်ယောက် ထပ်ရောက်လာပြီး ကိုဂျာအေးလက်ထဲကို ငွေတစ်ရာထည့်ပေးပြီး -

“အစ်ကိုကြီး၊ ကျွန်မကိုလည်း ကူညီပါဦး”

လို့ ဆိုလာပြန်တယ်။ စောစောက ထဘီရင်ရှားနဲ့အမျိုးသမီးလမ်းညွှန်လိုက်တယ်ထင်ပါရဲ့။ ဒီတစ်ခါလည်း ကိုဂျာအေးမငြင်းပါဘူး။ ငွေတစ်ရာကို ကျားရုပ်ပေါ် လှမ်းတင်ပေးလိုက်တယ်။ ဝိုင်းထဲက ကိုဂျာအေးကို ယုံတဲ့လူတချို့က ကိုဂျာအေးနောက်လိုက်ထိုးကြပေမယ့် ဟာချို့ကလည်း အရှုံးကောင်းစားတစ်မွန်းတည့်ပါကွာဆိုတဲ့လူတွေကလည်း များသားကိုး။

“ကဲကဲ - ထိုးမယ့်သူရှိသေးလား၊ မရှိရင်ဖွင့်မယ်နော်”

“ဟာ၊ ဟင် - ဘယ်လိုတုံးဟ။ လေးကောင်စလုံး ကျားတွေပဲ”

ဒီတစ်ပွဲမှာလည်း ပျော်တဲ့လူတွေ ပျော်သလို တောက်ခေါက်တဲ့လူတွေလည်းမနည်းပါဘူး။ နောက်တစ်ပွဲရလဒ်က ပိုသိသွားပါပြီ။ ကိုဂျာအေးလက်ထဲကို ငွေတွေအထပ်လိုက်ပေးပြီးထိုးခိုင်းတဲ့လူတွေ တစ်ပြုံတစ်မကြီးဖြစ်နေပါတယ်။

“အစ်ကိုလေး၊ ကျွန်တော်ထိုးလို့ရသေးတယ်မဟုတ်လား ဟီး ဟီး”

ဆေးမင်ကြောင်အပြည့်နဲ့ဒိုင်ကို ကိုဂျာအေးမေးလိုက်တာပါ။

“ရပါ့ဗျာ၊ ရပါ့။ ဒါမျိုးမကြောက်လို့ ရှာရိုးလျှောက်နေတဲ့မောင်တွေပါ။ ကြိုက်သလောက်ထိုး၊ တူရင်လျော်မယ် မတူရင် စားမယ် ဒါပဲ”

ကိုဂျာအေးက လိပ်ပေါ်ကို သူ့လက်ထဲက ငွေအားလုံးပုံချလိုက်ပြီး ပုဆိုးပြင်ဝတ်သလိုဘာလိုနဲ့ လေးကောင်ဂျင်ဝိုင်းကခပ်သုတ်သုတ်ထွက်သွားပါတယ်၊ ထွက်ပေါ်လာမယ့်ရလဒ်ကို သူ့အနေနဲ့ စောင့်ကြည့်စရာမလိုဘူးဆိုတဲ့အဓိပ္ပာယ်ပါပဲ။

ကိုစိုးထွန်းနဲ့ ဦးတုးလေးလည်း ကိုဂျာအေးနောက်ကို ခပ်သွက်သွက်လိုက်သွားပြီး -

“ဟေ့ဂျာအေး၊ မင်းနှယ်တော့တက်ချက်သားကောင်းလိုက်တာကွာ။ ဘယ်တွေများသွားနေတာတုံး”

ဆိုတော့ -

“ဟီး၊ဟီး-ကျွန်တော်လား။ ဘယ်မှတော့သွားတာမဟုတ်ပါဘူး။ ရွှေသာလျောင်းဘုရားထဲကပုဂ္ဂိုလ်က ဘုရားသွားဖူးရအောင် လိုက်မလားဆိုတာနဲ့ လိုက်သွားလိုက်တာ”

“ဟေ - မင်းကိုငှက်ပျောသီးကျွေးတဲ့ပုဂ္ဂိုလ်လား”

ကိုစိုးထွန်းက သိချင်ဇောနဲ့ ကပျာကသီလှမ်းမေးတယ်။

“အင်း - အစ်ကိုလေးက မှတ်မိသားပဲ။ ဟုတ်တယ် သူပဲ။ နောင်လည်း မင်းနေရမယ့်နေရာ အခုကတည်းက ကြည့်ထားတဲ့”

“အောင်မယ် - မင်းစကားက အဆန်းပါလား။ မင်းတို့ဘယ်ဘုရားကို သွားတာတုံး”

ဒီတော့ ဦးတုးလေးက လှမ်းမေးလိုက်တာပါ။

“အဲဒါတော့ ကျွန်တော်လည်းမသိဘူး၊ ကျွန်တော်တစ်ခါမှမဖူးဘူးတဲ့ဘုရားပဲ။ နေရာကလည်း စိမ့်ကြီးမြိုင်ကြီးရိပ်ကြီးတောတောင့်ဆိုတာလိုပေါ့ အစ်ကိုလေးရယ်။ အေးချမ်းချက်ကတော့လွန်ရော။ ကျွန်တော်က မပြန်ဘူးတောင်နေတာ။ အဲဒီပုဂ္ဂိုလ်က အချိန်မကျသေးဘူးတဲ့။ ဘုရားလာတဲ့လူဆိုတော့ ကျွန်တော်နဲ့ အဲဒီပုဂ္ဂိုလ်နှစ်ယောက်ပဲရှိတယ်လေ။ အဲဒီဘုရားမှာ အမြဲရှိနေတာဆိုလို့ ရသေ့နှစ်ပါးနဲ့ ဘိုးသူတော်တစ်ပါးပဲရှိတယ်။ သူတို့ကတော့ ဘယ်မှမသွားဘူးတဲ့”

ကိုစိုးထွန်းအနေနဲ့ မျက်မြင်ကိုယ်တွေ့မဟုတ်လို့ ကိုဂျာအေးပြောစကားကို အတိအကျ မခန့်မှန်းတတ်ပေမယ့် ကိုဂျာအေးဆိုတာ မဟုတ်တာကို ဘယ်တော့မှ မပြောဘူးဆိုတာတော့ သိထားတယ်လေ။ ဒီတော့ -

“ဟ-ဂျာအေးရဲ့၊ မင်းတို့သွားတာ မြို့ပေါ်က ဘုရားတစ်ဆူဆူမဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com

ကွ”

လို့ ဦးတူးလေးကမေးလိုက်တယ်။

“ဘယ်ကလာ မြို့ပေါ်ကဘုရားဟုတ်မှာတုံး အစ်ကိုလေးရဲ့ မြန်မာပြည်ကဘုရားတွေ ကျွန်တော်မသိတာရှားပါဗျာ။ အဲ - ဒီဘုရားကိုတော့ ကျွန်တော်မတွေ့ဘူး၊ မဖူးဘူးတာအမှန်ဗျ။ဒီပုဂ္ဂိုလ်နှယ် ကျွန်တော့်ကိုဘယ်ကိုခေါ်သွားမှန်းတောင် မသိလိုက်ဘူး။ ရွှေသာလျောင်းဘုရားမှာအိပ်နေတုန်း နှိုးရင်းဘုရားဖူးရအောင်တဲ့။ ကျွန်တော်က ဘာပြောမှာလဲ၊ သွားပေ့ါ။ ဒါနဲ့ ရင်ထဲမှာတလှပ်လှပ်နဲ့ အေးခနဲဖြစ်သွားပြီး လန့်နိုးသွားတော့ နေပြောက်တောင်မထိုးနိုင်တဲ့ တောနက်ထဲက ဂူပေါက်ဝရှေ့ရောက်နေပြီ။ ဒါနဲ့ အထဲကိုဆက်ဝင်သွားတော့ ဉာဏ်တော်ဆယ်ပေလောက်မြင့်တဲ့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို တန်းဖူးရတာပဲ အစ်ကိုလေးရဲ့။ သပ္ပာယ်လွန်းလို့ ဖူးလို့တောင်မဝပါဘူးဗျာ”

“ဒါဆို အဲဒီနေရာကို မင်းမှတ်မိလား ဂျာအေး။ ငါတို့လည်း ဘုရားဖူးရအောင် မင်းလိုက်ပို့ပေးပါလားကွဟေ”

ဆိုတော့ -

ကိုဂျာအေးက ဘာမှပြန်မဖြေသေးဘဲ ခပ်သွက်သွက်လျှောက်ရင်း အ-ထ-က (၁) ကျောင်းရှေ့က အုတ်ခုံလေးမှာ ဝင်ထိုင်နေလိုက်တယ်။ ဦးတူးလေးနဲ့ ကိုစိုးထွန်းလည်း ကိုဂျာအေးဘေးဝင်ထိုင်လိုက်ချိန်မှာတော့ ကိုဂျာအေးဆီက စကားသံထွက်လာတယ်။

“ကျွန်တော်ကိုယ်တိုင်တောင်ဘယ်နေရာမှန်းမသိတာ၊ အစ်ကိုလေးတို့ကို ဘယ်လိုလုပ်ခေါ်သွားလို့ရမှာလဲဗျာ”

လို့ ပြောပြီးပြီးချင်းပဲ ပွဲဈေးကပြန်လာတဲ့လူတွေကြားထဲ တိုးဝင်ပျောက်ကွယ်သွားတယ်။

ကိုစိုးထွန်းနဲ့ ဦးတူးလေးကတော့ ကိုဂျာအေးပြောခဲ့တဲ့ အဖြေညှိမရတဲ့ ပဟေဠိပုစ္ဆာတစ်ပုဒ်ကို ခေါင်းချင်းဆိုင်စဉ်းစားရင်းကျန်ခဲ့ကြတယ်။

တစ်ချိန်က ကျွန်တော်တို့သိခဲ့၊ မြင်ခဲ့ဖူးတဲ့ ကိုဂျာအေးဆိုတာ သိရခက်၊ နားလည်ရခက်တဲ့လူတစ်ယောက်ပါ။ သူ့အကြောင်းမသိသူတစ်ယောက်အနေနဲ့တော့ သူဟာ ကျပ်မပြည့်သူ၊ ပေါတိပေါချာတစ်ယောက်လို့ပဲ ထင်မှတ်မိမှာပါ။ ဒါပေမယ့် သူ့အကြောင်း ထဲထဲဝင်ဝင်လေ့လာမိရင် သူဟာ ရူးတဲ့သူမဟုတ်တဲ့ ထူးတဲ့လူဆိုတာကို လက်ခံမိကြမှာပါ။

ဒီလိုလက်မခံလို့မရတဲ့အကြောင်းတရားတစ်ခုအကြောင်းကို စကားစပ်မိလို့ပြောရဦးမယ်။

သူ့နာမည်အရင်းက ဒေါ်နန့်မူလုံပါ။ ဒါပေမယ့်လည်း ရွာထဲကလူတွေအားလုံးကတော့ အမိုးလို့ပဲနှုတ်ကျိုးနေတယ်။ အမိုးဟာ ဗုဒ္ဓဘာသာကိုယုံကြည်စွာ ကိုးကွယ်နေတဲ့ ကရင်အမျိုးသမီးကြီးတစ်ယောက်ပါ။ အားကိုးအားထားလင်ယောကျ်ားတိမ်းပါးသွားတာကြာပြီဖြစ်ပေမယ့် လယ်လေးယာလေးကဝင်ငွေနဲ့ သားကြီးသမီးကြီးတွေထောက်ပံ့တာနဲ့ဆိုတော့ ဘာပဲပြောပြော အေးရာအေးကြောင်းနေနိုင်တယ်လို့ဆိုရမှာပါ။

တစ်နေ့တော့ အမိုးတစ်ယောက်ရွာထဲက ဆွမ်းလောင်းမဏ္ဍပ်မှာ ဥပုသ်စောင့်ပြီး ပြန်လာတော့ နိဗ္ဗာန်ရောက်ကြောင်းအထောက်အပံ့ဖြစ်စေမယ့် စိတ်ကူးတစ်ခုရလာခဲ့တယ်။ တခြားတော့မဟုတ်ဘူး။ မဏ္ဍပ်တည်ထားကိုးကွယ်ဖို့ ဆင်းတုတော်ကြီးတစ်ဆူ လှူဒါန်းမယ့်စိတ်ကူးပါ၊ လက်ရှိမဏ္ဍပ်မှာ ကိန်းဝပ်စံပယ်နေတဲ့ ဆင်းတုတော်က ဉာဏ်တော်တစ်ပေခွဲလောက်ပဲရှိတယ်။ မဏ္ဍပ်ကြီးက သစ်ကြီးဝါးကြီးနဲ့ ကျယ်ကျယ်ဝန်းဝန်းဆောက်လုပ်ထားတာဆိုတော့ ဒီမဏ္ဍပ်ကြီးနဲ့ လိုက်ဖက်မယ့် ဆင်းတုတော်ကြီးကြီးတစ်ဆူထပ်ပြီးလှူဒါန်းဖို့ ပူဇော်ဖို့ သားတွေ၊ သမီးတွေနဲ့တိုင်ပင်တယ်။ သားတွေ၊ သမီးတွေကလည်း ဒီအရေးတော့ ဘယ်လာကန့်ကွက်လိမ့်မတုံး၊ လှူပေ့ါ။ ဒါပေမယ့် လောလောဆယ် လက်ထဲမှာ ငွေကလုံးခနဲမရှိဘူး။ ဒီအတွက်လည်း အမိုးကစိတ်သောကမဖြစ်ပါဘူး။ ရှိတဲ့လယ်လေးကို ချက်ချင်းဖဲ့ရောင်းတယ်။ ရတဲ့ငွေလေးနဲ့ မဏ္ဍပ်လူကြီးဦးသန်းတင်ဆီသွားပြီး အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းတယ်။

ဦးသန်းတင့်ကလည်း ဒီလိုကိစ္စမျိုးမှာ နှံ့စပ်ကျွမ်းကျင်တဲ့ ကိုစိုးထွန်းကိုတိုင်ပင်ပြီး ရန်ကုန် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်က ဉာဏ်တော်လေးပေခွဲ ကြာပလ္လင်ခံ တင်ပျဉ်ခွေ စကျင်ကျောက်ဖြူဆင်းတုတော်တစ်ဆူ သွားရောက် ပင့်ဆောင်ခဲ့ကြတယ်။ ရွာကမ်းနားဆိပ်ရောက်တဲ့အထိ ဘာအခက်အခဲမှမရှိဘဲ အမိုးတို့အိမ်ပေါ်ကို ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကြွဖို့ကျတော့ အတော့်ကို အခက်အခဲဖြစ်လာတယ်။ မဏ္ဍပ်ကြီးကို တစ်ခါတည်း ပင့်ဆောင်ပူဇော်လိုက်ရင်လည်း ဒီလိုအခက်အခဲဖြစ်မှာမဟုတ်ဘူး။ အခုဟာက အမိုးက အခုသူလှူဒါန်းမယ့် ရုပ်ပွားတော်မြတ်ကြီးကို သူ့အိမ်မှာ အနေကဇာတင်ပြီး သုံးရက်လောက် ပူဇော်ချင်တယ်ဆိုတော့ ဘာပဲဖြစ်ဖြစ် အလှူရှင် ကျေနပ်အောင် ရတဲ့နည်းနဲ့ အိမ်ပေါ်ရောက်အောင် ပင့်ဆောင်ရမှာကိုး။

ခက်တာက အမိုးတို့အိမ်ကခြေတံရှည်အိမ်ကြီးမဟုတ်ပေမယ့် မိုးတွင်းအိမ်အောက်ကို ရေဝင်တော့ အိမ်မကြီးကမြေပြင်နဲ့ ငါးပေလောက်ကွာပြီး အိမ်ရှေ့ခြေကျော့်က မြေပြင်နဲ့ လေးပေနီးပါးလောက်အမြင့်မှာရှိတယ်။ အိမ်မကြီးကတောင့်တင်းခိုင်မာလို့ ပြဿနာမရှိပေမယ့် အိမ်ရှေ့ခြေကျော့်က သာခွေယိုင်ဆိုတော့ ခက်ပြီပေ့ါ။ ကျောက်ဆင်းတုတော်က ဉာဏ်တော်လေးပေခွဲသာရှိပေမယ့် ကြိုးဆိုင်းထမ်းတွေနဲ့ ယောကျ်ားကြီးရှစ်ယောက် ဗြာသံပေးထမ်းမှ ကြွတယ်ဆိုရုံလေး။ ဒီတော့ ဆင်းတုတော်နဲ့ ဒီယောကျ်ားကြီးရှစ်ယောက်ဝိတ်ကို ဒီခြေကျော့်လေးကခံနိုင်မှာတဲ့လား။ ဒီခြေကျော့်ကို မနင်းဘဲနဲ့ ဘယ်နည်းနဲ့မှ အိမ်ပေါ်ရောက်စရာအကြောင်းမရှိဘူးလေ။

ရွာထဲကလူကြီးတွေ၊ လူငယ်တွေအားလုံး ခေါင်းချင်းဆိုင်ကြရပြီပေ့ါ။ ကိုစိုးထွန်းလည်း ဘက်ပေါင်းစုံကလှည့်စဉ်းစားတယ်။ မြို့ပေါ်မှာဆိုရင်လည်း ဝန်ချီစက်ငှားတင်လိုက်ရရင်လည်းဟုတ်သား။ အခုလို တောမှာဆိုတော့ ခက်ပြီ။ သိန်းနဲ့ချီပြီးလှူတဲ့ အလှူရှင်ရဲ့ဆန္ဒကိုလည်းပြည့်စေချင်တယ်ဆိုတော့ ကိုစိုးထွန်းတို့အနေနဲ့ လူအင်အားသုံးပြီး ကြိုးစားကြည့်ချင်ကြတယ်။ အခုအချိန်ကျမှ ဆင်းတုတော်ကြီးကို ခြံထဲမှာ ဒီလိုချထားပြီး ရှေ့ခြေကျော့်ကိုပြင်ဖို့လည်း မသင့်တော်ဘူးလေ။ ဒီတော့ ဆင်းတုတော်ကို ကြိုးတွေနဲ့ အထပ်ထပ်ဆိုင်းပြီး ဝါးလုံးကို ဝါးလုံးရှည်တွေနဲ့ ရှေ့၊ နောက်၊ ဝဲ၊ ယာဝိုင်းပင့်ပြီး အိမ်ပေါ်ရောက်ဖို့ ကြိုးစားကြပြန်တယ်။ ဆင်းတုတော်ခမျာတော့ ကြိုးအထပ်ထပ်နဲ့ ရွာသားတွေပြုသမျှ နုရရှာတာပေ့ါဗျာ။ အနေကဇာမတင်ရသေးတော့ ငရဲအုံ့မကြီးလောက်သေးဘူးလို့ဘဲထင်ကြတာကိုး။ ရွာသားတွေအနေနဲ့ ဘယ်လိုပဲကြိုးစားကြိုးစား ရှေ့လေးယောက် ဝါးလုံးထမ်းပြီးကြိုး



www.burmeseclassic.com

www.burmeseclassic.com

ခင်းအပေါ် ခြေချလိုက်တာနဲ့ တကျွိကျွိ ဘကြွကြွအသံတွေထွက်လာတော့ သူတို့သည်း ဆက်မကြိုးစားရဲကြပြန်ဘူး။

ဒီလို အခက်အခဲကြုံနေတုန်းမှာ မြန်းဆို ဇာတ်လိုက်ကရောက်လာတယ်။ ဘယ်သူဖြစ်ရမှာလဲ၊ ကိုဂျာအေးပေါ့။ သူရောက်လာတဲ့အချိန်မှာ ရွာသားတွေက ဒုတိယအကြိမ်ကြိုးစားကြည့်နေတုန်းမှာပါ။ အဲဒီအချိန်မှာ -

"အစ်ကိုလေးတို့ ခဏနေကြပါဦး၊ အကုန်လုံး ဖြုတ်စဖျင်းတောင်းတွေဖြစ်ကုန်တော့မှာပဲ။ ကျွန်တော်လည်း လုပ်အားဒါနကုသိုလ်လုပ်ပါရစေခင်ဗျာ"

ရွာသားတွေက အသံလာရာဆီလှမ်းကြည့်တော့ မုတ်ဆိတ်က ကျိုးတိုးကျဲတဲ၊ အကျီက ရင်ဘတ်ဟပြဲ၊ ပုဆိုးကဘောက ဟက်တက်ကွဲနဲ့ဆိုတော့ -

"ဟာ - ဒီအရူးကတစ်မျောင့် စိတ်ညစ်ရတဲ့အထဲ။ သွားစမ်းကွာ၊ ဝေးဝေးသွားနေစမ်းပါ"

ရွာသားတချို့ရဲ့ အော်ဟစ်ပြောဆိုသံကြောင့် ဘယ်သူ့ကိုပြောတာပါလိမ့်ဆိုတဲ့အတွေးနဲ့ ကိုစိုးထွန်းက လူအုပ်ကြားထဲကို လှမ်းကြည့်လိုက်တယ်။

"အလို ဂျာအေးပါလား၊ ဘယ်ကဘယ်လိုရောက်လာပြန်တာလိမ့်"

ဘာပဲပြောပြော ကိုစိုးထွန်းအနေနဲ့ ဝမ်းသာသွားမိတာ အမှန်ပါ။ ဒီတော့ ရွာထဲက လူငယ်တွေဆီကို လှမ်းပြောလိုက်တယ်။

"ဟေ့၊ ဟေ့ - ငါ့ညီတို့ သူ့ကိုဒီလို မပြောကြနဲ့ကွ။ အဲဒါတို့ဆရာပဲကွ။ သူကူညီမယ်ဆို အဆင်ပြေသွားလိမ့်မယ်"

ကိုစိုးထွန်းကို လှမ်းကြည့်နေတဲ့ ရွာသားတချို့ရဲ့အကြည့်မှာ မယုံသင်္ကာစိတ်တွေပြည့်နေတယ်ဆိုတာ ကိုစိုးထွန်းခန့်မှန်းမိပါတယ်။ အဲဒါနဲ့ ကိုစိုးထွန်း ကိုဂျာအေးအနားသွားပြီး လက်ရှိဖြစ်နေတဲ့ အခက်အခဲကို ရှင်းပြတယ်။ ကိုဂျာအေးကလည်း 'ငါသိပါတယ်၊ သာလိကာရယ်' လို့ အဓိပ္ပာယ်ပါတဲ့အကြည့်နဲ့ ကိုစိုးထွန်းကို လှမ်းကြည့်ပြီး-

"ဘာမှမပူနဲ့ အစ်ကိုလေး၊ ကျွန်တော်စစ်ကူခေါ်လိုက်ဦးမယ် ခဏလေး"

လို့ ပြောပြီး အရပ်လေးမျက်နှာကို လက်အုပ်ချီပြီး နှုတ်မှလည်း ပွပွစိစိနဲ့ ဘာတွေပြောနေမှန်းတော့မသိရပါဘူး။ ခဏနေတော့မှ -

"ရပြီ အစ်ကိုလေး လာ"

ဆိုပြီး ဆင်းတုတော်ကိုဆိုင်းထားတဲ့ကြိုးထဲကို ဝါးလုံးတောင့်တောင့်နှစ်လုံးလျှိုထည့်ပြီး -

"အစ်ကိုလေးတို့က အောက်က ထမ်းပြီးရဲရဲသာတက်လာလိုက်၊ကျွန်တော်တို့နှစ်ယောက် အပေါ်ကနေ ဝါးလုံးကို ထမ်းပေးမယ်"

ဆိုတော့ -

"ဟာ - မဖြစ်နိုင်တာ၊ ခင်ဗျားတို့နှစ်ယောက်တည်း အပေါ်ကနေ ဘယ်လာထိန်းနိုင်မှာတုံး။ အနည်းဆုံး သုံးလေး၊ ငါးယောက်လောက်မှ ဖြစ်မယ်ထင်တယ်။ ကျွန်တော်တို့အောက်က လူအင်အားများတော့ အကြောင်းမဟုတ်ပေမယ့် ဒီခြေကျော်ကို နင်းတက်ဖို့ မဖြစ်နိုင်ဘူးထင်တယ်နော်"

အောက်ကနေ ထမ်းတင်မယ့် ရွာသားတွေရဲ့ပြောစကားဟာ သမားရိုးကျဆိုရင်တော့ ဟုတ်ပါတယ်၊ ဘယ်လိုမှ မဖြစ်နိုင်လောက်ပါဘူး။ ရှေ့လေးယောက်၊ နောက်လေးယောက် ဝါးလုံးနှစ်လုံးနဲ့ မြစ်ဆိပ်ကနေ မနည်းထမ်းခဲ့ရတဲ့ ဆင်းတုတော်ကို ကိုစိုးထွန်းတို့နှစ်ယောက်တည်း အပေါ်ကထိန်းထားနိုင်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတော့ ပြေးကြည့်ဖို့မလိုပါဘူး၊ တွေးကြည့်ရုံနဲ့ သိနိုင်ကြပါတယ်။ ဒါပေမယ့် ကိုဂျာအေးကဖြစ်တယ်ဆိုတော့ ကိုစိုးထွန်းအနေနဲ့ စမ်းကြည့်ချင်တယ်။

ဒါနဲ့ -

"ကဲ၊ ကဲ - ညီလေးတို့ တစ်ချက်လောက်တော့ စမ်းကြည့်လိုက်ကြရအောင်ကွာ၊ မရတော့လည်း တစ်မျိုးစီစဉ်တာပေါ့"

ကိုစိုးထွန်းရဲ့ တိုက်တွန်းစကားကို ရွာကလူငယ်တွေက မယုံမရဲနဲ့သဘောတူလိုက်ကြတယ်။

"ဉ်ဖွ ဖွ ဖွ ဖွ မ,ပြီဟေ"

ကိုဂျာအေးကလည်း နှုတ်ကနေ ဉ်ဖွတ ကြွေးကြော်ပေးပြီး မ,လိုက်သလို အောက်ကရွာသားတွေကလည်း ကြွေးကြော်ပေးပြီး ထမ်းတက်လိုက်ကြတယ်။ ဘေးကကြည့်နေကြတဲ့လူတွေ ဘယ်လိုမှထင်မထားတဲ့မြင်ကွင်းပါပဲ။ လူချည်းပဲတက်တာတောင် တကျွိကျွိအသံထွက်နေတဲ့ အမိုးရဲ့ ခြေကျော်အဆင့်အလေးဟာ ဆင်းတုတော်ကို ထမ်းပြီးတက်လာတဲ့ ယောကျ်ားကြီးလေးယောက်ဝိတ်ကို ဖြုတောင်မဖြုတော့သလိုပါဘဲ။ ထမ်းတင်တဲ့လူတွေရဲ့စိတ်ထဲမှာလည်း ဆင်းတုတော်ဟာ ရှိရင်းစွဲထက် ထက်ဝက်လောက်ပေါ့သွားတယ်လို့ တညီတညွတ်တည်းဆိုကြပါတယ်။ ဘာပဲပြောပြော အဲဒီနေ့က ကိုဂျာအေးသာရောက်မလာခဲ့ရင် ဘုရားအလှူရှင် အမိုးရဲ့ဆန္ဒကို ရွာသားတွေအနေနဲ့ ဖြည့်ဆည်းပေးဖို့ အတော့်ကိုမလွယ်ကူတဲ့ကိစ္စပါ။ ရွာသားတွေအနေနဲ့ သူတို့ပြောမိတဲ့စကားတွေအတွက် ကိုဂျာအေးကို တောင်းပန်ဖို့လိုက်ရှာကြပေမယ့် မထင်မှတ်ဘဲရောက်လာတဲ့ ကိုဂျာအေးဟာ မထင်မှတ်ဘဲရွာထဲက ပျောက်ချက်သားကောင်းသွားပြန်ပါတယ်၊ ဗုဒ္ဓဆင်းတုတော်ကို အနေကဇာတင်ပြီးလို့ ဓမ္မာရုံပြန်ကြတဲ့အချိန်တော့ အမိုးရဲ့ခြေကျော်လေးဟာ တောင့်တင်းခိုင်မာစွာပြင်ဆင်လို့ပြီးနေပါပြီ။

ဘုရားကိစ္စပြီးလို့ ကိုစိုးထွန်း မြောင်းမြကို ပြန်ရောက်တာ တစ်လကျော်ကြာတဲ့အထိ ကိုဂျာအေးပျောက်ချက်သားကောင်းတုန်းလို့ဆိုပါတယ်။

ဘယ်နေ့ဘယ်ရက်၊ဘယ်လိုနေရာမျိုးမှာ မိုးကျရွှေဂျာအေး ရောက်လာမယ်ဆိုတာကိုတော့ ဘယ်သူမှမခန့်မှန်းနိုင်ဘူးလို့ ကျွန်တော်ပြောရင် စောဒကတက်မယ့်သူရှိမယ်မထင်ပါဘူး။ အပွေးမြင်ရင် အပင်ကို ခန့်မှန်းလို့ရကောင်းရနိုင်ပေမယ့် ကိုဂျာအေးကို မြင်တဲ့သူတိုင်း ကိုဂျာအေးဘာဆိုတာကိုတော့ မခန့်မှန်းနိုင်ကြပါဘူး။ ကျွန်တော်တို့လည်း ထိုနည်းအတိုင်းပါပဲ၊ ကိုဂျာအေးနဲ့သိတာ၊ ခင်တာ၊ ဆယ်စုနှစ်တစ်ခုကျော်အတွင်း ကိုဂျာအေးဟာ သာမန်ထက်ထူးတဲ့လူတစ်ယောက်အဖြစ်လောက်သာသိပြီး ဒီထက်နက်နက်နဲနဲတော့ဘာမှမသိရပါဘူး။ သိအောင်လည်း ကိုဂျာအေးကပြောမှမပြောပဲကိုး။

ဒါပေမယ့်လည်း ကိုဂျာအေးနဲ့တွေ့ကြုံဆုံတွေ့ရတဲ့သူတွေမှန်သမျှတော့ နစ်နာဆုံးရှုံးလောက်အောင် ဘာတစ်ခုမှမလုပ်ခဲ့ပါဘူး။ ရိုးရိုးကူညီလို့ရတဲ့သူကို ရိုးရိုးကူညီတယ်၊ ဆန်းဆန်းကူညီရမယ့်လူကိုဆန်းဆန်းပြားပြားကူညီခဲ့တာချည်းပဲ။ ဒီတော့ ကျွန်တော် အခုရေးနေတဲ့ လူထူးဆန်းဂျာအေးနှင့် ကြုံဖူးမှယုံခဲ့ကြသူများကို ဒီမှာပဲ နိဂုံးတံရအောင်ဗျာ။

မြောင်းမြမြင့်လှိုင်



www.burmeseclassic.com

www.burmeseclassic.com

ပြည်မြို့တွင် ပြည်ကန်တော်မောင်နှမနတ်နန်းရှိသည်။ ပြည်ကန်တော်မောင်နှမသည် ရှေးနတ်များဖြစ်ကြသော်လည်း အပြင်(၃၇)မင်းစာရင်းတွင် ပါဝင်မှုမရှိပါ။ ဝန်း(၃၇)မင်းစာရင်းဝင်ဖြစ်သည်။ မောင်တော်သည် မြို့စောင့်နတ်ဘီလူးဖြစ်ပြီး နှမတော်က သုသာန်စောင့်နတ်ဘီလူးမဖြစ်သည်။

ပြည်မြို့တွင် ကန်တော်သခင်ကြီး၊ ကန်တော်သခင်မဟုခေါ်ကြသည်။ နယ်တော်ရှင်များဖြစ်သည်။ နေ့စဉ်မပျက်လာကန်တော့သူများ၊ ပုတီးလာစိပ်သူများနှင့် နတ်နန်းမှာလူမပြတ်ချေ။ ထိုနန်းသည် မြို့လယ်ရှိ ကန်ပေါင်ပေါ်မှနတ် နန်းဖြစ်သည်။ မြို့ပြင်ဘက်သုသာန်ကို ဖြတ်၍သွားရသည့် ပြည်ကန်တော်နန်းလည်းရှိသေး၏။ အချို့က မြို့လယ်ကန်ပေါင်ပေါ်မှနန်းသည် မောင်တော်နန်းဖြစ်၍ မြို့ပြင်သုသာန်မှနန်းသည် နှမတော်နန်းဖြစ်သည်ဟု ပြောကြသည်။

■ နတ်သမိုင်း

ရခိုင်ပြည်နယ် ဒွါရာဝတီနေပြည်တော်ရှိ နန်းတွင်းပုန်ကန်မှုအရေးအခင်းကြောင့် မင်းသားနှစ်ပါးသည် မြန်မာပြည်ဘက်သို့ပြေးလာပြီး သရေခေတ္တရာဒွတ္တဘောင်မင်းကြီးထံတွင် ခိုလှုံသည်။

## မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့ ( ၇၀ )

# မောင်သန်းဆွေ
## (ထားဝယ်)
## ပြည်ကန်တော်မောင်နှမ





www.burmeseclassic.com

မောင်ညို၊ မောင်ဖြူဟု အမည်ခံသည်။
ဒွတ္တဘောင်မင်းကြီးက မောင်ညိုကို အကောက်ဝန်ခန့်ပြီး မောင်ဖြူကို လင်္ကာရွာသူကြီးခန့်သည်။ မောင်ဖြူသည် ပေါင်းတည်သူ မထားနှင့် အိမ်ထောင်ကျ၍ သား-မောင်ပန်းမွှေးနှင့် သမီး-မိမိလေးတို့ ထွန်းကားသည်။

သရေခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းကြီးက သုဒ္ဒသတောင်၌ ဘုရားရှင်၏ ဓာတ်တော်မွေတော်များ ဌာပနာထားသောကျောက်စေတီရှိသည်ဟု အိပ်မက်မြင်မက်၍ ရွာသူကြီးတို့အား ရှာစေသည်။ လင်္ကာရွာသူကြီး မောင်ဖြူက ထိုကျောက်စေတီကို တွေ့ရှိသော်လည်း သူ့ထိုက်နှင့်သူ့ကံရသည် ဆိုကာ လျှို့ဝှက်၍ ကိုးကွယ်လေသည်။

ထိုအကြောင်းကို အခြားသူကြီးများကသိသောအခါ ဒွတ္တဘောင်မင်းကြီးထံ မျက်နှာလိုမျက်နှာရနှင့် သွားရောက်လျှောက်ထားကြသဖြင့် လင်္ကာရွာသူကြီး မောင်ဖြူနှင့် ဇနီးတို့နှစ်ဦးလုံး အသတ်ခံရသည်။ မောင်ပန်းမွှေးနှင့် မိမိလေးတို့ကို ဘကြီးဖြစ်သူ အကောက်ဝန်မောင်ညိုက မွေးစားခဲ့ရ၏။ မိဘတို့သေဆုံးရမှုကို သိကြသောအခါ အစ်ကိုမောင်ပန်းမွှေးက စိတ်နှလုံးပျော့ပျောင်း၍ ကံကိုပုံချပြီး စိတ်ဖြေနိုင်သော်လည်း



www.burmeseclassic.com

ညီမ မိမိလေးမှာ စိတ်ထက်သူပီပီ ဒွတ္တဘောင်မင်းကြီးကို လက်စားချေရန် စိတ်ကူးရှိသည်။

တစ်နေ့သော် မောင်ပန်းမွှေးနှင့် မိမိလေးတို့ မိဘနှစ်ပါး၏သချိုင်းရှိရာသို့ သွားရောက် ကန်တော့လို၍ အကြော်သည်များဟန် ရုပ်ဖျက်ပြီးသွားကြသည်။ စကားတောင်ဘုရားဘေးရှိ ဦးဖြူ၏ဂူကို ကန်တော့ကြသည်။ ပြန်လာသောအခါ နေပူသဖြင့် မိုးပြဒယ်ကြီးများကိုရွက်မည့် အစား ဆောင်း၍ပြန်လာကြသည်ဆို၏။

ထိုအချိန်တွင် သရေခေတ္တရာ ဒွတ္တဘောင်မင်းဆည်နေသောကန်သည် မအောင်မြင်ဖြစ်နေချိန်ဖြစ်သည်။ပုဏ္ဏားတို့က သံခမောက်ဆောင်းလာကြသော ကြာသပတေးသားသမီးတို့အား စတေးမှ အောင်မြင်မည်ဟုဟောထားသည်။ မိုးပြဒယ်အိုးကြီးများကိုဆောင်းလာကြသော မောင်ပန်းမွှေးနှင့် မိမိလေးတို့ကလည်း ကန်ဆည်ရာအနီးသို့တိုက်တိုက်ဆိုင်ဆိုင် ရောက်လာကြသည်။ မင်းချင်းတို့အနေဖြင့် သူတို့နှစ်ဦးကို သံခမောက်ဆောင်းလာသူများအနေဖြင့်မြင်သည်။ အမည်နှင့် နေ့နံကိုမေးရာ ကြာသပတေးသားသမီးများဖြစ်နေသဖြင့် ကန်ဆည်ရာတွင် စတေးလိုက်ကြသည်။

မောင်နှမနှစ်ယောက်စလုံးသည် သူတို့၏မိဘနှစ်ပါးအား သတ်စေသော ဒွတ္တဘောင်မင်းကြီးကြောင့် သူတို့လည်း စတေးခံရသည်ဟု ဒေါသဖြင့် သေဆုံးကြရာ ကန်စောင့်ဘီလူးများဖြစ်သွားကြသည်။

ဒွတ္တဘောင်မင်းကြီးထံ ကိုယ်ထင်ပြ၍ အမိန့်ခံကြသဖြင့် ကန်တော်ရှင်များအဖြစ် အပိုင်စားပေးသည်။ ထိုအချိန်မှစပြီး အမဲတစ်ကောင်လုံး ဆက်သကြရသည် ဆို၏။ နှစ်ကြာလာသောအခါ နှောင်းလူများက တောင်းပန်သဖြင့် အမဲတစ်ကောင်မှ အမဲတစ်ပေါင်သို့လျှော့၍ ဆက်သကြသည်ကိုလက်ခံလာကြသည်။

မောင်တော်အတွက် စားတော်စာတင်သည့်အခါ ချက်ပြုတ်ပြီးဖြစ်သောသားငါးများနှင့် ကန်တော့ပွဲတင်ရသည်။ နှမတော်အတွက်မူ အမဲ၊ ဆိတ်၊ ငါး၊ ကြက်အစိမ်းများစားတော်စာနှင့် ကန်တော့ပွဲတင်ရသည်။အများအားဖြင့် အမဲသားအစိမ်းတင်လေ့ရှိသည်။ အမဲသားကိုရှောင်ကြ၍ ဆိတ်သားအစိမ်းနှင့်တင်သူများသည်။ နံနက်ပိုင်းတွင် အသားစိမ်းကို ဆန်၊ ငရုတ်၊ ကြက်သွန်ထည့်ပြီး ပြသည်။ အစိမ်းပြသည်ဟု ခေါ်သည်။



မူရင်းပုံတော်ငယ်များ



နန်းရှေ့မှ ပုံတော်ကြီးများ

ပြသည့်အချိန်တွင် ဖယောင်းတိုင်ပူဇော်ထားရပြီး မီးငြိမ်းသွားသည့်အချိန်အထိ ပြရသည်။ ပြီးမှ အသားများကို ချက်ပြုတ်၍ ညနေဘက်တွင် ထမင်းတစ်ပွဲစီ၊ အသားတစ်ပွဲစီနှင့်ဆက်သကြရသည်။ အကျက်စားတော်စာဟု ခေါ်သည်။

ယခုအခါ မြို့လယ်ကန်တော်နန်းတွင် နန်းထိန်းမှာ ဒေါ်ညွှန့်ညွှန့်ဟု ခေါ်သည်။ ရှေးက နန်းထိန်းသည် ဦးစံဖြူ ဒေါ်အေးတို့ဖြစ်ပြီး ၎င်းတို့၏သား ဦးတင်အေးက ဆက်ခံသည်။ ဦးတင်အေးနှင့် ဒေါ်ခင်တုတ်တို့က နန်းထိန်းများဖြစ်လာသည်။ ဦးတင်အေး၊ ဒေါ်ခင်တုတ်တို့၏သမီးဒေါ်ညွှန့်ညွှန့်က ဆက်ခံခြင်း ဖြစ်၏။

နန်းရှေ့တွင် ကန်တော်သခင်ကြီး၊ သခင်မကြီးတို့၏ လူအရွယ် ပုံတော်ကြီးများရှိသည်။ သခင်ကြီး၊ သခင်မကြီး... ၏ရှေးမူရင်းပုံတော်ငယ်များရှိပါသည်... ဦးတင်အေး၏မိခင် နန်းထိန်း ဒေါ်... လက်ထက်က အလွန်စွမ်းသည်ဟု... သည်။ ကိုယ်ပင်ပျောက်သည်ဟုအ... ၏။ သို့ကြောင့် နန်းတွင်းအနောက်ဘ... ၌ ဒေါ်အေး၏ပုံထုထားပြီးကိုးကွယ်... နေကြသည်။

ပြည်မြို့အပြင်ဘက် သုသာန်... ဖြတ်၍သွားရသည့်နန်းတွင် နန်းထိန်း... ဦးထွန်းထွန်းဖြစ်သည်။ နန်းထိန်း ဦး... ထွန်း ကွယ်လွန်သွားပြီဖြစ်၍ ယခု... မည်သူနန်းထိန်းဖြစ်နေသည်ကို စာ... သူ မသိပါ။

▫ စစ်ထွက်ပွဲ

ပြည်ကန်တော်နန်း၏ ထ...



www.burmeseclassic.com

www.burmeseclassic.com

နက်မှာ စစ်ထွက်ပွဲရှိခြင်းဖြစ်သည်။ နတ်တော်လဆန်း ၇ ရက်နေ့တွင် စစ်ထွက်ပွဲကျင်းပသည်။ နန်းရင်းရှေ့ရှိ ကွက်လပ်တွင် ယာယီနန်းထိုးပေးရသည်။ ငှက်ဆော့ပင်ရှင်၊ ကြံပင်ရှင်စိုက်ကာ သဲဖြူခင်း၍ ရာဇမတ်ကာပေးရသည်။ ဤယာယီနန်းတွင် ပုံတော်များထားရသည်။ ကန်အတွင်း စစ်တလင်းထိုးရမည့်နေရာကိုလည်း ရှင်းလင်းပြီး သဲဖြူခင်းကာ ရာဇမတ်ကာရသည်။ ကြံပင်(၅)ပင်ကို စုစည်းကာ အမွှေးနံ့သာပက်ဖျန်းပြီး စစ်တလင်းထိုးမည့်နေရာသို့ ယူဆောင်သွားရသည်။ စစ်ရိက္ခာအတွက် စားတော်ပွဲများပြင်ရသည်၊ စားတော်ပွဲတွင် ဆီးဖြူသီး၊ ဖန်ခါးသီးမှအစ အသီးမျိုးစုံ ပါဝင်ရသည်။ ကောက်ညှင်းထုပ်များလည်း ပါသည်။ နံနက် (၁၁) နာရီခွဲတွင် စစ်တလင်းသို့ ထွက်၍ စစ်ထိုးပွဲကျင်းပသည်။ စစ်ထွက်ရာတွင် ဒိုးမတီးဘဲစည်တော်ကိုသာတီးရသည်။စစ်တလင်းသို့ရောက်သည့်အခါ စိုက်ပြီးထောင်ထားသော ကြံပင်စည်းကို ဓားနှင့်ခုတ်ရသည်။ (၁၂) နာရီခွဲတွင် ယာယီနန်းသို့ပြန်လာကြသည်။

စစ်ထွက်ချိန် (၇)ရက်ကြာသည်။ ထိုအချိန်အတွင်း သက်ဆိုင်သူများသည် ခေါင်းရိတ်၊ ခေါင်းလျှော်ခြင်း မပြုလုပ်ရချေ။ အမင်္ဂလာပွဲသို့သွားရောက်ခြင်း၊ ငွေကူပုံခြင်းလည်း မပြုလုပ်ရချေ။ နန်းအတွင်း နတ်ပေးခြင်း၊ နတ်တင်ခြင်းလည်း မပြုလုပ်ရပါ။

**၁ စစ်ကြိုပွဲ**

နတ်တော်လဆန်း ၁၄ ရက်နေ့တွင် စစ်ကြိုပွဲကျင်းပသည်။ စစ်ထွက်ချိန်က ပါဝင်သူများ၏ ဝတ်စားဆင်ယင်မှုအတိုင်း စစ်ပြန်ချိန်တွင် ပြန်လည်ဝတ်ဆင်ရသည်။ နား၌ပန်သောပန်း၊ ခေါင်းမှာထိုးသည့်ပန်း၊ ရင်မှာထိုးသောပန်းကအစ စစ်ကြိုပွဲတွင် အတိအကျ ပြန်လည်ဆင်ယင်ရသည်။

စစ်ကြိုပွဲကို နတ်တော်လဆန်း ၁၃ ရက်နေ့ညမှစတင်ပြီး စစ်စောင့်သူအစောင့်ပြီး အသံများကြားကာ လူရိပ်မြင်သည့်အချိန်တွင် မောင်းကိုထု၍ စစ်ကြိုပွဲစတင်သည်။ ယေဘုယျအားဖြင့် ညဥ့်သန်းခေါင်အချိန်လောက်တွင် မောင်းထုကာကြိုလေ့ရှိသည်။

ထုံးတမ်းစဉ်လာအားဖြင့် လဆန်း ၁၄ ရက်၊ ၁၅ ရက်နှင့် လပြည့်ကျော် ၁ ရက်နေ့အထိ (၃)ရက်ပွဲကျင်းပသည်။

*(ပြည်ကန်တော်စစ်ထွက်ပွဲနှင့် စစ်ကြိုပွဲသည် (၇) ရက်သာခြား၍ တောင်ပြုန်းနန်းကြီးမှ စစ်ထွက်ပွဲသည် နတ်တော်လတွင် ကျင်းပ၍ စစ်ပြန်ပွဲသည် တပေါင်းလမှ ကျင်းပသည်ကို သတိပြုရာ၏။)*

**၂ ရိုးရာဆီထမင်းပွဲ**

ပြည်ကန်တော်နန်းမှထူးခြားသည့် ပွဲတစ်ပွဲမှာ နယုန်လ၌ ကျင်းပသော ဆီထမင်းပွဲဖြစ်၏။ ကျင်းပသည့်ရက်မှာ အတိအကျမရှိ။ ကန်ထဲ ရေရောက်ချိန်တွင် ပြုလုပ်လေ့ရှိသည်။ ယခုအခါ ကန်မှာ ကောလာပြီဖြစ်သဖြင့် သရက်သီးမှည့်လှိုင်လှိုင်ပေါ်သည့်အချိန်တွင်ပြုလုပ်သည်။ယေဘုယျအားဖြင့် နယုန်လဆန်း ၁၀ ရက်မှ ၁၅ ရက်အထိ ကျင်းပလေ့ရှိသည်။ ဆီထမင်းပွဲဆိုသည့်အတိုင်း ဆီထမင်းနှင့် သရက်သီးမှည့်ကိုတင်ရသည်။ ခုနစ်ရက်သားသမီးများထံမှ ဆက်သငွေဖြင့် ကန်တော်သခင်မကို တင်ဆက်ရခြင်း ဖြစ်သည်။

**□ နတ်ကနားပွဲများ**

ပြည်ကန်တော်နန်းပေါ်တွင် နတ်ကနားပွဲများ မကြာခဏကျင်းပရသဖြင့် နန်းပိုင်ဆိုင်းဝိုင်းကြီးထားသည်။ ပြည်ကန်တော်နန်းပေါ်တွင် ကနားပေးသည့်အခါ ထုံးစံအတိုင်း နန်းကြီးကောက်သည့်အစီအစဉ်ပြုလုပ်သည်။ ထို့နောက် ကနားပေးသူ၏ ရိုးရာနတ်များကိုပင့်၍ ချော့သည်။ ကန်တော်သခင်ကြီးနှင့် သခင်မတို့အား အထူးချော့ရသည်။

အိမ်ကနားများတွင် (၁) ရက်ကနား၊ (၃) ရက်ကနား စသဖြင့် ပေးရာတွင် နောက်ဆုံးနေ့ နောက်ဆုံးအချိန်၌ ပြည်ကန်တော်မောင်နှမပင့်၍ ချော့ရသည်။ အိမ်ကနားများ၌ ပြည်ကန်တော်ကန်တော့ပွဲများကို ပြတင်းပေါက်အနီးတွင်ထားသည်။ လမ်းဘေး သို့မဟုတ် ရပ်ကွက်တွင်း၌ ကနားပေးလျှင် မဏ္ဍပ်အစွန်း၌ထားသည်။ ဆိတ် သို့မဟုတ် အမဲပေါင်တစ်ပေါင်ကို မဏ္ဍပ်၌ နံနက်ပိုင်းတွင် ချိတ်ဆွဲထားပြီး အစိမ်းပြသည်။ ညနေပိုင်းမှ အကျက်စားတော်တင်သည်။ အိမ်များ၌ ပြည်ကန်တော်တင်လျှင်လည်း နံနက်ပိုင်း၌ ဆီ၊ ဆန်၊ ဆား၊ ငရုတ်၊ ကြက်သွန်နှင့် အသားအစိမ်းကို ပြ၍တင်ပြီး ညနေမှ အကျက်စားတော်တင်ကာ စွန့်ရသည်။

စာရေးသူသည် တစ်ခါက လမ်းဘေးမဏ္ဍပ်ထိုး၍နတ်ကနားပေးနေသည်ကို ကြည့်ဖူးသည်။ ညနေစောင်း မှောင်ခါနီးပြီ ဖြစ်၏။ နတ်ချော့နေသူ အမျိုးသမီးသည် ဘီလူးခေါင်းဆောင်းထားပြီး သပြေနှစ်စည်းကို လက်နှင့်ကိုင်ကာ ပျော်ပျော်ကြီးချော့နေသည်။

ဆိုင်းကလည်း -

"ဖိုးခေါင်ကျူးကျော်၊ ရွှေတောင်နိုးပေါ်၊ ပြည်တော်ကို မျှော်လိုက်စမ်းပါ၊ လမ်းဘယ်မမြင် ပြည်တော်ကိုမျှော်လိုက်စမ်းပါ၊ လမ်း. . . လမ်း. . . လမ်း. . . ဘယ်မမြင်၊

အိုးလေ မောင်မောင်ရေ မျှော်ကျိုးယောင်မိသေး. . . အိုးလေးကိုယ်တော်ရေ မျှော်ကိုးယောင်မိသေး၊

ညဥ့်နက်ကလေးရဲ့ချိန်သန်းခေါင်ကျရွှေမိုးမှောင်၊ သန်းခေါင်ယံလေချိုသွေးတော့ အေးရှာလိမ့်မယ်၊ သန်းခေါင်ယံလေချိုဖျန်းတော့၊ ချမ်း. . . ချမ်း. . . ချမ်းရှာလိမ့်မယ်"

စသဖြင့် ဘီလူးပျော်ချင်းနှင့် ပြည်ကန်တော်ချော့နေသည်။ မဏ္ဍပ်အစွန်း၌ ချိတ်ထားသော အသားပေါင်(အမဲသားလော၊ ဆိတ်သားလော မသိပါ) ကို ပေးလိုက်သောအခါ ထိုအသားပေါင်ကြီးကို ရွက်၍ ကပြီးအစိမ်းစားပါတော့သည်။ လူစိတ်နှင့် မည်သို့မျှစား၍မဝင်နိုင်ပါ။ နတ်စိတ်နှင့်ဖြစ်၍သာ စားနေနိုင်ပါသည်။ စာရေးသူကြည့်နေစဉ် အနည်းဆုံး ထိုချော့နေသည့်အမျိုးသမီးဝမ်းထဲသို့ (၅၀)သားခန့်မျှဝင်သွားပါလိမ့်မည်။

အိမ်ကနားများတွင် ပြည်ကန်တော်ချော့သည့်အခါ ပထမ မောင်တော်၊ နှမတော် နှစ်ဦးစလုံးကို ပင့်၍ ကရောင်းဖြင့် ညင်ညင်သာသာ ချော့ပြီးနောက် မောင်တော်ကို စိပ်ပုတီးပေးလိုက်သည့်အခါ စိပ်ပုတီးနှင့် အနည်းငယ်ချော့ပြီး နတ်ထွက်သွားပါသည်။ ထို့နောက် ကန်တော်သခင်မသည် ကြမ်းကြမ်းရမ်းရမ်းချော့တော့သည်။ စားတော်စာဆက်သည့်အခါလည်း ပုပ္ပားမယ်တော်ကိုစားတော်ဆက်သည့်အခါ တည့်တည့်လာ၍ စားတော်စာကို စားသည်မျိုးမဟုတ်ဘဲ ပြည်ကန်တော်သခင်မက နောက်ပြန် သို့မဟုတ် နောက်ပြန်လှည့်၍လှည့်၍လာပြီး စားတော်စာကို အဆက်သခံပါသည်။ ထို့နောက် ဆိုင်းက ရခိုင်သီချင်းကိုလည်း တီးပေးရသည်။ ဘီလူးပျော်ချင်းကိုလည်း တီးပေးရသည်။

မောင်သန်းဆွေ(ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

# နန္ဒာစိုး (ဆင်ဖြူကျွန်း)

# ထမလွှန်မှပေးသောအမွေ



အရပ်ထဲကတော့ ကိုလှမြင့်နှင့် မဝင်းမာတို့လင်မယားကို နတ်ဖက်သောလင်မယားဟု မှတ်ချက်ချကြလေသည်။ အဘယ်ကြောင့်ဆိုသော် နှစ်ဦးစလုံးပင် အလွန်ရိုးသားဖြူစင်ကြပြီး အလုပ်အကိုင်ကို ကြိုးစားသည့်နေရာတွင်လည်း အတွဲညီကြလှသောကြောင့်ဖြစ်သည်။ အသုံးအစွဲကျစ်လျစ်စေ့စပ်မှုရှိရာ၌လည်း တူညီကြသည်။

ကိုလှမြင့်သည် ယောကျ်ားသားတစ်ဦးပင်ဖြစ်သော်လည်း အသောက်အစား၊ လောင်းကစားမှုမရှိရုံမျှမက အခြားယောကျ်ားသားအတော်များများကဲ့သို့ လက်ဖက်ရည်ဆိုင်ထိုင်သောအလေ့အကျင့်ပင်ရှိသူမဟုတ်။

“လက်ဖက်ရည်အချိုသောက်တာဟာ အပိုငွေဖြုန်းတာပဲ။ အိမ်မှာထမင်းဝအောင်စားပြီးမှတော့ တခြားဘာကိုငွေအကုန်ခံပြီး သောက်ရမလဲ။ ညကတည်းက မနက်စာထမင်းကြမ်းကျန်အောင်ထမင်းကို ပိုပိုသာသာချက်၊ မနက်စောစောကျ အဲဒီထမင်းကြမ်းကိုပဲပြုတ်လေးနဲ့ကြော်၊ ရေနွေးကြမ်းလေးနဲ့စားလိုက်ရင်ပြီးရော”

ကိုလှမြင့်ပြောလေ့ရှိသော လက်သုံးစကားဖြစ်သည်။ ထိုပြောစကားအတိုင်းလည်း ကျင့်သုံးလေ့ရှိ၏။ ဧည့်ခံရမည့် တစ်ရပ်တစ်ကျေးမှ ဧည့်သည်မျိုးရောက်လာသည့်အခါမျိုးတွင် လူမှုရေးအရ လက်ဖက်ရည်ဆိုင်သို့လိုက်၍ လက်ဖက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံဧည့်ဝတ်ပြုလေ့ရှိသော်လည်း သူဟာသူတစ်ကိုယ်တည်းအားဖြင့်မူ လက်ဖက်ရည်ဆိုင်သို့ ခြေဦးမျှလှည့်တတ်သူမဟုတ်ပေ။

ထို့အတူ မဝင်းမာသည်လည်း မကုန်သင့်တာမကုန်စေရဟူသောဝါဒကို လက်ကိုင်ထားသူဖြစ်သည်။ အခြားမိန်းမသူများကဲ့သို့ မနက်လင်းသည်နှင့် မုန့်ဟင်းခါးကလေးစားလိုက်ဦးမှ၊ ဆီချက်ကလေး၊ ခေါက်ဆွဲသုပ်ကလေးစားလိုက်ဦးမှဆိုသလို နံနက်စောစောစားသောက်ဖွယ်ရာ အခြားအမယ်များကို အာရုံရောက်သူမဟုတ်။ ကိုလှမြင့်နှင့်အတူ ထမင်းကြမ်းကြော်နှင့် ရေနွေးကြမ်းနှင့် မနက်အစောစားပြီးတတ်သူမျိုးဖြစ်လေသည်။

သူတို့လင်မယားက သူတို့အတွက် အသုံးအစွဲချွေတာစေ့စပ်ကြသော်လည်း တစ်ဦးတည်းသာအားပြုစရာ ကျန်ရစ်နေသည့် ကိုလှမြင့်၏မိခင်ကြီးအတွက်မူ နှမြောတွန့်တိုခြင်းမရှိဘဲ သုံးစွဲကြလေသည်။ မိခင်ကြီးက နံနက်စောစောမုန့်ဟင်းခါးစားချင်သည်ဆိုလျှင်လည်း ချွေးမဖြစ်သူ မဝင်းမာက အပြေးအလွှားသွားဝယ်ကာ ပြင်ဆင်ကျွေးမွေးသည်။ ကော်ဖီနှင့်မုန့်စားချင်သည်ဆိုလျှင်လည်း မဆိုင်းမတွ ရှေ့အရောက်တိုက်ကျွေးပြုစု၏။

မဝင်းမာမှာ သူ၏မိဘနှစ်ပါးစလုံးကွယ်လွန်ခဲ့ကြပြီးဖြစ်သလို ကိုလှမြင့်အဖို့မှာလည်း ဖခင်ကွယ်လွန်ခဲ့ပြီးဖြစ်၍ သူတို့လင်မယားတွင် ကိုးကွယ်အားထားစရာ၊ ပြုစုစောင့်ရှောက်ကျွေးဇူးဆပ်စရာဆို၍ မိခင်ကြီးတစ်ဦးသာကျန်ရှိတော့သည်ဖြစ်ရာ အထူးပင်ဂရုတစိုက်ကြည်ညိုစောင့်ရှောက်ကြပေသည်။ ကိုလှမြင့်၏တစ်ဦးတည်းသော ညီမငယ်ဖြစ်သည့် နုနုခင်မှာလည်း အစ်ကိုနှင့် ယောက်မဖြစ်သူတို့၏ပုံစံအတိုင်း ပိပိပြားပြားသေသေဝပ်ဝပ်နေထိုင်တတ်သူကလေးဖြစ်လေသည်။

ကိုလှမြင့်၏ အလုပ်အကိုင်မှာ အဝတ်အထည်များရောင်းချသောလုပ်ငန်းဖြစ်သည်။ သို့သော် သူတို့လင်မယားမှာ မြို့ဈေးထဲ၌ ဆိုင်ခန်းဖွင့်လှစ်ရောင်းချခြင်းမျိုးမဟုတ်ဘဲ ဆင်ဖြူကျွန်းမြို့နယ်

www.burmeseclassic.com

[redacted]ကောင်းရှိကျေးရွာများသို့ တစ်ရွာဝင်တစ် [redacted]တွက် လှည့်လည်ရောင်းချခြင်း ဖြစ် [redacted]၊ ရောင်းချမည့် လုံချည်၊ အင်္ကျီနှင့် [redacted]တ်အထည်အပိုင်းအစများကို မန္တ [redacted]မြို့မှဝယ်ယူကာ မိမိတို့နယ်အတွင်း [redacted]ရွာများသို့ လှည့်လည်ရောင်းချခြင်း [redacted]

ထိုသို့ ကျေးရွာများသို့လှည့်လည် ရောင်းချခြင်းသည် လူပင်ပန်းသော်လည်း ငွေကြေးအမြတ်အစွန်းအားဖြင့် မြို့ဈေးထဲ၌ထိုင်၍ရောင်းချခြင်းထက်ပို၍တွက်ခြေကိုက်သည်။ မြို့ဈေးအတွင်းမှာမူ အခြားသောအပြိုင်အထည်ဆိုင်များလည်းရှိနေသောကြောင့် ရောင်းအားမကောင်းလှ။ ဝယ်သူများမှာ သူမိတ်နှင့်သူ၊ ကိုယ့်မိတ်နှင့်ကိုယ် မျှ၍နေပေရာ အရောင်းသွက်ပါသည်ဆိုသောနေ့သည် ပင်လျှင် တကယ်ပြန်ဆန်းစစ်ကြည့်တော့ နေ့တွက်ကိုက်သည်ထက်အနည်းငယ်ပိုသည်ဆိုရုံမျှသာရှိ၏။ သို့သော် ဈေးဦးပင် ဟုတ်ဟုတ်ငြားငြား မပေါက်လိုက်ရသောနေ့များလည်း ရှိပေ၏။

ထို့ကြောင့် ရောင်းရသည့်နေ့များနှင့် အရောင်းပါးသည့်နေ့များကို ပူးပေါင်းကာ ပျမ်းမျှကြိတ်နှုန်းတွက်လိုက်သော် အမြတ်အစွန်းမှာ သိသာများပြားသည်ဟု မဆိုနိုင်တော့ပေ။ နေ့စဉ်ကုန်ကျနေသော စားဝတ်နေမှုစရိတ်၊ ကျန်းမာရေး၊ လူမှုရေး၊ သာရေးနာရေး အထွေထွေစရိတ်တွေကလည်း ပုံမှန်ထွက်နေသည်ဆိုတော့ ရရစားစား ဝါးဝါးမျိုမျို





www.burmeseclassic.com

www.burmeseclassic.com

ဘဲစားဘဲချေသဘောမျှသာဖြစ်နေပြီး ကြီးပွားတိုးတက်ရန်လမ်းစမရှိဟု ကိုလှမြင့်က တွက်ချက်သည်။ သူတွက်ကိန်းကိုလည်း မဝင်းမာကိုချပြကာ တိုင်ပင်ခဲ့လေသည်။

"အမာရေ၊ ငါတို့ရောင်းဝယ်ဖောက်ကားနေပုံကတော့ ရေများရာမိုးရွာဆိုသလိုဖြစ်နေပြီထင်တယ်။ ဒီလိုကိုယ်နဲ့အပြိုင် ဆိုင်ပေါင်းစုံရှိရာနေရာမှာ ရောင်းနေတာနဲ့စာရင် ဈေးဆိုင်ရှားပါးတဲ့ တောရွာကျေးလက်တွေကို တစ်ရွာဝင်တစ်ရွာထွက် နယ်လှည့်ရောင်းချတာကမှ ကုန်ပစ္စည်းပေါ်မှာလည်း အမြတ်အစွန်းကို ထိုက်သင့်သလောက် ပိုမြှင့်တင်လို့ရနိုင်မယ်။ ပြီးတော့ တောကျေးလက် ရွာသူရွာသားတွေဟာ ရိုးသားကြတယ်။ လက်ထဲမှာဝယ်စရာငွေကြေးမရှိတဲ့သူတွေဖြစ်ပစေဦး သူတို့သိုလှောင်ထားတဲ့ စပါးတို့၊ ပဲတို့၊ နှမ်းတို့လို သီးနှံထွက်ကုန်ပစ္စည်းတွေနဲ့ တန်ဖိုးသင့်ကြေးနှုန်းထပ်ပြီး ရောင်းလို့ဝယ်လို့ဖြစ်တယ်။ အဲလို ပစ္စည်းချင်းထပ်ပြီးရောင်းရရင် ကိုယ့်ကုန်ပစ္စည်းအပေါ်ကလည်း မြတ်စွန်းဦးမယ်။ အလဲအထပ်ရလာတဲ့ သီးနှံကုန်စည်အပေါ်ကလည်း မြတ်စွန်းဦးမယ်။ ဒီတော့ ငါ့သဘောကတော့ အဲလိုသာ ရွာစဉ်နယ်လှည့်ဈေးသည်လုပ်ချင်တော့တယ်ကွာ။ ကိုယ့်ဆီမှာ ကိုယ်တိုင်ရောင်းနေရတာနဲ့စာရင် သွားရလာရ ကရိကထများပြီး ပိုပင်ပန်းမှာတော့ရှိတယ်။ ဒါပေမယ့် အဲလိုအပင်ပန်းခံတဲ့အတွက် အကျိုးအမြတ်လည်းပိုရလာလိမ့်မယ်လို့ တွက်မိတယ်ဟ"

"သွားရလာရသယ်ရပိုးရတဲ့ ခရီးစရိတ်တွေတက်လာဦးမှာကိုလည်း ထည့်တွေးဦးလေ ကိုလှမြင့်ရဲ့"

"ဟ - ဒါကတော့ စရိတ်စကအတွက် ဈေးဖိုးကိုမြှင့်ရမှာပေါ့ကွ။ မြို့ပေါ်မှာ တစ်ရာနဲ့ရောင်းတဲ့ပစ္စည်းကို နှစ်ရာပေးဝယ်ရလည်း သူတို့ဆီအိမ်တိုင်ရာရောက်လာရောင်းတဲ့ဈေးသည်အပေါ် မြော်မြင်မနေကြဘဲ ကျေကျေနပ်နပ်ပေးဝယ်ကြမှာပါပဲ။ အလုပ်မပျက်အကိုင်မပျက် ကိုယ့်ရွာမှာတင်ကိုယ်အဆင်သင့်ထွက်ဝယ်ရုံမို့ လာရောင်းတဲ့ ဈေးသည်ကိုတောင် ကျေးဇူးတင်ကြလိမ့်ဦးမယ်။ အရေးကြီးတာက လူကြားလို့မကောင်းလောက်အောင် လောဘတကြီးနဲ့ တစ်ရာတန်ပစ္စည်းကို ရောင်းဈေး ငါးရာဆိုသလိုမျိုး နင့်ခနဲမသတ်မှတ်ဖို့ဘဲလိုပါတယ်။ လာရသွားရသယ်ရပိုးရတဲ့ ခရီးစရိတ်တွေလည်း ရှိတယ်ဆိုတာကို ဈေးဝယ်တွေကလည်း တွက်ချက်ပြီး နားလည်ထားကြပြီးသားပါ။ သူ့ဘက်ကိုယ့်ဘက် မျှတညီညွတ်အောင် ရောင်းနိုင်ဝယ်နိုင်မယ်ဆိုရင် ဖောက်သည်အသစ်၊ မိတ်အသစ်တွေရလာမှာ အမှန်ပဲ"

"ဒီလိုဆိုလည်း ရှင့်သဘောပဲတော်။ အမေ့ကိုလည်း တိုင်ပင်ကြည့်ကြသေးတာပေါ့"

မဝင်းမာကလည်း ကိုလှမြင့်၏သဘောထားကို ကန့်ကွက်မနေပေ။ စီးပွားရေးကို မောင်တစ်ထမ်းမယ်တစ်ရွက် ကြိုးစားရှာဖွေလိုသူသာဖြစ်သည်။ ထို့ကြောင့် မိခင်ကြီးကို ဖွင့်ဟတိုင်ပင်ကြသောအခါ မိခင်ကြီးကလည်း လိုလားစွာပင် သဘောတူညီလေသည်။

"အေး- ငါ့သားကြီးက ပိုတိုးတက်အောင်ကြိုးစားဖို့ပြောလာတာပဲ။ စီးပွားဥစ္စာဆိုတာလည်း အချိန်အခါရှိတုန်း သွားနိုင်လာနိုင်နဲ့ ကျန်းမာရေးကောင်းတုန်းရှာဖွေရတာ။ တစ်ခေါက်တစ်ကျင်း အစမ်းသဘောနဲ့ ရောင်းဝယ်ကြည့်ကြဦးပေါ့။ ငါ့သမီးကလည်း ချက်ပြုတ်စားစရာစားအိုးစားခွက်ကအစ တောင်းကြီးကြီးတစ်လုံးနဲ့ ပါအောင်သယ်သွား။ ရောက်ရာရွာမှာ ဝယ်ခြမ်းချက်ပြုတ်စားတော့ စားစရိတ်လည်း အထူးပိုပြီးကုန်ကျစရာမရှိပါဘူး။ အမေ့အတွက်တော့ စိတ်ဖြောင့်ဖြောင့်သာသွားကြ။သမီးငယ်နုနုခင်တစ်ယောက်လုံး ပြုစုဖို့ကျန်ခဲ့မှာပဲ။ ပူစရာမရှိဘူး"

ကိုလှမြင့်တို့လင်မယား၏ဆန္ဒကို မိခင်ကြီးသာမက အိမ်မှာကျန်ရစ်ခဲ့မည့် ညီမငယ် နုနုခင်ကလည်း ကူညီဖြည့်ဆည်းပေးလေသည်။

"ဟုတ်တယ် အစ်ကိုရဲ့၊ အမေ့အတွက် ဘာမှနောက်ဆံတင်းမနေပါနဲ့။ ကျွန်မတစ်ယောက်လုံးရှိနေမှာပဲ၊ အားလုံးစိတ်ချသာသွား"

ကိုလှမြင့် ညီမလိမ္မာအကြောင်း သိပြီးဖြစ်၍ အထူးပင် အားတက်မိတော့သည်။ နယ်လှည့်ဈေးသည်အဖြစ်စတင်လုပ်ကိုင်တော့မည်ဟု ဆုံးဖြတ်ချက်ကိုချလိုက်ပြီးနောက် မန္တလေးမြို့သို့ ကုန်ဝယ်သွားသောအခါ ထုံးစံဝယ်နေကျထက် ပို၍များပြားအောင်တိုးမြှင့်ဝယ်ယူခဲ့လေသည်။ ပြီးနောက် အိမ်အတွက်ကုန်ကျနိုင်မည့် စားသောက်နေထိုင်မှုစရိတ်ကို ညီမငယ်နှင့် မိခင်ကြီးလက်ထဲအပ်ခဲ့ကာ နယ်လှည့်ဈေးသည်ဘဝကို စတင်အကောင်အထည်ဖော်ခဲ့လေတော့သည်။

ကိုလှမြင့်တို့ လုပ်ငန်းစတင်ခဲ့ကြသောအချိန်ကာလတုန်းက မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ရွာစဉ်လှည့်လည်ရာတွင် အဓိကအားကိုးအားထားပြုရသည်မှာ နွားလှည်းများသာဖြစ်သည်။ ဆင်ဖြူကျွန်းမြို့မှသည် စလင်းချောင်းအနောက်ဘက်၊ အရှေ့ဘက်ချောင်းရိုးတစ်လျှောက်ကျေးရွာများသို့ ပြေးဆွဲသောယာဉ်မှာ လယ်ထွန်စက်နောက်တွဲထရက်တာ (အရပ်အခေါ်ထွလာ) များ ဖြစ်သည်။ သရက်တောထွလာ၊ကန်ချောက်ထွလာ၊ပြောင်းခင်းထွလာ စသဖြင့် ခေါ်ဝေါ်ကြသည်။ မြို့မှစတင်အထွက်တွင် ထိုထွလာများဖြင့် လိုက်ပါခဲ့ကြရပြီး ချောင်းရိုးတစ်လျှောက် ကျေးရွာများတွင် တစ်ရွာနှင့်တစ်ရွာကူးပြီဆိုတော့မှ ရောက်ရာရွာမှ ရွာခံနွားလှည်းကိုငှားကာ ကူးသန်းသွားလာကြရပေသည်။

ကိုလှမြင့်တို့စတည်းချကြရသည်ကတော့ ကျေးရွာတိုင်းတွင် အသင့်ရှိပြီးဖြစ်သော ရွာလယ်ဇရပ်ကြီးများသာဖြစ်သည်။ ထိုဇရပ်ကြီးများမှာပင် တည်းခိုအိပ်စက်ကာ ဇရပ်ပေါ်တွင် အဝတ်အထည်များကို ဖြန့်ခင်းရောင်းချကြသည်။ မဝင်းမာက အသင့်ပါလာသော အိုးခွက်များဖြင့် ရွာမှ ဆန်၊ ဆီ၊ ဟင်းချက်စရာများဝယ်ယူချက်ပြုတ်ရ၏။ တစ်ရွာလျှင် လေးရက်၊ ငါးရက်နေထိုင်တည်းခိုရောင်းချကြပြီးမှ နောက်တစ်ရွာသို့ ကူးပြောင်းကြသည်။ ငွေကြေးနှင့်သာမက ရာသီပေါ်ထွက်ကုန်သီးနှံများနှင့်လည်း အလဲအထပ်ပြု၍ ရောင်းချနိုင်သဖြင့် ပဲစင်းငုံ၊ ပဲကြီး၊ မြေပဲ၊ စပါး၊ နှမ်းအစရှိ တောင်သူလှောင်ကုန်သီးနှံများကလည်း အိတ်ကြီးအိတ်ငယ်များဖြင့်စုဆောင်းရရှိကြသည်။ ငါးရက်၊ တစ်ပတ်ရှိမှ ရွာခံလှည်းတစ်စီးကိုငှားကာ နောက်တစ်ရွာသို့ကူးကြသည်။

ကိုလှမြင့်တွက်ကိန်းကား အမှန်ပင်ဖြစ်သည်။ သူ့ဘက်ကိုယ့်ဘက်သင့်တင့်မျှတသောအမြတ်အစွန်းနှင့်ရောင်းချသည်ဖြစ်၍ ကျေးရွာများက ကျေနပ်စွာ ဝယ်ယူအားပေးကြလေသည်။ မိတ်သစ်ဆွေသစ်များလည်း တိုးပွားလာခဲ့သည်။ နယ်လှည့်ခရီးတစ်လျှောက် ကျေးရွာများမှ စုဆောင်းရရှိခဲ့သော



www.burmeseclassic.com

www.burmeseclassic.com

စုံကို မြို့သို့ပြန်ရောက်သောအခါ များသို့ ပြန်သွင်းခြင်းဖြင့် သီးနှံ ပေါ်မှ အမြတ်အစွန်းများလည်း မံရရှိလေသည်။ ထို့အပြင် သူတို့ ချနေကျ အဝတ်အထည်များသာ ရွာဈေးဝယ်များမှ မှာကြားကြသော ကုန်စည်မျိုးစုံလည်း ပူးတွဲရောင်း ဈေးကွက်မျက်စိပွင့်လာခဲ့ကြသည်။

"ကိုလှမြင့်ရေ နောက်တစ်ခေါက် တို့လာရင် ငါးပိ၊ ငါးခြောက်ကောင်း ကောင်းလေးသယ်ခဲ့ပါ"

"မဝင်းမာရေ အလှူအတန်းသုံး အမွေးတိုင်၊ ဖယောင်းတိုင်အစ လက် တ်၊ ပဲကြော်၊ ချင်းကလေးအဆုံး သယ် ကြပါ။ မရောင်းရမရှိဘူး။ လက်နှိပ်မီးနဲ့ တ်ခဲတို့၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောလ် င်တို့၊ ဘုန်းကြီးလှူဖို့ ဒွိစုံသက်န်းတို့၊ ထီး၊ ပ်၊ ရေစစ်တို့ကအစပါလာရင် အကုန် ရောင်းရတယ်တော့"

ရွာပေါင်းစုံမှ တိုးပွားလာသော မိတ်သစ်များ၏မှာကြားချက်များကြောင့် ကိုလှမြင့်တို့လင်မယားမှာ တစ်ခေါက် ထက်တစ်ခေါက် ကုန်ပစ္စည်းများကို အမျိုးအမည်စုံနိုင်သမျှစုံအောင် မိန်းက လေးအလှပြင်မိတ်ကပ်ဘူး၊ နှုတ်ခမ်းဆိုး ဆေးတောင့်ကဲ့သို့ တိုလီမိုလီကုန်သေး အလေးများမှအစ ဖြည့်ဆည်းသယ်ယူ ရောင်းချကြရ၏။ သည်လိုနှင့် တစ်နှစ်မှ နှစ်နှစ်၊ သုံးနှစ်၊ လေးနှစ်၊ ငါးနှစ်ဖြင့် ကာလတာရှည်လာခဲ့သောအခါ ရွာစဉ် တစ်လျှောက် ကိုလှမြင့်တို့လင်မယား၏ ဖောက်သည်အသိမိတ်ဆွေတွေချည်းဖြစ် လာတော့သည်။ ရွာတိုင်းတွင်လည်း ရွာ လယ်ဇရပ်မှာမဟုတ်တော့ဘဲ ပင်တိုင် တည်းခိုရောင်းချစရာ မိတ်ဆွေအိမ်များ ရရှိလာခဲ့တော့၏။

သို့ဖြင့် ကိုလှမြင့်တို့လင်မယားမှာ နယ်လှည့်အရောင်းဈေးသည်ဘဝဖြင့် ကြိုးစားရှာဖွေစုဆောင်းခဲ့ကြရာ စီးပွား ဥစ္စာလည်း တိုးတက်လာခဲ့ကြသည်။ သို့သော် အကြွားအဝါမရှိ၊ အပိုကုန်ကျ စရာကို မစဉ်းစားဘဲ အနေကျစ်ကျစ်ဖြင့် နေတတ်ကြသူများဖြစ်သည့်အလျောက် သာမန်သက်ငယ်မိုး၊ ဝါးထရံကာ သုံးပင် အိမ်ငယ်ကလေးဖြင့်သာ ရောင့်ရဲစွာနေ ထိုင်ခဲ့ကြလေသည်။ လင်မယားနှစ်ဦး စလုံးနှစ်ဦးသဘောတူစုဆောင်းကြသည် မှာ ရွှေတိုရွှေစများသာဖြစ်၏။ နှစ်စဉ် တတိတတိတိုးပွားလာသော ရွှေထုပ် ကလေးများကိုသာ ကျစ်ကျစ်ပါအောင် ဖြည့်ဆည်းစုဆောင်းလာခဲ့ကြ၍ နှမ ငယ် နုနုခင်ကိုလည်း သင့်တော်သော အိမ်ထောင်ဖက်နှင့် လက်ဆက်ပေးနိုင် ခဲ့ကြ၏။

နုနုခင်မှာ အိမ်ထောင်ကျသွား သော်လည်း သျှောင်နောက်ဆံထုံးပါ မဟုတ်ပေ။ အကြောင်းမှာ ကိုလှမြင့်တို့ လင်မယားက နယ်လှည့်ချိန်ကများနေ သူများဖြစ်၍ မိခင်ကြီးကို အနီးကပ်ပြုစု ရန် အိမ်မှခွာမရသောကြောင့် သူ့ခင်ပွန်း သည်ကိုသာ ကိုယ့်အိမ်ခေါ်ထားရသော ကြောင့်ဖြစ်သည်။ ကိုလှမြင့်တို့လင် မယားကတော့ နုနုခင်တို့လင်မယားကို အိမ်မှာထားကာ သူတို့ရောင်းရေးဝယ် တာကိစ္စများကို အားစိုက်ကြိုးစားနေ ခဲ့ကြမြဲပင်။

သို့ရာတွင် တစ်ချိန်မှာတော့ မိခင် ကြီး၏ ကျန်းမာရေးက ဖောက်ပြန်လာ သည်။ မြို့ကဆရာဝန်ကိုပြတော့ မကွေး တိုင်းဆေးရုံကြီးသို့ ထပ်ဆင့်ညွှန်ပြန်၏။ မိခင်ကြီးတွင်စွဲကပ်လာသောရောဂါမှာ ကြောက်မက်ဖွယ်ရာကောင်းလှသော အဆုတ်ကင်ဆာရောဂါဟု အဖြေထွက် လာသည်။ သူ့ခေတ်သူ့အခါအလျောက် ကုသပေးနေသော ဆရာဝန်ကြီးများက ညွှန်ကြားသည့် စားဆေး၊ ထိုးဆေးမျိုးစုံ ဖြင့် ကုသသော်လည်း ခြောက်လခန့် အကြာမှာပင် ထိုရောဂါနှိပ်စက်၍ မိခင် ကြီး ကွယ်လွန်တိမ်းပါးသွားရရှာတော့ သည်။

မိခင်ကြီးကို ဆေးဝါးကုသနေရ သောခြောက်လခန့်အတွင်း ကိုလှမြင့်တို့ အရောင်းအဝယ်ကိစ္စတွေအတော်နှောင့် နှေးသွားခဲ့ရ၏။ ဖောက်သည်များရှိရာ ကျေးရွာများသို့ ဈေးရောင်းသွားခဲ့ကြ သော်လည်း ယခင်ကလို စိတ်ဖြောင့် ဖြောင့်နှင့်တစ်လကိုးသီတင်းလှည့်လည် မနေနိုင်။ နောက်ဆံတင်းနေရသဖြင့် တစ်ပတ်၊ ဆယ်ရက်ခန့်ကြာလျှင် မြို့ သို့ပြန်ပြေးပြီး မိခင်ကြီး၏အခြေအနေ ကို အကဲခတ်နေခဲ့ရသည်။ မိခင်ကြီး မကွယ်လွန်မီ နောက်ဆုံးသုံးလလောက် ကတော့ လုံးဝပင် ရပ်နားထားလိုက်ရ တော့သည်။ဈေးရောင်းခရီးမထွက်တော့ ဘဲ အိမ်မှာပင် အနီးကပ်ပြုစုနေခဲ့ကြ ရ၏။ သည်လိုဖြင့် ကိုလှမြင့်လက်ပေါ် မှာပင် မိခင်ကြီးကွယ်လွန်သွားခဲ့ရခြင်း ဖြစ်တော့သည်။

အသက်ရှင်စဉ်တ ကျေနပ် လောက်အောင် ပြုစုလိုက်ကြရသဖြင့် ကိုလှမြင့်တို့ ကျန်ရစ်သူများက မိခင်ကြီး အတွက် အပူသောကကို တရားနှင့်ဖြေ ကြပါ၏။ ကောင်းမွန်စွာ သဂြိုဟ်လိုက် ကြပြီး သက်ပျောက်ဆွမ်း၊ မြေကျဆွမ်း စသဖြင့် ကုသိုလ်ပြုအမျှဝေပေးကြ၏။ ရပ်ရွာထုံးစံအတိုင်း ခုနစ်ရက်တစ်ပတ် ပြည့်သောနေ့တွင်လည်း ရက်လည်ဆွမ်း အဖြစ် သံဃာတော်များကိုဆက်ကပ်လှူ ဒါန်းကာ ရေစက်ချအမျှဝေလိုက်ကြ၏။ မိခင်ကြီး၏ဘဝတစ်ခုကား ပြီးဆုံးသွားခဲ့ လေပြီ။

"တို့အမေကတော့ အဆန်းပဲဟ။ တို့ရေစက်ချအမျှဝေတာကို သာဓုခေါ် နိုင်သလား၊ မခေါ်နိုင်ဘူးလား၊ တို့အမျှ ဝေတာကိုပဲ သူမသိဘူးလားမပြောတတ် တော့ဘူး။ အရပ်ထဲက ဟိုလူဒီလူတွေ ပြောကြသလို အရိပ်အယောင်လည်း မပြ၊ အသံလည်းမပေး၊ အိပ်မက်လည်း မပေး၊ သူအိပ်ခဲ့တဲ့အခန်းထဲက ဘာ ပစ္စည်းကလေးတစ်ခုမှလည်း မလှုပ်၊ ငြိမ် ချက်သားကောင်းလိုက်သမှလွန်ရောပေါ့ ကွာ။ ဘာမှကိုထူးထူးခြားခြားမပြလာ ဘူး။ အံ့ရောပဲ"

ရက်လည်ဆွမ်းသွတ်ရေစက်ချကြ သည့်နေ့က ကိုလှမြင့်တို့က အားမလို အားမရဖြစ်မိကြ၍ပြောမိတော့ မဝင်းမာ က မှတ်ချက်ချ၏။

"အိုတော် - အမေက မသေခင် တုန်းကလည်း ခပ်အေးအေးနေခဲ့တဲ့သူ ပဲ။ ကျုပ်တို့အမျှဝေတာကို သူသာဓုခေါ် ရရင်လည်း တကူးတကလာပြီး အရိပ် အငွေ့တွေပြနေမှာမဟုတ်ပါဘူး။ သူ ကုသိုလ်ကံကညွှန်တဲ့လမ်းပဲ အေးအေး ဆက်သွားမယ့်သူပါ"

ဟုတ်တာမဟုတ်တာနောက်ထား ဇနီးသည် မဝင်းမာ၏ မှတ်ချက်ချစကား အတိုင်းပင်ဖြစ်ပေလိမ့်မည်ဟုသာ ကိုလှ မြင့် မှတ်ယူနှလုံးသွင်းလိုက်ရတော့၏။ မိခင်ကြီးအတွက် ရက်လည်ဆွမ်းသွတ်ပြီး နောက်တစ်ပတ်ခန့်အကြာမှာပင် ကိုလှ မြင့်တို့လင်မယားနှစ်ယောက် သူတို့မူလ လုပ်ငန်းကလေးကိုပြန်ကောက်ရသည်။ ဈေးရောင်းမလှည့်လည်ဘဲ သုံးလခန့်နေ လိုက်ရသဖြင့် အိမ်မှာပင် ကုန်ပစ္စည်း များနှင့် အဝတ်အထည်အိတ်ကြီးများ သောင်တင်စုပုံနေသည်မဟုတ်လား။ ဒီ ကုန်ပစ္စည်းမျိုးစုံတွေထဲမှာ ငွေတွေအိပ် နေသည်။

ထို့ကြောင့် နှမငယ် နုနုခင်တို့လင် မယားကို အိမ်ဦးထားရစ်ခဲ့ကာ သူတို့၏ ဖောက်သည်ကျေးရွာများသို့ ထွက်ခွာ လာခဲ့ကြသည်။ မရောက်တာကြာခဲ့ပြီမို့ ရွာခံမိတ်ဆွေများကလည်း ဝမ်းသာအား



www.burmeseclassic.com

www.burmeseclassic.com

ရဆီးကြိုကြ၏။သည်လိုနှင့် သရက်တောကျေးရွာမှာ ငါးရက်တိတိ တည်းခိုနေထိုင်ရောင်းချခဲ့ပြီး ရွာစဉ်အတိုင်း ဝါးရုံစုကျေးရွာသို့ နွားလှည်းဖြင့်ကူးခဲ့သည်။ ဝါးရုံစုရွာမှ မိတ်ဆွေဦးဖိုးအောင်၏အိမ်တွင် တည်းခိုပြီးရောင်းချရာ နှစ်ရက်သာရှိသေး၏။ ထိုဒုတိယညမှာပင် ကိုလှမြင့်အိပ်မက်မက်လေသည်။

အိပ်မက်ထဲတွင် သူ၏မိခင်ကြီးကိုမြင်ရ၏။ မိခင်ကြီးက အရေးတကြီးပြောသောစကားမှာ -

"သားကြီး၊ အဲဒီကဈေးရောင်းရမယ့်ငွေကိုမက်မနေနဲ့။ အိမ်ကိုမြန်မြန်ပြန်"

ဟူ၍ ဖြစ်လေသည်။ ဘာမှပြန်ပြောချိန်၊ မေးချိန်မရလိုက်ခင်မှာပင်ဖျတ်ခနဲလန့်နိုးသွားသည်။ လန့်ဖျပ်ပြီးအိပ်ရာထဲမှ ငေါက်ခနဲထထိုင်လိုက်မိသော်လည်း 'ငါကိုက စိတ်စွဲလို့နဲ့တူပါတယ်၊ ရက်လည်ဆွမ်းသွတ်အမျှဝေတဲ့နေ့ညကတောင်မမက်ဘဲနဲ့' ဟု မှတ်ချက်ချပြီး ပြန်အိပ်လိုက်ရ၏။

သို့ရာတွင် နောက်တတိယညမှာလည်း ဘုရားရှိခိုးပြီးမှအိပ်ပါလျက်နှင့် မိခင်ကြီးကို အိပ်မက်မက်ပြန်၏။

"သားကြီး၊ အေးမနေနဲ့။ အရေးကြီးတယ်၊ အိမ်ကိုအမြန်ပြန်၊ နင့်မိန်းမကိုထားခဲ့ပါ။ သူရောင်းလို့လည်းဖြစ်နေတဲ့ဟာကို၊ ရွာမှာက မိတ်ဆွေတွေနဲ့ပဲဘာမှပူစရာမလိုဘူး"

ဟုဆိုပြန်၏။

'ဘာဖြစ်လို့လဲအမေ' ဟု မေးမည်ပြုဆဲမှာပင် မိခင်ကြီး၏ပုံရိပ်ပျောက်ကွယ်သွားသည်ဟုမက်မြင်ကာ လန့်နိုးလေသည်။ ရေအေးတစ်ခွက်ထသောက်ပြီး မိခင်ကြီးကိုရည်စူး၍ မေတ္တာပို့အမျှဝေပြီးပြန်အိပ်ရ၏။ သို့သော် မနက်လင်းသည်နှင့် မဝင်းမာပြောလာသောစကားကြောင့် ကိုလှမြင့်မျက်လုံးပြူးသွားရလေတော့သည်။

"ကျုပ်မိုးလင်းခါနီးတုန်းက အိပ်မက်မက်တယ်တော့်။ အိပ်မက်ထဲမှာအမေပေါ်လာပြီး နင့်ယောက်ျားကိုအမြန်ဆုံးအိမ်ပြန်လွှတ်။ ဒီကောင် အမေပြောတာကို နားမထောင်ဘူး။ နောက်တစ်နေ့ပဲ မနက်လင်းရင် သရက်တောထွေလာကြုံလိမ့်မယ်။ အဲဒါနဲ့ အမြန်ပြန်လိုက်သွားပစေ'လို့ ရေးကြီးသုတ်ပျာပြောတယ်။ ကျုပ်လည်း လန့်နိုးလာရော"

"ဟေ - ဟုတ်လား၊ မနေ့ညတုန်းက ငါလည်းအိပ်မက်မက်တာပဲ။ ဒီကဈေးရောင်းရမယ့်ငွေကိုမက်မနေနဲ့၊ အိမ်ကို အမြန်ပြန်လို့ပြောတယ်။ ငါလည်းစိတ်စွဲလို့နဲ့တူပါတယ် အောက်မေ့တာ အခု နောက်တစ်ညထပ်မက်ပြန်တယ်။ 'အေးမနေနဲ့၊ အရေးကြီးတယ်၊ အိမ်ကိုအမြန်ပြန်' လို့ ထပ်ပြောပြန်တယ်။ ဈေးရောင်းတာက နင်ရောင်းနေခဲ့လည်းဖြစ်တာပဲ၊ နင့်ကိုထားခဲ့ပေါ့'တဲ့ဟ"

ကိုလှမြင့်က ပြန်ပြောလိုက်တော့ မဝင်းမာအတော်လန့်သွားဟန်တူသည်။

"မဖြစ်ဘူးကိုလှမြင့်ရေ၊ အကြောင်းတစ်ခုခုတော့ထူးနေပြီထင်တယ်။ ဟိုမှာလေး၊ ငါးရက်နေပြီး စောင့်ကြည့်လို့ဘာမှမထူးဘူးဆိုတော့လည်း ပြန်လာခဲ့လိုက်တာပေါ့။ ကျုပ်ကဒီမှာဈေးရောင်းနေခဲ့လို့ဖြစ်ပါတယ်။ အားလုံးလည်းကိုယ့်အသိအကျွမ်းမိတ်ဆွေတွေဖြစ်နေကြပြီပဲ။ စိတ်ပူစရာမရှိဘူး"

ဆက်လက်ပြောကြဆိုကြရင်း ထိုအကြောင်းကို ရွာခံအိမ်ရှင်ဦးဖိုးအောင်တို့မိသားစုသိရှိသွားကြသည်။

"ဟုတ်သားပဲ မောင်လှမြင့်ရယ်၊ နောက်မှ မပြန်လိုက်မိလေခြင်းဆိုပြီးနောင်တရနေရဦးမယ်။ ထူးတော့ထူးနေတာအမှန်ဆိုတော့ ပြန်လိုက်ပေါ့။ ဟုတ်တယ်၊ ဒီနေ့ သရက်တောထွေလာထွက်ဖို့ရှိတယ်။ ငါတောင် မနက်ကမှ ယာထဲသွားရင်း တစ်ဆင့်ကြားနဲ့သိခဲ့ရတာ။ ဒါကို မင်းတို့အိပ်မက်ထဲက ဘယ်လိုလုပ်ပြီး ကြိုတင်သိနေရတာလဲ"

"ကျွန်တော်လည်း မပြောတတ်တော့ဘူး ဦးလေးဖိုးအောင်ရဲ့"

ထိုစဉ်က သရက်တောရွာမှထွက်ရှိသော ထွေလာ (လယ်ထွန်စက်နောက်တွဲယာဉ်၊ ထိုယာဉ်ဖြင့် ခရီးသည်နှင့်ကုန်စည်များတင်ဆောင်ပြေးဆွဲသည်။) သည် ဆင်ဖြူကျွန်းမြို့သို့ နေ့စဉ်ပုံမှန်မထွက်ပေ။ ကုန်စည်ရရှိမှုအပေါ်မူတည်ပြီး ငါးရက်၊ ခုနစ်ရက်ရှိမှ တစ်ကြိမ်ပြေးဆွဲနေချိန် ဖြစ်သည်။ အားလုံးကလည်းတိုက်တွန်းနေသည့်အပြင် ကိုလှမြင့်ကိုယ်တိုင်လည်း စိတ်လေးလာသလိုလိုရှိ၍ပြန်လိုက်ဖို့ဆုံးဖြတ်ချက်ချလိုက်သည်။ ထိုနေ့ညနေဘက် မိုးချုပ်ချုပ်တွင် မြို့ကိုပြန်ရောက်သည်။ ထွေလာခရီးမှာ တစ်နေ့ကုန်စီးရသောခရီးဖြစ်၏။

"ဟင် - အစ်ကိုပြန်ရောက်လာပြီ၊ ဈေးရောင်းစရာကုန်ပစ္စည်းတွေက ရွာမှာရောင်းလို့ကုန်သွားပြီလား"

နှမငယ် နုနုခင်က တအံ့တသြဖြင့်ဆီးကြိုမေးသည်။ တအံ့တသြဖြစ်ရခြင်းမှာ ကိုလှမြင့်တို့ကအိမ်မှာ မည်သည့်ရောင်းချစရာကုန်ပစ္စည်းမျှ လက်ကျန်မထားခဲ့ဘဲ ရှိသမျှအားလုံးတိုက်သွားသဖြင့် သည်မျှရက်တိုတိုလေးနှင့်ရောင်း၍ ကုန်နိုင်စရာမရှိသည့်ကြားက ကိုလှမြင့်ပြန်ရောက်လာသောကြောင့် ဖြစ်သည်။

"ဟာ - ငါတို့ကုန်တွေက ဒီရက်ပိုင်းကလေးနဲ့ ဘယ်လိုလုပ်ရောင်းလို့ကုန်ဦးမလဲဟ။ တခြားကိစ္စရှိလို့ပြန်လာတာပါ။ ငါ ဒီမှာလေး၊ ငါးရက်တော့နေရဦးမယ်။ ပြီးမှပြန်သွားမယ်"

"ဒါဆိုအစ်ကိုပြန်ရောက်လာတာအတော်ပဲ၊ ကျွန်မတို့လင်မယားလည်း အထက်မင်းလှကိုသွားမလို့။ကိုမြင့်မောင်အမေက အတော်နေမကောင်းဖြစ်နေလို့ဆိုပြီးလာခဲ့ကြဖို့မှာနေတာ နှစ်ရက်ရှိပြီ။ သူ့အလုပ်ကမပြတ်သေးလို့သာနေနေကြတာ။ သူ့အလုပ်က ဒီနေ့လက်စသတ်မှာ။ ဒါကြောင့် မနက်ဖြန်တော့အိမ်တံခါးပိတ်သော့ခတ်ခဲ့ပြီးသွားကြမှာပဲလို့ စဉ်းစားထားကြတာ။ အခု အစ်ကိုက လေး၊ ငါးရက်နေဦးမယ်ဆိုတော့အိမ်ကိုသော့ခတ်ထားခဲ့စရာမလိုတော့ဘူးပေါ့"

"နင့်ယောက္ခမ နေမကောင်းတာတဲ့လား။ အေး - ငါပြန်ရောက်တုန်းသွားချင်လည်းသွားကြလေ"

ခရီးပန်းလာသဖြင့် ညစာစောစောစားပြီးသည်နှင့် ကိုလှမြင့်အိပ်ရာဝင်လိုက်၏။ နောက်တစ်နေ့မနက်မှာပင် နုနုခင်တို့လင်မယား သူမ၏ယောက္ခမရှိရာ အထက်မင်းလှမြို့သို့ထွက်ခွာသွားကြ၍ အိမ်မှာ ကိုလှမြင့်တစ်ယောက်သာ ကျန်ရစ်ခဲ့၏။ 'အရေးကြီးတယ်၊ အိမ်ကိုအမြန်ပြန်' ဆိုသော မိခင်ကြီး၏အိပ်မက်ကတော့ ဘာမှထူးခြားမလာ။ ထို့ကြောင့် ကိုလှမြင့်မှာ ဇဝေဇဝါဖြစ်မိရ၏။ သည်လိုနှင့် အိမ်သို့ပြန်ရောက်ပြီး လေးရက်မြောက်သောနေ့သို့ ရောက်လာ၏။ နေ့လယ်စာစားအပြီးတွင် ဗိုက်လေးလေးဖြင့် ထမင်းလုံးစီရင်း ကိုလှမြင့်အိပ်ပျော်သွား၏။

ဘာမှကြာလိုက်သည်မထင်။ ညနေ(၃)နာရီခန့်မှာပင် စီခနဲငရဲပွက်သလို ဆူညံစွာပေါ်ထွက်လာသော မီးလန့်သံ ချောင်းခေါက်သံများနှင့် လူသူအော်ဟစ်သံများကြောင့် ဖြုန်းခနဲ လန့်နိုးရလေတော့သည်။

"မီးလောင်နေပြီ၊ မီးလောင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com

အော်ဟစ်သံများကြောင့် လူးလဲထကာ အိမ်အပြင်ဘက်သို့ပြေးထွက်ခဲ့သည်။

လူအများ ဝိုင်းအုံဦးတည်ပြေးနေကြသော အရှေ့အရပ်သို့ မျှော်ကြည့်လိုက်သော် မည်းခဲနဲတက်လာသောမီးခိုးလုံးကြီးတွေကို မြင်ရ၏။ကိုလှမြင့်၏အိမ်နှင့်မီးလောင်သောနေရာနှင့်က တစ်ဖာလုံနီးပါးဝေးသေး၏။ လေကအနောက်ဘက်က ပင့်တိုက်နေသဖြင့် မီးကအရှေ့အရပ်သို့ ဆက်ကူးသွားပုံရသည်။ ထို့ကြောင့် အိမ်ဝင်းတံခါးများကို သော့ခတ်ပိတ်ခဲ့ကာ မီးလောင်ရာသို့ပြေးသွားပြီး အများနှင့်အတူ ဝိုင်းကူငြိမ်းသတ်သည်။ မိမိတို့နေထိုင်ရာ အနောက်ဘက်ပိုင်းကတော့ ဧကန်လွတ်လိမ့်မည်ဟု ယုံကြည်မိသောကြောင့် ဖြစ်သည်။

သို့သော် အခြေအနေက ကိုလှမြင့် တွက်ထားသလိုဖြစ်မလာ။ ဝေ့ဝဲတိုက်ခတ်လာသော လေကြောင်းအပြောင်းတွင် မီးက မိမိတို့အနောက်ပိုင်းဘက်သို့ ပြန်လှည့်လာချေတော့သဖြင့် ကိုယ့်အိမ်ကိုယ်ပြန်ပြေးရလေတော့သည်။ အိမ်မှာတော့ ပစ္စည်းများများစားစားမရှိပါ။ မိမိတို့လင်မယား၏ အဝတ်သေတ္တာတစ်လုံး၊ နုနုခင်တို့လင်မယား၏ အဝတ်သေတ္တာတစ်လုံးနှင့် အပ်ချုပ်စက်ခေါင်းပဲ သယ်စရာရှိ၏။ ရောင်းကုန်ပစ္စည်းတွေက ရွာမှာရောက်နေသည်။ အိမ်မှာဘာမှမကျန်ရစ်ခဲ့။

အများနည်းတူ ကိုလှမြင့်လည်း ကိုယ့်အိမ်ထဲက ပစ္စည်းကလေးတွေကို မီးလွတ်ရာအဝေးသို့ သယ်ပြေးရ၏။ အဝတ်သေတ္တာနှစ်လုံး၊ အပ်ချုပ်စက်ခေါင်းနှင့် ဘုရားကျောင်းဆောင်ကဆင်းတုတော်အပါအဝင် (၁၄) လက်မတီဗွီအငယ်ကလေးတစ်လုံးတို့ကို အချိန်မီ သယ်ယူလိုက်နိုင်သည်။ မီးက မြို့မြောက်ဘက်ခြမ်းရှိ ရပ်ကွက်ကြီးနှစ်ခုကို လောင်ကျွမ်းသွားသည်။ ထိုမီးကြီးထဲမှာ ကိုလှမြင့်တို့အိမ်လေးလည်းပါသွားလေသည်။

သို့သော် ဟောင်းနွမ်းလှပြီဖြစ်သော အခွံမျှသာရှိတော့သည့် သုံးပင်အိမ်ငယ်ကလေးမို့ အခြားသူများနှင့်စာလျှင် ဆုံးရှုံးရမှုဏာန်ဖိုးမကြီးမားလှဟု ဖြေသိမ့်ရပေသည်။ အိမ်အမိုးသက်ကယ်နှင့် အကာဝါးထရံဟောင်းများကိုပင် ယခုတစ်ခေါက်ဈေးရောင်းကအပြန်တွင် ဖျက်သိမ်း၍ အသစ်မိုးတော့ကာတော့မည်ဟု ဆုံးဖြတ်ထားခဲ့ကြပြီးဖြစ်လေသည်။

"ဘုရား၊ ဘုရား အရေးကြီးတယ်။ အိမ်ကို အမြန်ပြန်ဆိုတဲ့အိပ်မက်ရဲ့ အဓိပ္ပာယ်က ဒါကိုး"

ကိုလှမြင့် အဲဒီတော့မှ သဘောပေါက်သွားကာ ကြက်သီးမွေးညင်းတွေထသွားသည်။ အကယ်၍ သူသာပြန်မရောက်ခဲ့သော် နုနုခင်တို့လင်မယားကလည်း ယောက္ခမဖြစ်သူ၏ ကျန်းမာရေးကိစ္စ မှာကြားချက်အရ အိမ်တံခါးသော့ခတ်ခဲ့ကာ မဖြစ်မနေခရီးသွားကြမည်ဖြစ်သည့်အတွက် ဤအိမ်ကလေးသည် ဆွဲသူလွဲသူမဲ့စွာ သည်အတိုင်းပင်ရှိသမျှ ပစ္စည်းအားလုံး မီးစာဖြစ်ရတော့မည်မှာ သေချာလှပေသည်။

အိမ်အိုဟောင်းကလေးနှင့်အဝတ်အစားသေတ္တာ၊ အပ်ချုပ်စက်ခေါင်းစသည့်ပစ္စည်းတို့က အရေးမကြီးလှပါဟု ဆိုနိုင်သော်လည်း ကိုလှမြင့်တို့လင်မယား အနှစ်နှစ်အလလက ကျစ်ကျစ်ပါအောင် တတိတိစုဆောင်းလာခဲ့ရသည့် တစ်ဆယ်ကျပ်သားကျော်ကျော် ရွှေထုပ်ကလေးကတော့ အရေးကြီးပါသည်။ ထိုရွှေထုပ်ကလေးကို သူတို့အဝတ်သေတ္တာအောက်ခြေမှာ သိမ်းဆည်းထားခြင်းဖြစ်ပါသည်။ ထိုရွှေထုပ်ကလေးသာပါသွားလျှင်တော့ သူတို့တစ်သက်တာစုဆောင်းခဲ့ကြသမျှသည် တစ်ညနေနှင့်ပင် ဆုံးရှုံးရတော့မည်ဖြစ်သည်။ မီးလောင်သွား၍ ထိုရွှေများအရည်ပျော်ကာ အထည်ပျက်သွားသည်ထားဦး၊ မီးလောင်ပြင်အတွင်း ဝင်ရောက်ထိုးဆွရှာဖွေကြသူများထဲက တစ်စုံတစ်ဦး၏လက်ဝယ်သို့ပါသွားနိုင်သည်ပဲမဟုတ်လား။ ယခုတော့ အိမ်အိုဟောင်းအခွံကလေးပါသွားသည်မှလွဲလျှင် ကိုလှမြင့်တို့မှာ စည်းစိမ်ပြုတ် ဘဝပျက်သွားသည်ဟု မဆိုသာသေးပါ။

"တော်သေးတာပေါ့ အစ်ကိုရယ်၊ တိုက်တိုက်ဆိုင်ဆိုင် အစ်ကိုအချိန်မီပြန်ရောက်လာပြီး အိမ်စောင့်ကျန်ရစ်ခဲ့လို့သာပေါ့။ နို့မို့ဆိုရင် ကျွန်မတို့တလည်း ခရီးသွားနေတာနဲ့အကုန်ပြုတ်ပဲ။ ဘာဆိုဘာမှရလိုက်တော့မှာမဟုတ်ဘူး"

နောက်တစ်နေ့တွင် မီးသတင်းကြားရ၍ပြန်ပြေးလာသော နှမငယ်နုနုခင်က ရင်ဘတ်ဖိရင်းပြော၏။

"အေး၊ အဲဒါအတွက်ငါ့ကိုကျေးဇူးမတင်နဲ့ဟာ၊ အမေ့ကိုကျေးဇူးတင်"

ကိုလှမြင့်ပြန်ပြောလိုက်တော့ နုနုခင်မျက်မှောင်ကြုတ်ကာမေး၏။

"ဟင် - အစ်ကိုဘာပြောတာလဲ၊ အမေ့ကိုကျေးဇူးတင်ရအောင် အမေက ရှိမှမရှိတော့တာ။ အစ်ကိုပြောတာကို ကျွန်မနားမလည်ဘူး"

သည်တော့မှ ကိုလှမြင့်က ဝါးရုံစုရွာတွင်မက်ခဲ့သောအိပ်မက်အကြောင်းကို ပြန်ရှင်းပြလိုက်တော့ နုနုခင်မှာ အံ့အားတသင့်ဖြင့် မျက်လုံးဝိုင်းနေတော့သည်။

"ဟယ် - အစ်ကိုတင်မကဘူး၊ အစ်မဝင်းမာလည်းမက်တယ်ဟုတ်လား"

"ဟုတ်ပ။ သူတို့ကျတော့ နင့်ယောကျ်ားကို အမြန်ဆုံးမြို့ကိုပြန်လွှတ်လိုက်လို့ဆိုသတဲ့လေ"

"ဒါဆိုရင် အမေမကျွတ်လွတ်သေးဘူးဆိုတဲ့သဘောပေါ့ အစ်ကိုရဲ့၊ ကျွတ်လွတ်ခဲ့လို့ ဘဝသစ်တစ်ခုခုကိုကူးပြောင်းသွားခဲ့ပြီဆိုရင် အစ်ကိုတို့ကို ဘာလို့လာအိပ်မက်ပေးစရာအကြောင်းရှိသေးလို့လဲ။ ကျွန်မတို့တစ်တွေ တစ်လလည်ဆွမ်းသွတ်တဲ့နေကျရင် အမေ့နာမည်ကိုခေါ်ပြီး အမျှအတန်းထပ်ဝေကြမှဖြစ်မယ်"

နှမငယ် နုနုခင်ပြောသည့်အတိုင်းပင် ကိုလှမြင့်လည်း သဘောရမိ၏။ ထို့ကြောင့် မိခင်ကြီးအတွက် ကွယ်လွန်ခြင်းတစ်လပြည့်နေ့တွင် သံဃာတော်များအား လလည်ဆွမ်းအဖြစ် ဆက်ကပ်လှူဒါန်းကာ မိခင်ကြီး၏နာမည်ကိုခေါ်၍ အမျှအတန်းပေးဝေလိုက်ကြ၏။ ထိုညမှာပင် -

"သားကြီးရေ၊ အမေ့လမ်းအမေ သွားပြီနော်။ အမေ့အတွက် ကုသိုလ်ပြု အမျှပေးဝေတဲ့အတွက် သားကြီးတို့ကို ကျေးဇူးတင်လိုက်တာကွယ်"

ဟူသော မိခင်ကြီး၏ အသံကို အိပ်မက်လိုလိုဘာလိုလိုဖြင့် နောက်ဆုံးကြားလိုက်ရပေတော့သည်။

ကိုလှမြင့်ကတော့ လက်ထဲတွင်ကျန်ရစ်ခဲ့သော ရွှေထုပ်ကလေးကို မြင်တိုင်း မိခင်ကြီးကို ယနေ့ထက်တိုင် သတိရအမျှဝေလျက်ရှိပါသည်၊ တကယ်တော့ သည်ရွှေထုပ်ကလေးသည် အမေက နောက်ဆုံးအကြိမ်အဖြစ် တမလွန်မှ ပေးအပ်ခဲ့သော ချွေးနဲ့စာအမွေဖြစ်တော့သည်ဟု ဆိုနိုင်သည် မဟုတ်ပါလား။

နန္ဒာစိုး(ဆင်ဖြူကျွန်း)



www.burmeseclassic.com

www.burmeseclassic.com

ဖောင်တော်သီရွာလယ်ကို ဗဟိုပြု ပြီး တောင်နဲ့မြောက်ဖြတ်သန်းသွားတဲ့ ရန်ကုန်-မန္တလေး မီးရထားလမ်းတို ပိုင်း ခြားကာ အရှေ့ခြမ်းကို အရှေ့ခြမ်းကွင်း ပိုင် တစ်ပွဲစားဦးစော၊ အနောက်ခြမ်းကို အနောက်ခြမ်းကွင်းပိုင် တစ်ပွဲစားဦးကြည် ဆိုတဲ့နတ်တွေ အပိုင်စားကြပါတယ်။

တောင်နဲ့မြောက်နယ်နိမိတ်တော့ မသိပါ။ အရှေ့နဲ့ အနောက်နယ်နိမိတ် ကတော့ အရှေ့ခြမ်းကွင်းပိုင်ကြီးရဲ့ နယ်နိမိတ်ဟာ စစ်တောင်းမြစ်အထိ၊ အနောက်ခြမ်း ကွင်းပိုင်နယ်နိမိတ်ဟာ ပဲခူးရိုးမတောင်ခြေအစပ်အထိလို့ သိရပါ တယ်။

ကွင်းပိုင်တစ်ပွဲစားနတ်တွေကို ယုံ ကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ် စေ လယ်ယာစိုက်ပျိုးရာသီဖြစ်တဲ့ မျိုး စပါးစိုက်ဖို့ ထွန်ယက်ချိန်တစ်ကြိမ်နဲ့ တလေင်းသွင်းလို့ခေါ်တဲ့ ကောက်ရိတ် ချိန်တွေမှာ ကွင်းပိုင်တစ်ပွဲစားကြီးတွေကို မုန့်ဖြူ၊ မုန့်နီ၊ ကြက်ဖို၊ ကြက်မ၊ ဟင်းလျာ၊ အရက်စတဲ့ စားသောက်ဖွယ်ရာတွေနဲ့ တင်မြှောက် ပူဇော်ပသရတဲ့ ထုံးတမ်း စဉ်လာရှိပါတယ်။

ဆိုပါတော့။ အရှေ့ကွင်းပိုင်ကြီးက ရေသတ္တဝါ၊ ငါး၊ ပုစွန်၊ လိပ်၊ ဖား အနိုင် ရတယ်ဆိုရင် အဲဒီနှစ်ရေလုပ်သားတွေ၊ အင်းသမားတွေ စီးပွားဖြစ်မယ်။ ဖြုတ် နိုင်ရင် ပွေး၊ ဝဲအနာရောဂါတွေရမယ်။ ယင်ကောင်နိုင်ရင် ဝမ်းပျက်ဝမ်းလျှော ရောဂါရမယ်။ ခြင်နိုင်ရင် အဖျားအနာ ရှိမယ်။ အဆိပ်ရှိတဲ့ မြွေပွေး၊ မြွေ ဟောက်အနိုင်ရတယ်ဆိုရင် မြွေအန္တ ရာယ်နဲ့ ကြုံတွေ့ရပြီး အသေအပျောက် များမယ်ဆိုတဲ့သဘောပါ။

ဒီလိုပါပဲ။ အနောက်ကွင်းပိုင်တစ် ပွဲစားကြီးက ကြွက်၊ လိပ်၊ ဖား သတ္တဝါ တွေ အရှေ့ကွင်းပိုင်တစ်ပွဲစားကြီးဆီက အနိုင်ရတယ်ဆိုရင် အဲဒီနှစ်ဟာ အနောက် ကွင်းမှာ မြေအောင်းသတ္တဝါ ကြွက်၊ လိပ်၊ ဖား အလျှံပယ်ရှာဖွေရရှိတယ်လို့ ဆိုပါတယ်။

တိုက်ဆိုင်မှုလို့ဆိုရအောင်လည်း တစ်နှစ်လည်းမဟုတ်၊ နှစ်နှစ်လည်း မဟုတ် မောင်ဘိုကြီး (၁၄)၊(၁၅)နှစ်သား ကာလသားပေါက်အရွယ်အထိ ကြုံတွေ့ နေရလို့ လက်ခံယုံကြည်ရတော့တာပါပဲ။

၁၉၅၅ ခုနှစ် မောင်ဘိုကြီး ဆယ် နှစ်သားအရွယ်မှာ အရှေ့ကွင်းပိုင်ကြီး ဝမ်းလျှောတွေဖြစ်၊ ငှက်ဖျားတွေမိတာ ကြောင့် ဆင် ကူး၊ သရက်စိမ့်၊ မျောက် ချောကုန်း၊ ရွှေညောင်ပင်၊ တောနီ၊ ကုတ္တိုင်း အနောက်ခြမ်းကရွာတွေမှာ အသေအပျောက်လွန်လွန်ကဲကဲတောင် ဖြစ်ကုန်ပါတယ်။

အသေအပျောက်ကတော့ မောင် ဘိုကြီးတို့ ဖောင်တော်သီရွာလည်း ကင်း လွတ်ခွင့်မရပါဘူး။ အကောင်းရှိရင် အဆိုးလည်းရှိ၊ အကျိုးရှိရင် အပျက် လည်း ရှိဆိုသလိုပါပဲ။ တံငါလုပ်ငန်းနဲ့ စီးပွားဖြစ်နေချိန်မှာ လယ်ယာလုပ်ငန်း မှာတော့ လယ်ရှင်၊ စာရင်းငှား၊ လယ် ကူလီ၊ ကောက်စိုက်၊ ပျိုးနုတ်သူတွေ မြွေ အန္တရာယ်နဲ့ ကြုံတွေ့ရလို့ပါပဲ။ အဲဒီနှစ် က မောင်ဘိုကြီးတို့အရှေ့ခြမ်းတစ်ပွဲစား ကွင်းပိုင်ကြီးဟာ မြွေပွေး၊ မြွေဟောက် အဆိပ်ပြင်းတဲ့မြွေဆိုးတွေ အနိုင်ရတဲ့နှစ် ဖြစ်လို့ပါ။

ဖောင်တော်သီရွာတောင်ဖျားတစ် ဆက်တည်း လယ်ကွက်ဖြစ်တဲ့ ဖိုးစံလွင်၊ စာရင်းငှား ကိုတင်အောင်ကြီးက စလိုက် တာ ကောက်ရိတ်သမ ဒေါ်ဝဲထူအထိ သုံး၊ လေးလနဲ့ ပိုးထိလို့သေတာချည်းပဲ ခုနစ်ယောက်၊ ကိုက်သမျှမြွေဟာ တိုက်

# ရှစ်ခွင်ကျော်-ဖောင်တော်ဦး

## လူကြမ်းခေသ် နတ်ကြမ်းမနိုင်

တချို့ကျတော့လည်း အကျိုးပေး လှချည်ရဲ့ဆိုပြီး အချိန်အခါမှဲ့ပူဇော်ပသ တာမျိုး ကြီးကျယ်ခမ်းနားစွာနဲ့ နတ် ကနားပေးတာမျိုးတောင်ရှိပါတယ်။ ဒါ ပေမယ့် လယ်သမားတွေတော့ မဟုတ် ပါဘူး။ ဖား၊ ငါး၊ ပုစွန် ရေလုပ်ငန်းနဲ့ စီးပွားရှာတဲ့လူတွေပါ။

အကြောင်းရှိပါတယ်။

ကွင်းပိုင်၊ တစ်ပွဲစားနတ်နှစ်ပါးလုံး နှစ်စဉ် သင်္ကြန်ကာလထဲမှာ ကြွေအန် ကစားကြတယ်လို့ ဆိုပါတယ်။ လောင်း ကြေးကတော့ ပိုးမွှား၊ တိရစ္ဆာန်တွေ၊ ရေ သတ္တဝါတွေ၊ ဖြုတ်၊ ခြင်၊ ယင် စတဲ့ အတောင်ပံပါတဲ့ လူကို ရောဂါဘယဖြစ် စေတဲ့အကောင်ပလောင်တွေနဲ့ လောင်း ကြေးထပ်ကြတာပါ။

ဟာ ရေသတ္တဝါတွေ အနိုင်ရတဲ့ အကြောင်း အဆိပ်ရှိတဲ့ မြွေပွေး၊ မြွေ ဟောက်တွေအနိုင်ရတဲ့အကြောင်း ရွာဦး ကျောင်းဆရာတော်၊ ရွာသူကြီး၊ နတ် ကတော် စတာတွေကို အိပ်မက်ပေး ဖူးကပ်ပြီးတော့ အသိပေးပါတယ်။

မှတ်မှတ်ရရ အဲဒီနှစ်က တံငါတွေ လည်း ရှာဖွေစားသောက်လို့ အဆင်ပြေ၊ အင်းသူကြီးတွေလည်း အမြတ်အစွန်း တွေရဟာကြောင့် တကယ့်ကွင်းထီးထီး ကြီးမှာ ပတ်မကြီးတထီထီ ဆိုင်းသံဗုံသံ တညံညံနဲ့ နတ်ကနားပွဲခြိမ့်ခြိမ့်သဲအောင် ပူဇော်ပသကြပါတယ်။

အဲဒီနှစ်ထဲမှာပဲ အနောက်ခြမ်း တစ်ပွဲစားကွင်းပိုင်ကြီးက ဖြုတ်၊ ခြင်၊ ယင်အနိုင်ရသွားတာကြောင့် ဝမ်းပျက်



မြေ (နတ်ဖန်ဆင်းသောမြွေ) တွေချည်းပဲ ဖြစ်နေပါတယ်။

ထိထိမိမိကိုက်လို့ အသက်ရှင်တဲ့ လူရယ်လို့ တစ်ယောက်မှ မရှိပါဘူး၊ ခေတ်မီဆေးဝါးမှုမရှိဘဲကိုး။ အဲဒီနှစ်ထဲ



www.burmeseclassic.com

www.burmeseclassic.com

ကာလကဆိုရင် ကျောက်ရောဂါနဲ့လည်းသော၊ ပလိပ်ရောဂါနဲ့လည်းသော၊ နူနာရောဂါဆိုလည်းသော၊ အသက်တွေဆုံးရှုံးခဲ့တာတွေ တွေ့ဖူးကြုံဖူးခဲ့ပါတယ်။

ခုခေတ်လိုမျိုးဆို ကာကွယ်ဆေးတွေလည်းပေါ်နေပြီဖြစ်လို့ ကျောက်ကြီးရောဂါ၊ ပလိပ်ရောဂါဆိုတာကြားတောင်မကြားဘူးအောင်ပပျောက်နေပါပြီ။ မြွေဆေးတွေလည်းပေါ်နေပြီဖြစ်လို့ မြွေကိုက်လို့သေတယ်ဆိုရင်ပဲ သေတဲ့လူရဲ့ပေါ့လျော့မှုလို့တောင် ပြောလို့ရနေပါပြီ။

ပိုးထိ(မြွေကိုက်)ခံရပြီဆို ရှာသူကြီးက အပြစ်ဖို့ပါတယ်။ ထုံးတမ်းစဉ်လာအတိုင်း မတင်မြှောက်လို့၊ သူတို့မကြိုက်တာတွေ တစ်ခုခုလုပ်မိလို့ရယ်လို့ဆိုပြီး လူနာရှင်တွေကိုပြန်ပြီးတင်မြှောက်စေပါတယ်၊ဝန်ချတောင်းပန်စေပါတယ်။

ဘယ်လိုပဲတင်တင်မြှောက်မြှောက်ကျေနပ်တယ်၊ သည်းခံခွင့်လွှတ်တယ်ရယ်လို့မရှိဘဲ တစ်ဆင့်ပြီးတစ်ဆင့်တက်လာလိုက်တာ နွေတလင်းသိမ်း၊ စပါးရိတ်ချိန်မှာ ထိုဖောင်တော်သီသုသာန်ကြေးစည်သံညံသွားအောင် အလောင်းချင်းထပ်ကုန်ပါတယ်။

## လက်သည်းဆိတ်တော့လက်ထိပ်နာ

အင်မတန်မှ စိတ်သဘောထားနူးညံ့ ပျော့ပျောင်းလှပါချည်ရဲ့လို့ဆိုတဲ့ သူကြီးအုပ်ချုပ်မှုကောင်းလှချည်ရဲ့၊ ရပ်သူရပ်သားတွေအပေါ် ဩဇာအာဏာရှိလှချည်ရဲ့ဆိုပြီး ဆယ်ရွာအုပ်သူကြီးခန့်နှစ်လုံးပြူးသေနတ်ကြီး၊ အစိုးရမင်းများက ချီးမြှင့်ခံထားရတဲ့သူကြီး၊ မာရင် သံချောင်း၊ ပျော့ရင်ဖယောင်း စိတ်သဘောထားအခြေခံက ရွာသားထိလွန်းမကထိ





www.burmeseclassic.com

www.burmeseclassic.com

လာတော့ မခံမရပ်နိုင်တော့ဘူးပေါ့။

တစ်ရက်မှာတော့ ဆယ်ရွာအုပ်သူကြီး ဖိုးသိန်းမောင်ဆီကို အမင်္ဂလာသတင်းတစ်ခု ရောက်လာပါတယ်။ ဦးကြည်ပိုးထိပြီး ကွင်းထဲမှာတင် အသက်ပျောက်သွားတယ်ဆိုတဲ့သတင်းပါ။

ဦးကြည်ဆိုတာ သူကြီးဖိုးသိန်းမောင်ရဲ့ဦးလေး၊ သူကြီးရဲ့ လယ်ဦးစီး။

အဲဒီနေ့ နေ့လယ် နေချစ်ချစ်တောက်ပူနေချိန်မှာ တပည့်ကျော် ဆင်ပေါက်ကိုခေါ်၊ နှစ်လုံးပြူးသေနတ်ကြီးထမ်းပြီး ရွာလယ်လမ်းအတိုင်းထွက်သွားလိုက်တာ ဘယ်သူမှတောင် မသိလိုက်ဘူး။

ဖောင်တော်သီရွာရဲ့ အရှေ့တောင်ဘက် တစ်မိုင်ခွဲလောက်မှာ စေတီတစ်ဆူရှိတယ်။ လဟာပြင်ကွင်းထီးထီးကြီးမှာတည်ထားတာ ဘွဲ့တော်က 'အပ်ထားစေတီ' တဲ့။ ဒေသအခေါ်ကတော့ 'ဘုရားလတာ' ပါပဲ။

စေတီတော်မြောက်ဘက်ခပ်လှမ်းလှမ်းမှာ နတ်ကွန်းရှိတယ်။ သစ်အခြေခံ သွပ်မိုးနဲ့ခမ်းခမ်းနားနားဆောက်ထားတဲ့ နတ်ကွန်း။ စုပေါင်းပြီး ကောက်ခံငွေနဲ့ မလောက်လို့ လိုငွေ သူကြီးဖိုးသိန်းမောင် စိုက်ထုတ်။ သူကိုယ်တိုင် ဦးစီးဦးဆောင်ပြီး ဆောက်လုပ်ထားတဲ့ နတ်ကွန်း၊ အရှေ့ခြမ်းတစ်ပွဲစားကွင်းပိုင်ကြီး ဖိုးစောရဲ့နတ်ကွန်း။

သူကြီးဖိုးသိန်းမောင်ဟာ နတ်ကွန်းရှေ့တည့်တည့် မျက်နှာမူပြီးရပ်၊ နှစ်လုံးပြူးသေနတ်ကြီးကို နတ်ကွန်းမှာထောင်၊ ကိုဆင်ပေါက်ပေးတဲ့ စာရွက်ခေါက်ကိုဖြန့်၊ ကျယ်လောင်တဲ့ အသံနဲ့ ဖတ်တော့တာပါပဲ။ ရဲဘော်တွေ ကျဆုံးလို့ မြေမြှုပ်သင်္ဂြိုဟ်တဲ့အခါ သေနတ်မြေစိုက်အလေးပြု လွတ်ရာကျွတ်ရာသွားနိုင်အောင် အမိန့်ပြန်သလိုပါ။

"အရှေ့ခြမ်းကို အပိုင်စားတဲ့ တစ်ပွဲစားဦးစော ရောက်ရာအရပ်က လာရောက်ပြီး အမိန့်နာခံလော့။

အို-တစ်ပွဲစားကြီးဦးစော၊ အသင့်အား ကျွန်ုပ်၏ရွာသူရွာသား၊ တောင်သူလယ်သမား၊ ရေလုပ်သားတံငါသည်များမှ စိုက်ပျိုးရာသီချိန် ရိုးရာစဉ်လာမပျက်ပူဇော်ပသတင်မြှောက်ခဲ့ပါသော်လည်း ကျေနပ်အားရခြင်း၊ သည်းခံခွင့်လွှတ်ခြင်းမရှိဘဲ ကျွန်ုပ်၏ရွာသားများအသက်ပေါင်းများစွာ ဆုံးရှုံးအောင် အသင်ရက်စက်စွာပြုမူခဲ့သောကြောင့် ကျွန်ုပ်မှ သင့်အား အလိုမရှိတော့ပါ။ သင်ကျွန်ုပ်၏ ပိုင်နက်မှ ထွက်ခွာပေလော့။ ပုံ - သိန်းမောင်၊ နိုင်ငံတော်အစိုးရကိုယ်စား"

"ဒိုင်း"

"ဒိုင်း"

ဆယ်ရွာအုပ်သူကြီးဖိုးသိန်းမောင်ဟာ အမိန့်ပြန်ပြီးပြီးချင်း နှစ်လုံးပြူးသေနတ်ကြီးနဲ့ နတ်ကွန်းအလယ်စံမြန်းနေတဲ့ တစ်ပွဲစားကွင်းပိုင်ကြီး နတ်ရုပ်ကို နှစ်ချက်ဆင့်ပြီး ချိန်ရွယ်ပစ်ခတ်လိုက်ပါတယ်။

❐

"အမလေးဗျ သူကြီးမင်းရဲ့။ အဲလောက်ကြီးရက်စက်တော့မှာလား"

ဆယ်ရွာအုပ်သူကြီးဖိုးသိန်းမောင်တို့ ဆရာတပည့် အိမ်ပြန်ရောက်လို့ ချွေးတောင်မသိပ်ခင်မှာ ဆင်ကူးရွာသူကြီး ဖိုးစံသိန်းနဲ့ နတ်ကတော်ဒေါ်ဘုတ်တို့ နှစ်ဦးပေါက်ချလာပါတယ်။ နတ်ကတော်ဒေါ်ဘုတ်ကို တစ်ပွဲစားကွင်းပိုင်ကြီးဖိုးစော ဝင်ပူးနေပါပြီ။

"ပြောပါဦး ကိုစံသိန်း၊ ဘယ်နတ်ဝင်ပူးတာလဲ"

"အရှေ့ခြမ်းက တစ်ပွဲစားကွင်းပိုင်ကြီးဖိုးစောပါ သူကြီးမင်း"

ဖိုးစံသိန်းပြောပြလို့ သူကြီးဖိုးသိန်းမောင် နတ်ကတော်ဒေါ်ဘုတ်ကို စူးစူးကြည့်လိုက်လို့ ဒေါ်ဘုတ် ကြောက်လန့်ပြီး တုန်ခါနေပါတယ်။ အသံတွေကပါတုန်လို့ပါ။ ယောကျ်ားကြီးအသံဖြစ်နေလို့ ဒေါ်ဘုတ်ဆိုတာထက် တစ်ပွဲစားကွင်းပိုင်ကြီးဖိုးစောလို့ပဲ ပြောလိုက်ပါရစေ။

"မင်းဘယ်သူလဲ"

သူကြီးဖိုးသိန်းမောင် အသံမာမာနဲ့ မေးပါတယ်။

"အား ကျွတ် ကျွတ် နာလိုက်တာ သူကြီးမင်းရယ်။ ကျုပ်အရှေ့ခြမ်းကွင်းပိုင်ကြီးဖိုးစောပါ"

"မင်းဘာပြောချင်လို့လဲ"

"သူကြီးမင်းပစ်လိုက်တဲ့နှစ်လုံးပြူးကျည်ထိမှန်ပြီး ပေါင်ကျိုးသွားလို့ပါ အား. . . နာလိုက်တာ"

တစ်ပွဲစားဦးစောစကားအဆုံးမှာတော့ သူကြီးအနားမှာ ကပ်ထိုင်နေတဲ့ ကိုဆင်ပေါက် မျက်လုံးပြူးသွားပါတယ်။ ဆရာတပည့်နှစ်ယောက် ရွာထဲကထွက်သွားတာ၊ ရွာထဲပြန်ဝင်တာ၊ နတ်ကွန်းမှာ ဘာတွေလုပ်ခဲ့တယ်ဆိုတာ ရွာထဲကတောင် တစ်ယောက်မှမသိဘဲ ရွာအနောက်ခြမ်း (၃)၊ (၄)မိုင်လောက်က ဆင်ကူးရွာသူ နတ်ကတော် ဒေါ်ဘုတ်ပါးစပ်ပေါက်က ထင်ဟပ်နေတာ အံ့သြလွန်းလို့ပါပဲ။

"မင်း အသက်မရှိတဲ့ ပရလောကသား ဝိဉာဉ်လောကသားကတောင် ဒါလောက်နာတတ်နေတာ၊ သက်ရှိငါ့ရွာသားဆယ့်ငါးယောက် သက်မဲ့ဖြစ်သွားတာ ငါဘယ်လိုခံစားရမလဲ"

"တောင်းပန်ပါတယ် သူကြီးမင်းရယ်၊ အား ကျွတ် ကျွတ် ကျုပ်နတ်ကွန်းမှာ ပြန်နေခွင့်ပေးပါ"

သူကြီးဖိုးသိန်းမောင် ခေါင်းယမ်းပြပါတယ်။

"နေခွင့်ပေးပါ သူကြီးမင်းရယ်။ ကျုပ်ကို အနောက်ခြမ်းကွင်းပိုင်ကြီးက နေခွင့်မပေးလို့ပါ။ ဘယ်မှာမှ နေထိုင်အပိုင်စားပေးကြမှာမဟုတ်လို့ပါ သူကြီးမင်းရယ်"

"အေး-ကောင်းတယ်၊ ဒုက္ခပေးတဲ့နတ်၊ အလှည့်ကျရင် မခွဲ့နဲ့ပေါ့ကွာ"

"နောက်မဖြစ်စေရတော့ပါဘူး အား - သူကြီးမင်းရယ်၊ ကတိပေးပါတယ်"

"သေချာတယ်နော်"

မီးစိမ်းပြလိုက်တဲ့သဘောပါ။

"သေချာပါတယ် သူကြီးမင်းရယ်"

"ကိုစံသိန်း ခင်ဗျားကြားတယ်နော်"

ဆင်ကူးရွာသူကြီး ဖိုးစံသိန်းကို သက်သေပြုခြင်းပါ။

"အေး - ကတိပေးရုံနဲ့ မပြီးဘူး။ အကောင်ပလောင်တွေပါ ငါ့နယ်က မောင်းထုတ်ပေး"

"ဟုတ်ကဲ့ - သိမ်းပေးပါ့မယ်"

"ဒီတစ်ခါပိုးထိတယ်လို့အသံကြားရလို့ကတော့ နှစ်လုံးပြူးနဲ့ ပစ်ရုံမဟုတ်ဘူး၊ နတ်ကွန်းပါမီးရှို့ပစ်မှာနော်"

ကတိတွေအကြိမ်ကြိမ်ပေး၊ခေါင်းတညိတ်ညိတ်၊ ဒဏ်ရာကြောင့်ညည်းညူနေတဲ့ပုံကိုကြည့်ရင်း ဖိုးသိန်းမောင် နားစည်ထဲကို ရွာဦးကျောင်းဆရာတော်ဟောကြားတဲ့ 'ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု ဤခြောက်ခု ကြည့်မှုနာယက' ဆိုတဲ့ နာယကဂုဏ်ခြောက်ပါး မြွက်ကြားသံ ပဲ့တင်ထပ်လို့နေပါတယ်။

ရှစ်ခွင်ကျော်-ဖောင်တော်သီ

www.burmeseclassic.com

www.burmeseclassic.com

ချစ်ခင် ကြင်နာသူနှစ်ဦးတို့အဖို့ အမှတ်မထင်ဖြစ်ရပ်များမှသည် အမှတ်တရဖြစ်သွားကြသည်လည်း ရှိသည်။ အကောင်းရှိနိုင်သလို အဆိုးလည်းဖြစ်နိုင်၏။ ပွဲဦးထွက် အလွမ်းအခြေခံကနောင်လည်း လွမ်းရန်သာဖြစ်ဟန်ရှိသည်။ လောကီပညာရပ်တို့ကို တစိုက်မတ်မတ် ဆည်းပူးခဲ့ပါသော ကျွဲငမန်းမှာ ဂီတအနုပညာကိုလည်း ဝါသနာပါခဲ့သည်။ အဆိုကျကျ လွမ်းတေးမကျန်ဆိုဖူးခဲ့ပြန်သည်။ သူ့ဘဝတွင် ချစ်သူမိန်းကလေးဘက်က ချစ်ရေးတမျှင်ပွဲဦးတွင် ဆိုစေလိုက မဆိုရန်သာ ငြင်းဆန်ခဲ့သည်သာ။ မည်မျှ ငြင်းဆန်လည်း ကျွဲငမန်းဘဝတွင် ဆိုဖြစ်ခဲ့ပေါင်း မနည်းလှပေ။ လွမ်းတေးဆို၍ လွမ်းတမြေမြေ မမေ့နိုင်သည့်အဖြစ်များစွာပင်ရှိခဲ့သည်။

အပျို၊ လူပျိုများစွာ ရန်ကုန်မြို့ပေါ်တွင် မကြာခဏ ဆုံတွေ့ကြရာမှ ရင်းနှီးကျွမ်းဝင်ကြသည်။ တွေ့ဖန်များသူတွေမှာ မေတ္တာသက်ဝင်ချစ်ကြင်ကြပြန်သည်။ ထိုသို့သောအတွဲထဲတွင် ကိုမန်းနှင့် မြလေးနွယ်တို့လည်း ပါဝင်ကြသည်။

(ဂမ္ဘီရစာစု)

# ထင်ကျော်စွာ

## မဆိုသင့်သောလွမ်းတေး
## မပေးသင့်သောလက်ဆောင်





www.burmeseclassic.com

www.burmeseclassic.com

ကိုမန်း၏ လောကီပညာနှံ့စပ် ဟောပြောတတ်မှုကို မြလေးနွယ်က မိဘများအထိ ဖောက်သည်ချပြောပြထားသည်။

တစ်နေ့တော့ မြလေးနွယ်တို့ရွာသို့လာရောက်ရန် အခွင့်အခါကြုံလာသည့်အကြောင်းမှာ မြလေးနွယ်၏ မိဘတို့၏ စီးပွားမှု၊ လူမှုအခက်အခဲ ဖြေရှင်းစရာကြုံလာသည်။ မြလေးနွယ်နှင့်ရင်းနှီးသော ယောကျ်ားလေးမိတ်ဆွေအသွင် မိဘများထံရောက်လာပါတော့မည်။

အချိန်ကာလအားဖြင့် ခရစ်နှစ် ၁၉၇၀ ပြည့်နှစ်ကျော်လွန်ပြီးခန့်က ဖြစ်သည်။ ဆောင်းလယ်သမယ နှင်းများခဲခဲစ ပန်းလှိုင်မြစ်ထဲ စီးဝင်ပါသော ချောင်းမကြီးကမ်းနဖူး ထိန်ကုန်းရွာကြီး၏ အိမ်တစ်လုံးရှေ့ မြေကွက်လပ် တွင်ဖြစ်သည်။ ဖျာကြီးတစ်ချပ်ပေါ်၌ လူပျိုပေါက် ကိုမန်းအား ရွာနေညီအစ်ကိုနှစ်ယောက်က ဧည့်ခံစကားပြောနေကြသည်။ ဘဟန်နှင့် ဘမှန်တို့ညီအစ်ကိုနှစ်ယောက်ဖြစ်ပြီး မြလေးနွယ်၏ ပမ်းကွဲအစ်ကိုများဖြစ်ကြသည်။

ညီဖြစ်သူ ဘဟန်မှ အာသွက်လျှာသွက်ဖြင့် ကျိုးကြောင်းရင်းကို ပြောပါတော့သည်။

"သည်လို ကိုမန်းရ၊ မြလေးနွယ်အဖေ ဘလေးလုံမှာ ကြီးကြီးမားမား မထိခိုက်သော်လည်း နောင်လက်ရဲလာရင် ဆိုးလာနိုင်စရာကြုံထားတယ်ဗျ။ ဘလေးလုံက အစဉ်အဆက်အင်းသူကြီးဗျ။ သူ့ရဲ့ အင်းမကြီးရှေ့နား ဝက်လူးအိုင်ခေါ်တဲ့ ရေစပ်ကျင်းရေအိုင်ကလေးရှိတယ်။ ဒါကို ဟိုတစ်ကြောက ဆေးချပြီး ငါးရှာသွားတယ်။ ဘယ်သူလဲမသိလိုက်ရဘူး။ သူ့အင်းမကြီးကို ကြောက်နေတာဗျ။ ထင်နေတာရှိတယ်၊ အင်းရဲ့အရှေ့တာဘက်မှာနေတဲ့အိမ်နှစ်လုံးဗျ"

ထိုအခါတွင် အစ်ကိုဖြစ်သူ ဘမှန်ဝင်၍ပြောလိုက်သည်။

"တိုတိုတုတ်တုတ် နားလည်အောင်ပြောပါ ဘဟန်ရာ။ ဒီလို ကိုမန်း၊ ဒီနှစ်အိမ်မှာ ယောကျ်ားနှစ်ယောက်က တစ်အိမ်၊ မိန်းမနှစ်ယောက်က တစ်အိမ်ဆိုပါတော့။ မိန်းမနှစ်ယောက်လို့ ပြောတာက ငါးခိုးရှာတဲ့ရက်က ယောကျ်ားသားမရှိဘူး။ တစ်ပတ်ကြာလောက် ခရီးထွက်နေတယ်။ မအူပင်မှာ မြက်ဆွဲတဲ့ ရိုက်သွားတင်တယ်။ ခရီးသွားတဲ့ ကိုမြစ်မရှိလို့ သူ့အိမ်သူ မယ်ပုံနဲ့ ခယ်မ မယ်ယုံတို့ပဲ ရှိတယ်။ ဟိုယောကျ်ား(၂)ယောက်ဆိုတာက စံအေးနဲ့ စံထွေးတို့ညီအစ်ကို။ အစ်ကိုက မုဆိုးဖို၊ စံထွေးက ထမင်းချက်၊ စံအေးက အင်းသူကြီးရဲ့အလုပ် ယင်းကျစ်၊ ယင်းတား အင်းလုပ်သားပေါ့။ ကိုမြစ်တို့က တဲဖော်ရအောင်ခေါ်ထားလို့လာနေတာ။ သူတို့နှစ်အိမ်က ရောက်စကတည့်ကြတယ်။ နောက်မှ ခပ်စိမ်းစိမ်းဖြစ်သွားကြတာ"

"အစ်ကို ဘမှန်ရာ၊ လိုရင်း ကျွန်တော်ဆက်ပြောပြလိုက်မယ်။ အင်းသူကြီးပြောပုံက ငါးခိုးရှာတဲ့ည နောက်နေ့မနက်က ထူးခြားပုံပဲဗျ။ သူတို့အိမ်နှစ်လုံးကနေ ဝက်လူးအိုင်သွားရာ ကိုင်းတောမှာ တောတိုးလမ်းကြောင်းနှစ်ကြောင်းဖြစ်နေတယ်။ သည်တော့ ဝေခွဲရခက်ပြီပေါ့။ ဒါကို ဘလေးလုံက ငါးခိုးရှာတာ မိန်းမတွေလား၊ ယောကျ်ားတွေပဲလား သိချင်တယ်"

ထိုအခါ ကိုမန်းမှ ဖြတ်၍မေးလေသည်။

"ငါးခိုးရှာတဲ့ညဟာ ဘယ်နေ့ညဆိုတာများသိမလားဗျာ"

ညီအစ်ကိုနှစ်ယောက်မှ ပြိုင်တူပင်ဖြေ၏။

"သောကြာနေ့"

သူတို့မှတ်မိနေခြင်းမှာ ဟိုဘက်ရွာက နတ်ပွဲမကခင် ရှေ့တစ်ရက်ဖြစ်ကြောင်း၊ နတ်ပွဲကတော့ လူတွေဆုံကြလို့ ပြောကြ၍ မှတ်မိနေကြောင်း ရှင်းပြကြသည်။

ထိုစဉ် မြလေးနွယ်တို့အိမ်ကလွှတ်လိုက်၍ အမျိုးသမီးအရွယ်လတ်လတ်က ကိုဘမှန်အား စကားပြောနေသည်။ ကိုဘမှန်မှ ကိုမန်းကို လာခေါ်ကြောင်းပြောလေသည်။ ကိုမန်းတစ်ယောက် မြလေးနွယ်ရောက်၍ ဧည့်သည်အား ထမင်းခူးခပ်ဧည့်ခံကျွေးမွေးကြသည်။ ထမင်းဝိုင်းသိမ်းပြီး ဘုရားကျောင်းဆောင်ရှေ့ဧည့်ခန်းတွင် ထိုင်ကြသည်။ မြလေးနွယ်မှ အချီးအပင့်စကားဖြင့် မိတ်ဆက်ပါတော့သည်။

"ကဲ - အဘသိချင်တာ ကိုမန်းကို မေးလို့ရပြီ။ ဒီမြို့နယ်မှာတော့ တော်တော် လူသိများတယ်။ ဟောပြောမစားပေမယ့် အရေးကိစ္စရှိရင် အားကိုးကြတယ်။ သမီးနဲ့က ဓာတ်ဆေး၊ ဆိုးဆေး၊ ရက်ကန်းအတွက် ရန်ကုန်မှာလာထုတ်နေကျ ဆုံနေကျပဲ။ သူ့အမေ ရက်ကန်းရုံကကြီးတယ်။ သမီးကတော့ အဘတို့ကို ဒီအကုသိုလ်အင်းအလုပ်ကြီးမလုပ်စေချင်တော့ဘူး။ ကိုမန်းတို့လို ရက်ကန်းရုံကြီး ဟီးနေအောင်ပဲ တည်ချင်တော့တယ်။ သုံးစင်လောက်နဲ့လုပ်နေရတာ အားမရလိုက်တာ။ ကဲပါလေ အဘမေး မေး"

ထိုအခါ ကိုဘမှန်တို့ ညီအစ်ကိုရှင်းပြသလို အင်းသူကြီးမှ ခရေစေ့တွင်းကျ ပြောပြပါတော့သည်။

ဦးဘလုံ စကားဆုံးတော့ ကိုမန်းက စကားတစ်ခွန်းတည်း တန်း၍ပြောလိုက်ပါသည်။

"ငါးခိုးတာ မိန်းမတွေ ဘထွေး"

ဘလေးလုံမှာ နဖူးကို လက်ဝါးဖြင့် တစ်ချက်ရိုက်လိုက်ပြီး ဆက်မေးပါသည်။

"ဟုတ်ပြီကွ၊ ဖြစ်လောက်တယ် လူလေး။ ဘယ်ဘက်ထွက်ပြီး ဘယ်လိုယူသွားတာလဲပြောနိုင်ဦးမလား လူလေးရယ်။ ဘယ်မှာထားပြီးမှ ရောင်းသလဲကွာ လုပ်ပါဦး"

ထိုအခါ ဦးဘလုံ၏ကတော်မှ ဒေါ်ဒွန်းစံက ဝင်ပြောပါတော့သည်။

"တကတဲတော် - ရှင်မေးပုံက တရားခံစစ်စစ်နေသလားတော်"

ထိုအခါ ကိုမန်းမှ ကောက်ကာငင်ကာ ဆက်ပြောလိုက်သည်။

"သင်တို့မောင်မဂ္ဂေတဲ့ ဘထွေး။

ဒါဟာ ပျောက်တဲ့နေ့၊ ထုတ်ရာအရပ်၊ ပစ္စည်းရှိရာနေရာနဲ့ နေရာဌာနပုံပန်းပဲ။

"(သင်) သောကြာနေ့ပျောက်သော်၊ (တို့) စနေအရပ် အနောက်တောင်သို့ ပစ္စည်းထုတ်၍ (မောင်) ကြာသပတေးအရပ် အနောက်ဘက်သို့ပို့၏။ (မဂ္ဂေ) လမ်းသို့မဟုတ် လမ်းကျသောနေရာတွင်ထားပြီး ရောင်းတယ်လို့ပြောရမယ်"

ထိုအခါမှပင် ဦးဘလုံတစ်ယောက် အသံထွက်၍ ရေရွတ်ပါသည်။

"ဟုတ်ပြီ၊ အနောက်တောင်ဆိုတော့ ကညင်ချောင်းဘက် ဟုတ်ပြီ။ မော်တော်ကပါတဲ့ ဆီမီးခွက်ဆိပ်ကိုတက်တာကိုး။ ဒါကြောင့် လူသွားလမ်းရာကိုင်းဖြတ်လမ်းမှာတင် အလုပ်လုပ်သွားတာကိုး"

ဘလေးလုံမျက်နှာကြီးမှာ လပြည့်ည လမင်းကြီးပမာ ထိန်ထိန်သာနေသည်ထင်ရသည်။

ထိုစဉ်ပင် မြလေးနွယ်က ပညာကို စူးစမ်းသူပီပီ ထ၍အရေးဆိုတော့



www.burmeseclassic.com

www.burmeseclassic.com

သည်။

"ကိုမန်းက မိန်းမတွေလို့ ဘာကြောင့် ပြောနိုင်တာလဲ၊ ရှင်းပါဦး ဆရာကြီးရဲ့"

"သည်မှာ မြလေးရေ၊ နေ့အလိုက် ခိုးသူ ပြစ်မှုကျူးလွန်သူကို ကျား၊ မခွဲတဲ့ လင်္ကာရှိသပဗျား။ 'အောင်-ဆု-လည်-ပွား ဂြိုဟ်ယောက်ျား။ ချီ-သွား-ထိန်း-ရ ဂြိုဟ်မိန်းမ' တဲ့။ ၁နွေ၊ ၃ဂီ၊ ၄ဟူး၊ ၅တေးနေ့တွေမှာ ယောက်ျားဖြစ်ရမယ်။ တနင်္လာ၊ သောကြာ၊ စနေ၊ ဗုဒ္ဓဟူးနေ့ (၁၂) နာကျော်ရာဟုချိန်တွေမှာ မိန်းမလက်သည်ပဲ မြလေး"

"ဟုတ်ပါပြီ၊ မှတ်ထားရမယ်။ နေ့အလိုက် ဘယ်ကိုထွက်သွားတယ်၊ ဘယ်ရောက်နေတယ်၊ ဘယ်လိုနေရာဌာနမျိုးဆိုတာကိုကော မှတ်ဖို့လင်္ကာ မရှိဘူးလား"

"ရှိပြီလား မြလေးရေ။ လိုက်မှတ်နော်၊ လင်္ကာက သည်လို။

အို-ကြွင်-ရာ-ဥဒကေ (ရေ)/ ကြာ-ကန်-သူ-ဝနေ (တော၊ ချုံပုတ်)/ စိတ်-သူ-၏-ဂူပေ (တွင်း၊ အပေါက်)/ လှ-ဒိ-သာ-ဂါမေ (ရွာခြေ)/ ပျော်-ရွှင်-ရာ-ပဗ္ဗတေ (တောင်ပို့၊ ကုန်း)/ သင်-တို့မောင် မဂ္ဂေ (လမ်း)/ တို့-ဆောင်-ပန်း-အာသန္နေ (လူစည်ကားရာ၊ ဈေး၊ ပွဲ) ပါတဲ့ဗျာ"

"ပျောက်တဲ့နေ့၊ ထုတ်ရာအရပ်၊ ယူတဲ့နေရာ၊ စတည်းချရာနေရာဌာန၊ ဒီလိုစဉ်ပြီးတွက်ယူတယ် မဟုတ်လား ကိုမန်း"

မြလေးနွယ်တို့မိသားစု၏ ပင်မဝင်ငွေ၊ ထောက်ပံ့နေသော အင်းလုပ်ငန်း၏ ရန်စွယ်တစ်စု သိလိုက်ကြပြီဖြစ်သည်။ တစ်မိသားစုလုံး ကျေးဇူးတင်မဆုံးပါပေ။ ဦးဘလုံကား အခုမှ စမ်းချင်ရာစမ်း မောင်ဘဂျမ်း တွေ့ရသည့်အလား ဝမ်းသာသွားပြီးမေးပြန်ပါသည်။

"လူလေးရေ၊ မင်းများတတ်နိုင်ဦးမလား။ ရွာလည်ခွေး အိမ်ပြန်ကပ်နည်းလေးဘာလေးကွာ"

ထိုအခါ ကိုမန်းက ဖြစ်နိုင်ကြောင်းပြော၍ ဦးဘဟန်က သူ့အိမ်ကခွေးကို ခက်ခက်ခဲခဲရထားပုံ၊ သူ့အတွက် အားကိုးရပုံ၊ အစောင့်အရှောက်ပေးပုံ၊ ရွာလည်နေ၍ ခွေးအတွက် သူကြီးခွေးဆိုပြီး အန္တရာယ်များပုံ တသီတတန်းကြီးပြောပါတော့သည်။ ကိုမန်းက ခွေးကို တွေ့နိုင်သည့်နေရာရှိလျှင် ခွေး၏ ကိုယ်တိုင်း



အရှည်ကြိုးဖြင့်တိုင်းပေးရန် ပြောပါသည်။ ခွေး၏နှုတ်သီးဖျားမှ အမြီးဖျားထိ ကြိုးတစ်ချောင်းဖြင့်တိုင်းရပေမည်။

မကြာပါ။ ကြိုးတစ်ချောင်းယူ၍ ဦးဘလုံ ရွာထဲဘက်သို့ ထွက်သွားပါတော့သည်။ ဦးဘလုံ ထွက်သွားစဉ် မြလေးနွယ်က လက်ဖက်သုပ်နှင့် ရေနွေးကြမ်းဖြင့် ဧည့်ခံစကားပြောနေသည်။ ကိုမန်း၊ မြလေးနွယ်နှင့် မိခင်ဒေါ်ဒွန်းစံတို့ (၃) ဦးသားမှာ ရောက်တတ်ရာရာ ပြောဆိုနေကြလေသည်။ စကားပိုင်းမှာ နာရီဝက်ခန့်သာ ပြောဆိုရသေးချိန် လောက်ပင်ရှိဦးမည်။ အင်းသူကြီး ပြန်ပေါက်ချလာပါတော့သည်။ ကိုမန်းကို ဦးဘလုံက ခွေးကိုယ်တိုင်းကြိုးကို ပေးလေသည်။ ကိုမန်းသည် ထိုကြိုးအား အဆင်း၊ အတက် လှေကားခုံအောက်တွင်တူး၍ မြှုပ်လိုက်သည်။

မြေကြီးတွင် ခြေဖနောင့်ဖြင့်နင်း၍ အံကြိတ်ကာ နှုတ်မှရွတ်ပါသည်။ 'ဉ ငါလည်းစေ၊ နင်လည်းနေ' ဟူ၍ (၇) ကြိမ် နှုတ်မှရွတ်လိုက်ပါသည်။ ဦးဘလုံ၏ကိစ္စကိုလုပ်ပြီးသွားသောအခါ မိခင်ဒေါ်ဒွန်းစံ အပါအဝင် (၃) ဦးသား ရွာဦးဘုန်းတော်ကြီးကျောင်းသို့ သွားကြပါသည်။ ဘလေးလုံတစ်ဦးတည်းသာ ခွေးအလာကို စောင့်မျှော်ရင်း ကျန်ခဲ့လေသည်။ နေဝင်ဆည်းဆာအချိန်တွင် အိမ်ဝင်းထဲသို့ သူ၏ခွေးကြီး တိုးပွား ပြန်ရောက်လာပါတော့သည်။

မြလေးနွယ်တို့မိသားစု အခက်အခဲများ ဖြေရှင်းပြီးပြီမို့ ခေါ်လာရကျိုးလည်းနပ်၊ မြလေးနွယ်မျက်နှာပန်းလှပြီမို့ မိဘများကို အခွင့်အရေးတောင်းဆိုလိုက်သည်။

"သမီးနဲ့ ကိုမန်း ကိုဘမှန်တို့အိမ်ဘက်သွားလည်ဦးမယ်"

မကြာပါပေ။ ကိုဘမှန်တို့အိမ်ရှေ့ရောက်လာတော့ ကိုဘဟန်က နောက်ပြောင်ကျီစယ်ပါတော့သည်။

"အောင်လံထူစစ်သူကြီးပွဲ ဆိုတော့ ကိုမန်းကို သောင်ပြင်ထိ အချိန်ရှိတုန်း လိုက်ပို့လိုက်ဦး မြလေးရေ"

မြလေးနွယ်တို့နှစ်ဦးသား ကိုဘမှန်တို့အိမ်မှ သောင်ပြင်ဖြတ်လမ်းရှိသဖြင့် ကွမ်းတစ်ရာညက်ခန့်အကြာ သောင်စပ်သို့ ရောက်ကြလေသည်။ နေဝင်ဖျိုးဖျတွင် ကိုမန်းက လက်ကိုကမ်းပေးလိုက်သည်။ မြလေးကလည်း ကမ်းလက်ကို ခိုင်ခိုင်မြဲမြဲတွဲလျက် မြလေးနွယ်မှ စကားတစ်ခွန်းဆိုလိုက်ပါသည်။

"ကိုမန်းရယ်၊ ကိုမန်းအဆိုပိုင်ဟဲ့ 'ငွေသောင်ယံသို့ အလွမ်းပြေ' သီချင်းဆိုပြပါလား"

ဟု ဆိုလာပါသည်။

ကိုမန်းမှာ မျက်မှောင်ကြုတ်သွားပြီး မဆိုချင်ကြောင်းပြောသည်။ မလေးကလည်း ဇွတ်ဆိုခိုင်းနေပြီ။ အချီအချအတော်ကြာပြီးမှ ကိုမန်းကပြောသည်။ မြလေးနွယ် စိတ်အလိုကျအောင် ဆိုပြပါမည်။ မဆိုချင်တာ အမှန်ဖြစ်ကြောင်း ပြောပါသည်။သီချင်းသံနှင့်အတူ မြလေးမှာ မျောပါသွားပုံရသည်။ သီချင်းဆိုပြီးသွားတော့ မြလေးက သူ့ကုပ်ကျောထဲ ထည့်လာသော လက်ကိုင်ပဝါလေးကို ကိုမန်းအားကမ်းပြန်သည်။ ကိုမန်းမှာ မျက်နှာပျက်သွားပြီး မယူရန်ငြင်းဆန်နေပြန်သည်။

ကိုမန်းမျက်နှာမှာ ညှိုးရော်နေပါသည်။ မြလေးနွယ်ကတော့ ပျော်တပြုံးပြုံးဖြစ်နေဆဲပင်။ ကိုမန်းကား နိမိတ်တို့၏ကြောင်းကျိုးကို နားလည်သူဖြစ်ပါသည်။ ကိုမန်းနှင့် မြလေးနွယ်တို့ အနာဂတ်အတွက် 'မဆိုသင့်သောလွမ်းတေး၊ မပေးသင့်သောလက်ဆောင်' ကို ချက်ပန္နက်မြေတွင်းကမ်းဆင့်ခဲ့မိပါပြီ။ မြလေးနွယ်အဖို့ ဘာတွေဖြစ်လာဦးမလဲကို မတွေးတတ်လင့်ကစား ကိုမန်းကတော့ ခန့်မှန်းမိပါသည်။ ကိုမန်းကား သိပင်သိလျက်နှင့်ပင် မဆိုသင့်သောလွမ်းတေး၊ မပေးသင့်သောလက်ဆောင်ကို မလိုချင်လည်း ရယူခဲ့မိလေပြီတကား။

ထင်ကျော်စွာ (ဂန္ဓာရီ)



www.burmeseclassic.com

www.burmeseclassic.com

"အေးပေါ့ကွာ"

ဤတစ်ခွန်းသာပြောရင်း ဘေးနားရှိ ရေနွေးခွက်ထဲမှ အေးစက်နေလောက်ပြီဖြစ်သော ရေနွေးကြမ်းကို သောက်နေ၏။ စိတ်မာတ်အလွန်မာသူဖြစ်သော်လည်း ရေနွေးခွက်လှမ်းယူလိုက်သောလက်မှာ မြန်ဆန်လွန်းသည်ဖြစ်ရကား စိတ်ထိခိုက်နေပုံရ၏။ အပြုံးကား မပျက်။

"သူ့ဟောကိန်းအတိုင်းပဲ သူ့နာရေးကို ငါရောက်မသွားနိုင်တော့ဘူးပေါ့ကွာ။ ရှားပါတယ်၊ နောက်ဆုံးထွက်သက်ထိ သူ့ဟောကိန်းကို လက်တွေ့ပြသွားတယ် မလွဲဘူး။ အင်္ဂဝိဇ္ဇာသန့်သန့်လေးပဲ"

ပြောရင်းနှင့် တံတွေးတစ်ချက်မျိုချလိုက်သော ဆရာ့အား ကျွန်ုပ်ကြည့်နေမိ၏။ ဩော်- ငါတောင် ဆရာကြီးကိုဒါလောက်သတိရရင် သူ့ဆရာကိုသူသတိရနေရှာမည်ဟု တွေးနေမိ၏။

ထိုနောက်ပိုင်းရက်များမှစ၍ -

ဆရာသွားလေရာသို့ ကျွန်ုပ်တကောက်ကောက်လိုက်ရသည့်အကြိမ်ပေါင်းများလာပါပြီ။


တစ်ခါတစ်ခါ စကားတွေအာလာပသလ္လာပပြောရင်း ပညာခန်းများထည့်ထည့်ပြောသွားသည်ကို ဉာဏ်အလွန်သုံး၍မနည်းမှတ်ရ၏။

သင်ပေးသည့်အခါတွင်လည်း တစ်ခွန်းတည်းနှင့်စွဲသွားအောင်သင်ပေး၏။ လက်တွေ့ပြ၏။ သွားရင်းလာရင်း လက်တွေ့ပြ၏။ ကျွန်ုပ်မှာ ဆရာနှင့်သွားလာနေရသည့်အခါ စိတ်ကူးမျှပင်မယဉ်ရဲ။ အချိန်ရှိသရွေ့ ပတ်ဝန်းကျင်မှအဖြစ်အပျက်များ၊ အသံများကို မျက်စိလျှင်လျှင်၊ နားလျှင်လျှင်ထားရင်း အင်္ဂဝိဇ္ဇာအခါတိုင်းများကိုသာ နာရီမလပ်သတိထားနေရ၏။ 'ဘာအခါလဲကွ'ဟုဆိုလိုက်သည်နှင့် ဒေါက်ခနဲဖြေရ၏။ 'ခုနကြားလိုက်တာ ဘာသံလဲကွ' ဆိုလျှင် ကြားခဲ့သမျှ နှစ်သံ၊ သုံးသံခန့်ကို ပြန်ပြောရ၏။ ထိုနှစ်သံ၊ သုံးသံများထဲမှ 'ဘယ်ဟာက နိမိတ်၊ ဘယ်ဟာကကြားနေကျ' ဟု ဆရာက ခွဲပြပေး၏။ မြင်လိုက်သော နိမိတ်များကို ပြန်မေးလျှင်လည်း ကောက်ယူရမည့်နိမိတ်ကို ခွဲခြားပြ၏။

ယခုနောက်ပိုင်း -

ဆရာသည် အရင်ကနှင့်မတူတော့။

ကြုံလျှင်ကြုံသလို ပညာပေးစပြုလာပြီ ဖြစ်၏။ အန္တတာကိုတောက်လျှောက်ခံခဲ့သောတပည့်ဖြစ်၍ သနားသွားဟန်တူ၏။ ဇွဲကြီးကြီးနှင့်ပညာယူခဲ့သူဖြစ်၍လည်း အသိအမှတ်ပြုပေးပုံရ၏။ နောက်မဆုတ်တတ်သည့်စိတ်ဓာတ်ရှိသောကြောင့်လည်း သဘောကျသွားဟန်ရှိပါသည်။



ဆရာဦးမောင်မောင်သန်း

( [illegible] )

ပညာရှင် ၇

(အင်္ဂဝိဇ္ဇာဂမ္ဘီရအခန်းဆက်ဝတ္ထုရှည်)



www.burmeseclassic.com

www.burmeseclassic.com

"မင်း ငါပြောမယ်"

"ဟုတ်ကဲ့"

"မင်း ရေကိုကြည့်စမ်း။ ရေဟာ ပုလင်းထဲထည့်ရင် ပုလင်းပုံဖြစ်နေတယ်။ ဖန်ခွက်ထဲထည့်ရင် ဖန်ခွက်ပုံပဲ။ လေးထောင့်ခွက်လေးတွေထဲထည့်ရင် လေးထောင့်ပုံ။ ဟော - ကန်ကြီးတွေထဲမှာရှိနေပြန်ရင်လည်း အဲဒီကန်ကြီးတွေရဲ့ ပုံစံအတိုင်းပဲ။ စီးဆင်းရမယ်ဆိုရင်ကော မစီးဆင်းဘူးလား"

"စီးဆင်းပါတယ် ဆရာ"

"ဘယ်နေရာကိုပဲရောက်ရောက် အံဝင်ခွင်ကျအောင်မနေတတ်ဘူးလား"

"ဟုတ်ကဲ့ - နေတတ်ပါတယ်"

"အေး - ရေလိုကျင့်ပါ။ ဘယ်နေရာကိုရောက်ရောက်၊ ဘယ်သူနဲ့တွေ့တွေ့ အံဝင်ခွင်ကျနေတတ်ထိုင်တတ်၊ ပြောတတ်ဆိုတတ်အောင်ကျင့်ပါ။ ရေဟာ အရာအားလုံးကို ရှင်သန်စေတယ်။ မဟုတ်ဘူးလား၊ ဟုတ်လား"

"ဟုတ်ကဲ့"

"ဒါပေမယ့် သူက ဘာကိုမှ အားထုတ်ကြိုးပမ်းတာ မဟုတ်ဘူးနော်"

"ဟုတ်ကဲ့"

"အေး - ရေဟာ မြောင်းထဲမို့ မစီးချင်ဘူးဆိုတာရှိလား"

"မရှိပါဘူး"

"မြစ်ထဲမို့၊ ချောင်းထဲမို့မစီးချင်ဘူး ဆိုတာကော"

"မရှိပါဘူး"

"သူဟာသူ အားထုတ်ကြိုးပမ်းပြီး စီးတာလား၊ ဖြစ်ပျက်တည်ရှိနေတဲ့ ဖန်တီးမှုတွေအတိုင်းလိုက်တာလား"

ကျွန်ုပ်နားမလည်ပါ။ ဆရာပြောနေသောစကားများမှာ ဘာတွေမှန်း မသိတော့ပါ။ နားလည်သလိုလိုနှင့် ဘာ





www.burmeseclassic.com

www.burmeseclassic.com

တွေပြောလို့ပြောနေမှန်းမသိပါ။သဘောလည်းမပေါက်ပါ။ ရှေ့ကမေးခြင်းကို နောက်က ဟုတ်ကဲ့လိုက်နေရုံမှလွဲ၍ ဘာကိုဆိုလိုနေခြင်း မသိပါ။

"မင်းကြည့်ရတာ ဘာမှမသိသလိုပါပဲလား"

"ဗျာ"

"အေး - နားထောင်တတ်အောင်တော့ကျင့်"

"ဟုတ်ကဲ့"

"နားထောင်တတ်လာရင် မင်းဟာ ပြောတတ်သူဖြစ်လာလိမ့်မယ်။ မင်းကို ငါ ရေရဲ့တန်ဖိုးကိုပြောနေတယ်။ မင်းရအောင်နားထောင်။ ဘဝမှာ အင်မတန်မှ တန်ဖိုးကြီးမားလာမယ့်အကြောင်းတရားတွေအတွက် အစပြုခြင်းဆိုတာ မင်းသိလာလိမ့်မယ်"

"ဟုတ်ကဲ့"

"အေး - ရေရဲ့သတ္တိဟာ အံ့ဝင်ခွင်ကျနေတတ်တဲ့သတ္တိရှိတယ်လို့ ငါ ပြောခဲ့ပြီးပြီ ဟုတ်တယ်နော်"

"ဟုတ်ကဲ့"

"သူဟာ တည်ရှိရာခွက်၊ ပုံး၊ ပုလင်းတစ်ခုခုရဲ့ ပုံသဏ္ဌာန်ကိုလိုက်ပြီး သူ့ရဲ့ ပုံပန်းသဏ္ဌာန်ကို အလိုက်သင့် ပြောင်းလဲနိုင်တဲ့အထိ သူဟာ မပျော့ပျောင်းဘူးလား"

"ဟုတ်ကဲ့ - ပျော့ပျောင်းပါတယ် ဆရာ"

"အေး- ဒါပေမယ့် အထင်မသေးနဲ့။ ပျော့တယ်ဆိုပြီးသွားအထင်မသေးလေနဲ့။ အဲဒီပျော့ပါတယ်ဆိုတဲ့ရေဟာ မာကျောလှပါချည်ရဲ့ဆိုတဲ့ ကျောက်ဆောင်တွေ၊ ကျောက်ကမ်းပါးကြီးတွေကို ထုတ်ချင်းပေါက်အောင်ထိုးဖောက်နိုင်သလို ပဲ့ထွက်စေနိုင်တယ်၊ ပြိုကျစေနိုင်တယ်။ ဘယ်လောက်မာကျောကျောရေတိုက်စားလိုက်ပြီဆိုတာနဲ့ ဘာမှမခံနိုင်ဘူး။ အဲဒါ မင်းမှတ်ထား"

"ဟုတ်ကဲ့"

"မင်းသိထားရမှာက လောကမှာ ပျော့ပျောင်းလှပါချည်ရဲ့ဆိုတဲ့အရာဟာ အမာဆုံးဆိုတာကို ထိုးဖောက်နိုင်တယ် မင်းမှတ်ထား။ မင်းနဲ့ ဝင်းသန်းကို ငါ ကရာတေး စသင်ပေးခဲ့တုန်းကလည်း ဒီသဘောတရားကို သင်ပေးခဲ့ပြီးသွားပြီ။ မင်းအမှတ်သည်းခြေမရှိလို့"

ဆရာသည် ကောင်းကင်ဆီသို့ မော့ကြည့်နေ၏။ ကျွန်ုပ်လည်း အလိုက်သိစွာ နှုတ်ဆိတ်နေ၏။ သို့သော် စိတ်က ဆုတောင်းနေပါသည်။ ဆရာသည် အင်မတန်ဉာဏ်နုံ့နည်းလွန်းသောကျွန်ုပ်အား သင်ရခြင်းအတွက် စိတ်ညစ်မသွားပါစေနဲ့။ စိတ်ကုန်မသွားပါစေနဲ့။

"အေး - မင်းကို ငါ နေတတ်ထိုင်တတ်၊ စိတ်ထားတတ်အောင်ပြောပြနေတာ။ မှီအောင်တော့လိုက်ပေါ့ကွာ။ ဘာမဆို မသိဘူး၊ နားမလည်ဘူး ပြောလိုက်ရုံနဲ့ ပြီးပြီမထင်နဲ့"

"ဟုတ်ကဲ့"

"မင်းရဲ့ဉာဏ်ကို မင်းသိတယ်မို့လား"

"ဟုတ်ကဲ့ - သိပါတယ် ဆရာ"

"အေး-မင်းကိုယ်မင်းသိနေအောင်ကြိုးစားပါ။ မင်းအဲဒီလိုကြိုးစားရင် အဖြောင့်အတိုင်းကြိုးစားပါ။ ရိုးသားပါစေ။ မင်းညံ့နေရင်၊ မင်းဖျင်းနေရင် ညံ့တယ်၊ ဖျင်းတယ် သိနေရမယ်။ ဒါမှ မင်းကြိုးစားလာမယ်။ မင်းအိပ်ရာထနေမြင့်တဲ့အခါ ငါဘာကြောင့်ညာကြောင့်ဆိုပြီး မင်းကိုယ်မင်းတောင် ဆင်ခြေမပေးနဲ့။ မကောင်းတာကို မဖုံးကွယ်နဲ့။ ငါပျင်းလို့ အိပ်ရာထနေမြင့်တယ်၊ ငါမပျင်းအောင်နေတော့မယ်ဆိုတာသာဖြစ်ပစေ"

"ဟုတ်ကဲ့ပါ ဆရာ"

"ငါကြည့်ကြည့်နေတယ်။ ကရာတေးကစားရင်လည်း မင်းကသိပ်ကြွားချင်တယ်။ မင်းဟာ ခါးစည်းနက်ရထားသူတစ်ယောက်ဆိုတာ မင်းကပြချင်လို့ တစ်ဖက်သားကို မလှုပ်နိုင်အောင်လုပ်ပစ်တယ်။ ဒါကြွားတာပဲ။ မင်း ကြွားတယ်ဆိုတာ 'ကျွန်တော့်အရည်အချင်း ဒါလောက်ပဲရှိပါတယ်ခင်ဗျာ' လို့ ပြောတာနဲ့အတူတူပဲကွ မှတ်ထား။ ကြွားတယ်ဆိုတာ 'ဘာမှမဟုတ်ပါဘူး' လို့ ပြောတာနဲ့ အတူတူပဲ။ မလိုဘူး ဒါတွေ။ မင်းကိုယ်မင်း သုညပဲဖြစ်ပစေ။ ၁ လာရင် ၁ နဲ့ ပေါင်းလို့ရတယ်၊ ၂ လာရင် ၂ နဲ့ ပေါင်းလို့ရတယ်။ ငါကြောင့် မင်းဟာ ရေလိုကျင့်ရမယ်"

ဘာမှန်းမသိရုံမက ဘယ်လိုမှနားမလည်နိုင်လွန်းသောသင်ခန်းစာများကို ကြားရတိုင်း ဆရာဘာသင်ပေးနေမှန်းကို မသိခဲ့ပါ။

ဘယ်လိုသဘောတွေမှန်းလဲနားမလည်ပါ။ နားလည်သလိုလိုနှင့် ဝေနေ၏။

ထိုရက်များက -

ဝင်လေ၊ ထွက်လေကို ရှုမှတ်ရသောကျင့်စဉ်အား တစ်နေ့လျှင် တစ်ကြိမ် တစ်နာရီထိုင်ရ၏။ 'ပဒ္မာသနဆံ' ဟုခေါ်သော ခြေထောက်ကို ကြက်ခြေခတ်ချိတ်ထားပြီး ဒူးနှစ်ဖက်ပေါ် လက်နှစ်ဖက်တင်ထားရ၏။ လက်ကို ပက်လက်လှန်ထားပြီး လက်မနှင့် လက်ညှိုးကွေး၍ ထိထားရ၏။ အသက်ကို လှုပ်မရှုရ။ သူ့သဘာဝအတိုင်းဝင်လိုက်၊ ထွက်လိုက်ရှုနေသောလေကိုသာ မှတ်နေရ၏။ တစ်နာရီသာ မလှုပ်မယှက်နေရသော်လည်း စိတ်မှာ တောင်တွေးမြောက်တွေးနှင့် အာရုံစုစည်းမှုကို ခန့်မှန်းရလျှင် (၅) မိနစ်ပင်မပြည့်ချင်ပါ။

"မောင်မောင်သန်း၊ နင့်ကို မောင်သိန်းတန်လာခေါ်တယ်"

"ဟုတ်လား အစ်မ၊ ဘာပြောသွားလဲ"

"ဆရာအောင် ခေါ်ခိုင်းလို့တဲ့"

"ဟုတ်ကဲ့ သွားလိုက်မယ် အစ်မ"

အစ်မလှ စကားပြီးသည်နှင့် (၁၅) လမ်းရှိ ဆရာ့ထံသို့သွားလိုက်၏။ ဆရာသည် ပရိသတ်များပြားနေသည့်ကြားမှ ကျွန်ုပ်ကို လှမ်းကြည့်ပြီး ပြုံးပြ၏။ ပြီးမှ ခေါက်လုံးစိမ်ထားသော ရေနွေးအဖြူထည့်ထားသည့် ရေနွေးကြမ်းခွက်အား လှမ်းပေးလေရာ ကျွန်ုပ်က ထိုင်ရက်မှ ရှေ့သို့တိုးသွားပြီး ရိုသေစွာယူသောက်လိုက်ပါသည်။

"အေးအေးအေး-ဒါပြည်ဘာဘာကြီးပဲ။ ပြည်ကလာတဲ့ ဘာဘာကြီးပေါ့။ စကားပြောလိုက်ဦး"

ဆရာအရှင်၏ စကားကြောင့် ဘေးနားမှပုဂ္ဂိုလ်ကိုသတိထားကြည့်လိုက်မိ၏။ ဝဝဖိုင့်ဖိုင့်ကြီးနှင့် ရှပ်အကျႌအဖြူ ပုဆိုးအပြာကွက်ကြကြီးကို ဝတ်ထားသော ဟိန္ဒူအမျိုးသားကြီးတစ်ဦးဖြစ်၏။ ဆံပင်မှာ ဖွေးဖွေးမလှုပ်သော်လည်း တော်တော်လေးဖြူနေချေပြီ။

"မင်းက"

ပြောရင်းနှင့် သူ့ကိုယ်ကြီးကို ဘေးဘက်ရွှေ့သွားလေရာ ကျွန်ုပ်လည်း လိုက်ရွှေ့၏။ ဆရာအရှင်၏ ဧည့်သည်များနှင့်ခပ်ခွာခွာလေးထိုင်လိုက်ကြရင်း-

"မင်းဟာ ဦးရသေ့လား"

"ဟာ - မဟုတ်ပါဘူး ဘာဘာကြီး။ ယောဂီရောင်အကျႌကို ကြိုက်လို့ ဝတ်ထားတာပါ"

ဗိုက်ကြီးလှုပ်လာသည်ထိသဘောကျစွာ ရယ်နေပြီးမှ -

"ငါသိပါတယ်၊ မင်းက ဘာဘာကြီးတွေရဲ့ မေတ္တာဓာတ်ကို တစ်နေ့ရလာမှာမို့ ငါကခင်လို့စတာပါကွ"

"ဘယ်လိုမေတ္တာဓာတ်လဲဘာဘာ"

"တရားကျင့်ရင်းနဲ့ရမှာပေါ့ကွာ၊



www.burmeseclassic.com

www.burmeseclassic.com

မကျင့်ရင် မရဘူးပေါ့"

ကျွန်ုပ် ချက်ချင်းသိလိုက်၏။ ဆရာထိုင်ခိုင်းသော'ပုဒ္ဓမ္မာသန'ထိုင်နည်းဖြင့် ကျွန်ုပ်တရားထိုင်နေရသည်ကိုသတိထားလိုက်မိ၏။ သန်လျင်မှ ဆာဒူးဘာဘာကြီးကိုလည်း ချက်ချင်းသတိရလိုက်၏။

ပြည်ဘာဘာကြီး ပြောပြသည်မှာ -

ဆရာအရှင်သည် ပြည်ရွှေဆံတော်တနင်္ဂနွေထောင့်တွင် မြတ်စွာဘုရားရှင်၏ (၁၀၈) ကွက်သော စက်လက္ခဏာတော်တို့ကို ရည်မှန်းပူဇော်သောအားဖြင့် ပွဲပေါင်း (၁၀၈) ပွဲနှင့် ပူဇော်ပြီး အဓိဋ္ဌာန်များဝင်နေစဉ်က ဖြစ်၏။

ပြည်ဘာဘာကြီးသည် ပြည်ရွှေဆံတော်ဘုရားကြီးသို့ စိတ်လွတ်၍ ဘုရားဖူးသွားသည်ဟု ဆို၏။ ကျွန်ုပ်ဉာဏ်မမီပါ။ သို့သော် သူပြောပြသည့်အတိုင်းပြောရလျှင် -

ဘုရားကို ဘုရားဖူးသွားသည်။ အလင်းရောင်လေးနှင့်သွားဖူး၏။ တစ်နေ့ဘုရားသွားဖူးရာ သူ့ထက်လင်းသောအလင်းရောင်တစ်ခုကို တွေ့၏။ ဘုရားဖူးနေခြင်း ဖြစ်၏။ သူသည် ထိုအလင်းရောင်ကိုကျော်ရန် အနီးကပ်သွားသောအခါ ထိုအလင်းရောင်မှာ ပိုမြင့်တက်သွား၏။ သူလိုက်ကျော်ကြည့်၏၊ မရပါ။ သူက မြင့်တက်ပါလျှင် ထိုအလင်းရောင်က ပို၍ပို၍မြင့်တက်သွား၏။ ဘယ်လိုမှကြိုးစား၍မရတော့သည့်အဆုံး သူ့ထက်လင်းသော အလင်းရောင်ဆီက အသံထွက်လာ၏။ 'တွေ့ချင် မနက်ကျ ဘုရားကြီးရဲ့တနင်္ဂနွေထောင့်ကိုလာခဲ့'ဟူသောအသံ ဖြစ်၏။

ပြည်ဘာဘာကြီးလည်း မိုးလင်းသည်နှင့် ကပျာကယာသွားရောက်လေရာ ပြည်ရွှေဆံတော်ဘုရားကြီး၏ တနင်္ဂနွေထောင့်ရှိ (၁၀၈) ပွဲများ ပူဇော်ထားရာတွင် ဘုရားဝတ်ပြုနေသော ဆရာအရှင်ကို တွေ့လိုက်ရတော့၏။ ညက သူဘယ်လိုမှကျော်၍မရခဲ့သော အလင်းရောင်ရှင်မှန်း ချက်ချင်းသိလိုက်ရပြီး ထိုင်စောင့်နေလိုက်ရာ ဘုရားဝတ်ပြုပြီးသည်နှင့် သူ့ဘက်လှည့်ထိုင်၍သူ့ကိုစိုက်ကြည့်လိုက်သော ဆရာအရှင်၏အကြည့်ဒဏ်ကို သူဘယ်လိုမှမခံနိုင်ပါဟု ပြောပြ၏။ ပြီးမှ -

"အေး - ရောက်လာပြီလား"

ဟု တစ်ခွန်းတည်းမေးလိုက်တော့မှ သူသည် ကပျာကယာ ပုဆစ်တုပ်ပြီး လက်အုပ်ချီ၍ ကန်တော့လိုက်ရပါတော့သည်ဟု စီကာပတ်ကုံး ပြောပြ၏။

ယခု ထိုဘာဘာကြီး ရန်ကုန်သို့ အလည်လိုက်လာခြင်း ဖြစ်ပါသည်။

သတိထားမိသည်မှာ ကျွန်ုပ်တို့နှင့် စကားပြောနေရင်းမှ လည်းကောင်း၊ စကားပြောရပ်ချိန်၌ လည်းကောင်း ဆရာအရှင်၏မျက်နှာကို မျက်တောင်မခတ်ပြုံးကြည့်နေခြင်းပင် ဖြစ်၏။ ဆရာအရှင်ကို အတော်ကိုရိုသေ၏။

ထိုဘာဘာကြီးသည် ကျွန်ုပ်ကို ခင်ခင်မင်မင်ဖြစ်သွားပြီး နှာခေါင်းတစ်ဖက်ပိတ်၍ ရှူသွင်း၊ တစ်ဖက်က ပြန်ထုတ်ရသောနည်းကို သင်ပေး၏။ ကျွန်ုပ်ကလည်းလိုက်လုပ်၏။ တစ်နေ့ကို (၁၅)ကြိမ်ရှူရမည်ဟုသင်ပေး၏။ ကျွန်ုပ်ကလည်းလိုက်လုပ်၏။

တစ်ရက်၊ နှစ်ရက်ကြာသော် -

ဆရာအရှင်၏စေခိုင်းချက်အတိုင်း ကျွန်ုပ်နှင့်ကျွန်ုပ်၏ဂစ်တာဆရာကိုမောင်မောင်၊ မောင်သိန်းတန်တို့သည် ပြည်ဘာဘာကြီးနှင့်အတူ နေရာတစ်နေရာသို့ သွားရောက်ကြ၏။

ထိုနေရာမှာ ကမာရွတ်တွင်ဖြစ်ပြီး ဘုရားကျောင်းတစ်ခုအတွင်းတွင်ဖြစ်၏။

(၂၇)ရက်လုံးလုံးမြေတွင်းအောင်း၍ တရားကျင့်ခဲ့သောပုဂ္ဂိုလ်ဆီသွားကြခြင်း ဖြစ်၏။

ကျွန်ုပ်တို့လေးယောက် ရောက်သွားချိန်တွင် ထိုပုဂ္ဂိုလ်မှာ တစ်ပါးတည်းထိုင်နေ၏။ ယောဂီရောင်အရင့်ကို သင်္ကန်းလို ဝတ်ဆင်ထား၏။ မေးမှာ မုတ်ဆိတ်အနည်းငယ်ရှိ၏။ သူ၏မျက်လုံးမှာ နီဝါရောင်ဖြစ်နေပြီး မြေကြီးရောင်လိုမျိုးဖြစ်နေ၏။ ထိုင်နေသောဘေးတွင် စားပွဲလေးတစ်လုံးနှင့်သောက်ရေခွက်မှတစ်ပါး ဘာမှမရှိပါ။

ပြည်ဘာဘာကြီးသည် ထိုပုဂ္ဂိုလ်ကို ကန်တော့လိုက်သောကြောင့် ကျွန်ုပ်တို့လည်း ကန်တော့၏။ နာရီဝက်နီးပါးကြာအောင် စကားလက်ဆုံကျနေကြသောကြောင့် ကျွန်ုပ်တို့သုံးယောက်က ခပ်လှမ်းလှမ်းတွင်ထိုင်ရင်း ဂစ်တာအကြောင်း ပြောဖြစ်နေ၏။

ပြီးမှ ကျွန်ုပ်ကို တစ်ချက်စိုက်ကြည့်၍ ခေါင်းညိတ်ခေါ်လိုက်သောကြောင့် ကျွန်ုပ်လည်း အနီးသို့ရိုသေစွာ တိုးကပ်သွား၏။

"မင်းပါရမီရှိတယ်၊ ဘာပုတီးစိပ်လဲ"

"ဂုဏ်တော်ပါပဲဘုရား"

"ပုတီးစိပ်တော့ အာရုံကိုဘယ်မှာထားလဲကွ"

"တပည့်တော်က လက်နဲ့ထိလိုက်တဲ့ ပုတီးလုံးမှာပဲ အာရုံထားပါတယ်ဘုရား။ ပြီးသွားတဲ့ ပုတီးလုံးနောက်ကိုလည်း စိတ်မလိုက်မိအောင် ဆင်ခြင်ပါတယ်။ မလာသေးတဲ့ ပုတီးလုံးဆီလည်း စိတ်မရောက်အောင် ဆင်ခြင်ပါတယ်"

ထိုပုဂ္ဂိုလ်သည် ဘာဘာကြီးကို ကြည့်၍ ပြုံးလိုက်ပြီး -

"အင်း - အဲဒါတွေခက်တာပေါ့"

ဟု တစ်ခွန်းတည်းသာပြော၏။

ကျွန်ုပ် ဉာဏ်မမီပါ။ ဘာမှန်းမသိခဲ့ပါ။ ဘာမှလဲဆက်မပြောသည့်အတွက် ထိုပုဂ္ဂိုလ်ထူးအား ဆက်မမေးရဲခဲ့တော့ပါ။ ရှိခိုး၍သာ နောက်ပြန်ဆုတ်ခဲ့ရပါသည်။

စကားပြောပြီးကြမှ ကျွန်ုပ်တို့(၄)ယောက်လုံး ထိုပုဂ္ဂိုလ်ထူး မြေတွင်းအောင်း၍ တရားကျင့်သောနေရာကို သွားကြည့်ကြ၏။ မြေများတူးထားသောကျင်းကြီးဖြစ်ပြီး ဝါးကပ်များလည်းတွေ့ရ၏။ ထိုကျင်းတွင် (၂၇) ရက် မြေတွင်းအောင်း၍ကျင့်ခဲ့ခြင်း ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ် ထိုသို့မကျင့်နိုင်ပါ။ ထို့ကြောင့် ကျင့်အားကောင်းလှသော ရသေ့ဝတ်ပုဂ္ဂိုလ်ထူးအား ကျွန်ုပ် ရိုသေစွာ ကန်တော့ခဲ့ပါသည်။

နောက်နေ့ ဆရာအရှင်နှင့် စကားစပ်မိ၍ပြောဖြစ်ရာ -

"ဆရာ၊ ကျွန်တော်ပုတီးစိပ်ပုံကို ပြောပြတာ အဲဒါကြောင့်ခက်တာပေါ့တဲ့ ဘာဘာကြီးကိုပြောတယ်။ ကျွန်တော့်ကိုတော့ ဘယ်လိုမှားနေတယ်၊ ဘယ်လိုလုပ်မလဲ မပြောလိုက်ဘူး"

"အေး - သူတို့ကတော့ ဒီလိုပဲ။ ကားနဲ့သွားရတဲ့ခရီးမျိုးကို မင်းစက်ဘီးနဲ့သွားနေရင် ခရီးမရောက်ပါဘူးဆိုပြီး စက်ဘီးကိုလွှင့်ပစ်ခိုင်းလိုက်တဲ့သဘောပါပဲ။ ကားနဲ့ခရီးမသွားနိုင်ခင် စက်ဘီးနဲ့သွားရတာကို သူတို့လက်မခံဘူး"

ပိုဆိုသွား၏။

ဘာမှနားမလည်တော့ပါ။

ထိုနှစ်တွင် ဆရာအရှင်သည် (၁၅) လမ်းထဲရှိ ကိုမောင်မောင်တို့အိမ်၌ ဓာတ်ခန်းဖွင့်၏။အလွန်ကြီးကျယ်ခမ်းနားလှ၏။ ကျွန်ုပ်လည်းမကြာမကြာရောက်၏။

ထိုနှစ်များက ကျွန်ုပ်၏ မှန်ဒိုးအခက်အခဲကို အမြဲတမ်း ကူညီဖြေရှင်းပေးသော ဘိုစိန်ကြီးနှင့် မကြာခဏ



www.burmeseclassic.com

www.burmeseclassic.com

အမိဋ္ဌာန်ဝင်ဖြစ်၏။ တန်ခိုးကြီးဘုရားစေတီများသို့ နှစ်ယောက်သားသွား၍ ဂုဏ်တော် (၁၀၀၀) (သို့) သမ္ဗုဒ္ဓေဂါထာ (၁၀၀၀) (သို့) မေတ္တာသုတ် (၁၀၈) ခေါက် အမိဋ္ဌာန်ဝင်ကြ၏။ တစ်ခါဝင်လျှင် (၉) ရက်ဆက်တိုက်သွားဖြစ်၏။

နှစ်ယောက်သား သွားအတူလာအတူစားအတူနေကြ၏။

ဘိုစိန်သည် ကျွန်ုပ်ကိုသံယောဇဉ်အလွန်ကြီးရခြင်းအကြောင်းများထဲတွင် ထူးခြား ဆန်းကြယ်သော အကြောင်းတစ်ခုပါ၏။

၎င်းသည်မှာ -

(သူတို့ညီအစ်ကိုမောင်နှမခြောက်ယောက်ရှိကြသည့်အနက် သူ့အောက်ညီမှာ ကျွန်ုပ်နှင့် မည်သို့မျှခွဲမရအောင်တူခြင်း ဖြစ်၏။

မည်သည့်ရေစက်ကြောင့်မှန်းမသိ-

ရုပ်၊ အသံ၊ ဝတ်ပုံစားပုံ၊ သွားပုံလာပုံ၊ ဆံပင်ထားသည်မှအစ တစ်ပုံစံတည်းဖြစ်နေ၏။

မိဘများကိုယ်တိုင် ဘယ်လိုမှခွဲမရသောကြောင့် ကျွန်ုပ်၏လက်တွင်ထိုးထားသောဆေးမင်ကြောင်များကို ကြည့်ပြီး ခွဲခြားရ၏။

ကျွန်ုပ်တို့ နှစ်ယောက်ကို ခွဲ၍ရသည်မှာ ဘိုစိန်တစ်ယောက်သာဖြစ်၏။

ကျန်သော သူ၏ညီအစ်ကိုမောင်နှမများမှာ ဘယ်လိုမှမခွဲတတ်။

သူငယ်ချင်းများက ပိုဆိုး၏။ သူ့သူငယ်ချင်းက ကျွန်ုပ်ကိုတွေ့လျှင် စကားမပြီးနိုင်အောင် အားရပါးရပြော၏။ ကျွန်ုပ်၏ သူငယ်ချင်းများက သူနှင့်ဆုံလျှင် ပခုံးဖက်၍ လမ်းအတူလျှောက်ကြ၏။ တော်တော်လေးကြာမှ ရှင်းပြမှ မဟုတ်ကြမှန်းသိပြီး စကားမပြောနိုင်လောက်အောင် အံ့သြကြ၏။

တစ်ခါ ကရာတေးကလပ်ချင်းချိန်း၍ ကစားကြသည့်ပွဲကြီးတစ်ခုကိုသွားရန် အမေက မလွှတ်၍ ကျွန်ုပ်က သူ့အား အကူအညီတောင်းရ၏။ အကျီဆင်တူဝတ်ထားကြပြီး ကျွန်ုပ်၏အခန်းထဲရှိ ခုတင်ဘေးစာကြည့်စားပွဲတွင် အတူထိုင်နေလိုက်၏။ တစ်အောင့်လောက်ကြာမှ ကျွန်ုပ်ကလှစ်ခနဲအပြင်ထွက်သွား၏။ သူတစ်ယောက်တည်းကျန်ခဲ့သည့်အခါ ကျွန်ုပ်၏အမေက -

"ဟဲ့ - ဟိုကလေးကော"

ဟု မေးရာ သူက -

"ပြန်သွားပြီ"

ဟု ပြောပြီး ကျွန်ုပ်၏ ခုတင်တွင်လှဲရင်း စာကြည့်နေလိုက်၏။

ပြန်လာမှလူချင်းပြန်ချိန်းရ၏။

တစ်ခါကလည်း -

(၁၄) လမ်းထိပ် ကားဂိတ်ရှိ ရေအိုးစင်နားတွင် ကျွန်ုပ်မတ်တတ်ရပ်နေစဉ် သူ့အဖေရောက်လာပြီး -

"ဟေ့ကောင်၊ ထမင်းစားချိန်မှန်းတောင် မသိတော့ဘူးလား၊ ဟိုမှာ မင်းအမေစောင့်နေတယ်"

ဟု လာပြောလေရာ ကျွန်ုပ်က-

"မဟုတ်ဘူး"

ဟု ပြန်ပြောသော်လည်း -

"ဘာမဟုတ်ရမှာလဲကွ၊ ခုလာ"

ဟုသာ ကြိမ်းနေ၏။ နှစ်ခါ၊ သုံးခါပြော၍မရသောအခါ သူ့နောက်လိုက်သွားပြီး အသင့်ပြင်ထားသော ထမင်းကိုဝင်ထိုင်စားလိုက်၏။ ကျွန်ုပ်စားမှ သူငယ်ချင်း၏ အမေကလည်း စား၏။

စားပြီး နောက်တစ်ပန်းကန်ထပ်ထည့်ခါနီးမှ သူငယ်ချင်းရောက်လာလေရာ သူ့အဖေရော သူ့အမေပါ ဟာခနဲဖြစ်သွားပြီး လက်ထဲက ထမင်းလုတ်များပင် ပြုတ်ကျကြ၏။

သူ့အဖေနှင့် အမေသည် သူတို့မိတ်ဆွေများနှင့် စကားစပ်လျှင် ကျွန်ုပ်ကို လက်ညှိုးထိုးပြ၍-

"ဒါအမြွာလေ၊ ဟိုကောင်က အကြီး။ ဟိုဘက်နားကအစ်မကိုမွေးစားဖို့သွားပေးထားတာ"

ဟု ပြောလေ့ရှိ၏။

အခြားလူများက -

"ဟယ် - တော်တော်တူတဲ့အမြွာနော်"

အံ့သြကြ၏။

ကျွန်ုပ်၏အမေသည် သူငယ်ချင်းကိုအလွန်ချစ်ပြီး သူ့အမေကဲ့သို့ပင်ပြောတတ်၏။

"ဒါလည်း သားလေးပဲ၊ အမြွာလေ။ ဟိုဘက်က အစ်မဆီမှာ ငယ်ငယ်လေးထဲကသွားထားတာ"

ဟု ပြောတတ်၏။

အားလုံးက တအံ့တသြဖြစ်ကြ၏။

အချို့ကဆိုလျှင် -

"ဟယ်တော်-လူကြီးတွေကလည်း ခွဲထားရက်တယ်။ ညီအစ်ကိုနှစ်ယောက်ကြည့်ပါဦး တစ်ထေရာတည်းပဲ၊ တူလိုက်ကြတာ။ ဘယ်လိုခွဲရမှန်းတောင်မသိဘူး"

ဟု ပြောကြ၏။

ကျွန်ုပ်တို့နှစ်ယောက်၏လှည့်စားခြင်းဒဏ်ကိုအခံရဆုံးမှာ မိဘများပင်ဖြစ်၏။ တစ်ယောက် အပြင်ထွက်ချင်လျှင် တစ်ယောက်က တစ်အိမ်အိမ်မှာနေပေးရ၏။

ကျွန်ုပ်က သူ့အတွက် အမြဲနားစွင့်ရ၏။

သူသည် အင်မတန် အေးအေးဆေးဆေးနေတတ်ပြီး တည်ကြည်သူဖြစ်သော်လည်း ကျွန်ုပ်က အထိုးအကြိတ်အသတ်အပုတ်သမားဖြစ်ရာ လူမိုက်များနှင့် လုံးလားထွေးလားနေတတ်သူဖြစ်သောကြောင့် ကျွန်ုပ်နှင့် မှားပြီး သူ့ကိုရန်လုပ်မည်ကို စိုးရိမ်၏။ ထို့ကြောင့်နားအမြဲစွင့်ရ၏။

အချို့ကပြော၏။

အမေသည် လှည်းကူး ကြာအင်းသူ ဖြစ်၏။ သူငယ်ချင်း၏ အမေသည်လည်း လှည်းကူးသူ ဖြစ်၏။ လှည်းကူးသူများက မွေးလာကြသူများဖြစ်၍ တစ်နေရာထဲကများ ဆုတောင်းလာကြသေးသလား၊ ပြန်ဝင်စားလာကြလေသလားဟု မကြာခဏပြောကြ၏။

အိမ်နားနီးချင်းများမှာ ယခုအချိန်ထိပင် ခွဲ၍မရနိုင်သေးပါ။

ယခုဆိုလျှင်-

သူရှိသောနေရာတွင်လည်းကောင်း၊ သူ့အား တွေ့ကြလျှင် လည်းကောင်း ကျွန်ုပ်ဟု ထင်ကြမည့်သူများရှိနေပါဦးမည်။

ကျွန်ုပ်ကိုသတိထားကြည့်မိကြမည့်သူ၏မိတ်ဆွေများကလည်း ကျွန်ုပ်ကို သူဟု ထင်ကြပါဦးမည်။

ကျွန်ုပ်တို့နှစ်ယောက်သည် အလွန်မှ မအားမလပ်ကြသောကြောင့် နှစ်ယောက်သားမဆုံးဖြစ်ကြတော့ခြင်းသာဖြစ်ပါသည်။

ဘဝတွင် ရှားရှားပါးပါး အမြွာကဲ့သို့ ဆင်တူကြရသူများဖြစ်ရာ သံယောဇဉ်ကြီးလွန်းစွာနှင့် သတိတရရှိလှပါသည်။)

ဘိုစိန်ကြီးနှင့် ကျွန်ုပ်သည် ဆရာအရှင်၏စာတ်ခန်းသို့လည်း အချိန်ရလျှင် ရသလိုသွားပြီး ဆရာအရှင့်နားတွင်နေကြ၏။ ဘာမှတော့မဟုတ်။ ဆရာအရှင်အား တစိမ့်စိမ့်ကြည့်နေရလျှင် ကျွန်ုပ်တို့နှစ်ယောက်ပျော်၏။ စိတ်ချမ်းသာ၏။ ဆရာအရှင်အား ကျွန်တော်တို့ကို ဘယ်လိုလေးလုပ်ပေးပါ၊ ဘာဖြစ်ချင်လို့ပါဟု မည်သည့်အခါမှ မတောင်းတတ်ကြ။ ကြည်ညိုရုံသက်သက်၊ ဖခင်ကဲ့သို့ချစ်ခြင်းသက်သက်သာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ခန်းအောက် ကိုမောင်မောင့် အခန်းလေးထဲတွင် ဂစ်တာတီးဖြစ်၏။ အခန်းလုံးနေ၍သီချင်းဆိုဖြစ်၏။ ဂစ်တာသင်ဖြစ်၏။

ကိုမောင်မောင်တို့အိမ်တွင် ဓာတ်ခန်းဖွင့်စဉ်က -

ထူးဆန်းသော ပုဂ္ဂိုလ်တစ်ဦးကြုံရပြန်၏။

သူသည် စိမ်းသူမဟုတ်ပါ။ အာစရိယဆရာသခင် ကျေးဇူးရှင်ဆရာအရှင်၏တပည့်ဖြစ်ပါသည်။

ကျွန်ုပ်တို့ထက် ပို၍ရှေးကျသောတပည့်ဖြစ်ပါသည်။

တစ်နေ့ -

ကိုမောင်မောင်၏ အခန်းတွင်းရှိ ပက်လက်ကုလားထိုင်တွင် လူတစ်ယောက်ထိုင်နေသည်ကို သတိထား၍ကြည့်မိရာ ထိုသူက ကျွန်ုပ်ကို စိတ်ဝင်တစားစိုက်ကြည့်နေ၏။

သူ၏အကြည့်မှာ စူးရှသော်လည်း ကျွန်ုပ်မှာအနည်းငယ်ခံနိုင်ရည်ရှိ၏။ သူသည် မုတ်ဆိတ်နှင့်နှုတ်ခမ်းမွှေးနှင့်ဖြစ်ပြီး မျက်နှာမှာ မြန်မာနှင့်မတူပါ။ မျက်ပေါက်ကျဉ်းလှပြီး မျက်လုံးမှာစူးရှလှ၏။ မျက်နှာသည် ချောမောသူတစ်ဦးဖြစ်သော်လည်း စိတ်စွမ်းအားကြောင့်ထင်၏။ မျက်နှာထားတင်းလှ၏။ လက်မှာပုတီးကိုမပြတ်စိပ်နေ၏။

"မင်း တနင်္ဂနွေသားလား"

"ဟုတ်ကဲ့"

ခေါင်းတစ်ချက်ညိတ်ပြီး တစ်ဖက်သို့မျက်နှာလွှဲသွား၏။ ကျွန်ုပ်က ဘေးနားရှိ ကိုမောင်မောင့်ဘေးမှ ဂစ်တာကိုလှမ်းမယူရဲသေးဘဲ သူ့ကို အကဲခတ်နေ၏။

"မင်းအမေက တနင်္လာသမီးပဲကွ"

"ဟုတ်ပါတယ်"

လက်က ပုတီးစိပ်နေသော်လည်း မျက်လုံးပြန်မှိတ်ထားပြန်၏။

"ဘာလဲ၊ မင်းအဖေကရဟန်းဝတ်နေတယ်ဆို ဟုတ်လား"

"ဟုတ်ကဲ့"

မျက်လုံးမှိတ်ထားပြီး ပုတီးစိပ်နေပြန်၏။

"ဘာလဲကွ၊ မင်းဗိုက်ထဲမှာ စေတီပုံအင်းတွေတွေ့နေရပါလား။ ဘာလဲ၊ မင်းအင်းတွေသောက်ထားလား"

ထိုအချိန် ထိုပုဂ္ဂိုလ်၏ခေါင်းရင်းဆီမှ အိမ်မြှောင်တစ်ကောင်သည် ဖျင်းရိရိ ခြောက်ကပ်ကပ်ပုံစံနှင့် လေးတွဲ့တွဲ့ကြီးစုတ်ထိုးလိုက်၏။

ကျွန်ုပ်မှာ ခပ်တည်တည်ပြန်ပြောပြီး တင်ပျဉ်ခွေထားရာမှ ချက်ချင်းခြေထောက်အောက်ချလိုက်မိသွား၏။ ခပ်ပေါ့ပေါ့မတွေးရဲတော့။ ကျွန်ုပ် အဘဆရာကြီးဦးထွန်းရင်ထံတွင် ဆယ်ဆူအင်းသောက်ထားသည်ကို ကိုမောင်မောင်ပင်မသိပါ။ ထို့ကြောင့် နည်းနည်းတုန်လှုပ်သွား၏။

"အေး - ကံတွေတော့ထိန်းနိုင်မှကွ"

"ဟုတ်ကဲ့"

"အကျင့်လည်းကျင့်၊ သတ်ဟယ်ဖြတ်ဟယ်စိတ်တွေလည်းသိပ်မထားနဲ့ပေါ့ကွာ၊ အစောင့်အရှောက်တွေ ဒါလောက်ကောင်းနေတာပဲ။ ဘာလဲ မင်းက ဒါတွေဘာတွေလုပ်တယ်လား"

ပြောရင်းနှင့် လေထဲတွင် လက်ဝါးစောင်းခုတ်ပုံလုပ်ပြ၏။ ကရာတေးကစားသည်ကို ဆိုလိုဟန်ရှိပါသည်။

"ဟုတ်ကဲ့ ဆရာ"

နှုတ်မှ လွှတ်ခနဲ ဆရာခေါ်လိုက်မိပါတော့သည်။

ထိုပုဂ္ဂိုလ်ကား -

အာစရိယ ဆရာသခင် ကျေးဇူးရှင် ဆရာအရှင်၏ အလွန်ရှေးကျသောတပည့်ကြီး 'ဆရာဆန်း'ပင် ဖြစ်ပါသည်။

ဆရာအရှင်အား ဆရာဆန်းကြည်ညိုပုံ၊ ချစ်ပုံမှာ သူများနှင့် လုံးဝမတူပါ။ ကျွန်ုပ်တို့က ဆရာအရှင်အား ချစ်လှပြီလားဟုထင်သော်လည်း ဆရာဆန်းက ကျွန်ုပ်တို့ထက်သာသည်ဟုပင် ဝန်ခံရပါမည်။

စားလျှင်လည်း သရဏဂုံတည်ပြီး ဆရာအရှင်ကို တိုင်တည်ပြီးမှစား၏။ ရေသောက်လျှင်လည်း သရဏဂုံတည်ပြီး ဆရာအရှင်ကို တိုင်တည်ပြီးမှ သောက်၏။ သူ့စိတ်ထဲတွင် ဆရာအရှင်သည် ထာဝရဖြစ်နေ၏။

ပုတီးစိပ်ပြန်လျှင်လည်း ဆရာအရှင်သင်ပေးထားသည့် အရဟံဗုဒ္ဓေါကိုသာစိပ်၏။

တရားထိုင်လျှင်လည်း အရဟံဗုဒ္ဓေါသာမှတ်၏။ ဆေးလိပ်သောက်လျှင်ပင် အရဟံဗုဒ္ဓေါနှင့်သောက်၏။

သူ့ကိုကြည့်လျှင် ပါးစပ်က သရဏဂုံကိုသာရွတ်နေလေ့ရှိ၏။

ထို့ကြောင့်လားမသိ -

သူ့ကိုခင်ကြသော သူ၏တပည့်များနှင့် စကားလက်ဆုံကျလျှင် စိတ်စွမ်းအားများကို လက်တွေ့ပြ၏။ ပြခါနီးတိုင်း ဆရာအရှင်ကိုဦးဆုံးရှိခိုးခွင့်တောင်းပြီးမှပြတတ်ကြောင်း ကျွန်ုပ်သတိထားမိ၏။

တစ်နေ့ -

ကိုမောင်မောင်အခန်းထဲတွင် ဆရာဆန်းရှိနေစဉ် -

"ဆရာနေကောင်းလား"

"အင်း - ကောင်းပါတယ်"

"အိမ်က သမီးလေး ဟိုဘက်ကကောင်လေးက ဆေးနဲ့လုပ်ထားတာဆရာရယ်၊ ဘယ်လိုမှကို ပြန်ခေါ်လို့မရလို့"

ဆရာဆန်းသည် မျက်လုံးတစ်ချက်မှိတ်လိုက်ပြီး -

"သွားမခေါ်နဲ့တော့၊ ခင်ဗျားသမီးမှာ ကိုယ်ဝန်ရနေပြီ"

"ရှင် - ဟာ မဟုတ်သေးဘူးနဲ့တူတယ်နော်။ သမီးက ကျွန်မနဲ့ပဲနေတာ၊ ခုမှပါသွားတာတစ်ပတ်ရှိသေးတယ်"

ဆရာဆန်း ဘာမှမပြောတော့ပါ။

ထိုအမျိုးသမီးကြီးသည် နောက်နေ့တွင် ဆရာဆန်းကို လာတောင်းပန်၏။ ရန်ကုန်မှာကတည်းက သူတို့ဖြစ်နေတာကိုမသိခဲ့ပါ။ ယခုအမှန်ပင် ကိုယ်ဝန်ရှိ၍ လိုက်ပြေးသွားခြင်းဖြစ်ပြီး ပြန်ခေါ်၍မရခြင်းဖြစ်ကြောင်း လာရောက် ဝန်ခံရင်း တောင်းပန်ကန်တော့သွား၏။

တစ်ခါ လူတစ်ယောက် -

"ဆရာဆန်းက မနောပိုင်တယ်ဆို၊ လုပ်စမ်းပါဦးဗျ"

ဆရာဆန်းသည် မျက်လုံးမှိတ်ပုတီးစိပ်နေရင်းမှ ထိုသူကို စူးရှသောအကြည့်နှင့်တစ်ချက်ကြည့်လိုက်ပြီး -

"ခင်ဗျားပြောလို့ပြောတာနော်၊ သူများသားမယားတော့ရှောင်ပါဗျာ၊ ဒါပဲပြောချင်တယ်"

ထိုသူမှာ ဆတ်ခနဲခေါင်းငိုက်စိုက်ကျသွားပြီး ဆရာဆန်းကို လက်အုပ်ချီလိုက်ရင်း -

"ကျွန်တော်. . . ကျွန်တော်မှားခဲ့ပါတယ်ဆရာ။ကြာခဲ့ပါပြီဆရာ၊ နောက်ပိုင်း ထိန်းပါတယ်ဆရာ"

အတော်လန့်သွားဟန်ရှိ၏။

ဆရာဆန်း ဘာမှဆက်မပြောတော့ပါ။

ဆရာဆန်းသည် ဆရာအရှင်စေခိုင်းသည့်အတိုင်း တစ်သဝေမတိမ်းလိုက်နာ၏။ ကျင့်ကြံအားထုတ်၏။ ထို့ကြောင့် စိတ်စွမ်းအားအလွန်ကောင်းလှ၏။

နောက်ပိုင်း ကျွန်ုပ်နှင့် အတော်ခင်သွားပြီး အင်္ဂဝိဇ္ဇာပညာရပ်များ



www.burmeseclassic.com

www.burmeseclassic.com

အကြောင်း ပြောဖြစ်ကြ၏။ ဆွေးနွေးခြင်းမဟုတ်ပါ။ ဆရာဆန်းကပို၍သာပါသည်။ သူကလက်ာများအတော်နိုင်၏။ လက်ာများ ရွတ်ကာရွတ်ကာနှင့်ပြောပြောပြ၏။

အင်္ဂလိပ်ဇွာပညာကို လက်ာများနှင့် ဟောခြင်းဖြစ်သော်လည်း စိတ်မနော အားပါ ပါသူဖြစ်၍ သူ၏ဟောကိန်းများမှာ ကြောက်ခမန်းလိလိမှန်လှပါသည်။

သူသည် လူတစ်ယောက်ကို စိတ်ဝင်တစားကြည့်မိပြီဆိုသည်နှင့် ထိုသူ၏ အကြောင်းကို တော်တော့်ကို သိလေတော့၏။

"ဘာဖြစ်တာလဲ၊ ဟိုနေ့က ဗိုက်ကလေးနှိပ်နှိပ်နေတာတွေ့တယ်"

ဟု ပြောလိုက်သောအခါ -

"ဟာ - ဟုတ်တယ်ဆရာ၊ ဗိုက်အောင့်လို့ ဆေးခန်းရောက်သွားသေးတယ်"

ဟု ပြောလိုက်သူကို တွေ့ခဲ့ဖူးသလို-

"ခင်ဗျားခေါင်းမှာ ပတ်တီးကြီးတွေ့နေပါလား"

ဟု ပြောလိုက်သူက -

"ဆရာရေ၊ ပြီးခဲ့တဲ့ (၃) ရက်ကကြောင်အိမ်ပေါ်က ခေတ်ဘူးပြုတ်ကျလို့ ခေါင်းကွဲသွားပြီးချုပ်လိုက်ရသေးတယ်"

ဟု ပြောသူကိုလည်း တွေ့လိုက်ရ၏။

ကျွန်ုပ်သည် -

ထိုနှစ်က ဆရာအရှင် အဓိဋ္ဌာန်ဝင်သောဘုရားစေတီများသို့သွားရောက်၍ တစ်ရက်တန်သည်၊ နှစ်ရက်တန်သည် အဓိဋ္ဌာန်လိုက်ဝင်ရင်း ဝေယျာဝစ္စကုသိုလ်ပြုဖြစ်၏။ ဆရာဆန်းက ဆရာအရှင်နှင့်အတူ တောက်လျှောက်လိုက်ပါပြီးကျင့်၏။

ဆရာအရှင် အဓိဋ္ဌာန်ဝင်သည့်နေရာများသို့ တစ်ခေါက်စ၊ နှစ်ခေါက်စ စတင်လိုက်ဖူးပြီဖြစ်၍ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို စတင်ရွတ်ဖတ်တတ်စပြုလာလေပြီ။ ကြည်ညိုတတ်လာလေပြီ။

အားသည့်ရက်များတွင် သန်လျင်ဆာဒူးဂူသို့ရောက်ဖြစ်၏။ အားသည်နှင့်သွားတတ်၏။

တစ်ခါတစ်ခါ ညအိပ်ဖြစ်ပါသည်။ ဘာဘာကြီးခုတင်ဘေး ကြမ်းပြင်တွင် ဖျာလေးခင်း၍ သစ်တုံးလေးတစ်တုံးကို ခေါင်းအုံးရင်းအိပ်ဖြစ်၏။ ဘာဘာကြီးအခန်းအပြင်ဘက်တွင် ခုတင်အလွတ်တစ်လုံးရှိ၏။

အာစရိယဆရာသခင်ကျေးဇူးရှင်ဆရာအရှင်သည် ဤဂူသို့ရောက်လာတိုင်း ဘာဘာကြီးနှင့်စကားစမြည်ပြောဆိုပြီး ဂူထဲတွင် ကျင့်ကြံအားထုတ်ပြီးလျှင် ထိုခုတင်တွင်အိပ်တတ်၏။

တစ်ရက် ဆရာအရှင်အိပ်နေစဉ်လက်ကို မြွေစိမ်းတစ်ကောင်လာကိုက်၏။ မြွေစိမ်းမှာ အမောက်နီနီလေးနှင့်ဖြစ်၏။ ဆရာအရှင်က ခါလိုက်မှသာပြန်ထွက်သွား၏။

ဆရာအရှင်သည် ဘာဘာကြီးကို ချက်ချင်းနှိုး၍ -

"ဘာဘာ၊ မြွေတစ်ကောင်လာတယ်။ ဒီလိုကိုက်သွားတယ်"

ဟု ပြောသောအခါ ဘာဘာကြီးက-

"ဟရေး-သူကိုက်မှကိုက်ရဲ့လား"

ဟု ပြန်မေး၏။

"ဟာ - ကိုက်တာပေါ့"

ဟု ဆရာအရှင်က ပြန်ပြောသောအခါ-

"သေသေချာချာကိုက်မိရဲ့လား"

ဟု ထပ်မေးပြန်၏။

"ဟာ - ဘာဘာကြီးကလည်း သေချာကိုက်သွားတာပေါ့။ သွေးတော့မထွက်ဘူး၊ အရာလေးပဲထင်တယ်"

ဟူ၍ပြောလိုက်သည်နှင့် ဘာဘာကြီးသည် -

"ဟရေး - ဒါဆို သူကိုက်ရင်ပြီးပြီ။ ဒီပြင် မြွေမကိုက်နိုင်တော့ဘူး။ ကောင်းဒယ်၊ အရမ်းကောင်းဒယ်"

ဟု ဝမ်းသာအားရပြောလေတော့၏။

ဆရာအရှင်အိပ်သော ထိုခုတင်မှာ ဘာဘာကြီး၏ အခန်းအပြင်ဘက်တွင်ရှိပါသည်။

ကျွန်ုပ်မှာ အလွန်သတ္တိကောင်းသူဖြစ်လေရာ လေတဟူးဟူးတိုက်သော ထိုခုတင်တွင်မအိပ်ရဲဘဲ ဘာဘာကြီး၏ ခုတင်ခြေရင်းရင်း ဘေးတွင်သာ အိပ်ရဲ၏။ ညဘက် ဂူအပြင်ဘက်တွင် ခြေသံများတရှပ်ရှပ်နှင့် လမ်းလျှောက်နေသံများ၊ စကားပြောသံများကြားရလျှင် နားပိတ်ထားပြီးအိပ်၏။ဘာဘာကြီး၏ခုတင်အောက်နားမရောက်တရောက်သို့တိုး၍အိပ်၏။ တစ်ခါတစ်ခါ ဘာဘာကြီးကို လာကန်တော့ကြသံများ အတိုင်းသားကြားနေရ၏။ ဘာမှတော့အနှောင့်အယှက်မရှိ။ ဘာဘာကြီးကို လာလာကန်တော့ကြပြီး အစုလိုက်အဖွဲ့လိုက်ပြန်ပြန်သွားကြသည်သာများ၏။

တစ်နေ့ -

ဘာဘာကြီးထိုင်နေသောနေရာလေးနှင့် မျက်စောင်းထိုးတွင် သောက်ရေအိုးတစ်လုံးရှိ၏။ ကျွန်ုပ် ထိုနေ့က ဂူထဲတွင် (၂) နာရီခန့်ကြာအောင် ဝင်ထိုင်ပြီး ပြန်ထွက်လာကာ ရေဆာဆာရှိသည်နှင့် ဘာဘာကြီးထံ ခွင့်တောင်းလိုက်၏။ ဘာဘာကြီးပေးသော ဒန်ခွက်နှင့် ရေအိုးထဲခပ်သောက်လိုက်သောအခါ ပုပ်အဲ့အဲ့အနံ့ကြီးရ၏။ စိတ်ကမသင်္ကာ၍ နောက်တစ်ခွက်ထပ်သောက်ရာ အနံ့မှာနံနေပြန်ပြီး တစ်မျိုးကြီးဖြစ်နေ၏။ 'ပုပ်စော်နံနေတယ် ဘာဘာကြီး' ဟု လှမ်းပြောလိုက်ပြီး ဟိုရှာဒီရှာရှာလိုက်ရာ သောက်ရေအိုးထဲတွင်ကျနေသော အိမ်မြှောင်အသေလေးကို တွေ့လိုက်ပါသည်။ အိမ်မြှောင်လေးမှာ ပုပ်ဖွပင်နေချေပြီ။

"ဟာ - ဘာဘာကြီး ဒီထဲမှာ အိမ်မြှောင်ကျသေနေတယ်၊ ပုပ်တောင်နေပြီ"

"ဟရေး ဟမ်း ဟမ်း ဟုတ်လား"

"ဟုတ်တယ်"

တစ်ခွန်းသာပြောပြီး သူ့မုတ်ဆိတ်ထုံးလေးကို ညာလက်နှင့် ကိုင်သပ်ရင်း အဝေးကောင်းကင်ဆီသို့သာ လှမ်းမျှော်ကြည့်နေတော့၏။ ဘာမှထပ်မပြောတော့။ ဤရေအိုးသည် ဘာဘာကြီးသောက်နေသောရေအိုး ဖြစ်ပါသည်။ အိမ်မြှောင်ပုပ်နေသောအနံ့ကို ဘာမှမတုန်မလှုပ်သောက်နေနိုင်သောဘာဘာကြီးကိုကြည့်၍ ကျွန်ုပ်မှာ ကြည်ညို၍မဆုံးတော့ပါ။

"ဆေးခွင့်ပြုပါ ဘာဘာကြီး"

"ဟမ်း ဟမ်း"

ရေအိုးကို သေချာဆေး၍ ဘုရားကျောင်းဝင်းထဲမှ ရေတွင်းကြီးအနီးဘေးတွင်သွန်ချလိုက်ပြီး ရေတွင်းကြီးထဲမှ ရေသန့်နှင့် နှစ်ကြိမ်၊ သုံးကြိမ်ဆေးကြောပြီးမှ ရေအသန့်ထည့်ပြီး ဘာဘာကြီးအနားပြန်ထားလိုက်၏။

လူလောကကြီးသည် သူနှင့်မဆိုင်သလိုနေတတ်သော သူတော်စင်ကြီးဖြစ်ပါသည်။ သူ့ကိုကြည့်လိုက်လျှင် သုခဒုက္ခ ဟူသော မီး (၁၁) ပါး ဆိုသည်မှာ ဘာမှန်းပင်မသိသလို အေးချမ်းလှ၏။ အလွန်ပင်တည်ငြိမ်လွန်းလှ၏။ တိတ်ဆိတ်စွာနေတတ်သောသူတော်စင်ကြီးဖြစ်၏။ ဘာဘာကြီးသည် သူ့အားလာ



www.burmeseclassic.com

www.burmeseclassic.com

ရောက်ကန်တော့ကြသူများအား လက်အုပ်လေးပြန်ချီပြီး ခေါင်းသာညိတ်ပြ၏။ ဘာမှအပိုမပြော။ ပြောလျှင်လည်း -

"ကောင်းကောင်းနေ၊ ဘုရားကောင်းကောင်းထားမယ်။ ကောင်းကောင်းမနေရင် ဘုရားကောင်းကောင်းမထားဘူး"

ဟူ၍သာပြောလေ့ရှိ၏။

ဖီးကြမ်း၊ ငှက်ပျောသီးမှည့်အလွန်ကြိုက်တတ်သောကြောင့် ဆာဒူးဂူသို့ သွားတော့မည်ဆိုလျှင် အစ်မလှက ဖီးကြမ်းငှက်ပျောသီးနှင့် ထန်းလျက်ခဲများ ဝယ်ပေးလိုက်လေ့ရှိ၏။ တစ်ခါတစ်ခါ ကုလားပဲ(ဆင်ခေါင်းပဲ)များဝယ်ပေးလိုက်၏။

"လက်ဖက်ရည် သောက်မလား လက်ဖက်ရည်"

"ဟုတ်ကဲ့ - ဘာဘာကြီးတိုက်ရင် သောက်မှာပေါ့"

"ဟရေး - ရော့၊ သောက်"

ဒန်ခွက်လေးနှင့် ပေးလိုက်သော ပူပူနွေးနွေးမှာ နီညိုရောင်များဖြစ်ပြီး တစ်ငုံသောက်လိုက်ရာ ပူရှိန်းရှိန်းစပ်တတ်တတ်ဖြစ်သွား၏။

"အား- ဘာတွေလဲ ဘာဘာကြီး"

"လက်ဖက်ရည်"

"ဟာ - မဟုတ်သေးပါဘူး"

"ဟမ်း ဟမ်း . . . လက်ဖက်ရည်"

သေချာနမ်းကြည့်မှ ချင်းနှင့် ထန်းလျက်နံ့ထွက်လာ၏။ ဘာဘာကြီးထိုင်သောဘေးနားလေးတွင် မီးဖိုလေးကို အင်္ဂတေကျင်းချိုင့်ပုံစံလေးလုပ်ထားသော်လည်း အားလုံးပြီးလျှင် ပြာပါမကျန်အောင် သန့်ရှင်းတတ်သော ဘာဘာကြီး၏ စည်းကမ်းကြီးမှုကြောင့် ဘယ်အိုးထဲကို ဘာထည့်တည်လိုက်မှန်းမသိရ။ ကျွန်ုပ် ဂူထဲဝင်နေစဉ် တည်ထားခြင်းဖြစ်ပြီး ပြန်ထွက်လာမှ တိုက်သောကြောင့် ဘာမှန်းမသိသော်လည်း ချင်းနှင့် ထန်းလျက်ရည်ဖြစ်၍ ကျွန်ုပ်လည်း ကုန်အောင်သောက်လိုက်ပါသည်။

သည့်နောက်တွင် ကျွန်ုပ်မကြာမကြာသောက်ရ၏။

❑

တစ်နေ့ -

ဆယ်ဆူအင်းတိုက်သော အဘဆရာကြီး ဦးထွန်းရင်၏တပည့်သားသမီးများထဲမှ ကျွန်ုပ်ကို သားသမီးလိုချစ်ကြသော ဦးခင် - ဒေါ်ခင်ဟု ခေါ်သည့် ဦးလေးတို့ဇနီးမောင်နှံရောက်လာ၏။ သူတို့သည် ကျွန်ုပ်ဆယ်ဆူအင်းစသောက်စဉ်နေ့က အင်းပြာအချပ်လိုက် လေမှာ ပျံတက်ပြီး ဘုရားစင်ပေါ်တင်သွားခြင်း၊ အမေငြိမ်းက ယူ၍တိုက်ခြင်း၊ တိုက်ပြီးပြီးချင်း အလွန်နားထောင်ကောင်းသော ဘာသာစကားများ တောက်လျှောက်ပြောလာခြင်း၊ ဆယ်ဆူအင်းကိုချက်ချင်းလက်တန်းဆွဲနိုင်ခြင်း၊ အင်းအချပ်ပေါင်း (၃၀၀) ကို တောက်လျှောက်ဆွဲနိုင်ခြင်း၊ ထူးဆန်းသောအတွေ့အကြုံများကြုံရခြင်း၊ အဘ ဦးထွန်းရင်နှင့် အမေငြိမ်းတို့ကိုယ်တိုင် အရိပ်တကြည့်ကြည့်နှင့် မြှောက်စားကြခြင်းတို့ကြောင့် ကျွန်ုပ်ကို ထူးဆန်းသောကလေး ဟူ၍ ချစ်ကြသော ဇနီးမောင်နှံဖြစ်၏။

"သားရေ မင်းကိုနှိုတိုက်မလို့ကွ"

"ဗျာ - ဘာနှိုလဲ ဦးလေး"

"မင်းကြည့်လေ"

ဓာတ်ပြာတစ်မျိုးနှင့် ဆီပုလင်းတစ်ခုထဲမှ ဆီရောထည့်မွှေလိုက်လေရာ နို့ရောင်ပြောင်းသွားပါတော့သည်။

"ဟာ - ထူးဆန်းလှချည်လား၊ ကျွန်တော်သောက်မယ်"

"အားရပါးရယူ၍သောက်လိုက်ပါသည်။

"ဦးလေး၊ ဘယ်ကရတာလဲ"

"ဒါ အဘိုးသံရဲ့ သိဒ္ဓိဝင်ဆီနဲ့ ဓာတ်ပြာပဲကွ"

"ဟာ"

ကျွန်ုပ် မကြားဘူးသော ထူးဆန်းသည့် အကြောင်းအရာများကြားလာရပြန်ချေပြီ။ ဦးလေးခင်နှင့် အဒေါ်ခင်ပြောပြနေသည်ကို နားထောင်ရင်းနားထောင်ရင်း 'အင်း - ငါ့အဖေရဲ့ခြေထောက်ဝေဒနာကြီးတော့ ပျောက်ချင်လို့နဲ့တူတယ်။ ဦးလေးခင်ပြောတဲ့ခရီးကို ငါရောက်သွားမယ်' ဟု စိတ်ဆုံးဖြတ်လိုက်ပြီး -

"သာယာကုန်းပါတယ်ကားဆရာ"

"သာယာကုန်းရောက်ပြီ သာယာကုန်း"

ပဲခူးမရောက်ခင် သာယာကုန်းတွင်ဆင်းရပြီး ဦးလေးခင်လမ်းညွှန်လိုက်သည့်အတိုင်း ဘယ်ဘက်လမ်းကြောအတိုင်းလျှောက်သွားလိုက်၏။ မိုးတွင်းဖြစ်၍ ရိုးအတိုင်းသွားရန် ဖြစ်၏။

တစ်နေရာသို့အရောက်တွင် လှေဆိပ်ဘက်ကွေ့ထွက်သည့်လမ်းထိပ်နားအရောက် လှေကြီးတစ်စင်းရပ်ထားသည်ကို လှမ်းမြင်လိုက်ရ၏။ လှေကြီးမှာ အတော့်ကိုကြီးပြီး လူများလေး၊ ငါး၊ ဆယ်ယောက်ခန့် လှေပေါ်တွင်ရပ်နေကြ၏။ ထိုလူများထဲတွင် ထူးခြားသောမျက်နှာနှင့် အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်လိုက်၏။ မျက်နှာမှာ ဝိုင်းစက်စက်ဖြစ်ပြီး ညာဘက်ပါးတွင် ထင်ရှားသောမှဲ့တစ်လုံးရှိသည့်ပြင် ဆံပင်ပေါက်ပုံမှာ နဖူးအလယ်ကောင်အထက် နားရှိ ခပ်ချွန်ချွန်ဆင်းပေါက်နေသောကြောင့် ကြည့်ရသည်မှာ ထူးခြားနေ၏။ ထိုအမျိုးသမီးသည် ကျွန်ုပ် တော်တော်ခပ်လှမ်းလှမ်းမှလာနေသည်ကိုလှမ်းကြည့်နေ၏။ ကျွန်ုပ်လည်း ခရီးသည်စောင့်နေသော ထိုလှေကြီးနှင့်လိုက်ရန် ခပ်သုတ်သုတ်လျှောက်သွားနေရာမှ လမ်းကွေ့လေးတစ်ခုကိုကွေ့ပြီးလျှောက်လိုက်၏။

ဓာတ်တိုင်နှစ်တိုင်အကွာခန့်က လှမ်းမြင်ရသောလှေကြီးထွက်သွားပုံရပြီး လှေဆိပ်တွင် လှေလေးနှစ်စီးသာတွေ့ရတော့၏။ တစ်စီးမှာ အလွတ်ဖြစ်ပြီး နောက်တစ်စီးပေါ်တွင် လူတစ်ယောက်ထိုင်နေ၏။

"ဒါ တောင်သုံးလုံးကိုသွားတဲ့လှေဆိပ်လား"

"ဟုတ်တယ်လေ၊ သွားမလို့လား"

"ဟုတ်ကဲ့"

"လာတက်၊ ကျွန်တော်က အဲဒီကို ခရီးသည်ပို့နေတဲ့သူ"

"ဪ"

ပြောရင်းနှင့် တက်ထိုင်လိုက်ပါသည်။ သူသည် လှေလေးကို ဝါးလုံးနှင့် ထိုး၍ထိုး၍သွားရင်း ခပ်လှမ်းလှမ်းအရောက် -

"နေပါဦး လှေဆရာ၊ ခုနလှေဆိပ်မှာ လူစောင့်နေတဲ့လှေကြီးကော ဘယ်လမ်းကသွားလဲ"

လှေဆရာသည် ကျွန်ုပ်ကိုသေချာစိုက်ကြည့်၍ -

"ဟုတ်လား၊ တွေ့လိုက်လား"

"တွေ့တယ်လေ၊ တွေ့လို့ အခုကျွန်တော်လိုက်ကြည့်နေတာ ဘာမှမမြင်လို့"

သူသည် ဘေးဘီကိုတစ်ချက်ကြည့်လိုက်ပြီး ဝါးလုံးနှင့်ဘယ်ပြောင်း၊ ညာပြောင်းပြုကာ ရေပြင်ထဲကိုထိုး၍ လှေတွန်းနေရင်းမှ -

"အဲဒါတစ်ယောက်တလေတွေ့ကြလို့ ပြောသံကြားကြားနေရတယ်ဗျ။ ကျွန်တော်က စာသူငယ်ရှာက။ ဟိုနားက တောင်သုံးလုံးကိုသွားချင်ရင် လှေနဲ့လိုက်ပို့ပေးနေကျ။ ဘာမှမရှိဘူး ဘာလှေမှမရှိဘူး၊ ကျွန်တော်ပဲပို့ပေးနေတာ"



www.burmeseclassic.com

www.burmeseclassic.com

"ဗျာ"

ရင်ထဲတွင် လှပ်ခနဲဖြစ်သွားပြီး ခေါင်းကြီးကြီးသွား၏။ ဘာမှတော့ဆက်မပြောတော့။ မေတ္တာသုတ်ကိုသာ တောက်လျှောက်ရွတ်နေရင်း လိုက်လာရာ တစ်ဖက်ကလှေဆိပ်သို့ရောက်လာ၏။ ထိုလှေဆရာ ရှင်းပြ၍ ကုန်းသာဒင်း၊ စာသူငယ်ဟူသောရွာများရှိကြောင်းသိလိုက်ရပါသည်။

လှေဆိပ်သို့အတက် လှေကြီးမြင်ခဲ့ရသောနေရာဆီသို့ မှန်းဆကာ တစ်ချက်လှည့်ကြည့်လိုက်ပြီး လှေဆရာပြလိုက်သောလမ်းလေးအတိုင်း တောင်ပေါ်သို့တက်လာလိုက်ပါသည်။ နေပင်ဝင်ခါနီးပြီဖြစ်၏။ တောကြက်လေးများ ဟိုကပျံ့ဒီကပျံ့နှင့်။

'သိဒ္ဓိရှင် အဘိုးသံ'။

တောင်ထိပ်သို့ ရောက်သည်နှင့် အဆောက်အအုံတစ်ခုရှေ့တွင် ကုလားထိုင်နှင့်ထိုင်နေသော ဝတ်ဖြူစင်ကြယ်ဝတ် အဘိုးသံကို လှမ်းမြင်လိုက်တော့လေရာ ကျွန်ုပ်လည်း အပြေးလေးသွားပြီး အဘိုးသံ၏ခြေရင်းတွင် ရှိသေစွာထိုင်၍ အဘိုးသံ၏ခြေထောက်ကို နဖူးနှင့်ထိကာထိကာရှိခိုးလိုက်ပါသည်။

"ဘယ်ကလာလဲ"

"သား ရန်ကုန်ကပါ အဘိုး၊ တောင်ဥက္ကလာပကပါ။ အဲဒီက ဦးခင်တို့၊ ဒေါ်ခင်တို့ရဲ့တူပါ"

"ဩော် - တောင်ဥက္ကလာက ကရင်ကြီးတွေ"

"ဟုတ်ပါတယ် အဘိုး၊ သူတို့ရဲ့တူပါ"

"အေး၊ အေး - ထမင်းစား၊ ထမင်းစား"

ချက်ချင်းဆိုသလို ဗိုက်ကဆာဆာနှင့် အမိုးကြီးထည့်ပေးသော ထမင်း၊ ဟင်းများကို အားရပါးရစားလိုက်ရာ သုံးပန်းကန်ကုန်သွား၏။ သားလေးထည့်ဦး၊ သားလေးထည့်ဦးဟု အမိုးကြီးက အလွန်ပျူငှာစွာဧည့်ခံ၏။ မျှစ်တာလဘောဟင်းကို ဘယ်တော့မှမေ့နိုင်မည်မဟုတ်ပါ။

ထမင်းစားပြီးသည်နှင့် အဘိုးသံ၏ခြေရင်းဘေးနားလေးတွင်ထိုင်နေလိုက်၏။ ဘာမှမပြောရဲ၍မပြောပါ။ အဘိုးကသာ ဦးလေးခင်တို့ နေကောင်းကြလားတစ်ခွန်းတလေမေး၏။ အဘိုးနားတွင် အသားဖြူဖြူ ဝဝ၊ မျက်နှာကားကားနှင့် ဦးလေးတစ်ယောက်က သူ၏ ဓာတ်လုံးကိုပြပြီးစကားပြောနေ၏။

မကြာပါ၊ အဆောက်အအုံများဘက်ဆီမှ ဘုန်းဘုန်းတစ်ပါးကြွလာ၏။ ဘုန်းဘုန်းကို အဘိုးသံက -

"ဟော - အထုပ်တရာကြွလာပြီ၊ မင်းလိုက်သွား"

"ကဲ - အရှင်ဘုရား၊ ဒီကလေးကို ခေါ်သွား"

ဟု လှမ်းပြောလိုက်၏။

ဘုန်းဘုန်းက လာဟုခေါ်၍ ကျွန်ုပ်လိုက်သွားပါသည်။ မှောင်နေချေပြီ။

အဆောက်အအုံတစ်ခုအတွင်း ခေါ်သွားပြီး ကျွန်ုပ်ကိုထိုင်ခိုင်းထား၏။ ဘာမှမပြော။ ကျွန်ုပ်ကလည်း ထိုင်နေ၏။ ဘုရားကို ဖယောင်းတိုင်ထွန်းထားသောကြောင့် အခန်းမှာမှိန်ပျပျသာဖြစ်နေပြီး ဘာမှမတွေ့ရ။ ကျွန်ုပ်ကို ဖျာတစ်ချပ်ပေါ်တွင် အိပ်ရာခင်းပေး၏။

ထိုအချိန် -

အပြင်မှဘုန်းဘုန်းတစ်ပါးကြွလာပြန်၏။ မျက်မှန်မှာ ဒီဂရီအထူကြီးနှင့်ဖြစ်ပြီး ကျွန်ုပ်၏ဘယ်ဘက်ဘေးအိပ်ရာတွင် လှဲအိပ်လိုက်၏။ အထုပ်တရာဘုန်းဘုန်းက ညာဘက်ရှိ အိပ်ရာပေါ်မှာ။

ကျွန်ုပ်လည်း ဘုရားဝတ်ပြုပြီး ဘုန်းဘုန်းတို့ကို ကန်တော့လိုက်စဉ် မျက်မှန်နှင့် ဘုန်းဘုန်းသည် အာလာပသလ္လာပပြော၏။

"သူက မနက်သုံးနာရီထိုးရင် သိုက်နန်းရှင်တွေကိုတရားအမြဲဟောတဲ့ပုဂ္ဂိုလ်ကွ"

အထုပ်တရာဘုန်းဘုန်းက ပြောလိုက်၍ မျက်မှန်နှင့်ဘုန်းဘုန်းကို ကျွန်ုပ်အလွန်စိတ်ဝင်စားသွား၏။ အလ္လာပသလ္လာပပြောပြနေသည်ကို နားထောင်ရင်း -

"အေး-မြွေတော့လာတတ်တယ်၊ အိပ်ရာကနိုးရင်အရမ်းမထနဲ့"

"ဘုရား၊ အဆိပ်ပြင်းလား ဘုရား"

"အမယ်-တောင်မြွေပွေးတို့၊ ငန်းပုပ်တို့ပါ ဒါပါပဲ။ တစ်ခါတစ်ခါမှသာ မြွေဟောက်ကြီးတွေလာတာပါကွ။ မစိုးရိမ်ပါနဲ့"

ဘုန်းဘုန်းစကားကြောင့် ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်ပြီး ခြေထောက်မဆန့်ရဲတော့။ ကပျာကယာရုပ်လိုက်၏။

"အိပ်နေရင် ခြေရင်းမှာလာခွေနေကြတာပါကွာ၊ သူတို့ကိုမထိရင်ဘာမှမလုပ်ပါဘူး"

"ဟဲဟဲ - တပည့်တော်၊ တပည့်တော် မအိပ်ရဲတော့ဘူးဘုရား။ တစ်ညလုံးထိုင်နေတော့မယ်"

"မင်းလာမယ်ဆိုတာ ငါပြောပြီးပါပြီကွာ၊ မင်းကလည်း"

အထုပ်တရာဘုန်းဘုန်းထံမှ အသံထွက်လာသည်နှင့် မျက်မှန်နှင့်ဘုန်းဘုန်းက -

"အေး - မြို့က ကလေးတစ်ယောက်လာလိမ့်မယ်။ သူ့အဖေနဲ့ပတ်သက်နေတယ်လို့ မနေ့ကပြောနေတာကွ ဟုတ်လား၊ ပတ်သက်လား"

ကျွန်ုပ် ဘာမှမပြောနိုင်တော့ပါ။ နှစ်ပါးလုံးကိုသာ ရိုသေစွာ ကန်တော့လိုက်ပြီး -

"တပည့်တော် ဘုန်းဘုန်းတို့ကို ကြည်ညိုလို့မဆုံးပါဘူး ဘုရား"

ဦးလေးခင်သည် အိမ်သို့လာလည်စဉ်က တောင်သုံးလုံးတွင် အဘိုးသံရှိကြောင်း အထုပ်ကလေးပေါင်းများစွာကို ခါးမှာရော လွယ်အိတ်ထဲမှာပါထား၍ အထုပ်တရာဟု အဘိုးက ခေါ်သော ဘုန်းဘုန်းတစ်ပါးလည်းရှိကြောင်း၊ ထိုဘုန်းဘုန်းထံတွင် ထူးဆန်းသောမန္တန်ရှိကြောင်း သူရွတ်ပြီဆိုသည်နှင့် ထူးဆန်းသောအမွှေးရနံ့များမွှေးကြိုင်နေကြောင်း၊ ထူးဆန်းသောမျက်နှာနှင့်မိန်းကလေးများ ဘုရားဖူးရောက်ရောက်လာကြကြောင်း ပြောပြသောကြောင့် ကျွန်ုပ်မှာ ထိုမန္တန်ကို အလွန်စိတ်ဝင်စားခဲ့၏။

'အင်း- ငါသာ အဘိုးတို့၊ ဘုန်းဘုန်းတို့ဆီရောက်အောင်သွားနိုင်ရင် ငါ့အဖေရဲ့ခြေထောက်အတွက် အဆင်ပြေပြီ၊ ထူးဆန်းတဲ့မန္တန်လည်းရပြီ'

ဟု တွေးရင်း ဤတောင်တော်သို့ မရောက်ရောက်အောင်လာခဲ့ခြင်း ဖြစ်ပါသည်။

ဘုန်းဘုန်းနှစ်ပါးကျိန်းချေပြီ။

ကျွန်ုပ်က မအိပ်နိုင်သေး။

'ငါဒီတော့ရောက်လာပြီ။ ဘုန်းဘုန်းဆီမှာမန္တန်ရှိတယ်ဆိုလို့ ငါလျှောက်မယ်။ လျှောက်ပြီးတောင်းမယ်။ မနက်ကျမှ အဖေ့အတွက် အဘိုးဆီကဆေးတောင်းမယ်'

ဟု စဉ်းစားပြီး -

"သက်ဆိုင်ရာပုဂ္ဂိုလ်များ၊ သားတော်သည် ညာဘက်ဘေးမှာရှိသော ဘုန်းဘုန်းဆီမှမန္တန်ကြီးကိုသိချင်ရုံမကလိုချင်၍လာခဲ့ရခြင်း ဖြစ်ပါသည်။ သားတော်သည် သူများအသက်ကိုမစား။ ဤကောင်းမှုကုသိုလ်ကြောင့် ဘုန်းဘုန်း

www.burmeseclassic.com

www.burmeseclassic.com

၏ မေတ္တာကို ရရပါစေ"

ဟု နှစ်ကြိမ်၊ သုံးကြိမ်ခန့် တိုင်တည်လိုက်၏။

"အင်း - ခက်တာပဲကွာ"

ဟု အသံထွက်လာပြီး ဘုန်းဘုန်းဟိုဘက်ဒီဘက်လှည့်၏။ တစ်အောင့်လောက်ကြာသော် -

"တော်တော်ခက်တဲ့ကောင်ပဲကွာ"

ဟု ညည်းပြန်၏။ နှစ်ခါ၊ သုံးခါ ညည်းပြီးသည်နှင့် -

"ကဲ-ဟေ့ကောင်ထ၊ ဒီတိုင်းဆို ငါအိပ်ရမှာမဟုတ်ဘူး။ မင်းမှာ စာအုပ်ပါလား"

ဟုမေးလေရာ -

"ပါပါတယ် ဘုရား"

ဟု၍ပြန်လျှောက်လိုက်ပြီး ဝမ်းသာအားရကုန်းထလိုက်၏။ အချိန်မှာ (၁၁) နာရီထိုးခါနီးပြီဖြစ်၏။

"လိုက်ရေး"

တစ်ခွန်းချင်း ခေါ်ပေးလိုက်သည်မှာ 'စိန္တာမဏိမန္တန်တော်ကြီး' ဖြစ်ပြီး အထဲနှင့် အဖုံးဟု နှစ်ပိုဒ်ရလိုက်၏။ အတော်ရှည်လျား၏။ မွန်းတည့်(၁၂) နာရီကျော်မှသာရွတ်ရမည်ဖြစ်ပြီး တစ်ကြိမ်ရွတ်လျှင် (၈) ခေါက်ထက်မပိုရဟု သတ်မှတ်ပေးလိုက်၏။

စဉ့်ကူးမင်းလက်ထက် စရစ်ရွာနန္ဒာဝရဆရာတော်ရွတ်ဆိုခဲ့သောဂါထာကိုလည်း နှုတ်တိုက်ခေါ်ပေး၍ လိုက်ရေးမှတ်ခဲ့ရ၏။

အရေးကြုံလျှင် ရွတ်ရန်ဟုဆိုသော -

'ဦ - ကိစ္စေတိကိစ္စေ ရဝ်လွဲဟုံဟုံ ကွဟိဟုတ်ဟုတ် ဦ - အောင်စေသတည်း'

ဟုသောဂါထာကို ရွတ်လည်းရွတ်ခိုင်း၏။ ကျွန်ုပ်၏ဦးခေါင်းကို ကိုင်၍လည်း ရွတ်ပေးလိုက်၏။

ကျွန်ုပ်မှာ ပျော်လိုက်သည့်ဖြစ်ခြင်း။

ကျေးဇူးကြီးမားလှသောဘုန်းဘုန်း၏ခြေအစုံကိုကိုင်ပြီး ရှိခိုးသောအခါ -

"မင်းတော်တော်ဆိုးတဲ့ကောင်ပဲ၊ ငါဘယ်လိုမှအိပ်လို့မရဘူး။ ကိုင်း - ငါပေးပြီးပြီ၊ အိပ်တော့"

ဟု ဆိုကာ ကျိန်းလေတော့၏။

တရားသံသဲ့သဲ့ကြား၍ နိုးလာပြီး လက်မှနာရီကိုကြည့်လိုက်လေရာ သုံးနာရီခွဲနေချေပြီ။

ချက်ချင်း သတိရလိုက်ပြီး ခြေထောက်များကို ဆတ်ခနဲဆွဲ၍ တင်ပျဉ်ခွေရင်းထထိုင်လိုက်၏။ ညာဘက်ဘေးမှ မန္တန်ချီးမြှင့်သော ဘုန်းဘုန်းမှာ ဘယ်အချိန်က ဘယ်လိုထပြီး တရားထိုင်နေမှန်းမသိပါ။ ငြိမ်သက်လွန်းလှ၏။ ကျွန်ုပ်လည်း ဆက်မအိပ်တော့။ ပုတီးစိပ်နေလိုက်တော့၏။ အလင်းရောင်လာမှ ခြင်ထောင်များဖြုတ်လေရာ ကျွန်ုပ်ကို ဘုန်းဘုန်းသိပ်သော ခေါင်းရင်းတည့်တည့်တွင် ကျွန်ုပ် အလွန်ရိုသေ၊ အလွန်ချစ်သော ကျေးဇူးရှင် ဘဘဘိုးမင်းခေါင်ဓာတ်ပုံကြီး၏ရှေ့ကြမ်းပြင်တွင်ဖြစ်နေမှန်း တအံ့တသြသိရတော့၏။

အထုပ်တရာဘုန်းဘုန်းခေါ်၍ ဘုရားများဖူးရ၏။ ရွှေတိဂုံစေတီကိုလည်းဖူးရ၏။ ပြီးမှ မနက်စာ အဆာပြေစားပြီး အဘိုးနားကပ်ခွင့်ရ၏။

အဘိုးသံသည် ကျန်းမာရေးအလွန်ကောင်းပြီး အလွန်သွက်လက်၏။ မျက်လုံးများမှာ အရောင်တောက်လွန်းလှပြီး အကြည့်မှာအလွန်စူးရှထက်မြက်၏။ မျက်လုံးများမှာ အရွယ်နှင့်မလိုက်အောင် နုပျိုလှသည်ဟု ကျွန်ုပ်ခံစားမိပြီး အဘိုးကိုအလွန်သဘောကျစွာကြည့်ညိုနေမိ၏။

ကျွန်ုပ်လာခဲ့စဉ်က တွေ့ရကြုံခဲ့ရသောမြင်ကွင်းကို အဘိုးအား စီကာပတ်ကုံးပြောပြလိုက်ရာ အဘိုးသည် သေချာနားထောင်နေရင်းမှ -

"အင်း - ဓာတ်မှန်တော့ လမ်းမှန်ရောက်လာဟာပေါ့ကွာ"

ဟု နှစ်ကြိမ်ပြော၏။ ပြီးမှ ဘေးနားရှိ အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်းနှင့် ဦးလေးကြီးဘက်လှည့်လိုက်ပြီး -

"ဒီကလေးကို သူ့အမျိုးတွေလိုက်ပို့လိုက်တာသိလား"

ဟု လှည့်ပြော၏။ ကျွန်ုပ်ကတော့ နားမလည်ပါ။

ထူးဆန်းလှပါသည်။

အဘိုးသံအား အနီးကပ်ကန်တော့ခွင့်ရခဲ့ပါသော်ငြားလည်း အဖေ့အကြောင်းကို မပြောဖြစ်ခဲ့။ မနက်စာစားပြီးသည်နှင့် အဘိုးကို ဦးဆုံးကန်တော့လိုက်၏။ ပြီးမှ အထုပ်တရာဘုန်းဘုန်းကို ကန်တော့၏။ ပြီးမှ အမိုးကြီးကို ကန်တော့ပြီး တောင်ပေါ်မှပြန်ဆင်းလာခဲ့ပါတော့သည်။ အဘိုးနှင့်ဆုံနေခဲ့ချိန်က ဘာကိုရှိန်လို့ရှိန်မှန်းမသိဖြစ်နေပြီး အဖေ့အကြောင်းကို လုံးဝမဟဖြစ်ခဲ့ခြင်းမှာ ကျွန်ုပ် ပြန်စဉ်းစားမိတိုင်း အံ့သြနေရပါသည်။

အဘိုးသံသည် ထွေထွေထူးထူးမပြောလိုက်သော်လည်း သရဏဂုံ (၃) ပါးကို မည်သည့်အခါမျှမမေ့ရန်၊ ငါးပါးသီလကို အတတ်နိုင်ဆုံးထိန်းရန်၊ စိတ်မနောကိုဖြူအောင်ထားရန်၊ မေတ္တာများများပွားများနေရန်တို့ကို ဆုံးမလိုက်၏။ မည်သည့်အခါမျှ နားထဲကထွက်မည်မဟုတ်တော့ပါ။ တစ်ရက်သာကန်တော့ခွင့်ရခဲ့သော်လည်း နုပျိုကျန်းမာလှသည့် အဘိုးသံကို စိတ်ထဲမှ တောက်လျှောက်သတိရပြီး ကြည်ညိုကန်တော့နေမိပါတော့သည်။ အဘိုးကိုလည်း မေတ္တာပို့နေမိပါ၏။

အပြန်လမ်းတွင် လှေဆိပ်မှအတက် လှေကြီးတစ်စင်းနှင့် လူများရပ်စောင့်ခဲ့သည့်နေရာကို တစ်ချက်လှည့်ကြည့်လိုက်ပြီးမှ ဆက်လျှောက်ခဲ့ပါတော့သည်။ အပြန်မှာ အင်းတကော်ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကန်တော့ပြီးမှ ဆရာတော်၏မေတ္တာကိုခံယူကာ ရန်ကုန်သို့ပြန်လာခဲ့တော့၏။

အမေသည် တစ်လလျှင်တစ်ကြိမ်သာပြန်လာပြီး တစ်ရက်၊ နှစ်ရက်နေလျှင် ပြန်ပြန်သွား၏။ ကျွန်ုပ်က အစ်မလုတို့နှင့်နေရ၏။

"ဟာ - အစ်ကိုကြည် ဘယ်လဲ"

"မင်းဆီလာတာ"

"ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"မင်း အဘမျှင်ဆီမှာ တုတ်ကြမ်း၊ ဓားကြမ်းသွားသွားဆော့နေသေးတယ်ဆို"

"ဟုတ်တယ်လေ၊ ကရာတေးလည်းကစားဖြစ်တယ်။ တုတ်ကြမ်း၊ ဓားကြမ်းလည်းခုတ်တာပေါ့။ အဘကသင်ပေးလာခဲ့တာကြာပြီဆိုတော့ သွားသွားလေ့ကျင့်ဖြစ်တာပေါ့"

"အေး- ငါမင်းဆီလာတာ ကေတုမတီလမ်းဆိပ်က ဒေါ်ထွေးတို့အိမ်မှာ ထူးဆန်းတဲ့ပုဂ္ဂိုလ်တစ်ယောက် ကြွနေတယ်။ လူမျိုးကွဲကွ"

"ဟုတ်လား"

"အေး - မင်းအဖေကိစ္စများ မင်း"

ကိုကြည်စကားမဆုံးခင် ကျွန်ုပ်က ရှေ့ကလျှောက်ပြီဖြစ်၏။

ဒေါ်ထွေးတို့အိမ်ရှေ့မှ ကဲကြည့်လိုက်ပြီး အိမ်ထဲဝင်မည်ပြုစဉ် -

"ဟဲ့ - ဟိုကောင်လေးနှစ်ယောက် ဆရာအနဲဟိုဘက်သွားတယ်။ လိုက်ချင်လိုက်သွားကြ"

နှစ်ယောက်သား ဒေါ်ထွေးညွှန်ရာဘက်လိုက်သွားပြန်၏။ အင်းဝလမ်းဘက်မရောက်တရောက်တွင် လူရှိုးတဲ့

www.burmeseclassic.com

မျက်မမြင်တစ်ဦးသည် တုတ်တစ်ချောင်းကိုထောက်ရင်း တစ်လှမ်းချင်းလျှောက်လာနေသည်ကို တွေ့လိုက်၏။

"ဟိုမှာ အဲဒါ ဆရာအနဲပဲ"

"ဟင် - မျက်စိမမြင်တဲ့လူလား၊ ကျွန်တော်မြင်ဖူးသလားလို့"

"အေးလေ၊ အဘမျှင်တို့အိမ်လာဖူးတယ်လေ။ ခုန ငါမေးတာလေ"

ပြောရင်းနှင့် ပေနှစ်ဆယ်ခန့်အကွာအရောက် ကျွန်ုပ်က ရပ်နေလိုက်၏။ ထိုပုဂ္ဂိုလ်သည် တုတ်ကိုတစ်ချက်ချင်းထောက်၍ တစ်လှမ်းချင်းလျှောက်လာပြီး ကျွန်ုပ်၏ရှေ့အရောက် ရပ်လိုက်ကာ -

"ဩ - ပညာစက်တစ်ခုမထင်မှတ်ဘဲထိထားတဲ့လူတစ်ယောက်ရဲ့သားကိုး"

ကျွန်ုပ် စကားမပြောနိုင်လောက်အောင် အံ့ဩသွားပြီး ထိုပုဂ္ဂိုလ်၏မျက်နှာကို စိုက်ကြည့်နေလိုက်မိပါသည်။

"အေး - သူ့ဝင်္ကြွေးပါလာတော့ ပေးဆပ်လိုက်ရတာပေါ့လေ။ ဩော် - ဝင်္ကြွေး၊ ဝင်္ကြွေး"

"ဆရာ၊ ကျွန်တော့်အဖေရဲ့ခြေထောက်ကို ဆရာကုသပေးဖို့ ကျွန်တော်တောင်းပန်ပါတယ်ခင်ဗျာ"

ထိုပုဂ္ဂိုလ်သည် ငြိမ်သွားပြီး မျက်သားအဖြူများ လှုပ်စိလှုပ်စိဖြစ်အောင် မျက်လုံးကို ပင့်လိုက်၊ ရှုံ့လိုက်လုပ်လိုက်ရင်း -

"သူဘဝတစ်ခုဖြစ်သွားပြီ မပူပါနဲ့"

"ဟုတ်ကဲ့ - အဖေက သက်နိုးဆီးသွားပါပြီ"

"မင်းဟာ မကြာခင်က တောတွေတောင်တွေဆီကပြန်လာတဲ့သူပဲ"

"ဟုတ်ကဲ့ - မှန်ပါတယ်"

"မင်းသိဒ္ဓိရှင်တစ်ပါးနဲ့တွေ့ခဲ့တာကိုး"

"ဟုတ်ကဲ့"

(အဘိုးသံကို ပြောလိုက်ဟန်ရှိပါသည်)

"အေးအေး- မင်းပညာတစ်ခုရခဲ့ပြီပဲ၊ မင်းအဖေအတွက် ကြိုးစားပြီးကျင့်လိုက်ပါ"

စိန္တာမဏိမန္တန်ကို ဆိုလိုဟန်ရှိပါသည်။ ကျွန်ုပ်နှင့် ဆရာအနဲ မတ်တတ်ရပ်ပြီး အချီအချပြောနေသည်ကို ဘေးမှကိုကြည်က အံ့ဩစွာနားထောင်နေ၏။

"မီအောင်တော့ကျင့်လိုက်ပါ၊ မီပါစေ"

ပြောရင်းနှင့် ကျွန်ုပ်ရှေ့မှကွေ့သွားပြီး တုတ်ကို တဒေါက်ဒေါက်ထောက်ရင်း ဆက်လျှောက်သွားတော့၏။ 'မီပါစေ'ဆိုသောစကားကို ကျွန်ုပ်အတော်တုန်လှုပ်သွားပါသည်။ ဘာမှပင်ဆက်မမေးရဲတော့ပါ။ ထိုပုဂ္ဂိုလ်သည် အဘမျှင်အိမ်တွင် တစ်ကြိမ်ဆုံခဲ့ဖူးမှန်း ပြန်သတိရလိုက်၏။ ထိုစဉ်က တုတ်ရိုက်၊ ဓားခုတ်လေ့ကျင့်နေပြီး ဘာကိုမှစိတ်မဝင်စားတတ်သောကြောင့် မစပ်စုခဲ့မိပါ။ ထိုပုဂ္ဂိုလ်၏အသွင်အပြင်မှာ မော်လမြိုင်တွင်ဆုံခဲ့ဖူးသော ဆရာမူတူးနှင့် ဘာမှမဆိုင်ပါ။ မျက်စိနှစ်လုံးမမြင်ရှာသော်လည်း သူ့ရုပ်သွင်မှာ အလွန်အေးချမ်းလှ၏။ အသံမှာ ရင်ခေါင်းမှလာသောအသံမျိုးဖြစ်၏။

"အစ်ကိုကြည်၊ ဟိုဆရာ့ကိုလိုက်ပို့လိုက်လေ"

"မကြိုက်ဘူးကွ သူက"

"ဗျာ - ဘယ်လို"

"အဲဒီလိုပဲသွားတာပဲ၊ သွားနေကျပဲ။ လိုက်တွဲပို့တာတို့ဘာတို့ဆိုရင်မကြိုက်ဘူး။ သွားရင်လည်း တုတ်ကလေးယမ်းကာယမ်းကာနဲ့ ဟိုမှာကြည့်လေ"

အစ်ကိုကြည်စကားကြောင့်လှည့်ကြည့်လိုက်ချိန်တွင် ထိုပုဂ္ဂိုလ်မှာ ခပ်လှမ်းလှမ်းသို့ပင် ရောက်သွားပြီဖြစ်၏။ လျှောက်သွားသည်မှာဖြူးလို့။

"မင်းသူပြောတာတွေဟုတ်လား၊ တောထဲတောင်ထဲက ပြန်လာတယ်ဆို"

"တောင်သုံးလုံးကပါ အစ်ကိုကြည်ရဲ့"

"ဩော် - အဘိုးသံဆီသွားတာလား"

"ဟုတ်တယ်၊ ဟုတ်တယ်"

"အဲဒါကြောင့် သိဒ္ဓိရှင်တစ်ပါးနဲ့တွေ့ခဲ့တယ်ပြောတာကိုး။ အေးလေ၊ မင်းအဖေအတွက် ငါလည်းစိတ်မကောင်းပါဘူး။ မင်း အဘိုးသံဆီမှာကော ပြောမပြခဲ့ဘူးလား"

"ဘယ်လိုမှ ပြောမထွက်ခဲ့ဘူး အစ်ကိုကြည်ရေ ဘယ်လိုဖြစ်တာလဲ မသိဘူး။ ဒီတိုင်းပြန်လာခဲ့တယ်"

"အေးကွာ၊ ခုလည်း ဆရာအနဲက တစ်မျိုးပဲနော် ပြောသွားတာ"

❑

ဆရာသည် ကျွန်ုပ်အား တရားသာထိုင်ခိုင်းပြီး အင်္ဂဝိဇ္ဇာသင်ကြားပေးခြင်းကို ခေတ္တရပ်ထား၏။

တစ်နေ့ -

"ဟေ့ကောင် - မင်း ယမ(၅)ပါး၊ နိယာမ (၅) ပါးကို ထိန်းချုပ်ပြီး ကျင့်ရတော့မယ်။ ဒါ ငါ မင်းကိုပညာပေးဖို့ ဦးဆုံးအစပဲ"

"ဗျာ"

"ဗျာမနေနဲ့၊ နင့်ကိုရှင်းပြလည်း နင့်ဉာဏ်နဲ့ဘာမှနားလည်မှာမဟုတ်ဘူး။ ဒီတော့ နင်ဆေးလုံးသောက်ရမယ်။ ငါ့ကျိန်စာတွေ၊ သစ္စာတွေကို ပြာချထားပြီး နန္ဒင်းနဲ့လုံးထားတာ။ မနက်တစ်လုံး၊ ညတစ်လုံးသောက်ရမယ်။ တစ်နေ့ကို ရေနှစ်ခါချိုးရမယ်"

"ဟာ - ဆရာ၊ ပြာသိုလကြီး ချမ်းလိုက်တာမှ. . ."

"မင်းငါ့ကိုဘာမှမပြောနဲ့၊ ငါခိုင်းတာလုပ်။ မင်းလုပ်ရမှာတွေကတော့ ဒီစာရွက်ကို မနက်တစ်ကြိမ်၊ ညတစ်ကြိမ်ဖတ်မယ်။ တစ်နေ့ကို နှစ်ကြိမ်တရားထိုင်မယ်။ တစ်ကြိမ်ထိုင်ရင် တစ်နာရီပဲ။ ထိုင်တဲ့အခါ အမွှေးတိုင်(၄)တိုင်ကို မင်းရဲ့ ပတ်ချာလည်ထောင့်လေးထောင့်မှာထွန်းရမယ်။ ပြီးရင် မင်း တစ်နေ့ကို စကားဆယ်ခွန်းပဲပြောရမယ်။ ပိုပြောရင် အကုသိုလ်များမှာစိုးလို့။ ထမင်းစားရင်လည်း ငှက်ပျောဖက်ခင်း၊ အာလူးပြုတ်ငါးလုံးရယ်၊ ဆားတစ်ပုံရယ်၊ ထမင်းရယ်၊ ငရုတ်သီးစိမ်းရယ် ဒါပဲစားရမယ်။ အနားမှာ ရေတစ်ဖန်ခွက်ချထားမယ်။ ဘုရားရှေ့မှာစားရမယ်။ ထမင်းစားနေရင် ထမင်းမှာပဲ စိတ်ကိုထားပြီးစားရမယ်။ မင်းဟာ အဲဒီလိုမျိုး မနက်တစ်ကြိမ်၊ ညတစ်ကြိမ်ပဲစားခွင့်ရမယ်။ ကျန်တာ ဘာမှစားခွင့်မရှိဘူး။ ရေကတော့ ကြိုက်သလိုသောက်လို့ရတယ်။ အဲဒီအတိုင်း (၉) ရက်ဝင်ရမယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဆရာ"

"မရှင်းတာရှိရင် တစ်ခါထဲမေး"

"ရှင်းပါတယ် ဆရာ"

"ဒါဖြင့် ဒီမှိုင်းခံစက္ကူမှာ မင်းကိုယ်တိုင် မင်းအတွက် ကျိန်စာကိုရေးပေတော့"

"ဗျာ"

"ရေး၊ ငါခေါ်ပေးမယ်"

ကျိန်စာမှာ အလွန်တိကျ၏။ နာမည်၊ မွေးနေ့၊ ခုနှစ်သက္ကရာဇ်အတိအကျရေးရပြီး ကျွန်ုပ်သည် ဘယ်လိုမှမကြားဘူးသော အကြောင်းအရာများနှင့်ကျိန်ရ၏။ ပထမအဓိဋ္ဌာန်ကိုးရက်အတွင်းတွင် သတ္တဝါတို့၏ အသက်တိမသတ်ပါ၊ မညှဉ်းဆဲပါ ဟူသည်တို 'အဟိံသ' ဟု ဆိုရသော ခေါင်းစဉ်အောက်တွင် ဆိုရ၏။ ခန္ဓာကိုယ်တိ ရေဖြင့်စင်ကြယ်စေခြင်းမှာ တစ်နေ့လျှင်



www.burmeseclassic.com

www.burmeseclassic.com

နှစ်ကြိမ်ရေချိုးပါမည်ဟုဆိုရ၏။ စိတ်ကို စင်ကြယ်စေခြင်းငှာ တစ်နေ့လျှင် နှစ်ကြိမ်၊ တစ်ကြိမ်လျှင် တစ်နာရီ တရားထိုင်ပါမည်ဟုလည်းဆိုရ၏။ အဖြာဟ္မစရိယာသိက္ခာပုဒ်ဆန်ဆန်လည်းထည့်ဆိုရ၏။ အခြားပညတ်ချက်များလည်းပါ၏။ အဝတ်အစား၊ အပြောအဆိုအားလုံး ခြိုးခြံခြင်းများစွာကျင့်ရသည့် 'တပ' အကျင့်ဟု ဆရာကပြော၏။

အားလုံးပြီးမှ ပညာနှင့်ဆိုင်သော အကြောင်းအရာများကို သစ္စာဆိုရ၏။

ဝိဇ္ဇာရှစ်သောင်း ရသေ့အပေါင်း၏ကျိန်စာကို ဦးထိပ်ရွက်၍ဟုဆိုရသော အခါ ကြက်သီးဖြန်းဖြန်းထခဲ့ရပါသည်။

အားလုံးပြီးမှ လူတွင်ဖြစ်တတ်သော သာမန်အမှားမှအပ ဤကျိန်စာအား မှားယွင်းခဲ့သည်ရှိသော် ဤကျိန်စာသည် ငါ၏ဦးခေါင်းမှသည် ခြေမအထိ စူးဝင်ဖောက်ခွဲပါစေ၊ ငါ၏အူသည် ငါ၏အဆုတ်၊ အသည်းနှလုံးတို့ကို ပြန်ဖမ်းပါစေ၊ ငါ၏အသွေးအသားတို့သည် မီးပေါက်လက်နက်ဘေးတို့ဖြင့် တစ်စစီပြိုကွဲပျက်စီးပါစေ၊ ငါ၏အညွန့်သည် တုံးပါစေ၊ မတစ့်တယ်သောဘဝဖြင့် အသက်ရှင်ရပါစေ။

ကျိန်စာကို ရွတ်ဆိုရခြင်းအကျိုး၊ စောင့်စည်းရခြင်းအကျိုးသည် ငါ့အတွက် သံသရာမဆုံးသရွေ့ အထောက်အပံ့ဖြစ်ပါစေသတည်း။

ငါသည် အနန္တောအနန္တငါးပါးနှင့် ငါ့အစီးအပွားကို ကြည့်ရှုဖူးသူတို့အား မပြစ်မှားမစော်ကားသရွေ့ ငါ့ပညာသည် ရသေ့ရှစ်သောင်းကျိန်စာကို ရွတ်သည့်အတွက် အစွမ်းထက်သည်ဖြစ်ပါစေ။

မသိမတတ်သောပညာကိုလည်း သိပါစေ၊ တတ်ပါစေ။

(ဆရာအရှင် စီကာပတ်ကုံးခေါ်ပေးခဲ့သော အကြောင်းအရာများမှ အချို့မှာ ကျွန်ုပ်၏မှတ်သားမှုညံ့ဖျင်းမှုကြောင့် မမှတ်မိခဲ့ခြင်း၊ သစ္စာဆိုခဲ့ရခြင်းများကြောင့်ဤမျှသာတင်ပြခွင့်ရပါသည်။ အကြောင်းအရာများသည် နှစ်ပေါင်းလေးဆယ်ကျော်ကြာခဲ့ပြီဖြစ်၍ တစ်စုံတစ်ခု လိုအပ်မှုရှိခဲ့ပါက ကျေးဇူးရှင်ဆရာသခင်နှင့် လုံးဝမဆိုင်ပါ။ ကျွန်ုပ်၏မှတ်သားခဲ့မှုညံ့ဖျင်းလွန်း၍သာဟု မှတ်ယူကြပါရန် မေတ္တာရပ်ခံပါသည်။

ဤသို့သစ္စာပြုရခြင်းများ၊ကျိန်စာဆိုရခြင်းများကို ပြသသည်မှာ၊ တန်ဖိုးကြီးမားလှသော ပညာရပ်တစ်ခုကို လက်တွေ့ သင်ယူလာခဲ့ရသည်မှာ အတော်ပင် ခက်ခက်ခဲခဲနိုင်လှကြောင်း၊ မလွယ်ကူလှကြောင်း၊ ခြေသုတ်ပုဆိုးမြွေစွယ်ကျိုးကဲ့သို့ ပညာယူခဲ့ရကြောင်း၊ သင်ယူရသည့်ပညာ အစွမ်းထက်မြက်စေရန် မည်မျှအထိလိုက်နာခဲ့ရကြောင်း၊ ကျင့်ကြံခဲ့ရကြောင်း ဗဟုသုတရစေလို၍ ဖြစ်ပါသည်။)

(၉) ရက် အဓိဋ္ဌာန်ပြည့်သည်နှင့် ထိုကျိန်စာမှိုင်းခံစာရွက်ကို ပြာချပြီး သောက်လိုက်ရပါတော့သည်။

ထိုကျိန်စာစာရွက်သည် တစ်နေ့လျှင် နှစ်ကြိမ် ငှက်ပျောဖက်ခင်း၍ ထမင်းစားခါနီးတိုင်း တစ်ခေါက်ဖတ်ရ၏။ ပြီးလျှင် အမြင့်မှာ တင်တင်ထားရ၏။

ဤ(၉)ရက်အဓိဋ္ဌာန်ကို နှစ်ကြိမ်၊ သုံးကြိမ်မကဝင်ခဲ့ရပါသည်။

ကျွန်ုပ်လည်း ငှက်ပျောဖက်ခင်း၍ ထမင်း၊ အာလူး၊ ငရုတ်သီးစိမ်း၊ ဆားဟူသော (၄) မျိုးကိုသာ စားရသော အကျင့်ကို အလွန်ပျော်မွေ့နေပြီဖြစ်၏။ အဓိဋ္ဌာန်မရှိလျှင်ပင် တစ်ခါတစ်ရံ ထိုသို့ စားလေ့ရှိ၏။

ဘုရားဆောင်ရှေ့တွင် တင်ပျဉ်ခွေထိုင်၍စားရ၏။ မကုန်မချင်း ထမင်းမှာသာ အာရုံထားရသည်ကို ပိုသဘောကျ၏။

ဆရာသည် အဓိဋ္ဌာန်များသာဝင်ခိုင်းပြီး သူ၏အကျင့်စရဏကိစ္စများဖြင့် မအားမလပ်သောကြောင့် ကျွန်ုပ်ကို ဆက်မသင်ဖြစ်တော့ပါ။

ဆရာ၏အဓိဋ္ဌာန်မှာ အလွန်ပြင်းထန်၏။

ဆရာတရားထိုင်သောထိုင်ခုံမှာ နှစ်လက်မအရွယ်သံချောင်းများပြည့်နေအောင်စိုက်ထားပြီး မြည့်နေအောင်ချွန်ထား၏။ ထိုသံချွန်များပေါ်တွင် ထိုင်ခြင်းဖြစ်ပါသည်။ တစ်ကြိမ်ထိုင်လျှင် သုံးနာရီမျှကြာ၏။ တစ်ခါတစ်ခါ တစ်ညလုံးထိုင်နေတတ်၏။

ပြင်းထန်လှသော ကျင့်ကြံအားထုတ်ခြင်းများနှင့်သာမွေ့လျော်နေသော ဆရာ့အား အလွန်အားနာသောကြောင့် အလိုက်သိစွာဖြင့် ခဏခဏမသွားဖြစ်တော့။

အမေ။

အားမာန်အပြည့်နှင့် စီးပွားရှာနေရှာသော အမေ။

တစ်ခေါက်ထက်တစ်ခေါက်ကြားလာရသောစကားများမှာ တဖြည်းဖြည်း အိကျလာသလိုဖြစ်လာစပြုလာပြီဖြစ်၏။

ကျွန်ုပ်သည် -

အဖေ့အတွက်စဉ်းစားရင်း ဟိုလိုလိုဒီလိုလိုယောင်ခြောက်ဆယ်ဖြစ်နေရာမှ အင်းစိန်မှဆရာဦးထွန်းအောင်ကျော်စိုးဆီသွားရောက်လေ့ကျင့်လိုက်၊ မြင်သာရှိကွက်လပ်နှင့် အင်းယားကျူးဘန်းကျွန်းရှိကွက်လပ်တို့တွင် သွားရောက် လေ့ကျင့်လိုက်၊ ဘကြီးမျှင်ထံတွင် တုတ်ကြမ်း၊ ဓားကြမ်းကစားလိုက်နှင့် ကိုယ်ခံပညာဘက်များဆီ အာရုံစိုက်ရင်း တစ်ဖက်မှ လောကီပညာရပ်များကို နားစွင့်ရင်း မော်လမြိုင်သို့ရောက်သွားပြန်၏။ အမေနှင့်အတူ ဝိုင်းရောင်းခဲ့ဖူးသော အမေ့တူဝမ်းကွဲတစ်ယောက်ကထဖောက်၍ စိတ်မချသောကြောင့် အမေ့ထံပြန်သွားခြင်းဖြစ်၏။

ကိုကောင်းသိန်းသည် အမေ့အနီးတွင်မရှိတော့။ ရန်ကုန်ပြန်သွားပြီဖြစ်၏။ ထို့ကြောင့် ကျွန်ုပ် စိတ်မချတော့။

ထိုတူဝမ်းကွဲသည် အမေ့အားရန်လုပ်၍ထွက်သွားခြင်းဖြစ်ပြီး အမေ့ကို ပြန်၍ဓားပြတိုက်ရန်ကြံလေ၏။

အမေ့အားစောင့်ရှောက်ကြသော ပုဂ္ဂိုလ်များကို အမေယုံ၏။ အမေငယ်ငယ်က အမေ့ကိုကယ်ခဲ့သော အမေ၏ကျေးဇူးရှင် တောင်ပြုန်းသခင်နှစ်ပါးကို အမေချက်ချင်းကန်တော့ပွဲပေးထား၏။

ထိုရက်များက -

အမေ့တူဝမ်းကွဲနှင့် ကျွန်ုပ် ကမ်းနားပတ်လမ်းတစ်နေရာတွင် မျက်နှာချင်းဆိုင်ဆုံ၏။ ဓာတ်တိုင်နှစ်တိုင်ခန့်အဝေးမှဖြစ်ပြီး သူကလည်း ဆိုက်ကားစီးလျက်၊ ကျွန်ုပ်ကလည်း ဆိုက်ကားစီးလျက်ဖြစ်၏။ မီးလောင်ပြင်ရပ်ကွက်သို့သွားသော ကမ်းနားပတ်လမ်းတွင် ဆုံခြင်းဖြစ်ရာ ရှားရှားပါးပါးဆုံရသည်ဖြစ်၍ ဆိုက်ကားဆရာကို အတင်းတရကြမ်းနင်းခိုင်း၏။ အမေ့တူသည် ကျွန်ုပ်ကို လှမ်းမြင်သည်နှင့် သူ၏ဆိုက်ကားဆရာကို ချက်ချင်းပြန်လှည့်နင်းပြေးခိုင်း၏။ လိုက်မမီလောက်အောင်မြန်၏။မျက်ခြည်ပြတ်သွား၏။

အမေ့ကို ရန်ပြုသူဖြစ်၍ ထိုသူကို ကျွန်ုပ်သတ်ရန်ဆုံးဖြတ်လိုက်ပြီး ဆိုက်ကားနှင့် နေရာအနှံ့လိုက်ရှာ၏။ မတွေ့။

သူသွားတတ်သောနေရာမှန်သမျှ သူမိတ်ဆွေအိမ်မှန်သမျှ လိုက်ရှာ၏။ မတွေ့။ ကျွန်ုပ်စိတ်ထဲတွင် ဒင်းအသက်ရှင်နေလျှင် တစ်နေ့ ငါ့အမေ တစ်ခုခု ဖြစ်နိုင်သည်။ ငါ့အမေမဖြစ်အောင် ဒင်းကို ကိစ္စတုံးပစ်လိုက်လျှင်ပြီးသွား…



www.burmeseclassic.com

www.burmeseclassic.com

# ဆင်တုံးမနွယ်

ချောင်းဆုံအုန်းသွင်

ကျွန်တော်ငယ်စဉ်က ကျွန်တော်တို့အိမ်တွင် လှည်းတစ်စီးနှင့် နွားတစ်ရှဉ်းရှိပါသည်။ နွားကို ကျွန်တော်က နွားစားကျက်တွင် သွားကျောင်းရပါသည်။ အဖေကလည်း ခြံထဲတွင် မြက်ရိတ်ထားပြီး နွားစားခွက်ထဲတွင်ထည့်ထားပါသည်။ ဗိုက်မပြည့်လျှင် ထပ်စားရန် ဖြစ်ပါသည်။ မြက်ခွက်နှင့်အတူ သစ်သားစည်တစ်ခုတွင် ဖွဲနုရည်များဖျော်ထားပါသည်။ ကျွန်တော်တို့နွားက ဝဖြိုးပါသည်။

တစ်နေ့ ကျွန်တော်နွားကျောင်းရာမှပြန်လာပြီး နွားများကို နွားခြံ (နွားရုံ) ထဲထည့်သောအခါ ဖွဲနုရည်ခွက်တွင် ကြိုးတစ်ခွေထည့်ထားသည်ကို တွေ့သဖြင့် ကျွန်တော်က-

"နွားသောက်ရေခွက်ထဲမှ ကြိုးခွေ တွေ့တယ်။ ဘာလုပ်ထားတာလဲ"

ဟု အဖေ့ကိုမေးပါသည်။

အဖေက -

"ကြိုးမဟုတ်ဘူး၊ ဆင်တုံးမနွယ် အခွေကွ။ ဆင်တုံးမနွယ်က ကြိုးလိုပဲ။ အဲဒါကို ထုပြီးခွေထည့်ထားတာ။ နွားတွေရဲ့ အားဆေးပဲ။ အားရှိတဲ့အပြင် ကျန်းမာရေးလည်းကောင်းတယ်။ အဲဒါကို ရေစိမ်တိုက်ရတယ်။ ဒီအတိုင်းဆိုရင် ခါးလို့ ဖွဲနုရည်ထဲထည့်ထားတာ"

လွတ်လပ်ရေးရပြီးစက ဦးအေးမောင်နှင့် 'မြန်မာအေး' သည် အတော်နာမည်ကြီးခဲ့ပါသည်။ ဦးအေးမောင်က ဆေးဆရာဖြစ်ပြီး မြန်မာအေးက ဆေးအမည် ဖြစ်ပါသည်။ ဤတွင် မိဖုရားလေးပါးကလည်း ပါသေးသည်။ မြန်မာအေးဆေးနာမည်ကျော်တော့ ကျွန်တော့်ဆရာ သချာဆရာဦးသောင်းက -

"အချို့တိုင်းရင်းဆေးဆရာ (ထိုခေတ်အခါ ဗိန္ဓောဆရာ) များ ဆေးပေး၊ ဓာတ်စာပေးလည်း ဗေဒင်ပညာနဲ့ ဓာတ်တိုင်ထူပြီးပေးလေ့ရှိတယ်။ အဲဒီလို ဓာတ်တိုင်ထူတဲ့အခါ နွားဓာတ်ကျသူဆိုရင် နွားနဲ့သင့်တဲ့အစာ၊ ဆေးတွေကို ပေးရတယ်။ ဆင်တုံးမနွယ်ဟာ နွားနဲ့အသင့်ဆုံးအစာပဲ။ မြန်မာအေးဆေးဟာ ဆင်တုံးမနွယ်ဆေးပဲ။ နွားဓာတ်ကျသူတွေ အတွက်သင့်တယ်"

ဟု ပြောပါသည်။ ဆင်တုံးမနွယ် အမည်ကို ဒုတိယအကြိမ်ကြားခြင်းဖြစ်ပြီး ကြားရုံမှတ်မိရုံသာရှိခဲ့ပါသည်။ စိတ်မဝင်စားခဲ့ပါ။

လွန်ခဲ့သည့်အနှစ် (၂၀) ကျော်လောက်က တစ်နေ့မှာ ကျွန်တော် ရန်ကုန်မှ အင်းစိန်ဘက်သို့ ဘက်(စ်)ကားစီးပါသည်။ လူ (၂) ယောက်ထိုင်နေသော (၃) ယောက်ထိုင်ခုံတွင်နေရာရပါသည်။ ထိုင်နေသူ (၂) ယောက်မှာ တစ်ယောက်က အသက် (၅၀) ခန့်ဖြစ်ပြီး တစ်ယောက်က (၃၀) ခန့် ဖြစ်ပါသည်။ သူတို့ဘာတွေပြောဆိုနေကြသည်မသိ၊ ကျွန်တော်စကြားရသောစကားမှာ -

"အဘ၊ ကျွန်တော်က ဆင်းရဲတယ်။ နေ့ရှာနေ့စား၊ ညရှာ ညစားပဲ။ မိသားစု (၄) ယောက်ကို လုပ်ကျွေးနေရတာ။ အမြဲကျန်းမာနေဖို့လိုတယ်။ ကျန်းမာဖို့က အားရှိဖို့လိုမှာပေါ့။ အားဆေးလည်း ဝယ်မသောက်နိုင်ဘူး။ ပေါပေါနဲ့ ထိရောက်တဲ့ ဆေးဖြစ်ဖြစ်၊ အစာဖြစ်ဖြစ် တစ်ခုခုကို ညွှန်းပေးပါ"

ဟု လူရွယ်က ပြောပါသည်။

ထိုအခါ လူကြီးက -

---

တွေးရင်း လက်က သွေးဆာသလိုဖြစ်နေ၏။

"ဟိုး - ညီလေး ဘယ်လဲ"

"ဟာ - ဆရာ"

လမ်းတန်းဘက်တွင် ဖျတ်ခနဲ ဆုံလိုက်သော ဆရာဦးချစ်သန်း ဖြစ်ပါသည်။

"ဘယ်လာတာလဲ"

"ကျွန်တော် လူတစ်ယောက်ကို လာရှာတာပါ ဆရာ"

"မင်းကြည့်ရတာသိပ်ပြင်းထန်နေတယ်၊ ထိန်းလိုက်ပါ။ ဒေါသအရမ်းဖြစ်နေတယ်။ လာ၊ လာ ငါပြန်လိုက်ပို့ပေးမယ်"•

ဆရာဦးချစ်သန်း ပြန်လိုက်ပို့ပေး၍ အမေ့ဆီပြန်ရောက်လာပါသည်။ အမေ့ကိုတော့ ဘာမှမပြောတော့ပါ။ အမေ ရဟန်းခံထားသော ဘုန်းဘုန်းနှင့် ကျောင်းသားတစ်ဦး အမေ့ဆီရောက်လာ၍ ကျွန်ုပ်လည်း ရန်ကုန်ကိုပြန်လာခဲ့ပါတော့သည်။

(နောင်နှစ်လအကြာတွင်ပြန်ကြားရသည်မှာ အမေ့တူသည် အမေ့ကို လူငှား၍ ဓားပြတိုက်ရန်ကြံ၏။ ဓားပြတိုက်ရန်လာကြသူများမှာ အိမ်ပျောက်နေသလို အိမ်ရှာမရဖြစ်နေကြသည်ဟု ဆို၏။ နံနက်အရုဏ်တက်မှ လူတစ်ဦးက လှမ်းမေးမှ ထိုလူနှစ်ယောက် ဘာမပြောညာမပြောပြန်သွားကြသည်ဆို၏။ ထိုအကြောင်းကို ဘုန်းဘုန်း ဘားအံဘက်ခေတ္တကြွသွားစဉ် သဘော်ပေါ်၌ကြားခဲ့ရခြင်းဖြစ်ပြီး ဓားပြတိုက်ဖို့လာငှားခံရသူတစ်ဦးကိုယ်တိုင် ပြောပြခဲ့ခြင်း ဖြစ်၏။

"တပည့်တော်တို့ကို လူတစ်ယောက်က သူ့အဒေါ်ကို ဓားပြတိုက်ဖို့ဆိုပြီး လာငှားတယ် ဘုရား။ ဘုန်းဘုန်းပြောတဲ့ မီးလောင်ပြင်လေသာကျောင်းဘေးပဲဘုရား။ အဘွားကြီးတစ်ယောက်ထဲဆိုလို့လာကြတာ အိမ်ရှာမတွေ့ဘဲ တစ်ညလုံး မျက်စိလည်နေတယ် ဘုရား။ တော်တော်ထူးဆန်းတယ်။ တပည့်တော်တို့ဆို ချွေးတွေတောင်ပြန်တယ်။ တစ်ခါမှ ဒါမျိုးမကြုံဘူး။ ပြီးတော့ အဘွားကြီးတစ်ယောက်ထဲသာပြောတယ်၊ အဲဒီနားမှာ ယောက်ျားကြီးတွေဒေါင်ကောင်းကောင်း နှစ်ယောက်၊ သုံးယောက်တွေ့လို့ တပည့်တော်တို့တောင် ဘာလုပ်ရမှန်းမသိဖြစ်ခဲ့သေးတယ် ဘုရား။ ဒါနဲ့ တပည့်တော်တို့လည်း ပြန်လာကြတယ် ဘုရား"

ဟု ပြောကြောင်း ဘုန်းဘုန်းပြောပြ၏။

ထိုရက်များသည် တောင်ပြုန်းသခင်နှစ်ပါးကို အမေပွဲလှူထားသောရက်များ ဖြစ်ပါသည်။)

တစ်နေ့ -

(ရှေ့လဆက်ရန်)

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

www.burmeseclassic.com

"အားခွန်ဗလကိုလည်း ဖြစ်စေပြီး ရောဂါပေါင်းစုံကို ကာကွယ်နိုင်တာ တော့ ဆင်တုံးမနွယ်ပဲ။ ဈေးလည်းပေါ တယ်။ ပရဆေးဆိုင်က ဆင်တုံးမနွယ် အမှုန့်ကိုဝယ်၊ တတ်နိုင်ရင် ပျားရည်နဲ့ တေစား။ မတတ်နိုင်ရင် သူ့ချည်းစား။ မနက်အိပ်ရာထ မျက်နှာသစ်ပြီးတာနဲ့ ပျားရည်နဲ့တေထားရင် ဟင်းသောက် ဇွန်းနဲ့ ပြည့်ရုံလောက်၊ အမှုန့်ဆိုရင် တစ်ဇွန်းမောက်မောက်ရေအေးနဲ့သောက် အ ကောင်းဆုံးပဲ" .

ဟု ပြန်ပြောပါသည်။

တတိယအကြိမ် ကြားရခြင်းဖြစ်ပြီး ကျွန်တော်အလွန်စိတ်ဝင်စားသွားပါသည်။

ထို့နောက် (၂) နှစ်ခန့်ကြာသော အခါ ကျွန်တော်အလွန်ကြာကွဲကွာသော သူငယ်ချင်း ကိုတင်အောင်နှင့် တွေ့ပါသည်။ ကွဲသွားကြစဉ်က သူက ဘလောက်ဆရာ၊ မြန်မာဘလောက် တိုက်ပိုင်ရှင်။ အခုပြန်တွေ့တော့ တိုင်းရင်းသမားတော် ဩဇာရိကဆရာကြီး ဦးတင်အောင်။ စကားစမြည်ပြောရင်းမှ ကျွန်တော့်ဇနီးတွင် သွေးတိုးနှင့် နှလုံး ရောဂါစွဲကပ်နေကြောင်းပြောပြပါသည်။

သူက-

မဟာဗန္ဓုလလမ်းပေါ်၊ ပန်းဆိုးတန်းလမ်းနဲ့ (၃၈) လမ်းအကြား ကမ်းနားဘက်အခြမ်း၊ လမ်းဘေးမှာ ကြောင်းဆေးပင်နဲ့အတူ ဆင်တုံးမနွယ်ပင်တွေ ရောင်းတာတွေ့လိမ့်မယ်။ အဲဒါတစ်ခွေဝယ်၊ မြေလွတ်ရှိရင် မြေကြီး၊ မရှိရင် ပန်းအိုးထဲကမြေပေါ့။ အဲဒီမှာထားပြီး မြေမခြောက်အောင် ရေဆွတ်ပေး။ အစိမ်းအတိုင်း ကြာကြာခံတယ်။ အဲဒါ နေ့စဉ် လက်တစ်ဆစ်လောက်ဖြတ်၊ ဆန်ဆေးရည်နဲ့ တစ်ညစိမ်၊ မနက်ကျတော့ ပါးပါးလှီးပြီး လက်ဖက်ရည်ခွက်၊ ကြွေခွက်ထဲထည့်ပြီးတော့ ရေနွေးဆူဆူလောင်းထည့်၊ ရေများရင် အခါးနည်းပြီး ရေနည်းရင် အခါးများတယ်။ ကြိုက်သလိုထည့်၊ ရေနွေးလာပြီး သောက်လို့ရတဲ့အချိန်မှာသောက်၊ နေ့စဉ်သောက်၊ အစာနဲ့ဝေးရင် ကောင်းမယ်။ လက်တစ်ဆစ်လောက်ဖြတ်ပြီး ရေဆေးတဲ့အခါ အပြင်ခွံကို ဓားနဲ့ခြစ်မပစ်နဲ့၊ သွားပွတ်တံ ကြမ်းနဲ့ပဲစင်အောင်ပွတ်၊ ဆေးပင်မှန် သမျှမှာ ပဋ္ဌင်းပါးအာနိသင်ရှိတယ်။

ဟု ညွှန်ကြားပါသည်။

ကျွန်တော် သူပြောသည့်အတိုင်း လုပ်ပါသည်။ (၆) နှစ်လောက်ရတော့ ကျွန်တော်လေဖြန်းခံရပြီးလမ်းမလျှောက်နိုင်တော့ပါ။ အခြားသူကိုခိုင်းတော့ ထိုနေရာတွင် ဆင်တုံးမနွယ်မရောင်းတော့ဟု ဆိုပါသည်။ ထိုစဉ်က ကျွန်တော် ဒဂုံမြို့သစ်အရှေ့ပိုင်းတွင်နေပါသည်။

တစ်နေ့တွင် ကျွန်တော့်ဇနီးသည် သမီးနေထိုင်ရာ ခြောက်ထပ်ကြီးဘုရားအနီး ရေအရင်းအမြစ် ဦးစီးဌာနဝန်ထမ်းအိမ်ရာသို့ အလည်သွားရင်းက သွေးတက်ပြီး မူးသဖြင့် မျက်စောင်းထိုးရှိ ရွှေဂုံတိုင်အထူးကုဆေးခန်းသို့သွားပါသည်။ သွေးပေါင်ချိန်ကြည့်တော့ အောက်သွေး (၁၈၀)၊ အပေါ်သွေး (၂၂၀) ရှိနေပါသည်။ ကိုယ်အလေးချိန်က ပေါင်(၁၈၀) ဖြစ်ပါသည်။

ဆရာဝန်က -

"ကိုယ်အလေးချိန်က ပေါင်(၁၈၀)၊ အောက်သွေးက (၁၈၀)၊ အပေါ်သွေးက (၂၂၀)။ အဲဒါတောင် ဘာလို့လေမဖြတ်သလဲဆိုတာ အံ့ဩပါတယ်"

ဟု ပြောပါသည်။

ဆင်တုံးမနွယ်ကျေးဇူးပါ။ ကျွန်တော်အတပ်ပြောနိုင်ပါသည်။

ထို့နောက် ကျွန်တော့်ဇနီးတွင် ဆီးချို၊ သွေးချိုရောဂါဖြစ်လာပါသည်။ သွေးတိုး၊ နှလုံးကလည်းရင့်လာသဖြင့် ဆေးပြောင်း၊ ဆေးထိုးဖြစ်လာပါသည်။ သွေးတိုးနှလုံးဆေးက တဖြည်းဖြည်းအနုမှအရင့်သို့ပြောင်းလာ၊ တက်လာသော်လည်း ဆီးချို၊ သွေးချိုကိုမူ စကတည်းက နံပါတ်ကုန်၊ ဂိတ်ဆုံးဖြင့် စထားသည်ဟု နောက်ဆရာဝန်ကဆိုပါသည်။ ကျောက်ကပ်ကိုထိနေပြီဟုလည်း ဆိုပါသည်။ ဆင်တုံးမနွယ်နှင့်လည်းလုံးဝပြတ်သွားပါသည်။ သို့ဖြင့် ဆေးပြောင်းရင်းလုံးလည်လိုက်နေပါသည်။

သို့ဖြင့်နေခဲ့ရာ ၂၀၁၄ ခု၊ မေလ ၁ရက်နေ့ထုတ် လောကအလင်းဘာသာရေးမဂ္ဂဇင်းတွင် ဦးစန်းမောင် (မန်း) ၏ ဆီးချိုလက်တွေ့ပျောက်နည်းဆောင်းပါးကို ဖတ်လိုက်ရပါသည်။ သူ့ ဆောင်းပါးတွင် -

အကျိုးရှိသောစကားသည် မှတ်သားသူများအဖို့ အဖိုးထိုက်တန်သည့် ဗဟုသုတဘဏ်တိုက်ကြီးတစ်ခုကို တွေ့ရခြင်း ဖြစ်ပါသည်။ တန်ခိုးကြီးစွာ စချီပြီး-

ဆီးချိုဖြစ်၍ မန္တလေးဆေးရုံကြီးကိုသွားရောက်ပြကြောင်း၊ အထူးကုဆရာဝန်ကြီးဦးထွန်းတင်နှင့်ပြကြောင်း၊ ဆရာဝန်ကြီးက ခေတ်ပေါ် နည်းများအရ အထူးကုဆရာဝန်ကြီးဖြစ်သလို ရှေးမြန်မာ့ဆေးပညာကိုလည်း ကျွမ်းကျင်သူဖြစ်ကြောင်း၊ ဆရာဝန်ကြီးက သူ့အား တိုင်းရင်းနည်းကိုပေးကြောင်း ပေးသည့်နည်းက-

ဆင်တုံးမနွယ်လက်ခယ်လောက် အရွယ်တစ်တောင့်လောက်ကိုဖြတ်ပြီး သန့်ရှင်း၊ မီးဖုတ်၊ အပေါ်ခွံ (အခွံ) ကွာအောင် ခါနီးပြန်ထုတ်၊ အပေါ်မှ အမည်းများကို ခြစ်ထုတ်၊ သန့်ရှင်းသည့် လက်ရိုက်တစ်ခုဖြင့်ထုပြီး ဆန်ဆေးရည်နှစ်ပိဿာထဲမှာ တစ်နေ့နှင့်တစ်ညစိမ်၊ ပြီးတော့ နေ့စဉ် အချိုပန်းကန်တစ်လုံးသောက်လိုဖြစ်ကြောင်း။

အလွန်ခါးသဖြင့် သောက်ပြီးလျှင် ထန်းလျက်၊ ပျားရည်တစ်ခုခု (အခါးပျောက်ရုံ) စား၊ လျက်ပါ။ သကြားလုံးဝ မစားရပါ။

ဆရာဝန်ကြီးပေးသည့် နည်းဖြင့် တစ်လခန့် စွဲသောက်လိုက်ရာ၊ တစ်ခါတည်း (အလျှင်း) ပျောက်သွားကြောင်း၊ ဆေးရုံပြန်ပြတော့ ရောဂါအစွမ်းမရှိတော့ကြောင်း။

နောက်သူ့သမီးအငယ်ဆုံးမှာဖြစ်ကြောင်း ရှေးနည်းအတိုင်း ပြုလုပ်တိုက်ကျွေးလိုက်ရာ (ရောဂါနုသဖြင့်) (၁၀) ရက်လောက်ဖြင့် အရှင်းပျောက်ကင်းသွားကြောင်း၊

စိမ်သည့်အခါ ကြွေဇလုံဖြင့်စိမ်ရန်ဖြစ်ပြီး ညဦးပိုင်းသောက်ရန်ဖြစ်ကြောင်း၊ တစ်ခွက်သောက်ပြီးတိုင်း ဆန်ဆေးရည် တစ်ခွက်ပြန်ထည့်ရန်ဖြစ်ကြောင်း၊ တစ်ခါစိမ်လျှင် တစ်လထိသောက်နိုင်ကြောင်းဖြင့် ဖော်ပြထားပါသည်။ ကျွန်တော့်ရင်ထဲ အတော်နာကျင်သွားပါသည်။ အကယ်၍သာ ကျွန်တော့်ဇနီးအဖို့ ဆင်တုံးမနွယ်နှင့် ယခုကဲ့သို့ အလျှင်း မပြတ်ခဲ့လျှင်-

သွေးတိုးနှလုံးရောဂါလည်း ယခုလောက်ရင့်လာမည်မဟုတ်ပါ။

ဆီးချို၊ သွေးချိုရောဂါလည်း ဖြစ်လာမည်မဟုတ်ပါ။ အကယ်၍ ဖြစ်လာသည့်တိုင်အောင် ယခုအခြေမျိုး ရောက်လာမည် မဟုတ်ပါ။

မဖြစ်သေးသူများမဖြစ်ရန်၊ နုသူများပျောက်ပြီး ရင့်သူများသက်သာစေရန်ရည်ရွယ်ပြီး တင်ပြခြင်း ဖြစ်ပါသည်။

*အားလုံးကျန်းမာကြပါစေ*

ချောင်းဆုံအုန်းသင်



www.burmeseclassic.com

www.burmeseclassic.com

## မကြွေးဝင်းမြင့်

# ညော်



ညော် . . . ဟုဆိုက လူတိုင်းသိပါသည်။

အိမ်နီးနားချင်းများ နေထိုင်မကောင်းသည့်အခါ အရမ်းညော်မလုပ်ကြ။ အကယ်၍ မတတ်သာ၍ညော်လုပ်ရသည့်တိုင် အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ်ကြားလောက်အောင် -

"ညော်အိုးတယ်မလို့တော့"

ဟု အော်ဟစ်အသိပေးပြီးမှ လုပ်လေ့ရှိကြ၏။

သည်သို့ဆိုလျှင် ညော်သည် အဖျားရောဂါရှိသူ၊ အနာရှိသူများအတွက် ကောင်းကျိုးမပေးကြောင်း၊ မြန်မာတို့ကြောက်ကြကြောင်း သိသာထင်ရှားပါသည်။ ဆီနှင့်ကြော်၍ဖြစ်ပေါ်လာသည့်ညော်၊ မီးနှင့်ကင်၍ဖြစ်ပေါ်လာသည့်ညော်၊ အိုးကင်းပူညော်၊ မည်သည့်အကြော်အလှော်ညော်နံ့မဆို မြန်မာတို့ ကြောက်ကြ၏။

သို့သော် တိုင်းရင်းမြန်မာသမားတော်ကြီးများက ညော်ကို အလေးထားသလောက် အနောက်နိုင်ငံဆရာဝန်များက သတိမမူပါပေ။ အနာဖြစ်၍ သွားပြကြည့်ပါ။ ဆရာဝန်က စားချင်တာစားဟု ညွှန်းပါလိမ့်မည်။ ညော်ကိုရှောင်ရန်ပြောလိမ့်မည်မဟုတ်။ အမှန်ကတော့ ညော်သည် ကြောက်စရာလန့်စရာပါ။ ညော်ခိုးညော်နံ့ကြောင့် ဒုက္ခရောက်သွားရသူကလေးအကြောင်း တင်ပြပါရစေ။

### ◘ မောင်ထွန်းဝေ ◘

သူ့အမည်က မောင်ထွန်းဝေတဲ့။ အသက် (၁၂) နှစ်လောက်ရှိပါပြီ။ (၇) တန်းကျောင်းသားတစ်ယောက်ပါ။ တစ်နေ့တော့ မောင်ထွန်းဝေသည် ကျောင်းကအပြန် လမ်းမှာ ခြေထောက်ကို မတော်တဆသံစူးခြင်းခံရ၏။ အဲဒီတုန်းက မောင်ထွန်းဝေ၏ဖခင် ခရီးထွက်နေပါသည်။ မိခင်ဖြစ်သူကတော့ အိမ်၏ဝေယျာဝစ္စများနှင့် အလုပ်များနေ၏။ မောင်ထွန်းဝေသည် သူ့မိခင်ကိုကြောက်သဖြင့် သူသံစူးခြင်းခံရကြောင်းမဟဝံ့။ ဆော့၍ဖြစ်တာဆိုပြီး ရိုက်မည်နှက်မည်၊ အငေါက်ခံရမည်စိုးသောကြောင့် ဖြစ်ပါ၏။

သို့သော် နောက်တစ်နေ့ မောင်ထွန်းဝေတစ်ယောက် ခြေထောက်မထောက်နိုင်တော့ပါ။ သည်တော့မှ သံစူးခံရကြောင်းပေါ်၏။ သူ့ကို ဆေးရုံပို့ဖို့စီစဉ်တုန်း မောင်ထွန်းဝေအဖေရောက်လာ၏။ မောင်ထွန်းဝေကို တိုင်းဆေးရုံသို့ပို့ကြ၏။ ဆေးရုံရောက်တော့ မောင်ထွန်းဝေကို ဆေးထိုးထား၏။ မောင်ထွန်းဝေကို ဆေးရုံမှာတင်ထားရ၏။

တစ်နေ့ စာရေးသူသည် မောင်နှမစာပေမှ သူငယ်ချင်းဖြစ်သူ မကြွေးညိုစိမ့် ဆေးရုံတက်ရသောကြောင့် မိတ်ဆွေတို့ဝတ္တရားအရ လူနာမေးရောက်သွား၏။ စကားပြောနေကြတုန်း -

"လုပ်ကြပါဦးဗျ၊ လုပ်ကြပါဦး။ အမလေး - ကိုယ်ကျိုးနည်းပါပြီ။ ကျွန်တော့်သားကလေးဘယ်လိုဖြစ်သွားမှန်းမသိဘူး၊ ဘယ်လိုဖြစ်သွားမှန်းမသိဘူး"

မောင်ထွန်းဝေ၏ ဖခင်ဖြစ်သူ ဦးထွန်းသည် မောင်ထွန်းဝေကို ပွေ့ချီထွက်လာ၏။ မောင်ထွန်းဝေ နှုတ်ခမ်းလေးပြာဟောက်နေ၏။ လက်လေးတွေလည်းကွေးကောက်နေ၏။တစ်ကိုယ်လုံးတောင့်တင်းနေ၏။ စာရေးသူသွားစမ်းကြည့်လိုက်တော့ မောင်ထွန်းဝေအသက်



www.burmeseclassic.com

www.burmeseclassic.com

မရှိတော့ပါ။

ဦးထွန်းသည် သူ့သားကိုပွေ့ချီကာ ဆောက်တည်ရာမရ ဆေးရုံကိုပတ်ပြေးကာ ကမ္ဘာပျက်မတတ်အော်ဟစ်နေပါ၏။ မြင်ရသူ၊ ကြားရသူတိုင်းမှာ စိတ်မကောင်းကြ။ ရင်ထုမနာဖြစ်ကြရ၏။

မကွေးညိုစိမ့်က -

"တစ်နေ့က တနင်္ဂနွေနေ့ဗျ။ ဒီဆေးရုံကြီးသန့်ရှင်းရေးလုပ်တယ်။ ထုံးစံအတိုင်း အမှိုက်တွေမီးရှို့တာပေါ့ဗျာ၊ ညှော်လိုက်တာမပြောပါနဲ့တော့။ အဆိုးဆုံးက ရော်ဘာညှော်နံ့တွေတောင်နံ့တယ်။ ဒါကြောင့် ဟိုကောင်လေးအနာဝင်သေရှာတာပါ"

ဟုပြော၏။

"အေးကွာ၊ ဆေးရုံကို လူနာတွေအကြောင်းအမျိုးမျိုးကြောင့်တက်ကြရတဲ့အခါမှာ ညှော်ကိုတော့ သက်ဆိုင်ရာကမလုပ်ဖို့ရယ်၊ ပြီးတော့ ကတ္တရာညှော်၊ ရော်ဘာညှော်တို့ဆို အရမ်းဆိုးတာပေါ့"

"ဟုတ်တာပေါ့ဗျာ၊ ကျွန်တော်တို့မြန်မာအဖို့ကတော့ ဒီကောင်လေးအနာဝင်ပြီးသေရတာပါ။ သူတို့ကတော့ မေးခိုင်ပိုးပေါ့"

## ◘ မေးခိုင်ပိုး ◘

'မေးခိုင်ပိုး'ဟူ၍ မြန်မာဆေးကျမ်းများတွင်မတွေ့ရပါ။ သို့သော် ခေတ်သစ်ဆေးပညာအရ မေးခိုင်ပိုး၊ မေးခိုင်ရောဂါဖြစ်ရခြင်းအကြောင်းကို လေ့လာကြည့်သောအခါ အနာနှင့်ပတ်သက်၍ ဖြစ်ကြတာ များ၏။ မေးဖျားတစ်လျှောက်ဝက်ခြံပေါက်သောအနာ၊ ဓားရှအနာ၊ သံစူးသောအနာ ယင်းကဲ့သို့ တစ်ခုခုကြောင့် အနာရှိသူသည် ညှော်နံ့တစ်ခုခုကို ရှူရှိုက်မိအံ့။ ထိုညှော်နံ့နှင့်အတူ ကိုယ်ခန္ဓာတွင်ရှိသော အပူအားလုံး သွေးကြောထဲသို့ဝင်သွား၏။ ထိုအခါ အမဲခြောက်ကို မီးဖုတ်လိုက်သည့်နှယ် မေးကြော၊ လက်ကြော၊ ပေါင်ကြောတွေ တွန့်လိမ်ပြီး မေးခိုင်သွားတတ်၏။

လူကို အသက်အန္တရာယ်အမြန်ဆုံးပေးတတ်လှသောကြောင့် အနာရှိသူသည် အညှော်ကို သတိချပ်ပါလေ။ တစ်ခါက သတင်းစာထဲဖတ်လိုက်ကြရပါလိမ့်မည်။ အထက်တန်းစာရေးမတစ်ဦး သွားကြားညပ်၍ ပင်အပ်ဖြင့် သွားကိုထိုးရာ သွားဖုံးထိုးမိ၏။ ထိုသွားဖုံးနာမှ ညှော်မိပြီး သားနံ့ရည်၊ မန်းရည်များအကြောထဲဝင်ရောက်ကာ အသက်ဆုံးရှုံးသွားရရှာလေ၏။ ညှော်ခိုးသည် ကြောက်ဖွယ်လိလိပါတကား။

ဤညှော်နံ့ . . . ။

ညှော်နံ့သည် မကောင်း။ သို့သော် ဓာတ်သဘောအရ အသုံးချ၍ရသည့်နေရာရှိသေး။ အားလုံးသိကြပါလိမ့်မည်။ အနာတစ်ခုရှိသေး၏။ အဲဒါကတော့ တိုနာဟုခေါ်၏။ လိင်ဝင်နာဟုလည်းခေါ်၏။ အမျိုးသားများဖြစ်တတ်ကြ၏။ အမျိုးသမီးများလည်းပဲဖြစ်တတ်ပါ၏။ စာရေးသူကြုံဖူးသည်ကတော့ အမျိုးသား ဖြစ်၏။ သူ့အမည်က ကိုရွှေခဲ။

## ◘ ကိုရွှေခဲ ◘

ကိုရွှေခဲသည် နတ်မောက်မြို့နယ်သားဖြစ်ပါသည်။ အသက်(၄၀)ဝန်းကျင်လောက်ရှိ၏။ သူသည် မကွေး မြသလွန်ဘုရားပွဲတော်သို့လာ၏။ ပွဲကို မိုးအလင်းကြည့်သည်။ နံနက် (၈) နာရီအချိန်လောက် မကွေး-နတ်မောက်ကားပေါ်ရောက်နေ၏။ ကားမထွက်မီ ကိုရွှေခဲသည် တစ်ကိုယ်လုံးတွန့်လိမ်တက်သွား၏။ အနားမှခရီးသည်များက သူ့ကိုပွေ့ဖက်ထားကြ၏။ နတ်မောက်ကားဆိပ်သည် စာရေးသူ၏အိမ်ရှေ့တွင်ဖြစ်သောကြောင့် မြင်နေ၊ ကြားနေရ၏။ ကိုရွှေခဲကို ဝိုင်းဝန်းပြုစုကြ၏။ ပရုတ်ဆီပွတ်သူကပွတ်ပေါ့။ ဟိုနှိပ်သည်နှိပ်လုပ်၏။ မသက်သာပါ။ လူတစ်ယောက်က တစ်ယောက်သောသူကို တိုးတိုးကလေးကပ်ပြော၏။ ကြားရသူက မျက်လုံးပြူးသွားသည်။ အနားမှခရီးသည်အမျိုးသမီးတွေကို လှမ်းကြည့်လိုက်၏။ အမျိုးသမီးတွေကလည်း အထိတ်အလန့်။ လူတစ်ယောက်က အသက်(၆၀)ကျော်အဘွားကြီးတစ်ဦးကို တိုးတိုးကလေးကပ်ပြောလိုက်၏။ ထိုအဘွားက ရက်ရောစွာ သူ့ကိုယ်ပိုင်ဆေးကိုပေး၏။ စာရေးသူတို့အိမ်မှ မြေစလောင်းဖုံးတစ်ချပ်ပေးလိုက်ရသေး၏။ ယင်းစလောင်းဖုံးထဲ ထိုပစ္စည်းကိုထည့်ကာ မီးတိုက်ရ၏။ တက်၍မေ့နေသော ကိုရွှေခဲနှာခေါင်းဝသို့ ထိုညှော်နံ့ကိုပေးရ၏။ မကြာပါချေ၊ ကိုယ်တော်ချော သတိလည်လာ၏။ ဪ စွမ်းလိုက်ပါဘိ ဤညှော်နံ့။

## ◘ တိုနာတဲ့ ◘

တိုနာကို ယခုမှ သတိပြုမိ၏။ ထိုတိုနာဘာကြောင့်ဖြစ်လဲဟုစူးစမ်းမိ၏။ သမားတော်ကြီးများထံ ချဉ်းကပ်ရ၏။ စာရေးသူတို့အရပ်ထဲမှာ အသက် (၇၀) ကျော် သမားတော်ကြီးတစ်ဦး ရှိ၏။ တတ်လည်းတတ်၏။ စိတ်ကလည်းထိတတ်ပါဘိ။ တတ်နိုင်ဘူးပေါ့။ အရဲစွန့်၍ မေးရ၏။

"အေး-အတွင်းမှာအပူရှိနေတုန်း ရေချိုးတာ၊ အအေးခံတာ မကောင်းဘူးကွ။ အောက်ပိုင်းတစ်ကိုယ်လုံးအေးနေတုန်း အပေါ်တစ်ပိုင်းပူနေတာလည်း မသင့်ဘူးကွ။ အညောင်းထိုင်တဲ့သူတွေ၊ ပြီးလေအေးတိုက်များများခံသူကြတွေ မိန်းမပဲဖြစ်ဖြစ်၊ ယောကျ်ားပဲဖြစ်ဖြစ် ရုတ်ခနဲတိုဝင်သွားတတ်တယ်"

ကျွန်တော့်ကို စိတ်လိုလက်ရပြောနေရင်း ထုံးဘူးထဲမှ ထုံးတစ်တို့ကို ပါးစပ်ထဲ လက်ညှိုးနှင့်တို့ပြီး -

"အဲဒီလိုဖြစ်ပြီဆိုမှဖြင့် ဆီးစပ်ကြောကြီးတွေ ဆုပ်ဆွဲထားသလိုပေါ့။ သွားတွေဘာတွေလည်း အတင်းကိုက်ထားတတ်တယ်။ ထင်ရှားတဲ့လက္ခဏာကတော့ ရောဂါနာမည်အတိုင်းပေါ့လေကွာ။ သူ့ငယ်ပါပစ္စည်းငုပ်လျှိုးသွားတာ စမ်းကြည့်သိနိုင်တာပေါ့။ ယောကျ်ားဖြစ်ရင် မိန်းမဟိုဒင်း မီးရှို့ညှော်နံ့ပေးကွ၊ မိန်းမဖြစ်ရင် ယောကျ်ားဟိုဟာ မီးရှို့ညှော်နံ့ပေးကွ။ ချက်ချင်းပျောက်တယ်"

ထိုအဘက စိတ်လိုလက်ရ ကွမ်းတမြုံ့မြုံ့နှင့် ပြုံးတုံ့တုံ့ပြော၏။ စာရေးသူပါ ရောပြုံးမိပါ၏။ ပြီးတော့ မသိဟန်ဆောင်လျက်-

"နေပါဦး အဘရဲ့၊ မိန်းမဖြစ်ရင် ယောကျ်ားဟိုဟာ၊ ယောကျ်ားဖြစ်ရင် မိန်းမဟိုဒင်း မီးရှို့ညှော်နံ့ပေးဆိုတာ ဘာတုံးအဘရဲ့"

"ငါ တယ်လေ၊ နင်ဒါလောက်တောင် အ,ရသလား။ ငါမပြောလိုက်ချင်ဘူး"

ဟု ဆိုကာ ထုံးဘူးဖြင့် ကောက်ပေါက်မည်ရွယ်၍ထပြေးခဲ့ရပါသတည်း။

## ◘ ရေးဟောင်းနှောင်းဖြစ် ◘

ဪ - အချိန်အခါအခြေအနေအရ လွန်ခဲ့သောနှစ်ပေါင်း (၄၀)လောက်က သေရေးရှင်ရေးတမျှအရေးကြီးလှသော တိုနာဟူသောရောဂါနှင့်ကြုံတွေ့နေရသူကို မြန်မာတို့၏ သဘာဝကုထုံးနှင့် အသက်ကယ်လိုက်ပုံကို လက်ဆင့်ကမ်းလိုက်ပါသတည်း။

မကွေးခင်မြင့်



www.burmeseclassic.com

www.burmeseclassic.com

ဆရာမော်

# အလွယ်လေ့လာလက္ခဏာပညာ

**လက်ဝါးပြင်အား အလိုအလျောက် တုံ့ပြန်မှုဖြစ်စေရန် ညင်သာစွာ နှိပ်နယ်ခြင်း**

အလိုအလျောက်တုံ့ပြန်မှုဖြစ်စေရန် ညင်သာစွာနှိပ်နယ်သည့် နည်းလမ်း (reflex massage)ကို ဆေးပညာတစ်ရပ်အဖြစ် ရာစုနှစ်ပေါင်းများစွာကတည်းကပင် အသုံးပြုခဲ့ကြသည်။ အထူးသဖြင့် တရုတ်ပြည်၌ ထိုပညာရပ်ထွန်းကားခဲ့သည်။ reflex massage ပညာရပ်အား ၁၉၁၃ ခုနှစ်တွင် ပြန်လည်ရှာဖွေတွေ့ရှိခဲ့သူမှာ ဒေါက်တာ ဝီလျံဖစ်ဇာရေး ဆိုသူပင် ဖြစ်သည်။ သူသည် အနောက်တိုင်းဆေးပညာ၌ reflex massage နည်းပညာကိုပါ ထည့်သွင်းအသုံးပြုနိုင်ခဲ့သည်။ သို့သော်လည်း အနောက်တိုင်းဆေးပညာလောက၌ ညင်သာစွာနှိပ်နယ်ပြီး ရောဂါအား အဖြေရှာသည့် နည်းလမ်းအား တွင်တွင်ကျယ်ကျယ် အသုံးမပြုနိုင်ခဲ့ပေ။

ညင်သာစွာ နှိပ်နယ်သည့်ပညာ (Reflexology) သည် 'အပ်စိုက်ပညာရပ်'အား အခြေခံထားသောဆေးပညာရပ်တစ်ခု ဖြစ်သည်။

အပ်စိုက်ပညာရပ်သည် ခန္ဓာကိုယ်တွင်း နေရာအနှံ့ သွေးလှည့်ပတ်စီးဆင်းမှု ကောင်းစေရန်နှင့် သွေးလည်ပတ်မှုအားပိတ်ဆို့နေသည့် အခြေအနေအားလုံး ပြန်လည် လမ်းဖွင့်ပေးသည့် ပညာရပ်ပင် ဖြစ်သည်။ အနောက်တိုင်းဆေးပညာရပ် မထွန်းကားမီကာလအတွင်း အပ်စိုက်ပညာရပ်နှင့် ညင်သာစွာ နှိပ်နယ်သည့် ပညာရပ်များကိုသာ တွင်ကျယ်စွာ အားကိုးခဲ့ရသည်။

ခန္ဓာကိုယ်၌ သွေး၊ လေလည်ပတ်မှုကောင်းစေရန် နှိပ်နယ်ပေးနိုင်သည့် အဓိကကျသော နေရာပေါင်း (၈၀၀) ကျော်အထိရှိသည်။

အထူးသဖြင့် လက်နှင့်ခြေထောက်တို့၌ နှိပ်နယ်မှု ညင်သာစွာလုပ်ပေးရမည့် နေရာများစွာရှိနေကြသည်။ လက်နှင့်ခြေထောက်တို့ရှိ နှိပ်နယ်ရန်နေရာများသည် ခန္ဓာကိုယ်ရှိ အဓိကကျသော ဂလင်းများ၊ အင်္ဂါအစိတ်အပိုင်းများနှင့် ဆက်သွယ်လျက်ရှိသည်။ နှိပ်နယ်ရန် ချက်ကျသည့် နေရာအားလုံးအား နှိပ်နယ်ပေးခြင်းသည် ဆိုင်ရာအင်္ဂါအစိတ်အပိုင်းအသီးသီးအား နှိုးဆွပေးလိုက်ပြီး သွေးလည်ပတ်စီးဆင်းရာလမ်းတစ်လျှောက် ရောဂါဖြစ်စေနိုင်မည့် အရင်းအမြစ်မှန်သမျှအား တွန်းထုတ်ပေးလိုက်ခြင်းသာ ဖြစ်သည်။

ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းအားလုံးအနက် ခြေ၊ လက်နေရာတို့အား နေ့စဉ်ပုံမှန် ညင်သာစွာ နှိပ်နယ်ပေးနိုင်ခြင်းဖြင့် ဖြစ်နေသောရောဂါဝေဒနာနှင့် ဖြစ်လတ္တံ့သော ရောဂါအမျိုးမျိုးအား သက်သာ ပျောက်ကင်း ကျန်းမာကြံ့ခိုင်စေနိုင်မည့် အခြေအနေကို ရရှိလာပါမည်။

လက်အား စတင်နှိပ်နယ်ရာ၌ (မိမိလက်အား ကိုယ်တိုင်နှိပ်လျှင် ဖြစ်စေ၊ သူများလက်အား ကိုယ်ကနှိပ်ပေးလျှင်ဖြစ်စေ) လက်အား ဦးစွာကိုင်စမ်းပြီး မသိမသာစညှစ်ပေးပါ။ လက်အား ညင်သာစွာ ညှစ်ပေး၊ နှိပ်ပေးလိုက်သည်နှင့် အလိုအလျောက် တုံ့ပြန်မှုအဖြစ် ချိုင့်ဝင်သွားခြင်း (သို့) ဖိလိုက်သည်နှင့် ပြန်၍ကန်တက်နိုင်ခြင်း ရှိ မရှိ စစ်ဆေးပါ။ ဖိနှိပ်လိုက်၍ ချိုင့်ဝင်သွားပါက အားနည်းချက်တစ်ခုခုရှိနေကြောင်း ဖော်ပြပြီး နှိပ်သောနေရာတွင် စူထွက်၊ ဖောင်းကားသည့်ပုံစံ တုံ့ပြန်ပါက ၎င်းနေရာ၌ အားကောင်းနေသည့်သဘောသိရှိရမည်ဖြစ်သည်။

လက်အားနှိပ်နယ်ရာတွင် နာကျင်မှုနည်းသောနေရာနှင့်နာကျင်မှုများသောနေရာအား သေချာစွာ ခွဲခြားမှတ်သားရန် လိုသည်။

နှိပ်နယ်ရာတွင် ဆီနည်းနည်းပွတ်ပေးနိုင်သည်။ မိမိကိုယ်တိုင်နှိပ်နယ်ပါက ဝဲ၊ ယာလက်တစ်ဖက်စီအား တစ်လှည့်စီသုံး၍ နှိပ်ပေးနိုင်သည်။ အကယ်၍ မိမိက အခြားသူအား နှိပ်ပေးမည်ဆိုပါက မျက်နှာချင်းဆိုင်ထိုင်စေပြီး လက်တစ်ဖက်ပြီးတစ်ဖက် ညင်သာစွာ နှိပ်ပေးရမည်ဖြစ်သည်။

ညင်သာစွာ နှိပ်နယ်သည့် နည်းလမ်းအား အောက်ပါအဆင့်များအတိုင်း ဆောင်ရွက်ပေးရသည်။

၁။ သင့်လက်မအား လက်ဝါးပြင်တစ်ဖက်ချင်းအလိုက် အတွင်းနက်နက်ရောက်သည်အထိ ခပ်ပြင်းပြင်းဖိပေးပါ။

၂။ လက်ဝါးပြင်နောက်ကြော (လက်ခုံ) ရှိ အကြောမျှင်များအား ချိုင့်နေသော နေရာအသီးသီးအလိုက် ဖိနှိပ်ပေးပါ။ ထိုသို့ ချိုင့်နေသော နေရာအားလုံးသည် အပ်စိုက်ပညာဖြင့် ကုသရာ၌ အပ်စိုက်ရသောနေရာများပင်ဖြစ်သည်။

ထို့နောက် လက်ဝါးပြင်တစ်ခုလုံးအား သက်သောင့်သက်သာအနေအထားဖြစ်အောင်ဖွင့်ချပြီး လက်ကောက်ဝတ်နေရာမှ စတင်၍ လက်ချောင်းများအထိ အစဉ်လိုက်နှိပ်ပေးပါ။

၃။ ထို့နောက် လက်ချောင်းများ တစ်ချောင်းနှင့် တစ်ချောင်းကြားရှိ တွဲဆက်နေသော အရေပြားနေရာများအား နှိပ်နယ်ပေးပါ။ ထိုအရေပြားနေရာများသည် အဆိပ်အတောက်ရှိနေသည့် အဆိပ်အတောက်ဖြစ်တတ်သည့်နေရာများပင် ဖြစ်သည်။ ၎င်းပြင် လက်ချောင်းကြားတွင်ရှိ အရေပြားများသည် တင်းမာပြီး ရောဂါအခြေပြုလာနိုင်သည့် အရေးကြီးသောနေရာများပင် ဖြစ်သည်။

၄။ ယခုတစ်ဖန် လက်မအပါအဝင် လက်ချောင်းတစ်ချောင်းစီအား အောက်ပါအတိုင်း ပြုလုပ်ပေးပါ။

က။ လက်ချောင်းအား မြဲမြဲဆုပ်ကိုင်၍ အသာအယာဆောင့်ဆွဲသည့်ပုံစံဖြင့် ဆွဲထုတ်ပေးပါ။

ခ။ လက်ချောင်းအား ရှေ့နောက်တစ်လှည့်စီလိမ်ကောက်ပေးပါ။

ဂ။ လက်ချောင်းတစ်ချောင်းစီပါ အရိုးဆက်တို့အကြား (လက်ချောင်းရိုးတစ်လျှောက်) နှိပ်နယ်ပေးပါ။ လက်ချောင်းပတ်ပတ်လည်ဘေးစောင်းနေရာများပါအောင်နှိပ်ပေးပါ။

၅။ သင့်လက်ချောင်းများအား နှိပ်နယ်ကိုင်တွယ်မည့် လက်ချောင်းတွင် မြဲအောင်ထားပြီး အနောက်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com

အသာအယာဆန့်ထုတ်ပေးပါ။

၆။ လက်မလက်ချောင်းအား အနောက်ဘက်သို့လှန်ပြီးဆွဲထုတ်ရာ၌ အားမသုံးရပါ။ လက်မအား လက်ကောက်ဝတ်ရှိရာဘက်သို့ ဆန့်ထုတ်ခြင်းကို ကြိမ်ဖန်များစွာလုပ်ပေးပါ။

၇။ ထို့နောက် လက်ဝါးပြင်တစ်ခုလုံးအား အသာအယာခေါက်ထားသည့်ပုံစံတွင်ထားပြီး ဘေးနေရာတစ်ပိုက်အား အသာအယာဖိနှိပ်ပေးပါ။

၈။ ထို့နောက် နှိပ်နယ်ပေးခြင်းအား ခေတ္တရပ်ပြီး လက်ဝါးတစ်ခုလုံးအား လေထဲ၌ အလွတ်လှုပ်ရှားနေသည့်ပုံစံဖြစ်အောင် ဝှေ့ယမ်းခါကြည့်ပေးပါ။

၉။ လက်သီးအား ဖွဖွဆုပ်ပြီး လက်ဝါးပြင်နေရာအနှံ့ ညင်သာစွာ ထုထောင်းပေးပါ။ ညာလက်မှ လက်သီးကိုဆုပ်ပြီး ဘယ်လက်က နှိပ်မည့်လက်အားအောက်မှ ထိန်းကိုင်ဖေးမပေးထားပါ။

၁၀။ နောက်ဆုံးအဆင့်၌ လက်ဝါးပြင် တစ်ခုလုံးအား ခပ်ပြင်းပြင်းပြန်နှိပ်ပေးပါ။

**မိဘပြည်သူများအတွက် ရှင်းလင်းချက်**

လက္ခဏာပညာရပ်အား ကိုယ်တိုင်လေ့လာနားလည်ထားခြင်းကြောင့် မိမိတို့၏ သားသမီးများတွင်ရှိနေသည့် စရိုက်လက္ခဏာများအား စုံစေ့စွာ နားလည်နိုင်မည် ဖြစ်သည်။ မိမိကိုယ်တိုင် လက္ခဏာကြည့်တတ်မည်ဆိုပါက သားသမီးဖြစ်သူတို့၏ လက်ဝါးပြင်အားကြည့်၍ အဓိကလမ်းကြောင်းများ၏ တည်ဆောက်ပုံအနေအထား၊ စိတ်နေစိတ်ထားနှင့် ဉာဏ်ရည်ထက်မြက်ခြင်းရှိ၊ မရှိကိုပါ သိနိုင်မည် ဖြစ်သည်။ ကလေးများ၏ လက်ဝါးပြင်ပါလက္ခဏာအရေးအကြောင်းများအားလုံး အလွန်အပြောင်းအလဲရှိနေတတ်သည်။ ထို့ကြောင့် ကလေးများ၏ လက္ခဏာပုံစံအား မကြာမကြာ ကော်ပီကူးယူထားသင့်သည်။ အပြောင်းအလဲများတွင် အဓိကလမ်းကြောင်းများနှင့် ဂြိုဟ်ခုံများ အများဆုံးပါဝင်ကြသည်။ အဓိကကြည့်ရှုစစ်ဆေးရမည့်နေရာများမှာ ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့၌ အစက်အပြောက်နှင့် ကျွန်းများရှိ၊ မရှိ သေချာအောင် လေ့လာခြင်းပင် ဖြစ်သည်။ အဓိကလမ်းကြောင်းများသည် မိဘဖြစ်သူတို့က သားသမီးများအပေါ် မည်မျှ ဩဇာသက်ရောက်မှုရှိသည်ကို ထင်ရှားစွာ ဖော်ပြသည်။

သားသမီးများ၏ လက္ခဏာအားကြည့်ရှုခြင်းဖြင့် စိတ်ခံစားထိခိုက်လွယ်ခြင်း ရှိ၊ မရှိ အနုပညာဗီဇပါ မပါ၊ ဉာဏ်ရည်ထက်မြက်မှု ရှိ၊ မရှိ၊ စိတ်ဓာတ်ခွန်အား ကောင်း၊ မကောင်း၊ အားကစား၌ ဝါသနာပါ၊ မပါ စသည်ဖြင့် စုံစေ့စွာ နားလည်နိုင်မည် ဖြစ်သည်။ ၎င်းပြင် ကလေးများ၏ ကျန်းမာရေးအခြေအနေအား လက်ချောင်းများနှင့် လက်သည်းခွံတို့အား စစ်ဆေးခြင်း၊ လက်ချောင်းပေါ်၌ အမှတ်သင်္ကေတများပါ၊မပါ လေ့လာပေးနိုင်သည်။

**အလုပ်ရှင်နှင့် ကိုယ်ရေးမန်နေဂျာများအတွက် ရှင်းလင်းချက်**

လွန်ခဲ့သောနှစ်ပေါင်း (၂၀)ကျော်ကာလအတွင်း များစွာသော စိတ်ပညာဆိုင်ရာ စမ်းသပ်ချက်များအရ ကိုယ်ရေးမန်နေဂျာရာထူးနေရာအတွက် အလုပ်အကိုင်လျှောက်ထားသူသည် ဦးဆောင်နိုင်သောစွမ်းရည်၊ သင်္ချာပညာကျွမ်းကျင်မှု၊ လှုံ့ဆော်စည်းရုံးပြောဆိုနိုင်မှု၊ ဉာဏ်ရည်ထက်မြက်မှုတို့အပေါ် အခြေခံ၍ ရွေးချယ်ရကြောင်း လေ့လာတွေ့ရှိရသည်။

အလုပ်ရှင်များအနေဖြင့် မိမိတို့ဝန်ထမ်းဖြစ်လာမည့်သူများအား မည်၍မည်မျှ အားကိုးနိုင်မည်၊ မိမိအလုပ်အပေါ် ဘယ်လောက်သစ္စာရှိမည်၊ လုပ်ရည်ကိုင်ရည် ကောင်းမည်၊ မကောင်းမည်ကို ကြိုတင် လေ့လာသိရှိနိုင်ရန်အတွက် လက္ခဏာပညာရပ်အား ကိုယ်တိုင်နားလည် တတ်မြောက်ထားရန် အထူးလိုအပ်သည်။ မန်နေဂျာဖြစ်သော (သို့) အလုပ်ရှင်ဖြစ်သောသင်သည် မိမိလိုချင်သောအရည်အသွေးလက္ခဏာများအား ဝန်ထမ်းဖြစ်သူထံတိုက်ရိုက်မေးမြန်းစရာမလို၌ဘဲ ၎င်းတို့၏ လက်တည်ဆောက်ပုံအမျိုးမျိုးက သင့်အား တိကျစွာ အဖြေထုတ်ပေးသွားမည် ဖြစ်သည်။ လုပ်ငန်းအတွက် အဓိကအရေးပါသည့်အချက်များမှာ လုပ်ငန်းကျွမ်းကျင်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ လုပ်ငန်းအပေါ် သစ္စာရှိခြင်း၊ အားကိုးအားထားပြုနိုင်ခြင်းတို့ပင် ဖြစ်သည်။

သင်သည် လုပ်ငန်းလိုအပ်ချက်အရ အဓိကအရေးပါသော အမှုဆောင်တစ်ဦးကို ရွေးချယ်မည်ဆိုပါက ပထမဦးစွာ လက်ညှိုးအား စတင်စစ်ဆေးရမည်ဖြစ်သည်။

**လက်ညှိုးသည် လက်သူကြွယ်ထက် ပိုရှည်နေပါသလား**

အကယ်၍ ရှည်နေသည်ဆိုပါက နောက်လိုက်ရာထူးနှင့် မသင့်တော်ဘဲ ဦးဆောင်တာဝန်ယူရသည့် ရာထူးနေရာ၌သာ ခန့်ထားရမည် ဖြစ်သည်။

အကယ်၍ လက်ညှိုးသည် အခြားလက်ချောင်းများရှိရာဘက်သို့ ယိမ်းနေသည်ဆိုပါက အဆိုပါ ဝန်ထမ်းလောင်းသည် မိမိကိုယ်မိမိယုံကြည်မှုမရှိသူ၊ အများအပေါ် သံသယများသူဖြစ်ကြောင်း သိနိုင်ပါမည်။ ထို့နောက် လက်ညှိုး၏အောက်ဆုံးလက်ချောင်းရိုးအား လေ့လာပါ။ အကယ်၍ လက်ညှိုးအောက်ခြေလက်ချောင်းရိုးတွင် ဒေါင်လိုက်လမ်းကြောင်းများရှိနေပါက အဆိုပါ ဝန်ထမ်းလောင်း၌ စည်းရုံးနိုင်စွမ်းရှိကြောင်း၊ အခြားဝန်ထမ်းများ ယုံကြည်လက်ခံလာအောင် တာဝန်ယူပြောဆိုနိုင်သူ ဖြစ်ကြောင်း သိနိုင်ပါမည်။ အကယ်၍ လက်ညှိုးပေါ်တွင် ကန့်လန့်ဖြတ်လမ်းကြောင်းများ၊ သံဆန်ခါကွက်များရှိနေပါက ရုံးအတွင်း သူ့ခြေသူ့လက် စိတ်ကြိုက် ခြယ်လှယ်မည့်သူအဖြစ် ဖော်ပြနေခြင်းကြောင့် အဆိုပါပုဂ္ဂိုလ်အား ဝန်ထမ်းအဖြစ် မခန့်သင့်ပါ။

ဝန်ထမ်းလောင်း၏ ဦးခေါင်းလမ်းကြောင်းကို လေ့လာရာ၌ ရှည်လျား၊ ဖြောင့်တန်း ရှင်းလင်းနေပါက ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းရှိသော်လည်း ပြဿနာအား လက်တွေ့ကိုင်တွယ်ဖြေရှင်းရာ၌ နိုင်နင်းမှုမရှိသူအဖြစ် တွေ့ရမည် ဖြစ်သည်။ အကယ်၍ အလုပ်ရှင်ဖြစ်သော သင်သည် စိတ်ကူးကောင်းပြီး သနားကြင်နာတတ်သည့်၊ တီထွင်ကြံဆလိုသည့်ဝန်ထမ်းအား ရွေးချယ်မည်ဆိုပါက ဦးခေါင်းလမ်းကြောင်း ညွှတ်ကွေးနေသည့် လက္ခဏာရှင်အား ရှာဖွေရမည် ဖြစ်သည်။

အကယ်၍ လက်သန်း၏အောက်ဆုံး (တတိယလက်ချောင်းရိုး)တွင် ဒေါင်လိုက်လမ်းကြောင်းများ ထင်ထင်ရှားရှားနေပါက သင့်အရှေ့တည့်တည့်မှာ ပြောင်လိမ်ရဲသူ၊ မျက်နှာပြောင်တိုက်ရဲသူဖြစ်ကြောင်း ကြိုတင်သိနိုင်ပါမည်။ အကယ်၍ သင်သည် လက်တွေ့ကျကျ လုပ်ကိုင်နိုင်သည့် အရည်အချင်းရှိပြီး အားကိုးလောက်သည့် မန်နေဂျာတစ်ဦးအား ရွေးချယ်ရမည်ဆိုပါက ဦးခေါင်းလမ်းကြောင်းနှင့် ကံလမ်းကြောင်းတည်ဆောက်ပုံ ကောင်းမွန်နေသည့် ကြ

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ကိုယ်စားပြုလက်ဝါးပိုင်ရှင်ကိုသာ အတိအကျ ရွေးချယ်ရမည် ဖြစ်သည်။ အဆိုပါ ပုဂ္ဂိုလ်မျိုးသည် ဩဇာအာဏာနှင့် လုပ်ပိုင်ခွင့်အသင့်အတင့်ရှိနေခြင်းကြောင့် အလုပ်ရှင်(သူဌေး)နှင့် ဝန်ထမ်းတို့အကြား ဆက်ဆံရေးအား ရင်ကြားစေ့အောင် ပြေလည်စေနိုင်သည့်သူမျိုးပင် ဖြစ်သည်။

မန်နေဂျာတစ်ဦး၏အရည်အသွေးနှင့် ပြည့်စုံသည့်သူများအား မြေဓာတ်ကိုယ်စားပြု လက်အမျိုးအစားတွင်သာမက ရေဓာတ်ကိုယ်စားပြု လက်အမျိုးအစားတွင်ပါ တွေ့ရှိရသည်။ အလုပ်ရှင်အနေဖြင့် နည်းပရိယာယ်ကြွယ်ဝပြီး အကင်းပါးသွက်လက်သည့် မန်နေဂျာမျိုးအားခန့်လိုပါက ရေဓာတ်ကိုယ်စားပြုလက်ပိုင်ရှင်များထဲမှ ရွေးချယ်ပေးနိုင်သည်။

အကယ်၍ လုပ်ငန်းသဘာဝအရ စိတ်ဓာတ်တက်ကြွမှုလိုနေသော၊စည်းရုံးလှုံ့ဆော်ရန်လိုအပ်သော အခြေအနေအတွက် မီးဓာတ်ကိုယ်စားပြုလက်ပိုင်ရှင်အား ရွေးချယ်သင့်ပြီး ခွဲခြမ်းစိတ်ဖြာအဖြေရှာရသည့် စနစ်တကျဖြစ်ရန် လိုအပ်သည့် လုပ်ငန်းသဘာဝအတွက် လေဓာတ်ကိုယ်စားပြု လက်ပိုင်ရှင်အား ရွေးချယ်ရမည် ဖြစ်သည်။

**ချစ်သူစုံတွဲများနှင့် အိမ်ထောင်ရေးအတိုင်ပင်ခံများအတွက် ရှင်းလင်းချက်**

မိမိ၏ ချစ်သူ (သို့) အိမ်ထောင်ဖက်အဖြစ် လက်တွဲရမည့်သူအချင်းချင်း၌ လက္ခဏာဆိုင်ရာ အရေးပါသော အချက်အလက်များအား နားလည်ထားခြင်းဖြင့် ရင်ဆိုင်ရန်ပေါ်ပေါက်လာနိုင်မည့် ပဋိပက္ခအဝဝအား ကြိုတင်ဖြေရှင်းထားနိုင်မည် ဖြစ်သည်။ ပဋိပက္ခပြဿနာအများစု၌ အောက်ပါတို့ အများဆုံးပါဝင်တတ်သည်။ (အများအားဖြင့် အောက်ပါ ဆန့်ကျင်ဘက် အခြေအနေများပင် ဖြစ်သည်။)

- ကာမဆန္ဒအားလျော့နည်းသူနှင့် လွန်ကဲသူ၊
- ပါတီပွဲတက်လေ့ရှိသူနှင့် အိမ်တွင်းအောင်းသူ၊
- လှုပ်ရှားတက်ကြွသူနှင့် တည်ငြိမ်အေးဆေးသူ။

အထက်ပါကွာခြားချက်များ များပြားလာသည်နှင့် ချစ်သူစုံတွဲတို့အကြား သဟဇာတမဖြစ်တော့ဘဲ ကွဲကွာ(လမ်းခွဲ)ရသည်အထိ ပဋိပက္ခများကြီးထွားလာတတ်သည်။

အိမ်ထောင်ရေးအတိုင်ပင်ခံများအနေဖြင့် စုံတွဲတစ်တွဲချင်းစီမှ ကျား (သို့) မ တစ်ဦးစီ သီးခြားခေါ်ယူဆွေးနွေးပါ။

အတိုင်ပင်ခံဖြစ်သူသင်က ကျားနှင့်မတို့၏ အဓိကကျသည့်ကောင်းသော အရည်အသွေးနှင့် မကောင်းသော စရိုက်လက္ခဏာတို့အား ထုတ်နုတ်ကောက်ယူပါ။ ပြီးနောက် ကွာဟနေသည့် အားနည်းချက်၊ အားသာချက်တို့အား အတတ်နိုင်ဆုံး နားဝင်ချိုသည့် ဟောကိန်းများ ဖြစ်လာအောင် တွက်ချက်နှိုင်းယှဉ်ပေးပါ။

တစ်ဦးချင်းအလိုက် ဆွေးနွေးမှုအတွက် အချိန် (၂) နာရီခန့် ယူပါ။ လက္ခဏာဖတ်ကြားနေစဉ်နှင့်ဟောကြားနေချိန်အတွင်း လက္ခဏာပညာရှင်၏ အပြုအမူအားလုံး လေးနက်သောအသွင်ဆောင်နေစေရန် သတိထား၍ ပြုမူပြောဆိုပါ။

အိမ်ထောင်ဖက်ဖြစ်မည့်သူနှစ်ဦးတို့ထံမှ မည်သို့ပင် ဆန့်ကျင်ဘက်စကားများ ကြားရသည့်တိုင် ဖော်ပြနေသည့် ကောင်းသော အနေအထားများမှအပ စုံတွဲတို့၏ လမ်းခွဲမည့်အခြေအနေကို စိတ်မဝင်စားသည့်ဟန်ပြပေးပါ။

မိမိဟောကိန်းများအား မေးမြန်းသူတို့ လက်ခံနိုင်လောက်သည့် ဥပမာများပေး၍ ဟောပြောပေးပါ။

**လျှို့ဝှက်နက်နဲပြီးနားလည်ရန်ခက်ခဲသည့် အချက်အလက်များ**

လက္ခဏာပညာရပ်နှင့် ပတ်သက်၍ စနစ်များစွာရှိသည်။ တရုတ်နှင့် အိန္ဒိယတို့၌ လက္ခဏာပညာရပ်များစွာ ထွန်းကားခဲ့ပြီး ဖြစ်သည်။ ထို့ပြင် အီဂျစ်နှင့် ဂရိနိုင်ငံတို့တွင်လည်း အနောက်တိုင်းလက္ခဏာပညာရပ်များ ထွန်းကားခဲ့သည်။

လက္ခဏာပညာရပ်သည် လူသား၊ စကြဝဠာတို့နှင့် ဆက်စပ်လျက်ရှိကြသည်။ စင်စစ် လက်ဝါးပြင်သည် လူသားတစ်ဦးချင်းစီ၏ အကြောင်းအရာ၊ အချက်အလက်များအား အသေးစိတ်ဖော်ပြထားသည့် မြေပုံတစ်ချပ်ပင် ဖြစ်သည်။ ၎င်းလက်ဝါးပြင်များကပင် စကြဝဠာအတွင်းရှိနေသော ဂြိုဟ်များအား ကိုယ်စားပြုထားသည်။

လက္ခဏာပညာရပ်စနစ်တစ်ခုချင်းစီသည် အာကာသ၊ စကြဝဠာအား အခြေခံ၍ တွက်ချက်ကာ အသုံးပြုတတ်ကြသည်။

အိန္ဒိယနိုင်ငံ၌ ထုံးတမ်းအစဉ်အလာအရ လူ့အဖွဲ့အစည်းအား အတန်းစား (၄) ရပ် ခွဲခြားထားသည်။ ယင်းမှာ ယဇ်ဆရာ၊ စစ်သူကြီး၊ ကုန်သည်၊ ဇာတ်နိမ့်ဟူ၍ ဖြစ်သည်။ ထိုအခါ ယဇ်နတ်ဆရာက မွေးဖွားလာသူ သားဖြစ်ပါက ၎င်းနှင့် ဇာတ်တူသူ ယဇ်နတ်ဆရာ၏ သမီးဖြင့်ပင် လက်ထပ်ထိမ်းမြား၍ မျိုးရိုးထိန်းသိမ်းထားတတ်သည်။ အလားတူ လက္ခဏာပညာရှင်များအနေဖြင့်လည်း ၎င်းတို့၏ ပညာရပ်အား ထိုနည်းတူ ဆက်လက်ထိန်းသိမ်းထားတတ်ကြသည်။

**လက္ခဏာပညာရပ်နှင့် စကြဝဠာဂြိုဟ်များ ဆက်စပ်နေပုံအခြေပြဇယား**

နက္ခတ်ဗေဒင်ဆိုင်ရာ (ရာသီခွင်၊ ရာသီရုပ်)အားလုံးသည် လက္ခဏာပညာရပ်ဆိုင်ရာ အသုံးအနှုန်းတစ်ခုစီအလိုက် ဆက်စပ်ကိုယ်စားပြုနေကြောင်း လေ့လာတွေ့ရှိရသည်။

လက်၏ အဓိကကျသော အစိတ်အပိုင်းများကို ခွဲခြားလေ့လာရာ၌ အောက်ပါအတိုင်း အစိတ်အပိုင်း (၄) မျိုး ရရှိသည်။

သိစိတ်နှင့်ဆိုင်သောနယ်ပယ်၊

မသိစိတ်နှင့်ဆိုင်သောနယ်ပယ်၊

သိစိတ်နှင့်ဆိုင်သောဉာဏ်ရည်ကိုဖော်ပြသည့်နယ်ပယ်၊

မသိစိတ်နှင့်ဆိုင်သောဉာဏ်ရည်ကိုဖော်ပြသည့် နယ်ပယ်တို့ ဖြစ်သည်။

လက္ခဏာပညာအရ လူတစ်ဦးချင်းစီ၏ အားနည်းချက်၊ အားသာချက်များအား လက်ဝါးပြင်ပါ တွေ့မြင်နေကျ အောက်ပါအမှတ်လက္ခဏာ (၄) မျိုးဖြင့် ခွဲခြားသတ်မှတ်နိုင်သည်။

**၁။ ခေါင်လိုက်လမ်းကြောင်းများ**

- သဘာဝအတိုင်း စီးဆင်းနေသည့် ကောင်းသော စွမ်းအင်များကို ရည်ညွှန်းသည်။

**၂။ အလျားလိုက်လမ်းကြောင်းများ**

စွမ်းအင်စီးဆင်းမှုများအား ဟန့်တားနှောင့်ယှက်နေသည့် သဘောကို ရည်ညွှန်းသည်။


**၃။ သံဆန်ခါကွက်များ**

စွမ်းအင်များ မူလဂုဏ်သတ္တိ ပျောက်ကွယ်အောင် ရှုပ်ထွေးစေသည့် အခြေအနေများကို ဖော်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com




နက္ခတ်ဗေဒင်ပညာနှင့် လက္ခဏာပညာရပ်တို့ ဆက်စပ်ပတ်သက်မှုပုံ

### ၄။ ကြက်ခြေခတ်များ

စွမ်းအင်များဦးတည်ချက်ပြောင်းသွားစေသည့် အခြေအနေ၊ စွမ်းအင်များခွဲထုတ်ခံရခြင်းကြောင့် ပျက်စီးဆုံးရှုံးရသည့် အခြေအနေကို ဖော်ပြသည်။

ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများဖြစ်သော နှလုံး၊ အသည်း၊ အဆုတ်တို့နှင့် ပတ်သက်သော ကျန်းမာရေးအခြေအနေအကောင်း၊ အဆိုးကို လက်ဝါးပြင်လက္ခဏာများအရ အတိအကျသိရှိခွင့်ရရှိနိုင်သည်။

### လူသားတို့လက်နှင့် စိတ်ပညာရပ်နယ်ပယ်တို့ ဆက်စပ်ပုံ

ဤအခန်းတွင် အာကာသစကြဝဠာနှင့် လူသား၊ လူသားနှင့်စိတ်ပညာဆိုင်ရာစွမ်းရည်တို့ ဆက်နွယ်ပုံကို တွေ့ရှိရမည် ဖြစ်သည်။

စွမ်းအင်နှင့်ပတ်သက်၍ အောက်ပါသင်္ကေတ (၅) မျိုးက ကိုယ်စားပြုထားပုံကို လေ့လာနိုင်သည်။

### ဒေါင်လိုက်လမ်းကြောင်းများ

သဘာဝစွမ်းအင်များ ကောင်းစွာစီးဆင်းနိုင်ခြင်းကို ဖော်ပြသည်။

### ကန့်လန့်လမ်းကြောင်းများ

သဘာဝစွမ်းအင်များ စီးဆင်းမှုရှုပ်ထွေးစေရန် ပိတ်ဆို့တားဆီးနေသည့် အခြေအနေကို ဖော်ပြသည်။

### သံဆန်ခါကွက်များ

စွမ်းအင်များ တစစီကွဲထွက်သွားခြင်းကို ဖော်ပြသည်။

### ကြက်ခြေခတ်များ

စွမ်းအင်များ ဦးတည်ချက်ပြောင်းသွားခြင်းကို ရည်ညွှန်းသည်။

### ရှင်းလင်းနေသောနေရာ

စွမ်းအင်များရလာနိုင်မည့်ကောင်းသော အခြေအနေကို ရည်ညွှန်းသည်၊

ဆက်ရန်



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း

(ရှင်ဂိုဏ်းအောင်မြင်စာရေးဆရာ)

## လှဘက်ခေါ်

ယခုလို ဆောင်းအကုန် နွေအကူး လေး ဖြစ်သည်။

အလွန်သာယာသည့် ရာသီဥတု ကြောင့်လားမသိ -

ပတ်ဝန်းကျင်တွင် နေရောင်ခြည်၏အလင်းသည် ကြည်လင်လွန်းလှပါ၏။

မှတ်မှတ်ရရ စဉ်းစားရလျှင် -

လွန်ခဲ့သော နှစ်ပေါင်း (၃၀) ခန့်က -

❑

"ဘယ်လိုဖြစ်တာလဲ ချွေးတလုံးလုံးနဲ့"

ခရီးဦးကြိုပြုလိုက်သော ကျွန်ုပ်အား ပြုံးပြုံးကြီးကြည့်ရင်း ပခုံးပေါ်မှ ခေါင်လိုက်စင်းလွယ်အိတ်ကြီးကို ကျွန်းစားပွဲကြီးပေါ် သို့ ချင်လိုက်၏။ ပြီးမှ လွယ်အိတ်ထဲလက်နှိုက်လိုက်ပြီး အမွေးပွလက်ကိုင်ပဝါအဖြူလေးကိုထုတ်၍ နဖူးမှချွေးများအား သုတ်နေတော့၏။

"မီးသီးမှာ မုန့်ဟင်းခါးဝယ်စားလာလို့ ဆရာ၊ ချွေးက"

"ဒါဆို ဟင်းရည်နှစ်ခါတောင်းခဲ့လို့ ချွေးကဒါလောက်ပြန်တာသိပြီ"

"ဟဲဟဲ - ဆရာကလည်း၊ တပည့်ကြီးက မုန့်ဟင်းခါးဟင်းရည်ဆို လွှတ်ကြိုက်မှန်းသိသားနဲ့"

အလွန်ချစ်စရာကောင်းသော တပည့်ကျော်ကြီး ဆရာ့အနား [illegible]

ကျွန်ုပ်ပြောသမျှကို [illegible] ရင်း မျက်နှာမှာ အမြဲပြုံးနေ၏။ မည်သည့်အခါမျှ မျက်နှာမပျက်။

ယခုလည်း ချွေးသုတ်လိုက်၊ သူပြောချင်ရာပြောလိုက်နှင့် ကျွန်ုပ်ကနားထောင်ပေးနေလိုက်ပါသည်။

တော်တော်လေးပြောပြီးမှ ထုံး အတိုင်း ပညာလမ်းကြောင်းဘက်ဆီ ဦးတည်လာတော့၏။

"ဘယ့်နှယ်-ဒီအနားတွေလိပ်နေတဲ့ဒိုင်ယာရီကြီးက မလဲသေးဘူးလား၊ ဘာလို့ဆွဲထုတ်နေတာလဲ၊ စကားပြောနေရင်း"

"ဟဲဟဲ - ဆရာကလည်း၊ တပည့်ကြီးအကြောင်းသိသားနဲ့၊ ဆွဲထုတ်နေမှတော့ ကိုယ့်ဆရာဆီက ပညာကို အမိ တိတ်တောင်းခံနေပြီဆိုတာ ..."

သူ့စကားကြောင့် ပြုံးနေလိုက်ပါသည်။

"လဲလို့မဖြစ်ဘူးလေ၊ ဒီဒိုင်ယာရီကြီးထဲမှာက ဆရာ့ဩဝါဒတွေ၊ ပညာတွေချည်းပဲ၊ ဒါ ဟောဒီ ကိုအုန်းကြိုင်ရဲ့ အသက်ပဲ"

"အံမယ်၊ အံမယ် - စကားတွေ တတ်လိုက်တာ ကြည့်စမ်း၊ ကြည့်စမ်း"

"ဟုတ်တယ်လေ ဆရာ၊ ဘယ်လောက်ထိ ဒီဒိုင်ယာရီကြီးကိုစွဲစွဲလမ်းလမ်းထားသလဲဆိုတာ ဆရာသိပါတယ်"

"[illegible] ဆရာ ဒီခေါင်းလိုက်စင်းကြီးတော့မှမကျန်ဘူး။ [illegible] စာမျက်နှာ ဘယ်အကြောင်းတွေတာပြောပေးရမလဲ"

ဟိုလှန်ဒီလှန်လှပ်လိုက်ပြီးမှ -

"ဆရာ ပြီးခဲ့တဲ့အပတ်က [illegible] ရေးလိုက်တာ ကျွန်တော် [illegible] တို - ဘာတဲ့ [illegible] ဘာကြောင်းမှမရ [illegible] ဒါပဲ"

"[illegible]"

"ကျွန်တော့်မိတ်ဆွေတစ်ယောက် လေး သူ့ပိုက်ဆံရစရာရှိတာတွေ [illegible] မရလို့ သူနှမြောတဲ့ [illegible] သွားတာ [illegible] လို့"

"ကြော် - သိပြီ စိတ်မြဲ [illegible] ပေးရမယ့်သူကို ခိုနိုင်လိုက်သ [illegible] တဲ့အကြောင်း"

"အဲ ဒဲ ဒဲဒါ ဆရာ"

"[illegible] ဆရာတို့ ရဲ့ ဆရာ [illegible] စဉ်းစားကြည့် [illegible] ရစရာရှိလို့ [illegible] ကြွေးပေးရမယ့်သူကို [illegible] နှိမ်လိုက်တယ်၊ [illegible] ခံအနိုင်ခံရတဲ့သူဟာ ကောင်း [illegible] ဆိုးသွားနိုင်လား စဉ်းစားကြည့်၊ [illegible] နှိမ်လိုက်ပြီဆိုကတည်းက [illegible]





www.burmeseclassic.com

www.burmeseclassic.com

[illegible]ဘူးလေ။ ကျေနပ်လို့မှ [illegible] ကိုယ့်ကြွေးရဖို့တစ်ခုထဲကို [illegible]လိုက်တဲ့ကိစ္စ။ ဒီလိုလုပ် [illegible] ဘယ်အကျိုးဆက်တွေနဲ့ ဘယ်[illegible]ထိ ဘာဖြစ်သွားနိုင်လဲဆို [illegible]။ ဆရာအုန်းကို မေး [illegible]လေ”

[illegible]ကတဲ့ - ကြွေးရဖို့တစ်ခုထဲပဲ [illegible]ပါတယ်။ ဘယ်သူက ယူထား[illegible]ကြောင်တွေ ပြန်မပေးလို့ဆို တာမျိုး[illegible]တက်ကြတာများပါ တယ် ဆရာ”

“တစ်ခါကဗျာ အမျိုးသမီးကြီး တစ်ယောက်ပေါ့။ ကြွေးတွေကိုယူတုန်း ကယူပြီး အခုပြန်တောင်းတော့ပြောင် ပြောင်နေလို့ [illegible]တောင်လုပ်လို့ဆိုပြီး လာတယ်။ [illegible]ဘယ်လိုချေချေ မရဘူးလို့[illegible] သူပြောတဲ့အထဲ မှာ [illegible] စိတ်ဝင်စားသွားတာက [illegible] ဘယ်လိုမှချေလို့မရဘူးဆို [illegible] ဘယ်လိုချေထားလဲလို့မေး ကြည့်တော့ ကြွေးသွားတောင်း[illegible] ငရုတ်သီးသီးတဲ့ ငရုတ်ပင်က အရွက်[illegible] ခြေထောက်နဲ့ ဖိနပ်ကြားမှာ ဘယ်[illegible] ရွက်၊ ညာတစ်ရွက် ထည့်စီးပြီး သွား တောင်းရတယ်တဲ့။ ဒါပြဿနာမရှိ လောက်ဘူး၊ ဆက်နားထောင်တယ်။ ဟိုတစ်ဖက်သားနဲ့ တွေ့ခါနီးရင် အကာ အပိတ်ဂါထာရွတ်ရတယ်တဲ့။ ဒါလည်း ပြဿနာမရှိဘူး၊ ဆက်ပြီးနားထောင်ပေး တယ်။ ဘာပါလာလဲဆိုတော့ ကရွတ် ခွေမှာ သူ့နာမည်ရေးပြီးဒယ်အိုးနဲ့ပိထား ရတယ်တဲ့။ အဲဒါကြားတော့မှ အင်း - ဒါတော့ ပြဿနာရှိလာပြီဆိုပြီး ကျွန် တော်သိချင်တာမေးကြည့်ရတော့တယ်။ ထင်တဲ့အတိုင်းပဲ၊ ကြွေးပေးရမယ့်သူရဲ့ နာမည်က တနင်္လာစ ရာဟုပိတ်ကြီးဗျ”

“ဪ”

“ငရုတ်ရွက်ကလည်း နံတူဗျာ၊ ကရွတ်ကလည်းနံတူဗျာ”

“ဟုတ်တယ်နော် ဆရာ”



www.burmeseclassic.com

www.burmeseclassic.com

"ရိုက်လိုက်တဲ့ ဓာတ်ကတော့ ကောင်းသလားမပြောနဲ့၊ တော်တော်ပြင်းတယ်။ တကယ်ထိရောက်ပါပေတယ်။ ဒီကြားထဲ ဆပွတ်အုပ်လိုက်တော့ပြီးပြီ၊ ကဲ - ဘယ်လိုဆပွတ်အုပ်လဲ ဖြေ ဆရာအုန်း"

တစ်ကိုင်းလုံးအနက်ရောင်လေး ထောင့်စပ်စပ်ရှေးမျက်မှန်ကြီးအား ဖျတ်ခနဲချွတ်၍ ဒေါင်လိုက်စင်းလွယ်အိတ်အနွမ်းကြီးပေါ်တင်လိုက်ပြီး ကျွန်ုပ်၏ မျက်နှာကို စေ့စေ့ကြည့်၍ ပါးစပ်က ပွစိပွစိလုပ်နေ၏။

"ဘာတွေပေါက်ပေါက်ဖောက်နေတာလဲ၊ ဖြေလေ"

"ဟိုဟို ဖိနပ်ထဲထည့်စီးတာ အဲဒါဆပွတ်အုပ်တာ ဆရာ"

"ငရုတ်က ဖိနပ်အောက်မှာလား၊ ဖိနပ်အပေါ်မှာလား"

"ဖိနပ်နဲ့ ခြေထောက်ကြားဆိုတော့ ဖိနပ်အပေါ်မှာ"

"ဘယ်လိုလုပ်ပြီး ဖိနပ်က အုပ်မလဲ။ ဖိနပ်နဲ့ ဖိနင်းသွားတာမှမဟုတ်တာ"

ပြောလိုက်လျှင် မျက်လုံးကြီးအပြူးသားနှင့် ပါးစပ်ကပွစိပွစိ အသံကမထွက်တော့။ ကျွန်ုပ်သဘောပေါက်ပါသည်။ ဆရာအုန်းမှာ (၆၂)၊ (၆၃) နှစ်သို့ချင်းနင်းဝင်ရောက်နေပြီဖြစ်၍ မှတ်သားမှုအားတွင် လိုအပ်ချက်လေးများရှိနေနိုင်ပါသည်။

"ဒယ်အိုးနဲ့ဖိတာလေ ဆရာအုန်း"

"ဟာ - ဟုတ်သား ဒယ်အိုး"

"ကရွတ်ကတော့သူ့နံတူ၊ ဒါတော့ဆရာအုန်းသိတယ်။ အဲဒီကရွတ်ကရော တဖြည်းဖြည်း ဆွေးသွားတာမဟုတ်လား"

"ဟုတ်တယ် ဆရာ"

"အပေါ်ကတင်ထားတဲ့ ဒယ်အိုးက ဆပွတ်အုပ်ထားတဲ့အပြင် အပူရော မဟုတ်ဘူးလား။ သူက ဒယ်အိုးအသစ်မဟုတ်ဘူးဗျ၊ အဟောင်းနဲ့ဖိထားတာ"

"ဟုတ်ကဲ့ - ဒယ်အိုးဆိုတာ မီးနဲ့ချက်ရတာမျိုးဆိုတော့ အပူတိုက်သလိုမျိုးရောဖြစ်နေတယ်နော်ဆရာ"

"ဟုတ်တယ်-သွားပြီပေါ့ဗျာ ဘယ်ခံနိုင်ပါတော့မလဲ၊ နံတူတွေရော ဆပွတ်တွေရော ဒါလောက်ရိုက်မှတော့။ သူ့ကိုအကြွေးပြန်ပေးရမယ့်သူဟာ ဘယ်လိုလုပ်နာလန်ထူနိုင်ပါတော့မလဲ။ မဟုတ်ဘူးလား၊ ဟုတ်လား"

"ဟုတ်တယ်လေ ဆရာ"

"အဲဒီလူဟာ တဖြည်းဖြည်းရှာမရတော့ဘဲ လာဘ်တွေပါပိတ်သွားပါလေရော။ ဟိုအမျိုးသမီးကြီးကတော့ ပြောတာပေါ့။ ကျွန်မကို မတရားလုပ်တာသင်းတို့ဘာတတ်နိုင်သေးလဲ။ ဒုက္ခရောက်နေပြီဆိုပြီး။ အမှန်ကတော့ ဒီဓာတ်တွေဒါလောက်ရိုက်မှတော့ ဒုက္ခမရောက်ခံနိုင်ပါတော့မလားဆရာအုန်း"

"ဟုတ်ကဲ့"

"ဒါပေမယ့် တစ်ဖက်သားဒုက္ခရောက်တဲ့အထဲမှာ ကိုယ့်ကြောင့်ဆိုတာမျိုးဖြစ်သွားရပြီ။ ဟိုတစ်ယောက်ဟာသူ့ဘာမှမလုပ်ဘဲ သူများကို လိမ်လည်တဲ့အကျိုး သူခံစားရမှာ၊ လုပ်မှမဟုတ်ဘူး။ ဒါပေမယ့် လုပ်လိုက်မိတဲ့အခါကျတော့ အကုသိုလ်ရှယ်ယာဝင်လိုက်ရသလိုဖြစ်သွားတော့တာပေါ့"

| | | |
|---|---|---|
| ငရုတ် (၂-၈) | ကရွတ် = (၂-၈) နံတူ | |
| ၎င်းနံတူအား- | ၆ | |
| | ၃ | |
| | ဝ | ဒယ်အိုး |
| တနင်္လာ - | ၂ | |
| | ၅ | |
| | ၁ | |
| | ၄ | |

(နံတူဖြစ်သော ကရွတ်ခွေတွင် ဆပွတ်ဖြစ်သော စနေနံ ဒယ်အိုးအုပ်လိုက်သည့်အတွက် ကာယကံရှင် တနင်္လာမှာ လာဘ်ပိတ်သွားခဲ့ရသည်။ ကရွတ်၏သဘောမှာ တဖြည်းဖြည်းနှင့် ဆွေးမြည့်သွားခြင်းသဘောဖြစ်ပြီး ဒယ်အိုးမှာ အပူတိုက်လိုက်သည်သို့နှယ်)

"ဒါ လာဘ်ပိတ်တာတစ်ခုပဲ သိသေးတာနော်။ တခြားဘာတွေများဖြစ်ကုန်လဲဆိုတာ ကာယကံရှင်မှသိမှာလေ"

"အင်း - ဆရာရှင်းပြမှပဲ ဒါမျိုးကကြားဖူးတော့တယ်။ ခပ်လွယ်လွယ်ကတော့ ဟိုတစ်ဖက်က ကြွေးမပေးဘဲနေရင်ပြန်ရအောင်လုပ်ပေးပါဆိုလိုက်တာနဲ့ လုပ်ပေးမိမှာပဲ၊ ကျွန်တော်ကအစ"

ပြောရင်း အနက်ရောင်ကိုင်းကြီးများနှင့်မျက်မှန်ကို ပြန်ယူတပ်လိုက်၏။ ပြီးမှ သူ၏အပါးတော်မြဲဒေါင်လိုက်စင်းလွယ်အိတ်ကြီးကို ငုံ့ကြည့်လိုက်ပြီး -

"ကျွန်တော် ကိုယ်တိုင်တောင် အဲလိုမျိုးကြုံခဲ့တာတွေရှိခဲ့ပါတယ်။ ဝန်ခံပါတယ်ဆရာ၊ ဒါပေမယ့် ဆရာပြောသလိုမျိုးတော့ အဲဒီအထိမလုပ်ခဲ့ဖူးဘူး။ အကိုင်းအခက် ဆောင်သွားခိုင်းတာလောက်ပါပဲ။ ဥပမာ ဆရာရယ်၊ အင်္ဂါနာမည်ရှိတဲ့လူဆီကြွေးသွားတောင်းမယ်ဆိုရင် အရှေ့မြောက်အရပ်ကို မျက်နှာလှည့်၊ အုန်းသားလေးလက်နှစ်ဆစ်လောက် အိတ်ထဲထည့်သွား၊ ဒါမျိုးပေါ့"

"ဆပွတ်ပဲလေ"

"ဟုတ်ကဲ့"

"တကယ်တမ်းကျတော့ ဒီလိုမျိုးသွားတောင်းပြန်ရင် အင်္ဂါနဲ့ တနင်္ဂနွေကရန်ဓာတ်ကျနေတာမျိုးတို့၊ ကာယကံရှင်ရဲ့ကံမှာ အုန်းဘယ်လိုနေလဲတို့ သေချာကြည့်ပေးရလိမ့်မယ်ဆရာအုန်း။ သူ့ခမျာတနင်္ဂနွေနံအနေမကောင်းရင် အုန်းသားလည်းဆောင်ရော သွားရောဆိုတာမျိုးလည်းမဖြစ်စေနဲ့"

"ဒါကျ ဆရာ၊ ဆပွတ်မရတော့ရင်မိတ်ဓာတ်ဆောင်သွားရင်ကော"

"မိတ်ဓာတ်ဆိုရင်တော့ရတာပေါ့။ ဒါပေမယ့် ဆရာအုန်းရဲ့ ကိုယ့်ကံမှာ ငွေဝင်အားကောင်း၊ မကောင်းဆိုတာ ကိုယ်တိုင်သတိထားမှနော။ အဲဒါ အရမ်းအရေးကြီးတယ်။ အမှုမဲ့အမှတ်မဲ့နေလိုက်ရင် သိပ်အလုပ်မဖြစ်ချင်ဘူး"

"သိပ်သဘောမပေါက်ဘူးဖြစ်နေတယ် ဆရာ"

"ဒီလိုလေ၊ လုပ်ရကိုင်ရတာတွေမှာလွဲချော်၊ ငွေကုန်ကြေးကျတွေများဖြစ်နေပြီဆိုရင် ကျိန်းသေပြီ၊ ငွေနံမကောင်းတော့ဘူး။ ဒါဖြင့် ငွေနံကောင်းအောင်တော့ ပြန်စဉ်းစားရပြီ။ သူကဘယ်လိုနှစ်မျိုးလဲ။ ငှက်စာ၊ ခွေးစာတွေကျွေးရမှာလား။ ဒါမှမဟုတ် ငွေဝင်ဂါထာတွေရွတ်ရမှာလား။ ဒါမှမဟုတ် သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေ၊ မမြင်ရတဲ့ပုဂ္ဂိုလ်တွေကို မေတ္တာပို့၊ အမျှဝေပြီးသွားရမှာလား၊ ဒါလိုလာပြီ"

လွယ်အိတ်ကြီးထဲသို့ လက်နှိုက်လိုက်ပြီး ခွေးတံဆိပ်ခဲတံကို ဟန်ပါပါကိုင်၍ အနားလိပ်နေသော ဒိုင်ယာရီကြီးကို ကိုင်တော့မည်အပြု -

"အဲဒါတွေကြောင့် ခင်ဗျားနဲ့ကျွန်တော်နဲ့ခက်နေတာ။ ခေါင်းနဲ့မှတ်မယ်မရှိဘူး၊ ဒီဒိုင်ယာရီကြီးထဲပဲ။ မေးလိုက်ရင် စာအုပ်ထဲကထွက်မလာဘူး"

"ဟဲဟဲ - တပည့်ကြီးက အသက်ကလည်း"

"လာပြန်ပြီ ဒီအသက်။ အသက်ကိုထည့်မပြောနဲ့။ အသက်က သူ့ဟာသူသွားတာ။ ဆရာအုန်းက ခုနလေး



www.burmeseclassic.com

www.burmeseclassic.com

ကြိုက်တဲ့လူမေးကြည့်၊ ငါးဆယ်ပဲပြောကြမှာ"

ချစ်ကလည်းချစ်၊ သံယောဇဉ်ကလည်းကြီးရသည့်တပည့်ကြီးမို့ ဘတ်စေချင်သည့်စေတနာကြောင့် တစ်ခါတစ်ခါ စကားမာသွားလျှင် ယခုလိုပြန်ပြန်ချော့ရလေ့ရှိ၏။ ဤသို့ ချော့လိုက်သည်နှင့် ဆရာအုန်း၏အပြုံးမှာ အလွန်ဖြူစင်လှ၏။

"နေပါဦး ဆရာအုန်းရဲ့၊ နားပဲထောင်ပါဦး။ မေ့သွားရင်လည်း ကျွန်တော့်ကို ပြန်မေးပေါ့၊ ပြောပြမှာပေါ့"

"ဆရာစိတ်တိုမှာစိုးလို့ပါ ဟဲဟဲ"

"ဘယ်ကလာ စိတ်တိုရမှာလဲ။ ဆရာအုန်းမလာရင်တောင် ကျွန်တော်က သတိရလွန်းလို့ မျှော်ရတာအမော။ လာရင် ကျွန်တော့်မှာပျော်လို့"

"ဟုတ်ကဲ့ပါဆရာ"

"အေး-ကဲ- နောက်တစ်ယောက်ပြောပြမယ်၊ သူလည်း ဒီလိုပဲ။ သူ့မှာ ပိုက်ဆံတွေရှိတုန်းကတော့ ဘာမှမလုပ်တတ်တာနဲ့ အသိတစ်ယောက်ကိုအတင်းခေါ်၊ ငွေတိုးပေးချင်လို့ ရှာခိုင်း၊ နှစ်ယောက် သုံးယောက်တွေ့တော့ ငွေတိုးပေး၊ ဟိုလူကကြားကလုပ်ပေးရင်း သူ့အတွက်ပါ အတိုးလေးချန်ပြီးလုပ်နဲ့လုပ်ရင်းကနေ တဖြည်းဖြည်းကျပ်တည်းလာကြတော့ အတိုးတွေမမှန်တော့ဘူး။ အတိုးတွေလည်းမမှန်ရော ကြားကဟိုလူက ရစရာရှိတာတွေမရတော့ ပေးစရာရှိတာတွေမပေးနိုင်တော့ဘူး။ အဲဒီမှာတင် ဓာတ်ရိုက်၊ ဓာတ်ဆင်ခန်းတွေလာတော့တာပဲ"

"ဆပွတ်ပဲလားဆရာ"

"ပညာနဲ့ကြည့်ရင်တော့ ဆပွတ်လို့ပြောလို့ရတယ်။ ဘာလို့လဲဆိုတော့ အဲဒီလူရဲ့နံ့တူအသားကို ကျင်းတူးပြီး အပေါ်က ဓာတ်ဆီလောင်း၊ မီးနဲ့ရှို့တာ"

"နံ့တူက တနင်္လာပဲလား ဆရာ"

"ဟုတ်တယ်၊ အဲလိုလုပ်ပါ ဆရာအုန်းရဲ့။ တစ်ခွန်းပြောလိုက်ရင် ဒီလိုဒေါက်ခနဲသိနေလျက်သားနဲ့ ဘာလုပ်ဖို့အဲဟိုထဲကိုထည့်မလဲ"

အနားလိပ်ဒိုင်ယာရီကြီးကို မေးငေါ့ပြရင်းပြောလိုက်ရာ ဆရာအုန်း၏ အမူအရာသည် မူလတန်းကလေးငယ်လေးတစ်ယောက်ကဲ့သို့ ပေါ့ပါးရွှင်လန်းပြီး ပြုံးနေသည်မှာ မပြီးတော့။

"တနင်္လာစ ကြာသပတေးပိတ်နာမည်မျိုး။ အဲဒီလူရဲ့နံ့တူသားမှာ အဲဒီလူရဲ့နာမည်ကို ရေးရတယ်တဲ့။ ပြီးတော့ မြေကျင်းထဲတူးထည့်၊ ဓာတ်ဆီလောင်း မီးရှို့ခိုင်းတယ်တဲ့။ ဟိုတစ်ယောက်ကလည်း ကြွေးတော့ပြန်မရဘူး၊ ကြွေးပေးရမယ့်လူတော့ လေဖြတ်သွားလေရဲ့"

"ဟာ"

"မကောင်းဘူးလေ၊ အဲဒါကြောင့်ပြောတာပေါ့။ ကဲ- ဆရာအုန်း စဉ်းစားကြည့်၊ ကြွေးရချင်တဲ့လူက အဲသလိုလုပ်လိုက်ပါပြီတဲ့။ ဟိုတစ်ဖက်သားထိသွားပြီ။ ကဲ-ပြော၊ ဘယ်လိုလုပ်ပြီးဒီအကြွေးကိုသူဆပ်နိုင်ပါတော့မလဲ။ မဟုတ်ဘူးလား၊ ဟုတ်လား"

"ဟုတ်တယ် ဆရာ၊ ပညာနဲ့လုပ်ပြီးတောင်းလို့ တစ်ဖက်သားဒုက္ခရောက်ရင် ဒီငွေကသွားပြီလေ။ အမှန်က ဆရာပြောတာ တပည့်ကြီးသဘောပေါက်ပြီ။ ကြွေးပေးရမယ့်လူကို နှိမ်လို့မရဘူး၊ နံလည်းနှိမ့်၊ လာဘ်လည်းပိတ်ပဲ။ လာဘ်ပိတ်တာထက် ခုန ဆရာပြောသလို လူရဲ့ကျန်းမာရေးကိုပါထိခိုက်သွားတာတို့၊ အသက်အန္တရာယ်ဖြစ်သွားတာတို့ဆိုရင် ကြွေးကဆုံး၊ ဘာမှလုပ်လို့မရတော့ဘူး"

"ဘယ်သူ့အကျိုးရှိလဲ"

"ဘယ်သူမှအကျိုးမရှိပါဘူးဆရာ၊ ပေးတဲ့လူကော၊ ယူထားတဲ့လူကော တစ်ယောက်မှကို အကျိုးမရှိပါဘူး"

၆

၃

၀ — ဓာတ်ဆီ/မီး

တနင်္လာ - ၂

၅

၁ မီး - (အနှော)

၄ ၁-၀

(မူလကို စတုရန်းအုပ်သည့်နှယ် မြေကျင်းထဲထည့်၍ ဆပွတ်နံ ဓာတ်ဆီလောင်းပြီး ဆပွတ်ဓာတ် စနေ (မီးတောက်) နှင့် ရှို့လိုက်လေရာ ဓာတ်ပျက်ခြင်း တည်းဟူသော လေဖြတ်ခြင်းသို့)

(စီရင်ပုံများသည် အလွန်အန္တရာယ်ကြီးမားလှ၍ နေ့၊ အခါနှင့် အခြားပြုလုပ်ချက်တစ်ခုကို ချန်လှပ်ခဲ့ရခြင်းအား နားလည်ပေးပါရန် မေတ္တာရပ်ခံပါသည်။)

"ဆရာအုန်း စဉ်းစားပါ။ ကြွေးဆိုတာ အစကတည်းက မပေးရင်တော့ ဘာမှမဖြစ်ဘူးပေါ့။ အကြောင်းတစ်ခုခုကြောင့် ပေးတော့မယ်ဆိုရင်လည်း စဉ်းစားပေါ့။ ကိုယ့်ဆီက ယူသွားတဲ့သူဟာ ကိုယ့်ကို မေတ္တာမပျက်ဖို့လိုတယ်။ ဒါတစ်အချက်။ ကဲပါ-လုပ်ပြန်ပြီ၊ ဒိုင်ယာရီလှန်ဦးမယ်။ ဘယ်လိုဖြစ်နေတာလဲ၊ စာအုပ်မကိုင်နဲ့၊ နားပဲထောင်"

"ဟဲဟဲ - ဟုတ်ကဲ့"

"ကိုယ့်ကို မေတ္တာပျက်သွားပြီဆိုရင် သူဟာဘယ်လောက်ပဲငွေရှာလို့ရရ ကိုယ့်အတွက် ထည့်မစဉ်းစားတော့ဘူး မဟုတ်ဘူးလား"

"ဟုတ်ကဲ့"

"ဒါဖြင့် သူဟာ ကိုယ့်ကိုပေးချင်နေရမယ်။ မေတ္တာရှိနေရမယ်။ ပြီးတော့ နှစ်အချက်က ကိုယ့်ကို ကြွေးပြန်ဆပ်မယ့်သူဟာ ကျန်းကျန်းမာမာနဲ့ ရှာလို့ဖွေလို့ရနေရမယ်။ ဒါမှ သူပြန်ပေးနိုင်မှာလေ။ ဆရာအုန်းစဉ်းစားကြည့်။ မေတ္တာတော့ရှိပါရဲ့။ သူ့ခမျာ အဆင်မပြေရင် ဘယ်လိုလုပ်မလဲ။ ဟာ - ငါတော့ ဟိုဒေါ်ကြီးအကြွေးတွေဆပ်ချင်လိုက်တာ။ ခက်တာက ငါတောင်ဘယ်လိုရှာလို့ရှာရမှန်း မသိဖြစ်နေလို့ဆိုတာမျိုးပေါ့။ ဒါကြောင့် သူလည်း အဆင်ပြေရမယ်။ မေတ္တာမရှိပြန်ရင်လည်း အို - ငါ့ကုသိုလ်ကံနဲ့ငါ အဆင်ပြေလာတာဘာဖြစ်လဲ။ ငါပေးချင်မှပေးမယ်ဘာဖြစ်လဲ ဆိုလို့ကတော့ မဖြစ်သေးဘူး။ မေတ္တာရှိရမယ်။ သူလည်း အဆင်ပြေရမယ်၊ ဒါဆိုရင် အဲဒီတစ်ဖက်သားကို ခုနလို ကြွေးတောင်းနည်းပေါင်းစုံနဲ့လုပ်လို့ သင့်၊ မသင့် ဆရာအုန်း စဉ်းစား"

"ဆရာပြောမှ ပိုပိုပြီးသဘောပေါက်လာတယ်။ ဟုတ်တယ်နော်ဆရာ၊ ငွေချေးသွားတဲ့သူက ကိုယ့်ကိုမေတ္တာရှိမှ၊ သူလည်း အဆင်ပြေမှ"

"ဒါပေါ့၊ ဒါဟာ ကြွေးရရာရကြောင်းပဲ ဆရာအုန်း"

"ဟုတ်ကဲ့ပါ ဆရာ"

"တချို့ဗျာ ကြွေးယူသွားတဲ့လူရဲ့နာမည်ကို လှည်းဘီးမှာ ခဲတံနဲ့ရေးခိုင်းတာတွေလည်းတွေ့ခဲ့ဖူးတယ်။ တချို့က နံ့တူသစ်ရွက်မှာ ဆူးတစ်ခုခုနဲ့ဖောက်ပြီး လှေကားမှာဆွဲခိုင်းထားတာမျိုးတွေလည်း ကြားဖူးတယ်။ တချို့လည်း အင်းမီးထွန်းခိုင်းတာတွေရှိတယ်။ ဒါလည်းမြန်တာပဲ။ မီးလည်းထွန်းပြီးရောဗျာ ဟိုတစ်ဖက်သားလည်း လွင့်ထွက်သွားလိုက်တာမှ၊ အဲဒါမျိုးတွေလည်းရှိတယ်။ ဒါတွေဟာ ခုနပြောသလို ကိုယ့်ကိုပေးဆပ်ရမယ့်သူမှာ အန္တရာယ်ဖြစ်စေတယ်၊ ဖြစ်ရင် သူလည်းမပေးနိုင်တော့ဘူး၊ ဒီလိုဆို ကြွေးရအောင် ဘယ်လိုလုပ်သင့်လဲ၊ ဒါလည်း



www.burmeseclassic.com

www.burmeseclassic.com

ခုနပြောသလို အချက်လေးတွေနဲ့ပြောရရင် ဘာလုပ်မှာလဲ။ ကိုယ့်ကိုယ်ကိုယ်ငွေဝင်အောင်အရင်လုပ်လေ။ ဘယ်လိုလုပ်မလဲ။ ဒိဝါတပတိဂါထာတို့၊ မဟာဝေဒဗွမန္တန်တို့၊ တခြားလာဘ်ပွင့်စေမယ့် ဂါထာတွေကို ရွတ်ဖတ်လေ၊ အဓိဋ္ဌာန်ဝင်လေ။ ပြီးရင် ငှက်ကလေးတွေကျွေးပေါ့။ ငါးလေးတွေကျွေး၊ ခွေးလေးတွေကျွေးပေါ့။ ပြီးရင် ရွှေလာငွေလာထိုးလှူပေါ့။ ဒါမှမဟုတ် ဒိပြင်လာဘ်ပွင့်တဲ့ပညာခန်းတွေနဲ့ လာဘ်ဖွင့်ယူပေါ့။ ဒါကိုယ့်ကိုယ်ကိုယ်ငွေဝင်အောင်လုပ်တာပဲ။ ဒါမှလည်း ရဖို့ရှိနေပြီး ဝင်မလာသေးတဲ့ငွေကြေးတွေဝင်လာတော့မှာပေါ့"

"ဆရာကျွန်တော်မှတ်မှဖြစ်တော့မယ်နဲ့တူတယ်။ မှတ်သားချင်တာတွေများနေပြီ။ တပည့်ကြီးကို မှတ်ခွင့်ပြုဦး"

"နားထောင်ပါ ဆရာအုန်းရဲ့၊ မေ့မယ်ထင်ရင် နောက်နေ့ထပ်ပြောပါ့မယ်၊ နားပဲထောင်ပါ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

"ကြွေးပေးရမယ့်သူကို မေတ္တာပို့ဖို့ကတော့ မလွယ်ဘူးဆရာအုန်း။ တချို့ရှိတယ်၊ ကျွန်မကတော့ မေတ္တာချည်းပို့နေတာပဲ။ ငါစိတ်ဆင်းရဲသလိုမဆင်းရဲပါစေနဲ့ဆိုပြီး မေတ္တာပဲထိုင်ပို့နေတာတယ်ဆိုတာမျိုးလေ"

"ကြားဖူးတယ်လေ ဆရာ"

"ဒါ တစ်ဖက်ကို ဘယ်လိုမှမေတ္တာမရောက်တဲ့မေတ္တာပို့ခြင်းလို့ ကျွန်တော်ပြောချင်တယ်။ ကိုယ့်ဆီကငွေကိုယူသွားပြီး ပြန်မပေးချင်တဲ့လူကို ဘယ်ကမေတ္တာက ဘယ်လိုထွက်လာနိုင်ပါ့မလဲ။ ဖြစ်နိုင်ပါ့မလား၊ ဒါစဉ်းစားရမယ်။ မဟုတ်ဘူးဆိုရင် စဉ်းစားကြည့်။ သူ့ကို တကယ်မေတ္တာရှိပါတယ်ဆိုရင် သူပြန်မပေးလည်း ဘာမှခံစားရမှာမဟုတ်တော့ဘူး။ အို - ဘာဖြစ်လဲ သူတို့ခမျာ သုံးပါစေ၊ ပြန်မပေးဘဲနေပါစေဆိုပြီး လှည့်တောင်ကြည့်မှာမဟုတ်တော့ဘူး။ လိုရင်တောင် ထပ်ပေးလိုက်ဦးမယ်။ ဒါက တကယ့်မေတ္တာ၊ မောင်မင်းကြီးသားတို့ ချမ်းသာပါစေတော်ဆိုတာက".

ပုဆိုးခါးပုံစကြီးလှုပ်ခါယမ်းပြီးမှ ပါးစပ်ကအသံထွက်လာ၏။ ဆရာအုန်းအူတက်သည်မှာ ဗိုက်ကစသလိုဖြစ်နေ၏။

"ဟဲဟဲ-ဟုတ်တယ်ဆရာ၊ မေတ္တာအစစ်ပို့တာမဟုတ်ဘူး။ ဘယ်ရောက်တော့မလဲ"

"ဒီလိုဆို ကိုယ့်ကိုယ်ကိုယ်ပဲလာဘ်ပွင့်အောင်ဖွင့်တာ အကောင်းဆုံးပဲ။ ဒီနေရာမှာ ဆရာအုန်းကို ကြွေးတွေဆက်ကာဆက်ကာဝင်လာစေနိုင်တဲ့နည်းတစ်ခု ဒီနေ့သင်ပေးလိုက်မယ်"

မျက်နှာမှာ ဝင်းလက်သွားပြီး အနက်ရောင်ကိုင်းနှင့်မျက်မှန်အထူကြီးကို ချွတ်လိုက်ပြန်၏။

"ပိုက်ဆံအိတ်လက်ကိုင်အိတ်ကြီးကြီးတစ်လုံးဝယ်ထား။ စောစောကလိုငှက်တွေ၊ ခွေးလေးတွေကျွေးလို့၊ ငွေဝင်ဂါထာတွေရွတ်လို့၊ ငွေဝင်အဆောင်တွေပြုလို့ ငွေတွေစဝင်လာပါပြီဆိုပါတော့။ ပထမဆုံးဝင်လာတဲ့ငွေကို အဲဒီထဲထည့်။ အိတ်ကိုမပိတ်နဲ့ဖွင့်ထား။ ပြီးရင် ဘုရားရှေ့ကြမ်းပြင်မှာချ။ ကိုယ့်ရှေ့မှာချထား။ ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်စိပ်။ ပြီးရင် အဲဒီအိတ်ကြီးကို ဘေးဘယ်၊ ညာ တပုန်းပုန်းနဲ့ (၁၅) ချက်၊ အချက် (၂၀) လောက်ရိုက်။ ပြီးတာနဲ့ ဗီရိုထဲထည့်ထားလိုက်တော့။ နောက်တစ်ခါ ထပ်ရတဲ့အကြွေးလာရင် ပထမငွေတွေကိုမထုတ်ခင် ဒုတိယငွေနဲ့ပေါင်းထည့်။ ခုနလိုလုပ်။ ဗီရိုထဲပြန်ထည့်။ အဲဒီတော့မှ ပထမဝင်ထားတဲ့ငွေကို ထုတ်သုံးတော့။ သုံးဆိုတာ ဘုရား ပန်း၊ ဆီမီး၊ သစ်သီးဆွမ်းတွေအရင်ဝယ်။ ပြီးရင် သံဃာတော်ဆွမ်းလောင်းဖို့ဖယ်ထား။ပြီးမှ သိမ်း၊ သုံးတော့"

"ဩော် ဗ ၁တိုင်း ဘုရား၊ တံရား၊ သံဃာအတွက်ပူဇော်ဖို့ဖယ်ပြီးမှ သုံးခိုင်းတဲ့သဘောပေါ့နော် ဆရာ"

"အဲ - ဟုတ်တယ် အမှန်ပဲ။ ဥပမာဗျာ သံဃာကော်ဆွမ်းလောင်းဖို့ဆိုရင် ကိုယ်လည်းနေ့စဉ်ဆွမ်းလောင်းနေတာပဲဆိုပါတော့။ နောက်နေ့အဲဒီဖယ်တဲ့ငွေထဲက ဝယ်ပြီးလောင်းလှူပေါ့ဗျာ။ ဦးဆုံးငွေနဲ့ ဆွမ်းလောင်းတာပေါ့"

"ကျွန်တော်သဘောပေါက်သွားပြီ ဆရာ"

"အေး · အဲ့ပ်နည်းမှတ်ထား။ ဒါရစရာရှိဖို့ဘစ်နေတဲ့ငွေတွေတဖြည်းဖြည်းပြန်ဝင်လာတဲ့နည်းပဲ မှတ်ထား"

"ကောင်းလိုက်တာဗျာ၊ အိတ်ကိုအသက်သွင်းသလိုပဲပေါ့နော် ဆရာ"

"ဟုတ်တယ်လေ၊ ငွေဝင်ဂါထာရွတ်ပြီးဖွင့်ထားမယ်၊ ငွေဝင်ဂါထာရွတ်ရင်း အိတ်ကိုပုတ်မယ် ဝင်ပြီပေါ့ငွေ။ ပိုက်ဆံအိတ်ဆိုတာ ပိုက်ဆံဝင်လာဖို့ပဲလေ"

"ဟုတ်ကဲ့"

"ဒါဆိုဆရာ၊ ဆိုင်ကြီးတစ်ဆိုင်ဆိုပါတော့။ သူဟာ တစ်နေ့ကို သုံးလေးငါးသိန်းရောင်းရတယ်ဆိုပါတော့။ အိတ်ကြီးထဲကို အကုန်ထည့်ရမှာလား၊ ပုတ်ပြီးနောက်ပိုင်းပြောတာ"

"ရရချင်းတော့ထည့်ပေါ့။ ပြီးရင် တစ်ထောင်အုပ်တစ်အုပ်လောက်ဖြစ်ဖြစ်ချန်ထား။ ကျန်တာတွေယူသိမ်း၊ နောက်နေ့ထပ်ဝင်လာပြန်ရင် အဲဒီလိုစုထည့်။ မနက်ကျ နောက်နေ့ ပိုက်ဆံထဲက တစ်ထောင်အုပ်ဖယ်ထား။ ပထမနေ့က ဖယ်ထားတဲ့တစ်ထောင်အုပ်ကို ယူသိမ်းလိုက်တော့၊ သုံးတော့"

"ဩော် - သိပြီ၊ တစ်ခုဝင်လာရင် တစ်ခုနဲ့ အစားထိုးပြီး အရင်ထည့်ထားတာကို ယူသုံး၊ ဒီလိုမို့လား ဆရာ"

"ဟုတ်တယ်"

"ရှင်းသွားပါပြီ ဆရာ၊ ဟုတ်ကဲ့"

"အဲဒါငွေဆက်ဆက်ပြီးဝင်လာစေတဲ့နည်းပဲ။ ဆရာအုန်းမေးကတည်းကသိပါတယ်။ ဆရာအုန်းဆီလာလာနေတဲ့ လုပ်ငန်းရှင်တွေအတွက် အဲဒီနည်းကိုစပြီးအသုံးပြုပေတော့။ လုပ်ပေးလိုက်ပေတော့။ ဆရာအုန်းက ပရိတ်ကြီး (၁၁) သုတ်ကို အာဂုံဆောင်နိုင်တယ်။ ကျွန်တော်တောင် အဲလိုမရွတ်နိုင်ဘူး။ ဒါကြောင့် ဆရာအုန်းမိတ်ဆွေတွေကို ဆရာအုန်းလုပ်ပေးရင် ပိုပြီးတော့တောင် ထူးထူးခြားခြား အောင်မြင်လာကြမှာ ကျွန်တော် ယုံပြီးသား။ တပည့်တွေ မိတ်ဆွေတွေနဲ့မို့ အောင်မြင်မှုတွေများပြီး မလာဘဲလည်းမနေနဲ့ဦးနော်။ လိုက်လာပြီသာမှတ်"

"ဟဲဟဲ - ဆရာကတော့လေ တပည့်ကြီးကို အမြဲတမ်း မြှောက်စားတယ်။ စိတ်ချမ်းသာအောင်ထားတယ်။ ပညာလည်းပေးတယ်။ ကျွန်တော်ထ ဆရာ့ဆီကိုမလာရရင်မနေနိုင်တဲ့တပည့်ကြီးပါ"

"ဒီအပြောလေးတွေနဲ့ပဲ"

❑

ဆရာအုန်းကို သတိတရရှိလှပါသည်။

မှတ်မှတ်ရရစဉ်းစားလျှင် -
လွန်ခဲ့သော နှစ်ပေါင်း (၃၀) ခန့်က -

ယခုလို ဆောင်းအကုန် နွေအကူးလေး ဖြစ်ပါသည်။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com



လုပ်သားများကျန်းမာရေး၊ ထုတ်ကုန်အရည်အသွေး၊ ကုန်ထုတ်လုပ်စွမ်းအားနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးများအတွက် များစွာအကျိုးရှိမည်ဖြစ်ပါသည်။

၂ လုပ်ငန်းခွင်ဆူညံသံများကိုပပျောက်ရန် ဖြေရှင်းခြင်းနှင့် ထိန်းသိမ်းခြင်း

လုပ်ငန်းခွင်၌ ဆူညံသံများကို ထိန်းချုပ်ရန်နည်းလမ်းများတွင် ဆူညံသံများ၏ အမြင့်ဆုံးကျယ်လောင်မှုတိုင်းတာသည့် ယူနစ်ဒက်ဆီဘယ်များကို ကန့်သတ်ပေးခြင်း၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်တွင် ဆူညံသံယူနစ်များ သတ်မှတ်နှုန်းထားထက်မပိုရန်ထိန်းချုပ်ပေးခြင်းဖြင့် နားမကြားမှုများ၊ ဘေး

စွမ်းထက်နောင်

# လုပ်ငန်းခွင်ပတ်ဝန်းကျင်အတွင်း ဖြစ်ပေါ်တတ်သောဆူညံသံများ

လုပ်ငန်းခွင်တွင် ဖြစ်ပေါ်တတ်သောဆူညံသံများသည် လုပ်သားများ၏ အာရုံကိုအလွန်အနှောင့်အယှက်ဖြစ်စေသည်။ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မှုအနှောင့်အယှက်ဖြစ်စေခြင်း၊ လုပ်သားများ၏ အန္တရာယ်ကင်းရှင်းရေးကို ထိခိုက်စေ၍ မတော်တဆဖြစ်စေခြင်း၊ လုပ်ငန်း၏အရည်အသွေးနှင့် ထုတ်လုပ်မှုလျော့နည်းခြင်းများ ဖြစ်ပေါ်စေပါသည်။

ဆူညံသံများသည် စက်ရုံ အလုပ်ရုံများ၊ မော်တော်ယာဉ်စက်သံများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ စသည့်များမှ ပေါ်ထွက်လာခြင်းတို့ကြောင့် ပတ်ဝန်းကျင်ရှိ လူများ၏ ကျန်းမာရေး ထိခိုက်စေပါသည်။ လွန်စွာဆူညံသံများကြောင့် ညွှန်ကြားချက်များကို တစ်ခါတစ်ရံ မကြားလိုက်ရခြင်း၊ သတိပေးကြော်ငြာချက်များကိုမကြားရလိုက်ခြင်းများသည် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ထုတ်လုပ်မှုအတွက် ထိခိုက်မှုများကို ဖြစ်ပေါ်စေပါသည်။

ပတ်ဝန်းကျင်၌ဆူညံသံများကြောင့် ရုံးလုပ်ငန်းဌာနများနှင့် လုပ်ငန်းခွင်တွင် အာရုံစူးစိုက်မှု လျော့နည်းပျက်ပြားနိုင်ခြင်း၊ ရှေ့အနာဂတ်အတွက် တွေးတောမြော်မြင်မှုများစွမ်းရည်ကို လျော့နည်းစေခြင်း၊ သတိထားပြုမူမှုများကျဆင်းလျော့နည်းစေခြင်း၊ ထုတ်ကုန်ပစ္စည်းအရည်အသွေးနှင့် အရေအတွက်များတွင် ရလဒ်မကောင်းခြင်း၊ ဆန့်ကျင်ဘက်အနုတ်လက္ခဏာပြခြင်း (စက်ရုံ အလုပ်ရုံများ အရှုံးပေါ်ခြင်း) ဖြစ်ပေါ်စေပါသည်။ ဆူညံသံများကြောင့် လူများ၏ ကျန်းမာရေးကိုလည်း ထိခိုက်နိုင်ပါသည်။

အလွန်ဆူညံသော အသံများကြောင့် လုပ်ငန်းခွင်ရှိ လုပ်သားများ ရာသက်ပန် နားထိုင်း၊ နားလေးခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ ကျွမ်းကျင်သူများ၏ သက်သေ အထောက်အထားများအရ အကြံဉာဏ်ပေးတိုက်တွန်းထားသည်မှာ ဆူညံသံများကျယ်လောင်မှုကိုတိုင်းတာသည့် ယူနစ် (၈၅) ဒက်ဆီဘယ် (85 decibels)ထက်ပိုမိုသော ကျယ်လောင်မှုအသံများကို အလုပ်ချိန်အတွင်း ခံစားနားဆင်ပါက နားကို ထိခိုက်မှုဖြစ်ပြီး နားထိုင်း၊ နားပင်းခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် လုပ်ငန်းခွင်အတွင်းရှိဆူညံသံများကို ဖယ်ရှားစေခြင်းဖြင့် အန္တရာယ်ဖြစ်မှုများ လျော့နည်းစေပါသည်။ ထိုသို့ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ဆူညံများလျော့ကျစေရေးအတွက် နည်းလမ်းများကို လူတိုင်း လိုက်နာဆောင်ရွက်သင့်ပါသည်။

လုပ်ငန်းခွင်မှထွက်ရှိသောဆူညံသံများကို အောက်ပါဖော်ပြအချက်များပေါ်တွင် မူတည်၍ စဉ်းစားလုပ်ဆောင်နိုင်ပါသည်။

၁ လုပ်ငန်းခွင်အတွင်း ဆူညံသံများလျော့နည်းရန်ထိန်းသိမ်းခြင်း

ဆူညံသံများလျော့နည်းရန်ထိန်းချုပ်ပြုလုပ်ခြင်းဖြင့် အလွန်ကျယ်လောင်သောအသံများမှ တဖြည်းဖြည်းနားအကြားအာရုံခံနိုင်သည်အထိ ထိုမှတစ်ဆင့် တဖြည်းဖြည်းလျော့နည်းစေ၍ သေးငယ်ရာမှ ပပျောက်ရန် ပြုလုပ်ခြင်းဖြင့် နားထိုင်းခြင်း၊ နားမကြားခြင်းတို့ကို ကာကွယ်ကူညီနိုင်ပါသည်။ အောက်ပါနည်းလမ်းများဖြင့် ဆူညံသံများကြောင့် ဖြစ်ပွားသည့်ရောဂါများကို ကာကွယ်နိုင်ပါသည်။

ဆူညံသံများကို ထိန်းချုပ်နိုင်ရန် စီမံချက်များ ရေးဆွဲထားရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းခွင့်အတွင်း အလွန်ဆူညံသော အသံများကိုလျှော့ချရန်၊ ဆူညံသံများ ပပျောက်ရန် အဆင့်လိုက်တစ်ဆင့်ပြီး တစ်ဆင့် ပြုလုပ်ခြင်းဖြင့် လုပ်သားများ၏ နားထိုင်းမှု၊ နားပင်းမှုများမဖြစ်ပွားရန်ကို ကြိုတင်ကာကွယ်၍ လုပ်ဆောင်ရမည် ဖြစ်ပါသည်။

၁။ ဆူညံသံများမည့်သည့်နေရာမှထွက်ရှိခြင်းတို့ရှာဖွေပြီးဖယ်ရှားပစ်ခြင်း (Elimination of noise source)။

၂။ ပြောင်းရွှေ့ခြင်းနှင့် အစားထိုးဆောင်ရွက်ခြင်း၊ ဆူညံသံများထွက်စေမည့်ပစ္စည်းကိရိယာများကို ပြောင်းရွှေ့ခြင်း သို့မဟုတ် ဆူညံသံများနည်းစေရန် အစားထိုးဆောင်ရွက်ခြင်း (Substitution)။

၃။ စက်မှုနည်းပညာအင်ဂျင်နီယာနည်းပညာဖြင့်ထိန်းချုပ်ခြင်း (Engineering controls)။

၄။ စီမံချက်များထားရှိ၍ ပစ္စည်းကိရိယာများတည်ဆောက်ရာတွင် စနစ်တကျ အသံကျယ်လောင်စွာမထွက်စေရန် တည်ဆောက်ခြင်း (Planning)။

၅။ အင်ဂျင်များ၊ စက်များတုန်ခါမှုကို လျှော့နည်းစေရန် ပြုပြင်ဆောင်ရွက်ခြင်း။

၆။ သတ္တုပစ္စည်းများထိတွေ့ပွတ်တိုက်မှုကိုလျှော့နည်းစေရန် အသံထိန်းကိရိယာများကို အသုံးပြုခြင်း။

၇။ စက်ပစ္စည်းကိရိယာများကို အမြဲတစေ စီမံချက်ထား၍ ထိန်းသိမ်းပြုပြင်သည့်လုပ်ငန်းစဉ်များသည် ဆူညံသံများကို လျှော့နည်းစေပါသည်။ စက်ကိရိယာများ ပွတ်တိုက်မှုကြောင့်ထွက်ပေါ်လာသောအသံများလျှော့နည်းစေရန် ချောဆီများ၊ စက်ဆီများ၊ ပုံမှန်စစ်ဆေးဖြည့်ပေးခြင်း၊ လဲလှယ်ခြင်း၊ ဘောဘယ်ယာရင်များမကောင်းခြင်း၊ ဆီးလ် (Seals) များ မကောင်းခြင်းကို ပြုပြင်ဆောင်ရွက်၍ ချောဆီ၊ အမဲဆီများ မှန်မှန်ထည့်ပေးခြင်း။

၈။ စက်ပစ္စည်းကိရိယာများနှင့် စက်များမှထွက်ရှိသောဆူညံသံများကို ထိန်းချုပ်နိုင်သည့် တုန်ခါမှုကို ဆန့်ကျင်စေသော ရော်ဘာအထိုင်များတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာများ၊ (Mufflers) အသံကို တိုးစေရန်၊ ဆူညံသံများ မကြားရရန် ဆောင်ရွက်ခြင်း၊ အသံမမြည်စေသောကိရိယာများ (Silencers) တပ်ဆင်ခြင်းအတွက် စဉ်းစားလုပ်ဆောင်ခြင်း။



၉။ ဟောင်းနွမ်း ပျက်စီးနေသော ပစ္စည်းကိရိယာများကို အစားထိုးပြုပြင်ခြင်း၊ အသစ်ဖြင့်လဲလှယ်အသုံးပြုခြင်းဖြင့် ဆူညံသောအသံများကို လျှော့နည်းစေရန် တပ်ဆင်အသုံးပြုခြင်း။

၁၀။ စက်ပစ္စည်းများ၏ ပတ်ဝန်းကျင်ရှိအခန်းကြမ်းပြင်၊ နံရံများ၊ မျက်နှာကြက်များတွင် ဆူညံသံများကို ဖယ်ရှားစုပ်ယူနိုင်သောပစ္စည်းများ တပ်ဆင်အသုံးပြုခြင်း၊

၁၁။ ဆူညံသံများ၏ ပတ်ဝန်းကျင်တွင် ကြားခံပစ္စည်းများ၊ အတားအဆီးများထားရှိခြင်းဖြင့် ဆူညံသံများကို ဖယ်ရှားဖြစ်စေခြင်း။

၁၂။ ဆူညံသံများကို လျှော့နည်းစုပ်ယူနိုင်သော ကြားခံအခန်းထားရှိခြင်း။

၁၃။ ဆူညံသံများကို မထိန်းချုပ်နိုင်ပါက ထိုနေရာများကို (တားမြစ်နယ်မြေ) ကန့်သတ်တားမြစ်ထားပြီး လုပ်ကိုင်ရသည့် လုပ်သားများအား အလှည့်ကျလုပ်ကိုင်စေခြင်း။

၁၄။ ဆူညံသံများပတ်ဝန်းကျင်တွင် လုပ်ကိုင်နေရသည့်လုပ်သားများကို ဟစ်ကိုယ်ရေလုံခြုံရေးပစ္စည်းများနှင့် (နားကြပ်၊ နားအုပ်) (Ears Plugs or Muffs) နားလုံခြုံရေးပစ္စည်းများကိုအသုံးပြုစေခြင်း(Personal hearing protection equipment)။

၁၅။ စီမံအုပ်ချုပ်မှုဖြင့် ထိန်းချုပ်ခြင်း (Administrative Controls)။

ဆူညံသံအဖြစ်ကို သတ်မှတ်အကဲဖြတ်ရာတွင် လုပ်ငန်းခွင်အတွင်း တစ်ဦးနှင့် တစ်ဦး (၃) ပေ၊ (၁) မီတာခန့်အတွင်း အသံကို ပုံမှန်ပြောနေကြသည့် အသံထက် ကျယ်လောင်စွာပြောနေရပြီဆိုလျှင် ထိုပတ်ဝန်းကျင်ကို ဆူညံသံပတ်ဝန်းကျင်ဟု သတ်မှတ်နိုင်ပါသည်။

ဉပမာအားဖြင့် ဆိတ်ငြိမ်သော ပတ်ဝန်းကျင်သည် (၂၀) ဒက်ဆီဘယ် (ကျယ်လောင်မှုကိုတိုင်းတာသည့်ယူနစ်)တီးတိုးပြောဆိုသံသည် (၄၀) ဒက်ဆီဘယ်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်စကားပြောဆိုသံသည် (၆၀) ဒက်ဆီဘယ်၊ လမ်းမကြီးပေါ်မှ ကားသံများသည် (၈၀-၉၀) ဒက်ဆီဘယ်၊ ကွန်ကရစ်နံရံများ ဖောက်ထွင်းသည့်အသံ (၁၀၀-၁၂၀) ဒက်ဆီဘယ်၊ ဂျက်လေယာဉ်ပျံသန်းမှုကို (၃၀) မီတာအကွာအဝေးမှကြားရသည့်အသံ (၁၄၀) ဒက်ဆီဘယ် အသီးသီးရှိပါသည်။

**ဒ နားကြားခြင်း** (Hearing)

လုပ်ငန်းခွင်တွင် ကြည်လင်ပြတ်သားစွာကြားနိုင်စွမ်းရှိခြင်းသည် လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်ခြင်း၊ ထုတ်လုပ်မှုတိုးတက်စေခြင်းနှင့် ဘေးအန္တရာယ်ကင်းစေခြင်းတို့ကို ဖြစ်စေပါသည်။ တစ်ခါတစ်ရံ လုပ်သားများ တစ်ဦးချင်းစီအတွက် လိုအပ်၍ ထုတ်ပြန်သောညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်မှုမရှိခြင်း၊ တုံ့ပြန်မှုမရှိခြင်းများကို မကြာခဏ တွေ့မြင်ရပါသည်။ အကြောင်းရင်းကို လေ့လာရာ ထိုသူတို့၏ အကြားအာရုံ ပျက်စီးချို့ယွင်းနေခြင်းကြောင့် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

နားပင်းခြင်းနှင့်နားထိုင်းခြင်းသည် တဖြည်းဖြည်းမှ တစ်ဆင့်ပြီးတစ်ဆင့် ကြီးကျယ်စွာ ဆိုးကျိုးသက်ရောက်မှုဖြစ်စေခြင်းဖြစ်ပါသည်။ ဆူညံသံများ အနိမ့်၊ အမြင့်ပေါ်တွင် မူတည်၍ နားအကြားအာရုံချို့ယွင်းမှုများ မတူညီကွဲပြားခြားနားနိုင်ပါသည်။ နားအကြားအာရုံချို့ယွင်းမှုများ တာရှည်လာသောအခါ ဆူညံသံပတ်ဝန်းကျင်များအတွင်း စကားပြောခြင်းကို ရှောင်ကြဉ်လိုခြင်းများ၊ တစ်ခါတစ်ရံ သတိမပြုမှုများ၊ နမော်နမဲ့နိုင်ခြင်းများနှင့် အာရုံခံစားမှုများကိုပါ ထိခိုက်လာသည်။

ပတ်ဝန်းကျင်တွင် နေ့စဉ်ဆူညံသံများနှင့်လုပ်ကိုင်နေရသူများသည် အချိန်တိုအတွင်း နားပင်း၊ နားထိုင်းမှုများဖြစ်ပေါ်နိုင်ပါသည်။ ပတ်ဝန်းကျင်က ဆူညံသံများ၏ အနိမ့်၊ အမြင့်အရ အချိန်တိုအတွင်း နားပင်း၊ နားထိုင်းခြင်း သို့မဟုတ် နှစ်အတန်ကြာမှ နားထိုင်းမှု၊ နားပင်းမှုများ ဖြစ်ပေါ်နိုင်ပါသည်။ စီမံခန့်ခွဲအုပ်ချုပ်သူများအနေဖြင့် ဆူညံသံများကို ထိန်းချုပ်ရန် တာဝန်ရှိပါသည်။ နားပင်း၊



www.burmeseclassic.com

www.burmeseclassic.com

နားထိုင်းသူများသည် သာမန်သူများထက် ဆူညံသံများကို ခံနိုင်ရည်စွမ်းနည်းပါးလာပါသည်။

**□ နားပင်းခြင်းနှင့် အကြားအာရုံပျောက်ဆုံးခြင်း** (Deafness and hearing less)

နားပင်းခြင်းနှင့် အကြားအာရုံပျောက်ဆုံးခြင်းသည် ဆူညံသံများကြောင့် တဖြည်းဖြည်းစတင်နားလေးရာမှ အဆင့်ဆင့်နားပင်သွားခြင်း ဖြစ်၏။ နားပင်းခြင်း(Conductive deafness and Nerve deafness) (၂) မျိုးရှိ၏။ အပြုအမူလုပ်ဆောင်မှုကြောင့် နားပင်းခြင်း (Conductive deafness) နှင့် နှာ့ဝ်အာရုံကြောနားပင်းခြင်း (Nerve deafness) ဟူ၍ ဖြစ်၏။ နားပင်းခြင်း၏ အဓိကအကြောင်းမှာ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ရောဂါဖြစ်ပွားခြင်း၊ မျိုးရိုးလိုက်မှုဖြစ်ခြင်းနှင့် ဆူညံသံများကြောင့် ဖြစ်ပါသည်။ ဆူညံများကြောင့် နားပင်းခြင်းသည် အများဆုံးဖြစ်သည်။

**□ နားပင်းခြင်း၊ အကြားအာရုံပျောက်ဆုံးခြင်း၏ ရောဂါလက္ခဏာများ**

၁။ အသံများသည် အဝေးမှကြားရသကဲ့သို့ဖြစ်ခြင်း။
၂။ မိမိစကားပြောစဉ် အလွန်ကျယ်စွာပြောတတ်လာခြင်း။
၃။ အသံကို တိုးညင်းစွာကြားရပြီး ပီသစွာမကြားရခြင်း။
၄။ နားအာရုံသည် အလွန်ကျယ်လောင်သောအသံကိုသာ ကြားရခြင်း။
၅။ စကားလုံးများ ကွဲပြားခြားနားစွာမသိခြင်းနှင့် အသံကိုကောင်းစွာမကြားရခြင်း။
၆။ စကားလုံးများ ပီသစွာ မကြားရခြင်း။
၇။ နားထဲတွင် အသံများကြားနေရခြင်းနှင့် နားအူနေခြင်း။
၈။ အမြင့်မှကြည့်လျှင် ခေါင်းမူးခြင်း၊ ကြောက်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်၍ ကျန်းမာရေးချို့ယွင်းမှုကို မထိန်းသိမ်းနိုင်ခြင်း။
၉။ နှာစေးခြင်း၊ အန်ခြင်း၊ မျက်စိများမကြာခဏပိတ်လိုက်၊ ဖွင့်လိုက်ဖြစ်နေခြင်း၊ မျက်လုံးအကြောဆွဲခြင်းဖြစ်တတ်ပါသည်။

**□ ကျွန်ုပ်တို့ဘယ်လိုကြားလဲ**

အသံလှိုင်းများသည် ကျွန်ုပ်တို့၏ နားစည်ကို တုန်ခါစေသည်။ တုန်ခါမှုများကို နားအတွင်းရှိ (hair cells) များကလက်ခံရရှိပါသည်။ အသံ၏ အတိုး၊ အကျယ်များ တုန်ခါနှုန်းများကို အာရုံကြောများမှတစ်ဆင့် ဦးနှောက်သို့ သတင်းပို့လွှတ်လုပ်ဆောင်ပါသည်။

**□ ကျွန်ုပ်တို့၏အကြားအာရုံကို ဆူညံသံများကြောင့် ဘယ်လိုပျက်စီးစေလဲ**

အလွန်ကျယ်သောအသံများသည် hair cells ရုတ်တရက်ခေတ္တပြိုလဲကျစေပြီး နားလုံးဝမကြားခြင်းများ ဖြစ်ပေါ်စေပါသည်။ ခေတ္တနားမကြားရခြင်းမှာ အချိန်ကြာမြင့်တာရှည်မှုနှင့် အသံများ၏တုန်ခါနှုန်းကျယ်လောင်မှုအပေါ်တွင် မူတည်ပါသည်။ ခေတ္တနားမကြားမှုကို (Tinnitus) အကြားအာရုံခံစားမှုဖြစ်ခြင်းဟု ခေါ်ပါသည်။

ထိုကဲ့သို့ ဆူညံသံများကို ကြိမ်ဖန်များစွာ နှစ်အတန်ကြာခံစားလာရသောအခါ အတွင်းနား (hair cells) များသည် ယာယီအသံမကြားရခြင်းမှ အမြဲထာဝရနားထိုင်း၊ နားမကြားခြင်းအဖြစ်သို့ ပြောင်းလဲသွား၏။ ထိုအချက်များ၏ ရလဒ်မှာ ထာဝရ နားထိုင်း၊ နားမကြားခြင်းပင် ဖြစ်၏၊ ကုသ၍မရနိုင်သော အခြေအနေများပင် ဖြစ်၏။ အလယ်အလတ်နားမကြားခြင်းကိုကုသနိုင်သော်လည်း မူလနား၏ အကြားအာရုံကို ပြန်မရနိုင်တော့ပါ။ လုပ်ငန်းခွင်အတွင်း အလုံပိတ်ထားသောအခန်းတွင် ဆူညံသံများ၏ ဆိုးကျိုးသက်ရောက်မှုကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် စောစီးစွာ နားမကြား၊ နားပင်းသူများ များစွာရှိပါသည်။ ဆူညံသံများသည် မလိုလားအပ်သော ဘေးအန္တရာယ်ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေပြီး မိမိနားအကြားအာရုံကို ထိခိုက်စေရုံတင်မက အခြားကျန်းမာရေးဆိုးကျိုးသက်ရောက်မှုများ ဥပမာအားဖြင့် စိတ်ဖိစီးမှုများ၊ အာရုံခံစားမှုများကို ပျက်ပြားစေခြင်း၊ သွေးဖိအားတက်ခြင်း၊ နှလုံးခုန်မြန်ခြင်း ဖြစ်နိုင်ပါသည်။

လုပ်ငန်းခွင်တွင် ဆူညံသံများ ဖြစ်ပေါ်နေပါက ဆက်သွယ်ရေးပြောဆိုမှုများကို အနှောင့်အယှက်ဖြစ်စေ၍ ဘေးအန္တရာယ်များကို ဖြစ်ပေါ်စေရန် လှုံ့ဆော်သကဲ့သို့ ဖြစ်စေပါသည်။

**□ ဆူညံသံများသည် ဘဝအတွက် မည်သို့ဆိုးကျိုးသက်ရောက်စေသလဲ**

ဆူညံသံများကြောင့် နားအကြားအာရုံပျောက်ဆုံးခြင်းသည် လုပ်ငန်းခွင်ကြောင့်ဘေးအန္တရာယ်ဖြစ်စေသော ဖြစ်လေ့ဖြစ်ထအများဆုံးဖြစ်သော ထိခိုက်ဒဏ်ရာရရှိသူများဖြစ်ပါသည်။ လုပ်သားများ၏ကျန်းမာရေးပြဿနာများအနက် စီးပွားရေးနှင့်ကုန်ထုတ်လုပ်မှုအပြင် လူမှုဆက်ဆံရေးတွင်ပါ ချို့ယွင်းဖြစ်ပေါ်နေသောပြဿနာများဖြစ်ပါသည်။ လူသားများ၏အရင်းအမြစ်တန်ဖိုးသည် ကြီးမားလှပါသည်။ အလုပ်အကိုင်၊ အခွင့်အလမ်းမရခြင်း၊ လုပ်သားများဆုံးရှုံးခြင်း၊ ထိုပုဂ္ဂိုလ်၏မိသားစုအပါအဝင် ဆက်နွယ်မှုရှိသူများအားလုံး စားဝတ်နေရေးခက်ခဲခြင်းများဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် လုပ်ငန်းခွင်ကြောင့် မိမိနားအကြားအာရုံဆုံးရှုံးမှုများကို ကြိုတင်ကာကွယ်ရန်လိုအပ်ပါသည်။

ဆူညံသံများသည် ဘေးအန္တရာယ်အလွန်ဖြစ်စေပါသည်။ လူအများသည် အမျိုးမျိုးကွဲပြားခြားနားသောဆူသံများ၏ အသံကျယ်လောင်မှုများသည် မည်သည့်အသံများက မိမိ၏အကြားအာရုံ စတင်ပျက်စီးစေကြောင်းကိုမသိရှိကြပါ။ နားအကြားအာရုံပျက်စီးမှုသည် ဆူညံသံများ၏တုန်ခါနှုန်းကျယ်လောင်မှုအချိန်မည်မျှကြာကြာ နားအကြားအာရုံခံစားနေရခြင်းအပေါ် မူတည်ပါသည်။ အချိန်အနည်းကြာအလွန်ကျယ်လောင်သံများကြားနေရပါက နားပျက်စီးနိုင်ပါသည်။

သာမန်လူများ ကြားနိုင်သော (၈၀) ဒက်ဆီဘယ်အသံနှုန်းများထက် (၃) ဒက်ဆီဘယ်မြင့်တက်ပါက ဆူညံသံများအဖြစ် သတ်မှတ်ပါသည်။ ဆူညံသံများနှစ်ကြိမ်ထုတ်လွှင့်မှုကို နားထောင်ရပါက နှစ်ကြိမ်နားပိုမိုပျက်စီးနိုင်ပါသည်။ ထိုထက်မက ဆူညံသံများ (၆) ဒက်ဆီဘယ်ပိုပြီး (၂) ဆနားထောင်ရပါက အချိန်တစ်ဝက်အတွင်း ပိုမိုပျက်စီးနိုင်၏။ (၈၅) ဒက်ဆီဘယ်ကို (၈) နာရီကြာ နားထောင်ရပါက ပျက်စီးနိုင်သကဲ့သို့ (၁၀၅) ဒက်ဆီဘယ် အသံကျယ်လောင်မှုကို (၂) မိနစ်မျှ နားထောင်ရခြင်းသည် (၈၅)ဒက်ဆီဘယ်ကို (၈)နာရီကြာ နားထောင်ရခြင်းနှင့် တူညီ၏။

လုပ်ငန်းခွင်အတွင်း (၇၅) မှ (၈၀) ဒက်ဆီဘယ်အသံကျယ်လောင်မှုသည် မည်သို့မျှပြဿနာမဖြစ်သော်လည်း ထိုထက်မက တိုးမြှင့်လာပါက ဥပမာအားဖြင့် (၈၅) မှ (၉၀) အထိ ရောက်ရှိလာပါက အကြားအာရုံကို စတင်ပျက်စီးစေပြီဖြစ်ပါသည်။ နား၏ လက်ခံနိုင်သော လုပ်ငန်းခွင်အတွင်းဆူညံမှု အသံကျယ်လောင်မှု ယူနစ် (၈၀) (၈) နာရီအတွင်း



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမိန်းလှိုင်(ကျိုက်လတ်)

# မြန်မာတို့နှင့် အတိတ်-နိမိတ်များ

**□ ပြည်ရွာပျက်မှု ကြောင်းဆယ်ခု**

ဇမ္ဗူဒိတ်၌၊ နိမိတ်မှန်စွာ၊ မသာယာဟု၊ ပြည်ရွာပျက်မှု၊ ကြောင်းဆယ်ခုတား၊ ဂြိုဟ်စုနေလ၊ နက္ခတ်စသည်၊ သွားကြမမှန်၊ တစ်ဖန်မိုးခွေ၊ ဆောင်လေတစ်ခါ၊ ရေမှာကြီးလတ်၊ ပိုးဟပ်ကြမ်းပိုး၊ ပွားတိုးထူပြော၊ လယ်တောလုပ်ခင်း၊ ပိုးကျခြင်းနှင့်၊ ရဲတင်းသစ်ကျား၊ ခိုးသားလူသတ်၊ ကြခတ်ဝါးသီး၊ ရှေးတည်းစဉ်လာ၊ ရာဇာမင်းက၊ စသည်ပြည်သူ အယူဖောက်ပြန်၊ မမှန်သုံးစွဲ၊ အယူလွဲသည်၊ ပြည်ထဲနိမိတ် ဆယ်ပါးတည်း။

**□ ပျက်စီးကြောင်း အဆိုးနိမိတ် (၈) ပါး**

လူတို့နေရာ၊ အိမ်ဂေယာဝယ်၊ ဥစ္စာစီးပွား၊ ဆုတ်ယုတ်ငြားလျက်၊ နာဖျားဥပဒ်၊ ဖြစ်လိုလတ်သော်၊ မအပ်မရာ၊ နားလာလင်းတ။ နာဂမျိုးရိုး၊ မြွေဆိုးတက်လာ၊ ထက်ရပ်ချာက၊ ကျလာမိုးကြိုး၊ လောင်မီးမျိုးနှင့်။ ဆိုးနိမိတ်ထွက်၊ ခင်ပုပ်ငှက်နား၊ စို့ကားသက်တံ၊ ပေါ်ဟန်တစ်သွင်၊ ယင်မမဲရိုင်း၊ အုံ့လှိုင်းထကြွ၊ မြေမှုစို့ညှောက်၊ တောင်ပို့ပေါက်တည့်၊ ထိုနောက်ပျားစွဲ၊ မြန်မြခြင်းရာ၊ ဤရှစ်ဖြာသည်၊ လူ့ရွာနိမိတ် အဆိုးတည်း။

**□ စနည်းနာ နိမိတ်ယူနည်း**

စနည်းနာခြင်း ဟူသည် 'အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဘဝေါ' ဟူ၍ ရှေးသူဟောင်း လူကြီးသူမများက လူမှုရေး၊ အမှုကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်ရာ၌ အောင်မြင်မည်၊ မအောင်မည် စသည်များကို သိနိုင်ကြစေရန် စနည်းနာခြင်းဖြင့် အတိတ်နိမိတ်ကောက်ယူဖို့ အစီအရင်တစ်မျိုးထားခဲ့ပေသည်။

'အမြင်ကိုအတိတ်၊ နိမိတ်ကိုလက်ဆောင်၊ တဘောင်ကိုအသံ၊ ဉာဏ်ရှိလျှင်ကြံ' ဟူသကဲ့သို့ အမှုကိစ္စတစ်စုံတစ်ခု ပြုလုပ်မည်ဆိုလျှင် အောင်မြင်မည်၊ မအောင်မြင်မည်ကို သိနိုင်စေရန် စနည်းနာနည်းကိုပါမှီး၍ အကျယ်ကို အချိန်အခါ၊ ကာလဒေသအားလျော်စွာ အကြောင်းနှင့်အကျိုး ဆက်စပ်ရှုမြော်လျက် ဝေဖန်ခွဲခြမ်း သိနိုင်ကြစေရန် ဖော်ပြလိုက်ပါသည်။

အောက်ပါသူများ၏ နှုတ်ခမ်းပါးစပ်ဖျားမှ ရုတ်တရက် အမှတ်မထင်ထွက်ပေါ်လာသော စကားများသည်၊ စနည်းနိမိတ်ကောက်ယူရန်၊ စကားများဖြစ်သည်။

နတ်ဝင်သည်များ၊ စိတ်ဝေဒနာသည်များ။ အသက်တစ်ဆယ့်နှစ်အောက် ကလေးသူငယ်များ။ သဘင်သည်၊ လူပြက်လူရွှင်တော်များ၊ မျက်စိ၊ နား၊ ခြေ၊ လက်အင်္ဂါချို့ယွင်းသူများ၊ အသောက်အစားအမူးသမားများ၊ ဒေါသကြောင့် ထိတ်လန့်၍လည်းကောင်း၊ ယောင်ယမ်း၍လည်းကောင်း အမှားများပြောတတ်သူ

ကျယ်လောင်မှုကိုသာ လက်ခံနိုင်ပါသည်။ (၈၀)ဒက်ဆီဘယ်အောက် အသံကျယ်လောင်မှုသည် လူများအတွက် လုံခြုံစိတ်ချမှုအခြေအနေ ဖြစ်ပါသည်။ ဆူညံသံများအဖြစ် (၁၄၀) ဒက်ဆီဘယ်အထက်ကျော်လွန်ပါက နားအာရုံပျက်စီးနိုင်ကြောင်း သတ်မှတ်ထားပါသည်။ ပုံမှန်အသံများကို ကျန်းမာသူများအဖို့ တုန်ခါနှုန်း (20 Hz) မှ(20,000 Hz) (20kHz) အတွင်း၌သာ ကြားနိုင်၏။ ကျွန်ုပ်တို့၏ နားသည် တုန်ခါနှုန်း 500 Hz မှ 400 Hz ပြောဆိုမှုများ အတွင်း၌သာ အာရုံခံစားမှုကောင်းမွန်နိုင်ပါသည်။

Hertz (Hz) ဆိုသည်မှာ ကြိမ်နှုန်းသို့မဟုတ် တစ်စက္ကန့်အတွင်း အသံ၏တုန်ခါနှုန်းကို တိုင်းတာခြင်း ဖြစ်၏။ ထို့အပြင် တာဝန်ရှိသူများနှင့် အစိုးရမှ ဆူညံသံများကို လျော့နည်းစေရန် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

၁။ ဆူညံသံများနှင့်ပတ်သက်သော ဥပဒေပြဋ္ဌာန်းခြင်း (A noise policy statiment)

၂။ ဆူညံသံများသတိပေးရန်အကဲဖြတ်တိုင်းတာခြင်း (ဆူညံသံပြဿနာများကို သတိထားမှုစေရန်) Assessing and prioritizing noise problems for attention)

၃။ စက်မှုအင်ဂျင်နီယာနည်းပညာနှင့် စီမံအုပ်ချုပ်နည်းဖြင့်ထိန်းချုပ်ခြင်း (Engineering and administration noise control measures)

၄။ လုပ်သားများ၏ပညာအရည်အချင်းတိုးတက်ရန်ဆောင်ရွက်ပေးခြင်းနှင့် သင်တန်းပေးခြင်း (Personal hearing proection)

၅။ တစ်ကိုယ်ရေနားလုံခြုံရေးပစ္စည်းများ အသုံးပြုခြင်း (Personal hearing protection)

၆။ အကြားအာရုံစစ်ဆေးခြင်းနှင့် ကုသပေးခြင်း (Audiometric tesing)

ပတ်ဝန်းကျင်တွင် ဆူညံသံများသည် တစ်နေ့တခြား တိုးပွားလျက်ရှိနေပါသည်။ အသံချဲ့စက်များဖြင့် လှည့်လည်၍ မိမိကုန်ပစ္စည်းကြော်ငြာခြင်း၊ ရောင်းချခြင်း၊ ပွဲလမ်းသဘင်များတွင် အသံချဲ့စက်ကြီးများဖြင့် နားမခံနိုင်သာအောင် ဖွင့်လှစ်ထားခြင်း၊ အချို့မှ ဘာသာရေးလုပ်တာ ကုသိုလ်တောင်ရသေးဟုထင်မြင်ကာ အများသူငါ နားမခံသာရန် စကားပြောခွက်၊ လော်စပီကာများဖြင့် အော်ဟစ်အလှူခံနေသူများ။ အသုံးပြုနေသူများမှာ ထိန်းချုပ်မှုမရှိသဖြင့် ထင်သလိုအသုံးပြုနေခြင်းများသည်လည်း လုပ်ငန်းခွင်မှ ဆူညံသံများနည်းတူ နားပင်း၊ နားထိုင်း၊ နားအကြားအာရုံများကို ပျက်စီးစေနိုင်သဖြင့် ဆင်ခြင်သုံးစွဲနိုင်ရန် ရေးသား တင်ပြလိုက်ရပါသည်။

စွမ်းထက်နေဖြိုး



www.burmeseclassic.com

www.burmeseclassic.com

များ ဖြစ်ကြသည်။

□ **စနည်းနိမိတ်နှင့်ဖြစ်တတ်သောအခြင်းအရာများ**

စနည်းနိမိတ်နာယူနေစဉ် ရယ်သံကြားပါမူ၊ အန္တရာယ်အနှောင့်အယှက်မရှိ။ သို့သော် ထောင်တန်သောစကားရယ်လျှင် ပေါ့ပျက်၏ဟူသကဲ့သို့ ကိစ္စမအောင်မြင်တတ်ပါ။ (မအောင်မမြင်ဖြစ်တတ်၏။) ငိုသံကြားမူ နှောင့်နှေးကြန့်ကြာစွာ ပင်ပန်းခံခဲယဉ်းစွာဖြင့်ပြီးတတ်သည်၊ သီချင်းသံကြားပါလျှင် ထိုသီချင်း၏အဓိပ္ပာယ်အားလျော်စွာ ဥပမာ အလွမ်းအဆွေး၊ ဆင်းရဲဒုက္ခကို ဖော်ပြသီဆိုသော သီချင်းမျိုးဖြစ်ပါက ပျက်စီးအံ့၊ မအောင်မြင်အံ့။

သီဆိုနေသောသီချင်းသည် ဘုန်းတော်ဘွဲ့၊ ဂုဏ်ဘွဲ့၊ အောင်မြင်ဘွဲ့၊ စည်တော်သံ၊ ပြောသံ စသော သီချင်းမျိုးဖြစ်ခဲ့သော် အောင်မြင်အံ့။ အရာရာပြီးမြောက်အံ့။ ရန်ဖြစ်အံ့။ ဆဲဆိုသံ၊ ကြိမ်းမောင်းသံ၊ အတင်းအဖျင်းပြောသံကြားမူ မကောင်း။ မအောင်မမြင်ဖြစ်အံ့။ စည်သံ၊ မောင်းသံ၊ ဒိန်းဒိုင်းသံမျိုးကြားလျှင် အောင်မြင်အံ့။ တရားသံ၊ ဆုံးမသံ၊ ညည်းညူသံကြားမူ အန္တရာယ်မရှိသော်လည်း မအောင်မြင်နိုင်ပါ အောင်စေကာမူ နှောင့်နှေးတတ်၏။

မိန်းမရွှင်ပဲ၊ ပြည့်တန်ဆာပဲစသည်ဖြင့် ပြောသံကြားပါက အောင်မြင်ပြီးမှ ပျက်စီးတတ်၏။ သူတော်ကောင်းပါ၊ ဘုန်းကြီးလိုလူပါဟု ပြောသံကြားလျှင် မအောင်မမြင် ပျက်စီးတတ်သည်။ သေပေတော့ဟုကြားလျှင် နောက်မဆုတ်ဘဲဆောင်ရွက်လေ။ သွားရော့လဟယ်ဟု ကြားပါက သတိကြီးစွာထား၍ ဆောင်ရွက်ပါ ဟေ့- ဟေ့ ဟူသော အသံမျိုးကြားလျှင် သတိနှင့်ဆောင်ရွက်လုပ်ကိုင်ပါလေ။

အထက်တွင်ဖော်ပြခဲ့သော ဘဲဘင်သည်၊ နတ်ဝင်သည်၊ စိတ်ဝေဒနာသည်၊ ကလေးနှင့် ယောင်တတ်သူ စသည်တို့၏ နှုတ်မှထွက်သမျှသော စကားတို့၏ အလေးအပေါ့၊ အတိမ်အနက်ကိုလည်းကောင်း၊ ကြားရသည့် အချိန်အခါ ကာလဒေသကို လည်းကောင်း၊ ခေတ်အခြေအနေကို လည်းကောင်း၊ မိမိဆောင်ရွက်ရမည့်ကိစ္စ၏ သဘောသဘာဝတို့ကို ညှိနှိုင်းချိန်ဆ၍ အထက်ပါပြဆိုချက်များကိုမှီလျက် အကျယ်သိရှိကြပြီး မိမိတို့၏ကိစ္စအဝဝတို့ကို အောင်မြင်ရရှိအောင် ဆောင်ရွက်နိုင်ကြပါစေဟု ကောင်းမြတ်သော မနောသိကာရ စိတ်ဆန္ဒနှင့် မှာကြားအပ်ပါသည်။

□ **အကြားနိမိတ်များ**

အမှုကိစ္စ တစ်စုံတစ်ရာ ဆောင်ရွက်မည်ဟု ပြုနေစဉ် ရယ်သံကြားလျှင် အောင်မြင်သည်လည်း ရှိ၏။ မအောင်မြင်သည်လည်းရှိပေသည်။ ငိုသံကြားမူ သာရေးကိစ္စ၌ စိတ်ပင်ပန်း၊ လူမောဖြစ်ပြီးမှ အောင်မြင်တတ်သည်။ နာရေး၌ ရောဂါသည်းတတ်၍ သေပျောက်တတ်၏။ မင်္ဂလာရှိသော သီချင်းသံကြားလျှင် ဆန္ဒပြည့်ဝအံ့။ လွမ်းဆွေးဒုက္ခရောက်သည်ကိုဖွဲ့ဆိုသော သီချင်းသံကြားပါက မအောင်မြင် အကြံအစည်ပျက်တတ်သည်။ ဆဲဆိုကြိမ်းမောင်းသံကြားပါလျှင် မအောင်မမြင်ဖြစ်အံ့။ ချီးကျူးသံ၊ သာဓုအနုမောဒနာသံကြားလျှင် အောင်မြင်ပြီးစီးပေလိမ့်မည်။

□ **အမြင်နိမိတ်များ**

စစ်ချီစစ်တက်ခြင်း၊ ခရီးသွားလာခြင်း၊ အမှုကိစ္စဆောင်ရွက်ခြင်းများ ပြုလုပ်ကြရာ၌ အမြင်နိမိတ်ကို ကြည့်ရှုပြီး ကောင်းမည်၊ ဆိုးမည်၊ အောင်မြင်မည်၊ မအောင်မြင်မည်ကို သိရာ၏။

၁။ မိန်းကလေးသည် ဆန်းစပါး၊ စားသောက်ဖွယ်ရာများကို ယူဆောင်လာသည်ကို လည်းကောင်း၊ မီးပုံ၊ မီးတောက်ကိုမြင်လျှင် လည်းကောင်း၊ လက်ခုပ်တီးသည်ကို မြင်သော်လည်းကောင်း ကောင်း၏။ အောင်မြင်နိုင်၏၊ လာဘ်လာဘရနိုင်၏။ သို့သော် နာရေးတွင် မီးပုံမီးတောက်ကိုမြင်ပါက မကောင်းပေ။

၂။ လူသေ၊ သွေးသံရဲရဲ၊ နှာတို၊ နှုတ်ခမ်းကွဲပဲ့၊ အကျိုးအကန်း၊ ဆွံ့အသူများ၊ ပန်းအနီပန်သူတို့ကို မြင်တွေ့ပါက အန္တရာယ်ကြီး၏။ မကောင်းပါ။ သို့သော် စီးပွားရေး ငွေရေးကြေးရေး၊ သာရေး၌ လူသေ၊ သွေးသံရဲရဲ ယိုစီးအောင် အတိုက်အခိုက်၊ အထိုးအသတ်များ၊ မစင်ကျင်ကြီးများ မြင်တွေ့လျှင်ကောင်း၏။ လာဘ်ရတတ်၏။

၃။ လက်နက်ကိုင်ဆောင်သွားသည်ကိုမြင်သော် အောင်မြင်၏။ မြင်းစီး၊ ဆင်စီး၊ ဝတ်ကောင်းစားလှဝတ်လာသူ၊ ကလေးကိုချီထားသူ၊ ကျွဲ၊ နွား၊ ဘဲ၊ ကြက်၊ ငှက်ထိန်းကျောင်းနေသူ တစ်ခုခုကိုမြင်လျှင် ပြီးလွယ်၊ အောင်မြင်လွယ်၏။

၄။ အတီးအမှုတ်၊ အကအခုန် အမျိုးမျိုးတီးမှုတ်ကခုန်လာသည်ကိုမြင်လျှင် အကျိုးပြီးစီး အောင်မြင်မည်ဟု သိရာ၏။ စကားအထူးကြားရတတ်၏။

၅။ ရဟန်း၊ ပုဏ္ဏား၊ သူတော်စင်များကိုတွေ့သော်၊ တရားသဖြင့် ပြီးစီးအောင်မြင်၏။ သို့သော် နာရေးတွင် ရဟန်း၊ ပုဏ္ဏား၊ ဘိုးသူတော်၊ မယ်သီလတို့ကိုမြင်သော် သေပျောက်တတ်သည်။

၆။ လှည်းကဲ့သို့သော အနေးယာဉ်ကို စီးသွားသည်ကိုမြင်လျှင် လည်းကောင်း၊ မြွေပြေးသွားသည်ကို မြင်လျှင် လည်းကောင်း၊ ခရီးရှည်တတ်သည်၊ မအောင်မမြင် ဖြစ်တတ်၏။

၇။ ကိုယ်ဝန်ဆောင်ကိုလည်းကောင်း တွေ့မြင်သော် စစ်ရေး၌ တစ်ဖက်ကရှုံး၍ မိမိဘက်က နိုင်မည်။

၈။ ဝန်လေးထမ်းလာသူကိုမြင်လျှင် ပြီးစီးအောင်မြင်၏။ သို့သော် နာရေး၌ သေပျောက်တတ်၏။ ကုစားရခက်ခဲကာ လူနာအတွက် တာဝန်ကြီးလေးတတ်၏။

၉။ သစ်ကိုင်းသစ်ခက်ကျိုးပဲ့ခြင်းမြင်လျှင် ပျက်စီးတတ်၏။ အနှောင့်အဖွဲ့ခံရတတ်သည်။

၁၀။ အမဲ၊ သားငါးကို လည်းကောင်း၊ အသီးအဥ စားဖွယ်တို့ကို မြင်တွေ့လျှင် ငွေကြေးလာဘ်သပ္ပကာရတတ်၏။

၁၁။ ရွှေ ငွေ၊ သံ အတုံးအခဲများ မြင်တွေ့မူ အသက်ရှည်၊ အန္တရာယ်ကင်း လိုရာအောင်မြင်မည်။

၁၂။ လင်းတကို မြင်တွေ့မူ နာဖျားမကျန်းမမာဖြစ်အံ့။ တောရိုင်းတိရစ္ဆာန်များတွေ့မူ အန္တရာယ်ရှိအံ့။

၁၃။ ရေအိုး စသည်များရွက်သွားသည်ကိုမြင်သော် ကိစ္စပြီးစီး အေးချမ်းသာယာမည်။

(ခုနစ်နေ့သားသမီးများအားလုံး ကောင်းကျိုးအထွေထွေ ပြည့်စုံရရှိကြပါစေ)

ဆရာဦးစိန်သိုင်း (ဘဗျိုဟ်ထောက်)



www.burmeseclassic.com

www.burmeseclassic.com

၂ ၈ ၁ ၅ ၃ နှ ၆ ၊ ၉ ၈ ၀

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ဒါးလည်၊ လက်ဖွဲ့၊ ဆေးဝါး မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက် အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သော နက္ခတ်များအား အစင်အကြယ် ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏ လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ ဤထွက်၊ ဝင်၊ ခပါဒ်နက္ခတ်ဇယားကို ပြုစုဖော်ပြပေးလိုက်ပါသည်။

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | ကဆုန်လဆန်း၁၄ | ဗြဟ္မာ | ၁၂<br>၁၃ | ၀၅း၄၆း၄၀ | * လာဘ<br>* သိဒ္ဓိ |
| ၂ | ◯ | စနေ | ၁၃<br>၁၄ | ၀၈း၁၇း၂၇ | △ မိတ္တု<br>△ ကာဏ |
| ၃ | လဆုတ် ၁ | တနင်္ဂနွေ | ၁၄<br>၁၅ | ၁၀း၁၇း၀၉ | * သိဒ္ဓိ<br>☐ ဝရ |
| ၄ | ၂ | ၂လ်ာ | ၁၅<br>၁၆ | ၁၂း၀၀း၀၀ | △ ကာဏ<br>* အမြိတ္တ |
| ၅ | ၃ | ၃ဂါ | ၁၆<br>၁၇ | ၁၃း၁၄း၂၉ | ☐ ဝရ<br>△ ဥပါဒ် |
| ၆ | ၄ | ၄ဟူး | ၁၇<br>၁၈ | ၁၃း၄၉း၅၀ | * အမြိတ္တ<br>* လာဘ |
| ၇ | ၅ | ၅တေး | ၁၈<br>၁၉ | ၁၄း၀၀း၀၀ | △ ဥပါဒ်<br>△ မိတ္တု |
| ၈ | ၆ | ဗြဟ္မာ | ၁၉<br>၂၀ | ၁၃း၄၆း၁၄ | * လာဘ<br>* သိဒ္ဓိ |
| ၉ | ၇ | စနေ | ၂၀<br>×<br>၂၁ | ၀၇း၁၄း၁၇<br>၁၈း၄၀း၀၀ | △ မိတ္တု<br>△ ကာဏ<br>* အမြိတ္တ |
| ၁၀ | ၈ | တနင်္ဂနွေ | ၂၁<br>၂၂ | ၁၁း၄၈း၃၄ | ☐ ဝရ<br>△ ဥပါဒ် |
| ၁၁ | ၉ | ၂လ်ာ | ၂၂<br>၂၃ | ၁၀း၃၀း၀၀ | * အမြိတ္တ<br>* လာဘ |
| ၁၂ | ၁၀ | ၃ဂါ | ၂၃<br>၂၄ | ၀၉း၀၀း၀၀ | △ ဥပါဒ်<br>△ မိတ္တု |
| ၁၃ | ၁၁ | ၄ဟူး | ၂၄<br>၂၅ | ၀၇း၃၀း၀၀ | * လာဘ<br>* သိဒ္ဓိ |
| ၁၄ | ၁၂ | ၅တေး | ၂၅<br>၂၆ | ၀၅း၅၄း၂၈ | △ မိတ္တု<br>△ ကာဏ |
| ၁၅ | ၁၃ | ဗြဟ္မာ | ၂၆<br>၂၇ | ၀၄း၀၇း၃၀ | * သိဒ္ဓိ<br>☐ ဝရ |
| ၁၆ | ၁၄ | စနေ | ၂၇<br>၁ | ၀၂း၄၀း၀၀ | △ ကာဏ<br>* အမြိတ္တ |
| ၁၇ | ● | တနင်္ဂနွေ | ၁<br>၂ | ၀၁း၃၁း၂၆ | ☐ ဝရ<br>△ ဥပါဒ် |
| ၁၈ | နယုန်လဆန်း | ၂လ်ာ | ၂<br>၃ | ၀၀း၂၃း၃၆ | * အမြိတ္တ<br>* လာဘ |
| ၁၉ | ၂ | ၃ဂါ | ၄<br>၅ | ၂၃း၃၆း၂၄ | △ မိတ္တု<br>△ ကာဏ |
| ၂၀ | ၃ | ၄ဟူး | ၅ | မပြောင်း | * သိဒ္ဓိ |
| ၂၁ | ၄ | ၅တေး | ၆ | မပြောင်း | △ ကာဏ |
| ၂၂ | ၅ | ဗြဟ္မာ | ၆<br>၇ | ၀၀း၂၅း၁၁၆ | * သိဒ္ဓိ<br>☐ ဝရ |
| ၂၃ | ၆ | စနေ | ၇<br>၈ | ၀၁း၄၂း၅၁ | △ ကာဏ<br>* အမြိတ္တ |
| ၂၄ | ၇ | တနင်္ဂနွေ | ၈<br>၉ | ၀၃း၂၉း၂၇ | ☐ ဝရ<br>△ ဥပါဒ် |
| ၂၅ | ၈ | ၂လ်ာ | ၉<br>၁၀ | ၀၅း၄၀း၂၂ | * အမြိတ္တ<br>* လာဘ |
| ၂၆ | ၉ | ၃ဂါ | ၁၀<br>၁၁ | ၀၈း၀၀း၀၀ | △ ဥပါဒ်<br>△ မိတ္တု |
| ၂၇ | ၁၀ | ၄ဟူး | ၁၁<br>၁၂ | ၁၀း၄၀း၀၀ | * လာဘ<br>* သိဒ္ဓိ |
| ၂၈ | ၁၁ | ၅တေး | ၁၂<br>၁၃ | ၁၃း၀၅း၂၇ | △ မိတ္တု<br>△ ကာဏ |
| ၂၉ | ၁၂ | ဗြဟ္မာ | ၁၃<br>၁၄ | ၁၅း၃၃း၂၀ | * သိဒ္ဓိ<br>☐ ဝရ |
| ၃၀ | ၁၃ | စနေ | ၁၄<br>၁၅ | ၁၇း၃၄း၁၇ | △ ကာဏ<br>* အမြိတ္တ |
| ၃၁ | ၁၄ | တနင်္ဂနွေ | ၁၅<br>၁၆ | ၁၉း၁၇း၀၉ | ☐ ဝရ<br>△ ဥပါဒ် |

၂၀ - နက္ခတ် • ၄၅ ယဋ္ဌိ
× - နက္ခတ် = ၃၀ ယဋ္ဌိ } ဖြင့် တွက်သည်။
၂၁ - နက္ခတ် = ၄၅ ယဋ္ဌိ

* • အဝင်နက္ခတ် — ◯ = လပြည့်နေ့
☐ • ခပါဒ်နက္ခတ် — ● = လကွယ်နေ့
△ • အထွက်နက္ခတ်

၄-၅-၂၀၁၅ တနင်္လာနေ့ နံနက် ၁၀း၂၀း၄၂ နာရီ၌ လပြည့်သည်။

အသုံးတည့်နိုင်ကြပါစေ
ဦးအောင်စောလှိုင် (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

အိုအို(ရွှေကံကူ)

# ရွှေကံကူလေပုံ့သစ်တော်ရုပ်ရှင်တော်မြတ်၏ ထူးခြားသောကျောက်ဆည်ခရီးစဉ်

ရှေ့ပိုင်းဆောင်းပါးများတွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ၉-၉-၁၉၉၉ နေ့တွင် စာရေးသူတို့၏မိသားစုနေအိမ်၌ပူဇော်ထားရှိခဲ့သောရုပ်ပွားတော်မြတ်သည် တန်ခိုးကြီးဘုရားတစ်ဆူအဖြစ် ပွင့်ထွန်းပေါ်ပေါက်တော်မူလာပြီးသည်၌ သတင်းကြားဖြင့် မန္တလေး၊ ကျောက်ဆည်တစ်ဝိုက်မှ လာရောက်ဖူးမြော်သူများရှိလာပါသည်။ ရုပ်ရှင်တော်၏တန်ခိုးတော်ဂုဏ်သတင်းတို့သည် ရပ်ဝေးဒေသများအထိ မပျံ့နှံ့သေးပါ။ ၂၀၀၁ ခုနှစ်တွင် ရုပ်ရှင်တော်မြတ်သည် ဆရာတော်တစ်ပါး၏ အများသူငါသံသယကင်းရှင်းစေရန် စေတနာမှန်ဖြင့် မှန်ကျောင်းဆောင်အတွင်း သီတင်းသုံး စံပယ်တော်မူခိုက် သော့ခတ်ထားရှိစေရာမှ တန်ခိုးတော်ဖြင့် မှန်ဖွင့်ထွက်ကြွတော်မူလာပြီးနောက် ရုပ်ရှင်တော်မြတ်သည် ကျောင်းဆောင်များရှိရာ ကလပ်တော်ပေါ်မှ လှူဒါန်းများထားရှိရာ (၃) ထပ်စင်ပေါ်ရှိ လှူဖွယ်ပစ္စည်းများအပေါ် ကြွရောက်တော်မူလျက်ရှိသော အချိန်အခါသမယများတွင် ဖြစ်ပါသည်။

ကျောက်ဆည်ခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထွေထွေရောဂါကုဆရာဝန်ဒေါက်တာ သိန်းသိန်းနှင်း (ဟသ်ာတဇာတိဖြစ်၍ ထိုစဉ်က ကျောက်ဆည်မြို့ ဒေါ်တိုက်ကြီးကွေ့တွင် ဆေးခန်းဖွင့်ခဲ့ပါသေးသည်။) ရောက်ရှိလာပြီး ရုပ်ရှင်တော်မြတ်ကိုဖူးမြော်ပါသည်။ ထို့နောက် ၎င်း၏မှတ်စုစာအုပ်ကလေးကို ရုပ်ရှင်တော်မြတ်၏ရှေ့တွင်ချထားခဲ့ပါသည်။ မည်သို့အဓိဋ္ဌာန်ခဲ့သည်ဟုမသိပါ။နောက် (၂) ရက်ခန့်ကြာလျှင် ရုပ်ရှင်တော်မြတ်သည် ထိုမှတ်စုစာအုပ်ကလေးပေါ်သို့ တန်ခိုးတော်ဖြင့်ကြွရောက်တော်မူလျက်ရှိသည်ကို ဖူးတွေ့ကြရပါသည်။ (ထိုစဉ်က စာရေးသူသည် နေအိမ်တွင်မရှိပါ။ သပိတ်ကျင်းမြို့နယ် အုန်းတကူးကျေးရွာ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းတွင် ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိနေသေးသည့်နည်းတူ အန်တီအေးနှင့် မယ်တော်ကြီးတို့သည်



မြို့နယ်မှူး၏ပစ္စည်းဗီရိုများပေါ်သို့ တန်ခိုးတော်ဖြင့် ကြွရောက်တော်မူစဉ်




ရုပ်ရှင်တော်မြတ်အား မိတ္ထီလာ ရေထွက်ဘုရားသို့ ပင့်ဆောင်ပူဇော်ရာတွင် ဖယောင်းတိုင်မီးညွန့်များမှ နဂါးပုံများဖြစ်ပေါ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ရွှေက်ကူအောင်မြေတွင် ဒေါက်သိန်းသန်းနှင့် အဓိဋ္ဌာန်ထားရှိခဲ့သည့် စာရေစပေ်သို့ တန်ခိုးတော်ဖြင့် ကြွရောက်တော်မူပုံ




ရုပ်ရှင်တော်မြတ်အား မိတ္ထီလာမြို့ ရေတွက်ဘုရားသို့ ပင့်ဆောင်ပူဇော်စဉ် ဖယောင်းတိုင်မီးညွှန့်မှ နဂါးပုံဖြင့် ဦးခိုက်စဉ်

လည်း ကျောင်းဆရာမများအဖြစ်ပင်ရှိနေပါသေးသည်။) နောက်တစ်နေ့တွင် ဒေါက်တာသိန်းသိန်းနှင်း ရောက်လာပြီး ဖူးတွေ့ရသော် အထူးဝမ်းသာကြည်နူးလျက်ရှိပါသည်။ နောက်တစ်ပတ်ခန့်အကြာတွင် ဒေါက်တာသိန်းသိန်းနှင်း ရောက်လာပြန်ကာ ဤသို့ပြောပါသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ဂုဏ်ထူးရှင်များနှင့် ပညာတူလုပ်သက်တူဆရာဝန် (၁၇) ဦး ရှိသည်ဟု သိရပါသည်။ ထို (၁၇) ဦးအတွင်းမှ (၂) ဦးတည်းသာ ရွေးထုတ်၍ ပို့လွှတ်သောသင်တန်းတွင် မိမိပါဝင်ခွင့်ရရှိခဲ့၍ ဆုတောင်းအဓိဋ္ဌာန် အောင်မြင်ပါသည်။ သို့ပါ၍ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ခွင့်တောင်းပါသည်။ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်တစ်ခုတွင် ရုပ်ရှင်တော်မြတ်သည် ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးဝင်း အတွင်း ဝန်ထမ်းအိမ်ရာ ဒေါက်တာသိန်းသိန်းနှင်း၏နေအိမ်တိုက်ခန်းသို့ကြွရောက်တော်မူခဲ့ရပါသည်။

ထိုစဉ်က ရုပ်ရှင်တော်မြတ်သည် လူသိနည်းကာ တန်ခိုးတော်ထင်ပေါ်ကျော်ကြားမှုမရှိသေး၍ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ရာ၌ သိုက်သိုက်ဝန်းဝန်းမရှိပါ။ ဆန်နီပစ်ကပ်ကားလေးတစ်စီးနှင့် လူနှစ်ဦးသာပါလာခဲ့ပါသည်။ ထိုနေအိမ်၌ လာရောက်ဖူးမြော်သူများလည်း သိပ်မရှိပါ။ ခြောက်ကပ်ကပ်နိုင်လှပါသည်။

မကြာမီ ကျောက်ဆည်ပြည်သူ့ဆေးရုံကြီးမှပင် ဒေါက်တာမေသက်နိုင် (ကလေးအထူးကု)နှင့်ခင်ပွန်းဒေါက်တာဌေးအောင် (ခွဲစိတ်ဌာန) တို့ ရောက်ရှိလာကာ ရုပ်ရှင်တော်မြတ်အား လာရောက် ဖူးမြော်ကြပါသည်။ ထိုစဉ်က ရုပ်ရှင်တော်မြတ်နှင့် ပတ်သက်၍ လက်ကမ်းတစ်စောင် သမိုင်းအကျဉ်းမျှ မရှိသေး၍ နွေရာသီ ကျွန်တော်အိမ်သို့ ခေတ္တပြန်လည်ရောက်ရှိခိုက်တွင် (၃ ပေ ၅ပေ) ဂျပ်စက္ကူပေါ်တွင် ဘုရားသမိုင်းနှင့်ပတ်သက်၍ အဓိကကျသော အကြောင်းအချက်များကို ဆော့ပင်ဖြင့်ရေး၍ချိတ်ဆွဲပါသည်။ မယ်တော်ကြီးသည် ထိုဂျပ်စက္ကူပေါ်တွင် ကျွန်တော်ရေးထားသည်တို့ကို လျှောက်လွှာစာရွက်များပေါ်တွင် ပြန်လည်ကူးယူ၍ မိတ္တူ(၅)စောင်မျှကူးထားလိုက်ပါသည်။ ထိုစဉ်က စာရေးသူ၏ ပတ်ဝန်းကျင်တွင် ကွန်ပျူတာနှင့် အလှမ်းဝေးသဖြင့် လက်ရေးမူကိုသာ မိတ္တူကူးထားရခြင်း

www.burmeseclassic.com

ဖြစ်ပါသည်။

ထိုစဉ် ဘုရားဖူးဧည့်သည်တစ်ဦး မှ ထိုတစ်စောင်ကို တောင်းယူပါသည်။ စာရေးသူတို့သည် ထိုစာစောင်များကို ခေၚရန်မဟုတ်ပါ။ ဖတ်ရှုကြည့်ရန်ကူး အားခြင်းသာဖြစ်သော်လည်း ယူသွားပါဟုဆိုကာပေးလိုက်ပါသည်။ ထိုသူမှ သူရဋ္ဌမဂ္ဂဇင်းတိုက်သို့ ရုပ်ရှင်တော်မြတ်၏ပုံတော်တစ်ပုံနှင့် ထိုမူရင်းအတိုင်း ပေးပို့လိုက်ရာ မဂ္ဂဇင်းတိုက်မှ ရွေးချယ်ဆည့်သွင်းဖော်ပြလိုက်ပါသည်။ စာရေးဆရာအမည်၏နောက်တွင် ကွင်းစ၊ ကွင်းပိတ်ဖြင့် ကျောက်ဆည်ဟု ပါရှိပါသည်။ ထို အချိန်က ရုပ်ရှင်တော်မြတ်၏ ရွှေကံကူ ဟူသည့် ဘွဲ့တော်ပေါ်ပေါက်တော်မူလာခြင်းမရှိသေး၍ မဂ္ဂဇင်းတွင် 'လေပျံသစ်တော်ကံထူးလျော်' ဟူသောဘွဲ့တော်ဖြင့် ပါရှိလာခဲ့ခြင်းဖြစ်ပါသည်။ ဒေါက်တာ မေသက်နိုင် (၂၀၁၂ ခု အထိ ကျောက်ဆည်မှာပင်တာဝန်ထမ်းဆောင်နေဆဲ) သည် သူရဋ္ဌမဂ္ဂဇင်းကို ဖတ်ရသဖြင့် ယခုကဲ့သို့ရောက်ရှိလာခြင်းဖြစ်ကာ ရုပ်ရှင်တော်မြတ်အား မိမိ၏နေရာဌာနသို့ ပင့်ဆောင်ပူဇော်ရန် လျှောက်ထားပါသည်။ ထို့နောက် ရုပ်ရှင်တော်မြတ်ကို ကျောက်ဆည်သို့ ပင့်ဆောင်ပူဇော်ခဲ့ပါသည်။

နောက်တစ်နှစ်ခန့်အကြာတွင် ကျောက်ဆည်မြို့ ဘူတာတိုက်တန်း ရန်ကုန်နှင့် အဝေးပြေးခရီးသွားလုပ်ငန်း 'အကာသ' မိသားစုသည် ရုပ်ရှင်တော်မြတ်၏နှုတ်တော်ပွင့်ပုံတော်တစ်ဆူကို ပင့်ဆောင် ပူဇော်ထားရှိခဲ့သည်ဟု ဆိုပါသည်။ ထိုအချိန်မှစ၍ ၎င်းတို့တွင် ငွေရေးကြေးရေးအခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့ရတိုင်း ထိုပုံတော်အား ဦးထိပ်တွင်တင်၍ တိုင်တည်ဆုတောင်းလျှင် ချက်ချင်းအဆင်ပြေသွားသည်ဟု ပြောပြပါသည်။ ယခုလည်း ကြီးမားသောအခက်အခဲတစ်ခုကြုံတွေ့ပြန်ရာ ရုပ်ရှင်တော်မြတ်၏ နှုတ်တော်ပွင့်ပုံတော်ကို တိုင်တည်ဆုတောင်းခြင်းဖြင့် ပြေလည်ခဲ့ရ၍ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်၍ ဆွမ်းဆက်ကပ်ခြင်းဖြစ်ကြောင်း သိရပါသည်။ ရုပ်ရှင်တော်မြတ်၏ ပုံတော်ကိုလည်း ပင့်ဆောင်ထားရှိသည့်နေ့မှ ယနေ့အချိန်တိုင် မပျက်မကွက် ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ နံ့သာတိုင်၊ အလင်းတိုင်တို့ဖြင့် လှူဒါန်းပူဇော်လျက်ရှိပါသည်ဟု ပြောပြပါသည်။

ထို့နောက်တွင် ရုပ်ရှင်တော်မြတ်အား ကျောက်ဆည်မြို့မှ လာရောက်ပင့်ဆောင် ပူဇော်သူမရှိသေးဘဲ နှစ်များကုန်လွန်သွားခဲ့ရပါသည်။ ၂၀၀၄ ခုနှစ်သို့ရောက်ရှိသော် ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့မှပင့်ဆောင်ပူဇော်ခဲ့ကြသည်မှာ (၃) နှစ်ရာသီသို့တိုင်ရောက်ရှိ၍လာပြီ ဖြစ်ပါသည်။ မေလ၏တစ်ခုသောရက်တွင် ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့ ရေကျော်ရှိနေအိမ်တစ်အိမ်မှ ပင့်ဆောင်ပူဇော်လျက်ရှိပါသည်။ မင်္ဂလာဒုံဘက်ရှိ



ကျောက်ဆည်မြို့ မှန်စက်ရုံမှူးကြီး၊ ရုပ်ရှင်တော်မြတ်အား စက်ရုံဝင်းအတွင်းသို့ ပင့်ဆောင်စဉ်



ကျောက်ဆည်မြို့ မှန်စက်ရုံသို့ ထက်ထောက်စက်ရုံမှူးမှ ပင့်ဆောင်စဉ်



ရုပ်ရှင်တော်မြတ်အား ကျောက်ဆည်မြို့ ဆင်မင်း၊ (၂) ဘီလပ်မြေစက်ရုံသို့ ပင့်ဆောင်ပူဇော်စဉ်



www.burmeseclassic.com

www.burmeseclassic.com




ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်အား ဒုတိယအကြိမ် ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးထွန်း၊ ဇနီး ဒေါ်စန်းရင် မိသားစုမှ ပင့်ဆောင်စဉ်



ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ် ကျောက်ဆည်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးထွန်းနှင့် ဇနီး ဒေါ်စန်းရင်တို့၏နေအိမ်တွင် ပင့်ဆောင်ပူဇော်စဉ်



ရွှေကံကူအောင်မြေမှ မဟာဗောဓိပင်အား မုန်စက်ရုံမှောရုံအနီးတွင် မုန်စက်ရုံ စက်ရုံမှူး (ဗိုလ်မှူး/ငြိမ်း) ဦးစောအောင်နှင့် တပည့်များ စိုက်ပျိုးပူဇော်ကြစဉ် (၁၂-၆-၂၀၁၁)

အစိုးရဝန်ထမ်းလိုင်းခန်းတွင် နေထိုင်သော မိန်းကလေးတစ်ဦးသည် ထိုညက အိပ်မက်ထဲ၌ ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့ရပြီး ဘွဲ့တော်ကိုပါ မှတ်မှတ်ရရရှိလိုက်ပါသည်။ နောက်တစ်နေ့တွင် သူငယ်ချင်းအိမ်မှ အပြန် ကားများစီးမိသဖြင့် အနီးဆုံးမှတ်တိုင်တွင်ဆင်းလိုက်သည်။ မျက်စိသည် အလိုလို အိမ်ပေါက်တစ်ခုတွင် ချိတ်ဆွဲထားသော 'ရွှေကံကူလေပျံသစ်တော်မြတ်စွာဘုရား' ဟူသော ဆိုင်းဘုတ်ကို တွေ့လိုက်ရသဖြင့် အနီးသို့သွားကြည့်ရာ မည်သူမဆို လာရောက် ဖူးမြော်နိုင်ပါသည်ဟု ချိတ်ဆွဲထားသဖြင့် အိမ်ရှင်အား ခွင့်ပန်ကာ ဝင်ရောက်ဖူးမြော်လိုက်ရာ အိပ်မက်ထဲမှဘုရားနှင့် ဘွဲ့တော်နှင့် ရုပ်ပွားတော်ပါ တစ်ထပ်တည်းတူညီနေသည်ကိုတွေ့ရ၍ အံ့ဩဝမ်းသာမဆုံးဖြစ်ရပါသည်။

ထိုမိန်းကလေးသည် ဝမ်းသာအားရစွာဖြင့် အိပ်မက်အကြောင်းကို မယ်တော်ကြီးတို့အား ပြောပြပါသည်။ ထို့နောက် ရုပ်ရှင်တော်မြတ်ကို အားရပါးရဖူးမြော်ပါသည်။ ထို့နောက် ပုံတော်များပူဇော်သွားပါသည်။ ထိုမိန်းကလေးသည် မိဘများနှင့်အတူနေထိုင်ပါသည်။ မိဘများနေထိုင်သောလိုင်းခန်းများသည် မိုးမလုံသည်မှာ (၃) နှစ်ခန့်ရှိပြီဖြစ်၍ အထက်သို့ စာဖြင့်တင်ပြရသော်လည်း ပြုပြင်ပေးခြင်းမရှိသဖြင့် လိုင်းခန်းတွင် နေထိုင်ကြသော မိသားစုတို့ စိတ်ညစ်၍ နေကြရပါသည်။ ထိုမိန်းကလေးမှ ရုပ်ရှင်တော်မြတ်ပုံတော်များ ပူဇော်ပင့်ဆောင်ခဲ့ပြီးသည့်နောက်တွင် မကြာမီ လိုင်းခန်းများကို အမိုးမှသာမက ပျက်စီးယိုယွင်းမှုမှန်သမျှတို့ကို လာရောက်ပြုပြင်ပေးခဲ့သည်ဟု မယ်တော်ကြီးတို့ထံလာရောက်၍သတင်းကောင်းပါးပါသည်။

ထို့နောက်တွင် ထိုမိန်းကလေး၏ အစ်ကို ဒု-ရဲအုပ်သည် ကျောက်ဆည်မြို့သို့ တာဝန်ပြောင်းရွှေ့ထမ်းဆောင်ရပါသည်။ ကျောက်ဆည်ရောက်ရှိပြီးမကြာမီ ဒု-ရဲအုပ်တွင် အကြောအားနည်းရောဂါဖြစ်ပွားပါသည်။ အစပထမတွင် အာဂန္တုဟုထင်သော်လည်း ရောဂါသည် ပျောက်မသွားဘဲ ဆိုး၍ဆိုး၍သာလာပါတော့သည်။ နောက်ဆုံးတွင် လမ်းမလျှောက်နိုင်တော့ဘဲ အောက်ပိုင်းသေသကဲ့သို့ဖြစ်သွားပါသည်။ ချိုင်းထောက်နှင့်ပင် ရပ်နိုင်ခြင်း၊ လမ်းလျှောက်နိုင်ခြင်း မရှိတော့ဘဲ တစ်စုံတစ်ဦးမှ ရွှေ့ချသွား



www.burmeseclassic.com

www.burmeseclassic.com

ရပါသည်။ အရိုးပေါ် အရေတင် ပိန်ချုံး လျက်ရှိပါသည်။ အသက်အန္တရာယ်ပင် ကျရောက်နိုင်ပြီး အသက်မသေပါက လည်း လူစဉ်မီတော့မည် မထင်တော့။ ဆေးပင်စင်ယူရမည့်အခြေဆိုက်နေသဖြင့် မိဘနှင့် ညီအစ်ကိုမောင်နှမများ စိတ် မကောင်းဖြစ်ကြမည်စိုးသောကြောင့် အကြောင်းမကြားဘဲနေခဲ့ကြပါသည်။


တစ်နေ့တွင် ရန်ကုန်ရှိ ညီမလေး ထံမှ ဖုန်းလာသည်။ ဒု-ရဲအုပ်ကလေး သည် ဖုန်းမကိုင်ပါ။ (ကိုယ်ပိုင်ဖုန်း မဟုတ်သည့်အပြင် လက်ကိုင်ဖုန်းမှာ ကျောက်ဆည်တွင် မရှိသလောက် နည်းပါးပါသေးသည်။ ထို့ကြောင့် လမ်း မလျှောက်နိုင်သဖြင့် ပီစီအိုမှလာသော ဖုန်းကို မကိုင်နိုင်ခြင်း ဖြစ်ပါသည်။) ထို့ကြောင့် ဒု-ရဲအုပ်၏ဇနီးသည်မှ ဖုန်း ပြောရပါသည်။ မိန်းမချင်းဖြစ်၍ လက်ရှိ ခင်ပွန်း၏ဖြစ်ပေါ် နေသောရောဂါအခြေ အနေတို့ကို ယောက်မအား ပြောပြလိုက် ပါသည်။

ထိုအခါ မိန်းကလေးသည် စဉ့်ကိုင်မြို့တွင် ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်ရှိသည်။ သာသနာပြု မယ်တော်ကြီးရှိသည်။ ရုပ်ရှင်တော်မြတ် သည် တန်ခိုးတော်ကြီးမားလှသဖြင့် ဆုတောင်းအမိဋ္ဌာန်များ ပြည့်ဝစေပြီး ရွှေကံကူသာသနာပြုမယ်တော်ကြီးသည် လည်း သီလနှင့် ပြည့်စုံသူဖြစ်၍ မေတ္တာ ခာတ်ကို ခံယူပါက ရောဂါဝေဒနာများ သက်သာ ပျောက်ကင်းသွားပါလိမ့်မည်။ မစိုးရိမ် မကြောင့်ကြကြပါနှင့်။ ဖူးဖြစ် အောင်သာသွားဖူးလိုက်ပါဟု ပြော ကြားပါသည်။ မိန်းကလေးသည် သူမ၏ ကိုယ်တွေ့အဖြစ်အပျက်များကို လည်း ကောင်း၊ လေ့လာသိရှိထားသော ရွှေကံ ကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏ ထူးခြားသော ဖြစ်တော်စဉ်သမိုင်းများကို ပြောပြပြီး ရုပ်ရှင်တော်မြတ်အား သွား ရောက် ဖူးမြော်ရန် ထပ်မံတိုက်တွန်းပြီး ဖုန်းချသွားပါသည်။

ထိုအခါ ဒု-ရဲအုပ်ဇနီးမောင်နှံတို့ တိုင်ပင်ကြသည်။ မိမိတို့သည် စဉ့်ကိုင် သို့ သွားရောက်မည်ဆိုပါက ကားစီစဉ် ရန်လိုအပ်ပေသည်။ မိမိသည် ကျောက် ဆည်ရောက်၍ မကြာမီ ရောဂါစွဲကပ် သဖြင့် အခန်းထဲမှာပင်နေရသော ကြောင့် ကားအကူအညီတောင်းရန် အသိမိတ်ဆွေမရှိပါ။ ကားငှားသွားရန် လည်း မိမိတွင် အပြင်ဝင်ငွေမရှိသည့် အပြင် လစာမှာလည်း ဆေးဖိုးနှင့်ပင်


ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်အား ကျောက်ဆည်မြို့နယ်မှူး ဒုတိယရဲမှူး မောင်မောင်ဝင်း၊ ဇနီး ဒေါ်ငွေးငွေးဦး မိသားစုမှ ပင့်ဆောင်ပူဇော်၍ ဆွမ်းဆက်ကပ်စဉ်



စဉ့်ကိုင်မြို့ ခေတ်ဆန်သူတစ်ဦးယူလာ၍ မပေါင်းစေပါ။ ဓါးပြင်ခြင်း၊ နှန်းအိမ်ခြောခြောက်ထဲ


ရုပ်ရှင်တော်မြတ်အား မိတ္ထီလာရေတွက်ဘုရားသို့ ပင့်ဆောင်ပူဇော်စဉ် ခရိုင်ရဲတပ်ဖွဲ့မှူးနှစ်သမီးလေး နန်းမိုးဟွမ် အလင်းတိုင်ပူဇော်စဉ် ထူးခြားမှုဖြစ်ပေါ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆည်မြို့ မှန်စက်ရုံမှ ပင့်ဆောင်ပူဇော်စဉ် ဘုရားဖူးရောက်ရှိလာသော ရွှေဖား




ကျောက်ဆည်မြို့ ဆင်မင်းဘိလပ်မြေစက်ရုံမှ လက်ထောက်စက်ရုံမှူးမိသားစု
ပင့်ဆောင်ပူဇော်စဉ် ဘုရားဖူးရောက်ရှိလာသောငှက်များ



မိတ္ထီလာ သခြေပ ဓာတ်မြေဗြာတားတော်ဆက်တွင် ဘုရားဖူးရောက်ရှိလာသောငှက်များ



မိတ္ထီလာမြို့ သခြေပ ဓာတ်မြေဗြာတားတော်ဆက်မှ ညီအစ်မများ နားကပ်များ လှူဒါန်းစဉ်

မလောက်ဖြစ်နေသည်။ ထို့ကြောင့် အကြံအိုက်လျက်ရှိနေစဉ် သဘောကောင်းလှသော မြို့နယ်မှူး ဦးမောင်မောင်ဝင်းနှင့် ဇနီး ဒေါ်မြေ့မြေ့ဦးတို့ ဇနီးမောင်နှံကို သတိရသဖြင့် မိမိအားရဲသားကလေးနှစ်ဦးကို ပွေ့ချီစေပြီး မြို့နယ်မှူး၏နေအိမ်သို့ သွားရောက်ခဲ့ပါသည်။

မြို့နယ်မှူး ဦးမောင်မောင်ဝင်းသည် လူတော်တစ်ယောက်ဖြစ်ပါသည်။ ငယ်သားများအပေါ်၌ တာဝန်နှင့်ပတ်သက်လျှင် တင်းကျပ်စွာကိုင်တွယ်ဆက်ဆံသော်လည်း တာဝန်ချိန်မဟုတ်ပါက ညီအစ်ကိုသဖွယ် ဖက်လှဲတကင်းရင်းနှီးစွာဆက်ဆံလေ့ရှိပြီး တတ်နိုင်သမျှ အကူအညီပေးလေ့ရှိပါသည်။ ဒု-ရဲအုပ်ကလေး၏ရောဂါအခြေအနေကိုသိထား၍ ဇနီးမောင်နှံနှစ်ဦးမှ ကရုဏာသက်လျက်ရှိနေကြသူများ ဖြစ်ပါသည်။

မြို့နယ်မှူးမိသားစုသည် ရင်းနှီးပျူငှာစွာ ကြိုဆို၍ ဝရန်တာတွင် ဧည့်ခံပါသည်။ (ထိုအချိန်က ရာသီဥတုပူပြင်းချိန်ဖြစ်လာသောကြောင့်ဖြစ်ပါသည်။) ဒုရဲအုပ်ကလေး၏ဇနီးသည် ရုပ်ရှင်တော်မြတ်၏သမိုင်းကြောင်းများနှင့် ထူးခြားမှုများကို ယောက်မမှတစ်ဆင့် ကြားသိထားသမျှတို့ကို ပြန်လည်ဖောက်သည်ချကာ ပြောပြပါတော့သည်။ ထိုသို့ပြောပြလျက်ရှိစဉ် လေငြိမ်နေသော်လည်း မည်သည့်နေရာမှ မည်သို့ရောက်ရှိလာသည် မသိပါ။ ကြီးမားသန်စွမ်း၍ အနာအဆာလုံးဝကင်းစင်သော ဗောဓိညောင်ရွက် တစ်ရွက်သည် လေဟုန်စီး၍ လူများ ထိုင်နေသည့် အလယ်တည့်တည့်သို့ ကျရောက်လာပါသည်။ ထူးဆန်းလွန်း၍ အားလုံးအံ့ဩနေကြပါသည်။ ဤဝရန်တာ၏ တံစက်မြိတ်တွင် စိန်ပန်းကိုင်းများယှက်မိုး၍ ထူထပ်သိပ်သည်းသော စိန်ပန်းရွက်များရှိနေသဖြင့် အခြားသစ်ရွက်များသည် ဝရန်တာအတွင်းသို့ ကျမလာနိုင်ပါ။ စိန်ပန်းပင်ပေါ်တွင်သာတင်၍နေမည်ဖြစ်ပါသည်။ ယခုကျရောက်လာသော ဗောဓိညောင်ရွက်မှာကား ထူးဆန်းလှပါသည်။ ရွှေကံကူအောင်မြေတွင် ဗောဓိညောင်ပင်များ အလိုအလျောက် ပေါက်လျက်ရှိသည်ဟု သိရသောကြောင့် ဤဗောဓိညောင်ရွက်သည် ရွှေကံကူအောင်မြေနှင့် ဆက်စပ်မှုများရှိနေသလားဟု မြို့နယ်မှူးမှ တွေးမိသဖြင့် တပည့်တစ်ဦးအား ဤဗောဓိညောင်ရွက်နှင့်တူညီသောညောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com

များရှိသည့် ဗောဓိညောင်ပင်ကို ဤကျောက်ဆည်တစ်မြို့လုံးတွင်လှည့်လည်ရှာဖွေရန် စေလွှတ်ပါသည်။ သို့သော်မည်သည့်နေရာတွင်မျှ ဤဗောဓိညောင်ရွက်နှင့်တူညီသောဗောဓိပင်မတွေ့ရဟုသိရသောအခါ မြို့နယ်မှူးသည် ရုပ်ရှင်တော်မြတ်အပေါ် ကြည်ညိုမှုများနှင့် စိတ်ဝင်စားမှုများ ပိုမိုဖြစ်ပွားပေါ်ပေါက်လာပြီး နောက်တစ်နေ့တွင် စဉ့်ကိုင်မြို့သို့ သွားရောက်ဖူးမြော်ကြရန် စီစဉ်လိုက်ပါတော့သည်။

နောက်တစ်နေ့ (၉) နာရီခန့်တွင် မြို့နယ်မှူးမိသားစုနှင့် ဒုရဲအုပ်ဇနီးမောင်နှံတို့သည် ရဲဌာနပိုင်မော်တော်ကားဖြင့် ရောက်ရှိ၍လာပါသည်။ ယူနီဖောင်းဝတ်မလာသည့်အပြင် စာရေးသူတို့သည် ကားကို သေသေချာချာမကြည့်မိသဖြင့် မြို့နယ်မှူး ဟူ၍လည်းကောင်း၊ ရဲအရာရှိအဖြစ်လည်းကောင်း မသိရှိပါ။ ဦးမောင်မောင်ဝင်းမှပင် သူ့ကိုယ်သူမိတ်ဆက်ပေးပါသည်။ ထို့နောက် ရုပ်ရှင်တော်မြတ်အား ဖူးမြော်ကန်တော့ကာ မနေ့က ၎င်း၏နေအိမ်သို့ လေဖြင့်လွင့်ပါလာသည့် ဗောဓိညောင်ရွက်ကို ထုတ်ပြပါသည်။ ထိုအခါ စာရေးသူမှ တံစက်မြိတ်အနီးရှိ အလိုအလျောက်ပေါက်လျက်ရှိသော ဗောဓိပင်ကို ပြသလိုက်ပါသည်။ အားလုံးအံ့ဩမဆုံးဖြစ်ရပါသည်။ ထိုအပင်မှ ဗောဓိရွက်တော့ဟုတ်ချင်မှ ဟုတ်ပေမည်။ သို့သော် ထိုအပင်ပေါ်မှ ဗောဓိညောင်ရွက်များနှင့် ဤဗောဓိညောင်ရွက်မှာ ခွဲခြား၍မရအောင်တူညီလျက်ရှိကြောင်း တွေ့ကြရပါသည်။

မြို့နယ်မှူး ဒုတိယရဲမှူး မောင်မောင်ဝင်းနှင့် ဇနီး ဒေါ်ဌေးဌေးဦးတို့သည် ရုပ်ရှင်တော်မြတ်ကို ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့ရသောအခါ ကြည်ညို၍မဝနိုင်အောင်ရှိကြသဖြင့် ရုပ်ရှင်တော်မြတ်အား ၎င်းတို့လက်ရှိတာဝန်ဖြင့်နေထိုင်လျက်ရှိရာ ကျောက်ဆည်မြို့ မြို့နယ်ရဲစခန်းသို့ပင့်ဆောင်ပူဇော်ကြရန်လျှောက်ထား၍ အန်တီအေးထံ ရက်ချိန်းတောင်းခံရယူသွားကြပါသည်။

ကျောက်ဆည်သို့ပြန်ရောက်သော် ဦးမောင်မောင်ဝင်း၏ဇနီး ဒေါ်ဌေးဌေးဦးသည် မိမိတို့၏အထက်အရာရှိဖြစ်သော ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးထွန်း၏ ဇနီး ဒေါ်စန်းရင်ထံသွားရောက်၍ ရုပ်ရှင်တော်မြတ်၏ ထူးခြားသောတန်ခိုးတော်များနှင့်သမိုင်းကြောင်းများကို လည်းကောင်း၊ ရန်ကုန်မြို့တွင် ရုပ်ရှင်တော်မြတ်အား အိပ်မက်ဖြင့်ဖူးတွေ့ခွင့်ရခဲ့သော ဒုရဲအုပ်လေး၏ ညီမအကြောင်းမှစ၍ ဗောဓိညောင်ရွက်ကျရောက်လာပုံအထိပြောပြပြီး မိမိတို့နေအိမ်တွင် ပင့်ဆောင်ပူဇော်ရန် ရက်ချိန်းပါလျှောက်ထားရယူခဲ့ပြီဟု အစီရင်ခံသည့်သဘောမျိုးပြောပြလိုက်ပါသည်။

ဒေါ်စန်းရင်သည်လည်း ဘုရားတရားကို ကြည်ညိုလိုက်စားသူဖြစ်သောကြောင့် ထိုနေ့ညနေမှာပင် ယင်း၏ခင်ပွန်း ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် သမီးလေးပါခေါ်ယူပြီး စဉ့်ကိုင်သို့လာခဲ့ကြပါသည်။ ရုပ်ရှင်တော်မြတ်အား ဖူးတွေ့ရလျှင် ခရိုင်ရဲတပ်ဖွဲ့မှူးမိသားစုသည် ကြည်ညိုသဒ္ဓါစိတ်များဖြစ်ပွားပေါ်ပေါက်၍လာကြကာ မိမိတို့၏နေအိမ်သို့ ပင့်ဆောင်ပူဇော်လိုသောဆန္ဒများ ဖြစ်ပေါ်၍လာကြပါသည်။ ထို့ကြောင့် အန်တီအေးထံ ရက်ချိန်းတောင်းခံယူရပြန်ရာ ထူးခြားသည်ဟု ဆိုရပါမည်။ မြို့နယ်မှူးထက် ရက်စော၍ရရှိသွားကြပါသည်။

သို့ဖြင့် ၂၀၀၅ နေ့တွင် ကျောက်ဆည်ခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအေးထွန်း၊ ဇနီး ဒေါ်စန်းရင်နှင့် ခရိုင်တပ်ဖွဲ့ဝင်မိသားစုတို့သည် ရုပ်ရှင်တော်မြတ်အား စဉ့်ကိုင်မြို့ စာရေးသူတို့နေအိမ်မှ ကျောက်ဆည်မြို့သို့ စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်၍သွားကြပါသည်။ နံနက်ခင်း နေ့ဆွမ်းအမီ လာရောက် ပင့်ဆောင်ကြခြင်း ဖြစ်ပါသည်။ စာရေးသူသည် နေ့လယ်ခင်းမှလိုင်းကားနှင့် လိုက်ပါသွားပါသည်။

ကျွန်တော် ရောက်သွားသော် ရုပ်ရှင်တော်မြတ်အား သက်တော်ထင်ရှား ဘုရားရှင်တို့အား ရည်မှတ်၍ ဆွမ်းများ ဆက်ကပ်နေချိန် ဖြစ်ပါသည်။ ခရိုင်ရဲတပ်ဖွဲ့မှူး၏နေအိမ်မှာ ကျောက်ဆည်မှ တံတားဦးမြို့သို့သွား ကားလမ်းပေါ်၊ ကျောက်ဆည်မြို့ အနောက်ဘက်အထွက် ယန္တရားတပ်နှင့် မျက်နှာချင်းဆိုင်လမ်း၏တောင်ဘက်တွင်ရှိပါသည်။

ဆွမ်းများ ဆက်ကပ် ပြီးစီးသောအခါ ဧည့်သည်များရောက်ရှိလာပြီး တရားဓမ္မများဖြင့် ရွတ်ပွားပူဇော်ကြသည့် ဂုဏ်တော်များဖြင့်လည်း ပူဇော်ကြပါသည်။ ထိုပရိသတ်များအထဲတွင် အမျိုးသမီးရေးရာမှ ဒေါ်စန်းရင်၏ မိတ်ဆွေတစ်ဦးလည်း ပါဝင်ပါသည်။ ကျောင်းဆရာမကြီးတစ်ဦးဟု သိရပါသည်။ ခဏကြာလျှင် ထိုအမျိုးသမီးကြီးမှ ရုပ်ရှင်တော်မြတ်သည် ရောင်ခြည်တော်များ ကွန့်မြူးတော်မူသည်ကို ဖူးတွေ့လိုက်ရကြောင်း ပြောပြပါသည်။ ထိုအခါ စာရေးသူ အပါအဝင် လူအများတို့သည် မတ်တတ်များရပ်လျက် လက်အုပ်များချီကာ ရုပ်ရှင်တော်မြတ်အနီးသို့ တိုးကပ်၍ မျက်နှာတော်ကိုဖူးလျက်ရှိကြပါသည်။ ထိုစဉ် ရုပ်ရှင်တော်မြတ်သည် အနောက်အရပ်တည့်တည့်သို့ သိတင်းသုံးစံပယ်တော်မူလျက်ရှိနေရာမှ အနောက်မြောက်အရပ်သို့ သိသာစွာဆတ်ခနဲ ပြောင်းလှည့်သွားတော်မူသည်ကို စာရေးသူနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး၏ဇနီး အပါအဝင် လူအားလုံးတို့ ဖူးတွေ့လိုက်ကြရပါသည်။

ညနေ(၃)နာရီခန့်တွင် စာရေးသူ စဉ့်ကိုင်သို့ပြန်ရန် နှုတ်ဆက်ပါသည်။ တစ်ခဏအတွင်း ခရိုင်ရဲတပ်ဖွဲ့မှူးမိသားစုနှင့် ဆွေမျိုးပမာရင်းနှီး၍သွားပါသည်။ ဤအိမ်တွင် (၂) ညအိပ် (၃) ရက် သိတင်းသုံး စံပယ်တော်မူမည်ဖြစ်ရာ နောက်ရက်များတွင်လည်း နေ့စဉ်လာရောက်ပါရန် ဒေါ်စန်းရင်မှ စာရေးသူအား ပန်ကြားပါသည်။ ဒုတိယရဲမှူးကြီးအေးထွန်းသည် ဥပမိရုပ်တည်ကြည်ခံ့ညားလှသည့်အပြင် ထိုစဉ်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် (ယခု မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် မဟုတ်ပါ။) ၏ ညီအရင်းဖြစ်နေသောကြောင့် တွေ့စကစာရေးသူသည် မဝံ့မရဲဖြစ်နေသေးသော်လည်း ခရိုင်ရဲတပ်ဖွဲ့မှူးသည် အနေတည်တံ့၍ ပင်ကိုစကားနည်းသူသာ ဖြစ်သော်လည်း ပျော်ပျော်နေတတ်သူဖြစ်ကြောင်း တစ်ခဏအတွင်းမှာပင် သိရှိလိုက်ရပါသည်။

နောက်တစ်နေ့တွင် ညနေပိုင်း၌ ကျွန်တော် သွားရောက်ပါသေးသည်။ ခဏကြာလျှင် အစ်မကြီး ဒေါ်နွဲ့ရီသည် စာရေးသူတို့၏အိမ်ရှေ့ လမ်းကျဉ်းကလေးသာခြားသောအိမ်တွင် အိမ်ငှားနေထိုင်လျက်ရှိသော လယ်ဝေးဇာတိ တောအုပ် ဦးမြင့်သန်း၏ဇနီး ဒေါ်စိုးစိုးညွန့်နှင့် ရောက်ရှိလာပါသေးသည်။ ထိုစဉ်က ကျောက်ဆည် ခ-ရ-ကဥက္ကဋ္ဌမှာ ဒုတိယဗိုလ်မှူးကြီး တင်အုန်းဖြစ်၍ ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် ဘုရားဖူးဖိတ်ကြားထားသော မြို့မိမြို့ဖများ ခရိုင်ရဲတပ်ဖွဲ့မှူးမိသားစု၏ မိတ်ဆွေသင်္ဂဟများ လာရောက်ကြပါသည်။ စဉ့်ကိုင်မြို့ ခေတ်ဆန်သူစားဥယျာဉ်မှ မပေါင်းပေါင်း၏အစ်ကို ကိုမျိုးသက် (တော့ထဲဆောင်



www.burmeseclassic.com

www.burmeseclassic.com

မြို့ ရွှေရတီ၊ ဂီဆဲဗင်းစား သောက်ဆိုင်များပိုင်ရှင်) နှင့် မပေါင်း ပေါင်း၏ ခဲအို (ရွှေကမ္ဘာစားသောက်ဆိုင်များပိုင်ရှင်) တို့ ရောက်ရှိလာပါသည်။ ရုပ်ရှင်တော်မြတ်သည် ထပ်မံ၍ ထူးခြားမှုများ မဖြစ်ပေါ်သေးပါ။ ထိုရဲမှူးကြီးသည် ၎င်း၏ စိပ်နေကျ ကျောက်စိမ်းပုတီးကို ပန်းကန်ပြားတွင်ထည့်၍ ရုပ်ရှင်တော်မြတ်မျက်နှာတော်မူလျက်ရှိရာ အရှေ့မြောက် အရပ် (၂)တောင်ခန့် ကွာဝေးသော နေရာတွင် ချထားလိုက်ပြီး ဤစိပ်ပုတီးပေါ်သို့ ကြွရောက်တော်မူပါဘုရားဟု အဓိဋ္ဌာန်ပြုဆုတောင်းသံကို ကြားလိုက်ရပါသည်။

ကျွန်တော်လည်း အဖော်လိုက်ပါသည့် ကျွန်တော်၏တပည့် တိုက်၊ ကားဆေးသုတ်ဆရာလေး ကိုမောင်နိုင်ကို အားနာသဖြင့် စဥ့်ကိုင်သို့ ပြန်ခဲ့ပါတော့သည်။ နောက်တစ်နေ့နံနက်တွင် ရဲမှူးကြီး၏ဇနီးဒေါ်စန်းရင်မှ ဝမ်းသာအားရ ဖုန်းဆက်ပါသည်။ ရုပ်ရှင်တော်မြတ်သည် ယနေ့နံနက် (၄) နာရီခန့်က တန်ခိုးတော်ဖြင့် ပလ္လင်တော်ပေါ်မှ ကျောက်စိမ်းပုတီးပေါ်သို့ ကြွရောက်တော်မူသွားပြီဟု အကြောင်းကြားပါသည်။

ထို့ကြောင့် ကျွန်တော် နံနက်စောစော ကျောက်ဆည်သို့ လက်သမားနှင့် မှန်အလူမီနီယမ်၊ ကောင်တာဆရာလေး ကိုဝင်းမော်နှင့် သွားရောက်ခဲ့ပါသည်။ ထိုစဥ်က စာရေးသူတွင် ဆိုင်ကယ်မရှိသေးသဖြင့် အဖော်ခေါ်ရခြင်းဖြစ်ပါသည် ။ ရုပ်ရှင်တော်မြတ်သည် ရဲမှူးကြီး၏ ကျောက်စိမ်းပုတီးပေါ်သို့ ကြွရောက်တော်မူလျက်ရှိသည်ကို တင့်တယ်သပ္ပာယ်စွာဖူးတွေ့ရပါသည်။ ထိုစဥ် တံတားဦးမြို့နယ်မှ တန်ခိုးသြဇာကြီးမားတော်မူလှသော အုန်းပင်ဆရာတော် ကြွရောက်တော်မူလာပြီး မိမိကျောင်းတွင် ဆောက်လုပ်လျက်ရှိသော ဓမ္မာရုံကြီးသည် မပြီးနိုင်ဘဲ ခက်ခဲကြန့်ကြာ၍နေပါသည်။ ပုဂ္ဂိုလ်တစ်ဦးမှ ရွှေကျက်ကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်အား ပလ္လင်တော် သွားရောက်လှူဒါန်းရန် ညွှန်ကြားသဖြင့် ရောက်ရှိလာခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဝတ္ထုငွေတစ်သောင်းကျပ် လှူဒါန်းလိုပါသည်ဟု မိန့်ကြားပြီး အခုလို တန်ခိုးတော်များ ချီးမြှင့်နေတဲ့အချိန်မှာ ကိုယ်လိုတဲ့ဆုတွေ တောင်းကြ၊ တောင်းကြတဲ့ဆုတွေ ပြည့်လိမ့်မည်ဟု ဆရာတော်မှ ထပ်ဆင့်မိန့်ကြားသဖြင့် စာရေးသူနှင့်အတူ ဘုရားခန်းရှိလူများအားလုံး ငြိမ်သက်စွာဖြင့် တောင်းဆုများပြုကြပါသည်။ (ခြောက်လခန့်အကြာ အုန်းပင်ဆရာတော်၏ ကျောင်းမှ ဓမ္မာရုံကြီး အောင်မြင်ချောမောစွာ ပြီးစီးသွားသဖြင့် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ရန် လာရောက် လျှောက်ထားပါသည်။)

"ညကလေ ကျွန်မအမျိုးသားလေ တစ်ညလုံး မအိပ်ဘူး။ ဘုရားခန်းထွက်သွားလိုက် အခန်းထဲဝင်လာလိုက် လုပ်နေတာ ည (၂) နာရီလောက်မှာ မစန်း၊ မစန်းနဲ့ ကျွန်မကိုနှိုးပြီး ထွက်ကြည့်ဦး၊ နင်တို့ဘုရား ပလ္လင်ပေါ်မှာ တစ်ဝက်ပဲရှိတော့တယ်။ ပြုတ်ကျတော့မှာဆိုလို့ ကျွန်မသာဘုရားခန်းကိုလိုက်သွားတာ ရွှေကျက်ကူမြတ်စွာဘုရားက ပလ္လင်ပေါ်မှာ တဲတဲလေးပဲရှိတော့တယ်။ ပြုတ်ကျသွားလိမ့်မယ်။ အလယ်ကောင်ပြန်ရွှေ့လိုက်ပါလားလို့ ကျွန်မကပြောတော့ တော်ကလည်း၊ ဒါတန်ခိုးတော်နဲ့ဖြစ်နေတာမကျပါဘူး။ သွားမထိလိုက်နဲ့လို့ပြောပြီး အိပ်ရာထဲပြန်ဝင်ခဲ့တယ်။ သူကတော့ ခဏခဏထွက်ကြည့်နေတယ်။ နောက်ဆုံးအခေါက်မှာတော့ ရွှေကျက်ကူဘုရားဟာ ပလ္လင်ပေါ်မှာ အဖျားစွန်းလေးပဲရှိတော့တယ်တဲ့။ သူလည်း အခန်းထဲရောက် ရောက်ချင်းပဲ စိတ်ကစေ့ဆော်သလိုဖြစ်နေတာနဲ့ ဘုရားခန်းကို ပြန်ထွက်ပြီး ကြည့်လိုက်တော့ စိပ်ပုတီးပေါ်ကို ကြွရောက်နေတာကို တွေ့တာနဲ့ ကျွန်မကို အတင်းအော်ခေါ်တော့တာပဲ။ နာရီကြည့်လိုက်တော့ မနက် (၄) နာရီထိုးပြီ"

ဟု ရဲမှူးကြီး၏ဇနီးဒေါ်စန်းရင်မှ လူအားလုံးကို ရှင်းပြပါသည်။

ဒေါ်စန်းရင်သည် စကားသိပ်မပီသဖြင့် တိုင်းရင်းသူဟုထင်မိသော်လည်း ယောင်လေးပင်ဇာတိ ဖြစ်ကြောင်းနှင့် အသက် (၄၀) ခန့်က လေဖြတ်ဝေဒနာ ဖြစ်ပွားခဲ့၍ စကားဆွံ့သွားခဲ့သည်။ ယခုမှ အခြေအနေကောင်းမွန်လာသည်ဟု သိရပါသည်။ ခဏကြာလျှင် စာရေးသူ ကျောက်ဆည်မှပြန်ခဲ့ပါသည်။

ဤနေ့သည် ခရိုင်တပ်ဖွဲ့မှူး၏နေအိမ်တွင် (၉) နာရီခန့်အထိသာ သီတင်းသုံးစံပယ်တော်မူရမည်ဖြစ်ကာ မြို့နယ်မှူး ဒုတိယရဲမှူး မောင်မောင်ဝင်း၏နေအိမ်သို့ ပင့်ဆောင်ပူဇော်ရန် ကြိုတင်လျှောက်ထားသောနေ့ရက်သို့ ရောက်ရှိ၍လာပြီဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်တွင် သတ်မှတ်ချက်တစ်ခုရှိပါသည်။ ရုပ်ရှင်တော်မြတ်သည် တစ်အိမ်အိမ်၌ ပင့်ဆောင်ပူဇော်လျက်ရှိစဥ် ပလ္လင်တော်ပေါ်မှ အခြားတစ်နေရာရာသို့ တန်ခိုးတော်ဖြင့် ကြွမြန်းရောက်ရှိတော်မူလျက်ရှိပါက လက်ဖြင့်မ,၍ ပလ္လင်တော်ပေါ်သို့ ပြန်လည်မရွှေ့ပြောင်းရပါ။ထို့ကြောင့် နောက်တစ်အိမ်သို့ကူးပြောင်းပင့်ဆောင်ခြင်းမပြုရ။ တန်ခိုးတော်ဖြင့် ပလ္လင်တော်ပေါ်သို့ ပြန်လည်ကြွမြန်းရောက်ရှိတော်မူသွားမှသာ နောက်တစ်အိမ်သို့ ဆက်လက် ပင့်ဆောင်ကြရမည် ဖြစ်ပါသည်။ ရဲမှူးကြီးသည် ထိုအကြောင်းကို သိထားသဖြင့် -

"မောင်မောင်ဝင်းတော့ လာပင့်လည်းအပိုပဲ။ တို့အိမ်မှာ (၂) ရက်ကြာမှ စိပ်ပုတီးပေါ်ကို ကြွသွားတာဆိုတော့ စိပ်ပုတီးပေါ်ကနေ ပလ္လင်တော်ပေါ်ကို ပြန်ရောက်ဖို့ရာလည်း အနည်းဆုံး (၂) ရက်လောက်တော့ကြာမှာပဲ။ အဲဒီတော့ မယ်တော်ကြီး ပြတ်ပြတ်သားသားပြောနော်။ ကျွန်တော်ကတော့ စိပ်ပုတီးပေါ်မှာရှိနေသေးသရွေ့တော့ အပင့်မခံနိုင်ဘူး။ မယ်တော်ကြီးတို့လည်း ကျွန်တော့်အိမ်မှာ အေးအေးဆေးဆေးနေပေါ့"

ဟု ပြောပါသည်။

ဤအကြောင်းအရာတို့ကို ဒုရဲမှူး မောင်မောင်ဝင်းမသိသေးပါ။ ဓမ္မစကြာဝတ်ရွတ်စဥ် ရဲမေအဖွဲ့နှင့် ကားများစီစဥ်၍ ရဲစခန်းအတွင်းမှ ခရိုင်မှူးနေအိမ်သို့ ဦးတည်ထွက်ခွာ၍လာခဲ့ရာ၌ စိတ်များလေးလံလျက် တစ်မျိုးဖြစ်နေသဖြင့် ဘာကြောင့်လဲဟု မတွေးတတ်အောင်ဖြစ်နေမိပါသည်။ ခရိုင်မှူး၏အိမ်သို့ ပင့်ဆောင်ရာ၌ မိမိလည်း စဥ့်ကိုင်သို့လိုက်ပါသွားခဲ့ရာ အသွားရော အပြန်ပါ ဝမ်းသာကြည်နူးခြင်းများ ခံစားရသော်လည်း ယခု မိမိ၏နေအိမ်သို့ ပင့်ဆောင်ရာ၌ ဝမ်းသာပျော်ရွှင်မှုများ မဖြစ်ပေါ်မိသည်မှာ ထူးဆန်းလှသည်။

ခရိုင်တပ်ဖွဲ့မှူး၏နေအိမ်အပေါ်ထပ်တွင် ဘုရားဖူးပရိသတ်များစုံညီစွာရှိနေပါသည်။ ရုပ်ရှင်တော်မြတ်သည် ကျောက်စိမ်းပုတီးပေါ်မှာပင် သီတင်းသုံး စံပယ်တော်မူလျက်ပင်ရှိနေသေး၍ မြို့နယ်မှူးနှင့် ဘုရားပင့်အဖွဲ့သည် ရုပ်ရှင်တော်မြတ်အား ရှိခိုးကန်တော့ပြီး ပြန်ကြရုံသာရှိပါတော့သည်။ လူတို့သည် စိတ်ဝင်စားစွာဖြင့် ရုပ်ရှင်တော်မြတ်သည် အချိန်မီ အခါမီ ပလ္လင်တော်ပေါ်သို့ ပြန်လည် ကြွမြန်းတော်မူမည်လောဟု



www.burmeseclassic.com

www.burmeseclassic.com

မျက်ခြည်မပြတ် ဖူးမြော်လျက်ရှိနေကြပါသည်။ ထိုစဉ် မြို့နယ်မှူး၏ ကားတန်းကြီးသည် ခရိုင်မှူး၏ ကျယ်ဝန်းသော ခြံဝင်းအတွင်းသို့ ဝင်ရောက်လာပြီး (၂)ထပ်အိမ်ကြီး၏ခေါင်းရင်းမှကွေ့၍ ခေါင်းများပြန်လှည့်ကြပါသည်။ကျောက်ဆည်မြို့သည် ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးဒဏ်သင့်မှုနည်းပါးခဲ့ဟန်တူသည်။ ရှေးခေတ်အဆောက်အအုံများ များစွာ ကျန်ရှိလျက်ရှိပါသေးသည်။ ခရိုင်တပ်ဖွဲ့မှူးနေထိုင်သောအိမ်ကြီးမှာလည်း ရှေးဟောင်းအိမ်ကြီးပင်ဖြစ်၍ အပေါ်ထပ်၌ နှစ်ထပ်ပြတင်းပေါက်များပါရှိသည်။ အိမ်အပေါ်ထပ်ဘုရားခန်းတွင်ရှိနေကြသောသူများသည် ကားသံများ၊မမှစကြာရွှတ်ဖတ်သံများကြား၍ ပြတင်းပေါက်များမှတစ်ဆင့် ကားများကို လှမ်း၍ ကြည့်မိလိုက်သည်။ အံ့ချိန်မကြာမြင့်ပါ။ စက္ကန့်ပိုင်းမျှသာဖြစ်ပါသည်။ သတိရ၍ ရုပ်ရှင်တော်မြတ်ကို ပြန်လည် ဖူးတွေ့လိုက်ကြသောအခါ ပလ္လင်တော်ပေါ်သို့ ရောက်ရှိတော်မူလျက်ရှိ၍ အားလုံး ဝမ်းသာအံ့ဩမဆုံးဖြစ်ကြရပါသည်။

မြို့နယ်မှူးလည်း ထိုအခါမှ ပြုံးပျော်နိုင်ပါတော့သည်။ ခရိုင်တပ်ဖွဲ့မှူးသည် ရုပ်ရှင်တော်မြတ်အား ဆက်လက်ပူဇော်ထားရှိလိုသော်လည်း ပလ္လင်တော်ပေါ်သို့ ပြန်လည် ကြွရောက်သွားတော်မူပြီဖြစ်ရာ မြို့နယ်မှူးအား ဆက်လက်ပင့်ဆောင် ပူဇော်ခွင့်ပြုလိုက်ရပါတော့သည်။

ထိုသို့ ရုပ်ရှင်တော်မြတ် ကျောက်စိမ်းပုတီးအပေါ်မှ ပလ္လင်တော်ပေါ်သို့ ပြန်လည်ကြွသွားတော်မူခြင်းမှာ လူအများ၏ရှေ့မှာပင်ဖြစ်ပြီး အလွန်လျင်မြန်လှပါသည်။ ထိုကဲ့သို့ ကြွမြန်းသွားခြင်းကို မြင်လိုက်ရသူတစ်ဦးသာရှိပါသည်။ ထိုသူမှာ ခရိုင်တပ်ဖွဲ့မှူး၏ ကားကိုမောင်းသော တပ်ကြပ် ကိုသူရ၏ သား (၁၀) တန်းကျောင်းသားလေး မောင်စိုးဖြစ်ပါသည်။ ၎င်းသည် ဝမ်းသာလွန်းသဖြင့် ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့လိုက်ရသည်တို့ကို ပြောပြ၍မဝနိုင်အောင်ရှိနေပါသည်။

ဤသို့ဖြင့် ရုပ်ရှင်တော်မြတ်သည် မြို့နယ်မှူး၏နေအိမ် ကျောက်ဆည်မြို့နယ် ရဲတပ်ဖွဲ့စခန်းအတွင်းသို့ ကြွမြန်းရောက်ရှိတော်မူပါသည်။ မြို့နယ်မှူး၏ နေအိမ်တွင်လည်း ညည့်ပရိသတ်တို့ စည်ကားသိုက်မြိုက်ပါသည်။ မြို့နယ်မှူး ဇနီးမောင်နှံ၏ မိဘဆွေမျိုးများသည် ပဲခူးနယ်မှ ရောက်ရှိနေပြီး ကျောက်ဆည်မြို့နယ်ရဲတပ်ဖွဲ့၏ လက်အောက်ခံနယ်မြေတိုက်နယ်ရဲစခန်းများမှ စခန်းမှူးများ၊ ဒုရဲအုပ်များနှင့် အကြပ်တပ်သားများ၏မိသားစုများ၊ ရ-ယ-ကအဖွဲ့ဝင်များနှင့် ကျေးရွာမိသားစုများလာရောက်ဖူးမြော်ကြပါသည်။

အကြောရောဂါသည် ဒုရဲအုပ်ကလေးနှင့် သူ၏ဇနီးတို့လည်း လာရောက်၍ ဝမ်းသာအားရရှိခိုးကန်တော့ကြပြီး ရောဂါအမည်ရှာမရသည့် ဤဝေဒနာများ အမြန်ဆုံးသက်သာပျောက်ကင်းပါစေဟု ဆုတောင်းကြပါသည်။ ထိုစဉ်က ဒုတိယမြို့နယ်မှူးသည် ရဲအုပ်ဦးစိုးဝင်းဖြစ်ပါသည်။ ဦးစိုးဝင်းသည် စခန်းမှူးဘဝနှင့် စဉ့်ကိုင်တွင် အတန်ကြာအောင် နေထိုင်သွားခဲ့ပါသည်။ စဉ့်ကိုင်တွင်ရှိစဉ်က ဦးစိုးဝင်းဇနီးမောင်နှံသည် စာရေးသူတို့နေအိမ်သို့ မလာရောက်ခဲ့ဘူးသော်လည်း ၎င်းတို့၏သမီးအကြီးမကလေးသည် (၉) တန်းနှစ်မှ ဘွဲ့ရသွားချိန်အထိ တစ်ပတ်လျှင် (၂) ကြိမ် (၃) ကြိမ်ခန့် စာရေးသူတို့နေအိမ်သို့ လာရောက်ကာ ပူဇော်ကန်တော့ဆုတောင်းလေ့ရှိသဖြင့် စာရေးသူနှင့် ခင်မင်လျက်ပင်ရှိခဲ့ပါသေးသည်။ ဦးစိုးဝင်းတို့ဇနီးမောင်နှံသည် စဉ့်ကိုင်တွင်ရှိစဉ်က ရုပ်ရှင်တော်မြတ်ထံသို့ မရောက်ဘူးခဲ့သော်လည်း သမီးမှ ပြောပြသဖြင့် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ဂုဏ်တော်တို့ကို သိရှိကြည်ညိုပြီးဖြစ်ပါသည်။ သမီးပင့်ဆောင်ပူဇော်လာသော ရွှေကံ့ကူပုံတော်များကိုလည်း ယနေ့တိုင် နေအိမ်၌ ပူဇော်ထားရှိပါသည်ဟု စာရေးသူအား ပြောပြကြပါသည်။

မြို့နယ်မှူး၏ နေအိမ်တွင်လည်း (၂) ညအိပ် သီတင်းသုံး စံပယ်ရန် ကြိုတင် သတ်မှတ်ခဲ့သော်လည်း ဒုထိယခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးဦးမြင့်လေးမှ တစ်ဆက်တည်း ပင့်ဆောင် ပူဇော်ရန် ရက်တောင်းခံလာပြန်ရာ မယ်တော်ကြီးသည် မြို့နယ်မှူးနှင့် တိုင်ပင်ညှိနှိုင်းကြည့်ရာ မြို့နယ်မှူးသည် ၎င်းအတွက် ရယူထားသော ရက်အတွင်းမှ (၁) ရက် ပေးလိုက်ရပါသည်။ ဤသို့ဖြင့် မြို့နယ်မှူး၏နေအိမ်တွင် ပထမတစ်ရက်ကုန်ဆုံးသွားခဲ့ပါသည်။

နောက်တစ်နေ့နံနက်စောစောတွင် မြို့နယ်မှူး ဦးမောင်မောင်ဝင်း (မယ်တော်ကြီးမှ အိမ်သားများအား ဦးမောင်မောင်ကျော်ဟုခေါ် ဆိုရန် အမည်ပြောင်းပေးထားသည်။) သည် မည်သို့စိတ်ကူးရရှိသည်မသိပါ။ ၎င်း၏ရာထူးတံဆိပ်ကြယ်ပွင့် (၂) စုံ (၁၂) ပွင့်ကို ပန်းကန်ပြားတွင်ထည့်၍စီလိုက်ပါသည်။ ကြယ်ပွင့်များတွင် အကျီပခုံးထောက်အားဖောက်ဆွဲရန် အချွန်ငုတ်များပါသဖြင့် ထောင်မရပါ။ ထို့ကြောင့် ပန်းကန်ပြားနှုတ်ခမ်းတွင် မှေးထောင်၍ ပန်းကန်ပြားအတိုင်းပတ်၍စီထားလိုက်ပါသည်။

ထို့နောက် ဤသို့ သစ္စာပြုဆုတောင်းပါသည်။

"အရှင်ဘုရား၊ တပည့်တော်သည် ဤကြယ်ပွင့်များကို နိုင်ငံတော်အပေါ်တွင် လည်းကောင်း၊ ပြည်သူများအပေါ်တွင် လည်းကောင်း၊ သစ္စာရှိစွာ အမှုတော်ထမ်းရွက်ခဲ့၍ နိုင်ငံတော်မှ ထိုက်တန်စွာ ချီးမြှင့်မှုဖြင့်ရရှိခဲ့ပါသည်ဘုရား။ တပည့်တော်သည် ဤကြယ်ပွင့်များကို အသုံးပြု၍ မည်သူ့ကိုမျှ တရားမဲ့ထိခိုက်နစ်နာအောင် မဆောင်ရွက်ခဲ့ပါဘုရား"

ထိုသို့ သစ္စာပြုပြီး ဗုဒ္ဓအရိပ်ကိုခိုသည့်သဘောဖြင့် ပန်းကန်ပြားကို ရုပ်ရှင်တော်မြတ်နှင့် (၂) တောင်ခန့်ဝေးကွာသောနေရာတွင် ထားရှိလိုက်ပါသည်။

ထိုသို့ကပ်လှူပြီး မကြာမီ သံရွာစခန်းမှ အရေးကြီးကိစ္စဖြစ်ပေါ်လာရာ မသွားမဖြစ်၍ သံရွာသို့ထွက်ခဲ့ရပါသည်။ ဒုတိယနေ့တွင်လည်း မြို့နယ်မှူး၏ နေအိမ်တွင် ဘုရားဖူးညည့်ပရိသတ်များ အထူးစည်ကားလှပါသည်။ ရဲစခန်းလိုင်းအတွင်းရှိ မိသားစုများမှ ၎င်းတို့၏နေအိမ်များတွင် ပူဇော်ထားရှိသည့် ရုပ်ပွားတော်များကို ရွှေကံ့ကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်ထံသို့ ရှင်ငွေ့တော်ခိုလှုံ၍ ဓာတ်တော်ပေါင်းရန် ပို့ဆောင်ထားရှိကြပါသည်။ ပထမနေ့မှစ၍ ထိုရုပ်ပွားတော်များသည် တန်ခိုးတော်များကူးလူးကာ အရပ်မျက်နှာများလှည့်တော်မူခြင်း၊ နေရာပြောင်းရွှေ့ခြင်းများကို ဖူးတွေ့ကြရသဖြင့် ရုပ်ပွားတော်များ၏ ဒါယိကာတို့သည် ဝမ်းသာ ပျော်ရွှင်လျက်ရှိကြပါသည်။

နံနက် (၁၀) နာရီခန့်တွင် မြို့နယ်မှူး၏နေအိမ်ဘုရားခန်းတွင် လူသူပြတ်လပ်ခြင်းမရှိပါ။ ဘုရားကန်တော့သူ၊ ဝင်သူ၊ ထွက်သူ၊ ဝေယျာဝစ္စဆောင်ရွက်သူတို့ဖြင့် လှုပ်ရှားသက်ဝင်လျက်ရှိသည်။ ထိုအချိန်မှာပင် ရုပ်ရှင်တော်မြတ်သည် မြို့နယ်မှူးလှူဒါန်းထားသော ကြယ်ပွင့်များပေါ်သို့ ကြွရောက်တော်မူလာသည်။ လူအများသည် ဝမ်းသာအံ့ဩလျက်



www.burmeseclassic.com

www.burmeseclassic.com

ကြပါသည်။ နေ့လယ် (၁၁) နာရီ ရုပ်ရှင်တော်မြတ်အား နေ့ဆွမ်းဆက်ကပ်ချိန်အမီ ဦးမောင်မောင်ဝင်းပြန်လည်ရောက်ရှိလာပါသည်။ ဦးမောင်မောင်ဝင်းသည် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်များကို ဖူးတွေ့ရသောအခါ ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင်ကျလျက်ရှိပါသည်။ ဦးမောင်မောင်ဝင်းသည် ရဲဝန်ထမ်းဖြစ်သည့်အားလျော်စွာ စေ့စပ်သေချာတိကျလှပါသည်။

"ဒါဟာ ရုပ်ရှင်တော်မြတ်ရဲ့ တန်ခိုးတော်စစ်သာလျှင် ဖြစ်ပါတယ်။ တကယ်လို့ လူကသာ ရုပ်ရှင်တော်မြတ်ကို လက်နဲ့ရွှေ့တင်လိုက်တယ်ဆိုရင် ဒီကြယ်ပွင့်တွေဟာ ဖရိုဖရဲပြိုလဲပြီးနေမှာဖြစ်ပါတယ်။ အခုတော့ ကြယ်(၁၂)ပွင့်စလုံးဟာ တစ်ပွင့်မှမလဲဘဲ ထောင်လျက်တည်နေတာဟာ လူဖန်တီးလို့မရနိုင်တဲ့အချက်ပါပဲ။ (၁၂) ပွင့်လုံးကို ထောင်ပြီးဘုရားကို တင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါဟာ ရုပ်ရှင်တော်မြတ်ရဲ့ တန်ခိုးတော်စစ်မှန်ကြောင်း -- သံသယကင်းအောင်ပြသတော်မူခြင်းပဲ ဖြစ်ပါတယ်"

ဟု ဦးမောင်မောင်ဝင်းမှ ဧည့်ပရိသတ်အား ရှင်းလင်း ပြောကြားပါသည်။

ထိုနေ့ ညနေခင်းမှာပင် ရုပ်ရှင်တော်မြတ်အား ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူးရဲမှူးဦးမြင့်လေး (ရန်ကုန်ဇာတိဟု သိရပါသည်။) တို့၏ နေအိမ်သို့ ဆက်လက်ပင့်ဆောင်ပူဇော်ပါသည်။ ဦးမြင့်လေး၏နေအိမ်မှာ ရဲစခန်း၏အရှေ့ဖျားမှာပင်ရှိပါသည်။ ဦးမြင့်လေးတို့၏နေအိမ်တွင် ရောင်ခြည်တော်များ ကွန့်မြူးပါသည်။ အရပ်မျက်နှာတော် အနည်းငယ် လှည့်ပြောင်းတော်မူပါသည်။ ထိုအိမ်တွင် တစ်ညနှင့် တစ်မနက်သာ ပင့်ဆောင်ပူဇော်ခွင့်ရရှိခဲ့ပါသည်။ နောက်တစ်နေ့နံနက် (၉) နာရီခန့်တွင် စခန်းမှူး၏နေအိမ်မှ ဆက်လက် ပင့်ဆောင် ပူဇော်ပါသည်။

စခန်းမှူးနေအိမ်သည် ရဲစခန်း၏အနောက်ဖျားတွင်ရှိ၍ ဦးမောင်မောင်ဝင်းနေအိမ်၏ တောင်ဘက် တစ်အိမ်ကျော်တွင်ရှိပါသည်။ ထိုအိမ်တွင်လည်း ထူးခြားမှုများ ဖြစ်ပေါ်ပါသေးသည်။ ရုပ်ရှင်တော်မြတ်အထံတော်မှ အလင်းတန်းကြီးသည် အနောက်တောင်ထောင့်အရပ်သို့ ထိုးထွက်သွားပါသည်။ ညဦးပိုင်းအချိန်ဖြစ်၍ လူအများတို့ ဖူးတွေ့လိုက်ကြရပါသည်။ စခန်းမှူးမိသားစုလည်း ဝမ်းသာကြည်နူးကာဂုဏ်ယူမဆုံးဖြစ်ကြပါသည်။

စခန်းမှူး၏နေအိမ်လိုင်းခန်းသည် မြို့နယ်မှူး၏နေအိမ်လိုင်းခန်းထက်ပင် ကျဉ်းမြောင်းသဖြင့် မယ်တော်ကြီးနှင့် အန်တီအေးတို့အတွက် သီးသန့်အိပ်ခန်းစီစဉ်ပေးနိုင်ခြင်းမရှိသဖြင့် အားနာလျက်ရှိကြရာ -

"သာသနာပြုတယ်ဆိုတာ တွေ့ရာကြုံရာမှာ ဖြစ်သလိုနေကြရမှာပဲ။ ကျုပ်တို့အဖို့ ဘာမှမဖြစ်ပါဘူး။ တချို့အိမ်တွေများဆို ဆောင်းတွင်းမှာ စောင်၊ ခေါင်းအုံးစီစဉ်မထားတဲ့အိမ်တွေတောင်မှ ကြုံဖူးတယ်။ ကျုပ်တို့ကို ဆွမ်းကပ်ဖို့မေ့နေတဲ့အိမ်တွေလည်းကြုံဖူးပါတယ်"

ဟု မယ်တော်ကြီးမှ ရယ်မောပြောဆိုကာ စခန်းမှူးမိသားစု၏အားနာမှုကို ပြေပျောက်စေခဲ့ပါသည်။

မယ်တော်ကြီးသည် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြရာ နေရာဌာနတိုင်း၌ ပွင့်တော်မူပြီးကုန်သော ဘုရား၊ ရဟန္တာအပေါင်းအား ရည်မှတ်ပင့်ဖိတ်လျှောက်ထား၍ ရဟန်းသံဃာတော်များအား အမှန်တကယ် ဆွမ်းကပ်တော်မူသည့်အတိုင်း ထမင်းစားပွဲကြီးတွင် ဆွမ်း၊ ဆွမ်းဟင်းများ ပြင်ဆင်၍ နေရာထိုင်များခင်းပြီး ဆွမ်းများကပ်လှူပါသည်။ ထိုသို့ဆွမ်းများမဆက်ကပ်မီ ညကတည်းကကြိုတင်၍ မြတ်စွာဘုရားနှင့် ရဟန္တာတို့အား မနက်ဖြန်တွင် ဆွမ်းဒါယကာ မည်သူမည်ဝါ၊ မည်သည့်မြို့ရွာရပ်ကွက်နေအိမ်မှ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းလိုပါသည်ဟု ကြိုတင်လျှောက်ထား၍ပေးရပါသည်။ ဆွမ်းများပြင်ပြီးမှ ပင့်ဆောင်လျက် သက်ရှိထင်ရှားအဖြစ် အောက်မေ့ပါက မဖြစ်နိုင်ပါ။ အပြင်လက်တွေ့လောကတွင် ရဟန်းသံဃာတော်များအား မိမိတို့၏ နေအိမ်သို့ ဆွမ်းများဆက်ကပ်လိုပါက တစ်ရက်ခန့် အနည်းဆုံး ကြိုတင် လျှောက်ထားကြရသကဲ့သို့ ဘုရား၊ ရဟန္တာများအား ဆွမ်းဆက်ကပ်ရန်လည်း ကြိုတင်၍ လျှောက်ထားကြပါသည်။

ထိုညက မယ်တော်ကြီးတို့သည် အိပ်ခန်းမရှိသဖြင့် ဘုရားခန်းရှေ့မှာပင် အိပ်ကြရပါသည်။ မယ်တော်ကြီးတို့၏ခြေရင်းတွင် စခန်းမှူးဇနီးမောင်နှံ၏အိပ်ခန်းဖြစ်ပါသည်။ မယ်တော်ကြီးတို့သည် ကျောက်ဆည်သို့ ရောက်ရှိနေသည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်ကာ ဘုရားဖူးဧည့်သည်များ စည်ကားလှသောကြောင့် နားချိန်မရ။ အမိဋ္ဌာန်ကျင့်စဉ်များကိုလည်း ပြီးစီးအောင် ဆောင်ရွက်ရသေးသည်။ ထို့ကြောင့် ညစဉ်အိပ်ရာဝင်ချိန်နောက်ကျလှပါသည်။ သီးသန့်အိပ်ခန်းမစီစဉ်နိုင်သောအိမ်များတွင် ပို၍ပင်ပန်းဆင်းရဲပါသည်။ အချိန်ပြည့်ဘုရားခန်းတွင် တငုတ်တုတ်တုတ်နှင့်နေရပါသည်။ ညဉ့်နက်၍ အိမ်ရှင်များ အိပ်ရာဝင်သောအချိန်မှသာ လဲလျောင်းခွင့်ရပါတော့သည်။ ထို့ကြောင့် အန်တီအေးနှင့် မယ်တော်ကြီးတို့တွင် ညောင်းညာကိုက်ခဲသောရောဂါဝေဒနာများ စွဲကပ်လျက်ရှိခြင်း ဖြစ်ပေသည်။

နံနက်အရုဏ်တက်တွင် စခန်းမှူးသည် အိပ်ရာမှနိုးလာပါသည်။ မယ်တော်ကြီးတို့မှာ အိပ်ရာမထသေးသဖြင့် အခန်း၏အပြင်သို့ ထွက်မရသေးပါ။ ထို့ကြောင့် ခန်းဆီးလိုက်ကာစကို ခေါက်တင်၍ အခန်းဝမှပင် (မယ်တော်ကြီးတို့၏ခြေရင်းမှနေ၍) ရုပ်ရှင်တော်မြတ်အား ရိုသေစွာ ရှိခိုးကန်တော့လိုက်ပါသည်။ ထိုသို့ရှိခိုးကန်တော့ရင်း ဝရန်တာဘက်မှ လှုပ်ရှားမှုများ မြင်တွေ့ရလိုက်ရသဖြင့် သေသေချာချာကြည့်လိုက်ရာ ရဟန္တာများ ရှာန်ဖြင့်ကြွလာတော်မူပြီး ဝရန်တာတွင် သက်ဆင်းတော်မူသည်ကို ဖူးတွေ့လိုက်ရပါသည်။ မိမိသည် အိပ်ပျော်နေခြင်းမဟုတ်၍ အိပ်မက်မဖြစ်နိုင်ပါ။ မိမိ၏အမြင်အာရုံမှားခြင်းလောဟု တွေးကာ သေသေချာချာပြန်ကြည့်လိုက်သော်လည်း အမှန်တကယ်ပင် ဖြစ်နေပြန်၍ မယ်တော်ကြီးတို့အား ဤသို့အော်၍နှိုးလိုက်မိပါတော့သည်။

"မယ်တော်ကြီး၊ ဘုရားရဟန္တာတွေကြွတော်မူလာပြီ။ ထပါတော့ခင်ဗျ၊ ထပါတော့ခင်ဗျ"

ထိုအခါမှ မယ်တော်ကြီးတို့လည်း အလျင်အမြန် အလူးအလဲထလိုက်ကြပါသည်။ ထိုအခါ ရဟန္တာများကို မမြင်တွေ့ရတော့ဘဲ ပျောက်ကွယ်သွားပါသည်။ စခန်းမှူးသည် ကြောင်အမ်းအမ်းဖြစ်သွားပြီး -

"ခုနင်က ကျွန်တော် ရဟန္တာတွေကြွလာတာ မျက်စိနဲ့တပ်အပ်ကိုမြင်လိုက်ရပါတယ်။ လျှပ်တစ်ပြက်ကလေးမဟုတ်ပါဘူး၊အချိန်တော်တော်ကြာကြာကို သေသေချာချာဖူးလိုက်ရတာပါ"

ဟု စခန်းမှူးမှ မယ်တော်ကြီးနှင့် အန်တီအေးတို့ကို ရှင်းပြပါသည်။

မြတ်စွာဘုရားနှင့် ရဟန္တာသိန် အရှင်မြတ်တို့သည် ပရိနိဗ္ဗာန်သို့စံဝင်



www.burmeseclassic.com

www.burmeseclassic.com

သွားပြီဖြစ်သောကြောင့် ရုပ်နာမ်ခန္ဓာတို့ ဤလောကတွင် မကျန်ရစ်ပြီ။ သို့သော် ဓာတ်တော်မွေတော်တို့ ကြွင်းကျန်ရစ်ခဲ့၍ ဂုဏ်တော်တန်ခိုးတော်များ ကျန်ရစ်ပါသေးသည်။ ထို့ကြောင့် ယုံကြည်ကိုးကွယ်သူတို့အား သက်တော်ထင်ရှားဘုရားရှင်ကဲ့သို့ စောင့်ရှောက်နိုင်ခြင်းများရှိပါသေးသည်ဟု စဉ့်ကိုင်မြို့နယ် သပြေရိုးကျေးရွာ သရက်တောပရိယတ္တိစာသင်တိုက်မှ သာသနဓဇ ဓမ္မာစရိယနှင့် အခြား (၁၃) ဘွဲ့ရ ရည်မွန်ကျမ်းများ၏ ကျမ်းပြုအရှင် ဦးတေဇာဗလမှ မိန့်ကြားဖူးပါသည်။ စခန်းမှူး၏ ကြည်ညိုယုံကြည်သော သဒ္ဓါစိတ်ကြောင့် ဘုရားရှင်နှင့် ရဟန္တာများ ကြွမြန်းတော်မူလာခြင်းဖြစ်ပါသည်ဟု မယ်တော်ကြီးမှပြောပြပါသည်။

ထိုနေ့ညနေတွင် ရုပ်ရှင်တော်မြတ်သည် စဉ့်ကိုင်မြို့သို့ ပြန်လည် ကြွမြန်းတော်မူပါသည်။ ရုပ်ရှင်တော်မြတ်နှင့် မယ်တော်ကြီးတို့သည် ပင့်ဆောင်ပူဇော်ရာဌာနတိုင်းတွင် နှစ်ခြိုက်အားရပါသည်။ သို့သော် သာသနာပြုခရီးရှည်ကြီးသည်ကား ရှေ့တွင် များစွာကျန်ရှိနေပါသေးသည်။ သို့ပါ၍ အသစ်အသစ်သော ပင့်ဆောင်ပူဇော်ရာဌာနများနှင့် ပုဂ္ဂိုလ်တို့အားလည်း အလှည့်ပေးကာ ကြွမြန်းပေးတော်မူရဦးမည် ဖြစ်သောကြောင့် ကျောက်ဆည်ခရိုင် တပ်ဖွဲ့ဝင်မိသားစုများအားလုံးနှင့် (၇) ရက်တာကာလအတွင်း ရင်းနှီးခင်မင်ချစ်ကျွမ်းဝင်လျက် မခွဲခွာချင်သော်လည်း တွေ့ကြုံ၊ ဆုံ၊ ကွဲ ဖြစ်မြဲဓမ္မတာသဘောကိုလိုက်နာ၍ ကျောက်ဆည်မြို့အားကျောခိုင်းထွက်ခွာကြွတော်မူခဲ့ရပါသည်။

ထို့နောက်တွင် ပင့်ဆောင်ပူဇော်ရာဌာနများသို့ ဆက်လက်ကြွမြန်းအပူဇော်ခံ၍ နေ့ရက်တို့ ကုန်လွန်ခဲ့ရပြန်ပါသည်။ ကျောက်ဆည်မြို့သို့ ပြန်လည်ကြွမြန်းတော်မူရန်အချိန် မကျရောက်သေးသော်လည်း ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှူး၏မိသားစုနှင့် မြို့နယ်မှူးမိသားစုတို့သည် အခါအားလျော်စွာ ရုပ်ရှင်တော်မြတ် စဉ့်ကိုင်မြို့အောင်မြေတွင် စံပယ်လျက်ရှိသောနေ့များတွင် လာရောက်လေ့ရှိကြပါသည်။ မြို့နယ်မှူး၏သမီးကလေး အေးမြတ်မြတ်မွန်သည် ချူချာသောကြောင့် မယ်တော်ကြီးမှ မေးစားလိုက်ကာ ကျင့်စဉ်များပေး၍ တရားဓမ္မအလုပ်များကို လမ်းညွှန်ပေးခဲ့ပါသည်။ အကြောရောဂါရရှိခံစားနေရသော ဒု-ရဲမှူးကလေးမှာလည်း ရောဂါအမည်ရှာဖွေတွေ့ရှိသွား၍ ခွဲစိတ်ကုသမှုခံယူခြင်း၊ မယ်တော်ကြီး၏ လမ်းညွှန်မှုဖြင့် တရားဓမ္မများဖြင့်ကုစားကာ မယ်တော်ကြီး၏ သားအဖြစ်သို့ ခံယူလိုက်ပါသည်။ မကြာမီ အကြောင်းအားလျော်စွာ ကျန်းမာရေးကောင်းမွန်၍သွားပါသည်။

၂၀၀၆ ခုနှစ်သို့ ရောက်သော် ကျောက်ဆည်မြို့ နာရီစင်မှ အရှေ့သို့ သွားသောလမ်းအတိုင်း လိုက်သွားပါက ကျောက်ဆည်မြို့၏ အစွန်ရပ်ကွက် ဖောင်ရွာကိုကျော်ပြီး အရှေ့သို့ဆက်သွားလိုက်လျှင် (၇) မိုင်ခန့်၌ ကျောက်ဆည်စက်ရုံများနယ်မြေကို ရောက်ရှိပါမည်။ ထိုနယ်မြေတွင် စက်မှု(၁)နှင့် ဦးပိုင်လီမိတက်မှ ဘိလပ်မြေ ကြွေထည်၊ မြေထည်၊ စက်ဘီး၊ ဖိနပ်၊ ချိုချဉ်၊ စက်ခေါင်းအစ ရှိသောစက်ရုံများစွာတို့ရှိပါသည်။ တောင်ဘက်၊ အရှေ့ဘက်နှင့် မြောက်ဘက်တို့တွင် မြင့်မားသော တောင်စဉ်တောင်တန်းကြီးများ ဝန်းရံလျက်ရှိပါသည်။ ဆင်မင်း (၂) ဘိလပ်မြေစက်ရုံသည် စက်ရုံများနယ်မြေ၏အရှေ့ဘက်ဆုံးတွင် တည်ရှိသဖြင့် ဓာတ်တော်တောင် (ပွင့်တော်မူပြီးကုန်သော (ဘဒ္ဒကမ္ဘာတွင်) ဗုဒ္ဓ လေးဆူစလုံး တစ်ဝါစီသီတင်းသုံးတော်မူခဲ့သည့် တောင်တော်ထူးဖြစ်သဖြင့် ဆင်မင်း(၂)မှလှမ်း၍မြင်နိုင်ပါသည်။

ဗိုလ်မှူး ခင်အောင်အေး၊ ဇနီး ဒေါ်မြင့်မြင့်ချို (၁၁ လပိုင်း၊ ၂၀၁၁ တွင် ဘဲလင်းစာသင်ကျောင်းအနီး ဆိုင်ကယ်နောက်မြီး၌ မတ်တတ်ရပ်လျက်ရှိစဉ် ကားမှဝင်တိုက်သဖြင့် ကွယ်လွန်သွားပြီဟု သိရပါသည်။) သား ဥက္ကာအောင်အေးနှင့်သမီးနှစ်ဦးတို့သည် မော်လိုက်မြို့တွင် ဗိုလ်မှူးခင်အောင်အေးသည် ခ-ရ-က အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က စာရေးသူတို့၏ အစ်ကိုကြီးဦးမောင်မောင်၊ဇနီးဒေါ်ညွန့်ရီတို့သည်လည်း မော်လိုက်မြို့တွင် မောနင်းစတားကဖေး ဖွင့်လှစ် ရောင်းချနေချိန်ဖြစ်ရာ အစ်ကိုကြီးတို့ဆိုင်နှင့်မျက်နှာချင်းဆိုင် ဗိုလ်တဲအဆောက်အအုံကြီးတွင် ဗိုလ်မှူးတို့မိသားစု နေထိုင်ကြသည်ဖြစ်၍ အိမ်နီးချင်းများအဖြစ် ခင်မင်ရင်းနှီးခဲ့ကြပါသည်။ အစ်ကိုကြီးဦးမောင်မောင်မှ ပြောပြသဖြင့် ဗိုလ်မှူးနှင့် ဇနီး ဒေါ်မြင့်မြင့်ချိုတို့သည် ရုပ်ရှင်တော်မြတ်၏ ဂုဏ်သတင်းများကို သိရှိကြရကာ ဓာတ်ပုံတော်များကို ဖူးတွေ့ကြရပြီး ကြည်ညို၍နေကြသူများ ဖြစ်ပါသည်။

ထို့နောက် ဗိုလ်မှူးသည် ခ-ရ-က တာဝန်မှရပ်နား၍ တပ်မတော် ဦးပိုင်သို့ပြောင်းရွှေ့ တာဝန် ထမ်းဆောင်ရသောအခါ ကျောက်ဆည်မြို့ ဆင်မင်း (၂) ဘိလပ်မြေစက်ရုံသို့ လက်ထောက်စက်ရုံမှူးအဖြစ်ဖြင့် တာဝန်ပေးအပ်ခန့်ထားခြင်းခံရပါသည်။ ကျောက်ဆည်သို့ရောက်လျှင်ရောက်ချင်း စာရေးသူတို့၏ နေအိမ်သို့ရောက်ရှိလာကာ -

"ဦးမောင်တို့၊ မညွန့်ရီတို့နဲ့ ကျွန်မတို့က မောင်နှမတွေလိုခင်ကြတာ။ ဦးမောင်တင်က ဒီဘုရားအကြောင်းကို ပြောပြောပြတယ်။ ကျွန်မတို့လည်း ဖူးချင်နေတာကြာလှပြီ။အခုကျောက်ဆည်ရောက်လာတော့ ဟန်ကျတာပေါ့"

ဟု ဒေါ်မြင့်မြင့်ချိုမှ မိတ်ဆက်စကားပြောပါသည်။ ဒေါ်မြင့်မြင့်ချို၏ သမီးများဖြစ်ကြသော မဇွန်နှင့် မငယ်လေးတို့သည်လည်း စကားပြောသွက်လက်ချက်ချာသဖြင့် တစ်ခဏအတွင်း စာရေးသူတို့မိသားစုနှင့် ခင်မင်ရင်းနှီးသွားခဲ့ပါသည်။ ထို့နောက် စက်ရုံနယ်မြေနေအိမ်သို့ ပင့်ဆောင်ပူဇော်ရန် ရက်ချိန်းတောင်းခံလျှောက်ထားသွားခဲ့ကြပါသည်။

ဤသို့ဖြင့် ရွှေကံကူလေပုံ့သစ်တော် ရုပ်ရှင်တော်မြတ်သည် ဆင်မင်း (၂) ဘိလပ်မြေစက်ရုံသို့ ကြွမြန်းရောက်ရှိတော်မူခဲ့ပါသည်။ ဗိုလ်မှူးခင်အောင်အေးတို့၏နေအိမ်တွင် ရုပ်ရှင်တော်မြတ်သည် ရောင်ခြည်တော်များ ကွန့်မြူးတော်မူပါသည်။ ဗိုလ်မှူးတို့၏ နေအိမ်ရှေ့ဓာတ်ကြိုးတန်းတွင် မလာစဖူး ငှက်ပေါင်းများစွာ ရောက်ရှိခိုနား၍ သာယာသောအသံများ တွန်ကျူးကြပါသည်။ (၂) ညအိပ် (၃) ရက် သီတင်းသုံးတော်မူရာ (၃) ရက်လုံးလုံး ငှက်များလာရောက်ကြပါသည်။

"ကျွန်မတို့ ဒီမှာ ရောက်နေတာ (၂) လလောက်ရှိပြီ။ ကျွန်မလည်း နေအေးသွားရင် ဒီအိမ်အပြင်ဘက်ခုံတန်းပေါ်မှာထိုင်နေကျပါပဲ။ ဒါပေမယ့် ငှက်တွေ ဒီလောက် အများကြီး တစ်ခါမှ မလာရောက်ဖူးပါဘူး"

ဟု မဇွန်မှဝမ်းသာစွာ [illegible]

"မယ်တော်ကြီး ဒီမှာ [illegible]

ဦး။ ဘုရားကျောင်းဆောင် [illegible]

မှာ တောဓိဩောင်ပင် [illegible]

တယ် ထူးဆန်းလိုက်တာ [illegible]



www.burmeseclassic.com

www.burmeseclassic.com

တို့အိမ်ကဗောဓိပင်တွေနဲ့ တစ်ပုံစံတည်းပဲ"

ဟု ဒေါ်မြင့်မြင့်ချိုမှ ပြောကာ မယ်တော်ကြီးနှင့် အန်တီအေးတို့အား ခေါ်ယူပြသပါသည်။ မှန်ပါသည်။ ဗိုလ်မှူး ခင်အောင်အေး၏ နေအိမ်ဘုရားကျောင်းဆောင်မှာ နံရံအပြင်သို့တိုးထွက်၍ပြုလုပ်ထားပါသည်။ထိုဘုရားကျောင်းဆောင်အောက်တည့်တည့်တွင် အရွက် (၄) ရွက်သာရှိသေးသော ရက်သားအရွယ် ဗောဓိပင်ညောင်ပင်ကလေး ပေါက်နေသည်ကို တွေ့ရပါသည်။ (ထိုဗောဓိပင်ကလေး ကြီးပြင်းလာသောအခါ ကျောက်ဆည်မြို့၏အရှေ့တောင်ဘက် စက်ရုံများနယ်မြေ၏အနောက်ရှိ ကျောက်ဆည်မှ စက်ရုံများနယ်မြေသို့လာသော ကားလမ်းတောင်ဘက်ရှိ မြင်စိုင်းမြို့ဟောင်းမှ နန်းဦးစေတီတော်ကြီး၏အရှေ့တောင်ထောင့်တွင် စိုက်ပျိုးပူဇော်ထားရှိရာ ယနေ့အချိန်တွင် အတော်ပင် ကြီးမားလျက်ရှိပြီ ဖြစ်ပါသည်။)

ရွှေကျူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြရာ၌ ဗောဓိပင်များ ပေါက်ရောက်လေ့ရှိကြောင်းကို နောင်တွင် မကြာမကြာသိရှိကြရပါသည်။ ယခုအကြိမ်သည် ပထမဆုံးတွေ့ရှိရခြင်း ဖြစ်ပါသည်။ အချို့နေအိမ်များတွင် ရုပ်ရှင်တော်မြတ် မကြွရောက်မီ ကြိုတင်ပေါက်ရောက်နှင့်၍ အချို့နေအိမ်များတွင် ရုပ်ရှင်တော်မြတ် ကြွရောက်ဆဲတွင် ပေါက်ရောက်လေ့ရှိပြီး အချို့အိမ်များတွင် ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူပြီးမှ ပေါက်ရောက်ခြင်း ဖြစ်ပါသည်။ ထို့နောက်တွင် ကျောက်ပန်းတောင်း၌ လည်းကောင်း၊ နေပြည်တော်၌ လည်းကောင်း၊ ရန်ကုန်တွင် လည်းကောင်း၊ မိတ္ထီလာမြို့တွင် လည်းကောင်း ဗောဓိပင်များပေါက်ရောက်ကြောင်း သိရှိရပါသည်။

ဗိုလ်မှူးခင်အောင်အေး၏နေအိမ်တွင် ပင့်ဆောင်ပူဇော်ထားရှိစဉ် စက္ကူပလတ်စတစ်ပန်းများ တဖြည်းဖြည်းပွင့်အာ၍လာကြပြီး အုတ်နံရံတွင် နတ်သမီး (နဂါးမယ်တော်) ဟု ယူဆရသော ပုဂ္ဂိုလ်တစ်ဦး၏ဦးခေါင်းပိုင်းကို ဓာတ်ပုံရိုက်ကူးရာ၌ ပေါ်ပေါက်၍လာပါသည်။

ဗိုလ်မှူးခင်အောင်အေးတို့၏နေအိမ်တွင်လည်း စက်ရုံမှူးကြီး အပါအဝင် အရာထမ်း၊ အမှုထမ်း ဝန်ထမ်းမိသားစုများနှင့် ဖျောက်ဆိပ်ပင်ကျေးရွာသူရွာသားများပင်လာရောက်ဖူးမြော်ကြသဖြင့် ဧည့်ပရိသတ်များစည်ကားလှပါသည်။ (၂) ညအိပ်၊ (၃) ရက်ရှိလျှင် ဗိုလ်မှူး ခင်အောင်အေးမိသားစုမှ ရုပ်ရှင်တော်မြတ်အား စဉ့်ကိုင်မြို့ ရွှေကျူအောင်မြေ စာရေးသူတို့၏နေအိမ်သို့ ပြန်လည်ပင့်ဆောင်ပေးပို့ခဲ့ပါသည်။

၂၀၀၇ ခုနှစ် နှစ်ဦး လွတ်လပ်ရေးနေ့တွင် ဗိုလ်မှူး ခင်အောင်အေး၊ ဇနီး ဒေါ်မြင့်မြင့်ချိုမိသားစုမှ ရုပ်ရှင်တော်မြတ်အား ဒုတိယအကြိမ်မြောက် ပင့်ဆောင် ပူဇော်ခဲ့ကြပြန်ပါသည်။ ထိုအခေါက်တွင်လည်း ရုပ်ရှင်တော်မြတ်သည် ရောင်ခြည်တော်ကွန့်မြူးတော်မူခြင်း၊ ပြုံးတော်မူခြင်း၊ မျက်လုံးတော်ပွင့်ခြင်း စသော တန်ခိုးတော်တို့ကို ချီးမြှင့်တော်မူပါသည်။ လွတ်လပ်ရေးနေ့ညတွင် စက်ရုံများနယ်မြေတွင် ပျော်ပွဲရွှင်ပွဲများပါဝင်ရာ ဂီတဖျော်ဖြေရေးလေးပါဝင်သဖြင့် ရန်ကုန်မှ နိုင်ငံကျော် အဆိုတော်များ ပါဝင်ရာတွင် မန္တလေးသိန်းဇော်လည်း ပါဝင်ခဲ့ပါသည်။ ထိုစဉ်က မန္တလေးသိန်းဇော်သည် မြတ်ဆုမွန်၊ ရွှေပွင့်လွှာနှင့် ရွှေပြည်တန်အခွေတို့အောင်မြင်ကျော်ကြားနေချိန် ဖြစ်ပါသည်။ ထိုအခါ အစ်မအေးမှ မန္တလေးသိန်းဇော်အား-

ရွှေကျူဖြစ်တော်စဉ်သမိုင်းတွင် ကိုသိန်းဇော်၏ သီချင်းများကို ကျွန်မ၏မောင်လေး (ဆရာဘိုဘို) မှ အသုံးပြုထားသည့်အတွက် ယခုကဲ့သို့ ကြုံကြိုက်တုန်း ခွင့်ပြုပါရန် တောင်းခံပါသည်ဟု ပြောကြားလျှင် မိမိ၏ ဓမ္မသီချင်းများသည် ဘာသာရေးနှင့်ပတ်သက်သော နေရာတိုင်းတွင် သုံးစွဲလျက်ရှိသည်ကို တွေ့ရ၍ဝမ်းသာပါသည်။ မြတ်ဆုမွန်တေးသီချင်းများသည်ပင် အခကြေးငွေမယူဘဲ မေတ္တာဖြင့် သီဆိုပေးထားပါသည်။ ထို့ကြောင့် ခွင့်ပြုပါသည်ဟုပြောကြားပါသည်။ မိမိသည် ဓမ္မာရုံ (ဘဲလင်းတွင် ဆောက်လုပ်သည်) ကြီးကို မိမိ၏အနုပညာဖြင့် ရှာဖွေစုဆောင်းရရှိသောငွေများနှင့် လှူဒါန်းပြီးမှ အိမ်ဆောက်ခြင်းဖြစ်၍ အိမ်ပင်အပြီးမသတ်ရသေးကြောင်း၊ မိမိ၏ ဇနီး ဒေါက်တာချိုအေးဟန်မှာလည်း ကျိုက်ထီးဆောင်းဆရာတော်ကြီးအား ကျန်းမာရေးစောင့်ရှောက် ဝတ်ဖြည့်လျက်ရှိကြောင်းတို့ကို ဆက်လက်ပြောပြပါသည်။

နောက်တစ်နေ့တွင် ဗိုလ်မှူး ခင်အောင်အေးနှင့် ဒေါ်မြင့်မြင့်ချိုတို့ ကိုးကွယ်သော စဉ့်ကိုင်မြို့ မြို့သစ်ရပ်ကွက် သက်လွတ်ကျောင်းမှ အကြားအမြင်ပေါက်လျက်ရှိသည့် ဦးပဥ္စင်းလေး ဦးဩသဋ္ဌနှင့် ရွှေပုတီးကိုယ်တော်လေးတို့ ဘုရားဖူးရောက်ရှိလာပါသည်။ ရုပ်ရှင်တော်မြတ်အား ဖူးမြော်ကန်တော့ကြပြီး မယ်တော်ကြီးနှင့် တရားဓမ္မများ ဆွေးနွေးကြပါသည်။ နေ့လယ်ပိုင်းတွင် ဗိုလ်မှူးတို့မိသားစုမှ ကိုးကွယ်အားထားသော နိုင်ငံကျော် ဝိဇ္ဇာဓရ အတတ်ပညာရှင် အဘဦးအေးကို (မြစ်သားမြို့နယ် မုံတောကြီးရွာသည် ဇာတိနေရပ်ဖြစ်၍ မင်းကွန်းတောင်ရိုးတွင် ဘုရားတည်၊ ကျောင်းဆောက်၊ ကထိန်ခင်း၊ ရဟန်းခံ သာသနာပြုလျက်ရှိသည်။) ရောက်ရှိလာပါသည်။ ရုပ်ရှင်တော်မြတ်အား ကြည်ညိုသည့်အပြင် မယ်တော်ကြီးအား လေးစားပါသည်။

"ငါတို့တောင် (၉) ပါးသီလစောင့်ဖို့ဆိုတာ မလွယ်ဘူး။ မယ်တော်ကြီးကရာသက်ပန်ဆိုတော့ တကယ့်ကို ပါရမီထူးတယ်။ နင်တို့ဆည်းကပ်ကြ"

ဟု ဒေါ်မြင့်မြင့်ချိုကို မှာကြားပါသည်။ ထို့နောက် ရုပ်ရှင်တော်မြတ်အား မိမိနေထိုင်ရာ မြစ်သားမြို့နယ် ဖုံတောကြီးကျေးရွာသို့ ပင့်ဆောင် ပူဇော်လိုပါသည်။ သင့်တင့်သောရက်တွင် စီစဉ်ပေးပါဟု အန်တီအေးအား ပြောကြားပါသည်။

ထို့နောက်တွင် ရုပ်ရှင်တော်မြတ်သည် စဉ့်ကိုင်မြို့သို့ ပြန်လည်ကြွမြန်းရောက်ရှိတော်မူခဲ့ပြန်ပါသည်။ အစီအစဉ်အတိုင်း ကြိုတင်လျှောက်ထားရက်ချိန်းတောင်းခံထားသူ မြို့ရွာဒေသအနှံ့အပြားသို့ လှည့်လည် လိုက်ပါ ကြွမြန်းအပူဇော်ခံလျက်ရှိကာ ကျောက်ဆည်မြို့သို့ ကြွမြန်းတော်မူရန် အလှည့်မကျဘဲ ရှိနေခဲ့ပြန်ပါသည်။

ထိုသို့ဖြင့် ၂၀၀၈ ခုနှစ်သို့ရောက်ရှိလာခဲ့ပြန်ပါသည်။ ထိုအချိန်တွင် ကျောက်ဆည်မြို့ ဖောင်ရွာ၏ အရှေ့ဘက်တွင် တောင်နံ့သာရွာရှိပါသည်။ တောင်နံ့သာရွာ၏ အရှေ့ဘက်တွင် ဒက်ကတောင် ကွက်သစ်အိမ်ရာများချထားပေးရာ ဝန်ထမ်းများအား ဦးစားပေးစနစ်ဖြစ်သောကြောင့် ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မှူးတို့သည် အိမ်ရာကွက်များရရှိကြပါသည်။ ခရိုင်ရဲတပ်ဖွဲ့မှူးဦးအေးထွန်းနှင့် မြို့နယ်မှူးတို့သည် နောင်တစ်ချိန်တွင် တာဝန်မှအငြိမ်းစားယူသောအခါ ကျောက်ဆည်မြို့တွင် အခြေချနေထိုင်



www.burmeseclassic.com

www.burmeseclassic.com

ရန် ရည်ရွယ်၍ တစ်ပိုင်တစ်နိုင် အိမ်တာလေးများ ဆောက်လုပ်ကြပါသည်။ ထိုအိမ်များဆောက်လုပ်ပြီးစီးသောအခါ အိမ်သစ်တက်ပွဲ ကျင်းပပြုလုပ်ကြပါသည်။ ထိုအိမ်သစ်တက်ပွဲတွင် ရွှေကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ကြပါသည်။

ထိုအိမ်သစ်တက်မင်္ဂလာများတွင် မယ်တော်ကြီးတို့သည်လည်း ကျောက်ဆည်မြို့မှ မိတ်ဆွေဟောင်းများနှင့် ပြန်လည် ဆုံတွေ့ကြရသဖြင့် ဝမ်းသာပျော်ရွှင်ကြပါသည်။လာရောက်နှုတ်ဆက်ကြသူများကိုလည်း လူစေ့အောင်ပြန်လည်နှုတ်ဆက်ကြရပါသည်။

ဤတစ်ကြိမ်တွင်တော့ ရုပ်ရှင်တော်မြတ်အား သီးခြားပင့်ဆောင်ပူဇော်ကြခြင်းမျိုး မဟုတ်ပါ။ အမိဌာန်ပြည့်မြောက်ကာ အိုးအိမ်တိုက်တာများရရှိသွားကြ၍ ပင့်ဆောင်ပူဇော်ကြခြင်း ဖြစ်၍ အိမ်ရှင်တို့သည်လည်း အိမ်သစ်တက်မင်္ဂလာသို့ ကြွရောက်လာကြသော မိတ်သင်္ဂဟများအား ဧည့်ဝတ်ကျေပွန်စေရေး၊ ဧည့်ခံကျွေးမွေးရေးတို့တွင် အာရုံစိုက်နေကြရသဖြင့် ရုပ်ရှင်တော်မြတ်အား အထူးတလည် ပူဇော်နိုင်ခြင်း မရှိကြပါ။ ထို့ကြောင့် ရုပ်ရှင်တော်မြတ်သည် ထူးထူးခြားခြား တန်ခိုးတော်များ ချီးမြှင့်တော်မူခြင်းမရှိပါ၊ အိမ်သစ်တက်မင်္ဂလာနှစ်ခုသည် တစ်ခုနှင့်တစ်ခု (၃)လ မျှကွာခြားပါသည်။ စာရေးသူသည် အားပေးသောအနေဖြင့် ထိုနှစ်အိမ်စလုံးသို့ အိမ်သစ်တက်မင်္ဂလာပြုလုပ်သောနေ့များတွင် တက်ရောက်ခဲ့ပါသေးသည်။

ထို့နောက်တွင် ရုပ်ရှင်တော်မြတ်သည် ကျောက်ဆည်မြို့သို့ ကြွရောက်တော်မူခြင်းမရှိဘဲ နှစ်များကုန်လွန်ခဲ့ရပါသည်။ ဤသို့ဖြင့် ၂၀၁၁ ခုနှစ်သို့ ရောက်ရှိလာခဲ့ပါသည်။ ဤအချိန်တွင် ခရိုင်တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသည် သက်ပြည့်အငြိမ်းစားယူသွားပြီဖြစ်ကာ ကျောက်ဆည်မြို့ ငှက်ကတောင်ရပ်ကွက်မှာပင် အခြေချနေထိုင်လျက်ရှိပြီး မြို့နယ်မှူး ဦးမောင်မောင်ဝင်းသည် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း နန်းယွန်းမြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ဇနီးသည် ဒေါ်ဌေးဌေးဦးသည် သားသမီးနှစ်ဦးနှင့် ကျောက်ဆည်မြို့ ငှက်ကတောင်ရပ်ကွက်မှာပင် နေထိုင်ကျန်ရှိရစ်ပါသည်။

စခန်းမှူး ဦးမြင့်အောင်၊ ဇနီး မသီတာတို့သည်လည်း ပျော်ဘွယ်မြို့နယ်အတွင်းရှိ ညောင်ပုရဲစခန်းသို့ ရောက်ရှိသွားပါသည်။ အောက်ပိုင်းသေမတတ် အကြောရောဂါခံစားခဲ့ရသော ဒု-ရဲအုပ်ကလေးသည်လည်း မကွေးတိုင်းဒေသကြီးအတွင်းသို့ ပြောင်း၍ တာဝန်ထမ်းဆောင်ရကြောင်း သိရပါသည်။ ၇-၁၁-၂၀၁၁ နေ့က မန္တလေးမြို့ ရဲမွန်တောင်ရပ်ကွက်တွင် အောင်စိမ်းပြည့်ဖြိုးအောင် ကျောက်မျက်ကုမ္ပဏီ ဦးကျော်ငြိမ်း၊ ဇနီး ဒေါ်နီနီဝင်းတို့မှ ပင့်ဆောင် ပူဇော်ခဲ့ကြပါသည်။ စစ်ကိုင်းမြို့သို့ ပြန်လည်ကြွမြန်းရာ၌ မန္တလေးမြို့ ကျွဲဆည်ကန်လမ်းမကြီးပေါ်ရှိ မန်းမြို့တော်လက်ဖက်ရည်နှင့် စားဖွယ်စုံဆိုင်ကြီးသို့ ခေတ္တဝင်ရောက်စဉ် ဒု-ရဲအုပ်ကလေး အောင်ကျော်မြင့်နှင့် ဇနီး မယ်သင်းတို့သည် မယ်တော်ကြီးအား လာရောက် နှုတ်ဆက်၍ သားတို့ကို မှတ်မိပါသလားဟု မေးမြန်းရာတွင် မယ်တော်ကြီးသည် ၎င်းတို့၏အမည်များကိုရွတ်ပြလိုက်သဖြင့် ဝမ်းသာကျေနပ်သွားကြပါသည်။ ဤသည်မှာ မယ်တော်ကြီး၏ ထူးခြားလှသော မှတ်ဉာဏ်ကောင်းမှုပင်ဖြစ်ပါသည်။ ဤဒု-ရဲအုပ် ဇနီးမောင်နှံနှင့် တွေ့ဆုံခဲ့ရသည်မှာလည်း တဒင်္ဂမျှသာဖြစ်ပြီး တစ်ကြိမ်တစ်ခါမျှ မတွေ့ကြရတော့သည်မှာလည်း (၅) နှစ်ကျော်မျှကြာညောင်းခဲ့ပြီဖြစ်သော်လည်း မယ်တော်ကြီးသည် မှတ်မိ၍နေဆဲဖြစ်ပါသည်။ ယခုကဲ့သို့ ကျန်းမာရွှင်လန်းစွာဖြင့် တွေ့ရှိရသဖြင့် ဝမ်းသာကြောင်း မယ်တော်ကြီးမှ ပြောကြားခဲ့ကြောင်း သိရပါသည်။

ဤသို့ဖြင့် ၂၀၁၁၊ (၆) လပိုင်းတွင် ရုပ်ရှင်တော်မြတ်သည် ရန်ကုန်နှင့် မြန်မာပြည်အောက်ပိုင်း ခရီးစဉ်များမှ စစ်ကိုင်းမြို့သို့ ပြန်လည် ကြွမြန်းတော်မူလာပါသည်။ ခါတိုင်းနှစ်များဆိုလျှင် တစ်နှစ်တာအောက်မြန်မာပြည်ခရီးစဉ် ပြီးဆုံးခဲ့ပြီဖြစ်သော်လည်း (၈) လပိုင်းတွင် စင်ကာပူနိုင်ငံသို့ ကြွမြန်းတော်မူရမည်ဖြစ်သောကြောင့် ရန်ကုန်သို့တစ်ခေါက် ပြန်လည် ကြွမြန်းတော်မူရမည် ဖြစ်ပါသည်။ မူလက ရန်ကုန်မှပြန်မလာတော့ဘဲ စင်ကာပူသို့ ဆက်လက် ကြွမြန်းရန် စီစဉ်ခဲ့သော်လည်း မယ်တော်ကြီး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားကို အသစ်ပြုလုပ်ရန်ရှိသောကြောင့် ခေတ္တ (ရက်-၂၀ တိတိ) ကြွမြန်းတော်မူခဲ့ခြင်း ဖြစ်ပါသည်။ မယ်တော်ကြီး၏မှတ်ပုံတင်ကတ်ပြားနှင့် ပတ်သက်၍ နေပြည်တော်မှ ပိုလိပ်မှူးကြီးသိန်းဆင့်၊ ဇနီးဒေါ်အေးအေးမြင့် (ငြိမ်း-စစ်သူနာပြု-ဗိုလ်မှူး)၊ ဗိုလ်မှူးကြီးရဲထွန်းဦးနှင့် ဦးညီညီသိန်းဇော်၊ ခရိုင်လဝကဦးစီးမှူးဗိုလ်မှူး(ငြိမ်း)စန်းအောင်နှင့် စစ်ကိုင်းမြို့နယ် လဝကဦးစီးမှူးနှင့် ရုံးအဖွဲ့သားများမှ စေတနာအပြည့်ဖြင့် ကူညီ ဆောင်ရွက်ပေးကြသောကြောင့် (၂) ရက်တည်းနှင့် ပြီးစီးသွားခဲ့ပါသည်။

ရုပ်ရှင်တော်မြတ်သည် ခေတ္တခဏတာမျှသာ စစ်ကိုင်းသို့ ပြန်လည် ကြွမြန်း ရောက်ရှိတော်မူခြင်း ဖြစ်ပါသော်လည်း ပင့်ဆောင် ပူဇော်လိုသူများမှ ကြိုတင်စောင့်စားကာ တောင်းပန်လျှောက်ထားသဖြင့် ဒေသစာရီခရီးစဉ်များကြွမြန်းတော်မူခဲ့ရပြန်ပါသည်။

စစ်ကိုင်းမြို့သို့ ရုပ်ရှင်တော်မြတ် ခေတ္တ ပြန်လည် မကြွရောက်လာမီ တစ်ပတ်ခန့်အလိုတွင် ခေတ်ဆန်သူ စားဥယျာဉ် - မပေါင်းပေါင်းမှ ပြောပါသည်။ ကျောက်ဆည်မြို့ စက်ရုံများနယ်မြေ စက်မှု (၁) ဝန်ကြီးဌာန မှန်စက်ရုံမှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်လို၍ စုံစမ်းရန် ကိုကျော်ကျော်စိုး (မားသား (စ်) ကုမ္ပဏီ) မှ ရောက်ရှိလာ၍ မေးမြန်းသဖြင့် စာရေးသူထံ လမ်းညွှန်လိုက်သည်။ ထို့နောက် လက်ထောက်စက်ရုံမှူး(ဗိုလ်မှူး/ငြိမ်း) ကိုကျော်စွာဝင်းနှင့် ဇနီးတို့ ရောက်ရှိလာပါသည်။

ကိုကျော်စွာဝင်းသည် ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ပါသည်။ ၎င်းသည် သပိတ်ကျင်းမြို့နယ် ကျောက်ကြီးကျေးရွာအနီးရှိ နည်းပညာတပ်တွင် တာဝန်ထမ်းဆောင်စဉ် တပ်မှူးဗိုလ်မှူးကြီးသောင်းရွှေ ဇနီး ဒေါ်နန်းခင်အုန်းတို့မှ (၃)ကြိမ်ပင့်ဆောင်ရာ (၂) ကြိမ်တိတိမိမိသည် ထိုတပ်ထဲမှာပင် တာဝန်ထမ်းဆောင်နေ၍ သိမီဖူးတွေ့ခဲ့ရပါသည်။ ယခုတပ်တွင်ကျန်ခဲ့သော ဗိုလ်မှူးကျော်စွာဝင်း(ကျောက်ဆည်)သည် တစ်ပတ်စဉ်တည်းသူငယ်ချင်းများဖြစ်ကာ တစ်တပ်တည်းတွင် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ဗိုလ်မှူးကျော်စွာဝင်းမှ သူသည် စာရေးသူနှင့် ခင်မင်ရင်းနှီးပါသည်၊ အကျိုးအကြောင်းပြောပြပါ။ အမြန်ဆုံး ပင့်ဆောင်ခွင့်ရရှိရန် စီစဉ်ပေးပါလိမ့်မည်ဟု မှာကြားလိုက်ကြောင်း စာရေးသူအား ပြောပြပါသည်။ ထို့ကြောင့် စာရေးသူလည်း အစ်မဒေး [illegible] ဒေး)ထံဖုန်းဆက်၍ [illegible] တင်ပြပေးရာ စစ်ကိုင်း [illegible] အခြားပင့်ဆောင်ပူဇော် [illegible]



www.burmeseclassic.com

www.burmeseclassic.com

ပြီးကြသူများပါအားလုံးပြေလည်ကျေနပ်စေရန်ဆောင်ရွက်ပေးမည်ဟုအကြောင်းပြန်ပါသည်။

စက်ရုံနယ်မြေများသည် ယခင်က လူသူသွားလာမှုနည်းပါးရာ ယာခင်းများနှင့် ဖုံးဆိုးတောများသာဖြစ်ပါသည်။ ထိုနေရာတွင် မျက်စိဖြင့် မြင်နိုင်သော ကျေးငှက်တိရစ္ဆာန်၊ ပိုး၊ ချ၊ ပုရွက်ဆိတ်စသော သတ္တဝါတို့ များစွာနေထိုင်လျက်ရှိသကဲ့သို့ မျက်စိဖြင့် မမြင်ရသော နာမ်လောကသားတို့လည်း (အခြားဘုံသားများကို ဆိုလိုပါသည်။) အများအပြားရှိနေမည်မှာ ဗုဒ္ဓ၏ဟောကြားချက်များနှင့် အညီ ယုံကြည်ရပေမည်။ ခေတ်ကြီးမည်မျှပင် ပြောင်းလဲတိုးတက်သွားစေကာမူ သဘာဝတရားနှင့် အရှိတရားတို့သည်ကား ပြောင်းလဲမည် မဟုတ်ပေ။ ရှေးထုံးကိုလည်း ပယ်ရန် ခက်ခဲပါသည်။ သရဏဂုံသီလကို မထိခိုက်ပါက ကိုယ်လုပ်သောလုပ်ငန်းတစ်ခု အောင်မြင်စေရေး၊ အန္တရာယ်ကင်းရှင်းစေရေးတို့ကို အကြောင်းပြု၍ ကန်တော့ပွဲထိုးခြင်းဓလေ့သည် ယနေ့တိုင် တည်ရှိလျက် နောင်တွင်လည်း တည်ရှိနေဦးမည် ဖြစ်ပါသည်။ ထို့အတူ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြရာ၌ ဘေးရန်အန္တရာယ်ကင်းရှင်းသည်ဟု ယုံကြည်ပါသည်။

ထို့ကြောင့် မှန်စက်ရုံမှူး (ဗိုလ်မှူး၊ ငြိမ်း-တပ်မတော်လေ) ဦးစောအောင်၊ ဇနီး ဒေါ်သန်းသန်းဝင်းတို့သည် စက်ရုံမိသားစုများ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် မိမိတို့မိသားစုလည်း ပူဇော်ကြည်ညိုနိုင်ရန်၊ အများသူငါလည်း ဖူးမြော်ကြရရန် ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်အား မှန်စက်ရုံသို့ ပင့်ဆောင်ရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရပါသည်။

မယ်တော်ကြီးတို့ စဉ့်ကိုင်သို့ ရောက်ရှိလာသော (ဗိုလ်မှူး/ငြိမ်း) ကိုကျော်စွာဝင်းနှင့် ဗိုလ်ကြီးတစ်ဦး ရောက်ရှိလာ၍ (ထိုဗိုလ်ကြီးသည် အသက်(၃၀)ခန့်သာရှိသေး၍ ရှေ့တန်းတစ်နေရာတွင် သောင်းကျန်းသူတို့၏ဗုံးဆန်ထိမှန်သဖြင့် မျက်စိတစ်ဖက်စွန့်လှူလိုက်ရသောကြောင့် စစ်ဘက်မှ အရပ်ဘက်သို့ ပြောင်းလဲ တာဝန်ပေးအပ်ရာ သတ်မှတ်ရက် ကျန်ရှိသေး၍ ယူနီဖောင်းပင် မချွတ်ရသေးပါ။) ရက်ချိန်းအတိအကျ ညှိနှိုင်းသတ်မှတ်ကြပြီး ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ရာတွင်လည်းကောင်း၊ ရုပ်ရှင်တော်မြတ်အား ကိမ်းဝပ်စံပယ်တော်မူလျက်ရှိစဉ်ကာလများတွင် လည်းကောင်း မည်သို့စီစဉ်ဆောင်ရွက်ကြရန်နှင့် မယ်တော်ကြီးနှင့် အန်တီအေးတို့အတွက် မည်သို့စီစဉ်ထားရှိဆောင်ရွက်ကြရမည် စသည်တို့ကို မေးမြန်းမှတ်သားပါသည်။

ထို့နောက် စက်ရုံအတွင်းရှိ ဓမ္မာရုံအနီး၌ ဗောဓိပင်စိုက်ပျိုးပူဇော်ရန် အင်္ဂတေဖြင့် ပလ္လင်တော်ပြုလုပ်စီစဉ်ပြီးဖြစ်ပါသည်။ ရွှေကံကူအောင်မြေမှ အလိုအလျောက် ပေါက်ရောက်သော ဗောဓိပင်များကို မည်သူမဆို ပင့်ဆောင်ပူဇော်စိုက်ပျိုးနိုင်ကြောင်း သူငယ်ချင်းကျော်စွာဝင်းထံမှ ကြားသိရပါသည်။ နည်းပညာတပ်တွင် စိုက်ပျိုးပူဇော်ထားရှိသော ဗောဓိပင်မှာလည်း ရွှေကံကူအောင်မြေမှ ဗောဓိပင်ဟု သိရပါသည်။ ထို့ကြောင့် ရွှေကံကူအောင်မြေမှ ဗောဓိပင်အား ပင့်ဆောင်ပူဇော်ခွင့်ပြုရန် မယ်တော်ကြီးထံသို့ တောင်းခံလျှောက်ထားရာ မယ်တော်ကြီးမှ ဗောဓိပင်အား လှူဒါန်းပါမည်။ သင်္ဘာက်ခါတွင် ကန်တော့ပွဲဖြင့် လာရောက် ပင့်ဆောင်နိုင်ကြောင်း ပြောကြားပါသည်။ ထို့နောက် စာရေးသူအား မြေပေါ်တွင် အလိုအလျောက် ပေါက်နေသော ဗောဓိညောင်တစ်ပင်ကို အိုးအတွင်းသို့ ပြောင်းရွှေ့ထားနှင့်ရန် တာဝန်ပေးအပ်သဖြင့် ရွှေကံကူအောင်မြေတွင် သန့်ရှင်းရေးမှအစ ဝေယျာဝစ္စများကို ကုသိုလ်ယူဆောင်ရွက်လျက်ရှိသော စဉ့်ကိုင်မြို့ ရန်နိုင်ရပ်ကွက်မှ ငှက်ပျောသီးနှင့်ကုန်စိမ်းပွဲစား ကိုဆန်းဝင်းကို စာရေးသူမှ ထပ်ဆင့်ညွှန်ကြားကာ အိုးအတွင်းသို့ ပြောင်းရွှေ့ပင့်ဆောင်ထားရှိလိုက်ပါသည်။

ဗောဓိပင်ပင့်ဆောင်သောနေ့တွင် ကိုကျော်စွာဝင်းနှင့် ဗိုလ်ကြီးတို့နှစ်ဦးပင် ရောက်ရှိလာပါသည်။ ထိုနေ့က မယ်တော်ကြီးအတွက် မှတ်ပုံတင်ကိစ္စအဝဝကို ကိုကျော်စွာဝင်းတို့မှ မယ်တော်ကြီးနှင့် စာရေးသူတို့အား မြို့နယ် ခရိုင် လ-ဝ-ကရုံးများသို့ လိုက်လံပို့ဆောင်ကာ ကူညီဆောင်ရွက်ပေးခဲ့ကြသဖြင့် သွားရေးလာရေးမှအစ လွယ်ကူချောမောကာ ပြီးစီးရရှိသွားခဲ့ပါသည်။

ဤသို့ဖြင့် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ခွင့်ရရှိသောနေ့သို့ ရောက်လာခဲ့ပါသည်။ စက်ရုံမှူး ဦးစောအောင်နှင့် ဝန်ထမ်းမိသားစုများသည် ရုပ်ရှင်တော်မြတ်အား ခမ်းခမ်းနားနားဖြင့် စည်ကား သိုက်မြိုက်စွာ ပင့်ဆောင်ကြပါသည်။ မှန်စက်ရုံကြီးသည် ဝန်ထမ်းဦးရေထောင်ချီ၍ရှိသဖြင့် ကိုယ့်ပရိသတ်နှင့်ကိုယ်ပင် စည်ကားလျက်ရှိပါသည်။ ရုပ်ရှင်တော်မြတ်၏ဂုဏ်တန်ခိုးတို့သည်လည်း ပျံ့နှံ့ကျော်ကြားလျက်ရှိနေသောကြောင့် ဖူးလိုသူများပေါများလျက်ရှိရာ ဘုရားဖူးဧည့်သည်ပရိသတ်တို့မှာ မထင်မှတ်ဘဲ အံ့ဩရလောက်ပင်များပြားလွန်းလှပါသည်။

ပင့်ဆောင် ပူဇော်သောနေ့က ကိုကျော်စွာနှင့် ဝေယျာဝစ္စခေါင်းဆောင်အဖွဲ့တို့သည် နံနက်စောစော အဆာပြေစားသောက်မှုနှင့် တစ်နေကုန်ပြီးသွားရသည်။ ဧည့်သည်များဆက်တိုက်ရောက်ရှိလာသဖြင့် ထမင်းစားချိန်၊ ရေချိုးချိန်ပင် မရရှိဘဲ ည (၉) နာရီခွဲမှထမင်းစားရသည်။ သို့သော် ရုပ်ရှင်တော်မြတ်၏ ဝေယျာဝစ္စများကို ဆောင်ရွက်လုပ်ကိုင်နေရသဖြင့် [illegible]စားရမှန်းမသိပါ။ ထမင်းလည်းမဆာပါဟုပြောကြပါသည်။

ရုပ်ရှင်တော်မြတ်သည် ဓမ္မာရုံအတွင်း၌ သီတင်းသုံး စံပယ်တော်မူလျက်ရှိစဉ် နေ့ခင်းမှာပင် ရောင်ခြည်တော်များ ကွန့်မြူးတော်မူခြင်း၊ ပြုံးတော်မူခြင်းများကို စက်ရုံမှူးကြီးမိသားစု၊ ကိုကျော်စွာဝင်းမိသားစုနှင့်တကွ လက်ထောက်စက်ရုံမှူးမိသားစုများ၊ စက်ရုံအတွင်းရှိ အရာထမ်းဝန်ထမ်းမိသားစုများ၊ အခြားစက်ရုံများမှ မိသားစုများ အနီးဝန်းကျင်မှ နယ်မြေခံကျေးရွာများမှ ဘုရားဖူးဧည့်သည်များ ဖူးတွေ့ကြရပါသည်။

ထိုညက ထူးခြားမှုများ ဖြစ်ပေါ်ပါသေးသည်။ ဓာတ်တော်တောင်နှင့် မှန်စက်ရုံမှာ မဝေးကွာလှပါ။ ဆင်မင်း (၂) ဘီလပ်မြေစက်ရုံနှင့်စာလျှင်တော့ တစ်မိုင်ခန့် ပိုဝေးပါသည်။ ဓာတ်တော်တောင်သည် မြင့်မားလှပြီး တောင်၏ထိပ်တွင် ကြီးမားလှသော လိုဏ်ဂူကြီးရှိပါသည်။ လိုဏ်ဂူအဝတွင် မြတ်စွာဘုရားရှင်လက်ထက်တော်အခါကတည်းက ပေါက်ရောက်လျက်ရှိသော စန္ဒကူးပင်ကြီးရှိပါသည်။ ထိုလိုဏ်ဂူတော်ကြီးတွင် ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးကုန်သော ဘုရားရှင်လေးဆူတို့ တစ်ဝါစီ ဝါဆိုဝါကပ်တော်မူခဲ့ကြသောကြောင့် ဘုရားရှင်တို့၏ဓာတ်တော် မွေတော်တို့ ကိန်းဝပ်တော်မူလျက်ရှိပါသည်။

ထိုညက ရောင်ခြည်တော်အလင်္ကာတန်းတို့သည် ဓာတ်တော်တောင်မှ ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်



www.burmeseclassic.com

www.burmeseclassic.com

တို့အထံသို့ ကူးလူးယှက်သွယ်ကာ ကွန့်မြူးတော်မူလျက်ရှိသည်ကို အနီးဝန်းကျင် ကျေးရွာများမှ လည်းကောင်း၊ စက်ရုံနယ်မြေရှိလူအချို့တို့မှ လည်းကောင်း ဖူးတွေ့လိုက်ကြရပါသည်။

နောက်တစ်နေ့တွင် ရွှေကံကူအောင်မြေမှ ပင့်ဆောင်ပူဇော်သွားသော ဗောဓိပင်ကို အခမ်းအနားဖြင့် မယ်တော်ကြီးမှ ပရိတ်တော်များ ဦးဆောင်ရွတ်ဖွားပူဇော်ကာ စက်ရုံမှူး၊ ဗိုလ်မှူး/ငြိမ်းစောအောင်မှ မြေချပူဇော်စိုက်ပျိုးပါသည်။ ထို့နေ့လယ်ခင်းတွင် ထူးခြားမှုများ ဖြစ်ပေါ်ပြန်ပါသေးသည်။ ဖျားကြီးကောင်များ ရုပ်ရှင်တော်မြတ် ပူဇော်ထားရှိရာ ဓမ္မာရုံအတွင်းသို့ ရောက်ရှိလာပါသည်။ ထို့နောက် ရွှေမြွေနှင့် ရွှေဖားနှစ်ကောင် ဘုရားဖူးရောက်ရှိလာပါသည်။ ထိုရွှေမြွေနှင့် ရွှေဖားတို့သည် တကယ့် သက်ရှိသတ္တဝါများ ဟုတ်ချင်မှလည်း ဟုတ်ပေမည်။ တကယ်သက်ရှိများဖြစ်လျှင်လည်း သဘာဝလွန်ထူးခြားသော သတ္တဝါများဖြစ်ပြီး သွက်လက်လှပါသည်။ ယနေ့အချိန်အခါသည် ကင်မရာပေါများလှသော အခါသမယဖြစ်ပါသည်။ ထိုအချိန်၌ မယ်တော်ကြီး၊ စက်ရုံမှူးကြီးနှင့် ဧည့်ပရိသတ်တို့တွင် ကင်မရာများပါရှိကြပါသည်။

ရွှေအဆင်းရှိသော မြွေအား ကင်မရာများစွာဖြင့် ဓာတ်ပုံရိုက်ကူးကြသော်လည်း မည်သူ့ကင်မရာတွင်မျှ ရွှေမြွေ၏ပုံမပေါ်ဘဲရှိသည်ကို အံ့သြဖွယ်တွေ့ကြရပါသည်။ သို့သော် တော်ပါသေးသည်။ ရွှေဖားနှစ်ကောင်ကို ဓာတ်ပုံရိုက်ကူးရာ၌ တစ်ကောင်၏ပုံကို ရိုက်ကူးရရှိလိုက်ပါသည်။ ပီပြင်စွာ မရရှိသော်လည်း တော်ပါသေးသည်။

ထိုနေ့က နေအပူရှိန်ပြင်းထန်လှပါသည်။ ဓမ္မာရုံတွင် ပန်ကာများထားရှိပေးသော်လည်း ပရိသတ်လည်းများသဖြင့် အပူဒဏ်ကို မတွန်းလှန်နိုင်ဘဲရှိပါသည်။ နံနက်ခင်းက စိုက်ပျိုးထားသော ဗောဓိပင်သည်လည်း နေရှိန်ပြင်း၍ ညှိုးနွမ်းနေလောက်ပေပြီ။ ကိုကျော်စွာဝင်းသည် နေ့ခင်းက ဗောဓိပင်အား ညနေပိုင်း နေအေးချိန်တွင် ရေလောင်းမည်ဟု စိတ်ကူးပေါ်မိသော်လည်း ဧည့်သည်များ လာရောက်မှုများပြားသဖြင့် တစ်နေကုန် ဧည့်ခံကျွေးမွေးရေးကိစ္စများတွင် လုံးပမ်းနေရသဖြင့် မေ့လျော့သွားမိပါသည်။ ညနေ (၅) နာရီအချိန်တွင် ဓမ္မာရုံနှင့် ဗောဓိပင်ဧရိယာ ပေ (၂၀၀) ပတ်လည်တွင် နာရီဝက်ခန့် ရေပန်းခရားနှင့် လောင်းချသကဲ့သို့ ရေများစီးဆင်းသွားသည့်တိုင် မိုးများရွာသွန်းပါသည်။ ထိုမိုးသည် နေရာကွက်၍ထူးဆန်းစွာ ရွာသွန်းသောမိုးဖြစ်ခြင်းကြောင့် စက်ရုံဝင်းတစ်ခုလုံးကိုပင် မကျရောက်ပါ။ ဗောဓိပင်လည်း ရေလောင်းပြီးသားရသွားသည်။ ဓမ္မာရုံအတွင်းလည်း အေးမြသွားပါသည်။ စက်ရုံမှူးကြီးမိသားစုနှင့်တကွ အားလုံးသော ဧည့်ပရိသတ်တို့သည်ပင် ဝမ်းသာပျော်ရွှင်ကာ ပီတိဖြစ်သွားကြရပါသည်။

ထိုနေ့ညနေတွင် မယ်တော်ကြီးနှင့် စက်ရုံမှူးမိသားစုတို့သည် မြင်စိုင်းမြို့ဟောင်းရှိ သမိုင်းဝင် နန်းဦးစေတီကြီး (ပြန်လည် ပြုပြင်ထားရှိသည်မှာ မကြာသေးပါ) သို့ သွားရောက်ကာ တရားဓမ္မများ၊ အလင်းတိုင်၊ နံ့သာတိုင်များဖြင့် ပူဇော်ကြပါသည်။ ထို့နောက် စက်ရုံနယ်မြေနှင့် စကြဝဠာအနန္တတွင်ရှိကြကုန်သော သတ္တဝါအနန္တတို့အား အမျှပေးဝေခြင်း၊ မေတ္တာပို့သခြင်းတို့ ပြုလုပ်ပါသည်။

နောက်တစ်နေ့ညနေတွင် ရုပ်ရှင်တော်မြတ်အား စဉ့်ကိုင်မြို့သို့ ပြန်လည်ပင့်ဆောင်ပေးပို့ပါသည်။ ဤတစ်ကြိမ်တွင်လည်း ပင့်ဆောင်ပူဇော်စဉ်ကကဲ့သို့ပင် စည်ကား သိုက်မြိုက်စွာ ကားတန်းရှည်ကြီးဖြင့် စက်ရုံမှ ဓမ္မစကြာဝတ်အသင်းသူအသင်းသားများစုံလင်စွာဖြင့် လိုက်ပါလာခဲ့ကြရာ စာရေးသူတို့၏ နေအိမ်မှာ ဧည့်ပရိသတ်မဆံ့အောင်ပင် ဖြစ်ခဲ့ကြရပါသည်။ ဧည့်ပရိသတ်အား ဧည့်ကျွေးမွေးရန် ဗယာကြော်နှင့် ကောက်ညှင်းပေါင်းများပင်မလုံလောက်သဖြင့် ခေတ်ဆန်သူ စားဥယျာဉ်မပေါင်းပေါင်းမှ ဒင်းဆန်းများ လာရောက် ပေးပို့ရပါသည်။

မှန်စက်ရုံမှူးကြီး ဗိုလ်မှူး (ငြိမ်း) စောအောင်နှင့် ဇနီး ဒေါ်သန်းသန်းဝင်း (ရန်ကုန်ဇာတိများဖြစ်ကြသည်) တို့သည် ရုပ်ရှင်တော်မြတ်အား ကိုယ်တိုင်ပင့်ဆောင်လာကြပြီး ရွှေကံကူအောင်မြေတွင် လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ရေစက်သွန်းချကြကာ ၃၁ ဘုံ သုံးဆယ့်တစ်ဘုံသတ္တဝါဝေနေယျအပေါင်းတို့အား အမျှပေးဝေကြပါသည်။ စက်ရုံမှူးကြီးသည် ဤကဲ့သို့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ခွင့်ရရှိသည့်အတွက် ဝမ်းမြောက် ဂုဏ်ယူကြောင်းနှင့် နောင်နှစ်များတွင်လည်း အလျဉ်းသင့်ပါက ပင့်ဆောင်ပူဇော်လိုပါကြောင်း စာရေးသူတို့မိသားစုအားလည်း ကျေးဇူးအထူးတင်ရှိပါကြောင်းတို့ကို ပြောကြားပါသည်။

စာရေးသူမှ ကိုကျော်စွာဝင်းအား ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ရာတွင်ထူးခြားမှုများရှိပါရဲ့လား၊ ကျေနပ်အားရမှုရှိပါရဲ့လားဟုမေးမြန်းသောအခါ ထူးခြားမှုများရှိပါသည်ဟုဆိုကာ အထက်ပါ အကြောင်းအရာများကို ပြောပြပြီး ပင့်ဆောင်ပူဇော်ခွင့်ရက်ရှိသည်မှာ နည်းလွန်း၍ အားရကျေနပ်မှုတော့မရှိသေးပါဟု ပြောပါသည်။

စာရေးသူသည် ကိုကျော်စွာဝင်းမှ ရွှေမြွေနှင့် ရွှေဖားဟုပြောသောအခါ အဝါရောင်မြွေနှင့် အဝါရောင်ဖားကို ရွှေမြွေနှင့် ရွှေဖားဟု တင်စားပြောဆိုသည်ဟု ထင်မြင်ယူဆမိပါသည်။ သူသူကိုယ်ကိုယ်ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ကြသူတို့၌ အနည်းစုမျှလောက်သာ ပင့်ဆောင် ပူဇော်ခွင့်ရရှိခြင်းကိုပင် နှစ်သိမ့်နိုင်ကြသော်လည်း အများစုမှာ မိမိတို့ပင့်ဆောင်ပူဇော်ရာဌာနတို့၌ ထူးခြားမှုများ ဖြစ်ပေါ်ကာ ဂုဏ်ယူလိုကြကြောင်း တွေ့ရှိရပါသည်။ အချို့သည် အနည်းငယ်ချဲ့ကားပြောလိုကြပါသည်။

ယခုကိစ္စတွင် ဓာတ်ပုံများထွက်ရှိလာသောအခါ စာရေးသူပင် အံ့သြရပါသည်။ ရွှေဖားသည် သက်ရှိဖားသတ္တဝါတို့၏ အဝါရောင်မျိုး မဟုတ်ပါ။ ရွှေရောင် ယွန်းထည်ဖြင့် ပြုလုပ်ထားသော ဖားအတိုင်း ဖြစ်ပါသည်။

အထက်ပါ အကြောင်းအရာတို့သည် ၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကျောက်ဆည်မြို့သို့ ကြွရောက်တော်မူခဲ့သည့် ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏ခရီးစဉ်များကို ခြုံငုံတင်ပြထားကြခြင်းများ ဖြစ်ပါသည်။

နောင်လာမည့်နှစ်များတွင်လည်း ကျောက်ဆည်မြို့မှ မည်သို့သောပုဂ္ဂိုလ်များမှ ပင့်ဆောင်ပူဇော်ကြ၍ မည်ကဲ့သို့သော ထူးခြားမှုများ တွေ့ကြုံကြရမည်ကို စောင့်မျှော်ကြရပါဦးမည်။

ဘိုဘို(ရွှေကံကူ)

*ကျောက်ဆည်မြို့မှ ရွှေကံကူရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြသူ၊ ဖူးမြော်ကြည်ညိုကြသူအပေါင်းတို့အား အထူးကျေးဇူးတင်ရှိလျက်။*



www.burmeseclassic.com

www.burmeseclassic.com

(ကျောက်ပါ)

# မောင်သင်းထုံ

နော်… ကြယ်သီးတွေဖွင့်ပြတော့ကော ရင်ဘတ်ထဲကအဖြစ်တွေမြင်နိုင်မှာလား

"အစ်မ မမြထွေးရယ်၊ ကလေးတွေတောင်မှကြီးကုန်ကြပြီ။ ကိုကျော်ခိုင်ကြီးမလည်း ဖတ်သီဖတ်သီနဲ့ သနားပါတယ်"

"သိန်းခင်ရေ၊ ငါ့မောင် မင်းကိုတော့ အားနာပါတယ်ကွာ။ ဒါပေမယ့် ငါစိတ်နာတာက ငါတို့မိဘတွေလက်ထက်ကတည်းက ကိုးကွယ်လာခဲ့တဲ့ နတ်ရုပ်တွေကို သင်းဒီလိုလုပ်လိုက်တာတော့ ငါတစ်သက်မကျေဘူး။ ရင်ထဲတနုံ့နုံ့နဲ့ကို ခံစားနေရတာခုထိပဲကွယ့်"

ဘာရယ်မဟုတ်။ ကိုသိန်းခင်ပြည်တော်သာ (၂) လမ်းရောက်လို့ ဒေါ်မြထွေးဆိုင်ထွက်ချိန်ဆိုရင် သူ့အကြော်တဲထဲခဏဝင်၊ ရှေးဟောင်းနှောင်းဖြစ်တွေ ခုလိုပြောနေကျပါ။ ဦးကျော်ခိုင်တို့၊ ဒေါ်မြထွေးတို့ဆိုတာ ကိုသိန်းခင်တို့မျက်စိအောက်တင် မင်္ဂလာဆောင်ကြ၊ အိမ်ထောင်ပြုကြ၊ နောက်တော့ သားသမီးတွေရဲ့ ဒီလိုပဲ ရှုန်းကန်နေတာ မြင်နေကြရတော့ တစ်ဦးနဲ့တစ်ဦးဆိုတာ ခင်မင်နေကြတဲ့သူတွေပါ။ မမြထွေးဆို ကိုကျော်ခိုင်ကြီးနဲ့ကွဲလို့ သားသမီးတချို့တဝက် သူနဲ့ ပါလာကြတယ်။ အရွယ်ကောင်းနေတုန်းကတောင် အိမ်ထောင်ထပ်မပြုပါဘူး။ ခုတော့ သားတွေသမီးတွေနဲ့ အိမ်ရှေ့မှာ နေ့လယ်ပိုင်း မုန့်လင်မယားဆိုင်လေးထွက်ရင်း ဝမ်းကျောင်းနေလေရဲ့တော်။

ပျားအုံလို အပေါက်အပေါက်နဲ့ ဒယ်အိုးကြီးထဲမှာ ကျက်လို့ဆယ်လိုက်တော့ အကွက်လွတ်တွေရှိနေကြပါပြီ။ ဆီကုန်သက်သာအောင် ဝါးတုတ်လေးရဲ့ထိပ်မှာ အဝတ်စုတ်ဖတ်ကို ကြိုးနဲ့ချည်၊ ဆီဆွတ်ပြီး နောက်ကြော်ရဦးမယ့်အခွက်ကလေးထဲ ဆီလိုက်ဆွတ်တော့ ရှဲခနဲမြည်သံနဲ့အတူ ညှော်နံ့တွေက ထောင်းဆိုတက်လာကြတယ်။ သိန်းခင်ကတော့ ညှော်နံ့တွေကိုရှောင်ရင်း လုပ်ပါဦး၊ မုန့်လင်မယားနှစ်ရာဖိုးလောက် ထည့်ခိုင်းပြီး အချဉ်ရည်နဲ့တို့စားတော့ အအီပြေတာပေါ့ ဟုတ်ဖူးလား။

ဒေါ်မြထွေးက ပလတ်စတစ်ပုံးထဲက မုန့်နှစ်ဖြူတွေမွှေလိုက်တော့ ကြက်သွန်မြိတ်အဖတ်စိမ်းတွေက ဝေ့ခနဲတက်လာကြပြန်တယ်။ အရပ်ထဲကလူတွေက အိမ်မှာ ကိုယ့်ဘာသာကိုယ်လုပ်စားကြရင်တော့ အဲဒါ နို့မုန့်တွေဘာတွေထည့်လုပ်ကြတယ်ပြောတာပဲ။ ဘယ်ကလာ ဒေါ်မြထွေးတို့မှာတော့ တစ်ရာဖိုးခြောက်ခုနဲ့ရောင်းနေရတာ။ ကောင်းမှန်းသိပေမယ့် ဘယ်လိုလုပ် နို့မှုန့်ထည့်နိုင်ပါ့မလဲ။ မုန့်နှစ်နဲ့ပဲပေါ့။ သံဒယ်အိုးထဲက





www.burmeseclassic.com

www.burmeseclassic.com

အခွက်မည်းတွေထဲ မုန့်နှစ်ဖြူဖြူတွေ လိုက်လောင်းပြီး စုံတော့ တစ်ခါ မနက်ထတည်းကဝယ်ထားတဲ့စားတော်ပဲပြုတ်စေ့တွေတစ်ခုချင်းလိုက်ထည့်ရပြန်တယ်။ ဒါလောက် လက်ဝင်တဲ့အလုပ်ကို ဘယ်သူက စထွင်လိုက်သလဲမသိပါဘူး။ ဝယ်စားတဲ့လူတွေက 'ဟင်-စားတော်ပဲပြုတ်လည်း မပါဘူး' ဆိုပြီး ဟိုဘက်လမ်းကဆိုင်ဖောက်သည်တွေရောက်ကုန်မှာစိုးတော့ တတ်နိုင်ဘူး လက်ဝင်မှဝင်ရော။ သူများရောင်းတာနဲ့တူအောင် လိုက်လုပ်ရတာပေါ့ ဟုတ်ဖူးလား။

"မမြထွေး သိလား"

ဆိုပြီး ကိုသိန်းခင်က မုန့်စားရင်းကနေ ကိုကျော်ခိုင်အကြောင်းစမည်လုပ်ခါမှ မမြထွေးရဲ့သမီးတွေက သူတို့ အမေကို ဈေးကူရောင်းကြမလို့ တဲထဲငုံ့ဝင်လာတာမြင်တော့ မပြောဖြစ်တော့ပါဘူး။

မမြထွေးကြည့်ရတာ ဇာတ်ခုံပေါ်ကအငြိမ့်မင်းသမီးတွေ ကသလိုပါပဲ။ အစောက မုန့်ခွက်ထဲထည့်ထားတဲ့ မုန့်နှစ်တွေ ဖြူနေရာကနီပြီးကျက်လာတော့ ငှန်းမြီးကျိုးနဲ့ ထိုးကော်မွေပေးရတယ်။ သဘောကတော့ ဆီသုတ်ထားပေမယ့်ကြာရင် အောက်က မီးသွေးမီးအိုပူနဲ့ တူးပြီးမကပ်ရအောင်လို့ပါ။ မုန့်ခွက်တွေစေ့အောင် ကလော်ပြီးတော့ တစ်ခါကျက်နေတဲ့ မုန့်လင်မယားတစ်ခြမ်းကို ကလော်ယူ၊ နောက် ဟိုနားက ကျက်လောက်ပြီထင်တဲ့ မုန့်ခွက်လေးပေါ် အုပ်လိုက်တယ်။ သူတို့ချင်းနှစ်ချပ်တစ်ခုထပ်သွားတဲ့နောက်ကို မမြထွေးကတော့ ပို့သေချာအောင် အောက်ခံမုန့်ကို ငှတ်မီးကျိုးနဲ့ထပ်ကော်၊ အထက်အောက်ပြောင်းပြန်လှန်၊ မကပ်သင့်တာ မကပ်အောင်လို့ပါ။ ဆီနည်းတယ်ထင်လို့ ဆီထပ်ပွတ်တော့ ရှဲခနဲညှော်နံ့က မမြထွေးနှာခေါင်းထဲ စူးခနဲ တန်းဝင်လာကြတော့တာပါပဲ။

ဘယ်ကလာ တခြားလူတွေလို ညှော်နံ့ရှောင်၊ နှာခေါင်းပိတ်ရအောင်လက်နှစ်ဖက်စလုံးကမှ မအားရတဲ့ဟာ။ ညညကျရင် ဒါကြောင့် ဇက်ကြောထိုးတာ၊ နောက်ကြောတွေတက်တာ။ ညှော်ခံမြစ်ကလေး၊ ဒေဝယက္ခလေး သောက်သောက်မှုပဲ။ ညှော်နံ့နဲ့ကို လူကဝနေပါပြီ။ သတိရလို့ သိန်းခင်ကိုကြည့်တော့ မုန့်လင်မယားတစ်ပွဲစာ နှစ်ရာချထားခဲ့ပြီး ဘယ်အချိန်ကထွက်သွားခဲ့တယ် မသိပါဘူး ဒီကောင်လေးနှယ်။

ဘာရယ်ဟုတ်ပါဘူး။ နောက်သုံး၊ လေးလလောက်ကြာတော့ ကိုသိန်းခင် ရုံးကြီးကစာပို့အပြန် ပြည်တော်သာ (၁) လမ်းထဲရောက်တော့ ကိုကျော်ခိုင်ဆီဝင်လည်ဖြစ်ပြန်ရော။

"ကောင်လေး၊ မင်း ငါ့ဆီတမင်သက်သက်လာတာတော့ဟုတ်ပုံရပါဘူး။ မင်းရုံးကြီးဘက်က အပြန်ဝင်လာတာမဟုတ်လား"

"ဘယ်ကလာလာဗျာ၊ ခင်ဗျားအိမ်ထဲဝင်လာမှတော့ ခင်ဗျားကြီးကိုသတိရလို့ပေါ့ဗျ။ ဘာလဲ - မလာရဘူးလား၊ မလာရရင် ပြန်မယ်ဗျာ ဟုတ်တယ်"

"သိန်းခင်ကလည်း မင်းကို ညီလို၊ အစ်ကိုလို ချစ်လို့၊ ခင်လို့စတဲ့ဟာကို။





www.burmeseclassic.com

www.burmeseclassic.com

လာပါကွ - အခါးရှည်သောက်၊ ထန်းလျက်စား"

ကိုသိန်းခင်က လူရှိုးကြီး ဦးကျော်ခိုင်ကို တစ်ချက်စလိုက်တာပါ။ ကိုကျော်ခိုင်နဲ့ ခင်မင်လာကြတဲ့နှစ်တွေက နည်းရှောသလား၊ ဒီလူ ဒီမြို့ရောက်ခါစ လူပျိုပေါက်လောက်ကတည်းကဥစ္စာ။ နောက်တော့ မမြထွေးနဲ့အိမ်ထောင်ကျ၊ သားသမီးတွေရ အသက်ကြီးကြမှကွဲကြပြဲကြတာမြင်နေ၊ ကြားနေရတော့ ကိုသိန်းခင် ဘယ်ကလာစိတ်ကောင်းပါမလဲ။

ဒီနေ့ လက်ရှိအခြေအနေမှာ ကိုသိန်းခင် ရောက်သွားတော့ ဘယ်လောက်ပဲ သန့်သန့်ရှင်းရှင်းနေကြတယ်၊ အဝတ်တွေဖြူစင်နေအောင် လျှော်ဖွပ်ဝတ်နေကြတာပဲပြောပြော အိမ်ထောင်ရှင်မ မရှိတဲ့အိမ်ဟာ တစ်ခုခုတော့ တစ်ခုခုလစ်ဟာနေသလိုပဲ။ ဘာလဲဆိုတာတော့ ကိုသိန်းခင်မပြောတတ်ပါဘူး။ ဒါတွေမြင်တွေ့နေရတော့ ဟိုးအရင်တုန်းက ကိုကျော်ခိုင်တို့၊ မမြထွေးတို့ရဲ့ သိရိဂေဟာအိမ်လေးကို ပြန်တွေးမိပြီး ကြားက ကိုသိန်းခင်ရဲ့ရင်ထဲ ဟာတာတာကြီးဖြစ်နေရတယ် ဟင်း. . ။

"ကိုကျော်ခိုင်ရာ၊ အစ်မ မမြထွေးက တစ်ယူသန်တယ်၊ ခေါင်းမာတယ်သာပြောတာ ခင်ဗျားတစ်ချက်လျှော့လိုက်ရင် ပျော့မှာပါ"

"အဲဒီတော့ ငါကဘာလုပ်ရမှာတဲ့တုံး သိန်းခင်"

"အဲဒီတော့ ကိုကျော်ခိုင်က အစ်မ မမြထွေးဆီသွားပြီး မြထွေးရယ်၊ ငါ တောင်းပန်ပါတယ်။ နောက်ဒါမျိုးလုံးဝ မဖြစ်စေရပါဘူး။ မင်းတို့ မိရိုးဖလာ ကိုးကွယ်ခဲ့တဲ့နတ်ရုပ်တွေမှန်းမသိလို့ ငါ လုပ်လိုက်မိတာပါ။ နောက်မလုပ်တော့ပါဘူးဘာညာလို့သာ"

"ခက်တယ် သိန်းခင်ရာ။ ငါကလည်း ယောကျ်ားမာနနဲ့ပဲ။ ကိုယ်လုပ်တာကို ကိုယ်တာဝန်ယူတယ် နောက်မဆုတ်ချင်ဘူး။ ငါကမှားခဲ့တာမှမဟုတ်တာ။ အိမ်ထောင်ဦးစီးဖြစ်တဲ့ ငါကပဲ သေကောင်ပေါင်းလဲလုပ်ကျွေးရသေးပြီးတော့ အဲဒါနတ်မတာတဲ့လေ။ ငါခံပြင်းလို့ကွ။ မပေါင်းရရင်နေပလေ့စေတော့ကွာ။ လေး၊ ငါးနှစ်တောင်မှရှိပေါ့ဥစ္စာ ရှိပါစေတော့ကွာ"

အဲဒီတုန်းက ဖလင်စတားတို့၊ ပြည်သူ့ဖလင်တို့ မန္တလေးကထွက်တဲ့ ထူးစာစောင်တို့ဆိုတာ ထွက်တယ်။ ခုခေတ်လိုပြောရင် ဂျာနယ်တွေပေါ့။ ကိုသိန်းခင် မှတ်မိတာ အဲဒီတုန်းက ဂျာနယ်တစ်စောင်မှ (၁၅) ပြားပဲ ပေးရတယ်ထင်တယ်။ ဒီတော့ လူတိုင်းဖတ်နိုင်တာပေါ့။ ဝယ်ဖတ်ကြတယ်။ အဲဒီဂျာနယ်တွေထဲမှာ ပဲဈေး၊ ပြောင်းဈေး၊ ဆီဈေး၊ ဆန်ဈေးတွေပါတယ်။ မပါမဖြစ် ရုပ်ရှင်ကဏ္ဍပါတယ်။ သီချင်းတောင်းပုံစံ၊ ပေဒင်ပါတယ်။ တစ်မျက်နှာဝတ္ထုပါတယ်။ ကဗျာလက်သင်တွေအတွက် သုံးကြောင်းကဗျာတွေ၊ အချစ်ကဗျာ၊ ဂျာနယ်တစ်မျက်နှာပြည့်ပါထယ်။ အဲဒီမှာ ကျွန်တော်တို့ကိုကျော်ခိုင်က သူလူပျိုကတည်းကဝင်ရေးနေတာ ဘာကဗျာတွေလဲဆိုတော့ အချစ်ကဗျာတွေပေါ့။ ဖတ်ကြည့်။

**ဆန္ဒမွှန်**

*အကြည့်ချင်းဆုံ၊ ရင်တွေခုန်၍*
*မလုံမလဲ၊ မျက်နှာလွှဲကာ*
*အမြဲသာလျှင်၊ ကြည့်နေချင်သည်*
*ချစ်ကြင်သူ၏ဆန္ဒများ။*

ချယ်ရီမောင်

"ဒါဆို ဒါကအချစ်ကဗျာပေါ့"

"ဒါပေါ့ဟ"

"ချယ်ရီမောင် ဆိုတာကကောအယ်သူလဲ"

"ချယ်ရီမောင် ဆိုတာ ငါပဲပေါ့ကွ"

လို့ ကိုကျော်ခိုင်က ကိုသိန်းခင်ကို ပြောပြပါတယ်။

"အဲဒါ ကလောင်နာမည်လို့ခေါ်တယ်ကွ။ မင်းကဗျာရေးတာဝါသနာပါရင် ငါ့ကိုပြော ငါသင်ပေးမယ်။ ပြီးတော့ မင်းလည်း သိန်းခင်မလုပ်နဲ့။ သီးခြား ငါ့လို ကလောင်နာမည်တစ်ခုရွေးရဦးမှာ။ မင်းကြိုက်တာတစ်ခုခုပေါ့ကွာ"

လို့ ပြောပါတယ်။

အဲဒီတုန်းက ကိုသိန်းခင်က ကျောင်းသားရှိသေးတာ။ ကိုယ့်ပတ်ဝန်းကျင်မှာ ကိုကျော်ခိုင်လိုမျိုး ကဗျာဆရာ၊ စာရေးဆရာတစ်ယောက်ရှိနေလေတော့ ဂုဏ်ယူရတာပေါ့ ဟုတ်ဖူးလား။

အစလေးလုံး၊ အလယ်သုံး၊ အဆုံးငါးခုနစ်တို့ ကာရန်ယူပုံယူနည်းတွေ အလွတ်ကျက်ရတယ်။ လေးချိုး၊ ဒွေးချိုး၊ တြိချိုး၊ လွမ်းချင်းရေးနည်းတွေ သင်ပေးတယ်။ တချို့ကဗျာတွေအလွတ်ကျက်ရတယ်။

"သိန်းခင် မှတ်ထားကွ၊ တချို့ကဗျာတွေ အလွတ်ကျက်ထားရတယ်။ ဒါမှ နောင် ကိုယ်က အဲဒီကဗျာပုံစံမျိုးရေးချင်ရင် ကာရန်ရှာရတာ မခက်တော့ဘူးပေါ့" တဲ့။

ကလေးကဗျာတွေဆိုလည်း အသံသာပြီး ရွတ်ရတာလွယ်လို့ ရေးရတာမခက်ဘူးထင်တာ။ ဘယ်ဗျာ - အဲဒီမှာကလည်း တစ်ပိုဒ်နဲ့တစ်ပိုဒ်ဆိုတာလွတ်ထွက်သွားလို့ကမရဘူးရယ်။ ကာရန်တွေက ချိတ်ဆက်နေကြတာရယ်။ ကိုကျော်ခိုင် အဲဒီတုန်းက သိန်းခင်ကို လက်တွေ့ရေးပြတဲ့ 'ရှမ်းပွဲ' ဆိုတဲ့ ကဗျာကို ခုထိအမှတ်ရနေတုန်းပါပဲ ဘာတဲ့။

*ဗေဗေ့ထုံ၊ ဗေဗေ့ထုံ၊ အမြီးရှည်တဲ့အိုးစည်ပုံ*
*တထုံထုံမြှောက်လို့တီး၊ မိုးဘယ်ထိတုန်တုန်ဟည်း။*

အဲဒီမှာ တစ်ပိုဒ်ပြီးသွားပြီ ဆိုပါတော့။ နောက်ထပ်နှစ်ကြောင်းတစ်ပါဒ ပြန်ရေးမယ်ဆိုတော့ အကြောင်းအရာကို စဉ်းစားလို့ရပြီထား။ ဒီအတိုင်းလက်လွတ်စပယ်ကြီးရေးမရဘူးရယ်ဗျ။ ရေးလို့ရချင်ရမယ်။ အချိတ်အဆက်မမိတော့ဘူးပေါ့။ ဒီတော့ နောက်တစ်ပိုဒ် ပြန်ရေးတော့မယ်ဆိုရင် -

*လင်းကွင်းကြီးကတရှန်ရှန် မြည်ပေ့တည်ည်*
*မောင်းသံစုံကသံစုံပ၊ ချက်ညီကြပေစွ*

ကိုကျော်ခိုင်က သိန်းခင်ကို လက်တွေ့သင်တာက အဲဒီမှာ အပေါ်ပိုဒ်က 'ဟည်း'ဆိုတဲ့ အသံကိုချိတ်ပြီးမှ အောက်က လင်းကွင်း 'ကြီး' ဆိုတဲ့အထဲက 'ဟီး' နဲ့ အကိုက် 'ကြီး' ကာရန်ကို ပြန်ယူရေးရတာ။ ဒါမှ တစ်ပိုဒ်နဲ့တစ်ပိုဒ်မှာ ကိုယ်ရေးတဲ့ကဗျာဟာ အချိတ်အဆက်မိတော့မှာပေါ့တဲ့။ သိန်းခင် ကိုကျော်ခိုင်ကို ကျေးဇူးတင်ပါတယ်ဗျာ။ နောင် သိန်းခင်တစ်ယောက် ဆောက်လုပ်ရေးနံ့ဝန်ထမ်းဝင်လုပ်ဖြစ်တော့ စာတွေဖတ်၊ ကဗျာတွေရေး ပိုအချိန်ရတော့တာပေါ့။ ခုတော့ ကိုကျော်ခိုင်လိုပါပဲ သိန်းခင်လည်း ကလောင်တစ်ချောင်းပိုင်ခဲ့ပါပြီ။ 'ညိုဦးလွင်' ဆိုတာသူပေါ့။ ပြင်ဦးလွင်ကမို့ ဒီကလောင်နာမည်ကို ယူတာမဟုတ်ပါဘူး။ တစ်ချိန်က အင်္ဂလိပ်နယ်ချဲ့ကိုတော်လှန်တိုက်ခိုက်ခဲ့ကြတဲ့ မြင်းမူနယ်က သူရဲကောင်းတွေထဲမှာ 'ဗိုလ်ညိုဦး' ဆိုတာပါသဗျ။ မြင်းမူ ဆိုတာ သိန်းခင်တို့အဖေ၊ အမေရဲ့ ဇာတိအရပ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

အဲဒါကို ဂုဏ်ပြုတဲ့အနေနဲ့ပါ။

"သိန်းခင်ရေ ငါ့ကို အုံတုံသား ရှာပေးစမ်းပါကွာ၊ အရေးတကြီးလိုနေလို့ကွ။ ရော့ - မင်းအတွက်ရှာခမုန့်ဖိုး"

ကိုကျော်ခိုင်က သိန်းခင်ကို ငွေငါးရာပေးပါတယ်။ အဲဒီတုန်းက ငွေငါးရာဆိုတာ အတော့်ကို တန်ဖိုးရှိပါတယ်။ ဆန်တစ်ပြည်မှ ပြားခြောက်ဆယ်၊ ခုနစ်ဆယ်တုန်းကပါ။ သိန်းခင်က သူ့အိမ်နောက်ဖေးက 'အုံတုံပင်' လို့ထင်ရတဲ့အပင်ကို ခုတ်ပေးတာပါ။ သွားပေးတော့ ကိုကျော်ခိုင်က မေးနေသေးတာ။

"ရော-ဟော့ကောင်၊ မင်းခုတ်လာတဲ့အသားက အုံတုံသားသေချာပါတယ်နော်"

လို့မေးတာနဲ့ -

"ဟုတ်ပါတယ်ဗျာ"

လုပ်လိုက်ရပါရောလား။

"ကိစ္စမရှိဘူးကွ၊ သိန်းခင်ရေ အားလုံးအဆင်ပြေပြီကွ သိလား"

နောက် သုံး၊ လေးရက်အကြာ ဒီလိုပဲဈေးနားမှာတွေ့ကြတော့ ကိုကျော်ခိုင်က အဲဒီလိုဆီးပြီးဝမ်းသာအားရပြောတော့တာပါ။ ဒီမြို့မှာ ဒေါ်စောခင်၊ ဒေါ်စောကြင်တို့ ညီအစ်မတစ်တွေဟာ ပွဲစားလုပ်ငန်းနဲ့ကြီးပွားနေကြတဲ့သူတွေပေါ့။ သူတို့အတွက်က အစောကပြောတဲ့ ကိုကျော်ခိုင် ဆိုတာက လက်စွဲပါပဲ။ ကံမြင့်၊ ကံပွင့်ဖို့ အဆောင်၊ ယတြာ၊ ကန်တော့ပွဲတွေထိုးချင်ရင် အဲဒါသူ့အိမ်ဖော်တွေကနေတစ်ဆင့် 'သွား-ကိုကျော်ခိုင်ကိုခေါ်စမ်းချေ။ ငါကလို့ပြော' လို့မှာတတ်တယ်။ အဲဒီမှာ ကျုပ်တို့ရဲ့ ကိုကျော်ခိုင်ကြီးဆိုတာက ဓာတ်ရိုက်၊ ဓာတ်ဆင်၊ ဗေဒင်ယတြာကလည်းတတ်လိုက်သေးရဲ့။ ဒါပေမယ့် လူတကာလိုအ် ဟောနေတာမဟုတ်ပေါင်။ ခုလို အရေးတကြီးလာခေါ်မှာပဲ ကျကျနနဆောင်ရွက်ပေးတတ်သူပါ ဟုတ်။

ဒေါ်စောခင်၊ ဒေါ်စောကြင်တို့နဲ့ကျ အဆင်ပြေတယ်။ သိသာသိစေ၊ မမြင်စေနဲ့ဆိုတဲ့စကားလိုပါပဲ။ သူတို့လုပ်ငန်းကြီးသမားတွေကျတော့ ရောင်းပန်းဝယ်ပန်းကောင်းအောင်လုပ်ရတဲ့အခါရှိသလို တစ်ခါတလေကျတော့ နေရင်းထိုင်ရင်းကပဲ စိတ်ထဲသရိုးသရီဖြစ်လာပြီဆိုရင် ဒါ - ဧကန္တ ဟို သူနဲ့ပြိုင်ဘက်တွေကမနာလိုလို့လုပ်ကြတာနေမှာ။ နေပလေ့စေ၊ ကိုကျော်ခိုင်နဲ့ တိုင်ပင်ပြီးမှ ဓာန်ပြန်ပြီး ကန်တော့ပွဲဘာညာထိုးရဦးမယ်ဆိုပြီး သူထင်တဲ့လူရဲ့နာမည်၊ ပုံပန်းပြော၊ ဓာတ်ရိုက်ဓာတ်ဆင်လုပ်ကြရတဲ့ အခါရှိပါရောလား။ အဲဒီအခါတွေမှာ ဟိုမြို့ထဲက နာမည်တစ်လုံးနဲ့လုပ်စားနေတဲ့ ဗေဒင်ဆရာတွေနဲ့သာလုပ်ကြည့်ပါလား။ သူတို့က စီးပွားရေးသမားတွေဆိုတော့ ပါးစပ်က 'စည်းစောင့်ကြတာလိုက်လို့၊ 'ဟော - မြို့ထဲက ပွဲကတော်ကြီးဒေါ်ဘယ်သူကဖြင့် ကျုပ်လုပ်ပေးလိုက်ရတာပါဗျာ' လို့ဖော်လို့က သေပြီပေါ့။ ဒီတစ်ခုတော့ ကိုကျော်ခိုင်တို့က စိတ်ချရတယ်၊ နှုတ်လုံတယ်။ ဒါကြောင့် ကိုကျော်ခိုင်ကိုပဲခေါ်ရတာလားဆိုတော့။ ဟောဗျာ - သိန်းခင်နဲ့ခင်တဲ့ ကိုကျော်ခိုင်ဆိုတာကကဗျာ၊ စာပေတင်ရေးတတ်တာမဟုတ်ဘူး။ ဗေဒင်ယတြာတွေကျတော့လည်းကျွမ်းပြန်ရော ဆိုတော့ အံ့ဩတာပေါ့။ ဒီလူနှယ် စုံပ့ါ။

ပြောရပါဦးမယ်။ ကိုကျော်ခိုင်က ဓာတ်တွေ၊ ယတြာတွေနဲ့ လုပ်ကိုင်စားသောက်နေပေမယ့် အံ့ဩစရာကောင်းတာက နတ်တို့ဘာတို့ကျတော့ မယုံပြန်ဘူးဗျို့။ အဲဒီလို နတ်မယုံတဲ့လူပါဘဲဗျာ။ အိမ်ထောင်ကျတော့ မျိုးရိုးစဉ်ဆက်၊ နတ်ကွန်းတွေနဲ့ ကျကျနန ကိုးကွယ်တဲ့ မမြထွေးနဲ့မှလာအိမ်ထောင်ကျပါပကော။ ကဲ-ဘာပြောချင်သေးသတုံး အရပ်ကတို့ရေ။

ကိုကျော်ခိုင်တို့၊ မမြထွေးတို့ အိမ်ထောင်ကျ သားသမီးတွေရတဲ့အထိ ဒိုးတူပေါင်ဖက် လုပ်ကိုင်စားသောက်ခဲ့ကြတာပါ။ ကိုကျော်ခိုင်က ဗေဒင်ယတြာတွေသာလုပ်နေတာ။ သူ့ရဲ့အဓိကအလုပ်က မြင်းလှည်းမောင်းတဲ့ အလုပ်ပါ။ ကိုကျော်ခိုင်တို့ စီးပွားရှာပုံမျိုးက တစ်မျိုး။ ဥပမာ မြင်းလှည်းငှားတဲ့လူက တစ်ခေါက်ကို တစ်ထောင်ခရီးကို ခရီးသည်က ရှစ်ရာကိုးရာနဲ့ဆစ်ရင် ကျန်တဲ့လူတမလိုက်ဘူး။ ကိုကျော်ခိုင် တွက်တာက အလကားရပ်နေရမယ့်အတူ ငှားသူရှိတုန်းဆိုပြီးလိုက်တော့ သူကအလုပ်ဖြစ်တယ်။ မမြထွေးက ဈေးရောင်းတယ်။ မိသားစုတစ်တွေ ဟန်ကိုကျလို့ပါ။

အိမ်မှာ နတ်ရုပ်တွေဘာတွေထားပေးရှိပေမယ့် အိမ်မှာနတ်တွေဆက်ကြမယ်၊ ကြွေပေဒင်မေးကြလုပ်ရင်တော့ ကိုကျော်ခိုင်က မကြိုက်ဘူး။ ဘယ်နတ်ကတော်ဆီမှမမေးရဘူး။ မေးချင်မေးရင်တော့ နတ်ကတော် ဒေါ်ငွေတင်ဆီ မေးချင်မေးလို့တော့ ရတော့ရတယ်။ ကိုကျော်ခိုင်က ခွင့်ပြုတယ်။ ဘာပြုလို့လဲဆိုတော့ ဒေါ်ငွေတင်က ကိုကျော်ခိုင်ရဲ့ကြီးတော်ကိုး။ ခုတစ်လော အိမ်မှာ မမြထွေးက အိမ်မှာဒီလိုစားနေသောက်နေရတာ ဟောဒီနတ်တွေက မ,စနေလို့သာပေါ့တော်နဲ့ လာတဲ့ညွှန်သည်တွေပြောပြောနေတာကို ကိုကျော်ခိုင်မကြိုက်ဘူး။ ဒါဖြင့် သူမိသားစုကို မြင်းလှည်းမောင်းကျွေးနေတာကော ဘယ်လိုပြောမလဲဟင်း။

ဓာတ်ဗေဒင်တွေ ကိုကျော်ခိုင်တတ်သလို ဓာတ်ဗိန္ဒောပညာကျတော့လည်း ဒီလူကတတ်နေပြန်ရော။ မြင်းလှည်းမောင်းရင်းက မြင်းတွေ၊ နွားတွေ ဆေးကုသေးတယ်။တစ်နေ့တော့ အပြင်ကနေပြီး လှည်းမောင်းအပြန် လူကလည်းရစ်တွေရစ်တွေရှိနေတုန်း မမြထွေးက သူ့ဒီနတ်တွေမ,စနေလို့ စားနေရတာပါလို့ပြောတာကြားပြီး အိမ်ပေါ်မှာရှိတဲ့ နတ်ရုပ်အကြီး၊အသေးအရွယ်စုံကုန်ကို အိမ်ထဲကနေ လွှင့်ပစ်ပေါက်ချပစ်တာနဲ့ အဲဒီနေ့ကစလို့ လင်မယားကွဲကြတော့တာပါပဲ။ ခုဆို ဆယ်နှစ်နီးပါးမကရင်သာရှိမယ်။ အဲဒါကြောင့် ကိုသိန်းခင်က နှစ်ဖက်ပြန်ပေါင်းထုပ်ရေးဇေ့စပ်ဆွေးနွေးခဲ့တာပါ။ ဒါပေမယ့် မအောင်မြင်ပါဘူး။ ထင်သလောက် မလွယ်ဘူးရယ်။

ဒီကြားထဲ မမြထွေးနဲ့အတူလိုက်နေတဲ့ သူတို့သမီးလေးက အိမ်ထောင်ကျတယ်။ ကောင်းကောင်းကန်းကန်းထဲကမဟုတ်ပါဘူး။ အရက်သမားဆိုတော့ စောစောစီးစီးသေ၊ သမီးလေးမှာ ငယ်ငယ်ရွယ်ရွယ်နဲ့မုဆိုးမဖြစ်၊ နောက်ထပ်ရတဲ့ ယောကျ်ားကလည်း ဒီလိုပဲဆိုးပေပေထဲကပဲတဲ့ အတူတူပဲ။ ကိုကျော်ခိုင်နဲ့ အတူလိုက်နေတဲ့သားကရော အရက်ကိုမိုးအလင်းသောက်၊ တစ်လောကတော့ အချင်းချင်းရန်ဖြစ်ကြလို့ ဓားထိုးခံလိုက်ရတာ သေပါရောလား။

"ဒီမယ် သိန်းခင်ရဲ့၊ အစ်မပြောပြမယ်။ နတ်ဆိုတာက သူ့ကိုမကိုးကွယ်ချင်နေရတယ်၊ ဒါပေမယ့် နတ်ကိုတော့ သွားပြီးမစော်ကားလေနဲ့။ သူ့မှာတလည်းအစွမ်းအစကရှိမှာပဲဥစ္စာ။ မဟုတ်မှလွဲရော တို့သားတွေ၊ သမီးတွေ အမျိုးမျိုးဖြစ်ပျက်နေကြတာ အဲဒါသင်းကြောင့် သိန်းခင်ရဲ့ မှတ်ထား" တဲ့။

လူဆိုတာ သူ့အစွဲတွေနဲ့သူမို့ ကိုသိန်းခင်ကတော့ ကြားတနေ ဘာမှ ပြောမနေတော့ပါဘူးလေ ဟုတ်..။

မောင်သင်းထုံ (ကျောက်ဆည်)




www.burmeseclassic.com


www.burmeseclassic.com

ဘုန်းခေါင်

# ကုဏ္ဍလဆွန္တောဂါထာနှင့်သတ္တနဝင်းဗျည်းစမှ အာမိုအာမဆောင်ကြလျှင်



ဗျည်းစမဆို



ဗျည်းစမအမ်

တစ်နေ့သ၌-

ကျွန်ုပ်သည် အဝေးမှမေးလာကြသည့်ဘဝရှေ့ရေးကိစ္စအတွက် ဟောစာနှင့် ပြန်စာများကို လက်စသတ်ပြီး ရေးနေခဲ့ပါသည်။

ကျွန်ုပ်၏ အိမ်ရှေ့ဝင်းတံခါးပေါက်မှ အိန္ဒိယပြည်မှလုပ်သော ဟီးရိုးအမည်ရသော မိန်းမစီးစက်တစ်စီးနှင့် စီးပြီးဝင်လာသူတစ်ယောက် လှမ်းမြင်နေရပါသည်။ ကျွန်ုပ်ထိုင်နေသော အလုပ်စားပွဲမှ မြင်တွေ့နေရခြင်း ဖြစ်ပါသည်။

ဝင်လာသူ၏ စက်ဘီးတွင် လက်ကိုင်၏ရှေ့ဘက်တွင် ပစ္စည်းထည့်နိုင်သော ခြင်းတစ်လုံးကို တပ်ထားပါသည်။ ထိုခြင်းထဲတွင် ကျွတ်ကျွတ်အိတ်အကြီးတစ်လုံးဖြင့် ထည့်ယူလာသော ပစ္စည်းပါလာနေသည်ကို မြင်နေပါသည်။

ထိုလူသည် စက်ဘီးကို သေချာစွာရပ်နားပြီးသည်နှင့် ခြင်းထဲကိုထည့်ယူလာခဲ့သော ကျွတ်ကျွတ်အိတ်ကို တယုတယမ,ယူပြီး အိမ်ထဲသို့ ဝင်လာနေပါသည်။ ထိုလူသည် အိမ်ထဲရောက်လာသည်နှင့် ကျွန်ုပ်ထိုင်နေရာကို လှမ်းကြည့်ပြီး နှုတ်ဆက်ပါတော့သည်။

"ဆရာ"

ဟု အပြုံးနှင့် နှုတ်ဆက်လေ၏။

ကျွန်ုပ်ထိုင်နေသော စားပွဲတွင် မျက်နှာချင်းဆိုင် ဝင်ထိုင်ပြီး လက်ထဲမှ ကျွတ်ကျွတ်အိတ် စားပွဲပေါ်တင်လေသည်။ နောက် ဖြည်းညင်းစွာ အထဲမှ ပစ္စည်းကို ထုတ်ယူလေ၏။ စားပွဲပေါ်တင်လိုက်သောပစ္စည်းမှာ ကတ်ထူစာအုပ် ဖြစ်နေလေသည်။ ထိုစာအုပ်၏ အရောင်မှာမူ ဝါထိန်နေပြီဖြစ်၍ စာအုပ်၏အရောင်အဆင်းကပင် ဟောင်းနွမ်းနေသည်ကို ပြသနေခြင်း ဖြစ်ပါသည်။

"ဆရာ၊ ကျွန်တော့်သူငယ်ချင်းအိမ်က ယူလာခဲ့တဲ့ စာအုပ်ပါ ဆရာ။ ဒီစာအုပ်ထဲမှာ ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်ကပညာရပ်များဖြစ်တဲ့ ဂါထာများ၊ မန္တန်များ၊ ဗျည်းစမများပါဝင်နေတာ တွေ့တော့ ဆရာဆီပေးရအောင် တောင်းပြီး ယူလာခဲ့တာပါ ဆရာ။

ကာယကံရှင်များကလည်း သူတို့မသိနားမလည်တာမို့ ဝမ်းမြောက်ဝမ်းသာနဲ့ ပေးလိုက်တာပါ"

ဟု ပြောပြီး စာအုပ်ကို ကျွန်ုပ်လက်ထဲသို့ ပေးအပ်ပါတော့သည်။

ကျွန်ုပ်တို့ကဲ့သို့ ဝိဇ္ဇာဂမ္ဘီရပညာ ကို အသဲအသန် လေ့လာနေသော သူတစ်ယောက်အတွက် တန်ဖိုးကြီးသောစာအုပ်ဖြစ်နေပါတော့သည်။

ကျွန်ုပ်ထံ စာအုပ်လာပြီးပေးဖို့သောလူငယ်သည် စာကြမ်းပိုး (စာဂျပိုး) ဖြစ်ပြီး ဝိဇ္ဇာဓရဂမ္ဘီရကို လွန်စွာယုံကြည်သူလည်း ဖြစ်လေသည်။ သူ၏ ကြိုးစားအားထုတ်မှု ဂမ္ဘီရအဆောင်ကြောင့် သူ၏ အရောင်းအဝယ်စီးပွားလုပ်ငန်းမှာ ပြောင်းလဲမှုများစွာနဲ့ ကြီးပွားတိုးတက်လာနေသည်ကို ကိုယ်တိုင်ခံစားနေရသူဖြစ်၍လည်း ယုံကြည်မှုပိုနေခြင်းလည်း ဖြစ်လေသည်။

ကျွန်ုပ်ကို အောက်ပါအတိုင်း တောင်းဆိုမှုတစ်ခုကိုတောင်းလေတော့သည်။

"ဆရာ၊ ဒီစာအုပ်ထဲမှာပါတဲ့ ဂါထာမန္တန်ဖြစ်ဖြစ်၊ စမဖြစ်ဖြစ် ကျွန်တော်နဲ့ သင့်တော်တာပါရင် ချီးမြှင့်ပေးပါ"

ဟု တောင်းခံလေသည်။

ကျွန်ုပ်မှာ တပည့်အတွက် ဗျည်း



www.burmeseclassic.com

စမ၊ အဖိုအမနှင့် ဣစ္ဆန္တောဂါထာကို စီမံပေးပြီး အဓိဋ္ဌာန်လုပ်ငန်းဝင်ရန် မှာကြားလိုက်ရပါသည်။

အချိန်၏ တိုက်စားမှုသည် လွန်စွာပင် မြန်ဆန်လှပါသည်။ တစ်လဆိုသောအချိန်သည် ဘေးဘယ်ညာကို မျက်နှာလှည့်သလောက်ဟုပင် ထင်ရပါသည်။ ကျွန်ုပ်တပည့် ကျွန်ုပ်ထံရောက်လာခဲ့ပြန်သည်။

"ဆရာ စီမံပေးလိုက်တဲ့ စမဖိုမနဲ့ ဣစ္ဆန္တောကတော့ ကျွန်တော်အတွက် ထူးမှထူးပါပဲ ဆရာ။ ကျွန်တော်ကလည်း ဆရာ့အမှာစကားကို တိကျအောင် လိုက်နာပြီး လုပ်ကိုင်ခဲ့တာပါ။ အခုဆိုရင် ကျွန်တော့်ဆိုင်မှာ ဖောက်သည်ချည်း (၅) ဦးလောက် တိုးလာသလို ကျွန်တော်ဝယ်နေရတဲ့ ကုန်ပစ္စည်းတွေကိုလည်း ရောင်းပြီးရှင်းပါဆိုပြီး ကုန်ပစ္စည်းပြတ်လပ်မသွားအောင်ကို အဆင်ပြေနေပါတယ်"

ဟု ဝမ်းသာအားရ ပြောပြနေပါတော့သည်။

"ဆရာ့ကို တစ်ခုလောက်တောင်းဆိုချင်ပါတယ်။ ကျွန်တော့်အတွက် မဟုတ်ပါဘူး ဆရာ။ ဆရာရဲ့ စာဖတ်ပရိသတ်တွေအတွက် ကျွန်တော်ကို အိုးမြင့်တဲ့ စမနဲ့မန္တန်ကို စာရေးပါ"

ဟု ပြောလေတော့သည်။


ကျွန်ုပ်၏ စေတနာနှင့် ဝါသနာအရ စာရေးရန် သဘောတူကြောင်း ပြောလိုက်ပါသည်။ ကျွန်ုပ်တပည့်သည် ဘုရားတွင် ပူဇော်လှူဒါန်းရန်အတွက် ဖယောင်းတိုင်ထုပ်များ ကန်တော့ပြီး ဝမ်းမြောက် ပျော်ရွှင်စွာဖြင့် ပြန်သွားပါတော့သည်။

ကျွန်ုပ်မှာလည်း စမဖိုမများကို စီမံရပါသည်။ ထိုစမများကို သီးခြား ဖော်ပြထားပါသည်။

ထိုစမများသည် စဇဗဓတ်စမကိုခွဲပြီး စမနဝင်းစေတီ စီမံထားလေ၏။ ခုနစ်နေ့သားသမီးများအတွက် ညွှန်းဆိုထား၏။ နငယ်ကွင်းပိတ်နှင့် နငယ်ပြန်ဆင့်တို့ ပါဝင်ခြင်း၊ နဝင်းညွှန့်စေတီတပ်ထားခြင်းတို့ကြောင့် ထူးခြားပါသည်။

ဗျည်းစမအဖိုအမတို့ကို ကျောချင်းကပ်ထားပြီး ပလတ်စတစ်လောင်းထားပါ။ စမဖိုမတို့၏ အလယ်လောက်တွင် (၁၀၈) နဝင်းတွင် နဝင်းအထွတ်တင်ထားသဖြင့်လည်း သိဒ္ဓိအထူးကို ရရှိမည်ဖြစ်ပါတော့သည်။

□ အဆောင်ဖြစ်အောင် စမအဖိုအမတို့၏ပုံကို ရေးဆွဲပါ။ ထိုသို့မစွမ်းနိုင်သူများ မိတ္တူကူးပါ။



□ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ နေ့ (၃) ရက်တွင် တစ်ရက်ရက်တွင် စတင်ပါ။

□ ဣစ္ဆန္တောဂါထာကို မိမိသက်စေ့ ရွတ်ဖတ်ပူဇော်ပေးပါ။

□ မဟာသိဒ္ဓိရှင်ဆရာတော်များနှင့် ဝိဇ္ဇာလေးပါးကို ပင့်ဖိတ်ပါ။

□ ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဆုတောင်းခံခြင်း၊ မေတ္တာပို့သခြင်းတို့ ပြုလုပ်ပါ။ တစ်နေ့တာကျင့်စဉ်ပြီးသည်နှင့် ဖိတ်ထားသူပုဂ္ဂိုလ်များကို ပြန်ပို့ပါ။

□ ထိုကျင့်စဉ်အတွက် (၁၀) ရက် ကာလ သတ်မှတ်ထားရပါမည်။ ဒါနနှင့် ပတ်သက်ပြီး အောင်သပြေပန်း၊ နံ့သာတိုင်တို့ ကပ်လှူပေးပါ။

## ဣစ္ဆန္တောဂါထာ

□ ဣစ္ဆန္တော အသာဓာရဏံ၊ အနန္တ ဗုဒ္ဓနိမ္မိတံ။
စက်မန္တော အဓိဋ္ဌေန၊ မောစေသိ၊ ဗန္ဓနာဗဟူ။

□ ဣစ္ဆန္တော ယာဝ ဘဝဂ္ဂါ၊ သမိဒ္ဓိတံ ဗာဟုံယထာ။
စက်မတိ သယိဒ္ဓိနာ၊ ဗုဒ္ဓတေဇေန သံယုတ္တာ။

□ ဣစ္ဆန္တော ဝိဗုဒ္ဓါနုမ္ပိ ဂစ္ဆာသမ သူရိယ စန္ဒေ။
ဒေဝဝနေသယနတော၊ မရာမသိ ဟတ္ထပါဒေါ။

□ ဣစ္ဆန္တော စတုဘယော၊ ပေဗ္ဗာ ပထဝီဘဝဂ္ဂံ။
ဒွေကုဒ္ဒိ စိန္တိယာ ယေန၊ ဗုဒ္ဓဘာသာ ယမ္မေတာ။

□ ဣစ္ဆန္တော သာသပဂတ္တော၊ စက်မတိ ကတ္တောစိတော။

□ ဣစ္ဆန္တော စက္ကဝါဠမှီ၊ အတ္တဘာ ဝေနဆာဒယိ။

ဂါထာတော်ကို အသံထွက်မှန်ကန်အောင်နှင့် ဖြည်းဖြည်းနှင့် ရွတ်ဖတ်ပူဇော်ရမည် ဖြစ်သည်။

အောင်မြင်သူ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အနေဖြင့် အောက်ပါကျောင်းများတွင် သဒ္ဓါပြဋ္ဌာန်းနိုင်သလောက် ရက်ရက်ရောရောပေးလှူကြပါဟု မူလကျမ်းဆရာက ညွှန်ပြထားခဲ့ပါသည်။

□ ပေးလှူရန်ကျောင်းများ

၁။ မိဘမဲ့ကလေးကျောင်း၊၊
၂။ မျက်မမြင်ကျောင်း၊၊
၃။ ဆွံ့အနားမကြားကျောင်းတို့ကို ထောက်ပံ့ခြင်းတို့ ပြုလုပ်ကြပါရန်။

ကျွန်ုပ်အနေဖြင့်လည်း အများအကျိုးနှင့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ကျင့်စဉ်အဓိဋ္ဌာန်ကြသောသူ (ယောဂီများ) များအတွက် အခွင့်အခါကြုံလျှင် အစွမ်းထက်သော ရုပ်စမ အစီအမံများကို ရေးသား တင်ပြပါဦးမည်။

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

ဘုန်းခိုင်

**ကိုးကား -**
ဝိဇ္ဇာဓရရှမ်ရပညာ
(လက်ရေးမူစာအုပ်)

www.burmeseclassic.com

၁၉၄၉ ခုနှစ် သောင်းကျန်းသူများ စလင်းမြို့တွင် ကြီးစိုးစဉ်ကဖြစ်၏။

'ခေါင်းမှာ အမောက်၊ လည်မှာ ခလောက်၊ ခါးမှာ ပြောက်' ဟူသော ဝေါဟာရသည် ကျွန်ုပ်ဇာတိ စလင်းမြို့တွင် ခေတ်စားလှသည်။ ပြည်သူ့ရဲဘော်တပ်ကလည်း ယူနီဖောင်းနှင့်၊ ကျောင်းသား ရဲခေါင်ကလည်း သက္ကလတ်ပြာ ယူနီဖောင်း၊ တပ်နီခေါ် နစ်ဖြူ ဗကပကလည်း ယူနီဖောင်းနှင့် လမ်းသလား ဟန်ရေးပြကြသည်။ ညနေပိုင်း ရွှေစေတီ

တိုက်ကြက်များမွေးထားရာ ကြက်သမားဘဝမှနေ၍ ကွန်မြူနစ်ဗိုလ်ဖြစ်လာသူ၊ ဗိုလ်အောင်မောင်းသည် ကျွန်ုပ်ထံလာ၍ လည်ပတ်လေ့ရှိ၏။

တစ်ရံရောအခါ၌ ကျွန်ုပ်နှင့် စကားကောင်းနေစဉ် သူ့တပ်မှ ရဲနီတစ်ဦးက -

"ဗိုလ်ကြီး၊ ကျွန်တော်ဝက်သိုက်ရွာသွားရမှာမို့ အာဏာငှားစမ်းပါ"

ဟု ပြောရာ ကျွန်ုပ် မြေပိုင်ရှင် အစိုးရအရာရှိမှာ အာဏာငှားခြင်းကို အရင်းရှင်အဘိဓာန်တွင်မပါ၍ အံ့အားသင့်နေစဉ် ကျွန်ုပ်ဧည့်သည် ဗိုလ်အောင်မောင်းသည် သူ့ခါးမှ (၆) လုံးပြူး သေနတ်ပါခါးပတ်ကို ကြည်သာစွာ သူ့တပ်သားအား ဖြုတ်၍ပေးလိုက်ရာ အာဏာငှားသည်ဆိုသည်ကို နားလည်ရပါ၏။

ကျောင်းမှ သောက်ရေတွင်းတွင် စလင်းသူပျိုချောတို့ ရေအိုးကိုယ်စီနှင့် ရေခပ်ဆင်းချိန်မှာ ဆိုခဲ့သည့်အတိုင်း 'ခေါင်းမှာအမောက်၊ လည်မှာခလောက်၊ ခါးမှာ ပြောက်၊ မယားမှာ ဆံတောက်' ဟု ဟန်ရေးပြကြသည်ကို တွေ့ရ၏။ ဗလင်တီနိုဆံပင်အရှည်တွင် အမောက်ပြုခြင်းကို လည်ပင်း၌ ဓာတ်တော်ကို ရွှေကြုတ်နှင့် ဆွဲကြိုးလုပ်ဆွဲသူ၊ လက်ဖွဲ့ဆွဲ၍ ခါးတွင် ပစ္စတို (၆) လုံးပြူးချိတ်လိုက်ရာ အဘယ်မည်သောပညာရှိသည် ဝိဂြိုဟ်ပြုလိုက်သည်မသိ အထက်ပါစကားရပ်သည် စလင်းမြို့တွင် ရပ်ရွာသုံးဝေါဟာရဖြစ်သတည်း။

သို့သော် အများပြည်သူမသိသော အသုံးလည်းရှိသေး၏။ ကျွန်ုပ်အိမ်တွင်

တိုင်းပြည်ကမောက်ကမဖြစ်စဉ် မင်းဘူးမှ ဇာတိစလင်းသို့ပြန်နေသည့်အတွင်း ကျွန်ုပ်မှာ စလင်းမြို့၌ အေးချမ်းစွာနေ၏။ ပေါင်းပင်ဇင်းရပ် ဝက်သီးကန်လမ်း ကျွန်ုပ်အဘိုး ဦးလူကြီးတိုက်၌နေ၍ လူကြီးသူမများပြုစုထားသော ပုရပိုက်၊ ပေစာများကို ဖတ်ခြင်း၊ မင်းဘူးမြို့အရေးပိုင်ရုံး အရေးပိုင်စာကြည့်တိုက်မှ စာအုပ်စာတမ်းများ လမ်းပေါ်ရောက်၍ပျောက်မတတ်ရှိရာ မြောက်ရွာမှ








www.burmeseclassic.com

www.burmeseclassic.com



ကိုလိုနီခေတ်မြို့ရှေ့ကြီးခေတ်ဦးမှတ်တမ်း

# အနောက်တံခါးမှူးမောင်မှူး

ဖြစ်ရှိသမျှမှတ်တမ်းများကဖော်ပြသော
တကယ့်အင်္ဂလိပ်-မြန်မာစစ်ပွဲသုံးသေးနှင့်များ

ဖိုးသက်တင်စည်းရုံးမှုဖြင့် သတင်းစာလည်ရောင်းသူ မောင်ဘာသန်း ရှာဖွေ၍ရသမျှ အင်္ဂလိပ်စာအုပ်မှတ်တမ်းများကို ဝယ်ယူလျက် စလင်းမြို့တွင် ဖတ်ရှုလေ့လာ ရပါသည်။

မင်းဘူးခရိုင်သည် သောင်းကျန်းသူများကြီးစိုးနေလင့်ကစား ကျွန်ုပ်တို့လို အစိုးရဝန်ထမ်းများမှာ ဝန်ထမ်းများလိုက်နာရမည့်စည်းမျဉ်း*ကို ဂရုပြု၍နေ



www.burmeseclassic.com


www.burmeseclassic.com

ထိုင်ရပါသည်။ ယင်းသူတို့နှင့်လည်း မဆန့်ကျင်ရာ။ သင့်တင်လျောက်ပတ်စွာ နေရ၏။ ကျွန်ုပ်၏လက်စွဲတော် (၆) လုံးပြူးဒေသနတ်၊ ရိုင်ဖယ်စသည်တို့ကိုလည်း လက်နက်များ စစ်ဆေးရန် ခေတ္တပေးထားပါဆို၍ယူသွားသည်။ ယဉ်ကျေးစွာ သိမ်းယူထားခြင်း ဖြစ်ပါသည်။

ကျွန်ုပ်နေထိုင်သော တိုက်ရှေ့ရှိ မန်ကျည်းပင်အောက် ဝါးကွပ်ပျစ်ပေါ်၌ ကျောင်းဒကာရွှေ၊ ဖိုးထွန်းအင်နှင့် မြေစာရင်း အင်စပိတ်တော်ဦးသာဒွန်းဦးတို့လေးဦးသည် မယ်မြစ်၏ မုန့်ပျားသလက်ကို ငါးမြင်းရင်းငါးပိချက်နှင့်သုံး



ဗြိတိသျှစစ်ပန်းချီဆရာတစ်ဦး၏ ၁၈၈၈ ခု၊ ဒီဇင်ဘာလ (၂) ရက်နေ့တွင် မြန်မာမျိုးချစ်များထံမှ သူတို့အား ခုခံတိုက်ခိုက်သည့်လက်နက်များကို ပန်းချီမှတ်တမ်းပြုထားပုံ



*Brown Bess Musket (Muzzle loader)*




**Brown Bess** သေနတ်ကိုပစ်ရန်အတွက် ကျည်ဆန်ထည့်ပုံ

ဆောင်စဉ် ကျောင်းသားရဲခေါင်ယူနီဖောင်းဝတ်ဆင်ထားကြသော ကျွန်ုပ်သားသူငယ်ချင်း၊ မောင်စိန်ဝင်း၊ မောင်အေးဘတို့သည် ဆည်ကြီးစုရပ်မှ မောင်ဘသိန်းနှင့်အတူ ရောက်ရှိလာကြ၏။ မောင်ဘသိမှာ ယူနီဖောင်းမဝတ် ကျောင်းသားခေါင်းဆောင် ဖြစ်၏။ ကျွန်ုပ်သား မောင်ဆိတ်ဖားနှင့်အတူ အိမ်တွင်နေလေ့ရှိ၏။ မောင်စိန်ဝင်းနှင့် မောင်အေးဘတို့မှာ သူတို့အခေါ် အဝေါ်နှင့်ဖော်ပြရလျှင် အာဏာများကို ခါးတွင်ချိတ်လျက် အမောက်၊ခလောက်၊ ပြောက်တို့ပါပြီး ဖြစ်၏။

သူတို့သည် ကျွန်ုပ်သားအားခေါ်ပြီးသည့်နောက် ပြန်လည်ထွက်သွားကြသည်။ ပေါ်ကဲဆိုင်သွားပြီး လက်ဖက်ရည်သောက်ကြမည် ဖြစ်၏။ မောင်ဘသိ၊ မောင်တင်စိုး၊ မောင်စိန်တိုးနှင့် ကျွန်ုပ်သားတို့မှာ လင်းဝေ ဟူသော လက်ရေးမဂ္ဂဇင်းထုတ်ရန် ကြိုးစားနေကြသူများ ဖြစ်၏။ ဈေးချိုရပ်မှ ယုလွင်မဂ္ဂဇင်းမှာ မောင်သောင်းရွှေ၊ မောင်မောင်လတ်တို့က ဦးစီးထုတ်ဝေ၏။ သူဇာလက်ရေးမဂ္ဂဇင်းမှာ ကျွန်ုပ်မိတ်ဆွေ တရားမမြို့အုပ်ဦးသိန်းမောင်၏ သားသမီးများက ဦးစီးထုတ်၏။ စလင်းမြို့မှ ကျောင်းဆရာကြီးများက ကျောင်းသားများ လမ်းမမှားစေရန် လက်ရေးမဂ္ဂဇင်းများထုတ်စေခြင်း ဖြစ်၏။

သူတို့ထွက်သွား၍မကြာမီ 'အုန်း' ဆိုသောအသံကြီးကြားရ၏။ မကြာမီ (၆) ဆူဘုရားနားမှာ လက်ပစ်ဗုံးကိုထုတ်၍ စနက်တံဖြုတ်ရာ ဗုံးကွဲသောကြောင့် ရဲဘော်တစ်ဦးသေသည်ဟု ကြားရ၏။ ကျွန်ုပ်တို့လူကြီးများစကားဝိုင်းသည် လက်နက်အကြောင်းသို့ ရောက်တော့သည်။

ဘိုးထွန်းအင်ကစ၍ -

"မင်းတုန်းမင်းတရားလက်ထက်တော်က ရေမြှုပ်ဗုံးကို အိမ်ရှေ့စံကနောင်မင်းက စမ်းသပ်တယ်လို့ကြားဖူးပါတယ်"

ဟု စကားစတော့သည်။

အင်စပိတ်တော်ကြီး -

"မင်းတုန်းမင်းက ငါးတွေသေတာမြင်ရပြီး သတ္တဝါများသေတာကို မြင်ရတာကြောင့် သဘောမတူ တားမြစ်လို့ ဆက်ပြီးမလုပ်ရတာလို့ဆိုသဗျ"

ဟု ဆိုလေသည်။

ငါးသန်ဂေါင်းသူကြီးအိုကမူ မှတ်ချက်မပြု နားထောင်လျက်နေ၏။

ဘိုးထွန်းအင်က -

"တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲမှာ ဘယ်လိုလက်နက်တွေနဲ့တိုက်ခဲ့ရသလဲ"

ဟု ရှာရှာဖွေဖွေမေးတော့၏။


သို့ဖြစ်၍ ကျွန်ုပ်က -

"တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲမှာသုံးခဲ့တဲ့လက်နက်များနဲ့ပတ်သက်ပြီး သိသမျှကို တင်ပြရမယ်ဆိုရင် မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



မြန်မာတို့က ဗလာမြီးကက်သေနတ်ဟု ခေါ်ဆိုသော မာတနီဟင်နရီရိုင်ဖယ် (*Martini Henery Riffle*)

မှတ်တမ်းများမှာ မတွေ့ရသလောက်ဖြစ်ပါတယ်။ ကျုပ်တို့အဘိုး မင်းလှခံတပ်က နေပြီး ခုခံတာကလွဲပြီး ဘာလက်နက်နဲ့ ခုခံတယ်ဆိုတာ ဖတ်ခဲ့သမျှ မြန်မာ မှတ်တမ်းတွေမှာ မတွေ့ရပါဘူး။ မြန်မာ များ မှတ်တမ်းရေးလေ့မရှိဘူးရယ်လို့ ကျွန်တော်မဆိုလိုပါဘူး။ နန်းတော်ထဲမှာ ရွှေတိုက်တော်ဆိုတာ မှတ်တမ်းတွေ၊ စစ်တမ်း၊ ရွှေတိုက်စာရင်းဝင်ဆိုတဲ့ ယူတန်းစားများ မွေးတိုးဖွားသေစာရင်း တောင်မှတ်ထားတာ။ အမိန့်တော်၊ ပြန်တမ်း စတာတွေလည်းထားရပါတယ်။ အရှင်(၂)ပါး ပါတော်မူပြီးတဲ့နောက် နန်းတော်ကြီးလည်း စစ်ရုံးလုပ်၊ စစ်ဗာရီတွေနဲ့ ဗြိတိသျှတပ်ချလိုက်တာ အပျက်အစီးဆုံးအရှုံးမှုတွေရှိလာလို့ နန်းတွင်းမှတ်တမ်းပေစာ၊ ပုရပိုက်တွေကို ရန်ကုန်ပို့ထားပြီး ပုရပိုက်၊ ပေစာတို့ကို စာရင်းပြုစုထားရာက အချို့မှတ်တမ်းတွေလည်း မရှိတော့ပါဘူး။ ဒီတော့ အင်္ဂလိပ်တပ်တွေရဲ့မှတ်တမ်းကိုကြည့်ပြောရတာပါ။

ရှေးဦးစွာ မြန်မာတပ်သုံးလက်နက်များအကြောင်းကို မင်းတုန်းမင်းနတ်ရွာစံလို့ ဈာပနကျင်းပတဲ့ အခမ်းအနားကိုတက်သည့် အက်(စ်)ပီဂျီခေါ်တဲ့ခရစ်ယာန်သမ္မာကျမ်းစာပြန့်ပွားရေးအသင်းတော်က ခရစ်ယာန်ဘုန်းတော်ကြီး၏ရဲ့ မန္တလေးမှ ခရစ်နှစ် ၁၈၇၈ ခု၊ နိုဝင်ဘာ ၂ ရက် နေ့စွဲပါစာအရ မြန်မာတပ်များကိုင်ဆောင်တဲ့သေနတ်များမှာ တူမီးသေနတ်များနဲ့ ဘရောင်းဘက်(စ်)စကက်သေနတ်များကိုဆောင်သည်ကို တွေ့ရတယ်။ ခေတ်မီပြီး အဲဒီအချိန်က ဗြိတိသျှတပ်များအသုံးပြုနေတဲ့ မာတနီဟင်နရီရိုင်ဖယ်များ မြန်မာတပ်မှာအသုံးပြုတာကို မတွေ့ရပါလို့ ပါရှိပါတယ်"

ဖိုးထွန်းအင်က -

"ဘရောင်းဘက်(စ်) မတ်စကက်သေနတ်နဲ့ မာတနီဟင်နရီရိုင်ဖယ်ဆိုတာက ဘာကွာခြားသလဲ"

ဟု မေးရာ -

ကျွန်ုပ်က -

"ခင်ဗျားတို့ မှတ်မိကြမှာပေါ့။ ကျွန်တော့်အဖေလက်စွဲ ဘိုးရွှေကုန်းနဲ့ ဘိုးယွန်းတို့ကို။ သူတို့က မင်းလှခံတပ်မှာတိုက်ခဲ့ကြတဲ့ စလင်းပဲ့နင်းကြီးတပ်သားတွေပေ့ါ။ ကျွန်တော် မြို့ပိုင်အဖြစ်နဲ့ သပိတ်ကျင်းပြောင်းရတော့ သူတို့(၂)ယောက်ကို ကျွန်တော့်အဖေကထည့်လိုက်တယ်။ သူတို့(၂)ယောက်က တူမီးသေနတ်ပစ်တော်ကြပါတယ်။ ဘိုးယွန်းက အသက်ကြီးပေမယ့် အင်္ဂလိပ်စာမတောက်တခေါက်တတ်တော့ သူ့သေနတ်ကလေးကို မိညိုလို့ခေါ်သဗျ။ တောသွားရင် သူကမိညိုနဲ့ အတူလိုက်လေ့ရှိပါတယ်။ ဒီသေနတ်နဲ့ သမင်တို့၊ ချေတို့ရအောင်ပစ်နိုင်သဗျ။

အဘိုးကြီးအိုက သူ့သေနတ်ကလေးနဲ့ သူ့နည်းသူ့ဟန် ယမ်းတောင့်လိုလုပ်ပြီးပစ်တာကို ကျွန်တော့်မြင်သမျှပြောရရင် ဆီစိမ်စက္ကူနဲ့ထုပ်ထားတဲ့ ယမ်းကိုပြောင်းထဲထည့်တယ်။ ကာပတ်ထည့်တယ်။ ကျည်လုံးထည့်တယ်။ ပြောင်းအောက်က ယမ်းထိုးတံနဲ့ထိုးပြီး စိုင်မောင်းဆွဲပြီးချိန်၊ ပစ်မှတ်ချိန်မိရင် ခလုတ်ဆွဲတာနှင့် စိုင်မောင်းက နားခွက်ကိုရိုက်၊ သေနတ်ကဒိုင်းခနဲထွက်တာပါ။ အဘိုးကြီးက ကျည်လေးလုံးထည့်ပစ်တော့ ကျုပ်တို့ (၂) လုံးပြူးက အယ်လဂျီယမ်းတောင့်လောက် အားရှိတာပေါ့။ တစ်ခုတော့ရှိတယ် ကိုက် (၅၀) လောက်ဆိုရင်မသေချာတော့ ကိုက်(၅၀)အတွင်း ပစ်မှတ်သာပစ်နိုင်တယ်။ ဘိုးယွန်းကတော့ သူ့ကျည်နဲ့သူဆိုရင် တစ်မိနစ် (၃) ချက်တော့ ပစ်နိုင်သတဲ့ဗျ"

ဘိုးထွန်းအင် -

"ချက်ဆို နားခွက်ကမီးတောက်ဆိုတာ ဒါပြောတာကိုး"

"ဦးသာဖွန်းဦးရေ - အင်္ဂလိပ်မှတ်တမ်းဆိုတော့ ခုနှစ်အမှတ်အသားတွေကို ခရစ်နှစ်လို့မှတ်ကြစို့လားဗျာ။ မိညိုကို ၁၇၂၂ နှစ်မှာ တီထွင်တယ်။ အဲဒီခေတ်က စစ်သားတွေ ရင်ပေါင်တန်းပြီး ရှေ့တက်တိုက်တဲ့ခေတ်ဆိုတော့ ရှေ့ကတပ်သားကိုကျော်ပြီး ပြောင်းကိုထိုးပစ်နိုင်အောင် ပြောင်းကိုရှည်ထားကြတယ်။ ခြေလျင်တပ်က ပြောင်းအရှည် (၄၀) လက်မထားတယ်။ ရေတပ်ကတော့ သူ့ထက်ပြောင်းတိုတာပေါ့။ ထိပ်မှာ (၁၇) လက်မရှိတဲ့ သုံးမြှောင်သွားလှံစွပ်တပ်နိုင်တယ်။ ဗြိတိသျှတပ်တွေက ၁၇၄၀ - ၁၇၉၇ ခုအထိ ဒီသေနတ်ကိုင်ခဲ့တာပေါ့။ ဝါတာလူးစစ်ပွဲမှာ ဒီသေနတ်သုံးလို့ စစ်နိုင်တယ်လို့ဆိုတယ်။ အိန္ဒိယမှာ ၁၈၃၃ ခုအထိ တပ်တွေမှာ အသုံးပြုနေပါသေးတယ်။ အာဖရိကရှိတိုင်းပြည်တွေ၊ အာရှမှာရှိတဲ့ တိုင်းပြည်တွေမှာ ဒီသေနတ်တွေထုတ်ရောင်းပြီး သေနတ်အကောင်းစားတွေ မရောင်းပါဘူး။ မြန်မာတပ်များက ဘိုးယွန်းကိုင်တဲ့မိညိုကိုပဲကိုင်ရပါတယ်။ အတိုချုံးရရင် ဘရောင်းဘက်(စ်)သေနတ်ဟာ ပြောင်းထိပ်က ယမ်းထိုးကျည်ထည့်ပြီးပစ်တဲ့ အဆင့်မြင့်တူမီးသေနတ်ပါဗျာ။ အလွန်ကျွမ်းပါမှ တစ်မိနစ် (၄) ချက်လောက် ပစ်နိုင်ပါတယ်။ ၁၇၂၂-၁၈၃၈အတွင်းမှာ ဒီသေနတ်ကို ဗြိတိသျှအင်ပါယာအတွင်း ဌာနေတိုင်းရင်းသားတပ်များ၊ အမေရိက၊ ဆွီဒင်၊ မက်ဆီကို၊ ဘရာဇီး၊ ဇူလူးတိုင်းရင်းသားတပ်များကသုံးခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ၁၈၆၀ ပြည့်နှစ်အထိ ထုတ်လုပ်ရောင်းချခဲ့ပါတယ်။ ပစ်အားက ကိုက် (၅၀) မှ (၁၈၀) အတွင်း၊ ပြောင်းထိပ်မှ ကျည်ထွက်အရှိန် (Muzzle Velocity) အတိအကျမရှိလို့ဆိုလေရဲ့။ ဒီရာစုနှစ်တစ်ခုလောက်သုံးလာတော့ သူထက်ကောင်းတဲ့ ပစ်အားသာပြီး ထိထိမိမိချိန်ပစ်လို့ရတဲ့သေနတ်ပေါ်လာပါတယ်။ ပြောင်းထိပ်က ကျည်ထိုးရတာချင်းတူပေမယ့် ပြောင်းမှာဝက်အူရစ်ထည့်လိုက်တဲ့အခါ ကျည်ဆန်က ပိုပြင်းလာပြီး ပစ်မှတ်ကိုထိတာကို သတိမူပြီး တီထွင်လာတယ်။ နောက် ပြောင်းရင်းကကျည်ထိုးပြီး ကျည်ဆန်ယမ်းတောင့်နဲ့ပစ်တဲ့ ရိုင်ဖယ်တွေပေါ်လာတယ်။ ဆနိုင်ဒါရိုင်ဖယ်က ကျည်ယမ်းတောင့်ကအပေါ်မှာ ဆီစိမ်ထားတဲ့စက္ကူကို ပါးစပ်နှင့်ဖြဲပြီး သေနတ်မှာထည့်ရတာကို ကုလားစစ်ဗိုလ်တွေက အမဲဆီ၊ ဝက်ဆီတွေနဲ့လုပ်တယ်ဆိုပြီး အိန္ဒိယမှာ တပ်တွင်းပုန်ကန်မှုလုပ်ပါတယ်။ ဒါကြောင့် ဆနိုင်ဒါရိုင်ဖယ်အစား မာတနီရိုင်ဖယ်ကို ဗြိတိသျှတပ်တွေက ကိုင်ဆောင်ပါတယ်။ ယမ်းတောင့်ကတော့ ကျွန်တော်တို့အသုံးပြုနေတဲ့ပုံစံပါ။မာတနီဟင်နရီရိုင်ဖယ်ယမ်းတောင့်တွေဟာ ခုခေတ်သုံးရိုင်ဖယ်ယမ်းတောင့်တွေရဲ့ ရှေ့ပြေးပါ။ သူ့ခေတ်မှာတော့ ပြိုင်စံရှားပဲ။ အာဖရိကမှာ အင်္ဂလိပ်နဲ့ ဇူးလူးစစ်ပွဲမှာ စသုံးတယ်။ ရဝမ်ဒါတိုက်ပွဲမှာ အင်္ဂလိပ်တပ်ရင်းလိုက် မရှုမလှရှုံးတယ်။ အပြစ်ရှာတော့ တပ်သားတွေဆီကို ကျည်ဆန်ဖြည့်ပေးတဲ့စနစ်က ယမ်းတောင့်တွေကို သေတ္တာကနေ အချိန်မီထုတ်မပေးနိုင်လို့ဆိုတာ အဖြေထွက်တယ်။ နောက်ထပ် ရောဒ်ဒရစ်တိုက်ပွဲမှာကျတော့ အင်္ဂလိပ်တပ်ခွဲတစ်ခုစာက သူထက်အဆများစွာအားကြီးတဲ့ ဇူးလူးတပ်ကို အနိုင်တိုက်ချေမှုန်းလိုက်တယ်။ အိန္ဒိယမှာလည်း အာဖကန်စစ်မြေပြင်မှာ ဒီသေနတ်ကို အသုံးပြုတိုက်ပြီး အောင်ပွဲခံခဲ့ပြီးပါပြီ။

ခုပြထားတဲ့ ပုံထဲမှာ ဝဲဘက်က စကြည့်ရင် ဆနိုင်ဒါ၊ မာတနီနှင့် အင်ဖီးရိုင်ဖယ်ယမ်းတောင့်များ ဖြစ်ပါတယ်။ ဝဲဘက်အစွန်ဆုံးက ဆနိုင်ဒါယမ်းတောင့်၊ နောက်တစ်ခုက ဇူးလူးစစ်ပွဲမှာသုံးတဲ့ ‧ ၅၇၇×၄၅၀ မာတနီကျည်ဆန်ယမ်းတောင့်၊ ပြန်လည်ပြုပြင်ထုတ်လုပ်တဲ့ ‧ ၅၇၇×၄၅၀မာတနီယမ်းတောင့်၊ ခေတ်ပေါ် ‧ ၃၀၃ လီးအင်ဖီးရိုင်ဖယ်ယမ်းတောင့်တို့ကိုပြထားပါတယ်။

မာတနီသေနတ်ကို ၁၈၇၁ - ၁၈၈၈ ခုနှစ်အထိ ဗြိတိသျှတပ်သုံးဖြစ်ပြီး အလေးချိန် (၈) ပေါင် (၇)အောင်စလေးပြီး လှံစွပ်တပ်ထားရင် (၉) ပေါင် (၄. ၇၅) အောင်စရှိပါတယ်။ တစ်မိနစ်ကို (၁၂) ချက်ပစ်နိုင်တယ်။ (၄၉)လက်မရှည်ပါတယ်။ ကိုက် (၄၀၀) ရှိပစ်မှတ်ကို ထိရောက်စွာပစ်နိုင်တယ်။ ဇူးလူးစစ်ပွဲ၊ အာဖကန်စစ်ပွဲမှာ တစ်ဖက်က ဘရောင်းဘက် (စ်) သေနတ်ယှဉ်ပြိုင် အနိုင်ရတဲ့ သေနတ် ဖြစ်ပါတယ်။

ကျွန်တော်ပြောချင်က မြန်မာဘက်သုံးရတဲ့ ဘရောင်းဘက်(စ်) သေနတ်က ကိုက် (၁၅၀) အထိ ပစ်နိုင်တယ်။ သူတို့ကိုင်တဲ့မာတနီသေနတ်က ကိုက် (၄၀၀) ရှိ ပစ်မှတ်ကို ပစ်နိုင်ပါတယ်။ ပစ်အားအရှိန်ကို ပြောရရင် တစ်စက္ကန့်ကို ပေ (၁၂၅၀)နှုန်းရှိတယ်။

မြန်မာများဘက်က အမြောက်များရှိပါတယ်။ ပြောင်းထိပ်အဝမှ ယမ်းထိုးတဲ့အမြောက်များအသုံးပြုပါတယ်။ ဗြိတိသျှဘက်က သူတို့ရေတပ်မတော်က မန္တလေးမြို့သိမ်းရန်အတွက် ရေတပ်မတော်အခန်းကဏ္ဍမှာ ဖော်ပြထားတာက ကက်သရင်းနဲ့ စက်တိုင်အမြန်သင်္ဘော ၃(၂)စင်းပေါ်တွင် စက်သေနတ်များ တပ်ဆင်ထားပါတယ်။ ရောဝတီသင်္ဘောပေါ်က ခေတ်မီ ပြောင်းရင်းမှ ကျည်ထိုးရတဲ့ (၂၀) ပေါင်ဒါအမြောက် (၂) လက်၊ အိန္ဒိယကမ်းခြေတက်တပ်သုံးပြောင်းဝထိပ်မှ ကျည်ထိုးရတဲ့ (၉) ပေါင်ဒါအမြောက်(၂)လက်* တပ်ဆင်ထားပါတယ်။ နောက်တစ်ခါ သင်္ဘောတွဲ သမ္ဗန်နှစ်စီးအပေါ် ပြောင်းဝမှ ယမ်းထိုးရတဲ့ (၆၄) ပေါင်ဒါ အမြောက်ကြီးတစ်လက်စီတင်ပြီးရင် အကာအကွယ်အတွက် ဝါဂွမ်းအိတ်များကိုတင်ဆောင်ထားပါတယ်။ အမြောက်ကြီးများကို ဦးပိုင်းမှာတင်ထားပြီး (၄၅) ဒီဂရီလှည့်လည်ချိန်နိုင်ရန်တပ်ဆင်ပါတယ်။

အမြောက်ကျည်ဆန် (၂၀၀) ပေးထားတယ်။ (၂၅) ပေါင်ဒါအမြောက် (၁၂) လက်ကိုလည်း ရေတပ်မှာ တပ်ဆင်အသုံးပြုခဲ့တယ်လို့ ဖတ်ရှုမှတ်သားမိပါတယ်။ ခြေလျင်တပ်တွေမှာ တောင်ပေါ်ပစ်အမြောက်တွေပါလာပါပြီ"

ဘိုးထွန်းအင်က -


"စက်သေနတ်တောင်ပေါ်နေပြီလားဗျာ"

ဟု မေးသည်။

ကျွန်ုပ်က -

"ဂက်သလင်းစက်သေနတ်ကပေါ်ပြီ၊ အာဖရိကမှာ ဇူးလူးတွေနဲ့တိုက်တော့သုံးပြီ။ ကျွန်တော်လည်း အခုတော့ မင်းလှခံတပ်က ကျွန်တော်တို့အဘိုးဟာ ဂက်သလင်းသေနတ်နဲ့ ရင်ဆိုင်ရတယ်ထင်တာ မဟုတ်ပါဘူး။ သူ့ထက်ခေတ်မီတဲ့သေနတ်ကပေါ်ပြီ။ သူ့ထက်ကောင်းတဲ့ ဂါနာသေနတ်*ပေါ်ပြီ။ စစ်သေနတ်တစ်လက်ပစ်ဖို့ လူ (၂)ဦးသာလိုပြီး ကျည်ဆန်အရှိန်ထ[illegible] ပြောင်းဝကထွက်စမှာ (၁) စက္ကန့်ကို ပေ (၁၂၈၀) နှုန်းနဲ့ထွက်တယ်။ သင်္ဘော[illegible] ပေါ်မှာဆင်ထားရင် ခုပြထားတဲ့အတိုင်း[illegible] မြင်ရတဲ့ အတိုင်းမြင်ရမှာပါ။ တစ်ဦး[illegible] ကျည်ဆန်ထည့်ပေးပြီး တစ်ဦးက ပစ်[illegible] ပေ့ါ။ ကျည်ဆန်က မာတနီရိုင်ဖယ်[illegible] ကျည်ဆန်ကို အသုံးပြုပစ်ခတ်တာ[illegible]

ဒီအကြောင်းကို ၁၈၈၈ ခုနှစ်[illegible] လွှိုက်ဆိုတဲ့ အမြောက်တပ်ဗိုလ်[illegible] မိုးကုတ်မြို့ကို မန္တလေးကတပ်သိမ်း[illegible] အစီရင်ခံစာမှတ်တမ်း*မှာဖတ်ရပါတယ်[illegible]





www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှရေတပ်မတော်သားနှစ်ဦးက ဂါဒါစက်သေနတ်ကို ကိုင်တွယ်ပစ်ဟန်



မြောင်း (၂) ထုံးပါ ဂါတနာစက်သေနတ်

မြန်မာတပ်များက ရရာလက်နက်နဲ့ တိုက်ပွဲဝင်ခဲ့ရတယ်လို့ ဆိုရပါမယ်။

အမြောက်အကြောင်းပြောရပါဦးမယ်။ မြန်မာအမြောက်များက ကျည်ထိုးရာမှာ (Muzzle Loading) ပြောင်းဝမှ ကျည်ဆန်ထည့်ပစ်ရတဲ့ အမြောက်များသာရှိတယ်။ ဗြိတိသျှဘက်က Reffle, Breech Loading လို့ ခေါ်တဲ့ပြောင်းမှာ ရိုင်ဖယ်ရစ်နဲ့ ကျည်ဆန်ကို ပြောင်းရင်းကနေထည့်တဲ့ အမြောက်တွေသုံးပြီး တိုက်ခဲ့ပါတယ်။ တောင်ပေါ်ပစ် အမြောက်များကို အသုံးပြုခဲ့တယ်။ တောင်ပေါ်ပစ်အမြောက်ကို လား (၄) ကောင်နဲ့ တောတောင်တွေပေါ်မှာသယ်ခဲ့ပုံလည်းပါသဗျ။ ခြေလျင်တပ်တွေမှာ တောင်ပေါ်ပစ်အမြောက်တွေ ပါလာပါပြီ။ ဘိုးရွှေကုန်းနဲ့ ဘိုးယွန်းတို့နှံခဲ့တဲ့ စလင်းမကျီးတထောင်ဘုရားတိုက်ပွဲမှာ ငလင်ပိန်းဘက်ကနေပြီး အင်္ဂလိပ်က အမြောက်နဲ့ပစ်တယ်။ စက်သေနတ်နဲ့ ပစ်ခံရတယ်။ နောက်မှ မကျီးတထောင်ဘုရားကုန်းကို မြင်းတပ်နဲ့တက်တိုက်တာ။ သူတို့က ဘုံဘိုင်ဗိုလ်လို့ခေါ်တဲ့ ဗိုလ်ကြီးအက်ကင်ဆန် (ကျဆုံးပြီးမှ ဗိုလ်မှူးအဖြစ် ရာထူးတိုးပေးသည်။) ကိုပစ်ချလိုက်ရတဲ့အကြောင်းကိုပြောပြလို့ သိရပါတယ်။ ဗြိတိသျှတပ်တွေမှာ ခြေလျင်တပ်နဲ့ ပူးတွဲပြီး တောင်ပေါ်ပစ်အမြောက်များ၊ စက်သေနတ်များနဲ့ တိုက်တဲ့နည်းဗျူဟာကိုသုံးပါပြီ။ အိန္ဒိယပဋိညာဉ်ခံဝန်ထမ်းမစ္စတာ ဂျေ-စကော့ ရေးတဲ့ 'ဗမာ' ဆိုတဲ့စာအုပ်ပါ အရဆိုရင် စစ်ဖြစ်ခါနီးမှ စစ်ရေးလေ့ကျင့်ကြောင်း ပါတယ်ခင်ဗျ"

ဟု ပြောရပါသည်။

အင်စပိတ်တော်ကြီး -

"ဒီလိုဆိုရင် လက်နက်ချင်းမမျှလို့ ကျွန်တော်တို့ စစ်ရှုံးတာလို့ ဆိုနိုင်ပါသလားခင်ဗျာ"

ဟု မေးသည်။

"ကျွန်တော် တွေ့ရတာကတော့ ဒီသဘောပါပဲ။ မြန်မာတပ်များကလည်း စစ်ဖြစ်ခါနီးမှ ဆင့်ခေါ်ပြီးလေ့ကျင့်ရတာပေါ့နေတယ်။ လက်နက်ကလည်းမယှဉ်သာဘူး။ မင်းလှက ခံတိုက်မယ်ဆိုတဲ့ မင်းလက်ဝါးလည်း စလင်းဘက်ဝင်ခိုရတာပါပဲ။ ကြံတဲ့ဘက်က မအိပ်မနေကြံစည်တာပဲ။ နန်းတွင်းရေးက ရှုပ်ထွေးနေတော့ သူတို့အကြံဦးတာပေါ့ဗျာ။ မြန်မာများ အားနည်းအောင် အချိန်စောင့်ပြီး သိမ်းတာပါ"

ဟု ဖြေရပါသည်။

ထိုအချိန်တွင် အိုးသူကြီးမယ်မှင်၏အစ်ကိုမောင်ဘဒင်သည် သူနေသော မောင်ဝက်ကန်ရွာမှ စားသောက်ဖွယ်ရာများနှင့် ရောက်လာသောကြောင့် မယ်မှင်မှ လာရောက် တည်ခင်းကျွေးမွေးရာ ကောက်ညှင်းပေါင်း၊ ဆတ်သားကြော်နှင့် ပဒပ်ဆီပူထိုးတို့မှာ ကျွန်ုပ်တို့အဘိုးကြီးများအကြိုက်ဖြစ်၍ လက်နက်အကြောင်းရပ်လျက် အစားအသောက်ဘက်သို့ရောက်သွားရပါကြောင်း။

အနေကိတ်ဘဲခါးမှူးမောင်မှူး

၁။ Government servant Conduct Rules and Regulations.

၂။ ဦးသိန်းမောင် စက်ရှင်မင်းကြီး (ကြီးပွားရေးသိန်းသိန်း)

၃။ Society for Propagation of Gospel. Father James Alfred Colbeck. (Mandalay in 1878-1879, The letters of James Alfred Colbeck)

၄။ Brown Bess Musket. Martini Henery Riffles.

၅။ Kathleen & Settang, serew steam launchs. (W.L.Clowes on the Naval Brigade in Upper Burmah)

၆။ Two 20pounder Breech-loading and two muzzle loading guns (W.L.Clowes on the Naval Brigade in Upper Burmah)

၇။ Barges (W.L.Clowes on the Naval Brigade in Upper Burmah)

၈။ Gatling gun, Gardner gun

၉။ Lloyd 1888, Expedition to the Ruby Mines of Upper Burma.

Ref;

- W.L.CLowes on the Naval Brigade in Upper Burmah.
Mandalay in 1878 - 1879 The Letters of James Alfred Colbeck.
Lloyd 1888,Expedition to the Ruby Mines of Upper Burma.
J.Cscot the Burman.



www.burmeseclassic.com

www.burmeseclassic.com

အေးရွှေ(ဇီးကုန်း)

# မီးယပ်သွေးချုပ်ရောဂါခံစားနေရပါက

တစ်နေ့ စာရေးသူထံသို့ တောင်တွင်းကြီးမြို့မှ အစ်ကိုဖြစ်သူ၏ သမီး သက်သက်နိုင်တို့သားအမိရောက်လာသည်။ အကြောင်းကတော့ ပိုင်အမ်ဘီအေအသင်းကြီး၏ နာယကကြီးများဖြစ်ကြသော ဦးတင်ဝင်း (ရဲဝန်ထမ်း/ငြိမ်း) ဦးတင်အောင်တို့၏ ဩဝါဒကို ခံယူပြီး ဥက္ကဋ္ဌ ဦးခင်စိုး၊ အတွင်းရေးမှူး ဦးကျော်စိုး၊ တွဲဖက် ဦးထွန်းထွန်းတို့ကြီးမှူးဖွင့်လှစ်သည့် ပညာဒါနနှင့် နှစ်စဉ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်ကောင်းကြောင်းသတင်းကြားသည့်အတွက် သမီးငယ်ကို ပညာဒါန၌ ကျောင်းလာထားဖို့ဖြစ်သည်။

စာရေးသူလည်း မတွေ့ရတာကြာပြီဖြစ်သော တူမဖြစ်သူအား မမျှော်လင့်ဘဲ တွေ့ရလိုက်သဖြင့် ဝမ်းသာသွားသည်။ သို့သော် တူမဖြစ်သူမှာ အရင်ကနှင့်မတူဘဲ အသားအရေတွေ ခြောက်ကပ်ပြီး ပိန်ချုံးနေသည်ကို တွေ့ရသည့်အတွက် စိတ်မကောင်းဖြစ်သွား၏။

သို့ကြောင့် ညရောက်၍ ညစာစားသောက်ပြီး ရေနွေးကြမ်းဝိုင်းထိုင်ကြသည့်အခါ တူမဖြစ်သူအား ကျန်းမာရေးနှင့်ပတ်သက်ကာ မေးမိသည်။

ထိုအခါ တူမဖြစ်သူက -

"ဟုတ်တယ် လေးလေးရယ်။ ကျန်းမာရေးက သိပ်မကောင်းဘူး။ ကိုယ့်လေးလေးပြောရမှာတောင် မပြောရဲသလောက်ဘဲ"

ဟု ပြောသဖြင့်၊ စာရေးသူက -

"သမီးရယ်၊ ကျန်းမာရေးနဲ့ပတ်သက်ရင် ရှက်နေလို့မရဘူးလေ။ မပြောမဖြစ်ပြောရမှာပေါ့"

ဟု တိုက်တွန်းစကားပြောလိုက်သည်။

ထိုအခါမှ တူမဖြစ်သူလည်း သွေးသားမမှန်ကြောင်း၊ သွေးချုပ်ပြီး သွေးသားများယားယံကြောင်း၊ တစ်ခါတလေ တစ်ကိုယ်လုံးကိုက်ခဲပြီး အကြောတွေတက်ကြောင်း၊ မကြာခဏဆိုသလို ဖျားကြောင်း၊ အစားအသောက်ပျက်ပြီးအားတွေနည်းမူးဝေကြောင်း၊ တစ်ခါတလေမှာတော့ ကိုယ်မှာ အနာစိမ်းများပေါက်ကြောင်း၊ လက်လှမ်းမီရာဆေးဝါးတွေနှင့် ကုသပေမယ့် ကောင်းတော့မလိုလို၊ သက်သာတော့မလိုလိုနှင့် အပြီးသတ်ကျ သွေးက ဖောက်ပြန်မြဲဖောက်ပြန် ချုပ်မြဲချုပ်ကြောင်း သူခံစားနေရသည်များကို အားငယ်စွာ ပြောပြ၏။

ထို့နောက် တူမဖြစ်သူက -

"တစ်ခါတလေတော့လည်း လေးလေးရယ် စိတ်ထဲမှာတစ်မျိုးကြီးပဲ။ လျှောက်သွားနေချင်သလိုလို၊ ထွက်ပြေးချင်သလိုလို၊ ငိုချင်သလိုလို၊ ရယ်ချင်သလိုလို၊ ကြောက်လန့်နေသလိုမျိုးဘာကိုကြောက်မှန်းလဲမသိကြောက်နေသလိုမျိုး ခံစားရတယ်"

ဟု ဆက်ပြောသည်။

"ဒါဆိုရင်တော့ လေးလေးတို့မြို့မှာ နာမည်ကြီးဆရာကြီးတစ်ယောက်တော့ရှိတယ်။ ရောဂါကုရာမှာတော့ အတော်နာမည်ကြီးတယ်။ တော်လည်းတော်တယ်"

ဟု ပြောကာ နောက်တစ်နေ့နံနက်၌ တူမဖြစ်သူကို ထိုဆရာကြီးထံသို့ ခေါ်ခဲ့ပါသည်။

ဆရာကြီးနှင့်တွေ့သည်နှင့် ဆရာကြီးက တူမဖြစ်သူအား လိုအပ်သလိုစစ်ဆေးပြီး မီးယပ်သွေးချုပ်ရောဂါခံစားနေရတာဖြစ်ကြောင်း၊ ထိုရောဂါခံစားရပါက တူမဖြစ်သူပြောသကဲ့သို့ -

၁။ မကြာမကြာဖျားတတ်ခြင်း၊
၂။ ကိုယ်ခန္ဓာများကိုက်ခဲခြင်း၊
၃။ အကြောတက်ခြင်း၊
၄။ သွေးသားတွေယားယံခြင်း၊
၅။ ခွန်အားနည်းခြင်း၊
၆။ မူးဝေခြင်း၊
၇။ အနာစိမ်းများပေါက်ခြင်း၊
၈။ ပိန်ကြုံခြင်း၊
၉။ စိတ်ချောက်ချားသကဲ့သို့ ဖြစ်တတ်ခြင်း

စသော လက္ခဏာများကို ခံစားရကြောင်း၊ ယင်းလက္ခဏာများသည် မီးယပ်သွေးချုပ်ရောဂါကြောင့်ဖြစ်ကြောင်း၊ ထိုကဲ့သို့ မီးယပ်သွေးချုပ်ရောဂါဖြစ်ရသည့် အကြောင်းရင်းများမှာလည်း အမျိုးသမီးများသည် -

၁။ အေးသည့်အရသာ၊ ချိုသည့်အရသာ၊ ဖန်သည့်အရသာများကို အလွန်အကျွံစားသုံးခြင်း၊
၂။ ရေအေးအေးကို ကြာမြင့်စွာစိမ်ချိုးခြင်း၊
၃။ ခမ္ဘတာပေါ်နေစဉ် ခေါင်းလျှော်ခြင်း၊
၄။ လေအေးခံခြင်း၊
၅။ ဆီး၊ ဝမ်း၊ လေတို့၏အဟုန်များကို တားဆီးခြင်း၊
၆။ အညောင်းထိုင်များခြင်းတို့ကြောင့် ဖြစ်တတ်ကြောင်း -

အမျိုးသမီးများအနေဖြင့် ယင်းအချက်တို့ကို လိုက်နာသင့်ကြောင်းပြောကာ တူမဖြစ်သူအား ကြိတ်မှန်ရွက် (၁၀) ကျပ်သားကို ထန်းလျက်ချိုအောင်ထည့်၍ ရေနှင့်ပြုတ်ပြီး တစ်နေ့(၂)ကြိမ် နေ့စဉ်ရောဂါမပျောက်မချင်းသောက်ခိုင်း၏။

လောလောဆယ်တော့ သွေးဆေးနီကြီးကို ထန်းလျက်၊ချင်းတို့နှင့်ရောပြုတ်ပြီး သောက်ခိုင်းကာ (၇) ရက်တစ်ခါ ဝမ်းနုတ်စေပါသည်။ ဝမ်းက ပုံမှန်ရက်ပတ်နှင့် နုတ်သွားရမည် ဖြစ် ၏။

တူမဖြစ်သူလည်း တောင်တွင်းကြီးပြန်သွားပြီး (၃) လလောက်အကြာ၌ သူ့ရောဂါသက်သာသွားပြီဖြစ်ကြောင်း၊ သွေးသားများလည်း မှန်သွားကြောင်း၊ ကြိတ်မှန်ရွက်၊ ထန်းလျက်ပြုတ်ရည်ကိုတော့ ခုထက်တိုင် သောက်နေသေးကြောင်း ဝမ်းသာအားရ ဖုန်းဆက်လာပါသည်။

စာရေးသူသည် ထိုဆရာကြီး၏ အဆိုအမိန့်တို့ကို ခွင့်ပြုချက်ရယူ၍ ထိုရောဂါခံစားနေရသူ အမျိုးသမီးများနှင့် မခံစားဘူးသူ အမျိုးသမီးများအတွက် ထိုရောဂါမှ ရှောင်ရှားနိုင်ပါရန် ဗဟုသုတအဖြစ် တင်ပြလိုက်ပါသည်။

အေးရွှေ (ဇီးကုန်း)




www.burmeseclassic.com


www.burmeseclassic.com

လျှမ်းထက်

# ဆင်ဝီလီယံသခင်နှင့် မြန်မာဆင်လုပ်သားများ







၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမရက်သတ္တပတ်အတွင်း ကျွန်တော်တို့မြန်မာနိုင်ငံ ရုပ်သံလွှင့်အစီအစဉ်မှ ထုတ်လွှင့်သွားသော နိုင်ငံတကာသတင်း တစ်ခုတွင် အာဖရိကတိုက် ကင်ညာနိုင်ငံတွင် ကုလသမဂ္ဂအကူအညီနှင့် ဆင်သန်းခေါင်စာရင်းကောက်ယူရန် စီစဉ်ဆောင်ရွက်သည့်သတင်းကို ထုတ်လွှင့်သွားခဲ့၏။ ထိုသတင်းကိုပင် ကျွန်တော်တို့နိုင်ငံမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင်လည်း ဓာတ်ပုံအထောက်အထားများနှင့် ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြခဲ့သလိုပင် အင်တာနက်သတင်းများတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့ပါသည်။ အင်တာနက်သတင်းများတွင်လည်းကောင်း၊ ဘီဘီစီရုပ်သံလွှင့်အစီအစဉ်နှင့် စီအင်အင်ရုပ်သံလွှင့်အစီအစဉ်များကလည်း အသေးစိတ် တင်ပြသွားခဲ့သည်။


မှန်ပါသည်။ အာဖရိကတိုက် ကင်ညာနိုင်ငံသည် သမိုင်းအဆက်ဆက် အာဖရိကဆင်များကျက်စားသည့်ဒေသဖြစ်ခဲ့သည်။ သို့သော် ကမ္ဘာ့မှောင်ခိုဈေးကွက်တွင် ဆင်စွယ်သည် အမြတ်အစွန်းစိုစိုပြေပြေရရှိထားသဖြင့် ဝိသမလောဘသားများအဖို့ ကင်ညာနိုင်ငံမှ ဆင်အများအား တိတ်ဆိတ်သတ်ဖြတ်ခဲ့ကြရာ ကင်ညာနိုင်ငံရှိ ဆင်ဦးရေမှာ တစ်နေ့တခြား လျော့ပါးလာခဲ့ရသည်။ ဤတွင် ကင်ညာအစိုးရ ပတ်ဝန်းကျင်သဘာဝထိန်းသိမ်းရေးအဖွဲ့နှင့် နိုင်ငံတကာမှပတ်ဝန်းကျင်သဘာဝထိန်းသိမ်းရေးအဖွဲ့များသည် နိုင်ငံတကာမှ အကူအညီနှင့် ကင်ညာနိုင်ငံရှိ ဆင်များအား သန်းခေါင်စာရင်းကောက်ယူရန် စီစဉ်ခဲ့ကြသည်။ ဤသို့ သန်းခေါင်စာရင်းကောက်ယူရာတွင် လေယာဉ်ငယ်လေးများကို အသုံးပြုခဲ့သည်ဟု ဆိုသည်။

ဤတွင် အလျဉ်းသင့်၍ လွန်ခဲ့သော ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလက



www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော်တို့ မြန်မာနိုင်ငံသို့ အင်္ဂလန်နိုင်ငံ ဘီဘီစီ သဘာဝရုပ်သံလွှင့်အစီအစဉ်အဖွဲ့ (B.B.C Natural history Unit) မှ လာရောက်၍ မြန်မာတောဆင်ရိုင်းများအကြောင်း သတင်းမှတ်တမ်းအဖြစ် ရုပ်ရှင်ရိုက်ကူးခဲ့သည်ဟု သိရ၏။ ထိုအဖွဲ့တွင် သိပ္ပံပညာရှင်များ၊ တောရိုင်းတိရစ္ဆာန်ပညာရှင်များ အပါအဝင်လူအင်အား(၃၀)ရှိခဲ့သည်ဟု ဆိုသည်။ ထိုအဖွဲ့မလာရောက်မီ မြန်မာနိုင်ငံ သစ်တောများအတွင်း တောဆင်ရိုင်းများကျက်စားနေထိုင်ပုံကို ကြိုတင်လေ့လာနိုင်ရန် ဘီဘီစီသဘာဝရုပ်သံရိုက်ကူးရေးရှေ့ပြေးအဖွဲ့ဝင်များသည် တောတွင်းဗီဒီယိုကင်မရာထောင်ချောက်များတပ်ဆင်ခြင်းများကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ရခိုင်ဘေးမဲ့တောနှင့် ထမံသီဘေးမဲ့တောအတွင်း တပ်ဆင်နိုင်ခဲ့သည်ဟု ဆိုသည်။ ဤသို့ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ သမ္မတရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ခွင့်ပြုခဲ့သည်။ အာရှဆင်များအား ၂၀၀၆ ခုနှစ်က စစ်တမ်းကောက်ယူခဲ့ရာ ဆင်ကောင်ရေ (၂၀၀၀) ခန့်သာရှိတော့သည်ဟု သိရ၏။

ဤတွင် မြန်မာဆင်အား ကမ္ဘာကသိအောင် ဒုတိယကမ္ဘာစစ်ကြိုကာလနှင့် စစ်ပြီးကာလတွင် ဆောင်ရွက်ခဲ့သည့် အရပ်ခေါ် ဆင်ဗိုလီယံသခင် အမည်တွင်သော မစ္စတာဂျေအိတ်(ချ်)ဝီလီယံ (Mr.J.HWilliam) အကြောင်း ရေးသားဖော်ပြရမည် ဖြစ်ပါသည်။ သူ့အား အနောက်တိုင်းသားများနှင့် မြန်မာနိုင်ငံတွင် ကိုလိုနီခေတ်က နေထိုင်ခဲ့ကြသော ဗြိတိသျှအမျိုးသားများနှင့်ဥရောပတိုက်သားအသိုင်းအဝန်းကမူ Elephant Bill ဟု ကင်ပွန်းတပ်ခဲ့ကြသည်။ သူသည် စာရေးကောင်းသူတစ်ယောက် ဖြစ်ရကား အထက်ဖော်ပြပါ Elephant Bill ဟူသော စာအုပ်တစ်အုပ်တည်းဖြင့် အောင်မြင်ပေါက်ရောက်သော စာရေးဆရာတစ်ယောက်ဟု နိုင်ငံတကာမှ စာပေအကဲဖြတ်သူများက တညီတညွတ်တည်းအကဲဖြတ်ခဲ့ကြသည်။သူ၏ဒုတိယမြောက်စာအုပ်ဖြစ်သော Bandools, The Story of an Elephant 'ဗန္ဒူလသို့မဟုတ် ဆင်တစ်ကောင်၏ဘဝရေစီး' ဟူသော စာအုပ်မှာလည်း ထူးထူးခြားခြား အောင်မြင် ပေါက်ရောက်သော စာအုပ်တစ်အုပ်ဖြစ်သည်သာမက ၁၉၆၀ ပြည့်နှစ်ခန့်က ရန်ကုန်တက္ကသိုလ်ဥဿာ



www.burmeseclassic.com

www.burmeseclassic.com

(အပိုင်း) (၁) တန်းတွင် အင်္ဂလိပ်ဘာသာစာအုပ်အဖြစ် ပြဋ္ဌာန်းခဲ့သည်။ (အထက်ဖော်ပြပါစာအုပ်များကို မြန်မာဘာသာပြန်ဆိုထုတ်ဝေပြီး ဖြစ်ပါသည်)။ ထိုစာအုပ်နှစ်အုပ်လုံးတွင် မြန်မာနိုင်ငံမှ ဆင်များနှင့် ပတ်သက်သော အကြောင်းအရာများ၊ ဝမ်းနည်းကြေကွဲစရာကောင်းသည့် မြန်မာဆင်လုပ်သားများ၏ဘဝကို ခရေစေ့တွင်းကျ ဖော်ပြခဲ့ပါသည်။ သူ ပထမကမ္ဘာစစ်ကြီးပြီးစက မြန်မာနိုင်ငံ သစ်ထုတ်လုပ်ရေးလုပ်ငန်းတွင် လက်ဝါးကြီးအုပ်ထားသော အစဉ်အလာကြီးမားသည့် ဘုံဘေဘားမားထရိတ်ဒင်းကော်ပိုရေးရှင်းလီမိတက်တွင် ဆင်အုပ်ချုပ်ရေးအရာရှိအဖြစ် ခန့်ထားခြင်းခံရပြီး နှစ်ပေါင်း နှစ်ဆယ့်လေးနှစ်ကျော် မြန်မာနိုင်ငံ သစ်တောများအတွင်းရှိ သစ်ထုတ်လုပ်ရေးစခန်းများတွင် ဆင်များ၊ မြန်မာဆင်လုပ်သားများနှင့် လက်ပွန်းတတီးနေခဲ့သူ ဖြစ်၏။

သို့ဖြစ်၍ မြန်မာဆင်လုပ်သားများကို သူ့အား ချစ်စနိုး ဆင်ဝီလီယံသခင်ဟု ခေါ်ဝေါ်ခဲ့ကြသည်။ အချို့ကလည်း ဦးဆင်ကြီးဘီ(လ်)ဟု နာမည်ပြောင်းပေးထားခဲ့ကြသည်။ မြန်မာဆင်လုပ်သားများပေးထားသောနာမည်များကြောင့် တစ်စတစ်စလူသိများ၍ထင်ရှားလာခဲ့ပြီ။ မျက်နှာဖြူအသိုင်းအဝိုင်းကလည်း ဦးဆင်ကြီးဘီ(လ်)ဟုကင်ပွန်းတပ်ခဲ့ကြသည်။ မြန်မာဆင်လုပ်သားများပေးသည့်နာမည်ပြောင်နှင့်လိုက်ဖက်စွာ သစ်တောဝန်ထမ်းတစ်ယောက် ဆင်များစီမံခန့်ခွဲရေး၊ ဆင်များ၏ကျန်းမာရေး၊ ဆင်လုပ်သား မြန်မာတိုင်းရင်းသားများနှင့် လက်ပွန်းတတီးနေခဲ့သဖြင့် သူ့ကုမ္ပဏီမှ မျက်နှာဖြူအမျိုးသားများကမူ သူ့အား မြန်မာအလိုတော်ရိဟု ကင်ပွန်းတပ်ခဲ့ကြ၏။

ဦးဆင်ကြီးဘီ(လ်)ဟု လူသိများခဲ့သော ဂျေအိတ်(ချ်)ဝီလီယံကို အင်္ဂလန်နိုင်ငံ ကွန်ဝေါ(လ်)ပြည်နယ်တွင် ခရစ်နှစ် ၁၈၉၇ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ မိဘများမှာ လူလတ်တန်းစားများဖြစ်ကြ၏။ အင်္ဂလန်နိုင်ငံကောလိပ်နှင့်ကင်ဆွန်ခာတ်သတ္တုအတတ်ပညာသင်ကျောင်းများတွင် တက်ရောက်ပညာသင်ကြားခဲ့၏။ ၁၉၁၄ ခုနှစ်၊ ဩဂုတ်လတွင် စတင်ဖြစ်ပွားခဲ့သောပထမကမ္ဘာစစ်ကြီးအတွင်း ဗြိတိသျှဘုရင့်ဒီဗွန်ရှိုင်ယာတပ်ရင်းတွင် အမှုထမ်းဆောင်ခဲ့စဉ် ဥရောပတိုက်အနောက်ဘက်စစ်မျက်နှာအတွင်း စွန့်စွန့်စားစားတိုက်ခိုက်ခဲ့ရသည်။

ပထမကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သော်လည်း ဝီလီယံမှာ ၁၉၁၉ ခုနှစ်မှ ၁၉၂၀ နှစ်အထိ အာဖဂန်နစ္စတန်တွင် ဖြစ်ပွားခဲ့သော ဒေသတွင်းစစ်ပွဲတွင် တာဝန်ကျခဲ့ပြန်သည်။ ပထမတွင် ဝီလီယံသည် ဗြိတိသျှဘုရင်က ကုလားအုတ်တပ်ဖွဲ့တွင် တာဝန်ယူခဲ့ရသည်။ နောက်အခါ ဗြိတိသျှဘုရင်လားတပ်ဖွဲ့တွင် ပို့ဆောင်ဆက်သွယ်ရေးမှူးတာဝန်ယူခဲ့ရပြန်သည်။ သို့ဖြစ်၍ ဝီလီယံမှာ တိရစ္ဆာန်များနှင့် လက်ပွန်းတတီးနေခဲ့ရပြီး တိရစ္ဆာန်များ၏ စိတ်ဝင်စားဖွယ်ရာဘဝကို လက်တစ်ဆုံးနှိုက် လေ့လာခွင့်ရခဲ့သည်။ တိရစ္ဆာန်များ၏ စိတ်သဘာဝကိုလည်း အနီးကပ်လေ့လာခွင့်ရရှိခဲ့ရာမှ သူတွင် တိရစ္ဆာန်များအပေါ် အတော်အသင့် လွှမ်းမိုးမှုဩဇာရှိသည်ကိုလည်း သိရှိလာခဲ့၏။

၁၉၂၀ ပြည့်နှစ်တွင် တပ်မှ အနားယူခဲ့ပြီးနောက် မြန်မာနိုင်ငံတွင် ဟိုးဟိုးကျော်နေသော ဘုံဘေဘားမားထရိတ်ဒင်းကော်ပိုရေးရှင်းလီမိတက်တွင် ဆင်အုပ်ချုပ်ရေးအရာရှိအဖြစ် အမှုထမ်းရန် လျှောက်ထားခဲ့သည်။ ထိုကုမ္ပဏီကြီးမှာ ခရစ်နှစ် ၁၈၆၃ ခုနှစ်က စတင်တည်ထောင်ခဲ့သောသစ်ထုတ်လုပ်ရေးကုမ္ပဏီကြီးဖြစ်သည်။ ထိုကာလက မြန်မာနိုင်ငံမှ သစ်တောနှင့် သစ်တောထွက်ပစ္စည်းများထုတ်လုပ်သော ဘုံဘေဘားမားထရိတ်ဒင်းကော်ပိုရေးရှင်းလီမိတက်၊ စတီဘရားသားကုမ္ပဏီ၊ ဖူးကားသစ်ထုတ်လုပ်ရေးကုမ္ပဏီ၊ မက္ကရီကာကုမ္ပဏီနှင့် တီဒီဖင်လေကုမ္ပဏီကြီးများဖြစ်ကြရာ ထိုကုမ္ပဏီကြီးများအား မြန်မာလူထုကမူ ကြီးငါးကြီးဟု ကင်ပွန်းတပ်ထားခဲ့ကြသည်။ အထက်ဖော်ပြပါ ကြီးငါးကြီးကုမ္ပဏီများအနက် ဘုံဘေဘားမားထရိတ်ဒင်းကော်ပရေးရှင်းလီမိတက်မှာ နာမည်ကျော်ကြား လူသိများခဲ့သည့် သစ်ဆိပ်များ၊ သစ်စက်များ၊ သစ်ဆွဲဆင်များ၊ သစ်ဖောင်ဆွဲသင်္ဘောများ၊ ဆင်လေ့ကျင့်ရေးစခန်းများ လက်ဆစ်ချိုးရေတွက်မရအောင်ရှိခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီကမူ ယင်းကုမ္ပဏီသည် မြန်မာနိုင်ငံ၏ သစ်တောနှင့် သစ်တောထွက်ပစ္စည်းထုတ်လုပ်ရေးတွင် လက်ဝါးကြီးအုပ်ထားနိုင်ခဲ့သည်။ အထက်ဖော်ပြပါ ကြီးငါးကြီးတွင် ပါဝင်သော ကုမ္ပဏီများအားလုံးသည် ဘုံဘေဘားမားထရိတ်ဒင်းကော်ပိုရေးရှင်းလီမိတက်အား မော့ကြည့်ခဲ့ကြရပြီး သူလုပ်သလိုလိုက်၍လုပ်ကြရသည်ဟု ဆိုသည်။ မှတ်တမ်းများအရ ဘုံဘေဘားမားကုမ္ပဏီတွင် အရွယ်ရောက်သစ်ဆွဲဆင် (၂၀၀၀) ကျော်ရှိခဲ့သည်ဟု သိရ၏။ (လေ့ကျင့်ဆဲဆင်များ၊ ဖမ်းဆီးထားသော တောဆင်ရိုင်းများ၊ အရွယ်မရောက်သေးသဖြင့် လုပ်ငန်းခွင်ဝင်ရခြင်းမရှိသော ဆင်များ ပါဝင်ခြင်း မရှိပါ။) ဦးဆင်ကြီးဘီ(လ်) သို့မဟုတ် ဆင်ဝီလီယန်သခင်၏မှတ်တမ်းအရ ဤကမ္ဘာပေါ်တွင် ဆင်အမျိုးအစားသုံးမျိုးရှိသည်ဟု သိရ၏။ ၎င်းတို့မှာ အာရှဆင်မျိုးနှင့် အာဖရိကဆင်မျိုး နှစ်မျိုးဖြစ်သည်။ အာရှဆင်များကိုသာ ယဉ်ပါးအောင် သင်ယူနိုင်သည့်အတွက် နိုင်ငံတကာရှိ တိရစ္ဆာန်ဥယျာဉ်များ၊ ဆပ်ကပ်ပွဲများတွင် အများဆုံး တွေ့ရသည်ဟု ဆိုသည်။ အာဖရိကဆင်များမှာမူ အလွယ်တကူ ဖမ်းဆီးနိုင်ခြင်းမရှိသကဲ့သို့ လုပ်ငန်းခွင်များတွင်လည်း အသုံးပြုနိုင်အောင် သင်ကြားလေ့ကျင့်နိုင်ခြင်းမရှိသဖြင့် ၎င်းတို့အား လူများတွေ့မြင်ရန်မလွယ်။ တောရိုင်းတိရစ္ဆာန်များအကြောင်း ရိုက်ကူးပြသသည့် ရုပ်ရှင်များတွင်သာ မြင်ကြရသည်။

အာရှဆင်မျိုးမှာမူ ငါးမျိုးခွဲခြားထားသည်။ ၎င်းတို့မှာ အိန္ဒိယ၊ မြန်မာ၊ သီဟိုဠ် (သီရိလင်္ကာ) မလေးရှားနှင့် ဆူမတြားကျွန်း(အင်ဒိုနီးရှား)ဆင်တို့ဖြစ်ကြ၏။ အာရှဆင်တို့မှာ အလွန်သေးငယ်သော နားရွက်နှင့် သွယ်လျသော နှာမောင်းများရှိကြပြီး အာရှဆင်အမများတွင် အစွယ်ပေါက်ခြင်း မရှိပေ။ ဒုတိယစစ်ကြီးကာလက မြန်မာနိုင်ငံသစ်တောများအတွင်း ဆင်အကောင်ရေ (၆၀၀၀) ခန့်ရှိနိုင်သည်ဟု ဦးဆင်ကြီးဘီ(လ်) က ခန့်မှန်းခဲ့သည်။ သို့သော် ထိုစဉ်ကာလက ယခုခေတ်ကဲ့သို့ ခေတ်မီ မှတ်တမ်းတင် ကိရိယာများမရှိသဖြင့် သူ့ခန့်မှန်းချက်မှာများလွန်းသည်ဟု ဆင်သုတေသီများကဆိုကြသည်။ သို့သော် ယခုခေတ်တွင် လူဦးရေတိုးတက်လာမှု၊ လယ်ယာမြေတိုးချဲ့လာမှု၊ သစ်တောများပြုန်းတီးလာမှု၊ မီးရထားလမ်း၊ မော်တော်ကားလမ်းများ၊ တောတွင်းဖြတ်သန်းလာမှုများကြောင့် ဆင်များအရေအတွက်သည် မျှော်လင့်ထားသည်ထက် ကျဆင်းလာခဲ့ရသည်။

ဆင်ဝီလီယံသခင်၏ မှတ်တမ်းတွင်မူ သူဘုံဘေဘားမားထရိတ်ဒင်းကော်ပရေးရှင်းလီမိတက်၌ ဆင်အုပ်ချုပ်ရေးအရာရှိအဖြစ် ဆောင်ရွက်စဉ် ဆင်

www.burmeseclassic.com

ဝိုင်းတွင် လုပ်ငန်းခွင်ဆင်းရသော ဆင် (၂၀၀) ကျော်ရှိသည်ဟု သိရ၏။ ဤဆင်များအားလုံးကိုလည်း အမည်ပေးထားလေ့ရှိရာ သာဓကအားဖြင့် မလှ၊ မပု၊ မပုလဲ ဟူ၍ လည်းကောင်း၊ ရဲစွမ်းသတ္တိအထူးပြည့်စုံသောဆင်ကို ဗန္ဓုလဟု လည်းကောင်း အမည်ပေးထားလေ့ရှိသည်။ဆင်မည်မှုများစေဏာမှု နာမည်တူ၊ နာမည်ထပ်ခြင်းမရှိပေ။

ဦးဆင်ကြီးဘီ(လ်) အလေးထားသူများမှာ ဆင်ဦးစီးများဖြစ်ကြသည်။ သူ့အယူအဆမှာ ဆင်၏အခြေအနေအရပ်ရပ်နှင့် ဆင်တစ်ကောင်၏ အဆိုး၊ အကောင်းကို တာဝန်ခံပြုပြင်ရသူ အဓိကပုဂ္ဂိုလ်မှာ ဆင်ဦးစီးဖြစ်သည်ဟု မှတ်ယူထား၏။ မှန်ပါသည်။ မြန်မာတိုင်းရင်းသား ဆင်လုပ်သားများသည် မွေးရာပါဆင်အတတ်ပညာရှင်များ ဖြစ်ကြ၏။ သူတို့သည် ဝေးလံခေါင်ဖျား၊ လူသူကင်းဝေးသော တောစခန်းများတွင် ဆင်များနှင့်အတူ ကြီးပြင်းလာကြသူများ ဖြစ်၏။ ကလေးငယ်ဘဝ အသက်(၆)နှစ်သားမှစ၍ ဆင်များပေါ်တွင် ခွစီးလာတတ်ကြသူများ ဖြစ်သည်။ သူတို့မိဘ၊ ဦးကြီးနှင့် ဦးလေး၊ အစ်ကိုများထံမှ ဆင်များ၏ဒဏ္ဍာရီ၊ မှတ်သားစရာ အတွေ့အကြုံအဖြစ်အပျက်များ၊ တကယ့်ဖြစ်ရပ်မှန်များကို မကြားချင်မှအဆုံး နားထောင်ခဲ့ရသူများ ဖြစ်သည်။ ဆင်များ၏ စိတ်နေသဘာဝကိုကြည့်ရှုရင်း ကြီးပြင်းခဲ့ကြရသည်။ သူတို့အသက် တစ်ဆယ့်လေးနှစ်ရှိလာခဲ့သည်နှင့် တောတွင်းဆင်စခန်းများတွင် အတော်အသင့် အခကြေးငွေရသောဝန်ထမ်းတာဝန်ကို ထမ်းဆောင်ခဲ့ကြရ၏။ လုပ်ငန်းခွင် စတင်ဝင်ရသူကို ပဲ့ချိတ်ဆင်လုပ်သားဟု ခေါ်သည်။ သူတို့တာဝန်မှာ ဆင်များသစ်ဆွဲရမည့်သစ်လုံးနှင့် ဆွဲသံကြိုးချိတ်ပေးရသော တာဝန်ယူရပြီး ဆင်ဦးစီးအားအစစအရာရာ အကူအညီပေးရသည်။

ဤကဲ့သို့ ပဲ့ချိတ်အဆင့်တာဝန်ထမ်းဆောင်၍ လုပ်ရည်ကိုင်ရည်ပြည့်ဝလာပြီး အတွေ့အကြုံရင့်လာသည်ဟု ယူဆမှ သူ့အား ပဲ့စီးအဖြစ် ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရ၏။ ဤကဲ့သို့ ပဲ့စီးအဖြစ် ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့်နေ့သည် သူတို့ဘဝအတွက် ဂုဏ်ယူစရာအကောင်းဆုံး ဖြစ်၏။ မြို့ကြီးများရှိ ကလေးသူငယ်အများသည် မိမိတို့အိမ်တွင် အချစ်တော်မွေးထားသော ခွေးများ၊ ကြောင်များ၏ သဘာဝကို နားလည်သကဲ့သို့ ပဲ့ချိတ်ဘဝမှ ပဲ့စီးဆင်ဦးစီးဘဝရောက်လာသူများအဖို့ မိမိတို့၏ ဆင်တို့သဘာဝကို နားလည်ကြသည်။ ဆင်ကလေးဘဝက အတူနေခဲ့ရသောဆင်ဦးစီးဖြစ်လာသူသည် သူ့ဆင်စိတ်ပျော်ရွှင်နေသည်၊ စိတ်ကောက်နေသည်တို့ကို အကဲခတ်တတ်သည်။ သူ့ဆင်အကြောင်း သူနားလည်သကဲ့သို့ ဆင်ကလည်း သူ့ဦးစီးအကြောင်း သိထားလေ့ရှိသည်ဟုဆိုသည်။

တောတွင်းသစ်ထုတ်လုပ်ရေး၌ ဆင်ဦးစီးတို့၏ဘဝမှာ အပင်ပန်းဆုံး၊ အသက်အန္တရာယ်အနီးဆုံးဘဝ ဖြစ်ပေသည်။ သူတို့၏ဘဝသည် ကြမ်းလှ၏။ ပထမဆုံး သူ့တာဝန်မှာ နံနက်မစောစောမှထ၍ ယမန်နေ့ညကအစာစားသောက်ရှာဖွေရန်တောအတွင်းလွှတ်ထားသော ဆင်အား သွားရောက် ရှာဖွေကောက်ရခြင်း ဖြစ်သည်။ ဆင်စခန်းမှ တောတွင်းစားကျက်မှာ တစ်ခါတစ်ရံ (၁၀) မိုင်ခန့်ကွာဝေးသည့် ဆင်စခန်းဆိုသည်မှာလည်း လူသွားလူလာခက်ခဲသည့် တောနက်အတွင်းရှိ တဲလေးငါးခြောက်လုံးသာရှိ၏။ ဆင်ဦးစီးသည် ကျား၊ ကျားသစ်၊ ဝက်ဝံ စသည့် တောကောင်များကြီးစိုးသောတောအတွင်း ချုံနွယ်ပိတ်ပေါင်းများကို တိုးဝှေ့၍ ဆင်ကောက်တစ်ဦးတည်းထွက်ရသည်။ တစ်ခါတစ်ရံ ဤသို့ ဆင်ကောက်ထွက်သော ဦးစီးခများ ကျားကိုက်ခြင်း၊ ဝက်ဝံကုတ်ခြင်း၊ ကျားသစ်ကုတ်ခြင်းခံကြရရှာသည်။

ဆင်ဦးစီးများသည် သူ့ဆင်ခြေရာအရွယ်အစားနှင့် ထူးခြားမှုကို သိရှိထားပြီးဖြစ်ရကာ အခြားဆင်များ၏ခြေရာနှင့် တိတိကျကျခွဲခြားနိုင်သည်။ သူ့ဆင်မှန်းသိသည်နှင့် သူ့အသံပေးရသည်။ တစ်ခါတစ်ရံ သူသီဆိုနေကျသီချင်းဆိုပေးရသည်။ ဆင်နှင့် သစ်ဆွဲရာတွင် အလွန်ကြီးမားသော သစ်လုံးကြီးများကို ဆွဲရ၏။ ဤသို့ဆွဲရာတွင် ဦးစီးဖြစ်သူက ဆွဲ၊ ဆွဲဟု အားပေးမှ သူ့အင်အားတက်လာကာ ကြိတ်ဆွဲကြသည်။

ဆင်လုပ်သားတို့ဘဝမှာ လွမ်းမောတသဖွယ်ဖြစ်သည်။ သူတို့သည် အလုပ်ခွင်တွင် အကျိုးဝတ်လေ့မရှိ။ သူသည် သူ့ဆင်ကို တွယ်တာသည်။ ဆင်နှင့်ဆင်ဦးစီးတို့သည် စွယ်တော်ရွက်ပမာ နှစ်လွှာပေါင်းမှတစ်ဘဝဖြစ်သည်။ အလုပ်နားသည့်ကာလမှာပင် ဆင်လုပ်သားတို့မှာ မနားရ။ သူ့ဆင်ကျန်းမာရေးကို အရိပ်တကြည့်ကြည့်နှင့် နေ့စဉ်စစ်ဆေးခဲ့ရ၏။

ဤဆင်လုပ်သားများနှင့် လက်ပွန်းတတီး နှစ်ပေါင် (၂၀) ကျော်နေခဲ့သော ဘုံဘေဘားမားထရိတ်ဒင်းကော်ပိုရေးရှင်းလီမိတက် သစ်ကုမ္ပဏီက ဆင်အုပ်ချုပ်ရေးအရာရှိ မြန်မာအလိုတော်ရှိ ဂျေအိတ်(ချ်)ဝီလယံကို ဆင်ဝီလီယံသခင်ဟု မြန်မာဆင်လုပ်သားများက ချစ်စနိုးခေါ်ကြသည်မှာ ဘာဆန်းသလဲလို့ဆိုရမည် ဖြစ်၏။

မြန်မာဆင်လုပ်သားများနှင့်ဦးဆင်ကြီးဝီလယံတို့ လျှောက်ခဲ့ကြသော ခရီးလမ်းကို ပြန်ကြည့်လျှင် နှစ်သိမ့်ရသည်လည်းရှိ၏။ ဝမ်းနည်းကြေကွဲရသည်လည်းရှိသည်။ ရွှင်ပြုံးဝမ်းသာရသည်လည်းရှိသည်။ နောင်တရစရာလည်းရှိသည်။ ဒုတိယကမ္ဘာစစ်မီးကြီး အရှေ့တောင်အာရှသို့ကူးစက်လာခဲ့သောအခါ ဆင်ဝီလီယံသခင်ဟု မြန်မာဆင်လုပ်သားများက ချစ်စနိုးခေါ်ခဲ့ခြင်းခံရသော ဦးဆင်ကြီးဘီ(လ်)နှင့် သူ့ဆင်လုပ်သားမြန်မာတိုင်းရင်းသားများသည် ဗြိတိသျှနှင့် မဟာမိတ်တပ်များ မြန်မာနိုင်ငံမှ အိန္ဒိယသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သော စစ်ပြေးဒုက္ခသည်များအား မြန်မာနိုင်ငံမှ လုံခြုံစိတ်ချစွာတိမ်းရှောင်နိုင်ရန် အများဆုံး အကူအညီပေးခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဗြိတိသျှတို့ မြန်မာနိုင်ငံအား ပြန်လည်ထိုးစစ်ဆင်ရေး၏ရှေ့ပြေးတပ်ဖွဲ့နှင့် ဝင်းဂိတ်၏ခြင်းဒစ်တပ်ဖွဲ့ဝင်များ၏ ပြောက်ကျားထိုးစစ်တွင်လည်း ဦးဆင်ကြီးဘီ(လ်)နှင့် မြန်မာလုပ်သားများက အကူအညီအများဆုံးပေးခဲ့ကြရ၏။ နာမည်ကျော်လီဒိုလမ်းမကြီးဖောက်ခဲ့ရာတွင် ဦးဆင်ကြီးဝီလယံနှင့် မြန်မာဆင်လုပ်သားများသည် သူတို့ချစ်သောဆင်များနှင့်အတူ ရှေ့တန်းမှ အားတက်သရောပါဝင်ခဲ့ကြသည်။ ထိုစဉ်က ဗြိတိသျှစစ်ဦးစီးချုပ် ဖီ(လ်)မာရှယ်၊ ဆာဝီလီယံ၊ ဆလင်ကိုယ်တိုင်က ဦးဆင်ကြီးဝီလီယံနှင့် မြန်မာလုပ်သားများ၏ဆင်တပ်ဖွဲ့သည် စစ်အောင်နိုင်ရေးကို အများဆုံး အထောက်အကူပေးနိုင်သည်ဟု ဆိုကြပါကြောင်း။

လှျမ်းထက်

Ref-

1. Elephant Bill
By. J.H.Williams.
2. internet

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ မေလအတွက်

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်လဂ်ဖြတ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်မွန်းတည့်ချိန်မျဉ်းဖြတ်ချိန် ၎င်းသုံးပါးထင်ချိန်တို့တွင် အမိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အမိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အမိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ခြင်း၊ အထူးသဖြင့် [illegible] မန္တန်တော်ကြီး အပါအဝင် ဓနလာဘ်ဆိုင်ရာဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော်ကျင့်ကြံပွားများမည်ဆိုပါလျှင် [illegible] ချမ်းသာများကို ခံစားရမည်မှာ မုချဧကန်ဖြစ်ပါသည်။

၁၁-၅-၂၀၁၅ နေ့ နံနက် (၀၀း၂၅း၀၅)နာရီမှ ညနေ (၉း၃၀း၀၅)နာရီအတွင်း စန်းသည် ဓနသိဒ္ဓိနက္ခတ်သို့ဝင်ရောက်နေမည်ဖြစ်ပြီး ၁၁-၅-၂၀၁၅ နေ့ နံနက် (၁၀း၂၇း၀၁)နာရီတွင် ဓနသိဒ္ဓိနက္ခတ်နှင့် စန်းတို့ယှဉ်နေမည်ဖြစ်သည်၊ ၁၁-၅-၂၀၁၅ နံနက် (၀း၂၁း၀၄) နာရီမှ (၀း၄၇း၂၂)နာရီအတွင်း ဓနသိဒ္ဓိနက္ခတ်နှင့်ဥဒယလဂ်တို့ယှဉ်နေမည်ဖြစ်ကာ ၎င်း ၁၁-၅-၂၀၁၁ နံနက် (၆း၀၄း၀၃)နာရီမှ (၇း၀၇း၂၃)နာရီအတွင်း ဓနသိဒ္ဓိနက္ခတ်နှင့်မွန်းတည့်မျဉ်းတို့ယှဉ်နေမည်ဖြစ်သည်၊

## လဂ်ဖြတ်ကျော်ချိန်ဇယား

| စဉ် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁း ၀၂း ၂၄ | ၁း ၂၅း ၄၂ |
| ၂ | ၀း ၅၈း ၂၈ | ၁း ၂၃း ၄၆ |
| ၃ | ၀း ၅၄း ၃၂ | ၁း ၁၉း ၅၀ |
| ၄ | ၀း ၅၀း ၃၆ | ၁း ၁၅း ၅၄ |
| ၅ | ၀း ၄၄း ၄၀ | ၁း ၁၁း ၅၈ |
| ၆ | ၀း ၄၀း ၄၄ | ၁း ၀၇း ၀၂ |
| ၇ | ၀း ၃၆း ၄၈ | ၁း ၀၃း ၀၆ |
| ၈ | ၀း ၃၂း ၅၂ | ၀း ၅၉း ၁၀ |
| ၉ | ၀း ၂၈း ၅၆ | ၀း ၅၅း ၁၄ |
| ၁၀ | ၀း ၂၅း ၀၀ | ၀း ၅၁း ၁၈ |
| ၁၁ | ၀း ၂၁း ၀၄ | ၀း ၄၇း ၂၂ |
| ၁၂ | ၀း ၁၇း ၀၈ | ၀း ၄၃း ၂၆ |
| ၁၃ | ၀း ၁၃း ၁၂ | ၀း ၃၉း ၃၀ |
| ၁၄ | ၀း ၀၉း ၁၆ | ၀း ၃၅း ၃၄ |
| ၁၅ | ၀း ၀၅း ၂၀ | ၀း ၃၁း ၃၈ |
| ၁၆ | ၀း ၀၁း ၂၄ | ၀း ၂၇း ၄၂ |
| ၁၇ | ၂၃း ၅၇း ၂၈ | ၀း ၂၃း ၄၆ |
| ၁၈ | ၂၃း ၅၃း ၃၂ | ၀း ၁၉း ၅၀ |
| ၁၉ | ၂၃း ၄၉း ၃၆ | ၀း ၁၅း ၅၄ |
| ၂၀ | ၂၃း ၄၅း ၄၀ | ၀း ၁၁း ၅၈ |
| ၂၁ | ၂၃း ၄၁း ၄၄ | ၀း ၀၈း ၀၂ |
| ၂၂ | ၂၃း ၃၇း ၄၈ | ၀း ၀၄း ၀၆ |
| ၂၃ | ၂၃း ၃၃း ၅၂ | ၀း ၀၀း ၁၀ |
| ၂၄ | ၂၃း ၂၉း ၅၆ | ၂၃း ၅၇း ၁၄ |
| ၂၅ | ၂၃း ၂၆း ၀၀ | ၂၃း ၅၃း ၁၈ |
| ၂၆ | ၂၃း ၂၂း ၀၄ | ၂၃း ၄၉း ၂၂ |
| ၂၇ | ၂၃း ၁၈း ၀၈ | ၂၃း ၄၅း ၂၆ |
| ၂၈ | ၂၃း ၁၄း ၁၂ | ၂၃း ၄၁း ၃၀ |
| ၂၉ | ၂၃း ၁၀း ၁၆ | ၂၃း ၃၇း ၃၄ |
| ၃၀ | ၂၃း ၀၆း ၂၀ | ၂၃း ၃၃း ၃၈ |
| ၃၁ | ၂၃း ၀၂း ၂၄ | ၂၃း ၂၉း ၄၂ |

## မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်ဇယား

| စဉ် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၆း ၄၄း ၂၃ | ၇း ၄၇း ၄၃ |
| ၂ | ၆း ၄၀း ၂၇ | ၇း ၄၃း ၄၇ |
| ၃ | ၆း ၃၆း ၃၁ | ၇း ၃၉း ၅၁ |
| ၄ | ၆း ၃၂း ၃၅ | ၇း ၃၅း ၅၅ |
| ၅ | ၆း ၂၈း ၃၉ | ၇း ၃၁း ၅၉ |
| ၆ | ၆း ၂၄း ၄၃ | ၇း ၂၇း ၀၃ |
| ၇ | ၆း ၂၀း ၄၇ | ၇း ၂၃း ၀၇ |
| ၈ | ၆း ၁၆း ၅၁ | ၇း ၁၉း ၁၁ |
| ၉ | ၆း ၁၂း ၅၅ | ၇း ၁၅း ၁၅ |
| ၁၀ | ၆း ၀၈း ၅၉ | ၇း ၁၁း ၁၉ |
| ၁၁ | ၆း ၀၄း ၀၃ | ၇း ၀၇း ၂၃ |
| ၁၂ | ၆း ၀၀း ၀၇ | ၇း ၀၃း ၂၇ |
| ၁၃ | ၅း ၅၆း ၁၁ | ၆း ၅၉း ၃၁ |
| ၁၄ | ၅း ၅၂း ၁၅ | ၆း ၅၅း ၃၅ |
| ၁၅ | ၅း ၄၈း ၁၉ | ၆း ၅၁း ၃၉ |
| ၁၆ | ၅း ၄၄း ၂၃ | ၆း ၄၇း ၄၃ |
| ၁၇ | ၅း ၄၀း ၂၇ | ၆း ၄၃း ၄၇ |
| ၁၈ | ၅း ၃၆း ၃၁ | ၆း ၃၉း ၅၁ |
| ၁၉ | ၅း ၃၂း ၃၅ | ၆း ၃၅း ၅၅ |
| ၂၀ | ၅း ၂၈း ၃၉ | ၆း ၃၁း ၅၉ |
| ၂၁ | ၅း ၂၄း ၄၃ | ၆း ၂၇း ၀၃ |
| ၂၂ | ၅း ၂၀း ၄၇ | ၆း ၂၃း ၀၇ |
| ၂၃ | ၅း ၁၆း ၅၁ | ၆း ၁၉း ၁၁ |
| ၂၄ | ၅း ၁၂း ၅၅ | ၆း ၁၅း ၁၅ |
| ၂၅ | ၅း ၀၈း ၅၉ | ၆း ၁၁း ၁၉ |
| ၂၆ | ၅း ၀၄း ၀၃ | ၆း ၀၇း ၂၃ |
| ၂၇ | ၅း ၀၀း ၀၇ | ၆း ၀၃း ၂၇ |
| ၂၈ | ၄း ၅၆း ၁၁ | ၅း ၅၉း ၃၁ |
| ၂၉ | ၄း ၅၂း ၁၅ | ၅း ၅၅း ၃၅ |
| ၃၀ | ၄း ၄၈း ၁၉ | ၅း ၅၁း ၃၉ |
| ၃၁ | ၄း ၄၄း ၂၃ | ၅း ၄၇း ၄၃ |

www.burmeseclassic.com



# ရွှေပြည်စိုး (မိုးကုတ်)

## လူမှုတွမ်းခေါ်လည်း

**ဒေါ်စံမယ်ဆုံးပြီ**

"အောင်မယ်လေး အမေရဲ့။ သမီးကို လူ့လောကကြီးအလယ်မှာ တစ်ယောက်တည်း ပစ်ထားခဲ့ပြီလား အမေရဲ့။ သမီး ဘယ်သူ့ကို အားကိုးရမှာတုံး အမေရယ်။ အမေရှိနေရင် သမီးမှာ အားကိုးစရာလေးရှိပါသေးတယ် အမေရယ်။ ခုတော့ သမီးကို တကယ်ပစ်သွားခဲ့ပြီပေါ့"

ဟူ၍ တတွတ်တွတ်ပြောဆိုကာ အပျိုကြီး ဒေါ်ချော၏ ငိုသံအား ကြားသည်နှင့် ကျွန်ုပ် မောင်ကြည်ငွေသည် နာရေးကိစ္စမို့ လွဲမရှောင်သာဘဲ မဝေးလှသည့် ဒေါ်ချောအိမ်သို့ လာခဲ့ပါသည်။ ကျွန်ုပ်နည်းတူပင် ရပ်မိရပ်ဖများနှင့် ကျွန်ုပ်တို့ကဲ့သို့သောလူငယ်များ စုရုံးရောက်ရှိလာကြကာ နာရေးကိစ္စ ဝိုင်းဝန်းဆောင်ရွက်ကြရပါသည်။

ကျွန်ုပ်တို့ဒေသသည် အပူပိုင်းမိုးနည်းရပ်ဝန်းဒေသဖြစ်သည့် မြင်းခြံခရိုင်တောင်သာမြို့နယ်မှ မင်းချွန်၊ ကြာပို့၊ ကန်မြဲ၊ ဇကျမ်း စသောရွာတို့သည် တစ်ရွာပြီးတစ်ရွာ တန်းစီလျက်တည်ရှိကာ ညောင်ဦးမြို့နယ်အထိသွား၍ဆက်၏။

ကန်မြဲရွာဆိုလျှင် ပန်းရည်ဘဏ်တိုက် တည်းဟူသော နာမည်ကြီးသီချင်းနှင့် အခြားမြန်မာသံသီချင်းများစွာတို့အား စပ်ဆိုခဲ့သော အညာတရဝေးရေးဆရာ ကိုအေးကျော်ကြောင့် နာမည်ကြီးသလို ဇကျမ်းရွာသည်လည်း နိုင်ငံကျော်ကဗျာဆရာကြီး တင်မိုး၏ရွာဖြစ်သဖြင့် နာမည်ကြီးလှပေ၏။ ကန်မြဲ-ကိုအေးကျော်၊ ကိုတင်မိုး - ဇကျမ်း ဟူ၍ မိမိတို့၏ရွာများအား သိက္ခာမြင့်မားစေခဲ့လေ၏။ ကျွန်ုပ်တို့၏ရွာသည် ထိုရွာတန်းကြီးများမှ တစ်ရွာဟု ဆိုရပေမည်။

ကျွန်ုပ်တို့ရွာမှ ဦးဖိုးဦး၊ ဒေါ်စံမယ်တို့တွင် ရှားရှားပါးပါး သမီးတစ်ဦးသာ ဖွားမြင်ခဲ့ပါသည်။ ထိုသမီးတစ်ဦးမှာလည်း အများလို ပြည့်ပြည့်စုံစုံ မဟုတ်ပေ။ မပြည့်စုံသည်မှာ ကိုယ်အင်္ဂါမဟုတ်ပေ။ ဦးနှောက်ပင်ဖြစ်လေ၏။ သမီးလေးမှာ အရုပ်ဆိုး အကျည်းတန်ကာ မျက်စိလည်းစွေနေပြန်၏။ ထိုကျပ်မပြည့်၍ ဉာဏ်ရည်မမီသော အကျည်းတန်လေးအား လူတို့က မချောဟု ခေါ်ကြရာမှ သူမ၏အမည် မချောဖြစ်လာခဲ့လေ၏။ အရွယ်အတန်ရသော် ရူးပေါပေါဖြစ်သဖြင့် ကျောင်းလည်းမထားခဲ့ပေ။

ထိုအခါ မချောသည် သူတို့အိမ်၏ စားဝတ်နေရေးကို ဖြေရှင်းပေးနေသော ဆိတ်မွေးမြူမှု၌ ဆိတ်ကျောင်းသူမဖြစ်၍လာခဲ့လေ၏။သူတို့တွင် လယ်ယာမရှိပေ။ ဦးဖိုးဦးသည် မြစ်ရေကျချိန်ကြက်သွန်စိုက်ရာ၊ ငရုတ်၊ ပဲစိုက်ရာတို့၌ နေ့စားလိုက်၍ ဝင်ငွေအပိုရှာ၏။ သို့ကြောင့် လယ်ယာမရှိငြားသော်လည်း ဆိတ်ရောင်းရငွေ၊ လက်ခစားလိုက်ငွေတို့ကြောင့် သူတို့မိသားစု (၃) ဦး မပူအပင် စားသောက်နိုင်ခဲ့ကြပါသည်။

သို့သော် ဦးဖိုးဦးသည် အသက် (၆၀) ခန့်တွင် ဆုံးပါးသွားခဲ့ပြီး ဒေါ်စံမယ်မှာမူ အသက် (၇၀) ကျော်မှ ဆုံးလေ၏။ အပျိုကြီး ဒေါ်ချောသည်ပင် အသက် (၄၀) ရှိပေပြီး ဒေါ်ချောဘဝတွင် အရင်းနှီးဆုံးတိုင်ပင်ဖော်ဟူ၍ မိခင်ကြီးသာရှိရာ မိခင်ကြီးဆုံးပါးသွားသောအခါ တသသငိုယိုပူဆွေး၍နေရှာလေ၏။ ထိုအခါ အမျိုးသမီးကြီးများလည်း မျက်ရည်မဆည်နိုင်ရှိကြ၏။

"ကဲကဲ - မိချောရယ်၊ နင်ငိုနေလို့လည်း နင့်အမေပြန်ရှင်လာမှာမှမဟုတ်တာ။ လူဆိုတာ သေမျိုးပဲအေ။ အချိန်တန်ရင်သေကြရမှာပဲ။ သေဘေးဆိုတာ ပြေးလို့မှမလွတ်တာ။ ငိုမနေနဲ့တော့ဟုတ်လား၊ တိတ်ပါအေ။ ရှေ့ကိုဘာတွေလုပ်ကြမယ်ဆိုတာသာ စဉ်းစားပါ။ အားမငယ်ပါနဲ့အေ။ တို့လည်းရှိနေတာပဲ။ ကောင်းတိုင်ပင်ဆိုးတိုင်ပင်ပေါ့။ ရပ်ဆွေရပ်မျိုးတွေပဲဥစ္စာ"

စသည်ဖြင့် အားပေးစကား၊ သံဝေဂစကား ဝိုင်း၍ပြောဆိုကြရလေ၏။

ဒေါ်ချောမှာမူ မိခင်အလောင်းကို ကြည့်ကာ မျက်ရည်တတွေတွေကျလျက်သာ ရှိလေ၏။

ထိုစဉ် ဒေါ်ချော၏ အချစ်တော်၊ ဒေါ်ချော၏အဖော်၊ ဒေါ်ချော၏ စကားပြောနေကျ ကြောင်ထီးကြီး ဖိုးသံချောင်း



www.burmeseclassic.com

www.burmeseclassic.com

သည် ဒေါ်ချော၏ ရင်ခွင်အတွင်းသို့ဝင်လာကာ ဒေါ်ချောကို မော့၍ကြည့်နေလေ၏။

အချို့ကြောင်တို့မှာမူ အိမ်မသာမယာဖြစ်ပါက ထိုအိမ်ကို စွန့်ခွာကာ အခြားသာယာသောအိမ်သို့ ပြောင်းရွှေ့နေတတ်ကြပါသော်လည်း ဖိုးသံချောင်းမှာမူ အိမ်ကို မစွန့်ခွာဘဲနေသည်မှာ ဒေါ်ချောအပေါ် ထားသော သံယောဇဉ်ကြောင့်ဟု ထင်၏။ ထိုအခါ ဒေါ်ချောသည် အနာပေါ် တုတ်ကျသကဲ့သို့ ခံစားရဟန်တူ၏။ အော်၍ငိုပြန်၏။

"ဖိုးသံချောင်းရေ၊ နင့်အမေကြီး တော့သွားပြီတဲ့။ တို့မောင်နှမနှစ်ဦးသာ





www.burmeseclassic.com

www.burmeseclassic.com

ကျန်တော့တယ် သံချောင်းရဲ့"

ဟု အော်ငိုသောအခါ ကြောင်ကြီးသည် လန့်ဖျပ်ကာ ဒေါ်ချော၏ ရင်ခွင်မှ ပြေးထွက်သွားလေတော့၏။ ကျွန်ုပ်တို့မှာ ထိုသည်ကိုကြည့်၍ ပြုံးရယ်မိကြပါသည်။ ရူးလည်းရူးပါပေရဲ့ဟု စိတ်ထဲမှာ မှတ်ချက်ချမိပါသည်။

ကျွန်ုပ်တို့ အညာဓလေ့တွင် အလောင်းအား ကိုယ်ပိုင်သင်္ဂြိုဟ်လိုက အင်္ဂြိုဟ်နိုင်၏။ အရပ်မှ မကူကြပါ။ မသင်္ဂြိုဟ်နိုင်ခဲ့သော် ရပ်ရွာကို အကူအညီတောင်းရ၏။ ထိုအခါ ရွာမှ ကူငွေထည့်လျက် ဝိုင်းဝန်းသင်္ဂြိုဟ်ပေး၏။ ထို့ကြောင့် ထိုသို့ လှုလှုပပဝိုင်းဝန်းသင်္ဂြိုဟ်ပေးသောအခါ အရပ်ကောင်း၍ အလောင်းလှသည် ဟူသော စကားပေါ်ပေါက်လာခြင်း ဖြစ်၏။

ဒေါ်ချောမှာ ရွာကိုအပ်သဖြင့် ဒေါ်စံမယ်၏ အလောင်းသည် ကောင်းမွန်စွာ မြေကျလေ၏။ လောကအလည်တွင် အထီးကျန်ဆန်သော ဒေါ်ချောအား ကရုဏာသက်၍မဆုံးကြပေ။ ထိုအသုဘရက်အတွင်းတွင် ဒေါ်ချော၏ ဆိတ်အုပ်အား ရွာမှလူငယ်လေးများမှ အလှည့်ကျ တာဝန်ယူထိန်းကျောင်းပေးသဖြင့် အဆင်ပြေပါသည်။

**ဒေါ်ချော၏ ဆိတ်များ**

ဒေါ်ချော၏အဖော်မှာ တောထဲ ဆိတ်ကျောင်းနေစဉ် ဆိတ်များဖြစ်သလို အိမ်တွင် ကြောင်ကြီး ဖိုးသံချောင်း ဖြစ်သည်။ ထိုဆိတ်တို့ကို စိတ်ကူးပေါက်ရာ နာမည်တွေပေးထား၏။ ဆိတ်တို့ကလည်း သူတို့အမည်ကိုခေါ်ပါက သိကြ၏။ ဆိတ်မှာ နည်းနည်းမဟုတ်ပေ။ အကောင် (၆၀) ကျော် (၇၀) နီးနီးရှိ၏။ ထိုဆိတ်တို့ကို တုတ်တစ်ချောင်းဖြင့် နိုင်နိုင်နင်းနင်းကျောင်းနိုင်စွမ်းရှိ၏။ ဆိတ်တို့သည် ဒေါ်ချောကို ချစ်လည်းချစ်၏။ ကြောက်လည်းကြောက်၏။

ထို့ကြောင့် ဆိတ်အုပ်အား ထိုထက်ပို၍ အကောင်ရေထားလေ့မရှိပါ။ အဘယ်ကြောင့်ဆိုသော် ဆိတ်တို့သည် တစ်နှစ်လျှင် နှစ်သားနှင့်တစ်ဗိုက်ရ၏။ ထိုအခါ ဆိတ်အရွယ်ရောက်သည်တို့ကို ဆိတ်ဝယ်သူ ဆိတ်ကုလားထံ ရောင်းရ၏။ ဆိတ်ငယ်တို့ကို ဆက်၍ထိန်းကျောင်းရ၏။

ဆိတ် ဟူသည့်အမျိုးမှာ ဆိတ်ခေါင်းဆောင် ဆိတ်သိုးကြီးသွားရာ နောက်သို့ တစ်အုပ်လုံးလိုက်ပါကာ နေရာအနှံ့လျှောက်၍ အစားအစာရှာစားသောအမျိုး ဖြစ်၏။ ကျွဲ၊ နွားများကဲ့သို့ စားကျက်တွင် ငြိမ်ငြိမ်နေသော အကောင်မျိုး မဟုတ်ပေ။ ထို့ကြောင့် ဆိတ်ကျောင်းသူဟူသမျှ အရိပ်တွင် နွားကျောင်းသူတို့ကဲ့သို့ ဇိမ်ဖြင့်ထိုင်နေချိန် မရှိပေ။ ဆိတ်တွေသွားရာနောက် ဆိတ်ကျောင်းသူက မနားတမ်း တကောက်ကောက်လိုက်ကာ စောင့်ရှောက်ရလေ၏။ အရိပ်တွေ့သော်မှ ခေတ္တမျှသာ ထိုင်ချိန်ရ၏။ ကြာကြာထိုင်ရသည်ဟူ၍ မရှိတတ်ပေ။ ပင်ပန်းလှချေ၏။

ဆိတ် ဟူသည် မြက်သာမက အပင်ရှိအရွက်ဟူသမျှ အကုန်နီးနီး စားတတ်ကြ၏။ အတော်အတန်အမြင့်သို့လည်း ခွာကုပ်ကောင်းသဖြင့် တက်၍စားတတ်၏။ အရွယ်ရောက်စ ဆိတ်ထီးတို့မှာ ချိုသွေးလျက် တစ်ကောင်နှင့်တစ်ကောင်ဝှေ့၍ ရန်ဖြစ်တတ်ကြ၏။ ထို့ကြောင့် ရောင်းလျှင် ဆိတ်ထီးတို့ကို ဦးစားပေး၍ ရောင်းလေ့ရှိသည်။ ဆိတ်မတို့မှာမူ ထိန်းသိမ်းရလွယ်၏။ သားလည်း ပွားပေး၏။ ဆိတ်နို့လည်းရ၏။

ဒေါ်ချောမှာမူ ခပ်အူအူဖြစ်ပါသော်လည်း အိမ်နီးချင်းတို့မှ ကူညီစောင့်ရှောက်သဖြင့် ဆိတ်ရောင်းရာ ပိုက်ဆံသုံးစွဲရာတို့၌ အဆင်ပြေပါသည်။ တစ်ဝမ်းတစ်ခါးအတွက် ပူပင်စရာမရှိပေ။

သူ့ဘဝအတွက် အဖော်သည် ဖိုးသံချောင်းခေါ် ကြောင်ကြီးသာဖြစ်ရာ ဖိုးသံချောင်းကလည်း ဒေါ်ချောကို လွန်စွာချစ်ပါသည်။ ညအိပ်လျှင် ဖိုးသံချောင်းနှင့်အတူတူအိပ်၏။ ဖိုးသံချောင်းကို အဖော်လုပ်၍ စကားပြော၏။ ထိုအခါ ကြောင်ကြီးကလည်း နားလည်ဟန်ဖြင့် တညောင်ညောင်လုပ်၏။ ကြောင်နှင့် ခွေးတို့သည် လူနှင့်အနေနီးသောသတ္တဝါတို့ဖြစ်ရာ လူ့အရိပ်အကဲကို နားလည်ကြသလို တတ်သိလိမ္မာသော တိရစ္ဆာန်များ ဖြစ်ကြလေ၏။

**ဖိုးသံချောင်းနှင့် မြွေပွေး**

ကျွန်ုပ်တို့ အပူပိုင်းဒေသတွင် အပေါဆုံးသောအရာမှာ အပူပိုင်းပေါက်ပင်ဖြစ်သော ရှားစောင်းပင်မျိုးစုံနှင့် အဆိပ်ပြင်းသော မြွေပွေး၊ မြွေဟောက်များ ဖြစ်ကြသည်။ အညာတောရွာများတွင် မြွေပွေးကိုက်၍ သေရသည်တို့မှာ အဆန်း မဟုတ်ကြပါ။ ထို့ကြောင့် မြွေနှင့် အညာသားတို့သည် အကြီးဆုံးရန်သူ ဖြစ်၏။ မြွေတွေ့လျှင် ကျားကျား၊မမ လက်မနှေးကြချေ။ တွေ့သည်နှင့် စေ့စေ့ညက်ညက်ကြေအောင် ရိုက်သတ်လေ့ရှိကြသည်။ မြွေပွေးကလည်း သူ့မထိလျှင် မကိုက်။ ထိလိုက်သည်နှင့် ကိုက်ပြီးသားဖြစ်၏။ များပြားလှသည့် အညာတောရွာများသည် ထိုခေတ်ထိုအခါက ဆေးရုံ၊ ဆေးခန်းနှင့် အလှမ်းဝေးလှရာ ကံကောင်းပါမှ အသက်မီကြ၏။ ယခုခေတ်တွင်မူ ကျေးလက်ဆေးပေးခန်းများရှိနေကြလေပြီ။

သို့ကြောင့် အညာဒေသသည် အိမ်ခြံအတွင်း ညအခါ အပေါ့အပါးသွားရာ၌ပင်လျှင် တုတ်မီးခေါ် ဓာတ်မီးကို ဆောင်ကြရ၏။ အခြားတစ်ရွာသို့ သွားလျှင်မူ လှည်းလမ်းကြောင်းဖုန်ထူရာတို့၌ အထူးဂရုစိုက်ရ၏။ မြွေပွေးတို့သည် ဖုန်လူးတတ်၍ဖြစ်သည်။ ဖုန်လူးလျှင် ဖုန်ရောင်နှင့် တစ်ရောင်တည်း ဖြစ်နေတတ်၏။ လူ၏ ခြေသံကြားလျှင် ငြိမ်နေတတ်၏။ မမြင်၍ ထိမိနင်းမိလျှင် ထိမိနင်းမိသည်နှင့် ကိုက်ပြီးသားဖြစ်နေ၏။ မြွေပွေး၏ လျှင်မြန်နှုန်းကား လျှပ်စစ်စီးနှုန်းကဲ့သို့ မြန်ဆန်လှချေ၏။ လာနားသော ယင်ကောင်ပင်လျှင် လွတ်ရိုးထုံးစံမရှိချေ။

ဒေါ်ချောသည် အိမ်အောက်မှ ကြောင်၏ မာန်ဖီသံနှင့် ဆိတ်ခြံတွင်းမှ ဆိတ်တို့၏ တပဲပဲအလန့်တကြားအော်သံကြောင့် အိပ်ရာမှလန့်နိုးလေ၏။ မိုးပင်လင်းနေပြီ ဖြစ်သည်။ နေရောင်ခြည်မှာမူ မထွက်သေးပေ။

"ဟဲ ဟဲ ဟဲ ဟဲ၊ ဟဲ ဟဲ ဟဲ ဟဲ"

"ညောင်. . . ခွီး. . . ခွီး"

"ဟင်- ဖိုးသံချောင်း ရန်သူတွေ့နေပြီပဲ"

ဟု တွေးမိကာ အနီးတွင် ထောင်ထားသော ဝါးဆစ်ပိတ်တုတ်ကိုဆွဲကာ အိမ်အောက်သို့ ခပ်မြန်မြန်ဆင်းခဲ့၏။ ကျပ်လုံးခန့်ရှိသော မြွေပွေးတစ်ကောင်နှင့်တိုက်ခိုက်နေခြင်းဖြစ်သည်။ဒေါ်ချောမှ ရုတ်တရက်ကြောင်ပြီးကြည့်နေစဉ် ဖိုးသံချောင်းက မြွေကိုလျှပ်တပြက်ဝင်ခဲ၏။ မြွေကလည်း သူ့ထိသည်နှင့် ကိုက်၏။ သို့သော် မြွေ၏ လည်မျိုကိုခဲထားမိရာ မြွေက ကြောင်ကို ရစ်ပတ်၏။ ကြောင်က မြွေကို အတင်းဆွဲခါရာ အားပါလှသဖြင့် ရစ်ပတ်သည်မှာအရာမထင်ပေ။ မြွေမှာ ဆတ်ဆတ်တုန်ပြီး တွန့်လိမ်နေ၏။ ထိုအခါကျမှ ဒေါ်ချောက မြွေ၏ ကိုယ်လုံးကို သိမ်းကျုံးရိုက်၏။ ထို



www.burmeseclassic.com

www.burmeseclassic.com

နှိုက်ချက်များကြောင့် ကြောင်မှာလန့်၍ လွှတ်ကာ ရွာပြင်ဆီသို့ ပြေးထွက်သွားလေတော့၏။ မြွေကိုက်ခံထားရမှန်းသိသော ဒေါ်ချောမှာ -

"ဟဲ့ - ဖိုးသံချောင်း၊ သံချောင်းရေ"

ဟု အော်ဟစ်ကာ ကြောင်ကြီးသွားရာနောက်သို့ အပြေးလိုက်ပါသွားတော့၏။ ဖိုးသံချောင်းသည် သူ၏ တွယ်တာရာ၊ သူ၏ဘဝ မဟုတ်ပါလား။ ဖိုးသံချောင်းသာ ဆုံးပါးသွားခဲ့ပါလျှင်။

**ဖိုးသံချောင်းနှင့် ဆေးမြစ်**

ဒေါ်ချောမှာ အသက်(၄၀)ကျော်သည်ဟု ဆိုငြားသော်လည်း နေ့စဉ်ရှည်လျားသောခရီးကိုလျှောက်ကာ ဆိတ်ကျောင်းနေရသူဖြစ်၍ သန်မာလှချေ၏။ ကြောင်ကို မျက်ခြေမပြတ်စေဘဲ ထက်ကြပ်ပြေးလိုက်လာခဲ့ရာ တစ်ခုသောနေရာတွင် ကြောင်က ရပ်လိုက်၏။ ထို့ကြောင့် ဒေါ်ချောက မီလာ၏။ ခြေထောက်တွင် စီးနေကျ ကားတာယာဖိနပ်ပင် မပါခဲ့ပေ။

သို့သော် ကြောင်ကြီးဖိုးသံချောင်းမှာ ပုံမှန်မဟုတ်ချေ။ မြွေဆိပ်ကြောင့် မျက်လုံးများပြာသလိုဖြစ်နေကာ ပါးစပ်က အမြှုပ်များလည်း တစီစီထွက်ကျနေ၏။ ထို့ကြောင့် မောဟိုက်နေသော ဒေါ်ချောမှာ ဖိုးသံချောင်းကို စကားမပြောနိုင်ဘဲငေးကြည့်နေမိ၏။

ဖိုးသံချောင်းသည် အပင်တစ်ပင်၏ အရွက်များအား ကိုက်ဖြတ်စားသောက်နေ၏။ ခဏအတွင်းမှာပင် ပါးစပ်မှအမြှုပ်များ စီးကျခြင်းမရှိတော့ဘဲ ပုံမှန်အနေအထားဖြစ်လာလေ၏။ ထိုအခါ ဖိုးသံချောင်းသည် ထိုအပင်ကလေး၏ အမြစ်ကို လက်သည်းဖြင့် ကုတ်ခြစ် တူးဖော်ကာ အမြစ်အနည်းငယ်ကို ကိုက်စားနေပြန်တော့၏။ ဖိုးသံချောင်းသည် သူ့အရေးသူ့ကိစ္စနှင့်သူမို့ အနီးတွင်ရပ်ကြည့်နေသော ဒေါ်ချောအား ဂရုမစိုက်နိုင်ပါ။ အမြစ်များကိုသာ နည်းနည်းချင်း ကိုက်စားနေလေ၏။

ကြောင်စားနေသော အပင်မှာ အဆန်းမဟုတ်ချေ။ မိမိတောထဲ၌ ဆိတ်ကျောင်းနေစဉ် သဘာဝအလျောက်ပေါက်သော သဘာဝပေါက်ပင်များဖြစ်သဖြင့် ဒေါ်ချောက အမည်မသိသော်လည်း မြင်နေကျဖြစ်၍ သိနေ၏။ ထိုအပင်သည် မြွေဆိပ်ကို ပြေစေသလောဟူ၍ စဉ်းစားနေမိ၏။

သူမျက်စိအောက်မှာပင် မြွေပွေးနှင့် ကြောင်တို့ လုံးထွေးသတ်ပုတ်ကြ၏။ မြွေပွေးမှာမူ မိမိကကူသဖြင့် စေ့စေ့ညက်ညက်ကြေကာ သေသွားခဲ့၏။ ကြောင်သည် မြွေပွေး မည်မျှအကိုက်ခံလိုက်ရသည်ကို မိမိမသိချေ။ မြွေဆိပ်တက်ကာ မျက်လုံးတို့ပြာ၍အမြှုပ်တစီစီဖြင့် ရွာပြင်တောထဲသို့ ကမူးရှူးထိုးပြေးသွားခဲ့ပြီး မြွေဆိပ်ဖြေပင်ဆေးကိုရှာကာ စားနေခဲ့ခြင်း ဖြစ်သည်။ ထိုအပင်၏အစွမ်းဖြင့် ဖိုးသံချောင်း ကံကောင်းသွားသည်ဟု ဆိုရပေတော့မည်။ အမြစ်အတန်ငယ် စားပြီးသောအခါ ဖိုးသံချောင်းသည် ပကတိအနေအထားသို့ ရောက်ရှိဟန်တူ၏။ ဒေါ်ချောသို့ မော့ကြည့်ကာ အသံပြုပါသည်။

"ညောင်. . ."

"ညော်. . . ဟဲ့ - ဖိုးသံချောင်း နေကောင်းသွားပြီလား။ ငါ့မှာဖြင့် နင့်အတွက် သောကရောက်လိုက်တာဟယ်။ ငါ့မှာ တွယ်တာစရာဆိုလို့ နင်ပဲရှိတာဟဲ့။ နင်များသေသွားရင် ငါ့ရင်ကွဲရချည့်ရဲ့ဟယ်။ ကဲ- လာလာ၊တို့အိမ်ပြန်ကြမယ်"

ဟူ၍ ကောက်ပွေ့ကာ အိမ်သို့ပြန်ခဲ့ကြလေ၏။ အပြုံပွေ့ပိုက်နေကျဖြစ်သော ဖိုးသံချောင်းသည် ငြိမ်သက်စွာ မှေး၍လိုက်ပါလာခဲ့၏။

**မြွေဆိပ်ဖြေဆေးပင်အကြောင်း**

"ဟဲ့- မိချော၊ ကြောင်ကြီး ပွေ့လို့ ဘယ်ကပြန်လာတာလဲ"

"အရီးမှုန်ရေ ပြောမပြောချင်တော့ပါဘူး။ ဟောဒီ ဖိုးသံချောင်းလေ မနက်စောစော အိမ်အောက်မှာ မပွေးနဲ့ ရန်ဖြစ်နေတာ။ မပွေးလည်းသေ၊ သူလည်း မပွေးအကိုက်ခံရတော့ကာ ပါးစပ်မှာ အမြှုပ်တွေတစီစီနဲ့ မျက်လုံးတွေလည်းပြာလို့ပေါ့။ အဲဒါ သူတောထဲပြေးတော့ ကျွန်မလည်း သူ့နဲ့ပါသွားတယ်။ တောထဲရောက်တော့ ဆေးပင်ရဲ့အရွက်ကိုစား၊ အမြစ်ကိုစားပြီး သူ့ရဲ့အကိုက်ခံရတဲ့ မြွေဆိပ် ချက်ချင်းပြေသွားတယ်။ အဲဒါ အခုပြန်လာကြတာ"

"မြွေအဆိပ်ပြေတယ်ဟုတ်လား မိချော"

"ဟုတ်တယ်၊ချက်ချင်းကိုပြေတာ"

"အဲ - ဒါဆို ညည်းအဲဒီအပင်ကို မမှတ်ခဲ့ဘူးလား"

"မှတ်စရာမှ မလိုတာ။ အဲဒီအပင်က တွေ့နေမြင်နေကျပဲလေ။ တောထဲပေါလွန်းလို့"

"ဒါဆို ဘာပင်လဲဟဲ့၊ တို့လည်း ပြောဦးလေ အရေးဆိုအသုံးပြုရတာပေါ့"

"အရီးမှုန်ရယ်၊ အဲဒါတော့ ကျွန်မလည်း မခေါ်တတ်ပါဘူး။ တောထဲမှာ အပင်တွေအများကြီးရှိတာဆိုတော့ ဘာခေါ်မှန်းမသိပါဘူး"

"ညော် ညည်းဟာအေး ဖြစ်မှဖြစ်ရပလေ။ ဒါဆို ညည်းဆိတ်ကျောင်းပြန်ရင် ငါတို့ကို နုတ်ခဲ့ပြီး ပြပါလား"

"အဲဒီလိုလည်း ပြလို့မဖြစ်ဘူးထင်တယ်။ ဟောဒီ ဖိုးသံချောင်းက ကြိုက်ချင်မှ ကြိုက်မှာ။ ခုတောင် သူပြလို့သိတာမဟုတ်လား။ ဟုတ်တယ် မဟုတ်လား ဖိုးသံချောင်း။ ကဲ - အရီးမှုန် သွားဦးမယ်"

ဟု ပြောကာ ဒေါ်နှင်းမှုံအပါးမှ ခွာခဲ့လေ၏။

ထိုအခါ မြွေဆိပ်ဖြေဆေးပင်တော့ သိရပြီဟုထင်ထားသော ဒေါ်နှင်းမှုံမှာ -

"ဒီအရူးမ၊ အတော်ပါးတဲ့ အရူးမပဲ"

ဟု တွေးကာ ကျန်ရစ်ခဲ့လေ၏။

ဒေါ်ချောမှာ ကြောင်ကြီးပွေ့လျက် သွက်လက်စွာ ထွက်ခွာသွားခဲ့လေပြီ။

(အညာတွင် မြွေပွေးကို မပွေးဟု ခေါ်ကြ၏။)

**မြွေပွေးဘယ်သူယူမလဲ**

ဒေါ်ချောနှင့် ဖိုးသံချောင်းတို့ပြန်လာသော် ဆိတ်တို့က တပဲပဲဖြင့် ဆူညံစွာ နှုတ်ဆက်ကြသည်။ ဒေါ်ချောသည် ဖိုးသံချောင်းကိုချကာ အိမ်အောက်သို့ ဝင်ခဲ့၏။ မြွေပွေးကြီးကား ငြိမ်သက်စွာ လဲလျောင်းလျက်ရှိလေ၏။ ဒေါ်ချောသည် တုတ်ဖြင့်ထိုးကော်ကာ ဘေးအိမ်မှ နက်ကျော်ကို လှမ်းအော်၏။

"နက်ကျော်ရေ ဟေး. . . နက်ကျော်"

"ဘာတုံး၊ အပျိုကြီးရဲ့"

"ဒီမှာ မနက်အစောက ဖိုးသံချောင်းနဲ့ မပွေးတစ်ကောင် ရန်ဖြစ်နေတာလေ။ အဲဒါ ငါရိုက်သတ်ထားတယ်၊ နင်ယူမလား"

"စားလောက်လို့လား"

"စားလောက်လို့ပေးတာပေါ့ဟဲ့၊ လာကြည့်လေ"



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်အိမ်မှ နက်ကျော်သည် အမြန်ရောက်လာ၏။

"ဟယ် - စားလောက်တာပေါ့။ တစ်နပ်တော့ အိုကေပဲ။ ဖိုးသံချောင်းကော အကိုက်ခံရသေးလား"

"ဒီလောက်လျင်တဲ့ မပွေးဟာ သူ့ထိလို့ကတော့ ဘာလွတ်မလဲ"

ဟု ပြောကာ ဖြစ်ကြောင်းကုန်စင် ပြောပြပြန်လေ၏။

သို့သော် နက်ကျော်မှာ ဒေါ်နှင်းမှုံကဲ့သို့ စိတ်ဝင်တစား စပ်စပ်စုစုလုပ်မနေပါ။ ဟင်းတစ်နပ်စာရသော မြွေပွေးအသေကောင်ကြီးကိုသာ အမြီးမှဆွဲ၍ ယူသွားလေတော့၏။

အညာတွင် မြွေပွေးသားကို ခုံမင်စွာ စားသုံးသူတို့ရှိသကဲ့သို့ ရှောင်သူများလည်းရှိကြလေ၏။ အချို့က ဆေးဖြစ်ဝါးဖြစ်စားကြသူတို့ရှိသလို အာဟာရအတွက် စားကြသူများလည်း ရှိလေ၏။ မြွေပွေးသားသည် အတော်အတန်ရောဂါများကိုလည်းပျောက်ကင်းစေ၏။ (နောင်တွင် အိပ်ချ်အိုင်ဗွီပိုးရှိသူတို့သည် မြွေပွေး၏ သွေးအစိမ်းကို သောက်သည်ရှိသော် ရောဂါသက်သာ၏။ သက်တမ်းစေ့နေရ၏ဟူ၍ အယူရှိကြရာ မြွေပွေးအရှင်ရအောင်ရှာ၏။ ဖမ်းသူတို့လည်း အညာတွင် ပေါလှ၏။ ရလျှင် ဖောက်သည်သို့သွင်းကြ၏။ ဖောက်သည်မှ တစ်ဆင့် ပိုက်ဆံချမ်းသာသော ဝေဒနာသည်ထံ ရောင်းသည်ဟု သိရ၏။ အချို့လည်း တရုတ်ပြည်သို့ စားကုန်အဖြစ်ပို့ကြရာ မြွေပွေး ဟူသည် လူတို့စီးပွားရေးအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုလျက်ရှိပေ၏။)

**ဒေါ်ဒေါင်း၏ လက်တွေ့စမ်းရန်အကြံ**

ဒေါ်ချောသည် ကျပ်မပြည့်သူဖြစ်ရာ ကြောင်ကြီးဖိုးသံချောင်းကြောင့် သိရသော မြွေပွေးအဆိပ်နိုင်ဆေးပင် အကြောင်းကို တွေ့သမျှလူတို့အားပြောပြ၏။ စိတ်ဝင်စားသူတို့ရှိသလို ရူးလို့ပြောတာပဲ ဟူသောအသိဖြင့် အချို့က အယုံအကြည်မရှိကြပေ။ ဒေါ်ချောကား အထူးအဆန်းမို့ ပြောမြဲပြော၏။

ထိုအခါ အမြင်ကတ်လာဟန်ရှိသော ဒေါ်ဒေါင်းမှ ဤသို့ အကြံပေးလေ၏။

"ဟဲ့- မိချော၊ ညည်းဖိုးသံချောင်းပြတဲ့ဆေးပင် စွမ်းမစွမ်း ညည်းကိုယ်တိုင် မပွေးအကိုက်ခံပြီးစမ်းပါလားအေ့။ ဒါမှ တကယ်စွမ်း၊ မစွမ်း သိရမှာပေါ့။ တော်ကြာ ကြောင်ကျတော့စွမ်းပြီး လူမစွမ်းရင် ခက်နေမယ်"

ဟု ချောက်တွန်းသည့် အကြံကို ပေးလေ၏။

ထိုအခါ အနီးရှိ ဒေါ်မင်းဖြူက ဝင်ရောက်ဟန့်၏။

"ဟဲ့ - မိဒေါင်း ညည်းအေ၊ အဲဒီလိုမပြောပါနဲ့ဟဲ့။ ညည်းအဲဒီလိုပြောလို့ မိချောက တကယ်မလုပ်ဘူးမဆိုနိုင်ဘူး။ တော်ကြာ မိချော ဒုက္ခရောက်နေပါဦးမယ်အေ။ ဆင်ဆင်ခြင်ခြင်ပြောစမ်းပါ။ တစ်ဖက်သား ဒုက္ခရောက်သွားရင် မကောင်းပါဘူး။ မိချော၊ ဒီကောင်မပြောတိုင်း သွားမလုပ်နဲ့နော်။ ဒီကောင်မက ကောင်းတာမဟုတ်ဘူး။ ညည်းကို ချောက်တွန်းတာ သိလား"

ဟု ဒေါ်မင်းဖြူက ပြောလေရာ ဒေါ်ချောခမျာ ခေါင်းညိတ်လိုက်ရလေ၏။ သို့သော် ဒေါ်ဒေါင်းပြောသွားသော စကားသည် နားထဲမှမထွက်တော့ပေ။ 'ညည်းကိုယ်တိုင် မပွေးအကိုက်ခံပြီး စမ်းပါလားအေ့'ဟူသောစကားသည် သူ့နားတွင် အစဉ်ကြားယောင်နေ၏။

"ဖိုးသံချောင်းတောင် မြွေဆိပ်ပြယ်သေးတာ ငါတို့က ဘာလို့မပြယ်ရမှာလဲ။ ဟုတ်တယ်၊ ငါကိုယ်တိုင် စမ်းကြည့်မှရမယ်။ ဆိတ်ကျောင်းရင်း မပွေးတွေ မကြာမကြာတွေ့နေတာပဲ။ မပွေးများပေါလွန်းလို့ ဒီတစ်ခါတွေ့ရင် ငါစမ်းဖြစ်အောင် စမ်းမယ်။ စမ်းလို့ အောင်မြင်ရင် ငါ မပွေးကိုက်တဲ့လူတွေကို ဆေးကုပေးပြီး ကယ်တင်မယ်။ ဟုတ်တယ်၊ ငါ မပွေးအကိုက်ခံကြည့်မှဖြစ်မှာ။ ဆေးပင်တွေများ နေရာတကာပေါလွန်းလို့"

ဟု တွေးမိကာ လက်တွေ့မြွေပွေးအကိုက်ခံရန် ဆုံးဖြတ်ချက်ချလိုက်လေတော့၏။ သို့သော် ထိုဆုံးဖြတ်ချက်အားတားမြစ်မည်စိုး၍ ဘယ်သူ့မှ ပြောမပြတော့ပေ။

**မြွေပွေးအကိုက်ခံပြီ**

"မပွေးတွေကလည်း မတွေ့ချင်တုန်းကတော့ တွေ့လိုက်တာခဏခဏ။ အခု တွေ့ချင်ပါတယ်ဆိုမှ တွေ့ကိုမတွေ့တော့ဘူး။ ငါ့နှယ်နော် စိတ်ညစ်လိုက်တာ လွန်ပါရော"

ဒေါ်ချောသည် မြွေပွေးတွေ့ချင်ဇောဖြင့် ဆန္ဒစောလျက်ရှိ၏။ မျက်စိက ဆိတ်များထံသို့ သိပ်မရောက်ပေ။ မြွေပွေးခိုအောင်းနိုင်သည်ဟု ထင်ရသော နေရာများသို့သာ အာရုံစိုက်၍ တုတ်ဖြင့် ထိုး၍ မြွေထွက်လာလိမ့်နိုးနိုးဖြင့် မျှော်ကိုးတတ်၏။ မြွေပွေးတွေ့လျှင် ကြီးကြီး၊ သေးသေး အဆိပ်ပြင်းသည်ဆိုသည်ကို အညာသူပီသစွာ သိပြီးဖြစ်လေရာ ဘယ်အရွယ်ဖြစ်စေ တွေ့ အကိုက်ခံကြည့်ရန် ဆန္ဒပြင်းပြလျက်ရှိ၏။ သို့သော် မြွေပွေးမဆိုထားဘိ အဆိပ်မရှိသောမြက်လျှောပင်လျှင် မတွေ့ရပေ။ ဒေါ်ဒေါင်းပေးသောအကြံသည် သူ့အတွက် အကောင်းဆုံး လက်ခံရန် အသင့်တော်ဆုံးသော အကြံဟု ယူဆထား၏။ ဆေးမစွမ်းခဲ့သော် သေရမည့်ဘေး ဟူသည်ကို သူ့ဦးနှောက်ထဲတွင် လုံးဝမရှိပေ။ ကြောင်ကြီး ဖိုးသံချောင်း၏ ဆေးကို သူအကြွင်းမဲ့ ယုံကြည်ထားလေ၏။ သို့နှင့် အချိန်သည် တစ်လကျော် နှစ်လမျှ ကြာသွားခဲ့လေ၏။ အိမ်နီးချင်းတို့မှာလည်း မြွေကိုက်ခံ၍ စမ်းရန်ကိစ္စအား မေ့လျော့သွားကြကာ တားမြစ်ပြောဆိုခြင်းမရှိကြတော့ပေ။ ကိုယ့်အရေးမဟုတ်သဖြင့်လည်း ဦးနှောက်ထဲကြာကြာထည့်မထားကြပေ။

အညာနေကား ညှာတာခြင်းမရှိဘဲ ပြင်းစွာ ပူလောင်လျက်ရှိ၏။ ဒေါ်ချောသည် တုတ်တစ်ချောင်းဖြင့် သူ့ဆိတ်အုပ်ကို ရပ်လျက်စောင့်ကြည့်နေ၏။ သူ့ဖခင်ဝတ်ခဲ့သော ရှပ်အကျီအဖြူလက်ရှည်ကိုဝတ်ကာ ထန်းဖူးခမောက်ကိုဆောင်း၍ အညာနေကို အန်တုရ၏။

ထိုစဉ် ဆိတ်တို့ အော်မြည်ကာ စားနေရာမှ ကစဉ့်ကလျားဖြစ်ကာ ပြေးလွှားကြသည်ကိုမြင်ရာ ဆိတ်တွေ မြွေတွေ့လို့နေမှာဟု ချက်ချင်းသိလိုက်ပြီး ထိုနေရာသို့ ချက်ချင်းပြေးသွားလေ၏။ လူလာသည်မြင်သော် ဆိတ်တို့ငြိမ်သွား၏။ ဆိတ်များလန့်သည့်နေရာတွင်မူ အစာမျိုထားဟန်ရှိသော မြွေပွေးကြီးသည် ဆန့်လျက်အနေအထားနှင့်နေရာမှမရွေ့သည်ကို တွေ့ရလေ၏။ ဗိုက်နေရာတွင်မူ ပူဖောင်းနေရာ အစာစားပြီးလျှင် နေရာမှရုတ်တရက်မရွေ့နိုင်ကြောင်း ဒေါ်ချော သဘောပေါက်၏။

"အောင်မလေး၊ နည်းတဲ့မပွေးကြီးလားဟယ်။ ငါ့မှာဖြင့် ရှာလိုက်ရတာ၊ တွေ့မယ့်တွေ့တော့လည်း အလွယ်ပါလားဟဲ့"

ဟု ပြောမိ၏။

မြွေပွေးကား ပြေးနိုင်သော မြွေပွေး မဟုတ်ချေ။ ထို့ကြောင့် ဒေါ်ချောသည် ဝန်းကျင်သို့ မြွေနိုင်ခေါ်ရင်ဦးစွာရှာ၏။ အနီးနားမှာပင်ရှိသော အမြစ်



www.burmeseclassic.com

www.burmeseclassic.com

ပါအောင် ဆွဲနုတ်ပြီး မြွေကြီးကို စင်အောင်ခါ၏။ ဆေးကား လက်ထဲအသင့်ရှိလေပြီ။ အကိုက်ခံရန်သာ လိုတော့၏။ ဆေးပင်ကို ဘယ်လက်ဖြင့် ကိုင်ထား၏။

ဒေါ်ချောသည် မြွေပွေးကြီးနားတရွေ့ရွေ့တိုးကပ်သွားရာ အန္တရာယ်ကိုသိသော မြွေပွေးကြီးကလည်း မပြေးနိုင်သော်ငြားလည်း လျှာတထုတ်ထုတ်လုပ်ကာ ပေါက်ရန် လည်ပင်းကို အထပ်ထပ်ခေါက်၍ နောက်သို့ခေါင်းယို့ကာ အရှိန်ယူထား၏။ ကိုယ်လုံးမှာမူ ငြိမ်သက်စွာရှိနေ၏။

ဒေါ်ချောသည် မတ်တတ်ရပ်နေရာမှ မြွေပွေးကြီးရှေ့တည့်တည့်တွင် ထိုင်ချလိုက်၏။ မြွေမှာ သူ့ကိုမထိသဖြင့် အသင့်အနေအထားဖြင့်သာ စောင့်နေ၏။ ဒေါ်ချော၏ ညာလက်သည် မြွေပွေးကြီး၏ ဦးခေါင်းကိုကိုင်ရန် လက်ရောက်သွားရာ မြွေမှာ အတတ်နိုင်ဆုံး ဦးခေါင်းကိုရှောင်၏။ ဒေါ်ချောမှလည်း အလွတ်မပေးဘဲ ဦးခေါင်းကို ထိလိုက်ရာ ထိလိုက်သည်နှင့် ကိုက်ပြီးသား ဖြစ်သွားသည်။ လျှပ်ပြက်သကဲ့သို့ မြန်လိုက်သည်ဖြစ်ခြင်းပါပေ။

ကိုက်လိုက်သည်နှင့် ဒေါ်ချောမှာ ရုတ်တရက် နောက်ဆုတ်ကာ လက်မှဒဏ်ရာကို ကြည့်လိုက်၏။ လက်ညှိုးနှင့် လက်မကြားတည့်တည့်တွင် မြွေကြီး၏ အစွယ်ရာနှစ်ပေါက်သည် သွေးစို့နေ၏။

ပြင်းလိုက်သည့်အဆိပ်။ ပေါက်လိုက်သည့်အခါ မျက်စိထဲ မီးပွင့်သွားသလားတောင်မှတ်ရ၏။ အဆိပ်တို့ ချက်ချင်းပင် တဖျဉ်းဖျဉ်းတက်လာကာ မျက်စိပင် ပြာသလိုလိုဖြစ်လာ၏။ ထို့ကြောင့် ဒေါ်ချောသည် ဆေးမြစ်ကို အားရပါးရဝါး၍ အရည်ကိုစုပ်၏။ အဖတ်တို့ကိုလည်း မျိုချလေ၏။ လိုရမည်ရ အရွက်တို့ကိုပါ ဝါးစားလိုက်လေ၏။

အချိန်အားဖြင့် မကြာလိုက်ပါ။ မကြာမီပင် တဖျဉ်းဖျဉ်းတက်နေသော မြွေဆိပ်တို့ ပျောက်ကွယ်ကာ မျက်စိတို့ ပကတိပြန်လည် ကြည်လင်လာတော့၏။ မြွေဆိပ်ပြယ်သွားပြီဖြစ်ကြောင်း ဒေါ်ချော ကောင်းကောင်းသိလိုက်၏။ မိမိ၏ဆန္ဒအား အကောင်အထည်ဖော်လိုက်ရသည့်အတွက် ဝမ်းသာနေမိ၏။ ပတ်ဝန်းကျင်တားသည့်ကြားမှပင် ဆေးပင်စွမ်း၊ မစွမ်း လက်တွေ့စမ်းလိုက်ခြင်းဖြစ်သည်။ သာမန်လူတို့သည် စမ်းဖို့မဆိုထားဘိ သည်မျှအန္တရာယ်ကြီးသောအလုပ်အား စိတ်ကူးပင်ထည့်ရန်မလွယ်လှပေ။ ဒေါ်ချောမှာမူ စိတ်သွားတိုင်းကိုယ်ပါ ထင်ရာလုပ်တတ်သောအကျင့်ကြောင့် ထိုဆေးပင်သည် မြွေဆိပ်နိုင်ကြောင်း လက်တွေ့မှီသိရပေပြီ။

ဒေါ်ချော စမ်းသပ်ချိန်မှာ အလွန်ကြီးမကြာလိုက်ပါ။ သူ့ဆိတ်များရှိရာသို့ လှမ်းအကြည့်တွင် ဆိတ်တို့မှာ နေရာမရွေ့သေးသဖြင့် အကြည့်လွှဲလိုက်ပြီး သူ့မျက်စိက မြွေပွေးကြီးထံ ရောက်သွားပြန်လေ၏။ မြွေပွေးကြီးမှာ ရန်မူမည့်အနေအထားမဟုတ်တော့ဘဲ ဦးခေါင်းကို မြေပေါ်၌ချထားသည်ကို တွေ့ရလေ၏။

### သေဆုံးနေသော မြွေကြီး

ဒေါ်ချောသည် အနီးရှိဆေးပင်တစ်ပင်ကိုနုတ်ကာ အမြစ်မှမြေတို့ကို ပြောင်အောင်ခါ၍ ဒုတိယအကြိမ် မြွေကြီးနားသို့ကပ်သွားပြန်၏။ ပထမတစ်ခါကဲ့သို့ မြွေသည် ပေါက်ရန်ဟန်မပြင်တော့ဘဲ ဦးခေါင်းကို မြေ၌ချထားမြဲ ချထားလေ၏။ ထို့ကြောင့် ဒေါ်ချောက သဘောကျကာ ရယ်မောပြီး -

"ဟဲ့ကောင်ကြီးလုပ်လေ၊ ငါ့ကို ကိုက်ဖို့ ဟန်ပြင်လေ။ နင် သူများသာ သတ်လို့ရမယ်။ ငါ့ကိုတော့ သတ်လို့မရဘူးဟဲ့။ ငါက နင်တို့ကို နိုင်တဲ့ဆေး တွေ့ထားပြီ။ ထစမ်းပါ၊ ကိုက်စမ်းပါဟာ။ လျှာတထုတ်ထုတ်နဲ့လုပ်ပြဦးလေ။ လုပ်ပါ ကိုက်စမ်းပါ၊ ဟဲဟဲ- မိချောတဲ့နော် တစ်ချောတည်းရှိတာ သိလား"

ဟု ပြောပြီး မြွေကြီး၏ဦးခေါင်းကို သွားကိုင်လိုက်လေ၏။ မြွေ၏ မျက်လုံးအစုံမှာ ပြူးကြောင်ကြောင်ဖြင့် သူ့ကို ကြည့်နေဟန်ရှိသော်လည်း တုတ်တုတ်မှမလှုပ်တော့ပေ။

"ဟင် - မြွေက မလှုပ်တော့ပါလား။ ဟုတ်တယ် အသက်ရှူတာ မတွေ့ရတော့ဘူး၊ သေနေပြီ။ ဟင်- ငါလည်း မရိုက်ရပါလား။ မရိုက်ဘဲနဲ့ သေရတယ်လို့ဟယ်။ ဪ- ဒုက္ခ ဒုက္ခ၊ ငါက မသေဘဲ နင်ကသေသွားပါပေါ့လား။ ဖြစ်မှဖြစ်ရလေဟယ်။ ငါ နင့်ကို မသတ်ဘူးနော်။ နင့်ဟာနင်သေတာ။ ဆန်းကြယ်လိုက်တာဟယ်။ ငါ့ကိုကိုက်ပြီး နင်က သေရတယ်လို့ အဟားဟားဟား"

ဟု ပြောကာ တုတ်ဖြင့် ထိုးလှန်ကာ ကြည့်နေမိ၏။

"အိုး - နည်းတဲ့အကောင်ကြီး မဟုတ်ဘူးဘဲ။ နက်ကျော်ကိုပေးရင် သူ့ခမျာ ဝမ်းသာရှာမှာ။ ဟုတ်တယ်၊ နက်ကျော်အတွက် သယ်သွားရမယ်။ ဒါကြီးဆို သူ့မိသားစု ဝဝလင်လင်စားရမှာ"

ဟု တစ်ယောက်တည်းပြောပြီး လက်မောင်းနီးပါးရှိ မြွေပွေးကြီးအား အိတ်ထဲ ကောက်ထည့်ကာ စလွယ်သိုင်း၍ လွယ်လိုက်လေ၏။ အလေးချိန် တစ်ပိဿာပင်ကျော်ပေမည်။

### ဆေးပင်၏တန်ခိုးသက်ရောက်မှု

နေအတန်စောင်းလာသည်နှင့် ဒေါ်ချော ဆိတ်အုပ်ဖြင့် ရွာထဲသို့ဝင်လာ၏။ ဒေါ်ချောမှာ မိန်းကလေးဖြစ်ရာ ယောကျ်ားများကဲ့သို့ နေဝင်ဖျိုးဖျအထိ တောထဲ၌နေလေ့မရှိပေ။ နေ့စဉ်ခပ်စောစောပင် ရွာသို့ပြန်ဝင်လေ့ရှိ၏။

"အရီးမှုန်ရေ အရီးမှုန်"

"ဟဲ့- ဘာတုံး မိချောရဲ့။ နင့်ဆိတ်မက အမြွှာသုံးကောင်မွေးလို့လား"

"ဪ- အရီးမှုန်ကလည်း၊ ဆိတ်သုံးကောင်မွေးတာထက် ဆန်းတယ်။ ဒီမှာကြည့်"

ဟု ပြောကာ လွယ်အိတ်ထဲမှ မြွေကြီးကို တစ်စွန်းတစ်စ ထုတ်ပြလိုက်၏။

"ဪ - နင်တောထဲက မြွေရလာတာလား။ နည်းတဲ့မြွေကြီးလားဟယ်"

"အရီးမှုန်သိချင်ရင် အိမ်လိုက်ခဲ့၊ မိချောပြောပြမယ်"

"အေးအေး၊ လာခဲ့ပါ့မယ်ဟယ်"

ဟု ကတိပြုလိုက်၏။

ထို့သို့ပင် ဒေါ်ဒေါင်း၊ ဒေါ်မင်းဖြူတို့ကိုလည်း မြွေပွေးကြီးကို ထုတ်ပြကာ ဝမ်းသာအားရ အိမ်သို့ခေါ်ပြန်၏။ ထို့အတူ အိမ်နီးချင်း နက်ကျော်အားလည်း ခေါ်ပြန်လေ၏။ အာပြကြီးဖြင့် တကြော်ကြော် အော်ခေါ်နေသောအခါ အထူးအဆန်းမို့ လူကြီးရောကလေးတွေပါ ဒေါ်ချောအိမ်သို့ ရောက်လာကြ၏။ ဦးစွာ ဆိတ်များအား ခြံထဲသွင်းပြီး တံခါးပိတ်လိုက်၏။ ပြီးသည်နှင့် ဒေါ်ချောသည် ကြီးမားသော မြွေပွေးကြီးအား လွယ်အိတ်ထဲမှနှိုက်ကာ အိမ်ရှေ့တလင်းပြင်၌ ချပြလိုက်၏။

"အိုး-ကျွတ်ကျွတ်၊ နည်းတဲ့အကောင်ကြီး မဟုတ်ပါလား။ ကိုက်မိလိုက်လို့ကတော့ ဆေးတောင်မီမှာမဟုတ်ဘူး။ မိချော၊ ဒီလောက်ကြီးတဲ့အကောင်ကြီး ဘယ်ကရခဲ့တာလဲ။ အရှင်ဆိုရင်တော့ ပိုက်ဆံအတော့်ကိုရ



www.burmeseclassic.com

www.burmeseclassic.com

မှာဟေ့"

ဟု ဘကြီးအောင်က ဆိုလေ၏။ အားလုံးပင် ဝိုင်း၍ကြည့်နေကြရာ ဒေါ်ချောက အမေးကိုမစောင့်တော့ဘဲ သူ၏ ညာဘက်မှ လက်ညှိုးနှင့် လက်မကြားမှာ မြွေစွယ်ရာနှစ်ပေါက်ကို ပြ၏။

"ဒါ ဟောဒီမပွေးကြီးက ကွန်မကို ကိုက်ထားတာပါ"

"အို - ဟုတ်ပါရဲ့။ ဟဲ့ - မိချောနင်ကငါပြောတဲ့အတိုင်း မပွေးအကိုက်ခံလိုက်တာပေါ့လေ"

ဟု ဒေါ်ဒေါင်းမှ အံ့ဩတကြီးမေး၏။

"ဟုတ်တယ် အရီးဒေါင်းရေ။ အရီး အကြံပေးတဲ့အတိုင်း မိချောအကိုက်ခံလိုက်တာ လူကို အီစလံဝေထွက်သွားတာပဲ။ ဒါပေမယ့် ချက်ချင်းမြွေဆိပ်ဖြေဆေးပင်စားလိုက်တော့ ခဏအတွင်းမှာပဲ မြွေဆိပ်ပြယ်သွားတယ်။ မြွေကြီးကြည့်လိုက်တော့ သေနေလေရဲ့တော်။ မိချောဖြင့် သူ့ကို ထိရုံလေးထိလိုက်တာ။ ဘာမှကို မလုပ်တာ။ မိချောလည်း မြွေဆိပ်ပျောက်၊ သူလည်း သေတော့တာ ထင်ပါရဲ့တော်"

ဟု ပြောပြလေရာ ပုံပြင်ပမာ မယုံချင်စရာ ဖြစ်ပါသော်လည်း လက်မှ မြွေကိုက်ရာနှင့် သက်သေမြွေကြီးက ရှိနေပြန်ရာ အချို့မှာ ယုံရခက်မယုံရခက် ရှိနေကြပြန်၏။

ထိုအခါ ဘကြီးအောင်ကဝင်ပြောသည်။

"နင်အကိုက်ခံလိုက်တာ လက်ညှိုးနဲ့ လက်မကြားနော်"

"အို- ဟုတ်ပါတယ်ဆို၊ ဒီမှာကြည့်လေ"

ဟု ပြပြန်လေ၏။

"အေး-ဟုတ်တယ်။ မြွေကိုက်ခံရရင် ခွလေးခွနဲ့ မလေးမဆိုတာအဆိပ်ပြန့်လွယ်ဆုံးနေရာတွေပဲ။ ဒီနေရာတွေထိရင် အမြန်သေတတ်တယ်။ နင့်ဆေးပင်အစွမ်းကတော့ အံ့မခန်းပါဘဲဟာ"

"ဘကြီးအောင်ကလည်း ဖိုးသံချောင်းရဲ့ဆေးပင်ပါ"

"အေးဟာ ထားလိုက်ပါ။ အဲဒီဆေးပင်ရဲ့ အစွမ်းဟာ မြွေဆိပ်ပြယ်ရုံမကဘူး။ ထူးဆန်းတာက ကိုက်တဲ့မြွေကိုပါ တန်ပြန်သေစေနိုင်တဲ့အစွမ်းသတ္တိရှိတာပဲ။ မိချော အဲဒီအပင်ကို နင်သေသေချာချာမှတ်ထားနော်။ ဒီဆေးနဲ့ တို့ဒေသကလူတွေ မြွေကိုက်ခံရရင် ကယ်ပေးရတာပေါ့"

"ဟိုတ်ကဲ့ ဘကြီးအောင် ဟုတ်ကဲ့။ ကဲ- နက်ကျော် နင်ယူမှာမဟုတ်လား။ နင်တို့မိသားစု တဝကြီးစားရမှာ"

"ဩော်- ယူမှာပေါ့ အပျိုကြီးရယ်။ မြွေပွေးသားချိုချို၊ ကြက်ပျိုနဲ့မလဲတဲ့ဗျ။ ကျေးဇူးပဲနော် အပျိုကြီး"

ဟု ပြောကာ နက်ကျော်သည် မြွေကြီးကို ယူသွားခဲ့လေ၏။ ခေတ္တမျှအကြာတွင် နက်ကျော်မှ လှမ်းအော်၏။

"အပျိုကြီးရေ မပွေးကြီးမျိုထားတာက တောကြွက်အကြီးကြီးဗျ။ လတ်လတ်ဆတ်ဆတ်ကြီးရှိသေးတာ အိုကေတာပဲဗျို့"

"အေးအေး - နင်တို့ (၂) မျိုးစားရတာပေါ့ဟာ"

ဟု ဆန်ဆေးရင်း ပြန်အော်လိုက်လေ၏။ ညစာ ထမင်းချက်ရပေဦးမည်။

**ဒုတိယအကြိမ်**

"ဒီဆေးပင်ရဲ့အစွမ်းဟာ မြွေဆိပ်ပြယ်ရုံမကဘူး။ ထူးဆန်းတာက ကိုက်တဲ့မြွေကိုပါ တန်ပြန်သေစေနိုင်တဲ့အစွမ်းသတ္တိရှိတာပဲ"

ဟူသော ပြောစကားသည် ဒေါ်ချော၏နားတွင် စွဲနေ၏။ ကိုက်တဲ့မြွေတောင်သေစေအောင်စွမ်းသတဲ့လား။ ဟုတ်ပြီ နောက်တစ်ခါ မပွေးတွေ့ရင် ထပ်စမ်းကြည့်မယ်ဟု နှလုံးသွင်းထားလိုက်တော့၏။ မြွေနှင့်လူ၊ လူနှင့်မြွေဟူသည်မှာ အကြောင်းတိုက်ဆိုင်ပါမှ တွေ့ရခြင်းဖြစ်ပေရာ နောက်ထပ်သုံး၊လေးလခန့် ဒေါ်ချော မြွေကို ထပ်မတွေ့ရတော့ပေ။ ဆိတ်ကျောင်းထွက်တိုင်း မြွေကိုအလေးထားပြီး ရှာနေမိသော်လည်း အချည်းနှီးပင် ဖြစ်ခဲ့ပါသည်။ ပထမအလေးထားရှာနေမိသည်မှာ မြွေဖြစ်ပြီး ဒုတိယ အလေးထားမိသည်မှာ မြွေဆိပ်နိုင်ဆေးပင် ဖြစ်သည်။ ဆေးပင်တို့မှာ သဘာဝ အလေ့ကျပေါက်ပင်များဖြစ်သဖြင့် နေရာတိုင်းနီးပါးရှိကြသဖြင့် ပေါသည်ဟု ဆိုရပေမည်။ ထိုသဘာဝတောရိုင်းပင်တို့အား မသိသူတိုင်းသည် ကျော်သွားကြသော်လည်း သိသူဒေါ်ချောမှာမူ အလေးထားတတ်နေပြီ ဖြစ်သည်။

တစ်နေ့ ဆိတ်ကျောင်းနေစဉ်ဖြစ်သည်။

"မြှောင်း"

ထိုအသံကြားသည်နှင့် အသံလာရာဆီသို့ ကြည့်လိုက်မိ၏။ ဆိတ်သိုး (၂) ကောင် မာန်စောင်ကာ တစ်ကောင်နှင့်တစ်ကောင် အငြိုးကြီးစွာ ဝှေ့လျက်ရှိသည်ကို တွေ့ရ၏။

"ဟေ့- ဒီ (၂) ကောင် အရိုက်ခံချင်လို့လား။ ညပ်စိနဲ့ ချက်ကြီး ဒါဘာလုပ်တာလဲ"

ဟု လှမ်းအော်လိုက်၏။

ဆိတ်သိုးနှစ်ကောင်မှာ ဒေါ်ချော၏ အော်သံကို ဂရုမမူဘဲ ဝှေ့မြဲဆက်ဝှေ့နေကြပြန်လေ၏။ ဒေါသဖြစ်လာသော ဒေါ်ချောသည် နဘူးချုံတန်းဘေးမှပတ်၍ တုတ်ဖြင့်ရိုက်ရန် ပြေးသွားသည့် အခိုက်မှာပင် ရှေ့တည့်တည့်မှ ရှူး ဟူသော မာန်ဖီသံနှင့်အတူ မြွေဟောက်ကြီးတစ်ကောင်၏ ပါးပျဉ်းကြီးထောင်ကာ ပိတ်ဆီးထားခြင်းခံလိုက်ရ၏။ နည်းနည်းနောနော မြွေဟောက် မဟုတ်ပေ။ လက်ကောက်ဝတ်ခန့်ရှိသော မြွေဟောက်ဖြစ်ပြီး ပေါက်ရန်အသင့်ပြင်ထားလေ၏။

"ငါတွေ့ချင်တာက မပွေး၊ တွေ့မယ့်တွေ့တော့ မဟောက်ကြီး ဖြစ်နေတယ်။ ဘာဖြစ်ဖြစ် ငါစမ်းကြည့်မယ်။ ဆေးပင် ဆေးပင်ရှိရဲ့လား"

ဟု တွေးကာ ပတ်ဝန်းကျင်သို့ မျက်စိကစားကြည့်၏။ တော်သေး၏။ မလှမ်းမကမ်းတွင် ဆေးပင်မြင်နေရရာ အခက်အခဲမရှိသဖြင့် ဒေါ်ချောသည် ဆိတ်တို့ထံ အာရုံမရောက်တော့ဘဲ မျက်စိကို အဆိပ်မှုတ်မခံရစေရန် ထန်းဖူးခမောက်ကို ခပ်ငိုက်ငိုက်ဆောင်းလျက် မြွေဟောက်နား ချက်ချင်းကပ်သွားကာ မြွေ၏ ဦးခေါင်းကို လှမ်းပုတ်လိုက်၏။ မြွေသည် ဦးခေါင်းကို ဆတ်ခနဲ တိမ်းရှောင်ကာ ဒေါ်ချော၏ ညာလက်အား ခွေးဆွဲသလိုဆွဲ၍ကိုက်၏။ တစ်ချက်ပင်မကပါ၊ နှစ်ချက်သုံးချက်ဆက်ကိုက်၏။

"အောင်မလေး နာလိုက်တာ"

ဟု အော်ကာ အမြန်ဆုတ်လျက် ဆေးပင်ရှိရာသို့ပြေးပြီး အတင်းဆွဲနုတ်လျက် မြေကြီးများရိုက်ခါကာ အတင်းဝါးစားလေတော့၏။ လက်မှာ မြွေဆိပ်ကြောင့် ထူပူလျက်ရှိကာ သွေးတို့စို့နေ၏။ မြွေဟောက်ဟူသည်မှာလည်း မြွေပွေးကဲ့သို့ပင် လူကိုသေစေနိုင်သော အဆိပ်ရှိမှန်း အားလုံးသိကြ၏။ ထို့အတူ ငန်းမြွေ၏ အဆိပ်သည်လည်း လူကိုသေစေနိုင်၏။ သို့သော် မြွေဟောက်နှင့် ငန်းမြွေတို့မှာ မြွေပွေးလောက်မပေါများကြပေ။ ငန်းနှင့် မြွေဟောက်တို့မှာ ချုံထူရာတွင် အနေများသော်လည်း မြွေပွေးမှာမူ နေရာအနှံ့နေ၏။

ဒေါ်ချောမှာ အရဲစွန့်၍ မြွေ



www.burmeseclassic.com

www.burmeseclassic.com

ဟောက်အကိုက်ခံခြင်း ဖြစ်သည်။ သည်ဆေးပင်သည် မြွေပွေးဆိပ်ကိုနိုင်မှန်း သူသိ၏။ သို့ကြောင့် မြွေဟောက်ဆိပ် စွမ်း၊ မစွမ်းကို အခွင့်ရခိုက် လက်တွေ့စမ်းလိုက်ခြင်း ဖြစ်ပေတော့၏။ ကံကောင်းသည်ဟု ဆိုရပေမည်။ ဒေါ်ချောသည် မြွေဆိပ်တက်ခြင်း လက္ခဏာမတွေ့ရပေ။

ထို့ကြောင့် မြွေဟောက်ကြီးရှိရာဆီ ပြန်လှည့်လာခဲ့၏။

"ဟယ်- မဟောက်ကြီး၊ နင်လည်း သေတာပဲနော်။ ဒီဆေးပင်အတော်စွမ်းတာပါလား။ တကယ်သေတာမှ ဟုတ်ရဲ့လား"

ဟု တစ်ယောက်တည်းပြောကာ မြွေကြီးကား တုတ်နှင့်ထိုးကြည့်နေပြန်၏။ မြွေကြီးကား မျက်လုံးပြူးပြူးနှင့် အမှန်ပင် သေနေလေပြီ ဖြစ်သည်။

"အံ့သြလိုက်တာဟယ်။ ငါဆေးပင်စားတာနဲ့ နင်ကသေရတယ်လို့။ အင်း ဒီကောင်ကြီး နက်ကျော်တို့မိသားစုအတွက် ယူသွားရမယ်။ ဒါဆို သူတို့မိသားစု စားလောက်တယ်"

ဟု ပြောဆိုပြီး သူ့လွယ်အိတ်ကြီးထဲသို့ ကောက်ထည့်လိုက်လေတော့၏။ ဆိတ်သိုး (၂) ကောင်ကား ဇွဲနပဲကြီးစွာ ဝှေ့နေဆဲဖြစ်သဖြင့်-

"ဒီနှစ်ကောင် ခုထိရန်ဖြစ်လို့ မပြီးသေးဘူးလား။ နင်တို့နှစ်ကောင် ဒီတစ်ခါ ရောင်းရင်ထည့်လိုက်တော့မယ်။ ကဲ- ငါလာပြီဟေ့"

ပြောကာ ဝှေ့နေသော ဆိတ်သိုးနှစ်ကောင်အား ဝါးရင်းတုတ်ဖြင့် လိုက်ရိုက်နေတော့၏။ ဆိတ်တို့မှာ ဒေါ်ချော၏တုတ်ကို ကြောက်ကြလေ၏။ တုတ်မှာ သုံးတောင်ခန့်ရှည်သော အဆစ်ပိတ်ဝါးရင်းတုတ်ဖြစ်ရာ ဒေါ်ချော၏ လက်စွဲတော်တုတ်ဖြစ်ပြီး ပြောင်လက်နေ၏။

## ယုံကြည်သူတို့အတွက်

ဒေါ်ချောသည် ဒုတိယအကြိမ် ဒဏ်ရာဒဏ်ချက်မရှိဘဲ သေနေသော မြွေဟောက်ကြီးအား ယူလာကာ သူ့လက်တွင် အကိုက်ခံထားရသော မြွေကိုက်ဒဏ်ရာများအားပြ၍ မထိမ်မချန် သူကြုံခဲ့သမျှ ပြောပြပြန်ရာ လူတို့စိတ်ဝင်တစား ရှိခဲ့ကြလေ၏။

အချို့လူတို့မှာမူ 'အလကား ရှူးလို့စွတ်ရွတ်ပြောနေတာပါကွာ။ ငါတို့တော့ ပြောတိုင်းယုံတဲ့လူထဲမှာ မပါဘူးကွ' ဟူသော လူမျိုးများလည်း ရှိခဲ့ကြပါသည်။

ဒေါ်ချော၏ ပြောပြချက်တို့ကို ကျွန်ုပ်သည် အကြွင်းမဲ့ ယုံကြည်သူဖြစ်သည်။ ဒေါ်ချောသည် အသားမည်းမည်း၊ အရုပ်ဆိုးဆိုး၊ မျက်စိစွေစွေနှင့် အရုပ်အမောင်း အလော်တော်ဖြစ်ကာ ခန္ဓာကိုယ်လည်း မပိန်မဝဖြစ်သည်။ သို့သော် လက်ပြင်ခပ်ကုန်းကုန်းဖြစ်သည်။ ကျွန်ုပ်တို့အိမ်နှင့် သိပ်မဝေးလှချေ။ သူမြွေနှစ်ခါယူလာခဲ့စဉ်က ကျွန်ုပ်မျက်စိနှင့် တပ်အပ်မြင်ရ၏။ လက်မှ မြွေစွယ်ရာတို့ကိုလည်း မြင်ရ၏။ ထိုအခါ သူ့အစွမ်းကို ကျွန်ုပ် အကြွင်းမဲ့ယုံ၏။ ထိုမြွေကြီးများ လူသာမန်ကို ကိုက်ခဲ့သော် မတွေးဝံ့စရာ ဖြစ်ချေ၏။

ထိုသို့နေလာခဲ့ကြရာ တစ်နေ့တွင် ကျွန်ုပ်တို့အိမ်ခပ်လှမ်းလှမ်းမှ ကိုပေါက်စ မြွေပွေးအကိုက်ခံခဲ့ရ၏။ ရွာပြင်ပဲခင်းထဲမှကိုက်ရာ ရွာသို့ အမြန်သယ်လာကြ၏။ ရှေးဦးသူနာပြုနည်းဖြင့် ခြေထောက်ကို တုတ်ဖြင့်ကပ်၍ ပတ်တီးစည်းပေးပြီး နီးရာဆေးခန်းသို့ လှည်းဖြင့်သွားရန် စီစဉ်ကြ၏။

ထိုအခါ ကျွန်ုပ်က ဒေါ်ချောဆီ ဦးစွာပြကြည့်ရန်ပြောပြီး ဒေါ်ချောဆီ သွားကြ၏။ ဒေါ်ချောသည် ဆိတ်ကျောင်းမထွက်မီဖြစ်၍ အချိန်သင့်လေ၏။ ဒေါ်ချော ရွာပြင်ဆီ ဓားမတိုတစ်ချောင်းကိုင်ကာ ခပ်သုတ်သုတ်ထွက်သွားပြီး ခဏအတွင်း ပြန်ရောက်လာ၏။ စိတ်မြန်လက်မြန်ရှိသူမို့ စိတ်သွားတိုင်း ကိုယ်ပါဟန်ရှိ၏။

ကိုပေါက်စအား ဆေးမြစ်အား ဝါးစားခိုင်းလိုက်၏။ ကိုပေါက်စလည်း ချက်ချင်းဝါးစား၏။ ကိုပေါက်စသည် အချိန်အတန်သင့်သဖြင့် မျက်စိပင်ပြာဝေ၍နေပြီ ဖြစ်သည်။ အချိန်အကြာကြီး မစောင့်လိုက်ရပါ။ ပကတိအတိုင်း ပြန်ဖြစ်လာခဲ့ပါသည်။ ထိုအခါ စည်းထားသည်တို့ကို ဖြုတ်ရပါတော့သည်။

"ဘယ်လိုလဲ ကိုပေါက်စ၊ ပျောက်သွားပြီ မဟုတ်လား။ ကဲ- ကျုပ်ဆိတ်တွေ ကျောင်းရဦးမယ် သွားကြတော့"

ဟု ပြောကာ ဆိတ်ခြံသို့သွားလျက် တံခါးဖွင့်ပေးလိုက်လေ၏။ ဆိတ်တို့မှာ အလုအယက် တပဲပဲအော်မည်ကာ တိုးထွက်နေကြလေ၏။ ဒေါ်ချောမှာ ဆိတ်အုပ်ကြီးနောက်မှ ထန်းဖူးခမောက်ကြီးဆောင်းလျက် အညာဖျင်လွယ်အိတ်ကြီးလွယ်ကာ တုတ်တယမ်းယမ်းဖြင့် ပါသွားလေ၏။

နောက်တစ်ကြိမ်မှာမူ ကျွန်ုပ်၏တူမအရင်းဖြစ်သူ တင်တင်ဝေ ဖြစ်သည်။ ကျွန်းနုမြေတွင် စိုက်ထားသော ခရမ်းချဉ်ခင်းမှ ခရမ်းချဉ်သီးခူးရာတွင် အကိုက်ခံရခြင်းဖြစ်ရာ ဒေါ်ချောထံ ချက်ချင်းခေါ်သွားရ၏။ ကံကောင်းထောက်မစွာပင် ဒေါ်ချောယူပေးသော ဆေးမြစ်ဖြင့် အချိန်တိုအတွင်း မြွေဆိပ်ပြေလျော့ခဲ့ကာ အန္တရာယ်ကင်းခဲ့ရပါသည်။

## လူမစွမ်းသော်လည်း

ဒေါ်ချောသည် ထိုသို့ မြွေကိုက်ခံရသူတို့အား ဆေးကုသပေးနေသော အခါ ကျပ်မပြည့်သူဟူ၍ ရှေးယခင်က မည်သူကမျှ အလေးထားခြင်းမရှိခဲ့ပါသော်လည်း ယခုအခါတွင်မူ ဆရာမကြီး ဒေါ်ချော ဟူသောဂုဏ်ပုဒ်ကို ရရှိပိုင်ဆိုင်ကာ လူရိုသေရှင်လေးစားဘဝကို ရောက်ရှိခဲ့ရပါတော့သည်။ ဝေဒနာရှင်တို့မှ ကန်တော့သော ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ငရုတ်၊ ကြက်သွန်တို့အပြင် ငွေစအနည်းငယ်ပါရရှိပြန်ရာ သူသည် ပူပင်ရသောဘဝမှ ကင်းလွတ်၍ လျှံနိုင်တန်းနိုင်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့လေ၏။

ဖိုးသံချောင်းကြောင့် သိရသော မြွေဆိပ်နိုင်ဆေးပင်ကိုလည်း သူသည် အတတ်နိုင်ဆုံး လျှို့ဝှက်သဖြင့် မည်သူမျှ သိခြင်းမရှိခဲ့ပါ။ ထိုဆေးပင်ကို သိချင်သူတို့ လိုက်လံချောင်းမြောင်းသော်လည်း မည်သို့လက်စဖျောက်သည်မသိ။ သူ၏ အရွက်နှင့်အပင်တို့ကို တောထဲ၌ ဖြတ်၍ ချန်ထားခဲ့ခြင်းမရှိပါ။ သို့ကြောင့် ခြေရာကောက်၍ မရနိုင်ရှိခဲ့ကြ၏။ သူကလည်း ဘာအပင် ဟူ၍ အရိပ်အမြွက်မျှပင်မပြောဘဲ တောထဲ ဆိတ်ကျောင်းထွက်စဉ် ကြုံတင်စုဆောင်းယူထားတတ်၏။ သို့ကြောင့် လူနာလာခဲ့သော် အလွယ်တကူယူ၍ တိုက်ကျွေးနိုင်ခြင်း ဖြစ်သည်။

ဒေါ်ချောအား လူတိုင်းက ကြည့်၍ အားကျကြ၏။ သူလိုလူကလည်း ကျွန်ုပ်တို့တစ်ကြော သူတစ်ယောက်သာ ပေါ်ခဲ့၏။


ထို့ကြောင့် လူတွေက -

"လူမစွမ်းတော့ နတ်မတယ်ဆိုတာ ဒါပဲကွ။ ရူးပေါပေါနဲ့ လူ့လောကအလယ်မှာ တစ်ကောင်ကြွက်တစ်မျက်နှာကျန်ခဲ့ပေမယ့် ဟော - ဖြစ်ချင်တော့ တို့အညာမှာ တကယ်လိုအပ်နေတဲ့ မြွေကုဆရာမကြီး ဖြစ်လာခဲ့တယ်။ မဆန်းဘူးလားကွာ။ မှတ်ထား၊ အဲဒါ မိချော



www.burmeseclassic.com

www.burmeseclassic.com


မှတ်ပုံတင် - ၀၁၁၄ y ၀၁၀၇၃၆ လိုင်စင် ၇၊ ၂၀၁၁၊ တဆထလတို (၁၁၁၂)

နှလုံးရောဂါ ကင်းဝေးအောင်

မုံရွာဆရာမိုး

အမှတ်တံဆိပ်

အမောလုံ

နှလုံးအားဆေးကိုဆောင်

နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ ရင်ညွန့်ဒို့စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်၍အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန် မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ် လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းမူးဝေခြင်း၊ စိတ်ပိစီးမှုများ၍ အိပ်မပျော် စားမဝင် စိတ်မကြည်လင်ခြင်း၊ အားအင်ကုန်ခမ်း စိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။

ပင်ရင်း - ချ - ၃၅၆၊ ပေတာဝီလပ်းပကြီး၊ ချ - ရပ်ကွက်၊ ရတနာသီဂီဈေးအနီး၊ မ / ဥက္ကလာ

ဖုန်း - ၀၁ - ၉၆၉၀၅၈၇၊ ၀၁ - ၆၉၁၀၇၉၊ ၀၁ - ၆၉၁၅၉၁


စိတ်ကောင်းထားလို့ သူ့ဘဝကို နတ်က မတာကွ။ ခုဆို လျှုတာတန်းတာများ တို့ထက်တောင်သာသေး"

ဟု လူကြီးတွေက ပြောကြ၏။

ဒေါ်ချောကလည်း ဘဝမေ့သူ ဘဝင်မြင့်သူ မဟုတ်ပေ။ သူ့ဟာသူ ဆိတ်အုပ်ကြီးဖြင့် ယခင်ကကဲ့သို့ပင် မပြောင်းမလဲနေထိုင်၏။ နောင်အသက် (၅၀)ခန့်ရောက်သောအခါ သားထောက် သမီးခံမရှိသော အပျိုကြီး ဒေါ်ချော အတွက် ရွာတစ်ရွာမှ သူများထံ ကပ်နေရသော မိဘမဲ့သမီးလေး ကြူကြူထွေး အား သွားရောက် ခေါ်ဆောင်ကာ ဒေါ်ချောအား ပေးအပ်ကြလေ၏။ ကြူကြူထွေးမှာ ငါးနှစ်အရွယ်မျှဖြစ်ရာ ဖြူဖြူချောချောလေးဖြစ်ပြီး ဒေါ်ချောမှာလည်း သမီးရင်းနှင့်မခြား ချစ်ခင်တွယ်တာလေ၏။ သမီးလေးကို သူလိုဘဝ မဖြစ်စေလို၍ ကျောင်းထားပေး၏။ သူ၏ဘဝ ပြည့်စုံသွားခဲ့ပြီ ဖြစ်သည်။

ထိုအချိန်တွင် ကျွန်ုပ်မောင်ကြည်ငွေသည် လူပျိုဖြစ်ရာ မန္တလေးအရက်ချက်စက်ရုံတစ်ရုံတွင် အလုပ်လုပ်ရန် မန္တလေးသို့ ထွက်ခွာခဲ့၏။ မန္တလေး၌ပင် ဘဝတူ အလုပ်သူမတစ်ဦးနှင့် အိမ်ထောင်ကျကာ ကလေး (၂) ယောက် အရတွင် မိုင်းရှူးရတနာမြေပေါ်သဖြင့် အများနည်းတူ ကျွန်ုပ်လည်း ချမ်းသာနိုးနိုးဖြင့် မိုင်းရှူးသို့ စွန့်စားကာတက်ခဲ့၏။ မိုင်းရှူးပေါ်စဦးခေတ်ဖြစ်၍ ခေတ်ကောင်းကိုမီသော်လည်း ကျွန်ုပ်မှာ ဖဲကစားဝါသနာအလွန်ပါရာ ကျွန်ုပ်၏ ရှာရသောငွေမှာ အိတ်ပေါက်နှင့်ဖားကောက်သကဲ့သို့ ရှိ၏။ သို့နှင့်ပင် ဖက်စပ်ခေတ်ရောက်လာကာ ကျွန်ုပ်မှာမူ အလုပ်သမားဘဝဖြင့် ဟိုဖက်စပ်ဝင်ဒီဖက်စပ်ဝင်ဖြင့် ရတနာမြေတွင် ရွာလည်ကာ မှော်ကြာကြီးဖြစ်၍နေတော့၏။ ရောက်ရာဖက်စပ်တွင် ဖဲဝိုင်းထောင်လေ့ရှိ၏။

ကျွန်ုပ်၏ မန္တလေးရှိ မိသားစုနှင့် အဆက်အသွယ် ပြတ်နေသည်မှာပင် ဆယ်စုနှစ်တစ်ခုကျော်ခဲ့ပြီဖြစ်ပြီး မည်သို့နေ၍ မည်သို့ စားသောက်ကြကာ သားသမီးများပင် ဘယ်အရွယ်ရှိပြီ မသိတော့ပြီဖြစ်၏။

သို့နှင့် ကျွန်ုပ်သည် လုပေါ့အနီးရှိ မန်နေဂျာဦးကျော်စိုး ဦးစီးလုပ်ကိုင်သော ဖက်စပ်တွင် တွင်းသားအဖြစ်ဝင်ခဲ့ရာမှ ကျွန်ုပ်အား လက်ထောက်စက်ဆရာ ရာထူးပေးသဖြင့် စက်ဆရာမောင်ဖုန်းနှင့်တွဲကာ မီးစက်၊ ဝင့်စက်၊ ရေစက်၊ ခဲကြိတ်စက်၊ ခါစက်တို့တွင် တာဝန်ထမ်းရင်း အထက်ပါ ထူးဆန်းသောဒေါ်ချော အကြောင်းအား ပြောပြခြင်းဖြစ်ပေ၏။

(ကိုကြည်ငွေသို့ အမှတ်တရ)

*ချမ်းမြေ့ကြပါစေ*

ရွှေပြည်စိုး (မိုးကုတ်)

**မှတ်ချက် -**

(စက်ဆရာ ကိုကြည်ငွေသည် အရက်အလွန်အကျွံသောက်ခြင်းကြောင့် အစာအိမ်ပေါက်သွားသဖြင့် မိုင်းရှူးဆေးရုံတွင် ရက်ပေါင်းအတော်ကြာ ငွေ (၅) သိန်းခန့် အကုန်အကျခံ၍ ကုပေးပြီး သက်သာသောအခါဝယ် ၂၀၀၈ ခုနှစ်ထဲတွင် မန္တလေးသို့ ပြန်သွားခဲ့လေ၏။ သူ့မိသားစုများနှင့် ဆုံတွေ့ခြင်းရှိမရှိ အဆက်အသွယ်မရှိ၍မသိခဲ့ရတော့ပေ။ အထက်ပါ အဖြစ်အပျက်များမှာ သူနေကောင်းစဉ်က ပြောပြသွားခဲ့ခြင်း ဖြစ်သည်။ ကိုကြည်ငွေသည် အသက် (၄၀) ကျော်အရွယ် ဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းဇင်(ရွှေနဝင်း)

# မိန်းမတို့အသက် ကရမက်

မြန်မာမှုနယ်ပယ်တွင် 'မိန်းမတို့အသက် ကရမက်' ဆိုသည့် စကားရပ်သည် ဣတ္ထိယမိန်းမသားတို့၏ မီးယပ်သွေးသား၊ သားအိမ်ပိုင်းကျန်းမာကြံ့ခိုင်ခြင်းနှင့်တကွ ဟော်မုန်းရေချိန်မျှတပြီး အသားအရေ လှပစိုပြေစေရန်အတွက် နံ့သာ (၅) ပါး စာရင်းဝင် 'ကရမက်'၏ ဆေးဖက်ဝင် အစွမ်းသတ္တိထူးဖြင့် စွမ်းဆောင်ပေးနိုင်သည်ကို ရှေးမြန်မာ့ဆေးပညာရှင်များက ထိုဆောင်ပုဒ်ကလေးဖြင့် ဖော်ညွှန်းပြသထားရှိခဲ့ပါသည်။

သုံးတတ်လျှင် နတ်သြသဓဆေး၊ မသုံးတတ်လျှင် ထင်းတုံး၊ သစ်သားတုံးဖြစ်သည်ဆိုသကဲ့သို့ မြန်မာ့ရေမြေသဘာဝထွက်စစ်စစ်ဖြစ်သော ကရမက်၏ ဆေးဖက်ဝင်သတ္တိများနှင့် ကရမက်ကောင်းတို့၏ ကြန်အင်လက္ခဏာ ခွဲခြားစိစစ်ပုံတို့ကိုပါ အကျယ်တဝင့် ရေးသားတင်ပြပေးပါမည်။

ကရမက်သည် မြန်မာ့တိုင်းရင်းဆေးလောကတွင် နံ့သာ (၅) မျိုးဟု ဆိုအပ်သော နံ့သာဖြူ၊ နံ့သာနီ၊ အကျော်၊ စမ္ဗာ၊ ကရမက်ဟု စာရင်းဝင်အဖိုးတန်အပင်ထွက် ဆေးပစ္စည်းမျိုး ဖြစ်ပါသည်။

ကရမက်ပင်ကို အင်္ဂလိပ်လို Sandal Wood ဟု ခေါ်ပြီး ရုက္ခဗေဒမျိုးရင်း Sterculiaceae ဖြစ်၍ မျိုးစိတ် gagei နှင့် မျိုးစုမှာ Mansonia မျိုးစုဝင် ဆေးဖက်ဝင်ရုက္ခပင် ဖြစ်ပါသည်။

ကရမက်သည် အပင်ကြီးမျိုးဖြစ်ပြီး အရွက်သည် အင်ရွက်ကဲ့သို့ ရွက်ကြီးမျိုးဖြစ်၍ ရွက်ခြားထွက်သည့်အပင်မျိုး ဖြစ်ပါသည်။

မြန်မာပြည်ပေါက် ဆေးဖက်ဝင် အဖိုးတန်အပင်မျိုးဖြစ်ပြီး အများဆုံး မြိတ်ကျွန်းစုတစ်လျှောက် အများအပြား သဘာဝအတိုင်း ပေါက်ရောက်တတ်ပါသည်။

အချို့ဥယျာဉ်ခြံမြေတို့တွင်လည်း သီးသန့် စိုက်ပျိုးထားကြသည်လည်း ရှိတတ်ပါသည်။ ဥယျာဉ်များထဲတွင် စိုက်ထားပါက အပင်ကြီးမျိုးဖြစ်၍ အရိပ်အာဝါသရပြီး ကရမက်ပွင့်ပွင့်သည့်အခါများတွင် ရနံ့မှာ သင်းသင်းလေးနှင့် မွှေးပြီး နှလုံးဘဝင်ကို အေးငြိမ်းစေသည့် သဘာဝဓာတ်ရှိပါသည်။

ကရမက်ပင်သည် ဆေးဖက်အဖြစ်အသုံးပြုမည်ဆိုလျှင် 'လူသတ်ပင်' နှင့် 'နတ်သတ်ပင်' ဟူ၍ (၂) မျိုးရှိကြရာ-

နတ်သတ်ပင်က သူ့သဘာဝအလျောက် သက်တမ်းရင့်ပြီး သူ့အလိုလိုသေနေသော ကရမက်ပင်ဖြစ်၍ ဆေးဖက်ဝင်အစွမ်းသတ္တိထူး ပိုမိုကိန်းအောင်းနေပြီး ရနံ့မှာလည်း လွန်စွာ မွှေးကြိုင်လှပါသည်။ ထိုနတ်သတ်သဘာဝအပင် သေမှုရသော ကရမက်သည်သာ နံ့သာအနှစ်တုံးဖြစ်ပြီး ရောင်းဝယ်ရာတွင်လည်း ဈေးတန်ဖိုးကြီးပါသည်။

ယခုအချိန်အခါတွင် နတ်သတ်နံ့သာအနှစ်ကရမက်တုံးရဖို့ရန် အတော်ရှားပါးနေပြီ ဖြစ်ပါသည်။

အကြောင်းမှာ တောတောင်များ ပြုန်းတီးလာခြင်း၊ လူတို့မှ လူကသတ်လှဲသည့် ကရမက်တုံးများ ခုတ်ယူမှုများ ပြားလာခြင်းကြောင့် နတ်သတ်ပင်မှာ ရှားသထက်ရှားလာခြင်း ဖြစ်ပါသည်။

လူတို့ ခုတ်ယူလှဲသတ်ထားသည့် ကရမက်ပင်မှာ သက်တမ်းအားဖြင့် နုခြင်း၊ ငွေကြေးအလိုအားဖြင့် ကရမက်ပင်ကို ခုတ်လှဲပြီး ပင်စည်အနှစ်အတွင်းသို့ နံ့သာအနှစ်အောင်းပြီး လုံးဝအပင်ခြောက်သွေ့လာသည်အထိ အနည်းဆုံး (၁) နှစ်၊ (၂) နှစ်ခန့် မထားကြတော့ဘဲ ကရမက်တုံးအဖြစ် ထုတ်ယူကြခြင်းကြောင့် ကရမက်အသားမှာ ကျစ်လျစ်မှုနည်းပြီး မွှေးရနံ့မှာလည်း မဆိုသလောက်သာ နမ်းနိုင်မှုရသည်ဆိုရမည် ဖြစ်သည်။

ဒါကြောင့် ရှေးမြန်မာ အမေများ၊ အဘွားများ ပြောဆိုဖော်ညွှန်းကြသည့် 'ရေချိုးခံ ကရမက်' ဆိုသည့် စကားမှာ နတ်သတ်ကရမက် နံ့သာနှစ်တုံးကို ခေါ်ဆိုခြင်းဖြစ်ပါသည်။

မြိတ်ကျွန်းစုမှထွက်သော နတ်သတ်ကရမက်တုံးကိုသွေးပြီး ခန္ဓာကိုယ်တွင် လိမ်းကျံထားလျှင် ရေချိုးပစ်လိုက်လျှင်တောင်မှ ခန္ဓာကိုယ်တွင် နံ့သာရနံ့လေးကစွဲပြီး သင်းကျန်နေခဲ့သည်အထိ ကောင်းလှပါသည်။

နတ်သတ်ကရမက်တုံးအရောင်အဆင်းမှာလည်း အသားထဲတွင် အဆီနှစ်ဝင်နေ၍ စိုရွှဲပြီး နက်နေသည်ကို တွေ့ရမည်။ လက်လေးလက်ဆရှိပြီး ထိုကရမက်တုံးကို ကိုင်ထားပြီးသည့်လက်ကို ပြန်နမ်းကြည့်လိုက်လျှင်ပင် နံ့သာရနံ့ကို မွှေးနေအောင်ရပါသည်။

တစ်ဖန် ထိုကရမက်ကောင်း၏ အစအနကလေးတစ်စ၊နှစ်စကို မီးခဲတွင် တင်ကြည့်လိုက်ပါက တစ်အိမ်လုံးမွှေးကြိုင်၍သွားသည်ကို တွေ့ရပါသည်။

အထက်ပါ တင်ပြခဲ့သည်တို့မှာ ဆေးဖက်ဝင်အစွမ်းထက်သည့် ကရမက်၏ ကြန်အင်လက္ခဏာများ ဖြစ်ပါသည်။

စာရှုသူများ ကရမက်ကို တကယ်ဝယ်ယူ၍ အသုံးပြုကြမည်ဆိုလျှင် ထိုလက္ခဏာများနှင့်ကိုက်ညီသော ကရမက်မျိုးကို အထူးရွေးချယ်ပြီး သုံးစေချင်ပါသည်။

ကရမက်၏ ဆေးဖက်ဝင်သတ္တိများကို ဆက်လက်တင်ပြပါမည်။

ကရမက်သည် အရသာအားဖြင့် အေး၊ ခါး၍ အနည်းငယ်ချိုပြီး မွှေးစေသည့်သတ္တိကြောင့် နှလုံးပူပန်ခြင်းကို ငြိမ်းစေသည်။ နှလုံးခုန်စည်းချက်ကို ပုံမှန်ဖြစ်စေသည့်သတ္တိရှိပါသည်။ ခန္ဓာကိုယ်တစ်ကိုယ်လုံးမှ အပူဓာတ်ကို ငြိမ်းအေးစေသည်။

၎င်း၏ရနံ့သည် စိတ်နှလုံးကို ကြည်လင်လန်းဆန်းစေ၍ ယခုခေတ်ပေါ် ရနံ့ကုထုံးများကဲ့သို့ အစွမ်းထက်ပါသည်။

ဆီးနှင့်ကျောက်ကပ်လမ်းကြောင်းတစ်လျှောက် ပိုးဝင်ခြင်း၊ အပူအောင်းခြင်း၊ ကျောက်တည်ခြင်း၊ ဆီးအနည်ထိုင်ခြင်း၊ ဆီးအရောင်နောက်ခြင်းတို့ အကျိုးပြု၍သက်သာစေပါသည်။

အစာအိမ်နှင့် အူလမ်းကြောင်းတွင်လည်း အက်စစ်ရည်အထွက်များ



www.burmeseclassic.com

www.burmeseclassic.com

ခြင်းကို မျှတစေပြီး ပါးစပ်တွင်းမှ တံတွေး ဂလင်းများကို လှုံ့ဆော်မှုပေးစေတတ်၍ နှုတ်ခံတွင်းကိုရှင်းကာ အစာကြေစေပြီး အူလမ်းကြောင်းတစ်လျှောက် မလိုအပ်သော လေနှင့်အဆီ၊မလအညစ်အကြေးများကို စွန့်ထုတ်ပေးစေသည့်သတ္တိ ရှိပါသည်။

ကိုယ်တွင်းရှိ သွေးနီဥ၊ သွေးဖြူဥတို့၏ လုပ်ဆောင်ချက်များကို ပိုမိုကောင်းမွန်အောင် တွန်းအားပေးစေပါသည်။

ထိုသတ္တိထူးကြောင့် အမျိုးသမီးများတွင် ဖြစ်ပေါ်စေတတ်သော မီးယပ်သွေးသားနှင့် ပတ်သက်သည့် မီးယပ်သွေးနည်းခြင်း၊ များခြင်း၊ မီးယပ်သွေးဆုံးချိန်တွင် သွေးခိုးပူမှုတ်၍ ခန္ဓာကိုယ်တစ်ကိုယ်လုံး (သို့) ခန္ဓာကိုယ်အစိတ်အပိုင်းလိုက် ပူခြင်း၊ ချွေးထွက်များခြင်း၊ ညအိပ်မပျော်ခြင်း၊ မီးယပ်ကွက်၊ မီးယပ်အရေပြားရောဂါ၊ မီးယပ်ချမ်းထခြင်း စသည့်ရောဂါများနှင့် သားအိမ်တွင်းတွင် အခိုးပူအောင်းခြင်းကို အေးငြိမ်းစေခြင်းတို့ကြောင့် သားအိမ်အနာ၊ အလုံး၊ အကျိတ်ဖြစ်ခြင်းကို ထိုကရမက်က ကာကွယ်ပေးပါသည်။

ဒါကြောင့် ရှေးမြန်မာရိုးရာ ဆေးပညာရှင်ကြီးများက မိန်းမတို့၏အသက် ကရမက်ဟု မှတ်တမ်းပြုခဲ့ခြင်း ဖြစ်ပါသည်။

ဤသည်ကို မြန်မာမှုဟန်ဖြင့် သတ်မှတ်ခဲ့ကြသည်မို့ အနောက်တိုင်းသန်သူများက ယုံတမ်းစကားဟု ထင်မှတ်ကောင်း ထင်မှတ်နိုင်ဖွယ်ရှိပါသော်လည်း ယနေ့ ကမ္ဘာ့ဖြိုပွဲပညာရှင်များ အောချချီးကျူးနေသည့် Green teaခေါ်သည့် လက်ဖက်ပင်၊ လက်ဖက်အစွမ်းသတ္တိကိုလည်း ယခုလို သိပ္ပံသုတေနသမားများ ရှာဖွေမတွေ့မီကပင် မြန်မာ့ရိုးရာ ရှေးပညာရှင်များက လွန်ခဲ့သော နှစ်ရာကျော်ကတည်းက -

> 'လက်ဖက်ရည် အဖန်သောက်
> ကျက်သရေ အမှန်ရောက်
> ကြံသလောက် ပြီးတဲ့ရေ'
>
> 'လက်ဖက်ရည် အမြဲသောက် ချွဲပျောက်လို့ ဆီးရွှင် ဝင်းနောက် အကျိုးမြင်သည် ခိုးသူရန်ကင်း၊ ဤကဲ့သို့ ရန်မသိလျှင် ကြံအစည် တိုးလို့မယွင်း၊ တရားနှင့် အကျိုးများရှာလျှင် နိုးကြားစွာကြံရင်း တစ်မျိုးသားဉာဏ်လင်း၍ မမှုကဒ္ဒ
> န္တာ ရင်းဖွေရှာ ကျမ်းမှတင်ပြကာ သဒ္ဒါရ အောက်မေ့ပါသည်။ ထင်စွာအကြောင်းရှာလျှင် ကောင်းရာကို စိတ်စွဲ၍ မအိပ်ဘဲ အသက်ရှည် လင်းလုအောင်နေ၊ သို့မို့ကြောင့် ရတက်ပြေအောင် လက်ဖက်ရည်သောက်ကြကွယ့်လေး'

စသည်အားဖြင့် မျိုးချစ်သူရဲကောင်း ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့၊ လယ်တီဆရာတော်ဘုရားကြီးတို့က မိမိတို့ပင်ကိုထိုးထွင်းသိမြင်နိုင်စိတ်အစွမ်းတို့ဖြင့် လူသားတို့အကျိုးရှိစေရန် ရည်ရွယ်၍ စာချိုးပြီးအမွေချန်ထားရစ်ခဲ့ကြသည်ကို မည်သူမျှခံ၍မငြင်းနိုင်ကြသည်မှာ အမှန်တရားပင် ဖြစ်ပါသည်ဟု သက်သေပြုနေပေသည်။

ယခုတစ်ဖန် ကရမက်ပင်၏ ဆေးဖက်ဝင် အစွမ်းသတ္တိများကို အသုံးပြု၍ ပြည်သူအများ လွယ်လင့်တကူ မိမိတို့၏ ကျန်းမာရေးအတွက် လက်လှမ်းတမီ အသုံးချနိုင်စေရန် ဆေးဖက်အသုံးပြုပုံများကို တင်ပြပေးပါမည်။

**၁။ ဆီးပူ၊ ဆီးနည်း။ ဆီးဝါ၊ ကျောက်ကပ်တွင် အပူအောင်းပြီး ခါးနာခြင်း။ ဆီးအရောင်နောက်ခြင်း။ ဆီးတွင်သွေးပါခြင်း စသည့်ရောဂါများ**

ကရမက်ကောင်းကောင်း၊ ဆန်ဆေးရည် ဒုတိယရေကြည်နှင့် ရောသွေးပြီး ဟင်းစားဇွန်း (၁) ဇွန်း၊ တစ်နေ့ (၃) ကြိမ်ခန့် (၁) ပတ်ခန့် ဆက်သောက်ပေးပါ။

**၂။ (Allergy) ဓာတ်မတည့်မှုကြောင့်ဖြစ်သော သွေးယားခြင်း။ အရေပြားပေါ်တွင် အဖုအပိမ့်ထွက်ခြင်းတို့အတွက် -**

ကရမက်၊ ကေရာင်အမြစ် (၂) မျိုး ရောသွေးပြီး သကြားကော်ဖီဇွန်း (၅)ဇွန်း စပ်၍ ဆေးသွေးရည် ဟင်းစားဇွန်း ကြီး (၁) ဇွန်းခန့် နံနက်၊ ည သောက်နိုင်ပါသည်။

**၃။ ရင်တုန်၊ နှလုံးခုန်၊ မူးဝေ၍ အိပ်မပျော်သူများအတွက်**

ကရမက်၊ ဆီးစေ့အဆန်၊ သကြား ဆတူရော အမှုန့်ပြု၍ တစ်နေ့ (၂) ကြိမ်၊ ကော်ဖီဇွန်း (၁) ဇွန်းခန့် ရေကျက်အေးဖြင့် သောက်ပါ။

**၄။ သွေးစုနာ၊ အနာဝစာဥ၊ အဖုအကျိတ်နာ**

ကရမက်၊ နို့သာဖြူ၊ ဇာတိပ္ဖိုလ်သီးအဆန် (၃) မျိုးရောသွေး၍ တစ်နေ့ (၄)၊ (၅) ကြိမ် လိမ်းပါ။

**၅။ မီးယပ်သွေးသွန်၊ မီးယပ်သွေးလွန်၊ သားအိမ်တွင် အနာချို့ယွင်းချက်ရှိသူများအတွက်**

ကရမက်သွေးရည် ဟင်းစားဇွန်း (၁) ဇွန်းတွင် နနွင်းမှုန့်စစ်စစ်ကောင်းကောင်း ကော်ဖီဇွန်း (၁) ဇွန်းရောစပ်ပြီး တစ်နေ့ (၃) ကြိမ် ရေကျက်အေးဖြင့် တိုက်ပါ။

**၆။ အပူဝမ်းသွားခြင်း။ သွေးဝမ်းသွားခြင်းတို့တွင်**

ကရမက်သွေးရည် ဇွန်းကြီး (၁) ဇွန်း၊ မီးကွင်းဂမုန်းသတ္တုရည်ဇွန်းကြီး (၁) ဇွန်း၊ သကြား (၁) ဇွန်းစပ်ကာ တစ်နေ့ (၃) ကြိမ်ခန့် တိုက်ပေးပါ။

**၇။ မီးယပ်ဖြူဆင်းသည့်မျိုးမေတို့အတွက်**

ကရမက်ကို ဆန်ဆေးရည် အလယ်ရည် (ဒုတိယ ဆန်ဆေးရည်) နှင့် ရောသွေးပြီး ဆေးရည်ဇွန်းကြီး (၁) ဇွန်း သကြားဇွန်းတစ်ဝက်၊ သံပရာရည် ဇွန်းတစ်ဝက် ဝင်း (၄) မျိုးပေါင်း ဟင်းစားဇွန်းကြီး (၂) ဇွန်းခန့် နံနက်၊ ည သောက်ပါ။

**၈။ ခန္ဓာကိုယ်မှ ကိုယ်နံ့ဆိုးသူများအတွက်**

ကရမက်၊ ဥပသကာမြစ် (၂) မျိုး သွေးရည် ဇွန်းကြီး (၁) ဇွန်း၊ သံပရာရည် ဇွန်းတစ်ဝက်စပ်၍ တစ်နေ့ (၂) ကြိမ်ခန့် စွဲ၍ သောက်ပေးပါ။

**၉။ ကလေးများ ကျောက်၊ ဝက်သက်ပေါက်၍ အပူကြီးခဲ့လျှင်**

ကရမက်ကို များများသွေး၍ ခန္ဓာကိုယ်တစ်ကိုယ်လုံးကို မကြာခဏလိမ်းပေးပါက အပူကျပြီး သက်သာလာမည်။

**၁၀။ အပူလောင်ခံရသောအနာများတွင်**

ကရမက်ကိုပျစ်ပျစ်သွေး၍တခေါ်ကင်ပွန်းရည်နှင့်အတူစပ်၍ မကြာခဏလိမ်းပေးပါ။

**၁၁။ မိန်းမကိုယ်ပူခြင်း။ ယားခြင်း ခြောက်သွေ့၍ကျိန်းစပ်ခြင်း၊**

ကရမက်သွေးရည်ပျစ်ပျစ်နှင့် ရှားစောင်းလက်ပပ်ရည် ဆတူရော၍ မကြာခဏလိမ်းပေးပါ။

**၁၂။ အသျှော်မိ၍ မန်းဝင်ပြီး အနာရောင်ကိုင်း၍ ကိုက်ခဲနေခဲ့လျှင် -**

ကရမက်၊ ဇာတိပ္ဖိုလ်သီးအဆန်တို့ အရက်နှင့်ရောသွေးပြီး နိုင်နိုင်လိမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com

ပါက ယူပစ်သလိုသက်သာလာမည်။

**၁၃။ ကလေးများတွင် အနာပီး၊ အနာစက် ရောဂါများအတွက်**

ကရမက်၊ ဩဇာသီးအခြောက်၊ အုန်းဆီနှင့် ရောသွေးပြီး အနာကိုမကြာခဏလိမ်းပေးပါ။

**၁၄။ ဆီးအိမ်တွင် ဆီးရှိပြီး ဆီးခုံရောင်တင်း၍ ဆီးပူ၊ ဆီးအောင့်ပြီး ဆီးမသွားနိုင်ဖြစ်နေသူများ**

ကရမက်ကို ဆန်ဆေးရည် ပထမအရည်နှင့် ရောသွေး၍ ဆီးခုံနှင့် ကျင်ချောင်းတို့တွင် နိုင်နိုင်လိမ်းအုံပေးပါက ချက်ချင်းဆီးသွားနိုင်ပါသည်။

**၁၅။ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မီးတွင်းခေါင်းကိုက်ခြင်း၊ ဇက်ကြောထိုးခြင်း၊ မျက်ရိုးကိုက်၍ ခေါင်းအုံ၊ ခေါင်းမကြည်လင်ခြင်း**

ကရမက်အစကို အနည်းငယ်ဓားဖြင့်ခြစ်ယူပြီး နနွင်းမှုန့်နှင့် ဆတူရော၍ မီးခဲပေါ်တင်ပြီး အငွေ့မှိုင်းကို ရှူပေးလျှင် ချက်ချင်းသက်သာလာမည်။

**၁၆။ အနာရွတ်ဖြူ၍နေခြင်း၊ မီးယပ်ကွက်ပေါ်ပြီး အဖြူကွက်၊ ကြက်ဖင်ကွက်၊ ညှင်း**

ကရမက်၊ နံ့သာနီရောသွေး၍ တစ်နေ့ (၃) ကြိမ် လိမ်းပေးပါ။

**၁၇။ ကလေး၊ လူကြီး အဖျားကြီး၍ ကိုယ်ပူချိန်အလွန်ကြီးခဲ့သော်**

ကရမက်၊ နံ့သာဖြူ (၂) မျိုးရောသွေး၍ ပထမစလိမ်းလျှင် နဖူးကိုလိမ်းပြီး (၅)မိနစ်ခန့်စောင့်ပါ။ ပြီးလျှင် ဒုတိယ နဖူးနှင့် ချိုင်း (၂) ဖက်ကို လိမ်းပါ။ (၅) မိနစ်ခန့် ထပ်စောင့်ပြီး တတိယအကြိမ် ခန္ဓာကိုယ်တစ်ကိုယ်လုံးကို ဆေးရည်နိုင်နိုင်လိမ်းချလိုက်ပါက အပူချက်ချင်းလျော့ကျလာမည်ကို တွေ့ရပါမည်။

မှတ်ချက်။ ။ ဤသို့အပူကြီးသောလူနာများတွင် ဆေးရည်ကို တစ်ခါတည်း ခန္ဓာကိုယ်တစ်ကိုယ်လုံးကို မည်သည့်အခါမျှ မလိမ်းပါနှင့်။

အကြောင်းမှာ ခန္ဓာကိုယ်တွင်းမှာ အပူပြင်းစွာစုနေချိန် ပြင်ပမှ အေးမြစေသည့် ဆေးရည်၊ ဆေးငွေ့တို့ရုတ်တရက်ထိတွေ့လိုက်လျှင် ရေနွေးပူပူထည့်ထားသည့် ဖန်ခွက်ကို ရုတ်ခြည်း ရေအေးထဲစိမ်လိုက်သလို 'အပူ၊ အအေး ဝိရောဓိဓာတ်' ပြင်းထန်ပြီး ဖန်ခွက်လန့်ပြီး ကွဲသကဲ့သို့ လူ့ခန္ဓာကိုယ်တွင်လည်း ဖြုန်းခနဲ အပူ၊ အအေး အပြောင်းလဲမြန်မြန်ဖြစ်လျှင် ရှော့ခ်ရပြီး ဦးနှောက်အာရုံကြောပိုင်းတွင် ပြဿနာပေးတတ်သောကြောင့် အထူးသတိပြုရပါသည်။

ထို့ကြောင့် အစကနဦးဆေးရည်ကို လူနာ၏ နဖူးတွင် စလိမ်းပေးလိုက်ခြင်းဖြင့် ဦးနှောက်နှင့် အနီးဆုံးနေရာဖြစ်သည့် နဖူးမှစ၍ အပူဓာတ်ကို စတင်ထွက်ခွာခွင့်ပြုလိုက်သကဲ့သို့ဖြစ်ပြီး -

ဒုတိယအကြိမ် နဖူးနှင့် ချိုင်း (၂) ဖက်၊

တတိယအကြိမ် နဖူးနှင့် ချိုင်း (၂) ဖက်နှင့် ခန္ဓာကိုယ်တစ်ကိုယ်လုံးကို စနစ်တကျလိမ်းပေးလိုက်ခြင်းဖြင့် ခန္ဓာကိုယ်တွင်းမှ အပူဓာတ်များသည် ပြင်ပသို့ လမ်းကြောင်းသင့်စွာဖြင့် ထွက်ခွာသွားနိုင်မည် ဖြစ်ပါသည်။

ဤနေရာသည် အပူကြီး အဖျားပြင်းထန်နေသောလူနာ၏ အသေအရှင်ကို ဆုံးဖြတ်ပေးနိုင်သည့် ပွိုင့်နေရာဖြစ်ပါသောကြောင့် ကုထုံးကုနည်း၊ ဆေးလိမ်းနည်းစနစ်မှန်ကန်လျှင် အပူကြီးအဖျားပြင်းထန်နေသည့်လူနာကို ချက်ချင်းသက်သာရာရအောင် ကုသပေးနိုင်သလို-

ဆေးလိမ်းပုံနည်းစနစ်မမှန်ပါက လူနာသည် ချက်ချင်းရှော့ခ်ရပြီး သတိမလည်တော့သည့်အခြေအနေရောက်သွားနိုင်ပါသောကြောင့် စေတနာထား၍ အသေးစိတ်တင်ပြရခြင်းဖြစ်ပါသည်။

ဒုတိယမှတ်ချက်အနေဖြင့် အထက်ဖော်ပြခဲ့သော ဆန်ဆေးရည်ဖြင့် အသုံးပြုရသော ဆေးနည်းတို့တွင် ဆန်ဆေးရည်ချင်းအတူတူ ဘာကြောင့် ပထမရည်၊ ဒုတိယရည်ခွဲနေရတာလဲဟုအမေးရှိခဲ့သော် -

မြန်မာ့ရိုးရာဆေးပညာတွင် ဆေးပင်၊ ဆေးပစ္စည်းတို့၏ မူလအာနိသင်ကို ဆရာလုပ်သူမှ လိုအပ်သလို စွမ်းအားကို အတိုး၊ အလျှော့ ပြုလုပ်စီမံ၍ ကိုင်တွယ်ကုသသည့် နူးညံ့သိမ်မွေ့၍ သာမန်လူများ အသိရခက်ခဲသည့် နည်းစနစ်များများစွာရှိပါသည်။

ယခု ဆန်ဆေးရည်အယူအဆတွင်လည်း-

ဆန်ကို ရှေးဦးပထမဆေးသည့် အရည်တွင် နူးညံ့သည့် ဖွဲနုလေးများနှင့် ဆန်၏ အပေါ်ယံကြွေသားနှင့်ကပ်နေသော ဆန်၏ အစိုဓာတ်ကို ထိန်းသိမ်းပေးသည့် ဓာတ်သတ္တိတချို့သည် -

ထို ပထမဦးစွာ ဆေးကြောလိုက်သည့် ဆန်ဆေးရည်ထဲတွင် ပါဝင်နေသောကြောင့် ၎င်း၏ရော၍သွေးလိုက်သည့် ကရမက်သွေးရည်တွင် ပါဝင်ပေါင်းစပ်ပြီး ဆီးအိမ်၊ ဆီးခုံပေါ်တွင် လိမ်းကျံပေးလိုက်သောအခါ လူ၏ ခန္ဓာကိုယ်မှအပူရှိန်ကြောင့် ခြောက်သွေ့မြန်စေသည့်သဘောကို နှောင့်နှေးစေ၍ ဆေးရည်ကို အစိုဓာတ်ထိန်းထားပေးနိုင်သည့် သတ္တိရှိသောကြောင့် ပထမဆန်ဆေးရည်ဟု ညွှန်းရခြင်း ဖြစ်ပါသည်။

ဒုတိယ ဆန်ဆေးရည်ဆိုသည်က ခန္ဓာကိုယ်တွင်းသို့ သောက်သုံးရမည့် ဆေးဖက်အမယ်များဖြင့်တွဲ၍ အသုံးပြုကြမည်ဆိုလျှင် ဆန်ဆေးရည် ဒုတိယရည်သည် ဆန်သားမှာပါဝင်နေသည့် ဓာတ်သဘာဝများ အနယ်အနှစ်အမှိုက်ဓာတ်ကင်းစင်ပြီး သန့်ရှင်းကြည်လင်စွာဖြင့် ပျော်ဝင်ပေါင်းစပ်နေသောကြောင့် သောက်ဆေးများတွင် ဆန်ဆေးရည် ဒုတိယရည်ကို သုံးရခြင်းဖြစ်ပါသည်။

**၁၈။ ဆောင်းပါးအစတွင် တင်ပြခဲ့သည့်အတိုင်း -**

'မိန်းမတို့အသက် ကရမက်' ဆိုသကဲ့သို့ မိန်းမမီးယပ်ရောဂါအမျိုးမျိုးနှင့် မီးယပ်သွေးဆုံးပိုင်းတွင် ကျန်းမာ၍ သွေးသားသန့်ရှင်းပြီး စိတ်ပျိုကိုယ်နုစေရန်အတွက် -

အမျိုးသမီးတိုင်း ကရမက်စစ်စစ်ကောင်းကောင်းကို ဆောင်ထားပြီး နေ့စဉ် စားပွဲဇွန်း (၁) ဇွန်းခန့် ကရမက်ကိုသွေး၍ ပုံမှန်သောက်သုံးပေးသွားမည်ဆိုလျှင် လွန်စွာ ကျန်းမာရေးအတွက် အကျိုးကြီးမားပြီး အသက် (၄၀) နှစ်အထက်အမျိုးသမီးများ နေ့စဉ်ရေချိုးပြီးတိုင်း ကရမက်ကို တစ်ကိုယ်လုံးလိမ်းကျံပေးခြင်းဖြင့် ခန္ဓာကိုယ်စိုပြည်စေပါသည်ဟု စေတနာကောင်းဖြင့် တင်ပြလိုက်ပါသည် ခင်ဗျာ။

နိဂုံးချုပ်အားဖြင့် တင်ပြရသော် မိန်းမတို့အသက် ကရမက်ဟု ဆိုခဲ့သော်လည်း ကရမက်၏ ဆေးဖက်ဝင်အစွမ်းသတ္တိတို့မှာ ကျား၊ မ မရွေးသုံးစွဲနိုင်ပြီး ကျန်းမာရေးအတွက် လွန်စွာအထောက်အကူပြုပေးစေသည့် မြန်မာ့ရေမြေသဘာဝထွက် အဖိုးတန်ဆေးပင် ဖြစ်ပါသည်ဟု ဖော်ညွှန်းလိုက်ပါသည်။

*ပျိုမေတို့ကျန်းမာပြီး အဆီမရှိ*
*စိတ်ချမ်းသာပြီးလှနိုင်ကြပါစေ*

ဦးမင်းဇင် (ရွှေနှင်းဦး)



www.burmeseclassic.com

www.burmeseclassic.com



(ရွှေအိုး) ပေါင်ပိနှင်းဝင်း

ကစ်ပွဲမာသဘောတိုး

အခန်း(၁)

'ဝါဒီ၊ ဝါဒီခွါင် ရွှေဖောင်ဖောင်'

[illegible]



www.burmeseclassic.com

www.burmeseclassic.com

လူမှုရေးအားလုံး လှေကလေးတွေနှင့် လှော်ခတ်သွားရသည်။ ငွေကြေးတတ်နိုင်သူများက အလှူပွဲနှင့်တွဲပြီး အားလုံးပျော်ရွှင်စေရန် ရွာရှိကာလသားသမီးများပါဝင်ဆင်နွှဲသည့် လှေပွဲကျင်းပပေးသည်။ တစ်ရွာလုံး အားပေးကြသည်။ ယခုလို ဝါဆို၊ ဝါခေါင်ရေကြီးချိန် တစ်မျှော်တစ်ခေါ် ရေပြင်ကျယ်ကြီးထဲမှာ လက်လုပ်လက်စားအင်းလုပ်သားများ မည်သည့်နေရာမဆို ရှာဖွေစားသောက်ခွင့်ရသည်။ မြူထောင်၊ ပိုက်တားဒလက်ဟု ခေါ်သော ပုစွန်ထောင်တာနှင့်တင် တစ်နေ့ တစ်ပိဿာခွဲ၊ နှစ်ပိဿာ ကာလပေါက်ဈေး (၃၀၀၀) ကျပ်လောက်ရသည်။ ရေအလျှံကြီးချိန် ကိုင်းတော၊ ကျူတောတွေ နစ်မြုပ်ကုန်လို့ တွင်းအောင်းသတ္တဝါ ကြွက်တွေ၊ မြွေတွေ ရေမနစ်တဲ့ ကျူတော၊ ကိုင်းတောထဲပြေးဝင်ပြီး အမြင့်မှာ အသိုက်တွေလုပ်ကြသည်။ ရွာသားများက လှေတစ်စီး၊ မှိန်းတစ်လက်နှင့်လိုက်ထိုးပြီး ရတာတွေ သူ့ဈေးနှင့်သူမြန်မြန်ရောင်းကြသည်။ မင်းလှနှင့် မိုးညိုဆက်သွယ်ထားတဲ့ ကားလမ်းပေါ်မှာ မြွေတွေ၊ ကြွက်တွေ အထမ်းနှင့်လှည့်ရောင်းနေသူများကို တွေ့နေရသည်။ သအာဝတာရားကြီးက လူတွေကို

အသက်ရှင်သန်ခွင့် အမျိုးမျိုးပေးထားသည်။

အင်းပိုင်မရှိသည့် လက်လုပ်လက်စားတွေ မိုးတွင်းကာလ သီတင်းကျွတ်မိုးဆည်မချခင် ရှာဖွေစားသောက်ခွင့်ယခုမှရကြသည်။ တို့ရွာသင်တ ဒီနယ်ကို ကြီးစိုးထားတဲ့ အင်းသူကြီး ဦးသံခိုင်နှင့် သူတပည့်လူမိုက်တွေကို ကြောက်နေကြရသည်။ အင်းလေလံရာသီဆိုခန့်ငြိမ်ဖြစ်တဲ့ သာယာဝတီမြို့မှာ အင်းသူကြီး ဦးသံခိုင် အပါအဝင် အင်းသူကြီးတွေ အင်းလေလံဆွဲဖို့ ခြေရှုပ်နေကြသည်။ ဒီနယ်မှာရှိသည့် ငါးပြေမ၊ ကျူတော၊ ဗျား၊ ခွက်မ၊ ရာကြီး၊ ကွဲကျောင်း၊ ချောင်းနက် စတဲ့အင်းတွေထဲမှာ ချောင်းနက်အင်းက အကြီးဆုံး။ ဦးသံခိုင်လုပ်နေကျ ချောင်းနက်အင်းမကြီးကိုတော့ ဘယ်သူကမှ ဦးသံခိုင်နှင့် ယှဉ်ပြိုင်ပြီးလေလံမဆွဲရဲ။ ရှောင်ကြသည်။ ဦးသံခိုင်ကလည်း အကင်းပါးပါးနှင့် ပေးသင့်သူပေး၊ ကျွေးသင့်သူကျွေး ပေါင်းသင်းဆက်ဆံထားသည်။

## အခန်း(၂)

အင်းလေလံရထားသော အင်းသူကြီးတစ်ဦး၏လက်ထဲတွင် အင်းဝရန်ရှိသည်။ တစ်ဦးတည်းပိုင် အင်းလေလံဆွဲသည်လည်းရှိသည်။ မိုးအင်း၊ တုန်းအင်း နှစ်ဦးစပ်ဆွဲသည်လည်းရှိသည်။ အင်းတစ်အင်းကို မိုးအင်း၊ တုန်းအင်းခွဲထားသည်။ ရေအတက်၊အကျအပေါ် မူတည်၍ ရာသီအလိုက် များသောအားဖြင့် ပြာသိုလဆန်း ၁ ရက်မတိုင်မီ မိုးအင်း၊ နောက်ပိုင်းလများကို တုန်းအင်းဟုသတ်မှတ်သည်။ မည်သည့်အင်းရာသီတ ငါးပိုရမည်ဟု ပုံသေပြော၍မရ။ ကံပေါ်မူတည်သည်။ နှစ်ဦးသဘောတူခွဲဝေလုပ်ခြင်း၊ တစ်ရာသီစာဝယ်ယူ၍လုပ်ခြင်းလည်းရှိသည်။ ရေကျသွားသော သီတင်းကျွတ်လတွင် ရေစီးနေသော ချောင်းနက်အင်းမကြီးကို မျောတိုင်၊ ယင်းလိပ်များဖြင့် ပိတ်၍ကာထားသည်။ ယင်းလိပ်များကို အလယ်တပို့လောက်မှ အနည်းငယ်ဖွင့်ဟ၍ပေးထားခြင်းဖြင့် ရေစီးအားဖြင့်မျောပါလာသော ငါးမျိုးစုံဝါးဖြင့်ပြုလုပ်ထားသော ယင်းလိပ်များပေါ် တွင်တင်၍ကျန်ခဲ့သည်။ ဒါကို မြင်းဝန်းချသည်၊ မိုးဆည် (သို့) မတ်ဆည်ချသည်ဟု ခေါ်သည်။ ချောင်းမကြီးကိုပိတ်၍ ယင်းလိပ်တရှည်များကာထား





www.burmeseclassic.com

www.burmeseclassic.com

သောဆည်အနီးတွင် ယင်းလိပ်ငယ်များဖြင့် လေးထောင့်စပ်စပ်အဝိုင်းသေးသေးလေးများပြုလုပ်၍ ဝိုင်းအတွင်းဝင်လာသော ငါးများဖြင့် ရိုက်ဖြင့်ဆယ်ယူခြင်းဖြင့် ဝန်းသွင်းခြင်း (သို့) ယင်းလောင်းချခြင်းဟု ခေါ်သည်။ ဆည်အနီးတွင် ဝါးတိုင်ရှည်များစိုက်ထူ၍ ဝါးတိုင်တွင် ကပ်ပြီး ဂုံလုံ (သို့) မြှုံးအရှည်ကြီးများချ၍လည်း ရာသီအလိုက် ငါးဖမ်းကိရိယာအမျိုးမျိုးဖြင့် ဖမ်းယူသည့် အလေ့အထများရှိသည်။

## အခန်း(၃)

"အဘိုးရေ၊ အဘိုးရေ၊ အဘိုးရေ"

ရေကျသွားသော သီတင်းကျွတ်လတွင် မြင်းဝန်းဆည်ချရန် အင်းလုပ်သားများ အဘိုးအား တိုင်တည်ပူဇော်ပသနေသံများဖြစ်သည်။ 'အဘိုးရေ' ဟု (၃) ကြိမ်တိတိခေါ်ရသည်။ ငါးများများရစေရန်နှင့် အဘိုးမှစောင့်ရှောက်ရန်ဖြစ်သည်။ (၃၇)မင်းပွဲကိုလည်း တစ်ပြိုင်နက်တင်ကြရသည်။ (၃၇) မင်းပွဲနှင့်အတူ အဘိုးပွဲတစ်ပွဲသီးခြားတင်မြှောက်ရသည်။ အင်းပိုင်အဘိုးအတွက် ဆည်ရှေ့တွင် လေးတိုင်စင်လေးပြုလုပ်၍ အုန်း၊ ငှက်ပျော၊ အရက်၊ ကောက်ညှင်း၊ ထန်းလျက်၊ လက်ဖက်၊ အမွှေးတိုင်၊ ဖယောင်းတိုင်များဖြင့် ပူဇော်ပသရသည်။ အင်းရာသီကုန်ဆုံးသည်အထိ ပျော်သရွေ့ ပွဲတင်ထားရသည်။ ပွဲကိုတော့ မှန်မှန်လဲပေးရသည်။ (၃၇) မင်းပွဲနှင့် အဘိုးပွဲက မဖြစ်မနေပြုလုပ်ပေးရပေမယ့် ကွယ်လွန်သွားသောအင်းသူကြီးအဆက်ဆက်ကိုတော့ ထူးခြားသော အိပ်မက်ပေးမှ ၎င်းတို့အကြိုက်ပွဲလုပ်ပေးရသည်။

ပွဲများအားလုံးတင်မြှောက်ပြီးလျှင် ဆည်တားထားသော အင်းပိုင်နက်ထဲမှာ ပိုက်တား၊ ပိုက်ဆွဲ၊ ရင်တွန်းထိုးငါးဖမ်းခြင်းတို့ဖြင့် မိုးအင်းရာသီ အင်းလုပ်ငန်းစတင်တော့သည်။ဒီနယ်ထဲကအင်းတွေထဲမှာ ကျွဲကျောင်းအင်း၌ ထူးခြားသောပွဲတစ်ပွဲရှိသေးသည်။ မိုးအင်းချိန်ကုန်ဆုံးလို့ တပေါင်း၊ တန်ခူး၊ ကုန်းအင်းပက်ချိန်မှာ ကျွဲကျောင်းအင်း၌ (၆) တောင်ခန့်အရှည်၊ လုံးပတ်တိုင်ကီခန့်၊ အညိုရောင်အမျိုးအစားမသိ သစ်သားတုံးကြီးတစ်တုံး နှစ်စဉ်ပေါ်လာတတ်ခြင်းပင်။ ပြား၊ ခွက်မ၊ ရာကြီးအိုင်၊ အင်းငယ်များက ကျွဲကျောင်းအင်းမကြီးနယ်မြေထဲမှာ တစ်ဆက်တည်းရှိနေကြသည်။ ရာကြီးအိုင်အင်းမှာ ငါးဖမ်းလုပ်သား ကိုရာကြီးငါးပြေမကို ပါးစပ်ထဲကိုက်ထားရာမှ ငါးပြေမဝမ်းဗိုက်ထဲဝင်သွား၍ သေဆုံးသွားခဲ့သည်။ ကိုရာကြီးကို အစွဲပြု၍ နှစ်စဉ်ပေါ် ပေါက်လာသော တုံးကြီးဖြစ်သည်ဟုယူဆပြီး ကိုရာကြီးအတွက် ပွဲတစ်ပွဲပေး၍ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ဖြင့် အင်းလုပ်သားများ ပူဇော်ပသကြခြင်း ဖြစ်သည်။ ပွဲအားလုံးထဲတွင် အထူးခြားဆုံး မပါမဖြစ် အဘိုးပွဲကတော့ စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်သည်။ အင်းသူကြီးအဘိုး၏ ဘဝဖြစ်စဉ်ပုံရိပ်များကလည်း ယနေ့တိုင် တစ်နယ်လုံး ပြောမဆုံးအောင်ရှိနေလေတော့သည်။

## အခန်း(၄)

ဆပဂံရွာက အင်းသူကြီးဦးသံဒိုင်ဆိုလျှင် တစ်နယ်လုံးက မသိသူမရှိ။ ဦးသံဒိုင်ကလည်း ငယ်ငယ်ကတည်းက အင်းလုပ်လာခဲ့တာ အသက်(၆၀)ကျော်လာပေမယ့် အင်းလုပ်တုန်း။ ဦးသံဒိုင်ကို တစ်နယ်လုံးက ဦးသံဒိုင်ဟုမခေါ်၊ အဘိုးဟုသာခေါ်ကြသည်။ ဦးသံဒိုင်၏ ပျဉ်ထောင်သွပ်မိုးကျွန်းတိုင်လုံးရှည်ကြီးတွေနှင့် ဆောက်လုပ်ထားတဲ့အိမ်က ရွာလယ်မှာ နန်းတော်ကြီးအလား ကြီးမားခိုင်ခံ့လှသည်။ ဝါဆို၊ ဝါခေါင်လတစ်နေ့ ဦးသံဒိုင် နေအိမ်ကြီးပေါ်မှာ မိုးအင်းရာသီအတွက် မြင်းဝန်းချရန် ယင်းလိပ်တွေကို လက်သပ်မွေးထားသော တပည့်လက်သားတွေနှင့်စီနေခိုက် အိမ်ရှေ့တွင် လှေ(၂)စီးဆိုက်ကပ်လာသည်။ ဆူညံသံတွေကြားလို့ကြည့်လိုက်တော့ လှေပေါ်မှာ လူငယ်တစ်ယောက်ကို တပည့်များက ငါးဖမ်းကိရိယာ ပိုက်၊ ဒလက်တွေနှင့်အတူ ဖမ်းလာတာ တွေ့ရသည်။

ဦးသံဒိုင်က -

"ဟေ့ဘာဖြစ်ကြတာလဲကွ"

"အဘိုး ဒီကောင် ကျွန်တော်တို့နယ်ထဲမှာ ငါးခိုးထောင်လို့ဖမ်းလာတာ"

ဦးသံဒိုင်တပည့်တွေက ဝိုင်းပြောကြသည်။

"မင်းတို့စည်းကမ်းမရှိဘူး၊ တယ်ခက်ပါလား။ ငါက အင်းကိုဈေးကြီးပေးလေလံဆွဲထားတာကွ"

လူငယ်မှ -

"အဘိုးရော၊ ကျွန်တော် အဘိုးနယ်နဲ့လွတ်တဲ့နေရာမှာ ငါးဖမ်းတာပါ။ နောက်ပြီး ဒီရာသီမှာရှာဖွေစားသောက်ခွင့်ရှိပါတယ်။ ဒီကောင်တွေသက်သက်ရန်ရှာတာ"

"ဟေ့မင်းဘာမှဆင်ခြေပေးမနေနဲ့။ ဒါတွေငါနားမလည်ဘူး။ ဒီတစ်ခါ ငါးဖမ်းကိရိယာတွေ သိမ်းထားလိုက်မယ်။ နောက်တစ်ခါဆို မင်းအချုပ်ထဲရောက်ပြီသာမှတ်တော့"

ဦးသံဒိုင်တပည့်တွေက ငါးဖမ်းကိရိယာတွေသိမ်းပြီး လူငယ်လေးကိုလွှတ်ပေးလိုက်သည်။ လူငယ်က မကျေမနပ်ဖြင့်ထွက်ခွာသွားသည်။

ရွာမှာ ဒီလိုဖြစ်စဉ်မျိုး မကြာခဏ။ ဦးသံဒိုင်ကိုမကျေနပ်ကြပေမယ့် ဦးသံဒိုင်ကို မယှဉ်ရဲလို့ ငြိမ်နေကြရသည်။ မိုးအင်းရာသီကုန်ခါနီးမှာ ချောင်းနက်အင်းမကြီးကို အပိုင်းပိုင်းခွဲဝေပြီး ဈေးကြီးကြီးနှင့် ပြန်ရောင်းသည်။ ဈေးကြီးမှန်းသိပေမယ့် တချို့တစ်ဝက် အကြွေးရတော့ယူကြသည်။ အင်းလုပ်သူတွေဆိုရိုးစကားရှိသည်။ အင်းက တစ်ရာသီအမြတ်ပေါ်လျှင် သုံးနှစ်ကအကြွေးကျေသည်တဲ့။ ဒီနယ်သားတွေက ငယ်စဉ်ကတည်းက အင်းလုပ်လာတာဆိုတော့ အင်းမလုပ်ဘဲမနေနိုင်။ ကိုယ့်အင်းကထွက်တဲ့ ငါး၊ ငါးပိနဲ့မှ ထမင်းပိုမြိန်တယ်ဟု ထင်ကြသည်။ ရေကျသွားပြီး မြေအစိုဓာတ်မယုတ်ခင် ပဲစိုက်ဦးမလား၊ ကုန်းအင်းလုပ်မလား၊ ပိုက်ဆံမရှိလည်းဖြစ်သည်။ ဦးသံဒိုင်ဆီမှာ အတိုးကြီးကြီးနှင့် ငွေသွားချေးလိုက်ရုံသာ။

တပေါင်း၊ တန်ခူး ကုန်းအင်း(ပက်အင်း) ရာသီကုန်သွားသည်။ ပဲစိုက်သူတွေ ပဲကြီး၊ ကုလားပဲတွေပေါ် စပြုလာသည်။ ဆပဂံရွာသားတွေလက်ထဲ ငွေစလေးတွေရွှင်လာကြသည်။ ဒါပေမယ့် ဦးသံဒိုင်ကို အကြွေးဆပ်ရန်စိတ်မောနေကြသည်။ ကုန်းအင်းကလည်း သိပ်မရ။ ပဲအထွက်သင့်ပေမယ့် စိုက်စရိတ်ကြီးလို့ မကာမိ။ ဦးသံဒိုင်အကြွေးစာအုပ်ကြီးကိုကိုင်ရင်း အကြွေးဆပ်မည့်သူတွေကို မျှော်နေခိုက် ရွာသားလှမောင် အိမ်ထဲဝင်လာပြီး-

"အဘိုး၊ ကျွန်တော်အကြွေးလာဆပ်တာပါ။ ဒီနှစ်ကုန်းအင်းက အရှုံးပေါ်လို့အင်းဈေးလေးလျှော့ပါဦး။ အတိုးကိုလည်း (၁၀) ကျပ်ပဲယူပါနော်"

"ဘာပြောတယ်ကွ။ အစက အင်းဈေးနဲ့(၂၀)တိုးကို မင်းတို့ပဲကျေကျေနပ်နပ်ယူကြတာ၊ တစ်မိုးလုံးစောင့်နေရတာကွ။ မလျှော့နိုင်ဘူး"

"ဒီလိုဆို အရင်းရော အတိုးပါ တစ်ဝက်ပဲယူထားပါဦး။ ကျွန်တော့်မိုးအင်းရာသီမတိုင်မီ အကျေဆပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"အေး-မင်းကတိတည်ပါစေ၊ လူတွေက ယူတုန်းကယူပြီး ပေးခါနီးတော့ မျက်နှာကတစ်မျိုး"

ဦးသံဒိုင်မကျေနပ်သလိုပြောဆိုက်သည်။

လှမောင်ထွက်သွားပြီးလို့မကြာ ရွာသားနောက်တစ်ယောက်ရောက်လာသည်။ ကြည့်လိုက်တော့ တင်မောင်။

"အဘိုး ကြွေးလာဆပ်တာပါ။ ဒီနှစ်ပဲထွက်သင့်ပေမယ့် စိုက်စရိတ်ကြီးလို့ အတိုးကို (၁၀)ကျပ်ပဲထားလိုက်ပါ"

"လာပြန်ပြီ တစ်ယောက်။ ဟေ့-မင်းတို့(၂၀)ကျပ်တိုးနဲ့ကျေနပ်လို့ယူကြတာ။ ဘာခုမှလျှော့ခိုင်းနေတာလဲ။ ဒီမှာ ငွေအကျေမဆပ်နိုင်ရင် အရင်းရော အတိုးပါပေါင်းပြီး ပေါက်ဈေးနဲ့ပဲချပေးကွာ ဒါပဲ"

ဦးသံဒိုင်ကို ဘယ်လိုမှတောင်းပန်မရလို့ တင်မောင် မျက်နှာငယ်လေးနှင့် ပြန်သွားသည်။ စီးပွားရေးလောဘဇောတိုက်ပြီး မတရားနည်းနှင့် ချမ်းသာကြွယ်ဝလာတဲ့ ဦးသံဒိုင် ကုသိုလ်တရားတွေပြုလုပ်ရန် မေ့လျော့။ ဒုစရိုက်လုပ်ငန်းများမှာသာ ပျော်မွေ့ရင်း အချိန်တွေကုန်လွန်လာခဲ့သည်။

## အခန်း(၅)

"ဦးသံဒိုင်ကြီးအတော်လေးမကျန်းမမာဖြစ်နေတယ်တဲ့"

ဒီသတင်းက ဆပဂံရွာနှင့်ပတ်ဝန်းကျင်ရွာအားလုံး ပျံ့နှံ့လျက်ရှိသည်။ ဦးသံဒိုင် အင်းထဲကအပြန် ရုတ်တရက်အပြင်းဖျားပြီး မစားနိုင်မသောက်နိုင် ဗုန်းဗုန်းလဲသွားတာ တစ်လနီးပါးရှိနေပြီ။ ဦးသံဒိုင် နေအိမ်ပေါ်မှာ လူမမာလာမေးကြသူတွေမပြတ်။ ဆေးဆရာမျိုးစုံ၊ဆေးမျိုးစုံနှင့် ကုသသော်လည်း အခြေအနေက အားရစရာမကောင်း။ ယခင်က အသားညိုညိုတုတ်တုတ် ဦးသံဒိုင် ယခုတော့ အရိုးပေါ်အရေတင်။ ဆန်ပြုတ်ကလေးတစ်ဇွန်းတောင်မှမသောက်နိုင်။ အဆိုးဆုံးကတော့ မျက်စိတွေကြည့်လို့မကောင်းခြင်း၊ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ နည်းမျိုးစုံနှင့်ရှာလို့ရလာသည့် စီးပွားရေးက မကျန်းမာနေတဲ့ ယခုလိုအချိန်မှာ သူ့အတွက် ဘာအသုံးတည့်သလဲ။ ခုနေများသေသွားခဲ့လျှင် ဘာတွေသယ်သွားနိုင်မှာလဲ။ ငါ့အတွက် ကောင်းမှုကုသိုလ်တွေဘာတွေရှိနေပြီလဲ။ ဦးသံဒိုင် သတိတရားတွေရနေမိသည်။

ဒီနေ့နံနက် ဦးသံဒိုင် ထူထူထောင်ထောင်လေးရှိနေခိုက် သတိတရပြောလာသည်။

"ဟေ့ကောင်တွေ၊ ငါစီးပွားရေးတွေနဲ့အချိန်ကုန်လာတာ ရန်ကုန်မှာ ရွှေတိဂုံဘုရား တစ်ခါမှမဖူးဘူးကွ။ ဘုရားမှာ ရွှေချရင်းဆေးသွားကုချင်တယ်။ ငါ့ကိုလိုက်ပို့ကြကွာ"

"ကောင်းတာပေါ့အဘိုးရာ၊ အဘိုးသွားချင်ရင် ကျွန်တော်တို့လိုက်ပို့ပေးပါ့မယ်"

တစ်ခါမှ ဘုရားတရားအကြောင်း၊ ကုသိုလ်ရေးအကြောင်း မပြောဘူးတဲ့ ဦးသံဒိုင်ရဲ့စကားတွေကြားပြီး ဆွေမျိုးတွေနှင့် တပည့်တွေ ဝမ်းသာအားရဖြစ်ပြီး ရန်ကုန်သွားရန် စီစဉ်လိုက်ကြသည်။

## အခန်း(၆)

ဦးသံဒိုင်တို့အဖွဲ့ ရန်ကုန် အသိမိတ်ဆွေတစ်ယောက်အိမ်၌ တည်းခိုကြသည်။ ဦးသံဒိုင်ရဲ့ ရောဂါဝေဒနာကို အကောင်းဆုံးဆေးရုံ၌ ပြသဆေးကုသကြသည်။ အစာအနည်းငယ်ဝင်ပြီး သက်သာသလိုရှိလာသည်။ ဒါပေမယ့် မျက်စိဝေဒနာက ထူးခြားသည်မရှိ။ မျက်လုံးနှစ်ဖက်စလုံး ရောင်ရမ်းကိုက်ခဲနေသည်။ ဒီနေ့ရာသီဥတုလေးသာယာခိုက် ဦးသံဒိုင် ရွှေတိဂုံဘုရားအပေါ် တက်ရောက် ဖူးမြော်ချင်စိတ်တွေ တဖွားဖွားပေါ်လာသည်။

ဦးသံဒိုင်က -

"ဟေ့ကောင်တွေ၊ ငါ့ကို ရွှေတိဂုံဘုရားပို့ပေးကွာ ဘုရားဖူးမယ်၊ နောက်ပြီး ဘုရားမှာရွှေချပြီး ကုသိုလ်ဒါနတွေလုပ်မယ်"

"ဟုတ်ကဲ့ အဘိုး၊ ကောင်းပါတယ် သွားကြတာပေါ့"

ဦးသံဒိုင်တို့အဖွဲ့ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ဦးမှ တက်ခဲ့ကြသည်။ ဘုရားရင်ပြင်တော်ပေါ်သို့ ရောက်လာသည်။ ဘုရားရင်ပြင်တော်တစ်ခုလုံး ဆည်းလည်းသံ၊ တရားရွတ်ဖတ်ပူဇော်သံများ၊ မွှေးပျံ့သင်းကြိုင်သော ပန်းရနံ့၊ အမွှေးတိုင်ရနံ့များနှင့် ကြည်နူးချမ်းမြေ့ဖွယ်ကောင်းလှသည်။ ဦးသံဒိုင်တပည့်သာဝ ငေးငိုင်နေတဲ့ ဦးသံဒိုင်ကို လှမ်းကြည့်လိုက်ပြီး -

"အဘိုးဘာငိုင်နေတာလဲ၊ ဘုရားဝတ်ပြုလေ။ ဘုရားရင်ပြင်တော်ပေါ်ရောက်ပြီ"

"ဟေ-ဟုတ်လား၊ ဘယ်မှာလဲကွ ဘုရားကြီး ဘာမှမမြင်ရပါလား"

"အဘိုးကလည်း အဘိုးရှေ့တည့်တည့်မှာလေ။ ဘုရားဝတ်ပြုလိုက်ပါ အဘိုးရာ"

ဦးသံဒိုင် မျက်လုံးတွေပြာဝေလာပြီး စပ်လာပြီး ဘာကိုမှမြင်နိုင်စွမ်းမရှိတော့။ ဦးသံဒိုင် သဘောပေါက်လိုက်ပြီ။ ကိုယ်ပြုတဲ့အကုသိုလ်ကံတွေက အားလုံးကို ပိတ်ဆို့တားဆီးလိုက်ပြီးဆိုတာ။ ဦးသံဒိုင် ရုတ်တရက်ဝမ်းနည်းလာပြီး ရှိုက်ကြီးတငင်ငိုချလိုက်သည်။

"ဟီး ဟီး ဟီး ဟေ့ကောင်တွေ၊ ငါ့ကံကိုကဆိုးလွန်းပါတယ်ကွာ။ ငါဒီမှာ ဆက်နေလို့မရတော့ဘူး။ ငါ့ကို အိမ်အမြန်ပြန်ပို့ကြပါတော့ ဟီး ဟီး ဟီး"

ဦးသံဒိုင်တပည့်တွေစိတ်မကောင်းကြ။ ဦးသံဒိုင်ကိုချော့ပြီး ဘုရားရင်ပြင်တော်ပေါ်မှတွဲ၍ အမြန်ပြန်ဆင်းခဲ့ကြသည်။ တည်းခိုနေအိမ်ရောက်တော့ ဦးသံဒိုင်ဆက်မနေချင်။ ရွာအမြန်ပြန်ပို့ရန်ပြောလို့ ရွာသို့ပြန်ပို့ခဲ့ကြရသည်။

ဦးသံဒိုင်ကျန်းမာရေးအခြေအနေက တစ်နေ့ထက်တစ်နေ့ဆိုးလာသည်။ ဒီနေ့ ညနေ (၄) နာရီလောက် ဦးသံဒိုင်ကတွေ့ချင်လို့ ဆွေမျိုးသားချင်းတွေ၊ တပည့်တွေအားလုံး စုရုံးရောက်ရှိနေကြသည်။

ဦးသံဒိုင်က -

"ဒီမှာ မင်းတို့အားလုံး နားထောင်ကြ။ ငါ့ကိုဘာမှပြန်မမေးနဲ့၊ ပြန်မပြောနဲ့။ ငါခိုင်းတဲ့အတိုင်းသာလုပ်။ ငါက အကုသိုလ်နဲ့အကျိုးပေးပြီး လူဖြစ်လာတဲ့လူကွ။ ကုသိုလ်လေးလုပ်ချင်တာတောင် အခွင့်မသာခဲ့ဘူး။ ဒီတော့ ဘုရားမှာ ရွှေချဖို့ဝယ်လာတဲ့ရွှေဆိုင်းတွေ ငါ့ရဲ့အင်းကြီးထဲက ဆည်ခေါင်တိုင်မှာ ရွှေချလိုက်ကြပေတော့"

အားလုံး ဝမ်းနည်း စိတ်မကောင်းဖြစ်ကြပေမယ့် ဦးသံဒိုင်ကို ဘာမှပြန်မပြောဝံ့၊ မမေးဝံ့ကြ။ ဦးသံဒိုင် ညနေ (၅) နာရီလောက်မှာ သူတွယ်တာသံယောဇဉ်ကြီးခဲ့တဲ့ ဒီမြေ၊ ဒီရေ ပစ္စည်းဥစ္စာတွေအားလုံးကိုထားခဲ့ပြီး လက်ဗလာနှင့် ဒီဘဝဒီခန္ဓာချုပ်ငြိမ်းသွားခဲ့ရလေသည်။

## အခန်း(၇)

ဦးသံဒိုင်၏ တပည့်တွေအားလုံး ဦးသံဒိုင်မှာကြားထားသည့်အတိုင်း အင်းကြီးဆည်ခေါင်တိုင်မှာ ရွှေချလိုက်ကြသည်။ဒီအကြောင်း တစ်နယ်လုံးစိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

စားနေကြသည်။ နောက်ဆက်ခံတဲ့အင်းသူကြီးတိုင်းကို ဦးသံဗိုင်အတွက် တစ်ပွဲစားပေးရန် အိပ်မက်ပေးလေ့ရှိသည်။ လူတို့အသုံးပြုတတ်သော ညစ်ပတ်ပေရေနေသည့် လက်နီးစုတ်သည် ညစ်ပတ်ပေရေနေသောနေရာများ၌သာ အသုံးပြုသည်။ ပိုင်ရှင်ဖြစ်သူက လက်နီးစုတ်ကို ဖြူစင်သန့်ရှင်းအောင် လျှော်ဖွပ်၍မရတော့သည်မို့ လျှော်ဖွပ်ရန် ဘယ်သောအခါမှစိတ်ကူးမရှိ။ ထပ်၍အသုံးပြုခြင်းဖြင့်သာ လက်နီးစုတ်တို့ ညစ်သထက်ညစ်ပေသထက်ပေလာရသည်။ အကုသိုလ်ဝါသနာအထုံရှိသူတို့သည် ဒုစရိုက်မှုများ၌သာ ပျော်မွေ့တတ်၏။ ကုသိုလ်စိတ်၌ အာရုံရောက်ခဲလှသည်။ အကုသိုလ်အမှုကို ထပ်တလဲလဲပြုလုပ်ခြင်းဖြင့် မကောင်းမှုတို့များသထက်များ၊ ညစ်သထက်ညစ်လာရ၏။

တစ်ခါတစ်ရံ နည်းပါးလှသော ကုသိုလ်လေးရှိလို့ အကျိုးပေးတန်သလောက်ပေးနိုင်သော်လည်း အကုသိုလ်ကံတွေများနေခဲ့လျှင် အကုသိုလ်ကံတွေအချိန်တန်လို့ အကျိုးပေးလာတဲ့အခါ နှစ်သထက်နှစ်လာမှာ သေချာသည်။ ကုသိုလ်၊ အကုသိုလ်တို့က တစ်လှည့်စီအကျိုးပေးတတ်သောသဘောရှိသည်။ လူတို့တွင် ဒုစရိုက်များသောသူရှိသည်။ သုစရိုက်များသောသူရှိ၏။ လူသားအားလုံး ကိုယ်မပိုင်တဲ့ ဒီခန္ဓာကြီးချုပ်ငြိမ်းမယ့် တစ်နေ့ရောက်ကြရမည်။ သေခါနီးလားရာဂတိ အရေးကြီးဆုံးအချိန်၌ အထုံများသောအလုပ်၌ အာရုံရောက်နိုင်၏။ ကုသိုလ်၊ အကုသိုလ်တရားတို့က ရေများရေနိုင်၊ မီးများမီးနိုင်ဖြစ်သွားတတ်သည်ကို သတိပြုဆင်ခြင်ဖွယ်ဖြစ်၏။ ကောင်းမှုကုသိုလ်များကို အာရုံရောက်ပြီးပြုံး၍သေနည်းနှင့် အကုသိုလ်များကို အာရုံရောက်ပြီး မဲ့၍သေနည်း နှစ်နည်းရှိသည်။ ဦးသံဗိုင် မဲ့၍သေဆုံးသွားခဲ့ရလေပြီ။

'အကုသိုလ်တရား၊ ပြုဖန်များက၊ မလျှော်မဖွပ်၊ အဝတ်အထုပ်၊ လက်နီးစုတ်သို့၊ သုတ်ကာထပ်နေ၊ ညစ်ပတ်ပေလို့၊ သန့်လေဘယ်ခါ၊ မရှိရာဘူး၊ မဝေးခရီး၊ သေခါနီးတွင်၊ မကောင်းဂတိ၊ ဆင်းရဲဘိ၏'

ဒုစရိုက်အမှုတို့သည် ဆင်းရဲခြင်း။ ပူလောင်ခြင်းကိုဖြစ်စေ၏။ သုစရိုက်အမှုတို့သည် ချမ်းသာသုခကိုဖြစ်စေ၏။ ချမ်းသာသုခကိုအလိုရှိသော် ဒုစရိုက်ကို ရှောင်ပြီး သုစရိုက်ကို များများဆောင်ရပေမည်။

ကိုယ်စိုက်တဲ့မျိုးစေ့က အပင်ပေါက်ပြီး မျိုးစေ့အတိုင်း သီးကြ ပွင့်ကြမည်။ မျိုးစေ့လိုက်ပြီး ချိုကြ ခါးကြမည်။ စေတနာကံ၊ စေတနာမျိုးစေ့ဟာ ကံမျိုးစေ့ပဲဖြစ်သည်။ ဦးသံဗိုင် သူစိုက်ပျိုးတဲ့ စေတနာမျိုးစေ့လေးအတိုင်း ကံအကျိုးပေးသွားရသည်။ မည်သို့ဆိုစေ ဆပင်ရွာနယ်တစ်ဝိုက်မှာရှိတဲ့ အင်းလုပ်သားအားလုံးကတော့ မိမိတို့ယုံကြည်ကိုးကွယ်ရာ အယူအဆဓလေ့အတိုင်း မိုးအင်းရာသီဆည်ချချိန်မှာ (၁၇)မင်းပွဲနှင့်အတူ အဘိုးပွဲ(၁)ပွဲကတော့ မပါမဖြစ် နှစ်စဉ်မပြတ်ပူဇော်ပသလျက်ရှိနေကြမည်သာ။


မကောင်းမှုရှောင်၊ ကောင်းမှုဆောင်နိုင်ကြပါစေ။

မောင်စိန်ဝင်း(ရွှေပြည်)


www.burmeseclassic.com

# မန်ဒိန်းဇာတာဟောကိန်း

(၁၅-၅-၂၀၁၅) နေ့မှ (၁၄-၆-၂၀၁၅) နေ့အထိအတော



အနောက်တိုင်း(သာယန)စနစ် မန်ဒိန်းဇာတာခွင်



အရှေ့တိုင်း(နိယာန)စနစ် မန်ဒိန်းဇာတာခွင်

၁၅ - ၅ - ၂၀၁၅ နေ့ နံနက် (၁၁း၂၁း၀၂)နာရီအချိန်တွင် တနင်္ဂနွေဂြိုဟ်သည် မိဿရာသီမှ ပြိဿရာသီထဲသို့ ကူးပြောင်းဝင်ရောက်ခဲ့သည်။ယင်းသည် ၂၀၁၅ ခုနှစ် ပြိဿရာသီ၏ စူဋ္ဌသင်္ကြန် ဇာတာခွင်လည်း ဖြစ်သည်။

ဤဇာတာခွင်၏ ထူးခြားချက်မှာ ယူရေနပ်ဂြိုဟ်နှင့် တနင်္လာဂြိုဟ်၊ တနင်္လာဂြိုဟ်နှင့် ကိတ်ဂြိုဟ်တို့သည် (၅) ဒီဂရီအကွာနှင့် ယှဉ်နေကြသည်။ ယူ ရေနပ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့သည် ဂြိုဟ်ပြိုင်ဖြစ်နေကြသည်။ ယူရေနပ်ဂြိုဟ်က ကြာသပတေးဂြိုဟ်ကို(၁၂၀) ဒီဂရီအမြင်ဖြင့်၊ ကြာသပတေးဂြိုဟ်က ရာဟုဂြိုဟ်ကို (၄၅)ဒီဂရီအမြင်ဖြင့်၊ ရာဟုဂြိုဟ်မှ ပလူတိုဂြိုဟ်ကို (၉၀)ဒီဂရီအမြင်ဖြင့် ပလူတိုဂြိုဟ်မှ ယူရေးနပ်ဂြိုဟ်ကို (၉၀) ဒီဂရီအမြင်ဖြင့် ဝိုင်းကြီးပတ်ပတ်လည်မြင်ထားကြသည်။ နောက် စနေဂြိုဟ်က အင်္ဂါဂြိုဟ်ကို (၁၈၀)ဒီဂရီအမြင်ဖြင့်၊ ယူရေးနပ်ဂြိုဟ်က အင်္ဂါဂြိုဟ်ကို (၄၅) ဒီဂရီအမြင်ဖြင့်၊ နက်ပကျွန်းဂြိုဟ်က အင်္ဂါဂြိုဟ်ကို (၉၀) ဒီဂရီအမြင်ဖြင့် မြင်ထားကြသည်။

အားလုံးကိုခြုံ၍ ကောက်ချက်ချရလျှင် အလုပ်သမား၊ လယ်သမားတို့ပါဝင်သော အခြေခံလူတန်းစားတို့၏ အလုပ်အကိုင်၊ အခွင့်အရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ နေရာထိုင်ခင်း၊ ပညာရေးတို့နှင့်နီးနွယ်နေသော အရေးဆိုမှု၊ တောင်းဆိုမှုများကို တင်းမာစွာ ဖော်ဆောင်လာလိမ့်မည်။ နိုင်ငံတကာ ဆက်ဆံရေး၊ တိုင်းရင်းသားအရေး၊ ကုန်သွယ်ရေး၊ ဘာသာရေး၊ အမျိုးသားရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ဥပဒေပြုရေးတို့နှင့်စပ်လျဉ်း၍ ဝိရောဓိဖြစ်မှု၊ ပဋိပက္ခဆန်ဆန်ဖြစ်မှု၊ ပဥ္စမတပ်ဖွဲ့လှုပ်ရှားမှုဆန်ဆန် ဖြစ်မှုများတွေ့ရတတ်သည်။

အစိုးရ (ဝါ) လွှတ်တော်သည် ပြုပြင်ပြောင်းလဲမှုတချို့ရှိပြီး အတိုက်အခံတို့နှင့် သဘောထားချင်း ထပ်တူကျမှုများရှိလာမည်။ အစိုးရနှင့် လွှတ်တော်တို့၏ အုပ်ချုပ်ရေးစီမံခန့်ခွဲရေး၊ ဥပဒေပြုရေးကိစ္စတို့နှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲရန်အတွက် တိုက်တွန်းမှု၊ လှုံ့ဆော်မှု၊ ဆန္ဒထုတ်ဖော်မှု၊ ရွေးချယ်မှုများဖြစ်ပေါ်တတ်မည်။ နိုင်ငံရေး၊ လူမှုရေး၊ မီဒီယာရေးနှင့်ဆက်နွယ်နေသော ထင်ရှားသည့်အမျိုးသမီးအတွက် စိတ်မသက်မသာစရာများ တွေ့တတ်မည်။ သို့မဟုတ် အစိုးရနှင့်လွှတ်တော်ဆိုင်ရာအကြီးအကဲတစ်ဦး ဂုဏ်သိက္ခာထိပါးခံရမှု၊ ဘေးဥပဒ်ကြုံမှုများရှိတတ်မည်။ အကောက်ခွန်၊ အာမခံငွေ၊ နိုင်ငံခြားချေးငွေ၊ ကြွေးမြီးတို့နှင့် စပ်လျဉ်း၍ စိတ်မချမ်းသာစရာကောင်းသောပြဿနာများပေါ်ပေါက်တတ်မည်။ အမျိုးသမီးများနှင့် နီးနွယ်နေသော ဥပဒေသစ်များပေါ်ပေါက်လာတတ်သည်။ လယ်ယာမြေ၊ သတ္တုတွင်းမြေ၊ သစ်တောမြေ၊ အိမ်ယာမြေ၊ လူနေအိမ်ခြေ (နေရာထိုင်ခင်း) တို့နှင့်ပတ်သက်၍ အကျယ်ကျယ်မငြိမ်မသက်ဖွယ်များရှိနေဦးမည်။

ရာသီဥတုမိုးလေဝသပုံမှန်မဟုတ်ဖြစ်တတ်မည်။ စိုက်ပျိုးရေးသမားများအတွက် အခက်အခဲတွေ့မည်။ မြေငလျင်လှုပ်တတ်မှု၊ မြေပြိုတတ်မှု၊ လိုဏ်ဂူတွင်း၊ တွင်းခေါင်းတွင်း၌ ပေါက်ကွဲတတ်မှုများရှိတတ်သလို လေမုန်တိုင်း (ဝါ) လေပြင်းတို့၏ ခြိမ်းခြောက်မှုကိုလည်းခံရတတ်မည်။ မီးဘေးအန္တရာယ်၊ ပေါက်ကွဲမှုအန္တရာယ်ကို ပိုမိုသတိထားသင့်သည်။ လူစည်ကားရာ၌ မတော်တဆထိခိုက်မှုဖြစ်ပေါ်နိုင်သေးသည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com





# ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံသူ ( B.Sc )

**မေလ ၁ ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၄၊ ၆)၊ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ခရမ်းရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ အင်္ဂါ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက် လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂ ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၄)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနီရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**မေလ ၃ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အစိမ်းရောင်၊ အပြာရောင်။အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၄ ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၆)၊ စိုးမိုးဂဏန်း (၂၊ ၇၊ ၈)၊ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ဗေဒါရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္တာဒေဝမနုသာနံ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၅ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၇)၊ စိုးမိုးဂဏန်း (၃၊ ၇၊ ၉)၊ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က ပန်းရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၆ ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၈)၊ စိုးမိုးဂဏန်း (၈၊ ၉၊ ၀)၊ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရော ပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၇ ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၃၊ ၅)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က အဖြူရောင်၊ အညိုရောင်။ အကျိုးပေးနေ့သားတနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၈ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၄၊ ၆၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၉ ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၉၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၀ ရက်၊ တနင်္ဂနွေနေ့ -** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၆)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနီရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉)ခါ ရွတ်ဆိုပါ။

**မေလ ၁၁ ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၄၊ ၆၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၂ ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၅)၊ စိုးမိုးဂဏန်း (၆၊ ၇၊ ၀)၊ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အပြာရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက် လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၄၊ ၈၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူရောင်၊ အညိုရောင်။



www.burmeseclassic.com

www.burmeseclassic.com

အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၄ ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၇)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က ပန်းရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၅ ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၊ ၇၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၆ ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၄၊ ၆၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနက်ရောင်၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၇ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၁)၊ စိုးမိုးဂဏန်း (၈၊ ၉၊ ၀)၊ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၈ ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်၊ နှံသာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၉ ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၇၊ ၉)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၄)၊ စိုးမိုးဂဏန်း (၁၊ ၅၊ ၇)၊ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အစိမ်းရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၁ ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၆၊ ၉)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၂ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၅၊ ၇၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၃ ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၄ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၈)၊ စိုးမိုးဂဏန်း (၈၊ ၉၊ ၀)၊ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၅ ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၉)၊ စိုးမိုးဂဏန်း (၂၊ ၃၊ ၇)၊ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၆ ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း(၁)၊ စိုးမိုးဂဏန်း (၂၊ ၄၊ ၅)၊ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အနီရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၅)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အပြာရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၈ ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၉ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၄)၊ စိုးမိုးဂဏန်း (၁၊ ၃၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ခရမ်းရောင်၊ နီညိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၃၀ ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၃၁ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အစိမ်းရောင်၊ ဖေဒါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)



www.burmeseclassic.com

www.burmeseclassic.com

တဟိ တဟိ ပါရမီ သဠယံ စယံ
ဂတံ ဂတံ သဗ္ဗိ သုခပ္ပဒံ ပဒံ
နရာ နရာ နံ သုခသံဘဝံ ဘဝံ
နမာ နမာနံ ဇိန ပုံဂဝံ ဂဝံ။ ။

## တနင်္ဂနွေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** -ယခုလ ဘုရား (၃) ဆူပြည့်အောင်သွား၍ အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဓာတ်မရိုက်ပါနှင့်။ အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို သပြေလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့မကြာခဏသွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့် မေ့စကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့် ပန်းများဖြင့် ဘုရားရှင်အား ပူဇော်ထားပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားရင်ပြင်တော် တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို ဇီဝိတဒါနနိုင်သလောက် ကုသိုလ်ပြုပါ။
**ထီကံကောင်းလိုသူများ** - သောကြာသားသမီးများနှင့် စပ်တူထိုးပါ။ ကိုယ်က ဂဏန်းမရွေးပါနှင့်။ ကြိုက်ရာထိုးလာပါစေ။ ထီကံကောင်းတတ်ပါသည်။

## တနင်္လာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီး (၂) ပတ်၊ (၃) ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန့်ညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို နံ့သာတုံးဖြင့် မကြာခဏစတီခေါက်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** -တနင်္ဂနွေနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ်ဗြိုဟ်သက်အလိုက်ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်း၊ ဇရပ်များသို့ရောက်တိုင်း တံမြက်စည်းလှည်းခဲ့ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆန့်ကျင်ဘက်စကားများမပြောပါနှင့်။
**ကျန်းမာရေး** -ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - တနင်္ဂနွေနံထီဆိုင်တွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းများ ကပ်လှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ယခုလ ဘုရား (၅) ဆူပြည့်အောင်သွား၍ ပန်းပေါင်းစုံဝေဝေဆာဆာကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမဝင်တော့သည့် ရေပိုက်၊ ရေသန့်ဘူးအဟောင်းများကို စွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားဆောင်တွင် ဖုန်၊ အမှိုက်များ ရှင်းလင်းပြီး မဆိုင်သောပစ္စည်းများ ဖယ်ရှားလိုက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။
**ကျန်းမာရေး** - သံဃာတော်များ၊ သီလရှင်များကို ဆေးလှူပါ။
**ထီကံကောင်းလိုသူများ** - ကြာသပတေးနံထီဆိုင်တွင် (၅) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

BURMESE CLASSIC

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံအသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** -အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီတွင် ရွှေသင်္ကန်းကပ်လှူပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့်လက်တစ်ဆုပ်ဖြင့် စတီးရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံများကို စွန့်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်း မရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - နေ့စဉ် ရေကို ဖုဋ္ဌသဂါထာရွတ်မန်းပြီးသောက်ပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို အနောက်အရပ်က အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** -ကြာသပတေးနံ ဘွဲ့အမည်ရှိသော ဘုရားစေတီသို့ သွား၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံမှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီး ဂြိုဟ်သက်အလိုက် ရေသပ္ပာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်း၊ ဇရပ်များတွင် အသုံးပြုရန် တံမြက်စည်းများ တတ်အားသရွေ့လှူပေးပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအမည်းရောင်ဝတ်မသွားပါနှင့်။



www.burmeseclassic.com

www.burmeseclassic.com

**ထီကံကောင်းလိုသူများ** - ကြာသပတေးနံ့ထီဆိုင်တွင် (၅) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများ နိုင်သလောက် ကံစမ်းထားလိုက်ပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မကြာမကြာကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်ဆရာကြီးများကို သစ်သီးဆွမ်းများ လောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတိပက်ဖျန်းပြီး စနေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီး ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - စနေနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့ မကြာမကြာ သွားပြီး အဓိဋ္ဌာန်ပုတီးများ စိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ၂၄-ပစ္စည်းကို နေ့စဉ် ဖြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအနီရောင်မဝတ်ပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - စနေနံ့ထီဆိုင် (၂) ဆိုင်ခွဲပြီး ထိုးပါ။ (၇) ဂဏန်းများစွာပါအောင် ရွေးချယ် ကံစမ်းထားပါ။ ထီကံကောင်းပါလိမ့်မည်။

BURMESE CLASSIC

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ရန် ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ယခုလ ဘုရား (၅) ဆူလှည့်၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေ ထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နေ့စဉ် မေတ္တာသုတ်ကို ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - လမ်းလျှောက်သွား၍ အနီးဆုံးဖြစ်သော ဘုရားစေတီတော်၏ရင်ပြင် တော်၊ တန်ဆောင်း စသည်တို့တွင် တံမြက်စည်းလှည်း၊ အမှိုက်များ ကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို ဆန့်ကျင်ဘက်ဖြစ်မည့်စကားမပြောပါနှင့်။
**ကျန်းမာရေး** - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသော နွမ်းပါးသူများကို ဆေးဝါး၊ ငွေကြေးလှူပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားမည့်လူကြုံနှင့် မှာ၍ထိုးပါ။ ကိုယ်က ဂဏန်းမရွေးပေးပါနှင့်၊ ကြိုက် ရာထိုးလာပါစေ။ ထီကံကောင်းတတ်ပါသည်။

ယခုလတွင်-
ဗုဒ္ဓဟူး-တနင်္လာပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ် သရဇ္ဈာယ်ခြင်းဖြင့် အောင်မြင်မှုများစွာရယူပါ။
ဥပမာ- လှကံ၊ ရင်ချစ်၊ ယွန်းကို။

*မိမိကောင်းမှုအကြောင်းပြု
ဆုမတောင်းဘဲပြည့်ပါစေ*

ပြည့်သိန်းဇော်ကျော်



www.burmeseclassic.com

www.burmeseclassic.com







# သွေးတိုးရောဂါရှင်များ...

# စကြာမင်း အမှတ်တံဆိပ် သွေးတိုးကျဆေး ကိုဆောင်ထား

ကိုရဲ




တိုင်းရင်းဆေးမှတ်ပုံတင်အမှတ်–0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စား လိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့၊ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့မလုပ်ပါဘူး" "စိတ်ချလက်ချ သာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီး တာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရော မယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကို့**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထားသင့်တဲ့ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်းသွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့. . . သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့. . . **စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ."

**ကိုရဲ**

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၂၅၄၁။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

လသားအရွယ်ကလေးတွေ -

ရက်သားကလေးတွေနဲ့ပတ်သက်ပြီး တော်တော့်ကိုကြည်နူးရတဲ့အကြောင်းလေးတွေကို သူရဲ့လက်ဆောင်ပေးချင်တာကြာခဲ့ပါပြီ။ ဒီပြင်သူရဲ့လက်ဆောင်လှည့်ပေးနေရလို့ပါ။

ဒီလတော့ -

ကလေးလေးတွေနဲ့ ပတ်သက်လို့ ကြည်နူးခဲ့ရတာလေးတွေ၊ ပီတိဖြစ်ခဲ့ရတာလေးတွေ၊ ပီတိဖြစ်နေရတာလေးတွေပေါ့လေ။

ကလေးလေးတွေများ နေထိုင်မကောင်းဖြစ်ပြီဆိုရင် ရက်သားအရွယ်လေးဆို သူ့ကိုပတ်မယ့်အနှီးပိတ်စလေးတွေ၊ လသားအရွယ်လေးတွေဆိုရင် အဲဒီကလေးလေးတွေရဲ့အကျႌလေးတွေ အဲဒါလေးတွေကိုညာဘက်လက်နဲ့ကိုင်၊ ကိုယ့်ရင်ဘတ်မှာထိ ဒါမှမဟုတ်ရင်လည်း ပါးစပ်နားကိုကပ်ပြီး ရွတ်ဖတ်မန်းမှုတ်တာပေါ့။

ပြီးရင် အဲဒီအနှီးလေး ဒါမှမဟုတ် အကျႌလေးကို ကလေးလေးရဲ့ခေါင်းရင်းနားလေးမှာထား။ တစ်နာရီ၊ နှစ်နာရီ၊ မန်း၊ တစ်ထည်ကို ကလေးရဲ့ခေါင်းရင်းမှာထား၊ ကျန်တဲ့တစ်ထည်ကို ကလေးကိုဝတ်ပေး၊ အဲဒီလိုလုပ်ရင်း ကလေးတွေကောင်းသွားပါတယ်။ အနှီးဆိုလည်း တစ်ထည်မက နှစ်ထည်၊ သုံးထည်ကိုင်မန်းရတာပါပဲ။ တချို့ရက်သားကလေးလေးတွေကျတော့ ဆရာ၊ ဆရာမတွေ ကြပ်မတ်ကုသပေးနေတဲ့နေရာမှာနေနေရတဲ့အတွက် မိဘတွေ အနားကပ်ခွင့်မရှိပါဘူး။ အဲဒီလိုမျိုးကလေးလေးတွေအတွက်ဆိုရင်တော့ အနှီးလေးတွေကိုကိုင်ပြီး ရွတ်ဖတ်ပေးနေဖို့၊ အဝေးကနေမေတ္တာလှမ်းပို့ပေးနေဖို့ပဲလိုပါတယ်။

ဒီနေရာမှာ -

ပြောချင်တာလေးရှိလာပါပြီ။

အဲဒါကတော့ ခုနလိုရွတ်ဖတ်ပေးနေတဲ့အခါ ပိုပြီးထိရောက်အောင် သစ္စာပြုခြင်းပါပဲ။

သစ္စာရဲ့တန်ခိုးဟာ ဘာနဲ့မှမတူလောက်အောင်စွမ်းတာ အားလုံးသိကြတဲ့အတိုင်းပါပဲ။

ဒါကြောင့် သစ္စာပြုပြီး ရွတ်ဖတ်ပေးခြင်းဟာ ပိုပြီးထိရောက်တာဖြစ်ပါတော်မသည် ဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးတော်တို့ကိုအာရုံပြု၍ ရိုသေစွာဖြင့် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို (၉)ကြိမ်တိတိ ရွတ်ဆိုပူဇော်ခြင်းကို (မည်သည့်နေ့၊ ရက်စွဲကစ၍) ယနေ့ထိ မပျက်မကွက် ပူဇော်ခဲ့ပါသည် ဘုရား။

ဤစကားသစ္စာ မှန်ကန်ပါသည် ဘုရား။

ဤမှန်သောသစ္စာစကားကြောင့်-

ယခု ကြုံတွေ့နေရသော (မည်သည့်နေ့သား၊ နာမည်) ကလေးလေး၏ ရောဂါဝေဒနာဟူသမျှတို့သည် ယနေ့ယခုမှစ၍ ပိန်းကြာဖက်ပေါ် ရေမတင်ဘိသကဲ့သို့ လျှောကျပျောက်ကင်းသက်သာခြင်းသို့ ရောက်ပါစေသား"

လို့ သစ္စာပြုလိုက်ရင် ပြီးပါပြီ။

ဒါပေမယ့် စောစောကလိုတော့ ရွတ်ဖတ်ထားတဲ့ 'အား' မှန်ရပါလိမ့်မယ်။ တစ်ရက်လောက်ပျက်သွားရင် သစ္စာပြုလို့မရတော့ပါဘူး။

(၉) ရက်ပဲရွတ်ခဲ့ရွတ်ခဲ့၊ တစ်လပဲ ရွတ်ခဲ့ရွတ်ခဲ့ ရွတ်ခဲ့တဲ့အမှန်ကို သစ္စာပြုရမှာဖြစ်ပါတယ်။

# ဆရာဦးမောင်မောင်သန်း
## (ရှင်ကိုဧဓ၊ မြဲဓဓသာ၊)
## အမှန်ကိုဆိုခြင်းအတွက် သူ့ရဲ့လက်ဆောင်



သုံးနာရီလောက်ထားပြီးရင် ကလေးလေးကိုဝတ်ပေး။

အဲဒီကလေးလေးဟာ သူ့ကိုကုသနေတဲ့ဆေးပညာရှင်နဲ့ပဲကုနေရင်း သိသိသာသာကောင်းသွားပြီသာမှတ်ပါ။

တချို့ကလေးတွေက ရက်ပိုင်းလောက်နဲ့ ကျန်းမာလာကြပေမယ့် တချို့ကလေးတွေကျတော့ ဆေးမတိုးဘဲ တော်တော်ကြာကြာကုသနေကြရတာမျိုးရှိပါတယ်။ အဲဒီလိုကလေးမျိုးလေးတွေအတွက်ဆို ခုနပြောတဲ့နည်းဟာ အကောင်းဆုံးနဲ့ အန္တရာယ်အကင်းဆုံးပါပဲ။ ရတနာမြတ် (၃) ပါး ဂုဏ်ကျေးဇူးနဲ့ ပြန်ကောင်းသွားရတဲ့အတွက် အင်မတန်မှ ကြည်နူးစရာ၊ ပီတိဖြစ်စရာကောင်းပါတယ်။

တချို့ဆိုရင် -

အကျႌနှစ်ထည်၊ သုံးထည်ကိုင်ပြီးတယ်။

သစ္စာပြုလို့ရအောင်ကတော့ သစ္စာဆိုရပါလိမ့်မယ် -

ဒါဆိုရင် ဘယ်လိုသစ္စာဆိုမလဲ။

အလွယ်ဆုံးကနေ စပြီးစဉ်းစားပါ။ အမှားအယွင်းမဖြစ်နိုင်တဲ့အကြောင်းတရားကနေစပြီးစဉ်းစားပါ။

ဒါဖြင့် စရအောင်။

သမ္ဗုဒ္ဓေဂါထာတော်ကို နေ့စဉ်မပျက်မကွက် (၉) ခေါက်ရွတ်ပြီး ပူဇော်မယ်ဆိုပါတော့။

ဘုရားဆောင်ရှေ့မှာ ရိုရိုသေသေပုဆစ်တုပ်ထိုင်၊ လက်အုပ်ချီပြီး သမ္ဗုဒ္ဓေဂါထာတစ်ပုဒ်ချင်းကို ပီပီသသရွတ်ပူဇော်။

စောစောကလို ကျန်းမာရေးကိစ္စဖြစ်လာပြီဆိုတာနဲ့ -

"ဘုရားတပည့်တော်/ တပည့်



www.burmeseclassic.com

www.burmeseclassic.com

သစ္စာကဘာယ်လိုပဲပြုပြုရပါတယ်။

ဥပမာ ဆေးကုနေတာ ဆေးမတိုးဘဲဖြစ်နေသေးရင်လည်း ဤမှန်သော သစ္စာစကားကြောင့် (မည်သည့်နေ့သား၊ နာမည်) သည် ဆေးတိုးပါစေ၊ ရောဂါနှင့်ဆေးတွေ့ပြီး ဝေဒနာတွေသက်သာပျောက်ကင်းချမ်းသာခြင်းသို့ရောက်ပါစေလို့ သစ္စာပြုရင်လည်းရပါတယ်။

တချို့ဆိုရင် ကြီးမားတဲ့ကျန်းမာရေးကိစ္စတွေကြောင့်၊ ကြီးမားတဲ့လူမှုရေးကိစ္စတွေကြောင့် -

ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို နေ့စဉ် မပျက်မကွက် ရွတ်ခိုင်းပြီး သစ္စာပြုစေခဲ့ရတာတို့ -

ဂုဏ်တော်တစ်ထောင်ကို နေ့စဉ်မပျက် (၉) ရက်တိုင်တိုင်ရွတ်ပြီး သစ္စာပြုစေခဲ့ရတာတို့ -

သမ္ဗုဒ္ဓေဂါထာ တစ်ထောင်ကို နေ့စဉ်မပျက် (၉) ရက်တိုင်တိုင် ရွတ်ပြီး သစ္စာပြုစေခဲ့ရတာတို့ ရှိခဲ့ပါတယ်။ အားလုံးအောင်မြင်သွားကြတာချည်းပါပဲ။

အမှန်တရားကို သစ္စာပြုနိုင်ဖို့ပဲလိုပါတယ်။

ပြီးတော့ အကြောင်းတရားတစ်ခုကြောင့် အဓိဋ္ဌာန်ဝင်ပြီဆိုတာနဲ့ အဖျက်ဝင်တတ်ပါတယ်။

လူတစ်ယောက်မက တော်တော်များများပြောဖူးကြပါတယ်။

ဂုဏ်တော်တစ်ထောင်ကို နေ့စဉ်မပျက် (၉) ရက်မိဋ္ဌာန်ပြီး ဘုရားရှေ့မှာ မထတမ်းပုတီးစိပ်ဖို့ သစ္စာပြုလိုက်ပြီဆိုတာနဲ့ နှစ်ရက်၊ သုံးရက်ကျော်လာရင် ငိုက်လာတာတို့၊ ကျန်းမာရေးတစ်ခုခုကြုံလာတာတို့ဖြစ်တော့တာပဲဆိုပြီးပြောဖူးကြပါတယ်။

မှန်ပါတယ်။ ဒီတိုင်းပဲစိပ်ပြီးပူဇော်နေရင် ဘာမှမဖြစ်တတ်ပါဘူး။ တစ်လမတလို့ [illegible] ဘာမှမဖြစ်တတ်ပါဘူး။ သစ္စာဆိုတဲ့ အဆိုင်းအတွင်ပါလာပြီဆိုတာနဲ့ [illegible] ချင်သလိုလို [illegible] လာတော့တာပါ။ [illegible]

အဲဒီလို[illegible] ထဲမှာကိုက ပျက်မှာ[illegible] အဓိဋ္ဌာန်ပျက်မှာ [illegible] အဲဒီကြောက်စိတ်၊ အဲဒီ[illegible] ဖြစ်နေတာပါ။ အဲဒီစိတ်တွေဟာ [illegible] မသာ လွှမ်းမိုးသွားလို့ပါ။

ကိုယ့်ကိုယ်ကိုယ်မလိမ်တမ်းညောတမ်းပြန်စမ်းစစ်ကြည့်ပါ။ တွေ့ရပါလိမ့်မယ်။

ဖြစ်တော့မယ်ဆိုပြီး တထိတ်ထိတ်နဲ့ဖြစ်နေလို့ကတော့ အမှားအယွင်းတစ်ခုခုဖြစ်ကိုဖြစ်သွားမှာ ကျိန်းသေပါတယ်။

ငါဘာလို့မလုပ်နိုင်ရမှာလဲ ဆိုတဲ့ စိတ်ကသာ ကြီးစိုးနေရမှာဖြစ်ပါတယ်။

ကိုယ့်ကိုယ်ကိုယ်မှ မယုံကြည်ရင် ဘယ်သူကကိုယ့်ကိုလာယုံတော့မလဲ။ ဒါ စဉ်းစားရမှာပါ။

မဖြစ်နိုင်ဘူးဆိုတာ ဘာမှမရှိဘူး။





www.burmeseclassic.com

www.burmeseclassic.com

မဖြစ်သေးတာဘဲရှိတယ်ဆိုတာကိုတော့ လုံးဝ ယုံကြည်စွာ လက်ခံထားရပါလိမ့်မယ်။

ဒါကြောင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအပြည့်ဖြစ်လာအောင် စောစောက အကြံပြုခဲ့သလို သမ္ဗုဒ္ဓေဂါထာတော်ဖြစ်ဖြစ်၊ ဂုဏ်တော်(၉)ပါးဖြစ်ဖြစ် (၉)ခေါက်ကစပြီးမိဌာန်ပါ။

မမှားနိုင်တဲ့နည်းပါ။ မပျက်မကွက်နိုင်တဲ့နည်းပါ။

(၉) ရက်ပြည့်ပြီးတာနဲ့ သစ္စာပြုဖို့လည်း ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတွေ ပြည့်နေပါပြီ။

အဲဒီကမှတစ်ဆင့် အောင်သွားလို့ တိုးရွတ်ချင်ရင်လည်း (၁၇) ခေါက်တို့၊ (၄၅) ခေါက်တို့၊ (၁၀၈) ခေါက်တို့ရွတ်ပြီး (၉) ရက်စီပိုင်းမိဌာန်လို့ရပါပြီ။

တစ်ထိုင်တည်း ဂုဏ်တော်တစ်ထောင်၊ သမ္ဗုဒ္ဓေတစ်ထောင် ရွတ်ဖတ်တာမျိုးကို သစ္စာဆိုလို့လည်းရပါတယ်။ ထူးခြားအောင်မြင်တာချည်းပါပဲ။

ပရိတ်ကြီး(၁၁)သုတ်ကို တစ်ထိုင်တည်းရွတ်ဖတ်ပူဇော်နိုင်ခဲ့ရင် -

ဒါမှမဟုတ် 'ပဋ္ဌာဝါရ' ပဋ္ဌာန်းဒေသနာတော်ကြီးကို တစ်ထိုင်ထည်းရွတ်ဖတ်ပူဇော်နိုင်ခဲ့ရင်ဆိုတာမျိုးလည်း သစ္စာဆိုလို့ရတာချည်းပါပဲ၊ အောင်မြင်တာချည်းပါပဲ။

BURMESE CLASSIC

သစ္စာမှန်ဖို့ပဲလိုပါတယ်။

တစ်ထိုင်တည်းမထတမ်းရွတ်ဖတ်ပူဇော်တယ်ဆိုတဲ့သစ္စာကတော့ လူတိုင်းပြုနိုင်တဲ့သစ္စာပါ။

မလှုပ်မယှက်ဆိုတာမျိုးတော့မလုပ်ပါနဲ့။ ထိုင်ပြီးရွတ်ဆိုနေရင်းကနေ ခြေညောင်းရင် ဟိုဘက်ခြေရွှေ့ဒီဘက်ခြေရွှေ့တော့ပြုလို့ရပါတယ်။ ရွတ်ဖတ်ပူဇော်နေတဲ့ အဲဒီနေရာကနေ ပူဇော်လို့မပြီးမချင်း ဘယ်မှထွက်ထမသွားရင်ပြီးတာပါပဲ။ ဒါဘယ်ကိုမှထသွားခြင်းမပြုပါဘူးဆိုတဲ့ တစ်ထိုင်တည်းမထတမ်းရွတ်ဖတ်ပူဇော်မယ့်သစ္စာပါပဲ။

အိမ်က ဘုရားကျောင်းဆောင်ရှေ့မှာဖြစ်ဖြစ် -

တန်ခိုးကြီးဘုရားစေတီတော်များမှာရှိတဲ့ရုပ်ပွားတော်များရဲ့ရှေ့မှာဖြစ်ဖြစ် သစ္စာပြုပြီးရွတ်ဖတ်လို့ရပါတယ်။

(၉) ရက် အမိဌာန်ဝင်မှာကို စိတ်ကအားထည့်လို့မရသေးရင် -

(၃) ရက်စီပိုင်းပြီးဝင်ပါ၊ရပါတယ်။ (၃)ရက်ပြည့်ရင် နောက်(၃)ရက်၊ နောက် (၃) ရက်ပိုင်းပြီး အမိဌာန်ဝင်လိုက်ရင်ရပါတယ်။

တစ်ခါက -

ကိစ္စတစ်ခုနဲ့ပတ်သက်ပြီး ကျိုက္ကဆံစေတီတော်မြတ်ကြီးမှာ အမိဌာန်ဝင်ခဲ့ဖူးပါတယ်။ ဝင်ခဲ့ဖူးတာကတော့ ခဏခဏပါပဲ။ ဒါပေမယ့် အဲဒီတစ်ကြိမ်က ထူးခြားလို့ပါ။ အမေ နှလုံးရောဂါနဲ့သတိလစ်သွားပြီး ဆေးရုံတင်လိုက်ရလို့ပါ။ အမေ့ကို ဆေးရုံတင်တဲ့နေ့မှာ မြင်ရတဲ့ နိမိတ်တွေကလည်း မကောင်းလိုက်တာမှ။ ကြားရတဲ့ငှက်ဆိုးထိုးသံတွေဆိုလည်း မိုးမွှန်နေတာပဲ။ လင်းဝက်မဟုတ်ပါဘူး၊ ငှက်ဆိုးကိုထိုးတာပါ။ ဘုရားဆောင်ပေါ်က ရဟန္တာပုံတော်တွေဟာ အောက်ကြမ်းပြင်ကို ကျွမ်းထိုးမှောက်ခုံပြုတ်ကျကုန်တဲ့အတွက် စိတ်ထဲမှာ ဘယ်လိုမှ မခံစားနိုင်တော့ပါဘူး။ ကြွက်တိုးလို့ ကျကုန်တာပေမယ့် ဒီလိုမျိုးအချိန်မှာ ဒီနိမိတ်ကို ရင်တုန်စွာနဲ့ခံစားရပါတယ်။ ဖယောင်းတိုင်ထွန်းတော့လည်း ဘုရားကျောင်းဆောင်ပေါ်က ဖယောင်းတိုင်ထွန်းတဲ့ပန်းကန်ပြားထဲမှာ မီးတောက်ကြီးတစ်တောင်လောက်တက်နေလို့ မနည်းပြန်ချရပါတယ်။ ပန်းကန်ပြားထဲမှာ ကျန်တဲ့ဖယောင်းတွေကြောင့် မီးထတောက်တာပေမယ့်လည်း ဒီအချိန်မှာ ဒီလိုမျိုးတွေ မခံစားနိုင်ပါဘူး။ ဒါ အမေ့ကို ဆေးရုံတင်လိုက်ရတဲ့နေ့ပါ။

ဒါကြောင့် တစ်ညလုံးမအိပ်တော့ပါဘူး။ အရုဏ်တက်ကို ထိုင်စောင့်နေလိုက်ပါတယ်။ ဘာမှလဲမရွတ်မဖတ်နိုင်တော့ပါဘူး။ စိတ်တွေဂနာမငြိမ်ဖြစ်နေလို့ပါ။

မနက် (၄) နာရီလည်းထိုးရော အိမ်ကနေ ကျိုက္ကဆံဘုရားကြီးကို ခြေလျင်လျှောက်သွားလိုက်ပါတယ်။ ဘုရားကြီးကိုရောက်တော့ တန်ဆောင်းတစ်ခုထဲဝင် တနင်္လာတန်ဆောင်းပါ။ အမေက တနင်္လာမို့ ရုပ်ပွားတော်မြတ်ကြီးရှေ့မှာ ဖယောင်းတိုင်တွေထွန်းပြီး စပြီး သစ္စာပြုပါတယ်။

ဘုရားတပည့်တော်သည် -

အသက် (၁၉) နှစ်သားမှစ၍ သူတစ်ပါး၏ အသက်နှင့်ယှဉ်သော အသားကို လုံးဝမစားခဲ့ပါ ဘုရား။

ဤသို့မစားသော ရုပ်ခန္ဓာနှင့် ယခုမှစ၍ ဘဘုရားရှင်၏ ရှေ့တော်မှောက်မှာ ဂုဏ်တော် (၉) ပါးကို အကြိမ်တစ်ထောင်တိတိ ရွတ်ဖတ်ပူဇော်ပါမည် ဘုရား။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကြီးနှင့်လည်း ပူဇော်ပါမည်ဘုရား။

ဤပူဇော်ခြင်းများကို ယခုမှစ၍ ပူဇော်မပြီးမချင်း တစ်ထိုင်တည်းဖြင့် ဤနေရာမှအခြားသို့ထသွားခြင်းမပြုဘဲ ပူဇော်ပါမည် ဘုရား။

(ထသွားခြင်းမပြုဘဲ ပူဇော်ပါမည်ဆိုတာက ပုတီးစိပ်ရင် တင်ပျဉ်ခွေထိုင်စိပ်ရမှာဖြစ်ပြီး ပဋ္ဌာန်းရွတ်ရင် ပုဆစ်တုပ်ထိုင်လက်အုပ်ချီရွတ်ရမှာမို့ဖြစ်ပါတယ်။ ခြေအရွှေ့အပြောင်းပါနေလို့ထသွားခြင်းမပြုဘဲလို့ အမိဌာန်လိုက်ရတာဖြစ်ပါတယ်။)

ဤသို့ပူဇော်နိုင်ပါက ယခုပူဇော်ပြီးချိန်မှစ၍ မိခင်ကြီး တနင်္လာသမီး၏ ရောဂါဝေဒနာတို့သည် ဆေးနှင့်စတင်တွေ့ပြီး မိခင်ကြီး စတင်ကျန်းမာလာပါစေ၊ ရောဂါဝေဒနာများစတင်ကျဆင်းလာပါစေ၊ မိခင်ကြီးအကောင်းပကတိပြန်ဖြစ်ပါစေ။

မိဌာန်သည့်အတိုင်း မပူဇော်နိုင်ဘဲ ပျက်ကွက်ခဲ့ပါက ဘုရားတပည့်တော်သည် သားသမီးတာဝန်မကျေပွန်နိုင်သည့်အတွက် ယနေ့မှစ၍ ဘေးဆိုးရန်ဆိုး အန္တရာယ်ဆိုးများ ကျရောက်ပြီး အသက်ဆုံးပါးသည်ထိ ခံရပါစေသား -

ဆိုပြီး သစ္စာပြုလိုက်ပါတယ်။

ကိုယ်ကလိုချင်ပြီဖြစ်လို့ ကိုယ်က စတင်ပေးဆပ်လိုက်ခြင်းပါပဲ။

ဘယ်အရာမှအစားမရပါဘူး။

အမေနေကောင်းချင်ရင် အမေနေကောင်းအောင် ပေးဆပ်ဖို့ ကိုယ့်မှာ သားသမီးဝတ္တရားရှိတယ် ဆိုတဲ့အသိနဲ့ ပေးဆပ်လိုက်တာပါ။

အမေ့ကိုကောင်းလာစေချင်လွန်းလို့ ကိုယ့်အသက်ကိုကိုယ်မနှမြောဘဲ အသက်နဲ့ရင်းလိုက်တာပါ။

အမေ့အတွက်ဆိုလိုက်တဲ့ သစ္စာအတိုင်း မလိုက်နာနိုင်ရင်၊ မတည်ရင် ကိုယ့်အသက်ကိုယ်အသေခံသွားတော့မယ်ဆိုတာ စိတ်ပိုင်းဖြတ်လိုက်လို့ပါ။

အဲဒီနေ့က -

အောင်အောင်မြင်မြင်နဲ့စပြီး ပြီးသွားတော့ မနက်စောစောနေခြည်အလင်းရောင်အောက်မှာ လူဟာ ပေါ့ပါးလန်းဆန်း တက်ကြွနေပါတယ်။ ညတုန်းက မအိပ်ခဲ့ရတာကိုတောင်မေ့နေပါတယ်။

ဆေးရုံကို ရောက်သွားတော့ ခုတင်ခေါင်းရင်းဘက်ကို နည်းနည်းမြှင့်ထားပြီး ညီမလေးနဲ့ စကားပြောနေတဲ့ အမေ့ကို တွေ့လိုက်ရပါတော့တယ်။ 'သား' လို့ လှမ်းခေါ်လိုက်တဲ့အချိန်မှာ အိပ်ရေးပျက်ခဲ့တာတွေလည်းမသိတော့



www.burmeseclassic.com

www.burmeseclassic.com

ပါဘူး။ ဘာမှမစားရသေးတာကိုလည်း ဂရုမစိုက်မိတော့ပါဘူး။ အားတွေအင်တွေပြည့်ခဲ့ရပါတယ်။

အဲဒီနေ့ကစပြီး (၃) ရက်ပဲမိဌာန်ပါတယ်။

(၃)ရက်လုံးအမိဌာန်အောင်သွားတော့ သစ္စာတွေဆိုပြီး နောက်(၃)ရက်၊ နောက်(၃)ရက်ပိုင်းပိုင်းဝင်ခဲ့ပါတယ်။

အမေတောက်လျှောက်နေကောင်းသွားခဲ့ပါတယ်။

ဒါကြောင့် ကိုယ်တိုင်သစ္စာတွေပြု၊ အမိဌာန်တွေဝင်ခဲ့တာနဲ့ ပတ်သက်ပြီး (၃) ရက်စီပိုင်းဝင်ရင်လည်း ရပါတယ်၊ အောင်မြင်ပါတယ်လို့ ဆိုချင်တာပါ။ (၉) ရက်ဆိုရင် တစ်ခုခုအနှောင့်အယှက်ကြောင့် (၉) ရက်မပြည့်ပါ့မလားဆိုတာမျိုးဖြစ်မှာစိုးလို့ပါ။

မဖြစ်ပါဘူးဆိုရင်တော့ (၉) ရက်မိဌာန်လိုက်ရင်လည်းရပါတယ်။

ဒါကတော့ ကိုယ်နှစ်သက်သလိုရက်အပိုင်းအခြားနဲ့လည်း ရပါတယ်။ ကိုယ့်ရဲ့ သစ္စာတရားပေါ်ပဲ မူတည်ပါတယ်။

စောစောကတင်ပြခဲ့သလို ကလေးလေးတွေရဲ့ ကျန်းမာရေးကိစ္စလေးတွေနဲ့ ပတ်သက်ပြီး နမူနာယူရင် ဘယ်သစ္စာကိုဖြစ်ဖြစ်ပြုလို့ရပါပြီ။

BURMESE CLASSIC

ဆိုကြပါစို့ -

ကိုယ့်သမီးကလေးတစ်ယောက်စင်ကာပူသွားမယ်၊ ဟိုကျမှ အလုပ်ရှာမယ်ဆိုပါတော့။ ကိုယ်ကလည်း မိခင်ဆိုတော့ ငါ့သမီးလေးအလုပ်မှရပါ့မလား၊ ပြန်များလာနေရမလားပူမယ်ဆိုပါတော့။

ဒါဆို သမီးရဲ့အင်္ကျီလေးကို ညာဘက်လက်နဲ့ကိုင်၊ ကိုယ့်ရင်ဘတ်မှာထိ၊ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ရွတ်မယ်ဆိုပါတော့။ ရွတ်ပြီးရင် သစ္စာဆို။ ဘုရားတပည့်တော်မသည် ဘုရားရှင်အား ဤနေရာမှနေ၍ ပဋ္ဌာန်းဒေသနာတော်ကြီးနှင့် ရွတ်ဖတ်သရဇ္ဈာယ်ပူဇော်ခဲ့ပါသည်။ ဤသို့ပူဇော်စဉ်အချိန်အတွင်း မည်သည့်နေရာမှထသွားခြင်းမပြုဘဲနှင့် သမီးလေး၏အင်္ကျီကို ရင်ခွင်တွင်ထား၍ပူဇော်ခဲ့ပါသည်။ ဤမှန်သောသစ္စာစကားကြောင့် သမီးလေး (နေ့၊ နာမည်) သည် အလုပ်အကိုင်များရရှိပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းပြည့်စုံစွာဖြင့် လုပ်ငန်းခွင်ဝင်နိုင်ပါစေသား -

ဆိုပြီး သစ္စာပြုလိုက်ရင် ပြီးပြီ။

ဒါ အများအယွင်းလည်းမဖြစ်နိုင်တဲ့ အလွယ်ဆုံး သစ္စာပြုခြင်းပါပဲ။

တစ်ထိုင်တည်းမရွတ်ခင် ကြိုပြီးသစ္စာဆိုထားရင်တော့ အကောင်းဆုံးပေါ့။ ဒီနေရာမှာ ပဋ္ဌာန်းမရွတ်တတ်လို့ သမ္ဗုဒ္ဓေဂါထာကို ကိုယ့်သက်စေ့ရွတ်ပြီးသစ္စာဆိုရင်လည်း ရတာပါပဲ။

ဘယ်ဘုရားစာမှမရွတ်တတ်လို့ သရဏဂုံကို ကိုယ့်သက်စေ့ရွတ်တာဒါမှမဟုတ် ပုတီးတစ်ပတ်စိပ်တာနဲ့ပတ်သက်ပြီး ခုနလိုသစ္စာပြုလိုက်ရင်လည်း ရတာပါပဲ။

ရတနာမြတ် (၃) ပါးဂုဏ်ကျေးဇူးတော်နဲ့ ပတ်သက်တာမှန်သမျှ သစ္စာဆိုရင် အံ့ဩလောက်အောင်စွမ်းပါတယ်။

ဥပမာ ကိုယ့်အမျိုးသားက ကားမောင်းထွက်သွားတယ်။ တစ်လကြာမယ်ဆိုပါတော့၊ ကိုယ်ကစိတ်ပူတယ်။

ဒါဆို နီးရာဘုရားတစ်ဆူဆူကိုသွား။ အမျိုးသားက ဗုဒ္ဓဟူးဆိုရင် ဗုဒ္ဓဟူးထောင့်ကိုသွား။ သူ့အင်္ကျီလေးပါယူသွား။ ဘုရားရောက်ရင် အင်္ကျီကိုပခုံးပေါ်တင်၊ မီးထွန်း၊ ဗုဒ္ဓဟူးဂြိုဟ်သက်အတိုင်း (၁၇) တိုင်ထွန်း။ ဘယ်နှရက်ထွန်းမှာလဲ။ (၃) ရက်လား၊ (၉) ရက်လားထွန်း၊ သစ္စာဆို၊ (၃) ရက်ပြည့်တိုင်း-

"ဘုရားတပည့်တော်မ၏ ခင်ပွန်းသည် ဗုဒ္ဓဟူးသားအတွက် အန္တရာယ်တွေ ကင်းစင်အောင် ဤဗုဒ္ဓဟူးဂြိုဟ်ထောင့်မှနေ၍ ရွှေတိုင်များ (၁၇) တိုင်လင်းကာ ဘုရားရှင်အား ထွန်းညှိပူဇော်ခဲ့သည်မှာ (၃)ရက်တိုင်တိုင် မပျက်ကွက်ပါဘူးဘုရား။ ဤမှန်သောသစ္စာစကားကြောင့် ဘုရားတပည့်တော်မ၏ခင်ပွန်းသည်သည် ဘေးမသီရန်မခဘဲ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းပြည့်စုံစွာဖြင့် ပြန်လည် ရောက်ရှိလာပါစေသား"

ဆိုပြီး သစ္စာပြု၊ (၉) ရက်ဆိုလည်း (၉) ရက်ပေါ့။

ဒီလိုမှမဟုတ်ဘဲ အိမ်မှာပဲ အမိဌာန်ဝင်ချင်ရင် -

ခင်ပွန်းသည်စထွက်သွားတဲ့နေ့ကစပြီး သူ့အင်္ကျီကို ပခုံးပေါ်တင်၊ သမ္ဗုဒ္ဓေဂါထာ ပုတီး (၁) ပတ်ရအောင်စိပ်။

ဘယ်နှရက်လဲ။ (၉) ရက်လား၊ (၃) ရက်ကစမှာလား၊ ပိုင်းပြီးစိပ်။ စသွားတဲ့နေ့ကစပြီး ဒီလိုမပျက်မကွက်စိပ်ခဲ့ပါတယ်ဆိုတာကို သစ္စာပြု၊ ထူးပြီ။

အရေးကြီးတာ မပျက်ကွက်ဖို့ပါပဲ။

ဒါဟာ သစ္စာတရားပါပဲ။

ဘယ်သူပဲခရီးသွားသွား၊ ဘယ်သူပဲအလုပ်သွားလုပ်လုပ် အိမ်မှာတုန့်ခဲ့တဲ့ မိဘ ဒါမှမဟုတ် သားသမီး ဒါမှမဟုတ် ခင်ပွန်း ဒါမှမဟုတ် ဇနီး ဘယ်သူပဲဖြစ်ဖြစ် ဒီသစ္စာကိုပြုလို့ရတာချည်းပါပဲ။

အမှန်တရားကိုဆိုဖို့ပဲလိုပါတယ်။

တချို့ဆို သားသမီးတွေက နိုင်ငံခြားမှာအလုပ်သွားလုပ်တယ်။ မိဘတွေက ဒီကနေ သစ္စာပြုပေးချင်ရင် တစ်လကို (၉) ရက်လောက်ပြုပေးလို့ရပါတယ်။ သူ့မွေးနေ့လေးကစပြီး (၉)ရက်ပြုပေးရင် ရတာပါပဲ။ ဟိုမှာအဆင်ပြေသွားတာပါပဲ။

စောစောကတင်ပြခဲ့သလိုတွေ ပြုလို့ရပါတယ်။

မှန်ရာကိုဆိုတာပဲ ရပါတယ်။ အောင်မြင်ပါတယ်။

ဒီသစ္စာပြုတာနဲ့ပတ်သက်ပြီး -

ကလေးလေးတွေအတွက် အများကြီးပြုခိုင်းခဲ့လို့ ကလေးလေးတွေအများကြီး နေကောင်းသွားကြတာတွေ -

(တချို့ ကလေးလေးတွေများဆို အခု အိမ်ထောင်ရက်သားတောင်ကျကုန်ကြပါပြီ။)

မြင်ရတွေ့ရကြားရတိုင်း တကယ့်ကို ပီတိဖြစ်ရပါတယ်။

သစ္စာပြုပြီး ရွတ်ဖတ်ပေးခဲ့ကြတဲ့ မိဘတွေကိုလည်း ကလေးလေးတွေရဲ့ကိုယ်စား ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့လောက်အောင် ကျေးဇူးတင်ပါတယ်။ တကယ်ပါ။

ဒါကြောင့်လည်း -

ကလေးလေးတွေနဲ့ ဆက်စပ်ပြီး သစ္စာတန်ခိုးကို သူရဿလက်ဆောင်ပေးချင်လွန်းလို့ -

ဒီလ သစ္စာနဲ့ပတ်သက်တဲ့ သူရဿလက်ဆောင်ပေးလိုက်ရတာဖြစ်ပါတယ်။

ဘေးကင်း -

ရန်ကင်း -

အောင်မြင်ခြင်း -

ကြီးပွားချမ်းသာခြင်း -

ကျန်းမာခြင်းများစွာအတွက် -

သူရဿရဲ့ထုံးစံအတိုင်း -

အမှန်တကယ် ထိရောက် အမှန်တကယ် အကျိုးထူးကြရအောင် သူရဿလက်ဆောင်ပါးလိုက်ရပြန်ပါပြီလို့ မေတ္တာစကားပြောကြားရင်း -

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူ၊ အကြံပေးနိုင်သူများမှာ စနေနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များ ဖြစ်ပါသည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ မောက်မာခြင်းနှင့် မာနတို့ လုံးဝဖယ်ရှားပြီး ဂါရဝတရား၊ နိဝါတတရားများနှင့်အညီ နေထိုင်ရမည့်ကာလ ဖြစ်သည်။ ဘာသာတရားကို အထူးလိုက်နာကျင့်ကြံအားထုတ်ရမည့်ကာလရောက်လာပါပြီ။ ငွေကြေးကိစ္စနှင့်ပတ်သက်၍ ကြားကအာမခံခြင်း၊ စပ်တူလုပ်ခြင်းများ၊ မည်သူနှင့်မျှမပတ်သက်ပါနှင့်။ ကိုယ့်ငွေချေးရင်လည်းဆုံးတတ်ပါသည်။ ရွှေထည်အဟောင်းအင်း၊ လက်ဖွဲ့များမဝင်ပါစေနှင့်။ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ ငွေကြေးကိစ္စစသည်တို့အတွက် သောကရောက်နေရသူကို ညအိပ်လက်မခံသင့်ပါ။ ကူညီစရာရှိတာ ကူညီပေးလိုက်လို့တော့ရပါသည်။ ကျန်းမာရေးအတွက် သွေးတက်စာများရှောင်ပါ။ လွန်ကဲစွာအဆာမခံပါနှင့်။ ပညာရေးကံတွေကောင်းနေပါသည်။ စာမေးပွဲများ အောင်မြင်မည်။ မတက်ရသေးသော သင်တန်းတွေ တက်ရတတ်သည်။ ရာထူးအတွက်ဆိုရင်လည်း သင်တန်းအရင်တက်ပြီးမှလာပါလိမ့်မည်။ ချစ်ရေးချစ်ရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ဖြစ်ပြီးသားကိစ္စတွေ ပြန်မပြောမိဖို့လိုပါသည်။ ထီထိုးရန်အတွက် သောကြာနံထီဆိုင်တွင် (၇၊ ၆၊ ၃၊ ၅) ဂဏန်းတွေနှင့် ကံစပ်နေပါသည်။ မွေးနေ့တွင် အသားစားရှောင်ပါ။ ဘာသာတရားနှင့်ယှဉ်ပြီးကိုယ့်ကိုယ်ကိုယ်ထိန်းပါ။

ယတြာ ။ ။ *နွား အကြောမကောင်းသော ဝေဒနာရှင်များကို ဆေးလှူပါ။ အာဟာရ၊ ငွေ လှူပါ။*

၂၀၁၅ ခုနှစ်၊ ဧပြီလအတွက်

ဆရာဦးမောင်မောင်သန်း

(ရှမ်းဆိုဓေးမြို့ဧဝတ္ထား)

# ခုနစ်ရက်သားသမီး

ဟောစာတမ်း



www.burmeseclassic.com

**တနင်္လာသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ **ကျန်းမာရေးကိစ္စများအတွက်** ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူ၊ အကြံပေးနိုင်သူများမှာ ကြာသပတေးနာမည်ရှင်၊ **တနင်္ဂနွေနာမည်ရှင်များ ဖြစ်ပါသည်။** (၂) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ စကားပြောမလွန်သွားအောင်ထိန်းပါ။ စကားများများမပြောဘဲ **အလုပ်များများလုပ်ဖို့** အချိန်ရောက်ပါပြီ။ သူများမလုပ်ချင်တဲ့အလုပ်၊ အမှိုက်ကောက်၊ တံမြက်စည်းလှည်း၊ ဘုန်းကြီးကုဋီရေဆေး၊ **မြက်နုတ်၊ ချုံရှင်း** စတာတွေ သိမ်းကျုံးလုပ်ပါ။ ကိုယ့်ကိုယ်ကိုယ်နှိမ့်ချပါ။ ဒါတွေဟာ အကောင်းဆုံးယတြာဖြစ်ပါသည်။ **အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကြီးတွေမှာလှူပါ။** လုပ်အားကုသိုလ်ပြုပေးပါ။ ဘာသာတရားကို ဦးစားပေးမှ အရာရာအဆင်ပြေမည့်**ကာလဖြစ်ပါသည်။** ငွေကြေးကိစ္စများလက်မလွှန်ပါစေနှင့်။ အမှုအခင်းဖြစ်နေသူနှင့် ရောဂါသည်ကို ညအိပ်လက်ခံရတော့မည်ဆိုရင် **စဉ်းစားပါ။** **အစားမှားတတ်၍** သတိထားရပါမည်။ ကျန်းမာရေးစိုးရိမ်စရာမရှိပါ။ ပညာရေးကံတွေကောင်းလွန်းနေပါသည်။ မြင့်မားတဲ့ပညာ**ရပ်**တွေ သင်ကြားခွင့်ရမည်။ သင်တန်းကြီးတွေတက်ရတတ်သည်။ အိမ်ထောင်ရေး၊ အိမ်တွင်းရေးသာယာနေစေရန် **စကားပြောဆင်ခြင်ပါ။** ကားမောင်းအထူးဆင်ခြင်ပါ။ ကိုယ့်ကိုယ်ကိုယ်ရောင့်ရဲပါ။ လောဘမကြီးပါနှင့်။ အနီရောင်၊ ရွှေရောင်၊ **ရွှေဟောင်းများ** လုံးဝဝင်မလာပါစေနှင့်။ စိတ်ညစ်ရတတ်ပါသည်။ ချစ်တတ်သူတွေကတော့ စကားဟောင်းတွေကြောင့် မကြာခဏ ပြဿနာဖြစ်တတ်ပါသည်။ ခိုစာကျွေးပါ။ ထီထိုးရန်အတွက် စနေ၊ ကြာသပတေးနာမည်ထီဆိုင်တွေမှာ ထိုးပါ။ (၇၊ ၅၊ ၁၊ ၄) ဂဏန်းများနှင့် ကံစပ်နေပါသည်။

***ယတြာ ။ ။ ဦးခေါင်းမကောင်းသော ဝေဒနာရှင်များကို တွေ့သည်နှင့် ကြုံသည့်နေရာတွင် ဆေး၊ ငွေ၊ အာဟာရလှူပါ။***

**အင်္ဂါသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများတွင် ကိုယ့်ကို အကောင်းဆုံးအကြံပေးမည့်သူ ကူညီမည့်သူများမှာ ကြာသပတေးနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များ ဖြစ်ပါသည်။ (၈) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ မည်သည့်ကိစ္စမဆို ဘာသာတရားဦးထိပ်ထားပြီး ဆောင်ရွက်ပါ။ ကိုယ်ချင်းစာတဲ့မေတ္တာစိတ်နှင့်ပြုလုပ်ပါ။ ဒေါသရှေ့မထားပါနှင့်။ စပ်တူရှယ်ယာများ အကျိုးမပေးပါ။ သူများငွေကိစ္စတွင် ကြားဝင်မပါပါနှင့်။ အာမခံမရဲပါနှင့်။ လောဘ လည်းမကြီးပါနှင့်။ ကိုယ်က ဘယ်လောက်စေတနာများထားလည်း မထီမဲ့မြင်ပြုမှု၊ အလေးမထားမှု၊ အသိအမှတ်မပြုမှုတို့ကြောင့် စိတ်မညစ်ပါနှင့်။ ထိုသို့ကြုံရမည့်ကာလဖြစ်၍ နေတတ်အောင်နေပါ။ အကောင်းဆုံးယတြာ ဖြစ်ပါသည်။ ကျန်းမာရေးကောင်းနေစေရန် ရေသတ္တဝါလေးတွေ ခဏခဏဘေးမဲ့လွှတ်ပေးပါ။ အစာကျွေးပါ။ သွားနာ၊ သွားကိုက်ဖြစ်တတ်၍ သွားတိုက်ဆေးလှူပါ။ ပညာရေးကံတွေကောင်းနေပါသည်။ အောင်မြင်မှုများရရှိပါမည်။ ရာထူးတိုးဖြေဆိုသူများ အောင်မြင်မည်။ အိမ်တွင်းရေးများသာယာစေရန် အပျော်အပါးမလွန်ပါစေနှင့်။ ချစ်တတ်သူတွေအတွက် စကားများတာကို ထပ်တလဲလဲမကြုံအောင်နေပါ။ ချစ်သူကို အကျႌ၊ အိတ် (အနီရောင်) လက်ဆောင်မပေးမိပါစေနှင့်။ ထီဝါသနာပါသူများအတွက် (၅၊ ၆၊ ၃) ဂဏန်းများနှင့် ကြာသပတေး၊ သောကြာနာမည်ရှိသောဆိုင်တွေမှာထိုးထားလိုက်ပါ။

***ယတြာ ။ ။ ငှက်ကလေးများကို ခဏခဏအစာကျွေး၍ မေတ္တာပို့ပါ။***

**ဗုဒ္ဓဟူးသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အကောင်းဆုံးအကြံပေးမည့်သူ၊ ကူညီမည့်သူများမှာ စနေနာမည်ရှင်၊ စနေသားသမီးများ ဖြစ်ပါသည်။ (၂) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ ငွေနှင့်ဆိုင်သောကိစ္စ၊ အများပိုင်ပစ္စည်းနှင့်ပတ်သက်သောကိစ္စများအတွက် သတိထားရမည့်ကာလ ဖြစ်သည်။ တစ်ခုခုကို စိတ်လိုက်မာန်ပါပြောတော့မည်ဆိုလျှင် အချိန်ယူစဉ်းစားပြီးမှပြောပါ။ ကိုယ့်စကားများ ဩဇာမညောင်းသလို အားလုံးက ဆန့်ကျင်ဘက်တွေချည်းဖြစ်နေတတ်ပါသည်။ ကိုယ့်စိတ်တွေလုံးဝလျှော့ရပါလိမ့်မည်။ ဒေါသ၊ လောဘတွေပါလျှော့ပြီး ဘယ်သူ့ကိုမဆို အကောင်းမြင်ပါ။ ကိုယ်ကသာလျှော့ပါ။ အစစအရာရာအဆင်ပြေလာပါလိမ့်မည်။ ပညာရေးကံများကောင်းမည်။ ပညာတော်သင်ခရီးသွားရန်ရှိသူများထွက်ဖြစ်ပါမည်။ ကျန်းမာရေးအတွက် အစာကိုအချိန်နှင့်စားပါ။ သွားနှင့်ဆိုင်သောဝေဒနာတွေ ဂရုစိုက်ပါ။ လိုအပ်လျှင် ဆေးများများလှူပေးပါ။ နှလုံးသားရေးရာကိစ္စများ စကားပြောဆင်ခြင်ပါ။ ငွေနှင့်ပတ်သက်ပြီး မပြောမိပါစေနှင့်။ မွေးနေ့ရောက်တိုင်း မေတ္တာဘာဝနာပွားများပြီး အသားစားရှောင်ကြဉ်ပါ။ အခက်အခဲများကြားမှပင် ထူးထူးခြားခြားအောင်မြင်ပါလိမ့်မည်။ ရာထူးတိုးခြင်း၊ ပြောင်းရွှေ့ရခြင်းများကြုံပါမည်။ ထီထိုးရန်အတွက် စနေနံထီဆိုင်များတွင် (၃၊ ၈) ဂဏန်းများနှင့် ကံစပ်နေပါသည်။

***ယတြာ ။ ။ ဆေးလိုအပ်သူများကို ဆေးလှူပါ။***



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စများတွင် ကိုယ့်ကို အကောင်းဆုံးအကြံပေးမည့်သူ၊ ကူညီမည့်သူများမှာ ကြာသပတေးနာမည်ရှင်၊ သောကြာနာမည်ရှင်များ ဖြစ်ပါသည်။ (၃) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ ဆိုင်ကယ်စီးအထူးဆင်ခြင်ပါ။ ဆိတ်ဆိတ်နေပါ။ စကားများလျှင် အမှားပါတတ်ပါသည်။ လိုအပ်မှပြောပါ။ ဘာသာတရားနှင့် နေရမည့်ကာလ ဖြစ်ပါသည်။ အရာရာသည်းခံပြီး မည်သူ့ကိုမျှအပြစ်မမြင်ပါနှင့်။ အဆင်ပြေလာပါလိမ့်မည်။ မေတ္တာများများပွားများပါ။ မွေးနေ့တွင် အသားစားရှောင်ကြဉ်ပါ ရေလှူသောဒါနများပြုပါ။ ကျန်းမာရေးအတွက် ဆေးလှူပေးပါ။ လမ်းလျှောက်ပါ။ သူများအသက်တွေကယ်ပါ။ ပညာရေးနှင့်ဆိုင်သောကံများကောင်းနေပါသည်။ စာမေးပွဲအောင်ခြင်း၊ သင်တန်းများတက်ရခြင်း၊ မသင်ရဘူးသေးသောပညာများသင်ကြားရခြင်းနှင့် ရာထူးတိုးစာမေးပွဲများ အောင်မြင်မည်။ အိမ်တင်းရေးများ၊ သာယာစေရန်အတွက် အရာရာလိုက်ပြီး အပြစ်ပြောခြင်းမျိုး ရှောင်ပါ။ နားလည်မှုလွဲနေတတ်သည်။ ကိုယ့်စကားမအောင်တတ်လို့ ပြဿနာများဖြစ်တတ်ပါသည်။ နှုတ်မှ ဂုဏ်တော်တွေမပြတ်ရွတ်နေပါ။ ဘာသာတရားရဲ့ အရိပ်အောက်မှာနေပါ။ ကံများကောင်းလာပါလိမ့်မည်။ ချစ်တတ်သူတွေအတွက် ကိုယ့်ခံစားချက်နှင့်ကိုယ်၊ စိတ်ဖိစီးမှုများ နေတတ်ပါသည်။ စကားပြောတိုင်းအထစ်အငေါ့လေးများရှိတတ်ပါသည်။ ခိုစာကျွေးပါ။ ငါးအရှင်လေးများ တစ်နိုင်ဝယ်ပြီး လွှတ်ပေးပါ။ ထီထိုးရန်အတွက် ကြာသပတေးနံထီဆိုင်မှာ (၇၊ ၅၊ ၆) ဂဏန်းများပါအောင်ရွေးချယ်ကံစမ်းပါ။

*ယတြာ ။ ။ ပန္နည်းအကျိုးအပဲ့လေးများရှိလျှင် စွန့်ပစ်ပါ။ ဥပမာ-ထီးလက်ကိုင်၊ ဘောလ်ပင်၊ လက်ကိုင်အိတ်၊ ဖိနပ်အပေါင်းမှုကြိုးများ။*

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးကိစ္စများအတွက် အကောင်းဆုံးကူညီမည့်သူ၊ အကြံပေးမည့်သူများမှာ စနေနာမည်ရှင်၊ အင်္ဂါနာမည်များ ဖြစ်ပါသည်။ (၁) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ထင်တာတွေဖြစ်မလာဘဲ မထင်မှတ်တာတွေဘဲခဏခဏဖြစ်နေတတ်ပါသည်။ ရွှေပျက်၊ အင်းပျက်၊ လက်ဖွဲ့ပျက်၊ အဆောင်ပျက်တွေရှိလျှင် စွန့်ပစ်ပါ။ လောင်းကစားကိစ္စများ အကျိုးမပေး၍ ရှောင်လိုက်ပါ။ ဥပဒေနှင့်မကင်းသောအလုပ်များ ရှောင်ပါ။ ရန်လုံးဝမဖြစ်ပါနှင့်။ မေတ္တာများများပွားပါ။ အလုပ်လုပ်လျှင်လည်း နှစ်မျိုး၊ နှစ်ခွလုပ်နေရသလိုဖြစ်ပြီး ကိုယ်ရောစိတ်ပါ ပင်ပန်းတတ်ပါသည်။ ရတနာမြတ် (၃) ပါးဂုဏ်ကျေးဇူးတော်၏အရိပ်ကိုခိုပါ။ မင်္ဂလာတရားတော်နှင့်အညီနေပါ။ အောင်မြင်မှုများရရှိလာပါမည်။ အိမ်ထောင်ရှင်တွေအတွက် စကားမများဖြစ်အောင်နေပါ။ တစ်ယောက်နှင့်တစ်ယောက် ဆတ်ဆတ်ထိမခံဖြစ်နေတတ်ပါသည်။ ပညာရေးကံတွေကောင်းပါသည်။ အနှောက်အယှက်အခက်အခဲကြားကနေ အောင်မြင်သွားမည်။ ကိုယ်တိုင်စိတ်လေနေခြင်းကို လျှော့ပါ။ နှလုံးသားရေးရာများတွင် မထင်မှတ်ဘဲ အားပြိုင်မှုများကြုံတတ်ပါသည်။ စိတ်နှစ်ခွဖြစ်လာတတ်ပါသည်။ ခိုစာကျွေးပါ။ ကျန်းမာရေးအတွက် ဆေးလှူပါ။ ရေသတ္တဝါလေးတွေကို အစာကျွေးခြင်း၊ ဘေးမဲ့လွှတ်ပေးခြင်းများ ဆောင်ရွက်ပါ။ ထီထိုးမည်ဆိုပါက စနေနံထီဆိုင် (၃) ဆိုင်၊ သို့မဟုတ် (၇) ဆိုင်ပြည့်အောင်ထိုးပါ။ (၇၊ ၅၊ ၃) ဂဏန်း များစွာပါအောင် ရွေးချယ်ပါ။

*ယတြာ ။ ။ အခ်ိဳ့ကွာနံတစ်ခုခုပြုပြီးတိုင်း၊ လှူပြီးတိုင်း မိဆိုင်ဖဆိုင်ရှိရာနတ်များကို အထူးမေတ္တာပို့ပေးပါလေ။*

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများတွင် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူ၊ ကူညီမည့်သူများမှာ ကြာသပတေးနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များ ဖြစ်သည်။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ သူများငွေကြေးကိစ္စတွေကို ဘယ်လိုနည်းနှင့်မှအာမမခံပါနှင့်။ ကိုယ့်မှာ ဆုံးရှုံးနစ်နာမှုတွေဖြစ်သွားတတ်ပါသည်။ အားမနာပါနှင့်။ ငွေကြေးနှင့်ဆိုင်သော စာရင်းဇယားများ ကိုင်တွယ်ရပါက သေချာစွာပြုလုပ်ပါ။ သူများကို တစ်ဆင့်မလုပ်ခိုင်းပါနှင့်။ စပ်တူရှယ်ယာအကျိုးမပေးပါ။ ငွေကံဟာ အကြောင်းမရှိအကြောင်းရှာပြီးထွက်နေတတ်ပါသည်။ ရှာရတာခက်သလောက် အကုန်မြန်နေတတ်သည်။ ကိုယ်ကသာပေးရကမ်းရတတ်သောကာလဖြစ်သည်။ ရှိတဲ့အလုပ်ကို ကြိုးစားလုပ်ပါ။ ရတနာမြတ် (၃) ပါးအရိပ်တော်အောက်မှာ လောဘကင်းကင်းနှင့်နေနိုင်အောင်ကြိုးစားပါ။ စိတ်မတိုပါနှင့်။ ဒေါသမကြီးပါနှင့်။ မေတ္တာစိတ်ထားပါ။ အောင်မြင်နေပါလိမ့်မည်။ ကျန်းမာရေးအတွက် အဆာကိုလွန်စွာမခံပါနှင့်။ အချိန်နှင့်စားပါ။ ပညာရေးကံတွေ တောက်လျှောက်ကောင်းနေပါသည်။ မျှော်မှန်းမထားသောပညာများသင်ကြားရတတ်သည်။ ချစ်တတ်ကြသူတွေအတွက် ခိုလေးများ၊ ငါးလေးများ မကြာမကြာအစာကျွေးပါ။ အသောက်အစားကင်းပြီး ကျင့်ကြံအားထုတ်ရွတ်ဖတ်သရဇ္ဈာယ်မှုများ များများပြုပါ။ ဖြူစင်အောင် စိတ်ကိုထားရင်းနဲ့ အောင်မြင်မှုတွေ ရယူလာနိုင်ပါလိမ့်မည်။ ထီထိုးရန်အတွက် ကြာသပတေးနံထီဆိုင်တွင် (၇၊ ၅၊ ၁) ဂဏန်းတွေနှင့် ကံစပ်နေပါသည်။

*ယတြာ ။ ။ ဘုရားဖူးခရီးသွားမည့်သက်ကြီးဝါကြီးတစ်ဦးဦးကို ငွေကြေးများစွာထောက်ပံ့ပေးလိုက်ပါ။*


ရ င် ကို ဧ အေ း မြ ဧ စ သ ၏ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၈၅၂) ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။